arm v mem rzo r [r '&z;

\

r t m&zdkv fu&ft mef

t*vybmomjye

rk[r®tpf&wf[pef

wn;jzwo

ygupweEi i w&m;oBu;

rkoD[r®ouD;zkfmeD

t w (15)

r t m&zv u& t meusr;jrermbmomjye t zu bmomjyeo n/

(ueow) [*s& 1442cEp? Zv [*s*s[v

2021 cEp? Zv i v

မာတိကာ

	ကျမ်းဦးစကား	ကာ
	ကျေးဇူးတင်နိုဂုံးစကား	တ
	စူရဟ်မုဟာမ္မဒ်	
၁	**အာယသ် ၁ - ၃ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၁
၂	**အာယသ် ၄ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၃
	- စစ်သုံ့ပန်းများနှင့် စပ်လျဉ်း၍ ရွေးချယ်ပိုင်ခွင့် (၄)ရပ်	၆
	- အစွလာမ်၏ကျွန်စနစ်	၆
	- ကန့်ကွက်ချက်တစ်ခုနှင့် ယင်းအား ပြန်လည်ချေပခြင်း	၇
၃	**အာယသ် ၄ - ၁၁ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၁၀
	- ဂျီဟာဒ်၏ တရားဥပဒေနှင့် ညီညွတ်မှုမှ ဟစ်က်မတ်ဉာဏ်	၁၁
၄	**အာယသ် ၁၂ - ၁၅ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၁၄
	- ဂျန္နသ်သုခဘုံ၏ အဓိက ကျသော ထူးခြားဝိသေသများ	၁၆
၅	**အာယသ် ၁၆ - ၁၈ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၁၇
၆	**အာယသ် ၁၉ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၁၈
	- မုတ်စု	၂၀
၇	**အာယသ် ၂၀ - ၃၁ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၂၁
	- သွေးသားတော်စပ်မှု နှောင်ကြိုးကို တင်းကြပ်စွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း	၂၄
	- တစ်ဦးတစ်ယောက်အား ကျိန်ဆဲခြင်းနှင့် သက်ဆိုင်သော ဥပဒေ-ယဇီးဒ်အား ကျိန်ဆဲခြင်း အကြောင်း	၂၅
၈	**အာယသ် ၃၂ - ၃၈ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၂၈
	- ခမ္မသတ်	၃၂
	စူရဟ် အလ်ဖတ်ဟ်	
၁	**အာယတ်တော် ၁-၃ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၃၇
	- ဟုဒိုင်ဗိယဟ် အဖြစ်အပျက်	၃၉
	- အပိုင်း(၁)- တမန်တော်မြတ်ﷺ၏ စိတ်အာရုံ၌ ထင်လာသောပုံရိပ်	၃၉
	- အပိုင်း(၂)- တမန်တော်မြတ်ﷺသည် ၎င်း၏သာဝကကြီးများနှင့် ဘီဒူဝင်များအား ကိုယ်တော်မြတ်နှင့်အတူ လိုက်ပါရန် ဖိတ်ခေါ်သည်။ အချို့က ငြင်းပယ်ခဲ့ကြ၏။	၃၉
	- အပိုင်း(၃)- မက္ကာမြို့သို့ ခရီးစတင်ထွက်ခွာခြင်း	၄၀

	- အပိုင်း(၄)- မက္ကာမြို့သားတို့နှင့် ထိပ်တိုက်ရင်ဆိုင်ရန် ပြင်ဆင်ခြင်း	၄၀
	- ထူးဆန်းပြီး ရိုးရှင်းသည့် ဆက်သွယ်ရေးကွန်ယက်တစ်ခု	၄၀
	- တမန်တော်မြတ်ﷺ၏ သတင်းပေးများ	၄၁
	- အပိုင်း(၅)- တမန်တော်မြတ်ﷺ၏ ကုလားအုတ်က ရွှေ့လျားရန်ငြင်းဆိုခြင်း	၄၁
	- အပိုင်း(၆)- ဟုဒိုင်ဗိယဟ်မှ အံ့ဖွယ်မုအ်ဂျိဇာဟ် ဖြစ်ရပ်တစ်ခု	၄၂
	- အပိုင်း(၇)- မက္ကာမြို့သားတို့၏ ကိုယ်စားလှယ်များနှင့် စေ့စပ်ညှိနှိုင်းခြင်း	၄၂
	- အပိုင်း(၈)- သာဝကကြီးအွစ်မာန်ﷺအား အထူးသံတမန်တစ်ဦးအဖြစ် စေလွှတ်ခြင်း	၄၄
	- အပိုင်း(၉)- ကုရိုက်ရှ်နှင့် မွတ်စလင်တို့ကြားမှ တင်းမာမှု- မက္ကာမြို့သား(၇၀) ဖမ်းဆီးခံရခြင်း	၄၅
	- အပိုင်း(၁၀)- ရိသွိဝါန်၊ ပဋိညာဉ်	၄၆
	- အပိုင်း(၁၁)- ဟုဒိုင်ဗိယဟ်မှ ငြိမ်းချမ်းရေးစာချုပ်	၄၆
	- သဘောတူစာချုပ်၏ စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များက သာဝကကြီးများအား စိတ်မချမ်းမသာ ဖြစ်စေခဲ့၏။	၄၉
	- အဗူဂျန်ဒလ်၏အမှု - တမန်တော်၏ စာချုပ်အပေါ် သစ္စာစောင့်သိခြင်း	၅၀
	- ဘုရားဖူးဝတ်ရုံများကိုချွတ်ခြင်းနှင့် ကုရ်ဇာနီသားကောင်များကို ဇဗဟ်လုပ်သတ်ဖြတ်ခြင်း	၅၁
	- တမန်တော်မြတ်ﷺအပေါ် မြင့်မြတ်သော သာဝကကြီးများ၏ ယုံကြည်မှုနှင့် နာခံကျိုးနှံမှုခွန်အားကို နောက်ထပ်တစ်ကြိမ် စမ်းသပ်တော်မူခြင်း	၅၁
	- သဘောတူစာချုပ်၏ အကျိုးသက်ရောက်မှုများနှင့် ကောင်းကျိုးများ	၅၂
	- အာယတ်တော်များကို စိတ်ဖြာလေ့လာခြင်း	၅၄
	- ဟိဒါယဟ်၏ အနက်အဓိပ္ပါယ်	၅၅
၂	**အာယတ်တော် ၄-၇ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၅၅
	- ဟုဒိုင်ဗိယဟ်တွင် ပါဝင်ဆင်နွှဲခဲ့ကြသူများအပေါ် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များ	၅၆
၃	**အာယတ်တော် ၈-၁၀ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၅၇
	- အဓိန့်ပညတ်ချက်များနှင့် ဆက်နွယ်သော သုံးသပ်ချက်များ	၅၇
၄	**အာယတ်တော် ၁၁-၁၄ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၆၀
	- ဆက်နွယ်သောသုံးသပ်ချက်များ	၆၁
၅	**အာယတ်တော် ၁၅-၁၇ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၆၁
	- အဓိန့်ပညတ်ချက်များနှင့် ဆက်နွယ်သော အကြောင်းအရာများ	၆၂
	- အလ္လာဟ်အရှင်မြတ်၏ ထုတ်ပြန်ပို့ချချက် (ဝဟီ)များသည် ကုရ်အာန်သို့သာလျှင် ကန့်သတ်ထားသည် မဟုတ်ပေ။ များစွာသော အဓိန့်ပညတ်ချက်များသည် ကုရ်အာန်၏ အစိတ်အပိုင်းအဖြစ် မဟုတ်ဘဲ ထုတ်ပြန်ပို့ချခြင်းခံရ၏၊ ထို့ပြင် တမန်တော်၏ ဟဒီဆ်တော်များမှာလည်း အလ္လာဟ်အရှင်မြတ်၏ အဓိန့် ပညတ်ချက် အဆင့်အတန်းရှိပေသည်။	၆၃

	- ဖင့်နွဲ့ခဲလေးကန်နောက်ချန်နေရစ်ခဲ့သူများထဲမှ အချို့သည် နောင်တရပြီး၊ စစ်မှန်သော မွတ်စလင်များဖြစ်လာခဲ့ကြသည်။	၆၅
၆	**အာယတ်တော် ၁၈-၂၁ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၆၇
	- မြင့်မြတ်သော သာဝကကြီးများအား ပုတ်ခတ်ပြောဆိုခြင်းနှင့် အပြစ်ရှာခြင်းများကို တားမြစ်ဏ။	၆၈
	- 'ရိသွိဝါန်'သစ်ပင်	၆၉
	- ခိုင်ဗရ်ကိုအောင်နိုင်ခြင်း	၆၉
၇	**အာယတ်တော် ၂၂-၂၆ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၇၁
	- အမှားအယွင်းများ ပြုလုပ်ခြင်းမှ ကင်းဝေးရန် မြင့်မြတ်သော သာဝကများ၏ သဘာဝအကာအကွယ်	၇၃
၈	**အာယတ်တော် ၂၇-၂၉ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၇၅
	- ဟုဒိုင်ဗိယဟ်အဖြစ်အပျက်မှ အဓိကအချက်များကို ပြန်ပြောခြင်း	၇၆
	- အနာဂတ်အလုပ်များကို လုပ်ဆောင်ရာတွင် 'အင်ရှာအလ္လာဟ်'၏ အရေးကြီးပုံ	၇၇
	- မြင့်မြတ်သော သာဝကကြီးတို့၏ အရည်အသွေးများ၊ ဂုဏ်ရည်များနှင့် အထူးအမှတ်လက္ခဏာများ	၈၀
	- သာဝကကြီးအားလုံးသည် ဂျန္နတ်သုခဘုံသားများ ဖြစ်ကြ၏။ ၎င်းတို့၏ အပြစ်များသည် ခွင့်လွှတ်ခြင်း ခံရပြီး၊ ၎င်းတို့အား သေးသိမ်အောင် ပြုလုပ်ခြင်းသည် အကြီးစားအပြစ်ဖြစ်လေသည်။	၈၆
	စူရဟ် အလ်ဟုဂျုရာတ်	
၁	**အာယသ် ၁ - ၅ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၈၉
	- ထုတ်ပြန်ပို့ချတော်မူခြင်း၏နောက်ခံအကြောင်း	၉၀
	- အစွမ်းသတ္တိသနှင့်ပညာရှင်များနှင့် ဘာသာရေးခေါင်းဆောင်များအား ရှိသေလေးစားခြင်း	၉၁
	- တမန်တော်မြတ်ﷺ၏ ဂုဏ်မာန်ရှေ့၌ ကျယ်လောင်စွာ နှုတ်ခွန်းဆက်ခြင်း၊ စကားပြောဆိုခြင်း မပြုလုပ်ရန်တားမြစ်ဏ။	၉၂
	- ဓမ္မသတ်	၉၂
	- သစ္စာခံတို့၏ မိခင်မွန်များ၏ ခန်းဆောင်များ	၉၄
	- ထုတ်ပြန်ပို့ချတော်မူသည့်အကြောင်း	၉၄
	- ထပ်ဆောင်းမှတ်စုများ	၉၅
	- ဓမ္မသတ်	၉၅
၂	**အာယသ် ၆ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၉၆
	- ထုတ်ပြန်ပို့ချတော်မူခြင်း၏နောက်ခံအကြောင်း	၉၆
	- ဓမ္မသတ်	၉၇

	- အာယသ်တော်-ဓနှင့် ဆက်နွယ်သော ပြဋ္ဌာန်းချက်များနှင့် ဓမ္မသတ်များ	၉၇
	- သာဝကကြီးများ၏ ဖြောင့်မတ်မှုနှင့်စပ်လျဉ်း၍ အရေးကြီးသော အမေး-အဖြေ တစ်ခု	၉၈
၃	**အာယသ် ၇ - ၈ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၁၀၁
	- တမန်တော်မြတ်ﷺ၏ဆုံးဖြတ်ချက်သည် ပို၍ကောင်း၏။	၁၀၁
၄	**အာယသ် ၉ - ၁၀ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၁၀၂
	- ဆက်စပ်မှု	၁၀၃
	- ထုတ်ပြန်ပို့ချရခြင်းအကြောင်း	၁၀၃
	- ဆက်စပ်သော အကြောင်းကိစ္စများနှင့်ပြဋ္ဌာန်းချက်များ	၁၀၃
	- ဓမ္မသတ်	၁၀၅
	- မြင့်မြတ်သော သာဝကကြီးတို့၏ ပဋိပက္ခများ	၁၀၅
၅	**အာယသ် ၁၁ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၁၀၈
	- တစ်ဦးကိုတစ်ဦး သရော်လှောင်ပြောင်ခြင်းအား တားမြစ်ခြင်း	၁၀၉
	- စည်းကမ်း၏ ခြွင်းချက်	၁၁၂
	- လူများအားကောင်းမြတ်သော ဂုဏ်ပုဒ်များဖြင့် ခေါ်ခြင်းမှာ စွန့်သ်ဖြစ်၏။	၁၁၂
၆	**အာယသ် ၁၂ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၁၁၃
	- အာယသ်တော်ကို စိစစ်လေ့လာခြင်း	၁၁၃
	(၁) အခြေအမြစ်မရှိသော ထင်မြင်ယူဆချက်ကိုတားမြစ်ခြင်း	၁၁၃
	(၂) လျှို့ဝှက်ထောက်လှမ်းမှုမပြုရန်တားမြစ်ခြင်း	၁၁၆
	(၃) နောက်ကွယ်၌ မကောင်းပြောခြင်း (အတင်းပြောခြင်း)ကို တားမြစ်ခြင်း	၁၁၇
	- နောက်ကွယ်၌အတင်းပြောခြင်းနှင့်ဆက်နွယ်သည့် အချို့အကြောင်းများ	၁၁၈
	- ဓမ္မသတ်(၁)	၁၁၉
	- ဓမ္မသတ်(၂)	၁၂၀
	- ဓမ္မသတ်(၃)	၁၂၀
၇	**အာယသ် ၁၃ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၁၂၁
	- လူသားအားလုံးသည် အာဒမ်နှင့်ဟောင်ဝါﷺတို့၏ သားသမီးများဖြစ်ကြသည်။	၁၂၁
	- ထုတ်ပြန်ပို့ချခြင်း၏အကြောင်းများ	၁၂၁
	- အလ္လာဟ်အရှင်မြတ်အား 'တက်ဝါ' ထားရှိခြင်းသည် ဂုဏ်သိက္ခာ၏အခြေခံဖြစ်၏။	၁၂၂
	- အာယသ်တော်မှအရေးကြီးသော စကားလုံးများကို စိစစ်လေ့လာခြင်း	၁၂၂
	- လူသားတို့၏ မျိုးနွယ်၊ လူမျိုးနှင့်ဘာသာစကား ခွဲခြားခြင်း၏ အကြောင်းခံမြော်မြင်မှုသည် ခွဲခြားမှုတ်သားနိုင်စေခြင်းပင် ဖြစ်၏။	၁၂၃

၈	**အာယသ် ၁၄ - ၁၈ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း**	၁၂၃
	- စူရဟ်မှအာယသ်တော်များ အစီအစဉ်	၁၂၄
	- ထုတ်ပြန်ပို့ချခြင်း၏အကြောင်းခံများ	၁၂၅
	- 'အစ္စလာမ်'နှင့် 'အီမာန်' အယူအဆများအား စိစစ်လေ့လာချက်	၁၂၆
	စူရဟ် ကားဖ်	
၁	အာယတ်တော် ၁-၁၅ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၁၂၇
	- အလျင်စူရဟ်နှင့် ဆက်စပ်မှု	၁၂၉
	- စူရဟ်ကားဖ်၏ ထူးခြားဝိသေသများနှင့် ကောင်းမြတ်ခြင်းများ	၁၂၉
	- မိုးကောင်းကင်ကိုကြည့်မြင်ရန် ဖြစ်နိုင်ပါသလား။	၁၂၉
	- ရှင်ပြန်ထခြင်းနှင့် စပ်လျဉ်းသော ဒွိဟသံသယကိုဖယ်ရှားခြင်း	၁၂၉
	- တမန်တော်မြတ်ﷺကို အားပေးနှစ်သိမ့်တော်မူခြင်း	၁၃၁
	- 'ရတ်စ်'အမျိုးသားများသည် မည်သူများနည်း	၁၃၁
	- ဆမူဒ်	၁၃၂
	- အာဒ်	၁၃၂
	- ဖိရ်အောင်န်	၁၃၂
	- လူတ်၏ညီအစ်ကိုများ	၁၃၂
	- အိုင်ကဟ်တွင် နေထိုင်ကြသူများ	၁၃၃
	- 'တွဗ္ဗအ်'အမျိုးသားများ	၁၃၃
၂	အာယတ်တော် ၁၆-၂၉ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၁၃၃
	- ဆက်စပ်မှု	၁၃၄
	- အလ္လာဟ်အရှင်မြတ်သည် လူသား၏လည်ပင်းသွေးပြန်ကြောထက်ပင် ၎င်းနှင့်ပို၍နီးကပ်စွာ ရှိတော်မူသည်။ လေ့လာ ဆန်းစစ်မှုတစ်ခု	၁၃၅
	- လူတိုင်းနှင့်အတူရှိသော မှတ်တမ်းတင်သည့် ကောင်းကင်တမန်နှစ်ပါး	၁၃၇
	- ဟစန်ဗဆ်ရီ؈၏ ရှင်းပြချက်	၁၃၈
	- လူသား၏နှုတ်ထွက်စကားတိုင်းသည် မှတ်တမ်းတင်ခံရ၏။	၁၃၉
	- သေခြင်းတရား၏မိန်းမောမှု	၁၄၀
	- ဟရှ်ရ်ကွင်းပြင်သို့ လူသားအား ခေါ်ဆောင်သွားမည့် ကောင်းကင်တမန်နှစ်ပါး	၁၄၁
	- သေဆုံးချိန်တွင် အကွယ်မှလောကကို မြင်တွေ့လာနိုင်မည်ဖြစ်၏။	၁၄၁
	- အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်၌ လူသားနှင့် (ရှိုင်တွာန်)မိစ္ဆာကောင်တို့ အငြင်းပွားကြခြင်း	၁၄၂

၃	အာယတ်တော် ၃၀-၃၅ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၁၄၃
	- 'အောင်ဝါဗ်'နှင့် 'ဟဖီဇ်'ဟူသော စကားလုံးများအား စိပ်ဖြာလေ့လာခြင်း	၁၄၄
၄	အာယတ်တော် ၃၆-၄၀ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၁၄၆
	- ကာဖိရ်များအား ကျရောက်အံ့သော ဆင်းရဲဒုက္ခအကြောင်းကို သတိပေးခြင်း	၁၄၆
	- အသိပညာဆည်းပူးရာလမ်းကြောင်းများ	၁၄၆
၅	- အာယတ်တော် ၄၁-၄၅ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၁၄၉
	စူရဟ် အဇ်ဇာရိယာတ်	
၁	အာယသ်တော် (၁-၂၃)ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၁၅၁
	- တမလွန်ကိုအတည်ပြုခြင်း	၁၅၂
	- ကာဖိရ်တို့၏ ကွဲပြားခြားနားသော ယုံကြည်မှုများ	၁၅၄
	- ဆန္ဒအလျောက် ဆောက်တည်သော ဝတ်ပြုမှုများအတွက် ညဉ့်တွင် နိုးထခြင်း	၁၅၅
	- အရက်မတက်မီအချိန် နာရီများတွင် ခွင့်လွှတ်မှုကို တောင်းခံခြင်း၏ ကောင်းမြတ်ခြင်းများ	၁၅၆
	- အလှူဒါနပြုကြသူများအတွက် အထူးလမ်းညွှန်ချက်	၁၅၇
	- ကမ္ဘာမြေနှင့်လူသားမျိုးနွယ်တို့ပေါ်တွင်ရှိ အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များ	၁၅၈
	- သားအိမ်ထဲ၌ သုက်ပိုးနှင့် သန္ဓေသားတို့ တိုးတက်ဖွံ့ဖြိုးလာပုံ	၁၅၉
၂	အာယသ်တော် (၂၄-၄၆) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၁၆၁
	- အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်ﷺကို အားပေးနှစ်သိမ့်တော်မူခြင်း	၁၆၃
	- ဇည်သည့်များအား ဇည့်ခံခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ	၁၆၄
၃	အာယသ်တော် (၄၇-၅၅) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၁၆၆
	- အလ္လာဟ်တစ်ပါးတည်းရှိဓတ်မူခြင်း၏ သက်သေအထောက်အထားများသည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့အား ဖန်ဆင်းမှုဥ အလွန်များပြားစွာရှိပေသည်။	၁၆၇
၄	အာယသ်တော် (၅၆-၆၀) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၁၆၇
	- ဂျင်နှင့်လူသားအားဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်	၁၆၈
	စူရဟ် အတွင် တ္ဝူရ်	
၁	အာယသ် ၁ - ၂၈ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၁၇၁
	- အလ်ဗိုင်တုလ်မအ်မူရ်	၁၇၄
	- သာဝကကြီးအုမရ်ﷺ၏ အဖြစ်အပျက်	၁၇၅
	ကောင်းမြတ်သော သက်ဝင်ယုံကြည်သူ သားသမီးများသည် ၎င်းတို့၏သက်ဝင်ယုံကြည်သူ မိဘများနှင့် ဆက်နွယ်၍ ဂျန္နတ်၌ အကျိုးခံစားကြရမည်။	၁၇၆
	အပြစ်ကျူးလွန်သူများအပေါ် အလ္လာဟ်အရှင်မြတ်၏ တရားမျှတမှု	၁၇၇

၂	အာယသ် ၂၉ - ၄၉ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၁၇၇
	'ကဖွာရတုလ်မဂျ်လိစ်'- ပြုမိသော အပြစ်အမှားကို ပြေစေရန် ထိုင်ဝိုင်း၊ စည်းဝေးပွဲဝတ်စုံ၏အဆုံး၌ ရွတ်ဖတ်ခြင်း	၁၈၁
	စူရဟ်အန်နဂျ်မ်	
၁	အာယတ်တော် ၁ - ၁၈ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၁၈၃
	အန်နဂျ်မ်၏ ထူးခြားဝိသေသများ	၁၈၄
	ရစူလ်တမန်တော်သည် အမှန်ဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ် ကျိန်ဆိုတော်မူသည်။	၁၈၄
	တမန်တော်မြတ်ﷺအား 'သင်တို့၏အဖော်'ဟူ၍ ဖော်ပြခြင်း၏အကြောင်းရင်း	၁၈၅
	တမန်တော်မြတ်ﷺ၏ စကားများသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ထုတ်ပြန်ချက်များဖြစ်ကြ၏။	၁၈၆
	နဂျ်မ်၏အာယတ်တော်များအား အဓိပ္ပာယ်ကောက်ယူပုံကွဲလွဲခြင်း	၁၈၇
	အိဗ်နကဆီးရ်၏ တွေ့ရှိချက်များ	၁၈၉
	သဘောတရားဆိုင်ရာ ပြဿနာတစ်ရပ်နှင့် ယင်း၏ဖြေရှင်းချက်	၁၉၂
	ဂျန္နတ်သုခဘုံနှင့် ဂျဟန္နမ်ဒုက္ခဘုံတို့၏ လက်ရှိတည်နေရာ	၁၉၅
	ရှေ့မှအာယတ်တော်များအား အဓိပ္ပါယ်ကောက်ယူမှုကို အခြားတစ်နည်းဖြင့် ချဉ်းကပ်ခြင်း- အသုံးဝင်သော စိတ်ဖြာ လေ့လာချက်တစ်ခု	၁၉၇
	ဖန်ဆင်းရှင်အား ပီတိလွှမ်းသော ဖူးမြင်ခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း	၂၀၁
၂	အာယတ်တော် ၁၉ - ၂၈ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၂၀၃
	ရုပ်တုကိုးကွယ်မှုကို ငြင်းဆိုချေပခြင်း	၂၀၄
	'ဇွာန်'အမျိုးအစားများ	၂၀၄
၃	အာယတ်တော် ၂၉ - ၃၂ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၂၀၅
	လမ်းလွဲသူတို့အား မျက်နှာလွှဲထားရန် လိုအပ်ခြင်း	၂၀၆
	အထူးသတိပေးချက်	၂၀၆
	အလ္လာဟ်အရှင်မြတ်သည် သေးငယ်သောအပြစ်များ 'အလ်လမမ်'ကို ခွင့်လွှတ်တော်မူသည်။	၂၀၇
	အကြီးစားနှင့် အသေးစားအပြစ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်	၂၀၈
၄	အာယတ်တော် ၃၃ - ၆၂ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၂၀၉
	ထုတ်ပြန်ပို့ချခြင်း၏ နောက်ခံအကြောင်း	၂၁၁
	အိဗ်ရာဟင်မ်ﷺ၏ ထူးခြားဝိသေသ- ကတိကဝတ်ကို ကျေပွန်အောင်ဆောင်ရွက်ခြင်း	၂၁၃
	မူစာနှင့် အိဗ်ရာဟင်မ်ﷺတို့၏ ကျမ်းဂန်များ- အထူးလမ်းညွှန်ချက်များနှင့် ဆုံးမသြဝါဒတော်များ	၂၁၄
	ရှင်ပြန်ထမည့်နေ့တွင် မည်သူမျှ သူတစ်ပါး၏ ဝန်ထုပ်ဝန်ပိုးကို သယ်ဆောင်လိမ့်မည် မဟုတ်ပေ။	၂၁၄
	ကောင်းမှုများ၏ အကျိုးဆုလာဘ်ကို အခြားသူများအားပေးခြင်း	၂၁၆

	စူရတ် အလ်ကာမရ် (လစန္ဒာ)	
၁	အာယတ်တော် ၁ - ၈ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၂၂၃
	- အလ်နဂျ်မ်နှင့် အလ်ကာမရ်တို့ကြားမှ ဆက်စပ်မှု	၂၂၄
	- လအက်ကွဲခြင်း သဘာဝဖြစ်ရပ်သည် တန်ခိုးတော်တစ်ပါးဖြစ်၏။	၂၂၄
	- လကိုခွဲပြသည့် တန်ခိုးတော်အပေါ် ဝေဖန်မှုများ	၂၂၆
၂	အာယတ်တော် ၉ - ၁၇ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၂၂၈
	- နူဟ်ﷺ၏ အမျိုးသားများ၏ ဇာတ်လမ်းနှင့် ယင်းဇာတ်လမ်းမှ သင်ယူရသည့် သင်ခန်းစာများ	၂၂၉
	- ကုရ်အာန်ကို ကျက်မှတ်ရန်နှင့် တရားရယူရန်အတွက် လွယ်ကူအောင် ပြုတော်မူခြင်းဖြစ်၏။ 'အိဂျ်တိဟာဒ်' သို့မဟုတ် 'အစွမ်တင်ဗတ္တိ'အတွက် မဟုတ်ပေ။	၂၃၁
၃	အာယတ်တော် ၁၈ - ၄၂ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၂၃၁
	- ဘာသာစကား၏ ဝေါဟာရဆိုင်ရာ စိစစ်လေ့လာချက်	၂၃၄
၄	အာယတ်တော် ၄၃ - ၅၅ ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၂၃၅
	- ဘာသာစကား၏ ဝေါဟာရဆိုင်ရာ စိစစ်လေ့လာချက်	၂၃၆
	စူရတ် အရ် ရဟ်မာန် (အထူးကရုဏာတော်ရှင်)	
၁	အာယတ်တော် (၁-၂၅) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၂၃၉
	- စူရဟ်နှင့် 'အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော် များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်အံ့နည်း'ဟူသော စကားကို အကြိမ်ကြိမ်ထပ်ကာ မိန့်ဆိုသည့် ပညာဉာဏ်တော်တို့၏ ဆက်စပ်မှု	၂၄၁
	- စူရဟ်အရ်ရဟ်မာန်အား မက္ကာမြို့တွင် ပို့ချခဲ့သလား သို့မဟုတ် မဒီနာမြို့တွင် ပို့ချခဲ့ပါသလား။	၂၄၂
	- အလ္လာဟ်အရှင်မြတ်၏ နိမိတ်လက္ခဏာတော်များ	၂၄၄
	- လူသားနှင့်ဂျင်နီတို့အား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များက ဝိုင်းရံလျက်ရှိကြ၏။	၂၄၉
	- လူသားနှင့်ဂျင်နီများအား ဖန်ဆင်းခြင်း	၂၄၉
	- အလ္လာဟ်အရှင်မြတ်သည် နေထွက်ရာအရပ်နှစ်ခုနှင့် နေဝင်ရာအရပ်နှစ်ခု၏ အရှင်သခင် ဖြစ်တော်မူသည်။ -	၂၄၉
	- အလ္လာဟ်အရှင်မြတ်သည် မတူကွဲပြားသော ရေအမျိုးအစားများကို ဖန်ဆင်းတော်မူခဲ့သည်။	၂၄၉
၂	အာယတ်တော် (၂၆-၄၅) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၂၅၁
	- အလ္လာဟ်အရှင်မြတ်သည် ထာဝရရှင်သန်နေတော်မူပြီး၊ လိုအပ်ချက်အပေါင်းမှ ကင်းစင်တော်မူပေသည်။	၂၅၂
	- လူသားနှင့်ဂျင်နီတို့အတွက် သတိပေးချက်	၂၅၅
	- ဤအာယသ်တော်သည် ဒုံးပျံများ၊ ဂြိုဟ်တုများဖြင့် အာကာသစူးစမ်းလေ့လာမှု ပြုလုပ်ခြင်းကို ညွှန်ပြခြင်းမဟုတ်ပေ။	၂၅၈

	- ရှင်ပြန်ထမည့်နေ့၏ ထိတ်လန့်ဖွယ်ရာများ	၂၅၉
၃	အာယတ်တော် (၄၆-၇၈) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၂၆၀
	- ဂျန္နတ်သုခဘုံ၌ ကောင်းမြတ်သူတို့၏ ဝမ်းမြောက်ပျော်ရွှင်မှု	၂၆၃
	- ဆက်စပ်စဉ်းစားဆင်ခြင်မှုများ	၂၆၄
	စူရဟ် အလ်ဝါကိအဟ် (ဖြစ်အံ့ဆဲဆဲ အဖြစ်အပျက်)	
၁	အာယသ်တော် (၁-၅၆) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၂၆၇
	-အလ်ဝါကိအဟ်၏ထူးခြားသည့်ဝိသေသ	၂၇၀
	- သာဝကကြီးအဗ်ဒွလ္လာဟ်အိဗ်နမတ်စအူးဒ်(ﷺ)ကွယ်လွန်ခါနီးတွင် သြဝါဒပေးသော အဖြစ်အပျက်	၂၇၀
	- ရှင်ပြန်ထမည့်နေ့တွင် လူများသည် အတန်းအစား(၃)မျိုးကွဲသွားမည်။	၂၇၁
	- اَلَّذِيْنَ 'အောင်ဝ်ဝါလီန်' (ရှေးဦးမျိုးဆက်များ) နှင့် آخِرِيْنَ 'အာခိရီးန်' (နောင်းပိုင်းမျိုးဆက်များ)သည် မည်သူ များနည်း။	၂၇၃
	- အတ်စ်စာဗိကူန်၏ အကျိုးဆုလာဘ်	၂၇၇
	- လက်ယာဘက်သားတို့၏ အကျိုးဆုလာဘ်များ	၂၇၈
၂	အာယသ်တော် (၅၇-၇၄) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၂၈၁
	- ရှင်ပြန်ထမည့်နေ့တွင် ဖြစ်ပေါ်မည့် သက်သေအထောက်အထား	၂၈၃
	- အပင်များကို ဖန်ဆင်းခြင်း၊ မိုးရေကို ချပေးခြင်းနှင့် မီးကိုဖန်ဆင်းခြင်းများသည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းရှိ တော်မူခြင်း၏ သက်သေများဖြစ်ကြသည်။	၂၈၅
၃	အာယသ်တော် (၇၅-၉၆) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၂၈၇
	- အကြောင်းပြချက်များ၏ အစီအစဉ်	၂၈၈
	- အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ ကြီးကျယ်မှုကို ကျိန်ဆိုတော်မူသည်။	၂၈၈
	- ကုရ်အာန်ကျမ်းတော်မြတ်ကို ထိကိုင်ခြင်းနှင့်စပ်လျဉ်းသည့် ဓမ္မသတ်အချို့	၂၉၁
	စူရဟ် အလ်ဟာဒီးဒ် (သံသတ္ထု)	
၁	အာယသ်တော် (၁-၆) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၂၉၅
	- အလ်ဟာဒီဒ်၏ အချို့သောဝိဇ္ဇာရည်များ	၂၉၆
	- ရှိုင်တွာန်၏မိစ္ဆာစကား တီးတိုးပြောကြားခြင်းများအတွက် ဆေးမြီးတို	၂၉၇
၂	အာယတ်တော် (၇-၁၁) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၂၉၉
	- အီမာန်သက်ဝင်ယုံကြည်ရန် အဓိန့်ပေးတော်မူခြင်း	၃၀၁
	- မြင့်မြတ်သော သာဝကကြီးများ၏ အဆင့်အတန်းကို 'မဂ္ဂာမြို့အား အောင်နိုင်ခြင်း'ဖြင့် ပိုင်းခြားသတ်မှတ်၏။	၃၀၃

	- အလ္လာဟ်အရှင်မြတ်သည် မြင့်မြတ်သော ဆွဟာဗဟ်အား လုံးကို ဂျွန်တ်သုခဘုံနှင့် ခွင့်လွှတ်ခြင်းများ ကတိပြုတော်မူသည်။	၃၀၄
	- သမိုင်းဆိုင်ရာ ဆင့်ပြန်ချက်များအရမဟုတ်ဘဲ ကုရ်အာန်နှင့်စွန္ဒတ်တို့၏ရှုထောင့်မှ ဆွဟာဗဟ်တို့၏ အဆင့်အတန်းများ	၃၀၆
	- မြင့်မြတ်သော သာဝကကြီးများနှင့်စပ်လျဉ်း၍ အွမ္မသ်ထု၏ တညီတညွတ်တည်းဖြစ်သော ယုံကြည်ချက်	၃၀၇
၃	အာယတ်တော် (၁၂-၁၉) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၃၀၉
	- ရှင်ပြန်ထမည့်နေ့တွင် မုအ်မင်သက်ဝင်ယုံကြည်သူများသည် အလင်းရောင်ကို ရရှိမြင့်ခြင်းခံကြရမည်။	၃၁၁
	- စုရုံးရောက္ခင်းပြင်၌ အလင်းနှင့်အမှောင်ကိုဖြစ်စေသော အကြောင်းများ	၃၁၄
	- အထူးမှတ်စု	၃၁၇
	- ယုံကြည်သက်ဝင်သူ မုအ်မင်တိုင်းသည် 'ဆွစ်ဒ်ဒီက်'တစ်ဦးနှင့် 'ရှဟီးဒ်'တစ်ဦး ဖြစ်သလော	၃၁၈
၄	- အာယတ်တော် (၂၀-၂၁) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၃၂၀
	- ဤလောကီဘဝသည် တဒင်္ဂသာယာကြည်နူးမှုဖြစ်၏။	၃၂၁
၅	အာယတ်တော် (၂၂-၂၄) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၃၂၅
	- လူသားအား အကျိုးသက်ရောက်စေသည့် အခြေခံအကြောင်းများကို မှန်ကန်စွာချင့်တွက်သတ်မှတ်ထား၏။	၃၂၅
	- သည်းခံခြင်းနှင့်ကျေးဇူးတင်ခြင်း	၃၂၆
၅	အာယတ်တော် (၂၅) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၃၂၇
	- တမန်တော်များနှင့် ကျမ်းဂန်များကို စေလွှတ်ပေးပို့တော်မူခြင်း၏ စစ်မှန်သောရည်ရွယ်ချက်များမှာ တရား မျှတမှုကို ထူထောင်ရန်ဖြစ်၏။	၃၂၇
	- အထူးမှတ်စု(၁)	၃၂၉
	- အထူးမှတ်စု(၂)	၃၂၉
၆	အာယတ်တော် (၂၆-၂၉) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၃၃၀
	- တမန်တော်တို့၏ များစွာသော အမျိုးသားတို့မှာ ဗီဆန်ပုန်ကန်ကြသူများဖြစ်ကြ၏။	၃၃၂
	- ဘုန်းကြီးရဟန်းပြုလုပ်သည့်စနစ် သို့မဟုတ် တောထွက်လမ်းစဉ်အား စိစစ်လေ့လာခြင်း	၃၃၃
	- 'ရဟ်ဗနီယဟ်' (တောထွက်ကျင့်စဉ်)သည် လုံးဝတားမြစ်ခံရသော ကျင့်စဉ်လား သို့မဟုတ် ဆက်နွယ်သော အယူအဆ တစ်ခုလား	၃၃၆
	အလ်မူဂျာဒလဟ် (စကားစစ်ထိုးခြင်း/ စောဒကဝင်သောမိန်းမ)	
၁	အာယသ်တော် (၁-၆) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၃၃၉
	- ထုတ်ပြန်ပို့ချခြင်းအကြောင်း	၃၄၁

	- ဖြိဟာရ်	၃၄၃
	- 'ဖြိဟာရ်'၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ရှရီအဟ်တွင် ယင်း၏အကျိုးသက်ရောက်မှု	၃၄၃
	- ဖြိဟာရ်အတွက် အပြစ်ကိုဖြေရန် ဒဏ်ဆောင်ခြင်း	၃၄၄
	- အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်တို့အား စိမ်ခေါ်ကြသူများ၏ကံကြမ္မာ	၃၄၆
၂	အာယတ်တော် (၇-၁၃) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၃၄၇
	- ထုတ်ပြန်ပို့ချရသည့် အခြေအနေများ	၃၄၉
	- တီးတိုးတိုင်ပင်ခြင်းဆိုင်ရာ ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်ထုံးတမ်း	၃၅၁
	- ဂျူးများ၏ဒုက္ခပေးခြင်း	၃၅၂
	- လျှို့ဝှက်ဆွေးနွေးပွဲ၏ နည်းဟန်များ	၃၅၃
	- အဆိုးကိုအကောင်းဖြင့်တုံ့ပြန်ပါ	၃၅၃
	- စုဝေးပွဲများအတွက် နည်းဟန်များ	၃၅၄
	- ဓမ္မသတ်	၃၅၅
	- သာဝကကြီးအလီ ﷺ တစ်ပါးတည်းသာလျှင် အာယတ်တော်နှင့်အညီ လုပ်ဆောင်ခဲ့၏။	၃၅၆
၃	အာယတ်တော် (၁၄-၂၂) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၃၅၇
	- ဂျူးများနှင့် လျှို့ဝှက်မဟာမိတ်ဖွဲ့သည့်အတွက် မုနာဖစ်က်တို့အား ဒဏ်ခတ်ဆုံးမခြင်း	၃၅၉
	- မုအ်မင်တို့သည် ကာဖိရ်များနှင့် ရင်းနှီးကျွမ်းဝင်စိတ်ထား၍မရနိုင်	၃၆၀
	- ဓမ္မသတ်	၃၆၁
	အလ်ဟရ်ရ် (စုရုံးခြင်း) ပြည်နှင်ဒဏ်	
၁	အာယတ်တော် (၁-၅) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၃၆၃
	- ထုတ်ပြန်ပို့ချရခြင်းအကြောင်း	၃၆၅
	- အလ်ဟရ်ရ်၏ ထူးခြားဝိသေသများနှင့် ဗနူနဿီရ်၏ သမိုင်းကြောင်း	၃၆၆
	- သင်ခန်းစာတစ်ရပ်	၃၆၇
	- အမ်ရ်အိပ်နိအုမေယဟ်သွမူရီ၏ဇာတ်လမ်း	၃၆၈
	- မျက်မှောက်ခေတ် နိုင်ငံရေးသမားများအတွက် စံနမူနာတစ်ခုဖြစ်သော အစွလာမ့်ခန္ဓိတရားနှင့် လူ့အခွင့်အရေး	၃၆၈
	- တမန်တော်မြတ် ﷺ ၏ပညတ်တော်သည် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ ပညတ်တော်ပင်ဖြစ်၏။ ဟဒီးသ်တော် များ၏ အဓိန္ဒြေဇာကို ငြင်းပယ်သူများအတွက် သတိပေးချက်တစ်ရပ်	၃၇၁
	- 'အိဂျ်တိဟာဒ်'တွင် သဘောကွဲခြင်းသည် အပြစ်တစ်ခုမဟုတ်ပေ။	၃၇၁
	- ဓမ္မသတ်	၃၇၂
၂	အာယတ်တော် (၆-၁၀) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၃၇၂

	- 'ဖိုင်အိ'သဘောတရားနှင့် ယင်းအားခွဲဝေမှုဥပဒေ	၃၇၄
	- ဥစ္စာဓနများ တစ်နေရာတည်းတွင် စုပုံနေခြင်းကို တိုက်ဖျက်သည့် အစွမ်းသာမ်၏ ထိရောက်သော စီမံချက်များ	၃၇၈
	- ရစ္စုလ်တာမန်တော်၏ အမိန့်အား ကုရ်အာန်၏ အမိန့်ကဲ့သို့ပင် နာခံရန်တာဝန်ရှိ၏။	၃၈၀
	- ထောက်ပံ့ရေး အလှူပစ္စည်းများကို ခွဲဝေရာတွင် အစွမ်းအရေး၌ အလုပ်အကျွမ်းပြုနေကြသည့် ဆင်းရဲနွမ်းပါးသော၊ ကောင်းမြတ်သော သာသနာ့ပညာရှင်များအား ဦးစားပေးသင့်၏။	၃၈၁
	- အလ်မုဟာဂျိရိန် (ပြောင်းရွှေ့လာခဲ့ကြသူများ) ဂုဏ်ရည်များ	၃၈၂
	- အရေးကြီးသောအချက်- မွတ်စလင်တို့၏ ပိုင်ဆိုင်မှုများအား ကာဖိရ်တို့က ထိန်းချုပ်ခြင်းနှင့် စပ်လျဉ်းသည့် စည်းမျဉ်း ဥပဒေ	၃၈၂
	- အန်ဆွာရ်(ကူညီသူများ)၏ ဂုဏ်ရည်များ	၃၈၄
	- ဗနူနဿိရ်၏ ပစ္စည်းဥစ္စာများကို ခွဲဝေခြင်း	၃၈၅
	- ဖြစ်နိုင်ဖွယ်ရှိသော သံသယတစ်ခုကို အပြီးတိုင်ဖယ်ရှားခြင်း	၃၈၉
	- မုဟာဂျိရိန်(ခိုလှုံသူများ)သည် အန်ဆွာရ်တို့၏ ကိုယ်ကျိုးစွန့်လွှတ်မှုကို အပြန်အလှန်ပေးခဲ့ကြလေသည်။	၃၉၀
	- မလိုတမာစိတ်နှင့် သဝန်တိုစိတ်များ ကင်းစင်နေခြင်းသည် အကြင်သူတစ်ဦး၏ ဂျန္နတ်သုခဘုံ၌ရှိနေခြင်း လက္ခဏာ တစ်ရပ်ပင်ဖြစ်၏။	၃၉၁
	- မုဟာဂျိရိန်နှင့် အန်ဆွာရ်တို့၏နောက် မွတ်စလင်အားလုံးသည် 'ဖိုင်အိ'ကိုခံစားခွင့်ရှိ၏။	၃၉၂
	- မြင့်မြတ်သော သာဝကကြီးများကို ချစ်ခင်ခြင်းမှာ အွမ္မတ်သည် အမှန်တရားပေါ်တွင်ရှိနေသည့် လက္ခဏာတစ်ရပ်ဖြစ်၏။	၃၉၃
၃	အာယတ်တော် (၁၁-၁၇) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၃၉၄
	- ဗနူကိုင်နုကာအ်တို့အား နှင်ထုတ်ခြင်း	၃၉၆
၄	အာယတ်တော် (၁၈-၂၄) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၃၉၉
	- တက္ကဝါနှင့် ရှင်ပြန်ထမည့်နေ့အတွက် ပြင်ဆင်ထားရန် အမိန့်တော်	၄၀၁
	- အလ္လာဟ်အရှင်မြတ်၏ ပြည့်စုံကောင်းမြတ်ခြင်းဂုဏ်တော်များထဲမှ အချို့သောဂုဏ်တော်များ	၄၀၄
	- စူရဟ်အလ်ဟရှ်ရိ၏ နိဒါန်းချုပ်အာယသ်တော်များ၏ အကျိုးကျေးဇူးနှင့် ကောင်းချီးမင်္ဂလာများ	၄၀၆
	အလ်မွမ်တဟိနဟ် (စစ်ဆေးသူ)	
၁	အာယတ်တော် (၁-၆) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၄၀၇
	- ထုတ်ပြန်ပို့ချခြင်း၏ နောက်ခံအကြောင်း	၄၀၉
	- သံသယတစ်ခုကို လျော့နည်းအောင်ပြုလုပ်ခြင်း	၄၁၄
၂	အာယတ်တော် (၇-၉) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၄၁၅
	- ဓမ္မသတ်	၄၁၈

၃	အာယတ်တော် (၁၀-၁၃) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၄၁၉
	- ထုတ်ပြန်ပို့ချရခြင်းအကြောင်း	၄၂၁
	- ဟုဒိုင်ဗီယဟ် ငြိမ်းချမ်းရေးစာချုပ်နှင့် ယင်းစာချုပ်ပါ စာပိုဒ်အချို့၏ ခွဲခြမ်းစိတ်ဖြာလေ့လာမှု	၄၂၁
	- အမျိုးသမီးများအား စာချုပ်ပါ စည်းကမ်းချက်မှ ကင်းလွတ်ခွင့်ပြုခြင်းသည် စာချုပ်ကို ချိုးဖောက်ခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အဖွဲ့များ၏ အချင်းချင်း အပြန်အလှန် သဘောတူညီမှုဖြင့် ရှင်းပြချက်တစ်ခုသာဖြစ်၏။	၄၂၃
	- ပြောင်းရွှေ့လာသော မွတ်စလင်အမျိုးသမီးများအား စမ်းသပ်စစ်ဆေးခြင်း	၄၂၄
	- ဓမ္မသတ်	၄၂၅
	- အချို့သော မွတ်စလင်အမျိုးသမီးတို့သည် သာသနာကိုစွန့်ပယ်ပြီး မကွာမြို့သို့ ထွက်ပြေးခဲ့ကြပါသလား။	၄၂၉
	- အမျိုးသမီးများ၏ဝိုင်အဟ်	၄၂၉
	- အမျိုးသားတို့၏ ဝိုင်အဟ်သည် လိုရင်းတိုရှင်းဖြစ်ပြီး၊ အမျိုးသမီးတို့၏ ဝိုင်အဟ်သည် ကျယ်ပြန့်ကာ အသေးစိပ်၏။	၄၃၁
	စူရဟ်အဆွင်ဆွဖ် (အစီအတန်းများ)	
၁	အာယတ်တော် (၁-၉) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၄၃၃
	- ထုတ်ပြန်ပို့ချခြင်း၏နောက်ခံအကြောင်း	၄၃၅
	- ဓမ္မသတ်	၄၃၆
	- ပြောဆိုချက်တစ်ခု (ဒါအ်ဝါ)နှင့် တရားဟောခြင်း (ဒအ်ဝသ်)တို့၏ ကွာခြားချက်	၄၃၇
	- အင်ဂျီလ်ကျမ်း၌ အလွှာဟ်အရှင်မြတ်၏ နောက်ဆုံးရရှိလတမန်တော်နှင့် ပတ်သက်သည့် ကြိုတင်ဟောကိန်း	၄၃၉
၂	အာယတ်တော် (၁၀-၁၄) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၄၄၀
	- ခရစ်ယာန်အုပ်စု(၃)စု	၄၄၃
	စူရဟ် အလ်ဂျုမုအဟ် (သောကြာနေ့)	
၁	အာယတ်တော် (၁-၈) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၄၄၅
	- ထုတ်ပြန်ပို့ချခြင်း၏နောက်ခံအကြောင်း	၄၄၇
	- တမန်တော်မြတ်ﷺ ပွင့်တော်မူခြင်း၏ ရည်ရွယ်ချက် (၃)ရပ်	၄၄၈
	- မေးခွန်းတစ်ခုနှင့် ယင်း၏အဖြေ	၄၄၉
	- လက်တွေ့မကျင့်သုံးသော ပညာရှင်တစ်ဦး၏ဥပမာ	၄၅၁
	- သေခြင်းကို တောင့်တကောင်းပါသလား	၄၅၂
	- သေခြင်းတရား၏ အကြောင်းခံများကို ရှောင်ရှားခြင်းနှင့် သက်ဆိုင်သည့်ဥပဒေများ	၄၅၃
၂	အာယတ်တော် (၉-၁၁) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၄၅၄

	- အထူးမှတ်စု	၄၅၇
	- ဂျူမုအဟ်၏အဇာန်	၄၅၇
	- ဂျူမုအဟ်ပြီးသည့်နောက် လုပ်ငန်းဆောင်ရွက်ခြင်း၏ ကောင်းချီးမင်္ဂလာများ	၄၅၈
	- ဂျူမုအဟ်၏ ခွတ်ဗဟ်မိန့်ခွန်း ဟောကြားနေသော အီမာမ်ကို စွန့်ခွာသူတို့အား ဆိုဆုံးမခြင်း	၄၅၉
	စူရဟ် အလ်မုနာဖိကူန် (မွတ်စလင်အယောင်ဆောင်များ)	
၁	အာယတ်တော် (၁-၈) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၄၆၁
	- ထုတ်ပြန်ပို့ချခြင်း၏နောက်ခံအကြောင်း	၄၆၃
	- မျိုးနွယ်၊ လူမျိုး၊ နိုင်ငံ သို့မဟုတ် ဒေသအစွဲများပေါ်တွင် အခြေခံသည့် ပူးပေါင်းဆောင်ရွက်ခြင်းသည် အစွလာမ်မတိုင်မီ ရုပ်တုကိုးကွယ်သောဝါဒ၏ ဆောင်ပုဒ်ဖြစ်၏။	၄၆၃
	- အထက်ပါအကြောင်းက အရေးကြီးသော ကိစ္စရပ်များအပေါ် လမ်းညွှန်စည်းမျဉ်းကို ချမှတ်ပေး၏	၄၆၉
	- အစွလာမ်အစိုးရပုံစံနှင့် လုပ်ငန်းစဉ်၏ အခြေခံအုတ်မြစ် - အသားအရောင်၊ မျိုးနွယ်နှင့် ဘာသာစကား ခွဲခြားမှုများနှင့် တိုင်းရင်းသား နိုင်ငံခြားသား ဘက်လိုက်ခြင်းများကို အဆုံးသတ်ရန် ရည်မှန်းသော အစွလာမ့် ညီနောင်စိတ်ဓာတ်ကို ထူထောင်ခြင်း	၄၆၉
	- အစွလာမ့်အခြေခံစည်းမျဉ်းများကို မြင့်မြတ်သော သာဝကကြီးများ၏ ပြိုင်စံရှားသည့် စွဲမြဲလိုက်နာမှုနှင့် ၎င်းတို့၏မြင့်မားသော အဆင့်အတန်း	၄၇၁
	- မွတ်စလင်တို့၏ အထွေထွေ သက်သာချောင်ချိမှုကို ဂရုစိုက်ခြင်း- နားလည်မှုလွဲမှားခြင်းမှ ၎င်းတို့အား အကာအကွယ် ပေးခြင်း	၄၇၂
၂	အာယတ်တော် (၉-၁၁) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၄၇၄
	ရုကူအ်(၁)နှင့်(၂)တို့ကြားမှ ကွင်းဆက်	၄၇၄
	စူရဟ် အပ်ကာ်တယာဗွန် (အရှုံးနှင့်အမြတ်)	
၁	အာယတ်တော် (၁-၁၀) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၄၇၇
	အမျိုးသားနှစ်ရပ်အယူအဆ	၄၇၉
	စုရုံးမည့်နေ့အား အဘယ်ကြောင့် အရှုံးအမြတ်ပေါ်မည့်နေ့ဟု ခေါ်ဆိုရပါသနည်း။	၄၈၂
၂	အာယတ်တော် (၁၁-၁၈) ဘာသာပြန်နှင့် ရှင်းလင်းဖွင့်ဆိုခြင်း	၄၈၅
	ဓမ္မသတ်	၄၈၈
	ဥစ္စာပစ္စည်းနှင့် သားသမီးများသည် စမ်းသပ်မှုတစ်ခုဖြစ်၏။	၄၈၈

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

ကျမ်းဦးစကား

الحمد لله رب العالمين، والصلاة والسلام على رسوله الكريم، وعلى آله وصحبه

أجمعين وعلى كل من تبعهم بإحسان إلى يوم الدين

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အလ္လာဟ်အရှင်မြတ်၏ မဟာကရုဏာတော်ဖြင့် မအာရိဖုလ်ကုရ်အာန် အင်္ဂလိပ် နောက်ဆုံးအတွဲ၊ အတွဲ(၈) စာဖတ်သူတို့ လက်ဝယ်သို့ ရောက်ရှိပြီဖြစ်ပါသည်။ မစွမ်းဆောင်နိုင်သော လုပ်ငန်းတစ်ရပ်ကို အောင်မြင်ထမြောက်စေသော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို ဖော်ပြနိုင်ရန်သင့်လျော်သည့်စကားလုံးပင် ရှာမတွေ့နိုင်ဖြစ်ရပါသည်။ များမြောင်စွာသော အတားအဆီး အခက်အခဲများကြားမှ နှစ်သုံးဆယ်ကျော် ခရီးနှင်ခဲ့ပါသည်။ အလ်ဟမ်ဒုလိလ္လာဟ် ယနေ့ ပန်းတိုင်သို့ ရောက်ရှိခဲ့ပါပြီ။ မအာရိဖုလ်ကုရ်အာန် ကျမ်းသည် အတွဲ(၈)တွဲရှိ၍ အင်္ဂလိပ်ဘာသာဖြင့် ရိုးရှင်းစွာဖွင့်ဆိုထားသော ပထမဦးဆုံးသောကျမ်းဖြစ်၍ အင်္ဂလိပ်စကားပြောသူများအတွက် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ကျမ်းတော်မြတ်ကို အပြည့်အဝနားလည်သဘောပေါက်နိုင်ရန် ရည်ရွယ်ပါသည်။

ဘာသာပြန်ဆိုခြင်းလုပ်ငန်းကို မနားတမ်းလုပ်ကိုင်ပေးခဲ့သော မော်လာနာ အဟ်မဒ် ခလီလ်အဇီးဇ်အား အထူးတလည် ကျေးဇူးတင်ရှိပါသည်။ ထိုသူကို ဤဘဝနှင့် တမလွန်ဘဝ နှစ်ဌာနစလုံးတွင် အလ္လာဟ်အရှင်မြတ် ကောင်းချီးမင်္ဂလာနှင့် အကောင်းဆုံးကျန်းမာရေး ပေးသနားတော်မူပါစေ။

လုပ်ငန်းတစ်ခုလုံးကြီးကြပ်ဆောင်ရွက်ပေးခဲ့သော အိပ်ရာဟီမ် နာဖစ်၊ စာမူကြမ်းဖတ်ရှုပေးခဲ့သော မစ္စတာ ရာဖစ်ဆွာဂီရ် ဖာရွက်နှင့် မော်လာနာ အဗ်ဒွလ္လာဟ်မီမွန်တို့အား ကျေးဇူးတင်မှတ်တမ်းပြုအပ်ပါသည်။

ဤအတွဲဘာသာပြန် ပုံနှိပ်ထုတ်ဝေနိုင်ရန် ဘဏ္ဍာရေးမှအစ လိုလေသေးမရှိ ကူညီပေးခဲ့ကြသော မစ္စတာ ခလီလ် အရှ်ရဖ် အွတ်စမာနီ၊ မစ္စတာ အစ္စဟားက်နူးရ်နှင့် မစ္စတာယူစွဖ်တို့ကိုလည်း ကျေးဇူးမှတ်တမ်းတင်အပ်ပါသည်။ သူတို့အားလုံး၏လုပ်ရပ်များကို အလ္လာဟ်ရှင် လက်ခံတော်မူ၍ နှစ်ဘဝနှစ်ဌာနမှာ ကောင်းသောအစားပေးချီးမြှင့်တော်မူပါစေ။

နောက်ဆုံးအနေနှင့် ဤကျမ်းစာအုပ် မူရင်းကျမ်းရှင်ဖြစ်သူ ကျွန်ုပ်၏ဖခင်ကြီးနှင့် ဘာသာပြန်အဖွဲ့ဝင်အားလုံး၊ ဤလုပ်ငန်းတွင် ပါဝင်သူအားလုံးကို ဆုမွန်ဒုအာပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဤကျမ်းကို အကြောင်းပြု၍ စာရှုသူအားလုံး ဖန်ဆင်းရှင်အလ္လာဟ်၏ သတင်းစကားများနှင့် အမိန့်ပညတ်တော်များကို နားလည်သဘောပေါက်ကြ၍ ဘဝလမ်းညွှန်အဖြစ်ကျင့်သုံးနိုင်ခွင့် အလ္လာဟ်ရှင် ပေးသနားတော်မူပါစေသတည်း။ အာမီးန်

မုဟမ္မဒ်တကီးအုစမာနီ

ဟိဂျရီ ၁၄၂၅၊ ရဂျပ် ၁၁

၂၈၊ သြဂုတ် ၂၀၀၄ ခုနှစ်

بسم الله الرحمن الرحيم

الحمدلله و كفى، وسلام على عباده الذين اصطفى

မအာရိဖ္လလ်ကုရ်အာန်ကျမ်း – မြန်မာဘာသာပြန်အဖွဲ့
၏
ကျေးဇူးတင်နိုဂ်ုံးစကား

စာရှုသူ သူတော်စင်အပေါင်းတို့ခင်ဗျာ-

ကျွန်တော်များ မအာရိဖုလ်ကုရ်အာန်ကျမ်း အင်္ဂလိပ်မူမှ မြန်မာဘာသာသို့ ပြန်ဆိုထားသော ကုရ်အာန်ကျမ်းတော်မြတ် အကျယ်ဖွင့်ကျမ်း လုပ်ငန်းစဉ်မှာ ယခုအခါတွင် အလွှာဟ်အရှင်မြတ်၏ အလိုတော်နှင့် ချောချောမောမော အောင်မြင်စွာ ပြီးဆုံးသွားပြီဖြစ်ပါသည်။ (အလ်ဟမ်ဒုလိလ္လာဟ်)

ဤကျမ်း၏ ဘာသာပြန်လုပ်ငန်းစဉ် သမိုင်းအား အလျင်းသင့်၍ အကျဉ်းမျှ ဖော်ပြလိုပါသည်။ ၁၉၉၈ ခုနှစ် ဝန်းကျင်က မန္တလေးမြို့မှ စာပေဝါသနာရှင်တစ်စုသည် Echo of Islam "အစွလာမ်ပဲ့တင်သံစာစောင်"(ကန့်သတ်) အား စာစဉ် ၁ မှ ၈အထိ ထုတ်ဝေခဲ့သည်။ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးခင်မောင်ကြီး(တရားလွှတ်တော်ရှေ့နေ) က ကုရ်အာန်ဘာသာပြန်ကဏ္ဍ၌ ပညာရှင်များ၏ ဘာသာပြန်ကို ဖော်ပြရင်းမှ မအာရိဖုလ်ကုရ်အာန် အကျယ်ဖွင့်ကျမ်း အင်္ဂလိပ်စာမူကို တွေ့ရှိခဲ့ပါသည်။ မူရင်းအူရဒူမှ အင်္ဂလိပ်ဘာသာပြန်ဆိုထားသောမူကို တွေ့ရှိရ၍ အဖွဲ့ဝင်များက သဘောကျနှစ်ခြိုက်ကာ မူရင်း(၈)တွဲစလုံး မြန်မာဘာသာပြန်၍ ထုတ်ဝေကြလျှင် ကောင်းအံ့ဟု တညီတညွတ်တည်း သဘောရကြ၍ စတင်လုပ်ဆောင်ခဲ့ကြပါသည်။

စိတ်ဝင်စားသူများဖြစ်ကြသည့်အားလျော်စွာ ဦးစွာပထမ အူရဒူဘာသာမှ မြန်မာပြန်ဆို၍ စုပေါင်းစာချောကြပါသည်။ လုပ်ငန်းစတင်စဉ်က စာရေးဆရာ မြေထူးသိန်းဝင်း(ကွယ်လွန်)၊ မော်လာနာပသီကျော်ဦး၊ ဦးခင်အောင်(မင်္ဂလာဗလီ)(ကွယ်လွန်)တို့ ပါဝင်လျက် လုပ်ဆောင်ခဲ့ကြပါသည်။ နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် အဆင်မပြေဘဲ အင်္ဂလိပ်ဘာသာမူမှ ပြန်ဆိုကြရန် ဖြစ်လာခဲ့ပါသည်။ ရန်ကုန်မြို့မှ မုဖ်သီ ကာရီ ယူဆွတ်ဖ်(အတ်စ်အဒီ) မုဖ်သီနူးရ်မုဟမ္မဒ်၊ မော်လာနာ ဟာရွန်လူလာသ်တို့က သာသနာ့ပညာရှင်များ မဟုတ်သော ကျွန်တော်တို့အဖွဲ့ကို အင်္ဂလိပ်မူမှ ရဲရဲတင်းတင်းဘာသာပြန်ဆိုရန်နှင့် ပြန်ဆိုပြီးလျှင် သာသနာ့ပညာရှင်များအား စိစစ်တည်းဖြတ်ပေးစေခြင်းဖြင့် ထုတ်ဝေနိုင်ကြောင်း အကြံဉာဏ်ပြုခဲ့သဖြင့် အင်္ဂလိပ်ဘာသာပြန်မှ ဘာသာပြန်ဆိုမှု စတင်လုပ်ဆောင်ခဲ့ပါသည်။ ဘာသာပြန်ရခြင်းရည်ရွယ်ချက်ကိုလည်း ကျမ်း၏ပထမတွဲပါ အမှာစာနှင့် ကျမ်းဦးစကားတို့တွင် ဖော်ပြခဲ့ပါသည်။

ဤနေရာတွင် ကျွန်ုပ်တို့အလျင်နှစ်ပေါင်းများစွာကပင် ထုတ်ဝေခဲ့ပြီးဖြစ်သော ဦးကာလူ(အူရဒူမှ မြန်မာသို့) ဘာသာပြန်အဖွင့်နှင့် ကုရ်အာန်အလင်းပြကျမ်း(သိဗ်ယာနလ်ကုရ်အာန်)မြန်မာပြန်တို့ရှုပါလျက် ဤအကျယ်ဖွင့်ကျမ်းအား ဘာသာပြန်ဆိုထုတ်ဝေရခြင်းအကြောင်း အမေးစကားရှိခဲ့လျှင် ထိုအဖွင့်ကျမ်းများနှင့် ဤအကျယ်ဖွင့်ကျမ်းတို့ကို ယှဉ်တွဲဖတ်ရှုလေ့လာမည်ဆိုလျှင် စာရှုသူကိုယ်တိုင် သဘောပေါက်မည်ဖြစ်ပါသည်။ ကျွန်တော်တို့မှ လိုအပ်ချက်အရ ကွက်လပ်တစ်ခုဖြည့်ခဲ့ခြင်းသာဖြစ်ကြောင်းဟူ၍သာ အဖြေပေးလိုပါသည်။

ဤလုပ်ငန်းစတင်၍ ယနေ့တိုင် အနှစ်နှစ်ဆယ်ကျော် ဖြေးလေးစွာထုတ်ဝေခဲ့ရသည်မှာ အဖွဲ့ဝင်အားလုံး ပါဝင် ဘာသာပြန်ဆိုနိုင်ရန် ကြိုးစားကြသော်လည်း အကြောင်းကြောင်းကြောင့် အချိန်မပေးနိုင်ကြခြင်း၊ စာပေလွတ်လပ်မှု အားနည်းခြင်းတို့ကြောင့် လည်းကောင်း ကြန့်ကြာခဲ့ပါသည်။

ဘာသာပြန်လုပ်ငန်းတွင် တစ်စိုက်မတ်မတ်ဦးဆောင်ခဲ့သော ဆရာဝန်ကြီးဦးလှရွှေ(မေ့ဆေးဆရာဝန်)(ဂျွန်းဆေးခန်း)သည်(၂၄-၃-၂၀၁၃)နေ့ မကွယ်လွန်မီအထိ ၁မှ အတွဲ ၁၁ အဆုံးပိုင်းနားအထိလည်းကောင်း၊ ဆရာဝန်ကြီး ကွယ်လွန်ပြီးနောက် ဘူမိဗေဒပါမောက္ခ(ငြိမ်း)ဒေါက်တာ ဦးခင်မောင်မြင့်(မန်းတက္ကသိုလ်)က အတွဲ ၁၁ အဆုံးမှ အတွဲ ၁၆ အဆုံးထိလည်းကောင်း ဘာသာပြန်ဆိုရေးသားခဲ့ကြပါသည်။ ဦးကိုကိုကြီး(မန်း)(ကွယ်လွန်)၊ ဟာဂျီဦးလှထွန်း၊ဟာဂျီဦးခင်မောင်ကြီး၊ဟာဂျီဦးခင်မောင်လတ်တို့ကပြင်ဆင်တည်းဖြတ်စာဆျာ၍သာသနာ့ပညာရှင်များထံ စိစစ်စေကာ စီစဉ်ထုတ်ဝေခဲ့ကြပါသည်။ အတွဲ(၁၂)အထိ ထုတ်ဝေခဲ့ပြီး ကူးစက်မြန် ကမ္ဘာ့ကပ်ရောဂါ (COVID-19) ကာလနှင့်ကြုံ၍ ထုတ်ဝေမှုများ ရပ်ဆိုင်းထားခဲ့ရပါသည်။ ယခုမူ ကျန်ရှိသော အတွဲ ၁၃၊ ၁၄၊ ၁၅၊ ၁၆တိုင် အဆုံးအထိ တစ်ပြိုင်နက်တည်း ထုတ်ဝေရခြင်းဖြစ်ပါသည်။

ဆရာဝန်ကြီး ဒေါက်တာဦးလှရွှေမှာ ၎င်းကိုယ်တိုင်မျက်စိတိမ်ကျရောဂါနှင့် ဆီးချိုရောဂါတို့ကြောင့် ခြေထောက်ဖြတ်ခဲ့ရပြီး ကွယ်လွန်သည့်အချိန်တိုင် ဂျွန်းဗလီကုသိုလ်ဖြစ်ဆေးခန်းတာဝန်၊ တောင်ဆင်ကျုံးဗလီ ဝေယျာဝစ္စများလုပ်ကိုင်ရင်း ဘာသာပြန်လုပ်ငန်းတွင် ဘဝနှင့်အချိန်များပေးဆပ်ခဲ့သူတစ်ဦးဖြစ်ပါသည်။ အလွှာဟ် အရှင်မြတ်သည် ထိုပုဂ္ဂိုလ်အား မဂ်ဖွေရသ်လွတ်ငြိမ်းချမ်းသာခွင့်ပြု၍ ဂျန္နသ်အမတဘုံနန်းချီမြှင့်တော်မူပါစေကြောင်း ဆုမွန်ဒုအာပြုအပ်ပါသည်။

အဓိက ဘာသာပြန်ဆိုသူ ဆရာဝန်ကြီး ဒေါက်တာဦးလှရွှေနှင့် ပါမောက္ခဒေါက်တာ ဦးခင်မောင်မြင့်(ဘူမိ)နှစ်ဦးစလုံးနှင့် ပါဝင်သူအားလုံးသည် မည်သည့်အခကြေးငွေ အထောက်အပံ့ကိုမျှ မယူကြဘဲ နှစ်ဘဝ အကျိုး ရည်မျှော်ကာ အလွှာဟ်အရှင်မြတ်အတွက် ရည်စူးလုပ်ဆောင်ခဲ့ကြသူများဖြစ်ကြပါသည်။

ဤဘာသာပြန်လုပ်ငန်း အောင်မြင်စေရေးတွင် ပါဝင်ကြသူများ၊ ငွေကြေး၊ အကြံဉာဏ်နှင့် လိုအပ်သည်များကူညီပံ့ပိုးထောက်ပံ့လှူဒါန်းခဲ့သူအားလုံးကို အလွှာဟ်အရှင်မြတ် နှစ်ဘဝနှစ်ဌာနစလုံးတွင် ကောင်းချီးပေးတော်မူပါစေ။ အထူးသဖြင့် ကျမ်းစာအုပ်တစ်တွဲထွက်ခဲ့တိုင်း ငွေတစ်ဆယ်သိန်း မဆိုင်းမတွ လှူဒါန်းခဲ့သော ကွယ်လွန်သူ ဦးအောင်မြင့် (တရားလွှတ်တော်ရှေ့နေ)အား လည်းကောင်း၊ ဟာဂျီဦးတင်ကြည် (မိသားစု)(တာမွေ)၊ ဟာဂျီဦးခင်မောင်လတ် + ဟာဂျီမ ဒေါ်သင်းသင်းအုန်း(မိသားစု)၊ ကိုပါပူး မိသားစု (လင်းပုံနှပ်လုပ်ငန်း)၊ ကိုဘိုင်လေးမိသားစု (Blue River) အပါအဝင် လှူဒါန်းပံ့ပိုးသူများအား အထူးကျေးဇူးတင်ရှိပါကြောင်း သိစေအပ်ပါသည်။

ဘာသာစကားတစ်ခုမှ အခြားဘာသာစကားတစ်ခုသို့ ပြန်ဆိုရာတွင် စကားလုံး၊ ဝေါဟာရ၊ အသုံးအနှုန်းဖလှယ်ရာတွင် အားနည်းချက်များ မုချရှိနိုင်ပါသည်။ ကျွန်တော်များအဖွဲ့မှာ Scholar ကျွမ်းကျင်ပညာရှင်များ မဟုတ်ဘဲ သာမန်စိတ်ဝင်စားသူ လူပုဂ္ဂိုလ်များသာဖြစ်ကြသည့်အလျောက် အမှားအယွင်းရှိခဲ့သော် စာရှုသူများက အပြု

သဘောထောက်ပြဝေဖန်ပါက ကြိုဆိုလက်ခံ၍ ပြင်ဆင်ရန်လိုအပ်လာလျှင် ပညာရှင်များထံ တင်ပြအကြံဉာဏ်ရယူလျက် ပြင်ဆင်သွားရန်လည်း ဦးမလေးကြသူများဖြစ်ကြပါသည်။

ဤ မြန်မာဘာသာပြန်ကျမ်းကို အဆင်ပြေ တတ်နိုင်ပါက Website များတွင်တင်၍ မြန်မာစာရှုသူများ အလွယ်တကူ ကြည့်ရှုနိုင်ရန်လည်း ဆောင်ရွက်သွားမည်ဖြစ်ရာ အောင်မြင်စေရန်ဒုအာပြုပေးစေလိုပါသည်။

အလွာဟ်အရှင့်ကျေးဇူးတော်ကြောင့် မိမိတို့နိုင်ငံသားများအတွက် လိုအပ်သော ကွက်လပ်တစ်ခုဖြည့်ဆည်းပေးလိုက်နိုင်သည့်အတွက် တာဝန်တစ်ရပ်ထမ်းဆောင်ပြီးမြောက်၍ နှစ်ထောင်းအားရ ကျေနပ်ပီတိဖြစ်ရပါကြောင်း နိဂုံးစကားပါးအပ်ပါသည်။

မအာရိဖုလ်ကုရ်အာန်ကျမ်း မူရင်းကျမ်းရှင် မော်လာနာ မုဖ်သီ မုဟမ္မဒ်ရှဖီး၏ စကားအရ ကုရ်အာန်ကျမ်းတော်မြတ်သည် အဆုံးသတ်ရမည့်အရာမဟုတ်၊ အကြင်သူသည်သာလျှင် ကျမ်းမြတ်ကုရ်အာန်၏ အမှုတော်ထမ်းဆောင်ရင်းဂုဏ်၏ဘဝကို အဆုံးသတ်သင့်သည်ဟူသော စကားက မှတ်သားနာယူ ကျင့်သုံးသင့်သော စကားဖြစ်ပေသည်။

ကျွန်ုပ်တို့၏ ကြိုးပမ်းအားထုတ်မှုအား အလွာဟ်အရှင်မြတ် ကျေနပ်နှစ်သက်လက်ခံတော်မူ၍ နှစ်ဘဝအစားပေးသနားတော်မူပါစေသော်ဝ် (အာမီးန်)

မအာရိဖုလ်ကုရ်အာန်ကျမ်း ဘာသာပြန်အဖွဲ့တွင်

၁။ ဒေါက်တာ ဦးတင်မြင့် (Ph.D)ရုက္ခဗေဒဌာန၊ ပါမောက္ခ(ငြိမ်း) (ကွယ်လွန်)

၂။ အလ်ဟဇ် မောင်လာနာ ဒေါက်တာ စိုးဝင်းမြင့်(B.D.S) (ကွယ်လွန်)

၃။ ဒေါက်တာ ဦးလှရွှေ (M.B.B.S;D.A) မေ့ဆေးဆရာဝန်ကြီး(ငြိမ်း) (ကွယ်လွန်)

၄။ ဟာဇျီ ဒေါက်တာ ခင်မောင်မြင့် (ပါမောက္ခ ဌာနမှူး(ငြိမ်း) ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ်)

၅။ ဟာဇျီ ဦးကိုကိုကြီး B.Sc (ကွယ်လွန်))

၆။ ဟာဇျီ ဦးလှထွန်း B.E (Elect:)

၇။ ဦးလှအောင် B.E (Civil)

၈။ ဟာဇျီ ဦးခင်မောင်လတ် B.Sc; H.G.P; R.L (တရားလွှတ်တော်ရှေ့နေ)

၉။ ဟာဇျီ ဦးခင်မောင်ကြီး B.Sc; H.G.P; R.L; D.A (တရားလွှတ်တော်ရှေ့နေ)

တို့ပါဝင်လုပ်ဆောင်ခဲ့ကြပါသည်။

အိုး-အလွာဟ်အရှင်မြတ်၊ အဓိမာန်ရှင် မုအ်မင်အားလုံး အေးချမ်းသာယာမှု ပေးတော်မူပါစေ။ နှစ်ဘဝ နှစ်ဌာနစလုံး၏ အောင်မြင်မှုကို ကုရ်အာန်ကျမ်းတော်မြတ်မှ ရယူခံစားနိုင်ကြစေရန် ဆုဒုိအာပြုပါသည်။ အာမီးန်။

မအာရိဖုလ်ကုရ်အာန်ကျမ်း
မြန်မာဘာသာပြန်ဆိုရေးအဖွဲ့
၂၀၂၁ ခုနှစ်၊ ဇူလိုင်လ
ဟစ်ဂျရီ ၁၄၄၂ ခုနှစ်၊ ဇုလ်ဟိဂ္ဂျာ်လ

စူရတ်မုဟမ္မဒ်

ဤစူရတ်သည် မဒီနာမြို့တွင် ကျရောက်ခဲ့ပြီး အာယတ်တော် (၃၈)ပါး၊ ရကူအ်(၄)ပိုဒ် ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော မပြတ်မစဲ သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏

နာမတော်ဖြင့် အစပြုပါ၏။

အာယတ်တော် (၁-၃)

اَلَّذِيْنَ كَفَرُوْا وَصَدُّوْا عَنْ سَبِيْلِ اللّٰهِ اَضَلَّ اَعْمَالَهُمْ ﴿١﴾ وَالَّذِيْنَ اٰمَنُوْا
وَعَمِلُوا الصّٰلِحٰتِ وَاٰمَنُوْا بِمَا نُزِّلَ عَلٰى مُحَمَّدٍ وَّهُوَ الْحَقُّ مِنْ رَّبِّهِمْ
كَفَّرَ عَنْهُمْ سَيِّاٰتِهِمْ وَاَصْلَحَ بَالَهُمْ ﴿٢﴾ ذٰلِكَ بِاَنَّ الَّذِيْنَ كَفَرُوا اتَّبَعُوا
الْبَاطِلَ وَاَنَّ الَّذِيْنَ اٰمَنُوا اتَّبَعُوا الْحَقَّ مِنْ رَّبِّهِمْ ؕ كَذٰلِكَ يَضْرِبُ اللّٰهُ
لِلنَّاسِ اَمْثَالَهُمْ ﴿٣﴾

အကြင်သူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ ပိတ်ပင်တားဆီးခဲ့ကြကုန်၏။ ထိုအရှင်မြတ်သည် ၎င်းတို့၏ကျင့်မူဆောင်ရွက်ချက်များကို အချည်းနှီး ဖြစ်စေတော်မူမည်။ [၁] သို့ရာတွင် အကြင်သူတို့သည် သက်ဝင် ယုံကြည်ခဲ့ကြ၏။ ကောင်းမှုများကို ကျင့်မူဆောက် တည်ခဲ့ကြ၏။ (နဗီတမန်တော်)မုဟမ္မဒ်၏အပေါ်၌ ချပေးတော်မူခြင်းခံခဲ့ရသည့်အရာကို စင်စစ်ထိုအရာသည် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ (ချပေးခြင်းခံရသော) အမှန်တရားပင် ဖြစ်သည်ဟု ယုံကြည်ခဲ့ကြ၏။ ထိုအရှင်မြတ်သည် ၎င်းတို့၏ မကောင်းမှုများကို ၎င်းတို့မှ ပယျောက်စေတော်မူမည့်ပြင် ၎င်းတို့၏ အခြေအနေကိုလည်း ကောင်းအောင်ပြုပြင် ပေးတော်မူပေမည်။ [၂] ဤသို့ဖြစ်ရခြင်းမှာ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည်အမှားကို လိုက်နာခဲ့ကြသောကြောင့်လည်းကောင်း၊ 'မုအ်မင်'သက်ဝင်ယုံကြည်သူတို့မှာ အမှန်တရားကို လိုက်နာခဲ့ကြသော ကြောင့်လည်းကောင်း၊ ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် ဤနည်းအတိုင်းပင် လူတို့၏ အကျိုးငှာ ၎င်းတို့၏ အခြေအနေများကို ခိုင်းနှိုင်းမိန့်ကြားထားတော်မူပေသတည်း။ [၃]

ရှင်းလင်းဖွင့်ဆိုချက်

စူရဟ်မုဟမ္မဒ်၏ အခြားနာမည်တစ်ခုမှာ စူရဟ်အလ်ကိတာလ်(စစ်ပွဲစူရဟ်)ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဤ စူရဟ်သည် ဂျိဟာဒ်နှင့် ကိတာလ် (အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်း)တို့၏ စည်းကမ်းချက်များကို ချမှတ်တော်မူသောကြောင့်ဖြစ်လေသည်။ဤစူရဟ်သည်မဒီနာမြို့သို့ပြောင်းရွှေ့ပြီးလျှင်ပြီးချင်း ကျ ရောက်ခဲ့၏။

كَأَيِّنْ مِّنْ قَرْيَةٍ 'စင်စစ်သော်ကား မြောက်များစွာသော မြို့ရွာများ ငါအရှင်မြတ်သည် ထိုမြို့ရွာများကို ဖျက်ဆီးတော်မူခဲ့၏။ (၄၇း၁၃)'နှင့် စပ်လျဉ်း၍ အိမ်နအဗ္ဗားစ်ﷺက ပြောကြားကြောင်း လာရှိသည်မှာ ထိုအာယတ်တော်သည် မက္ကာမြို့တွင် ကျရောက်ခဲ့ခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺသည် ပြောင်းရွှေ့နေထိုင်ရန် မက္ကာမြို့တော်မှ ထွက်ခွာမည်ရှိသော အချိန်တစ်ခုခု၌ ဤအာယတ်တော် ကျရောက်လာခဲ့ခြင်းဖြစ်၏။ ကိုယ်တော်မြတ်သည် မြင့်မြတ်သော မက္ကာမြို့တော်နှင့် ကအ်ဗဟ်ကျောင်းတော်ကိုကြည့်လျက် 'သင်သည် ကမ္ဘာပေါ်ရှိ မြို့တော်များအနက် ကျွန်ုပ်က ချစ်ခင်မြတ်နိုးရဆုံးဖြစ်သော မြို့တော်ဖြစ်ပေသည်။ အကယ်၍ မက္ကာမြို့သားများကသာ ကျွန်ုပ်အား ဤနေရာမှ မောင်းမထုတ်ခဲ့ကြပါက ကျွန်ုပ်သည် ဤမြင့်မြတ်သော မြို့တော်ကို ဘယ်သောခါမျှ စွန့်ခွာလိမ့်မည် မဟုတ်ပါ။'ဟု ပြောခဲ့လေသည်။ ကုရ်အာန်ရှင်းလင်းဖွင့်ဆိုသူ (မုဖတ်စီရ်ပညာရှင်)များ၏ အသုံးအနှုန်းအရ မက္ကာမြို့မှ မဒီနာမြို့သို့ ဟစ်ဂျရတ်(ပြောင်းရွှေ့စဉ်) လမ်းခရီး၌ ကျရောက်ခဲ့သော အာယတ်တော်များကို 'မက္ကီဟူ၍ပင် သတ်မှတ်ကြ၏။ အချုပ်အားဖြင့် ဤစူရဟ်သည် မဒီနာမြို့သို့ ပြောင်းရွှေ့ ရောက်ရှိပြီးလျှင်ပြီးချင်း ကျရောက်ခဲ့သည်။ ဂျိဟာဒ်နှင့် ကာဖိရ်တို့နှင့် ဖြစ်ပွားသော စစ်ပွဲဆိုင်ရာ စည်းကမ်းချက်များကို ထုတ်ပြန်ပို့ချတော်မူခဲ့သည်။

صَدُّوْا عَنْ سَبِيْلِ اللّٰهِ "ထိုမှတပါး ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်လမ်းမှ ပိတ်ပင်တားဆီးခဲ့ကြကုန်၏။...." ဟူသော စကားရပ်မှ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်ဟူသည် အစွမ်းကို ရည်ညွှန်းခြင်းဖြစ်၏။ اَضَلَّ اَعْمَالَهُمْ '... ထိုအရှင်မြတ်သည် ၎င်းတို့၏ ကျင့်မူဆောင်ရွက်ချက်များကို အချည်းနှီး ဖြစ်စေတော်မူသည်။ (၄၇း၁)'ဟူသော စကားရပ်တွင် ယင်းတို့ကိုယ်၌က ကောင်းမွန်သော လုပ်ရပ်များဖြစ်ကြသည့် ဆင်းရဲချို့တဲ့သူများကို ကူညီခြင်းနှင့် ထောက်ပံ့ခြင်း၊ အိမ်နီးချင်းများကို အားပေးထောက်ကူခြင်းနှင့် စောင့်ရှောက်ခြင်း၊ ရက်ရောခြင်း၊ အလှူဒါနနှင့် အခြားကောင်းမှုများ ပါဝင်လေသည်။ ဤလုပ်ရပ်များကိုယ်၌က ကောင်းမွန်မှန်ကန်သော်လည်း ယင်းတို့သည် အီမာန်ဖြင့် ကောင်းချီးပေးခံရမှသာလျှင် တမလွန်၌ အကျိုးဖြစ်ထွန်းလိမ့်မည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အီမာန်သည် ကောင်းသောလုပ်ရပ်များကို လက်ခံ ရန်အတွက် မရှိမဖြစ်လိုအပ်သော သတ်မှတ်ချက်ဖြစ်လေသည်။ ဤသို့ကြောင့် ကာဖိရ်တို့၏ ကောင်းမှုများသည် တမလွန်၌ အသုံးဝင်လိမ့်မည် မဟုတ်ပေ။ ကာဖိရ်တို့သည် ဤလောကီဘဝ၌ ရရှိသော ၎င်းတို့၏ သုခချမ်းသာကို ၎င်းတို့၏ကောင်းမှုများ၏ အကျိုးဆုလာဘ်အဖြစ် မှတ်ယူကြ၏။ တမလွန်၌ ၎င်းတို့သည် ငရဲမီးဖြင့် အပြစ်ပေးခြင်းကို ခံကြရမည်ဖြစ်လေသည်။

وَاٰمَنُوْا بِمَا نُزِّلَ عَلٰى مُحَمَّدٍ

(.... ထို့ပြင် (နဗီတမန်တော်) မုဟမ္မဒ်အပေါ်၌ ချပေးတော်မူခြင်း ခံရသည့်အရာကို ယုံကြည်ခဲ့ကြ၏။ ... ၄၇း၂)။ ပြီးခဲ့သော ဝါကျက တမန်တော်မြတ် မုဟမ္မဒ်ﷺ၏ နဗီတမန်တော် ဖြစ်ခြင်းနှင့် ၎င်းထဲသို့ ပို့ချခဲ့သော ထုတ်ပြန်ချက်(ဝဟီ)၌ သက်ဝင်ယုံကြည်ခြင်းတို့ ပါဝင်သည့် အီမာန်နှင့် ကောင်းမှုများကို ရည်ညွှန်းသော်လည်း ဤ ဝါကျက ရှင်းလင်းတိကျစွာ ဖော်ပြသောအချက်မှာ အီမာန်၏ တကယ့်သစ္စာတရား၏ အခြေခံသည် နောက်ဆုံးတမန်

တော်မြတ်ﷺ၏ ဆုံးမသြဝါဒဟူသမျှကို လက်ခံယုံကြည်ရန် ဖြစ်ပေသည်။

وَاَضۡلَّ اَعۡمَالَهُمۡ (.... ထို့ပြင် ၎င်းတို့၏ အခြေအနေကိုလည်း ကောင်းအောင်ပြုပြင်ပေးတော်မူပေမည်။ ၄၇း၂) မှ ၂၊ 'ဗါးလ်'ကို တစ်ခါတစ်ရံ အခြေအနေ၊ လက်ရှိအနေအထားဟူသော အဓိပ္ပာယ်ဖြင့်လည်းကောင်း၊ တစ်ခါ တစ်ရံ စိတ်နလုံးဟူသော အဓိပ္ပာယ်ဖြင့်လည်းကောင်း သုံးကြ၏။ ဤနေရာတွင် အဓိပ္ပာယ်နှစ်မျိုးစလုံးကို ရည်ညွှန်းခြင်း ဖြစ်နိုင်သည်။ ပထမအဓိပ္ပာယ်တွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏အရေးကိစ္စအားလုံးကို ကောင်းအောင်ပြုပြင်ပေး တော်မူသည်။ (တစ်နည်း) ထိုအရှင်မြတ်သည် ၎င်းတို့၏ လောကီနှင့် တမလွန်အရေးကိစ္စ အားလုံးကို မှန်ကန်အောင် ပြုလုပ်ပေးတော်မူသည်ဟု ဆိုလို၏။ ဒုတိယအဓိပ္ပာယ်တွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ စိတ်နလုံးများကို တိုးတက်ကောင်းမွန်စေတော်မူသည်ဟု ဆိုလိုခြင်းဖြစ်၏။ ဤအနက်အဓိပ္ပာယ်၌လည်း ၎င်းတို့၏လုပ်ရပ်များကို မှန်ကန်အောင် တည့်မတ်ပေးသည့် သဘောပါရှိ၏။ အဘယ်ကြောင့်ဆိုသော် လုပ်ရပ်များ မှန်ကန်ခြင်းသည် စိတ်နလုံး ကောင်းမွန်တိုးတက်ခြင်း၏ သဘာဝကျသောရလဒ်ဖြစ်၍ တစ်ခုကိုတစ်ခု လိုအပ်သောကြောင့် ဖြစ်လေသည်။

အာယတ်တော် (၄ - .....)

فَاِذَا لَقِيۡتُمُ الَّذِيۡنَ كَفَرُوۡا فَضَرۡبَ الرِّقَابِ ؕ حَتّٰۤى اِذَاۤ اَثۡخَنۡتُمُوۡهُمۡ فَشُدُّوا الۡوَثَاقَ ۙ فَاِمَّا مَنًّا بَعۡدُ وَاِمَّا فِدَآءً حَتّٰى تَضَعَ الۡحَرۡبُ اَوۡزَارَهَا

ယခုသော် အသင်တို့သည် 'ကာဖိရ်'သွေဖည်ငြင်းပယ်သော သူတို့နှင့်ရင်ဆိုင် တွေ့ကြသော အခါ လည်ကုပ်များကို ခုတ်ဖြတ်ကြလေကုန်။ နောက်ဆုံးတွင် အသင်တို့သည် ၎င်းတို့အား ကောင်းစွာ သတ်ဖြတ်ခဲ့ကြပြီးသောအခါ သုံ့ပန်းများကို ကြိုးများဖြင့် ကောင်းစွာတုပ်နှောင်ကြလေ ကုန်။ ထို့နောက် တစ်ဖန် (အသင်တို့သည်)ကျေးဇူးပြုခြင်းအားဖြင့် (လျော်ကြေးမယူဘဲ ပြန်လွှတ် ခြင်းကို)သော်လည်းကောင်း၊ လျော်ကြေးယူ၍ (ပြန်လွှတ်)ခြင်းကိုသော်လည်းကောင်း၊ (ပြုနိုင်ခွင့် ရှိ၏။) စစ်မက်တိုက်ခိုက်မှုသည် လက်နက်ချသည့် တိုင်အောင် (၎င်းတို့နှင့်ပတ်သက်၍ အမိန့်တော် သည်) ဤအတိုင်းဖြစ်၏။ [၄]

ရှင်းလင်းဖွင့်ဆိုချက်

ဤအာယတ်တော်က ဥပဒေရေးရာ အချက်နှစ်ချက်ကို ချမှတ်၏။ ဦးစွာ အာယတ်တော်က ချမှတ်သည်မှာ ရန်သူ၏အင်အားနှင့် စွမ်းအားကို စစ်ပွဲက ချိုးဖျက်၍ ၎င်းတို့၏ အရှိန်အဝါနှင့် ဂုဏ်သိက္ခာကို ဖယ်ရှားလိုက်ပြီး ပြီးသော အခါ၊ ၎င်းတို့ကို သတ်ဖြတ်မည့်အစား ဖမ်းဆီးချုပ်နှောင်ထားသင့်သည်ဟူ၍ ဖြစ်၏။ ထို့နောက် စစ်သုံ့ပန်းများနှင့် ပတ်သက်၍ မွတ်စလင်တို့အား ရွေးချယ်စရာနှစ်ခုကို ပေးတော်မူသည်။ ကျေးဇူးပြုသည့်အနေဖြင့် ၎င်းတို့ကို အသက် ဖိုး သို့မဟုတ် လျော်ကြေးမယူဘဲ လွှတ်ပေးနိုင်သည်။ သို့တည်းမဟုတ် အသက်ဖိုး သို့မဟုတ် လျော်ကြေးယူ၍ လွှတ် ပေးနိုင်သည်။ လျော်ကြေးယူပုံပယူနည်း များစွာရှိ၏။ ဥပမာ- မွတ်စလင်နှင့် ကာဖိရ်စစ်သုံ့ပန်းချင်း လဲလှယ်ခြင်းမျိုးဖြစ်၏။ ကာဖိရ်စစ်သုံးပန်းများအား ငွေယူ၍လည်း လွှတ်ပေးနိုင်လေသည်။ ဤပညတ်ချက်သည် စူရဟ်အလ်အန်ဖါလ်တွင် ဖော်ပြသော စည်းကမ်းချက်နှင့် ကွဲလွဲပုံရ၏။ ဗဒ်ရ်စစ်ပွဲမှ သုံ့ပန်းများကို ငွေဖြင့်ရွေးစေ၍ လွှတ်ပေးခဲ့၏။ သို့သော်

အလ္လာဟ်အရှင်မြတ်သည် သဘောကျတော်မမူဘဲ သုံ့ပန်းများအား ငွေဖြင့်ရွေးယူစေပြီး လွတ်မြောက်ခွင့်ပေးသူများအပေါ် မိမိ၏မနှစ်သက်မှုကို ဖော်ပြတော်မူခဲ့လေသည်။ အလ္လာ့ရစူလ်တမန်တော်ﷺ မိန့်ကြားခဲ့ကြောင်း လာရှိသည်မှာ 'ကျွန်ုပ်တို့၏ ဤလုပ်ရပ်အတွက် အလ္လာဟ်အရှင်မြတ်၏ ပြင်းထန်သော ပြစ်ဒဏ်တစ်ရပ်နှင့် လွန်စွာနီးကပ်ခဲ့ရ၏။ အကယ်၍ ထိုပြစ်ဒဏ်သာ ကျရောက်ခဲ့ပါက အုမာရ်အိပ်နခတ်တွာပ်နှင့် စအီးဒ်အိပ်နမုအာအ်တို့မှလွဲ၍ မည်သူမျှ လွတ်မြောက်ခဲ့လိမ့်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤသဘဝကြီးနှစ်ပါးကသာလျှင် စစ်သုံ့ပန်းများကို ငွေဖြင့်ရွေးယူစေပြီး လွှတ်ပေးသည့် စိတ်ကူးအား သဘောမတူခဲ့ကြသောကြောင့်ဖြစ်၏။ (အသေးစိတ်ကို မအာရိဖုလ်ကုရ်အာန်၊ တွဲ-၇၊ စာ-၃၀၄-၃၁၂)တွင် ကြည့်ပါရန်)။ အချုပ်အားဖြင့် စူရဟ်အလ်အန်ဖါလ်၏ အာယတ်တော်များက သုံ့ပန်းတို့အားငွေယူ၍လွှတ်ပေးခြင်းကို တားမြစ်သည်ဖြစ်၍ ငွေမယူဘဲလွှတ်ပေးခြင်းကိုသာ၍ပင် တားမြစ်ပေလိမ့်မည်။

အခြားတစ်ဖက်မှကြည့်လျှင်စူရဟ်မုဟမ္မဒ်၏အာယတ်တော်ကရွေးချယ်ပိုင်ခွင့်နှစ်ခုစလုံးကိုခွင့်ပြုလေသည်။ ထို့ကြောင့် သာဝကကြီးများနှင့် ဓမ္မသတ်ပညာရှင် အများစုက စူရဟ်မုဟမ္မဒ်၏ ဤအာယတ်တော်သည် စူရဟ် အလ်အန်ဖါလ်၏ အာယတ်တော်ကို ပယ်ဖျက်ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့ကြ၏။ တဖစီရ်မဇ်ဟရီက ဤရှုထောင့်ကို သာဝကကြီး အဗ်ဒွလ္လာအိဗ်နအ္ဗမရ်၊ ဟစန်၊ အတွာအ်ﷺနှင့် သာဝကကြီးအများစု၊ ဓမ္မသတ်ပညာရှင် အများစုတို့၏ သဘောထား အဖြစ် တင်ပြကြ၏။ ဓမ္မသတ်ပညာရှင်များအနက် ဆောင်ရီ၊ ရှာဖိအီ၊ အဟ်မဒ်နှင့် အစ္စဟာက်တို့ကလည်း ဤအမြင်ကို လက်ခံကြသည်။

သာဝကကြီး အိဗ်နိအဗ္ဗာစ်ﷺက ဆိုသည်မှာ ဗဒ်ရ်စစ်ပွဲဖြစ်စဉ်က မွတ်စလင်တို့၏ အရေအတွက်သည် နည်းပါးလှ၏။ ထို့ကြောင့် သုံ့ပန်းများအား ငွေဖြင့်ရွေးယူ လွတ်မြောက်စေခြင်း သို့မဟုတ် ၎င်းတို့ကို ကျေးဇူးပြုသည့် အနေဖြင့် လွှတ်ပေးခြင်း နှစ်မျိုးစလုံးကို တားမြစ်ခဲ့ခြင်းဖြစ်၏။ နောက်ဆုံး မွတ်စလင်နှင့် အစ္စလာမ်တို့က အသာစီးရလာခဲ့သောအခါ အလ္လာဟ်အရှင်မြတ်သည် အစောပိုင်းအမိန့်ပညတ်များကို ပယ်ဖျက်ပြီး၊ ရွေးချယ်ပိုင်ခွင့် နှစ်ခုစလုံးကို ခွင့်ပြုသော ဤအာယတ်တော်ကို ပို့ချတော်မူခဲ့လေသည်။ ၎င်း၏တဖစီရ်မဇ်ဟရီ၌ ကာဒီစနာအွလ္လာဟ်က ဤအကြောင်းကို ကိုးကားဖော်ပြလျက် ဤသည်မှာ စစ်မှန်ပြီး ပို၍နှစ်သက်ဖွယ် ယူဆချက်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺ ကိုယ်တော်တိုင်က ထိုအတိုင်း လိုက်နာလုပ်ဆောင်ခဲ့သည့်ပြင် ၎င်းမရှိတော့သည့်နောက်၌လည်း ခလီဖာသမ္မတကြီးများသည် ထိုအတိုင်း လိုက်နာလုပ်ဆောင်ခဲ့ကြသောကြောင့်ဖြစ်လေသည်။ ထို့ကြောင့် ဤအာယတ်တော်သည် စူရဟ်အလ်အန်ဖါလ်မှ အာယတ်တော်ကို ဖျက်သိမ်း၏။ ဤသို့ ဖျက်သိမ်းသည့် အကြောင်းရင်းမှာ စူရဟ်အန်ဖါလ်၏ အာယတ်တော်သည် ဟစ်ဂျ်ရီ(၂)ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဗဒ်ရ်စစ်ပွဲ အချိန်က ကျရောက်ခဲ့သည်။ ဟစ်ဂျ်ရီ(၆)ခုနှစ် ဟုဒိုင်ဗီယဟ်စစ်ပွဲတွင် လျော်ကြေးမယူဘဲ တမန်တော်မြတ်ﷺကလွှတ်ပေးခဲ့သော သုံ့ပန်းများမှာ စူရဟ်မုဟမ္မဒ်၏ ဤအာယတ်တော်အရ ဖြစ်လေသည်။

သာဝကကြီး အနားစ်ﷺအား ကိုးကားလျက် ဆွဟီဟ်မွတ်စလင်၌ ဖော်ပြသည်မှာ မက္ကာမြို့သား(၈၀)ခန့်မျှသည် အလ္လာ့ရစူလ်တမန်တော်ﷺနှင့် မွတ်စလင်တို့၏ စခန်းကို အငိုက်ဝင်၍ တိုက်ခိုက်ရန် 'သန်နအီးမ်' တောင်ကုန်းပေါ်မှ ဆင်းလာခဲ့ကြသည်။ ၎င်းတို့အားလုံးကို ဖမ်းမိခဲ့သော်လည်း အလ္လာ့ရစူလ်တမန်တော်ﷺသည် သေရေးရှင်ရေးကာလတွင် ထိုကိစ္စကို အကြောင်းပြုပြီး စစ်ပွဲဖြစ်ပွားမည် စိုးသောကြောင့် ၎င်းတို့ကို လျော်ကြေးမယူဘဲ လွှတ်ပေးခဲ့ခြင်းဖြစ်၏။ ထိုသည့်အပေါ် စူရဟ်အလ်ဖတ်သ်ဟီ၏ အောက်ပါအာယတ်တော် ကျရောက်ခဲ့လေသည်။

وَهُوَ الَّذِيْ كَفَّ اَيْدِيَهُمْ عَنْكُمْ وَاَيْدِيَكُمْ عَنْهُمْ بِبَطْنِ مَكَّةَ مِنْۢ بَعْدِ اَنْ اَظْفَرَكُمْ عَلَيْهِمْ

"ထို့ပြင် ထိုအရှင်မြတ်သည်ပင် ထို(ကာဖိရ်ဘေးဖည်ငြင်းပယ်သော)သူတို့၏ လက်များကို အသင်တို့(အား အန္တရာယ်ပြုခြင်း)မှ လည်းကောင်း၊ အသင်တို့၏ လက်များကို ထိုသူတို့(အား အန္တရာယ်ပြုခြင်းမှလည်းကောင်း၊) မက္ကာမြို့တွင်း၌ အသင်တို့အား ထိုသူတို့အပေါ်ဝယ် အောင်မြင်စေတော်မူပြီးနောက်သော်မှပင် တားဆီးထားတော်မူခဲ့၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ ပြုမူချက်တို့ကို ကောင်းစွာရှုမြင်တော်မူလျက် ရှိတော်မူခဲ့ပေသတည်း။"

(၄၈း၂၄)

အဆိုတစ်ရပ်အရ အီမာမ်အဗူဟနီဖဟ်၏ လူကြိုက်များသော ရှုထောင့်မှာ စစ်သုံ့ပန်းများကို လျော်ကြေးယူ၍ သော်လည်းကောင်း၊ လျော်ကြေးမယူဘဲနှင့်သော်လည်းကောင်း လွှတ်ပေးခြင်း မပြုပိုင်ဟူ၍ဖြစ်၏။ ထို့ကြောင့် ဟန်နဖီ ပညာရှင်များက စူရဟ်မုဟမ္မဒ်၏ ဤအာယတ်တော်ကို စူရဟ်အလ်ဖါလ်၏ အာယတ်တော်က ဖျက်သိမ်းသည်ဟု ယူဆ ကြ၏။ သို့သော် တဖိစီရ်မဇ်ဟရီ၌ စူရဟ်အန်ဖါလ်၏ အာယတ်တော်သည် ဦးစွာကျရောက်ခဲ့ပြီး စူရဟ်မုဟမ္မဒ်၏ အာယတ် တော်သည် နောက်မှကျရောက်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြသည်။ ဤနည်းအားဖြင့် စူရဟ်မုဟမ္မဒ်၏ အာယတ်တော်က စူရဟ်အန်ဖါလ်၏ အာယတ်တော်ကို ဖျက်သိမ်းခြင်းဖြစ်၏။ ထို့ကြောင့် သာဝကကြီးများ၊ ရှေ့ဆောင်ဓမ္မသတ်ပညာရှင် များ၏ အမြင်နှင့်ကိုက်ညီသော အီမာမ်အဒ်ဖွမ်၏ ယူဆပုံမှာ အကယ်၍သာ မွတ်စလင်တို့၏ အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်ပါက ထိုသို့ပြုလုပ်ပိုင်ခွင့်ရှိသည်ဟူ၏။ ဟန်နဖီပညာရှင်များထဲမှ အလ္လာမဟ် အိဗ်နဟုမာမ်သည် ၎င်း၏ ဖတ်ဟွလ်ကဒီရ်၌ ဤသဘောထားဘက်သို့ တိမ်းညွတ်ကြောင်းပြသသည်။ ၎င်းက ရေးသားသည်မှာ ကုဒူရီနှင့် ဟီဒါ ယအ်တို့တွင် ရည်ညွှန်းဖော်ပြချက်အရ အီမာမ်အဗူဟနီဖဟ်သည် စစ်သုံ့ပန်းများကို ငွေယူ၍ လွှတ်ပေးခြင်းကို ပြုပိုင် ခွင့်ရှိသည်ဟု မမြင်ပေ။ သို့သော် အက်စီယာရွလ်ကဒီရ်၌ ရည်ညွှန်းဖော်ပြသည့် အီမာမ်အဗူဟနီဖဟ်၏ အခြားအဆို တစ်ရပ်မှာ လူအများစု၏ ရှုမြင်ပုံအတိုင်း (လွတ်မြောက်မှုကို ငွေဖြင့်ရွေးယူခြင်း) ခွင့်ပြုသည်ဟုဆို၏။ ဤမတူသော အဆိုနှစ်ရပ်အနက် ဒုတိယအဆိုကို ပို၍သဘောကျပုံရပေသည်။ အီမာမ်တွဟာဝီ ကလည်း ၎င်း၏မအာနီလ် အဆာရ် ၌ နောက်အဆိုကို အီမာမ်အဗူဟနီဖဟ်၏ အဆိုအဖြစ် သဘောထားလေသည်။

အတိုချုပ်ရသော် သာဝကကြီးများ ﷺ နှင့် ဓမ္မသတ်ပညာရှင်များ အများစုအရ ယခုဆွေးနွေးနေသောအာယတ်တော်များအနက် မည်သည့်အာယတ်တော်မှ ပယ်ဖျက်ခံရခြင်း မရှိပေ။ စူရဟ်အလ်အန်ဖါလ်၏ အာယတ်တော်နှင့် စူရဟ်မုဟမ္မဒ်၏ အာယတ်တော်တို့၏ စကားအသုံးအနှုန်းက မည်သည့်အာယတ်တော်ကိုမျှ ပယ်ဖျက်သော သို့မဟုတ် ပယ်ဖျက်ခံရသော အာယတ်တော်ဟူ၍ ခေါ်ဆိုနိုင်လိမ့်မည် မဟုတ်ဟု ထင်ရ၏။ အမှန်စင်စစ် ယင်းတို့သည် မတူကွဲပြားသော အခြေအနေများအတွက် ပညတ်ချက်နှစ်ရပ်သာလျှင်ဖြစ်၏။ မွတ်စလင်တို့၏ အခြေအနေနှင့် လိုအပ်ချက်များပေါ်တွင် မူတည်၍ မွတ်စလင်ခေါင်းဆောင် ဖြစ်သူသည် အမိန့်ပညတ်နှစ်ခုထဲမှ တစ်ခုကို လိုက်နာကျင့်သုံးနိုင်ပေသည်။ တမန်တော်မြတ် ﷺ နှင့် ဖြောင့်မှန်သော ခလီဖာသမ္မတကြီးများ၏ ကျင့်သုံးပုံပေါ်တွင် အခြေခံ၍ ကုရ်တူဗီက ဖော်ပြသည်မှာ စစ်သုံ့ပန်းများသည် တစ်ခါတစ်ရံ သတ်ဖြတ်ခြင်းခံရပြီး တစ်ခါတစ်ရံ ကျွန်ပြုခြင်းခံရသည်။ တစ်ခါတစ်ရံ လျော်ကြေးယူ၍လည်းကောင်း၊ တစ်ခါတစ်ရံ လျော်ကြေးမယူဘဲလည်းကောင်း ၎င်းတို့သည် လွှတ်ပေးခြင်း ခံရလေသည်။ လျော်ကြေးယူရာတွင် မွတ်စလင်စစ်သုံ့ပန်းများအတွက် မွတ်စလင်မဟုတ်သော စစ်သုံ့ပန်းများဖြင့် အလဲအလှယ်ပြုလုပ်ခြင်း သို့မဟုတ် မွတ်စလင် မဟုတ်သော စစ်သုံ့ပန်းများကို ငွေပေးလျော်၍ လွှတ်မြောက်စေခြင်းများ

ပါဝင်လေသည်။ ဤဖြစ်ရပ်များကို ကိုးကားလျက် ၎င်းကပြောဆိုသည်မှာ ပယ်ဖျက်သော အာယတ်တော် သို့မဟုတ် ပယ်ဖျက်ခြင်းခံရသော အာယတ်တော်ဟု ယူဆခြင်းခံရသော အာယတ်တော်များသည် အမှန်စင်စစ် 'မုဟ်ကမ်' သို့မဟုတ် လက်တွေ့ကျင့်သုံးနိုင်ပြီး နားလည်ရန်လွယ်ကူလေသည်။ ဤနည်းအားဖြင့် မည်သည့်အာယတ်တော်မှ ဖျက်သိမ်းမခံရပေ။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်များကို ဖမ်းဆီးရမိပြီး ကျွန်ုပ်တို့၏ ထိန်းချုပ်မှုအောက်၌ရှိပါက မွတ်စလင် ခေါင်းဆောင်၌ ရွေးချယ်စရာ (၄)မျိုးရှိ၏။ (၁) အကယ်၍ ၎င်းက သင့်လျော်သည်ဟု ယူဆပါက ၎င်းတို့အား သတ်ဖြတ်နိုင်သည်။ (၂) အကယ်၍ ၎င်းက မွတ်စလင်တို့အတွက် အကောင်းဆုံး အကျိုးစီးပွားဖြစ်မည်ဟု စိတ်ဝယ် မှတ်ထင်ပါက ၎င်းတို့အား ချုပ်နှောင်ထားနိုင်သည်။ (၃) အကယ်၍ သင့်တော်ပါက ၎င်းသည် ငွေကြေးဖြင့် ရွေးစေခြင်း သို့မဟုတ် မွတ်စလင် စစ်သုံ့ပန်းများဖြင့် လဲလှယ်ခြင်းများ ပြုလုပ်၍ ၎င်းတို့ကို လွှတ်ပေးနိုင်သည်။ (၄) အကယ်၍ သင့်တော်မည် ထင်ပါက ၎င်းတို့အား လျော်ကြေးမယူဘဲ လွှတ်ပေးနိုင်သည်။

ဤသည် မဒီနာမြို့မှ ပညာရှင်များ၊ အီမာမ်ရှာဖိအီနှင့် အဗူအုဗိုင်းဒ်တို့၏ သဘောထားအမြင်ဖြစ်ပြီး အီမာမ်တွ ဟာဝီက အီမာမ်အဗူဟနီဖဟ်၏ သဘောထားအမြင်အဖြစ်လည်း ကိုးကားဖော်ပြ၏။ သို့သော် ယေဘုယျသိကြသော ၎င်း၏အမြင်ကို ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ (ကုရ်တုဗီ၊ တွဲ-၁၆၊ စာ-၂၂၈၊ ဝါကျ-၁၆)

စစ်သုံ့ပန်းများနှင့် စပ်လျဉ်း၍ ရွေးချယ်ပိုင်ခွင့် (၄)ရပ်

မွတ်စလင်အကြီးအကဲတွင် စစ်သုံ့ပန်းများနှင့် စပ်လျဉ်း၍ ရွေးချယ်စရာ (၄)ခုရှိကြောင်း ရှေ့၌ ဆွေးနွေးခဲ့ပြီး ဖြစ်သည်။ ၎င်းတို့အား သတ်ပစ်ခြင်းနှင့် အချုပ်အနှောင်ဖြင့် ထားခြင်းများ ပြုပိုင်ခွင့်ရှိကြောင်းကို အဖွဲ့တ်က တညီတညွတ် သဘောတူ၏။ သို့သော် ၎င်းတို့အား လျော်ကြေးယူ၍လည်းကောင်း၊ လျော်ကြေးမယူဘဲလျက်လည်းကောင်း လွှတ်ပေးခြင်းနှင့် ပတ်သက်၍ မူကွဲပြားသော အယူအဆများရှိကြ၏။ ဓမ္မသတ်ပညာရှင်အများစုက လျော်ကြေးမယူဘဲ လွှတ်ပေးခြင်းကိုလည်း ပြုပိုင်သည်ဟု သဘောရကြလေသည်။

အစ္စလာမ်၏ ကျွန်စနစ်

စစ်သုံ့ပန်းများနှင့် စပ်လျဉ်း၍ ဤနေရာတွင် မေးစရာတစ်ခုရှိလာသည်။ ၎င်းတို့အား လွှတ်ပေးနိုင်ခြင်းရှိ-မရှိ ကိစ္စတွင် ဓမ္မသတ်အကွဲအလွဲများ ရှိသော်လည်း ၎င်းတို့အား သတ်ဖြတ်ခြင်း သို့မဟုတ် အချုပ်အနှောင်ဖြင့် ထားခြင်းကိုမူ ခွင့်ပြုကြောင်း တညီတညွတ် ရှိကြလေသည်။ ဤကိစ္စနှစ်ရပ်ကို ကုရ်အာန်က အဘယ်ကြောင့် ရှင်းလင်းတိကျစွာ ဖော်ပြခြင်းမပြုပါသနည်း။ ဤကိစ္စနှစ်ရပ်၌ ၎င်းတို့အား လွှတ်ပေးခွင့် ရှိကြောင်းမျှလောက်သာ ဖော်ပြထား၏။ အီမာမ်ဖါခ်ရွဒ်ဒီးန်ရာဇီက ဤ အကြောင်းကို ၎င်း၏တဖ်စီရ်ကဗီရ် ပြန်ကြားသည်မှာ အာရဗ်စစ်သုံ့ပန်းများအား ကျွန်ပြုခွင့်မရှိခြင်းနှင့် မသန်မစွမ်း သူများအား သတ်ဖြတ်ခြင်းကို ခွင့်မပြုသော ရွေးချယ်ပိုင်ခွင့်နှစ်ခုကိုသာ ဤနေရာ၌ ဖော်ပြ၏။ သတ်ဖြတ်မှုနှင့်ဆိုင်သော မေးခွန်းကို အစောပိုင်းက ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်၏။

(တဖ်စီရ်ကဗီရ်၊ တွဲ-၇၊ စာ-၅၀၈၊ အတွဲ-၇)

စဉ်းစားဆင်ခြင်ရန် လိုအပ်သော အခြားအချက်တစ်ခု ရှိပေသေးသည်။ သတ်ဖြတ်ခြင်းနှင့် ကျွန်ပြုခြင်းကို ခွင့်ပြုနိုင်ခြင်းသည် အများနားလည်သော ကိစ္စဖြစ်ပြီး လုပ်ပိုင်ခွင့်ရှိကြောင်း အားလုံးသိခဲ့ကြ၏။ ဆန့်ကျင်ဘက်အားဖြင့် ဗဒ်ရစ်ပွဲအချိန်က စစ်သုံ့ပန်းများ လွှတ်ပေးခြင်းကို တားမြစ်ခဲ့သည်။ သို့ရာတွင် ယခုအချိန်၌ ၎င်းတို့အား လျော်ကြေးယူ၍ဖြစ်စေ၊ လျော်ကြေးမယူဘဲလျက်ဖြစ်စေ လွှတ်ပေးခွင့်ပြုကြောင်း သိစေလိုခြင်းဖြစ်၏။ ဤနေရာတွင် ခွင့်ပြုကြောင်း သိထားပြီးဖြစ်သော ကိစ္စရပ်များကို ဖော်ပြရန်မလိုအပ်တော့ချေ။ ထို့ကြောင့် ယင်းတို့အကြောင်းနှင့် ပတ်သက်ပြီး ဤအာယတ်တော်များက နှုတ်ဆိတ်နေခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဤအာယတ်တော်များ ကျရောက်လာခဲ့ပြီးနောက် ၎င်းတို့အား သတ်ဖြတ်ရန် သို့မဟုတ် ကျွန်ပြုရန် ခွင့်ပြုချက်သည် ပယ်ဖျက်ခံရသည်ဟူ၍ ကောက်ချက်ချပါက မှန်ကန်လိမ့်မည် မဟုတ်ပေ။ အကယ်၍ ကျွန်ပြုရန် အမိန့်ပညတ်ချက်ကို ပယ်ဖျက်ခဲ့ပြီးဖြစ်ပါက ကုရ်အာန် သို့မဟုတ် ဟဒီးဆ်တစ်နေရာတွင် ယင်းတားမြစ်ချက်ကို ဖော်ခဲ့မည်ဖြစ်၏။ အကယ်၍ ဤအာယတ်တော်သည် တားမြစ်ချက်၏ နိမိတ်လက္ခဏာတစ်ခု ဖြစ်ပါက တမန်တော်မြတ်ﷺနှင့် ၎င်းမရှိတော့သည့်နောက် ကုရ်အာန်နှင့် ဟဒီးဆ်တို့ကို ဖက်တွယ်ထားကြသော သာဝကကြီးများ၏သည် ဤအာယတ်တော်များ ကျရောက်ပြီးနောက် ဖြစ်ပွားခဲ့သော စစ်ပွဲများတွင် အဘယ်ကြောင့် စစ်သုံ့ပန်းများကို ကျွန်အဖြစ်ထားရှိခဲ့ကြပါသနည်း။ ကျွန်ပြုခြင်းနှင့် စပ်လျဉ်းသော ဆင့်ပြန်ချက်များကို ဟဒီးဆ်များနှင့် သမိုင်းတို့တွင် ဆင့်ပြန်သူကွင်းဆက် အပြတ်အတောက်မရှိဘဲ မှတ်တမ်းတင်ထားသည်များ ရှိသောကြောင့် ယင်းတို့ကို ငြင်းဆိုခြင်းသည် သဘာဝမကျသော ခေါင်းမာမှုပင် ဖြစ်ပေလိမ့်မည်။

ကန့်ကွက်ချက်တစ်ခုနှင့် ယင်းအားပြန်လည်ချေခြင်း

အစွလာမ်သည် လူ့အခွင့်အရေးကို လွန်စွာအလေးထားသော သာသနာဖြစ်ပါလျက် အဘယ်ကြောင့် လူသားတို့အား ကျွန်ပြုခြင်းကို ခွင့်ပြုပါသနည်းဟူသော ကန့်ကွက်ချက်အကြောင်းကို ကျွန်ုပ်တို့ ပြောဆိုကြပါမည်။

ဤကန့်ကွက်ချက်သည် အစွလာမ့်ကျွန်စနစ်၏ အယူအဆနှင့် အခြားသာသနာများနှင့် အသိုင်းအဝိုင်းများ၏ ကျွန်စနစ်ကျင့်သုံးပုံတို့ကြားမှ တူညီချက်များကို မှားယွင်းစွာ နှိုင်းယှဉ်မှုပေါ်တွင် အခြေခံသည့် ယုတ္တိမှားတစ်ခုသာလျှင် ဖြစ်ပေသည်။ စင်စစ် အစွလာမ်က ကျွန်များကိုပေးသော အခွင့်အရေးများနှင့် တရားဝင်ခွင့်ပြုသော လူမှုအဆင့်အတန်းများ၏နောက် ၎င်းတို့အား စကားလုံး၏ ယေဘုယျလက်ခံသော အဓိပ္ပာယ်အတိုင်း ကျွန်များဟူ၍ပင် ခေါ်ဆိုနိုင်ဖွယ်မရှိပါချေ။ အမှန်စင်စစ် ၎င်းတို့သည် ညီနောင်အဖွဲ့ဝင်များ ဖြစ်ကြသည်။ အကယ်၍ အစွလာမ့်ကျွန်စနစ်၏ အမှန်တရားနှင့် အနှစ်သာရကို ခွဲခြမ်းစိပ်ဖြာကြည့်ပါက အစွလာမ့်သမိုင်းတွင် တွေ့ရမည့် ဤသာဓကများထက် ပို၍ကောင်းသော စစ်သုံ့ပန်းများအပေါ် ဆက်ဆံမှုမျိုးကို တွေ့နိုင်လိမ့်မည်မဟုတ်ကြောင်း ကျွန်ုပ်တို့သိရပေမည်။ ထင်ရှားသော အရှေ့တိုင်းဘာသာရပ် ပညာရှင်တစ်ဦးက ၎င်း၏ 'အာရဗ်ယဉ်ကျေးမှု' စာအုပ်၌ ရေးသားသည်မှာ-

> 'အမေရိကန်စာပေများကို ဖတ်ရှုလေ့ရှိသော ဥရောပတိုက်သားတစ်ဦး၏ ရှေ့မှောက်၌ 'ကျွန်'ဟူသော စကားကို မြည်တမ်းလိုက်မိသည်နှင့် ၎င်း၏စိတ်ထဲတွင် ခြေလက်များကို သံကြိုးဖြင့် ချည်နှောင်ထားခြင်းခံရသော လည်ပင်း၌ သံကော်လာများ တပ်ခံထားရသော ကြာပွတ်ဖြင့် ရိုက်နှက်၍ မောင်းနှင်ခြင်းခံရသော၊ မသေရုံတမယ် အစာကျွေးခြင်းခံရသော မှောင်မည်းနေသည့် မြေအောက်အခန်းများထဲတွင် နေကြရသော အားကိုးရာမဲ့လူများကို မြင်ယောင်၍လာပေမည်။ ဤနေရာတွင် အဆိုပါအကြောင်းအရာ မည်မျှထိမှန်ကန် ကြောင်းကိုလည်း လွန်ခဲ့သော နှစ်ပေါင်း

များစွာက အမေရိကၼ် ပြိတိသျှတို့ ကျူးလွန်ခဲ့သော ရက်စက်ကြမ်းကြုတ်မှုများသည် ဖော်ပြချက်နှင့် မည်သည့်အတိုင်းအတာထိ အံကိုက်ဖြစ်သည်ကို လည်းကောင်း ကျွန်ုပ်အနေဖြင့် အလေးမထားပါ။ သို့ရာတွင် သံသယလုံးဝကင်းသည့် အချက်မှာ အစ္စလာမ့်ကျွန်စနစ် အယူအဆသည် ခရစ်ယာန်တို့၏ ကျွန်စနစ် အယူအဆနှင့် လုံးဝကွဲပြားခြားနားကြောင်းပင် ဖြစ်လေသည်။'

တကယ်တမ်းတွင် အခြေအနေအမျိုးမျိုး၌ စစ်သုံ့ပန်းတို့အား ကျွန်ပြုခြင်းထက် ပို၍ကောင်းသော ဖြေရှင်းနည်း မရှိခြင်းပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အား ကျွန်မပြုပါက ပြဿနာကို ယုတ္တိရှိရှိ ဖြေရှင်းရန် နည်းလမ်း(၃)ခုရှိပေသည်။ ၎င်းတို့ကို သတ်ပစ်မည် သို့မဟုတ် လွှတ်ပေးမည် သို့မဟုတ် အကျဉ်းသားအဖြစ် တစ်သက်တစ်ကျွန်းချမည်။ ဤဖြစ်နိုင်ခြေ(၃)ခုစလုံးကို မွတ်စလင်အစ္မသမီးများအနေဖြင့် စိတ်တိုင်းမကျချေ။ ၎င်းတို့ကို သတ်ပစ်ရန်မှာ မသင့်တော်၊ အဘယ်ကြောင့်ဆိုသော် စစ်သုံ့ပန်းသည် ပါရမီရှိသူတစ်ဦး ဖြစ်နိုင်သဖြင့် ၎င်း၏ပင်ကိုယ် အစွမ်းအစမှာ အချည်းနှီးဖြစ်ကာ ပျောက်ပျက်သွားမည်။ ၎င်းအား လွှတ်ပေးလိုက်ပါကလည်း 'ဒရွလ်ဟရဗ်'ဘက်သို့ ထွက်ပြေးပြီး နောက်ထပ်တစ်ကြိမ် မွတ်စလင်တို့ပျက်စီးရန် လှုံ့ဆော်ကြံစည်မည့် အန္တရာယ်ရှိလေသည်။ ယခု ရွေးချယ်စရာနှစ်ခုသာ ကျန်တော့၏။ ၎င်းအား ယနေ့ခေတ်အခါ ပြုကျင့်ကြသကဲ့သို့ ဝေးလံ၍ သီးခြားရှိသောကျွန်း၌ အကျဉ်းသားအဖြစ် ရာသက်ပန်ထားရန် သို့မဟုတ် ၎င်းအားကျွန်ပြုပြီး ၎င်း၏ပင်ကိုယ်စွမ်းရည်ကို အသုံးချကာ ၎င်း၏ လူ့အခွင့်အရေးကို အပြည့်အဝ စောင့်ရှောက်ပေးရန်ဖြစ်၏။ မည်သည့်ရွေးချယ်မှုက အကောင်းဆုံးဖြစ်သည်ကို လူတိုင်း အထင်အရှားမြင်သာပေသည်။ အထူးသဖြင့် တမန်တော်မြတ်ﷺ၏ ထင်ရှားသော ဟဒီးဆ်တော်တစ်ရပ်တွင် ကျွန်များနှင့် ပတ်သက်သည့် အစ္စလာမ်ရှုထောင့်က အောက်ပါအတိုင်း ရှင်းလင်းစွာ ဖော်ပြလေသည်။

اخوانكم جعلهم الله تحت ايديكم فمن كان اخوه تحت يديه فليطعمه ممّا ياكل وليلبسه ممّا يلبس ولا يكلّفه فان كلّفه،ما يغلبه فليعنه

(بخارى،مسلم،ابوداؤدوغيرهم)

'သင်တို့၏ကျွန်များသည် သင်တို့၏ညီအစ်ကိုများ ဖြစ်ကြပြီး အလွှာဟ်အရှင်မြတ်က ၎င်းတို့ကို သင်တို့၏အုပ်ထိန်းမှုအောက်တွင်ထားရှိတော်မူသည်။ သို့ဖြစ်၍မိမိ၏အုပ်ထိန်းမှုအောက်တွင် ညီအစ်ကို တစ်ဦးရှိသော မည်သူမဆိုသည် ၎င်းအား မိမိစားသည့်အထဲမှ ကျွေးရမည်ဖြစ်သကဲ့သို့ မိမိဝတ်ဆင်သည့် အထဲမှ အဝတ်ကို ဆင်မြန်းပေးသင့်၏။ ၎င်းတို့ (ကျွန်များ)အား ၎င်းတို့ခံနိုင်ရည်ရှိသည်ထက်ပို၍ ဝန်ပိအောင် မခိုင်းစေကြကုန်လင့်။ အကယ်၍ သင်သည် မနိုင်ဝန်ကို ထမ်းခိုင်းမိပါက ၎င်းတို့အား ကူညီပေးလိုက်ပါ။' (ဗုခါရီ၊ မွတ်စလင်၊ အဗူဒါဝူးဒ်နှင့်အခြား)

ကျွန်တို့အား အစ္စလာမ်ကပေးသည့် လူမှုရေးနှင့် နိုင်ငံသားအခွင့်အရေးများသည် လွတ်လပ်သော လူတစ်ဦးချင်းစီ၏ ရပိုင်ခွင့်များနှင့် အတူတူလောက်ပင်ဖြစ်၏။ ဤသို့ကြောင့် အခြားအမျိုးသားများနှင့် ဆန့်ကျင်ကွဲပြားစွာ အစ္စလာမ်သည် ကျွန်များထိမ်းမြားလက်ထပ်ရန်ကို ခွင့်ပြုရုံမျှမက သခင်တို့သည် မိမိတို့၏(ထိမ်းမြားရန်) အရည်အချင်းနှင့်ပြည့်စုံသော ကျွန်၊ ကျွန်မများကို ထိမ်းမြား၍ပေးကြရန် (၂၄း၃၂)ကို အလေးထားလေသည်။ ၎င်း(ကျွန်ယောကျ်ား)သည် လွတ်လပ်သော အမျိုးသမီးတစ်ဦးကိုပင် ထိမ်းမြားနိုင်လေသည်။ ကျွန်တစ်ဦး၏ စစ်ပွဲလက်ရ ခွဲတမ်းသည် လွတ်လပ်သော 'မူဂျာဟစ်'တစ်ဦး၏ ခွဲတမ်းနှင့်အညီအမျှဖြစ်၏။ အကယ်၍ ၎င်းသည် ရန်သူတစ်ဦးကို ခိုလှုံခွင့်ပေးပါက

လွတ်လပ်သော လူတစ်ဦးကပေးသော ခိုလှုံခွင့်ကဲ့သို့ပင် လေးစားတန်ဖိုးထားရမည်ဖြစ်၏။ ကျွန်များကို ကောင်းမွန်စွာဆက်ဆံခြင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်နှင့် ဟဒီးဆ်တို့တွင် အမိန့်ပညတ်ချက်များစွာ ရှိပေသည်။ အကယ်၍သာယင်းတို့အား အတူတကွ စုစည်းလိုက်ပါက ကြီးမားထူထဲသော စာအုပ်တစ်အုပ်ပြုစု၍ ရနိုင်ပေသည်။ သာဝကကြီးအလီ ﷺက ပြောကြားသည်မှာ ဤလောကီဘဝကို မစွန့်ခွာမီ အလွှာရစူလ်တမန်တော် ﷺ၏ မိန့်မှာချက်မှာ

الصّلوة الصلوة، اتّقوا الله فيما ملكت ايمانكم

ဆွေလာတ်ဝတ်ပြုမှုကို ဂရုစိုက်ကြပါ၊ ဆွေလာတ်ဝတ်ပြုမှုကို ဂရုစိုက်ကြပါ၊ သင်တို့၏ အုပ်ချုပ်မှု အောက်မှ ကျွန်များနှင့် စပ်လျဉ်း၍ အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြကုန်လော့။

အစွလာမ်သည် ကျွန်များအတွက် ပညာရေးနှင့် လေ့ကျင့်ရေးအစီအမံများကို စီစဉ်ထားရှိ၏။ ယင်း၏ အကျိုးသက်ရောက်မှုကို အဗ်ဒွလ်မာလစ်အိဗ်နုမာဝါန်၏ အုပ်ချုပ်မှုသက်တမ်းအတွင်း အစွလာမ်ပြည်ထောင်စု၏ နယ်မြေဒေသအားလုံးလောက်၌ မြင်တွေ့ခဲ့ရပေသည်။ ပညာရေးနှင့် အသိပညာ ဖွံ့ဖြိုးမှုတွင် အတော်ဆုံး၊ အကြီးကျယ်ဆုံးတတ်သိပညာရှင်အချို့သည် ကျွန်များဖြစ်ကြပြီး ၎င်းတို့၏ သမိုင်းမှတ်တမ်းများကို သမိုင်းစာအုပ်များစွာ၌ ဖော်ပြကြရလေသည်။ ထို့ပြင် ဤအမည်ခံမျှသာဖြစ်သော ကျွန်စနစ်သည် တဖြည်းဖြည်းချင်း ပယ်ဖျက် သို့မဟုတ် လျော့ချခံခဲ့ရလေသည်။ ကျွန်များကို လွတ်လပ်ခွင့်ပေးခြင်း၏ ကောင်းမြတ်ပုံနှင့် ကုသိုလ်အကျိုးများအကြောင်းကို ဖော်ပြသည့် ကုရ်အာန်အာယတ်တော်နှင့် တမန်တော်မြတ် ဟဒီးဆ်တော် များက်များစွာ ရှိပေသည်။ ကျွန်များကို လွှတ်ပေးခြင်း ထက်ပို၍ကောင်းသော လုပ်ရပ်မရှိပါချေ။ ဥပဒေရေးရာ အမိန့်ပညတ်ချက်များတွင် ကျွန်များကို လွှတ်ပေးနိုင်မည့် အကြောင်းပြချက်ကောင်းကို ကြည့်ရှုလေ့ရှိခဲ့၏။ ဥပမာ- ဥပုသ်စောင့်ထိန်းရန် ပျက်ကွက်ခြင်း၊ လူသတ်ခြင်း၊ 'ဇိဟာရ်' ပြုလုပ်ခြင်း၊ သစ္စာကတိကို ချိုးဖောက်ခြင်းစသည့် အမှုများအတွက် ကျေနပ်အောင် အာပတ်ဖြေရမည့် ပထမဆုံးအမိန့်မှာ ကျွန်တစ်ယောက်ကို လွှတ်ပေးရန် ဖြစ်လေသည်။ ဟဒီးဆ်တော်တစ်ရပ်၌ လာရှိသည်မှာ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် ကျွန်တစ်ယောက်၏ပါးကို ရိုက်ခဲ့ပါက ပေးလျော်ရမည့် လျော်ကြေးမှာ ထိုကျွန်ကို လွတ်လပ်ခွင့်ပေးရမည်ဖြစ်၏။ ဤနည်းဖြင့် သာဝကကြီးများသည် ကျွန်ပေါင်းများစွာကို လွတ်မြောက်စေခဲ့လေသည်။ 'အလ်နဂျ်မွလ်ဝဟာဂျ်'၏ စာရေးသူက ကျွန်ပ်တို့အား သာဝကကြီးများ လွှတ်ပေးခဲ့သော အောက်ပါကျွန်များ၏ စာရင်းကို ပေးခဲ့သည်။

၁။ သခင်မကြီး အာအိရှာ ﷺ ... ၆၉
၂။ သာဝကကြီး အဗ္ဗားစ် ﷺ ...၇၀
၃။ သာဝကကြီး ဟကီမ်အိဗ်နုဟိဇာမ် ﷺ ... ၁၀၀
၄။ သာဝကကြီး အဗ်ဒွလ္လာအိဗ်နအုမာရ် ﷺ ... ၁၀၀၀
၅။ သာဝကကြီး အွစ်မန်းဂနီ ﷺ ... ၂၀
၆။ သာဝကကြီး ဒွလ်ခိလာအ် အလ်ဟင်မ်ယရီ ﷺ ... ၈၀၀၀ (တစ်ရက်တည်း)
၇။ သာဝကကြီး အဗ်ဒွရ်ရဟ်မာန်အိဗ်နိအောက်ဖ် ﷺ ... ၃၀၀၀၀

ဤစာရင်းဇယားအရ သာဝကကြီး(၇)ပါးတည်းက ကျွန်ပေါင်း (၃၉၂၅၉)ယောက်ကို လွှတ်ပေးခဲ့ကြောင်းဖော်ပြသဖြင့် ထောင်ပေါင်းများစွာသော အခြားသာဝကကြီးများ ﷺက လွှတ်ပေးခဲ့မည့်ကျွန်များ မရေမတွက်နိုင်အောင် ရှိမည်ဖြစ်ကြောင်းမှာ ထင်ရှားပေသည်။

အချုပ်အားဖြင့် အစွလာမ်က စတင်ဖော်ဆောင်ခဲ့သော ကျွန်စနစ်ပြုပြင်ပြောင်းလဲရေးကို မျှမျှတတကြည့်မြင်တတ်သော မည်သူမဆိုသည် အစွလာမ့်ကျွန်စနစ် အယူအဆနှင့် ယင်း၏ကျင့်သုံးပုံသည် အခြားအမျိုးသားတို့၏ စနစ်၊ ကျင့်သုံးပုံများနှင့် အတူတူပင်ဖြစ်သည်ဟု ကောက်ချက်ဆွဲခြင်းမှာ လုံးဝမှားယွင်းကြောင်း သိနိုင်မည်ဖြစ်၏။ အမှန်စင်စစ် ဤပြောင်းလဲမှုများ ပြုလုပ်ပြီးသည့်နောက် စစ်သုံ့ပန်းများအား ကျွန်အဖြစ်ထားရှိရန် ခွင့်ပြုချက်သည် ၎င်းတို့အဖို့ ကြီးကျယ်သော ကောင်းကျိုးပြုခြင်း ဖြစ်လေသည်။

ထို့ပြင် စစ်သုံ့ပန်းတို့အား ကျွန်ပြုခြင်းကို ခွင့်ပြုနိုင်သည်ဟု ဆိုခြင်းမျှသာဖြစ်သည်။ ဆိုလိုသည်မှာ အကယ်၍ အစွလာမ့်နိုင်ငံတစ်ခုက သင့်တော်သည်ဟု ယူဆပါက ၎င်းတို့ကို ကျွန်အဖြစ်ထားရှိနိုင်သည်။ သို့သော် ထိုသို့ ပြုလုပ်ရန်မှာ မပြုမနေရ(ဖရသ်ဖွ) သို့မဟုတ် ချီးကျူးထိုက်သော (မွတ်စ်တဟဗ်)လုပ်ရပ်အဖြစ် မှတ်ယူ၍မရပေ။ စင်စစ် ကုရ်အာန်နှင့် ဟဒီးဆ်တို့၏ အဆုံးအမများအရ ၎င်းတို့အား လွတ်မြောက်စေခြင်းက ပို၍ကုသိုလ်အကျိုး များပြားလေသည်။ ဤခွင့်ပြုချက်မှာလည်း မွတ်စလင်တို့အနေဖြင့် ရန်သူများနှင့် တရားဝင်သဘောတူညီချက် မပြုလုပ်မီ အချိန်ထိသာ အကျိုးသက်ရောက်မှု ရှိလေသည်။ အကယ်၍ ရန်သူတို့နှင့် သဘောတူညီမှုတစ်ခုရရှိပြီး ယင်းသဘောတူညီမှု၌ ရန်သူများကသော်လည်းကောင်း၊ မွတ်စလင်တို့ကသော်လည်းကောင်း စစ်သုံ့ပန်းများကို ကျွန်မပြုရဟူသော စာပိုဒ်ပါရှိပါက ထိုအတိုင်း လိုက်နာရမည်ဖြစ်၏။ ကျွန်ပ်တို့၏ ခေတ်အခါ၌ နိုင်ငံများစွာက ထိုကဲ့သို့ သဘောတူချက်များကို ထည့်သွင်းကြသည်။ အကယ်၍ မွတ်စလင်တိုင်းပြည်များ ထိုကဲ့သို့ ပဋိညာဉ်မျိုးတွင် ပါဝင်ခဲ့ကြပါက ဤသဘောတူညီချက်တည်မြဲနေသရွေ့ ၎င်းတို့အဖို့ ကျွန်ပြုခြင်းသည် ဟရာမ်ဖြစ်လေသည်။

အာယတ်တော် (၄ - ၁၁)

ذٰلِكَ ؕ وَلَوْ يَشَآءُ اللّٰهُ لَانْتَصَرَ مِنْهُمْ وَلٰكِنْ لِّيَبْلُوَا۟ بَعْضَكُمْ بِبَعْضٍ ؕ وَالَّذِيْنَ قُتِلُوْا فِيْ سَبِيْلِ اللّٰهِ فَلَنْ يُّضِلَّ اَعْمَالَهُمْ ۝٤ سَيَهْدِيْهِمْ وَيُصْلِحُ بَالَهُمْ ۝٥ وَيُدْخِلُهُمُ الْجَنَّةَ عَرَّفَهَا لَهُمْ ۝٦ يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اِنْ تَنْصُرُوا اللّٰهَ يَنْصُرْكُمْ وَيُثَبِّتْ اَقْدَامَكُمْ ۝٧ وَالَّذِيْنَ كَفَرُوْا فَتَعْسًا لَّهُمْ وَاَضَلَّ اَعْمَالَهُمْ ۝٨ ذٰلِكَ بِاَنَّهُمْ كَرِهُوْا مَاۤ اَنْزَلَ اللّٰهُ فَاَحْبَطَ اَعْمَالَهُمْ ۝٩ اَفَلَمْ يَسِيْرُوْا فِي الْاَرْضِ فَيَنْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ مِنْ قَبْلِهِمْ ؕ دَمَّرَ اللّٰهُ عَلَيْهِمْ ۫ وَلِلْكٰفِرِيْنَ اَمْثَالُهَا ۝١٠ ذٰلِكَ بِاَنَّ اللّٰهَ مَوْلَى الَّذِيْنَ اٰمَنُوْا وَاَنَّ الْكٰفِرِيْنَ لَا مَوْلٰى لَهُمْ ۝١١ ۧ

စစ်စစ်သော်ကား အကယ်၍သော အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူပါလျှင် (စစ်မက်တိုက်ခိုက်ရန် အမိန့်ထုတ်ပြန်ခြင်းပြုတော်မမူဘဲ ကိုယ်တော်တိုင်) ၎င်းတို့အား လက်စားချေ အပြစ်ပေးတော်မူခဲ့မည်သာ။ သို့ရာတွင် ထိုအရှင်မြတ်သည် အသင်တို့အနက် အချို့ကိုအချို့ဖြင့် စမ်းသပ်တော်မူအံ့သောငှာ (စစ်တိုက်ရန်အမိန့်တော်ကို ထုတ်ပြန်တော်မူခဲ့၏။) အမှန်သော်ကား အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သတ်ဖြတ်ခြင်းခံခဲ့ကြရသော သူတို့၏ ဆောင်ရွက်ချက်များကို ထိုအရှင်မြတ်သည် အလျှင်း အချည်းနှီးဖြစ်စေတော်မူမည် မဟုတ်ပေ။[၄] ထိုအရှင်မြတ်သည် အမှန်ပင် ၎င်းတို့အား လမ်းမှန်သို့ ပို့ပေးတော်မူသည့်ပြင် ၎င်းတို့၏ အခြေအနေကိုလည်း ကောင်းအောင် ပြုပြင်၍ ပေးတော်မူပေမည်။[၅] ထိုမှတစ်ပါး ထိုအရှင်မြတ်သည် ၎င်းတို့အား 'ဂျန္နတ်'သုခဘုံသို့ ဝင်ရောက်စေတော်မူပေမည်။ ထိုအရှင်မြတ်သည် ယင်း'ဂျန္နတ်'သုခဘုံကို ၎င်းတို့အား(ကောင်းစွာ) သိထားစေတော်မူမည် ဖြစ်၏။[၆] အို- 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်(၏ သာသနာကိုလည်းကောင်း ထိုအရှင်မြတ်၏ ရစူလ်တမန်တော်)အား(လည်းကောင်း) ကူညီကြလျှင် ထိုအရှင်မြတ်သည် အသင်တို့အား ကူညီတော်မူမည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့၏ ခြေများကို (စစ်မက်တိုက်ခိုက်ရာ၌) မြဲမြံကြံ့ခိုင်စေတော်မူပေမည်။[၇] 'ကာဖိရ်' ဘွေဖည်ငြင်းပယ်သော သူတို့၌မူ ပျက်စီးခြင်းသာလျှင် ရှိပေမည်။ ထိုမှတစ်ပါး ၎င်းတို့၏ ကျင့်မူဆောင်ရွက်ချက်များကိုလည်း ထိုအရှင်မြတ်သည် အချည်းနှီး၏ ဖြစ်စေတော်မူပေမည်။[၈] ဤသည် အလ္လာဟ်အရှင်မြတ် ချပေးတော်မူသော (အမိန့်ပညတ်တို့) ကို ၎င်းတို့စက်ဆုပ်ခဲ့ကြသောကြောင့်ပင်။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ၎င်းတို့၏ကျင့်မူဆောင်ရွက်ချက်များကိုအချည်းနှီးဖြစ်စေတော်မူခဲ့ပေသတည်း။[၉]၎င်းတို့သည်ကမ္ဘာမြေဝယ်လှည့်လည်သွားလာမှုကို မပြုခဲ့ကြလေသလော။ သို့ပြုခဲ့ကြလျှင် ၎င်းတို့သည် မိမိတို့အလျင် ရှိခဲ့ကြသော သူတို့၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံဖြစ်ခဲ့သည်ကို မြင်ကြပေမည်။ အလ္လာဟ်အရှင်မြတ်သည် ထိုရှေးသူပေဟောင်းတို့အား ဖျက်ဆီးတော်မူခဲ့၏။ စင်စစ်သော်ကား (ဤ)'ကာဖိရ်' ဘွေဖည်ငြင်းပယ်သော သူတို့၌(လည်း) ယင်းကဲ့သို့သော အဖြစ်အပျက်များပင် ဖြစ်ပေါ်အံ့သတည်း။[၁၀] ယင်းသို့ဖြစ်ခြင်းမှာ အလ္လာဟ်အရှင်မြတ်သည် 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူတို့၏ ကိစ္စအဝဝကို ဆောင်ရွက်ပေးတော်မူသောအရှင် ဖြစ်တော်မူသောကြောင့်လည်းကောင်း ကာဖိရ် ဘွေဖည်ငြင်းပယ်သောသူတို့၌ ကိစ္စအဝဝကို ဆောင်ရွက်ပေးတော်မူသော အရှင်ဟူ၍ အလျှင်းမရှိသောကြောင့်လည်းကောင်း၊ ဖြစ်ပေသည်။[၁၁]

ရှင်းလင်းဖွင့်ဆိုချက်

ဂျိဟာဒ်၏ တရားဥပဒေနှင့် ညီညွတ်မှုမှ ဉာဏ်ပညာ

وَلَوْ يَشَآءُ اللّٰهُ لَانْتَصَرَ مِنْهُمْ (အကယ်၍သာ အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူပါက ထိုအရှင်မြတ်သည် (ကိုယ်တော်တိုင်) ၎င်းတို့အား လက်စားချေအပြစ်ပေးတော်မူခဲ့မည်သာ။ ... (၄၇း၄)။ ဤအာယတ်တော်၌ ကာဖိရ်များကို ထိုအရှင်မြတ်၏ လမ်းတော် ၌ လက်နက်စွဲကိုင် တိုက်ခိုက်ခြင်းအား တရားဝင်ဖြစ်စေမှုသည် ကောင်းချီးမင်္ဂလာတစ်ပါးဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်။ အဘယ်ကြောင့်ဆိုသော် ယင်းသို့တိုက်ခိုက်ခြင်းသည် ကောင်းကင်ဘုံမှ ပြစ်ဒဏ်ကို အစားထိုးပေးခြင်း ဖြစ်သောကြောင့်ဖြစ်၏။ ရှေးခေတ်အမျိုးသားများသည် ၎င်းတို့၏ အလ္လာဟ်အရှင်မြတ်အား မယုံကြည်သွေဖည်မှု၊ ရုပ်တုကိုးကွယ်မှုနှင့် အလ္လာဟ်အရှင်မြတ်အား ပုန်ကန်အာခံမှုများ အတွက် မိုးကောင်းကင်နှင့် မြေကမ္ဘာ ဆိုင်ရာကပ်ဘေးဒုက္ခများဖြင့် ပြစ်ဒဏ်ခတ်ခြင်းကို ခံခဲ့ကြရသည်။ မုဟမ္မဒ်ﷺ၏ အွမ္မတ်သည် ထိုကံကြမ္မာမျိုးကိုပင် ကြုံတွေ့ခဲ့ရနိုင်သော်လည်း တမန်တော်မြတ်ﷺမှာ လူသားထုအတွက် ကရုဏာတစ်ရပ် ဖြစ်သောကြောင့် အွမ္မတ်သည် ထိုကဲ့သို့ ကပ်ဘေးဒုက္ခအထွေထွေ၏ ဖျက်ဆီးမှုမှ ချမ်းသာပေးခြင်းကို ခံခဲ့ရခြင်း ဖြစ်လေသည်။ ထိုကပ်ဘေး ဒုက္ခများ၏နေရာတွင် ယင်းတို့နှင့် နှိုင်းယှဉ်လျှင် အခွင့်အလမ်းနှင့် အတွေ့အကြုံများစွာရှိသော 'ဂျိဟာဒ်ရှရ်အီ'ကို ပြဋ္ဌာန်းခံရသည်။ ပထမဦးစွာ အထွေထွေသော ဘေးဒုက္ခများတွင် ယောကျ်ား၊ မိန်းမ၊ ကလေးများ အပါအဝင် တစ်မျိုးသားလုံး သေကြေပျက်စီးကြရသော်လည်း ဂျိဟာဒ်၌မူ စစ်ပွဲ၏ စည်းမျဉ်းစည်းကမ်းများအရ မိန်းမနှင့်ကလေးများသည် လုံခြုံစိတ်ချရပေသည်။ ယောကျ်ားကြီးများနှင့် စပ်လျဉ်း၍မူ ကာဖိရ်များထဲမှ ရန်လိုသော အကြမ်းဖက်သမားများသည် သာလျှင် အလ္လာဟ်အရှင်မြတ်၏ သာသနာကို ကာကွယ်ကြသော မုအ်မင်တို့နှင့် ရင်ဆိုင်ကြရလိမ့်မည် ဖြစ်ပေသည်။ ၎င်းတို့ထဲမှပင် လူအားလုံးသည် သတ်ဖြတ်ခံရသည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနက် များစွာသော လူတို့မှာ အစွလာမ့်အီမာန်ကို လက်ခံနိုင်စွမ်းတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်၏။ (သို့မဟုတ် ၎င်းတို့ကိုယ်တိုင်က အစွလာမ် နိုင်ငံတစ်ခု၏ လက်အောက်ခံအဖြစ် ခိုလှုံကြမည်ဖြစ်၏။)။ ဂျိဟာဒ်ကို ပြဋ္ဌာန်းခြင်း၏ အခြားဉာဏ်ပညာတော် တစ်ရပ်မှာ စစ်ပွဲ၏နှစ်ဖက်စလုံးမှ လူများဖြစ်ကြသော မွတ်စလင်နှင့် ရန်သူများသည် မည်သည့်ဘက်က မိမိ၏အသက်နှင့် ပစ္စည်းဥစ္စာကို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ စွန့်လွှတ် အနစ်နာခံလိုစိတ်ရှိပြီး မည်သည့်ဘက်က ခက်ထန်ခေါင်းမာစွာ သစ္စာတရားကို ဆက်လက်ငြင်းပယ်နေမည် သို့မဟုတ် ထင်ရှားစွာသော သစ္စာတရား၏ အထောက်အထား ကို မြင်တွေ့ရသည့်ပြင် ကုရ်အာန်၏ အကြောင်းပြချက်များက သက်သေပြနေပါလျက် အစွလာမ်ကို လက်ခံယုံကြည်ရန် ငြင်းပယ်မြဲငြင်းပယ်နေမည်ကို လည်းကောင်း စမ်းသပ်ခံရလိမ့်မည်ဖြစ်၏။

وَالَّذِيْنَ قُتِلُوْا فِيْ سَبِيْلِ اللّٰهِ فَلَنْ يُّضِلَّ اَعْمَالَهُمْ (... ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သတ်ဖြတ်ခြင်းခံခဲ့ကြရသော သူတို့၏ဆောင်ရွက်ချက်များကိုထိုအရှင်မြတ်သည်အလျှင်းအချည်းနှီးဖြစ်စေတော်မူမည် မဟုတ်ပေ။ ၄၇း၄)။ စူရဟ်၏အစဉ် မယုံကြည်သွေဖည်ခြင်းနှင့် ရုပ်တုကိုးကွယ်ခြင်းများကို ဖက်တွယ်ထားကြသည့်ပြင် အခြားသူတို့အား အစွလာမ်ကို လက်ခံကျင့်သုံးမှ ဟန့်တားကြ သူတို့၏ပေးကမ်းစွန့်ကြဲခြင်း၊ အလှူဒါနပြုခြင်း၊ အများအကျိုး ဆောင်ရွက်ခြင်းစသည့် ကောင်းမှုများကို အလ္လာဟ်အရှင်မြတ်သည် အချည်းနှီး ဖြစ်စေတော်မူမည် ဖြစ်ကြောင်း ခိုင်မာစွာ မိန့်ကြားခဲ့၏။ အဘယ်ကြောင့်ဆိုသော် အီမာန်မပါရှိ ပါက ဤလုပ်ဆောင်မှုများသည် တမလွန်၌ အကျိုးဆုလာဘ်နှင့် ထိုက်တန်မည် မဟုတ်ချေ။ အီမာန်သည် ကောင်းမြတ် သောလုပ်ရပ်များအတွက် နောင်ဘဝ၌ အကျိုးဆုလာဘ် ချီးမြှင့်မှုအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်၏။ ကာဖိရ်တို့၏ အရေးကိစ္စနှင့် ဆန့်ကျင်စွာ ဤအာယတ်တော်က

ခိုင်မာစွာ မိန့်ကြားသည်မှာ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သာသနာ့အာဏာနည်တစ်ဦး၏ ကောင်းမြတ်သော အခွင့်ထူးများကို ရရှိရန် မိမိတို့၏အသက်များကို စွန့်လွှတ်ပေးဆပ်ခဲ့ကြသူများအဖို့ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ လုပ်ဆောင်ချက်များကို ဘယ်သောအခါမျှ အချည်းနှီးလက်မဲ့ ဖြစ်စေတော်မူလိမ့်မည်မဟုတ်။ ၎င်းတို့သည် အပြစ်များကို ကျူးလွန်ခဲ့ကြသည့်တိုင် ၎င်းတို့၏ အပြစ်များက ၎င်းတို့၏ ကောင်းသော လုပ်ရပ်များကို ထိခိုက်စေလိမ့်မည် မဟုတ်ပေ။ အမှန်စင်စစ် ၎င်းတို့၏ ဤကောင်းမှုများသည် ၎င်းတို့၏ အပြစ်များအတွက် ကျေနပ်အောင် ပေးလျော်မှု အဖြစ် ရှိပေလိမ့်မည်။

سَيَهْدِيْهِمْ وَ يُصْلِحُ بَالَهُمْ "ထိုအရှင်မြတ်သည် အမှန်ပင် ၎င်းတို့အား လမ်းမှန်သို့ ပို့ပေးတော်မူသည့်ပြင် ၎င်းတို့သည် အခြေအနေကိုလည်း ကောင်းအောင်ပြုပြင်၍ ပေးတော်မူပေမည်။" (၄၇း၅) ဤဝါကျက အလ္လာဟ်အရှင်မြတ်၏ ဆုလက်ဆောင်များထဲမှ နှစ်ခုကိုရည်ညွှန်း၏။ ပထမအနေဖြင့် ထိုအရှင် မြတ်သည် မိမိ၏လမ်းညွှန်မှုဖြင့် ၎င်းတို့အား ပဲ့ကိုင်ပေးတော်မူလိမ့်မည်။ ဒုတိယအနေဖြင့် ထိုအရှင်မြတ်သည် ၎င်းတို့၏ အခြေအနေကို တိုးတက် ကောင်းမွန်လာအောင် ပြုပေးတော်မူလိမ့်မည်ဖြစ်၏။ 'အခြေအနေ'ဟူသော စကားလုံးတွင် ဤလောကီနှင့် တမလွန်နှစ်လောကစလုံး၏ အခြေအနေများ ပါဝင်လေသည်။ အကယ်၍ မွတ်စလင်တစ်ဦးသည် ဤလောက၌ သာသနာ့အာဏာနည်တစ်ဦး၏ အခွင့်ထူးကို မရရှိခဲ့ပါက (သာသနာ့အာဏာနည်တစ်ဦး ဖြစ်ခွင့်မရခဲ့ပါက) ၎င်းသည်လည်း အာဏာနည်တစ်ဦး၏ ဆုလာဘ်များကို ရရှိမည်ဖြစ်ပြီး တမလွန်၌ သန်းပေါင်း၏ဆင်းရဲဒုက္ခနှင့် ရှင်ပြန်ထခြင်း၏ စိုးရိမ်ထိတ်လန့်မှုမှ လွတ်ငြိမ်းခွင့်ရရှိလိမ့်မည်ဖြစ်၏။ အကယ်၍ ၎င်းသည် သူတစ်ပါး၏ အခွင့်အရေးကို ထိပါးချိုးဖောက်ခဲ့ပါက အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင်က ၎င်း၏ဘက်မှ တာဝန်ခံ၍ သက်သေလိုက်ပြီး ၎င်းအပေါ် အပြစ်တင်မှု အားလုံးကို ကင်းစင်စေတော်မူလိမ့်မည်ဖြစ်၏။ တမန်တော်မြတ်ﷺမှတစ်ဆင့် ထိုအရှင်မြတ်၏ လမ်းညွှန်မှုဖြင့် ၎င်းတို့အား ပဲ့ကိုင်ပေးတော်မူခြင်းသည် ၎င်းတို့မျှော်မှန်းရာ ပန်းတိုင်ဖြစ်သော ဂျန္နတ်သို့ရောက်အောင် ပြုတော်မူမည်ဟု ဆိုလိုခြင်းဖြစ်လေသည်။ ကုရ်အာန်က မိန့်ဆိုသည်မှာ ဂျန္နတ်၏ဥယျာဉ်များထဲသို့ ဝင်ရောက်ကြပြီး နောက် သုခဘုံသားတို့သည် အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ကြောင်းပြသရန် လျှောက်ထားကြလိမ့်မည်။

اَلْحَمْدُ لِلّٰهِ الَّذِيْ هَدٰىنَا لِهٰذَا

ချီးမွမ်းထောပနာအပေါင်းတို့သည် ကျွန်ုပ်တို့အား ဤသည့်(နေရာ)သို့ ပို့ဆောင်တော်မူသော အလ္လာဟ်အရှင်မြတ်သည်သာလျှင် ဆိုင်တော်မူသည်။ (၇း၄၃)

وَ يُدْخِلُهُمُ الْجَنَّةَ عَرَّفَهَا لَهُمْ "ထိုမှတစ်ပါး ထိုအရှင်မြတ်သည် ၎င်းတို့အား 'ဂျန္နဟ်'သုခဘုံသို့ ဝင်ရောက်စေတော်မူပေမည်။ ထိုအရှင်မြတ် သည် ယင်း 'ဂျန္နဟ်'သုခဘုံကို ၎င်းတို့အား(ကောင်းစွာ) သိထားစေတော်မူမည်ဖြစ်၏။" (၄၇း၆)

ဤသည်မှာ အလ္လာဟ်အရှင်မြတ်၏ တတိယဆုလာဘ်တော်ဖြစ်၏။ ထိုအရှင်မြတ်သည် ၎င်းတို့အား ဂျန္နတ်သုခဘုံထဲသို့ဝင်ခွင့်ပြုတော်မူမည်သာမက ချမ်းမြေ့ပျော်ရွှင်ဖွယ်ဥယျာဉ်များကိုလည်း သတ်မှတ်ပေးတော်မူမည်ဖြစ်၏။ ထို့ပြင် ဟူရ်ကညာပျိုများနှင့် စံအိမ်ကြီးများကဲ့သို့သော ဆုလာဘ်လက်ဆောင်များကို ယင်းတို့နှင့် ထာဝရတစ်သက်လုံး နေလာခဲ့သယောင် ထင်ရလေအောင် ရင်းနှီးကျွမ်းဝင် ရှိစေတော်မူလိမ့်မည်ဖြစ်၏။ ထိုသို့ရင်းနှီးကျွမ်းဝင်မှုမျိုး ပြုလုပ်မထားခဲ့ပါက ဂျန္နတ်သုခဘုံသည် ထူးခြားဆန်းပြားသော လောကတစ်ခုအဖြစ် ထင်ခံရပေမည်။ ၎င်းတို့၏နေအိမ်များကို

ရှာတွေ့ရန်လည်းကောင်း ပတ်ဝန်းကျင်အသစ်နှင့် နေထားကျရန်လည်းကောင်း ၎င်းတို့အဖို့ အချိန်ယူရလိမ့်မည်ဖြစ်ပြီး တစိမ်းဆန်သော ခံစားချက်ကို အချိန်ကာလတစ်ခုထိ ကျော်လွှားနိုင်လိမ့်မည် မဟုတ်ပေ။

အပူဟုရိုင်ရဟ်ﷺက တင်ပြသည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ 'ကျွန်ုပ်အား အမှန်တရား၏ သာသနာနှင့်အတူ စေလွှတ်တော်မူခဲ့သော ထိုအရှင်မြတ်ကို တိုင်တည်၍ ဆိုပါသည်။ သင်တို့သည် ဤလောကတွင် သင်တို့၏ဇနီးများ၊ အိမ်များနှင့် ရင်းနှီးကျွမ်းဝင်သကဲ့သို့ ဂျန္နတ်သုခဘုံမှ သင်တို့၏ စံအိမ်များ၊ ဇနီးများကို ထိုထက်ပို၍ပင် ရင်းနှီးကျွမ်းဝင်ရှိကြပေလိမ့်မည်။ အချို့ ဟဒီးဆ်ဆင့်ပြန်ချက်များက ဆိုသည်မှာ ဂျန္နတ်သုခဘုံသား တစ်ဦးစီအတွက် ကောင်းကင်တမန် တစ်ပါးကို ခန့်ထားပေးမည်ဖြစ်ပြီး၊ ထိုကောင်းကင်တမန်က ၎င်းတို့အား ဂျန္နတ်ထဲမှ ၎င်းတို့၏ စံအိမ်၊ ဇနီးကြင်ယာများနှင့် မိတ်ဆက်ပေးမည်ဖြစ်၏။ အလ္လာဟ်အရှင်မြတ် အသိဆုံးဖြစ်တော်မူပေသည်။

وَلِلْكٰفِرِيْنَ اَمْثَالُهَا (... ဤ 'ကာဖိရ်'သွေဖည်ငြင်းပယ်သူတို့၌လည်း ယင်းကဲ့သို့သော အဖြစ်အပျက်များ ပင် ဖြစ်ပေါ်အံ့သတည်း။ ၄၇း၁၀)။ သဒ္ဒါအလိုအရ 'အလ်ကာဖိရီန' မှ 'အလစ်ဖ်လာမ်'ဟူသောပုဒ်ကို မကွာမြို့မှ ကာဖိရ်များအား သတ်သတ် မှတ်မှတ်ညွှန်ပြရာတွင်သုံး၏။ ဤဝါကျ၏ရည်ရွယ်ချက်မှာ ၎င်းတို့အား သတိပေးရန်ဖြစ်၏။ ရှေးယခင်က မျိုးဆက်များ သည် ၎င်းတို့၏ ဆိုးယုတ်မှုများကြောင့် ပြစ်ဒဏ်ခတ်ခံခဲ့ကြရသကဲ့သို့ အသင်တို့သည်လည်း အသင်တို့၏ ဆိုးယုတ်သော အပြုအမူများအတွက် အလားတူ ကံကြမ္မာမျိုးနှင့် ကြုံတွေ့ကြရလိမ့်မည်ဖြစ်၏။ စိတ်အေးလက်အေး ရှိမနေကြလေနှင့်။

وَاَنَّ الْكٰفِرِيْنَ لَا مَوْلٰى لَهُمْ (... 'ကာဖိရ်' သွေဖည်ငြင်းပယ်သူတို့အဖို့ ၎င်းတို့၏ ကိစ္စအဝဝကို ဆောင်ရွက်ပေးမည့်သူ ရှိလိမ့်မည် မဟုတ်ပေ။ ၄၇း၁၁) مَوْلٰى 'မောင်ဝ်လာ'ဟူသော စကားလုံးကို အဓိပ္ပာယ်အမျိုးမျိုးဖြင့်သုံး၏။ ယင်း၏အဓိပ္ပာယ်တစ်ခုမှာဤနေရာတွင်သုံးသည့် 'ကာကွယ်စောင့်ရှောက်သူ'သို့မဟုတ် 'ထောက်ခံအားပေးသူ'ဖြစ်ပြီး၊ အခြားအဓိပ္ပာယ်တစ်ခုမှာ 'ပိုင်ရှင်/သခင်'ဖြစ်၏။ ကုရ်အာန်၌ ကျွန်ုပ်တို့တွေ့ရသည်မှာ وَرُدُّوْٓا اِلَى اللّٰهِ مَوْلٰىهُمُ الْحَقِّ 'ထို့ပြင် ၎င်းတို့သည် မိမိတို့၏ အရှင်သခင် အစစ် အမှန် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ် ထံတော်သို့ ပြန်ပို့ခြင်းကို ခံကြရပေမည်။ (၁၀း၃၀)'ဟူ၍ဖြစ်၏။ ဤစကားရပ်တွင် အလ္လာဟ်အရှင်မြတ်ကို ကာဖိရ်တို့၏ 'မောင်လာ'(တစ်နည်း) ၎င်းတို့၏ အရှင်သခင်/ပိုင်ရှင်ဟု ခေါ်ထား၏။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်၏သခင်ဖြစ်မှု/ ပိုင်ရှင်ဖြစ်မှုသည် မုအ်မင်နှင့် ကာဖိရ်အားလုံးကို မခြွင်းမချန် လွှမ်းခြုံတော်မူပေသည်။

အာယတ်တော် (၁၂ - ၁၅)

إِنَّ اللّٰهَ يُدْخِلُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا
الْاَنْهٰرُ ۭ وَالَّذِيْنَ كَفَرُوْا يَتَمَتَّعُوْنَ وَيَاْكُلُوْنَ كَمَا تَاْكُلُ الْاَنْعَامُ وَالنَّارُ
مَثْوًى لَّهُمْ ﴿١٢﴾ وَكَاَيِّنْ مِّنْ قَرْيَةٍ هِيَ اَشَدُّ قُوَّةً مِّنْ قَرْيَتِكَ الَّتِيْٓ اَخْرَجَتْكَ
ۚ اَهْلَكْنٰهُمْ فَلَا نَاصِرَ لَهُمْ ﴿١٣﴾ اَفَمَنْ كَانَ عَلٰي بَيِّنَةٍ مِّنْ رَّبِّهٖ كَمَنْ زُيِّنَ
لَهٗ سُوْۗءُ عَمَلِهٖ وَاتَّبَعُوْٓا اَهْوَاۗءَهُمْ ﴿١٤﴾ مَثَلُ الْجَنَّةِ الَّتِيْ وُعِدَ الْمُتَّقُوْنَ ۭ

فِيۡهَاۤ اَنۡهٰرٌ مِّنۡ مَّآءٍ غَيۡرِ اٰسِنٍ ۚ وَ اَنۡهٰرٌ مِّنۡ لَّبَنٍ لَّمۡ يَتَغَيَّرۡ طَعۡمُهٗ ۚ وَ اَنۡهٰرٌ
مِّنۡ خَمۡرٍ لَّذَّةٍ لِّلشّٰرِبِيۡنَ ۚ وَ اَنۡهٰرٌ مِّنۡ عَسَلٍ مُّصَفًّى ؕ وَ لَهُمۡ فِيۡهَا مِنۡ كُلِّ
الثَّمَرٰتِ وَ مَغۡفِرَةٌ مِّنۡ رَّبِّهِمۡ ؕ كَمَنۡ هُوَ خَالِدٌ فِى النَّارِ وَ سُقُوۡا مَآءً حَمِيۡمًا
فَقَطَّعَ اَمۡعَآءَهُمۡ ﴿۱۵﴾

ဓကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် 'အီမာန်'သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုများကို ကျင့်မူဆောက်တည်ကြကုန်သော သူတို့အား ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပေမည်။ ယင်း ဥယျာဉ်များ၏အောက်၌ ရေချောင်းများသည် စီးတွေလျက်ရှိကြပေမည်။ သို့ရာတွင် ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့မှာကား ခြေလေးချောင်းတိရစ္ဆာန်တို့ စား(သောက်)ကြသကဲ့သို့ပင် (လောကီဘဝ၌သာလျှင်) စည်းစိမ်ခံခြင်း ကိုလည်းကောင်း၊ စား(သောက်၊ နေထိုင်)ခြင်းကို လည်း ကောင်း ပြုလုပ်၍နေကြကုန်၏။ စင်စစ်မှာမူကား (ဝရဲ)မီးသာလျှင် ၎င်းတို့၏ နေရာထိုင်ခင်း (အစစ် အမှန်) ဖြစ်ပေသည်။[၁၂] စင်စစ်သော်ကား မြောက်မြားစွာသော မြို့ရွာများမှာ၊ ခွန်အားဗလ အားဖြင့် အသင့်အား နှင်ထုတ်ခဲ့သော အသင်၏ မြို့ရွာထက် ပိုမို(ကြီးမား) ပြင်းထန်ခဲ့ကြကုန်၏။ ငါအရှင်မြတ်သည် ထိုမြို့ရွာများကို ဖျက်ဆီးတော်မူခဲ့၏။ ၎င်းတို့အား ကူညီစောင်မမည့်သူဟူ၍ တစ်ဦးတစ်ယောက် မျှပင် မရှိခဲ့ပေတကား။[၁၃] သို့ဖြစ်ပေရာ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူ သော အရှင်မြတ်အထံတော်မှ ထင်ရှားစွာသော သက်သေလက္ခဏာပေါ်၌ ရပ်တည်လျက်ရှိကြ သော သူတို့သည် အကြင်သူတို့ကဲ့သို့ ဖြစ်ကြပါမည်လော။ ထိုသူတို့၏ မကောင်းမှုများမှာ ၎င်းတို့၏ အမြင်၌ လှပတင့်တယ်အောင် ပြုလုပ်ခြင်းခံခဲ့ရလေ၏။ ထိုမှတစ်ပါး ထိုသူတို့သည် မိမိတို့၏ စိတ်အလိုဆန္ဒများကို လိုက်နာခဲ့ကြကုန်၏။[၁၄] 'မွတ္တကီ' သူတော်စင်များ ကတိပေးခြင်းကိုခံကြ ရသော 'ဂျန္နတ်'သုခဘုံ၏ အခြေအနေမှာ (ဤသို့ဖြစ်၏။) ယင်း'ဂျန္နတ်' သုခဘုံ၌ အနှံ့အရသာ မပျက်သော ရေချောင်းများသည်လည်းကောင်း၊ အရသာ ပြောင်းလဲသွားခြင်းမရှိသော နို့ချောင်း များသည် လည်းကောင်း၊ သောက်သုံးသူတို့အဖို့ အထူးအနှံ့အရသာကောင်းသော အရက်ချောင်း များသည် လည်းကောင်း၊ ကြည်လင်သန့်ရှင်း စင်ကြယ်သော ပျားရည်ချောင်းများသည် လည်း ကောင်း၊ ရှိကြပေမည်။ ထိုမှတစ်ပါး ၎င်းတို့ အဖို့ယင်း 'ဂျန္နတ်'သုခဘုံ၌ သစ်သီးဝလံမျိုးစုံ တို့သည် လည်း ရှိပေမည်။ ထိုမှတစ်ပါး ထိုသူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် အထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်သည်လည်း ရှိပေမည်။ (သို့ဖြစ်ပေရာ ထိုသူတို့သည်)အကြင်သူတို့ကဲ့သို့ (ဖြစ်နိုင်ကြပါမည်လော။) ထိုသူတို့သည် မီးထဲ၌ အမြဲထာဝရ နေထိုင်ကြအံ့သောသူများပင် ဖြစ်ကြ ကုန်၏။ ထိုမှတစ်ပါး ၎င်းတို့သည်ကျိုက်ကျိုက်ဆူလျက်ရှိသောရေ တိုက်ကျွေးခြင်းကို ခံကြရမည် ဖြစ်ပေရာ ထိုရေမှာမူကား ၎င်းတို့၏ အူသိမ်၊ အူမများကိုအပိုင်းပိုင်း ဖြတ်စေအံ့သတည်း။[၁၅]

ရှင်းလင်းဖွင့်ဆိုချက်

ဂျန္နသ်သုခဘုံ၏ အဓိကကျသော ထူးခြားဝိသေသများ

နောက်လောကမှ ကျေးဇူးတော်နှင့် ကောင်းချီးမင်္ဂလာ(၄)မျိုး အကြောင်းကို အာယတ်တော် (၁၆)၌ ဖော်ပြသည်မှာ သန့်စင်သောရေချောင်းများ၊အရသာပြောင်းလဲခြင်းမရှိသောနို့ရည်ချောင်းများ၊ပျော်ရွှင်ကြည်နူးမှုကိုပေးသော အရက်ချောင်းများနှင့် သန့်စင်သော ပျားရည်ချောင်းများ ဖြစ်ကြလေသည်။ ယင်းတို့ကို သူတော်စင်တို့အား ပေါများစွာ ပေးသနားတော်မူမည်ဖြစ်၏။

လောကီမှ ရေများသည် မြေကြီး၊ အပင်နှင့် အခြားအညစ်အကြေးများဖြင့် ရောစပ်ခြင်းကြောင့် ညစ်ညမ်းကာ ပုတ်စော်နံစေသည်။ သို့သော် ဂျန္နတ်တွင် သန့်စင်သောရေ စီးဆင်းသည့် ချောင်းများသာလျှင်ရှိ၏။ အနံ့၊ အရသာ၊ အရောင်ပျက်ယွင်းမသွားသော (ထို့ပြင် အောက်ခြေ၌အနည်၊ အနှစ်အလွှာများ၊ မျက်နှာပြင်၌ ကြည့်ရဆိုးသောအမြှုပ်၊ အညစ်အကြေးလွှာများ မရှိဘဲ အဆက်မပြတ် စီးဆင်းနေသည့်) သန့်ရှင်းစင်ကြယ်သော ရေချောင်းများ ရှိကြသည်။

ဤလောကီ၌ နို့ရည်သည် နွားမ၏နို့အုံများ သို့မဟုတ် အမျိုးသမီး၏ ရင်သားများကဲ့သို့ နို့တိုက်သတ္တဝါအမ၏ နို့ရည်ထုတ်ပေးသော အကြိတ်များမှ စိမ့်၍ထွက်လာပြီး မကြာမီ ပျက်စီးယိုယွင်းစ ပြုလေသည်။ ဂျန္နတ်သုခဘုံ၌မူ နို့ရည်သည် ချောင်းများအဖြစ် စီးဆင်းနေမည်ဖြစ်ပြီး ဘယ်သောအခါမျှ (ဂုဏ်သတ္တိ) ပျက်ယွင်းလိမ့်မည် မဟုတ်ဘဲ ထာဝရချိုမြိန်ကာ နှစ်သက်ဖွယ်အရသာ ရှိနေလိမ့်မည်ဖြစ်၏။

လောကီဝိုင်အရက်သည် (စွဲစွဲမြဲမြဲသောက်နေကျလူများအဖို့ ယင်း၏ခါးသက်မှုကို ခံစားရခြင်း မရှိသော်လည်း) အနံ့ဆိုးဝါးပြီး ခါးသက်၏။ သို့သော် ဂျန္နတ်သုခဘုံမှ ဝိုင်အရက်သည် သောက်သုံးသူအား အတောမသတ် ပျော်ရွှင်ကြည်နူးမှုကို ပေးလိမ့်မည်ဖြစ်၏။ စူရဟ်အက်စ်ဆွာဖ်ဖါတ်(၃၇း၄၇)၌ သုခဘုံ၏ ဝိုင်အရက်အကြောင်းကို ဖော်ပြသည်မှာ لَا فِيهَا غَوْلٌ وَّ لَا هُمْ عَنْهَا يُنْزَفُوْنَ 'ထိုအရက်ကြောင့် မူးဝေခေါင်းခဲခြင်းလည်း ရှိလိမ့်မည်မဟုတ်၊ ထိုနည်းတူစွာ ယင်းဝိုင်အရက်ကြောင့် ၎င်းတို့သည် သတိလစ်ကြရမည်လည်း မဟုတ်ပေ။'ဟူ၍ဖြစ်၏။

ဤလောကမှ ပျားရည်သည် အဓိကအားဖြင့် ပန်းပွင့်များမှ ဝတ်ရည်ကို ပျားကောင်လေးများက စုပ်ယူပြီး၊ ၎င်းတို့၏ ပျားရည်အိတ်ကလေးများထဲ၌ ထည့်ထားကြသည်။ ထိုမှတစ်ဆင့် ပျားအုံ၏ အခန်းငယ်လေးများထဲတွင် ထည့်သွင်းသိုလှောင်ထားရင်း အငွေ့ပျံမှုကြောင့် ပျားရည်သည် စေးပျစ်ကာ ရင့်မှည့်လာလေသည်။ ပျားရည်ကို ထုတ်ယူသောအခါ အတူတွဲ၍ပါရှိသည့် ဖယောင်း၊ အညစ်အကြေးနှင့် အခြားမလိုအပ်သော အရာများကို ဖယ်ရှားရန် လိုအပ်ပေသည်။ သို့ရာတွင် သုခဘုံမှ ပျားရည်သည် သန့်ရှင်းစင်ကြယ်ပြီး အနည်အနှစ်၊ အညစ်အကြေးကင်းစင်သော ပျားရည်ချောင်းများအဖြစ် အဆက်မပြတ် စီးဆင်း၍နေမည် ဖြစ်လေသည်။

ရေ၊ နို့၊ ဝိုင်အရက်၊ ပျားရည်ချောင်း(၄)မျိုးစလုံးကို ယင်းတို့၏ မူရင်းအဓိပ္ပာယ်အတိုင်း သုံးထားပြီး၊ ယင်းတို့အား တင်စားသည့် သဘောမျိုးဖြင့်သုံးရန် မလိုအပ်ပါချေ။ သုခဘုံ၏ ဆုလာဘ်လက်ဆောင်များကို ဤလောကမှ အရာများဖြင့် နှိုင်းယှဉ်၍ မဖြစ်နိုင်မှန်း ထင်ရှားပေသည်။ ဂျန္နတ်သုခဘုံမှ ဆုလာဘ်လက်ဆောင်များ၏ အရသာနှင့် အရည်အသွေးသည် ပြိုင်ဘက်ကင်းပြီး၊ သုခဘုံ၏ ဥယျာဉ်များထဲ၌သာလျှင် တွေ့ကြုံခံစားနိုင်မည် ဖြစ်ပေသည်။

အာယတ်တော် (၁၆ - ၁၈)

وَمِنْهُمْ مَّنْ يَّسْتَمِعُ اِلَيْكَ ۚ حَتّٰٓى اِذَا خَرَجُوْا مِنْ عِنْدِكَ قَالُوْا لِلَّذِيْنَ
اُوْتُوا الْعِلْمَ مَاذَا قَالَ اٰنِفًا ۭ اُولٰۗىِٕكَ الَّذِيْنَ طَبَعَ اللّٰهُ عَلٰي قُلُوْبِهِمْ وَ
اتَّبَعُوْٓا اَهْوَاۗءَهُمْ ۝ وَالَّذِيْنَ اهْتَدَوْا زَادَهُمْ هُدًى وَّاٰتٰىهُمْ تَقْوٰىهُمْ ۝
فَهَلْ يَنْظُرُوْنَ اِلَّا السَّاعَةَ اَنْ تَاْتِيَهُمْ بَغْتَةً ۚ فَقَدْ جَاۗءَ اَشْرَاطُهَا ۚ فَاَنّٰى
لَهُمْ اِذَا جَاۗءَتْهُمْ ذِكْرٰىهُمْ ۝

စင်စစ်သော်ကား ၎င်းတို့တွင် အသင့်ဘက်သို့ နားစွင့်၍နေကြသူများလည်း ရှိကြကုန်၏။ နောက်ဆုံးတွင်အသင့်ထံမှ ထွက်ခဲ့ကြသောအခါ ၎င်းတို့သည် အသိပညာကို ရရှိမြှင့်မံကြရသော ပုဂ္ဂိုလ်တို့အား ယခု ဤသူ(တမန်တော်မြတ်သည်) မည်သည့်စကား ပြောဆိုခဲ့ပါသနည်းဟု မေးမြန်းကြကုန်၏။ ထိုသူတို့သည်ပင်လျှင် အကြင်သူများတည်း။ အလွန်ဟ်အရှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများအပေါ်၌ တံဆိပ်ခတ်နှိပ်ထားတော်မူ၏။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏ စိတ်အလိုဆန္ဒများကို လိုက်နာကြကုန်၏။[၁၆] သို့ရာတွင် တရားလမ်းမှန်ကို ရရှိခဲ့ကြသော သူတို့ကိုမူကား ထိုအရှင်မြတ်သည် ပိုမိုရှင်ပင် တရားလမ်းမှန်ကိုပြသတော်မူ၏။ ထိုမှတစ်ပါး ၎င်းတို့အား တက္ကဝါတရားကိုလည်းရရှိမြှင့်ပေးသနားတော်မူ၏။[၁၇] စင်စစ် ၎င်းတို့သည် ရုတ်တရက် မိမိတို့ထံ 'ကိယာမတ်'ရှင်ပြန်ထမည့် အချိန်ကာလ ဆိုက်ရောက် လာခြင်းကိုသာလျှင် မျှော်လင့်စောင့်ဆိုင်း၍ နေကြကုန်၏။ သို့ဖြစ်လျှင် ဇကန်မလွဲ ယင်းရှင်ပြန်ထမည့်အချိန်ကာလ၏ နိမိတ်လက္ခဏာများမှာမူကား ရောက်လာခဲ့ချေပြီ။ သို့ဖြစ် ပေရာ ယင်းရှင်ပြန်ထမည့် အချိန်ကာလသည် ၎င်းတို့ထံ ရောက်လာသောအခါ၎င်းတို့၌ သတိရခြင်းသည် အဘယ်မှာလျှင် အကျိုးရှိတော့အံ့နည်း။[၁၈]

ရှင်းလင်းဖွင့်ဆိုချက်

ဤစာပိုဒ်တွင်ပါရှိသော اشراط ၊'အရှ်ရာတွ်'ဟူသော စကားလုံးသည် 'လက္ခဏာများ'ကို ဆိုလိုသည်။ တမန်တော်ပွင့်ပေါ်မှု အဆုံးသတ်သွားခြင်းသည် နောက်ဆုံးအချိန် ချဉ်းကပ်လာခြင်း၏ အရိပ်လက္ခဏာ ဖြစ်သောကြောင့် နောက်ဆုံးအချိန်၏ အတိတ်နိမိတ်များသည် 'ခတမွန်နဗီယိန်' (နောက်ဆုံးတမန်တော်မြတ်) ပွင့်ပေါ်ခြင်းဖြင့် အစပြုလေသည်။ လကိုနှစ်ခြမ်းခွဲပြသော တမန်တော်မြတ်ﷺ၏ မုအ်ဂျိဇ်ဇ တန်ခိုးတော်ကို ကျမ်းမြတ်ကုရ်အာန်က اِقْتَرَبَتِ السَّاعَةُ 'ကိယာမသ်ရှင်ပြန်ထရန် အချိန်ကာလသည် နီးကပ်၍လာခဲ့ချေပြီ၊ ၎င်းပြင် လသည်(နှစ်ခြမ်း)ကွဲခဲ့လေပြီး (၅၄း၁'ဟု ဖော်ပြခြင်းဖြင့် ဤမုအ်ဂျိဇ်ဇ် တန်ခိုးတော်မှာလည်း နောက်ဆုံးအချိန်၏ လက္ခဏာ ဖြစ်ကြောင်း ညွှန်ပြကြပေသည်။ ဤအရာများသည် ကုရ်အာန်ကို ထုတ်ပြန်ပို့ချသောအချိန်၌ ပေါ်ထွက်ခဲ့သော ကိယာမတ်၏ ကနဦးနိမိတ်လက္ခဏာများပင်ဖြစ်၏။ ထို့ပြင်စစ်မှန်သော ဟဒီးဆ်တော်များတွင် ကြုံတင်ခန့်မှန်းခဲ့သော အခြားနိမိတ်လက္ခဏာများစွာ ရှိပေသည်။ ယင်းတို့အနက်မှ တစ်ခုမှာ အနာစ်ﷺ၏ ဆင့်ပြန်ချက်ဖြစ်၏။ ၎င်းသည် အလွှာရစူလ်တမန်တော်ﷺ မိန့်တော်မူခြင်းကို ကြားခဲ့ရ၏။ 'နောက်ဆုံးအချိန်၏ နိမိတ်လက္ခဏာများအနက် အသိပညာကို ဖယ်ရှားခြင်း၊

မသိနားမလည်သူ ပေါများခြင်း၊ ကာမေသုမိစ္ဆာစာရမှု ထူပြောခြင်း၊ အရက်သေစာ သောက်သုံးမှုတွင်ကျယ်ခြင်း၊ အမျိုးသမီးက အမျိုးသားထက် အရေအတွက် ပို၍များသဖြင့် အမျိုးသမီး (၅၀)ဦးကို စောင့်ရှောက်ရန် အမျိုးသားတစ်ဦးသာ ရှိခြင်း' (ဗုခါရီနှင့် မွတ်စလင်)တို့ဖြစ်သည်။ အဆိုတစ်ခုရှိသည်မှာ 'အသိပညာသည် ယုတ်လျော့သွားပြီး မသိနားမလည်မှုက တွင်ကျယ်လာလိမ့်မည်။' ဟူ၍ဖြစ်၏။

အပူဟူရိုင်ရဟ်ﷺ ဆင့်ပြန်သည်မှာ အလ္လာ့ရစူလ်တမန်တော်ﷺ မိန့်တော်မူခဲ့သည်။ 'စစ်ပွဲလက်ရပစ္စည်းများကို ကိုယ်ပိုင်အကျိုးအဖြစ် ယူကြသောအခါ၊ ယုံကြည်အပ်နှံသော ပစ္စည်းများကို စစ်ပွဲလက်ရအဖြစ် သဘောထားသောအခါ၊ ဇကာတ်ကို ဒဏ်ကြေးတစ်ခုအဖြစ် သဘောထားသောအခါ၊ သာသနာ့ပညာထက် အခြားပညာရပ်များကို ဆည်းပူးရယူကြသောအခါ၊ လူတစ်ဦးသည် ဇနီး၏စကားကို နားထောင်ပြီး၊ မိခင်အပေါ် တာဝန်မကျေပွန်သောအခါ၊ ဂင်း၏မိတ်ဆွေကို အနားမှာထားပြီး ဖခင်ကိုအဝေးသို့ မောင်းထုတ်သောအခါ၊ ပလီဝတ်ကျောင်းများထဲတွင် အသံကို မြှင့်၍ ကျယ်လောင်စွာ စကားပြောဆိုသောအခါ၊ အကောက်ကျစ်ဆုံး လူတစ်ဦးသည် မျိုးနွယ်စု၏ အုပ်ချုပ်သူ ဖြစ်လာသောအခါ၊ အသုံးမကျဆုံး လူတစ်ဦးသည် လူထုခေါင်းဆောင် ဖြစ်လာသောအခါ၊ ဂင်းက ဒုက္ခပေးမည်ကို စိုးကြောက်၍ အကြင်သူတစ်ဦးအား ဂုဏ်ပြုချီးကျူးရသောအခါ၊ သီချင်းသည် မိန်းကလေးများနှင့် တူရိယာပစ္စည်းများ ခေတ်စားလာသောအခါ၊ အရက်သေစာ သောက်သုံးကြသောအခါ၊ နောင်းလူများက ရှေးလူများကို ကျိန်ဆဲကြသောအခါ၊ လေပြင်းမုန်တိုင်း၊ မြေလျင်၊ မြေမြုခြင်း၊ ရုပ်သွင်ပြောင်းလဲခြင်း၊ သည်းထန်သောမိုးနှင့် ကြိုးပြတ်သွားသောအခါ၊ လည်ဆွဲ၏ အပိုင်းအစများ ပြုတ်ကျသကဲ့သို့ တစ်ခုပြီးနောက်တစ်ခု ဆက်လိုက်လာမည်ဖြစ်သော လက္ခဏာများကို မြင်ရသောအချိန် (တိရ်မိဒီ)

အာယတ်တော် (၁၉)

فَاعْلَمْ اَنَّهٗ لَاۤ اِلٰهَ اِلَّا اللّٰهُ وَ اسْتَغْفِرْ لِذَنْۢبِكَ وَ لِلْمُؤْمِنِيْنَ وَ الْمُؤْمِنٰتِ ؕ وَ اللّٰهُ يَعْلَمُ مُتَقَلَّبَكُمْ وَ مَثْوٰىكُمْ ﴿۱۹﴾

သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အလ္လာဟ်အရှင်မြတ်မှတစ်ပါး ဆည်းကပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျင်းမရှိကြောင်း ကောင်းစွာသိရှိယုံကြည်ထားပါလေ။ ထို့ပြင်အသင်သည် မိမိ၏ ရိုး့တဲ့မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူ ယောကျ်ား၊ မိန်းမတို့အဖို့ လည်းကောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားအသနားခံပါလေ။ အမှန်စင်စစ်မှာကား အလ္လာဟ် အရှင်မြတ်သည် အသင်တို့(အားလုံးတို့)၏ လှုပ်လှည့်လည်သွားလာမှုကိုလည်းကောင်း၊ အသင်တို့၏ နိုလှုံရာကိုလည်းကောင်း၊ ကောင်းစွာ သိရှိတော်မူပေသတည်း။[၁၉]

ရှင်းလင်းဖွင့်ဆိုချက်

ဤအာယတ်တော်က တမန်တော်မြတ်ﷺကို မိန့်ကြားတော်မူခြင်းဖြစ်ပြီး၊ ဂင်းအား အလ္လာဟ်အရှင်မြတ်မှ တစ်ပါး အခြားကိုးကွယ်ဆည်းကပ်ရာ မရှိကြောင်းကိုသိရှိရန် စေခိုင်းကြိယာတစ်ခုဖြင့် အမိန့်ပေးတော်မူလေသည်။ ဤအသိတရားကို သူတကာထက်ပို၍နက်ရှိုင်းစွာနားလည်သော၊ တမန်တော်အပေါင်း၏ခေါင်းဆောင်ဖြစ်တော်မူသော

တမန်တော်မြတ်ﷺကို မဆိုထားနှင့် မွတ်စလင်တိုင်း သိနားလည်ပြီးဖြစ်ကြောင်းမှာ ထင်ရှား၏။ သို့ဖြစ်က အဘယ်ကြောင့် ၎င်းသည် ဤအသိတရားကိုရရှိရန် အမိန့်ပေးတော်မူခြင်း ခံရပါသနည်း။ ဤမေးခွန်းအတွက် ဖြေကြားချက်နှစ်ခု ရှိနိုင်သည်။ အလ္လာဟ်အရှင်မြတ်အား ၎င်း၏ဆည်းကပ်ကိုးကွယ်မှုဌာန စွမ်းခိုင်မာစွာရှိရန် တမန်တော်မြတ်ﷺကို အမိန့်ပေးတော်မူခြင်း သို့မဟုတ် ၎င်းအနေဖြင့် မိမိအသိတရား၏ တောင်းဆိုမှုများကို ဖြည့်စွမ်းပေးရမည်ဟု ဆိုလိုခြင်းဖြစ်၏။ စွဖ်ယာန်အိဝ်နအုယိုင်နဟ်ﷺအား အသိတရား၏ ထူးခြားပုံအကြောင်းကို မေးမြန်းသောအခါ၊ ၎င်းက "အသင် စူရဟ်မုဟမ္မဒ်၏ အာယတ်တော်(၁၉) فَاعْلَمْ اَنَّهٗ لَاۤ اِلٰهَ اِلَّا اللّٰهُ وَ اسْتَغْفِرْ لِذَنْۢبِكَ 'သို့ဖြစ်ရာ (အို-နဗီတမန်တော်) အလ္လာဟ်အရှင်မြတ်မှတစ်ပါး ဆည်းကပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျဉ်းမရှိကြောင်း ကောင်းစွာသိရှိ ယုံကြည်ထားပါလေ၊ ထို့ပြင် အသင်သည် မိမိ၏အပြစ်အမှားအတွက် ခွင့်လွှတ်မှုကို တောင်းခံပါလေ၊'ကို ရွတ်ဖတ်ခြင်း မပြုပါသလော။"ဟု ပြန်ပြောခဲ့ကြောင်း ကုရ်တူဗီက ကိုးကားဖော်ပြ၏။ ဤအာယတ်တော်က လုပ်ရပ်၏အလျင် အသိတရား ရရှိရန် လိုအပ်ကြောင်း ပြဋ္ဌာန်း၏။ အလားတူပင် ကုရ်အာန်၏ အခြားနေရာများ၌ ဦးစွာ အသိတရားကို ရရှိရန်နှင့် ထို့နောက်မှ ထိုအသိတရား၏ တောင်းဆိုချက်များကို ဖြည့်ဆည်းရန် အမိန့်ပေးတော်မူသည်။ ဥပမာ- ကျမ်းမြတ် ကုရ်အာန် (၅၇း၂၀)၌ မိန့်ကြားသည်မှာ اِعْلَمُوْۤا اَنَّمَا الْحَیٰوةُ الدُّنْیَا لَعِبٌ وَّ لَهْوٌ 'အသင်တို့သည် ကောင်းစွာသိထားကြလေကုန်၊ လောကီဘဝသည် ကစားခုန်စားမှုသက်သက်သည် လည်းကောင်း၊ အလဟသ ပျော်ပွဲ၊ ရွှင်ပွဲအားဖြင့် အချိန်ဖြုန်းတီးမှုသည် လည်းကောင်း ဖြစ်လေသည်။ ---' (၅၇း၂၀) ထို့နောက် မိန့်ကြားသည်မှာ- سَابِقُوْۤا اِلٰی مَغْفِرَةٍ مِّنْ رَّبِّكُمْ 'အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်းကောင်း၊ ---ပြိုင်ဆိုင်ပြေးကြလေကုန်။' (၅၇း၂၀) စူရဟ်အာန်ဖာလ်၌ ကုရ်အာန်ကျမ်းတော်မြတ်က وَاعْلَمُوْۤا اَنَّمَاۤ اَمْوَالُكُمْ وَ اَوْلَادُكُمْ فِتْنَةٌ 'ငင်းပြင် အသင်တို့ သည် ကောင်းစွာသိထားကြလေကုန်၊ ဇကန်စင်စစ် အသင်တို့၏ ဥစ္စာပစ္စည်းများနှင့် သားသမီးများသည် စမ်းသပ်မှု တစ်ရပ်သာလျှင် ဖြစ်သည်ကို လည်းကောင်း ---' (၈း၂၈)ဟု မိန့်ဆိုထားသည်။ ဤအသိတရား တောင်းဆိုမှုကို စူရဟ်တဃာဗွန်၌ فَاحْذَرُوْهُمْ '--- သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့ကို သတိထားကြလေကုန်။ ---' (၆၄း၁၄)ဟူ၍ ဖော်ပြလေသည်။ ဤနည်းအားဖြင့် ဤဖြစ်ရပ်များ၌ ဦးစွာကွဲပြားခြားနားသော အရာများ၏ အသိကို ပေးပြီး၊ နောက်မှ ထိုအသိ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းရန် ဖြစ်ပေသည်။

တမန်တော်မြတ်ﷺတွင် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းရှိခြင်းဟူသော အသိတရားရှိခဲ့ပြီးဖြစ်သော်လည်း ဤနေရာ၌ အမိန့်ပညတ်ချက်မှာ တမန်တော်မြတ်ﷺအဖို့ ဤအခြေခံကျသော တောင်းဆိုမှုဖြစ်သည့် وَ اسْتَغْفِرْ لِذَنْۢبِكَ '--- ၎င်းပြင်၊ အသင်သည် မိမိ၏ချို့တဲ့မှုနှင့် စပ်လျဉ်း၍ --- လွတ်ငြိမ်းခွင့်ကို ပန်ကြားပါလေ ---' (၄၇း၁၉)ကို ဖြည့်ဆည်းရန် ဖြစ်လေသည်။ တမန်တော်မြတ်ﷺသည် အမှားအယွင်းမရှိ၊ အပြစ်ဒုစရိုက်မှ ကင်းစင်သောကြောင့် ၎င်းအနေဖြင့် အပြစ်များကို ကျူးလွန်လိမ့်မည်ဟူသော ဖြစ်နိုင်ခြေမှာ မစဉ်းစားအပ်ပါပေ။ သို့သော် အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်များﷺသည် 'အစ်ဂျ်တိဟာဒ်'များတွင် ဆုံးဖြတ်ချက်လွဲမှားမှု ရှိနိုင်သည့်အချက်ကို ဖယ်ထား၍ မရနိုင်၊ သို့သော် မြင့်မြတ်သော ဥပဒေအရ ထိုသို့သော အမှားအယွင်းများကို အပြစ်ဟု မှတ်ယူခြင်းမရှိပေ။ အမှန်စင်စစ် ယင်တို့သည် အကျိုးဆုလာဘ် ချီးမြှင့်ခြင်းပင်ခံရ၏။ နဗီတမန်တော်များသည် မိမိတို့၏ မှန်ကန်သော အဆင့်အတန်း၊ မြင့်မားသော အနေအထားများကို စောင့်ထိန်းကြရန် မိန့်မှာခြင်းခံကြရ၏။ ထိုကဲ့သို့ အမှားအယွင်းများကိုလည်း တစ်ခါတစ်ရံ 'ဇန်ဗ်' (အပြစ် သို့မဟုတ် မကောင်းမှု)ဟု ရည်ညွှန်း၏။ ဥပမာ- စူရဟ်အဗစ(၈၀)၌ တမန်တော်မြတ်ﷺသည် ၎င်း၏လွဲမှားသော အယူအဆအတွက် ပြစ်တင်ဝေဖန်ခြင်းခံခဲ့ရ၏။ အသေးစိတ်များကို ထိုစူရဟ်အကြောင်း

ဆွေးနွေးသောအခါ တင်ပြမည်ဖြစ်၏။ ထိုစူရဟ်၌ရည်ညွှန်းသည့် ဆုံးဖြတ်ချက်လွဲမှားမှုသည် တကယ်တမ်းတွင် အပြစ် တစ်ခုမဟုတ်ချေ။ အမှန်စင်စစ် ထိုဆုံးဖြတ်မှု မှားယွင်းခြင်းအတွက် အကျိုးဆုလာဘ်တစ်ခုကို ၎င်းအား ကတိပြုတော် မူခဲ့၏။ သို့သော် ထို(အမှား)သည် ၎င်း၏မြင့်မားသော အနေအထားနှင့် မအပ်စပ်သောကြောင့် အလ္လာဟ်အရှင်မြတ်သည် မိမိ၏မနှစ်သက်မှုကို ဖော်ပြတော်မူခဲ့ခြင်းဖြစ်၏။ ဤအမျိုးအစား 'ဇန်ဗ်'(အမှား)ကို ယခုအာယတ်တော်၌ ရည်ညွှန်းလေ သည်။

မှတ်စု

သာဝကကြီး အဗူဗက်ရ်ဆွဒ်ဒီက်ﷺက တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့ကြောင်းတင်ပြသည်။ ﴿٤٧:١٩﴾ 'လာအိလာဟအစ်လလ္လာ'နှင့် ﴿استغفر﴾'အစ်တိဂ်ဖါရ်'ကို မကြာခဏ ရွတ်ဆိုပါ။ အဘယ်ကြောင့်ဆိုသော် အိစ်ဗ်လိစ် (ရှိုင်တွာန်)က ဆိုသည်မှာ 'ကျွန်ုပ်သည် လူတို့အား အပြစ်များ ကျူးလွန်စေလျက် ဖျက်ဆီးခဲ့၏။ သို့သော် ၎င်းတို့က ကျွန်ုပ်အား 'အစ်လလ္လာဟ်'ကို ရွတ်ဆိုခြင်းဖြင့် ဖျက်ဆီးခဲ့ကြ၏။ ထို့ကြောင့် ကျွန်ုပ်က ၎င်းတို့အား လွဲမှားပြီး အခြေ အမြစ်မရှိသော အတွေးများ၊ ထင်မြင်ချက်များဖြင့် ရှုပ်ထွေးပတ်သက်အောင် ပြုလုပ်လျက် ယင်းတို့နောက်သို့ အစစ် အမှန်'အဖြစ် လိုက်စေသည်။ (ဥပမာ- သာသနာရေးရာ အသစ်တီထွင်မှု 'ဗိဒအာတ်'။ ၎င်းတို့သည် ယင်းတီထွင်မှုများကို မှန်ကန်ကောင်းမြတ်သောအရာများအဖြစ် ကျင့်သုံးကြခြင်းဖြင့် ၎င်းတို့၏ ကျင့်သုံးမှုအတွက် နောင်တရစိတ်မဖြစ်ပေါ် တော့ပေ။

مُتَقَلَّبَكُمْ وَمَثْوَىٰكُمْ"--- အသင်တို့ (အားလုံးတို့)၏ လှည့်လည်သွားလာမှုကို လည်းကောင်း၊ အသင်တို့ ၏ ခိုလှုံရာကို လည်းကောင်း ကောင်းစွာ သိရှိတော်မူပေသတည်း။" (၄၇း၁၉)။ ----- 'မုတကလ်လဗ်'၏ အဘိဓါန် အဓိပ္ပာယ်မှာ 'ကွေ့သည် သို့မဟုတ် မှောက်/လှန်သည်'ကို ဆိုလိုသည်။ ဤမုတဝါဟူသော စကားရပ်ကို ရှင်းလင်းဖွင့် ဆိုသူတို့က အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြပြီး အနက်ဖွင့်ဆိုမှုအားလုံးသည် မှန်ကန်၊ ခိုင်မာ၊ တိကျသည်သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လူသားများသည် အခြေအနေနှစ်ရပ်ဖြင့် ရင်ဆိုင်ကြရသည်။ အခြေအနေတစ်ရပ်မှာ ၎င်းတို့ ၏ တစ်စုံတစ်ရာနှင့် ပတ်သက်မှုသည် ယာယီသာလျှင်ဖြစ်ပြီး အခြားအခြေအနေတစ်ရပ်မှာ အမြဲတမ်းဖြစ်၏။ ထိုနည်းတူစွာ လူ၏နေ ထိုင်မှုသည် အချို့နေရာများတွင် ယာယီဖြစ်ပြီး၊ အခြားနေရာများတွင် အမြဲတမ်းဖြစ်လေသည်။ ယခု အာယတ်တော်၏ နိဂုံးစကားရပ်မှ 'မုတကလ်လဗ်'ဟူသော စကားလုံးအား 'ခေတ္တ/ယာယီ'ကိုဖော်ပြရန်သုံးပြီး၊ 'မဆ်ဝါ'အား 'အမြဲတမ်း'ကိုဖော်ပြန်ရန်သုံး၏။ ဤနည်းအားဖြင့် ဤအာယတ်တော်က အလ္လာဟ်အရှင်မြတ်သည် လူသားတို့၏ အခြေအနေအရပ်ရပ်ကို ကောင်းစွာသိတော်မူကြောင်း ညွှန်းဆိုခြင်း ဖြစ်လေသည်။

အာယတ်တော် (၂၀-၃၁)

وَ يَقُوْلُ الَّذِيْنَ اٰمَنُوْا لَوْ لَا نُزِّلَتْ سُوْرَةٌ ۚ فَاِذَاۤ اُنْزِلَتْ سُوْرَةٌ مُّحْكَمَةٌ وَّ
ذُكِرَ فِيْهَا الْقِتَالُ ۙ رَاَيْتَ الَّذِيْنَ فِيْ قُلُوْبِهِمْ مَّرَضٌ يَّنْظُرُوْنَ اِلَيْكَ نَظَرَ
الْمَغْشِيِّ عَلَيْهِ مِنَ الْمَوْتِ ؕ فَاَوْلٰى لَهُمْ ﴿۲۰﴾ طَاعَةٌ وَّ قَوْلٌ مَّعْرُوْفٌ ۫ فَاِذَا
عَزَمَ الْاَمْرُ ۫ فَلَوْ صَدَقُوا اللّٰهَ لَكَانَ خَيْرًا لَّهُمْ ﴿۲۱﴾ فَهَلْ عَسَيْتُمْ اِنْ تَوَلَّيْتُمْ
اَنْ تُفْسِدُوْا فِي الْاَرْضِ وَ تُقَطِّعُوْۤا اَرْحَامَكُمْ ﴿۲۲﴾ اُولٰٓئِكَ الَّذِيْنَ لَعَنَهُمُ اللّٰهُ
فَاَصَمَّهُمْ وَ اَعْمٰۤى اَبْصَارَهُمْ ﴿۲۳﴾ اَفَلَا يَتَدَبَّرُوْنَ الْقُرْاٰنَ اَمْ عَلٰى قُلُوْبٍ
اَقْفَالُهَا ﴿۲۴﴾ اِنَّ الَّذِيْنَ ارْتَدُّوْا عَلٰۤى اَدْبَارِهِمْ مِّنْۢ بَعْدِ مَا تَبَيَّنَ لَهُمُ
الْهُدَى ۙ الشَّيْطٰنُ سَوَّلَ لَهُمْ ؕ وَ اَمْلٰى لَهُمْ ﴿۲۵﴾ ذٰلِكَ بِاَنَّهُمْ قَالُوْا لِلَّذِيْنَ
كَرِهُوْا مَا نَزَّلَ اللّٰهُ سَنُطِيْعُكُمْ فِيْ بَعْضِ الْاَمْرِ ۖۚ وَ اللّٰهُ يَعْلَمُ اِسْرَارَهُمْ
﴿۲۶﴾ فَكَيْفَ اِذَا تَوَفَّتْهُمُ الْمَلٰٓئِكَةُ يَضْرِبُوْنَ وُجُوْهَهُمْ وَ اَدْبَارَهُمْ ﴿۲۷﴾ ذٰلِكَ
بِاَنَّهُمُ اتَّبَعُوْا مَاۤ اَسْخَطَ اللّٰهَ وَ كَرِهُوْا رِضْوَانَهٗ فَاَحْبَطَ اَعْمَالَهُمْ ﴿۲۸﴾ اَمْ
حَسِبَ الَّذِيْنَ فِيْ قُلُوْبِهِمْ مَّرَضٌ اَنْ لَّنْ يُّخْرِجَ اللّٰهُ اَضْغَانَهُمْ ﴿۲۹﴾ وَ لَوْ نَشَآءُ
لَاَرَيْنٰكَهُمْ فَلَعَرَفْتَهُمْ بِسِيْمٰهُمْ ؕ وَ لَتَعْرِفَنَّهُمْ فِيْ لَحْنِ الْقَوْلِ ؕ وَ اللّٰهُ يَعْلَمُ
اَعْمَالَكُمْ ﴿۳۰﴾ وَ لَنَبْلُوَنَّكُمْ حَتّٰى نَعْلَمَ الْمُجٰهِدِيْنَ مِنْكُمْ وَ الصّٰبِرِيْنَ
ۙ وَ نَبْلُوَا۟ اَخْبَارَكُمْ ﴿۳۱﴾

စင်စစ်သော်ကား 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူတို့က 'စူရဟ်' ကဏ္ဍတစ်ခုခု အဘယ်ကြောင့် မကျရောက်ပါသနည်းဟု ပြောဆို(တောင့်တ)ခဲ့ကြကုန်၏။ သို့ရာတွင် ရှင်းလင်းပြတ်သားသော 'စူရဟ်' ကဏ္ဍ တစ်စုံတစ်ရာသည် ချပေးခြင်းကိုခံရ၍ ယင်း 'စူရဟ်' ကဏ္ဍ၌ စစ်မက်တိုက်ခိုက်ရန် အကြောင်း ဖော်ပြပါရှိသောအခါ စိတ်နလုံးများတွင် ရောဂါဝေဒနာရှိသော သူတို့သည် သေဘေးကို စိုးရိမ်သောကြောင့် မိန်းမောနေသူများ၏ အကြည့်မျိုးနှင့် အသင့်ဘက်သို့ ကြည့်နေကြသည်ကို အသင်တွေ့မြင်ရပေမည်။ သို့ဖြစ်ပေရာ ၎င်းတို့၌ ပျက်စီးမှုရှိပေမည်။[၂၀] (၎င်းတို့၏) လိုက်နာမှု သည်လည်းကောင်း၊ ပြောဆိုမှုသည်လည်းကောင်း၊ သိရှိပြီးဖြစ်၏။ သို့တစေလည်း ၎င်းတို့သည် အရေးကိစ္စအလုံးစုံပြဋ္ဌာန်းပြီး ဖြစ်သောအခါ၌လည်း အကယ်၍ အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်

၍ သစ္စာစောင့်သိကြလျှင် ၎င်းတို့အဖို့ အကောင်းဆုံးပင် ဖြစ်ခဲ့ပေမည်။[၂၁] သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် (စစ်မက်တိုက်ခိုက်ခြင်းမှ) လွှဲရှောင်ခဲ့ကြသည်ရှိသော် ကမ္ဘာမြေဝယ် ဆူပူသောင်းကျန်းနိုင်ကြမည် ဟူ၍လည်းကောင်း၊ မိမိတို့အချင်းချင်း သားချင်းတော် စပ်မှုကို ဖြတ်တောက်နိုင်ကြ မည်ဟူ၍လည်းကောင်း၊ မျှော်လင့်ကြလေသလော။[၂၂] ထိုသူတို့သည် အကြင်သူများပင်၊ အလွှာဟ်အရှင်မြတ်သည် ၎င်းတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့၏။ တစ်ဖန် ၎င်းတို့အား နားပင်းစေတော်မူခဲ့၏။ ထို့ပြင် ၎င်းတို့၏မျက်စိများကို ကန်းစေတော်မူခဲ့၏။[၂၃] သို့ပါလျက် ၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို စေ့ငုစွာ စဉ်းစားဆင်ခြင်သုံးသပ်ခြင်းမပြုကြလေသလော။ သို့တည်းမဟုတ် (၎င်းတို့၏)စိတ်နှလုံးများပေါ်၌ သော့ခလောက်များ (ခတ်ထားလျက်) ရှိနေသလော။[၂၄] ဇကန်စင်စစ် အကြင်သူတို့သည် ၎င်းတို့အဖို့တရားလမ်းမှန် ထင်ရှားခဲ့ပြီးနောက်တွင် ကျောခိုင်း၍ ပြန်လှည့်သွားကြကုန်၏။ 'ရှိုင်တွာန်'မိစ္ဆာကောင်သည် ထိုသူတို့အား ဖြားယောင်းခဲ့ လေ၏။ ထိုမှတစ်ပါး ယင်း 'ရှိုင်တွာန်' မိစ္ဆာကောင်သည် ၎င်းတို့အား မက်လုံးပြခဲ့လေ၏။[၂၅] ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့သည် အလွှာဟ်အရှင်မြတ် ချပေးသနားတော်မူခဲ့သော အမိန့်တော်များကို စက်ဆုပ်ကြသောသူတို့အား ဇကန်အမှန် ကျွန်ုပ်တို့သည် အချို့သော အရေးကိစ္စများ၌ အသင်တို့၏ စကားကို လိုက်နာကြမည်ဟု ပြောဆိုခဲ့ကြသောကြောင့်ပင်။ စစ်စစ်သော်ကား အလွှာဟ်အရှင်မြတ်သည် ၎င်းတို့၏ လျှို့ဝှက်စွာပြောဆိုမှုကို ကောင်းစွာသိရှိ တော်မူ၏။[၂၆] သို့ရာတွင် 'မလာအိကဟ်' ကောင်းကင်တမန်များသည် ထိုသူတို့၏ မျက်နှာများကို လည်းကောင်း၊ ထိုသူတို့၏ ကျောက်ကုန်းများကို လည်းကောင်း၊ ရိုက်ကြလျက် ထိုသူတို့၏ အသက်ဇီဝိန် နှုတ်သိမ်းကြသောအခါ (ထိုသူတို့သည်) မည်သည့်အဖြစ်သို့ (ရောက်ရှိကြအုံးနည်း)။[၂၇] ထိုသို့ဖြစ်ရခြင်းမှာ ထိုသူတို့သည် အလွှာဟ်အရှင်မြတ် မနှစ်မြို့သော နည်းလမ်းကို လိုက်နာခဲ့ကြသောကြောင့် လည်းကောင်း၊ ထိုအရှင်မြတ်၏ နှစ်မြို့မှုကို စက်ဆုပ်ခဲ့သောကြောင့် လည်းကောင်း၊ ဖြစ်ပေသည်။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ၎င်းတို့၏အပြုအမူ ဆောင်ရွက်ချက်တို့ကို အချည်းနှီးပင် ဖြစ်စေတော်မူခဲ့ပေသတည်း။[၂၈] စိတ်နှလုံးများတွင် ရောဂါဝေဒနာရှိသော သူတို့သည် ၎င်းတို့၏ရန်ငြိုးထားမှုများကို ဝါအရှင်မြတ်သည်အလျှင်း ထုတ်ဖော်တော်မူမည်မဟုတ်ဟု ထင်မှတ်နေကြလေသလော။[၂၉] စင်စစ်သော်ကား အကယ်၍သာ ဝါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ဝါအရှင်မြတ်သည် အသင့်အား၎င်းတို့ကို (သိစေအုံ့သောငှာ) အမှန်ပင် ပြသတော်မူပေမည်။ထိုအခါ အသင်သည် မုချဇကာန် ၎င်းတို့အား ၎င်းတို့၏ ရုပ်ရည်လက္ခဏာ အမှုအရာဖြင့် မုချအတိအကျ သိရှိပေမည်။ ထိုမှတစ်ပါး အသင်သည် ၎င်းတို့အား (၎င်းတို့၏) စကားပြောဆိုပုံ စကားအသွားအလာဖြင့် (ယခုလည်း) အမှန်ပင် သိရှိပေမည်။ အမှန်စင်စစ်သော်ကား အလွှာဟ်အရှင်မြတ်သည် အသင်တို့၏ပြုမူဆောင်ရွက်ချက်တို့ကို ကောင်းစွာ သိရှိတော်မူ၏။[၃၀] ၎င်းပြင်ဇကာန်မလွဲ ဝါအရှင်မြတ်သည် အသင်တို့အနက်မှ သက်စွန့်ကြိုးပမ်းဆောင်ရွက်သူတို့ကို သိရှိတော်မူသည့်တိုင်အောင် လည်းကောင်း၊ အသင်တို့၏ အခြေအနေများကို စမ်းသပ်(ကြည့်ရှု)တော်မူသည့်တိုင်အောင် လည်းကောင်း၊ အသင်တို့အား စမ်းသပ်တော်မူအုံ့သတည်း။[၃၁]

ရှင်းလင်းဖွင့်ဆိုချက်

سُورَةُ مُّحَمَّدٍ (ရှင်းလင်းပြတ်သားသောစူရဟ်တစ်ပုဒ်)။ مُحَمَّدٍ 'မုဟ်ကမဟ်'သည် 'ခိုင်မာသော'ဟု အဓိပ္ပာယ်ရ၏။ စူရဟ်တိုင်းသည် 'မုဟ်ကမ်' ဖြစ်သော်လည်း ဤနေရာတွင် မြင့်မြတ်သောဥပဒေ၏ အသုံးအနှုန်းအရ 'မုဟ်ကမ်'ကို 'မန်စူးခ်' (ပယ်ဖျက်ခံရသော)၏ ဆန့်ကျင်ဘက် စကားလုံးအဖြစ် သုံးထား၏။ ထို့ပြင် 'စူရဟ်'ဟူသော စကားလုံးအား နာမဝိသေသန 'မုဟ်ကမဟ်'ဖြင့် အထူးပြုသောကြောင့် ထိုစူရဟ်သည် ရှင်းလင်းပြတ်သားသော ပညတ် တော်တစ်ပါး ပါဝင်ဖွဲ့စည်းပြီး၊ ပယ်ဖျက်ခြင်းမခံရသော အလ္လာဟ်အရှင်မြတ်၏ ပညတ်တော်တစ်ပါးဖြစ်သော အခါမှ သာလျှင် မုဟ်မင်တို့၏ စူရဟ်အသစ်တစ်ပုဒ် တောင့်တမှုကို နားလည်နိုင်ပေသည်။ ကတာဒဟ်ﷺက ပြောကြားသည်မှာ 'ဂျိဟာဒ်'နှင့် 'ကိတာလ်' အမိန့်ပညတ်များ ပါဝင်သော စူရဟ်အားလုံးသည် ရှင်းလင်းပြတ်သားသည့်ပြင် ပယ်ဖျက်ခံရ ခြင်းလည်း မရှိပေ။ ဤစူရဟ်၏ အဓိကရည်ရွယ်ချက်များ တိုက်ခိုက်မှုကို အမိန့်ပေးရန်နှင့် လူများအား အမိန့်ပညတ်ချက်ကို အကောင်အထည်ဖော်ဖို့ ဖျောင်းဖျရန်ဖြစ်သောကြောင့် ဂျိဟာဒ်ကို ညွှန်ပြသည့် အမိန့်ပညတ်ဖြစ်သော နာမဝိသေသန ဆိုင်ရာ စကားရပ်မှာ 'စူရဟ်မမုဟ်ကမဟ်' ဖြစ်လေသည်။ (ကုရ်တူဗီ)

فَاَوۡلٰی لَهُمۡ (သို့ဖြစ်ရာ ၎င်းတို့၌ ပျက်စီးမှုသည် ရှိပေမည်။ --- ၄၇း၂၀)။ ဤစာသားတွင်သုံးသော အာရဗီ စကားလုံးသည် အက်စ်မအီ၏ အဆိုအရ ပျက်စီးမှု၏ အကြောင်းတရားများသည် ၎င်းတို့ထံသို့ ချဉ်းကပ်၍လာချေပြီ အနီးဆိုက်ရောက်လေပြီဟု ဆိုလို၏။ (ကုရ်တူဗီ)

فَهَلۡ عَسَيۡتُمۡ اِنۡ تَوَلَّيۡتُمۡ اَنۡ تُفۡسِدُوۡا فِى الۡاَرۡضِ وَ تُقَطِّعُوۡۤا اَرۡحَامَكُمۡ "သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် (စစ်မက်တိုက်ခိုက်ခြင်းမှ) လွှဲရှောင်ခဲ့ကြသည်ရှိသော်၊ ကမ္ဘာမြေဝယ် ဆူပူသောင်းကျန်းနိုင်ကြမည် ဟူ၍လည်းကောင်း၊ မိမိတို့အချင်းချင်း သားချင်းတော်စပ်မှုကို ဖြတ်တောက်နိုင်ကြမည် ဟူ၍လည်းကောင်း မျှော်လင့်ကြလေသလော"(၄၇း၂၂)။ ဤစာသားမှ تَوَلّٰى 'တဝလ္လ'ဟူသော စကားလုံး၌ အဓိပ္ပာယ် ၂ မျိုးရှိ၏။

'အိအ်ရသွ' (လွှဲရှောင်ခြင်း/ရှောင်ပြေးခြင်း) ဖြစ်နိုင်သကဲ့သို့ လူများအပေါ် ဩဇာသက်ရောက်ခြင်းကို ဆိုလိုခြင်းလည်း ဖြစ်နိုင်လေသည်။ ကုရ်အာန်ရှင်းလင်းဖွင့်ဆိုသူအချို့က ဤအာယတ်တော်တွင် ပထမအဓိပ္ပာယ်ကို ယူကြပြီး၊ အဗူဗေယနဲ့ကလည်း ၎င်း၏အလ်ဗဟ်ရွလ်မုဟီတ်၌ ဤအနက်ဖွင့်ဆိုချက်ကို ရွေးချယ်ခဲ့၏။ (အထက်မှ ဘာသာပြန်မှာ ထိုအပေါ် အခြေခံသည်။) ဤရှုဒေါင့်မှကြည့်သော် အာယတ်တော်၏ အဓိပ္ပာယ်မှာ အကယ်၍ အသင်တို့သည် ဂျိဟာဒ်(အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ကြိုးပမ်းခြင်း)နှင့် အခြားသော ရှရီအဟ်၏ အမိန့်ပညတ်များမှ ရှောင်ပြေးခဲ့ကြပါက အစ္စလာမ်က ပယ်ဖျက်ခဲ့ပြီးဖြစ်သော ရှေးဟောင်းမသိနားမလည်မှု စနစ်ဆီသို့ ပြန်သွားခြင်းဖြစ်ပေလိမ့်မည်။ အစ္စလာမ်မတိုင်မီ 'ဂျာဟိလိယဟ်' ခေတ်အခါက ဓလေ့ထုံးစံအရ ရာစုနှစ်နှင့်ချီ၍ ၎င်းတို့သည် အကျင့်ပျက်ခဲ့ပြီး ဆွေမျိုးသားချင်း သံယောဇဉ်ကို ခက်ထန်ဆိုးရွားစေခဲ့သည်။ ဥပမာအားဖြင့် ၎င်းတို့သည် မတရားမှုကို ကျင့်သုံးခဲ့ကြသည်၊ အချင်းချင်း၏ လည်ပင်းကိုလှီးခဲ့ကြသည်၊ မျိုးနွယ်စုတစ်ခုနှင့်တစ်ခု အချင်းချင်း တိုက်ခိုက်ခဲ့ကြသည်၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို ကျူးလွန်ခဲ့ကြသည့်ပြင် ၎င်းတို့သည် မိမိတို့၏ သမီးများကို မိမိတို့၏လက်များဖြင့် အရှင်လတ်လတ် မြေမြှုပ်ခဲ့ကြသည်။ ဤအရာများနှင့် အမိုက်ခေတ်မှ အခြားသော ရက်စက်ကြမ်းကြုတ်သည့် ဓလေ့ထုံးစံများကို အစ္စလာမ်က လုံးဝဖယ်ရှားဖျက်သိမ်းခဲ့သည်။ ထိုခေတ်အခါ၏ ရက်စက်ကြမ်းကြုတ်မှုများကို ပယ်ဖျက်ရန်အတွက် အစ္စလာမ်က သွေးစွန်းသည်ဟု ထင်ရသော ဂျိဟာဒ်ကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်၏။ သို့သော် တကယ်

တမ်းတွင် ယင်းက ရောဂါဖြစ်နေသော ခြေလက်ကို ဖြတ်တောက်ခြင်းနှင့် ပမာတူလေသည်။ ထိုသို့ဖြတ်တောက်လိုက်မှသာ ခန္ဓာကိုယ်၏ ကျန်ရှိနေသော အစိတ်အပိုင်းများသည် ကျန်းမာသန်စွမ်းစွာ ရှိကြမည်ဖြစ်၏။ ဂျိဟာဒ်သည် တရားမျှတမှုနှင့် သာတူညီမျှမှုများကို ထူထောင်ပြီး၊ သွေးသားတော်စပ်မှုနှင့် သံယောဇဉ်နှောင်ကြိုးကို ထိန်းပေးလေသည်။

ရူးဟွလ်မအာနီ၊ ကုရ်တူဗီနှင့် အခြားသူများကမူ 'တဝလ္လီဟူသော စကားလုံး၏ ဒုတိယအဓိပ္ပာယ်ဖြစ်သော လူတို့အပေါ် သြဇာညောင်းခြင်းကို ယူကြ၏။ ဤရှုဒေါင့်မှကြည့်သော် အာယတ်တော်က ဆိုလိုသည်မှာ အသင်သည် ကိုယ်ကျင့်တရား ပျက်ပြားလျက်ရှိစဉ် အကယ်၍ သင့်အား လူများအပေါ် သြဇာညောင်းခြင်းနှင့် လောကီကိစ္စများကို ယုံကြည်အပ်နှံပါက အသင်သည် ကမ္ဘာပေါ်တွင် အကျင့်စာရိတ္တ ပျက်ပြားခြင်းနှင့် သားချင်းတော်စပ်မှု နှောင်ကြိုးများကို ဖြတ်တောက်ခြင်းများ ဖြစ်စေလိမ့်မည်ဟူ၍ဖြစ်၏။

သွေးသားတော်စပ်မှုနှောင်ကြိုးကို တင်းကြပ်စွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း

اَرْحَام 'အရ်ဟာမ်'ဟူသော စကားလုံးသည် رَحِمٌ 'ရဟီမ်'(သားအိမ်)၏ အများကိန်းဖြစ်၏။ သားအိမ်ဟူသည် လူသားပေါက်စလေးများ မမွေးဖွားမီ ကိုယ်ဝန်ဆောင်ရာ၊ ထားရှိရာ၊ ကာကွယ်မှုပေးရာ၊ ဖွံ့ဖြိုးကြီးထွားရာဖြစ်သော မိခင်၏ဝမ်းဗိုက်တွင်းမှ ထည့်စရာ သို့မဟုတ် သိုလှောင်စရာ နေရာတစ်ခု ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ဤနေရာသည် ဆက်နွယ်မှု၊ တော်စပ်မှုအားလုံး၏ ပင်ရင်းနေရာ ဖြစ်သောကြောင့် တင်စားကာသုံးခြင်းဖြစ်၏။ တဖိစီရ ရူးဟွလ်မအာနီက ဤအကြောင်းနှင့်စပ်လျဉ်း၍ 'ဇဝင်လ်အရ်ဟာမ်' သို့မဟုတ် 'အရ်ဟာမ်'ဟူသော ဝေါဟာရတွင် အကျုံးဝင်သည့် ဆက်နွယ်ပတ်သက်မှုများ အကြောင်းကို အသေးစိတ်ရှင်းပြထား၏။ အစွယ်မာန ဆွေမျိုးသားချင်း အခွင့်အရေးများကို ဖြည့်ဆည်းခြင်းအား လွန်စွာအလေးထား၏။ ဗုခါရီက သာဝကကြီး အဗူဟုရိုင်ရဟ်ﷺနှင့် အခြားသာဝကကြီး နှစ်ပါးအား ကိုးကားလျက် ဟဒီးဆ်တစ်ပုဒ်ကို မှတ်တမ်းတင်သည်မှာ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကောင်းမွန်သော ဆက်ဆံရေးထားရှိသူ မည်သူမဆို အလျှာဟ်အရှင်မြတ်သည် ထိုသူအားလည်း ကောင်းမွန်သော ဆက်ဆံရေး ထားရှိတော်မူ၏။ သို့သော် ၎င်း၏ဆွေမျိုးသားချင်း နှောင်ကြိုးကို ဆိုးရွားအောင် ပြုလုပ်သော မည်သူမဆို အပေါ် အလျှာဟ်အရှင်မြတ်ကလည်း မိမိနှင့်ထိုသူ၏ ဆက်ဆံရေးကို ဆိုးရွားစေတော်မူလိမ့်မည်ဖြစ်၏။ ဤဟဒီးဆ်က ဆွေမျိုးသားချင်းများကို စကားအရာ၌ ဖြစ်စေ၊ ပြုမူဆက်ဆံပုံအရ ဖြစ်စေ၊ ဥစ္စာပစ္စည်းနှင့် ပတ်သက်၍ဖြစ်စေ ကြင်နာစွာရှိရန်မှာ မည်မျှအရေးကြီးကြောင်းကို ဖော်ပြ၏။ ထိုဟဒီးဆ်၌ပင် အဗူဟုရိုင်ရဟ်ﷺက အာယတ်တော် (၄၇း၂၂) ကိုပင် ကိုးကားလျက် ပြောကြားသည်မှာ 'ထို(အာယတ်တော်)ကို အသင်ရွတ်ဖတ်လိုက ရွတ်ဖတ်လေလော့။' အခြားတစ်ပုဒ်၌ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့ကြောင်း လာရှိသည်။ 'တမလွန်၌သာမက ဤလောက၌လည်း ပြစ်ဒဏ် ပေးခံရမည့် ပြစ်မှုတစ်ခုရှိ၏။ ထိုပြစ်မှုသည် ဆွေမျိုးသားချင်း တော်စပ်မှုကို ဖြတ်တောက်ခြင်းပင်ဖြစ်၏။' ဆော်ဟာန်ﷺ၏ ဟဒီးဆ်၌ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့ကြောင်း လာရှိသည်မှာ 'အကြင်သူသည် အသက်ရှည်၍ စားနပ်ရိက္ခာပေါများလိုပါက မိမိ၏ဆွေမျိုးသားချင်းများကို ကြင်နာစွာ ဆက်ဆံသင့်ပေသည်။' ဗုခါရီတွင် တွေ့ရသည့် ဟဒီးဆ်မှာ အောက်ပါအတိုင်းဖြစ်၏။

لیس الواصل بالمکافی ولکنّ الواصل الذی اذا قطعت رحمه وصلها

ဆွေမျိုးသားချင်းနှောင်ကြိုးကို အကောင်းဆုံး ထိန်းသိမ်းသောသူသည် ၎င်းတို့အပေါ် ကြင်နာကောင်းမွန်သည့် အတွက် ဆွေမျိုးများ၏ ကျေးဇူးတုန့်ပြန်မှုကို ရရှိသောကြောင့် ထိုသို့ပြုလုပ်သော သူမဟုတ်ဘဲ ဆွေမျိုးသားချင်းများက မိမိနှင့် ဆွေမျိုးတော်စပ်မှုကို ဆိုးရွားအောင် ပြုလုပ်သည့်တိုင်

ၾကားတို့အား မျှတစွာဆက်ဆံသူပင်ဖြစ်၏။ (အိပ်နိုကဆီးရ်)

أُولَٰئِكَ الَّذِينَ لَعَنَهُمُ اللَّهُ (ထိုသူတို့သည် အကြင်သူများပင် အလ္လာဟ်အရှင်မြတ်က ၾကားတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူ ခဲ့၏။ --- ၄၇း၂၃)။ တစ်နည်းဆိုရလျှင် အကျင့်ပျက်ပြားမှုကို ဖြစ်စေသောသူများနှင့် ဆွေမျိုးသားချင်း နောင်ကြိုးကို ဖြတ်တောက်သူများသည် အလ္လာဟ်အရှင်မြတ်၏ ကျိန်ဆဲမှုကို ခံကြရ၏။ (တစ်နည်း) အလ္လာဟ်အရှင်မြတ်သည် ၾကားတို့အား မိမိ၏ကရုဏာတော်မှ ဝေးကွာစေတော်မူလေသည်။ ဤအာယတ်တော်ပေါ် အခြေခံလျက် သာဝကကြီး အုမရ်ﷺက 'အွမ်မွလ်ဝလဒ်' ရောင်းချခြင်းကို ဟရာမ်ဟု ယူဆခဲ့ခြင်းဖြစ်၏။ 'အွမ်မွလ်ဝလဒ်'သည် အစွလာမ်ဥပဒေ၌ မိမိ၏သခင်အတွက် ကလေးတစ်ယောက် မွေးဖွားပေးခဲ့သောကြောင့် သခင်ကွယ်လွန်သောအခါ လွတ်လပ်ခွင့်ရရှိသည့် ကျွန်မတစ်ဦးအတွက်သုံးသော ဝေါဟာရဖြစ်၏။ မိခင်ကို ရောင်းချခြင်းသည် ကလေးနှင့်မိခင်ကို ခွဲခြင်းဖြစ်၍ ကလေးနှင့် မိခင်တို့ကြားမှ သံယောဇဉ်နောင်ကြိုးကို ဖြတ်တောက်ခြင်း ဖြစ်သဖြင့် အလ္လာဟ်အရှင်မြတ်၏ ကျိန်ဆဲမှုခံရ နိုင်ပေသည်။ ထို့ကြောင့် 'အွမ်မွလ်ဝလဒ်' ရောင်းချခြင်းကို ဟရာမ်အဖြစ် ကြေညာခဲ့ခြင်း ဖြစ်လေသည်။

တစ်ဦးတစ်ယောက်အား ကျိန်ဆဲခြင်းနှင့် သက်ဆိုင်သောဥပဒေ-ယဇီဒ်အား ကျိန်ဆဲခြင်းအကြောင်း

ယဇီဒ်အား ကျိန်ဆဲခြင်းကို ခွင့်ပြု-မပြုနှင့် စပ်လျဉ်း၍ အဗ်ဒွလ္လာဟ်က ၎င်း၏ဖခင်ဖြစ်သူ အီမာမ်အဟ်မဒ်အား မေးမြန်းသောအခါ၊ အီမာမ်က ပြန်ပြောခဲ့သည်။ 'ကုရ်အာန်ထဲ၌ အလ္လာဟ်အရှင်မြတ်က ကျိန်ဆဲတော်မူထားသော ပုဂ္ဂိုလ်တစ်ဦးကို ကျွန်ုပ်တို့က အဘယ်ကြောင့် ကျိန်ဆဲ၍မရပါမည်နည်း။' အဗ်ဒွလ္လာဟ်က ၎င်းသည် ကုရ်အာန်ကျမ်းတစ်စောင်လုံးကို ရွတ်ဖတ်ခဲ့သော်လည်း မည်သည့်နေရာတွင်မျှ ယဇီဒ်အား ကျိန်ဆဲသည်ကို မတွေ့ခဲ့ပါဟု ပြောခဲ့၏။ ဖခင်က ယခုအာယတ်တော်ကို ရွတ်ဖတ်ပြီး၊ 'ဆွေမျိုးအဆက်ဖြတ်ရာတွင် ယဇီဒ်ထက် မည်သူက ပို၍ဆိုးနိုင်ပါသနည်း။ ၎င်းသည် တမန်တော်မြတ်ﷺ၏ ဆွေမျိုးများကိုပင် ဂရုမစိုက်ခဲ့ပေ။'ဟု ပြောကြားခဲ့၏။ သို့ရာတွင် အွမ္မတ်အများစုကမူ ၎င်းသည် ကာဖိရ်အဖြစ်နှင့် သေဆုံးခဲ့ကြောင်း သေချာပေါက်မသိပါဘဲလျက် မည်သည့်ပုဂ္ဂိုလ်တစ်ဦးကိုမျှ ကျိန်ဆဲပိုင်ခွင့်မရှိဟူသော အယူအဆထားရှိကြ၏။ သို့လင့်ကစား ကျွန်ုပ်တို့အနေဖြင့် လူလိမ်များပေါ်သို့ အလ္လာဟ်အရှင်မြတ်၏ ကျိန်ဆဲမှုကျရောက်ပါစေ၊ ထိခိုက်နစ်နာအောင် ပြုလုပ်သူများအပေါ် အလ္လာဟ်အရှင်မြတ်၏ ကျိန်ဆဲမှုကျရောက်ပါစေ၊ ဆွေမျိုးဖြတ်တောက်သူများအပေါ် အလ္လာဟ်အရှင်မြတ်၏ ကျိန်ဆဲမှု ကျရောက်ပါစေ စသည်ဖြင့် ယေဘုယျသဘောခြုံငုံ၍ ကျိန်ဆဲစကားကို အသုံးပြုနိုင်ပေသည်။ ဤအကြောင်းကို ရှုဟွလ်မအာနီက အကျယ်တဝင့် ဆွေးနွေးတင်ပြထား၏။

أَمْ عَلَىٰ قُلُوبٍ أَقْفَالُهَا (--- သို့တည်းမဟုတ် ၎င်းတို့၏ စိတ်နှလုံးများပေါ်၌ သော့ခလောက်များ ခတ်လျက်ရှိကြလေသလော ၄၇း၂၄)။ ဤစကားရပ်သည် ကုရ်အာန်၏ အခြားအာယတ်တော်များမှ အလားတူသော စကားရပ်များနှင့် အဓိပ္ပာယ်ချင်း တူပေသည်။ ကာဖိရ်တို့သည် အမှန်တရားကို နားလည်သဘောပေါက်မှုအတွက် ၎င်းတို့၏ စိတ်နှလုံးများကို အသုံးပြုရန် မည်ကဲ့သို့ ငြင်းဆန်ကြကြောင်းနှင့် အကျိုးဆက်အနေဖြင့် ၎င်းတို့၏ အမှားနှင့်အမှန် ခွဲခြားနိုင်စွမ်းမှာ (အသုံးမပြုဘဲ ထားသဖြင့်) သိမ်ချည့်သွားခဲ့ကြောင်းကို ဖော်ပြရန် 'ခတ်မ်' သို့မဟုတ် 'တွဗ်အ်' (အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများပေါ်သို့ ချိတ်တံဆိပ်ခတ်နှိပ်တော်မူသည်။) ထိုကဲ့သို့သော စကားလုံးများကို အသုံးပြုလေသည်။ သတိမထားမိဘဲ တစ်ချိန်လုံး အပြစ်များကို ကျူးလွန်နေမိခြင်းသည် ဤသည်၏အဓိက အကြောင်းတရားပင် ဖြစ်တော့၏။ ထိုအဖြစ်မျိုးမှ ကင်းဝေးပါရစေ။

اَلشَّيْطٰنُ سَوَّلَ لَهُمْ ۬ وَ اَمْلٰى لَهُمْ (--- ရှိုင်တွာန် မိစ္ဆာကောင်သည် ထိုသူတို့အား ဖြားယောင်းခဲ့လေ၏။ ထိုမှတပါး ယင်းရှိုင်တွာန် မိစ္ဆာကောင်သည် ၎င်းတို့အား မက်လုံးပြခဲ့လေသည်။ ၂၇း၂၅)။ ဤဝါကျတွင် မကောင်းဆိုးဝါး၏ လုပ်ရပ်နှစ်ခုကို ဖော်ညွှန်း၏။ အချို့လူများအား မကောင်းသော အလုပ်များကို ကောင်းသယောင် ထင်မှတ်စေရန် လှည့်စားခြင်းကို ဆိုလိုသော 'တပ်စ်ဝီလ်'နှင့် ခေတ္တသက်သာမှုပေးခြင်းကို ဆိုလိုသော 'အင်မ်လာအ်'တို့ ဖြစ်ကြသည်။ ပထမသော် ရှိုင်တွာန်မိစ္ဆာ သည် ၎င်းတို့၏ မကောင်းသော အလုပ်များကို ၎င်းတို့အဖို့ ကောင်းသည့်ပုံ၊ လှပသည့်ပုံပေါ် အောင် ပြုလုပ်ခဲ့သည်။ ထို့နောက် ဘယ်သောအခါမျှ ပြည့်ဝမည်မဟုတ်သော ၎င်းတို့၏ တလွဲမျှော်လင့်ချက်များကို အချိန်ကြာရှည်ခဲ့စေလေ သည်။

اَمْ حَسِبَ الَّذِيْنَ فِىْ قُلُوْبِهِمْ مَّرَضٌ اَنْ لَّنْ يُّخْرِجَ اللّٰهُ اَضْغَانَهُمْ "စိတ်နှလုံးများတွင် ရောဂါဝေဒနာရှိသော သူတို့သည် ၎င်းတို့၏ရန်ငြိုးထားမှုများကို ငါအရှင်မြတ်သည် အလျင်းထုတ်ဖော်တော်မူမည် မဟုတ်ဟု ထင်မှတ်နေကြလေသလော။" (၄၇း၂၉)။ 'အသ်ဒ်ဂါန်'ဟူသော စကားလုံးသည် တိတ်တိတ်ပုန်းရန်လိုခြင်း၊ အငြိုးထားခြင်း၊ မလိုတမာစိတ်ထားခြင်း၊ အာဃာတထားခြင်းဟု အဓိပ္ပာယ်ရသော 'သွစ်ဂ်န်'၏ အများကိန်းဖြစ်၏။ ဤအာယတ်တော်သည် အယောင်ဆောင်မွတ်စလင်(မုနာဖစ်ဂ်)တို့၏ စိတ်နှလုံးများ ထဲ၌ ဖုံးကွယ်ထားသည့် အစွလာမ်အပေါ် ခါးသီးသော မုန်းတီးမှုနှင့် အငြိုးထားမှုများကို မြင်သာအောင် ဖော်ပြရန် ကျရောက်ခဲ့သည်။ ၎င်းတို့သည် အပြင်ဘမ်းအားဖြင့် တမန်တော်မြတ်ﷺအပေါ် ချစ်ခင်သယောင် ဟန်ဆောင်ကြသော်လည်း၊ အတွင်းစိတ်များထဲကမူ တမန်တော်မြတ်ﷺအား ပြင်းထန်စွာ မုန်းတီးမှုနှင့် ရန်လိုမှုများ ခိုအောင်းနေခဲ့ ကြ၏။ အလ္လာဟ်အရှင်မြတ်သည် အကွယ်မှအရာများကို သိတော်မူသော အရှင်ဖြစ်ကြောင်း ၎င်းတို့သိရှိကြသော် လည်း ထိုအရှင်မြတ်သည် ၎င်းတို့၏စိတ်ထဲမှ လျှို့ဝှက်ချက်ကို လည်းကောင်း၊ တိတ်တခိုးရန်လိုမှုကို လည်းကောင်း လူများအား ဖော်ထုတ်ပြသတော်မူလိမ့်မည်ဟု စိုးရိမ်ကြောင့်ကြမရှိခဲ့ကြပေ။ အိပ်နကဆီးရ်က ပြောကြားသည်မှာ စူရဟ်ဗရားအ်အဟ်ထဲတွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ အယောင်ဆောင်မှုကို ပေါ်လွင်စေသော ၎င်းတို့သည် အယောင်ဆောင်များဖြစ်ကြောင်း သိနိုင်မည်ဖြစ်သော ၎င်းတို့၏ အလုပ်များ၊ လုပ်ရပ်များနှင့် တက်ကြွလှုပ်ရှားမှုများကို ဖော်ပြတော်မူသည်။ ထို့ကြောင့် ထိုစူရဟ်၏ အခြားနာမည် ဖာဒီဟာဟ်မှာ ၎င်းတို့အား အရှက်ရအောင် သို့မဟုတ် သိက္ခာကျအောင် ဖော်ထုတ်ခြင်းဟု အဓိပ္ပာယ်ရ၏။ အဘယ်ကြောင့်ဆိုသော် ထိုစူရဟ်ထဲ၌ မုနာဖစ်ဂ်တို့၏ စရိုက် လက္ခဏာများကို တိတိပပ ဖော်ပြသောကြောင့် ဖြစ်လေသည်။

وَ لَوْ نَشَآءُ لَاَرَيْنٰكَهُمْ فَلَعَرَفْتَهُمْ بِسِيْمٰهُمْ (စင်စစ်သော်ကား အကယ်၍ ငါအရှင်မြတ်သည် အလိုတော်ရှိပါလျှင် ငါအရှင်မြတ်သည် အသင့်အား ၎င်းတို့ကို (သိစေအံ့သောငှာ) အမှန်ပင် ပြသတော်မူပေမည်။ ထိုအခါ အသင်သည် မုချဧကန် ၎င်းတို့အား ၎င်းတို့၏ ရုပ်ရည်လက္ခဏာ အမူအရာဖြင့် မုချအတိအကျ သိရှိပေမည်။ --- ၄၇း၃၀)။ တစ်နည်းဆိုရလျှင် အကယ်၍ အလ္လာဟ်အရှင်မြတ် အလိုတော်ရှိပါက ထိုအရှင်မြတ်သည် မည်သူမည်ဝါ အယောင်ဆောင်ဖြစ်ကြောင်းကို တိကျစွာ ထောက်ပြပြီး၊ ၎င်းတို့၏ သွင်ပြင်လက္ခဏာများ အကြောင်းကို ဖော်ပြတော်မူမည်ဖြစ်၏။ သို့မှသာ အယောင်ဆောင်တစ်ဦးချင်းစီ ကို တမန်တော်မြတ်ﷺ ကိုယ်တိုင်ကိုယ်ကျ ခွဲခြားသိနိုင်မည်ဖြစ်၏။ သဒ္ဒါနည်းအရဤအပိုဒ်အား ကုရ်အာန်က အယူအဆသဘောဖြစ်သော ပုဒ်ဖြစ်သည့် 'လေါင်ဝ်'(အကယ်၍)ဖြင့် အစချီထားသဖြင့် ဝါကျက ဖြစ်ရမည့်အရာသည် ဖြစ်မလာခြင်း သို့မဟုတ် ဖြစ်လာမည့်ပုံ မပေါ်ခြင်းကို ညွှန်းဆိုလေသည်။ ဤရှုဒေါင့်မှကြည့်လျှင် အကယ်၍သာ အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူခဲ့ပါက မည်သူမည်ဝါသည် အယောင်ဆောင်ဖြစ်ကြောင်း အသင့်အား အတိအကျ ဖော်ပြတော်မူခဲ့ပေလိမ့်မည်။ သို့သော် ထိုအရှင်မြတ်၏ ပညာဉာဏ်တော်နှင့် သက်ညှာမှုတို့က

ငင်းတို့အား အရှက်ရစေရန်နှင့် သိက္ခာကျစေရန် ဤနည်းဖြင့် ဖော်ထုတ်ပြသရန် လိုလားတော်မူခဲ့ပေ။ ထို့ကြောင့် လောကီကိစ္စရပ်အားလုံးကို ယင်းတို့၏ အပြင်ပန်းသွင်ပြင်ဖြင့် ဆုံးဖြတ်စေပြီး၊ စိတ်အတွင်းမှ အခြေအနေနှင့် ကိစ္စရပ်များကို အရာရာသိတော်မူ သော အလ္လာဟ်အရှင်မြတ်ထံ လွှဲအပ်ထားစေတော်မူသည်။ သို့ရာတွင် တမန်တော်မြတ်ﷺ အား ထိုးထွင်းသိမြင် ဉာဏ်ကို အလ္လာဟ်အရှင်မြတ်က ပေးသနားတော်မူသည်ဖြစ်၍ ၎င်းသည် အယောင်ဆောင်တို့၏ အတွင်းသဘောနှင့် စရိုက်လက္ခဏာများကို ၎င်းတို့၏ပြောပုံဆိုပုံအားဖြင့် သိနိုင်လေသည်။ ဤသည် وَ لَتَعْرِفَنَّهُمْ فِيْ لَحْنِ الْقَوْلِ (ထိုမှတပါး အသင်သည် ၎င်းတို့အား (၎င်းတို့၏) စကားပြောဆိုပုံ၊ စကားအသွားအလာဖြင့် (ယခုလည်း) အမှန်ပင် သိရှိပေမည်။ --- ၄၇း၃၀)၏ အဓိပ္ပာယ်ပင် ဖြစ်တော့၏။ (အိဗ်နုကဆီးရ်)

သာဝကကြီး အွစ်မာန်အိဗ်နုအဖ္ဖာန်ﷺက ပြောကြားသည်မှာ လူတစ်ဦး၏ စိတ်နှလုံးထဲ၌ ဖုံးကွယ်ထားသော လျှို့ဝှက်ချက်ကို အလ္လာဟ်အရှင်မြတ်သည် ထိုသူ၏မျက်နှာပေါ်၌ ပြသတော်မူသည့်ပြင်၊ ၎င်း၏အမှတ်မထင် နှုတ်ထွက်စကားမှလည်း သိစေတော်မူသည်၊ တစ်နည်းဆိုရလျှင် စကားစမြည်ပြောကြရင်း ၎င်းတို့၏ ဖုံးကွယ်ထားသော လျှို့ဝှက်ချက်များကို ဖော်ပြသည့်စကားများ အမှတ်တမဲ့ ထွက်လာတတ်၏။ ထိုနည်းတူစွာ ဟဒီးစ်တစ်ပုဒ်ရှိသည်မှာ မည်သူမဆို မိမိ၏စိတ်နှလုံးထဲ၌ လျှို့ဝှက်အကြံအစည်တစ်ခုကို ထိန်းသိမ်းထားသည်ရှိသော် အလ္လာဟ်အရှင်က ထိုအကြံအစည်ပေါ်၌ အဖုံးအကာတစ်ခု ထားပေးတော်မူသည်။ အကယ်၍ ထိုအကြံအစည်သည် ကောင်းမွန်ပါက ပေါ်လွင်လာမည်ဖြစ်ပြီး၊ အကယ်၍ ယင်းသည် ဆိုးရွားပါကလည်း ပေါ်လွင်လာမည်ဖြစ်၏။ အချို့သော ဟဒီးဆ်တော်များ၏ ဆင့်ပြန်ချက်များက ဖော်ပြသည်မှာ တမန်တော်မြတ်ﷺသည် မုနာဖစ်က်အုပ်စုတစ်စုကို နာမည်နှင့်တကွ အသိပေးခြင်း ခံခဲ့ရသည်။ ဥပမာ- အီမာမ်အဟ်မဒ်၏ မွတ်စ်နဒ်၌ အုက်ဗဟ်အိဗ်နုအမ်ရ်ﷺအား ကိုးကားလျက် မှတ်တမ်းတင်သည်မှာ တရားပွဲတစ်ခုတွင် တမန်တော်မြတ်ﷺသည် တက်ရောက်နေသူ မုနာဖစ်က်တို့အား နာမည်များကိုခေါ်လျက် စုဝေးပွဲမှ ထွက်ခွာသွားကြရန် တောင်းဆိုခဲ့၏။ နာမည်အားလုံးပေါင်း(၃၆)ခု ရှိခဲ့လေသည်။

(အိဗ်နုကဆီးရ်)

حَتّٰى نَعْلَمَ الْمُجٰهِدِيْنَ مِنْكُمْ (--- ဂျိဟာဒ်ပြုလုပ်သောသူများကို ငါအရှင်မြတ် သိတော်မူသည့်တိုင် --- ၄၇း၃၁)။ ပုဂ္ဂိုလ်တိုင်း၏ လုပ်ငန်း များနှင့် ဆောင်ရွက်ချက်များကို အလ္လာဟ်အရှင်မြတ် သိတော်မူခြင်းသည် အရာရာကို လွှမ်းခြုံသည့်ပြင် အဆုံးဟူ၍ လည်းမရှိပေ။ ဤနေရာတွင် အသိပညာနှစ်မျိုးအကြောင်းကို သိထားသင့်၏။ (၁) ကြိုတင်၍သိသော အသိပညာ- အရာတစ်ခု၏ အကြောင်းကို ယင်းဖြစ်ပေါ်မလာမီကပင် သိရှိပြီးဖြစ်သော ကြိုတင်သိမြင်သောပညာနှင့် (၂) အရာ တစ်ခုအကြောင်းကို အမှန်တကယ် ဖြစ်လာခဲ့ပြီးမှသိသော နောက်ပိုင်းအသိပညာတို့ ဖြစ်ကြသည်။ အသိပညာသည် ဤနေရာတွင် ဒုတိယအတန်းအစားကို ရည်ညွှန်းခြင်းဖြစ်၏။ အလ္လာဟ်အရှင်မြတ်၏ အရာဝတ္ထုများကို သိသောအသိသည် (အချိန်)ယခင့်ယခင်ကတည်းကဖြစ်၏။ ဤအကြောင်းနှင့် စပ်လျဉ်းသော် အရာဝတ္ထုများအကြောင်းကို သိခြင်းသည် ပြင်ပကမ္ဘာ၌ အဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက်မှ သိခြင်းဖြစ်၏။ (အိဗ်နုကဆီးရ်)။ (အာယတ်တော် ဤအပိုင်း၏ ရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်မြတ်သည် မုအ်မင်တို့အား တိုက်ခိုက်ကြရန် အမိန့်ပေးတော်မူခဲ့သည်။ သို့မှသာ တိုက်ခိုက်ရတော့မည်ဟူသော အတွေးဖြင့် ထိတ်လန့်နောက်တွန့်သွားကြသည့် မုနာဖစ်က်များမှ ရိုးသားစစ်မှန်သော မုအ်မင်ယုံကြည်သူတို့သည် ထင်ရှားကွဲပြားသွားမည် ဖြစ်ပေသည်။ အလ္လာဟ် အရှင်မြတ် အသိဆုံးဖြစ်တော်မူသည်။

အာယတ်တော် (၃၂-၃၈)

اِنَّ الَّذِيْنَ كَفَرُوْا وَ صَدُّوْا عَنْ سَبِيْلِ اللّٰهِ وَ شَآقُّوا الرَّسُوْلَ مِنْۢ بَعْدِ مَا
تَبَيَّنَ لَهُمُ الْهُدٰى ۙ لَنْ يَّضُرُّوا اللّٰهَ شَيْـًٔا ؕ وَ سَيُحْبِطُ اَعْمَالَهُمْ ﴿۳۲﴾ يٰۤاَيُّهَا
الَّذِيْنَ اٰمَنُوْۤا اَطِيْعُوا اللّٰهَ وَ اَطِيْعُوا الرَّسُوْلَ وَ لَا تُبْطِلُوْۤا اَعْمَالَكُمْ
﴿۳۳﴾ اِنَّ الَّذِيْنَ كَفَرُوْا وَ صَدُّوْا عَنْ سَبِيْلِ اللّٰهِ ثُمَّ مَاتُوْا وَ هُمْ كُفَّارٌ فَلَنْ
يَّغْفِرَ اللّٰهُ لَهُمْ ﴿۳۴﴾ فَلَا تَهِنُوْا وَ تَدْعُوْۤا اِلَى السَّلْمِ ۖۚ وَ اَنْتُمُ الْاَعْلَوْنَ ۚۖ وَ
اللّٰهُ مَعَكُمْ وَ لَنْ يَّتِرَكُمْ اَعْمَالَكُمْ ﴿۳۵﴾ اِنَّمَا الْحَيٰوةُ الدُّنْيَا لَعِبٌ وَّ لَهْوٌ
ؕ وَ اِنْ تُؤْمِنُوْا وَ تَتَّقُوْا يُؤْتِكُمْ اُجُوْرَكُمْ وَ لَا يَسْـَٔلْكُمْ اَمْوَالَكُمْ ﴿۳۶﴾
اِنْ يَّسْـَٔلْكُمُوْهَا فَيُحْفِكُمْ تَبْخَلُوْا وَ يُخْرِجْ اَضْغَانَكُمْ ﴿۳۷﴾ هٰۤاَنْتُمْ هٰۤؤُلَآءِ
تُدْعَوْنَ لِتُنْفِقُوْا فِيْ سَبِيْلِ اللّٰهِ ۚ فَمِنْكُمْ مَّنْ يَّبْخَلُ ۚ وَ مَنْ يَّبْخَلْ فَاِنَّمَا
يَبْخَلُ عَنْ نَّفْسِهٖ ؕ وَ اللّٰهُ الْغَنِيُّ وَ اَنْتُمُ الْفُقَرَآءُ ۚ وَ اِنْ تَتَوَلَّوْا يَسْتَبْدِلْ
قَوْمًا غَيْرَكُمْ ۙ ثُمَّ لَا يَكُوْنُوْۤا اَمْثَالَكُمْ ﴿۳۸﴾

၎ကန်အမှန် အကြင်သူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းမှ(လည်း) တားဆီးခဲ့ကြကုန်၏။ ထိုမှတစ်ပါး ၎င်းတို့သည် ရစူလ်တမန်တော်မြတ်အား ဆန့်ကျင်ဘက် ပြုလုပ်ခဲ့ကြကုန်၏။၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား အနည်းငယ်စိုးစဉ်းမျှပင် အကျိုးယုတ်စေနိုင်ကြမည် မဟုတ်ပေ။ သို့ရာတွင် ထိုအရှင်မြတ်သည် အမှန်ပင် ၎င်းတို့၏ပြုလုပ်ဆောင်ရွက်ချက်တို့ကို အချည်းနှီး ဖြစ်စေတော်မူပေမည်။[၃၂] 'အို-မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို လိုက်နာကြလေကုန်။ ထို့ပြင် အသင်တို့သည် ရစူလ်တမန်တော်မြတ်၏ အမိန့် တော်ကို(လည်း) လိုက်နာကြလေကုန်။ ထိုမှတစ်ပါးအသင်တို့သည် မိမိတို့၏ အပြုအမူဆောင်ရွက် ချက်များကို အချည်းနှီး မဖြစ်စေကြကုန်လင့်။[၃၃] ၎ကန်စင်စစ် အကြင်သူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းမှ တားဆီး ပိတ်ပင်ခဲ့ကြကုန်၏။ ထို့နောက် ၎င်းတို့သည် ကာဖိရ်သွေဖည်ငြင်းပယ်သူတို့အဖြစ်နှင့်ပင် သေဆုံးသွားခဲ့ကြကုန်၏။ သို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အားအလျှင်း ခွင့်လွှတ်ချမ်းသာပေးတော်မူမည် မဟုတ်ပေ။[၃၄] သို့ဖြစ်ပေရာ (အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူ အပေါင်းတို့၊) အသင်တို့သည် အားလျော့ခြင်းမပြုကြကုန်လင့်။

ၵင်းတို့အား စစ်ပြေငြိမ်းရေးသို့ ဖိတ်ခေါ်ခြင်းလည်း မပြုကြကုန်လင့်၊ အမှန်သော်ကား အသင်တို့သည်သာလျှင် အောင်မြင်သူများ ဖြစ်ကြကုန်၏။ ၵင်းပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့နှင့် အတူ ရှိတော်မူ၏။ ၵင်းပြင် ထိုအရှင်မြတ်သည် အသင်တို့၏ ပြုမူဆောင်ရွက်ချက်များ(၏အကျိုး)ကို အလျှင်းလျော့နည်းစေတော်မူမည် မဟုတ်ပေတကား။[၃၅] (ဤ)ပစ္စုပ္ပန်လောကီဘဝမှာ ကစားပွဲ၊ ပျော်ရွှင်ပွဲမျှသာဖြစ်၏။ သို့ရာတွင် အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်ကြသည်ရှိသော် ၵင်းပြင်(ပြစ်မှုဒုစရိုက်တို့မှ) ကြဉ်ရှောင်ကြသည်ရှိသော် ထိုအရှင်မြတ်သည် အသင်တို့၏ ကုသိုလ်အကျိုးများကို ချီးမြှင့်ပေးသနားတော်မူပေမည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့ထံမှ အသင်တို့၏ ပစ္စည်းများကို တောင်းဆိုမည်လည်း မဟုတ်ပေ။[၃၆] အကယ်၍ ထိုအရှင်မြတ်သည် အသင်တို့ထံမှ ယင်းပစ္စည်းဥစ္စာများကို တောင်းဆိုတော်မူ သည်ရှိသော်၊ တစ်ဖန် ထိုအရှင်မြတ်သည် အသင်တို့ထံ အပူတပြင်း တောင်းဆိုတော်မူသည်ရှိသော်၊ အသင်တို့သည် စေးနဲကြပေမည်။ ၵင်းပြင် ထိုအရှင်မြတ်သည်လည်း အသင်တို့၏ စက်ဆုပ်မှုများကိုထုတ်ဖော်တော်မူပေမည်။[၃၇] ဟယ်-(အချင်းတို့၊) အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်း၌ သုံးစွဲရန် ဖိတ်ခေါ်ခြင်းကို ခံကြရသောသူများပင်။ သို့ရာတွင် အသင်တို့အနက် အချို့မှာ စေးနဲသောသူများ ဖြစ်ကြကုန်၏။ အမှန်သော်ကား မည်သူမဆို စေးနဲပါမူထိုသူသည် မိမိကိုယ်နှင့် ပတ်သက်၍ စေးနဲသည်သာတည်း။ စင်စစ်သော်မူကား အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အရှင်ဖြစ်တော်မူ၏။ သို့ရာတွင်အသင်တို့သည် လိုလားတောင့်တသူများပင် ဖြစ်ကြကုန်၏။ ၵင်းပြင် အကယ်၍ အသင်တို့သည် မျက်နှာလွှဲကြပါမူ ထိုအရှင်မြတ်သည် (အသင်တို့အား) အသင်တို့၏နေရာတွင် အခြားသော အမျိုးသားတို့ဖြင့် လဲလှယ်တော်မူပေမည်။ ထိုအမျိုးသားတို့မှာကား အသင်တို့နှင့် တူကြမည် မဟုတ်ပေ။ [၃၈]

ရှင်းလင်းဖွင့်ဆိုချက်

اِنَّ الَّذِيْنَ كَفَرُوْا وَ صَدُّوْا عَنْ سَبِيْلِ اللّٰهِ "ဇကာန်အမှန် အကြင်သူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ထို့ပြင် ၵင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းမှ(လည်း) တားဆီးခဲ့ကြကုန်၏။ ထိုမှတစ်ပါး ၵင်းတို့သည် ---" (၄၇း၃၂)။ဤအာယတ်တော်ကလည်းမုနာဖစ်ဂ်များကိုရည်ညွှန်းသည့်ပြင်ဗနူကုရိုင်ဇဟ်နှင့်ဗနူနဇီရ်ဂျူးမျိုးနွယ်စုများကိုရည်ညွှန်း၏။သာဝကကြီးအိဗ်နိုအဗ္ဗာစ်ﷺကပြောကြားသည်မှာဤအာယတ်တော်သည်ဗဒ်ရ်စစ်ပွဲဖြစ်ပွားသောအခါကကုရိုက်ရှ်ကာဖိရ်များနှင့် ပူးပေါင်းခဲ့ကြ သော မုနာဖစ်ဂ်များကို ရည်ညွှန်းခြင်းဖြစ်၏။ ကုရိုက်ရှ်များကို ကူညီခဲ့ကြပုံမှာ ထိုမျိုးနွယ်စုနှစ်စုမှ လူ(၁၂)ဦးသည် မိမိတို့၏ သဘောအလျောက် (ကာဖိရ်)စစ်တပ်တစ်ခုလုံးကို ကျွေးမွေးရန် တာဝန်ယူခဲ့ကြသည်။ ထို(၁၂)ဦးထဲမှ တစ်ဦးစီ သည် သူ့ရဂ်နှင့်သူ အလှည့်ကျရန် သူတပ်စခန်းကို ထမင်းကျွေးရန် စီစဉ်စည်းရုံးခဲ့ကြသည်။

وَ سَيُحْبِطُ اَعْمَالَهُمْ (--- ထိုအရှင်မြတ်သည် အမှန်ပင် ၵင်းတို့၏ ပြုလုပ်ဆောင်ရွက်ချက်တို့ကို အချည်းနှီး ဖြစ်စေတော်မူပေမည်။ (၄၇း၃၂)။ 'ဟပ်တုလ်အအ်မာလ်' (လုပ်ဆောင်မှုများကို အချည်းနှီးဖြစ်စေတော်မူခြင်း)တွင် အဓိပ္ပာယ်နှစ်မျိုးထဲမှ တစ်မျိုးရှိနိုင်သည်။ (၁) အစွမ်းလမ်းကို ယိုင်နဲ့စေရန် ၵင်းတို့၏အားထုတ်မှုသည် အောင်မြင်မည်

မဟုတ်ဘဲ ကျရှုံးလိမ့်မည်ဖြစ်ကြောင်းနှင့် (၂) ၎င်းတို့၏ မယုံကြည်မှုနှင့် အယောင်ဆောင်မှုများကြောင့် ပေးကမ်းစွန့်ကြဲခြင်း၊ စေတနာအလျောက် လှူဒါန်းခြင်း၊ ပရဟိတလုပ်ငန်းများစသည့် ၎င်းတို့၏ကောင်းမှုများသည် အချည်းနှီးဖြစ်ပြီး၊ လက်ခံတော်မူခြင်းခံရလိမ့် မည်မဟုတ်ပေ။

لَا تُبْطِلُوٓا۟ أَعْمَٰلَكُمْ (--- ထိုမှတပါး အသင်တို့သည် မိမိတို့၏ ပြုမူဆောင်ရွက်ချက်များကို အချည်းနှီး မဖြစ်ကြစေကုန်လင့်။ (၄၇း၃၃)။ ဤနေရာတွင် ကုရ်အာန်က 'ဟဗ်တွာလွလ်အအ်မာလ်'အစား 'အိဗ်တွာလွလ် အအ်မာလ်'ဟူသော စကားရပ် ကိုသုံးခြင်းမှာ ပထမစကားရပ်သည် ဒုတိယစကားရပ်ထက် နယ်ပယ်များစွာ ပို၍ကျယ်သောကြောင့်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် 'အိဗ်တွာလွလ်အအ်မာလ်'ကို နှစ်နည်းအနက် ဖွင့်နိုင်ပေသည်။ (၁) အကြောင်းတစ်ရပ်မှာ အလျင် အဘယတ်တော်၌ 'ဟဗ်တွာလွလ်အအ်မာလ်'ဟူသော စကားရပ်ဖြင့် ဖော်ပြခဲ့သော မယုံကြည်သွေဖည်မှုကြောင့် ထိုသို့ဖြစ်ရခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မယုံကြည်သွေဖည်မှုကြောင့် ခေါင်းမာသော ကာဖိရ်တစ်ဦး၏ မည်သည့် လုပ်ရပ်ကိုမျှ လက်ခံနိုင်ခြင်း မရှိပါချေ။ အကယ်၍ အကြင်သူသည် အစွလာမ်ကို လက်ခံယုံကြည်ခဲ့ပြီး၊ နောက်ပိုင်းတွင် ယင်းကိုစွန့်ပစ်ခဲ့ပါက အစွလာမ်အဖြစ်ရှိစဉ်က လက်ခံနိုင်ဖွယ်ရှိခဲ့သော ၎င်းဆောင်ရွက်ခဲ့သည့် လုပ်ရပ်ကောင်းများသည် နောက်ပိုင်းမယုံကြည် သွေဖည်မှုနှင့် ယုံကြည်ချက်ကို စွန့်ပစ်ခြင်းများကြောင့် အချည်းနှီးဖြစ်ရပေမည်။

'အိဗ်တွာလွလ်အအ်မာလ်'၏ အခြားအကြောင်း တစ်ခုမှာ အချို့သော မွန်မြတ်သည့် လုပ်ရပ်များ၏ လက်ခံနိုင်ဖွယ်ရှိခြင်းသည် တစ်ခါတစ်ရံ အခြားကောင်းမွန် မှန်ကန်သော လုပ်ရပ်များ၏ အခြေအနေပေါ်တွင် မူလေသည်။ အကယ်၍ သတ်မှတ်ချက် မပြည့်စုံပါက မွန်မြတ်သည့် လုပ်ရပ်များမှာ အကျိုးမဲ့ဖြစ်ပေလိမ့်မည်။ ဥပမာ- မွန်မြတ်သော လုပ်ရပ်တိုင်းသည် လက်ခံနိုင်ဖွယ်ဖြစ်ရန်အတွက် လိုအပ်သော သတ်မှတ်ချက်မှာ ယင်းလုပ်ရပ်သည် လူအများကို ပြစားရန်မဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်အတွက်သက်သက် ဆောင်ရွက်ရမည်ဖြစ်၏။ ဤစည်းကမ်းချက်နှင့်ပတ်သက်သော ဥပမာအချို့ ကုရ်အာန်မှ ယူကြည့်မည်ဆိုလျှင် (၉၈း၅)၌ မိန့်ကြားသည်မှာ-

وَمَآ أُمِرُوٓا۟ إِلَّا لِيَعْبُدُوا۟ ٱللَّهَ مُخْلِصِينَ لَهُ ٱلدِّينَ

"စင်စစ်သော်ကား ထိုသူတို့သည် ဆည်းကပ်ကိုးကွယ်မှုကို အလ္လာဟ်အရှင်မြတ်အားသာလျှင် ရည်စူး၍ သန့်သန့်ပြုကြလျက်၊ အာရုံစူးစိုက်ကြလျက် ထိုအရှင်မြတ်အား ကိုးကွယ်ဆည်းကပ်ရန် လည်းကောင်း --- အမိန့်ပေးတော်မူခြင်း ခံခဲ့ကြသည်။ ---"(၉၈း၅)

ကုရ်အာန်၏ အခြားတစ်နေရာ၌

أَلَا لِلَّهِ ٱلدِّينُ ٱلْخَالِصُ

"သတိပြုကြလေကုန်။ သန့်သန့်ဖြစ်သော ဆည်းကပ်ကိုးကွယ်မှုသည် အလ္လာဟ်အရှင်မြတ်နှင့်သာသက်ဆိုင်သည်။ ---"(၃၉း၃)

ဤသည်က ဖော်ပြသည်မှာ ကောင်းမွန်သော အလုပ်မှန်သမျှကို လက်ခံစေရန်အတွက် စိတ်နလုံး၏ ရိုးသားဖြူစင်စစ်မှန်မှုနှင့် ရည်ရွယ်ချက်၏ ရိုးသားမှုများဖြင့် ဆောင်ရွက်ရပေမည်။ သို့မဟုတ်ပါက ယင်းတို့ကို အလ္လာဟ်အရှင်မြတ်သည် အချည်းနှီး ဖြစ်စေတော်မူလိမ့်မည်ဖြစ်၏။ ထို့ပြင် တတိယအဖြစ်အပျက်ကို ကုရ်အာန်က لَا تُبْطِلُوٓا

صَدَقْتُكُمْ بِالْمَرِّ وَ الْأَذٰى"အို- ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏ အလှူဒါန များကို ကျေးဇူးဖော်ခြင်းအားဖြင့်၎င်း၊ စိတ်ဒုက္ခရောက်စေခြင်းအားဖြင့်၎င်း၊ အကြင်သူကဲ့သို့ အချည်းနှီး မဖြစ်ကြစေကုန် လင့်။ ---"(၂း၂၆၄) ဟု မိန့်ကြား၏။ ဤသည်က သူဆင်းရဲတစ်ဦးအား ပေးကမ်းလှူဒါန်းပြီးနောက် ကျေးဇူးတင်ခံလိုခြင်း သို့မဟုတ် စော်ကားသောစကားများ ပြောဆိုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ၎င်းအား စိတ်ထိခိုက်အောင် ပြုလုပ်ခြင်းသည် ၎င်း၏အလှူဒါနကို အချည်းနှီးဖြစ်စေပေလိမ့်မည် ဖြစ်ကြောင်းကို ဖော်ပြ၏။ ဤသည်မှာ ဟစန်ဗဆွ်ရီ ပြောကြားသော အဓိပ္ပာယ်ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ ဤအာယတ်တော်ကို အဓိပ္ပာယ်ဖွင့်ဆိုစဉ်က ၎င်းပြောကြားခဲ့ သည်မှာ 'သင်တို့၏ကောင်းသော အလုပ်များကို မကောင်းမှုများကြောင့် အချီးနှီးမဖြစ်ပါစေနှင့်။' ဤမိန့်ကြားချက်၏ သိသာသောအဓိပ္ပာယ်မှာ အကယ်၍ အကြင်သူသည် အပြစ်တစ်ခုကို ကျူးလွန်ပါက ၎င်း၏ကောင်းမှုများ အားလုံးသည် အချည်းနှီးဖြစ်သွားသည်ဟူ၏။ သို့သော် ဤသည်က ခိုင်မာပြီးဖြစ်သော သဘောထားနှင့် ဆန့်ကျင်၍နေပေသည်။ ယင်း၏တကယ့်ရည် ရွယ်ချက်မှာ ကောင်းမြတ်သော သီးသန့်လုပ်ရပ်တစ်ခုနှင့် သက်ဆိုင်၍ ထိုသီးသန့်လုပ်ရပ်ကိုသာ အကျိုးပျက်ပြားစေသော အပြစ်များကို ရည်ညွှန်းခြင်းမှတပါး အခြားမဖြစ်နိုင်ပေ။ ဤသည် အိပ်နဂျ္ဈိုင်းဂျ်က ဤအာ ယတ်တော်အကြောင်းရှင်းပြရာတွင် ပြောကြားသည်နှင့် ဆင်တူလေသည်။'ယင်းတို့ကိုပြစားရန်နှင့် လူအများကြားတွင် နာမည်ကောင်းရရှိရန် ပြုလုပ်ခြင်းဖြင့် (အသင်၏ ကောင်းမြတ်သော လုပ်ဆောင်မှုများကို အချည်းနှီးမဖြစ်ပါစေနှင့်)'။ ထိုနည်းတူစွာ မူကာတိလ်နှင့် အခြားသူများက ထိုအကြောင်းကို 'ဗိလ်မန္နီဟုပြောခြင်းဖြင့် ရှင်းပြခဲ့ကြသည်။ ဆိုလို သည်မှာ 'သင်၏ကျေးဇူး ပြုမှုများကို ကြွားဝါဂုဏ်ဖော်ခြင်းဖြင့် (သင်၏လုပ်ဆောင်မှုများကို အချည်းနှီးမဖြစ်ပါစေနှင့်။) ဟူ၍ဖြစ်၏။ တစ်နည်းအားဖြင့် အဟ်လွလ်စွန္နတ်ဝါလ်ဂျမာအတ်၏ တညီတညွတ်လက်ခံမှုအရ 'ကုဖ်'သို့မဟုတ် 'ရှစ်ရိုက်'မှလွဲ၍ မည်သည့် ကြီးလေးသော အပြစ်ကမျှ မုအ်မင်တစ်ဦး၏ ကောင်းမှုကို ဖျက်ဆီး၍မရနိုင်ပေ။ ဥပမာ- ဆွလာတ်မှန်မှန်ဝတ်ပြုပြီး၊ ဥပုသ်စောင့်ထိန်းသော ယုံကြည်သက်ဝင်သူ မွတ်စလင်တစ်ဦးသည် အကယ်၍ တစ်စုံ တစ်ရာကို ခိုးယူပါက ၎င်း၏ဆွလာတ်နှင့် ဥပုသ်ရိုဇာများ အချည်းနှီးဖြစ်သည်ဟူ၍ လည်းကောင်း၊ ၎င်းအား ထိုအရာ များကို ပြန်လည်ပြုလုပ်ရမည် ဟူ၍လည်းကောင်း မြင့်မြတ်သောဥပဒေက တရားဝင်ကြေညာခြင်း မရှိပါချေ။ သို့ဖြစ်၍ ဟစန်ဗဆွ်ရီ၏ မိန့်ဆိုချက်မှ 'အပြစ်များ'ဟူသော စကားလုံးသည် ကောင်းမွန်သော လုပ်ရပ်များကို လက်ခံနိုင်ရန် အတွက် လိုအပ်သော စည်းကမ်း ချက်ကို မလိုက်နာသည့် အပြစ်များကို ရည်ညွှန်းခြင်းလည်း ဖြစ်နိုင်ပေသည်။ ဥပမာ- ကောင်းမွန်သော လုပ်ရပ်များကို လက်ခံရန်မှာ 'ရိယာအ်' (ပြစားခြင်း) ပြယုဂ်ကောင်းအောင် ပြုလုပ်ခြင်းမှ ရှောင်ကြဉ် ရန် လိုအပ်လေသည်။ ထို့ပြင် ဟစန်ဗဆွ်ရီ၏ မိန့်ဆိုချက်က ကောင်းမြတ်သော အလုပ်များ၏ ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံခြင်းမှ လက်မဲ့ဖြစ်ခြင်းကိုသာ ရည်ညွှန်းခြင်းဖြစ်ပြီး ကောင်းမြတ်သောအလုပ် ကိုယ်၌အား လုံးဝပယ်ဖျက်ခြင်း မဟုတ်ပေ။ ဤသည်က အပြစ်အမျိုးအစားအားလုံး အတွက် အသုံးပြုနိုင်သည်မှာ အကယ်၍ မုအ်မင်တစ်ဦး၏ အပြစ် များသည် ၎င်း၏ကောင်းမှုများထက် များစွာပိုနေသည်ရှိသော် ၎င်းတွင်ရှိသော ကောင်းမှုအနည်းငယ်သည် ၎င်း၏ အပြစ်များအတွက် ပြစ်ဒဏ်ပေးခံရမည့်ဘေးမှ ကယ်တင်နိုင်မည်ဖြစ်သော ကောင်းချီးမင်္ဂလာရှိလိမ့်မည် မဟုတ်ပေ။ ပြစ်ဒဏ်ချမှတ်ခြင်း နည်းဥပဒေအရ ပထမသော် ၎င်းသည် ၎င်း၏အပြစ်များအတွက် ပြစ်ဒဏ်ပေးခံရမည်ဖြစ်ပြီး၊ နောက်ဆုံးတွင် ၎င်း၏အီမာန်ကြောင့် ကယ်တင်ခံရကာ ဂျန္နတ်၏ ဥယျာဉ်များထဲသို့ ဝင်ခွင့်ရရှိလိမ့်မည်ဖြစ်၏။

ဓမ္မသတ်

အကယ်၍ မုအ်မင်တစ်ဦးသည် 'နဖိလ်' (မလုပ်မနေရ ဖရ်သ်ွမဟုတ်ဘဲ စိတ်စေတနာအလျောက် ပြုလုပ်သော ဆည်းကပ်ကိုးကွယ်မှုလုပ်ရပ်) တစ်ခုကို စတင်ပြုလုပ်ပြီးနောက် အဆုံးမသတ်ဘဲ တမင်သက်သက် ဖျက်ပစ်ပါက အီမာမ်အဗူဟနီဖ၏ အလိုအရ လုပ်ဆောင်မှုကို အချည်းနှီးအကျိုးမဲ့ ဖြစ်စေခြင်းဟု ယူဆသဖြင့် မလုပ် စကောင်းပေ။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် မူလကမပြုမနေရ မဟုတ်သော ကောင်းမြတ်သည့် လုပ်ရပ်များကို စတင်ပြုလုပ်ပါက အာယတ်တော်၏ အဓိပ္ပာယ်ကောက်ယူချက်အရ ယင်းတို့အား ပြီးပြည့်စုံအောင်ပြုလုပ်ရန်မှာ မပြုမနေရ တာဝန်(ဖရ်သ်ွ) ဖြစ်သွားလေသည်။ ဤသို့မဟုတ်က ၎င်းသည် 'အိဗ်တ္တာလွလ်အန်မာလ်' (လုပ်ရပ်များကို အချည်းနှီးဖြစ်စေခြင်း)ကို ကျူးလွန်ခြင်းဖြစ်၏။ မည်သူမဆို ဤအမှုကို ခိုင်လုံသော အကြောင်းရင်းမရှိဘဲ သို့မဟုတ် ယင်းတို့ကို တမင်ရည်ရွယ်ချက်ဖြင့် အကျိုးပျက်ပြားအောင် ပြုလုပ်ပါက ၎င်းသည် အပြစ်ပြုသူဖြစ်၍ ၎င်းအဖို့ 'ကဿ'ပြုလုပ်ရန် တာဝန်ရှိလေသည်။ အီမာမ်ရှာဖိအီ၏ အဆိုအရမူ ထိုသူသည် အပြစ်ပြုသူမဟုတ်သကဲ့သို့ 'ကဿ'ပြုလုပ်ရန် တာဝန်လည်းမရှိပေ။ ၎င်း၏အကြောင်းပြချက်မှာ လုပ်ရပ်သည် အစကတည်းက မပြုမနေရ သို့မဟုတ် ဖရ်သ်ွမဟုတ်သောကြောင့် ယင်းကို စွန့်လွှတ်ခြင်း သို့မဟုတ် အချည်းနှီးဖြစ်အောင် ပြုလုပ်ခြင်းသည် အပြစ်တစ်ခု မဟုတ်ပါချေ။ ဟန်နဗီတို့က အကြောင်းပြသည်မှာ ယခုအာယတ်တော်၏ စကားလုံးအသုံးအနှုန်းသည် ယေဘုယျဆန်သည့်ပြင် ဖရ်သ်ွသို့မဟုတ် နဖိလ်ကောင်းမြတ်သော လုပ်ရပ်အားလုံးကို ခြုံငုံမိ၏။ ထို့ကြောင့် အကယ်၍ နဖိလ်လုပ်ရပ်တစ်ခုကို စတင်ပြုလုပ်လိုက်ပါက ယင်းလုပ်ရပ် ပြီးမြောက်ပြည့်စုံခြင်းသည် ဖရ်သ်ွဖြစ်လာပေမည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ တဖိစိရ်မဇ်ဟရီ၌ များပြားလှသော ဟဒီးဆ်များကို ကိုးကားဖော်ပြလျက် အသေးစိတ် ဆွေးနွေးတင်ပြထားပါသည်။

အကြင်သူတို့သည် "ဇကန်စင်စစ် اِنَّ الَّذِيْنَ كَفَرُوْا وَ صَدُّوْا عَنْ سَبِيْلِ اللّٰهِ ثُمَّ مَاتُوْا وَ هُمْ كُفَّارٌ သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းမှ တားဆီးပိတ်ပင်ခဲ့ကြကုန်၏။ ထို့နောက် ၎င်းတို့သည် ကာဖစ်ရ်သွေဖည်ငြင်းပယ်သူတို့ အဖြစ်နှင့်ပင် သေဆုံးသွားခဲ့ကြကုန်၏။ သို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အလျှင်းခွင့်လွှတ်ချမ်းသာပေးတော်မူမည် မဟုတ်ပေ။" (၄၇း၃၄)။ အာယတ်တော်(၃၂)တွင် ဆင်တူသော စကားလုံးများဖြင့် အလားတူသတိပေးချက်တစ်ခု ပါရှိ ၏။ ယခုအာယတ်တော် (၃၄)သည် ထိုသတိပေးချက်ကို ထပ်မံပြုလုပ်ပုံရ၏။ သို့သော် ကွာခြားချက်မှာ အာယတ်တော် (၃၂)သည် ဤလောကီ၌ ကာဖိရ်တို့၏ ဆုံးရှုံးမှုများအကြောင်းကို ဖော်ပြပြီး၊ ယခုအာယတ်တော်က နောက်လောက၌ ၎င်းတို့၏ ဆုံးရှုံးမှုကိုဖော်ပြခြင်းပင် ဖြစ်၏။ အလျင်ကျသော အာယတ်တော်သည် ယေဘုယျကာဖိရ်များကို ရည်ညွှန်း ခြင်းလည်း ဖြစ်နိုင်ပြီး၊ ၎င်းတို့ထဲမှ နောက်ပိုင်းတွင် အစွလာမ်ကို လက်ခံယုံကြည်ခဲ့ကြသူများ ပါဝင်လေသည်။ ၎င်းတို့ နှင့်သက်ဆိုင်သော ဓမ္မသတ်မှ ကာဖိရ်များအဖြစ် ရှိကြစဉ်က ၎င်းတို့ပြုလုပ်ခဲ့သော ကောင်းမှုများသည် အကျိုးမဲ့ဖြစ်ကြရပေမည်။ အစွလာမ်ကို လက်ခံယုံကြည်ပြီးသည့် နောက်၌ပင် ထိုကောင်းမှုများအတွက် အကျိုးဆုလာဘ် ချီးမြှင့်ခံရလိမ့် မည်မဟုတ်ပေ။ ယခုအာယတ်တော်က ၎င်း၏တို့၏ မယုံကြည်သွေဖည်မှု(ကုဖိရ်)နှင့် ရုပ်တုကိုးကွယ်မှုများကို မစွန့်လွှတ်ဘဲ သေသည့် တိုင် ဖက်တွယ်ထားကြသော ကာဖိရ်များကို သီးသန့်ရည်ညွှန်းခြင်းဖြစ်၏။ ၎င်းတို့အတွက် ဓမ္မသတ်မှာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား နောင်ဘဝတွင် လုံးဝခွင့်လွှတ်တော်မူလိမ့်မည် မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ် အသိဆုံးဖြစ်တော်မူသည်။

فَلَا تَهِنُوْا وَ تَدْعُوْٓا اِلَى السَّلْمِ (သို့ဖြစ်ရာ အသင်တို့သည် အားလျော့ခြင်းလည်း မဖြစ်ကြကုန်လင့်၊ စစ်ပြေငြိမ်းရေးဆီသို့ ဖိတ်ခေါ်ခြင်းလည်း မပြုကြကုန်လင့်၊ --- ၄၇း၃၅)။ ဤအာယတ်တော်က ကာဖိရ်များနှင့် ငြိမ်းချမ်းရေး သဘောတူစာချုပ် ချုပ်ဆိုရန် ဖိတ်ခေါ်ခြင်းမပြုဖို့ တားမြစ်၏။ သို့သော် ကုရ်အာန်၏ အခြားတစ်နေရာတွင် ထိုကဲ့သို့သော သဘောတူစာချုပ် ချုပ်ဆိုရန်ကို ခွင့်ပြုလေသည်။ وَ اِنْ جَنَحُوْا لِلسَّلْمِ فَاجْنَحْ لَهَا (ၔင်းပြင် အကယ်၍ ထိုသူတို့သည် စစ်ငြိမ်းရန်အလို့ငှာ ယိမ်းညွှတ်ကြပါမူ အသင်သည်လည်း ထိုစစ်ငြိမ်းရန် ယိမ်းညွှတ်ပါလေ။ --- ၈း၆၁)။ ဤအာယတ်တော်က အကယ်၍ ကာဖိရ်တို့သည် ငြိမ်းချမ်းရေးကို လိုလားပါက ၎င်းတို့ နှင့်ငြိမ်းချမ်းရေး သဘောတူညီချက် ပြုလုပ်ရန် ခွင့်ပြုကြောင်းကို ညွှန်ပြ၏။ ထို့ကြောင့် အချို့ပညာရှင်များက ထင်သည် မှာ ဤအာယတ်တော်မှ ခွင့်ပြုချက်သည် ကာဖိရ်တို့ဘက်မှ ငြိမ်းချမ်းရေး ကမ်းလှမ်းချက်ကို စတင်ပြုလုပ်သည့်အပေါ်၌ မူတည်သည်။ ယခုအာယတ်တော်က မွတ်စလင်တို့ကစ၍ ငြိမ်းချမ်းရေး ကမ်းလှမ်းမှုကို တားမြစ်ခြင်းဖြစ်၏။ ဤနည်းအားဖြင့် အာယတ်တော်နှစ်ပါးကြား၌ ကွဲလွဲမှုမရှိတော့ပေ။ သို့ရာတွင် စစ်မှန်သော ဓမ္မမသတ်မှာ အကယ်၍ မွတ်စလင် တို့အတွက် အကျိုးရှိမည်ဆိုက ငြိမ်းချမ်းရေးစကားကို မွတ်စလင်တို့က စတင်ဆိုနိုင်သည်။ သို့သော် သူရဲဘောကြောင် သောကြောင့် သို့မဟုတ် ဇိမ်ကျကျနေထိုင်ရသောဘဝနှင့် သက်ဆိုင်သောကြောင့် မဖြစ်စေရပေ။ ကုရ်အာန်က ဤအာယတ်တော်၌ 'ဖလါတဟိန္နု' (စိတ်ပျက်အားလျော့ခြင်း မဖြစ်ကြကုန်လင့်)ဟူသော အမိန့်ပေးဝါကျကို သုံးခြင်းက သတ္တိကြောင်ခြင်းနှင့် ဂျိဟာဒ်မှ ထွက်ပြေးလွတ်မြောက်ခြင်းတို့ပေါ်တွင် အခြေခံသော ငြိမ်းချမ်းရေး ကမ်းလှမ်းချက်ကို တားမြစ်ခြင်းကို ဆိုလိုပေသည်။ ဤကိစ္စတွင်လည်း အာယတ်တော်နှစ်ပါးကြား ကွဲလွဲဆန့်ကျင်မှု မရှိပါချေ။ အဘယ်ကြောင့်ဆိုသော် အာယတ်တော်(၈း၆၁)မှ ငြိမ်းချမ်းရေးသို့ ယိမ်းညွှတ်ရန် ညွှန်ကြားချက်သည် မွတ်စလင်တို့၏ အကျိုးစီးပွားအတွက်ဖြစ်ပြီး၊ သူရဲဘောကြောင်ခြင်း သို့မဟုတ် သက်သောင့်သက်သာ နေထိုင်လိုခြင်းအပေါ် အခြေခံသောကြောင့် မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ် အသိဆုံးဖြစ်တော်မူပေသည်။

وَ لَنْ يَّتِرَكُمْ اَعْمَالَكُمْ (--- ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့၏ ပြုမူဆောင်ရွက်ချက်များ(၏အကျိုး)ကို အလျှင်းလျော့နည်း စေတော်မူမည်မဟုတ်ပေ။ (၄၇း၃၅)။ အလ္လာဟ်အရှင်မြတ်သည် မုအ်မင်တို့၏ အကျိုးဆုလာဘ်များကို လျော့နည်းစေတော်မူလိမ့်မည် မဟုတ်ဟု ဆိုလိုခြင်းဖြစ်၏။ အကယ်၍ ၎င်းတို့သည် ဤလောက၌ ဆင်းရဲဒုက္ခသို့မဟုတ် ဆုံးရှုံးမှု များကို ခံစားကြရသည့်တိုင် ၎င်းတို့သည် နောက်လောကတွင် ကြီးမားသာ ဆုလာဘ်အကျိုးကို ရရှိကြလိမ့်မည်ဖြစ်၏။ သို့ဖြစ်၍ သက်ဝင်ယုံကြည်သူတစ်ဦးသည် ဒုက္ခဝေဒနာနှင့် အခက်အခဲများ ကြုံရသည့်တိုင် ဘယ်သောခါမျှ မအောင် မမြင်ဖြစ်လိမ့်မည် မဟုတ်ချေ။

اِنَّمَا الْحَيٰوةُ الدُّنْيَا (ဤလောကီဘဝသည် ကစားပွဲ၊ ပျော်ရွှင်ပွဲမျှသာဖြစ်၏။ --- ၄၇း၃၆)။ မွတ်စလင်တို့သည် အလ္လာဟ်အရှင်မြတ် လမ်းတော်၌ တိုက်ခိုက်ကြရန် အမိန့်တော်ပေးခြင်းခံရကာ ဤရည်မှန်းချက်အတွက် ၎င်းတို့သည် အသက်နှင့်စည်းစိမ် ကို စွန့်လွှတ်စွန့်စားကြရတော့မည်ဖြစ်၏။ သို့သော် တိုက်ခိုက်ခြင်းမှ လူသားအား တားဆီးနိုင်သော အရာမှာ ဤလောကီကို ချစ်ခင်တွယ်တာခြင်းသာလျှင် ဖြစ်ပေသည်။ ဤအာယတ်တော်က လောကီအကျိုးကျေးဇူးများ မမြဲကြောင်း ကျွန်ုပ်တို့အား ပြောကြား၏။ အဆုံးတစ်နေ့တွင် ယင်းတို့သည် ပျက်သုဉ်းပျောက်ကွယ်သွားလိမ့်မည်ဖြစ်၏။ အကယ်၍ ကျွန်ုပ်တို့သည် ယင်းတို့ကို ယခုအချိန်တွင် စုဆောင်းရာ၌ အောင်မြင်ပါကလည်း နောင်တချိန်တွင် ယင်းတို့ကို ဆုံးရှုံးရမည်သာဖြစ်၏။ နောက်လောက၏ ဆုလာဘ်လက်ဆောင်များမှာမူ အမြဲထာဝရ ဖြစ်သောကြောင့် မုအ်မင် တို့အနေဖြင့် ယင်းတို့အပေါ် ချစ်ခင်မှုတိုးပွားအောင် ပြုလုပ်ရန်လိုအပ်၏။ ဤတဒ်ကီလောကဓာတ်၏ ပျက်သုဉ်းနိုင်

သော အရာများကို ချစ်ခင်စွဲလမ်းရန်အတွက် မဟုတ်ပါချေ။

وَلَا يَسْـَٔلْكُمْ اَمْوَالَكُمْ (--- ထိုမှတပါး၊ ထိုအရှင်မြတ်သည် အသင်တို့ထံမှ အသင်တို့၏ ဥစ္စာပစ္စည်းများကို တောင်းဆိုမည်လည်း မဟုတ်ပေ။ ၄၇း၃၆) ဤအာယတ်တော်၏ ထင်ရှားသော အဓိပ္ပာယ်မှာ အလ္လာဟ်အရှင်မြတ်သည် အသင်၏ဥစ္စာပစ္စည်း များကို လွှဲပြောင်းပေးရန် အသင့်အား တောင်းဆို သို့မဟုတ် တိုက်တွန်းတော်မူလိမ့်မည်မဟုတ်ဟူ၍ဖြစ်၏။ သို့သော် ကုရ်အာန်သည် ဇကာတ်ပေးခြင်း၊ အလှူဒါနပြုခြင်း၊ အလွှာလမ်းတော်၌ ပစ္စည်းဥစ္စာများကို သုံးစွဲခြင်းစသည်တို့နှင့် သက်ဆိုင်သည့် အာယတ်တော်များဖြင့် ပြည့်နှက်လျက်ရှိ၏။ နောက်လာမည့် အာယတ်တော်၌ပင် စာရှုသူအား အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌သုံးစွဲရန် ပြတ်ပြတ်သားသား မိန့်ကြားတော်မူသည်။ ဤနည်းအားဖြင့် အာယတ်တော်များကြားတွင် ကွဲလွဲဆန့်ကျင်မှု ရှိနေပုံရ၏။ အချို့ပညာရှင်များက အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ ငွေကြေးကို မိမိ၏အကျိုးအတွက် လိုအပ်တော်မူခြင်းမဟုတ်၊ သို့သော် အသက်နှင့် ငွေကြေးကို စွန့်လွှတ်စွန့်စားကြရန် ၎င်းတို့အား တောင်းဆိုတော်မူခြင်းမှာ ၎င်းတို့ကိုယ်တိုင်၏အကျိုးအတွက်ဖြစ်သည်ဟု ပြောခြင်းအားဖြင့် ကွဲလွဲချက်ကို ဖြေရှင်းကြ၏။ ဤအာယတ်တော်တွင် စောစောပိုင်းက يُؤْتِكُمْ اُجُوْرَكُمْ (--- ထိုအရှင်မြတ်သည် အသင်တို့၏ ကုသိုလ်အကျိုးများကို ချီးမြှင့်ပေးသနားတော်မူပေမည်။ ၄၇း၃၆)ဟူ၍ ရှင်းလင်းတိကျစွာ ကြေညာတော်မူထားပြီးဖြစ်၏။ မုအ်မင်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သုံးစွဲရန်လိုအပ် ပြီး၊ ထိုသို့သုံးစွဲခြင်းက တမလွန်၌ ၎င်းတို့အား ကူညီမည်ဖြစ်၏။ တမလွန်၌ ၎င်းတို့သည် ၎င်းတို့၏ကောင်းမှုများကို အသည်းအသန် လိုအပ်လိမ့်မည်ဖြစ်၏။ တမလွန်သည် ၎င်းတို့အား အကျိုးဆုလာဘ် ချီးမြှင့်မည့်နေရာ ဖြစ်ပေသည်။ ဤအနက်ဖွင့်ဆိုချက်ကို မောင်လာနာ ထာနဝီ﵀က ပို၍သဘောကျ၏။ အဓိပ္ပာယ်တစ်ထပ်တည်းဖြစ်သော အာယတ် တော်တစ်ပါးမှာ مَآ اُرِيْدُ مِنْهُمْ مِّنْ رِّزْقٍ (ငါအရှင်မြတ်သည် ၎င်းတို့ထံမှ စားနပ်ရိက္ခာကိုလည်း အလိုရှိတော်မူသည်မဟုတ်၊ ငါအရှင်မြတ်အား ၎င်းတို့ကျွေးမွေးကြရန်ကိုလည်း ငါအရှင်မြတ် အလိုရှိတော်မူသည် မဟုတ်ပေ။ ၅၁း၅၇)ဟူ၍ဖြစ်ပေသည်။

သို့ရာတွင် 'ထို့ပြင် အသင်တို့၏ ဥစ္စာပစ္စည်းများကို တောင်းဆိုတော်မူလိမ့်မည်မဟုတ်'ဟူသော စကားလုံးများအတွက် အခြားအဓိပ္ပာယ်တစ်မျိုးကို အချို့ပညာရှင်များက သတ်မှတ်ကြသည်။ ၎င်းတို့ကဆိုကြသည်မှာ 'အသင်တို့၏ ဥစ္စာပစ္စည်းများကို တောင်းဆိုခြင်း'သည် 'အကြင်သူ၏ ဥစ္စာပစ္စည်းအားလုံးကို တောင်းဆိုခြင်း'ကို ဆိုလိုခြင်းဖြစ်သည်။ ဤစာပိုဒ်ကို နောက်အာယတ်တော်(၃၇) اِنْ يَّسْـَٔلْكُمُوْهَا فَيُحْفِكْكُمْ (အကယ်၍ ထိုအရှင်မြတ်သည် အသင်တို့ထံမှ ယင်းဥစ္စာပစ္စည်းများကို တောင်းဆိုတော်မူသည်ရှိသော်၊ တစ်ဖန် ထိုအရှင်မြတ်သည် အသင်တို့ထံ အပူတပြင်း တောင်းဆိုတော်မူသည်ရှိသော်--၄၇း၃၇)နှင့်ပေါင်းလျက် ဖတ်ရှုရန် လိုအပ်သည်ဟု အကြောင်းပြကြ၏။ 'ယူဟ်ဖီ'ဟူသော စကားလုံးသည် အလုပ်တစ်ခုကို အောင်မြင်ပြီးမြောက် သည်ထိ တစိုက်မတ်မတ် လုပ်သည်ဟု အဓိပ္ပာယ်ရသော 'အိဟ်ဖါအ်'မှဆင်းသက်၏။ ပညာရှင်အားလုံး သဘောတူ သည်မှာ အာယတ်တော်(၃၇)၏ အဓိပ္ပာယ်သည် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ ဥစ္စာပစ္စည်းအားလုံးကို တောင်းဆိုတော်မူပါက ၎င်းတို့သည် နှမြောတွန့်တိုကြလိမ့်မည်ဖြစ်ပြီး၊ ဤအဓိန့်ပညတ်ကို လိုက်နာခြင်းက ၎င်းတို့အား မကျေမနပ် ဖြစ်စေပေလိမ့်မည်။ ဤမကျေနပ်ချက်သည် (ဥစ္စာပစ္စည်းကို) သုံးစွဲခဲ့ခြင်း မြင်သာလာမည်ဖြစ်၏။ အတိုချုပ်ရသော် အာယတ်တော်(၃၆)၏ အဓိပ္ပာယ်သည် အာယတ်တော်(၃၇)နှင့် အတူတူပင်ဖြစ်၏။ အာယတ်တော်(၃၆)၏ ယေဘုယျအဓိပ္ပာယ်အား အာယတ်တော်(၃၇)ဖြင့် ကန့်သတ်ခြင်း ဖြစ်လေသည်။ ဤအာယတ်တော်နှစ်ပါး၏ အဓိပ္ပာယ် မှာ အောက်ပါအတိုင်းဖြစ်၏။ သက်ဝင်ယုံကြည်သူ မုအ်မင်တို့အပေါ် အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းတော်မူသော ဇကာတ်ကဲ့သို့ ငွေကြေးအရ တာဝန်ရှိများသည် ၎င်းတို့

ကိုယ်တိုင်၏ အကျိုးအတွက်ဖြစ်လေသည်။ အလ္လာဟ်သည် ၎င်းတို့၏ ငွေကြေး သို့မဟုတ် ဥစ္စာပစ္စည်းကို လိုအပ်တော်မူသည်မဟုတ်ချေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ ဘုန်းကျက်သရေတော်နှင့် မေတ္တာကရုဏာတော်များအားဖြင့် မဆိုစလောက်သော ရာခိုင်နှုန်းကိုသုံးစွဲရန် ပြဋ္ဌာန်းတော်မူ ခြင်းဖြစ်၏။ ဥပမာ- ဇကာတ်အတွက် ၄၀ ပုံ ၁ ပုံ = ၂.၅%၊ ကောက်ပဲသီးနှံထွက်ကုန်အတွက် ၁၀ ပုံ ၁ ပုံ = ၁၀% သို့မဟုတ် ၂၀ ပုံ ၁ ပုံ = ၅% နှင့် ဆိတ်အကောင် ၁၀၀ လျှင် ၁ ကောင်ကျဖြင့် စည်းကြပ်တော်မူသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်းအားလုံးကို တောင်းဆိုတော်မူခြင်း မဟုတ်ကြောင်းမှာ ထင်ရှားပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့တောင်းဆိုခြင်းဖြင့် မကျေမနပ်ဖြစ်မှုနှင့် ဝန်ထုပ်ဝန်ပိုးဖြစ်မည့်အပြင် ကျွန်ုပ်တို့အပေါ် ဝန်ပိမည်ဖြစ်သောကြောင့် ဖြစ်လေသည်၊ အမှန်စင်စစ် ထိုအရှင်မြတ်က တောင်းခံတော်မူသည်မှာ ကျွန်ုပ်တို့ အဖို့ လွယ်ကူစွာ၊ ပျော်ရွှင်စွာ တာဝန်ချနိုင်မည်ဖြစ်သော ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်း၏ သေးငယ်သော အစိတ်အပိုင်းကို သာဖြစ်၏။ အာယတ်တော်(၃၇)၏ နိဂုံးစာပိုဒ်ဖြစ်သည့် يُخْرِجْ اَضْغَانَكُمْ (--- အသင်တို့သည် စေးနှဲကြကုန်အံ့။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့၏ စက်ဆုပ်မှုများကို ထုတ်ဖော် တော်မူပေမည်။ ၄၇း၃၇)တွင် 'အသွဂါန်'ဟူသော စကားလုံးပါဝင်ပြီး၊ တိတ်တခိုးမလိုတမာစိတ်၊ အာဃာတသို့မဟုတ် မုန်းတီးမှုကို ရည်ညွှန်းသော 'သိွဂ်န်'၏ အများကိန်းဖြစ်၏။ လူသားသည် သဘာဝအားဖြင့် မိမိ၏ဥစ္စာပစ္စည်းများနှင့် ခွဲခွာရမည်ကို မလိုလားပေ။ အကယ်၍ ၎င်းသည်၎င်း၏မလိုလားမှုကို ပွင့်လင်းစွာ ထုတ်ဖော်ပြသခြင်း မပြုသည့်တိုင် ပေးကမ်းရန်အချိန် ရောက်လာသောအခါ၊ ဖင့်နှေးအချိန်ဆွဲလိမ့်မည်ဖြစ်၏။ ဤသို့ ဖင့်နှေးအချိန်ဆွဲခြင်းက ၎င်း၏မလိုလားမှုကို ဖော်ပြခြင်းပင်ဖြစ်၏။ အတိုချုပ်ဆိုရသော် အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် လူများထံမှ ၎င်းတို့၏ ဥစ္စာ ပစ္စည်းအားလုံးကို တောင်းဆိုခဲ့သည်ရှိသော် ၎င်းတို့သည် နမြောတွန့်တိုကြလိမ့်မည်ဖြစ်ပြီး၊ ထိုနမြောတွန့်တိုမှုကြောင့် ၎င်းတို့၏စိတ်နလုံးများသည် အပြို့၊ မနာလိုစိတ်နှင့် အာဃာတများ ခိုအောင်းရာဖြစ်ကာ အလ္လာဟ်အရှင်မြတ်၏လမ်း၌ သုံးစွဲရန်မလိုလားမှု ပေါ်လာပေမည်။ ထို့ကြောင့်ပင် ထိုအရှင်မြတ်သည် ၎င်းတို့၏ ဥစ္စာပစ္စည်း၏ သေးငယ်၍ မပြောပလောက်သော ရာခိုင်နှုန်းကိုသာ အလ္လာဟ့်လမ်း၌သုံးစွဲရန် ပြဋ္ဌာန်းတော်မူခြင်း ဖြစ်လေသည်။ သို့သော် လူများသည် တွန့်တိုလျက်ပင်ရှိကြ၏။ သို့ဖြစ်သောကြောင့် နောက်ဆုံးအာယတ်တော်တွင် ကုရ်အာန်က تُدْعَوْنَ لِتُنْفِقُوْا فِيْ سَبِيْلِ اللّٰهِ ۚ فَمِنْكُمْ مَّنْ يَّبْخَلُ (--- အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်း၌ သုံးစွဲရန် ဖိတ်ခေါ်ခြင်းခံကြရသူများပင်။ သို့ရာတွင် အသင်တို့အနက် အချို့မှာ စေးနှဲသူများဖြစ်ကြကုန်၏။ --- ၄၇း၃၈)ဟု မိန့်ဆိုသည့်ပြင် အာယတ်တော်က ဆက်၍ وَمَنْ يَّبْخَلْ فَاِنَّمَا يَبْخَلُ عَنْ نَّفْسِهٖ (--- ထို့ပြင် မည်သူမဆို စေးနှဲပါမူ ထိုသူသည် မိမိကိုယ်နှင့် ပတ်သက်၍ စေးနှဲသည်သာတည်း။ --- ၄၇း၃၈)ဟု မိန့်ဆို၏။ ဆိုလိုသည်မှာ စေးနှဲသောသူမည်သူမဆိုသည် မိမိကိုယ်တိုင် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုကို ခံစားရမည် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းထမ်းရွက်ရမည့်တာဝန်ကို ပျက်ကွက်သည့်ပြင် တမလွန်၌ အကျိုးဆုလာဘ် ရရှိလိမ့်မည် မဟုတ်သောကြောင့်ဖြစ်၏။ ဤအချက်ကို ပို၍ပင်ရှင်းလင်းစေရန် (--- စင်စစ်သော်မူကား အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အရှင်ဖြစ်တော်မူ၏။ သို့ရာတွင် အသင်တို့သည် လိုလားတောင့်တ သူများပင် ဖြစ်ကြကုန်၏။ --- ၄၇း၃၈) ဟူ၍ မိန့်ကြားတော်မူသည်။ တစ်နည်းအားဖြင့် အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်း ကင်းတော်မူသော်လည်း လူသားမှာမူ သာယာဖြောင့်ဖြူးသော ရှင်သန်နေထိုင်မှု နည်းလမ်းများ လိုအပ်ပေသည်။ သို့ဖြစ်၍ အလ္လာဟ်အရှင်မြတ် လမ်းတော်၌ သုံးစွဲခြင်းသည် လူသားကိုယ်တိုင်၏ ကောင်းကျိုးအတွက် လည်းကောင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်းရန်လည်းကောင်း ဖြစ်လေသည်။

وَاِنْ تَتَوَلَّوْا يَسْتَبْدِلْ قَوْمًا غَيْرَكُمْ ۙ ثُمَّ لَا يَكُوْنُوْٓا اَمْثَالَكُمْ (--- ၎င်းပြင် အကယ်၍ အသင်တို့သည် မျက်နှာလွှဲကြပါမူ ထိုအရှင်မြတ်သည် အသင်တို့၏ နေရာတွင် အခြားသော အမျိုးသားများဖြင့် လဲလှယ်တော်မူပေမည်။ ထိုအမျိုးသားတို့မှာကား အသင်တို့နှင့်တူကြမည် မဟုတ်ပေ။ ၄၇:၃၈)။ ဤအာယတ်တော်က အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တမှုအပေါင်းမှ အကင်းဆုံးဖြစ်တော်မူ ကြောင်းကို ရှင်းပြလေသည်။ ဤဂုဏ်တော်နှင့် စပ်လျဉ်း၍ တိကျပြတ်သားစွာ ဖော်ပြရာတွင် လူတို့၏ဥစ္စာပစ္စည်းများကို မဆိုထားနှင့် ထိုအရှင်မြတ်သည် ၎င်းတို့၏ တည်ရှိမှုကိုပင် လိုအပ်တော်မူခြင်း မရှိသည့် အချက်ကို ကျွန်ုပ်တို့အား သိစေတော်မူသည်။ အကယ်၍ ၎င်းတို့သည် ထိုအရှင်မြတ်၏ အမိန့်ပညတ်ချက်များကို လိုက်နာလုပ်ဆောင်ခြင်း မပြုတော့ပါက ထိုအရှင်မြတ်သည် အရှင်မြတ်၏ အမိန့်ပညတ်များကို မျက်နှာလွှဲမည်မဟုတ်သော အခြားအမျိုးသား တစ်ရပ်ကို ခေါ်ယူလာတော်မူမည်ဖြစ်၏။ အမှန်တရား၏ သာသနာဖြစ်သည့် အစွမ်းသတ္တိကို အလ္လာဟ်အရှင်မြတ် အလိုတော်ရှိသမျှ အချိန်ကာလထိ ထိန်းသိမ်းထားတော်မူသည့်တိုင် ထိုအရှင်မြတ်အား လုံးဝဥဿုံနာခံကြမည်ဖြစ်သော အခြားအမျိုးသားတစ်ရပ်ကို ခေါ်ယူတော်မူလိမ့်မည်ဖြစ်၏။ သာဝကကြီး ဟစန်ဗဆ်ရီက ဤအာယတ်တော်သည် အာရပ်မဟုတ်သူများကို ရည်ညွှန်းသည်ဟူ၍ လည်းကောင်း၊ သာဝကကြီး အစ်ကရီမဟ်က ပါရှင်းနှင့် ရောမလူမျိုးများ ကို ရည်ညွှန်းသည်ဟူ၍လည်းကောင်း ပြောကြား၏။ သာဝကကြီး အဗူဟုရိုင်ရဟ်ﷺက တင်ပြသည်မှာ အလ္လာ့ရစူလ် တမန်တော်ﷺသည် ဤအာယတ်တော်ကို သာဝကကြီးများ၏ ရှေ့မှောက်၌ ရွတ်ဖတ်ခဲ့သောအခါ၊ ၎င်းတို့က ကိုယ်တော်မြတ်အား မေးမြန်းခဲ့ကြသည်။ 'အကယ်၍ ကျွန်ုပ်တို့သည် (မပြောကောင်းမဆိုအပ်) အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်များကို မျက်နှာလွှဲကြပါက ကျွန်ုပ်တို့၏ နေရာတွင် ကျွန်ုပ်တို့ကဲ့သို့ မျက်နှာလွှဲလိမ့်မည် မဟုတ်သော လူများကို ခေါ်ယူတော်မူမည်ဖြစ်ရာ ထိုလူမျိုးများသည် မည်သူများ ဖြစ်ကြပါသနည်း။' သာဝကကြီး စလ်မာန်ဖါရိစီ ﷺသည် သာဝကကြီးများကြား၌ ထိုင်နေခဲ့သည်။ တမန်တော်မြတ်ﷺက ၎င်း၏ပေါင်ကိုပုတ်ပြီး 'အကယ်၍ အီမာန် (အမှန်တရား၏ သာသနာ)အတွက် Pleiads (ဓူဝံကြယ်ဆွတ်ခူးရမည်ဆိုလျှင်ပင် ထိုနေရာ) (သွားရောက်ရန် ခက်ခဲသောနေရာ)သို့ တက်သွားရမည်ဆိုပါက ပါရှင်း မျိုးဆက်တစ်ဦးသည် သွားရောက်ကာ ထိုနေရာမှ ၎င်းကိုရရှိမည်ဖြစ်ပြီး၊ လိုက်နာကျင့်သုံးပေလိမ့်မည်။' ဟု မိန့်ကြားခဲ့လေသည်။

ရှိုက်ခ်ဂျလာလွဒ္ဒိန်ဆုယုတ္တိက အဗူဟနီဖဟ်၏ အတ္ထုပ္ပတ္တိ စာတစ်အုပ်ကို ရေးသားရာတွင် အဗူဟနီဖဟ်နှင့် ၎င်း၏တပည့်သာဝကများသည် အစောကရည်ညွှန်းကိုးကားခဲ့သော ဟဒီးဆ်ထဲမှ လူများဖြစ်ကြောင်း ဖော်ပြခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အဗူဟနီဖဟ်နှင့် ၎င်း၏တပည့်သာဝကများ ရောက်ရှိခဲ့ကြသည့် မြင့်မားသော အဆင့်ကို ပါရှင်းများထဲမှ မည်သည့်အုပ်စုမျှ မရောက်ခဲ့သောကြောင့်ဖြစ်သည်ဟူ၏။

အလ်ဟမ်ဒုလေလ္လာ

စူရဟ်မုဟမ္မဒ်၏ ရှင်းလင်းဖွင့်ဆိုမှု ဤတွင်ပြီး၏။

စူရဟ် အလ်ဖတ်ဟ်
(အောင်နိုင်ခြင်းကဏ္ဍ)

ဤစူရဟ်သည် မဒီနာမြို့တွင် ကျရောက်ခဲ့ပြီး၊ အာယတ်တော် (၂၉)ပါးနှင့် ရုကူအ်(၄)ပိုဒ်ပါရှိ၏။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အစဉ်သနားကြင်နာ ညှာတာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယတ်တော် (၁-၃)

اِنَّا فَتَحۡنَا لَكَ فَتۡحًا مُّبِيۡنًا ۙ﴿۱﴾ لِّيَغۡفِرَ لَكَ اللّٰهُ مَا تَقَدَّمَ مِنۡ ذَنۡۢبِكَ وَ مَا تَاَخَّرَ وَ يُتِمَّ نِعۡمَتَهٗ عَلَيۡكَ وَ يَهۡدِيَكَ صِرَاطًا مُّسۡتَقِيۡمًا ۙ﴿۲﴾ وَّ يَنۡصُرَكَ اللّٰهُ نَصۡرًا عَزِيۡزًا ﴿۳﴾

(အို-နဗီတမန်တော်၊) ဧကန်မလွဲ ငါအရှင်မြတ်သည် အသင့်အား ထင်ရှားစွာသော အောင်မြင်မှုတစ်ခုကို ချီးမြှင့်ပေးသနားတော်မူပြီ။[၁] (ယင်းသို့ အောင်မြင်မှုချီးမြှင့်တော်မူခြင်းမှာ) အလ္လာဟ် အရှင်မြတ်သည် အသင်၏ရှေးကာလ ချို့တဲ့မှုများနှင့် အနာဂတ်ကာလ ချို့တဲ့မှုတို့ကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူအံ့သောငှာ လည်းကောင်း၊ မိမိကျေးဇူးတော်များကို အသင့်အပေါ်၌ စုံလင်စေတော်မူအံ့သောငှာ လည်းကောင်း၊ အသင့်အား ဖြောင့်မတ်သော တရားလမ်းကို ညွှန်ကြားပြသတော်မူအံ့သောငှာ လည်းကောင်း။[၂] အလ္လာဟ်အရှင်မြတ်သည် အသင့်အား ကြံ့ခိုင်သော၊ ဘုန်းကျက်သရေရှိသော၊ အောင်မြင်မှု ကို ချီးမြှင့်တော်မူအံ့သောငှာ လည်းကောင်း ဖြစ်ပေသတည်း။[၃]

ရှင်းလင်းဖွင့်ဆိုချက်

ဆွဟာဗဟ် [တမန်တော်မြတ်ﷺ၏ သာဝကကြီးများ]၊ တဗိအီန် (ဆွဟာဗဟ်တို့၏ တပည့်များ)နှင့် ကုရ်အာန် ရှင်းလင်းဖွင့်ဆိုမှု ကျွမ်းကျင်ပညာရှင်များ၏ တညီတညွတ်တည်း အဆိုအရ ဤစူရဟ်သည် ဟုဒိုင်ဗိယဟ် သဘောတူ စာချုပ်ချုပ်ဆိုပြီးနောက် တမန်တော်မြတ်ﷺ၏ မဒီနာမြို့သို့ အပြန်ခရီးတွင် ဟစ်ဂျရီ ၆ ခုနှစ်၊ ဇုလ်ကအ်ဒဟ်လ၌ ကျရောက်ခဲ့ခြင်းဖြစ်၏။ တစ်နည်းဆိုရသော် တမန်တော်မြတ်ﷺသည် ၎င်း၏သာဝကကြီးတစ်ဖွဲ့နှင့်အတူ အွမ်ရဟ် ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် မက္ကာမြို့သို့ ထွက်ခဲ့၏။ မက္ကာမြို့၏ ဟရာမ်နယ်နိမိတ်အနီးသို့ ချဉ်းကပ်လာသောအခါ၊

ငင်းသည် ဟုဒိုင်ဗီယဟ်အမည်ရှိ နေရာတစ်ခုတွင် ခေတ္တရပ်နားခဲ့သည်။

သို့ရာတွင် ကုရိုက်ရှ်တို့သည် ငင်းအား မက္ကာမြို့တွင်းသို့ မဝင်ရန်တားမြစ်ခဲ့၏။ ငင်းတို့က အပေးအယူလုပ်လို ခဲ့ကြသည်မှာ ထိုနှစ်တွင် ငင်းသည် အိမ်ပြန်ရမည်ဖြစ်ပြီး၊ နောက်နှစ်ကျမှ လွတ်သွားခဲ့သော အွမ်ရဟ်ကို အစားပြန်လုပ်ရန်ဖြစ်၏။ သာဝကကြီးများ၊ အထူးသဖြင့် သာဝကကြီး အုမရ်ﷺသည် အကြီးအကျယ် စိတ်မချမ်းမသာဖြစ်ခဲ့ကြသည်။ သို့သော် တမန်တော်မြတ်ﷺသည် အလ္လာဟ်အရှင်မြတ်၏ ညွှန်ကြားချက်ဖြင့် ယင်းညှိနှိုင်းချက်ကို လက်ခံခဲ့၏။ အဘယ်ကြောင့်ဆိုသော် ဤသို့ပြုလုပ်ခြင်းက မွတ်စလင်တို့အား အောင်မြင်မှုဆီသို့ လမ်းခင်းပေးလိမ့်မည်ဟူ၍စိတ်ဝယ် ခံစားခဲ့ရသောကြောင့် ဖြစ်လေသည်။ အသေးစိတ်များကို နောက်ပိုင်းတွင် စူရတ်ထဲ၌ တွေ့ရမည်ဖြစ်၏။ ဟုဒိုင်ဗီယဟ်မှ အပြန်ခရီးတွင် တမန်တော်မြတ်ﷺသည် ငင်း၏ 'အိဟ်ရာမ်'ဝတ်ရုံကို ချွတ်လိုက်သောအခါ ဤစူရတ်ကျရောက်လာခဲ့၏။ စူရတ်က ငင်း၏စိတ်ကူးပုံရိပ်သည် မှန်ကန်ကြောင်းနှင့် သင့်တော်သောအချိန်တွင် မုချပြည့်ဝလိမ့်မည်ဖြစ်ကြောင်းကို ညွှန်ပြခြင်းဖြစ်၏။ သို့သော် ယခုအခါ အွမ်ရဟ်ပြုလုပ်ရန်အတွက် အချိန်မကျသေး၊ မက္ကာမြို့ကို အောင်နိုင်ပြီးမှသာလျှင် ဖြစ်လာပေမည်။ ဟုဒိုင်ဗီယဟ် သဘောတူစာချုပ်အား ဤစူရတ်၌ 'ထင်ရှားစွာသော အောင်မြင်မှုတစ်ခု'ဟု ဖော်ပြ၏။ အဘယ်ကြောင့်ဆိုသော် ဤစာချုပ်သည် အမှန်စင်စစ်မက္ကာမြို့ကို အောင်နိုင်ခြင်း၏ ရှေ့ပြေးဖြစ်သောကြောင့် ဖြစ်လေသည်။ သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နမတ်စ်အူးဒ်ﷺ နှင့် အချို့သော သာဝကကြီးများက ပြောကြသည်မှာ 'သင်တို့က မက္ကာမြို့ကို အောင်နိုင်ခြင်းအား 'အောင်မြင်မှု'ဟု ထင်ကြသည်။ သို့သော် ကျွန်ုပ်တို့ကမူ ဟုဒိုင်ဗီယဟ် သဘောတူစာချုပ်ကသာ တကယ့်'အောင်မြင်မှု'ဟု ယူဆကြသည်။' ထိုနည်းတူ သာဝကကြီး ဂျာဗိရ်ﷺက 'ဟုဒိုင်ဗီယဟ် သဘောတူစာချုပ်အား 'အောင်မြင်မှု'ဟု ကျွန်ုပ်တို့ထင်သည်။'ဟု ပြောကြား၏။ ဗရာအ်အိဗ်နိုအာဇစ်ဗ်ﷺက ဆိုသည်မှာ 'သင်တို့က 'အောင်မြင်မှု'သည် မက္ကာမြို့အား အောင်နိုင်ခြင်းကို ရည်ညွှန်းသည်ဟု ထင်ကြ၏။ မက္ကာမြို့အား အောင်နိုင်ခြင်းသည် 'အောင်မြင်မှု'ဖြစ်ကြောင်းမှာ ယုံမှားစရာမရှိပေ။ သို့သော် ဟုဒိုင်ဗီယဟ်ဖြစ်စဉ်မှ "ရိသွဝါန်ပဋိညာဉ်"မှာ အောင်မြင်မှု အစစ်အမှန်ဖြစ်သည်ဟု ကျွန်ုပ်တို့က ထင်ကြသည်။' ထိုဖြစ်စဉ်တွင် တမန်တော်မြတ်ﷺသည် (၁၄၀၀) မျှသော သာဝကကြီးတို့အား အကေးရှားပင် (ထနောင်းပင်မိုး)၏အောက်၌ မိမိတို့သည် ငင်းနှင့်အတူရပ်တည်၍ ငင်း၏အောင်လံတံခွန်အောက်မှ ရေကုန်ရေခမ်းတိုက်ခိုက်ကြပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုစေခဲ့၏။ ဂျိဟာဒ်သစ္စာအဓိဋ္ဌာန်အကြောင်းကို နောက်ပိုင်းတွင် ဤစူရတ်၌ ဖော်ပြ၏။ (အိဗ်နိုကဆီရ်)။ ဆိုခဲ့သည့်အတိုင်း ဤစူရတ်သည် ဟုဒိုင်ဗီယဟ် အချိန်ကာလက ကျရောက်ခဲ့ပြီး၊ အဖြစ်အပျက်၏ အချို့အစိတ်အပိုင်းများကို ဤစူရတ်၌ ရည်ညွှန်းသည်ဖြစ်၍ အဖြစ်အပျက်အသေးစိတ်များကိုဦးစွာပေးရန်လိုအပ်မည်ဟု သဘောရပေသည်။အိဗ်နကဆီရ်ကအဖြစ်အပျက်အကြောင်းကို အသေးစိတ်ရှင်းလင်းတင်ပြ၏။ တဖိစိရ်မဇ်ဟရီက ဤအဖြစ်အပျက်အစအဆုံးကို စစ်မှန်သော ဟဒီဆ်များအား ကိုးကားလျက် စာ(၁၄)မျက်နှာမျှ ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့သည်။ ဆင့်ပြန်ချက်များတွင် အံ့ဩဖွယ်ရာများ၊ အကြံပြုချက်များနှင့်၊ ပညာရေး၊ ဘာသာရေး၊ နိုင်ငံရေးဆိုင်ရာ ဉာဏ်ပညာဖော်ပြချက်များ ပါဝင်၏။ ကျွန်ုပ်တို့အနေဖြင့် စူရတ်ထဲ၌ ရည်ညွှန်းသော သို့မဟုတ် စူရတ်နှင့်အဓိကသက်ဆိုင်သော ဆင့်ပြန်ချက်များ၏ အသေးစိတ်များကိုသာ ဖော်ပြရန် ရည်ရွယ်သည်။ သို့မှသာ အဖြစ်အပျက်နှင့် ဆက်နွယ်သော ထိုအာယတ်တော်များအကြောင်း နားလည်သဘောပေါက်ရန် လွယ်ကူမည်ဖြစ်၏။ အောက်တွင်ပေးထားသော အသေးစိတ်များကို တဖိစိရ်မဇ်ဟရီမှ အဓိကရယူပြီး အခြားရှင်းလင်းဖွင့်ဆိုချက်များကိုလည်း ကိုးကားဖော်ပြပါသည်။

ဟုဒိုင်ဗိယဟ် အဖြစ်အပျက်

ဟုဒိုင်ဗိယဟ်သည် မက္ကာမြို့၏ အပြင်ဘက် ဂျစ်ဒဟ်မြို့သို့ သွားရောလမ်းတွင် ဟရာမ်နယ်နိမိတ်နှင့် အလွန်နီးကပ်စွာရှိသော ကွင်းပြင်တစ်ခုဖြစ်၏။ ယခုအခါ ထိုနေရာအား 'ရှုမေစိယ'ဟု ခေါ်ကြ၏။ ဤနေရာသည် အဖြစ်အပျက် ဖြစ်ပွားခဲ့သည့်နေရာပင် ဖြစ်လေသည်။

အပိုင်း(၁)- တမန်တော်မြတ်ﷺ၏ စိတ်အာရုံ၌ ထင်လာသောပုံရိပ်

အိပ်နဂျရီရ်၊ အဗ်ဒဲအိပ်နဟူမိတ်ဒ်၊ ဗိုင်ဟကီနှင့် အခြားသူများ တင်ပြသည်မှာ တမန်တော်မြတ်ﷺသည် မဒီနာမြို့၌ အိပ်မက်တစ်ခု မြင်မက်ခဲ့သည်။ ထိုအိပ်မက်ထဲတွင် မြင်ခဲ့ရသည်မှာ ၎င်းသည် ၎င်း၏သာဝကကြီးများနှင့်အတူ မက္ကာမြို့သို့ သွားခဲ့ကြပြီး၊ မြို့တွင်းသို့ အေးချမ်းစွာဝင်ရောက်ကာ အွမ်ရဟ် (ဟဂ်အသေးစား) ပြုလုပ်ခဲ့ကြသည်။ ၎င်းနှင့်၎င်း၏ သာဝကကြီးများသည် ဘုရားဖူး အိဟ်ရမ် ဝတ်ရုံများကိုချွတ်ပြီး၊ စည်းကမ်းအရ အချို့သည် ခေါင်းများကို ရိတ်ကြပြီး၊ အချို့သည် ဆံပင်ကိုတိုအောင်ဖြတ်ခဲ့ကြသည်။ ထို့နောက် တမန်တော်မြတ်ﷺသည် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ထဲသို့ ဝင်ခဲ့ရာ၊ အိမ်တော်၏ သော့တံသည် ၎င်း၏လက်တွင်းသို့ ကျလာခဲ့၏။ အဖြစ်အပျက်၏ ဤအပိုင်းကို ဤစူရဟ်၏နောက်ပိုင်း (၄၈း၂၇)တွင် ရည်ညွှန်းခဲ့သည်။ တမန်တော်မြတ်ﷺ၏ အိပ်မက်သည် အိပ်မက်သက်သက်သို့မဟုတ် စိတ်ကူးယဉ်ဇာတ်လမ်းတစ်ခု မဟုတ်ပါချေ။ ထိုအိပ်မက်သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ဝဟီဖြစ်၍ ထိုအတိုင်း အတိအကျ လိုက်နာလုပ်ဆောင်ရန် လိုအပ်သည့် အလ္လာဟ်အရှင်မြတ်၏ နှိုးဆော်မှုတစ်ခု ဖြစ်လေသည်။ သို့ရာတွင် ထိုကိစ္စအတွက် အချိန်နှင့်ရက်စွဲများကို သတ်မှတ်ပေးတော်မူခြင်း မရှိခဲ့ပေ။ အမှန်စင်စစ် မက္ကာမြို့ကို အောင်နိုင်ချိန်တွင် ဤစိတ်ကူးပုံရိပ်ကို ပြီးမြောက်အောင် ဖြည့်ဆည်းရမည်ဖြစ်၏။ သို့သော် တမန်တော်မြတ်ﷺက ဤအိပ်မက်ကို ၎င်း၏သာဝကကြီးများအား ပြန်ပြောခဲ့သောအခါ၊ ၎င်းတို့သည် မက္ကာမြို့သို့သွားရန်နှင့် အိမ်တော်ကို တွဝါဖ်လှည့်ပတ်ရန် ၎င်းတို့၏စိတ်အားထက်သန်မှုကြောင့် ပြင်ဆင်မှုများကို ချက်ချင်းပင် စတင်ပြုလုပ်ကြတော့၏။ တမန်တော်မြတ်ﷺကလည်းမိမိ၏အိပ်မက်ကိုပြီးမြောက်အောင်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် အချိန်ကာလ အတိအကျ သတ်မှတ်ပေးတော်မူခြင်း မရှိသဖြင့် ဤရည်ရွယ်ချက်ကို မဆိုင်းမတွ အထမြောက်အောင် ဆောင်ရွက်ရန်မှာ ဖြစ်နိုင်သည်ဟု ၎င်းကထင်မှတ်ခဲ့ခြင်းဖြစ်၏။ (ဗယာနွလ်ကုရ်အာန်၊ ရူးဟွလ်မအာနီထံမှ ရည်ညွှန်းကိုးကားသည်။)

အပိုင်း(၂)- တမန်တော်မြတ်ﷺသည် ၎င်း၏သာဝကကြီးများနှင့် ဘီဒူဝင်များအား ကိုယ်တော်မြတ်နှင့်အတူ လိုက်ပါရန် ဖိတ်ခေါ်သည်။ အချို့က ငြင်းပယ်ခဲ့ကြ၏။

အိပ်နစအ်ဒ်နှင့် အခြားသူများအား ကိုးကားလျက် တင်ပြသည်မှာ တမန်တော်မြတ်ﷺနှင့် ၎င်း၏သာဝကကြီးများသည် 'အွမ်ရဟ်'ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြသောအခါ၊ တမန်တော်မြတ်ﷺတွင် မက္ကာမြို့သား မုရ်ရစ်က်များက မိမိတို့အား 'အွမ်ရဟ်'ပြုလုပ်ခြင်းမှ ဟန့်တားကြမည်ကို လည်းကောင်း၊ ထိုသို့ဟန့်တားပါက အကျိုးဆက်အနေဖြင့် တိုက်ပွဲဖြစ်လာနိုင်ခြင်းကို လည်းကောင်း ကြောင့်ကျမှုရှိခဲ့၏။ ထို့ကြောင့် ၎င်းက အနီးအနားကျေးရွာများမှ လူများအား ၎င်းတို့နှင့်အတူ ဘုရားဖူးခရီး လိုက်ပါကြရန် ဖိတ်ခေါ်ခဲ့လေသည်။ ဘီဒူဝင်အာရဗ်ကျေးတောသားများက မုဟမ္မဒ်ﷺနှင့် ၎င်း၏သာဝကများသည် မိမိတို့အား သေမင်း၏ခံတွင်းထဲသို့ တွန်းချလိုကြခြင်းဖြစ်သည်ဟုဆိုပြီး၊ ၎င်းနှင့်ပူးပေါင်းရန် ငြင်းဆန်ခဲ့ကြသည်။ ၎င်းတို့က မုဟမ္မဒ်နှင့် ၎င်း၏သာဝကများသည် ၎င်းတို့ထက်လက်နက်နှင့် အင်အားပို၍ကြီးမားသော

မက္ကာမြို့သားတို့နှင့်တိုက်ပွဲတွင်မိမိတို့အားပါဝင်ကြစေလိုခြင်းဖြစ်သည်ဟုပြောဆိုခဲ့ကြပြီး၊ဤအင်အားကြီးများသာလွန်မှုကြောင့် မွတ်စလင်တို့သည် အသက်ရှင်လျက် ပြန်လာနိုင်ကြလိမ့်မည်မဟုတ်ဟု ထင်မှတ်ခဲ့ကြ၏။ (မဇ်ဟရီ)

အပိုင်း(၃)- မက္ကာမြို့သို့ ခရီးစတင်ထွက်ခွာခြင်း

အီမာမ် အဟ်မဒ်၊ ဗုခါရီ၊ အဗူဒါဝူဒ်၊ နစာအီနှင့် အခြားသူများ၏ အဆိုအရ ခရီးစတင်မထွက်ခွာမီ တမန်တော်မြတ်ﷺသည် ရေချိုးပြီး၊ အဝတ်အစားအသစ်များကို ဝတ်ဆင်ကာ ၎င်း၏ကုလားအုတ် 'ကဆ္ဒွါ'ပေါ်သို့ တက်ခဲ့၏။ ၎င်းနှင့်အတူ ကြင်ယာတော် အူမ္မဓိလာမတ်ﷺနှင့်တကွ များစွာသော မုဟာဂျိရိန်၊ အန်ဆွာနှင့် ကျေးတောသားများ လိုက်ပါခဲ့ကြ၏။ အဆိုများအရ စုစုပေါင်း လူ ၁၄၀၀ ပါဝင်၏။ ၎င်းတို့တွင် ဓါးရှည်များမှအပ အခြားလက်နက်များ မပါရှိသော်လည်း တမန်တော်မြတ်ﷺ၏ အိပ်မက်ကြောင့် ထိုနေ့က မက္ကာမြို့ကိုအောင်နိုင်မည့်အကြောင်းနှင့် စပ်လျဉ်း၍ မည်သူမျှ သံသယမဖြစ်ခဲ့ကြပေ။ တမန်တော်မြတ်ﷺနှင့် ၎င်း၏သာဝကကြီးများသည် ဇုလ်ကအ်ဒဟ်၏အစ တနလ်ာနေ့တွင် ဤခရီးကို စတင်ထွက်ခွာခဲ့ကြသည်။ ၎င်းသည် 'ဇုလ်ဟုလေဖဟ်'သို့ ရောက်သောအခါ၊ အွမ်ရဟ်ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် ဘုရားဖူးဝတ်ရုံ (အိဟ်ရမ်)ကို ဝတ်ဆင်ခဲ့လေသည်။ (မဇ်ဟရီမှ အတိုချုံးသည်။)

အပိုင်း(၄)- မက္ကာမြို့သားတို့နှင့် ထိပ်တိုက်ရင်ဆိုင်ရန် ပြင်ဆင်ခြင်း

များပြားလှသော သာဝကကြီးများနှင့်အတူ မက္ကာမြို့သို့ တမန်တော်မြတ်ﷺ ခရီးထွက်လာသည့်သတင်းကို မက္ကာမြို့သားများ ကြားကြသောအခါ၊ ၎င်းတို့သည် စုဝေးခဲ့ကြပြီး၊ အကယ်၍ မုဟမ္မဒ်ကို မက္ကာမြို့တွင်းသို့ ဝင်ခွင့်ပြုပါက မုဟမ္မဒ်နှင့် စစ်ပွဲများစွာ တိုက်ခိုက်ခဲ့ကြသော မက္ကာမြို့သားများသည် ၎င်းအားအညှဉ်းဆဲလိုက်ကြလေပြီဟု အာရေဗီးယားတစ်ခွင်လုံးက အထင်ရောက်ကြတော့မည်ဟူ၍ ၎င်းတို့၏ သောကကို ဖော်ပြခဲ့ကြလေသည်။ ယေဘုယျ နားလည်ကြသည့်အတိုင်း ၎င်းတို့သည် ကိုယ်တော်အား မြို့တွင်းသို့ ဝင်ခွင့်မပြုချင်ခဲ့ကြပေ။ ထို့ကြောင့် ၎င်းတို့သည် ရှေ့ပြေးမြင်းတပ်ဖွဲ့ကို ခါလစ်အိဗ်နိုဝလိဒ်ﷺ [ထိုစဉ်က မွတ်စလင်တစ်ဦး မဟုတ်သေး]အား ကွပ်ကဲစေလျက် ၎င်းအား ကြားမှဖြတ်၍တားရန် 'ကုရအွလ်ဂမီမ်'သို့ စေလွှတ်ခဲ့ကြသည်။ အနီးအနားမှ ကျေးတောသားများကိုလည်း မြင်းတပ်နှင့် တွဲဖက်ထားသည့်ပြင် 'တွာအစ်ဖ်'မှ ဗနူသွာကိဖ်မျိုးနွယ်များကလည်း ၎င်းတို့နှင့် ပူးပေါင်းခဲ့ကြ၏။ ၎င်းတို့သည် 'ဇေါ်လ်ဒဟ်'ဟုခေါ်သော နေရာတစ်ခုတွင် တပ်စခန်းချခဲ့ကြသည်။ ၎င်းတို့သည် တမန်တော်မြတ်ﷺအား မြို့တွင်းသို့ ဝင်ခြင်းမှတားဆီးရန်နှင့် ၎င်းအား စစ်ကြေညာရန် ကတိသစ္စာပြုခဲ့ကြလေသည်။

ထူးဆန်းပြီး ရိုးရှင်းသည့် ဆက်သွယ်ရေးကွန်ယက်တစ်ခု

ရန်သူတို့သည် ဇေါ်လ်ဒဟ်မှသည် တမန်တော်မြတ်ﷺ ရောက်ရှိနေသောနေရာထိ ဆက်သွယ်ရေးကွန်ယက်တစ်ခုကို ထူထောင်ခဲ့သည်။ ၎င်းတို့က တမန်တော်မြတ်ﷺ၏ လှုပ်ရှားမှု၊ လုပ်ဆောင်မှုနှင့် တည်နေရာများကို စောင့်ကြည့်ပြီး၊ သတင်းပို့ရန် တောင်ထိပ်တစ်ခုစီပေါ်တွင် လူအနည်းငယ်ကို နေရာချထားခဲ့ကြသည်။ တောင်ထိပ်တစ်ခုပေါ်မှ လူများက ကပ်လျက်ရှိသော တောင်ထိပ်ပေါ်မှ လူများကို လည်းကောင်း၊ ဒုတိယတောင်ထိပ် လူများက ကပ်လျက်ရှိသော တတိယတောင်ထိပ်မှ လူများသို့လည်းကောင်း စသည်ဖြင့် အဆင့်ဆင့် ဟစ်အော်၍ သတင်းပို့ခြင်းဖြင့် တမန်တော်မြတ်ﷺ၏ လုပ်ဆောင်မှုအသေးစိတ်များကို ဇေါ်လ်ဒဟ်မှ လူများထံသို့ မိနစ်အနည်းငယ်အတွင်း ဆက်သွယ်ပေးပို့ခဲ့ကြလေသည်။

တမန်တော်မြတ်ﷺ၏ သတင်းပေးများ

တမန်တော်မြတ်ﷺသည် ကုရိုက်ရှ်တို့၏ လှုပ်ရှားမှုများနှင့် ရည်ရွယ်ချက်များကို ထောက်လှမ်းစုံစမ်းပြီး မိမိထံသတင်းအပြည့်အစုံ မပြတ်တမ်းပို့ပေးနိုင်စေရန်အတွက် ဗိရှ်ရိအိဗ်နဲ့စွဖ်ယာန်ﷺအား လျှို့ဝှက်သတင်းပေးတစ်ဦးအဖြစ် မက္ကာမြို့သို့ ကြိုတင်စေလွှတ်ခဲ့သည်။ မက္ကာမြို့မှ ၎င်းပြန်လာသောအခါ၊ မက္ကာမြို့သားတို့သည် မီးကုန်ယမ်းကုန် တိုက်ခိုက်မည့် စစ်ပွဲအတွက် ပြင်ဆင်နေကြကြောင်း တမန်တော်မြတ်အားﷺ သတင်းပို့ခဲ့သည်။ တမန်တော်မြတ်ﷺသည် ၎င်း၏စိတ်မကောင်းဖြစ်ရပုံကို ဖော်ပြခဲ့သည်မှာ စစ်ပွဲများစွာက ကုရိုက်ရှ်တို့အား အင်အားချည့်နဲ့စေခဲ့ပြီးဖြစ်သည့်တိုင် ၎င်းတို့သည် တိုက်ခိုက်မှုကို မစွန့်လွှတ်နိုင်ကြသေးပါတကား။ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ 'ဤအချိန်သည် ၎င်းတို့အဖို့ ကျွန်ုပ်နှင့်အခြားအာရဗ်များကို လွှတ်ထားပေးလိုက်ရန် အကောင်းဆုံး စံပြအခွင့်အရေးပင်ဖြစ်၏။ အကယ်၍ ဤအာရဗ်များက ကျွန်ုပ်အား အောင်နိုင်ခဲ့ပါက ၎င်းတို့သည် ၎င်းတို့၏ ရည်မှန်းချက်ကို ဒုက္ခမခံရဘဲ အောင်မြင်ပြီးမြောက်ခဲ့မည်ဖြစ်၏။ အကယ်၍ ကျွန်ုပ်က ၎င်းတို့ကို အနိုင်ရခဲ့ပါက နှစ်ခုအနက်တစ်ခု ဖြစ်နိုင်မည်။ ၎င်းတို့သည် အစွမ်းလာမ်ကို လက်ခံယုံကြည်ကြလိမ့်မည် သို့မဟုတ် အကယ်၍ ၎င်းတို့က ကျွန်ုပ်တို့အား တိုက်ခိုက်ရန် ရည်ရွယ်ခဲ့ပါက ကျွန်ုပ်ကိုရင်ဆိုင်ရန် ၎င်းတို့ကိုယ်၎င်းတို့ အင်အား တောင့်တင်းအောင်ပြုလုပ်ပြီး ဖြစ်ပေမည်။ သို့သော် ၎င်းတို့၌ မည်သို့သော ပြဿနာ/အခက်အခဲ ရှိနေသည်ကို မည်သူမျှ မသိကြပေ။ ကျွန်ုပ်အား မိမိ၏အမိန့်တော်များဖြင့် စေလွှတ်တော်မူခဲ့သော ထိုအရှင်မြတ်ကို တိုင်တည်၍ ကျိန်ဆိုပါသည်။ အရှင်မြတ်ကသာ စေခိုင်းပါက ကျွန်ုပ်သည် ကျွန်ုပ်၏ခေါင်းနှင့်ကိုယ် အိုးစားကွဲသည့်တိုင်အောင် ၎င်းတို့အား တိုက်ခိုက်ခြင်းကို ဘယ်သောအခါမျှ ရပ်တန့်လိမ့်မည် မဟုတ်ပေ။'

အပိုင်း(၅)- တမန်တော်မြတ်ﷺ၏ ကုလားအုတ်က ရွှေ့လျားရန်ငြင်းဆိုခြင်း

ထိုသည့်နောက် တမန်တော်မြတ်ﷺသည် လူများကိုစုဝေးစေပြီး၊ မိန့်ခွန်းပြောကြားရာတွင် ရန်သူတို့အား ထိုအချိန်၊ ထိုနေရာ၌ မိမိတို့က စတင်တိုက်ခိုက်သင့်သလား၊ သို့မဟုတ် ရှေ့သို့ဖိတိုးပြီး မက္ကာမြို့တွင်းသို့ ဖွတ်ဝင်ကြမည်။ 'အကယ်၍ ၎င်းတို့သည် မိမိတို့အား တားဆီးပါက ၎င်းတို့အား တိုက်ခိုက်ကြမည်။'လား ဆိုသည်ကို ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်ခဲ့၏။ သာဝကကြီး အဗူဗက်ရ်ﷺနှင့် အခြားသာဝကကြီးများက ပြောကြားခဲ့သည်မှာ 'သင်သည် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ကို လည်ပတ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် အေးချမ်းသော သာသနာ့ခရီးတစ်ခု ထွက်လာခဲ့ခြင်းဖြစ်၏။ ရန်လိုသော စစ်တိုက်ရန် ရည်ရွယ်ချက်ဖြင့် ထွက်လာခဲ့ခြင်း မဟုတ်ပေ။ သို့ဖြစ်၍ သင်၏ အေးချမ်းသော ရည်ရွယ်ချက်ကို စောင့်ထိန်းပါ။ သို့သော် အကယ်၍ မက္ကာမြို့တွင်းသို့ ကျွန်ုပ်တို့ဝင်ခြင်းကို တားဆီးပါက ကျွန်ုပ်တို့ တိုက်ခိုက်ကြပါမည်။' သာဝကကြီး မိက်ဒါဒ်အိဗ်နိုအတ်စ်ဝဒ်ﷺသည် မတ်တတ်ထ၍ ပြောကြားခဲ့သည်။ 'အို-အလ္လာဟ့်ရာ့ရူလ်၊ ကျွန်ုပ်တို့သည် အစ္စရာအီလီအမျိုးသားများကဲ့သို့'اِذْهَبْ أَنتَ وَرَبُّكَ فَقَاتِلَا إِنَّا هَاهُنَا قَاعِدُونَ 'သို့ဖြစ်ပေရာ အသင်ကိုယ်တိုင် မိမိအရှင်မြတ်နှင့်တကွ သွားရောက်ပြီး၊ အသင်တို့နှစ်ဦးသာလျှင် တိုက်ခိုက်ကြလေကုန်၊ ကျွန်ုပ်တို့မှာမူကား ဤနေရာ ၌ပင် ထိုင်၍နေကြကုန်အံ့။ (၅း၂၄)ဟု ပြောကြမည့်သူများ မဟုတ်ကြပါ။ ကျွန်ုပ်တို့သည် အသင်နှင့် အတူ မဖြစ်မနေ တိုက်ခိုက်ကြပါမည်။' သာဝကကြီးများ၏ သန္ဓိဋ္ဌာန်ကို သိရပြီးနောက် အလ္လာဟ့်ရာ့ရူလ် တမန်တော်ﷺသည် အလ္လာဟ် အရှင်မြတ်၏ နာမတော်ဖြင့် ကျွန်ုပ်တို့ မက္ကာမြို့ဆီသို့ ချီတက်ကြမည်ဟု တုံ့ပြန်ခဲ့လေသည်။ မြင့်မြတ်သော မြို့တော်သို့ တမန်တော်မြတ်ﷺ ချဉ်းကပ်လာသောအခါ၊ ထို့ပြင် 'ကစ်ဗ်လဟ်'ဘက်ဆီသို့ ဦးတည်ရွှေ့လျားလာကြသည့် ၎င်းတို့ကို ခါလစ်အိဗ်နိုဝလိဒ်ﷺနှင့် ၎င်း၏မြင်းတပ်က သတိပြုမိကြသောအခါ၊ ၎င်းက ၎င်း၏စစ်သည်များအား တပ်ဖွဲ့များအဖြစ် ဖွဲ့စည်းကာ ခိုင်ခံ့သော နံရံကြီးများအလား ထိုနေရာတွင် ရပ်တည်နေစေခဲ့၏။

အလ္လာဟ့်ရစူလ်တမန်တော်ﷺသည် ခါလစ်အိဝ်နဝလိဒ်ကို ရင်ဆိုင်ရန် အဗ္ဗာဒ်အိဝ်နဝိရှီးရိﷺအား တပ်ဖွဲ့တစ်ခု၏ တပ်မှူးအဖြစ် ခန့်အပ်ခဲ့၏။ ထိုအတောအတွင်း ဇဟိုရ်ဆွလာတ်ချိန် ကျရောက်သဖြင့် သာဝကကြီး ဗီလာလ်ﷺက 'အဇာန်'ဟစ်ခေါ်ပြီး၊ တမန်တော်မြတ်ﷺက လူများကိုရှေ့ဆောင်ကာ ဝတ်ပြုခဲ့လေသည်။ ထိုအချင်းအရာကို ခါလစ်နှင့် ၎င်း၏မြင်းတပ်က ကြည့်နေခဲ့ကြ၏။ နောက်ပိုင်းတွင် ခါလစ်အိဝ်နဝလိဒ်က ပြောခဲ့သည်မှာ '၎င်းတို့ဝတ်ပြုနေစဉ် ၎င်းတို့အားသုတ်သင်ရန် အခွင့်အရေးကို ကျွန်ုပ်တို့ဆုံးရှုံးခဲ့သည်။ ကိစ္စမရှိပါ။ နောက်အချိန်တစ်ခုကို စောင့်ကြပါ၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် မကြာမီ ထပ်မံ၍ ဝတ်ပြုကြလိမ့်ဦးမည်ဖြစ်၏။' သို့သော် ထိုအချိန်အတွင်း ဂျိဗရာအီလ်ﷺသည် 'ဆွလာတုလ်ခေါင်ဖ်' ပြဋ္ဌာန်းချက်ကို ယူဆောင်လာခဲ့သည်။ ၎င်းတို့၏ ရည်ရွယ်ချက်ကို အလ္လာဟ့်ရစူလ်တမန်တော်ﷺအား အသိပေးပြီး နောက် အန္တရာယ်ရှိနေချိန်တွင် စစ်သည်များကို မည်သို့အုပ်စုနှစ်စုခွဲသင့်ကြောင်း ၎င်းအားပြသခဲ့သည်။ အလ္လာဟ့်ရစူလ်တမန်တော်ﷺသည် ကုရ်အာန်၏ လမ်းညွှန်ချက်ကို လိုက်နာခဲ့သည်။ အုပ်စုတစ်စုစီသည် အလှည့်ကျ ဆွလာတ်ဝတ်ပြုခဲ့ကြသည် (အုပ်စုတစ်စု ဝတ်ပြုနေချိန်တွင် ကျန်အုပ်စုတစ်စုကရန်သူတိုက်ခိုက်လာလျှင် ကာကွယ်ရန် လက်နက်စွဲ ကိုင်လျက် အသင့်အနေအထားဖြင့် စောင့်ကြပ်နေသည်။ ဝတ်ပြုနေသောအုပ်စု ပြီးဆုံးသောအခါ၊ စောင့်ကြပ်နေသော အုပ်စုက တစ်လှည့်ဝတ်ပြုလေသည်။)။

အပိုင်း(၆)- ဟုဒိုင်ဗိယဟ်မှ အဲ့ဖွယ်မုအ်ဂျိဇာဟ် ဖြစ်ရပ်တစ်ခု

အလ္လာဟ့်ရစူလ်တမန်တော် ဟုဒိုင်ဗိယဟ်သို့ နီးကပ်လာသောအခါ၊ ၎င်း၏(ကဆ်ဝါ အမည်ရှိ) ကုလားအုတ်မသည် ရှေ့ခြေများချော်ပြီး ထိုင်ချလိုက်လေသည်။ သာဝကကြီးများက ၎င်းအား ပြန်ထအောင် ကြိုးစားခဲ့ကြသော်လည်း အချည်းနှီးပင်။ သာဝကကြီးများက ကဆ်ဝါစိတ်ဆိုးနေသည်ဟု ထင်ခဲ့ကြ၏။ သို့သော် တမန်တော်မြတ်ﷺက ပြောသည်မှာ ထိုသို့ဖြစ်ခြင်းသည် ကဆ်ဝါ၏အပြစ်မဟုတ်သကဲ့သို့ ၎င်း၏ပြုလုပ်နေကျအကျင့်လည်းမဟုတ်။ အမှန်စင်စစ် ကုလားအုတ်မကို ရပ်တန့်အောင်ပြုသူမှာ ဆင်ပိုင်ရှင်များကို ဟန့်တားထားတော်မူခဲ့သော ထိုအရှင်မြတ်သာလျှင်ဖြစ်တော်မူ၏။ (ထိုအချိန်က အလ္လာဟ့်ရစူလ်တမန်တော်ﷺသည် မိမိ၏အိပ်မက်ပြည့်ဝဖို့ အချိန်မတန်သေးကြောင်းကို ရိပ်စားမိခဲ့ခြင်း ဖြစ်နိုင်သည်။) ဤသို့ ရိပ်စားမိသဖြင့် အလ္လာဟ့်ရစူလ်တမန်တော်ﷺက 'မုဟမ္မဒ်၏ဘဝကို ပိုင်စိုးတော်မူသော ထိုအရှင်မြတ်၏ နာမတော်ဖြင့် ကျိန်ဆိုပါ၏။ ကျွန်ုပ်သည် ယနေ့ ကုရိုက်ရှိတို့၏ တောင်းဆိုမှုအားလုံးကို လက်ခံပါမည်။ ယင်းတို့ထဲမှ အလ္လာဟ်အရှင်မြတ်၏ အတည်ပြုတော်မူသော အမှတ်လက္ခဏာများကို အပြည့်အဝ လေးစား တန်ဖိုးထားပါမည်။' ဟူ၍ ကြေညာခဲ့၏။ ထို့နောက် ၎င်းက ကုလားအုတ်မကို ဟစ်ခေါ်လိုက်ရာ ကုလားအုတ်မသည် ထ၍ရပ်ခဲ့၏။ အလ္လာဟ့်ရစူလ်တမန်တော်ﷺသည် ခါလစ်အိဝ်နိဝလိဒ်ﷺရှိသောနေရာမှ ဝေးရာသို့ ရွှေ့ပြောင်းပြီး၊ ဟုဒိုင်ဗိယဟ်၏ အခြားတစ်ဖက်တွင် စခန်းချခဲ့သည်။ ထိုနေရာရေရှားပါးလှ၏။ ရေပေါများသည့်နေရာများကို ခါလစ်အိဝ်နဝလိဒ်နှင့် ဗေါ်လ်ဒဟ်တို့၏လူများက နေရာယူထားခဲ့ကြပြီးဖြစ်၏။ ဤနေရာတွင် အလ္လာဟ့်ရစူလ်တမန်တော်၏ တန်ခိုးပြာဋိဟာ (မုအ်ဂျိဇာဟ်)တစ်ရပ်ကို အလ္လာဟ်အရှင်မြတ်က ပြသတော်မူခဲ့သည်။ ဤနေရာတွင် ရေတွင်းတစ်တွင်းရှိပြီး၊ ထိုရေတွင်းမှ အလွန်နည်းပါးသောရေ စီးထွက်လျက်ရှိ၏။ ၎င်းကထိုရေဖြင့် ၎င်း၏ပါးစပ်ကို ဆေးကြောပြီး၊ ၎င်း၏မြားတံတစ်ချောင်းကို ထိုရေထဲသို့ထိုးစိုက်လိုက်သည်နှင့် တပြိုင်နက် ရေများသည် ပွက်ထ၍ ရေတွင်း၏နှုတ်ခမ်းသို့တိုင် ပြည့်လျှံသွားခဲ့သည်။ ထိုအခါ လူများသည် ရေကိုခပ်ယူ၍ ၎င်းတို့၏ရေငတ်မှုကို ဖြေဖျောက်ခဲ့ကြလေသည်။

အပိုင်း(၇)- မက္ကာမြို့သားတို့၏ ကိုယ်စားလှယ်များနှင့် စေ့စပ်ညှိနှိုင်းခြင်း

ဤနည်းအားဖြင့် သာဝကကြီးအားလုံးသည် ကျေနပ်အားရဖြစ်ခဲ့ကြပြီး၊ ထိုနေရာတွင် စခန်းချကာ မက္ကာမြို့မှ လူများနှင့် ၎င်းတို့၏ကိုယ်စားလှယ်များမှတစ်ဆင့် စေ့စပ်ညှိနှိုင်းမှုကို စတင်ပြုလုပ်ခဲ့ကြသည်။ ပထမဦးစွာ ဗူဒေးလ် အိပ်နဝရ်ကအ် (နောက်ပိုင်းတွင် အစ္စလာမ်ကို လက်ခံယုံကြည်ခဲ့သူ)သည် ၎င်း၏အဖော်များနှင့်အတူ အလ္လာဟ့်ရစူလ် တမန်တော်ﷺထံသို့ လာရောက်တွေ့ဆုံပြီး၊ မက္ကာတစ်မြို့လုံးသည် ၎င်းနှင့်ရင်ဆိုင်ရန် အင်အားအပြည့်ဖြင့် ထွက်လာခဲ့ပြီဖြစ်ကြောင်း စေတနာရှင်တစ်ဦးအနေဖြင့် အသိပေးပြောကြားခဲ့သည်။ ၎င်းတို့သည် ရေတွင်းများအားလုံးကို သိမ်းပိုက်ထားခဲ့ပြီးဖြစ်၏။ '၎င်းတို့သည်အသင်တို့အားဘယ်သောအခါမျှမက္ကာမြို့တွင်းသို့ဝင်ခွင့်ပြုကြလိမ့်မည်မဟုတ်။' ပြောခဲ့ကြ၏။ အလ္လာဟ့်ရစူလ်တမန်တော်ﷺက 'ကျွန်ုပ်တို့သည် မည်သူ့ကိုမျှ တိုက်ခိုက်ရန် ထွက်လာခဲ့ခြင်း မဟုတ်ပါ။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် ကျွန်ုပ်တို့အား အွန်မရပ်ပြုလုပ်ခြင်းမှ တားဆီးပိတ်ပင်ကြပါက ကျွန်ုပ်တို့တိုက်ခိုက်ကြပါမည်။'ဟု ပြန်ပြောခဲ့၏။ ထို့နောက် ၎င်းက ၎င်း၏သူလျှို ဗစ်ရှ်ရ်ﷺအား ပြောခဲ့သော စကားကိုပင် ထပ်၍ပြောခဲ့သည်မှာ 'စစ်ပွဲများစွာက ကုရိုက်ရှ်တို့အား အင်အားချည့်နဲ့စေခဲ့ပြီး ဖြစ်ပါသည်။ အကယ်၍ ၎င်းတို့ဆန္ဒရှိမည်ဆိုပါက သတ်မှတ်အချိန်ကာလတစ်ခုအတွက် ငြိမ်းချမ်းရေးစာချုပ်တစ်ခု ချုပ်ဆိုရန် စီစဉ်နိုင်ပါသည်။ ဤနည်းအားဖြင့် ၎င်းတို့သည် ၎င်းတို့ကိုယ်၎င်းတို့ အသင့်ဖြစ်စေအောင် ပြင်ဆင်နိုင်ကြပါမည်။ ထိုအတောအတွင်း ၎င်းတို့သည် ကျွန်ုပ်တို့ကို ကျန်သောအာရဗ်များနှင့် လွှတ်ပေးထားသင့်သည်။။ အကယ်၍ ဤအာရဗ်များက ကျွန်ုပ်အား အနိုင်ရပါက ၎င်းတို့သည် ၎င်းတို့၏ ရည်မှန်းချက်ကို မည်သည့်ဒုက္ခမျှမခံရဘဲ ထမြောက်အောင်မြင်စေမည်ဖြစ်၏။ အကယ်၍ ကျွန်ုပ်က၎င်းတို့အား အနိုင်ရပြီး၊ ၎င်းတို့သည် အစ္စလာမ်သာသနာတွင်းသို့ စတင်ဝင်ရောက်ကြပါက ကုရိုက်ရှ်တို့တွင် ရွေးချယ်စရာနှစ်ခု ရှိပေလိမ့်မည်။ ၎င်းတို့သည်လည်း အစ္စလာမ်ကို လက်ခံယုံကြည်ကြမည် သို့မဟုတ် အကယ်၍ ကျွန်ုပ်တို့ကို တိုက်ခိုက်ရန်ရည်ရွယ်ပါက ကျွန်ုပ်တို့ကို ရင်ဆိုင်ရန် ၎င်းတို့ကိုယ်ကို အင်အားတောင့်တင်းအောင် ပြုလုပ်ခဲ့ပြီး ဖြစ်ပေလိမ့်မည်။ သို့သော် အကယ်၍ ၎င်းတို့သည် ဤအဆိုပြုချက်ကို ငြင်းပယ်ပါက ကျွန်ုပ်အား မိမိ၏အမိန့်တော်များနှင့်အတူ စေလွှတ်တော်မူခဲ့သော ထိုအရှင်မြတ်အား တိုင်တည်၍ ကျိန်ဆိုပါသည်။ ကျွန်ုပ်၏ခေါင်းနှင့်ကိုယ် အိုးစားကွဲသည့်တိုင် ၎င်းတို့အား တိုက်ခိုက်မှုကို ဘယ်သောခါမျှ ရပ်တန့်လိမ့်မည်မဟုတ်ပါ။' ဗူဒေးလ်သည် ဤသတင်းစကားကို ကုရိုက်ရှ်တို့ထံသို့ ပို့ပေးပါမည်ဟုဆိုလျက် ပြန်သွားခဲ့လေသည်။ ကုရိုက်ရှ်တို့ထံသို့ ၎င်းပြန်ရောက်ပြီး၊ တမန်တော်မြတ်ﷺ၏ တုံ့ပြန်ချက်ကို ပြောပြခဲ့သောအခါ၊ ၎င်းတို့ထဲမှ အချို့သည် ၎င်း၏စကားကို ကြားပင်မကြားချင်ကြသည့်ပြင် အချို့က ချက်ချင်း စစ်ပွဲဆင်နွှဲလိုစိတ် ပေါ်ပေါက်ခဲ့၏။ မျိုးနွယ်စုခေါင်းဆောင်တစ်ဦးဖြစ်သော အူရ်ဝဟ်အိဗ်နမတ်စ်အူးဒ် ကဲ့သို့ အချို့သောသူများကမူ အနည်းဆုံးတော့ ၎င်းပြောသည်ကို နားထောင်ကြည့်သင့်ကြောင်း အကြံပြုခဲ့ကြသည်။ တမန်တော်မြတ်ﷺ၏ သတင်းစကားကို ဗူဒေးလ်က ပြောပြသောအခါ၊ အူရ်ဝဟ်သည် မုဟမ္မဒ်၏ အကြံပြုချက်များမှာမျှတပြီး ကျေနပ်ဖွယ်ကောင်းသောကြောင့် ယင်းတို့ကို လက်ခံသင့်ကြောင်း ကုရိုက်ရှ်ခေါင်းဆောင်များအားပြောခဲ့၏။ ၎င်းက စေ့စပ်ညှိနှိုင်းရန် ရွေးချယ်ခဲ့ပြီး၊ ငြိမ်းချမ်းသဘောတူညီချက်တစ်ခုရရှိရန် ဦးတည်ချက်ဖြင့် တမန်တော်မြတ်ﷺနှင့် ဆွေးနွေးခွင့်ကို ၎င်းတို့ထံမှ တောင်းခံခဲ့သည်။ ဤသို့ဖြင့် တမန်တော်မြတ်ﷺထံသို့ စေ့စပ်ညှိနှိုင်းရန် သွားရောက်သည့် ဒုတိယပုဂ္ဂိုလ်မှာ အူရ်ဝဟ်ဖြစ်ခဲ့ပြီး၊ ၎င်းက တမန်တော်မြတ်ﷺအား 'သင်၏အမျိုးသားများဖြစ်ကြသော ကုရိုက်ရှ်များကို သုတ်သင်ခြင်းက သင့်အဖို့ကောင်းနိုင်ပါမည်လော။ ကိုယ့်အမျိုးသားများကို ကိုယ်တိုင်ဖျက်ဆီးသောသူဟူ၍ သင်ကြားဖူးပါသလော။'ဟု ပြောခဲ့၏။ ထို့နောက် အူရ်ဝဟ်နှင့် သာဝကကြီးများကြားတွင် ပြင်းထန်၍ ရှည်လျားသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ရှိခဲ့သည်။ ဆွေးနွေးပွဲများ ပြုလုပ်နေစဉ် အူရ်ဝဟ် သတိပြုမိသည်မှာ တမန်တော်မြတ်ﷺ ဝိဇ္ဇုပြုလုပ်

သောအခါ၊ ၎င်း၏သာဝကကြီးများသည် ရေကိုမြေမကျစေဘဲ ထိုရေဖြင့် ၎င်းတို့၏ ကိုယ်ခန္ဓာများနှင့် အဝတ်အစားများကို ပွတ်သပ်ကြခြင်းဖြစ်၏။ တမန်တော်မြတ်ﷺ စကားပြောသောအခါ၊ ၎င်းတို့သည် ၎င်းတို့၏ အသံများကို နှိမ့်ချခဲ့ကြသည်။ ကုရိုက်ရှ်ခေါင်းဆောင်များထဲသို့ အူရ်ဝဟ်ပြန်သွားပြီး ဖြစ်ကြောင်းကုန်စင် ဖော်ပြရာတွင် ထည့်သွင်းပြောဆိုခဲ့သည်မှာ 'ကျွန်ုပ်သည် ဆီဇာနှင့် ခိုးစ်ရိုးစ်တို့၏ နန်းတော်များသို့ လည်းကောင်း၊ နီဂတ်စ်၏ နန်းတော်သို့ လည်းကောင်း ရောက်ခဲ့ဖူးပါသည်။ သို့သော် ဘုရားကိုတိုင်တည်၍ ကျိန်ဆိုပါမည်။ မုဟမ္မဒ်၏ သာဝကကြီးများက ၎င်းအား အလေးအမြတ်ထားသကဲ့သို့ ဘုရင်တစ်ပါးအား အလေးအမြတ်ထားသော မည်သည့်အမျိုးသားကိုမျှ မတွေ့မမြင်ခဲ့ဖူးပါ။ ၎င်းကသင့်မြတ်သော အဆိုပြုချက်တစ်ခုကို တင်ပြနေပါသည်။ ကျွန်ုပ်အနေဖြင့် ထိုအဆိုပြုချက်ကို လက်ခံရန် တိုက်တွန်းပါသည်။' သို့သော် လူများက လက်မခံနိုင်ကြောင်း ပြန်ပြောခဲ့ကြ၏။ 'မုဟမ္မဒ်သည် ယခုနှစ်ပြန်သွားရမည်။ နောက်နှစ်တွင် ပြန်လာနိုင်မည်။'မိမိ၏ အကြံပြုချက်ကို လက်မခံကြသောအခါ၊ အူရ်ဝဟ်သည် ၎င်း၏လူများနှင့်အတူ ပြန်လာခဲ့လေသည်။ ၎င်း၏နောက် ဂျာလိစ်အိပ်နအလ်ကမဟ်အမည်ရှိ ဘီဒူဝင်များ၏ ခေါင်းဆောင်သည် တမန်တော်မြတ်ﷺထံသို့ သွားရောက်ခဲ့၏။ ၎င်းသည် ဘုရားဖူးဝတ်ရုံများကို ဝတ်ဆင်ထားကြသည့် သာဝကကြီးများကို ကုရ်ဘာနီသားကောင်များနှင့်အတူ မြင်တွေ့ခဲ့ရသည်။ ပြန်လာခဲ့ပြီးနောက် ၎င်းကလည်း ဤလူများသည် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်သို့ အွမ်ရဟ်ပြုလုပ်ရန် လာခဲ့ကြခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်။ 'ၔင်းတို့အား မည်သည့်နည်းနှင့်မျှ တားဆီးရန်မသင့်လျော်ပါ။'၎င်း၏အကြံပြုချက်ကို လူများကအလေးမထားခဲ့ကြသောကြောင့် ၎င်းမှာလည်း၎င်း၏ကိုယ်စားလှယ်အဖွဲ့နှင့်အတူပြန်လည်ထွက်ခွာခဲ့လေသည်။ စတုတ္ထပုဂ္ဂိုလ်တစ်ဦးတမန်တော်မြတ်နှင့် ဆွေးနွေးရန် ရောက်လာခဲ့ပြန်ပြီး၊ မက္ကာမြို့တွင်းသို့ဝင်ရန် ၎င်း၏ရည်ရွယ်ချက်ကို စွန့်လွှတ်ဖို့ ဖြောင်းဖြခဲ့၏။ သို့သော် တမန်တော်မြတ်ﷺက ဤကိုယ်စားလှယ်အဖွဲ့ကိုလည်း ဟူဒေးလ်နှင့် အူရ်ဝဟ်တို့ကို ပြောခဲ့သည့်အတိုင်း ထပ်၍ပြောခဲ့၏။ ၎င်းသည် ကုရိုက်ရှ်ထံသို့ ပြန်သွားပြီး၊ တမန်တော်မြတ်ﷺ၏ ပြန်ကြားချက်ကို ၎င်းတို့အား ပြောပြခဲ့လေသည်။

အပိုင်း(၈)- သာဝကကြီးအွစ်မာန်ﷺအား အထူးသံတမန်တစ်ဦးအဖြစ် စေလွှတ်ခြင်း

အူရ်ဝဟ်အိပ်နဇူဗေရ်ﷺအား ကိုးကားလျက် အီမာမ်ဗိုင်ဟကီတင်ပြသည်မှာ ဟုဒိုင်ဗိယဟ်၌ အလ္လာဟ့်ရစူလ်တမန်တော်ﷺ၏ စခန်းချခြင်းက ကုရိုက်ရှ်တို့အား ချောက်ချားစေခဲ့၏။ ၎င်းသည် တိုက်ခိုက်ရန် လာခဲ့ခြင်းမဟုတ်ဘဲ အွမ်ရဟ်ပြုလုပ်ရန် ၎င်းတို့အနေဖြင့် ၎င်း၏လမ်းကိုမပိတ်ဆို့သင့်ကြောင်း သတင်းစကားနှင့်အတူ သံတမန်တစ်ဦးကို စေလွှတ်ရန် ၎င်းကဆုံးဖြတ်ခဲ့၏။ ဤလုပ်ငန်းတာဝန်အတွက် သာဝကကြီးအုမရ်ﷺအား ဆင့်ခေါ်ခဲ့၏။ ၎င်းကပြောခဲ့သည်မှာ 'ကုရိုက်ရှ်တို့သည် ကျွန်ုပ်၏မကျေချမ်းနိုင်သော ရန်သူများဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အစွလာမ်အတွက် ကျွန်ုပ်၏ထက်သန်သော ထောက်ခံမှုကို ကောင်းစွာသိကြသည့်ပြင် မက္ကာမြို့တွင် ကျွန်ုပ်ကို ထောက်ခံမည့် ကျွန်ုပ်၏မျိုးနွယ်တစ်ဦးတစ်ယောက်မျှ မရှိသောကြောင့် ၎င်းတို့၏စိတ်ကို ပြောင်းလဲအောင် ကျွန်ုပ်ပြုလုပ်နိုင်လိမ့်မည် မဟုတ်ပါ။ ဤလုပ်ငန်းတာဝန်အတွက် ကျွန်ုပ်က အွစ်မာန်၏အမည်ကို အဆိုပါသည်။ ၎င်း၏မျိုးနွယ်ကြောင့် ၎င်းသည် မက္ကာတစ်မြို့လုံးတွင် အထူးဩဇာတက္ကမိနှင့် ဂုဏ်ဒြပ်ကို ဆုပ်ကိုင်ထားသည့် အသင့်တော်ဆုံးပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။' အဆိုပြုချက်ကို အလ္လာဟ့်ရစူလ်တမန်တော်ﷺက လက်ခံပြီး၊ ထိုလုပ်ငန်းတာဝန်အတွက် အွစ်မာန်ﷺကို စေလွှတ်ခဲ့လေသည်။ ၎င်းက အွစ်မာန်ﷺအား မက္ကာမြို့မှ ပြောင်းရွှေ့နေထိုင်ခြင်း မပြုနိုင်ကြသည့် လူမှုရေးနှင့် စီးပွားရေးအားဖြင့် နိမ့်ကျပြီး၊ ဆင်းရဲဒုက္ခရောက်နေကြသော မွတ်စလင် အမျိုးသား၊ အမျိုးသမီးတို့ထံ သွားရောက်တွေ့ဆုံရန်လည်း တိုက်တွန်းခဲ့၏။ ၎င်းအနေဖြင့် ထိုသူများအား စိတ်ဓာတ်မကျကြရန်နှင့် မကြာမီ

အလ္လာဟ်အရှင်မြတ် အလိုတူတော်မူပါက မက္ကာမြို့ကို အောင်နိုင်ပြီး၊ ၎င်းတို့၏ အခက်အခဲများ အဆုံးသတ်မည် ဖြစ်ကြောင်း အားပေးနှစ်သိမ့်ရန်လည်းဖြစ်၏။ ဦးစွာ သာဝကကြီးအွစ်မာန်ﷺသည် တမန်တော်မြတ်ﷺ၏လမ်းကို ပတ်ဆို့ပြီး၊ ၎င်းအား ရင်ဆိုင်ရန် ဗေါလ်ဒဟ်၌ စုရုံးနေကြသော လူများထံသို့ သွားခဲ့သည်။ ၎င်းသည် ဗူဒေလ်နှင့် အူရ်ဝဟ်က ၎င်းတို့ထံသို့ ပေးပို့ခဲ့ပြီးဖြစ်သော သတင်းစကားကိုပင် ၎င်းတို့အား ပြောကြားခဲ့၏။ ၎င်းတို့က သတင်းစကား ကို ကြားခဲ့ပြီးဖြစ်၍ လက်မခံနိုင်ကြောင်း ပြန်ပြောခဲ့ကြ၏။ ၎င်းတို့၏ ပြန်ကြားချက်ကို လက်ခံရရှိပြီးနောက် ၎င်းသည် မက္ကာမြို့တွင်းသို့ ရောက်ရှိရန် ကြိုးပမ်းခဲ့သည်။ အဝါန်အိပ်နုစအစ်ဒ် (နောက်ပိုင်းတွင် အစ္စလာမ်ကို လက်ခံယုံကြည်သူ) သည် ၎င်းကိုတွေ့ဆုံပြီး နွေးထွေးစွာ ကြိုဆိုခဲ့သည်။ ၎င်းက သာဝကကြီးအွစ်မာန်ﷺအား ၎င်း၏ခိုလှုံရာထဲသို့ ခေါ်သွား သည့်ပြင် မက္ကာမြို့တွင် မည်သည့်နေရာ၌မဆို မည်သည့်ဟန့်တားမှုကိုမျှ ဘိုးရိုးဓိစရာမလိုဘဲ သတင်းစကား ပေးပို့ရန် ခွင့်ပြုခဲ့သည်။ ထို့နောက် ၎င်းကဂင်း၏အစီးအနင်းကို သာဝကကြီးအွစ်မာန်ﷺအားပေးရာ ယင်းကိုစီးနင်းပြီး မက္ကာမြို့ ထဲသို့ ဝင်ခဲ့၏။ ၎င်း၏မျိုးနွယ်ဖြစ်သော ဗနူစအစ်ဒ်သည် ဩဇာတက္ကသိုလ်ကြီးသော မျိုးနွယ်ဖြစ်လေသည်။

သာဝကကြီးအွစ်မာန်ﷺသည် ကုရိုက်ရှ်ခေါင်းဆောင် တစ်ဦးချင်းစီကို တွေ့ဆုံပြီး၊ တမန်တော်မြတ်ﷺ၏ သတင်းစကားကို ပေးပို့ခဲ့သည်။ 'ကျွန်ုပ်တို့သည် တိုက်ခိုက်ရန် လာခဲ့ခြင်းမဟုတ်၊ အွမ်ရဟ်ပြုလုပ်ရန် လာခဲ့ခြင်းသာ ဖြစ်၏။ ဘုရားဖူးလုပ်ငန်းကို ထုံးစံနှင့်အညီ ဆောင်ရွက်ပြီးပါက ကျွန်ုပ်တို့ အိမ်ပြန်ကြပါမည်။ အကယ်၍ လမ်းကို ပိတ်ဆို့ ဟန့်တားပါက မုချဇကေန် ကျွန်ုပ်တို့ တိုက်ခိုက်ကြပါမည်။ ကုရိုက်ရှ်တို့ကိုယ်တိုင်လည်း စစ်ပွဲများကြောင့် အင်အားချည့်နဲ့ နေကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့နှင့် အခြားအာရဗ်များကြားတွင် ဝင်မပါဘဲ လွှတ်ထားခြင်းက ၎င်းတို့အဖို့ အကျိုးရှိ မည်ဖြစ်၏။ အကယ်၍ အာရဗ်များက ကျွန်ုပ်တို့ကို အင်အားဖြင့် အနိုင်ယူခဲ့ပါက ထိုအခါ ၎င်းတို့၏ ရည်မှန်းချက်သည် ပြည့်မြောက်အောင်မြင်မည်ဖြစ်၏။ အကယ်၍ ကျွန်ုပ်တို့က ၎င်းတို့ကို အနိုင်ယူခဲ့ပါမူ ထိုအဆင့်၌လည်း ၎င်းတို့တွင် ကျွန်ုပ်တို့အား တိုက်ခိုက်ရန် ရွေးချယ်စရာတစ်ခု ရှိနေသေး၏။ ဤအတောအတွင်း ၎င်းတို့၏အင်အားကို ကြီးထွား အောင်ပြုလုပ်ရန် အခွင့်အရေး ရပေလိမ့်မည်ဖြစ်၏။' သို့သော် ၎င်း၏အဆိုပြုချက်ကို ၎င်းတို့က ပယ်ချခဲ့ကြသည်။ ထို့နောက် အွစ်မာန်ﷺသည် အားကိုးရာမဲ့ဖြစ်နေကြသော မွတ်စလင်တို့ထံ သွားရောက်လည်ပတ်ပြီး၊ တမန်တော်မြတ် ﷺ၏ သတင်းစကားကို ပေးပို့ခဲ့သည်။ ဤသတင်းက ၎င်းတို့အား ကြီးစွာနှစ်ထောင်းအားရ ဖြစ်စေပြီး၊ ၎င်းတို့၏ 'စလာမ်'ကို တမန်တော်မြတ်ﷺထံသို့ ပို့ပေးပါရန် ၎င်းအား မေတ္တာရပ်ခံခဲ့ကြသည်။ တမန်တော်မြတ်ﷺ၏ သတင်း စကားကို ကြားခဲ့ကြပြီးနောက် မက္ကာမြို့သားတို့သည် သာဝကကြီးအွစ်မာန်ﷺအား ၎င်းဆန္ဒရှိပါက အိမ်တော်ကို တွဝါဖ်လုပ်ရန် ခွင့်ပြုခဲ့ကြ၏။ သို့သော် ၎င်းက ယင်းအမှုကို တမန်တော်မြတ်ﷺ၏အလျင် မပြုလုပ်လိုကြောင်းပြောပြီး ငြင်းပယ်ခဲ့၏။ အွစ်မာန်ﷺသည် မက္ကာမြို့တွင် (၃)ညနေခဲ့ပြီး၊ တမန်တော်မြတ်ﷺ၏ သတင်းစကားကို လက်ခံပါရန် ကုရိုက်ရှ်ခေါင်းဆောင်များအား ဖိတ်ခေါ်လျက်ရှိခဲ့လေသည်။

အပိုင်း(၉)- ကုရိုက်ရှ်နှင့် မွတ်စလင်တို့ကြားမှ တင်းမာမှု- မက္ကာမြို့သား(၇၀) ဖမ်းဆီးခံရခြင်း

ထိုအချိန်အတောအတွင်း ကုရိုက်ရှ်တို့သည် လူ(၅၀)ကို ရွေးချယ်ပြီး၊ တမန်တော်မြတ်ﷺအား စောင့်ကြည့်ရန် စေခိုင်းခဲ့၏။ ၎င်းတို့၏တာဝန်မှာ အခွင့်အရေးရသည်နှင့် တမန်တော်မြတ်ﷺအား လုပ်ကြံရန် ဖြစ်လေသည်။ ၎င်းတို့အား တမန်တော်မြတ်ﷺ၏ သက်တော်စောင့်ဖြစ်သူ မုဟမ္မဒ်အိပ်နမတ်စ်လမဟ်ﷺက ဖမ်းဆီးရမိပြီး၊ တမန်တော်မြတ်ﷺ ထံသို့ ခေါ်ဆောင်ခဲ့၏။ အခြားတစ်ဖက်မှကြည့်လျှင် သာဝကကြီးအွစ်မာန်ﷺမှာ မက္ကာမြို့ထဲတွင် ရောက်ရှိနေပြီး၊ နောက်ထပ် မွတ်စလင်(၁၀)ဦးက ၎င်းနှင့်ပူးပေါင်းခဲ့ကြသည်။ ၎င်းတို့၏ လူများထဲမှ လူ(၅၀) ဖမ်းဆီးခံရကြောင်း

ကုရိုက်ရှ်တို့ ကြားသောအခါ၊ ၎င်းတို့က အွစ်မာန်ﷺနှင့် အခြားမွတ်စလင်များကို ထိန်းသိမ်းခဲ့ကြလေသည်။ ကုရိုက်ရှ် မြင်းတပ်တစ်တပ်သည် မွတ်စလင်တို့၏ လှည်းယဉ်တန်းဆီသို့ ချီတက်လာပြီး၊ မြားများ၊ ကျောက်ခဲများဖြင့် ပစ်ခတ်သောကြောင့် အိပ်နဇနီးမ် အမည်ရှိ သာဝကကြီးတစ်ပါး ကျဆုံးခဲ့၏။ မွတ်စလင်တို့က ကုရိုက်ရှ် မြင်းစီးစစ်သည် (၁၀) ဦးကို ဖမ်းဆီးရမိခဲ့၏။ ထိုအချိန်အတောအတွင်း တမန်တော်မြတ်ﷺထံသို့ သာဝကကြီးအွစ်မာန်ﷺ လုပ်ကြံခံရကြောင်း ကောလဟလတစ်ခု ရောက်ရှိခဲ့လေသည်။

အပိုင်း(၁၀)- ရိသွဝါန်၊ ပဋိညာဉ်

ဤကောလဟလကို လက်ခံရရှိပြီးနောက် တမန်တော်မြတ်ﷺသည် ၎င်း၏သာဝကကြီးများအား အကေးရှားပင်(ထနောင်းပင်မျိုး) တစ်ပင်အောက်၌ စုရုံးစေပြီး၊ မိမိတို့၏ နောက်ဆုံးထွက်သက်တိုင် ကုရိုက်ရှ်တို့အား တိုက်ခိုက်ကြပါမည်ဟူသော ပဋိညာဉ်(ဗိုင်အတ်)ကို ၎င်းတို့ထံမှယူခဲ့၏။ ဤပဋိညာဉ်သည် 'ဗိုင်အတုရ်ရိသွဝါန်'ဟူ၍ ထင်ရှားခဲ့လေသည်။ ထိုသို့ ကတိသစ္စာပြုခဲ့ကြသော ကံထူးသူများသည် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို ရရှိခဲ့ကြကြောင်း စူရဟ်၏နောက်ပိုင်းတွင် ရည်ညွှန်းဖော်ပြ၏။ စစ်မှန်သော တမန်တော်၏ ဟဒီဆ်များက ဤပဋိညာဉ်၌ ပါဝင်ခဲ့ကြသူများအကြောင်းကို အထင်အရှားမိန့်ကြား၏။ အွစ်မာန်ﷺမှာမူ တမန်တော်မြတ်ﷺ၏ ညွှန်ကြားချက်အရ မက္ကာမြို့သို့ ရောက်ရှိနေသောကြောင့် ကတိသစ္စာခံယူချိန်က ၎င်းရှိမနေခဲ့ပေ။ ထို့ကြောင့် တမန်တော်မြတ်ﷺသည် မိမိ၏ လက်တစ်ဖက်ပေါ်တွင် မိမိ၏အခြားလက်တစ်ဖက်ကိုတင်လျက် 'ဤသည် အွစ်မာန်၏ ကတိသစ္စာပင်ဖြစ်၏။'ဟု ပြောကြားခဲ့၏။ ဤသည်က သာဝကကြီးအွစ်မာန်ﷺ၏ ထူးချွန်မှုကို ပြသခြင်းဖြစ်လေသည်။

အပိုင်း(၁၁)- ဟုဒိုင်ဗိယဟ်မှ ငြိမ်းချမ်းရေးစာချုပ်

ဟုဒိုင်ဗိယဟ်ဇာတ်လမ်း၏ ထင်ရှားသော အဖြစ်အပျက်တစ်ခု သို့မဟုတ် ဇာတ်ကွက်တစ်ခုမှာ အလ္လာဟ်အရှင်မြတ်၏ ဘုန်းကျက်သရေတော်ကြောင့် ကုရိုက်ရှ်တို့သည် တအံ့တသြဖြစ်ပြီး မွတ်စလင်တို့ကို ရှိနိုသွားခဲ့ကြခြင်းဖြစ်၏။ အကျိုးဆက်အနေဖြင့် ၎င်းတို့ကိုယ်တိုင်က ငြိမ်းချမ်းရေးပြုလုပ်လိုလာခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့သည် စူဟေလ်အိပ်နအမ်ရ်၊ ဟူဝေတ္တိပ်အိပ်နအပ်ဒွလ်အွဇ္ဇာနှင့် မစ်ခ်ရဇ်အိပ်နဟဖ်ဆွအမည်ရှိ ၎င်းတို့ထဲမှလူ(၃)ဦးကို ကိုယ်စားလှယ်များအဖြစ် စေလွှတ်ခဲ့သည် (ကိုယ်စားလှယ်များထဲမှ ပထမနှစ်ဦးသည် နောက်ပိုင်းတွင် အစ္စလာမ်ကို လက်ခံယုံကြည်ခဲ့ကြသည်။)။ ၎င်းတို့က ၎င်းတို့၏ လူများကိုယ်စား တမန်တော်မြတ်ﷺအား တောင်းပန်ခဲ့ကြ၏။ စူဟေလ်အိပ်နအမ်ရ်က တမန်တော်မြတ်အား ပြောကြားခဲ့သည်မှာ 'အွစ်မာန်ﷺနှင့် ၎င်း၏အဖော်များ သတ်ခံရသည်ဟူသော အစီရင်ခံချက်မှာ လုံးဝမှားယွင်းပါသည်။ ၎င်းတို့ကို အသင့်ထံသို့ ပို့ဆောင်နေပါပြီ၊ အသင်ဖမ်းဆီးထားသော ကျွန်ုပ်တို့၏လူများကို လွှတ်ပေးပါ။' တမန်တော်မြတ်ﷺက ၎င်းတို့အား လွှတ်ပေးခဲ့လေသည်။ သာဝကကြီးအနာစ်ﷺ အားကိုးကား၍ အဟ်မဒ်၏မုစ်နဒ်နှင့် ဆွဟီဟ်မွတ်စလင်တို့၌ မှတ်တမ်းတင်သည်မှာ هُوَ الَّذِىْ كَفَّ اَيْدِيَهُمْ عَنْكُمْ 'ထို့ပြင် ထိုအရှင် မြတ်သည်ပင် ထို(ကာဖိရ်)သူတို့၏ လက်များကို အသင်တို့(အား အန္တရာယ်ပြုခြင်း)မှ လည်းကောင်း .... (၄၈း၂၄)'သည် ဤဖြစ်ရပ်ကို ရည်ညွှန်းခြင်းဖြစ်၏။ ထို့နောက် စူဟေလ်နှင့် ၎င်း၏ကိုယ်စားလှယ်များသည် ကုရိုက်ရှ်တို့ထံသို့သွားပြီး စွပ်ဟာဗဟ်များသည် ၎င်းတို့၏အသက်များကို စွန့်လွှတ်ရန် အသင့်ဖြစ်နေကြပုံနှင့် အနစ်နာခံရန် စိတ်အားထက်သန်နေ ကြပုံများကို ပြသသည့် 'ဗိုင်အတုရ်ရိသွဝါန်'ပြကွက်ကို ဖော်ပြခဲ့ကြသည်။ ဩဇာကြီးသော ကုရိုက်ရှ်များက အကြံပြုသည်မှာ မွတ်စလင်တို့အား ယခုနှစ်တွင် မက္ကာမြို့တွင်းသို့မဝင်ဘဲ လက်လျော့ကြရန်၊

သို့သော် နောက်နှစ်တွင် တမန် တော်မြတ်ﷺနှင့် ၎င်း၏သာဝကကြီးများသည် အွမ်ရဟ်ပြုလုပ်ရန်အတွက် မက္ကာမြို့သို့ (၃)ရက်သာလျှင် လာရောက် ကြရန် စေ့စပ်ညှိနှိုင်းခြင်းမှတပါး ၎င်းတို့အတွက် အခြားပို၍ကောင်းသောအရာ ဘာမျှမရှိကြောင်း၊ ထိုအချိန်တွင် ၎င်းတို့သည် သားကောင်များကို ကုရ်ဘာနီပြုလုပ်ပြီး၊ ၎င်းတို့၏ ဘုရားဖူးဝတ်ရုံ (အိဟ်ရာမ်)များကို ချွတ်နိုင်မည်ဖြစ်၏။ ဤသို့မဟုတ်က တမန်တော်မြတ်ﷺ၏လမ်းကို ပိတ်ဆို့ရန် ကြိုးစားခဲ့သော်လည်း ၎င်းက မက္ကာမြို့တွင်းသို့ ဇွတ်အတင်း ဝင်ခဲ့ခြင်းကြောင့် ၎င်းတို့အဖို့ အရှက်တကွဲရှုံးနိမ့်ခဲ့ရသည့်သဘောသက်ရောက်ပေလိမ့်မည်။ သတင်းစကားနှင့်အတူ နောက်ထပ်တစ်ကြိမ် စူဟေလ် ရောက်လာပြန်သောအခါ၊ တမန်တော်မြတ်ﷺက ပြောကြားခဲ့သည်။ 'ကုရိုက်ရှ်တို့သည် ငြိမ်းချမ်းရေးပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပုံရ၏။ ထို့ကြောင့် ၎င်းတို့က စူဟေလ်ကိုထပ်၍ လွှတ်လိုက်ခြင်းဖြစ်မည်။' တမန်တော်မြတ်ﷺသည် တင်ပျဉ်ခွေလျက်ထိုင်နေခဲ့ပြီး၊ ၎င်း၏သာဝကကြီးနှစ်ပါးဖြစ်သော အဗ္ဗာဒ်အိဗ်နုဗိရှိရ်နှင့် စလမဟ်ﷺတို့က ၎င်းအားစောင့်ကြပ်ရန် လက်နက်များစွဲကိုင်လျက် ၎င်း၏ဘေးတစ်ဖက်တစ်ချက်စီ၌ ရပ်နေခဲ့ကြသည်။ စူဟေလ် ရောက်ရှိလာပြီး၊ ၎င်း၏ရှေ့တွင် ယဉ်ကျေးသိမ်မွေ့စွာထိုင်ကာ ကုရိုက်ရှ်တို့၏ သတင်းစကားကို ပေးပို့ခဲ့သည်။ သာဝကကြီးများသည် အွမ်ရဟ်မပြုလုပ်ရဘဲလျက် ၎င်းတို့၏ ဘုရားဖူးဝတ်ရုံများကို ချွတ်ပစ်ရန်ကို ယေဘုယျအားဖြင့် မလိုလားခဲ့ကြပေ။ ၎င်းတို့က စူဟေလ်အား ပြင်းပြင်းထန်ထန် ပြောဆိုခဲ့ကြသည်။ ၎င်းတို့၏ အသံများမှာ တိုးတစ်ခါ ကျယ်တစ်လှည့် ဖြစ်နေခဲ့၏။ အဗ္ဗာဒ်အိဗ်နုဗိရှိရ်ﷺက စူဟေလ်အား တမန်တော်မြတ်ﷺ၏ ရှေ့မှောက်၌ အသံကိုမြှင့်၍ ပြောသောကြောင့် ပြစ်တင်မောင်းမဲခဲ့၏။ ပြင်းထန်ရှည်လျားသော ရင်ကြားစေ့ရေး ဆွေးနွေးပွဲများပြီးသည့်နောက် တမန်တော်မြတ်ﷺသည် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုရန် သဘောတူခဲ့လေသည်။ စူဟေလ်က ငြိမ်းချမ်းရေးစာချုပ်ကို စာဖြင့်ရေးသားစေလိုခဲ့သဖြင့် တမန်တော်မြတ်ﷺက သာဝကကြီးအလီﷺအားခေါ်ပြီး بِسْمِكَ اللّٰهُمَّ 'ဗိစ်မိလ္လာဟ် ဟစ်ရ်ရဟ်မာနစ်ရ်ရဟီမ်'ကို ရေးသားရန် နှုတ်တိုက်ချပေးခဲ့သည်။ စူဟေလ်က 'ရဟ်မာန်'နှင့် 'ရဟီမ်'ဟူသောစကားလုံး များသည် မိမိတို့၏ကာလဒေသသုံးစကား (အီဒီယမ်) တွင်မရှိကြောင်း ပြောကြားလျက် ထိုသို့ရေးသားကို ကန့်ကွက်ခဲ့ သည်။ ၎င်းတို့သည် ယခင်ရေးလေ့ရှိသည့်အတိုင်း بِاسْمِكَ اللّٰهُمَّ 'ဗစ်မိကအလ္လာဟွမ္မ'ဟု ရေးသင့်ကြောင်း ၎င်းကပြောခဲ့၏။ တမန်တော်မြတ်ﷺသည် ထိုအချက်ကို သဘောတူပြီး၊ သာဝကကြီးအလီﷺအား بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ 'ဗိစ္မိမိလ္လာဟ်ဟိရ်ရဟ်မာနိရ်ရဟီမ်'ကိုဖျက်၍ بِاسْمِكَ اللّٰهُمَّ 'ဗိစ္မိမိကလ္လာဟွမ္မ'ဟုရေးသားရန် ပြောခဲ့လေသည်။ ထို့နောက် တမန်တော်မြတ်ﷺသည် သာဝကကြီးအလီﷺအား 'ဤငြိမ်းချမ်းရေးစာချုပ်သည် မုဟမ္မဒ်၊ အလ္လာဟ့်ရစူလ်တမန်တော်နှင့် ချုပ်ဆိုသောစာချုပ်ဖြစ်၏။'ဟု ရေးသားစေခဲ့၏။ဤသည်ကိုလည်းစူဟေလ်ကကန့်ကွက်ခဲ့ပြီး၊၎င်းတို့သည်၎င်းအားအလ္လာဟ့်ရစူလ်တမန်တော်အဖြစ် အသိအမှတ်မပြုခဲ့ကြောင်း၊ အကယ်၍ ၎င်းတို့သည် ၎င်းအား အလ္လာဟ့်ရစူလ်တမန်တော်အဖြစ် အသိအမှတ် ပြုခဲ့ပြီးဖြစ်ပါက အလ္လာဟ်အရှင်မြတ်၏ အိမ်တော်သို့ ၎င်းလာခြင်းကို တားဆီးခဲ့ကြလိမ့်မည်မဟုတ်။ အဖွဲ့တစ်ခုခု၏ ယုံကြည်မှုစနစ်ကို ဖီဆန်သော ထိုကဲ့သို့ အသုံးအနှုန်းမျိုးကို သဘောတူစာချုပ်တွင် မထည့်သင့်ပါ။ ထို့ကြောင့် အဗ်ဒွလ္လာ၏သား မုဟမ္မဒ်ဟူ၍သာ ဖော်ပြသင့်ပါသည်ဟု အကြောင်းပြခဲ့၏။ အလ္လာဟ့်ရစူလ်တမန်တော်ﷺက သဘောတူခဲ့ပြီး၊ သာဝကကြီးအလီﷺအား 'အလ္လာဟ့် ရစူလ်တမန်တော်'ဟူသော စကားလုံးကို ပယ်ဖျက်၍ ထိုနေရာတွင် 'အဗ်ဒွလ္လာ၏သား'ဖြင့် အစားထိုးရန် မိန့်ကြားခဲ့လေသည်။ သာဝကကြီးအလီﷺသည် ကျိုးနွံနာခံခြင်း၏ စံပြပုဂ္ဂိုလ်တစ်ဦး ဖြစ်သော်လည်း၊ ၎င်း၏နာမည်မှ 'အလ္လာဟ့်ရစူလ် တမန်တော်'ဟူသော ဂုဏ်ပုဒ်ကို ဖြုတ်မပေးနိုင်ကြောင်း ပြောခဲ့သည်။ သာဝကကြီး အဒုဆိုက်ဒ်အိဗ်နဟူသွေရ်နှင့် စအ်ဒ် အိဗ်နအုဗါဒဟ်ﷺတို့က ဂုဏ်ပုဒ်ကို ဖျက်မပစ်နိုင်စေရန် သာဝကကြီးအလီﷺ၏ လက်ကို ချုပ်ကိုင်ထားခဲ့ကြ၏။ ၎င်း၏နာမည်နှင့်အတူ အလ္လာဟ့်ရစူလ်တမန်တော်မှတပါး အခြားမည်သည့်ဂုဏ်ပုဒ်ကိုမျှ

မရေးသင့်ကြောင်း၊ 'အကယ်၍ ၎င်းတို့လက်မခံပါက ထိုကိစ္စကို ဓားဖြင့်ဆုံးဖြတ်ကြမည်။'ဟု ၎င်းတို့က ပြောခဲ့ကြသည်။ ဘေးပတ်လည်မှ စကားသံများ ဆူညံစွာထွက်ပေါ်လာခဲ့၏။ အလ္လာဟ့်ရစူလ်တမန်တော်ﷺသည် ယခင်ဘယ်တုန်းကမျှ စာမရေးသားခဲ့ဖူးသော အမွမ်းတစ်ဦးဖြစ်သော်လည်း စာချုပ်ကို ၎င်း၏လက်တွင်ယူလျက် ၎င်း၏ကလောင်တံဖြင့် အောက်ပါနိဒါန်းကို ရေးသားခဲ့လေ သည်။

هذا ما قاضى محمد بن عبد الله وسهيل بن عمرو اصلحا على وضع الحرب عن النّاس عشر سنين يأمن فيه النّاس ويكف بعضهم عن بعض

'ဤသည် အဗ်ဒွလ္လာ၏သား၊ မုဟမ္မဒ်နှင့် စူဟေလ်အိဗ်နုအမ်ရ်တို့ ပါဝင်ချုပ်ဆိုသော် သဘောတူစာချုပ်ဖြစ်၏။ ၎င်းတို့သည် စစ်ပွဲကို (၁၀)နှစ်ဆိုင်းငံ့ထားရန် သဘောတူညီကြ၏။ ထိုအချိန်ကာလအတွင်း လူများသည် အေးချမ်းစွာ နေထိုင်နိုင်ကြမည်ဖြစ်ပြီး၊ မည်သည့်အဖွဲ့ကမျှ အခြားတစ်ဖွဲ့ကို ရန်ပြုလိမ့်မည် မဟုတ်ပေ။'

အလ္လာဟ့်ရစူလ်တမန်တော်ﷺသည် စာချုပ်တွင် မွတ်စလင်တို့အား ထိုနှစ် 'တွဝါဖ်'ပြုလုပ်ခြင်းမှ တားဆီးမည် မဟုတ်ဟူသော စာပိုဒ်ကို ထည့်သွင်းစေလိုခဲ့၏။ သို့သော် စုဟေလ်က ဘုရားကို တိုင်တည်ကျိန်ဆို၍ ထိုကဲ့သို့ မဖြစ်နိုင်ကြောင်း ပြောခဲ့၏။ တမန်တော်မြတ်ﷺက ထိုကိစ္စ၌ ၎င်းအား အလျော့ပေးခဲ့လေသည်။ ထို့နောက် စူဟေလ်က ၎င်း၏ကိုယ်ပိုင်စာပုဒ်ကို ထည့်သွင်းခဲ့သည်မှာ 'အကယ်၍ မက္ကာမြို့သားတစ်ဦး (၎င်းသည် သက်ဝင်ယုံကြည်သူတစ်ဦးဖြစ်သည့်တိုင်)သည် ၎င်း၏အုပ်ထိန်းသူ၏ ခွင့်ပြုချက်မပါဘဲ မုဟမ္မဒ်ﷺထံသို့ သွားခဲ့ပါက ၎င်းအားအုပ်ထိန်းသူထံသို့ ပြန်ပို့ပေးရမည်။ သို့သော် မုဟမ္မဒ်ﷺ၏နောက်လိုက်များထဲမှ မည်သူမဆို ကုရိုက်ရှ်တို့ထံသို့ ပြန်လာပါက ၎င်းအား ပြန်ပို့ပေးမည်မဟုတ်။' ထိုအချက်ကြောင့် မွတ်စလင်တို့သည် အသံများကိုမြှင့်၍ မိမိတို့၏ မွတ်စလင်ညီနောင်တစ်ဦးကို မုရှ်ရစ်က်တို့ထံသို့ ပြန်ပို့ရန်မှာ သည်းမခံနိုင်စရာပင်ဖြစ်၏ဟု ဟစ်အော်ခဲ့ကြသည်။ သို့ရာတွင် အလ္လာဟ့်ရစူလ်တမန်တော်ﷺသည် ဤတောင်းဆိုမှုကိုလည်း လက်ခံခဲ့ပြီး၊ အကယ်၍ သက်ဝင်ယုံကြည်သူများထဲမှ တစ်ဦးဦးသည် မိမိသဘောဖြင့် ကုရိုက်ရှ်တို့ဘက်သို့ပြောင်းသွားပါက အလ္လာဟ်အရှင်မြတ်သည် ၎င်းအား မွတ်စလင်တို့ထံမှဝေးကွာစေရန် ပြုတော်မူခြင်းဖြစ်၍ ၎င်းနှင့်ပတ်သက်ပြီး စိတ်အနှောင့်အယှက်ဖြစ်စရာမလိုကြောင်း ၎င်းတို့အား ရှင်းပြခဲ့လေသည်။ အကယ်၍ ၎င်းတို့၏လူများထဲမှ တစ်ဦးဦးသည် မွတ်စလင်တို့ဘက်သို့ ပြောင်းလာသဖြင့် ၎င်းအား မုရှ်ရစ်က်တို့ထံသို့ ပြန်ပို့ရပါက အလ္လာဟ်အရှင်မြတ်သည် ၎င်းအတွက် အခွင့်အလမ်းကို ဖန်တီးပေးတော်မူမည် ဖြစ်ပေသည်။

သာဝကကြီး ဗရာအ်ﷺက အကျဉ်းချုပ်သည်မှာ စာချုပ်၌ အပိုဒ်(၃)ပိုဒ်ပါဝင်သည်။ (၁) ထိုကာလအတွင်း အကယ်၍ ကုရိုက်ရှ်များထဲမှ တစ်ဦးဦးသည် ၎င်း၏အုပ်ထိန်းသူ၏ ခွင့်ပြုချက်မပါရှိဘဲ တမန်တော်မြတ်ﷺဘက်သို့ ပြောင်းသွားပါက ၎င်းအားပြန်ပို့ရမည်။ (၂) အကယ်၍ တမန်တော်မြတ်ﷺ၏ သာဝကကြီးတစ်ပါးပါးသည် ကုရိုက်ရှ်တို့ထံသို့ ပြောင်းလာပါက ၎င်းအားပြန်ပို့လိမ့်မည်မဟုတ်။ (၃) တမန်တော်မြတ်ﷺသည် မိမိ၏လူများနှင့်အတူ ထိုနှစ်တွင် လက်လျော့ပြီး၊ နောက်နှစ်တွင်မှ အွမ်ရဟ်ပြုလုပ်ရန် မက္ကာမြို့သို့ (၃)ရက်သာလျှင် လာရောက်ခွင့်ရှိ၏။ သို့သော် ၎င်းတို့သည် လက်နက်များ၊ ဓားအိမ်ပါသောဓားရှည်များကို ယူဆောင်မလာရ။ စာချုပ်၏အဆုံးပိုင်းတွင် နိဂုံးကြေညာချက်တစ်ရပ် ပူးတွဲထားခဲ့သည်။ 'မက္ကာမြို့သားများနှင့် အလ္လာဟ့်တမန်တော်မြတ်ﷺတို့ကြားမှ ဤသဘောတူညီချက်သည် မည်သူမျှ ချိုးဖောက်၍မရသော ကာကွယ်စောင့်ရှောက်ခံ မှတ်တမ်းတစ်ခုဖြစ်၏။ တမန်တော်မြတ်ﷺနှင့် ပူးပေါင်းလိုပြီး၊ စာချုပ်ပါအတိုင်း ၎င်း၏ဘက်မှ ရပ်တည်လိုသော မည်သူမဆိုသည် လွတ်လပ်စွာ ထိုသို့ပြုလုပ်ခွင့်ရှိ၏။ ထိုနည်းတူစွာ ကုရိုက်ရှ်တို့နှင့် ပူးပေါင်းလိုပြီး၊ စာချုပ်ပါအတိုင်း ၎င်းတို့၏ဘက်မှ ရပ်တည်လိုသော မည်သူမဆိုသည် လွတ်လပ်

စွာထိုသို့ပြုလုပ်ခွင့်ရှိ၏။'

ဤကြေညာချက် ပြုလုပ်ပြီးလျှင်ပြီးခြင်း ဗနူခူဇာအဟ်သည် အခွင့်အရေးကို ဖမ်းဆုပ်လျက် တမန်တော်မြတ်ﷺနှင့် ပူးပေါင်းခဲ့သည်။ အခြားတစ်ဖက်မှကြည့်လျှင် ဗနူဗက်ရ်သည် ကုရိုက်ရှ်တို့ဘက်မှရပ်တည်ပြီး ၎င်းတို့နှင့် မဟာမိတ်ဖွဲ့ခဲ့လေသည်။

သဘောတူစာချုပ်၏ စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များက သာဝကကြီးများအား စိတ်မချမ်းမသာ ဖြစ်စေခဲ့၏။

မွတ်စလင်တို့သည် စာချုပ်ပါစည်းကမ်းချက်များမှာ တစ်ဖက်စောင်းနင်းဆန်သောကြောင့် စိုးရိမ်ကြောင့်ကျဖြစ်ခဲ့ကြသည်။ သာဝကကြီးအုမရ်ﷺသည် လွန်စွာပူဆွေးခြင်း၊ မခံမရပ်နိုင်ဖြစ်ခြင်းများဖြင့် အံ့သြတကြီး ပြောဆိုခဲ့သည်မှာ 'အို- အလ္လာဟ့်ရစူလ်တမန်တော်၊ အသင်သည် အလ္လာဟ်အရှင်မြတ်၏ စစ်မှန်သော တမန်တော်မဟုတ်ပါသလော၊ ၎င်းကပြန်ပြောခဲ့သည်။ 'အဘယ်ကြောင့် မဟုတ်ရမည်နည်း။' ကျွန်တော်တို့သည် လမ်းမှန်ပေါ်ရပ်တည်သူများ မဟုတ်ကြဘူးလား။ သူတို့က လမ်းမှားသူများ မဟုတ်ကြဘူးလား" ကိုယ်တော်မြတ်ﷺက "အဘယ်ကြောင့် မဟုတ်ရပါမည်နည်း"ဟု ဖြေကြားခဲ့သည်။ သာဝကကြီးအုမရ်ﷺက မေးမြန်းခဲ့သည်။ 'ကျွန်ုပ်တို့၏ အာဇာနည်များသည် ဂျန္နတ်၌ရှိကြပြီး၊ ၎င်းတို့ဘက်မှ သတ်ဖြတ်ခံရသူများသည် ငရဲမီး၌ရှိကြခြင်းမှာ အဖြစ်မှန်တစ်ခု မဟုတ်ပါသလော။' ၎င်းကပြန်ပြောခဲ့သည်။ 'အဘယ်ကြောင့် မဟုတ်ရမည်နည်း။' သာဝကကြီးအုမရ်ﷺက ပြောခဲ့သည်။ 'အဘယ်ကြောင့် ကျွန်ုပ်တို့သည် ဤအရှက်ခွဲမှုကို အရှုံးပေးပြီး၊ အွမ်ရဟ်မပြုလုပ်ဘဲ အိမ်ပြန်သင့်ပါသနည်း သို့မဟုတ် စစ်ပွဲဖြင့် အလ္လာဟ်အရှင်မြတ်၏ အဆုံးအဖြတ်ကို မခံယူပါသနည်း။' အလ္လာဟ့်ရစူလ်တမန်တော်ﷺ ပြန်ပြောခဲ့သည်။ 'ကျွန်ုပ်သည် အလ္လာဟ်အအရှင်မြတ်၏ ကျေးကျွန်နှင့် ထိုအရှင်မြတ်၏ တမန်တော်ဖြစ်၏။ ကျွန်ုပ်သည် ထိုအရှင်မြတ်၏ အမိန့်တော်ကို ဘယ်သောအခါမျှ မလွန်ဆန်နိုင်ပါ။ ထိုအရှင်မြတ်သည် ကျွန်ုပ်အား ဘယ်သောအခါမျှ ဖျက်ဆီးတော်မူလိမ့်မည်မဟုတ်ပါ။ ထိုအရှင်မြတ်သည် ကျွန်ုပ်၏ ကူညီစောင်မတော်မူသောအရှင် ဖြစ်တော်မူပေသည်။' သာဝကကြီးအုမရ်ﷺက တမန်တော်မြတ်ﷺအား မေးခွန်းများထပ်၍မေးခဲ့သည်။ 'အို- အလ္လာဟ့်ရစူလ်တမန်တော်၊ အသင်သည် ကျွန်ုပ်တို့အား အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ကိုလည်ပတ်ရန်နှင့် 'တွဝါဖ်'ပြုလုပ်ရန် ကတိမပြုခဲ့ပါသလော။' ၎င်းက ပြန်ပြောခဲ့သည်။ 'ဟုတ်ပါသည်။ ကျွန်ုပ်ဇကန်မုချ ကတိပြုခဲ့၏။ သို့သော် ထိုအရာများ ယခုနှစ်တွင် ဖြစ်လာလိမ့်မည်ဟု ကတိပြုခဲ့ပါသလော။' သာဝကကြီးအုမရ်ﷺက ပြန်ဖြေခဲ့သည်။ 'မဟုတ်ပါ၊ အသင်ထိုကဲ့သို့ ကတိမပြုခဲ့ပါ။' တမန်တော်မြတ်ﷺက တုံ့ပြန်ပြောဆိုခဲ့သည်။ 'အဖြစ်အပျက်သည် ကျွန်ုပ်ကတိပြုခဲ့သည့်အတိုင်း ဇကာန်ဖြစ်လာပါလိမ့်မည်။ သင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်သို့ ရောက်ရှိကြပြီး၊ 'တွဝါဖ်' ပြုလုပ်ကြရပါလိမ့်မည်။'

သာဝကကြီး အုမရ်အိပ်နခတ္တိတွာပ်ﷺသည် ငြိမ်နေခဲ့သော်လည်း ၎င်း၏ပူဆွေးမှုနှင့် မခံမရပ်နိုင်ဖြစ်မှုများကမူ လျော့ပါးသက်သာမသွားခဲ့ပေ။ တမန်တော်မြတ်ﷺ၏နောက် ၎င်းသည် သာဝကကြီး အဗူဗက်ရ်ﷺထံသို့သွားပြီး၊ တမန်တော်မြတ်ﷺအား မေးခဲ့သော မေးခွန်းများကိုပင် ထပ်၍မေးမြန်းခဲ့သည်။ သာဝကကြီး အဗူဗက်ရ်ﷺက ပြောခဲ့သည်မှာ တမန်တော်မြတ်ﷺသည် အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်၏။ ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ မည်သည့်အမိန့်တော်ကိုမျှ ချိုးဖောက်ခွင့်မရှိချေ။ အလ္လာဟ်အရှင်မြတ်သည် ၎င်း၏ကူညီစောင်မတော်မူသောအရှင် ဖြစ်တော်မူ၏။ ထို့ကြောင့် သင်၏နောက်ဆုံးထွက်သက်ထိ ၎င်း၏မြင်းစီးခြေနင်းကွင်းကို မြဲမြဲဆုပ်ကိုင်ထားပါ။ အလ္လာဟ်အရှင်မြတ်ကို တိုင်တည်၍ ဆိုပါသည်။ ကိုယ်တော်သည် တရားလမ်းမှန်ပေါ်၌ ရှိနေ

ပါသည်။ အတိုချုပ်ရလျှင် သာဝကကြီးအုမရ်ﷺသည် မျှတမှုမရှိဟု ထင်ရသော စာချုပ်ပါစည်းကမ်းချက်နှင့် ကန့်သတ်ချက်များကြောင့် ပြင်းထန်သော ပူဆွေးမှုနှင့် စိတ်ထိခိုက်မှုများ ခံစားခဲ့ရသည်။ အမှန်စင်စစ် ၎င်းက 'ကျွန်ုပ်အစွလာမ်ကို လက်ခံယုံကြည်ခဲ့စဉ်ကတည်းက သံသယမထားရှိဖူးပါ၊ သို့သော် ဤအချိန်တွင် ကျွန်ုပ်သည် သံသယကိုရှောင်ရှား၍ မရနိုင် ဖြစ်နေပါသည်။'ဟု ဆိုခဲ့ကြောင်း လာရှိ၏။ (ဗုခါရီ ထပ်ဆင့်တင်ပြသည်။)။ သာဝကကြီး အဗူအုဗေဒဟ်ﷺက ၎င်း၏သံသယကို လျော့ပါးအောင် ဖြေသိမ့်ပေးပြီး၊ ရှိုင်တွာန်၏ ဆိုးယုတ်မှုများမှ ကင်းဝေးအောင် အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံရန် အကြံပြုခဲ့လေသည်။ သာဝကကြီးအုမရ်ﷺကပြောခဲ့၏။ 'ကျွန်ုပ်သည် ရှိုင်တွာန်၏ ဆိုးယုတ်မှုများမှ ကင်းဝေးစေရန် အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံခွင့်တောင်းခံပါ၏။' ၎င်းကပြောကြားသည်မှာ ၎င်းသည် မိမိ၏ သံသယဖြစ်မိခြင်းများကို အသိတရားရကတည်းက မိမိ၏အမှားများအတွက် အလ္လာဟ်အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိစေရန် နဖိလ်ဆွလာတ်များ တည်ဆောက်ခြင်း၊ နဖိလ်ရိဇာများ စောင့်ထိန်းခြင်းနှင့် အလျှဒါနပေးကမ်းခြင်းများကို ပြုလုပ်ခဲ့လေသည်။

အဗူဂျန်ဒလ်၏အမှု - တမန်တော်၏ စာချုပ်အပေါ် သစ္စာစောင့်သိခြင်း

သဘောတူစာချုပ်၏ စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များကို အပြီးသတ်ခဲ့ပြီးဖြစ်၏။ ထိုအချက်များအပေါ် သာဝကကြီးများမှာလည်း ဝမ်းနည်းကြေကွဲနေခဲ့ကြတုန်းပင် ရှိသေး၏။ အဗူဂျန်ဒလ်သည် ကုရိုက်ရှ်တို့ကိုယ်စားစေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည့် စူဟေလ်အိဗ်နအမ်ရ်၏သားဖြစ်၏။ ၎င်းသည် အစွလာမ်ကို လက်ခံယုံကြည်ခဲ့သောကြောင့် ၎င်း၏ဖခင်က ၎င်းအား အကျဉ်းချထားခဲ့၏။ ဖခင်သည် ၎င်းအား ကြမ်းတမ်းစွာ နှိပ်စက်ညှဉ်းပမ်းလေ့ရှိခဲ့၏။ ၎င်း၏ခြေကျင်းဝတ်များသည် ခြေထိတ်ခတ်ခံရသည့်ပြင် ၎င်း၏ခန္ဓာကိုယ်ပေါ်တွင် ရက်စက်ကြမ်းကြုတ်မှု၏ အမှတ်အသားများ ရှိပေသည်။ ညှဉ်းဆဲသည့်ဒဏ်ကို မခံနိုင်တော့သဖြင့် တမန်တော်မြတ်ﷺထံသို့ ထွက်ပြေးရန် စီမံခဲ့ပြီး၊ ခိုလှုံခွင့်တောင်းခံခဲ့လေသည်။ မွတ်စလင်အချို့က ၎င်းအား ခိုလှုံခွင့်ပေးခဲ့ကြသည်။ စူဟေလ်က 'ဤသည် သဘောတူစာချုပ်၏ စည်းကမ်းတစ်ချက်ကို ပွဲဦးထွက်ချိုးဖောက်ခြင်းဖြစ်၏။ ၎င်းအား ပြန်မပို့ပါက ကျွန်ုပ်သည် စာချုပ်ပါအခြားမည်သည့်စည်းကမ်းချက်ကိုမျှ လက်ခံလိမ့်မည်မဟုတ်'ဟု အော်ဟစ်ခဲ့၏။ တမန်တော်မြတ်ﷺအနေဖြင့် စာချုပ်တွင် လက်မှတ်ရေးထိုးပြီးဖြစ်၍ ယင်း၏စည်းကမ်းချက်နှင့် ကန့်သတ်ချက်များကို လိုက်နာရလိမ့်မည်ဖြစ်၏။ ထို့ကြောင့် ၎င်းက အဗူဂျန်ဒလ်ကို ခေါ်ယူပြီး၊ အချိန်အနည်းငယ်ထပ်၍ သည်းခံစောင့်ဆိုင်းပါရန် ပြောကြားခဲ့သည်။ မကြာမီ ၎င်းနှင့် မက္ကာမြို့၌ ထိန်းသိမ်းခံနေကြရသည့် အခြားအားကိုးရာမဲ့ မွတ်စလင်များအတွက် ပို၍လွယ်ကူသော အခြေအနေနှင့် အေးချမ်းသော ဝန်းကျင်တစ်ခုတွင်နေထိုင်ရန် အလ္လာဟ်အရှင်မြတ်သည် ဖန်တီးပေးတော်မူမည်ဖြစ်၏။ အဗူဂျန်ဒလ်၏ ဤအမှုသည် အနာကို ဆားနှင့်ပက်သလို သို့မဟုတ် မီးထဲသို့ လောင်စာထည့်သလိုမျိုး ဖြစ်ခဲ့သည်။ သာဝကကြီးများသည် မက္ကာမြို့ကို ချက်ချင်းအောင်နိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသော်လည်း အခွင့်သာပုံမရသော အခြေအနေနှင့် ကြုံတွေ့ကြရသောအခါ၊ ၎င်းတို့၏ ပူဆွေးခြင်းနှင့် စိတ်ပျက်ခြင်းများမှာ အတိုင်းအဆဖြစ်ခဲ့ရလေသည်။ ၎င်းတို့သည် ဘေးဒုက္ခနှင့် ပျက်စီးခြင်း၏ နှုတ်ခမ်းဝသို့ ရောက်ရှိနေခဲ့ကြ၏။ သို့ရာတွင် သဘောတူစာချုပ်ကို ချုပ်ဆိုပြီးခဲ့ကြလေပြီ။ မွတ်စလင်တို့၏ကိုယ်စား အဗူဗက်ရ်၊ အုမရ်၊ အဗ်ဒူရဟ်မာန် အိဗ်နအောက်ဖ်၊ အဗ်ဒွလ္လာ အိဗ်နစူဟေလ် အိဗ်နအုမရ်၊ စအစ်အိဗ်နအဗီဝါက္ကာဆ်၊ မုဟမ္မဒ် အိဗ်နမတ်စ်လမဟ်၊ အလီအိဗ်န အဗီတွာလစ်ဖ်နှင့် အခြားသူများﷺက ၎င်းတို့၏ လက်မှတ်များကို ပူးတွဲပေးခဲ့ကြသည်။ ထိုနည်းတူ ရုပ်တုကိုးကွယ်ကြသူများကိုယ်စား စူဟေလ်နှင့် လူအချို့က ၎င်းတို့၏ လက်မှတ်များကို ဖြည့်စွက်ရေးထိုးခဲ့ကြလေသည်။

ဘုရားဖူးဝတ်ရုံများကိုချွတ်ခြင်းနှင့် ကုရ်ဗာနီသားကောင်များကို ဇဗဟ်လုပ်သတ်ဖြတ်ခြင်း

စာချုပ်စာတမ်းကိစ္စကို အဆုံးသတ်ပြီးသောအခါ၊ တမန်တော်မြတ်ﷺသည် သာဝကကြီးများကို မိန့်ခွန်းပြောကြားခဲ့ပြီး၊ ၎င်းတို့အား ၎င်းတို့၏ ကုရ်ဗာနီသားကောင်များကို ထိုနေရာတွင် ဇဗဟ်ပြုသတ်ဖြတ်ကြရန် လည်းကောင်း၊ ဦးခေါင်းများကိုရိတ်ကြရန် လည်းကောင်း၊ ဘုရားဖူးဝတ်ရုံ (အိဟ်ရာမ်)များကိုချွတ်ကြရန် လည်းကောင်း ပြောကြားခဲ့၏။ သို့သော် ၎င်းတို့မှာ ပူဆွေးသောကာ၏ ဖိစီးမှုကြောင့် လိုက်နာဆောင်ရွက်ရန် မည်သူမျှ မိမိ၏နေရာမှ မရွေ့နိုင်ခဲ့ပေ။ ထိုအဖြစ်က တမန်တော်မြတ်ﷺအား စိတ်ဓာတ်ကျစေခဲ့သဖြင့် ၎င်းသည် ကြင်ယာတော် အူမ္မဓိလမဟ်ﷺထံသို့သွားပြီး၊ သူမအား မိမိ၏စိတ်သောကကို ဖွင့်ဟခဲ့လေသည်။ သူမက ၎င်းအား အလျော်ကန်ဆုံးသော အကြံဉာဏ်ကိုပေးခဲ့၏။ '၎င်းတို့ကို ဒီအချိန်မှာ အပြစ်မတင်ပါနှင့်၊ ၎င်းတို့သည် သဘောတူစာချုပ်ပါ စည်းကမ်းချက်များကြောင့် လည်းကောင်း၊ အွမ်ရဟ်မပြုလုပ်ရဘဲ ပြန်ရသောကြောင့် လည်းကောင်း အထူးပင်ပူဆွေးဝမ်းနည်းနေကြပါသည်။ အားလုံး၏ရှေ့မှောက်တွင် ဆံသဆရာကိုခေါ်၍ အသင်၏ဦးခေါင်းကို ရိတ်ခိုင်းပြီးနောက် အသင်၏ဘုရားဖူးဝတ်ရုံကို ချွတ်လိုက်ပါ။ ထို့ပြင် အသင်၏ ကုလားအုတ်ကို ဇဗဟ်လုပ်သတ်ဖြတ်ပါ။' ၎င်းက သူမ၏အကြံပြုချက်ကို လိုက်နာခဲ့သည်။ ဤအဖြစ်ကို သာဝကကြီးများ မြင်ကြသောအခါ၊ ၎င်းတို့လည်း ထိုအတိုင်းလိုက်၍လုပ်ခဲ့ကြသည်။ ၎င်းတို့သည် တစ်ဦးကိုတစ်ဦး ခေါင်းရိတ်ပေးခြင်းကို စတင်ပြုလုပ်ကြပြီး၊ ၎င်းတို့၏ တိရိစ္ဆာန်များကို ဇဗဟ်လုပ် သတ်ဖြတ်ကြသည့်ပြင် ၎င်းတို့၏ ဘုရားဖူးဝတ်ရုံများကို ချွတ်ပစ်ခဲ့ကြလေသည်။ တမန်တော်မြတ်ﷺသည် အားလုံးအတွက် စိတ်အားထက်သန်စွာ ဆုတောင်းပေးခဲ့၏။

တမန်တော်မြတ်ﷺသည် ဟုဒိုင်ဗိယဟ်ကွင်းပြင်၌ (၁၉)ရက်၊ အချို့အဆိုများအရ (၂၀)ရက်နေခဲ့ပြီးနောက် ၎င်း၏အပြန်ခရီးကို စတင်ခဲ့၏။ ၎င်းသည် ၎င်း၏ သာဝကကြီးများနှင့်အတူ 'မာရ်ဇွဟ်ရာန်'သို့ ဦးစွာသွားခဲ့၏။ ထို့နောက် 'အုစ်ဖာန်'သို့ ရောက်ရှိခဲ့သည်။ ဤနေရာသို့ ရောက်ရှိချိန်တွင် ၎င်းတို့၏ရိက္ခာသည် လျော့နည်းနေပြီး၊ ၎င်းတို့အတွက် စားစရာနှင့် ရေအနည်းငယ်သာ ကျန်တော့၏။ ၎င်းသည် အခင်းတစ်ခုကို ဖြန့်ခင်းလိုက်ပြီး၊ မိမိတွင် ကျန်ရှိသမျှကို အခင်းပေါ်သို့ တင်ကြရန် လူတိုင်းအား မေတ္တာရပ်ခံခဲ့သည်။ ဤနည်းအားဖြင့် ကြွင်းကျန်သမျှ စားသောက်စရာများကို အခင်းပေါ်တွင် စုဆောင်းခဲ့၏။ ၎င်းတို့မှာ လူ(၁၄၀၀)ဖြစ်၏။ ၎င်းတို့အားလုံး အခင်းကိုဝိုင်း၍ထိုင်ကြပြီး၊ တမန်တော်မြတ်ﷺက ဆုတောင်း၍ ၎င်းတို့အား စားသောက်ကြရန် ပြောခဲ့၏။ မြင့်မြတ်သော သာဝကကြီးများက တင်ပြခဲ့ကြသည်မှာ လူ(၁၄၀၀) ဗိုက်ပြည့်အောင် စားသောက်ကြသည့်ပြင် ၎င်းတို့၏ အိုး၊ ခွက်၊ ဇလုံများဖြင့် ထည့်ယူကြသည့်တိုင် စားစရာများမှာ လျော့နည်းသွားခြင်းမရှိခဲ့ပေ။ ဤသည်မှာ ဤကွင်းပြင်၌ ပေါ်ပေါက်သည့် တမန်တော်မြတ်ﷺ၏ ဒုတိယမုအ်ဂျိဇာဟ် တန်ခိုးပြာဋိဟာပင် ဖြစ်လေသည်။ ဤအချင်းအရာကို မြင်သောအခါ၊ တမန်တော်မြတ်ﷺသည် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့လေသည်။

တမန်တော်မြတ်ﷺအပေါ် မြင့်မြတ်သော သာဝကကြီးများ၏ ယုံကြည်မှုနှင့် နာခံကျိုးနွံမှုခွန်အားကို နောက်ထပ်တစ်ကြိမ် စမ်းသပ်တော်မူခြင်း

သာဝကကြီးများသည် သဘောတူစာချုပ်ပါ စည်းကမ်းချက်၊ ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ လွန်စွာစိတ်မချမ်းမသာ ဖြစ်ခဲ့ကြကြောင်းကို ရှေ့မှအခန်းများတွင် သိကြရ၏။ အွမ်ရဟ်မပြုလုပ်ရဘဲ သို့မဟုတ် စစ်ပွဲတစ်ပွဲမတိုက်ခိုက်ရဘဲ ပြန်ကြရခြင်းက ၎င်းတို့အား ပို၍ခက်ခဲ၊ နာကျင်စေခဲ့သည်။ တစ်ဖက်စီးနင်းနိုင်ခြင်းနှင့် ကသိကအောက်နိုင်သော အနေအထားများ ဖြစ်သော်ငြားလည်း ၎င်းတို့သည် တမန်တော်မြတ်ﷺအပေါ် ယုံကြည်မှုနှင့် နာခံကျိုးနွံမှုများ

ဆက်၍ထားရှိခြင်းသည် ၎င်းတို့၏ယုံကြည်မှုခွန်အားပင် ဖြစ်လေသည်။ ဟုဒိုင်ဗီယဟ်မှ အပြန်လမ်းပေါ်ရှိ ကုရအွလ်ဂါမီမ်၌ စူရတ်အလ်ဖတ်ဟိ ကျရောက်ခဲ့ပြီး၊ တမန်တော်မြတ်ﷺက သာဝကကြီးများကို ရွတ်ဖတ်ပြခဲ့၏။ စာချုပ်၏ စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များအပြင် အွမ်ရတ်မပြုလုပ်ရဘဲ ပြန်လာခြင်းက ၎င်းတို့၏ စိတ်နလုံးများကို ဒဏ်ရာရစေသော်လည်း ဤစူရတ်က ဤခရီးစဉ်ကို 'ထင်ရှားပေါ်လွင်သော အောင်မြင်မှုတစ်ရပ်'ဟု ခေါ်ဝေါ်၏။ သာဝကကြီး အုမရ်ﷺသည် စိတ်မထိန်းနိုင်ဘဲ စုံစမ်းမေးမြန်းခဲ့သည်။ 'အို- အလ္လာဟ့်ရစူလ်တမန်တော်၊ ဤသည်မှာ 'အောင်မြင်မှု' ဟုတ်ပါ၏လော။' ၎င်းကပြန်ပြောခဲ့သည်။ 'ကျွန်ုပ်၏ဘဝကို ပိုင်စိုးတော်မူသော ထိုအရှင်မြတ်အား တိုင်တည်၍ ဆိုပါ၏။ ဤသည်မှာ အစစ်အမှန်အောင်မြင်မှုပင် ဖြစ်ကုန်၏။' မြင့်မြတ်သော သာဝကကြီးများသည် တမန်တော်မြတ်ﷺကို နာခံခြင်းအားဖြင့်၊ ယင်းသည် 'ထင်ရှားပေါ်လွင်သော အောင်မြင်မှုတစ်ရပ်'ဖြစ်ကြောင်း ယုံကြည်စိတ်ချခဲ့ကြလေသည်။

သဘောတူစာချုပ်၏ အကျိုးသက်ရောက်မှုများနှင့် ကောင်းကျိုးများ

ဤသဘောတူစာချုပ်၏ လက်ငင်းအကျိုးသက်ရောက်မှုမှာ ကုရိုက်ရှ်များနှင့် ၎င်းတို့၏နောက်လိုက်များ၏ မထားသင့်သောနေရာတွင် ထားခဲ့ကြသည့် ခေါင်းမာမှု ပေါ်လွင်ထင်ရှားသွားခြင်းဖြစ်၏။ ထို့ပြင် ၎င်းတို့ကြား၌ ဂိုဏ်းဂဏ ကွဲပြားမှုတစ်ခု ပေါ်ပေါက်ခဲ့၏။ မတူကွဲပြားသော စဉ်းစားတွေးခေါ်ပုံနှင့် ရပ်တည်ချက်များကြောင့် ၎င်းတို့သည် အုပ်စုများကွဲထွက်ကုန်ခဲ့ကြသည်။ ဗူဒေလ်အိဗ်နဝရ်ကာအ်ကိုယ်တိုင် ၎င်း၏ရဲဘော်ရဲဘက်များနှင့်အတူ ကုရိုက်ရှ်တို့ထံမှ ခွဲထွက်ခဲ့သည်။ ၎င်း၏နမူနာကိုယူပြီး အုရ်ဝပ်အိဗ်နမတ်စ်အူးဒ်သည် ၎င်း၏အုပ်စုနှင့်အတူ ခွဲထွက်ခဲ့လေသည်။

ဒုတိယအနေဖြင့် မက္ကာမြို့မှ ကိုရိုက်ရှ်များသည် မြင့်မြတ်သော သာဝကကြီးများ၏ ပြိုင်စံရှားသော ကိုယ်ကျိုးစွန့်မှုကို များစွာအထင်ကြီးခဲ့ကြသည်။ သာဝကကြီးများ၏ တမန်တော်မြတ်ﷺအပေါ် ထားရှိသည့် မယိမ်းမယိုင်သော နာခံကျိုးနွံမှု၊ ချစ်ခင်မှုနှင့် ခန့်ညားလေးစားမှုများက ၎င်းတို့၏ စိတ်ကိုထိခိုက်စေခဲ့၏။ ဤသည်က ၎င်းတို့အား ငြိမ်းချမ်းရေးပြုလုပ်ရန်ဘက်သို့ စိတ်ညွှတ်သွားစေခဲ့ခြင်း ဖြစ်လေသည်။ ဤအချိန်သည် ၎င်းတို့အဖို့ မွတ်စလင်တို့အား အပြတ်ရှင်းရန် အကောင်းဆုံးအခွင့်အရေး ဖြစ်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အစစအဆင်ပြေမှုများဖြင့် ကိုယ့်အိမ်ကိုယ်ယာတွင် ရှိနေခဲ့ကြပြီး၊ မွတ်စလင်တို့မှာမူ အစစအဆင်မပြေမှုများဖြင့် ခရီးသွားနေခဲ့ကြခြင်းဖြစ်၏။ ကုရိုက်ရှ်တို့သည် ရေထွက်ပေါက်အားလုံးကို ချုပ်ကိုင်ထားကြသော်လည်း၊ မွတ်စလင်တို့ကမူ ရေမရှိသောနေရာများတွင်နေကြရပြီး၊ စားစရာလည်း ချို့တဲ့ကြ၏။ ၎င်းတို့သည် လက်နက်နှင့်လူအင်အားအပြည့် ဖြစ်သော်လည်း မွတ်စလင်တို့မှာ ညံ့ဖျင်းစွာ လက်နက်တပ်ဆင်ထားခဲ့၏။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ စိတ်နလုံးများထဲသို့ အကြောက်တရားကို ထည့်ပေးတော်မူခဲ့သည်။ ၎င်းတို့၏ အုပ်စုများထဲမှ များစွာသော အဖွဲ့ဝင်တို့သည် တမန်တော်မြတ်ﷺနှင့် တွေ့ဆုံ၊ ရောနှောခွင့်ရခဲ့ကြသဖြင့် အစွလာမ်ယုံကြည်ချက်၏ ကြည်နူးဖွယ်သည် ၎င်းတို့၏ စိတ်နလုံးများထဲသို့ ဝင်ရောက်ခဲ့၏။ နောက်ပိုင်းတွင် ၎င်းတို့သည် အစွလာမ်ကို လက်ခံယုံကြည်ခဲ့ကြလေသည်။

တတိယအနေဖြင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်သည် လမ်းကြောင်းကို အန္တရာယ်ကင်း၍ လုံခြုံစိတ်ချမှုဖြစ်စေခဲ့၏။ တမန်တော်မြတ်နှင့် သာဝကကြီးﷺများအတွက် လူများကို အစွလာမ်သို့ဖိတ်ခေါ်ရန် လမ်းပွင့်သွားခဲ့၏။ အာရပ်ကိုယ်စားလှယ်အဖွဲ့များသည် တမန်တော်မြတ်ﷺထံသို့ လာရောက်တွေ့ဆုံခဲ့ကြသည်။ သာဝကကြီးများသည် တမန်တော်မြတ်ﷺနှင့်အတူ နေရာအနှံ့သို့ မြန်ဆန်စွာ အစွလာမ်ကို ဖြန့်ခဲ့ကြသည်။ ကမ္ဘာ့ခေါင်းဆောင်များထံသို့ စာများပို့ပြီး ၎င်းတို့အား အစွလာမ်သို့ ဖိတ်ခေါ်ခဲ့ကြသည်။ အချို့သော ထင်ရှားသည့် အုပ်ချုပ်သူများက (အစွလာမ်ကို)

အထင်ကြီးလေးစားခဲ့ကြသည်။ ဟုဒိုင်ဗိယဟ်အချိန်က တမန်တော်မြတ်ﷺသည် အွမ်ရဟ်ပြုလုပ်ရာတွင် ၎င်းနှင့်အတူ ပူးပေါင်းပါဝင်ကြရန် မွတ်စလင်အားလုံးကို ဖိတ်ခေါ်ခဲ့သော်လည်း အတူလိုက်ပါသူဦးရေမှာ (၁၅၀၀)ထက်မပိုခဲ့ပေ။ သို့သော် သဘောတူစာချုပ် ချုပ်ဆိုပြီးသည့်နောက် လူများသည် အလွှာဟ်အရှင်မြတ်၏ သာသနာအတွင်းသို့ စုပြုံ၍ ဝင်ရောက်ခဲ့၏။ ဟစ်ဂျရီ(၇)ခုနှစ်တွင် ခိုင်ဗာမြို့ကိုအောင်နိုင်ပြီး၊ စစ်ပွဲလက်ရပစ္စည်း အများအပြား မွတ်စလင်တို့လက်သို့ ကျရောက်ခဲ့သည်ဖြစ်၍ ရုပ်ဝတ္ထုအင်အား ခိုင်မာတောင့်တင်းလာခဲ့၏။ (၂)နှစ်နီးပါး ဖြတ်သန်းခဲ့ပြီးနောက် ထိုအချိန်ကာလအတွင်း မကြုံစဖူးများပြားလှသော လူများသည် အစွှလာမ့်အုပ်စုနှင့် လာရောက်ပူးပေါင်းခဲ့ကြသည်။ ကုရိုက်ရှ်တို့က သဘောတူစာချုပ်ပါ စည်းကမ်းချက်များကို စတင်ဖောက်ဖျက်သောအခါ၊ တမန်တော်မြတ်ﷺ မက္ကာမြို့ကိုအောင်နိုင်ရန် လှုံ့ဆော်စွာ စတင်ပြင်ဆင်ခဲ့လေသည်။ ဤအကြောင်းကို ကုရိုက်ရှ်တို့ သိလာသောအခါ၊ ၎င်းတို့သည် ချောက်ချားသွားခဲ့ကြသည်။ ၎င်းတို့က တောင်းပန်ရန်နှင့် သဘောတူစာချုပ် အသစ်ပြန်ရေးဖို့ ညှိနှိုင်းရန် အဗူစွဖ်ယာန်ကို စေလွှတ်ခဲ့သည်။ သို့သော် တမန်တော်မြတ်ﷺက ငြင်းပယ်ခဲ့၏။ ကုရိုက်ရှ်တို့၏ သဘောတူစာချုပ်ပါ စည်းကမ်းချက်များကို ချိုးဖောက်မှုကြောင့် (၂၁)လအတွင်း တမန်တော်မြတ်ﷺသည် အလွှာဟ်အရှင်မြတ်၏ ကြံ့ခိုင်၍သစ္စာရှိသော စစ်သည်တော်တစ်သောင်းနှင့်အတူ မက္ကာမြို့သို့ ချီတက်ခဲ့လေသည်။ ကုရိုက်ရှ်တို့က အညံ့ခံသောကြောင့် တိုက်ပွဲမဖြစ်ပွားခဲ့ပေ။ မက္ကာမြို့ကို စစ်အင်အားဖြင့် အောင်နိုင်ခြင်းလား သို့မဟုတ် ငြိမ်းချမ်းသောနည်းဖြင့် အောင်နိုင်ခြင်းလား ဆိုသည်နှင့် စပ်လျဉ်း၍ ရှေ့ဆောင်ဓမ္မသတ်မှုးများကြားတွင် ကွဲပြားသောအမြင်များ ရှိပေသည်။ သို့ပင်ငြားလည်း မက္ကာမြို့၌ရှိနေစဉ် တမန်တော်မြတ်ﷺသည် အောက်ပါကြေညာချက်ကို ထုတ်ပြန်ခဲ့၏။ 'မည်သူမဆို မိမိ၏အိမ်တံခါးများကို ပိတ်ထားပါက အန္တရာယ်ကင်းမည်။ မည်သူမဆို ပလီဝတ်ကျောင်းတော်အတွင်းသို့ ဝင်နေပါက အန္တရာယ်ကင်းမည်။ မည်သူမဆို အဗူစွဖ်ယာန်၏ အိမ်တွင်းသို့ ဝင်နေပါက အန္တရာယ်ကင်းမည်။' ဤကြေညာချက်က ၎င်းတို့အား မိမိတို့ကိုယ်မိမိတို့ ကယ်တင်ခြင်းနှင့် ပတ်သက်၍ စိတ်မအေးဖြစ်စေခဲ့၏။ တမန်တော်မြတ်ﷺ၏ အပိုင်းမှမူ ဤကြေညာချက်သည် နိုင်ငံရေးအမြော်အမြင်ကြီးမှု၊ နည်းဗျူဟာနှင့် စဉ်းစားဉာဏ်တို့၏ ပြောင်မြောက်သော ထိုးနှက်ချက်တစ်ခုဖြစ်ပေသည်။ အတိုချုပ်ရသော် မက္ကာမြို့ကို လွယ်ကူသက်သာစွာဖြင့် အောင်နိုင်ခဲ့လေသည်။ ဤနည်းအားဖြင့် တမန်တော်မြတ်၏ အိပ်မက်သည် တကယ့်ဖြစ်ရပ်တစ်ခုအဖြစ် ပြောင်းလဲခဲ့သည်။ သာဝကကြီးများသည် စိုးရိမ်ကြောင့်ကျကင်းစွာဖြင့် အိမ်တော်ကို တွဂါဖ်ပြုလုပ်ခဲ့ကြသည်။ ထို့နောက် ၎င်းတို့၏ ဦးခေါင်းများကိုရိတ်ခြင်း သို့မဟုတ် ဆံဖြတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ တမန်တော်မြတ်ﷺသည် ၎င်း၏သာဝကကြီးများနှင့်အတူ ကအ်ဗဟ်တွင်းသို့ဝင်ပြီး၊ ကအ်ဗဟ်၏ သော့တံကို လက်ခံယူခဲ့လေသည်။ ထိုအခိုက်အတန့်၌ တမန်တော်မြတ်ﷺသည် သာဝကကြီး အုမရ်ﷺကို အဓိကထားလျက် အခြားသာဝကကြီးများအား မိန့်ကြားရာတွင် 'ဤသည် အသင်တို့အား ကျွန်ုပ်ပြောပြခဲ့သည့် အဖြစ်အပျက်ပင် ဖြစ်တော့၏။'ဟု ဆိုခဲ့လေသည်။ နှုတ်ဆက်ဟာကျိပြုလုပ်ခဲ့ချိန်ကလည်း တမန်တော်ﷺသည် သာဝကကြီးအုမရ်အိဗ်နုခတ္တိတ္တာဗ်ﷺထိုစကားကိုပင်ပြောခဲ့ရာ ၎င်းက 'ဟုဒိုင်ဗိယဟ် သဘောတူစာချုပ်ထက် ပို၍ကောင်းသော၊ ကြီးကျယ်သော အောင်မြင်မှုမရှိကြောင်း ထင်ရှားပေသည်။'ဟု ပြန်ပြောခဲ့၏။ သာဝကကြီး အဗူဗက်ရ်ﷺကမူ ဟုဒိုင်ဗိယဟ်သဘောတူစာချုပ်သည် အောင်မြင်မှုဇကန်ဖြစ်မှန်း အစကနဦးတည်းကပင် ယုံကြည်ခဲ့၏။ သို့သော် လူများတွင် အလွှာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်တို့ကြားတွင် ဆုံးဖြတ်ထားတော်မူသည့် တကယ့်ဖြစ်ရပ်ကို ထိုးထွင်းသိမြင်နိုင်စွမ်း၊ ကြိုတင်မြင်နိုင်စွမ်း မရှိခဲ့ကြပေ။ လူများ၏ စိတ်မရှည်မှုကြောင့် အလွှာဟ်အရှင်မြတ်သည် ဘာကိုမျှ ပြုလုပ်တော်မူလိမ့်မည်မဟုတ်။ ထိုအစား ထိုအရှင်မြတ်သည် မိမိ၏ဉာဏ်ပညာတော်က စေစားသည့်အတိုင်း ပြုလုပ်တော်မူသည်ဖြစ်၍ အရာရာတိုင်းသည် အချိန်တန်မှသာ ဖြစ်ပျက်မည်ဖြစ်၏။ ထို့ကြောင့် ဤစူရဟ်မှ 'သိသာထင်

ရှားသော အောင်မြင်မှုတစ်ခု'သည် ဟုဒိုင်ဗိယဟ် သဘောတူစာချုပ်ကို ရည်ညွှန်းခြင်း ဖြစ်လေသည်။

ဤသည်တို့မှာ ဟုဒိုင်ဗီယဟ် အဖြစ်အပျက်၏ အရေးအပါဆုံး အခြေခံအချက်များဖြစ်ကြောင်း စူရဟ်၏ ရှေ့လာမည့် အာယတ်တော်များကို နားလည်သဘောပေါက်ရန် လွယ်ကူစေမည် ဖြစ်ပေသည်။

အာယတ်တော်များကို စိတ်ဖြာလေ့လာခြင်း

"لِّيَغْفِرَ لَكَ اللَّهُ مَا تَقَدَّمَ مِن ذَنۢبِكَ وَمَا تَأَخَّرَ (ယင်းသို့ အောင်မြင်မှု ချီးမြှင့်တော်မူခြင်းမှာ) အလွှာဟ်အရှင်မြတ်သည် အသင်၏ ရှေးကာလချို့တဲ့မှုများနှင့် အနာဂတ်ချို့တဲ့မှုတို့ကို ခွင့်လွှတ်ချမ်းသာပေးသနားတော်မူအံ့သောငှာ လည်းကောင်း၊ ...."(၄၈း၂)။ အကယ်၍ 'လဖ်' (အထက်တွင် 'အလို့ငှာ'ဟု ဘာသာပြန်၏။)ဟူသောပုဒ်ကို 'တအ်လီလ်'အတွက် ယူခြင်းဖြစ်ပါက တမန်တော်မြတ်အား ထိုကဲ့သို့ ထင်ရှားစွာသော အောင်မြင်မှုကို ချီးမြှင့်တော်မူခြင်း၏ ရည်ရွယ်ချက်နှင့် အကြောင်းရင်းကို ညွှန်ပြရန်ဖြစ်၏။ ဤအာယတ်တော်၌ တမန်တော်မြတ်ﷺအား အောင်မြင်မှုကို ချီးမြှင့်တော်မူခြင်းမှာ ၎င်းအား ကျေးဇူးတော်(၃)မျိုးဖြင့် ကောင်းချီးပေးရန်ဖြစ်ကြောင်း ဖော်ပြ၏။ ပထမကျေးဇူးတော်မှာ ၎င်း၏အတိတ်နှင့် အနာဂတ်ချို့တဲ့မှုအားလုံးကို ခွင့်လွှတ်တော်မူခြင်းဖြစ်၏။ စူရဟ်မုဟမ္မဒ်၌ တမန်တော်အားလုံးﷺသည် အပြစ်ကင်းစင်ကြောင်း ဖော်ပြသည်ကို သတိမူမိစေသည်။ ကုရ်အာန်ထဲ၌ ذنب 'ဇန်ဗ်'နှင့် عصيان 'အီဆွိယာန်' (အပြစ် သို့မဟုတ် အမှား)ကဲ့သို့သော စကားလုံးများဖြင့် ၎င်းတို့အား ရည်ညွှန်းသည့်အခါတိုင်း ယင်းစကားလုံးများသည် ၎င်းတို့၏ အဆင့်အတန်းနှင့် ဆက်နွယ်လျက်ရှိ ကြ၏။ တမန်တော်များနှင့် သက်ဆိုင်သော မပြုလုပ်သင့်သည့် အလုပ်များကိုလည်း အပြစ်ဆိုသည့်သဘောဖြင့် 'ဇန်ဗ်'ဟုရည်ညွှန်း၏။ 'ယခင်က'သည် တမန်တော်အဖြစ် ချီးမြှောက်မခံရမီက ကျူးလွန်ခဲ့သော ချို့ယွင်းချက်များကို ရည်ညွှန်းပြီး၊ 'နောက်ပိုင်း'သည် တမန်တော်ဖြစ်ပြီးမှ ကျူးလွန်သော ချို့ယွင်းချက်များကို ရည်ညွှန်းလေသည် (မဇ်ဟရီ)။ ဤအောင်မြင်မှုက ထိုကဲ့သို့ ချို့ယွင်းချက်များအတွက် ခွင့်လွှတ်ခြင်းကို ဖြစ်စေခဲ့သည့်အကြောင်းရင်းမှာ 'အောင်မြင်မှု'၏နောက်လူများသည် အစုလိုက်အပြုံလိုက် အစွန်လာသာနာထဲသို့ ဝင်ခဲ့ကြသောကြောင့်ဖြစ်ပေသည်။ ထို့ပြင် အစွန်လာသို့ ဖိတ်ခေါ်မှု ပျံ့နှံ့ခြင်းအတွက် တမန်တော်မြတ်ﷺအား ဂုဏ်ပြုရမည်ဖြစ်သောကြောင့် ၎င်းသည် အလွှာဟ်အရှင်မြတ်၏ အကျိုးဆုလာဘ်နှင့် ထိုက်တန်၏။ အကျိုးဆုလာဘ် တိုးပွားများပြားလာခြင်းက ချို့ယွင်းချက်များအတွက် ခွင့်လွှတ်ခြင်းကို ဖြစ်ပေါ်စေလေသည်။

لِّيَغْفِرَ لَكَ اللَّهُ مَا تَقَدَّمَ مِن ذَنۢبِكَ وَمَا تَأَخَّرَ وَيُتِمَّ نِعْمَتَهُۥ عَلَيْكَ وَيَهْدِيَكَ صِرَٰطًا مُّسْتَقِيمًا ﴿٢﴾

" .... အသင့်အား ဖြောင့်မတ်သော တရားလမ်းကို ညွှန်ကြားပြသတော်မူအံ့သောငှာ လည်းကောင်း။"(၄၈း၂)။ ဤသည်မှာ ထင်ရှားစွာသော အောင်မြင်မှု၏ ရလဒ်ဖြစ်သည့် ဒုတိယကျေးဇူးတော်ဖြစ်၏။ ဤနေရာတွင် အရေးပါဆုံးမေးခွန်းတစ်ရပ် ပေါ်ထွက်လာသည်။ တမန်တော်မြတ်ﷺသည် မူလအစကတည်းက တရားလမ်းမှန်၌ အခြေခိုင်ခဲ့ပြီးဖြစ်၏။ ၎င်းသည် ကိုယ်တိုင်က တရားလမ်းမှန်ပေါ်၌ ရှိနေသည်သာမက တစ်လောကလုံးအတွက် လမ်းညွှန်မှု၏ ပင်ရင်းလည်းဖြစ်၏။ ၎င်း၏နေ့ရောညပါ အချိန်တိုင်းစွဲလမ်း၊ ဖိစီးနေသောစိတ်မှာ လူများကို တရားလမ်းမှန်သို့ ဖိတ်ခေါ်ရန်ဖြစ်၏။ ထို့ကြောင့် ဟစ်ဂျရီ ၆ ခုနှစ်တွင် ထင်ရှားစွာသော အောင်မြင်မှုအားဖြင့် ဖြောင့်မတ်သောလမ်းသို့ ညွှန်ကြားပြခြင်းဟူသည် မည်သည့်အဓိပ္ပါယ်ကို ဆောင်ပါသနည်း။ ဤမေးခွန်း၏ အဖြေအသေးစိတ်ကို မအာရိဖုလ်ကုရ်အာန် မြန်မာပြန် တွဲ-၁၊ စာ ၉၆-၁၀၆)တွင် တွေ့နိုင်ပါသည်။ အထူးသဖြင့် အနက်ဖွင့်ဆိုချက်များနှင့် ဟိဒါယဟ် (လမ်းညွှန်မှု) အဆင့်(၃)ဆင့်ကို ကြည့်ရှုပါရန်။

ဟိဒါယဟ်၏ အနက်အဓိပ္ပါယ်

'ဟိဒါယဟ်'ကို လမ်းပြသည် သို့မဟုတ် တစ်စုံတစ်ယောက်အား ၎င်း၏ပန်းတိုင်ဆီသို့ ညွှန်ပြသာသာ၊ ကြင်ကြင်နာနာဖြင့် လမ်းပြခေါ်ဆောင်သည်ဟု အဓိပ္ပါယ်ဖွင့်၏။ လူသား၏ပန်းတိုင် အစစ်အမှန်မှာ အလ္လာဟ်အရှင်မြတ်၏ကျေနပ်နှစ်သက်မှုနှင့် မိမိ၏နီးကပ်မှုကို ရရှိရန်ဖြစ်၏။ ကျေနပ်နှစ်သက်မှုနှင့် နီးကပ်မှု ဒီဂရီများမှာ အကန့်အသတ်မရှိပေ။ ပထမဒီဂရီသို့ ရောက်ရှိပြီးနောက် လူသည် ဒုတိယဒီဂရီ၊ ထို့နောက် တတိယဒီဂရီ စသည်ဖြင့် အဆုံးမရှိရည်မှန်းကြိုးပမ်းသွားရမည်ဖြစ်၏။ မည်သည့်လူသား၊ မွတ်စလင်၊ သူတော်စင် သို့မဟုတ် တမန်တော်မျှ ထိုကဲ့သို့သော နာမ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ကြိုးပမ်းရယူခြင်းကို မလိုအပ်သူမရှိပေ။ ထို့ကြောင့် ပထမစူရဟ်ထဲတွင် လမ်းမှန်ရရန်အတွက် ဆုတောင်းပတ္ထနာပြုလုပ်ခြင်းသည် မွတ်စလင်အသိုင်းအဝိုင်း တစ်ခုလုံးကိုသာလျှင် လမ်းညွှန်သည်မဟုတ်ဘဲ တမန်တော်မြတ်ﷺကိုလည်း လမ်းညွှန်တော်မူခြင်းဖြစ်သည်။ ကိုယ်တော်မြတ်သည် နာမ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာလမ်းတွင် မြင့်မားလျင်မြန်စွာ ရရှိစေရန်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ဤထင်ရှားစွာသော အောင်မြင်မှုများတွင် နာမ်ပိုင်းဆိုင်ရာကျော်ကြားမှု အထွတ်အထိပ်သို့ မြှင့်တင်ပေးတော်မူခဲ့ကြောင်းကို 'ယဟ်ဒီယက' (ညွှန်ပြတော်မူအံ့)ဟူသော စကားရပ်ဖြင့် ဖော်ပြခြင်းဖြစ်လေသည်။

وَّ يَنْصُرَكَ اللّٰهُ نَصْرًا عَزِيْزًا ۝

"အလ္လာဟ်အရှင်မြတ်သည် အသင့်အား ကြံ့ခိုင်သော- ဘုန်းကျက်သရေရှိသော အောင်မြင်မှုကို ချီးမြှင့်တော်မူအံ့သောငှာ လည်းကောင်း ဖြစ်ပေသတည်း။"(၄၈း၃)။ ဤသည် ထင်ရှားစွာသော အောင်မြင်မှု၏နောက်မှ သဘာဝအတိုင်း လိုက်ပါလာသော တတိယကျေးဇူးတော်ဖြစ်၏။ တမန်တော်မြတ်ﷺသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ အကူအညီကို အမြဲပင်ရရှိခဲ့သည်။ သို့သော် ဤဖြစ်ရပ်တွင် ၎င်းသည် အလွန်ကြီးမားသော ဝေစုကို ရရှိခဲ့ခြင်းဖြစ်၏။

အာယတ်တော် (၄-၇)

هُوَ الَّذِيْٓ اَنْزَلَ السَّكِيْنَةَ فِيْ قُلُوْبِ الْمُؤْمِنِيْنَ لِيَزْدَادُوْٓا اِيْمَانًا مَّعَ اِيْمَانِهِمْ ؕ وَ لِلّٰهِ جُنُوْدُ السَّمٰوٰتِ وَ الْاَرْضِ ؕ وَ كَانَ اللّٰهُ عَلِيْمًا حَكِيْمًا ۝ لِّيُدْخِلَ الْمُؤْمِنِيْنَ وَ الْمُؤْمِنٰتِ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا وَ يُكَفِّرَ عَنْهُمْ سَيِّاٰتِهِمْ ؕ وَ كَانَ ذٰلِكَ عِنْدَ اللّٰهِ فَوْزًا عَظِيْمًا ۝ وَّ يُعَذِّبَ الْمُنٰفِقِيْنَ وَ الْمُنٰفِقٰتِ وَ الْمُشْرِكِيْنَ وَ الْمُشْرِكٰتِ الظَّآنِّيْنَ بِاللّٰهِ ظَنَّ السَّوْءِ ؕ عَلَيْهِمْ دَآئِرَةُ السَّوْءِ ۚ وَ غَضِبَ اللّٰهُ عَلَيْهِمْ وَ لَعَنَهُمْ وَ اَعَدَّ لَهُمْ جَهَنَّمَ ؕ وَ سَآءَتْ مَصِيْرًا ۝ وَ لِلّٰهِ جُنُوْدُ السَّمٰوٰتِ وَ الْاَرْضِ ؕ وَ كَانَ اللّٰهُ عَزِيْزًا حَكِيْمًا ۝

ထိုအရှင်မြတ်သည်ပင် 'မုအ်မင်နိ်' သက်ဝင်ယုံကြည်သူတို့၏ စိတ်နှလုံးများတွင် ၎င်းတို့၏ ရှိရင်းစွဲ ယုံကြည်မှုအပေါ်၌ ထပ်မံ၍ ယုံကြည်မှုတိုးပွားစေရန် စိတ်တည်ငြိမ်မှုကို ချပေးသနားတော်မူခဲ့၏။ စင်စစ်သော်ကား မိုးကောင်းကင်များ၌ ရှိကုန်သော စစ်တပ်တို့သည် လည်းကောင်း၊ ပထဝီမြေ၌ရှိကုန်သောစစ်တပ်တို့သည်လည်းကောင်း၊အလ္လာဟ်အရှင်မြတ်ပိုင်ဆိုင်တော်မူသောစစ်တပ်များပင် ဖြစ်ကုန်၏။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။ [၄] (ထိုသို့ဖြစ်ရခြင်းမှာ) ထိုအရှင်မြတ်သည် သက်ဝင်ယုံကြည်သော ယောကျ်ားများအား လည်းကောင်း၊ သက်ဝင်ယုံကြည်သော မိန်းမများအား လည်းကောင်း၊ အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူအံ့သောငှာဖြစ်၏။ ၎င်းတို့သည် ထိုဥယျာဉ်များထဲတွင် ထာဝစဉ်နေကြရမည် ဖြစ်သည်။ ယင်းဥယျာဉ်များ၏အောက်မှ ချောင်းများသည် စီးတွေလျက်ရှိကြပေမည်။ ထိုမှတပါး ထိုအရှင်မြတ်သည် ၎င်းတို့မှ ၎င်းတို့၏ပြစ်မှု၊ ဒုစရိုက်တို့ကို ပပျောက်စေတော်မူအံ့သောငှာဖြစ်၏။ စင်စစ်သော်ကား ထိုသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်အထံတော်၌ ကြီးကျယ်လှစွာသော အောင်မြင်မှုဖြစ်၏။[၅] ထိုမှတပါး ထိုအရှင်မြတ်သည် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ မကောင်းသော ထင်မြင် ယူဆချက်ကို ထင်မြင်ယူဆကြကုန်သော 'မုနာဖစ်က်' မုစ်လင်မ်အယောင်ဆောင် ယောကျ်ား၊ မိန်းမတို့အား လည်းကောင်း၊ 'မုရှိရစ်က်' တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် ကိုးကွယ်ကြသောယောကျ်ား၊ မိန်းမတို့အားလည်းကောင်း၊ ပြစ်ဒဏ်ပေးတော်မူအံ့သောငှာဖြစ်၏။ ၎င်းတို့၌ ဘေးဆိုးသည် ဆိုက်ရောက်တော့မည်ဖြစ်၏။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏အပေါ်၌ အမျက်ထွက်တော်မူမည်။ ထို့ပြင် ၎င်းတို့အားကရုဏာတော်မှ ကင်းဝေးစေတော်မူမည်။ ထိုမှတပါး ထိုအရှင်မြတ်သည် ၎င်းတို့အဖို့ 'ဂျဟန္နမ်'ငရဲဘုံကို အဆင်သင့်ပြုလုပ်၍ ထားတော်မူ၏။ စင်စစ်မှာမူကား ယင်းငရဲဘုံသည်လွန်စွာ ဆိုးရွားလှသော နေရာထိုင်ခင်းပင်ဖြစ်ပေသည်။[၆] အမှန်စင်စစ်သော်ကား မိုးကောင်းကင်များ၌ ရှိကုန်သော စစ်တပ်များသည်လည်းကောင်း၊ ပထဝီမြေ၌ ရှိကုန်သောစစ်တပ်များသည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသော စစ်တပ်ပင်ဖြစ်ကုန်၏။ ထိုမှတစ်ပါးအလ္လာဟ်အရှင်မြတ်မှာမူကား ဘုန်းတန်ခိုးနှင့် ပြည့်စုံတော်မူ သောအရှင်ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။[၂၉]

ဟုဒိုင်ဗိယဟ်တွင် ပါဝင်ဆင်နွှဲခဲ့ကြသူများအပေါ် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များ

ဤစူရဟ်၏ ပထမအာယတ်တော်(၃)ပါးတွင် ထင်ရှားစွာသော အောင်မြင်မှု၏နောက်မှ ပါလာသော တမန်တော်မြတ်ﷺအား ချီးမြှင့်တော်မူသည့် ကျေးဇူးတော်များကို ရည်ညွှန်း၏။ ဟုဒိုင်ဗိယဟ်တွင် ပါဝင်ဆင်နွှဲသူများထဲမှ အချို့က တမန်တော်မြတ်ﷺကို ကောင်းချီးဩဘာပေးခဲ့ကြပြီး၊ 'ကျေးဇူးတော်များကို တမန်တော်မြတ်ﷺတစ်ဦးတည်းကိုသာလျှင် ပေးအပ်ချီးမြှင့်တော်မူသည်။ သို့သော် ထိုကျေးဇူးများထဲတွင် မိမိတို့အတွက် မည်သည့်အရာများ ပါရှိပါသနည်း။'ဟု မေးမြန်းခဲ့ကြသည်။ ဤမေးမြန်းချက်ကို တုံ့ပြန်သည့်အနေဖြင့် အာယတ်တော် ၄-၇ ကျရောက်လာခဲ့၏။ အာယတ်တော်များက ဟုဒိုင်ဗိယဟ်နှင့် ရိသွဝါန်ပဋိညာဉ်တွင် ပါဝင်ခဲ့သူများအပေါ် အလ္လာဟ်အရှင်မြတ် လိုလားကြည်ဖြူခြင်းကို ထင်ရှားစွာရည်ညွှန်း၏။ ဤကျေးဇူးတော်များကို ၎င်းတို့အား ရက်ရောစွာ ချီးမြှင့်ပေးအပ်တော်မူခြင်းမှာ

တမန်တော်မြတ်ﷺ ယုံကြည်မှုနှင့် နာခံကျိုးနွံမှုများကြောင့် ဖြစ်လေသည်။ အဓိဘာန်နှင့် နာခံကျိုးနွံခြင်းများဖြင့် ပြည့်စုံ၊ ကောင်းမွန်ကြကုန်သော သက်ဝင်ယုံကြည်သူအပေါင်းသည် အလားတူသော အလျှာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို ရရှိကြလိမ့်မည် ဖြစ်ပေသည်။

အာယတ်တော် (၈-၁၀)

إِنَّآ أَرۡسَلۡنَٰكَ شَٰهِدٗا وَمُبَشِّرٗا وَنَذِيرٗا ٨ لِّتُؤۡمِنُواْ بِٱللَّهِ وَرَسُولِهِۦ وَتُعَزِّرُوهُ وَتُوَقِّرُوهُ وَتُسَبِّحُوهُ بُكۡرَةٗ وَأَصِيلًا ٩ إِنَّ ٱلَّذِينَ يُبَايِعُونَكَ إِنَّمَا يُبَايِعُونَ ٱللَّهَ يَدُ ٱللَّهِ فَوۡقَ أَيۡدِيهِمۡۚ فَمَن نَّكَثَ فَإِنَّمَا يَنكُثُ عَلَىٰ نَفۡسِهِۦۖ وَمَنۡ أَوۡفَىٰ بِمَا عَٰهَدَ عَلَيۡهُ ٱللَّهَ فَسَيُؤۡتِيهِ أَجۡرًا عَظِيمَۢا ١٠

(အို-နဗီတမန်တော်၊) ဧကန်မလွဲ ငါအရှင်မြတ်သည် အသင့်အား သက်သေအဖြစ် လည်းကောင်း၊ သတင်းကောင်း ပြောကြားသူအဖြစ် လည်းကောင်း၊ သတိပေးနှိုးဆော်သူအဖြစ်လည်းကောင်း စေလွှတ်တော်မူခဲ့၏။[၈] (ယင်းသို့ စေလွှတ်တော်မူခြင်းမှာ) အသင်တို့သည် အလျှာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရာဇူလ်တမန်တော်အား သက်ဝင်ယုံကြည်ကြအံ့သောငှာ လည်းကောင်း၊ ထိုအရှင်မြတ်(၏ သာသနာတော် ရာဇူလ်တမန်တော်)ကို ကူညီကြအံ့သောငှာ လည်းကောင်း၊ ထိုအရှင်မြတ်(၏ ရာဇူလ်တမန်တော်အား ရိုသေကိုင်းရှိုင်းကြအံ့သောငှာ လည်းကောင်း၊ ထိုအရှင်မြတ်စင်ကြယ်သန့်ရှင်းတော်မူကြောင်း၊နံနက်ယံနှင့်ညနေချမ်းတိုင်မြွက်ဆိုကြအံ့သောငှာ လည်းကောင်း၊ ဖြစ်ပေသည်။ [၉] (အို-နဗီတမန်တော်၊) စင်စစ်ဧကန် အသင်နှင့် 'ဗိုင်အတ်' (ပဋိညာဉ်)ပြုကြကုန်သော သူတို့မှာ အလျှာဟ်အရှင်မြတ်နှင့် 'ဗိုင်အတ်'ပဋိညာဉ် ပြုကြသည်သာတည်း။ အလျှာဟ်အရှင်မြတ်၏ လက်တော်ကား ၎င်းတို့၏လက်များပေါ်၌ ရှိတော်မူ၏။ သို့ဖြစ်ပေရာ မည်သူမဆို ပဋိညာဉ်ကို ချိုးဖျက်ခဲ့ပါလျှင် ထိုသူသည် မိမိကိုယ်နှင့်ဆန့်ကျင်၍ ပဋိညာဉ်ကို ချိုးဖျက်ခြင်းပင်ဖြစ်ပေသည်။ သို့ရာတွင် မည်သူမဆို အလျှာဟ်အရှင်မြတ်နှင့် ပဋိညာဉ်ပြုခဲ့သော အချက်တို့ကို ထိန်းသိမ်း စောင့်ရှောက်ခဲ့ပါလျှင် မကြာမြင့်မီပင် ထိုအရှင်မြတ်သည် ၎င်းအား ကြီးကျယ်လှစွာသော အကျိုးကို ချီးမြှင့်ပေးသနားတော်မူအံ့သတည်း။[၁၀]

အဓိန့်ပညတ်ချက်များနှင့် ဆက်နွယ်သော သုံးသပ်ချက်များ

ပြီးခဲ့သော အာယတ်တော်များတွင် အလျှာဟ်အရှင်မြတ်သည် တမန်တော်မြတ်ﷺနှင့် ၎င်း၏အွမ္မတ်၊ အထူးသဖြင့် ရိသွံဝါန်ပဋိညာဉ်တွင် ပါဝင်ခဲ့ကြသူများအပေါ် ချီးမြှင့်ပေးသနားတော်မူသော ကျေးဇူးတော်များကို ရည်ညွှန်းခဲ့၏။ ကျေးဇူးတော်များ ချီးမြှင့်အပ်နှင်းသူမှာ အလျှာဟ်အရှင်မြတ်ဖြစ်ပြီး၊ ကြားခံ(ပုဂ္ဂိုလ်)မှာ တမန်တော်မြတ်ﷺ ဖြစ်လေသည်။ ထို့ကြောင့် ယခုအာယတ်တော်အတွဲ၌ တမန်တော်မြတ်ﷺ၏ အခွင့်အရေးနှင့် ၎င်းအား ဂုဏ်ပြုရန်၊ ရှိသေလေးစားရန် အွမ္မတ်၏တာဝန်ကို ခိုင်မာစွဲမြဲစေတော်မူသည်။ ဦးစွာ တမန်တော်မြတ်ﷺ၏ ဂုဏ်ရည်(၃)ရပ်ကို 'ရှာဟစ်ဒ်'၊

'မူဗတ်ရှိရှစ်ရ်'၊ 'နသ်ဒီရ်'ဟူ၍ ဖော်ပြ၏။ 'ရှာဟစ်ဒ်'သည် သက်သေကိုဆိုလိုပြီး၊ (၄း၄၁)တွင်ပါရှိသော 'ရှာဟစ်ဒ်'၏ အဓိပ္ပါယ်နှင့် အတူတူပင်ဖြစ်၏။

فَكَيْفَ إِذَا جِئْنَا مِنْ كُلِّ أُمَّةٍۭ بِشَهِيدٍ وَجِئْنَا بِكَ عَلَىٰ هَٰٓؤُلَآءِ شَهِيدًا ﴿٤١﴾

"တဖန် ငါအရှင်မြတ်သည် (ကိယာမတ် ရှင်ပြန်ထမည့်နေ့တွင်) သာသနာဝင်အသီးသီးတို့မှ သက်သေတစ်ဦး ကျစီ ခေါ်ယူတော်မူအံ့။ ၎င်းပြင် ငါအရှင်မြတ်သည် အသင်(မုဟမ္မဒ်)အားလည်း ထိုသူတို့အတွက် သက်သေအဖြစ် ခေါ်ယူတော်မူအံ့။ ထိုအခါ ('ကာဖိရ်' သွေဖည်ငြင်းဆန်သော သူတို့၏အဖြစ်သည်) မည်ကဲ့သို့ ဖြစ်ပါအံ့နည်း။"(၄း၄၁)

စကားလုံးပုံစံနှစ်မျိုးစလုံးက 'သက်သေတစ်ဦး'ဟု အဓိပ္ပါယ်ရ၏။ တမန်တော်တိုင်းက သက်သေဆိုမည့် အချက်မှာ ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ သတင်းစကားကို ၎င်း၏သီးသန့်အုပ်စုထံသို့ ပေးပို့ခဲ့သည်။ အချို့က လက်ခံခဲ့ကြပြီး၊ အချို့က ငြင်းပယ်ခဲ့ကြသည် (ကြည့်- မအာရိဖုလ် ကုရ်အာန်၊ တွဲ ၄၊ စာ-၁၈၆-၁၉၀)။ ထိုနည်းတူစွာ တမန်တော်မြတ်ﷺသည် မိမိ၏အုပ်စုအတွက် သက်သေခံမည်ဖြစ်၏။ ကုရ်တူဗီက (၄း၄၁)အကြောင်းကို ရေးသားသည်မှာ တမန်တော်တို့၏ သက်သေထွက်ဆိုချက်များသည် ၎င်းတို့အသီးသီး၏ ခေတ်အခါက ရှိခဲ့ကြသော လူများနှင့် သက်ဆိုင်မည်ဖြစ်ပြီး၊ မည်သူများသည် ၎င်းတို့၏ အမှန်တရားသို့ ဖိတ်ခေါ်ခြင်းကို လက်ခံခဲ့ကြပြီး၊ မည်သူများသည် အာခံဖီဆန်ခဲ့ကြကြောင်းဖြစ်၏။ ထို့အတူ တမန်တော်မြတ်ﷺ၏ သက်သေထွက်ဆိုချက်သည် ၎င်း၏ခေတ်အခါက လူများအတွက် ဖြစ်ပေမည်။ အခြားပညာရှင်များ ယူဆကြသည်မှာ တမန်တော်မြတ်ﷺသည် သာသာနဝင်အုပ်စုကြီး တစ်ခုလုံး၏ကောင်းမှုနှင့် မကောင်းမှုများအပြင် ကျိုးနွံနာခံမှုနှင့် အာခံဖီဆန်မှုများကို သက်သေထွက်ဆိုလိမ့်မည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အချို့အဆိုများအရ ကောင်းကင်တမန်တို့သည် နံနက်နှင့် ညနေများတွင် သာသနာဝင်အုပ်စု၏လုပ်ရပ်များကို တမန်တော်မြတ်ﷺထံ တင်ပြကြသည်။ ထို့ကြောင့် ၎င်းသည် သာသနာဝင်အုပ်စုတစ်ခုလုံး၏ လုပ်ရပ်များကို သိနေပေသည်။

'မူဗရှိရှရ်' နှင့် 'နသ်ဒီရ်' - 'မူဗရှိရှရ်'သည် ကောင်းသတင်းများကို ပေးပို့သူဟူ၍ လည်းကောင်း၊ 'နသ်ဒီရ်'သည် သတိပေးနှိုးဆော်သူတစ်ဦး ဟူ၍လည်းကောင်း အဓိပ္ပါယ်ရ၏။ တစ်နည်းအားဖြင့် ၎င်းသည် သက်ဝင်ယုံကြည်သော၊ ကျိုးနွံနာခံသော သာသနာဝင်အုပ်စုကဏ္ဍအား ဂျန္နတ်၏ဝမ်းမြောက်ဖွယ်သတင်းကိုပေး၏။ အခြားတစ်ဖက်မှကြည့်လျှင် ၎င်းသည် (အလ္လာဟ်အရှင်မြတ်၏) သတင်းစကားကို ငြင်းပယ်ကြသူများ၏ သတိပေးသူတစ်ဦးဖြစ်ပြီး၊ ၎င်းတို့အား ထိုကဲ့သို့ အာဇာဖီဆန်ခြင်း၏ ပြစ်ဒဏ်ကို သတိပြုမိစေသူဖြစ်၏။ ထို့အပြင် တမန်တော်စေလွှတ်ခြင်း၏ ရည်ရွယ်ချက်ဖြစ်သည့် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်အား သက်ဝင်ယုံကြည်ရန်ကို ညွှန်ပြလေသည်။ ထိုမျှမက သက်ဝင်ယုံကြည်သူများသည် အရည်အချင်း (၃)ရပ်အားဖြင့်လည်း ထူးခြားသိသာစေရမည်ဖြစ်ကြောင်းကို ဖော်ပြ၏။

(၁) وَتُعَزِّرُوهُ (၁) ၎င်းတို့သည် 'ကိုယ်တော်မြတ်အား ထောက်ခံကြသည်။'
(၂) وَتُوَقِّرُوهُ (၂) 'ထို့ပြင် ကိုယ်တော်မြတ်အား ရိုသေကိုင်းရှိုင်းကြသည်။'နှင့်
(၃) وَتُسَبِّحُوهُ (၃) 'နံနက်နှင့် ညနေခင်းများတွင် အလ္လာဟ်အရှင်မြတ်၏ စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုကြသည်။'

ပထမစကားရပ်တွင် ကူညီသည် သို့မဟုတ် ထောက်ခံသည်ဟု ဆိုလိုသော အခြေခံကြိယာ သို့မဟုတ် ကြိယာနာမ်ဖြစ်သည့် 'တအ်ဇီရ်'မှ ဆင်းသက်သည့် ကြိယာတစ်ခု ပါဝင်၏။ ပြစ်ဒဏ်ပေးခြင်းကိုလည်း 'တအ်ဇီရ်'ဟုပင် ခေါ်၏။ အဘယ်ကြောင့်ဆိုသော် ပြစ်ဒဏ်ပေးခြင်း၏ အရင်းခံရည်ရွယ်ချက်မှာ အပြစ်ကျူးလွန်သူအား ပြစ်ဒဏ်ပေးခြင်းဖြင့် စစ်မှန်သော အကူအညီကိုပေးရန် ဖြစ်လေသည် (ရာဂစ်ဗ်- မူဖရဒတုလ်ကုရ်အာန်)။ ဒုတိယစကားရပ်တွင် ရှိသေကိုင်းရှိုင်းမှုကို ပြသည်ဟု အဓိပ္ပါယ်ရသော အခြေခံကြိယာ သို့မဟုတ် ကြိယာနာမ် 'တောင်ကီရ်'မှဆင်းသက်သည့် ကြိယာတစ်ခု ပါဝင်သည်။ တတိယစကားရပ်တွင် အလ္လာဟ်အရှင်မြတ်၏ စင်ကြယ်သန့်ရှင်းခြင်းကို မြွက်ဆိုသည်ဟု အနက်ဂယက်ရှိသော အခြေခံကြိယာ သို့မဟုတ် ကြိယာနာမ် 'တပ်စ်ဗီဟ်'မှ ဆင်းသက်သည့် ကြိယာတစ်ခု ပါဝင်သည်။ ဤစကားရပ်တွင် ကြိယာနှင့် ပူးတွဲထားသော တတိယပုဂ္ဂိုလ်နာမ်စားများသည် ကုရ်အာန်ဆိုင်ရာ သဒ္ဒါ ပညာရှင်များ၏ အဆိုအရ 'အလ္လာဟ်အရှင်မြတ်'ကို ရည်ညွှန်းခြင်းဖြစ်၏။ ယင်းမှအပ အခြားဖြစ်နိုင်ချေမရှိချေ။ ထို့ကြောင့် ပထမနှင့် ဒုတိယစကားရပ်များမှ ကြိယာအသီးသီးနှင့် ပူးတွဲထားသည့် တတိယပုဂ္ဂိုလ်နာမ်စားများမှာလည်း 'အလ္လာဟ်'ကိုပင် ရည်ညွှန်းသည်ဟု ၎င်းတို့အများစုက ဆိုကြခြင်းဖြစ်၏။ ဤရှုထောင့်မှကြည့်သော် စကားရပ်(၃)ခုသည်အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ပါ၊ ထိုအရှင်မြတ်၏ သာသနာနှင့် ရစူလ်တမန်တော်ကို ကူညီပါ၊ ထိုအရှင်မြတ်ကို ရှိသေကိုင်းရှိုင်းပြီး၊ ထိုအရှင်မြတ်၏ စင်ကြယ်သန့်ရှင်းခြင်းကို မြွက်ဆိုပါဟု ဆိုလိုခြင်းဖြစ်လေသည်။

အခြားပညာရှင်များကမူ ပထမနှင့် ဒုတိယစကားရပ်များမှ ကြိယာများနှင့် ပူးတွဲထားသော ယခင်စကားလုံးကို ပြန်၍ရည်ညွှန်းသည့် တတိယပုဂ္ဂိုလ်နာမ်စားများသည် 'ရစူလ်တမန်တော်'ကို ရည်ညွှန်းခြင်းဖြစ်သည်။ ဤရှုထောင့်မှကြည့်သော် စကားရပ်များက 'ရစူလ်တမန်တော်ကို ကူညီပြီး၊ ၎င်းကို ရိုသေလေးစားကြပါ၊ ထို့ပြင် အလ္လာဟ်အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုကြပါ။'ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

တတိယပညာရှင်အုပ်စုတစ်ခု ရှိသေး၏။ ၎င်းတို့က ဤအဓိပ္ပါယ်ကောက်ယူမှုဌ အနက်ထွေပြားခြင်းနှင့် မရေရာခြင်းကိုဖြစ်စေသော 'အင်တိရှာရွန်ဒမာအစ်ရ်' သို့မဟုတ် ဦးတည်ချက်မရှိသော နာမ်စားခွဲဝေမှု ပါရှိပြီး၊ 'အင်လ်မွလ်ဗလာဂဟ်' သို့မဟုတ် အာရဗီနှုတ်မှုအတတ်ပညာ စည်းကမ်းချက်များနှင့် မကိုက်ညီသော (ဝါကျ)တည် ဆောက်ပုံများက အဓိပ္ပာယ်ကို နားလည်ရန် ခက်ခဲစေသည်ဟူ၍ သဘောရကြလေသည်။ အလ္လာဟ်အရှင်မြတ်အသိဆုံး ဖြစ်တော်မူပေသည်။

ထိုသည့်နောက် ဟုဒိုင်ဗိယဟ်ဇာတ်လမ်း၊ အပိုင်း(၁၀)တွင် တင်ပြသည့် 'ရိသွဝါန်ပဋိညာဉ်'အား ကိုးကားချက်လာရှိ၏။ တမန်တော်မြတ်ﷺထံမှ ကတိသစ္စာခံယူပွဲသို့ ယုံကြည်သက်ဝင်သူများ ပါဝင်ခြင်း၏ရည်ရွယ်ချက်မှာအလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံရန်နှင့် ထိုအရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို ရယူရန်ဖြစ်ပေသည်။ ထို့ကြောင့် သာဝကကြီးက ၎င်းတို့၏လက်များကို တမန်တော်မြတ်ﷺ၏ လက်ပေါ်သို့ တင်ကြခြင်းသည် အလ္လာဟ် အရှင်မြတ်ထံတော်မှ ပဋိညာဉ်ခံယူခြင်းသဘော သက်ရောက်လေသည်။ 'အလ္လာဟ်အရှင်မြတ်၏လက်တော်'ဟူသည် 'မုတရှားဗိဟာတ်' အတန်းအစားတွင် ကျရောက်သော တစ်စုံတစ်ရာဖြစ်ပြီး၊ ယင်း၏သဘောသဘာဝကို ကျွန်ုပ်တို့မသိ နိုင်သကဲ့သို့ ယင်း၏စစ်မှန်သော အခြေအနေကို ကျွန်ုပ်တို့အနေဖြင့် စုံစမ်းစစ်ဆေးရန် အားထုတ်ခြင်းလည်း မပြုလုပ်သင့်ပေ။ ရိသွဝါန်ပဋိညာဉ်၏ ထူးခြားချက်ကို စူရဟ်၏နောက်ပိုင်းတွင် ဖော်ပြ၏။ 'ဗိုင်အဟ်'ဟူသော စကားလုံးသည် သီးသန့်အလုပ်တစ်ခုကို ပြုလုပ်ရန် ကတိသစ္စာပြုခြင်း အနက်အဓိပ္ပါယ်ရှိ၏။ ရှေးကျသော ရိုးရာဓလေ့ကတိသစ္စာပြု နည်းမှာ ကတိသစ္စာပြုရာတွင် ပါဝင်သူများသည် မိမိတို့၏လက်များကို တစီခုပေါ်တစ်ခု တင်ကြခြင်းဖြစ်၏။ သို့သော် လက်များကို ထပ်၍တင်ခြင်းသည် မလွဲမသွေလိုအပ်သော အခြေအနေတော့ မဟုတ်ပေ။ သို့သော်ငြားလည်း ကတိ သစ္စာပြုပြီး

သည်နှင့် ထိုအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး၊ ယင်းအားချိုးဖောက်ခြင်းသည် ဟရာမ်ဖြစ်လေသည်။ ထို့ကြောင့် ကတိသစ္စာကို ချိုးဖောက်သော မည်သူမဆိုသည် မိမိကိုယ်ကိုမိမိ ဆုံးရှုံးအောင် ပြုလုပ်ခြင်းသာ ဖြစ်စေလိမ့်မည်။ အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်ကို ဆုံးရှုံးမှုဖြစ်စေလိမ့်မည် မဟုတ်ပေ။ ကတိသစ္စာပါ အချက်များကို ကျေပွန်အောင် ဆောင်ရွက်သူ မည်သူမဆို အလ္လာဟ်ထံတော်၌ ကြီးမြတ်သော ဆုလာဘ်တစ်ခုကို ရရှိလိမ့်မည်ဖြစ်၏။

အာယတ်တော် (၁၁-၁၄)

سَيَقُوْلُ لَكَ الْمُخَلَّفُوْنَ مِنَ الْاَعْرَابِ شَغَلَتْنَآ اَمْوَالُنَا وَ اَهْلُوْنَا فَاسْتَغْفِرْ لَنَا ۚ يَقُوْلُوْنَ بِاَلْسِنَتِهِمْ مَّا لَيْسَ فِيْ قُلُوْبِهِمْ ؕ قُلْ فَمَنْ يَّمْلِكُ لَكُمْ مِّنَ اللّٰهِ شَيْـًٔا اِنْ اَرَادَ بِكُمْ ضَرًّا اَوْ اَرَادَ بِكُمْ نَفْعًا ؕ بَلْ كَانَ اللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرًا ﴿۱۱﴾ بَلْ ظَنَنْتُمْ اَنْ لَّنْ يَّنْقَلِبَ الرَّسُوْلُ وَ الْمُؤْمِنُوْنَ اِلٰٓى اَهْلِيْهِمْ اَبَدًا وَّ زُيِّنَ ذٰلِكَ فِيْ قُلُوْبِكُمْ وَ ظَنَنْتُمْ ظَنَّ السَّوْءِ ۖۚ وَ كُنْتُمْ قَوْمًۢا بُوْرًا ﴿۱۲﴾ وَ مَنْ لَّمْ يُؤْمِنْۢ بِاللّٰهِ وَ رَسُوْلِهٖ فَاِنَّآ اَعْتَدْنَا لِلْكٰفِرِيْنَ سَعِيْرًا ﴿۱۳﴾ وَ لِلّٰهِ مُلْكُ السَّمٰوٰتِ وَ الْاَرْضِ ؕ يَغْفِرُ لِمَنْ يَّشَآءُ وَ يُعَذِّبُ مَنْ يَّشَآءُ ؕ وَ كَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ﴿۱۴﴾

(အိုး-နဗီတမန်တော်၊) မကြာမီပင် နောက်ကျန်ရစ်ခဲ့ကြလေသော ကန္တာရတွင် လှည့်လည်နေထိုင်ကြသော အရပ်တောကျေးသားတို့သည် အသင့်အား(လာရောက်) ပြောဆိုကြပေမည်။ ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ ပစ္စည်းဥစ္စာများသည် လည်းကောင်း၊ ကျွန်ုပ်တို့၏ အိမ်ထောင်စုသားများသည် လည်းကောင်း၊ အလုပ်များစေခဲ့ကြပါသည်။ သို့ပါ၍ အသင်တမန်တော်မြတ်သည် ကျွန်ုပ်တို့အဖို့ (အရှင်မြတ်အထံတော်တွင်) လွတ်ငြိမ်းခွင့်ကို ပန်ကြား၍ပေးပါလေ။ (စင်စစ်မှာကား) ၎င်းတို့သည် မိမိတို့စိတ်တွင်းဌာမရှိသော အရာများကို မိမိတို့၏နှုတ်လျှာများဖြင့် ပြောဆိုနေကြကုန်၏။ (အိုနဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောဆို (မေးမြန်း)ပါလေ။ (အချင်းတို့) သို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် အကယ်၍ ထိုအရှင်မြတ် သည် အသင်တို့၌ ဘေးအန္တရာယ်တစ်စုံတစ်ရာကို သက်ရောက်စေရန် ကြံရွယ်တော်မူပါလျှင်၊ သို့တည်းမဟုတ် ထိုအရှင်မြတ်သည် အကျိုးအာနိသင် တစ်စုံတစ်ရာကို အသင်တို့၌ သက်ရောက်စေရန် ကြံရွယ်တော်မူပါလျှင်မည်သူသည် အသင်တို့နှင့်ပတ်သက်၍ အခွင့်အာဏာ တစ်စုံတစ်ရာကို ပိုင်ဆိုင်ပါသနည်း။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကျင့်မူလျက် ရှိကြသည်တို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။[၁၁] စင်စစ်မှာမူကား ရစူလ်တမန်တော်

မြတ်သည်လည်းကောင်း၊ 'မုအ်မင်နိ်' သက်ဝင်ယုံကြည်သူတို့သည် လည်းကောင်း၊ မည်သည့်အခါမျှပင် မိမိတို့၏ အိမ်သူအိမ်သားတို့ထံ အလျှင်းပြန်လာ ကြမည် မဟုတ်ဟူ၍ အသင်တို့ ထင်မှတ်နေခဲ့ကြကုန်၏။ ထို့ပြင် ယင်းအတွေးအထင်သည် အသင်တို့၏စိတ်နှလုံးများကို လှုပတင့်တယ်လျက် ရှိနေစေခဲ့၏။ ၎င်းပြင် အသင်တို့သည် မကောင်းသော ထင်မြင်ချက်ကို ထင်မြင်ခဲ့ကြကုန်၏။ ထိုမှတပါး အသင်တို့သည် ပျက်စီးသော သူများပင် ဖြစ်ခဲ့ကြကုန်၏။[၁၂] စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း၊ သက်ဝင်ယုံကြည်ခြင်းမရှိခဲ့မူ ကေန်မလွဲ ငါအရှင်မြတ် သည် 'ကာဖိရ်' ဘွဲ့ဖည်ငြင်းပယ်ကြကုန်သောသူတို့အဖို့ 'ဂျဟန္နမ်' ငရဲဘုံကို အဆင်သင့် ပြုလုပ် ထားတော်မူ၏။[၁၃] စင်စစ်တမူကား မိုးကောင်းကင်များကို စိုးမိုးအုပ်ချုပ်မူအာဏာသည် လည်းကောင်း၊ ကမ္ဘာမြေကို စိုးမိုးအုပ်ချုပ်မူအာဏာသည် လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၌သာရှိ၏။ ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူ၍ မိမိ အလိုရှိတော်မမူသော သူအား ပြစ်ဒဏ်ပေးတော်မူသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။[၁၄]

ဆက်နွယ်သောသုံးသပ်ချက်များ

ဤအာယတ်တော်များသည် ဟုဒိုင်ဗိယဟ်သို့ ချီတက်ကြမည့်လူ ၁၄၀၀ ပါဝင်သောအုပ်စုနှင့်အတူ ပူးပေါင်းပါဝင်ရန် အလ္လာဟ့်ရစူလ်တမန်တော်ﷺက ဖိတ်ခေါ်ခဲ့သော်လည်း မမှန်ကန်သော အကြောင်းပြချက် တစ်ခုမဟုတ် တစ်ခုဖြင့် ၎င်းတို့အား လွတ်ငြိမ်းခွင့်ပေးပါရန် ပန်ကြားခဲ့ကြသော ထိုဗီဒူဝင်မျိုးနွယ်စုများကို ရည်ညွှန်းခြင်းဖြစ်၏။ ဤအကြောင်းကို ဟုဒိုင်ဗိယဟ်ဇာတ်လမ်း၊ အပိုင်း(၁)တွင် တင်ပြခဲ့ပြီးဖြစ်၏။ အချို့အဆိုများအရ ထိုလူများထဲမှ အချို့သည် နောင်တရခဲ့ကြပြီး၊ စစ်မှန်သော မွတ်စလင်များ ဖြစ်လာခဲ့ကြလေသည်။

အာယတ်တော် (၁၅-၁၇)

سَيَقُوْلُ الْمُخَلَّفُوْنَ اِذَا انْطَلَقْتُمْ اِلٰى مَغَانِمَ لِتَاْخُذُوْهَا ذَرُوْنَا نَتَّبِعْكُمْ ۚ يُرِيْدُوْنَ اَنْ يُّبَدِّلُوْا كَلٰمَ اللّٰهِ ؕ قُلْ لَّنْ تَتَّبِعُوْنَا كَذٰلِكُمْ قَالَ اللّٰهُ مِنْ قَبْلُ ۚ فَسَيَقُوْلُوْنَ بَلْ تَحْسُدُوْنَنَا ؕ بَلْ كَانُوْا لَا يَفْقَهُوْنَ اِلَّا قَلِيْلًا ﴿۱۵﴾ قُلْ لِّلْمُخَلَّفِيْنَ مِنَ الْاَعْرَابِ سَتُدْعَوْنَ اِلٰى قَوْمٍ اُولِيْ بَاْسٍ شَدِيْدٍ تُقَاتِلُوْنَهُمْ اَوْ يُسْلِمُوْنَ ۚ فَاِنْ تُطِيْعُوْا يُؤْتِكُمُ اللّٰهُ اَجْرًا حَسَنًا ۚ وَاِنْ تَتَوَلَّوْا كَمَا تَوَلَّيْتُمْ مِّنْ قَبْلُ يُعَذِّبْكُمْ عَذَابًا اَلِيْمًا ﴿۱۶﴾ لَيْسَ عَلَى

الْاَعْمٰى حَرَجٌ وَّلَا عَلَى الْاَعْرَجِ حَرَجٌ وَّلَا عَلَى الْمَرِيْضِ حَرَجٌ ؕ وَمَنْ يُّطِعِ اللّٰهَ وَرَسُوْلَهٗ يُدْخِلْهُ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ ۚ وَمَنْ يَّتَوَلَّ يُعَذِّبْهُ عَذَابًا اَلِيْمًا ﴿۱۷﴾

မကြာမီပင် နောက်ကျစ်ရစ်ခဲ့ကြသော သူတို့သည် လက်ရပစ္စည်းများကိုယူရန် အသင်တို့သွားကြသောအခါ 'အသင်တို့သည် ကျွန်ုပ်တို့အား မိမိတို့နှင့်အတူလိုက်ရန် ခွင့်ပြုကြလေကုန်' ဟူ၍ ပြောဆိုကြပေမည်။ (အို-နဗီတမန်တော်၊) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့သည် ကျွန်ုပ်တို့နှင့်အတူ အလျှင်းမလိုက်နိုင်ကြပေ။ ဤအတိုင်း ရှေးဦးမဆွကပင် အလွှာဟ်အရှင်မြတ်က မိန့်ကြားထားတော်မူ၏။ ထိုအခါ၊ ၎င်းတို့က အလျှင်းမဟုတ်၊ စင်စစ်မှာမူကား အသင်တို့သည် ကျွန်ုပ်တို့အား မနာလိုကြသည်ဟု အမှန်ပင် ပြောဆိုကြပေမည်။ အမှန်စင်စစ်သော်ကား ၎င်းတို့သည် အနည်းငယ်မျှသာလျှင် နားလည်ကြကုန်သတည်း။[၁၅] (အို-နဗီတမန်တော်၊) အသင်သည် နောက်ကျန်ရစ်ခဲ့ကြလေသော၊ ကန္တာရတွင် လှည့်လည် နေထိုင်ကြကုန်သော အရပ်တောကျေးသားတို့အား ပြောကြားပါလေ။ (အချင်းတို့၊) မကြာမြင့်မီပင် အသင်တို့သည် အလွန်အမင်း တိုက်ခိုက်မှုပြုခဲ့ကြသော အမျိုးသားတို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ရန် ဖိတ်ခေါ်ခြင်းကို ခံကြရပေမည်။ အသင်တို့သည် ၎င်းတို့နှင့် တိုက်ခိုက်ကြရပေမည်။ သို့တည်းမဟုတ် ၎င်းတို့သည် (လက်နက်ချအညံ့ခံ၍ အစွလာမ်သာသနာတော်၏ အမိန့်ကို) နာခံကြရပေမည်။ ထိုအခါ အကယ်၍ အသင်တို့သည် အမိန့်တော်ကို လိုက်နာကြပါလျှင် အလွှာဟ်အရှင်မြတ်သည် အသင်တို့အား ကောင်းမြတ်သောအကျိုးကို ချီးမြှင့်ပေးသနားတော်မူပေမည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် ယခင်နည်းတူ မျက်နှာလွှဲကြပါမူ ထိုအရှင်မြတ်သည် အသင်တို့အား ပြင်းပြစွာသော ပြစ်ဒဏ်ကို ပေးတော်မူပေမည်။[၁၆] (သို့ရာတွင်) မျက်စိကွယ်သောသူ၏အပေါ်၌ (စစ်တိုက်ရန် မလိုက်နိုင်သောကြောင့်) အပြစ် တစ်စုံတစ်ရာမရှိချေ။ ၎င်းပြင် ခြေကျိုး၏အပေါ်၌လည်း မည်သည့် အပြစ်မျှမရှိချေ။ ထိုနည်းတူစွာ ဝေဒနာရှင်၏အပေါ်၌လည်း အပြစ်တစ်စုံတစ်ရာမျှမရှိချေ။ စင်စစ် တမူကား မည်သူမဆို အလွှာဟ် အရှင်မြတ်အမိန့်တော်ကို လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်တော်ကို လည်းကောင်း၊ လိုက်နာသည်ရှိသော် ထိုအရှင်မြတ်သည် ၎င်းအား အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပေမည်။ ယင်းဥယျာဉ်များ၏အောက်၌ ချောင်းများ၊ စီဆင်းလျက် ရှိကြပေ မည်။ သို့ရာတွင် မည်သူမဆို (အမိန့်တော်ကို လိုက်နာခြင်းမရှိဘဲ) မျက်နှာလွှဲသည်ရှိသော် ထိုအရှင်မြတ်သည် ၎င်းအား ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို စီရင်တပ်ရိုက်တော်မူအံ့ သတည်း။[၁၇]

အမိန့်ပညတ်ချက်များနှင့် ဆက်နွယ်သော အကြောင်းအရာများ

ဤအာယတ်တော်များသည် ဟုဒိုင်ဗိယဟ်မှ ပြန်လာပြီးနောက် ဟစ်ဂျ်ရီ(၇)ခုနှစ်တွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်ကို ရည်ညွှန်း၏။ ခိုင်ဟသို့ချီတက်ရန် ကြံရွယ်ခဲ့သောအခါ၊ တမန်တော်မြတ်ﷺသည် ၎င်းနှင့်အတူ ဟုဒိုင်ဗိယဟ်၌ ရှိခဲ့ကြပြီး၊ ရိသွဝါန်ပဋိညာဉ်ခံယူပွဲတွင် ပါဝင်ခဲ့ကြသူများကိုသာ ခေါ်သွားခဲ့၏။ အလွှာဟ်အရှင်မြတ်က မိမိ၏ရစူလ်တမန်

တော်အား ခိုင်ဗာကိုအောင်နိုင်ခြင်းနှင့် ကြီးမားများပြားစွာသော စစ်ပွဲလက်ရများကို ကတိပြုတော်မူခဲ့သောအခါ၊ တမန်တော်မြတ်ﷺ အွမ်ရဟ်တွက် သွားခဲ့စဉ်က အကြောင်းအမျိုးမျိုးပြု၍ နောက်တွင်ချန်နေခဲ့ကြသော ဗီဒူဝင်မျိုးနွယ်စုများသည် မွတ်စလင်စစ်သည်များနှင့် ပူးပေါင်းပါဝင်ခွင့်ပြုပါရန် တမန်တော်မြတ်ﷺအား မေတ္တာရပ်ခံခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ခိုင်ဗာကိုအောင်နိုင်လိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့သည် စစ်ပွဲလက်ရပစ္စည်းများ၏ ဝေစုကောင်းကောင်းတစ်ခု ရရှိလိမ့်မည်ဟု မှန်းဆမိခဲ့ကြသောကြောင့်ဖြစ်၏။ သို့တည်းမဟုတ် ဟုဒိုင်ဗိယဟ်ခရီးကြောင့် မွတ်စလင်တို့အား အလ္လာဟ်အရှင်မြတ်က ကောင်းချီးမင်္ဂလာ ချီးမြှင့်တော်မူခဲ့ခြင်းကို သဘောပေါက်မိကြသဖြင့် ၎င်းတို့၏မှားယွင်းသော ဆုံးဖြတ်ချက်အတွက် နောင်တကြီးစွာရလျက် စစ်ဆင်ရေးခရီးအသစ်တွင် ပူးပေါင်းပါဝင်ရန် ရည်ရွယ်ခဲ့ကြခြင်းလည်း ဖြစ်နိုင်ပေသည်။ ၎င်းတို့၏ပန်ကြားချက်ကို တို့ပြန်သည့်အနေဖြင့်- يُرِيْدُوْنَ اَنْ يُّبَدِّلُوْا كَلٰمَ اللّٰهِ (၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို ပြောင်းလဲလိုကြ၏။ ၄၈း၁၅)ဟူ၍ ကုရ်အာန်က မိန့်ကြား၏။ 'အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်'ဟူသည် ခိုင်ဗာစစ်ဆင်ရေးခရီးတွင် လိုက်ပါခွင့်နှင့် စစ်ပွဲလက်ရ ပစ္စည်းများ၏ ဝေစုကို ရရှိပိုင်ခွင့်သည် ဟုဒိုင်ဗိယဟ်၌ တမန်တော်မြတ်ﷺနှင့်အတူ ရှိခဲ့ကြသော စစ်မှန်သည့် မွတ်စလင် များအတွက်သာလျှင် ဖြစ်ကြောင်း အမိန့်ပြဋ္ဌာန်းချက်ကို ရည်ညွှန်းခြင်းဖြစ်၏။ ထိုအမိန့်ပြဋ္ဌာန်းချက်ကိုပင် ထပ်မံရည် ညွှန်း၍ မိန့်ကြားသည်မှာ- كَذٰلِكُمْ قَالَ اللّٰهُ مِنْ قَبْلُ (ဤအတိုင်း ရှေးဦးမဆွကပင် အလ္လာဟ်အရှင်မြတ်က မိန့်ကြားထားတော်မူ၏။ .... ၄၈း၁၅)။ ဆိုလိုသည်မှာ ဤအာယတ်တော်များကို ထုတ်ပြန်ပို့ချခြင်း မပြုမီကပင် အလ္လာဟ်အရှင်မြတ်သည် ခိုင်ဗာအရေးတွင် ပါဝင်ဆင်နွှဲခွင့် အား ဟုဒိုင်ဗိယဟ်၌ ပါဝင်ဆင်နွှဲခဲ့သူများအတွက် ကန့်သတ်သည့် အမိန့်ပညတ်ချက်ကို ထုတ်ပြန်ပို့ချတော်မူခဲ့ပြီးဖြစ်၏။ သို့ရာတွင် ဤအမိန့်ပညတ်ချက်ကို ကုရ်အာန်၏ မည်သည့်နေရာတွင်မျှ မတွေ့ရပေ။ ထို့ကြောင့် မေးခွန်းမှာ ဤအမိန့်ပြဋ္ဌာန်းချက်ကို အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက် သို့မဟုတ် အလ္လာဟ်အရှင်မြတ်သည် ထိုကဲ့သို့ မိန့်တော်မူပြီးဖြစ်၏ဟု ရည်ညွှန်းရန်မှာ အဘယ်သို့လျှင် မှန်ကန်ပါမည်နည်း။ ဤမေးခွန်းအတွက် အဖြေမှာ အလ္လာဟ်အရှင်မြတ်၏ မတူကွဲပြားသော ထုတ်ပြန်ပို့ချချက် အမျိုးအစားများကို နားလည်သဘောပေါက်မှု အပေါ်၌ မူတည်ကြောင်းပင်ဖြစ်၏။

အလ္လာဟ်အရှင်မြတ်၏ ထုတ်ပြန်ပို့ချချက် (ဝဟီ)များသည် ကုရ်အာန်သို့သာလျှင် ကန့်သတ်ထားသည် မဟုတ်ပေ။ များစွာသော အမိန့်ပညတ်ချက်များသည် ကုရ်အာန်၏ အစိတ်အပိုင်းအဖြစ် မဟုတ်ဘဲ ထုတ်ပြန်ပို့ချခြင်းခံရ၏။ ထို့ပြင် တမန်တော်၏ ဟဒီဆ်တော်များမှာလည်း အလ္လာဟ်အရှင်မြတ်၏ အမိန့် ပညတ်ချက် အဆင့်အတန်းရှိပေသည်။

'ဝဟီ' (ထုတ်ပြန်ပို့ချချက်)ကို နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။ (၁) 'ဝဟီမတ္တလူ' သို့မဟုတ် ရွတ်ဖတ်သရဇ္ဈာယ်မှုပြုရသောဝဟီနှင့် (၂) 'ဝဟီဂိုင်ရ်မတ္တလူ' သို့မဟုတ် ရွတ်ဖတ်သရဇ္ဈာယ်မှု မပြုရသောဝဟီတို့ဖြစ်ကြသည်။ 'ဝဟီမတ္တလူ' သည်ကုရ်အာန်ကို ရည်ညွှန်းပြီး၊ စကားလုံးများနှင့်အဓိပ္ပါယ်များနှစ်မျိုးစလုံးသည်အလ္လာဟ်အရှင်မြတ်ထံတော်မှဖြစ်၏။ 'ဝဟီဂိုင်ရ်မတ္တလူ'သည် တမန်တော်မြတ်ﷺ၏ ဟဒီဆ်ကိုရည်ညွှန်းပြီး၊ စကားအသုံးအနှုန်းသည် တမန်တော်မြတ်ﷺထံမှဖြစ်ကာ အဓိပ္ပါယ်များသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ဖြစ်လေသည် (ကြည့်- မအာရိဖုလ်ကုရ်အာန် မြန်မာပြန်အတွဲ (၄) စာ ၃၅၃။ 'ဝဟီဂိုင်ရ်မတ္တလူ'သည် 'ဝဟီမတ္တလူ'ကဲ့သို့ပင် အစွလာမ့်အမိန့်ပညတ်ချက်များ၏ အခြေခံကျသောရင်းမြစ်များ ဖြစ်ကြသည်။

ဤဥပဒေရေးရာ အခြေခံနိယာမကို စိတ်တွင်ထားလျက် ပညာရှင်များက ရှင်းပြသည်မှာ ဟုဒိုင်ဗိယဟ်တွင် ပါဝင်ဆင်နွှဲခဲ့ကြသူများအတွက် ကန့်သတ်သော အမိန့်ပညတ်ချက်ကို ကုရ်အာန် သို့မဟုတ် ဝဟီမတ္တလုထဲ၌ မည်သည့်နေရာတွင်မျှ ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိသော်လည်း ထိုအမိန့်ပညတ်ကို တမန်တော်မြတ်ﷺအား ဟုဒိုင်ဗိယဟ်သို့ အသွားလမ်းတွင် 'ဝဟီဂိုင်ရ်မတ္တလု'ဖြင့် အသိပေးတော်မူခဲ့ကြောင်းကို ကုရ်အာန်က 'ကလာမွလ္လာဟ်' (အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက်)နှင့် 'ကာလလ္လာဟ်' (အလ္လာဟ်အရှင်မြတ် မိန့်တော်မူခဲ့သည်)ဟူသော စကားရပ်များဖြင့် ရည်ညွှန်းဖော်ပြ၏။ ဤသည်မှ ကောက်ချက်ချနိုင်သည်မှာ 'အဟဒီးဆ်ဆွဟီဟာဟ်' (စစ်မှန်သော တမန်တော်၏ ဟဒီးဆ်များ)မှ ခိုင်မာစွဲမြဲနေသော အမိန့်ပညတ်များတွင် 'အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက်'နှင့် 'အလ္လာဟ်အရှင်မြတ်၏ ပြောစကား'များဖြစ်ခြင်း အဆင့်အတန်းရှိကြောင်းဖြစ်၏။ ဤအာယတ်တော်များသည် ဟဒီးဆ်တော်များကို သာသနာ့အကိုးအကားတစ်ခုအဖြစ် လက်ခံရန် ငြင်းဆန်ခြင်းဖြင့် အမှန်တရားမှ လမ်းလွဲခဲ့ကြသူများ၏ သွေဖည်မှုကို ဖော်ထုတ်ရန် လုံလောက်ပေသည်။

အချို့လူများက ကန့်သတ်သော အမိန့်ပညတ်ချက်ကို ကုရ်အာန်ထဲ၌ပင် ဤစူရဟ်၏အာယတ်တော်(၁၈)နှင့် (၁၉)တွင် တွေ့နိုင်သည်ဟု စောဒကတက်ရန် ကြိုးစားခဲ့ကြသည်။ 'သို့ဖြစ်လေရာ ထိုအရှင်မြတ်သည် ၎င်းတို့အပေါ် ဝယ် စိတ်တည်ငြိမ်မှုကို ချပေးသနားတော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အား ထိုအရှင်မြတ်သည် နီးကပ်စွာသော အောင်မြင်မှုကို လည်း ချီးမြှင့်တော်မူခဲ့၏။ ထိုမှတစ်ပါး များကြွယ်စွာသော လက်ရပစ္စည်းကိုလည်း ၎င်းတို့သည် ရရှိကြပေလိမ့်မည်။' ဤအာယတ်တော်သည် ဟုဒိုင်ဗိယဟ်ခရီးအစတွင် ကျရောက်ခဲ့ပြီး၊ 'နီးကပ်စွာသော အောင်မြင်မှု'မှာ ကုရ်အာန်ပညာရှင်အများ တညီတညွတ်တည်း သဘောအရ ခိုင်ဗရ်မြို့ကို အောင်မြင်ခြင်းအား ရည်ညွှန်းခြင်းဖြစ်၏။ ဤသို့ကြောင့် 'ကလာမွလ္လာဟ်' (အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက်)နှင့် 'ကာလလ္လာဟ်' (အလ္လာဟ်အရှင်မြတ် မိန့်တော်မူခဲ့သည်။) ဟူသော စကားရပ်များသည် အာယတ်တော်(၁၈)နှင့်(၁၉)ကို ရည်ညွှန်းခြင်းဖြစ်နိုင်ပြီး 'ဝဟီဂိုင်းမတ္တလု'အားဖြင့် ပေးပို့သော အမိန့်ပညတ်တစ်ခု ဖြစ်သည်ဟူ၍ အနက်ကောက်ရန် မလိုအပ်ဟူ၏။ သို့သော် ဤစောဒကသည် နားလည်မှုလွဲ၍နေကြပေသည်။ အဘယ်ကြောင့်ဆိုသော် အာယတ်တော်(၁၈)နှင့်(၁၉)တွင် ဟုဒိုင်ဗိယဟ်၌ ပါဝင်ဆင်နွှဲခဲ့သူများသည် ခိုင်ဗရ်အောင်မြင်မှုမှ များပြားစွာသော လက်ရပစ္စည်းများကို ရရှိကြလိမ့်မည်ဟူသော ကတိတော်တစ်ရပ် ပါဝင်သော်လည်း ဤအာယတ်တော်များ၏ မည်သည့်နေရာတွင်မျှ ဤလက်ရပစ္စည်းများကို ဟုဒိုင်ဗိယဟ်တွင် ပါဝင်ဆင်နွှဲသူများအတွက်သာ ကန့်သတ်ပြီး၊ ထိုအထဲ၌ အခြားမည်သူမျှ ပါဝင်လိမ့်မည် မဟုတ်ကြောင်း ဖော်ပြထားခြင်းမရှိပေ။ သို့ဖြစ်၍ ဤကန့်သတ်ချက်ကို 'ဝဟီဂိုင်ရ်မတ္တလု' သို့မဟုတ် တမန်တော်မြတ်ﷺ၏ ဟဒီးဆ်အားဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး၊ 'ကလာမွလ္လာဟ်'နှင့် 'ကာလလ္လာဟ်'ဟူသော ကုရ်အာန်၏စကားရပ်များဖြင့် သိစေတော်မူသည်မှာ သံသယဖြစ်စရာ မလိုပေ။

အချို့လူများက အာယတ်တော်မှ 'အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက်'ဟူသော စကားရပ်သည် စူရဟ်အက် တောင်ဗဟ်၏ အာယတ်တော်(၈၃)နှင့် သက်ဆိုင်သည်ဟု ဆိုကြသည်။

فَاسْتَاْذَنُوْكَ لِلْخُرُوْجِ فَقُلْ لَّنْ تَخْرُجُوْا مَعِيَ اَبَدًا وَّلَنْ تُقَاتِلُوْا مَعِيَ عَدُوًّا ۗ اِنَّكُمْ رَضِيْتُمْ بِالْقُعُوْدِ اَوَّلَ مَرَّةٍ

"…. တဖန် ၎င်းတို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ရန်) ထွက်ခဲ့ကြပါရစေဟု အသင့်ထံ ခွင့်ပန်ကြပါလျှင် အသင်သည် ငါနှင့်အတူ မည်သည့်အခါ၌မျှ ထွက်ကြမည်လည်းမဟုတ်၊ ထိုနည်းတူစွာ အသင်တို့သည် ငါနှင့်အတူ မည်သည့်ရန်သူ တစ်ဦးတစ်ယောက်ကိုမျှ တိုက်ခိုက်ကြမည်လည်း

မဟုတ်၊ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် ပထမအကြိမ်ကလည်း (စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် မထွက်ခဲ့ကြဘဲ) ထိုင်၍နေရစ်ခဲ့ခြင်းကိုသာ နှစ်မြို့ခဲ့ကြသောကြောင့်ပင်။ ....”

(၉း၈၃) စူရဟ်သောင်ဗဟ်

ဤသို့ဆိုခြင်းမှာ မမှန်ကန်ချေ။ အဘယ်ကြောင့်ဆိုသော် စူရဟ်အက်တောင်ဗဟ်၏ အာယတ်တော်များမှာ ဟစ်ဂျ်ရီ(၉)ခုနှစ်တွင် ဖြစ်ပွားခဲ့သော တဗူးက်စစ်ပွဲနှင့် သက်ဆိုင်ပြီး၊ ခိုင်ဗာစစ်ပွဲမှာ နှစ်နှစ်စောလျှင် ဟစ်ဂျ်ရီ(၇)ခုနှစ်တွင် ဖြစ်ပွားခဲ့သောကြောင့် ဖြစ်လေသည်။ (ကုရ်တူဗီနှင့် အခြား)

قُلْ لَّنْ تَتَّبِعُوْنَا(.... ပြောကြားလေလော့၊ အသင်တို့သည် ကျွန်ုပ်တို့နောက်သို့ လိုက်ပါကြလိမ့်မည် မဟုတ်ပေ .... ၄၈း၁၅)။ ဤစကားရပ်က နောက်တွင်ချန်ထားခံရရန် အကြံအဖန်ပြုလုပ်ကြသည့် ဖင့်နွှဲလေးကန်သူများကို ခိုင်ဗရ်မြို့မှ ဂျူးများအား တိုက်ခိုက်ရန် ချီတက်ရာတွင် လည်းကောင်း၊ လက်ရပစ္စည်းများ ရယူရန်ကို လည်းကောင်း ခွင့်မပြုနိုင်ကြောင်း ပြတ်ပြတ်သားသား ပြောကြားခဲ့သည်။ သို့ရာတွင် ဤတားမြစ်ချက်မှာ ခိုင်ဗရ်ခရီးအတွက် ကန့်သတ်ခြင်းသာဖြစ်၏။ မဝေးတော့သော အနာဂတ်၌ ၎င်းတို့သည် အခြားစစ်ပွဲများတွင် ပါဝင်ခွင့်ရကြလိမ့်မည်ဖြစ်၏။ ဤသည်မှာ နောက်ပိုင်းတွင် ဖင့်နွှဲလေးကန်သူများထဲမှ မူဇိုင်နဟ်နှင့် ဂျူဟိုင်နဟ်မျိုးနွယ်များ တမန်တော်မြတ်ﷺ၏ တပ်ဖွဲ့တွင်ပါဝင်၍ တိုက်ခိုက်ခဲ့ကြခြင်း၏ အကြောင်းပင်ဖြစ်လေသည်။

(အလ်ဗဟ်ရ်၊ ဗရားန်တို့ကို မှီငြမ်းလျက် အလ်ရူးဟ်တင်ပြသည်။)

ဖင့်နွှဲလေးကန်နောက်ချန်နေရစ်ခဲ့သူများထဲမှ အချို့သည် နောင်တရပြီး၊ စစ်မှန်သော မွတ်စလင်များဖြစ်လာခဲ့ကြသည်။

ဟုဒိုင်ဗိယဟ်သို့ ချီတက်စဉ်က နောက်ချန်နေရစ်ခဲ့ကြသူအားလုံးကို ခိုင်ဗရ်ခရီး၌ လိုက်ပါခွင့်မပြုသော်လည်း ၎င်းတို့အားလုံးသည် မုနာဖစ်က်(အယောင်ဆောင်)များ မဟုတ်ကြဘဲ အချို့မှာ စစ်မှန်သော မွတ်စလင်များ ဖြစ်ကြသည်။ အချို့မှာ ထိုအချိန်က မုနာဖစ်က်များ ဖြစ်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် အလ္လာဟ်အရှင်မြတ်၏ ဘုန်းကျက်သရေတော်ကြောင့် စစ်မှန်သော မွတ်စလင်များ ဖြစ်လာခဲ့ကြသည်။ အာယတ်တော်(၁၆)က နောက်ချန်နေရစ်ခဲ့သူများကို အားပေးနှစ်သိမ့်သည်မှာ ဟုဒိုင်ဗိယဟ်တွင် ပါဝင်သူများကို ပြုခဲ့သော အလ္လာဟ်အရှင်မြတ်၏ ကတိတော်ကြောင့် ၎င်းတို့သည် ခိုင်ဗရ်ခရီး၌ ပါဝင်ခွင့်မရသည့်တိုင် မဝေးတော့သော အနာဂတ်တွင် အင်အားအလွန်တရာကြီးမားသော ရန်သူများနှင့် တိုက်ခိုက်ရန် ခေါ်ယူခြင်းခံကြရမည်ဖြစ်ကြောင်း ကြိုတင်ဟောကိန်းထုတ်သည်မှာ سَتُدْعَوْنَ اِلٰى قَوْمٍ اُولِيْ بَاْسٍ شَدِيْدٍ تُقَاتِلُوْنَهُمْ اَوْ يُسْلِمُوْنَ "(အို နဗီတမန်တော်) အသင်သည် နောက်ကျန်ရစ်ခဲ့ကြလေသော ကန္တာရတွင် လှည့်လည်နေထိုင်ကြသော အာရပ်ကျေးတောသားတို့အား ပြောကြားပါလေ။ (အချင်းတို့-) မကြာမီပင် အသင်တို့သည် အလွန်အမင်း တိုက်ခိုက်မှု ပြုခဲ့ကြသော အမျိုးသားတို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ရန် ဖိတ်ခေါ်ခြင်းကို ခံကြရပေမည်။ အသင်တို့သည် ၎င်းတို့နှင့် တိုက်ခိုက်ကြရပေမည်။ သို့တည်းမဟုတ် ၎င်းတို့သည် (လက်နက်ချ အညံ့ခံ၍ အစွလာမ်သာသနာတော်၏ အမိန့်ကို) နာခံကြရပေမည်။”(၄၈း၁၆)ဟူ၍ဖြစ်၏။

၎င်းတို့သည် အင်အားကြီးမားသော စစ်သွေးကြွအမျိုးသားများနှင့် တိုက်ခိုက်မည့်စစ်ပွဲများတွင် ပါဝင်ရန် ဖိတ်ခေါ်ခြင်းခံကြရမည်ဖြစ်ကြောင်း အာယတ်တော်က ကြိုတင်ဟောကိန်းထုတ်သည်ကို ကျွန်ုပ်တို့မှတ်သားသင့်၏။ အစွလာမ်သမိုင်းက သက်သေခံသော အချက်မှာ ဤကြိုတင်ဟောကိန်းသည် တမန်တော်မြတ်ﷺ၏ သက်တမ်းအတွင်း ပြီးမြောက်ခဲ့ခြင်းမရှိပေ။ ထိုသို့မပြီးမြောက်ရခြင်း၏ အကြောင်းရင်းများအနက် ပထမအကြောင်းရင်းမှာ တမန်

တော်မြတ်ﷺ၏ သက်တမ်းအတွင်း စစ်ပွဲများစွာ ဖြစ်ပွားခဲ့သော်လည်း ခိုင်ဗရဲခရီး၏နောက်ပိုင်း ဘီဒူဝင်တို့အား တမန်တော်မြတ်ﷺက တိုက်ရိုက်ပါဝင်ရန် ဖိတ်ခေါ်သည့် အထောက်အထားမရှိပေ။ ဒုတိယအနေဖြင့် ခိုင်ဗရဲ၏နောက်ကုရ်အာန်က ဖော်ပြသကဲ့သို့ အလွန်ရဲစွမ်းသတ္တိရှိသော၊ စစ်မက်ရေးရာကျွမ်းကျင်သော၊ အရှိန်အဝါကြီးသော အမျိုးသားများနှင့် ဖြစ်ပွားခဲ့သည့် စစ်ပွဲဟူ၍မရှိခဲ့ပေ။ တဖူးက်စစ်ပွဲတွင် ရှိန်လောက်သော လက်နက်ကိုင်တပ်ဖွဲ့နှင့် ရင်ဆိုင်ခဲ့ရသော်လည်း ဗီဒူဝင်များမှာ တိုက်ခိုက်ရန်ဖိတ်ခေါ်ခြင်း မခံရသကဲ့သို့ တဖူးက်တွင် တကယ်တမ်း တိုက်ခိုက်မှုလည်း မဖြစ်ပွားခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် အလွှာဟ်အရှင်မြတ်သည် ရန်သူများ၏ စိတ်ထဲသို့ အကြောက်တရားကို ထည့်သွင်းပေးတော်မူခဲ့သဖြင့် ၎င်းတို့သည် ပေါ်မလာခဲ့ကြပေ။ ဟုနိုင်းစစ်ပွဲ၌လည်း ၎င်းတို့သည် ဖိတ်ခေါ်ခြင်းမခံရသည့်ပြင် ရန်သူဘက်မှ အင်အားကြီးမားခြင်းလည်း မရှိပေ။ ထို့ကြောင့် ရှေ့ဆောင်တဖ်စိရ်ပညာရှင်များက အာယတ်တော်ထဲမှ ကြိုတင်ဟောကိန်းသည် အလ်ဖရှ်ကုလ်အအ်ဇမ်ﷺ၏ လက်ထက် ဗိုင်ဇင်တိုင်းနှင့် အီရန်အင်ပါရာများနှင့် ဖြစ်ပွားခဲ့သည့် ပြင်းထန်၊ ရှည်ကြာသော စစ်ပွဲများကို ရည်ညွှန်းခြင်းဖြစ်သည်ဟု ယူဆကြ၏။ (အိဗ်နအဗ္ဗာ၊ အအ်တ၊ မူဂျာဟစ်၊ အိဗ်နအဗီလိုင်လနှင့် ဟစန်- ကုရ်တူဗီ)။ သာဝကကြီး ရာဖိအိဗ်နခါဒိရ်ﷺက ပြောကြားသည်မှာ 'ကျွန်ုပ်တို့သည် "ကောင်မ်" (အမျိုးသားများ)ဟူသော စကားလုံးပါရှိသည့် ကုရ်အာန်၏ ဤအာယတ်တော်ကို ရွတ်ဖတ်ကြသည်။ သို့သော် ကျွန်ုပ်တို့သည် မည်သည့်အမျိုးသားများကို ရည်ညွှန်းကြောင်း တမန်တော်မြတ်ﷺ ကွယ်လွန်သည့်တိုင် မသိခဲ့ကြပေ။ အဗူဗက်ရ်ဆွစ်ဒီးက်ﷺ ခလီဖာ(သမ္မတကြီး) ဖြစ်လာခဲ့သောအခါ၊ ယမာမဟ် အမျိုးသားများဖြစ်ကြသည့် ဗနူဟနီဖဟ်မျိုးနွယ် မုစိုင်လမဟ်အလ်ခဒါဟ်ဗ်အား တိုက်ခိုက်ရန် လက်နက်စွဲကိုင်ကြဖို့ ကျွန်ုပ်တို့ကို ဖိတ်ခေါ်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကုရ်အာန်က ဤ'ကောင်မ်' (အမျိုးသားများ)ကို ရည်ညွှန်းခြင်းဟု ထင်ခဲ့ကြ၏။' သို့ရာတွင် ဤအယူအဆများကြား၌ ဆန့်ကျင်ကွဲလွဲမှု မရှိပါချေ။ ဤယူဆချက်များကို ကိုးကားပြီးနောက် အီမာမ်ကုရ်တူဗီက ဤအာယတ်တော်သည် သာဝကကြီး အဗူဗက်ရ်ﷺနှင့် သာဝကကြီး အုမရ်ﷺတို့၏ အုပ်ချုပ်မှုတရားဝင်ဖြစ်ကြောင်း အတည်ပြုခြင်းဖြစ်သည်ဟု ပြတ်သားစွာ ပြောကြားခဲ့သည်။ ကုရ်အာန်ကိုယ်၌က အထက်ရည်ညွှန်းပါ အာယတ်တော်၌ အမျိုးသားတို့အား တိုက်ခိုက်ရန် ၎င်းတို့၏ ဖိတ်ခေါ်မှုကို ရှင်းလင်းစွာ မိန့်ကြားခြင်းဖြစ်ပေသည်။

"…. تُقَٰتِلُونَهُمْ أَوْ يُسْلِمُونَ" အသင်တို့သည် ၎င်းတို့နှင့် တိုက်ခိုက်ကြရပေမည်။ သို့တည်းမဟုတ် ၎င်းတို့သည် (လက်နက်ချအည့် ခံ၍ အစွလာမ်သာသနာတော်၏ အမိန့်ကို) နာခံကြရပေမည်။ ...."(၄၈း၁၆)။ သာဝကကြီး အုဗေယ်ﷺ၏ 'ကိရာအဟ်' (ရွတ်ဖတ်ပုံ)အရ ဒုတိယရွေးချယ်စရာစာပိုဒ်၌ 'أَوْ يُسْلِمُوا' 'အောင်ယုတ်စ်လိမူ'ဟူ၍ 'နှုန်'ကို ချန်လှပ်ထားခဲ့၏။ ထို့ကြောင့် အီမာမ်ကုရ်တူဗီက မူရင်းအဓိပ္ပါယ် 'သို့မဟုတ်' ဖြစ်သည့် 'အောင်'ဟူသောပုဒ်ကို 'ဟတ္တာ'(တိုင်အောင်) အဓိပ္ပါယ်ဖြင့်ယူ၏။ တစ်နည်းဆိုရလျှင် ထိုအမျိုးသားတို့နှင့် တိုက်ခိုက်ခြင်းသည် အစွလာမ်ကို လက်ခံယုံကြည်ခြင်း အားဖြင့်သို့မဟုတ် အစွလာမ်၏စည်းမျဉ်းဥပဒေကို နာခံခြင်းအားဖြင့် ၎င်းတို့လက်နက်ချသည့် တိုင်အောင် ဆက်၍ဖြစ် ပျက်နေမည်ဖြစ်၏။

"لَيْسَ عَلَى ٱلْأَعْمَىٰ حَرَجٌ" (သို့ရာတွင်) မျက်စိကွယ်သောသူ၏အပေါ်၌ (စစ်တိုက်ရန် မလိုက်နိုင်သောကြောင့်) အပြစ်တစ်စုံတစ်ရာ မရှိချေ။ ၎င်းပြင် ခြေကျိုး၏အပေါ်၌လည်း မည်သည့်အပြစ်မျှမရှိချေ။ ထိုနည်းတူစွာ ဝေဒနာရှင်၏ အပေါ်၌လည်း အပြစ်တစ်စုံတစ်ရာမရှိချေ။ ...."(၄၈း၁၇)။ သာဝကကြီး အိဗ်နိအဗ္ဗားစ်ﷺက တင်ပြသည်မှာ ကာယကံမြောက်တိုက်ခိုက်ရန် မစွမ်းကြကုန်သော စစ်မှန်သော မွတ်စလင်အချို့သည် အာယတ်တော်(၁၆)၏ နိဂုံးပိုင်း "…. وَإِن تَتَوَلَّوْا كَمَا تَوَلَّيْتُم مِّن قَبْلُ يُعَذِّبْكُمْ عَذَابًا أَلِيمًا" သို့ရာတွင် အကယ်၍ အသင်တို့သည် ယခင်နည်းတူ မျက်နှာလွှဲကြပါမူ ထိုအရှင်မြတ်သည် အသင်တို့ အား ပြင်းပြစွာသော ပြစ်ဒဏ်ကို ပေးတော်မူပေမည်။"(၄၈း၁၆)ကို

ရွတ်ဖတ်ပြီး၊ သတိပေးချက်နှင့် စပ်လျဉ်း၍ ၎င်းတို့၏ သောကကို ဖော်ပြခဲ့ကြသည်။ ၎င်းတို့အား ဂျိဟာဒ်အမိန့်ပညတ်မှ ကင်းလွတ်ခွင့်ပြုကြောင်း အာယတ်တော်(၁၇) ကျရောက်လာခဲ့၏။ ထိုလူများထဲတွင် မျက်စိမမြင်သူ၊ ခြေကျိုးသူနှင့် မကျန်းမမာသူများ ပါဝင်လေသည်။ (ကုရ်တူဗီ)။ အလ္လာဟ်အရှင်မြတ်အသိဆုံး ဖြစ်တော်မူသည်။

အာယတ်တော် (၁၈-၂၁)

لَقَدْ رَضِيَ اللّٰهُ عَنِ الْمُؤْمِنِيْنَ اِذْ يُبَايِعُوْنَكَ تَحْتَ الشَّجَرَةِ فَعَلِمَ مَا
فِيْ قُلُوْبِهِمْ فَاَنْزَلَ السَّكِيْنَةَ عَلَيْهِمْ وَ اَثَابَهُمْ فَتْحًا قَرِيْبًا ﴿١٨﴾ وَّ مَغَانِمَ
كَثِيْرَةً يَّاْخُذُوْنَهَا ؕ وَ كَانَ اللّٰهُ عَزِيْزًا حَكِيْمًا ﴿١٩﴾ وَعَدَكُمُ اللّٰهُ مَغَانِمَ
كَثِيْرَةً تَاْخُذُوْنَهَا فَعَجَّلَ لَكُمْ هٰذِهٖ وَ كَفَّ اَيْدِيَ النَّاسِ عَنْكُمْ ۚ
وَ لِتَكُوْنَ اٰيَةً لِّلْمُؤْمِنِيْنَ وَ يَهْدِيَكُمْ صِرَاطًا مُّسْتَقِيْمًا ﴿٢٠﴾ وَّ اُخْرٰى لَمْ
تَقْدِرُوْا عَلَيْهَا قَدْ اَحَاطَ اللّٰهُ بِهَا ؕ وَ كَانَ اللّٰهُ عَلٰى كُلِّ شَيْءٍ قَدِيْرًا ﴿٢١﴾

(အို-နဗီတမန်တော်၊) 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့သည် သစ်ပင်အောက်တွင် အသင်နှင့် 'ဗိုင်အတ်'ပြုနေကြစဉ်အခါ၌ ဇကာန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် ကျေနပ်တော်မူခဲ့၏။ တစ်ဖန် ထိုအရှင်မြတ်သည် ၎င်းတို့၏ စိတ်တွင်း၌ရှိသည်ကို သိတော်မူခဲ့၏။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် စိတ်တည်ငြိမ်မှုကို ချပေးသနားတော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အား ထိုအရှင်မြတ်သည် နီးကပ်စွာသော အောင်မြင်မှုကိုလည်း ချီးမြှင့်တော်မူခဲ့၏။[၁၈] ထိုမှတပါး များစွာသော လက်ရပစ္စည်းများကိုလည်း (ချီးမြှင့်တော်မူခဲ့ပေရာ) ၎င်းတို့ သည် ယင်းလက်ရပစ္စည်းများကို ယူငင်လျက် ရှိကြကုန်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ် သည် လွန်စွာနိုင်နင်းလွှမ်းမိုးတော်မူသောအရှင် ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။[၁၉] အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အခြားများပြောက်များစွာသော လက်ရပစ္စည်းများကိုလည်း အသင်တို့ယူငင်ကြဦးမည်ဖြစ်သည်ဟု ကတိပေးတော်မူခဲ့၏။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ဤသည့်(အောင်မြင်မှု)ကို အသင်တို့အား လတ်တလော ချီးမြှင့်တော်မူခဲ့၏။ ၎င်းပြင် ထိုအရှင်မြတ်သည် လူတို့၏လက်များကို အသင်တို့(အား အန္တရာယ်ပြုနိုင်ခြင်း)မှ တားဆီးတော်မူ ခဲ့၏။ (ထိုသို့ပြုတော်မူခြင်းမှာ) ယင်း(လတ်တလောရရှိခဲ့သော) အောင်မြင်မှုသည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အဖို့ နမူနာတစ်ရပ် ဖြစ်အံ့သောငှာလည်းကောင်း၊ ထိုအရှင်မြတ် သည် အသင်တို့အား ဖြောင့်မတ်သောလမ်းကို ပြတော်မူအံ့သောငှာလည်းကောင်း၊ ဖြစ်ချေသည်။[၂၀] ထိုမှတပါး အသင်တို့စွမ်းနိုင်ခြင်း မရှိခဲ့ကြသေးသော အခြားအောင်မြင်မှုတစ်ရပ်လည်း ရှိပေသေး၏။ ဇကာန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ယင်းအောင်မြင်မှုကို ဝန်းဝိုင်းလျက် ရှိတော်မူ၏။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းနိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။[၂၁]

ရှင်းလင်းဖွင့်ဆိုချက်

"(အို နဗီတမန်တော်)- 'မုအ်မင်သက်ဝင်ယုံကြည်သူတို့သည် သစ်ပင်အောက်တွင် အသင်နှင့် 'ဗိုင်အ်တ်'ပြုနေ ကြစဉ်အခါ၌ မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် ကျေနပ်တော်မူခဲ့၏။ တစ်ဖန် ထိုအရှင်မြတ်သည် ၎င်းတို့၏စိတ်တွင်း၌ရှိသည်ကို သိတော်မူခဲ့၏။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် စိတ်တည်ငြိမ်မှုကို ချပေးသနားတော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အား ထိုအရှင်မြတ်သည် နီးကပ်စွာသော အောင်မြင်မှုကို ချီးမြှင့်တော်မူခဲ့၏။" (၄၈း၁၈)။ ဤအာယတ်တော်မှ ရည်ညွှန်းချက်သည် အာယတ်တော်(၁၀)၌ ရည်ညွှန်းခဲ့သော ဟုဒိုင်ဗိယဟ်တွင် ပေးခဲ့ကြသည့် ကတိသစ္စာပင်ဖြစ်၏။ အာယတ်တော်(၁၈)က အာယတ်တော်(၁၀)အား ပို၍ခိုင်မာအောင်ပြုခြင်း ဖြစ်လေသည်။ အာယတ်တော်(၁၈)၌ အလ္လာဟ်အရှင်မြတ်သည် ပဋိညာဉ်ခံယူရာတွင် ပါဝင်ခဲ့ကြသူများသည် မိမိ၏ကျေနပ် နှစ်သက်မှုကို ရရှိကြကြောင်း ကြေညာတော်မူသည်။ ထို့ကြောင့် ပဋိညာဉ်သည် 'ဗိုင်အတုရ်ရိသွိဝါန်' (အလ္လာဟ်အရှင် မြတ်၏ ကျေနပ်နှစ်သက်မှုကို ရရှိသော ပဋိညာဉ်)အဖြစ် ထင်ရှားခဲ့သည်။ အာယတ်တော်၏ ရည်ရွယ်ချက်မှာ ကတိသစ္စာပြုရာတွင် ပါဝင်ခဲ့ကြ သူတို့အား ချီးကျူးရန်နှင့် ကတိသစ္စာဖြည့်စွမ်းခြင်း တာဝန်၏ လေးနက်မှုကို ဖော်ပြရန်ဖြစ်၏။ သာဝကကြီး ဂျာဗိရ်ﷺအား ကိုးကားလျက် ဗုခါရီနှင့် မွတ်စလင်တို့၌ မှတ်တမ်းတင်ထားသည်မှာ ဟုဒိုင်ဗိယဟ်နေ့တွင် သာဝကကြီး ၁၄၀၀ အား တမန်တော်မြတ်ﷺက 'အသင်တို့သည် ကမ္ဘာပေါ်အကောင်းဆုံးသော လူများထဲမှဖြစ်ကြ၏။'ဟု မိန့်ကြားခဲ့၏။ အူမ္မဗီစ်ရိရ်ﷺအား ကိုးကားလျက် မွတ်စလင်၌ မှတ်တမ်းတင်သည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ 'သစ်ပင်အောက်၌ ပဋိညာဉ်ခံယူခဲ့ကြသူများထဲမှ မည်သူမျှ ငရဲသို့လားကြရလိမ့်မည် မဟုတ်ပေ။' (မဇ်ဟရီ)။ ထို့ကြောင့် ဤကတိသစ္စာခံယူပွဲတွင် ပါဝင်ခဲ့ကြသူများသည် ဗဒ်ရ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသူများနှင့် အလားတူပေသည်။ ကုရ်အာန်နှင့်ဟဒီးဆ်တို့က ဗဒ်ရ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသူတို့အား အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုနှင့် ဂျန္နတ်သုခဘုံတို့၏ ဝမ်းမြောက်ဖွယ်သတင်းကို ပေးသည့်နည်းတူ 'ဗိုင်အတုရ်ရိသွိဝါန်'တွင် ပါဝင်ခဲ့သူတို့ကိုလည်း အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုနှင့် ဂျန္နတ်သုခဘုံတို့၏ ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ပေးလေသည်။ ဤကောင်းသတင်းများက သက်သေခံသည့် အချက်မှာ စစ်မှန်သော ဤပါဝင်ဆင်နွှဲသူများသည် အီမာန်သက်ဝင်ယုံကြည်လျက်၊ ကောင်းမြတ်သောအရာများကို ပြုလုပ်လျက် အလ္လာဟ်အရှင်မြတ်ကို ကျေနပ်စေတော်မူသော လုပ်များနှင့်အတူ ကွယ်လွန်ကြမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုက ထိုအချက်ကို အာမခံသောကြောင့် ဖြစ်လေသည်။

မြင့်မြတ်သော သာဝကကြီးများအား ပုတ်ခတ်ပြောဆိုခြင်းနှင့် အပြစ်ရှာခြင်းများကို တားမြစ်၏။

တဖိစိရ်မဇ်ဟရီက ဆိုသည်မှာ မြင့်မြတ်သော သာဝကကြီးများသည် တမန်တော်မြတ်ﷺ၏ နောက်လိုက်များအနက် အကောင်းဆုံးသော နောက်လိုက်များ ဖြစ်ကြသည့်ပြင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏အပြစ်များ၊ ချို့ယွင်းချက်များနှင့် အသေးအဖွဲမှားယွင်းမှုများကို အကယ်၍ ၎င်းတို့ကျူးလွန်ကြသည့်တိုင် ခွင့်လွှတ်တော်မူကြောင်း ကြေညာပြီးဖြစ်၏။ ထို့ကြောင့် ၎င်းတို့၏ချီးကျူးထိုက်ဖွယ်မဟုတ်သော လုပ်ရပ်များကို စုံစမ်းစစ်ဆေးခြင်းနှင့် အခြေအတင်ဆွေးနွေးရမည့် အကြောင်းအရာအဖြစ် ပြုလုပ်ခြင်းများသည် ဤအာယတ်တော်၏ ကြေညာချက်နှင့် ဆန့်ကျင်ပေသည်။ အာယတ်တော်သည် 'ရဝါဖစ်သွိ'ရှိအာတို့၏ သဘောထားရပ်တည်ချက်ကို ရှင်းလင်းစွာ ဝေဖန်ရှုတ်ချမှုတစ်ခုလည်းဖြစ်၏။ ရှိအာတို့သည် အဗူဗက်ရ်၊ အုမရ်နှင့် အွစ်မာန်ﷺတို့၏ ခလီဖါသမ္မတကြီးများ တရားဝင်ဖြစ်ခြင်းကို

ငြင်းပယ်ကြသည့်ပြင် ၎င်းတို့နှင့် အခြားသာဝကကြီးများအား ကာဖိရ်များ၊ မုနာဖစ်ဂ်များအဖြစ် ပြစ်တင်ရှုတ်ချကြ၏။

'ရိသွ်ဝါန်'သစ်ပင်

ဤအာယတ်တော်၌ ရည်ညွှန်းသော သစ်ပင်သည် မီမိုဆာ အာရေးဗီးကား (သို့) ထနောင်းပင်တစ်မျိုးဖြစ်၏။ တမန်တော်မြတ်ﷺမရှိတော့သည့်နောက် အချို့လူများသည် ထိုနေရာတွင် လမ်းလျှောက်ခြင်း၊ ဆွေးလာတ်ဝတ်ပြုခြင်းများ ပြုလုပ်လေ့ရှိခဲ့ကြသည်။ ဤအကြောင်းကို သာဝကကြီးအုမရ်ﷺ ကြားသိသောအခါ၊ အသိပညာနည်းပါးသော အနာဂတ်မျိုးဆက်များသည် အတိတ်ခေတ်မျိုးဆက်မျိုးဆက်များတွင် ဖြစ်ပျက်ခဲ့သည့်နည်းတူ ထိုသစ်ပင်အား ဆည်းကပ်ကိုးကွယ်လာကြမည်ကို စိုးရိမ်ခဲ့၏။ ထို့ကြောင့် ၎င်းကသစ်ပင်ကို ခုတ်လဲပစ်စေခဲ့၏။ သို့ရာတွင် သာဝကကြီး တာရစ်က်အိဝ်နအဝ်ဒူရဟ်မာန်ﷺအား ကိုးကားလျက် ဗုခါရီနှင့် မွတ်စလင်တို့၌ မှတ်တမ်းတင်သည်မှာ ၎င်းကတင်ပြသည်။ 'တစ်ကြိမ်သော် ကျွန်ုပ်သည် ဟဂျ်ပြုလုပ်ရန်အတွက် သွားခဲ့၏။ ကျွန်ုပ်သည် နေရာတစ်ခုတွင် စုရုံး၍ ဆွေလာတ်ဝတ်ပြုနေကြသော လူအချို့ကို ဖြတ်သန်းသွားခဲ့သည်။ ကျွန်ုပ်က ၎င်းတို့အား 'ဤသည်မှာ မည်သည့် ပလီဝတ်ကျောင်းဖြစ်ပါသနည်း။'ဟု မေးမြန်းခဲ့ရာ ၎င်းတို့က 'ဤသည်မှာ တမန်တော်မြတ်ﷺ 'ဗိုင်အတုရ်ရိသွ်ဝါန်' ခံယူခဲ့သောသစ်ပင်ဖြစ်၏။ ယင်းအပင်အောက်၌ ခံယူခဲ့သည်'ဟု ပြန်ပြောခဲ့ကြ၏။ ထို့နောက် ကျွန်ုပ်သည် သာဝကကြီး စအီဒ်အိဝ်နိမူစိုင်ယဝ်ﷺထံသို့ သွားပြီး၊ ဤအဖြစ်အပျက်ကို ၎င်းအားပြောပြခဲ့၏။ ၎င်းကပြောခဲ့သည်။ 'ကျွန်ုပ်၏ဖခင်မှာ ဗိုင်အတုရ်ရိသွ်ဝါန်တွင် ပါဝင်ခဲ့ကြသော လူများထဲမှတစ်ဦးဖြစ်၏။ ၎င်းကကျွန်ုပ်အား ပြောပြခဲ့သည်မှာ နောက်နှစ်တွင် မက္ကာမြို့သို့ ၎င်းသွားခဲ့သောအခါ၊ သစ်ပင်ကို ရှာကြည့်သော်လည်း မတွေ့ခဲ့ရတော့ပေ။' ထို့နောက် သာဝကကြီး စအီဒ်အိဝ်နမူစိုင်ယဝ်ﷺက ဆက်၍ပြောခဲ့သည်။ 'တမန်တော်မြတ်ﷺထံမှ ဗိုင်အတုရ်ရိသွ်ဝါန် ခံယူရာတွင် ပါဝင်ခဲ့ကြသော သာဝကကြီးများကိုယ်တိုင်ပင်လျှင် သစ်ပင်၏တည်နေရာကို မသိကြတော့။ သို့သော် ထိုသစ်ပင်အကြောင်းကို သင်သိသည်မှာ အံ့သြဖို့ကောင်းပေသည်။ သင်သည် ၎င်းသာဝကကြီးများတို့ထက်ပို၍ ဗဟုသုတရှိပါသလား။' (ရူးဟွလ်မအာနီ)။ ဤသည်က ဖော်ပြသည်မှာ နောက်ပိုင်းတွင် လူများသည် မပြည့်စုံ၊ မခိုင်လုံသော အထောက်အထားပေါ် အခြေခံလျက် ပဋိညာဉ်ခံယူခဲ့ကြသည်မှာ ဤသစ်ပင်၏အောက်၌ဖြစ်သည်ဟု ထင်ကြေးဖြင့် ဆုံးဖြတ်ပြီး၊ ထိုနေရာသို့ မကြာခဏ လာ၍ ဆွေလာတ်ဝတ်ပြုခဲ့ကြကြောင်းပင်ဖြစ်၏။ သာဝကကြီးအုမရ်ﷺကမူ ထိုသစ်ပင်သည် မှန်ကန်သောသစ်ပင်မဟုတ်ကြောင်းကို သိခဲ့၏။ ထို့နောက် ၎င်းသည် 'ရှစ်က်'၌ လူများ၏ ပါဝင်ပတ်သက်မှုကို နားလည်သဘောပေါက်ခဲ့သောကြောင့် သစ်ပင်ကို ခုတ်လဲခဲ့လေသည်။

ခိုင်ဗရ်ကိုအောင်နိုင်ခြင်း

ခိုင်ဗရ်သည် အခြေချနေထိုင်ရာများ၊ ခံတပ်များနှင့် ဥယျာဉ်ခြံမြေများဖြင့် ဖွဲ့စည်းထားသော နယ်ပယ်တစ်ခု၏ အမည်ဖြစ်၏ (မဇ်ဟရီ)။ အာယတ်တော်(၁၈)က 'وَ اَتَیۡنٰہُمۡ فَتۡحًا قَرِیۡبًا' ထို့ပြင် ၎င်းတို့အား ထိုအရှင်မြတ်သည် နီးကပ်စွာသော အောင်မြင်မှုကိုလည်း ချီးမြှင့်တော်မူခဲ့၏။'ဟူ၍ မိန့်ကြားခြင်းဖြင့် ခိုင်ဗရ်ကိုအောင်မြင်ခြင်းအား ရည်ညွှန်းလေသည်။ အာယတ်တော်မှ 'နီးကပ်စွာသော အောင်မြင်မှု'သည် ဟုဒိုင်ဗိယဟ်မှအပြန်တွင် ဖြစ်ပေါ်ခဲ့သော ခိုင်ဗရ်အောင်မြင်မှုကို ဆိုလိုကြောင်း တညီတညွတ်သဘောတူကြ၏။ အဆိုများအရ တမန်တော်မြတ်ﷺသည် ဟုဒိုင်ဗိယဟ်မှအပြန် မဒီနာမြို့တွင်(၁၀)ရက် သို့မဟုတ် အချို့အဆိုအရ (၂၀)ရက်မျှနေခဲ့ပြီးနောက် ခိုင်ဗရ်ကိုတိုက်ခိုက်ရန် ချီတက်ခဲ့သည်။ အိဝ်နိအစ္စဟာက်၏အဆိုအရ ၎င်းသည် မဒီနာမြို့သို့ ဇွလ်ဟိဂျဟ်လတွင် ပြန်လာခဲ့ပြီး၊ ခိုင်ဗရ်သို့

ဟစ်ဂျ်ရီ(၇)ခုနှစ်၊ မုဟာရမ်လတွင် ထွက်ခွာခဲ့၏။

ခိုင်ဗရ်ကို ဟစ်ဂျ်ရီ(၇)ခုနှစ် ဆွဖရ်လတွင် အောင်နိုင်ခဲ့ကြောင်း ဝကီဒီဒီ၏မဂါဇီကတင်ပြပြီး၊ ဟာဖစ်အိဗ်နဟာဂျရ်က လက်ခံနိုင်ဖွယ်ရှိကြောင်း ယူဆ၏။ (တဖ်စီရ်မဇ်ဟရီ)

မည်သို့ဆိုစေကာမူ ခိုင်ဗရ်ကို အောင်နိုင်ခြင်းသည် ဟုဒိုင်ဗိယဟ်သို့ ချီတက်ခြင်း၏နောက် ရက်များစွာကြာပြီးမှ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်၏။ စူရဟ်အလ်ဖတ်ဟ်သည် ၎င်း၏ဟုဒိုင်ဗိယဟ်မှ အပြန်ခရီးတွင် ကျရောက်ခဲ့ခြင်းဖြစ်ကြောင်း ပညာရှင်များက ယူဆကြ၏။ သို့ရာတွင် စူရဟ်တစ်ပုဒ်လုံး ကျရောက်ခဲ့ခြင်းလား သို့တည်းမဟုတ် အာယတ်တော်အချို့မှာ နောက်ပိုင်းတွင်မှ ကျရောက်ခဲ့ခြင်းလားနှင့် စပ်လျဉ်း၍ ကွဲပြားသော ယူဆချက်များ ရှိပေသည်။ အကယ်၍ ပထမအမြင်သည် ပို၍သဘောကျဖွယ်ဖြစ်ပါက ခိုင်ဗရ်ကိုအောင်နိုင်ခြင်းသည် မွတ်စလင်တို့ သေချာပေါက် အောင်မြင်လိမ့်မည်ဟူသော ဗျာဒိတ်တော်တစ်ရပ် ဖြစ်ပေလိမ့်မည်။ ထို့ပြင် (ခိုင်ဗရ်ကို အောင်မြင်ခြင်းအား) အတိတ်ဖြစ်ပြီး ကာလဖြင့် ဖော်ပြခြင်းက သေချာမှုကို ညွှန်ပြရန်ဖြစ်လေသည်။ အကယ်၍ ဒုတိယအမြင်ကို လက်ခံပါမူ ဤအာယတ်တော်များသည် ခိုင်ဗရ်ကို အောင်နိုင်ခြင်း၏နောက်မှ ကျရောက်ခဲ့ခြင်း ဖြစ်နိုင်လေသည်။ အလ္လာဟ်အရှင်မြတ်အသိဆုံးဖြစ်တော်မူသည်။

وَ مَغَانِمَ كَثِيْرَةً يَّاْخُذُوْنَهَا (ထို့ပြင် များပြားစွာသော လက်ရပစ္စည်းများကို ၎င်းတို့ရရှိခဲ့ကြကုန်၏။ ....၄၈း၁၉)။ ဤစကားရပ်သည် ခိုင်ဗရ်ကိုအောင်နိုင်စဉ်က မွတ်စလင်တို့၏ လက်တွင်းသို့ များပြားစွာသော လက်ရပစ္စည်းများ ကျရောက်ခဲ့ကြောင်း ကို ညွှန်ပြလေသည်။

وَعَدَكُمُ اللّٰهُ مَغَانِمَ كَثِيْرَةً تَاْخُذُوْنَهَا فَعَجَّلَ لَكُمْ هٰذِهٖ "အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အခြားများပြားစွာသော လက်ရပစ္စည်းများကိုလည်း အသင် တို့ယူငင်ကြဦးမည် ဖြစ်သည်ဟု ကတိပေးတော်မူခဲ့၏။"(၄၈း၂၀)။ ဤနေရာတွင် ဖော်ပြသည့် 'လက်ရပစ္စည်းများစွာ' ဟူသည် ခိုင်ဗရ်အောင်မြင်မှု၏နောက် ဆက်လက်၍ အာရေဗီးယား၏ ကျန်နေရာများနှင့် အိမ်နီးချင်းနိုင်ငံများကို အောင်နိုင်ခြင်းများတွင် မွတ်စလင်တို့၏လက်သို့ ကျရောက်ခဲ့သော အတော်အတန်ကြီးများသည့် လက်ရပစ္စည်းများကို ရည်ညွှန်းခြင်းဖြစ်၏။ ဤအာယတ်တော်က ဗျာဒိတ်တော်တစ်ရပ်ကို ပုံဖော်သည်မှာ မွတ်စလင်တို့သည် ခိုင်ဗရ်အောင် မြင်မှု၏နောက်တွင် အခြားကြီးကျယ်သော အောင်မြင်မှုများကို ရရှိကြလိမ့်မည်ဖြစ်ပြီး၊ အကျိုးဆက်အားဖြင့် လက်ရ ပစ္စည်းများစွာကို (ကမ္ဘာအဆုံးတိုင်) ရရှိကြလိမ့်မည်ဖြစ်၏။ သို့ရာတွင် ဤများစွာသော အောင်နိုင်ခြင်းများ မတိုင်မီ ခိုင်ဗရ်အောင်နိုင်ခြင်းကို ပထမဆုံးပေးသနားခံရပြီး၊ ထို အောင်နိုင်ခြင်းမှ လက်ရပစ္စည်းများကို အလ္လာဟ်အရှင်မြတ်သည် ဟုဒိုင်ဗိယဟ်တွင် ပါဝင်ဆင်နွှဲသူတို့အတွက် သီးသန့်ဖယ်ထားတော်မူခဲ့သည်။ သို့သော် နောက်အောင်နိုင်မှုအားလုံး၏ လက်ရပစ္စည်းများမှာမူ အားလုံးနှင့်သက်ဆိုင်လေသည်။ ဤသည်က ခိုင်ဗရ်တွင် ပါဝင်ဆင်နွှဲရန် အခွင့်အရေးအား သီးသန့်ဖယ်ထားတော်မူသည့် အမိန့်ပညတ်ကို ဤအာယတ်တော်များ၌ တိကျပြတ်သားစွာ ဖော်ပြခြင်းမပြုကြောင်း ထင်ရှားစေသည်။ ဖော်ပြခဲ့သည့်အတိုင်း ထိုအမိန့်ပညတ်ချက်အား သီးခြားထုတ်ပြန်ပို့ချ (ဖတ်ရွတ်ခြင်းမပြုရသောဝဟီ) အတန်းအစားတစ်ခုအဖြစ် ချမှတ်တော်မူခြင်းဖြစ်၏။ တမန်တော်မြတ်ﷺသည် ထိုအမိန့်ပညတ်ချက်အတိုင်း ဆောင်ရွက်ခဲ့ပြီး၊ ယင်း၏အသိပညာကို သာဝကကြီးများအား ဝေမျှခဲ့လေသည်။

وَ كَفَّ اَيْدِيَ النَّاسِ عَنْكُمْ .... "ၔင်းပြင် ထိုအရှင်မြတ်သည် လူတို့၏လက်များကို အသင်တို့(အား အန္တရာယ်ပြုနိုင်ခြင်း)မှ တားဆီးတော် မူခဲ့၏။ ...."(၄၈း၂၀)။ ဤသည်မှာ ခိုင်ဗရ်မှ ကာဖိရ်တို့အား ရည်ညွှန်းခြင်းဖြစ်၏။ ဤစစ်ပွဲတွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏အင်အား သို့မဟုတ် စွမ်းပကားကို များစွာပြသခွင့် ပြုတော်မမူခဲ့ပေ။

အီမာမ်ဗဂါဝီက ပြောကြားသည်မှာ 'ဂတွဖါန်' မျိုးနွယ်စုသည် ခိုင်ဗရိမှ ဂျူးတို့၏ မဟာမိတ်ဖြစ်၏။ ခိုင်ဗရိဂျူးများကို တိုက်ခိုက်ရန် တမန်တော်မြတ်ﷺချီတက်သည့်အကြောင်းကို ၎င်းတို့ကြားသောအခါ၊ ၎င်းတို့သည် ဂျူးများကို အကာအကွယ်ပေးရန်အတွက် ၎င်းတို့ ကိုယ်၎င်းတို့ လက်နက်အပြည့်အစုံ တပ်ဆင်ခဲ့ကြသည်။ သို့သော် ၎င်းတို့၏ စိတ်ထဲသို့ အလ္လာဟ်အရှင်မြတ်က အကြောက်တရားကို ထည့်သွင်းပေးတော်မူခဲ့သဖြင့် အကယ်၍ မိမိတို့ရှေ့တန်းသို့ ထွက်ကြပါက မိမိတို့မရှိခိုက် မိမိတို့၏နေအိမ်များကို မွတ်စလင်ကတိုက်ခိုက်နိုင်သည်ဟူ၍ ယုပန်သောကဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့သည် ကြောက်စိတ်ဝင်ပြီး၊ ရှေ့သို့ချီတက်ရန် သတ္တိမရှိခဲ့ကြတော့ပေ။ (မဇ်ဟရီ)

"....وَيَهْدِيَكُمْ صِرَاطًا مُّسْتَقِيمًا" ထိုအရှင်မြတ်သည် အသင်တို့အား ဖြောင့်မတ်သောလမ်းကို ပြတော်မူအံ့သောငှာလည်းကောင်း ဖြစ်ချေသည်။"(၄၈း၂၀)။ ဤစူရဟ်၏ အာယတ်တော်(၂) ရှင်းလင်းဖွင့်ဆိုချက်တွင် ရှင်းပြခဲ့သည့်အတိုင်း လမ်းညွှန်မှု အဆင့် ဒီဂရီများစွာရှိ၏။ ထိုရှုထောင့်မှကြည့်သော် ၎င်းတို့သည် ဖြောင့်မှန်သော လမ်းကို ညွှန်ပြခံ ခဲ့ရပြီးဖြစ်၏။ ဤနေရာ၌ ထိုအချိန်တိုင် ၎င်းတို့မရောက်ရှိကြသေးသော လမ်းညွှန်မှုအဆင့်ဖြစ်သည် အလ္လာဟ်အရှင် မြတ်အား ယုံပုံ အပ်နှံခြင်းနှင့် အီမာန်စွမ်းအားတိုးပွားခြင်းကို ရည်ညွှန်းခြင်း ဖြစ်လေသည်။

"وَ أُخْرٰى لَمْ تَقْدِرُوْا عَلَيْهَا قَدْ اَحَاطَ اللّٰهُ بِهَا ထိုမှတပါး အသင်တို့စွမ်းနိုင်ခြင်း မရှိခဲ့ကြသေးသော အခြားအောင်မြင်မှုတစ်ရပ်လည်း ရှိပေသေး၏။ ဇကာန် စင်စစ် အလ္လာဟ်အရှင်မြတ်သည် ယင်းအောင်မြင်မှုကို ဝန်းဝိုင်းလျက် ရှိတော်မူ၏။ ...."(၄၈း၂၁)။ ဤအာယတ်တော်က ခိုင်ဗရိကိုအောင်မြင်ပြီးသည့်နောက် မွတ်စလင်တို့သည် ကြီးကျယ်သော အောင်မြင်မှုများကို ထပ်မံ၍ရရှိကြလိမ့်ဦးမည် ဟူသော ဗျာဒိတ်တော်တစ်ရပ်ကို ပုံဖော်ခြင်းဖြစ်၏။ သို့သော် ၎င်းတို့သည် ထိုအချိန်တွင် ယင်းအောင်မြင်မှုများကို မရနိုင်သေးကြောင်း၊ ယင်းတို့သည် အနာဂတ်တွင် ဖြစ်ပျက်လာလိမ့်မည်ဖြစ်ကြောင်းကို အလ္လာဟ်အရှင်မြတ် မိန့်တော် မူသည်။ ဤအောင်မြင်မှုများထဲတွင် မက္ကာမြို့သည် ပထမဆုံးရရှိမည့်အောင်မြင်မှု ဖြစ်ခဲ့လေသည်။ ထို့ကြောင့် အချို့ ပညာရှင်များက ဤဗျာဒိတ်တော်သည် မက္ကာမြို့ကို အောင်မြင်ခြင်းအား ရည်ညွှန်းသည်ဟု ဆိုကြခြင်းဖြစ်၏။ သို့ရာတွင် စကားအသုံးအနှုန်းသည် ယေဘုယျဆန်ပြီး၊ နောက်ဆုံးအချိန်တိုင် ရရှိမည်ဖြစ်သော အောင်မြင်မှုအားလုံးကို ရည်ညွှန်းလေသည်။ (မဇ်ဟရီ)

အာယတ်တော် (၂၂-၂၆)

وَلَوْ قٰتَلَكُمُ الَّذِيْنَ كَفَرُوْا لَوَلَّوُا الْاَدْبَارَ ثُمَّ لَا يَجِدُوْنَ وَلِيًّا وَّلَا نَصِيْرًا ﴿٢٢﴾
سُنَّةَ اللّٰهِ الَّتِيْ قَدْ خَلَتْ مِنْ قَبْلُ ۚ وَلَنْ تَجِدَ لِسُنَّةِ اللّٰهِ تَبْدِيْلًا ﴿٢٣﴾
وَ هُوَ الَّذِيْ كَفَّ اَيْدِيَهُمْ عَنْكُمْ وَ اَيْدِيَكُمْ عَنْهُمْ بِبَطْنِ مَكَّةَ مِنْۢ بَعْدِ
اَنْ اَظْفَرَكُمْ عَلَيْهِمْ ؕ وَ كَانَ اللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرًا ﴿٢٤﴾ هُمُ الَّذِيْنَ كَفَرُوْا
وَصَدُّوْكُمْ عَنِ الْمَسْجِدِ الْحَرَامِ وَ الْهَدْيَ مَعْكُوْفًا اَنْ يَّبْلُغَ مَحِلَّهٗ ؕ وَلَوْلَا
رِجَالٌ مُّؤْمِنُوْنَ وَ نِسَآءٌ مُّؤْمِنٰتٌ لَّمْ تَعْلَمُوْهُمْ اَنْ تَطَئُوْهُمْ فَتُصِيْبَكُمْ
مِّنْهُمْ مَّعَرَّةٌۢ بِغَيْرِ عِلْمٍ ۚ لِيُدْخِلَ اللّٰهُ فِيْ رَحْمَتِهٖ مَنْ يَّشَآءُ ۚ لَوْ تَزَيَّلُوْا

لَعَذَّبْنَا الَّذِيْنَ كَفَرُوْا مِنْهُمْ عَذَابًا اَلِيْمًا ﴿٢٥﴾ اِذْ جَعَلَ الَّذِيْنَ كَفَرُوْا فِيْ
قُلُوْبِهِمُ الْحَمِيَّةَ حَمِيَّةَ الْجَاهِلِيَّةِ فَاَنْزَلَ اللّٰهُ سَكِيْنَتَهٗ عَلٰى رَسُوْلِهٖ وَ
عَلَى الْمُؤْمِنِيْنَ وَ اَلْزَمَهُمْ كَلِمَةَ التَّقْوٰى وَ كَانُوْٓا اَحَقَّ بِهَا وَ اَهْلَهَا ؕ وَ
كَانَ اللّٰهُ بِكُلِّ شَيْءٍ عَلِيْمًا ﴿٢٦﴾

စင်စစ်တမူကား အကယ်၍သာ 'ကာဖိရ်' သွေဖည်ငြင်းပယ်သောသူတို့သည် အသင်တို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြပါလျှင် ၎င်းတို့သည် ကျောခိုင်း၍ ထွက်ပြေးခဲ့ကြမည်သာ။ ထို့နောက် ၎င်းတို့သည် အဆွေခင်ပွန်းဟူ၍လည်း တစ်ဦးတစ်ယောက်ကိုမျှပင် တွေ့ရှိကြမည် မဟုတ်ပေ။ ကူညီစောင်မအံ့သောသူ ဟူ၍လည်း တစ်ဦးတစ်ယောက်ကိုမျှပင် တွေ့ရှိကြမည်မဟုတ်ပေ။[၂၂] (ဤသည်) ရှေးအထက်ကျော်ကာလက လွန်လေခဲ့ပြီးဖြစ်သော အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းပင်ဖြစ်၏။ ၎င်းပြင် (အို-နဗီတမန်တော်၊)အသင်သည် အလ္လာဟ်အရှင်မြတ်၏စည်းကမ်း၌ မည်သည့် ပြောင်းလဲမှုကိုမျှ အလျှင်းတွေ့ရှိမည်မဟုတ်ပေ။[၂၃] ထို့ပြင် ထိုအရှင်မြတ်သည်ပင် ထို ('ကာဖိရ်'သွေဖည်ငြင်းပယ်သော)သူတို့၏ လက်များကို အသင်တို့(အား အန္တရာယ်ပြုခြင်း)မှ လည်းကောင်း၊ အသင်တို့၏လက်များကိုထိုသူတို့(အား အန္တရာယ်ပြုခြင်းမှ လည်းကောင်း၊) မတ္တာမြို့တွင်း၌ အသင်တို့အား ထိုသူတို့အပေါ်ဝယ် အောင်မြင် စေတော်မူပြီးနောက်သော်မှပင် တားဆီးထားတော်မူခဲ့၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ ပြုမူချက်တို့ကို ကောင်းစွာရှုမြင်တော်မူလျက် ရှိတော်မူခဲ့ပေသတည်း။[၂၄] ထိုသူတို့သည်ပင် အကြင်သူများတည်း။ ထိုသူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ထို့ပြင် ထိုသူတို့သည်အသင်တို့အား 'မတ်စ်ဂျစ်ဒ်ဟရာမ်' ရှိသေအပ်သော ဗလီကျောင်းတော်မှ တားဆီးခဲ့ ကြ၏။ ထို့ပြင် (ဟုဒိုင်ဗိယဟ်၌) တားဆီးခြင်းခံနေခဲ့ရသော ကုရ်ဗာနီသားကောင်ကိုလည်း ယင်း၏ ရောက်ရှိရန်နေရာသို့ မရောက်စေရန် (တားဆီးခဲ့ကြကုန်)။ စင်စစ်သော်ကား အကယ်၍သာ အသင်တို့ မသိခဲ့ကြသော (မြောက်များစွာသော) 'မုအ်မင်န်'သက်ဝင်ယုံကြည်သူ ယောကျ်ားမိန်းမ တို့အား တက်နင်းမိကြသဖြင့် ၎င်းတို့ကြောင့် အသင်တို့၌ အပြစ်သင်္ကာမည်ကို မစိုးရိမ်ရပါလျှင် (အလုံးစုံသော ကိစ္စတို့မှာ စီရင်ဆုံးဖြတ်ပြီး ဖြစ်ခဲ့မည်သာ။ သို့ရာတွင် ယင်းကဲ့သို့ မဖြစ်ခဲ့သည်မှာ) အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား မိမိကရုဏာတော်တွင်းသို့ ဝင်ရောက် စေတော်မူရန်ပင် ဖြစ်ခဲ့ပေသည်။ အကယ်၍သာ ထို(မုစ်လင်မ်ယောကျ်ား မိန်းမတို့မှာ ကာဖိရ်များနှင့်) ခွဲခြားသိသာနိုင်ခဲ့ကြပါလျှင် ငါ့အရှင်မြတ်သည် ၎င်းတို့အနက် သွေဖည် ငြင်းပယ်ခဲ့ကြကုန်သော သူတို့အား ပြင်းပြစွာသော ပြစ်ဒဏ်ကို အမှန်ပင်ဖေးတော်မူခဲ့မည်သာ။[၂၅]

(ပြန်လည်သတိရကြလေကုန်။)အကြင်အခါဝယ်'ကာဖိရ်'သွေဖည်ငြင်းပယ်သောသူတို့သည် မိမိတို့၏စိတ်နလုံးများတွင် အမိုက်ခေတ်၏ အစွဲအလမ်းကြီးမှုကို ထားရှိခဲ့ကြကုန်၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် မိမိရဿူလ်တမန်တော်၏အပေါ်၌ လည်းကောင်း၊ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့၏အပေါ်၌ လည်းကောင်း၊ မိမိအထံတော်မှ စိတ်တည်ငြိမ်မှု (သည်းခံမှု)ကို ချပေး

သနားတော်မူခဲ့၏။စင်စစ်သော်ကား ထိုသူတို့သည် ယင်းစကားနှင့် ထိုက်တန်သူများသည် လည်းကောင်း၊ ကိုက်ညီသူများသည် လည်းကောင်း၊ ဖြစ်ခဲ့ကြကုန်၏။ အမှန်စင်စစ်မှာမူကား အလ္လာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ကောင်းစွာသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၂၆]

ရှင်းလင်းဖွင့်ဆိုချက်

بِبَطْنِ مَكَّةَ (.... မက္ကာမြို့၏ ချိုင့်ဝှမ်းထဲတွင် - ၄၈း၂၄)။ ဤနေရာတွင်သုံးသည့် အာရဗီစကားလုံးသည် 'ဝမ်းဗိုက်'ဟု အဓိပ္ပါယ်ရသော 'ဗတ္တ်န'ဖြစ်၏။ မြို့တစ်မြို့နှင့်စပ်လျဉ်း၍ ဆိုရသော် ယင်းစကားလုံးသည် မြို့၏အလယ်ဗဟိုကို ရည်ညွှန်း၏။ သို့ရာတွင် ယခုအကြောင်းအရာ၌ ထိုစကားလုံးအား ဟုဒိုင်ဗိယဟ်အတွက် သုံးခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဟုဒိုင်ဗိယဟ်သည် မက္ကာမြို့နှင့် နီးကပ်စွာတည်ရှိသောကြောင့်ဖြစ်၏။ ဤသည်က ဟုဒိုင်ဗိယဟ်၏ အချို့အစိတ်အပိုင်းများသည် 'ဟရာမ်'ထဲတွင်ပါဝင်သည်ဟူသော ဟန်ဖီအယူအဆကို ထောက်ခံလေသည်။ သက်ဆိုင်ရာ အသေးစိတ်များကို အာယတ်တော် ၂း၁၉၆ ၏ ရှင်းလင်းဖွင့်ဆိုချက်၌ တွေ့နိုင်ပါသည်။

فَتُصِيبَكُم مِّنْهُم مَّعَرَّةٌۢ بِغَيْرِ عِلْمٍ".... စင်စစ်သော်ကား အကယ်၍သာ အသင်တို့မသိခဲ့ကြသော (မြောက်များစွာသော) 'မုအ်မင်န်' သက်ဝင် ယုံကြည်သူ ယောကျ်ားမိန်းမတို့အား တက်နင်းမိကြသဖြင့် ၎င်းတို့ကြောင့် အသင်တို့၌ အပြစ်သက်ရောက်မည်ကို မစိုးရိမ်ရပါလျှင် ....”(၄၈း၂၅)။ အချို့ဝေါဟာရပညာရှင်များ၏ အဆိုအရ 'မအရ်ရဟ်' သည် 'အပြစ်'ကိုညွှန်းဆို၏။ အချို့ကမူ 'အန္တရာယ်'ဟူ၍လည်းကောင်း၊ 'ရှက်ခြင်း' သို့မဟုတ် 'စိတ်ကသိ ကအောက်ဖြစ်ခြင်း'ဟူ၍လည်း အနက်အဓိပ္ပါယ်ရှိသည်ဟု ဆိုကြ၏။ ဤအကြောင်းရပ်တွင် နောက်ဆုံးအဓိပ္ပါယ်က သင့်လျော်ပုံရ၏။ မက္ကာမြို့၌ မွတ်စလင်များရှိနေကြသည်။ အကယ်၍ တိုက်ခိုက်မှုဖြစ်ပွားပါက မွတ်စလင်စစ်သည်များက မိမိတို့၏ညီနောင်မွတ်စလင်များကို မှားယွင်း၍ သတ်မိနိုင်သည်။ ထိုသို့ဖြစ်ခြင်းကြောင့် ၎င်းတို့၏အရေးကို ကြီးစွာထိခိုက်စေမည်ဖြစ်သည့်ပြင် ၎င်းတို့ကိုယ်တိုင်အဖို့ ပြစ်တင်ရှုတ်ချ၊ အရှက်ရစရာ အထင်အမြင်သေးစရာ ဖြစ်ပေလိမ့်မည်။

အမှားအယွင်းများ ပြုလုပ်ခြင်းမှ ကင်းဝေးရန် မြင့်မြတ်သော သာဝကများ၏ သဘာဝအကာအကွယ်

အီမာမ်ကုရ်တူဗီက ပြောကြားသည်မှာ မွတ်စလင်တစ်ဦးသည် မထင်မှတ်ဘဲ အခြားမွတ်စလင်တစ်ဦးကို သတ်မိက မကောင်းမှု သို့မဟုတ် အပြစ်တစ်ခု မဟုတ်ပေ။ သို့ရာတွင် ရှက်စရာ၊ စိတ်အနှောင့်အယှက်ဖြစ်စရာနှင့် ဝမ်းနည်းကြေကွဲစရာတစ်ခု ဧကန်ဖြစ်လေသည်။ ယင်းအမှုသည် 'ကတ်လ်ခတ္တအ်'တစ်ခု ဖြစ်သောကြောင့် 'ဒိယဟ်' (သွေးကြွေးဆပ်ခြင်း) ဥပဒေများ အကျိုးသက်ရောက်မည်ဖြစ်၏။ ဤအဖြစ်မျိုး မကြုံရစေရန် သာဝကကြီးများအား အလ္လာဟ်အရှင်မြတ်သည် ကာကွယ်တော်မူသည်။ ဤသည်က မြင့်မြတ်သော သာဝကကြီးများသည် အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်များကဲ့သို့ အမှားကင်းသူများ မဟုတ်ကြောင်း ထင်ရှားစေသည်။ သို့သော် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အကြည်ညိုပျက်စရာ ရှက်စရာအမှားအယွင်းများကို မပြုမိအောင် အကာအကွယ်ပေးထားတော်မူပေသည်။

يُدْخِلُ اللَّهُ فِي رَحْمَتِهِ مَن يَشَاءُ".... အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား မိမိကရုဏာတော်တွင်းသို့ ဝင်ရောက်စေ တော်မူရန်ပင် ဖြစ်ခဲ့ပေသည်။ ....” (၄၈း၂၅)။ ဆိုလိုသည်မှာ ဤဖြစ်ရပ်တွင် အလ္လာဟ်အရှင်မြတ်သည် မွတ်စလင်တို့ အား စစ်ပွဲကို ရှောင်လွှဲနိုင်ရန် သည်းခံခြင်းတရားကို ထည့်ပေးတော်မူသည်။

အဘယ်ကြောင့်ဆိုသော် နောင်အနာဂတ် တွင် များစွာသော လူတို့သည် အစွလာမ်ကို လက်ခံယုံကြည်လာကြ လိမ့်မည်ကို ထိုအရှင်မြတ် သိတော်မူသည်ဖြစ်၍ ၎င်းတို့အပေါ် မိမိ၏ကရုဏာမိုးကို ရွာသွန်းစေတော်မူမည်ဖြစ်၏။ ထို့အတူ မက္ကာမြို့ထဲ၌ ထိန်းသိမ်းခံနေကြရသော မွတ်စလင်အမြုတေမှာလည်း ထိုအရှင်မြတ်၏ ကရုဏာတော် ဝေစုကြီး တစ်ခုကို ရရှိလိမ့်မည်ဖြစ်၏။

"لَوْ تَزَيَّلُوْا".... အကယ်၍သာ ထို(မွတ်စလင် ယောကျ်ားမိန်းမတို့မှာ ကာဖစ်ရိများနှင့်) ခွဲခြားသိသာနိုင်ခဲ့ကြ ပါလျှင် ၎င်းအရှင်မြတ်သည် ၎င်းတို့အနက် သွေဖည်ငြင်းပယ်ခဲ့ကြကုန်သော သူတို့အား ပြင်းပြစွာသော ပြစ်ဒဏ်ကို အမှန်ပင် ပေးတော်မူခဲ့မည်သာ။"(၄၈း၂၅)။ 'တဇိုင်ယွလ်'ဟူသော စကားလုံးသည် 'ခွဲခြားခြင်း'ကို ဆိုလိုသည်။ အလို သဘောမှာ မက္ကာမြို့၌ ထိန်းသိမ်းခံနေရသော မွတ်စလင်တို့အား ကာဖိရ်တို့ထံမှ ခွဲခြားသိနိုင်ပါက စစ်ဖြစ်ခဲ့သည်ရှိသော် ၎င်းတို့အား မဒီနာမြို့မှလာခဲ့ကြသူများက ကယ်တင်နိုင်လိမ့်မည်ဖြစ်၏။ ထို့အပြင် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်တို့ကို ထိုအချိန်၊ ထိုနေရာ၌ပင် ပြစ်ဒဏ်ပေးတော်မူခဲ့မည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပြုတော်မူခြင်းမှာ ၎င်းတို့၏ ရပ်တည်ချက်၏ တောင်းဆိုမှုကြောင့် ဖြစ်လေသည်။ သို့ရာတွင် မက္ကာမြို့၏ လူအဖွဲ့အစည်းသည် ထိုအချိန်က ရောထွေးနေသော လူအဖွဲ့အစည်း ဖြစ်နေခဲ့၏။ အကူအညီကင်းမဲ့နေသော မွတ်စလင်ယောကျ်ား၊ မိန်းမတို့သည် မွတ်စလင်မဟုတ်သူများနှင့် အတူတကွနေထိုင်လျက်ရှိခဲ့ကြ၏။ မွတ်စလင်တို့ကို မွတ်စလင်မဟုတ်သူတို့ထံမှ ခွဲခြား၍ မရနိုင်သောကြောင့် အကယ်၍ တိုက်ခိုက်မှုဖြစ်ပွားပါက မွတ်စလင်တို့အား ကယ်တင်ရန်နည်းလမ်းမရှိပေ။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် စစ်ပွဲကို ရှောင်လွှဲတော်မူခဲ့လေသည်။

"وَ اَلْزَمَهُمْ كَلِمَةَ التَّقْوٰى وَ كَانُوْۤا اَحَقَّ بِهَا وَ اَهْلَهَا" ၎င်းပြင် ထိုအရှင်မြတ်သည် ၎င်းတို့အပေါ်၌ ကြဉ် ရှောင်ရန်ဟူသော စကားကို အတည်ပြုတော်မူခဲ့၏။ (၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား (တာက်ဝါ)တရား အပေါ်၌ ရပ်တည်စေတော်မူခဲ့၏။ စင်စစ်သော်ကား ထိုသူတို့သည် ယင်းစကားနှင့် ထိုက်တန်သူများသည် လည်း ကောင်း၊ ကိုက်ညီသူများသည် လည်းကောင်း ဖြစ်ခဲ့ကြ ကုန်၏။ ...."(၄၈း၂၆)။ 'ကလိမတုပ်တပ်က်ဝါ'ဟူသော တည် ဆောက်ပုံသည် ဘာသာတရားကိုင်းရှိုင်းသူများ၏ စကား ဟု အနက်အဓိပ္ပါယ်ရှိ၏။ 'တောင်ဟီးဒ်'နှင့် 'ရိစာလဟ်'၏ 'ကလီမဟ်'သည် ပုဂ္ဂိုလ်တစ်ဦး အလ္လာဟ်တစ်ပါးတည်းရှိခြင်း နှင့် မုဟမ္မဒ်ﷺသည် အလ္လာဟ်အရှင်မြတ်၏ ရဿူလ်တမန် တော်ဖြစ်ကြောင်း ၎င်း၏သက်ဝင်ယုံကြည်မှု(အီမာန်)ကို ကြေညာခြင်းဖြစ်၏။ ဤနေရာတွင် ယင်းကြေညာချက်အား 'ဘာသာရေးကိုင်းရှိုင်းမှုစကား'အဖြစ် အမည်ပေးထား၏။ အဘယ်ကြောင့်ဆိုသော် ဤစကားလုံးသည် ဘာသာရေး ကိုင်းရှိုင်းခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်းနှင့် ကောင်းမြတ်သော အကျင့်အမူများ၏ အုတ်မြစ်ဖြစ်သောကြောင့် ဖြစ်လေ သည်။ မြင့်မြတ်သော သာဝကကြီးများ ထိုစကားနှင့် ပို၍ကိုက်ညီသော၊ ထိုက်တန်သော လူများဖြစ်ကြကြောင်းမိန့်ကြား ခံရသည်။ ထို့ပြင် ၎င်းတို့အား သစ္စာမဲ့မှု၊ အယောင်ဆောင်မှုများဖြင့် စွပ်စွဲခဲ့ကြသူတို့ကို ဤနည်းအားဖြင့် ဖော်ထုတ်၍ အမှန်ကို လှစ်ဟပြတော်မူခြင်း ဖြစ်လေသည်။ အလ္လာဟ်အရှင်မြတ်က ပြတ်သားစွာ မိန့်တော်မူသည်မှာ မြင့်မြတ်သော သာဝကကြီးများသည် အစွလာမ်ဟူသော စကားလုံးနှင့် ပို၍ထိုက်တန် သည့်ပြင် ယင်းစကားလုံး၏အကျိုးကို ပို၍ခံစားခွင့်ရှိ၏။ ထိုအကြောင်းကြောင့် ၎င်းတို့အား အစွလာမ်ကို စွဲမြဲစွာစောင့် ထိန်းစေရန် ပြုလုပ်တော်မူခဲ့ခြင်းဖြစ်၏။ သို့သော်ပျက်စီးနေကြသော မကောင်းစိတ်ရှိသူများသည် ၎င်းတို့၏တန်ဖိုးနှင့် ထိုက်တန်မှုကို အသိအမှတ်ပြုရန် ငြင်းဆန်ခဲ့ကြသည်။

အာယတ်တော် (၂၇-၂၉)

لَقَدْ صَدَقَ اللّٰهُ رَسُوْلَهُ الرُّءْيَا بِالْحَقِّ ۚ لَتَدْخُلُنَّ الْمَسْجِدَ الْحَرَامَ اِنْ
شَآءَ اللّٰهُ اٰمِنِيْنَ ۙ مُحَلِّقِيْنَ رُءُوْسَكُمْ وَمُقَصِّرِيْنَ ۙ لَا تَخَافُوْنَ ؕ فَعَلِمَ مَا
لَمْ تَعْلَمُوْا فَجَعَلَ مِنْ دُوْنِ ذٰلِكَ فَتْحًا قَرِيْبًا ﴿۲۷﴾ هُوَ الَّذِیْۤ اَرْسَلَ رَسُوْلَهٗ
بِالْهُدٰى وَدِيْنِ الْحَقِّ لِيُظْهِرَهٗ عَلَى الدِّيْنِ كُلِّهٖ ؕ وَكَفٰى بِاللّٰهِ شَهِيْدًا ؕ ﴿۲۸﴾
مُحَمَّدٌ رَّسُوْلُ اللّٰهِ ؕ وَالَّذِيْنَ مَعَهٗۤ اَشِدَّآءُ عَلَى الْكُفَّارِ رُحَمَآءُ بَيْنَهُمْ
تَرٰىهُمْ رُكَّعًا سُجَّدًا يَّبْتَغُوْنَ فَضْلًا مِّنَ اللّٰهِ وَرِضْوَانًا ۫ سِيْمَاهُمْ فِیْ وُجُوْهِهِمْ
مِّنْ اَثَرِ السُّجُوْدِ ؕ ذٰلِكَ مَثَلُهُمْ فِی التَّوْرٰىةِ ۚۛ وَمَثَلُهُمْ فِی الْاِنْجِيْلِ ۚۛ كَزَرْعٍ
اَخْرَجَ شَطْـَٔهٗ فَاٰزَرَهٗ فَاسْتَغْلَظَ فَاسْتَوٰى عَلٰى سُوْقِهٖ يُعْجِبُ الزُّرَّاعَ لِيَغِيْظَ
بِهِمُ الْكُفَّارَ ؕ وَعَدَ اللّٰهُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ مِنْهُمْ مَّغْفِرَةً وَّ
اَجْرًا عَظِيْمًا ﴿۲۹﴾ ع

ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မိမိရဿူလ်တမန်တော်၏ အိပ်မက်ကို အဖြစ်မှန်နှင့်အညီ မှန်ကန်စေတော်မူခဲ့၏။ (ယင်းအိပ်မက်မှာ) 'မလွဲဧကန် အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူခဲ့လျှင် အသင်တို့သည် မိမိတို့၏ဦးခေါင်းများကိုရိတ်ကြလျက်၊ ဆံပင်များကို ညှပ်ကြလျက်(မည်သည့် တစ်စုံတစ်ရာကိုမျှပင်) စိုးရိမ်ကြောက်ရွံ့ခြင်း မရှိကြဘဲ ဘေးရန်ကင်းငြိမ်းစွာ 'မတ်စ်ဂျစ်ဒ်ဟရာမ်' ရှိသေအပ်သောဗလီ ဝတ်ကျောင်းတော်သို့ ဝင်ရောက်ကြမည်(ဟု ဖြစ်ခဲ့၏)။ စင်စစ်မှာမူကား ထိုအရှင်မြတ်သည် အသင်တို့ မသိခဲ့ကြသောအရာကို သိရှိတော်မူခဲ့၏။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ယင်းမကြာမြို့တော်၏အလျင် နီးကပ်စွာသောအောင်မြင်မှုတစ်ရပ်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။[၂၇] ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင်၊ ထိုအရှင်မြတ်သည် မိမိရဿူလ်တမန်တော် 'မုဟမ္မဒ်' (ဆွလ္လလာဟု အလိုင်ဟိ ဝစလာမ်)အား တရားလမ်းညွှန်နှင့်တကွ လည်းကောင်း၊ မှန်ကန်သော 'ဒီန်'သာသနာတော်နှင့်တကွ လည်းကောင်း၊ ယင်းသာသနာတော်ကို အားလုံးသော သာသနာတို့ထက်ဝယ် လွှမ်းမိုးစေတော်မူအံ့သောငှာ စေလွှတ်တော်မူခဲ့၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည်ပင် သက်သေအဖြစ် လုံလောက်တော်မူပေသတည်း။[၂၈] မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ ရဿူလ်တမန်တော်ဖြစ်သည်။ ၎င်းပြင် ထို'မုဟမ္မဒ်'နှင့် အတူတကွ ရှိကြကုန်သောသူတို့သည် 'ကာဖိရ်' ဘွဲ့ဖည်ငြင်းပယ်သူတို့နှင့်ပတ်သက်လျှင် ပြင်းထန်သူများ ဖြစ်ကြပြီး မိမိတို့အချင်းချင်း (ဆက်ဆံရာတွင်) သနားကြင်နာသူများပင် ဖြစ်ကြကုန်၏။ အသင်သည် ၎င်းတို့အား (ရံဖန်ရံခါ) 'ရုကူအ်'ဦးညွှတ်ကြလျက်(ရံဖန်ရံခါ) 'စဂျ်ဒဟ်' ပျိုဝပ်ဦးချ

ကြလျက်၊ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို လည်းကောင်း၊ (ထိုအရှင်မြတ်၏) နှစ်သက် ကျေနပ်မှုကို လည်းကောင်း၊ ဖွေရှာဆည်းပူးလျက်ရှိကြသည်ကို တွေ့မြင်ရပေမည်။ ၎င်းတို့၏ အမှတ်လက္ခဏာကား 'စဂ်ဒ်ဟ်' ပျံဝပ်ဦးချခြင်းကြောင့် ၎င်းတို့၏ မျက်နှာများတွင် ထင်ပေါ်လျက် ရှိနေပေ၏။ ထိုသည်ကား 'တောင်ရာတ်' ကျမ်းတော်၌လာရှိသော ၎င်းတို့၏ ထူးခြားချက်ပင်။ ထိုမှတပါး 'အင်(နှ်)ဂျီလ်' ကျမ်းတော်၌ လာရှိသော ၎င်းတို့၏ ထူးခြားချက်မှာကား (ဤသို့တည်း။) မျိုးစေ့နှင့်ပမာတူ၏။ ယင်းမျိုးစေ့သည်မိမိ၏ အစို့အညှောက်ကို ထွက်စေခဲ့၏။ ထို့နောက် မိမိအစို့၊ အညှောက်ကို သန်စွမ်းစေခဲ့၏။ ထို့နောက် ထိုအညှောက်အစို့မှာ တုတ်ခိုင်၍ လာပြီးလျှင် မိမိပင်ရိုး၊ ပင်တံ၊ ပင်စည်၊ ပင်မပေါ်၌ တည့်မတ်စွာ ထောင်တက်လာခဲ့ပေရာ လယ်သမားတို့အား အထူး နှစ်မြို့ အကြည်ဆိုက်စေခဲ့၏။ (ယင်းသို့ ဖြစ်စေတော်မူခြင်းမှာ) ထို(မုဟမ္မဒ်၏အပေါင်းအဖော်) တို့ ဖြင့် 'ကာဖိရ်'သွေဖည်ငြင်းပယ်သူတို့အား အမျက်ဒေါသထွက်စေရန် ဖြစ်ပေသည်။ အလ္လာဟ် အရှင်မြတ်မှာမူကား 'အီမာန်' သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုများကို ကျင့်မူဆောက်တည် ကြကုန်သောသူတို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူရန်နှင့်ကြီးကျယ်လှစွာသောအကျိုးကိုချီးမြှင့် ပေးသနားတော်မူရန် ကတိပေးတော်မူခဲ့ပေသတည်း။[၂၉]

ရှင်းလင်းဖွင့်ဆိုချက်

ဟုဒိုင်ဗိယဟ်အဖြစ်အပျက်မှ အဓိကအချက်များကို ပြန်ပြောခြင်း

ဟုဒိုင်ဗိယဟ် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီးသောအခါ၊ မွတ်စလင်တို့သည် ထိုနှစ်တွင် မက္ကာမြို့ထဲသို့ ဝင်ကြရမည်မဟုတ်သည့်ပြင် အွမ်ရဟ်မပြုလုပ်ဘဲ မဒီနာမြို့ကသို့ ပြန်ကြရမည်ဖြစ်၍ ၎င်းတို့သည် လွန်စွာစိတ်ပျက်ခဲ့ကြသည်။ ဝဟီအမျိုးအစားတစ်ခုလည်းဖြစ်သည့် တမန်တော်မြတ်ﷺ၏ အိပ်မက်ကြောင့် သာဝကကြီးများသည် အွမ်ရဟ် ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်၏။ ဖြစ်ပျက်နေသမျှ အရာရာတိုင်းမှာ ဤအိပ်မက်နှင့် ထင်ရှားစွာ ဆန့်ကျင်နေပုံရသည့် အချက်က တမန်တော်မြတ်ﷺ၏ခရီး မည်ကဲ့သို့အထမမြောက်ဖြစ်သွားခဲ့ခြင်းကို ၎င်းတို့အနေဖြင့် နားမလည်နိုင်အောင် ဖြစ်ခဲ့ကြရသည်။ ထိုအကြောင်းကြောင့် အချို့သာဝကကြီးများသည် သံသယဖြစ်စပြုခဲ့ကြသည်။ (အလ္လာဟ်အရှင်မလုပ်ပါစေနှင့်) အိပ်မက်သည် ဖြည့်စွမ်းခြင်းမခံရလေသလော။ အခြားတစ်ဖက်မှကြည့်လျှင် ကာဖိရ်နှင့် မုနာဖစ်က်များက မုအ်မင်တို့အား ၎င်းတို့သည် ၎င်းတို့တမန်တော်မြတ်ﷺ၏ အိပ်မက်ကို မှန်ကန်အောင် ဘာသာမပြန်ခဲ့ကြဟူ၍ ပျက်ရယ်ပြုခဲ့ကြသည်။ ထိုအခါ ဤအာယတ်တော်အတွဲ ကျရောက်လာခဲ့လေသည်။ (မူဂျာဟစ်ထံမှ ဗိုင်ဟကီနှင့် အခြားသူများ ထပ်ဆင့်တင်ပြသည်။)

لَقَدْ صَدَقَ اللّٰهُ رَسُوْلَهُ الرُّءْيَا بِالْحَقِّ "ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မိမိရာဇူလ်တမန်တော်၏ အိပ်မက်ကို အဖြစ်မှန်နှင့်အညီ မှန်ကန်စေတော်မူခဲ့၏။ ...."(၄၈း၂၇)။ 'ဆွစ်ဒ်ဂ်'(အမှန်တရား)သည် 'ကစ်သွိဗ်'(မုသား၊ အမှား)၏ ဆန့်ကျင်ဘက်ဖြစ်ပြီး၊ နှစ်ခု စလုံးကို မိန့်ဆိုချက်များအတွက်သုံး၏။ အကယ်၍ မိန့်ဆိုချက်တစ်ခုသည် တည်ဆဲအချက်နှင့် ကိုက်ညီပါက 'ဆွစ်ဒ်ဂ်' ဖြစ်၏။ အကယ်၍ ယင်းသည် အချက်အလက် သို့မဟုတ် တကယ့်ဖြစ်ရပ်နှင့် ကိုက်ညီမှုမရှိပါက 'ကစ်သွိဗ်'ဖြစ်လေသည်။ တစ်ခါတစ်ရံ ဤစကားလုံးအား လုပ်ရပ်များနှင့် ဆက်နွယ်၍သုံး၏။ ထိုအခါ ဤစကားလုံးသည် လုပ်ရပ်တစ်ခုကို နားလည်သဘောပေါက်ခြင်း အနက်အဓိပ္ပါယ်ရှိ၏။ ဥပမာ -رِجَالٌ صَدَقُوا مَا عَاهَدُوا اللّٰهَ (သက်ဝင်ယုံကြည်သူတို့အနက် အလ္လာဟ်အရှင်မြတ်နှင့် မိမိတို့ထားရှိခဲ့ကြသော ပဋိညာဉ်

နှင့်အညီ မှန်ကန်စွာ ပြုလုပ်ခဲ့ကြသူများလည်း ရှိကြကုန်၏။ .... ၃၃း၂၃)။ ယခုကိစ္စတွင် 'ဆွစ်ဒ်က်'ဟူသော စကားလုံးသည် သဒ္ဒါဆိုင်ရာ ကံပုဒ်နှစ်ခုကိုယူသည်။ ကြိယာ 'ဆွဒက'၏ ပထမကံပုဒ်မှာ 'ရစူလဟူ'ဖြစ်ပြီး ယင်း၏ ဒုတိယကံပုဒ်မှာ 'ရုအ်ယာ'ဖြစ်လေ သည်။ ကြိယာကဆိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် အိပ်မက်ကို မှန်ကန်စေ တော်မူခဲ့သည်ဟူ၍ ဖြစ်၏။ ဤနေရာ၌ အနာဂတ်တွင် ဖြစ်ပျက်ရန်ရှိသော အဖြစ်အပျက်ကို အတိတ်ဖြစ်ပြီးကာလဖြင့် ဖော်ပြခြင်းမှာ ဖြစ်ပျက်ခြင်း၏ သေချာမှုကြောင့်ဖြစ်လေသည်။ ဤအဖြစ်အပျက်သည် အနာဂတ်တွင် မုချဧကန် ဖြစ်ပျက်မည်ကို အားဖြည့်ပေးသည့် စကားစပ်အား မတိကျသော ကာလပြကြိယာဖြင့် ဤသို့ဖော်ပြ၏။

لَتَدۡخُلُنَّ ٱلۡمَسۡجِدَ ٱلۡحَرَامَ 'အသင်တို့သည် ထွတ်မြတ်သော ပလီဝတ်ကျောင်းတော် (မတ်စ်ဂျစ်ဒ်ဟရာမ်) ထဲသို့ မုချဧကန် ဝင်ကြလိမ့်မည်.... (၄၈း၂၇)'။ ' လတဒ်ခုလူမ်နန'ဟူသောပုဒ်ကို သရုပ်ခွဲကြည့်လျှင် အောက်ပါအတိုင်း ရရှိသည်။ အထောက်အထားများက "အထောက်အထားပြသော 'လာ'သည် သက်သေအထောက်အထား 'နူန်' မသေချာမှု (သို့မဟုတ်) နှစ်ထပ်ကွမ်းသက်သေသည် အသေချာဆုံး အနှစ်သာရအဖြစ် အားဖြည့်ထားသည်။ ဆိုလို သည်မှာ သင်သည် ထွတ်မြတ်သော ပလီဝတ်ကျောင်းတော်ထဲသို့ ဝင်ခဲ့သည်ဟု သင်၏စိတ်အာရုံ၌ ပေါ်ထင်လာသော ပုံရိပ်သည် မလွဲဧကန်ဖြစ်ပျက်လိမ့်မည်။ ဤနှစ်တွင် ဖြစ်ပျက်မည်မဟုတ်ဘဲ အနာဂတ် အချိန်တစ်ချိန်တွင် ဖြစ်ပျက်လိမ့်မည်။ အိပ်မက်၌ အချိန်ကာလ အတိအကျမပါရှိပေ။ သာဝကကြီးများ၏ စိတ်အားထက်သန်မှုက ထိုခရီးကို ထိုနှစ်၌ပင် ထွက်ခွာရန် ဆုံးဖြတ်စေခဲ့ပြီး၊ တမန်တော်မြတ်ﷺသည် ၎င်းတို့၏ဆုံးဖြတ်ချက်ကို သဘောတူခဲ့၏။ ထိုဆုံးဖြတ်ချက်ထဲတွင် အလ္လာဟ်အရှင်မြတ်၏ ပညာဉာဏ်တော် များစွာပါရှိပြီး၊ ဟုဒိုင်ဗိယဟ်သဘောတူ စာချုပ်ချုပ်ဆိုချိန်၌ သိသာထင်ရှားလာခဲ့သည်။ ဥပမာ- သာဝကကြီး အုမရ်ﷺက အခြေအနေတစ်ခုလုံးနှင့် ပတ်သက်၍ မေးခွန်းထုတ်ခြင်းဖြင့် ၎င်း၏သံသယကို ဖော်ပြခဲ့သောအခါ၊ သာဝကကြီး အဗူဗက်ရ်ﷺသည် ၎င်း၏ သံသယနှင့် မယုံသင်္ကာစိတ်ကို လျော့နည်းအောင် ပြုလုပ်ပေးခဲ့သည်။ တမန်တော်မြတ်ﷺ၏ အိပ်မက်ထဲ၌ အချိန်ကာလ အတိအကျကို သတ်မှတ်မပေးခဲ့ကြောင်း ၎င်းကပြောခဲ့၏။ အကယ်၍ ထိုကိစ္စသည် ယခုမဖြစ်ခဲ့ပါလျှင်လည်း အကြောင်းမဟုတ်၊ တစ်ချိန်ချိန်တွင် ဖြစ်လာမည်သာဖြစ်၏။ (ကုရ်တူဗီ)

အနာဂတ်အလုပ်များကို လုပ်ဆောင်ရာတွင် 'အင်ရှာအလ္လာဟ်'၏ အရေးကြီးပုံ

ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် မွတ်စလင်တို့အား အနာဂတ်အချိန်ကာလတစ်ခု၌ မုချဧကန် မက္ကာမြို့၏ ထွတ်မြတ်သော ပရဝုဏ်အတွင်းသို့ ဝင်ကြရလိမ့်မည်ဖြစ်ကြောင်း ကတိပြုတော်မူသည်။ ဤသို့ကတိပြုတော်မူရာတွင် ထိုအရှင်မြတ်သည် ဲ۬ٱللَّهُ ۡإِنشَ'အင်ရှာအလ္လာဟ်' (အကယ်၍ အလ္လာဟ်အရှင်မြတ် အလိုတူတော်မူပါလျှင်)ဟူသော စကားရပ်ကို သုံးတော်မူခဲ့၏။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏အလိုဆန္ဒကို ကောင်းစွာ သိတော်မူသည်ဖြစ်၍ ဤစကားရပ်ကိုသုံးရန် ထိုအရှင်မြတ်အဖို့ မလိုအပ်သော်လည်း ထိုအရှင်မြတ်သည် ထိုစကားရပ်ကို သုံးတော်မူခြင်းမှာ ရစူလ်တမန်တော်နှင့် လူများအား 'အင်ရှာအလ္လာဟ်'၏ အရေးကြီးပုံကို သင်ပြတော်မူရန်အတွက် ဖြစ်လေသည်။ (ကုရ်တူဗီ)

مُحَلِّقِينَ رُءُوسَكُمۡ وَمُقَصِّرِينَ".... အသင်တို့သည် မိမိတို့၏ဦးခေါင်းများကို ရိတ်ကြလျက်၊ ဆံပင်များကို ညှပ်ကြလျက် ...." (၄၈း၂၇)။ ဗုခါရီ၌ ဖော်ပြသည်မှာ ဟစ်ဂျီရီ(၆)ခုနှစ်က မပြုလုပ်လိုက်ရသော အွမ်ရတ်ကိုနောက်နှစ် [ဟစ်ဂျီရီ(၇)ခုနှစ်] ဇူလ်ကအ်ဒ ဒဟ်လတွင် ပြုလုပ်ခဲ့ပြီး၊ 'အွမ်ရတုလ်ကသွာအ်'ဟူ၍ သမိုင်းတွင် ထင်ရှားစေခဲ့လေသည်။ သာဝကကြီး မူအာဝေယဟ်ﷺက ပြောကြားသည်မှာ ၎င်းသည် တမန်တော်မြတ်ﷺ၏ ဆံတော်ကို ကပ်ကြေးဖြင့် တိ

ပေးခဲ့သည်ဟူ၏။ ဤဖြစ်ရပ်သည် 'အွမ်ရတုလ်ကသွာအ်'တွင် ဖြစ်ပျက်ခဲ့ပြီး၊ 'ဟဂ်ျဂျတုလ်ဝဒါ' (နှုတ်ဆက်ဟဂ်)၌ ဖြစ်ပျက်ခဲ့ခြင်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် 'ဟဂ်ျဂျတုလ်ဝအ်ဒါ'၌ ၎င်းသည် ဦးခေါင်းကို ရိတ်ခဲ့သောကြောင့် ဖြစ်လေသည်။ (ကုရ်တူဗီ)

فَعَلِمَ مَا لَمْ تَعْلَمُوْا "စင်စစ်မှာမူကား ထိုအရှင်မြတ်သည် အသင်တို့မသိခဲ့ကြသောအရာကို သိရှိတော်မူခဲ့၏။ ...." (၄၈း၂၇)။ ထွတ်မြတ်သော ပလီဝတ်ကျောင်းတော်သို့ဝင်၍ ထိုနှစ်တွင် မွတ်စလင်တို့ အွမ်ရဟ်ပြုလုပ်ခွင့်ရရေးသည် အလ္လာဟ် အရှင်မြတ်၏ တန်ခိုးအာဏာ၌တည်၏။ သို့ရာတွင် ယင်းကိစ္စကို နောက်နှစ်သို့ ရွှေ့ဆိုင်းခြင်း၌ အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူသည့် ကြီးကျယ်သော ဉာဏ်ပညာတော်ရှိပြီး၊ မွတ်စလင်တို့သည် အများအားဖြင့် မသိခဲ့ကြပေ။ ဤအကျိုးကျေးဇူးများအနက် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသော ခိုင်ဗရ်ကို အောင်နိုင်ခြင်းအား ဦးစွာပထမရရှိ ရမည်ဖြစ်၏။ သို့မှသာ မွတ်စလင်တို့သည် ရုပ်ဝတ္ထုရင်းမြစ်များတွင် အင်အားကြီးမားသောစစ်တပ် ဖြစ်လာနိုင်ပေသည်။ အင်အားကြီးမားသော စစ်တပ်ကြီးက ၎င်းတို့အတွက် ၎င်းတို့၏အွမ်ရဟ်ကို အေးချမ်းတည်ငြိမ်စွာ ပြုလုပ်စေနိုင်လိမ့်မည် ဖြစ်၏။ ဤသို့ကြောင့် ကုရ်အာန်က-فَجَعَلَ مِنْ دُوْنِ ذٰلِكَ فَتْحًا قَرِيْبًا 'သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် မက္ကာမြို့တော်၏ အလျင်နီးကပ်စွာသော အောင်မြင်မှုတစ်ရပ်ကို ချီးမြှင့် ပေးသနားတော်မူခဲ့၏။(၄၈း၂၇)'ဟု မိန့်ကြားခြင်း ဖြစ်လေသည်။ ذٰلِكَ 'ဒူးနသာလိက' (ထိုသည့် အလျင်)သည် دُوْنَ الرُّؤْيَا 'ဒူနရ်ရွှအ်ယာ' (ဤအိပ်မက်ပြည့်စုံပြီးမြောက်ခြင်း၏အလျင်)ကို ကိုယ်စားပြုပြီး၊ မွတ်စလင်တို့အနေဖြင့် နီးကပ်နေပြီဖြစ်သည့် ခိုင်ဗရ်အောင်နိုင်မှုကို ရယူကြရမည်ဖြစ်၏။* အချို့ပညာရှင်များ ယူဆသည်မှာ فَتْحًا قَرِيْبًا 'ဖတ္ဟဟန်ကရီဗာန်' (နီးကပ်စွာသော အောင်မြင်မှု)သည် ဟုဒိုင်ဗိယဟ် ငြိမ်းချမ်းရေးစာချုပ်ကိုယ်၌ကို ရည်ညွှန်းခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုစာချုပ်က မက္ကာမြို့ကိုအောင်မြင်ခြင်းနှင့် နောက်ဆက်တွဲအောင် မြင်ခြင်းအားလုံးအတွက် တံခါးဖွင့်ပေးခဲ့သောကြောင့်ဖြစ်၏။ နောက်ဆုံးတွင် မြင့်မြတ်သော သာဝကကြီးအားလုံးက သဘောတူစာချုပ်အား အောင်မြင်မှုအပေါင်း၏ အကြီးကျယ်ဆုံးအောင်မြင်မှုအဖြစ် အသိအမှတ်ပြုခဲ့ကြလေသည်။ အာယတ်တော်၏ ဆိုလိုရင်းမှာ အသင်တို့၏ ချီတက်ရန် ဆုံးဖြတ်ချက်၊ ထိုဆုံးဖြတ်ချက်ကို အထမြောက်အောင် မဆောင်ရွက်နိုင်ခြင်းနှင့် နောက်ဆုံးတွင် အသင်တို့၏ သိက္ခာကို ထိပါးသယောင်ရှိသော စည်းကမ်းချက်များပါဝင်သည့် ငြိမ်းချမ်းရေးသဘောတူညီချက် တစ်ရပ်သို့ ရောက်ရှိခြင်းများ၏အကွယ်မှ ပညာဉာဏ်နှင့် ကောင်းသောဦးတည်ချက် များကို အသင်တို့ မသိကြသော်လည်း အလ္လာဟ်အရှင်မြတ်သည် ကောင်းစွာကျွမ်းဝင်သိရှိပြီး ဖြစ်တော်မူ၏။ တမန်တော်မြတ်ﷺ၏ အိပ်မက်မမြင်မက်မီကပင် အသင်တို့သည် ဟုဒိုင်ဗိယဟ် ငြိမ်းချမ်းရေးသဘောတူစာချုပ် အသွင်ဖြင့် အခြားအောင်မြင်မှုတစ်ခု - နီးကပ်စွာသော အောင်မြင်မှု - ကို ချီးမြှင့်ပေးသနားခြင်းခံရမည်ဖြစ်ကြောင်းကို ထိုအရှင်မြတ် သည် ပြဋ္ဌာန်းတော်မူခဲ့ပြီးဖြစ်၏။ ဤအောင်မြင်မှု၏ရလဒ်အနေဖြင့် အားလုံးမြင်ခဲ့ကြရသည်မှာ ဟုဒိုင်ဗိယဟ်အချိန်က သာဝကကြီးများ၏ အရေအတွက်မှာ ၁၅၀၀ ထက်မပိုခဲ့သော်လည်း၊ နောက်ပိုင်းတွင် ၁၀၀၀၀ နီးပါးထိ တိုးပွားလာခဲ့ လေသည်။ (ကုရ်တူဗီ)

---

* ဤသည်မှာ လိုအပ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ခိုင်ဗရ်မှ ဂျူးများသည် မက္ကာမြို့မှ ကာဖိရ်များနှင့် လျှို့ဝှက်စွာ ပူးပေါင်း၍ တမန်တော်မြတ်ﷺ၏ ပျက်စီးရာပျက်စီးကြောင်းကို အမြဲပင်ကြံစည်လျက်ရှိခဲ့ကြသည်။ တမန်တော်မြတ်ﷺသည် တောင်ဘက်မှ မက္ကာမြို့သားများက လည်းကောင်း၊ မြောက်ဘက်မှ ခိုင်ဗရ်ဂျူးများက လည်းကောင်း ဝိုင်းထားခံရသည်ဖြစ်၍ ၎င်းတို့အနက်မှ မည်သည့်အဖွဲ့နှင့် စစ်ပွဲဆင်နွှဲသည်ဖြစ်စေ၊ နောက်ကျောဘက်မှ အန္တရာယ်ရှိ နေသည်သာဖြစ်၏။ ဟုဒိုင်ဗိယဟ် သဘောတူစာချုပ်က မွတ်စလင်တို့အဖို့တောင် ဘက်ကို စိတ်ချရစေသောကြောင့် ၎င်းတို့သည် နောက်ကျောလုံစွာဖြင့် ခိုင်ဗရ်ကိုအောင်နိုင်ရန် စွမ်းဆောင်နိုင်ကြလိမ့်မည် ဖြစ်ပေသည်။ (မုဟမ္မဒ်တကီးအွစ်မာနီ)

هُوَ الَّذِیۡۤ اَرۡسَلَ رَسُوۡلَهٗ بِالۡهُدٰی وَ دِیۡنِ الۡحَقِّ "ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင်။ ထိုအရှင်မြတ်သည် မိမိရစ်ရူလ်တမန်တော် 'မုဟမ္မဒ်ﷺအား တရားလမ်းညွှန်နှင့်တကွ လည်းကောင်း၊ မှန်ကန်သော ဒီန်သာသနာတော်နှင့်တကွ လည်းကောင်း၊ ယင်းသာသနာတော်ကို အားလုံးသော သာသနာတို့ထက်ဝယ် လွှမ်းမိုးစေတော်မူအံ့သောငှာ စေလွှတ်တော်မူခဲ့၏။ ...."(၄၈း၂၈)။ အလျင်အာယတ်တော်များတွင် အောင်နိုင်ခြင်းများနှင့် စစ်ပွဲလက်ရပစ္စည်းများ အကြောင်းကို ကတိပြုတော်မူခဲ့၏။ ဟုဒိုင်ဗိယဟ်တွင် ပါဝင်ဆင်နွှဲခဲ့သူတို့၏ အထူးဂုဏ်ရည်များနှင့် မြင့်မြတ်သော သာဝကကြီးအားလုံး၏ ယေဘုယျ ဂုဏ်ရည်များကို ရည်ညွှန်းခဲ့၏။ ထို့ပြင် ၎င်းတို့ကို ဝမ်းမြောက်ဖွယ် သတင်းကောင်းကိုလည်း ပေးတော်မူခဲ့သည်။ ယခု စူရတ်၏ နိဂုံးပိုင်းတွင် ဤအချက်များကို အတိုချုပ်ဖော်ပြကာ လေးနက်စေလေသည်။ ဤကောင်းချီးမင်္ဂလာများနှင့် ဝမ်းမြောက်ဖွယ် သတင်းကောင်းကို ပေးတော်မူခြင်းမှာ တမန်တော်မြတ်ﷺအား လက်ခံခြင်းနှင့် နာခံခြင်းများကြောင့် ဖြစ်၍ တမန်တော်မြတ်ﷺအား လက်ခံခြင်းနှင့် နာခံခြင်းများအားကောင်းလာစေရန် အာယတ်တော်က ပို၍အလေးပေး ခြင်းဖြစ်လေသည်။ တမန်တော်မြတ်ﷺ၏ တမန်တော်ဖြစ်ခြင်းကို ငြင်းပယ်ကြသူများအား ရှုတ်ချပြစ်တင်သည့်ပြင် ဟုဒိုင်ဗိယဟ်သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များကြောင့် မကျေမနပ်ဖြစ်ကြသည့် ထို မွတ်စလင်တို့၏ သံသယကိုလည်း ပြေပျောက်အောင် ပြုလေသည်။ ထို့အပြင် အာယတ်တော်က တမန်တော်မြတ်ﷺ၏ တမန်တော်ဖြစ်ခြင်းကို အတည်ပြုပြီး၊ ဝမ်းမြောက်ဖွယ် သတင်းကောင်းကို ပေးခြင်းဖြင့် အစွမ်းသတ္တိသည် အာရေးဗီး ယားတစ်ခွင် ပြန့်နှံ့လိမ့်မည်သာမက နောက်ဆုံးတွင် အခြားသော သာသနာအားလုံးအပေါ်၌လည်း လွှမ်းမိုးလိမ့်မည် ဖြစ်ကြောင်း ရဲရင့်သော ဗျာဒိတ်တော်တစ်ရပ်ကို ပေးတော်မူသည်။

مُحَمَّدٌ رَّسُوۡلُ اللّٰهِ "မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်သည်။ ...."(၄၈း၂၉)။ ကုရ်အာန်၏ယေဘုယျ ဟန်မှာ တမန်တော်မြတ်ﷺအား နာမည်ဖြင့် ရည်ညွှန်းမည့်အစား များသောအားဖြင့် ၎င်း၏ ထူးခြားဝိသေသ သို့မဟုတ် ဂုဏ်ပုဒ်ကိုဖော်ပြသည့် နာမည်တစ်ခုမဟုတ်တစ်ခုဖြင့် အာလုပ်စကားတွင် ခေါ်ဝေါ်လေ့ရှိ၏။ ဥပမာ- 'ယာအိုက်ယုဟန် နဗိယု၊ ယာအိုက်ယုဟရ်ရစူလု၊ ယာအိုက်ယုဟလ်မွဇ်ဇမ်မိလု'စသည်ဖြင့်ဖြစ်၏။ အခြားသော နဗိတမန်တော်များကိုမူ ၎င်းတို့၏ ပုဂ္ဂလိကနာမည်များဖြင့် ခေါ်လေ့ရှိ၏။ ဥပမာ- ယာအိဗ်ရာဟီမ်၊ ယာမူစာ၊ ယာအီစာ စသည်ဖြင့်ဖြစ်၏။ ကုရ်အာန်တစ်စောင်လုံးတွင် တမန်တော်မြတ်ﷺအား ၎င်း၏ပုဂ္ဂလိကနာမည် မုဟမ္မဒ်ဖြင့် (၄)ကြိမ်ခေါ်သည်။ ထိုသို့ခေါ်ရန် အကြောင်းရှိသောအခါမှသာ နာမည်ကို ခေါ်တော်မူသည်။ ဤနေရာတွင် နာမည်ကို ခေါ်ရသည့် အကြောင်းမှာ ဟုဒိုင်ဗိယဟ်ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို ရေးသားစဉ်က ကာဖိရ်တို့သည် 'ရစူလွလ္လာဟ်'ဟူသော ဂုဏ်ထူးဝိသေသကို အလ္လာဟ့်ရစူလ်တမန်တော်၏ နာမည်နှင့်တွဲ၍ သုံးစွဲခြင်းအား ကန့်ကွက်ခဲ့ကြသည်။ မက္ကာမြို့သား မုရှ်ရစ်ကျားက မုဟမ္မဒ်'ရစူလွလ္လာ'ကိုဖျက်ပြီး၊ မုဟမ္မဒ်အိဗ်နိုအဗ်ဒွလ္လာဖြင့် အစားထိုးရန် တိုက်တွန်းခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် တမန်တော်မြတ်သည် ယင်းကိုလက်ခံခဲ့၏။ သို့ရာတွင် ထိုအချိန်က အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ထဲတွင် ထူးခြားဝိသေသဖြစ်သော 'ရစူလွလ္လာဟ်' (အလ္လာဟ်အရှင်မြတ်၏ တမန်တော်)ကို ၎င်း၏ ပုဂ္ဂလိကနာမည် (မုဟမ္မဒ်)နှင့် တွဲဖက်တော်မူခြင်းဖြင့် ထိုအရှင်မြတ်၏ နောက်ဆုံးကျမ်းဂန်၊ ကျမ်းတော်မြတ် 'ကုရ်အာန်'၌ ထာဝရခိုင်မာစွာ တည်စေတော်မူကာ ထိုအတိုင်း တရားစီရင်မည့်နေ့တိုင် ရေးသား၊ ရွတ်ဖတ်ကြရလိမ့်မည် ဖြစ်ပေသည်။

...."وَ الَّذِیۡنَ مَعَهٗۤ اَشِدَّآءُ عَلَی الۡکُفَّارِ رُحَمَآءُ بَیۡنَهُمۡ تَرٰىهُمۡ رُکَّعًا سُجَّدًا یَّبۡتَغُوۡنَ فَضۡلًا مِّنَ اللّٰهِ وَ رِضۡوَانًا ၎င်းပြင် ထို 'မုဟမ္မဒ်'နှင့် အတူတကွရှိကြကုန်သော သူတို့သည် 'ကာဖစ်ရ်'သွေဖည်ငြင်းပယ်သူတို့နှင့် ပတ်သက်လျှင် ပြင်းထန်သူများ ဖြစ်ကြပြီး၊ မိမိတို့အချင်းချင်း (ဆက်ဆံရာတွင်) သနားကြင်နာသူများပင် ဖြစ်ကြကုန်၏။

အသင်သည် ၎င်းတို့အား (ရန်ဖန်ရန်ခါ) 'ရွက္ကအ်' ဦးညွှတ်ကြလျက် (ရန်ဖန်ရန်ခါ) 'စဂျ်ဒါဟ်' ပျံဝင်ပဉီးချလျက်၊ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို လည်းကောင်း၊ (ထိုအရှင်မြတ်၏) နှစ်သက်ကျေနပ်မှုကို လည်းကောင်း ဖွေရှာဆည်းပူးလျက် ရှိကြသည်ကို တွေ့မြင်ရပေမည်။ ....”(၄၈း၂၉)။ ဤနေရာမှစတင်၍ တမန်တော်မြတ်ﷺ၏ မြင့်မြတ်သော သာဝကကြီးများ၏ ဂုဏ်ရည်များကို ဖော်ပြ၏။ အာယတ်တော်၏ တိုက်ရိုက်မိန့်ကြားခြင်းခံရသူတို့မှာ ဟုဒိုင်ဗိယဟ်နှင့် 'ဗိုင်အတုရ်ရိသွဲဝါန်'တို့တွင် ပါဝင်ဆင်နွှဲခဲ့ကြသူများ ဖြစ်သော်လည်း စကားလုံးများ၏ ယေဘုယျဆန်မှုကြောင့် ဤဖော်ပြချက်၌ သာဝကကြီးအားလုံး ပါဝင်ပေသည်။ 'ဆွဟာဗီ' သို့မဟုတ် သာဝကကြီးတစ်ပါးဟူသည် အစ္စလာမ်ကို လက်ခံယုံကြည်သည့်ပြင် တမန်တော်မြတ်ﷺအား မြင်တွေ့ခဲ့ကာ အချိန်တိုလေးပင်ဖြစ်စေ ၎င်းနှင့်အတူ ရှိခဲ့သူဖြစ်၏။

မြင့်မြတ်သော သာဝကကြီးတို့၏ အရည်အသွေးများ၊ ဂုဏ်ရည်များနှင့် အထူးအမှတ်လက္ခဏာများ

ဤအခါသမယတွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်ﷺ၏ တမန်တော်ဖြစ်ခြင်းကို ဖော်ပြတော်မူသည့်ပြင် အစ္စလာမ်သည် အာရေဗီးယားတစ်ခွင် ပျံ့နှံ့မည်သာမက နောက်ဆုံးတွင် အခြားဘာသာ၊ သာသနာအားလုံးအပေါ် အောင်ပွဲခံလိမ့်မည်ဖြစ်ကြောင်း ဗျာဒိတ်ပေးတော်မူသည်။ ထိုမျှမက ထိုအရှင်မြတ်သည် မြင့်မြတ်သော သာဝကကြီးများ၏ အရည်အသွေးများ၊ ဂုဏ်ရည်များနှင့် ထူးခြားအမှတ်လက္ခဏာများကို ဖော်ပြတော်မူသည်။ ဟုဒိုင်ဗိယဟ်သဘောတူစာချုပ်အချိန်က ၎င်းတို့ဖြတ်သန်းခဲ့ကြရသည့် ပြင်းထန်သော စမ်းသပ်မှုကိုလည်း ဖော်ပြတော်မူသည်။ သဘောတူစာချုပ်သည် ၎င်းတို့၏ ခိုင်မာသော ယုံကြည်ချက်၊ နှလုံးသားမှ ခံစားချက်များနှင့် ဆန့်ကျင်သော်လည်း၊ ထွတ်မြတ်သော ပလီဝတ်ကျောင်းတော်ထဲသို့ ဝင်ခွင့်မရသည့်ပြင် အွမ်ရဟ်မပြုလုပ်ရဘဲ ပြန်ရမည်ဖြစ်သော်လည်း ၎င်းတို့သည် ဖြောင့်မတ်ခြင်းလမ်းကြောင်းမှ ဘယ်သောအခါမျှ တွေဝေယိမ်းယိုင်ခြင်း မရှိခဲ့ကြပေ။ အခွင့်အလမ်းမသာသော ဤအခြေအနေများတွင် ၎င်းတို့သည် တမန်တော်မြတ်ﷺအား ထူးထူးကဲကဲ နာခံခြင်းကိုလည်းကောင်း၊ ၎င်းတို့၏ ခိုင်မာသောယုံကြည်ချက်ကိုလည်းကောင်း ပြသခဲ့ကြလေသည်။ သာဝကကြီးများအကြောင်းကို ဤနေရာတွင် ပြည့်စုံစွာဖော်ပြရခြင်းမှာ တမန်တော်မြတ်ﷺသည် နောက်ဆုံးနဒီတမန်တော်ဖြစ်ပြီး၊ ၎င်း၏နောက် နဒီ သို့မဟုတ် ရစူလ်တမန်တော်ဟူ၍ ရှိတော့မည်မဟုတ်သောကြောင့်ဖြစ်၏။ ၎င်းသည်၎င်း၏နောက်၌ အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်နှင့် မြင့်မြတ်သော သာဝကကြီးများ၏ စံနမူနာများကို လိုက်နာရန် ချန်ထားခဲ့သည်။ ၎င်းတို့၏ ဘဝပုံစံကို အတုယူကြစေရန် သီးသန့်အမိန့်ပညတ်များ ချမှတ်ပေးတော်မူသည်။ ထို့ကြောင့်ပင် ကုရ်အာန်ကလည်း သာဝကကြီးတို့၏ ဂုဏ်ရည်များကို ဖော်ပြခြင်းဖြင့် ၎င်းတို့၏ဘဝစံနမူနာများအတိုင်း လိုက်နာကြစေရန် အားပေး၊ အလေးပေးခြင်းဖြစ်လေသည်။

သာဝကကြီးများ၏ပထမအရည်သွေးကို ဤနေရာတွင် ဖော်ပြသည်မှာ ၎င်းတို့သည် ကာဖိရ်သွေဖည်ငြင်းပယ်သူများနှင့် ပတ်သက်လျှင် ခက်ထန်သူများ ဖြစ်ကြပြီး၊ မိမိတို့အချင်းချင်းအပေါ် သနားကြင်နာသူများ ဖြစ်ကြသည်။ ၎င်းတို့သည် ကာဖိရ်များအပေါ် ခက်ထန်မာကြောကြောင်း မကြာခဏ သက်သေပြခဲ့ကြသည်။ ၎င်းတို့သည် ၎င်းတို့၏ မျိုးရိုး၊ မျိုးနွယ်တော်စပ်ပတ်သက်မှုများအား အစ္စလာမ်အတွက် စွန့်လွှတ်စတေးခဲ့ကြကြောင်းကို ဟုဒိုင်ဗိယဟ်အချိန်က လက်တွေ့ပြသခဲ့ကြသည်။ သာဝကကြီးများ၏ နူးညံ့သိမ်မွေ့မှုကို 'မုဟာဂျိရ်' (မက္ကာမြို့မှ ပြောင်းရွှေ့လာသူများ)နှင့် 'အန်ဆွာရ်' (မဒီနာမြို့မှ ကူညီသူများ)တို့၏ကြားတွင် အစ္စလာမ်ညီနောင်ဖွဲ့ခြင်း (မုအာခါဟာတ်) ပြုလုပ်စဉ်က အထူးသဖြင့် လက်တွေ့ပြသခဲ့၏။ 'အန်ဆွာရ်'တို့သည် 'မုဟာဂျိရိန်'တို့အား မိမိတို့၏ မြေယာများကို မိမိတို့နှင့်အတူ ခွဲဝေ

သုံးစွဲရန် ဖိတ်ကြားခဲ့ကြသည်။ ကုရ်အာန်က သာဝကကြီးများ၏ ဤအရည်သွေးကို ဦးစွာဖော်ပြရခြင်းမှာ ၎င်းတို့ကျင့်မှု သမျှသည် ခင်မင်ရင်းနှီးခြင်း သို့မဟုတ် မလိုမုန်းထားခြင်း၊ ချစ်ခြင်း သို့မဟုတ် မုန်းခြင်းကြောင့် မဟုတ်ဘဲ အရာရာတိုင်းသည် အကောင်းဆုံးအဓိမာန်၏ အမြင့်ဆုံးအဆင့်ဖြစ်သော အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်တို့အတွက် ဖြစ်သောကြောင့်ပင်တည်း။ ဗုခါရီမှတ်တမ်းတင်သည့် ဟဒီးဆ်တော်တစ်ရပ်၌ တမန်တော်မြတ် ﷺ မိန့်တော်မူခဲ့သည်။

من احبّ الله وابغض لله فقد استكمل ايمانه

အလ္လာဟ်အရှင်မြတ်အတွက်ချစ်ပြီး၊ အလ္လာဟ်အရှင်မြတ်အတွက်မုန်းသော အကြင်သူသည် အဓိမာန်၏ အမြင့်ဆုံးအဆင့်ကို ရရှိလေသည်။

ဤဟဒီးဆ်တော်က ဆိုလိုသည်မှာ မိမိ၏ခင်မင်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ ရန်လိုခြင်းများကို အလ္လာဟ်အရှင်မြတ်၏ အလိုတော်အောက်၌ ထားရှိသော မည်သူမဆိုသည် ၎င်း၏အဓိမာန်ကို အကောင်းဆုံးဖြစ်စေသောသူပင်ဖြစ်၏။ ထို့ပြင် သာဝကကြီးများ၏ ကာဖိရ်တို့အပေါ် ခက်ထန်ခြင်းဟူသည် ကာဖိရ်တိုင်းအပေါ် ဘယ်သောအခါမျှ နူးညံ့ကြင်နာခြင်းမရှိသည့်သဘော မသက်ရောက်ကြောင်းကို နားလည်ရ၏။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်တို့က ကာဖိရ်များနှင့် ပတ်သက်၍ မာကျောရန် အမိန့်ပေးတော်မူသောအခါ၊ ၎င်းတို့သည် ဆွေမျိုးသားချင်းတော်စပ်မှု သို့မဟုတ် ရင်းနှီးခင်မင်မှုများကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ နာခံကြသည်ဟု ဆိုလိုခြင်းဖြစ်၏။ ၎င်းတို့နှင့်ကြင်နာသော၊ သာတူညီမျှဖြစ်သော ဆက်ဆံရေးနှင့် စပ်လျဉ်း၍ ကုရ်အာန်ကိုယ်၌က ကြေညာသည်မှာ-

لَا يَنْهٰىكُمُ اللّٰهُ عَنِ الَّذِيْنَ لَمْ يُقَاتِلُوْكُمْ فِى الدِّيْنِ وَلَمْ يُخْرِجُوْكُمْ مِّنْ دِيَارِكُمْ
اَنْ تَبَرُّوْهُمْ وَتُقْسِطُوْٓا اِلَيْهِمْ ۭ اِنَّ اللّٰهَ يُحِبُّ الْمُقْسِطِيْنَ ۝

"အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အကြင်သူတို့ကို ကျေးဇူးပြုခြင်းမှလည်းကောင်း၊ တရားမျှတစွာ ဆက်ဆံခြင်းမှလည်းကောင်း၊ တားမြစ်တော်မူသည်မဟုတ်ပေ။ ထိုသူတို့သည် အသင်တို့အား "ဒီန်" သာသနာနှင့် စပ်လျဉ်း၍ တိုက်ခိုက်ခဲ့ကြသည်လည်း မဟုတ်ပေ။ အသင်တို့အား အသင်တို့၏နေအိမ်မှ နှင်ထုတ်ခဲ့ကြသည်လည်း မဟုတ်ပေ။ ဇကာနစင်စစ် အလ္လာဟ်အရှင်မြတ်သည် တရားမျှတသော သူတို့အား နှစ်သက်ချစ်တော်မူ၏။"(၆၀း၈)

အလ္လာဟ့်ရစူလ်တမန်တော်နှင့် သာဝကကြီးများက အကူအညီမဲ့၍ ဆင်းရဲချို့တဲ့ကြသော ကာဖိရ်များကို ၎င်းတို့၏ ကြင်နာမှုနှင့် စာနာယိုင်းပင်တတ်မှုများ ပြသခဲ့ကြသည့် အဖြစ်အပျက်များစွာ ရှိပေသည်။ ၎င်းတို့အား တရားမျှတခြင်း၊ သာတူညီမျှခြင်းများဖြင့် ဆက်ဆံခြင်းသည် အစွလာမ်၏ ယေဘုယျအမိန့်ပညတ်ပင်ဖြစ်၏။ တရားမျှတမှုနှင့် သာတူညီမျှမှုများကို မထေမဲ့မြင်ပြုသော လုပ်ရပ်ကို ရေကုန်ရေခမ်း တိုက်ခိုက်ကြသည့် စစ်မြေပြင်၌ပင် ခွင့်မပြုပါချေ။

သာဝကကြီးများ၏ ဒုတိယအရည်အသွေးမှာ ၎င်းတို့သည် များသောအားဖြင့် ဦးညွှတ်ခြင်းနှင့် ပျပ်ဝပ်ဦးချခြင်းများ၌ နစ်မြောနေကြခြင်းဖြစ်၏။ ပထမအရည်အသွေးသည် ၎င်းတို့၏ အဓိမာန်၌ ပြိုင်စံရှားခြင်း အမှတ်လက္ခဏာဖြစ်ပြီး၊ ဒုတိယအရည်အသွေးသည် လုပ်ဆောင်မှုများ၌ ပြိုင်စံရှားခြင်း အမှတ်လက္ခဏာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဆွလာတ်သည် ကောင်းမှုအားလုံးထဲတွင် အမြင့်မြတ်ဆုံးနှင့် ချီးမွမ်းခံထိုက်ဆုံး ဖြစ်သောကြောင့် ဖြစ်လေသည်။

سِيْمَاهُمْ فِيْ وُجُوْهِهِمْ مِّنْ اَثَرِ السُّجُوْدِ".... ၎င်းတို့၏ အမှတ်လက္ခဏာအား 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချခြင်းကြောင့် ၎င်းတို့၏မျက်နှာများတွင် ထင်ပေါ် လျက်ရှိနေပေသည်။ ...."(၄၈း၂၉)။ ဆွလာတ်သည် ၎င်းတို့ဘဝ၏ နိစ္စဓုဝ အလုပ်

ဖြစ်၍ ဆွလာတ်နှင့် စဂျ်ဒဟ်တို့၏ ထူးခြားသော အကျိုးဆက်များမှာ ၎င်းတို့၏ မျက်နှာများ၌ ထင်ရှားပေါ်လွင် လျက်ရှိပေသည်။ ဤထူးခြားသော အမှတ်လက္ခဏာများသည် အမြဲမပြတ် စဂျ်ဒဟ်ပြုလုပ်ခြင်းကြောင့် နဖူးတွင် ပေါ်ထင်သည့် အမှတ်အသားကို မုချရည်ညွှန်းခြင်း မဟုတ်ပေ။ အမှန်စင်စစ် ဤသည်မှာ စိတ်ကိုနှိမ့်ချခြင်း၊ အန္တံတာခံခြင်း၊ သိမ်မွေ့နူးညံ့ခြင်းများ၏ ရလဒ်တစ်ခုအဖြစ် ဘာသာတရား လွန်စွာကိုင်းရှိုင်းသည့်ပြင် ဝိနည်းများကို လိုက်နာသူတို့၏ မျက်နှာများပေါ်၌ သဘာဝအလျောက် ထင်ဟပ်နေသော အလင်းရောင်နှင့် လင်းဝင်းတောက်ပခြင်းကို ရည်ညွှန်းခြင်းဖြစ်၏။ အထူးသဖြင့် 'တဟဂ်ဂျုဒ်ဆွလာတ်'ကို ပုံမှန်တည်ဆောက်ခြင်းမှ ရရှိလာသော အကျိုးဆက်များထဲမှ တစ်ခုဖြစ်လေသည်။ သာဝကကြီး ဂျာဗိရ်ﷺအား ကိုးကားလျက် အိဗ်နိမာဂျဟ်တွင်ဖော်ပြသည်မှာ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့လေသည်။

من كثر صلوته بالليل حسن وجهه بالنهار

ညဉ့်၌ ဆွလာတ်ဝတ်ပြုမှုများစွာ ပြုလုပ်သောသူ၏ မျက်နှာသည် နေ့တွင်ကျက်သရေရှိလျက်ရှိ၏။

အာယတ်တော်မှ 'အမှတ်လက္ခဏာများ'ဟူသည် တရားစီရင်မည့်နေ့တွင် ဝတ်ပြုဆုတောင်းသူတို့၏ မျက်နှာများမှ ထွက်ပေါ်လာမည့် အလင်းရောင်ကို ရည်ညွှန်းခြင်းဖြစ်သည်ဟု ဟသွရတ်ဟာစန်ဗဆွဲရီﷺက ပြောကြား၏။

ذٰلِكَ مَثَلُهُمْ فِي التَّوْرٰىةِ ۚ وَمَثَلُهُمْ فِي الْاِنْجِيْلِ ۚ كَزَرْعٍ اَخْرَجَ شَطْـَٔهٗ فَاٰزَرَهٗ فَاسْتَغْلَظَ فَاسْتَوٰى عَلٰى سُوْقِهٖ يُعْجِبُ الزُّرَّاعَ لِيَغِيْظَ بِهِمُ الْكُفَّارَ ۗ وَعَدَ اللّٰهُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ مِنْهُمْ مَّغْفِرَةً وَّاَجْرًا عَظِيْمًا

"…. ထိုသည်ကား 'တောင်ရာတ်'ကျမ်းတော်၌ လာရှိသော ၎င်းတို့၏ ထူးခြားချက်ပင်။ ထိုမှတပါး 'အင်နှ်ဂျီလ်'ကျမ်းတော်၌ လာရှိသော ၎င်းတို့၏ထူးခြားချက်မှာကား (ဤသို့တည်း) မျိုးစေ့နှင့်ပမာတူ၏။ ယင်းမျိုးစေ့သည် မိမိ၏ အစို့အညှောင့်ကို ထွက်စေခဲ့၏။ ထို့နောက် မိမိအစို့အညှောင့်ကို သန်စွမ်းစေခဲ့၏။ ထို့နောက် ထိုအညှောင့်အစို့မှာ တုတ်ခိုင်၍လာပြီးလျှင် မိမိပင်ရိုး၊ ပင်တံ၊ ပင်စည်၊ ပင်မ-ပေါ်၌တည့်မတ်စွာထောင်တက်လာခဲ့ပေရာ၊ လယ်သမားတို့အားအထူးနှစ်မြို့အကြည်ဆိုက်စေခဲ့၏။ (ယင်းသို့ဖြစ်စေတော်မူခြင်းမှာ) ထို(မုဟမ္မဒ်၏ အပေါင်းအဖော်)တို့ဖြင့် 'ကာဖစ်ရ်' သွေဖည်ငြင်းပယ်သူတို့အား အမျက်ဒေါသထွက်စေရန် ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်မှာမူကား အီမာန်သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုများကို ကျင့်မူဆောက်တည်ကြကုန်သော သူတို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူရန်နှင့် ကြီးကျယ်လှစွာသော အကျိုးကို ချီးမြှင့်ပေးသနားတော်မူရန် ကတိပေးတော်မူခဲ့ပေသတည်း။"(၄၈း၂၉)။

အာယတ်တော်၏ ဤအပိုင်းက မြင့်မြတ်သော သာဝကကြီးများ၏ နဖူးပေါ်မှ ၎င်းတို့၏ ပျဉ်ဝပ်ဦးချခြင်းနှင့် ဝတ်ပြုခြင်းများ၏ အလင်းရောင်အကြောင်း ဖော်ပြချက်သည် တမန်တော်မြတ်ﷺ၏ သာဝကကြီးများအတွက် တောင်ရတ်ကျမ်း၌ ပေးထားသော ဖော်ပြချက်နှင့်အတူတူပင်ဖြစ်ကြောင်း မိန့်ဆိုသည်။ ထို့ပြင် သင်ခန်းစာပေးသည့် အခြားပုံဆောင်ဇာတ်လမ်းတစ်ပုဒ်ကို ဓမ္မကျမ်း(အင်ဂျီလ်)၌ ဖော်ပြသည်မှာ လယ်သမားတစ်ဦးသည် ၎င်း၏လယ်ကွင်းထဲ၌ မျိုးစေ့တစ်စေ့ကို စိုက်ပျိုးသောအခါ၊ အချို့တစ်ခု လွန်မြောက်ပြီးနောက် ယင်း၏ မူလပုံသဏ္ဌာန်မှ အစပိုင်းတွင် သေးငယ်သော အပ်ချောင်းကဲ့သို့ ချည့်နဲ့စွာဖြင့် အပင်ပေါက်လာသည်။ ထို့နောက် အကိုင်းအခက်များ ထွက်လာကာ ပို၍သန်စွမ်း၊ ကြီးမား၊ ရှုပ်ထွေးလာသည်။ နောက်ဆုံးတွင် အရွယ်ရောက်လာသော အခါ၊ ယင်းသည် ခြံနွယ်များထဲတွင်

အသန်စွမ်းဆုံးဖြစ်သော သစ်ပင်တစ်ပင် ဖြစ်လာလေသည်။ ထိုနည်းတူစွာ တမန်တော်မြတ်ﷺ၏ သာဝကကြီးမှာ အစပိုင်းက လွန်စွာနည်းပါးခဲ့သည်။ တစ်ချိန်က တမန်တော်မြတ်ﷺအပြင် အခြားမွတ်စလင်(၃)ဦးသာ ရှိခဲ့၏။ အမျိုးသားများထဲမှ သာဝကကြီး အဗူဗက်ရ်အဆွဲဆွစ်ဒီက်ﷺ၊ အမျိုးသမီးများထဲမှ သခင်မကြီး ခဒီဂျာﷺနှင့် ကလေးများထဲမှ သာဝကကြီးအလီﷺတို့ဖြစ်ကြသည်။မွတ်စလင်တို့၏အင်အားဖြည်းဖြည်းနှင့်မှန်မှန် ဆက်လက်ကြီးထွားလာခဲ့သည်မှာ နှုတ်ဆက်ဟာဂျ်ပြုသောအချိန်၌ တမန်တော်မြတ်ﷺနှင့်အတူ လိုက်ပါခဲ့ကြသော သာဝကကြီးများ၏ အရေအတွက်သည် တစ်သိန်းငါးသောင်း (၁၅၀၀၀၀)မျှ ရှိခဲ့ကြောင်း အဆိုရှိ၏။

ဤအာယတ်တော်၌ ဖြစ်နိုင်ခြေ(၃)ခုရှိ၏။ ပထမဖြစ်နိုင်ခြေမှာ 'ဖစ်တောင်ရဟ်'တွင် သဒ္ဒါနည်းကျ ခေတ္တရပ်တန့်ခြင်းရှိသဖြင့်၊ ယင်းက မျက်နှာများ၏ အလင်းရောင်ကို တောင်ရတ်၌ ဖော်ပြသည်ဟု ဆိုလိုသည်။ 'ဖင်လ်အင်ဂျီလ်'၌မူ သဒ္ဒါနည်းကျ ခေတ္တရပ်တန့်မှုကို မတွေ့ရသောကြောင့် ရပ်တန့်ခြင်းမပြုဘဲ ဆက်၍ဖတ်ရမည်ဖြစ်ပြီး၊ ခရစ်ဝင်ကျမ်း(theGospel)၌ သာဝကကြီးများ၏ပုံဆောင်ဇာတ်လမ်းသည်အစတွင်အလွန်ချည့်နဲ့သော်လည်း၊တဖြည်းဖြည်းကြီးထွားသန်မာလာသည့် လယ် သို့မဟုတ် သစ်ပင်တစ်ပင်အလား ဖြစ်သည်ဟု ယင်းကဆိုလိုလေသည်။

ဒုတိယဖြစ်နိုင်ခြေမှာ فِى ٱلْإِنجِيلِ 'ဖင်လ်အင်ဂျီလ်'၌ သဒ္ဒါနည်းကျ ခေတ္တရပ်တန့်မှုကို တွေ့ရသော်လည်း فِى ٱلتَّوْرَىٰةِ'ဖစ်တောင်ရဟ်'၌ မတွေ့ရသောကြောင့် ယင်း၏အဓိပ္ပါယ်မှာ ဤနေရာတွင် ၎င်းတို့၏ မျက်နှာများ၏ အလင်းရောင် ဖော်ပြချက်ကို ကုရ်အာန်ထဲကအတိုင်း တောင်ရတ်နှင့် အင်ဂျီလ်ကျမ်းနှစ်စောင်လုံးတွင် တွေ့ရသည်။ ထို့နောက် 'ကဇရ်အင်' (မျိုးစေ့မှပေါက်သော အပင်ကဲ့သို့)သည် သီးခြားပုံဆောင်ဇာတ်လမ်းတစ်ခုကို ဖော်ပြခြင်းဖြစ်နိုင်၏။

တတိယဖြစ်နိုင်ခြေမှာ မိန့်ဆိုချက်သည် 'ဖစ်တ်တောင်ရဟ်' သို့မဟုတ် 'ဖင်အ်အင်ဂျီလ်'၌ အဆုံးမသတ်ချေ။ အညွှန်းနာမ်စား 'ဇာလိက'သည် နောက်ပုံဆောင်ဇာတ်လမ်းကို ညွှန်ပြမည်ဖြစ်ပြီး၊ သာဝကကြီးများအကြောင်း ဖော်ပြချက်ကို တောင်ရတ်နှင့် ခရစ်ဝင်ကျမ်းနှစ်ခုစလုံးတွင် 'မျိုးစေ့မှပေါက်သောအပင်'ဟူ၍ပေး၏။ အကယ်၍ တောင်ရတ်နှင့် ခရစ်ဝင်ကျမ်းများသည် မူရင်းပုံစံအတိုင်း မပျက်မယွင်းရှိနေကြသေးပါက ကျွန်ုပ်တို့အနေဖြင့် ထိုကျမ်းများ၌ ပေးထားသော ပုံဆောင်ဇာတ်လမ်းများကို ကုရ်အာန်မှဇာတ်လမ်းများနှင့် နှိုင်းယှဉ်ကြည့်နိုင်မည်ဖြစ်ပြီး၊ ယင်း၏အဓိပ္ပါယ်အတိအကျကို ဆုံးဖြတ်နိုင်ခဲ့ကြလိမ့်မည်ဖြစ်၏။ သို့ရာတွင် ယနေ့ခေတ် တောင်ရတ်နှင့် အင်ဂျီလ်တို့သည် ပြောင်းလဲခြင်း၊ ပုံဖျက်ခြင်းများစွာ ခံရပြီးဖြစ်သဖြင့် ယင်း၏အဓိပ္ပါယ်မှန်ကို မည်သည့်သေချာမှုဖြင့်မှ မဆုံးဖြတ်နိုင်တော့ပေ။ သို့ပင်ငြားလည်း ရှင်းလင်းဖွင့်ဆိုသူ အများစုက ပထမဖြစ်နိုင်ခြေကို ပို၍သဘောကျကြ၏။ ယင်းဖြစ်နိုင်ခြေအရ ပထမဖော်ပြချက်ကို တောင်ရတ်၌ တွေ့ရပြီး၊ ဒုတိယပုံဆောင်ဇာတ်လမ်းကို အင်ဂျီလ်၌ တွေ့ရခြင်းဖြစ်၏။ အီမာမ်ဗဂဝီကဆိုသည်မှာ သာဝကကြီးများအကြောင်း ဖော်ပြချက်ကို အင်ဂျီလ်၌ အောက်ပါအတိုင်း တွေ့ရသည်။ အစတွင် ၎င်းတို့သည် အရေအတွက်အားဖြင့် နည်းပါးခဲ့ကြသည်။ ထို့နောက် အရေအတွက်များလာပြီး အင်အားတောင့်တင်းလာခဲ့သည်။ ကတာဒဟ်က အောက်ပါအတိုင်းအင်ဂျီလ်မှထုတ်နှုတ်ကိုးကား၏။ထိုကဲ့သို့သော လူများပေါ်ထွက်လာပြီး၊အပင်တစ်ခုသဘွယ်ကြီးထွားလာမည်။ ၎င်းတို့သည် ကောင်းသောအလုပ်များကို ပြဋ္ဌာန်းကြပြီး၊ မကောင်းသော အလုပ်များကို တားမြစ်ကြလိမ့်မည်။'(မဇ်ဟရီ)။ ယနေ့ခေတ်တောင်ရတ်နှင့် ခရစ်ဝင်ကျမ်းတို့၌ ပြင်ဆင်ပြောင်းလဲမှုများစွာ ပါရှိသော်လည်း အောက်ပါကြိုတင်ဟောကိန်းကို တွေ့ရပေသည်။

"ထာဝရဘုရားသည် သိနာတောင်ပေါ်က ကြွတော်မူ၏။ စိရအရပ်မှ ထိုလူတို့အား နေထွက်တော်မူ၏။ ပါရန်တောင်ပေါ်က ရောင်ခြည်ထွန်းပတော်မူ၍ သန့်ရှင်းသောသူ အထောင်အသောင်းတို့နှင့်အတူ ကြွတော်မူ၍ ခမ္မမီးသည် ကွာသရေလ လူတို့အဘို့၊ လက်ျာလက်တော်မှ ထွက်လေ၏။ - အကယ်၍စင်စစ် ထိုလူမျိုးကို ချစ်တော်မူ၏။ မိမိ သန့်ရှင်းသူအပေါင်းတို့သည် အထံတော်အပါးတွင်ရှိကြ၏။ သူတို့သည် ခြေရင်းတော်၌ ပျံဝပ်၍ စကားတော်တို့ကို နာခံကြလေ၏။"

(တရားဟောရာကျမ်း ၃၃း၂-၃) (ဆရာယုဒဿန်၏ ထာဝရဘုရား၏ သမ္မာကျမ်း ဘာသာပြန်မှ)

ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း မက္ကာမြို့ကို အောင်နိုင်ချိန်က ခလီလ်အိဗ်ရာဟင်မ်ﷺ၏ မြို့တော်(မက္ကာ)တွင်းသို့ ၎င်း၏ပေါ်ထွန်းရာသည် ပါရန်တောင် (ဟီရာလိုဏ်ဂူတည်ရှိသည့်တောင်)မှ ဖြစ်သော၊ အလင်းရောင်၏ ပြယုဂ်ဖြစ်သော တမန်တော်မြတ်ﷺနှင့်အတူ ဝင်ခဲ့ကြသူများမှာ သာဝကကြီးတစ်သောင်းရှိခဲ့၏။ 'ၔင်း၏လက်ထဲတွင် အလွန်ပြင်းထန်ပြီး ထိပါး၍မရသောဥပဒေ (ရှရီအဟ်)'ဟူသော ဖော်ပြချက်က 'اَشِدَّاءُ عَلَى الْكُفَّارِ' 'ကာဖိရ်တို့နှင့် ပတ်သက်လျှင် ပြင်းထန်မာကျောသော'ကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ 'ၔင်းသည် ၔင်း၏လူများကို ချစ်ခင်လိမ့်မည်။' ဟူသော ဖော်ပြချက်သည် 'رُحَمَاءُ بَيْنَهُمْ' 'တစ်ဦးကိုတစ်ဦး မေတ္တာတရားကြီးမားသော'ဟု နားလည်ရ၏။ အသေးစိတ်များကို အခြားကိုးကားချက်များနှင့်အတူ 'အိဇ္ဇာဟာရွလ်ဟက်'၊ တွဲ-၃၊ ခန်း-၆၊ စာ-၂၅၆ တွင် ဖော်ပြထား၏။ ဤစာအုပ်ကို မောင်လာနာ ရဟ်မတွလ္လာဟ် ကိုင်ရာန်ဝီက ဘုန်းတော်ကြီးဖေါင်ဒါအား ချေပရေးသားခဲ့သည်။ ဤစာအုပ်တွင် အင်ဂျီလ်၏ ပုံဆောင်ဇာတ်လမ်းအား အောက်ပါအတိုင်း ကိုးကားဖော်ပြ၏။

"အခြားသော ဥပမာစကားကို မိန့်မြွက်တော်မူသည်ကား၊ ကောင်းကင်နိုင်ငံတော်သည် လယ်၌စိုက်သော မုန်ညင်းစေ့နှင့်တူ၏။မုန်ညင်းစေ့သည်အစေ့တကာတို့ထက်ငယ်သော်လည်းကြီးပွားသောအခါမြက်ပင်တကာတို့ထက်ကြီးသဖြင့် မိုးကောင်းကင်ငှက်တို့သည်လာ၍ အကိုင်းအခက်တို့၌ နားနေမှခြိုလောက်သောအပင် ဖြစ်တတ်သည်ဟု မိန့်တော်မူ၏။"

"အခြားဥပမာစကားကို မိန့်မြွက်တော်မူသည်ကား ကောင်းကင်နိုင်ငံတော်သည် တဆေးနှင့်တူ၏။ မိန်းမသည် တဆေးကိုယူ၍ မုန့်ညက်သုံးတင်း၌ ထည့်သဖြင့် မုန့်ညက်ရှိသမျှကို ဖောင်းကြွစေတတ်သည်ဟု မိန့်တော်မူ၏။" ရှင်မသဲခရစ်ဝင် (၁၃း၃၁-၃၃)

အောက်ပါစာပုဒ်ကို အိဇ္ဇာဟာရွလ်ဟက်၊ တွဲ-၃၊ ခန်း-၆၊ စာ-၃၁၀၊ Mark ၄း၂၆-၂၉ မှ ထုတ်နုတ်ကိုးကားသည်။

"ထိုမှတပါး လူသည် လယ်၌မျိုးစေ့ကြဲပြီးမှ နောက်တစ်ဖန် မိမိမကြည့်မမှတ်၊ ညဉ့်နေ့၊ အိပ်လျက်၊ နိုးလျက် နေသော်လည်း အပင်ပေါက်၍ ကြီးပွားသည်နှင့် ဘုရားသခင်နိုင်ငံတော်တူ၏။ မြေကြီးသည် မိမိအလိုအလျောက် အသီးကိုသီးစေ၍ ရှေ့ဦးစွာ အညောင့်၊ ထို့နောက် အနှံ၊ ထို့နောက် အနှံထဲမှာအောင်မာသောအဆန်းကို ဖြစ်စေတတ်၏။ အသီးမှည့်၍ ရိတ်ချိန်ရောက်သော အခါ အောင်မာသောအဆန်းကို တံစဉ်နှင့်ရိတ်စေတတ်သည်ဟု မိန့်တော်မူ၏။"

ရှင်မာကုခရစ်ဝင်၊ (၄း၂၆-၂၉)

ဤကိုးကားချက်များကို (ဆရာယုဒဿန်၏ ထာဝရဘုရား၏ သမ္မာကျမ်းမှယူ၏။)

ခရစ်ဝင်ကျမ်းတွင် အချိန်အခါအမျိုးမျိုးဦးသုံးသည့် 'ကောင်းကင်နိုင်ငံတော်'ဟူသော အသုံးအနှုန်းသည် နောက်ဆုံးတမန်တော်ကို ရည်ညွှန်းဟန်တူပေသည်။ အလ္လာဟ်အရှင်မြတ်အသိဆုံး ဖြစ်တော်မူသည်။

لِيَغِيظَ بِهِمُ الْكُفَّارَ"....(ယင်းသို့ဖြစ်စေတော်မူခြင်းမှာ) ထို (မုဟမ္မဒ်၏ အပေါင်းအဖော်)တို့ဖြင့် 'ကာဖစ်ရ်' သွေဖည်ငြင်းပယ်သူ တို့အား အမျက်ဒေါသထွက်စေရန် ဖြစ်ပေသည်။ ...."(၄၈း၂၉)။ အလ္လာဟ်အရှင်မြတ်သည် သာဝကကြီးတို့၏ အရည်အသွေးများဖြင့် ၎င်းတို့၏ ထူးခြားမှုကို ဖော်ပြတော်မူသည်။ ထိုအရှင်မြတ်သည် ၎င်းတို့အား ချည့်နဲ့နေရာမှ သန်စွမ်းစေတော်မူသည့်ပြင် နည်းပါးသော အရေအတွက်မှ ကြီးမားများပြားသော အရေအတွက်သို့ တိုးပွားစေတော်မူသည်။ အစွမ်းသတ္တိနှင့်မွတ်စလင်တို့၏ကြီးထွား၊ ကျယ်ပြန့်လာခြင်းကို မြင်ပြီး၊ ကာဖိရ်များက ၎င်းတို့ အပေါ် ဒေါသအမျက်ထွက်ပြီး၊ မနာလိုဖြစ်ကာ ဝန်တိုမိစ္ဆာမီးထဲ၌ လောင်ကျွမ်းခဲ့ကြသည်။ အဗူအူရ်ဝဟ်ဖုဗိုင်ရီကဆိုသည်မှာ ၎င်းသည် အီမာမ်မာလစ်၏စကားဝိုင်းတစ်ခု၌ ထိုင်နေခဲ့စဉ် ပုဂ္ဂိုလ်တစ်ဦးက သာဝကကြီးများအား သေးသိမ်စေမည့် စကားကို ပြောကြားခဲ့သည်။ အီမာမ်မာလစ်က ဤအာယတ်တော် တစ်ပါးလုံးကိုရွတ်ဖတ်ခဲ့၏။ 'ဤသို့ဖြင့် ထိုအရှင်မြတ်သည် ၎င်းတို့အားဖြင့် ကာဖိရ်တို့အား အမျက်ဒေါသထွက်စေရန် ဖြစ်တော်မူသည်(၂၉)။' အဝိဒ်သို့ ရောက်သောအခါ၊ ၎င်းက ဤသတိပေးချက်တွင် သာဝကကြီးများကို သေးသိမ်အောင်ပြုသော မည်သူမဆို အကျုံးဝင်သည်ဟု ပြောကြားခဲ့၏။(ကုရ်သုဗီ) သို့သော် ထိုကဲ့သို့သော ပုဂ္ဂိုလ်သည် ကာဖိရ်ဖြစ်သည်ဟု အီမာမ်မာလစ်က မဆိုခဲ့ပေ။ ထိုကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦး၏အပြုအမူသည် ကာဖိရ်တစ်ဦး၏ အပြုအမူအလားဖြစ်၏ဟုဆိုလိုခြင်းသာဖြစ်ပေသည်။

وَعَدَ اللّٰهُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ مِنْهُمْ مَّغْفِرَةً وَّ اَجْرًا .... အလ္လာဟ်အရှင်မြတ်မှာမူကား 'အီမာန်' သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုများကို ကျင့်မူဆောက်တည် ကြကုန်သော သူတို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူရန်နှင့် ကြီးကျယ်လှစွာသော အကျိုးကို ချီးမြှင့်ပေးသနားတော်မူရန် ကတိပေးတော်မူခဲ့ပေသတည်း။"(၄၈း၂၉)။ 'မင်နဟွမ်'ဟူသော စကားရပ်မှ ဝိဘတ် 'မင်နဲ'သည် ကုရ်အာန်ဆိုင်ရာ ပညာရှင်ဆန်သော ယူဆချက်အရ အသေးစိတ်ရှင်းပြမှုတစ်ခု သို့မဟုတ် 'မင်နဲလင်လ်ဗယာန်' သို့မဟုတ် 'တဗ်ယီန်'ဖြစ်၏။ ထို့ကြောင့် ထိုအရှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်မှု၌ စိတ်စေတနာဖြူစင်ပြီး၊ အကျင့်သီလကောင်းမြတ်သော မွတ်စလင်တို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူပြီး၊ အကျိုးဆုလာဘ်ကြီးမားစွာ ချီးမြှင့်တော်မူမည်ဟု ကတိပြုတော်မူခြင်းကို ဆိုလိုပေသည်။ သာဝကကြီးအားလုံးသည် ခြွင်းချက်မရှိ သက်ဝင်ယုံကြည်ပြီး၊ ဖြောင့်မတ်မှန်ကန်သော လုပ်ရပ်များကို လုပ်ဆောင်ကြကြောင်းကို ဝိဘတ်'မင်နဲ'က ထင်ရှားအောင်ပြု၍ ရှင်းပြသည်။ ဤအာယတ်တော်က အသေးစိတ် ရှင်းပြသည့် ဒုတိယအချက်မှာ အလ္လာဟ်အရှင်မြတ်သည် အားလုံးကို အကြွင်းမဲ့ခွင့်လွှတ်တော်မူပြီး၊ ကြီးကျယ်သော အကျိုးဆုလာဘ်ကို ချီးမြှင့်တော်မူခြင်းဖြစ်၏။ 'မင်နဲလင်လ်ဗရာန်' သို့မဟုတ် 'တဗ်ယီန်'ကို ကုရ်အာန်၌ မကြာခဏ အသုံးပြု၏။ ဥပမာ-فَاجْتَنِبُوا الرِّجْسَ مِنَ الْأَوْثَانِ وَاجْتَنِبُوا قَوْلَ الزُّورِ " .... သို့ဖြစ်ပေရာ အသင်တို့သည် ဆင်းတုများတည်းဟူသော အညစ်အကြေးမှ ရှောင်ရှားကြလေကုန်။ ထိုမှတပါး အသင်တို့သည် မုသားပြောဆိုခြင်းမှလည်း ကြဉ်ရှောင်ကြလေကုန်။" (၂၂း၃၀)ဟူသော အမိန့်တော်၌ ဝိဘတ်'မင်နဲ'က မထင်ရှားသောနာမ်ဖြစ်သည့် 'ရစ်ဂျိစ်'ကို ရုပ်တုများဟု ရည်ညွှန်းကြောင်း အသေးစိတ်ရှင်းပြ၏။ ထိုနည်းတူ ဝိဘတ်ပုဒ်ဖြစ်သည့် 'မင်နဲဟူမ်'သည် ဤနေရာတွင် 'သက်ဝင်ယုံကြည်သူများ'၏ ရှင်းလင်းချက်ဖြစ်၏။ သို့ရာတွင် 'ရဝါဖစ်သွဲ'တို့က ဝိဘတ်'မင်နဲ'အား (ပြည့်စုံသော)တစ်ခုမှ အပိုင်းတစ်ပိုင်းအဖြစ် ယူဆကြသည်။ ဆိုလိုသည်မှာ ခွင့်လွှတ်ခြင်းနှင့် ကြီးကျယ်သော အကျိုး ဆုလာဘ် ကတိတော်သည် သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမြတ်သော အလုပ်များကို လုပ်ဆောင်ကြသူများ အစိတ်အပိုင်းတစ်ခုကိုသာ အကျိုးသက်ရောက်စေမည်ဖြစ်၏။ ဤသည်မှာ ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာနှင့် လုံးဝသဟဇာတမဖြစ်သည့်ပြင် အထက်မှ အာယတ်တော်များနှင့် ဝိရောဓိဖြစ်၍နေပေသည်။ ဤအာယတ်တော်က သာဝကကြီးအားလုံးကိုဆိုလိုကြောင်း ယုံမှားဖွယ်မရှိ သဘောပေါက်စေသည့် သို့ရာတွင် ဤအာယတ်တော်၏ လက်ငင်းအကျုံးဝင်မှုသည် ဟုဒိုင်ဗိယဟ်နှင့်

ရိသ္ဓဝါန်ပဋိညာဉ်တွင် ပါဝင်ခဲ့ကြသူများဖြစ်ကြသည်။ အလျင်အာယတ်တော်များတွင် ၎င်းတို့သည် မိမိ၏ကျေနပ်နှစ်သက်မှုကို ရရှိကြကြောင်း အလ္လာဟ်အရှင်မြတ်က ကြေညာတော်မူခဲ့ပြီး ဖြစ်၏။

لَقَدْ رَضِيَ اللَّهُ عَنِ الْمُؤْمِنِينَ إِذْ يُبَايِعُونَكَ تَحْتَ الشَّجَرَةِ

"(အို နဗီတမန်တော်) 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူတို့သည် သစ်ပင်အောက်တွင် အသင်နှင့် 'ဗိုင်အတ်' ပြုနေကြစဉ်အခါ၌ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အပေါ်ဝယ်ကျေနပ်တော်မူခဲ့၏။ ...."(၄၈း၁၈)

ဤအာယတ်တော်က ၎င်းတို့အားလုံးသည် ၎င်းတို့၏အဓိမာန်နှင့် အကျင့်သီလဖြူစင်ခြင်းများ၌ မြဲမြံစွာရှိကြလိမ့်မည်ဖြစ်ကြောင်း အာမခံချက်တစ်ခု ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းကို သိတော်မူပြီး၊ မည်သည့်အချိန်၌ မည်သည့်အရာများ ဖြစ်ပျက်လာလိမ့်မည်ကို ကောင်းစွာသိရှိတော်မူပေသည်။ အကယ်၍ တစ်ဦးတစ်ယောက်သည် တစ်ချိန်ချိန်တွင် အဓိမာန်ကို ကျာခိုင်းလိမ့်မည်မှန်း သိတော်မူပါက ထို အရှင်မြတ်သည် မိမိ၏ကျေနပ်နှစ်သက်မှုကို ဘယ်သောအခါမျှ ကြေညာတော်မူလိမ့်မည် မဟုတ်ပါချေ။ အိဗ်နိုအဗ်ဒွလ်ဗာရ်က ၎င်း၏စာအုပ် 'အစ်တိအားဗ်'၌ ဤအာယတ်တော်ကို ထုတ်နုတ်ကိုးကား၍ ရေးသားသည်မှာ-

ومن رضي الله عنه لم يسخط عليه أبدًا

'အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်တော်မူသောသူအား ထိုအရှင်မြတ်သည် ဘယ်သော အခါမျှ သဘောမကျ ဖြစ်တော်မူလိမ့်မည် မဟုတ်ပေ။'

ဤအာယတ်တော်ပေါ် အခြေခံလျက် တမန်တော်မြတ် ﷺ မိန့်တော်မူခဲ့သည်မှာ ရိသ္ဓဝါန်ပဋိညာဉ်တွင် ပါဝင်ခဲ့သူများအနက် မည်သူမျှ ငရဲမီးတွင်းသို့ ဝင်ရလိမ့်မည်မဟုတ်ပေ။ မူလကတည်းက ခွင့်လွှတ်ခြင်းနှင့် ကြီးကျယ်သော အကျိုးဆုလာဘ်များကိုကတိပြုခံထားရသူများထဲမှတချို့ကိုဖယ်ထုတ်ရန်မှာ လုံးဝယုတ္တိမရှိပေ။ ထို့ကြောင့်မြင့်မြတ်သော သာဝကကြီးအားလုံးသည် သမာသမတ်ကျသော၊ အစွဲကင်းသော၊ ယုံကြည်မှုနှင့် ထိုက်တန်သောသူများ ဖြစ်ကြောင်းကို အွမ္မတ်ကြား၌ တစ်သဘောတည်း ရှိလေသည်။

သာဝကကြီးအားလုံးသည် ဂျန္နတ်သုခဘုံသားများ ဖြစ်ကြ၏။ ၎င်းတို့၏ အပြစ်များသည် ခွင့်လွှတ်ခြင်းခံရပြီး၊ ၎င်းတို့အား သေးသိမ်အောင် ပြုလုပ်ခြင်းသည် အကြီးစားအပြစ်ဖြစ်လေသည်။

ဤအချက်ကို ကုရ်အာန်အာယတ်တော်များစွာက သက်သေခံသည်။ အချို့အာယတ်တော်များမှာ ဤစူရဟ်ထဲမှ ဖြစ်ကြသည်။ ဥပမာ-

لَقَدْ رَضِيَ اللَّهُ عَنِ الْمُؤْمِنِينَ

အလ္လာဟ်အရှင်မြတ်သည် မုအ်မင်သက်ဝင်ယုံကြည်သူတို့အပေါ်ဝယ် ကျေနပ်တော်မူခဲ့၏။(၄၈း၁၈)

أَلْزَمَهُمْ كَلِمَةَ التَّقْوَىٰ وَكَانُوا أَحَقَّ بِهَا وَأَهْلَهَا

၎င်းပြင်အလ္လာဟ်အရှင်မြတ်သည်၎င်းတို့အား(တာက်ဝါ)တရားပေါ်၌ရပ်တည်စေတော်မူခဲ့၏။ စင်စစ် သော်ကား ထိုသူတို့သည် ယင်းစကားနှင့် ထိုက်တန်သူများသည် လည်းကောင်း၊ ကိုက်ညီသူများသည် လည်းကောင်း ဖြစ်ခဲ့ကြကုန်၏။ (၄၈း၂၆)

ထို့ပြင် အခြားစူရဟ်များတွင် ပါရှိသော အာယတ်တော်များစွာ၌ ထိုအဆင့်အတန်းကိုပင် သာဝကကြီးအားလုံးအတွက် အတည်ပြုပေသည်။

يَوْمَ لَا يُخْزِى اللّٰهُ النَّبِيَّ وَالَّذِينَ آمَنُوا مَعَهُ

ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်မြတ်အား လည်းကောင်း၊ ထိုနဗီတမန်တော်မြတ်နှင့်အတူ သက်ဝင်ယုံကြည်ခဲ့ကြသူတို့အား လည်းကောင်း ကျိုးယုတ်ရှက်ရ ဖြစ်စေတော်မူလိမ့်မည် မဟုတ်ပေ။ (၆၆း၈)

وَالسَّابِقُونَ الْأَوَّلُونَ مِنَ الْمُهَاجِرِينَ وَالْأَنصَارِ وَالَّذِينَ اتَّبَعُوهُم بِإِحْسَانٍ
رَّضِيَ اللَّهُ عَنْهُمْ وَرَضُوا عَنْهُ وَأَعَدَّ لَهُمْ جَنَّاتٍ تَجْرِي تَحْتَهَا الْأَنْهَارُ

ရှေးဦးပထမဖြစ်ကြကုန်သော ပြောင်းရွှေ့နေထိုင်ကြသူ (မုဟာဂျိရိန် သာဝကကြီး)များသည် လည်းကောင်း၊ ကူညီပံ့ပိုးကြသူ (အန်ဆွာရ် သာဝကကြီး)များသည် လည်းကောင်း၊ ထိုမုဟာဂျိရိန်နှင့် အန်ဆွာရာတို့၏ နောက်သို့ ကောင်းမွန်စွာ လိုက်ခဲကြသူများသည် လည်းကောင်း အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အပေါ်၌ ကျေနပ်တော်မူခဲ့ကြလေပြီ။ ထိုသူတို့သည်လည်း ထိုအရှင်မြတ်အပေါ်၌ ကျေနပ်ခဲ့ကြလေပြီ။ ၎င်းပြင် ထိုအရှင်မြတ်သည် ၎င်းတို့အဖို့ ဥယျာဉ်များကို အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူခဲ့လေသည်။ ထိုဥယျာဉ်များ၏အောက်၌ စမ်းချောင်းများ စီးတွေ လျက်ရှိကြပေသည်။ (၉း၁၀၀)

ထို့ပြင် စူရဟ်အလ်ဟဒီဒ်တွင် အလ္လာဟ်အရှင်မြတ်သည် သာဝကကြီးများအား အောက်ပါအတိုင်း ကတိပြုတော်မူ၏။

وَكُلًّا وَعَدَ اللّٰهُ الْحُسْنٰى

"စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အားလုံးကိုပင် 'ဟတ်စ်နာ' (ကောင်းကျိုး)ပေးတော်မူရန် ကတိပေးတော်မူခဲ့၏။ ...."(၅၇း၁၀)

ထို့ပြင် ဟွစ်နာနှင့်ပတ်သက်၍ စူရဟ်အန်ဗီယာအ်၌ မိန့်ကြားတော်မူသည်မှာ-

اِنَّ الَّذِيْنَ سَبَقَتْ لَهُمْ مِّنَّا الْحُسْنٰٓى ۙ اُولٰۗىِٕكَ عَنْهَا مُبْعَدُوْنَ ۙ

ဇကန်မလွှဲအကြောင်းသူတို့သည် ငါအရှင်မြတ်ထံတော်မှ မူလကပင် ထိုသူတို့အဖို့ ကောင်းကျိုး(သတင်း)ပြဋ္ဌာန်းပြီးဖြစ်၏။ ထိုသူတို့သည် ယင်းဂျဟန္နမ်ငရဲဘုံမှ ဝေးစေခြင်းကို ခံကြရမည့်သူများပင် ဖြစ်ကြပေလိမ့်မည်။ (၂၁း၁၀၁)

တမန်တော်မြတ် မိန့်တော်မူခဲ့ကြောင်း လာရှိသည်မှာ-

خير القرون قرنى ثم الّذين يلونهم ثمّ الذين يلونهم

'မျိုးဆက်များအနက် ကျွန်ုပ်၏မျိုးဆက်သည် အကောင်းဆုံးဖြစ်၏။ ထို့နောက် ယင်း၏နောက်မှကပ်လျက် မျိုးဆက်၊ ထို့နောက် ယင်း၏မျိုးဆက်ဖြစ်၏။'(ဗုခါရီ)

ဟဒီးဆ်တော်တစ်ရပ်၌ တမန်တော်မြတ် မိန့်တော်မူကြောင်း လာရှိသည်မှာ 'ကျွန်ုပ်၏သာဝကကြီးများကို ပုတ်ခတ်ဝေဖန်ခြင်း မပြုကြကုန်လင့်။ အဘယ်ကြောင့်ဆိုသော် သင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် အုဟူဒ် တောင်မျှ များပြားသောရွှေကို ထောက်ပံ့ကူညီသည့်တိုင် ၎င်းတို့ထဲမှ တစ်ဦးတစ်ယောက်၏ 'မဒ္ဒ' သို့မဟုတ် ယင်းမဒ္ဒ၏တစ်ဝက်ကိုပင် မီနိုင်လိမ့်မည် မဟုတ်ပေ။' (ဗုခါရီ) တစ်'မဒ္ဒ'သည် အာရေဗီးယား၌ ဟန္ဒဖီစက်ဟ်အရ ၁.၀၃၂ လီတာ သို့မဟုတ် ၈၁၅.၃၉ ဂရမ်နှင့် ညီမျှပြီး၊ အခြားအဓိကဂိုဏ်းကြီး သုံးဂိုဏ်း၏ အဆိုအရ ယင်းသည် ၀.၆၈၇ လီတာ

သို့မဟုတ် ၅၄၃ ဂရမ်နှင့်ညီမျှ၏။ ခိုင်မာသော ဆင့်ပြန်သူကွင်းဆက်ဖြင့် ဗဇ္ဇားရ်က မှတ်တမ်းတင်သည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ 'တစ်လောကလုံးရှိ လူအားလုံးထဲမှ ကျွန်ုပ်၏သာဝကကြီးများကို အလ္လာဟ်အရှင်မြတ်က ရွေးချယ်တော်မူခဲ့၏။ ထိုအရှင်မြတ်သည် သာဝကကြီး အားလုံးထဲမှ အဗူဗက်ရ်၊ အုမရ်၊ အွစ်မာန်နှင့် အလီ ﷺ သာဝကကြီး(၄)ပါးကို ကျွန်ုပ်အတွက် ရွေးချယ်ပေးတော်မူခဲ့လေသည်။' (ကြည့်- ဂျွမ္မလ်ဖဝါအ်ဒ်)

အဗ်ဒွလ္လာအိဗ်နမူဂဖဇလ်ﷺအား ကိုးကားလျက် တိရ်မိဒီ၌ မှတ်တမ်းတင်သည့် ဟဒီးဆ်တော်တစ်ရပ် ရှိပေသည်။ ထိုဟဒီးဆ်တော်တွင် တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။

الله الله فی اصحابی لا تتخذوهم غرضا من بعدی فمن احبّهم فبحبّی احبّهم ومن ابغضهم فببغضی ابغضهم ومن اذاهم فقد اذانی ومن اذانی فقد اذی الله ومن اذی الله فیوشك ان یأخذه

(راه الترمذی عن عبد الله بن المغفل از جمع الفوائد)

အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြကုန်လော့။ ကျွန်ုပ်၏သာဝကကြီးများနှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင် မြတ်အား ကြောက်ရွံ့ကြကုန်လော့။ ကျွန်ုပ်မရှိတော့သည့်နောက် ၎င်းတို့အား အသင်တို့၏ ဝေဖန်စရာပစ်မှတ်များအဖြစ် မပြုကြလေနှင့်။ ၎င်းတို့ကို ချစ်ခင်သောသူသည် ကျွန်ုပ်အား ချစ်ခင်သောကြောင့်ဖြစ်၏။ ၎င်းတို့ကို မုန်းတီးသောသူသည် ကျွန်ုပ်အား မုန်းတီးသောကြောင့်ဖြစ်၏။ ထို့ပြင် ၎င်းတို့ကို ထိခိုက်အောင် ပြုလုပ်သောသူသည် ကျွန်ုပ်အား ထိခိုက်အောင်ပြုလုပ်ခြင်းဖြစ်၏။ ကျွန်ုပ်အား ထိခိုက်စေသူသည် အလ္လာဟ်အရှင်မြတ်ကို ထိခိုက်စေခြင်းပင်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်အား ထိခိုက်စေလိုသောသူသည် မကြာမီ ထိုအရှင်မြတ်၏ ပြစ်ဒဏ်ပေးခြင်းကို ခံရလိမ့်မည် ဖြစ်ပေသည်။

ကျွန်ုပ်သည် 'မကာမီဆွဟာဗဟ်'အမည်ဖြင့် စာအုပ်တစ်အုပ် ရေးသားပြုစုခဲ့ပြီး၊ ထိုအထဲတွင် သာဝကကြီးများ၏ အဆင့်အတန်းနှင့် စပ်လျဉ်းသော ကုရ်အာန်အာယတ်တော်များနှင့် တမန်တော် ဟဒီးဆ်တော်များကို စုဆောင်းဖော်ပြထား၏။ ဤစာအုပ်ကို အူရဒူဘာသာဖြင့် ပုံနှိပ်ထုတ်ဝေပြီးဖြစ်၏။ သာဝကကြီးအားလုံးသည် အကျင့်သီလကောင်းမွန်ပြီး၊ ယုံစားထိုက်သူများ ဖြစ်ကြသည့်အချက်ကို အွမ္မတ်ကသဘောတူထောက်ခံပေသည်။ ဤစာအုပ်တွင် ၎င်းတို့၏ သဘောထားချင်း ကွဲလွဲမှုများနှင့် ၎င်းတို့ကြားမှ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်များအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားသည့်ပြင် မွတ်စလင်ဝေဖန်ရေးသမားတစ်ဦးအနေဖြင့် ဆွဟာဗဟ်တို့၏ မတူကွဲပြားချက်များကို မည်သို့ မည်ပုံကိုင်တွယ်သင့်သည်ကိုလည်းကောင်း၊ ထိုအကြောင်းကိုအခြေအတင်ငြင်းခုံစရာနှင့် စုံစမ်းစစ်ဆေးစရာအကြောင်း တစ်ရပ်အဖြစ် ပြုလုပ်သင့်ပါ၏လား သို့မဟုတ် ၎င်းတို့အား ဝေဖန်ခြင်းမှ ရှောင်ရှားသင့်ပါ၏လား ဆိုသည်ကို ရှင်းပြထား၏။ ဤအကြောင်းများထဲမှ အချို့ကို စူရဟ်မုဟမ္မဒ်၏ရှင်းလင်းဖွင့်ဆိုချက်၌ လိုအပ်သလောက် ထည့်သွင်းဖော်ပြထားသဖြင့် ဆီလျော်သောအပိုင်းတွင် ကြည့်ရှုကြပါကုန်။ အလ္လာဟ်အရှင်မြတ်၏ ကူညီစောင့်မမှုကို တောင်းခံအပ်ပါသည်။ ထိုအရှင်မြတ်အပေါ် ကျွန်တော်မျိုး မှီခိုအားထားပါ၏။

အလ်ဟမ်ဒုလေလ္လာဟ်

စူရဟ်အလ်ဖတ်ဟိ၏ ရှင်းလင်းဖွင့်ဆိုချက် ဤတွင်ပြီး၏။

စူရဟ်အလ်ဟုဂျုရာတ်

(အတွင်းဆောင်များ)

ဤစူရဟ်သည် မဒီနာမြို့၌ ကျရောက်ခဲ့ပြီး၊ အာယတ်တော် (၁၈)ပါး၊ ရုကူအ်(၂)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော၊ မဟာကရုဏာအပေါင်းနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယသ်တော် (၁-၅)

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تُقَدِّمُوْا بَيْنَ يَدَيِ اللّٰهِ وَرَسُوْلِهٖ وَاتَّقُوا اللّٰهَ ۭ اِنَّ اللّٰهَ سَمِيْعٌ عَلِيْمٌ ۝ يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَرْفَعُوْٓا اَصْوَاتَكُمْ فَوْقَ صَوْتِ النَّبِيِّ وَلَا تَجْهَرُوْا لَهٗ بِالْقَوْلِ كَجَهْرِ بَعْضِكُمْ لِبَعْضٍ اَنْ تَحْبَطَ اَعْمَالُكُمْ وَاَنْتُمْ لَا تَشْعُرُوْنَ ۝ اِنَّ الَّذِيْنَ يَغُضُّوْنَ اَصْوَاتَهُمْ عِنْدَ رَسُوْلِ اللّٰهِ اُولٰۗىِٕكَ الَّذِيْنَ امْتَحَنَ اللّٰهُ قُلُوْبَهُمْ لِلتَّقْوٰى ۭ لَهُمْ مَّغْفِرَةٌ وَّاَجْرٌ عَظِيْمٌ ۝ اِنَّ الَّذِيْنَ يُنَادُوْنَكَ مِنْ وَّرَاۗءِ الْحُجُرٰتِ اَكْثَرُهُمْ لَا يَعْقِلُوْنَ ۝ وَلَوْ اَنَّهُمْ صَبَرُوْا حَتّٰى تَخْرُجَ اِلَيْهِمْ لَكَانَ خَيْرًا لَّهُمْ ۭ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ۝

အို-'မုအ်မင်နဲ့' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် (မည်သည့်ကိစ္စ၌မဆို) အလ္လာဟ် အရှင်မြတ်၏ ရှေ့တော်မှောက်၌လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်၏ ရှေ့၌လည်းကောင်း၊ ရှေ့သို့ မကျော်တက်ကြကုန်လင့်။ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် (အလုံးစုံသော ပြောဆိုမှုတို့ကို) အကြွင်းမဲ့ကြားတော်မူသောအရှင်၊ (အလုံးစုံသောအခြေအနေ၊ အပြုအမူ၊ အတွင်းအပြင်တို့ကို) အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူပေသည်။[၁] အို-မုအ်မင်နဲ့ သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏အသံများကို နဗီတမန်တော်၏ အသံထက် မကျယ်မမြင့် စေကြကုန်လင့်။ ထိုမှတစ်ပါး အသင်တို့သည် မိမိတို့ အချင်းချင်း တစ်ဦးကိုတစ်ဦး ဟစ်အော်ကျယ်လောင်စွာပြောဆိုသကဲ့သို့ ထိုနဗီတမန်တော်နှင့် စကားပြောဆိုရာ၌ ဟစ်အော်၍ ကျယ်လောင်စွာ ပြောဆိုခြင်းကို မပြုကြကုန်လင့်။ (သို့ပြုကြလျှင်)

အသင်တို့ မသိကြဘဲလျက် အသင်တို့၏အပြုအမူများသည် အချည်းနှီးဖြစ်သွားပေမည်။[၂] ဇကာန်မလွဲ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၏ရှေ့ဝယ် မိမိတို့၏အသံများကို နှိမ့်ချကြကုန်သော သူတို့သည်အကြင်သူများပင်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏စိတ်နှလုံးများကို ပြစ်မှုများမှကြဉ်ရှောင်ခြင်းငှာ ရွေးချယ်တော်မူခဲ့၏။ ထိုသူတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်သည်လည်း ကောင်းကြီးကျယ်လှစွာသောအကျိုးသည်လည်းကောင်းရှိချေသတည်း။ [၃] ဇကာန်စင်စစ်အသင့်အား အခန်းများ၏ အပြင်ဘက်မှ ဟစ်ခေါ်ကြကုန်သော သူတို့အနက် အများစုမှာ မသိနားမလည်ကြပေ။ [၄] စင်စစ်သော်ကား အကယ်၍သာ ၎င်းတို့သည်အသင် ၎င်းတို့ထံ ထွက်လာသည်အထိ သည်းခံခဲ့ကြပါလျှင် ၎င်းတို့အဖို့ အကောင်းဆုံးပင် ဖြစ်ခဲ့ပေမည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် လွန်စွာခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင်၊ လွန်စွာ သနားကရုဏာပြုတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ [၅]

ထုတ်ပြန်ပို့ချတော်မူခြင်း၏နောက်ခံအကြောင်း

ကုရ်တူဗီ၏အဆိုအရဤအာယသ်တော်များထုတ်ပြန်ပို့ချတော်မူခြင်း၏နောက်ခံအကြောင်းအဖြစ်တိုက်ရိုက်ကိုးကားသော ဆင့်ပြန်ချက်(၆)ရပ်ရှိ၏။ ဤဆင့်ပြန်ချက်အားလုံးသည် အာယသ်တော်များ၏ ယေဘုယျအဓိပ္ပာယ်တွင်ပါဝင်ကြသောကြောင့် မှန်ကန်ကြောင်း အဗူဗက္ကရ်အိဗ်နအရဗီက အတည်ပြုလေသည်။ ယင်းတို့အနက် ဗုခါရီတင်ပြခဲ့သော ဆင့်ပြန်ချက်မှာ တစ်ခါသော် သမီးမ်မျိုးနွယ်စုမှ လူအချို့သည် တမန်တော်မြတ်ﷺထံသို့လာရောက်ခဲ့ကြ၏။ ၎င်းတို့ရောက်ရှိနေစဉ်အတွင်း ဆွေးနွေးခဲ့သောအကြောင်းအရာများထဲမှ တစ်ခုမှာ ဤမျိုးနွယ်စု၏ အုပ်ချုပ်သူအဖြစ် တစ်ဦးကိုခန့်ထားရန် ကိစ္စဖြစ်လေသည်။ သာဝကကြီးအဗူဗကရ်ﷺက ကအ်ဗာအ်အိဗ်နမအ်ဗဒ်၏ အမည်ကိုလည်းကောင်း၊ သာဝကကြီးအုမရ်ﷺက အက်ရအ်အိဗ်နုဟာဗစ်၏ အမည်ကိုလည်းကောင်း အဆိုပြုခဲ့ကြသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးကြရင်း ၎င်းတို့နှစ်ဦးစလုံး၏ အသံများမှာ ကျယ်လောင်၍လာခဲ့သည်။ ထိုအခါ ဤအာယသ်တော်များကျရောက်လာခဲ့လေသည်။

لَا تُقَدِّمُوْا بَيْنَ يَدَيِ اللّٰهِ وَ رَسُوْلِهٖ "…..အို-'မုအ်မင်နဲ့' သက်ဝင်ယုံကြည်သူအပေါင်း တို့၊အသင်တို့သည် (မည်သည့်ကိစ္စ၌မဆို) အလ္လာဟ် အရှင်မြတ်၏ရှေ့တော်မှောက်၌လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်၏ ရှေ့၌လည်းကောင်း၊ ရှေ့သို့ မကျော်တက်ကြကုန်လင့်။ ဇကာန်မလွဲ အလ္လာဟ်အရှင်မြတ်သည် (အလုံးစုံသော ပြောဆိုမှုတို့ကို)အကြွင်းမဲ့ကြားတော်မူသောအရှင်၊ (အလုံးစုံသောအခြေအနေ၊ အပြုအမူ၊ အတွင်းအပြင်တို့ကို) အကြွင်းမဲ့

သိတော်မူသောအရှင် ဖြစ်တော်မူပေသည်။ ....." بَيْنَ يَدَيِ ဟူသော စကားရပ်သည် တိုက်ရိုက်အားဖြင့် 'လက်နှစ်ဖက်ကြား' ဟု အဓိပ္ပာယ်ရသော်လည်း၊ အာရဗီအသုံးအနှုန်း၌ ရှေ့မှ/တွင် သို့မဟုတ် ကြိုတင်၍ဟု ဆိုလိုသည်။ ဆိုလိုသည်မှာ အလ္လာ့ရစူလ်တမန်တော်ထက် အလျင် ကြိုတင်၍ သို့မဟုတ် အလ္လာ့ရစူလ်တမန်တော်၏ရှေ့မှ မသွားရန်ဖြစ်၏။ ကုရ်အာန်က မည်သည့်ကိစ္စရပ်တွင် ၎င်းထက်အလျင် ဦးဆောင်ပြုလုပ်ခြင်းမှ ၎င်းတို့အား တားမြစ်ကြောင်းကို မိန့်ဆိုခြင်းမပြုပေ။ ယေဘုယျတားမြစ်ချက် တွင် ကိုယ်တော်မြတ်ထက်အလျင် ပြောဆိုခြင်း သို့မဟုတ် ပြုမူခြင်းပါဝင်သည့်ပုံပေါ်၏။ အကယ်၍ ၎င်းကိုယ်တိုင်က အခြားတစ်ယောက်အား ပြန်လည်ပြောကြားရန် တာဝန်ပေးခြင်းမပြုပါက ရစူလ်တမန်တော်၏ ပြန်ကြားမှုကိုစောင့်ဆိုင်း ရမည်ဖြစ်၏။ ထို့အတူ အကယ်၍ ၎င်းသည် လမ်းလျှောက်နေ

ပါက မည်သူမျှ ၎င်းအား ကျော်မတက်သင့်သကဲ့သို့ အကယ်၍ ၎င်းနှင့်အတူ စားသောက်ပွဲတစ်ခုတွင် ထိုင်နေကြပါက မည်သူမျှ ၎င်းထက်အလျင်စတင်စားသောက်ခြင်း မပြုသင့်ပေ။ အကယ်၍ ၎င်းကိုယ်တိုင်က တစ်စုံတစ်ယောက်အား ရှေ့သို့စေလွှတ်လိုကြောင်း ထင်ရှားသော အရိပ်လက္ခဏာ သို့မဟုတ် ခိုင်မာသော အထောက်အထားရှိပါက ဖြစ်နိုင်ပေသည်။ ဥပမာ-အချို့လူများသည် တမန်တော်မြတ်ﷺ၏ရှေ့မှ ကြိုတင်၍ ခရီးထွက်ရန် သို့မဟုတ် စစ်ချီတက်ရန် ပြောကြားခြင်းခံရလေ့ရှိခဲ့ပေသည်။

အစွလာမ်သာသနာ့ပညာရှင်များနှင့် ဘာသာရေးခေါင်းဆောင်များအား ရိုသေလေးစားခြင်း

အချို့ပညာရှင်များက မွတ်စလင်တို့သည် အစွလာမ့်သာသနာ့ပညာရှင်များ၊ နာမ်ပိုင်းဆိုင်ရာဆရာသခင်များနှင့် စပ်လျဉ်း၍ ကုရ်အာန်ကချမှတ်သော ထိုစည်းကမ်းချက်အတိုင်း လိုက်နာကြရန် ပြဋ္ဌာန်း၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် တမန်တော်မြတ်ﷺ၏ အမွေခံများဖြစ်ကြသောကြောင့်ဖြစ်၏။ တစ်နေ့သော် သာဝကကြီးအဗူဗက္ကရ်ﷺ၏ ရှေ့မှ သာဝကကြီး အဗူဒ်ဒါဒါးအ်ﷺလမ်းလျှောက်နေသည်ကို တမန်တော်မြတ်ﷺမြင်သောအခါ၊ ၎င်းအား "သင်သည် ဤလောကၦလည်းကောင်း၊ တမလွန်ၦလည်းကောင်း သင့်ထက်သာသော ပုဂ္ဂိုလ်တစ်ဦး၏ရှေ့မှလမ်းလျှောက်နေခြင်းဖြစ်သည်။" ဟု ပြောကြားကာ ဆုံးမပြစ်တင်ခဲ့၏။ ထို့နောက် ၎င်းက ဆက်၍ ပြောကြားခဲ့၏။ "ဤလောကၦ တမန်တော်များမှလွဲ၍ အဗူဗကရ်ﷺထက်သာသော မည်သည့်လူပေါ်ကမျှ နေမင်းသည်ဝင်ခြင်း သို့မဟုတ် ထွက်ခြင်းမပြုခဲ့ပေ။" (ကရ်ဖူလ်အပ်စ်ရားရိအား ကိုးကား၍ ရှားဟွလ်ဗယာန်) ထို့ကြောင့် ပညာရှင်တို့က ဆရာသခင်များနှင့် နာမ်ပိုင်းဆိုင်ရာလမ်းညွှန်သူများကိုလည်း အလားတူ ရိုသေလေးစားမှုဖြင့် ဆက်ဆံသင့်ကြောင်း စီရင်ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်၏။

"لَا تَرْفَعُوٓا۟ أَصْوَٰتَكُمْ فَوْقَ صَوْتِ ٱلنَّبِىِّ ….." အို- မုအ်မင်နဲ့ သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏အသံများကို နဗီတမန်တော်၏ အသံထက် မကျယ်မမြင့် စေကြကုန်လင့်။ ထိုမှတစ်ပါး အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး ဟစ်အော်ကျယ်လောင်စွာပြောဆိုသကဲ့သို့ ထိုနဗီတမန်တော်နှင့် စကားပြောဆိုရာ၌ ဟစ်အော်၍ ကျယ်လောင်စွာ ပြောဆိုခြင်းကို မပြုကြကုန်လင့်။ (သို့ပြုကြလျှင်) အသင်တို့ မသိကြဘဲလျက် အသင်တို့၏အပြုအမူများသည်အချည်းနှီးဖြစ်သွားပေမည်…..။" ဤသည်မှာတမန်တော်မြတ်ﷺ၏ကျင့်ဝတ်တစ်ခုဖြစ်ပေသည်။ ဤအာယသ်တော်က မိမိတို့၏ အသံများ ကို တမန်တော်မြတ်ﷺ၏ အသံထက်ပို၍ ကျယ်အောင်မမြှင့်တင်သင့်ကြောင်းနှင့် အထွေထွေဆွေးနွေးပွဲများတွင် အချင်းချင်းကျယ်လောင်စွာ စကားပြောဆိုကြသကဲ့သို့ တမန်တော်မြတ်ﷺအား ကျယ်လောင်စွာစကားမပြောကြရန် မုအ်မင်နဲ့တို့အား သင်ကြားပေးခြင်းဖြစ်၏။ ဤကျင့်ဝတ်ကိုအလေးမထားခြင်းသည် တမန်တော်မြတ်ﷺအား မရိုသေ မလေးစားရာ ရောက်သဖြင့် အကြင်သူ၏ကောင်းမှု ကုသိုလ်များကို အချည်းအနှီးဖြစ်စေနိုင်သောကြောင့် ဖြစ်လေသည်။ ဤအာယသ်တော်ကျရောက်လာသောအခါ သာဝကကြီးများသည် လွန်စွာစိုးရိမ်ပူပန်ပြီး သတိကြီးစွာထားခဲ့ ကြလေသည်။ သာဝကကြီးအဗူဗက္ကရ်ﷺက ပြောကြားခဲ့သည်။ "အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ကျိန်ဆိုပါသည်။ အို-အလ္လာဟ့်ရစူလ်တမန်တော် ယခုမှစ၍ ကျွန်ုပ်၏နောက်ဆုံးထွက်သက်တိုင် ကျွန်ုပ်သည် တစ်ဦးတစ်ယောက်တီးတိုး ပြောနေသကဲ့သို့ အသင့်အား စကားပြောဆိုပါမည်။" (ဗိုင်ဟက္ကီအား ကိုးကားလျက် အတ်ဒုရ်ရွလ်မန်ဆူးရ်) ဤ အာယသ်တော်ကျရောက်လာသောအခါ သာဝကကြီးﷺအုမရ်၏ အသံမှာ လွန်စွာတိုး၍သွားသောကြောင့် တမန်တော်မြတ်ﷺက မိမိအား ဘာအကြောင်းပြောနေသည်ကို သဘောပေါက်စေရန် ထပ်၍ပြောပါမည့် အကြောင်း ၎င်းအား တောင်းဆိုခဲ့ရပေသည်။ (ဆွိဟာဟ်) ဆာဗစ်အိဗ်နုကေးစ်ﷺသည်ပင် ကိုယ်အားဖြင့် ကျယ်လောင်သောအသံရှိသူဖြစ်ခဲ့၏။ ဤအာယသ်တော်ကို ကြားရသောအခါ ၎င်းသည် မိမိ၏ကောင်းမှု ကုသိုလ်များ

အချည်းအနှီးဖြစ်မည်ကို စိုးကြောက်ပြီး အသံကို နှိမ့်၍ပြောဆိုခဲ့၏။ (ဗိုင်ဟက္ကီအား ကိုးကားလျက် အက်ဒူရွလ် မန်ဆူး၍)

တမန်တော်မြတ်ﷺ၏ ဂူဗိမာန်ရှေ့၌ ကျယ်လောင်စွာ နှုတ်ခွန်းဆက်ခြင်း၊ စကားပြောဆိုခြင်း မပြုလုပ်ရန်တားမြစ်၏။

ကာဒီအဗူဗက္ကရ်အိပ်နိုအရဗီက ပြောသည်မှာ တမန်တော်မြတ်ﷺ ကွယ်လွန်ပြီးနောက် ကိုယ်တော်အား ကိုယ်တော် အသက်ထင်ရှားရှိစဉ်ကအတိုင်း ရှိသေလေးစားရန်မှာ မလုပ်မနေရ ဖြစ်၏။ ထို့ကြောင့် အချို့သော ပညာရှင်များက တမန်တော်မြတ်ﷺ၏ ဂူဗိမာန်ရှေ့၌ ကျယ်လောင်စွာ "စလာမ်" ဆိုခြင်းနှင့် စကားပြောဆိုခြင်းများ၊ မရိမသေမလေးစားခြင်းဟု သတ်မှတ်ကြ၏။ ထိုနည်းတူစွာ တမန်တော်၏ ဟဒီးဆ်တော်များကို ရွတ်ဖတ်သောနေရာတွင် ဆူညံမှုပြုလုပ်ခြင်းသည် ရိုင်းပြခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺ၏ ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသောစကားများကို ရွတ်ဖတ်နေစဉ် ငြိမ်သက်စွာ နားထောင်ရန်မှာ မပြုမနေရဖြစ်သောကြောင့်ပင်။ ထိုအတိုင်းပင် ၎င်းကွယ်လွန်ပြီးသည့်နောက် ၎င်း၏မြင့်မြတ်သော စကားများကို ပြန်လည်ရွတ်ဆိုသောအခါ ကျယ်လောင်စွာ စကားပြောခြင်းသည် ရိုင်းစိုင်းသော အပြုအမူပင်ဖြစ်လေသည်။

ဓမ္မသတ်

"အလ္လာဟ်အရှင်မြတ်နှင့်ထိုအရှင်မြတ်၏ ရစူလ်တမန်တော်တို့၏ ရှေ့သို့ကျော်မတက်ကြကုန်လင့်။" ဟူသော ကုရ်အာန်၏ အဓိန္ဓိပ္ပာယ်ဘာန်းချက်သည် တမန်တော်မြတ်ﷺ၏ အမွေဆက်ခံသူများဖြစ်ကြသည့် 'အိုလမာ'သို့ အကျိုးသက်ရောက်စေသည့်နည်းတူ၊ 'အသင်တို့၏အသံများကို တမန်တော်မြတ်ﷺ၏ အသံထက်မကျယ်မမြင့်ကြစေနှင့်' ဟူသော အဓိန္ဓိပ္ပာယ်ဘာန်းချက်သည် အစွယ်လာမ်သာသနာ့ပညာရှင်ကြီးများနှင့်လည်း သက်ဆိုင်ပေသည်။ ၎င်းတို့၏စုဝေးပွဲ၌ ထိုင်သောအခါ ၎င်းတို့၏အသံများကို ဖုံးလွှမ်းအောင် အသံကိုမြှင့်၍ ကျယ်လောင်စွာ စကားပြောဆိုခြင်းသည် မယဉ်ကျေးပါချေ (ကုရ်တူဗီ)

"اَنْ تَحْبَطَ اَعْمَالُكُمْ وَ اَنْتُمْ لَا تَشْعُرُوْنَ".....အို- မုအ်မင်န် သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏အသံများကို နဗီတမန်တော်၏ အသံ ထက် မကျယ်မမြင့် စေကြကုန်လင့်။ ထိုမှတစ်ပါး အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး ဟစ်အော်ကျယ် လောင်စွာပြောဆိုသကဲ့သို့ ထိုနဗီတမန်တော်နှင့် စကားပြောဆိုရာ၌ ဟစ်အော်၍ ကျယ်လောင်စွာ ပြောဆိုခြင်းကို မပြုကြကုန်လင့်။ (သို့ပြုကြလျှင်) အသင်တို့ မသိကြဘဲလျက် အသင်တို့၏အပြုအမူများသည် အချည်းနှီးဖြစ်သွားပေမည်။ ....."ဤအပိုဒ်က မွတ်စလင်တို့အား ၎င်းတို့၏ အသံများကို တမန်တော်မြတ်ﷺ၏ အသံထက်ကျယ်အောင်မြှင့် တင်ခြင်း မပြုကြရန် အဘယ်ကြောင့် ညွှန်ကြားရသည့်အကြောင်းကို ညွှန်ပြ၏။ ဤစည်းကမ်းချက်ကိုမလိုက်နာပါက ၎င်းတို့၏ ကောင်းမြတ်သောလုပ်ဆောင်မှုများမှာ အချည်းနှီးဖြစ်သွားနိုင်ကြောင်း ၎င်းတို့အား သတိပေးလေသည်။ ရှရီအတ်၏ နဂိုမှန်အဆိုများနှင့် ခိုင်မာသော အခြေခံစည်းမျဉ်းများအရ ဤနေရာတွင် စိုးရိမ်ဖွယ်ရာ မေးခွန်းအချို့ပေါ်ထွက် လာသည်။ ပထမဦးစွာ "အဟ်လုပ်စ်စွန္နဟ်ဝါလ်ဂျမာအဟ်"၏ တညီတညွတ်လက်ခံထားသော အယူအဆအရ ကောင်းမှုများကို ဖျက်ဆီးပစ်နိုင်သည့် တစ်ခုတည်းသောအရာမှာ "ကုဖ်ရ်" သို့မဟုတ် မယုံကြည်သွေဖည်ခြင်းဖြစ်၏။ မည်သည့်ပြစ်မှုကမျှ ကောင်းမှုများကို ဖျက်ဆီးခြင်းမပြုနိုင်ပေ။ ဤနေရာတွင် ကုရ်အာန်က မြင့်မြတ်သော သာဝကကြီး များနှင့် သက်ဝင်ယုံကြည်သူ(မုအ်မင်)များကို 'အို-သက်ဝင်ယုံကြည်သူ(မုအ်မင်)အပေါင်းတို့' ဟုခေါ်ဝေါ်လျက်မိန့် တော်မူခြင်းဖြစ်ပြီး၊ မယုံကြည်သွေဖည်သူများကို မိန့်တော်မူ

ခြင်းမဟုတ်ပေ။ သို့ဖြစ်၍ ၎င်းတို့၏ ကောင်းသောအလုပ်များသည် မည်ကဲ့သို့ အချည်းအနှီးဖြစ်နိုင်ပါမည်နည်း။ ဒုတိယအချက်မှာ "အီမာန်" သည် မိမိဆန္ဒအလျောက်ရွေးချယ်သော (စိတ်ကြိုက်)လုပ်ရပ်တစ်ခုဖြစ်၏။

ပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏စိတ်စေတနာအလျောက် အီမာန်ကိုလက်ခံခြင်းမဟုတ်ပါက သက်ဝင် ယုံကြည်သူ (မုအ်မင်)တစ်ဦးဖြစ်မလာနိုင်ပေ။ ထိုနည်းတူစွာ "မယုံကြည်သွေဖည်ခြင်း'(ကုဖ်ရ်)သည် စိတ်ကြိုက် လုပ်ရပ်တစ်ခုပင်ဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏စိတ်ဆန္ဒအလျောက် မယုံကြည်သွေဖည်မှုကို လက်ခံခြင်း မပြုဘဲလျက် မယုံကြည်သွေဖည်သူ (ကာဖိရ်) တစ်ဦးဖြစ်မလာနိုင်ပေ။ နိဂုံးစကားရပ်ကောင်းမှုများပျက်သွားခြင်းသည် မယုံကြည်သွေဖည်မှု၏ ပြစ်ဒဏ်ဖြစ်၍ ထိုပြစ်ဒဏ်သည် အကြင်သူကိုယ်တိုင်၏ လွတ်လပ်သောစိတ်ဆန္ဒ၏ရလဒ် ဖြစ်သင့်၏။ အထက်မှ မိန့်ဆိုချက်က ပြစ်ဒဏ်သည် လွတ်လပ်သော စိတ်ဆန္ဒ ကင်းမဲ့ကြောင်းဖော်ပြသဖြင့် ကောင်းမှုများသည် မည်ကဲ့သို့ အချည်းအနှီးဖြစ်သွားရပါသနည်း။

ကျွန်ုပ်၏ဆရာသခင်ဖြစ်သူ အွမွသ်၏ ဂုဏ်ထူးဆောင်ပညာရှိကြီးက ၎င်း၏ဗယာနွလ်ကုရ်အာန်၌ဤစိတ်သောကရောက်စရာများအားလုံးကို ပြေလည်စေသည့် ပုံစံဖြင့် စာပိုဒ်အကြောင်းကို အသေးစိတ်ရှင်းပြခဲ့သည်။ ၎င်းပြောပြသော အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့ဖြစ်၏။ အို- မွတ်စလင်တို့၊ သင်တို့၏အသံများကို တမန်တော်မြတ် ﷺ၏ အသံထက်မြင့်အောင် မြှင့်တင်ခြင်း သို့မဟုတ် ၎င်းအား ကျယ်လောင်စွာ စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ကြလော့။ ဤသို့ပြုလုပ်ခြင်းဖြင့် သင်တို့၏ အပြုအမူများသည် ဖျက်ဆီးခံရမည့် အန္တရာယ်ရှိသောကြောင့်ဖြစ်၏။ သင်တို့၏အသံများကို တမန်တော်မြတ် ﷺ၏ အသံထက်ကျယ်အောင် မြှင့်တင်ခြင်းက တမန်တော်မြတ် ﷺအား မယဉ်မကျေးပြုလုပ်ရာ ရောက်ပေသည်။ ထိုအပြုအမူသည် တမန်တော်မြတ် ﷺအား စိတ်အနောက်အယှက်ဖြစ်အောင်ပြုလုပ်ခြင်းနှင့်အတူတူဖြစ်၏။ မြင့်မြတ်သော သာဝကကြီးများအနေဖြင့် ၎င်းအား စိတ်ထိခိုက်အောင် တမင်ကြံစည်အားထုတ်ရန် စဉ်းစား၍ပင်မရနိုင်ပေ။ သို့ရာတွင် 'ရှေ့သို့ကျော်တက်ခြင်း'၊ 'အသံများကိုမြှင့်ခြင်း' စသည့် အချို့သော အပြုအမူများနှင့်လုပ်ရပ်များက ၎င်းအား မရည်ရွယ်ဘဲနှင့်စိတ်ထိခိုက် သို့မဟုတ် စိတ်အနောင့်အယှက်ဖြစ်စေနိုင်ပေသည်။ ထို့ကြောင့် ယင်းကဲ့သို့ အပြုအမူအားလုံးကို လုံးဝပိတ်ပင်တားမြစ်သည့်ပြင် အပြစ်ဟူ၍လည်း သတ်မှတ်ခြင်းဖြစ်၏။ အချို့ သောအပြစ်များ၏ ထူးခြားချက်မှာ ထိုအပြစ်များကို ကျူးလွန်ကြသူများသည် အလွှာဟ်အရှင်မြတ်ဘက်တော်မှ နောင်တတရားအတွက် ကူညီမှုကိုလည်းကောင်း၊ ကောင်းသောလုပ်ရပ်များကို လုပ်ဆောင်ရန် စွမ်းရည်သို့မဟုတ် အစွမ်းသတ္တိကိုလည်းကောင်း ဆုံးရှုံးကြရခြင်းဖြစ်၏။ ရလဒ်အနေဖြင့် ၎င်းသည် အပြစ်များတွင် နစ်မွန်းရင်းမှ ထိုအပြစ်များက ၎င်းအား 'မယုံကြည်သွေဖည်ခြင်း(ကုဖ်ရ်)'ဆီသို့ ဦးတည်စေခြင်းဖြင့် ကောင်းသောလုပ်ရပ်များ ပျက်ရပေသည်။ ထိုနည်းတူ အကြင်သူ၏ ဘာသာရေးခေါင်းဆောင်၊ ဆရာသမား သို့မဟုတ် နာမ်ပိုင်းဆိုင်ရာ လမ်းညွှန်သူအား ထိခိုက်ခံစားရအောင် ပြုလုပ်ခြင်း၌လည်း အလွှာဟ်အရှင်မြတ်၏ ကူညီစောင်မမှုကို ဆုံးရှုံးနိုင်သော အန္တရာယ်ရှိပေသည်။ ဤနည်းအားဖြင့် "တမန်တော်မြတ် ﷺ၏ ရှေ့သို့ကျော်ခြင်း' သို့မဟုတ် 'အသံများကို မြှင့်ခြင်း'သည် အလွှာဟ်အရှင်မြတ်၏ အကူအညီရှုတ်သိမ်းခြင်းကို ဖြစ်စေနိုင်သည်။ နောက်ဆုံးတွင် ဤအခြေအနေသည် အကြင်သူအား ၎င်း၏ကောင်းသော လုပ်ရပ်များကို ဖျက်ဆီးမည့် "မယုံကြည်သွေဖည်မှု"ဆီသို့ ဦးတည်ခေါင်းဆောင်သွားလေတော့သည်။ မုအ်မင်တစ်ဦးသည် ထိခိုက်ခံစားစေသော လုပ်ရပ်များကို တမင်တကာ လုပ်ဆောင်လိမ့်မည် မဟုတ်သောကြောင့် မိမိသည် မည်ကဲ့သို့ 'ကုဖ်ရ်' ဖြစ်စဉ်၌ ပါဝင်ပတ်သက်မိပြီး 'ကောင်းမှုများပျက်စီးခြင်း' ဖြစ်ရသည်ကို မတွေးဆတတ်အောင်ဖြစ်ပေလိမ့်မည်။ အချို့ပညာရှင်များ ယူဆသည်မှာ အကယ်၍အကြင်သူသည် သီလသမာဓိရှိသောသူတော်စင် ပုဂ္ဂိုလ်တစ်ဦးအား မိမိ၏နာမ်ပိုင်းဆိုင်ရာ လမ်းညွှန်သူအဖြစ် ခံယူသည်။ ထို့နောက် ၎င်းအား မလေးမစားပြုမူသည်။ ထိုကဲ့သို့သော

ပုဂ္ဂိုလ်တစ်ဦးသည် တူညီသောအကျိုးဆက်များကို ခံစားရနိုင်သည်။ ယင်းသို့ပြုမူခြင်းသည် တစ်ခါတစ်ရံ အလွှာဟ် အရှင်မြတ်၏ ကူညီစောင်မမှု ဖယ်ရှားခံရခြင်းနှင့် အမျက်တော်ရှခံရခြင်းများ၏ အကြောင်းတရားဖြစ်လာပြီး နောက်ဆုံး အီမာန်ကို ဖျက်ဆီးလေသည်။ ထိုအဖြစ်မျိုးမှ ကင်းဝေးရန် အလွှာဟ်အရှင်မြတ်ထံ ခိုလှုံပါ၏။

"اِنَّ الَّذِيْنَ يُنَادُوْنَكَ مِنْ وَّرَآءِ الْحُجُرٰتِ اَكْثَرُهُمْ لَا يَعْقِلُوْنَ .... ကောန်စင်စစ် အသင့်အား အခန်းများ၏ အပြင်ဘက်မှ ဟစ်ခေါ်ကြကုန်သော သူတို့အနက် အများစုမှာ မသိ နားမလည်ကြပေ။ ....." ဤအာယသ်တော်၌ အလွှာဟ်အရှင်မြတ်သည် တမန်တော်မြတ်ﷺနှင့်ဆက်ဆံရာတွင် ထားရှိရမည့် တတိယကျင့်ဝတ်ထုံးတမ်းကို ဖော်ပြတော်မူသည်။ ကိုယ်တော်သည် အိမ်ထဲ၌ရှိနေလျှင် တစ်စုံတစ်ယောက်က ၎င်းအား အိမ်အပြင်မှနေ၍ ဟစ်ခေါ်ခြင်း မပြုသင့်ကြောင်း ညွှန်ကြားခြင်းဖြစ်၏။ အထူးသဖြင့် ၎င်းအားနာမည်တပ်၍ ဟစ်ခေါ်ခြင်းမှာ ရိုင်းပျသော အပြုအမူဖြစ်၍ နားလည်မှုရှိသောသူများအနေဖြင့် ထိုသို့ပြုလုပ်လိမ့်မည်မဟုတ်ပေ။ 'ဟုဂျုရာတ်'ဟူသော ဝေါဟာရ (အထက်တွင် အခန်းဟု ဘာသာပြန်၏။)သည်ခြံဝင်းတစ်ခုနှင့်အမိုးမိုးထားသော အဆောက် အအုံတစ်ခုပါရှိသည့် တံတိုင်းဂှဘက်ကာရံထားသော ခန်းဆောင် သို့မဟုတ် နေအိမ်တစ်ခုကို ရည်ညွှန်းသည့် 'ဟုဂျ်ရဟ်'၏ အများကိန်းဖြစ်၏။ မဒီနာမြို့တွင် တမန်တော်မြတ်ﷺ၌ ကြင်ယာတော်(၉)ပါးရှိခဲ့၏။ ကြင်ယာတော်တစ်ပါးစီတွင် သီးခြားခန်းဆောင်တစ်ခုစီရှိပြီး ထိုနေရာ၌ ၎င်းသည် အလှည့်ကျနေလေ့ရှိခဲ့ပေသည်။

သစ္စာခံတို့၏ မိခင်မွန်များ၏ ခန်းဆောင်များ

ဤအကြောင်းကို အတွာအ်အလ်ခူရာစာနီအားကိုးကားလျက် အိဗ်နေစအ်ဒ်ကာ ဖော်ပြရေးသားသည်မှာ ခန်းဆောင်များအား စွန်ပလွံကိုင်းများဖြင့် တည်ဆောက်ပြီး တံခါးပေါက်များကို အနက်ရောက်သိုးမွေးလိုက်ကာ အထူဖြင့် ကာရံထား၏။ အီမာမ်ဗုခါရီက အလ်အဒဗွလ်မူဖရဒ်၌ လည်းကောင်း၊ ဗိုင်ဟကီက ၎င်း၏ ဟဒီးဆ်ပေါင်းချုပ်၌လည်းကောင်း မှတ်တမ်းတင်သည်မှာ ဒါဂူဒ်အိဗ်နိုကိုင်စ်ဆင့်ပြန်ခဲ့သည်။ ၎င်းသည် ဤခန်းဆောင်များသို့ ရောက်ခဲ့ဖူးပြီး ခန်းဆောင်၏ တံခါးပေါက်မှသည် အမိုးမိုးထားသော အဆောက်အအုံထိ(၇)တောင်ခန့်၊ အခန်းမှာ(၁၀)တောင်ခန့်နှင့် အမိုး၏အမြင့်မှာ (၈) တောင်(*တစ်တောင်=၁၈လက်မ)ခန့်ရှိမည်ဟု ခန့်မှန်းရ၏။ သစ္စာခံတို့၏ မိခင်မွန်များ၏ ခန်းဆောင်များကို ဝါလစ်အိဗ်နု အဗ်ဒွလ်မာလစ်၏ လက်ထက်တွင် ၎င်း၏အမိန့်ဖြင့် တမန်တော်မြတ်ﷺ၏ ဗလီဝတ် ကျောင်းတော်အတွင်းသို့ ထည့် သွင်းခဲ့၏။ ထိုနေ့က မဒီနာမြို့မှ လူများသည် ဝမ်းနည်းပူဆွေးဖြစ်ခဲ့ကြလေသည်။

ထုတ်ပြန်ပို့ချတော်မူသည့်အကြောင်း

ကတာဒဟ်အား ကိုးကားလျက် အီမာမ်ဗဂဝီကဆင့်ပြန်သည်မှာ ဗနူတမီမ်ကိုယ်စားလှယ်အဖွဲ့သည် မဒီနာမြို့ သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး တမန်တော်မြတ်ﷺထံသို့ လာခဲ့ကြသည်။ ထိုအချိန်က တမန်တော်မြတ်ﷺသည် ခန်းဆောင်တစ်ခုအတွင်း၌ အနားယူလျက်ရှိနေခဲ့၏။ ဤဗီဒူဝင်များသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်း၏ လူမှုဆက်ဆံရေးနှင့် ဓလေ့ထုံးတမ်းဖြင့် အကျွမ်းဝင်ကြသူများမဟုတ်ပေ။ ၎င်းတို့က ခန်းဆောင်၏ အပြင်ဘက်၌ ရပ်လျက် 'အို- မုဟမ္မဒ်၊ ကျွန်ုပ်တို့ထံသို့ ထွက်ခဲ့ပါဦး' ဟု ဟစ်ခေါ်ခဲ့ကြ၏။ ထိုအခါ အာယသ်တော် (၄)ကျရောက်လာခဲ့လေသည်။ (အဟ်မဒ်၏ မုစနဒ်၊ သိရ်မိဒီနှင့်အခြားသူများကလည်း အလားတူ ဆင့်ပြန်ချက်ကို ကွဲပြားသော စကားအသုံးအနှုန်းများဖြင့် မှတ်တမ်းတင်ကြပြီး မဇ်ဟရီကိုးကား ဖော်ပြ၏။)

ထပ်ဆောင်းမှတ်စုများ

မြင့်မြတ်သော သာဝကကြီးများနှင့် ၎င်းတို့၏ နောက်လိုက်များသည် မိမိတို့၏ပညာရှင်များ နာမ်ပိုင်းဆိုင်ရာ ဆရာသခင်များအား ကုရ်အာန်က တမန်တော်မြတ်ﷺအတွက် အမိန့်ထုတ်ပြန်သည့်အတိုင်း ထပ်တူထပ်မျှ ရှိသေလေးစားမှုနှင့်ယဉ်ကျေးသိမ်မွေ့မှုများပြသခဲ့ကြသည်။ ဗုခါရီနှင့်အခြား(ဟဒီးဆ်)ပေါင်း ချုပ်များတွင် မှတ်တမ်းတင်ထားသည်မှာ သာဝကကြီးအိပ်နိုအဗ္ဗားစ်ﷺသည် ဗဟုသုတကြွယ်ဝသော သာဝကကြီးတစ်ပါးပါးထံ တမန်တော်မြတ်၏ ဟဒီးဆ်တစ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းလိုသောအခါ ၎င်း၏ အိမ်သို့သွား၍ ၎င်းအား ဟစ်ခေါ်ခြင်း သို့မဟုတ် တံခါးခေါက်ခြင်းများ မပြုလုပ်ပဲ အိမ်ပေါက်ဝ ဖိနပ်ချတ်၌ ထိုင်ကာ သာဝကကြီး သူဘာသာသူ အိမ်ထဲမှ ထွက်လာမည့် အချိန်အထိ စောင့်နေလိမ့်မည်ဖြစ်၏။ သာဝကကြီးအိမ်အပြင်သို့ ထွက်လာသောအခါမှသာ ၎င်းက ဟဒီးဆ်အကြောင်းကို မေးမြန်းလိမ့်မည်ဖြစ်၏။ သို့ရာတွင် ပညာရှင်ကြီးကိုယ်၌က သာဝကကြီးအိပ်နအဗ္ဗားစ်ﷺအား ပြောကြားမည်မှာ 'အို-အလွှာရစူလ် တမန်တော်မြတ်၏ ညီဝမ်းကွဲ' အဘယ်ကြောင့် တံခါးခေါက်ပြီး သင်ရောက်နေကြောင်း ကျွန်ုပ်ကို အသိမပေးပါသနည်း။' သာဝကကြီး အိပ်နအဗ္ဗားစ်ﷺက ပြန်ပြောလိမ့်မည်။ 'ပညာရှိတစ်ဦးသည် ၎င်း၏အသိုင်းအဝိုင်းတွင် တမန်တော်တစ်ပါးအလားဖြစ်၏။ ထို့ပြင် အလွှာဟ်အရှင်မြတ်က ကျွန်ုပ်တို့အား ညွှန်ကြားတော်မူသည်မှာ ကျွန်ုပ်တို့သည် ၎င်းဘာသာ၎င်းထွက်လာမည့်အချိန်တိုင် စောင့်ဆိုင်းသင့်သည် ဟူ၍ဖြစ်၏။' သာဝကကြီး အဗူအုဗိုင်ဒဟ် ﷺ က ပြောကြားသည်မှာ 'ကျွန်ုပ်သည် အချိန်မရွေး မည်သည့်ပညာရှင်၏တံခါးကိုမျှ မခေါက်ပါ။ ၎င်းဘာသာထွက်လာချိန်ထိ စောင့်ပြီးမှ ၎င်းအား တွေ့ဆုံပါသည်။' (ရူးဟွလ်မအာနီ)

ဓမ္မသတ်

အာယသ်တော်၏ "....حَتّٰى تَخۡرُجَ اِلَيۡهِمۡ" စင်စစ်သော်ကား အကယ်၍သာ ၎င်းတို့သည်အသင် ၎င်းတို့ထံ ထွက်လာသည်အထိ သည်းခံခဲ့ကြပါလျှင်၎င်းတို့အဖို့ အကောင်းဆုံးပင် ဖြစ်ခဲ့ပေမည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် လွန်စွာခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင်၊ လွန်စွာ သနားကရုဏာပြုတော်မူသော အရှင်၊ ဖြစ်တော်မူပေသတည်း။ ....."ဟူသော စာပုဒ်မှ ဝိဘတ်စကား စု "အိလိုင်ဟိမ်"(၎င်းတို့ထံသို့)သည် ကန့်သတ်သော စကားစုဖြစ်ပြီး တမန်တော်မြတ်ﷺ၎င်းတို့ထံသို့ စကားပြောရန် ထွက်လာချိန်ထိလူများသည် စောင့်ဆိုင်းကြရမည်ဟု ဆိုလိုသည်။ သို့သော် ၎င်းသည် အကယ်၍အခြားကိစ္စ သို့မဟုတ် ရည်ရွယ်ချက်အတွက် ထွက်လာခြင်းဖြစ်ပါက ၎င်းအားစကားပြောရန် မသင့်လျော်သေးပေ။ စကားပြောမည့်သူများသည် စကားပြောရန် သင့်လျော်မည့် အခြေအနေသို့မဟုတ် အချိန်အခါပေါ်ပေါက်သည်ထိ စောင့်ကြနေပေမည်။ ၎င်းတို့ အနေဖြင့် တမန်တော်မြတ်ﷺက ၎င်းတို့ပြောလိုသော ကိစ္စကို နားထောင်ရန်အသင့်ဖြစ်သောအခါမှသာ ပြောကြားသင့်ပေသည်။

အာယသ်တော် (၆)

يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡۤا اِنۡ جَآءَكُمۡ فَاسِقٌۢ بِنَبَاٍ فَتَبَيَّنُوۡۤا اَنۡ تُصِيۡبُوۡا قَوۡمًا بِجَهَالَةٍ فَتُصۡبِحُوۡا عَلٰى مَا فَعَلۡتُمۡ نٰدِمِيۡنَ ۝

အို-မုအ်မင်(နှ်) သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ စာရိတ္တဖောက်ပြန်သူ တစ်ဦးတစ်ယောက်သည်အသင်တို့ထံ တစ်စုံတစ်ရာ သတင်းကို ယူဆောင်လာခဲ့သည်ရှိသော် အသင်တို့

သည် မသိဘဲလျက် လူမျိုးတစ်မျိုးကို အန္တရာယ်မပြုမိကြရန်(ယင်းသတင်း)မှန်မမှန်ကို(စူးစမ်း)စစ်ဆေးကြလေကုန်။ (သို့မဟုတ်လျှင်) အသင်တို့သည် မိမိတို့ပြုမိခဲ့ကြသောကိစ္စကြောင့် ကြေကွဲကြရပေမည်။ [၆]

ထုတ်ပြန့်ပို့ချတော်မူခြင်း၏နောက်ခံအကြောင်း

အိပ်နိုကဆီးရ်၏အဆိုအရ အဟ်မဒ်၏မုစ်နဒ်၌ တင်ပြသည်မှာ ဗနူလ်မုဆွိတွလစ်က်မျိုးနွယ်စုခေါင်းဆောင်မာရစ်အိပ်နဇ္ဇိရာရ အိပ်နအဗီဖိုရာရ်သည် တမန်တော်မြတ်ﷺထံသို့ ရောက်လာခဲ့သည်။ ၎င်း၏သမီးသခင် မဂျူဝေရိယဟ်ﷺသည် တမန်တော်မြတ်ﷺ၏ ကြင်ယာတော်များထဲမှ တစ်ပါးဖြစ်လေသည်။ တမန်တော်မြတ်က ၎င်းအားအစွလာမ်သို့ ဖိတ်ခေါ်သည့်ပြင် ၎င်း၏ဇကာသ်ကိုပေးဆောင်ရန် မေတ္တာရပ်ခံခဲ့၏။ ၎င်းကပြောသည်မျာ 'ကျွန်ုပ်အစွလာမ်ကို ယုံကြည်လက်ခံပြီး ဇကာသ်ပေးရန် ကတိပြုပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏လူများထံသို့သွား၍ ၎င်းတို့အား အစွလာမ်သို့ ဖိတ်ခေါ်မည့်အပြင် ဇကာသ်ပေးကြရန်လည်းပြောဆိုပါမည်။ ကျွန်ုပ်၏ဖိတ်ခေါ်မှုကို လက်ခံပြီး တာဝန်ရှိသော ဇကာသ်ကိုပေးဆောင်ကြမည့် လူများထံမှ အလှူငွေကို ကောက်ခံပါမည်။ သတ်မှတ်သော လတစ်လ၏သတ်မှတ်သော ရက်တစ်ရက်တွင် အလှူငွေကောက်ခံသူတစ်ဦးကို ကျွန်ုပ်ထံသို့ စေလွှတ်ပေးရန် တောင်းခံပါသည်။ သို့မှသာ ၎င်းအား အလှူငွေများကို လွှဲပြောင်းပေးနိုင်မည်ဖြစ်ပါသည်။'၎င်း၏စကားနှင့်အညီ ဟာရစ်သည် သက်ဝင်ယုံကြည်သူများထံမှ အလှူငွေများကို စုဆောင်းပြီးသောအခါ အလှူငွေကောက်ခံသူမှာ သတ်မှတ်ရက် သို့မဟုတ် သတ်မှတ်ရက်ကို ကျော်လွန်သည့်တိုင်ရောက်မလာခဲ့သောကြောင့် တမန်တော်မြတ်ﷺသည် အကြောင်းတစ်ခုခုကြောင့် ၎င်းတို့အပေါ် မကျေနပ်ဖြစ်လေသလားဟု စိုးရိမ်မိခဲ့လေသည်။ သို့မဟုတ်က တမန်တော်မြတ်သည် မိမိ၏ကတိကို မစောင့်ထိန်းဘဲနေမည့် သူမဟုတ်ပေ။ဟာရစ်ကၐင်း၏ပူပန်သောကကိုပူပူနွေးနွေးမွတ်စလင်များ၏ခေါင်းဆောင်တို့အားထုတ်ဖော်ပြောကြားခဲ့ပြီး ၎င်းတို့အား တမန်တော်မြတ်ﷺထံသို့ သွားစေလိုခဲ့လေသည်။ အခြားတစ်ဖက်မှကြည့်လျှင် တမန်တော်မြတ်ﷺသည် ၎င်းတို့ထံမှ ဇကာသ်၏ငွေများကို ကောက်ခံရန် ဝလီဒ်အိပ်နေအူဇ်ဗဟ်ကို စေလွှတ်ခဲ့ပြီးဖြစ်၏။ သို့ရာတွင် ဝလီဒ်သည် လမ်းခရီး၌ ထိုမျိုးနွယ်ဝင်များမှာ ၎င်း၏ရန်သူဟောင်းများဖြစ်ကြကြောင်းကို စဉ်းစားမိပြီး ၎င်းအားသတ်မည်ကို စိုးရိမ်ခဲ့လေသည်။ ဤစိုးရိမ်စိတ်ဖြင့် ၎င်းသည် မဒီနာမြို့သို့ပြန်လာခဲ့ပြီး ၎င်းတို့သည် ဇကာသ်ပေးရန်ငြင်းဆန်ကြသည့်ပြင် ၎င်းအားသတ်ဖြတ်လိုခဲ့ကြကြောင်း တမန်တော်မြတ်ﷺအား လျှောက်တင်ခဲ့၏။ ဤအကြောင်းကို ကြားသောအခါ တမန်တော်မြတ်ﷺသည် လွန်စွာစိတ်ဆိုးတော်မူပြီး ခါလစ်အိပ်နေဝလီဒ်အား စစ်သည်တပ်ဖွဲ့တစ်ဖွဲ့ကို ကွပ်ကဲစေလျက် အလွှာလမ်းတွင်တိုက်ခိုက်ရန်စေလွှတ်ခဲ့လေသည်။ တဖက်မှ ကြည့်လျှင် ဤမျိုးနွယ်စုံတပ်ဖွဲ့ကိုစေလွှတ်ခဲ့ပြီး အခြားတစ်ဖက်မှကြည့်လျှင်ဟာရိဆ်အိပ်နဒီရာရ်သည်၎င်း၏လူများနှင့်အတူတမန်တော်မြတ်ﷺကိုတွေ့ရန်ထွက်လာခဲ့ပြီးဖြစ်၏။ အုပ်စုနှစ်ခုသည် မဒီနာမြို့အနီး၌ဆုံတွေ့ကြ၏။ ဟာရိဆ်က စုံးစမ်းမေးမြန်းခဲ့သည်။ 'သင်တို့အား မည်သူ့ထံသို့ စေလွှတ်ခြင်းဖြစ်ပါသနည်း။' ၎င်းတို့က ပြန်ပြောခဲ့ကြသည်။ "ကျွန်ုပ်တို့အား သင့်ထံသို့စေလွှတ်ခြင်းဖြစ်၏။" ဟာရိဆ်က "ဘာအတွက်စေလွှတ်ပါသနည်း"ဟု မေးမြန်းရာ ၎င်းတို့က ဗနူမဆွိတွာလစ်က်မျိုးနွယ်စုသည် ဇကာသ်ပေးရန် ငြင်းဆန်ကြသည့်ပြင် ၎င်းအား သတ်ရန်ကြံစည်ခဲ့ကြကြောင်း တမန်တော်မြတ်ﷺထံ အစီရင်ခံသည် ဝလီဒ်အိပ်နဲ အုက်ဗဟ်၏ အထူးတာဝန်အကြောင်းကို ပြန်ပြောပြခဲ့ကြသည်။ ဟာရိဆ်က သစ္စာဆို၍ပြောခဲ့သည်မှာ "မိမိ၏စစ်မှန်သော တမန်တော်အဖြစ် မုဟမ္မဒ်ကို စေလွှတ်တော်မူခဲ့သော အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ကျွန်ုပ်ကျိန်ဆိုပါသည်။ ဝလီဒ်သည် ထိုနေရာသို့ ရောက်မလာခဲ့သလို ကျွန်ုပ်ကလည်း ၎င်းအား မမြင်တွေ့ခဲ့ပါ။ ချိန်းဆိုထားသော

နေရာသို့ မည်သည့် သံတမန်မျှရောက်မလာသဖြင့် ကျွန်ုပ်တို့၏ ဘက်မှချို့ယွင်းချက်တစ်စုံတစ်ရာကြောင့် သင်တို့စိတ်အနောက်အယှက်ဖြစ်ခဲ့လေသလားဟုစိုးရိမ်ပူပန်ခဲ့ပါသည်။ထို့ကြောင့်ဤနေရာသို့ကျွန်ုပ်တို့လာခဲ့ကြခြင်းဖြစ်၏။" (အိဗ်နုကဆီရ်)

အခြားအဆိုများရှိသည်မှာဝလီဒ်အိဗ်နေအုက်ဗဟ်သည်ဗနူလ်မုဆွတ်တွာလစ်က်မျိုးနွယ်စုထံသို့အမှန်တကယ်သွား၏။ မျိုးနွယ်စုသည် သတ်မှတ်ထားသော နေ့ရက်တွင် တမန်တော်မြတ်ﷺ၏ သံတမန်ရောက်လာရန်ကို မျှော်လင့်နေခဲ့ကြသည်ဖြစ်၍ လေးစားမှုကို ပြသသည့်အနေဖြင့် ၎င်းအားကြိုဆိုရန် မိမိတို့၏နေရာများမှ ထွက်လာခဲ့ကြ၏။ ဝလီဒ်အိဗနိအုက်ဗဟ်က ၎င်းတို့သည် ရန်ကြွေးရန်စဟောင်းကြောင့် မိမိအား သတ်ဖြတ်ရန် ထွက်လာခဲ့ကြခြင်းဖြစ်လိမ့်မည်ဟု သံသယဖြစ်ခဲ့၏။ ထို့ကြောင့် ၎င်းသည် ထိုနေရာမှ ချက်ချင်းလှည့်ပြန်ခဲ့ပြီး တမန်တော်မြတ်ﷺထံသို့ တန်း၍သွားကာ ၎င်းသံသယရှိသည့်အတိုင်း ၎င်းတို့သည် အလှူငွေများကို ပေးလိုစိတ်မရှိသည့်ပြင် ၎င်းအား သတ်ဖြတ်လိုခဲ့ကြကြောင်း အစီရင်ခံခဲ့လေသည်။ ၎င်း၏အစီရင်ခံချက်ကို ကြားရသော် တမန်တော်မြတ်ﷺသည် သာဝကကြီးခါလစ်အိဗ်နဝလီဒ် ﷺအား ဖြစ်ကြောင်းကုန်စင်ကို စုံစမ်းရန် စေလွှတ်ခဲ့၏။ သို့မှသာ သင့်တော်သလို အရေးယူဆောင်ရွက်နိုင်မည်ဖြစ်၏။ သာဝကကြီးခါလစ်အိဗ်နဝလီဒ်ﷺသည် ၎င်းတို့အခြေချနေထိုင်ကြသည့် နေရာအနီးသို့ ညပိုင်းတွင်ရောက်ရှိပြီး ထိုနေရာတွင် စခန်းချခဲ့၏။ ထို့နောက် လူအနည်းငယ်ကို ရွေးချယ်ပြီး ၎င်းတို့၏ နေရာအတွင်းသို့ လျှို့ဝှက်စွာဝင်ရောက်၍ ထောက်လှမ်းရန် စေလွှတ်ခဲ့၏။ ထိုသူများ ပြန်ရောက်လာသောအခါ မျိုးနွယ်စုဝင်များသည် မွတ်စလင်မ်များသက်ဝင် ယုံကြည်သူများဖြစ်ကြကြောင်း ဆွလာသ်ဝတ်ပြုခြင်းနှင့်အလှူငွေပေးခြင်းများကို ပုံမှန်ပြုလုပ်ကြကြောင်း၊ အစွလာမ် နှင့်ဆန့်ကျင်သော မည်သည့်အမှုကိုမျှ ပြုလုပ်သည်ကို မတွေ့ရကြောင်း အစီရင်ခံခဲ့ကြသည်။ သာဝကကြီးခါလစ်အိဗ် နဝလီဒ်ﷺသည် ပြန်လာခဲ့ပြီး ဇာတ်လမ်းအပြည့်အစုံကို တမန်တော်မြတ်ﷺအား အစီရင်ခံခဲ့၏။ ထိုအခါဤအာယသ် တော်ကျရောက်လာခဲ့လေသည်။ (အိဗ်နုကဆီးရ်-တင်ပြချက်များ၏အကျဉ်းချုပ်)

ဓမ္မသတ်

ဤအာယသ်တော်ပေါ်တွင် အခြေခံလျက် အကယ်၍ သပုတ်လေလွင့်ပြောတတ်သူ၊ ကျင့်ဝတ်မစောင့်ထိန်းသူ၊ ကောက်ကျစ်စဉ်းလဲသူ သို့မဟုတ် စာရိတ္တပျက်ပြားသူ တစ်ဦးက မည်သည့် လူသို့မဟုတ် အမျိုးသား၏အကြောင်းကို မဆိုတိုင်ကြားပါက သို့မဟုတ် မိမိတို့အား မတော်မတရားပြုလုပ်ကြောင်း စွပ်စွဲပြောဆိုပါက စေ့စပ်သေချာစွာစုံစမ်းစစ်ဆေးမှု မပြုလုပ်ဘဲထိုသို့သော လူမျိုး၏သတင်းသို့မဟုတ် အထောက်အထား တစ်ခုတည်းဖြင့် အရေးယူဆောင်ရွက်ခြင်းသည် တရားမဝင်ကြောင်း စီရင်ဆုံးဖြတ်နိုင်ပေသည်။

အာယသ်တော်-ဖနှင့် ဆက်နွယ်သော ပြဋ္ဌာန်းချက်များနှင့် ဓမ္မသတ်များ

အဟ်ကာမွလ်ကုရ်အာန်၌အီမာမ်ဂျဆွင်ဆွာဆွိက ပြောကြားသည်မှာ ဤအာယသ်တော်သည် အကျင့်မကောင်းသူတစ်ဦး သယ်ဆောင်လာသည့် သတင်းအား အခြားသတင်းရင်းမြစ်များ၊ အတည်ပြုချက်များဖြင့် စုံးစမ်းစစ်ဆေးခြင်းမပြုဘဲ လက်ခံပြီး အရေးယူဆောင်ရွက်ပိုင်ခွင့်မရှိကြောင်းကို ညွှန်ပြ၏။ ဤအာယသ်တော်၌ ပြဋ္ဌာန်းချက် 'ဖတဗိုင်ယန' (ယင်း၏မှန်ကန်မှုကို အတည်ပြုခြင်း)ပါရှိ၏။ အခြားအဓိပ္ပာယ်တူစကားလုံးတစ်ခုမှာ 'တဆဗ္ဗတူ' ဖြစ်၏။ အလိုသဘောမှာ အရင်စလို အရေးယူဆောင်ရွက်ခြင်းမပြုပါနှင့်။ တည်ငြိမ်စွာရှုပါ။ သင်၏နေရာ၌ခိုင်မြဲစွာရပ်တည်ပါ။ အလွယ်တကူစိတ်လှုပ်ရှားခြင်း၊ တုန်လှုပ်ခြင်းမဖြစ်ပါစေနှင့်၊ သတင်းသို့မဟုတ် အချက်အလက်များကို အခြားဘက်မလိုက်သော

ရင်းမြစ်များက အတည်ပြုသည့်တိုင်အောင် စောင့်ပါ။ ဘုရားမှန်းတရားမှန်းမသိသော၊ အကျင့်ယုတ်သော လူတစ်ဦး၏ သတင်းအချက်အလက် သို့မဟုတ် တင်ပြချက်ကို လက်ခံပိုင်ခွင့်မရှိသောကြောင့် ထိုကဲ့သို့ ပုဂ္ဂိုလ်တစ်ဦး၏သက်သေထွက်ဆိုချက်အား အပြည့်အဝလက်ခံ၍ မရနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် သက်သေထွက်ဆိုချက်တိုင်းအတွက် ကျမ်းသစ္စာကျိန်ဆိုခြင်းဖြင့် အတည်ပြုရသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် ပညာရှင်အများစု၏အဆိုအရ ဘုရားတရားမလေးမစားသူ တစ်ဦး၏ ထွက်ဆိုချက် သို့မဟုတ် အထောက်အထားတစ်ခုသည် ရှရီအသ်ရှဒေါင့်မှ ကြည့်လျှင် လက်ခံနိုင်ဖွယ်မရှိပေ။ သို့ရာတွင် ပညာရှင်အားလုံးက သဘောတူသည်မှာ သာမန်လောကီရေးရာကိစ္စများနှင့်စပ်လျဉ်းသော် သတင်းပေးသူတိုင်း၏ ယုံကြည်စိတ်ချရမှုနှင့် သတင်းတိုင်း၏တိကျမှန်ကန်မှုများကို သေချာအောင်ပြုလုပ်ရန် မလိုအပ်ပေ။ ဥပဒေပညာရှင်များအနေဖြင့် ဤနည်းဥပဒေသည် သာမန်ကိစ္စရပ်များနှင့်မသက်ဆိုင်ကြောင်း ကောင်းစွာသိကြ၏။ အဘယ်ကြောင့်ဆိုသော် စည်းကမ်းချက်သည် ဤအာယသ်တော်၏ ရှင်းလင်းတိကျသောစာသား "..... اَنْ تُصِيْبُوْا قَوْمًا بِجَهَالَةٍ အို-မုအ်မင်(နှ်) သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ စာရိတ္တဖောက်ပြန်သူ တစ်ဦးတစ်ယောက်သည် အသင်တို့ထံ တစ်စုံတစ်ရာသတင်းကို ယူဆောင်လာခဲ့သည်ရှိသော် အသင်တို့သည် မသိဘဲလျက် လူမျိုးတစ်မျိုးကို အန္တရာယ်မပြုမိကြရန်(ယင်းသတင်း)မှန်မမှန်ကို (စူးစမ်း)စစ်ဆေးကြလေကုန်။ (သို့မဟုတ်လျှင်) အသင်တို့သည် မိမိတို့ပြုမိခဲ့ကြသောကိစ္စကြောင့် ကြေကွဲကြရပေမည်။ ....."၌ချမှတ်သည့် အကျိုးသက်ရောက်သော အကြောင်းတရားတစ်ခု၏ လွှမ်းမိုးခြင်းကို ခံရသောကြောင့် ဖြစ်၏။ သို့ဖြစ်၍ အကျိုးသက်ရောက်သော အကြောင်းတရားက လွှမ်းမိုးခြင်းမရှိသည့် ကိစ္စရပ်များသည် ဤအာယသ်တော်၏ စည်းကမ်းချက်မှ ဖယ်ထုတ်ခြင်း သို့မဟုတ် ခြွင်းချက်ပြုခြင်းခံရမည်ဖြစ်ပေသည်။ ဥပမာ- စဉ်းလဲသောလူတစ်ဦး သို့မဟုတ် မယုံကြည် သွေဖည်ငြင်းပယ်သူ ကာဖိရ်တစ်ဦးသည် တစ်စုံတစ်ယောက်ထံသို့ လက်ဆောင်ပစ္စည်းတစ်ခုကို မည်သူမည်ဝါက ပေးခိုင်းလိုက်ပါသည်ဟု ဆိုလျက်ပေးသည်ရှိသော် ထိုလက်ဆောင်နှင့် ထိုပြောဆိုမှုကို လက်ခံပိုင်ခွင့်ရှိ၏။ အသေးစိတ်များကို 'မုအီန္နလ်ဟုကာမ်'ကဲ့သို့ ဖိကဟ်စာအုပ်များတွင် တွေ့နိုင်ပါသည်။ 'အဟ်ကာမွလ်ကုရ်အာန်' (အာရဗီ ဘာသာဖြင့်) အပိုင်း(၆)တွင် အသေးစိတ်များကို ကျွန်ုပ်ပေးခဲ့ပြီးဖြစ်၏။ ကျွမ်းကျင်သော ပညာရှင်များသည် ယင်းထဲတွင် အသေးစိတ်လေ့လာဖတ်ရှုနိုင်ပါသည်။

သာဝကကြီးများ၏ ဖြောင့်မတ်မှန်ကန်မှုနှင့်စပ်လျဉ်း၍ အရေးကြီးသော အမေး-အဖြေ တစ်ခု

ဤအာယသ်တော်သည် ဝလီဒ်အိဗ်နအုက်ဗဟ်နှင့်ဆက်စပ်၍ကျရောက်ခဲ့ပြီး အာယသ်တော်၌ ၎င်းအား 'ဖာစစ်က်' (အကျင့်မကောင်းသူ) အဖြစ် ရည်ညွှန်းကြောင်း စစ်မှန်သော ဟဒီးဆ်များက အတည်ပြု၏။ 'ဓွဟာဗာ' (သာဝကကြီး) တစ်ပါးသည်ပင် 'ဖာစစ်က်' တစ်ဦးဖြစ်နိုင်ကြောင်း သိစေလိုပုံရ၏။ ဤသည်က الصَّحَابَةُ كُلُّهُمْ عُدُوْلٌ (သာဝကကြီး အားလုံးသည် ဖြောင့်မတ်မှန်ကန်ပြီး ယုံကြည်စိတ်ချရ၏။) ဟူသော အကြွင်းမဲ့ ခိုင်မာသည့် ဆိုရိုးစကားနှင့် ဆန့်ကျင်ကွဲလွဲနေပေသည်။ ၎င်းတို့၏ ထွက်ဆိုချက် တင်ပြချက် သို့မဟုတ် သက်သေခံချက် မှန်သမျှကို သံသယဖြစ်၍မရ နိုင်ပေ။ ရှူဟွလ်မအာနီကျမ်း၌ အလ္လာဟ်မဟ် အာလူစီက ပြောကြားသည်မှာ ပညာရှင်အများစု၏ အဆိုအရမြင့်မြတ်သော သာဝကကြီးများသည် အမှားမကင်းကြချေ။ ၎င်းတို့လည်း ကြီးမားသော အပြစ်များ 'ဖစ်က်'ကို ကျူးလွန်မိနိုင်ကြ၏။ အပြစ်ကျူးလွန်ချိန်တွင် ၎င်းတို့သည် ထိုလုပ်ရပ်အတွက် ပြဋ္ဌာန်းသော ပြစ်ဒဏ်အနေဖြင့် ထိုက်သင့်သလိုပြုမူ ဆက်ဆံခံကြရမည်ဖြစ်၏။ အကယ်၍ ၎င်းတို့ထဲမှ တစ်ဦးဦးသည် လိမ်ညာမှုဖြင့် အပြစ်ရှိကြောင်း တွေ့ရှိရပါက ၎င်းပေးသော သတင်း၊ အချက်အလက်၊ တင်ပြချက် သို့မဟုတ် သက်သေခံချက်သည် ပယ်ချခံရမည်

ဖြစ်၏။ သို့ရာတွင် ကုရ်အာန်၏ရှင်းလင်းတိကျသော မိန့်ဆိုချက်များနှင့်စွန့်သည်တော်အရ 'အဟ်လုစ်စွန္နသ် ဝလ်ဂျမာအဟ်' က ယုံကြည်သည်မှာ သာဝကကြီးများသည် အပြစ်များကို ကျူးလွန်နိုင်ကြသော်လည်း ၎င်းတို့သည် ထိုအပြစ်များကို စွဲမြဲစွာပြုလုပ်နေကြသည် မဟုတ်၊ အပြစ်တစ်ခုကို ကျူးလွန်ပြီးနောက် နောင်တမရသော မိမိကိုယ်မိမိသန့်စင်အောင်မပြုလုပ်သော တမန်တော်မြတ်ﷺ၏ သာဝကကြီးဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိကြောင်းပင်ဖြစ်၏။ သာဝကကြီး အဆင့်ရှိသူများကို ခြုံငုံရည်ညွှန်းပြီး ကုရ်အာန်က رَضِيَ اللَّهُ عَنْهُمْ وَرَضُوا عَنْهُ "…..အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အပေါ်၌ ကောင်းစွာကျေနပ်တော်မူပြီး၊ ၎င်းတို့ကလည်း အလ္လာဟ်အရှင်မြတ်အပေါ်၌ ကောင်းစွာကျေနပ်ကြပေသည်။ (၉း၈) ….." ဟူ၍ ကြေငြာတော်မူလေသည်။ အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုသည် အပြစ်များကို ခွင့်လွှတ်ခြင်းမပါဘဲ မဖြစ်နိုင်ပေ။ ကာဒီအဗူယအ်ယာက အလ္လာဟ်အရှင်မြတ်ကျေ နပ်နှစ်သက်တော်မူခြင်းသည် ထိုအရှင်မြတ်၏ ထာဝရဂုဏ်တော်များထဲမှ တစ်ပါးဖြစ်ကြောင်း ပြောကြား၏။ ၎င်းတို့သည် မိမိ၏ကျေနပ်နှစ်သက်မှုကို ရှာဖွေရင်းသေဆုံးကြမည့်သူများဖြစ်ကြောင်း မိမိသိတော်မူတော်မူသောသူများ အတွက်သာ ထိုအရှင်မြတ်သည် မိမိ၏ကျေနပ်နှစ်သက်မှုကို ထုတ်ဖော်ပြွမ်းကြားတော်မူပေသည်။ (အဆွ်ခ်ဆွာရိမွလ် မတ်စ်လူလ်တွင် အိဗန သိုင်မိယဟ်တင်ပြသည်။)

အတိုချုပ်ရသော် မြင့်မြတ်သော သာဝကကြီးအုပ်စုမှ လက်တစ်ဆုပ်စာမျှသည် အပြစ်ဒဏ်တစ်ခုတစ်လေကို တစ်ခါတစ်ရံ ကျူးလွန်ခြင်းမှာ ဖြစ်နိုင်ပေသည်။ သို့သော် အလ္လာဟ်အရှင်မြတ်၏ ကူညီမှုသည် ၎င်းတို့ကို ကယ်တင်ရန် ရောက်ရှိလာပြီး ၎င်းတို့သည် ချက်ချင်းနောင်တရကြသည်။ တမန်တော်မြတ်ﷺ၏အဖော်ဖြစ်ရခြင်း၏ ကောင်းချီးမင်္ဂလာအားဖြင့် အလ္လာဟ်အရှင်မြတ်သည် ရှရီအတ်ကို ၎င်းတို့၏ သဘာဝဝိဇဖြစ်စေတော်မူခဲ့သဖြင့် ၎င်းတို့အဖို့ ရရှီအတ်နှင့်ဆန့်ကျင်သောအရာကို ပြုလုပ်ပြီး အပြစ်ကျူးလွန်ရန်မှာ မဖြစ်နိုင်ပေ။ တမန်တော်မြတ်ﷺကို စံနမူနာယူခြင်းဖြင့်လည်းကောင်း အစွလာမ်ကချမှတ်သည့် စည်းကမ်းများကို လိုက်နာခြင်းဖြင့် လည်းကောင်း မိမိတို့ကိုယ်ကို ကောင်းမှုများတွင် နှစ်မြှုပ်ထားရန်မှာ ၎၎င်းတို့၏ပင်ကိုယ်သဘာဝပင်ဖြစ်လေသည်။ ဘဝ၏အရေးကိစ္စအားလုံးတွင် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏တမန်တော်ﷺတို့အား နာခံရန် ၎င်းတို့၏ အားထုတ်ကြိုးပမ်းမှုမျိုးကို ယခင်ရှိခဲ့သောမည်သည့် သာသနာဝင်အုပ်စုတွင်မှ ရှာဖွေတွေ့ရှိနိုင်လိမ့်မည်မဟုတ်ပေ။ အကယ်၍၎င်းတို့သည် တစ်သက်မှတစ်ခါအပြစ်တစ်ခုကို ကျူးလွန်မိသည့်တိုင် မရေမတွက်နိုင်သော ၎င်းတို့၏ ကောင်းမှုများ၊ ကုသိုလ်များနှင့် ဂုဏ်ပြုထိုက်သော ကောင်းမြတ်ခြင်းတို့နှင့် နှိုင်းစာသော် ထိုအပြစ်သည် ကျပျက်သွားလိမ့်မည် သို့မဟုတ် မရှိခဲ့သယောင် မှတ်ယူခံရလိမ့်မည် ဖြစ်၏။ ထို့ပြင် ဟဒီးဆ်ပေါင်းချုပ်ကျမ်းများ၌ မြင့်မြတ်သော သာဝကကြီးများသည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်မြတ်ﷺတို့အပေါ် ၎င်းတို့၏အဆုံးစွန်သော ချစ်ခင်မှုနှင့်ကိုးကွယ်ဆည်းကပ်မှုများကို ထုတ်ဖော်ပြသခဲ့ကြသည့် အဖြစ်အပျက်များစွာကို ဖော်ပြထားပေသည်။ ၎င်းတို့သည် အသေးငယ်ဆုံးအပြစ်များကိုကျူးလွန်မိသည့် အချိန်၌ အလ္လာဟ်အရှင်မြတ်အား ၎င်းတို့၏ အမြင့်ဆုံးဒီဂရီဖြင့် ကြောက်ရွံ့မှုကို ဖော်ပြခဲ့သည့်ပြင် နောက်တလည်း ရခဲ့ကြ၏။ အချို့သော သာဝကကြီးများသည် အမှားအယွင်းတစ်စုံတစ်ရာပြုလုပ်မိသောအခါ မိမိတို့ကိုယ်မိမိတို့ပြစ်ဒဏ်ပေးသည့်အနေဖြင့် ဗလီဝတ်ကျောင်း၏ တိုင်တွင် မိမိတို့ကိုယ်ကိုချည်နှောင်ထားခဲ့ကြလေသည် အစရှိသည်တို့ ရှိခဲ့၏။ ကုရ်အာန်ကမိန့်ဆိုသည်မှာ-

إِنَّ الْحَسَنَٰتِ يُذْهِبْنَ السَّيِّـَٔاتِ

မုချဇကန် ကောင်းမှုများသည် မကောင်းမှုများကို ပက်ဖျက်၏။ (စူရဟ်ဟူဒ် ၁၁း၁၁၄)

ငင်းတို့၏ကောင်းမှုများသည် သာမန်လူတို့၏ကောင်းမှုများနှင့်မတူသောကြောင့် ဤစည်းကမ်းချက်က ငင်းတို့အား ပို၍ကြီးမားစွာဖြင့် အကျိုးသက်ရောက်စေလေသည်။ အမှန်စင်စစ် ငင်းတို့၏ကောင်းမှုများ၏ အဆင့်အတန်းကို စအီဒ်အိပ်နဖိုက်ဒ်ﷺအားကိုးကား၍ အဗူဒါဝူဒ်နှင့်တိရ်မိဒီတို့၏ ဟဒီးဆ်ပေါင်းချုပ်ကျမ်းများတွင် ဖော်ပြသည်မှာ-

واللّٰه لمشهد رجل منهم مع النّبيّ صلى اللّٰه عليه وسلّم يغبّر فيه وجهه خير من عمل احدكم ولو عمر عمر نوح

အလ္လာဟ်အရှင်မြတ်အား တိုင်တည်ကျိန်ဆိုပါ၏။ တမန်တော်မြတ်ﷺနှင့်အတူ ဂျိဟာဒ်တစ်ခုတွင် ပါဝင်ဆင်နွှဲခဲ့ပြီး မျက်နှာ၌ ဖုံအလိမ်းလိမ်းကပ်နေသော ငင်းတို့ထဲမှ မည်သူမဆိုသည် အကယ်၍သင်တို့သည် နူဟ်ﷺ၏ အသက်အရွယ်ထိနေရသည့်တိုင် သင်တို့၏ တစ်သက်တာလုံးနာခံရိုကျိုးခြင်းနှင့် ဆည်းကပ်ကိုးကွယ်ခြင်းထက် ပို၍သာလွန်ကောင်းမွန်၏။

ထို့ကြောင့် ငင်းတို့သည် အပြစ်ကျူးလွန်ပါက ပြစ်မှုတစ်ခုအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ကို ရရှိကြလိမ့်မည်ဖြစ်သော်လည်းငင်းတို့အား 'ဖာစစ်က်'အဖြစ်မှတ်ယူပိုင်ခွင့်မရှိချေ။ သို့ဖြစ်၍ တမန်တော်မြတ်ﷺ၏လက်ထက်တော်မှ သာဝကကြီးတစ်ပါးသည် 'ဖစ်က်' အထမြောက်နိုင်သော အဖြစ်တစ်ခုကို ကျူးလွန်ခဲ့သဖြင့် 'ဖာစစ်က်' တစ်ဦးအဖြစ် ရည်ညွှန်းခံရနိုင်သော်လည်း ထို'ဖစ်က်'သည် ငင်း၏အမြဲတမ်း ဝိသေသတစ်ခုမဖြစ်နိုင်သောကြောင့် ငင်းအား ကျန်ရှိနေသော သက်တမ်းတွင် မပြောကောင်းမဆိုအပ် 'ဖာစစ်က်'တစ်ဦးဟုခေါ်၍ မရနိုင်ပါချေ။ (ရူးဟွလ်မအာနီ)

သို့သော်ငြားလည်း ယခုအာယသ်တော်၌ ဝလီဒ်သည် တိကျပြတ်သားစွာ 'ဖာစစ်က်'အဖြစ်ရည်ညွှန်းခံရ၏။ အာယသ်တော်မှာ ငင်း၏အဖြစ်အပျက်နှင့်စပ်လျဉ်း၍ ကျရောက်ခဲ့ခြင်းဖြစ်သည် ဟုဆိုသော်လည်း 'ဖာစစ်က်'ဟူသော စကားလုံးကို ငင်းအတွက်သုံးခြင်းဟု မဆိုလိုပေ။ အဘယ်ကြောင့်ဆိုသော် ဤအဖြစ်အပျက်မတိုင်မီက ဝလီဒ်အိပ်နအုက်ဗဟ်သည် 'ဖာစစ်က်'ဟု ရည်ညွှန်းခံရနိုင်သော မည်သည့် အလုပ်မျိုးကိုမှ မပြုလုပ်ခဲ့သောကြောင့် ဖြစ်၏။ ဗနူလ်မုဆွတ်တွလစ်က်၏ အဖြစ်အပျက်အား စိစစ်လေ့လာချက်ကညွှန်ပြသည်မှာ ထိုမျိုးနွယ်စုနှင့်ပတ်သက်၍ ငင်းသည် မမှန်ကန်သော သတင်းအချက်အလက်တစ်ခုကို ပေးပို့ခဲ့သည်။ ငင်းအနေဖြင့် ငင်း၏အထင်မှန်ကန်မည်ဟု ရိုးသားစွာ ယုံကြည်ခဲ့သော်လည်း တကယ်တမ်းတွင် မမှန်ကန်ချေ။ ထို့ကြောင့် ယခုအာယသ်တော်၏ ရိုးရှင်းသော ဆိုလိုရင်းမှာ 'ဖာစစ်က်' တစ်ဦးပေးပို့သော သတင်းသည် လက်ခံနိုင်ဖွယ်မရှိဟူသော ယေဘုယျနိယာမကို တည်ဆောက်ရန်ဖြစ်လေသည်။ သို့ရာတွင် ဝလီဒ်အိပ်နအုက်ဗဟ်သည် 'ဖာစစ်က်' တစ်ဦးမဟုတ်သော်လည်း ငင်း၏သတင်းသည် အပြင်ပန်းဆက်စပ်စဉ်စားမှုသာဖြစ်၍ လက်ခံနိုင်ပုံမရခဲ့ပေ။ ထို့ကြောင့် တမန်တော်မြတ်ﷺသည် ငင်းပေးသောသတင်းမျှလောက်ဖြင့်အရေးယူဆောင်ရွက်ခြင်း မပြုဘဲ သေချာအောင် စုံစမ်းစစ်ဆေးရန် ခါလစ်အိပ်နိဝလီဒ်ကို စေလွှတ်ခဲ့ခြင်းဖြစ်၏။ အကယ်၍ ယုံကြည်စိတ်ချရသော ကောင်းမြတ်သူတစ်ဦးပေးပို့သည် သတင်းသည် စစ်၍မှန်ကန်ပါက 'ဖာစစ်က်'တစ်ဦး၏ သတင်းကို ငြင်းပယ်ပြီး ထိုသတင်းအပေါ်၌အရေးယူဆောင်ရွက်ခြင်းမပြုသင့်ပေ။ သာဝကကြီးများ၏ ရိုးသားဖြောင့်မှန်မှုအကြောင်းကို ဤစာရေးသူ၏ အူရဒူဘာသာဖြင့် ထုတ်ဝေသော 'သာဝကကြီးများ၏အဆင့်အတန်း' စာအုပ်တွင် အပြည့်အစုံ ဆွေးနွေးတင်ပြထား၏ ရှေ့လာမည့် အာယသ်တော်များတွင် ထိုအကြောင်း တစ်စိတ်တစ်ဒေသကို ဆွေးနွေးတင်ပြပါမည်။

အာယသ်တော် (၇-၈)

وَاعْلَمُوْٓا اَنَّ فِيْكُمْ رَسُوْلَ اللّٰهِ ۗ لَوْ يُطِيْعُكُمْ فِيْ كَثِيْرٍ مِّنَ الْاَمْرِ لَعَنِتُّمْ وَلٰكِنَّ اللّٰهَ حَبَّبَ اِلَيْكُمُ الْاِيْمَانَ وَزَيَّنَهٗ فِيْ قُلُوْبِكُمْ وَكَرَّهَ اِلَيْكُمُ الْكُفْرَ وَالْفُسُوْقَ وَالْعِصْيَانَ ۗ اُولٰۤىِٕكَ هُمُ الرّٰشِدُوْنَ ۙ﴿۷﴾ فَضْلًا مِّنَ اللّٰهِ وَنِعْمَةً ۗ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ﴿۸﴾

ၔင်းပြင်အသင်တို့သည်မိမိတို့၌အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်ရှိနေတော်မူသည်ကို (ကောင်းစွာ)သိထားကြလေကုန်။ အကယ်၍ ထိုရစူလ်တမန်တော်မြတ်သည်များစွာသော အရေးကိစ္စတို့၌ အသင်တို့၏ ပြောဆိုချက်ကိုလိုက်နာပါလျှင် အမှန်ပင် အသင်တို့သာလျှင် ဒုက္ခတွေ့ကြမည်သာ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား 'အီမာန်' သက်ဝင်ယုံကြည်မှုကို နှစ်သက်မြတ်နိုးစေတော်မူခဲ့၏။ ထို့ပြင် ယင်း 'အီမာန်' ယုံကြည်မှုကို အသင်တို့၏စိတ်နှလုံးများတွင် မြတ်နိုးစေတော်မူခဲ့၏။ လှပတင့်တယ်စေတော်မူခဲ့၏။ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့အား 'ကုဖ်ရ်' သွေဖည်မှုကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းကို လည်းကောင်း၊ အမိန့်မနာခံမှုကို လည်းကောင်း စက်ဆုပ်စေတော်မူခဲ့၏။ ယင်းကဲ့သို့သော သူတို့သည်သာလျှင် လမ်းမှန်ကို ရရှိသူများ ဖြစ်ကြကုန်၏။[၇] အလ္လာဟ်အရှင်မြတ်၏ ကျေးဇူတော်ကြောင့်လည်းကောင်း၊ ဆုချီးမြှင့်တော်မူခြင်းကြောင့် လည်းကောင်း၊ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် (အရာခပ်သိမ်းတို့ကို)အကြွင်းမဲ့ သိတော်မူသောအရှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ [၈]

တမန်တော်မြတ်ﷺ၏ဆုံးဖြတ်ချက်သည် ပို၍ကောင်း၏။

ပြီးခဲ့သော အာယသ်တော်အရ ဝလီဒ်အိဗ်နုအုက်ဗဟ်က ဗနူလ်မုဆွတ်တွလစ်က် လူမျိုးစုသည် ယုံကြည်ချက်ကို ကျောခိုင်းသည့်ပြင် ဇကာတ်ပေးရန်ကိုလည်း ငြင်းဆိုကြောင်း အစီရင်ခံခဲ့၏။ ထို့ကြောင့် သာဝကကြီးများသည် စိတ်အနှောက်အယှက်ဖြစ်ကာဒေါသထွက်ခဲ့ကြသည်။ၔင်းတို့ကထိုသူများကိုမဆိုင်းမတွကျိဟာဒ်ကြေငြာလိုခဲ့ကြသည်။ သို့သော် တမန်တော်မြတ်ﷺသည် ခိုင်မာသော သက်သေပြချက်မရှိသောကြောင့် ဤအစီရင်ခံချက်ကို ငြင်းပယ်ပြီး ခါလစ်အိဗ်နုဝလီဒ်ﷺအား စုံစမ်းစစ်ဆေးရန် စေလွှတ်ခဲ့လေသည်။ အထက်ပါ အာယသ်တော်၌ အကြောင်သူတစ်ဦးပေးပို့သော အစီရင်ခံချက်အပေါ် အရေးအယူဆောင်ရွက်ပိုင်ခွင့်မရှိကြောင်း ကုရ်အာန်ကအမိန့်ထုတ်ပြန်ခဲ့၏။ ယခုအာယသ်တော်တွင် သာဝကကြီးများအား လမ်းညွှန်ချက်တစ်ခုထပ်၍ ပေးသည်မှာ 'အသင်တို့သည် ဗနူလ်မုဆွတ်တွလစ်က်တို့ ၏ဖောက်ပြန်မှုကို ကြားကြသောအခါ အသင်တို့စိတ်တိုင်းကျ တုံ့ပြန်ခဲ့ကြသည်။ ဤသို့ဖြစ်ရသည်မှာ အသင်တို့၏ဘာသာရေးတွင် စိတ်အားထက်သန်မှုနှင့်တက်ကြွမှုများကြောင့် ဖြစ်သော်လည်း သင်တို့၏ရှုမြင်သုံးသပ်ပုံမှာ မှန်ကန်မှု မရှိသည့်ပြင် နည်းလမ်းလည်း မကျပေ။ တမန်တော်မြတ်ﷺချမှတ်သော ဆုံးဖြတ်ချက်ကသာ ပို၍ကောင်းမွန်ကြောင်းကို သက်သေခံလေသည်။(မဇ်ဟရီ) ဤသို့ကြောင့်ဆွေးနွေးတိုင်ပင်ရန် လိုအပ်သောအရေးကိစ္စများတွင် သဘောထား

အမြင်ကိုဖော်ပြရန်သင့်သော်လည်း သင်တို့၏သဘောထားအမြင်အပေါ် အရေးယူဆောင်ရွက်စေရန် တမန်တော်မြတ်ﷺကိုတွန်းအားမပေးသင့်ပေ။ ရှားရှားပါးပါးဖြစ်နိုင်ခြေတစ်ခုရှိသည်မှာ အချို့သော လောကီကိစ္စများတွင် တမန်တော်မြတ်ﷺ၏အယူအဆတစ်ခုသည်လောကဘဏ္ဍာကြုံတွေ့ရသည်များနှင့်ကွဲလွဲဆန့်ကျင်နေခြင်းဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် ၎င်းအား ထိုးထွင်းသိမြင်ခြင်း အမြော်အမြင်ကြီးခြင်းနှင့် ချိုင့်ချိန်နိုင်ခြင်း စသည့် သင်တို့တွင်မရှိသော အရာများကို ၎င်းအား လက်ဆောင်ပေးသနားတော်မူထားသော်လည်း ဤသည်က ၎င်း၏တမန်တော်ဖြစ်မှုအဆင့်အတန်းနှင့်ဝိရောဝိရောဓိမဖြစ်ပေ။ ထို့ကြောင့် တမန်တော်မြတ်ﷺသည် သင်တို့၏ အယူအဆအတိုင်းလိုက်နာရန် ဖြစ်ပါက အကြောင်းကိစ္စများစွာတွင် သင်တို့သည် ဆုံးရှုံးမှုနှင့်ဒုက္ခအခက်အခဲများအတွင်းသို့ ကျရောက်လာလိမ့်မည်ဖြစ်၏။ သင်တို့၏ယူဆချက်သည် ကြုံတောင့်ကြုံခဲမှန်ကန်သည် သို့မဟုတ် နည်းလမ်းကျသည် ဆိုပါကလည်း သင်တို့၏ယူဆချက်ကို စွန့်လွှတ်ပြီး တမန်တော်မြတ်ﷺ၏ စကားကိုနားထောင်ခြင်းက ပို၍ကောင်းသည်သာဖြစ်၏။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် သင်တို့သည် လောကီဆုံးရှုံးမှု အချို့ကိုခံစားရနိုင်သော်လည်း ၎င်းကသင်တို့၏ ယူဆချက်အတိုင်း လိုက်နာခြင်းလောက် အန္တရာယ်ရှိမည် မဟုတ်ပေ။ အကယ်၍ လောကီဆုံးရှုံးမှုကို သင်တို့ခံစားရသည့်တိုင် တမန်တော်မြတ်ﷺအား နာခံခြင်း၏အကျိုးဆုလာဘ်က ပို၍ကောင်းမွန်သော အလျော်ပေးမှုကို ဖြစ်စေပေမည်။

عَسِيْمٌ ဟူသောစကားလုံးသည် عَنَتٌ မှ ဆင်းသက်ပြီး 'အပြစ် သို့မဟုတ် မကောင်းမှုတစ်ခုကို ကျူးလွန်သည်' ဟု ဆိုလိုသည့်ပြင် 'ဆင်းရဲဒုက္ခခံစားသည်' ဟူ၍လည်း အဓိပ္ပာယ်ရ၏။ ဤနေရာတွင် အဓိပ္ပာယ်နှစ်မျိုးစလုံးသည် ဆီလျော်မှုရှိ၏။(ကုရ်သုဝိ)

အာယသ်တော် (၉-၁၀)

وَإِنْ طَآئِفَتٰنِ مِنَ الْمُؤْمِنِيْنَ اقْتَتَلُوْا فَأَصْلِحُوْا بَيْنَهُمَا ۚ فَإِنْۢ بَغَتْ
إِحْدٰىهُمَا عَلَى الْأُخْرٰى فَقَاتِلُوا الَّتِيْ تَبْغِيْ حَتّٰى تَفِيْٓءَ إِلٰٓى أَمْرِ اللّٰهِ ۚ فَإِنْ
فَآءَتْ فَأَصْلِحُوْا بَيْنَهُمَا بِالْعَدْلِ وَأَقْسِطُوْا ۖ إِنَّ اللّٰهَ يُحِبُّ الْمُقْسِطِيْنَ ۝٩
إِنَّمَا الْمُؤْمِنُوْنَ إِخْوَةٌ فَأَصْلِحُوْا بَيْنَ أَخَوَيْكُمْ وَاتَّقُوا اللّٰهَ لَعَلَّكُمْ
تُرْحَمُوْنَ ۝١٠

၎င်းပြင် အကယ်၍ 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူတို့အနက်မှ အုပ်စုနှစ်စုသည် အချင်းချင်းစစ်တိုက်ခဲ့ကြလျှင် အသင်တို့သည် ယင်းအုပ်စုနှစ်စု၏အကြားဝယ် စစ်ပြေငြိမ်းအောင် ပြုလုပ်ဆောင်ရွက်ကြလေကုန်။ သို့ရာတွင် အကယ်၍ ယင်းအုပ်စုနှစ်စု အနက်မှ အုပ်စုတစ်စုသည် (စစ်ပြေငြိမ်းမှုကို လက်မခံဘဲ ဆက်လက်၍) အခြားအုပ်စုအပေါ်၌မတရား ကျူးကျော်လာခဲ့လျှင် အသင်တို့သည် ယင်းကျူးကျော်လျက်ရှိသော အုပ်စုကို ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဘက်သို့ ပြန်၍ လှည့်လာကြသည်အထိ ပြိုင်ဆိုင်တိုက်ခိုက်ကြလေကုန်။ တစ်ဖန် အကယ်၍ ထိုအုပ်စုသည် (အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဘက်သို့) ပြန်လှည့်လာခဲ့လျှင်

အသင်တို့သည် ယင်းအုပ်စုနှစ်စုတို့၏အကြား၌ တရားသဖြင့် စေ့စပ်၍ပေးကြလေကုန်။ ထိုမှတစ်ပါး အသင်တို့ သည်တရားမျှတစွာ ဆောင်ရွက်ကြလေကုန်။ ဇကန်အမှန် အလ္လာဟ်အရှင်မြတ်သည် တရားမျှတသောသူတို့အား ချစ်မြတ်နိုးတော်မူ၏။ [၉] မုအ်မင်(နှ်)သက်ဝင်ယုံကြည်သူတို့မှာ (အချင်းချင်း) ညီအစ်ကိုများသာဖြစ်ကုန်၏။ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့၏ ညီအစ်ကို နှစ်ယောက်၏ စပ်ကြားဝယ် ရန်ငြိမ်းအောင်(စေ့စပ်မှုကို) ပြုလုပ်ဆောင်ရွက်ကြလေကုန်။ ထိုမှ တစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ သို့မှသာလျှင် အသင် တို့သည် သနားကရုဏာပြုတော်မူခြင်းကို ခံကြရကုန်အံ့သတည်း။ [၁၀]

ဆက်စပ်မှု

ပြီးခဲ့သော အာယသ်တော်များတွင် တမန်တော်မြတ်ﷺ၏အခွင့်အရေးများကို ဖော်ပြခဲ့ပြီး၊ ၎င်းနှင့်ပြောဆို ဆက်ဆံရာတွင်ရှိသင့်သည့် ဟန်အမူအရာကို ချမှတ်သည့်ပြင် ၎င်းအား စိတ်ဆင်းရဲစေမည့် သို့မဟုတ် စိတ်အနှောက် အယှက်ဖြစ်စေမည့်လုပ်ရပ်အားလုံးကိုလည်း တားမြစ်ခဲ့သည်။ ယခုအာယသ်တော်အတွဲ(၉-၁၀)က အပြုအမူများ၊ အလေ့အထများ၊ ပြဋ္ဌာန်းချက်များနှင့် တစ်ဦးချင်းနှင့်လူမှုဘဝတို့တွင် အပြန်အလှန်ထားရှိရမည့် အခွင့်အရေးနှင့်မပြုမ နေရတာဝန်များကို ထူထောင်လေသည်။ ဤစည်းမျဉ်းများအားလုံး၏ ဘုံတန်ဖိုးမှာ လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်များကို ကသိကအောက်ဖြစ်စေမည့် အရာဟူသရွေ့အား ရှောင်ရှားရန်ဖြစ်၏။

ထုတ်ပြန်ပို့ချရခြင်းအကြောင်း

ဤအာယသ်တော်များ ကျရောက်လာခဲ့ခြင်း၏ နောက်ခံအကြောင်းအဖြစ် ရှင်းလင်းဖွင့်ဆိုသူများက အဖြစ် အပျက်အချို့ကို ဖော်ကြ၏။ ယင်းတို့အနက်အဖြစ်အပျက်တစ်ခုမှာ မွတ်စလင်အုပ်စုနှစ်ခုကြားဖြစ်ပွားခဲ့သော ပဋိပက္ခ ဖြစ်၏။ အဖြစ်အပျက်အားလုံးသည် ထုတ်ပြန်ပို့ချခြင်း၏ အကြောင်းဖြစ်နိုင်သည်။ အားလုံးထဲမှ တစ်ခုသည် ထုတ်ပြန်ပို့ ချခြင်း၏ အကြောင်းတရားဖြစ်ပြီး ကျန်အလားတူသော အဖြစ်အပျက်များကိုလည်း ထုတ်ပြန်ပို့ချခြင်း အကြောင်း အဖြစ် သတ်မှတ်ခြင်းလည်း ဖြစ်နိုင်ပေသည်။

ဤအာယသ်တော်သည် အုပ်စိုးသူများ၊ တိုက်ခိုက်ရန်၊ စစ်ပွဲဆင်နွှဲရန် အရင်းအမြစ်ရှိကြသည့် အာဏာပိုင်များ အား တိုက်ရိုက်မိန့်ကြားခြင်းဖြစ်သော်လည်း (အလ်ဗဟ်ရ်၌အဗူဟောယန်ဖော်ပြပြီး၊ ရူးဟွလ်မအာနီ၌ အာလူစီလက်ခံ သဘောတူသကဲ့သို့) မွတ်စလင်အားလုံးအား ဤကိစ္စတွင်အာဏာပိုင်များကို အကူအညီပေးကြရန် သွယ်ဝိုက်၍ မိန့် ကြားခြင်းဖြစ်၏။ ခေါင်းဆောင်၊ အမီးရ်၊ ဘုရင် သို့မဟုတ် သမ္မတမရှိပါက စည်းကမ်းချက်မှာ တိုက်ခိုက်နေကြသော အဖွဲ့နှစ်ဖွဲ့ကို စစ်ပြေငြိမ်းရန်တတ်စွမ်းသမျှ အကြံပြုတိုက်တွန်းကြရန် ဖြစ်၏။ အကယ်၍ ဤသို့မဖြစ်နိုင်ပါက သာမန် လူများအနေဖြင့် တိုက်ခိုက်နေကြသော အုပ်စုနှစ်စုစလုံးနှင့်ဝေးဝေးနေ (မပတ်သက်)ကြရန် အမိန့်ပေးခြင်းခံရ၏။ တစ်ဖက်ဖက်ကိုဆန့်ကျင်ခြင်း သို့မဟုတ် ကူညီခြင်းမပြုကြသင့်ပေ။ (ဗယာနွလ်ကုရ်အာန်)

ဆက်စပ်သော အကြောင်းကိစ္စများနှင့်ပြဋ္ဌာန်းချက်များ

မွတ်စလင် အဖွဲ့နှစ်ဖွဲ့အချင်းချင်း တိုက်ခိုက်သည့် ပုံစံများစွာရှိ၏။ (၁)နှစ်ဖွဲ့စလုံးသည် မွတ်စလင်အစိုးရတစ် ရပ်၏ နိုင်ငံသားများဖြစ်ကြသည်။ (၂) နှစ်ဖွဲ့စလုံးသည် မွတ်စလင်အစိုးရတစ်ရပ်၏။ နိုင်ငံသားများ မဟုတ်ကြ။ (၃) တစ်ဖွဲ့သည်မွတ်စလင်အစိုးရတစ်ရပ်၏ နိုင်ငံသားများဖြစ်ကြသော်လည်း ကျန်တစ်ဖွဲ့မှာ နိုင်ငံသားမဟုတ်ကြ။ပထမ

အနေအထားတွင် ၎င်းတို့ကြားနားလည်းမှုရအောင် ပြုလုပ်ပေးရန်မှာ သာမန်မွတ်စလင်တိုင်းအဖို့ မပြုမနေရတာဝန်ဖြစ်ပြီး အချင်းချင်းတိုက်ခိုက်နေခြင်းကို ရပ်စဲအောင် ကြိုးပမ်းရမည်ဖြစ်၏။ အကယ်၍ ၎င်းတို့သည် စေ့စပ်ညှိနှိုင်းပေးခြင်းဖြင့် တိုက်ခိုက်မှုကို မရပ်စဲပါက မွတ်စလင်အုပ်စိုးသူအဖို့ ၎င်းတို့အား တိုက်ခိုက်အရေးယူရန် လိုအပ်၏။ အကယ်၍ အုပ်စုနှစ်ခုစလုံးက အစွလာမ်အစိုးရ၏ ကြားဝင်ပြန်ဖြေမှုကြောင့် စစ်ပြေငြိမ်းပါက လက်တုံ့ပြန်ခြင်း၊ ဒဏ်ခတ်ခြင်းနှင့် သွေးကြွေးဆပ်ခြင်း ဥပဒေများသည် အကျိုးသက်ရောက်မည်ဖြစ်၏။ အကယ်၍ ၎င်းတို့သည် စေ့စပ်ညှိနှိုင်းပေးခြင်းဖြင့် တိုက်ခိုက်မှုကို မရပ်စဲပါက မွတ်စလင်အုပ်စိုးသူအဖို့ ၎င်းတို့အား တိုက်ခိုက်အရေးယူရန်လိုအပ်၏။ အကယ်၍အုပ်စုနှစ်ခုစလုံးက အစွလာမ်အစိုးရ၏ကြားဝင်ပြန်ဖြေမှုကြောင့် စစ်ပြေငြိမ်းပါက လက်တုံ့ပြန်ခြင်း၊ ဒဏ်ခတ်ခြင်းနှင့်သွေးကြွေးဆပ်ခြင်း ဥပဒေများသည် အကျိုးသက်ရောက်မည်ဖြစ်၏။ အကယ်၍၎င်းတို့သည် စစ်ပြေငြိမ်းမှုမပြုပါက နှစ်ဖွဲ့စလုံးအား သူပုန်များကဲ့သို့ ဆက်ဆံရမည်ဖြစ်၏။ အကယ်၍ အဖွဲ့တစ်ဖွဲ့က တပ်ဆုတ်သော်လည်း ကျန်တစ်ဖွဲ့က ဖိနှိပ်ကျူးကျော်မှုကို ဆက်၍လုပ်နေပါက ထိုအဖွဲ့သည် သူပုန်အဖွဲ့အဖြစ် မှတ်ယူခံရမည်ဖြစ်ပြီး နာခံသောအဖွဲ့သည် 'အဒီလ်' (သမာသမတ်ရှိသူများ)အဖြစ် သတ်မှတ်ခံရမည်ဖြစ်၏။ သူပုန်များနှင့်စပ်လျဉ်းသော ဥပဒေအသေးစိတ်များကို အစွလာမ်ဥပဒေစာအုပ်များတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။ အတိုချုပ်အားဖြင့် ဥပဒေက အောက်ပါအတိုင်းနားလည်စေသည်။ တိုက်ခိုက်ခြင်း မပြုမီ ၎င်းတို့၏ လက်နက်များကို သိမ်းယူရမည်။ ထို့နောက် ၎င်းတို့အား ဖမ်းဆီး၍နောင်တရသည့်တိုင် အကျဉ်းချထားရမည်။ တိုက်ခိုက်နေစဉ်နှင့် တိုက်ခိုက်မှုအပြီးတွင် ၎င်းတို့၏ သားသမီးများကို ကျွန်မပြုရ။ ၎င်းတို့၏ ဥစ္စာပစ္စည်းများကို စစ်ပွဲလက်ရပစ္စည်းများအဖြစ် သဘောမထားရ။ အမှန်စင်စစ် ၎င်းတို့၏ ဥစ္စာပစ္စည်းများကို ၎င်းတို့နောင်တရသည့်တိုင် ထိန်းသိမ်းစောင့်ရှောက်ထားပြီး၊ ၎င်းတို့ နောင်တရပြီးနောက် ၎င်းတို့အား ပြန်၍ပေးရမည်။ အထက်မှအာယသ်တော်များတွင် အောက်ပါလမ်းညွှန်မှုများကို တွေ့ရပေသည်။

فَإِنْ فَآءَتْ فَأَصْلِحُوا بَيْنَهُمَا بِالْعَدْلِ وَأَقْسِطُوا

တစ်ဖန် အကယ်၍ ထိုအုပ်စုသည် (အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဘက်သို့) ပြန်လှည့်လာခဲ့လျှင် အသင်တို့သည် ယင်းအုပ်စုနှစ်စု၏အကြား၌ တရားသဖြင့် စေ့စပ်၍ပေးကြလေကုန်။ ထို့မှတစ်ပါး အသင်တို့သည် တရားမျှတစွာ ဆောင်ရွက်ကြလေကုန်။ ဇကာန်အမှန် အလ္လာဟ်အရှင်မြတ်သည် တရားမျှတသောသူတို့အား ချစ်မြတ်နိုးတော်မူ၏။ ....." (၄၉း၉)

အာယသ်တော်ကဆိုလိုသည်မှာ ရန်လိုတိုက်ခိုက်သော အဖွဲ့သည် စစ်ပြေငြိမ်းပါက တိုက်ခိုက်မှုကို ရပ်စဲရုံမျှမက စစ်ဖြစ်ရသည့်အကြောင်းရင်းနှင့် အချင်းချင်းမကြေလည်မှုများကိုလည်း သင်ပုန်းခြေရန် စဉ်းစားသင့်ကြောင်းဖြစ်၏။ သို့မှသာ နှလုံးသားပူလောင်ခြင်းများ အဆုံးသတ်မည်ဖြစ်၏။ ထို့ပြင် မလိုမုန်းထားစိတ်နှင့် ရန်လိုမှုများသည် ဤနည်းအားဖြင့် ကြေပျက်သွားပြီး ညီနောင် စိတ်ဓာတ်ထွန်းကားလာပေမည်။ ဤလူများမှာ မွတ်စလင်အုပ်စိုးသူကို ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသောကြောင့် ၎င်းတို့သည် မျှတစွာပြုမှုဆက်ဆံခြင်းခံကောင်းမှခံကြရပေမည်။ ထို့ကြောင့် ကုရ်အာန်က ၎င်းတို့ကြားတွင် မျှမျှတတနှင့် တရားသဖြင့် ဖြစ်အောင်အလေးထားဆောင်ရွက်ရန် မိန့်ကြားခြင်းဖြစ်လေသည်။ သို့မှသာ မည်သူ၏အခွင့်အရေးကိုမျှ ထိပါးခံရမည်မဟုတ်ပေ။

(ဟီဒါယဟ်အားကိုးကားလျက် ဗယာနွလ် ကုရ်အာန်မှမှီငြမ်းသည်။)

ဓမ္မသတ်

အကယ်၍ အလွန်အင်အားကြီးမားသော မွတ်စလင်အုပ်စုက မွတ်စလင်အုပ်စိုးသူကို ဆန့်ကျင်တော်လှန်ပါက အုပ်စိုးသူသည် ဦးစွာဂုဏ်းတို့၏ တိုင်ကြားချက် သို့မဟုတ် ဂုဏ်းတို့၏ မကျေနပ်ချက်ကို ကြားနာရန်လိုအပ်၏။ အကယ်၍ ဂုဏ်းတို့၏စိတ်ထဲတွင် အကြောင်းတစ်စုံတစ်ရာနှင့်ပတ်သက်၍ သံသယ သို့မဟုတ် နားလည်မှုလွဲမှားခြင်းရှိခဲ့ပါက ယင်းအားဖယ်ရှားပစ်သင့်၏။ အကယ်၍ ဂုဏ်းတို့က မွတ်စလင်အကြီးအကဲသို့မဟုတ် အုပ်စိုးသူတစ်ဦးကို ဆန့်ကျင်ရန် အတွက် အုပ်ချုပ်မှုအပိုင်းတွင် တရားမျှတမှုမရှိခြင်းကဲ့သို့ ရှရီအသိကခွင့်ပြုသော အကြောင်းရင်းကို ပြသပါက မွတ်စလင်ထုအနေဖြင့် ထိုအုပ်စုကို ကူညီရန် မုချလိုအပ်ပေသည်။ သို့မှသာ အကြီးအကဲ သို့မဟုတ် အုပ်စိုးသူသည် ၎င်း၏ မတရားဖိနှိပ်အုပ်ချုပ်မှုကို ရှောင်ကြဉ်နိုင်မည်ဖြစ်၏။ (အိပ်နူလ်ဟူမဲ၊ မဇ်ဟရီ) အကယ်၍ ဂုဏ်းတို့သည် ဂုဏ်းတို့၏ မကျေနပ်မှု၊ တော်လှန်မှု၊ မနာခံမှုနှင့် မွတ်စလင်အုပ်စိုးသူအား စစ်ပွဲဆင်နွှဲမှုတို့၌ တရားဝင်သောအကြောင်းရင်းကို မပြနိုင်ပါက သူပုန်များအား စစ်ပွဲဆင်နွှဲရန် မွတ်စလင်တို့ကို ခွင့်ပြု၏။ အီမာမ်ရှာဖိအီ ﵀ က ယူဆသည်မှာ အကယ်၍ သူပုန်များက ပထမစတင်တိုက်ခိုက်မှုမပြုပါက မွတ်စလင်တို့အနေဖြင့် ဂုဏ်းတို့အား စတင်မတိုက်ခိုက်သင့်ဟူ၍ ဖြစ်၏။ (မဇ်ဟရီ) ထိုအုပ်စုသည် ပုန်ကန်ထကြွခြင်းဖြစ်ကြောင်း ထင်ရှားခိုင်လုံမှသာလျှင် ဤဥပဒေသည် အကျိုးသက်ရောက်မှုရှိပေသည်။ အကယ်၍ အဖွဲ့တစ်ခုစီတွင် မိမိ၏လုပ်ရပ်သည် တရားမျှတကြောင်းပြသရန်အတွက် ခိုင်လုံသော အကြောင်းပြချက် ကိုယ်စီရှိကြသဖြင့် မည်သည့်အုပ်စုက ပုန်ကန်သူဖြစ်ပြီး မည်သည့်အုပ်စုက တရားမျှသည်ကို ဆုံးဖြတ်ရန် ခက်ခဲပါက နှစ်ဖွဲ့စလုံး၏ အားသားချက်၊ အားနည်းချက်များကို ချင့်ချိန်တွက်ဆပြီး မည်သည့်အဖွဲ့က တရားမျှတသည်ဟု ဖြစ်နိုင်ခြေ နိယာမပေါ်တွင် အခြေခံလျက် ဆုံးဖြတ်ရန် ဖြစ်၏။ အကယ်၍ အဖွဲ့တစ်ခု၏ ဥပဒေအကြောင်းအရ အကြောင်းပြချက်သည် ပို၍ ခိုင်လုံသည်ဟု တစ်စုံတစ်ယောက်အား ထင်မြင်စေပါက ၎င်းအဖို့ ထိုကဲ့သို့ အဖွဲ့တစ်ခုအား ကူညီရန် ခွင့်ပြု၏။ အကြင်သူသည် ၎င်းတို့အနက် မည်သူ၏ရပ်တည်ချက်ကိုမျှ ပို၍ သဘောမကျနိုင်ဖြစ်ပါက ၎င်းအနေဖြင့် ကြားနေသင့်ပေသည်။ Battle of Camel (ကုလားအုတ်စစ်ပွဲ) ဂျမလ်စစ်ပွဲနှင့် Battle of Siffin ဆွဖ်ဖီးန်စစ်ပွဲစသော ပြည်တွင်းစစ်များတွင် များစွာသော သာဝကကြီးများသည် မည်သည့်ဘက်ကမျှ မပါဘဲ ကြားနေခဲ့ကြ၏။

မြင့်မြတ်သော သာဝကကြီးတို့၏ ပဋိပက္ခများ

အီမာမ်အဗူဗက်ရ်အိပ်နွလ်အရဗီက ဆိုသည်မှာ မွတ်စလင်တို့ကြားမှ စစ်ပွဲနှင့်သက်ဆိုင်သည့် ဤအာယသ်တော်သည် အဖြစ်အပျက်အားလုံးကို ခြုံငုံမိ၏။ ရှရီအတ်၏ စည်းကမ်းချက်တစ်ခုနှင့်စပ်လျဉ်း၍ နှစ်ဖွဲ့စလုံးက စစ်တိုက်ရန် ပြင်ဆင်ကြသောအဖြစ်အပျက် တစ်ခုလည်း ပါဝင်လေသည်။ မြင့်မြတ်သော သာဝကကြီးများ၏ ပြည်တွင်းစစ်သည် ဤအမျိုးအစားပင်ဖြစ်၏။ ကုရ်တူဗီက အိပ်နွလ်အရဗီ၏ ဤယူဆချက်အားကိုးကားလျက် Battle of Camel ကုလားအုတ်စစ်ပွဲ၊ ဂျမာလ်စစ်ပွဲနှင့် Battle of Siffin ဆွဖ်ဖီးန်စစ်ပွဲတို့၏ တကယ့် အခြေအနေမှန်ကို ရှင်းပြပြီး သာဝကကြီးများ၏ စစ်ပွဲများကို သုံးသပ်ဆင်ခြင်ခြင်းဖြင့် နောက်ပိုင်းမွတ်စလင် မျိုးဆက်အတွက် လိုက်နာရန် လမ်းညွှန်ချက်များ ချမှတ်လေ သည်။ စာရေးသူသည် ဤအကြောင်းကို 'အဟ်ကာမွလ်ကုရ်အာန်'၌ အာရဗီဘာသာဖြင့်လည်းကောင်း၊ 'မကာမီ ဆွဟာဗဟ်'စာအုပ်၌ အူရဒူဘာသာဖြင့်လည်းကောင်း တင်ပြထား၏။ ထိုစာအုပ်တွင် ကုရ်တူဗီအားကိုးကားလျက် (တွဲ-၁၆၊စာ-၃၂၂)ဖော်ပြ ထားသော ဆွေးနွေးမှု၏ အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်၏။

သာဝကကြီးများထဲမှ မည်သူ့ကိုမျှ ၎င်းသည် ၎င်း၏လုပ်ရပ်၌ လုံးဝလွဲမှားခဲ့သည်ဟုပြတ်သား တိကျစွာ ကျိန်းသေမှတ်ယူခြင်းကို ခွင့်မပြုပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တစ်ဦးစီသည် မိမိ၏ကိုယ်ပိုင် 'အိဂျ်တိဟာဒ်'အရ လုပ်ဆောင်ခဲ့ခြင်းဖြစ်၏။ ၎င်းတို့၏ ရည်မှန်းချက်မှာ အလ္လာဟ်အရှင်မြတ်၏ ကျေနပ်မှုကို ရှာဖွေရယူရန်ဖြစ်၏။သာဝက ကြီးအားလုံးသည် ကျွန်ုပ်တို့၏ ရှေ့ဆောင်များဖြစ်ကြ၏။ ၎င်းတို့အချင်းချင်း ကွဲပြားခြားနားချက်များ အကြောင်းကို မပြောဆိုမိရန် ကျွန်ုပ်တို့၏နှုတ်လျှာကို ထိန်းသိမ်းရန်လည်းကောင်း၊ ၎င်းတို့နှင့်ပတ်သက်၍ အကောင်းဆုံးအရာများ အကြောင်းကိုသာပြောဆိုရန်လည်းကောင်း ကျွန်ုပ်တို့အပေါ် ပြဋ္ဌာန်းတော်မူသည်။ တမန်တော်၏ အဖော်ဖြစ်ခြင်းသည် ဂုဏ်ကျက်သရေလွန်စွာကြီးမြင့်သဖြင့် ယင်းအဆင့်အတန်းကို မထိပါးသင့်ပေ။ တမန်တော်မြတ်ﷺသည် ၎င်းတို့အား ပုတ်ခတ်ဝေဖန်ခြင်း သို့မဟုတ် ၎င်းတို့အကြောင်း မကောင်းပြောခြင်းကို တားမြစ်သည့်ပြင် ၎င်းတို့သည် အလ္လာဟ်အရှင် မြတ်၏ ခွင့်လွှတ်မှုကိုလည်းကောင်း ကျေနပ်နှစ်သက်မှုကိုလည်း ခံကြရကြောင်း ကျွန်ုပ်တို့အား အသိပေးခဲ့၏။ ထို့ပြင် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော ဆင့်ပြန်သူများဖြင့် ရောက်ရှိသည့် သာဝကကြီး တွာလ်ဟာဟ်ﷺ နှင့်စပ်လျဉ်းသော ဟဒီးဆ် တော်တစ်ရပ်ရှိသည်မှာ-

انّ طلحة شهيد يمشى على وجه الارض

တွာလ်ဟာဟ်သည် ကမ္ဘာမြေပြင်ထက်၌ လမ်းလျှောက်လျက်ရှိသော သာသနာ့အာဏာနည်း တစ်ဦးဖြစ်၏။

အကယ်၍ သာဝကကြီးတွာလ်ဟာဟ်ﷺသည် သဘာဝကြီးအလီﷺအား စစ်တိုက်ရန် ထွက်ခွာခြင်းဖြင့်ထင်ရှားသော အပြစ်တစ်ခုကို ကျူးလွန်ခဲ့ပါက ၎င်းသည်မြင့်မားသော သာသနာ့အာဏာနည်တစ်ဦး၏ အဆင့်အတန်းကိုရရှိနိုင်ခဲ့လိမ့်မည်မဟုတ်ပေ။ထိုနည်းတူ ၎င်း၏လုပ်ရပ်အားမှားယွင်းစွာအဓိပ္ပာယ်ကောက်လျက် ၎င်း၏တာဝန်မကျေပွန်မှုအဖြစ် သတ်မှတ်ခံရပါက ၎င်းသည် သာသနာ့အာဏာနည်ဟူသည်မှာ အကြင်သူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်အား နာခံကျိုးနွံ သတ်ဖြတ်ခံရသောအခါမျှသာလျှင် ရရှိသည့်အဆင့်အတန်း ဖြစ်ပေသည်။ ထို့ကြောင့် သာဝကကြီးများက အကြောင်းကိစ္စကို အထက်ဖော်ပြပါ စည်းကမ်းချက်အားဖြင့် နားလည်ရန် လိုအပ်လေသည်။

သာဝကကြီးအလီﷺကိုယ်တိုင်ဆင့်ပြန်သည့် စစ်မှန်ခိုင်မာသော ဟဒီးဆ်တော်များထဲမှ အခြားသက်သေတစ်ခုမှာ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်။ 'ဇုဗေးရ်အား သတ်သူသည် ငရဲဘုံ၌ရှိ၏။' ထို့ပြင် သာဝကကြီးအလီﷺ၏ ဆင့်ပြန်ချက်၌ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်။'၎င်းသည် ငရဲကျလိမ့်မည်ဖြစ်ကြောင်း သခင်မ ဆွဖိယ ၏သားကို သတ်သူအား သတင်းပေးလိုက်ပါ' ဤသည်ကိုကြည့်ခြင်းဖြင့် စစ်ပွဲဝင်ငင်းတို့ ယူခဲ့သောအဆင့်သည် အလ္လာဟ်အရှင်မြတ်ထံတော်၌ အပြစ်ကျူးလွန်သူများ သို့မဟုတ် အလ္လာဟ်အရှင်မြတ်၏ အမိန့်အား မနာခံဖီဆန်သူများမဟုတ်ကြကောင်း ကျွန်ုပ်တို့ ယုံကြည်ရမည်ဖြစ်၏။ သို့မဟုတ်က တမန်တော်မြတ်ﷺသည် သာဝကကြီး တွာလ်ဟာဟ်ﷺအား သာသနာ့အာဏာနည်အဖြစ် ရည်ညွှန်းလိမ့်မည် မဟုတ်သကဲ့သို့ ဇုဗေးရ်အား သတ်သူကိုလည်း ငရဲကျလိမ့်မည်ဖြစ်ကြောင်း ကြိုတင်၍ မိန့်ကြားခဲ့သည် မဟုတ်ပေ။ ထို့အပြင် ၎င်းသည် ဂျန္နသ်သုခဘုံကို ရရှိကြမည်ဟု သတင်းကောင်းပေးခံရသူ(၁၀)ဦးတွင် ထည့်သွင်းရေတွက်ခံရ၏။ ဤအကြောင်းအရာနှင့်ဆက်နွယ်သော ဟဒီးဆ်တော်များသည် ကွင်းဆက်မပြတ်သောအဆင့်(တဝါတူရ်)သို့ ရောက်လုနီးပါးရှိသည့်အပြင် ဟဒီးဆ်တော်များအား 'ဟဒီးဆ်မုတဝါတိရ်'

အဖြစ် ရည်ညွှန်းလေသည်။

အလားတူစွာ စစ်ပွဲများတွင် မည်သည့် ဘက်ကမျှ မပါဝင်သော မြင့်မြတ်သည့် သာဝကကြီးများအား တာဝန်မကျေသူများအဖြစ် သဘောထား၍မရချေ။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စတွင် ၎င်းတို့၏ အပြုအမူ၊ လုပ်ရပ်နှင့် သဘောထားများသည် ၎င်းတို့၏ 'အိဂျ်တိဟာဒ်'ပေါ်၌ အခြေခံသောကြောင့် ဖြစ်ပြီး အလ္လာဟ်အရှင်မြတ်ကလည်း ၎င်းတို့ကို ဤအတိုင်းပင်ရှိစေတော်မူသောကြောင့်ဖြစ်လေသည်။ သို့ဖြစ်၍ ၎င်းတို့အား ကျိန်ဆဲရန်၊ မခံချင်အောင်ပြောရန်၊ အပြစ်ရှိသူသဖွယ်ယူဆရန်နှင့် ၎င်းတို့၏ကောင်းမြတ်ခြင်းများ၊ ရုန်းကန်ကြိုးပမ်းမှုများ၊ ကြီးကျယ်သော သာသနာ့အဆင့်အတန်းများကို လျစ်လျူရှုရန် သဘောဆောင်သည့် စကားဆိုခြင်းများသည် မသင့်လျော်ပေ။ အချို့သောပညာရှင်တို့မှာ 'သာဝကကြီးများကြား ဖြစ်ပွားသော စစ်ပွဲများ၌ ယိုစိုးကျသည့် သွေးနှင့်စပ်လျဉ်း၍ သင်တို့၏ သဘောထားမှာ မည်သို့ရှိပါသနည်း။'ဟု မေးမြန်းခံခဲ့ကြရသည်။ ၎င်းတို့ကအောက်ပါကုရ်အာန်အာယသ်တော်ကိုရွတ်ဖတ်ပြခဲ့ကြသည်။

تِلْكَ أُمَّةٌ قَدْ خَلَتْ لَهَا مَا كَسَبَتْ وَلَكُم مَّا كَسَبْتُمْ وَلَا تُسْأَلُونَ عَمَّا كَانُوا يَعْمَلُونَ

"..... (မည်သို့ပင်ဖြစ်စေ) ယင်းသူတို့သည် (အတိတ်ကာလ၌) လွန်လေပြီးသော သာသနာဝင်လူစုဖြစ်ကြ၍ ယင်းသူတို့ ပြုကျင့် ဆည်းပူးခဲ့သမျှသော သုစရိုက်မှုကုသိုလ်ကံ၊ ဒုစရိုက်မှုအကုသိုလ်ကံတို့သည် ယင်းသူတို့အဖို့သာတည်း။ ထိုနည်းတူစွာ အသင်တို့ပြုကျင့် ဆည်းပူးခဲ့သမျှသော (ကောင်းမှု၊မကောင်းမှု)တို့၏ အကျိုးသည်လည်း အသင်တို့ အဖို့သာတည်း။ ထိုမှတပါး တံု အသင်တို့သည် ယင်းသူတို့ပြုကျင့်ခဲ့လေသော ကိစ္စများနှင့် စပ်လျဉ်း၍ မေးမြန်းခြင်းကို ခံကြရမည်မဟုတ်ပေ။....."(၂း၁၃၄)

ထိုမေးခွန်းကိုပင် အခြားပညာရှင်တစ်ဦးအား မေးမြန်းခဲ့ရာ ၎င်းက အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့၏ လက်များကို ထိုသွေးဖြင့် စွန်းထင်ခြင်းမဖြစ်အောင် ကယ်တင်တော်မူခဲ့၏။ ယခု ကျွန်ုပ်သည် ကျွန်ုပ်၏လျှာကို ထိုသွေးဖြင့် စွန်းထင်းစေလိမ့်မည်မဟုတ်ပေ။"ဟု ပြန်ပြောခဲ့၏။ ၎င်းအနေဖြင့် ထိုအဖွဲ့များမှ မည်သူကိုမျှ တာဝန် မကျေသူအဖြစ် တိကျပြတ်သားစွာ ဆုံးဖြတ်သောအမှားမျိုးကို ပြုလုပ်လိုခြင်းမရှိပါဟု ဆိုလိုခြင်းဖြစ် လေသည်။

အလ္လာမဟ်အိဗ်နိဖုဝါရိရတ်က်ﷺက ပြောသည်မှာ-

ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက် အချို့က မြင့်မြတ်သောသာဝကကြီးများကြားမှ ပဋိပက္ခများ၏ ဥပမာသည် တမန်တော်ယူစွဖ်ﷺနှင့် ၎င်း၏ညီအစ်ကိုများကြားတွင် ဖြစ်ပွားသော ပဋိပက္ခဖြစ်ရပ်များနှင့် အလားတူသည် ဟု သဘောရကြ၏။ ၎င်းတို့အချင်းချင်း ကွဲပြားခြားနားမှုများ ရှိကြသော်လည်း ၎င်းတို့သည် ၎င်းတို့၏ 'ဝိလာဟ်'နှင့် 'နုဗူဝတ်' အဆင့်များကို မဆုံးရှုံးခဲ့ကြပေ။ ထိုအခြေခံသဘောတရားသည် သာဝကကြီးများကြားမှ ပဋိပက္ခများကိစ္စနှင့်လည်း သက်ဆိုင်ပေသည်။'

မုဟာစီဗီ ﷺ က ပြောကြားသည်မှာ 'ဤသွေးစွန်းမှုနှင့် ပတ်သက်လျှင် ကျွန်ုပ်တို့အနေဖြင့် တစ်စုံတစ်ရာပြောရန် ခက်ခဲ၏။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စနှင့်ပတ်သက်၍ သာဝကကြီးများ ကိုယ်တိုင်က မတူကွဲပြားသည့်သဘောထားရှိသောကြောင့်ဖြစ်၏။'

မြင့်မြတ်သော သာဝကကြီးများကြားမှ စစ်ပွဲများနှင့်စပ်လျဉ်းသော မေးခွန်းကို ဟစန်အလ်ဗဆ္ဂရီﷺအား မေးမြန်းသည့်အခါ ၎င်းကပြန်ပြောခဲ့သည်။

'ထိုစစ်ပွဲများတွင် သာဝကကြီးများရှိနေခဲ့ကြပြီး ကျွန်ုပ်တို့ရှိမနေခဲ့ကြ။ ဖြစ်ပျက်ပုံအလုံးစုံကို ၎င်းတို့သိခဲ့ကြပြီး ကျွန်ုပ်တို့မသိခဲ့ကြ။ သာဝကကြီးများတညီတညွတ်ရှိကြသော ကိစ္စတွင် ကျွန်ုပ်တို့ လိုက်နာကြပြီး သဘောထားခြင်း မတိုက်ဆိုင်သောကိစ္စတွင် ကျွန်ုပ်တို့ နှုတ်ဆိတ်၍ နေကြသည်။'

မုဟမ္မဒ်ﷺက ပြောကြားသည်မှာ 'ကျွန်ုပ်တို့သည် ဟစန်အလ်ဗဆ္ဆရီ﵁နှင့် သဘောချင်း တိုက်ဆိုင်ကြသည်။ သာဝကကြီးများသည် အကြောင်းကိစ္စတစ်ခုခုတွင် ဝင်ရောက်စွက်ဖက်သော အခါ၊ ၎င်းတို့ အဘယ်ကြောင့် ထိုသို့ပြုလုပ်ရသည်ကို ၎င်းတို့ကောင်းစွာသိကြမှန်း ကျွန်ုပ်တို့သိ၏။ ကျွန်ုပ်တို့၏ အလုပ်မှာ ၎င်းတို့တညီတညွတ်ရှိသောအခါ ၎င်းတို့နောက်မှ လိုက်ရုံသာဖြစ်ပြီး၊ ၎င်းတို့ သဘောထားကွဲပြားသောအခါ ဆိပ်ဆိပ်နေရန်ဖြစ်၏။ ကျွန်ုပ်တို့အနေဖြင့် မိမိတို့ဘာသာမိမိတို့ အယူအဆအသစ်များကို မထည့်သွင်းသင့်ပေ။ ၎င်းတို့သည် 'အိဂျ်တိဟာဒ်'ကို ကျင့်သုံး၍ အလွှာဟ် အရှင်မြတ်၏ ကျေနပ်မှုကို ရှာကြမည်မှာ သေချာသည်။ ထို့ကြောင့် ၎င်းတို့သည်သာသနာ့ ရေးရာ ကိစ္စများတွင် ဒိဟာသံသယရှိရန် မလိုသောသူများဖြစ်ကြပေသည်။'

အာယသ်တော် (၁၁)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا يَسْخَرْ قَوْمٌ مِّن قَوْمٍ عَسَىٰٓ أَن يَكُونُوا۟ خَيْرًا مِّنْهُمْ وَلَا نِسَآءٌ مِّن نِّسَآءٍ عَسَىٰٓ أَن يَكُنَّ خَيْرًا مِّنْهُنَّ ۖ وَلَا تَلْمِزُوٓا۟ أَنفُسَكُمْ وَلَا تَنَابَزُوا۟ بِٱلْأَلْقَٰبِ ۖ بِئْسَ ٱلِٱسْمُ ٱلْفُسُوقُ بَعْدَ ٱلْإِيمَٰنِ ۚ وَمَن لَّمْ يَتُبْ فَأُو۟لَٰٓئِكَ هُمُ ٱلظَّٰلِمُونَ ﴿١١﴾

အို- 'မုအ်မင်နဲ်'သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ယောကျ်ားများသည် ယောကျ်ားအား သရော်သမ္မမပြုရ။ (အကြောင်းသော်ကား) ထို(သရော်သမ္မပြုခြင်းခံကြရသော) ယောကျ်ားများသည် ထို(သရော်သော ယောကျ်ား)တို့ထက် ပို၍ကောင်းမြတ်သူများ ဖြစ်တန်ကြရာကုန်၏။ ထိုနည်းတူစွာ မိန်းမများသည်လည်း မိန်းမများအား သရော်သမ္မမပြုကြရ။ထို (သရော်သမ္မပြုခြင်းကိုခံကြရသော) မိန်းမများသည်ထို(သရော်ကြသောမိန်းမ)များထက်ပို၍ကောင်းမြတ်သူများဖြစ်တန်ကြရာကုန်၏။ ၎င်းပြင် အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး ငြူစူစောင်းမြောင်း ကဲ့ရဲ့ပြစ်တင်ခြင်းလည်း မပြုကြကုန်လင့်။ ထိုမှတစ်ပါး အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး သရော်သမ္မပြုကြသောအမည်နာမများဖြင့်လည်းမှည့်ခေါ်ခြင်းမပြုကုန်လင့်။ 'အီမာန်'သက်ဝင်ယုံကြည်ပြီးနောက် ပြစ်မှုတည်းဟူသော အမည်နာမသည် လွန်စွာဆိုးရွားလှ၏။* သို့ပါလျက် မည်သူမဆို

* အခြားသူတို့အား မကောင်းသောနာမည်ပြောင်များဖြင့် ခေါ်ဝေါ်ခြင်းမှာ အပြစ်ရှိသော လုပ်ရပ်ဖြစ်သည်ဟု ဆိုလိုသည်။ အီမာန်သက်ဝင်ယုံကြည်ပြီးနောက် ပုဂ္ဂိုလ်တစ်ဦးအဖို့ တကယ့်နာမည်ဆိုးမှာ အပြစ်ရှိသောလုပ်ရပ်များအတွက် ၎င်းအား လူ သိများခြင်းပင်ဖြစ်၏။ ထို့ကြောင့် အကယ်၍ မွတ်စလင်တစ်ဦးသည် အခြားသူများအား မကောင်းသော နာမည်ပြောင်များဖြင့် ခေါ်ဝေါ်သည့် အပြစ်ကို ကျူးလွန်ပြီး၊ ထိုအကြောင်းကို လူများသိကြပါက ထိုနာမည်ပြောင်ဖြင့် ၎င်းကစော်ကားသောသူသည် နာမည်ဆိုးက ရမည်မဟုတ်ဘဲ ၎င်းကိုယ်တိုင်ပင် တကယ့်နာမည်ဆိုးကိုရရှိလိမ့်မည်ဖြစ်၏။ (မုဟမ္မဒ်တကီးအွစ်မာနီ)

ဝန်ချတောင်းပန်ခြင်းမပြုခဲ့သော် ယင်းကဲ့သို့ သူတို့သည်သာလျှင် မတရားသောသူများ ဖြစ်ကြပေသတည်း။(၁၁)

တစ်ဦးကိုတစ်ဦး သရော်လှောင်ပြောင်ခြင်းအား တားမြစ်ခြင်း

စူရဟ်၏အစပိုင်းတွင် တမန်တော်မြတ်ﷺ၏ အခွင့်အရေးများနှင့် ၎င်းနှင့်ဆက်ဆံရာတွင် လိုက်နာရမည့် ကျင့် ဝတ်ထုံးတမ်းများကို ချမှတ်ခဲ့၏။ ထို့နောက် ကျမ်းမြတ်ကုရ်အာန်က မွတ်စလင်ထုအတွက် မိမိတို့ကိုယ်တိုင်ကြား တွင် လိုက်နာရမည်ဖြစ်သော အပြန်အလှန်အခွင့်အရေးများနှင့် ကောင်းမွန်သော ပြုမူပြောဆိုပုံများ အကြောင်း စတင်ဖော် ပြခဲ့သည်။ အလျင်အမာယသ်တော်နှစ်ပါးက လူအဖွဲ့အစည်းအား စုပေါင်းပြုပြင်ရေးနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များ ချမှတ်ခဲ့၏။ ယခုအာယသ်တော်က လူတစ်ဦးနှင့်တစ်ဦးကြား စောင့်ထိန်းရမည့် အခွင့်အရေးများနှင့် ကျင့်ဝတ်များကို ဖော်ပြလေသည်။ ဤနည်းအားဖြင့် အာယသ်တော်က လူမှုရေးအကျင့်ပျက်ခြင်း(၃)မျိုးကို တားမြစ်၏။ (၁) တစ်ဦးကို တစ်ဦး သရော်လှောင်ပြောင်ခြင်း (၂) တစ်ဦးကိုတစ်ဦးအပြစ်ရှာခြင်းနှင့် (၃)တစ်ဦးကို နာမည် ပြောင်များဖြင့် ပုတ်ခတ် ဝေဖန်ခြင်းတို့ဖြစ်ကြသည်။

ကုရ်တူဗီ၏အဆိုအရ လှောင်ပြောင်ခြင်း သို့မဟုတ် သရော်ခြင်းသည် လျှာဖြင့် လှောင်ပြောင် သို့မဟုတ် သရော်ခြင်းကိုသာ ညွှန်းဆိုသည် မဟုတ်ဘဲ တစ်ဦးတစ်ယောက်အား (၎င်း၏အသံ၊ အမူအရာစသည်) တုပ၍ လိုက် လုပ်ခြင်း၊ ၎င်း၏စကား၊ ၎င်း၏အလုပ်၊ ၎င်း၏ပုံသဏ္ဌာန်၊ ၎င်း၏အဝတ်အစားများကို ပျက်ရယ်ပြုခြင်း သို့မဟုတ် ၎င်း၏ ချို့ယွင်းချက်များကို လူအများသိအောင် ပြုလုပ်ခြင်းဖြင့် လူများက ၎င်းအား ပြောင်လှောင်စရာဖြစ်စေရန် ပြုလုပ်ခြင်း များလည်း ပါဝင်ပေသည်။ ကုရ်အာန်၏ ရှင်းလင်းသော မိန့်ကြားချက်က တစ်ဦးတစ်ယောက်အား လှောင်ပြောင်ခြင်း သို့မဟုတ် သရော်ခြင်း အားလုံးတားမြစ်လေသည်။

ဤဖြစ်ရပ်တွင် ကုရ်အာန်က ရသမြောက်စွာ ယောကျ်ားနှင့်မိန်းမတို့အား ခွဲခြား၍ မိန့်ကြား၏။ ယောကျ်ားများ အား 'ကောင်မ်'အဖြစ် ရည်ညွှန်းထားသည်။ 'ကောင်မ်'သည် လူသားအဖွဲ့အစည်း၏ အမျိုးသားအဖွဲ့ဝင်များအတွက် သီးသန့်စကားလုံးဖြစ်၏။ သို့သော် တိုးချဲ့ခြင်းဖြင့် ထိုစကားလုံးတွင် လူသားအဖွဲ့အစည်း၏ အမျိုးသမီးအဖွဲ့ဝင်များ လည်း မကြာခဏပါဝင်လေသည်။ များသောအားဖြင့် ကုရ်အာန်က 'ကောင်မ်'ဟူသော စကားလုံးကို ယောကျ်ား၊ မိန်းမ နှစ်မျိုးစလုံးအတွက် သုံးသော်လည်း ဤနေရာတွင် ယင်းအား ယောကျ်ားများအတွက် သီးသန့်သုံးခြင်းမှာ မိန်းမများ အား သီးသန့်ရည်ညွှန်းသော 'နိစာအ်'နှင့်ဆန့်ကျင်ကွဲပြားစေရန်ဖြစ်လေသည်။ ဤနေရာတွင် တစ်ဦးကိုတစ်ဦး သရော် လှောင်ပြောင်ခြင်းသည် အထင်အမြင်သေးဖွယ်ကောင်းသော ယုတ်ညံ့သည့် လုပ်ရပ်တစ်ခုဖြစ်ကြောင်းကို ယောကျ်ား များနှင့် မိန်းမများနှစ်မျိုးစလုံးအား သတိပေးတော်မူသည်။ သရော်လှောင်ပြောင်ခံရသော ယောကျ်ားသည် သရော် လှောင် ပြောင်သူထက်ပို၍ ကောင်းမွန်နိုင်သကဲ့သို့ သရော်လှောင်ပြောင်ခံရသော မိန်းမသည် သရော်လှောင်ပြောင်သူ ထက် ပို၍ကောင်းမွန်နိုင်သောကြောင့်ဖြစ်၏။ ဤနေရာတွင် ကုရ်အာန်က ယောကျ်ားများသည် အခြားယောကျ်ားများကို လည်းကောင်း၊ မိန်းမများသည် အခြားမိန်းများကိုလည်းကောင်း သရော်လှောင်ပြောင်ခြင်းအား တားမြစ်၏။သို့ရာတွင် ယောကျ်ားများသည် မိန်းမများကိုလည်းကောင်း၊ မိန်းမများသည် ယောကျ်ားများကိုလည်းကောင်း သရော်လှောင်ပြောင် ခြင်းအား ခွင့်ပြုသည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ဖိုမခွဲခြား၍ ဖော်ပြခြင်း၏ တကယ့်အကြောင်းရင်းမှာ အစွလာမ်သည် ဖို မ ထွေးရောယှက်တင်နေခြင်းကို ခွင့်မပြုသောကြောင့် ဖြစ်၏။ များသောအားဖြင့် တစ်ဦးကိုတစ်ဦး သရော်လှောင်ပြောင် ခြင်းဖြစ်ပေါ်သည်မှာ ထိုကဲ့သို့ထွေးရောယှက်တင်နေကြခြင်းကြောင့်ဖြစ်ပေသည်။ ထို့ကြောင့် မွတ်စလင်လူအဖွဲ့အစည်း

တစ်ခုတွင် ထွေးရောယှက်တင်နေကြပြီး ယောကျ်ားများက မိန်းမတစ်ဦးကိုလည်းကောင်း မိန်းမများက ယောကျ်ားတစ်ဦးကိုလည်းကောင်း သရော်လှောင်ပြောင်ရန်မှာ စဉ်းစား၍ပင်မရနိုင်ပါချေ။

အတိုချုပ်ရလျှင် ၎င်း၏ခန္ဓာကိုယ်၊ မျက်နှာ၊ ပုံသဏ္ဌာန်နှင့်အရပ်အမောင်းများ ချို့ယွင်း၊ မပြည့်စုံ သို့မဟုတ် ပုံပျက်နေသော သူတစ်ဦးအား မည်သူမျှ ပြက်ရယ်မပြုရဲပေ။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ ရိုးသားစစ်မှန်မှုနှင့်စိတ်နလုံးဖြူစင်မှုများကြောင့် ၎င်းသည် အလ္လာဟ်အရှင်မြတ်ထံတော်၌ မိမိထက်သာလွန်နိုင်သောကြောင့် ဖြစ်၏။ ကောင်းမြတ်သော ရှေးသူတော်စင်များသည် ဤအာယသ်တော်ကို ကြားခဲ့ကြသောအခါ ၎င်းတို့သည် ပြုမူပြောဆိုရာတွင် များစွာသတိထားဆင်ခြင်ခဲ့ကြလေသည်။ ဥပမာ သာဝကကြီးအမ်ရ်အိဗ်နုရှ္ဝရဟ်ဗီလ်ﷺက ပြောကြားခဲ့သည်မှာပုဂ္ဂိုလ်တစ်ဦးသည်ဆိတ်တစ်ကောင်၏ နို့အုံမှ တိုက်ရိုက် နို့သောက်စို့သည်မြင်သော်လည်း ၎င်းကဲ့သို့ဖြစ်လာမည်စိုး၍ မိမိသည် ၎င်းအား လှောင်ပြောင်ခြင်းပြုလိမ့်မည် မဟုတ်ပေ။ သာဝကကြီး အဗ်ဒွလ္လာမတ်စ်အူးဒ်ﷺက ပြောကြားခဲ့သည်။ 'ကျွန်ုပ်သည် ခွေးတစ်ကောင်အဖြစ် အသွင်ပြောင်းခံရမည်စိုးသောကြောင့် ခွေးတစ်ကောင်ကိုပင် လှောင်ပြောင်လိုစိတ်မရှိပါ။' (ကုရ်တူဗီ)

ဆွဟီဟ်မွတ်စလင်၌ သာဝကကြီးအဗူဟုရိုင်ရဟ်ﷺအား ကိုးကားလျက် မှတ်တမ်းတင်ထားသည်မှာ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်။ "အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ မျက်နှာများနှင့် ဥစ္စာပစ္စည်းများကို ကြည့်တော်မူသည်မဟုတ်။ ထိုအရှင်မြတ်သည် အသင်တို့၏ စိတ်နလုံးများနှင့် လုပ်ရပ်များကို ကြည့်တော်မူသည်။" ကုရ်တူဗီက တမန်တော်မြတ်ﷺ၏ ဤဟဒီးဆ်တော်မှ နိဂိတစ်ခုကို ထုတ်ယူသည်မှာ မည်သည့်ကိစ္စ၌မဆို ပေါ်လွင်သော အထောက်အထား သို့မဟုတ် အကြောင်းခြင်းရာများပေါ် အခြေခံလျက် တိကျပြတ်သားသော ဆုံးဖြတ်ချက်ကို ချမှတ်ခြင်းသည် မလျော်ကန်ပေ။ အဘယ်ကြောင့်ဆိုသော ပုဂ္ဂိုလ်တစ်ဦး၏ပေါ်ထင်သော လုပ်ရပ်များသည် ကောင်းမွန်ဟန်ရှိသော်လည်း ၎င်း၏စိတ်နလုံး၏ မရိုးသားမှုနှင့်မစင်ကြယ်မှုများကြောင့် အလ္လာဟ်အရှင်မြတ်ထံတော်၌ ယင်းလုပ်ရပ်များမှ ဆိုးယုတ်နိုင်သည်။ ထိုအရှင်မြတ်သည် လူတို့၏ စိတ်နလုံးများအတွင်းမှ အခြေနေကို သိတော်မူပေသည်။ အပြန်အလှန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ထင်ရှားသော လုပ်ရပ်များသည် ဆိုးရွားပုံရသော်လည်း အလ္လာဟ်အရှင်မြတ်၏ထံတော်၌ ၎င်း၏စိတ်နလုံးရိုးသားမှုနှင့် ဖြူစင်မှုများကြောင့် ယင်းတို့က ဆိုးရွားသောလုပ်ရပ်များကို ပြေပျောက်အောင်ပြုလုပ်နိုင်လေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် လူတို့၏ စိတ်နလုံးများအတွင်းမှ အခြေအနေကို အလုံးစုံသိတော်မူသောကြောင့် ဖြစ်၏။

အာယသ်တော်မှ နောက်တားမြစ်ချက်တစ်ခုမှာ တစ်ဦးတစ်ယောက်အား အပြစ်ရှာသည် သို့မဟုတ် ပြစ်တင်ကြိမ်းမောင်းသည်ဟု သဘောဆောင်သော 'လမ်ဇ်'ဖြစ်၏။ အာယသ်တော်က وَلَا تَلْمِزُوٓا۟ أَنفُسَكُمْ ဟု မိန့်ကြားခြင်းသည် တိုက်ရိုက်အားဖြင့်(သင်တို့ကိုယ်သင်တို့အပြစ်မရှာကြနှင့်)ဟူ၍ဖြစ်၏။ သို့သော် ရည်ရွယ်မှာ "တစ်ဦးကိုတစ်ဦးအဖြစ်မရှာကြနှင့်(၄၉း၁၁)"ဖြစ်၏။ ဤအသုံးအနှုန်းသည် لَا تَقْتُلُوٓا۟ أَنفُسَكُمْ(.....ထို့ပြင် အသင်တို့သည် မိမိတို့အချင်းချင်းသတ်ဖြတ်ခြင်းမပြုကြကုန်လင့်.... ၄း၂၉)နှင့်အလားတူသည်။ အာယသ်တော်က "အသင်တို့ကိုယ်အသင်တို့မသတ်ကြကုန်လင့်"ဟု အမိန့်ပေးသော်လည်း "တစ်ဦးကိုတစ်ဦးသတ်ဖြတ်ခြင်းမပြုကြကုန်လင့်။" ဟုဆိုလိုခြင်းဖြစ်၏။ ရှုထောင့်တစ်ခုမှ ကြည့်လျှင် ဤဖော်ပြချက်သည် "အခြားသူတစ်ဦးအား သတ်ဖြတ်ခြင်းသည် မိမိကိုယ်မိမိ သတ်ဖြတ်ခြင်းမည်၏။"ဟု ညွှန်ပြလေသည်။ မကြခဏ ဖြစ်ပျက်လေ့ရှိသည်မှာ အကယ်၍ လူတစ်ဦးသည် အခြားတစ်ဦးကို သတ်ဖြတ်ပါက သေသူ၏ဘက်မှ လူများက လူသတ်သမားကို သတ်ဖြတ်ကြခြင်းဖြစ်၏။ ဤသို့မဟုတ်သည့်တိုင် မွတ်စလင် တစ်ဦးသည် အခြားမွတ်စလင်တစ်ဦး၏ ညီအကိုပင်ဖြစ်၏။ မိမိ၏ညီအစ်ကိုတစ်ဦးအား သတ်ဖြတ်ခြင်းသည်

မိမိကိုယ် မိမိသတ်ဖြတ်ခြင်းနှင့်တူပြီး မိမိကိုယ်မိမိချို့တဲ့အောင် အကူအညီမဲ့အောင် အားနည်းအောင်လုပ်ခြင်းဖြစ်၏။ ထိုနည်းတူ لَا تَلْمِزُوٓا۟ أَنفُسَكُمْ "ထို့ပြင် အသင်တို့ကိုယ်အသင်တို့ အပြစ်မရှာကြကုန်လင့်။" ဟူသော ဖော်ပြချက်က သင်သည် အခြားသူများအား အပြစ်ရှာသောအခါ ၎င်းတို့အား ပြစ်တင်ကြိမ်မောင်းပြောဆိုသောအခါ အခြားသူများက လည်း အသင့်ကို အလားတူပြုလုပ်ကြလိမ့်မည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် မည်သူမျှ အပြစ်နှင့်မကင်းနိုင်သောကြောင့်ဖြစ်၏။ ပညာရှင်များက နီတိတစ်ခုကိုဖော်ထုတ်၏။ وفيك عيوب وللنّاس اعين "သင်တို့တွင် အပြစ်အနာအဆာများရှိကြပြီး လူများတွင် မျက်လုံးများရှိကြ၏။" ထိုမျက်လုံးများဖြင့် သင်တို့၏ အပြစ်အနာအဆာများကို မြင်ကြမည်ဖြစ်ပေသည်။ ထို့ကြောင့် အကယ်၍ အကြင်သူသည် သူတစ်ပါး၏ မပြည့်စုံမှုများကို ရှာဖွေပြီးကြေငြာမောင်းခတ်သည်ရှိသော် သူတစ်ပါးကလည်း မိမိအား ထိုအတိုင်း ပြုလုပ်လိမ့်မည်ဖြစ်၏။ သို့ရာတွင် ၎င်းသည် သည်းခံခြင်းတရားကို ကျင့်သုံးပြီး ၎င်း၏နှုတ်ဖြင့် တိုက်ခိုက်ခြင်းကို လက်တုံ့မပြန်ပါက ၎င်းသာလျှင် အပြစ်ရှိသူဖြစ်သွားပေမည်။ အကယ်၍ အသေအချာ စဉ်းစားကြည့်ပါက မွတ်စလင်ညီနောင်တစ်ဦးအား အသရေဖျက်အောင် ပြုလုပ်ခြင်းနှင့် အထင်အမြင်သေးခြင်းသည် မိမိကိုယ်မိမိ အသရေဖျက်ခြင်း သာလျှင်ဖြစ်ပေသည်။

ပညာရှင်များက ညွှန်ပြသည်မှာ လူ၏ကျေနပ်အား ရမှု၊ ချမ်းသာသုခနှင့် ပျော်ရွှင်မှုများသည် မိမိ၏အပြစ်အနာများကိုဆန်းစစ်ခြင်းနှင့်ယင်းတို့ကို ပြုပြင်ရန် နည်းလမ်းရှာခြင်းများ၌ရှိ၏။ ဘဝကိုကျွန်ုပ်ဖြင့် ချဉ်းကပ်ခြင်းက ၎င်းအား အခြားသူများ၏ ပြစ်ချက်များကိုရှာရန်နှင့် ယင်းတို့အား သတင်းလွှင့်ရန် အချိန်ပေးနိုင်တော့မည် မဟုတ်ပေ။ အိန္ဒိယနိုင်ငံ၏ နောက်ဆုံးဘုရင်ဖြစ်သော ဗဟာဒူးရှားဇဖရ်က ထိုအကြောင်းလင်္ကာသီကုံးခဲ့သည်။

نہ تھی حال کی جب ہمیں اپنی خبر، رہے دیکھتے لو گو ں کے عیب وہنر

پڑی اپنی بُرائیوں پر جو نظر، تو جہان میں کوئی بُرا نہ رہا

ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်၏ အပြစ်အနာများကို သတိမမူဘဲ ရှုခဲ့လေသမျှ အခြားသူတို့၏ အပြစ်အနာများနှင့် ချို့ယွင်းအားနည်းချက်များကို စူးစမ်းရှာဖွေနေခဲ့ကြ၏။ သို့သော် ကျွန်ုပ်တို့ကိုယ်တိုင်၏ အပြစ်အနာများကို ကြည့်မိသောအခါ ဤလောက၌ အပြစ်အနာအဆာရှိသောသူတစ်ဦးတစ်ယောက်မျှ မကျန်ရှိတော့ပေ။

အာယသ်တော်မှ တတိယတားမြစ်ချက်သည် ထိခိုက်စေသောနာမည်ပြောင်များဖြင့် တစ်ဦးကိုတစ်ဦး ပုတ်ခတ် ပြောဆိုခြင်းဖြစ်၏။ ဥပမာ- ပုဂ္ဂိုလ်တစ်ဦးအား ခြေကျိုး၊ လက်ပြတ်၊ အကန်းသို့မဟုတ် မျက်စိတစ်ဖက်လပ်ဟု ခေါ်ဝေါ်ခြင်း သို့မဟုတ် အခြားထိခိုက်စေမည့် နာမည်ပြောင်များဖြင့် ခေါ်ဝေါ်ခြင်းဖြစ်၏။ သာဝကကြီး အဗူဂျာဒီရဟ်ﷺအန်ဆွာရီက ပြောကြားသည်မှာ "ဤအာယသ်တော်သည် ကျွန်ုပ်တို့နှင့်ဆက်စပ်၍ ကျရောက်ခဲ့ခြင်းဖြစ်၏။ ကျွန်ုပ်တို့ မဒီနာမြို့သို့ပြောင်းရွှေ့လာသောအခါ ကျွန်ုပ်တို့ထဲမှ လူများစွာတွင် နာမည်(၂)ခု(၃)ခုစီရှိခဲ့ကြ၏။ ယင်းတို့အနက် အချို့နာမည်များသည် အမည်ရှင်အားသိက္ခာချရန်၊ အသရေဖျက်ရန် သို့မဟုတ် သေးသိမ်စေရန်အတွက် တွင်ကျယ် အောင်ပြုလုပ်ခြင်းခံခဲ့ရ၏။ ဤအခြေအနေကို တမန်တော်မြတ်ﷺက သတိမထားခဲ့မိပေ။ သို့ဖြစ်၍ တမန်တော်မြတ်ﷺသည် တစ်ခါတစ်ရံ အမှတ်တမဲ့ ဤမကောင်းသော နာမည်တစ်ခုခုဖြင့် ခေါ်ခဲ့၏။ မြင့်မြတ်သော သာဝကကြီးများက ထိုနာမည်သည်ခေါ်ခံရသူအဖို့ မနှစ်မြို့ဖွယ်ဖြစ်စေကြောင်း တမန်တော်မြတ်ﷺအား အသိပေးခဲ့ကြသည်။ ထိုအခါ ဤအာယသ်တော်ကျရောက်လာခဲ့လေသည်။ သာဝကကြီးအိဗ်နအဗ္ဗာစ်ﷺကပြောကြားသည်မှာ 'တနာဗုဇ်ဗင်လ်အလ်ကာဗ်'ဟူသော တားမြစ်ချက်သည် အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် အပြစ်တစ်ခု သို့မဟုတ် မကောင်းမှုတစ်ခု

ကို ကျူးလွန်ခဲ့ပြီးနောက် နောင်တရ၍ ပြုပြင်ခဲ့ပါက ၎င်းအား သိက္ခာကျစေမည့် သူခိုး၊ ကြောက်ရီ၊ အရက်သမား စသည့် နာမည်များဖြင့် ခေါ်ခြင်း 'ဟရာမ်'ဖြစ်သည်ဟု ဆိုလိုသည်။ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့ကြောင်းလာရှိသည်မှာ "မည်သူမဆို ကျူးလွန်မိသော အပြစ်တစ်ခုအတွက် နောင်တရသည့် မွတ်စလင်တစ်ဦးအား သိက္ခာချပါကအလွှာဟ် အရှင်မြတ်ကိုယ်တော်တိုင် အရေးယူတော်မူသည်။ ထိုအရှင်မြတ်သည် ထိုသူအား ထိုအပြစ်ကိုပင် ကျူးလွန်စေလျက် ဤလောကဌာလည်းကောင်း တမလွန်ဌာလည်းကောင်း ၎င်းအား အရှက်တကွဲအကျိုးနည်းဖြစ်တော်မူမည်ဖြစ်၏။"

(ကုရ်တူဗီ)

စည်းကမ်း၏ ခြွင်းချက်

အချို့သောနာမည်ပြောင်များသည် တစ်ဖက်သားအား ထိခိုက်သယောင်ရှိသော်လည်း ထိုနာမည်ပိုင်ရှင်အား စော်ကားရန် သို့မဟုတ် အသရေဖျက်ရန် မရည်ရွယ်ဘဲ အမှတ်သညာတစ်ခုအနေဖြင့် သုံးခြင်းဖြစ်၏။ ထို့ကြောင့် ပညာရှင်များက ရှေးရိုးဝါဒီတို့၏ နာမည်များတွင် 'အအ်ရဂျ်'(ခြေကျိုးသူ၊ မသန်မစွမ်းသူ) သို့မဟုတ် 'အဟ်ဒဗ်'(ခါးကုန်းသော၊ ခါးကိုင်းသော) စသည်ဖြင့် စော်ကားရန်သို့မဟုတ် အသရေဖျက်ရန် မရည်ရွယ်သော ဘွဲ့ထူးများကိုတပ်ခွင့်ပြုခဲ့ကြခြင်းဖြစ်၏။ တမန်တော်မြတ်ﷺကိုယ်တော်တိုင်ကပင်လျင် သာဝကကြီးတစ်ပါးအား ၎င်း၏လက်များသည် သာမန်ထက်ပို၍ ရှည်သောကြောင့် 'ဇူလ်ယဒိန်'ဟု အမည်ပေးခဲ့၏။ 'အစနစ်ဒ်'(ဟဒီးဆ်တော်တစ်ပါးအခြေခံသည့် ကိုးကားသူကွင်းဆက်)တွင် ဟာမစ်အတ်တွဝင်လ်(ဟာမစ်-အရှည်ကြီး/လန်ဘားကြီး)၊ 'စူလိုင်မန်အလ်အအ်မတ်ရှ်'(စူလိုင်မန်-မျက်စိမွဲသူ)နှင့် မရ်ဝါအလ်အဆွဒ်ဖာ(မာဝါန်-အဝါရောင်သန်းသူ) စသည်ဖြင့် ဂုဏ်ပုဒ်များတပ်ထားသော နာမည်များကို ကျွန်ုပ်တို့တွေ့ရသည်။ ဂုဏ်ပုဒ်များကို တပ်ခွင့်ပြုပါသလား ဟု အဗ်ဒွလ္လာအိဗ်နုမူဗာရက်အား မေးမြန်းခဲ့ရာ ၎င်းက "အကယ်၍ သင်တို့၏ရည်ရွယ်ချက်သည် ၎င်းအား စော်ကားရန် သို့မဟုတ် အသရေဖျက်ရန် မဟုတ်ဘဲ မည်သူမည်ဝါမှန်း ခွဲခြားသိနိုင်ရန် ဖြစ်ပါက ယင်းအားခွင့်ပြု၏"ဟု ပြန်ပြောခဲ့လေသည်။ (ကုရ်တူဗီ)

လူများအားကောင်းမြတ်သော ဂုဏ်ပုဒ်များဖြင့် ခေါ်ခြင်းမှာ စွန့်သ်ဖြစ်၏။

တမန်တော်မြတ်ﷺမိန့်တော်မူခဲ့ကြောင်း လာရှိသည်မှာ မိမိ၏မုအ်မင်ရောင်းရင်းများအား ၎င်းတို့အကြိုက်နှစ်သက်ဆုံး ကောင်းမြတ်သောနာမည်များ၊ ဂုဏ်ပုဒ်များဖြင့်ခေါ်ရန်မှာ မုအ်မင်တစ်ဦး၏ အခွင့်အရေးပင်ဖြစ်၏။ထို့ကြောင့် အာရေဗီးယား၌ 'ကူန်နိယဟ်' (မျိုးရိုးနာမည်/ဂုဏ်ပြု၍ခေါ်သောနာမည်)အသုံးပြုခြင်းသည် အဆန်းမဟုတ်ပေ။ တမန်တော်မြတ်ﷺကလည်း ဤသည်ကို ထောက်ခံသည့်ပြင် ၎င်းကိုယ်တိုင်က အချို့သော သာဝကကြီးများအား လိုက်ဖက်သောဂုဏ်ထူးကိုချီးမြှင့်ခဲ့သည်။ဥပမာ-အဗူဂ်ရ်ဆွဒ်ဒ်ိန်ﷺသည်'အဘီဂ်'(မြင့်မြတ်သူ)ဟူသောဘွဲ့ကိုလည်းကောင်း၊ သာဝကကြီးအုမရ်ﷺသည် 'ဖားရွက်'(အမှားအမှန်ခွဲခြားနိုင်သူ)ဟူသော ဘွဲ့ကိုလည်းကောင်း၊ သာဝကကြီးဟမ်ဇဟ်သည် 'အစဒ္ဒလ္လာဟ်'(အလ္လာဟ်အရှင်မြတ်၏ ခြင်္သေ့ကြီး)ဟူသော ဘွဲ့ကိုလည်းကောင်းရရှိခဲ့ကြပေသည်။

အာယသ်တော် (၁၂)

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اجْتَنِبُوْا كَثِيْرًا مِّنَ الظَّنِّ ۖ اِنَّ بَعْضَ الظَّنِّ اِثْمٌ وَّلَا تَجَسَّسُوْا وَلَا يَغْتَبْ بَّعْضُكُمْ بَعْضًا ۗ اَيُحِبُّ اَحَدُكُمْ اَنْ يَّاْكُلَ لَحْمَ اَخِيْهِ مَيْتًا فَكَرِهْتُمُوْهُ ۗ وَاتَّقُوا اللّٰهَ ۗ اِنَّ اللّٰهَ تَوَّابٌ رَّحِيْمٌ ﴿١٢﴾

အို- 'မုအ်မင်န်' သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် များစွာသော ထင်မြင်ယူဆချက်များမှ ကြဉ်ရှောင်ကြလေကုန်။ စင်စစ်ဇကန် အချို့သောထင်မြင်ယူဆချက်များမှာ အပြစ်ပင်ဖြစ်ပေသည်။ ၎င်းပြင် အသင်တို့သည် (သူတစ်ပါးတို့၏ ချွတ်ယွင်းမှုများကို) ထောက်လှမ်းစူးစမ်းခြင်း မပြုကြကုန်လင့်။ ထို့ပြင် အသင်တို့အနက် တစ်ဦးသည်တစ်ဦး၏နောက်ကွယ်၌ အတင်းပြောဆိုခြင်းကိုမပြုရ။ အသင်တို့အနက် တစ်ဦးတစ်ယောက်သည် မိမိညီအစ်ကို၏ အသေသားကို စားသုံးရန် နှစ်သက်ပါမည်လော။ စင်စစ် အသင်တို့သည် ထို(အသေသားစားခြင်း)ကို စက်ဆုပ်ကြမည်သာ။ ထို့မှတစ်ပါးအသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေကြလေကုန်။ မလွဲဇကန် အလ္လာဟ်အရှင်မြတ်သည် ဝန်ချတောင်းပန်ခြင်းကို အလွန်တရာ လက်ခံတော်မူသောအရှင်၊ အလွန်တရာသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း၊(၁၂)

အာယသ်တော်ကို စိစစ်လေ့လာခြင်း

ဤအာယသ်တော်၌လည်း လူမှုဘဝတွင် လိုက်နာကျင့်သုံးရမည်ဖြစ်သော အပြန်အလှန်အခွင့်အရေးများ၊ အပြုအမူများနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များပါဝင်လေသည်။ အာယသ်တော်က (၃)ခုသော အရာများကိုတားမြစ်၏။ (၁) 'ဇွာန်'(အခြေအမြစ်မရှိသော ထင်မြင်ယူဆချက်)၊ အသေးစိတ်များကို ရှေ့တွင်ဖော်ပြမည်ဖြစ်၏။ (၂) 'တဂျဿ်စ်စွပ်စ်' (လျှို့ဝှက်ထောက်လှမ်းခြင်း)တစ်ပါးသူတို့၏ အပြစ်အနာဆာများကို တိတ်တခိုးစုံစမ်းခြင်းနှင့် (၃) 'ဂီဗဟ်'(အတင်းပြောခြင်း၊ ပုဂ္ဂိုလ်တစ်ဦး၏နောက်ကွယ်၌ ၎င်းကြားပါက စိတ်ဆင်းရဲမည် သို့မဟုတ် စိတ်ထိခိုက်မည်ဖြစ်သောဂုဏ်းအကြောင်းမကောင်းပြောခြင်းတို့ဖြစ်ကြသည်။

(၁) အခြေအမြစ်မရှိသော ထင်မြင်ယူဆချက်ကိုတားမြစ်ခြင်း

'ဇွာန်'သည် အရင်းခံအားဖြင့် မခိုင်မာသော အထောက်အထားပေါ်တွင် အခြေခံသည့်ထင်မြင်ယူဆချက်ကို ညွှန်းဆိုသည်။ ကုရ်အာန်က ပထမ'များစွာသော ထင်မြင်ယူဆချက်များမှ ရှောင်ကြဉ်ကြ'ဟူ၍ မိန့်ကြားပြီး၊ ထင်မြင်ယူဆချက်အလုံးစုံသည်မဟုတ်ကြောင်းထိုအတွက်ပေးသော အကြောင်းပြချက်မှာ 'အချို့သော ထင်မြင်ယူဆချက်များသည် အပြစ်များဖြစ်ကြ၏'ဟူ၍ဖြစ်၏။ ထို့ကြောင့် စာရှုသူများအနေဖြင့် မည်ကဲ့သို့သော ထင်မြင်ယူဆချက်မျိုးသည် အပြစ်ဖြစ်ကြောင်း သိထားရန်လိုအပ်၏။ သို့မှသာ ယင်းကိုရှောင်ရှားနိုင်မည်ဖြစ်၏။ အကယ်၍တစ်စုံတစ်ရာသည်လွဲမှားနေသည် တစ်စုံတစ်ယောက်၌ အပြစ်ရှိသည် သို့မဟုတ် အန္တရာယ်တစ်စုံတစ်ရာ ကျရောက်မည့်ပုံပေါ်သည် စသည့် ထင်မြင်ယူဆချက်နှင့် စိတ်မသက်မသာဖြစ်မှုများသည် တစ်ပိုင်းတစ်စ အထောက်အထားပေါ်တွင် အခြေခံပြီး ပြည့်စုံလုံလောက်သော အထောက်အထားဖြင့် အတည်ပြုနိုင်ခြင်းမရှိပါက ထိုအပေါ်အရေးယူဆောင်ရွက်ခွင့်မပြုပေ။ ပညာရှင်များနှင့်ခမ္မသတ်မှုးများက ထိုအကြောင်းအသေးစိတ်ကို ပေးထားပြီးဖြစ်၏။ ကုရ်တူဗီက ပြောကြားသည်မှာ ယခု

အကြောင်းရပ်၌ 'ဇွာန်' သည် 'စွပ်စွဲခြင်း'သဘောဆောင်၏။ ယင်းမှာ ခိုင်မာသော သက်သေအထောက်အထားမရှိဘဲ ပြစ်မှု၊ ရာဇဝတ်မှု သို့မဟုတ် ပြစ်တင်မှု ကဲ့သို့သော အမှားများဖြင့် စွဲဆိုခြင်းမျိုးဖြစ်လေသည်။ အီမာမ်အဗူဗက္ကရ်ဂျဆ္ဆ်ဆွာဆွက အဟ်ကာမွလ်ကုရ်အာန်၌အောက်ပါ အသေးစိပ်များကိုပေးထား၏။ 'ဇွာန်'အား အတန်းအစား(၄)မျိုးခွဲခြားနိုင်သည်။ (၁) တားမြစ်ခံရသော (ဟရာမ်)၊ (၂) မရှိမဖြစ် မုချလိုအပ်သော (ဝါဂျစ်ဗ်)၊ (၃) ချီးကျူးထိုက်သော(မွတ်စ်တဟပ်) နှင့် (၄) လက်သင့်ခံနိုင်သော (ဟလာလ်)တို့ဖြစ်ကြသည်။ အလ္လာဟ်အရှင်မြတ်ကို ယုံကြည်အားထားမှု မရှိခြင်း သို့မဟုတ် ထိုအရှင်မြတ်ကို ယုံကြည်အားထားခြင်း၌ သံသယဖြစ်ခြင်းကို တားမြစ်၏။ ဥပမာ ထိုအရှင်မြတ်သည် မိမိအား အပြစ်ပေးတော်မူလိမ့်မည် သို့မဟုတ် မိမိအားခွင့်လွှတ်ခြင်း သို့မဟုတ် ကရုဏာသက်ခြင်းမရှိဘဲ အမြဲတစေ ဆင်းရဲဒုက္ခထဲ၌ ထားတော်မူလိမ့်မည်ဟူ၍ ထိုအရှင်မြတ်၏ ကျေးဇူးတော်များကို မျော်လင့်ချက်ကုန်ခမ်းလျက် အလ္လာဟ်အရှင်မြတ်အား မကောင်းတွေးထင်ခြင်းကို ခွင့်မပြုပေ။ သာဝကကြီးဂျာဗိရ်ﷺဆင့်ပြန်သည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။

لا يموتنّ احدكم الّا وهو يحسن الظنّ بالله

အလ္လာဟ်အရှင်မြတ်နှင့်စပ်လျဉ်း၍ အကောင်းထင်မြင်ခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ မသေဆုံးသင့်ပေ။

အခြားဟဒီးဆ်တော်တစ်ရပ်အရ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်။

انا عند ظنّ عبدى بى

ငါအရှင်မြတ်သည် ငါအရှင်မြတ်၏ ကျွန်များအား ၎င်းတို့က ငါအရှင်မြတ်နှင့် စပ်လျဉ်း၍ တွေးထင်ကြသကဲ့သို့ပင် ဆက်ဆံတော်မူမည်။

ဤသည်က ဖော်ပြသည်မှာ အလ္လာဟ်အရှင်မြတ်နှင့်စပ်လျဉ်း၍ ကောင်းသော အတွေးအထင်များထားရှိခြင်းသည် မပြုမနေရ(ဖရသွ်)ဖြစ်ပြီး၊ ထိုအရှင်မြတ်အား မကောင်းတွေးထင်ခြင်းကို တားမြစ်၏။ ထိုနည်းတူစွာအမြင်အား ဖြင့် ကောင်းမွန်မြင့်မြတ်ပုံရသော မွတ်စလင်တို့အား ယုတ္တိတန်သောအကြောင်းပြချက်မရှိဘဲ မယုံသင်္ကာဖြစ်ခြင်းကို ဟရာမ်တားမြစ်၏။

သာဝကကြီးအဗူဟုရိုင်ရဟ်(ﷺ)ဆင့်ပြန်သည်မှာ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်။

ایّاكم والظّنّ فانّ الظّنّ اكذب الحديث

ယုံမှားသံသယဖြစ်ခြင်းကိုရှောင်ကြဉ်ကြပါလေ။ အဘယ်ကြောင့်ဆိုသော ယုံမှားသံသယသည် မုသားလိမ်လည်ခြင်းများအနက် အဆိုးရွားဆုံးဖြစ်သောကြောင့်ဖြစ်၏။.....

ဤအရာနှင့်စပ်လျဉ်း၍ ဤပညာရှင်များသဘောတူကြသည်မှာ 'ဇွာန်'သည် ခိုင်မာသော သက်သေမရှိဘဲ မွတ်စလင်မ်တစ်ဦးအား မကောင်းထင်ခြင်းဖြစ်၏။ သို့ရာတွင် အကယ်၍ နှစ်ခုအနက်တစ်ခုကို ဆုံးဖြတ်ရန်လိုအပ်သော အမှုတစ်ခုရှိပြီး၊ ထိုအခြေအနေမျိုးအတွက် ကုရ်အာန်နှင့်စွန္ဒသ်အပေါ် အခြေခံသော ပြတ်သားရှင်းလင်းသည့်သက်သေအထောက်အထားလည်းမရှိပါက 'ဖြစ်နိုင်ခြေအရှိဆုံးချင့်ချိန်ဆုံးဖြတ်ချက်'ဖြင့် ဆောင်ရွက်ရမည်ဖြစ်၏။ ထိုသို့ပြုလုပ်ခြင်းအား အစွလာမ့်တရားဥပဒေ၌ 'အဖွဖွာန်နွလ်ဂါလစ်ဗ်' ဟု ခေါ်၏။ ဤသည်မှာ တရားရုံးများသို့ ပြေငြိမ်းရန်အတွက် ရောက်လာသော အမှုများတွင် လက်ခံအတည်ပြုသည့် လုပ်ထုံးလုပ်နည်းဖြစ်ပေသည်။ တရားရုံးတွင် သက်သေများထဲမှ တစ်ဦးသည် လိမ်လည်၍ ထွက်ဆိုကောင်းထွက်ဆိုခဲ့မည်ဖြစ်သော်လည်း တရားသူကြီးအနေဖြင့် ယုံကြည်စိတ်ချ

ထိုက်သောလူများ၏ ထွက်ဆိုချက်ပေါ် အခြေခံသည့် 'ဖြစ်နိုင်ခြေအရှိဆုံးချင့်ချိန်ဆုံးဖြတ်ချက်' ကို ချမှတ်ရမည်ဖြစ်ပေသည်။ သက်သေ၏ထွက်ဆိုချက်သည် 'အကောင်းဆုံးချင့်ချိန်ဆုံးဖြတ်ချက်'ပေါ်တွင် အခြေခံပြီး 'အကြွင်းမဲ့သေချာခြင်း' ပေါ်တွင် အခြေခံခြင်းမဟုတ်ပေ။ တရားသူကြီးတွင် အမှု၏ အချက်အလက်များကို တိုက်ရိုက်သိနိုင်ခြင်းမရှိသကဲ့သို့ ကုရ်အာန်နှင့်စွန္နသ်တို့၌လည်း ရှင်းလင်းသော ဖော်ပြချက်မရှိပေ။ ဤကဲ့သို့အခြေအနေမျိုးတွင် ဆုံးဖြတ်ချက်တစ်ခုမဟုတ်အခြားတစ်ခုချမှတ်ရမည်ဖြစ်ပြီး တကယ့်ဖြစ်ရပ်ကို ပီပြင်စွာမသိနိုင်သော ဤအမှုမျိုးများတွင် 'ဖြစ်နိုင်ခြေအရှိဆုံးချင့်ချိန်ဆုံးဖြတ်ခြင်း'ပေါ် အခြေခံသည့် ဆုံးဖြတ်ချက်မှတစ်ပါး အခြားထွက်ပေါက်မရှိတော့ချေ။

ထိုနည်းတူစွာ 'ကိဗ်လဟ်' ၏ အရပ်မျက်နှာကိုမသိသောအခါ သို့မဟုတ် 'ကိဗ်လဟ်'ဘက်ကို ညွှန်ပြနိုင်သူ မရှိသောအခါ၊ အကြင်သူအဖို့ 'ဖြစ်နိုင်ခြေအရှိဆုံးချင့်ချိန်ဆုံးဖြတ်ချက်' ပေါ် အခြေခံလျက်ဆုံးဖြတ်ရန်မှာ မပြုမနေရဖြစ်၏။ အကယ်၍ အကြင်သူသည် တစ်စုံတစ်ယောက်၏ တန်ဖိုးရှိသောအရာတစ်ခုကို ဖျက်ဆီးမိပါက ၎င်းတွင်လျော်ကြေးပေးရန် တာဝန်ရှိပြီး 'ဖြစ်နိုင်ခြေအရှိဆုံးချင့်ချိန်ဆုံးဖြတ်ချက်'ပေါ် အခြေခံ၍ တန်ဖိုးကို ပေးလျော်ရန် တာဝန်ရှိပေသည်။

လက်သင့်ခံနိုင်သော 'ဇွာန်'၏ ဥပမာမှာ ပုဂ္ဂိုလ်တစ်ဦးသည် ဆွလာသ်ဝတ်ပြုနေရင်း မိမိဝတ်ပြုပြီးသည်မှာ (၃)ရကာအသံလား သို့မဟုတ် (၄)ရကာအသံလားဟု ဝေခွဲမရဖြစ်ပါက ၎င်းသည် 'ဖြစ်နိုင်ခြေအရှိဆုံး ချင့်ချိန်ဆုံးဖြတ်ချက်'ကို သုံးပြီး ထိုဆုံးဖြတ်ချက်အတိုင်း ဆွလာသ်ကို ပြည့်စုံအောင်ဝတ်ပြုခွင့်ရှိ၏။ သို့ရာတွင် အကယ်၍ ၎င်းအနေဖြင့် ဤအခြေခံစည်းကမ်းချက်ကို မသုံးလိုဘဲ မိမိသည် သေချာပေါက်(၃)ရကာအသံဝတ်ပြုပြီးဟု ယူဆခြင်းဖြင့် 'သေချာမှု' နိယာမအတိုင်းပြုလုပ်လိုပါက စတုတ္ထရကာအသံကို ဖြည့်စွက်၍လည်း ရနိုင်လေသည်။

ချီးကျူးထိုက်သော 'ဇွာန်'သည် မွတ်စလင်တိုင်းအပေါ်ဦးစားပေး စဉ်းစားခြင်းကို ရည်ညွှန်းပြီး အကျိုးဆုလာဘ် ခံစားထိုက်၏။ (ဂျဆွင်ဆွာဆွမ့် အကျဉ်းချုပ်ဖော်ပြသည်။)

ကုရ်တူဗီက ကုရ်အာန်အာယသ်တော်ကို ကိုးကားပြောဆိုသည်မှာ

لَوْ لَآ إِذْ سَمِعْتُمُوهُ ظَنَّ الْمُؤْمِنُونَ وَالْمُؤْمِنَٰتُ بِأَنفُسِهِمْ خَيْرًا

..... ယင်းမုသားစွပ်စွဲချက်ကို အသင်တို့ကြားသိခဲ့စဉ်က မုအ်မင်န်ယောကျ်ားတို့သည်လည်းကောင်း၊ မုအ်မင်မိန်းမတို့သည် လည်းကောင်း မိမိတို့အချင်းချင်းနှင့် ပတ်သက်၍ အဘယ်ကြောင့် ကောင်းမွန်သောထင်မြင်ချက်ကို မထင်မြင်မယူဆခဲ့ကြသနည်း။(၂၄း၁၂)

ဤအာယသ်တော်က မုအ်မင်တို့နှင့်ပတ်သက်၍ ကောင်းသောထင်မြင်ချက်များထားရှိကြရန် အလေးအနက်ပြုခြင်းဖြစ်၏။ အောက်ပါဆောင်ပုဒ်သည် ဤစည်းကမ်းချက်နှင့် ဆန့်ကျင်သယောင်ရှိပေသည်။

اِنّ من الحزم سوء الظّنّ

.....လူတိုင်းနှင့်စပ်လျဉ်း၍ မကောင်းသော ထင်မြင်ချက်များထားရှိခြင်းသည် မြော်မြင်ဆင်ခြင်ခြင်းဖြစ်၏။

သို့သော် ဤဆောင်ပုဒ်သံသယဖြစ်ဖွယ်ကောင်းသော အခြေအနေများတွင် အရောင်းအဝယ်ပြုလုပ်ရာ၌လည်းကောင်း၊ အခြားသူများနှင့်ဆက်ဆံရာတွင်လည်းကောင်း ကြိုတင်သတိထားရန်ကို ဆိုလိုသည်။ ဥပမာ-အကြင်သူသည် မိမိ၏ပစ္စည်းတစ်ခုကို ခိုင်မာသော အာမခံချက်မပါရှိဘဲ မည်သူ့ကိုမျှလွှဲပြောင်းမပေးသင့်ပေ။ ဤသို့ဆိုခြင်းကြောင့် တစ်ဦးတစ်ယောက်အား သူခိုးတစ်ယောက်ကဲ့သို့ သဘောထားသင့်သည်။ သို့မဟုတ် မထောက်မညှာချိုးနှိမ်

၍ ပြောသင့်သည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ အတိုချုပ်ရသော် အကြောင်သူသည် အကျပ်အတည်းကြုံသောအခါ လူများအား သူခိုးများ သို့မဟုတ် သစ္စာမဲ့သူများအဖြစ် အမှတ်တံဆိပ်မခတ်နှိပ်မိအောင် သတိတရားထားရှိသင့်ကြောင်း ပင်ဖြစ်လေသည်။

(၂) လျှို့ဝှက်ထောက်လှမ်းမှုမပြုရန်တားမြစ်ခြင်း

အာယသ်တော်က တားမြစ်သည့် ဒုတိယလူမှုရေးနှင့်ပတ်သက်သော မကောင်းမှုမှာ 'တဂျတ်စ်စပ်စ်' 'အခြားသူတို့၏အပြစ်အနာအဆာများကို လျှို့ဝှက်စွာထောက်လှမ်းစုံစမ်းခြင်း'ဖြစ်၏။ تَجَسُّسْ 'တဂျတ်စ်စပ်စ်'('ဂျ'ဖြင့်) ၏ နောက်တစ်မျိုးဖတ်နည်းမှာ تَحَسُّسْ 'တဟတ်စ်စပ်စ်'('ဟ'ဖြင့်) ဖြစ်၏။ အဗူဟူရိုင်ရဟ်ﷺအား ကိုးကားလျက် 'စွဟီး ဟိုင်း'၌ ဖော်ပြသော ဟဒီးဆ်တစ်ရပ်တွင် တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်။

لَا تَجَسَّسُوْا وَلَا تَحَسَّسُوْا

..... အချင်းချင်းထောက်လှမ်းစုံစမ်းမှုမပြုလုပ်ကြကုန်လင့်။ သူတစ်ပါး၏ချို့ယွင်းချက်များကို မရှာဖွေကြကုန်လင့်.....

စကားလုံးနှစ်ခုသည်အရဗီ၌ အဓိပ္ပာယ်ခြင်းတူသလောက်နီးပါးရှိ၏။ အီမာမ်အခ်ဖာရ်က အဓိပ္ပာယ်ဖွင့်သည်မှာ ယင်းတို့၏ အဓိပ္ပာယ်တွင် မဆိုစလောက် ကွာခြားမှုရှိလေသည်။ 'တဂျတ်စပ်စ်'သည် လူတို့ ဖုံးကွယ်ထားသော ကိစ္စများကို ထောက်လှမ်းစုံစမ်းခြင်းဖြစ်ပြီး၊ 'တဟတ်စ်စပ်စ်' သည် ကုရ်အာန်၏အောက်ပါအာယသ်တော်က မြွက်ကြားသကဲ့သို့ 'ရှာဖွေသည်' ဟူ၍ ယေဘုယျအဓိပ္ပာယ်ရှိ၏။

تَحَسَّسُوْا مِنْ يُّوْسُفَ وَاَخِيْهِ

အို-ဝါ၏ချစ်သားတို့၊ အသင်တို့သည် ယူဆွဖ်အားလည်းကောင်း၊ ယင်းယူဆွဖ်၏ညီငယ် အားလည်းကောင်း သွား၍ရှာဖွေ စုံစမ်းကြလေကုန်။ (၁၂:၈၇)

သို့ရာတွင် 'တဟတ်စ်စုပ်စ်'(ရှာဖွေခြင်း)ဟူသော ဝေါဟာရသည် 'တဂျတ်စ်စုပ်စ်'(လျှို့ဝှက်ထောက်လှမ်းခြင်း)ကဲ့သို့ပင် မကောင်းသော အနက်အဓိပ္ပာယ်ရှိသဖြင့် တမန်တော်မြတ်ကﷺတားမြစ်ခဲ့ခြင်းဖြစ်သည်။ အာယသ်တော်က ဖော်ညွှန်းသည်မှာ အကြောင်သူသည်ရှိနေသော အထောက်အထားကို ထည့်တွက်နိုင်သော်လည်း ပေါ်လွင်ခြင်းမရှိသော အပြစ်အနာအဆာများကို ရှာဖွေရန် ခွင့်မပြုပေ။ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်။

لا تغتابوا المسلمين ولا تتّبعوا عوراتهم فان من اتبع عوراتهم يتبع الله عورته ومن يتّبع الله عورته يفضحه في بيته (قرطبى)

မွတ်စလင်များ၏ မကောင်းကြောင်းကို ၎င်းတို့နောက်ကွယ်၌ မပြောကြလေနှင့်။ ထို့ပြင် ၎င်းတို့၏ ချွတ်ယွင်းချက်များကို ရှာဖွေခြင်း မပြုကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ချွတ်ယွင်းချက်များကို ရှာဖွေသူ၏ ချွတ်ယွင်းချက်များကို အလ္လာဟ်အရှင်မြတ်သည် ရှာဖွေစေတော်မူလိမ့်မည်ဖြစ်၏။ ထို့ပြင် ၎င်း၏ချွတ်ယွင်းချက်များကို အလ္လာဟ်အရှင်မြတ်က ရှာဖွေခြင်းခံရသူသည် မိမိ၏နေအိမ်အတွင်း၌ရှိနေစေကာမူ ထိုအရှင်မြတ်သည် ၎င်းအား ဖော်ထုတ်တော်မူလိမ့်မည်ဖြစ်၏။ (ကုရ်တူဗီ)

'တဂျတ်စ်စုပ်စ်'(လျှို့ဝှက်ထောက်လှမ်းခြင်း)နှင့် 'တဟတ်စ်စုပ်စ်'(ရှာဖွေခြင်း)တို့တွင် လူများစကားပြောဆို နေစဉ် ခိုးချိန်းထောင်ခြင်း သို့မဟုတ် ၎င်းတို့၏ တံခါးပေါက်များမှ ချောင်းချိန်းထောင်ခြင်းပါဝင်သည်ဟု ဗယာန္တလ ကုရ်အာန်က အဓိပ္ပာယ်ကောက်ယူသည်။ သို့ရာတွင် မွတ်စလင်အသိုင်းအဝိုင်းမှ အချို့သော လူများတွင် ဒုက္ခပေးသူတို့ ၏ အန္တရာယ်ပြုခြင်းကိုခံရမည့် စိုးရိမ်မှုရှိပါက အခြားမွတ်စလင်များအနေဖြင့် အပြစ်မဲ့သော အေးချမ်းသော လူများကို ကာကွယ်ရန်အတွက် လျှို့ဝှက်ထောက်လှမ်းခြင်းကို လည်းကောင်း၊ မွတ်စလင်အသိုင်းအဝိုင်းအတွက် အန္တရာယ်တစ် ခုဖြစ်သည့် ထိုကဲ့သို့သော လူများ၏ လျှို့ဝှက်ကြံစည်မှုများနှင့် ရည်ရွယ်ချက်များကို တိတ်တခိုးရှာဖွေခြင်းကိုလည်း ကောင်း ခွင့်ပြုလေသည်။

(၃) နောက်ကွယ်၌ မကောင်းပြောခြင်း (အတင်းပြောခြင်း)ကို တားမြစ်ခြင်း

အာယသ်တော်ကတားမြစ်သော လူမှုရေးနှင့်သက်ဆိုင်သည့် တတိယမကောင်းမှုသည် 'ဃီဗဟ်' (အတင်း ပြောခြင်း)ဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦး၏အကြောင်းကို ၎င်း၏နောက်ကွယ်၌ မကောင်းပြောခြင်းဖြစ်ပြီး၊ ၎င်း၏အကြောင်းကို အမှန်အတိုင်းပြောခြင်းဖြစ်စေကာမူ အကယ်၍ ၎င်းကြားခဲ့သည် ရှိသော် ၎င်းအား စိတ်ဆင်းရဲ သို့မဟုတ် စိတ်ထိခိုက် စေလိမ့်မည်ဖြစ်၏။ ၎င်း၏အကြောင်းကို ပြောသောအရာသည် မုသားစကားဖြစ်ပါက ၎င်းအား အသရေဖျက်ခြင်း သို့မဟုတ် မတော်မတရားစွပ်စွဲခြင်း ဖြစ်ပေလိမ့်မည်။ ကုရ်အာန်၏အခြားတစ်နေရာတွင် အသရေဖျက်မှုတားမြစ်ချက်ကို ဖော်ပြပါ ရှိ၏။ အတင်းပြောခြင်း၏ အနက်ဖွင့်ဆိုချက်တွင် '၎င်း၏ နောက်ကွယ်၌/၎င်းမရှိချိန်၌' ဟူသော စကားရပ်ပါရှိ၏။ ဤ သည်က တစ်စုံတစ်ယောက်၏ရှေ့မှောက်၌ ၎င်းအား ထိခိုက်စေမည့်အရာများ ပြောဆိုခြင်းကို ခွင့်ပြုသည်ဟုမဆိုလိုပေ။

ဤသည်မှာ အတင်းပြောခြင်းမဟုတ်ဟု ဆိုနိုင်သော်လည်း အလျင် အာယတ်၌ တားမြစ်ခံရသည့် 'လမ်ဇ်'၏ အောက်တွင် ကျရောက်ပေမည်။

اَيُحِبُّ اَحَدُكُمْ اَنْ يَّاْكُلَ لَحْمَ اَخِيْهِ مَيْتًا

နောက်ကွယ်၌အတင်းပြောသူတိုင်း၊မျက်နှာစုံညီစောင်းချိတ်ရွတ်ချသူတိုင်း၊ကျိုးယုတ်ပျက်စီး မည်သာတည်း။(၄၉း၁၂)

ဤအာယသ်တော်က မွတ်စလင်တစ်ဦးအား သိက္ခာချအောင်မပြုလုပ်ရန် ပြင်းထန်စွာသတိပေးပြီး၊ ယင်းသို့ ပြုလုပ်ခြင်းမှာ လူတစ်ဦး၏အသားကိုစားခြင်းဖြစ်ကြောင်းပုံခိုင်း၍ပြလေသည်။ အကယ်၍ သိက္ခာကျအောင် ပြုလုပ်ခံရ သူသည် သိက္ခာကျအောင်ပြုလုပ်သူ၏ရှေ့မှောက်၌ရှိနေပါက အသက်ရှင်လျက်ရှိသော လူတစ်ဦး၏ အသားကိုစားခြင်း နှင့်တူပေသည်။ ထို့ပြင် ယင်းသို့ပြုလုပ်ခြင်းအား ကုရ်အာန်က 'လမ်ဇ်'အဖြစ် သတ်မှတ်ပြီး အာယသ်တော်(၁၁)၌ တား မြစ်သကဲ့သို့ အခြားစူရတ်တစ်ပုဒ်၌လည်း

وَيْلٌ لِّكُلِّ هُمَزَةٍ لُّمَزَةٍ ۙ

အသင်တို့အနက်တစ်ဦးတစ်ယောက်သည် မိမိညီအစ်ကို၏ အသေသားကိုစားသုံးရန် နှစ်သက်ပါမည်လော။ (၁၀၄း၁)

ဟူ၍မိန့်ကြားလေသည်။

ထို့ပြင် အကယ်၍ အကြင်သူသည် တစ်စုံတစ်ယောက်၏ နောက်ကွယ်၌ ၎င်းအားစော်ကားသည့် အနေဖြင့် မကောင်းပြောပါက ထိုသို့ပြောခြင်းသည် လူသေကောင်၏ အသားကိုစားခြင်းကဲ့သို့ပင် ဖြစ်၏။ လူသေကောင်အား

မည်သည့်နာကျင်မှုဝေဒနာမျှ မဖြစ်စေနိုင်သည့် နည်းတူ မိမိအကြောင်း အတင်းပြောခြင်းကို မသိသောအခါ အတင်းပြောခံရသူတွင် ထိခိုက်မှုမဖြစ်တော့ပေ။ သို့သော် လူသေကောင်၏ အသားကိုစားခြင်းသည် လွန်မင်းစွာ လူမဆန်သကဲ့သို့ အတင်းပြောခြင်းမှာလည်း ထိုနည်းလည်းကောင်းပင်ဖြစ်လေသည်။ နှစ်မျိုးစလုံးသည် တားမြစ်ခြင်းခံရ၏။တစ်နည်းအားဖြင့် တစ်ဦးတစ်ယောက်အကြောင်းကို ၎င်း၏ကွယ်ရာ၌ မကောင်းပြောဆိုခြင်းသည် ရက်စက်သော သိမ်းဖျင်းသော မလိုတမာစိတ်ရှိသော လုပ်ရပ်ဖြစ်ပြီး ရဲရင့်သော သတ္တိရှိသောလုပ်ရပ်မဟုတ်ပါဟု။

အာယသ်တော်က လူမှုရေးဆိုင်ရာ မကောင်းမှု(၃)ခုကို တားမြစ်၏။ အခြေအမြစ်မရှိသော မယုံသင်္ကာဖြစ်ခြင်း။ မလိုတမာအပြစ်ရှာခြင်းနှင့် အတင်းပြောခြင်းတို့ဖြစ်ကြသည်။ သို့ရာတွင် အတင်းပြောခြင်းအား ပို၍ ပြင်းထန်ကြမ်းတမ်းစွာပြစ်တင်ရှုတ်ချ၏။ အတင်းပြောခြင်းအား သေနေသောမွတ်စလင်တစ်ဦး၏ အသားကိုစားခြင်းနှင့်နှိုင်းယှဉ်ဖော်ပြခြင်းဖြင့် ယင်း၏တားမြစ်ခြင်း၊ ရက်စက်ခြင်းနှင့်ယုတ်ညံ့ခြင်းများ၏ လေးနက်မှုကို ဖော်ဆောင်လေသည်။သိစေလိုသည့် အချက်မှာ တစ်စုံတစ်ယောက်အား မျက်နှာချင်းဆိုင်၍ ထိခိုက်စေသော အရာများပြောဆိုခြင်းကို တားမြစ်သည်။ သို့သော် ထိုသူရှိနေသောကြောင့် ၎င်းကိုယ်၎င်းခုခံကာကွယ်နိုင်မည်ဖြစ်၏။ ထို့ပြင် ပြန်လည် ခုခံပြောဆိုမည်စိုးသောကြောင့် တစ်စုံတစ်ယော်ကအား မျက်နှာချင်းဆိုင်၍ ထိခိုက်အောင်ပြောဆိုရန် လူတိုင်းတွင် သတ္တိရှိမည်မဟုတ်သည့်ပြင် ထိုပြောစကားသည် ကြာရှည်ခံလိမ့်မည် မဟုတ်ဟူ၍ ဖြစ်၏။ နောက်ကွယ်၌ အတင်းပြောခြင်းနှင့်မတူပုံမှာ အတင်းပြောခြင်းတွင် ခုခံချေပမည့်သူရှိမနေသောကြောင့် ယုတ်ညံ့သော ပုဂ္ဂိုလ်သည် လူများ၏အတင်းကိုပြောရာတွင် လွန်စွာသတ္တိကောင်း၏။ အတင်းအဖျင်းသည် ကာကွယ်ပြောဆိုခြင်း မခံရသောကြောင့် များသောအားဖြင့် တစ်ယောက်စကားတစ်ယောက်နားကြားကာ လူများစွာပါဝင်ပတ်သက်ကုန်ကြသည်။ ထို့ကြောင့် နောက်ကွယ်၌ အတင်းပြောခြင်းကို ပို၍ပြင်းထန်စွာ တားမြစ်ခြင်းဖြစ်လေသည်။ လူများက ၎င်း၏နောက်ကွယ်၌ အတင်းပြောကြသောအခါ ဖြစ်နိုင်ပါက မွတ်စလင်တို့သည် မိမိတို့၏ညီအစ်ကိုအား ကာကွယ်ရန် လိုအပ်၏။ ထိုသို့မဖြစ်နိုင်ပါက အနည်းဆုံး ၎င်းတို့သည် ထိုအတင်းစကားကို နားထောင်ခြင်းမပြုကြသင့်ပေ။ အဘယ်ကြောင့်ဆိုသော် အတင်းစကားကို တမင်တကာ လိုလားစွာ နားထောင်ခြင်းသည် အတင်းပြောခြင်းနှင့်အတူတူပင်ဖြစ်လေသည်။

နောက်ကွယ်၌အတင်းပြောခြင်းနှင့်ဆက်နွယ်သည့် အချို့အကြောင်းများ

သာဝကကြီးမိုင်မူးန်ﷺကပြောကြားသည်မှာ တစ်ကြိမ်သော် ၎င်းသည် နီဂရိုးတစ်ယောက်၏ အလောင်းကို အိပ်မက်ထဲတွင် မြင်တွေ့ခဲ့၏။ ဟစ်ခေါ်သူတစ်ဦးက ၎င်းအား 'ဤအရာကိုစားလော့' ဟု ပြောခဲ့၏။ သာဝကကြီးမိုင်မူးန်ﷺက ပြောသည်မှာ 'ကျွန်ုပ်ကပြောခဲ့သည်။ အို အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်၊ အဘယ်ကြောင့် ဤအရာကို ကျွန်ုပ်စားရမည်နည်း' ဟစ်ခေါ်သူက ပြန်ပြောခဲ့သည်။ 'အဘယ်ကြောင့်ဆိုသော် သင်သည် ပုဂ္ဂိုလ်တစ်ဦး၏ နီဂရိုးကျွန်အကြောင်း အတင်းပြောခဲ့သောကြောင့်ဖြစ်၏။' 'အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် ကျိန်ဆိုပါ၏။ ကျွန်ုပ်တို့ကဲ့သို့ မပြုလုပ်ခဲ့ပါ' ဟု သာဝကကြီး မိုင်မူးန်ﷺကပြောသောအခါ၊ ဟစ်ခေါ်သူက 'အသင်ပြုလုပ်ခဲ့သည်။ သင်သည် လူများက ၎င်း၏ အကြောင်းအတင်းပြောသောအခါ နားထောင်ခဲ့သည့်ပြင် ၎င်းတို့နှင့်သဘောထားခြင်း ကိုက်ညီသယောင် နှုတ်ဆိတ်နေခဲ့၏' ပြန်ပြောခဲ့လေသည်။ ဤအိပ်မက်ကိုမြင်မက်ပြီးနောက် ၎င်းသည် မိမိကိုယ်ကို ချုပ်တည်းပြီး၊ ကိုယ်တိုင်လည်း အတင်းမပြော မည်သူ့ကိုမျှလည်း ၎င်း၏ရှေ့တွင် အတင်းပြောခွင့်မပြုခဲ့တော့ပေ။

တမန်တော်မြတ်ﷺ၏ 'မိအ်ရာဂျ်'အတွေ့အကြုံနှင့်စပ်လျဉ်းသော သာဝကကြီးအနတ်စ်အိဗ်နမာလစ်ﷺ၏ ဆင့်ပြန်ချက်တစ်ရပ်၌ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်။ 'ကျွန်ုပ်သည် မိုးကောင်းကင်ထက်သို့ခေါ်ဆောင်ခြင်းခံ

ရသောအခါ၊ ကြေးသတ္တုဖြင့်ပြုလုပ်ထားသော လက်သည်းများရှိကြသည့် လူများကို ဖြတ်သန်းသွားခဲ့သည်။ ၎င်းတို့သည် ၎င်းတို့၏မျက်နှာများနှင့် ရင်ဘတ်များကို ပြင်းထန်စွာ ကုတ်ခြစ်လျက်ရှိနေခဲ့ကြသည်။ ကျွန်ုပ်က ဂျိဗရာအီလ်ﷺ အား"ဤသူများသည် မည်သူများနည်း"ဟု မေးမြန်းခဲ့ရာ၊ ၎င်းက "၎င်းတို့သည် မိမိတို့၏ ညီအစ်ကိုများအကြောင်းကို အတင်းပြောခဲ့ကြသည့်ပြင် ၎င်းတို့၏ ဂုဏ်သိက္ခာများကိုလည်း ပုတ်ခတ်ပြောဆိုခဲ့ကြသူများပင်ဖြစ်၏"ဟု ပြန်ပြောခဲ့လေသည်။ (အလ်ဗဂဝီထပ်ဆင့်တင်ပြပြီး မဇ်ဟရီ၌ ရည်ညွှန်းကိုးကား၏။) သာဝကကြီး အဗူစအီးဒ်နှင့်ဂျာဗိရ်ﷺတို့ တင်ပြသည်မှာ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်-

"အတင်းပြောခြင်းသည်သူတစ်ပါး၏ သားမယားကို ပြစ်မှားခြင်းထက်ပို၍ ဆိုး၏။" သာဝကကြီးများက မည်သို့ကြောင့်ပါသနည်း ဟု မေးမြန်းခဲ့ကြရာ ၎င်းက ပြန်ပြောခဲ့၏။ "အကြင်သူသည် ကာမဆေးမိစ္ဆာမှုကို ကျူးလွန်ပြီးနောက် နောင်တရခဲ့သော် ၎င်း၏ အပြစ်သည် ခွင့်လွှတ်ခြင်းခံရ၏။ သို့သော် အတင်းပြောသည့် အပြစ်မှာမူ ထိခိုက်ခံစားရသူက ခွင့်မလွှတ်ပါက ခွင့်လွှတ်ခြင်းခံရလိမ့်မည်မဟုတ်ပေ။" (သိရ်မိဒီနှင့်အဗူဒါဝူဒ်တို့ ထပ်ဆင့်တင်ပြပြီး၊ မဇ်ဟရီ၌ ကိုးကားဖော်ပြ၏။)

ဤဟဒီးဆ်တော်က အတင်းပြောခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အခွင့်အရေးကို ချိုးဖောက်ခြင်းတစ်ခုဖြစ်ရုံသာမက လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းလည်းဖြစ်ကြောင်းညွှန်ပြ၏။ ထို့ကြောင့် ထိခိုက်နစ်နာသူ၏ခွင့်လွှတ်မှုကို တောင်းခံရန်လိုအပ်ပေသည်။ အချို့ပညာရှင်များ၏ ရှုဒေါင့်မှာ အကယ်၍ ထိခိုက်နစ်နာသူသည် ထိုအကြောင်းကို မသိပါက အတင်းပြောခြင်းသည်လူ့အခွင့်အရေးတစ်ခုမဟုတ်တော့သဖြင့် ၎င်း၏ခွင့်လွှတ်မှုကိုတောင်းခံရန် မလိုအပ်ပေ။ (ဟစန်၊ အလ်ခေယာတွီ၊ အိဗ်နုဆွဲဆွဗ်ဗာဟ်၊ အန်နဝဝီ၊ အိဗ်နုဆွဲဆွာလဟ်၊ အဇ်ဇရ်ရှီ၊ အိဗ်နေအဗ်ဒွလ်ဗာရ်၊ အိဗ်နွလ်မူဗာရက်တို့ထံမှ ရှုးဟွလ်မအာနီကိုးကားဖော်ပြသည်။) ဤအကြောင်းကို ဗယာနွလ်ကုရ်အာန်၌ ရည်ညွှန်းကိုးကားပြီး အောက်ပါအတိုင်း ရှင်းပြခဲ့သည်။ အကယ်၍ အတင်းပြောခံရသူသည် တစ်စုံတစ်ယောက်က ၎င်း၏အကြောင်း မကောင်းပြောဆိုခြင်းကို မသိပါက အတင်းပြောသူအဖို့ အတင်းပြောခံရသူအား တောင်းပန်မလိုအပ်ပေ။ သို့သော် အတင်းပြောသောအခါ ၎င်းကိုယ်တိုင်က မဟုတ်မမှန်လုပ်ကြံ၍ ပြောခြင်းဖြစ်ပါက နစ်နာသူ၏ ခွင့်လွှတ်မှုကို တောင်းခံရန် လိုအပ်၏။ သို့မဟုတ် အနည်းဆုံး ၎င်း၏ရှေ့မှောက်၌ မိမိ၏အပြစ်ကို ဝန်ခံရမည်ဖြစ်၏။ အကယ်၍ အတင်းပြောခံရသူ သေဆုံးလျှင် သို့မဟုတ် ပျောက်ကွယ်နေခဲ့လျှင် ကျေနပ်အောင်ပြုလုပ်နည်းကို သာဝကကြီးအနာစ်ﷺ၏ဆင့်ပြန်ချက် တစ်ရပ်၌ ဖော်ပြထားသည်မှာ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်။

ان من كفّارة الغيبة ان يستغفر لمن اغتابه تقول اللّٰهمّ اغفر لنا وله

အတင်းပြောခြင်း၏ ကျေနပ်အောင်ပြုလုပ်နည်းမှာ အတင်းပြောခံရသူအတွက် အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်မှုကို အောက်ပါစကားလုံးများဖြင့် ဆုတောင်းရန်ဖြစ်၏။ 'အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့၏ အပြစ်များကိုလည်းကောင်း၊ ၎င်း၏အပြစ်များကိုလည်းကောင်း ခွင့်လွှတ်တော်မူပါ။ (ဗိုင်ဟကီထပ်ဆင့်တင်ပြပြီး မဇ်ဟရီ၌ ကိုးကားဖော်ပြ၏။')

ဓမ္မသတ်(၁)

ကလေးများ၊ စိတ်မနှံ့သူများနှင့် အစွမ်းလာမ့်နိုင်ငံမှ မွတ်စလင်မ်မဟုတ်သော နိုင်ငံသားများကို အတင်းပြောခြင်းအား တားမြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အား ထိခိုက်အောင်ပြုလုပ်ခြင်းကို တားမြစ်သောကြောင့်ဖြစ်၏။ 'ဒါရွလ်ဟရဗ်' (ရန်လိုသောနိုင်ငံ)တွင် နေထိုင်သော 'ဟရ်ဗီ'ကာဖိရ်များအား ထိခိုက်အောင်ပြုလုပ်ခြင်းကို မတားမြစ်

ချေ။ သို့ရာတွင် အချိန်ဖြုန်းခြင်းဖြစ်သောကြောင့် ၎င်းတို့အကြောင်း အတင်းပြောခြင်း'မက်ရွာဟ်'ဖြစ်ပြီး ရွတ်ချပြစ်တင်ထိုက်၏။

ဓမ္မသတ်(၂)

နောက်ကွယ်အတင်းပြောဆိုခြင်းသည် နှုတ်ဖြင့် ပြောဆိုခြင်းဖြစ်နိုင်သကဲ့သို့၊ လုပ်ရပ်အနေဖြင့်လည်းကောင်း၊ သူတစ်ဦး၏ပုံစံကို ဖော်ပြခြင်းဖြင့်လည်းကောင်း ဖြစ်နိုင်သည်။ ဥပမာ- ခြေတစ်ဖက်ဆာနေသူ၏ ပုံစံကို ပြခြင်း၊ ထိုသို့ ပြုခြင်းသည် ယင်းသူအား သေးသိမ်စေရာရောက်ခြင်းကြောင့် ဖြစ်သည်။ ယင်းသို့ ပျက်ရယ်ပြုပြောင်လှောင်ခွင့် မပြုချေ။

ဓမ္မသတ်(၃)

အချို့ဆင့်ပြန်ချက်များက ဖော်ပြသည်မှာ အာယသ်တော်တော်မှ အတင်းပြောခြင်း တားမြစ်ချက်သည် အထူးကိစ္စများ၊ အခြေအနေများတွင် ခြွင်းချက်များရှိ၏။ အကယ်၍ အတင်းပြောရန် အမှန်တကယ်လိုအပ်ပြီး၊ ရှရီအတ်ရွထောင့်မှ ကြည့်လျှင် လိုအပ်ချက်သည် စစ်မှန်ပါက အတင်းပြောခြင်းခွင့်ပြု၏။ ဥပမာများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အနိုင်အထက်ပြုယူခြင်းနှင့်မတရားပြုမူခြင်းများမှ မိမိအား သက်သာရာရအောင် ပြုလုပ်ပေးနိုင်သော ပုဂ္ဂိုလ်တစ်ဦး၏ရှေ့တွင် အနိုင်အထက်ပြုသူ၏ အကြောင်းကို တိုင်ကြားခြင်း။

(ခ) ဇနီးနှင့်သားသမီးတို့အကြောင်းကို ၎င်းတို့အား ဆုံးမပဲ့ပြင်နိုင်သည့် ဖခင်နှင့်ခင်ပွန်းဖြစ်သူတို့အား တိုင်ကြားခြင်း။

(ဂ) 'ဖသ်ဝါ'(ရှရီအတ်၏ဓမ္မသတ်)တစ်ခုရရှိရန်အတွက် အမှုကိစ္စအကြောင်းအပြည့်အစုံတင်ပြခြင်း။

(ဃ) ဒုက္ခပေးတတ်သူတစ်ဦး၏ ထိခိုက်နစ်နာအောင်ပြုမူပုံကို မွတ်စလင်တို့အား သတိပေးခြင်း။ ထိုမှသာ ၎င်းတို့သည် အဆိုးကိုရှောင်လွှဲနိုင်ကြပေမည်။

(င) တစ်ဦးတစ်ယောက်သည် ကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ အခြားပုဂ္ဂိုလ်တစ်ဦးအား တိုင်ပင်သောအခါ၊ အားနည်းချက်များ အပါအဝင်အကြောင်းစုံကို ၎င်းအား အသိပေးရန်မှာ မပြုမနေရဖြစ်၏။ သို့မှသာ ထိုပုဂ္ဂိုလ်သည် မသိနားမလည်မှုကြောင့် လှည့်ဖြားခြင်းခံရမည် မဟုတ်ပေ။

(စ) အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် အပြစ်များကို ပေါ်ထင်စွာ ကျူးလွန်သည့်ပြင် ၎င်း၏ယုတ်ညံ့သော အပြုအမူကို ၎င်းကိုယ်တိုင်က ထုတ်ဖော်ကြေညာပါက ၎င်း၏ဆိုးရွားသောလုပ်ရပ်များအကြောင်း ဖော်ပြပြောဆိုခြင်းအား မတားမြစ်ပေ။ သို့ရာတွင် အချိန်ဖြုန်းခြင်းဖြစ်သောကြောင့် ထိုသို့ပြောဆိုမှုတွင် မွေ့လျော်ခြင်းသည် စက်ဆုပ်ဖွယ်၊ပြစ်တင်ထိုက်ဖွယ်ဖြစ်၏။ (ရူးဟွလ်မအာနီအားကိုးကားလျက် ဗယာနွလ်ကုရ်အာန်၌ဖော်ပြ၏။)

သို့သော် ခြွင်းချက်များကို မှီငြမ်းအသုံးပြုရန်အတွက် လိုအပ်သော အခြေအနေမှာ တစ်စုံတစ်ယောက်အကြောင်း မကောင်းပြောခြင်းသည်၎င်းအားစော်ကားရန် သို့မဟုတ် သိက္ခာချရန်မဟုတ်ဘဲအမှန်တကယ်လိုအပ်သောကြောင့်သာ ဖြစ်ရပေမည်။

အာယသ်တော် (၁၃)

يَٰٓأَيُّهَا ٱلنَّاسُ إِنَّا خَلَقۡنَٰكُم مِّن ذَكَرٖ وَأُنثَىٰ وَجَعَلۡنَٰكُمۡ شُعُوبٗا وَقَبَآئِلَ لِتَعَارَفُوٓاْۚ إِنَّ أَكۡرَمَكُمۡ عِندَ ٱللَّهِ أَتۡقَىٰكُمۡۚ إِنَّ ٱللَّهَ عَلِيمٌ خَبِيرٞ ١٣

အိုဟ်-လူခပ်သိမ်းတို့၊ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့အား ယောကျ်ားတစ်ယောက်၊ မိန်းမ တစ်ယောက်မှ (စတင်)ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့အချင်းချင်း တစ်ဦးကိုတစ်ဦး ခွဲခြားသိမြင်မှတ်မိကြအံ့သောငှာ၊ လူမျိုးစုအသီးသီး မျိုးနွယ်အသွယ်သွယ်ပြုလုပ် တော်မူခဲ့၏။ ဧကန်စင်စစ် အသင်တို့အနက် (အလ္လာဟ်အရှင်မြတ်အား) အကြောက်ရွံ့ဆုံး၊ အပြစ် များမှ အများဆုံးကြဉ်ရှောင်သောသူသည်သာလျှင် အလ္လာဟ်အရှင်မြတ် အထံတော်၌အမြင့်မြတ် ဆုံးသောသူဖြစ်၏။ စင်စစ်တစ်မူကား အလ္လာဟ်အရှင်မြတ်သည် အသိတော်မူဆုံး၊ အကြားတော်မူ ဆုံးအရှင်ဖြစ်တော်မူပေသတည်း။ [၁၃]

လူသားအားလုံးသည် အာဒမ်နှင့်ဟောင်ဝါ﵇တို့၏ သားသမီးများဖြစ်ကြသည်။

အလျင်အာယသ်တော်များတွင် လူသားနှင့်အစွမ်းအခွင့်အရေးများနှင့် ဆက်စပ်သော လူမှုရေးဆိုင်ရာ မကောင်းမှု(၆)ခုကို တားမြစ်ခဲ့ပြီး၊ ကောင်းသော အကျင့်အမူများကို လူမှုဘဝတွင်ကျင့်သုံးကြရန် စည်းကမ်းချက်များ ချမှတ်ခဲ့သည်။ ယခုအာယသ်တော်က ဆက်လက်၍ ပြည့်စုံကျယ်ပြန့်သော သာတူညီမျှ လူသားဝါဒ၏ အခြေခံကို ချမှတ်လေသည်။ ယင်းအခြေခံသဘောတရားက မှားယွင်း၍ မိုက်မဲသော ဘဝင်မြင့်ခြင်း၊ မျိုးရိုးမာန်တက်ခြင်းသို့မဟုတ် အမျိုးဂုဏ်မောက်ခြင်းသဘောထားများကို ဖယ်ရှားပစ်၏။ ခပ်သိမ်းကုန်သော လူတို့အား ယောကျ်ားတစ်ဦး(အာဒမ်﵇) နှင့် မိန်းမတစ်ဦး(ဟောင်ဝါ)တို့မှ ဖန်ဆင်းခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် လူသားအားလုံးသည် 'အာဒမ်နှင့်ဟောင်ဝါ﵇'တို့မှ ဆင်းသက်သူများဖြစ်ကြပြီး၊ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်၌ အားလုံးတန်းတူရည်တူဖြစ်ကြောင်း ကြေငြာတော်မူသည်။ ၎င်း၏စိတ်ဓာတ်ဖြောင့်မတ်မှန်ကန်မှုနှင့် အလ္လာဟ်အရှင်မြတ်နှင့်လူသားတို့အပေါ် ၎င်း၏ဖရသွင် တာဝန်များကို ထမ်းဆောင်ပုံများမှလွဲ၍ ၎င်း၏အသားရောင်၊ ၎င်းပိုင်ဆိုင်သော ဥစ္စာဓန၏ ပမာဏာ သို့မဟုတ် ၎င်း၏ ရာထူးသို့မဟုတ် လူမှုအဆင့်အတန်း၊ မျိုးရိုးသို့မဟုတ် မျိုးနွယ်တို့အပေါ် အခြေခံလျက် ဂုဏ်မောက်ခြင်း၊ သူတစ်ပါးကို အထင်သေးခြင်းအား မည်သူ့ကိုမျှ ခွင့်မပြုပေ။ လူသားမျိုးနွယ်တစ်ခုလုံးသည် မိသားစုတစ်စုဖြစ်၏။ လူမျိုးများ၊ မျိုးနွယ်များ၊ အရွယ်အစားစုံသော မျိုးနွယ်စိပ်များ (မျိုးနွယ်ကြီးငယ်မဟူ)အဖြစ် ခွဲခြားခြင်းသည် တစ်ဦးနှင့်တစ်ဦး ကောင်းစွာ ခွဲခြားသိမြင်နိုင်ရန်သာဖြစ်ပေသည်။

ထုတ်ပြန်ပို့ချခြင်း၏အကြောင်းများ

ဤအာယသ်တော်သည် မက္ကာမြို့ကိုအောင်နိုင်ချိန်က ကျရောက်ခဲ့၏။ ဆွလာသ်ဝတ်ပြုချိန်ကျရောက်လာသောအခါ၊ တမန်တော်မြတ်ﷺသည် သာဝကကြီးဗီလာလ်﵇အား 'အဇာန်'ဟစ်ခေါ်ရန် မိန့်ကြားခဲ့သည်။ မုရ္ဂ်ရစ်က် ကုရိုက်ရှ် တစ်ဦးက မကောင်းမြင်စိတ်ဖြင့် မှတ်ချက်ချခဲ့၏။ 'ဤအဖြစ်မျိုးမရောက်ခင် ကျွန်ုပ်၏ဖခင်ကွယ်လွန်ခဲ့သည့် အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ ဤဆိုးရွားသောနေ့ကို ၎င်းသည် မမြင်တွေ့ရတော့ပေ။ ဟာရစ်အိဗ်နေ ဟိရှာမ်က မုဟမ္မဒ်သည် ထွဋ်မြတ်သော ဝတ်ကျောင်းတော်ထဲတွင် 'အဇာန်' ဆိုရန် ဤကျိုးမဲထက်ပို၍ သင့်တော်သူကို

မတွေ့နိုင်ခဲ့သလော ဟု မှတ်ချက်ပြုခဲ့၏။ အဂူစွဖ်ယာန်က ပြောကြားခဲ့သည်မှာ မိုးကောင်းကင်များ၏ အရှင်သခင်က ၎င်းအား အသိပေးမည်ကို ကြောက်သောကြောင့် ကျွန်ုပ်ဘာကိုမျှမပြောလိုတော့ပါ ဟူ၍ ဖြစ်၏။ ဤသို့ကြောင့် ဂျိဗရာအီလ်ﷺဆင်းသက်လာပြီး ဤပြောဆိုမှုများအကြောင်းကို တမန်တော်မြတ်ﷺအား သတင်းပေးခဲ့လေသည်။ တမန်တော်မြတ်ﷺသည် ၎င်းတို့အား ခေါ်ယူပြီး ထိုကိစ္စကို မေးမြန်းရာ ၎င်းတို့က ထိုကဲ့သို့ပြောခဲ့ကြကြောင်း ဝန်ခံခဲ့ကြ၏။ ထိုအခါ ယခုအာယသ်တော်ကျရောက်လာခဲ့လေသည်။

အလ္လာဟ်အရှင်မြတ်အား 'တက်ဝါ' ထားရှိခြင်းသည် ဂုဏ်သိက္ခာ၏အခြေခံဖြစ်၏။

ဤအာယသ်တော်ကထင်ရှားစေသည်မှာ လူသားတို့သည် ၎င်းတို့၏အဓိမာန်နှင့်ကောင်းမြတ်သော အကျင့်သီလများကြောင့် ဂုဏ်သိက္ခာကို ရရှိနိုင်ကြကြောင်းဖြစ်၏။ အာယသ်တော်၏ချက်ချင်းအသုံးချမှုသည် သာဝကကြီး ဗီလာလ်(ﷺ)ဖြစ်ခဲ့၏။ ထို့ကြောင့် တမန်တော်မြတ်ﷺက ထိုသူတို့အား "အသင်တို့သည် ဗလာနတ္တာဖြစ်ကြ၏။" (သင်တို့ တွင်ရပ်တည်စရာကိုယ်ကျင့်တရားမရှိကြ)။ အခြားတစ်ဖက်မှ ကြည့်သော် သာဝကကြီး ဗီလာလ်ﷺသည် မြင့်မားသော ကိုယ်ကျင့်တရားနှင့်ပြည့်စုံပေသည်။ ထို့ပြင် ၎င်းသည် အသင်တို့ထက်သာလွန်ပြီး ဂုဏ်သိက္ခာပို၍ရှိ၏။ (မဇ်ဟရီ၌ဗဂါ ဝီကိုးကားဖော်ပြသည်။) သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နအုမရ်ﷺတင်ပြသည်မှာ မက္ကာမြို့ကိုအောင်နိုင်သောနေ့က တမန်တော်မြတ်ﷺသည် ၎င်းအား လူအားလုံးက မြင်နိုင်ကြစေရန် ၎င်း၏ကုလားအုတ်မပေါ်၌ စီးနင်းလျက် 'တွဝါဖ်'(ကအ်ဗဟ်ကိုလှည့်ပတ်ခြင်း)လှည့်ခဲ့သည်။ ထို့နောက် ၎င်း၏'တွဝါဖ်'ကို အဆုံးသတ်ပြီးနောက် တရားဒေသနာ ပေါကြားရာတွင် ကိုယ်ကပြောကြားခဲ့သည်မှာ-

الحمد لله الّذى اذهب عنكم عبّية الجاهلية وتكبّرها، الناس رجلان برّ تقيّ كريم على الله وفاجر شقى هين على الله ثم تلا يَٰٓأَيُّهَا النَّاسُ إِنَّا خَلَقۡنَٰكُم (ترمذى وبغوى)

အို-လူအပေါင်းတို့၊ အလ္လာဟ်အရှင်မြတ်သည် သင်တို့ထံမှ ဂျာဟိလိယဟ်၏ မာနနှင့် မောက်မာမှုများကို ဖယ်ရှားတော်မူခဲ့ပြီးလေပြီ၊ လူနှစ်မျိုးနှစ်စားရှိကုန်၏။ အကျင့်သီလ ကောင်းမွန်ပြီး အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သော လူတစ်ဦးဖြစ်၏။ ၎င်းသည် အလ္လာဟ်အရှင်မြတ်ထံတော်၌ ဂုဏ်သရေရှိသောသူဖြစ်ပေသည်။ သို့မဟုတ် ဆိုးယုတ်ပြီး နံခြာသော လူတစ်ဦးဖြစ်၏။ ၎င်းသည် အလ္လာဟ်အရှင်မြတ်ထံတော်၌ အရှက်တကွဲဖြစ်ပြီး သေးသိမ်သူဖြစ်ကုန်၏။

(တိရ်မိဒီနှင့် ဗဂါဝီ)

ထို့နောက်၎င်းသည် ဤအာယသ်တော်ကို ရွတ်ဖတ်ခဲ့လေသည်။

သာဝကကြီးအိဗ်နအဗ္ဗာစ်ﷺက ပြောကြားသည်မှာ 'လူများအတွက် ဂုဏ်ကျက်သရေသည် ဥစ္စာပစ္စည်း၌တည်ပြီး၊ အလ္လာဟ်အရှင်မြတ်ထံတော်၌မူ ဂုဏ်ကျက်သရေသည် ကောင်းမြတ်သော အကျင့်သီလ၌ တည်ပေသည်။'

အာယသ်တော်မှအရေးကြီးသော စကားလုံးများကို စိစစ်လေ့လာခြင်း

شُعُوْبًا 'ရှုအူးဗ်'ဟူသော စကားလုံးသည် (လူမျိုးတစ်မျိုးကဲ့သို့) ဇာတိတူသော ကြီးမားသည့် လူအုပ်စုတစ်စု 'ရှအဗ်' ၏ အများကိန်းဖြစ်၏။ ယင်းလူအုပ်စုတွင် ဆွေမျိုးစုများနှင့် မျိုးနွယ်စုများပါဝင်၏။ ဤအစီအစဉ်မှ အကြီးဆုံးအုပ်စုကို 'စအ်ဗ်'ဟု ခေါ်ပြီး အသေးဆုံးအုပ်စုကို 'အရှ်ရိဟ်' ဟု ခေါ်၏။ အဂူရွဝါက်ကဆိုသည်မှာ 'ရှူအူးဗ်'နှင့် 'ရှအဗ်' ဟူသောစကားလုံးများသည် အဆက်အနွယ်ကို ထိန်းမထားနိုင်သော အာရဗ်မဟုတ်သည့် အမျိုးသားများကို ရည်ညွှန်း

ပြီး အဆက်အနွယ်ကို ကောင်းစွာထိန်းထားနိုင်သော အာရဗ်များကို 'ကဗာအိလ်'ဟု ရည်ညွှန်း၏။ 'အတ်စ်ဗာတ်'ဟူသော စကားလုံးကို အစ္စရာအီလီမှ ဆင်းသက်ပေါက်ဖွားသူများအား ရည်ညွှန်းရာတွင် သုံးလေသည်။

လူသားတို့၏ မျိုးနွယ်၊ လူမျိုးနှင့်ဘာသာစကား ခွဲခြားခြင်း၏ အကြောင်းခံမြော်မြင်မှုသည် ခွဲခြားမှတ်သားနိုင်စေခြင်းပင် ဖြစ်၏။

ဤအာယသ်တော်၌ အလ္လာဟ်အရှင်မြတ်သည် လူသားအားလုံးကို တစ်မိတစ်ဖတည်းမှ ဖန်ဆင်းတော်မူခဲ့ပြီး ၎င်းတို့အား မိတူဖတူ ညီအစ်ကိုမောင်နှမများအဖြစ် ပြုလုပ်တော်မူခဲ့ကြောင်း ရှင်းလင်းစွာ မိန့်တော်မူသည်။ သို့သော် ထိုအရှင်မြတ်သည် ၎င်းတို့အား ကွဲပြားသော မျိုးနွယ်စုများ၊ မျိုးနွယ်များ၊ လူမျိုးများနှင့် ဘာသာစကားအုပ်စုများ အဖြစ် ခွဲခြားတော်မူသည်။ ထိုကဲ့သို့ ခွဲခြားခြင်း၏ အကြောင်းခံဥာဏ်ပညာမှာ အချင်းချင်းခွဲခြားသိမြင်မှတ်သားနိုင်ကြစေရန် ဖြစ်လေသည်။ ဥပမာ- အမည်တူပုဂ္ဂိုလ်နှစ်ဦးရှိပါက ၎င်းတို့အား မိသားစု နာမည်ဖြင့် ခွဲခြားနိုင်သည်။ မိသားစု နာမည်သည် သွေးနီးခြင်း၊ သွေးဝေးခြင်းကိုလည်း ဖော်ပြ၏။ သွေးနီးခြင်း၊ ဝေးခြင်းပေါ်တွင် အခြေခံလျက် ၎င်းတို့၏ ရှုရှအီကိစ္စကို ဆောင်ရွက်နိုင်မည်ဖြစ်၏။ ကွယ်လွန်သူတစ်ဦး၏ အမွေဆက်ခံမှု သို့မဟုတ် အိမ်ယာခြံမြေ ခွဲဝေမှုဥပဒေကို အသုံးပြုသောအခါ ဖခင်ဘက်မှ အမွေဆက်ခံသူများ၏ သွေးနီးခြင်း၊ ဝေးခြင်းကို ဆုံးဖြတ်ရန် တာဝန်ရှိပေသည်။ အတိုချုပ်အားဖြင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေပြုရန်အတွက် လူတစ်ဦး၏ မျိုးနွယ်ကို ကိုးကားခြင်းသည် မာန်တက်စရာ သွေးကြီးစရာ မဟုတ်ပါချေ။

အာယသ်တော် (၁၄-၁၈)

قَالَتِ الْاَعْرَابُ اٰمَنَّا ؕ قُلْ لَّمْ تُؤْمِنُوْا وَ لٰكِنْ قُوْلُوْۤا اَسْلَمْنَا وَ لَمَّا
يَدْخُلِ الْاِيْمَانُ فِيْ قُلُوْبِكُمْ ؕ وَ اِنْ تُطِيْعُوا اللّٰهَ وَ رَسُوْلَهٗ لَا يَلِتْكُمْ مِّنْ
اَعْمَالِكُمْ شَيْـًٔا ؕ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿۱۴﴾ اِنَّمَا الْمُؤْمِنُوْنَ الَّذِيْنَ
اٰمَنُوْا بِاللّٰهِ وَ رَسُوْلِهٖ ثُمَّ لَمْ يَرْتَابُوْا وَ جٰهَدُوْا بِاَمْوَالِهِمْ وَ اَنْفُسِهِمْ فِيْ
سَبِيْلِ اللّٰهِ ؕ اُولٰٓئِكَ هُمُ الصّٰدِقُوْنَ ﴿۱۵﴾ قُلْ اَتُعَلِّمُوْنَ اللّٰهَ بِدِيْنِكُمْ ؕ وَ اللّٰهُ
يَعْلَمُ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ؕ وَ اللّٰهُ بِكُلِّ شَيْءٍ عَلِيْمٌ ﴿۱۶﴾ يَمُنُّوْنَ عَلَيْكَ
اَنْ اَسْلَمُوْا ؕ قُلْ لَّا تَمُنُّوْا عَلَيَّ اِسْلَامَكُمْ ۚ بَلِ اللّٰهُ يَمُنُّ عَلَيْكُمْ اَنْ هَدٰىكُمْ
لِلْاِيْمَانِ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۱۷﴾ اِنَّ اللّٰهَ يَعْلَمُ غَيْبَ السَّمٰوٰتِ وَ الْاَرْضِ ؕ وَ اللّٰهُ
بَصِيْرٌۢ بِمَا تَعْمَلُوْنَ ﴿۱۸﴾ ع

ကျေးတောသားအရပ်တို့က 'ကျွန်ုပ်တို့သည် 'အီမာန်' သက်ဝင်ယုံကြည်ခဲ့ကြပါပြီ' ဟု ပြောဆိုကြကုန်၏။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် သက်ဝင်ယုံကြည်ကြသည် မရှိသေးပေ။ သို့ရာတွင် 'ကျွန်ုပ်တို့သည် အမိန့်ကိုနာခံကြပါပြီ' ဟူ၍ သာ ပြောဆိုကြလေကုန်။ စင်စစ်တမူကား 'အီမာန်' ယုံကြည်မှုသည်အသင်တို့၏စိတ်နလုံးများတွင် မဝင်သေးပေ။ သို့ရာတွင်အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏ အမိန့်တော်များကို လည်းကောင်း၊ (အကယ်စင်စစ်) လိုက်နာကြလျှင် ထိုအရှင်မြတ်သည် အသင်တို့၏ ကျင့်မူ ဆောင်ရွက်ချက်တို့ အနက်မှ မည်သည့် တစုံတရာကိုမျှပင် အသင်တို့၌လျော့နည်းစေတော်မူမည် မဟုတ်ပေ။ စင်စစ်ကေန် အလ္လာဟ်အရှင်မြတ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ လွန်စွာကရုဏာပြုတော်မူသောအရှင်ဖြစ်တော်မူ၏။ [၁၄] ကြင်သူတို့သည်သာလျှင် (ပြည့်ဝစုံလင်သော) 'မုအ်မင်န်' သက်ဝင်ယုံကြည်သူများ ဖြစ်ကြကုန်၏။ ထိုသူတို့သည်အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော် မြတ်အား လည်းကောင်း၊ သက်ဝင်ယုံကြည်ခဲ့ကြသည်။ ပြီးနောက် ၎င်းတို့သည် သံသယ ဖြစ်ခဲ့ကြသည်မရှိချေ။ ထိုမှတစ်ပါး ထိုသူတို့သည် မိမိတို့၏ ပစ္စည်းဥစ္စာများဖြင့် လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သက်စွန်ကြိုးပမ်းဆောင် ရွက်ခဲ့ကြကုန်၏။ ထိုသူတို့သည်သာလျှင် သစ္စာဝါဒီများဖြစ်ကြကုန်၏။ [၁၅] (အို - နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့သည် မိမိတို့၏ 'ဒီန်'သာသနာကိုအလ္လာဟ် အရှင်မြတ်အား အသိပေးကြလေသလော။ စင်စစ်မှာမူကား အလ္လာဟ် အရှင်မြတ်သည် မိုးကောင်းကင်များ၌ ရှိသမျှတို့ကိုလည်းကောင်း၊ ပထဝီမြေများ၌ ရှိသမျှတို့ကို လည်းကောင်း ကောင်းစွာသိရှိတော်မူ၏။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။ [၁၆] (အို-နဗီတမန်တော်)၊ ၎င်းတို့သည် (အမိန့်ကို)နာခံခဲ့ကြကြောင်း အသင့်ရေ့ဝယ် ဂုဏ်ဖော်၍ နေကြကုန်၏။ အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့သည် ငါ၏ရေ့ဝယ် မိမိတို့ အမိန့်နာခံမှုကို ဂုဏ်ဖော်ခြင်း မပြုကြကုန်လင့်။ စင်စစ်မှာမူကား အကယ်၍ အသင်တို့သည် သစ္စာဝါဒီများဖြစ်ကြလျှင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အားအီမာန် သက်ဝင်ယုံကြည်နိုင်ရန် တရားလမ်းကို ပြသတော်မူခဲ့သောကြောင့် ထိုအရှင်မြတ်ကသာလျှင် အသင်တို့အပေါ် ကျေးဇူးပြုထားတော်မူခြင်း ဖြစ်ပေသည်။ [၁၇] ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့်ပထဝီမြေ၌ရှိကုန်သော လျှို့ဝှက်ချက်တို့ကို ကောင်းစွာသိရှိတော်မူ၏။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကျင့်မူဆောင်ရွက် လျက်ရှိကြသည်တို့ကို ကောင်းစွာမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၁၈]

စူရပ်မှအာယသ်တော်များ အစီအစဉ်

စူရပ်၏ရှေ့ပိုင်းအာယသ်တော်များတွင် အလ္လာဟ်အရှင်မြတ်ထံတော်၌ ဂုဏ်ရှိခြင်း၏အခြေခံမှာ အတွင်း ဂုဏ် ရည်ဖြစ်သည့် ကောင်းမြတ်သော အကျင့်သီလဖြစ်ကြောင်း မိန့်ဆိုခဲ့၏။ မိမိကိုယ်မိမိသိဒ္ဓိတင်ပြောဆိုခြင်းသည်

မည်သူ့ အတွက်မျှ မသင့်လျော်ပေ။ ယခုအာယသ်တော်အတွဲတွင် အဖြစ်အပျက်တစ်ခုကြောင့် အီမာန်၏စစ်မှန်သော အခြေခံ သည် စိတ်နလုံးတွင်းမှ လက်ခံခြင်းဖြစ်ကြောင်းကို မိန့်ဆိုသည်။ နှုတ်လျှာမှ အီမာန်သက်ဝင်ယုံကြည်ပါသည်ဟု ပြောရုံမျှဖြင့် ထိုသူအား ယုံကြည်စိတ်ချအပ်သော မုအ်မင်တစ်ဦးအဖြစ် သတ်မှတ်၍မရပေ။ စူရဟ်တစ်ပုဒ်လုံးတွင် ဦးစွာ တမန်တော်မြတ်၏ အခွင့်အရေးများနှင့် ၎င်းအား မည်ကဲ့သို့ ရိုသေလေးစားရန်နှင့် ဂုဏ်ပေးရန် စည်းကမ်းချက်များကို ဖော်ပြခဲ့သည်။ ထို့နောက် တစ်ဦးနှင့်စုပေါင်းအခွင့်အရေးများနှင့် ဟန်အမူရာ စည်းကမ်းချက်များကို လူမှုဘဝတွင် ကျင့်သုံးရန် ချမှတ်ပေးတော်မူခဲ့သည်။ ယခုစူရဟ်၏ နိဂုံးပိုင်းတွင် တမန်လွန်၌ကောင်းမှုများကို လက်ခံတော်မူမည်ဖြစ်ပြီး၊ အီမာန်၊ နလုံးသားမှ စစ်မှန်သော ယုံကြည်မှုနှင့် အလ္လာဟ်အရှင်မြတ်နှင့်ထိုအရှင်မြတ်၏ ရစူလ်တမန်တော်တို့အား နာခံကျိုးနွံမှုများအပေါ် အခြေခံ၍ အကျိုးဆုလာဘ်ချီးမြှင့်ခံကြရမည်ဖြစ်ကြောင်း ထပ်လောင်း၍ မိန့်ကြားလေသည်။

ထုတ်ပြန်ပို့ချခြင်း၏အကြောင်းခံများ

အီမာမ်ဗဂဝီ၏ အဆိုအရ ဤအာယသ်တော်သည် ဗနူအဆဒ်မျိုးနွယ်နှင့်ဆက်စပ်၍ ကျရောက်ခဲ့ခြင်းဖြစ်၏။ ထိုမျိုးနွယ်မှလူအချို့သည် ဆိုးရွားပြင်းထန်သော မိုးခေါင်ရေရှားကာလအတွင်းက တမန်တော်မြတ်ﷺထံသို့လာရောက်ခဲ့ကြသည်။ ဤလူများသည် မုအ်မင်အစစ်များ မဟုတ်ကြချေ။ ၎င်းတို့သည် မွတ်စလင်ဆွဒကာတ်ရံပုံငွေမှငွေကြေးအထောက်အပံ့ကို ရလိုမှုသက်သက်ကြောင့် ၎င်းတို့၏ အစွဲလာမ်ကို ဖော်ပြခဲ့ကြခြင်းသာဖြစ်၏။ ၎င်းတို့သည် မုအ်မင်အစစ်များမဟုတ်ကြသဖြင့် အစွဲလာမ့်ပြဋ္ဌာန်းချက်များနှင့် ပြုမူပြောဆိုပုံများကို မသိခဲ့ကြပေ။ ၎င်းတို့သည် အညစ်အကြေးနှင့်မစင်များကို မဒီနာမြို့၏လမ်းများပေါ်၌ စွန့်ပစ်ခဲ့ကြသည်။ ဈေးများတွင် ၎င်းတို့သည် မရှိမဖြစ်လိုအပ်သော ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ခဲ့ကြသည်။ ပထမ၎င်းတို့သည် တမန်တော်မြတ်ﷺ၏ရှေ့၌ အီမာန်ရှိကြောင်း မုသားပြောခဲ့ကြသည်။ ဒုတိယ ၎င်းတို့သည် ကိုယ်တော်မြတ်အား လှည့်ဖြားလိုခဲ့ကြသည်။ တတိယ-၎င်းတို့သည် ၎င်း တို့၏ အစွဲလာမ်ကို တမန်တော်မြတ်ﷺအား ကူညီမှုတစ်ခုအဖြစ် သဘောထားခဲ့ကြသည်။ ၎င်းတို့ကပြောခဲ့သည်မှာ 'ကျွန်ုပ်တို့သည် မည်သည့် ပဋိပက္ခမျှမရှိဘဲ အစွဲလာမ်ကိုလက်ခံခဲ့ကြသည်။ အချို့ကာလတစ်ခုထိ ဆန့်ကျင်တိုက်ခိုက် ခဲ့ကြပြီးမှ မွတ်စလင်များဖြစ်လာခဲ့ကြသော အခြားမျိုးနွယ်စုများကဲ့သို့ ကျွန်ုပ်တို့သည် အသင့်အား ဆန့်ကျင်တိုက်ခိုက်ခြင်း မပြုခဲ့ကြသောကြောင့် အသင်သည် ကျွန်ုပ်တို့အား တန်ဖိုးထားသင့်ပေသည်။' ဤသည် တမန်တော်မြတ်ﷺအား မရိုမသေမလေးစားခြင်းပင်ဖြစ်၏။ ၎င်းတို့၏ တစ်ခုတည်းသောရည်ရွယ်ချက်မှာ မွတ်စလင်'ဆွဒကာတ်'ရန်ပုံငွေမှ ငွေကြေးအကူအညီကို ရယူပြီး မိမိတို့ကိုယ်ကို ချမ်းသာအောင် ဆင်းရဲခြင်းမှ လွတ်ကင်းအောင်ပြုလုပ်ရန်ဖြစ်၏။ မှန်ကန်၍ စစ်မှန်သော အီမာန်သည် မွတ်စလင်တစ်ဦး၏ တန်ဖိုးအကြီးဆုံးပိုင်ဆိုင်မှုဖြစ်၏။ အစွဲလာမ်ကို လက်ခံခြင်းဖြင့်၎င်းသည် မည်သူ့ကိုမျှကျေးဇူးပြုခြင်းမဟုတ်ပေ။ ဆန့်ကျင်ဘက်အားဖြင့် ၎င်းအား တရားလမ်းမှန်ကိုညွှန်ပြတော်သည့် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်သာလျှင်ဖြစ်၏။ ထိုအခါ ယခုအာယသ်တော်အတွဲကျရောက်လာခဲ့ပြီး ၎င်းတို့၏မှားယွင်းသော ပြောဆိုချက်ကို ငြင်းဆိုကာ တမန်တော်မြတ်ﷺအပေါ် ၎င်းတို့၏ ကြင်နာမှုနှင့်ကျေးဇူးပြုမှုဟု ဆိုသော ကြွားဝါချက်အတွက် ၎င်းတို့သည် ပြစ်တင်ဝေဖန်ခံကြရလေသည်။

وَلَٰكِن قُولُوٓا۟ أَسْلَمْنَا(....ပြောကြလေတော့၊ 'ကျွန်ုပ်တို့အမိန့်ကိုနာခံကြပါပြီ'ဟု ..... ၄၉း၁၄) ၎င်းတို့တွင် စစ်မှန်သောအီမာန်မရှိခဲ့ကြသေးပေ။ ၎င်းတို့၏အပြင်ဘက်လုပ်ရပ်များပေါ်တွင်အခြေခံ၍ ၎င်းတို့သည် မွတ်စလင်များဖြစ်ကြသည်ဟု မှားယွင်းစွာပြောဆိုနေခဲ့ကြခြင်းဖြစ်၏။ ကုရ်အာန်က ဦးစွာပထမ၎င်းတို့၏ အီမာန်ရှင်များဖြစ်ကြကြောင်း ပြောဆိုမှုကို ချေဖျက်သည်။ သင်တို့သည် 'အာမန်းနာ' (ကျွန်ုပ်တို့သက်ဝင်ယုံကြည်ကြပါပြီ)ဟူ၍ အခိုင်အမာ

မပြောဆိုနိုင်ကြ။ အလွန်ဆုံး သင်တို့ပြောနိုင်သည်မှာ 'အပ်စ်လာမ်နာ'(ကျွန်ုပ်တို့အမိန့်ကိုနာခံကြပါပြီ)ဟူ၍ သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော အစွလာမ်၏ တိုက်ရိုက်အဓိပ္ပာယ်မှာ အစွလာမ့် 'ကလီမဟ်'ကို ရွတ်ဖတ်ရန် သာသနာ့ဘောင်အတွင်းသို့ ဝင်ရန်နှင့်အမိန့်ကို နာခံကြရန် ဖြစ်၏။ စိတ်ထဲမှ နှစ်နှစ်ကာကာမရှိသော အစွလာမ်သည် အပေါ်ရံသာလျှင် ဖြစ်ပြီး အစစ်အမှန်နှင့်အကြွင်းမဲ့မဟုတ်ကြောင်းမှာ ထင်ရှားပေသည်။ အီမာန်သည် စိတ်နလုံးထဲမှ အမှန်တကယ် ယုံကြည်ခြင်းနှင့်သက်ဆိုင်သည်။ ထို့ကြောင့် စိတ်နလုံး၏ထောက်ခံမှုမရှိပါက နှုတ်မှ ပြောဆိုခြင်း သို့မဟုတ် နှုတ်ခမ်းများမှ ဝန်ခံခြင်းသည် အဓိပ္ပာယ်မရှိပါချေ။

'အစွလာမ်'နှင့် 'အီမာန်' အယူအဆများအား စိစစ်လေ့လာချက်

အထက်မှ ဆွေးနွေးမှုက ရှင်းပြသည်မှာ ဤအာယသ်တော်ပါ 'အစွလာမ်' ဟူသော ဝေါဟာရ၏ တိုက်ရိုက်အဓိပ္ပာယ်သည် အပြင်ပန်းနာခံခြင်းဖြစ်ပြီး စည်းစနစ်ကျသော အဓိပ္ပာယ်မဟုတ်ပေ။ 'အစွလာမ်'နှင့်'အီမာန်' ဝေါဟာရ နှစ်ခုသည် စည်းစနစ်အရ ကွဲပြားသော အဓိပ္ပာယ်များကို ညွှန်းဆို၏။ ရှရီအတ်အလိုအရ 'အီမာန်'သည် နလုံးသားမှ သက်ဝင်ယုံကြည်မှုဖြစ်သောကြောင့် အလ္လာဟ်တစ်ပါးတည်းရှိခြင်းနှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်တို့တွင် ခိုင်မာ၍ မယိမ်းမယိုင်သော သက်ဝင်ယုံကြည်မှုကို ဖော်ညွှန်း၏။ အခြားတစ်ဖက်မှကြည့်လျှင် 'အစွလာမ်'သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်တို့၏ အမိန့်ကိုနာခံ၍ ရိုကျိုးလိုက်နာခြင်းဟု အဓိပ္ပာယ်ရ၏။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦး၏ 'အစွလာမ်'နှင့် 'အီမာန်'တို့သည် တစ်ခုကိုတစ်ခုဖြည့်စွက်ရန်လိုအပ်ပေသည်။ ရှရီအသ်၌ နလုံးသား၏ သက်ဝင်ယုံကြည်မှုကို အပြင်ပန်းလုပ်ဆောင်မှုများဖြင့်ပြသရမည်ဖြစ်၏။ အနည်းဆုံး အစွလာမ့် 'ကလီမဟ်'ကို ထုတ်ဖော်ပြောဆိုရန်ဖြစ်၏။ သို့သော် ၎င်း၏နလုံးသားထဲသို့ အီမာန်နက်ရှိုင်းစွာ မသက်ရောက်ပါက အပြင်ပန်းလုပ်ဆောင်မှုများကို ရှရီအတ်က အသိအမှတ်ပြုမည်မဟုတ်သောကြောင့် ယင်းသည် အယောင်ဆောင်ခြင်းသာဖြစ်ပေလိမ့်မည်။ ဤနည်းအားဖြင့် ကနဦးနှင့်နောက်ဆုံးစိစစ်လေ့လာချက်တွင် 'အစွလာမ်' နှင့်'အီမာန်'တို့သည် ကွဲပြားသော အယူအဆများဖြစ်ကြ၏။'အီမာန်'နလုံးသားအတွင်းမှအရည်အသွေးဖြစ်ပြီး၊ အမြင်အားဖြင့် ထင်ရှားပြသ၏။'အစွလာမ်'သည် အပြင်ပန်းလုပ်ရပ်များဖြင့် အစပြုပြီး နလုံးသားအတွင်းမှစစ်မှန်သော ခံယူချက်တွင် အမြင့်ဆုံးသို့ရောက်ရှိလေသည်။ သို့သော် ၎င်းတို့၏ ပန်းတိုင်နှင့်စပ်လျဉ်းသော် ၎င်းတို့သည် အပြန်အလှန်လိုအပ်ပြီး ဖြည့်စွက်ကြပုံမှာ'အစွလာမ်'မပါသော'အီမာန်'သည်မဖြစ်နိုင်သကဲ့သို့'အီမာန်'မပါသော'အစွလာမ်'သည်လည်းမဖြစ်နိုင်ပေ။ ဤအကြောင်းကြောင့် 'မွတ်စလင်'နှင့် 'မုအ်မင်'တို့သည် ဆန့်ကျင်ဘက်စကားလုံးများဖြစ်ကြပြီး တစ်ခုနှင့်တစ်ခုဝိရောဓိဖြစ်သော အယူအဆများဖြစ်ကြသည်ဟု ဆိုခြင်းမှာ မမှန်ချေ။ ရှရီအသ်တွင် ပုဂ္ဂိုလ်တစ်ဦးအဖို့ 'မွတ်စလင်' တစ်ဦးဖြစ်သော်လည်း 'မုအ်မင်' တစ်ဦးမဟုတ် သို့မဟုတ် 'မုအ်မင်' တစ်ဦးဖြစ်သော်လည်း 'မွတ်စလင်' တစ်ဦးမဟုတ်ရန်မှာဖြစ်နိုင်ပေ။ သို့သော်ဘာသာစကား၏ ဝေါဟာရအားဖြင့်သာလျှင် ဤသို့ဖြစ်နိုင်လေသည်။ ၎င်းတို့၏အပြင်ပန်းအားဖြင့် အစွလာမ့်ပြဋ္ဌာန်းချက်များကို ရိုးကျိုးလိုက်နာမှုကြောင့် မွတ်စလင်များအဖြစ် ဆက်ဆံခြင်းခံခဲ့ကြရသော အစွလာမ့်အယောင်ဆောင်(မုနာဖစ်က်)များ၏ ကိစ္စမှာကဲ့သို့ပင်ဖြစ်၏။ ၎င်းတို့၏နလုံးသားများတွင် စစ်မှန်သော အီမာန် ယုံကြည်မှုနှင့် ခံယူချက်များကင်းမဲ့ခဲ့ကြသည်။ ၎င်းတို့သည် သက်ဝင်ယုံကြည်သူများမဟုတ်ခဲ့ကြပေ။ အလ္လာဟ်အရှင်မြတ်အသိဆုံးဖြစ်တော်မူသည်။

အလ်ဟမ်ဒုလိလ္လာဟ်

စူရတ်အလ်ဟုဇ္ဇုရာတ်၏ ရှင်းလင်းဖွင့်ဆိုချက် ဤတွင်ပြီး၏။

سُوْرَةُ قٓ

စူရဟ် ကားဖ်

စူရဟ်ကားဖ်သည် မက္ကာဖြစ်၏။ ဤစူရဟ်တွင် အာယတ်တော်(၄၅)ပါး၊ ရုကူအ်(၃)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အစဉ်သနားကြင်နာ ညှာတာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယတ်တော် (၁-၁၅)

قٓ ۚ وَ الْقُرْاٰنِ الْمَجِيْدِ ۚ﴿۱﴾ بَلْ عَجِبُوْۤا اَنْ جَآءَهُمْ مُّنْذِرٌ مِّنْهُمْ فَقَالَ
الْكٰفِرُوْنَ هٰذَا شَيْءٌ عَجِيْبٌ ۚ﴿۲﴾ ءَاِذَا مِتْنَا وَ كُنَّا تُرَابًا ۚ ذٰلِكَ رَجْعٌۢ بَعِيْدٌ
﴿۳﴾ قَدْ عَلِمْنَا مَا تَنْقُصُ الْاَرْضُ مِنْهُمْ ۚ وَ عِنْدَنَا كِتٰبٌ حَفِيْظٌ ﴿۴﴾
بَلْ كَذَّبُوْا بِالْحَقِّ لَمَّا جَآءَهُمْ فَهُمْ فِيْۤ اَمْرٍ مَّرِيْجٍ ﴿۵﴾ اَفَلَمْ يَنْظُرُوْۤا اِلَى السَّمَآءِ
فَوْقَهُمْ كَيْفَ بَنَيْنٰهَا وَ زَيَّنّٰهَا وَ مَا لَهَا مِنْ فُرُوْجٍ ﴿۶﴾ وَ الْاَرْضَ مَدَدْنٰهَا
وَ اَلْقَيْنَا فِيْهَا رَوَاسِيَ وَ اَنْۢبَتْنَا فِيْهَا مِنْ كُلِّ زَوْجٍۭ بَهِيْجٍ ۙ﴿۷﴾ تَبْصِرَةً وَّ
ذِكْرٰى لِكُلِّ عَبْدٍ مُّنِيْبٍ ﴿۸﴾ وَ نَزَّلْنَا مِنَ السَّمَآءِ مَآءً مُّبٰرَكًا فَاَنْۢبَتْنَا بِهٖ
جَنّٰتٍ وَّ حَبَّ الْحَصِيْدِ ۙ﴿۹﴾ وَ النَّخْلَ بٰسِقٰتٍ لَّهَا طَلْعٌ نَّضِيْدٌ ۙ﴿۱۰﴾ رِّزْقًا
لِّلْعِبَادِ ۙ وَ اَحْيَيْنَا بِهٖ بَلْدَةً مَّيْتًا ؕ كَذٰلِكَ الْخُرُوْجُ ﴿۱۱﴾ كَذَّبَتْ قَبْلَهُمْ
قَوْمُ نُوْحٍ وَّ اَصْحٰبُ الرَّسِّ وَ ثَمُوْدُ ۙ﴿۱۲﴾ وَ عَادٌ وَّ فِرْعَوْنُ وَ اِخْوَانُ لُوْطٍ ۙ﴿۱۳﴾ وَّ
اَصْحٰبُ الْاَيْكَةِ وَ قَوْمُ تُبَّعٍ ؕ كُلٌّ كَذَّبَ الرُّسُلَ فَحَقَّ وَعِيْدِ ﴿۱۴﴾ اَفَعَيِيْنَا
بِالْخَلْقِ الْاَوَّلِ ؕ بَلْ هُمْ فِيْ لَبْسٍ مِّنْ خَلْقٍ جَدِيْدٍ ﴿۱۵﴾

'ကားဖ်'၊ (ငါ့အရှင်မြတ်သည်) အထူးဂုဏ်ဝိသေသနှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းတော်
မြတ်ကို သက်သေထူတော်မူ၏။[၁] စင်စစ်မှာကား၊ ၎င်းတို့သည် မိမိတို့ထံ မိမိတို့အနက်မှပင်
သတိပေးနှိုးဆော်သူတစ်ဦး ရောက်ရှိ၍ လာခဲ့သည်ကိုပင် အံ့သြလျက်ရှိနေကြကုန်၏။ သို့ဖြစ်

ပေရာ 'ကာဖိရ်'သွေဖည်ငြင်း ပယ်သောသူတို့က ပြောဆိုခဲ့ကြသည်မှာ ဤသည် လွန်စွာအံ့ဖွယ် အကြောင်းပင် ဖြစ်သည်။[၂] ကျွန်ုပ်တို့ သေဆုံးခဲ့ကြပြီးနောက် မြေကြီးဖြစ်သွားခဲ့ကြသောအခါ (ရှင်ပြန်ထကြရဦးမည်လော၊) ထိုသည်ကား အလွန်တရာဝေးလံစွာသော ပြန်လည်ခြင်းပင်။[၃] မြေကြီးက ၎င်းတို့(၏ ကိုယ်ခန္ဓာများ)အနက်မှ(စား၍) လျော့နည်းစေမည့် အစိတ်အပိုင်းကို ဇကာမလွဲ ငါအရှင်မြတ်သည် သိရှိတော်မူ၏။ စင်စစ်မှာကား ငါအရှင်မြတ်အထံတော်တွင် ထိန်းသိမ်းစောင့်ရှောက်ထားသော မှတ်တမ်းစာအုပ်သည်လည်း ရှိနေပေသည်။[၄] စင်စစ်မှာကား ထိုသူတို့သည်၎င်းတို့ထံ အမှန်တရားရောက်ရှိ၍ လာခဲ့သောအခါ ယင်းအမှန် တရားကိုပင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ စင်စစ်မှာကား ၎င်းတို့သည် မတည်ငြိမ် သောအခြေအနေ၌ပင် ရှိနေကြကုန်သတည်း။[၅] ၎င်းတို့သည် မိမိတို့၏အထက်၌ မိုးကောင်းကင်ကို မကြည့်မမြင်ခဲ့ကြလေသလော။ ငါအရှင်မြတ်သည် ယင်းမိုးကောင်းကင်ကို မည်သို့ပြုလုပ်ထားတော်မူသနည်း။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုမိုးကောင်းကင်ကို မည်သို့လှပစွာ ဆင်ယင်ထားတော်မူသနည်း။ ထိုမှတပါး ယင်းမိုးကောင်းကင်၌ အဟာ၊ အကွဲ၊ အအက် များဟူ၍လည်း အလျှင်းမရှိပြီတကား။[၆] ထိုမှတပါး ငါအရှင်မြတ်သည် ပထဝီမြေကို ဖြန့်ခင်းထားတော်မူ၏။ ၎င်းပြင် ယင်းပထဝီမြေ၌ တောင်များကို စိုက်ထူထားတော်မူ၏။ ထို့ပြင် ငါအရှင်မြတ်သည် ယင်းပထဝီမြေ၌ လှပတင့်တယ်ရွှင်စဖွယ်ကောင်းသော အရောဝတ္ထုမျိုးစုံတို့ကို ပေါက်ရောက်စေထားတော်မူ၏။[၇] (ထိုအလုံးစုံတို့မှာ) သံဝေဂရသော ကျွန်တိုင်းအဖို့ ဆင်ခြင်သုံးသပ်အပ်သော အရာသည် လည်းကောင်း၊ တရားရယူအပ်သော အရာသည် လည်းကောင်း၊ ဖြစ်ပေသည်။[၈] ထိုမှတပါး ငါအရှင်မြတ်သည် မိုးကောင်းကင်မှ ကျက်သရေ မင်္ဂလာနှင့်ပြည့်စုံသော (မိုး)ရေ ကို ရွာသွန်းစေတော်မူ၏။ တစ်ဖန် ထိုရေဖြင့် ငါအရှင်မြတ်သည် ဥယျာဉ်များကို လည်းကောင်း၊ ရိတ်သိမ်းပြီးဖြစ်သော ကောက်ပင်မျိုးနွယ်များကို လည်းကောင်း၊ ပေါက်ရောက်စေတော်မူ၏။[၉] ထိုနည်းတူစွာ ရှည်လျားမြင့်မားသော စွန်ပလွံပင်များကို (ပေါက်ရောက်စေတော်မူရာ) ယင်းစွန်ပလွံပင်များ၌ ပြွတ်၍သီးနေသော အခိုင်များရှိနေပေသည်။[၁၀] ကျွန်များအဖို့ စားနပ်ရိက္ခာအဖြစ် ထိုမှတပါး ငါအရှင်မြတ်သည် ထိုမိုးရေဖြင့် သေလွန် ခြောက်သွေ့လျက်ရှိသောမြေကို ရှင်စေတော်မူ၏။ (လူအပေါင်းတို့ရှင်၍) ပြန်ထွက်ခြင်းမှာလည်း ထိုနည်းအတိုင်းပင် ဖြစ်ချေအံ့သတည်း။[၁၁] ထိုသူတို့အလျင် 'နူဟ်'၏ အမျိုးသားတို့သည် လည်းကောင်း၊ ရတ်စ်(စ်)၌ နေထိုင်သူတို့သည် လည်းကောင်း၊ 'ဆမူဒ်' အမျိုးသားတို့သည် လည်းကောင်း၊ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြ ကုန်၏။[၁၂] ထိုမှတပါး 'အာဒ်' အမျိုးသားတို့သည် လည်းကောင်း၊ 'ဖိရ်အောင်(နှ်)'သည် လည်းကောင်း၊ 'လူတ်'၏ညီအစ်ကိုတို့သည် လည်းကောင်း။[၁၃] ထို့ပြင် (အိုက်ကာ်)တောအုပ်၌ နေထိုင်သူတို့သည် လည်းကောင်း၊ 'သွဗွအ်' အမျိုးသားသည် လည်းကောင်း၊ အားလုံးတို့သည်ပင် ရစူလ်တမန်တော်များအား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ ကြပေရာ ငါအရှင်မြတ်၏ ချီးချက်မှုသည် (၎င်းတို့အပေါ်၌) သက်ရောက်ခဲ့၏။[၁၄] ငါအရှင်မြတ်သည် ပထမအကြိမ် ဖန်ဆင်းတော်မူခဲ့သောကြောင့် ပင်ပန်းနွမ်းနယ်တော်မူခဲ့လေသလော။ ထိုသို့အလျှင်းမဟုတ်။ စင်စစ်မှာကား ၎င်းတို့သည် အသစ်တစ်ဖန် ပြန်လည်ဖန်ဆင်းခြင်းနှင့်စပ်လျဉ်း၍ ယုံမှားသံသယ၌ ရှိနေကြကုန်သတည်း။[၁၅]

ရှင်းလင်းဖွင့်ဆိုချက်

အလျင်စူရဟ်နှင့် ဆက်စပ်မှု

ဤစူရဟ်တွင် အဓိကအားဖြင့် တရားစီရင်မည့်နေ့၊ ရှင်ပြန်ထခြင်း၊ စာရင်းစစ်ဆေးခြင်း၊ ဂျန္နတ်၊ (ငရဲ)မီး၊ အလွှာဟ်အရှင်မြတ်၏ ဆုလာဘ်နှင့်ပြစ်ဒဏ် စသည်များနှင့် ဆက်နွယ်သော အကြောင်းအရာများ စသည်ပါရှိ၏။ ဤစူရဟ်သည် စူရဟ်အလ်ဟုဂျ္ဇုရာတ်နှင့် ဆက်စပ်၏။ အဘယ်ကြောင့်ဆိုသော် စူရဟ်အလ်ဟုဂျ္ဇုရာတ်၏ နိဂုံးပိုင်းသည် ဤအကြောင်းအရာများနှင့် သက်ဆိုင်သောကြောင့်ဖြစ်၏။

စူရဟ်ကာဖ်၏ ထူးခြားဝိသေသများနှင့် ကောင်းမြတ်ခြင်းများ

ကုရ်တူဗီဒ်၌ တိုက်ရိုက်ကိုးကားသကဲ့သို့ပင် မွတ်စလင်၌လည်း တင်ပြသည်မှာ အူမ်မိဟိရှာမ်ဘင့် ဟာရီဆဟ် အိဗ်နနအ်မားန်ﷺ ပြောကြားခဲ့သည်။ 'ကျွန်ုပ်တို့သည် တမန်တော်မြတ်ﷺနှင့် ၁ နှစ်ကျော် ၂ နှစ်နီးပါးမျှ မီးဖိုတစ်ခုတည်းကို ခွဲဝေသုံးစွဲခဲ့ကြသည်။ သောကြာနေ့တိုင်း တရားဟောစင်မြင့်ပေါ်တွင်ရပ်လျက် လူများအား သောကြာ(ခွတ္တဗဟ်)တရားဓမ္မဟောကြားရာတွင် ဤစူရဟ်ကို ရွတ်ဖတ်လေ့ရှိသည့် တမန်တော်မြတ်ﷺထံမှ စူရဟ်ကာဖ်ကို ကျွန်ုပ်အလွတ်ကျက်မှတ်ခဲ့သည်။'

သာဝကကြီး အုမရ်အိဗ်နွလ်ခတ္တဝ်တွာဗ်ﷺက အပူဝါကိဒ်အလ်လိုင်ဆီအား 'အီးဒ်ဆွလာတ်များ ဝတ်ပြုစဉ် တမန်တော်မြတ်ﷺသည် မည်သည်ကို ရွတ်ဖတ်ပါသနည်း။'ဟု မေးမြန်းခဲ့ရာ ၎င်းက 'စူရဟ်ကာဖ်နှင့် စူရဟ်ကမရ်တို့ ဖြစ်ကြပါသည်။'ဟု ပြန်ပြောခဲ့၏။ သာဝကကြီး ဂျာဗိရ်ﷺ ဆင့်ပြန်သည်မှာ တမန်တော်မြတ်ﷺသည် နံနက်ဆွလာတ်(ဇဂျ်ရ်)ဝတ်ပြုစဉ် စူရဟ်ကာဖ်ကို မကြာခဏရွတ်ဖတ်လေ့ရှိပါသည်။ (ဤစူရဟ်သည် အတန်ငယ် ရှည်လျားသော်လည်း) ဆွလာတ်ဝတ်ပြုရသည်မှာ သက်တောင့်သက်သာရှိပါသည်။'(ကုရ်တူဗီ)။ ယင်းမှာ ရှည်လျားသော စူရဟ်များကို ရွတ်ဖတ်သောအခါ၌ပင် ၎င်း၏နောက်မှ ဝတ်ပြုခြင်းက မည်သည့်ဖိစီးမှုကိုမျှ မဖြစ်စေသည့် တမန်တော်မြတ်ﷺ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၏ ထူးခြားလက္ခဏာတစ်ရပ် ဖြစ်လေသည်။

မိုးကောင်းကင်ကိုကြည့်မြင်ရန် ဖြစ်နိုင်ပါသလား။

"اَفَلَمْ يَنْظُرُوْٓا اِلَى السَّمَآءِ ဂင်းတို့သည် မိမိတို့၏အထက်၌ မိုးကောင်းကင်ကို မကြည့်မမြင်ခဲ့ကြလေသလော။ ...."(၅၀း၆)။ ဤစာကြောင်းက မိုးကောင်းကင်ကို ကြည့်မြင်ရန် ဖြစ်နိုင်ကြောင်း ဖော်ပြသကဲ့သို့ ရှိသော်လည်း ယေဘုယျယူဆချက်မှာ ကျွန်ုပ်တို့၏အထက်မှ မြင်နေရသောအပြာရောင်သည် မိုးကောင်းကင်၏ အရောင်မဟုတ်ဘဲ လေထု၏အရောင် သာလျှင်ဖြစ်၏။ သို့ရာတွင် မိုးကောင်းကင်မရှိကြောင်း သက်သေပြချက် မရှိသည့်နည်းတူ မိုး ကောင်းကင်၏ အရောင်သည် အပြာမဟုတ်ဟု သေချာပေါက် ပြောနိုင်ခြင်းလည်းမရှိပေ။ ထို့ပြင် ဤအာယတ်တော်မှ 'နဇ္မာရ်'(မြင်တွေ့ခြင်း)သည် တွေးခေါ်ခြင်း၊ စဉ်းစားသုံးသပ်ခြင်းစသည့် ဆင်ခြင်တုံတရားဖြင့် သိမြင်မှုကို ဆိုလိုခြင်းလည်း ဖြစ်နိုင်ပေသည်။ (ဗယာနွလ်ကုရ်အာန်)

ရှင်ပြန်ထခြင်းနှင့် စပ်လျဉ်းသော ဒွိဟသံသယကိုဖယ်ရှားခြင်း

"قَدْ عَلِمْنَا مَا تَنْقُصُ الْاَرْضُ مِنْهُمْ မြေကြီးက ၎င်းတို့(၏ ခန္ဓာကိုယ်များ)အနက်မှ(စား၍) လျော့နည်းစေမည့် အစိတ်အပိုင်းကို ဇကန်မလွဲ ငါအရှင်မြတ်သည် သိရှိတော်မူ၏။ ...."(၅၀း၄၀)။ ကာဖိရ်များသည် ၎င်းတို့သေဆုံး၍

အရိုးစလေးများ၊ မြေမှုန့်များဖြစ်ကာ ကမ္ဘာအနှံ့ပြန့်ကျဲသွားပြီးနောက် ၎င်းတို့သည် ရှင်ပြန်ထမည့်နေ့တွင် တစ်ဖန်ပြန်၍ ထကြရလိမ့်မည်ဟူသော အယူအဆကို ဖြစ်နိုင်ပါမည်လားဟု သိလိုစိတ်ရှိခဲ့ကြသည်။ ၎င်းတို့သေဆုံးပြီး၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ တစ်စစီဖြစ်ကာ ပျက်စီးခဲ့ပြီးမှ ၎င်းတို့၏နဂိုမူလပုံသဏ္ဌာန်နှင့် ခန္ဓာကိုယ်များအတိုင်း ပြန်၍ဖြစ်စေမည် ဆိုခြင်းမှာမဖြစ်နိုင်ဟု ထင်ခဲ့ကြသည်။ အာယတ်တော်က ၎င်းတို့၏ကန့်ကွက်မှုကို ပြန်လည်ချေပခြင်းဖြစ်၏။ အလ္လာဟ် အရှင်မြတ် မိန့်တော်မူသည်မှာ မိမိသည် မြေကြီးက(စား၍) လျော့နည်းစေသည့် ၎င်းတို့၏(ကိုယ်ခန္ဓာ) အစိတ်အပိုင်း များ သိတော်မူသည်။ ဆိုလိုသည်မှာ ထိုအရှင်မြတ်သည် ၎င်းတို့၏ အသက်မဲ့ကိုယ်ခန္ဓာများမှ မြေကြီးက စားပစ်သော အရာများကို လည်းကောင်း၊ ကိုယ်ခန္ဓာများသည် မည်သည့်နေရာနှင့် မည်ကဲ့သို့တစ်စစီဖြစ်ပြီး၊ ယင်းတို့သည် မည်သည့်အရာသို့ ပြောင်းလဲကာ မည်သို့ဖြစ်သွားကြသည်ကို လည်းကောင်း သိတော်မူပေသည်။ လူသား၏ အသိ ပညာသည် အကန့်အသတ်ရှိသည့်ပြင် နယ်ပယ်ကျဉ်းမြောင်းသည်ဖြစ်၍ အလ္လာဟ်အရှင်မြတ်၏ ကျယ်ပြောသော၊ အကန့်အသတ်မရှိသော၊ အရာရာကို လွှမ်းခြုံသော အသိပညာနှင့် နှိုင်းယှဉ်ရန်မသင့်ပေ။ အလ္လာဟ်အရှင်မြတ်၏ အဆုံးမရှိအသိတော်ထဲ၌ မြေကြီးကတစ်စစီ ဖြစ်အောင် ပြုလုပ်သည့်အရာများ၏ ဩဇာမှန်လေးများကိုပင် ကောင်းစွာ ထိန်းသိမ်းထားတော်မူသည်။ အနည်းငယ်မျှ လောက် စဉ်းစားဆင်ခြင်ရုံမျှဖြင့် သက်ရှိလူသားတစ်ဦး၏ ကိုယ်ခန္ဓာသည် ကွဲပြားခြားနားသော နေရာများမှ မရေမတွက်နိုင်သော ဩဇာမှန်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားကြောင်း သိနိုင်ပေသည်။ ပုဂ္ဂိုလ်တစ်ဦးက အစားအစာ သို့မဟုတ် ဆေးဝါးအဖြစ် စားသုံးသောအရာမှန်သမျှသည် ကမ္ဘာမြေနေရာအနှံ့မှရရှိပြီး၊ ဤအရာအားလုံးသည် ၎င်း၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများ ဖြစ်သွားကြလေသည်။ ၎င်းတို့တစ်စစီဖြစ်သွားပြီးနောက် ဤအစိတ်အပိုင်းအားလုံးကို ပြန်လည်စုစည်းရန်မှာ ထိုအရှင်မြတ်အဖို့ အဘယ်သို့လျှင် ခက်ခဲပါမည်နည်း။ ထို့မျှမက ၎င်းဘဝ၏တဒင်္အချိန်တိုင်းတွင် မည်သည့်ပြောင်းလဲမှုမျိုး ရောက်ရှိလာမည်ကို လည်းကောင်း၊ ၎င်းသေဆုံးပြီးနောက် မည်သည့်အဆင့်များကို ဖြတ်သန်းသွားရမည်ကို လည်းကောင်း၊ လူတိုင်း၏ပန်းတိုင်ကို လည်းကောင်း ၎င်းအား မဖန်ဆင်းမီကပင် ထိုအရှင်မြတ်သည် ပြည့်စုံစွာ သိတော်မူခဲ့ပြီးဖြစ်၏။ ဤအရာများကို ထိန်းသိမ်းထားသော မှတ်တမ်း တော်၌ တိကျစွာ ရေးမှတ်ထားခဲ့ပြီး ဖြစ်လေသည်။

ကာဖိရ်တို့သည် ပြီးပြည့်စုံ၍ အရာရာကို လွှမ်းခြုံသော အသိပညာနှင့် ပြည့်စုံတော်မူသော၊ အနန္တတန်ခိုးရှင် ဖြစ်တော်မူသော ထိုအရှင်မြတ်အား မယုံနိုင်အောင် ဖြစ်ကြခြင်းနှင့် ရှင်ပြန်ထခြင်း ဖြစ်နိုင်ခြေကို အရေးမကြီးဟု သဘောထားကြခြင်းမှာ အမှန်ပင် အံ့အားသင့်ဖွယ် ကောင်းလှပေသည်။

'မြေကြီးက(စား၍) လျော့နည်းစေခြင်း'ဟူသော အဓိပ္ပါယ်ကောက်ယူချက်ကို သာဝကကြီး အိဗ်နုအဗ္ဗာစ်ﷺ မူဂျာဟစ်နှင့် ရှင်းလင်းဖွင့်ဆိုသူအများစုက တင်ပြကြ၏။ (အလ်ဗဟ်ရွလ်မူဟစ်တွ်)

﴿فِيٓ أَمۡرٖ مَّرِيجِۭ﴾".... ၎င်းတို့သည် မတည်ငြိမ်သော အခြေအနေ၌ပင် ရှိနေကြကုန်သတည်း။"(၅၀း၅)။ 'မရီးဂျ်' (အထက်တွင် 'စိတ်ရှုပ်ထွေးသော'ဟု ဘာသာပြန်၏။)သည် မတူကွဲပြားသောအရာများဖြင့် ပေါင်းစပ်ထားသည့်အရာကို ဆိုလိုသည်။ ထိုကဲ့သို့သော အရာမျိုးသည် ဖောက်ပြန်၊ ပျက်စီးသွားတတ်လေသည်။ ထို့ကြောင့် သာဝကကြီး အဗူ ဟူရိုင်ရဟ်ﷺက 'မရီးဂျ်'အား 'ဖောက်ပြန်သော'ဟု ဘာသာပြန်ဆိုခြင်းဖြစ်၏။ သာဝကကြီး ဒဟ်ဟာက်၊ ကတာဒဟ်ﷺ၊ ဟစန်ဗဆ်ရီ﵀ နှင့် အခြားသူများက 'မရီးဂျ်'သည် 'ကစဉ့်ကလျားဖြစ်သည်၊ ရှုပ်ထွေးသောအခြေအနေ၊ မတည်ငြိမ်သောအခြေအနေ တွင်ရှိသည်'ကို ဆိုလိုကြောင်း အဓိပ္ပါယ်ကောက်ယူကြ၏။ ဤသည်မှာ တမန်တော်မြတ်ﷺ၏ တမန်တော်ဖြစ်မှုကို ငြင်းဆိုကြသောလူများ၏ အခြေအနေဖြစ်လေသည်။ ၎င်းတို့ပြောသမျှ၊ ဆိုသမျှသည် ရှုပ်ထွေးခြင်း သာဖြစ်ပြီး၊ တသမတ်တည်းမရှိပေ။ ၎င်းတို့သည် တမန်တော်မြတ်ﷺအား တစ်ခါတစ်ရံ မှော်ဆရာ၊ တစ်ခါတစ်ရံ ကဗျာ

လက်ံဆရာ၊ တစ်ခါတစ်ရံ အကြားအမြင်ရသူ သို့မဟုတ် နက္ခတ်ဗေဒင်ဆရာဟု ခေါ်ခဲ့ကြသည်။ ၎င်းတို့သည် လွန်စွာရှုပ်ထွေးကြသဖြင့် မိမိတို့ကိုယ်မိမိတို့ ရှုပ်ထွေးမှုမှ လွတ်မြောက်အောင် ပြုလုပ်နိုင်ခြင်းမရှိခဲ့ပေ။

ကာဖိရ်တို့၏ မတည်ငြိမ် ရှုပ်ထွေးစေသော အခြေအနေကို ဖော်ပြပြီးနောက် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ အံ့အားသင့်ခဲ့သောအရာထက် ပို၍ကြီးမားသောအရာကို လည်းကောင်း၊ ၎င်းတို့ကမဖြစ်နိုင်ဟု ယုံကြည်ခဲ့သော အရာကိုလည်းကောင်း ဖန်ဆင်းတော်မူခြင်းဖြင့် လက်တွေ့ပြသကာ လူသား၏အာရုံကို မိမိ၏အနန္တတန်ခိုးတော်ဆီသို့ ဆွဲယူတော်မူသည်။ မိုးကောင်းကင်ကို ရည်ညွှန်းလျက် ကုရ်အာန်က وَمَا لَهَا مِن فُرُوجٍ "ထိုမှတပါး ယင်းမိုးကောင်းကင်၌ အဟအကွဲအအက်ဟူ၍လည်း အလျှင်းမရှိပြီတကား။"(၅၀း၆)ဟု မိန့်ဆို၏။ 'ဖုရူးဂျ်'သည် အက်ကြောင်းတစ်ခု သို့မဟုတ် အပေါက်တစ်ခုဟု အဘိဓာန်အရ အဓိပ္ပါယ်ရသည့် 'ဖရ်ဂျ်'၏ အများကိန်း ဖြစ်၏။ ဤအာယတ်တော်နှင့် နောက်မှအာယတ်တော်အချို့က အလ္လာဟ်အရှင်မြတ်၏ အံ့ချီးဖွယ်ဖန်ဆင်းမှုများ၊ စကြဝဠာ၏ အံ့သြဖွယ် အဆင့်အပြင်များနှင့် အပြစ်ဆိုစရာမရှိသော မိုးကောင်းကင်များဆီသို့ အာရုံကိုဆွဲခေါ်လေသည်။ အကယ်၍သာ မိုးကောင်းကင်ကို လူတို့ပြုလုပ်ခဲ့ပါက အကွဲ၊ အအက်၊ အစပ်အဖျားများ ရှိနေမည်ဖြစ်၏။ သို့သော် မိုးကောင်းကင်၌ မည်သည့်ချုပ်ရာ၊ ဖျံရာကိုမျှ ရှာတွေ့လိမ့်မည် မဟုတ်ပေ။ ဤသို့ဆိုခြင်းဖြင့် မိုးကောင်းကင်၌ တံခါး ပေါက်များမရှိဟု ငြင်းဆိုခြင်းမဟုတ်၊ တံခါးပေါက်ကို အက်ကွဲကြောင်းအဖြစ် ရည်ညွှန်းခြင်း မဟုတ်ပါချေ။

တမန်တော်မြတ်ﷺကို အားပေးနှစ်သိမ့်တော်မူခြင်း

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَّ اَصْحٰبُ الرَّسِّ "ထိုသူတို့အလျင် 'နူဟ်'၏ အမျိုးသားတို့သည် လည်းကောင်း၊ ရတ်စ်(စ်)၌ နေထိုင်သူတို့သည် လည်းကောင်း၊ ဆမူဒ်အမျိုးသားတို့သည် လည်းကောင်း၊ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။"(၅၀း၁၂)။ အလျင်အာယတ်တော်များက ကာဖိရ်များသည် တမန်တော်မြတ်ﷺ၏ တမန်တော်ဖြစ်မှု (ရိစာလတ်)နှင့် တမလွန်ကို ငြင်းပယ်ခဲ့ကြကြောင်း ဖော်ပြခဲ့၏။ ဤအဖြစ်က ကိုယ်တော့်အား စိတ်အနှောင့်အယှက်နှင့် မချမ်းမြေ့မှုကိုဖြစ်စေခဲ့သည်။ ဤအာယတ်တော်၌ အလ္လာဟ်အရှင်မြတ်သည် ယခင်တမန်တော်များနှင့် ၎င်းတို့၏ အမျိုး သားများ၏ ဇာတ်ကြောင်းကို ပြန်ပြောပြတော်မူ ခြင်းဖြင့် ၎င်းအား နှစ်သိမ့်အားပေးတော်မူသည်။ အတိတ်ခေတ်မှ အမျိုးတူအုပ်စုတိုင်းသည် ၎င်းတို့၏သက်ဆိုင်ရာ တမန်တော်များအား ညှဉ်းပန်းနှိပ်ကွပ်ခဲ့ကြခြင်းမှာ သမိုင်း တစ်လျှောက်လုံးတွင် မယုံကြည်သွေဖည်သော အမျိုးသား အားလုံး၏ ၎င်းတို့၏ တမန်တော်ကို ဆန့်ကျင်သည့် ပြုမူ ပုံစံပင်ဖြစ်လေသည်။ သို့ဖြစ်၍ တမန်တော်မြတ်ﷺအနေဖြင့် ၎င်းတို့၏ ပြုမူပုံကြောင့် စိတ်ပျက်အားလျော့ခြင်းမဖြစ်ရန် နှစ်သိမ့်အားပေးတော်မူခြင်းဖြစ်၏။ နူဟ်ﷺ၏ အမျိုးသားများ အကြောင်းကို ကုရ်အာန်၌ ကြိမ်ဖန်များစွာ မိန့်ဆိုသည်မှာ တမန်တော်နူဟ်ﷺသည် ၎င်း၏အမျိုးသားများအား နှစ်ပေါင်း ၉၅၀ တိုင် တရားဓမ္မဟောပြောပို့ချခဲ့သော်လည်း ၎င်းတို့ကဝင်းအား ငြင်းပယ်ခဲ့ကြရုံသာမက ဆင်းရဲဒုက္ခရောက်အောင် အမျိုးမျိုးပြုလုပ်ခဲ့ကြလေသည်။

'ရတ်စ်'အမျိုးသားများသည် မည်သူများနည်း

အဘိဓာန်အရ အာရဗီ၌ 'ရတ်စ်'ဟူသောစကားလုံးတွင် အဓိပ္ပါယ်အမျိုးမျိုးရှိပေသည်။ အထင်ရှားဆုံး အဓိပ္ပါယ်မှာ အုတ်ခဲများ၊ ကျောက်တုံးများဖြင့် တည်ဆောက်မထားသော ရေတွင်းတစ်တွင်းကို ရည်ညွှန်း၏။ ရတ်စ် အမျိုးသားများသည် ပြစ်ဒဏ်ကျရောက်ပြီးနောက် အသက်မသေဘဲ ကျန်နေရစ်သည့် ဆမူဒ်အမျိုးသားများ ဖြစ်ကြသည်။ ဒဟ်ဟာက်နှင့် အခြားရှင်းလင်းဖွင့်ဆိုသူများက ၎င်းတို့၏အကြောင်းကို အောက်ပါအတိုင်း ပြောပြကြ၏။ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်သင့်၍ ဆွာလိဟ်ﷺ၏ အမျိုးသားများ ပျက်စီးကုန်သောအခါ၊ ကြွင်းကျန်ရစ်သည့်

(၄၀၀၀ ခန့်မျှ) လူများသည် ပြစ်ဒဏ်မှ လွတ်မြောက်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် တမန်တော်ဆွာလိဟ်ﷺအား ယုံကြည်ပြီး၊ ၎င်း၏စကားကို နားထောင်ခဲ့ကြသောကြောင့်ဖြစ်၏။ ၎င်းတို့သည် ၎င်းတို့၏မူလနေရာကို စွန့်ခွာပြီး၊ ဟဒ္ဒါရမောက်(ယီမင်မှမြို့တစ်မြို့)တွင် ခိုလှုံခဲ့ကြသည်။ တမန်တော်ဆွာလိဟ်ﷺလည်း ၎င်းတို့နှင့်အတူ ရှိနေခဲ့၏။ ၎င်းတို့သည် ရေတွင်းတစ်တွင်းသို့သွားပြီး ထိုနေရာတွင် နေထိုင်ခဲ့ကြသည်။ ထိုနေရာ၌ ဆွာလိဟ်ﷺ ကွယ်လွန်ခဲ့သောကြောင့် ထိုနေရာအား 'ဟဒ္ဒါရမောက်' (သေမင်းက အနိုင်ယူခဲ့သောနေရာ)ဟု ခေါ်တွင်လေသည်။ လူများသည် ထိုနေရာ၌ အမြဲတမ်းအခြေချနေထိုင်ခဲ့ကြသည်။

နောက်ပိုင်းတွင် ၎င်းတို့မှ ဆင်းသက်သူများသည် ရုပ်တုကိုးကွယ်ခဲ့ကြသည်။ ၎င်းတို့ထံသို့ တမန်တော်တစ်ပါးကို တရားဓမ္မဟောကြားရန်နှင့် ပြုပြင်ရန် စေလွှတ်တော်မူခဲ့သော်လည်း ထိုတမန်တော်ကို ၎င်းတို့က သတ်ဖြတ်ခဲ့ကြသောကြောင့် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ဖြင့် အမြစ်ဖြတ်သုတ်သင်ခြင်း ခံခဲ့ကြရပေသည်။ ၎င်းတို့၏ အသက်ရှင်မှုအတွက် မှီခိုခဲ့ရသော ရေတွင်းသည် အသုံးပြု၍မရအောင် ဖြစ်သွားခဲ့ပြီး၊ ၎င်းတို့၏ အဆောက်အအုံများ၊ နေအိမ်များမှာလည်း ပျက်စီးသွားခဲ့၏။ ထိုအဖြစ်အပျက်ကို ကုရ်အာန်က فَهِيَ خَاوِيَةٌ عَلَىٰ عُرُوشِهَا وَبِئْرٍ "... သို့ဖြစ်ပေရာ ယင်းမြို့ရွာများ(ရှိတိုက်တာအိမ်ဂေဟာ အစရှိသော အဆောက်အအုံများပြိုကျကာနံရံများ)မှာ ယင်းအဆောက်အအုံများ၏ ခေါင်မိုးများပေါ်သို့ ပြိုကျ(ပျက်စီး)လျက်ရှိနေပေသည်။ ထို့ပြင် များစွာသော ပျက်စီးနေသည့် ရေတွင်းများသည်လည်းကောင်း၊ မြင့်စွင့်သော တိုက်တာအိမ်အစရှိသည့် အဆောက်အအုံများသည် လည်းကောင်း (ယခုတိုင်လက်ငုတ်လက်စအဖြစ်) ကျန်ရှိနေသေး၏။"(၂၂း၄၅)ဟူ၍ ဖော်ပြ၏။ စွန့်ပစ်ခံရသော ရေတွင်းနှင့် ပျက်စီးနေသော ထည်ဝါသည့် အဆောက်အအုံက မိမိ၏လုပ်ဆောင်မှုများ၏ အကျိုးဆက်ကို ချင့်ချိန်၊ ဆုံးဖြတ်ရန် လုံလောက်ပေသည်။

ဆမူဒ်

တမန်တော်ဆွာလိဟ်ﷺ၏ အမျိုးသားများ ဖြစ်ကြပြီး၊ ၎င်းတို့၏ ဇာတ်လမ်းကို ကုရ်အာန်၌ အကြိမ်များစွာ ဖော်ပြလေသည်။

အာဒ်

အာဒ်အမျိုးသားများသည် ၎င်းတို့၏ အရွယ်အစား၊ ကာယအင်အားနှင့် စွမ်းရည်အရာ၌ လည်းကောင်း၊ ဥစ္စာဓနနှင့် သားသမီးများခြင်းမှ ရရှိသည့် အင်အားအရာ၌ လည်းကောင်း ထင်ရှားကျော်ကြားသူများ ဖြစ်ကြသည်။ ၎င်းတို့ထံသို့ တမန်တော်ဟူဒ်ﷺအား စေလွှတ်တော်မူခဲ့သည်။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ဖြစ်သော လေမုန်တိုင်းဖြင့် ကွပ်မျက်ခံခဲ့ကြရလေသည်။

ဖိရ်အောင်န်

၎င်း၏ရက်စက်စွာ ဖိနှိပ်အုပ်ချုပ်မှုအတွက် နာမည်ဆိုးဖြင့် ကျော်ကြားသော အီဂျစ်ဘုရင်(ဖါရိုဝ်)၏ ဘွဲ့အမည်ဖြစ်၏။

လူတ်၏ညီအစ်ကိုများ

တမန်တော်လူတ်ﷺ၏ အမျိုးသားများဖြစ်ကြပြီး၊ ၎င်းတို့၏အကြောင်းသည် ကုရ်အာန်၌ အကြိမ်များစွာ ဖော်ပြခံရ၏။

အိုင်ကဟ်တွင် နေထိုင်ကြသူများ

'အိုင်ကဟ်'သည် ထူထပ်သော ခြုံပုတ်၊ တောအုပ်၊ သစ်တော၊ တောကြီးမျက်မည်းကို ဆိုလိုသည်။ ထိုကဲ့သို့သော နေရာမျိုးတွင် ဤလူများ နေထိုင်ခဲ့ကြသည်။ ဤအမျိုးသားများထံသို့ တမန်တော် ရှူအိုင်ဗ်ﷺအား စေလွှတ်တော်မူခဲ့၏။ ၎င်းတို့သည် ၎င်း၏စကားကို နားမထောင်ခဲ့ကြသောကြောင့် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်သင့်ကာ ဖျက်ဆီးခံခဲ့ကြရသည်။

'တွဗ္ဗအ်'အမျိုးသားများ

'တွဗ္ဗအ်'သည် ယီမင်ဘုရင်၏ ဘွဲ့နာမည်ဖြစ်၏။ လိုအပ်သော ရှင်းလင်းချက်များကို မြန်မာပြန် အတွဲ(၁၄)၊ စူရဟ် အက်ဒ်ဒူခါန်၊ ၄၄း၃၇ ၌ ပေးထား၏။

အာယတ်တော် (၁၆-၂၉)

وَلَقَدْ خَلَقْنَا الْاِنْسَانَ وَنَعْلَمُ مَا تُوَسْوِسُ بِهٖ نَفْسُهٗ ۚ وَنَحْنُ اَقْرَبُ اِلَيْهِ
مِنْ حَبْلِ الْوَرِيْدِ ﴿١٦﴾ اِذْ يَتَلَقَّى الْمُتَلَقِّيٰنِ عَنِ الْيَمِيْنِ وَعَنِ الشِّمَالِ
قَعِيْدٌ ﴿١٧﴾ مَا يَلْفِظُ مِنْ قَوْلٍ اِلَّا لَدَيْهِ رَقِيْبٌ عَتِيْدٌ ﴿١٨﴾ وَجَآءَتْ سَكْرَةُ
الْمَوْتِ بِالْحَقِّ ؕ ذٰلِكَ مَا كُنْتَ مِنْهُ تَحِيْدُ ﴿١٩﴾ وَنُفِخَ فِى الصُّوْرِ ؕ ذٰلِكَ
يَوْمُ الْوَعِيْدِ ﴿٢٠﴾ وَجَآءَتْ كُلُّ نَفْسٍ مَّعَهَا سَآئِقٌ وَّشَهِيْدٌ ﴿٢١﴾ لَقَدْ كُنْتَ
فِىْ غَفْلَةٍ مِّنْ هٰذَا فَكَشَفْنَا عَنْكَ غِطَآءَكَ فَبَصَرُكَ الْيَوْمَ حَدِيْدٌ ﴿٢٢﴾ وَ
قَالَ قَرِيْنُهٗ هٰذَا مَا لَدَىَّ عَتِيْدٌ ﴿٢٣﴾ اَلْقِيَا فِىْ جَهَنَّمَ كُلَّ كَفَّارٍ عَنِيْدٍ ﴿٢٤﴾
مَّنَّاعٍ لِّلْخَيْرِ مُعْتَدٍ مُّرِيْبِ ﴿٢٥﴾ الَّذِىْ جَعَلَ مَعَ اللّٰهِ اِلٰهًا اٰخَرَ فَاَلْقِيٰهُ فِى
الْعَذَابِ الشَّدِيْدِ ﴿٢٦﴾ قَالَ قَرِيْنُهٗ رَبَّنَا مَآ اَطْغَيْتُهٗ وَلٰكِنْ كَانَ فِىْ
ضَلٰلٍ بَعِيْدٍ ﴿٢٧﴾ قَالَ لَا تَخْتَصِمُوْا لَدَىَّ وَقَدْ قَدَّمْتُ اِلَيْكُمْ بِالْوَعِيْدِ ﴿٢٨﴾
مَا يُبَدَّلُ الْقَوْلُ لَدَىَّ وَمَآ اَنَا بِظَلَّامٍ لِّلْعَبِيْدِ ﴿٢٩﴾

ထိုမှတပါး ဓကန်မလွဲ ငါအရှင်မြတ်သည် မနုဿလူသားအား ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း၌ ၎င်း၏စိတ်က မသိမသာ ပေါ်ပေါက်စေသောအရာကိုလည်း သိတော်မူ၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ၎င်း၏လည်ချောင်းသွေးကြောထက်ပင် ၎င်းနှင့်ပိုမိုနီးကပ်စွာ ရှိနေတော်မူ၏။[၁၆] (အို-နဗီတမန်တော် သတိပေးပါလေ။) အကြင်အခါ၀ယ် အကြင်အခါ၌ မှတ်သားသူနှစ်ဦးသည် (ထိုမနုဿလူသား၏) လယ်ယာဘက်မှ လည်းကောင်း၊ လက်ဝဲဘက်မှ လည်း

ကောင်း ထိုင်၍ မှတ်သားလျက်ရှိကြ၏။[၁၇] ထိုမနုဿလူသားသည်(နှုတ်ဖြင့်) မည်သည့်စကား ကိုမျှ မြွက်ဟသည်ဟူ၍မရှိချေ။ သို့ရာတွင် ချောင်းမြောင်း၍ နေသူတစ်ဦးသည် ၎င်း၏အနီး၌ပင် အသင့်ရှိနေ၏။[၁၈] စင်စစ်သော်ကား 'မရက'သေခြင်းတရား၏ မိန်းမောမှုသည် မှန်ကန်စွာရောက် လာခဲ့ချေပြီ။ ထိုသည်ပင် အကြောင်အရာတည်း။ အသင်သည် ၎င်းမှ(လွတ်မြောက်ရန်) တိမ်းရှောင် လျက်ရှိခဲ့၏။[၁၉] ထိုမှတပါး တံပိုးခရာမှုတ်ခြင်း ခံရပေမည်။ ထိုသည်ပင် ချိန်းချက်ထားသောနေ့ ဖြစ်၏။[၂၀] ထိုမှတပါး လူတိုင်းသည် 'မဟ်ရှရ်' (စုရုံးရာဌာနသို့)လာရပေမည်။ (ထိုအခါ) ၎င်းနှင့် အတူ မောင်းနှင်သူတစ်ဦးနှင့် သက်သေတစ်ဦးရှိကြပေမည်။[၂၁] ဇကနမလွဲ အသင်သည် ဤနေ့ နှင့် စပ်လျဉ်း၍ပေါ့ဆမှု၌ ရှိနေခဲ့ပေသည်။ သို့ဖြစ်ပေရာ (ယခုမူ) ငါအရှင်မြတ်သည် အသင့်အပေါ် မှ အကွယ်အကာကို ဖယ်ရှား၍ ပေးတော်မူလိုက်ပြီ။ ထို့ကြောင့် ယနေ့သော်ကား အသင်၏ မြင်နိုင် သောသတ္တမိုဟ ထိုးဖောက်၍ မြင်နိုင်စွမ်းရှိနေပြီ ဖြစ်ပေသတည်း။[၂၂] ထိုပြင် ၎င်း၏အဖော် (ကောင်းကင်တမန်)က ပြောဆိုပေမည်။ ဤသည် ကျွန်ုပ်၏ထံ၌ အဆင်သင့်ရှိသော(နေ့စဉ် မှတ် တမ်း)ဖြစ်၏။[၂၃] (ထိုအရှင်မြတ်သည် ကောင်းကင်တမန် နှစ်ပါးတို့အား မိန့်ကြားတော်မူပေ မည်။) အသင်တို့ နှစ်ဦးသည် အကြင်သူတိုင်းအား 'ဂျဟန္နမ်' ငရဲဘုံထဲသို့ ပစ်ချကြလေကုန်။ ထိုသူသည် ကျေးဇူးကန်းသော၊ ဇွတ်တရွတ်နိုင်သော၊[၂၄] ကောင်းမှု(ပြုခြင်း)မှ တားမြစ်သော စည်းကမ်းကျူးလွန်သော၊ ဒွိဟသံသယဖြစ်သော။[၂၅] အလ္လာဟ်အရှင်မြတ်နှင့်အတူ အခြားသော ကိုးကွယ်ရာကို တွဲဖက်သတ်မှတ်သောသူ ဖြစ်သည်။ သို့ဖြစ်ပေရာ အသင်တို့နှစ်ဦးသည် ထို(ကဲ့သို့ သော)သူအား ပြင်းထန်စွာသော ပြစ်ဒဏ် ၌ပစ်ချကြလေကုန်။[၂၆] ၎င်း၏အဖော်(ရှိုင်တွာန် မိန္ဒာ ကောင်)က ပြောဆို(လျှောက်ထား)ပေမည်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ကျွန်တော်မျိုးသည် ၎င်းအား ဆိုးသွမ်းမိုက်ကန်းစေခဲ့သည် မဟုတ်ပါ။ စင်စစ်မှာ ၎င်း ကိုယ်တိုင်သည်ပင်လျှင် ဝေးလံစွာသော လမ်းမှားမှု၌ ရှိနေခဲ့ပါသည်။[၂၇] ထိုအရှင်မြတ်သည် မိန့်ကြားတော်မူပေမည်။ အသင်တို့သည် ငါအရှင်မြတ်၏ အထံတော်၌ အငြင်းအခုံ မပြုကြကုန် လင့်။ အမှန်စင်စစ်မှာမူကား ငါအရှင်မြတ်သည် (ပြစ်ဒဏ်နှင့်စပ်လျဉ်း၍) ချိန်းဆိုချက်ကို အသင်တို့ ထံသို့ တင်ကြိုပို့နှင့်တော်မူခဲ့ပြီးဖြစ်၏။[၂၈] ငါအရှင်မြတ်အထံတော်၌ စကားပြောင်းလဲသည်ဟူ၍ မရှိပြီ။ ထိုမှတပါး ငါအရှင်မြတ်သည် ကျွန်တို့အား မတရားပြုလုပ်တော်မူသော အရှင်လည်း မဟုတ်ပြီ။[၂၉]

ဆက်စပ်မှု

အလျင်အာယတ်တော်များသည် ရှင်ပြန်ထခြင်းကို ငြင်းဆိုကြသူများ၊ လူသေများ ပြန်ထလာမည်ကို မယုံနိုင် သူများ၏ သံသယကို ဖြေဖျောက်ရန် ရည်ရွယ်ခဲ့သည်။ ရလဒ်အနေဖြင့် ကာဖိရ်များသည် ၎င်းတို့၏ ကန့်သတ်ချက်ရှိ သော အသိပညာနှင့် စွမ်းအားကို အလ္လာဟ်အရှင်မြတ်၏ ကန့်သတ်မဲ့အသိပညာနှင့် စွမ်းအားများကို မနှိုင်းစကောင်း တုဖက်နှိုင်းယှဉ်ခဲ့ကြသည်။ 'ကျွန်ုပ်တို့သေဆုံးပြီး၊ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများ တစ်စစီပြိုကွဲကာ မြေမှုန့် များအဖြစ် ကမ္ဘာအနှံ့ ပျံ့လွင့်သွားပြီးနောက် ထိုမြေမှုန့်များကို ပြန်လည်စုစည်း၍ ကျွန်ုပ်တို့၏ မူလပုံသဏ္ဌာန်နှင့် ခန္ဓာ ကိုယ်များအဖြစ် ပေါင်းစပ်ဖွဲ့စည်းရန်မှာ အဘယ်သို့လျှင် ဖြစ်နိုင်ပါမည်နည်း။'ဟု ၎င်းတို့၏စိတ်ထဲ၌ ရှုပ်ထွေးမှု ဖြစ်ပေါ် ခဲ့ကြ၏။

အာယတ်တော်များက တုံ့ပြန်မိန့်ကြားသည်မှာ အလ္လာဟ်အရှင်မြတ်၏ အသိပညာသည် အရာခပ်သိမ်းကို လွှမ်းခြုံသည်ဖြစ်၍ ထိုအရှင်မြတ်သည် စကြဝဠာ၏ ဒြပ်မှုန်လေးတစ်ခုတိုင်းကိုပင် သိတော်မူသည်။ ထို့ကြောင့် ဤဒြပ်မှုန်လေးများကို ပြန်လည်စုစည်းရန်မှာ ထိုအရှင်မြတ်အဖို့ အခက်အခဲမရှိပါချေ။ ယခုအာယတ်တော်များက အလ္လာဟ်အရှင်မြတ်သည် လူသား၏ဒြပ်မှုန်လေးများကို ပြည့်စုံစွာ သိတော်မူရုံမက လူသား၏စိတ်ထဲတွင် ပေါ်လာမည့် အတွေးကိုလည်း အလုံးစုံသိတော်မူတော်ကြောင်းကို အသေးစိတ်ရှင်းပြ၏။ ဤဆင်ခြင်တုံတရားအတွက် အာယတ်တော်က ရှင်းပြသည်မှာ အလ္လာဟ်အရှင်မြတ်သည် ၎င်း၏အသက်မွေးခိုရာဖြစ်သော ၎င်း၏လည်ချောင်းသွေးပြန်ကြောထက်ပင် ၎င်းနှင့်ပို၍နီးကပ်စွာ ရှိတော်မူသည်ဟူ၍ဖြစ်၏။ထို့ကြောင့်အလ္လာဟ်အရှင်မြတ်သည်လူသား၏အခြေအနေအရပ်ရပ်ကို ၎င်းသူကိုယ်တိုင်ထက်ပို၍ သိတော်မူလေသည်။

အလ္လာဟ်အရှင်မြတ်သည် လူသား၏လည်ပင်းသွေးပြန်ကြောထက်ပင် ၎င်းနှင့်ပို၍နီးကပ်စွာ ရှိတော်မူသည်၊ လေ့လာ ဆန်းစစ်မှုတစ်ခု

အာယတ်တော် ၁၆ ၏ နိဂုံးပိုင်းက وَنَحْنُ أَقْرَبُ إِلَيْهِ مِنْ حَبْلِ الْوَرِيدِ "…. စင်စစ်သော်ကား၊ ငါအရှင်မြတ်သည် ၎င်း၏လည်ချောင်းသွေးပြန်ကြောထက်ပင် ၎င်းနှင့်ပိုမိုနီးကပ်စွာ ရှိနေတော်မူ၏။"(၅၀း၁၆)ဟု မိန့်ဆို၏။ အာယတ်တော်မှ 'နီးကပ်မှု'သည် 'အရာခပ်သိမ်းကို ခြုံငုံသော အသိပညာနှင့် စပ်လျဉ်းသည့် နီးကပ်မှု'ကို ရည်ညွှန်းခြင်းဖြစ်ပြီး၊ ရုပ်ပိုင်းဆိုင်ရာ နီးကပ်မှုမဟုတ်ကြောင်း ပညာရှင်အများက တညီတညွတ် သဘောတူကြ၏။ ထို့ကြောင့် အာယတ်တော်က ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့် အသိတော်သည် လူသား၏ အတွင်းရော အပြင်ပါမကျန် လွှမ်းခြုံတော်မူခြင်းမှာ ထိုအရှင်မြတ်၏ တန်ခိုးတော်နှင့် အသိတော်သည် ၎င်း၏လည်ပင်းသွေးပြန်ကြောထက် ပို၍နီးကပ်စွာ ရှိတော်မူသောကြောင့် ဖြစ်လေသည်။

'ဝရီးဒ်'(အများကိန်း-အောင်ဝ်ရိဒဟ်)ဟူသော စကားလုံးသည်အာရဗီဘာသာစကား၌ခန္ဓာကိုယ်တစ်ခုလုံးကို သွေးပို့ပေးသော သက်ရှိသတ္တဝါ၏အကြောများ ဖြစ်ကြ၏။ ဆေးပညာအားဖြင့် အကြောနှစ်မျိုးရှိ၏။ (၁) လူသား၏ တစ်ကိုယ်လုံးကို သန့်စင်သောသွေးပေးပို့သည့် အသည်းမှပေါ်ထွက်သော အကြောများဖြစ်ကြသည်။ ဤအကြောများကိုသာ 'ဝရီဒ်'(အောင်ဝ်ရိဒဟ်)ဟု ရည်ညွှန်း၏။ (၂) သက်ရှိသတ္တဝါ၏နှလုံးမှ ပေါ်ထွက်ပြီး လူသား၏ခန္ဓာကိုယ်တစ်ခုလုံးကို သွေး၏အင်္ဂေ့များပေးပို့သည့် အကြောများဖြစ်ကြပြီး၊ ဆေးပညာဝေါဟာရဖြင့် 'ရွူးဟ်'(ဝိညာဉ်)ဟု ရည်ညွှန်း၏။ ဤအကြောများကို အာရဗီစကားဖြင့် 'ရိုရိယာန်'ဟုခေါ်၏ (တကယ်တမ်းတွင် ပင်မသွေးလွှတ်ကြောကို ရည်ညွှန်းခြင်းဖြစ်၏။)။ ပထမအမျိုးအစား အကြောများ၏ နံရံများသည်ထူပြီး၊ ဒုတိယအမျိုးအစား၏ နံရံမှာ ပါးလွှာလေသည်။

'ဝရီဒ်'ဟူသော စကားလုံးသည် ဆေးပညာသဘောအရ အသည်းမှပေါ်ထွက်သော အကြောဖြစ်ကြောင်း သေချာပေါက်မဆိုနိုင်ဘဲ မူရင်းအဓိပ္ပါယ်အရ နှလုံးမှပေါ်ထွက်သော အကြောအတွက်သာ သုံးနိုင်၏။ အဘယ်ကြောင့်ဆိုသော် အကြောထဲ၌ သွေးအမျိုးအစားတစ်ခုလည်း လှည့်ပတ်စီးဆင်းနေသောကြောင့် ဖြစ်ပေသည်။ အာယတ်တော်က အလ္လာဟ်အရှင်မြတ်သည် လူသား၏စိတ်ထဲတွင် မမျှော်လင့်ဘဲ ပေါ်လာသည့် အတွေးဟူသမျှကို သိတော်မူကြောင်းပြသရန် ရည်ရွယ်သည်ဖြစ်၍ တိုက်ရိုက်အဓိပ္ပါယ်က ပို၍သင့်လျော်သည်။ သို့ပင်ငြားလည်း 'ဝရီဒ်'အား ဆေးပညာအရ အသည်းမှလာသောအကြော သို့မဟုတ် နှလုံးမှလာသော သွေးလွှတ်ကြောအဖြစ် ယူခြင်းမှာ အရေးမကြီးပေ။ အကြောနှစ်မျိုးစလုံးပေါ်တွင် မူတည်ပေသည်။ အကယ်၍သာ အကြောများ သို့မဟုတ် သွေးလွှတ်ကြောများပြတ်တောက်သွားပါက ၎င်းတို့သည် အသက်ဝိညာဉ်ကို ဆုံးရှုံးပြီးသေဆုံးမည်ဖြစ်၏။ အချုပ်အားဖြင့် အလ္လာဟ်အရှင်

မြတ်သည် ၎င်း၏လည်ပင်းသွေးကြောထက်ပင် ၎င်းနှင့်ပို၍နီးကပ်သောကြောင့် လူသားနှင့်စပ်လျဉ်းသော အရာဟူသမျှကို သိတော်မူပေသည်။

ဂုဏ်သိက္ခာကြီးသော ဆူဖီများ၏ အဆိုအရ 'ကုရ်ဗ်' (နီးကပ်မှု)ဟူသော ဝေါဟာရသည် အသိပညာဆိုင်ရာ နီးကပ်မှုအဓိပ္ပါယ်ထက်ပို၏။ ယင်း(နီးကပ်မှု)သည် အထူးအမျိုးအစား 'အစ်တ္တိဆွါလ်' (ထိတွေ့မှု သို့မဟုတ် အနောင်အဖွဲ့ သို့မဟုတ် အလွှာဟ်အရှင်မြတ်နှင့် စကြဝဠာ၏ အလယ်ဗဟို၌ ထားရှိခြင်းခံရသော လူသားအပါအဝင် ထိုအရှင်မြတ်၏ ဖန်ဆင်းခံများ၏ ဆက်နွယ်မှု)တစ်ခု ဖြစ်လေသည်။ ယင်း၏သရုပ်မှန်နှင့် သဘာဝကို မည်သူမျှမသိပေ။ သို့သော် ယင်းသည် သေချာပေါက် 'ဗိလာခိုင်ဖ်'(ထူးခြားစွာ)တည်ရှိလေသည်။ ကုရ်အာန်အာယတ်တော်များနှင့် စစ်မှန်သော တမန်တော်၏ ဟဒီးဆ်များက ဤအချက်အား ကောင်းစွာသက်သေခံသည်။ ဥပမာ- ကုရ်အာန်က وَاسْجُدْ وَاقْتَرِبْ [ထို့ပြင် အသင်သည် (အလွှာဟ်အရှင်မြတ်အား) စဂျဒဟ်ပျိုဝပ်ဦးချပါလော၊ ထို့ပြင် အသင်သည် ဝတ်ပြုခြင်းအားဖြင့် (ထိုအရှင်မြတ် အပါးတော်သို့) ချဉ်းကပ်ပါလော။ စူရဟ်ဟ်အလတ်က် ၉၆း၁၉]ဟု အမိန့်ပေး၏။ ဤသည်မှာ 'ကျွန်တစ်ဦးသည် ၎င်း၏ဖန်ဆင်းမွေးမြူတော်မူသော အရှင်နှင့် အနီးကပ်ဆုံး ရှိနိုင်ချိန်မှာ ၎င်းပျိုဝပ်ဦးချသောအခါ၌ ဖြစ်၏။ သို့ဖြစ်၍ (ပျိုဝပ်ဦးချလျက်ရှိစဉ်) အသနားခံဆုပန်ခြင်းကို များများစားစား ပြုလုပ်ပါလော။'ဟူ၍ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့ကြောင်း ဖော်ပြချက်နှင့် ဆင်တူပေသည်။ အခြားဟဒီးဆ်တော်တစ်ရပ်က တင်ပြသည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ 'ငါအရှင်မြတ်၏ ကျွန်သည် နဖိလ်ဆွလာတ်များ ဝတ်ပြုသောအခါ၊ ၎င်းသည် ငါအရှင်မြတ်နှင့် နီးကပ်မှုကိုရရှိပေသည်။' မဒီနာမြို့သို့ ပြောင်းရွှေ့စဉ်အခါက တမန်တော်မြတ်ﷺသည် သာဝကကြီး အဗူဗက်ရ်ﷺအား إِنَّ اللَّهَ مَعَنَا 'အလွှာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူသည်။ (၉း၄၀)'ဟူ၍ မိန့်ကြားခဲ့၏။ တမန်တော်မူစာﷺ သည် အစ္စရာအီလီတို့အား إِنَّ مَعِيَ رَبِّي 'ကျွန်ုပ်၏ ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် ကျွန်ုပ်နှင့်အတူ ရှိတော်မူသည်။ (၂၆း၆၂)'ဟု ပြောကြားခဲ့၏။

မပြုမနေရ(ဖရသ်ဒွ)နှင့် အပို(နဖိလ်)လုပ်ငန်းများနှင့် နီးစပ်မှုကြောင့် လည်းကောင်း၊ မိမိ၏ကြိုးပမ်းအားထုတ်မှုကြောင့် လည်းကောင်း ရရှိသည့် ဤ 'ကုရ်ဗ်'(အလွှာဟ်အရှင်မြတ်နှင့် နီးကပ်မှု သို့မဟုတ် နီးကပ်စွာရှိခြင်း)ကို သက်ဝင်ယုံကြည်သူ (မုအ်မင်)တစ်ဦးအတွက် သီးသန့်ထားရှိလေသည်။ ထိုကဲ့သို့သော မုအ်မင်များအား 'အောင်လိယာအွလွှာဟ်' (အလွှာဟ်အရှင်မြတ်၏ မိတ်ဆွေများ၊ အလွှာဟ်အရှင်မြတ်က မိမိ၏မိတ်ဆွေများအဖြစ် ရွေးချယ်ခြင်း ခံရသူများ)ဟုခေါ်၏။ အလွှာဟ်အရှင်မြတ်နှင့် ဤအထူးနောင်ကြိုးသည် အလွှာဟ်အရှင်မြတ်နှင့် လူသား(မုအ်မင် သို့မဟုတ် ကာဖိရ်)တို့ကြားမှ သာမန်ဆက်နွယ်မှုနှင့် ကွာခြားလေသည်။ အချုပ်အားဖြင့် အထက်ပါ အာယတ်တော်များနှင့် ဆင့်ပြန်ချက်များက သက်သေခံသည့်အချက်မှာ နီးကပ်မှု၏ စစ်မှန်ခြင်းနှင့် သဘာဝကို မသိနိုင်သော်လည်း လူသားတွင် ၎င်း၏ဖန်ဆင်းရှင်နှင့် အရှင်သခင်ထံတော်ပါး၌ အထူးအမျိုးအစား နီးကပ်မှုတစ်ခု ရှိကြောင်းပင်ဖြစ်လေသည်။ မောင်လာနာရှမီးﷺက ဤအယူအဆကို ဤသို့လင်္ကာစပ်ဆိုထား၏။

اتصالے بے مثال وبے قیاس ... ... ہست ربّ النّاس راباجانِ ناس

လူများ၏ အရှင်သခင်တွင် လူများနှင့် လူတစ်ဦး သိမြင်နားလည်နိုင်ခြင်း မရှိသည့် ထူးခြားသော ဆက်သွယ်မှု တစ်ခုရှိ၏။ ထို့ပြင်တဝ အခြားဥပမာပေးစရာလည်း မရှိပေ။

ဤနီးကပ်မှုနှင့် နီးကပ်စွာတည်ရှိခြင်းကို သာမန်ရုပ်ပိုင်းဆိုင်ရာ အမြင်အာရုံဖြင့် မြင်တွေ့နိုင်မည် မဟုတ်သော်လည်း 'အီမာန်'၏ 'ဖရာစဟ်'(အီမာန်၏ ထိုးထွင်းသိမြင်ဆင်ခြင်နိုင်စွမ်း)ဖြင့် ကြိုးပမ်းရရှိပေသည်။ တဖိစိရ်မဇ်ဟရီ

ကလည်း ဤအာယတ်တော်မှ 'ကုရ်ဗ်' နှင့် 'အိစ်တ္တိဆ္ဆာလ်'ကို ထိုသဘောပင် အနက်ကောက်ယူသည်။ ရှင်းလင်းဖွင့်ဆို သူအများစု၏ အဓိပ္ပာယ်ကောက်ယူမှုမှ ကျွန်ုပ်တို့သိခဲ့ရသည်မှာ ယင်းသည် ရုပ်ပိုင်းဆိုင်ရာ နီးကပ်မှုမဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်၏ အရာရာကို လွှမ်းခြုံသော ပြီးပြည့်စုံသည့် အသိပညာဖြစ်၏။ ဤအဓိပ္ပါယ်ကောက်ယူမှုနှစ်ခု အပြင် အိဗ်နကဆီးရ်၏ တတိယအဓိပ္ပါယ်ကောက်ယူပုံမှာ 'ကျွန်ုပ်တို့'သည် 'ငါအရှင်မြတ်'ကို ရည်ညွှန်းခြင်း မဟုတ်ဘဲ လူသားနှင့်အတူ အမြဲရှိနေကြသည့် ထိုအရှင်မြတ်၏ ကောင်းကင်တမန်များကို ရည်ညွှန်းခြင်းဖြစ်၏။ ၎င်းတို့သည် လူသား၏ အသက်ဝိညာဉ်ကို ၎င်းတို့ကိုယ်တိုင်ထက်ပင် ပို၍နီးကပ်စွာသိကြသည်ဟူ၏။ အလ္လာဟ်အရှင်မြတ် အသိဆုံးဖြစ်တော်မူပေသည်။

လူတိုင်းနှင့်အတူရှိသော မှတ်တမ်းတင်သည့် ကောင်းကင်တမန်နှစ်ပါး

"اِذْ يَتَلَقَّى الْمُتَلَقِّيٰنِ" အကြောင်းအခါဝယ်- အကြောင်းအခါ၌ မှတ်သားသူနှစ်ဦးသည် (ထို မနုဿလူသား၏) လက်ယာဘက်မှ လည်းကောင်း၊ လက်ဝဲဘက်မှ လည်းကောင်း၊ ထိုင်၍ မှတ်သားလျက်ရှိကြ၏။"(၅၀း၁၇)။ ဤစကားရပ်မှ ကြိယာ 'ယတလက္ကာ'သည် ကြိယာ၏ အခြေခံပုံစံ 'တလက္ကီ' (ယူသည်၊ လက်ခံသည်၊ ရရှိသည်၊ သင်ယူသည်) မှ အတိတ်ဖြစ်ဆဲ လုပ်ရပ်ဖြစ်ပြီး၊ အာယတ်တော် فَتَلَقّٰى اٰدَمُ مِنْ رَّبِّهٖ كَلِمٰتٍ (ထိုအခါ ကမ္ဘာဦးဖခင် အာဒမ်(ﷺ)သည် မိမိအား မွေးမြူစောင်မ ကြည့်ရှုတော်မူသော အရှင့်ထံမှ အချို့သော (ဆုမွန်)များကို သင်ယူနာယူ (အရှင့်ထံ ဝန်ချတောင်းပန် အသနားခံရာ) အလ္လာဟ်အရှင်မြတ်သည်----၂း၃၇)မှာကဲ့သို့ပင် ဖြစ်လေသည်။ 'မုတလက္ကိယနိ' ဟူသော စကားလုံးသည် 'အလ်မုတလက္ကီ'၏ နှစ်ခုကိန်းဖြစ်၏။ လူသား၏ လုပ်ဆောင်မှုများကို လက်ခံရရှိပြီး မှတ်တမ်းတင်ရန်အတွက် လူသားတိုင်းနှင့်အတူ တစ်ချိန်လုံးရှိနေကြသော ကောင်းကင်တမန်နှစ်ပါးကို ရည်ညွှန်းခြင်းဖြစ်၏။ عَنِ الْيَمِيْنِ وَعَنِ الشِّمَالِ قَعِيْدٌ [(တစ်ဦးသည်) လက်ယာဘက်၌ လည်းကောင်း၊ (တစ်ဦးသည်) လက်ဝဲဘက်၌လည်း ကောင်း ထိုင်၍မှတ်သားလျက်ရှိကြ၏။.... ၅၀း၁၇]ဟူသော စကားရပ်က လက်ယာဘက်၌ထိုင်သော ကောင်းကင်တမန်သည် အကြောင်သူ၏ ကောင်းသောလုပ်ရပ်များကို မှတ်သားပြီး၊ လက်ဝဲဘက်၌ထိုင်သော ကောင်းကင်တမန်သည်၎င်း၏ မကောင်းသော လုပ်ရပ်များကို ရေးမှတ်သည်ဟုဆိုလို၏။ 'ကအီဒ်'ဟူသော စကားလုံးသည် 'ထိုင်နေသည်'ဟု အဓိပ္ပါယ်ရပြီး ဂျာလိစ်ကဲ့သို့ဖြစ်သည်။ 'ကအီဒ်'အား တစ်ခုကိန်း သို့မဟုတ် အများကိန်းအတွက် အသုံးပြု၏။ သို့ရာတွင် အမှန်တကယ် ထိုင်နေသော ပုဂ္ဂိုလ်တစ်ဦးကို ဆိုလိုခြင်းမဟုတ်ဘဲ ထိုင်နေ၊ ထနေ၊ သွားလာလှုပ်ရှားနေသူတစ်ဦးနှင့် အတူရှိနေသောသူဟု ယေဘုယျအဓိပ္ပါယ်ဖြင့် သုံးခြင်းဖြစ်သည်။ အာယတ်တော်၌ 'ကအီဒ်'အား ကောင်းကင်တမန်နှစ်ပါးကို ဖော်ပြရန်သုံး၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် လူသားတို့နှင့်အတူ လူသားတို့ထိုင်နေသည်ဖြစ်စေ၊ ထနေသည်ဖြစ်စေ သို့မဟုတ် သွားလာလှုပ်ရှားနေသည်ဖြစ်စေ၊ အိပ်စက်နေသည်ဖြစ်စေ အချိန်တိုင်းနှင့် အခြေအနေတိုင်းတွင် အတူရှိ၍ နေကြသောကြောင့်ဖြစ်၏။ ၎င်းတို့သည် လူသားတို့ အညစ်အကြေးစွန့်ရန် သို့မဟုတ် ဖို-မ ဆက်ဆံရန်အတွက် အရှက်အဂိါများကို လှစ်ဟသောအခါ၌သာလျှင် လူသားတို့နှင့် ခွဲခွာကြလေသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ထူးခြားသော မွေးရာပါအာရုံခံကိရိယာ တပ်ဆင်ပေးထားတော်မူသည်ဖြစ်၍ ၎င်းတို့သည် ၎င်းတို့မရှိချိန်၌ ကျူးလွန်သော အပြစ်၊ မကောင်းမှုများကို သိကြလေသည်။ အိဗ်နကဆီးရ်က ဆိုသည်မှာ အဟ်နာဖ်အိဗ်နကိုင်စ်၏ ဆင့်ပြန်ချက်အရ လက်ယာဘက်၌ ထိုင်နေသော ကောင်းကင်တမန်သည် ကောင်းမှုများကို မှတ်တမ်းတင်သည့်ပြင် လက်ဝဲဘက်မှ ကောင်းကင်တမန်၏ ကြီးကြပ်သူလည်းဖြစ်၏။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦး အပြစ်တစ်ခုကို ကျူးလွန်ပါက လက်ယာဘက်မှ ကောင်းကင်တမန်က လက်ဝဲဘက်မှ ကောင်းကင်တမန်အား 'မရေးမှတ်ပါ

နှင့်ဦး၊ ငင်းကို အခွင့်အရေးပေးလိုက်ပါ၊ ငင်းသည် နောင်တရကောင်းရပေလိမ့်မည်။ အကယ်၍ ငင်းနောင်တရပါက ရေးမှတ်မနေပါနှင့်တော့၊ ဤသို့မဟုတ် သောင်ဗဟ်မပြုက ထိုမကောင်းမှုကို သင်၏ လုပ်ဆောင်မှုများ မှတ်တမ်းထဲတွင် ရေးမှတ်လိုက်ပါ။' (အိဗ်နအဗီဟာတင် ထပ်ဆင့်တင်ပြသည်)

ဟစန်ဗဆွ်ရီ ﷺ၏ ရှင်းပြချက်

ဟစန်ဗဆွ်ရီ ﷺသည် عَنِ الْيَمِيْنِ وَ عَنِ الشِّمَالِ قَعِيْدٌ (တစ်ဦးသည် လက်ယာဘက်၌ လည်းကောင်း၊ တစ်ဦးသည် လက်ဝဲဘက်၌ လည်းကောင်း ထိုင်လျက် ....)ဟူသော စကားရပ်ပါရှိသည့် အထက်ပါအာယတ်တော်ကို ရွတ်ဖတ်ပြီး ပြောကြားခဲ့သည်။

'အို- အာဒမ်၏သား၊ သင်၏လုပ်ဆောင်မှုများ မှတ်တမ်းကို ဖြန့်ထားပြီးဖြစ်၏။ ထို့ပြင် ဂုဏ်သရေရှိ ကောင်းကင်တမန်နှစ်ပါးကိုလည်း ခန့်အပ်ပြီးဖြစ်၏။ တစ်ဦးသည် သင်၏လက်ယာဘက်၌ လည်းကောင်း၊ တစ်ဦးသည် သင်၏လက်ဝဲဘက်၌ လည်းကောင်း ရှိကြ၏။ သင်၏လက်ယာဘက်မှ ကောင်းကင်တမန်သည် သင်၏ကောင်းမှုများကို မှတ်တမ်းတင်ပြီး၊ လက်ဝဲဘက်မှ ကောင်းကင်တမန်သည် သင်၏မကောင်းမှုများနှင့် အပြစ်များကို မှတ်တမ်းတင်၏။ ဤအမှန်တကယ်ဖြစ်ရပ်ကို အာရုံစိုက်၍ သင်ဆန္ဒရှိရာကို တိုးပွားအောင် သို့မဟုတ် လျော့နည်းအောင် ပြုလုပ်ပါလေ။ သင်သေဆုံးသောအခါ သင်၏လုပ်ဆောင်မှုများမှ မှတ်တမ်းကို ခေါက်လိပ်၍ သင်၏လည်ပင်း၌ ချိတ်ဆွဲပေးလိမ့်မည်။ ထိုမှတ်တမ်းသည် သင်နှင့်အတူ သင်္ချိုင်းတွင်းသို့ ပါသွားပြီး၊ ထိုနေရာတွင် ရှိနေလိမ့်မည်။ တရားစီရင်မည့်နေ့တွင် သင်၏သင်္ချိုင်းထဲမှ သင်ထလာသောအခါ၊ အလ္လာဟ်အရှင်မြတ်က မိန့်တော်မူမည်။

وَكُلَّ إِنسَانٍ أَلْزَمْنَٰهُ طَٰٓئِرَهُۥ فِى عُنُقِهِۦ ۖ وَنُخْرِجُ لَهُۥ يَوْمَ ٱلْقِيَٰمَةِ كِتَٰبًا يَلْقَىٰهُ مَنشُورًا ﴿١٣﴾ ٱقْرَأْ كِتَٰبَكَ ۖ كَفَىٰ بِنَفْسِكَ ٱلْيَوْمَ عَلَيْكَ حَسِيبًا ﴿١٤﴾

"ထို့ပြင် ငါအရှင်မြတ်သည် လူတိုင်းလူတိုင်း၏ အပြုအမူကို ငင်း၏လည်ကုတ်တွင် ခိုင်မြဲစွာ ချည်နှောင်ထားတော်မူသည်။ ငင်းပြင် ငါအရှင်မြတ်သည် ကိယာမတ်နေ့တွင် ငင်းအား မှတ်တမ်းတစ်ခုကို ထုတ်ပေးတော်မူပေမည်။ ငင်းသည် မှတ်တမ်းကို ပွင့်လျက်တွေ့ရှိရပေလိမ့်မည်။" (၁၇း၁၃) "(ထို့နောက် ငင်းအား) အသင်သည် မိမိမှတ်တမ်းကို ဖတ်လော့။ ယနေ့သည်ကား အသင်ကိုယ်တိုင်ပင် မိမိ ကိုယ်နှင့် ဆန့်ကျင်၍ စစ်ဆေးသူအဖြစ် လုံလောက်ပေသည်။"(၁၇း၁၄)။ ထို့နောက် ဟစန်ဗဆွ်ရီ ﷺက ပြောကြားခဲ့သည်မှာ-

'အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ဆိုပါ၏။ ထိုအရှင်မြတ်သည် အသင့်အား အသင်ကိုယ်တိုင်၏ လုပ်ရပ်များကို စစ်ဆေးရန် ခန့်အပ်တော်မူခြင်းဖြင့် အကြီးမြင့်ဆုံး ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် ကြီးမားသော တရားမျှတမှုကို ပြုခဲ့လေပြီ။' (အိဗ်နကဆီး၍)

လုပ်ဆောင်မှုများစာအုပ် သို့မဟုတ် စာရင်းစာအုပ်ကို လူ့လောကမှ စာရွက်ဖြင့် ပြုလုပ်ထားခြင်း မဟုတ်ကြောင်းမှာ ထင်ရှားသောကြောင့် ထိုစာအုပ်သည် ငင်းနှင့်အတူ သင်္ချိုင်းထဲသို့ ပါသွားပြီး၊ ထိုနေရာတွင် ရှင်ပြန်ထမည့်နေ့တိုင် ငင်းနှင့်အတူ မည်ကဲ့သို့ရှိနေမည်ဆိုခြင်းကို နားလည်ရန်မှာ မခက်ခဲပေ။ ထိုကိစ္စသည် သာမန်လူတို့ ဉာဏ်မမီနိုင်သော ဒိဋ္ဌဖြစ်ရပ်တစ်ခုဖြစ်၏။ အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းသာလျှင် ယင်း၏တကယ့်သဘာဝကို သိနိုင်ပေ

သည်။ သို့ဖြစ်၍ ထိုမှတ်တမ်းစာအုပ်သည် ပန်းကုံးတစ်ခုသဖွယ် လည်တွင်ဆွဲလျက် ရှင်ပြန်ထမည့်နေ့တိုင် သင်္ကြိုးထဲ၌ ရှိနေပါက အံ့သြစရာမဟုတ်ပေ။

လူသား၏နှုတ်ထွက်စကားတိုင်းသည် မှတ်တမ်းတင်ခံရ၏။

"ထိုမနုဿလူသားသည် (နှုတ်ဖြင့်) မည်သည့်စကားကိုမျှ မြွက်ဟသည်ဟူ၍မရှိချေ။ ချောင်းမြောင်း၍နေသူ တစ်ဦးသည် ၎င်း၏အနီး၌ပင် အသင့်ရှိနေ၏။"(၅၀း၁၈)။ တစ်နည်းဆိုရလျှင် လူသား၏နှုတ်မှ ထွက်သမျှ သို့မဟုတ် ပြောဆိုသမျှ စကားတိုင်းကို မှတ်တမ်းတင်ရန် တာဝန်ရှိသည့် ကြီးကြပ်သူ ကောင်းကင်တမန် (စာရေးတော်)တစ်ပါးသည် အမြဲတမ်းရှိနေပေသည်။ ဤကောင်းကင်တမန်သည် စကားတစ်လုံးတိုင်းကို ထိုစကားလုံးသည် အပြစ်ထိုက်သည်ဖြစ်စေ၊ အကျိုးဆုလာဘ် ရထိုက်သည်ဖြစ်စေ မှတ်တမ်းတင်ခံရသည်ဟု ဟာစန်ဗဆ်ရီနှင့် ကတာဒဟ်တို့က ပြောကြားခဲ့ကြ၏။ အိဗ်နအဗ္ဗာစ်ﷺကမူ အပြစ်ထိုက်သော သို့မဟုတ် အကျိုးဆုလာဘ် ရထိုက်သော စကားများကိုသာ မှတ်တမ်းတင်သည်ဟု ပြောကြားခဲ့၏။ ဤရှုထောင့် နှစ်ခုစလုံးကို ကိုးကားဖော်ပြပြီးနောက် အိဗ်နကဆီးရ်က အာယတ်တော်၏ ယေဘုယျစကားလုံးများပေါ်တွင် အခြေခံလျက် နှုတ်ထွက်စကားတိုင်းကို မှတ်တမ်းတင်သည်ဟူသော ပထမရှုထောင့်ကို ရွေးချယ်ခဲ့လေသည်။ အိဗ်နအဗ္ဗာစ်ﷺထံမှ သာဝကကြီး အဗူတွာလ်ဟတ်ﷺ၏ အခြားဆင့်ပြန်ချက် တစ်ရပ်အရ ရှုထောင့်နှစ်ခုစလုံး အကျုံးဝင်နိုင်သည်။ ဤဆင့် ပြန်ချက်က ဆိုသည်မှာ ပထမသော် ပြောဆိုသမျှ စကားတိုင်းသည် မှတ်တမ်းတင်ခံရ၏။ တစ်ပတ်လျှင်တစ်ကြိမ် ကြာသပတေးနေ့တွင် ကောင်းကင်တမန်တို့သည် ရေးမှတ် ထားခဲ့သောပြောစကားများကို ပြန်လည်သုံးသပ်ကြပြီး၊ အပြစ်ထိုက်သော သို့မဟုတ် အကျိုးဆုလာဘ်ရထိုက်သော၊ ကောင်းသောသို့မဟုတ် ဆိုးသော နှုတ်ထွက်စကားများကိုသာ ထိန်းသိမ်းကာ ကျန်စကားများကို စာရင်းမှပယ်ဖျက် ကြလေသည်။ ဤသို့ကြောင့် ကုရ်အာန်က မိန့်ဆိုသည်မှာ "يَمْحُوا۟ ٱللَّهُ مَا يَشَآءُ وَيُثْبِتُ ۖ وَعِندَهُۥٓ أُمُّ ٱلْكِتَٰبِ" အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောအရာကို ဖျောက်ဖျက်တော်မူလေသည်။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် (မိမိအလိုရှိတော်မူသော အရာကို) တည်တံ့စေ တော်မူလေသည်။ စင်စစ် မူရင်း(မှတ်တမ်း)စာအုပ်မှာမူကား ထိုအရှင်မြတ်ထံတော်၌သာလျှင် ရှိပေသတည်း။" စူရဟ်ရအားဒ် (၁၃း၃၉) ဟူ၍ဖြစ်၏။

အီမာမ်အဟ်မဒ်က သာဝကကြီး ဗိလာလ်အိဗ်နဟာရိဆ်အလ်မူဇနီﷺထံမှ ဆင့်ပြန်သည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။

> 'မုချဇကန်၊ လူတစ်ဦးသည် တစ်ခါတစ်ရံ ထိုစကားအတွက် မည်မျှကြီးမားစွာ အကျိုးဆုလာဘ် ချီးမြှင့်ခံရမည်ကို မသိဘဲလျက် အလ္လာဟ်အရှင်မြတ် ကျေနပ်တော်မူသည့် ကောင်းသော စကားတစ်ခွန်းကိုဆို၏။ ထိုအကြောင်းကြောင့် အလ္လာဟ်အရှင်မြတ်သည် မိမိနှင့်ဝင်းတို့ တွေ့ဆုံကြမည့်နေ့တိုင်အောင် ၎င်းအား ကျေနပ်တော်မူကြောင်း အမိန့်ထုတ်ပြန်တော်မူသည်။ ထိုနည်းတူစွာ လူတစ်ဦးသည် ထိုစကားအတွက်ပြစ်ဒဏ်မှာ မည်မျှကြောက်မက်ဖွယ်ကောင်းကြောင်းကို မသိဘဲလျက် အလ္လာဟ်အရှင်မြတ် အမျက်တော်ရှသည့် စကားတစ်ခွန်းကို ဆိုမိနိုင်သည်။ ထိုအကြောင်းကြောင့် အလ္လာဟ်အရှင်မြတ်သည် မိမိနှင့်ဝင်းတို့ တွေ့ဆုံကြမည့်နေ့တိုင်အောင် ၎င်းအား အမျက်ရှတော်မူကြောင်း အမိန့်ထုတ်ပြန်တော်မူလေသည်။'

သာဝကကြီး အလ်ကမဟ်ﷺသည် ဗိလာလ်အိဗ်နဟာရိဆ်ﷺထံမှ ဤအကြောင်းကို ဆင့်ပြန်ပြီးနောက်

ပြောလေ့ရှိခဲ့သည်မှာ 'ဤဟဒီးဆ်တော်ကြောင့် ကျွန်ုပ်မပြောဆိုဖြစ်ခဲ့သောစကား မည်မျှများလိုက်ပါသနည်း။'
(အိဗ်နိုကဆီး၏)

သေခြင်းတရား၏မိန်းမောမှု

"وَ جَآءَتۡ سَكۡرَةُ الۡمَوۡتِ بِالۡحَقِّ ؕ ذٰلِكَ مَا كُنۡتَ مِنۡهُ تَحِيۡدُ" စင်စစ်သော်ကား 'မရဏ'သေခြင်းတရား၏ မိန်းမောမှုသည် မှန်ကန်စွာ ရောက်လာခဲ့ချေပြီ။ ထိုသည်ပင် အကြင်အရာတည်း။ အသင်သည် ၎င်းမှ(လွတ်မြောက်ရန်) တိမ်းရှောင်လျက်ရှိခဲ့၏။"(၅၀း၁၉)။ 'စပ်က်ရတွလ်မောက်' ဟူသော စကားရပ်သည် သေအံ့ဆဲဆဲ ပုဂ္ဂိုလ်တစ်ဦး ကြုံတွေ့ရသည့် မချိတင်ကဲဝေဒနာနှင့် မေ့မြောလုမတတ်ဖြစ်ခြင်း သို့မဟုတ် မိန်းမောခြင်းကို ဆိုလိုသည်။ အဗူဗက်ရ် အိဗ်နွလ်အန်ဟရီ ﷺသည် ၎င်း၏ထပ်ဆင့်တင်ပြသော ခိုင်လုံသူများဖြင့် မတ်စ်ရွက်ထံမှ ဆင့်ပြန်သည်မှာ သာဝက ကြီး အဗူဗက်ရ်ဆွိဒ်ဒီးက် ﷺထံ၌ သေမင်း၏ နိမိတ်လက္ခဏာများ ပေါ်ထွက်လာသောအခါ၊ သခင်မ အာအိရှာ ﷺအား ခေါ်ခိုင်းခဲ့၏။ သူမရောက်ရှိလာပြီး၊ ဖခင်ဖြစ်သူ၏ အခြေအနေကို မြင်တွေ့ရသောအခါ၊ မဆိုင်းမတွပင် ကဗျာစပ်၍ ရွတ်ဆိုခဲ့သည်။

اِذَا حَشْرَجَتْ يَوْمًا وَضَاقَ بِهَا الصَّدْر

'တစ်နေ့သော် အသက်ဝိညာဉ်သည် စိတ်မအေးဖြစ်ရလိမ့်မည်။ ထို့ပြင် ရင်(ဘတ်)သည် ထို့အတွက်ကြောင့် ကျဉ်းမြောင်းလာလိမ့်မည်။'

ဤသည်ကို သာဝကကြီး အဗူဗက်ရ်ဆွိဒ်ဒီးက် ﷺ ကြားသောအခါ၊ 'သင်သည် မဆီမဆိုင် ဤကဗျာကို ရွတ်ဆိုခဲ့သည်။ သင်အဘယ်ကြောင့် ကုရ်အာန်အာယတ်တော်(၁၉) "وَ جَآءَتۡ سَكۡرَةُ الۡمَوۡتِ بِالۡحَقِّ ؕ ذٰلِكَ مَا كُنۡتَ مِنۡهُ تَحِيۡدُ" စင်စစ်သော်ကား 'မရဏ'သေခြင်းတရား၏ မိန်းမောမှုသည် မှန်ကန်စွာရောက်လာခဲ့ချေပြီ။ ထိုသည်ပင် အကြင်အရာတည်း။ အသင်သည် ၎င်းမှ(လွတ်မြောက်ရန်) တိမ်းရှောင်လျက်ရှိခဲ့၏။"(၅၀း၁၉)ကို မရွတ်ဆိုခဲ့ပါသနည်း။'ဟု ပြောကြားခဲ့၏။ ထိုအခြေအနေမျိုးကို တမန်တော်မြတ် ﷺ ရင်ဆိုင်ခဲ့ရသောအခါ၊ ၎င်းသည် ၎င်း၏ လက်အား ရေထဲသို့နှစ်ပြီး၊ ထိုလက်ဖြင့် မျက်နှာကို ပွတ်သပ်၍ لَاۤ اِلٰهَ اِلَّا اللّٰهُ اِنَّ لِلۡمَوۡتِ سَكَرَات 'အလ္လာဟ်အရှင်မြတ်မှ အပ အခြားကိုးကွယ်ရာ မရှိပါ။ သေခြင်းတရားတွင် စိတ်ထိခိုက်ခံစားမှု သို့မဟုတ် မိန်းမောမှုအမှန်ပင်ရှိပေသည်။'ဟု ရွတ်ဆိုခဲ့ပေသည်။

ဝိဘတ်စကားစု بِالۡحَقِّ 'မှန်ကန်မှုဖြင့်'တွင် ဝိဘတ် بِ 'ဘာ'ကိုဖြတ်၍ ကြိယာ၏လုပ်ရပ်သည် ကံပုဒ်ထံသို့ ရောက်ရှိ၏။ ဆိုလိုသည်မှာ သေခြင်း၏ စိတ်ထိခိုက်ခံစားမှုသည် မှန်ကန်၍စစ်မှန်သော အရာများကို ဖြစ်ပေါ်စေသည်။ ထိုအရာများမှ မည်သူမျှ မလွတ်မြောက် သို့မဟုတ် မရှောင်ရှားနိုင်ပေ။ (မဇ်ဟရီ)

ذٰلِكَ مَا كُنۡتَ مِنۡهُ تَحِيۡدُ (ထိုအရာသည် အသင်လွတ်မြောက်ရန် ကြိုးပမ်းခဲ့သော အရာပင် ဖြစ်၏။.... ၅၀း၁၉)။ 'တဟီးဒ်'သည် (ဦးခေါင်း)ငုံ့သည်။ တစ်ဖက်သို့လှည့်သည် သို့မဟုတ် နေရာတစ်ခုမှ ရှောင်တိမ်း သည်၊ ၎င်းကို ရှောင်ရှားသည် သို့မဟုတ် ရှောင်ကြဉ်သည်ကို ရည်ညွှန်းသော 'ဟာအိဒ်'မှဆင်းသက်၏။ ဤအာယတ်တော်သည် လူသားမျိုးနွယ် တစ်ခုလုံးကို မိန့်ကြားခြင်းဖြစ်၏။ သဘာဝအားဖြင့် လူတိုင်းသည် သေရမည်ကို ထိတ်လန့်၊ ကြောက်ရွံ့၊ တုန်လှုပ်ကြ သည်။ အသက်ရှင်ခြင်းသည် ၎င်းအဖို့ တွယ်တာဖွယ်ရာဖြစ်ပြီး၊ သေခြင်းသည် ၎င်းအဖို့ ဆင်းရဲဒုက္ခဖြစ်လေသည်။ ထို့ကြောင့် ၎င်းသည် သေခြင်းမှ ထွက်ပြေးရန် အစီအစဉ်များ ပြုလုပ်ခြင်းဖြစ်၏။ ရှရီအတ် ရွေထောင့်မှကြည့်လျှင် ဤသည်မှာ မှားယွင်းသည်လည်းမဟုတ်၊ အပြစ်တစ်ခုလည်း မဟုတ်ပေ။ သို့ရာတွင် သေခြင်းကို

ရှောင်လွှဲ၍ မရနိုင်ပါချေ။ အာယတ်တော်က ဖော်ပြလိုသည်မှာ 'ဤသည် အသင်တို့ လွတ်မြောက်ရန် သို့မဟုတ် ရှောင်လွှဲရန် သို့မဟုတ် ထွက်ပြေးရန် ကြိုးစားနေမှု၏ အဆုံးသတ်ဖြစ်၏။ ၎င်းသည် အသင့်ထံသို့ ရောက်လာခဲ့လေပြီ။ သို့ဖြစ်၍ အသင်၏ဆန္ဒ ပြည့်ဝတော့မည်မဟုတ်။ သင့်တွင် ၎င်းထံမှလွတ်မြောက်ရန် အကာအကွယ်တစ်ခု သို့မဟုတ် ခိုလှုံရာနေရာတစ်ခု သို့မဟုတ် လွတ်မြောက်ရာနယ်မြေတစ်ခု သို့မဟုတ် ခိုလှုံခွင့်တစ်ခု ရှိလိမ့်မည်မဟုတ်ပေ။'

ဟရှ်ရ်ကွင်းပြင်သို့ လူသားအား ခေါ်ဆောင်သွားမည့် ကောင်းကင်တမန်နှစ်ပါး

"وَ جَآءَتۡ كُلُّ نَفۡسٖ مَّعَهَا سَآئِقٞ وَّ شَهِيۡدٞ" ထိုမှတပါး လူတိုင်းသည် 'ဟရှ်ရ်' (စုရုံးရာဌာန)သို့ လာရပေမည်။ (ထိုအခါ) ၎င်းနှင့်အတူ မောင်းနှင်သူတစ်ဦး နှင့် သက်သေတစ်ဦး ရှိကြပေမည်။"(၅၀း၂၁)။ အာယတ်တော် (၂၀)က တရားစီရင်မည့်နေ့ ဖြစ်ပေါ်လာမည့်ပုံကို သရုပ်ဖော်ခဲ့သည်။ ဤအာယတ်တော်က လူသားအားလုံးကို ဟရှ်ရ်ကွင်းပြင်သို့ ခေါ်ဆောင်လာမည့်ပုံကို ဖော်ပြ၏။ လူတိုင်းနှင့်အတူ 'စာအစ်က်'တစ်ဦးနှင့် 'ရှဟီဒ်'တို့ ရှိကြလိမ့်မည်။ 'စာအစ်က်'သည် တိုက်ရိုက်အားဖြင့် တိရစ္ဆာန် တစ်အုပ် သို့မဟုတ် လူတစ်စု၏နောက်၌ရှိပြီး ၎င်းတို့အား သတ်မှတ်နေရာတစ်ခုသို့ မောင်းနှင်ပို့ဆောင်သည့် ပုဂ္ဂိုလ် တစ်ဦးကို ရည်ညွှန်း၏။ 'ရှဟီဒ်'သည် သက်သေတစ်ဦးကို ရည်ညွှန်း၏။ 'စာအစ်က်'သည် ကောင်းကင်တမန်တစ်ပါး ဖြစ်ကြောင်း ဟဒီးဆ်များက တညီတညွတ် ဖော်ပြသော်လည်း 'ရှဟီဒ်'နှင့် စပ်လျဉ်း၍မူ တဖိစိရိပညာရှင်များကြားတွင် ကွဲပြားသော အယူအဆများရှိကြ၏။ အချို့က ၎င်းသည်လည်း ကောင်းကင်တမန်တစ်ပါးပင်ဖြစ်ကြောင်း ဆိုကြသဖြင့် 'စာအစ်က်'နှင့် 'ရှဟီဒ်' ကောင်းကင်တမန်နှစ်ပါး ရှိပေမည်။ 'စာအစ်က်'၏တာဝန်မှာ လူများအား စုရုံးရာနေရာသို့ မောင်းနှင်သွားရန်ဖြစ်ပြီး၊ 'ရှဟီဒ်'၏အလုပ်မှာ လူတို့၏လုပ်ဆောင်မှုများကို တင်ပြသည့် အခါ၊ သက်သေခံရန်ဖြစ်၏။ အခြားဖြစ်နိုင်သော အဓိပ္ပါယ်ကောက်ယူမှုမှာ ဤကောင်းကင်တမန်နှစ်ပါးသည် လောကီ၌ လူသားတို့၏ လုပ်ဆောင်မှုများကို မှတ်တမ်းတင်ရန် လက်ယာဘက်နှင့် လက်ဝဲဘက်တွင် လူသားတို့နှင့်အတူ အမြဲရှိနေခဲ့ကြသော 'ဂုဏ်သရေရှိ စာရေးတော်များ'အား ရည်ညွှန်းခြင်းဖြစ်၏။ တတိယဖြစ်နိုင်ခြေမှာ ၎င်းတို့သည် ဤနေရာတွင် ဖော်ပြသောသူများ မဟုတ်ဘဲ အခြားသော ကောင်းကင်တမန်များကို ရည်ညွှန်းခြင်း ဖြစ်ပေမည်။

အချို့ပညာရှင်များက 'ရှဟီဒ်'သည် လူသား၏ လုပ်ရပ်များကို ရည်ညွှန်းသည်ဟု အဓိပ္ပါယ်ကောက်ကြပြီး၊ အချို့ပညာရှင်များကမူ လူသားကိုယ်၌ကို ရည်ညွှန်းသည်ဟု ထင်ကြ၏။ အိဗ်နကဆီးရ်က ယူဆသည်မှာ အာယတ်တော်၏ ရှင်းလင်းသော စာသားအရ 'ရှဟီဒ်'သည် လူသား၏လုပ်ရပ်များကို သက်သေထွက်ဆိုမည့် ကောင်းကင်တမန်တစ်ပါးပင်ဖြစ်၏။ သာဝကကြီး အွစ်မားန်အိဗ်နအဖ်ဖါးန်ﷺသည် တရားဓမ္မဟောကြားနေစဉ် ဤအာယတ်တော်ကို ရွတ်ဖတ်ပြီး " 'စာအစ်က်'သည် လူတိုင်းကို အလ္လာဟ်အရှင်မြတ် ထံတော်သို့ ပို့ဆောင်ပြီး၊ 'ရှဟီဒ်'သည် အကြင်သူ ပြုလုပ်ခဲ့သော အရာနှင့်စပ်လျဉ်း၍ သက်သေထွက်ဆိုလိမ့်မည်။"ဟု ပြောကြားခဲ့လေသည်။ သာဝကကြီး မူဂျာဟစ်၊ ကတာဒဟ်နှင့် အိဗ်နဇိုက်ဒ်ﷺတို့က နာမည်နှစ်ခုနှင့် စပ်လျဉ်း၍ ထိုအတိုင်းပင် အဓိပ္ပါယ်ကောက်ကြပြီး၊ အိဗ်နဇျရီးရ်ကလည်း ဤအဓိပ္ပါယ်ကို လက်ခံပေသည်။

သေဆုံးချိန်တွင် အကွယ်မှလောကကို မြင်တွေ့လာနိုင်မည်ဖြစ်၏။

"فَكَشَفۡنَا عَنكَ غِطَآءَكَ فَبَصَرُكَ ٱلۡيَوۡمَ حَدِيدٞ" သို့ဖြစ်ပေရာ (ယခုမူ) ငါအရှင်မြတ်သည် အသင့်အပေါ်မှ အကွယ်အကာကို ဖယ်ရှား၍ ပေးတော်မူလိုက်ပြီ။ ထို့ကြောင့် ယနေ့သော်ကား အသင်၏မြင်နိုင်သော သတ္တိမှာ ထိုးဖောက်၍ မြင်နိုင်စွမ်း ရှိနေပြီဖြစ်ပေသတည်း။"(၅၀း၂၂)။ ဤအာယတ်တော်သည် မည်သူတို့အား ရည်ညွှန်းမိန့်ကြားခြင်းဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ အယူအဆကွဲပြားမှုရှိ၏။ အလ္လာဟ်အရှင်မြတ်က လူသားအားလုံးကိုခြုံ၍ မိန့်တော်မူ

ခြင်းဖြစ်သည်ဟူသော အယူအဆအား ပို၍သဘောကျကြသည်။ ၎င်းတို့တွင် မုအ်မင်များ၊ ကာဖိရ်များ၊ ဘာသာတရား ကိုင်းရှိုင်းသူများ၊ ကောက်ကျစ်ယုတ်ညံ့သူများ ပါဝင်လေသည်။ အိပ်နဂျရီး၍၊ အိပ်နကဆီး၍နှင့် အခြားသူများက ဤသို့ ပင် လက်ခံကြ၏။ ပုံခိုင်းရလျှင် ဤလောကီသည် အိပ်မက်ကမ္ဘာနှင့် အလားတူပြီး၊ တမလွန်သည် နိုးကြားသည့် အခြေ အနေနှင့် တူပေသည်။ လူသည် အိပ်မက်လောကဌ် ရှိနေသောအခါ၊ ၎င်း၏မျက်စိများသည် ပိတ်၍နေသဖြင့် နောက် လောက၏ ဒိဋ္ဌဖြစ်ရပ်များကို ၎င်း၏စက္ခုအာရုံဖြင့် မြင်နိုင်ခြင်းမရှိပေ။ ၎င်း၏စက္ခုအာရုံ ပိတ်သွားသောအခါ၊ ၎င်း၏ အိပ်မက်ကမ္ဘာသည် အဆုံးသတ်ပြီ၊ နိုးထသည့် အခြေ အနေ စတင်လေသည်။ ထို့ပြင် ၎င်းသည် တမလွန်၏ ဒိဋ္ဌ ဖြစ်ရပ်ကို မြင်နိုင်စွမ်းရှိပြီးဖြစ်၏။ ထို့ကြောင့် ပညာရှင်များက အောက်ပါဆောင်ပုဒ်ကို ဖော်ထုတ်ခဲ့ကြသည်။

النَّاسُ نِيَامٌ فَإِذَا مَاتُوا انْتَبَهُوا

လူများသည် ဤလောကီ၌ အိပ်စက်၍နေကြ၏။ ၎င်းတို့သေဆုံးသောအခါ၊ ၎င်းတို့သည် နိုးထကြပေလိမ့်မည်။

قَالَ قَرِينُهُ هٰذَا مَا لَدَيَّ عَتِيدٌ "ထို့ပြင် ၎င်း၏အဖော်(ကောင်းကင်တမန်)က ပြောဆိုပေမည်။ ဤသည် ကျွန်ုပ်၏ထံ၌ အဆင်သင့်ရှိသော (နေ့စဉ်မှတ်တမ်း)ဖြစ်၏။"(၅၀း၂၃)။ 'ကရီန်'ဟူသော စကားလုံးသည် (အထက်တွင် 'အဖော်'ဟု ဘာသာပြန်၏။) လူသားနှင့် တစ်ချိန်လုံး အတူရှိနေသည့် မှတ်တမ်းတင်သော ကောင်းကင်တမန်ကို ရည်ညွှန်း၏ ရှေ့ပိုင်းတွင် လုပ်ဆောင်မှုများကို မှတ်တမ်းတင်သော ကောင်းကင်တမန်နှစ်ပါးရှိကြောင်း ကျွန်ုပ်တို့သိခဲ့ ရ၏။ အလျင်အာယတ်တော်၌ ၎င်းတို့အား 'စာအစ်က်'နှင့် 'ရှဟီဒ်'ဟု ရည်ညွှန်းပြသည်။ စကားဆက်စပ်မှုက ညွှန်ပြ သည်မှာ ရှင်ပြန်ထမည့် နေ့တွင် စာရေးတော်နှစ်ပါးသည် ကွဲပြားသော လုပ်ငန်းတာဝန်နှစ်ရပ်၌ ခန့်အပ်ခြင်းခံရမည်။ 'စာအစ်က်'အမည်ရှိ စာရေးတော်သည် လူများအား စုရုံးရာကွင်းပြင်ဆီသို့ မောင်းနှင်မည်ဖြစ်ပြီး၊ 'ရှဟီဒ်'အမည်ရှိ ဒုတိယစာရေးတော်သည် လုပ်ဆောင်မှုများ မှတ်တမ်းကို ယူဆောင်လာမည်ဖြစ်၏။ 'ဟရှ်ရ်'ကွင်းပြင်သို့ ရောက်ရှိပြီး နောက် ၎င်းက هٰذَا مَا لَدَيَّ عَتِيدٌ 'ဤသည် ကျွန်ုပ်ထံ၌ အဆင့်သင့်ရှိသော ၎င်း၏လုပ်ဆောင်မှုများမှတ်တမ်းဖြစ် ၏။' ဟု ပြောကြားလိမ့်မည်ဖြစ်၏။ ၎င်း၏တဖိစီရ်၌ အိပ်နဂျရီး၍က ဖော်ပြသည်မှာ 'ကရီန်'ဟူသော စကားလုံးသည် 'စာအစ်က်'နှင့် 'ရှဟီဒ်'ကောင်းကင်တမန် နှစ်ပါးစလုံးကိုဆိုကြောင်း နားလည်ရ၏။

أَلْقِيَا فِي جَهَنَّمَ كُلَّ كَفَّارٍ عَنِيدٍ "အသင်တို့နှစ်ဦးသည် အကြင်သူတိုင်းအား 'ဂျဟန္နမ်'ငရဲဘုံထဲသို့ ပစ်ချ လေကုန်။ ထိုသူသည် ကျေးဇူးကန်း သော၊ ဇွတ်တရွတ်နိုင်သော"(၅၀း၂၄)။ ကြိယာ 'အလ်ကိယာ'သည် သဒ္ဒါအလိုအရ နှစ်ခုကိန်းဖြစ်သောကြောင့် ပုဂ္ဂိုလ်နှစ်ဦးကို မိန့်ကြားခြင်းဖြစ်၏။ ဤစကားလုံးများကို အလ္လာဟ်အရှင်မြတ်သည် 'စာလစ်က်'နှင့် 'ရှဟီဒ်'တို့အား မိန့်တော်မူ ပုံရ၏။ အလ္လာဟ်အရှင်မြတ်က ၎င်းတို့အား ထိုသူကို ငရဲမီးထဲသို့ပစ်ချရန် အမိန့်ပေးတော်မူလိမ့်မည်ဖြစ်၏။ အခြားပညာရှင်အချို့ကမူ အာယတ်တော်ကို မတူကွဲပြားစွာ ရှင်းပြကြသည်။

(အိပ်နကဆီး၍)

အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်၌ လူသားနှင့် (ရှိုင်တွာန်)မိစ္ဆာကောင်တို့ အငြင်းပွားကြခြင်း

قَالَ قَرِينُهُ رَبَّنَا مَا أَطْغَيْتُهُ "၎င်း၏အဖော် ('ရှိုက်တွာန်' မိစ္ဆာကောင်)က ပြောဆို(လျှောက်ထား)ပေမည်။ အို- ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် ကျွန်တော်မျိုးတို့သည် ၎င်းအား ဆိုးသွမ်း မိုက်မဲ စေခဲ့သည် မဟုတ်ပါ။ စင်စစ်မှာ ၎င်းတို့ကိုယ်တိုင်သည်ပင်လျှင် ဝေးလံစွာသော လမ်းမှားမှု၌ ရှိနေခဲ့ပါသည်။"(၅၀း၂၇)။ 'ကရီန်'ဟူသော စကားလုံးသည် တိုက်ရိုက်အားဖြင့် အခြားသူတစ်ဦးနှင့်အတူရှိသော သို့မဟုတ် တွဲဖက်သော အဖော် တစ်ဦးကို ရည်ညွှန်း၏။ ဤရှုထောင့်မှကြည့်လျှင် အလျင်အာယတ်တော်မှ 'ကရီန်'သည် လူသားတို့နှင့်အတူရှိပြီး

ၔင်းတို့၏လုပ်ဆောင်မှုများကို မှတ်တမ်းတင်သည့် ကောင်းကင်တမန်နှစ်ပါးကို ရည်ညွှန်းခဲ့၏။ လူသားနှင့်အတူ ကောင်းကင်တမန်နှစ်ပါး ရှိသကဲ့သို့ လူသားအား အပြစ်များကို ကျူးလွန်စေပြီး၊ လမ်းလွဲသွေဖည်မှုဆီသို့ ခေါ်ဆောင်သော (ရှိုင်တွာန်)မိစ္ဆာတစ်ကောင်လည်း ရှိပေသည်။ ဤအာယတ်တော်မှ 'ကရီန်'သည် မိစ္ဆာကောင်ကို ရည်ညွှန်းခြင်းဖြစ်၏။ အကြင်ပုဂ္ဂိုလ်အား ငရဲဘုံတွင်းသို့ ပစ်ချရန် အမိန့်တော်ချမှတ်လိမ့်မည်ဖြစ်၍ ၔင်းသည် ၔင်းအား လမ်းလွဲစေရန် မိစ္ဆာကောင်က သွေးဆောင်ခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့မဟုတ်က ၔင်းအနေဖြင့် ကောင်းမှုများကို ပြုလုပ်ခဲ့လိမ့်မည်ဖြစ်ပါသည်ဟု လျှောက်ထားမည့်ပုံပေါ်လေသည်။ တုံ့ပြန်သည့်အနေဖြင့် ရှိုင်တွာန်သည် ၔင်းအား စွန့်ပစ်၍ ရှင်ပြန်ထမည့်နေ့တွင် ကာဖိရ်တစ်ဦးအဖြစ် ရောက်လာခဲ့သော လူသားအကြောင်းကို 'ကျွန်တော်မျိုးသည် ၔင်းအား လမ်းလွဲအောင် ပြုလုပ်ခဲ့ခြင်း မဟုတ်ပါ၊ အမှန်စင်စစ် ၔင်းကိုယ်တိုင်က လမ်းလွဲသို့လိုက်ခဲ့ပြီး၊ အမှန်တရားကို အလေးမထားခဲ့ခြင်း ဖြစ်ပါသည်။'ဟု လျှောက်တင်လိမ့်မည် ဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် နောက်အာယတ်တွင် လာရှိသည့် အတိုင်း တုံ့ပြန်မိန့်တော်မူပေမည်။

"لَا تَخْتَصِمُوْا لَدَيَّ وَقَدْ قَدَّمْتُ اِلَيْكُمْ بِالْوَعِيْدِ" ထိုအရှင်မြတ်သည် မိန့်ကြားတော်မူပေမည်။ အသင်တို့သည် ငါအရှင်မြတ်၏ အထံတော်၌ အငြင်းအခုန် မပြု ကြကုန်လင့်၊ အမှန်စင်စစ်မှာမူကား ငါအရှင်မြတ်သည် (ပြစ်ဒဏ်နှင့်စပ်လျဉ်း၍) ချိန်းဆိုချက်ကို အသင်တို့ထံ တင်ကြို ပို့နှင့်တော်မူခဲ့ပြီးဖြစ်၏။"(၅၀း၂၈)။ အာယတ်တော်က ဆိုလိုသည်မှာ 'ငါအရှင်မြတ်သည် အသင့်အား လွန်လေပြီးသော ရဏ္ဍလတမန်တော်တို့၏ သတင်းစကားများဖြင့် လုံလောက်သောသက်သေကို ပေးတော်မူခဲ့ပြီးဖြစ်၏။ ထို့ပြင် ငါအရှင် မြတ်သည် ကျမ်းဂန်များကိုလည်း ချပေးတော်မူခဲ့၏။ ဤနည်းအားဖြင့် အသင့်အား အရေးယူရန် အထောက်အထားများ၊ လက္ခဏာများနှင့် သက်သေခံများကို ခိုင်မာစွာတည်ဆောက်ထားပြီးဖြစ်၍ အသင်၏ မခိုင်လုံသော ဆင်ခြေများ၊ အကြောင်းပြချက်များနှင့် အငြင်းအခုံများသည် ယနေ့သော် အကျိုးရှိလိမ့်မည် မဟုတ်တော့ပေ။'

"مَا يُبَدَّلُ الْقَوْلُ لَدَيَّ وَمَآ اَنَا بِظَلَّامٍ لِّلْعَبِيْدِ" ငါအရှင်မြတ် အထံတော်၌ စကားပြောင်းလဲသည်ဟူ၍ မရှိပြီ။ ထိုမှတပါး ငါအရှင်မြတ်သည် ငါ၏ကျွန်တို့အား မတရားပြုလုပ်တော်မူသော အရှင်လည်း မဟုတ်ပြီ။"(၅၀း၂၉)။ 'ဇကန်မုချ အကောင်အထည်ဖော်မည် ဖြစ်သော ငါအရှင်မြတ်၏ ဆုံးဖြတ်ချက်ကို ချမှတ်တော်မူပြီးဖြစ်၏။ ထိုဆုံးဖြတ်ချက်အား ဘယ်သောခါမျှ ပြောင်းလဲတော်မူလိမ့်မည်မဟုတ်။ ၔင်းတို့တွင် အပြစ်ရှိကြောင်း သက်သေပြချက်များကို ခိုင်မာအောင် ပြုလုပ်ပြီးသည့်နောက် မိမိတို့၏ အပြစ်ကြောင့်မှတပါး မည်သူကိုမျှ ပြစ်ဒဏ်ပေးတော်မူမည်မဟုတ်။ ဤသည် အကြွင်းမဲ့မျှတ၍ တရားသော ဆုံးဖြတ် ချက်တစ်ရပ်ပင် ဖြစ်ကုန်၏။'

အာယတ်တော် (၃၀-၃၅)

يَوْمَ نَقُوْلُ لِجَهَنَّمَ هَلِ امْتَلَاْتِ وَتَقُوْلُ هَلْ مِنْ مَّزِيْدٍ ﴿٣٠﴾ وَاُزْلِفَتِ الْجَنَّةُ
لِلْمُتَّقِيْنَ غَيْرَ بَعِيْدٍ ﴿٣١﴾ هٰذَا مَا تُوْعَدُوْنَ لِكُلِّ اَوَّابٍ حَفِيْظٍ ﴿٣٢﴾ مَنْ
خَشِيَ الرَّحْمٰنَ بِالْغَيْبِ وَجَآءَ بِقَلْبٍ مُّنِيْبِ ﴿٣٣﴾ ادْخُلُوْهَا بِسَلٰمٍ ذٰلِكَ
يَوْمُ الْخُلُوْدِ ﴿٣٤﴾ لَهُمْ مَّا يَشَآءُوْنَ فِيْهَا وَلَدَيْنَا مَزِيْدٌ ﴿٣٥﴾

(အို-နဗီတမန်တော် အသင်သည် သတိရစေပါလေ။) အကြင်နေ့တွင် ငါအရှင်မြတ်သည် 'ဂျဟန္နမ်'ငရဲဘုံကို အသင်သည် ပြည့်လေပြီလောဟု မိန့်ကြားတော်မူမည်။ ထိုအခါ ယင်းဂျဟန္နမ်ငရဲဘုံက 'နောက်ထပ်ရှိပါသေးသလော' ဟုလျှောက်ထားပေမည်။[၃၀] ထိုမှတပါး 'ဂျန္နတ်'သုခဘုံသည် မွတ္တကီ သူတော်စင်များအနီးသို့ ယူလာခြင်းကို ခံရပေမည်။ (ယင်း 'ဂျန္နတ်'သုခဘုံမှာ) ဝေးကွာလှမည် မဟုတ်ပေ။[၃၁] ဤသည် (အလ္လာဟ်အရှင်မြတ်ဘက်သို့) ပြန်လှည့်သူ (ထိုအရှင်မြတ်၏ စည်းကမ်းသတ်မှတ် ချက်များကို) စောင့်စည်းသူတိုင်းအဖို့ ဖြစ်သည်ဟူ၍ အသင်တို့ကတိပေးခြင်းခံကြရသော အရာပင် ဖြစ်ပေသည်။[၃၂] ထိုသူသည် 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်အား မမြင်ဘဲလျက် ကြောက်ရွံ့ခဲ့၏။ ထိုမှ တပါး ထိုသူသည် ပြန်လှည့်သော စိတ်နှလုံးကို ယူဆောင်လာခဲ့၏။[၃၃] (ထိုကဲ့သို့သော သူတို့သည် ဤသို့ မိန့်ကြားတော်မူခြင်းကို ခံကြရပေမည်။) အသင်တို့သည် ယင်း'ဂျန္နတ်'သုခဘုံသို့ ငြိမ်းချမ်းစွာ ဝင်ရောက်ကြလေကုန်။ ဤသည် အမြဲထာဝရနေထိုင်ရမည့်နေ့ဖြစ်၏။[၃၄]ၔင်းတို့အဖို့ယင်း'ဂျန္နတ်'သုခဘုံ၌ၔင်းတို့အလိုရှိကြသော အရာဟူ၍ ရှိရှိမျှမက ငါအရှင်မြတ် အထံတော်၌(ထိုထက်) အပိုကျေးဇူးတော်များလည်း ရှိဇေသတည်း။[၃၅]

'အောင်ဝါဗ်'နှင့် 'ဟဖီဇ်'ဟူသော စကားလုံးများအား စိတ်ဖြာလေ့လာခြင်း

لِكُلِّ أَوَّابٍ حَفِيظٍ "ဤသည် (အလ္လာဟ်အရှင်မြတ်ဘက်သို့) ပြန်လှည့်သူ၊ (ထိုအရှင်မြတ်၏ စည်းကမ်းသတ်မှတ်ချက်များကို) စောင့်စည်းသူတိုင်းအဖို့ ဖြစ်သည်ဟူ၍ အသင်တို့ကတိပေးခြင်း ခံကြရသောအရာပင် ဖြစ်ပေသည်။"(၅၀း၃၂)။ ဂျန္နတ်သုခဘုံသည် 'အောင်ဝါဗ်'နှင့် 'ဟဖီဇ်'ဖြစ်ကြသော လူတိုင်းအား ကတိထားတော်မူသည့် အရာဖြစ်၏။ 'အောင်ဝါဗ်' သည် အလ္လာဟ်အရှင်မြတ် ဘက်တော်သို့လှည့်သော ပုဂ္ဂိုလ်ကို ရည်ညွှန်း၏။ ဤနေရာတွင် မိမိ၏အပြစ်များအတွက် နောင်တဖြင့် ထိုအရှင်မြတ်ဘက်တော်သို့ ပြန်လှည့်သူကို ဆိုလိုသည်။ သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နမတ်စအူးဒ်ﷺ၊ ရှအ်ဗီနှင့် မူဂျာဟစ်ﷺတို့က 'အောင်ဝါဗ်'သည် တစ်ကိုယ်တည်း၊ သီးသန့်၊ လျှို့ဝှက်စွာ မိမိ၏အပြစ်များကို ပြန်ပြောင်းသတိရပြီး၊ အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်မှုကို တောင်းခံသောသူအား ရည်ညွှန်းသည်ဟု ဆိုကြ၏။ အဗေ့ဒ်အိဗ်နအုမိုင်းရ်ﷺကမူ 'အောင်ဝါဗ်'သည် မိမိ၏အပြစ်များအတွက် အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်မှုကို အချိန်တိုင်းတောင်းခံနေသူ ဖြစ်သည်ဟု ပြောကြားခဲ့၏။ ထို့ပြင် ၎င်းကဆက်၍ပြောသည်မှာ ကျွန်ုပ်တို့အနေဖြင့် အောက်ပါတိုင်တည်စကားကို ရွတ်ဆိုသင့်၏။

سُبْحَانَ اللّٰهِ وَبِحَمْدِهٖ اَللّٰهُمَّ اِنِّیْ اَسْتَغْفِرُكَ مِمَّا اَصَبْتُ فِیْ مَجْلِسِیْ هٰذَا

'အလ္လာဟ်အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူပါ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းသည် ထိုအရှင်မြတ်အဖို့ ဖြစ်တော်မူပေသည်။ အို- အလ္လာဟ်၊ ဤအချိန်ပိုင်းအတွင်း ကျွန်တော်မျိုး ကျူးလွန်မိခဲ့နိုင်သော မကောင်းမှုကို ခွင့်လွှတ်တော်မူပါရန် အလ္လာဟ်အရှင်မြတ်ထံ အသနားခံလျှောက်ထားအပ်ပါသည်။'

တမန်တော်မြတ်၏ဟဒီးဆ်တော်တစ်ရပ်၌ ကျွန်ုပ်တို့ လူစုခွဲသောအခါ၊ အောက်ပါဆုတောင်းကို ရွတ်ဆိုကြရန် ကျွန်ုပ်တို့အား တိုက်တွန်း၏။ ထိုအစည်းအဝေး ထိုင်ပိုင်းတွင် ကျွန်ုပ်တို့ကျူးလွန်မိခဲ့နိုင်သော အပြစ်အားလုံးကို အလ္လာဟ်အရှင်မြတ် ခွင့်လွှတ်တော်မူပေမည်။

سُبْحَانَكَ اَللّٰهُمَّ وَبِحَمْدِكَ لَا اِلٰهَ اِلَّا اَنْتَ اَسْتَغْفِرُكَ وَاَتُوْبُ اِلَيْكَ

'အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူပါ၏။ အို- အလ္လာဟ်။ ထို့ပြင် ချီးမွမ်းထောပနာခြင်း အပေါင်းသည် အရှင်မြတ်အဖို့ ဖြစ်တော်မူပေသည်။ အရှင်မြတ်မှတပါး အခြားကိုးကွယ်ရာမရှိပါ။ အရှင်မြတ်၏ခွင့်လွှတ်မှုကို ကျွန်တော်မျိုး တောင်းခံသည့်ပြင် အရှင်မြတ်ဘက်တော်သို့ နောင်တ တရားဖြင့် ပြန်လှည့်ပါ၏။'

သာဝကကြီး အဗ်ဒွလ္လာအိဗ်နအဗ္ဗာစ်ﷺ၏ အဆိုအရ حَفِيْظ 'ဟဖီဖွ်'သည် မိမိ၏အပြစ်များကို သတိ ရ သောကြောင့် အလ္လာဟ်အရှင်မြတ် ဘက်တော်သို့ ပြန်လှည့်ပြီး အမှားကိုပြုပြင်သောသူဖြစ်၏။ ၎င်းထံမှ အခြားတင်ပြ ချက်တစ်ခုက အဓိပ္ပါယ်ဖွင့်ဆိုသည်မှာ اَلْحَفِيْظُ هُوَ الْحَافِظُ لِاَمْرِ اللّٰهِ 'ဟာဖီဖွ်'သည် အလ္လာဟ်အရှင်မြတ်နှင့် ထားရှိခဲ့ သော မိမိ၏ပဋိညာဉ်ကို သတိရပြီး၊ ထိုပဋိညာဉ်ကို မချိုးဖောက် သို့မဟုတ် သစ္စာမဖောက်သောသူဖြစ်၏။ သာဝကကြီး အဗူဟူရိုင်ရဟ်ﷺက တမန်တော်မြတ်ﷺထံမှ ဆင့်ပြန်သည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ 'နေ့၏အစတွင် 'အိရ်ရာက်' ဆွလာတ်(၄)ရကအတ်ဝတ်ပြုသော မည်သူမဆိုသည် 'အောင်ဝါဗ်'နှင့် 'ဟဖီဖွ်'ဖြစ်၏။'(ကုရ်တူဗီ)

وَجَآءَ بِقَلْبٍ مُّنِيْبٍ"ထိုသူသည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်အား မမြင်ဘဲလျက် ကြောက်ရွံ့ခဲ့၏။ ထိုမှတပါး ထိုသူသည် ပြန်လှည့်သော စိတ်နလုံးကို ယူဆောင်လာခဲ့၏။"(၅၀း၃၃)။ အဗူဗက်ရ်ဝရ်ရားက်က ပြောကြား သည်မှာ 'မုနီဗ်'၏ ထူးခြားဝိသေသများမှာ ၎င်းသည် အလ္လာဟ်အရှင်မြတ်အား အမြဲဦးထိပ်ထားလျက် ထိုအရှင်မြတ် ထံတော်၌ မိမိကိုယ် မိမိနှိမ့်ချကာ မိမိ၏ကာမဂုဏ်အာရုံနှင့် နိမ့်ကျသော အလိုဆန္ဒများကို စွန့်လွှတ်သူဖြစ်၏။

لَهُمْ مَّا يَشَآءُوْنَ فِيْهَا"၎င်းတို့အဖို့ ယင်း'ဂျန္နတ်'သုခဘုံ၌၊ ၎င်းတို့အလိုရှိကြသောအရာဟူ၍ ရှိရုံမျှမက ငါအရှင်မြတ်အထံတော်၌ (ထိုထက်) အပိုကျေးဇူးတော်များလည်း ရှိချေသတည်း။"(၅၀း၃၅)။ အာယတ်တော်က ဂျန္နတ်သုခဘုံ၏ ဝမ်းမြောက် ကြည်နူးဖွယ်ရာများကို သရုပ်ဖော်သည်။ ပထမပိုင်း (၎င်းတို့အဖို့ ၎င်းတို့အလိုရှိသော အရာဟူ သ၍ရှိပေသည်။)ဟု မိန့်ဆို၏။ တစ်နည်းအားဖြင့် သူတော်စင်များသည် ၎င်းတို့အလိုရှိသော ဝမ်းမြောက် ကြည်နူးဖွယ် အရာဟူသမျှကို နောင့်နေးခြင်းမရှိဘဲ ယူလာပေးခြင်း ခံကြရမည်။ သာဝကကြီး အဗူစအစ်ခူဒရီﷺအား ကိုးကားလျက် မုစ်နဒ်အဟ်မဒ်ကျမ်း၌ တင်ပြသည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ 'အကယ်၍ ဂျန္နတ်ထဲမှ တစ်ဦးတစ်ယောက်သည် သားသမီးရယူလိုသော ဆန္ဒရှိပါက ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်းနှင့် ကလေး ကြီးပြင်းခြင်းတို့သည် တစ်ခဏအတွင်း ဖြစ်ပျက်လိမ့်မည်ဖြစ်၏။'(အိဗ်နကဆီး၎)

အာယတ်တော်၏ ဒုတိယပိုင်းက وَلَدَيْنَا مَزِيْدٌ (ငါအရှင်မြတ်ထံတော်၌ (ထိုထက်အပိုကျေးဇူး တော် များလည်း ရှိချေသတည်း။)ဟု မိန့်တော်မူသည်။ တစ်နည်းအားဖြင့် အလ္လာဟ်အရှင်မြတ်ထံတော်၌ လူသားတို့ မစဉ်းစားမိသော မက်မောဖွယ် ဝမ်းမြောက်ကြည်နူးဖွယ်ရာများ ရှိတော်မူသည်။ ထို့ကြောင့် ၎င်းတို့သည် ထိုအရာများ အတွက် ဆန္ဒရှိခြင်း၊ တပ်မက်ခြင်း မပြုနိုင်ကြပေ။ သာဝကကြီး အနာစ်နှင့် ဂျာဗိရ်ﷺတို့က ပြောကြားခဲ့သည်မှာ ဤအကြောင်းရပ်၌ 'ပိုရှ်'သည် ဂျန္နတ်သုခဘုံသားတို့၏ အလ္လာဟ် 'ဗိလကိုက်ဖ်' (ဘယ်ပုံဘယ်နည်း ဖြစ်မည်မှန်းမသိ သော သို့မဟုတ် ဖော်ပြနိုင်စွမ်းမရှိသော ပုံစံဖြင့်)အား ဖူးမြင်နိုင်ခြင်းတည်းဟူသော အကြီးကျယ်ဆုံး ဆုလာဘ်ကို ရည်ညွှန်းခြင်းဖြစ်၏။ တမန်တော်မြတ်ﷺ၏ အဆိုအရ ဤသည်မှာ (၁၀း၂၆)၌ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသော لِلَّذِيْنَ اَحْسَنُوا الْحُسْنٰى وَزِيَادَةٌ (ကောင်းမှုကိုပြုကြသောသူတို့အဖို့ ကောင်းမြတ်သောအကျိုး (ဝါ) ဂျန္နတ်သုခဘုံ ရှိသည့်ပြင် အပို(ဆုလာဘ်များ)လည်း ရှိချေသည်။)နှင့် အလားတူ ဖြစ်လေသည်။ အချို့ဆင့်ပြန်ချက်များက သုခဘုံ သားတို့သည် အလ္လာဟ်အရှင်မြတ်အား သောကြာနေ့တွင် ဖူးမြင်ကြလိမ့်မည်ဖြစ်သည်ဟုဆို၏။ (ကုရ်တူဗီ)

အာယတ်တော် (၃၆-၄၀)

وَكَمْ اَهْلَكْنَا قَبْلَهُمْ مِّنْ قَرْنٍ هُمْ اَشَدُّ مِنْهُمْ بَطْشًا فَنَقَّبُوْا فِى الْبِلَادِ ؕ
هَلْ مِنْ مَّحِيْصٍ ﴿۳۶﴾ اِنَّ فِىْ ذٰلِكَ لَذِكْرٰى لِمَنْ كَانَ لَهٗ قَلْبٌ اَوْ اَلْقَى السَّمْعَ
وَهُوَ شَهِيْدٌ ﴿۳۷﴾ وَلَقَدْ خَلَقْنَا السَّمٰوٰتِ وَالْاَرْضَ وَمَا بَيْنَهُمَا فِىْ سِتَّةِ
اَيَّامٍ ۖ وَّمَا مَسَّنَا مِنْ لُّغُوْبٍ ﴿۳۸﴾ فَاصْبِرْ عَلٰى مَا يَقُوْلُوْنَ وَسَبِّحْ بِحَمْدِ
رَبِّكَ قَبْلَ طُلُوْعِ الشَّمْسِ وَقَبْلَ الْغُرُوْبِ ﴿۳۹﴾ وَمِنَ الَّيْلِ فَسَبِّحْهُ وَاَدْبَارَ
السُّجُوْدِ ﴿۴۰﴾

စင်စစ်သော်ကား ငါအရှင်မြတ်သည် ထိုသူတို့အလျင် မြောက်မြားစွာသောလူမျိုးဆက်တို့ကို ဖျက်ဆီးတော်မူခဲ့၏။ ၎င်းတို့မှာ ထိုသူတို့ထက် ရဲစွမ်းသတ္တိခွန်အားဗလ ကြီးမားကြံ့ခိုင်သူများ ဖြစ်ခဲ့ကြကုန်၏။ ထိုအခါ ၎င်းတို့သည် အမြဲမြဲအရွာရွာ၌ (ခိုလှုံရာနေရာများကို) လိုက်လံရှာဖွေခဲ့ကြကုန်၏။ (သို့တစေလည်း ၎င်းတို့သည်) ထွက်ပြေးတိမ်းရှောင်ရာ နေရာဟူ၍ ရှာဖွေတွေ့ရှိခဲ့ကြလေသလော။[၃၆] စင်စစ်ဇကန် ဤသည်၌ စိတ်နှလုံးရှိသော သူတို့အဖို့ သို့မဟုတ် စိတ်ပါဝင်စား စွာ အသင့် ရောက်ရှိ၍ နားစိုက်သော သူတို့အဖို့ အမှန်ပင် သင်ခန်းစာရှိ၏။[၃၇] ထိုမှတပါး ဇကန်မလွဲ ငါအရှင်မြတ်သည် မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကို လည်းကောင်း၊ ထိုမိုးများနှင့်မြေကြီးရှိ အရာများကို လည်းကောင်း၊ ခြောက်ရက်အတွင်း ဖန်ဆင်းတော်မူခဲ့၏။ သို့တစေလည်း ငါအရှင်မြတ်၌ ပင်ပန်းနွမ်းနယ်မှုဟူ၍ အလျှင်းသင့်ရောက်ခဲ့သည် မရှိချေ။[၃၈] သို့ဖြစ်ပေရာ (အို-နဗီတမန်တော်)၊ အသင်သည် ၎င်းတို့၏ ပြောဆိုမှုများနှင့် စပ်လျဉ်း၍ သည်းခံပါလေ။ ထို့ပြင် အသင်သည် နေမထွက်မီ လည်းကောင်း၊ နေမဝင်မီ လည်းကောင်း၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ (ထို အရှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုလျက်ရှိပါလေ။[၃၉] ထိုမှတပါး အသင်သည် ညဉ့်အချိန်၌ လည်းကောင်း၊ 'ဆွလာတ်' ဝတ်ပြုမှုများ၏ နောက်တွင် လည်းကောင်း၊ ထိုအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုပါလေ။[၄၀]

ကာဖိရ်များအား ကျရောက်ခဲ့သော ဆင်းရဲဒုက္ခအကြောင်းကို သတိပေးခြင်း

هَلْ مِنْ مَّحِيْصٍ ؕ فَنَقَّبُوْا فِى الْبِلَادِ "စင်စစ်သော်ကား ငါအရှင်မြတ်သည် ထိုသူတို့အလျင် မြောက်မြားစွာသော လူမျိုးဆက်တို့ကို ဖျက်ဆီးတော် မူခဲ့၏။ .... ထိုအခါ ၎င်းတို့သည် အမြဲမြဲအရွာရွာ၌ (ခိုလှုံရာနေရာများကို) လိုက်လံရှာဖွေခဲ့ကြကုန်၏။ (သို့တစေလည်း ၎င်းတို့သည်) ထွက်ပြေးတိမ်းရှောင်ရာနေရာဟူ၍ ရှာဖွေတွေ့ရှိခဲ့ကြလေသလော။"(၅၀း၃၆)။ ဤအာယတ်တော်၏ အဆုံးသတ်စာကြောင်းမှ ကြိယာ 'نَقَّبُوْا'နတ်ကွဲပူ'သည် တိုက်ရိုက်အားဖြင့် တွင်းတူးသည်၊ အပေါက် ဖောက်သည်၊ ထိုးဖောက်သည်ဟု အဓိပ္ပါယ်ရသော အခြေခံကြိယာ 'တန်ကီဗ်'မှ ဆင်းသက်

ပြီး၊ ဓလေ့သုံးစကား (ဥပစာစကား)အနေဖြင့် ထိုစကားလုံးသည် ကွာဝေးသောနယ်မြေ သို့မဟုတ် တိုင်းပြည် သို့မဟုတ် ခရီး သို့မဟုတ် လမ်းကြောင်းကို ဖြတ်သန်း၍သွားသည် သို့မဟုတ် ထွက်ခွာသည်ဟု ဆိုလိုခြင်းဖြစ်၏။ (အလ်ကမူးစ်)

'မဟီဆ်ွ'ဟူသော စကားလုံးသည် ခိုလှုံခွင့် သို့မဟုတ် ခိုလှုံရာနေရာကို ဆိုလိုသည်။ ဤအာယတ်တော်၌ အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်တို့အား အဖြေမတောင်းသောမေးခွန်းကို မေးတော်မူသည်။ သင်တို့၏အလျင်မျိုးဆက်ပေါင်း မည်မျှကို ငါအရှင်မြတ်က ဖျက်ဆီးတော်မူခဲ့ပြီးပြီနည်း။ ၎င်းတို့သည် အသင်တို့ထက် အရေအတွက် များပြားသည့်ပြင် ရဲစွမ်းသတ္တိနှင့် ခွန်အားဗလပို၍ကြီးမားခဲ့ကြ၏။ထို့ပြင်၎င်းတို့သည်ကုန်သွယ်စီးပွားပြုလုပ်ရန်အတွက် နယ်မြေအနှံ့ ခရီးထွက်ခဲ့ကြသည်။ သို့သော် သတ်မှတ်ပြီးဖြစ်သော ၎င်းတို့၏သေခြင်းမှ လွတ်မြောက်ရန် ခိုလှုံရာကို ရှာမတွေ့နိုင်ခဲ့ကြပေ။ မည်သည့်နယ်မြေကမှ ၎င်းတို့အား ခိုလှုံခွင့်မပေးနိုင်ခဲ့ပါချေ။

အသိပညာဆည်းပူးရာလမ်းကြောင်းများ

لِمَنْ كَانَ لَهٗ قَلْبٌ (စိတ်နှလုံးရှိသောသူ.... ၅၀း၃၇)။ ဤနေရာတွင် 'ကလ်ဗ်'(စိတ်နှလုံး)သည် 'အကာလ်'(အသိဉာဏ်)ကို ဆိုလိုကြောင်း အိမ်နအဗ္ဗာစ်ﷺက ပြောကြား၏။ အဘယ်ကြောင့်ဆိုသော် အသိဉာဏ်၏ ဗဟို ချက်သည် စိတ်နှလုံး ဖြစ်သောကြောင့်ဖြစ်၏။ အချို့သော ကုရ်အာန်ပညာရှင်များက ဆိုကြသည်မှာ 'စိတ်နှလုံး'သည် ဤနေရာတွင် 'စိတ်ပါဝင်စားမှု'ကို ရည်ညွှန်းသည်။ အဘယ်ကြောင့်ဆိုသော် စိတ်ပါဝင်စားမှု၏ ဝင်ရိုးသည် စိတ်နှလုံး ဖြစ်သောကြောင့် စိတ်ပါဝင်စားမှု သို့မဟုတ် ကောင်းစွာနားလည်သဘောပေါက်မှု ရှိသောသူသာလျှင် ကုရ်အာန်၏ အကြံဉာဏ်နှင့် သင်ခန်းစာများမှ အကျိုးခံစားနိုင်လိမ့်မည်ဟု အာယတ်တော်က ဆိုလိုခြင်းဖြစ်၏။ အသိဉာဏ်မဲ့သူတစ်ဦးသည် ကုရ်အာန်မှ အကျိုးကျေးဇူးကို ရယူခံစားနိုင်လိမ့်မည် မဟုတ်ပေ။

اَوْ اَلْقَى السَّمْعَ وَ هُوَ شَهِيْدٌ [သို့မဟုတ် စိတ်ပါဝင်စားစွာ အသင့်ရောက်ရှိ၍ နားစိုက်သောသူတို့အဖို့ အမှန်ပင် သင်ခန်းစာရှိ၏။ .... ၅၀း၃၇]။ 'အလ်ကပ်စ်စမ်အ်'ဟူသော စကားရပ်သည် ဂရုစိုက်၍နားထောင်သူကို ရည်ညွှန်းပြီး၊ 'ရှဟီဒ်'သည် 'ရှိနေသော' ကို ဆိုလိုသည်။ အထက်ပါ အာယတ်တော်၏ သတင်းစကားမှာ လူနှစ်မျိုးနှစ်စားသည် အကျိုးခံစားကြရသည်။ (၁) စိတ်နှင့်အသိဉာဏ်ရှိပြီး၊ ထိုအရာကို ၎င်း၏စိတ်ထဲမှ နားလည်သဘောပေါက်သည့်ပြင် လက်ခံသောသူနှင့် (၂) အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကို စူးစိုက်သော စိတ်နှလုံးဖြင့် အလေးထား နားထောင်ပြီး၊ ၎င်း၏စိတ်နှလုံး သည် အာယတ်တော်များ၌ ရှိနေကာ အခြားတစ်ပါးသို့ စိတ်မရောက်သောသူတို့ ဖြစ်ကြသည်။ မဇ်ဟရီ၏ အဓိပ္ပါယ် ကောက်ယူပုံမှာ ပထမအမျိုးအစားကို 'ကာမီလင်' (အစွမ်းလမ်းလူမှုအသိုင်းအဝိုင်းမှ အပြည့်အဝ တတ်ကျွမ်းနားလည်သော အဖွဲ့ဝင်များ)ဟုခေါ်၏။ ဒုတိယအမျိုးအစားမှာ ၎င်းတို့၏ နောက်လိုက်များ ဖြစ်ကြသည်။ ၎င်းတို့သည် စိတ်ပိုင်း ဆိုင်ရာလမ်းပြသူ၏ လမ်းညွှန်မှုအောက်မှ စစ်မှန်မှုကို ရှာဖွေသူများဖြစ်ကြပြီး၊ ၎င်းတို့၏ရိုးသားမှုနှင့် ဖြူစင်သော စိတ်နှလုံးများကြောင့် ဘာသာတရား၏ အဆုံးအမများကို လက်ခံကြသူများ ဖြစ်ကြလေသည်။

وَ سَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوْعِ الشَّمْسِ وَ قَبْلَ الْغُرُوْبِ "သို့ဖြစ်ပေရာ (အို နဗီတမန်တော်) အသင်သည် ၎င်းတို့၏ပြောဆိုမှုများနှင့် စပ်လျဉ်း၍ သည်းခံပါလေ။ ထို့ပြင် အသင်သည် နေမထွက်မီ လည်းကောင်း၊ နေမဝင်မီ လည်းကောင်း၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ (ထို အရှင်မြတ်)စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုလျက်ရှိပါလေ။"(၅၀း၃၉)။ စေခိုင်းကြိယာ 'စဗ္ဗိဟ်'သည် အလ္လာဟ်

အရှင်မြတ်၏ စင်ကြယ်သန့်ရှင်းခြင်းကို ကြေညာသည် သို့မဟုတ် ထုတ်ဖော်သည်ဟု အဓိပ္ပါယ်ရသော အခြေခံကြိယာ 'တပ်စ်ဗီဟ်'မှဆင်းသက်၏။ ဤသည်က နှုတ်မှထုတ် ဖော်ခြင်းသို့မဟုတ် ကြေညာခြင်းနှင့် ဆွလာတ် ကဲ့သို့ ဝတ်ပြုခြင်းများဖြစ်ကြောင်း သဘောပေါက်နားလည်စေသည်။ ထို့ကြောင့် အချို့ပညာရှင်များက နေမထွက်မီ 'တပ်စ်ဗီဟ်'သည် နံနက်ဆွလာတ်(ဖဂျ်ရ်)ကိုလည်းကောင်း၊ နေမဝင်မီ 'တပ်စ်ဗီဟ်'သည် မွန်းလွဲနှောင်းပိုင်းဆွလာတ် (အဆ်ရ်)ကိုလည်းကောင်း ရည်ညွှန်းသည်ဟု ဆိုကြ၏။ တမန်တော်မြတ်ﷺထံတော်မှ သာဝကကြီးဂျရီရ်အိဗ်န အဗ်ဒွလ္လာဟ်က (ရှည်လျားသော ဟဒီးဆ်တော်၏ အစိတ်အပိုင်းတစ်ခုအဖြစ်) ဆင့်ပြန်သည်မှာ-

إِنِ اسْتَطَعْتُمْ اَنْ لَّا تُغْلَبُوْا عَلٰى صَلٰوةٍ قَبْلَ طُلُوْعِ الشَّمْسِ وَقَبْلَ غُرُوْبِهَا، يَعْنِىْ الْعَصْرَ وَالْفَجْرَ ثُمَّ قَرَأَ جَرِيْرٌ وَسَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوْعِ الشَّمْسِ وَقَبْلَ الْغُرُوْبِ. (بخارى)

'ထို့ကြောင့် အကယ်၍ အသင်တို့သည် နေမထွက်မီဆွလာတ် (ဖဂျ်ရ်)နှင့် နေမဝင်မီဆွလာတ် (အဆ်ရ်)များ လွတ်သွားခြင်းကို ရှောင်နိုင်ပါက ရှောင်ရှားကြရမည်ဖြစ်၏။' (ဗုခါရီနှင့် မွတ်စလင်။ စကားအသုံးအနှုန်းမှာ မွတ်စလင် ဖြစ်၏။ ကြည့်- ကုရ်တူဗီ)

ရှင်းလင်းဖွင့်ဆိုသူ အများစုအရ အာယတ်တော်မှ 'တပ်စ်ဗီဟ်'သည် ဆွလာတ်(ဝတ်ပြုခြင်း)ကို ရည်ညွှန်းသော်လည်း 'တပ်စ်ဗီဟ်'၏ ယေဘုယျအဓိပ္ပါယ်၌ အားလုံးသော ဂုဏ်တော်မွမ်းခြင်း၊ ဆုတောင်းခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပါဝင်ပြီး၊ ဟဒီးဆ်တော်များက ထိုအရာများကို နံနက်နှင့် ညနေခင်းများတွင် လုပ်ဆောင်ရန် အားပေးတိုက်တွန်းကြလေသည်။ သာဝကကြီး အဗူဟူရိုင်ရဟ်ﷺအား ကိုးကားလျက် ဗုခါရီနှင့် မွတ်စလင်တို့က မှတ်တမ်းတင်ခဲ့သည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။

"အကယ်၍ အသင်တို့သည် နံနက်နှင့် ညနေခင်းများတွင် 'စွဗ်ဟာနလ္လာဟ်'- အကြိမ် ၁၀၀ ရွတ်ဖတ်ပါက တရားစီရင်မည့်နေ့တွင် ထိုတပ်စ်ဗီဟ်ကို ထိုအရေအတွက် သို့မဟုတ် ထို့ထက်ပို၍ ရွတ်ဖတ်သူများမှတပါး အခြားမည် သူကမျှ ထို့ထက်ပို၍ ကောင်းမွတ်သော လုပ်ရပ်တစ်ခုကို ယူဆောင်လာမည် မဟုတ်ပေ။"

ထိုဟဒီးဆ်ပေါင်းချုပ်ကျမ်းများထဲမှ သာဝကကြီး အဗူဟူရိုင်ရဟ်ﷺ၏ ဆင့်ပြန်ချက်တစ်ရပ်က ဆိုသည်မှာ မည်သူမဆို 'စွဗ်ဟာနလ္လာဟိဝဗိဟမ်ဒိဟီ'ကို တစ်နေ့လျှင် အကြိမ် ၁၀၀ ရွတ်ဖတ်ပါက ၎င်း၏အပြစ်များသည် ပင်လယ်သမုဒ္ဒရာထဲမှ လှိုင်းလုံးများလောက် များပြားသည့်တိုင် ခွင့်လွှတ်ခြင်းခံရမည်ဖြစ်၏။ (မဇ်ဟရီ)

وَاَدْبَارَ السُّجُوْدِ (ထိုမှတပါး အသင်သည် ညဉ့်အချိန်၌လည်းကောင်း ဆွလာတ်ဝတ်ပြုမှုများ၏ နောက်တွင်လည်းကောင်း .... ၅၀း၄၀)။ မူဂျာဟစ်ﷺက ဤအာယတ်တော်မှ 'စုဂျူဒ်'သည် မပြုမနေရ ဆွလာတ် ၅ ကြိမ်ကို ရည်ညွှန်းပြီး၊ 'ပျံဝပ် ဦးချမှုများ၏ နောက်တွင်'ဟူသော စကားရပ်သည် စစ်မှန်သော ဟဒီးဆ်များက ကျွန်ုပ်တို့အား ဝတ်ပြုမှုတိုင်း၏ နောက်တွင် ရွတ်ဖတ်ကြရန် အားပေးတိုက်တွန်းသည့် ထို'တပ်စ်ဗီဟာတ်' အားလုံးကို ရည်ညွှန်းသည်ဟု အဓိပ္ပါယ် ကောက်ယူလေသည်။ သာဝကကြီး အဗူဟူရိုင်ရဟ်ﷺ တင်ပြသည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ 'မည်သူ မဆို မပြုမနေရ (ဖရသ်ဖွ)ဆွလာတ်တိုင်း၏နောက် سبحان الله 'စွဗ်ဟာနလ္လာ' ၃၃ ကြိမ်၊ الحمد لله 'အလ်ဟမ်ဒုလေလ္လာ' ၃၃ ကြိမ်နှင့် الله اكبر 'အောလ္လာဟုအတ်ဗရ်' ၃၃ ကြိမ် ရွတ်ဖတ်မည်။ ထို့နောက်

لا إله إلا الله وحده لا شريك له، له الملك وله الحمد وهو على كلّ شيء قدير

"လာအိလာဟ အစ်လ္လာဟု ဝဟ်ဒဟူ လါရှရီကလဟူ လဟုလ်မုလ်ကု ဝလဟူလ်ဟမ်ဒု ဝဟုဝ အလာကုလ္လိ ရှိုင်အင်ကဒီရ်"ကို ရွတ်ဖတ်မည်ဆိုပါက ၎င်း၏အပြစ်များသည် ပင်လယ်သမုဒ္ဒရာထဲမှ လှိုင်းလုံးများလောက် ရှိစေကာမူ ခွင့်လွှတ်ခြင်းခံရမည်ဖြစ်၏(ဗုခါရီနှင့် မွတ်စလင်)။ 'ပျံဝဝ်ဦးချမှုများ၏အဆုံးတွင်'သည်ဖရသ်သွဆွလာတ်များ၏နောက် အပို ဆောက်တည်သော (နဖိလ်)ဆွလာတ်များကိုလည်း ရည်ညွှန်းကြောင်း စစ်မှန်သော ဟဒီးဆ်များက သက်သေခံပေသည်။ (မဇ်ဟရီ)

အာယတ်တော် (၄၁-၄၅)

وَاسْتَمِعْ يَوْمَ يُنَادِ الْمُنَادِ مِنْ مَّكَانٍ قَرِيْبٍ ﴿٤١﴾ يَّوْمَ يَسْمَعُوْنَ الصَّيْحَةَ
بِالْحَقِّ ۭ ذٰلِكَ يَوْمُ الْخُرُوْجِ ﴿٤٢﴾ اِنَّا نَحْنُ نُحْيٖ وَنُمِيْتُ وَاِلَيْنَا الْمَصِيْرُ ﴿٤٣﴾
يَوْمَ تَشَقَّقُ الْاَرْضُ عَنْهُمْ سِرَاعًا ۭ ذٰلِكَ حَشْرٌ عَلَيْنَا يَسِيْرٌ ﴿٤٤﴾ نَحْنُ اَعْلَمُ
بِمَا يَقُوْلُوْنَ وَمَآ اَنْتَ عَلَيْهِمْ بِجَبَّارٍ ۣ فَذَكِّرْ بِالْقُرْاٰنِ مَنْ يَّخَافُ وَعِيْدِ ﴿٤٥﴾

ထို့ပြင် (အို-ကြားနာသူ) အသင်သည် နားထောင်လော့၊ အကြင်နေ့တွင် ဟစ်အော်သူ (တစ်ဦး)သည် နီးကပ်စွာသောနေရာမှ ဟစ်အော်မည်။[၄၁] အကြင်နေ့တွင် ယင်း(ကြောက်မက်ဖွယ်ကောင်းသော) ဟစ်အော်သံကို (အားလုံးတို့ပင်) မုချဧကန် မှန်ကန်စွာ ကြားကြရပေမည်။ ထို နေ့သည် (သချိုင်းများမှ) ထွက်ကြရမည့်နေ့ပင်။[၄၂] ဧကန်မလွဲ ငါအရှင်မြတ်သည်ပင် ရှင်စေ တော်မူ၏။ ၎င်းပြင် ငါအရှင်မြတ်သည်ပင် သေဆုံးစေ တော်မူ၏။ ထိုမှတပါး ငါအရှင်မြတ် အထံ တော်သို့ပင် ပြန်လာကြရပေမည်။[၄၃] အကြင်နေ့တွင် (၎င်းတို့)ပြေးလျက်ရှိကြစဉ် မြေသည် ၎င်းတို့အပေါ်မှ ပွင့်ထွက်သွားပေမည်။ ဤသည် ငါအရှင်မြတ်အဖို့ လွယ်ကူသော စုရုံးခြင်းပင်။[၄၄] ငါအရှင်မြတ်သည် ၎င်းတို့ပြောဆိုသမျှတို့ကို အသိတော်မူဆုံးပင် ဖြစ်တော်မူ၏။ စင်စစ် သော်ကား (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အပေါ်၌ အနိုင်အထက်ပြုသူ မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်သည် ငါအရှင်မြတ်၏ ချီးနှိုးချက်ကို ကြောက်ရွံ့သူအား ကုရ်အာန်ကျမ်းတော် မြတ်ဖြင့် သြဝါဒပေးလျက် နေပါလော။[၄၅]

ရှင်းလင်းဖွင့်ဆိုချက်

يَوْمَ يُنَادِ الْمُنَادِ مِنْ مَّكَانٍ قَرِيْبٍ (.... အကြင်နေ့တွင် ဟစ်ခေါ်သူ(တစ်ဦး)သည် နီးကပ်စွာသောနေရာမှ ဟစ်အော်ပေမည်။ .... ၅၀း၄၁)။ ဖိဒ်အိဝ်နဂျာဗိရ်ရှဖိအီထဲမှ သာဝကြီး အိဝ်နအဆာကိရ်ﷺ ဆင့်ပြန်သည်မှာ 'ဟစ်ခေါ်သူ'သည် ဤနေရာတွင် ကောင်းကင်တမန် အစ်ရာဖီလ်ﷺအား ရည်ညွှန်းခြင်းဖြစ်၏။ ၎င်းသည် ကျောက်အမိုးခုံး (ဆွခ်ရဟ်)ပေါ်တွင်ရပ်လျက် တစ်လောကလုံးမှ လူသေအားလုံးကို မိန့်ကြားလိမ့်မည်။ 'အို- အသင် ဆွေးမြေ့နေသော အရိုးများ၊ အို- အသင် ပုပ်သိုးနေသော အရေခွံများ၊ အို- အသင် ပြန့်ကျဲနေသော ဆံပင်များ၊ နားထောင်ကြလော့။ အသင်တို့၏ လုပ်ရပ်များ စာရင်းကို ပေးအပ်ရန်အတွက် အသင်တို့အား ပြန်လည်ပေါင်းစပ်ဖွဲ့စည်းရန် အလျှော်

အရှင်မြတ်က အမိန့်ပေးတော် မူသည်။'(မဇ်ဟရီ)။ ဤရှုမြင်ကွင်းက ဒုတိယအကြိမ် တံပိုးမှုတ်ပြီးနောက် ကမ္ဘာလောက တစ်ခုလုံး မည်သို့ရှင်ပြန်ထကြ မည်ကို သရုပ်ဖော်သည်။ 'နီးကပ်သောနေရာတစ်ခု'ဟူသော စကားရပ်က ကောင်းကင်တမန်၏ အသံသည် ကမ္ဘာမြေ မျက်နှာပြင်အနှံ့ရှိ သေရာမှထလာသည့် လူတိုင်းထံသို့ ရောက်ရှိမည့်အချက်ကို လည်းကောင်း၊ ၎င်းအား ကောင်းကင်တမန်က အနီးအနားနေရာတစ်ခုမှ ဟစ်ခေါ်သကဲ့သို့ ခံစားရမည်ကို လည်းကောင်း ရည်ညွှန်းခြင်းဖြစ်၏။ အစ်ကရိမဟ်ﷺ က ပြောသည်မှာ တစ်စုံတစ်ယောက်က ကျွန်ုပ်တို့၏ နားနားသို့ကပ်၍ ပြောနေဘိသကဲ့သို့ အသံကိုကြားရမည်ဖြစ်၏။ အခြားပညာရှင်များက ဆိုကြသည်မှာ 'နီးကပ်သောနေရာတစ်ခု'သည် 'ကျောက်အမိုးခုံး'ကို ရည်ညွှန်း၏။ အဘယ်ကြောင့်ဆိုသော် ယင်းသည် ကမ္ဘာမြေ၏ ဗဟိုချက်ဖြစ်ပြီး၊ ကမ္ဘာလုံး၏ ဘေးအစွန်နေရာအားလုံးမှ တူညီသော အကွာ အဝေးတွင်ရှိသောကြောင့်ဖြစ်၏။ (ကုရ်သုဗီ)

يَوْمَ تَشَقَّقُ الْاَرْضُ عَنْهُمْ سِرَاعًا "အကြင်နေ့တွင် (၎င်းတို့)ပြေးလျက်ရှိကြစဉ် မြေသည် ၎င်းတို့အပေါ်မှ ပွင့်ထွက်သွားပေမည်။...."(၅၀း၄၄)။ တမန်တော်၏ဟဒီးဆ်တော်များကညွှန်ပြသည်မှာ 'အပြေးအလွှားသွားခြင်း'သည် ကျောက်အမိုးခုံးတည်ရှိရာ ဆီးရီးယားနိုင်ငံသို့ ဖြစ်ပေလိမ့်မည်။ တရားစီရင်မည့်နေ့တွင် အစ်ရာဖီလ်ﷺသည် ထိုအပေါ်၌ရပ်လျက် လူများအား ဟစ်ခေါ်ရမည် ဖြစ်၏။ သာဝကကြီး မူအာဝိယဟ်အိဗ်နုဟယာဒဟ်ﷺအား ကိုးကားလျက် ဂျာမိအ်တိရ်မိဒီ၌ မှတ်တမ်းတင်ထားသည်မှာ တမန်တော်မြတ်ﷺသည် ဆီးရီးယားနိုင်ငံဘက်သို့ လက်ညှိုးထိုးလျက် မိန့်ကြားခဲ့သည်။

مِنْ هٰهُنَا اِلٰى هٰهُنَا تُحْشَرُوْنَ رُكْبَانًا وَّمُشَاةً وَّتُجَرُّوْنَ عَلٰى وُجُوْهِكُمْ يَوْمَ الْقِيٰمَةِ

'တရားစီရင်မည့်နေ့တွင် အသင်တို့သည် ဤနေရာမှ (ဆီးရီးယားဘက်သို့ လက်ဖြင့်ညွှန်ပြရင်း) ထိုနေရာ ဆီသို့ (သရဲကြီးများမှ)ထ၍ သွားကြရပေမည်။ အချို့မှာ (အစီးအနင်းများကို) စီးနင်းလျက်၊ အချို့မှာ ခြေလျင်လျှောက်လျက်။ ထို့ပြင် အချို့မှာ မြေကြီးနှင့်မျက်နှာအပ်လျက် ဒရွတ်တိုက်ဆွဲခေါ်ခြင်း ခံကြရမည်ဖြစ်၏။ ....'

فَذَكِّرْ بِالْقُرْاٰنِ مَنْ يَّخَافُ وَعِيْدِ".... သို့ဖြစ်ပေရာ အသင်သည် ငါ့အရှင်မြတ်၏ ချီးနှိုးဆိုချက်ကို ကြောက်ရွံ့သူအား 'ကုရ်အာန်'ကျမ်းတော် မြတ်ဖြင့် ဆုံးမသြဝါဒပေးလျက်နေပါလေ။"(၅၀း၄၅)။ အာယတ်တော်က ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းလာဒေသနာတော်များသည်လူသားအားလုံးထံသို့ပို့ပေးရန်ဖြစ်၏။ သို့ရာတွင်အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြသူများနှင့် ထိုအရှင်မြတ်၏ ပြစ်ဒဏ်ကို စိုးရွံ့ကြသူများသာလျှင် သတိရပြီး အလေးထားကြပေလိမ့်မည်။ ကတာဒဟ်ﷺသည် ဤအာယတ်တော်ကို ရွတ်ဖတ်ပြီးနောက် အောက်ပါအတိုင်း ဆုပန်လေ့ရှိခဲ့၏။

اَللّٰهُمَّ اجْعَلْنَا مِمَّنْ يَّخَافُ وَعِيْدَكَ وَيَرْجُوْا مَوْعُوْدَكَ يَا بَارُّ يَا رَحِيْمُ

'အို- အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့အား အရှင်မြတ်၏ သတိပေးချက်ကို ကြောက်ရွံ့သူများနှင့် အရှင်မြတ်၏ ကတိတော်ကို မျှော်လင့်သူများထဲတွင် အပါအဝင်ဖြစ်စေတော်မူပါ။ အို- မိမိ၏ကတိတော်ကို တည်စေတော်မူသောအရှင်၊ အို-ရဟီမ် (အနန္တကရုဏာတော်ရှင်)'

အလ်ဟမ်ဒုလေလ္လာ

စူရဟ်ကာဖ်၏ ရှင်းလင်းဖွင့်ဆိုချက် ဤတွင်ပြီး၏။

စူရဟ်အဒ်ဇာရိယာတ်

(လွင့်ပါးစေသောလေများ)

ဤစူရဟ်သည် မက္ကာမြို့၌ ကျရောက်ခဲ့ပြီး၊ အာယသ်တော်(၆၀)ပါးနှင့် ရုကူအ်(၃)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော၊ မဟာကရုဏာအပေါင်းနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယသ်တော် (၁ - ၂၃)

وَالذّٰرِيٰتِ ذَرْوًا ۙ﴿۱﴾ فَالْحٰمِلٰتِ وِقْرًا ۙ﴿۲﴾ فَالْجٰرِيٰتِ يُسْرًا ۙ﴿۳﴾ فَالْمُقَسِّمٰتِ
اَمْرًا ۙ﴿۴﴾ اِنَّمَا تُوْعَدُوْنَ لَصَادِقٌ ۙ﴿۵﴾ وَّ اِنَّ الدِّيْنَ لَوَاقِعٌ ؕ﴿۶﴾ وَ السَّمَآءِ
ذَاتِ الْحُبُكِ ۙ﴿۷﴾ اِنَّكُمْ لَفِيْ قَوْلٍ مُّخْتَلِفٍ ۙ﴿۸﴾ يُّؤْفَكُ عَنْهُ مَنْ اُفِكَ ؕ﴿۹﴾
قُتِلَ الْخَرّٰصُوْنَ ۙ﴿۱۰﴾ الَّذِيْنَ هُمْ فِيْ غَمْرَةٍ سَاهُوْنَ ۙ﴿۱۱﴾ يَسْـَٔلُوْنَ اَيَّانَ يَوْمُ
الدِّيْنِ ؕ﴿۱۲﴾ يَوْمَ هُمْ عَلَى النَّارِ يُفْتَنُوْنَ ﴿۱۳﴾ ذُوْقُوْا فِتْنَتَكُمْ ؕ هٰذَا الَّذِيْ
كُنْتُمْ بِهٖ تَسْتَعْجِلُوْنَ ﴿۱۴﴾ اِنَّ الْمُتَّقِيْنَ فِيْ جَنّٰتٍ وَّ عُيُوْنٍ ۙ﴿۱۵﴾ اٰخِذِيْنَ مَآ
اٰتٰىهُمْ رَبُّهُمْ ؕ اِنَّهُمْ كَانُوْا قَبْلَ ذٰلِكَ مُحْسِنِيْنَ ؕ﴿۱۶﴾ كَانُوْا قَلِيْلًا مِّنَ الَّيْلِ مَا
يَهْجَعُوْنَ ﴿۱۷﴾ وَ بِالْاَسْحَارِ هُمْ يَسْتَغْفِرُوْنَ ﴿۱۸﴾ وَ فِيْۤ اَمْوَالِهِمْ حَقٌّ لِّلسَّآئِلِ
وَ الْمَحْرُوْمِ ﴿۱۹﴾ وَ فِي الْاَرْضِ اٰيٰتٌ لِّلْمُوْقِنِيْنَ ۙ﴿۲۰﴾ وَ فِيْۤ اَنْفُسِكُمْ ؕ اَفَلَا
تُبْصِرُوْنَ ﴿۲۱﴾ وَ فِي السَّمَآءِ رِزْقُكُمْ وَ مَا تُوْعَدُوْنَ ﴿۲۲﴾ فَوَ رَبِّ السَّمَآءِ وَ
الْاَرْضِ اِنَّهٗ لَحَقٌّ مِّثْلَ مَآ اَنَّكُمْ تَنْطِقُوْنَ ﴿۲۳﴾

(ငါ၏အရှင်မြတ်သည်) လွင့်ပါးစေခြင်းအားဖြင့်ကစဉ့်ကလျား ဖြစ်စေသောလေများကိုသက်သေထူတော်မူ၏။ [၁] တစ်ဖန် ဝန်ကိုတင်ဆောင်ကြကုန်သောလေများ၊ တိမ်များကို သက်သေထူတော်မူ၏။ [၂] တစ်ဖန် ညင်သာစွာတိုက်ခတ်ကြသော သွားလာလှုပ်ရှားကြသောလေ၊ လှေများကို သက်သေ ထူတော်မူ၏။ [၃] တစ်ဖန် အမိန့်တော်အရ ခွဲဝေပေးသော လေများကို၊ အရာဝတ္ထုများကို

ခွဲဝေပေးသော 'မလာအိကဟ်'ကောင်းကင်တမန်များကို သက်သေထူတော်မူ၏။ [၄] ဇကန်မလွဲ အသင်တို့ ချိန်းဆိုခြင်းခံကြရလေသော ချိန်းဆိုချက်မှာ အမှန်ပင် မှန်ကန်သော ချိန်းဆိုချက် ဖြစ်၏။ [၅] ထင်ပြင် ဇကန်စင်စစ် အစားပေးမည့်နေ့မှာအမှန်ပင် ဆိုက်ရောက်လာခဲ့သော နေ့ ဖြစ်၏။[၆] (ငါအရှင်မြတ်သည်) လမ်းကြောင်းများရှိသောမိုးကောင်းကင်ကို သက်သေထူတော် မူ၏။[၇] မလွဲဇကန် အသင်တို့သည် ကွဲပြားခြားနားသောပြောဆိုမှုများ၌ ရှိနေကြကုန်၏။[၈] ထို('ကိယာမတ်' ရှင်ပြန်ထမည့်နေ့ကို ယုံကြည်ခြင်း)မှ သွေဖည်သူသည်(ကောင်မြတ်ခြင်းအား လုံးမှ) သွေဖည်သူသာဖြစ်သည်။ [၉] (သာသနာ့ရေးရာများနှင့်စပ်လျဉ်း၍)ရမ်းဆပြောဆိုကြ ကုန်သောသူတို့သည် ပျက်စီးကြရပေမည်။[၁၀] အကြင်သူတို့သည် မသိမိုက်မဲမှု၌ ဇမ့်လျော့ လျက်ရှိနေကြကုန်၏။[၁၁] ၎င်းတို့သည်(မထီမဲ့မြင်ပြုသောအားဖြင့်) အစားပေးမည့်နေ့သည် မည် သည့်အခါ၌ ဆိုက်ရောက်ပါမည်နည်းဟု မေးမြန်းကြကုန်၏။[၁၂] အကြင်နေ့တွင် ၎င်းတို့သည် မီး ထဲ၌ချခြင်းကိုခံကြရပေမည်။[၁၃] (ထိုနေ့တွင် ၎င်းတို့မှာ)အသင်တို့သည် မိမိတို့၏ ပြစ်ဒဏ်၏ ရသာကို မြည်းစမ်းကြလေကုန်။ ဤသည်ပင်လျှင်အသင်တို့ အလျင်စလို တောင်းဆိုခဲ့ကြ သော နေ့ဖြစ်သည်။ (ဟုပြောဆိုခြင်းကို ခံကြရကုန် အံ့သတည်း။)[၁၄] ဇကန်မလွဲ 'မွတ္တကီ' သူတော်စင် တို့မှာ ဥယျာဉ်များနှင့် စမ်းချောင်းများ၌ ရှိနေကြပေမည်။[၁၅] (၎င်းတို့သည်) မိမိတို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်က မိမိတို့အား ချီးမြှင့်ပေးသနားတော်မူသည်တို့ကို ယူငင်လျက် ရှိကြပေမည်။ စင်စစ် ဇကန် ၎င်းတို့မှာထိုသည့်အလျင် ကောင်းမှုပြုသူများပင် ဖြစ်ခဲ့ကြကုန်၏။[၁၆] ၎င်းတို့သည် ညဉ့်တွင် အနည်းငယ်မျှသောအချိန်၌သာ အိပ်စက်လေ့ရှိခဲ့ကြကုန်၏။[၁၇] ထို့ပြင် ၎င်းတို့သည် ညဉ့်၏နောက်ဆုံးယံများတွင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြား အသနားခံလေ့ ရှိခဲ့ကြကုန်၏။[၁၈] ထိုမှတစ်ပါး ထိုသူတို့၏ ပစ္စည်းဥစ္စာများတွင်တောင်းရမ်းသော သူဆင်းရဲအဖို့ လည်းကောင်း၊ (သိကွာစောင့်စည်းသောအားဖြင့်) တောင်းရမ်းခြင်းမပြုသော သူဆင်းရဲအဖို့လည်း ကောင်း၊ ဝေစုဝေပုံ (အခွင့်အရေး) ရှိခဲ့၏။[၁၉] စင်စစ်သော်ကား ယုံကြည်လိုသောသူတို့အဖို့ ပထဝီမြေ၌ များစွာသောသက်သေ လက္ခဏာများ ရှိကုန်၏။[၂၀] ထိုနည်းတူစွာ အသင်တို့ ကိုယ် များတွင်လည်း (သက်သေလက္ခဏာများ) ရှိကုန်၏။ သို့ပါလျက် အသင်တို့သည် မမြင်ကြလေ သလော။[၂၁] ထို့ပြင် မိုးကောင်းကင်၌ အသင်တို့၏ စားနပ်ရိက္ခာသည်လည်းကောင်း၊ အသင်တို့ ကတိပေးခြင်းခံကြရလေသောအရာသည်လည်းကောင်း၊ ရှိပေသည်။[၂၂] သို့ဖြစ်ပေရာ မိုး ကောင်းကင်ကို လည်းကောင်း၊ပထဝီမြေကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသောအရှင်မြတ်၏ 'ကစမ်'၊ ယင်း('ကိယာမတ်'ဖြစ်ခြင်း၊ စားနပ်ရိက္ခာရရှိခြင်း၊ တမလွန်ဘဝ ဆိုက်ရောက်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏ကတိတော်အတိုင်း စံစား၊ ခံစားရခြင်းတို့)သည် အသင်တို့စကားပြောဆို ကြဘိသကဲ့သို့ပင် မှန်ကန်လှပေသတည်း။[၂၃]

တမလွန်ကိုအတည်ပြုခြင်း

စူရဟ်အဇ်ဇာရိယာတ်၏အဓိကအကြောင်းအရာသည် အလျင်စူရဟ်ကာဖိကဲ့သို့ပင် တမလွန်၊ ရှင်ပြန်ထခြင်း၊ စာရင်းစစ်ဆေးခြင်း၊ တရားစီရင်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏ ဆုလာဘ်နှင့်ပြစ်ဒဏ်များ အကြောင်းဖြစ်၏။ ကနဦး အာယသ်တော်အနည်းငယ်၌ ရှင်ပြန်ထခြင်း ကတိတော်သည် အမှန်ဖြစ်ကြောင်း၊ မုချရောက်ရှိလာမည်ဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်၏ ကျိန်ဆိုမှုတစ်ခုပါဝင်သည်။ ဤအာယသ်တော်များတွင် အလ္လာဟ်အရှင်မြတ်သည် သဘာဝဖြစ် စဉ်(၄)ရပ်ကို တိုင်တည်၍ အောက်ပါအတိုင်းကျိန်ဆိုတော်မူသည်။

وَالذّٰرِيٰتِ ذَرْوًا ۙ﴿۱﴾ فَالْحٰمِلٰتِ وِقْرًا ۙ﴿۲﴾ فَالْجٰرِيٰتِ يُسْرًا ۙ﴿۳﴾ فَالْمُقَسِّمٰتِ اَمْرًا ۙ﴿۴﴾

(ငါအရှင်မြတ်သည်) လွင့်ပါးစေခြင်းအားဖြင့်ကစဉ့်ကလျား ဖြစ်စေသောလေများကိုသက်သေ ထူတော်မူ၏။ [၁] တစ်ဖန် ဝန်ကိုတင်ဆောင်ကြကုန်သောလေများ၊ တိမ်များကို သက်သေထူ တော်မူ၏။ [၂] တစ်ဖန် ညင်သာစွာတိုက်ခတ်ကြသော သွားလာလှုပ်ရှားကြသောလေ၊ လှေများကို သက်သေ ထူတော်မူ၏။ [၃] တစ်ဖန် အမိန့်တော်အရ ခွဲဝေပေးသော လေများကို၊ အရာဝတ္ထုများကို ခွဲဝေပေးသော 'မလာအိကဟ်'ကောင်းကင်တမန်များကို သက်သေထူတော်မူ၏။ [၄](၅၁း၁-၄)

အိဗ်နကဆီရ်က 'ဒွအီဖ်' (အားနည်းသော) ဟု သတ်မှတ်သည့် တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်ဟုယူဆ ရသော ဟဒီးစ်တော်တစ်ရပ်ရှိပေသည်။ သို့သော် ထိုဟဒီးဆ်အား သာဝကကြီးအုမရ်ﷺနှင့်အလီﷺတို့၏ ပြောကြား ချက်တစ်ခုအဖြစ်လည်း ဆင့်ပြန်ကြ၏။ ထိုဟဒီးဆ်တော်က တိုင်တည်သောအရာ(၄)မျိုးအကြောင်းကို အောက်ပါ အတိုင်းရှင်းပြလေသည်။ 'ဇာရိယာတ်' (လွင့်ပါးစေသောအရာများ)ဟူသော ဝေါဟာရသည် ဖုန်မှုန့်များလွင့်ပါးစေသော လေကိုရည်ညွှန်း၏။ 'ဟားမိလာတိဝိဂ်ရန်'ဟူသော ဝေါဟာရသည် တိုက်ရိုက်အားဖြင့် ဝန်များကို သယ်ဆောင်သည့် အရာများဟု အဓိပ္ပာယ်ရပြီး ရှေ့နောက်စကားအစဉ်အရ ရေသို့မဟုတ် မိုးရေများကို သယ်ဆောင်သော တိမ်များကို ရည်ညွှန်း၏။'ဂျာရိယာတိယွစ်ရန်'ဟူသောဝေါဟာရသည်ညင်သာပေါ့ပါးစွာဖြင့်ရေထဲတွင်ရွက်လွှင့်သွားလာနေကြသော လှေများကို ရည်ညွှန်း၏။ 'မုကပ်စိမာတိအီမ်ရန်' ဟူသော ဝေါဟာရသည် သတ္တဝါအပေါင်းအား အလ္လာဟ်အရှင်မြတ်၏ ညွှန်ကြားချက်နှင့်အမိန့်တော်များက သတ်မှတ်သည့်အတိုင်း စားနပ်ရိက္ခာနှင့်ရေများကို လည်းကောင်း၊ ခက်ခဲကြမ်းတမ်းမှုနှင့် သာယာဖြောင့်ဖြူးမှုအမျိုးမျိုးကိုလည်း ခွဲဝေဖြန့်ဖြူးပေးကြသော ကောင်းကင်တမန်များကို ရည်ညွှန်း၏။ (အိဗ်နေကဆီး‌ရ်၊ ကုရ်တူဗီနှင့်အက်ဒူးရွလ်မန်ဆူး‌ရ်တို့က ဤဆင့်ပြန်ချက်များအား မရ်ဖူးအ်နှင့်မောင်ဝ်ကူဖ်နှစ်မျိုးစလုံး အဖြစ် ကိုးကားဖော်ပြကြသည်။)

وَ السَّمَآءِ ذَاتِ الْحُبُكِ،اِنَّكُمْ لَفِیْ قَوْلٍ مُّخْتَلِفٍ'(ငါအရှင်မြတ်သည်) လမ်းကြောင်းများရှိသော မိုးကောင်းကင်ကို သက်သေထူတော်မူ၏။ မလွဲမေကန် အသင်တို့သည် ကွဲပြားခြားနားသောပြောဆိုမှုများ၌ ရှိနေကြကုန်၏။ (၅၁း၇-၈) 'ဟူဗူက်'သည် 'ဟာဗီကဟ်'၏ အများကိန်းဖြစ်ပြီး အရင်းခံအားဖြင့် အထည်ယက်လုပ်သောအခါ ဖြစ်ပေါ်လာသည့် သေးမျှင်၍ မညီညာသောလိုင်းများ သို့မဟုတ် အစင်းကြောင်းများကို ဆိုလိုသည်။ ယင်းတို့သည် (သွား လာဖန်များ၍ မြေပေါ်၌ ထင်ကျန်ခဲ့သော) စွတ်ကြောင်းများ၊ လမ်းကြောင်းများနှင့် ဆင်တူသည်ဖြစ်၍ အာရဗီ ဘာသာစကားဖြင့် 'ဟူဗူက်'ဟု ရည်ညွှန်းခြင်းဖြစ်၏။ အဓိပ္ပာယ်ဖွင့်ဆိုသူအများစုကဤနေရာတွင် ဤအဓိပ္ပာယ်ဖြင့် ယူကြ၏။ အချို့ပညာရှင်များကမူ 'စွတ်ကြောင်းများ'ဟူသည် ကောင်းကင်တမန်များ ဝင်ထွက် သွားလာရာတွင် အသုံး ပြုသောလမ်းကြောင်းများကို ရည်ညွှန်းသည် ဟု ဆိုကြ၏။ အချို့ကလည်း မိုးကောင်းကင်မှ လမ်းကြောင်းများ ဟူ

သည် ဂြိုလ်များ၊ ကြယ်တာရာများ၏ ပတ်လမ်းများ ဟု ဆိုကြ၏။

ယက်လုပ်ထားသောအထည်သားမှအစင်းကြောင်းများသည် အလှအပတစ်ခုဖြစ်ခြင်းကြောင့် အချို့ပညာရှင်များက အာယသ်တော်အား 'လှပခြင်း၊ ကျက်သရေရှိခြင်း၊ ထည်ဝါခံ့ငြားခြင်း၊ အပြစ်ဆိုဖွယ်ရာမရှိခြင်းများဖြင့် ပြည့်၍နေသော မိုးကောင်းကင်ကို တိုင်တည်၍' ဟု အဓိပ္ပာယ်ကောက်ကြလေသည်။

ကာဖိရ်တို့၏ ကွဲပြားခြားနားသော ယုံကြည်မှုများ

إِنَّكُمْ لَفِي قَوْلٍ مُّخْتَلِفٍ "မလွဲမေကန် အသင်တို့သည် ကွဲပြားခြားနားသောပြောဆိုမှုများ၌ ရှိနေကြကုန်၏။" အာယသ်တော်(၇)သည် တိုင်တည်ကျိန်ဆိုခြင်းဖြစ်ပြီး ဤအာယသ်တော်သည် တိုင်တည်ကျိန်ဆိုခြင်းပြုသည့် မိန့်ဆိုချက်ဖြစ်လေသည်။ အာယသ်တော်သည် တမန်တော်မြတ်ﷺအား ရှုးသွပ်နေသူတစ်ဦး၊ မှော်ဆရာတစ်ဦး၊ ကဗျာလင်္ကာဆရာတစ်ဦးနှင့် အခြားကွဲလွဲသော နာမည်များကို အလျဉ်းသင့်သလိုခေါ်ခြင်းဖြင့် အမြီးအမောက်မတည့်သော ဂုဏ်ပုဒ်များသတ်မှတ် ပေးခဲ့ကြသည့် မက္ကာမြို့မှကာဖိရ်များအား မိန့်ကြားခြင်း ဖြစ်ဟန်တူပေသည်။ အာယသ်တော်က မွတ်စလင်နှင့်ကာဖိရ် မခွဲခြားဘဲ လူသားအားလုံးကို မိန့်ကြားခြင်းလည်းဖြစ်နိုင်သည်။ ကွဲပြားခြားနားသော ပြောဆိုမှုများ၌ရှိနေကြသူများဟူသည် တမန်တော်မြတ်ﷺအားယုံကြည်လက်ခံသောအပိုင်းနှင့် ၎င်းအား ငြင်းပယ်၊ ဆန့်ကျင်သော အခြားတစ်ပိုင်းကို ဆိုလိုခြင်းဖြစ်ပေမည်။ (မဇ်ဟရီ)

يُؤْفَكُ عَنْهُ مَنْ أُفِكَ "ထို('ကိယာမတ်' ရှင်ပြန်ထမည့်နေ့ကို ယုံကြည်ခြင်း)မှ သွေဖည်သူသည်(ကောင်းမြတ်ခြင်းအားလုံးမှ) သွေဖည်သူသာဖြစ်သည်။" (၅၁း၉) 'အုဖစ်က်'ဟူသော စကားလုံးသည် တိုက်ရိုက်အားဖြင့် 'သွေဖည်သည်' ဟု ဆိုလိုသည်။ 'အန်ဟု'မှ နာမ်စားသည် နှစ်မျိုးဖြစ်နိုင်သည်။ (၁)ထို နာမ်စားသည် ကုရ်အာန်နှင့် ရစူလ်တမန်တော်ကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ ဤသို့ရှိက ၎င်းတို့၏ လမ်းညွှန်မှုကို လက်မဲ့ဖြစ်စေသော ပုဂ္ဂိုလ်သည်သာ ကုရ်အာန်နှင့်ရစူလ်တမန်တော်ကို သွေဖည် သူဖြစ်သည်ဟု အာယသ်တော်က ဆိုခြင်းဖြစ်သည်။ (၂) နာမ်စားသည် 'ကွဲပြားခြားနားသောပြောဆိုမှုများ' ကို ရည်ညွှန်း ခြင်းဖြစ်နိုင်သည်။ ဤသို့ဆိုက ၎င်း၏ပုံစံမကျသော တွေးခေါ်မှုများကြောင့် အမှန်တရားမှ သွေဖည်သွားသော အကြင် သူသည် အမှန်တရားမှ ပိတ်ပင်ခံရသူဖြစ်သည်ဟု အဓိပ္ပာယ်ရပေမည်။

قُتِلَ الْخَرَّٰصُونَ "(သာသနာ့ရေးရာများနှင့်စပ်လျဉ်း၍) ရမ်းဆပြောဆိုကြကုန်သောသူတို့သည် ပျက်စီးကြရပေမည်။"(၅၁း၁၀) 'ခရ်ရာ ဆူန်'သည် အကြောင်းကိစ္စများကို ထင်ကြေးဖြင့် ခန့်မှန်းသူ သို့မဟုတ် ပြောဆိုသူ ဟု အဓိပ္ပာယ်ရသည့် 'ခရ်ရာဆ်'၏ အများကိန်းဖြစ်၏။ ဤနေရာတွင် စကားလုံးသည် အကြောင်းခံ သို့မဟုတ် အထောက်အထားမရှိပါဘဲလျက် ရစူလ်တမန်တော်မြတ်ﷺ၏ အကြောင်းကို မဟုတ်မတမ်းပြောဆိုကြသော ခေါင်းမာ၍ပေကပ်သော ကာဖိရ်များကို ရည်ညွှန်းခြင်းဖြစ်၏။ သို့ဖြစ်၍ 'ခရ်ရာဆ္စူန်'အား 'ကဇ္ဇာဗူန်'(မုသားပြောဆိုသူများ)ဟု အဓိပ္ပာယ်ဖွင့်ဆိုပါက မှားအံ့မထင်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ဤမိန့်ဆိုချက်၌ အပြစ်ရှိသော၊ ရှုံ့ချခံရသော၊ စက်ဆုပ်ဖွယ်ကောင်းသော၊ ကျိန်ဆဲခံရသောကြောင့်ဖြစ်လေသည်။ (မဇ်ဟရီ) ကာဖိရ်များအကြောင်းကို ဖော်ပြပြီး နောက်ဆက်၍ လိုက်လာသော အာယသ်တော်များက ကောင်းမြတ်သူတို့၏ ဂုဏ်ရည်များနှင့် ၎င်းတို့၏ ကောင်းမြတ်ခြင်း၏ ချီမြှင့်သော အကျိုးဆက်များ အကြောင်းကို ဖော်ပြလေသည်။

ဆန္ဒအလျောက်ဆောက်တည်သော ဝတ်ပြုမှုများအတွက် ညဉ့်တွင် နိုးထခြင်း

كَانُوْا قَلِيْلًا مِّنَ الَّيْلِ مَا يَهْجَعُوْنَ "ထင်းတို့သည် ညဉ့်တွင် အနည်းငယ်မျှသောအချိန်၌သာ အိပ်စက်လေ့ရှိခဲ့ကြကုန်၏။" အတိတ်၌ ပြုလေ့ရှိခဲ့ကြောင်းကိုဖော်ပြသော ကြိယာဖြစ်သည့် 'ယဟ်ဂျအူးန်'သည် အခြေခံကြိယာ 'ဟူဂျူအ်'(ညဉ့်၌အိပ်စက်သည်)မှ ဆင်းသက်၏။ အာယသ်တော်က မွတ္တကီသူတော်စင်များ၏ ဂုဏ်ပုဒ်ကို ဖော်ပြသည်မှာ ထင်းတို့သည် ညဉ့်များကို အလွှာဟ်အရှင်မြတ်အား ဝတ်ပြုခြင်းတွင် သုံးစွဲကြသည်။ ညဉ့်တွင် အနည်းငယ်မျှသာ အိပ်စက်ပြီး ညဉ့်၏အချိန်ပိုင်းများစွာတွင် နိုးထနေကြလေသည်။ ဤအဓိပ္ပာယ်ကောက်ယူပုံကို အိဗ်နဂျရီးရ်က သဘောတူလက်ခံ၏။ သာဝကကြီးဟစန်ဗဆွဝီးရ်ဒ်က ပြောကြားခဲ့သည်မှာ 'သူတော်စင်များသည် ညဉ့်၌အနည်းငယ်မျှသာ အိပ်စက်ကြပြီး၊ စေတနာအလျောက်ဖြစ်သော ဝတ်ပြုမှုများကို ဆောင်ရွက်ကြ၏။ သာဝကကြီးအိဗ်နိုအဗ္ဗားစ်ﷺ ကသာဒဟ်မုဂျာဟိဒ်ﷺနှင့်'အခြားသောဦးဆောင်တဖိစီရ်ပညာရှင်များက'မာ'ဟူသောပုဒ်အား ဆန့်ကျင်ဘက်သဘောကို ယူကြ၏။ ထင်းတို့က သဒ္ဒါအရ ထို စကားလုံးအား 'မာနဖိယဟ်'သို့မဟုတ် ဆန့်ကျင်ပုဒ်အဖြစ်မှတ်ယူကြသဖြင့် 'ထိုသူများသည် ညဉ့်တိုင်း၏အနည်းငယ်မျှသော အစိတ်အပိုင်းကို နိုးထလျက်သုံးစွဲကြသည်။ အိပ်စက်ခြင်းမပြုကြ။' ဟု အဓိပ္ပာယ်ရလေသည်။ ထင်းတို့သည် ညစဉ်ညတိုင်း ညဉ့်၏သေးငယ်သော အစိတ်အပိုင်းလေးတစ်ခုအတွင်း၌ပင် အလွှာဟ်အရှင်မြတ်အား ကိုးကွယ်ဆည်းကပ်ကြ။ ဝတ်ပြုဆုတောင်းကြသည်။ ဤရှုထောင့်မှကြည့်လျှင် ညဉ့်၏အစအလယ်သို့မဟုတ် အဆုံးမည်သည့်အပိုင်း၌ မဆို အလွှာဟ်အရှင်မြတ်အား ဝတ်ပြုကြသူအားလုံးသည် သူတော်စင်များထဲတွင် အပါအဝင်အဖြစ်၏။ ထို့ကြောင့် သာဝကကြီး အနတ်စ်အိဗ်နမာလစ်ﷺနှင့်အဗူလ်အာလီယဟ်တို့က 'ထင်းတို့သည် မဂ်ရစ်ဗ်နှင့်အိရှာကြားတွင် ဝတ်ပြုလေ့ရှိကြသည်'ဟု ဆိုခဲ့ကြခြင်းဖြစ်၏။ အီမာမ်အဗူဂျာဖရ်ဗာကီရ်ကမူ အိရှာဆွလာသ်၏ အလျင် အိပ်စက်ခြင်းမပြုသူများ အားလုံးပါဝင်သည်ဟု ဆိုခဲ့၏။ (အိဗ်နကဆီးရ်)

ဟစန်ဗဆွဝီးရ်ﷺက အဟ်နဖ်အိဗ်နကိုင်းစ်ထံမှ ဆင့်ပြန်သည်မှာ ထင်းသည် ပြောလေ့ရှိခဲ့၏။ 'ကျန်ပ်၏ လုပ်ဆောင်မှုများနှင့် ဂျန္နသ်သုခဘုံသားတို့၏ လုပ်ဆောင်မှုများကို ညှိနှိုင်းယှဉ်ကြည့်သောအခါ ထင်းတို့သည် အလွန်မြင့်မားချွမြင့်မြတ်သောအဆင့်အတန်း၌ရှိကြသည့်အပြင် ကျွန်ုပ်တို့၏လုပ်ဆောင်မှုများသည်ထင်းတို့၏လုပ်ဆောင်မှုများကို လိုက်မမီကြောင်းတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ထင်းတို့သည် ညဉ့်များတွင် နည်းနည်းအိပ်စက်၍များများဝတ်ပြုကြသောကြောင့်ဖြစ်၏။ ကျွန်ုပ်၏ လုပ်ဆောင်မှုများကို ငရဲဘုံသားတို့၏ လုပ်ဆောင်မှုများနှင့်နှိုင်းယှဉ်သောအခါ ထင်းတို့သည် အလွှာဟ်အရှင်မြတ်နှင့်ရစူလ်တမန်တော်ﷺတို့အား လှည့်ဖြားကြသည့်ပြင် တမလွန်ကိုမယုံကြည်ကြကြောင်း (ထိုအဖြစ်မျိုးမှကင်းဝေးရန် အလွှာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား ကာကွယ်တော်မူထား၏။) ကျွန်ုပ်တွေ့ခဲ့သည်။ ထို့ကြောင့် နှိုင်းယှဉ်ကြည့်လျှင် ကျွန်ုပ်၏ လုပ်ဆောင်မှုများသည် သုခဘုံသားတို့၏ လုပ်ဆောင်မှုများကို မယှဉ်နိုင်သကဲ့သို့ (ချီးမွမ်းထောပမနာခြင်းသည် အလွှာဟ်အရှင်မြတ်အတွက် ဖြစ်တော်မူပေသည်။) ဒုက္ခဘုံသားတို့၏ လုပ်ဆောင်မှုများနှင့်လည်း မယှဉ်နိုင်ပေ။ ထို့ကြောင့် လုပ်ရပ်များ၏ ရွှေဒေါင့်မှ ကြည့်လျှင် ကျွန်ုပ်တို့၏အနေအထားသည် ကုရ်အာန်က မိန့်ဆိုသည့်အတိုင်း خَلَطُوْا عَمَلًا صَالِحًا وَّاٰخَرَ سَيِّئًا (ထိုသူတို့သည် ကောင်းမြတ်သော အကျင့်အမူနှင့်မကောင်းသော အကျင့်အမူကို ရောနှောပြုလုပ်ခဲ့ကြလေသည်။ ဧး၁၀၂)ပင် ဖြစ်ကြကုန်၏။ သို့ဖြစ်၍ ကျွန်ုပ်တို့ထဲမှ အကောင်းဆုံး ပုဂ္ဂိုလ်သည် ယုတ်စွအဆုံး ဤလူတန်းစားအဝန်းအဝိုင်း ထဲ၌ ရှိသူပင်ဖြစ်ပေလိမ့်မည်။

အဗ်ဒုရဟ်မာန်အိဗ်နဇိဂ်ဒ်အိဗနိအတ်စ်လာမ်ﷺက မိန့်ဆိုသည်မှာ ဗနူတမိမ်မျိုးနွယ်ဝင်တစ်ဦးက ကျွန်ုပ်၏ဖခင်အားပြောကြားခဲ့သည်။ 'အို- အဗူအုစာမဟ်၊ အလွှာဟ်အရှင်မြတ်က သူတော်စင်၊သူတော်ကောင်းများအကြောင်းမိန့်တော်မူရာတွင် ဖော်ပြသည့် كَانُوْا قَلِيْلًا مِّنَ الَّيْلِ مَا يَهْجَعُوْنَ ထင်းတို့သည် ညဉ့်တွင် အနည်းငယ်မျှသော အိပ်စက်

လေ့ရှိကြကုန်၏။' ဟူသော အရည်အချင်းမျိုးကို ကျွန်ုပ်တို့ထဲတွင် မတွေ့ရပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ အနေအထားသည် ဆန့်ကျင်ဘက်ဖြစ်၍နေပါသည်။ قَلِيْلًا مِّنَ الَّيْلِ مَا يَهْجَعُوْنَ 'ကျွန်ုပ်တို့သည် အလွန်ဟ် အရှင်မြတ်အား ဝတ်ပြုရန် ညဉ့်တွင် အနည်းငယ်မျှလောက်သာ နိုးထကြသည်။' ကျွန်ုပ်၏ဖခင်က ပြန်ပြောခဲ့သည်။

طوبى لمن رَقَدَ اذا نعس واتقى الله اذا استيقظ

အိပ်ချင်စိတ်ကများနေသောအခါ၊ ဆက်၍ အိပ်စက်ပြီး နိုးထသော အချိန်တွင် ရှရီအဟ်နှင့် ဆန့်ကျင်သော မည်သည့်အလုပ်ကိုမျှ မလုပ်ဘဲ ကောင်းမြတ်သော လုပ်ရပ်များကို လုပ်ဆောင်သူ အတွက် သတင်းကောင်းရှိပေသည်။

တစ်နည်းအားဖြင့် အလွန်ဟ်အရှင်မြတ်ထံတော်၌လက်ခံခြင်းသည် ဝတ်ပြုမှုအတွက် ညဉ့်တွင် အချိန်ကြာမြင့်စွာ နိုးထနေရန် ကန့်သတ်ထားခြင်း မဟုတ်ပေ။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် အိပ်ချင်စိတ်ပြင်းပြပြီး ကြာမြင့်စွာနိုးထနေရန် မတတ်နိုင်သော်လည်း နိုးထနေချိန်တွင် မည်သည့်မကောင်းသောအမှုကိုမျှ ပြုလုပ်ခြင်းမရှိပါက ၎င်းသည် ချီးကျူးဂုဏ်ပြုခံထိုက်သူပင်ဖြစ်လေသည်။

အပ်ဒွလ္လာဟ်အိဗ်နစလာမ်ﷺက ဆင့်ပြန်သည်မှာ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်။

يَا أَيُّهَا النَّاسُ أَطْعِمُوا الطَّعَامَ وَصِلُوا الْأَرْحَامَ وَأَفْشُوا السَّلَامَ وَصَلُّوا بِاللَّيْلِ وَالنَّاسُ نِيَامٌ تَدْخُلُوا الْجَنَّةَ بِسَلَامٍ (ابن كثير)

'အို-ပရိသတ်တို့၊ လူများကိုကျွေးမွေးကြပါ။ ဆွေမျိုးမိတ်သင်္ဂဟတို့အပေါ် ကောင်းကြပါ။ တစ်ဦးနှင့်တစ်ဦး စလာမ်ဆိုကြပါ။ ညဉ့်အချိန်လူများ အိပ်မောကျနေစဉ် ဝတ်ပြုဆုတောင်းကြပါ။ ထို့နောက်တွင် သင်တို့သည် ဂျန္နသ်တွင်းသို့ ငြိမ်းချမ်းသာယာစွာ ဝင်ရောက်ကြပေလိမ့်မည်။'

(အိဗ်နကဆီး၏)

အရျက်မတက်မီအချိန် နာရီများတွင် ခွင့်လွှတ်မှုကို တောင်းခံခြင်း၏ ကောင်းမြတ်ခြင်းများ

وَبِالْأَسْحَارِ هُمْ يَسْتَغْفِرُوْنَ "ထို့ပြင် ၎င်းတို့သည် ညဉ့်၏နောက်ဆုံးယံများတွင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြား အသနားခံလေ့ရှိခဲ့ကြကုန်၏။ (၅၁း၁၈)'အပ်စ်ဟာရ်'ဟူသော စကားလုံးသည် ညဉ့်၏ခြောက်ပုံတစ်ပုံကို ရည်ညွှန်းသော 'စဟာရ်'၏အများကိန်းဖြစ်၏။ အာယသ်တော်ကညဉ့်၏နောက်ပိုင်းယံတွင် ခွင့်လွှတ်မှုကိုတောင်းခံခြင်း၏ ထူးခြားချက်ကို မိန့်ဆိုခြင်းဖြစ်၏။ အခြား အာယသ်တော်(၃း၁၇)၌ ညဉ့်၏နောက်ဆုံးယံများတွင် ခွင့်လွှတ်မှုကို တောင်းခံခြင်း၏ ထူးခြားချက် ဤသို့မိန့်ဆို၏။ الْمُسْتَغْفِرِيْنَ بِالْأَسْحَارِ "(အပြစ်များမှကြဉ်ရှောင်သော ထိုသူတော်စင်များသည်) ခန္ဓာတရားနှင့်ပြည့်စုံသော သူများလည်းကောင်း၊ (စိတ်နလုံးဖြောင့်မတ်မှန်ကန် ငြိမ်သက်တည်ကြည်သော) သစ္စာဝါဒီများလည်းကောင်း၊ (အလ္လာဟ်အရှင်မြတ်ရှေ့တော် မှောက်တွင်) ခယရိုကျိုးသူများလည်းကောင်း၊ (အစွလာမ်တရားတော်နှင့်အညီ သဒ္ဓါစေတနာထက်သန်စွာ) လှူဒါန်း သုံးစွဲပေးကမ်းစွန့်ကြဲသူများလည်းကောင်း၊ ညဉ့်၏နောက်ဆုံးယံ အရျက်တက်ချိန်များတွင် (အလ္လာဟ်အရှင်မြတ် အထံတော်တွင် မိမိတို့အပြစ်များမှ) လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားသူများလည်းကောင်း ဖြစ်ကြလေသတည်း။ 'ဆွဟီးဟ်ပေါင်းချုပ်များနှင့် သာဝကကြီးများထံမှ အတည်ပြုသည်မှာ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်။

"အမြင့်မြတ်ဆုံးဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် ညစဉ်ညဉ့်၏ နောက်ဆုံးတတိယ ပိုင်းသို့ ရောက်သောအခါ အနိမ့်ဆုံး မိုးကောင်းကင်သို့ ဆင်းသက်တော်မူပြီး 'ငါအရှင်မြတ်က ဂုဏ်း၏ နောင်တတရားကို လက်ခံတော်မူရန် နောင်တရလျက်ရှိသူ တစ်ဦးတစ်ယောက်ရှိပါ၏လော။ ငါအရှင်မြတ်က ဂုဏ်အား ခွင့်လွှတ်တော်မူရန် ခွင့်လွှတ်မှုကို တောင်းခံနေသူတစ်ဦးတစ်ယောက်ရှိပါ၏လော့။ ငါအရှင်မြတ်က ဂုဏ်အား ဂုဏ်၏တောင်းခံမှုကို ပေးသနားတော်မူရန် ငါအရှင်မြတ်ထံတော်၌ တောင်းခံနေသူတစ်ဦးတစ်ယောက်ရှိပါ၏လော့။' ဟူ၍ မိန့်တော်မူလေသည်။"

ဤအာယသ်တော်၌ အလ္လာဟ်အရှင်မြတ်သည် ညဉ့်၏နောက်ဆုံးယံများတွင် သူတော်စင်တို့၏ ခွင့်လွှတ်မှုအတွက် ဝတ်ပြုဆုတောင်းခြင်းအကြောင်းကို ဖော်ပြတော်မူသည်။ ရှေ့မှအာယသ်တော်အရမူ ဂုဏ်တို့သည် ညဉ့်တွင် အနည်းငယ်မျှသော အိပ်စက်လျက် ညဉ့်၏ကျန်အပိုင်းများတွင် အလ္လာဟ်အရှင်မြတ်အား ဝတ်ပြုလျက်ရှိနေကြခြင်းဖြစ်၏။ ဤသို့ကြောင့် ရှေ့မှအာယသ်တော်နှင့် ယခုအာယသ်တော်တို့ကြားတွင် ဆက်စပ်မှုမရှိဟု ထင်ရပေသည်။ အဘယ်ကြောင့်ဆိုသော် အပြစ်ရှိမှသာလျှင် ခွင့်လွှတ်မှုကို တောင်းခံသောကြောင့်ဖြစ်၏။ တစ်ညဉ့်တာပတ်လုံးကို အလ္လာဟ်အရှင်မြတ်အား ဝတ်ပြုမှုအတွက် သုံးစွဲကြသူများအဖို့ အပြစ်များနှင့် ခွင့်လွှတ်မှုကိုတောင်းခံခြင်းဟူသည် မည်သည့်ကို ဆိုလိုခြင်းနည်း။ ဤမေးခွန်းအတွက် အခြေမှာ ဤလူများသည် အလ္လာဟ်အရှင်မြတ်၏ ကြီးမြတ်ခြင်း၊ ဂုဏ်သိက္ခာနှင့် ခန့်ငြားထည်ဝါခြင်းများကို အမှန်တကယ်သဘောပေါက် တန်ဖိုးထားသူများဖြစ်ကြ၏။ ထို့ပြင် ဂုဏ်တို့၏ ညဉ့်ကာလဝတ်ပြုမှုများတွင် ချို့ယွင်းအားနည်းချက်များရှိကြောင်းကိုလည်း သိကြ၏။ သို့ဖြစ်၍ ထိုအရှင်မြတ်အား ထိုက်ထိုက်တန်တန်ပြည့်စုံစွာ ကိုးကွယ်ဝတ်ပြုမှု မပြုနိုင်ခြင်းအတွက် ခွင့်လွှတ်မှုကိုတောင်းခံကြခြင်းဖြစ်လေသည်။

(မဇ်ဟရီ)

အလျှဒါနပြုကြသူများအတွက် အထူးလမ်းညွှန်ချက်

"وَ فِیْۤ اَمْوَالِهِمْ حَقٌّ لِّلسَّآىِٕلِ وَ الْمَحْرُوْمِ" "ထိုမှတစ်ပါး ထိုသူတို့၏ ပစ္စည်းဥစ္စာများတွင်တောင်းရမ်းသော သူဆင်းရဲအဖို့လည်းကောင်း၊ (သိက္ခာစောင့်စည်းသောအားဖြင့်) တောင်းရမ်းခြင်းမပြုသော သူဆင်းရဲအဖို့လည်းကောင်း၊ ဝေစုဝေပုံ (အခွင့်အရေး) ရှိခဲ့၏။' 'စာအီလ်' ဟူသော စကားလုံးသည် အခြားသူများထံမှ တောင်းရမ်းသော သူဆင်းရဲသို့မဟုတ် အလွန်နွမ်းပါးချို့တဲ့သူကို ဆိုလို သည်။ တစ်နည်းအားဖြင့် ဂုဏ်းသည် မိမိ၏လိုအပ်ချက်များကို လူများအား ဖော်ပြ၍ အကူအညီတောင်းရမ်းသူဖြစ်၏။ 'မဟ်ရူမ်'ဟူသော စကားလုံးကလည်း သူဆင်းရဲ သို့မဟုတ် နွမ်းပါး ချို့တဲ့သူတစ်ဦးကို ပင်ရည်ညွှန်း၏။ သို့သော် ဂုဏ်းသည် မိမိ၏သိက္ခာကို စောင့်စည်းသောကြောင့်လည်းကောင်း၊ သို့မဟုတ် ရှက်ရွံ့သောကြောင့်လည်းကောင်း မိမိ၏ လိုအပ်ချက်များကို ဖော်ပြခြင်း၊ မပြုနိုင်သဖြင့်လူများ၏ အကူအညီကို မရရှိသူဖြစ်လေသည်။ ဤအာယသ်တော်၌ ယုံ ကြည်သက်ဝင်သူများနှင့် သူတော်စင်များ၏ အခြားသော ဂုဏ်ပုဒ်တစ်ခုကို ဖော်ပြသည်မှာ "အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ဂုဏ်တို့၏ လှူဒါန်းသုံးစွဲခြင်းဖြစ်၏။ ဤသို့ သုံးစွဲရာတွင် ဂုဏ်တို့သည် အကူအညီတောင်းခံကြသူများကိုသာ ပေးကမ်းကြသည် မဟုတ်ဘဲ ဆင်းရဲနွမ်းပါးသည့်တိုင် မိမိတို့၏လိုအပ်ချက်များကို အခြားသူများအား ဖော်ပြခြင်းမပြုကြ သူများအားရှာဖွေ၍ ပေးကမ်းရန်ကိုလည်း ဂုဏ်တို့၏ တာဝန်အဖြစ်ခံယူကြလေသည်။"

အာယသ်တော်၏ရည်ရွယ်ချက်မှာ ယုံကြည်သက်ဝင်သူများနှင့် သူတော်စင်များသည် ဝတ်ပြုခြင်းညဉ့်၌နိုးထနေခြင်း စသည့် ခန္ဓာကိုယ်ဖြင့် ဆည်းကပ်ကိုးကွယ်မှုကို ဆောင်ရွက်ကြသည့်ပြင် တောင်းရမ်းသောသူဆင်းရဲများကို

လည်းကောင်း၊ တောင်းရမ်းရန် မဝံ့ရဲသည့် သူဆင်းရဲများကို ရှာဖွေ၍လည်းကောင်း ကူညီခြင်းဖြင့် ငွေကြေးဖြင့် ဆည်းကပ်ကိုးကွယ်မှုကိုလည်း ဆောင်ရွက်ကြကြောင်းကို ပြသရန်ဖြစ်လေသည်။ ငွေကြေးဖြင့် ဆည်းကပ်ကိုးကွယ်မှုကို ဖော်ပြရာတွင် ကုရ်အာန်၏အသုံးအနှုန်းမှာ وَفِيٓ أَمۡوَٰلِهِمۡ حَقّٞ (ထိုမှတစ်ပါး ထိုသူတို့၏ ဥစ္စာပစ္စည်းများတွင် အခွင့်အရေး ဝေစုဝေပုံ တစ်ခုရှိခဲ့၏။)ဟူ၍ ဖြစ်၏။ ဆိုလိုသည်မှာ သူဆင်းရဲများကို ပေးကမ်းသောအခါ ၎င်းတို့သည် ထိုသူများအား ကျေးဇူးပြုခြင်းဟု သဘောမထားကြပေ။ သို့သော် ၎င်းတို့အား အလွှာဟ်အရှင်မြတ် ချီးမြှင့်တော်မူသော ဥစ္စာပစ္စည်းထဲတွင် သူဆင်းရဲတို့၏ အခွင့်အရေး(ဝေစုဝေပုံ)ပါရှိသဖြင့် လူတစ်ဦး၏ အခွင့်အရေးကို ဖြည့်စွမ်းခြင်းသည် ကျေးဇူးပြုခြင်းမဟုတ်ဘဲထမ်းဆောင်ရမည့်တာဝန်နှင့်ဝတ္တရားတစ်ခုသာလျှင်ဖြစ်သည်ဟု၎င်းတို့ကယူဆကြလေသည်။

ကမ္ဘာမြေနှင့်လူသားမျိုးနွယ်တို့ပေါ်တွင်ရှိ အလွှာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များ

"وَ فِی الۡاَرۡضِ اٰیٰتٌ لِّلۡمُوۡقِنِیۡنَ စင်စစ်သော်ကား ယုံကြည်လိုသောသူတို့အဖို့ပထဝီမြေ၌ များစွာသော သက်သေ လက္ခဏာများ ရှိကုန်၏။"(၅၁း၂၀) 'ရှေ့မှအာယသ်တော်များတွင် ဦးစွာကာဖိရ်များ၊ ငြင်းပယ်သူများနှင့် ၎င်းတို့၏ဆိုးဝါးသော ကံကြမ္မာ အကြောင်းကို ဖော်ပြခဲ့သည်။ ထို့နောက် ကျဆုံးခန်းရောက် ဥစ္စာပစ္စည်းအပေါ် အယူအလွန်မှုနှင့် မကောင်းမှုများတွင် တဝဲလည်လည်ဖြစ်နေပြီး တရားစီရင်မည့်နေ့ကို ငြင်းဆိုကြသော ထိုသူများနှင့်ဆန့်ကျင်ဘက်ဖြစ်သည့် ယုံကြည်သက်ဝင်သူ မုအ်မင်များနှင့် မွတ္တကီ သူတော်စင်များ၏ ဂုဏ်ပုဒ်များနှင့် ၎င်းတို့၏မြင့်မားသော အဆင့်အတန်းကို ဆက်လက်ဖော်ပြခဲ့သည်။ ယခုသော် တရားစီရင်မည့်နေ့ရောက်ရှိလာမည်ကို ငြင်းဆိုကြသူများနှင့် စပ်လျဉ်းပြီးနောက်တစ်ကြိမ်ထပ်၍ ဖော်ပြပြန်သည်။ ၎င်းတို့သည် ဖန်ဆင်းရှင်၏ အင်အားကြီးမားခြင်းနှင့်အနန္တတန်ခိုးတော်များကို သက်သေခံသော ကမ္ဘာမြေပေါ်ရှိ သက်သေလက္ခဏာများအား စဉ်းစားဆင်ခြင်ကြည့်ကြရန် ဖိတ်ခေါ်ခြင်းခံရသည်။ ဤနည်းဖြင့် မယုံကြည်သူတို့အား တရားစီရင်မည့်နေ့ကို ငြင်းဆိုခြင်းမှ ရပ်တံ့ကြရန်တိုက်တွန်းတော်မူသည်။ သို့ဖြစ်၍ မိန့်ဆိုချက်သည် အာယသ်တော် (၈) "အသင်တို့သည် ကွဲပြားခြားနားသော ပြောဆိုမှုများ၌ ရှိနေကြကုန်၏။" နှင့် ဆက်စပ်၍နေပေသည်။

တဖိစီရ်မဇ်ဟရီက ဤအာယသ်တော်မှာလည်း မုအ်မင်များနှင့် မွတ္တကီသူတော်စင်များ၏ ဂုဏ်ပုဒ်ကိုဖော်ပြသည်ဟု ယူဆ၏။ 'မုအ်ကိနီးန်' (အီမာန်ရှိကြောင်း သေချာသူများ) ဟူသော စကားလုံးသည် ရှေ့ပိုင်းအာယသ်တော်တစ်ပါး၌ ဖော်ပြခဲ့သော အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့သူများကိုပင် ရည်ညွှန်း၏။ အလိုသဘောမှာ ဤလူများသည် ကမ္ဘာမြေပေါ်၌လည်းကောင်း၊ ၎င်းတို့ကိုယ်၏ ဖြစ်တည်မှု၌လည်းကောင်း ပျံ့နှံ့နေသော အလွှာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များကို အမြဲစဉ်းစားဆင်ခြင်နေခြင်းဖြင့် ၎င်းတို့၏ ယုံကြည်မှုမှာလည်း တိုးပွားလာလေသည်။ အခြားအာယသ်တော်တစ်ပါး၌ ၎င်းတို့ကို وَيَتَفَكَّرُوۡنَ فِیۡ خَلۡقِ السَّمٰوٰتِ وَالۡاَرۡضِ "အကြင် နိသမ္မဉာဏ်ရှင်များသည် အလွှာဟ်အရှင်မြတ်အားမတ်တတ်ရပ်လျက်လည်းကောင်း၊ထိုင်လျက်လည်းကောင်း၊လဲလျောင်းလျက်လည်းကောင်း (အခါခပ်သိမ်း)အောက်မေ့တသ သတိရကြ၏။ ၎င်းပြင် ထိုသူတို့သည် အာကာသ ကောင်းကင်ဘုံများနှင့် ကမ္ဘာမြေကို ဖန်ဆင်းခြင်းနှင့် စပ်လျဉ်း၍ စဉ်းစားဆင်ခြင်(ကာဤသို့လျှောက်ထား)ကြ၏။ အို-ကျွန်တော်မျိုးတို့၏ အရှင်၊ အရှင်မြတ်သည် ဤ(ဖန်ဆင်းထားသောအရာများ)ကို အချည်းနှီး ဖန်ဆင်းထား တော်မူသည်မဟုတ်ပါ၊ အရှင်မြတ်သည် ချို့တဲ့ခြင်းအပေါင်းမှ ကင်းစင်တော်မူပါ၏။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ငရဲမီး၏ပြစ်ဒဏ်မှ ဖယ်ရှားတော်မူပါ။"(၃း၁၉၁) ဟူ၍ ဖော်ပြ၏။

အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များတွင် ကမ္ဘာမြေပေါ်၌ အလ္လာဟ်အရှင်မြတ်ထားရှိတော်မူသည့် အမျိုးမျိုးသောအပင်များ၊ တိရိစ္ဆာန်များ၊ တောင်ကြားများ၊ တောင်တန်းများ၊ သဲကန္တာရများ၊ မြစ်များနှင့်ပင်လယ်သမုဒ္ဒရာများ ပါဝင်လေသည်။ ထိုအရှင်မြတ်သည် လူသားမျိုးနွယ်အားလည်း ကွဲပြားသော ဘာသာစကားများ၊ အသားရောင်များ၊ ရည်မှန်းချက်များနှင့်စွမ်းရည်များကို ဖန်ဆင်းတော်မူသည်။ ထိုအရာအမျိုးမျိုးအနက် သဘောပေါက်မှုနှင့် တတ်သိနားလည်မှု စွမ်းရည်၊ ယင်းတို့၏လုပ်ဆောင်ချက်များနှင့် နောက်ဆုံးတွင် ရရှိမည့် ပျော်ရွှင်ခြင်း သို့မဟုတ် စိတ်ဆင်းရဲခြင်းတို့၏ ကွာခြားချက်ကိုလည်း ဖန်ဆင်းတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ခန္ဓာကိုယ်ထဲတွင် အဂၤါအစိတ်အပိုင်းတိုင်းကို သူ့နေရာနှင့်သူ့ထားရှိတော်မူသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်က وَ فِيٓ اَنۡفُسِكُمۡ اَفَلَا تُبۡصِرُوۡنَ "ထိုနည်းတူစွာ အသင်တို့ကိုယ်များတွင်လည်း(သက်သေလက္ခဏာများ) ရှိကုန်၏။ သို့ပါလျက် အသင်တို့သည်မမြင်ကြလေသလော။"(၅၁း၂၁)ဟူ၍ မိန့်တော်မူခြင်းဖြစ်၏။ မိုးကောင်းကင်နှင့်အာကာသရှိဖြစ်တည်မှုများနှင့် သတ္တဝါများအပါအဝင် စကြာဝဠာ၏ နေရာအနှံ့တွင်ရှိကြသော မရေမတွက်နိုင်သည့် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များ အနက်မှ ဤနေရာတွင် ကမ္ဘာမြေပေါ်မှ သက်သေလက္ခဏာတော်များကိုသာ ရည်ညွှန်းခြင်းမှာ ၎င်းတို့သည် လူသား၏ အတွေ့အကြုံနှင့်လွန်စွာ နီးကပ်ကြပြီး လူသားသည် ၎င်းတို့ကြားတွင် နေထိုင်သွားလာသောကြောင့် ဖြစ်၏။ ယခု အာယသ်တော်က လူသားကိုယ်တိုင်၏ အကြောင်းကို မိန့်ဆိုခြင်းဖြစ်သည်။ လူသားအနေဖြင့် မိမိ၏ ခန္ဓာကိုယ်၊ ခြေလက် အဂၤါအစိတ်အပိုင်း အကြောင်းကို စဉ်းစားဆင်ခြင်ကြည့်ရန် လိုအပ်လေသည်။ ခန္ဓာကိုယ်၏ အစိတ်အပိုင်းတိုင်းသည် အလ္လာဟ်အရှင်မြတ်၏ အတိုင်းမသိ ပညာဉာဏ်တော်ကို သက်သေခံလျက်ရှိသဖြင့် ၎င်း၏သေးငယ်သော ဖြစ်တည်မှုသည် ကျယ်ပြောသော စကြဝဠာအတွင်း၌ ပြန့်ကျဲလျက်ရှိသော အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များ အားလုံးနီးပါးကို ကိုယ်စားပြုကြောင်း၊ ခြုံငုံမိကြောင်းကို သိရှိလိမ့်မည်ဖြစ်ပေသည်။ ထို့အကြောင်းကြောင့် လူသားအား စကြဝဠာအသေးစားလေးအဖြစ် သတ်မှတ်ကြခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်း၏တည်ရှိမှု၌ ဖန်ဆင်းမှု အမျိုးအစားအားလုံးရှိသောကြောင့်ဖြစ်၏။ အကယ်၍ လူသားသည် မိမိ၏မွေးဖွားခြင်းမှ သေဆုံးခြင်းတိုင် ဖြတ်သန်းခဲ့သော အဆင့်များကို စဉ်းစားကြည့်ပါက ၎င်းသည် ထိုအရှင်မြတ်အား ရှင်းလင်းစွာ မြင်ရဘိသကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ကို သတိမူမိမည်ဖြစ်ပေသည်။

သားအိမ်ထဲ၌ သုက်ပိုးနှင့် သန္ဓေသားတို့ တိုးတက်ဖွံ့ဖြိုးလာပုံ

လူသား၏အလွန်တရားသေးငယ်လှသော သုက်ပိုးနှင့်မျိုးဥသည် အံ့ချီးဖွယ် သဘာဝဖြစ်ရပ်တစ်ခုဖြစ်၏။ ၎င်းအား အစားအစာများနှင့် ကမ္ဘာအနှံ့မှ သေးမြွှင်သောအရာများဖြင့် ပြုလုပ်ထားခြင်းဖြစ်၏။ အကယ်၍ သုက်ပိုးသည် မိခင်၏ သားအိမ်တွင်း၌ အခြေခိုင်သွားပါက ၎င်းသည် အခြားအရာများနှင့်ပေါင်းစပ်ပြီး အနီရောင်အခဲလေးတစ်ခုအဖြစ် ပြောင်းလဲပြီး ထိုမှတဖန် ပုံသဏ္ဌာန်မဲ့အသားတုံးလေးဖြစ်လာသည်။ ထိုပုံသဏ္ဌာန်မဲ့ အသားတုံးမှ အရိုးများကိုပုံဖော်သည်။ ထို့နောက် အရိုးများကို အသားဖြင့် ဖုံးအုပ်ပြီး ဦးခေါင်း၊ လက်များ၊ ရင်ဘတ်၊ ဝမ်းဗိုက်၊ ပေါင်များ၊ ခြေထောက်များနှင့်ယင်းတို့၏အစိတ်အပိုင်းများအားလုံးဖွံ့ဖြိုးလာခြင်းဖြင့်ပုံစံနှင့်အသွင်သဏ္ဌာန်တစ်ခုစတင်ဖြစ်ပေါ်သည်။ဆန်းကြယ်အံ့ဖွယ်ရာ ဦးနှောက်တစ်ခုကို ဦးခေါင်းခွံ၏ အောက်၌ထားရှိပြီး ယင်း၏ရှုပ်ထွေးသော အလွှာများထဲ၌ စိတ်နှင့်ဆိုင်သော စွမ်းဆောင်ရည်များ အားလုံးတည်ရှိလေသည်။ ဤနည်းဖြင့် ၎င်းအား တန်ဆာဆင်ပြီးနောက် အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်တမန်တစ်ပါးအား ၎င်းအထဲသို့ အသက်ဝိညာဉ်ကို နှုတ်သွင်းရန် စေလွှတ်တော်မူသည်။ ဖန်ဆင်းမှုပြည့်စုံပြီးမြောက်ပြီးနောက် ၎င်းသည် ကမ္ဘာလောကတွင်းသို့ ယူဆောင်ခြင်းခံရကာ မွေးကင်းစမှ လူလားမြောက်သောအရွယ်၊

အိုမင်းသော အရွယ်စသည်ဖြင့် တိုးတက်ပြောင်းလဲလာပါသည်။ ထို့နောက် ၎င်းသည် အသိအလိမ္မာနှင့် ဉာဏ်ပညာတွင် သုညအဆင့်ရှိရာမှ တဖြည်းဖြည်းနှင့် ဉာဏ်ရည်ထက်မြက်သော စဉ်းစားချင့်ချိန်နိုင်သော တက်ကြွ ဖြတ်လတ်သော လူတစ်ဦးအဖြစ် တိုးတက်လာသည်။ လူသား၏ ပုံစံနှင့်အသွင်သဏ္ဌာန်များမှာ လွန်စွာ ကွဲပြားခြားနားသည် ဖြစ်၍ သေးငယ်သော ဒေသတစ်ခုအတွင်းမှ သန်းပေါင်းများစွာသော လူများ၌ပင် တစ်ထပ်တည်းတူသော မျက်နှာ နှစ်ခုမရှိပေ။ ထို့ပြင် ၎င်းတို့၏စိတ်ထားစရိုက်နှင့်အကျင့်များမှာလည်း ကွဲပြားကြ၏။ ဤကွဲပြားမှု၌ ညီညွတ်မှုရှိပေသည်။ ဤအရာအားလုံးသည် တွေဖက်သူဟူ၍လည်းကောင်း၊ ပြိုင်ဘက်ဟူ၍လည်းကောင်း အလျှင်းမရှိသော အလ္လာဟ်အရှင်မြတ်၏ အကြွင်းမဲ့တန်ခိုးတော်၏ အံ့ချီးဖွယ်ရာဖြစ်ကြောင်းပင်ဖြစ်၏။ فَتَبٰرَكَ اللّٰهُ اَحْسَنُ الْخٰلِقِيْنَ "သို့ဖြစ်ပေရာ အကောင်းဆုံးသော ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်သည် အဘယ်မျှ ထူးကဲမြင့်မြတ်လှဘိ ပါသနည်း။" (၂၃း၁၄)

ဤအရာအားလုံးကို လူသားသည် ကိုယ်တိုင်ကိုယ်ကျနေ့ရောညပါကြုံတွေ့ရခြင်းဖြစ်၏။ လုံးဝမျက်စိကန်းနေသော၊ အသိဉာဏ်ကင်းမဲ့သော ပုဂ္ဂိုလ်တစ်ဦးသာလျှင် အလ္လာဟ်အရှင်မြတ်တည်ရှိတော်မူကြောင်းကို ငြင်းဆိုလိမ့်မည် ဖြစ်၏။ ထို့ကြောင့် အာယသ်တော်၏နိဂုံး၌ اَفَلَا تُبْصِرُوْنَ (သို့ပါလျက် အသင်တို့သည် မမြင်ကြလေသလော့-၂၁) ဟု ကုရ်အာန်က အဖြေမတောင်းသော မေးခွန်းကိုမေးခြင်းဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦးသည် ဘဝ၏သရုပ်မှန်ကို နားလည်သဘောပေါက်ရန်အတွက် ဉာဏ်ရည်ထက်မြက်ဖို့ မလိုအပ်ပါချေ။ ၎င်း၏အမြင်အာရုံမချို့ယွင်းပါက ၎င်းသည်မှန်ကန်သော ကောက်ချက်ကိုချနိုင်မည်ဖြစ်သည်။

وَفِى السَّمَآءِ رِزْقُكُمْ وَمَا تُوْعَدُوْنَ "ထို့ပြင် မိုးကောင်းကင်၌ အသင်တို့၏ စားနပ်ရိက္ခာသည်လည်းကောင်း၊ အသင်တို့ ကတိပေးခြင်း ခံကြရလေ သောအရာသည်လည်းကောင်းရှိပေသည်။"(၅၁း၂၂) ဤအာယသ်တော်အား ရိုးရှင်းစွာ အဓိပ္ပာယ်ကောက်ရလျှင် 'မိုးကောင်းကင်၌' သည် ဤနေရာတွင် ထိန်းသိမ်းထားသော မှတ်တမ်းတော် (အလ်လောင်ဟ်မဟ်ဖူးဇ်)၌ ရေးသားထားသည်များကို ဆိုလိုသည်။ လူသား၏ စားနပ်ရိက္ခာ၊ ၎င်းအား ပေးထားသည့် ကတိတော်များနှင့် ယင်းတို့၏အကျိုးဆက်ဟူသမျှကို မှတ်တမ်းတော်၌ ထိန်းသိမ်းထားရှိပြီး ဖြစ်ကြောင်းမှာ ထင်ရှား၏။ သာဝကကြီး အဗူစအိဒ်ခ္ဒုဒရီ ﷺ ဆင့်ပြန်သည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူခဲ့သည်။ "အကြင်သူသည် ၎င်းအတွက် သတ်မှတ်ထားသော စားနပ်ရိက္ခာမှရှောင်တိမ်းထွက်ပြေးသည့်တိုင်အောင်မြင်လိမ့်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်း၏စားနပ်ရိက္ခာသည် ၎င်း၏နောက် သို့ ထပ်ချပ်မကွာလိုက်မည်ဖြစ်၍ ၎င်းသည် ၎င်း၏သေခြင်းမှထွက်မပြေးနိုင်သကဲ့သို့ပင် ဖြစ်မည်။"(ကုရ်တူဗီ) အချို့သော ပညာရှင်များကမူ ဤနေရာမှ 'စားနပ်ရိက္ခာ' ဆိုသည်မှာ 'မိုးရေ'ကို ညွှန်းကြောင်း ပြောကြသည်။ ဤကိစ္စတွင် 'မိုးကောင်းကင်'သည် ကောင်းကင်၏ အကောင်အထည်၊ အခုံး သို့မဟုတ် အမိုးခုံးကို ရည်ညွှန်းခြင်းမဟုတ်ပဲ ဦးခေါင်းထက်၌ အုပ်မိုးနေပြီး၊ ယင်း၏အရိပ်ဖြင့် အရာဝတ္ထုများကို လွှမ်းခြုံထားသော လေထုနှင့်တိမ်များအပါအဝင် မိုးရွာသွန်းစေသည့် အရာမှန်သမျှကို ရည်ညွှန်းခြင်းဖြစ်၏။ 'အသင်တို့ ကတိပေးခြင်းခံရသော အရာအားလုံး'သည် ဂျန္နတ်နှင့်ယင်း၏ သုခချမ်းသာများကို ရည်ညွှန်း၏။ အလ္လာဟ်အရှင်မြတ်သည် အသန့်ရှင်းစင်ကြယ်အသိဆုံးဖြစ်တော်မူပေသည်။

اِنَّهٗ لَحَقٌّ مِّثْلَ مَآ اَنَّكُمْ تَنْطِقُوْنَ "သို့ဖြစ်ပေရာ မိုးကောင်းကင်ကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသော အရှင်မြတ်၏ 'ကစမ်'၊ ယင်း('ကိယာမတ်'ဖြစ်ခြင်း၊ စားနပ်ရိက္ခာရရှိခြင်း၊ တမလွန်ဘဝ ဆိုက်ရောက်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏ ကတိတော်အတိုင်း စံစား၊ ခံစားရခြင်းတို့)သည် အသင်တို့စကားပြောဆိုကြဘိသကဲ့သို့ပင် မှန်ကန်လှပေသတည်း။"(၅၁း၂၃) ၎င်းတို့အားကတိပြုတော်မူထားသည့် တရားစီရင်ခြင်း၊ ရှင်ပြန်ထ

ခြင်းနှင့် အစားပေးခြင်းတို့နှင့် သက်ဆိုင်သော အရာ အားလုံးသည် မုချဇကာန် ဖြစ်ပျက်လာမည် ဟု ဆိုလိုသည်။ ထို့ကြောင့် ထိုအရာများသည် အမှန်တရားဖြစ်၍ မိမိတို့ စကားပြောဆိုခြင်းကို ဒွိဟသံသယမဖြစ်ကြသင့်ပေ။ အမြင်၊ အကြား၊ အရသာ၊ အတွေ့၊ အနံ့တည်းဟူသော အာရုံ(၅)ပါးရှိသည့်အနက် ဤနေရာတွင် 'စကားပြောခြင်း' ကို ရွေးချယ်ဖော်ပြခြင်းမှာ စကားပြောခြင်းတွင် ယုံမှားသံသယဖြစ် စရာမရှိနိုင်သောကြောင့် ဖြစ်ပေသည်။ အခြားအာရုံများသည် ရောဂါဝေဒနာခံစားနေရခြင်းကြောင့် ဖြစ်နိုင်သည်။ ကြားခြင်းနှင့်မြင်ခြင်းတို့၏ ကွဲပြားခြားနားပုံကို သိကြပြီးဖြစ်၏။ ဖျားနာ၍ နေသောအခါ ရသာရုံသည် ပြောင်းပြန် သို့မဟုတ် တနည်းမဟုတ်တနည်း လွဲမှားနိုင်သည်။ တစ်ခါတစ်ရံချို့သော အရာသည် ခါး၍နေပြီး ခါးသောအရာသည် ချို၍နေမည်ဖြစ်၏။ (ကုရ်တူဗီ)

အာယသ်တော် (၂၄-၄၆)

هَلۡ اَتٰىكَ حَدِيۡثُ ضَيۡفِ اِبۡرٰهِيۡمَ الۡمُكۡرَمِيۡنَ ﴿۲۴﴾ اِذۡ دَخَلُوۡا عَلَيۡهِ فَقَالُوۡا
سَلٰمًا ؕ قَالَ سَلٰمٌ ۚ قَوۡمٌ مُّنۡكَرُوۡنَ ﴿۲۵﴾ فَرَاغَ اِلٰٓى اَهۡلِهٖ فَجَآءَ بِعِجۡلٍ سَمِيۡنٍ
﴿۲۶﴾ فَقَرَّبَهٗۤ اِلَيۡهِمۡ قَالَ اَلَا تَاۡكُلُوۡنَ ﴿۲۷﴾ فَاَوۡجَسَ مِنۡهُمۡ خِيۡفَةً ؕ قَالُوۡا لَا
تَخَفۡ ؕ وَبَشَّرُوۡهُ بِغُلٰمٍ عَلِيۡمٍ ﴿۲۸﴾ فَاَقۡبَلَتِ امۡرَاَتُهٗ فِىۡ صَرَّةٍ فَصَكَّتۡ وَجۡهَهَا وَ
قَالَتۡ عَجُوۡزٌ عَقِيۡمٌ ﴿۲۹﴾ قَالُوۡا كَذٰلِكِ ۙ قَالَ رَبُّكِ ؕ اِنَّهٗ هُوَ الۡحَكِيۡمُ الۡعَلِيۡمُ
﴿۳۰﴾ قَالَ فَمَا خَطۡبُكُمۡ اَيُّهَا الۡمُرۡسَلُوۡنَ ﴿۳۱﴾ قَالُوۡۤا اِنَّاۤ اُرۡسِلۡنَاۤ اِلٰى قَوۡمٍ
مُّجۡرِمِيۡنَ ﴿۳۲﴾ لِنُرۡسِلَ عَلَيۡهِمۡ حِجَارَةً مِّنۡ طِيۡنٍ ﴿۳۳﴾ مُّسَوَّمَةً عِنۡدَ رَبِّكَ
لِلۡمُسۡرِفِيۡنَ ﴿۳۴﴾ فَاَخۡرَجۡنَا مَنۡ كَانَ فِيۡهَا مِنَ الۡمُؤۡمِنِيۡنَ ﴿۳۵﴾ فَمَا وَجَدۡنَا
فِيۡهَا غَيۡرَ بَيۡتٍ مِّنَ الۡمُسۡلِمِيۡنَ ﴿۳۶﴾ وَتَرَكۡنَا فِيۡهَاۤ اٰيَةً لِّلَّذِيۡنَ يَخَافُوۡنَ
الۡعَذَابَ الۡاَلِيۡمَ ﴿۳۷﴾ وَفِىۡ مُوۡسٰۤى اِذۡ اَرۡسَلۡنٰهُ اِلٰى فِرۡعَوۡنَ بِسُلۡطٰنٍ مُّبِيۡنٍ
﴿۳۸﴾ فَتَوَلّٰى بِرُكۡنِهٖ وَقَالَ سٰحِرٌ اَوۡ مَجۡنُوۡنٌ ﴿۳۹﴾ فَاَخَذۡنٰهُ وَجُنُوۡدَهٗ فَنَبَذۡنٰهُمۡ
فِى الۡيَمِّ وَهُوَ مُلِيۡمٌ ﴿۴۰﴾ وَفِىۡ عَادٍ اِذۡ اَرۡسَلۡنَا عَلَيۡهِمُ الرِّيۡحَ الۡعَقِيۡمَ ﴿۴۱﴾ مَا
تَذَرُ مِنۡ شَىۡءٍ اَتَتۡ عَلَيۡهِ اِلَّا جَعَلَتۡهُ كَالرَّمِيۡمِ ﴿۴۲﴾ وَفِىۡ ثَمُوۡدَ اِذۡ قِيۡلَ
لَهُمۡ تَمَتَّعُوۡا حَتّٰى حِيۡنٍ ﴿۴۳﴾ فَعَتَوۡا عَنۡ اَمۡرِ رَبِّهِمۡ فَاَخَذَتۡهُمُ الصّٰعِقَةُ وَهُمۡ
يَنۡظُرُوۡنَ ﴿۴۴﴾ فَمَا اسۡتَطَاعُوۡا مِنۡ قِيَامٍ وَّمَا كَانُوۡا مُنۡتَصِرِيۡنَ ﴿۴۵﴾ وَقَوۡمَ

نُوحٍ مِّن قَبْلُ ۖ إِنَّهُمْ كَانُوا قَوْمًا فَاسِقِينَ ﴿٤٦﴾

(အို-နဗီတမန်တော်) အသင့်ထံသို့(နဗီတမန်တော်)အစ်ဗ်ရာဟီမ်၏ ဂုဏ်သရေရှိ ဓည့်သည်တော်များ၏အကြောင်းရောက်ရှိခဲ့လေသလော။[၂၄]အကြင်အခါဝယ်ထိုဓည့်သည်တော်တို့သည် ထိုအစ်ဗ်ရာဟီမ်၏ ထံသို့ ဝင်ရောက်ခဲ့၍ 'စလာမ်' (ငြိမ်းချမ်းစွာရှိပါစေသား)ဟူ၍ ပြောဆိုခဲ့ကြကုန်၏။ ထိုအစ်ဗ်ရာဟီမ်ကလည်း 'စလာမ်'ဟူ၍ပြန်ကြားခဲ့၏။ (တစ်ဖန် မိမိစိတ်ထဲတွင်ကျိုသူတို့မှာ ငါ) မသိသော သူစိမ်းများပင် ဖြစ်ကြသည် (ဟု မှတ်ချက်ချခဲ့လေ၏။)[၂၅] တစ်ဖန် ထိုအစ်ဗ်ရာဟီမ်သည် မိမိအိမ်(ထဲ)သို့ဝင်ပြီးလျှင် (ကင်ထားသော) ဝမြိုးသည့် နွားကလေး တစ်ကောင်ကို ယူလာခဲ့လေ၏။ [၂၆] ပြီးနောက် (ကင်ထားသော) ထိုနွားကလေးကိုထိုဓည့်သည်တို့အပါး၌ နေရာတကျ တည်ခင်း(ဓည့်ခံ)ခဲ့လေ၏။ (ထို့နောက် ဓည့်သည်တို့အား) အသင်တို့သည်အဘယ်ကြောင့် မစားကြပါသနည်းဟု မေးမြန်းခဲ့၏။[၂၇] ထို့နောက် (ငင်းတို့စားသုံးခြင်း မပြုကြသောကြောင့်) ထိုအစ်ဗ်ရာဟီမ်သည် မိမိစိတ်ထဲတွင် ငင်းတို့ ဘက်မှစိုးရိမ်လာခဲ့လေ၏။ (ထိုအခါ) ငင်းတို့က အသင်သည် မစိုးရိမ်ပါလေနှင့်ဟု ပြောဆိုကြ၏။ ထို့ပြင် ငင်းတို့သည် ထိုအစ်ဗ်ရာဟီမ်အား အလွန်တရာ အသိပညာနှင့်ပြည့်စုံသော သားရတနာတစ်ပါးနှင့် ပတ်သက်၍ သတင်းကောင်း ပြောကြားခဲ့ကြ၏။ [၂၈] ထိုရောကာလ ထိုအစ်ဗ်ရာဟီမ်၏ ဇနီးကြင်ရာသည် အသံကျယ်စွာ ပြောဆိုညည်းညူလျက် ဧရှ.သို့ရောက်ရှိ၍လာပြီးလျှင် မိမိနဖူးကို လက်ဝါးဖြင့်ရိုက်ကာ အသက်အရွယ်ကြီးရင့်အိုမင်းလျက်ရှိသော မြဲ၍နေသော မိန်းမတစ်ဦးသည်(သားဖွားဦးမည်လော)ဟု ပြောဆိုခဲ့လေ၏။ [၂၉] ထိုအခါ ထိုဓည့်သည်တော်တို့က အသင့်အားဖန်ဆင်းဖွဲ့မြူတော်မူသော အရှင်မြတ်သည် ဤအတိုင်းပင်မိန့်ကြားတော်မူခဲ့သည်။ ဇကာန်မလွဲ ထိုအရှင်မြတ်သည် နက်နဲသိမ်မွေ့သောအသိပညာနှင့် ပြည့်စုံတော်မူသောအရှင်၊ (အရာခပ်သိမ်းတို့ကို)အကြွင်းမဲ့သိရှိ တော်မူသော အရှင် ဖြစ်တော်မူသည် ဟူ၍ ပြန်ကြားခဲ့ကြကုန်သတည်း။[၃၀] (ထိုအခါ) ထိုအစ်ဗ်ရာဟီမ်က သို့ဖြစ်လျှင် အသင်တို့၌ မည်သည့် အရေးကိစ္စ ရှိသနည်းဟု မေးမြန်းခဲ့လေ၏။[၃၁] ငင်းတို့က ပြောကြားခဲ့ကြလေသည်။ ဇကာန်အမှန် ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်ကြကုန်သော အမျိုးသားတို့ထံ စေလွှတ်ခြင်း ခံခဲ့ကြရကုန်၏။[၃၂] ကျွန်ုပ်တို့သည် ငင်းတို့အပေါ်၌ ရွှဲ.စေးဖြင့်ပြီးသော (ကျောက်)ခဲများကို ရွာသွန်းချစေရန် (စေလွှတ်ခြင်းခံခဲ့ကြရလေသည်)။[၃၃] (ယင်းကျောက်ခဲများမှာ) တရားစည်းကမ်း ကျူးလွန်သူတို့အဖို့ အသင့်အား ဖန်ဆင်းဖွဲ့မြူတော်မူသောအရှင်မြတ် အထံတော်၌ မှတ်သားပြီးဖြစ်၏။[၃၄] ထိုအခါ ငါအရှင်မြတ်သည် ယင်းမြို့.ရွာ၌ ရှိကုန်သော 'မုအ်မင်နိ' သက်ဝင်ယုံကြည်သူတို့အား ထုတ်ယူ လွတ်မြောက်စေတော်မူခဲ့၏။ [၃၅] သို့ရာတွင် ငါအရှင်မြတ်သည် ထိုမြို့.ရွာ၌ မုစ်လင်မ်အိမ်တစ်အိမ်သာလျှင် တွေ့.ရှိတော်မူခဲ့၏။[၃၆] ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုမြို့.ရွာတွင် နာကျင်ဖွယ်ဖြစ်သောပြစ်ဒဏ်ကို ကြောက်ရွံ့.စိုးရိမ် သောသူတို့အကျိုးငှာ သက်သေလက္ခဏာတစ်ပါးကို ကျန်ရစ်စေတော်မူခဲ့ပေသတည်း။[၃၇] ထိုပြင် မူစာ(၏အကြောင်း အတ္ထုပ္ပတ္တိ)တွင်လည်း (သက်သေလက္ခဏာ)ရှိ၏။ အကြင်အခါဝယ် ငါအရှင်မြတ်သည် ထိုမူစာအား 'ဖိရ်အောင်(နှ်)'၏ထံ သို့ ထင်ရှားစွာသော သက်သေသာဓကနှင့်တကွ စေလွှတ်တော်

မူခဲ့၏။[၃၈] သို့ရာတွင် 'ဖိရ်အောင်(နှ်)'မှာ မိမိစွမ်းအင်ကိုအားကိုး၍ မျက်နှာလွှဲခဲ့၏။ (မိမိ၏အခြွေအရံအသင်းအပင်းများနှင့်အတူသွေဖည်ကျော်ခိုင်းသွားခဲ့၏။)ထို့ပြင်ငင်းကတမန်တော်(မူစာအား) ပဋ္ဌလက်ဆရာ သို့မဟုတ် ရူးသွပ်သူဖြစ်သည်ဟူ၍ ပြောဆိုခဲ့လေ၏။[၃၉] သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထို 'ဖိရ်အောင်(နှ်)' အားလည်းကောင်း၊ ထို 'ဖိရ်အောင်(နှ်)'၏ စစ်သည်တို့အား လည်းကောင်း၊ ဖမ်းဆီး၍ သမုဒ္ဒရာ ပင်လယ်ထဲသို့ပစ်ချတော်မူခဲ့၏။ စင်စစ် ထိုဖိရ်အောင်(နှ်) မှာ ပြင်းထန်စွာ ပြစ်တင်ရှုတ်ချအပ်သောသူဖြစ်ခဲ့၏။[၄၀] ထို့ပြင် 'အာဒ်' အမျိုးသားတို့(၏ အဖြစ်အပျက်)၌လည်း (သင်ခန်းစာ)ရှိပေသည်။ တစ်ရံရော အခါဝယ် ငါအရှင်မြတ်သည် ငင်းတို့အပေါ်၌ မင်္ဂလာကင်းမဲ့သောလေပြင်းမုန်တိုင်းကို စေလွှတ်တော်မူခဲ့၏။ [၄၁] ယင်းလေပြင်းမုန်တိုင်းသည် မည်သည့်တစ်စုံတစ်ရာပေါ်၌မဆို သက်ရောက်ခဲ့သည်ရှိသော် ထိုအရာဝတ္ထုကို ဆွေးမြည့်ပြီး အပိုင်းပိုင်းအစစ ဖြစ်ဘိသကဲ့သို့ ပြုလုပ်ခဲ့သည်ချည်းသာ။[၄၂] ထို့မှတစ်ပါး 'ဆမူဒ်' အမျိုးသားတို့(၏ အဖြစ်အပျက်)၌လည်း (သင်ခန်းစာ)ရှိ၏။ အခါတစ်ပါး၌ ငင်းတို့သည် ပြောကြားခြင်းကို ခံခဲ့ကြရလေ၏။ အသင်တို့သည်အနည်းငယ်မျှ ကာလတိုင်အောင် အကျိုးကျေးဇူး ခံစားကြလေကုန်[၄၃] သို့ရာတွင် ငင်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်ကို ပုန်ကန်ခဲ့ကြပေရာ ပြစ်ဒဏ်သည် ငင်းတို့အား ငင်းတို့ ရှုမြင်ရှိနေကြစဉ်မှာပင် ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။[၄၄] ထိုအခါ ငင်းတို့မှာ မတ်တပ်ရပ်နေရန်ပင်မတတ်စွမ်းနိုင်ခဲ့ကြပေ။ ထို့မှတစ်ပါး ငင်းတို့သည် လက်စားချေနိုင်ခဲ့ကြသည်လည်း မရှိချေ။[၄၅] ထိုနည်းတူစွာ (ငါအရှင်မြတ်သည်) (ငင်းတို့)အလျင် နှုတ်၏အမျိုးသားတို့အားလည်း (ဖျက်ဆီးတော်မူခဲ့၏)။ ဇကန်မလွဲ ငင်းတို့မှာကား အမိန့်တော်ကို ဖောက်ဖျက်ကျူးလွန်သော အမျိုးသားတို့ပင် ဖြစ်ခဲ့ကြကုန်သတည်း။[၄၆]

အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်ﷺကို အားပေးနှစ်သိမ့်တော်မူခြင်း

فَقَالُوْا سَلٰمًا قَالَ سَلٰمٌ"အကြင်အခါဝယ် ထိုဇည့်သည်တော်တို့သည် ထိုအစ်ဗ်ရာဟီမ်၏ထံသို့ ဝင် ရောက်ခဲ့၍ 'စလာမ်' (ငြိမ်းချမ်းစွာ ရှိပါစေသား)ဟူ၍ ပြောဆိုခဲ့ကြကုန်၏။ ထိုအစ်ဗ်ရာဟီမ်ကလည်း 'စလာမ်'ဟူ၍ ပြန်ကြားခဲ့၏။ (တစ်ဖန် မိမိစိတ်ထဲတွင် ဤသူတို့မှာ ငါ)မသိသော သူစိမ်းများပင် ဖြစ်ကြသည်(ဟု မှတ်ချက်ချခဲ့လေ၏။)' ကောင်းကင်တမန်တို့က ငင်းအား 'စလာမန်'ဟူသော ကံပုဒ်ဖြင့် နှုတ်ခွန်းဆက်ကြသော်လည်း တမန်တော် အိဗ်ရာဟီမ်ﷺကမူ ငင်းတို့၏နှုတ်ဆက်စကားကို 'စလာမွန်'ဟူသော ကတ္တားပုဒ်ဖြင့် တုံ့ပြန်ခဲ့လေသည်။ အာရဗီ၌ ကတ္တားပုဒ်သည် ပို ကြီးမားသော အင်အားဆက်စပ်မှုနှင့် ခိုင်မြဲခြင်းသဘောကို ဆောင်သော အမည်ခံဝါကျတစ်ခုဖြစ်၏။ ကုရ်အာန် ၏ ပြဋ္ဌာန်းချက်မှာ 'အသင်သည် ရင်းနှီး ပျူငှာစွာ နှုတ်ဆက်ခြင်းခံရသောအခါ ပို၍ကောင်းသော ပဋိသန္ဓာရစကားဖြင့် တုံ့ပြန်ပါ။'ဟူ၍ ဖြစ်၏။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်၏ မိတ်ဆွေဖြစ်သော တမန်တော်မြတ် အိဗ်ရာဟီမ်ﷺသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို အကောင်အထည်ဖော်သောအားဖြင့် အကောင်းဆုံးတုံ့ပြန်မှု တစ်ခုကိုရွေးချယ်၍ 'စလာမ်'ထက်ပို၍အားပါသော နှုတ်ဆက်စကား 'စလာမွန်' ဖြင့် တုံ့ပြန်ခဲ့ခြင်းဖြစ်လေသည်။

قَوْمٌ مُّنْكَرُوْنَ "ဤသူတို့မှာ ငါ)မသိသော သူစိမ်းများပင် ဖြစ်ကြသည်(ဟုမှတ်ချက်ချခဲ့လေ၏။)' အကွာရာ(မီမ်)တွင် ဒွမွဟ်ပါရှိပြီး အကွာရာ (ကားဖ်)တွင် 'ဖသဟ်'ပါရှိသည့် 'မွန်ကရ်'ဟူသော စကားလုံးသည် 'မသိသော'

ဟု အဓိပ္ပာယ်ရ၏။ အစ္စလာမ်တွင် အပြစ်သို့မဟုတ် အပြစ်ရှိသော အလုပ်မှန်းမသိသောကြောင့် ယင်းကိုလည်း 'မွန်ကရ်'အဖြစ် ရည်ညွှန်းလေသည်။ ကောင်းကင်တမန်တို့သည် တမန်တော်မြတ် အိဗ်ရာဟီမ်ထံသို့ ငယ်ရွယ်ချောမော၍ ကျက်သရေရှိသောလူများ အသွင်ဖြင့် ရောက်လာခဲ့ကြသည်ဖြစ်၍ ၎င်းသည် ၎င်းတို့အား မမှတ်မိခဲ့ချေ။ ၎င်းက ဤလူများသည် သူစိမ်းများဖြစ်ကြ သည်ဟု စိတ်ထဲမှတွေးမိပြီး "၎င်းတို့သည် ကျွန်ုပ်မသိသော သူများဖြစ်ကြသည်။"ဟု မိမိကိုယ်မိမိပြောဆိုခဲ့၏။ သို့တည်းမဟုတ် ၎င်းက ဧည့်သည့်များအား မေးခွန်းပုံစံဖြင့် ဤသို့ဖော်ပြခြင်းလည်း ဖြစ်နိုင်သည်။ ရည်ရွယ်ချက်မှာ ၎င်းတို့မည်သူများဖြစ်ကြသည်ကို သိရန်ဖြစ်၏။

رَاغَ اِلٰٓى اَهْلِهٖ "တစ်ဖန် ထိုအစ်ဗ်ရာဟီမ်သည် မိမိအိမ်(ထဲ)သို့ဝင်ပြီးလျှင်(ကင်ထားသော)ဝဖြူးသည့် နွားကလေးတစ်ကောင် ကို ယူလာခဲ့လေ၏။" (၅၁း၂၆) 'ရားယာ'သည် 'ရောယ်ဟ်'မှ ဆင်းသက်ပြီး လှစ်ကနဲ ထွက်သွားခဲ့သည်ဟု ဆိုလိုသည်။ တစ်နည်းအားဖြင့် တမန်တော်အိဗ်ရာဟီမ်ﷺသည် ဧည့်သည့်များအတွက် ထမင်းဟင်းစီစဉ်ရန် ၎င်းတို့သတိမထားမိအောင် မသိမသာဖြင့် အိမ်ထဲသို့အလျင်စလိုဝင်သွားခဲ့ခြင်းဖြစ်၏။ သို့မဟုတ်ပါက ၎င်းတို့သည်၎င်းအား တားမြစ်ခဲ့ကြလိမ့်မည်ဖြစ်၏။

ဧည့်သည့်များအား ဧည့်ခံခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ

ဤအာယသ်တော်သည် ဧည့်သည့်များအား ဧည့်ဝတ်ပြုရာတွင် သင့်တင့်လျောက်ပတ်သော ပုံစံကို ညွှန်ပြသည်ဟု အိဗ်နကဆီးရ်ကပြောကြား၏။ အိမ်ရှင်ဖြစ်သော တမန်တော်အိဗ်ရာဟီမ်ﷺသည် ၎င်းတို့အတွက် စားစရာပြင်ဆင်မည့်အကြောင်းကို ဦးစွာမပြောကြားခဲ့ပေ။ ၎င်းသည် လှစ်ကနဲညင်သာစွာထွက်သွားခဲ့ပြီး စားစရာကို ဧည့်သည်များထံသို့ လျင်မြန်စွာ ယူဆောင်လာခဲ့ခြင်းဖြင့် ၎င်းတို့သည် မိမိတို့အတွက် စားစရာပြင်ဆင်နေခဲ့မှန်းမသိလိုက်ကြပေ။ တကယ်တမ်းတွင် ၎င်းသည် စားစရာကို သိုသိုသိပ်သိပ်ပြင်ဆင်ပြီးမှ ၎င်းတို့၏ ရှေ့၌ ချထားခဲ့ခြင်းဖြစ်၏။ ၎င်းသည် ၎င်းတွင်ရှိသော အကောင်းဆုံးစားစရာဖြစ်သည့် ဆူဖြိုးသည့် နွားကလေးတစ်ကောင် ကင်ထားသည်ကို ပြင်ဆင်ခဲ့သည်။ ထို့ပြင် ၎င်းသည် စားစရာကို ၎င်းတို့နှင့်အလှမ်းဝေးရာတွင် ချထားပြီး အနီးသို့တိုး၍ စားသုံးကြရန် ဖိတ်ခေါ်ခြင်းမပြုခဲ့ပေ။ ထိုသို့ပြုမည့်အစား ၎င်းသည်စားစရာကို ၎င်းတို့အနီးတွင်ချထားခဲ့၏။ فَقَرَّبَهٗٓ اِلَيْهِمْ "ယင်း(ကင်ထားသော နွားကလေး)ကို ၎င်းတို့အနီးသို့ ယူဆောင်လာခဲ့၏။"(၅၁း၂၇)၎င်းတို့အား စားသုံးရန် အမိန့်ပေးမည့်အစား ၎င်းသည် သုံးဆောင်ကြရန် ယဉ်ကျေး၊ နွေးထွေး၊ ပျူငှာစွာဖိတ်ကြားခဲ့သည်။ اَلَا تَاْكُلُوْنَ "အသင်တို့သည် အဘယ်ကြောင့် မစားကြပါသနည်း" ဤမေးခွန်းပုံစံပြောဆိုမှုသည် ကျွန်ုပ်တို့က ဧည့်သည့်တစ်ဦးအား "သင်မဆာလျှင် တောင်မှ ကျွန်ုပ်အတွက်ပဲဖြစ်ဖြစ် ဒါလေးကို သုံးဆောင်ပါဦးလား။"ဟု ပြောဆိုပုံမျိုးနှင့်ဆင်တူလေသည်။

فَاَوْجَسَ مِنْهُمْ خِيْفَةً "ထို့နောက် (၎င်းတို့စားသုံးခြင်း မပြုကြသောကြောင့်) ထိုအစ်ဗ်ရာဟီမ်သည် မိမိစိတ်ထဲတွင် ၎င်းတို့ဘက်မှ စိုးရိမ်လာခဲ့လေ၏။ (၅၁း၂၈) ဧည့်သည့်များက စားစရာကိုမစားကြသောအခါ တမန်တော်အီဗရာဟီမ်ﷺသည် ကြောက်ရွံ့စိတ်ဝင်မိခဲ့၏။ ထိုခေတ်အခါ ဆွေကြီးမျိုးကြီးမှ လူများသည် အိမ်ရှင်၏ ဧည့်ဝတ်ပြုမှုကို လက်ခံလိမ့်မည်ဟု မျှော်လင့်ရသော ဧည့်သည်များအား ဧည့်ခံကျွေးမွေးသည့် ဓလေ့ထုံးစံရှိခဲ့၏။ အကယ်၍ ၎င်းတို့သည် ဧည့်ဝတ်ပြုမှုကို လက်မခံကြပါက အိမ်ရှင်အနေဖြင့် ဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်တော့မည်လားဟု စိုးရိမ်စိတ်ဝင်ကြမည်ဖြစ်၏။ ၎င်းတို့သည် မိမိတို့ အား ဒုက္ခပေးရန် ရောက်လာကြသည့် ရန်သူများ ဖြစ်ကောင်းဖြစ်နိုင်သည်။ ထိုခေတ်အခါက လူဆိုးများနှင့်တေလေဂျပိုးများ၌ပင် ရှိခဲ့ကြသည့် မြင့်မြတ်သောဂုဏ်ပုဒ်မှာ တစ်ဦးတစ်ယောက်၏အစားအစာကို စားသုံးခဲ့ပြီးနောက် ထိုသူအား ရန်မပြုတော့ခြင်းဖြစ်၏။ သို့ဖြစ်၍ စားသောက်ရန် ငြင်းဆန်ခြင်းသည်

ရန်လိုခြင်း သို့မဟုတ် အန္တရာယ်၏ လက္ခဏာတစ်ခုဖြစ်လေသည်။

فَأَقْبَلَتِ امْرَأَتُهُ فِي صَرَّةٍ "ထိုရောကာလ ထိုအစ်ဗရာဟီမ်၏ ဇနီးကြောင်ရာသည် အသံကျယ်စွာ ပြောဆို ညည်းညူလျက် ရှေ့သို့ရောက်ရှိ၍ လာပြီးလျှင် မိမိနဖူးကို လက်ဝါးဖြင့်ရိုက်ကာ အသက်အရွယ်ကြီးရင့်အိုမင်းလျက် ရှိသော မြို၍်နေသော မိန်းမတစ်ဦးသည်(သားဖွားဦးမည်လော)ဟု ပြောဆိုခဲ့လေ၏။"(၅၁း၂၉) 'ဆွရ်ရဟ်'ဟူသော စကားလုံးသည် ဟောင်ဖွာဟောင်ဖွာ ပြောဆိုခြင်း၊ ပူညံပူညံလုပ်ခြင်း သို့မဟုတ် သည်းထန်စွာ အော်ဟစ်ငိုကြွေးခြင်း ဟုအဓိပ္ပာယ်ရ၏။ 'ဆွရီးရ်'သည်စာရေးသောအခါကလောင်တံမှထွက်ပေါ်သောအသံဖြစ်၏။ကောင်းကင်တမန်များက သူမ၏ ခင်ပွန်းအိဗ်ရာဟီမ်ﷺအား သား ယောက်ျားလေးတစ်ဦးဖွားမြင်မည့် အကြောင်း ပြောသံကို သခင်မဆာရာ ﷺ ကြားသောအခါ ဤသတင်းသည် မိမိ၏ ခင်ပွန်းအတွက် ကောင်းသည့်နည်းတူ မိမိအတွက်လည်းကောင်းပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသားသည် မိမိတို့၏သားဖြစ်သောကြောင့် မိမိတို့နှစ်ဦးစလုံးသည် ကောင်းသတင်းကို ရ နေခြင်းဖြစ်သည်ဟု စဉ်းစားမိခဲ့သည်။ ထို့ကြောင့် သူမသည် အမှတ်တမဲ့ ကျယ်လောင်စွာ အော်ဟစ်ကာ မယုံနိုင် စရာကောင်းသော အရာနှင့်ပြောစကားကို ရင်ဆိုင်ရသောအခါ အမျိုးသမီးများပြုလုပ်လေ့ရှိသည့်အတိုင်း သူမ၏နဖူး အား ရိုက်ခဲ့သည်။ ထို့ပြင် သူမ၏မျက်နှာကို လက်ဝါးဖြင့်ရိုက်ရင်း "عَجُوزٌ عَقِيمٌ"မြို၍်နေသော မိန်းမအိုကြီးကလား"ဟု ပြောကြားခဲ့၏။ ဆိုလိုသည်မှာ "ကျွန်ုပ်ကဲ့သို့ အဖွားအိုကြီးတစ်ဦးသည် မည်သို့လျှင် သားဖွားမည်နည်း။ ကျွန်ုပ်သည် ငယ်ရွယ်အချိန်ကပင် မြို၍်နေသည်ဖြစ်၍ ကလေးမရနိုင်ခဲ့ပါ"ဟူ၍ ဖြစ်၏။ ကောင်းကင်တမန်များက အလွှာဟ်အရှင် မြတ်သည် အရာခပ်သိမ်းကို တတ်စွမ်းတော်မူသည်ဖြစ်၍ ဤအတိုင်းပင်ဖြစ်ပျက်လိမ့်မည်။ "အသင့်အား ဖန်ဆင်းမွေး မြူတော်မူသောအရှင်မြတ်က ဤအတိုင်းပင်မိန့်တော်မူခဲ့သည်။"ဟု ပြန်ပြောခဲ့ကြလေသည်။ ဤနည်းအားဖြင့် တမန် တော် အစ်ဟာက်ﷺကို ဖွားမြင်ချိန်တွင် သခင်မဆာရာ ﷺ၏ အသက်မှာ ၉၉နှစ်နှင့် တမန်တော်အိဗ်ရာဟီမ်ﷺ၏ အသက်မှာ ၁၀၀ရှိခဲ့ကြပြီးဖြစ်၏။ (ကုရ်တူဗီ)

အပြန်အလှန်စကားပြောဆိုရင်းမှ ဇည်သည်များသည် ကောင်းကင်တမန်များဖြစ်ကြကြောင်းကို တမန်တော် အိဗ်ရာဟီမ်ﷺသိသွားသောအခါ ၎င်းက မည်သည့်တာဝန်ဖြင့်ရောက်လာပါသနည်းဟု ၎င်းတို့အားမေးမြန်းခဲ့၏။ ၎င်း တို့က မိမိတို့သည် လူတွဲ့ﷺ၏ အမျိုးသားများထံသို့ ၎င်းတို့၏ ပြောမပြနိုင်လောက်အောင် (ဆိုးရွားသော) ပြစ်မှုအတွက် ပြစ်ဒဏ်ခတ်သည့်အနေဖြင့် ၎င်းတို့အား ဖျက်ဆီးပစ်ရန်စေလွှတ်တော်မူခြင်းခံရကြောင်းကို ပြန်ပြောခဲ့ကြသည်။ ၎င်း တို့သည် ကျောက်ခဲဖြင့်ပစ်ပေါက်မည် မဟုတ်ဘဲ သေးငယ်သော ရွှံ့ကျောက်စရစ်ခဲများကို ၎င်းတို့အပေါ်သို့ ပစ်ချမည် ဖြစ်၏။ مُّسَوَّمَةً عِندَ رَبِّكَ "(ယင်းကျောက်ခဲများမှာ) တရားစည်းကမ်း ကျူးလွန်သူတို့အဖို့ အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ မှတ်သားပြီးဖြစ်၏။"(၅၁း၃၄) သည် အလွှာဟ်အရှင်မြတ်က ထင်ရှားမြင် သာစွာ အမှတ်အသားပြုထားတော်မူသော ကျောက်စရစ်ခဲလေးများ ဖြစ်ကြသည်။ အချို့ပညာရှင်များက ဆိုသည်မှာ ကျောက်စရစ်ခဲတစ်ခုစီ၌ ဖျက်ဆီးခြင်းခံရမည့် ပုဂ္ဂိုလ်၏အမည်ပါရှိသဖြင့် ၎င်းသည် မည်သည့်ဘက်သို့ ပြေးသည် ဖြစ်စေ ထိုကျောက်စရစ်ခဲ၏နောက်မှ ထပ်ချပ်လိုက်ခြင်းကိုခံရ၏။ အခြားအာယသ်တော်များက မိန့်ဆိုသည်မှာ ၎င်းတို့ ၏နယ်မြေအား ဂျိဗ်ရာအီလ်ﷺသည် ထက်အောင်ပြောင်းပြန်လှန်ပစ်ခြင်းဖြင့် ဤအမျိုးသားတို့ကို ဖျက်ဆီးခဲ့ခြင်းဖြစ်၏။ ပြစ်ဒဏ်အကြောင်း ဖော်ပြချက် နှစ်မျိုးသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ကွဲကွဲခြင်းမဖြစ်ချေ။ ဖြစ်နိုင်သည်မှာ ပထမတွင် ကျောက်စရစ်ခဲဖြင့် ပစ်ပေါက်သော ဖြစ်ရပ်ဖြစ်ပျက်ခဲ့သည်။ ထို့နောက် မြေကြီးသည် ထက်အောက်ပြောင်းပြန်ခံခဲ့ရ၏။

လူတွဲ့ﷺ၏ အမျိုးသားများ အကြောင်းကို ဖော်ပြပြီးနောက် မူစာﷺ၏ အမျိုးသားများ၊ ဖစ်ရိအောင်နှင့် အခြားအမျိုးသားများအကြောင်းကို အကျဉ်းချုပ်ဖော်ပြလေသည်။ မူစာﷺသည် ဖစ်ရိအောင်နှအား အမှန်တရား၏

သတင်းစကားကို ပေးသောအခါ ၎င်းက ဤသို့တုံ့ပြန်ပြုမူခဲ့၏။ فَتَوَلّٰى بِرُكْنِهٖ "သို့ရာတွင် 'ဖိရ်အောင်(နှ်)'မှာ မိမိစွမ်းအင်ကို အားကိုး၍ မျက်နှာလွှဲခဲ့၏။ (၅၁း၃၉) 'ဂင်း၏ အကြီးအကဲများ'အတွက် သုံးသည့်မူရင်းစကားလုံးသည် 'ရုကွ်နှ်'ဖြစ်ပြီး တန်ခိုးအာဏာကိုဆို လိုသည်။ ဤနေရာတွင် ထိုစကားလုံးအား ၎င်း၏ စစ်တပ်နှင့်အစိုးရအဖွဲ့အကြီးအကဲများကို ရည်ညွှန်းရန်သုံးခြင်းဖြစ်၏။ လူတို့ﷺ၏ ဇာတ်လမ်းကိုဖော်ပြရာတွင် اَوْ اٰوِیْۤ اِلٰى رُكْنٍ شَدِیْدٍ "ထို(နဗီတမန်တော်)လူတို့က (ဤသို့)ပြောဆိုညည်းညူခဲ့လေသည်။ သြော်-အကယ်၍ ငါ့မှာ အသင်တို့အား ခုံခံနိုင်ရန်စွမ်းအားရှိခဲ့မူ၊ သို့တည်းမဟုတ် ငါသည် ခိုင်ခံ့သောအမှီသဟဲတစ်ခုကို အမှီသဟဲ ပြုနိုင်ပါမူ ကောင်းလေစွတကား(၁၁း၈၀)ဟု ပြောဆိုညည်းညူခဲ့လေသည်။ ဟု ပြောကြားခဲ့ရာ၌ 'ရုကွ်နှ်'အား ထိုအဓိပ္ပာယ်ဖြင့်သုံးခြင်းဖြစ်၏။ (မအာရိဖုလ်ကုရ်အာန်မြန်မာပြန်အတွဲ(၈)စာမျက်နှာ ၃၆၁-၃၅၆)

ထို့နောက် အာဒ်၊ ဆမူဒ်နှင့်နူဟ်ﷺတို့၏ အမျိုးသားများ၏ ဇာတ်လမ်းများကို ပြောပြသည်။ ဤဇာတ်လမ်းများကို ယခင်က အကြိမ်များစွာ ဖော်ပြခဲ့ပြီးဖြစ်၏။

အာယသ်တော် (၄၇-၅၅)

وَ السَّمَآءَ بَنَیْنٰهَا بِاَیْىدٍ وَّ اِنَّا لَمُوْسِعُوْنَ ﴿۴۷﴾ وَ الْاَرْضَ فَرَشْنٰهَا فَنِعْمَ
الْمٰهِدُوْنَ ﴿۴۸﴾ وَ مِنْ كُلِّ شَیْءٍ خَلَقْنَا زَوْجَیْنِ لَعَلَّكُمْ تَذَكَّرُوْنَ ﴿۴۹﴾
فَفِرُّوْۤا اِلَى اللّٰهِ ؕ اِنِّیْ لَكُمْ مِّنْهُ نَذِیْرٌ مُّبِیْنٌ ﴿۵۰﴾ وَ لَا تَجْعَلُوْا مَعَ اللّٰهِ
اِلٰهًا اٰخَرَ ؕ اِنِّیْ لَكُمْ مِّنْهُ نَذِیْرٌ مُّبِیْنٌ ﴿۵۱﴾ كَذٰلِكَ مَاۤ اَتَى الَّذِیْنَ مِنْ
قَبْلِهِمْ مِّنْ رَّسُوْلٍ اِلَّا قَالُوْا سَاحِرٌ اَوْ مَجْنُوْنٌ ﴿۵۲﴾ اَتَوَاصَوْا بِهٖ ۚ بَلْ هُمْ
قَوْمٌ طَاغُوْنَ ﴿۵۳﴾ فَتَوَلَّ عَنْهُمْ فَمَاۤ اَنْتَ بِمَلُوْمٍ ﴿۵۴﴾ وَّ ذَكِّرْ فَاِنَّ الذِّكْرٰى
تَنْفَعُ الْمُؤْمِنِیْنَ ﴿۵۵﴾

ငင်းပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်ကိုတန်ခိုးတော်ဖြင့် ပြုလုပ်တော်မူခဲ့၏။ စင်စစ်သော်ကား ဇကန်မလွဲ ငါအရှင်မြတ်သည် ကျယ်ဝန်းစွာသော တန်ခိုးတော်ရှင်ဖြစ်တော်မူ၏။ [၄၇] ထိုနည်းတူစွာ ငါအရှင်မြတ်သည် ပထဝီမြေကိုခင်းကျင်းတော်မူခဲ့၏။ စင်စစ်မှာကား (ငါအရှင်မြတ်သည်)လွန်စွာကောင်းမြတ်သော ခင်းကျင်းတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ [၄၈] ထိုမှတစ်ပါး ငါအရှင်မြတ်သည် အသင်တို့တရားရယူကြအံ့သောငှာ အရာဝတ္ထုတိုင်းကို နှစ်မျိုးနှစ်စားဖန်ဆင်းတော်မူခဲ့၏။ [၄၉] သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အထံတော်သို့ပြေးလွှားကြလေကုန်။ ဇကန်စင်စစ် ငါသည်အသင်တို့အဖို့ ထိုအရှင်မြတ်၏အထံတော်မှ ထင်ရှားစွာ သတိပေးနှိုးဆော်သူ ဖြစ်၏။ [၅၀] ငင်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်အတူ အခြားတစ်စုံတစ်ရာ ကိုးကွယ်ရာကို ဖက်စပ် သတ်မှတ်ခြင်း မပြုကြကုန်လင့်။ ဇကန်အမှန် ငါသည် အသင်တို့အဖို့ထိုအရှင်မြတ်အထံတော်မှ ထင်ရှားစွာ သတိပေး နှိုးဆော်သူပင် ဖြစ်ပေ

သတည်း။ [၅၁] ထိုနည်းတူစွာ ၎င်းတို့အလျင်ရှိခဲ့ကြသော သူတို့ထံသို့ ရစူလ်တမန်တော် တစ်ပါး ပါးလာရောက်ခဲ့တိုင်း ထိုသူတို့သည် (ရစူလ်တမန်တော်)အား ပစ္စလက်ဆရာဖြစ်သည် ဟူ၍သော် လည်းကောင်း၊ ရူးသွပ်သောသူဖြစ်သည် ဟူ၍သော်လည်းကောင်း ပြောဆိုခဲ့ကြကုန်၏။ [၅၂] ၎င်း တို့သည် အချင်းချင်း တစ်ဦးကိုတစ်ဦး ဤအတိုင်း ပြောဆိုကြရန် မှာကြားခဲ့ကြလေသလော။ ထိုသို့အလျှင်းမဟုတ်။ စင်စစ် ၎င်းတို့(အားလုံး)မှာကား ဆိုးသွမ်းသူတို့ပင် ဖြစ်ခဲ့ကြကုန်၏။[၅၃] သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အသင်သည် ၎င်းတို့အား လျစ်လျူရှုနေပါလေ။ အကြောင်း သော်ကားအသင်သည် ပြစ်တင်ခြင်းခံရမည် မဟုတ်သောကြောင့်ပင်။ [၅၄] ထိုမှတစ်ပါး အသင် သည် ဆုံးမဩဝါဒပေးလျက်ရှိပါလေ။ အဘယ်ကြောင့်ဆိုသော် ဆုံးမဩဝါဒသည် 'မုအ်မင်နိ' သက်ဝင်ယုံကြည်၊ သူတို့အား အကျိုးရှိစေသောကြောင့်ပင်။ [၅၅]

အလ္လာဟ်တစ်ပါးတည်းရှိတော်မူခြင်း၏ သက်သေအထောက်အထားများသည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့အား ဖန်ဆင်းမူ၌ အလွန်များပြားစွာရှိပေသည်။

အလျင်အာယသ်တော်များသည် တမလွန်နှင့်တရားစီရင်မည့်နေ့တို့၏ အစစ်အမှန်သေချာမှုနှင့် ထိုအချက်ကို ငြင်းဆိုကြသူများအတွက် ပြစ်ဒဏ်များကို ဖော်ပြခဲ့၏။ ယခုအာယသ်တော်အတွဲသည် ကျွန်ုပ်တို့အား ရှင်ပြန်ထမည့်နေ့၏ စစ်မှန်သေချာမှုကို သတိပေးခြင်းနှင့် ထိုသေချာမှုကို ငြင်းဆိုကြသူတို့၏ ဒွိဟသံသယကို လျော့နည်းအောင်ပြုလုပ်ခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်၏အကြွင်းမဲ့ တန်ခိုးတော်ကို ထပ်မံအတည်ပြုလေသည်။ အာယသ်တော်များက အလ္လာဟ်တစ်ပါးတည်ရှိခြင်းကို သက်သေခံသည့်ပြင် တမန်တော်မြတ်ﷺအား ယုံကြည်ကြရန်လည်း လေးနက်စွာ ထပ်လောင်းတိုက်တွန်းနှိုးဆော်လေသည်။

لَمُوْسِعُوْنَ وَّاِنَّا بِاَيْيْدٍ "၎င်းပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်ကို တန်ခိုးတော်ဖြင့် ပြုလုပ်တော်မူခဲ့၏။ စင်စစ်သော်ကား ဇကန်မလွဲ ငါ အရှင်မြတ်သည် ကျယ်ဝန်းစွာသော တန်ခိုးတော်ရှင်ဖြစ်တော်မူ၏။" (၅၁း၄၇)'အိုင်းဒင်' ဟူသော စကားလုံးမှာ သာဝကကြီး အိဗ်နိုအဗ္ဗာစ်ﷺ၏ အဆိုအရ ဤကျမ်းပါစကားရပ်မှာ စွမ်းအင် သို့မဟုတ် တန်ခိုးအာဏာကို ဆိုလိုရင်းဖြစ်သည်ဟု ဆိုပါသည်။

فَفِرُّوْٓا اِلَى اللّٰهِ "သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အထံတော်သို့ ပြေးလွှားကြလေကုန်။" (၅၁း၅၀) သာဝကကြီး အိဗ်နအဗ္ဗာစ်ﷺက ပြောကြားခဲ့သည်။ 'အာယသ်တော်က ဆိုလိုသည်မှာ အသင်တို့သည် ဒုစရိုက်များမှ ထွက်ပြေး၍ နောင်တတရားအတွက် အလ္လာဟ်အရှင်မြတ်၏ အရိပ်တော်၌ ခိုလှုံကြကုန်။' အဗူဗက္ကရ် ဝရ်ရာက်နှင့်ဂျူနိုက် ဗင်ဒါဒီ ؒတို့က ဆိုခဲ့သည်မှာ လူ၏ညှဉ့်ဖျင်းသောအတ္တစိတ်နှင့် မိစ္ဆာကောင်တို့သည် ၎င်းအား အပြစ်များကို ကျူးလွန်ရန်ဖိတ်ခေါ်ပြီး၊ ၎င်းအားလှည့်ဖြားကြသည်။ ၎င်းသည် ၎င်းတို့၏ ဆိုးယုတ်ခြင်းမှ ကာကွယ်ပေးတော်မူမည်ဖြစ်သော အလ္လာဟ်အရှင်မြတ်ထံ ခိုလှုံရန် လိုအပ်၏။(ကုရ်တူဗီ)

အာယသ်တော် (၅၆-၆၀)

وَمَا خَلَقْتُ الْجِنَّ وَالْاِنْسَ اِلَّا لِيَعْبُدُوْنِ ﴿٥٦﴾ مَآ اُرِيْدُ مِنْهُمْ مِّنْ رِّزْقٍ وَّ
مَآ اُرِيْدُ اَنْ يُّطْعِمُوْنِ ﴿٥٧﴾ اِنَّ اللّٰهَ هُوَ الرَّزَّاقُ ذُو الْقُوَّةِ الْمَتِيْنُ ﴿٥٨﴾ فَاِنَّ
لِلَّذِيْنَ ظَلَمُوْا ذَنُوْبًا مِّثْلَ ذَنُوْبِ اَصْحٰبِهِمْ فَلَا يَسْتَعْجِلُوْنِ ﴿٥٩﴾ فَوَيْلٌ
لِّلَّذِيْنَ كَفَرُوْا مِنْ يَّوْمِهِمُ الَّذِيْ يُوْعَدُوْنَ ﴿٦٠﴾

စင်စစ်သော်ကား ငါအရှင်မြတ်သည် ဂျင်နီသတ္တဝါတို့အားလည်းကောင်း၊ မနုဿလူသားတို့အား လည်းကောင်း၊ ငါအရှင်မြတ်အား ဆည်းကပ်ကိုးကွယ် ကြရန်သာလျှင်ဖန်ဆင်းတော်မူခဲ့၏။ (၅၆)ငါအရှင်မြတ်သည်ထိုသူတို့ထံမှစားနပ်ရိက္ခာကိုလည်းအလိုရှိတော်မူသည်မဟုတ်ပေ။ငါအရှင်မြတ်အား ထိုသူတို့ကျွေးမွေးကြရန်ကိုလည်း ငါအရှင်မြတ်သည် အလိုရှိတော်မူသည် မဟုတ်ပေ။(၅၇) ဇကနမလွဲ အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင်ပင် စားနပ်ရိက္ခာ ချီးမြှင့်ပေးသနားတော်မူသောအရှင်၊စွမ်းအားကိုပိုင်ဆိုင်တော်မူသောအရှင်၊ကြံ့ခိုင်တော်မူသောအရှင်၊ဖြစ်တော်မူ၏။(၅၈) သို့ဖြစ်ပေရာ မတရားမှုကို ကျူးလွန်ကြကုန်သောသူတို့၌ ထိုသူတို့နှင့် ငါဒဏ္ဍာဖြစ်ခဲ့ကြသော သူတို့၌ ရှိခဲ့သောပြစ်ဒဏ်၏ ဝေစုဝေပုံကဲ့သို့ ထိုသူတို့၌လည်း ပြစ်ဒဏ်၏ ဝေစုဝေပုံရှိချေမည်။ သို့ဖြစ်ပေရာ ထိုသူတို့သည် ငါအရှင်မြတ်အထံတော်တွင် (ပြစ်ဒဏ်)ကို အဆောတလျင် တောင်းဆို ခြင်းမပြုကြရ။ (၅၉)အချုပ်မှာကား 'ကာဖိရ်' သွေဖည် ငြင်းပယ်သောသူတို့၌ ထိုသူတို့ချိန်းဆိုခြင်းခံကြရသောနေ့တွင် ပျက်စီးခြင်းသည် ရှိချေအံ့သတည်း။ (၆၀)

ဂျင်နှင့်လူသားအားဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်

وَ مَا خَلَقْتُ الْجِنَّ وَ الْاِنْسَ اِلَّا لِيَعْبُدُوْنِ "စင်စစ်သော်ကား ငါအရှင်မြတ်သည် ဂျင်နီသတ္တဝါတို့အား လည်းကောင်း၊ မနုဿလူသားတို့အား လည်းကောင်း၊ ငါအရှင်မြတ်အား ဆည်းကပ်ကိုးကွယ် ကြရန်သာလျှင်ဖန်ဆင်းတော်မူခဲ့၏။" (၅၁း၅၆)ဤမိန့်ချက်က မေးခွန်းနှစ်ရပ်ပေါ်ပေါက်စေသည်။ (၁) အကယ်၍အလ္လာဟ်အရှင်မြတ်သည် သက်ရှိတစ်ဦးအား လုပ်ငန်းတာဝန်ကို ဆောင်ရွက်စေရန် ထိုအရှင်မြတ်သည် ဆန္ဒရှိတော်မူပါက ၎င်းအဖို့ ထိုလုပ်ငန်းတာဝန်မှ သွေဖည်ရန်မှာ မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ အလိုဆန္ဒတော်နှင့်ဆန့်ကျင်လျက် တစ်စုံတစ်ရာပြုလုပ်ရန်မှာ စဉ်းစား၍ပင်မရနိုင်သောကိစ္စဖြစ်၏။ (၂) ဂျင်နှင့်လူသားကို ဖန်ဆင်းခြင်းသည် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန်အတွက်ဟု ကန့်သတ်ထားသော်လည်း စင်စစ် ၎င်းတို့၏ဖန်ဆင်းမှုဌ အခြားသော အခြေခံအကြောင်းရင်းနှင့် အကျိုးကျေးဇူးများစွာရှိပေသည်။

ပညာရှင်များသည် ဤပြဿနာကို ဖြေရှင်းရန် နည်းမျိုးစုံဖြင့် ချဉ်းကပ်ကြသည်။ အချို့က ဤအာယသ်တော်သည် သက်ဝင်ယုံကြည်သူများနှင့်သာ သက်ဆိုင်သည် သက်ဝင်ယုံကြည်သော ဂျင်နီများနှင့် လူသားမျိုးနွယ်တို့ကိုသာ ဆည်းကပ်ကိုးကွယ်မှုအတွက် ဖန်ဆင်းတော်မူခြင်းဖြစ်ပြီး အခြားလုပ်ငန်းတာဝန်အတွက်မဟုတ်ဟုဆိုကြ၏။ သက်ဝင်ယုံကြည်သူများသည် အနည်းနှင့်အများဆိုသလို ဆည်းကပ်ကိုးကွယ်ခြင်းကို စွဲမြဲစွာပြုလုပ်ကြကြောင်းမှာ ထင်ရှားပေသည်။ ဤသည် ဒဟ်ဟာက်၊ ဆွဖ်ယန်ဆောင်ရီနှင့်အခြားသူများ၏ ယူဆချက်ဖြစ်၏။ သာဝကကြီးအိပ်နအဗ္ဗာစ်ﷺ၏

وَمَا خَلَقْتُ الْجِنَّ وَالْإِنْسَ إِلَّا لِيَعْبُدُونِ အဆိုအရမူများ အာယသ်တော်၌ 'မုအ်မိနိန်'ဟူသော စကားလုံးပါရှိသဖြင့် ထို့ပြင် ငါအရှင်မြတ်သည် ယုံကြည်သက်ဝင်ကြကုန်သော ဂျင်နှင့်လူသားမျိုးနွယ်တို့ကို ငါအရှင်မြတ်အား ခဝပ်ကိုးကွယ်ရန်မှတစ်ပါး ဖန်ဆင်း တော်မူခဲ့သည်မဟုတ်ပေ။' ဟူ၍ ဖြစ်၏။ ဤမူကွဲကအာယသ်တော်သည် သက်ဝင်ယုံကြည်သူများနှင့်သာ ဆက်စပ်မှုရှိသည်ဟူသော ရှုဒေါင့်ကို ထောက်ခံလေသည်။

မောင်လာနာအရှ်ရဖ်အလီထာနဝီ ﵀ပေးသော မေးခွန်း၏ အခြားအဖြေတစ်ခုမှာ အလ္လာဟ်အရှင်မြတ်သည် ကိုးကွယ်ဆည်းကပ်ရန် အားလုံးကို အမိန့်ပေးတော်မူခဲ့သည်။ တစ်ချိန်တည်းမှာပင် ထိုအရှင်မြတ်သည် ၎င်းတို့၌ စိတ်ကြိုက်လုပ်ဆောင်ခွင့်ကိုလည်း ထည့်ပေးတော်မူခဲ့၏။ ၎င်းတို့ထဲမှ အချို့သည် အလ္လာဟ်အရှင်မြတ်ပေးတော်မူသော စိတ်ကြိုက်လုပ်ဆောင်ခွင့်ကို မှန်ကန်စွာအသုံးပြုပြီး ထိုအရှင်မြတ်အား ကိုးကွယ်ဆည်းကပ်ရန်ရွေးချယ်ကြလိမ့်မည်ဖြစ်၏။ သို့သော် အချို့ကမူ အလ္လာဟ်အရှင်မြတ်ပေးတော်မူသော လွတ်လပ်ခွင့်ကို မှားယွင်းစွာအသုံးပြုပြီး ထိုအရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ခြင်းမှ သွေဖည်ကြလိမ့်မည်ဖြစ်၏။ ဤသည်မှာ သာဝကကြီးအလီ ﵁မိန့်ကြားခဲ့ပြီး ဗဂါဝီကိုးကားဖော်ပြသောအရာဖြစ်၏။ တဖ်စိရ်မဇ်ဟရီက ဤအာယသ်တော်၏ ရိုးရှင်းသောရှင်းပြချက်ကို ဤသို့ပေး၏။ အလ္လာဟ်အရှင်မြတ်သည် ဂျင်နှင့်လူသားတိုင်းကို မွေးရာပါဆည်းကပ်ကိုးကွယ်နိုင်စွမ်းဖြင့် ပြည့်စုံစေတော်မူသည်။ အချို့သည် ထိုစွမ်းရည်ကို မှန်ကန်စွာအသုံးပြုခြင်းဖြင့် အောင်မြင်ကြ၏။ အချို့ကမူ ထိုစွမ်းရည်ကို မကောင်းမှုပြုလုပ်ရာတွင် လည်းကောင်း၊ ၎င်းတို့၏သိမ်ဖျင်းသော စိတ်ခံစားမှုများကို ဖြည့်စွမ်းရာတွင်လည်းကောင်း လွဲမှားစွာအသုံးပြုကြခြင်းဖြင့် ဖျက်ဆီးပစ်ကြလေသည်။ တမန်တော်မြတ် ﷺမိန့်တော်မူခဲ့ကြောင်း လာရှိသည်မှာ-

كُلُّ مَوْلُوْدٍ يُّوْلَدُ عَلَى الْفِطْرَةِ فَأَبَوَاهُ يُهَوِّدَانِهِ أَوْ يُمَجِّسَانِهِ

ကလေးတိုင်းသည် 'ဖစ်တ်ရဟ်'အရ မွေးဖွားခဲ့သည်။ သို့သော် ၎င်း၏မိဘများက (၎င်းအား သန့်စင်သော ဝိဇ္ဇာသွေဖည်အောင်ပြုလုပ်ပြီး)၎င်းအား ဂျူးသို့မဟုတ် ခရစ်ယာန် သို့မဟုတ် မဂျူစီမီးကိုးကွယ်သူတစ်ဦးအဖြစ် ပြောင်းလဲစေသည်။

ပညာရှင်အများစု အဆိုအရ 'ဖစ်တ်ရဟ်'သည် ဤနေရာတွင် အစွမ်းသတ္တိသာသနာကို ရည်ညွှန်းခြင်းဖြစ်၏။ ဤဟဒီးဆ်တော်က မိန့်ဆိုသကဲ့သို့ လူတိုင်းသည် အစွမ်းသတ္တိနှင့်စစ်မှန်သော အီမာန်အတွက် သဘာဝစွမ်းရည်ဖြင့် မွေးဖွားခဲ့သည်။ သို့သော် ၎င်း၏မိဘများက ထိုစွမ်းရည်ကို (ရေ)ရောလျှ ဖျက်ဆီးကြသည့်ပြင် သွေဖည်သောလမ်းများပေါ်သို့ တင်ပေးကြခြင်းဖြစ်၏။ ထိုနည်းတူစွာ '၎င်းတို့သည် ငါအရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ရန်မှတပါး'ဟူသော မိန့်ကြားချက်က ဂျင်နှင့်လူသားတိုင်းတွင် ဆည်းကပ်ကိုးကွယ်ရန် သဘာဝမွေးရာပါ စွမ်းရည်ရှိကြလေသည်။ အလ္လာဟ်အရှင်မြတ်သည် အသန့်ရှင်းဆုံးနှင့်အသိဆုံးဖြစ်တော်မူပေသည်။

ဒုတိယမေးခွန်းအတွက် အဖြေမှာ ဆည်းကပ်ကိုးကွယ်ခြင်း ရည်ရွယ်ချက်အတွက် သတ္တဝါအဖြစ် ဖန်ဆင်းတော်မူခြင်းဖြင့် ၎င်းတို့သည် ဘဝ၏အခြားသောလုပ်ငန်းဆောင်တာများအတွက် မသင့်တော်ဟု ဆိုလိုရာ မရောက်ကြောင်းပင်ဖြစ်၏။

مَآ أُرِيْدُ مِنْهُمْ مِّنْ رِّزْقٍ "ငါအရှင်မြတ်သည် ၎င်းတို့ထံမှ စားနပ်ရိက္ခာကိုလည်း အလိုရှိတော်မူသည် မဟုတ်ပေ။ ငါအရှင်မြတ်အား၎င်းတို့ ကျွေးမွေးကြရန်ကိုလည်း ငါအရှင်မြတ်သည် အလိုရှိတော်မူသည် မဟုတ်ပေ။" (၅၁း၅၇) ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ကို လိုအပ်နေသောကြောင့် ဂျင်နှင့်လူသားကို ဖန်ဆင်းတော်မူခြင်းမဟုတ်၊ ၎င်းတို့သည်ထိုအရှင်မြတ် အတွက် သို့မဟုတ် ထိုအရှင်မြတ်၏ အခြားသော ဖန်ဆင်းခံများအတွက် သို့မဟုတ် ၎င်းတို့ကိုယ်တိုင်အတွက် စားနပ် ရိက္ခာကို ထုတ်လုပ်ပေးကြရလိမ့်မည်မဟုတ်။ ထိုအရှင်မြတ်အား ရှာဖွေ

ကျွေးမွေးရန်အတွက်လည်းမဟုတ်ပေ။ ဤသည်မှာ လူများ၏ယေဘုယျဦးတည်ချက်အရ ပြောဆိုခြင်းသာဖြစ်၏။ ချမ်းသာကြွယ်ဝသောလူများက ကျွန်တစ်ဦးကို ဝယ်ယူခြင်း၊ ထိုကျွန်အတွက်သုံးစွဲခြင်းသည် အချည်းအနှီး လုပ်ရပ်မဟုတ်ဘဲအကြောင်းခံရည်ရွယ်တစ်ခုရှိပေသည်။ကျွန်များကငင်းအတွက်အလုပ်လုပ်ပေးရန်၎င်း၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့်သခင်၏ အသက်မွေးဝမ်းကျောင်းအတွက် အလုပ်လုပ်ပေးစေရန် မျှော်လင့်လေသည်။ အလ္လာဟ် အရှင်မြတ်သည် အလွန်တရာသန့်ရှင်းစင်ကြယ် တော်မူပြီး ဤလိုအပ်ချက်အားလုံးမှ ကင်းရှင်းတော်မူသည်။ လူသားများကို ဖန်ဆင်းခြင်း၌ ထိုအရှင်မြတ်သည်မည်သည့် အရာကိုမျှ အကျိုးအမြတ်ခံစားတော်မူခြင်းမရှိပါချေ။

فَاِنَّ لِلَّذِيْنَ ظَلَمُوْا ذَنُوْبًا مِّثْلَ ذَنُوْبِ اَصْحٰبِهِمْ فَلَا يَسْتَعْجِلُوْنِ ﴿٥٩﴾

'သို့ဖြစ်ပေရာ မတရားမှုကို ကျူးလွန်ကြကုန်သောသူတို့၌ ငင်းတို့နှင့် ဝါဒတူဖြစ်ခဲ့ကြသောသူတို့၌ ရှိခဲ့သော ပြစ်ဒဏ်၏ ဝေစုဝေပုံကဲ့သို့ ငင်းတို့၌လည်း ပြစ်ဒဏ်၏ ဝေစုဝေပုံရှိချမည်။ သို့ဖြစ်ပေရာ ငင်းတို့သည် ငါအရှင်မြတ်ထံတော်တွင် (ပြစ်ဒဏ်)ကို အဆောတလျင် တောင်းဆိုခြင်းမပြုကြရ။(၅၁း၅၉) 'ဇ'အက္ခရာပေါ်၌ 'ဖသ်ဟ်'ပါရှိသည့် 'ဇနူဗ်'ဟူသော စကားလုံးသည် အများသုံးရေတွင်းများတွင် ရေငင်ရန်၊ ရေဖြည့်ရန်အတွက်ထားရှိသော ရေပုံးတစ်ခုကိုဆိုလိုသည်။ ထိုရေပုံးကို အသုံးပြု၍ လူများသည် ရေတွင်းမှ ရေကို အဆင်ပြေစွာ ငင်ယူပြီး မိမိ၏ရေပုံးထဲသို့ ရေဖြည့်နိုင်ကြ၏။ ထိုစကားလုံးအား ဤနေရာတွင် အလှည့်၊ ဝေစုဝေပုံ သို့မဟုတ် အပိုင်းဟူသော အဓိပ္ပာယ်ဖြင့် သုံးခြင်းဖြစ်၏။ ဤသို့ဖြင့် အထက်ပါအာယသ်တော်အား အောက်ပါအတိုင်း ဘာသာပြန်ဆိုလေသည်။ 'သို့ဖြစ်၍ မတရားမှုကို ကျူးလွန်ကြကုန်သော လူများသည် ငင်းတို့၏အပေါင်းအဖော်များ (ဝါဒတူများ)၏ ဝေစုဝေပုံအတိုင်း (ပြစ်ဒဏ်တွင်) ဝေစုတစ်ပုံနှင့် ထိုက်တန်ကြပေသည်။' အာယသ်တော်က ကာဖိရ်များအား သတိပေးလိုသည်မှာ အတိတ်ခေတ်မှ အယူဝါဒအုပ်စုများသည် (အလ္လာဟ်အရှင်မြတ်အားဆည်းကပ်ကိုးကွယ်ခြင်း၌)ကြိုးပမ်းကြရန်အခွင့်အရေးပေးတော်မူခြင်းခံခဲ့ကြရသည်။ ဤအုပ်စုတစ်ခုစီသည် ငင်းတို့၏ ခေတ်အခါများတွင် ရရှိသော အခွင့်အရေးကို အကျိုးရှိအောင် အသုံးမပြုကြဘဲ ဆိုးသွမ်းသောလမ်းစဉ်၌ စွဲမြဲစွာနေခဲ့ကြသောအခါ ငင်းတို့သည် ပြစ်ဒဏ်သင့်ပြီးပျက်စီးခဲ့ကြရသည်။ ထိုနည်းတူစွာ လက်ရှိ မက္ကာမြို့မှ မုရှ်ရစ်များသည် အချိန်တစ်ခုနှင့်အခွင့်အရေးကို သတ်မှတ်ပေးခြင်းခံရသည်။ အကယ်၍ ငင်းတို့သည် သတ်မှတ်ပေးခံရသော အချိန်နှင့်အခွင့်အရေးကို အကျိုးရှိစွာမသုံးကြဘဲ ရုပ်ထုကိုးကွယ်သောဝါဒကိုဆက်လက်ကျင့်သုံးနေကြပါမူ ဤလောက၌ပင်ပြစ်ဒဏ်ခတ်ခြင်းခံကြရမည်ဖြစ်၏။ နောင်တမလွန်၏ ပြစ်ဒဏ်ကမူ ကြိမ်းသေပေါက်ဖြစ်လေသည်။ ငင်းတို့သည် ယခင်တမန်တော်တို့အား ဆန့်ကျင်ခဲ့ကြသူများ၏ ကံကြမ္မာအတိုင်း ကြုံတွေ့ကြရမည်ဖြစ်ပြီး ဝမ်းနည်းဖွယ်ရာ အဆုံးသတ်ကြရလိမ့်မည်ဖြစ်၏။ ဤအာယသ်တော်မှ 'ဇနူဗန်'ဟူသော စကားလုံးက ငင်းတို့ရသင့်ရထိုက်သော ဆင်းရဲဒုက္ခဝေစုဝေပုံကိုရရှိကြမည်ဖြစ်ပြီး ထိုအဖြစ်သည် သူ့အချိန်ကျလျှင် အသေအချာရောက်ရှိလာမည်ဖြစ်၏။ သို့ဖြစ်၍ ပြစ်ဒဏ်ကို အဆောတလျင် တောင်းဆိုခြင်း မပြုကြသင့်ကြောင်းကို ညွှန်ပြလေသည်။

အလ်ဟမ်ဒုလေလ္လာ

စူရဟ်အဇ်ဇာရိယာတ်၏ ရှင်းလင်းဖွင့်ဆိုချက် ဤတွင်ပြီး၏။

စူရဟ်အတ္တူတ္ဝ်ရ်

(တ္ဝ်ရ်တောင်)

ဤစူရဟ်သည် မက္ကာမြို့၌ ကျရောက်ခဲ့ပြီး၊ အာယတ်တော်(၄၉)ပါး၊ ရုကူအဲ(၂)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယတ်တော် (၁-၂၈)

وَ الطُّوْرِ ۙ﴿۱﴾ وَ كِتٰبٍ مَّسْطُوْرٍ ۙ﴿۲﴾ فِيْ رَقٍّ مَّنْشُوْرٍ ۙ﴿۳﴾ وَّ الْبَيْتِ الْمَعْمُوْرِ
ۙ﴿۴﴾ وَ السَّقْفِ الْمَرْفُوْعِ ۙ﴿۵﴾ وَ الْبَحْرِ الْمَسْجُوْرِ ۙ﴿۶﴾ اِنَّ عَذَابَ رَبِّكَ لَوَاقِعٌ
ۙ﴿۷﴾ مَّا لَهٗ مِنْ دَافِعٍ ۙ﴿۸﴾ يَّوْمَ تَمُوْرُ السَّمَآءُ مَوْرًا ۙ﴿۹﴾ وَّ تَسِيْرُ الْجِبَالُ
سَيْرًا ؕ﴿۱۰﴾ فَوَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ۙ﴿۱۱﴾ الَّذِيْنَ هُمْ فِيْ خَوْضٍ يَّلْعَبُوْنَ
﴿۱۲﴾ يَوْمَ يُدَعُّوْنَ اِلٰى نَارِ جَهَنَّمَ دَعًّا ؕ﴿۱۳﴾ هٰذِهِ النَّارُ الَّتِيْ كُنْتُمْ بِهَا
تُكَذِّبُوْنَ ﴿۱۴﴾ اَفَسِحْرٌ هٰذَآ اَمْ اَنْتُمْ لَا تُبْصِرُوْنَ ﴿۱۵﴾ اِصْلَوْهَا فَاصْبِرُوْٓا
اَوْ لَا تَصْبِرُوْا ۚ سَوَآءٌ عَلَيْكُمْ ؕ اِنَّمَا تُجْزَوْنَ مَا كُنْتُمْ تَعْمَلُوْنَ ﴿۱۶﴾
اِنَّ الْمُتَّقِيْنَ فِيْ جَنّٰتٍ وَّ نَعِيْمٍ ۙ﴿۱۷﴾ فٰكِهِيْنَ بِمَآ اٰتٰىهُمْ رَبُّهُمْ ۚ وَ وَقٰىهُمْ
رَبُّهُمْ عَذَابَ الْجَحِيْمِ ﴿۱۸﴾ كُلُوْا وَ اشْرَبُوْا هَنِيْٓـًٔا بِمَا كُنْتُمْ تَعْمَلُوْنَ
﴿۱۹﴾ مُتَّكِـِٕيْنَ عَلٰى سُرُرٍ مَّصْفُوْفَةٍ ۚ وَ زَوَّجْنٰهُمْ بِحُوْرٍ عِيْنٍ ﴿۲۰﴾ وَ الَّذِيْنَ
اٰمَنُوْا وَ اتَّبَعَتْهُمْ ذُرِّيَّتُهُمْ بِاِيْمَانٍ اَلْحَقْنَا بِهِمْ ذُرِّيَّتَهُمْ وَ مَآ اَلَتْنٰهُمْ
مِّنْ عَمَلِهِمْ مِّنْ شَيْءٍ ؕ كُلُّ امْرِئٍۢ بِمَا كَسَبَ رَهِيْنٌ ﴿۲۱﴾ وَ اَمْدَدْنٰهُمْ
بِفَاكِهَةٍ وَّ لَحْمٍ مِّمَّا يَشْتَهُوْنَ ﴿۲۲﴾ يَتَنَازَعُوْنَ فِيْهَا كَاْسًا لَّا لَغْوٌ

فِيۡهَا وَلَا تَاۡثِيۡمٌ ﴿۲۳﴾ وَيَطُوۡفُ عَلَيۡهِمۡ غِلۡمَانٌ لَّهُمۡ كَاَنَّهُمۡ لُؤۡلُؤٌ مَّكۡنُوۡنٌ
﴿۲۴﴾ وَاَقۡبَلَ بَعۡضُهُمۡ عَلٰى بَعۡضٍ يَّتَسَآءَلُوۡنَ ﴿۲۵﴾ قَالُوۡۤا اِنَّا كُنَّا قَبۡلُ
فِىۡۤ اَهۡلِنَا مُشۡفِقِيۡنَ ﴿۲۶﴾ فَمَنَّ اللّٰهُ عَلَيۡنَا وَوَقٰىنَا عَذَابَ السَّمُوۡمِ
﴿۲۷﴾ اِنَّا كُنَّا مِنۡ قَبۡلُ نَدۡعُوۡهُ ؕ اِنَّهٗ هُوَ الۡبَرُّ الرَّحِيۡمُ ﴿۲۸﴾

(ငါအရှင်မြတ်သည်) တောင်ကို-တူရ်တောင်ကို သက်သေထူတော်မူ၏။[၁] ၎င်းပြင် (ငါအရှင်မြတ်သည်) ရေးသားပြီးဖြစ်သော (ကျိ)ကျမ်းဂန်(မှတ်တမ်း)တော်ကို သက်သေထူတော်မူ၏။[၂] ဖြန့်ထားသော စာရွက်ပေါ်၌။[၃] ၎င်းပြင် စည်ပင်သာယာသောအိမ်တော် 'ဗိုက်တိမအ်မူရ်' အိမ်တော်ကို သက်သေထူတော် မူ၏။[၄] ထို့ပြင် (ငါအရှင်မြတ်သည်) မြင့်စွင့်သော အမိုးကို သက်သေထူတော်မူ၏။[၅] ထို့ပြင် (ငါအရှင်မြတ်သည်) လှိုင်းတက်လျက်ရှိသော သမုဒ္ဒရာပင်လယ်ကို သက်သေထူတော် မူ၏။[၆] ဇကာန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အပြစ်ဒဏ်သည် အမှန်ပင် ကျရောက်မည်ဖြစ်၏။[၇] ယင်းပြစ်ဒဏ်ကို ပယ်ရှားအံ့သော သူဟူ၍အလျှင်းမရှိပြီ။[၈] (ယင်းပြစ်ဒဏ်သည်) အကြင်နေ့တွင် (ကျရောက်ပေမည်)၊ ထိုနေ့တွင် မိုးကောင်းကင်မှာ တုန်လှုပ်အက်ကွဲ၍ သွားပေမည်။[၉] ၎င်းပြင် တောင်များသည် ရွေ့လျား၍ သွားကြပေမည်။[၁၀] သို့ဖြစ်ပေရာ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့၌ ပျက်စီးခြင်း သည် ရှိချေမည်။[၁၁] အကြင်သူတို့သည် အချည်းနှီးသော ပြောဆိုမှု၌ ဓမ္မ.လျော်လျက် ရှိကြကုန်၏။[၁၂] အကြင်နေ့တွင် ၎င်းတို့သည် 'ဂျဟန္နမ်'ငရဲ၏ မီးရှိရာသို့ တွန်းပို့ခြင်းကို ခံကြရပေမည်။[၁၃] ဤသည်ပင် မဟုတ်မမှန်ဟူ၍ အသင်တို့ ငြင်းပယ်လျက်ရှိခဲ့ကြသော ငရဲမီးပင်ဖြစ်၏။[၁၄] သို့ဖြစ်ပေရာ ဤသည် စုန်းပယောဂ ဖြစ်လေသလော၊ သို့တည်းမဟုတ် အသင်တို့သည် (ယခုတိုင်) မမြင်ကြလေသလော။[၁၅] အသင်တို့သည် ယင်းငရဲမီးထဲသို့ ဝင်ရောက်ကြလေကုန်။ ထို့နောက် အသင်တို့သည် သည်းခံကြသည်ဖြစ်စေ၊ သည်းမခံကြသည်ဖြစ်စေ၊ အသင်တို့အဖို့ အကြောင်းမထူးပြီ။ အသင်တို့သည် မိမိတို့ကျင့်မူခဲ့ကြသော အမှုကိစ္စများနှင့်စပ်လျဉ်း၍ အစားပေးခြင်းကို ခံကြရသည်သာတည်း။[၁၆] ဇကာန်မလွဲ 'မွတ္တကီ' သူတော်စင်တို့မှာကား ဥယျာဉ်များ၌ လည်းကောင်း၊ အံ့မခန်းသုခ၌ လည်းကောင်း၊ ရှိကြပေမည်။[၁၇] ၎င်းတို့သည် ၎င်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က ၎င်းတို့အား ချီးမြှင့်ပေး သနားတော်မူခဲ့သော သစ်သီးဝလံများကို စားသုံးလျက်ရှိကြပေမည်။ (တစ်နည်း) [ချီးမြှင့်ပေး သနားတော်မူခဲ့သော စည်းစိမ်များကြောင့် ဝမ်းမြောက်ပျော်ရွှင်လျက် ရှိကြပေမည်။] ထိုမှတပါး ၎င်းတို့ကို ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော ငရဲမီးပြစ်ဒဏ်မှ လည်း လွတ်ကင်းစေတော်မူပေမည်။[၁၈] (ထိုမှတပါး ၎င်းတို့သည် ဤသို့မိန့်ကြားတော်မူခြင်းကို ခံကြရပေမည်)။ အသင်တို့သည် မိမိတို့ကျင့်မူလျက် ရှိခဲ့ကြလေသော ကောင်းမှုတို့၏အစား အရသာခံစားကြလျက် (မြိန်ရှက်စွာ) စားသောက်ကြလေကုန်။[၁၉] (၎င်းတို့သည်) စနစ်တကျ

ခင်းကျင်းခြုံထားရှိသော သလွန်များထက်ဝယ် မိုးအုံးများမှီလျက် ရှိကြပေမည်။ ထိုမှတပါး ငါအရှင်မြတ်သည် ၎င်းတို့အား လွန်စွာဖြူ၍ လှပတင့်တယ်သော၊ မျက်စိ လှပသော မိန်းမများနှင့် ထိမ်းမြား၍ ပေးတော်မူအံ့သတည်း။[၂၀] ထိုမှတပါး အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ထိုပြင် ၎င်းတို့၏ သားမြေး တို့သည်လည်း 'အီမာန်' သက်ဝင်ယုံကြည်မှုနှင့်တကွ ၎င်းတို့၏နောက်သို့ လိုက်ခဲ့ကြကုန်၏။ ငါအရှင်မြတ်သည် ၎င်းတို့၏သားမြေးတို့အား ၎င်းတို့နှင့်အတူ ပူးပေါင်းထား တော်မူပေမည်။ ထိုပြင် ငါအရှင်မြတ်သည် ၎င်းတို့၏ကျင့်မူဆောင်ရွက်ချက်တို့ အနက်မှလည်း မည်သည့် တစ်စုံတစ်ရာကိုမျှ လျော့နည်းစေတော်မူမည် မဟုတ်ပြီ။ လူတိုင်းမှာ မိမိရွာဖွေ ဆည်းပူးမှု၌ ပေါင်နှံချုပ်နှောင်ထားပြီးဖြစ်၏။[၂၁] ထိုမှတပါး ငါအရှင်မြတ်သည် ထိုသူတို့အား ထိုသူတို့အလိုဆန္ဒရှိကြလေသော အမျိုးအစားမှ သစ်သီးဝလံများကိုလည်းကောင်း၊ အသားများကို လည်းကောင်း၊ အစဉ်မပြတ် တိုးချဲ့ပေးသနား တော်မူပေမည်။[၂၂] ၎င်းတို့မှာ ယင်း 'ဂျန္နတ်' သုခဘုံ၌ အရက်အပြည့်ရှိသော ခွက်များကို လုယက်ယူငင်ကြပေမည်။ ယင်းအရက်(ကို သောက်သုံးခြင်း)၌ အချည်းနှီးသော စကားပြောဆိုမှု ရှိလိမ့်မည်မဟုတ်ပေ။ အပြစ်ဖြစ်ရန် အကြောင်းလည်း ရှိရိုမ့်မည် မဟုတ်ပေ။[၂၃] ထိုမှတပါး ၎င်းတို့ထံ ၎င်းတို့ပိုင်ဆိုင်ကြကုန်သော လုလင်တို့သည် (ထိုမှ-ဤမှ) လှည့်ပတ် သွားလာလျက်ရှိကြပေမည်။ ထိုကံကျွေးလုလင်တို့မှာ လုံခြုံစွာထားရှိသော ပုလဲများကဲ့သို့ပင် ရှိကြပေမည်။[၂၄] ထိုပြင် ၎င်းတို့အနက် တစ်ဦးသည် တစ်ဦး၏ဘက်သို့လှည့်ကာ အချင်းချင်း စုံစမ်းမေးမြန်းကြ ပေမည်။[၂၅] ၎င်းတို့သည် (ဤသို့) ပြောဆိုကြပေမည်။ ဇကန်စင်စစ် ကျွန်ုပ်တို့သည် ယခင်က မိမိတို့အိမ်သူ အိမ်သားတို့နှင့်ရှိနေစဉ် ကြောက်ရွံ့စိုးရိမ်လျက် ရှိခဲ့ကြကုန်၏။[၂၆] သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အပေါ်၌ ကျေးဇူးပြုတော်မူခဲ့၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ကျွန်ုပ်တို့အား အပူအရှိန်ပြင်းလှစွာသော 'ဂျဟန္နမ်'ငရဲ၏ ပြစ်ဒဏ်မှလည်း ကင်းလွတ်စေတော်မူခဲ့၏။[၂၇] ဇကန်အမှန် ကျွန်ုပ်တို့သည် ရှေးအထက်ကျော်ကာလ၌ ထိုအရှင်မြတ် အထံတော်တွင် ဆုတောင်းလျက်ရှိခဲ့ကြကုန်၏။ ဇကန်မလွဲ ထိုအရှင်မြတ်မှာကား လွန်စွာ ကျေးဇူးပြုတော်မူသော အရှင်၊ လွန်စွာ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။[၂၈]

ရှင်းလင်းဖွင့်ဆိုချက်

وَالطُّوْرِ (ငါအရှင်မြတ်သည်) တောင်ကို-တူရ်တောင်ကို သက်သေထူတော်မူ၏။"(၅၂း၁)။ 'တွူရ်'ဟူသော စကား လုံးသည် ဟီဗရူးဘာသာစကားတွင် သစ်ပင်များပေါက်ရောက်သော တောင်တစ်လုံး (သစ်ပင်မပေါက်သော တောင် ကတုံး 'ဂျဗလ်'နှင့် ဆန့်ကျင်ဘက်)ကို ဆိုလိုသည်။ ဤနေရာတွင် 'တွူရ်'သည် မဒ်ယန်နယ်မြေတွင် တည်ရှိပြီး၊ တမန် တော်မူစာ ﷺသည် အလ္လာဟ်အရှင်မြတ်နှင့် စကားပြောခွင့်ရခဲ့သည့် ဆိုင်းနိုင်း(သိန)တောင်ကို ရည်ညွှန်း၏။ အချို့ဆင့် ပြန်ချက်များအရ ဤကမ္ဘာလောကတွင် ဂျန္နတ်၏တောင်(၄)လုံးရှိပြီး၊ ယင်းတို့အနက်မှ တောင်တစ်လုံးသည် 'တွူရ်' ဖြစ်၏(ကုရ်တူဗီ)။ 'တွူရ်'ကိုတိုင်တည်၍ ကျိန်ဆိုခြင်းက တောင်၏အရေးပါမှုနှင့် ဂုဏ်ကြီးမှုကို ဖော်ပြခြင်းဖြစ်၏။ ထိုပြင် အလ္လာဟ်အရှင်မြတ်သည် လူများလိုက်နာကြရန်အတွက် အချို့သော အမိန့်ပြဋ္ဌာန်းကို ထုတ်ပြန်တော်မူခြင်းကို လည်း သွယ်ဝိုက်ညွှန်းဆိုပေသည်။ ထိုအမိန့်ပြဋ္ဌာန်းချက်များကို လိုက်နာရန်မှာ မပြုမနေရတာဝန်ဖြစ်၏။

وَكِتٰبٍ مَّسْطُوْرٍ فِيْ رَقٍّ مَّنْشُوْرٍ "ထင်းပြင် (ငါအရှင်မြတ်သည်) ရေးသားပြီးဖြစ်သော (ဤ)ကျမ်းဂန်(မှတ်တမ်း)တော်ကို သက်သေထူတော်မူ၏။" "ဖြန့်ထားသော စာရွက်ပေါ်၌"(၅၂း၂-၃)။ 'ရာက်'ဟူသော စကားလုံးသည် ထိုအပေါ်တွင် စာရေးသားရန် အတွက်သုံးသည့် နူးညံ့သော သားရေပုရပိုက် သို့မဟုတ် နူးညံ့သော သားရေစကို ဆိုလိုသည်။ ထို့ကြောင့် ထင်းအား အများအားဖြင့် စက္ကူအဖြစ်ဘာသာပြန်ဆိုကြ၏။ ဤနေရာတွင် 'ရာက်'အား လူသား၏လုပ်ဆောင်မှုများ စာရင်းစာအုပ် သို့မဟုတ် အချို့ပညာရှင်များအဆိုအရ ကုရ်အာန်ကို ရည်ညွှန်းခြင်းဖြစ်လေသည်။
(ကုရ်တူဗီ)

အလ်ဗိုင်တုလ်မအ်မူရ်

وَّالْبَيْتِ الْمَعْمُوْرِ "ထင်းပြင် စည်ပင်သာယာသောအိမ်တော် 'ဗိုင်တိမအ်မူရ်'အိမ်တော်ကို သက်သေထူတော်မူ၏။"(၅၂း၄)။ 'အလ်ဗိုင်တုလ်မအ်မူရ်'သည် ကောင်းကင်တမန်များ ဝတ်ပြုဆုတောင်းရန်အတွက် မိုးကောင်းကင်ရှိ 'ကအ်ဗဟ်'ကိုဆိုလိုပြီး၊ ကမ္ဘာမြေမှ 'ကအ်ဗဟ်'နှင့်တူညီ၏။ ဆွဟီဟိန်မှ ဟဒီးဆ်တော်တစ်ရပ်အရ တမန်တော်မြတ်ﷺသည် ထင်းသတ္တမမိုးကောင်းကင်သို့ တက်ရောက်သည့်အကြောင်းကို ပြောပြရာတွင် "ထို့နောက် ကျွန်ုပ်သည် 'အလ်ဗိုင်တုလ် မအ်မူရ်'သို့ ခေါ်ဆောင်သွားခြင်းခံခဲ့ရသည်။ ထိုနေရာသို့ ကောင်းကင်တမန် ခုနစ်သောင်းသည် နေ့စဉ်လာရောက်ကြပြီး၊ ထင်းတို့သည် ထိုနေရာသို့ နောက်ထပ်တစ်ကြိမ် ပြန်မရောက်ကြတော့ပေ။ အဘယ်ကြောင့်ဆိုသော် အသစ်အသစ်သော ကောင်းကင်တမန်တို့သည် ထိုနေရာသို့ နေ့စဉ်အလှည့်ကျ လာရောက်သောကြောင့် ဖြစ်လေသည်။" (အိဗ်နုကဆီး၏)

'အလ်ဗိုင်တုလ်မအ်မူရ်'သည် သတ္တမမိုးကောင်းကင်၌ နေထိုင်ကြသော ကောင်းကင်တမန်တို့၏ 'ကအ်ဗဟ်' ဖြစ်၏။ တမန်တော်မြတ်ﷺ မိုးကောင်းကင်သို့ တက်သောညဉ့်က သတ္တမမိုးကောင်းကင်သို့ ရောက်သောအခါ၊ ထင်းသည် တမန်တော် အိဗ်ရာဟီမ်ﷺအား 'အလ်ဗိုင်တုလ်မအ်မူရ်'ကို ကျောမှီလျက်ရှိသည်ကို မြင်တွေ့ခဲ့ရသည်။ ကမ္ဘာမြေပေါ်မှ 'ကအ်ဗဟ်'ကို တည်ဆောက်ခဲ့သူမှာ တမန်တော်အိဗ်ရာဟီမ်ﷺပင် ဖြစ်သောကြောင့် ထင်း၏လုပ်ဆောင်မှုနှင့် လိုက်ဖက်သော ဆုလာဘ်အနေဖြင့် ထင်းအား အလ္လာဟ်အရှင်မြတ်က 'အလ်ဗိုင်တုလ်မအ်မူရ်'နှင့် အထူးဆက်နွယ်မှုကို ချီးမြှင့်တော်မူခြင်းသည်။ (အိဗ်နုကဆီး၏)

وَالْبَحْرِ الْمَسْجُوْرِ (ထို့ပြင် ငါအရှင်မြတ်သည် မီးဖြင့်ပြည့်လျှံလျက်ရှိသော ပင်လယ်သမုဒ္ဒရာကို တိုင်တည်လျက် .... ၅၂း၆)။ 'ဗဟ်ရ်'သည် ပင်လယ်သမုဒ္ဒရာကို ဆိုလိုသည်။ အပြုခံကြိယာပုဒ်ဖြစ်သော 'မတ်စ်ဂျူး'ရ်'သည် 'စဂျ်ရ်'မှဆင်းသက်ပြီး၊ အဓိပ္ပါယ်အမျိုးမျိုးဖြင့် သုံးကြသည့် အနက်တစ်ခုမှာ မီးဖြင့်တောက်လောင်စေသည်ဖြစ်၏။ အချို့သော ရှင်းလင်းဖွင့်ဆို သူတို့က ဤနေရာ၌ ထိုကြိယာပုဒ်အား ဤသို့ပင် အဓိပ္ပါယ်ကောက်ခြင်းဖြင့် ရှင်ပြန်ထမည့်နေ့တွင် မီးဖြင့်တောက်လောင်စေခြင်းခံရမည်ဖြစ်သော ပင်လယ်သမုဒ္ဒရာကို တိုင်တည်၍ဟု အဓိပ္ပါယ်ကောက်ယူကြသည်။ အာယတ်တော် وَإِذَا الْبِحَارُ سُجِّرَتْ (ထို့ပြင် ပင်လယ်သမုဒ္ဒရာများသည် မီးဖြင့်တောက်လောင် စေခြင်းခံရမည် ဖြစ်သောအခါ .... ၈၁း၆)တွင် အလ္လာဟ်အရှင်မြတ် မိန့်တော်မူသကဲ့သို့ပင်ဖြစ်၏။ တစ်နည်းအားဖြင့် ပင်လယ်သမုဒ္ဒရာသည် မီးဖြင့်တောက်လောင် စေခြင်းခံရလိမ့်မည်ဖြစ်ပြီး၊ 'ဟရ်ရ်'ကွင်းပြင်ရှိ လူများအား ဝိုင်းပတ်မည့် မီးဖြစ်လာမည်ဖြစ်၏။ ဤသည်မှာ သာဝကကြီး အလီအိဗ်နုအဗီတွာလိဗ်ﷺထံမှ သာဝကကြီး စအိဒ်အိဗ်နုမူစေယဟ်ဆင့်ပြန်ခဲ့ခြင်းဖြစ်၏။ သာဝကကြီး အိဗ်နုအဗ္ဗာစ်၊ မူဂျာဟစ်နှင့် အုဗိုင်ဒ္ဒလ္လာဟ်အိဗ်နုအုမရ်ﷺတို့ကလည်း အလားတူ ဆင့်ပြန်ကြသည်။ (အိဗ်နုကဆီး၏)

ဂျူးတစ်ယောက်က သာဝကကြီးအလီ(ရ)အား 'ငရဲသည် မည်သည့်နေရာတွင် ရှိပါသနည်း။'ဟု မေးမြန်းခဲ့ရာ ၎င်းက 'ပင်လယ်သမုဒ္ဒရာ'ဟု ဖြေကြားခဲ့သည်။ ယခင်ကျမ်းဂန်များကို ကျွမ်းကျင်နှံစပ်သော ဂျူးလူမျိုးက ဤသည်ကို ထောက်ခံခဲ့လေသည်။ (ကုရ်တူဗီ)။ သာဝကကြီး ကတာဒဟ်(ရ)နှင့် အခြားသူများကမူ ထိုစကားရပ်အား 'ပြည့်လျှံနေသောပင်လယ်သမုဒ္ဒရာ'ဟု အဓိပ္ပာယ်ကောက်ယူပြီး အိပ်နဂျရီး(ဆ)နှင့် မောင်လာနာအရှ်ရဖ်အလီထာနဝီ(ရ)တို့က လည်း သဘောတူလက်ခံကြ၏။ (အိပ်နကဆီး၍)

"إِنَّ عَذَابَ رَبِّكَ لَوَاقِعٌ، مَّا لَهُ مِن دَافِعٍ" "ဇကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အပြစ်ဒဏ်သည် အမှန်ပင် ကျရောက် မည်ဖြစ်၏။ ယင်းပြစ်ဒဏ်ကို ပယ်ရှားအံ့သောသူဟူ၍ အလျှင်းမရှိပြီ။"(၅၂း၇-၈)။ အာယတ်တော် ၁-၆ သည် တိုင်တည် ကျိန်ဆိုခြင်းဖြစ်ပြီး၊ ယခုအာယတ်တော်သည် အလ္လာဟ်အရှင်မြတ်၏ အပြစ်ဒဏ် ကျရောက်မည်မှာ သေချာကြောင်းနှင့် ယင်းကို မည်သူမျှရှောင်လွှဲ၍ ရနိုင်မည်မဟုတ်သည့် အဖြစ်မှန်အတွက် တိုင်တည်ကျိန်ဆိုခြင်း 'ဂျဝါဗွလ်ကစမ်' ဖြစ်လေသည်။

သာဝကကြီးအုမရ်(ရ)၏ အဖြစ်အပျက်

တစ်နေ့သော သာဝကကြီးအုမရ်(ရ)သည် စူရဟ်တွဲ့ရဲ့ကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည်။ ဤအာယတ်တော်များသို့ ရောက်သောအခါ၊ ၎င်းသည် သက်ပြင်းချခဲ့ပြီးနောက် ရက်ပေါင်း(၂၀)မျှ နာမကျန်းဖြစ်ခဲ့လေသည်။ ၎င်းနာမကျန်းဖြစ်နေစဉ်အတွင်း လူများသည် ၎င်းအဘယ်ကြောင့် နာမကျန်းဖြစ်ရသည်ကို မသိဘဲ လူနာမေးလာလေ့ရှိခဲ့ကြ၏။ (အိပ်နကဆီး၍)

သာဝကကြီး ဂျူဗိုင်ရ်အိပ်နမုတွင်မ်(ရ)က ပြောသည်မှာ အစွယ်လာမ်ကို လက်ခံခြင်း မပြုသေးမီက ၎င်းသည် ဗဒိရ်စစ်ပွဲမှ သံ့ပန်းများနှင့် စပ်လျဉ်း၍ စေ့စပ်ဆွေးနွေးရန် မြင့်မြတ်သော မြို့တော်မဒီနာသို့ သွားခဲ့သည်။ မဒီနာမြို့တော်သို့ ရောက်သောအခါ၊ တမန်တော်မြတ်(ဆ)သည် မဂ်ရစ်ဗ်ဆွလာတ်တွင် စူရဟ်တွဲ့ရဲ့ကို ရွတ်ဖတ်လျက်ရှိပြီး၊ ၎င်း၏ အသံကို ပလီဝတ်ကျောင်း၏ အပြင်ဘက်မှပင် ကြားနိုင်ခဲ့သည်။ အာယတ်တော် (၇)နှင့်(၈) 'ဇကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ပြစ်ဒဏ်သည် အမှန်ပင်ကျရောက်မည်ဖြစ်၏။ ယင်းပြစ်ဒဏ်ကို ဖယ်ရှားအံ့ သောသူဟူ၍ အလျှင်းမရှိပြီ။' ရွတ်ဖတ်သံကို ကြားရသောအခါ၊ ရုတ်တရက်ကြောက်ရွံ့ခြင်းကြောင့် ၎င်း၏ အသည်းနှလုံးသည် ပေါက်ကွဲထွက်မည်ကဲ့သို့ ခံစားခဲ့ရသည်။ ၎င်းသည် ချက်ချင်းပင် အစွယ်လာမ်ကို လက်ခံယုံကြည်ခဲ့လေသည်။ ထိုအချိန်က ၎င်းအပေါ်သို့ ပြစ်ဒဏ်မကျရောက်ပါဘဲလျက် ၎င်းသည် လူပ်ရှားနိုင်စွမ်း မရှိတော့သယောင် ခံစားခဲ့ရသည်။ (ကုရ်တူဗီ)

"يَوْمَ تَمُورُ السَّمَاءُ مَوْرًا" (ယင်းပြစ်ဒဏ်သည်) အကြောင်နေ့တွင် (ကျရောက်ပေမည်) ထိုနေ့တွင် မိုး ကောင်းကင်မှာ တုန်လှုပ်အက်ကွဲ၍ သွားပေမည်။"(၅၂း၉)။ 'မောရ်'ဟူသော စကားလုံး၏ အဘိဓာန်ဖွင့်ဆိုချက်မှာ ပြင်းထန်သော တုန်ခါခြင်းသို့မဟုတ် စိတ်မငြိမ်မသက်မှုက ဖြစ်စေသော လူပ်ရှားမှုဖြစ်၏။ ဤအာယတ်တော်က ရှင်ပြန်ထမည့်နေ့တွင် မိုးကောင်းကင်များ၏ ပြင်းထန်သော လူပ်ရှားမှုအကြောင်းကို ဖော်ပြခြင်းဖြစ်၏။

ကောင်းမြတ်သော သက်ဝင်ယုံကြည်သူ သားသမီးများသည် ၎င်းတို့၏သက်ဝင်ယုံကြည်သူ မိဘများနှင့် ဆက်နွယ်၍ ဂျန္နတ်၌ အကျိုးခံစားကြရမည်။

"ထိုမှတပါး အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့၏ သားမြေးတို့သည်လည်း 'အီမာန်' သက်ဝင်ယုံကြည်မှုနှင့်တကွ ၎င်းတို့၏နောက်သို့လိုက်ခဲ့ကြကုန်၏။ ငါအရှင်မြတ်သည် ၎င်းတို့၏သားမြေးတို့အား ၎င်းတို့နှင့်အတူပူးပေါင်းထားတော်မူပေမည်။ ...."(၅၂း၂၁)။ တမန်တော်မြတ်ﷺထံမှ သာဝကကြီး အိဗ်နအဗ္ဗာစ်ﷺ ကြားသိရသည်မှာ-

> မုချဇကန် အလ္လာဟ်အရှင်မြတ်သည် သက်ဝင်ယုံကြည်သူတို့၏ သားသမီးများ၏ အဆင့်အတန်းများကို ၎င်းတို့၏ မိဘများ၏ အဆင့်အတန်း (ထိုအဆင့်အတန်းသည် မိဘများနှင့် ထိုက်တန်ပြီး၊ ၎င်းတို့နှင့် မထိုက်တန်စေကာမူ)သို့ မြှင့်တင်ပေးတော်မူမည်ဖြစ်၏။ ဤသို့ကြောင့် မိဘတို့၏ မျက်လုံးများသည် အားရရွှင်လန်းဖြစ်သွားကြလေ သည်။' (ဟာကင်မ်၊ အလ်ဝိုင်ဟက္ကီ၏စူနန်၊ အလ်ဗဇ္ဇာရ်၊ အဗူနအိုမ်၏ အလ်ဟိလ်ယဟ်၊ အိဗ်နဂျရီရ်နှင့် အိဗ်နအဗီ ဟာတင်တို့အား မဇ်ဟာရီကိုးကားဖော်ပြသည်။)

စအီဒ်အိဗ်နဂျူဗေးﷺ တင်ပြသည်ကို တဗရာနီ၌ မှတ်တမ်းတင်ထားသည်မှာ သာဝကကြီး အိဗ်နအဗ္ဗာစ်ﷺ ပြောကြားခဲ့သည်။ (ဤအကြောင်းကို တမန်တော်မြတ်ﷺထံမှ ၎င်းကြားသိသည်ဟု ကျွန်ုပ်ထင်ပါသည်။)

> 'ပုဂ္ဂိုလ်တစ်ဦးသည်ဂျန္နတ်တွင်းသို့ဝင်သောအခါ၊ ၎င်းက၎င်း၏မိဘများ၊ ဇနီးနှင့်သားသမီးများအကြောင်း (၎င်းတို့ဘယ်မှာရှိကြသည်)ကို စုံစမ်းမေးမြန်းလိမ့်မည်။ ၎င်းတို့မှာ သင်၏အဆင့်ကို မရခဲ့ကြပါဟု ၎င်းအားပြောပြလိမ့် မည်။ (ထို့ကြောင့် ၎င်းတို့သည် ဂျန္နတ်၏အခြားတစ်နေရာ၌ ရှိပေသည်။)။ ထိုပုဂ္ဂိုလ်က "အို- ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ကျွန်တော်မျိုးသည် ကျွန်တော်မျိုးတစ်ယောက်တည်း အတွက်သာ ဆောင်ရွက်လုပ်ကိုင်ခဲ့ခြင်း မဟုတ်ပါ။ ၎င်းတို့အားလုံးအတွက်ပါ လုပ်ကိုင်ခဲ့ခြင်း ဖြစ်ပါသည်။"ဟု လျှောက်တင်လိမ့်မည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ အားလုံးကို ဂျန္နတ်၏အဆင့်တူနေရာ တစ်ခုတည်းတွင် အတူထားရှိရန် အမိန့်ပေးတော်မူလိမ့်မည်ဖြစ်၏။' (အိဗ်နကဆီး၏)

ဟာဖစ်အိဗ်နကဆီး၏က ဤဟဒီးဆ်တော်များအားလုံးကို ကိုးကားလျက် ပြောဆိုသည်မှာ ၎င်းတို့၏မိဘများ၏ ကောင်းမြတ်သော လုပ်ရပ်များကြောင့် ထိုအရှင်မြတ်က ဤကောင်းချီးမင်္ဂလာကို သားသမီးများအား ပေးသနားတော်မူခြင်းမှာ ဇကန်မုချ အလ္လာဟ်အရှင်မြတ်၏ ဂုဏ်ကျက်သရေတော်နှင့် ကျေးဇူးတော်ပင် ဖြစ်လေသည်။ ထိုအရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ကို မိဘများအား ပေးသနားတော်မူခြင်းမှာလည်း ၎င်းတို့၏ သားသမီးများက ၎င်းတို့အတွက် အလ္လာဟ်အရှင်မြတ်ထံတော်၌ ဆုပန်ခြင်းကြောင့်လည်း ဖြစ်ပေသည်။ အီမာမ်အဟ်မဒ်က သာဝကကြီး အဗူဟုရိုင်ရဟ်ﷺ ဆင့်ပြန်သော တမန်တော်မြတ်ﷺ၏ အောက်ပါမိန့်ကြားချက်ကို မှတ်တမ်းတင်ခဲ့၏။

> 'မုချဇကန်၊ အလ္လာဟ်အရှင်မြတ်သည် ကောင်းမြတ်သော ကျွန်တစ်ဦး၏ အဆင့်အတန်းကို မြှင့်တင်ပေးတော်မူမည်ဖြစ်၏။ ၎င်းက မေးလျှောက်လိမ့်မည်။ "အို- ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ဤအဆင့်အတန်းကို ကျွန်တော်မျိုးမည်သို့ရရှိခဲ့ပါသနည်း။" အလ္လာဟ်အရှင်မြတ်က ပြန်လည်မိန့်ကြားတော်မူလိမ့်မည်။ "အသင်၏သားဖြစ်သူက ငါအရှင်မြတ်ထံ အသင့်အား ခွင့်လွှတ်ပါမည့်အကြောင်း ဆုတောင်းသောကြောင့်

ဖြစ်၏။"(ဤဟဒီးဆ်တော်တွင် ခိုင်လုံသော ဆင့်ပြန်သူကွင်းဆက် ရှိသော်လည်း ဆွဟီဟိန်၌ ဤနည်းဤပုံ မှတ်တမ်း တင်မထားကြောင်း အိဗ်နုကဆီးရ်က ပြောကြား၏။ သို့ရာတွင် ထိုအတွက် အဗူဟူရိုင်ရဟ်ﷺအား ကိုးကားသော ခိုင်လုံ သည့်ဆင့်ပြန်ချက် (ဆွဟီဒ်)တစ်ရပ် မွတ်စလင်ကျမ်းတွင် ပါရှိပေသည်။

وَمَآ اَلَتْنٰهُمْ مِّنْ عَمَلِهِمْ مِّنْ شَیْءٍ".... ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့၏ ကျင့်မူဆောင်ရွက်ချက်တို့ အနက်မှလည်းမည်သည့်တစ်စုံတစ်ရာကိုမျှလျော့နည်းစေတော်မူမည်မဟုတ်ပြီ။...."(၅၂း၂၁)။ အတိတ်ဖြစ်ပြီးကြိယာ 'အလတ္တန'သည် 'အလားတ'၏ ပထမပုဂ္ဂိုလ် အများကိန်းဖြစ်ပြီး တိုက်ရိုက်အဓိပ္ပါယ်မှာ (ကျွန်ုပ်တို့) လျော့သည်၊ လျော့သည်၊ လျော့နည်းလာသည် ဖြစ်၏ (ကုရ်တူဗီ)။ ယုံကြည်သက်ဝင်သူ မိဘများ၏ အီမာန်ရှင်အဖြစ်နှင့် ကွယ်လွန်ခဲ့ကြသော သားသမီးများကို အဆင့်အတန်း မြှင့်တင်ပေးရာတွင် သားသမီးတို့၏ ဆောင်ရွက်ချက်များကို ဖြည့်တင်းပေးရန်အတွက် မိဘများ၏အကျိုးဆုလာဘ်ကို အနည်းငယ်မျှလျော့နည်းစေတော်မူလိမ့်မည် မဟုတ်ဟု အာယတ်တော်က ဆိုလိုခြင်းဖြစ်၏။ အမှန်စင်စစ် ဤသို့တန်းတူညီမျှဖြစ်အောင် ပြုလုပ်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကြောင့်သာလျှင် ဖြစ်ပေသည်။

အပြစ်ကျူးလွန်သူများအပေါ် အလ္လာဟ်အရှင်မြတ်၏ တရားမျှတမှု

كُلُّ امْرِئٍۢ بِمَا كَسَبَ رَهِیْنٌ".... လူတိုင်းမှာ မိမိရှာဖွေဆည်းပူးမှု၌ ပေါင်နှံချုပ်နှောင်ထားပြီးဖြစ်၏။"(၅၂း၂၁)။ အလ္လာဟ်အရှင်မြတ်သည် သားသမီးတို့အား ၎င်းတို့၏ လုပ်ဆောင်မှုများမှာ အဆင့်မမီလင့်ကစား ၎င်းတို့၏ မိဘများ၏ အဆင့်အတန်းသို့ မြှင့်တင် ပေးတော်မူမည့် မိမိ၏ကျေးဇူးတော်ကို ဖော်ပြတော်မူပြီးနောက် ထိုအရှင်မြတ်သည် မည်သူကိုမျှ သူတစ်ပါး၏ အပြစ်များအတွက် အပြစ်ဒဏ်ပေးတော်မူမည် မဟုတ်ကြောင်းကို အတည်ပြုတော်မူသည်။ ထို့ကြောင့် လူတိုင်းသည် မိမိ၏ လုပ်ရပ်များအတွက် တာဝန်ယူရမည်ဖြစ်၏။ ၎င်း၏မိဘများ သို့မဟုတ် သားသမီးများက ကျူးလွန်ခြင်းပင် ဖြစ်စေကာမူ အခြားသူများ၏ အပြစ်များကို အကြင်သူ၏ ဝန်ထုပ်တွင် ပေါင်းထည့်ပေးတော်မူလိမ့်မည် မဟုတ်ပါချေ။ (အိဗ်နုကဆီးရ်)

အာယတ်တော် (၂၉-၄၉)

فَذَكِّرْ فَمَآ اَنْتَ بِنِعْمَتِ رَبِّكَ بِكَاهِنٍ وَّ لَا مَجْنُوْنٍ ﴿۲۹﴾ اَمْ یَقُوْلُوْنَ
شَاعِرٌ نَّتَرَبَّصُ بِهٖ رَیْبَ الْمَنُوْنِ ﴿۳۰﴾ قُلْ تَرَبَّصُوْا فَاِنِّیْ مَعَكُمْ مِّنَ
الْمُتَرَبِّصِیْنَ ﴿۳۱﴾ اَمْ تَاْمُرُهُمْ اَحْلَامُهُمْ بِهٰذَآ اَمْ هُمْ قَوْمٌ طَاغُوْنَ ﴿۳۲﴾
اَمْ یَقُوْلُوْنَ تَقَوَّلَهٗ ۚ بَلْ لَّا یُؤْمِنُوْنَ ﴿۳۳﴾ فَلْیَاْتُوْا بِحَدِیْثٍ مِّثْلِهٖٓ اِنْ
كَانُوْا صٰدِقِیْنَ ﴿۳۴﴾
اَمْ خُلِقُوْا مِنْ غَیْرِ شَیْءٍ اَمْ هُمُ الْخٰلِقُوْنَ ﴿۳۵﴾ اَمْ خَلَقُوا السَّمٰوٰتِ وَ
الْاَرْضَ ۚ بَلْ لَّا یُوْقِنُوْنَ ﴿۳۶﴾ اَمْ عِنْدَهُمْ خَزَآئِنُ رَبِّكَ اَمْ هُمُ الْمُصَیْطِرُوْنَ

﴿۳۷﴾ اَمۡ لَهُمۡ سُلَّمٌ يَّسۡتَمِعُوۡنَ فِيۡهِ ۚ فَلۡيَاۡتِ مُسۡتَمِعُهُمۡ بِسُلۡطٰنٍ مُّبِيۡنٍ
﴿۳۸﴾ اَمۡ لَهُ الۡبَنٰتُ وَ لَـكُمُ الۡبَنُوۡنَ ﴿۳۹﴾ اَمۡ تَسۡـَٔلُهُمۡ اَجۡرًا فَهُمۡ مِّنۡ
مَّغۡرَمٍ مُّثۡقَلُوۡنَ ﴿۴۰﴾ اَمۡ عِنۡدَهُمُ الۡغَيۡبُ فَهُمۡ يَكۡتُبُوۡنَ ﴿۴۱﴾ اَمۡ يُرِيۡدُوۡنَ
كَيۡدًا ؕ فَالَّذِيۡنَ كَفَرُوۡا هُمُ الۡمَكِيۡدُوۡنَ ﴿۴۲﴾ اَمۡ لَهُمۡ اِلٰهٌ غَيۡرُ اللّٰهِ ؕ سُبۡحٰنَ
اللّٰهِ عَمَّا يُشۡرِكُوۡنَ ﴿۴۳﴾ وَ اِنۡ يَّرَوۡا كِسۡفًا مِّنَ السَّمَآءِ سَاقِطًا يَّقُوۡلُوۡا
سَحَابٌ مَّرۡكُوۡمٌ ﴿۴۴﴾ فَذَرۡهُمۡ حَتّٰى يُلٰقُوۡا يَوۡمَهُمُ الَّذِىۡ فِيۡهِ يُصۡعَقُوۡنَ ﴿۴۵﴾
يَوۡمَ لَا يُغۡنِىۡ عَنۡهُمۡ كَيۡدُهُمۡ شَيۡـًٔا وَّ لَا هُمۡ يُنۡصَرُوۡنَ ﴿۴۶﴾ وَ اِنَّ لِلَّذِيۡنَ
ظَلَمُوۡا عَذَابًا دُوۡنَ ذٰلِكَ وَ لٰـكِنَّ اَكۡثَرَهُمۡ لَا يَعۡلَمُوۡنَ ﴿۴۷﴾ وَ اصۡبِرۡ
لِحُكۡمِ رَبِّكَ فَاِنَّكَ بِاَعۡيُنِنَا وَ سَبِّحۡ بِحَمۡدِ رَبِّكَ حِيۡنَ تَقُوۡمُ ﴿۴۸﴾ وَ مِنَ
الَّيۡلِ فَسَبِّحۡهُ وَ اِدۡبَارَ النُّجُوۡمِ ﴿۴۹﴾

သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အသင်သည် သတိပေးဆုံးမလျက်ရှိပါလေ။ စင်စစ် သော်ကား အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ကျေးဇူးတော်အားဖြင့် အနာဂတ်ဟောဆရာလည်း မဟုတ်ပေ၊ ရူးသွပ်သူလည်း မဟုတ်ပေ။[၂၉] သို့တည်း မဟုတ် ၎င်းတို့က (ဤမုဟမ္မဒ်) (ဆွလွှလာဟု အလိုင်ဟိဝစလာမ်)သည် ကဗျာ ဆရာဖြစ်သည်။ ကျွန်ုပ်တို့သည် ၎င်းနှင့်ပတ်သက်၍ ကံအားလျော်စွာ ဆိုက်ရောက်လာအံ့သော ခေတ်ကာလ၏ ဘေးအန္တရာယ်ကို ဆိုက်ရောက်လာအံ့သော သေဘေးကိုစောင့်ဆိုင်း၍ နေကြ သည်ဟု ပြောဆို ကြလေသလော။[၃၀] (အို-နဗီတမန်တော်၊) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့သည် စောင့်ဆိုင်း၍ နေကြလေကုန်။ သို့ဖြစ်လျှင် ဇကန်အမှန် ငါသည်လည်း အသင်တို့နှင့်အတူ စောင့်ဆိုင်းသူတို့တွင် အပါအဝင်ဖြစ်၏။[၃၁] သို့တည်းမဟုတ် ၎င်းတို့၏ အသိဉာဏ် များက ဤသည်နှင့်စပ်လျဉ်း၍ ၎င်းတို့အား အမိန့်ပေးလေသလော။ သို့တည်းမဟုတ် ၎င်းတို့ကိုယ်တိုင်ပင် ဆိုးသွမ်းသူများ ဖြစ်ကြလေသလော။[၃၂] သို့တည်းမဟုတ် ၎င်းတို့က ထိုသူ(တမန်တော်မြတ်) သည် ဤ(ကုရ်အာန်ကျမ်းတော်မြတ်)ကို ကြံစည်ဖန်တီးခဲ့သည်ဟု ပြောဆိုကြလေသလော။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ၎င်းတို့ ကိုယ်တိုင် သက်ဝင်ယုံကြည်ခြင်းမရှိကြပေ။[၃၃] သို့ဖြစ်လျှင် အကယ်၍ ၎င်းတို့သည် သစ္စာဝါဒီများဖြစ်ကြလျှင် ယင်း(ကုရ်အာန်ကျမ်းမြတ်) ကဲ့သို့ သော အာယတ်တော် တစ်စုံတစ်ရာကို ၎င်းတို့ယူဆောင်၍ လာကြရပေမည်။[၃၄] သို့တည်းမဟုတ် ၎င်းတို့သည် (ဖန်ဆင်းသူ) တစ်စုံတစ်ယောက်မျှမရှိဘဲ ဖန်ဆင်းခြင်း ခံခဲ့ကြရလေသလော။

သို့တည်းမဟုတ် ၎င်းတို့ကိုယ်တိုင် (မိမိတို့ကိုယ်ကို) ဖန်ဆင်းသူများ ဖြစ်လေ သလော။[၃၅] သို့တည်းမဟုတ် ထိုသူတို့သည် မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းခဲ့ကြလေ သလော။ စင်စစ်မှာကား၊ ၎င်းတို့သည် ယုံကြည်ကြသည် မဟုတ်ပေ။[၃၆] သို့တည်းမဟုတ် ၎င်းတို့ထံအသင့် အား ဖန်ဖြ၏ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ဘဏ္ဍာတော်များ ရှိလေသလော။ သို့တည်း မဟုတ် ၎င်းတို့သည် ကွပ်ကဲအုပ်ချုပ်သူများပင် ဖြစ်ကြလေသလော။ *[၃၇] သို့တည်းမဟုတ် ၎င်း တို့၌ လှေကားတစ်စုံတစ်ခုရှိနေ၍ ၎င်းတို့သည် ထိုလှေကားဖြင့် (မိုးကောင်းကင်မှ စကားများကို) နားထောင်ကြလေသလော။ သို့ဖြစ်လျှင် ၎င်းတို့အနက်မှ နားထောင်သောသူသည် ထင်ရှားစွာ သော သက်သေသာဓကကို ဆောင်ယူခဲ့ရပေမည်။** [၃၈] သို့တည်းမဟုတ် ထိုအရှင်မြတ်၌ သမီး မိန်းကလေးများရှိကြပြီး၊ ၎င်းတို့၌မူ သားယောကျ်ားကလေးများ ရှိကြလေသလော။[၃၉] သို့တည်း မဟုတ် အသင်သည် ၎င်းတို့ထံအခကေးငွေး တစ်စုံတစ်ရာကို တောင်းဆိုသောကြောင့် ၎င်းတို့သည် ကြွေးမြီပေးဆပ်ရန် တာဝန်၌ပိလျက် ရှိနေကြလေသလော။[၄၀] သို့တည်းမဟုတ် ၎င်းတို့ထံတွင် အကွယ်၌ရှိသည်တို့ကို (သိစွမ်းနိုင်သောအသိပညာ ရှိသောကြောင့်) ၎င်းတို့သည် ရေးမှတ်ထားကြ လေသလော။[၄၁] သို့တည်းမဟုတ် ၎င်းတို့သည် တစ်စုံတစ်ရာ မကောင်းကြံစည်ရန် ရည်ရွယ်ကြ လေသလော။ သို့ဖြစ်လျှင် 'ကာဖိရ်' သွေဖည်ငြင်းပယ်ကြကုန်သော သူတို့သည်ပင်လျှင် မကောင်း သော အကြံအစည်၌ မိနေကြကုန်၏။[၄၂] သို့တည်းမဟုတ် ၎င်းတို့၌ အလ္လာဟ် အရှင်မြတ်အပြင် ကိုးကွယ်ရာ အရှင်မြတ်တစ်ပါးပါး ရှိလေသလော။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့တွဲဖက် ကိုးကွယ်ကြသည်တို့မှ လုံးဝစင်ကြယ် သန့်ရှင်းတော်မူပေသတည်း။ [၄၃] စင်စစ်သော်ကား အကယ်၍သာ ၎င်းတို့သည် မိုးကောင်းကင်၏ အစိတ်အပိုင်းတစ်ခုခုကျ လာသည်ကို တွေ့မြင်ကြ သည်ရှိအံ့ဩြားလည်း (ဤသည်) အထပ်ထပ် ထပ်ဆင့်ထားသော မိုးတိမ်သာလျှင် ဖြစ်သည်ဟု

---

* ဤသည်မှာ မက္ကာမြို့သား ကာဖိရ်များက တမန်တော်မြတ်ﷺ၏ တမန်တော်ဖြစ်မှုနှင့် စပ်လျဉ်း၍ မကြာခဏ ထုတ် ဖော်ကြသော ကန့်ကွက်မှုများထဲမှ တစ်ခု၏အဖြေဖြစ်၏။ ထင်ရှားသောမျိုးနွယ်စု အကြီးအကဲများထဲမှ ရွေးချယ်ခြင်းမခံရဘဲ အဘယ်ကြောင့် ၎င်းသည် တမန်တော်အဖြစ် ရွေးချယ်ခံခဲ့ရပါသနည်းဟု ၎င်းတို့က မေးခွန်းထုတ်လေ့ ရှိခဲ့၏။ ဤအာယတ်တော်ကပေးသော အဖြေမှာ တမန်တော်များ ရွေးချယ်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အထူးလုပ်ပိုင်ခွင့် အာဏာဖြစ်သည်။ ထိုအရှင်မြတ်တွင် အသိ ပညာဘဏ္ဍာတော်များ ရှိသည့်ပြင် မည်သူတို့အား ပေးသင့်ကြောင်းကို ဆုံးဖြတ်သူသည် ထိုအရှင်မြတ်သာလျှင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်ကြသူများ၏ သဘောထားသည် ဤကဏ္ဍာတော်များအား စီမံပိုင်ခွင့်မှာ ၎င်းတို့၏ လက်ထဲတွင်ရှိပြီး၊ တမန်တော်များ ရွေးချယ်ရာတွင် ၎င်းတို့၌ ဆုံးဖြတ်ပိုင်ခွင့်ရှိသည့်သဘော ဆောင်နေပေသည်။

(မုဟမ္မဒ်တကီးအွစ်မာနီ)

** အာယတ်တော်က ဆိုလိုသည်မှာ ၎င်းတို့၏ အစွယ်လာမ်ကို ဆန့်ကျင်ပြောကြားချက်များသည် ယုတ္တိတန်သော အကြောင်း ပြချက်များကို မဖြစ်စေခဲ့ပေ။ တစ်ခုတည်းသော ဖြစ်နိုင်ခြေမှာ ၎င်းတို့တွင် အလ္လာဟ်အရှင်မြတ်နှင့် တိုက်ရိုက် ဆက်သွယ်မှုတစ်ခု ရှိခဲ့ခြင်းအားဖြင့် ၎င်းတို့၏အဲဒီမာန်မှာ စစ်မှန်ကြောင်း သေချာပြီးဖြစ်၏။ သို့သော် အလ္လာဟ်အရှင်မြတ်နှင့် ထိုကဲ့သို့ အဆက်အသွယ် ရှိကြောင်း သက်သေအထောက်အထားကို မည်သူမျှ ယူဆောင်လာ ခြင်းမရှိခဲ့ပေ။ (မုဟမ္မဒ်တကီးအွစ်မာနီ)

ဆိုကြဦးပေမည်။[၄၄]* သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား ၎င်းတို့၏ အကြောင်းနှနှင့် တွေ့ကြုံကြရသည်အထိ စွန့်လွှတ်၍ ထားရှိပါလေ၊ ထိုနှတွင် ၎င်းတို့သေဆုံးကြပေမည်။[၄၅] အကြောင်းနှတွင် ၎င်းတို့အဖို့ ၎င်းတို့၏အကြံအစည်သည် လုံးဝအသုံးမဝင်မည့်အပြင် ၎င်းတို့သည် ကူညီစောင်မခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။[၄၆] ထိုမှတပါး မတရားမှုကို ကျူးလွန်ခဲ့ကြသောသူတို့၌ ယင်းသည့်အလျင်လည်း ပြစ်ဒဏ် (ကျရောက်မည်ဖြစ်၏)။ **သို့ရာတွင် ၎င်းတို့အနက် အများစုသောသူတို့မှာ သိရှိကြသည်မဟုတ်ပေ။[၄၇] (သို့ဖြစ်ပေရာ) အသင်သည်အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်ကို သည်းခံ၍ စောင့်ဆိုင်းပါလေ။ အကြောင်းသော်ကား အသင်သည် ငါအရှင်မြတ်၏ ကြည့်ရှု စောင့်ရှောက်မှုအောက်တွင် ရှိနေသောကြောင့်ပင်။ ထိုမှတပါး အသင်သည် (ထိုင်ရာမှပြန်)ထ သောအခါ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့် တကွ (ထိုအရှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်းမြွက်ဆိုပါလေ။[၄၈] ထိုမှတပါး အသင်သည် ညဉ့်၌လည်းကောင်း၊ ကြယ်များ (ကွယ်ပျောက်သွားသည့်)နောက်ပိုင်းတွင် လည်းကောင်း၊ ထိုအရှင်မြတ် စင်ကြယ် သန့်ရှင်းတော်မူကြောင်း မြွက်ဆိုပါလေ။[၄၉]

ရှင်းလင်းဖွင့်ဆိုချက်

فَإِنَّكَ بِأَعْيُنِنَا (အသင်သည် ငါအရှင်မြတ်၏ ကြည့်ရှုစောင့်ရှောက်မှုအောက်တွင် ရှိနေပေသည်။ .... ၅၂း၄၈)။ ရန်သူတို့၏ ရန်လိုမှု၊ ဆန့်ကျင်မှုနှင့် ငြင်းပယ်မှုများက တမန်တော်မြတ်ﷺအား စိတ်ဓာတ်ကျဆင်းစေခဲ့သည်။ ကဏ္ဍ၏နိဂုံး၌ ကုရ်အာန်က မိန့်ဆိုသည်မျာ 'အသင်သည် ငါအရှင်မြတ်၏ ကြည့်ရှုစောင့်ရှောက်မှုအောက်တွင်ရှိနေသည်။' တစ်နည်း အားဖြင့် 'ငါအရှင်မြတ်သည် အသင့်အား အဆိုးဟူသရွေ့မှ ကာကွယ်ပေးတော်မူမည်ဖြစ်၍ စိုးရိမ်ကြောင့်ကြမဖြစ်ပါလေနှင့်။' အခြားတစ်နေရာ၌ ကုရ်အာန်က وَاللَّهُ يَعْصِمُكَ مِنَ النَّاسِ (အလ္လာဟ်အရှင်မြတ်သည် အသင့်အား လူများ၏ ရန်မှ ကာကွယ်ပေးတော်မူမည်။'ဟူ၍ မိန့်ဆို၏။

ထို့နောက် အာယတ်တော်က ဆက်၍မိန့်ကြားသည်မှာ-

وَسَبِّحْ بِحَمْدِ رَبِّكَ حِينَ تَقُومُ (.... ထိုမှတပါး အသင်သည် (ထိုင်ရာမှပြန်)ထသောအခါ၊ အသင့်၏ ဖန်ဆင်းမွေးမြူတော်မူသောအရှင်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ (ထိုအရှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုပါလေ။)။(၅၂း၄၈) အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့် စင်ကြယ်သန့်ရှင်းကြောင်း မြွက်ဆိုခြင်းသည် ဘဝ၏စစ်မှန်သော ရည်ရွယ်ချက်ဖြစ်သည့်ပြင် ဘေးဒုက္ခအပေါင်းအား ကုစားမှုလည်း ဖြစ်သောကြောင့် ကုရ်အာန်က တမန်တော်မြတ်ﷺအပေါ် ပြဋ္ဌာန်းခြင်းဖြစ်လေသည်။ 'အသင်ထသောအခါ'သည် ဆွလာတ်ဝတ်ပြုရန်

---

* အကယ်၍ တမန်တော်မြတ်ﷺသည် အပေါ်မှကျလာသော မိုးကောင်းကင်၏ အစိတ်အပိုင်းတစ်ခုကို ယူဆောင် လာခြင်းမပြုပါက ၎င်းတို့သည်၎င်းအား ယုံကြည်လိမ့်မည်မဟုတ်ဟူသော မက္ကာမြို့သား ကာဖိရ်များ၏ တောင်းဆိုမှုကို ဖော်ပြ ခြင်းဖြစ်၏။ (ကြည့်-ကုရ်အာန်၊ ၁၇း၉၂ နှင့် ၂၆း၁၈၇)။ ပေးသောအဖြေမှာ အကယ်၍ဤအဓိပ္ပါယ်မရှိသော တောင်းဆိုမှုကို အလ္လာဟ်အရှင်မြတ်က ဖြည့်စွမ်းပေးတော်မူသည့်တိုင် ၎င်းတို့သည် ယုံကြည်ကြလိမ့်မည်မဟုတ်ဘဲ ထိုမြင်တွေ့နေရသော အရာသည် တိမ်ထုတစ်ခုသာလျှင် ဖြစ်သည်ဟူ၍ ဆင်ခြေပေးကြဦးမည် ဖြစ်လေသည်။ (မုဟမ္မဒ်တကီးအွစ်မာနီ)

** ဤလောကၥ်ပင် ကာဖိရ်တို့ ရင်ဆိုင်ရသော ပြစ်ဒဏ်များဖြစ်သည့် ငတ်မွတ်ခေါင်းပါးခြင်းနှင့် ဘဒ်ရ် စစ်ပွဲတွင် ရှုံးနိမ့်ခြင်းများကို ရည်ညွှန်း၏။ (မုဟမ္မဒ်တကီးအွစ်မာနီ)

အတွက် (ထိုင်ရာမှ)ထခြင်း သို့မဟုတ် အိပ်ရာမှထခြင်းကို ဆိုလိုခြင်းဖြစ်နိုင်သည်။ ဒုတိယအဓိပ္ပါယ်ကို အိပ်နေချိန်ရက ပို၍သဘောကျ၏။ ဤအယူအဆကို အီမာမ်အဟ်မဒ်အိပ်နဟန်ဗလ်၏ မုစ်နဒ်ကျမ်းတွင် သာဝကကြီး အဗူဒါဒဟ်အိပ်နစာမစ်တ်ﷺအား ကိုးကား၍ဖော်ပြသော ဟဒီးဆ်တော်တစ်ရပ်က ထောက်ခံ၏။ သာဝကကြီး အဗူဒဟ်အိပ်နစာမစ်တ်ﷺက ဆင့်ပြန်သည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ 'မည်သူမဆို ညဉ့်၌ထ၍ အောက်ပါကို ရွတ်ဖတ်ပါလေ။'

لَا اِلٰهَ اِلَّا اللّٰهُ وَحْدَهٗ لَا شَرِيْكَ لَهٗ لَهُ الْمُلْكُ وَلَهُ الْحَمْدُ وَهُوَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ، سُبْحَانَ اللّٰهِ وَالْحَمْدُ لِلّٰهِ وَلَا اِلٰهَ اِلَّا اللّٰهُ وَاللّٰهُ اَكْبَرُ وَلَا حَوْلَ وَلَا قُوَّةَ اِلَّا بِاللّٰهِ

"အလ္လာဟ်အရှင်မြတ်မှတပါး အခြားကိုးကွယ်ရာမရှိပါ။ ထိုအရှင်မြတ်သည် တွဲဖက်မရှိ၊ တစ်ပါးတည်းအရှင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် တစ်လောကလုံးကို ပိုင်စိုးတော်မူပြီး၊ ချီးမွမ်းထောပနာပြုခြင်း အပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်တော်မူသည်။ ထိုအရှင်မြတ်တွင် အရာခပ်သိမ်းအပေါ် တန်ခိုးအာဏာရှိတော်မူသည်။ ဂုဏ်ကျက်သရေ အပေါင်းနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူပြီး၊ ချီးမွမ်းထောပနာအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်တော်မူသည်။ အလ္လာဟ်အရှင်မြတ်မှအပ အခြားကိုးကွယ်ရာမရှိပေ။ အလ္လာဟ်အရှင်မြတ်သည် အကြီးကျယ်ဆုံး ဖြစ်တော်မူသည်။ အင်အားနှင့် စွမ်းအားများသည် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်း၌သာ ရှိတော်မူပေသည်။"

ထို့နောက် ၎င်းသည် ဝိဇ္ဇူပြုလုပ်ပြီး၊ ဆွလာတ်ဝတ်ပြုကာ ဆုတောင်းပါက ဆုတောင်းများကို အလ္လာဟ်အရှင်မြတ် လက်ခံတော်မူမည်ဖြစ်၏။ (အိပ်နကဆီးရ်)

'ကဖ္ဖာရတုလ်မဂျ်လိစ်'- ပြုမိသော အပြစ်အမှားကို ပြေစေရန် ထိုင်ဝိုင်း၊ စည်းဝေးပွဲတစ်ခု၏အဆုံး၌ ရွတ်ဖတ်ခြင်း

သာဝကကြီး မူဂျာဟစ်၊ အဗူအဟ်ဝဆ်ွနှင့် အခြားသော တဖိစိရိပညာရှင်များက ဤအာယတ်တော်မှ 'သင် (ထိုင်ရာမှ) ထသောအခါ'သည် စုဝေးပွဲ သို့မဟုတ် အစည်းအဝေးတစ်ခုမှ ထလိုသော ပုဂ္ဂိုလ်တစ်ဦးသည် سُبْحَانَكَ اللّٰهُمَّ وَبِحَمْدِكَ (အရှင်မြတ်အား ထောပနာပြုခြင်းနှင့်အတူ အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း ကျွန်တော်မျိုး မြွက်ဆိုပါသည်၊ အို- အလ္လာဟ်)ဟူ၍ ရွတ်ဆိုသင့်သည်ဟု အဓိပ္ပါယ်ကောက်ယူကြ၏။ သာဝကကြီး အတွာအ် အိပ်နအဗီ ရဇာဟ်က ပြောကြားသည်မှာ-

"ထိုင်ဝိုင်း၊ စုဝေးပွဲတစ်ခုမှ အသင်ထသောအခါ၊ အလ္လာဟ်အရှင်မြတ်၏ စင်ကြယ်သန့်ရှင်းခြင်းနှင့် ချီးမွမ်း ထောပနာကို မြွက်ဆိုပါလေ။ အကယ်၍ သင်သည် ကောင်းသောအမှုကို ပြုခဲ့ပါက၊ သင်၏ကောင်းမှုသည် တိုးပွားများပြား လာမည်ဖြစ်၏။ အကယ်၍ သင်သည် ဆိုးသောအမှုကို ပြုခဲ့ပါက ဤစကားလုံးကို မြွက်ဆိုခြင်းသည် အာပတ်ဖြေခြင်း၊ အပြစ်အမှားအတွက် ကျေနပ်အောင် ပြုလုပ်ခြင်းတစ်ခုအဖြစ် အသုံးဝင်လိမ့်မည်ဖြစ်၏။"

သာဝကကြီး အဗူဟူရိုင်ရဟ်ﷺအား ကိုးကားသော ဆင့်ပြန်ချက်တစ်ရပ်၌ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့ကြောင်း လာရှိသည်။

"အကြောင်းသူသည် ထိုင်ပိုင်း၊ စုဝေးပွဲတစ်ခုတွင်ထိုင်၍ အချည်းနှီးသော စကားများကို လွန်ကဲစွာပြော၏။ သို့သော် ၎င်းသည် ထိုစုဝေးပွဲမှ ထ၍မပြန်မီ سُبْحَانَكَ اللّٰهُمَّ وَبِحَمْدِكَ اَشْهَدُ اَنْ لَا اِلٰهَ اِلَّا اَنْتَ اَسْتَغْفِرُكَ وَاَتُوْبُ اِلَيْكَ (အရှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်အတူ အရှင်မြတ်၏ စင်ကြယ်သန့်ရှင်းမှုကို ကျွန်တော်မျိုးမြွက်ဆိုပါ၏။ အို-အလ္လာဟ်။ အရှင်မြတ်မှတပါး အခြား ကိုးကွယ်ရာမရှိကြောင်း ကိုလည်း ကျွန်တော်မျိုး သက်သေခံပါ၏။ အရှင်မြတ်၏ ခွင့်လွှတ်ခြင်းကို ကျွန်တော်မျိုးတောင်းခံပါ၏။ ကျွန်တော်မျိုး နောင်တရပါပြီ-အရှင်။)ဟုဆိုလျှင် အလ္လာဟ် အရှင်မြတ်သည် ထိုထိုင်ပိုင်း၊ စုဝေးပွဲ၌ ၎င်းပြောခဲ့သမျှကို ခွင့်လွှတ်တော်မူမည်ဖြစ်၏။"

"ထိုမှတပါး အသင်သည် ညဉ့်၌လည်းကောင်း၊ ကြယ်များ(ကွယ်ပျောက်သွားသည့်)နောက်ပိုင်းတွင် လည်းကောင်း၊ ထိုအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုပါလေ။"(၅၂း၄၉)။ 'အလ္လာဟ် အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို ညဉ့်၏အစိတ်အပိုင်းများ၌ မြွက်ဆိုခြင်း'တွင် မဂ်ရစ်ဗ်နှင့် အိရာဆွလာတ်များနှင့် 'တပ်စ်ဗီဟာတ်' (အရှင်မြတ် သန့်ရှင်းစင်ကြယ်ကြောင်း မြွက်ဆိုခြင်း)တို့ ပါဝင်သည်။ အာယတ်တော်၏ နိဂုံးပိုင်း وَاِدْبَارَ النُّجُوْمِ (ထို့ပြင် ကြယ်တာရာများ ကွယ်ပျောက်ချိန် နောက်ပိုင်းသည် လည်းကောင်း)သည် ဖဂျ်ရ်ဆွလာတ်နှင့် ထိုအချိန်တွင် 'တပ်စ်ဗီဟာတ်' ရွတ်ဆိုခြင်းကို ရည်ညွှန်းလေသည်။

အလ်ဟမ်ဒုလေလ္လာ
စူရဟ်အတွဲတွဲ့ရဲ့၏ ရှင်းလင်းဖွင့်ဆိုချက်ဤတွင်ပြီး၏။

စူရဟ်အန်နဂျ်မ်

(ကြယ်တာရာကလွှာ)

ဤစူရဟ်သည် မက္ကီဖြစ်ပြီး၊ အာယတ်တော်(၆၂)ပါး၊ ရကူအ်(၃)ပိုဒ်ပါရှိ၏။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော၊ မဟာကရုဏာအပေါင်းနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယတ်တော် (၁-၁၈)

وَالنَّجۡمِ اِذَا هَوٰى ۙ﴿۱﴾ مَا ضَلَّ صَاحِبُكُمۡ وَمَا غَوٰى ۚ﴿۲﴾ وَمَا يَنۡطِقُ عَنِ
الۡهَوٰى ؕ﴿۳﴾ اِنۡ هُوَ اِلَّا وَحۡىٌ يُّوۡحٰى ۙ﴿۴﴾ عَلَّمَهٗ شَدِيۡدُ الۡقُوٰى ۙ﴿۵﴾ ذُوۡ مِرَّةٍ ؕ
فَاسۡتَوٰى ۙ﴿۶﴾ وَهُوَ بِالۡاُفُقِ الۡاَعۡلٰى ؕ﴿۷﴾ ثُمَّ دَنَا فَتَدَلّٰى ۙ﴿۸﴾ فَكَانَ قَابَ قَوۡسَيۡنِ
اَوۡ اَدۡنٰى ۚ﴿۹﴾ فَاَوۡحٰۤى اِلٰى عَبۡدِهٖ مَاۤ اَوۡحٰى ؕ﴿۱۰﴾ مَا كَذَبَ الۡفُؤَادُ مَا رَاٰى
﴿۱۱﴾ اَفَتُمٰرُوۡنَهٗ عَلٰى مَا يَرٰى ﴿۱۲﴾ وَلَقَدۡ رَاٰهُ نَزۡلَةً اُخۡرٰى ۙ﴿۱۳﴾ عِنۡدَ سِدۡرَةِ
الۡمُنۡتَهٰى ۚ﴿۱۴﴾ عِنۡدَهَا جَنَّةُ الۡمَاۡوٰى ؕ﴿۱۵﴾ اِذۡ يَغۡشَى السِّدۡرَةَ مَا يَغۡشٰى ۙ﴿۱۶﴾
مَا زَاغَ الۡبَصَرُ وَمَا طَغٰى ﴿۱۷﴾ لَقَدۡ رَاٰى مِنۡ اٰيٰتِ رَبِّهِ الۡكُبۡرٰى ﴿۱۸﴾

(၎အရှင်မြတ်သည်) ကြယ်တာရာကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုကြယ်တာရာသည် ကွယ်ပျောက်၍သွားလေ၏။[၁] အသင်တို့၏အဖော် (တမန်တော်မြတ် မုဟမ္မဒ်) သည် လမ်းလွဲနေသည်လည်း မဟုတ်ပေ။ လမ်းမှားကို လိုက်ခဲ့သည်လည်း မဟုတ်ပေ။[၂] ထိုမှတစ်ပါး ထိုအဖော် (တမန်တော်မြတ် မုဟမ္မဒ်)သည် (မိမိ)စိတ်အလိုဆန္ဒအရ စကားပြောဆိုလေ့ရှိသည်လည်း မဟုတ်ပေ။[၃] ယင်းပြောဆိုမှုကား (အလ္လာဟ်အရှင်မြတ်အထံတော်မှ)ထုတ်ပြန်ခြင်းခံရလေသော ထုတ်ပြန်ချက်သာလျှင် ဖြစ်ပေသည်။[၄] (အသင်တို့၏) ထိုအဖော်အား အလွန်အားအင်ကြီးမားသူ (ကောင်းကင်တမန်)သည် သင်ကြားပို့ချ၍ ပေးခဲ့လေ၏။[၅] စွမ်းအင်နှင့်ပြည့်စုံသူဖြစ်သော လွန်စွာလှပတင့်တယ်သူဖြစ်သော၊ ထို့နောက် ထို(ကောင်းကင်တမန်)သည် နဂိုမူလရုပ်သဏ္ဌာန်နှင့် အထင်အရှား ပေါ်လာခဲ့၏။[၆] ထိုစဉ်အခါဝယ် ထို(ကောင်းကင်တမန်)သည် မြင့်စွင့်လှစွာသော မိုးကုပ်စက်ဝိုင်း၌ ရှိနေခဲ့၏။[၇] ထို့နောက် ထို(ကောင်းကင်တမန်)သည် ချဉ်းကပ်၍

လာခဲ့၏။ ထို့နောက်တစ်ဖန် ထပ်မံ၍ ချဉ်းကပ်ခဲ့ပေရာ။[၈] လေးနှစ်ပြန်မျှသာ ဝေးကွာလေတော့၏။ စင်စစ် ထို့ထက်ပင် ပို၍နီးကပ်စွာ ရှိခဲ့လေ၏။[၉] ထိုအခါ ထိုအရှင်မြတ်သည် မိမိ၏ကျွန် (မုဟမ္မဒ်) ထံသို့ မိမိထုတ်ပြန်(လိုသော)ထုတ်ပြန်ချက်များကို ထုတ်ပြန်တော်မူခဲ့လေ၏။[၁၀] (ထိုအသင်တို့အဖော်၏) စိတ်နလုံးသည် တွေ့မြင်ခဲ့သော အရာများနှင့် စပ်လျဉ်း၍ မှားယွင်းခြင်းမရှိခဲ့ပေ။[၁၁] သို့ပါလျက် အသင်တို့သည် ထိုအဖော်နှင့် ၎င်းတွေ့မြင်ခဲ့သော အရာများတွင် အငြင်းအခုံ ပြုနေကြလေသလော။[၁၂] ထိုမှတပါး ထိုအဖော်သည် ထို(ကောင်းကင်တမန်)အား ဒုတိယအကြိမ် ဆင်းသက်ရာ၌ မုချဇကန် တွေ့မြင်ခဲ့၏။[၁၃] နယ်စွန်နယ်ဖျား၌ရှိသော ဆီးပင် 'စစ်ဒ်ရတုလ်မွန်တဟာ' ဆီးပင်၏အနီးတွင်။[၁၄] ယင်းဆီးပင်၏အနီး၌ပင် 'ဂျန္နတုလ်မအ်ဝါ'သုခဘုံရှိ၏။[၁၅] အကြင်အခါဝယ် ဆီးပင်ကို ဖုံးလွှမ်းလျက်ရှိသော အရာများသည် ဖုံးလွှမ်းလျက်ရှိ၏။[၁၆] (ထို အဖော်၏) မျက်စိသည် သွေဖျော်ခဲ့သည်လည်း မရှိချေ။ ကျော်လွန်သွားခဲ့သည်လည်း မရှိချေ။ [၁၇] ဇကန်မလွဲ ထိုအဖော်သည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ကြီးကျယ် လှစွာသော သက်သေလက္ခဏာတော်များကို တွေ့မြင်ခဲ့သည်မှာ အမှန်ပေတည်း။[၁၈]

စူရဟ်အန်နဂျ်မ်၏ ထူးခြားဝိသေသများ

စူရဟ်အန်နဂျ်မ်သည် မက္ကာမြို့တွင် တမန်တော်မြတ်ﷺက လူသိရှင်ကြား ပထမဆုံးထုတ်ဖော်သည့် ကဏ္ဍာဖြစ် ၏။ (ထိုအကြောင်းကို အဗ်ဒွလ္လာအိဗ်နုမတ်စအူးဒ်ﷺ ထပ်ဆင့်တင်ပြပြီး၊ ကုရ်တူဗီဒ္ဒလည်း ဖော်ပြ၏။)။ ထို့ပြင် 'စဂျဒဟ်' (ပျံဝပ်ဦးချခြင်း) အာယတ်တော်တစ်ပါး ထည့်သွင်းထုတ်ပြန်ခြင်းခံရသည့် ပထမဆုံးစူရဟ်ဖြစ်၏။ တမန်တော်မြတ်ﷺ သည် ထိုအာယတ်တော်ကို ရွတ်ဖတ်ပြီး၊ ပျံဝပ်ဦးချခဲ့၏။ ဤဖြစ်စဉ်တွင် ထူခြားသောအရာတစ်ခု ဖြစ်ပျက်ခဲ့သည်။ မွတ်စလင်များနှင့် ကာဖိရ်များ ရောနှောနေသော စုဝေးပွဲတစ်ခုဌ် တမန်တော်မြတ်ﷺသည် စူရဟ်ကို ရွတ်ဖတ်သရဇ္ဈာယ် ခြင်း ပြီးဆုံးသောအခါ၊ ၎င်း၏နောက်လိုက်များနှင့်အတူ ၎င်းကိုယ်တိုင် မြေကြီးပေါ်တွင် ပျံဝပ်ဦးချခဲ့သည်။ မာနကြီး၍ မောက်မာသော လူတစ်ဦး (၎င်း၏နာမည်နှင့် ပတ်သက်၍ သဘောထားကွဲပြားမှုရှိ၏။) မှတပါး ကာဖိရ်များသည်လည်း ပျံဝပ်ဦးချခဲ့ကြ၏။ ထိုသူသည် မြေမှုန့်လက်တစ်ဆုပ်စာကိုယူကာ ၎င်း၏နဖူးပေါ်၌ သုတ်လိမ်းပြီး 'ဤမျှဆိုလုံလောက်ပြီ' ဟုဆိုခဲ့၏။ အဗ်ဒွလ္လာဟ်အိဗ်နုမတ်စအူးဒ်ﷺ [ဤဟဒီးသ်ကို ဆင့်ပြန်သူ]က ဤလူအား မယုံကြည်သွေဖည်ခြင်း (ကုဖ်ရ်) အခြေအနေဖြင့် လဲကျသေဆုံးနေသည်ကို ၎င်းမြင်တွေ့ခဲ့ကြောင်း ပြောကြားခဲ့၏။ [ဗုခါရီ၊ မွတ်စလင်နှင့် အခြားစူနန် အချက်အလက်စုဆောင်းသူများ။ အိဗ်နုကဆီးရ် (အကျဉ်းချုံ့သည်)]

ဤစူရဟ်၏အစ၌ ကုရ်အာန်၏ထုတ်ပြန်ချက်များနှင့် အလ္လာဟ်အရှင်မြတ်၏ မိန့်ဆိုချက်တို့၏ မှန်ကန်မှုကို သက်သေထူတော်မူသည်။ အလွန်ပင်သိမ်မွေ့ပြီး အားမာန်ပါသောဟန်ဖြင့် တမန်တော်မြတ်ﷺသည် အလ္လာဟ်အရှင်မြတ်၏ စစ်မှန်သော ရဂူလ်တမန်တော်တစ်ပါးဖြစ်ပြီး၊ ဤအချက်ကို သံသယရှိစရာမလိုကြောင်း မိန့်တော်မူသည်။

ရဂူလ်တမန်တော်သည့် အမှန်ဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ် ကျိန်ဆိုတော်မူသည်။

وَ النَّجۡمِ اِذَا هَوٰى "(ငါအရှင်မြတ်သည်) ကြယ်တာရာကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုကြယ်တာရာသည် ကွယ်ပျောက်၍သွားလေ၏။"(၅၃း၁)။ 'နဂျ်မ်'သည် ကြယ်တစ်လုံးကို ဆိုလိုသည်။ ကြယ်တိုင်းကို အများဆိုင်နာမ်အဖြစ် 'နဂျ်မ်'ဟု ရည်ညွှန်းပြီး၊ အများကိန်းမှာ 'နဂျူမ်'ဖြစ်လေသည်။ သို့ရာတွင် 'နဂျ်မ်'သည် 'ဆူရေ

ယာ'ကို သီးသန့်ရည်ညွှန်းသောအခါများလည်းရှိ၏။ 'ဆူရေယာ'သည် ကိုယ်ပိုင်နာမ်တစ်ခုဖြစ်ပြီး၊ များစွာသော (ရာဂဏန်း)ကြယ်များ (ယင်းတို့ အနက် ကြယ်(၆)လုံးကို သာမန်မျက်စိဖြင့် မြင်နိုင်၏။)၏ အစုအဝေးတစ်ခုဖြစ်သည့် 'ပလိအာဒီးစ်'ကို ညွှန်းဆိုခြင်းဖြစ်၏။ အချို့ပညာရှင်များက 'နဂျ်မ်'အား ကိုယ်ပိုင်နာမ်တစ်ခုအဖြစ်ယူပြီး၊ 'ဆူရေယာ'ဟု အဓိပ္ပါယ်ကောက်ယူကြသည်။ ဖရ်ရာအ်နှင့် ဟစန်ဗဆွဓီတို့ကမူ ထိုစကားလုံးကို အများဆိုင်နာမ်တစ်ခုအဖြစ် ယူကြ၏ (ကုရ်တူဗီ)။ ဘာသာပြန်တွင် ဤအဓိပ္ပါယ်ကောက်ယူချက်ကို သုံးထား၏။

ကြိယာ 'ဟဝါ'သည် နိမ့်ဆင်းသွားသည် သို့မဟုတ် ထိုးဆင်းသည်ဟု အဓိပ္ပါယ်ရ၏။ ကြယ်တာရာများသည် နိမ့်ဆင်းလာပြီးနောက် ကွယ်ပျောက်သွားကြလေသည်။ ရစူလ်တမန်တော်သည် မှန်ကန်ကြောင်းနှင့် ၎င်း၏စကားများသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ထုတ်ပြန်ချက်ဖြစ်ခြင်းမှာ သံသယဖြစ်စရာမရှိကြောင်း ထင်ရှားစေရန်အတွက် ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် တိုင်တည်ကျိန်ဆိုတော်မူသည်။ ဖန်ဆင်းရှင်သည် အကြောင်းအမျိုးမျိုးအတွက် မိမိ၏ဖန်ဆင်းခံများမှ မိမိအလိုရှိတော်မူသော မည်သည့်အရာဖြင့်မဆို ကျိန်ဆိုတော်မူကြောင်းကို စူရဟ်အဆွဲဆွာဖဖါတ်၌ အသေးစိတ်ရှင်းပြခဲ့ပြီးဖြစ်၏။ သို့သော် ထိုအရှင်မြတ်၏ ဖန်ဆင်းခံသတ္တဝါများကမူ ထိုအရှင်မြတ်အား တိုင်တည်၍သာလျှင် ကျိန်ဆိုကြရသည်။ ၎င်းတို့အား အခြားမည်သည့်အရာကိုမျှ တိုင်တည်၍ ကျိန်ဆိုခွင့်မပြုပေ။ ဤနေရာတွင် အလ္လာဟ်အရှင်မြတ်သည် ကြယ်တာရာများကို တိုင်တည်၍ ကျိန်ဆိုတော်မူသည်။ ဤသို့ကျိန်ဆိုသည့် ပညာဉာဏ်တော်၏ အကြောင်းရင်းမှာ အာရဗ်တို့သည် အာရေဗီးယားသဲကန္တာရထဲ၌ ခရီးသွားသောအခါ၊ ကြယ်တာရာများ၏ ရွှေ့လျားသွားလာပုံကိုကြည့်ပြီး ၎င်းတို့၏ ခရီးလမ်းကြောင်းနှင့် ဦးတည်ရာများကို ဆုံးဖြတ်ကြသောကြောင့် ဖြစ်နိုင်ကောင်း၏။ ထို့ကြောင့် ယခုသော် ၎င်းတို့၏ နာမ်ခရီး၏ ပန်းတိုင်နှင့် ခရီးဆုံးဆီသို့ အတောက်ပဆုံးကြယ်ဖြစ်သည့် တမန်တော်မြတ်ﷺ၏ လမ်းပြခေါ်ဆောင်ခြင်းကို ခံကြရတော့မည် ဖြစ်ပေသည်။

"مَا ضَلَّ صَاحِبُكُمْ وَمَا غَوٰى "အသင်တို့၏အဖော် (တမန်တော်မြတ် မုဟမ္မဒ်)သည် လမ်းလွဲနေသည်လည်း မဟုတ်ပေ။ လမ်းမှားကို လိုက်ခဲ့သည်လည်း မဟုတ်ပေ။"(၅၃း၂)။ အာယတ်တော်(၁)သည် 'ကစမ်' သို့မဟုတ် ကျိန်ဆိုခြင်းဖြစ်ပြီး၊ အာယတ်တော်(၂)သည် 'ဂျဝါဘုလ်ကစမ်' (သို့) ကျိန်ဆိုရသည့်အကြောင်းဖြစ်၏။ အာယတ်တော်က ဆိုလိုသည်မှာ လူများအား တမန်တော်မြတ်ﷺက ဖိတ်ခေါ်လျက်ရှိသောလမ်းသည် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုပန်းတိုင်ဆီသို့ ဦးတည်သော ဖြောင့်တန်းသည့်လမ်းဖြစ်၏။ ကိုယ်တော်မြတ်ﷺသည် မှန်ကန်သောလမ်းညွှန်မှုနောက်သို့ လိုက်ပါလျက်ရှိပြီး၊ ဖြောင့်မှန်သော လမ်းကြောင်းမှ သွေဖည်ခြင်းမရှိပါချေ။

တမန်တော်မြတ်ﷺအား 'သင်တို့၏အဖော်'ဟူ၍ ဖော်ပြခြင်း၏အကြောင်းရင်း

ဤဖြစ်စဉ်တွင် ကုရ်အာန်ကျမ်းတော်မြတ်က တမန်တော်မြတ်ﷺအား ၎င်း၏ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသောအမည်အားဖြင့် လည်းကောင်း၊ ရစူလ်တမန်တော်တစ်ပါး သို့မဟုတ် တမန်တော်မြတ်တစ်ပါးအဖြစ် လည်းကောင်း ရည်ညွှန်းခြင်းမပြုဘဲ 'ဆွာဟိဗုကူမ်' သို့မဟုတ် 'သင်တို့၏အဖော်'ဟူ၍ ရည်ညွှန်း၏။ ဤသို့ရည်ညွှန်းသည်မှာ တမန်တော်မြတ်ﷺသည် ၎င်းတို့အဖို့ အပြင်လူ သို့မဟုတ် သူစိမ်းတစ်ဦး မဟုတ်ကြောင်း ပြောဆိုခြင်းဖြင့် သိမ်မွေ့စွာပြစ်တင်မောင်းမဲပြုဟန် တူပေသည်။ ၎င်းသည် ၎င်းတို့၏ အမြဲတမ်းသစ္စာရှိသော အဖော်မွန်ဖြစ်၏။ ကိုယ်တော်မြတ်သည် ၎င်းတို့ထဲမှပင် မွေးဖွားခဲ့သည်။ ၎င်း၏ကလေးဘဝကို ၎င်းတို့ကြားတွင် ကုန်ဆုံးစေခဲ့သည်။ ၎င်းတို့ကြားတွင် လူပျိုလူရွယ်တစ်ယောက်အဖြစ် ကြီးပြင်းခဲ့၏။ ၎င်း၏ဘဝတစ်လျှောက်လုံး ၎င်းတို့နှင့်အတူ နေထိုင်ခဲ့၏။ ၎င်းတို့က ကိုယ်တော်မြတ်ﷺအား တည်ကြည်ရိုးသားခြင်းနှင့် ဖြောင့်မတ်ခြင်းများတွင် စံထားထိုက်သူတစ်ဦးအဖြစ် اَمِين

(ရိုးသားဖြောင့်မတ်သူ)ဟု ခေါ်ခဲ့ကြ၏။ သို့သော် ၎င်း၏တမန်တော်ဖြစ်ခြင်းကို ကြေညာပြီးသည့်နောက် ယခု ၎င်းအား အလွှာဟ်အရှင်မြတ်အကြောင်း မုသားများကို လုပ်ကြံပြောဆိုခြင်း ကဲ့သို့သော စက်ဆုပ်ရွံရှာဖွယ် ပြစ်မှုကျူးလွန်သူ တစ်ဦးအဖြစ် ယိုးစွပ်ခဲကြသည်။ လူတို့၏အကြောင်းကို မဟုတ်မမှန်ပြောခြင်းမပြုရန် မိမိကိုယ်မိမိ ထိန်းသိမ်းသူတစ်ဦးသည် အလွှာဟ်အရှင်မြတ်အကြောင်းကို လိမ်ညာပြောဆိုရန် အဘယ်သို့ဖြစ်နိုင်ပါမည်နည်း။ ၎င်းတို့၏ သဘောထားမှာ မည်မျှရှေ့နောက်မညီ ရှိလိုက်ပါသနည်း။

တမန်တော်မြတ်ﷺ၏ စကားများသည် အလွှာဟ်အရှင်မြတ်ထံတော်မှ ထုတ်ပြန်ချက်များဖြစ်ကြ၏။

"وَمَا يَنْطِقُ عَنِ الْهَوٰى، اِنْ هُوَ اِلَّا وَحْيٌ يُّوْحٰى ထိုမှတပါး ထိုအဖော် (တမန်တော်မြတ် မုဟမ္မဒ်)သည် (မိမိ) စိတ်အလိုဆန္ဒအရ စကားပြောဆိုလေ့ ရှိသည် လည်းမဟုတ်ပေ။ ယင်းပြောဆိုမှုကား (အလွှာဟ်အရှင်မြတ် အထံတော်မှ) ထုတ်ပြန်ခြင်းခံရလေသော ထုတ်ပြန်ချက်သာလျှင် ဖြစ်ပေသည်။"(၅၃း၃-၄)။ အာယတ်တော်များက ကျွန်ုပ်တို့အား မိန့်ကြားသည်မှာ ရာစူလ်တမန်တော်မြတ်ﷺအနေဖြင့် မုသားများကို လုပ်ကြံပြောဆိုပြီး၊ ယင်းတို့ကို အလွှာဟ်အရှင်မြတ်အပေါ် ပုံချရန်မှာ လုံးဝမဖြစ်နိုင်ကြောင်းပင်ဖြစ်၏။ ၎င်းပြောကြားသမျှသည် ၎င်း၏အလိုဆန္ဒအရ မဟုတ်ပေ။ လူများထံသို့ ပို့ဆောင်ရန် ၎င်းအား အမိန့်ပေးခံရသည့်အတိုင်း အပိုအလိုမရှိ၊ အတိအကျပို့ဆောင်ပေးခြင်း သာလျှင်ဖြစ်၏။ ဗုခါရီမှ ဟဒီးသ်တော်အမျိုးမျိုးအား စိပ်ဖြာလေ့လာချက် တစ်ခုအရ 'ဝဟီ' (ရုတ်တရက် ဉာဏ်ကွန့်မြူးခြင်း သို့မဟုတ် ထုတ်ပြန်ပို့ချချက်) အတန်းအစား သို့မဟုတ် အမျိုးအစား များစွာရှိ၏။ အမျိုးအစား(၁)မှာ စကားလုံးနှင့် အဓိပ္ပါယ်နှစ်မျိုးစလုံးသည် အလွှာဟ်အရှင်မြတ်ထံတော်မှ တိုက်ရိုက်လာပြီး၊ ဤသည်ကို ကုရ်အာန်ဟုခေါ်၏။ အမျိုးအစား(၂)မှာ အဓိပ္ပါယ်သာလျှင် အလွှာဟ်အရှင်မြတ်ထံတော်မှလာပြီး၊ ရာစူလ်တမန်တော်ﷺက ယင်းအဓိပ္ပါယ်ကို ၎င်း၏ကိုယ်ပိုင်စကားလုံးများဖြင့် ဖော်ပြခြင်းဖြစ်၏။ ဤသည်ကို ဟဒီးသ် သို့မဟုတ် စွန္နတ်(ထုံးတမ်းဓလေ့)ဟုခေါ်၏။ အလွှာဟ်အရှင်မြတ်ထံတော်မှလာသော အကြောင်းအရာသည် တစ်ခါ တစ်ရံ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကျင့်ဓမ္မရန် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြတ်သားသော ဝေါဟာရများဖြင့် ချမှတ်တော်မူခြင်းဖြစ်၏။ တစ်ခါတစ်ရံ အကြောင်းအရာသည် ယေဘုယျအခြေခံ သဘောတရားကို ထူထောင်ပြီး၊ ယင်းမှ'အိဂျ်တိဟာဒ်' သို့မဟုတ် နှိုင်းယှဉ်ဆင်ခြင်မှုပေါ်တွင် အခြေခံလျက် တမန်တော်မြတ်ﷺက ဥပဒေများကို ထုတ်ယူရရှိကာ ယင်းတို့အား ပြဋ္ဌာန်း၏။ ဤသို့လုပ်ဆောင်ရာတွင် မှားယွင်းမှုဖြစ်နိုင်ခြေ ရှိပေသည်။ သို့သော် တမန် တော်မြတ်ﷺနှင့် အခြားနဗီတမန်တော်များﷺ၏ ထူးခြားဝိသေသမှာ အကယ်၍ ၎င်းတို့သည် ဆုံးဖြတ်ချက်တွင် အမှားအယွင်း တစ်စုံတစ်ရာ ကျူးလွန်မိပါက ထိုအမှားကိုပြုပြင်ရန် အလွှာဟ်အရှင်သည် ထုန်ပြန်ချက်တစ်ရပ်ကို ပို့ချတော်မူသောကြောင့် ၎င်းတို့သည် ၎င်းတို့၏ မှားယွင်းသော 'အိဂျ်တိဟာဒ်'ကို ဆက်လက်မကျင့်သုံးကြတော့ပေ။ မှားယွင်းသော ကောက်ချက်များကို ဖွတ်ဖက်တွယ်ထားကြသော အခြားအိဂျ်တိဟာဒ် ပညာရှင်များနှင့် မတူကြပေ။ သို့ရာတွင် ၎င်းတို့၏အမှားသည် ခွင့်လွှတ်ခြင်းခံရရုံသာမက သာသနာ့စည်းမျဉ်းစည်းကမ်းများကို နားလည်သဘော ပေါက်မှုတွင် အစွမ်းကုန်အားထုတ်ခဲ့ကြခြင်းအတွက် ၎င်းတို့သည် အကျိုးဆုလာဘ် တစ်ခုကိုလည်း ရရှိကြကြောင်း မှန်ကန်သော၊ ထင်ရှားသော ဟဒီးသ်တော်များက သက်သေခံလေသည်။

အထက်မှ ဆွေးနွေးမှုက အောက်ပါသံသယကိုလည်း လျော့ပါးအောင် ပြုလုပ်ပေး၏။ အထက်မှ အာယတ်တော်များအရ ရာစူလ်တမန်တော်ﷺသည် မိမိ၏စိတ်အလိုဆန္ဒအတိုင်း စကားပြောဆိုခြင်းမပြုဘဲ လူများထံသို့ ၎င်းပို့ဆောင်သော အရာမှန်သမျှသည် အလွှာဟ်အရှင်မြတ်ထံတော်မှ ထုန်ပြန်ချက်သာဖြစ်သည်ဟု ထင်မြင်ရ၏။ ထို့ကြောင့်

ၵင်းသည် လွတ်လပ်သော ကျိုးကြောင်းသင့် စဉ်းစားဆင်ခြင်မှုကို မကျင့်သုံးဟူ၍ နားလည်ရသော်လည်း စစ်မှန်သော ဟဒီးသ်တော်များက တစ်မျိုးတစ်ဖုံ ပြဆိုသည်။ မူလက ၵင်းသည် ဥပဒေတစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ဝဟီကျရောက်လာပြီး ဥပဒေမှာ ပြောင်းလဲသွားခဲ့ကြောင်း မှတ်တမ်းတင်သည့် အဖြစ်အပျက်များရှိပေသည်။ ဤအချက်က ယခင်ဥပဒေသည် အလ္လာဟ်အရှင်မြတ်၏ ဥပဒေမဟုတ်ဘဲ ၵင်း၏ 'အီဂျ်တိဟာဒ်'ပေါ် အခြေခံသည့် ဥပဒေဖြစ်ကြောင်း ညွှန်ပြ၏။ အထက်မှစာပိုဒ်က ဤကန့်ကွက်ချက်ကို တုံ့ပြန်ဖြေကြားခဲ့ပြီးဖြစ်၏။ ဒုတိယအမျိုးအစား ထုတ်ပြန်ချက်(ဝဟီ)သည် ဥပဒေ၏ ယေဘုယျအခြေခံ စည်းမျဉ်းတစ်ရပ်ကို ထူထောင်ပေးပြီး၊ ယင်းမှ တမန်တော်မြတ်ﷺက 'အီဂျ်တိဟာဒ်'ပေါ် အခြေခံ၍ ဥပဒေများဆင်းသက်စေကာ ယင်းဥပဒေများကို ထုတ်ပြန်ကြေညာခြင်းဖြစ်လေသည်။ ယေဘုယျအခြေခံသဘောတရား/ စည်းမျဉ်းသည် အလ္လာဟ်အရှင်မြတ် ထံတော်မှ ဆင်းသက်သည်ဖြစ်၍ ဥပဒေအားလုံးသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ထုတ်ပြန်ချက်များ ဖြစ်သည်ဟု ဆိုရပေမည်။ အလ္လာဟ်အရှင်မြတ် အသိဆုံးဖြစ်တော်မူသည်။

عَلَّمَهُۥ شَدِيدُ ٱلْقُوَىٰ "(အသင်တို့၏) ထိုအဖော်အား အလွန်အင်အားကြီးများသူ (ကောင်းကင်တမန်)သည် သင်ကြားပို့ချ၍ ပေးခဲ့လေ၏။"(၅၃း၅)။ ဤနေရာမှသည် အာယတ်တော်(၁၈) لَقَدْ رَءَىٰ مِنْ ءَايَٰتِ رَبِّهِ ٱلْكُبْرَىٰ ထိ အဓိက အကြောင်းအရာသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ထုတ်ပြန်ချက်ဖြစ်၏။ ကုရ်အာန်သည် တမန်တော်မြတ် မုဟမ္မဒ်ﷺသို့ ပေးသနားတော်မူသော မုဇ္ဇဟိဋ္ဌတော် မှတ်တမ်းတစ်ခုဖြစ်ကြောင်း အတည်ပြု၏။ အလ္လာဟ်အရှင်မြတ်၏စကားတော်များဖြစ်သည့် အချက်မှာ ယုံမှားစရာမရှိပေ။ ရှုပ်ထွေး၊ မှားယွင်းစရာမရှိနိုင်သော နည်းလမ်းဖြင့် ကုရ်အာန်ကို ပို့ချတော်မူခဲ့ခြင်း ဖြစ်လေသည်။

နဂျ်မ်၏အာယတ်တော်များအား အဓိပ္ပာယ်ကောက်ယူပုံကွဲလွဲခြင်း

စူရဟ်နဂျ်မ်၏ အာယတ်တော်များနှင့် စပ်လျဉ်း၍ ရှေ့ဆောင်ရှင်းလင်းဖွင့်ဆိုသူများက ကွဲလွဲသော အဓိပ္ပါယ်ကောက်ယူချက်နှစ်ခုကို တင်ပြကြ၏။ အဓိပ္ပါယ်ကောက်ယူချက်တစ်ခု၏ အကျဉ်းချုပ်မှာ ဤအာယတ်တော် အားလုံးသည် 'မေ့အဲ့ရာဂျ်' (တမန်တော်မြတ်ﷺ မိုးကောင်းကင်များသို့ တက်ရောက်ခြင်း)နှင့် ဆက်နွယ်သည်။ ထို့ကြောင့် شَدِيدُ ٱلْقُوَىٰ 'ရှဒီဒွလ်ကုဝါ' (အလွန်အင်အားကြီးများသူ)၊ 'သူသမိရိုးရှာ' (စွမ်းအင်နှင့် ပြည့်စုံသူ)၊ فَٱسْتَوَىٰ 'ဖတ်စ်တဝါ' (ၵင်းသည် ဟန်ချက်ညီစွာ ရပ်တည်နေခဲ့၏)နှင့် دَنَىٰ فَتَدَلَّىٰ 'ဒနာဖတဒလ္လာ' (ထို့နောက် ၵင်းသည် နီးကပ် လာခဲ့ပြီး၊ ဆင်းသက်လာခဲ့သည်) စသည့်စကားလုံးများနှင့် စကားရပ်များသည် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်အင်များနှင့် ပြုမူပုံများဖြစ်ကြ၏။ (ဆိုလိုသည်မှာ အလ္လာဟ်တအာလာသည် တမန်တော်မြတ်ﷺအား ကြားခံမပါဘဲ တိုက်ရိုက်သင်ကြားပေးတော်မူခဲ့သည်။ ထို့ပြင် ၵင်းသည် ထိုအရှင်မြတ်နှင့် နီးကပ်စွာ လာရောက်ခဲ့သည်။)။ ကုရ်အာန်က စိတ်ကူးပုံရိပ် (ရုအ်ယဟ်)နှင့် သက်သေခံခြင်း (မူရှာဟဒ်)ကို ဆက်၍မိန့်ဆိုသည်။ ယင်းတို့အားလည်း အလ္လာဟ် အရှင်မြတ်၏ စိတ်ကူးပုံရိပ်နှင့် သက်သေခံခြင်းများကို ဆိုလိုရန် ဖြစ်သည်ဟု ယူကြ၏။ မြင့်မြတ်သော သာဝကကြီးများ ထဲမှ သာဝကကြီး အနာစ်ﷺနှင့် အိပ်နအဗ္ဗာစ်ﷺတို့က ဤအဓိပ္ပါယ်ကောက်ယူချက်ကို လက်ခံကြသည်။ တဖိစီရိမဖိ ဟရီဥ်လည်း ဤအဓိပ္ပါယ်ကောက်ယူချက်ကို ပို၍အသားပေး၏။ သို့ရာတွင် များစွာသော သာဝကကြီးများ၊ 'တဗိအီန်' (သာဝကကြီးများ၏ တပည့်များ)နှင့် ရှေ့ဆောင်ရှင်းလင်းဖွင့်ဆိုသူများကမူ ဤအာယတ်တော်များက တမန်တော်မြတ်ﷺသည် ကောင်းကင်တမန်ကြီး ဂျိဗရာအီလ်ﷺအား ၵင်း၏ပင်ကိုယ်ရုပ်သဏ္ဌာန်ဖြင့် မြင်ခဲ့ရသော အဖြစ်အပျက်ကို ရည်ညွှန်းခြင်းဟု ယူကြ၏။ ၵင်းတို့အဆိုအရ شَدِيدُ ٱلْقُوَىٰ 'ရှဒီဒွလ်ကုဝါ' (အလွန်အင်အားကြီးများသူ)နှင့် အာယတ်

တော်များက ဖော်ပြသော အခြားဂုဏ်အင်နှင့် လုပ်ရပ်များသည် ဂျိဗ်ရာအီလ်ﷺ၏ အချင်းလက္ခဏာများ ဖြစ်ကြလေသည်။ ဤအဓိပ္ပါယ်ကောက်ယူချက်ကို ထောက်ခံသည့် အချက်များစွာရှိ၏။ သမိုင်းကြောင်းအနေဖြင့် စူရတ်အန်နဂျမ်သည် အလွန်စောသော စူရတ်များထဲမှ တစ်ပုဒ်ဖြစ်သည့်ပြင် သာဝကကြီး အဗ်ဒွလ္လာအိဗ်နမတ်စအူးဒ်ﷺ၏ အဆိုအရ ဤစူရတ်သည် မြင့်မြတ်သော မက္ကာမြို့တော်တွင် လူပုံအလယ်၌ တမန်တော်မြတ်ﷺ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည့် ပထမ ဆုံးစူရတ်လည်း ဖြစ်ပေသည်။ 'မေ့အဲ့ရာဂျ်'အဖြစ်အပျက်သည် များစွာနောက်ကျပြီးမှ ဖြစ်ပျက်ခဲ့ကြောင်းမှာ ထင်ရှား၏။ သို့ရာတွင် ဤအကြောင်းပြချက်မှာ အချေအတင် ဆွေးနွေးရမည့်အရာ ဖြစ်နိုင်သည်။ ဒုတိယအဓိပ္ပါယ်ကောက်ယူချက်ကို ထောက်ခံသည့် ပို၍ခိုင်မာသော သက်သေပြချက်မှာ အဟ်မဒ်၏မုစနဒ်ကျမ်း၌ ဖော်ပြသောဟဒီးသ်တော်တစ်ရပ်၌ တမန်တော်မြတ်ﷺ ကိုယ်တော်တိုင်က ဤအာယတ်တော်များသည် ဂျိဗ်ရာအီလ်ﷺအား မြင်တွေ့ခြင်းနှင့် သက်ဆိုင်သည်ဟူ၍ အဓိပ္ပါယ်ကောက်ယူခဲ့ခြင်းပင်ဖြစ်၏။

عَنِ الشَّعْبِى عَنْ مَسْرُوْق قَالَ كُنْتُ عِنْدَ عَائِشَةَ رضى الله عنها فَقُلْتُ اَلَيْسَ اللّٰهُ يَقُوْلُ (وَلَقَدْ رَاٰهُ بِالْاُفُقِ الْمُبِيْنِ، وَلَقَدْ رَاٰهُ نَزْلَةً أُخْرٰى) فَقَالَتْ أَنَا أَوَّلُ هٰذِهِ الْأُمَّةِ سَأَلْتُ رَسُوْلَ اللّٰهِ، عَنْهَا فَقَالَ إِنَّمَا ذَاكَ جِبْرِيلُ، لَمْ يَرَهُ فِي صُوْرَتِهِ الَّتِى خُلِقَ عَلَيْهَا اِلَّا مَرَّتَيْنِ رَاٰهُ مُنْهَبِطًا مِّنَ السَّمَآءِ اِلَى الْاَرْضِ سَادًّا عِظَمُ خَلْقِهٖ مَا بَيْنَ السَّمَاءِ وَالْاَرْضِ، اَخرجاه فى الصّحيحين من حديث الشعبى. (ابن كثير)

ရှအ်ဗီးﷺထံမှ မတ်စ်ရွက်တင်ပြသည်။ မတ်စ်ရွက်က ပြောကြားခဲ့သည်။ "တစ်နေ့သော် ကျွန်ုပ်သည် သခင်မ အာအိရှာ﵂နှင့်အတူ ထိုင်နေခဲ့သည်။ ကျွန်ုပ်ကသူမအား 'အလ္လာဟ်အရှင်မြတ်သည် وَلَقَدْ رَاٰهُ بِالْاُفُقِ الْمُبِيْنِ، وَلَقَدْ رَاٰهُ نَزْلَةً أُخْرٰى (ထို့ပြင် မုချဇကန် ၎င်းသည် ရှင်းလင်းသော မိုးကုပ်စက်ဝိုင်း၌ သူ့ကိုမြင်တွေ့ခဲ့သည်။ ထို့ပြင် မုချဇကန် ၎င်းသည် နောက်တစ်ကြိမ် သူ့အား မြင်တွေ့ခဲ့သည်။)ဟူ၍ မိန့်တော်မမူခဲ့ပါသလော။'ဟု မေးမြန်းခဲ့ရာ သူမက 'ကျွန်ုပ်သည် ထိုအကြောင်းကို တမန်တော်မြတ်ﷺအား အွမ္မတ်ထဲမှ ပထမဆုံးမေးခဲ့သူဖြစ်၏။'ဟု ပြန်ပြောခဲ့၏။ ၎င်းက ပြောကြားခဲ့သည်။ 'ထိုအရာသည် ဂျိဗ်ရာအီလ်ﷺဖြစ်၏။ ၎င်းသည် ဂျိဗ်ရာအီလ်ﷺအား ၎င်း၏တကယ့် ပုံပန်းသဏ္ဌာန်အစစ်ဖြင့် နှစ်ကြိမ်သာ မြင်တွေ့ခဲ့သည်။ ၎င်းသည် ဂျိဗ်ရာအီလ်ﷺအား မိုးကောင်းကင်မှ ကမ္ဘာမြေသို့ ဆင်းသက်လာခြင်းကို မြင်တွေ့ခဲ့သည်။ ၎င်းမှာ အလွန်ကြီးမားလှသဖြင့် ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့ကြားမှ မိုးကုပ်စက်ဝိုင်းတစ်ခုလုံးကိုပင် ဖုံးလွှမ်းသွားခဲ့လေသည်။""

(အိဗ်နုကဆီး၏)

ဆွဟီးဒ်မွတ်စလင်ကျမ်း၌ မှတ်တမ်းတင်ထားသော ဤဆင့်ပြန်ချက်၏ စကားအသုံးအနှုန်းများသည် အထက်တွင် ဖော်ပြခဲ့သည်များနှင့် ထပ်တူနီးပါးဖြစ်၏။ ဟာဖစ်အိဗ်နဟာဂျရ်က တဖ်စီရ်ဖတ်ဟုလ်ဗာရီတွင် အိဗ်နမရ်ဒူဝေဟ်အား ကိုးကား၍ ဤဟဒီးသ်ကို အောက်ပါအတိုင်း ဆင့်ပြန်ထား၏။

أَنَا أَوَّلُ مَنْ سَأَلَ رَسُوْلَ اللّٰهِ ، عَنْ هٰذَا ، فَقُلْتُ يَا رَسُوْلَ اللّٰهِ هَلْ رَاَيْتَ رَبَّكَ؟ فَقَالَ لَا، اِنَّمَا رَاَيْتُ جِبْرَئِيْلَ مُنْهَبِطًا (فتح الباری، ص ۴۹۳، ج ۸)

သခင်မ အာအိရှာ(ရ)က ပြောသည်မှာ 'ကျွန်ုပ်က ထိုအကြောင်းကို တမန်တော်မြတ်(ﷺ)အား မေးမြန်းခဲ့သည်။ ကျွန်ုပ်က 'သင်၏ဖန်ဆင်းမွေးမြူတော်မူသော အရှင်ကိုပင် မြင်တွေ့ခဲ့ပါသလား။' ဟု မေးမြန်းရာ ၎င်းက'မမြင်ခဲ့ပါ။ ကျွန်ုပ်သည် ဂျိဗရာအီလ်(ﷺ) ဆင်းသက်လာခြင်းကို မြင်တွေ့ခဲ့သည်။'ဟု ပြန်ပြောခဲ့၏။ (ဖတ်ဟုလ်ဗာရီ၊ တွဲ-၈၊ စာ-၄၉၃)

ဆွဟီးဟ်ဗုခါရီကျမ်း၌ ပါရှိသည်မှာ ရှိုင်ဗနီက သာဝကကြီး ဇိရ်(ရ)အား အာယတ်တော်များ فَكَانَ قَابَ قَوْسَيْنِ اَوْ اَدْنٰى ، فَاَوْحٰى اِلٰى عَبْدِهٖ مَآ اَوْحٰى "လေးနှစ်ပြန်မျှသာ ဝေးကွာလေတော့၏။ စင်စစ်ထို့ထက်ပင် ပို၍နီးကပ်စွာ ရှိခဲ့လေ၏။ ထိုအခါ ထိုအရှင်မြတ်သည် မိမိ၏ကျွန် (မုဟမ္မဒ်)ထံသို့ မိမိထုတ်ပြန် (လိုသော) ထုတ်ပြန်ချက်များကို ထုတ်ပြန်တော်မူခဲ့လေ၏။"(၅၃း၉-၁၀)၏ အဓိပ္ပါယ်ကို မေးမြန်းခဲ့ရာ ၎င်းက 'မုဟမ္မဒ်(ﷺ)သည် အတောင်ပံ(၆၀၀)ရှိသော ဂျိဗရာအီလ်(ﷺ)ကို မြင်ခဲ့ကြောင်း အဗ်ဒွလ္လာဟ်အိဗ်နမတ်စအူးဒ်(ရ)က ကျွန်ုပ်တို့အား ဆင့်ပြန်ခဲ့၏။'ဟု ပြန်ပြောခဲ့သည်။ အိဗ်နဂျရီရ်က ၎င်း၏ကိုယ်ပိုင်ဆင့်ပြန်သူကွင်းဆက်ဖြင့် တင်ပြသည်မှာ သာဝကကြီး အဗ်ဒွလ္လအိဗ်နမတ်စအူးဒ်(ရ)သည် အာယတ်တော်- مَا كَذَبَ الْفُؤَادُ مَا رَاٰى "(အို အသင်တို့ အဖော်၏) စိတ်နလုံးသည် တွေ့မြင်ခဲ့သော အရာများနှင့် စပ်လျဉ်း၍ မှားယွင်းခြင်းမရှိခဲ့ပေ။" (၅၃း၁၁)ကို အဓိပ္ပါယ် ဖွင့်ဆိုရင်းမှ တမန်တော်မြတ်မုဟမ္မဒ်(ﷺ)သည် 'ရဖ်ရဖ်' (အစိမ်းရောင်)အဝတ်ကို ဝတ်ဆင်ထားသည့် ဂျိဗရာအီလ်(ﷺ)ကို မိုးကောင်းကင်နှင့် ကမ္ဘာမြေတို့ကြားမှ နေရာလပ်တစ်ခုလုံးပြည့်မှ မြင်တွေ့ခဲ့သည်ဟု ပြောကြားခဲ့၏။

အိဗ်နကဆီးရ်၏ တွေ့ရှိချက်များ

အိဗ်နကဆီးရ်က ဤဆင့်ပြန်ချက်အားလုံးကို ၎င်း၏တဖ်စီရ်ထဲတွင် ကိုးကားဖော်ပြပြီး၊ အထက်ပါ အာယတ်တော်များမှ စိတ်အာရုံတွင် ပေါ်လာသော ရုပ်လွှာနှင့် နီးကပ်စွာတည်ရှိခြင်းတို့သည် ဂျိဗရာအီလ်(ﷺ)ကို မြင်တွေ့ခြင်းနှင့် နီးကပ်ခြင်းများကို ရည်ညွှန်းကြောင်း ပြောကြားခဲ့သည်။ ဤသည် သစ္စာပါဒီတို့၏မိခင်ကြီး သခင်မအာအိရှာ(ရ)နှင့် သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နမတ်စအူးဒ်၊ အဗူဇရ်ဂိဖာရီ၊ အဗူဟုရိုင်ရဟ်(ရ)နှင့် အခြားသူများ၏ ရှုမြင်ပုံဖြစ်လေသည်။ ဤသို့ကြောင့် အိဗ်နကဆီးရ်က ပြောကြားသည်မှာ-

> ဤအာယတ်တော်များမှ စိတ်အာရုံ၌ပေါ်လာသော ရုပ်လွှာနှင့် နီးကပ်စွာတည်ရှိခြင်းတို့သည် တမန်တော် မြတ်(ﷺ)က ပထမအကြိမ် ဂျိဗရာအီလ်(ﷺ)အား ၎င်း၏နဂိုမူလရုပ်သဏ္ဌာန်ဖြင့် မြင်တွေ့ခဲ့စဉ်က ၎င်းအားမြင်တွေ့ခြင်းနှင့် ၎င်းနှင့်နီးကပ်ခြင်းကို ရည်ညွှန်းခြင်းဖြစ်၏။ ထို့နောက် တမန်တော်မြတ်(ﷺ)သည် ၎င်းအား 'မေ့အ်ရာဂျ်'ညတွင် 'စစ်ဒ်ရတုလ်မွန်တဟာ'(အထက်အမြင့်ဆုံးနယ်နိမိတ်မှဆီးပင်) အနီးတွင် ဒုတိယအကြိမ်မြင်ခဲ့သည်။ ၎င်း၏တမန်တော်ဖြစ်မှု အစတွင် ဂျိဗရာအီလ်(ﷺ)သည် ပထမအသုတ် ထုတ်ပြန်ချက်နှင့်အတူ ဆင်းသက်လာခဲ့ပြီး၊ ၎င်းအား စူရဟ် 'အစ်က်ရအ်'ကို ပို့ချစဉ်က ၎င်းအား ပထမအကြိမ် မြင်တွေ့ခဲ့သည်။ ထိုသည့်နောက် ထုတ်ပြန်ချက်များ ထပ်ကျမလာဘဲ ရပ်ဆိုင်းသွားခြင်းက ၎င်းအား ပူဆွေးသောကနှင့် စိတ်ဓာတ်ကျမှုကို ဖြစ်စေခဲ့သည်။ ထို့ကြောင့် ၎င်းသည် တောင်ထိပ်သို့တက်ကာ ခုန်ချခြင်းဖြင့် ဘဝကိုဇာတ်သိမ်းလိုက်ရန် အတွေး မကြာခဏပေါ်ပေါက်ခဲ့၏။ ထိုကဲ့သို့ အခြေအနေမျိုးကို ရောက်လေတိုင်း ဂျိဗရာအီလ်(ﷺ)သည် ကိုယ်ထင်မပြဘဲ လေထဲမှနေ၍ ဟစ်ခေါ်ပြီး 'အို-မုဟမ္မဒ်၊ အသင်သည် အလ္လာဟ်အရှင်မြတ်၏ရဿူလ်တမန်တော်ဖြစ်၏။ အသင်သည် အစစ်အမှန်ဖြစ်၏။ ထို့ပြင် ကျွန်ုပ်သည် ဂျိဗရာအီလ်(ﷺ)

ဖြစ်၏။'ဟု ပြောခဲ့လေသည်။ ထိုအသံက ၎င်း၏စိတ်နှလုံးကို အေးချမ်းစေပြီး၊ ပြန်လည်ထိန်းသိမ်းနိုင်အောင် ပြုလေ့ရှိခဲ့၏။ ထိုကဲ့သို့ အတွေးမျိုး စိတ်ထဲတွင် ဖြစ်ပေါ်လာလေတိုင်း ဂျိဗရာအီလ်ﷺက မိမိ၏စကားသံဖြင့် ၎င်းကိုအားပေးနှစ်သိမ့်လေ့ရှိခဲ့၏။ သို့သော် အားပေးနှစ်သိမ့်ခြင်းနှင့် စိတ်သက်သာရာရအောင် ပြုလုပ်ခြင်းများသည် အမြဲတမ်း အကွယ်မှသာလျှင် ဖြစ်လေသည်။ တစ်နေ့သော် ဂျိဗရာအီလ်ﷺအား ဗတ္တဟာအ်မှ ဟင်းလင်းပြင်၌ မိုးကုပ်စက်ဝိုင်းတစ်ခုလုံးကို ဖုံးကွယ်သော အတောင်ပံ(၆၀၀)ဖြင့် ၎င်း၏နဂိုမူလပုံသဏ္ဌာန်ကို မြင်တွေ့ခဲ့ရသည်။ ဂျိဗရာအီလ်ﷺသည် အလ္လာဟ်ရဒူလ်တမန်တော်ﷺ၏ အနီးသို့ကပ်လာပြီး၊ ၎င်းအား အလ္လာဟ်အရှင်မြတ်၏ ထုတ်ပြန်ချက်ကို ပေးပို့ခဲ့သည်။ ထိုအချိန်တွင် ဂျိဗရာအီလ်ﷺ၏ ကြီးကျယ်မှုနှင့် အလ္လာဟ်အရှင်မြတ်ထံတော်၌ ၎င်း၏အဆင့်အတန်း မြင့်မားမှုများကို အလ္လာဟ်ရဒူလ်တမန်တော်ﷺသည် ထင်ရှားသိမြင်သွားခဲ့လေသည်။

အတိုချုပ်အားဖြင့် အီမာမ်အိဗ်နကဆီးရ်ကိုယ်တိုင်က တမန်တော်မြတ်ﷺ ကိုယ်တော်တိုင်၏ ပြောကြားချက်နှင့် မြင့်မြတ်သော သာဝကကြီးများ၏ ရှုမြင်ပုံပေါ်တွင် အခြေခံလျက် စူရတ်နဂျ်မ်၏ အထက်ပါအာယတ်တော်များ၏ အဓိပ္ပါယ်ကောက်ယူချက်ဖြစ်သည့် ဂျိဗရာအီလ်ﷺအား မြင်တွေ့ခြင်းနှင့် ၎င်း၏အနီးသို့ ရောက်လာခြင်းကို ပို၍ သဘောကျခဲ့၏။ ဤသည်မျာ ဂျိဗရာအီလ်ﷺအား ဤလောကတွင် မကြာမြို့၏ မိုးကုပ်စက်ဝိုင်း၌ မြင်တွေ့ရသည့် တမန်တော်မြတ်ﷺ၏ ပထမအတွေ့အကြုံပင် ဖြစ်လေသည်။ အချို့အဆိုများက ဆင့်ပြန်သည်မှာ အလ္လာဟ်ရဒူလ်တမန်တော်ﷺသည် ဂျိဗရာအီလ်ﷺ၏ ရုပ်သဏ္ဌာန်အစစ်အမှန်ကို ပထမအကြိမ် မြင်တွေ့ခဲ့စဉ်က ၎င်းသည် သတိလစ်သွားခဲ့၏။ ထို့နောက် ဂျိဗရာအီလ်ﷺသည် လူသားတစ်ဦးအသွင်ဖြင့် ၎င်းထံသို့ အလွန်နီးကပ်စွာ ရောက်လာခဲ့သည်။ (ထိုအခါ ၎င်းသည် သတိပြန်ရခဲ့လေသည်။)။

ဂျိဗရာအီလ်ﷺအား ဒုတိယအကြိမ် တမန်တော်မြတ်ﷺ မြင်တွေ့ပုံကို ဤစူရတ်၏ အာယတ်တော်(၁၃)နှင့် (၁၄)တွင် အောက်ပါအတိုင်း ဖော်ပြ၏။

"وَلَقَدْ رَاٰهُ نَزْلَةً اُخْرٰى ، عِنْدَ سِدْرَةِ الْمُنْتَهٰى" ထိုမှတပါး ထိုအဖော်သည် ထို(ကောင်းကင်တမန်)အား ဒုတိယအကြိမ် ဆင်းသက်ရာ၌ မုချဧကန်တွေ့မြင်ခဲ့၏။ နယ်စွန်နယ်ဖျား၌ရှိသောဆီးပင်- 'စစ်ဒ်ရတုလ် မွန်တဟာ' ဆီးပင်၏အနီးတွင်။"(၅၃း၁၃-၁၄)။ဟူ၍ဖြစ်သည်။ ဤအာယတ်တော်က တမန်တော်မြတ်ﷺသည် မိုးကောင်းကင်သို့ တက်သောညဉ့် (ဓမ္မအ်ရာဂျ်)တွင် ဂျိဗရာအီလ်ﷺအား ဒုတိယအကြိမ် မြင်တွေ့ခဲ့ကြောင်းကို ဖော်ပြ၏။ အထက်တွင် ဖော်ပြခဲ့သော ဆင်ခြင်တုံတရားပေါ်တွင် အခြေခံလျက် ရှင်းလင်းဖွင့်ဆိုသူများက ဤအဓိပ္ပါယ်ကောက်ယူချက်ကို ယေဘုယျအားဖြင့် လက်ခံကြသည်။ အိဗ်နကဆီး၏၏အဆိုကိုလည်း ယခုပင်ဆွေးနွေးခဲ့ပြီးဖြစ်၏။ ဤအဓိပ္ပါယ်ကောက်ယူချက်ကို ကုရ်တူဗီ၊ အဗူဟေယန်၊ အီမာမ်ရာဇီနှင့် အခြားသူများက နှစ်သက်ကြ၏။ စူရတ်အန်နဂျ်မ်၏ ဖော်ပြပါအာယတ်တော်များမှ 'ရှအ်ယဟ်' (မြင်တွေ့ခြင်း)သည် အလ္လာဟ်အရှင်မြတ်ကို ဖူးမြင်ခြင်းမဟုတ်ဘဲ ဂျိဗရာအီလ်ﷺကို မြင်တွေ့ခဲ့ခြင်းဖြစ်ကြောင်း ကျွန်ုပ်၏ဆရာသခင် မောင်လာနာ အရှ်ရဖ်အလီကလည်း သဘောတူလက်ခံ၏။ နဝဝီက ၎င်း၏မွတ်စလင်ကျမ်း၏ ရှင်းလင်းဖွင့်ဆိုချက်၌ လည်းကောင်း၊ ဖတ်သုလ်ဗာရီ၌ ဟာဖစ်ဇ်ကလည်းကောင်း ဤအဓိပ္ပါယ်ကောက်ယူချက်ကို နှစ်သက်ကြောင်း ဖော်ပြသည်။

ذُوْ مِرَّةٍ ؕ فَاسْتَوٰى ، وَهُوَ بِالْاُفُقِ الْاَعْلٰى "စွမ်းအင်နှင့် ပြည့်စုံသူဖြစ်သော၊ လွန်စွာလှပတင့်တယ်သူဖြစ်သော၊ ထို့နောက် ထို(ကောင်းကင်တမန်)သည် နဂိုမူလရုပ်သဏ္ဌာန်နှင့် အထင်အရှားပေါ်လာခဲ့၏။ ထိုစဉ်အခါဝယ် ထို (ကောင်းကင်တမန်)သည် မြင့်စွင့်သော မိုးကုတ်စက်ဝိုင်း၌ ရှိနေခဲ့၏။"(၅၃း၆-၇)။ 'မိရ်ရဟ်'ဟူသော စကားလုံးသည် 'စွမ်းရည်' သို့မဟုတ် 'အားမာန်'ကို ဆိုလိုသည်။ ဤသည် ဂျိဗရာအီလ်ﷺ၏ အခြားသော ဂုဏ်အင်တစ်ရပ်ဖြစ်ပြီး၊ ၎င်းသည် အားနည်းသူမဟုတ်ဘဲ ကြံ့ခိုင်သူ၊ တန်ခိုးစွမ်းအားကြီးမားသူ၊ ပြတ်သားခိုင်မာသူဖြစ်သည့်အတွက် ရှိုင်တွာန်သည် အလ္လာဟ်အရှင်မြတ်၏ ထုတ်ပြန်ချက်ကို သယ်ဆောင်လာသော ကောင်းကင်တမန်ကြီးအား ကြားဖြတ်တိုက်ခိုက်ခြင်း၊ ၎င်းထံမှလုယူခြင်းများကို ပြုလုပ်လေမည်လားဟူ၍ ယုံမှားသံသယ ဖြစ်စရာမလိုပေ။ ဂျိဗရာအီလ်ﷺသည် တန်ခိုးစွမ်းအားကြီးမားလှသည်ဖြစ်၍ ရှိုင်တွာန်အနေဖြင့် ၎င်း၏အနီးသို့ပင် ကပ်ရဲလိမ့်မည် မဟုတ်ပါချေ။ اِسْتَوٰى 'အစ်တဝါ' ဟူသော စကားလုံးသည် တစ်ဖြောင့်တည်း သို့မဟုတ် တစ်ပြေးညီ ရှိသည် သို့မဟုတ် ရှိလာမည်ဟု ဆိုလိုသည်။ ၎င်းသည် ဂျိဗရာအီလ်ﷺကို ပထမအကြိမ် မြင်တွေ့စဉ်က ဂျိဗရာအီလ်ﷺသည် မိုးကောင်းကင်မှ ဆင်းလာနေခိုက်ဖြစ်ခဲ့၏။ ဆင်းလာပြီးနောက် ၎င်းသည် မိုးကုပ်စက်ဝိုင်း၏ အမြင့်ဆုံးအဝိုင်းတွင် ထိုင်ခဲ့သည် သို့မဟုတ် နေရာယူခဲ့သည်။ 'အုဖုက်' (မိုးကုပ်စက်ဝိုင်း)ကို 'အအ်လာ' (အမြင့်ဆုံးအဝိုင်း သို့မဟုတ် ထိပ်ဆုံး)ဖြင့် အထူးပြုထား၏။ ဂျိဗရာအီလ်ﷺသည် မိုးကုပ်စက်ဝိုင်း၏ အမြင့်ဆုံးအဝိုင်း၌ ကိုယ်ထင်ပြခဲ့သည် (ထို့ကြောင့် ၎င်းအား ထင်ရှားစွာ မြင်နိုင်ခဲ့၏။) အဘယ်ကြောင့်ဆိုသော် မိုးကုပ်စက်ဝိုင်း၏ အနိမ့်ပိုင်းမှာ ကမ္ဘာမြေနှင့် ဘေးတိုက်သဖွယ် ရှိနေသဖြင့် ပုံမှန်အတိုင်း ဆိုလျှင် မြင်ကွင်းမှကွယ်နေမည် (ဖြစ်သောကြောင့် တမန်တော်မြတ်ﷺသည် ၎င်းအား မြင်နိုင်ခဲ့လိမ့်မည် မဟုတ်ပေ)။

ثُمَّ دَنَا فَتَدَلّٰى "ထို့နောက် ထို(ကောင်းကင်တမန်)သည် ချဉ်းကပ်၍လာခဲ့၏။ ထို့နောက်တစ်ဖန် ထပ်မံ၍ ချဉ်းကပ်လာခဲ့ ပေရာ။"(၅၃း၈)။ 'ဒနာ'သည် အနီးသို့ကပ်လာသည်ဟူ၍ လည်းကောင်း၊ 'တဒလ္လာ'သည် တွဲလောင်းကျသည် သို့မဟုတ် အောက်သို့ဆင်းလာသည်ဟူ၍ လည်းကောင်း ဆိုလိုသည်။ ဂျိဗရာအီလ်ﷺသည် အောက်သို့ဆင်းလာသဖြင့် နီးကပ် လာခဲ့သည်ဟု အာယတ်တော်က ဆိုလိုခြင်းဖြစ်၏။

فَكَانَ قَابَ قَوْسَيْنِ اَوْ اَدْنٰى "လေးနှစ်ပြန်မျှသာ ဝေးကွာလေတော့၏။ စင်စစ် ထို့ထက်ပင် ပို၍နီးကပ်စွာ ရှိခဲ့လေ၏။"(၅၃း၉)။ 'ကာဗ်'ဟူ သောနာမ်သည် လေးတစ်လက်၏ ကွေးနေသော လက်ကိုင်(လေးကိုင်း)နှင့် တင်းနေသော လေးကြိုးတို့ကြားမှ အကွာအဝေးကို ရည်ညွှန်း၏။ ဤအကွာအဝေးသည် အကြမ်းဖျင်း တစ်တောင်(၁၈ လက္မ)ခန့် ရှိ၏။ 'ကားဗကောင်ဆိုင်'ဟူသော ဖော်ပြချက်သည် အာရဗီရေးဟောင်းဓလေ့ထုံးစံ တစ်ခုပေါ်တွင် အခြေခံ၏။ ထိုထုံးစံမှာ ပုဂ္ဂိုလ်နှစ်ဦးသည် ခိုင်မြဲသော ခင်မင်ရင်းနှီးမှုအတွက် ကတိသစ္စာပြုကြသောအခါ၊ တစ်ဦးစီသည် မိမိတို့ လေးများ၏ သစ်သားလေးကိုင်းကို မိမိဘက်ဆီသို့ လည်းကောင်း၊ လေးကြိုးကို တစ်ဖက်လူဆီသို့ လည်းကောင်း လှည့်၍ကိုင်ကြသည်။ ဤနည်းအားဖြင့် ၎င်းတို့၏ လေးကြိုးများ ပေါင်းဆုံကြသောအခါ၊ ထိုပေါင်းဆုံမှုကို နီးကပ်စွာ တည်ရှိခြင်း၊ ချစ်ခင်ခြင်းနှင့် မြတ်နိုးခြင်းများ၏ ကြေညာချက်အဖြစ် သဘောထားခဲ့ကြလေသည်။ လေးကြိုးနှစ်ချောင်း ပူးကပ်သွားသောအချိန်တွင် ပုဂ္ဂိုလ်နှစ်ဦးကြားမှ အကွာအဝေးသည် လေးနှစ်ပြန်ရှိပြီး၊ ခန့်မှန်းခြေအားဖြင့် နှစ်တောင် သို့မဟုတ် တစ်လံ (၃၆ လက္မ)ရှိပေမည်။ 'အောင်အဒ်နာ' (ပို၍ပင် နီးကပ်လာသည်)ဟူသော ဖော်ပြချက်က နီးကပ်သော ဆက်နွယ်မှုသည် သာမန်မဟုတ်ဘဲ ဇကာန်စင်စစ် မှန်းဆနိုင်သည်ထက်ပို၍ပင် ရင်းနှီးခင်မင်သည်ဟု ဆိုလိုသည်။ အထက်ပါ အာယတ်တော်များထဲမှ ဂျိဗရာအီလ်ﷺနှင့် ထိုကဲ့သို့ ရင်းနှီးခင်မင်မှုကို ဖော်ပြခြင်းမှာ ၎င်းပေးပို့သော ထုတ်ပြန်ချက်သည် ဇကာန်မလွဲ အလ္လာဟ်အရှင်မြတ်ထံတော်မှ အမှန်ဖြစ်ကြောင်းနှင့် ၎င်းသည် ထိုထုတ်ပြန်ချက်ကို အသေးစိတ်

အကြွင်းမဲ့ တိကျမှုဖြင့် ကြားခဲ့ကြောင်း အတည်ပြုရန် ဖြစ်လေသည်။ ဤကိစ္စတွင် သံသယအတွက် နေရာမရှိပါချေ။ ဤနီးကပ်မှုနှင့် ရင်းနှီးခင်မင်မှုများက တမန်တော်မြတ်ﷺသည် ဂျိဗရာအီလ်ﷺအား အသိအမှတ်မပြုဘဲ ရှိမည်ကို လည်းကောင်း၊ ရှိုင်တွာန်က ကြားဝင်စွက်ဖက်မည်ကို လည်းကောင်း သံသယဖြစ်ခြင်းအား လျော့နည်းအောင် ပြုလုပ်နိုင်ပေသည်။

فَأَوْحَىٰ إِلَىٰ عَبْدِهِۦ مَآ أَوْحَىٰ "ထိုအခါ ထိုအရှင်မြတ်သည် မိမိ၏ကျွန်(မုဟမ္မဒ်)ထံသို့ မိမိထုတ်ပြန်(လိုသော) ထုတ်ပြန်ချက်များကို ထုတ်ပြန်တော်မူခဲ့လေ၏။"(၅၃း၁၀)။ 'အောင်ဟာ' (၎င်းထုတ်ပြန်ခဲ့သည်)မှ အတိတ်ဖြစ်ပြီး ကြိယာ၏ပြုလုပ်သူနာမ်စား နှင့် 'အဗ်ဒိဟီ' (၎င်း၏ကျွန်)မှ နာမ်စားများသည် အလ္လာဟ်အရှင်မြတ်ကို ရည်ညွှန်းကြောင်းမှာ နားလည်ပြီးဖြစ်၏။ အာယတ်တော်က ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်ﷺ၏ စိတ်နလုံးတွင် ဂျိဗရာအီလ်ﷺအား ရင်းနှီးကျွမ်းဝင်မှုကို ထည့်သွင်းတော်မူခြင်းဖြင့် မိမိထုတ်ပြန်တော်မူခဲ့သမျှကို မိမိ၏ကျွန် မုဟမ္မဒ်ﷺထံသို့ ကြားခံ ဂျိဗရာအီလ်ﷺမှတစ်ဆင့် ပို့ချတော်မူခြင်း ဖြစ်လေသည်။

သဘောတရားဆိုင်ရာ ပြဿနာတစ်ရပ်နှင့် ယင်း၏ဖြေရှင်းချက်

ဤနေရာတွင် သဘောတရားတစ်ရပ်အနေဖြင့်သာ အကောင်းဆုံး ဖော်ပြနိုင်မည်ဖြစ်သော ထင်ရှားသည့် ပြဿနာတစ်ရပ် ပေါ်ပေါက်လာသည်။ အဘယ်ကြောင့်ဆိုသော် ထိုပြဿနာသည် ပကတိအခြေအနေနှင့် မသက်ဆိုင်သောကြောင့်ဖြစ်၏။ 'မုဖတ်စ်စိရိန်'နှင့် 'မုဟဒ္ဒိဆိန်'တို့၏ အများဆန္ဒအရ အထက်ပါ အာယတ်တော်များမှ နာမ်စားအားလုံးသည် ဂျိဗရာအီလ်ﷺအား ရည်ညွှန်းခြင်းဖြစ်သည်။ ထို့အတူ فَٱسْتَوَىٰ 'ဖတ်စ်တဝါ'မှ فَكَانَ قَابَ قَوْسَيْنِ أَوْ أَدْنَىٰ 'ဖကာနကာဗကောင်ဆိုင်နိအောင်အဒ်နာ'ထိ စာကြောင်းများမှ နာမ်စားများသည် ၎င်းကိုပင်ရည်ညွှန်း၏။ ရှင်းလင်းဖွင့်ဆိုသူ အများတူညီသော ဆန္ဒအရရှေ့လာမည့် အာယတ်တော်များကလည်း ဂျိဗရာအီလ်ﷺအကြောင်းကိုပင် မိန့်ဆိုခြင်းဖြစ်၏။ ထို့ကြောင့်ကြားမှ 'အောင်ဟာ'နှင့် 'အဗ်ဒိဟီ'ဟူသော နာမ်စားများသည် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာနှင့် ကွဲလွဲခြားနားပြီး 'အင်တိရှာရွှသ်သွမာအိရ်' (နာမ်စားများ၏ ရှေ့နောက်မညီညွတ်မှု)ကိုဖြစ်စေသည်။

ကျွန်ုပ်တို့၏ ဂုဏ်ပြုထိုက်သော ဆရာသခင်ဖြစ်သူ မောင်လာနာစေယစ်ဒ်မုဟမ္မဒ်အန်ဝါရှားကရှ်မိရီﷺက ဤပြဿနာအား ဤသို့တုံ့ပြန်ခဲ့သည်။ ဤနေရာတွင် အကြောင်းအရာအားဖြင့် ရှုပ်ထွေးမှုမရှိသကဲ့သို့ နာမ်စားအနေဖြင့်လည်း မရေမရာမရှိပေ။ တကယ်တမ်းတွင် စူရဟ်အန်နဂျ်မ်၏ ရှေ့ပိုင်းအာယတ်တော်(၄)၌

إِنْ هُوَ إِلَّا وَحْىٌ يُوحَىٰ "ယင်းပြောဆိုမှုကား (အလ္လာဟ်အရှင်မြတ်အထံတော်မှ) ထုတ်ပြန်ခြင်းခံရလေသော ထုတ်ပြန်ချက်သာလျှင် ဖြစ်ပေသည်။"(၅၃း၄)ဟူ၍ ဖော်ပြခဲ့၏။ ယခုအာယတ်တော်(၁၀)၌ فَأَوْحَىٰ إِلَىٰ عَبْدِهِۦ مَآ أَوْحَىٰ "ထိုအခါ ထိုအရှင်မြတ်သည် မိမိ၏ကျွန် (မုဟမ္မဒ်)ထံသို့ မိမိထုတ်ပြန်(လိုသော) ထုတ်ပြန်ချက်များကို ထုတ်ပြန်တော်မူခဲ့လေ၏။"(၅၃း၁၀)။ဟူ၍ အကြောင်းအရာတစ်ခုတည်းကို ဆက်လက်ဖော်ပြ၊ အားဖြည့်၊ ပေါင်းစည်းပေး၏။ ထုတ်ပြန်ချက်ကို ပို့ချတော်မူခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်မှတပါး အခြားမဟုတ်ကြောင်းမှာ ထင်ရှား၏။ သို့ရာတွင် ထုတ်ပြန်ချက်ကို တမန်တော်မြတ်ﷺထံသို့ ပေးပို့ရန်အတွက် တစ်ဆင့်ခံဆက်သွယ်ရေးနည်းလမ်းတစ်ခု ရှိပေသည်။ အာယတ်တော်(၄)အား ထုတ်ပြန်သော အကြောင်းအရာ၏ နိဒါန်းအဖြစ် ယူဆနိုင်သည်။ အာယတ်တော် (၅-၉)က ထုတ်ပြန်ပို့ချခြင်း၏ ကြားခံဖြစ်သည့် ဂျိဗရာအီလ်ﷺ၏ စွမ်းရည်ပြည့်ဝသော ဂုဏ်ပုဒ်များနှင့် အခြားထူးခြား ဝိသေသများကိုဖော်ပြ၏။ ဤသို့ဖြင့် အာယတ်တော်(၁၀)သည် နိဒါန်း၏ ဖြည့်စွက်ချက် သို့မဟုတ် နိဂုံးဖြစ်လေသည်၊ ဤအာယတ်တော်၌ 'အင်တိရှာရွှသ်သွမာအိရ်' မရှိနိုင်ပါချေ။ အဘယ်ကြောင့်ဆိုသော် အာယတ်တော်(၁၀)တွင် နာမ်စား

တို့၏ ရှေ့ပြေးပုဒ်များသည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ မည်သူမျှ မဖြစ်နိုင်သောကြောင့် ဖြစ်ပေသည်။ ဤသို့ဖြင့် ဤနာမ်စားတို့၏ ရှေ့ပြေးပုဒ်ကို အစကနဦးကပင် သတ်မှတ်ပြီးဖြစ်လေသည်။ 'မာအောင်ဟာ' (ထိုအရှင်မြတ်ထုတ်ပြန်တော်မူသော အရာမှန်သမျှ)သည် မပြတ်သား၊ မသဲကွဲချေ။ 'မာ' (ဘယ်အရာမဆို)အား တစ်ခါတစ်ရံ ဂုဏ်သိက္ခာ၊ အံ့သြခြင်း၊ ကြီးကျယ်ခြင်း၊ ခမ်းနားခြင်း၊ ထည်ဝါခြင်း၊ ပေါများခြင်း သို့မဟုတ် အလေးအနက်ပြုခြင်းကို ဖော်ညွှန်းရာတွင် သုံး၏။ ဤနေရာတွင် ထိုစကားလုံးအား ထုတ်ပြန်ချက်၏ ခမ်းနားထည်ဝါသော၊ ဂုဏ်ကျက်သရေကြီးမားသော အဆင့်အတန်းကို ညွှန်ပြရန်သုံးခြင်း ဖြစ်လေသည်။

ဗုခါရီကျမ်း၏ အခန်း(၁)၌ ဖော်ပြသော ဟဒီးသ်တစ်ပုဒ်မှ သိရသည်မှာ ဤအချိန်က ပို့ချခဲ့သော ထုတ်ပြန်ချက်သည် စူရဟ်အလ်မွဒ္ဒဿဆီရ် (ကဏ္ဍ-၇၄)၏ အစပိုင်းအာယတ်တော်များ ဖြစ်ကြ၏။ အလ္လာဟ်အရှင်မြတ်အသိဆုံးဖြစ်တော်မူသည်။

အကြောင်းအရာနှင့် ဖွဲ့စည်းတည်ဆောက်ပုံ အဆက်အစပ်အရ ထုတ်ပြန်ချက်သည် အကြွင်းမဲ့မှန်ကန်သော၊ စစ်မှန်သော အလ္လာဟ်အရှင်မြတ်၏ စကားတော်များဖြစ်ကြောင်း ကုရ်အာန်က အတည်ပြု၏။ ဤသည်ကို မုဟဒ်ဒီဆီန် ဟဒီးပညာရှင်တို့၏ ဟဒီးဆ်လေ့လာပုံနှင့် ယှဉ်ကြည့်နိုင်ပေသည်။ ၎င်းတို့သည် ဟဒီးဆ်တော်များ၏ စစ်မှန်မှုကို အတည်ပြုရန် ၎င်းတို့ကိုယ်တိုင် (နောက်ဆုံးဆင့်ပြန်သူများ)မှစ၍ တမန်တော်မြတ်ﷺထံသို့တိုင် ဆင့်ပြန်သူကွင်းဆက်များကို ပြည့်စုံစွာ ခြေရာခံလိုက်ခဲ့ကြသည်။ ဤအာယတ်တော်များတွင် အလ္လာဟ်အရှင်မြတ်သည် ဆင့်ပြန်သူကွင်းဆက်ကို တည်ဆောက်တော်မူပုံမှာ (၁) အလ္လာဟ်အရှင်မြတ်သည် ထုတ်ပြန်ချက် စတင်ပေါ်ပေါက်ရာ အဆုံးစွန်သောဇစ်မြစ် 'မူဟီ'ဖြစ်တော်မူသည်။ ထို့ပြင် (၂) ဂျိဗရာအီလ်ﷺသည် အလ္လာဟ်နှင့် အလ္လာဟ့်ရစူလ်ﷺတို့ကြားမှ ဆင့်ပြန်ခွင့်ရှိသူဖြစ်၏။ အထက်ပါ အာယတ်တော်များက ဂျိဗရာအီလ်ﷺအား အဆင့်အတန်းမြင့်မားသူနှင့် စွမ်းအားကြီးသူဖြစ်ကြောင်းကို ဖော်ပြ၏။ ဤအချက်က ဆင့်ပြန်ပို့ခင့်ရှိသူအဖြစ် ၎င်း၏ရိုးသားဖြောင့်မတ်မှုနှင့် ဂုဏ်သိက္ခာများကို အတည်ပြုလေသည်။

مَا كَذَبَ الْفُؤَادُ مَا رَاٰى "(ထိုအသင်တို့အဖော်၏) စိတ်နှလုံးသည် တွေ့မြင်ခဲ့သော အရာများနှင့် စပ်လျဉ်း၍ မှားယွင်းခြင်းမရှိခဲ့ပေ။" (၅၃း၁၁)။ 'ဖုအာဒ်'မှာ စိတ်နှလုံးကို ဆိုလိုသည်။ မျက်လုံးများက မြင်ခဲ့သော အရာဟူသ၍ကို နားလည်သဘောပေါက်မှုတွင် မှားယွင်းခြင်းမရှိခဲ့ဟု အာယတ်တော်က ဆိုလိုခြင်းဖြစ်၏။ ဤမှားယွင်းခြင်းအား အာယတ်တော်၌ 'ကိသ်ဗ်' (လိမ်လည် ပြောဆိုခြင်း)အဖြစ် ဖော်ပြ၏။ တစ်နည်းဆိုရလျှင် မြင်တွေ့သော အရာများနှင့် စပ်လျဉ်း၍ စိတ်နှလုံးက လိမ်ညာခြင်းမရှိခဲ့၊ မှားယွင်းချွတ်ချော်ခြင်းလည်း မဖြစ်ခဲ့ပေ။ 'မာရအာ' (၎င်းမြင်ခဲ့သောအရာ)ဟူသော စကားရပ်တွင် မည်သည့် အရာကို မြင်ခဲ့ကြောင်း ကုရ်အာန်က အတိအကျဖော်ပြခြင်း မပြုချေ။ တဖိစီရိတွင် မြင့်မြတ်သော သာဝကကြီးများ၊ ၎င်းတို့၏ နောက်လိုက်များနှင့် ရှေ့ဆောင်ပညာရှင်များကြားတွင် ကွဲလွဲသော အမြင်နှစ်မျိုးရှိကြကြောင်းကို ရှေ့ပိုင်းတွင် အသေးစိတ်ဖော်ပြခဲ့ပြီးဖြစ်၏။ (၁) စကားရပ်က ၎င်း(တမန်တော်မြတ်ﷺ၏ စိတ်နှလုံး)သည် အလ္လာဟ်အရှင်မြတ်အား ဖူးမြင်ခဲ့သည်ဟု ဆိုလိုသည် (အိဗ်နအဗ္ဗာစ်၏အမြင်ဖြစ်၏) နှင့် (၂) အခြားသူများ [သခင်မကြီး အာအိရှာ၊ အိဗ်နု မတ်စအူဒ်၊ အဗူဟူရိုင်ရဟ်နှင့် အဗူဇာလ်ဂိဖါရီ﵁]ဖော်ပြသည့်အမြင်မှာ တမန်တော်မြတ်ﷺသည် ဂျိဗရာအီလ်ﷺအား ၎င်း၏နဂိုမူလရုပ်သဏ္ဌာန်ဖြင့် မြင်တွေ့ခဲ့ကြောင်းဖြစ်၏။ အာရဗီကြိယာ 'ရအာ'သည် မူလတွင် မျက်စိများက မြင်တွေ့သည်ဟု ဆိုလိုသည်။ မျက်စိများဖြင့် မြင်တွေ့ပြီးသည့်နောက် စိတ်နှလုံးက ဖမ်းဆုပ်ကာ နားလည်သဘော ပေါက်သွားခြင်းဖြစ်၏။ ဤနည်းအားဖြင့် တမန်တော်မြတ်ﷺ

သည် ၎င်း၏မျက်စိများဖြင့် ဂျိဗ်ရာအီလ်ﷺအား တပ်အပ် မြင်ခဲ့သည်။ ထို့နောက် ၎င်း၏စိတ်နလုံးဖြင့် ဖမ်းဆုပ်ကာ နားလည်သဘောပေါက်ခဲ့၏။ ထို့ကြောင့် အလ်ကုရ်တူဗီ မှတ်ယူသကဲ့သို့ 'ရူအ်ယဟ်'ဟူသော စကားလုံးကို 'ရူအ်ယဟ် ကာလ်ဗိယဟ်' (စိတ်နလုံးဖြင့် မြင်တွေ့သည်)ဟု တင်စားသောသဘောဖြင့်ယူရန် မလိုအပ်ပါချေ။

မေးခွန်းတစ်ခုကျန်နေသေး၏။ဤအာယတ်တော်၌'အိဒ်ရာက်'(ဆုပ်ကိုင်မိခြင်း၊နားလည်သဘောပေါက်ခြင်း၊ ရိပ်စားမိခြင်း၊ သတိပြုမိခြင်းနှင့် တွေးဆမိခြင်း)သည် စိတ်နလုံးနှင့် သက်ဆိုင်သော်လည်း အထင်ရှားဆုံး ဒဿနပညာ ရှင်များအဆိုအရ ထိုစကားလုံးသည် 'အကာလ်' (အသိဉာဏ်)နှင့် သက်ဆိုင်သည် သို့မဟုတ် စကားပြောသော စိတ်ဝိညာဉ် အသည်းနှလုံး ဖြစ်လေသည်။ ဤမေးခွန်း၏အဖြေမှာ ကုရ်အာန်အာယတ်တော်များစွာတွင် 'အိဒ်ရာက်'၏ တကယ့်ဝဟိုမှာ စိတ်နလုံးဖြစ်ကြောင်း ဖော်ပြခြင်းပင်ဖြစ်၏။ ထို့ကြောင့် တစ်ခါတစ်ရံ 'ကလ်ဗ်' (စိတ်နှလုံး)ဟူသော စကားလုံးကို'အကာလ်'(အသိဉာဏ်)အစား သုံးလေသည်။ သာဓကအနေဖြင့် ဤအချက်ကို အောက်ပါအာယတ်တော်များမှ 'ကလ်ဗ်' (အများကိန်း- 'ကုလူဗ်')က သက်သေခံ၏။

لِمَنْ كَانَ لَهُ قَلْبٌ (စိတ်နှလုံးရှိသောသူများအဖို့)နှင့် لَهُمْ قُلُوبٌ لَّا يَفْقَهُوْنَ بِهَا (ထိုသူတို့၌ စိတ်နှလုံးများ ကားရှိ၏။ သို့သော် ယင်းစိတ်နှလုံးများဖြင့် ၎င်းတို့သည် စဉ်းစားဆင်ခြင် နားလည်ခြင်းမရှိကြပေ ---- (ဂုး၁၇၉) ဤ နေရာတွင် 'ကလ်ဗ်' (စိတ်နှလုံး)သည် 'အကာလ်' (အသိဉာဏ်)ကို ရည်ညွှန်း၏။ အဘယ်ကြောင့်ဆိုသော် စိတ်နှလုံး သည် အသိဉာဏ်ကို သုံးရသော ပြဖွယ်ဆောင်တာများ၏ ဗဟိုချက်မဖြစ်သောကြောင့်ပင်တည်း။

"ثُمَّ إِنَّهُ رَاٰهُ نَزْلَةً أُخْرٰى ، عِنْدَ سِدْرَةِ الْمُنْتَهٰى" ထိုမှတပါး၊ ထိုအဖော်သည် ထို(ကောင်းကင်တမန်)အား ဒုတိယအကြိမ် ဆင်းသက်ရာ၌ မုချဇကန် တွေ့မြင် ခဲ့၏။ နယ်စွန်နယ်ဖျား၌ရှိသော ဆီးပင်- 'စစ်ဒ်ရတုလ်မွန်တဟာ' ဆီးပင်၏အနီးတွင်"(၅၃း၁၃-၁၄)။ ဤနေရာ၌ လည်း နာမ်စား 'ဟူ'(သူကို)နှင့် စပ်လျဉ်း၍ အယူအဆနှစ်မျိုးရှိလေသည်။ (၁) အလ္လာဟ်အရှင်မြတ်အား ဖူးမြင်ခြင်းကို ရည်ညွှန်းသည်။ သို့မဟုတ် (၂) ဂျိဗ်ရာအီလ်အား မြင်တွေ့ခြင်းကို ရည်ညွှန်း၏။ ကြိယာဝိသေသနဖြစ်သည့် نَزْلَةً أُخْرٰى 'နဇ်လတန်အွခ်ရာ' (နောက်တစ်ကြိမ် သို့မဟုတ် နောက် ထပ်ဆင်းသက်မှုတစ်ခု)မှ 'နူဇုလ်'သည် အများစု၏အလိုအရ ဂျိဗ်ရာအီလ်ﷺ၏ ဒုတိယအကြိမ် ဆင်းသက်လာခြင်းကို ရည်ညွှန်းခြင်းဖြစ်၏။ ပထမအကြိမ်မှာ ဤလောကၦ မက္ကာ မြို့၏ မိုးကုပ်စက်ဝိုင်းအပေါ်ဆုံးတွင် မြင်တွေ့ခဲ့ခြင်းဖြစ်၏။ ဒုတိယအကြိမ် မြင်တွေ့ခြင်းသည် သတ္တမမိုးကောင်းကင် ထက်မှ ဆီးပင်အနီးတွင်ဖြစ်ခဲ့၏။ တမန်တော်မြတ်ﷺသည် သတ္တမမိုးကောင်းကင်ထက်သို့ 'မေ့အ်ရာဂျ်'ညဉ့်တွင် တက်ခဲ့ကြောင်းမှာ အထင်အရှားဖြစ်၍ ဒုတိယအတွေ့အကြုံ၏ ခန့်မှန်းခြေအချိန်ကာလကို သတ်မှတ်ရန်မှာ ဖြစ်နိုင်ပေ သည်။ 'စစ်ဒ်ရဟ်'သည် တိုက်ရိုက်အားဖြင့် ဆီးပင်ကိုဆိုလိုပြီး၊ 'မွန်တဟာ'သည် 'အင်တိဟာ'(အဆုံး)နေရာကို ဆိုလိုသည်။ ဤသို့ဖြင့် 'စစ်ဒရတွလ်မွန်တဟာ'သည် သတ္တမ မိုး ကောင်းကင်ထက်ရှိ ဆီးပင်ဖြစ်ပြီး၊ အလ္လာဟ်အရှင်မြတ်၏ ပလ္လင်တော်အောက်၌ ရှိပေသည်။ မွတ်စလင်ကျမ်းပါ ဆင့်ပြန်ချက်တစ်ရပ်အရ ဆီးပင်သည် ဆဋ္ဌမမိုးကောင်းကင်ထက်၌ ရှိသည်ဟုဆို၏။ သိသာစွာ ကွဲလွဲနေသော အဆို နှစ်ခုကြားမှ ညှိနှိုင်းဖြန်ဖြေမှုမှာ ဆီးပင်၏အမြစ်သည် ဆဋ္ဌမမိုးကောင်း ကင်ထက်၌ရှိပြီး၊ အကိုင်းအခက်များသည် သတ္တမမိုးကောင်းကင်ထက်၌ ဖြန့်ကြက်လျက်ရှိသည်ဟူ၏ (ကုရ်တူဗီ)။ ယေဘုယျအားဖြင့် ကောင်းကင်တမန်တို့၏ သွာလာခွင့်သည် ဤနေရာတွင် အဆုံးသတ်သောကြောင့် 'မွန်တဟာ'(အဆုံး)ဟု ခေါ်ဆိုခြင်းဖြစ်၏။ အချို့သော ဟဒီးဆ်များအရ အလ္လာဟ်အရှင်မြတ်၏ အမိန့်ပြဋ္ဌာန်းချက်များသည် ဦးစွာ အလ္လာဟ်အရှင်မြတ်၏ ပလ္လင်တော်မှ 'စစ်ဒ်ရတုလ်မွန်တဟာ'သို့ ဆင်းသက်ပြီး၊ သက်ဆိုင်ရာ ကောင်းကင်တမန်ကို လွှဲပြောင်းပေးခြင်းခံရသည်။ အလားတူ ပင် ကောင်းကင်တမန်များသည် ကမ္ဘာမြေမှ လုပ်ဆောင်မှုမှတ်တမ်းစာအုပ် စသည်တို့နှင့်အတူ မိုးကောင်းကင်သို့

တက်သွားပြီး၊ ဤနေရာတွင် ယင်းတို့ကို လွှဲပြောင်းပေးအပ်ကြလေသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်ထံတော်သို့ ၎င်းတို့၏ တင်ပြမှုအတွက် အခြားနည်းလမ်းတစ်ခု ရှိပေမည်။ ဤအကြောင်းကို အဝ်ဒွလ္လာဟ်အိဗ်နိုမတ်စအူးဒ်ﷺထံမှ ဆင့်ပြန်ကြောင်း အီမာမ်အဟ်မဒ်က ၎င်း၏မွတ်စ်နဒ်၌ ဖော်ပြထား၏။

عِنْدَهَا جَنَّةُ الْمَأْوَى "ယင်းဆီးပင်အနီး၌ပင် 'ဂျန္နတုလ်မအ်ဝါ' သုခဘုံရှိ၏။"(၅၃း၁၅)။ 'မအ်ဝါ'ဟူသော စကားလုံးသည် 'ဘုံ'ဟု အဓိပ္ပါယ်ရပြီး၊ အကြင်သူတစ်ဦး သာယာချမ်းမြေ့စွာ နေထိုင်သော သို့မဟုတ် နားနေသော နေရာတစ်ခုဖြစ်၏။ 'ဂျန္နတ်' (သုခဘုံ)ကို الْمَأْوَى 'မအ်ဝါ'ဟုခေါ်သည်။ အဘယ်ကြောင့်ဆိုသော် ဤနေရာသည် လူသား၏ မူလနေရာ ဖြစ်၏။ အာဒမ်နှင့် ဟောင်ဝါﷺတို့သည် ဤနေရာ၌ ဖန်ဆင်းခံခဲ့ကြရသည်။ ဤနေရာမှနေ၍ ၎င်းတို့သည် ကမ္ဘာမြေသို့ ပို့ချခြင်းခံခဲ့ကြရသည်။ ထို့ပြင် ဤနေရာသည် သုခဘုံသားတို့အား ထာဝရနေထိုင်ရန် ပြန်ပို့ပေးခြင်းခံရမည့်နေရာလည်း ဖြစ်ပေသည်။

ဂျန္နတ်သုခဘုံနှင့် ဂျဟန္နမ်ဒုက္ခဘုံတို့၏ လက်ရှိတည်နေရာ

အွမ္မတ်အများစု ယုံကြည်သကဲ့သို့ ဂျန္နတ်သည် မျက်မှောက်ကာလ၌ တည်ရှိလျက်ရှိကြောင်းကို အာယတ်တော်က အတည်ပြုလေသည်။ ၎င်းတို့က ဂျန္နတ်နှင့် ဂျဟန္နမ်တို့မှာ ဖန်ဆင်းခံရပြီး ဖြစ်သဖြင့် တည်ရှိနေပြီဟု ယုံကြည်ကြသည်။ ဂျန္နတ်၏တည်နေရာသည် သတ္တမမိုးကောင်းကင်၏အထက် အလ္လာဟ်အရှင်မြတ်၏ပလ္လင်တော်၏အောက်၌ ရှိကြောင်း ဤအာယတ်တော်က ညွှန်ပြ၏။ တစ်နည်းဆိုရလျှင် သတ္တမမိုးကောင်းကင်သည် ဂျန္နတ်၏ကြမ်းပြင်ဖြစ်ပြီး၊ ယင်း၏ခေါင်မိုးသည် အလ္လာဟ်အရှင်မြတ်၏ ပလ္လင်တော်ဖြစ်လေသည်။ ဂျဟန္နမ်၏ တည်နေရာကိုမူ တမန်တော်၏ ဟဒီးဆ်တော်များ၌လည်းကောင်း၊ ကုရ်အာန်၌လည်းကောင်း မည်သည့်နေရာတွင်မျှ တိကျစွာဖော်ပြထားခြင်း မရှိပေ။ အချို့သော ကုရ်အာန်ပညာရှင်များက စူရဟ်အတ်တူရ်၊ အာယတ်တော်(၆) وَالْبَحْرِ الْمَسْجُوْرِ (ထို့ပြင် မီးဖြင့်ပြည့် နေသော ပင်လယ်သမုဒ္ဒရာအားဖြင့်)မှ ကောက်ချက်ချကြသည်မှာ ဂျဟန္နမ်သည် ပင်လယ်သမုဒ္ဒရာ၏အောက် ကမ္ဘာမြေ၏နက်ရှိုင်းသော လျှို့ဝှက်နေရာတွင်ရှိပြီး၊ ယခုအခါ လေးလံသော အဖုံးအကာအောက်၌ ဖုံးကွယ်လျက်ရှိ၏။ ရှင်ပြန်ထမည့်နေ့တွင်အဖုံးအကာသည်အစိတ်စိတ်ကွဲထွက်မည်ဖြစ်ကာပင်လယ်သမုဒ္ဒရာအားမီးတောက်လောက်စေလိမ့်မည်ဖြစ်သဖြင့် ပင်လယ်သမုဒ္ဒရာတစ်ခုလုံးမှာ အရှိန်ပြင်းစွာဖြင့် အလျှံညီးညီး တောက်လောင်နေသော မီးအဖြစ် ပြောင်းလဲသွားလိမ့်မည် ဖြစ်ပေသည်။

မျက်မှောက်ခေတ် ဥရောပတိုက်သား မြေတူးသမားနှင့် စူးစမ်းလေ့လာရေးသမားများသည် မြေအောက်ထဲသို့ တူး၍ တစ်နေရာမှတစ်နေရာ သွားလာနိုင်မည့်လမ်း ဖောက်လုပ်ရန် ကြိုးစားခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၏။ ဤလုပ်ငန်းအတွက် ၎င်းတို့သည် အကြီးမားဆုံးနှင့် အဆန်းပြားဆုံး စက်ယန္တရားများကို တီထွင်ခဲ့ကြသည်။ သိပ္ပံပညာရှင်နှင့် ကျွမ်းကျင်သူအုပ်စု အမျိုးမျိုးသည် ဤဦးတည်ချက်ဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည်။ အောင်မြင်မှုအရှိဆုံးအုပ်စုမှာ စက်ယန္တရားအမျိုးမျိုးကိုသုံးလျက် ကမ္ဘာမြေအောက်(၆)မိုင်အနက်ထိ တူးနိုင်ခဲ့သော အုပ်စုပင်ဖြစ်၏။ သို့သော် ထိုအနက်မှကျော်လွန်သည်နှင့် မထိုးဖောက်နိုင်သော ကျောက်များနှင့် တွေ့ကြုံရခြင်းက ၎င်းတို့အား မချင့်မရဲဖြစ်စေခဲ့လေသည်။ ၎င်းတို့သည် အခြားတစ်နေရာကိုပြောင်း၍ တူးခဲ့ကြပြန်ရာ (၆)မိုင်အနက်ရောက်သည်နှင့် ကြံ့ခိုင်မာကျောသော ကျောက်များကို တွေ့ရပြန်ပြီး ဆက်၍မတူးနိုင်ခဲ့ကြပေ။ ဤနည်းအားဖြင့် ၎င်းတို့သည် နေရာများစွာတွင် စမ်းသပ်တူးဖော်မှု ပြုလုပ်ခဲ့ကြရာမှ ကမ္ဘာမြေအောက် (၆)မိုင်အနက်ကို လွန်သည်နှင့် ကမ္ဘာမြေတစ်ခုလုံးကို ဖုံးကာထားသည့် မည်သည့်စက်ယန္တရားမျှ မထိုးဖောက်နိုင်သော ကျောက်ထုတစ်ခုရှိကြောင်း ကောက်ချက်ချခဲ့ကြသည်။

ၵင်းတို့သည် သိပ္ပံပညာရပ်များတွင် တိုးတက်မှုများ ပြုလုပ်ခဲ့ကြသော်လည်း အချင်းအားဖြင့် မိုင်ထောင်ချီ၍ရှိသော ကမ္ဘာမြေ၏ (၆)မိုင်အနက်သို့သာ ရောက်နိုင်ခဲ့ကြသည်။ ထိုအနက်မှလွန်သော် မထိုးဖောက်နိုင်သော ကျောက်အဖုံး အကာရှိကြောင်းကို အသိအမှတ်ပြုခဲ့ကြပြီး၊ ၵင်းတို့၏ ကြိုးစားမှုကို စွန့်လွှတ်ခဲ့ကြလေသည်။ တူးဖော်ရန်နှင့် စူးစမ်းလေ့လာရန် ဤသိပ္ပံနည်းကျ လက်တွေ့သုတေသနက ကမ္ဘာကြီးတစ်ခုလုံးအား မာကျောသော ကျောက်များက ဖုံးကာထားပြီး၊ ယင်းအကာကို ကျော်လွန်၍သွားရန်မှာ မဖြစ်နိုင်ဟူသော အယူအဆကို ထောက်ခံပေသည်။ အကယ်၍သာ စစ်မှန်သော ဆင့်ပြန်ချက်တစ်ရပ်က ဤကျောက်သားအဖုံးအကာထဲမှ ဂျဟန္နမ်၏ တည်နေရာကို သက်သေပြသည် ရှိသော် အံ့သြစရာဖြစ်လိမ့်မည် မဟုတ်ပေ။ အလွှာဟ်အရှင်မြတ်အသိဆုံး ဖြစ်တော်မူသည်။

"اِذْ يَغْشَى السِّدْرَةَ مَا يَغْشٰى"အကြင်အခါဝယ် ဆီးပင်ကို ဖုံးလွှမ်းလျက်ရှိသော အရာများသည် ဖုံးလွှမ်းလျက်ရှိ၏။"(၅၃း၁၆)။ ဆွဟီးဒ် မွတ်စလင်ကျမ်းတွင် သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နိမတ်စအူးဒ်ﷺအား ကိုးကားလျက် ဖော်ပြသော ဟဒီးဆ်တော် တစ်ရပ်၌ ၵင်းကပြောကြားခဲ့သည်။ 'ထိုအချိန်က 'စစ်ဒ်ရတုလ်မွန်တဟာ'ပေါ်သို့ ရွှေရောင် လိပ်ပြာလေးများ ဆင်းသက်လာနေကြသည်မှာ ကြည်ညိုလေးစားဖွယ် အကောင်းဆုံးဖြစ်သော တမန်တော်မြတ် မုဟမ္မဒ်ﷺအား ဂုဏ်ပြုပွဲအတွက် အထူးတလည် အလှဆင်ထားဘိသကဲ့သို့ ထင်မှတ်ရ၏။'

"مَا زَاغَ الْبَصَرُ وَمَا طَغٰى"(ထိုအဖော်၏) မျက်စိသည် သွေချော်ခဲ့သည်လည်း မရှိချေ။ ကျော်လွန်သွားခဲ့သည်လည်း မရှိချေ။"(၅၃း၁၇) ကြီယာ 'ဇားယ'သည် ကြီယာတစ်ခု၏ အခြေခံပုံစံဖြစ်သော 'ဇိုင်ယင်'မှဆင်းသက်ပြီး၊ မရိုးမသားဖြစ်လာသည် သို့မဟုတ် လမ်းလွဲသည်ဟု ဆိုလိုသည်။ 'တွယာ'သည် 'တွယ်ယာန်'မှ ဆင်းသက်ပြီး၊ ကျူးကျော်သည် သို့မဟုတ် အကန့်အသတ်ကို ကျော်လွန်သည်ဟု ဆိုလိုသည်။ ဖော်ပြချက်နှစ်ခုက ပြောလိုသည်မှာ တမန်တော်မြတ်ﷺမြင်တွေ့ ခဲ့သမျှ အရာတိုင်းတွင် ၵင်း၏မျက်စိများသည် မှားယွင်းခြင်း၊ လွဲချော်ခြင်း မရှိခဲ့ကြောင်းပင်ဖြစ်၏။ ဤအာယတ်တော်က အထူးသဖြင့် အံ့သြဖွယ်ရာ သို့မဟုတ် သာမန်ထက်ထူးခြားဆန်းပြားသော အရာကို မြင်သော အခါ လူသား၏ အမြင်အာရုံသည် တစ်ခါတစ်ရံ မှားတတ်၊ လွဲတတ်သည်ဟူသော သံသယကို လျော့ပါးစေသည်။ ဤသံသယကို တုံ့ပြန်သည့် အနေဖြင့် ကုရ်အာန်က ဖော်ပြချက်နှစ်မျိုးကို သုံးခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လူသား၏အမြင်အာရုံကို လွဲမှားစေနိုင်သော နည်းလမ်းနှစ်ခုရှိသောကြောင့်ဖြစ်သည်။ (၁) ကြည့်ရမည့်အရာကို တိုက်ရိုက်မကြည့်ဘဲ အခြား ဘက်သို့ကြည့်ခြင်း၊ ဤအနေအထားကို 'မာဇားယ' (မမှားယွင်းနိုင်)က ချေဖျက်၏။ တမန်တော်မြတ်ﷺ၏ အမြင်အာရုံ သည် တိမ်းစောင်းခြင်း သို့မဟုတ် ဝဲဘက် သို့မဟုတ် ယာဘက်သို့ လှည့်ပြောင်းခြင်း မရှိခဲ့သော ကြောင့်ကြည့်ရန် ရည်စူးသော အရာဝတ္ထုကို လွတ်မသွားခဲ့ပေ။ ၵင်းသည် ၵင်းမြင်ရမည့်အရာကို အတိအကျ မြင်ခဲ့ရလေသည်။ (၂) ကြည့်လိုသော အရာဝတ္ထုကို ကြည့်နေရင်းမှ တစ်ချိန်ထဲတွင် အခြားအရာဝတ္ထုများကိုလည်း ကြည့်လျက်ရှိခြင်း။ ဤအနေအထား၌လည်း တစ်ခါတစ်ရံ အဓိကအရာဝတ္ထုကို မမြင်မိဘဲ ရောထွေးမှုကို ဖြစ်စေ နိုင်ပေသည်။ အာယတ်တော်၌ 'မာတွယာ'(အကန့်အသတ်ကို ကျော်လွန်ခြင်းမရှိ)ဟူသော စကားလုံးကို သုံးခြင်းက တမန်တော်မြတ်ﷺသည် မြင်တွေ့ရန် ၵင်းအား ကြိုတင်သတိပေးထားသော အရာများအပြင် အခြားအရာများကိုလည်း ကြည့်ရှုခဲ့နိုင်သည် ဟူသော သံသယကို ဖယ်ရှားလေသည်။

ရှေ့မှအာယတ်တော်များသည် ဂျိဗ်ရာအီလ်ﷺအား မြင်တွေ့ခဲ့ခြင်းကို ရည်ညွှန်းကြောင်း အဓိပ္ပါယ်ကောက်ခဲ့ကြသော ပညာရှင်များက ဤအာယတ်တော်သည် တမန်တော်မြတ်ﷺ၏ မျက်စိများသည် ၵင်းအားမြင်တွေ့ရာတွင် လွဲမှားမှုမရှိခဲ့ကြောင်းကို ဆိုလိုခြင်းဖြစ်သည်ဟု ရှင်းပြကြသည်။ ဂျိဗ်ရာအီလ်ﷺသည် ကြားခံဆင့်ပြန်သူ ဖြစ်သော ကြောင့် အမြင်မမှားကြောင်းကို လွယ်ကူစွာ နားလည်အောင် ရှင်းပြရမည် ဖြစ်ပေသည်။ အကယ်၍ တမန်တော်မြတ်ﷺ

သည် ၎င်းအားရှင်းလင်းစွာ မြင်တွေ့ခြင်း၊ မှတ်မိခြင်း မရှိခဲ့ပါက ထုတ်ပြန်ချက်မှာ သံသယပွားစရာ ဖြစ်ပေလိမ့်မည်။

ရှေ့မှအာယတ်တော်များသည် အလ္လာဟ်အရှင်မြတ်၏အား ဖူးမြင်ခဲ့ခြင်းကို ရည်ညွှန်းကြောင်း အဓိပ္ပါယ်ကောက်ယူသည့် ပညာရှင်များကလည်း ဤအာယတ်တော်သည် အလ္လာဟ်အရှင်မြတ်အား ဖူးမြင်ရာတွင် တမန်တော်မြတ်ﷺ၏ မျက်စိများသည် မှားယွင်းချွတ်ချော်မှု မရှိခဲ့ကြောင်းကို ဆိုလိုသည်ဟု အဓိပ္ပါယ်ကောက်ယူကြသည်။ ဤအာယတ်တော်က ဆက်၍ထင်ရှားစေသည်မှာ ဖူးမြင်ခြင်းသည် စိတ်နလုံးဖြင့်မဟုတ်ဘဲ မျက်စိများဖြင့် တပ်အပ် ဖူးမြင်ခြင်းဖြစ်ကြောင်း ဖြစ်လေသည်။

ရှေ့မှအာယတ်တော်များအား အဓိပ္ပါယ်ကောက်ယူမှုကို အခြားတစ်နည်းဖြင့် ချဉ်းကပ်ခြင်း- အသုံးဝင်သော စိတ်ဖြာ လေ့လာချက်တစ်ခု

ကြည်ညိုလေးစားအပ်သော ကျွန်ုပ်တို့၏ ဆရာသခင် မောင်လာနာစိုင်ယစ်ဒ်မုဟမ္မဒ်အန်ဝါရှာဟ်ကရှ်မိရီ(ﷺ) သည် ၎င်းထက်အလျင်ကျသော ဟဒီးဆ်တော်ကို လိုက်နာကြသူများ၏ နမူနာစစ်စစ်ဖြစ်ခဲ့၏။ ၎င်းသည် ကမ္ဘာပေါ်တွင် အလ္လာဟ်အရှင်မြတ်၏ သင်္ကေတတစ်ခုနှင့် ထိုအရှင်မြတ်၏ သက်သေအထောက်အထား ဖြစ်ခဲ့သည်။ ၎င်း၏အသိပညာနှင့် အစွမ်းသိမ်ပွတ်ပညာရပ်များကို နားလည်သဘောပေါက်ခြင်းသည် ဟာဖစ်အိဗ်နိဟျရ်နှင့် ဒဟဗီတို့ကဲ့သို့ တမန်တော်၏ ဟဒီးဆ်ဆိုင်ရာ ပညာရပ်တွင် ရှေ့ဆောင်ပညာရှင်များ၏ ကိုယ်ပွားတစ်ဦးဖြစ်ကြောင်းမှာ သံသယရှိစရာမလိုပေ။ ၎င်း၏ 'မုရ်ဂိလာတုလ်ကုရ်အာန်'သည် အစွမ်းအသိပညာနှင့် သိပ္ပံပညာရပ်များ လေ့လာမှု၏ အဖိုးမဖြတ်နိုင်သော လျှို့ဝှက်ရတနာသိုက်ကြီးတစ်ခုဖြစ်လေသည်။ မြင့်မြတ်သော သာဝကကြီးများ၊ ၎င်းတို့၏နောက်လိုက်များနှင့် နောင်းပိုင်းတဖိစီရိန်နှင့် ဟဒီးဆ်ပညာရှင်များ၏ စူရဟ်အန်နဂျ်မ်မှ အာယတ်တော်များအား ကွဲပြားစွာ အဓိပ္ပါယ်ကောက်ယူခြင်းက ပညာရှင်ဆန်သော မေးခွန်းအချို့ ပေါ်ပေါက်စေခဲ့၏။ 'မုရ်ကိလာတုလ်ကုရ်အာန်'က ထိုအာယတ်တော်များကို အဓိပ္ပါယ်ကောက်ယူပုံမှာ အယူအဆကွဲပြားမှုအချို့ကို ပြေလည်သွားစေခဲ့၏။

ထို့နောက် ကျွန်ုပ်၏ အခြားသော ဆရာသခင်တစ်ဦးဖြစ်သူ ရှိုက်ခွလ်အစွလာမ်မောင်လာနာရှဗ်ဗီရ်အာမဒ် အွစ်မာနီ﵀သည် ဆွဟီးဟ်မွတ်စလင်ကျမ်း၏ ရှင်းလင်းဖွင့်ဆိုချက်ဖြစ်သော ၎င်း၏ 'ဖတ်ဟုလ်မူလ်ဟင်မ်'ကို ရေးသားပြုစုခဲ့သောအခါ၊ တမန်တော်မြတ်ﷺ၏ 'အစ်ရာအ်'နှင့် 'မေ့အ်ရာဂျ်' ညဉ့်ခရီးများအကြောင်း ဖော်ပြချက်ကို စူရဟ်အန်နဂျ်မ်၏ အာယတ်တော်များ အကိုးအကားဖြင့် တွေ့ရှိခဲ့သည်။ ပြဿနာ၏ ခက်ခဲနက်နဲမှုကို စဉ်းစားဆင်ခြင်လျက် ၎င်းသည် ကြည်ညိုလေးစားအပ်သော အလ္လာဟ်မဟ်အန်ဝါရှဟ်﵀အား အဓိပ္ပါယ်ကောက်ယူပုံကို ရေးသားပေးပါရန် မေတ္တာရပ်ခံပြီး၊ ၎င်း၏ 'ဖသ်ဟုလ်မူလ်ဟင်မ်'၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပြုလုပ်ခဲ့သည်။ ထို့ပြင် ထိုအဓိပ္ပါယ်ကောက်ယူပုံအတိုင်း ၎င်း၏ 'ဖဝါအိဒွလ်ကုရ်အာန်'၌ ဖော်ပြခဲ့လေသည်။ ဤနည်းဖြင့် ဤသုတေသနသည် ကျွန်ုပ်၏ ထင်ရှားကျော်ကြားဆုံး ဆရာသခင် အတွေ့အကြုံအများဆုံးဆရာနှစ်ပါး၏ တညီတညွတ်တည်းဖြစ်သော အကျိုးရလဒ်ပင်ဖြစ်၏။ ဆက်၍မဖတ်မီ ပညာရှင်နှင့် ရှေ့ဆောင်ကျွမ်းကျင်သူ အားလုံးနီးပါး၏ အသိအမှတ်ပြုခြင်းခံရသော အဓိကအချက်အချို့ကို သိထားရန် လိုအပ်ပေသည်။ (၁) တမန်တော်မြတ်ﷺသည် ဂျိဗရာအီလ်﵇အား ၎င်း၏နဂိုမူလပုံသဏ္ဌာန်ဖြင့် နှစ်ကြိမ်မြင်ခဲ့သည်။ မြင်တွေ့မှုနှစ်ကြိမ်စလုံးကို ဤကဏ္ဍတွင် ဖော်ပြထား၏။ ဒုတိယအကြိမ် မြင်တွေ့ခြင်းသည် သတ္တမမိုးကောင်းကင်မှ 'စစ်ဒ်ရတုလ်မွန်တဟာ'အနီးတွင်ဖြစ်ကြောင်း ကျွန်ုပ်တို့ဆုံးဖြတ်နိုင်သည်။ ဤအဖြစ်အပျက်သည် 'မေ့အ်ရာဂျ်'ညဉ့်၌ ဖြစ်ပေါ်ခဲ့ကြောင်းမှာ ထင်ရှား၏။ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် မြင်ကွင်း၏ အချိန်နှင့်နေရာကို သိရလေသည်။ ပထမအကြိမ်မြင်တွေ့သည့် နေရာနှင့်အချိန်ကိုမူ ဤအာယတ်တော်များဖြင့် မဆုံးဖြတ်

နိုင်ပေ။ သို့သော် ယင်းတို့အား ဆွဟီးဟ်ဗုခါရီမှ 'ထုတ်ပြန်ပို့ချမှု(ဝဟီ) မည်ကဲ့သို့စတင်ခဲ့ပုံ' အခန်းတွင် ဖော်ပြသော ဂျာဗိရ်အိဗ်နုအဗ်ဒွလ္လာဟ်၏ အောက်ပါဆင့်ပြန်ချက်အရ ဆုံးဖြတ်နိုင်သည်။

قال وهو يحدث عن فترة الوحى فقال فى حديثه بينا انا امشى اذ سمعت صوتا من السماء فرفعت بصرى فاذا الملك الذى جاء نى بحراء جالس على كرسى بين السماء والارض فرعبت منه فرجعت فقلت زملونى فانزل الله تعالى يَاأَيُّهَا الْمُدَّثِّرُ قُمْ فَأَنْذِرْ (الى قوله) وَالرُّجْزَ فَاهْجُرْ فحمى الوحى وتتابع

ဂျာဗိရ်အိဗ်နုအဗ်ဒွလ္လာဟ်ﷺ ပြောကြားခဲ့သည်မှာ ဝဟီကျရောက်မှု ခေတ္တရပ်ဆိုင်းသည့် အကြောင်းကို ပြောပြသည့်(တမန်တော်မြတ်)သည် ၎င်း၏ဆင့်ပြန်ချက်၌ မိန့်ကြားခဲ့သည်။ 'ကျွန်ုပ် လမ်းလျှောက်လျက်ရှိစဉ် မိုးကောင်းကင်မှ စကားသံကို ကြားမိသဖြင့် မော့ကြည့်လိုက်ရာ'ဟီရာ' (လိုဏ်ဂူထဲ)တွင် ကျွန်ုပ်၏ရှေ့၌ ပေါ်လာခဲ့ဖူးသော ထိုကောင်းကင်တမန်အား မိုးကောင်းကင်နှင့် ကမ္ဘာမြေတို့ကြားတွင် (တွဲလောင်းကျနေသော)ကုလားထိုင်တစ်လုံးပေါ်၌ထိုင်လျက်သားမြင်တွေ့ခဲ့ရ၏။ ကျွန်ုပ်မှာ ၎င်းကြောင့် အံ့သြတုန်လှုပ်ပြီး အိမ်သို့ပြန်လာကာ 'ကျွန်ုပ်ကို စောင်ခြုံပေးပါ၊ ကျွန်ုပ်ကို စောင်ခြုံပေးပါ။'ဟု ပြောခဲ့၏။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် يَاأَيُّهَا الْمُدَّثِّرُ، قُمْ فَأَنْذِرْ، وَ رَبَّكَ فَكَبِّرْ، وَ ثِيَابَكَ فَطَهِّرْ، وَ الرُّجْزَ فَاهْجُرْ "အို အဝတ်ခြုံသူ၊ အသင်သည်ညဉ့်၌ (ထ၍)ဆွလာတ်ဝတ်ပြု)ပါလေ။ သို့ရာတွင် အနည်းငယ်မျှ (အနားယူ အိပ်စက်ပါလေ)၊ (ဝါ)ညဉ့်ဝက် သို့တည်းမဟုတ်၊ ယင်းညဉ့်ဝက်ထက် အနည်းငယ်လျော့၍။ သို့တည်းမဟုတ် ယင်း ညဉ့်ဝက်ထက်ပို၍ (အနားယူအိပ်စက်ပါလေ)။ ၎င်းပြင် အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အလွန်ကောင်းမွန် ကွဲပြားခြားနား ရှင်းလင်းပီသအောင် အေးအေးဆေးဆေး၊ ဖြည်းဖြည်းမှန်မှန် ဌာန်ကရိဏ်းကျကျ ရွတ်ဖတ်သရဇ္ဈာယ် ပါလေ။ ဇကန်အမှန် ငါအရှင်မြတ်သည် အသင့်အပေါ်ဝယ် လေးလံသောအာယတ်တော်ကို မကြာမြင့်မီပင် ချပေးတော်မူပေမည်။"(၇၄း၁-၅)ကို ပို့ချတော်မူခဲ့လေသည်။

ဤဆင့်ပြန်ချက်က တမန်တော်မြတ်ﷺသည် ဝဟီပို့ချမှု ယာယီရပ်ဆိုင်းစဉ်ကာလက မက္ကာမြို့ထဲ၌ လှည့်လည်နေသခိုက် ဂျိဗ်ရာအီလ်ﷺအား ၎င်း၏နဂိုမူလရုပ်သွင်ဖြင့် ပထမအကြိမ် မြင်တွေ့ခဲ့ကြောင်းကို ညွှန်ပြ၏။ ဤပထမအဖြစ်အပျက်သည် 'မေ့အ်ရာဂျ်'မတိုင်မီ ကမ္ဘာမြေရှိ မက္ကာမြို့၌ ဖြစ်ပျက်ခဲ့ခြင်းကို လည်းကောင်း၊ ဒုတိယအဖြစ်အပျက်သည် 'မေ့အ်ရာဂျ်'တွင် သတ္တမမိုးကောင်းကင်၌ ဖြစ်ပျက်ခဲ့ခြင်းကိုလည်းကောင်း မှန်ကန်ကြောင်း အတည်ပြုလေသည်။

လူအားလုံး သဘောတူညီညွတ်သော အခြားအချက်တစ်ခုမှာ စူရတ်အန်နဂျ်မ်၏ အစပိုင်းအာယတ်တော်များ၊ အနည်းဆုံးအာယတ်တော် (၁၃)မှ(၁၈)ထိသည် 'မေ့အ်ရာဂျ်' အဖြစ်အပျက်နှင့် ဆက်နွယ်ကြောင်းပင်ဖြစ်၏။

ရှေ့မှအချက်များကို ထောက်ရှုလျက် ဆရာသခင် မောင်လာနာစေယစ်ဒ်မုဟမ္မဒ်အန်ဝါရှားကရှ်မိရီﷺက စူရတ်အန်နဂျ်မ်၏အစပိုင်း အာယတ်တော်များကို အောက်ပါအတိုင်း အဓိပ္ပါယ်ကောက်ယူခဲ့သည်။

ကုရ်အာန်က ယင်း၏ပုံမှန်အတိုင်း စူရတ်အန်နဂျ်မ်၏ အစပိုင်းအာယတ်တော်များတွင် အဖြစ်အပျက်နှစ်ခုကို ဖော်ပြ၏။ အဖြစ်အပျက်တစ်ခုသည် ဝဟီပို့ချမှု ခေတ္တပြတ်တောက်သွားသောအခါ၊ တမန်တော်မြတ်ﷺသည် တစ်နေရာသို့သွားနေစဉ် ဂျိဗ်ရာအီလ်ﷺ ၎င်း၏ နဂိုမူလရုပ်သဏ္ဌာန်ဖြင့် မက္ကာမြို့တွင် မြင်တွေ့ခဲ့ခြင်းနှင့် ဆက်နွယ်သည်။

ဤအဖြစ်အပျက်သည် 'အစ်ရာအ်'နှင့် 'မေ့အ်ရာဂျ်'မတိုင်မီ ဖြစ်ပျက်ခဲ့၏။ ဒုတိယအဖြစ်အပျက်သည် 'မေ့အ်ရာဂျ်'ညဉ့်နှင့် ဆက်နွယ်သည်။ ၎င်းသည် ဂျိဗရာအီလ်ﷺအား ၎င်း၏မူရင်းရုပ်သဏ္ဌာန်နှင့်အတူ အခြားသော အလွှာဟ်အရှင်မြတ်၏ အကြီးကျယ်ဆုံး၊ ဒဲ့ံသြဖွယ်အကောင်းဆုံး၊ ဂုဏ်ကျက်သရေအရှိဆုံး နိမိတ်လက္ခဏာအချို့ကိုလည်း မြင်တွေ့ခဲ့ကြောင်း ဖော်ပြ၏။ ထို့ပြင် ဤနိမိတ်လက္ခဏာများတွင် အလွှာဟ်တအာလါ ကိုယ်တော်တိုင်အား ဖူးမြင်ခြင်းလည်း ပါဝင်နိုင်ခြေ ရှိကြောင်းကို ချန်လှပ်ထား၍ မရနိုင်ပေ။

စူရတ်အန်နဂျ်မ်၏ အစပိုင်းအာယတ်တော်များ၏ အဓိကဆိုလိုရင်းမှာ အလွှာဟ့်ရစူလ်တမန်တော်ﷺ၏ တမန် တော်၏ဖြစ်မှုကို အတည်ပြုရန်နှင့် ၎င်း၏ထုတ်ပြန်ချက်များ စစ်မှန်ကြောင်းနှင့် စပ်လျဉ်းသော သံသယကို ဖယ်ရှားရန် ဖြစ်လေသည်။ ဤသို့ကြောင့် ကြယ်တာရာများကို တိုင်တည်၍ ကျိန်ဆိုတော်မူခြင်းဖြစ်၏။ အလွှာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ အွမ္မတ်ကိုပေးသော ၎င်း၏လမ်းညွှန်ချက်များတွင် စေတနာအလျောက် ပြုလုပ်သော အမှားသည် လည်းကောင်း၊ စေတနာမပါဘဲ ပြုလုပ်သော အမှားသည်လည်းကောင်း မပါရှိသည့်ပြင် ၎င်းသည် ၎င်း၏ အလိုသဘော အတိုင်း မည်သည့်အကြောင်းအရာကိုမျှ ပြောကြားခြင်းမပြုကြောင်းဖြစ်၏။ ၎င်းသည် လူများထံသို့ ပို့ဆောင်ရန် အမိန့်ပေးခြင်းခံရသော အရာများကို လုံးဝဖြည့်စွက်ခြင်း၊ နှုတ်ပယ်ခြင်းမပြုဘဲ ထပ်ဆင့်ပေး ပို့ခြင်းသာဖြစ်၏။ ဂျိဗရာအီလ်ﷺသည် တစ်ဆင့်ပို့ပေးရသည့် ကိုယ်စားလှယ်ဖြစ်သောကြောင့် ၎င်း၏ထူးခြားဝိသေသ များနှင့် မြင့်မားသော အဆင့်အတန်းကို အာယတ်တော်များတွင် ဖော်ပြခြင်းဖြစ်သည်။ ဤကောင်းကင်တမန်၏ ကြီး ကျယ်ပုံကို ဖော်ပြခြင်း၏ အခြား အကြောင်းရင်းတစ်ခုမှာ မက္ကာမြို့မှ မုရှ်ရစ်က်များသည် အစ္စရာဖီလ်နှင့် မိကာအီလ်ﷺ ကောင်းကင်တမန်ကြီးများ၏ အကြောင်းကို သိကြသော်လည်း ဂျိဗရာအီလ်ﷺ၏ အကြောင်းကိုမူ မသိကြသောကြောင့် ဤကောင်းကင်တမန်ကြီး၏ ကြီးကျယ်ပုံကို အသိပေးခြင်း ဖြစ်လေသည်။ မည်သည့်အဖြစ်အပျက်၌မဆို ဂျိဗရာအီလ် ﷺ၏ထည်ဝါသော၊ ကြီးကျယ် ခမ်းနားသောဂုဏ်ရည်များကို ပြည်စုံစွာ ဖော်ပြပြီးသည့်နောက် ထုတ်ပြန်ချက်၏ အဓိက အကြောင်းရင်းဆီသို့ အာရုံကို ဆွဲခေါ်သွားလေသည်။

فَاَوْحٰٓى اِلٰى عَبْدِهٖ مَآ اَوْحٰى "ထိုအခါ ထိုအရှင်မြတ်သည် မိမိကျွန်(မုဟမ္မဒ်)ထံသို့ မိမိထုတ်ပြန်(လိုသော) ထုတ်ပြန်ချက်များကို ထုတ်ပြန် တော်မူခဲ့လေ၏။"(၅၃း၁၀)။ ထုတ်ပြန်ချက်၏ စစ်မှန်ခြင်းနှင့် တမန်တော်ဖြစ်ခြင်းများကို အတည်ပြုသော ဖြစ်စဉ်တွင် ဤနေရာထိ ဂျိဗရာအီလ်ﷺ၏ ဂုဏ်ရည်များကို ဖော်ပြသည့် အာယတ်တော်(၁၀)ပါးရှိ၏။ အကယ်၍ ကျွန်ုပ်တို့သည် ဂျိဗရာအီလ်ﷺ၏ ဂုဏ်ရည်များကို စိတ်ဖြာလေ့လာပါက ယင်းတို့သည် ကောင်းကင် တမန်ကြီးနှင့် တိုက်ရိုက်၊ မြင်သာ စွာသက်ဆိုင်ကြောင်းကို တွေ့မြင်ရမည်ဖြစ်၏။ အကယ်၍ ကျွန်ုပ်တို့က ထိုဂုဏ်ရည် များသည် အချို့ရှင်းလင်းဖွင့်ဆို သူများ ပြောသကဲ့သို့ အလွှာဟ်အရှင်မြတ်နှင့် သက်ဆိုင်သည်ဟုဆိုပါက လိုရာကို ဖွတ်ဆွဲ၍ အဓိပ္ပါယ်ကောက်ယူခြင်း မပြုဘဲလျက်မဖြစ်နိုင်ပေ။ ဥပမာ، شَدِيْدُ الْقُوٰى(အလွန်အင်အားကြီးများသူ)، ذُوْ مِرَّةٍ(စွမ်းအင်နှင့် ပြည့်စုံသူ)، ثُمَّ دَنٰى فَتَدَلّٰى(ထို့နောက် ၎င်းသည် ချဉ်းကပ်လာခဲ့၏။ ဆင်းသက်လာခဲ့၏။) فَكَانَ قَابَ قَوْسَيْنِ اَوْ اَدْنٰى(လေးနှစ်ပြန်မျှသာ ကွာဝေးတော့၏။ ထို့ထက်ပင်ပို၍နီးကပ်စွာ ရှိခဲ့လေသည်။)စသည့် စကားရပ်များ ကို အလွှာဟ် အရှင်မြတ်အတွက် သုံးနိုင်သည့်တိုင် အတင်းဖြစ်ညှစ်၍ အဓိပ္ပါယ်ကောက်ယူခြင်းမပြုဘဲ မဖြစ်နိုင်ပေ။ သို့ရာတွင် ထိုစကားရပ်များသည် ချဲ့ကားသော အဓိပ္ပါယ်ကောက်ယူမှုမပါဘဲ ဂျိဗရာအီလ်ﷺအတွက် ဆီလျော်စွာ အသုံးပြုနိုင်လေ သည်။ ထို့ကြောင့် နီးကပ်ခြင်း၊ ကပ်လျက်တည်ရှိခြင်ဟူသော ရည်ညွှန်းချက်ပါရှိသည့် အစပိုင်း အာယတ်တော်များသည် ဂျိဗရာအီလ်ﷺအား 'မြင်တွေ့ခြင်း'ကိုရည်ညွှန်းရန် ပို၍သင့်လျော်ပေသည်။

သို့ရာတွင် အာယတ်တော်(၁၁) مَا كَذَبَ الْفُؤَادُ مَا رَاٰى (စိတ်နလုံးသည် တွေ့မြင်ခဲ့သော အရာများနှင့် စပ်လျဉ်း၍ မှားယွင်းခြင်းမရှိခဲ့ပေ။)မှ အာယတ်တော် (၁၈) لَقَدْ رَاٰى مِنْ اٰيٰتِ رَبِّهِ الْكُبْرٰى (ဇကန်မလွဲ ထိုအဖော်သည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ကြီးကျယ်လှစွာသော သက်သေလက္ခဏာတော်များကို တွေ့မြင်ခဲ့သည်မှာ မှန်ပေသည်။)ထိသည် ကြီးကျယ်ဆုံးသော သက်သေလက္ခဏာ 'အစ်ရာအ်'နှင့် 'မေ့အ်ရာဂျ်' အဖြစ် အပျက်များ အကြောင်းကို ဖော်ပြ၏။ ဤကောက်နတ်ချက်၌လည်း ဂျိဗရာအီလ်ﷺအား မြင်တွေ့ခြင်းကို ဖော်ပြသော်လည်း ထိုသို့ မြင်တွေ့ခြင်းမှာ ကြီးကျယ်လှသော သက်သေလက္ခဏာများ၏ အစိတ်အပိုင်းတစ်ခုသာလျှင်ဖြစ်သည်။ 'အကြီးကျယ်ဆုံး သက်သေလက္ခဏာများတွင် 'ရှအ်ယတ်' အလွှာဟ်အရှင်မြတ်အား (မြင်တွေ့ခြင်း) ပါဝင်သည့် ဖြစ်နိုင်ခြေကို ပယ်ဖျက်၍ မရနိုင်ပေ။ ထိုအကြောင်းကို စစ်မှန်သော ဟဒီးဆ်တော်များနှင့် မြင့်မြတ်သော သာဝကကြီးများ၊ ၎င်းတို့၏ နောက်လိုက် များ၏ အယူအဆများက ထောက်ခံကြသောကြောင့် လျစ်လျူရှုရန် သို့မဟုတ် မသိကျိုးကျွံပြုရန်မှာ မဖြစ်နိုင်ပေ။ مَا كَذَبَ الْفُؤَادُ مَا رَاٰى "(ထိုအသင်တို့အဖော်၏) စိတ်နလုံးသည် တွေ့မြင်ခဲ့သော အရာများနှင့် စပ်လျဉ်း၍ မှားယွင်းခြင်းမရှိခဲ့ပေ။" (၅၃း၁၁)သည် တမန်တော်မြတ်ﷺ ၎င်း၏မျက်စိများဖြင့် မြင်တွေ့ခဲ့သော အရာကို ၎င်း၏စိတ်နလုံးက ၎င်းသည် အမှားအယွင်းမရှိ၊ မှန်ကန်စွာဖြင့် တွေ့ခဲ့ကြောင်းကို အတည်ပြုခြင်းဖြစ်၏။ 'မာကသဗ' ဤအနေအထားကို ဖော်ပြပြီး၊ 'မာ' (မည်သည့်အရာမဆို)ဟူသော ယေဘုယျပုဒ်က 'မေ့အ်ရာဂျ်'ညွှန်၌ ဂျိဗရာအီလ်ﷺနှင့် အခြားမြင်တွေ့ရသမျှအပြင် အလွှာဟ်အရှင်မြတ် ကိုယ်တော်တိုင်အား ဖူးမြင်ခြင်းကို ရည်ညွှန်း၏။ ဤအကြောင်းကို အာယတ်တော်(၁၂) اَفَتُمٰرُوْنَهٗ عَلٰى مَا يَرٰى (အသင်တို့သည် ထိုအဖော်နှင့် ၎င်းတွေ့မြင်ခဲ့သော အရာများတွင် အငြင်းအခုံပြုကြလေသလော။)က ထောက်ခံလေသည်။ ဤအာယတ်တော်က မက္ကာမြို့မှ မုရှ်ရစ်ကိုအား ၎င်းတို့အနေဖြင့် ၎င်းမြင်တွေ့ခဲ့သောအရာ သို့မဟုတ် အနာဂတ်တွင် မြင်တွေ့ရမည့် အရာတိုင်းနှင့် စပ်လျဉ်း၍ ငြင်းခုံခြင်း သို့မဟုတ် အယုံအကြည်ကင်းမဲ့ခြင်း မဖြစ်ကြသင့်ကြောင်းကို မိန့်တော်မူခြင်းဖြစ်၏။ ၎င်းမြင် တွေ့ခဲ့သော အရာရာတိုင်းသည် လည်းကောင်း၊ နောင်တွင် ၎င်းမြင်တွေ့ရမည့် အရာမှန်သမျှသည် လည်းကောင်း အစစ်အမှန်ဖြစ်ပေသည်။ ဤအာယတ်တော်က (အတိတ်ဖြစ်ပြီး ကာလကိုသုံးလျက်) قَدْ رَاٰى 'ကဒ်ရအာ' (.... ၎င်း မြင်တွေ့ခဲ့သည်) ဟုမဆိုဘဲ عَلٰى مَا يَرٰى 'အလာမာယရာ' (.... မြင်တွေ့လိမ့်မည်)ဟု ဘာသာပြန်ဆိုနိုင်သော (အနာဂတ်ကာလကိုသုံးလျက်) မိန့်ဆိုခြင်းမှာ ၎င်းသည် 'မေ့အ်ရာဂျ်'ညွှန်၌ ၎င်းကိုတွေ့မြင်လိမ့်မည်ဟု ဘာသာပြန်ဆိုခြင်းဖြစ်၏။ ဤသို့ဖြင့် အာယတ်တော်(၁၃) وَلَقَدْ رَاٰهُ نَزْلَةً اُخْرٰى (ထိုမှတပါး ထိုအဖော်သည် ထို(ကောင်းကင်တမန်)အား ဒုတိယအကြိမ် ဆင်းသက်ရာ၌ မုချဇကန် မြင်တွေ့ ခဲ့သည်)သည် ဤအချက်တွင် ရှင်းလင်းတိကျပေသည်။ ဤအာယတ်တော်၌လည်း ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်ကောက်ယူခြင်းနှစ်မျိုးရှိ၏။ (၁) ၎င်းသည် ဂျိဗရာအီလ်ﷺကို မြင်တွေ့ခဲ့သည်။ (၂) ၎င်းသည် အလွှာဟ်အရှင်မြတ်ကို ဖူးမြင်ခဲ့သည်။ ဂျိဗရာအီလ်ﷺအား ၎င်းမြင်တွေ့ခဲ့ခြင်းသည် မည်သည့်ပညာရှင်အတွက်မဆို ကောင်းစွာထင်ရှား၏။ သို့သော် ၎င်းသည် အလွှာဟ်အရှင်မြတ်ကို ဖူးမြင်ခဲ့သည်ဆိုသော အချက်နှင့် စပ်လျဉ်း၍ အရိပ်အမြွက်တစ်ခုလည်း ပါရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဖူးမြင်ခြင်းသည် အလွှာဟ်အရှင်မြတ်နှင့် နီးကပ်မှု၊ နီးကပ်စွာတည်ရှိမှုကို လိုအပ်သောကြောင့်ဖြစ်၏။ ထို့ပြင် အာယတ်တော်(၁၄) عِنْدَ سِدْرَةِ الْمُنْتَهٰى ('စစ်ဒ်ရတုလ်မွတ်တဟာ' အထက် ကမ္ဘာမှ ဆီးပင်အနီး၌)က ဤနီးကပ်မှုကို ညွှန်ပြ၏။ ဆိုလိုသည်မှာ တမန်တော်မြတ်ﷺသည် 'စစ်ဒ်ရတုလ်မွန်တဟာ' အနီး၌ရှိခဲ့ပြီး၊ အလွှာဟ်အရှင်မြတ်နှင့် နီးကပ်ခြင်း၏ မြင့်မားသောအဆင့်သို့ ရောက်ခဲ့ပြီးသောအခါ၊ ၎င်းသည် အလွှာဟ်အရှင်မြတ်အား ဖူးမြင်ခဲ့လေသည်။ အလွှာဟ် အရှင်မြတ်အား ဖူးမြင်ခြင်းအယူအဆကို အောက်တွင်ကိုးကားသော ဟဒီးဆ်တော်က ထောက်ခံလေသည်။

وَاَتَيْتُ سِدْرَةَ الْمُنْتَهٰى فَغَشِيَتْنِيْ ضَبَابَةٌ خَرَرْتُ لَهَا سَاجِدًا وَهٰذِهِ الضَّبَابَةُ هِيَ الظُّلَلُ مِنَ الْغَمَامِ الَّتِيْ فِيْهَا اللّٰهُ وَيَتَجَلّٰى

'စစ်ဒ်ရတုလ်မွန်တဟာ'အနီးသို့ ကျွန်ုပ်ရောက်ရှိသောအခါ၊ ကျွန်ုပ်သည် တိမ်ကဲ့သို့သော အရာမျိုး၏အုပ်မိုး ခြင်းကိုခံရပြီး၊ ထိုအတွက် ကျွန်ုပ်သည် ပျပ်ဝပ်ဦးချလျက်သား ဖြစ်သွားခဲ့သည်။ ရှင်ပြန်ထမည့်နေ့တွင် တိမ်ကဲ့သို့သော အရာမျိုးက လွှမ်းခြုံလိမ့်မည်ဖြစ်ပြီး၊ ထိုအထဲတွင် ထိုအရှင်မြတ်၏ ကြီးကျယ်ခမ်းနားသော ဆင်းသက်မှုကို ပြသတော် မူလိမ့်မည်ဖြစ်၏။

ထိုနည်းတူ အာယတ်တော်(၅၃း၁၇) مَا زَاغَ الْبَصَرُ وَمَا طَغٰى (မျက်စိများသည် သွေဖျော်ခဲ့သည်လည်းမရှိ၊ အကန့်အသတ်ကို ကျော်လွန်ခြင်းလည်း မရှိခဲ့ချေ။)တွင် (၁) ဂျိဗရာအီလ်ﷺအား မြင်တွေ့ခြင်းနှင့် (၂) အလ္လာဟ်အရှင်မြတ်အား ဖူးမြင်ခြင်းတည်းဟူသော ဖြစ်နိုင်ခြေနှစ်ခု ပါဝင်သည်။ ထို့ပြင် ဤမြင်တွေ့မှုသည် နီးထနေသော အခြေအနေတွင် ၎င်း၏မျက်စိများဖြင့် မြင်တွေ့ခြင်းဖြစ်ပြီး၊ အိပ်မက်တစ်ခု၏ အတွေ့အကြုံမျိုးမဟုတ်ကြောင်း အာယတ်တော်က သက်သေခံလေသည်။

အချုပ်အားဖြင့် 'မေ့အ်ရာဂျ်'ညဉ့်တွင် မြင်တွေ့ခြင်းနှင့် သက်ဆိုင်သည့် စကားလုံးများ ပါဝင်သော အာယတ်တော်များက ဂျိဗရာအီလ်ﷺအား မြင်တွေ့ခြင်းနှင့် အလ္လာဟ်တအာလာကိုယ်တော်တိုင်အား ဖူးမြင်ခြင်းတို့၏ ဖြစ်နိုင်ခြေမှာ အညီအမျှရှိကြောင်းကို ဖော်ပြ၏။ အခြားပညာရှင်များကလည်း အလ္လာဟ်အား ဖူးမြင်ခြင်းအဖြစ် အာယတ်တော်များကို အဓိပ္ပါယ်ကောက်ယူကြသည်။ ကုရ်အာန်၏ စကားအသုံးအနှုန်းကလည်း ဤသို့ အဓိပ္ပါယ်ကောက်ယူရန် ဖြစ်နိုင်ပေသည်။

ဖန်ဆင်းရှင်အား ပီတိလွှမ်းသော ဖူးမြင်ခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

သာဝကကြီးအားလုံး၊ ၎င်းတို့နှင့် အနီးကပ်ဆုံး နောက်လိုက်များနှင့် အွမ္မတ်အများစုသည် ဂျန္နတ်သုခဘုံသားများနှင့် ယုံကြည်သက်ဝင်သူများသည် အလ္လာဟ်အရှင်မြတ်အား ဖူးမြင်ကြရလိမ့်မည်ဟု ယေဘုယျအားဖြင့် သဘောတူညီကြ၏။ စစ်မှန်သော ဟဒီးဆ်တော်များက ဤအချက်နှင့် အမှန်တရားကို သက်သေထွက်ဆိုသည်။ အလ္လာဟ်အရှင်မြတ်အား ဖူးမြင်ခြင်းနှင့် တွေ့ဆုံခြင်းမှာ မဖြစ်နိုင်သည်မဟုတ်ကြောင်း ယင်းတို့ကညွှန်ပြ၏။ သို့ရာတွင် ဤလောကီလူဘုံ၌ ထိုအရှင်မြတ်အားဖူးမြင်ရန် လူသား၏အမြင်အာရုံသည် ခံနိုင်ရည်မရှိပေ။ အဘယ်ကြောင့်ဆိုသော် မျက်စိများ၏ မြင်နိုင်စွမ်းသည် ထိုမျှလောက် မထက်မြက်သောကြောင့်ဖြစ်၏။ သို့ဖြစ်၍ ဤလောကတွင် မည်သူမျှ အလ္လာဟ်အရှင်မြတ်အား ဖူးမြင်နိုင်ခြင်းမရှိပေ။ တမလွန်နှင့်စပ်လျဉ်း၍ ကုရ်အာန်က မိန့်ဆိုသည်မှာ-

فَكَشَفْنَا عَنْكَ غِطَآءَكَ فَبَصَرُكَ الْيَوْمَ حَدِيْدٌ

"သို့ဖြစ်ပေရာ (ယခုမူ) ငါအရှင်မြတ်သည် အသင့်ပေါ်မှ အကွယ်အကာကို ဖယ်ရှား၍ပေးတော်မူလိုက်ပြီ။ ထို့ကြောင့် ယနေ့သော်ကား အသင်၏မြင်နိုင်သောသတ္တိမှာ ထိုးဖောက်၍ မြင်နိုင်စွမ်းရှိနေပြီ ဖြစ်ပေသတည်း။"(၅၀း၂၂)

ဤလောက၌ အလ္လာဟ်အရှင်မြတ်အား ဖူးမြင်ရန်မှာ မည်သည့်လူသားအတွက်မျှ မဖြစ်နိုင်ကြောင်း ကြည်ညိုလေးစားအပ်သော အီမာမ်မာလစ်ﷺက ပြောကြား၏။ အဘယ်ကြောင့်ဆိုသော် ၎င်း၏အမြင်အာရုံသည် ပျက်စီးလွယ်ပြီး၊ အလ္လာဟ်အရှင်မြတ်သည် ထာဝရတည်မြဲသောကြောင့် ဖြစ်လေသည်။ တမလွန်၌ လူသားသည် မပျက်စီး

နိုင်သော အမြင်အာရုံကို ပေးသနားတော်မူခြင်း ခံရမည်ဖြစ်၍ မည်သည့်အရာကမျှ အလ္လာဟ်အရှင်မြတ်အား ဖူးမြင်ခြင်းကို တားဆီးနိုင်လိမ့်မည် မဟုတ်ပါချေ။ ကြည်ညိုလေးစားအပ်သော ကာဒီအိုင်ယာဒ်ကလည်း အလားတူ ပြောကြားလေသည်။ မွတ်စလင်ကျမ်းတွင် ပါရှိသော ဆင့်ပြန်ချက်တစ်ရပ်က ထိုအချက်ကို အောက်ပါစကားလုံးများဖြင့် ရှင်းလင်းတိကျစွာ ဖော်ပြ၏။

وَاعْلَمُوْا اَنَّكُمْ لَنْ تَرَوْا رَبَّكُمْ حَتّٰى تَمُوْتُوْا

ထို့ပြင် သင်တို့သည် သင်တို့၏ ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား သင်တို့ သေဆုံးသည့်တိုင် ဖူးမြင်ကြရလိမ့်မည် မဟုတ်ကြောင်းကိုသိကြပါ၏လော။(ဖသ္ဝလ်ဟာရီ၊ တွဲ-၈၊ စာ-၄၉၃)

ဤသည်က အကယ်၍ တမန်တော်မြတ်ﷺသည် သာမန်ထက်ပို၍ အစွမ်းထက်သော အမြင်အာရုံကို ပေးသနားခြင်းခံရပါက ထူးခြားသော အချိန်အခါတစ်ခုတွင် ၎င်းသည် အလ္လာဟ်အရှင်မြတ်အား ဖူးမြင်ခွင့်ရနိုင်ကြောင်းကို ညွှန်ပြ၏။ သို့သော် မိုးကောင်းကင်သို့တက်သောညဉ့်တွင် ၎င်းသည် မိုးကောင်းကင်များ၊ ဂျန္နတ်နှင့် ဂျဟန္နမ်တို့အပြင် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များနှင့် ထိုအရှင်မြတ်၏ တန်ခိုးတော်၏ ထင်ရှားပြသမှုများကို မြင်တွေ့ရန်နှင့် အသိသက်သေဖြစ်ရန် အထူးခြားဆုံးပုံစံဖြင့် ဤလောကမှ ခေါ်ယူခြင်းခံခဲ့ရသည်။ ဤဖြစ်ရပ်တွင် အလ္လာဟ်အရှင်မြတ်အား ဖူးမြင်ခြင်းသည် ယေဘုယျစည်းမျဉ်းဥပဒေမှ ခြွင်းချက်တစ်ရပ်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် လောကီလူဘုံ၏အပြင်သို့ ရောက်နေသောကြောင့် ဖြစ်လေသည်။ ဤနည်းအားဖြင့် အလ္လာဟ်အရှင်မြတ်အား ဖူးမြင်နိုင်ခြေရှိကြောင်းကို အတည်ပြုခဲ့ပြီးဖြစ်၏။

ယခုအချိန်ထိ ကျွန်ုပ်တို့သည် ဖြစ်နိုင်ခြေရှိကြောင်းကို သက်သေပြခဲ့သည်။ သို့သော် မေးခွန်းမှာ အလ္လာဟ်အရှင်မြတ်အား အမှန်တကယ် ဖူးမြင်ခဲ့ရပါသလား ဆိုခြင်းပင်ဖြစ်၏။ ဤကိစ္စတွင် ဟဒီးဆ်တော်များ ကွဲလွဲကြသည့်ပြင် ကုရ်အာန်အာယတ်တော်များကိုလည်း နှစ်မျိုးအဓိပ္ပါယ်ကောက်ယူကြ၏။ ထို့ကြောင့် ဤမေးခွန်းသည် သာဝကကြီးများ၊ ၎င်းတို့၏ နောက်လိုက်များနှင့် သာသနာ့ခေါင်းဆောင်များကြား၌ အချေအတင် ငြင်းခုံစရာ အမြဲပင်ဖြစ်ခဲ့သည်။ အိပ်နကဆီးရ်က ပြောကြားသည်မှာ ဤအာယတ်တော်များ၏ အဓိပ္ပါယ်ကောက်ယူမှု၌ သာဝကကြီး အပ်ဒွလ္လာဟ်အိပ်နအဗ္ဗာစ်ﷺက တမန်တော်မြတ်ﷺသည် အလ္လာဟ်အရှင်မြတ်အား ဖူးမြင်ခဲ့ခြင်းမှာ မှန်ကန်ကြောင်း အတည်ပြုခဲ့ပြီး၊ ဖြောင့်မှန်သော ရှေးသူပေါင်းအုပ်စုတစ်ခုက ၎င်း၏နောက်သို့ လိုက်ပါခဲ့ကြသည်။ အခြားသော သာဝကကြီးများနှင့် ၎င်းတို့၏ နောက်လိုက်အုပ်စုများကမူ ဤအယူအဆနှင့် ကွဲလွဲခဲ့ကြသည်။ ၎င်းကဆက်၍ အုပ်စုနှစ်ခုစလုံး၏ အထောက်အထားများကို သက်သေပြခဲ့လေသည်။

အလားတူပင် ဟာဖစ်ﷺက ဖသ်ဟုလ်ဗာရီ (တွဲ-၈၊ စာ-၄၉၄)မှ စူရဟ်အန်နဂျ်မ်၏ တဖ်စီရ်၌ သာဝကကြီးများနှင့် ၎င်းတို့၏ နောက်လိုက်များကြားမှ ကွဲပြားချက်များကို တင်ပြီးနောက် ကွဲလွဲသော ရှုထောင့်များကို ညှိနှိုင်းပေးသော မိန့်ဆိုချက်အချို့ကို ကိုးကားဖော်ပြခဲ့သည်။ ၎င်းကဆက်၍ ပြောသည်မှာ ကုရ်တူဗီသည် ၎င်း၏အလုပ် 'မုဖ်ဟင်မ်'၌ ဤကိစ္စနှင့်စပ်လျဉ်း၍ ဆိတ်ဆိတ်နေပြီး၊ တစ်ခုခုကို ဆုံးဖြတ်ချက်မပေးရန် ဆန္ဒရှိ၏။ အဘယ်ကြောင့်ဆိုသော် ဤမေးခွန်းသည် ကျွန်ုပ်တို့၏ လက်တွေ့ဘဝနှင့် မသက်ဆိုင်သောကြောင့် ကျွန်ုပ်တို့၏ သီးသန့်ဦးတည်ချက်ကိုသာ ရွေးချယ်ရမည်ဖြစ်၏။ မေးခွန်းသည် ကျွန်ုပ်တို့၏ ယုံကြည်မှုစနစ်နှင့် သက်ဆိုင်သော ကိစ္စမျိုးဖြစ်ပါက ခိုင်လုံသော သက်သေအထောက်အထားကို လိုအပ်၏။ ခိုင်လုံစွာ သက်သေပြနိုင်ခြင်းမရှိသော မည်သည့်ကိစ္စမျိုးတွင်မဆို စည်းကမ်းမှာ ဆိတ်ဆိတ်နေရန်ဖြစ်၏။ ဤသည်မှာ ယခုကိစ္စရပ်နှင့် ပတ်သက်၍ ကျိုးကြောင်းဆီလျော်ပြီး၊ သတိ

ထားသော ချဉ်းကပ်မှုဖြစ်သည်ဟု စာရေးသူက ယုံကြည်ပေသည်။ ထို့ကြောင့် အုပ်စုနှစ်ခု၏ အကြောင်းပြချက်များကို မဖော်ပြတော့ခြင်းဖြစ်၏။ အလ္လာဟ်အရှင်မြတ် အသနဉ့်ရှင်းစင်ကြယ်ဆုံးနှင့် အသိဆုံးဖြစ်တော်မူသည်။

အာယတ်တော် (၁၉-၂၈)

أَفَرَءَيْتُمُ اللَّٰتَ وَالْعُزَّىٰ ﴿١٩﴾ وَمَنَوٰةَ الثَّالِثَةَ الْأُخْرَىٰ ﴿٢٠﴾ أَلَكُمُ الذَّكَرُ
وَلَهُ الْأُنثَىٰ ﴿٢١﴾ تِلْكَ إِذًا قِسْمَةٌ ضِيزَىٰ ﴿٢٢﴾ إِنْ هِيَ إِلَّا أَسْمَاءٌ سَمَّيْتُمُوهَا
أَنتُمْ وَءَابَاؤُكُم مَّا أَنزَلَ اللَّهُ بِهَا مِن سُلْطَٰنٍ ۚ إِن يَتَّبِعُونَ إِلَّا الظَّنَّ وَمَا
تَهْوَى الْأَنفُسُ ۖ وَلَقَدْ جَاءَهُم مِّن رَّبِّهِمُ الْهُدَىٰ ﴿٢٣﴾ أَمْ لِلْإِنسَٰنِ مَا
تَمَنَّىٰ ﴿٢٤﴾ فَلِلَّهِ الْءَاخِرَةُ وَالْأُولَىٰ ﴿٢٥﴾ وَكَم مِّن مَّلَكٍ فِي السَّمَٰوَٰتِ لَا تُغْنِي
شَفَٰعَتُهُمْ شَيْـًٔا إِلَّا مِنۢ بَعْدِ أَن يَأْذَنَ اللَّهُ لِمَن يَشَآءُ وَيَرْضَىٰٓ ﴿٢٦﴾ إِنَّ
الَّذِينَ لَا يُؤْمِنُونَ بِالْءَاخِرَةِ لَيُسَمُّونَ الْمَلَٰٓئِكَةَ تَسْمِيَةَ الْأُنثَىٰ ﴿٢٧﴾ وَ
مَا لَهُم بِهِۦ مِنْ عِلْمٍ ۖ إِن يَتَّبِعُونَ إِلَّا الظَّنَّ ۖ وَإِنَّ الظَّنَّ لَا يُغْنِي مِنَ الْحَقِّ
شَيْـًٔا ﴿٢٨﴾

သို့ဖြစ်ပေရာ အသင်တို့သည် 'လားတ်'နှင့်စပ်လျဉ်း၍ လည်းကောင်း၊ 'အွဇ္ဇာ'နှင့် စပ်လျဉ်း၍ လည်းကောင်း။ [၁၉] အခြားတတိယမြောက်ဖြစ်သော 'မနားတ်'နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဆင်ခြင်သုံးသပ် ခြင်းကို ပြုခဲ့ကြလေသလော။[၂၀] အသင်တို့၌ သားယောကျ်ားကလေးများ ရှိကြ၍ ထိုအရှင်မြတ်၌ သမီးမိန်းကလေးများ ရှိကြလေသလော။[၂၁] ဤသည်ကား လွန်စွာမမျှတသော ခွဲဝေမှုပင်။[၂၂] ယင်း(ဆိုခဲ့ပြီးသော ရုပ်တု)တို့မှာ အသင်တို့ကိုယ်တိုင်သည် လည်းကောင်း၊ အသင်တို့၏ အဖ၊ ဘိုးဘေးတို့သည် လည်းကောင်း၊ မှည့်ခေါ်ထားသော အမည်နာမများသာလျှင် ဖြစ်ကြကုန်၏။ အလ္လာဟ်အရှင်မြတ်သည် ယင်းတို့(ကိုကိုးကွယ်ရန်)နှင့် စပ်လျဉ်း၍ မည်သည့် သက်သေသာဓက တစ်စုံတစ်ရာကိုမျှပင် ချပေးတော်မူခဲ့သည် မဟုတ်ပေ။ ထိုသူတို့ကား ရမ်းဆ ထင်မြင်ချက်နှင့် စိတ်အလိုဆန္ဒများကိုသာလျှင် လိုက်နာလျက် ရှိကြကုန်၏။ အမှန်မှာ ၎င်းတို့ထံသို့ ၎င်းတို့၏ အရှင်ထံမှ အမှန်တရားသည် ရောက်ရှိလာခဲ့ချေပြီ။[၂၃] 'မနဿ'လူသား၌ ၎င်းအာသာ ဆန္ဒရှိသမျှ ရရှိလေသလော။[၂၄] စင်စစ်မှာကား တမလွန်ဘဝသည်လည်းကောင်း၊ လောကီဘဝ သည်လည်းကောင်း၊ အလ္လာဟ် အရှင်မြတ်(၏လက်တော်တွင်း)၌သာရှိ၏။[၂၅] စင်စစ်သော်ကား မိုးကောင်းကင်များ၌ မြောက်မြားစွာသော ကောင်းကင်တမန်တို့သည် ရှိကြကုန်၏။ (သို့ရာတွင်) ၎င်းတို့၏ ကြားဝင်အသနားခံပေးမှုသည်ပင် အလ္လာဟ်အရှင်မြတ်က မိမိအလိုရှိ တော်မူ၍ ကျေနပ် တော်မူသောသူနှင့်ပတ်သက်၍ ခွင့်ပြုတော်မူပြီး နောက်မှသာလျှင် အသုံးဝင်နိုင် အံ့သတည်း။[၂၆]

ဓကန်စင်စစ် 'အာခိရတ်'တမလွန်ကို မယုံကြည်သော သူတို့သည် 'မလာအိကဟ်' ကောင်းကင်တမန်တို့အား မိန်းမများ၏အမည်နာမများဖြင့် မှည့်ခေါ်ကြကုန်၏။[၂၇] စင်စစ်သော်ကား ဤသည်နှင့်စပ်လျဉ်း၍ ၎င်းတို့၌ မည်သည့်သက်သေ အထောက်အထား အသိပညာမျှမရှိပြီ။ ၎င်းတို့သည် ရမ်းဆထင်မြင်မှုကိုသာလျှင် လိုက်နာကြကုန်၏။ သို့ရာတွင် ရမ်းဆထင်မြင်မှုမှာ အမှန်တရားနှင့် ယှဉ်ပြိုင်၍ လုံးဝအသုံးဝင်သည် မဟုတ်ပေ။[၂၈]

ရုပ်တုကိုးကွယ်မှုကို ငြင်းဆိုချေပခြင်း

အလျင်အာယတ်တော်များက အလ္လာဟ်အရှင်မြတ်၏ ဂုဏ်ကျက်သရေတော်၊ ကြီးကျယ်ခမ်းနားခြင်းနှင့် သိက္ခာတော်များကို အတိအကျ ထုတ်ဖော်ကြေညာတော်မူခဲ့သည်။ ထိုအာယတ်တော်များက ဆက်၍ မုဟမ္မဒ်ﷺ၏ ရဿူလ်တမန်တော်နှင့် နဗီတမန်တော်ဖြစ်မှု မှန်ကန်ကြောင်းကို လည်းကောင်း၊ ၎င်း၏ထုတ်ပြန်ချက်များသည် မူရင်းအတိုင်းဖြစ်ကြောင်းကို လည်းကောင်း အသေးစိတ်အတည်ပြုခဲ့သည်။ ယခုအာယတ်တော်နှစ်ပါးက မက္ကာမြို့သားမှုရှုရစ်ကတို့အား သိမ်မွေ့စွာ ပြစ်တင်မောင်းမဲလေသည်။ ကြီးကျယ်တော်မူသော၊ တန်ခိုးကြီးမားတော်မူသော ဖန်ဆင်းရှင်နှင့် အရှင်သခင်တစ်ပါးကို မြတ်နိုးကြည်ညိုရမည့်အစား ၎င်းတို့သည် သက်သေအထောက်မရှိပါလဲလျက် သစ်သား သို့မဟုတ် ကျောက်တုံးဖြင့် ပြုလုပ်ထားသည့် နတ်ဘုရားများကို မြေကြီးနှင့်ထိခမန်း ကိုယ်ကိုကိုင်းညွှတ်၍ ရှိခိုးပူဇော်နေခဲ့ကြသည်ဟု အာယတ်တော်က ဆိုလိုခြင်းဖြစ်၏။ ၎င်းတို့က ကောင်းကင်တမန်များသည် ဘုရားသခင်၏ သားသမီးများ ဖြစ်ကြသည်ဟု စွပ်စွဲပြောဆိုခဲ့ကြသည်။ အချို့ဆင့်ပြန်ချက်များအရ ဤရုပ်တုများသည် ဘုရားသခင်၏ သမီးတော်များ ဖြစ်ကြသည်ဟူ၍လည်း ၎င်းတို့က စွပ်စွဲခဲ့ကြသည်။

အာရေဗီးယားမှ မုရှ်ရစ်ကျမ်းများတွင် ၎င်းတို့ကိုးကွယ်သည့် မရေမတွက်နိုင်သော ရုပ်တုများ ရှိခဲ့ကြသည့်အနက် ရုပ်တု(၃)ခုသည် အထင်ရှားဆုံးဖြစ်ပြီး၊ အင်အားကြီးသော၊ တန်ခိုးဩဇာကြီးသော မျိုးနွယ်စုများ၏ ကိုးကွယ်ခြင်းကို ခံရသည်။ ထိုရုပ်တု(၃)ခုမှာ လာတ်၊ အွဇ္ဇာနှင့် မနာတ်တို့ ဖြစ်ကြသည်။ လာတ်သည် သာကိဖ်မျိုးနွယ်စု၏ရုပ်တု သို့မဟုတ် တွာအစ်ဖ်တွင် နေထိုင်သူများ၏ရုပ်တုဖြစ်ပြီး၊ အွဇ္ဇာသည် ကုရိုက်ရှ်တို့၏ ရုပ်တုဖြစ်ကာ၊ မနာတ်သည် ဗနူဟိလာလ်၏ ရုပ်တုဖြစ်၏။ ၎င်းတို့သည် ရုပ်တုများအတွက် နေအိမ်များကို ကအ်ဗဟ်နှင့်တူအောင် ဆောက်လုပ်ခဲ့ကြသည်။ ယင်းတို့အား မက္ကာမြို့ကို အောင်နိုင်ပြီးနောက် တမန်တော်မြတ်ﷺသည် ဖြိုဖျက်ချခဲ့လေသည်။ (ကုရ်တူဗီ)

قِسْمَةٌ ضِيْزٰى "ဤသည်ကား လွန်စွာမမျှတသော ခွဲဝေမှုပင်။"(၅၃း၂၂)။ 'သီဉဇ'သည် မမျှမတပြုမူသည် သို့မဟုတ် လုပ်ဆောင်သည် သို့မဟုတ် တစ်ဦးတစ်ယောက်၏ ရပိုင်ခွင့်ကို လှည့်ဖြားလိမ်ညာ၍ယူသည်ဟု ဆိုလို၏။ ထို့ကြောင့် သာဝကကြီး အိဗ်နုအဗ္ဗာစ်ﷺက ထိုစကားလုံးအား မတရားသော သို့မဟုတ် မမျှတသော ခွဲဝေမှုဟု အဓိပ္ပာယ်ကောက် ယူခြင်းဖြစ်၏။

'ဇွာန်'အမျိုးအစားများ

اِنْ يَّتَّبِعُوْنَ اِلَّا الظَّنَّ ۚ وَاِنَّ الظَّنَّ لَا يُغْنِيْ مِنَ الْحَقِّ شَيْـًٔا .... "သို့ရာတွင် ရမ်းဆတင်ပြမှုမှာ အမှန် တရားနှင့် ယှဉ်ပြိုင်၍ လုံးဝအသုံးဝင်သည် မဟုတ်ပေ။"(၅၃း၂၈)။ အာရေဗီစကားလုံး 'ဇွာန်'အား အဓိပ္ပါယ်အမျိုးမျိုးဖြင့် သုံးကြ၏။ ယင်းတို့အနက် တစ်ခုမှာ အခြေအမြစ်မရှိသော ထင်မြင် ချက်များဖြစ်၏။ ဤအာယတ်တော်၌ ဤအဓိပ္ပါယ် ဖြင့် သုံးခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အခြေအမြစ်မရှိသော ထင်မြင်မှုများမှာ ရုပ်တုကိုးကွယ်ခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်ဖြစ်၏။ အာယတ်တော်က ဤအကြောင်းတရားကို ဖယ်ရှားလိုခြင်းဖြစ်၏။ 'ဇွာန်' အား 'ယကီန်'

၏ ဆန့်ကျင်ဘက်စကားလုံးအဖြစ်လည်း သုံးကြ၏။ 'ယကီန်'သည် အမှန်တကယ်တည်ရှိသော အရာတစ်ခု အကြောင်းကို သေချာပေါက် သို့မဟုတ် ခိုင်မာစွာ သိနားလည်ခြင်းဖြစ်ပြီး၊ တစ်ဦးတစ်ယောက်၏ စိတ်အထင်သက်သက် မဟုတ်ခြင်းကို ရည်ညွှန်း၏။ ဥပမာအားဖြင့် ကုရ်အာန်နှင့် လူပေါင်း များစွာ ကွင်းဆက်မပြတ် တင်ပြခဲ့ကြသည့် တမန်တော်၏ ဟဒီးဆ်တော်များမှရရှိသော အသိပညာဖြစ်၏။ ဤအသိ ပညာမျိုးတွင် ဒွိဟသံသယအတွက် နေရာမရှိပေ။ ဤသေချာသော အသိပညာနှင့် ဆန့်ကျင်လျက် 'ဇွာန်'အား တစ်ခါတစ်ရံ အခြေအမြစ်မရှိသည့် စိတ်ကူး သက်သက်မဟုတ်ဘဲ သက်သေအထောက်အထားတစ်ခုအပေါ် အခြေခံသော အသိပညာအတွက်လည်းသုံး၏။ သို့သော် ထိုသက်သေအထောက်အထားသည် အခြားဖြစ်နိုင်ခြေများကို ပယ်ဖျက်နိုင် လောက်အောင် စိတ်ချရခြင်းမရှိပေ။ ဥပမာအားဖြင့် တမန်တော်မြတ်ﷺ၏ ယေဘုယျဆင့်ပြန်ချက်များပေါ်တွင် အခြေခံသော အမိန့်ပြဋ္ဌာန်ချက်များ ဖြစ်ကြသည်။ ပထမအမျိုးအစား အမိန့်ပြဋ္ဌာန်းချက်များကို 'ကတွိယ်ယာတ်' သို့မဟုတ် 'ယကီနီယာတ်'ဟူ၍ လည်းကောင်း၊ ဒုတိယအမျိုးအစားကို 'ဇွာန်နီယာတ်'ဟူ၍ လည်းကောင်း ရည်ညွှန်း၏။ ဤအမျိုး အစား 'ဇွာန်'ကို ရှရီအတ်က အသိအမှတ်ပြုပြီး၊ အွမ္မတ်တစ်ခုလုံးကလည်း ယင်းကို လိုက်နာကျင့်ဆောင်ရန် တာဝန် ရှိကြောင်း သဘောတူလက်ခံကြလေသည်။ အထက်အာယတ်တော်မှ ပြစ်တင်ရှုံ့ချသော 'ဇွာန်'သည် အခြေအမြစ်မရှိသော ထင်မြင်မှုကို ဖော်ညွှန်းသည့် ပထမအမျိုးအစား 'ဇွာန်'ကို ရည်ညွှန်းခြင်းဖြစ်၍ ဝိရောဓိမဖြစ်ပါချေ။'

အာယတ်တော် (၂၉-၃၂)

فَاَعۡرِضۡ عَنۡ مَّنۡ تَوَلّٰی ۙ عَنۡ ذِکۡرِنَا وَ لَمۡ یُرِدۡ اِلَّا الۡحَیٰوۃَ الدُّنۡیَا ﴿۲۹﴾
ذٰلِکَ مَبۡلَغُہُمۡ مِّنَ الۡعِلۡمِ ؕ اِنَّ رَبَّکَ ہُوَ اَعۡلَمُ بِمَنۡ ضَلَّ عَنۡ سَبِیۡلِہٖ ۪ وَ ہُوَ
اَعۡلَمُ بِمَنِ اہۡتَدٰی ﴿۳۰﴾ وَ لِلّٰہِ مَا فِی السَّمٰوٰتِ وَ مَا فِی الۡاَرۡضِ ۬ؕ لِیَجۡزِیَ
الَّذِیۡنَ اَسَآءُوۡا بِمَا عَمِلُوۡا وَ یَجۡزِیَ الَّذِیۡنَ اَحۡسَنُوۡا بِالۡحُسۡنٰی ﴿۳۱﴾ۚ اَلَّذِیۡنَ
یَجۡتَنِبُوۡنَ کَبٰٓئِرَ الۡاِثۡمِ وَ الۡفَوَاحِشَ اِلَّا اللَّمَمَ ؕ اِنَّ رَبَّکَ وَاسِعُ الۡمَغۡفِرَۃِ
ؕ ہُوَ اَعۡلَمُ بِکُمۡ اِذۡ اَنۡشَاَکُمۡ مِّنَ الۡاَرۡضِ وَ اِذۡ اَنۡتُمۡ اَجِنَّۃٌ فِیۡ بُطُوۡنِ
اُمَّہٰتِکُمۡ ۚ فَلَا تُزَکُّوۡۤا اَنۡفُسَکُمۡ ؕ ہُوَ اَعۡلَمُ بِمَنِ اتَّقٰی ﴿۳۲﴾

သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အသင်သည် အကြောင်သူတို့အား လျစ်လျူရှု၍နေပါလေ။ ထိုသူတို့သည် ငါအရှင်မြတ်၏ ဆုံးမသြဝါဒတော်မှ မျက်နှာလွှဲ၍နေခဲ့ကြကုန်၏။ ထိုမှတပါး ၎င်းတို့သည် လောကီဘဝမှတပါး အခြားတစ်စုံတစ်ရာကို ရည်ရွယ်ကြသည် မဟုတ်ပေ။[၂၉]ဤသည် ၎င်းတို့၏ အမြင့်ဆုံးသော အသိပညာပင်။ ဇကာန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်သည်ပင်လျှင် ထိုအရှင်မြတ်၏လမ်းမှ လွဲချော်သူအား အသိတော်မူဆုံး ဖြစ်တော်မူ၏။ ထိုမှတပါး ထိုအရှင်မြတ်သည်သာလျှင် တရားလမ်းရရှိသောသူအား အသိတော်မူဆုံး ဖြစ်တော်မူ

ပေသတည်း။[၃၀] ထိုမှတပါး မိုးကောင်းကင်များ၌ ရှိသမျှတို့သည် လည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည် လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများသာလျှင် ဖြစ်ကြကုန်၏။ နောက်ဆုံးတွင် ထိုအရှင်မြတ်သည် ဒုစရိုက်မှုကို ကျူးလွန်ခဲ့ကြသော သူတို့အား ၎င်းတို့ကျူးလွန်ခဲ့ကြသည်၏အကျိုးကို ပေးတော်မူအံ့၊ ထိုနည်းတူစွာ ထိုအရှင်မြတ်သည်ကောင်းမှုပြုခဲ့ကြသော သူတို့အား ကောင်းမြတ်သော အကျိုးကိုပေးတော်မူအံ့။[၃၁] (ထိုကောင်းမှုပြုသူ တို့မှာ) အသေးအဖွဲပြစ်မှုများကို (မတော်တဆ) ပြုမိကြသော်လည်း ကြီးလေးသောပြစ်မှုတို့မှ လည်းကောင်း၊ ညစ်ညမ်းမှုတို့မှ လည်းကောင်း၊ (အထူး)ကြဉ်ရှောင်ကြကုန်၏။ ဇကန်မလွဲ အသင့် အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ကျယ်ဝန်းလှစွာသော လွတ်ငြိမ်းချမ်းသာခွင့်ကို ပိုင်ဆိုင်တော်မူသော အရှင်မြတ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့အား မြေဖြင့်ဖန်ဆင်းတော်မူခဲ့စဉ်အခါ၌ အသင်တို့အား ကောင်းစွာသိရှိတော်မူ၏။ အသင်တို့သည် မိမိတို့၏ မိခင်များ၏ဝမ်းဗိုက်များတွင် သန္ဓေတည်စ ကလေးဘဝ၌ရှိခဲ့စဉ် အခါ၌လည်း အသင်တို့အား ကောင်းစွာသိရှိတော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့ ကိုယ်ကိုမိမိတို့ မြင့်မြတ်သည် စင်ကြယ်သန့်ရှင်းသည်ဟု မထင်ကြကုန်လင့်၊ ထိုအရှင်မြတ်သည် သာလျှင် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သော သူတို့အား အသိတော်မူဆုံး ဖြစ်တော်မူပေသတည်း။[၃၂]

ရှင်းလင်းဖွင့်ဆိုချက်

လမ်းလွဲသူတို့အား မျက်နှာလွှဲထားရန် လိုအပ်ခြင်း

فَأَعْرِضْ عَنْ مَّنْ تَوَلَّىٰ عَنْ ذِكْرِنَا وَلَمْ يُرِدْ إِلَّا الْحَيَوٰةَ الدُّنْيَا ذٰلِكَ مَبْلَغُهُمْ مِّنَ الْعِلْمِ

"သို့ဖြစ်ပေရာ (အို နဗီတမန်တော်) အသင်သည် အကြင်သူတို့အား လျစ်လျူရှု၍နေပါလေ။ ထိုသူတို့သည် ငါအရှင်မြတ်၏ ဆုံးမသြဝါဒတော်မှ မျက်နှာလွှဲ၍ နေခဲ့ကြကုန်၏။ ထိုမှတပါး ၎င်းတို့သည် လောကီဘဝမှတပါး အခြားတစ်စုံတစ်ရာကို ရည်ရွယ်ကြသည် မဟုတ်ပေ။ ...."(၅၃း၂၉-၃၀)

အထူးသတိပေးချက်

ဤနေရာတွင် ကုရ်အာန်က တမလွန်နှင့် တရားစီရင်မည့်နေ့ကို ငြင်းဆိုကြသော ကာဖိရ်တို့၏ အခြေအနေကို ဖော်ပြ၏။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ယနေ့ခေတ်အခါ၌ အနောက်တိုင်းပညာရေးနှင့် ရုပ်ဝတ္ထုလိုအပ်ချက်နှင့် အလိုဆန္ဒများကြောင့် မွတ်စလင်များကိုယ်တိုင်က ထိုအခြေအနေ၏ အသွင်လက္ခဏာကို ဆောင်နေကြခြင်းဖြစ်၏။ အသိပညာ၊ သိပ္ပံပညာနှင့် ဝိဇ္ဇာပညာရပ်များ၏ ဘသာရပ်ခွဲအမျိုးမျိုးကို တိုးတက်အောင် ကျွန်ုပ်တို့၏ ကြံဆောင်မှုမှန်သမျှသည် စီးပွားရေးကို ဗဟိုပြု၍ လည်ပတ်လျက်ရှိသည်။ ၎င်းတို့သည် 'မအာဒီယာတ်' (တမလွန်ဘဝနှင့် သက်ဆိုင်သောအရာများ)အကြောင်းကို မေ့မှား၍မျှ မစဉ်းစားမိကြပေ။ ကျွန်ုပ်တို့သည် တမန်တော်မြတ်ﷺကို ယုံကြည်ကြပြီး၊ ၎င်း၏ကြားဝင်အသနားခံပေးမှုကို မျှော်လင့်နေကြသည်။ သို့သော် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်ﷺအား လမ်းလွဲနေသော လူများထံမှ စွန့်ခွာပြီး၊ ၎င်းတို့အား ရှောင်ရှားရန် အမိန့်ပေးတော်မူခဲ့သည်။ ထိုကဲ့သို့ လမ်းလွဲမှုမျိုးမှ ကင်းဝေးရန် အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံပါ၏။

အလ္လာဟ်အရှင်မြတ်သည် သေးငယ်သောအပြစ်များ 'အလ်လမမ်'ကို ခွင့်လွှတ်တော်မူသည်။

اَلَّذِيْنَ يَجْتَنِبُوْنَ كَبٰٓئِرَ الْاِثْمِ وَ الْفَوَاحِشَ اِلَّا اللَّمَمَ "(ထိုကောင်းမှုပြုသူတို့မှာ) အသေးအဖွဲပြစ်မှုများကို (မတော်တဆ) ပြုမိကြသော်လည်း ကြီးလေးသော ပြစ်မှုတို့မှ လည်းကောင်း၊ ညစ်ညမ်းမှုတို့မှ လည်းကောင်း (အထူး) ကြဉ်ရှောင်ကြကုန်၏။"(၅၃း၃၂)။ အလျင်အမြန်ယတ်တော်က အလ္လာဟ်အရှင်မြတ်၏ ဆုံးမသြဝါဒတော်များကို လိုက်နာခဲ့ကြပြီး၊ ကောင်းမှုများကို ပြုလုပ်ခဲ့ကြသူတို့အား ချီးကျူးတော်မူခဲ့သည်။ ယခုအာယတ်တော်၌ သူတော် ကောင်းများသည် ကြီးလေးသောအပြစ်များ၊ အထူးသဖြင့် ယုတ်ညံ့သော အပြစ်များနှင့် ရုက်ဖွယ်ကောင်းသော လုပ်ရပ်များကို ရှောင်ကြဉ်ကြသူများဖြစ်ကြောင်း မိန့်တော်မူလေသည်။ 'လမမ်'ဟူသော ဖော်ပြချက်ဖြင့် ခြွင်းချက်တစ်ခုရှိ၏၊ (ထို အကြောင်းကို နောက်ပိုင်းတွင် အသေးစိတ်ရှင်းလင်း ဖော်ပြမည်ဖြစ်၏။)။ ဆိုလိုသည်မှာ ၎င်းတို့သည် တစ်ခါတစ်ရံ အသေးစားအပြစ်များ (လမမ်)ကို ကျူးလွန်ကြ၏။ သို့သော် ထိုအတွက်ကြောင့် ၎င်းတို့အား 'မုဟ်စိနီန်' (သူတော်ကောင်းများ) အတန်းအစားမှ ဖယ်ထုတ်သည် မဟုတ်ပေ။

သာဝကကြီးများနှင့် ၎င်းတို့၏နောက်လိုက်များက لَمَمْ 'လမမ်'အား နှစ်မျိုးအဓိပ္ပါယ်ဖွင့်ကြသည်။

(၁) ယင်းစကားလုံးသည် စူရဟ်အန်နိစာအ်မှ اِنْ تَجْتَنِبُوْا كَبَآئِرَ مَا تُنْهَوْنَ عَنْهُ نُكَفِّرْ عَنْكُمْ سَيِّاٰتِكُمْ "(အို- မုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် မိမိတို့အား တားမြစ်ထားပြီး ဖြစ်သော၊ ကြီးလေးသော ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်၍ နေကြပါမူ ...."(၄း၃၁)တွင် 'စိုင်ယ်ယိအတ်'ဟူ၍ဖော်ပြသည့် သေးငယ်သော အပြစ်များနှင့် အသေးအဖွဲအမှားများကို ရည်ညွှန်းသည်ဟု အချို့ရှင်းလင်းဖွင့်ဆိုသူများက ယူဆကြ၏။ ဤအကြောင်းကို အိဗ်နကဆီးရ်က သာဝကကြီး အိဗ်နအဗ္ဗာစ်ﷺနှင့် အဗူဟူရိုင်ရဟ်ﷺတို့ထံမှ တင်ပြ၏။

(၂) 'လမမ်'သည် ပုဂ္ဂိုလ်တစ်ဦး အမှတ်တမဲ့ ကျူးလွန်မိပြီးနောက် နောင်တရသော အပြစ်တစ်ခုကို ဆိုလိုသည်ဟု အချို့ပညာရှင်များက မှတ်ယူကြ၏။ နောင်တရပြီးနောက် ၎င်းသည် ထိုအပြစ်ကို ထပ်မံ၍ မကျူးလွန်တော့ပေ။ အိဗ်နကဆီးရ်သည် ဦးစွာ သာဝကကြီး မူဂျာဟစ်၊ ထို့နောက် သာဝကကြီး အတွာအ်တို့မှတစ်ဆင့် အိဗ်နဂျရီးရ်ထံမှ လည်းကောင်း၊ အိဗ်နအဗ္ဗာစ်ﷺထံမှ လည်းကောင်း၊ ဟစန်ဗတ်စ်ရီမှတစ်ဆင့် သာဝကကြီး အဗူဟူရိုင်ရဟ်ထံမှ လည်းကောင်း ဆင့်ပြန်ချက်တစ်ရပ်ကို တင်ပြ၏။ ထိုဆင့်ပြန်ချက်၏ အကျဉ်းချုပ်မှာလည်း အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် မထင်မှတ်ဘဲ ကြီးလေးသည့် အပြစ်တစ်ခုကို ကျူးလွန်ခဲ့မိပြီးနောက် နောင်တရပါက ၎င်းသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သောလူများအဆင့်မှ ဖယ်ထုတ်ခြင်းခံရလိမ့်မည် မဟုတ်ပေ။ စူရဟ်အာလိအင်မ်ရာန်၏ အာယတ်တော် (၁၃၅)က-

وَالَّذِيْنَ اِذَا فَعَلُوْا فَاحِشَةً اَوْ ظَلَمُوْٓا اَنْفُسَهُمْ ذَكَرُوا اللّٰهَ فَاسْتَغْفَرُوْا لِذُنُوْبِهِمْ وَمَنْ يَّغْفِرُ الذُّنُوْبَ اِلَّا اللّٰهُ ۖ وَلَمْ يُصِرُّوْا عَلٰى مَا فَعَلُوْا وَهُمْ يَعْلَمُوْنَ

"ထို့ပြင်တဝ ယင်းသူတော်စင်များသည် ညစ်ညမ်းသော ကိစ္စတစ်ရပ်ရပ်ကို ပြုလုပ်မိကြသည်ဖြစ်စေ၊ မိမိတို့ကိုယ်ကို နှိပ်စက်ညှင်းပန်းမိကြသည်ဖြစ်စေ (ပြုမိလျှင်ပြုမိခြင်း) အလ္လာဟ် အရှင်မြတ်အား အောက်မေ့တသ သတိရကြကုန်၏။ ထို့နောက် မိမိတို့အပြစ်များမှ ချမ်းသာရန် အလို့ငှာ (အလ္လာဟ်အရှင်မြတ် အထံတော်၌) အသနားခံ တောင်းပန်ကြကုန်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်မှတပါး အပြစ်များမှ ချမ်းသာခွင့်ပေးနိုင်သော သူသည် အဘယ်သူနည်း။ တဖန် ယင်းသူတို့သည် မိမိတို့ပြုလုပ်မိကြသော (ပြစ်မှုဒုစရိုက်များကို) ဖွတ်တိုး၍ မိမိတို့ကိုယ်တိုင်

သိနားလည်ကြပါလျက်နှင့် လက်မလျှော့ဘဲ ပြုမြဲပြုနေကြသည်လည်း မဟုတ်ချေ။"(၃း၁၃၅)

သိထားသင့်သည်မှာ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် အသေးစား အပြစ်တစ်ခုကို စွဲမြဲစွာပြုလုပ်သည့်ပြင် တမင်ရည်ရွယ်ချက်ဖြင့် ဆက်လက်ပြုလုပ်နေပါက မကြာမတင်ပင် ထိုအပြစ်မှာ အသေးစားမဟုတ်တော့ဘဲ အကြီးစား အပြစ်တစ်ခုသို့ ပြောင်းလဲသွားမည်ဖြစ်ကြောင်း ပညာရှင်အများစုက သဘောတူလက်ခံကြ၏။ ထို့ကြောင့် မောင်လာနာ အရှ်ရဖ်အလီထာနဝီက 'လမမ်'ဟူသော စကားလုံးသည် ပြုလုပ်သူက စွဲစွဲမြဲမြဲပြုလုပ်ခြင်းမရှိသည့် သေးငယ်သော အပြစ်များ ဖြစ်သည်ဟု ရှင်းပြလေသည်။

အကြီးစားနှင့် အသေးစားအပြစ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

ဤအကြောင်းအရာကို ဤမြန်မာဘာသာပြန်စာအုပ် အတွဲ-၄၊ စာ-၁၄၁-၁၄၇၊ စူရတ်အန်နိစာအ်၊ အာယတ်တော်(၃၁) اِنْ تَجْتَنِبُوْا كَبَآئِرَ مَا تُنْهَوْنَ عَنْهُ "အကယ်၍ အသင်တို့သည် မိမိတို့အား တားမြစ်ထားပြီးဖြစ်သော ကြီးလေးသော ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်၍နေကြပါမူ ငါအရှင်မြတ်သည် အသင်တို့၏ (သေးငယ်သော) မကောင်းမှု ဒုစရိုက်တို့ကို အသင်တို့မှ ကျေအေးစေတော်မူ၍ အသင်တို့အား ဂုဏ်သရေထူးကဲမွန်မြတ်သောဌာနသို့ ဝင်ရောက်စေ တော်မူအံ့။" (၄း၃၁)၏ အောက်တွင် အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်၏။

"هُوَ اَعْلَمُ بِكُمْ اِذْ اَنْشَاَكُمْ مِّنَ الْاَرْضِ وَاِذْ اَنْتُمْ اَجِنَّةٌ فِيْ بُطُوْنِ اُمَّهٰتِكُمْ .... ထိုအရှင်မြတ်သည် အသင်တို့အား မြေဖြင့်ဖန်ဆင်းတော်မူခဲ့စဉ်အခါ၌ အသင်တို့အား ကောင်းစွာသိရှိ တော်မူ၏။ အသင်တို့သည် မိမိတို့မိခင်များ ဝမ်းဗိုက်များတွင် သန္ဓေတည်စ ကလေးဘဝ၌ ရှိခဲ့စဉ်အခါ၌လည်း အသင်တို့အား ကောင်းစွာသိရှိတော်မူ၏။ ...." (၅၃း၃၂)။ 'အဂျင်နတွန်'ဟူသော စကားလုံးသည် 'ဂျနီန်'၏ အများကိန်းဖြစ်ပြီး၊ ကလလရည်ကြည် သန္ဓေသား လောင်းကို ဆိုလိုသည်။ ဤအာယတ်တော်က လူသားသည် ၎င်း၏အကြောင်းကို အလ္လာဟ်အရှင်မြတ်က သိတော်မူ သလောက် ၎င်းကိုယ်တိုင်ကမသိဟု ဆိုလိုခြင်းဖြစ်၏။ ၎င်းသည် မိခင်၏သားအိမ်ထဲ၌ ၎င်းအား ဖန်ဆင်းမှုအဆင့်ဆင့်ကို ဖြတ်သန်းခဲ့သောအခါ၊ ၎င်းတွင် အသိပညာသို့မဟုတ် ခံစားမှုအာရုံ မရှိခဲ့ပေ။ သို့သော် ၎င်း၏ဖန်ဆင်းရှင်ကမူ မိမိသည် ၎င်းအား မည်မျှလောက် အမြော်အမြင်ရှိစွာဖြင့် ဖန်ဆင်းတော်မူခဲ့သည်ကို ပြည့်စုံကောင်းမွန်စွာ သိတော်မူပေသည်။ ဤနည်းအားဖြင့် ၎င်းအား ၎င်း၏မတတ်စွမ်းနိုင်မှုနှင့် လုံလောက်သော အသိပညာမရှိမှုများကို သိစေတော်မူသည်။ ဤအကြောင်းကို မိန့်တော်မူပြီးနောက် ၎င်းပြုလုပ်သော မည်သည့်ကောင်းမှု မဆိုသည် ၎င်း၏ကိုယ်ပိုင် ပြီးမြောက် အောင်မြင်ခြင်း မဟုတ်သည့် အချက်ကိုလည်း သိစေတော်မူသည်။ ၎င်း၏ကြိုးပမ်းအောင်မြင်ခြင်း၏ အဆုံးစွန်သော ဖစ်မြစ်မှာ အလ္လာဟ်အရှင်မြတ်သာဖြစ်၏။ ၎င်းအား ကောင်းမှုများကိုဆောင် ရွက်ရန် ခြေလက်အင်္ဂါများနှင့် ခန္ဓာကိုယ်၏ အခြားသော အစိတ်အပိုင်းများ ပေးတော်မူသည်မှာ အလ္လာဟ်အရှင်မြတ်ဖြစ်၏။ ၎င်းအား ၎င်း၏ခြေလက်များကိုလှုပ်ရှား နိုင်သော စွမ်းရည်ဖြင့် ပြည့်စုံစေတော်မူသည်မှာ ထိုအရှင်မြတ်ဖြစ်၏။ ထို့နောက် ထိုအရှင်မြတ်သည် ကောင်းမှုများ ကိုလုပ်ဆောင်ရန် ပြင်းပြသောဆန္ဒ၊ စိတ်ဓာတ်နှင့် သံဓိဋ္ဌာန်များကို ဖန်ဆင်းပေးတော်မူသည်။ သို့ဖြစ်၍ အကြီးကျယ် ဆုံးသော သူတော်စင်၊ ဘာသာတရား လေးစားကိုင်းရှိုင်းသူနှင့် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သူ ပုဂ္ဂိုလ်တစ်ဦး သည်ပင် ၎င်း၏လုပ်ငန်းဆောင်တာများအပေါ် မာနထားခွင့်၊ မောက်မာစွာပြုမူခွင့်မပြုပေ။ ထို့ပြင် ၎င်း၏ဆောင်ရွက်ချက် များ၏ အဆုံးသတ်ရလဒ်မည်သို့ရှိမည်ကို မည်သူမျှမသိပေ။ ကျွန်ုပ်တို့၏ဘဝတွင် အဆုံးသတ်ရလဒ်က အရေးကြီးဖြစ် သောကြောင့် မာနနှင့်မောက်မာခြင်းများသည် အဓိပ္ပါယ်မရှိပါချေ။

အာယတ်တော်၏ နိဂုံးပိုင်းက ဤသို့ဆိုလေသည်။

فَلَا تُزَكُّوْٓا اَنْفُسَكُمْ ؕ هُوَ اَعْلَمُ بِمَنِ اتَّقٰى

".... သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ မြင့်မြတ်သည် စင်ကြယ်သန့်ရှင်းသည်ဟု မထင်ကြကုန်လင့်၊ ထိုအရှင်မြတ်သည်သာလျှင် ပြစ်မှုဒုစရိုက်တို့မှ ကြည်ရောင်ကြကုန်သော သူတို့အား အသိတော်မူဆုံး ဖြစ်တော်မူပေသတည်း။"(၅၃း၃၂)

တစ်နည်းအားဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ ကုသိုလ်အကျိုးသည် ၎င်း၏အပြင်ဘမ်း လုပ်ရပ်များပေါ်တွင်သာ မူတည်သည်မဟုတ်ဘဲ ၎င်းသေသည့်တိုင် ခိုင်မြဲသော ၎င်း၏စိတ်နလုံးထဲမှ 'သက္ကဝါ'တရားနှင့် ၎င်း၏စိတ်ထားမြင့်မြတ်ဖြူစင်မှု၊ ဖြောင့်မတ်မှန်ကန်မှုတို့ အပေါ်၌လည်း မူတည်ပေသည်။ ဤအရည်အချင်း၌ မည်သူသည် အကောင်းဆုံးဆိုသည်ကို အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူသည်။

သခင်မ ဇိုင်နပ်ဘင့်အဗီစလာမဟ်ﷺအား ၎င်း၏မိဘများက ကောင်းမြတ်သူ သို့မဟုတ် ဖြောင့်မတ်မှန်ကန်သူဟု အဓိပ္ပါယ်ရသည့် 'ဗါရဟ်'ဟု အမည်ပေးခဲ့ကြသည်။ တမန်တော်မြတ်ﷺသည် ဤအာယတ်တော်၏ နောက်ဆုံးပိုင်း فَلَا تُزَكُّوْٓا اَنْفُسَكُمْ (မိမိတို့ကိုယ်မိမိတို့ မြင့်မြတ်သည်၊ စင်ကြယ်သန့်ရှင်းသည်ဟု မထင်ကြကုန်လေနှင့်၊)ကို ရွတ်ဖတ်ပြီး အမည်ကို ပြောင်းလဲရန် အကြံပြုခဲ့လေသည်။ ၎င်းတို့က သူမ၏နာမည်အား 'ဇိုင်နပ်'ဟု ပြောင်းလဲခဲ့ကြ၏။ အဝဿုရဟ်မာန် အိဗ်နအဗီဗတ်ဂ်ရဟ်ﷺအား ကိုးကား၍ အီမာမ်အဟ်မဒ်က မှတ်တမ်းတင်သည်မှာ ပုဂ္ဂိုလ်တစ်ဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးအား တမန်တော်မြတ်ﷺ၏ ရှေ့မှောက်၌ ချီးမွမ်းပြောဆိုခဲ့၏။ တမန်တော်မြတ်ﷺက ထိုသူအား ဟန့်တားပြီး၊ ပြောကြားခဲ့သည်မှာ 'အကယ်၍ သင်သည် ပုဂ္ဂိုလ်တစ်ဦးအား ချီးကျူးပြောဆိုရမည် ဆိုပါက "ကျွန်ုပ်သိရသလောက် ထိုပုဂ္ဂိုလ်သည် ဖြောင့်မှန်ပြီး၊ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သူတစ်ဦးဖြစ်၏။ وَلَا اُزَكِّيْ عَلَى اللّٰهِ ၎င်းသည် အလ္လာဟ်အရှင်မြတ်ထံတော်၌လည်း ထိုအတိုင်းပင် ရှိလိမ့်မည်ဟူ၍တော့ ကျွန်ုပ်မပြောနိုင်ပါ။"ဟု ပြောပါလေ။'

အာယတ်တော် (၃၃-၆၂)

اَفَرَءَيْتَ الَّذِىْ تَوَلّٰى ﴿۳۳﴾ وَ اَعْطٰى قَلِيْلًا وَّ اَكْدٰى ﴿۳۴﴾ اَعِنْدَهٗ عِلْمُ
الْغَيْبِ فَهُوَ يَرٰى ﴿۳۵﴾ اَمْ لَمْ يُنَبَّاْ بِمَا فِىْ صُحُفِ مُوْسٰى ﴿۳۶﴾ وَ اِبْرٰهِيْمَ الَّذِىْ
وَفّٰٓى ﴿۳۷﴾ اَلَّا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى ﴿۳۸﴾ وَ اَنْ لَّيْسَ لِلْاِنْسَانِ اِلَّا مَا سَعٰى
﴿۳۹﴾ وَ اَنَّ سَعْيَهٗ سَوْفَ يُرٰى ﴿۴۰﴾ ثُمَّ يُجْزٰىهُ الْجَزَآءَ الْاَوْفٰى ﴿۴۱﴾ وَ اَنَّ اِلٰى
رَبِّكَ الْمُنْتَهٰى ﴿۴۲﴾ وَ اَنَّهٗ هُوَ اَضْحَكَ وَ اَبْكٰى ﴿۴۳﴾ وَ اَنَّهٗ هُوَ اَمَاتَ وَ اَحْيَا
﴿۴۴﴾ وَ اَنَّهٗ خَلَقَ الزَّوْجَيْنِ الذَّكَرَ وَ الْاُنْثٰى ﴿۴۵﴾ مِنْ نُّطْفَةٍ اِذَا تُمْنٰى ﴿۴۶﴾ وَ
اَنَّ عَلَيْهِ النَّشْاَةَ الْاُخْرٰى ﴿۴۷﴾ وَ اَنَّهٗ هُوَ اَغْنٰى وَ اَقْنٰى ﴿۴۸﴾ وَ اَنَّهٗ هُوَ رَبُّ
الشِّعْرٰى ﴿۴۹﴾ وَ اَنَّهٗٓ اَهْلَكَ عَادَا الْاُوْلٰى ﴿۵۰﴾ وَ ثَمُوْدَا فَمَآ اَبْقٰى ﴿۵۱﴾ وَ قَوْمَ

نُوْحٍ مِّنْ قَبْلُ ؕ اِنَّهُمْ كَانُوْا هُمْ اَظْلَمَ وَ اَطْغٰى ﴿۵۲﴾ وَ الْمُؤْتَفِكَةَ اَهْوٰى
﴿۵۳﴾ فَغَشّٰىهَا مَا غَشّٰى ﴿۵۴﴾ فَبِاَيِّ اٰلَآءِ رَبِّكَ تَتَمَارٰى ﴿۵۵﴾ هٰذَا نَذِيْرٌ مِّنَ
النُّذُرِ الْاُوْلٰى ﴿۵۶﴾ اَزِفَتِ الْاٰزِفَةُ ﴿۵۷﴾ لَيْسَ لَهَا مِنْ دُوْنِ اللّٰهِ كَاشِفَةٌ ﴿۵۸﴾
اَفَمِنْ هٰذَا الْحَدِيْثِ تَعْجَبُوْنَ ﴿۵۹﴾ وَ تَضْحَكُوْنَ وَ لَا تَبْكُوْنَ ﴿۶۰﴾ وَ اَنْتُمْ
سٰمِدُوْنَ ﴿۶۱﴾ فَاسْجُدُوْا لِلّٰهِ وَ اعْبُدُوْا ﴿۶۲﴾

(အို-နဗီတမန်တော်)၊ အသင်သည် အကြင်သူအား မမြင်ခဲ့လေသလော။ ထိုသူသည် မျက်နှာ လွှဲသွားခဲ့၏။[၃၃] ၎င်းပြင် ထိုသူသည် အနည်းငယ်မျှ (ပစ္စည်း)ကိုပေး၍ (ယခု)ပိတ်ပင်ခဲ့၏။[၃၄] ၎င်း၏ထံတွင် အကွယ်၌ရှိသည်ကို သိစွမ်းနိုင်သော အသိပညာရှိနေသောကြောင့် ၎င်းသည် တွေ့ မြင်လေသလော။[၃၅] ၎င်းသည် 'မူစာ'၏ကျမ်းများ၌ လာရှိသည်ကို လည်းကောင်း၊[၃၆] (အမိန့် တော်များကို) ကျေပွန်စွာဆောင်ရွက်ခဲ့သော 'အစ်ဗ်ရာဟီမ်'၏ ကျမ်းတော်များ၌ လာရှိသည်ကို လည်းကောင်း၊ သတင်းပေးခြင်း မခံခဲ့ရလေသလော။[၃၇] ဧကန်စင်စစ် မည်သည့်သယ်ပိုးသူ တစ်ဦးတစ်ယောက်မျှပင် သူတစ်ပါး၏ဝန်ထုပ်ကို သယ်ပိုး ရွက်ဆောင်မည် မဟုတ်ဟူ၍ လည်း ကောင်း။[၃၈] ဧကန်မလွဲ မနုဿလူသား၌ ၎င်း၏ကြိုးပမ်းဆောင်ရွက်ချက်သာလျှင် ရှိမည်ဟူ၍ လည်းကောင်း၊ [၃၉] မုချဧကန် ထိုမနုဿလူသား၏ ကြိုးပမ်းဆောင်ရွက်ချက်မှာ မကြာမြင့်မီပင် တွေ့မြင်ရမည် ဟူ၍ လည်းကောင်း။[၄၀] ထို့နောက် ထိုမနုဿလူသားသည် ယင်းကြိုးပမ်းမှုနှင့် စပ်လျဉ်း၍ လွန်စွာပြည့်စုံသော အစား ပေးခြင်းကို ခံရမည်ဟူ၍ လည်းကောင်း၊ (သတင်းပေးခြင်း မခံခဲ့ရလေသလော)။[၄၁] ၎င်းပြင် (အို-နဗီတမန်တော်၊) ဧကန်အမှန် လမ်းဆုံးမှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ ဖြစ်သည်ဟူ၍ လည်းကောင်း။[၄၂] စင်စစ် ဧကန် ထိုအရှင်မြတ်သည်ပင် ရယ်စေတော်မူသည်၊ ငိုကြွေးစေတော်မူသည်ဟူ၍ လည်းကောင်း။ [၄၃] ထိုအရှင်မြတ်သည် မချွတ်မလွဲ သေစေတော်မူသည်၊ ရှင်စေတော်မူသည်ဟူ၍ လည်းကောင်း။ [၄၄] ဧကန်စင်စစ် ထိုအရှင်မြတ်သည်ပင် ဖိုနှင့်မ နှစ်မျိုးနှစ်စားလုံးကို ဖန်ဆင်းတော်မူခဲ့သည် ဟူ၍လည်းကောင်း၊[၄၅]ကလလရေကြည်ဖြင့်၊ယင်းကလလရေကြည်သည် သွန်းလောင်းခြင်းခံရ သောအခါ။[၄၆] ထိုမှတပါး မုချစင်စစ် ဒုတိယအကြိမ် ဖန်ဆင်းမှုသည် ထိုအရှင်မြတ်၏ တာဝန်ပင် ဖြစ်သည်ဟူ၍လည်းကောင်း။[၄၇]အမှန်ဧကန် ထိုအရှင်မြတ်သည် ကုံလုံကြွယ်ဝစေတော်မူသည်၊ ဆင်းရဲနွမ်းပါးစေတော်မူသည်။ ဥစ္စာပစ္စည်း ချီးမြှင့်ပေးသနား တည်မြဲစေတော်မူသည်ဟူ၍ လည်း ကောင်း။[၄၈] အမှန်စင်စစ် ထိုအရှင်မြတ်သည်ပင် 'ရှစ်အ်ရာ'(လုဒ္ဒက)ကြယ်ကို ဖန်ဆင်းတော်မူ သော အရှင်မြတ်ဖြစ်တော်မူသည်ဟူ၍ လည်းကောင်း။[၄၉] မလွဲဧကန် ထိုအရှင်မြတ်သည်ပင် ပထမ 'အာဒ်'အမျိုးသားတို့အား ဖျက်ဆီးတော်မူခဲ့သည်ဟူ၍ လည်းကောင်း။[၅၀] (ထိုအရှင်မြတ် သည်ပင်) 'ဆမူဒ်'အမျိုးသားတို့အားလည်း (ဖျက်ဆီးတော်မူခဲ့ပေရာ) တစ်ဦး တစ်ယောက်ကိုမျှ ခြွင်းချန်တော်မူခဲ့သည် မဟုတ်ပေ။[၅၁] ထိုနည်းတူစွာ ရှေးအထက်ကျော်ကာလ၌ 'နူဟ်'၏အမျိုး

သားတို့အားလည်း (ဖျက်ဆီးတော် မူခဲ့၏)။ ဇကေနစင်စစ် ထို'နူဟ်'၏ အမျိုးသားတို့မှာ ပိုမိုၪဉ်ပင် မတရားသောသူများ၊ ပိုမိုၪဉ်ပင် ဆိုးသွမ်းသူများဖြစ်ခဲ့ကြကုန်၏။[၅၂] ထိုမှတပါး ထိုအရှင်မြတ်သည် ပင် ထက်အောက်ပြောင်းပြန်လှန်ပြီးဖြစ်သော ရွာများကိုလည်း ကိုင်ပေါက်တော်မူခဲ့၏။[၅၃] ထို့ နောက် ယင်းရွာများကို ဝန်းဝိုင်းဖုံးလွှမ်းခဲ့သောအရာသည် ဝန်းဝိုင်းဖုံးလွှမ်းခဲ့၏။[၅၄] သို့ဖြစ်ပေရာ (အို-ကြားနာသူ၊) အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ ဒွိဟသံသယဖြစ်လျက် ရှိသည်နည်း။[၅၅] ဤ(တမန်တော်) သည် ရှေးဟောင်း သတိပေးနှိုးဆော်သူတို့တွင် တစ်ပါးအပါအဝင်ဖြစ်၏။[၅၆] နီးကပ်၍လာသော အရာသည် နီးကပ်၍လာခဲ့လေပြီ။[၅၇] ထိုနီးကပ်၍လာသောအရာကို အလွှာဟ်အရှင်မြတ်မှတပါး ဖယ်ရှားအံ့သောသူဟူ၍ အလျင်း မရှိပြီ။[၅၈] အသင်တို့သည် ဤအာယတ်တော်ကြောင့် အံ့သြ၍ နေကြလေသလော။[၅၉] ထို့ပြင် အသင်တို့သည် ငိုကြွေးခြင်းမရှိကြသည့်ပြင် ရယ်မောလျှက် နေကြ လေသလော။[၆၀] ထိုမှတပါး အသင်တို့သည် ဂရုမစိုက်ဘဲ ကစားခုန်စား မာန်မာနထောင်လွှား လျက် ရှိကြလေသလော။[၆၁] သို့ဖြစ်ပေရာ အသင်တို့သည် အလွှာဟ်အရှင်မြတ် ရှေ့တော်မှောက် ဝယ် 'စဂျဒဟ်' ပျံဝပ် ဦးချကြလေကုန်။ ထိုမှတပါး အသင်တို့သည် (ထိုအရှင်မြတ်အားသာလျှင်) ကိုးကွယ်ကြလေကုန်။ (စစ်ဂျဒဟ်)[၆၂]

ထုတ်ပြန်ပို့ချခြင်း၏ နောက်ခံအကြောင်း

အိပ်နဂျရီးရ်ထံမှ အက်ဒူရ်ရွှာလ်မန်ဆူးရ် ဆင့်ပြန်သည်မှာ ပုဂ္ဂိုလ်တစ်ဦးသည် အစွလာမ်ကို လက်ခံယုံကြည် ခဲ့ရာ ၎င်း၏မိတ်ဆွေတစ်ဦးက ၎င်းအား ဘိုးဘေးတို့၏ ယုံကြည်ကိုးကွယ်မှုကို စွန့်လွှတ်သည့်အတွက် ပြစ်တင်မောင်းမဲ ခဲ့သည်။ ၎င်းက မိမိသည် အလွှာဟ်အရှင်မြတ်၏ပြစ်ဒဏ်ကို ကြောက်ရွံ့ပါကြောင်း တုံ့ပြန်ပြောဆိုခဲ့၏။ ၎င်း၏မိတ်ဆွေက မိမိအား ဤသို့ဤမျှငွေကိုပေးပါက တမလွန်၌ ၎င်း၏ပြစ်ဒဏ်ကို မိမိကကျခံမည်ဟု ပြောခဲ့၏။ ဤနည်းအားဖြင့် ၎င်း(မွတ်စလင်အသစ်)သည် ပြစ်ဒဏ်မှ ချမ်းသာခွင့်ရမည်ဖြစ်သောကြောင့် မိတ်ဆွေအား ငွေပေးခဲ့သည်။ မိတ်ဆွေက ငွေကိုထပ်၍တောင်းခံခဲ့၏။ လုံးထွေးသတ်ပုတ်ကြပြီးနောက် ၎င်းက ငွေထပ်ပေးခဲ့သည်။ ထို့ပြင် လက်ကျန်ငွေအတွက် စာချုပ်စာတမ်းတစ်ခုကို သက်သေများ၏ လက်မှတ်များဖြင့် ရေးဆွဲခဲ့သည်။ ရှုဟွလ်မအာနီ၏ အဆိုအရ ထိုပုဂ္ဂိုလ်သည် အစွလာမ်ဘက်သို့ တိမ်းညွတ်နေသော ဝလီဒ်အိပ်နမူဂီရတ် ဖြစ်လေသည်။ ၎င်း၏မိတ်ဆွေသည် ၎င်းအားပြစ်တင်ပြော ဆိုပြီး၊ ၎င်းကျခံရမည့် ပြစ်ဒဏ်ကို ပုံစံပြောင်းတာဝန်ယူခဲ့လေသည်။

"اَفَرَءَيْتَ الَّذِىْ تَوَلّٰى (အို နဗီတမန်တော်) အသင်သည် အကြင်သူအား မမြင်ခဲ့လေသလော၊ ထိုသူသည် မျက်နှာလွှဲသွားခဲ့၏" (၅၃း၃၃)။ 'တဝလ္လ'သည် တိုက်ရိုက်အားဖြင့် 'မျက်နှာလွှဲသည်'ဟု အဓိပ္ပါယ်ရပြီး၊ အလွှာဟ်အရှင်မြတ်အား အမိန့်နာခံ ကျိုးနွံခြင်းမှ မျက်နှာလွှဲသော ပုဂ္ဂိုလ်တစ်ဦးကို ညွှန်းဆို၏။

"وَ اَعْطٰى قَلِيْلًا وَّ اَكْدٰى ၎င်းပြင် ထိုသူသည် အနည်းငယ်မျှ (ပစ္စည်း)ကိုပေး၍ (ယခု)ပိတ်ပင်ခဲ့၏။" (၅၃း၃၄)။ 'အတ်ဘ်ဒါ'ဟူသော စကားလုံးသည် 'ကူဒ်ယဟ်'မှဆင်းသက်ပြီး၊ မာကျောသော သို့မဟုတ် ကျောက်တုံး ကျောက်ခဲထူထပ်သော မြေကြီး သို့မဟုတ် ရေတွင်းသို့မဟုတ် ရေမြောင်းတူးရာမှ ထွက်လာသော မြေစိုင်ခဲကို ရည် ညွှန်း၏။ သို့ဖြစ်၍ မြေတူးသူသည် ဆက်၍မတူးနိုင်တော့ပေ။ အာယတ်တော်က ဆိုလိုသည်မှာ ပထမသော် ၎င်းသည် အနည်းငယ်ပေးခဲ့သည်။ ထို့နောက် ၎င်းသည် ဆက်၍မပေးတော့ဘဲ ရပ်ပစ်လိုက်၏။ 'ထုတ်ပြန်ပို့ချခြင်း၏ နောက်ခံ

အကြောင်း'ဟူသော ခေါင်းစဉ်အောက်မှ ဆင့်ပြန်သည့် အဖြစ်အပျက်ကို သုံးသပ်သည်ရှိသော် အဓိပ္ပါယ်မှာ အတော်ပင် ရှင်းလင်း၏။ (ထိုအဖြစ်အပျက်ထဲမှ ပုဂ္ဂိုလ်သည် အနည်းငယ်မျှပေးပြီးနောက် ငွေပေးခြင်းကို ရပ်ပစ်ခဲ့သည်။)။ ဤအဓိပ္ပါယ်အပြင် သာဝကကြီး မူဂျာဟစ်၊ စအီဒ်အိပ်နဂျူဗေး၊ အစ်ကရီမဟ်၊ ကတာဒဟ်နှင့် အခြားသူများက ဤစကားလုံးအား အဓိပ္ပါယ်ကောက်ယူသည်မှာ ပုဂ္ဂိုလ်တစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏လမ်းတွင် အနည်းငယ်မျှသုံးစွဲပြီးနောက် ရပ်ပစ်ခဲ့သည် သို့မဟုတ် ၎င်းသည် ပထမသော် အလ္လာဟ်အရှင်မြတ်အား ကျိုးနွံနာခံလိုစိတ်ရှိခဲ့သည်။ ထို့ပြင် ထိုအရှင်မြတ်၏ အမိန့်တော်ကို ခဏတာနာခံခဲ့ပြီးနောက် နာခံမှုကို စွန့်လွှတ်ခဲ့သည်ဟူ၍ဖြစ်၏။ (ကြည့်-အိဗ်နုကဆီး၌)

"ဎ۪ عِلْمُ الْغَيْبِ فَهُوَ يَرٰى "၎င်းတို့ထံတွင် အကွယ်ဝှက်ရှိသည်ကို သိစွမ်းနိုင်သော အသိပညာရှိနေသောကြောင့် ၎င်းသည် တွေ့မြင်လေသလော။"(၅၃း၃၅)။ ထုတ်ပြန်ပို့ချရခြင်းအကြောင်းနှင့် ဆက်စပ်၍ ပြန်ပြောပြသော ဇာတ်လမ်းအရ အစွယ်မ်ကို လက်ခံခဲ့သော ပုဂ္ဂိုလ်တစ်ဦးသည် နောက်ပိုင်းတွင် ၎င်း၏မိတ်ဆွေက တမလွန်၌ ၎င်း၏ကိုယ်စား ပြစ်ဒဏ်ကို ခံယူခြင်းဖြင့် ၎င်းအား ဆင်းရဲဒုက္ခမှ လွတ်ကင်းစေမည်ဟု အာမခံသောကြောင့် အစွယ်မ်ကို စွန့်လွှတ်ခဲ့သည်ဟု အာယတ်တော်က ဆိုလိုသည်။ ထိုအရှုးသည် မိတ်ဆွေကို ယုံကြည်ခဲ့ပြီး၊ ၎င်းကပေးသော အာမခံချက်ကို လက်ခံခဲ့သည်။ ၎င်းတွင် အကွယ်မှအရာကို မြင်နိုင်သော အသိပညာရှိသဖြင့် မယုံကြည်သွေဖည်မှုအတွက် ၎င်းနှင့်ထိုက်တန်သော ပြစ်ဒဏ်ကို ၎င်း၏မိတ်ဆွေက မှုချေကန်လွှဲပြောင်းယူလိမ့်မည်ကို သိမြင်ခြင်းပေလား။ ဤသည်မှာ လုံးဝစိတ်ကူးယဉ် အခြေအနေတစ်ခုသာလျှင်ဖြစ်၏။ ၎င်း(မိတ်ဆွေ)တွင် အကွယ်မှအရာကို မြင်နိုင်သော အသိပညာမရှိသည့်ပြင် သူတစ်ပါး၏ ပြစ်ဒဏ်ကို ခံယူပြီး၊ ၎င်းအား ကယ်တင်နိုင်ခြင်းလည်း မရှိပေ။ ထုတ်ပြန်ပို့ချရခြင်းအကြောင်းနှင့် ဆက်စပ်၍ပြန်ပြောပြသည့် ဇာတ်လမ်းအပြင် အာယတ်တော်က ဆိုလိုမည်မှာ ဆင်းရဲမည်စိုးသောကြောင့် ငွေဆက်၍မပေးတော့ဘဲ ထောက်ပံ့ပေးကမ်းမှုကို ရပ်ပစ်သော ပုဂ္ဂိုလ်တွင် အကွယ်မှအရာကို မြင်နိုင်သော အသိပညာရှိလေသလော။ ထို့ပြင် အကယ်၍ ၎င်းသည် သုံးစွဲမှုကို ရပ်မပစ်ပါက ၎င်း၏ဥစ္စာပစ္စည်းများ ကုန်ခမ်းသွားလိမ့်မည်ဟု သိလေသလော။ မဟုတ် ပေ။ ဤသည်မှာ လုံးဝလွဲမှား၏။ ထိုကဲ့သို့ ပုဂ္ဂိုလ်တစ်ဦးတွင် အကွယ်မှအရာကို မြင်နိုင်သော အသိပညာမရှိသဖြင့် အကယ်၍ ၎င်းသည် ဆက်လက်သုံးစွဲနေမည်ဆိုပါက ၎င်း၏ဥစ္စာပစ္စည်းသည် လျော့ပါးပြီး ပြန်လည်ဖြည့်တင်းနိုင်လိမ့် မည်မဟုတ်ဟု သိမြင်နိုင်စွမ်း မရှိပါချေ။ ၎င်းသည် မှန်ကန်သော အကြောင်းတရားအတွက် စွန့်ကြဲသုံးစွဲမှုကို ရပ်ပစ်ခဲ့ သည်။ ထို့ပြင် ၎င်း၏ကပ်စေးနှဲမှု၊ တွန့်တိုမှု၊ ဆင်းရဲမည်ကို ကြောက်ရွံ့မှုတို့ကြောင့် ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဆက်ဖြတ်ခဲ့သည်။ ကုရ်အာန်က ရှင်းလင်းစွာ မိန့်ဆိုသည်မှာ-

مَآ اَنْفَقْتُمْ مِّنْ شَيْءٍ فَهُوَ يُخْلِفُهٗ ۚ وَهُوَ خَيْرُ الرّٰزِقِيْنَ

".... ၎င်းပြင် အသင်တို့သည် မည်သည့်တစ်စုံတစ်ရာကိုမဆို (ထိုအရှင်မြတ် နှစ်လိုတော်မူရာ၌) သုံးစွဲလှူဒါန်းခဲ့ကြလျှင် ထိုအရှင်မြတ်သည် ၎င်း၏အစားကို ပေးတော်မူပေမည်။ ထိုမှတပါး ထိုအရှင်မြတ်သည် စားနပ်ရိက္ခာ ချီးမြှင့်သူတို့အနက် အကောင်းဆုံးပင် ဖြစ်တော်မူပေသတည်း။"(၃၄း၃၉)

အကယ်၍ လူသားသည် အသေအချာစဉ်းစားကြည့်ပါက ဤအာယတ်တော်သည် ဥစ္စာပစ္စည်း၊ ငွေကြေးများနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ ကျွန်ုပ်တို့ကိုယ်ခန္ဓာ၏ အင်အား၊ ခွန်အားနှင့် စွမ်းအင်မှန်သမျှနှင့်လည်း သက်ဆိုင်ကြောင်း တွေ့ရပေမည်။ ကျွန်ုပ်တို့သည် ထိုအရာများကို သုံးစွဲသောအခါ၊ ၎င်းတို့မှာ လျော့ပါးသွားလေသည်။ အလ္လာဟ်အရှင်မြတ်က ထိုအရာများကို အစားထိုးပေးတော်မူသည်။ ပြန်လည်ဖြည့်တင်းရန်အတွက် စီစဉ်ပေးတော်မူသည်။ အကယ်၍သာ ကျွန်ုပ်တို့၏ ခြေလက်များ၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများသည် သံမဏိဖြင့် ပြုလုပ်ထားပြီး၊ နှစ်

၆၀-၇၀တိုင်အောင် အဆက်မပြတ် အသုံးပြုခဲ့ပါက ၎င်းတို့လျော့ပါးသွားခဲ့သည်မှာ ကြာပြီဖြစ်ကြောင်းကို စိတ်ကူးကြည့်လိုက်စမ်းပါ။ သို့ရာတွင် ၎င်းတို့လျော့ပါးသည်နှင့်အမျှ အလ္လာဟ်အရှင်မြတ်က ၎င်းတို့အား အတွင်းမှ ပြန်လည်ဖြည့်တင်းပေးတော်မူပုံမှာ အလိုအလျောက် လည်ပတ်နေသော စက်ကိရိယာတစ်ခုအလား ဖြစ်ပေသည်။ အလားတူပင် လူသည် သုံးစွဲလျက်ရှိပြီး၊ ထိုသုံးစွဲသမျှသည် အစဉ်တစိုက် ပြန်လည်ဖြည့်တင်းပေးခြင်း ခံရလျက်ရှိလေသည်။

တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့ကြောင်း လာရှိသည်မှာ-

اَنْفِقْ يَا بِلَالُ وَلَا تَخْشَ مِنْ ذِي الْعَرْشِ اِقْلَالًا

အို-ဗီလာလ်၊ သုံးစွဲစေမ်းပါ၊ ပလ္လင်တော်၏ အရှင်သခင်က သင့်အား ဆင်းရဲနွမ်းပါးအောင် ပြုတော်မူမည်ကို မစိုးကြောက်ပါနှင့်။ (အိဗ်နကဆီး၌)

اَمْ لَمْ يُنَبَّأْ بِمَا فِيْ صُحُفِ مُوْسٰى، وَ اِبْرٰهِيْمَ الَّذِيْ وَفّٰى "၎င်းသည် 'မူစာ'၏ကျမ်းများ၌ လာရှိသည်ကို လည်းကောင်း၊ (အမိန့်တော်များကို) ကျေပွန်စွာ ဆောင်ရွက်ခဲ့သော အိဗ်ရာဟီမ်၏ ကျမ်းတော်များ၌ လာရှိသည်ကို လည်းကောင်း၊ သတင်းပေးခြင်း မခံခဲ့ရလေသလော။"(၅၃း၃၆-၃၇)။ အာယတ်တော်(၃၇)၌ တမန်တော် အိဗ်ရာဟီမ်ﷺ အား 'ဝဖ္ဖာ'ဟူသော ဝေါဟာရဖြင့် ဖော်ပြ၏။ ထိုဝေါဟာရသည် ပင်ရင်းစကားလုံး 'ဝဖါအ်'မှဆင်းသက်ပြီး၊ အကြင်သူသည် အခြားလူတစ်ဦးနှင့် ထားရှိသော ကတိကဝတ်ကို သစ္စာရှိစွာဖြင့် ကျေပွန်အောင် ဆောင်ရွက်သည်ဟု အဓိပ္ပါယ်ရ၏။

အိဗ်ရာဟင်မ်ﷺ၏ ထူးခြားဝိသေသ- ကတိကဝတ်ကို ကျေပွန်အောင်ဆောင်ရွက်ခြင်း

တမန်တော် အိဗ်ရာဟင်မ်ﷺတွင် အလ္လာဟ်အရှင်မြတ်နှင့် ပဋိညာဉ်တစ်ရပ် ထားရှိခဲ့သည်မှာ ၎င်းသည် ထိုအရှင်မြတ်အား နာခံမည်ဖြစ်သည့်ပြင် ထိုအရှင်မြတ်၏ သတင်းစကားကို လူများထံသို့ ပို့ဆောင်ပါသည်ဟူ၍ဖြစ်၏။ ၎င်းသည် ထိုပဋိညာဉ်ကို သစ္စာရှိစွာဖြင့် ကျေပွန်အောင် ဆောင်ရွက်ခဲ့သည်။ ၎င်းသည် အလ္လာဟ်အရှင်မြတ်အား နာခံလျက် ထိုအရှင်မြတ်၏ သတင်းစကားကို ထိုအရှင်မြတ်၏ ဖန်ဆင်းခံများထံသို့ ပို့ဆောင်ခဲ့သည်။ ထို့အတွက် ၎င်းသည် ပြင်းထန်သော စမ်းသပ်မှုများနှင့် အတိဒုက္ခများကို ကျော်ဖြတ်ရန် ဖြစ်ခဲ့ရသည်။ ဤသည်မှာ 'ဝဖ္ဖာ'(ကျေပွန်အောင် ဆောင်ရွက်ခဲ့သည်)ဟူသော ဝေါဟာရအပေါ် အိဗ်နကဆီး၏ အိဗ်နဂျရီးရိန်နှင့် အခြားသူများ၏ အဓိပ္ပါယ်ကောက်ယူချက် ပင်ဖြစ်လေသည်။

ဆင့်ပြန်ချက်များစွာက 'ဝဖ္ဖာ'ဟူသောဝေါဟာရ၏ ယေဘုယျအဓိပ္ပါယ်အဖြစ် တမန်တော် အိဗ်ရာဟီမ်ﷺ၏ ထူးခြားသော လုပ်ဆောင်မှုများအကြောင်းကို ဖော်ပြ၏။ သို့သော် အမြင်နှစ်ခုမှာ ကွဲလွဲမှုမရှိချေ။ အဘယ်ကြောင့်ဆိုသော် ပဋိညာဉ်ကို ကျေပွန်အောင် ဆောင်ရွက်ခြင်းသည် ယေဘုယျကျသောကြောင့်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်အားလုံးကိုလိုက်နာကျင့်သုံးခြင်း၊လုပ်ရပ်အားလုံးတွင်အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကိုနာခံခြင်း၊ တမန်တော် တာဝန်များကို ကျေပွန်စွာဆောင်ရွက်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံများကို ပြုပြင်ခြင်းများအားလုံး ပါဝင်ကြောင်း နားလည်နိုင်ပေသည်။

သာဝကကြီး အဗူအုမာမဟ်ﷺအား ကိုးကားလျက် အိဗ်နအဗီဟာတင်မ် တင်ပြသည့် ဆင့်ပြန်ချက်ကို စဉ်းစားကြည့်ကြပါစို့။ တမန်တော်မြတ်ﷺသည် အာယတ်တော်(၃၇)ကို ရွတ်ဖတ်ပြီး၊ 'သင်တို့ 'ဝဖ္ဖာ' (ကျေပွန်အောင် ဆောင်ရွက်ခဲ့သည်)၏ အဓိပ္ပါယ်ကို သိကြပါ၏လော။'ဟု မေးမြန်းခဲ့ရာ သာဝကကြီး အဗူအုမာမဟ်က 'အလ္လာဟ်နှင့် အလ္လာဟ်ရဿူလ်တို့သာ အသိဆုံးဖြစ်ပါသည်။'ဟု ပြန်ပြောခဲ့ကြ၏။ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။

وَقُلْ عَمَلَ يَوْمِهٖ بِاَرْبَعِ رَكْعَاتٍ فِيْ اَوَّلِ النَّهَارِ (ابن كثير)

၎င်းသည် နေ့တစ်နေ့၏ လုပ်ငန်းဆောင်တာများကို (၄)ရကအတ်ဝတ်ပြုခြင်း (ဆွလာတုလ်အစ်ရှ်ရာက်) ဖြင့် စတင်ခြင်းဖြင့် ကျေပွန်အောင် ဆောင်ရွက်ခဲ့၏။

ဤဆင့်ပြန်ချက်ကို သာဝကကြီး အပူဒါရ်ﷺအား ကိုးကားလျက် တိရ်မိဒီဆင့်ပြန်သော ဟဒီးဆ်က ထောက်ခံ၏။ ၎င်း၏အဆိုအရ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။

اِبْنَ اٰدَمَ اُرْكُعْ لِيْ اَرْبَعَ رَكْعَاتٍ مِّنْ اَوَّلِ النَّهَارِ اَكْفِكَ اٰخِرَهٗ (ابن كثير)

အို- အာဒမ်၏သား၊ နေ့၏အစောပိုင်းတွင် ဆွလာတ်(၄)ရကအတ် ဝတ်ပြုပါ၊ သင်၏ အရေး ကိစ္စအဝဝကို နေ့၏အဆုံးပိုင်းတိုင် ငါအရှင်မြတ်က တာဝန်ယူမည်။

အိဗ်နုအဗီဟာတင်က သာဝကကြီး မူအာဝ်အိဗ်နုအနာစ်ﷺထံမှ အခြားဟဒီးဆ်တော်တစ်ရပ်ကို ဆင့်ပြန်သည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ 'အလ္လာဟ်အရှင်မြတ်က အိဗ်ရာဟီမ်ﷺအား အဘယ်ကြောင့် 'အလ်လသီဝဖ္ဖာ' (ကျေပွန်စွာ ဆောင်ရွက်ခဲ့သူ)ဟူသော ဘွဲ့ချီးမြှင့်တော်မူသည်ကို သင်တို့သိကြပါသလား၊' ထို့နောက် ၎င်းက 'အဘယ်ကြောင့်ဆိုသော်ငင်းသည် အောက်ပါ 'သိက်ရ်'ကို မနက်တိုင်း၊ ညနေတိုင်းရွတ်ဖတ်သောကြောင့်ဖြစ်၏။'

فَسُبْحٰنَ اللّٰهِ حِيْنَ تُمْسُوْنَ وَحِيْنَ تُصْبِحُوْنَ وَلَهُ الْحَمْدُ فِي السَّمٰوٰتِ وَالْاَرْضِ وَعَشِيًّا وَّحِيْنَ تُظْهِرُوْنَ (ابن كثير)

မူစာနှင့် အိဗ်ရာဟင်မ်ﷺတို့၏ ကျမ်းဂန်များ- အထူးလမ်းညွှန်ချက်များနှင့် ဆုံးမသြဝါဒတော်များ

ရှေးယခင် တမန်တော်ﷺတို့၏ ကျမ်းဂန်များထဲမှ အလ္လာဟ်အရှင်မြတ်၏ မည်သည့်အမိန့်တော်၊ မိန့်ဆိုချက်၊ အရေးယူဆောင်ရွက်မှုကိုမဆို ကုရ်အာန်ထဲ၌ ကိုးကားဖော်ပြတိုင်း၊ ယခင်ဆုံးမသြဝါဒများအား ပယ်ဖျက်ကြောင်း ရှင်းလင်းတိကျသော စာသားမပါရှိပါက ယင်းတို့ကို လိုက်နာကျင့်သုံးရန်မှာ ဤအွမ္မတ်အတွက် မပြုမနေရတာဝန်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်၏။ ရှေ့တွင်ဖော်ပြမည့် အာယတ်တော်(၁၈)ပါးက တမန်တော်မူစာနှင့် အိဗ်ရာဟီမ်ﷺတို့၏ ကျမ်းဂန်များမှ အထူးဆုံးမသြဝါဒတော်များကို အသေးစိတ်ရှင်းလင်းဖော်ပြ၏။ ယခင်ဆုံးမသြဝါဒတော်များအနက်မှ နှစ်ခုသာလျှင် လက်တွေ့ဘဝနှင့် သက်ဆိုင်ပြီး၊ ကျန်ဆုံးမသြဝါဒတော်များမှာ တိုက်တွန်းနှိုးဆော်ရန်၊ သတိပေးရန်နှင့် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များကို သတိပြုကြစေရန် ရည်ရွယ်လေသည်။ ပြဋ္ဌာန်းသော ဆုံးမသြဝါဒတော်များနှင့် စပ်လျဉ်းသည့် အာယတ်တော်နှစ်ပါး (၃၈)နှင့်(၃၉)မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ရှင်ပြန်ထမည့်နေ့တွင် မည်သူမျှ သူတစ်ပါး၏ ဝန်ထုပ်ဝန်ပိုးကို သယ်ဆောင်လိမ့်မည် မဟုတ်ပေ။

اَلَّا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى ﴿٣٨﴾ وَاَنْ لَّيْسَ لِلْاِنْسَانِ اِلَّا مَا سَعٰى ﴿٣٩﴾

"ဇကန်စင်စစ်မည်သည့်သယ်ပိုးသူတစ်ဦးတစ်ယောက်မျှပင် သူတစ်ပါး၏ဝန်ထုပ်ကို သယ်ပိုးဆောင်ရွက်မည် မဟုတ်ဟူ၍ လည်းကောင်း၊ ဇကန်မလွဲမနုဿလူသား၌ ၎င်း၏ကြိုးပမ်းဆောင်ရွက်ချက်သာလျှင် ရှိမည်ဟူ၍ လည်းကောင်း၊"(၅၃း၃၈-၃၉)

'ဝစ်ဇရ်'ဟူသော စကားလုံး၏ မူရင်းအဓိပ္ပါယ်သည် ဝန်ထုပ်တစ်ခုဖြစ်၏။ အာယတ်တော်က ပြောလိုသည်မှာ လူသားတိုင်းသည် မိမိ၏အပြစ်အမှားများ၊ မယုံကြည်သွေဖည်မှုဖြစ်စေ သို့မဟုတ် မကောင်းမှုဖြစ်စေကို သယ်ပိုးရလိမ့်

မည်ဖြစ်ပြီး၊ (၃၅း၁၈)၌ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသကဲ့သို့ အခြားမည်သူကမျှ ၎င်း၏မကောင်းမှုဝန်ထုပ်ကို သယ်ပိုးပေးလိမ့်မည် မဟုတ်ကြောင်းဖြစ်၏။

وَإِنْ تَدْعُ مُثْقَلَةٌ إِلَىٰ حِمْلِهَا لَا يُحْمَلْ مِنْهُ شَيْءٌ

"အမှန်စင်စစ်သော်ကား၊ မည်သည့်ဝန်ထုပ်ထမ်းသောသူ (အပြစ်ရှိနေသူ) တစ်စုံတစ်ယောက်မျှပင် သူတစ်ပါး၏ ဝန်ထုပ်ကို သယ်ပိုးထမ်းဆောင်မည် မဟုတ်ပေ။ ၎င်းပြင် အကယ်၍ ဝန်ထုပ်ကို ထမ်းဆောင်သယ်ပိုးလျက် ရှိသူတစ်ဦးတစ်ယောက်သည်တစ်စုံတစ်ယောက်အား မိမိဝန်ထုပ်ကိုသယ်ပိုးထမ်းဆောင်ခြင်းငှာဟစ်ခေါ်ငြားသော်လည်း ထိုဟစ်ခေါ်ခြင်းခံရသောသူသည် ၎င်း၏ဆွေရင်းသားရင်း ဖြစ်သည့်တိုင် ထိုဝန်ထုပ်မှ အနည်းငယ် စိုးစဉ်းကိုမျှပင် သယ်ပိုးထမ်းဆောင်မည် မဟုတ်ပေ။ ...."(၃၅း၁၈)

ဝန် သို့မဟုတ် ဝန်ထုပ်ဟူသည် မကောင်းမှုဝန်ထုပ်နှင့် ယင်း၏ပြစ်ဒဏ်ကို ဆိုလိုသည်။ ရှင်ပြန်ထမည့်နေ့တွင် လူတစ်ဦး၏ ပြစ်ဒဏ်ကို အခြားလူတစ်ဦးအား ပေးလိမ့်မည် မဟုတ်သကဲ့သို့ မည်သူမျှ အခြားလူတစ်ဦး၏ မကောင်းမှုအတွက် အလျော်ပေးခွင့်ရှိလိမ့်မည် မဟုတ်ကြောင်း အထက်ပါအာယတ်တော်က ရှင်းလင်းစွာ ဖော်ပြလေသည်။

ဤအာယတ်တော်က အထက်မှ ထုတ်ပြန်ပို့ချရခြင်း နောက်ခံအကြောင်းအဖြစ် ဆင့်ပြန်ခဲ့သော ပုဂ္ဂိုလ်၏ စဉ်းစားတွေးခေါ်ပုံကိုလည်း ချေပငြင်းဆိုသည်။ ၎င်းသည် မွတ်စလင်တစ်ဦး ဖြစ်လာခဲ့သည် သို့မဟုတ် ဖြစ်လာတော့မည်ဖြစ်ပြီး၊ ၎င်း၏မိတ်ဆွေက ၎င်းအား ပြစ်တင်မောင်းမဲကာ အကယ်၍ ပြစ်ဒဏ်ပေးခံရပါက မည်သည့်အန္တရာယ်မှ ၎င်းထံသို့ ရောက်လာမည်မဟုတ်ကြောင်း အာမခံသည်ဟု ပြောကြားခဲ့သည်။ ၎င်း၏ပြစ်ဒဏ်ကိုခံယူပြီး ၎င်းအားကယ်တင်မည်ဟု မိတ်ဆွေက အခိုင်အမာပြောခဲ့သည်။ ဤကဲ့သို့ ကိစ္စမျိုးတွင် ပုဂ္ဂိုလ်တစ်ဦးက မကောင်းမှုကို ကျူးလွန်ပြီး၊ အခြားလူတစ်ဦးက ထိုမကောင်းမှုအတွက် တာဝန်ယူပေးမည်ဆိုခြင်းမှာ မဖြစ်နိုင်ကြောင်း ဤအာယတ်တော်က ရှင်းပြလေသည်။

ဆွဟီဟိန်၌ ဖော်ပြသည့် ကွယ်လွန်သူများသည် ၎င်းတို့ကွယ်လွန်ခြင်းအတွက် ၎င်းတို့၏မိသားစုများက ဝိုကြွေးခြင်းနှင့် ဟစ်အော်ငိုညည်းခြင်းများကြောင့် အပြစ်ပေးခံကြရသည်ဟူသော အိပ်နအုမာရ်ﷺ၏ ဟဒီးဆ်နှင့် စပ်လျဉ်း၍မူ ယင်းကိစ္စသည် ၎င်းကိုယ်တိုင်က ကွယ်လွန်သူအတွက် ဝိုကြွေးလေ့၊ ဟစ်အော်ငိုညည်းလေ့ရှိသည့်ပြင် ထိုသို့ပြုလုပ်ရန် အကျင့်ပါနေသော ထိုပုဂ္ဂိုလ်နှင့် သက်ဆိုင်၏။ သို့တည်းမဟုတ် ၎င်း၏အမွေဆက်ခံသူများအား ၎င်းကွယ်လွန်လျှင် ဝိုကြွေးရန်နှင့် ရင်ဘတ်စည်တီး ဟစ်အော်ငိုညည်းကြရန် တိုက်တွန်းခဲ့သော ထိုပုဂ္ဂိုလ်နှင့် သက်ဆိုင်လေသည်။ (မဇ်ဟရီ)။ ဤကိစ္စတွင် ထိုသူသည် ၎င်းကိုယ်တိုင်၏ လုပ်ရပ်ကြောင့် အပြစ်ပေးခံရခြင်းဖြစ်ပြီး၊ အခြားလူများ၏ လုပ်ရပ်ကြောင့် မဟုတ်ပေ။*

ဒုတိယအမိန့်ပြဋ္ဌာန်းချက်သည် အာယတ်တော်(၃၉) وَأَنْ لَّيْسَ لِلْإِنسَانِ إِلَّا مَا سَعَىٰ

"ဇကန်မလွဲမနှသလူသား၌ ၎င်း၏ကြိုးပမ်းဆောင်ရွက်ချက်သာလျှင် ရှိမည်ဟူ၍ လည်းကောင်း။"(၅၃း၃၉) ၌ပါရှိ၏။ ဤအာယတ်တော်၏ အကျဉ်းချုပ်မှာ မည်သူမျှ သူတစ်ပါး၏ မကောင်းမှုဝန်ထုပ်ကို သယ်ဆောင်မည် မဟုတ်

---

* ဤနေရာတွင် သိထားသင့်သည်မှာ အကယ်၍ အကြင်သူသည် ပုဂ္ဂိုလ်တစ်ဦး ကွယ်လွန်ခြင်းအတွက် မိမိ၏စိတ် ထိခိုက်ခံစားမှုကို မချုပ်တည်းနိုင်သောကြောင့် ဝိုကြွေးခြင်းဖြစ်ပါက ရှရီအတ်တွင် အပြစ်တစ်ခု မဟုတ်ပေ။ တားမြစ်ခံရသော ဝိုကြွေးပုံမျိုးမှာ အစွလာမ်မတိုင်မီက အာရဗ်လူအဖွဲ့အစည်း၌ ဓလေ့ထုံးစံဖြစ်ခဲ့ပြီး အချို့အရပ်ဒေသ များတွင် ယခုတိုင် ခေတ်စားဆဲဖြစ်သည့် ကျယ်လောင်စွာ ဟန်ဆောင်ဝိုကြွေးခြင်း၊ အခြားလူများကိုလည်း ထိုသို့ ဝိုကြွေးကြရန် ဖိတ်ခေါ်ခြင်းမျိုး ဖြစ်လေသည်။ ထို့ပြင် မျက်နှာကို လက်ဖြင့်ရိုက်လျက်၊ အဝတ်အစားများကို ဆုတ်ဖြဲလျက်၊ ကံကြမ္မာကို မကျေမနပ် ပြစ်တင် လျက် ဝိုကြွေးခဲ့ကြသည်။ ဤနေရာတွင် ထိုကဲ့သို့ ဖွဲ့နွဲ့၍ တခမ်းတနား ဝိုကြွေးပုံမျိုးကို စာရေးသူက ဆိုလိုခြင်းဖြစ်၏။ (မုဟမ္မဒ်တကီးအွစ်မာနီ)

သကဲ့သို့ ၎င်းသည် ၎င်းကိုယ်တိုင် ပြုလုပ်ခဲ့သော ကောင်းမှု၏ အကျိုးကိုသာ ခံစားရမည်ဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦးသည် ကောင်းမြတ်သော လုပ်ရပ်တစ်ခုကို အခြားတစ်စုံတစ်ယောက်၏အစား လုပ်ဆောင်ခြင်းဖြင့် အခြားတစ်စုံတစ်ယောက်သည် ၎င်း၏တာဝန်ရှိခြင်းမှ လွတ်ငြိမ်းခွင့်ရလိမ့်မည် မဟုတ်ပေ။ ဥပမာ- အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် အခြားတစ်စုံတစ်ယောက်အစား ဆွလာတ်ဝတ်ပြုမှုနှင့် ဥပုသ်စောင့်ထိန်းမှုများကို ဆောင်ရွက်ပါက အခြားတစ်စုံတစ်ယောက်သည် ၎င်း၏သာသနာ့တာဝန်နှင့် ဝတ္တရားများမှ ကင်းလွတ်ခွင့်ရလိမ့်မည်မဟုတ်ဘဲ ယင်းတို့အတွက် တာဝန်ရှိနေဆဲပင် ဖြစ်လိမ့်မည်။ ထိုနည်းတူ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် အခြားတစ်စုံတစ်ယောက်အစား အီမာန်ကိုလက်ခံပါက အခြားတစ်စုံတစ်ယောက်သည် ယုံကြည်သက်ဝင်သူတစ်ဦးအဖြစ် သဘောထားခံရနိုင်မည် မဟုတ်ပေ။

ဤကဲ့သို့ အဓိပ္ပါယ်ကောက်ယူခြင်းအားဖြင့် အာယတ်တော်နှင့် ဆက်စပ်သော ဓမ္မသတ်ပြဿနာများ မပေါ်ပေါက်တော့ပေ။ သို့သော် ဟဂျ်၊ ဇကာတ်တို့နှင့် စပ်လျဉ်း၍ ပေါ့တန်သော မေးခွန်းများ ပေါ်ပေါက်လာသည်။ မဖြစ်မနေလိုအပ်သည့် အချိန်အခါများတွင် အခြားတစ်စုံတစ်ယောက်အစား ဟဂျ်ပြုလုပ်ခြင်းကို လည်းကောင်း၊ ၎င်း၏ခွင့်ပြုချက်ဖြင့် ၎င်း၏ကိုယ်စား ဇကာတ်ပေးခြင်းကို လည်းကောင်း ရှရီအဟ်ကခွင့်ပြု၏။ ဤသည်မှာ မည်သို့သို့မည်ပုံ ဖြစ်နိုင်ပါသနည်း။ အခြေအနေနှစ်ရပ်ကို စေ့စပ်သေချာလေ့လာခြင်းဖြင့် ပြဿနာမဖြစ်ပေါ်တော့ပေ။ 'ဟဂျ်ဂျီဗဒလ်'အမျိုးအစား ဟဂျ်ကို ဆောင်ရွက်ရန်အတွက် စေလွှတ်သူကိုယ်တိုင်က ကုန်ကျစရိတ်ကို တာဝန်ယူရသည်။* ဤနည်းအားဖြင့် ထိုဟဂျ်သည် ၎င်း(စေလွှတ်သူ)၏ ကိုယ်ပိုင်လုပ်ရပ် ဖြစ်သွားပြီး၊ ထိုအတွက် ဆုလာဘ်အကျိုးကို ရရှိနိုင်မည်ဖြစ်၏။ 'ဇကာဟ်'ကိစ္စတွင် တစ်စုံတစ်ယောက်အား 'ဇကာဟ်'ပေးဆောင်ရန် တာဝန်ပေးခြင်းမှာလည်း တာဝန်ပေးသော ပုဂ္ဂိုလ်၏လုပ်ရပ်ဖြစ်ပြီး၊ တာဝန်ပေးခံရသူ၏လုပ်ရပ်မဟုတ်ပေ။ ထို့ကြောင့် ဤကိစ္စနှစ်မျိုးသည်အာယတ်တော်(၃၉)နှင့် ဆန့်ကျင်ကွဲပြားခြင်း မရှိပါချေ။

ကောင်းမှုများ၏ အကျိုးဆုလာဘ်ကို အခြားသူများအားပေးခြင်း

အာယတ်တော်(၃၉)သည် မည်သူမျှ အီမာန်၊ ဆွလာတ်နှင့် ဇကာဟ်ကဲ့သို့သော မပြုမနေရလုပ်ရပ်တစ်ခုကို အခြားသူတစ်ဦးကိုယ်စားငင်းအားငင်း၏သာသနာ့တာဝန်များမှကင်းလွတ်စေရန်အတွက်ဆောင်ရွက်ပေးနိုင်ခြင်းမရှိဟု ဆိုလိုကြောင်းကို ရှင်းပြခဲ့၏။ ၎င်းသည် ၎င်းကိုယ်တိုင် ပြုလုပ်သော ကောင်းမှု၏ အကျိုးကိုသာ ခံစားရမည်ဖြစ်ပေသည်။ သို့ရာတွင် ဤသည်က ပုဂ္ဂိုလ်တစ်ဦးသည် အပို(နဖိလ်)လုပ်ရပ်များကို မပြုလုပ်နိုင်ဟူ၍ လည်းကောင်း၊ ထိုလုပ်ရပ်များ၏ အကျိုးဆုလာဘ်ကို အခြားသူတစ်ဦးအား မပေးနိုင်ဟူ၍ လည်းကောင်း ဆိုလိုခြင်းမဟုတ်ပေ။ ရှရီအဟ်၌ လုံလောက်သော အထောက်အထား ရှိသည်မှာ ပုဂ္ဂိုလ်တစ်ဦးသည် ဆုပန်ခြင်း၊ ပေးကမ်းလှူဒါန်းခြင်း သို့မဟုတ် အခြားမည်သည့် ကောင်းမှုမျိုးကိုမဆို ပြုလုပ်ပြီး၊ ထိုကောင်းမှု၏ အကျိုးဆုလာဘ်ကို အခြားလူများအား ပေးကမ်းနိုင်သည်။ ထို့ပြင် အွမ္မတ်ကလည်း ဤအချက်အပေါ် တညီတညွတ်သဘောတူလေသည်။ (အိဗ်နကဆီးရ်)

သို့ရာတွင် ဤအကြောင်းကိစ္စနှင့် စပ်လျဉ်း၍ အီမာမ်ရာဖိအီ ﷺ တစ်ဦးသာလျှင် ကွဲပြား၏။ ၎င်းက ကုရ်အာန်ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၏ အကျိုးဆုလာဘ်ကို အခြားသူတစ်ဦးအား ပေး၍မရနိုင်ဟုဆို၏။ ၎င်းက အထက်ပါအာယတ်တော်အား ယေဘုယျအဓိပ္ပါယ်တစ်ခုအဖြစ်ယူပြီး ဆွလာတ်ဝတ်ပြုခြင်း၊ ဥပုသ်စောင့်ထိန်းခြင်း၊ ကုရ်အာန်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းစသည် ရုပ်ခန္ဓာသက်သက်နှင့်ဆိုင်သော ဆည်းကပ်ကိုးကွယ်သည့် လုပ်ရပ်များ၏ အကျိုးဆုလာဘ်ကို

---

* မှတ်သားအပ်သည်မှာ 'ဟဂျ်ဂျီဗဒလ်'အား အကြောင်သူသည် ခန္ဓာကိုယ်၏ ကန့်သတ်ချက်တစ်ခုကြောင့် ဟဂျ်ကို ဆောင်ရွက်ရန် မတတ်နိုင်သောအခါမှသာလျှင် ခွင့်ပြု၏။ ထို့ကြောင့် ၎င်း၏ မပြုမနေရ တာဝန်သည် ၎င်း၏ ကုန်ကျစရိတ်ဖြင့် အခြားတစ်စုံတစ်ယောက်အား စေလွှတ်ရန် သတ်မှတ်ချက် ဖြစ်လာသည်။ (မုဟမ္မဒ်တကီးအွစ်မာနီ)

အခြားပုဂ္ဂိုလ်တစ်ဦးထံသို့လက်ဆင့်မကမ်းနိုင်ဟု ကန့်ကွက်ပြောဆို၏။ အီမာမ်အဗူဟနီဖဟ်ﷺနှင့် ဦးဆောင်ဓမ္မသတ်မှူးအများစုအရမူ ထိုသို့လုပ်ပိုင်ခွင့်ရှိလေသည်။ ၎င်းတို့က အခြားပုဂ္ဂိုလ်တစ်ဦးအတွက် ဆုတောင်းရန်နှင့် လှူဒါန်းခြင်း၏ အကျိုးဆုလာဘ်ကို ၎င်းအား ပေးကမ်းရန် ဖြစ်နိုင်သည့်နည်းတူ ကုရ်အာန်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် အပိုဆွလာတ် ဝတ်ပြုခြင်းများ၏ အကျိုးဆုလာဘ်ကို ၎င်းထံသို့ ပို့ပေးနိုင်ပြီး၊ ၎င်းကလည်း လက်ခံရရှိလိမ့်မည် ဖြစ်သည်ဟု ထောက်ခံပြောဆိုကြ၏။ ယုံကြည်သက်ဝင်သူတစ်ဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးပြုသော ကောင်းမှု၏ အကျိုးဆုလာဘ်ကို ရရှိလိမ့်မည်ဟူသည့်အချက်ကို များစွာသော ဟဒီးဆ်တော်များက သက်သေခံကြောင်း ၎င်း၏တဖိစီရ်၌ ကုရ်တူဗီက မိန့်ဆို၏။ တဖိစီရ်မဇ်ဟရီတွင် ဤအကြောင်းနှင့် စပ်လျဉ်း၍ အခြားပုဂ္ဂိုလ်တစ်ဦးသည် 'အီစာလိစဝါဗ်' (ကောင်းမှုများ၏ အကျိုးဆုလာဘ်ကို ပေးကမ်းခြင်း)၏ အကျိုးကျေးဇူးကို လက်ခံရရှိကြောင်း သက်သေခံသည့် ခိုင်လုံသော ဟဒီးဆ်တော်များအားလုံးကို စုစည်းဖော်ပြထားလေသည်။

ရှေ့မှအာယတ်တော်များသည် တမန်တော်မူစာနှင့် အိဗ်ရာဟီမ်ﷺတို့၏ ကျမ်းဂန်များအား ကိုးကားလျက် အကြောင်းနှစ်ရပ်ကို အသေးစိတ်ဖော်ပြရှင်းလင်းခဲ့၏။ (၁) အခြားတစ်ဦး၏ မကောင်းမှုနှင့် ပြစ်ဒဏ်ဝန်ထုပ်ကို မည်သူမျှ ထမ်းရွက်လိမ့်မည်မဟုတ်။ နှင့် (၂) ကိုယ်တိုင်ဆောင်ရွက်ခြင်း မပြုပါက ရှရီအဟ်က ပြဋ္ဌာန်းသော ၎င်း၏မပြုမနေရ တာဝန်များမှ မည်သူမျှ ကင်းလွတ်လိမ့်မည်မဟုတ်။ ဤစည်းကမ်းဥပဒေနှစ်ရပ်ကို တမန်တော်အားလုံး၏ ရှရီအဟ်တွင် တွေ့ရှိနိုင်ပေသည်။ သို့ရာတွင် ဤဥပဒေများအား မူစာနှင့်အိဗ်ရာဟီမ်ﷺတို့နှင့် ဆက်နွယ်၍ အထူးသဖြင့် ဖော်ပြခြင်းမှာ ၎င်းတို့၏ ခေတ်အခါများတွင် ဆိုးယုတ်သော ဓလေ့ထုံးစံတစ်ခု အမြစ်တွယ်နေခဲ့သည်မှာ ဖခင်၏အစား သားကိုသတ်ခြင်း၊ သား၏အစား ဖခင်၊ ညီအစ်ကို၊ မောင်နှမနှင့် အခြားမိသားစုဝင်များကို သတ်လေ့ရှိခြင်းပင်ဖြစ်၏။ အမှောင်ခေတ်၏ ဆိုးယုတ်သော ဓလေ့ထုံးစံမှန်သမျှကို ဤတမန်တော်များ၏ ရှရီအဟ်က ပယ်ဖျက်ခဲ့လေသည်။

وَ اَنَّ سَعۡیَهٗ سَوۡفَ یُرٰی "မုချဇကာန် ထိုမနုဿလူသား၏ ကြိုးပမ်းဆောင်ရွက်ချက်မှာ မကြာမြင့်မီပင် တွေ့မြင်ရမည်ဟူ၍ လည်းကောင်း" (၅၃း၄၀)။ တစ်နည်းဆိုရလျှင် ပုဂ္ဂိုလ်တစ်ဦး၏ အပြင်ပိုင်းလုပ်ရပ်များသည် လုံလောက်ခြင်းမရှိပေ။ အလ္လာဟ်အရှင်မြတ် သည် ယင်းတို့အား စစ်မှန်ရိုးသားသော ရည်ရွယ်ချက်ဖြင့်လော သို့မဟုတ် ဖုံးကွယ်ထားသော စေ့ဆော်မှုဖြင့် ဆောင်ရွက်ခြင်းလောဆိုသည့် နောက်ကွယ်မှ စစ်မှန်သော အတွင်းပိုင်းစေ့ဆော်မှုနှင့် တွန်းအားများကို ထည့်သွင်းစဉ်း စားတော်မူလိမ့်မည်ဖြစ်၏။ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့ကြောင်း လာရှိသည်မှာ

اِنَّمَا الۡاَعۡمَالُ بِالنِّیَّاتِ

'လုပ်ရပ်များကို ရည်ရွယ်ချက်များဖြင့် ဆုံးဖြတ်တော်မူလိမ့်မည်။'

လုပ်ရပ်များ၏ အပြင်သဏ္ဌာန်သည် မလုံလောက်ဘဲ အတွင်းသဏ္ဌာန်သည်လည်း လိုအပ်ကြောင်းကို ဆိုလိုခြင်းဖြစ်၏။ လုပ်ရပ်များသည် အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်တော်မူရန်အတွက် ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ထိုအရှင်မြတ်၏ အမိန့်တော်နှင့် ကိုက်ညီရမည်ဖြစ်ပေသည်။

وَ اَنَّ اِلٰی رَبِّكَ الۡمُنۡتَهٰی "၎င်းပြင် (အို နဗီတမန်တော်) ဇကန်အမှန် လမ်းဆုံးမှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အထံတော်၌ ဖြစ်သည်ဟူ၍ လည်းကောင်း။"(၅၃း၄၂)။ အာယတ်တော်က ဆိုလိုသည်မှာ နောက်ဆုံးတွင် လူတိုင်းသည် ရှင်ပြန်ထမည့်နေ့၌ အလ္လာဟ်အရှင်မြတ်ထံတော်သို့ ပြန်ကြရမည်ဖြစ်ပြီး၊ မိမိလုပ်ရပ်များ၏ အစီရင်ခံစာကို ပေးရလိမ့်မည်ဖြစ်၏။

အချို့ရှင်းလင်းဖွင့်ဆိုသူများက အဓိပ္ပါယ်ကောက်ယူသည်မှာ ဤမိန့်ဆိုချက်သည် လူသား၏အတွေးနှင့် စိတ်ကူးအခွင့်အလမ်းသည် အလ္လာဟ်အရှင်မြတ်ထံတော်၌ အဆုံးသတ်သည်ဟု ပြောလိုခြင်းဖြစ်သည်။ ထိုအရှင်မြတ်၏ ဖြစ်တည်မှုနှင့် ဂုဏ်တော်များ၏ တကယ့်သဘာဝကို လူသား၏ စိတ်ကူးစိတ်သန်းဖြင့် ရှာဖွေတွေ့ရှိနိုင်ခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် စိတ်ကူးထဲ၌ ရုပ်လုံးပေါ်အောင် တွေးကြည့်နိုင်သော အရာများ မဟုတ်သောကြောင့်ဖြစ်၏။ ဤသို့ကြောင့် ကျွန်ုပ်တို့အား ထိုအရှင်မြတ်၏ဖြစ်တည်မှုနှင့် ဂုဏ်တော်များကို စဉ်းစားချင့်ချိန်ခြင်းမပြုရန် ရှင်းလင်းစွာ တားမြစ်လေသည်။ (ကြည့်- မအာရိဖုလ်ကုရ်အာန်၊ မြန်မာပြန် တွဲ-၃၊ စာ-၃၅၁-၃၅၆) ကျွန်ုပ်တို့အား ထိုအရှင်မြတ်၏ ဂုဏ်တော်များနှင့် ကျေးဇူးတော်များ၏ ထင်ရှားပြသမှုကို စဉ်းစားဆင်ခြင်ရန်ပြောသော ဆင့်ပြန်ချက်များရှိသော်လည်း ထိုအရှင်မြတ်၏ ဖြစ်တည်မှုနှင့် ဂုဏ်တော်များရှိသော်လည်း ထိုအရှင်မြတ်၏ ဖြစ်တည်မှုနှင့် ဂုဏ်တော်များ သို့မဟုတ် ဂုဏ်ပုဒ်များကို စိတ်ကူးထဲ၌ ရုပ်လုံးပေါ်အောင် တွေးကြည့်ရန် မဟုတ်ချေ။ ယင်းတို့၏ တကယ့်သဘာဝကို အလ္လာဟ်အရှင်မြတ်၏ အသိပညာသို့သာလျှင် လွှဲအပ်ရာ၏။

"وَ اَنَّهٗ هُوَ اَضۡحَكَ وَ اَبۡكٰى" စင်စစ်ဇကန် ထိုအရှင်မြတ်သည်ပင် ရယ်စေတော်မူသည်၊ ငိုကြွေးစေတော်မူသည်ဟူ၍ လည်းကောင်း၊" (၅၃း၄၃)။ လူသားသည် ပျော်ရွှင်ခြင်းနှင့် ပူဆွေးခြင်းများကို ကြုံတွေ့ရသည်ဖြစ်၍ ရယ်မောခြင်းနှင့် ငိုကြွေးခြင်းများကိုလည်း ကြုံတွေ့ရပေသည်။ လူသားက ဤသည်ကို (စကြဝဠာတွင်းရှိ အရာရာတိုင်းကို ရည်ညွှန်းသော၊ အကြောင်း အရာကို ၎င်းကအဆုံးသတ်သည့်နေရာဖြစ်သော) တစ်ဆင့်ခံ အကြောင်းတရားများဟု သတ်မှတ်၏။ အကယ်၍ ကျွန်ုပ်တို့သည် စေ့စပ်သေချာစွာ စိတ်ဖြာလေ့လာပါက အကြောင်းနှင့်အကျိုး စနစ်တစ်ခုလုံးသည် အရင်းခံနှင့် အမြင့်ဆုံး အကြောင်းတရား ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်၌ အဆုံးသတ်ကြောင်း တွေ့ရပေမည်။ မည်သည့် တစ်ဆင့်ခံ အကြောင်းတရားကမှ တစ်ဦးတစ်ယောက်ကို ပျော်ရွှင်အောင် သို့မဟုတ် ဝမ်းနည်းအောင် မပြုလုပ်သကဲ့သို့ ရယ်မောအောင် သို့မဟုတ် ငိုကြွေးအောင် မပြုလုပ်ပါချေ။ ဤအရာနှစ်မျိုးစလုံးကို အလ္လာဟ်အရှင်မြတ်ကသာ ဖန်ဆင်းတော်မူခြင်းဖြစ်၏။ ထိုအရှင်မြတ်သည် တစ်ဆင့်ခံအကြောင်းတရားနှင့် အကျိုးတရား တသီတတန်းကို ကျွန်ုပ်တို့၏ ကန့်သတ်ချက်ရှိသော လောကတွင် ဖန်ဆင်းတော်မူခဲ့သည်။ သို့သော် အရင်းခံနှင့် အထွတ်အထိပ် ဖြစ်တော်မူသော ထိုအရှင်မြတ်သည် ရယ်မောနေသူကို ငိုကြွေးအောင်၊ ငိုကြွေးနေသူကို ရယ်မောအောင် အချိန်မရွေး ပြုလုပ်နိုင်တော်မူသည်။ ထိုအကြောင်းကို မည်မျှပြောင်မြောက်စွာ လင်္ကာသီကုံး စပ်ဆိုထားသည်ဆိုသော်-

بگوش گل چہ سخن گفتہ کہ خندان ست ... بعندلیب چہ فرمودہ کہ نالان ست

ပန်းပွင့်လေး၏ နားထဲသို့ အရှင်မြတ်က ဘာကိုများ တီးတိုးမိန့်တော်မူလိုက်၍ (အို-အလ္လာဟ်) ၎င်းသည် ပြုံး၍နေပါသနည်း။

ထို့ပြင် ညတေးသီဌက် (နိုက်တင်ဂေးဒ်ဂက်လေးကို ဘာများမိန့်တော်မူလိုက်၍ ၎င်းသည် တစ်ချိန်လုံး ငိုကြွေး ၍နေပါသနည်း။)

"وَ اَنَّهٗ هُوَ اَغۡنٰى وَ اَقۡنٰى" အမှန်ဇကန် ထိုအရှင်မြတ်သည် ကုံလုံကြွယ်ဝစေတော်မူသည်၊ ဆင်းရဲနွမ်းပါးစေ၊ ဥစ္စာပစ္စည်း ချီးမြှင့်ပေး သနား တည်မြဲစေတော်မူသည်ဟူ၍ လည်းကောင်း။"(၅၃း၄၈)။ 'ဂိနာ'ဟူသော စကားလုံးသည် ဥစ္စာဓနကြွယ်ဝခြင်းကို ဆိုလိုပြီး၊ 'အိဂ်နာ'သည် ဥစ္စာဓနကို အခြားသူတစ်ဦးအား ပေးသည်၊ ၎င်းအား ကြွယ်ဝစေသည်ဟု ဆိုလိုသည်။ 'အပ်ကနာ'ဟူသော စကားလုံးသည် 'ကင်ယတွန်'မှ ဆင်းသက်ပြီး၊ ဥစ္စာဓနကို ထိန်းသိမ်းခြင်းနှင့် သိုမှီးထားခြင်းဟု အဓိပ္ပါယ်ရ၏။ အာယတ်တော်၏ ဆိုလိုချက်မှာ မိမိ၏ကျွန်များအား ကြွယ်ဝချမ်းသာစေတော်မူပြီး၊

ငင်းတို့အား ငင်းတို့ ကျေနပ်သည်ထိ ဥစ္စာဓနကို ပေးသနားတော်မူသည်မှာ အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူသည်။ သို့ဖြစ်၍ ငင်းတို့သည် အချို့ကို သုံးစွဲပြီး၊ အချို့ကို အနာဂတ်တွင် အသုံးပြုရန်အတွက် ငင်းတို့၏ သီးသန့်ရန်ပုံငွေအဖြစ် သိမ်းဆည်းထားကြလေ သည်။

وَ اَنَّهٗ هُوَ رَبُّ الشِّعْرٰی"အမှန်စင်စစ် ထိုအရှင်မြတ်သည်ပင် 'ရှစ်အ်ရာ' (လုဒ္ဒက)ကြယ်ကို ဖန်ဆင်းတော်မူသော အရှင်မြတ် ဖြစ်တော်မူသည်ဟူ၍ လည်းကောင်း၊"(၅၃း၄၉)။ အကွရာ 'ရှိန်'၏အောက်၌ အသံထွက်ကွဲအောင် ပြသော သင်္ကေတ 'ကာစ်ရဟ်'ပါရှိသည့် 'ရှိအ်ရာ'ဟူသော စကားလုံးသည် 'ဆိုင်ရိယာစ်'ဟုခေါ်သော ကြယ်တစ်လုံး၏ နာမည်ဖြစ်ပြီး၊ 'ဂျော်ဇာအ်'၏ နောက်၌ရှိ၏။ အချို့သော အာရဗ်မျိုးနွယ်စုများသည် အတောက်ပဆုံးကြယ်ကြီး 'ဆိုင်ရိယာစ်'အား ကိုးကွယ်ခဲ့ကြသည်။ ငင်းတို့က ထိုကြယ်ကြီးအား ငင်းတို့အတွက် ကံကောင်းခြင်း သို့မဟုတ် ကံဆိုးခြင်းကို ဖြစ်စေ သောအရာတစ်ခုအဖြစ် သဘောထားခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်သည် ငင်းတို့၏လွဲမှားသော အယူအဆကို ငြင်းဆိုချေပရန်နှင့် မိမိသည် ကြယ်တာရာများ၊ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့၏ ဖန်ဆင်းရှင်ဖြစ်တော်မူသော်လည်း၊ မိမိသည် ဤကြယ်ကြီး၏ အရှင်သခင်လည်း ဖြစ်တော်မူကြောင်းကို အတည်ပြုမိန့်ဆိုရန်အတွက် ဤကြယ်ကို သတ်သတ်မှတ်မှတ် ဖော်ပြတော်မူခြင်းဖြစ်လေသည်။

وَ اَنَّهٗۤ اَهْلَكَ عَادَا ۨ الْاُوْلٰی،وَ ثَمُوْدَا ۡ فَمَاۤ اَبْقٰی"ဇကန်မလွဲ ထိုအရှင်မြတ်သည်ပင် ပထမ'အာဒ်'အမျိုးသားတို့အား ဖျက်ဆီးတော်မူခဲ့သည်ဟူ၍လည်းကောင်း၊(ထိုအရှင်မြတ်သည်ပင်)'ဆမူဒ်'အမျိုးသားတို့အားလည်း(ဖျက်ဆီးတော်မူခဲ့ပေရာ) တစ်ဦးတစ်ယောက်ကိုမျှ ခြွင်းချန်တော်မူခဲ့သည် မဟုတ်ပေ။"(၅၃း၅၀-၅၁)။ 'အာဒ်'အမျိုးသားတို့သည် အင်အားအကြီးဆုံး၊ ရက်စက်ကြမ်း ကြုတ်ဆုံးနှင့် အလ္လာဟ်အရှင်မြတ်အား ပုန်ကန်ဖီဆန်ဆုံးလူများ ဖြစ်ခဲ့ကြသည်။ ဤအမျိုးသားများတွင် မျိုးနွယ်စုနှစ်စု ရှိ၏။ 'အူလာ' (ပထမလူများ)နှင့် 'အူခ်ရာ' (နောက်လူများ သို့မဟုတ် ဒုတိယလူများ) ဖြစ်ကြသည် တမန်တော်ဟူဒ်သည် အာဒ်တို့ထံသို့ စေလွှတ်ခြင်းခံရသည်။ သို့သော် ငင်းတို့သည် ငင်း၏ စကားကို နားမထောင်ခဲ့ကြသောကြောင့် အလ္လာဟ်အရှင်မြတ်က တစ်မျိုးသားလုံးကို ပြင်းထန်လှသောလေဖြင့် အမြစ်ဖြတ်သုတ်သင်တော်မူခဲ့လေသည်။ ငင်းတို့သည် တမန်တော်နူဟ်၏ အမျိုးသားများအား ဖျက်ဆီးခြင်း၏နောက် အပြစ်ပေးဖျက်ဆီးခံရသော ပထမဆုံး အမျိုးသားများဖြစ်ခဲ့ကြသည် (မဇ်ဟရီ)။ ဒုတိယအာဒ်များ ဖြစ်ကြသည့် ဆမူဒ် မျိုးနွယ်စုထံသို့ တမန်တော် ဆွာလိဟ်အား စေလွှတ်တော်မူခဲ့ပြန်ရာ ငင်းတို့ကလည်း ငင်းတို့၏တမန်တော်ကိုမနာခံခဲ့ကြပေ။ ထို(ထုံးတမ်း၊ ဥပဒေ) ကျူးကျော်သူများသည် ဂျိဗရာအီလ်၏ ထိတ်လန့်တုန်လှုပ်ဖွယ် ဟစ်အော်သံ၏ ဖမ်းမိခြင်းကို ခံခဲ့ကြရသည်။ထိတ်လန့်ခြောက်ခြားဖွယ်အသံကြောင့်ငင်းတို့၏နှလုံးသားများပေါက်ကွဲထွက်ကုန်ကြကာ ထိုအမျိုးသားများသည် အစုအပြုံလိုက် ပျက်စီးခဲ့ကြလေသည်။ (ကြည့်- မအာရိဖုလ်ကုရ်အာန် မြန်မာပြန်၊ တွဲ-၈၊ စာ-၃၄၆-၃၅၁ နှင့် ထိုအထဲမှ ပြန်လှန်ရည်ညွှန်းချက်များ)

وَ الْمُؤْتَفِكَةَ اَهْوٰی"ထိုမှတပါး ထိုအရှင်မြတ်သည်ပင် ထက်အောက်ပြောင်းပြန်လှန်ပြီးဖြစ်သော ရွာများကိုလည်း ကိုင်ပေါက် တော်မူခဲ့၏။"(၅၃း၅၃)။ 'မုအ်တဖိကဟ်'သည် တိုက်ရိုက်အားဖြင့် 'မုအ်တလိဖဟ်' (တွဲဆက်သည်)ဟု အဓိပ္ပါယ်ရ၏။ ဤအရာများသည် မြို့နှင့်ကပ်လျက်ရှိသော အခြေချနေထိုင်ရာ (ကျေးရွာ)အနည်းငယ် ဖြစ်ခဲ့ကြသည်။ ငင်းတို့ထံသို့ တမန်တော်လူတို့အား စေလွှတ်တော်မူခဲ့၏။ မနာခံခြင်းနှင့် ရှုတ်ဖွယ်ကောင်းသော၊ ထုတ်ဖော်မပြောအပ်သော မကောင်းမှုများကို ကျူးလွန်ခြင်းများကြောင့် ငင်းတို့၏ မြို့ရွာများ (စိုဒွန်နှင့် ဂိုမိုရာဟ်)ကို ဂျိဗရာအီလ်က ထက်အောက် ပြောင်းပြန်လှန်ပစ်ခဲ့လေသည်။

فَغَشّٰىهَا مَا غَشّٰى "ထို့နောက် ယင်းရွာများကို ဝန်းဝိုင်းဖုံးလွှမ်းခဲ့သော အရာသည် ဝန်းဝိုင်းဖုံးလွှမ်းခဲ့၏။" (၅၃း၅၄)။ အာယတ်တော်က ဆိုလိုသည့်အချက်မှာ မြို့ရွာများသည် ဦးစွာထက်အောက်ပြောင်းပြန်လှန်ခြင်း ခံရသည်။ ထို့နောက် ၎င်းတို့ အပေါ်သို့ မာကျောသော ရွှံ့ကျောက်များကို ပို့ချလျက် ၎င်းတို့အား ဖုံးလွှမ်းစေတော်မူခဲ့၏။

မူစာနှင့် အိဗ်ရာဟီမ်ﷺတို့၏ ဆုံးမသြဝါဒများ ဤနေရာတွင် ပြီးဆုံး၏။

فَبِاَيِّ اٰلَآءِ رَبِّكَ تَتَمَارٰى "သို့ဖြစ်ပေရာ (အို ကြားနာသူ) အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ ဒွိဟသံသယဖြစ်လျက် ရှိသည်နည်း။"(၅၃း၅၅)။ 'အမရာ' သည် အငြင်းပွားသည်၊ ဆန့်ကျင်သည်ဟု ဆိုလို၏။ အိဗ်နအဗ္ဗာစ်ﷺ၏ အဆိုအရ အာယတ်တော်က လူသားအားလုံးကို မိန့်ကြားခြင်း ဖြစ်သည်။ အလျင်အာယတ်တော်များထဲမှ လွန်စွာရှင်းလင်း၍ မငြင်နိုင်သော အကြောင်းပြချက်များစွာကို လည်းကောင်း၊ တမန်တော်မြတ် မုဟမ္မဒ်ﷺက ၎င်း၏ထုတ်ပြန်ချက်များ၏ မှန်ကန်မှုအကြောင်း အခိုင်အမာ ပြောကြားချက်များကို ထောက်ခံပြီး၊ အထောက်အထား ခိုင်လုံစွာဖြင့် တင်ပြသည့် မူစာနှင့်အိဗ်ရာဟီမ်ﷺတို့၏ ကျမ်းဂန်များထဲမှ လက္ခဏာ တော်များကို လည်းကောင်း မြင်တွေ့ကြပြီးသည့်နောက် ခေါင်းမာသော ကာဖိရ်တို့အား အာယတ်တော်က မိန့်ဆိုသည် မှာ- အသင်တို့သည် မည်မျှကြာအောင် အမှန်တရားကိုငြင်းဆိုပြီး၊ မယုံကြည်သွေဖည်မှု ကန္တာရထဲတွင် ဝဲလည်လှည့်၍ နေကြမည်နည်း။ အာယတ်တော်ကဆက်၍ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၌ လည်းကောင်း၊ ၎င်း၏ ထုတ်ပြန်ချက်များ၌ လည်းကောင်း၊ ၎င်း၏ဆုံးမသြဝါဒများ၌ လည်းကောင်း ဒွိဟသံသယမရှိသင့်ဟု ထင်မြင်၊ တွေးဆ သူများအတွက်လည်း များစွာရှင်းလင်းစေသည်။ အတိတ်ခေတ် အမျိုးသားများအား ဖျက်ဆီးခြင်းနှင့် ပြစ်ဒဏ်ခတ်ခြင်း ဇာတ်လမ်းများကို ကြားကြရပြီးနောက် ဤအချိန်သည် ၎င်းတို့အဖို့ ဒွိဟသံသယများကို ဖယ်ရှား ပစ်ရမည့်အချိန်ဖြစ်၏။ ဤသင့်မြတ်သော အခွင့်အခါသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်တစ်ပါးပင်ဖြစ်၏။ ၎င်းတို့အနေဖြင့် ရလာသော အခွင့်အလမ်းကို တိုက်ခိုက်၊ ဆန့်ကျင်မည့်အစား အကျိုးရှိအောင် အသုံးချသင့်လေသည်။

هٰذَا نَذِيْرٌ مِّنَ النُّذُرِ الْاُوْلٰى "ဤ (တမန်တော်)သည် ရှေးဟောင်း သတိပေးနှိုးဆော်သူတို့တွင် တစ်ပါး အပါအဝင်ဖြစ်၏။"(၅၃း၅၆)။ 'ဟာသာ'သည် ညွှန်ပြနာမ်စားတစ်ခုဖြစ်ပြီး၊ တမန်တော်မြတ်ﷺ သို့မဟုတ် ကုရ်အာန် ကျမ်းမြတ်ကို ညွှန်ပြ၏။ တမန်တော်မြတ်ﷺနှင့် စပ်လျဉ်းသည်ရှိသော် အတိတ်ခေတ် တမန်တော်များစွာသည် ၎င်းတို့နှင့် သက်ဆိုင်ရာ အမျိုးသားများထံသို့ စေလွှတ်ခြင်းခံရပြီး၊ တမန်တော်မြတ်ﷺမှာမူ လူသားအားလုံးထံသို့ စေလွှတ်တော်မူခြင်း ခံရသည်။ ထို့ပြင် ၎င်းသည် ရစူလ်တမန်တော်များကြားတွင် အသစ်အဆန်းတစ်ခု မဟုတ်ပေ။ ၎င်းသည် ဖြောင့်မှန်သောလမ်းတွင် အခြေခိုင်ပြီး ဖြစ်လေသည်။ ကုရ်အာန်နှင့်စပ်လျဉ်းသော် ၎င်းသည် အကယ်၍ ၎င်းတို့လိုက်နာကြမည်ဆိုပါက ဤလောကဘဝလည်းကောင်း၊ တမလွန်ဘဝ လည်းကောင်း အောင်မြင်မှုအတွက် အာမခံသော လမ်းညွှန်ကျမ်းဂန် တစ်စောင်နှင့်အတူ ရောက်ရှိလာခဲ့ဟု ဆိုလိုသည်။ ဆန့်ကျင်သူများအနေဖြင့် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကို ကြောက်ရွံ့ကြသင့်ပေသည်။

اَزِفَتِ الْاٰزِفَةُ ، لَيْسَ لَهَا مِنْ دُوْنِ اللّٰهِ كَاشِفَةٌ "နီးကပ်လာသောအရာသည် နီးကပ်၍လာခဲ့လေပြီ၊ ထို နီးကပ်၍လာသော အရာကို အလ္လာဟ်အရှင်မြတ်မှတပါး ဖယ်ရှားဒုံသောသူဟူ၍ အလျှင်းမရှိပြီ။" (၅၃း၅၇-၅၈)။ 'အဇိဖ'ဟူသောကြိယာအား 'ကရ်ဗ'အဓိပ္ပါယ်ဖြင့်သုံးပြီး၊ နီးကပ်လာသည်ဟု ဆိုလိုသည်။ 'အာဇိဖဟ်'သည် ဖြစ်အံ့ဆဲဆဲ အဖြစ်အပျက်ကို ရည်ညွှန်း၏။ တစ်နည်းအားဖြင့် ရှင်ပြန်ထမည့်နေ့ကို ရည်ညွှန်း၍ ဖြစ်အံ့ဆဲဆဲ အဖြစ်အပျက်သည် နီးကပ်လာပြီဟု ဆိုခြင်းဖြစ်လေသည်။ ထိုအဖြစ်အပျက် မဖြစ်ပေါ်အောင် အလ္လာဟ်အရှင်မြတ်မှတပါး မည်သူမျှ မတား

ဆီးနိုင်သည့်နည်းတူ ဘယ်သောခါ၌ ဖြစ်ပျက်မည်ကိုလည်း ထိုအရှင်မြတ်မှတပါး မည်သူမျှ မသိပါချေ။ ရှင်ပြန်ထခြင်း ဖြစ်လာရန် နီးကပ်လျက်ရှိခြင်းသည် တစ်လောကလုံး၏ သက်တမ်းနှင့် ဆက်နွယ်လျက်ရှိ၏။ တမန်တော်မြတ်မုဟမ္မဒ် ﷺ၏ အဖွဲ့တော်သည် ထိုသက်တမ်း၏ အဆုံး၊ တရားစီရင်မည့်နေ့အနီး၌ ရှိပေသည်။

"أَفَمِنْ هَٰذَا الْحَدِيثِ تَعْجَبُونَ، وَ تَضْحَكُونَ وَ لَا تَبْكُونَ အသင်တို့သည် ဤအာယတ်တော်ကြောင့် အံ့သြ၍နေကြလေသလော။ ထို့ပြင် အသင်တို့သည် ငိုကြွေးခြင်းမရှိကြသည့်ပြင်၊ ရယ်မော၍ နေကြလေသလော။" (၅၃း၅၉-၆၀)။ 'ဤမိန့်ကြားချက်'ဟူသော စကာရပ်က ကုရ်အာန်ကို ရည်ညွှန်း၏။ ယင်းကိုယ်၌က တန်ခိုးတော် မုအ်ဂျိဇာဟ်တစ်ရပ် ဖြစ်သော အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက် ကုရ်အာန်သည် ၎င်းတို့ထံသို့ ရောက်လာခဲ့ပြီးဖြစ်၏။ ၎င်းတို့သည် ကုရ်အာန်အားအံ့အားသင့်သွားကြသည်။ ထို့ပြင် ယင်းကိုဟာသလုပ်ကာ ရယ်မောလှောင်ပြောင်ကြသည်။ ၎င်းတို့၏ မကောင်းမှုများနှင့် ချို့ယွင်းချက်များအတွက် ငိုကြွေးခြင်းမပြုကြပေ။

"وَ أَنْتُمْ سَٰمِدُونَ ထိုမှတပါး အသင်တို့သည် ဂရုမစိုက်ဘဲ ကစားခုန်စား မာန်မာနထောင်လွှားလျက် ရှိကြလေသလော။"(၅၃း၆၁)။ 'စားမိုးခုန်'သည် ပင်ရင်းစကားလုံး 'စူမူဒ်'မှဆင်းသက်သော 'စားမစ်ဒ်'၏ အများကိန်းဖြစ်ပြီး၊ အလေးမထားခြင်းကို ဆိုလိုသည်။ 'စားမိုးခုန်'အား 'ယာဖိလူန်'သဘောဖြင့်သုံးပြီး၊ သတိမထားမိသောဟု အဓိပ္ပါယ်ရ၏။ အချို့အီမာမ်တို့က 'စူမူဒ်'အား သီချင်းဆိုသည်ဟု အဓိပ္ပါယ်ကောက်ကြ၏။ ထိုအဓိပ္ပါယ်မှာလည်း ဤအကြောင်းအရာတွင် အသုံးပြုရန် အံဝင်လေသည်။

"فَاسْجُدُوا لِلَّهِ وَ اعْبُدُوا သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ် ရှေ့တော်မှောက်ဝယ် 'စဂျိဒဟ်' ပျိုဝပ်ဦးချကြလေကုန်။ ထိုမှတပါး အသင်တို့သည် (ထိုအရှင်မြတ်အားသာလျှင်) ကိုးကွယ်ကြလေကုန်။"(၅၃း၆၂)။ အလျင်အာယတ်တော်များတွင် လူတိုင်းအတွက် သင်ခန်းစာတစ်ရပ်ပါရှိ၏။ ထိုအာယတ်တော်များကို အလေးအနက် စဉ်းစားဆင်ခြင်သော သူသည် အလ္လာဟ်အရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ပြီး၊ ထိုအရှင်မြတ်၏ ရှေ့တော်မှောက်၌ နှိမ့်ချရိုကျိုးစွာဖြင့် စိဂျဒဟ်ဦးညွတ်သင့်ပေသည်။

တမန်တော်မြတ် ﷺသည် ဤအာယတ်တော်ကို ရွတ်ဖတ်သောအခါ၊ ပျိုဝပ်ဦးချခဲ့ကြောင်း သာဝကကြီး အိဗ်နအဗ္ဗာစ်ﷺအား ကိုးကားလျက် ဗုခါရီကျမ်း၌ ဖော်ပြ၏။ ၎င်းဘေးပတ်လည်တွင်ရှိကြသော မွတ်စလင်များ၊ ကာဖိရ်များ၊ ဂျင်နမ်များနှင့် လူများအားလုံးသည် ၎င်းနှင့်အတူ ပျိုဝပ်ဦးချခဲ့ကြလေသည်။ ဗုခါရီနှင့် မွတ်စလင်တို့တွင် မှတ်တမ်းတင်သော အဗ်ဒွလ္လာဟ်အိဗ်နမတ်စအူဒ်၏ အခြားဆင့်ပြန်ချက်တစ်ရပ်၌ တမန်တော်မြတ် ﷺသည် မွတ်စလင်နှင့် ကာဖိရ်များ ရောနှောနေသော စုဝေးပွဲတစ်ခု၌ ဤစူရဟ်ကိုရွတ်ဖတ်၍ ပြီးဆုံးသောအခါ၊ ၎င်း၏နောက် လိုက်များနှင့်အတူ မြေကြီးပေါ်တွင် ပျိုဝပ်ဦးချခဲ့ရာ ကုရိုက်ရှ်အဖိုးအိုတစ်ဦးမှလွဲ၍ ကာဖိရ်များကလည်း ပျိုဝပ်ဦးချခဲ့ကြသည်။ ကုရိုက်ရှ်အဖိုးအိုသည် မြေကြီးလက်တစ်ဆုပ်ကိုယူ၍ ၎င်း၏နဖူးတွင် သုတ်လိမ်းပြီး 'ဒီလောက်ဆို ကျွန်ုပ်အဖို့ လုံလောက်ပြီ။'ဟု ပြောဆိုခဲ့၏။ နောက်ပိုင်းတွင် ဤလူသည် ကာဖိရ်တစ်ဦးအဖြစ်နှင့် အသတ်ခံခဲ့ရကြောင်း ၎င်းမြင်တွေ့ခဲ့သည်ဟု အဗ်ဒွလ္လာဟ်အိဗ်နမတ်စအူဒ်ﷺက ပြောကြားခဲ့၏။ တမန်တော်မြတ် ﷺကို နမူနာယူ၍ မွတ်စလင်များသည် ပျိုဝပ်ဦးချကြသင့်ပေသည်။ ရုပ်တုကိုးကွယ်ကြသူများနှင့် စပ်လျဉ်း၍မူဖြစ်ရပ်၏ တည်ငြိမ်ခမ်းနားမှုကို လေးလေးနက်နက် အထင်ကြီးမိသောကြောင့် လည်းကောင်း၊ ကုရ်အာန်၏ စကားလုံးများကို ခမ်းနားကြီးကျယ်လေးစားဖွယ် ရွတ်ဖတ်ခြင်းအား အလွန်တရာအံ့သြခန့်ညားမိသောကြောင့် လည်းကောင်း အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်ထည်ဝါမှုနှင့် ဂုဏ်ကျက်သရေများကြောင့် လည်းကောင်း ပျိုဝပ်ဦးချခဲ့ကြခြင်းလည်း ဖြစ်နိုင်ပေသည်။

သို့ရာတွင် ပျံဝပ်ဦးချမှုကို မယုံကြည်သွေဖည်သော အခြေအနေဖြင့် ဆောင်ရွက်ခဲ့ကြသည်ဖြစ်၍ အကျိုးဆုလာဘ်တော့ ရရှိကြလိမ့်မည်မဟုတ်ပေ။ သို့သော် ၎င်းတို့သည် အထင်ကြီးစိတ်ဝင်ခဲ့ကြသဖြင့် ဤထိရောက်သော အကျိုးဆက်ကြောင့် နောက်ပိုင်းတွင် ပုဂ္ဂိုလ်တစ်ဦးမှအပ ၎င်းတို့အားလုံးသည် အစွမ်းလာမ့်ယုံကြည်ချက်ကို လက်ခံခဲ့ကြလေသည်။ ထိုပုဂ္ဂိုလ်သည် စဂျ်ဒဟ်ပြုလုပ်ရန်ကို မောက်မာစွာဖြင့် ငြင်းပယ်ခဲ့သောကြောင့် 'ကုဖ်ရ်'အဖြစ်နှင့် သေဆုံးခဲ့ဏ်။

သာဝကကြီး ဇိုက်အိဗ်နသာဗစ်ﷺထံမှ တင်ပြချက်တစ်ခုကို ဆွဟီဟိန်က မှတ်တမ်းတင်သည်မှာ ၎င်းသည် စူရဟ်အန်နဂျ်မ်တစ်ပုဒ်လုံးကို တမန်တော်မြတ်ﷺ၏ ရှေ့မှောက်၌ ရွတ်ဖတ်ခဲ့သော်လည်း တမန်တော်မြတ်ﷺသည် စဂျ်ဒဟ်မပြုလုပ်ခဲ့ကြောင်းဖြစ်ဏ်။ ဤတင်ပြချက်အရ စဂျ်ဒဟ်သည် မပြုမနေရတာဝန်မဟုတ်ဟု မှတ်ယူ၍ မရနိုင်ပေ။ ထိုအချိန်က ၎င်းတွင် ဝိဇ္ဇမရှိသောကြောင့် သို့မဟုတ် စဂျ်ဒဟ်မပြုလုပ်ရန် အခြားတရားဝင်အကြောင်းခံ ရှိသောကြောင့်လည်း ဖြစ်နိုင်လေသည်။ ထိုကဲ့သို့ အနေအထားမျိုးတွင် စဂျ်ဒဟ်မှာ မပြုမနေရတာဝန် မဟုတ်ပေ။ ထိုအကြောင်းခံရပ်စဲသွားချိန် ဆိုင်ငံ့၍ရပေသည်။ အလ္လာဟ်အရှင်မြတ်သည် သန့်ရှင်းတော်မူဆုံးနှင့် အသိဆုံးဖြစ်တော်မူသည်။

အလ္လာဟ်အရှင်မြတ်၏ ကူညီမှုနှင့် ကျေးဇူးတော်ကြောင့် စူရဟ်အန်နဂျ်မ်ကို တစ်ပတ်အတွင်း ၁၃၉၁၊ ရဗီအွလ်ဆာနီ ၁ ရက်၊ သောကြာနေ့တွင် အဆုံးသတ်နိုင်ခဲ့သည်။ ဤကဏ္ဍ၏နောက်မှ စူရဟ်အလ်ကမာရ် လိုက်လာမည်ဖြစ်ဏ်။ အလ္လာဟ်အရှင်မြတ်သည် အောင်မြင်မှု ပေးသနားတော်မူပေသည်။

အလ်ဟမ်ဒုလေလ္လာ

စူရဟ်အန်နဂျ်မ်၏ ရှင်းလင်းဖွင့်ဆိုချက် ဤတွင်ပြီး၏။

စူရဟ် အလ်ကမရ်

(လစန္ဒာကလွှာ)

ဤစူရဟ်သည် မက္ကီဖြစ်ပြီး၊ အာယတ်တော်(၅၅)ပါး၊ ရကူအ်(၃)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော၊ မဟာကရုဏာအပေါင်းနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယတ်တော် (၁-၈)

اِقْتَرَبَتِ السَّاعَةُ وَانْشَقَّ الْقَمَرُ ﴿١﴾ وَاِنْ يَّرَوْا اٰيَةً يُّعْرِضُوْا وَيَقُوْلُوْا سِحْرٌ
مُّسْتَمِرٌّ ﴿٢﴾ وَكَذَّبُوْا وَاتَّبَعُوْٓا اَهْوَآءَهُمْ وَكُلُّ اَمْرٍ مُّسْتَقِرٌّ ﴿٣﴾ وَلَقَدْ جَآءَهُمْ
مِّنَ الْاَنْۢبَآءِ مَا فِيْهِ مُزْدَجَرٌ ۙ﴿٤﴾ حِكْمَةٌۢ بَالِغَةٌ فَمَا تُغْنِ النُّذُرُ ۙ﴿٥﴾ فَتَوَلَّ
عَنْهُمْ ۘ يَوْمَ يَدْعُ الدَّاعِ اِلٰى شَيْءٍ نُّكُرٍ ۙ﴿٦﴾ خُشَّعًا اَبْصَارُهُمْ يَخْرُجُوْنَ مِنَ
الْاَجْدَاثِ كَاَنَّهُمْ جَرَادٌ مُّنْتَشِرٌ ۙ﴿٧﴾ مُّهْطِعِيْنَ اِلَى الدَّاعِ ۭ يَقُوْلُ
الْكٰفِرُوْنَ هٰذَا يَوْمٌ عَسِرٌ ﴿٨﴾

'ကိယာမတ်' ရှင်ပြန်ထရန် အချိန်ကာလသည် နီးကပ်၍လာခဲ့ချေပြီ။ ၎င်းပြင် 'လ'သည် (နှစ်ခြမ်း)ကွဲခဲ့လေပြီ။[၁] သို့ရာတွင် ၎င်းတို့သည် သက်သေလက္ခဏာ တစ်စုံတစ်ရာကို တွေ့မြင်ကြလျှင် ကျောခိုင်း၍ သွားကြသည့်ပြင် (ဤသည်)အခွန့်ရှည်သော ရှေးအစဉ်အလာ ဖြစ်သော ပဋ္ဌလက်အတတ်ပညာ ဖြစ်သည်ဟူ၍ ပြောဆိုလေ့ရှိခဲ့ကြကုန်၏။[၂] ထို့ပြင် ၎င်းတို့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြ၍ မိမိတို့၏ အလိုဆန္ဒများကိုသာ လိုက်နာခဲ့ကြကုန်၏။ စင်စစ်သော်ကား အရေးကိစ္စတိုင်းမှာ (သတ်မှတ်ထားသော အချိန်ကာလတွင်) ဆုံးဖြတ်ပြီးဖြစ်၏။[၃] ထို့ပြင် ၎င်းတို့ထံ ဇကော်မလွဲ သင်ခန်းစာ လုံလောက်စွာပါရှိသော သတင်းများသည် ရောက်ရှိ ခဲ့ပေပြီ။[၄] (ဤကုရ်အာန်ကျမ်းတော်မြတ်သည်) ပြည့်စုံသော နက်နဲသိမ်မွေ့သည့် ဉာဏ်ပညာပင် ဖြစ်ချေသည်။ သို့တစေလည်း (ယင်းသို့သောသူများအား) သတိပေးနှိုးဆော်သော အကြောင်း အရာများသည် အကျိုးရှိစေမည် မဟုတ်ပေတကား။[၅] သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အသင်သည် ၎င်းတို့ဘက်မှ မျက်နှာလွှဲ၍ နေပါလေ။ အကြင်နေ့တွင် ဆင့်ခေါ်သူ (ကောင်းကင်တမန်)သည် (၎င်းတို့အား) မနှစ်မြို့ဖွယ်ဖြစ်သော ကိစ္စတစ်ခုသို့ ဆင့်ခေါ်ပေမည်။[၆] (ထိုနေ့တွင်) ၎င်းတို့၏

မျက်စိများမှာ အောက်သို့စိုက်လျက် ရှိကြပေမည်။ ၎င်းတို့သည် ပျံ့နှံ့လျက်ရှိသော ကျိုးကောင်များ ကဲ့သို့ပင် သရဏဂူးများမှ ထွက်လာကြပေမည်။[၇] ဆင့်ခေါ်သူ(ရှိရာ)သို့ ပြေးလျက်လာကြပေမည်။ 'ကာဖိရ်' သွေဖည်ငြင်းပယ်သော သူတို့မှာ 'ဤနေ့ကား လွန်စွာခက်ထန်သောနေ့ဖြစ်သည်' ဟု ပြောဆိုလျက် ရှိကြကုန်အံ့သတည်း။ [၈]

ရှင်းလင်းဖွင့်ဆိုချက်

စူရဟ်အလ်နဂျ်မ်နှင့် စူရဟ်အလ်ကမရ်တို့ကြားမှ ဆက်စပ်မှု

ရှေ့မှစူရဟ်အလ်နဂျ်မ်သည် ﴿وَٱلنَّجۡمِ﴾ 'အဇိဖတင်လ်အာဇိဖဟ်'ဟူ၍ ၎င်းတို့၏ ပျက်စီးရမည့် အချိန်နာရီသည် နီးကပ်လာပြီဖြစ်ကြောင်း ကာဖိရ်တို့အား သတိပေးခြင်းဖြင့် အဆုံးသတ်ခဲ့၏။ ယခုစူရဟ်သည် အလား တူဝါကျတစ်ခုဖြစ်သော 'ပျက်စီးရမည့် အချိန်နာရီသည် နီးကပ်လာချေပြီ'ဖြင့် စတင်ဖွင့်လှစ်ပြီး၊ ဤမိန့်ဆိုချက်၏ အထောက်အထားတစ်ခုဖြစ်သော လ,အက်ကွဲသည့် တန်ခိုးတော်ပြသခြင်းက နောက်မှလိုက်လာသည်။ ကမ္ဘာပျက် မည့်နေ့၏ နိမိတ်လက္ခဏာများစွာ ရှိသည့်အနက် နောက်ဆုံးနဗီတမန်တော်မုဟမ္မဒ်ﷺ ပွင့်ပေါ်ခြင်းကလည်း နိမိတ် လက္ခဏာတစ်ခုပင်ဖြစ်ကြောင်း ဟဒီးသ်တော်တစ်ရပ်၌ လာရှိသည်မှာ 'ကျွန်ုပ်သည် နောက်ဆုံးအချိန်နာရီနှင့်အတူ ဤကဲ့သို့ စေလွှတ်တော်မူခြင်း ခံခဲ့ရသည်။'ဟု ပြောကြားပြီး၊ ၎င်း၏လက်ညှိုးနှင့် လက်ခလယ်တို့ဖြင့် ညွှန်ပြတော်မူခဲ့လေသည်။ တမန်တော်မြတ်ﷺ ပွင့်ပေါ်ခြင်းသည် ကမ္ဘာပျက်မည့်နေ့နှင့် နီးကပ်ကြောင်း ဖော်ပြသည့် အခြားဟဒီးသ် တော်များစွာ ရှိသေး၏။ အလားတူ ကမ္ဘာပျက်မည့်နေ့၏ ကြီးကျယ်သော နိမိတ်လက္ခဏာတစ်ခုမှာ လကိုနှစ်ခြမ်းခွဲ ပြီးနောက် လနှစ်ခြမ်းကို ပြန်၍ပေါင်းစပ်ပြသည့် တမန်တော်မြတ်ﷺ၏ တန်ခိုးတော်ပင် ဖြစ်လေသည်။ ထို့အတူ လကို ခွဲပြသည့် တန်ခိုးတော်သည် အခြားရှုထောင့်မှကြည့်လျှင် အဓိပ္ပါယ်အပြည့်ပါရှိ၏။ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်က လကို နှစ်ခြမ်းကွဲစေတော်မူသကဲ့သို့ ထိုအရှင်မြတ်သည် ဂြိုလ်များ၊ ကြယ်တာရာများအား အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ခွဲ၍ဖျက်ဆီးပစ်တော်မူရန်မှာ မဖြစ်နိုင်သည် မဟုတ်ကြောင်း လကိုအက်ကွဲစေသည့် တန်ခိုးတော်က သက်သေပြပြီး ဖြစ်လေသည်။

လအက်ကွဲခြင်း သဘာဝဖြစ်ရပ်သည် တန်ခိုးတော်တစ်ပါးဖြစ်၏။

မက္ကာမြို့မှ ကာဖိရ်များသည် အလ္လာဟ့်ရစူလ်တမန်တော်ﷺအား ၎င်း၏ တမန်တော်ဖြစ်မှုကို ထောက်ခံသည့် သက်သေပြချက်တစ်ခုကို ထုတ်ဖော်ပြသရန် တောင်းဆိုခဲ့ကြရာ ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ အထူးခွင့်ပြုချက်ဖြင့် လကိုနှစ်ခြမ်းခွဲပြခဲ့လေသည်။ ဤတန်ခိုးတော်အား အာယတ်တော်၏ နိဂုံးပိုင်း 'ထို့ပြင် လသည် (နှစ်ခြမ်း) ကွဲခဲ့လေပြီ၊' ကမှန်ကန်ကြောင်း အတည်၏။ ဤအဖြစ်အပျက်ကို ခိုင်မာသော ဟဒီးသ်တော်များတွင် အဆက်မပြတ် ဆင့်ပြန်ထားပြီး၊ အဗ်ဒွလ္လာဟ်အိဗ်နမတ်စအူးဒ်၊ အဗ်ဒွလ္လာဟ်အိဗ်နအုမရ်၊ ဂျူဗေးအိဗ်နမူတွအင်မ်၊ အဗ်ဒွလ္လာဟ်အိဗ်နအဗ္ဗာစ်၊ အနာစ် အိဗ်နမာလစ်ﷺစသည့် ပညာရှိသာဝကကြီးများက တင်ပြခဲ့ကြသည်။ အဗ်ဒွလ္လာဟ်အိဗ်န မတ်စအူးဒ်ﷺက ဤတန်ခိုးတော်ကို တမန်တော်မြတ်ﷺ ပြစဉ်အခါက ၎င်းကိုယ်တိုင်ရှိပြီး၊ မြင်တွေ့ခဲ့ရကြောင်း တင်ပြ၏။ အီမာမ်တွဟာဝီနှင့် အီမာမ်အိဗ်နကဆီးရ်ﷺက လ,အက်ကွဲခြင်း သဘာဝဖြစ်ရပ်အကြောင်း ဆင့်ပြန်ချက်များသည် 'မုတဝါတိရ်' (ပညာရှင်ပေါင်းမြောက်များစွာက အဆက်မပြတ်၊ အပြတ်အတောက်မရှိ တင်ပြခဲ့ကြသဖြင့် အမှားအယွင်းမရှိနိုင်သောဟဒီးသ် ဆင့်ပြန်ချက်)ဖြစ်ကြောင်း ထွက်ဆိုကြ၏။ ထို့ကြောင့် တမန်တော်၏ တန်ခိုးတော်သည် အငြင်းပွားဖွယ်မရှိအောင်

အထောက်အထား ခိုင်လုံပေသည်။

ဟဒီးသ်တော်များစွာက ဆင့်ပြန်ခဲ့သော လ,အက်ကွဲခြင်း အဖြစ်အပျက်အား အောက်ပါအတိုင်း အကျဉ်းချုပ် နိုင်ပေသည်။ အလ္လာဟ့်ရစူလ်တမန်တော်ﷺသည် မက္ကာမြို့၊ မိနာ၌ထိုင်နေစဉ် ကာဖိရ်များက ၎င်း၏တမန်တော်ဖြစ်မှုကို သက်သေခံသည့် အထောက်အထားတစ်ခုပြရန် တောင်းဆိုခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်သည် လကိုနှစ်ခြမ်းခွဲပြ တော်မူခဲ့၏။ လတစ်ခြမ်းသည် အရှေ့ဘက်မှ တောင်တစ်လုံး၏ အထက်၌ရှိပြီး၊ အခြားလတစ်ခြမ်းသည် အနောက် ဘက်မှ တောင်တစ်လုံး၏ အထက်၌ရှိခဲ့၏။ လနှစ်ခြမ်း၏ကြားတွင် တောင်တစ်လုံးရှိလေသည်။ ဤအဖြစ်အပျက်သည် လသာသော ညတစ်ညတွင် ဖြစ်ပျက်ခဲ့၏။ အလ္လာဟ့်ရစူလ်တမန်တော်ﷺက ရှိနေကြသော လူအားလုံးကို 'မျက်မြင်သက်သေများ ဖြစ်ကြကုန်လော့။'ဟု မိန့်ကြားခဲ့၏။ တန်ခိုးတော်ကို လူအားလုံးက ထင်ရှားစွာ မြင်တွေ့ကြသောအခါ၊ လနှစ်ခြမ်းသည် ပြန်၍ပေါင်းစပ်ခဲ့လေသည်။ ထင်ရှားသော ဤတန်ခိုးတော်အား မျက်လုံးပါသူတိုင်း မငြင်းဆိုနိုင်ပေ။ သို့ရာတွင် ကာဖိရ်များက 'မုဟမ္မဒ်သည် ကျွန်ုပ်တို့ကို မှော်အတတ်ဖြင့် ပြုစားလေပြီ၊ သို့သော် ၎င်းသည် တစ်လောကလုံးကိုဖြင့် ပြုစားနိုင်သည် မဟုတ်ပေ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် (မက္ကာ)မြို့၏ အနီးဝန်းကျင် နေရာဒေသများမှ လာရောက်ကြမည့်လူများကိုစောင့်ပြီး၊ ၎င်းတို့ဘာပြောကြမည်ကို နားထောင်ကြည့်ကြပါစို့။'ဟု ပြောကြားခဲ့ကြ၏။ (ဗိုင်ဟကီနှင့် အဗူဒါဝူဒ်တယာလိစီ)။ အဗ်ဒွလ္လာဟ်အိဗ်နုမတ်စအူးဒ်ﷺအား ကိုးကားလျက် တယာလိစီက မှတ်တမ်းတင်သည်မှာ အနီးအပါးအရပ်ဒေသများမှ လူများရောက်လာသောအခါ၊ ၎င်းတို့က လနှစ်ခြမ်းကိုမြင်ခဲ့ကြောင်း အတည်ပြုပြောကြားခဲ့ကြသည်။ လကိုခွဲပြသည့် တန်ခိုးတော်နှစ်ကြိမ် ဖြစ်ပေါ်ခဲ့ကြောင်း အချို့ဆင့်ပြန်ချက်များက ညွှန်ပြ၏။ သို့သော် ပို၍စစ်မှန်သော ဆင့်ပြန်ချက်များက တန်ခိုးတော်သည် တစ်ကြိမ်သာဖြစ်ခဲ့ကြောင်း ဖော်ပြ၏။ (ဗယာနွလ်ကုရ်အာန်)။ အိဗ်နုကဆီးရ် ထံမှယူသော အောက်ပါဟဒီးသ်များသည် မှတ်သားထိုက်၏။

(၁) သာဝကကြီး အနာစ်အိဗ်နုမာလစ်ﷺ ဆင့်ပြန်၍ ဆွဟီဟ်ဗုခါရီ၌ ဖော်ပြသည်မှာ

اِنَّ اَهْلَ مَكَّةَ سَاَلُوْا رَسُوْلَ اللّٰهِ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ اَنْ يُّرِيَهُمْ اٰيَةً فَاَرَاهُمُ الْقَمَرَ شِقَّيْنِ حَتّٰى رَاَوْا حِرَاءَ بَيْنَهُمَا (بخارى ومسلم)

မက္ကာမြို့မှလူများသည် ၎င်းတို့အား နိမိတ်လက္ခဏာတစ်ခုပြသပါရန် အလ္လာဟ့်ရစူလ် တမန်တော်ﷺကို တောင်းဆိုခဲ့ကြရာ ၎င်းကလကို နှစ်ခြမ်းခွဲပြခဲ့သည်မှာ လနှစ်ခြမ်း၏ကြားတွင် ဟိရာတောင်ကို ၎င်းတို့မြင်ကြရသည့်တိုင် ဖြစ်၏။

(၂) ဆွဟီဟ်ဗုခါရီ၊ ဆွဟီဟ်မွတ်စလင်နှင့် အဟ်မဒ်၏ မုစနဒ်တို့တွင် သာဝကကြီ အဗ်ဒွလ္လာဟ်အိဗ်နုမတ်စ အူးဒ်ﷺ ဆင့်ပြန်သည်ကို မှတ်တမ်းတင်ထားသည်မှာ-

اِنْشَقَّ الْقَمَرُ عَلٰى عَهْدِ رَسُوْلِ اللّٰهِ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ شِقَّيْنِ حَتّٰى نَظَرُوْا اِلَيْهِ فَقَالَ رَسُوْلُ اللّٰهِ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ اشْهَدُوْا

အလ္လာဟ့်ရစူလ်တမန်တော်ﷺ၏ လက်ထက်က လနှစ်ခြမ်းကွဲခြင်းကို ၎င်းတို့မြင်ခဲ့ကြရသည်။ အလ္လာဟ့် ရစူလ်တမန်တော်ﷺက 'မျက်မြင်သက်သေများ ဖြစ်ကြကုန်လော့' မိန့်ကြားခဲ့၏။ ဤဆင့်ပြန်ချက်ကို အိဗ်နုဂျရီရ်က အောက်ပါအတိုင်း ဖြည့်စွက်တင်ပြခဲ့၏။

كُنَّا مَعَ رَسُوْلِ اللّٰهِ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ بِمِنًى فَانْشَقَّ الْقَمَرُ فَاَخَذَتْ فِرْقَةٌ خَلْفَ

الْجَبَلِ فَقَالَ رَسُوْلُ اللّٰهِ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ اشْهَدُوْا اشْهَدُوْا

သာဝကကြီးအိပ်လွှာအိပ်နမတ်စအူးဒ်ﷺမိန့်ကြားခဲ့သည်။'ကျွန်ုပ်တို့သည်မိနာဥ်အလွှာဟ့်ရစူလ် တမန်တော်ﷺ နှင့်အတူ ရှိခဲ့ကြသည်။ လသည် ရုတ်တရက် နှစ်ခြမ်းကွဲပြီး၊ တစ်ခြမ်းသည် တောင်၏နောက်သို့ ရွေ့သွားခဲ့သည်။ အလွှာဟ့်ရစူလ်ﷺက "မျက်မြင်သက်သေများ ဖြစ်ကြကုန်လော့၊ မျက်မြင်သက်သေများ ဖြစ်ကြကုန်လော့။"ဟု မိန့်တော်မူခဲ့လေသည်။'

(၃) ဗိုင်ဟကီနှင့် အဗူဒါဝူဒ်တွယာလိစီတို့က သာဝကကြီး အဗ်ဒွလွှာဟ်အိပ်နမတ်စအူးဒ်ﷺ၏ ဆင့်ပြန်ချက်ကို အောက်ပါအတိုင်း မှတ်တမ်းတင်ကြသည်။

اِنْشَقَّ الْقَمَرُ بِمَكَّةَ حَتّٰى صَارَ فِرْقَتَيْنِ فَقَالَ كُفَّارُ قُرَيْشٍ اَهْلُ مَكَّةَ هٰذَا سِحْرٌ كُمْ بِهٖ اِبْنُ اَبِيْ كَبْشَةَ اُنْظُرُوْا السُّفَّارَ فَاِنْ كَانُوْا رَاَوْا مَا رَاَيْتُمْ فَقَدْ صَدَقَ وَاِنْ كَانُوْا لَمْ يَرَوْا مِثْلَ مَا رَاَيْتُمْ فَهُوَ سِحْرٌ سَحَرَكُمْ بِهٖ فَسُئِلَ السُّفَّارُ قَالَ قَدِمُوْا مِنْ كُلِّ جِهَةٍ فَقَالُوْا رَاَيْنَا (ابن كثير)

မက္ကာမြို့၌ လနှစ်ခြမ်းကွဲခဲ့၏။ မယုံကြည်သူ ကုရိုက်ရှိများက 'ဤသည်မှာ မော်အတတ်ပညာဖြစ်၏။ အိပ်နအဗီကပ်ရှတ်(တမန်တော်မြတ်)သည် သင်တို့အားပြုစားခဲ့လေပြီ၊ သို့ဖြစ်၍အနီးအနားအရပ်ဒေသများမှ ခရီးသွားများ ရောက်လာမည်ကို စောင့်ကြပါ။ အကယ်၍ ၎င်းတို့လည်း လနှစ်ခြမ်းကိုမြင်ကြပါက ၎င်းသည် အမှန်ကိုပြောခြင်းဖြစ်၏။ သို့သော် ၎င်းတို့သည် လနှစ်ခြမ်းကို မမြင်ခဲ့ကြပါက ၎င်းကသင်တို့အား ပြသသော ပဉ္စလက်ဆန်သည့် စိတ်၏လှည့်စားမှု ဖြစ်ကြောင်းမှာ သေချာသည်။'ဟု ပြောဆိုခဲ့ကြ၏။ ခရီးသွားများ ရောက်လာသော် ၎င်းတို့အား မေးမြန်းကြည့်ကြရာ ၎င်းတို့အားလုံးက လနှစ်ခြမ်းကို မြင်ခဲ့ကြောင်း အတည်ပြုခဲ့ကြလေသည်။ (အိပ်နကဆီး၍)

လကိုခွဲပြသည့် တန်ခိုးတော်အပေါ် ဝေဖန်မှုများ

ဝေဖန်ရေးဆရာတို့၏ ဝေဖန်ချက်နှစ်မျိုးနှစ်စားရှိ၏။ တစ်မျိုးသည် ဂရိဒဿနပညာရှင်များ၏ ယူဆချက်ပေါ် အခြေခံပြီး၊ အခြားတစ်မျိုးသည် သာမန်လူတို့၏ စဉ်းစားတွေးခေါ်ပုံပေါ်တွင် အခြေခံသည်။

ဂရိဒဿနပညာရှင်များက မိုးကောင်းကင်မှ ထုထည်ကြီးများသည်ခွဲရန် သို့မဟုတ် အက်ရန်နှင့် ပြန်လည် ပေါင်းစပ်ရန်မှာ မဖြစ်နိုင်ဟု ယူဆကြ၏။ သို့သော် ဤအယူအဆသည် အထောက်အထားခိုင်လုံစွာဖြင့် သက်သေမပြနိုင်သော စိတ်ကူးသက်သက်ဖြစ်၏။ ဒဿနိကပညာရှင်များ တင်ပြသမျှသောသက်သေ သို့မဟုတ် အထောက်အထားသည် ယုတ္တိမတန်၊ ချည့်နဲ့၊ မပြည့်စုံ၊ မခိုင်လုံပေ။ အစွလာမ့်ဒဿနပညာရှင်များ (မုတကလ်လိမီန်)က ၎င်းတို့၏ အကြောင်းပြချက်များကို ဖြိုဖျက်ပြီး၊ ယင်းတို့သည် အခြေအမြစ်မရှိဘဲ မှားယွင်းသည့်ပြင် အဆီအငေါ်မတည့်ကြောင်း ပြသခဲ့ကြသည်။ ပညာမဲ့သော လူများကမူ သမရိုးကျမဟုတ်ဘဲ တစ်မူထူးခြားသည့် အရာတိုင်းကို မဖြစ်နိုင်ဟု သဘောထားကြ၏။ 'မုအ်ဂျိဇဟ်' သို့မဟုတ် တမန်တော်၏ တန်ခိုးတော်၏ အဓိပ္ပါယ်သည် ပုံမှန်မဟုတ်သော၊ ဖြစ်လေ့ဖြစ်ထမရှိသော တစ်မူထူးခြားသည့် အဖြစ်အပျက်တစ်ခုဖြစ်ပြီး၊ ရိုးရိုးလူများ ပြုလုပ်နိုင်သည့်အရာ မဟုတ်ကြောင်းမှာ ထင်ရှား၏။ အချိန်မရွေး လုပ်ပြနိုင်သော မည်သည့်သာမန်အလုပ်ကိုမျှ 'မုအ်ဂျိဇဟ်' သို့မဟုတ် တန်ခိုးတော်ဟု ခေါ်၍ မရနိုင်ပေ။

သာမန်လူတို့၏ စဉ်းစားတွေးခေါ်ပုံပေါ်တွင် အခြေခံသော အခြားဝေဖန်မှုတစ်ခုမှာ အကယ်၍ ထိုကဲ့သို့ အံ့သြဖွယ်ကောင်းသော အရာတစ်ခု ဖြစ်ပျက်ခဲ့ပါက လူတိုင်းသိမည်ဖြစ်သည့်ပြင် သမိုင်းစာအုပ်များတွင် ဖော်ပြပါရှိလိမ့်မည်ဖြစ်၏။ သို့သော်လည်း မှတ်တမ်းတင်ထားသည့် ထိုအရာမျိုးကို ၎င်းတို့မတွေ့ကြရဟူ၍ဖြစ်၏။

ထိုကဲ့သို့ စဉ်းစားပုံသည် ရိုးရှင်းလွန်းပြီး၊ စေ့စပ်သေချာသော စိစစ်လေ့လာမှုမပါရှိပေ။ စေ့စပ်သေချာသော စိစစ်လေ့လာမှုတစ်ခုက ပြသည်မှာ အဖြစ်အပျက်သည် မက္ကာမြို့တွင် ညဉ့်အချိန်၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်၏။ ဖြစ်ပျက်သော ထိုတဒင်္ဂတွင် ကမ္ဘာ့အစိတ်အပိုင်းများစွာသည် နေ့အချိန်ဖြစ်နေမည်ဖြစ်၍ မည်သည့်နေရာ၊ မည်သည့်အချိန်၌ ဖြစ်ပေါ်လိုက်မှန်း သိကြလိမ့်မည် မဟုတ်ပေ။ အခြားနိုင်ငံများစွာ၌ ပုံမှန်အားဖြင့် လူများအိပ်ပျော်နေကြမည်ဖြစ်သော ညဉ့်သန်းခေါင် သို့မဟုတ် ညဉ့်၏နောက်ဆုံးအပိုင်းဖြစ်၍နေမည်။ ထို့ပြင် နိုးနေသော လူများကလည်း လကိုတစ်ချိန်လုံးကြည့်နေကြလိမ့်မည် မဟုတ်ပေ။ လကွဲအက်ခြင်းက ကမ္ဘာမြေပေါ်၌ ဖြန့်ကြက်နေသော လရောင်ကို ထိခိုက်စေလိမ့်မည်မဟုတ်သောကြောင့် လူများသတိထားမိကြလိမ့်မည် မဟုတ်ပေ။ ဖြစ်ရပ်သည် ရုတ်တရက်ဖြစ်ပျက်ပြီး ခေတ္တသာကြာမြင့်ခဲ့သည်။ အချို့သောနိုင်ငံများတွင် လကြတ်သည့်အချိန်များ မတူကြသည်မှာ ကြုံတွေ့နေကျ ကိစ္စတစ်ခုဖြစ်၏။ ယခုအခါ လကြတ်ခြင်းကို ကြိုတင်ခန့်မှန်း၍ရသည့်တိုင် ထောင်ပေါင်းရာပေါင်းများစွာသော လူများသည် လကြတ်ခြင်းကို သတိမပြုမိကြပေ။ ဤသို့ သတိမထားမိခြင်းက လကြတ်ခြင်း မဖြစ်ပေါ်ခဲ့ကြောင်း သက်သေအထောက်အထားဖြစ်နိုင်ပါ၏လော၊ ထို့ကြောင့် ဤအဖြစ်အပျက်အား ကမ္ဘာ့သမိုင်းစာအုပ်များတွင် ဖော်ပြခြင်းမခံရရုံမျှဖြင့် ယင်း၏ဖြစ်ပေါ်မှုကို မဟုတ်မမှန်ဟု ငြင်းဆိုခြင်း၊ ငြင်းပယ်ခြင်း မပြုနိုင်ပါချေ။

ထို့အပြင် ဤအဖြစ်အပျက်ကို ထင်ရှား၍ စိတ်ချရသော 'တရီက်ဟီဖရစ်ရှ်တဟ်'အမည်ရှိ အိန္ဒိယသမိုင်းစာအုပ်၌ ဖော်ပြထား၏။ ဤစာအုပ်ထဲတွင် မလဘာရ်၏ မဟာရာဂျာ(နယ်စား)သည် ဤသဘာဝဖြစ်ရပ်ကို ထိုညက ၎င်း၏မျက်စိဖြင့် မြင်ခဲ့ပြီး၊ ၎င်း၏နေ့စဉ်မှတ်တမ်း၌ ရေးသွင်းခဲ့ကြောင်း ဖော်ပြထား၏။ ဤအဖြစ်အပျက်သည် ၎င်းအား အစွလာမ်ကို လက်ခံယုံကြည်စေသည့် အကြောင်းတရား ဖြစ်ခဲ့လေသည်။ မက္ကာမြို့မှ ကာဖိရ်များသည် အဗူဒါဝူဒ်တွယာလိစီနှင့် ဗိုင်ဟာကီတို့၏ ဆင့်ပြန်ချက်တွင် ပါရှိသည့်အတိုင်း ပြောကြားခဲ့ကြပြီးနောက် အနီးအနားအရပ်ဒေသများမှ ရောက်လာကြသော ခရီးသွားများအား မေးမြန်းစုံစမ်းကြရာ ၎င်းတို့က ထိုအချင်းအရာကို မြင်ခဲ့ကြောင်း အတည်ပြုပြောကြားခဲ့ကြ၏။ ကြီးကျယ်မြင့်မြတ် သန့်ရှင်းတော်မူသော အလ္လာဟ်အရှင်မြတ် အသိဆုံးဖြစ်တော်မူသည်။

"وَإِنْ يَرَوْا آيَةً يُعْرِضُوا وَيَقُولُوا سِحْرٌ مُسْتَمِرٌّ" သို့ရာတွင် ၎င်းတို့သည် သက်သေလက္ခဏာ တစ်စုံတစ်ရာကို တွေ့မြင်ကြလျှင် ကျောခိုင်းသွားကြသည့်ပြင်၊ (ဤသည်) အဓွန့်ရှည်သော ရှေးအစဉ်အလာဖြစ်သော ပဋ္ဌလက်အတတ်ပညာဖြစ်သည်ဟု ပြောဆိုလေ့ရှိခဲ့ကြကုန်၏။" (၅၄း၂)။ 'မွတ်စ်တဖိရ်'ဟူသော စကားလုံးအား ပါရှင်းနှင့် အူရဒူတွင် 'ကြာရှည်ခံသော၊ အရှည်တည်တံ့သောအရာ' အဓိပ္ပါယ်ဖြင့် အသုံးများ၏။ သို့ရာတွင် အာရဗီ၌ ယင်းစကားလုံးအား 'မာရ်ရာ'နှင့် 'အစ်တမာရ်ရ'တို့မှ ဆင်းသက်သည့် 'သေဆုံးခြင်း' သို့မဟုတ် 'အဆုံးသတ်ခြင်း' အဓိပ္ပါယ်ဖြင့် ရံဖန်ရံခါသုံး၏။ တဖိစီရ်ရှေ့ဆောင်ပညာရှင်များ ဖြစ်ကြသော မူဂျာဟစ်နှင့် ကတာဒဟ်ﷺတို့က ယခုအာယတ်တော်တွင် ဤအဓိပ္ပါယ်ကိုယူကြသည်။ သို့ဖြစ်၍ အာယတ်တော်က 'ကုရိုက်ရှ်တို့သည် ၎င်းတို့မြင်ခဲ့ကြသော လ(နှစ်ခြမ်း)ကွဲခြင်းနိမိတ်လက္ခဏာသည် စိတ်၏လှည့်စားမှုနှင့် အတုအယောင် တစ်ခုသာဖြစ်သည်။ မကြာမီ ယင်း၏အကျိုးသက်ရောက်မှုသည် လျော့ပါးမှေးမှိန်သွားလိမ့်မည်ဖြစ်သည်ဟု စွပ်စွဲပြော ဆိုခဲ့ကြသည်'ဟု ဆိုလိုခြင်းဖြစ်၏။ 'မွတ်စ်တမိရ်'၏ အခြားအဓိပ္ပါယ်တစ်ခုမှာ 'ကြံ့ခိုင်သော၊ ခိုင်မာသော'ဖြစ်၏။ ဤအဓိပ္ပါယ်တစ်ခုမှာ 'ကြံ့ခိုင်သော၊ ခိုင်မာသော'ဖြစ်၏။ ဤအဓိပ္ပါယ်ကိုယူ၍ အဗူလ်အာလိယဟ်နှင့် သွဟ်ဟက်တို့က 'ဤသည်မှာ အလွန်အစွမ်းထက်သော မှော်အတတ်

ဖြစ်သည်'ဟု အနက်ဖွင့်ဆိုကြ၏။

"وَ كُلُّ اَمْرٍ مُّسْتَقِرٌّ .... စင်စစ်သော်ကား အရေးကိစ္စတိုင်းမှာ (သတ်မှတ်ထားသော အချိန်ကာလတွင်) ဆုံးဖြတ်ပြီးဖြစ်၏။"(၅၄း၃)။ 'အစွယ်တိကရာရ်'ဟူသော စကားလုံး၏ တိုက်ရိုက်အဓိပ္ပါယ်မှာ 'ပြီးပြတ်စေသည်'ဖြစ်၏။ အာယတ်တော်က အရာရာတိုင်းသည် နောက်ဆုံးတွင် ယင်း၏နိဂုံးသို့ ရောက်ရှိပြီး၊ အရေးကိစ္စသည် ရှင်းလင်းသွားမည် ဖြစ်၏။ အကယ်၍ အမှန်တရား သို့မဟုတ် လက်တွေ့ဘဝအား လုပ်ကြံဖန်တီးသော ခြုံထည်ဖြင့် ဖုံးအုပ်ထားပါကလည်း နောက်ဆုံးတွင် (ယင်း၏သတ် မှတ်ထားသော အချိန်တွင်) ဟန်ဆောင်ခြုံထည်သည် ကွာကျပြီး၊ အမှန်တရားနှင့် အတုအယောင်တို့သည် ထင်ရှားစွာ ကွဲပြားသွားလိမ့်မည်ဖြစ်၏။

"مُّهْطِعِيْنَ اِلَى الدَّاعِ .... ဆင့်ခေါ်သူ(ရှိရာ)သို့ ပြေးလျက်လာကြပေမည်။"(၅၄း၈)။ 'မဟ်တွိအိန်'ဟူသော စကားလုံးသည် တိုက်ရိုက်အားဖြင့် လူတစ်ယောက်ဦးခေါင်းကိုမြှင့်လျက် လျင်မြန်စွာ လမ်းလျှောက်ခြင်းကို ဆိုလိုသည်။ ဤအာယတ်တော်သည် အလျင်အာယတ်တော်နှစ်ပါးနှင့်အတူ စုရုံးကြမည့်နေ့ သို့မဟုတ် စာရင်းစစ်မည့်နေ့၏ ပီပြင်သောရုပ်ပုံကို ဖော်ပြ၏။ လူများသည် ဆင့်ခေါ်သူ၏ အသံလာရာ 'မဟ်ရှာ' (စာရင်းစစ်မည့်နေရာ)ဘက်ဆီသို့ အပြေးအလွှားသွားကြလိမ့်မည်။ 'ငင်းတို့၏ မျက်စိများမှာ အောက်သို့စိုက်လျက်'ဟူသော အာယတ်တော်(၇)မှ စကားလုံးများသည် ယခု အာယတ်တော်နှင့် ကွဲပြားဆန့်ကျင်မှုမရှိပေ။ အဘယ်ကြောင့်ဆိုသော် 'မဟ်ရှာရိ'တွင် မတူကွဲပြားသော ဖြစ်ရပ်များစွာရှိမည်ဖြစ်သဖြင့် အချို့ဖြစ်ရပ်တွင် လူအားလုံး၏ မျက်စိများမှာ အောက်သို့စိုက်လျက် ရှိကြမည် ဖြစ်လေသည်။

အာယတ်တော် (၉-၁၇)

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ فَكَذَّبُوْا عَبْدَنَا وَ قَالُوْا مَجْنُوْنٌ وَّ ازْدُجِرَ ﴿٩﴾
فَدَعَا رَبَّهٗۤ اَنِّيْ مَغْلُوْبٌ فَانْتَصِرْ ﴿١٠﴾ فَفَتَحْنَاۤ اَبْوَابَ السَّمَآءِ بِمَآءٍ مُّنْهَمِرٍ
﴿١١﴾ وَّ فَجَّرْنَا الْاَرْضَ عُيُوْنًا فَالْتَقَى الْمَآءُ عَلٰۤى اَمْرٍ قَدْ قُدِرَ ﴿١٢﴾ وَ حَمَلْنٰهُ
عَلٰى ذَاتِ اَلْوَاحٍ وَّ دُسُرٍ ﴿١٣﴾ تَجْرِيْ بِاَعْيُنِنَا ۚ جَزَآءً لِّمَنْ كَانَ كُفِرَ ﴿١٤﴾ وَ لَقَدْ
تَّرَكْنٰهَاۤ اٰيَةً فَهَلْ مِنْ مُّدَّكِرٍ ﴿١٥﴾ فَكَيْفَ كَانَ عَذَابِيْ وَ نُذُرِ ﴿١٦﴾ وَ لَقَدْ
يَسَّرْنَا الْقُرْاٰنَ لِلذِّكْرِ فَهَلْ مِنْ مُّدَّكِرٍ ﴿١٧﴾

ငင်းတို့အလျင် 'နူဟ်'၏ အမျိုးသားတို့သည်လည်း မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြ သည့်အပြင် သူရူးဖြစ်သည်ဟူ၍လည်း ပြောဆိုခဲ့ကြလေသည်။ ထိုမှတပါး ထိုနူဟ်သည် ခြိမ်းခြောက် မှုကိုလည်း ခံခဲ့ရလေ၏။[၉] ထိုအခါ ထို'နူဟ်'သည် ငင်းအား ဖန်ဆင်းဖွဲ့မြူတော်မူသော အရှင်မြတ် အထံတော်၌ (အို-အရှင်) ဧကန်စင်စစ် ကျွန်တော်မျိုးသည် အရေးမလှသူ (ဖိနှိပ်ခြင်းခံရသူ) ဖြစ်နေပါသည်။ သို့ဖြစ် ပါ၍ အရှင်မြတ်သည် လက်စားချေတော်မူပါဟု ပန်ကြားခဲ့လေ၏။[၁၀] ထိုအခါ ငါအရှင်မြတ်သည် မိုးကောင်းကင်၏ တံခါးများကိုဖွင့်၍ မိုးသည်းထန်စွာ ရွာသွန်းစေ

တော်မူ၏။[၁၁] ၎င်းပြင် ငါအရှင်မြတ်သည် ပထဝီမြေမှ စမ်းများကို ပန်း၍ထွက်စေတော်မူခဲ့ရာ (ထက်အောက်) ရေသည်တင်ရင်စီမံထားသော အရေးကိစ္စ (ပြည့်)ဝစေရန်) ရောစပ်၍သွားခဲ့လေ ၏။[၁၂] ထိုမှတပါး ငါအရှင်မြတ်သည် ထို'နူဟ်'အား ပျဉ်ချပ်များဖြင့် လည်းကောင်း၊ သံများဖြင့် လည်းကောင်း၊ ပြုလုပ်၍ထားသော (သင်္ဘော်)ပေါ်သို့ စီးနင်းစေတော်မူခဲ့၏။[၁၃] ယင်းသင်္ဘော်မှာ ငါအရှင်မြတ်၏ စောင့်ရှောက်မှုအောက်တွင် သွားလာလှုပ်ရှားလျက် ရှိနေခဲ့၏။ (ထိုသည်ကား) ငြင်း ပယ်ခြင်းခံခဲ့ရသောသူ (နူဟ်)နှင့်ပတ်သက်၍ လက်စားချေတော်မူခြင်းပင် ဖြစ်ပေသည်။[၁၄] ထို့ပြင် ဇကန်မလွဲ ငါအရှင်မြတ်သည် ယင်းအဖြစ်အပျက်ကို (သင်ခန်းစာရယူနိုင်ရန်) သက်သေ လက္ခဏာတစ်ပါးအဖြစ် ကျန်ရစ်စေတော်မူခဲ့ရာ၊ သင်ခန်းစာရယူအံ့သောသူ တစ်ဦး တစ်ယောက် ရှိလေသလော။[၁၅]သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် လည်းကောင်း၊ ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုများသည် လည်းကောင်း၊ မည်သို့မည်ပုံ ရှိခဲ့သည်ကို (ဆင်ခြင်သုံးသပ်ကြ လေကုန်)။[၁၆]ထိုမှတပါး ဇကန်မလွဲ ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ် တရားရယူနိုင်ရန်အလို့ငှာ လွယ်ကူစေတော်မူခဲ့ရာ ကျက်မှတ်တရားရယူသူ တစ်ဦးတစ်ယောက် ရှိသည်လော။[၁၇]

နူဟ်ﷺ၏ အမျိုးသားများ၏ ဇာတ်လမ်းနှင့် ယင်းဇာတ်လမ်းမှ သင်ယူရသည့် သင်ခန်းစာများ

"مَجْنُوْنٌ وَّ ازْدُجِرَ...." မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသည့်ပြင်၊ 'သူရူး'ဖြစ်သည်ဟူ၍လည်း ပြောဆိုကြ ကုန်၏။ ထိုမှတပါး ထိုနူဟ်သည် ခြိမ်းခြောက်မှုကိုလည်း ခံခဲ့ရလေ၏။"(၅၄း၉)။ 'ဝဇိဒ္ဓဂျိရ'ဟူသော စကားလုံးသည် တိုက်ရိုက်အားဖြင့် 'ၔင်းသည် ပြစ်တင်ကြိမ်းမောင်းခံခဲ့ရသည်။'ဟု ဆိုလိုသည်။ ၔင်းအား တရားဒေသနာ ဟောကြား ခြင်းကို ရပ်တန့်ရန် ပြစ်တင်ကြိမ်းမောင်း၊ ခြိမ်းခြောက်ခဲ့ကြသော နူဟ်ﷺ၏ အမျိုးသားများ၏ သဘောထားကို ရည် ညွှန်းခြင်းဖြစ်၏။ ကုရ်အာန်၏ အခြားဖြစ်ရပ်တစ်ခုတွင် နူဟ်ﷺ၏ အမျိုးသားများက အကယ်၍ ၔင်းသည် ၔင်း၏တရား ဒေသနာများ ဖြန့်ဝေခြင်းကို မရပ်ပါက ၔင်းအား ကျောက်ခဲဖြင့် ပစ်ပေါက်၍ သတ်ခြင်းကို ခံရမည်ဟု ခြိမ်းခြောက်၊ သတိပေးခံခဲ့ရကြောင်း ကျွန်ုပ်တို့ဖတ်ရှုခဲ့ရ၏။

မူဂျာဟစ်ထံမှ အိဗ်ဒ်အိဗ်နဟူမိတ် ဆင့်ပြန်သည်မှာ ၔင်း၏အမျိုးသားများထဲမှ အချို့သည် တစ်နေရာရာတွင် ၔင်းအားတွေ့သည်နှင့် မွန်းကျပ်၍ အသက်မရှူနိုင်အောင် ပြုလုပ်လေ့ရှိသဖြင့် ၔင်းမှာ သတိမေ့သွားလေ့ရှိခဲ့၏။ သို့ သော် သတိပြန်ရသောအခါ ၔင်းသည် 'အို- အလ္လာဟ်၊ ကျွန်တော်မျိုး၏ အမျိုးသားများကို ခွင့်လွှတ်တော်မူပါ၊ ၔင်းတို့ သည် အမှန်တရားကို မသိကြသောကြောင့် ဖြစ်ပါသည်။'ဟူ၍ အလ္လာဟ်အရှင်မြတ်ထံ ဆုပန်လေ့ရှိခဲ့သည်။ ဤနည်း အတိုင်း ၔင်းသည် ၔင်း၏အမျိုးသားများ၏ ညှဉ်းပန်းနှိပ်စက်မှုကို နှစ်ပေါင်း(၉၅၀)တိုင် စိတ်ရှည်စွာဖြင့် ကြံ့ကြံ့ခံပြီး၊ ၔင်းတို့၏ ခွင့်လွှတ်ခြင်းနှင့် အမှန်တရားကို နားလည်သဘောပေါက်ခြင်းများအတွက် ဆုတောင်းခဲ့လေသည်။ နောက် ဆုံးတွင် အခြေအနေများမှာ သည်းမခံနိုင်အောင် ဖြစ်လာခဲ့ပြီး၊ ၔင်း၏အမျိုးသားများအား ဆက်လက်ခုခံနိုင်စွမ်း မရှိ တော့သောအခါ၊ ၔင်းတို့၏ရန်မှ ကင်းဝေးအောင် ကူညီတော်မူပါမည့်အကြောင်း အလ္လာဟ်အရှင်မြတ်ထံ တိုင်တည် ဆုတောင်းခဲ့သည်။ သို့ဖြစ်၍ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်၏ တံခါးများကိုဖွင့်၍ မိုးသည်းထန်စွာ ရွာချစေ တော်မူခဲ့ခြင်းဖြင့် တစ်မျိုးသားလုံးအား ရေတွင်နစ်မြုပ်စေတော်မူခဲ့၏။ ဤအကြောင်းကို ရှေ့လာမည့်အာယတ်တော်၌ ဖော်ပြထား၏။

"فَالْتَقَى الْمَاءُ عَلَىٰ أَمْرٍ قَدْ قُدِرَ" ၎င်းပြင် ငါအရှင်မြတ်သည် ပထဝီမြေမှ စမ်းများကို ပန်း၍ထွက်စေတော်မူခဲ့ရာ (ထက်၊အောက်)ရေသည် တင်ရင်စီရင်ထားသော အရေးကိစ္စ (ပြည့်ဝစေရန်) ရောစပ်၍ သွားခဲ့လေ၏။"(၅၄း၁၂)။ တစ်နည်းဆိုရလျှင် မိုးကောင်းကင်မှ တဟုန်ထိုးကျဆင်းလာသော မိုးရေနှင့် မြေအောက်မှ ပန်းထွက်သော ရေများက ရေလွှမ်းမိုးမှုကြီးကို ဖြစ်စေပြီး၊ ကုန်းမြေတစ်ခုလုံးကို ရေလွှမ်းခဲ့ခြင်းဖြစ်၏။ နူဟ်ﷺ၏ အမျိုးသားများ တစ်ယောက်မကျန် ဖျက်ဆီးခံခဲ့ရသည်။ တောင်ထိပ်များကပင် ၎င်းတို့အား ခိုလှုံရာမပေးနိုင်ခဲ့ပေ။ ဤနည်းအားဖြင့် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်သည် ပြည့်ဝခဲ့လေသည်။

"ذَاتِ أَلْوَاحٍ وَدُسُرٍ" ထိုမှတပါး ငါအရှင်မြတ်သည် ထို'နူဟ်'အား ပျဉ်ချပ်များဖြင့် လည်းကောင်း၊ သံများဖြင့် လည်းကောင်း ပြုလုပ်၍ထားသော (သင်္ဘော)ပေါ်သို့ စီးနင်းစေတော်မူခဲ့၏။"(၅၄း၁၃)။ 'အလ်ဝါဟ်'သည် ပျဉ်တစ်ချပ်သို့မဟုတ် ပျဉ်ပြားတစ်ချပ်ကို ရည်ညွှန်းသော 'လောဟ်'၏အများကိန်းဖြစ်၏။ 'ဒုစုရ်'သည် 'ဒိစာရ်' (သံချောင်း)၏ အများကိန်းဖြစ်၏။ ဤစကားလုံးက ပျဉ်ချပ်များကို ပူးတွဲချည်နှောင်ရာသုံးသော အုန်းဆံကြိုးကဲ့သို့ ကြိုးမျိုးကိုလည်း ဆိုလိုသည်။

"وَلَقَدْ يَسَّرْنَا الْقُرْآنَ لِلذِّكْرِ فَهَلْ مِن مُّدَّكِرٍ" ထိုမှတပါး ဇကေန်မလွဲ ငါအရှင်မြတ်သည် ကုရ်အာန် ကျမ်းတော်မြတ်ကို ကျက်မှတ်-တရားရယူနိုင်ရန်အလို့ငှာ လွယ်ကူစေတော်မူခဲ့ရာ ကျက်မှတ်တရားရယူသူ တစ်ဦးတစ်ယောက်ရှိသည်လော။"(၅၄း၁၇)။ ဝိဘတ်ပုဒ်စု 'လစ်သစ်က်ရ်'မှ 'သစ်က်ရ်'၌ ဆင်တူရိုးမှား အဓိပ္ပါယ်များစွာရှိ၏။ 'မှတ်မိသည်၊ ကျက်မှတ်သည်၊အာဝုံဆောင်သည်'တို့အပြင် သတိပေးချက်၊ သတိပေးခြင်းများကိုအလေးထားသည်ဟူ၍လည်းဖြစ်၏။ ဤနေရာတွင် အဓိပ္ပါယ်နှစ်ခုစလုံးကို အသုံးပြု၍ရပေသည်။ အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကို ကျက်မှတ်ရလွယ်ကူအောင် ပြုတော်မူခဲ့၏။ တောင်ရဟ်၊ အင်ဂျီလ် သို့မဟုတ် ဇဗူရ်စသည့် ယခင်ကောင်းကင်ကျ ကျမ်းဂန်များ၏ နောက်လိုက်များသည် ၎င်းတို့၏ ကျမ်းဂန် တစ်ခုလုံးကို '၏-သည်'မလွဲ`အတိအကျကျက်မှတ်ရန် အခွင့်အရေးပေးခြင်း မခံခဲ့ကြရပေ။ ထိုအရှင်မြတ်သည် ကုရ်အာန်တစ်အုပ်လုံး အက္ခရာတစ်လုံးမလွဲ၊ မကျန်ရစ်ရအောင် ကလေးငယ်များပင် အတိအကျ ကျက်မှတ်နိုင်စေရန် လွယ်ကူအောင် ပြုလုပ်တော်မူခြင်းသည် မွတ်စလင်တို့အား အပ်နှင်းတော်မူသော အထူးအခွင့်အရေးများထဲမှ တစ်ခုပင်ဖြစ်၏။ ကုရ်အာန်သည် လွန်ခဲ့သော နှစ်ပေါင်း(၁၄၀၀)ကတည်းက ခေတ်ကာလတိုင်း၊ လူမျိုးတိုင်းနှင့် ၎င်းတို့၏ သားသမီးကြီး-ငယ်တိုင်း၊ ကမ္ဘာ့နေရာ၊ ဒေသတိုင်းမှ ထောင်ပေါင်းရာပေါင်းများစွာသော ဟာဖစ်များ၏ နှလုံးသားများထဲ၌ ထိန်းသိမ်းထားခြင်း ခံရလေသည်။

ကုရ်အာန်ကို လွယ်ကူအောင် ပြုလုပ်ထားတော်မူခြင်းဖြင့် ဉာဏ်ကောင်းပြီး၊ အသိအလိမ္မာရှိသော ပုဂ္ဂိုလ်တစ်ဦးသည် ကုရ်အာန်ထဲတွင် ပါရှိသော အရာများမှ အကျိုးကျေးဇူးကို ရယူသကဲ့သို့ သက်ဆိုင်ရာ သိပ္ပံပညာရပ်များတွင် ကျွမ်းကျင်မှုမရှိသော သာမန်လူတစ်ဦးသည်လည်း ကုရ်အာန်မှ အကျိုးကျေးဇူးကို ရယူနိုင်သည်ဟု အာယတ်တော်က ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ သာမန်လူတစ်ဦးသည် ကုရ်အာန်၏ သတိပေးချက်များ၊ သတိပေးခြင်းများမှ (၎င်း၏ အဆင့်အတန်းအလိုက်) အကျိုးခံစားရနိုင်ပေသည်။

ကုရ်အာန်ကို ကျက်မှတ်ရန်နှင့် တရားရယူရန်အတွက် လွယ်ကူအောင် ပြုတော်မူခြင်းဖြစ်၏။ 'အိဂျ်တိဟာဒ်' သို့မဟုတ် 'အစွတ်တင်ဗတ္တို'အတွက် မဟုတ်ပေ။

ဤအာယတ်တော်မှ ကြိယာ 'یَسَّرۡنَا 'ယတ်စရ်နာ' (ငါအရှင်မြတ်သည် လွယ်ကူအောင် ပြုလုပ်တော်မူသည်။) အား ဝိဘတ်ပုဒ်စု لِلذِّكۡرِ 'လစ်ဿစ်က်ရ်' (တရားရယူရန်အတွက်)ဖြင့် အထူးပြုထား၏။ ဤသည်က ညွှန်ပြသည်မှာ ကုရ်အာန်အား ကျက်မှတ်ရန်နှင့် ယင်း၏သြဝါဒနှင့် သတိပေးနှိုးဆော်ခြင်းများကို အလေးထားကြရန် လွယ်ကူအောင် ပြုလုပ်တော်မူခြင်းသည် ကုရ်အာန်မှ အကျိုးကျေးဇူးကို စာပေဗဟုသုတ ကြွယ်ဝသူဖြစ်စေ၊ စာပေဗဟုသုတ နည်းပါးသူဖြစ်စေ၊ ကြီး-ငယ်မဟူ လူသားအားလုံး ရယူခံစားနိုင်စေရန်ဖြစ်၏။ သို့ရာတွင် ကုရ်အာန်မှ ဥပဒေများ၊ ပြဋ္ဌာန်းချက်များအား ကျိုးကြောင်းဆင်ခြင်ခြင်း သို့မဟုတ် ဝေါဟာရတို့ ဆင်းသက်လာပုံကို လေ့လာခြင်းမှာ လူတိုင်းအတွက် လွယ်ကူသည့်အဓိပ္ပါယ် မသက်ရောက်ချေ။ ကုရ်အာန်မှ အမိန့်ပြဋ္ဌာန်းချက်များ၏ 'အိဂျ်တိဟာဒ်' သို့မဟုတ် 'အစွတ်တင်ဗတ္တို' (ကျိုးကြောင်းဆင်ခြင်ခြင်း)သည် ရှုပ်ထွေးသော ကိုယ်ပိုင်စည်းမျဉ်း၊ စည်းကမ်းများပါရှိသည့် သိပ္ပံပညာရပ်တစ်ခုဖြစ်၏။ အသိပညာကောင်းစွာကြွယ်ဝသော ပညာရှင်များအနေဖြင့် 'အိဂျ်တိဟာဒ်'နှင့် 'အစွတ်တင်ဗတ္တို'တို့ကို ကျင့်သုံးနိုင်သောအဆင့်သို့ ရောက်ရှိရန်အတွက် ၎င်းတို့သက်တမ်း၏ နှစ်ပေါင်းများစွာကို သုံးစွဲခဲ့ကြရသည်။ ရိုးရိုးပုဂ္ဂိုလ် သို့မဟုတ် သာမန်လူတိုင်း ဝင်ရောက်ဆောင်ရွက်နိုင်သော နယ်ပယ်တစ်ခု မဟုတ်ပေ။

ဤမိန့်ဆိုချက်ပေါ် အခြေခံလျက် ကုရ်အာန်၏ နက်နဲသိမ်မွေ့မှုကို ပြည့်စုံသော အသိပညာမရှိသည့်ပြင် ယင်း၏နည်းပညာဆိုင်ရာ အခြေခံစည်းမျဉ်းဥပဒေများအား အပြည့်အဝနားလည်သဘောပေါက်ခြင်းမရှိဘဲ 'မူဂျ်တဟိဒ်' အဖြစ် ဟန်ဆောင်လျက် ဥပဒေများနှင့် အမိန့်ပြဋ္ဌာန်းချက်များကို ၎င်းတို့၏ကိုယ်ပိုင်ဆင်ခြင်သုံးသပ်မှုဖြင့် ရရှိလိုကြသည့် သွေဖည်သော လူအချို့၏ အပြုမှား၊ အယူမှားများကို ညွှန်ပြခြင်း ဖြစ်လေသည်။ ဤသည်မှာ အထင်အရှားသွေဖည်ခြင်းဖြစ်သည်။

အာယတ်တော် (၁၈-၄၂)

كَذَّبَتۡ عَادٞ فَكَيۡفَ كَانَ عَذَابِي وَنُذُرِ ﴿١٨﴾ إِنَّآ أَرۡسَلۡنَا عَلَيۡهِمۡ رِيحٗا صَرۡصَرٗا
فِي يَوۡمِ نَحۡسٖ مُّسۡتَمِرّٖ ﴿١٩﴾ تَنزِعُ ٱلنَّاسَ كَأَنَّهُمۡ أَعۡجَازُ نَخۡلٖ مُّنقَعِرٖ ﴿٢٠﴾
فَكَيۡفَ كَانَ عَذَابِي وَنُذُرِ ﴿٢١﴾ وَلَقَدۡ يَسَّرۡنَا ٱلۡقُرۡءَانَ لِلذِّكۡرِ فَهَلۡ مِن
مُّدَّكِرٖ ﴿٢٢﴾ كَذَّبَتۡ ثَمُودُ بِٱلنُّذُرِ ﴿٢٣﴾ فَقَالُوٓاْ أَبَشَرٗا مِّنَّا وَٰحِدٗا نَّتَّبِعُهُۥٓ
إِنَّآ إِذٗا لَّفِي ضَلَٰلٖ وَسُعُرٍ ﴿٢٤﴾ ءَأُلۡقِيَ ٱلذِّكۡرُ عَلَيۡهِ مِنۢ بَيۡنِنَا بَلۡ هُوَ كَذَّابٌ
أَشِرٞ ﴿٢٥﴾ سَيَعۡلَمُونَ غَدٗا مَّنِ ٱلۡكَذَّابُ ٱلۡأَشِرُ ﴿٢٦﴾ إِنَّا مُرۡسِلُواْ ٱلنَّاقَةِ
فِتۡنَةٗ لَّهُمۡ فَٱرۡتَقِبۡهُمۡ وَٱصۡطَبِرۡ ﴿٢٧﴾ وَنَبِّئۡهُمۡ أَنَّ ٱلۡمَآءَ قِسۡمَةُۢ بَيۡنَهُمۡۖ
كُلُّ شِرۡبٖ مُّحۡتَضَرٞ ﴿٢٨﴾ فَنَادَوۡاْ صَاحِبَهُمۡ فَتَعَاطَىٰ فَعَقَرَ ﴿٢٩﴾ فَكَيۡفَ كَانَ

عَذَابِيْ وَ نُذُرِ ﴿٣٠﴾ اِنَّاۤ اَرْسَلْنَا عَلَيْهِمْ صَيْحَةً وَّاحِدَةً فَكَانُوْا كَهَشِيْمِ
الْمُحْتَظِرِ ﴿٣١﴾ وَلَقَدْ يَسَّرْنَا الْقُرْاٰنَ لِلذِّكْرِ فَهَلْ مِنْ مُّدَّكِرٍ ﴿٣٢﴾ كَذَّبَتْ قَوْمُ
لُوْطٍۭ بِالنُّذُرِ ﴿٣٣﴾ اِنَّاۤ اَرْسَلْنَا عَلَيْهِمْ حَاصِبًا اِلَّاۤ اٰلَ لُوْطٍ ؕ نَجَّيْنٰهُمْ بِسَحَرٍ
﴿٣٤﴾ نِّعْمَةً مِّنْ عِنْدِنَا ؕ كَذٰلِكَ نَجْزِيْ مَنْ شَكَرَ ﴿٣٥﴾ وَلَقَدْ اَنْذَرَهُمْ بَطْشَتَنَا
فَتَمَارَوْا بِالنُّذُرِ ﴿٣٦﴾ وَلَقَدْ رَاوَدُوْهُ عَنْ ضَيْفِهٖ فَطَمَسْنَاۤ اَعْيُنَهُمْ فَذُوْقُوْا
عَذَابِيْ وَ نُذُرِ ﴿٣٧﴾ وَلَقَدْ صَبَّحَهُمْ بُكْرَةً عَذَابٌ مُّسْتَقِرٌّ ﴿٣٨﴾ فَذُوْقُوْا عَذَابِيْ
وَ نُذُرِ ﴿٣٩﴾ وَلَقَدْ يَسَّرْنَا الْقُرْاٰنَ لِلذِّكْرِ فَهَلْ مِنْ مُّدَّكِرٍ ﴿٤٠﴾ وَ لَقَدْ جَآءَ اٰلَ
فِرْعَوْنَ النُّذُرُ ﴿٤١﴾ كَذَّبُوْا بِاٰيٰتِنَا كُلِّهَا فَاَخَذْنٰهُمْ اَخْذَ عَزِيْزٍ مُّقْتَدِرٍ ﴿٤٢﴾

'အာဒ်' အမျိုးသားတို့သည်လည်း မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်နှင့် ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုများသည် မည်သို့ရှိခဲ့ပေသနည်း။[၁၈] စင်စစ် ဇကာန် ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ အခွန့်ရှည်စွာ မင်္ဂလာကင်းမဲ့သောနေ့တွင် ပြင်းထန်လှစွာသော လေပြင်းမုန်တိုင်းကို စေလွှတ်တော်မူခဲ့၏။[၁၉] ယင်းလေပြင်းမုန်တိုင်းမှာ လူတို့အား ဆွဲနှုတ်ခဲ့ရာ ၎င်းတို့သည် အမြစ်မှ ပြုတ်ထွက်ပြိုလဲခဲ့ လေသော စွန်ပလွံပင်၏ ပင်မကြီးများကဲ့သို့ ဖြစ်သွားခဲ့ကြ၏။[၂၀]သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် လည်းကောင်း၊ ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုများသည် လည်းကောင်း၊ မည်သို့ရှိခဲ့သနည်း။[၂၁] ထိုမှတပါး ဇကာန်မလွဲ ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူ အံ့သောငှာ လွယ်ကူစေတော်မူခဲ့ရာ ကျက်မှတ်တရားရယူသူ တစ်ဦးတစ်ယောက် ရှိလေသလော။[၂၂]'ဆမူဒ်'အမျိုးသားတို့သည်လည်း သတိပေးနှိုးဆော်သူတို့အား မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။[၂၃]ထို့ပြင် ၎င်းတို့က ကျွန်ုပ်တို့သည် မိမိတို့အမျိုးအစားထဲမှဖြစ်သော လူသားတစ်ဦး၏နောက်သို့ လိုက်ကြရမည်လော။ သို့ဖြစ်လျှင် ဇကာန်မလွဲ ကျွန်ုပ်တို့သည် လမ်းလွဲမှု၌၊ ထိုမျှမက ရူးသွပ်မှု၌ ကျရောက်သွားကြပေမည်။[၂၄] ကျွန်ုပ်တို့အနက်မှ ၎င်း၏အပေါ်၌သာ (ဧရွေးကောက်၍) 'ဝဟီ'အမိန့်တော် ဆုံးမသြဝါဒတော် ချပေးခြင်းခံခဲ့ရလေသလော။ ထိုသို့အလျှင်းမဟုတ်။ စင်စစ်မှာကား ၎င်းသည်လွန်စွာမုသားပြော ဆိုသူ၊ ဝဲ့ကြွားသူပင် ဖြစ်ပေသည်။[၂၅] ၎င်းတို့သည် မည်သူ လွန်စွာမုသားပြောဆိုသူ၊ ဝဲ့ကြွားသူ၊ ဖြစ်ကြောင်း မကြာမြင့်မီ နက်ဖြန်ပင် သိရှိကြရပေမည်။[၂၆]ဇကာန်အမှန် ငါအရှင်မြတ် ၎င်းတို့အား စမ်းသပ်တော်မူရန် ကုလားအုတ်မကို စေလွှတ်တော်မူအံ့၊ သို့ဖြစ်ပေရာ (အို-နဗီ တမန်တော် 'ဆွာလစ်ဟ်'၊) အသင်သည် ၎င်းတို့အား သည်းခံ၍ စောင့်စားပါလေ။[၂၇] ထို့ပြင် အသင်သည် ၎င်းတို့အား ၎င်းတို့(၏ တိရွစ္ဆာန်များနှင့် ကုလားအုတ်မ)၏ အကြားဌ (အလှည့်ကျသောက်သုံးရန်) ရေခွဲဝေပြီးဖြစ်ကြောင်း၊ အလှည့်အတိုင်း အသီးသီးလာရောက်ကြရ မည်ဖြစ်

ကြောင်း သတင်းပေးပါလေ။[၂၈] ထိုအခါ ၎င်းတို့သည် မိမိတို့အဖော်အား ဟစ်ခေါ်ခဲ့ရာ ထိုအဖော်သည် လာရောက်ပြီးလျှင် ကုလားအုတ်မ၏ ခြေများကို ဖြတ်တောက်ခဲ့လေ၏။[၂၉] သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်နှင့် ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုများသည် မည်သို့ရှိခဲ့ပေသနည်း။ [၃၀] စင်စစ်ဇကန် ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ ပြင်းထန်လှစွာသော အသံတစ်ခုကိုသာလျှင် စေလွှတ်တော်မူခဲ့ရာ ၎င်းတို့သည် ကျွဲ၊ နွား တိရစ္ဆာန်များနေထိုင်ရန် ခြံခတ်သူ၏ သွေ့ခြောက်ကြေမွနေသော သစ်ကိုင်းသစ်လက်များကဲ့သို့ ဖြစ်သွားခဲ့ကြကုန်၏။[၃၁] ၎င်းပြင် မလွဲဇကန် ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူ အံ့သောငှာ လွယ်ကူစေတော်မူခဲ့ရာ ကျက်မှတ်တရားရယူသူ တစ်ဦးတစ်ယောက် ရှိလေသလော။[၃၂] 'လူ(တ်)'၏ အမျိုးသားတို့သည်လည်း သတိပေးနှိုးဆော်သူတို့အား မဟုတ်မမှန်ဟူ၍ စွပ်စွဲပြောဆို ငြင်းပယ်ခဲ့ကြကုန်၏။[၃၃] ဇကန်အမှန် ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ ခဲမိုးကို ရွာသွန်းစေတော်မူခဲ့၏။ သို့ရာတွင် လူ(တ်)၏နောက်လိုက် တပည့်သားမျိုးနွယ်တို့ကိုမူကား ငါအရှင်မြတ်သည် ညှဉ်း၏နောက်ဆုံးယံ၌ပင် လွတ်ကင်းစေတော်မူခဲ့၏။[၃၄] ငါအရှင်မြတ် အထံတော်မှ ကျေးဇူးပြုတော်မူသောအားဖြင့် ကျေးဇူးသိတတ်သောသူအား ငါအရှင်မြတ်သည် ထိုနည်းအတိုင်းပင် အစားပေးလေ့ရှိတော်မူ၏။[၃၅]စင်စစ်သော်ကား ဇကန်မလွဲထို'လူ(တ်)'ကငါအရှင်မြတ်ဖမ်းဆီးအရေးယူတော်မူမည် ဖြစ်ကြောင်း ၎င်းတို့အား သတိပေးနှိုးဆော်ခဲ့သော်လည်း ၎င်းတို့မှာ (ယင်း)သတိပေးနှိုးဆော်မှုများနှင့် စပ်လျဉ်း၍ အငြင်းအခုံပြုခဲ့ကြကုန်၏။[၃၆] ထိုမှတပါး ၎င်းတို့သည် ထိုလူ(တ်)၏ ဇည့်သည်များကို ၎င်း၏ထံ၌ (မကောင်းသော ရည်ရွယ် ချက်နှင့်) တောင်းဆိုခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ (ငါအရှင်မြတ်သည် ၎င်းတို့၏ မျက်စိများကို ကန်းစေတော်မူခဲ့၏။ ထို့နောက်၎င်းတို့အား) အသင်တို့သည် ငါအရှင်မြတ်၏ပြစ်ဒဏ်၏ရသာကို လည်းကောင်း၊ ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုများ၏ ရသာကိုလည်းကောင်း၊ မြည်းစမ်းကြလေကုန်(ဟု မိန့်ကြားတော်မူခဲ့၏)။[၃၇] ထိုမှတပါး ဇကန်မလွဲ အခွန့်ရှည်စွာ တည်မြဲအံ့သောငှာ ပြစ်ဒဏ်သည် ၎င်းတို့၌ နံနက်စောစော အချိန်တွင်ပင် သက်ရောက်ခဲ့လေ၏။[၃၈] သို့ဖြစ်ပေရာ အသင်တို့သည် ငါအရှင်မြတ်၏ပြစ်ဒဏ်ကို လည်းကောင်း၊ ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုများကို လည်းကောင်း၊ မြည်းစမ်းကြလေကုန်(ဟု မိန့်ကြားတော်မူခဲ့၏။)[၃၉] မလွဲဇကန် ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူအံ့သောငှာ လွယ်ကူစေတော်မူခဲ့ပေရာ ကျက်မှတ်တရားရယူသူ တစ်ဦးတစ်ယောက်ရှိလေသလော။[၄၀]ထိုမှတပါး မုချဇကန် 'ဖိရ်အောင်(န်)' ၏ခြွေရံသင်းပင်းတို့ထံလည်း သတိပေးနှိုးဆော်ချက်များ ရောက်ရှိလာခဲ့၏။[၄၁]၎င်းတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာ အလုံးစုံတို့ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲ ငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အား နိုင်နင်းလွှမ်းမိုးတော်မူသော တန်ခိုးနှင့် ပြည့်စုံတော်မူသောအရှင်၏ ဖမ်းဆီးပုံမျိုးနှင့် ဖမ်းဆီးအရေးယူတော်မူခဲ့၏။[၄၂]

ဘာသာစကား၏ ဝေါဟာရဆိုင်ရာ စိစစ်လေ့လာချက်

ဤစူရဟ်၌ **سُعُر** 'စုအုရ်'ဟူသော စကားလုံးအား နှစ်ကြိမ်ဖော်ပြ၏။ ပထမအာယတ်တော်(၂၄)တွင် ထိုစကားလုံး အား ဆမူဒ်အမျိုးသားများနှင့် ဆက်စပ်၍ ၎င်းတို့၏ ပြောစကားအဖြစ် သုံးထားပြီး၊ 'ရူးသွပ်မှု'ဟု ဆိုလိုသည်။ ဒုတိယအကြိမ် ဤစကားလုံးအား အာယတ်တော်(၄၇) **فِيْ ضَلٰلٍ وَّسُعُرٍ** ၌ အပြစ်သားတို့၏ ပြစ်ဒဏ်နှင့် ဆက်စပ်၍ အလ္လာဟ် အရှင်မြတ်၏ မိန့်ခွေစကားအဖြစ်သုံး၏။ ဤနေရာတွင် 'စုအုရ်'အား 'ငရဲမီး' အဓိပ္ပါယ်အဖြစ်လည်း ယူနိုင်သည်။ ပညာရှင်များ အဆိုအရ 'စုအုရ်'အား ဤအဓိပ္ပါယ်နှစ်မျိုးစလုံးဖြင့် သုံးကြလေသည်။

وَرَاوَدْوْهُ عَنْ ضَيْفِهٖ "ထိုမှတပါး ၎င်းတို့သည် ထိုလူတို့၏ ဧည့်သည်များကို ၎င်း၏ထံ၌ (မကောင်းသော ရည်ရွယ်ချက်နှင့်) တောင်းဆိုခဲ့ကြကုန်၏။ ...."(၅၄:၃၇)။ 'မုရဝဒဟ်'ဟူသော စကားလုံးသည် အကြင်သူ၏ ဆန္ဒရမ္မက်ကို ဖြေဖျောက်ရန် တစ်စုံတစ်ယောက်အား သွေးဆောင်ဖြားယောင်းသည်ဟု ဆိုလိုသည်။ ဤအာယတ်တော်သည် လိင်တူဆက်ဆံခြင်းကို စွဲလန်းနေကြသော ၎င်း၏အမျိုးသားများအတွက် အလ္လာဟ်အရှင်မြတ်ထံတော်မှ စမ်းသပ်မှုတစ်ခုအနေဖြင့် နဗီတမန်တော်လူတို့ထံသို့ ချောမောလှပသော လူငယ်လေးများအသွင်ဆောင်လျက် ကောင်းကင်တမန်များ ရောက်ရှိလာခဲ့ ကြသည့်ဥစ္စာကို ရည်ညွှန်း၏။ တမန်တော်လူတို့ကာ ၎င်း၏ဧည့်သည်များအား ဧည့်ခံခဲ့သည်။ လိင်ကိစ္စတွင် ကိုယ်ကျင့်သိက္ခာ ကင်းမဲ့ကြသော လူများသည် ၎င်းထံသို့ အရပ်မျက်နှာတိုင်းမှ ရောက်ရှိလာကြသောကြောင့် တမန်တော်လူတို့သည် ၎င်း၏ဧည့်သည်များကို ကာကွယ်ရန် တံခါးကိုပိတ်ခဲ့ရ၏။ ၎င်းတို့သည် ဥစ္စာအချိန်တွင်လာရောက်ပြီး အထဲသို့ဝင်ရန်အတွက် တံခါးကိုချိုးဖျက်ရန်နှင့် နံရံများကို ကုတ်ကပ်တက်ရန် ကြိုးစားခဲ့ကြသည်။ ၎င်း၏အမျိုးသားများ၏ အကျင့်သိက္ခာကင်းမဲ့သော အပြုအမူက တမန်တော်လူတို့အား စိတ်ဒုက္ခရောက်စေခဲ့၏။ သို့သော် ဧည့်သည်များက ၎င်းတို့သည် ကောင်းကင်တမန်များဖြစ်ကြပြီး၊ ၎င်း၏အမျိုးသားများအား ဖျက်ဆီးသော ပြစ်ဒဏ်ကို ပေးရန်အတွက် အလ္လာဟ်အရှင်မြတ်၏ စေလွှတ်တော်မူခြင်းခံရကြောင်း ထုတ်ဖော်ပြောကြားသော အခါ၊ ၎င်းသည်စိတ် သက်သာသွားခဲ့သည်။ ထိုသူများသည် မိမိတို့အား မည်သို့မျှထိခိုက်အောင် ပြုလုပ်နိုင်ကြလိမ့်မည်မဟုတ်ဟု ဧည့်သည်များက ၎င်းအား ပြောကြားခဲ့ကြလေသည်။

စူရဟ်အလ်ကမရ်သည် ကမ္ဘာပျက်မည့်နေ့ လျင်မြန်စွာ ချဉ်းကပ်လာပြီးဖြစ်၍ ဤလောကီအတွက် အလို ရမ္မက် နှင့်လောဘများ ထားရှိကြပြီး၊ တမလွန်ကို သတိမမူကြသော ကာဖိရ်၊ မုရှ်ရစ်များအား အသိတရားရကြရန် ဆော်သြခြင်းဖြင့် အစချီခဲ့၏။ ဦးစွာ တမလွန်၏ပြစ်ဒဏ်ကို ဖော်ပြ၏။ ထို့နောက် မျက်မှောက်ဘဝတွင် ၎င်းတို့၏ မကောင်းမှုများ၏ ဆိုးဝါးသော အကျိုးဆက်များကို ဖော်ညွှန်း၏။ ထင်ရှားကျော်ကြားသော အမျိုးသားတို့၏ အခြေအနေများ၊ ၎င်းတို့၏ သက်ဆိုင်ရာတမန်တော်များကို ဆန့်ကျင်မှုနှင့် ယင်း၏ဆိုးဝါးသော အကျိုးဆက်များကို ကိုးကား ဖော်ပြ၏။ နူဟ်၏ အမျိုးသားများသည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ဖြင့် ပထမဆုံး ဖျက်ဆီးခံရသူများ ဖြစ်ခဲ့ကြသည်။ အကြီးအကျယ် ပျက်စီးစေသော ဘေးဒုက္ခမျိုးစုံသည် နူဟ်၏အမျိုးသားများ၊ အာဒ်၊ ဆမူဒ်နှင့် လူတို့ မျိုးနွယ်စုများနှင့် ဖိရ်အောင်၏ အမျိုးသားများအပေါ် ဤလောကၽွတ်ပင် ကျရောက်ခဲ့သည်။ ၎င်းတို့၏ဇာတ်လမ်းများ၊ သမိုင်းကြောင်းများကို ကုရ်အာန်ထဲ၌ နေရာများစွာတွင် အသေးစိတ်ပြန်ပြောပြထားပြီး၊ ဤနေရာတွင် ထိုအကြောင်းများကို အကျဉ်းချုံးဖော်ပြသည်။

ဤအမျိုးသား (၅)ခုစလုံးသည် ခွန်အားအကြီးဆုံးနှင့် လုပ်ရည်ကိုင်ရည်အရှိဆုံး ဖြစ်ခဲ့ကြသည်။ မည်သည့် လက်အောက်ခံ အမျိုးသားများကမှ ဤမဟာအင်အားကြီးများကို အနိုင်ယူရန် မဖြစ်နိုင်ခဲ့ပေ။ ယခုအာယတ်တော်

အစုံက ဤမဟာအင်အားကြီးများကို အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်က မည်ကဲ့သို့ ဖျက်ဆီးခဲ့သည်ကိုဖော်ပြသည်။ အမျိုးသားတစ်ခုစီအပေါ် ကျရောက်သော ပြစ်ဒဏ်များကို ဖော်ပြပြီးနောက် ကုရ်အာန်က အောက်ပါမိန့်ဆိုချက်

فَكَيْفَ كَانَ عَذَابِيْ وَنُذُرِ "သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် လည်းကောင်း၊ ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုများသည် လည်းကောင်း မည်သို့ရှိခဲ့သနည်း။"(၅၄း၂၁)ကို ထပ်ကျော့ပုဒ်အနေဖြင့် ထပ်၍မိန့်ကြား၏။ ယင်းမှာ အလ္လာဟ်အရှင်မြတ်၏ ဒဏ်ပေးဆုံးမမှုကို ခံရသောအခါ၊ ခွန်အား၊ ဥစ္စာဓနနှင့် အရေအတွက်အရာတွင် အင်အားကြီးမားလှသော ဤအမျိုးသားများသည် ယင်ကောင်များ၊ ခြင်ကောင်များကဲ့သို့ အသတ်ခဲ့ကြလေသည်။ ထို့ပြင် အောက်ပါအာယတ်တော်

وَلَقَدْ يَسَّرْنَا الْقُرْاٰنَ لِلذِّكْرِ فَهَلْ مِنْ مُّدَّكِرٍ "ထိုမှတပါး ဇကန်မလွဲ ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူအံ့သောငှာ လွယ်ကူစေတော်မူခဲ့ရာ၊ ကျက်မှတ်တရားရယူသူ တစ်ဦးတစ်ယောက် ရှိလေသလော။"(၅၄း၂၂)ကို မွတ်စလင်နှင့် ကာဖိရ်တို့အား သတိပေးနှိုးဆော်ရန် ထပ်၍မိန့်ကြားတော်မူသည်။ ကြောက်မက်ဖွယ် ဒဏ်ပေးဆုံးမမှုကို ရှောင်ရှားရန် တစ်ခုတည်းသော နည်းလမ်းမှာ ကုရ်အာန်၏ အဆုံးအမကို နာခံရန်သာဖြစ်သည်ဟု အာယတ်တော်က ညွှန်ပြခြင်း ဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်၏ သတိပေးချက်များ၊ နှိုးဆော်ချက်များကို အလေးထားလိုက်နာနိုင် လောက်သော အတိုင်းအတာထိ လွယ်ကူအောင် ပြုလုပ်တော်မူခဲ့သည်။ ကံအဆိုးဆုံးပုဂ္ဂိုလ်သည်သာ သတိပေးနှိုး ဆော်မှုများ၏ အကျိုးကျေးဇူးကို ရယူခံစားခြင်း ပြုနိုင်မည်မဟုတ်ချေ။

ရှေ့လာမည့် အာယတ်တော်များတွင် တမန်တော်မြတ်ﷺ၏ လက်ထက်မှ လူများအား မိန့်တော်မူသည်မှာ ၎င်းတို့သည် ဥစ္စာဓန၊ အရေအတွက်နှင့် ခွန်အားအရာတွင် နဗီတမန်တော်နူဟ်ﷺ၏ အမျိုးသားများ၊ အာဒ်နှင့် ဆမူဒ်မျိုးနွယ်စုများ၊ နဗီတမန်တော် လူတ်ﷺ၏ အမျိုးသားများနှင့် ဖိရ်အောင်၏ အမျိုးသားများထက် ပို၍မသာနိုင်ကြောင်း ဖြစ်၏။ သို့ပါလျက် ၎င်းတို့သည် အဘယ်သို့လျှင် ဂရုမစိုက်သောပုံစံဖြင့် နေနိုင်ကြပါသနည်း။

အာယတ်တော် (၄၃-၅၅)

أَكُفَّارُكُمْ خَيْرٌ مِّنْ أُولَٰئِكُمْ أَمْ لَكُمْ بَرَاءَةٌ فِي الزُّبُرِ ﴿٤٣﴾ أَمْ يَقُولُونَ
نَحْنُ جَمِيعٌ مُّنتَصِرٌ ﴿٤٤﴾ سَيُهْزَمُ الْجَمْعُ وَيُوَلُّونَ الدُّبُرَ ﴿٤٥﴾ بَلِ السَّاعَةُ
مَوْعِدُهُمْ وَالسَّاعَةُ أَدْهَىٰ وَأَمَرُّ ﴿٤٦﴾ إِنَّ الْمُجْرِمِينَ فِي ضَلَالٍ وَسُعُرٍ ﴿٤٧﴾
يَوْمَ يُسْحَبُونَ فِي النَّارِ عَلَىٰ وُجُوهِهِمْ ذُوقُوا مَسَّ سَقَرَ ﴿٤٨﴾ إِنَّا كُلَّ شَيْءٍ
خَلَقْنَاهُ بِقَدَرٍ ﴿٤٩﴾ وَمَا أَمْرُنَا إِلَّا وَاحِدَةٌ كَلَمْحٍ بِالْبَصَرِ ﴿٥٠﴾ وَلَقَدْ
أَهْلَكْنَا أَشْيَاعَكُمْ فَهَلْ مِن مُّدَّكِرٍ ﴿٥١﴾ وَكُلُّ شَيْءٍ فَعَلُوهُ فِي الزُّبُرِ ﴿٥٢﴾
وَكُلُّ صَغِيرٍ وَكَبِيرٍ مُّسْتَطَرٌ ﴿٥٣﴾ إِنَّ الْمُتَّقِينَ فِي جَنَّاتٍ وَنَهَرٍ ﴿٥٤﴾ فِي
مَقْعَدِ صِدْقٍ عِندَ مَلِيكٍ مُّقْتَدِرٍ ﴿٥٥﴾

အသင်တို့ခေတ်၌ရှိကုန်သော 'ကာဖိရ်'သွေဖည်ခြင်းပယ်သူတို့သည် ၎င်းတို့ထက် သာလွန်မြင့်မြတ်ကြလေသလော၊ သို့တည်းမဟုတ် ကျမ်းဂန်များ၌ အသင်တို့အဖို့ လွတ်ငြိမ်းခွင့်ရှိသည်ဟူ၍ လာရှိလေသလော။[၄၃] သို့တည်းမဟုတ် ၎င်းတို့က 'ကျွန်ုပ်တို့သည် အောင်နိုင်မှု ရရှိကြအံ့သော အုပ်စုဖြစ်သည်'ဟု ပြောဆိုကြလေသလော။[၄၄] ယင်းအုပ်စုမှာ မကြာမြင့်မီမှာပင် အရေးရှုံးနိမ့်ကြပြီး ကျောခိုင်း၍ ထွက်ပြေးကြရပေမည်။[၄၅] စင်စစ်မှာကား 'ကိယာမတ်' ရှင်ပြန်ထမည့် အချိန်ကာလသည် ၎င်းတို့အား ချိန်းချက်ထားသော ချိန်းချက်မှုဖြစ်၏။ ထိုမှတပါး 'ကိယာမတ်' ရှင်ပြန်ထမည့် အချိန်ကာလသည် ပို၍ပင် ပြင်းထန် သည့်ပြင် ပို၍ပင် နာကြည်းဖွယ်ဖြစ်ပေသတည်း။ [၄၆] ဇကာအမှန် ပြစ်မှုကျူးလွန်သူတို့သည် လမ်းလွဲမှု၌လည်းကောင်း၊ ဉာဏ်ကင်းမဲ့မှု၌လည်းကောင်း၊ ရှိနေကြကုန်၏။[၄၇] ၎င်းတို့သည်မှောက်လျက် ငရဲမီး၌ တရွတ်တိုက်ဆွဲချခြင်းကို ခံကြရသောနေ့တွင် 'အသင်တို့ သည် ငရဲမီးထိရောက်ခြင်း၏ ရသာကို မြည်းစမ်းကြကုန်'(ဟု မိန့်ကြားတော်မူခြင်းကို ခံကြရလတ္တံ့)။[၄၈] ဇကာမလွဲ ငါအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ချင့်ချိန်၍ ဖန်ဆင်းတော်မူခဲ့၏။[၄၉] စင်စစ်သော်ကား ငါအရှင်မြတ်၏ အမိန့်တော်မှာ တစ်ကြိမ်တည်း အမိန့်ပေးရုံကာမျှဖြင့် မျက်စိတစ်မှိတ်အတွင်း ဖြစ်မြောက်သွားပေမည်။[၅၀] မချွတ်ဇကာ ငါအရှင်မြတ်သည် အသင် တို့နှင့် ဝါဒတူတို့အား ကွပ်မျက်ဖျက်ဆီးတော်မူခဲ့ရာ တရားရပူသူများဟူ၍ ရှိကြပါသလော။[၅၁] စင်စစ်သော်ကား ၎င်းတို့ပြုမူခဲ့သမျှတို့သည် မှတ်တမ်းများ၌လည်း ရှိကုန်၏။ [၅၂] ထိုမှတပါး အကြီးအသေးဟူသမျှတို့သည် ရေးသား၍ထားရှိပြီး ဖြစ်ကုန်၏။[၅၃] မလွဲဇကာ 'မွတ္တကီ' သူတော်စင်တို့မှာ ဥယျာဉ်များ၌ လည်းကောင်း၊ စမ်းချောင်းများ၌ လည်းကောင်း၊ ရှိကုန်အံ့။[၅၄] တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော ဘုရင်၏ထံတော်ပါး၌ မြင့်မြတ်မှန်ကန်သော နေရာဌာနတွင် ရှိကုန်အံ့သတည်း။[၅၅]

ဘာသာစကား၏ ဝေါဟာရဆိုင်ရာ စိစစ်လေ့လာချက်

အာယတ်တော်(၄၃)မှ نُبُر 'ဇူးရ်'ဟူသော စကားလုံးသည် 'ဇူရ်'၏ အများကိန်းဖြစ်ပြီး၊ မည်သည့် ရေးသားထားသော စာအုပ်အတွက်မဆို သုံးနိုင်သည်။ အထူးသဖြင့် 'ဇူရ်'သည် နဗီတမန်တော် ဒါဝူဒ်ﷺထံသို့ ထုတ်ပြန်ပို့ချခြင်းခံရသော ကျမ်းဂန်ကို ရည်ညွှန်း၏။

أَدْهٰى وَ أَمَرُّ" .... ပို၍ပင် ပြင်းထန်သည့်ပြင်၊ ပို၍ပင် နာကြည်းဖွယ်ဖြစ်ပေသတည်း။"(၅၄း၄၆)။ 'အဒ်ဟာ' ဟူသော စကားလုံးသည် 'ပို၍ဘေးဒုက္ခဆိုက်သော သို့မဟုတ် ဘေးဒုက္ခအဆိုက်ဆုံး'ကို ဆိုလိုသည်။ 'အမရ်'သည် 'မူးရ်'မှဆင်းသက် ပြီး၊ မူရင်းအဓိပ္ပါယ်မှာ 'ခါးသီးသော' ဖြစ်သော်လည်း 'ခက်ခဲကြမ်းတမ်းသော' သို့မဟုတ် 'နာကျင်ဖွယ်ကောင်းသော'အရာကိုလည်း 'အမရ်'နှင့် 'မူးရ်'ဟူ၍ ရည်ညွှန်းကြ၏။ فِيْ ضَلٰلٍ وَّسُعُرٍ 'ဇီသွလာလင်ဝ်ဝစ်ဖို့အူရ်'ဟူသော စကားစုမှ 'သွလာလ်'သည် 'အယူတမ်းခြင်း' သို့မဟုတ် 'သွေဖည်ခြင်း'ကို ဆိုလိုပြီး၊ 'စုအုရ်'သည် ယခုအာယတ်တော်၌ 'ငရဲမီး'*ကို ဆိုလိုပေသည်။ 'အရှ်ယာအကူမ်' (အသင်တို့နှင့် ဝါဒတူတို့အား) (အာယတ်တော်-၅၁)ဟူသော စကားရပ်မှ

---

* ဤသည်မှာ အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုအရဖြစ်၏။ စကားလုံး၏ အခြားအဓိပ္ပါယ်သည် 'ရူးသွပ်မှု'ဖြစ်ပြီး၊ စာသား တွင် ဤအဓိပ္ပါယ်ဖြင့် ဘာသာပြန်ထား၏။ (မုဟမ္မဒ်တကီးအွစ်မာနီ)

'အရှ်ယာအ်' သည် 'ရှိအ်အဟ်' (နောက်လိုက်တစ်ဦး)၏ အများကိန်းဖြစ်ပြီး၊ 'ငင်းတို့၏ ဘဝပုံစံအတိုင်းလိုက်နာကြသူများ'ဟု ဆိုလိုသည်။

مَّقْعَدِ صِدْقٍ 'မာက်အဒီဆွိဒ်ကင်'ဟူသော စကားရပ်မှ 'မာက်အိဒ်'သည် 'ထိုင်စရာနေရာ'နှင့် 'ဆွိဒ်က်'သည် 'အမှန်တရား'ဟု ဆိုလိုကြ၏။ အသုံးမကျသော၊ မဖွယ်ရာသော စကားလက်ဆုံပြောခြင်းများ မရှိသော 'အမှန်တရား၏ နေရာ'ဟု သွယ်ဝိုက်ညွှန်းဆိုခြင်းဖြစ်၏။

"إِنَّا كُلَّ شَيْءٍ خَلَقْنَٰهُ بِقَدَرٍ "ဇကန်မလွ` ငါအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ချင့်ချိန်၍ ဖန်ဆင်းတော်မူခဲ့၏။"(၅၄:၄၉)။ 'ဗိကဒရ်' ဟူသော ဝိဘတ်စကားစုမှ 'ကဒရ်'ဟူသော စကားလုံးသည် တိုက်ရိုက်အားဖြင့် 'တိုင်းတာသည်'နှင့် 'တစ်စုံတစ်ရာအား သင့်လျော်သော အချိုးအစား၊ အတိုင်းအတာဖြင့် ဖန်ဆင်းသည်။'ဟု ဆိုလိုသည်။ ဤတိုက်ရိုက်အဓိပ္ပါယ်ကို ယခု အာယတ်တော်တွင် အသုံးပြု၍ရနိုင်သည်။ အလ္လာဟ်အရှင်မြတ်သည် သတ္တဝါတို့၏ မျိုးစိတ်တိုင်းအား ကြီး-ငယ်မဟူ သင့်လျော်သော အတိုင်းအတာဖြင့် လည်းကောင်း၊ ကွဲပြားခြားနားသော ပုံသဏ္ဌာန်နှင့် အရွယ်အစားများဖြင့် လည်းကောင်း လိမ္မာပါးနပ်စွာ ဖန်ဆင်းတော်မူသော အကြီးမြင့်ဆုံးသောပညာရှိ ဖြစ်တော်မူသည်။ ဖန်ဆင်းတော်မူ ပြီးနောက် ထိုအရှင်မြတ်သည် တစ်ခုစီတိုင်း၏ ဖွဲ့စည်းတည်ဆောက်ပုံကို အမြော်အမြင်ကြီးသော တိုင်းတာမှုတစ်ခုဖြင့် ထိန်းသိမ်းတော်မူသည်။ လက်ချောင်း၊ ခြေချောင်းများသည် အရွယ်အစားမတူကြ၊ အတိုအရှည်မတူကြပေ။ လက်နှင့် ခြေတို့၏ အလျားနှင့်အနံကို ချင့်ချိန်ဆင်ခြင်၍ ဖွဲ့စည်းတည်ဆောက်တော်မူသည်။ ထို့ပြင် ငင်းတို့၏ အရိုးများ၊ ကြွက်သားများနှင့် အရေပြားတို့အား ကွေး၍ဆန့်၍လွယ်ကူအောင် ဖန်ဆင်းတော်မူသည်။ လူသား၏ကိုယ်ခန္ဓာမှ အင်္ဂါအစိတ်အပိုင်းများ၊ ခြေလက်များ တစ်ခုချင်းစီကို စိစစ်လေ့လာ သောအခါ၊ အလ္လာဟ်အရှင်မြတ်၏ ပညာဉာဏ်တော်၏ အံ့ဩဖွယ်ရှမြင်ကွင်းကို မြင်တွေ့ကြရလေသည်။

ဘာသာရေးဝေါဟာရတစ်ခုအဖြစ် 'ကဒရ်'အား 'တက်ဒီရ်' (အလ္လာဟ်အရှင်မြတ်၏ ကြိုတင်ဆုံးဖြတ်ချက်၊ ကြိုတင်ပြဋ္ဌာန်းချက်၊ ကြိုတင်စီမံချက်၊ ကြိုတင်အမိန့်ပေးချက်၊ ကြိုတင်စီရင်ချက်) အဓိပ္ပါယ်ဖြင့်သုံး၏။ တဖိစီရိပညာရှင် အများစုက အချို့သော ဟဒီးသ်မူကွဲများကြောင့် 'ကဒရ်'ဟူသော စကားလုံးအား ဤနေရာတွင် 'တက်ဒီရ်' အဓိပ္ပါယ်ဖြင့် ယူကြသည်။ သာဝကကြီး အဗူဟူရိုင်ရဟ်ﷺအား ကိုးကားလျက် အဟ်မဒ်၏မုစနဒ်၊ ဆွဟီဟ်မွတ်စလင်နှင့် တိရ်မိဒီတို့၌ မှတ်တမ်းတင်ထားသည်မှာ တစ်ခါသော် ကါဖိရ်ကုရိုက်ရှိတို့သည် တမန်တော်မြတ်ﷺထံသို့ လာရောက်ပြီး 'တက်ဒီရ်' (ကြိုတင်ပြဋ္ဌာန်းချက်)နှင့် စပ်လျဉ်း၍ ဆွေးနွေးငြင်းခုံခဲ့ကြသည်။ ထိုကာလတွင် ဤအာယတ်တော်ကျရောက်ခဲ့၏။ ဤဟဒီးသ်၏အလိုအရ အာယတ်တော်က မိန့်ဆိုဟန်ရှိသည်မှာ အလ္လာဟ်အရှင်မြတ်သည် ကြိုတင်ဆုံးဖြတ်တော်မူပြီးဖြစ်၏။ ထိုအရှင်မြတ်သည် ငင်းတို့ဖန်ဆင်းခြင်းမခံခဲ့ရမီ အရာခပ်သိမ်းအား ကြိုတင်သတ်မှတ်ထားသော ကန့်သတ်ချက်များဖြင့် ဖန်ဆင်းတော်မူခဲ့၏။ ထိုအရှင်မြတ်သည် အရာတိုင်းအား မဖြစ်ပေါ်ခဲ့မီကပင် ဖြစ်ပေါ်လိမ့်မည်ကို သိတော်မူခဲ့ပြီး၊ ဖြစ်ပျက်လာမည့် အရာတိုင်း (အချိန်နှင့်နေရာ၊ ဖြစ်ထွန်းခြင်း၊ ကျဆုံးခြင်း)အား ယင်းတို့မဖြစ်ပျက်မီကပင် မှတ်တမ်းတင်တော်မူခဲ့သည်။ ဤလောကၠဌ ဖြစ်ပျက်သမျှ အရာအားလုံးသည် အစမရှိ-အဆုံးမရှိသောကာလကရေးဆွဲတော်မူခဲ့သော အလ္လာဟ်အရှင်မြတ်၏ စီမံကိန်းအရ ဖြစ်ပျက်လေသည်။

အဟ်လူစ်စွန္နတ်ဝလ်ဂျမာအဟ်အရ 'တက်ဒီရ်'သည် စံပြုလက်ခံထားသည့် အီမာန်၏ အခြေခံအချက်များထဲမှ တစ်ခုဖြစ်၏။ မည်သူမဆို 'တက်ဒီရ်'ကို ငြင်းပယ်သူသည် ဘာသာမဲ့တစ်ဦး သို့မဟုတ် အစွန်လာမ်၏အပြင်သို့ ရောက်နေသူတစ်ဦးဖြစ်၏။ ထို့ပြင် 'တက်ဒီရ်'ကို သပွတ်အူလိုက်နေသော သို့မဟုတ် မူမမှန်ဖောက်ပြန်နေသော အဓိပ္ပါယ်ဖွင့်ဆိုချက်များဖြင့် ငြင်းပယ်သည့် အုပ်စုများသည် 'ဖါစိကီန်' [အပြစ်ကျူးလွန်သူများ သို့မဟုတ် (အကျင့်သီလ) ဖောက်ဖျက်

သူများ] ဖြစ်ကြသည်။ သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နအုမရ်ﷺအား ကိုးကားလျက် အီမာမ်အဟ်မဒ်၊ အဗူဒါဝူဒ်နှင့် တွဗရာနီတို့က ဟဒီးသ်တော်တစ်ရပ်ကို မှတ်တမ်းတင်ကြသည်မှာ အလ္လာဟ့်ရစူလ်ﷺမိန့်တော်မူခဲ့သည်။ 'အုပ်စုတိုင်းမှ အဖွဲ့ဝင်အချို့သည် ပဉ္စလက်ဆရာများ ဖြစ်ကြသည်။ ကျွန်ုပ်၏အမွှေတ်မှ ပဉ္စလက်ဆရာများမှာ 'တက်ဒီရ်'ကို မဟုတ်မမှန်ဟု ငြင်းဆိုသူများဖြစ်ကြ၏။ ၎င်းတို့နာမကျန်းဖြစ်ပါက ၎င်းတို့ထံသို့ လူနာမေးမသွားကြနှင့်။ ၎င်းတို့ကွယ်လွန်ပါက ၎င်းတို့၏အသုဘကို မတက်ရောက်ကြလေနှင့်။'(ရူးဟွလ်မအာနီ)၊ အလ္လာဟ်အရှင်မြတ်သည် အသန့်ရှင်းဆုံးဖြစ်တော်မူ၍ ကြီးကျယ်ထွဋ်မြတ်ကာ အသိဆုံးဖြစ်တော်မူပေသည်။

အလ်ဟမ်ဒုလေလ္လာ
စူရဟ်အလ်ကမရ်၏ ရှင်းလင်းဖွင့်ဆိုချက်
ဤတွင်ပြီး၏။

စူရဟ် အရ်ရဟ်မာန်

(အထူးကရုဏာတော်ရှင်ကလျှာ)

ဤစူရဟ်သည် မဒနီဖြစ်ပြီး၊ အာယတ်တော်(၇၈)ပါး၊ ရုကူအ်(၃)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော၊ မဟာကရုဏာအပေါင်းနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယတ်တော် (၁-၂၅)

اَلرَّحْمٰنُ ۙ﴿۱﴾ عَلَّمَ الْقُرْاٰنَ ؕ﴿۲﴾ خَلَقَ الْاِنْسَانَ ۙ﴿۳﴾ عَلَّمَهُ الْبَيَانَ ﴿۴﴾
اَلشَّمْسُ وَ الْقَمَرُ بِحُسْبَانٍ ۖ﴿۵﴾ وَّ النَّجْمُ وَ الشَّجَرُ يَسْجُدٰنِ ﴿۶﴾ وَ السَّمَآءَ
رَفَعَهَا وَ وَضَعَ الْمِيْزَانَ ۙ﴿۷﴾ اَلَّا تَطْغَوْا فِى الْمِيْزَانِ ﴿۸﴾ وَ اَقِيْمُوا الْوَزْنَ
بِالْقِسْطِ وَ لَا تُخْسِرُوا الْمِيْزَانَ ﴿۹﴾ وَ الْاَرْضَ وَضَعَهَا لِلْاَنَامِ ۙ﴿۱۰﴾ فِيْهَا
فَاكِهَةٌ ۙ وَّ النَّخْلُ ذَاتُ الْاَكْمَامِ ۖ﴿۱۱﴾ وَ الْحَبُّ ذُو الْعَصْفِ وَ الرَّيْحَانُ
ۚ﴿۱۲﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۱۳﴾ خَلَقَ الْاِنْسَانَ مِنْ صَلْصَالٍ كَالْفَخَّارِ
ۙ﴿۱۴﴾ وَ خَلَقَ الْجَآنَّ مِنْ مَّارِجٍ مِّنْ نَّارٍ ۚ﴿۱۵﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ
﴿۱۶﴾ رَبُّ الْمَشْرِقَيْنِ وَ رَبُّ الْمَغْرِبَيْنِ ۚ﴿۱۷﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ
﴿۱۸﴾ مَرَجَ الْبَحْرَيْنِ يَلْتَقِيٰنِ ۙ﴿۱۹﴾ بَيْنَهُمَا بَرْزَخٌ لَّا يَبْغِيٰنِ ۚ﴿۲۰﴾ فَبِاَيِّ اٰلَآءِ
رَبِّكُمَا تُكَذِّبٰنِ ﴿۲۱﴾ يَخْرُجُ مِنْهُمَا اللُّؤْلُؤُ وَ الْمَرْجَانُ ۚ﴿۲۲﴾ فَبِاَيِّ اٰلَآءِ
رَبِّكُمَا تُكَذِّبٰنِ ﴿۲۳﴾ وَ لَهُ الْجَوَارِ الْمُنْشَـَٔاتُ فِى الْبَحْرِ كَالْاَعْلَامِ ۚ﴿۲۴﴾ فَبِاَيِّ
اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۲۵﴾ ۚ

'ရပ်မာန်' အထူးကရဏာတော်ရှင်ပင်။[၁] ကုရ်အာန်ကျမ်းတော်မြတ်ကို သင်ကြားပို့ချ တော်မူခဲ့၏။[၂] ထိုအရှင်မြတ်သည်ပင် မနုဿလူသားအား ဖန်ဆင်းတော်မူခဲ့၏။[၃] ထိုအရှင်မြတ်သည်ပင် ထိုလူသားအား စကားပြောဆိုမှုကို သင်ပေးတော်မူခဲ့၏။[၄] သူရိယနေသည် လည်းကောင်း၊ စန္ဒာလသည် လည်းကောင်း၊ အတွက်အချက်အချိန်နှင့် ကိုက်ညီစွာ (သွားလာလှုပ်ရှားလျက်)ရှိကြ၏။[၅] ကြယ်၊ ပင်စည်မပါသော အပင်ငယ်များသည်လည်းကောင်း၊ ပင်စည်ပါသော အပင်များသည် လည်းကောင်း၊ အမိန့်နာခံ ပျိုဝပ်ဦးချလျက် ရှိကုန်၏။[၆] မိုးကောင်းကင်များကို ထို အရှင်မြတ်သည်ပင် မြင့်စွင့်စေတော်မူခဲ့၏။ ထိုမှတပါး ထိုအရှင်မြတ်သည်ပင် ချိန်ခွင်ကို တီထွင်စီစဉ်၍ ပေးတော်မူခဲ့၏။[၇] အသင်တို့သည် ချိန်တွယ်ရာ၌ မတရားမပြုကြရန်။[၈] ထို့ပြင် အသင်တို့သည် ချိန်တွယ်မှုကို တရားမျှတစွာ စောင့်ထိန်းကြရန် လည်းကောင်း၊ ချိန်တွယ်ရာ၌ ယုတ်လျော့စေခြင်း မရှိစေကြရန် လည်းကောင်း။[၉] ထိုမှတပါး ပထဝီမြေကို ထိုအရှင်မြတ်သည်ပင် အဖန်ဆင်းခံတို့၏ အကျိုးငှာထားရှိတော်မူခဲ့၏။[၁၀] ယင်းပထဝီမြေ၌ သစ်သီးဝလံများသည် လည်းကောင်း၊ အစွပ်များဖြင့်ငုံ၊ ညှာတံများဖြင့် အုပ်လျက်ရှိသော စွန်ပလွံပင်များသည် လည်းကောင်း။[၁၁] ဖွဲနုပါသော ကောက်ပဲသီးနှံများသည် လည်းကောင်း၊ အရွက်ရှိသော အစေ့များသည် လည်းကောင်း၊ မွှေးကြိုင်လျက်ရှိသောပန်းများ အစာအာဟာရများသည် လည်းကောင်း၊ ရှိကုန်၏။[၁၂] သို့ပါလျက် (အို-ဂျင်နှင့်လူသတ္တဝါအပေါင်းတို့)၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြ ကုန်အံ့နည်း။[၁၃] ထိုအရှင်မြတ်သည်ပင် မနုဿလူသားအား မြေအိုး-အိုးခြမ်းကွဲပမာ အသံမြည်သော ရွံ့ခြောက်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။[၁၄] ထိုမှတပါး ထိုအရှင်မြတ်သည်ပင် ဂျင်(နှ်)သတ္တဝါတို့ကို ဂျင်(နှ်)သတ္တဝါတို့၏ဖခင်'အစ်ဗ်လီစ်'ကိုမီးခဲမီးခိုးမရှိသောမီးတောက်ဖြင့်ဖန်ဆင်းတော်မူခဲ့၏။[၁၅] သို့ပါလျက် [အို-ဂျင်(နှ်)နှင့်လူသတ္တဝါတို့] အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော် မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၁၆] (ထိုအရှင်မြတ်သည်ပင်) နေထွက်ရာအရပ်နှစ်ခုလုံးကို ဖန်ဆင်းတော်မူသောအရှင်၊ နေဝင်ရာအရပ်နှစ်ခုလုံးကို ဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူ၏။[၁၇] သို့ပါလျက် [အို-ဂျင်(နှ်)နှင့် လူသတ္တဝါတို့] အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၁၈] ထိုအရှင်မြတ်သည်ပင် သမုဒ္ဒရာပင်လယ်နှစ်ခုကို လွှတ်တော်မူခဲ့ရာ ထိုသမုဒ္ဒရာ ပင်လယ် နှစ်ခုမှာ ဆုံဆည်းဆက်စပ်လျက်ရှိကြ၏။ (တစ်နည်း) ထိုအရှင်မြတ်သည်ပင်ဆက်စပ် စီးဆင်း လျက်ရှိသော သမုဒ္ဒရာနှစ်ခုကို လွှတ်တော်မူခဲ့၏။[၁၉] ယင်းပယ်လယ်နှစ်ခု၏ အကြား၌ အဆီးအတားတစ်ခု ရှိနေပေရာ ၎င်းတို့နှစ်ခုလုံး ပိုင်နက် ကျူးလွန်နိုင်ကြသည် မရှိပေ။[၂၀] သို့ပါလျက် [အို-ဂျင်(နှ်)နှင့်လူသတ္တဝါတို့] အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၂၁] ယင်းပင်လယ်နှစ်ခုမှ ပုလဲရတနာများသည် လည်းကောင်း၊ သန္ဘာပင်လယ်ထွက် ကျောက်နီများသည် လည်းကောင်း၊ ထွက်ကြပေသည်။[၂၂] သို့ပါလျက် [အို-ဂျင်(နှ်)နှင့်လူသတ္တဝါတို့] အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်

၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအုံးနည်း။[၂၃] သမုဒ္ဒရာပင်လယ်၌ တောင်များပမာ(မားမားမတ်မတ်) ရပ်တည်နေကြသော၊ အထင်အရှား ရှိနေကြသော၊ သင်္ဘော များမှာလည်း ထိုအရှင်မြတ်၏ အာဏာစက်အတွင်း၌ရှိကုန်၏။[၂၄] သို့ပါလျက် [အို-ဂျင်(နှ်) နှင့် လူသတ္တဝါတို့] အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအုံးနည်း။[၂၅]

စူရဟ်နှင့် 'အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော် များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်အုံးနည်း'ဟူသော စကားကို အကြိမ်ကြိမ်ထပ်ကာ မိန့်ဆိုသည့် ပညာဉာဏ်တော်တို့၏ ဆက်စပ်မှု

အလျင်စူရဟ် အလ်ကမရ်သည် အလ္လာဟ်အရှင်မြတ်၏ သတိပေးနှိုးဆော်မှုများကို ငြင်းပယ်ကြသည့်အတွက် ပြစ်ဒဏ်ခံကြရသော ရှေးခေတ်ပုန်ကန်သူ အမျိုးသားများအကြောင်းနှင့် အဓိကသက်ဆိုင်သည်။ ပြစ်ဒဏ်တစ်ခုချင်းစီ အကြောင်း ဖော်ပြချက်၏နောက်မှ فَكَيْفَ كَانَ عَذَابِيْ وَ نُذُرِ "သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် လည်း ကောင်း၊ ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုများသည် လည်းကောင်း၊ မည်သို့မည်ပုံ ရှိခဲ့သည်ကို (ဆင်ခြင် သုံးသပ်ကြ လေကုန်)"(၅၄း၁၆)ဟူသောဝါကျ လိုက်လာသည်။ လူများအား အလားတူသော အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်မှ ကင်းဝေးကြစေရန် သတိပေးသည့်အနေဖြင့် ဤဝါကျအား အကြိမ်များစွာ ထပ်၍ဖော်ပြခဲ့၏။ ကြားကာလများတွင် ထပ်ကျော့ပုဒ်တစ်ခုအဖြစ် မိန့်ကြားသော အခြားအာယတ်တော်တစ်ပါးမှာ- وَ لَقَدْ يَسَّرْنَا الْقُرْاٰنَ لِلذِّكْرِ فَهَلْ مِنْ مُّدَّكِرٍ "ထိုမှတပါး ဇကနမလွဲ ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူနိုင်ရန်အလို့ငှာ လွယ်ကူစေတော်မူခဲ့ရာ ကျက်မှတ်တရားရယူသူ တစ်ဦးတစ်ယောက် ရှိသည်လော။"(၅၄း၁၇)ဖြစ်၏။ ဤအာယတ်တော်က ကုရ်အာန်၏ အဆိုအမိန့်ကို လက်ခံရန်၊ ယုံကြည်ရန်နှင့် ယင်း၏တရားလမ်းမှန်ကို လိုက်နာကြရန် လူများအား တိုက်တွန်းနှိုးဆော်သည်။

အခြားတစ်ဖက်မှကြည့်လျှင် စူရဟ်အရ်ရဟ်မာန်သည် အလ္လာဟ်အရှင်မြတ်၏ ဤလောကီနှင့် တမလွန်၏ ကောင်းကျိုးချမ်းသာများနှင့် ကျေးဇူးတော်များအကြောင်းကို အဓိကဖော်ပြလေသည်။ ဤနည်းအားဖြင့် အလ္လာဟ် အရှင်မြတ်၏ ထူးခြားသော ကျေးဇူးတော်တစ်ရပ်ကို ဖော်ပြသောအခါ၊ လူများအား နိုးကြားစေရန်နှင့် အလ္လာဟ်အရှင် မြတ်ပြုတော်မူသော ကျေးဇူးတော်အတွက် ထိုအရှင်မြတ်အား ကျေးဇူးတင်ကြစေရန် အာယတ်တော် فَبِاَيِّ اٰلَاۤءِ رَبِّكُمَا تُكَذِّبٰنِ (သို့ပါလျက် (အို-ဂျင်နှင့် လူသားသတ္တဝါတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်အုံးနည်း။)အား ထပ်ကျော့ပုဒ်တစ်ခု အဖြစ် တမင်တကာ သုံးခြင်းဖြစ်၏။ စူရဟ်ထဲ၌ ဤအာယတ်တော်အား (၃၁)ကြိမ်တိုင် ထပ်ကာထပ်ကာ မိန့်ဆိုသည်။ ခေတ်ဆန်သော သုံးနှုန်းပုံစံညီးကမ်းများအရ ဖော်ပြချက်တစ်ခုအား အကြိမ်ကြိမ် ပြန်ကျော့ခြင်းသည် 'အလေးထားမှု' ကို သိသာစေရန်ဖြစ်လေသည်။ အထူးသဖြင့် ကုရ်အာန်၏ စူရဟ်နှစ်ပုဒ်မှ ထပ်တလဲလဲ မိန့်ဆိုခြင်းသည် ပြန်ကျော့သည့် ဟန်သာလျှင် ဖြစ်သည်ဟုထင်ရ၏။ တကယ်တမ်းတွင် ပြန်ကျော့သောအခါ ဝါကျတစ်ခုတိုင်းသည် အကြောင်းအရာ အသစ်တစ်ခုနှင့် ပတ်သက်သည့်ပြင် ကိုယ်ပိုင်ထူးခြားချက် ရှိသည်ဖြစ်၍ မလိုအပ်ဟု မဆိုနိုင်ပေ။ စူရဟ်အလ်ကမရ်မှ فَكَيْفَ كَانَ عَذَابِيْ وَ نُذُرِ "သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် လည်းကောင်း၊ ငါအရှင်မြတ်၏ သတိပေး နှိုးဆော်မှုများသည် လည်းကောင်း၊ မည်သို့မည်ပုံ ရှိခဲ့သည်ကို (ဆင်ခြင်သုံးသပ်ကြလေကုန်)။"(၅၄း၁၆)သည် ပြစ်

ဒဂ်အသစ်တစ်ခုစီ အကြောင်းဖော်ပြချက်၏နောက်မှ လိုက်လာသည်။ အလားတူပင် စူရဟ်အရ်ရဟ်မာန်၌ ကျေးဇူးတော်အသစ်တိုင်း၏ ဖော်ပြချက်ပြီးသည့်နောက် အာယတ်တော် فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ "သို့ပါလျက် (အို-ဂျင်နီနှင့် လူသတ္တဝါတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူး တော်ကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။"ကို ထပ်ကာဖော်ပြသော်လည်း အာယတ်တော်သည် ကျေးဇူးတော် အသစ်နှင့် သက်ဆိုင်သောကြောင့် အပိုမဖြစ်ပေ။ အလ္လာမဟ်စုယူတီ ﷺက ဤထပ်ကျော့သည့်နည်းအား 'အလ်တာရ် ဒီဒ်'ဟု အမည်ပေးထား၏။ နူတ်ရေး ကြွယ်ဝသော အာရဗ်များက ဤနည်းပရိယာယ်အား ရသမြောက်စွာလှုပသော၊ ပြောင်မြောက်သော၊ ထိရောက်သော၊ စိတ်ကိုကိုင်လှုပ်သော၊ အားမာန်ပါသော၊ ဆွဲဆောင်မှုရှိသော ဘာသာစကား၏ သုံးနှုန်းပုံဖြစ်သည်ဟု ယူဆကြလေသည်။ ဤနည်းပရိယာယ်ကို စကားပြေနှင့် ကဗျာလင်္ကာနှစ်မျိုးစလုံးတွင် သုံးကြသည်။ အာရဗီ၌သာလျှင် မဟုတ်ဘဲ ကျွမ်းကျင်ပြောင်မြောက်သော ပါရှင်းနှင့် အူရဒူကဗျာစာဆိုများ အပါအဝင် ကမ္ဘာ့ဘာသာစကားအားလုံးလောက်တွင် ဤနည်းကိုသုံးကြသည်။ ၎င်းတို့၏ ကဗျာလင်္ကာများကို ဤနေရာတွင် သာဓက အဖြစ် တင်ပြရမည့်အချိန် မဟုတ်ပေ။ တဖ်စီရ်ရှူးဟွလ်မအာနီ၌ ဤအကြောင်းနှင့် ပတ်သက်၍ ဥပမာများစွာကိုစုစည်းဖော်ပြထား၏။

စူရဟ်အရ်ရဟ်မာန်အား မက္ကာမြို့တွင် ပို့ချခဲ့သလား သို့မဟုတ် မဒီနာမြို့တွင် ပို့ချခဲ့ပါသလား။

အီမာမ်ကုရ်တူဗီက ဆင့်ပြန်ချက်အချို့ပေါ်တွင် အခြေခံလျက် ဤစူရဟ်သည် မက္ကာမြို့၌ကျရောက်ခဲ့သည်ဟု ကောက်ချက်ချခဲ့၏။ နှစ်လည်းနှစ်သက်ခဲ့သည်။ သာဝကကြီး ဂျာဗိရ်ﷺထံမှ တိရ်မိဒီမှတ်သားရသည်မှာ အလ္လာဟ့် ရစူလ်ﷺသည် လူအချို့ရှေ့၌ ဤစူရဟ်ကို ရွတ်ဖတ်သရဇ္ဈာယ်ရာ ၎င်းတို့သည် ငြိမ်သက်စွာရှိနေခဲ့ကြသည်။ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။

'ကျွန်ုပ်သည် ဂျင်နီများ၏ညာဉ်၌ ဂျင်နီများအား စူရဟ်ကို ဖတ်ကြားပြခဲ့ရာ ၎င်းတို့၏တုံ့ပြန်မှုသည် အသင်တို့ ထက်ပင် ပို၍ကောင်းသေး၏။ ကျွန်ုပ်က အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက် فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ "သို့ပါလျက် (အို- ဂျင်နီနှင့် လူသတ္တဝါတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူး တော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။"ကို ရွတ်ဖတ်သောအခါ၊ ၎င်းတို့က لَا بِشَيْءٍ مِّنْ نِّعَمِكَ رَبَّنَا نُكَذِّبُ فَلَكَ الْحَمْدُ(ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်ကိုမျှ မဟုတ်မမှန်ဟူ၍ ကျွန်တော်မျိုးတို့ ငြင်းပယ် ခြင်းမပြုကြပါ။ ချီးမွမ်းထောပနာအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာလျှင် ဖြစ်တော်မူပေသည်။'ဟု ဆိုခဲ့ကြကုန်၏။

ဤဆင့်ပြန်ချက်က ဤစူရဟ်သည် မက္ကာမြို့၌ ကျရောက်ခဲ့ကြောင်းကို ညွှန်ပြ၏။ အဘယ်ကြောင့်ဆိုသော် ဂျင်နီများ၏ညာဉ်ဟူသည် တမန်တော်မြတ်ﷺက ၎င်းတို့ထံသို့ ကုရ်အာန်၏ အဆိုအမိန့်များကို ပေးပို့ရန်နှင့် ၎င်းတို့အား အသိပညာကို မျှဝေပေးရန်အတွက် ဂျင်နီများနှင့် တွေ့ဆုံသောညာဉ်ကို ရည်ညွှန်းသောကြောင့်ဖြစ်၏။ ဤအဖြစ်အပျက်သည် မက္ကာမြို့တွင် ဖြစ်ပျက်ခဲ့သည်။ ဤနည်းတူစွာ အီမာမ်ကုရ်တူဗီကလည်း ဤစူရဟ်သည် မက္ကာမြို့၌ ကျရောက်ခဲ့ကြောင်းကို ညွှန်ပြသည့် ဆင့်ပြန်ချက်အချို့ကို ထပ်၍ရည်ညွှန်း၏။

စူရဟ်၏ပထမအာယတ်တော်၏ အဖွင့်စကားလုံးသည် အရ်-ရဟ်မာန်(အထူးကရုဏာတော်ရှင်)ဖြစ်၏။ အလ္လာဟ်အရှင်မြတ်၏ ဤနာမတော်ဖြင့် စူရဟ်ကို အစပြုခြင်း၏ အကြောင်းရင်းများထဲမှ တစ်ခုမှာ မက္ကာမြို့သား

ကာဖိရ် များသည် အလ္လာဟ်အရှင်မြတ်၏ ဤနာမတော်ကို သတိမထားမိ မသိကြသောကြောင့် ဖြစ်နိုင်ကောင်း၏။ ၎င်းတို့က ပြောလေ့ရှိသည်မှာ مَا الرَّحْمٰنُ (အရ်ရဟ်မာန်ဟူသည် အဘယ်နည်း- ၂၅း၆၀)ဟူ၍ဖြစ်၏။ ၎င်းတို့ သိကြစေရန် အတွက် ဤနေရာတွင် ဤနာမတော်ကို ရွေးချယ်ခြင်း ဖြစ်လေသည်။

ဒုတိယအကြောင်းရင်းမှာ နောက်အာယတ်တော်- عَلَّمَ الْقُرْاٰنَ "'ကုရ်အာန်'ကျမ်းတော်မြတ်ကို သင်ကြားပို့ချတော်မူခဲ့၏။"(၅၅း၂)တွင် အလ္လာဟ်အရှင်မြတ်၏ လုပ်ရပ် တော်အဖြစ် ဖော်ပြသော ကုရ်အာန်သင်ကြားပို့ချခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ စီးဆင်းလာသည့် လက်ဆောင်တော်တစ်ခု သက်သက်သာလျှင် ဖြစ်ကြောင်းကို ညွှန်ပြရန်ဖြစ်နိုင်သည်။ ဤလုပ်ရပ် သို့မဟုတ် မည်သည့် လုပ်ရပ်ကိုမဆို လုပ်ပေးရမည့်တာဝန် အလ္လာဟ် အရှင်မြတ်တွင်ရှိသောကြောင့် မဟုတ်သလို ထိုအရှင်မြတ်သည် တစ်ဦးတစ်ယောက်ကို လိုအပ်သောကြောင့်လည်း မဟုတ်ပေ။

စူရဟ်တစ်ပုဒ်လုံးတွင် ရုပ်ပိုင်းနှင့်နာမ်ပိုင်ဆိုင်ရာ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို အဆက်မပြတ် အသေးစိတ် ပြန်ပြောပြလေသည်။ ကျေးဇူးတော်အပေါင်းအနက် အကြီးကျယ်ဆုံးမှာ ကျမ်းမြတ်ကုရ်အာန်၏ အသိပညာပင်ဖြစ်၏။အဘယ်ကြောင့်ဆိုသော်ကုရ်အာန်ကလူသားအားရုပ်ပိုင်းနှင့်နာမ်ပိုင်းဆိုင်ရာကိစ္စများကိုလည်းကောင်း၊ လောကီနှင့် လောကုတ္တရာ ကိစ္စရပ်များကိုလည်းကောင်း လမ်းညွှန်ပြသည့် အပြည့်စုံဆုံး ကျမ်းဂန်တစ်စောင် ဖြစ်သောကြောင့်ပင်။ မြင့်မြတ်သော သာဝကကြီးများနည်းတူ ကျမ်းမြတ်ကုရ်အာန်ကို အလေးထားသူ၊ ကျမ်းမြတ်ကုရ်အာန်နှင့် အညီ ကျင့်ကြံနေထိုင်ခဲ့ကြသူများအား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ တမလွန်အဆင့်အတန်းကို မြှင့်တင်ပေးတော်မူခဲ့ပြီး၊ အံ့မခန်းကျေးဇူးတော်များ၊ ကရုဏာတော်များဖြင့် ကောင်းချီးပေးတော်မူခဲ့သည်။ ဤလောကီ၌လည်း ၎င်းတို့အား ကြီးကျယ်သော ဘုရင်များပင် မရရှိနိုင်သည့် အဆင့်အတန်းသို့ မြှင့်တင်ပေးတော်မူလေသည်။

သဒ္ဒါနည်းကျဆိုရလျှင် عَلَّمَ 'အလ္လမ' (သင်ကြားပေးသည်)ဟူသော ကြိယာသည် တိုက်ရိုက်နှင့် သွယ်ဝိုက်သော ကံပုဒ်နှစ်ခုလိုအပ်၏။ (၁) မျှဝေခြင်းခံရသော အသိပညာနှင့် (၂) အသိပညာကို မျှဝေပေးခြင်းခံရသူတို့ ဖြစ်ကြသည်။ ဤနေရာတွင် ပထမကံပုဒ် (ကျမ်းမြတ်ကုရ်အာန်)ကို ရှင်းလင်းစွာ မိန့်ဆိုသော်လည်း ဒုတိယကံပုဒ်ကိုမူ ဖော်ပြခြင်းမပြုချေ။ အကျယ်ဖွင့်ဆိုသူအချို့၏ ယူဆချက်မှာ ဒုတိယကံပုဒ်သည် အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကို တိုက်ရိုက်သင်ကြားပေးတော်မူခြင်းခံရသည့် အလ္လာဟ့်တမန်တော်မြတ်ﷺဖြစ်၏။ ၎င်းမှတစ်ဆင့် ဖန်ဆင်းခံတစ်ရပ်လုံးကို သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ အခြားရှုထောင့်မှ ကြည့်နိုင်သေးသည်မှာ ကျမ်းမြတ်ကုရ်အာန် ပို့ချခြင်း၏ ရည်ရွယ်ချက်သည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံအားလုံးသို့ လမ်းညွှန်ချက်ပေးရန် ဖြစ်သည့်ပြင် ၎င်းတို့အား ကောင်းမွန်သော ကိုယ်ကျင့်တရားနှင့် ကောင်းမြတ်မှန်ကန်သော လုပ်ရပ်များကို သင်ကြားပေးရန် ဖြစ်သောကြောင့် ကံပုဒ်ကို သတ်သတ်မှတ်မှတ် မဖော်ပြခြင်းဖြစ်၏။ ဒုတိယကံပုဒ်ကို တိကျပြတ်သားစွာ မဖော်ပြခြင်းက ယင်း၏ယေဘုယျသဘော (တစ်နည်း) လူသားအားလုံးကို ရည်ညွှန်းခြင်း ဖြစ်လေသည်။

خَلَقَ الْاِنْسَانَ، عَلَّمَهُ الْبَيَانَ "ထိုအရှင်သည်ပင် 'မနုဿ'လူသားအား ဖန်ဆင်းတော်မူခဲ့၏။ ထိုအရှင်မြတ်သည်ပင် ထိုလူသားအား စကားပြောဆိုမှုကို သင်ပေးတော်မူခဲ့၏။"(၅၅း၃-၄)။ လူသားအား ဖန်ဆင်းခြင်းသည်ပင် အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်သော ကောင်းကျိုးပြုခြင်းဖြစ်ပြီး၊ အရာဝတ္ထုများ၏ သဘာဝ အစီအစဉ်တွင် ၎င်းသည် ပထမနှင့် အဦးဆုံးဖြစ်၏။ မည်မျှထိဆိုသော် ပထမဆုံး ဖော်ပြခံရသည့် ကုရ်အာန်၏ အသိ ပညာကို ပေးဝေခြင်းသည်ပင် ၎င်း၏ဖန်ဆင်းမှုနောက်မှ ဖြစ်ပေါ်နိုင်ပေမည်။ သို့ရာတွင် ကုရ်အာန်၏ အသိပညာကျေးဇူးတော်သည် ပထမဖော်ပြခံ

ရပြီး၊ လူသားဇာတိဖန်ဆင်းမှုမှာ နောက်မှဖော်ပြခံရသည်။ အဘယ်ကြောင့်ဆိုသော် လူသားကို ဖန်ဆင်းခြင်း၏ အခြေခံကျသော ရည်ရွယ်ချက်မှာ ၎င်းအား ကုရ်အာန်၏ အသိပညာကို ပေးဝေရန်နှင့် ကုရ်အာန်၏တစ်နေရာ၌ ဖော်ပြထားသကဲ့သို့ وَ مَا خَلَقْتُ الْجِنَّ وَ الْاِنْسَ اِلَّا لِيَعْبُدُوْنِ "စင်စစ်သော်ကား ငါအရှင်မြတ်သည် ဂျင်နီသတ္တဝါတို့အားလည်းကောင်း၊ 'မနုဿ'လူသားတို့အားလည်းကောင်း ငါအရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ကြရန်သာလျှင် ဖန်ဆင်းတော်မူခဲ့၏။" (၅၁း၅၆)။ ၎င်းအဖို့ ကုရ်အာန်၏ လမ်းညွှန်မှုအတိုင်း လိုက်နာရန်ဖြစ်သောကြောင့်ဖြစ်၏။ သေချာသည်မှာ အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်မှုမပါဘဲလျက် ကိုးကွယ်ဆည်းကပ်ရန်မှာ မဖြစ်နိုင်ပေ။ အလ္လာဟ်လမ်းညွှန်မှု၏ ရင်းမြစ်သည် ကျမ်းမြတ်ကုရ်အာန် ဖြစ်သဖြင့် ကုရ်အာန်၏ အသိပညာကို လူသားဖန်ဆင်းခြင်း၏ရေ့မှ ဖော်ပြခြင်းပင် ဖြစ်လေသည်။

လူသားကို ဖန်ဆင်းတော်မူပြီးသည့်နောက် ၎င်းအား မရေမတွက်နိုင်သော ကျေးဇူးတော်များကို ပေးအပ်ချီးမြှင့်တော်မူသည်။ ယင်းတို့အနက် ထုတ်ဖော်ဖွင့်ဟပြောဆိုခြင်း အသိပညာကို ပေးသနားတော်မူခြင်းအား အထူးသဖြင့် ဖော်ပြ၏။ အဘယ်ကြောင့်ဆိုသော် လူသား၏ ကြီးထွားဖွံ့ဖြိုးမှု၊ ၎င်း၏တည်ရှိမှုနှင့် ဆက်လက်ရှင်သန်နိုင်ရေးအတွက် အစားအစာနှင့်ရေ စသည်များ၊ ၎င်း၏အပူဒဏ်၊ အအေးဒဏ်များမှ ကာကွယ်ရေး၊ ၎င်း၏နေထိုင်မှုအစီအစဉ်စသည်များအတွက် လိုအပ်သော ကျေးဇူးတော်များမှာ အဖန်ဆင်းခံ သတ္တဝါအားလုံးတွင် အတူတူပင်ဖြစ်၏။ ကျေးဇူးတော်များအနက် လူသားတို့နှင့်သာ သက်ဆိုင်သော ကုရ်အာန်၏ အသိပညာကို ဦးဆုံးဖော်ပြပြီးမှ ထုတ်ဖော်ဖွင့်ဟပြောဆိုခြင်း အသိပညာကို ဆက်လက်ဖော်ပြ၏။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်မှရရှိသည့် အကျိုးကျေးဇူးများနှင့် ယင်းအကျိုးကျေးဇူးများကို အခြားသူတို့အား ဝေမျှပေးခြင်းသည် ဖော်ထုတ်ဖွင့်ဟပြောဆိုမှု အသိပညာပေါ်တွင် မူတည်သောကြောင့် ဖြစ်လေသည်။ 'ဗယာန်'(ကိုယ်တိုင်ဖော်ထုတ် ဖွင့်ဟပြောဆိုခြင်း)ဟူသော စကားလုံးတွင် အလ္လာဟ်အရှင်မြတ် ဖန်ဆင်းတော်မူသည့် ပြောဆိုခြင်း၊ ရေးသားခြင်းစသည့် ဆက်သွယ်ရေး နည်းလမ်းအားလုံး အကျုံးဝင်သည်။ ကမ္ဘာအရပ်ရပ်မှ တိုင်းနိုင်ငံအသီးသီးတွင် ဘာသာစကားနှင့် ဒေသသုံးစကားအမျိုးမျိုးရှိ၏။ ဤအရာအားလုံးသည် ဘာသာစကားဆိုင်ရာ အသိပညာ၏ ဖွဲ့စည်းမှုအစိတ်အပိုင်းများ ဖြစ်ကြပြီး၊ အာယတ်တော်

وَ عَلَّمَ اٰدَمَ الْاَسْمَآءَ كُلَّهَا "အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာဦးဖခင် အာဒမ်ﷺအား အရာဝတ္ထုများ၏ အမည်နာမအားလုံးတို့ကို သင်ကြားပေးတော်မူ၏။ ...."(၂း၃၁)၏ လက်တွေ့ကျသော အဓိပ္ပါယ်ဖွင့်ဆိုမှု သို့မဟုတ် အသုံးချမှုပင် ဖြစ်လေသည်။ فَتَبٰرَكَ اللّٰهُ اَحْسَنُ الْخَالِقِيْنَ

အလ္လာဟ်အရှင်မြတ်၏ နိမိတ်လက္ခဏာတော်များ

اَلشَّمْسُ وَ الْقَمَرُ بِحُسْبَانٍ 'သူရိယ'နေသည်လည်းကောင်း၊ 'စန္ဒာ'လသည်လည်းကောင်း၊ အတွက်-အချက်-အချိန်နှင့် ကိုက်ညီစွာ (သွားလာလှုပ်ရှားလျက်) ရှိကြ၏။"(၅၅း၅)၏။ ဤအာယတ်တော်က အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များထဲမှ အကာသရှိ အရာဝတ္ထုများအနက် နှစ်ခုကို သတိပြုစေသည်။ ထိုအရာများအား အထူးဖော်ပြခြင်းမှာ ဤကမ္ဘာလောကဓာတ်၏ စနစ်တစ်ခုလုံးသည် ၎င်းတို့၏ပတ်လမ်းများထဲတွင် အပို၊အလိုမရှိ တိကျသော ချိန်ကိုက်မှုဖြင့် ဆက်တိုက်ရွေ့လျားနေကြသည့် ဤအရာများပေါ်တွင် မူတည်သောကြောင့်ဖြစ်၏။

ပထမအကွာရာပေါ်တွင် 'သွမ္မဟ်'(=u)ပါရှိသည့် حُسْبَان 'ဟူစ်ဗာန်'ဟူသော စကားလုံးသည် အချို့ဝေါဟာရပညာရှင်များ အဆိုအရ غفر\ان 'ဂူဖ်ရာန်'(ခွင့်လွှတ်သည်)၊ سُبْحَان 'စူဗ်ဟာန်'(သန့်စင်ကြောင်း မြွက်ဆိုသည်)၊ قرآن 'ကုရ်အာန်'(ရွတ်ဖတ်သရဇ္ဈာယ်သည်)စသည်တို့ကဲ့သို့ကြိယာ၏အခြေခံပုံစံ 'ဟိစာဗ်'သဘောသုံးပြီး၊ 'တွက်ချက်သည်'

ဟု အဓိပ္ပါယ်ရ၏။ အချို့ဝေါဟာရပညာရှင်များကမူ 'ဟူစ်ဗာန်'အား 'ဟိစာဗ်'၏ အများကိန်းအဖြစ် မှတ်ယူကြ၏။ အာယတ်တော်၏ အဓိပ္ပါယ်မှာ ပထမဝေါဟာရပညာရှင်များ အဆိုအရ လူသား၏ ဘဝတစ်ခုလုံး မှီခိုနေရသော အရာနှစ်ခုသည် သတ်မှတ်လမ်းကြောင်းအတိုင်း သွားလျက်ရှိ၏။ ယင်းတို့သည် သက်ဆိုင်ရာ ဥပဒေများကို လိုက်နာကြရပြီး၊ နေ့နှင့်ည တစ်ပြန်စီဖြစ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် နှစ်၊ လများ သတ်မှတ်ခြင်း စသည့် ၎င်းတို့ဆောင်ရွက်ရမည် ဖြစ်သော လုပ်ငန်းဆောင်တာများကို ပုံမှန်၊ အချိန်မှန်၊ အမှားအယွင်းမရှိ လုပ်ဆောင်လျက်ရှိသည်ဟူ၍ ဖြစ်၏။ ဒုတိယ ဝေါဟာရပညာရှင်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုယူသော် 'ဟူစ်ဗာန်'သည် 'ဟိစာဗ်'၏ အများကိန်းဖြစ်သောကြောင့် နေနှင့်လ တစ်ခုစီတွင် တွက်ချက်ထားသော ကိုယ်ပိုင်ပတ်လမ်းများရှိကြသည်ဟု ရည်ညွှန်း၏။ နေစကြဝဠာကြီး တစ်ခုလုံးသည် ကွဲပြားသော တွက်ချက်မှုများပေါ်တွင် အခြေခံ၍ ခရီးဆက်နေပြီး၊ တွက်ချက်မှုတစ်ခုစီသည် လွန်စွာ ခိုင်မာတိကျသောကြောင့် နှစ်သန်းပေါင်းများစွာကတည်းကတိုင်း တစ်စက္ကန့်လေးမျှပင် သွေဖည်ခြင်းမရှိခဲ့ပေ။

သိပ္ပံပညာတိုးတက်သော ယနေ့ခေတ်အခါ၌ အံ့သြဖွယ်ရာ အသစ်တီထွင်မှုများသည် အတွေးအခေါ်ပညာရှင်များအဖို့ပင် မယုံနိုင်စရာဖြစ်၏။ သို့ရာတွင် လူသား၏တီထွင်မှုနှင့် အလွှာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုကြားတွင် ထင်ရှားသောကွဲပြားမှုရှိကြောင်းကို မြော်မြင်တွေးဆတတ်သူတိုင်း သိမြင်နိုင်လေသည်။ လူသား၏တီထွင်မှုများသည် အဆက်မပြတ် ယိုယွင်းပျက်စီးလျက်ရှိပြီး၊ ထိန်းသိမ်းမွမ်းမံရန်၊ ပြုပြင်ရန်၊ ဂျီဆေးရန် လိုအပ်၏။ မည်မျှကြံ့ခိုင်၍ ခေတ်မီဆန်းပြားသော စက်ပစ္စည်းတစ်ခုပင် ဖြစ်စေကာမူ အချိန်တစ်ခုကြာပြီးသည့်နောက် ပြုပြင်မွမ်းမံရန် လိုအပ်ပေသည်။ အချိန်မီ ပြုပြင်မွမ်းမံမှု မပြုလုပ်ပါက သုံးမရတော့ဘဲ ဖြစ်သွားနိုင်သည်။ အခြားတစ်ဖက်မှကြည့်လျှင်၊ ကြီးမားလှသော အလွှာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုသည် ဘယ်သောအခါမျှ ပြုပြင်၊ မွမ်းမံ၊ ထိန်းသိမ်းရန် မလိုအပ်ပေ။ လ၏ရွေ့လျားမှုကို နေစကြဝဠာက ကျော်လွန်ခြင်း မရှိသကဲ့သို့ နေစကြဝဠာကိုလည်း လ၏ရွေ့လျားမှုက ကျော်လွန်သွားလိမ့်မည် မဟုတ်ပေ။ နေ၊ လနှင့်အခြားအာကာသဝတ္ထုကြီးများသည် မိမိ၏ကိုယ်ပိုင်ပတ်လမ်းကြောင်းထဲ၌ကိုယ်စီမြောပါရွေ့လျားလျက်ရှိပေသည်။

"وَ النَّجْمُ وَ الشَّجَرُ يَسْجُدٰنِ" ကြယ်- ပင်စည်မပါသော အပင်ငယ်များသည် လည်းကောင်း၊ ပင်စည်ပါသော အပင်များသည် လည်းကောင်း အမိန့်နာခံ၊ ပျိုဝပ်ဦးချလျက် ရှိကုန်၏။"(၅၅း၆)။ 'နဂျ်မ်'ဟူသော စကားလုံးသည် ပင်စည်မရှိသော အပင်ငယ်များကို ရည်ညွှန်းပြီး၊ 'ရှဂ်ရ်'သည် ပင်စည်၊ အကိုင်း၊ အခက်များပါရှိသော သစ်ပင်ကို ရည်ညွှန်း၏။ ယင်းတို့အားလုံးသည် အလွှာဟ်အရှင်မြတ်အား ပျိုဝပ်ဦးချလျက်ရှိကြသည်။ 'စဂျ်ဒဟ်' သို့မဟုတ် ပျိုဝပ်ဦးချခြင်းသည် နှိမ့်ချခြင်း၊ ရိုသေခြင်း၊ အညံ့ခံခြင်းနှင့် အလွှာဟ်အရှင်မြတ်အား အကြွင်းမဲ့ချစ်ခင်၊ ရိုကျိုး၊ နာခံခြင်း၏ အကောင်းဆုံးသော သင်္ကေတပင် ဖြစ်လေသည်။ အာယတ်တော်က ဆိုလိုသည်မှာ အလွှာဟ်အရှင်မြတ်သည် သစ်ပင်၊ အပင်ငယ်၊ နွယ်ပင်နှင့် ယင်းတို့၏အသီး၊ အရွက်များအား လူသားတို့၏အကျိုးအတွက် အထူးလုပ်ငန်းတစ်ခုကို သတ်မှတ်ပေးတော်မူသည်။ ထိုအရာ များကလည်း မိမိတို့၏ လုပ်ငန်းတာဝန်များကို အနည်းငယ်မျှ သွေဖည်ခြင်းမရှိဘဲ လုပ်ဆောင်လျက်ရှိကြပေသည်။ ပင်စည်မရှိသော အပင်ငယ်များနှင့် သစ်ပင်ကြီးများသည် နှိမ့်ချရှိကျိုးစွာဖြင့် အလွှာဟ်အရှင်မြတ်၏ အလိုဆန္ဒတော်သို့ မိမိတို့ကိုယ်ကို ပေးဆပ်လိုက်ကြလေသည်။ အာယတ်တော်(၅)နှင့်(၆)ကို တစ်ပေါင်းတည်း ရွတ်ဖတ်ခြင်းဖြင့် စကြဝဠာအတွင်းရှိ အကြီးမားဆုံး ဝတ္ထုကြီးများမှသည် အသေးငယ်ဆုံးသော အပင်များထိ အရာခပ်သိမ်းသည် သဘာဝအဖြစ် ဖော်ပြသော အလွှာဟ်အရှင်မြတ်၏ ဥပဒေများအတိုင်း လိုက်နာကြရသည်။ ၎င်းတို့၏သတ်မှတ်လမ်းကြောင်း၌ အနည်းငယ်မျှ အနှောင့်အယှက် သို့မဟုတ် တိမ်းချော်မှု ဖြစ်ပေါ်သည်နှင့်

တစ်ပြိုင်နက် လူသားကို အလုပ်အကျွေးပြုရန် ဖန်ဆင်းခြင်းခံရသော စကြဝဠာကြီးတစ်ခုလုံးသည် တစ်စစီကွဲကြေသွားလိမ့်မည်ဖြစ်ပေသည်။ ကြီးကျယ်ရွှမ်းထွေး သော်လည်း စည်းကမ်းတကျရှိသည့် စကြဝဠာကို ၎င်းအတွက် အမှုထမ်းဆောင်ရန် ဖြစ်တည်ပေးခံရသည့် လူသားအား အကြောင်းမဲ့ ဖန်ဆင်းခဲ့လိမ့်မည်ဆိုခြင်းမှာ မယုံနိုင်စရာပင်ဖြစ်၏။ လူသား၏ဘဝထဲ အလွှာဟ်အရှင်မြတ်၏ ကြီးမားသော ရည်မှန်းချက်တစ်ခု မုချရှိပြီး၊ ထိုရည်မှန်းချက်ကို ဤစူရဟ် တစ်ပုဒ်လုံးနှင့် ကုရ်အာန်၏ အခြားနေရာများတွင် ထပ်တလဲလဲ ရည်ညွှန်းခြင်းဖြစ်၏။ ကျိုးနွံနာခံခြင်းနှစ်မျိုးရှိ၏။ (၁) စေတနာအလျောက် ကျိုးနွံနာခံခြင်း၊ ဥပမာ- လူသားနှင့်ဂျင်နီတို့အား အလွှာဟ်အရှင်မြတ်၏ ဥပဒေများကို ကျိုးနွံနာခံခြင်းနှင့် ဖီဆန်ခြင်းတို့ကြားတွင် စိတ်တိုင်းကျ ရွေးချယ်ခွင့်ပေးတော်မူသည်။ (၂) အလွှာဟ်အရှင်မြတ်၏ ကျန်ဖန်ဆင်းခံများအားလုံးသည် သီးသန့်လုပ်ငန်းတာဝန်များ၊ ဝတ္တရားများကို ရွေးချယ်ခွင့်မရှိဘဲ ဆောင်ရွက်ရန် တာဝန်သတ်မှတ်ပေးခြင်းခံကြရသည်။ ဒုတိယအမျိုးအစားကို 'အိတွာအဟ်တပ်က်ဝီနိယဟ်' သို့မဟုတ် 'ဂျဗရိယဟ်' (အတင်းအကျပ် ကျိုးနွံနာခံစေခြင်း)ဟူ၍ ရည်ညွှန်း၏။ ယခု အာယတ်တော်၌ 'စဂျ်ဒဟ်'ဟူသော စကားလုံးသည် ဤအမျိုးအစား 'အလွှာဟ်အရှင်မြတ်၏ ဥပဒေများကို ကျိုးနွံနာခံခြင်း' ဖြစ်ပြီး၊ သဘာဝအရာဝတ္ထုများတွင် ရွေးချယ်ပိုင်ခွင့်မရှိခြင်းကို ရည်ညွှန်းလေသည်။

"وَ السَّمَآءَ رَفَعَهَا وَ وَضَعَ الْمِيْزَانَ" မိုးကောင်းကင်ကို ထိုအရှင်မြတ်သည်ပင် မြင့်စွင့်စေတော်မူခဲ့၏၊ ထိုမှတပါး ထိုအရှင်မြတ်သည်ပင် ချိန်ခွင်ကို တီထွင်စီစဉ်၍ ပေးတော်မူခဲ့၏။"(၅၅း၇)။ 'ရဗအ'နှင့် 'ဝသွအ'တို့သည် ဆန့်ကျင်ဘက်ကြိယာများ ဖြစ်ကြ၏။ 'ရဗအ'က 'အပေါ်သို့ မြှောက်တင်သည်'ဟူ၍ လည်းကောင်း၊ 'ဝသွအ'က 'အောက်သို့ချသည်'ဟူ၍ လည်းကောင်းအဓိပ္ပါယ်ရ၏။ အာယတ်တော်က အလွှာဟ်အရှင်မြတ်သည် မိုးကောင်းကင်များကို ရုပ်ပိုင်းဆိုင်ရာ မြင့်တင်တော်မူကြောင်း ဦးစွာဖော်ပြ၏။ ဤသည်က မိုးကောင်းကင်၏ မြေပြင်မှ အထက်သို့ ကွာဝေးမှုကို ရည်ညွှန်းခြင်း ဖြစ်နိုင်သကဲ့သို့ မိုးကောင်းကင် များ၏ မြင့်မားသော အဆင့်အတန်းကို ရည်ညွှန်း၍ တင်စားသည့် အဓိပ္ပါယ်လည်း ဖြစ်နိုင်ပေသည်။ ကမ္ဘာမြေနှင့် ဆက်နွယ်၍ဆိုရလျှင် မိုးကောင်းကင်သည် ပို၍မြင့်သော အနေအထားတွင်ရှိ၏။ ပုံမှန်အားဖြင့် ကမ္ဘာမြေအား မိုးကောင်းကင်၏ ဆန့်ကျင်ဘက်အဖြစ် နားလည်ထား၏။ ဤရှုထောင့်မှကြည့်လျှင်မိုးကောင်းကင်နှင့်ကမ္ဘာမြေတို့သည်ဆန့်ကျင်ဘက်များအဖြစ်သဘောထားခံရပြီး၊ကျမ်းမြတ်ကုရ်အာန်တစ်စောင်လုံး၌ ဤသဘောအတိုင်းပင် ဖော်ပြခံရပေသည်။ မြင့်စွင့်သော မိုးကောင်းကင်၏ အနေအထားကို ဖော်ပြပြီးနောက် အလွှာဟ်အရှင်မြတ်သည် ချိန်ခွင်ကို စီမံဖန်တီးပေးတော်မူကြောင်းကို ကုရ်အာန်က ဆက်လက်ဖော်ပြ၏။ သို့သော် 'ချိန်ခွင်ကို နေရာချထားခြင်း' နှင့် 'မိုးကောင်းကင်ကို မြှင့်တင်ခြင်း'တို့သည် ဘာသာပေဒစံအားဖြင့် လိုက်ဖက်သောအတွဲဖြစ်ပုံမရပေ။ တကယ်တမ်းတွင် အကြောင်းရပ်ကို စေ့ငုစွာလေ့လာဆန်းစစ်ပါက အာယတ်တော်သည် 'ကမ္ဘာမြေကို ထားရှိတော်မူခြင်း'အကြောင်းကို ဖော်ပြနေခြင်းဖြစ်၏။ အာယတ်တော်(၃)ပါး၏နောက်မှ အာယတ်တော်(၁၀)က "وَ الْاَرْضَ وَضَعَهَا لِلْاَنَامِ ထိုမှတပါး ပထဝီမြေကို ထိုအရှင်မြတ်သည်ပင် အဖန်ဆင်းခံတို့၏အကျိုးငှာ ထားရှိတော်မူခဲ့၏။"(၅၅း၁၀)ဟု မိန့်ဆိုသည်။ ဤသို့ကြောင့် ကုရ်အာန်သည် မိုးကောင်းကင်နှင့် ကမ္ဘာမြေတို့ကို ဆန့်ကျင်ဘက်များအဖြစ် ဖော်ပြ နေခြင်းဖြစ်ပြီး ယင်းတို့နှစ်ခုကြားတွင် တတိယအချက်ဖြစ်သည့် (ချိန်ခွင်ကိုထားရှိခြင်း)ကို အမြော်အမြင်ကြီးသော အကြောင်းရင်းတစ်ခုအတွက် ထည့်သွင်းခြင်းဖြစ်၏။ ထိုအကြောင်းရင်းမှာ တရားမျှတမှုကို စောင့်ထိန်းကြရန်ဖြစ်ကြောင်း နောက်မှလိုက်လာသော အာယတ်တော်များက အလေးပေးဖော်ပြလေသည်။ အာယတ်တော်များက အခွင့်အရေးများကို ချိုးဖောက်ခြင်းနှင့် မတရားမှုကျူးလွန်ခြင်းကို ခွင့်မပြုပါချေ။ အာယတ်တော်များက

'မိုးကောင်းကင်ကို မြှင့်တင်ခြင်း'နှင့် 'ကမ္ဘာမြေကို နေရာချထားခြင်း'ကို ဖော်ပြပြီးနောက် ချိန်ခွင်ကို မှန်ကန်စွာ အသုံးပြုရန် ပြဋ္ဌာန်း၏။ ဤသည်က မိုးကောင်းကင်နှင့် ကမ္ဘာမြေကို ဖန်ဆင်းခြင်း၏ အဆုံးစွန်သော ရည်ရွယ်ချက်သည် တရားမျှတခြင်း၊ ငြိမ်းချမ်းခြင်းနှင့် သဟဇာတဖြစ်ခြင်းများကို ထူထောင်ရန် ဖြစ်ပေသည်။ ကမ္ဘာမြေပေါ်တွင် တရားမျှတမှု ခိုင်မာခြင်းမရှိဘဲ ငြိမ်းချမ်းခြင်း၊ ဘေးအန္တရာယ် ကင်းရှင်းခြင်း၊ လုံခြုံစိတ်ချရခြင်းများ မရှိနိုင်ချေ။ တရားမျှတမှုမရှိလျှင် ကမ္ဘာမြေပြင်တွင် ပရမ်းပတာဖြစ်ခြင်း၊ မငြိမ်မသက်ဖြစ်ခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဂတိလိုက်စားခြင်းများက လွှမ်းမိုးလိမ့်မည်ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် သန့်ရှင်းတော်မူ၍ ကြီးကျယ်မြင့်မြတ်တော်မူကာ အသိဆုံးဖြစ်တော်မူသည်။

مِيزَان 'မိဇာန်'ဟူသော စကားလုံးကို အဓိပ္ပါယ်အမျိုးမျိုး ဖွင့်ကြသည်။ ယခုအာယတ်တော်၌ 'တရားမျှတမှု' ဟူ၍ မူဂျာဟစ်၊ ကတာဒဟ်၊ စွဒ္ဒီ စသည့်ပညာရှင်များက အဓိပ္ပါယ်ဖွင့်ဆိုကြ၏။ အဘယ်ကြောင့်ဆိုသော် ဤအဓိပ္ပါယ်သည် 'မိဇာန်'(ချိန်ခွင်)၏ ရည်ရွယ်ချက်ဖြစ်သောကြောင့်ဖြစ်၏။ အခြားပညာရှင်များကမူ လူများ သို့မဟုတ် ဝတ္ထုပစ္စည်းများ၏ အလေးချိန်ကို ချိန်တွယ်သော ကိရိယာတစ်ခုအဖြစ် ယူကြ၏။ ချိန်ခွင်သည် ဘားတန်း၏ တစ်ဘက်တစ်ချက်စီ၌ ချိန်ခွက်တစ်ခုစီ ချိတ်ဆွဲထားသော သမားရိုးကျ ကိရိယာတစ်ခု ဖြစ်နိုင်သကဲ့သို့ ခေတ်မီချိန်တွယ်၊ တိုင်းတာသော ကိရိယာတစ်ခုလည်း ဖြစ်နိုင်သည်။ မည်သို့ပင်ရှိစေ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်၏ အဆုံးစွန်သဘောတရားမှာ ရသင့်ရထိုက်သော အခွင့်အရေးကို ရရှိစေရန်နှင့် တရားမျှတမှုကို ထူထောင်ရန် ဖြစ်လေသည်။

"أَلَّا تَطْغَوْا فِي الْمِيزَانِ အသင်တို့သည် ချိန်တွယ်ရာ၌ မတရားမပြုကြရန်။"(၅၅း၈)။ ပြီးခဲ့သော အာယတ်တော်က ချိန်ခွင်ကို ဖန်ဆင်းခြင်းအကြောင်းပြီးခဲ့ပြီး ဤအာယတ်တော်က ချိန်ခွင်ကို ဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြ၏။ تَطْغَوْا 'တတွ်ဂဲါင်'ဟူသော စကားလုံးသည် طُغْيَان 'တွတ်ဂ်ယာန်'မှ ဆင်းသက်ပြီး၊ 'တရားမျှတမှုမရှိခြင်း'အတွက်သုံး၏။ ထို့ကြောင့် အာယတ်တော်(၇)နှင့်(၈)တို့ကို ပေါင်းစပ်ခြင်းဖြင့် 'မိဇာန်'သို့မဟုတ် ချိန်ခွင်ကို ဖန်ဆင်းခြင်းအားဖြင့် သင်တို့အား မမျှမတမပြုလုပ်ကြစေရန်နှင့် တရားမျှတမှုကို ဖော်ဆောင်ကြစေရန် ဖြစ်လေသည်။

"وَأَقِيمُوا الْوَزْنَ بِالْقِسْطِ ထို့ပြင် အသင်တို့သည် ချိန်တွယ်မှုကို တရားမျှတစွာ စောင့်ထိန်းကြရန် လည်းကောင်း၊ ချိန်တွယ်ရာ၌ ယုတ်လျော့စေခြင်း မရှိစေကြရန် လည်းကောင်း၊"(၅၅း၉)။ قِسْط 'ကစ်တွ်'ဟူသော စကားလုံးသည် တိုက်ရိုက်အားဖြင့် 'တရားမျှတခြင်း'ဟု အဓိပ္ပါယ်ရ၏။ အာယတ်တော်မှာ ရှင်းပါသည်။ ချိန်တွယ်မှုကို တရားမျှတစွာ စောင့်ထိန်းကြရန် ဖြစ်လေသည်။

"وَلَا تُخْسِرُوا الْمِيزَانَ .... ချိန်တွယ်ရာ၌ ယုတ်လျော့စေခြင်း မရှိကြစေရန် လည်းကောင်း၊"(၅၅း၉)။ خُسْر 'ခုရ်ရ်'ဟူသော စကားလုံးက 'စေးနဲသည် သို့မဟုတ် ယုတ်လျော့စေသည်'ဟု ဆိုလိုသည်။ အာယတ်တော်(၉)၏ အဖွင့်ပိုင်းသည် ပြဋ္ဌာန်းချက်၏ အပေါင်းလက္ခဏာကိုဆောင်ပြီး၊ နိဂုံးပိုင်းက လျော့၍တိုင်းတာ၊ ချိန်တွယ်ပေးခြင်း တရားမဝင်ဟုရာမိဖြစ်သည်ဟု မိန့်ဆိုခြင်းဖြင့် အနုတ်လက္ခဏာကို ဆောင်လေသည်။ အပေါင်းနှင့်အနုတ် အပိုင်းနှစ်ပိုင်းကို ပေါင်းစပ်ခြင်းဖြင့် အာယတ်တော်တစ်ပါးလုံးသည် 'အလေး၊ တင်း၊ တောင်း မစဉ်းလဲဘဲ တရားမျှတမှုနှင့် ညီမျှမှုကို ဖော်ဆောင်ကြလော့'ဟု ဆိုလိုခြင်းဖြစ်၏။

"وَالْأَرْضَ وَضَعَهَا لِلْأَنَامِ ထိုမှတပါး ပထဝီမြေကို ထိုအရှင်မြတ်သည်ပင် အဖန်ဆင်းခံတို့၏အကျိုးငှာ ထားရှိတော်မူခဲ့၏။"(၅၅း၁၀)။ أَنَام 'အနာမ်'ဟူသော စကားလုံးကို ပထမအကွာရာ အလစ်ပေါ် ဇဇရ်ဟူသော ဖသဟ် တင်ထား၍ سَحَاب က ကမ္ဘာမြေ မျက်နှာပြင်ပေါ်ရှိ သတ္တဝါအားလုံးကို ရည်ညွှန်း၏။ ဗိုင်ဒါဝီက ဤစကားလုံးကို

'ဝိညာဉ်ရှိသော အရာမှန်သမျှ'ဟု ဘာသာပြန်၏။ အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံများထဲတွင် လူသားနှင့် ဂျင်န်များသည်သာ ရှရီအဟ်၏ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသောကြောင့် အာယတ်တော်မှ 'အနာမ်'သည် ဤမျိုးစိတ်နှစ်ခုကို ရည်ညွှန်း ကြောင်းထင်ရှား၏။ ထို့ပြင် စူရဟ်တစ်ပုဒ်လုံးတွင် ၎င်းတို့အား ဦးတည်၍ ဒုတိယပုဂ္ဂိုလ်နာမ်စားဖြင့် မိန့်တော်မူသည်။ ဥပမာ، فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ "သို့ပါလျက် (အို-ဂျင်နှင့် လူသတ္တဝါအပေါင်းတို့)အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ငြင်းပယ်ကြကုန်အံ့နည်း။"(၅၅း၁၃)။ စူရဟ်ရဟ်မာန် တစ်ပုဒ်လုံးတွင် နှစ်မျိုး၊ နှစ်ယောက်နှင့်ဆိုင်သော ဒုတိယပုဂ္ဂိုလ်နာမ်စားများနှင့် ကြိယာများသည် ဂျင်နှင့် လူသားတို့အား ရည်ညွှန်းမိန့်ကြားခြင်း ဖြစ်လေသည်။

فِيهَا فَاكِهَةٌ "ယင်းပထဝီမြေ၌ သစ်သီးဝလံများသည် လည်းကောင်း၊"(၅၅း၁၁)။ فَاكِهَةٌ 'ဖါကိဟဟ်'ဟူသော စကားလုံးသည် ပုံမှန်အားဖြင့် အစာစားပြီးနောက် အချိုပွဲအတွက် စားသုံးသော အသီးအနှံများကို ရည်ညွှန်းသည်။

"وَالنَّخْلُ ذَاتُ الْأَكْمَامِ .... အစွပ်များဖြင့်ဝုံ - ညှာတံများဖြင့် အုပ်လျက်ရှိသော စွန်ပလွံပင်များသည် လည်းကောင်း၊"(၅၅း၁၁)။ اكْمَام 'အပ်က်မာမ်'ဟူသော စကားလုံးသည် كم 'ကင်မ်'၏အများကိန်းဖြစ်ပြီး စွန်ပလွံနှင့် အခြားသစ်သီးဝလံများ ဖြစ်တည်စတွင် ဖုံးအုပ်ကာကွယ်ပေးသော အစွပ်၊ အကာကို ရည်ညွှန်း၏။

"وَالْحَبُّ ذُو الْعَصْفِ .... ဖွဲနုပါသော ကောက်ပဲသီးနှံများသည် လည်းကောင်း ...."(၅၅း၁၂)။ حَبّ 'ဟဗ်'သည် ကောက်ပဲသီးနှံကို ဆိုလိုသည်။ ဥပမာ- ဂျုံ၊ ကုလားပဲ၊ စပါး၊ ပဲရိုင်းတစ်မျိုး၊ ပဲနီကလေး စသည်တို့ဖြစ်ကြသည်။ 'အဆွဲဖ်'သည် အလ္လာဟ်အရှင်မြတ်၏ ပြောင်မြောက်သော ပညာဉာဏ်တော်ဖြင့် ဖန်ဆင်းထားတော်မူသော စပါး၊ ဂျုံစေ့တို့အပေါ်မှ ဖုံးအုပ်လျက် ရှိသည့် ဖွဲကြမ်းကဲ့သို့အရာဖြစ်၏။ လူသားတို့ တစ်နေ့လျှင် အကြိမ်များစွာ စားကြသည့် ကောက်ပဲသီးနှံတစ်မျိုးစီဖြင့် ပြုလုပ်သော အစားအစာအား မြေဆီလွှာနှင့် ရေတို့မှ မယုံနိုင်စရာ နည်းလမ်းများဖြင့် ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်သည် အစေ့အဆံတိုင်းအား ရင့်မှည့်လာသည့်တိုင် အပြင်မှအခွံဖြင့် ပိုးမွှားများ၏ရန်မှ ကာကွယ်ပေးစေတော်မူခြင်းဖြင့် စားသုံးရန်အသင့် ဖြစ်စေတော်မူသည်။ ဤနည်းအားဖြင့် ယခုအာယတ်တော်က လူသား၏ရုပ်ခန္ဓာ ဖွံ့ဖြိုးမှု အတွက် အဓိက လွန်စွာလိုအပ်သော သဘာဝပစ္စည်းများ အားလုံးကို အကျဉ်းချုပ်၍ ဖော်ပြလေသည်။ 'အဆွဲဖ်'(ဖွဲကြမ်း)ကို ဖော်ပြခြင်းက ထိုအရာသည် သင်တို့၏ တိရစ္ဆာန်များအတွက် အစာဖြစ်ကြောင်းကို သတိပေးရန်ဖြစ်၏။ ဤသည်မှာ အလ္လာဟ်အရှင်မြတ်၏ အခြားသော ကျေးဇူးတော်တစ်ပါးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လူသည် အာဟာရပြည့်ဝရန်အတွက် တိရိစ္ဆာန်၏နို့ကို လိုအပ်သည်သာမက လူများအား တစ်နေရာမှ အခြားတစ်နေရာသို့ ပို့ဆောင်ရာတွင် လည်းကောင်း၊ ဝန်၊ ကုန်ပစ္စည်းနှင့် အထုပ်အပိုးများကို သယ်ဆောင်ရာတွင် လည်းကောင်း တိရစ္ဆာန်များကို အသုံးပြု ကြသောကြောင့် ဖြစ်လေသည်။

"وَالرَّيْحَانُ .... မွှေးကြိုင်လျက်ရှိသောပန်းများ ....."(၅၅း၁၂)။ الرَّيْحَان 'ရိုင်ဟာန်'၏ လူသိများသော အဓိပ္ပါယ်မှာ ရေမွှေး သို့မဟုတ် မွှေးကြိုင်သောအပင် သို့မဟုတ် သင်းပျံ့သောရနံ့ရှိသည့် အပင်ဖြစ်၏။ အိဗ်နဇိုက်ဒ်က ထိုစကားလုံးအား ယခုအာယတ်တော်တွင် ဤအတိုင်း အဓိပ္ပါယ်ဖွင့်၏။ အလ္လာဟ်အရှင်မြတ်သည် အမျိုးမျိုးသော မွှေးရနံ့များနှင့် သင်းပျံ့သောပန်းမာလာများကို အပင်ကြီး၊ အပင်ငယ်များတွင် ဖြစ်ပေါ်စေတော်မူသည်။ 'ရိုင်ဟာန်'ကို တစ်ခါတစ်ရံ အသက်မွေးဝမ်းကျောင်းနှင့် အစာအာဟာရ အဓိပ္ပါယ်ဖြင့်လည်းသုံး၏။ အာရဗီ၌ خَرَجْتُ أَطْلُبُ رَيْحَانَ اللهِ (ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသော အစာအာဟာရကို ရှာဖွေရန် ထွက်လာခဲ့သည်။)ဟု ဆိုကြ၏။ သာဝကကြီး အိဗ်နအဗ္ဗာစ်ﷺလည်း ထိုသဘောမျိုး အဓိပ္ပါယ်ဖွင့်ဆို၏။

လူသားနှင့်ဂျင်နီတို့အား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များက ဝိုင်းရံလျက်ရှိကြ၏။

فَبِاَیِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ "သို့ပါလျက် (အို-ဂျင်နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြ ကုန်အံ့နည်း။" (၅၅:၁၃)။ اٰلَآء 'အာလာအ်' သည် အများကိန်းဖြစ်ပြီး 'အကျိုးကျေးဇူးများ၊ ကျေးဇူးပြုခြင်း၊ ကျက်သရေမင်္ဂလာ၊ အခွင့်အရေးပေးခြင်း၊ ကောင်းချီးပေးခြင်း သို့မဟုတ် ကျေးဇူးတော်'ဟု အဓိပ္ပါယ်ရ၏။ အာယတ်တော်(၃၃)နှင့် စူရဟ် အရ်ရဟ်မာန်၏ အခြားအာယတ်တော် များတွင် ဂျင်နှင့် လူသားမျိုးစိတ်နှစ်ခု၊ အထူးသဖြင့် ဂျင်နီများအား တိုက်ရိုက် မိန့်ကြားတော်မူသည်။

လူသားနှင့်ဂျင်နီများအား ဖန်ဆင်းခြင်း

خَلَقَ الْاِنْسَانَ مِنْ صَلْصَالٍ كَالْفَخَّارِ "ထိုအရှင်မြတ်သည်ပင် 'မနုဿ'လူသားအား မြေအိုး၊ အိုးခြမ်းကွဲပမာ အသံမြည်သော ရွှံ့ခြောက်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။"(၅၅:၁၄)။ 'အင်စာန်'(လူသား)ဟူသော စကားလုံးသည် ဤနေရာတွင် အာဒမ်ﷺကို ရည်ညွှန်း ခြင်းဖြစ်ကြောင်းကို အများသဘောတူကြ၏။ 'ဆွလ်ဆွာလ်'(ရွှံ့စေး)သည် ခြောက်သွားသောအခါ လေးလံလာသည့် စိုစွတ်သောမြေဆီကို ရည်ညွှန်း၏။ 'ဖတ်ခ်ခါရ်'သည် မီးဖုတ်ခံရသော စိုစွတ်နေသည့် မြေဆီကို ရည်ညွှန်း၏။

وَ خَلَقَ الْجَآنَّ مِنْ مَّارِجٍ مِّنْ نَّارٍ "ထိုမှတပါး ထိုအရှင်မြတ်သည်ပင် ဂျင်နီသတ္တဝါတို့ကို ဂျင်နီသတ္တဝါတို့၏ ဖခင် 'အစ်ဗ်လီစ်'ကို မီးခဲမီးခိုးမရှိ သောမီးတောက်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။"(၅၅:၁၅)။ جَانّ 'ဂျာန်'သည် ဂျင်နီဟုခေါ်သော သတ္တဝါအတန်းအစားကို လည်းကောင်း مَارِج 'မာရစ်ဂျ်'သည် မီးခိုးမထွက်သော မီးတောက်ကို လည်းကောင်း ရည်ညွှန်း၏။ လူသားအား ဖန်ဆင်းရာတွင် အဓိကဖြည့်ပစ္စည်းမှာ အသံမြည်သော ရွှံ့ခြောက်ဖြစ်သကဲ့သို့ ဂျင်နီကိုဖန်ဆင်းရာတွင် အဓိကဖြည့်ပစ္စည်းသည် မီးခိုးမထွက်သောမီးတောက် ဖြစ်လေသည်။

အလ္လာဟ်အရှင်မြတ်သည် နေထွက်ရာအရပ်နှစ်ခုနှင့် နေဝင်ရာအရပ်နှစ်ခု၏ အရှင်သခင် ဖြစ်တော်မူသည်။

رَبُّ الْمَشْرِقَيْنِ وَ رَبُّ الْمَغْرِبَيْنِ "(ထိုအရှင်မြတ်သည်ပင်) နေထွက်ရာအရပ် နှစ်ခုလုံးကို ဖန်ဆင်းတော်မူသောအရှင်၊ နေဝင်ရာအရပ် နှစ်ခုလုံးကို ဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူ၏။"(၅၅:၁၇)။ ဆောင်းဥတုနှင့် နွေဥတုများတွင် နေသည် အရှေ့ဘက် မတူသောနေရာများမှ ထွက်ပေါ်သည်။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့တွင် အရှေ့အရပ်နှစ်ခု (မရှိရိုက်ိုင်)ရှိပေသည်။ အလားတူစွာ ဆောင်းဥတုနှင့် နွေဥတုများတွင် နေသည် အနောက်ဘက် မတူသောနေရာများတွင် ဝင်သောကြောင့် ကျွန်ုပ်တို့တွင် အနောက်အရပ်နှစ်ခု (မဂ်ရိဗ်ိုင်)ရှိလေသည်။

အလ္လာဟ်အရှင်မြတ်သည် မတူကွဲပြားသော ရေအမျိုးအစားများကို ဖန်ဆင်းတော်မူခဲ့သည်။

مَرَجَ الْبَحْرَيْنِ يَلْتَقِيٰنِ "ထိုအရှင်မြတ်သည်ပင်လျှင် သမုဒ္ဒရာပင်လယ်နှစ်ခုကို လွှတ်တော်မူခဲ့ရာ၊ ထို သမုဒ္ဒရာပင်လယ်နှစ်ခုမှာ ဆုံဆည်းဆက်စပ်လျက်ရှိကြ၏။ (တစ်နည်း) ထိုအရှင်မြတ်သည်ပင် ဆက်စပ်စီးဆင်းလျက်ရှိသော သမုဒ္ဒရာနှစ်ခုကို လွှတ်တော်မူခဲ့၏။"(၅၅:၁၉)။ အဘိဓာန်အရ တိုက်ရိုက်အားဖြင့် ကြိယာ 'မရဂ်'သည် 'လွှတ်ပေးသည်'ဟု အဓိပ္ပါယ်ရ၏။ 'ဗဟ်ရိုင်' (ပင်လယ်သမုဒ္ဒရာနှစ်ခု သို့မဟုတ် ရေအမျိုးအစားနှစ်ခု)ဟူသော စကားလုံးသည်

ရေချိုနှင့်ရေငန်ကို ရည်ညွှန်းခြင်းဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် ရေနှစ်မျိုးနှစ်စားကို ဖန်ဆင်းတော်မူသည်။ အချို့နေရာများတွင် ပင်လယ်သမုဒ္ဒရာ နှစ်ခု ဆုံဆည်းကြသည့် သာဓကများကို ကမ္ဘာအရပ်ရပ်တွင် တွေ့နိုင်ပေသည်။ သို့ရာတွင် ရေချိုနှင့်ရေငန်တို့ ဆုံတွေ့ကြရာတွင် ယင်းရေနှစ်မျိုး၏ကြားခံ ထင်ရှားသော အတားအဆီးတစ်ခု ရှိလေသည်။ အချို့အခြေအနေများတွင် ရေနှစ်မျိုးသည် (တစ်ခုက အခြားတစ်ခုထက်) ပို၍သာလွန်သော သို့မဟုတ် နိမ့်ပါးသော အနေအထားဖြင့် အထင်အရှား မြင်ရ၏။ အကယ်၍ ရေငန်ကရေချိုကို လွှမ်းမိုးပါက ရေချို၏ဂုဏ်သတ္တိများမှာ ပျက်ပြယ်သွားလိမ့်မည် မဟုတ်သကဲ့သို့ အကယ်၍ ရေချိုကလွှမ်းမိုးပါကလည်း ရေငန်၏ဂုဏ်သတ္တိများကို မည်သို့မျှ ထိခိုက်စေလိမ့်မည် မဟုတ်ပေ။ ဤသို့ကြောင့် ကုရ်အာန်က مَرَجَ الْبَحْرَيْنِ يَلْتَقِيٰنِ، بَيْنَهُمَا بَرْزَخٌ لَّا يَبْغِيٰنِ "ယင်းပင်လယ်နှစ်ခု၏ အကြားခံ အဆီးအတားတစ်ခု ရှိနေပေရာ၊ ၎င်းတို့နှစ်ခုလုံး ပိုင်နက်ကျူးလွန်နိုင်ကြသည် မရှိပေ။" (၅၅း၂၀)ဟူ၍ မိန့်ဆိုခြင်း ဖြစ်လေသည်။

يَخْرُجُ مِنْهُمَا اللُّؤْلُؤُ وَ الْمَرْجَانُ "ယင်းပင်လယ်နှစ်ခုမှ ပုလဲရတနာများသည် လည်းကောင်း၊ သန္ဓာပင်လယ်ထွက် ကျောက်နီများသည် လည်းကောင်း ထွက်ကြပေသည်။"(၅၅း၂၂)။ لُؤْلُؤ 'လုအ်လုအ်'၏ အဓိပ္ပါယ်မှာ ပုလဲဖြစ်ကြောင်း သိကြပြီးဖြစ်၏။ مَرْجَان 'မရ်ဂျာန်'မှာလည်း အဖိုးတန်ရတနာ သို့မဟုတ် ကျောက်မျက်များထဲမှ တစ်ခုဖြစ်ပြီး သစ်ပင်ကဲ့သို့ အခက်အလက်များရှိသော သန္ဓာကောင်မှ ဖြစ်ပေါ်သည့် မာကျောသော ပစ္စည်းတစ်ခု ဖြစ်လေသည်။ ဤအဖိုးတန်ရတနာ သို့မဟုတ် ကျောက်မျက်များသည် ရေများတွင် ထွက်ရှိကြသည်။ ပုလဲနှင့် သန္ဓာများကို ရေငန်များတွင် ရှာဖွေရယူကြပြီး ရေချိုတွင် မဟုတ်ကြောင်း ယေဘုယျအားဖြင့် နားလည်သော်လည်း အာယတ်တော်က ယင်းတို့အား ရေချိုနှင့်ရေငန် နှစ်မျိုးစလုံးတွင် ရှာဖွေရယူကြောင်း မိန့်ဆိုသည်။ အာယတ်တော်နှင့် ယေဘုယျနားလည်မှုတို့အား ညှိနှိုင်း၍ရနိုင်သည်။ ပုလဲနှင့်သန္ဓာတို့သည် ရှာဖွေရန် သို့မဟုတ် ကျောက်မျက်နှင့် ရတနာများကို ထုတ်ယူရန် မလွယ်ကူသောရေချိုတွင် ဖြစ်ပေါ်သည်။ ရေချိုများသည် ရေငန်များထဲသို့ စီးဆင်းသွားရာတွင် ထိုဝတ္ထုပစ္စည်းကို သယ်ဆောင်သွားပြီး၊ ရေငန်တွင် ပို့ချခဲ့ခြင်းဖြင့် ပုလဲနှင့်သန္ဓာတို့ကို ရေငန်မှထုတ်ယူကြသည်။ ထို့ကြောင့် ပုလဲနှင့်သန္ဓာတို့၏ ဇစ်မြစ်မှာ ရေငန်ဖြစ်သည်ဟု ဆိုကြခြင်း ဖြစ်လေသည်။

وَ لَهُ الْجَوَارِ الْمُنْشَئٰتُ فِي الْبَحْرِ كَالْأَعْلَامِ "သမုဒ္ဒရာပင်လယ်၌ တောင်များပမာ (မားမားမတ်မတ်) ရပ်တည်နေကြသော၊ အထင်အရှား ရှိနေကြသော သင်္ဘောများမှာလည်း ထိုအရှင်မြတ်၏ အာဏာစက်အတွင်း၌ ရှိကုန်၏။"(၅၅း၂၄)။ جَوَارِي 'ဂျဝါရီ'သည် جَارِيَة 'ဂျာရိယဟ်'၏ အများကိန်းဖြစ်၏။ ယင်းစကားလုံး၏ အဓိပ္ပါယ်များထဲမှ တစ်ခုသည် သင်္ဘောဖြစ်ပြီး ယခုအာယတ်တော်၌ ထိုအဓိပ္ပါယ်အတိုင်း သုံးထား၏။ مُنْشَآت 'မုန်ရှအာတ်'သည် نَشَا 'နရှာ'မှဆင်းသက်ပြီး 'အထက်သို့ မြင့်တက်သည်' သို့မဟုတ် 'အလွန်မြင့်သည်'ဟု အဓိပ္ပါယ်ရ၏။ ဤသို့ဖြင့် 'အလ်မွန်ရှအာတ်'သည် 'ပင်လယ်ပြင်ထက်၌ ငွေါငွေါစွင့်စွင့် ရွက်လွှင့်သွားလာနေသော သင်္ဘောများ'ကို ရည်ညွှန်းလေသည်။ အာယတ်တော်က သင်္ဘောများပြုလုပ်ခြင်းနှင့် ယင်းတို့၏ ရေမျက်နှာပြင်ထက်၌ သွားလာခြင်း ဉာဏ်ပညာအကြောင်းကို ဖော်ပြခြင်းဖြစ်၏။

အာယတ်တော် (၂၆-၄၅)

كُلُّ مَنْ عَلَيْهَا فَانٍ ﴿٢٦﴾ وَّيَبْقٰى وَجْهُ رَبِّكَ ذُو الْجَلٰلِ وَالْاِكْرَامِ ﴿٢٧﴾
فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٢٨﴾ يَسْـَٔلُهٗ مَنْ فِي السَّمٰوٰتِ وَالْاَرْضِ ؕ كُلَّ
يَوْمٍ هُوَ فِيْ شَاْنٍ ﴿٢٩﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٣٠﴾ سَنَفْرُغُ لَكُمْ اَيُّهَ
الثَّقَلٰنِ ﴿٣١﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٣٢﴾ يٰمَعْشَرَ الْجِنِّ وَالْاِنْسِ اِنِ
اسْتَطَعْتُمْ اَنْ تَنْفُذُوْا مِنْ اَقْطَارِ السَّمٰوٰتِ وَالْاَرْضِ فَانْفُذُوْا ؕ لَا
تَنْفُذُوْنَ اِلَّا بِسُلْطٰنٍ ﴿٣٣﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٣٤﴾ يُرْسَلُ عَلَيْكُمَا
شُوَاظٌ مِّنْ نَّارٍ ۙ وَّنُحَاسٌ فَلَا تَنْتَصِرٰنِ ﴿٣٥﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ
﴿٣٦﴾ فَاِذَا انْشَقَّتِ السَّمَآءُ فَكَانَتْ وَرْدَةً كَالدِّهَانِ ﴿٣٧﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا
تُكَذِّبٰنِ ﴿٣٨﴾ فَيَوْمَئِذٍ لَّا يُسْـَٔلُ عَنْ ذَنْۢبِهٖٓ اِنْسٌ وَّلَا جَآنٌّ ﴿٣٩﴾ فَبِاَيِّ اٰلَآءِ
رَبِّكُمَا تُكَذِّبٰنِ ﴿٤٠﴾ يُعْرَفُ الْمُجْرِمُوْنَ بِسِيْمٰهُمْ فَيُؤْخَذُ بِالنَّوَاصِيْ وَ
الْاَقْدَامِ ﴿٤١﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٤٢﴾ هٰذِهٖ جَهَنَّمُ الَّتِيْ يُكَذِّبُ بِهَا
الْمُجْرِمُوْنَ ﴿٤٣﴾ يَطُوْفُوْنَ بَيْنَهَا وَبَيْنَ حَمِيْمٍ اٰنٍ ﴿٤٤﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا
تُكَذِّبٰنِ ﴿٤٥﴾

ယင်းပထဝီမြေပေါ်၌ရှိသမျှတို့သည် (မမြဲ)ပျက်စီးဆိတ်သုဉ်းအံ့သောအရာများပင် ဖြစ်ကုန်၏။[၂၆] စင်စစ်သော်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော၊ တန်ခိုးတော်နှင့် ပြည့်စုံတော် မူသော၊ ကျေးဇူးတော်ရှင်ဖြစ်တော်မူသော၊ အရှင်မြတ်(တစ်ပါးတည်း)သာလျှင် (ထာဝရ)ကျန်ရှိ တော်မူပေ မည်။[၂၇] သို့ပါလျက် [အို-ဂျင်(နှ)နှင့်လူသတ္တဝါတို့] အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်၏မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့ နည်း။ [၂၈]မိုးကောင်းကင်များ၌ရှိသမျှတို့သည်လည်းကောင်း၊ပထဝီမြေ၌ရှိသမျှတို့သည်လည်းကောင်း၊ ထိုအရှင်မြတ်ထံတော်၌သာလျှင် (မိမိတို့၏အလိုဆန္ဒများကို) တောင်းခံကြကုန်၏။ ထိုအရှင်မြတ် သည်နေ့စဉ် အရေးကိစ္စတစ်ခုခုကို ဆောင်ရွက်လျက် ရှိနေတော်မူ၏။[၂၉] သို့ပါလျက် [အို-ဂျင်(နှ်)နှင့်လူသတ္တဝါတို့] အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူ သော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၃၀] အို-ဂျင်နှင့် လူ

သတ္တဝါအပေါင်းတို့၊ မကြာမြင့်မီပင် ငါအရှင်မြတ်သည် အသင်တို့ဘက်သို့ လှည့်တော်မူမည်။[၃၁] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၃၂] အို-ဂျင်(နှ်)နှင့်လူပရိသတ် အပေါင်းတို့၊ အကယ်၍အသင်တို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ နယ်နိမိတ်များအတွင်းမှ ထွက်သွားနိုင်ကြလျှင် ထွက်သွားကြကုန်လော့။ (စင်စစ် သော်ကား) စွမ်းအားမရှိဘဲလျက် အသင်တို့သည် ထွက်သွားနိုင်ကြမည်မဟုတ်ပေ။[၃၃] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၃၄] အသင်တို့နှစ်ဦး၏အပေါ်ဝယ် မီးခိုးမပါသော မီးတောက်မီးလျှံသည် လည်းကောင်း၊ (မီးမပါ သော)အခိုးများသည် လည်းကောင်း၊ စေလွှတ်ခြင်းခံရလတ္တံ့။ ထိုအခါ အသင်တို့သည် ဖယ်ရှားနိုင်ကြမည်မဟုတ်။[၃၅] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။ [၃၆] စင်စစ်သော်ကား အကြင်အခါဝယ် မိုးကောင်းကင်သည် အက်ကွဲ၍ အသားနီကဲ့သို့ နီရဲလာပေမည်။[၃၇] သို့ဖြစ်ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၃၈] စင်စစ် ထိုနေ့တွင် မည်သည့်လူတစ်ဦးတစ်ယောက်မျှ လည်းကောင်း၊ မည်သည့်ဂျင်နီတစ်ဦး တစ်ယောက်မျှ လည်းကောင်း၊ မိမိအပြစ်နှင့်စပ်လျဉ်း၍ မေးမြန်းခြင်းခံရမည် မဟုတ်ပေ။[၃၉] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၄၀] အပြစ်ရှိသူများမှာ မိမိတို့၏ရုပ်ရည်လက္ခဏာဖြင့် သိရှိခြင်းခံကြရပေမည်။ ထိုအခါ ၎င်းတို့သည် (နဖူးများ) ဦးထိပ်များနှင့် ခြေများကို ဆွဲကိုင်ဖမ်းဆီးခြင်းကို ခံကြရပေမည်။[၄၁] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၄၂] (ထိုမှတပါး ၎င်းတို့သည် မိန်းကြောတော်မူခြင်းကိုခံကြရပေမည်)။ ဤသည်ပင်လျှင် အပြစ်ရှိသူများ၊ မဟုတ်မမှန်ဟူ၍ ငြင်းပယ်လျက် ရှိခဲ့ကြသော 'ဂျဟန္နမ်' ငရဲဖြစ်သည်။[၄၃]ထို အပြစ်ရှိသူတို့ကား ယင်း'ဂျဟန္နမ်'ငရဲနှင့် ပွက်ပွက်ဆူလျက်ရှိသော ဓရေနွေးပူ၏အကြား၌ လှည့်ပတ်လျက် နေကြရပေမည်။[၄၄] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၄၅]

အလ္လာဟ်အရှင်မြတ်သည် ထာဝရရှင်သန်နေတော်မူပြီး၊ လိုအပ်ချက်အပေါင်းမှ ကင်းစင်တော်မူပေသည်။

كُلُّ مَنْ عَلَيْهَا فَانٍ، وَّيَبْقٰى وَجْهُ رَبِّكَ ذُو الْجَلٰلِ وَالْاِكْرَامِ

"ယင်းပထဝီမြေပေါ်၌ ရှိသမျှတို့သည် (မမြဲ)ပျက်စီးဆိတ်သုဉ်းအံ့သော အရာများပင် ဖြစ်ကုန်၏။ "စင်စစ် သော်ကား အသင့်အား မွေးမြူတော်မူသော၊ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော၊ ကျေးဇူးရှင်ဖြစ်တော် မူသော အရှင်မြတ်(တစ်ပါးတည်း)သာလျှင် (ထာဝရ)ကျန်ရှိတော်မူပေမည်။"(၅၅း၂၇)။ နာမ်စား (၎င်း/ထို/ယင်း)သည် အာယတ်

တော်၏ وَ الْاَرْضَ وَضَعَهَا لِلْاَنَامِ "ထိုမှတပါး ပထဝီမြေကို ထိုအရှင်မြတ်သည်ပင် အဖန်ဆင်းခံတို့၏အကျိုးငှာ ထားရှိတော်မူခဲ့၏။"(၅၅း၁၀)၌ အသေးစိတ်ဖော်ပြခဲ့ပြီးဖြစ်သော الْاَرْض ၊ 'အလ်အရ်သ်'(ကမ္ဘာမြေ)ကို ရည်ညွှန်း၏။ ထို့ပြင် ကမ္ဘာမြေသည် အကယ်၍ ယင်းတို့အား ရှေ့ပြေးပုဒ်တစ်ခုအဖြစ် တိကျပြတ်သားစွာ မဖော်ပြသည့်တိုင် နာမ်စား တစ်ခုဖြင့် ရည်ညွှန်းနိုင်သော အထွေထွေအရာဝတ္ထုများထဲမှ တစ်ခုဖြစ်လေသည်။ အာယတ်တော် (၅၅း၂၆)က ကမ္ဘာ မြေပေါ်၌ နေထိုင်ကြသော လူသားနှင့် ဂျင်နီများသည် ယိုယွင်းပျက်စီး၍ သေကြေကြရမည်ဖြစ်သည်ဟု ဆိုလိုသည်။ အာယတ်တော်တွင် ဂျင်နီနှင့် လူသားတို့အား အထူးသဖြင့် ရွေးချယ်ဖော်ပြရခြင်းမှာ ဤစူရဟ်၌ အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံများမှ ဤမျိုးစိတ်နှစ်ခုအား အဓိကထား၍ မိန့်တော်မူသောကြောင့်ဖြစ်၏။ သို့ရာတွင် ဤသို့ဆိုခြင်းဖြင့် မိုးကောင်းကင်နှင့် အာကာသရှိ သတ္တဝါများသည် မပျက်သုဉ်းနိုင်ဟု ဆိုလိုခြင်းမဟုတ်ပေ။ အမှန်စင်စစ် ကုရ်အာန်၏ အခြားဖြစ်ရပ်တစ်ခု၌ အလ္လာဟ်အရှင်မြတ်က- كُلُّ شَيْءٍ هَالِكٌ اِلَّا وَجْهَهٗ "…. ထိုအရှင်မြတ်မှတပါး အခြားအရာ ခပ်သိမ်းကုန်တို့သည် ပျက်စီးဆုံးပါးမည့် အရာချည်းသာ ဖြစ်ကုန်၏။ ….”(၂၈း၈၈)ဟူ၍ မိန့်တော်ထားလေသည်။

وَجْهُ رَبِّكَ "…. အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် မျက်နှာတော်သာလျှင် ….”(၅၅း၂၇)။ وَجْهُ 'ဝဂျ်ဟ်' (မျက်နှာတော်)ဟူသော စကားလုံးသည် အကျယ်ဖွင့်ဆိုသူအများစု အဆိုအရ 'အလ္လာဟ်အရှင်မြတ်၏ တည်ရှိမှု'ကို ကိုယ်စားပြု၏။ 'ရဗ္ဗိကာ' (သင်၏အရှင်သခင်)မှ ပူးတွဲပါ ဒုတိယပုဂ္ဂိုလ်နာမ်စားသည် အလ္လာဟ့်ရစူလ်ကို ရည်ညွှန်း၏။ ၎င်းအဖို့ ကြီးကျယ်သော ဂုဏ်ပြုမှုတစ်ခု ဖြစ်သည်မှာ ၎င်းအားချီးကျူးသောအခါ၊ ၎င်းသည် အလ္လာဟ် အရှင်မြတ်၏ အသိအမှတ်ပြုခြင်းကို အထူးနည်းလမ်းများဖြင့် ခံယူရသောကြောင့်ဖြစ်၏။ ဥပမာ- 'အဗ်ဒုဟူ' (ထိုအရှင် မြတ်၏ကျွန်)။ ဤနေရာတွင် အရှင်သခင်များ၏ အရှင်သခင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်က မိမိနှင့် တမန်တော်မြတ်ﷺတို့၏ အထူးတိုက်ရိုက်ပတ်သက်မှုကို ကြေညာတော်မူပြီး၊ 'ရဗ္ဗိကာ' (သင်၏အရှင်သခင်)ဟူ၍ ၎င်းအား မိန့်ကြားတော်မူလေသည်။

ထင်ရှားသော အကျယ်ဖွင့်ဆိုသူများ၏ အဆိုအရ ကမ္ဘာမြေပေါ်တွင် နေထိုင်ကြသော ဂျင်နီနှင့်လူသားများ အပါအဝင် အရာခပ်သိမ်းသည် လည်းကောင်း၊ မိုးကောင်းကင်ရှိ အရာများသည် လည်းကောင်း၊ စကြဝဠာတစ်ခွင်လုံးမှ အရာများသည် လည်းကောင်း ပျက်သုဉ်းပျောက်ကွယ်သွားအောင် ပြုလုပ်ခြင်းခံရလိမ့်မည် ဖြစ်သောကြောင့် (ထိုသို့ ဖြစ်အောင်ပြုလုပ်မည့်) ဘယ်သောအခါမျှ သေဆုံးမည်မဟုတ်ဘဲ ကျန်နေရစ်မည့် တည်ရှိမှုတစ်ခုဖြင့် ရှိသင့်သည်ဟူ၍ လူသား၏ ဆင်ခြင်တုံတရားက တောင်းဆိုသည်။ ထိုကဲ့သို့သော တည်ရှိမှုတစ်ခုသည် စကြဝဠာတစ်ခုလုံးကို ဖန်ဆင်း တော်မူသော၊ အရာခပ်သိမ်း၏ ဦးဆုံးနှင့်နောက်ဆုံး အကြောင်းတရား ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်ပင် ဖြစ်ပေသည်။ ထိုအရှင်မြတ်တစ်ပါးတည်းသာလျှင် တည်ရှိတော်မူမည်။ အဘယ်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည် ကိုယ်တော်တိုင်ရပ်တည်နိုင်တော်မူသော၊အရာအားလုံး၏ခိုကိုးရာဖြစ်တော်မူသောအရှင်မြတ်ဖြစ်လေသောကြောင့်ပင်။

'ဖနာအ်'ဟူသော စကားလုံး၌ အဓိပ္ပါယ်နှစ်မျိုး ရှိနိုင်သည်။ (၁) အရာခပ်သိမ်းသည် ယိုယွင်းပျက်စီးရဖွယ်၊ သေဆုံးရဖွယ်ရှိပြီး နောက်ဆုံးတွင် ပျက်သုဉ်းရလိမ့်မည်။ ထာဝရတည်မြဲနိုင်စွမ်း၊ ရှင်သန်နိုင်စွမ်းမရှိ၊ (၂) ကမ္ဘာပျက်မည့်နေ့တွင် အရာအားလုံးသည် အမှန်တကယ် ချုပ်ငြိမ်းလိမ့်မည်။

အခြားအကျယ်ဖွင့်ဆိုသူများက وَجْهُ رَبِّكَ (သင့်အရှင်သခင်၏ မျက်နှာသာပေးမှု)သည် 'သင်၏ဘက်၌ ရှိခြင်း'ကို ဆိုလိုကြောင်း အဓိပ္ပါယ်ဖွင့်ကြ၏။ ယင်းမှာ တည်ရှိနေသော သက်ရှိသက်မဲ့ အားလုံးအနက် အလ္လာဟ်အရှင်မြတ်၏ ဘက်တော်၌ရှိသော အရာများသာ တည်မြဲမှုကို ရရှိကြလိမ့်မည်ဖြစ်၏။ ထိုအထဲတွင် အလ္လာဟ်အရှင်မြတ်၏ တည်ရှိမှုနှင့် ထိုအရှင်မြတ်၏ ဂုဏ်တော်များလည်း ပါဝင်ပေသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်နှင့် ခိုင်မြဲစွာ ပူးတွဲထားပြီး

မည်သည့်အနေအထားတွင်မှ ထိုအရှင်မြတ်ထံတော်မှ ခွဲထွက်သော အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံများ၏ လုပ်ရပ်များနှင့် အခြေအနေများလည်း ပါဝင်သည်။ အချုပ်အားဖြင့် 'အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုအတွက် လူသား၊ ဂျင်နီနှင့် ကောင်းကင်တမန်များ ပြုလုပ်ကြသော အရာတိုင်းသည် ထိုအရှင်မြတ်၏ ဂရုစိုက်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းများအောက်တွင် အမြဲအစဉ် ရှိကြလိမ့်မည်ဖြစ်ကာ ပျက်သုဉ်းမည်မဟုတ်'ဟု အာယတ်တော်က ဆိုလိုခြင်းဖြစ်၏။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်အား အခြားအာယတ်တော်တစ်ပါး مَا عِنْدَكُمْ يَنْفَدُ وَمَا عِنْدَ اللَّهِ بَاقٍ "အသင်တို့ထံ၌ရှိသော အရာများသည် ကုန်ခန်းသွားမည်သာတည်း။ သို့ရာတွင် အလ္လာဟ်အရှင်မြတ် အထံ တော်၌ရှိသော အရာတို့မှာမူကား ရှိရမည့်အရာများပင် ဖြစ်ကုန်သတည်း။ ...."(၁၆း၉၆)က ထောက်ခံလေသည်။ 'အသင်တို့ထံ၌ရှိသော အရာများ'ဟူသော စကားရပ်က 'ဥစ္စာဓနနှင့် တန်ခိုးအာဏာ၊ ကိုယ်စိတ်ချမ်းသာခြင်းနှင့် ပင်ပန်း ဆင်းရဲခြင်း၊ ချစ်ခြင်းနှင့် မုန်ခြင်းများကို ရည်ညွှန်း၏။ ဤအရာများသည် ခေတ္တယာယီသာဖြစ်ပြီး၊ ပျက်သုဉ်းပျောက်ကွယ် သွားရမည်ဖြစ်၏။ 'အလ္လာဟ်အရှင်မြတ်အထံတော်၌ရှိသောအရာ'ဟူသည် အလ္လာဟ်အရှင်မြတ်နှင့်ပူးတွဲလျက်ရှိသော မည်သည့်အခြေအနေ၌မဆို အလ္လာဟ့်ထံတော်မှ ဘယ်သောအခါမျှ မကွဲမကွာသော၊ အရှည်တည်တံ့သော၊ ဘယ်သောအခါမျှ ပျက်သုဉ်းမည်မဟုတ်သော လူသား၏လုပ်ရပ်နှင့် အနေအထားများကို ရည်ညွှန်းလေသည်။ အလ္လာဟ်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူကာ ကြီးကျယ်မြင့်မြတ် အသိဆုံးဖြစ်တော်မူသည်။

ذُو الْجَلَالِ وَالْإِكْرَامِ".... တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော၊ ကျေးဇူးရှင်ဖြစ်တော်မူသော ...." (၅၅း၂၇)။ တစ်နည်းဆိုရလျှင် ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် ကြီးကျယ်ခြင်း၊ ခန့်ညားထည်ဝါခြင်း၊ ပေါကြွယ် ခြင်းများ၏ အရှင်သခင် ဖြစ်တော်မူသည်။ ဤသည် မိမိ၏ဖန်ဆင်းခံအပေါင်းကို လွှမ်းခြုံပြီး၊ ၎င်းတို့အား လေးစားခန့်ညား စေသော အလ္လာဟ်အရှင်မြတ်၏ ဘုန်းတန်ခိုးတော် ဖြစ်လေသည်။ ထိုအရှင်မြတ်သည် ဂုဏ်ကျက်သရေ၏ အရှင်သခင် လည်းဖြစ်တော်မူပေသည်။ အလ္လာဟ်အရှင်မြတ် အပ်နှင်းတော်မူသော ကျေးဇူးတော်များ၏အကျိုးကို ခံစားရပြီး၊ အမှန်တရားနှင့် တရားလမ်းမှန်ပေါ်တွင် လျှောက်လှမ်းကြသူတို့အား ဂုဏ်ကျက်သရေ၏ အရှင်သခင်သည် ကျေးဇူးတော်များကို ပို၍ပေးသနားတော်မူလိမ့်မည်ဖြစ်၏။ ကြီးကျယ်မှုနှင့် ခန့်ညားထည်ဝါမှုတို့၏ အရှင်သခင် ဖြစ်တော်မူသည့်တိုင် အလ္လာဟ်အရှင်မြတ်သည် လောကီဘုရင်များ အုပ်ချုပ်သူများကဲ့သို့ အခြားသူများ သို့မဟုတ် ဆင်းရဲနွမ်းပါးသူများကို ဂရုမစိုက်ဘဲ နေတော်မူလိမ့်မည် မဟုတ်ပေ။ ထိုအရှင်မြတ်သည် ၎င်းတို့၏ အသနားခံမှုနှင့် တောင်းဆုများကို ပေးသနားတော်မူသည်။ နောက်အာယတ်တော်က ဤအဓိပ္ပါယ်နှင့် ဖွင့်ဆိုချက်ကို သက်သေခံ၏ (ရှေ့လာမည့်စာပိုဒ်တွင် စိပ်ဖြာလေ့လာပါရန်)။ ယခုဆွေးနွေးနေသော စကားရပ်တွင် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များထဲမှ ဂုဏ်တော်တစ်ပါးပါဝင်ပြီး၊ အကယ်၍ ဆုပန်သူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ အကူအညီ၊ အကာအကွယ်၊ လှုံ့ဆော်အားပေးမှုနှင့် အခြားအရာများစွာအတွက် တောင်းခံခြင်းမပြုမီ ထိုဂုဏ်တော်ကို တိုင်တည်ပါက ဆုတောင်းပြည့်မည်ဖြစ်ကြောင်း တိရိမိဒီ၊ နစာအီနှင့် အဟ်မဒ်၏ မုစ်နဒ်ကျမ်း၌ ဖော်ပြထား၏။ အိဗ်နုအမိရ်ﷺ ဆင့်ပြန်သည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ اَنْظُرُوْا بِيَا ذَا الْجَلَالِ وَالْإِكْرَامِ (အလ္လာဟ်အရှင်မြတ်အား တိုင်တည်ရာတွင်) အို- ခန့်ညားထည်ဝါမှုနှင့် ဂုဏ်သိက္ခာများ၏ အရှင်သခင်ဟူ၍ စွဲမြဲစွာဟစ်ခေါ် တိုင်တည်ပါလေ။' 'အလိဖျူ'သည် 'အိလ်ဇာဖိ'မှ ဆင်းသက်ပြီး 'စွဲမြဲစွာ ဆက်လက်လုပ်ဆောင်သည်'ဟု အဓိပ္ပါယ်ရ၏။ (မဇ်ဟရီ)

يَسْـَٔلُهُۥ مَنْ فِى السَّمٰوٰتِ وَالْاَرْضِ ۗ كُلَّ يَوْمٍ هُوَ فِىْ شَاْنٍ "မိုးကောင်းကင်များ၌ ရှိသမျှတို့သည် လည်း ကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည် လည်းကောင်း၊ ထိုအရှင် မြတ်ထံတော်မှသာလျှင် (မိမိတို့၏ အလိုဆန္ဒများကို) တောင်းခံကြကုန်၏။ ထိုအရှင်မြတ်သည်နေ့စဉ် အရေးကိစ္စ တစ်ခုခုကို ဆောင်ရွက်လျက်ရှိနေတော်မူ၏။" (၅၅း၂၉)။

အာယတ်တော်က သတ္တဝါအားလုံးသည် မည်သည့်အခြေအနေ၊ အနေအထား၌မဆို အလွှာဟ်အရှင်မြတ်အား လိုအပ်လျက်ရှိကြကြောင်းကို ဖော်ပြ၏။ ၎င်းတို့အားလုံးသည် ထိုအရှင်မြတ်၏ အကူအညီကို စိတ်ပါသည်ဖြစ်စေ သို့မဟုတ် စိတ်မပါသည်ဖြစ်စေ တောင်းခံကြ၏။ လောကီဘုံသား တို့သည် ၎င်းတို့၏ သီးသန့်လိုအပ်ချက်များကို တောင်းခံကြသည်။ ဤလောကၻ ၎င်းတို့သည် စားနပ်ရိက္ခာ အစာအာဟာရ၊ ကျန်းမာရေး၊ လူမှုဖူလုံရေးနှင့် ကောင်းကျိုးချမ်းသာများကို လိုအပ်ကြသည်။ တမလွန်၌မူ ခွင့်လွှတ်ခြင်း၊ ကရုဏာနှင့် ဂျန္နတ်သုခဘုံများကို လိုအပ်ကြသည်။ မိုးကောင်းကင်မှ အဖန်ဆင်းခံများသည် မစားမသောက်ကြသော်လည်း အလွှာဟ်အရှင်မြတ်၏ ဘုန်းကျက်သရေတော်၊ ကျေးဇူးတော်၊ ခွင့်လွှတ်ခြင်း စသည်များသည် ၎င်းတို့အား အစဉ်အမြဲ ဝိုင်းရံလျက်ရှိကြပေသည်။ كُلَّ يَوْمٍ 'နေ့စဉ်နေ့တိုင်း'သည် ကြိယာ يَسْـَٔلُهُۥ (အရေးတကြီးတောင်းခံသည်)၏* အချိန်ပြကြိယာဝိသေသနဖြစ်၏။ 'နေ့/ရက်'အား ယင်း၏အများနားလည်ထားသော အဓိပ္ပါယ်ဖြင့်မဟုတ်ဘဲ 'အချိန်'အနေဖြင့် ယေဘုယျသဘောသုံး၏။ နယ်ပယ်အသီးသီးမှ ထိုအရှင်မြတ်၏ ဖန်ဆင်းခံအားလုံးသည် ဘာသာစကား အမျိုးမျိုးဖြင့် ၎င်းတို့၏ လိုအပ်ချက်များကို တစ်ချိန်လုံး တောင်းခံလျက်ရှိကြသည်။ မိုးကောင်းကင်နှင့် ကမ္ဘာမြေ၌ ရှိသမျှတို့တွင် မရေမတွက်နိုင်သော လိုအပ်ချက်များကိုယ်စီရှိကြ၏။ ၎င်းတို့၏ အချိန်နှင့်အမျှ လိုအပ်ချက်များကို အကြွင်းမဲ့တန်ခိုးတော်ရှင်၊ ကြီးကျယ်ခန့်ညားမှု၏ အရှင်သခင်မှလွဲ၍ မည်သူသည် တုံ့ပြန်ဖြေကြားနိုင်ပါမည်နည်း။ ထို့ကြောင့် 'နေ့စဉ်'၏နောက်မှ فِى شَأْنٍ 'ထိုအရှင်မြတ်သည် အရေးကိစ္စတစ်ခုခုကို ဆောင်ရွက်လျက်ရှိနေတော်မူသည်။'လိုက်ခြင်း ဖြစ်လေသည်။ ထိုအရှင်မြတ်၏ ဂုဏ်တော်များသည် အကန့်အသတ် သို့မဟုတ် အရေအတွက်မရှိ တစ်ချိန်လုံး နည်းမျိုးစုံဖြင့် ယင်းတို့၏ ထင်ရှားပြသမှုကို တွေ့ရလျက်ရှိပေသည်။ ထိုအရှင်မြတ်သည် အချို့အား အသက်ဇီဝိန်ကို ပေးတော်မူပြီး၊ အချို့အား သေစေတော်မူသည်။ အချို့အား မြှင့်တင်ပေးတော်မူပြီး၊ အချို့အား နှိမ့်ချ တော်မူသည်။ အချို့အား နာမကျန်းဖြစ်စေတော်မူပြီး၊ အချို့အား ကုသပေးတော်မူသည်။ ထိုအရှင်မြတ်သည် အချို့၏ ကံဆိုးမှုများကို ပပျောက်စေတော်မူသည်။ ပူဆွေးသောကရောက်နေသူများကို ပြုံးရွှင်စေတော်မူသည်။ ဆုပန်သူတို့၏ တောင်းခံမှုများကို ပေးသနားတော်မူသည်။ အပြစ်ကျူးလွန်သူတို့၏ အပြစ်များကို ခွင့်လွှတ်တော်မူပြီး ၎င်းတို့အား ဂျန္နတ်သုခဘုံနှင့် ထိုက်တန်စေတော်မူသည်။ အချို့အား ဩဇာအာဏာကို ပေးတော်မူပြီး၊ အချို့ထံမှ ဩဇာအာဏာကို ရုပ်သိမ်းတော်မူကာ နိမ့်ပါးစေတော်မူသည်။ အချုပ်အားဖြင့် အလွှာဟ်အရှင်မြတ်၏ ဂုဏ်တော်တိုင်းသည် ယင်း၏ ထင်ရှားပြသမှုကို နည်းမျိုးစုံဖြင့် အချိန်တိုင်းတွေ့လျက်ရှိပေသည်။

လူသားနှင့်ဂျင်နီတို့အတွက် သတိပေးချက်

سَنَفْرُغُ لَكُمْ اَيُّهَ الثَّقَلٰنِ "အို- ဂျင်နီနှင့် လူသတ္တဝါအပေါင်းတို့ မကြာမြင့်မီပင် ငါအရှင်မြတ်သည် အသင်တို့ဘက်သို့ လှည့်တော်မူမည်။" (၅၅း၃၁)။ ثَقَلَان 'ဆကလာန်'သည် ثَقَل 'ဆကလ်' (ဝန်ထုပ်ဝန်ပိုး)၏ နှစ်ခုကိန်းဖြစ်၏။ ထို့ကြောင့် 'အဆိဆကလာန်' (နှစ်ခုနှစ်မျိုးပုံစံ)သည် 'လေးလံသော သို့မဟုတ် အရေးပါသော အရာနှစ်မျိုး'ဟု ဆိုလိုပြီး၊ 'လူသားများနှင့်ဂျင်နီများ'ဟူ၍ အကြောင်းအရာက ညွှန်ပြ၏။ အာရဗီ၌ 'ဆကလ်'ဟူသော စကားလုံးသည် ယင်း၏အလေးချိန် သို့မဟုတ် တန်ဖိုးကို ကောင်းစွာသိပြီးဖြစ်သော အရာမှန်သမျှကို ရည်ညွှန်း၏။ ဤအဓိပ္ပါယ်ဖြင့် ထိုစကားလုံးအား အောက်ပါဟဒီးသ်၌ သုံးထား၏။ اِنِّىْ تَارِكٌ فِيْكُمُ الثَّقَلَيْنِ (မုချဇကန် ကျွန်ုပ်သည်

---

* ဤသည်မှာ ဝါကျတည်ဆောက်ပုံတစ်ခုအရဖြစ်၏။ အခြားအကျယ်ဖွင့်ဆိုသူများက 'နေ့တိုင်း'ကို 'ထိုအရှင်မြတ် အရေးကိစ္စတစ်ခုခုကို ဆောင်ရွက်လျက်ရှိနေတော်မူ၏။'နှင့် ဆက်စပ်သည်ဟု ယူကြ၏။ အထက်မှအာယတ်တော်၏ ဘာသာပြန် သည် ဤတည်ဆောက်ပုံပေါ်တွင်အခြေခံပြီး၊ မောင်လာနာထာနဝီ ﷺ ကလည်း သဘောတူလက်ခံလေသည်။ (မုဟမ္မဒ် တကီးအွစ်မာနီ)

အသင်တို့နှင့်အတူ အလေးချိန်စီး၍ တန်ဖိုးကြီးသော အရာနှစ်ခုကို ချန်ထားခဲ့သည်။ ... ထိုအရာနှစ်ခုက အသင်တို့အား ဆက်လက်လမ်းပြကြလိမ့်မည်။) ဟဒီးသ်တော်၏ မူကွဲအချို့က ဖော်ပြသည်မှာ ဤအလေးချိန်စီး၍ တန်ဖိုးကြီးသော အရာနှစ်ခုသည် كِتَابُ اللهِ وَعِتْرَتِيْ (အလ္လာဟ်အရှင်မြတ်၏ကျမ်းဂန်နှင့် ကျွန်ုပ်၏မိသားစု)နှင့် كِتَابُ اللهِ وَسُنَّتِيْ (အလ္လာဟ်အရှင်မြတ်၏ကျမ်းဂန်နှင့် စံပြုရမည့် ကျွန်ုပ်၏စွန့်တ်ခလေ့တော်များ)တို့ ဖြစ်ကြသည်။ မူကွဲနှစ်ခုစလုံး၏ ဆိုလိုချက်မှာ အတူတူဖြစ်၏။ အဘယ်ကြောင့်ဆိုသော် 'အိတရဟ်'သည် များစွယ်ဝင်မိသားစု သို့မဟုတ် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ နာမ်ပိုင်းဆိုင်ရာ မိသားစု နှစ်များစလုံးကို ရည်ညွှန်းသောကြောင့်ဖြစ်၏။ ထို့ကြောင့် မြင့်မြတ်သော သာဝကကြီးအားလုံးကို ရည်ညွှန်းခြင်းလည်း ဖြစ်ပေသည်။ ဟဒီးသ်၏ဆိုလိုရင်းမှာ တမန်တော်မြတ် ﷺ မရှိတော့သည့်နောက် မွတ်စလင်တို့အား လမ်းပြရန်နှင့် တည့်မတ်ပေးရန်အတွက် ဤနှစ်ခုရှိနေလိမ့်မည်။ (၁) အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်နှင့် (၂) နှစ်ဦးနှစ်ဖက် ဆက်ဆံခြင်းများနှင့် အပေးအယူ၊ အရောင်းအဝယ် ပြုလုပ်ခြင်းများတွင် မြင့်မြတ်သော သာဝကကြီးများ၏နမူနာတို့ ဖြစ်ကြသည်။ စွန့်တ်တော်အစား 'အိတရဟ်'ကိုသုံးသည့် မူကွဲက မြင့်မြတ်သော သာဝကကြီးများမှတစ်ဆင့် မွတ်စလင်တို့ ထံသို့ ရောက်ရှိခဲ့သော တမန်တော်မြတ် ﷺ ၏ ဆုံးမဩဝါဒများကို ဆိုလိုပေသည်။

ဟဒီးသ်တော်မှာ ثَقَلَيْن 'ဆကလိုင်'သည် အလေးချိန်စီး၍ တန်ဖိုးကြီးသော အရာနှစ်ခုကို ရည်ညွှန်းသော်ငြားလည်း ဤအာယတ်တော် 'အဆ်ဆကလိုင်'သည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံများစိတ်နှစ်ခုဖြစ်သော ဂျင်နှင့် လူသားကို ရည်ညွှန်းခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ကမ္ဘာမြေပေါ်၌ နေထိုင်ကြသော အလေးချိန်အစီးဆုံး (အရေးပါဆုံး)နှင့် တန်ဖိုးအကြီးဆုံး (အသက်ဝိညာဉ်ကို ပိုင်ဆိုင်ကြသည့်) သတ္တဝါများ ဖြစ်ကြသောကြောင့် ဖြစ်လေသည်။

ထို့နောက် အာယတ်တော်က 'မကြာမီ ငါအရှင်မြတ်သည် အသင်တို့ဘက်သို့ လှည့်တော်မူမည်။'ဟု မိန့်ဆို၏။ ကြိယာ سَنَفْرُغُ 'စနဖ်ရုဂ်'သည် فَرَاغ 'ဖရာဂ်' (အလုပ်မှအားလပ်သည်)မှ ဆင်းသက်၏။ 'ဖရာဂ်'၏ ဆန့်ကျင်ဘက်စကားလုံး 'ရှုဂ်လ်'(မအားမလပ်)ဖြစ်၏။ 'ဖရာဂ်'ဟူသော စကားလုံးက ကျွန်ုပ်တို့အား အရာနှစ်ခုကို အသိပေး၏။ (၁) အကြင်သူသည် တစ်စုံတစ်ရာကြောင်း မအားလပ်ဘဲ ဖြစ်နေသည်။ နှင့် (၂) ယခုသော် ၎င်းသည် ထိုအလုပ်မှ အားလပ်သွားပြီဟူ၍ ဖြစ်၏။ ဤ'ဖရာဂ်'များကို လူသားများတွင် တွေ့ရ၏။ သို့ရာတွင် ဤအမိပ္ပါယ်နှစ်ခုစလုံးကို အလ္လာဟ်အရှင်အတွက် သုံး၍မရပေ။ ထိုအရှင်မြတ်သည် ယင်းတို့၏အထက်မှ ဖြစ်တော်မူပေသည်။ အခြားအရာတစ်ခုကို အာရုံမစိုက်နိုင်လောက်အောင် မည်သည့်အရာကမျှ အလ္လာဟ်အရှင်မြတ်အား အလုပ်ရှုပ်နေစေလိမ့်မည် မဟုတ်သကဲ့သို့ ထိုအရှင်မြတ်သည် လူသားများနည်းတူ အလုပ်မရှိဘဲ အားလပ်နေတော်မူလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ကြိယာ 'စနဖ်ရုဂ်' (ငါအရှင်မြတ်သည် အသင်တို့ဘက်သို့ လှည့်တော်မူမည်။)သည် ဥပမာတင်စားမှုတစ်ခုအဖြစ် သုံးခြင်းသာ ဖြစ်ပေသည်။ တင်စားသော ဤအသုံးမျိုးကို လူသားတို့၏ ပြောစကားတွင် အတွေ့ရများ၏။ ဤဖော်ပြပုံအား အချို့သော အလုပ်များ၏ အရေးပါမှုကိုပြသရန် သုံးကြသည်။ 'သင့်ကို ဂရုစိုက်ကူညီဖို့ ယခု ကျွန်ုပ်တို့အားပြီမို့ သင့်အပေါ် အပြည့်အဝ အာရုံစိုက်နေပါသည်။' အလုပ်တစ်ခုခုအပေါ် အပြည့်အဝ အာရုံစူးစိုက်နေသူတစ်ဦးအား 'ငင်းတွင် အခြားအလုပ်မရှိ သို့မဟုတ် ငင်းတွင် အခြားလုပ်စရာမရှိ'ဟူ၍ ပြောလေ့ရှိကြ၏။ ပြီးခဲ့သော အာယတ်တော်(၅၅း၂၉)၌ ဖော်ပြခဲ့သည်မှာ ကမ္ဘာမြေမှ သတ္တဝါများသည် စားနပ်ရိက္ခာ၊ ကျန်းမာရေး၊ လူမှုဖူလုံရေး၊ ချမ်းသာသုခနှင့် ခွင့်လွှတ်ခြင်း၊ ကရုဏာတော်၊ ဂျန္နတ်သုခဘုံ စသည့် ၎င်းတို့၏ သီးသန့်လိုအပ်ချက်များကို တောင်းခံကြသည်။ မိုးကောင်းကင်မှ အဖန်ဆင်းခံများသည် ၎င်းတို့အား တစ်ချိန်လုံး ဝိုင်းရံလျက်ရှိသည့် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်၊ ဘုန်းကျက်သရေတော်နှင့် ခွင့်လွှတ်မှုများကို လိုအပ်ကြလေသည်။ ဤရွထောင့်မှကြည့်လျှင် အလ္လာဟ်အရှင်

မြတ်သည် မိမိ၏ဘုန်းတော်၊ ဂုဏ်တော်များကို အချိန်တိုင်း ထင်ရှားပြသတော်မူသည့် အခြေအနေတစ်ခုတွင် ရှိနေပေသည်။ အာယတ်တော် 'စနဖ်ရဂ်'က ညွှန်ပြသည်မှာ တရားစီရင်မည့်နေ့တွင် ပန်ကြားလွှာများနှင့် ယင်းပန်ကြားလွှာများအား လက်ခံခြင်း၊ အရေးယူဆောင်ရွက်ခြင်းများသည် အားလုံးရပ်ဆိုင်းသွားမည်ဖြစ်၏။ ထင်ရှားပြသမှုအားလုံးအနက် တစ်ခုသာလျှင် ရှိပေတော့မည်။ ယင်းတစ်ခုမှာ လုပ်ဆောင်ချက်များကို ကြားနာခြင်းနှင့် စီရင်ချက်များကို အကြွင်းမဲ့ တရားမျှတမှု၊ ညီမျှမှုများဖြင့် ချမှတ်ခြင်းပင် ဖြစ်တော့၏။ (ရူးဟ်)

يٰمَعۡشَرَ الۡجِنِّ وَالۡاِنۡسِ اِنِ اسۡتَطَعۡتُمۡ اَنۡ تَنۡفُذُوۡا مِنۡ اَقۡطَارِ السَّمٰوٰتِ وَالۡاَرۡضِ فَانۡفُذُوۡا ؕ لَا تَنۡفُذُوۡنَ اِلَّا بِسُلۡطٰنٍ ﴿۳۳﴾

"အို- ဂျင်နနှင့် လူပရိသတ်အပေါင်းတို့၊ အကယ်၍ အသင်တို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ နယ်နိမိတ်များအတွင်းမှ ထွက်သွားနိုင်ကြလျှင်၊ ထွက်သွားကြကုန်လော့။ (စင်စစ်သော်ကား) စွမ်းအားမရှိဘဲလျက် အသင်တို့သည် ထွက်သွားနိုင်ကြမည် မဟုတ်ပေ။"(၅၅း၃၃)။

အလျင်အာယတ်တော်၌ ဂျင်နနှင့် လူသားတို့အား 'အဆ်ဆကလန်'ဟူ၍ မိန့်တော်မူကာ ၎င်းတို့၏ လုပ်ဆောင်မှုများကို ပြန်လည်သုံးသပ်တော်မူမည်ဖြစ်ပြီး၊ လုပ်ဆောင်မှု တစ်ခုချင်းစီသည် ဆုလာဘ် သို့မဟုတ် ပြစ်ဒဏ်ကို ရရှိစေတော်မူလိမ့်မည်ဟု သတိပေးတော်မူခဲ့၏။ ယခုအာယတ်တော်က မည်သူမျှ သေခြင်းတရားမှ ပုန်းရှောင်၍ မရနိုင်သကဲ့သို့ တရားစီရင်မည့်နေ့တွင် တက်ရောက်ခြင်း သို့မဟုတ် လုပ်ရပ်များ၏ စာရင်းကိုပေးခြင်းမှ လွတ်မြောက်လိမ့်မည်မဟုတ်ဟု မိန့်ဆိုဟန်ရှိ၏။ ဤအာယတ်တော်က အလျင် အာယတ်တော်မှာကဲ့သို့ ثَقَلٰن 'ဆကလန်'ဟူသော ဖော်ပြချက်ကိုမသုံးဘဲ يٰمَعۡشَرَ الۡجِنِّ وَالۡاِنۡسِ (အို- ဂျင်နနှင့် လူသားပရိသတ်အပေါင်းတို့)ဟူသော ဖော်ပြချက်ကို တိကျပြတ်သားစွာ သုံးထား၏။ ဂျင်နကို ပထမဖော်ပြပြီးမှ လူသားကို နောက်မှဖော်ပြခြင်းသည် မိုးကောင်းကင်နှင့် ကမ္ဘာမြေ၏ နယ်နိမိတ်များကို ဖြတ်သွားရန်မှာ အင်အားကြီး မားသောစွမ်းအင် လိုအပ်သောကြောင့် ဖြစ်ဟန်သည်။ ဤကဲ့သို့ ကိစ္စမျိုးများတွင် အလွှာဟ်အရှင်မြတ်သည် ဂျင်နများအား လူသားတို့ထက်ပိုသော စွမ်းအားကို ပေးထားတော်မူသည်။ အာယတ်တော်၏ အဓိပ္ပါယ်မှာ 'အို- ဂျင်နနှင့် လူသား ပရိသတ်အပေါင်းတို့၊ အကယ်၍ အသင်တို့သည် ခိုလှုံရာကို ရှာဖွေတွေ့ရှိလိမ့်မည်ဟု ထင်ကြပါက သေမင်းတမန်ကို ရှောင်ရှားခြင်းဖြင့် သေခြင်းကို တားဆီးကြကုန်လော့ သို့မဟုတ် စုရုံးရာကွင်းပြင် သို့မဟုတ် စာရင်းစစ်ရာကွင်းပြင်မှ ထွက်ပြေးကြကုန်လော့။ အကယ်၍ အသင်တို့တွင် စွမ်းအားနှင့် စွမ်းရည်ရှိကြပါက မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့၏ နယ်နိမိတ်များကို ဖြတ်ကျော်ရန် ကြိုးစားကြကုန်လော့။'ဟူ၍ဖြစ်၏။ ဂျင်နနှင့်လူသားတပ်ပေါင်းစုများသည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့၏ နယ်နိမိတ်ကို ကျော်လွန်၍သွားရန် စွမ်းအားကို ထိန်းချုပ်အသုံးချနိုင်လိမ့်မည် မဟုတ်ပေ။ အာယတ်တော်၏ ရည်ရွယ်ချက်မှာ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့၏ နယ်နိမိတ်များကို ကျော်ဖြတ်ရန် ဖြစ်နိုင်ခြေသို့မဟုတ် အလားအလာကိုပြသရန် မဟုတ်ပေ။ အဆိုပါချက်သည် စိတ်ကူးသက်သက်သာလျှင်ဖြစ်၏။ အာယတ်တော်၏ ရည်ရွယ်ချက်မှာ ဤစွမ်းဆောင်မှုကို အောင်မြင်ရန် ဂျင်နနှင့်လူသားတို့တွင် သြဇာအာဏာကင်းမဲ့ခြင်း၊ မတတ်စွမ်းနိုင်ခြင်းများကို ထင်ရှားပြသရန်သာ ဖြစ်လေသည်။

အကယ်၍အာယတ်တော်၌ဖော်ပြသော 'မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့ကို ထိုးဖောက်ဖြတ်ကျော်ခြင်း'၏ ရည်ရွယ်ချက်သည် သေခြင်းမှလွတ်မြောက်ရန် ဖြစ်ပါက ယင်းသည် ဤလောကကို ရည်ညွှန်းခြင်းဖြစ်၏။ ဆိုလိုသည်မှာ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့၏ နယ်နိမိတ်များကို ကျော်ဖြတ်ပြီး၊ သေခြင်းမှ လွတ်မြောက်ရန်မှာ မည်သည့်

လူသား သို့မဟုတ် ဂျင်နဲမှ တတ်စွမ်းနိုင်သောကိစ္စ မဟုတ်ပေ။ လူသား၏ အတွေးအထင်အရ ဆိုခြင်းသာဖြစ်၏။ အကယ်၍ ၎င်းသည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ နယ်နိမိတ်များကို ကျော်ဖြတ်သည့်တိုင် မည်သူမျှ အလွှာဟ် အရှင်မြတ်၏ တန်ခိုးအာဏာ၏ အပြင်ဘက်၌မရှိချေ။ ထို့ပြင် အကယ်၍ မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ထိုးဖောက်ခြင်းဖြင့် လွတ်မြောက်ရန် ရည်ရွယ်ချက်သည် စာရင်းစစ်မည့်နေ့တွင် တာဝန်ရှိမှုမှ လွတ်မြောက်ခြင်းအတွက် ဖြစ်ပါက၊ ထိုကဲ့သို့ လုံးဝမဖြစ်နိုင်ကြောင်းကို အာယတ်တော်က ထင်ရှားစေရန်ဖြစ်၏။ ကုရ်အာန်၏ အခြားအာယတ်တော်များနှင့် ဟဒီးသ်ဆင့်ပြန်ချက်များအရ တရားစီရင်မည့်နေ့တွင် မိုးကောင်းကင်သည် အက်ကွဲသွားမည်ဖြစ်ပြီး၊ ကောင်းကင်တမန်အားလုံးသည် ကမ္ဘာမြေ၏ ဘေးပတ်လည်မှ စောင့်ကြပ်ကာ လူများအား (ထွက်မပြေးနိုင်အောင်) ဝိုင်းရံထားကြလိမ့်မည်ဖြစ်၏။ ဂျင်နဲနှင့် လူသားများသည် ရှင်ပြန်ထမည့်နေ့၏ထိတ်လန့်ဖွယ်ရာများကို ကြုံတွေ့ရပြီး၊ အရပ်မျက်နှာမျိုးစုံသို့ ထွက်ပြေးကြလိမ့်မည်။ မည်သည့်ဘက်သို့ ပြေးသည်ဖြစ်စေ ထွက်ပြေးသူများအား ပြန်လည်ဖမ်းဆီးရန် ရည်ရွယ်လျက် အလွှာဟ်အရှင်မြတ်က အခိုင်အမာပြုထားတော်မူသော ဇရိယာများကို ကောင်းကင်တမန်တို့က ဝိုင်းရံပိတ်ဆိုးထားကြလိမ့်မည် ဖြစ်ပေသည်။ (ရှဟ်)

ဤအာယတ်တော်သည် ဒုံးပျံများ၊ ဂြိုလ်တုများဖြင့် အာကာသစူးစမ်းလေ့လာမှု ပြုလုပ်ခြင်းကို ညွှန်ပြခြင်းမဟုတ်ပေ။

ယနေ့ သိပ္ပံခေတ်၌ ကမ္ဘာ့မြေဆွဲအား၏ အပြင်သို့ထွက်ရန်နှင့် မိုးကောင်းကင်ရှိ ထုထည်ကြီးများကို စူးစမ်းလေ့လာရန် ဒုံးပျံများ၊ ဂြိုလ်တုများနှင့် အခြား အာကာသယာဉ်များဖြင့် ကြိုးပမ်း၍ သုတေသနများ ဆောင်ရွက်လျက်ရှိကြသည်။ ဤသုတေသနများထဲမှ တစ်ခုမျှ မိုးကောင်းကင်၏ နယ်နိမိတ်ကို ကျော်လွန်ခြင်းမရှိကြောင်းမှာ ထင်ရှားပေသည်။ အမှန်စင်စစ် မိုးကောင်းကင်၏ နယ်နိမိတ်ကို ဖြတ်ကျော်ရန် မဆိုထားနှင့် ၎င်းတို့သည် မိုးကောင်းကင်မျက်နှာပြင်၏ အောက်များစွာနိမ့်ကျသော နေရာ၌ပင် ရှိကြသေး၏။ ဤသို့ကြောင့် ဤအာယတ်တော်သည် အာကာသခရီးများ၊ အာကာသထဲရှိ ထုထည်ကြီးအချို့သို့ ရောက်ရှိသည့် အဖြစ်အပျက်များနှင့် သက်ဆိုင်ခြင်းမရှိပေ။ အချို့အသိဉာဏ်နည်းသူများက ဤအာယတ်တော်အား အာကာသခရီးများ၏ ဖြစ်နိုင်ခြေကို ထင်ရှားပြသသည့် အခြေခံတစ်ခုအဖြစ် မှတ်ယူကြသည်။ သို့သော် ဤရိုးအသူများသည် ကုရ်အာန်၏ တကယ့်ဆိုလိုရင်းကို မသိနားမလည်ကြောင်း ဖော်ပြခြင်းသာလျှင် ဖြစ်ပေသည်။

يُرْسَلُ عَلَيْكُمَا شُوَاظٌ مِّن نَّارٍ ۙ وَ نُحَاسٌ فَلَا تَنْتَصِرٰنِ "အသင်တို့နှစ်ဦး၏ အပေါ်ဝယ် မီးခိုးမပါသော မီးတောက်မီးလျှံသည် လည်းကောင်း၊ (မီးမပါသော) အခိုး များသည် လည်းကောင်း၊ စေလွှတ်ခြင်းခံရလတ္တံ့၊ ထိုအခါ အသင်တို့သည် ဖယ်ရှားနိုင်ကြမည်မဟုတ်။"(၅၅း၃၅)။ သာဝကကြီး အိဗ်နုအဗ္ဗာစ်ﷺနှင့် အခြားကုရ်အာန်အကျယ်ဖွင့်ဆိုသူ ပညာရှင်များက ပြောကြားကြသည်မှာ 'ရှုပါဇ်' ဟူသော စကားလုံးသည် 'မီးခိုးမပါသော မီးတောက်မီးလျှံ'ကို လည်းကောင်း၊ 'နုဟာစ်'ဟူသော စကားလုံးသည် 'မီးတောက်မီးလျှံမပါသော မီးခိုး'ကို လည်းကောင်း ရည်ညွှန်းခြင်းဖြစ်သည်။ ဤအာယတ်တော်က ဖန်ဆင်းခံများစိတ် နှစ်ခုဖြစ်သည့် ဂျင်နဲနှင့်လူသားတို့အား ၎င်းတို့ထံသို့ မီးနှင့်မီးခိုးများကို မည်ကဲ့သို့ စေလွှတ်တော်မူမည့်အကြောင်း မိန့်ဆိုခြင်းဖြစ်၏။ စာရင်းစစ်ဆေးမှု ပြီးဆုံးသောအခါ၊ ကာဖိရ်များသည် ငရဲဘုံသို့ ပို့ခံကြရပြီး၊ ပြစ်ဒဏ်နှစ်မျိုး ကျခံကြရမည်ဟု ဤအာယတ်က ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ အချို့နေရာများတွင် မီးခိုးမပါသော မီးတောက်မီးလျှံများချည်း ရှိလိမ့်မည်ဖြစ်ပြီး၊ အချို့နေရာများတွင် မီးတောက်မီးလျှံမပါသော

မီးခိုးချည်း ရှိလိမ့်မည်ဖြစ်၏။ အချို့ကုရ်အာန်အကျယ် ဖွင့်ဆိုသူများကမူ ဤအာယတ်တော်အား အလျင်အာယတ်တော်၏ ဖြည့်စွက်ချက်အဖြစ် ယူဆကြပြီး၊ အောက်ပါ အတိုင်း အဓိပ္ပါယ်ဖွင့်ဆိုကြ၏။ 'အို- ဂျင်နှင့် လူသားတို့၊ အသင်တို့တွင် မိုးကောင်းကင်များ၏ နယ်နိမိတ်ကို ဖြတ်ကျော် ရန်စွမ်းအား မရှိကြပေ၊ အသင်တို့သည် ရှင်ပြန်ထမည့်နေ့တွင် ထွက်ပြေးလွတ်မြောက်အောင် ကြိုးစားကြပါက ကောင်းကင်တမန်များ (ငရဲမီးကို စောင့်ကြပ်သော ကောင်းကင်တမန်များ အပါအဝင်)သည် မီးတောက်မီးလျှံနှင့် မီးခိုးများကို အသင်တို့အား ပြန်လည်ခေါ်ယူရန် စေလွှတ်ကြလိမ့်မည်။' فَلَا تَنتَصِرَانِ 'ဖလါတန်တဆွိရာန်'သည် اِنْتِصَار 'အင်တိဆွာရ်'မှ ဆင်းသက်ပြီး၊ 'တစ်စုံတစ်ယောက်အား ဘေးဒုက္ခ မရောက်ရန် ကူညီသည်'ဟု ဆိုလိုသည်။ ထို့ကြောင့် فَلَا تَنتَصِرَانِ 'ဖလာတန်တဆွိရာန်'ဟူသော စကားလုံးက ဂျင်နှင့်လူသားတို့သည် အလွှာဟ်အရှင် မြတ်၏ပြစ်ဒဏ်မှ လွတ်မြောက်အောင် ကြိုးစားသည့်တိုင် ၎င်းတို့သည် တစ်ဦးကို တစ်ဦး ကူညီနိုင်ကြလိမ့်မည် မဟုတ်ကြောင်းကို ဖော်ပြလေသည်။

ရှင်ပြန်ထမည့်နေ့၏ ထိတ်လန့်ဖွယ်ရာများ

فَيَوْمَئِذٍ لَّا يُسْـَٔلُ عَنْ ذَنۢبِهٖٓ اِنْسٌ وَّ لَا جَآنٌّ "စင်စစ် ထိုနေ့တွင် မည်သည့်လူတစ်ဦးတစ်ယောက်မျှ လည်းကောင်း၊ မည်သည့်ဂျင်နှင့်တစ်ဦးတစ်ယောက်မျှ လည်းကောင်း၊ မိမိအပြစ်နှင့် စပ်လျဉ်း၍ မေးမြန်းခံရမည် မဟုတ်ပေ။"(၅၅း၃၉)။ ဤအာယတ်တော်၏ အဓိပ္ပါယ်ဖွင့်ဆို ချက်တစ်ခုမှာ မည်သူမျှအပြစ်ကျူးလွန်ခဲ့ခြင်း ရှိ-မရှိ မေးမြန်းခံရလိမ့်မည်မဟုတ်၊ အဘယ်ကြောင့်ဆိုသော် ထိုအကြောင်းကို လုပ်ဆောင်မှုများ မှတ်တမ်းစာအုပ်၌ ကောင်းကင်တမန်တို့က မှတ်တမ်းတင်ထားပြီး ဖြစ်သည့်ပြင် အလွှာဟ်အရှင် မြတ်သည် ထိုအကြောင်းကို ကြိုတင်သိတော်မူပြီးဖြစ်၏။ မေးခွန်းသည် '၎င်းတို့အဘယ်ကြောင့် ထိုအပြစ်ကို ကျူးလွန် ခဲ့ကြသနည်း။'ဟူ၍ ဖြစ်လိမ့်မည်။ ဤသည်မှာ အိမ်နအဗ္ဗားစ်ﷺ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်၏။ မူဂျာဟစ်ﷺကမူ အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုသည်။ အပြစ်သားများအား ၎င်းတို့အပြစ်ကို ကျူးလွန်ခဲ့ခြင်း ရှိ-မရှိကို ပြစ်ဒဏ်ပေးသော ကောင်းကင်တမန်များက မေးမြန်းရန် လိုအပ်လိမ့်မည် မဟုတ်ပေ။ ၎င်းတို့၏ မျက်နှာများပေါ်တွင် ပြသနေမည် ဖြစ်သော အထူးအမှတ်အသားများအရ သိရမည်ဖြစ်၏။ (ကြည့်။ အာယတ်တော် ၄၁) ၎င်းတို့၏ ခွဲခြားသိမြင်နိုင်သော အမှတ်အသားများအရ ၎င်းတို့အား ကောင်းကင်တမန်များက မှတ်မိကြမည်ဖြစ်ပြီး၊ ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုအမျိုး အစားအလိုက် ၎င်းတို့အား ငရဲမီးထဲသို့ ပစ်ချကြမည်ဖြစ်၏။ ရှင်းလင်းချက်နှစ်ခု၏ ပေါင်းစပ်အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ အောက်ပါအတိုင်းဖြစ်၏။ ဤဖြစ်ရပ်သည် စာရင်းစစ်မည့်နေ့တွင် ဖြစ်ပျက်လိမ့်မည်။ လူများသည် မိမိတို့၏ လုပ်ဆောင် မှုများစာရင်းကို ပေးပြီးသောအခါ၊ အပြစ်သားတို့မှာ ငရဲသို့သွားကြရန် စီရင်ချက်ချခံရပြီး ဖြစ်လိမ့်မည်။ ထိုအဆင့်၌ ၎င်းတို့သည် မေးမြန်းခြင်းခံရလိမ့်မည် မဟုတ်သကဲ့သို့ ညှိနှိုင်းဆွေးနွေးခြင်းလည်း ရှိလိမ့်မည် မဟုတ်ပေ။ ၎င်းတို့၏ အပြစ်နှင့်ဆိုင်ရာ ထူးခြားသော အမှတ်အသားများကို ၎င်းတို့၏မျက်နှာများပေါ်တွင် မြင်တွေ့ရမည်ဖြစ်ပြီး၊ အပြစ် အလိုက် ငရဲတွင်းသို့ ပစ်ချခံကြရမည်ဖြစ်၏။

ကတာဒဟ်ﷺက ၎င်းတို့သည် ၎င်းတို့၏အပြစ်များအကြောင်းကို မေးမြန်းခံကြရမည်ဖြစ်ပြီးနောက် ၎င်းတို့ကလည်း ကျိန်တွယ်၍ ငြင်းဆိုပြီးဖြစ်မည့် အဆင့်တစ်ခုကို အာယတ်တော်က ရည်ညွှန်းသည်ဟု ပြောကြား၏။ ထို့နောက် ၎င်းတို့၏ ပါးစပ်များနှင့် လျှာများသည် ချိပ်ပိတ်ခံရမည်ဖြစ်ပြီး ၎င်းတို့၏လက်များနှင့် ခြေများသည် သက်သေခံကြရန် တောင်းဆိုခံရမည်။ ဤအဆင့်၌ ၎င်းတို့အား နောက်ထပ်မေးခွန်းများ မေးမြန်းတော့မည် မဟုတ်ပေ။ အိမ်နကဆီးရ်ﷺ

က ဤရှင်းလင်းချက်(၃)ခုစလုံးကို ရေးမှတ်ထား၏။ ယင်းတို့သည် တစ်ခုနှင့်တစ်ခု နီးစပ်သောကြောင့် ဝိရောဓိမရှိပါချေ။

يُعْرَفُ الْمُجْرِمُوْنَ بِسِيْمٰهُمْ فَيُؤْخَذُ بِالنَّوَاصِيْ وَ الْاَقْدَامِ "အပြစ်ရှိသူများမှာ မိမိတို့၏ ရုပ်ရည် လက္ခဏာဖြင့် သိရှိခြင်းခံကြရပေမည်။ ထိုအခါ ၎င်းတို့သည် (နဖူးများ) ဦးထိပ်များနှင့် ခြေများကို ဆွဲကိုင်ဖမ်းဆီးခြင်းကို ခံကြရပေမည်။"(၅၅:၄၁)။ 'စိမ့်ဟူသော စကားလုံးသည် အမှတ် လက္ခဏာတစ်ခုကို ဆိုလိုသည်။ ဟစန်ဗဆွဲရီ ﷺ ဆိုသည်မှာ အပြစ်ရှိသူတို့အား ငရဲသို့သွားကြရန် စီရင်ချက်ချမည့်နေ့၌ ၎င်းတို့၏ ရုပ်လက္ခဏာများမှာ အောက်ပါအတိုင်း ဖြစ်နေလိမ့်မည်။ ၎င်းတို့အား ၎င်းတို့၏ မဲနက်နေသော မျက်နှာများနှင့် အပြာရောင် မျက်လုံးများအားဖြင့် သိကြရမည်။ ၎င်းတို့၏ မျက်နှာများသည် ကြောက်ဝမ်းနည်းမှုဖြင့် ဖြူရော်သွားကြမည်။ ဤလက္ခဏာအားဖြင့် အပြစ်ရှိသူများကို ကောင်းကင်တမန်တို့က မှတ်မိပြီး၊ ၎င်းတို့အား ဖမ်းဆီးလိမ့်မည်ဖြစ်၏။

نَوَاصِيْ 'နဝါဆွီ'ဟူသော စကားသည် نَاصِيَةٌ 'နာဆွီယဟ်'၏ အများကိန်းဖြစ်ပြီး၊ 'နဖူးဆံစ'ဟု အဓိပ္ပါယ်ရ၏။ အချို့သည် ၎င်းတို့၏ နဖူးဆံစမှ ဒဏ္ဍတ်တိုက်ဆွဲခြင်းခံရမည်ဖြစ်ပြီး၊ အချို့မှာ ၎င်းတို့၏ ခြေထောက်များမှ ဒဏ္ဍတ်တိုက် ဆွဲခြင်းခံကြရမည်။ သို့တည်းမဟုတ် ၎င်းတို့သည် တစ်ခါတစ်ရံ နဖူးဆံစ (ဦးစွန်းဖုတ်များ)မှ လည်းကောင်း၊ တစ်ခါတစ်ရံ ခြေထောက်များမှသော် လည်းကောင်း ဒဏ္ဍတ်တိုက်ဆွဲခြင်း ခံရမည်ဟု ဆိုလိုသည်။ တတိယရှင်းလင်းချက်မှာ ပြစ်ဒဏ် ပေးသော ကောင်းကင်တမန်များသည် ၎င်းတို့၏နဖူးနှင့် ခြေထောက်များကို ထိအောင်ကွေး၍ ဦးစွန်းဖုတ်များကို ခြေထောက်များတွင် ချည်နှောင်လျက် ၎င်းတို့အား ငရဲမီးထဲသို့ ပစ်ချလည်း ဖြစ်နိုင်ပေသည်။ အလ္လာဟ်အရှင်မြတ် အသိဆုံး ဖြစ်တော်မူသည်။

အာယတ်တော် (၄၆-၇၈)

وَ لِمَنْ خَافَ مَقَامَ رَبِّهٖ جَنَّتٰنِ ﴿۴۶﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۴۷﴾ ذَوَاتَآ
اَفْنَانٍ ﴿۴۸﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۴۹﴾ فِيْهِمَا عَيْنٰنِ تَجْرِيٰنِ ﴿۵۰﴾
فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۵۱﴾ فِيْهِمَا مِنْ كُلِّ فَاكِهَةٍ زَوْجٰنِ ﴿۵۲﴾
فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۵۳﴾ مُتَّكِـِٕيْنَ عَلٰى فُرُشٍۭ بَطَآئِنُهَا مِنْ اِسْتَبْرَقٍ
وَ جَنَا الْجَنَّتَيْنِ دَانٍ ﴿۵۴﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۵۵﴾ فِيْهِنَّ قٰصِرٰتُ
الطَّرْفِ لَمْ يَطْمِثْهُنَّ اِنْسٌ قَبْلَهُمْ وَ لَا جَآنٌّ ﴿۵۶﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا
تُكَذِّبٰنِ ﴿۵۷﴾ كَاَنَّهُنَّ الْيَاقُوْتُ وَ الْمَرْجَانُ ﴿۵۸﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ
﴿۵۹﴾ هَلْ جَزَآءُ الْاِحْسَانِ اِلَّا الْاِحْسَانُ ﴿۶۰﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ
﴿۶۱﴾ وَ مِنْ دُوْنِهِمَا جَنَّتٰنِ ﴿۶۲﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۶۳﴾ مُدْهَآمَّتٰنِ
﴿۶۴﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۶۵﴾ فِيْهِمَا عَيْنٰنِ نَضَّاخَتٰنِ ﴿۶۶﴾ فَبِاَيِّ

اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٣٦﴾ فِيۡهِمَا فَاكِهَةٌ وَّ نَخۡلٌ وَّ رُمَّانٌ ﴿٣٨﴾ فَبِاَيِّ
اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٣٩﴾ فِيۡهِنَّ خَيۡرٰتٌ حِسَانٌ ﴿٧٠﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا
تُكَذِّبٰنِ ﴿٧١﴾ حُوۡرٌ مَّقۡصُوۡرٰتٌ فِى الۡخِيَامِ ﴿٧٢﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ
﴿٧٣﴾ لَمۡ يَطۡمِثۡهُنَّ اِنۡسٌ قَبۡلَهُمۡ وَلَا جَآنٌّ ﴿٧٤﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ
﴿٧٥﴾ مُتَّكِـِٕيۡنَ عَلٰى رَفۡرَفٍ خُضۡرٍ وَّ عَبۡقَرِىٍّ حِسَانٍ ﴿٧٦﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا
تُكَذِّبٰنِ ﴿٧٧﴾ تَبٰرَكَ اسۡمُ رَبِّكَ ذِى الۡجَلٰلِ وَ الۡاِكۡرَامِ ﴿٧٨﴾

ထိုမှတပါး မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ရှေ့တော်မှောက်၌ မတ်တတ်ရပ်ရန် စိုးရိမ်သောသူ၏ အဖို့မှာကား ဥယျာဉ်နှစ်ခုရှိပေမည်။[၄၆] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၄၇] အကိုင်းအလက်များ ပေါများဝေဆာလျက်ရှိကြသော။[၄၈] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၄၉] ယင်းဥယျာဉ်နှစ်ခုလုံး၌ စမ်းချောင်းနှစ်ခုသည်စီးတွေလျက် ရှိကြပေမည်။[၅၀] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၅၁] ယင်းဥယျာဉ်နှစ်ခုလုံးတွင် သစ်သီးတိုင်းသည်နှစ်မျိုးနှစ်စား ရှိကြပေမည်။[၅၂] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၅၃] (ၦင်းတို့သည်) ရွှေခြည်များဖြင့် ပန်းထိုးထားသော ဝိုးဖဲအတွင်းခံထားသည့် မွေ့ရာများပေါ် (ထိုင်၍ မှီအုံးများကို) မှီလျက်ရှိကြပေမည်။ ၦင်းပြင် ဥယျာဉ်နှစ်ခုလုံး၏ အသီးများမှာလည်း နီးကပ်စွာပင် ရှိကြပေမည်။[၅၄] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၅၅] ယင်း(ဥယျာဉ်များနှင့် ဥယျာဉ်များရှိ အဆောက်အအုံ)တို့တွင် မျက်စိကို အောက်သို့နှိမ့်ချ ထားသော မိန်းမပျိုများသည် လည်းရှိကြပေမည်။ ၦင်းတို့အလျင် မည်သည့် လူသားတစ်ဦး တစ်ယောက်မျှလည်း ထိုမိန်းမပျိုတို့အား ထိတွေ့ခဲ့ဖူးသည်မရှိပေ။ မည်သည့်ဂျင်နီတစ်ဦးတစ်ယောက် မျှလည်း ထိတွေ့ခဲ့ဖူးသည်မရှိချေ။[၅၆] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၅၇] ထိုမိန်းမပျိုတို့မှာ ပတ္တမြားကဲ့သို့ လည်းကောင်း၊ သန္တာကျောက်ကဲ့သို့ လည်းကောင်း ရှိကြပေမည်။[၅၈] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၅၉] အမိန့်တော်ကို ကြည်ညိုလေးမြတ်စွာ နာခံခြင်း၏

အကျိုးကား ကျေးဇူးပြုတော်မူခြင်းမှတပါး အခြားမရှိပြီ။[၆၀] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန် ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၆၁] ထိုမှတပါး ဥယျာဉ်နှစ်ခု-အပြင်လည်း ဥယျာဉ်နှစ်ခုရှိ၏။[၆၂] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၆၃] ယင်း(ဥယျာဉ်)နှစ်ခုလုံးမှာ အစိမ်းရင့် ကျာက်မီးသွေးနရောင် ဖြစ်၏။[၆၄] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်း ပယ်ကြအံ့နည်း။[၆၅] ယင်းဥယျာဉ်နှစ်ခု၌ ပန်းထွက်လျက်ရှိသော စမ်းနှစ်ခုသည် ရှိကြပေ မည်။[၆၆] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၆၇] ယင်းဥယျာဉ်နှစ်ခု၌ သစ်သီးဝလံများသည်လည်းကောင်း၊ စွန်ပလွံပင်များသည်လည်းကောင်း၊ သလဲသီးများသည် လည်းကောင်း၊ ရှိကြပေမည်။[၆၈] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့ နည်း။[၆၉] ယင်း(ဥယျာဉ်များနှင့် ဥယျာဉ်များရှိ အဆောက်အအုံ)တို့တွင် စာရိတ္တအားဖြင့် မွန်မြတ်သော၊ ရုပ်ရည်အားဖြင့် လှပတင့်တယ်သော မိန်းမများသည် ရှိကြပေမည်။[၇၀] သို့ပါ လျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ငြင်းပယ်ကြအံ့နည်း။[၇၁] လွန်စွာဖြူ၍လှပသော၊ မက္ကာပ် ကနားဖျင်းများတွင် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသော၊ မိန်းမများသည် ရှိကြပေမည်။[၇၂] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၇၃] ၎င်းတို့အလျင် ထိုမိန်းမတို့အား မည်သည့်လူသား တစ်ဦးတစ်ယောက်မျှ လည်းကောင်း၊ မည်သည့်ဂျင်(နဲ)တစ်ဦးတစ်ယောက်မျှ လည်းကောင်း၊ ထိတွေ့ခဲ့ဖူးသည်မရှိပြီ။[၇၄] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန် ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ် ကြအံ့နည်း။[၇၅] (၎င်းတို့သည်) အစိမ်းရောင် ကော်ဇောများ ပေါ်၌ လည်းကောင်း၊ လွန်စွာအံ့ဖွယ် ကောင်းသော အခင်းအကျင်းပေါ်၌ လည်းကောင်း၊ (ထိုင်၍မှီအုံးများကို) မှီလျက်ရှိကြပေမည်။[၇၆] သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။[၇၇] (အို-နဗီတမန်တော်)၊ အသင့် အား ဖန်ဆင်းမွေးမြူတော်မူသော တန်ခိုးတော်ရှင်၊ ကျေးဇူးတော်ရှင်၏နာမံတော်သည် ကျက် သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါပေသည်တကား။[၇၈]

ဂျန္နတ်သုခဘုံ၌ ကောင်းမြတ်သူတို့၏ ဝမ်းမြောက်ဂျော်ရွှင်မှု

အလျင်အာယတ်တော်များက မယုံကြည်သွေဖည်သူတို့ ရင်ဆိုင်ရသည့် ထိတ်လန့်ဖွယ် ပြစ်ဒဏ်များ အကြောင်းကို မိန့်ကြားခဲ့သည်။ ယခုအာယတ်တော်များကမူ ကောင်းမြတ်သော ယုံကြည်သက်ဝင်သူများအတွက် သီးသန့်ထားရှိသော ဆုလာဘ်အကျိုးနှင့် ကျေးဇူးတော်များအကြောင်း ကျွန်ုပ်တို့အား ပြောပြလေသည်။ အာယတ်တော်(၄၆)သည် 'မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ရှေ့တော်မှောက်၌ မတ်တတ်ရပ်ရမည်ကို ကြောက်ရွံ့ကြကုန်သော လူများအတွက်'သီးသန့်ထားရှိသည့် ဥယျာဉ်နှစ်ခု အကြောင်းကို မိန့်ဆိုသည်။ ဤစကားရပ်သည် တရားစီရင်မည့်နေ့နှင့် စပ်လျဉ်း၍ အချိန်တိုင်း သောကရောက်နေကြပြီး၊ ထိုသောကကြောင့် မကောင်းမှုအမျိုးမျိုးမှ ဝေးစွာရှောင်ကြဉ်ကြသည့် ကံကောင်းသော ယုံကြည်သက်ဝင်သူတို့အား ရည်ညွှန်း၏။ ဤလူများသည် အလွှာတ်အရှင်မြတ်နှင့် အထူးနီးကပ်မှုတွင် ပျော်မွေ့သူများဖြစ်ကြသည်။ အောက်မှအာယတ်တော်၌ وَمِنْ دُوْنِهِمَا جَنَّتٰنِ "ထိုမှတပါး ဥယျာဉ်နှစ်ခုအပြင်လည်း ဥယျာဉ်နှစ်ခုရှိ၏။"(၅၅း၆၂)ဟူ၍ ကျွန်ုပ်တို့ဖတ်ရှုရ၏။ အာယတ်တော်က ဤဥယျာဉ်များကို ရရှိကြမည့် ကောင်းမြတ်သော ယုံကြည်သက်ဝင်သူတို့၏ အဝတန်းအစားကို သတ်သတ်မှတ်မှတ် ဖော်ပြခြင်းမရှိပေ။ သို့ရာတွင် مِنْ دُوْنِهِمَا 'မင်္ဂုနိဟိမာ' (ထို့ပြင် ဤနှစ်ခုထက် လျော့နည်းသော)ဟူသော စကားရပ်က အာယတ်တော် ၆၂ ၌ ဖော်ပြသည့် ဥယျာဉ်များသည် အလွှာတ်အရှင်မြတ်နှင့် အထူးနီးကပ်မှုကို ပေးသနားခြင်းခံရသော အထင်ရှားဆုံး ယုံကြည်သက်ဝင်သူများထက် နာမ်ပိုင်းဆိုင်ရာ ကြိုးပမ်းအောင်မြင်မှုတွင် လျော့နည်းကြသော သာမန်ယုံကြည်သက်ဝင်သူများအတွက် ဖြစ်ကြောင်းကို ညွှန်ပြလေသည်။

ကုရ်အာန်အကျယ်ဖွင့်ဆိုသူများသည် ဥယျာဉ်နှစ်ခုအကြောင်းကို အခြားနည်းများဖြင့် ရှင်းပြကြသေး၏။ ဤနေရာတွင် ကျွန်ုပ်တို့သည် ပို၍ဖြစ်နိုင်ခြေရှိသော၊ ပို၍ကောင်းသော ရှင်းပြချက်ကို လက်ခံကြသည်။ ယင်းမှာ ပထမဥယျာဉ်နှစ်ခုသည် အလွှာတ်အရှင်မြတ်နှင့် အထူးနီးကပ်မှုကို ပေးသနားခြင်းခံရသော အထင်ရှားဆုံး ယုံကြည်သက်ဝင်သူများအတွက် သီးသန့်ထားရှိသည့် ဥယျာဉ်များ ဖြစ်ကြသည်။ ဒုတိယဥယျာဉ်နှစ်ခုသည် သာမန်ယုံကြည်သက်ဝင်သူများအတွက် ဖြစ်ကြ၏။ အာယတ်တော် ၆၂ မှ ဥယျာဉ်နှစ်ခုသည် ပထမဥယျာဉ်နှစ်ခုထက်သည့်ကြောင်းကို စစ်မှန်သော ဟဒီးသ်များက ထောက်ခံကြ၏။ ဗရာနွလ်ကုရ်အာန်က အတ်ဒှရွလ်မန်သူရ်ကျမ်းမှ ဟဒီးသ်တော်တစ်ရပ်အား ကိုးကား၍ ဖော်ပြသည်မှာ အာယတ်တော် (၄၆)နှင့် (၆၂)တို့ကို အဓိပ္ပါယ်ဖွင့်ဆိုပြစဉ်အခါက တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ جَنَّتَانِ مِنْ ذَهَبٍ لِلْمُقَرَّبِيْنَ وَجَنَّتَانِ مِنْ وَرَقٍ لِاَصْحَابِ الْيَمِيْنِ 'အလွှာတ်အရှင်မြတ်နှင့် အထူးနီးကပ်မှု ကို ပေးသနားခြင်းခံရသော ယုံကြည်သက်ဝင်သူ များအတွက် ရွှေဖြင့်ပြုလုပ်ထားသည့် ဥယျာဉ်နှစ်ခုရှိ၏။ လက်ယာဘက်သားများ (ကောင်းမြတ်သော သာမန်ယုံကြည် သက်ဝင်သူများ)အတွက် ငွေဖြင့်ပြုလုပ်ထားသည့် ဥယျာဉ်နှစ်ခုရှိ၏။' ထို့ပြင် အတ်ဒှရွလ်မန်သူရ်ကျမ်း၌ မှတ်တမ်းတင် ထားသည်မှာ သာဝကကြီး ဗရာအ်အိဗ်နအာဇစ်ﷺ ပြောကြားခဲ့သည်။ اَلْعَيْنَانِ الَّتِيْ تَجْرِيَانِ خَيْرٌ مِّنَ النَّضَّاخَتَيْنِ "(ပထမဥယျာဉ်နှစ်ခုထဲမှ) တသွင်သွင်စီးဆင်းနေသော စမ်းချောင်းနှစ်ခုသည် (ဒုတိယဥယျာဉ်နှစ်ခုထဲမှ) 'ပန်းထွက်လျက်ရှိသော'ဟူ၍ ဖော်ပြသည့် စမ်းချောင်းနှစ်ခုထက်ပို၍ကောင်း၏။" အာယတ်တော်(၅၀)၌ ယုံကြည်သက်ဝင်သူများအား ကတိပြုထားသည့် စမ်းချောင်းများ (ပထမဥယျာဉ်နှစ်ခုထဲမှ)အာ အဆက်မပြတ် တသွင်သွင်စီးဆင်း تَجْرِيَانِ 'တဂျ်ရိယာန်'ဟု ဖော်ပြပြီး၊ အာယတ်တော်(၆၆)၌ စမ်းချောင်းများ (ဒုတိယဥယျာဉ်နှစ်ခုထဲမှ)အား ပန်းထွက်နေသော النَّضَّاخَتَيْنِ 'နသ်ဿာခတာန်'ဟူ၍ ဖော်ပြ၏။ 'ပန်းထွက်ခြင်း'သည် စမ်းချောင်းအားလုံး၏ ဝိသေသဖြစ်သော်လည်း 'စီးဆင်းခြင်း' သည် အချို့သော စမ်းချောင်းများ၏

ထပ်ဆောင်းဝိသေသဖြစ်၏။ ဤသည်မှာ ဂျန္နတ်သုခဘုံသားတို့အား ပေးသနား တော်မူမည့် စမ်းချောင်းလေးခုစလုံး၏ အနှစ်ချုပ်ဖော်ပြချက် ဖြစ်လေသည်။

ဆက်စပ်စဉ်းစားဆင်ခြင်မှုများ

အာယတ်တော်(၄၆)မှ وَلِمَنْ خَافَ مَقَامَ رَبِّهِۦ "ထိုမှတပါး မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ရှေ့တော်မှောက်၌ မတ်တတ်ရပ်ရန် စိုးရိမ် သောသူ၏ အဖို့မှာကား၊ ဥယျာဉ်နှစ်ခုရှိပေမည်။"(၅၅း၄၆) ဟူသော စကားရပ်သည် ကုရ်အာန်အကျယ်ဖွင့်ဆိုသူ အများစုအရ ရှင်ပြန်ထမည့်နေ့တွင် အကြင်သူတစ်ဦး၏ လုပ်ဆောင်မှုများစာရင်းကို ပေးအပ်ရန် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်၌ မတ်တတ်ရပ်ခြင်းကို ရည်ညွှန်း၏။ 'ကြောက်ရွံ့သော'ဟူသည် တစ်နေ့သော် မိမိသည် လူပုံအလယ်၌ ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ မိမိ၏လုပ်ဆောင်မှုများ စာရင်းကိုပေးရန် အလ္လာဟ်အရှင်မြတ် ရုံးတော်သို့ ရောက်ရပေမည်ဟူသော သတိရှိနေခြင်းကို ဖော်ညွှန်း၏။ ထိုသို့သော ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် အကုသိုလ်လုပ်ရပ်များအနီးသို့ ဘယ်သော အခါမျှ သွားလိမ့်မည်မဟုတ်ကြောင်းမှာ သေချာလေသည်။

ကုရ်တူဗီနှင့် အချို့အကျယ်ဖွင့်ဆိုသူများက ဤစကားရပ်သည် 'ဖန်ဆင်းမွေးမြူတော်မူသော အရှင်၏ စခန်းတော်ကို ကြောက်ရွံ့သောသူ'ကို ဆိုလိုကြောင်း အဓိပ္ပါယ်ဖွင့်ကြ၏။ ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ ကြီးမြတ်သော စခန်းတော်ကို သတိရှိနေသည်။ ထိုအရှင်မြတ်သည် ထိုနေရာမှနေ၍ မိမိ၏တိတ်တခိုး သို့မဟုတ် ပေါ်ထင်စွာ ပြောဆို၊ ပြုမူ၊ ကျင့်ကြံပုံများ စောင့်ကြည့်နေတော်မူသောကြောင့် မိမိ၏လှုပ်ရှားမှုနှင့် လုပ်ရပ်မှန်သမျှကို သိနေတော်မူသည်။ ဤရှုင်းပြချက်သည် အလ္လာဟ်အရှင်မြတ်၏ ၎င်းအပေါ်စောင့်ကြည့်နေတော်မူခြင်းက ၎င်းအား မကောင်းမှုများမှ ဝေးရာတွင် နေစေလိမ့်မည်ဆိုသော ယခင်ရှုင်းပြချက်နှင့် နီးစပ်လေသည်။

ذَوَاتَآ أَفْنَانٍ "အကိုင်းအလက်များ ပေါများဝေဆာလျက်ရှိကြသော"(၅၅း၄၈)။ ဤသည်မှာ ပထမဥယျာဉ်နှစ်ခုအကြောင်းကို ဖော်ပြခြင်းဖြစ်၏။ အကိုင်းအခက်များ ဝေဆာလျက်ရှိသည့် သစ်ပင်များစွာရှိသဖြင့် ယင်းတို့၏အရိပ်သည် သိပ်သည်းနေမည်ဖြစ်သည့်ပြင် သစ်သီးဝလံများလည်း ပေါများလိမ့်မည်ဖြစ်၏။ အခြားဥယျာဉ်နှစ်ခုအကြောင်းကို နောက်ပိုင်းတွင် ဖော်ပြ၏။ ယင်းတို့အကြောင်းကို ဖော်ပြရာတွင် ထိုကဲ့သို့ ဂုဏ်အင်လက္ခဏာများ မပါရှိခြင်းက ယင်းတို့၏ အဆင့်နိမ့်မှုကို သွယ်ဝိုက်၍ သိစေလေသည်။

فِيهِمَا مِن كُلِّ فَٰكِهَةٍ زَوْجَانِ "ယင်းဥယျာဉ်နှစ်ခုစလုံးတွင် သစ်သီးတိုင်းသည် နှစ်မျိုးနှစ်စား ရှိကြပေမည်။"(၅၅း၅၂)။ مِن كُلِّ فَٰكِهَةٍ 'သစ်သီးတိုင်း'ဟူသော စကားရပ်က ပထမဥယျာဉ်နှစ်ခုတွင် သစ်သီးအမျိုးမျိုး ရှိလိမ့်မည်ဟု ဆိုလိုသည်။ ဤသည်နှင့် ဆန့်ကျင်လျက် အာယတ်တော်(၆၈)က ဒုတိယဥယျာဉ်နှစ်ခုအကြောင်းကို فَٰكِهَةٌ 'ဖါကိဟဟ်' (သစ်သီးများ)ဟူ၍သာ ရိုးရှင်းစွာဖော်ပြ၏။ زَوْجَانِ 'ဇောင်ဂျာန်' (နှစ်မျိုးနှစ်စား)ဟူသော စကားလုံးက သစ်သီးတိုင်းသည် နှစ်မျိုး နှစ်စား ဖြစ်ကြလိမ့်မည်။ ခြောက်သွေ့နေသော သစ်သီးတစ်မျိုးနှင့် လတ်ဆတ်သောသစ်သီး အခြားတစ်မျိုးတို့ ဖြစ်ကြသည်။ အမျိုးအစားတစ်ခုသည် သာမန်အရသာရှိပြီး၊ အခြားအမျိုးအစားသည် ထူးကဲသော၊ အနံ့၊ အရသာ ရှိလိမ့်မည်ဟု ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ (မဇ်ဟရီ)

"لَمْ يَطْمِثْهُنَّ اِنْسٌ قَبْلَهُمْ وَ لَا جَآنٌّ .... ၎င်းတို့အလျင် မည်သည့်လူသားတစ်ဦးတစ်ယောက်မျှလည်း ထိုမိန်းမပျိုအား ထိတွေ့ခဲ့ဖူးသည်မရှိပေ။ မည်သည့် ဂျင်နီတစ်ဦးတစ်ယောက်မျှလည်း ထိတွေ့ခဲ့ဖူးသည် မရှိချေ။" (၅၅း၅၆)။ طَمَثْ 'ရာသီလာခြင်း'ကို 'တွမသ်' ဟု ခေါ်ဆိုပြီး၊ 'ရာသီလာနေသော အမျိုးသမီး'ကို طَامِثْ 'တွမိသ်'ဟု ခေါ်၏။ 'အပျိုစင်တစ်ဦးနှင့် ကာမဆက်ဆံခြင်း' ဟုလည်း အဓိပ္ပါယ်ရ၏။ ဤအာယတ်တော်၌ ဤဒုတိယအဓိပ္ပါယ်ဖြင့် သုံးခြင်းဖြစ်၏။

"هَلْ جَزَآءُ الْاِحْسَانِ اِلَّا الْاِحْسَانُ အဓိန့်တော်ကို ကြည်ညိုလေးမြတ်စွာ နာခံခြင်း၏ အကျိုးကား ကျေးဇူးပြုတော်မူခြင်းမှတပါး အခြားမရှိပြီ။" (၅၅း၆၀)။ ယုံကြည်သက်ဝင်သူများအတွက် ဥယျာဉ်နှစ်ခုအကြောင်းကို ဖော်ပြပြီးနောက် ကောင်းမှုတစ်ခုအတွက် အကျိုးဆုလာဘ်တစ်ခုရှိကြောင်းကို အခြေခံသဘောတရားတစ်ခုအနေဖြင့် ကြေညာတော်မူသည်။ သို့ဖြစ်၍ ကောင်းမြတ်သော ယုံကြည်သက်ဝင်သူများသည် ကောင်းသော အကျိုးဆုလာဘ်များဖြင့် ချီးမြှောက်ခံကြရမည် ဖြစ်ပေသည်။

"مُدْهَآمَّتٰنِ ယင်း(ဥယျာဉ်)နှစ်ခုစလုံးမှာ- အစိမ်းရင့်- ကျောက်မီးသွေးနရောင်ဖြစ်၏။"(၅၅း၆၄)။ ဤစကားတစ်လုံးတည်း အာယတ်တော်က 'သစ်ရွက်များဖြင့် အစိမ်းရင့်ရောင်ရှိသော'ဟု ဆိုလိုသည်။ ဤစကားလုံးသည် 'အိဒိမာမ်'မှ ဆင်းသက်ပြီး မြက်ခင်းပြင်သို့မဟုတ် ဥယျာဉ်များအဖို့ ရေရိုးရေငွေ့ သို့မဟုတ် စီးသွင်နေသော ချောင်းမြောင်းများကြောင့် အနက်ရောင်ဘက်သို့ယိမ်းသော အစိမ်းရင့်ရောင် ဖြစ်သွားသည်ဟု ဆိုလိုသည်။ ဤဖော်ပြချက်သည် ပထမဥယျာဉ်နှစ်ခုအတွက် မဟုတ်ပေ။ ဤသို့ဆိုခြင်းဖြင့် ယင်းဥယျာဉ်များတွင် ထိုအရည်အသွေးမရှိဟု ဆိုလိုခြင်းမဟုတ်ချေ။ အလျင်ဥယျာဉ်များအား ذَوَاتَآ اَفْنَانٍ 'အကိုင်းအခက်များစွာရှိသော'ဟု ဖော်ပြခြင်းက 'အစိမ်းရင့်ရောင်' ဝိသေသဟူ၍လည်း သဘောပေါက်နားလည်နိုင်လေသည်။

"فِيْهِنَّ خَيْرٰتٌ حِسَانٌ ယင်း(ဥယျာဉ်များနှင့် ဥယျာဉ်များရှိ အဆောက်အအုံ)တို့တွင် စာရိတ္တအားဖြင့် မွန်မြတ်သော၊ ရုပ်ရည်အားဖြင့် လှပတင့်တယ်သော မိန်းမများသည် ရှိကြပေသည်။"(၅၅း၇၀)။ خَيْرَاتٌ 'ခိုင်ရာတ်'ဟူသော စကားလုံး (အထက်၌ 'ကောင်းသော'ဟု ဘာသာပြန်သည်။)သည် 'ထိုအမျိုးသမီးတို့၏ ကောင်းမွန်သော အကျင့်စာရိတ္တ'ကို လည်းကောင်း، حِسَانٌ 'ဟိစာန်'ဟူသော စကားလုံး (အထက်၌ 'လှပတင့်တယ်သော'ဟု ဘာသာပြန်၏) သည် 'လှပသော ရုပ်လက္ခဏာများရှိသည့် အမျိုးသမီးများ'ကိုလည်းကောင်း ရည်ညွှန်း၏။ ပထမနှင့်ဒုတိယ ဥယျာဉ်များနှစ်ခုစလုံးရှိ အမျိုးသမီးများတွင် ဤအရည်အသွေးများ ရှိကြမည့်အကြောင်း အလျင်အာယတ်တော်များက ရည်ညွှန်းဖော်ပြခဲ့၏။

"مُتَّكِـِٔيْنَ عَلٰى رَفْرَفٍ خُضْرٍ وَّ عَبْقَرِيٍّ حِسَانٍ (၎င်းတို့သည်) အစိမ်းရောင်ကော်ဇောများပေါ်၌ လည်း ကောင်း၊ လွန်စွာအံ့ဘွယ်ကောင်းသော အခင်းအကျင်းပေါ်၌ လည်းကောင်း၊ (ထိုင်၍မှီအုံးများကို) မှီလျက်ရှိကြပေမည်။" (၅၅း၇၆)။ ကာမူးစ်က ရှင်းပြသည်မှာ رَفْرَف 'ရဖ်ရဖ်'သည် ကော်ဇောများ၊ ခေါင်းအုံးများ၊ ကူရှင်များနှင့် အခြား အလှဆင်ပစ္စည်းများ ပြုလုပ်ရာတွင်သုံးသည့် 'အစိမ်းရောင်ရှိ သောပိုးထည်စ'ကို ဆိုလိုခြင်းဖြစ်၏။ အာရဗီဝေါဟာရအဘိဓါန် 'ဆွိဟာတ်'တွင် ဖော်ပြသည်မှာ ယင်းတို့အား သစ်ပင် နေ(တိရစ္ဆာန်စသည်)များ၊ ပန်းပွင့်ပုံစံများဖြင့် တန်ဆာဆင်ထားပြီး၊ အူရဒူဘာသာဖြင့် مُشَجَّر 'မုရှဂ်ျဂ်ရ်'ဟုခေါ်၏။ عَبْقَرِی 'အဗ်ကရိယ်'ဟူသော နာမ်သည် 'ညက်ညော

လှပသော အဝတ်စ သို့မဟုတ် ဝတ္ထုပစ္စည်းတိုင်း'ကို ရည်ညွှန်း ပြီး၊ နာမဝိသေသနဖြစ်သည့် 'ဟိစာန်'(လှပသော)က ယင်းပစ္စည်းကို အထူးပြု၏။

تَبٰرَكَ اسْمُ رَبِّكَ ذِى الْجَلٰلِ وَ الْاِكْرَامِ "(အို-နဗီတမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော တန်ခိုးတော်ရှင်၊ ကျေးဇူးတော်ရှင်၏ နာမတော်သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါပေသည် တကား။" (၅၅း၇၈)။ စူရဟ်အရ်ရဟ်မာန်သည် အလ္လာဟ် အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများ၊ ကောင်းကျိုးပြုသည့်အရာများ၊ ရက်ရောမှုများနှင့် လူသားတို့အပေါ် ထိုအရှင်မြတ် ၏ကျေးဇူးတော်များဖြင့် ပြည့်နှက်၍နေလေသည်။ နိဂုံးတွင် ဤအာယတ်တော်ကို အနှစ်ချုပ်အနေဖြင့် ဖြည့်စွက်ထည့် သွင်းပေးခြင်းမှာ အကြင်သူသည် သန့်ရှင်းစင်ကြယ်တော်မူသော အရှင်မြတ်အကြောင်းကို ဘာများပြောဆိုနိုင်ပါမည် နည်း။ ထိုအရှင်မြတ်၏ နာမတော်သည်ပင် ခမ်းနားကြီးကျယ်လှ၏။ အလ္လာဟ်အရှင်မြတ်၏ ကျက်သရေမင်္ဂလာများနှင့် ကျေးဇူးတော်များသည် ထိုအရှင်မြတ်၏ နာမတော်အားဖြင့်တည်မြဲလျက်ရှိ၏။ စင်ကြယ်သန့်ရှင်းတော်မူသော၊ အမြင့်မြတ်ဆုံး ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ် အသိဆုံးဖြစ်တော်မူပေသည်။

အလ်ဟမ်ဒုလေလ္လာ

စူရဟ်အရ်ရဟ်မာန်၏ ရှင်းလင်းဖွင့်ဆိုချက် ဤတွင်ပြီး၏။

سُورَةُ الوَاقِعَةِ

စူရဟ် အလ်ဝါကိအဟ်

(ဖြစ်အံ့ဆဲဆဲအဖြစ်အပျက်ကကျွာ)

ဤစူရဟ်သည် မက္ကီဖြစ်ပြီး၊ အာယတ်တော် (၉၆)ပါး၊ ရုကူအ်(၃)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော၊ မဟာကရုဏာအပေါင်းနှင့် ပြည့်စုံတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယသ်တော် (၁-၅၆)

اِذَا وَقَعَتِ الْوَاقِعَةُ ۝١ لَيْسَ لِوَقْعَتِهَا كَاذِبَةٌ ۝٢ خَافِضَةٌ رَّافِعَةٌ ۝٣ اِذَا
رُجَّتِ الْاَرْضُ رَجًّا ۝٤ وَّ بُسَّتِ الْجِبَالُ بَسًّا ۝٥ فَكَانَتْ هَبَآءً مُّنْۢبَثًّا ۝٦
وَّ كُنْتُمْ اَزْوَاجًا ثَلٰثَةً ۝٧ فَاَصْحٰبُ الْمَيْمَنَةِ ۙ مَآ اَصْحٰبُ الْمَيْمَنَةِ ۝٨ وَ
اَصْحٰبُ الْمَشْئَمَةِ ۙ مَآ اَصْحٰبُ الْمَشْئَمَةِ ۝٩ وَ السّٰبِقُوْنَ السّٰبِقُوْنَ ۝١٠
اُولٰٓئِكَ الْمُقَرَّبُوْنَ ۝١١ فِيْ جَنّٰتِ النَّعِيْمِ ۝١٢ ثُلَّةٌ مِّنَ الْاَوَّلِيْنَ ۝١٣ وَ قَلِيْلٌ
مِّنَ الْاٰخِرِيْنَ ۝١٤ عَلٰى سُرُرٍ مَّوْضُوْنَةٍ ۝١٥ مُّتَّكِـِٕيْنَ عَلَيْهَا مُتَقٰبِلِيْنَ
۝١٦ يَطُوْفُ عَلَيْهِمْ وِلْدَانٌ مُّخَلَّدُوْنَ ۝١٧ بِاَكْوَابٍ وَّ اَبَارِيْقَ ۙ وَ كَاْسٍ مِّنْ
مَّعِيْنٍ ۝١٨ لَّا يُصَدَّعُوْنَ عَنْهَا وَ لَا يُنْزِفُوْنَ ۝١٩ وَ فَاكِهَةٍ مِّمَّا
يَتَخَيَّرُوْنَ ۝٢٠ وَ لَحْمِ طَيْرٍ مِّمَّا يَشْتَهُوْنَ ۝٢١ وَ حُوْرٌ عِيْنٌ ۝٢٢ كَاَمْثَالِ
اللُّؤْلُؤِ الْمَكْنُوْنِ ۝٢٣ جَزَآءً بِمَا كَانُوْا يَعْمَلُوْنَ ۝٢٤ لَا يَسْمَعُوْنَ فِيْهَا
لَغْوًا وَّ لَا تَاْثِيْمًا ۝٢٥ اِلَّا قِيْلًا سَلٰمًا سَلٰمًا ۝٢٦ وَ اَصْحٰبُ الْيَمِيْنِ ۙ مَآ اَصْحٰبُ
الْيَمِيْنِ ۝٢٧ فِيْ سِدْرٍ مَّخْضُوْدٍ ۝٢٨ وَّ طَلْحٍ مَّنْضُوْدٍ ۝٢٩ وَّ ظِلٍّ مَّمْدُوْدٍ ۝٣٠ وَّ
مَآءٍ مَّسْكُوْبٍ ۝٣١ وَّ فَاكِهَةٍ كَثِيْرَةٍ ۝٣٢ لَّا مَقْطُوْعَةٍ وَّ لَا مَمْنُوْعَةٍ

﴿۳۳﴾ وَّ فُرُشٍ مَّرْفُوْعَةٍ ﴿۳۴﴾ اِنَّاۤ اَنْشَاْنٰهُنَّ اِنْشَآءً ﴿۳۵﴾ فَجَعَلْنٰهُنَّ اَبْكَارًا ﴿۳۶﴾
عُرُبًا اَتْرَابًا ﴿۳۷﴾ لِّاَصْحٰبِ الْيَمِيْنِ ﴿۳۸﴾ ثُلَّةٌ مِّنَ الْاَوَّلِيْنَ ﴿۳۹﴾ وَ ثُلَّةٌ مِّنَ
الْاٰخِرِيْنَ ﴿۴۰﴾ وَ اَصْحٰبُ الشِّمَالِ ۙ مَاۤ اَصْحٰبُ الشِّمَالِ ﴿۴۱﴾ فِيْ سَمُوْمٍ وَّ
حَمِيْمٍ ﴿۴۲﴾ وَّ ظِلٍّ مِّنْ يَّحْمُوْمٍ ﴿۴۳﴾ لَّا بَارِدٍ وَّ لَا كَرِيْمٍ ﴿۴۴﴾ اِنَّهُمْ كَانُوْا قَبْلَ
ذٰلِكَ مُتْرَفِيْنَ ﴿۴۵﴾ وَ كَانُوْا يُصِرُّوْنَ عَلَى الْحِنْثِ الْعَظِيْمِ ﴿۴۶﴾ وَ كَانُوْا يَقُوْلُوْنَ
ۙ اَئِذَا مِتْنَا وَ كُنَّا تُرَابًا وَّ عِظَامًا ءَاِنَّا لَمَبْعُوْثُوْنَ ﴿۴۷﴾ اَوَ اٰبَآؤُنَا الْاَوَّلُوْنَ
﴿۴۸﴾ قُلْ اِنَّ الْاَوَّلِيْنَ وَ الْاٰخِرِيْنَ ﴿۴۹﴾ لَمَجْمُوْعُوْنَ ۙ اِلٰى مِيْقَاتِ يَوْمٍ
مَّعْلُوْمٍ ﴿۵۰﴾ ثُمَّ اِنَّكُمْ اَيُّهَا الضَّآلُّوْنَ الْمُكَذِّبُوْنَ ﴿۵۱﴾ لَاٰكِلُوْنَ مِنْ شَجَرٍ
مِّنْ زَقُّوْمٍ ﴿۵۲﴾ فَمَالِـُٔوْنَ مِنْهَا الْبُطُوْنَ ﴿۵۳﴾ فَشٰرِبُوْنَ عَلَيْهِ مِنَ الْحَمِيْمِ
﴿۵۴﴾ فَشٰرِبُوْنَ شُرْبَ الْهِيْمِ ﴿۵۵﴾ هٰذَا نُزُلُهُمْ يَوْمَ الدِّيْنِ ﴿۵۶﴾

အကြင်အခါဝယ် အဖြစ်အပျက် (ကိယာမတ်ရှင်ပြန်ထမည့်နေ့)သည် ဖြစ်ခဲ့အံ့။ [၁] ယင်း အဖြစ်အပျက် (ကိယာမတ်) ဖြစ်မှုနှင့်စပ်လျဉ်း၍ မမှန်ဟူ၍မရှိပြီ။ [၂] (ယင်းအဖြစ်အပျက်သည် အချို့အား) နိမ့်စေ၍(အချို့အား) မြင့်စေမည်။ [၃] အကြင်အခါဝယ် ကမ္ဘာမြေသည် ပြင်းထန်စွာ တုန်လှုပ်စေခြင်းကို ခံရပေမည်။ [၄] ၎င်းပြင် တောင်များသည် ညက်ညက်ကြေအောင် ကြေမွ စေခြင်းကိုခံကြရမည်။ [၅] ထိုအခါယင်းတောင်များမှာ ဖြန့်ကြဲထားသောမြူမှုန့်ဖြစ်သွားကြပေမည်။ [၆] ထိုမှတစ်ပါး အသင်တို့သည် သုံးမျိုးသုံးစားဖြစ်သွားကြပေမည်။ [၇] မည်သို့ပင်ဖြစ်စေ လက်ယာဘက်သားတို့မှာ၊ ထိုလက်ယာဘက်သားတို့ကား အဘယ်မျှလောက် ကောင်းမြတ်ပေ သနည်း။ [၈] သို့ရာတွင် လက်ဝဲဘက်သားတို့မှာ၊ လက်ဝဲဘက်သားတို့ကား အဘယ်မျှလောက် ဆိုးရွားလှဘိသနည်း။ [၉] ထိုမှတစ်ပါး အသာဆုံးသောသူတို့မှာ အသာဆုံးသောသူများပင် ဖြစ် ကြကုန်၏။ [၁၀] ထိုသူတို့ကား (အလ္လာဟ်အရှင်မြတ်နှင့်) အထူးနီးစပ်သောသူများပင်။ [၁၁] (ၚင်းတို့မှာကား) ထာဝရစည်းစိမ်နှင့် ပြည့်စုံသောဥယျာဉ်များ၌ ရှိကြကုန်အံ့သတည်း။ [၁၂] (ယင်း ဥယျာဉ်များတွင်)ရှေးသူဟောင်းတို့အနက်မှ အလွန်ကြီးမားများပြားသော အုပ်စုကြီး တစ်ခုရှိပေ မည်။ [၁၃] ၎င်းပြင် နောင်လာနောင်သားတို့ အနက်မှအနည်းငယ် ရှိကြပေမည်။ [၁၄] (ၚင်းတို့မှာ) ကျောက်သံပတ္တမြားစီ၍ မြှုပ်ထားသော သလွန်များထက်ဝယ်။ [၁၅] (မိုအံ့များကို)မိုလျက် မျက်နှာချင်းဆိုင်ထိုင်လျက် ရှိနေကြပေမည်။ [၁၆] ၎င်းတို့ထံ အသက်သေဆုံးခြင်းမရှိဘဲ၊ အမြဲ ထာဝရ နငယ်လျက် ရှိနေကြရအံ့သော သူငယ်တို့ လှည့်ပတ်သွားလာလျက် ရှိကြပေမည်။ [၁၇] သောက်ရေဖလားများ၊ ရေတကောင်းများနှင့်သွင်သွင်စီးသော အရက်ဖြင့် ပြည့်လျှံလျက်ရှိ သော

ခွက်များကိုယူဆောင်၍။ [၁၈] ၎င်းတို့မှာ ထိုအရက်ကြောင့် ခေါင်းခဲခြင်းကို ၎င်းပြင် နောင်လာ နောင်သားတို့ အနက်မှ အနည်းငယ်ရှိကြပေမည်။ [၁၉] ထို့ပြင် ၎င်းတို့နှစ်လိုကြသော သစ်သီးဝလံများ(ကို ယူဆောင်၍)။ [၂၀] ထိုမှတစ်ပါး ၎င်းတို့နှစ်သက်ကြသော ငှက်သားများ(ကို ယူဆောင်၍)။ [၂၁] ထိုမှတစ်ပါး (၎င်းတို့အဖို့) လွန်စွာဖြူ၍ တင့်တယ်သော၊ မျက်စိပြူး၍လှပသော မိန်းမများလည်း ရှိကြပေမည်။ [၂၂] လှို့ဝှက်၍ထားရှိသော ပုလဲများပမာ။ [၂၃] (ဤသည်) ၎င်းတို့ ကျင့်မူဆောက်တည်လျက်ရှိခဲ့ကြလေသော ကောင်းမှုများ၏ အစားပေးတော်မူခြင်းပင်။ [၂၄] ထိုသူတို့သည် ယင်းဥယျာဉ်များ၌ မည်သည့်မရေမရာသော စကားလုံးမျှလည်းကောင်း၊ မည်သည့်အပြစ်ဖြစ်စေသော စကားကိုမျှလည်းကောင်း၊ ကြားရမည်မဟုတ်ပေ။ [၂၅] 'စလာမ်' 'စလာမ်' (ဘေးရန်ခပ်သိမ်း ကင်းပြိမ်းပါစေ၊ ဘေးရန်ခပ်သိမ်းကင်းပြိမ်းပါစေ)ဟူ၍ ပြောဆိုခြင်းကိုသာလျှင် (ကြားကြရကုန်အံ့သတည်း။ [၂၆] ထို့ပြင် လက်ယာဘက်သားတို့ကား၊ ထိုလက်ယာဘက်သားတို့မှာ အဘယ်မျှ ကောင်းမြတ်ကြပေသနည်း။ [၂၇] (၎င်းတို့မှာ) ဆူးများရှင်းထားပြီးဖြစ်သော ဆီးပင်ရှိရာ၌ရှိကြပေမည်။ [၂၈] ၎င်းပြင် အခိုင်လိုက်သီးသော ငှက်ပျောပင်များရှိရာ၌ ရှိကြပေမည်။ [၂၉] ထို့ပြင် ကျယ်ဝန်းပြန့်ပြူး၍ မြဲသောအရိပ်အာဝါသ၌ ရှိကြပေမည်။ [၃၀] ထိုမှတစ်ပါး (မြေပေါ်)၌ အမြဲစီးတွေ့လျက်ရှိသော ရေရှိရာ၌ရှိကြပေမည်။ [၃၁] ထို့ပြင် မြောက်များစွာသော သစ်သီးဝလံများရှိရာ၌ ရှိနေကြပေမည်။ [၃၂] (ထိုသစ်သီးဝလံများမှာ မည်သည့် ဥတုရာသီ၌မျှ) ကုန်ခန်းသော သစ်သီးဝလံများလည်း မဟုတ်ပေ၊ (မည်သို့မျှ) ပိတ်ပင်တားမြစ်ခြင်းခံရအံ့သော သစ်သီးဝလံများလည်းမဟုတ်ချေ။ [၃၃] ထိုမှတစ်ပါး (၎င်းတို့သည်) မြင့်စွင့်လှစွာသောသလွန်များ၊ အခင်းအကျင်းများ၊ မွေ့ရာများပေါ်၌ ရှိနေကြပေမည်။ [၃၄] ဇကန်မလွဲ ငါအရှင်မြတ်သည် (ဂျန္နတ်သုခဘုံ၌ ရှိကုန်သော) ထိုမိန်းမတို့အား အထူး ဖန်ဆင်းတော်မူခဲ့၏။ [၃၅] တစ်ဖန် ငါအရှင်မြတ်သည် ၎င်းတို့အား ပျိုကညာများ ပြုလုပ်တော်မူခဲ့၏။ [၃၆] (လင်ယောကျ်ားတို့အား)ချစ်ခင် စုံမက်ကြသော၊သက်တူရွယ်တူများဖြစ်ကြသော။ [၃၇] လက်ယာဘက်သားတို့အဖို့။ [၃၈] (ထို လက်ယာဘက်သားတို့တွင်) ရှေးသူဟောင်းတို့အနက် ကြီးကျယ်လှစွာသော အုပ်စုကြီးတစ်ခုသည်လည်းကောင်း။ [၃၉] နောင်လာနောက်သားတို့အနက်မှ ကြီးကျယ်လှစွာသော အုပ်စုကြီး တစ်ခုသည်လည်းကောင်း ပါဝင်ကြကုန်အံ့သတည်း။ [၄၀] သို့ရာတွင် လက်ဝဲဘက်သားတို့မှာ၊ လက်ဝဲဘက်သားတို့သည် အဘယ်မျှလောက် ဆိုးရွား လှဘိသနည်း။ [၄၁](ထိုလက်ဝဲ ဘက်သားတို့မှာ) ခြစ်ခြစ်ပူလောင်သောလေပူ၌လည်းကောင်း၊ ပွက်ပွက်ဆူလျက် ရှိသော ရေနွေး ပူ၌လည်းကောင်း။ [၄၂] လွန်စွာနက်မှောင်သော အခိုးအငွေ့၏ အရိပ်၌လည်းကောင်း ရှိကြပေမည်။ [၄၃] (ယင်းအရိပ်မှာ) အေးမြသည်လည်း မဟုတ်ပေ။ ပြန်၍ လန်းဆန်းစေသည်လည်း မရှိပေ။[၄၄] စင်စစ် ဇကန် ၎င်းတို့သည် ထိုသည့်အလျင်စည်းစိမ်ကြီးသူများပင် ဖြစ်ခဲ့ကြကုန်၏။ [၄၅] ထို့ပြင် အလွန်အမင်းကြီးလေးသောပြစ်မှုဒုစရိုက်ကို ဖွတ်တိုး၍ကျူးလွန်လျက်ရှိခဲ့ကြကုန်၏။ [၄၆] ထိုမှတစ်ပါး ၎င်းတို့သည် (ဤသို့) ပြောဆိုလျက်ရှိခဲ့ကြကုန်၏။ 'ကျွန်ုပ်တို့သည် သေပြီးနောက် အရိုးများဖြစ်ခဲ့ကြသောအခါ ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လော'။ [၄၇] 'ငင်းပြင် ရှေးသူဟောင်းများ ဖြစ်ကြ

သောကျွန်ုပ်တို့၏အဘ ဘိုးဘေးတို့သည်လည်း (ရှင်ပြန် ထကြဦးမည်လော)'။ [၄၈] (အို-နဗီ တမန်တော်၊) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ဇကန်မလွဲ လူဟောင်းတို့သည် လည်း ကောင်း၊ နောင်လာနောက်သားတို့သည် လည်းကောင်း။ [၄၉] အမှန်ပင် သတ်မှတ်ပြီးဖြစ်သောနေ့ ဆိုက်ရောက်လာသောအချိန်တွင် စုံရုံးခြင်းခံကြရပေမည်။ [၅၀] ထို့နောက် အို-လမ်းလွဲသူတို့၊ မဟုတ် မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူတို့၊ အသင်တို့သည် ဇကန်မလွဲ။ [၅၁] 'ဇက္ကူမ်' ရှားစောင်းခါးပင် စားကြရမည်ဖြစ်၏။ [၅၂] တစ်ဖန် (အသင်တို့သည်) ယင်း ရှားစောင်းခါးပင်(မှ စားသုံးခြင်း)ဖြင့် ဝမ်းဗိုက်များကို ဖြည့်ကြရမည်ဖြစ်၏။ [၅၃] တစ်ဖန် (အသင်တို့သည်) ယင်းရှားစောင်းခါးပင် စားပြီးနောက် ပွက်ပွက်ဆူလျက်ရှိသော ရေနွေးပူကိုသောက်ကြရမည်ဖြစ်၏။ [၅၄] ထိုအခါ (အသင်တို့သည် ထိုပွက်ပွက်ဆူလျက်ရှိသောရေနွေးပူကို) လွန်စွာ ရေမွတ်သိပ်လျက် ရှိကုန်သော ကုလားအုတ်များ သောက်သကဲ့သို့ပင် သောက်ကြရပေမည်။[၅၅] ဤသည်ကား ၎င်းတို့အား အစားပေးသောနေ့တွင် ဧည့်ခံကျွေးမွေးခြင်းပင် ဖြစ်အံ့သတည်း။[၅၆]

စူရဟ်အလ်ဝါကိအဟ်၏ထူးခြားသည့်ဝိသေသ

သာဝကကြီးအဗ်ဒွလ္လာဟ်အိဗ်နမတ်စအူးဒ်(ﷺ)ကွယ်လွန်ခါနီးတွင် ဩဝါဒပေးသော အဖြစ်အပျက်

အိဗ်နအစာကိရ်အားကိုးကားလျက် အိဗ်နေကဆီရ်က အဗူဇွဗ်ယဟ်ထံမှ အဖြစ်အပျက်တစ်ခုကို ရည်ညွှန်းဖော်ပြသည်မှာ သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နမတ်စအူးဒ်ﷺကွယ်လွန်ခါနီး အိဗ်ယာပေါ်၌လဲနေသောအခါ သာဝကကြီး အွတ်စမန်ﷺသည် လူနာမေးသွားရင်း အောက်ပါအတိုင်းစကားစမြည်ပြောခဲ့လေသည်။

အွတ်စမန်ﷺ	مَاتَشْتَكِيْ؟	သင်ဘယ်လိုဝေဒနာမျိုးကို ခံစားနေရပါသလဲ။
အိဗ်နမဆူးဒ်ﷺ	ذُنُوْبِيْ	ကျွန်ုပ်၏အပြစ်များကိုခံစားနေရပါသည်။
အွတ်စမန်ﷺ	مَاتَشْتَهِيْ؟	တစ်ခုခုများဆန္ဒရှိပါသလား။
အိဗ်နမတ်စအူးဒ်ﷺ	رَحْمَةَ رَبِّيْ	ဟုတ်ကဲ့၊ အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်ကို ရလိုပါသည်။
အွတ်စမန်ﷺ	اَلَا آمُرُكَ بِطَبِيْبٍ	သင့်အတွက် ဆေးဆရာကို ခေါ်ပေးရမည့်လား။
အိဗ်နမတ်စအူးဒ်ﷺ	اَلطَّبِيْبُ اَمْرَضَنِيْ	

ကျွန်ုပ်အား နေမကောင်းဖြစ်အောင် ပြုလုပ်သူမှာ ဆေးဆရာပင် ဖြစ်၏။

အွတ်စမန်ﷺ	اَلَا آمُرُكَ بِعَطَاءٍ؟	

ကျွန်ုပ်သင့်ထံသို့ ပြည်သူဘဏ္ဍာတိုက်မှ ထောက်ပံ့ကြေးပို့ပေးရမည်လား။

အိဗ်နမတ်စအူးဒ်ﷺ	لَاحَاجَةَ لِيْ فِيْهِ	ထောက်ပံ့ကြေးကို ကျွန်ုပ်မလိုအပ်ပါ။
အွတ်စမန်ﷺ	يَكُوْنُ لِبَنَاتِكَ مِنْ بَعْدِكَ	

လက်ခံပါ(ကျေးဇူးပြု၍)။ သင်က သမီးလေးများကို ထားရစ်ခဲ့မှာပါ။ ၎င်းတို့အတွက် ထောက်ပံ့ကြေးက အကူအညီဖြစ်စေပါလိမ့်မည်။

အိဗ်နမတ်စအူးဒ်ﷺ أَتَخْشَى عَلَىٰ بَنَاتِيْ الْفَقْرَ إِنِّيْ اَمَرْتُ بَنَاتِيْ يَقْرَأْنَ كُلَّ لَيْلَةٍ سُوْرَةَ الْوَاقِعَةِ إِنِّيْ سَمِعْتُ رَسُوْلَ اللّٰهِ صلى الله عليه وسلم يَقُوْلُ مَنْ قَرَأَ سُوْرَةَ الْوَاقِعَةِ كُلَّ لَيْلَةٍ لَمْ تُصِبْهُ فَاقَةٌ اَبَدًا (ابن كثير ۴/۳۰۲)

သင်ကကျွန်ုပ်၏သမီးများ ဆင်းရဲဒုက္ခရောက်ကြမည်ကို စိုးရိမ်နေသည်။ ကျွန်ုပ်တွင် ထိုကဲ့သို့ စိုးရိမ်သောကမရှိပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အား ကျွန်ုပ်က ညစဉ် ဝူရဟ် အလ်ဝါကိအဟ်ကို ရွတ်ဖတ်ရန် ညွှန်ကြားပြီးဖြစ်၏။

အလ္လာဟ်ရဇူလ်ﷺက

مَنْ قَرَأَ سُوْرَةَ الْوَاقِعَةِ كُلَّ لَيْلَةٍ لَّمْ تُصِبْهُ فَاقَةٌ اَبَدًا

"ဝူရဟ်အလ်ဝါကိအဟ်'ကို ညစဉ်ရွတ်ဖတ်သောသူသည် မည်သည့်အခါမျှ ဆင်းရဲလိမ့်မည်မဟုတ်။"ဟု မိန့်တော်မူကြောင်းကို ကျွန်ုပ်ကြားခဲ့ပါသည်။

အိဗ်နအဆာကိရ်ထံမှ ဤအဖြစ်အပျက်ကို ရည်ညွှန်းကိုးကားပြီးနောက် အခြားဆင့်ပြန်သူကွင်းဆက်များ၊ ဇစ်မြစ်များဖြင့် အိဗ်နကဆီးရ်က ထောက်ခံခဲ့လေသည်။

ရှင်ပြန်ထမည့်နေ့၏ ထိတ်လန့်တုန်လှုပ်ဖွယ်ရာများ

إِذَا وَقَعَتِ الْوَاقِعَةُ".....အကြောင်အခါဝယ် အဖြစ်အပျက် (ကိယာမတ်ရှင်ပြန်ထမည့်နေ့)သည် ဖြစ်ခဲ့အံ့.....။" (၅၆း၁) အလ်ဝါကိအဟ်သည် ရှင်ပြန်ထမည့်နေ့၏ အခြားနာမည်များထဲမှ တစ်ခုဖြစ်သည်ဟု အိဗ်နကဆီရ်က ပြောကြား၏။ အဘယ်ကြောင့်ဆိုသော် ထိုနေ့ဖြစ်ပေါ်မှုမှာ သံသယရှိစရာမလိုသောကြောင့်ဖြစ်၏။ ထိုနေ့သည် အမှန်တကယ်ရှိပြီး သေချာပေါက်ရောက်လာလိမ့်မည်ဖြစ်၏။

لَيْسَ لِوَقْعَتِهَا كَاذِبَةٌ".....ယင်းအဖြစ်အပျက် (ကိယာမတ်)ဖြစ်မှုနှင့် စပ်လျဉ်း၍ မမှန်ဟူ၍မရှိပြီ.....။" 'ကာသိဗဟ်'ဟူသော စကားလုံးသည် 'အာဖိယဟ်'နှင့်'အာကိဗဟ်'တို့ကဲ့သို့ ကြိယာအဖြစ်သုံးသောနာမ်ဖြစ်၏။ အာယသ်တော်က'ဤအဖြစ်အပျက်ဖြစ်ပေါ်မှုသတင်းသည် သတင်းမှားမဖြစ်နိုင်'ဟု ဆိုလိုသည်။ အချို့ပညာရှင်များက 'ကာသိဗဟ်'အား 'တပ်က်သိဗ်'(ငြင်းဆိုသည်)ဟူသော အဓိပ္ပာယ်ကို ယူခြင်းဖြင့် 'ထိုနေ့ရောက်ရှိလာမည်'ဟူသော အချက်ကို မည်သူ မျှ မငြင်းဆိုနိုင်ကြောင်း ထင်ရှားပေသည်။

خَافِضَةٌ رَّافِعَةٌ".....(ယင်းအဖြစ်အပျက်သည် အချို့အား) နိမ့်စေ၍(အချို့အား) မြင့်စေမည်. . . .။" ပြီးခဲ့သောအာယသ်တော်များ၌ ရည်ညွှန်းခဲ့သည့် 'ကျိန်းသေဖြစ်မည့်အဖြစ်အပျက်'သည် တော်လှန်ရေးကာလတွင် အစိုးရများကြုံတွေ့ရသကဲ့သို့ လူတို့၏ဘဝများ၌ ကြီးကျယ်သော လုံးဝပြောင်းလဲမှုတစ်ခုကို ဖြစ်ပေါ်စေလိမ့်မည်။ အဆင့်အတန်းမြင့်သော၊ အင်အားကြီးမားသော လူများသည် နိမ့်ကျသွားလိမ့်မည်ဖြစ်ပြီး အထင်သေးခံရသော လူများနှင့်နင်းပြားများသည် မြင့်တက်လိမ့်မည်ဖြစ်၏။ ဆင်းရဲသားများသည် ချမ်းသာကြွယ်ဝသူများဖြစ်လာကြပြီး ချမ်းသာကြွယ်ဝသူများသည် သူဆင်းရဲများဖြစ် သွားလိမ့်မည်။ ဤသည်မှာ သာဝကကြီး အိဗ်နအဗ္ဗာစ်ﷺ၏ အဓိပ္ပာယ်ဖွင့်ဆိုပုံဖြစ်၏။ ရည်ရွယ်ချက်မှာ ရှင်ပြန်ထမည့် နေ့၏ ထိတ်လန့်တုန် လှုပ်ဖွယ်ရာများကို သရုပ်ဖော်ရန် ဖြစ်ပေသည်။။

ရှင်ပြန်ထမည့်နေ့တွင် လူများသည် အတန်းအစား(၃)မျိုးကွဲသွားမည်။

"..... ထိုမှတစ်ပါး အသင်တို့သည် သုံးမျိုးသုံးစားဖြစ်သွားကြပေမည်.....။" ရှင်ပြန်ထမည့်နေ့တွင်လူများသည် (၃)မျိုး (၃)စားခွဲခြားခံကြရမည်ဟု အိဗ်နကဆီးရ်က ဆို၏။ အုပ်စုတစ်ခုသည် အလ္လာဟ်အရှင်မြတ်၏ပလ္လင်တော်၏ လက်ယာဘက်၌ ရှိလိမ့်မည်။ ၎င်းတို့သည် အာဒမ်ﷺ၏လက်ယာဘက်နံဘေးမှ ထုတ်ယူပေါက်ဖွားခြင်းခံခဲ့ရသူများဖြစ်ကြ၏။ ဤ လူများသည် ၎င်းတို့၏ လုပ်ဆောင်မှုများ စာရင်းစာအုပ်များကို ၎င်းတို့၏ ယာဘက်လက်များထဲသို့ ထည့်ပေးပြီး ပလ္လင်တော်၏ လက်ယာဘက်သို့ ခေါ်ဆောင်ခြင်းခံကြရမည်။ ၎င်းတို့မှာ ဂျန္နသ်သုခဘုံသားများဖြစ်ကြလေသည်။'

ဒုတိယအတန်းအစားတွင် အလ္လာဟ်အရှင်မြတ်၏ ပလ္လင်တော်လက်ဝဲဘက်၌ နေရာချထားခံကြရမည့်သူများပါဝင်၏။ ၎င်းတို့သည် အာဒမ်ﷺ၏လက်ဝဲဘက်ဘေးသားမှ ထုတ်ယူခြင်းခံခဲ့ကြသူများဖြစ်ကြသည်။ ဤလူများသည် ၎င်းတို့၏လုပ်ဆောင်မှုစာရင်းစာအုပ်များကို၎င်းတို့၏ဝဲဘက်လက်များထဲသို့ထည့်ပေးပြီးပလ္လင်တော်၏လက်ဝဲဘက်သို့ ခေါ်ဆောင်သွားခြင်းခံကြရမည်။ ၎င်းတို့သည် ဂျဟန္နမ်ဒုက္ခဘုံသားများဖြစ်ကြလေသည်။ (၎င်းတို့၏ ပြုမူကျင့်ကြံပုံများမှ ကင်းဝေးရန် အလ္လာဟ်အရှင်မြတ် ထံ ခိုလှုံခွင့်တောင်းခံပါ၏။)

တတိယအတန်းအစားတွင် 'အတ်စာဗိကူန်'(အထင်ရှားဆုံးလူများ)ပါဝင်ပြီး ၎င်းတို့အား 'အလ်မုကရ်ရာဗူန်'(အလ္လာဟ်အရှင်မြတ်နှင့်အတူ နီးကပ်မှုကို ပေးသနားခံရသော ကံကောင်းသည့်သက်ဝင်ယုံကြည်သူများ)ဟူ၍ဖော်ပြ၏။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ပလ္လင်တော်ရှေ့၌ နေရာချထားပေးခြင်းခံကြရမည်။ ၎င်းတို့ထဲတွင် နဗီတမန်တော်များ၊ ရစူလ်တမန်တော်များ၊ ဆွစ်ဒ်ဒီကင်များ၊ သာသနာ့အာဇာနည်များနှင့် အလ္လာဟ်အရှင်မြတ်၏ မိတ်ဆွေများပါဝင်လေသည်။ ၎င်းတို့သည် လက်ယာဘက်သားများထက် အရေအတွက်အားဖြင့် နည်းပါး၏။ စူရဟ်အဆုံးပိုင်းတွင် ပုဂ္ဂိုလ်တစ်ဦးကွယ်လွန်ချိန်မှစ၍ သူ သို့မဟုတ် သူမသည် မည်သည့်အတန်းအစား၌ကျရောက်မည်ကို ညွှန်ပြသည့် နိမိတ်လက္ခဏာအချို့ပေါ်ထွက်လာကြောင်းကို ဖော်ပြရန် အတန်းအစား(၃)မျိုးအကြောင်းကို ထပ်မံ၍ဖော်ပြလေသည်။

"وَالسَّٰبِقُوْنَ السَّٰبِقُوْنَ . . . . ထိုမှတစ်ပါး အသာဆုံးသောသူတို့မှာ အသာဆုံးသောသူများပင် ဖြစ်ကြကုန်၏.....။(၅၆း၁၀) " သခင်မအာအိရှာဆွစ်ဒီကဟ်ﷺအား ကိုးကားလျက် ဟဒီးဆ်တော်တစ်ရပ်ကို အီမာမ်အဟ်မဒ်ﷺက မှတ်တမ်းတင်ခဲ့သည်မှာ အလ္လာဟ့်ရစူလ်ﷺသည် မြင့်မြတ်သော သာဝကကြီးများအား မေးမြန်းခဲ့သည်။ 'ရှင်ပြန်ထမည့်နေ့တွင် အလ္လာဟ်အရှင်မြတ်၏ အရိပ်အာဝါသ အောက်၌ ပထမဆုံးနေရာချထားပေးခံရသူသည် မည်သူဖြစ်မည်ကို အသင်တို့သိကြပါ၏လော။' သာဝကကြီးများက اللّٰه ورسوله أَعْلَمُ အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ်ရစူလ်တို့သာ အသိ ဆုံးဖြစ်တော်မူပါသည်။' ဟု ဖြေကြားခဲ့ကြသည်။ အလ္လာဟ့်ရစူလ်ﷺက မိန့်ကြားခဲ့သည်မှာ '၎င်းတို့အား အမှန်တရားကိုပေးသနားတော်မူသောအခါ ထိုအမှန်တရားကို လက်ခံကြသူများဖြစ်၏။ ၎င်းတို့ထံမှ ရသင့်ရထိုက်သော အခွင့်အရေးများကို တောင်းခံသောအခါ ၎င်းတို့သည် တာဝန်ကျေပွန်ကြ၏။ ထို့အခါ မိမိတို့ကိုယ်တိုင်၏ အရေးကိစ္စကို ဆုံးဖြတ်သကဲ့သို့ပင် ဆုံးဖြတ်ကြ၏။'

'အတ်စာဗိကူန်' (အဦးဆုံးသူများ) ဟူသည် တမန်တော်များကို ရည်ညွှန်းခြင်းဖြစ်သည်ဟု မူဂျာဟစ်ကဆို၏။ အိဗ်နစီရင်ကမူ ထိုစကားလုံးသည် 'ဗိုင်တွလ်မုက်ဒစ်'နှင့် 'ဗိုင်တွလ္လာဟ်'အမည်ရှိကိပ္ပ်လာနှစ်ခုကို မျက်နှာမူလျက်ဝတ်ပြုခဲ့ကြသော ရှေးဦးမွတ်စလင်များကို ရည်ညွှန်းသည်ဟုဆို၏။ ဟစန်နှင့်ကတာဒဟ်တို့က အွမ္မသ်တိုင်းတွင် 'အတ်စာဗိကူန်' ရှိလိမ့်မည်ဟုဆိုကြ၏။ ရှင်းလင်းဖွင့်ဆိုသူအချို့ကမူ ၎င်းတို့သည် ဗလီဝတ်ကျောင်းသို့ အစောဆုံးသွားကြသောလူများဟု ဖော်ပြကြ၏။

ဤအယူအဆများကိုကိုးကားလျက် အိပ်နကဆီးရ်က ကောက်ချက်ချသည်မှာ ၎င်းတို့အားလုံးသည်သူ့အမြင်နှင့်သူ မှန်ကန်ပြီးစစ်မှန်ကြသည်။ အယူအဆများမှ တစ်ခုနှင့်တစ်ခု ကွဲလွဲဆန့်ကျင်ခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် 'အတ်စာဗီ ကူန်'များသည် ဤလောကၦ် မယိမ်းမယိုင်သော အီမာန်နှင့်ကောင်းမြတ်သော အကျင့်သီလများထားရှိရာတွင် အထင်ရှားဆုံး လူများ(အဦးဆုံး)ဖြစ်ခဲ့ကြသည်။ တမလွန်၌ ၎င်းတို့၏ အီမာန်နှင့်ကောင်းမြတ်သော အကျင့်သီလများနှင့် သင့်လျော်မည့် အကျိုးဆုလာဘ်အနေဖြင့် ရှေ့ဆုံးမှသူများဖြစ်ကြပေလိမ့်မည်။

"..... (ယင်းဥယျာဉ်များတွင်) ရှေးသူဟောင်းတို့အနက်မှ အလွန်ကြီးမားများပြားသော အုပ်စုကြီးတစ်ခုရှိပေမည်။ ၎င်းပြင် နောင်လာနောင်သားတို့ အနက်မှအနည်းငယ် ရှိကြပေမည်။.....(၅၆း၁၃-၁၄)" 'ဆွလ္လတွန်'ဟူသော စကားလုံးသည် အဖွဲ့တစ်ဖွဲ့၊ အုပ်စုတစ်စု၊ (အပေါင်းအဖော်) တစ်သိုက်ကို ဆိုလိုသည်။ ဇမခ်ရှရီက 'ဆွလ္လတွန်'သည် လူအုပ်ကြီးတစ်ခု သို့မဟုတ် များပြားလှသော လူများကို ရည်ညွှန်းသည်ဟု ဆို၏။

'အောင်ဝ်ဝါလိန်'(ရှေးဦးမျိုးဆက်များ) နှင့် 'အာခိရီန်' (နောင်းပိုင်းမျိုးဆက်များ)သည် မည်သူ များနည်း။

'အောင်ဝ်ဝါလိန်' (ရှေးဦးမျိုးဆက်များ)နှင့် 'အာခိရိန်' (နောင်းပိုင်းမျိုးဆက်များ) ဟူသော စကားလုံးများကို ပထမ အလွှာဟ်အရှင်မြတ်နှင့် အထူးနီးကပ်မှုကို ချီးမြှင့်ခံရသော 'အတ်စ်စာဗီကူန်'(အထင်ရှားဆုံးလူများ)နှင့်ဆက်စပ်၍လည်းကောင်း၊ ဒုတိယ 'အတ်စ်အဗွလ်ယမင်န်'(ကောင်းမြတ်သူများသို့မဟုတ် ရိုးရိုးသက်ဝင်ယုံကြည်များ)နှင့် ဆက်စပ်၍လည်းကောင်း နှစ်ကြိမ်သုံးထား၏။ 'အထင်ရှားဆုံးလူများ'နှင့်ဆက်စပ်၍ ဖော်ပြသည်မှာ'အောက်ဝလိန်' (ရှေးဦး မျိုးဆက်များ)ထဲမှ လူများစွာတို့သည် 'အထင်ရှားဆုံးလူများ'အဖြစ် အတန်းအစားခွဲခြားခြင်းခံကြရမည်ဖြစ်၏။ သို့သော် နောင်းပိုင်းမျိုးဆက်များထဲ၌ 'အထင်ရှားဆုံးလူများ'၏ အရေအတွက်မှာ နည်းပါးလိမ့်မည်ဖြစ်၏။ ဤသည်မှာ ဆန့်ကျင်လျက်ကောင်းမြတ်သော လူများအကြောင်း ဖော်ပြချက်တွင် 'ဆွလ္လဟ်'(များစွာသော)ဟူသော စကားလုံးအား ရှေးဦးနှင့် နောင်းပိုင်းမျိုးဆက်နှစ်ခုစလုံးအတွက် အောက်ပါအတိုင်း သုံးထားသည်။

"..... (ထိုလက်ယာဘက်သားတို့တွင်) ရှေးသူဟောင်းတို့အနက် ကြီးကျယ်လှစွာသော အုပ်စုကြီးတစ်ခုသည် လည်းကောင်း၊ နောင်လာနောက်သားတို့အနက်မှ ကြီးကျယ်လှစွာသော အုပ်စုကြီးတစ်ခုသည် လည်းကောင်း ပါဝင်ကြကုန်အံ့သတည်း။....."(၅၆း၃၉-၄၀)

မေးခွန်းမှာ 'ရှေးဦးမျိုးဆက်များ'နှင့် 'နောင်ပိုင်းမျိုးဆက်များ'သည် မည်သူများဖြစ်ကြသနည်း။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖွင့်ဆိုသူများ၏ အယူအဆနှစ်မျိုးကို မှတ်သားရ၏။ ပထမအယူအဆမှာ 'ရှေးဦး မျိုးဆက်များ'တွင် အာဒမ်ﷺ၏ ခေတ်ကာလမှသည့် တမန်တော်မြတ်ﷺမပွင့်ပေါ်မီအချိန်ထိ အလွှာဟ်အရှင်မြတ်၏ ဖန်ဆင်းခံများအားလုံးပါဝင်ပြီး 'နောင်းပိုင်းမျိုးဆက်များ'တွင် တမန်တော်မြတ်ﷺပွင့်ပေါ်ချိန်မှသည် ကမ္ဘာပျက်မည့်နေ့ ထိ အလွှာဟ်အရှင်မြတ်၏ ဖန်ဆင်းခံများ အားလုံးပါဝင်လေသည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အား မူဂျာဟစ်နှင့်ဟစန် ဗဆွရီတို့မှ ဆင့်ပြန်သူကွင်းဆက်များဖြင့် အိပ်နအဗီဟာတင်က မှတ်တမ်းတင်သည်။ အိပ်နဂျရီးရ်က ဤပြန်ဆိုချက်ကို နှစ်သက်သဘောတူလက်ခံပြီး ဗယာနလ်ကုရ်အာန်၌လည်း ဖော်ပြခဲ့သည်။ ထို့ပြင် သာဝကကြီးဂျာဗိရ်ﷺအား ကိုးကားလျက် ဆင့်ပြန်သော တမန်တော်မြတ်၏ ဟဒီးစ်တော်ကလည်း ထောက်ခံ၏။ အိပ်နအဆာကီရ်က ဟဒီးဆ်တော်ကို (ဆင့်ပြန်သူ ကွင်းဆက်များဖြင့်) ဤသို့တင်ပြ၏။ 'ငင်းတို့တွင် ရှေးဦးမျိုးဆက်များမှ မြောက်များစွာနှင့်နောက်ပိုင်းမျိုးဆက်များမှ

နည်းပါးစွာ ပါဝင်ကြလိမ့်မည်၊။

ثُلَّةٌ مِّنَ الْاَوَّلِيْنَ، وَقَلِيلٌ مِّنَ الْاٰخِرِيْنَ"".....(ယင်းဥယျာဉ်များတွင်) ရှေးသူဟောင်းတို့အနက် ကြီးကျယ်လှစွာသော အုပ်စုကြီးတစ်ခုရှိပေမည်။ ၎င်းပြင် နောင်လာနောက်သားတို့အနက်မှ အနည်းငယ်ရှိကြပေမည်။....." (၅၆း၁၃-၁၄) ဟူသော အထင်ရှားဆုံးလူများနှင့်စပ်လျဉ်းသည့် ပထမအာယသ်တော်တစ်စုံ ကျရောက်လာခဲ့သောအခါ သာဝကကြီး အုမရ်အိပ်နေခသ်တွာပ်ﷺက စူးစမ်းမေးမြန်းခဲ့သည်။ 'အို - အလ္လာ့ရစူလ်၊ အထင်ရှားဆုံးလူများသည် ရှေးဦးမျိုးဆက်များမှ အရေအတွက်များပြားပြီး ကျွန်ုပ်တို့ထဲမှ အရေအတွက် နည်းပါးပါမည်လား။' ဤအကြောင်းနှင့်ဆက်စပ်၍ တစ်နှစ်နီးပါးမျှ ဝဟီကျရောက်ခြင်းမရှိခဲ့ပေ။ တစ်နှစ်ကြာမြင့်ပြီးနောက်မှ ثُلَّةٌ مِّنَ الْاَوَّلِيْنَ، وَ ثُلَّةٌ مِّنَ الْاٰخِرِيْنَ (ရှေးဦးမျိုးဆက်များမှ မြောက်များစွာနှင့် နောင်းပိုင်းမျိုးဆက်များမှ မြောက်များစွာ (ထိုလက်ယာဘက်သားတို့တွင်) ရှေးသူဟောင်းတို့အနက်ကြီးကျယ်လှစွာသောအုပ်စုကြီးတစ်ခုသည်လည်းကောင်း။နောင်လာနောက်သားတို့အနက်မှ ကြီးကျယ်လှစွာသော အုပ်စုကြီးတစ်ခုသည် လည်းကောင်း ပါဝင်ကြကုန်အံ့သတည်း။ အလ္လာဟ့်ရစူလ်ﷺသည် သာဝကကြီးအုမရ် အား ဆင့်ခေါ်၍ မိန့်ကြား ခဲ့သည်မှာ-

اِسْمَعْ يَا عُمَرُ مَا قَدْ اَنْزَلَ اللّٰهُ ثُلَّةٌ مِّنَ الْاَوَّلِيْنَ وَ ثُلَّةٌ مِّنَ الْاٰخِرِيْنَ اَلَا وَاِنَّ مِنْ اٰدَمَ اِلَىَّ ثُلَّةٌ وَّ اُمَّتِىْ ثُلَّةٌ (الحديث،ابن كثير)

"အို-အုမရ်၊ ရှေးဦးမျိုးဆက်များထဲမှ မြောက်များစွာနှင့် နောင်းပိုင်းမျိုးဆက်များထဲမှ မြောက်များစွာ ဟူ၍ အလ္လာဟ် အရှင်မြတ်မိန့်တော်မူခြင်းကို နာခံပါလေ။ ရှုမြင်လော့။ အာဒမ်မှ ကျွန်ုပ်ထိသည် 'ဆွလ္လာဟ်'(အုပ်စုကြီး)တစ်ခုဖြစ်ပြီး ကျွန်ုပ်၏အွမ္မသ်သည် အခြား 'ဆွလ္လာဟ်'(အုပ်စုကြီး) တစ်ခု ဖြစ်ပေသည်။"

ဤဟဒီးစ်တော်၏ အဓိကဆိုလိုရင်းကို သာဝကကြီးအဗူဟူရိုင်ရဟ်ﷺအား ကိုးကားလျက် အီမာမ် အဟ်မဒ်နှင့် အိဗ်နုအဗီဟာတင်ﷺတို့ မှတ်တမ်းတင်သော ဟဒီးဆ်ကထောက်ခံ၏။ အာယသ်တော်(၁၃)နှင့်(၁၄)ကျရောက်သောအခါ သာဝကကြီးများသည် စိတ်ထိခိုက်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ရှေးဦးမျိုးဆက်များထဲ မှအထင်ရှားဆုံး သက်ဝင်ယုံကြည်သူများသည် အရေအတွက် ပို၍များပြားလိမ့်မည်ဟု ၎င်းတို့က နားလည်သဘော ပေါက်ခဲ့ကြသောကြောင့်ဖြစ်၏။ ထိုအကြောင်းကြောင့် အာယသ်တော်(၁၉)နှင့်(၄၀)တို့ကျရောက်လာခဲ့ပြီး အလ္လာဟ့်ရစူလ်ﷺက "သင်တို့သည် ဂျန္နသ်သုခဘုံသားတို့၏ လေးပုံတစ်ပုံ၊ သုံးပုံတစ်ပုံမျှရှိလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်သည်။ တကယ်တမ်းတွင် သင်တို့သည် ဂျန္နသ်သုခဘုံသားတို့၏ တစ်ဝက်ရှိသည့်ပြင် အခြားတစ်ဝက်ထဲ၌လည်း ဝေစုတစ်စု ရရှိလိမ့်ဦးမည်ဖြစ်၏။"ဟု မိန့်ကြားခဲ့လေသည်။ (အိဗ်နုကဆီး၏) ဤနည်းအားဖြင့် စုပေါင်းလိုက်သည်ရှိသော် ဂျန္နသ် သုခဘုံသားအများစုမှာ တမန်တော်မြတ်မုဟမ္မဒ်ﷺ၏ နောက်လိုက်များဖြစ်ကြပေမည် သို့ရာတွင် ဤဟဒီးဆ်တော်နှစ်ရပ်စလုံးနှင့် စပ်လျဉ်း၍ မေးစရာတစ်ခုရှိ၏။ အာယသ်တော်(၄၀)သည် လက်ယာဘက်သားများနှင့် သက်ဆိုင်ပြီး အာယသ်တော်(၁၃)သည် အထင်ရှားဆုံး လူများအကြောင်းဖြစ်၏။ ဤသို့ရှိက အာယသ်တော် (၁၃)နှင့် ပတ်သက်သော သာဝကကြီးများ၏ သောကကို အာယသ်တော်(၄၀)က မည်ကဲ့သို့ဖယ်ရှားနိုင်ပါမည်နည်း။

ရူးဟွလ်မအာနိကပြဿနာကို ဤပုံဖြေရှင်းပေး၏။ ယေဘုယျအားဖြင့် သာဝကကြီးများနှင့်အထူးသဖြင့် သာဝကကြီး အုမရ်ﷺသည် အာယသ်တော်(၁၃)ကြောင့် ဝမ်းနည်းခဲ့ကြရသည်။ အဘယ်ကြောင့်ဆိုသော် လက်ယာဘက်သားများထဲမှ နောင်းပိုင်းမျိုးဆက်များ၏ အချိုးအစားသည် အထင်ရှားဆုံးလူများထဲမှ နောင်းပိုင်းမျိုးဆက်များနှင့်

အတူတူဖြစ်လိမ့်မည်ဟု ၎င်းတို့က ထင်မှတ်ခဲ့ကြသည်။ ထို့ကြောင့် နောင်းပိုင်းမျိုးဆက်များသည် လက်ယာဘက်သားများထဲ၌ပင် အရေအတွက်နည်းပါး လိမ့်မည်ဖြစ်။ ဤရှုထောင့်မှကြည့်လျှင် ဂျန္နသ်သုခဘုံသားအားလုံးကို စုပေါင်းလိုက်ပါက မိမိတို့၏အရေအတွက်မှာ လွန်စွာနည်းပါးလိမ့်မည်ဟု ၎င်းတို့က ထင်ခဲ့ကြခြင်းဖြစ်၏။ သို့သော် အာယသ်တော်(၃၉)နှင့်(၄၀)တို့ကျရောက်လာသောအခါ ထိုအချက်မှာ ရှင်းသွားခဲ့သည်။ ရှေးဦးမျိုးဆက်များတွင် တမန်တော်များပါဝင်မည်ဖြစ်သောကြောင့် ရှေးဦးမျိုးဆက်များနှင့်နှိုင်းယှဉ်လျှင် အထင်ရှားဆုံးလူများထဲ၌ နောင်းပိုင်းမျိုးဆက်များ၏ စုပေါင်းအရေအတွက်မှာ ပို၍နည်းနိုင်သည့်တိုင် ဂျန္နသ်သုခဘုံ သားအများစုသည် တမန်တော်မြတ်ﷺ၏ နောက်လိုက်များဖြစ်ကြပေမည်။ အထင်ရှားဆုံးလူများနှင့်စပ်လျဉ်း၍ တမန်တော်မြတ်ﷺ၏နောက်လိုက်များက ပို၍နည်းပါလျှင်လည်း အကြောင်းမဟုတ်ပါပေ။

သို့ရာတွင် အိပ်နကဆီး၌၊ အပူဟောယာန်၊ ကုရ်တူဗီ၊ ရှုဟွလ်မအာနီ၊ မဇ်ဟရီနှင့်အခြားသူများက အခြားအဓိပ္ပာယ် ဖွင့်ဆိုမှုတစ်ခုကိုပို၍သဘောကျကြ၏။ ၎င်းတို့အဆိုအရ 'ရှေးဦးမျိုးဆက်များ' နှင့် 'နောက်ပိုင်းမျိုးဆက်များ' ဟူသည် တမန်တော်မြတ်ﷺ၏ ရှေးဦးနှင့်နောင်းပိုင်းအွမ္မသ်ထဲမှ နောက်လိုက်များကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့၏ ယူဆချက်မှာ 'ရှေးဦးမျိုးဆက်များသည် ဟဒီးစ်တော်တစ်ရပ်၌ 'ခိုင်ရွလ်ကုရ်ဏ်' (အကောင်းဆုံးမျိုးဆက်)ဟု သတ်မှတ်ခံရသော တမန်တော်မြတ်ﷺ၏ သာဝကကြီးများနှင့် ၎င်းတို့၏ တပည့်များဖြစ်ကြပြီး၊ နောင်းပိုင်းမျိုးဆက်များတွင် ၎င်းတို့နောက်မှပေါက်ဖွားသော လူအားလုံး ပါဝင်လေသည်။

ပထမအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထောက်ခံသည့်အနေဖြင့် အိပ်နေ့ကဆီရ်ထံမှ အထက်တွင် ကိုးကားပြီး ဂျာဗိရ် ﷺ ဆင့်ပြန်သောဟဒီးစ်အတွက် အိပ်နေကဆီး၌ကို ကိုယ်တိုင်က ဆင့်ပြန်သူကွင်းဆက်နှင့်ပတ်သက်၍ ၎င်း၏ သံသယကိုဖော်ပြခဲ့သည်။ ၎င်းက وَلٰكِنْ فِيْ إِسْنَادِهِ نَظَرٌ "ယင်း၏ဆင့်ပြန်သူ ကွင်းဆက်တွင် ချို့ယွင်းချက် အနည်းငယ်ရှိ၏။"ဟု ရေးသား၏။ ၎င်း၏ကိုယ်ပိုင် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထောက်ကူမည့်အနေဖြင့် ၎င်းက တမန်တော်မြတ်(ဆ)၏ အွမ္မသ်သည် အကောင်းဆုံးသော သာသနာ ဝင်လူစုဖြစ်ကြောင်းကို ဖော်ပြသည့် အာယသ်တော်များအား ကိုးကား၏။ ဥပမာအားဖြင့်- كُنْتُمْ خَيْرَ أُمَّةٍ "..... အသင်တို့သည် အကောင်းဆုံးသော သာသနာဝင်လူစုပင်တည်း . . . .။"(၃း၁၁၀) ထို့ကြောင့် ရှေးဦးမျိုးဆက်များထဲမှ အထင်ရှားဆုံး သက်ဝင်ယုံကြည်သူများက ဤအွမ္မသ်ထက်ပို၍ များပြားသည်ဆိုခြင်းမှာ မဖြစ်နိုင်ပေ။ ဤနည်းအားဖြင့် ثُلَّةٌ مِّنَ الْأَوَّلِيْنَ (ရှေးဦးမျိုးဆက်များမှ များစွာသော သူတို့) ဟူသည် ဤအွမ္မသ်၏ ရှေးဦးမျိုးဆက်များကို ရည်ညွှန်းပြီး قَلِيْلٌ مِّنَ الْآخِرِيْنَ (နောင်းပိုင်းမျိုးဆက်များမှ နည်းပါးသောလူတို့)'ဟူသည် ဤအွမ္မသ်၏ နောင်းပိုင်းမျိုးဆက်များကို ရည်ညွှန်းပြီး ၎င်းတို့အနက်မှ လူအနည်းသည် 'အထင်ရှားဆုံးလူများ' အတန်းအစားတွင် ပါဝင်မည်ဖြစ်၏။

ဤအယူအဆကို ထောက်ကူသည့်အနေဖြင့် အိပ်နကဆီး၌က အိပ်နေအဗီဟာတင် မှတ်တမ်းတင်ထားသော သာဝကကြီးဟစန်ဗဆွရီ၏ မိန့်ဆိုချက်အားကိုးကားဖော်ပြရာတွင် ၎င်းသည် အထင်ရှားဆုံးလူများအကြောင်းကို အာယသ်တော်(၁၀)၌ရွတ်ဖတ်ပြီးနောက် '၎င်းတို့မှာ အလျင်ကွယ်လွန်ခဲ့ကြပြီးဖြစ်၏။ သို့သော် အို-အလွှာဟ်၊ ကျွန်တော်မျိုးတို့အား လက်ယာဘက်သားများထဲမှ ဖြစ်စေတော်မူပါ။"ဟု ပန်ကြားခဲ့၏။ အခြားဖော်ပြချက်တစ်ခု၌ သာဝကကြီးဟစန်ဗဆွရီ﵁သည် အာယသ်တော်(၁၃)၏ အဓိပ္ပာယ်ကို ရှင်းလင်းပြောဆိုခဲ့ကြောင်း လာရှိသည်မှာ- ثُلَّةٌ مِّمَّنْ مَّضٰى مِنْ هٰذِهِ الْأُمَّةِ (ထိုအထင်ရှားဆုံး အီမာန်ရှင်အားလုံးသည် ဤအွမ္မသ်မှဖြစ်၏။)'ထိုနည်းတူစွာ မုဟမ္မဒ်အိပ်နဆီရင်က အာယသ်တော်(၁၃-၁၄)နှင့်ဆက်စပ်၍ ပြောကြားခဲ့သည်မှာ 'ပညာရှင်များပြောခဲ့ကြ၊ မျှော်လင့်ခဲ့ကြသည်မှာ ၎င်းတို့ (ရှေးဦးနှင့်နောင်းပိုင်းမျိုးဆက်များမှ အထင်ရှားဆုံး လူများ)' အားလုံးသည် ဤအွမ္မသ်ထဲမှ ဖြစ်ကြလိမ့်မည်။'

ရူးဟွလ်မဟာနီက ဒုတိယအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထောက်ခံသောအားဖြင့် အောက်ပါ ဟဒီးစ်တော်ကို ကောင်းမွန်သော ဆင့်ပြန်သူကွင်းဆက်ဖြင့် တင်ပြ၏။

اَخْرَجَ مُسَدَّدٌ فِيْ مُسْنَدِهٖ وَابْنِ الْمُنْذِرِ وَالطَّبْرَانِيْ وَابْنِ مَرْدويه بِسَنَدٍ حَسَنٍ عَنْ اَبِيْ بَكْرَةَ عَنِ النَّبِيِّ ﷺ فِيْ قَوْلِهٖ سُبْحَانَه ثُلَّةٌ مِّنَ الْاَوَّلِيْنَ وَثُلَّةٌ مِّنَ الْاٰخِرِيْنَ قَالَ هُمَا جَمِيْعًا مِّنْ هٰذِهِ الْاُمَّةِ

"ငင်း၏မုစ်နဒ်၌ မုဆဒ္ဒတ်ကလည်းကောင်း၊ အိဗ်နွလ်မုန်သိရ်၊ တဗါရာနီနှင့် အိဗ်နုမရ်ဒူယဒ် တို့က လည်းကောင်း သာဝကကြီးအဗူဗတ်ရဟ်ﷺအား ကိုးကားလျက် ကောင်းမွန်သော ကွင်းဆက် တစ်ခုဖြင့် တင်ပြခဲ့ကြသည်မှာ အာယသ်တော်(၃၉)နှင့်(၄၀) (ရှေးဦးမျိုးဆက်များမှမြောက်များစွာ နှင့် နောင်းပိုင်းမျိုးဆက်များမှ နည်းပါးသော)တို့၏ အဓိပ္ပာယ်ကို ဖွင့်ဆိုနေရင်း တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ ငင်းတို့အားလုံးသည် ဤအွမ္မသ်မှပင်ဖြစ်ကြပေသည်။"

အခြားဟဒီးစ်တော်တစ်ရပ်ကိုလည်း ဟဒီးစ်ပညာရှင်များစွာက သာဝကကြီးအိဗ်နုအဗ္ဗားစ်ﷺအား ကိုးကား လျက်အားနည်းသော ကွင်းဆက်တစ်ခုဖြင့် တင်ပြသည် တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်။ هُمَا جَمِيْعًا مِّنْ اُمَّتِيْ ငင်းတို့ (ရှေးဦးနှင့် နောင်းပိုင်းမျိုးဆက်များ)သည် ကျွန်ုပ်၏ အွမ္မသ်မှဖြစ်ကြသည်။' ဤရှုဒေါင့်မှ ကြည့်လျှင် ဤ စူရဟ်၏အာယသ်တော်(၇) لِتَكُوْنُوْا شُهَدَآءَ عَلَى النَّاسِ وَيَكُوْنَ الرَّسُوْلُ عَلَيْكُمْ شَهِيْدًا ၁ တို့မှ တစ်ပါးအသင်တို့သည် အတန်းသုံးမျိုးသုံးစားဖြစ်သွားကြပေမည်။"သည် တမန်တော်မြတ် မုဟမ္မဒ်ﷺ၏ အွမ္မသ်ကို ရည်ညွှန်းပြီး အတန်းအစား (၃)ခုစလုံးသည် ဤအွမ္မသ်မှပင်ဖြစ်ပေမည်။

မဇ်ဟရီကမူ ပထမအဓိပ္ပာယ်ဖွင့်ဆိုချက်အား မဖြစ်နိုင်ဟုယူဆ၏။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်၏ ရှင်းလင်းသော စာသားအရ ဤအွမ္မသ်သည် သက်ဝင်ယုံကြည်သူအားလုံးအနက် အကောင်းဆုံးနှင့်ဂုဏ်ပြုချီးကျူးခံရ ဆုံးဖြစ်၏။ ထို့ကြောင့် ရှေးဦးမျိုးဆက်များမှ အထင်ရှားဆုံး သက်ဝင်ယုံကြည်သူများသည် ဤအွမ္မသ်ထက်ပို၍များလိမ့် မည်ဆိုခြင်းမှာ မယုံနိုင်စရာပင်ဖြစ်လေသည်။ အခြားသက်ဝင်ယုံကြည်သူများနှင့် နှိုင်းစာလျှင် ဤအွမ္မသ်ထက်ပို၍ မြင့်သော အဆင့်အတန်းသည် ကျမ်းမြတ်ကုရ်အာန်၌ထင်ရှားစွာဖော်ပြခံရ၏။

اَنْتُمْ تُتِمُّوْنَ سَبْعِيْنَ اُمَّةً اَنْتُمْ اَخِيْرُهَا وَاَكْرَمُهَا عَلَى اللّٰهِ تَعَالٰى

"…..(အို- မုစ်လင်မ်အပေါင်းတို့) အသင်တို့သည် လူခပင်းတို့အဖို့ (တရားဓမ္မ ညွှန်ကြားရန်အလို့ငှာ) ထွက်ပေါ်လာကြကုန်သော အကောင်းဆုံးသော သာသနာဝင် လူစုပင်တည်း….။"(၃း၁၁၀) သာဝကကြီး ဗဟ်ဇ်အိဗ်နု ဟာကင်မ်ﷺအား ကိုးကား၍ တိရ်မိဒီ၊ အိဗ်နုမဂျာဟ်နှင့် ဒါရီမီတို့တင်ပြသည့် ဆင့်ပြန်ချက်တစ်ရပ်၌ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့ကြောင်းပါရှိသည်မှာ- **အသင်တို့သည် အတိတ်ခေတ် မျိုးနွယ်အုပ်စု(၇၀)၏ အချုပ်အွမ္မသ် ဖြစ်ပေသည်။ အကြင် အုပ်စုများအတွင်း၌ အသင်တို့သည် အားလုံးသော မျိုးနွယ်အုပ်စုများထက် နောက်ဆုံးမှ ပေါ်ပေါက်လာသည့် အုပ်စု ဖြစ်ပြီး အလွှာဟ်အရှင်မြတ်ထံပါး၌ အကောင်းဆုံး အမွန်မြတ်ဆုံး အွမ္မသ်(နောက်လိုက်စု)ဖြစ်ပေသည်။**

သာဝကကြီးအဗ်ဒွလ္လာအိဗ်နေမတ်စ်အူးဒ်ﷺအား ကိုးကား၍ အီမာမ်ဗုခါရီ ဆင့်ပြန်သော ဟဒီးဆ်တော်တစ်ရပ် ၌ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့ကြောင်း လာရှိသည်မှာ-"အကယ်၍ အသင်တို့သည် ဂျန္နသ်သုခဘုံတို့၏လေးပုံတစ်ပုံ ရှိမည်ဆိုပါက ကျေနပ်ကြပါမည်လော့။" သာဝကကြီးများ "မုချဇကန် ကျွန်ုပ်တို့ကျေနပ်ကြပါသည်။"ဟု ဖြေကြားခဲ့ကြသည်။ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်။

وَالَّذِیْ نَفْسِیْ بِیَدِهٖۤ اِنِّیْ لَاَرْجُوْۤا اَنْ تَكُوْنُوْا نِصْفَ اَهْلِ الْجَنَّةِ

"ကျွန်ုပ်၏ဘဝကို ထိန်းချုပ်တော်မူသော အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ဆိုပါသည်။ အသင်တို့သည် ဂျန္နသ် သုခဘုံသားတို့တွင် ထက်ဝက်ပါဝင်ကြလိမ့်မည်။" (မဇ်ဟရီ)

သာဝကကြီးပူရိုင်ဒဟ်ﷺအား ကိုးကားလျက် သိရိမီဇီ၊ ဟာကင်နှင့်ဗိုင်ဟကီတို့ တင်ပြသည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။

اَهْلُ الْجَنَّةِ مِائَةٌ وَّعِشْرُوْنَ صَفًّا ثَمَانُوْنَ مِنْهَا مِنْ هٰذِهِ الْاُمَّةِ وَاَرْبَعُوْنَ مِنْ سَائِرِ الْاُمَمِ

ဂျန္နသ်သုခဘုံသားတို့အား အဆင့်(၁၂၀)အစဉ်အလိုက်ထားရှိမည်။ ယင်းတို့အနက် အဆင့်(၈၀)သည် ဤအွမ္မသ်မှဖြစ်ပြီး အဆင့်(၄၀)သည် ကျန်သက်ဝင်ယုံကြည်သူအုပ်စုများထဲမှဖြစ်မည်။ (ဤဟဒီးစ်အား သိရိမီဒီက'ဟစန်'အဆင့်နှင့် ဟာကင်က 'ဆွဟီဟ်'အဆင့်သတ်မှတ်၏။)

ဂျန္နသ်သုခဘုံ၌ရှိကြမည့် ဤအွမ္မသ်နှင့်အခြားသက်ဝင်ယုံကြည်သူအုပ်စုများ၏ အချိုးအစားကို သုံးပုံတစ်ပုံ၊ လေးပုံတစ်ပုံ၊ နှစ်ပုံတစ်ပုံနှင့်သုံးပုံနှစ်ပုံစသည်ဖြင့် အချိန်အခါအလိုက်ကွဲပြားစွာပေးကြ၏။ အချိန်အခါပေါ်လိုက်၍ဖော်ပြသော အချိုးများ ကွဲပြားခြင်းတွင် ဝိရောဓိမရှိပေ။ ထိုအချိုးသည် တမန်တော်မြတ်ﷺ၏ ခန့်မှန်းချက်ပေါ်၌ အခြေခံပြီး အချိန်အခါကိုလိုက်၍ တိုးသွားလေသည်။

အတ်စ်စာဗိုကူန်၏ အကျိုးဆုလာဘ်

عَلٰى سُرُرٍ مَّوْضُوْنَةٍ "....(၎င်းတို့မှာ)ကျောက်သံပတ္တမြားစီ၍ မြှုပ်ထားသော သလွန်များထက်ဝယ်....။"(၅၆:၁၅) 'မောင်ဒူနာဟ်' ဟူသော စကားလုံးသည် အိဗ်နဂျရီရ်၊ အိဗ်နအဗီဟာတင်၊ ဗိုင်ဟကီနှင့် အခြားသူများ မှတ်တမ်းတင်သည့် အိဗ်နေ အဗ္ဗားစ်ﷺ၏ အဆိုအရ 'ရွှေကြိုးမျှင်ဖြင့်ယက်လုပ်ထားသော ဖျင်စ အဝတ်စ'ကို ဆိုလိုခြင်းဖြစ်၏။

وَلْدَانٌ مُّخَلَّدُوْنَ "....၎င်းတို့ထံ အသက်သေဆုံးခြင်းမရှိဘဲ၊ အမြဲထာဝရ နငယ်လျက် ရှိနေ ကြရအံ့သော သူငယ်တို့ လှည့်ပတ်သွားလာလျက်ရှိကြပေမည်....။"(၅၆:၁၇) လူငယ်များသည် အမြဲတန်းငယ်ရွယ်နပျိုလျက် ရှိကြမည် သို့မဟုတ် ပုံသဏ္ဌာန်မပြောင်းလဲဘဲရှိကြလိမ့်မည်ဟု ဆိုလိုသည်။ သုခဘုံ၏လှလင်ပျိုများသည် သုခဘုံ၏ လုံမပျိုများကဲ့သို့ပင် ဂျန္နသ်သုခဘုံထဲ၌မွေးဖွားသူများဖြစ်ကြလိမ့်မည်။ ၎င်းတို့သည် သုခဘုံသားတို့၏အစေအပါးများဖြစ်ကြမည်။ သုခဘုံသားတစ်ဦးစီတွင်ထိုကဲ့သို့ အစေအပါးများ ထောင်နှင့်ချီ၍ ရှိလိမ့်မည်ဖြစ်ကြောင်း ဟဒီးစ်ဆင့်ပြန်ချက်များက ညွှန်ပြပေသည်။

بِاَكْوَابٍ وَّ اَبَارِيْقَ وَ كَاْسٍ مِّنْ مَّعِيْنٍ "....သောက်ရေဖလားများ၊ ရေတကောင်းများနှင့်သွင်သွင်စီးသော အရက်ဖြင့် ပြည့်လျှံလျက်ရှိသော ခွက်များကိုယူ ဆောင်၍....။"(၅၆:၁၈) 'အက်ဝါဗ်'ဟူသောစကားလုံးသည် 'ကူးဗ်'၏ အများကိန်းဖြစ်ပြီး 'သောက်ရေခွက်သို့မဟုတ်ဖန်ခွက်များ'ကို ရည်ညွှန်း၏။ 'အဗာရိက်'ဟူသောစကားလုံးသည် 'အိဗ်ရိက်'၏အများကိန်းဖြစ်ပြီး ရေတကောင်းများကို ရည်ညွှန်း၏။ 'ကအ်စ်'ဟူသော စကားလုံးသည် 'အရက်ဖန်ခွက်တစ်လုံး'ကို ရည်ညွှန်း၏။ 'မအီန်'ဟူသော စကားလုံးသည် 'စီးဆင်းနေသော စမ်းချောင်းမှ ခပ်ယူထားသည့် အရက်ပါဝင်သော ဖန်ခွက်များ'ကိုရည်ညွှန်း၏။

لَا يُصَدَّعُوْنَ عَنْهَا "....၎င်းတို့မှာ ထိုအရက်ကြောင့် ခေါင်းခဲခြင်းလည်း ခံစားကြရမည်မဟုတ်ပေ။....။" (၅၆:၁၉) အာရဗီကြိယာသည် 'စူဒါအ်'မှ ဆင်းသက်ပြီး 'ခေါင်းကိုက်ခြင်း'ကို ဆိုလိုသည်။ ဤလောကမှ အရက်သည် များများသောက်သုံးပါက သောက်သုံးသူအား ခေါင်းကိုက်ခြင်း၊ ရီဝေဝေဖြစ်ခြင်းများ ခံစားရသည်။ သုခဘုံမှအရက်ကမူ

ထိုကဲ့သို့ ဆိုးကျိုးများမှကင်းရှင်းလေသည်။

لَا يُنْزِفُوْنَ "....သတိလစ်ကြမည်လည်း မဟုတ်ချေ....။"(၅၆:၁၉) အာရဗီကြိယာသည် 'နဇ်ဖ'မှဆင်းသက်ပြီး အဓိပ္ပာယ်ရင်းမှာ 'ရေများကို ထုတ်ယူလိုက်သောကြောင့် ရေတွင်းသည် ခမ်းသွားသည်။' ဟူ၍ဖြစ်၏။ ဤနေရာတွင် ၎င်း၏ဦးနှောက် သို့မဟုတ် စိတ်သို့မဟုတ် အာရုံများ၏ တုံ့ပြန်မှု ကုန်ခန်းသွားသည်။ (သတိလစ်သွားသည်)ဟု ဆိုလိုသည်။

وَ لَحْمِ طَيْرٍ مِّمَّا يَشْتَهُوْنَ "....ထိုမှတစ်ပါး ၎င်းတို့နှစ်သက်ကြသော ငှက်သားများ(ကို ယူဆောင်၍)....။" (၅၆:၂၁) ဟဒီးဆ်တော်တစ်ရပ်၌ လာရှိသည်မှာ ဂျန္နသ်သုခဘုံသားများသည် ၎င်းတို့ကြိုက်နှစ်သက်ရာ ငှက်သားကို အလိုရှိသောအချိန်တွင် အလိုရှိသလောက်ရရှိကြလိမ့်မည် ဖြစ်၏။

လက်ယာဘက်သားတို့၏ အကျိုးဆုလာဘ်များ

وَ اَصْحٰبُ الْيَمِيْنِ مَاۤ اَصْحٰبُ الْيَمِيْنِ "....ထို့ပြင် လက်ယာ ဘက်သားတို့ကား၊ ထိုလက်ယာဘက်သားတို့မှာ အဘယ်မျှ ကောင်းမြတ်ကြပေသနည်း....။"(၅၆:၂၇) လက်ယာဘက်သားသည် ကနဉီးတွင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သူများနှင့် ဖြောင့်မတ်မှန်ကန်သော သက်ဝင်ယုံကြည်သူများဖြစ်ကြသည်။ အပြစ်ကျူးလွန်သော သက်ဝင်ယုံကြည်သူများသည်လည်း အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်သက်သက်ကြောင့် လည်းကောင်း၊ အချို့မှာတမန်တော်တစ်ပါး သို့မဟုတ် အလ္လာဟ်အရှင်မြတ်၏ မိတ်ဆွေတစ်ဦး၏ ကြားဝင်အသနားခံမှုကြောင့် လည်းကောင်း ခွင့်လွှတ်ခံရပြီး လက်ယာဘက်သားတို့နှင့်လာရောက် ပူးပေါင်းကြမည်ဖြစ်၏။ အပြစ်ကျူးလွန်သော သက်ဝင်ယုံကြည်သူအချို့သည် ၎င်းတို့၏အပြစ်များအတွက် ပြစ်ဒဏ်ပေးခံကြရမည်။ သို့သော် ၎င်းတို့၏ပြစ်ဒဏ်ကို ကျခံကြပြီးသည့်နောက် အပြစ်မှကင်းစင်သွားသောအခါ ၎င်းတို့သည် လက်ယာဘက်သားများနှင့် ပူးပေါင်းကြလိမ့်မည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဂရဲမီးသည် အမှန်စင်စစ်ပြစ်ဒဏ်တစ်ခုမဟုတ်ဘဲ ၎င်း၏အပြစ်များကို သန့်စင်အောင်ပြုလုပ်ပေးနည်းတစ်ခုသာလျှင် ဖြစ်ပေသည်။ (မဇ်ဟရီ)

فِيْ سِدْرٍ مَّخْضُوْدٍ "...(၎င်းတို့မှာ) ဆူးများရှင်းထားပြီးဖြစ်သော ဆီးပင်ရှိရာ၌ ရှိကြပေမည်....။"(၅၆:၂၈) 'စိဒ်ရ်'ဟူသော စကားလုံးသည် ဆီးပင်ကိုရည်ညွှန်းပြီး 'မတ်စ်ဒူးဒ်'သည် (ဆူးများကိုဖယ်ရှားထားသော သစ်ပင်) ဆူးညောင့်ကင်းသော သစ်ပင်ကို ရည်ညွှန်း၏။ ယင်းစကားလုံးသည် 'ပြွတ်သိပ်နေသောအသီးများကြောင့် အကိုင်းများကွေးညွတ်နေသော သစ်ပင်တစ်ပင်' ဟူ၍လည်း အဓိပ္ပာယ်ရ၏။ ဂျန္နသ်၏ဆီးပင်များသည် ဤလောကမှဆီးပင်များနှင့် မတူဘဲ ကွာခြား၏။ ယင်းတို့၏ အသီးများသည် မြေအိုးအရွယ်မျှ ကြီးမားကြပြီး အရသာမှာ လောကဌ်တွေ့ရသော ဇီးသီးများနှင့်နှိုင်းယှဉ်၍ မရနိုင်အောင် ကောင်းမွန်ကြောင်း (ဟဒီးဆ်တော်တစ်ရပ်၌လာရှိ၏။)

طَلْحٍ مَّنْضُوْدٍ "....ထို့ပြင် အခိုင်လိုက်သီးသော ငှက်ပျောပင်များရှိရာ၌ ရှိကြပေမည်။...."(၅၆:၂၉) 'တွလ်ဟ်'ဟူသော စကားလုံးသည် ငှက်ပျောပင်ကို ရည်ညွှန်းပြီး 'မန်ဒူဒ်'သည် အသီးများတစ်ခုပေါ်တစ်ခုထပ်လျက် 'ပြွတ်သိပ်နေသော' ငှက်ပျောခိုင်ကိုဆိုလိုပေသည်။

وَ ظِلٍّ مَّمْدُوْدٍ "....ထို့ပြင်ကျယ်ဝန်းပြန့်ပြူး၍ မြဲသောအရိပ်အာဝါသ၌ ရှိကြပေမည်။....."(၅၆:၃၀) ဆွဟီဟိုင်းန်၌ မှတ်တမ်းတင်ထားသကဲ့သို့ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့ကြောင်း လာရှိသည်မှာ ဂျန္နသ်သုခဘုံ၌ သစ်ပင်တစ်ပင်ရှိ၏။ ထိုသစ်ပင်မည်မျှကြီးမားသည်ဆိုသော် လူတစ်ဦးသည် မြင်း/ကုလားအုတ်ကို စီးနင်းလျက် ထို သစ်ပင်၏

အရိပ်အောက်၌ နှစ်ပေါင်း(၁၀၀)ခရီးနှင်သည့်တိုင် ၎င်းသည်ထိုအရိပ်ကို ကျော်လွန်နိုင်မည်မဟုတ်ပေ။

وَمَآءٍ مَّسْكُوْبٍ "....ထိုမှတစ်ပါး (မြေပေါ်)၌ အမြဲစီးတွေ့လျက်ရှိသော ရေရှိရာ၌ ရှိကြပေမည်။...." (၅၆း၃၁) မြေမျက်နှာပြင်ထက်ဝယ်ရေသည် အမြဲစီးတွေ့လျက်ရှိမည်ဟု ဆိုလိုသည်။

وَفَاكِهَةٍ كَثِيْرَةٍ "....ထို့ပြင် များစွာသော သစ်သီးဝလံများရှိရာ၌ ရှိနေကြပေမည်။...." (၅၆း၃၂) 'ကဆီရဟ်'(များစွာသော)ဟူသည့် စကားလုံး၌ အဓိပ္ပာယ်နှစ်မျိုးရှိ၏။ (၁) သစ်သီးဝလံများ များစွာရှိလိမ့်မည်။(၂)မရေမတွက်နိုင်သော သစ်သီးဝလံအမျိုးအစားများရှိကြလိမ့်မည်။

لَا مَقْطُوْعَةٍ وَّلَا مَمْنُوْعَةٍ "....(ထိုသစ်သီးဝလံများမှာ မည်သည့် ဥတုရာသီ၌မျှ) ကုန်ခန်းသော သစ်သီးဝလံများလည်းမဟုတ်ပေ၊(မည်သို့မျှ) ပိတ်ပင်တားမြစ်ခြင်းခံရဒဏ်သော သစ်သီးဝလံများလည်းမဟုတ်ချေ....။" (၅၆း၃၃) 'မတ်က်တူအဟ်' ဟူသော စကားလုံးသည် ရာသီကုန်လျှင် တုံး၍သွားသော(မရနိုင်တော့သော)သစ်သီးဝလံများကို ဆိုလိုသည်။ ဤလောက၌ သစ်သီးဝလံတို့ သည် ရာသီအလိုက်ပေါများကြ၏။ အချို့မှာနွေရာသီ၌လည်းကောင်း အချို့မှာ ဆောင်းရာသီ၌လည်းကောင်း၊ အချို့မှာ မိုးရာသီ၌လည်းကောင်း သီး(ပေါ်)ကြ၏။ ရာသီကုန်ဆုံးသည်နှင့် ထိုသစ်သီးကိုမရနိုင်တော့ပေ။ သို့ရာတွင် ဂျန္နသ်သုခဘုံ၏ သစ်သီးဝလံများသည် ဘယ်သောအခါမျှ၊ မည်သည့်ရာသီတွင်မျှ ကုန်ခမ်းမသွားပေ။ စားလိုသော အချိန်တွင် စားနိုင်စေရန် အမြဲရရှိနေလိမ့်မည်ဖြစ်၏။ ဤသစ်သီးကိုစားလိုစိတ်ရှိသည်နှင့် ယင်းတို့သည် အလွှာဟ်အရှင်မြတ်၏ အလိုတော်ဖြင့် လက်ထဲတွင် အဆင်သင့်ရောက်ရှိနေပေမည်။ 'မမ္မ်နူအဟ်'(တားမြစ်ခံရသော)ဟူသော စကားလုံးသည် ဤလောက၌ ဥယျာဉ်များကို စောင့်ရှောက်ရန် ခန့်ထားသော ခြံစောင့်များသည် သစ်သီးဝလံများကို အခြားသူများ ဆွတ်ခူးခြင်း မပြုစေရန် တားမြစ်ဟန့်တားကြသည်။ သို့သော် ဂျန္နသ်သုခဘုံ၏ ဥယျာဉ်များတွင် ထိုကဲ့သို့ ဟန့်တားပိတ်ပင်မှု ရှိလိမ့်မည် မဟုတ်ပေ။ သုခဘုံသားများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်သောအချိန်တွင် ယင်းတို့ကို ဆွတ်ခူးနိုင်ကြမည်ဖြစ်၏။

وَفُرُشٍ مَّرْفُوْعَةٍ "....ထိုမှတစ်ပါး (၎င်းတို့သည်) မြင့်စွင့်လှစွာသောသလွန်များ၊ အခင်းအကျင်းများ၊ မွေ့ရာများပေါ်၌ရှိနေကြပေမည်....။(၅၆း၃၄) 'ဖုရုရှ်'၏ အများကိန်းဖြစ်ပြီး 'အိပ်ရာ၊ သလွန်ညောင်စောင်း၊ မွေ့ယာ'ကို ဆိုလိုသည်။ 'မရ်ဖူအဟ်'သည် 'ပင့်မြှောက်ထားသော မြှင့်ထားသော'ဟု အဓိပ္ပာယ်ရ၏။ သလွန်ညောင်စောင်းများကို ပင့်မြှောက်ထားသည့် အကြောင်းများထဲမှ တစ်ခုမှာ(၁)နေရာကိုယ်၌ကမြင့်သောကြောင့်ဖြစ်၏။ (၂)မွေ့ယာများသည် မြေကြီးပေါ်၌ ရှိလိမ့်မည်မဟုတ်ဘဲ သလွန် ညောင်စောင်းများပေါ် သို့မဟုတ် အိပ်ရာများပေါ်တွင် ရှိကြမည် သို့မဟုတ် (၃)သလွန်များကိုယ်၌က ထူထဲပြီး(အရည်အသွေးမြင့်မား)လိမ့်မည်။ အချို့အကျယ်ဖွင့်ဆိုသူများက 'ဖုရုရှ်'အား 'အမျိုးသမီးများ'ဟူ၍ ယူကြ၏။ အဘယ်ကြောင့် ဆိုသော် 'ဖိရာရှ်'၏ အဓိပ္ပာယ်များထဲမှ တစ်ခုသည် 'အမျိုးသမီး'ဖြစ်သောကြောင့် ဖြစ်၏။ ဟီဒီးဆ်တော်တစ်ရပ်တွင် اَلْوَلَدُ لِلْفِرَاشِ "ကလေးအား ဇနီးဖြစ်သူက ပိုင်ဆိုင်၏" ဟု ဖော်ပြရာ၌ 'ဖိရာရှ်'သည် 'ဇနီး'ကိုရည်ညွှန်း၏။ ဤအချက်ကို ရှေ့လာမည့် အာယသ်တော်များတွင် ဖော်ပြသော သုခဘုံအမျိုးသမီးများ၏ ထူးခြားဝိသေသများက အတည်ပြုလာသည်။ ဤကိစ္စတွင် 'မရ်ဖူအဟ်'ဟူသော စကားလုံးသည် 'အဆင့်အတန်းမြင့်သော' ဟု ဆိုလိုခြင်းဖြစ်၏။

اِنَّآ اَنْشَاْنٰهُنَّ اِنْشَآءً "....ဇကန်မလွဲ ငါအရှင်မြတ်သည် (ဂျန္နတ်သုခဘုံ၌ ရှိကုန်သော) ထိုမိန်းမတို့အား အထူးဖန်ဆင်းတော်မူခဲ့၏။..."(၅၆း၃၅) 'အင်ရှအ်'ဟူသောစကားလုံးက 'ဖန်ဆင်းသည်'ဟုဆိုလိုသည်။ ၎င်းတို့ အကြောင်းကို အလျင်အာယသ်တော်များ၌ ဖော်ပြခြင်းမရှိခဲ့သော်လည်း နာမဝိသေသန هُنَّ "ဟွန္နာ"သည် သုခဘုံ၏ အမျိုးသမီးများကို

ရည်ညွှန်းခြင်းဖြစ်၏။ သို့ရာတွင် ၎င်းတို့အကြောင်းကို 'အထင်ရှားဆုံးလူများ'နှင့်ဆက်စပ်၍ အာယသ်တော်(၂၂-၂၃) တွင်ဖော်ပြခဲ့သည်။ အကယ်၍ အာယသ်တော်(၃၄)မှ 'ဖိရာရှိ'ဟူသော စကားလုံးသည် သုခဘုံ၏ အမျိုးသမီးတို့အား ရည်ညွှန်းပါက နာမဝိသေသန၏ ရှေ့ပြေးပုဒ်သည် သိသာထင်ရှား၏။ ထိုနည်းတူစွာ အိပ်ရာ၊ သလွန်၊ ပလ္လင်နှင့် အခြားကြည်နူးဖွယ် အမျိုးအမည်များက နာမဝိသေသနသည် အမျိုးသမီးများအား ရည်ညွှန်းရန် အကြောင်းဖြစ်စေလေသည်။ အာယသ်တော်၏အဓိပ္ပာယ်မှာ 'ငါ အရှင်မြတ်သည် ဂျန္နသ်သုခဘုံ၏ အမျိုးသမီးတို့အား အထူးနည်းလမ်းဖြင့် ဖန်ဆင်းတော်မူခဲ့သည်။(တစ်နည်း)ဂျန္နသ်၏ သမီးပျိုများအာ ဇီဝဗေဒသဘောဖြင့် မွေးဖွားခြင်း မပါဝင်ပဲ ဖန်ဆင်းတော်မူခြင်းဖြစ်၏။ ထို့ပြင် ဂျန္နသ်သုခဘုံသို့ ဝင်ကြရမည့် ဤလောကမှ အမျိုးသမီးများမှာလည်း ရုပ်ဆင်းသဏ္ဌာန်ပြောင်းလဲခြင်းခံကြရမည်။ ဤလောကမှရုပ်ဆိုးသော အသားမဲသော သို့မဟုတ် အသက်ကြီးရင့်သော အမျိုးသမီးတို့သည် ငယ်ရွယ်၍ နုပျိုကျော့ရှင်းသောအဖြစ်သို့ ပြောင်းလဲသွားကြမည်။ သိရိမီဇီနှင့် ဗိုင်ဟကီတို့တွင် သာဝကကြီးအနာစ်ﷺအား ကိုးကားလျက်ဖော်ပြသည်မှာ အာယသ်တော်(၃၅)ကိုရှင်းပြရာတွင် တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်။ ဤလောက၌အိုမင်း၍ မျက်စိမှုန်မွဲပြီး ဆံဖြူရုပ်ဆိုးသော အမျိုးသမီးများသည်ဤအသစ်ဖန်ဆင်းမှု၌ နုပျိုလှပစေလိမ့်မည်ဖြစ်၏။ သခင်မ အာအိရှာ﵂ထံမှ ဗိုင်ဟကီကတင်ပြသည်မှာ အဖွားအိုတစ်ဦးသည် သူမအား ဂျန္နသ်သို့ ဝင်ခွင့်ပြုပါမည့် အကြောင်း အလ္လာဟ်အရှင်မြတ်ထံတော်သို့ ဆုပန်ပေးပါရန် တမန်တော်မြတ်ﷺအား တောင်းခံခဲ့သည်။ တမန်တော်မြတ်ﷺကရယ်သွမ်းသွေး၍ သဘောဖြင့် (لَا تَدْخُلُ الْجَنَّةُ عَجُوْزٌ)'အဖွားကြီးများ ဂျန္နသ်တွင်းသို့ ဝင်ကြရလိမ့်မည်မဟုတ်။"ဟု ပြောခဲ့၏။ ဤစကားကို ကြားသော်အဖွားကြီးသည် လွန်စွာဝမ်းနည်း သွားခဲ့သည့်ပြင် အချို့ဆင့်ပြန်ချက်များအရ ငိုကြွေးခဲ့လေသည်။ ထိုအခါ အလ္လာ့ရစူလ်ﷺက ဂျန္နသ်တွင်းသို့ဝင်သောအခါ သူမသည် အိုမင်းနေလိမ့်မည်မဟုတ်ဘဲ နုပျိုလှပသော အမျိုးသမီးတစ်ဦးအဖြစ်သို့ ပြောင်းလဲခြင်းခံရလိမ့်မည် ဖြစ်ကြောင်းကို ရှင်းပြခဲ့သည်။ ထို့နောက် တမန်တော် မြတ်ﷺသည် ဤ အာယသ်တော်(၃၅)ကို ရွတ်ဖတ်ခဲ့လေသည်။ (မဇိဟရီ)

اَبْكَارًا "....ပျိုကညာများ....။"(၅၆း၃၆) 'အဗ်ကာရန်'ဟူသော စကားလုံးသည် 'ဗိက်ရ်'၏ အများကိန်းဖြစ်ပြီး 'အပျိုစင်များ'ဟု အဓိပ္ပာယ်ရ၏။ ဂျန္နသ်ဘုံမှ ကညာပျိုများသည် လိင်ဆက်ဆံမှုပြီးတိုင်း အပျိုစင်ပြန်ဖြစ်သွားကြလိမ့်မည်ဟုဆိုလိုသည်။

عُرُبًا "....(လင်ယောကျ်ားတို့အား)ချစ်ခင် စုံမက်ကြသော....။"(၅၆း၃၇) 'အုရုဗ်'ဟူသော စကားလုံးသည် 'အရုဗဟ်'၏အများကိန်းဖြစ်ပြီး မိမိ၏ခင်ပွန်းအား ချစ်မြတ်နိုးသော မိမိခင်ပွန်း၏ ချစ်မြတ်နိုးမှုလိုခံရသော အမျိုးသမီးတစ်ဦးကို ရည်ညွှန်း၏။

اَتْرَابًا "....သက်တူရွယ်တူများဖြစ်ကြသော...."(၅၆း၃၇) 'အတ်ရာဗ်'ဟူသော စကားလုံးသည် 'တိရ်ဗ်'၏ အများကိန်းဖြစ်ပြီး 'မိမိ၏ ကြင်ဖော်နှင့်အတူ ဖုန်မှုန့်ထဲတွင် ဆော့ကစားခဲ့သော သက်တူရွယ်တူပုဂ္ဂိုလ်တစ်ဦး'ဟု အဓိပ္ပာယ်ရ၏။ အာယသ်တော်ကဆိုလိုသည်မှာ ဂျန္နသ်သုခဘုံ၌ အမျိုးသားနှင့် အမျိုးသမီးတို့အား သက်တူရွယ်တူဖြစ်စေတော်မူလိမ့်မည်။ အချို့ဆင့်ပြန်ချက်များ၌ ၎င်းတို့သည်(၃၃)နှစ်ရွယ်ခန့် ရှိကြလိမ့်မည်ဖြစ်ကြောင်း ဖော်ပြ၏။ (မဇိဟရီ)

ثُلَّةٌ مِّنَ الْاَوَّلِيْنَ ، وَ ثُلَّةٌ مِّنَ الْاٰخِرِيْنَ "....(ထိုလက်ယာဘက်သားတို့တွင်) ရှေးသူဟောင်းတို့အနက် ကြီးကျယ်လှစွာသော အုပ်စုကြီးတစ်ခုသည် လည်း ကောင်း၊ နောင်လာနောက်သားတို့အနက်မှ ကြီးကျယ်လှစွာသော အုပ်စုကြီးတစ်ခုသည် လည်းကောင်း ပါဝင်ကြကုန် အံ့သတည်း....။" (၅၆း၃၉-၄၀) 'စာဒိကူန်' (အထင်ရှားဆုံးလူများ) နှင့် ဆက်စပ်၍ ရှေးဦးနှင့်နောင်ပိုင်းမျိုးဆက်များ သတ်မှတ်ခြင်းဆိုင်ရာ ရှင်းလင်းဖွင့်ဆိုသူတို့၏ ရှုထောင့်နှစ်မျိုးကို

ဖော်ပြခဲ့သည်။ အချို့ရှင်းလင်းဖွင့်ဆိုသူများ ယူဆသကဲ့သို့ 'ရှေးဦးမျိုးဆက်များ'သည် အာဒမ်ﷺမှသည် တမန်တော်မြတ် ﷺ မပွင့်ပေါ်မီ အချိန်ထိ ရှိခဲ့ကြမည့် မျိုးဆက်များကို ရည်ညွှန်းပြီး 'နောင်းပိုင်းမျိုးဆက်များ'သည် တရားစီရင်မည်နေ့ တိုင်ရှိကြမည်ဖြစ်သော တမန်တော်မြတ်ﷺ၏ အွမ္မသ်ကို ရည်ညွှန်း ခြင်းဖြစ်ပါက အာယသ်တော်များက ဆိုလိုမည်မှာ လက်ယာဘက်သားများတွင် ရှေးသူဟောင်းအုပ်စုအားလုံးမှ သက်ဝင်ယုံကြည်သူများကောင်းမြတ်သော လူများပါဝင်သည့်အုပ်စုကြီးတစ်စုနှင့် တမန်တော်မြတ်ﷺ၏ အွမ္မသ်တစ်ခုတည်းမှ အုပ်စုကြီးတစ်စုတို့ ပါဝင်လိမ့်မည် ဖြစ်၏။ ဤသို့ဆိုက တမန်တော်မြတ်ﷺ၏ အွမ္မသ်အဖို့ ကြီးမားသော ဂုဏ်ယူဖွယ်ရာ ဖြစ်သည်မှာ ဤလောကၦဉ်ငင်းတို့နေ ထိုင်ခဲ့သည်အချိန်ကာလသည် တိုတောင်းသော်လည်း၊ ငင်းတို့သည် တမန်တော် ထောင်ပေါင်း၊ ရာပေါင်းများစွာ၏ ဦးဆောင်ရာသို့ လိုက်ပါသွားကြသော ရှေးသူဟောင်းအုပ်စုအားလုံးနှင့် ယှဉ်နိုင်သော ကြောင့် ဖြစ်လေသည်။ ထို့ပြင် 'နောင်းပိုင်းမျိုးဆက်များမှ များစွာသော' ဟူသည့်စကားရပ်တွင် 'ရှေ့ဦးမျိုးဆက်များမှ များစွာသော' ထက် အရေအတွက် ပို၍ များသည့် သဘောဆောင်ပေသည်။

အကယ်၍ ရှေးဦးနှင့်နောင်းပိုင်းမျိုးဆက်နှစ်ခုစလုံးသည် တမန်တော်မြတ်ﷺ၏ အွမ္မသ်မှ ဖြစ်ကြသည် ဟူသော ရှင်းလင်းဖွင့်ဆိုသူများ၏ ဒုတိယအယူအဆကို ကျွန်ုပ်တို့လက်ခံပါက ဤအွမ္မသ်၏နောင်းပိုင်းမျိုးဆက်များ၌ ပင်လျှင် 'အထင်ရှားဆုံးလူများ' လုံးဝမပါဘဲနေလိမ့်မည်မဟုတ်ချေ။ သို့သော် နောင်းပိုင်းမျိုးဆက်များတွင် ငင်းတို့သည် အရေအတွက် နည်းပါလိမ့်မည်ဖြစ်၏။ လက်ယာဘက်သားများအတွက်မူ ငင်းတို့၏အရေအတွက်မှာ ရှေးဦးနှင့်နောင်း ပိုင်းမျိုးဆက်များ နှစ်ခုစလုံးတွင် များပြားလိမ့်မည်ဖြစ်၏။ ဤအချက်အား သာဝကကြီးမူအာဝေယာﷺထံမှ ဗုခါရီနှင့် မွတ်စလင်တို့ တင်ပြသော ဟဒီးဆ်တော်တစ်ရပ်က သက်သေခံပေသည်။ ယင်းဟဒီးဆ်၌တမန်တော်မြတ်ﷺမိန့်တော် မူခဲ့သည်။ 'ကျွန်ုပ်၏အွမ္မသ်မှ အုပ်စုတစ်စုသည် အမှန်တရားဘက်တွင် အမြဲရှိကြပြီး လွှမ်းမိုးကြီးစိုးကြလိမ့်မည်။ ထို့ပြင် ငင်းတို့ကို မထောက်ခံသူများနှင့်ငင်းတို့ကို ဆွေဖည်သူများ၏ အန္တရာယ်ပြုခြင်းကို နောက်ဆုံးနာရီစတင်ချိန်ထိ ခံကြ ရလိမ့်မည်မဟုတ်ပေ။'

အာယသ်တော် (၅၇-၇၄)

نَحْنُ خَلَقْنٰكُمْ فَلَوْلَا تُصَدِّقُوْنَ ﴿۵۷﴾ اَفَرَءَيْتُمْ مَّا تُمْنُوْنَ ﴿۵۸﴾ ءَاَنْتُمْ
تَخْلُقُوْنَهٗۤ اَمْ نَحْنُ الْخٰلِقُوْنَ ﴿۵۹﴾ نَحْنُ قَدَّرْنَا بَيْنَكُمُ الْمَوْتَ وَ مَا نَحْنُ
بِمَسْبُوْقِيْنَ ﴿۶۰﴾ عَلٰۤى اَنْ نُّبَدِّلَ اَمْثَالَكُمْ وَنُنْشِئَكُمْ فِيْ مَا لَا تَعْلَمُوْنَ
﴿۶۱﴾ وَلَقَدْ عَلِمْتُمُ النَّشْاَةَ الْاُوْلٰى فَلَوْلَا تَذَكَّرُوْنَ ﴿۶۲﴾ اَفَرَءَيْتُمْ مَّا تَحْرُثُوْنَ
﴿۶۳﴾ ءَاَنْتُمْ تَزْرَعُوْنَهٗۤ اَمْ نَحْنُ الزّٰرِعُوْنَ ﴿۶۴﴾ لَوْ نَشَآءُ لَجَعَلْنٰهُ حُطَامًا
فَظَلْتُمْ تَفَكَّهُوْنَ ﴿۶۵﴾ اِنَّا لَمُغْرَمُوْنَ ﴿۶۶﴾ بَلْ نَحْنُ مَحْرُوْمُوْنَ ﴿۶۷﴾ اَفَرَءَيْتُمُ
الْمَآءَ الَّذِيْ تَشْرَبُوْنَ ﴿۶۸﴾ ءَاَنْتُمْ اَنْزَلْتُمُوْهُ مِنَ الْمُزْنِ اَمْ نَحْنُ الْمُنْزِلُوْنَ

﴿٦٩﴾ لَوۡ نَشَآءُ جَعَلۡنَٰهُ أُجَاجٗا فَلَوۡلَا تَشۡكُرُونَ ﴿٧٠﴾ أَفَرَءَيۡتُمُ ٱلنَّارَ ٱلَّتِي
تُورُونَ ﴿٧١﴾ ءَأَنتُمۡ أَنشَأۡتُمۡ شَجَرَتَهَآ أَمۡ نَحۡنُ ٱلۡمُنشِـُٔونَ ﴿٧٢﴾ نَحۡنُ جَعَلۡنَٰهَا
تَذۡكِرَةٗ وَمَتَٰعٗا لِّلۡمُقۡوِينَ ﴿٧٣﴾ فَسَبِّحۡ بِٱسۡمِ رَبِّكَ ٱلۡعَظِيمِ ﴿٧٤﴾

ငါအရှင်မြတ်သည်ပင်လျှင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့၏။ သို့ပါလျက် အသင်တို့သည် မည်သည့်အတွက်ကြောင့် ဟုတ်မှန်ကြောင်း ဝန်မခံကြလေသနည်း။ (၅၇) အသင်တို့ ပြောပြကြကုန်။ အသင်တို့သည် မိမိတို့သုတ်ရည်အစက်ချကြသည်။ (၅၈) ယင်းသုတ်ရည်ကို အသင်တို့ကိုယ်တိုင် (လူဖြစ်အောင်) ဖန်ဆင်းကြလေသလော။ သို့တည်းမဟုတ် ငါအရှင်မြတ်ပင် ဖန်ဆင်းတော်မူပါသလော။(၅၉) ငါအရှင်မြတ်သည်ပင်လျှင် အသင်တို့ကြား၌'မရဏာ' သေဆုံးခြင်းကို တင်ရင်စီမံတော်မူခဲ့၏။ထိုမှတစ်ပါးငါအရှင်မြတ်သည် မစွမ်းနိုင်တော်မူသောအရှင် မဟုတ်ပြီ၊ (၆၀) ငါအရှင်မြတ်သည် အသင်တို့ကဲ့သို့သော (အခြား)သူတို့အား ပြောင်းလဲ(ဖန်ဆင်းတော်မူ)ရန်လည်း ကောင်း၊အသင်တို့အား အသင်တို့ပင် မသိကြသော အခြေအနေမျိုး၌ဖန်ဆင်းတော်မူရန်လည်းကောင်း။(၆၀) ထို့ပြင် ဇကာန်စင်စစ် အသင်တို့သည် ပထမအကြိမ် ဖန်ဆင်းတော်မူခြင်းကို ကောင်းမွန်စွာ သိရှိပြီး ဖြစ်ကြလျက် မည်သည့်အတွက်ကြောင့် နားမလည် ကြသနည်း။ (၆၂) အသင်တို့သည်မိမိတို့စိုက်ပျိုးကြသည်များကိုမြင်ခဲ့ကြလေသလော။(၆၃)ထိုစိုက်ပျိုးထားကြသည့်မျိုးစေ့ကို အသင်တို့ကိုယ်တိုင် ပေါက်ရောက်စေကြလေသလော။ သို့တည်း မဟုတ်၊ငါအရှင်မြတ်သည်ပင် ပေါက်ရောက်စေတော်မူသော အရှင်မြတ် ဖြစ်တော်မူ ပါသလော။ (၆၄) အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ယင်းစိုက်ပျိုးခင်းကို စဉ်းထားသော ကောက်ရိုးများ၊ မြက်ခြောက်များ ဖြစ်စေတော်မူခဲ့ပေမည်။ ထိုအခါ အသင်တို့သည် တွေဝေ ငေးမိုင်လျက် ရှိကြပေမည်။ (၆၅) ဇကာန်စင်စစ် ကျွန်ုပ်တို့သည် ကြွေးမြီတင်ခြင်းဒဏ်ဆောင်စေခြင်း ခံကြရလေပြီ။ (၆၆) ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ကျွန်ုပ်တို့သည် လက်မဲ့ဖြစ်စေခြင်းကိုပင် ခံကြရလေပြီ (ဟု ပြောဆိုညည်းညူကြပေမည်)။ (၆၇) အသင်တို့သည် မိမိတို့ သောက်သုံးကြသောရေကို မြင်ခဲ့ကြလေသလော။ (၆၈)ထိုရေကို အသင်တို့ကိုယ်တိုင် မိုးတိမ်မှ ရွာသွန်းစေကြသလော။ သို့တည်းမဟုတ်ငါအရှင်မြတ်ပင် ရွာသွန်းစေတော်မူသောအရှင်ဖြစ်တော်မူပါသလော။ (၆၉) အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ထိုရေကို ရေငန်ရေခါး ပြုလုပ်တော် မူခဲ့မည်သာ။ သို့ပါလျက် အသင်တို့သည် မည်သည့် အတွက်ကြောင့် ကျေးဇူးမတင်ကြပေသနည်း။ (၇၀) အသင်တို့သည် မိမိတို့မွေးကြသော မီးကို မြင်ခဲ့ကြလေသလော။ (၇၁) ထိုမီးထွက်သော သစ်ပင်ကို အသင်တို့ ကိုယ်တိုင်ပေါက်ရောက်စေခဲ့ကြလေသလော။ သို့တည်းမဟုတ် ငါအရှင်မြတ်သည်ပင် ပေါက်ရောက်စေတော်မူသောအရှင် ဖြစ်တော်မူပါသလော။(၇၂) ငါအရှင်မြတ်သည်ပင် ထိုသစ်ပင်ကို သတိရစေသော၊ တရားရစေသော အရာအဖြစ် လည်းကောင်း၊ ခရီးသည်တို့အဖို့ အကျိုးကျေးဇူးရှိစေသောအရာအဖြစ် လည်းကောင်း၊ပြုလုပ်တော်မူခဲ့၏။(၇၃) သို့ဖြစ်ပေရာ

(အိုး-နဗီတမန်တော်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော၊ ကြီးကျယ် မြင့်မြတ်လှ တော်မူသော အရှင်မြတ်(၏) နာမံတော်၊ စင်ကြယ် သန့်ရှင်းတော်မူကြောင်း) ချီးမွမ်းမြွက်ဆို ပါလေ။ (၇၄)

ရှင်ပြန်ထမည့်နေ့တွင် ဖြစ်ပေါ်မည့် သက်သေအထောက်အထား

ဤနေရာထိစူရဟ်သည် 'ဟရှ်ရ်' (စုရုံးခြင်း)ကွင်းပြင်မှ လူတန်းစာ(၃)ရပ်အကြောင်းကိုလည်းကောင်း၊ အာယသ်တော်များသည် ထိုအုပ်စု(၃)စု၏ အကျိုးဆုလာဘ်နှင့်ပြစ်ဒဏ်များကို လည်းကောင်းဖော်ပြခဲ့၏။ ယခုအာယသ်တော်အစုံက တရားစီရင်မည့်နေ့နှင့်သေပြီးနောက် ဘဝကို လုံးဝငြင်းဆိုကြသော ကာဖိရ်များ၊ မိစ္ဆာဒိဋ္ဌိများ သို့မဟုတ် မုရှ်ရစ်ကျများအား သတိပေးလေသည်။ အာယသ်တော်များက လူတို့အား အမှောင်ထဲ၌ရှိနေစေရန် ဖုံးလွှမ်းထားသော လျစ်လျူရှုမှုနှင့် ပေါ့ဆမှုခြုံလွှာကို ဖယ်ရှားပေး၏။ ဖြစ်ရှိနေသော အရာမှန်သမျှသို့မဟုတ် မျက်မှောက်ကာလ၌ဖြစ်ရှိလာမည့်အရာမှန်သမျှသို့မဟုတ်အနာဂတ်တွင် ဤစကြဝဠာလောကကြီး၌ဖြစ်ရှိလာမည့်အရာမှန်သမျှသည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းနိုင်စွမ်း၏ ရလဒ်ပင်ဖြစ်၏။ ထိုအရှင်မြတ်သည် ယင်းတို့အားဖြစ်ရှိစေတော်မူသည်။ ထိန်းသိမ်းတော်မူသည်။ လူသားအား နာခံကျိုးနွံစေတော်မူသည်။ ဤအဖြစ်အပျက်များ ထင်ရှားသော အကြောင်းတရားများသည် အဖြစ်မှန်ကို ဖုံးလွှမ်းထားသော ခြုံလွှာများကဲ့သို့ပင်ဖြစ်ကြ၏။ အကယ်၍ ဖုံးလွှမ်းထားသောဤခြုံလွှားကို ဖယ်ရှားလိုက်ပါက လူသားသည် ထင်ရှားသော အကြောင်းတရားများမပါရှိဘဲ အရာဝတ္ထုများအား ဖန်ဆင်းခြင်းကို တွေ့မြင်နိုင်မည်ဖြစ်သည့်ပြင် ၎င်းသည် အလ္လာဟ်အရှင်မြတ်အား မယုံကြည်ဘဲမနေနိုင် ဖြစ်ပေလိမ့်မည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ဤလောကအား စမ်းသပ်ရာနေရာအဖြစ် ပြုလုပ်တော်မူခဲ့သည်ဖြစ်၍ ဖြစ်ရှိလာသောအရာမှန်သမျှကို အကြောင်းတရားတည်းဟူသော အဖုံးအကာအောက်၌ ထားရှိတော်မူခြင်းဖြစ်လေသည်။

အလ္လာဟ်အရှင်မြတ်သည် မိမိ၏အရာခပ်သိမ်းကို လွှမ်းခြုံသော တန်ခိုးတော်နှင့်ပြီးပြည့်စုံသော ပညာ ဉာဏ်တော်များဖြင့် 'အကြောင်းတရား'နှင့်'အကျိုးတရား'များကြားတွင် ခိုင်မာသောဆက်စပ်မှု သို့မဟုတ် ဆက်နွယ်မှု တစ်ခုကို ဖန်တီးတော်မူခဲ့သည်။ မည်သည့်နေရာ၊ အချိန်အခါ၌ မဆိုဆင့်ပွားအကြောင်းတရားတစ်ခုဖြစ်ပေါ်လာသောအခါ အကျိုးတရားမှာလည်း မလွဲမသွေ(နောက်မှ) လိုက်ပါလာလေသည်။ သာမန်လေ့လာသူတစ်ဦးသည် အကျိုးတရားတိုင်းတွင် ဆင့်ပွားသို့မဟုတ် အပြင်ပန်း အကြောင်းတရားတစ်ခုရှိသည်ဟု သတ်မှတ်ခြင်းကြောင့် 'အကြောင်း တရားများ'နှင့် 'အကျိုးတရားများ' တည်းဟူသော ဒဿနထဲ၌ လမ်းပျောက်နေကြသည်။ လူသားအနေဖြင့် အကြောင်းတရား နှင့်အကျိုးတရား စံနစ်တစ်ခုလုံးသည် အလ္လာဟ်အရှင်မြတ်ထံတော်၌ လမ်းဆုံးသွားခြင်းကို သတိပြုမိဟန်မတူပေ။ ထိုအရှင်မြတ်သည် ပထမသို့မဟုတ် အဓိက သို့မဟုတ်အစစ်အမှန် အကြောင်းတရား သို့မဟုတ် အကြောင်းတရားအားလုံး၏ အကြောင်းတရား (မုဆဗ်ဗိဗ္ဗလ်အတ်စ်ဗာဗ်) ဖြစ်တော်မူပေသည်။ အကြောင်းနှင့်အကျိုးတို့၏ သဘာဝဖြစ်စဉ်တစ်ခုသည် စကြဝဠာတစ်ခွင်လုံး၌ ပျံ့နှံ့နေကြောင်းကို စူရဟ်အနန်နာဂျမ်တွင်ရှင်းပြခဲ့၏။ ကိုယ်တိုင်၌က အရင်းခံမဟုတ်သော အကြောင်းတရားတိုင်းသည် အခြားအကြောင်းတရားတစ်ခုဆီသို့ ခြေရာကောက်၍ ရနိုင်ပြီး ထို အကြောင်းတရားမှတစ်ဆင့် နောက်ထပ်အကြောင်းတရားတစ်ခုဆီသို့ ဆင့်ကဲဆင့်ကဲခြေရာခံ၍ ရနိုင်လေသည်။ သို့သော် ကန့်သတ်ချက်ရှိသော ကျွန်ုပ်တို့၏လောကမှ အကျိုးနှင့်အကြောင်း ဇာတ်လမ်းတွဲသည် အတိအကျမဖြစ်နိုင်သဖြင့် တစ်နေရာရာတွင် အဆုံးသတ်ရလိမ့်မည်ဖြစ်၏။ ထို့ကြောင့် နောက်ဆုံးအကြောင်းတရားဖြစ်သည့် စကြဝဠာကြီး၏ ဖန်ဆင်းရှင်ဘက်ဆီသို့ ယခုအာယသ်တော်က ကျွန်ုပ်တို့အား ဖိတ်ခေါ်ခြင်းဖြစ်လေသည်။

نَحْنُ خَلَقْنٰكُمْ فَلَوْلَا تُصَدِّقُوْنَ ﴿۵۷﴾ اَفَرَءَيْتُمْ مَّا تُمْنُوْنَ ﴿۵۸﴾ ءَاَنْتُمْ تَخْلُقُوْنَهٗۤ اَمْ نَحْنُ الْخٰلِقُوْنَ ﴿۵۹﴾

".... ငါအရှင် မြတ်သည်ပင်လျှင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့၏။ သို့ပါလျက် အသင်တို့သည် မည်သည့် အတွက်ကြောင့် ဟုတ်မှန် ကြောင်း ဝန်မခံကြလေသနည်း။ အသင်တို့ ပြောပြကြကုန်။ အသင်တို့သည် မိမိတို့သုတ်ရည် အစက်ချကြသည်။ယင်းသုတ်ရည် ကို အသင်တို့ကိုယ်တိုင် (လူဖြစ်အောင်) ဖန်ဆင်းကြလေသလော။ သို့တည်းမဟုတ် ငါအရှင်မြတ်ပင် ဖန်ဆင်းတော်မူပါသလော....။"(၅၆း၅၇-၅၉) အာယသ်တော်(၅၇)သည် အလ္လာဟ်တစ်ပါးတည်း ရှိခြင်းနှင့်သေပြီး နောက်ရှင်ပြန်ထစေနိုင်သော ထိုအရှင်မြတ်၏ တန်ခိုးတော်များကို ထောက်ခံသော အကြောင်းပြချက် ဇာတ်လမ်းတွဲဖြင့် အစပြု၏။ပထမအကြောင်းပြချက်မှာ သိမ်မွေ့နက်နဲ၍အံ့ဖွယ်ဖြစ်သော လူသားအားမွေးဖွားခြင်းသည် သဘာဝဖြစ်ရပ် ဖြစ်သည်။ လူသားသည် သုတ်ရည်တစ်စက်မှ အစပြုကာ ဖန်ဆင်းခံအပေါင်း၏ ဘုရင်ဖြစ်သော အဘက်ဘက်မှ ပြည့်စုံသော လူသားတစ်ဦးအဖြစ် တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ လူသား ဖန်ဆင်းမှုတွင် ဖိုနှင်မပေါင်းစပ်သောဖြစ်စဉ်မှာ အဆုံးစွန်းသော သို့မဟုတ် စစ်မှန်သော အကြောင်းတရားဖြစ်သည်ဟု ဆင်ခြင်ယူဆခြင်း၌ ရပ်တုံ့သွားလေသည်။ ထို့ကြောင့်ပင် ကုရ်အာန်က လူတို့အား اَفَرَءَيْتُمْ مَّا تُمْنُوْنَ، ءَاَنْتُمْ تَخْلُقُوْنَهٗۤ اَمْ نَحْنُ الْخٰلِقُوْنَ "အသင်တို့ ပြောပြကြကုန်။ အသင်တို့သည် မိမိတို့ သုတ်ရည် အစက်ချကြသည်။ ယင်းသုတ်ရည်ကို အသင်တို့ကိုယ်တိုင် (လူဖြစ်အောင်) ဖန်ဆင်းကြလေသလော၊ သို့တည်းမဟုတ် ငါအရှင်မြတ်သည်ပင် ဖန်ဆင်းတော်မူပါသလော။"(၅၆း၅၈-၅၉) ဟူသောမေးခွန်းကို မေးမြန်းလေသည်။ တစ်နည်းဆိုရလျှင် ကလေးတစ်ယောက် မွေးဖွားရာ ဇီဝဗေဒဆိုင်ရာ အခန်းကဏ္ဍတွင် ယောက်ကျားတစ်ဦးသည် မိန်းမတစ်ဦး၏ သားဥနှင့်ပေါင်းစပ်ရန် သေးငယ်သော သုတ်ရည်တစ်စက်ကို သေးငယ်သော သားအိမ်တွင်းသို့ ထည့်သွင်းပေးရသည့် အခန်းကဏ္ဍမှပါဝင်ရုံမျှသာဖြစ်၏။ ဤကဏ္ဍ၏နောက် ကြီးထွားဖွံ့ဖြိုးမှု အဆင့်ဆင့်ကို အလ္လာဟ်အရှင်မြတ်မှတစ်ပါး မည်သူမျှသိနားလည်ပြီး ဆောင်ရွက်သည်မဟုတ်ချေ။ နောက်ဆုံးတွင် အရိုးဖွဲ့စည်းတည်ဆောက်မှုနှင့်အတူ သန္ဓေသားအဖြစ်သို့ ပြောင်းလဲလာသည်။ ထို့နောက် အရိုးပေါ်ကို အသားနှင့်အရေတို့ဖြင့် ဖုံးလွှမ်းပေးပြီး ယင်းအထဲသို့ အသက်ဝိညာဉ်ကို မှုတ်သွင်းခြင်းဖြင့် စကြာဝဠာအငယ်စားလေး မိုက်ခရိုဆုဖိုး(လောကပုံစံငယ်လေး)သည် အဟာရဖြစ်စေသော၊ အစာခြေသောစနစ်၊ သွေးနှင့်လှည့်ပတ်စီးဆင်းစေသောစနစ်၊ လူသား၏အာရုံများ (အမြင်၊ အထိအတွေ့၊ အနံ့၊ အကြားနှင့်အရသာ)စနစ်နှင့် အမျိုးမျိုးသော စနစ်များဖြစ်ရှိလာခဲ့လေသည်။ သို့ဖြစ်၍ လူသားသည် ရွှေ့လျားနေသော စက်ရုံတစ်ခုဖြစ်လာပြီး ဤဇီဝဖြစ်စဉ်များ၌ ၎င်းတွင် အဆုံးအဖြတ်ပေးနိုင်စွမ်း မရှိပါချေ။

မိဘများ (အထူးသဖြင့် ဤအရာအားလုံးဖြစ်ပျက်ရာ ဝမ်းကြာတိုက်ပိုင်ရှင်ဖြစ်သူမိခင်)အနေဖြင့် ကလေးသည် ယောကျ်ားလေး သို့မဟုတ် မိန်းကလေးဖြစ်မည်မှန်းကို မွေးဖွားချိန်မတိုင်ခင်ထိ မသိကြရပေ။ မေးခွန်းမှာ ကလေးငယ်အား မိခင်၏ဝမ်းဗိုက်ထဲ၌အမှောင်ထု(၃)ထပ်(ဝမ်းဗိုက်၏အမှောင်၊ သားအိမ်၏အမှောင်နှင့်သန္ဓေသားအား ရစ်ပတ်ခြုံလွှမ်းထားသော အမြှေးပါး၏အမှောင်) အတွင်းဖန်ဆင်းမှုတစ်မျိုးပြီးတစ်မျိုးပြောင်းလွဲ၍ မည်သူဖန်ဆင်းပါသနည်း။ ယင်းအရာအား လှုပအောင် ပြုလုပ်ပြီး အကြားစွမ်းအင် အမြင်စွမ်းအင်များကို မည်သူပေးခဲ့ပါသနည်း။ မည်သူက စဉ်းစားနိုင်စွမ်း၊ နားလည်နိုင်စွမ်းများ ချီးမြှင့်ခဲ့ပါသနည်း။ စိတ်ဝေဒနာရှင်မှသာလျှင် "ချီးမွမ်းထောပနာအပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်၊ အကောင်းတကာ့ အကောင်းဆုံး ဖန်ဆင်းရှင်"ဟူ၍ ကြွေးကြော်ရန် ပျက်ကွက်လိမ့်မည်ဖြစ်ပေသည်။

نَحْنُ قَدَّرْنَا بَيْنَكُمُ الْمَوْتَ وَمَا نَحْنُ بِمَسْبُوْقِيْنَ ﴿۶۰﴾ عَلٰۤى اَنْ نُّبَدِّلَ اَمْثَالَكُمْ

وَنُنشِئَكُمْ فِي مَا لَا تَعْلَمُونَ ﴿٦١﴾

"ငါအရှင်မြတ်သည်ပင်လျှင် အသင်တို့ကြားဌ'မရက'ာ သေဆုံးခြင်းကို တင်ရင်စီမံတော်မူခဲ့၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် မစွမ်းနိုင်တော်မူသောအရှင်မဟုတ်ပြီ၊ ငါအရှင်မြတ်သည် အသင်တို့ကဲ့သို့သော (အခြား)သူတို့အား ပြောင်းလဲ (ဖန်ဆင်းတော်မူ)ရန် လည်းကောင်း၊ အသင်တို့အား အသင်တို့ပင် မသိကြသော အခြေအနေမျိုးဌ ဖန်ဆင်း တော်မူရန် လည်းကောင်း"(၅၆:၆၀-၆၁)

သေခြင်းသည် ရုပ်ခန္ဓာချုပ်ငြိမ်းခြင်းဖြစ်၏။ ဤသည် အလ္လာဟ် အရှင်မြတ်၏ ထာဝရရှိနေမည့်ဥပဒေ ဖြစ်ပြီး၊ ထိုဥပဒေမှ လွတ်မြောက်ရာလမ်းမရှိပေ။ အလ္လာဟ်အရှင်မြတ်သည် လူသား၏သေဆုံးချိန်ကို ကြိုတင်၍ သတ်မှတ်တော်မူသည်။ လူသား၏အသက်ဝိညာဉ်ကို ချုပ်နှောင်ထားရာ ရုပ်ခန္ဓာမှ လွတ်မြောက်စေသော သေခြင်း၏ကိစ္စရပ်ဌ လူသားတွင် ရွေးချယ်ပိုင်ခွင့်မရှိပေ။ အလ္လာဟ်အရှင်မြတ် ကြိုတင် သတ်မှတ်တော်မူခဲ့သော အချိန်တစ်ခုထိ ၎င်းသည် အသက်ရှင်နေနိုင်ပေသည်။ အကြင်သူသည် မိမိ၏ဩဇာအာဏာနှင့် စိတ်ကြိုက်ဆုံးဖြတ်ပိုင် ခွင့်များကို ဆက်လက် ခံစားနေနိုင်လိမ့်မည်ဟု စိတ်ကူးယဉ် ကျေနပ်မနေသင့်ပေ။ အလ္လာဟ်အရှင်မြတ်ဌ ၎င်းအား အချိန်မရွေးဖယ်ရှားပြီး ၎င်း၏နေရာတွင် အခြားသူတစ်ဦးအား ဖန်ဆင်းနိုင်စွမ်းရှိတော်မူသည့်အကြောင်းကို نَحْنُ قَدَّرْنَا بَيْنَكُمُ الْمَوْتَ وَمَا نَحْنُ بِمَسْبُوقِينَ، "....ငါအရှင်မြတ်သည်ပင်လျှင် အသင်တို့ကြားဌ 'မရက'ာသေဆုံးခြင်းကို တင်ရင်စီမံတော်မူခဲ့၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် မစွမ်းနိုင်တော်မူသောအရှင်မဟုတ်ပြီ၊ ငါအရှင်မြတ်သည် အသင်တို့ကဲ့သို့သော (အခြား) သူတို့အား ပြောင်းလဲ (ဖန်ဆင်းတော်မူ)ရန် လည်းကောင်း၊ အသင် တို့အား အသင်တို့ပင် မသိကြသော အခြေအနေမျိုးဌ ဖန်ဆင်းတော်မူရန် လည်းကောင်း....." ဖြင့် သိစေတော်မူသည်။ အာယသ်တော်(၆၁)၏ နိဂုံးပိုင်း عَلَىٰ أَن نُّبَدِّلَ أَمْثَالَكُمْ وَنُنشِئَكُمْ فِي مَا لَا تَعْلَمُونَ"...." အသင်တို့အား အသင်တို့ပင် မသိကြသော အခြေအနေမျိုးဌ ဖန်ဆင်း တော်မူရန်လည်းကောင်း..." က ဆိုလိုသည်မှာ

"အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အသင်တို့မသိကြသေးသော ပုံစံတစ်မျိုးသို့ အသွင် ပြောင်း ရန်စွမ်းအားရှိ တော်မူသည်။"ဟူ၍ ဖြစ်၏။ လူသားတစ်ဦးသေဆုံးပြီးနောက် ဖုန်မှုန့်များအဖြစ်သို့ ပြောင်းလဲခြင်း သို့မဟုတ် အတိတ်ခေတ် အမျိုးသားများ ကြုံတွေ့ခဲ့ရသကဲ့သို့ အချို့သည် မျောက်များအဖြစ်သို့လည်းကောင်း၊ အချို့ သည် ဝက်များအဖြစ် သို့လည်းကောင်း အပြစ်ဒဏ်ပေးမှုနည်းလမ်းအားဖြင့် အသွင်ပြောင်းခြင်းဖြစ်ပျက်နိုင်သည်။ ၎င်းတို့သည် ကျောက်တုံး များသို့မဟုတ် တွင်းထွက်များ အဖြစ်သို့ ပြောင်းလဲခြင်းလည်းဖြစ်နိုင်ပေသည်။

အပင်များကို ဖန်ဆင်းခြင်း၊ မိုးရေကို ချပေးခြင်းနှင့် မီးကိုဖန်ဆင်းခြင်းများသည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်း၏ တော်မူခြင်း၏ သက်သေများဖြစ်ကြသည်။

မထင်ရှားသော မူလအစမှ လူသား၏မွေးဖွားခြင်းကို ရည်ညွှန်းပြီးနောက် စူရဟ်သည် မြေကမ္ဘာမှ လူသား၏ ရှင်သန်မှုအတွက် မှီခိုနေရသော အရာများ အကြောင်းအကျဉ်းချုပ်ကို အာယသ်တော်(၆၃)မှစ၍ ဖော်ပြလေသည်။ ဤလောကဌ လူသား၏အသက်ရှင်သန်မှုအတွက် မှီခိုနေရသော အဓိက(၃)မျိုးရှိပြီး ယင်းတို့မှာ အစားအစာ၊ ရေနှင့် မီးတို့ဖြစ်ကြသည်။ ပထမအရာမှာ အာယသ်တော်(၆၃)က ရည်ညွှန်းသော အစားအစာပင်ဖြစ်၏။

أَفَرَءَيْتُم مَّا تَحْرُثُونَ "အသင်တို့သည် မိမိတို့စိုက်ပျိုးကြသည်များကို မြင်ခဲ့ကြလေသလော....."(၅၆:၆၃) လူသားအား ဖန်ဆင်းခြင်းကိစ္စနှင့် လူသည်တစ်ဆင့်ခံသို့မဟုတ် ပြင်ပမှလာသော အကြောင်းတရားတွင် မျက်စိလည်

ပြီး၊ ယင်း၏အရင်းခံ သို့မဟုတ် ရှိရင်းစွဲအကြောင်းတရားဖြစ်သော တကယ့်ဖန်ဆင်းရှင်နှင့် အရှင်သခင်ကို မျက်ခြေပြတ်ခဲ့၏။ ဤသတိမထားမိခြင်းကို မြင်သာအောင် ထူးခြားသော နည်းဟန်တစ်ခုဖြင့် လှစ်ဟပြသခဲ့သည်။ အလားတူဟန်ဖြင့် လူသား၏အာဟာရရင်းမြစ် အစစ်အမှန်ကို အသေးစိတ်ရှင်းပြလေသည်။ အလ္လာဟ်အရှင်မြတ်သည် လူသားအား မေးခွန်းတစ်ရပ် မေးတော်မူသည်။ "မုချဇကန်အသင်တို့သည် မာကျောသော မြေကြီးကို ထွန်ယက်၍ မျိုးစေ့များကို စိုက်ပျိုးကြသည်။ သို့သော် ယင်း(မျိုးစေ့)တို့အား မည်သူက အစို့အညောင့်ပေါက်၍ ကြီးထွားစေပါသနည်း။ အသင်တို့ပင် ဖြစ်ကြသလော့။ အလ္လာဟ်အရှင်မြတ်ပင် ဖြစ်လေသလော။" အသေအချာ စဉ်းစားကြည့်လျှင် တောင်သူလယ်သမား သို့မဟုတ် ထွန်ယက်စိုက်ပျိုးသူ၏ အခန်းကဏ္ဍမှာ အကန့်အသတ်နှင့်သာဖြစ်၏။ ၎င်းသည် မြေကိုထွန်ယက်ပြီး မြေဩဇာကျွေးခြင်းဖြင့် မြေဆီလွှာကို ပြော့ပြောင်းစေသည်။ သို့မှသာ မျိုးစေ့သည် အညောင့်ပေါက်သောအခါ၊ မာကျောသော မြေသားက အဟန့်အတားမဖြစ်စေနိုင်တော့ပေ။ လူသား၏အားထုတ် ကြိုးပမ်းမှုသည် ဤနေရာထိသာ ဖြစ်၏။ အပင်ငယ်လေး ဖြစ်ပေါ်လာသောအခါ ၎င်းသည်လိုအပ်သလို ဂရုစိုက်ရသည်။ သို့သော် လူသားသည် မျိုးစေ့မှ အစို့အညောက်တွန့်ကန့်ထွက်လာခြင်း၏ အရင်းခံအကြောင်းတရားမဟုတ်သည့် နည်းတူထိုအပင်ငယ် အပင်ကြီးများအား ၎င်းကပြုလုပ်ခဲ့သည်ဟူ၍ လည်း ကြွေးကြော်၍ မရနိုင်ပေ။ ထို့ကြောင့် အခြေခံမေးခွန်းကို ပြန်သွားရသည်ရှိသော် 'အစုလိုက်၊အပြုံလိုက်'ရှိသော သဲမြေများအောက်မှ မျိုးစေ့ကို မည်သူသည် အညောက်ပေါက်စေကာ မြေမျက်နှာပြင်ထက်သို့ ပြောမပြနိုင်သော အကျိုးကျေးဇူးများနှင့်အတူ လှပစွာထိုးထွက်လာစေခဲ့ပါသနည်း။' အဖြေမှာ တစ်ခုတည်းသာရှိ၏ ကြီးကျယ်မြတ်ထွဋ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ အလုံးစုံကို လွှမ်းခြုံသော တန်ခိုးတော်နှင့်စကြာဝဠာဖန်ဆင်းရှင်၏ အံ့သြဖွယ်ဖန်ဆင်းမှုသာလျှင် ဖြစ်ပေသည်။

အစားအစာ၏ နောက်လူဘဝအတွက်မှီခိုရသည့်အရေးကြီးဆုံး အဟာရမှာ ရေဖြစ်၏။ ဤနေရာ၌လည်း ကုရ်အာန်သည် ယင်း၏မတုပနိုင်သော ဟန်ပန်ဖြင့် မေးခွန်းထုတ်သည်မှာ သင်တို့ သောက်သုံးသော ရေကိုစဉ်းစားကြည့်ပါ။ ထိုရေကို အသင်တို့သည် မိုးတိမ်မှရွာသွန်းစေကြသလော။ သို့တည်းမဟုတ် ငါအရှင်မြတ်သည်ပင် ရွာသွန်းစေတော်မူသလော။ အဖြေမှာ ထင်ရှားပါသည်။ "အလ္လာဟ်အရှင်မြတ်ပင် ဖြစ်ပေသည်။ လူသား၏ဘဝတွင် မီးသည် အရေးအပါဆုံးကဏ္ဍ တစ်ခုအဖြစ်ပါဝင်သည်။ လူ၏ကာယသုခအများစုသည် မီးပေါ်၌ မူတည်လေသည်။ (မီးသည် လွန်စွာအသုံးဝင်သော အရာဖြစ်၏။ ဤစက်မှုခေတ်၌ မီး၏အသုံးဝင်မှုမပါဘဲ ဘဝသည် စိတ်ကူး၍မရနိုင်ပေ။ မီးကို မသုံးဘဲလျက်စက်မှုလုပ်ငန်း ကုန်သွယ်မှု သို့မဟုတ် ခရီးသွားလာခြင်းများသည် မဖြစ်နိုင်ပေ။) ကုရ်အာန်က တစ်ဖန် ယင်း၏ပြိုင်စံရှားသောဟန်ဖြင့် မေးခွန်းထုတ်ပြန်သည်မှာ "အသင်တို့မွေးသောမီး၏အကြောင်းကို စဉ်းစားမိကြပါ၏လော့။ မီးမွေးသည့်သစ်ပင်ကို အသင်တို့ ပေါက်ရောက်စေခဲ့သလော၊ သို့တည်းမဟုတ် ငါအရှင်မြတ်သည်ပင် ပေါက်ရောက်စေတော်မူခဲ့သလော။" ဤနေရာ၌လည်း 'အလ္လာဟ်အရှင်မြတ်' ဖြစ်တော်မူကြောင်းမှာ ထင်ရှားစွာပင်တည်း။ သာဓကနှစ်ခုစလုံးတွင် ကုရ်အာန်၏အဖြေများကို အသေးစိတ်ဖော်ပြရှင်းလင်းထား၏။

နောက်ဆုံးအဖြေကို အာယသ်တော်(၇၃)ဤသို့ အကျဉ်းချုပ်ဖော်ပြ၏။

"..... نَحْنُ جَعَلْنٰهَا تَذْكِرَةً وَّ مَتَاعًا لِّلْمُقْوِيْنَ" ငါအရှင်မြတ်သည်ပင် ထိုသစ်ပင်ကို သတိရစေသော၊ တရားရစေသောအရာအဖြစ်လည်းကောင်း၊ ခရီးသည်တို့ အဖို့ အကျိုးကျေးဇူးရှိစေသောအရာအဖြစ် လည်းကောင်းပြုလုပ်တော်မူခဲ့၏.....။"(၅၆း၇၃) 'မုက်ဝီန်'ဟူသော စကားလုံးသည် အခြေခံကြိယာပုံစံဖြစ်သည့် 'အစ်က်ဝါအ်'မှ ဆင်းသက်ပြီး 'လူမနေနိုင်သောအရပ်၊ လွင်တီးခေါင်၊ အပျက်အစီးသို့မဟုတ် ကန္တာရ'ဟု အဓိပ္ပာယ်ရသော ဇစ်မြစ်စကားလုံး 'ကိဝါအ်'မှ လာ၏။ ဤသို့ကြောင့် 'မုက်ဝီန်'သည် စားသောက်ရန် ရပ်နားသော ခရီးသည် သို့မဟုတ် ကန္တာရ(ခြေလျင်)

ခရီးသည်ကို ဆိုလိုခြင်းဖြစ်လေသည်။ အာယသ်တော်က ဤဖန်ဆင်းမှုအားလုံးသည် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့်ပညာဉာဏ်တော်များကြောင့်ဖြစ်သည် ပြောလိုဟန်ရှိပေသည်။

فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ"....သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော၊ ကြီးကျယ် မြင့်မြတ်လှတော်မူသော အရှင်မြတ်(၏ နာမံတော်၊ စင်ကြယ် သန့်ရှင်းတော်မူကြောင်း) ချီးမွမ်းမြွက်ဆိုပါလေ.....။"(၅၆:၇၄) အထက်မှစဉ်းစား ဆင်ခြင်မှု၏သဘာဝကျသော ကျိုးကြောင်းဆီလျော်သောနိဂုံးမှာ လူသားတို့အဖို့ အရာခပ်သိမ်းကို လွှမ်းခြုံတော်မူသော အလ္လာဟ်အရှင်မြတ် တန်ခိုးတော်၌လည်းကောင်း ထိုအရှင်မြတ် တစ်ပါးတည်း ရှိတော်မူခြင်း၌ လည်းကောင်း၊ သက်ဝင်ယုံကြည်ရန်နှင့်အလ္လာဟ်အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း မြွက်ဆိုရန်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဤသို့ပြုလုပ်ခြင်းသည် ထိုအရှင်မြတ်၏ကျေးဇူးတော်ကို ဖော်ပြသည့်နည်းလမ်းဖြစ်သောကြောင့် ဖြစ်လေသည်။"

အာယသ်တော် (၇၅-၉၆)

فَلَآ أُقْسِمُ بِمَوَٰقِعِ ٱلنُّجُومِ ﴿٧٥﴾ وَإِنَّهُۥ لَقَسَمٌ لَّوْ تَعْلَمُونَ عَظِيمٌ ﴿٧٦﴾ إِنَّهُۥ
لَقُرْءَانٌ كَرِيمٌ ﴿٧٧﴾ فِى كِتَٰبٍ مَّكْنُونٍ ﴿٧٨﴾ لَّا يَمَسُّهُۥٓ إِلَّا ٱلْمُطَهَّرُونَ ﴿٧٩﴾ تَنزِيلٌ
مِّن رَّبِّ ٱلْعَٰلَمِينَ ﴿٨٠﴾ أَفَبِهَٰذَا ٱلْحَدِيثِ أَنتُم مُّدْهِنُونَ ﴿٨١﴾ وَتَجْعَلُونَ
رِزْقَكُمْ أَنَّكُمْ تُكَذِّبُونَ ﴿٨٢﴾ فَلَوْلَآ إِذَا بَلَغَتِ ٱلْحُلْقُومَ ﴿٨٣﴾ وَأَنتُمْ
حِينَئِذٍ تَنظُرُونَ ﴿٨٤﴾ وَنَحْنُ أَقْرَبُ إِلَيْهِ مِنكُمْ وَلَٰكِن لَّا تُبْصِرُونَ
﴿٨٥﴾ فَلَوْلَآ إِن كُنتُمْ غَيْرَ مَدِينِينَ ﴿٨٦﴾ تَرْجِعُونَهَآ إِن كُنتُمْ صَٰدِقِينَ ﴿٨٧﴾
فَأَمَّآ إِن كَانَ مِنَ ٱلْمُقَرَّبِينَ ﴿٨٨﴾ فَرَوْحٌ وَرَيْحَانٌ وَجَنَّتُ نَعِيمٍ ﴿٨٩﴾ وَأَمَّآ
إِن كَانَ مِنْ أَصْحَٰبِ ٱلْيَمِينِ ﴿٩٠﴾ فَسَلَٰمٌ لَّكَ مِنْ أَصْحَٰبِ ٱلْيَمِينِ ﴿٩١﴾ وَأَمَّآ
إِن كَانَ مِنَ ٱلْمُكَذِّبِينَ ٱلضَّآلِّينَ ﴿٩٢﴾ فَنُزُلٌ مِّنْ حَمِيمٍ ﴿٩٣﴾ وَتَصْلِيَةُ
جَحِيمٍ ﴿٩٤﴾ إِنَّ هَٰذَا لَهُوَ حَقُّ ٱلْيَقِينِ ﴿٩٥﴾ فَسَبِّحْ بِٱسْمِ رَبِّكَ ٱلْعَظِيمِ ﴿٩٦﴾

သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ကြယ်နက္ခတ်တို့၏ ဝင်ရာစခန်းချရာများကို သက်သေထူ (ကျိန်ဆို) တော်မူ၏။ [၇၅] စင်စစ်ဆိုသော် ယင်းသို့သက်သေထူခြင်း (ကျိန်ဆိုခြင်း)မှာ အကယ်၍ အသင်တို့သိရှိကြလျှင် ကြီးကျယ်စွာသော သက်သေထူမှု ကျိန်ဆိုမှု)ပင်။ [၇၆]ဇကန်မလွဲ ယင်းသည် ဂုဏ်ကျက်သရေနှင့်ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်ပင်။[၇၇]မှတ်တမ်းစာအုပ်တစ်ခု၌ ထိန်းသိမ်း စောင့်ရှောက်၍ ထားရှိပြီးဖြစ်သော။[၇၈] ယင်း မှတ်တမ်းစာအုပ်ကို စင်ကြယ်

သန့်ရှင်းကြသောသူတို့မှတစ်ပါး မည်သူမျှ ထိတွေ့ကြသည်မရှိပြီ။ [၇၉] စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ ချမှတ်ပေးတော်မူခြင်း ခံရလေသော၊ [၈၀] သို့ပါလျက် အသင်တို့သည် ဤအာယတ်တော်ကို မထီမဲ့မြင်ပြုကြလေသလော၊ ပျင်းရိနေကြသလော။[၈၁]ထိုမှတစ်ပါး အသင်တို့သည် မဟုတ်မမှန်ဟူ၍ငြင်းပယ်မှုကိုပင် မိမိတို့၏အစားအစာ ပြုလုပ်ကြလေသလော။(တစ်နည်း) ထိုမှတစ်ပါး အသင်တို့သည် မိမိတို့စားနပ်ရိက္ခာနှင့်စပ်လျဉ်း၍ ကျေးဇူးတင်ကြမည့်အစား၊ မဟုတ်မမှန်ဟူ၍ငြင်းပယ်ကြလေသလော။ [၈၂]သို့ဖြစ်လျှင် အသက် ဇီဝိန်သည် လည်မျိုသို့ရောက်ရှိလာသောအခါ အသင်တို့သည် မည်သည့်အတွက်ကြောင့် (မဟုတ် မမှန်ဟူ၍ ငြင်းပယ်ခြင်း) မပြုကြသနည်း။ [၈၃]စင်စစ် အသင်တို့သည် ထိုရောအခါဝယ် ကြည့်၍ နေကြကုန်၏။ [၈၄]စင်စစ်သော်ကား ငါအရှင်မြတ်သည် အသင်တို့ထက် ပိုမိုရှိပင် ထိုသူနှင့် နီးကပ်လျက် ရှိနေတော်မူ၏။သို့ရာတွင် အသင်တို့သည် မြင်ကြသည်မဟုတ်ပေ။ [၈၅]သို့ဖြစ် ပေရာ အသင်တို့သည် အစားပေးခြင်းခံရအံ့သောသူများ မဟုတ်(ဟု ဆိုရာ၌) အမှန်ကို ပြောဆိုသူ များဖြစ်ကြလျှင် မည်သည့်အတွက်ကြောင့်။ [၈၆] ယင်းအသက်ဇီဝိန်ကို ပြန်လည်၍ ယူမထားကြ ပေသနည်း။ [၈၇]တစ်ဖန် မည်သို့ပင်ဖြစ်စေ၊ အကယ်၍ ထို(သေဆုံးသော) သူသည် နီးကပ်သော သူတို့တွင် ပါဝင်ခဲ့သည်ရှိသော်၊ [၈၈]သို့ဖြစ်လျှင် (ထိုသူ၏အဖို့) ချမ်းသာမှုသည်လည်းကောင်း၊ အစားအစာသည်လည်းကောင်း၊ မွေ့လျော်စံပျော်ရာ 'ဂျန္နတ်' သုခဘုံသည်လည်းကောင်း၊ ရှိခြေ မည်။ [၈၉] ၎င်းပြင် အကယ်၍ ထိုသူသည် လက်ယာဘက်သားတို့တွင် ပါဝင်ခဲ့သူ။ [၉၀] သို့ ဖြစ်လျှင် (အသင်သည်) လက်ယာဘက်သားတို့တွင် ပါဝင်သောကြောင့် အသင့်အဖို့ ငြိမ်းချမ်း မှုသည်ရှိပေမည်(ဟု သတင်းပြောကြားခြင်းကို ခံရပေမည်။)[၉၁] သို့ရာတွင် အကယ်၍ ထိုသူ သည် လမ်းမှားကြကုန်သော၊ မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သော သူတို့အနက်တွင် အပါ အဝင်ဖြစ်ခဲ့သည်ရှိသော်။ [၉၂] (ထိုသူအား) ပွက်ပွက်ဆူ၍နေသော ရေနွေးပူဖြင့် ဧည့်ခံခြင်းသည် လည်းကောင်း။ [၉၃]အလျှံပြောင်ပြောင် တောက်လောင်လျက် ရှိသော မီးထဲသို့ ဝင်ရောက်စေခြင်း သည်လည်းကောင်း ရှိပေမည်။ [၉၄] ဇကာမလွဲ ဤသည် ထင်ရှားသော အမှန်ပင်ဖြစ်၏။[၉၅] သို့ဖြစ်ပေရာ (အို-နဗီတမန်တော်)၊ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် [(၏ နာမံတော်-စင်ကြယ် သန့်ရှင်းတော်မူကြောင်း) ချီးမွမ်းမြွက်ဆိုပါလော။ [၉၆

အကြောင်းပြချက်များ၏ အစီအစဉ်

ရှေ့တွင် ဖော်ပြခဲ့သော အာယသ်တော်များသည် သေပြီးနောက် ဘဝရှိခြင်းကို ထောက်ခံလျက် အလ္လာဟ် အရှင်မြတ်၏ အနန္တနိုးတော်အား သတိမူကြရန် ဖိတ်ခေါ်ခြင်းဖြင့် ဆီလျော်သော အကြောင်းပြချက်များကို တင်ပြခဲ့ ၏။ ယခုအာယသ်တော်များက ခိုင်လုံသော အကိုးအကားတစ်ခု (ကုရ်အာန်)ကိုပေးခြင်းဖြင့် ဤအချက်ကို သက်သေပြ ရန် ရည်ရွယ်လေသည်။

အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ ကြီးကျယ်မှုကို ကျိန်ဆိုတော်မူသည်။

"فَلَآ أُقۡسِمُ بِمَوَٰقِعِ ٱلنُّجُومِ" သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ကြယ်နက္ခတ်တို့၏ ဝင်ရောစခန်းချရာများကို

သက်သေထူ(ကျိန်ဆို)တော်မူ၏။(၅၆း၇၅) " أُقْسِمُ (ငါ အရှင်မြတ်ကျိန်ဆိုတော်မူသည်) ဟူသော မိန့်ဆိုချက်အား لَا 'လာ' (မဟုတ်၊ မရှိ မဖြစ်) အက္ခရာဖြင့်အစပြု သော်လည်း စာသားတွင် ယင်းစကားလုံးအား ဘာသာပြန်ခြင်းမပြုပေ။ အဘယ်ကြောင့်ဆိုသော် ယင်းစကားလုံးသည် သစ္စာဆိုမှုတစ်ခု၏ ရှေ့မှထားလေ့ရှိသော ဓလေ့သုံးစကားဖြစ်သော ကြောင့်ပင်။ ဥပမာ- لَا وَاللّٰهِ 'လာ-ဝလ္လာ'(မဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ နာမံတော်အားဖြင့်) အစွဲလာမ်မတိုင်မီက အရဗီဓလေ့သုံးသစ္စာဆို တိုင်တည်မှုများတွင် لَا وَأَبِيكَ(မဟုတ်၊ အသင်၏ ဖခင်အားဖြင့် သစ္စာဆိုပါသည်။) ဟူ၍ တွေ့ရမည်ဖြစ်၏။ အချို့ဝေါဟာရပညာရှင်များက 'လာ'အက္ခရာကို ဓလေ့သုံးဖော်ပြချက်အနေဖြင့်သာ ထည့်သွင်းခြင်း ဖြစ်ပြီး ယင်းအက္ခရာ၌မည်သည့်အဓိပ္ပာယ်ကိုမျှမဆောင်ကြောင်းပြောကြ၏။ အချို့ကမူပြောကြားသူ၏အယူအဆအား မမှန်ကန်ဟု ငြင်းပယ်သည့် သဘောဖြင့် لَا 'လာ'ကို သုံးခြင်းဖြစ်ပြီးနောက်မှ လိုက်ပါသော ဖော်ပြချက်ကသာ အမှန် ဖြစ်သည်ဟု ဆိုကြလေသည်။

مَوَاقِعِ 'မဝါကိအ်' ဟူသော စကားလုံးသည် 'မောင်ကအ်'၏ အများကိန်းဖြစ်ပြီး ကြယ်တာရာများဝင်ရာနေရာ နှင့်အချိန်ကို ရည်ညွှန်း၏။ ဤနေရာတွင် စူရဟ်အနှစ်နာဂျ်မ်မှ وَالنَّجْمِ إِذَا هَوَىٰ (ငါအရှင်မြတ်သည်) ကြယ်တာရာကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုကြယ်တာရာသည် ကွယ်ပျောက်သွားလေ၏။(၅၆း၁) ကဲ့သို့ပင် ကြယ်တာရာ များ၏ဝင်ချိန်ကို အထူးပြု၍ တိုင်တည်ကာ ကျိန်ဆိုလေသည်။ အကြောင်းမှာ ကြယ်တာရာများဝင်သောအခါ ယင်းတို့ ၏လုပ်ဆောင်မှုသည် မိုးကုပ်စက်ဝိုင်းနှင့်အဆက်ပြတ်သွားသည်ဟု ထင်ရပြီး ၎င်းတို့ပျောက်ကွယ်သွားခြင်းကို ကျွန်ုပ် တို့မြင်တွေ့ကြရသည်။ ဤသည်မှာ ယင်းတို့၏ ပျက်စီးလွယ်ခြင်းနှင့်အလွှာဟ်အရှင်မြတ်၏ တန်ခိုးတော်အပေါ်၌ မှီခို နေရခြင်းများ၏ သက်သေပင်ဖြစ်လေသည်။

"..... إِنَّهُ لَقُرْآنٌ كَرِيمٌ، فِي كِتَابٍ مَّكْنُونٍ، لَّا يَمَسُّهُ إِلَّا الْمُطَهَّرُونَ ဇကန်မလွဲ ယင်းသည် ဂုဏ်ကျက်သရေ နှင့်ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်ပင်။ မှတ်တမ်းစာအုပ်တစ်ခု၌ ထိန်းသိမ်း စောင့်ရှောက်၍ ထားရှိပြီးဖြစ်သော။ ယင်း မှတ်တမ်းစာအုပ်ကို စင်ကြယ်သန့်ရှင်းကြသော သူတို့မှတစ်ပါး မည်သူမျှ ထိတွေ့ကြသည်မရှိပြီ။....."(၇၇-၇၉) အာယသ်တော် ၇၅-၇၆ သည် တိုင်တည်ကျိန်ဆိုခြင်းဖြစ်ပြီး၊ ယခုအာယသ်တော် အစုံမှာ တိုင်တည်ကျိန်ဆိုသည့် အကြောင်းအရာ 'ဂျာဝါဗူလ်ကဆမ်' ဖြစ်၏။ ကုရ်အာန်သည် ကြီးကျယ်မြင့်မြတ်သော ကျမ်းဂန်တစ်စောင်ဖြစ်၏။ ဤကျမ်းဂန်သည် လူသားတစ်ဦးက ပြုလုပ်ထားသော အတုအယောင်တစ်ခု သို့မဟုတ် (မပြောကောင်းမဆိုအပ်) မကောင်းဆိုးဝါး၏ လှုံ့ဆော် စကားဖြစ်သည်ဟူသော ကာဖိရ်တို့၏ ယူဆချက်အား ဤအာယသ်တော်က ငြင်းဆိုခြင်း ဖြစ်၏။

كِتَابٍ مَّكْنُونٍ "ကာကွယ်စောင့်ရှောက်ထားသောစာအုပ်တစ်အုပ်" ဟူသည် 'လောင်ဟ်မဟ်ဖူးဇ်' (ထိန်း သိမ်းစောင့်ရှောက် ထားသော မှတ်တမ်းတော်ကို ရည်ညွှန်း၏။ "..... لَّا يَمَسُّهُ إِلَّا الْمُطَهَّرُونَ ယင်းမှတ်တမ်းစာအုပ်ကို စင်ကြယ်သန့်ရှင်းကြသောသူတို့မှတစ်ပါး မည်သူမျှ ထိတွေ့ကြသည်မရှိပြီ။ ..... "(၅၆း၇၉) ဤနေရာတွင် အချက် နှစ်ချက်ကို ရှင်းလင်းတင်ပြရန်လိုအပ်၏။ ယင်းအချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဖွင့်ဆိုသူများကြားတွင် ကွဲပြားသော အမြင်များရှိကြပေသည်။ အဘယ်ကြောင့်ဆိုသော် အာယသ်တော်(၇၈)နှင့်(၇၉)တွင် သဒ္ဒါအားဖြင့် ဖြစ်နိုင်ခြေနှစ်မျိုး ရှိသောကြောင့်ဖြစ်၏။ ပထမဖြစ်နိုင်ခြေမှာ 'စင်ကြယ်သန့်ရှင်းသူတို့မှတစ်ပါး မည်သူမျှ ထိတွေ့ခြင်းမရှိသော' သည် ပြီးခဲ့သော အာယသ်တော်မှ 'ထိန်းသိမ်းစောင့်ရှောက်ထားသော မှတ်တမ်းတော်'အား ဝိသေသပြုခြင်းဖြစ်၏။ သို့ဖြစ်က 'စင်ကြယ်သန့်ရှင်းကြသူများ'သည် ကောင်းကင်တမန်များကိုသာ ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ ထို့ပြင် 'ထိတွေ့ခြင်းမရှိ သော' ဟူသော စကားရပ်အား တိုက်ရိုက်အဓိပ္ပာယ်ဖြင့် ကာယကံမြောက်ထိတွေ့ခြင်းဟု ယူ၍မရနိုင်ဘဲ 'သတိမမူမိကြ'

ဟူသော အဓိပ္ပာယ်ကိုဆောင်မည်ဖြစ်၏။ အာယသ်တော်၏ ဆိုလိုချက်မှာ 'ထိန်းသိမ်းစောင့်ရှောက်ထားသော မှတ်တမ်းတော်နှင့် ယင်း၌ပါရှိသည့်အရာများအား စင်ကြယ်သန့်ရှင်းသော ကောင်းကင်တမန်များမှတစ်ပါး မည်သူမျှ သတိမမူမသိကြပေ။'ဟူ၍ဖြစ်၏။(ကုရ်တူဗီ)'ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အား ဗယာနွလ်ကုရ်အာန်၌လည်းဖော်ပြထားပေသည်။ ဒုတိယဖြစ်နိုင်ခြေမှာ 'စင်ကြယ်သန့်ရှင်းကြသူတို့မှတစ်ပါး မည်သူမျှထိတွေ့ခြင်းမရှိသော'ဟူသော စကားရပ်အား ကုရ်အာန်၏ဂုဏ်ထူးဝိသေသတစ်ခုအဖြစ် ပြီးခဲ့သော အာယသ်တော်မှာကဲ့သို့ ယူခြင်းဖြစ်၏။ ဤသို့ရှိက ကုရ်အာန်သည် လက်ရေးမူများ သို့မဟုတ် စာလိပ်များအား ရည်ညွှန်းမည်ဖြစ်ပြီး 'ထိတွေ့ခြင်းမရှိသော'သည် ယင်း၏ တိုက်ရိုက်အဓိပ္ပာယ်ဖြစ်သည့် လက်စသည်ဖြင့် ထိတွေ့ခြင်းကို ရည်ညွှန်းပေမည်။ အလိုသဘောမှာ ကုရ်အာန်ကျမ်းသည် တမန်တော်မြတ်ထံ ﷺသို့ ဝဟီကိုယူဆောင်လာခဲ့ကြကုန်သော စင်ကြယ်သန့်ရှင်းသည့်ကောင်းကင်တမန်များမှ လွဲ၍မည်သူ၏ထိတွေ့ခြင်းကိုမျှ မခံရဟူ၍ ဖြစ်ပေလိမ့်မည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည် 'ထိတွေ့ခြင်း'အားတင်စားသည့် သဘောဖြင့် ယူရန်မလိုအပ်တော့သောကြောင့် ကုရ်တူဗီနှင့်အချို့ရှင်းလင်းဖွင့်ဆိုသူများက ပို၍သဘောကျကြသည်။ အီမာမ်မာလစ်က်ﷺကဆိုသည်မှာ 'ကျွန်ုပ်ကြားခဲ့ဖူးသမျှ အာယသ်တော် (၇၇နှင့်၇၈)၏ အကောင်းဆုံး အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ စူရဟ် အဗဓ(၈၀)၌ ဖော်ပြသော အာယသ်တော်များ(၁၃-၁၆)

"..... (ယင်းဆုံးမသြဝါဒသည်) ဂုဏ်ကျက်သရေနှင့်ပြည့်စုံသော အရွက်များပေါ်၌ (ရေးသားပြီး)ဖြစ်၏။ (ယင်းအရွက် များသည်) မြင့်မြတ်သော၊ စင်ကြယ်သန့်ရှင်းသော(အရွက်များ ဖြစ်သည်)။ (ယင်းအရွက်များသည်) ရေးသားကြသော ကောင်းကင်တမန်တို့၏ လက်တွင်း၌ ရှိ၏။ (ထိုကောင်းကင်တမန်များသည်) ဂုဏ်အင်ဒြပ်ထူးကဲကြသော၊ သူတော်စင် များဖြစ်ကြကုန်သော (ကောင်းကင်တမန်များ ဖြစ်ကြပေသတည်း)....။" (၈၀း၁၃-၁၆)

ဤအာယသ်တော်၌ စဉ်းစားဆင်ခြင်ရန် လိုအပ်သော ဒုတိယအချက်မှာ 'စင်ကြယ်သန့်ရှင်းကြသူများ' ဟူသော စကားရပ်သည် မည်သည်ကို ဆိုလိုပါသနည်း။ များပြားလှသော သာဝကကြီးများ၊ ၎င်းတို့၏ နောက်လိုက်များနှင့် ကုရ်အာန်ရှင်းလင်းဖွင့်ဆိုမှုတွင် ထိပ်တန်းပညာရှင်များက 'စင်ကြယ်သန့်ရှင်းသူများ'သည် အပြစ် ဟူသရွေ့မှ ကင်းစင်ကြယ်သော ကောင်းကင်တမန်များအား ရည်ညွှန်းခြင်းဟု ယူဆကြ၏။ ဤသည်မှာ သာဝကကြီးအနာစ်ﷺ၊စအီဒ်အိဗ်နဂျုဗေရ်ﷺနှင့် သာဝကြီးအိဗ်နအဗ္ဗာစ်ﷺတို့၏ယူဆချက်ဖြစ်ပြီး အီမာမ်မာလစ်ကလည်း ဤယူဆချက်အားလက်ခံလေသည်။

အချို့သောရှင်းလင်းဖွင့်ဆိုသူများက ကုရ်အာန်သည် ကျွန်ုပ်တို့၏လက်ဝယ်ရှိ ကျမ်းတော်မြတ် မိတ္တူများကို ရည်ညွှန်းပြီး 'မုတွဟ်ဟရ်ရှန်'(စင်ကြယ်သန့်ရှင်းသူများ)သည် အဓိကနှင့်သာမည မသန့်စင်မှုအပေါင်းမှ ကင်းလွတ်သော လူများကို ရည်ညွှန်းသည်ဟု ယူဆကြ၏။ သာမည မသန့်စင်မှုဟူသည် 'ဝိဇ္ဇ'မရှိခြင်းကို ဆိုလိုပြီး ထိုသာမည မသန့်စင်မှုကို ဝိဇ္ဇသို့မဟုတ် တယမ်မွလ်(မြေမှုန့်ဖြင့် သန့်စင်ခြင်း) ပြုလုပ်ခြင်းဖြင့် သန့်စင်အောင်ပြုလုပ်နိုင်သည်။ အဓိကမသန့်စင်မှုဟူသည် ဖို-မဆက်ဆံခြင်း၊ အိပ်ပျော်နေစဉ် သုတ်လွှတ်ခြင်း၊ ရာသီသွေးဆင်းခြင်းစသည်တို့ကြောင့်ဖြစ်သော မသန့်စင်မှုကို ရည်ညွှန်း၏။ 'ဝိစွလ်' (ရေချိုးခြင်း)ဖြင့် ဤအခြေအနေမှ လွတ်ကင်းအောင်ပြုလုပ်သည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်ကို အတွာအ်၊ တွာအူး၏၊ ဆာလင်နှင့်မုဟမ္မဒ်ဗာကီရ်ﷺတို့က တင်ပြသည်။ဤကိစ္စတွင် "စင်ကြယ်သန့်ရှင်းသူတို့မှ တစ်ပါးမထိမတွေ့ရသော ....."(၅၆း၇၉) အာယသ်တော်သည် တရားဝင်ကြေညာချက်ဖြစ်သော်လည်း အမှန်စင်စစ်ယင်းကြေငြာချက်သည် သာမညနှင့်အဓိက မသန့်စင်မှုများရှိပါလျက်နှင့် ကုရ်အာန်အား ထိကိုင်ခြင်းမပြုရန်တားမြစ်သည့် အဓိပ္ပာယ်ဖြစ်၏။ ကုရ်အာန်ကို ကိုင်တွယ်လိုသော ပုဂ္ဂိုလ်တစ်ဦးသည် ဝိဇ္ဇ၊ တယမ်မွမ် သို့မဟုတ် ဝိစွလ်ပြုလုပ်

ခြင်းဖြင့် မြင်နိုင်သော အညစ်အကြေးများနှင့် မမြင်နိုင်သော အညစ်အကြေးများအား သန့်စင်အောင်ပြုလုပ်ရန် လိုအပ်ပေသည်။ ကုရ်တူဗီနှင့် မဇ်ဟရီတို့က ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အား ပို၍ နှစ်သက်ကြ၏။

သာဝကကြီးအုမရ်ﷺအစ္စလာမ်ကို လက်ခံသောအဖြစ်အပျက်တွင် ၎င်းက ကုရ်အာန်စာမူများကို ၎င်း၏နှမထံမှ တောင်းခံရာ သူမက ဤစူရတ်၏အာယသ်တော်(၇၉)ကို ရွတ်ဖတ်ပြီး 'စင်ကြယ်သန့်ရှင်းသူတို့သာလျှင် ယင်းကိုထိကိုင် နိုင်သည်။'ဟု ပြောကြားကာ စာမူများကို ပေးအပ်ရန်ငြင်းဆန်ခဲ့သည်။ ထို့ကြောင့် ၎င်းသည် ရေချိုးသန့်စင်ပြီးမှ စာမူများတွင် ဖော်ပြပါရှိသည်တို့ကို ရွတ်ဖတ်ခဲ့ရလေသည်။ အချို့ပညာရှင်များက နောက်ဆုံးအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထောက်ခံဆွေးနွေးရန် အလို့ငှာ စင်ကြယ်သန့်ရှင်းမှု မရှိသော လူများအား ကုရ်အာန်ကို ထိကိုင်ခြင်းမှတားမြစ်ကြောင်း ဖော်ပြသည့် ဟဒီးဆ်များကို တင်ပြကြသည်။

သို့ရာတွင် သာဝကကြီးအိဗ်နုအဗ္ဗာစ်ﷺ၊ အနာစ်ﷺ နှင့်အခြားသူများတွင် အထက်၌ဖော်ပြခဲ့သည့်အတိုင်း၊ မတူသော အယူအဆတစ်ခုရှိသည်ဖြစ်၍ ပညာရှင်များစွာသည် အာယသ်တော်(၇၉)အား ဝိဇ္ဇမရှိဘဲ ကုရ်အာန်ကို ထိကိုင်ခွင့်မရှိဟူသော တားမြစ်ချက်ပေါ်၌ အခြေမခံခဲ့ကြပေ။ ထိုအစားတားမြစ်ချက်အား အောက်ပါဟဒီးဆ်များဖြင့် ခိုင်မာအောင်ပြုလုပ်ကြ၏။

အီမာမ်မာလစ်က ၎င်း၏မူဝတ္တအ်တွင် အမ်ရ်အိဗ်နုဟဇ်မ် ထံသို့ တမန်တော်မြတ်ﷺရေးသားခဲ့သော စာကို အထောက်အထားအဖြစ် ကိုးကားဖော်ပြ၏။ ယင်းစာထဲတွင် အောက်ပါ မိန့်ကြားချက်ပါဝင်၏။ لَا يَمَسُّ الْقُرْآنَ إِلَّا طَاهِرٌ (စင်ကြယ်သန့်ရှင်းသူတစ်ဦးသာလျှင် ကုရ်အာန်ကို ထိကိုင်နိုင်သည်။) ရှားဟွလ်မအာနီက အောက်ပါကျမ်းကိုးများကိုပေး၏။ အဗ်ဒူရာဇာက်၏ မုစ်နဒ်၊ အိဗ်နုအဗီဒါဝူဒ်နှင့် အိဗ်နွလ်မုန်ဒီး၌၊ တဗရာနီနှင့်အိဗ်နုမာဒူယဟ်တို့က အဗ်ဒွလ္လာဟ်အိဗ် နအုမရ်ﷺအားကိုးကားလျက် ဟဒီးဆ်တော်တစ်ရပ်ကို မှတ်တမ်းတင်သည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ لَا يَمَسُّ الْقُرْآنَ إِلَّا طَاهِرٌ (စင်ကြယ်သန့်ရှင်းတစ်ဦးသာလျှင် ကုရ်အာန်ကို ထိကိုင်နိုင်၏။)

ကုရ်အာန်ကျမ်းတော်မြတ်ကို ထိကိုင်ခြင်းနှင့်စပ်လျဉ်းသည့် ဓမ္မသတ်အချို့

(၁) အထက်ပါ ဟဒီးဆ်တော်များပေါ်တွင် အခြေခံလျက် အွမ္မသ်၏အများစုနှင့် မဇ်ဟပ်ဂိုဏ်းကြီး(၄)ဂိုဏ်းတို့ အယူအဆချင်းတူညီကြသည်မှာ 'စင်ကြယ်သန့်ရှင်းမှု'သည် ကျမ်းမြတ်ကုရ်အာန်ကို ထိကိုင်ခွင့်ပြုသည့်အခြေအနေတစ်ရပ်ဖြစ်ပြီး စင်ကြယ်သန့်ရှင်းမှုမရှိဘဲ ကုရ်အာန်ကို ထိကိုင်ခွင့်မပြုပေ။ ကျမ်းမြတ်ကုရ်အာန်ကို မထိကိုင်မီ အကြင်သူသည် မိမိ၏လက်၌ 'နဂျာဆဟ်'(ရှုရိအတ်က အညစ်အကြေးဟု သတ်မှတ်သောအရာများ) တွယ်ကပ်လျက်မရှိကြောင့် သေချာအောင်ပြုလုပ်ရမည်ဖြစ်၏။ ထို့ပြင် သူသို့မဟုတ် သူမတွင် ဝိဇ္ဇူရှိနေရမည်ဖြစ်ပြီး 'ဂျနာဗဟ်'(ရေချိုးရန် တာဝန်ရှိခြင်း)အနေအထား၌ ရှိမနေစေရပေ။ ရှေ့မှ ရည်ညွှန်းခဲ့သော အဓိပ္ပာယ်ဖွင့်ဆိုပုံကွာခြားချက်သည် အာယသ်တော်(၇၉)အနေဖြင့် ထိုကဲ့သို့သော တားမြစ်ချက်တစ်ခု၏ အခြေခံဖြစ်နိုင်၊မဖြစ်နိုင်ခြင်းနှင့်သာ သက်ဆိုင်ပေသည်။ အချို့ ဓမ္မသတ်မှူးများက အာယသ်တော်နှင့်သက်ဆိုင်ရာ ဟဒီးဆ်တော်များ၏ အနက်အဓိပ္ပာယ်မှာ အတူတူဖြစ်သည်ဟု ထင်ကြ၏။ သို့ဖြစ်၍ ၎င်းတို့က ယင်းတို့အား ၎င်းတို့၏ ဓမ္မသတ်အား ရှင်းလင်းမြင်သာစေရန် အထောက်အကူအဖြစ် အသုံးပြုကြသည်။ သာဝကကြီးများ၏ အဓိပ္ပာယ်ဖွင့်ဆိုပုံ ကွာခြားမှုကြောင့် ကုရ်အာန်၏မိန့်ဆိုချက်အား အခြားသူများက မိမိတို့၏ ဓမ္မသတ်ကို ထောက်ခံသော အထောက်အထားအနေဖြင့် အသုံးချခြင်းမပြုရန် ကြိုတင်ကာကွယ်ခဲ့ကြသည်။ သို့သော် ဟဒီးဆ်တော်များကြောင့် ၎င်းတို့သည် ကုရ်အာန်အား ဝိဇ္ဇူမရှိဘဲ ထိကိုင်ခွင့်မရှိကြောင်း ပြဋ္ဌာန်းခဲ့ကြသည်။ အချုပ်အားဖြင့်ဆိုရလျှင် ၎င်းတို့၏ဓမ္မသတ်များ၌ ကွဲပြားမှုမရှိပါချေ။ ကွဲပြားမှုများသည် ဤဓမ္မသတ်များအား

ထောက်ခံသည့် အထောက်အထားများ၌သာလျှင် ရှိလေသည်။

(၂) အကယ်၍ ကုရ်အာန်အား အပ်ဖြင့်ချုပ်၍ဖြစ်စေ အခြားတစ်နည်းနည်းဖြင့် ဖြစ်စေ အဖုံးကို အသေဖုံးထားပါက မသန့်ရှင်းသော ပုဂ္ဂိုလ်တစ်ဦးသည် ဝိဇ္ဇမရှိဘဲ ထိကိုင်ခွင့်မရှိကြောင်း ဂိဏ်းကြီးလေးဂိဏ်းက သဘောတူကြ၏။ သို့ရာတွင် ကုရ်အာန်အား တစ်စုံတစ်ရာဖြင့် အသေဖုံးအုပ်မထားပါက မသန့်ရှင်းသော ပုဂ္ဂိုလ်တစ်ဦးသည် ဝိဇ္ဇမရှိဘဲ ထိကိုင်နိုင်သည်ဟု အီမာမ်အဗူဟနီဖတ်က ဆိုသော်လည်း အီမာမ်မာလစ်နှင့်အီမာမ်ရှာဖိအီတို့ကမူ မသန့်ရှင်းသော ပုဂ္ဂိုလ်တစ်ဦးသည် ဝိဇ္ဇမပြုမီ ယင်းအား ထိကိုင်ခွင့်မရှိပေ။ (မဇ်ဟရီ)

(၃) အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် မသန့်ရှင်းပါက ၎င်းဝတ်ဆင်ထားသော အင်္ကျီ၏လက်သို့မဟုတ် စကတ်ဖြင့် ကုရ်အာန်ကို ထိကိုင်ခွင့်မရှိပေ။ သို့ရာတွင် ၎င်းသည် လက်ကိုင်ပုဝါသို့မဟုတ် အဝတ်စတစ်ဖြင့် ထိကိုင်နိုင်သည်။ (မဇ်ဟရီ)

(၄) ပညရှင်များ ပြဋ္ဌာန်းပြီး ဤအာယသ်တော်က သက်သေခံသည်မှာ 'ဂျနာဗဟ်' (ဖိုးမဆက်ဆံမှုကြောင့် ညစ်ညမ်းခြင်း) အနေအထားတွင်ရှိသော ပုဂ္ဂိုလ်တစ်ဦးသည် လည်းကောင်း၊ ရာသီသွေးဆင်းနေသော သို့မဟုတ် မီးဖွားပြီးနောက် သွေးဆင်းနေသော အမျိုးသမီးတစ်ဦးသည်လည်းကောင်း ရေမချိုးရသေးမီ ကုရ်အာန်ကိုရွတ်ဖတ်သရဇ္ဈာယ်ခြင်းသာမက အလွတ်ရွတ်ဖတ်ခြင်းပင် ပြုခွင့်မရှိချေ။ အဘယ်ကြောင့်ဆိုသော် ကျမ်းမြတ်ကုရ်အာန်၏ရေးသားထားသော အက္ခရာများအား စင်ကြယ်သန့်ရှင်းသော အခြေအနေ၌သာလျှင် ထိတွေ့စေခြင်းဖြင့် ဂုဏ်ပြုရန် တာဝန်သတ်မှတ်ပါက ယင်း၏ မိန့်ဆိုစကားများမှ ပို၍အရေးပါသော ဂုဏ်ပြုခြင်းကိုခံထိုက်သောကြောင့်ဖြစ်လေသည်။ ဤဂုဏ်ပြုမှု၏လိုအပ်ချက်မှာ အသေးစားမသန့်စင်မှုအခြေနေ၌ပင် ပုဂ္ဂိုလ်တစ်ဦးအား ကျမ်းမြတ်ကုရ်အာန်ကို ရွတ်ဖတ်သရဇ္ဈာယ်ခွင့်မပြုသင့်ပေ။ သို့သော် သာဝကကြီးအိပ်နအဗွားစ်ﷺနှင့်အလီ؈တို့က တမန်တော်မြတ်ﷺသည် ဝိဇ္ဇမရှိဘဲ ကုရ်အာန်ရွတ်ဖတ်ကြောင်းတင်ပြကြ၏။ ဤအပေါ် အခြေခံလျက် ဝိဇ္ဇမရှိဘဲလျက် ကုရ်အာန်ကို ရွတ်ဖတ်ခွင့်ရှိသည်ဟု ဓမ္မသတ်မှုးများက ပြဋ္ဌာန်းကြလေသည်။ (သို့သော် အကြီးစားမသန့်စင်မှုနှင့်စပ်လျဉ်း၍မူ ဓမ္မသတ်သည် အပြောင်းအလဲမရှိပေ။) (မဇ်ဟရီ)

اَفَبِهٰذَا الْحَدِيْثِ اَنْتُمْ مُّدْهِنُوْنَ "....သို့ပါလျက် အသင်တို့သည် ဤအာယတ်တော်ကို မထီမဲ့မြင်ပြုကြလေသလော၊ ပျင်းရိနေကြသလော။ ....." مُّدْهِنُوْ 'မုဒ်ဟိန်နှ်'ဟူသော စကားလုံးသည် 'မုဒ်ဟင်'၏ အများကိန်းဖြစ်ပြီး 'အိဒ်ဟမ်'နာမ်ပုဒ်မှ ဆင်းသက်သည်။ တိုက်ရိုက်အားဖြင့် 'ခန္ဓာကိုယ်အား ဆီဖြင့်သုတ်လိမ်းသည် သို့မဟုတ် ပွတ်တိုက်သည်'ဟု အဓိပ္ပာယ်ရ၏။ ခန္ဓာကိုယ်အား ဆီဖြင့်သုတ်လိမ်း သို့မဟုတ် ပွတ်တိုက်သောအခါ ကြွက်သားများပြေလျော့ပြီး ကိုယ်ခန္ဓာအစိတ်အပိုင်းများသည် ပျော့ပျောင်းနူးညံ့သွားလေသည်။ ဤစကားလုံးအား မသင့်လျော်သော အချိန်အခါများ /ပွဲလမ်းများတွင် လိုက်လျော ညီထွေရှိခြင်းနှင့် ပျော့ပျောင်းခြင်းများကို ပြသသည့် သဘောဖြင့်သုံးခြင်းဖြစ်၏။ အယောင်ဆောင်/ဟန်ဆောင်သည့် အဓိပ္ပာယ်ဖြင့်သုံးခြင်းဖြစ်၏။ ယခုအား အာယသ်တော် ၌ ထိုစကားလုံးအား အယောင်ဆောင်ခြင်းနှင့်အလွှာဟ်အရှင် မြတ်၏ အာယသ်တော်များကို အလေးမထားပဲ ငြင်းပယ်ခြင်းအဓိပ္ပာယ်ဖြင့် သုံးခြင်းဖြစ်လေသည်။

فَلَوْلَآ اِذَا بَلَغَتِ الْحُلْقُوْمَ ﴿۸۳﴾ وَ اَنْتُمْ حِيْنَىِٕذٍ تَنْظُرُوْنَ ﴿۸۴﴾ وَ نَحْنُ اَقْرَبُ اِلَيْهِ مِنْكُمْ وَ
لٰكِنْ لَّا تُبْصِرُوْنَ ﴿۸۵﴾ فَلَوْلَآ اِنْ كُنْتُمْ غَيْرَ مَدِيْنِيْنَ ﴿۸۶﴾ تَرْجِعُوْنَهَآ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۸۷﴾

"..... သို့ဖြစ်လျှင် အသက်ဇီဝိန်သည် လည်မျိုသို့ရောက်ရှိလာသောအခါ အသင်တို့သည်

> မည်သည့်အတွက်ကြောင့် (မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခြင်း) မပြုကြသနည်း။ စင်စစ် အသင်တို့သည် ထိုရောအခါဝယ် ကြည့်၍ နေကြကုန်၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် အသင်တို့ထက် ပိုမို၍ပင် ထိုသူနှင့်နီးကပ်လျက် ရှိနေတော် မူ၏။သို့ရာတွင် အသင်တို့သည်မြင်ကြသည် မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်တို့သည် အစားပေးခြင်းခံရအံ့သောသူများ မဟုတ်(ဟု ဆိုရာ၌) အမှန်ကို ပြောဆိုသူ များဖြစ်ကြလျှင် မည်သည့်အတွက်ကြောင့်။ ယင်းအသက်ဇီဝိန်ကို ပြန်လည်၍ ယူမထားကြပေသနည်း။ ..... ” (၅၆း၈၃-၈၇)

ဖော်ပြခဲ့သော အာယသ်တော်များက ကျိုးကြောင်းဆီလျော်သောအကြောင်းပြ ချက်အားဖြင့် လည်းကောင်း၊ ကျဆင်းနေသော၊ ဝင်နေသော ကြယ်တာရာများကို သက်သေထူကာ ကျိန်ဆိုခြင်းဖြင့် လည်းကောင်း အချက်နှစ်ချက်အား သက်သေပြခဲ့သည်မှာ (၁) ကျမ်းမြတ်ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ နတ်ကပါတ်တော် ဖြစ်သည်။ ဂျင်နှင့်ရှိုင်တွာန်များသည် ကုရ်အာန်အား ကလီကမာလုပ်၍ မရနိုင်၊ ကုရ်အာန်၌ ပါဝင် သော အရာအားလုံးသည် အမှန်တရားချည့်ဖြစ်၏။ (၂) အီမာန်၏အခြေခံအကျဆုံး အရာများထဲမှ တစ်ခုအား ကုရ်အာန်၌ထည့်သွင်းထားသည်မှာ ရှင်ပြန်ထမည့်နေ့နှင့် စာရင်းစစ်ခြင်းများဖြစ်ကြသည်။ စာသား၏အဆုံးပိုင်းတွင် ရှင်းလင်းသော အကြောင်းပြချက်များ၊ အထောက်အထားများ မည်သို့ပင်ပေးစေကာမူ ကာဖိရ်နှင့်မုရှ်ရိစ်က်တို့သည် သေပြီးနောက် ဘဝရှိကြောင်းကို ငြင်းပယ်လျက်ပင်ရှိကြကြောင်းကိုဖော်ပြလေသည်။

မယုံကြည်သွေဖည်သူတို့၏ ရှင်ပြန်ထခြင်းအားငြင်းပယ်မှုသည် တစ်နည်းအားဖြင့် ၎င်းတို့၏ဘဝနှင့်အသက်ဝိညာဉ်များသည် ၎င်းတို့၏ထိန်းချုပ်မှုအောက်၌ရှိသည့်ပြင် သေခြင်းနှင့်ရှင်ခြင်းကိစ္စတွင် ၎င်းတို့၌ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု ဆိုလိုခြင်းဖြစ်၏။ ဤယူဆချက်ကို ချေပငြင်းဆိုရန်အတွက် အထက်မှ အာယသ်တော်များက သေခါနီးဆဲဆဲလူတစ်ဦးကို ဥပမာပေးလေသည်။ အသက်ဝိညာဉ်သည် ၎င်း၏လည်မြိုသို့ရောက်ရှိသောအခါ ၎င်း၏နီးစပ်သော ဆွေမျိုးချစ်ခင်သောမိသင်္ဂဟအပေါင်းသည် ၎င်းအား ကြည့်ပြီး မသေပါစေနှင့် ဦးဟူ၍ ၎င်းတို့၏ဆန္ဒကို ထုတ်ဖော်ပြကြားကြသည်။ သို့သော် မည်သူမျှ ကြားဝင်၍ ၎င်း၏အသက်ကို ကယ်တင်နိုင်ခြင်းမရှိပေ။ ၎င်း၏ဘေးပတ်လည်မှ လူအားလုံးသည် လုံးဝဥသုံသအကူအညီမဲ့နေကြပုံပေါ်၏။ သို့ရာတင် ၎င်းတို့သည် ထိုအရှင်မြတ်အား မမြင်နိုင်ကြသော်လည်း အလ္လာဟ်အရှင်မြတ်သည် ဘေးမှဝိုင်းအုံနေကြသော လူများထက်သေအံ့ဆဲဆဲလူနှင့်ပို၍နီးကပ်စွာရှိနေတော်မူသည်။ တစ်နည်းဆိုရလျှင် ထိုအရှင်မြတ်သည် အသိပညာနှင့်တန်ခိုးတော်များအားဖြင့် ၎င်းနှင့်ပို၍နီးကပ်စွာရှိစေတော်မူသည်။ ထိုအရှင်မြတ်သည်ယင်းပုဂ္ဂိုလ်၏အတွင်းနှင့်အပြင်အခြေအနေများကို ကောင်းစွာသိတော်မူပြီး ၎င်းအားအပြည့်အဝ ထိန်းချုပ်ထားတော်မူလေသည်။

အချုပ်အားဖြင့် ဝိညာဉ်သို့မဟုတ် အသက်ကို အထွက်မခံဘဲ ပြန်လည်ယူဆောင်လာရန်မှာ လူတို့၏တန်ခိုးဩဇာအတွင်း၌မရှိပေ။ အလ္လာဟ်အရှင်မြတ်သည် သေအံ့ဆဲဆဲလူတစ်ဦးနှင့်ထိုသူ၏ဝိညာဉ် သို့မဟုတ်အသက်ထက်ပင် ပို၍ နီးကပ်စွာရှိတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် ဝိညာဉ်အား ခန္ဓာကိုယ်မှခွဲခွာစေရန် အချိန်တစ်ခုကို ကြိုးစား သတ်မှတ်တော်မူခဲ့ပြီးဖြစ်၏။ ထိုအချိန်အား မည်သူမျှ ရှောင်လွှဲ၍ မရနိုင်ပေ။ မယုံကြည်သွေဖည်သူများအား ဝိပြင်သောဖော်ပြချက်အားဖြင့် သတိပေးတော်မူသည်မှာ အကယ်၍ ၎င်းတို့သည် သေပြီးနောက်ရှင်ပြန်ထရန်မှာ မဖြစ်နိုင်ဟု ထင်ကြပါက ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ဆုပ်ကိုင်ဖမ်းဆီးခြင်းကို ကြုံ့ကြံ့ခံနိုင်ကြသည်ဟု ထင်ကြပါက လည်မြိုသို့ တိုင်ရောက်ရှိနေပြီး ခန္ဓာကိုယ်ကို ခွဲခွာတော့မည့် သို့မဟုတ် ခွဲခွာခဲ့ပြီးဖြစ်၍ သေဆုံးပြီး ဖြစ်သော အသက်ဝိညာဉ်ကို မူလအတိုင်း ပြန်လည်ထားရှိနိုင်ကြရပေမည်။ အကယ်၍ ဤသို့မပြုလုပ်နိုင်ပါက ၎င်းသည်အလ္လာဟ်

အရှင်မြတ်၏ ဖမ်းဆုပ်မှုမှလွတ်မြောက်နိုင်ကြောင်းနှင့်သေပြီးနောက် ဘဝကို ငြင်းပယ်ခြင်းများသည် မည်မျှသဘာဝမကျသို့မဟုတ် ကျိုးကြောင်းမဆီလျော်လိုက်ပါသနည်း။

"فَأَمَّآ إِن كَانَ مِنَ ٱلْمُقَرَّبِينَ".....တစ်ဖန် မည်သို့ပင်ဖြစ်စေ၊ အကယ်၍ ထို(သေဆုံးသော) သူသည် နီးကပ်သောသူတို့တွင် ပါဝင်ခဲ့သည်ရှိသော်။ ...."(၅၆း၈၈) ပစ္စက္ခလောကသည် တစ်နေ့သော် အဆုံးသတ်ရလိမ့်မည် ဖြစ်ကြောင်းကို ပြီးခဲ့သော အာယသ်တော်များက ရှင်းလင်းစွာဖော်ပြခဲ့သည်။ ထို့ပြင် သေဆုံးချိန်တွင် ဆွေမျိုးများ၊ မိတ်သင်္ဂဟများနှင့် သမားတော်များသည် သေခါနီးလူ၏ ပတ်လည်၌ ဘာမျှ မတတ်နိုင်ဘဲရပ်ကြည့်နေကြရကြောင်းကိုလည်း ထင်ရှားစေခဲ့သည်။ ထိုနည်းတူစွာရှင်ပြန်ထခြင်း စာရင်းစစ်ဆေးခြင်းနှင့်လုပ်ဆောင်မှုများ စာရင်းတို့၏ နောက်အကျိုးဆုလာဘ်နှင့်ပြစ်ဒဏ်များသည် ဒိဋ္ဌဖြစ်ရပ်များဖြစ် ကြပြီး သေချာမှုဒီဂရီမှာအမြင့်ဆုံးတွင်ရှိပေသည်။ စူရဟ်၏ အစ၌ ၎င်းတို့၏အကျိုးဆုလာဘ်နှင့်ပြစ်ဒဏ်များနှင့်စပ်လျဉ်း ၍ လူတန်းစား(၃)ရပ်ရှိမည့် အကြောင်းဖော်ပြခဲ့သည်။ အကယ်၍ သေအံ့ဆဲဆဲပုဂ္ဂိုလ်သည် အထင်ရှားဆုံးသက်ဝင် ယုံကြည်သူများထဲမှ ဖြစ်ပါက ၎င်းသည် ကိုယ်စိတ်ချမ်းသာခြင်း၊ ပျော်ရွှင်မှု၏သင်းရနံ့နှင့်သုခချမ်းသာနှင့်ပြည့်စုံသော ဥယျာဉ်တစ်ခုကို ကြုံတွေ့ခံစားရပေလိမ့်မည်။ အကယ်၍ ၎င်းသည် အထင်ရှားဆုံးလူများထဲမှ မဟုတ်ဘဲ လက်ယာဘက်သားများထဲမှ ဖြစ်ပါက (တစ်နည်း) သာမန်သက်ဝင်ယုံကြည်သူအုပ်စုထဲမှဖြစ်ပါက ၎င်းသည်လည်း ဆုလာဘ် လက်ဆောင်များနှင့် ဂျန္နသ်သုခဘုံ၏ သာယာကြည်နူးမှုများကို ကြုံတွေ့ခံစားရလိမ့်မည်ဖြစ်၏။ သို့သော် ၎င်းသည် အကယ်၍ ငြင်းပယ်သူနှင့်လမ်းလွဲသူများဖြစ်ကြသည့် လက်ဝဲဘက်သားများထဲမှ ဖြစ်ပါက ဂျဟန္နမ်၏အလျှိုးပြီးပြီး တောက်လောင်နေသော မီးထဲတွင် ရှိလိမ့်မည်ဖြစ်သည့်ပြင် ပွက်ပွက်ဆူနေသောရေကိုသောက်သုံးရန် ပေးခြင်းခံရမည် ဖြစ်၏။

ဤအကြောင်းအရာ၏အဆုံးတွင် ကုရ်အာန်ကမိန့်ကြားသည်မှာ-

"إِنَّ هَٰذَا لَهُوَ حَقُّ ٱلْيَقِينِ".....ဧကန်မလွဲ ဤသည် ထင်ရှားသော အမှန်ပင်ဖြစ်၏။ ....." (၅၆း၉၅) ရှေ့မှအာယသ်တော်များတွင် ဖော်ပြခဲ့သော မည်သည့် အကျိုးဆုလာဘ် သို့မဟုတ် ပြစ်ဒဏ်ကိုမျှ မည်သူကမျှ ငြင်းဆန်၍ မရနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် လုံးဝသေချာပြီး သံသယဖြစ်ဖွယ် ယုံမှားဖွယ်မရှိသောကြောင့် ဖြစ်လေသည်။

"فَسَبِّحْ بِٱسْمِ رَبِّكَ ٱلْعَظِيمِ".....သို့ဖြစ်ပေရာ (အို-နဗီတမန်တော်)၊ အသင်သည် မိမိအား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်(၏နာမံတော်-စင်ကြယ် သန့်ရှင်းတော်မူကြောင်း)ချီးမွမ်းမြွက်ဆိုပါလေ။ ....."(၅၆း၉၆)စူရဟ်သည် မိမိအား ဖန်ဆင်းတော်မူသောအရှင်မြတ်၏ 'တပ်စ်ဗီဟ်'ကို မြွက်ဆိုရန် တမန်တော်မြတ်အား အမိန့်ပေး တော်မူခြင်းဖြင့် နိဂုံးချုပ်၏။ ဤ 'တပ်စ်ဗီဟာတ်'တွင် ဆွလာသ်၏ အတွင်းနှင့်အပြင် 'တပ်စ်ဗီဟာတ်'အမျိုးအစားအားလုံးပါဝင်လေသည်။ ဆွလာသ်ကိုယ်၌သည်ပင် ရံဖန် ရံခါ 'တပ်စ်ဗီဟ်' အဖြစ် ရည်ညွှန်းခြင်းခံရသည်ဖြစ်၍ အာယသ် တော်ကာပုံမှန်ဆွလာသ်ဝတ်ပြုမှုကို မပျက်မကွက် ဆောင်ရွက်ကြရန် ပြဋ္ဌာန်းခြင်းဖြစ်လေသည်။

အလ်ဟမ်ဒုလေလ္လာ

စူရဟ်အလ်ဝါကိအဟ်၏ရှင်းလင်းဖွင့်ဆိုချက် ဤတွင် ပြီး၏။

စူရဟ် အလ်ဟဒီဒ်

(သံသတ္ထုကကွာ)

ဤစူရဟ်သည် မဒနီဖြစ်ပြီး၊ အာယတ်တော် (၂၉)ပါး၊ ရုကူအ်(၄)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော၊ မဟာကရုဏာအပေါင်းနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယသ်တော် (၁-၆)

سَبَّحَ لِلّٰهِ مَا فِي السَّمٰوٰتِ وَ الْاَرْضِ ۚ وَ هُوَ الْعَزِيْزُ الْحَكِيْمُ ﴿۱﴾ لَهٗ مُلْكُ
السَّمٰوٰتِ وَ الْاَرْضِ ۚ يُحْيٖ وَ يُمِيْتُ ۚ وَ هُوَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿۲﴾ هُوَ الْاَوَّلُ
وَ الْاٰخِرُ وَ الظَّاهِرُ وَ الْبَاطِنُ ۚ وَ هُوَ بِكُلِّ شَيْءٍ عَلِيْمٌ ﴿۳﴾ هُوَ الَّذِيْ خَلَقَ
السَّمٰوٰتِ وَ الْاَرْضَ فِيْ سِتَّةِ اَيَّامٍ ثُمَّ اسْتَوٰى عَلَى الْعَرْشِ ؕ يَعْلَمُ مَا يَلِجُ
فِي الْاَرْضِ وَ مَا يَخْرُجُ مِنْهَا وَ مَا يَنْزِلُ مِنَ السَّمَآءِ وَ مَا يَعْرُجُ فِيْهَا ؕ وَ
هُوَ مَعَكُمْ اَيْنَ مَا كُنْتُمْ ؕ وَ اللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿۴﴾ لَهٗ مُلْكُ
السَّمٰوٰتِ وَ الْاَرْضِ ؕ وَ اِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ﴿۵﴾ يُوْلِجُ الَّيْلَ فِي النَّهَارِ وَ
يُوْلِجُ النَّهَارَ فِي الَّيْلِ ؕ وَ هُوَ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ﴿۶﴾

မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း ပြွက်ဆိုချီးမွမ်းကြကုန်၏။ ၎င်းပြင် ထိုအရှင်မြတ်သည်ပင် အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော အရှင်၊ လွန်စွာနူးညံ့ သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။[၁] မိုးကောင်းကင်များကို လည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း၊ စိုးမိုးအုပ်ချုပ်မှုအာဏာသည် ထိုအရှင်မြတ်၌သာရှိ၏။ ထိုအရှင်မြတ်သည်ပင် အသက်ရှင်စေတော်မူ၏။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည်ပင် အသက်သေဆုံးစေတော်မူ၏။ ထိုမှတပါး ထိုအရှင်မြတ်သည်ပင် အရာခပ်သိမ်းတို့ကို စွမ်းနိုင်တော်မူသောအရှင်၊ ဖြစ်တော်မူ၏။[၂] ထိုအရှင်မြတ်သည်ပင် အဦးဆုံးဖြစ်တော်မူသော အရှင်မြတ်သည်လည်းကောင်း၊

နောက်ဆုံး၌ ရှိနေတော်မူအံ့သော အရှင်မြတ်သည်လည်းကောင်း၊ ထင်ရှားစွာရှိနေတော်မူသော အရှင်မြတ် သည်လည်းကောင်း၊ ကွယ်၍နေတော်မူသော အရှင်မြတ်သည်လည်းကောင်း၊ ဖြစ်တော်မူ၏။ ထိုမှတပါး ထိုအရှင်မြတ်သည်ပင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။[၃] ထိုအရှင်မြတ်သည်ပင် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ခြောက်ရက်အတွင်း ဖန်ဆင်းတော်မူခဲ့သော အရှင်မြတ်ဖြစ်တော်မူ၏။ ထို့နောက် ထိုအရှင်မြတ် သည် အရိရှိပ်လွှင်တော်ထက်ဝယ် စံမြန်းတော်မူခဲ့၏။ ထိုအရှင်မြတ်သည် ပထဝီမြေ၌ဝင်သော အရာကိုလည်းကောင်း၊ ယင်းပထဝီမြေမှထွက်သော အရာကိုလည်းကောင်း၊ မိုးကောင်းကင်မှ ဆင်းသက်လာသော အရာကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်သို့တက်သော အရာကိုလည်းကောင်း၊ သိရှိတော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့ရှိကြသော မည်သည့်နေရာ၌မဆို အသင်တို့နှင့်အတူ ရှိနေတော်မူ၏။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကျင့်မူသမျှတို့ကို အကြွင်းမဲ့သိမြင်တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူ၏။[၄] မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကို လည်းကောင်း၊ စိုးမိုးအုပ်ချုပ်မှုအာဏာသည် ထိုအရှင်မြတ်၌သာရှိ၏။ ထိုမှတပါး အရေးကိစ္စအလုံးစုံတို့မှာ ထိုအရှင်မြတ်အထံတော်သို့ သာလျှင် ပြန်လည်ရောက်ရှိကြရပေမည်။[၅] ထိုအရှင်မြတ်သည်ပင် (အချို့သော ရာသီဥတု၌) ည၌(၏) အစိတ်အပိုင်းအချို့)ကို နေ့၏အတွင်းဝယ် ထည့်သွင်းတော်မူ၏။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည်ပင် (အချို့သော ရာသီဥတု၌) နေ့(၏အစိတ်အပိုင်းအချို့)ကို ည၌၏အတွင်းဝယ်ထည့်သွင်းတော်မူ၏။ ထိုမှတပါး ထိုအရှင်မြတ်သည် စိတ်နလုံးများအတွင်း၌ ရှိသည်တို့ကို အကြွင်းမဲ့ သိရှိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။[၆]

စူရဟ်အလ်ဟဒီဒ်၏ အချို့သောဝေဂဏ်ရည်များ

သာဝကကြီး အရ်ဗာသွ်အိဝ်နုစာရိယဟ်ﷺက ပြောကြားခဲ့သည်မှာ အလ္လာ့ရစူလ်ﷺသည် အလ်မူစဝ်ဖိဟာတ်ကို မအိပ်မီရွတ်ဖတ်လေ့ရှိပြီး၊ 'ယင်းတို့ထဲတွင် အာယတ်တော်ပေါင်း(၁၀၀၀)ထက်ပို၍ ကောင်းမြတ်သော အာယတ်တော်တစ်ပါးပါရှိ၏။'ဟု မိန့်ကြားခဲ့ကြောင်း အဗူဒါဝူဒ်၊ တိရ်မိဒီနှင့် နစအ်အီတို့၌ ဖော်ပြ၏။ အလ်မူစဝ်ဖိဟာတ်သည် (၁) အလ်ဟဒီဒ် (၂) အလ်ဟရ်ရ် (၃) အဆ်ဆွဖ် (၄) ဂျူမုအဟ် နှင့် (၅) တဃာဗွန် စူရဟ်များကို ခြုံ၍ခေါ်သော နာမည်ဖြစ်၏။ ဤဟဒီးသ်ကိုကိုးကား၍ အကောင်းဆုံးအာယတ်တော်ဟူသည် စူရဟ်အလ်ဟဒီဒ်မှ အာယတ်တော်(၃) **هُوَ الْاَوَّلُ وَ الْاٰخِرُ وَ الظَّاهِرُ وَ الْبَاطِنُ ۚ وَ هُوَ بِكُلِّ شَیْءٍ عَلِیْمٌ**"ထိုအရှင်မြတ်သည်ပင် အဦးဆုံးဖြစ်တော်မူသော အရှင်မြတ်သည်လည်းကောင်း၊ နောက်ဆုံး၌ ရှိနေတော်မူအံ့သော အရှင်မြတ်သည်လည်းကောင်း၊ ထင်ရှားစွာရှိနေ တော်မူသော အရှင်မြတ်သည်လည်းကောင်း၊ ကွယ်၍နေတော်မူသော အရှင်မြတ်သည်လည်းကောင်း ဖြစ်တော်မူ၏။ ထိုမှတပါး ထိုအရှင်မြတ်သည်ပင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။" (၅၇း၃) ပင်ဖြစ်ကြောင်း အိဝ်နကဆီးရ်က ပြောကြား၏။ စူရဟ်(၅)ပုဒ်အနက် ပထမစူရဟ်(၃)ပုဒ် ဖြစ်သော အလ်ဟဒီဒ်၊ အလ်ဟရ်ရ်နှင့် အဆ်ဆွဖ်တို့သည် 'စဗ္ဒဟ' (အလ္လာဟ်အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုကြကုန်၏။) ဟူ၍ အတိတ်ကာလဖြင့် အစပြုပြီး၊ နောက်ဆုံးစူရဟ်(၂)ပုဒ်ဖြစ်သော အလ်ဂျူမုအဟ်နှင့် အလ်တဃာဗွန်တို့သည် 'ယုစဗ္ဒိဟု' (အလ္လာဟ်အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုလျက်ရှိကြကုန်၏။)ဟူ၍ ပစ္စုပ္ပန်ဖြစ်ဆဲ

ကာလဖြင့် အစပြုလေသည်။ ဤသည်က အလ္လာဟ်အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တည်းဟူသော အချိန်ကာလတိုင်း၌ ရွတ်ဆိုသင့်ကြောင်း ညွှန်ပြလေသည်။ (မဇ်ဟရီ)

ရှိုင်တွာန်၏မိစ္ဆာစကား တီးတိုးပြောကြားခြင်းများအတွက် ဆေးမြီတို

သာဝကကြီး အိမ်နအဗ္ဗာစ်ﷺက ပြောကြားခဲ့သည်မှာ အကယ်၍ ရှိုင်တွာန်သည် ပုဂ္ဂိုလ်တစ်ဦး၏စိတ်နလုံးထဲသို့ မကောင်းသောအကျင့်သီလကို ထည့်သွင်းပေးသဖြင့် အလ္လာဟ်အရှင်မြတ်နှင့် အမှန်တရား၏ သာသနာအပေါ် ယုံမှားသံသယဖြစ်မိပါက ၎င်းသည် အာယတ်တော်(၃) هُوَ الْاَوَّلُ وَ الْاٰخِرُ وَ الظَّاهِرُ وَ الْبَاطِنُ ۚ وَ هُوَ بِكُلِّ شَیْءٍ عَلِیْمٌ "ထိုအရှင်မြတ်သည်ပင် အဦးဆုံးဖြစ်တော်မူသော အရှင်မြတ်သည်လည်းကောင်း၊ နောက်ဆုံး၌ ရှိနေတော်မူအံ့သော အရှင်မြတ်သည်လည်းကောင်း၊ ထင်ရှားစွာရှိနေ တော်မူသော အရှင်မြတ်သည်လည်းကောင်း၊ ကွယ်၍နေတော်မူသော အရှင်မြတ်သည်လည်းကောင်း ဖြစ်တော်မူ၏။ ထိုမှတပါး ထိုအရှင်မြတ်သည်ပင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။" (၅၇း၃)ကို တိုးညှင်းစွာရွတ်ဆိုသင့်၏။

အလ္လာဟ်အရှင်မြတ်၏အဦးဆုံးဖြစ်တော်မူခြင်းနှင့် နောက်ဆုံးဖြစ်တော်မူခြင်း၊ ထင်ရှားစွာရှိနေတော်မူခြင်းနှင့် ဖုံးကွယ်၍ရှိတော်မူခြင်းများက မည်သည်ကိုဆိုလိုပါသနည်း။ ဤဂုဏ်တော်များ၏ မတူသောအဓိပ္ပါယ်ဖွင့်ဆိုချက်(၁၀) ခုမကရှိပြီး ယင်းတို့သည် ကွဲလွဲဆန့်ကျင်မှုလည်း မရှိကြပေ။ နယ်ပယ်သည် အဓိပ္ပါယ်ဖွင့်ဆိုချက်အားလုံးကို ထည့်သွင်းစဉ်းစားနိုင်လောက်အောင် ကျယ်ဝန်းလေသည်။ 'အလ်အောင်ဝလ်' (အဦးဆုံးဖြစ်တော်မူသောအရှင်)ဟူသောဂုဏ်တော်၏အဓိပ္ပါယ်မှာ အကွဲအလွဲမရှိသလောက်ဖြစ်ပြီး၊ သဘာဝလောကကြီးဖြစ်ရှိခြင်း ပကတိအကြောင်းရင်းကို လေ့လာသောပညာရပ်အရဆိုလျှင် အလ္လာဟ်အရှင်မြတ်၏အလျင် မည်သည့်အရာမှမရှိခြင်းကိုလည်းကောင်း၊ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူခဲ့ပြီး၊ ဖြစ်တည်နေသော အရာအားလုံး၏ ပထမဦးဆုံးအကြောင်းတရား ဖြစ်တော်မူခြင်းကိုလည်းကောင်း ဖော်ညွှန်း၏။ 'အလ်အာခိရ်' (နောက်ဆုံးဖြစ်တော်မူသောအရှင်)ဟူသော ဂုဏ်တော်သည် အာယတ်တော် وَ لَا تَدْعُ مَعَ اللّٰهِ اِلٰهًا اٰخَرَ ۘ لَاۤ اِلٰهَ اِلَّا هُوَ ؕ كُلُّ شَیْءٍ هَالِكٌ اِلَّا وَجْهَهٗ ؕ لَهُ الْحُكْمُ وَ اِلَیْهِ تُرْجَعُوْنَ "ထိုအရှင်မြတ်မှတပါး ဆည်းကပ်ကိုးကွယ်ရာဟူ၍ အလျှင်းမရှိပြီ။...."(၂၈း၈၈)က သက်သေခံသက့ဲသို့ အရာခပ်သိမ်းပျက်သုဉ်းသွားပြီးသည့်နောက်၌ပင် ထိုအရှင်မြတ်သည် တည်ရှိနေတော်မူမည်ဟု ဆိုလိုသည်။ မှတ်သားသင့်သည်မှာ သေခြင်း သို့မဟုတ် ပျက်သုဉ်းခြင်းသည် တကယ့်သေဆုံးခြင်း သို့မဟုတ် အလားအလာရှိသော သေဆုံးခြင်းဟူသည့် ဖြစ်နိုင်ခြေနှစ်မျိုး အကျုံးဝင်၏။ ထို့ကြောင့် ဖြစ်တည်နေသော ဖန်ဆင်းခံအားလုံးသည် တရားစီရင်မည့်နေ့တွင် အမှန်တကယ် ပျက်သုဉ်းသွားကြမည် သို့မဟုတ် အမှန်တကယ် ပျက်သုဉ်းသော်လည်း အလားအလာအားဖြင့် ပျက်သုဉ်းနိုင်သည်ဟု အာယတ်တော်က ဆိုလိုခြင်းဖြစ်၏။ ၎င်းတို့တွင် သေဆုံးခြင်းနှင့် ပျက်စီးခြင်းများအတွက် ပင်ကိုစွမ်းရည်ရှိကြ၏။ (၎င်းတို့အား ပြောင်းလဲယိုယွင်းပျက်စီးမှုက အမြဲတစေ ဖိစီးလျက်ရှိပေသည်။) ဤသို့ကြောင့် ၎င်းတို့သည် ဖြစ်တည်နေကြသော်လည်း ၎င်းတို့အား 'ဟလစ်ဂ်' သို့မဟုတ် 'ဖါနီ' (ပျက်သုဉ်းသွားမည့်အရာများ) ဟူ၍ဖော်ပြခြင်းဖြစ်၏။ ဥပမာအားဖြင့် ဂျန္နတ်သုခဘုံနှင့် ဂျဟန္နမ်ဒုက္ခဘုံများထဲသို့ဝင်ကြမည့်သူတော်ကောင်းသို့မဟုတ် သူယုတ်မာဘုံသားများသည် အမှန်တကယ် ပျက်စီးသေဆုံးလိမ့်မည် မဟုတ်ပေ။ သို့သော် ၎င်းတို့တွင် အလားအလာအားဖြင့် ပျက်စီးသေဆုံးရန် ပင်ကိုစွမ်းရည်တော့ ရှိကြပေသည်။ ကြီးမြတ်တော်မူသော အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် နိစ္စထာဝရတည်ရှိပြီး၊ သေခြင်းတရားက မလွှမ်းမိုးနိုင်သော အရှင်မြတ်ဖြစ်တော်မူပေသည်။ ဤနည်းအားဖြင့် အလ္လာဟ်အရှင်မြတ်သည် 'အလ်အာခိရ်' (နောက်ဆုံးဖြစ်တော်မူသောအရှင်) ဖြစ်တော်မူခြင်းဖြစ်၏။

အီမာမ်ဂဇာလီ ﷺ၌ အခြားရှင်းလင်းချက်တစ်ခုရှိ၏။ ၎င်းက 'အလ်အာခိရ်' (နောက်ဆုံးဖြစ်တော်မူသော အရှင်)ဟူသော ဂုဏ်တော်အား 'မအ်ရိဖဟ်' (အသိပညာ)ရှုထောင့်မှ အနက်ဖွင့်ဆိုသည်မှာ အလ္လာဟ်တအာလာအား သိနားလည်ခြင်းသည် အောင်မြင်မှုကိုရယူရန်မျှော်လင့်သည့် လူသား၏ အဆုံးစွန်သောပန်းတိုင်ဖြစ်၏။ ၎င်းသည် ဤပန်းတိုင်ဆီသို့ မတူကွဲပြားသော အဆင့်များ၊ စခန်းများကို ဖြတ်သန်းပြီး 'အလ္လာဟ်အရှင်မြတ်၏ အသိပညာ'ကို ရရှိသည့်တိုင် ခရီးနှင်ရလေသည်။ (ရူးဟွလ်မအာနီ)

'အဇ်ဇာဟိရ်' (ထင်ရှားစွာရှိနေတော်မူသောအရှင်)ဟူသော ဂုဏ်တော်က အရာခပ်သိမ်းထက် သာလွန်မြင့်မားသော အရှင်ဖြစ်တော်မူကြောင်းကို ညွှန်ပြ၏။ 'ထင်ရှားစွာရှိနေခြင်း'သည် တည်ရှိမှုထွက်ပေါ်လာသည့် အကိုင်းအလက်အစို့အညှောင့်ဖြစ်၏။ ထို့ပြင် အလ္လာဟ်အရှင်မြတ်တည်ရှိတော်မူခြင်းသည် ပထမဖြစ်ပြီး၊ တည်ရှိမှုအားလုံးထက် သာလွန်မြင့်မားသောကြောင့် အခြားတည်ရှိသောအရာအားလုံး၏ ထင်ရှားစွာရှိနေခြင်းထက် အလ္လာဟ်အရှင်မြတ်၏ ထင်ရှားစွာရှိနေခြင်းက သာလွန်ပေသည်။ စကြဝဠာအတွင်းရှိ မည်သည့်အရာကမျှ ထိုအရှင်မြတ်ထက်ပို၍ မထင်ရှားပေ။ ထိုအရှင်မြတ်၏ ပညာဉာဏ်တော်နှင့် တန်ခိုးတော်များ ထင်ရှားစွာရှိနေခြင်းအား ဤလောက၏ ဒြပ်မှုန်လေးတိုင်းတွင် မြင်တွေ့နိုင်လေသည်။

'အလ်ဗာတွင်န်' (ဖုံးကွယ်၍နေတော်မူသောအရှင်)ဟူသော ဂုဏ်တော်က အလ္လာဟ်အရှင်မြတ်တည်ရှိမှု၏ တိကျသော သဘာဝနှင့် အနှစ်သာရကို ဖုံးကွယ်ထားသည်ဖြစ်၍ လူသားတို့၏ အသိဉာဏ်လိုက်မမီသည့်သဘောကို ဆိုလိုသည်။ မည်သည့်အသိဉာဏ် သို့မဟုတ် အတွေးအခေါ်ကမျှ အလ္လာဟ်အရှင်မြတ်၏ 'ဇာသ်'မူလဇာတိတော်နှင့် ဂုဏ်တော်များကို အတိအကျမသိနိုင်ပေ။

اے برتراز قیاس و گمان وخیال ووھم
وزھر چہ دیدہ ایم شنیدہ ایم وخواندہ ایم

ထိုအရှင်မြတ်သည် မည်သည့်အနုမာန အယူအဆ၊ မည်သည့်မှန်းဆချက်၊ မည်သည့်ယူဆချက်၊ မည်သည့် စိတ်ကူးနိုင်စွမ်းကမှ မသိနိုင်သောအရှင် ဖြစ်တော်မူသည်။

ထို့ပြင် ကျွန်ုပ်တို့မြင်ရသမျှ၊ ကြားရသမျှ သို့မဟုတ် ဖတ်ဖူးသမျှတို့ထက် ပိုလွန်တော်မူသောအရှင် ဖြစ်တော်မူသည်။

اے بروں از جملہ قال وقیلِ من
خاک برفرق من وتمثیل من

ထိုအရှင်မြတ်အကြောင်းကို ကုန်စင်အောင်ဆွေးနွေးရန်၊ ငြင်းခုံရန် ကျွန်ုပ်တို့မတတ်စွမ်းနိုင်ပါ။

ထိုအရှင်မြတ်အကြောင်းကိုရှင်းပြရန် ကျွန်ုပ်ရည်ညွှန်းကိုးကားသော သာဓကအထောက်အထားမှန်သမျှသည် အချည်းနှီးသာဖြစ်ပေသည်။

"وَ هُوَ مَعَكُمْ اَيْنَ مَا كُنْتُمْ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့ရှိကြသော မည်သည့်နေရာ၌မဆို အသင်တို့နှင့်အတူ ရှိနေတော်မူ၏။ ...." (၅၇း၄)။ အလ္လာဟ်အရှင်မြတ်၏ အဖော်ပြုခြင်း သို့မဟုတ် ကျွန်ုပ်တို့နှင့်အတူ ရှိနေခြင်းသည် အကြွင်းမဲ့မှန်ကန်သော်လည်း မည်သည့်လူသားမျှ နားလည်နိုင်စွမ်းရှိလိမ့်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့နှင့်အတူ အလ္လာဟ်အရှင်မြတ် ရှိမနေဘဲလျက် မည်သည့်လူသားမှ တည်ရှိနိုင်မည် သို့မဟုတ် မည်သည့်အလုပ်ကိုမှ လုပ်ကိုင်နိုင်မည် မဟုတ်သောကြောင့်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်၏ အလိုတော်

(မရှိယဟ်)နှင့် တန်ခိုးတော်သည် အရာရာတိုင်းအတွက် လိုအပ်ပေသည်။ ထိုအတွက်ကြောင့် အလ္လာဟ်အရှင်မြတ်သည် အခြေအနေတိုင်း၊ နေရာတိုင်းတွင် လူသားတိုင်းနှင့် အတူရှိတော်မူခြင်း ဖြစ်လေသည်။ အလ္လာဟ်အရှင်မြတ်အသိဆုံး ဖြစ်တော်မူသည်။

အာယတ်တော် (၇-၁၁)

اٰمِنُوْا بِاللّٰهِ وَرَسُوْلِهٖ وَاَنْفِقُوْا مِمَّا جَعَلَكُمْ مُّسْتَخْلَفِيْنَ فِيْهِ ؕ فَالَّذِيْنَ
اٰمَنُوْا مِنْكُمْ وَاَنْفَقُوْا لَهُمْ اَجْرٌ كَبِيْرٌ ۝٧ وَمَا لَكُمْ لَا تُؤْمِنُوْنَ بِاللّٰهِ ۚ
وَالرَّسُوْلُ يَدْعُوْكُمْ لِتُؤْمِنُوْا بِرَبِّكُمْ وَقَدْ اَخَذَ مِيْثَاقَكُمْ اِنْ كُنْتُمْ
مُّؤْمِنِيْنَ ۝٨ هُوَ الَّذِيْ يُنَزِّلُ عَلٰى عَبْدِهٖۤ اٰيٰتٍۢ بَيِّنٰتٍ لِّيُخْرِجَكُمْ مِّنَ
الظُّلُمٰتِ اِلَى النُّوْرِ ؕ وَاِنَّ اللّٰهَ بِكُمْ لَرَءُوْفٌ رَّحِيْمٌ ۝٩ وَمَا لَكُمْ اَلَّا
تُنْفِقُوْا فِيْ سَبِيْلِ اللّٰهِ وَلِلّٰهِ مِيْرَاثُ السَّمٰوٰتِ وَالْاَرْضِ ؕ لَا يَسْتَوِيْ
مِنْكُمْ مَّنْ اَنْفَقَ مِنْ قَبْلِ الْفَتْحِ وَقٰتَلَ ؕ اُولٰٓئِكَ اَعْظَمُ دَرَجَةً مِّنَ
الَّذِيْنَ اَنْفَقُوْا مِنْۢ بَعْدُ وَقٰتَلُوْا ؕ وَكُلًّا وَّعَدَ اللّٰهُ الْحُسْنٰى ؕ وَاللّٰهُ بِمَا
تَعْمَلُوْنَ خَبِيْرٌ ۝١٠ مَنْ ذَا الَّذِيْ يُقْرِضُ اللّٰهَ قَرْضًا حَسَنًا فَيُضٰعِفَهٗ لَهٗ وَ
لَهٗۤ اَجْرٌ كَرِيْمٌ ۝١١

အသင်တို့သည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာစူလ်တမန်တော်မြတ်အားလည်းကောင်း၊ သက်ဝင်ယုံကြည်ကြလေကုန်။ ထို့ပြင် အသင်တို့သည် အကြင်ဥစ္စာပစ္စည်းအနက်မှ သုံးစွဲလှူဒါန်းကြလေကုန်။ ထိုအရှင်မြတ်သည် အသင်တို့အား ယင်းပစ္စည်းဥစ္စာများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များအဖြစ် ခန့်အပ်တော်မူခဲ့၏။ စင်စစ် အသင်တို့အနက်မှ အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် သုံးစွဲလှူဒါန်းခဲ့ကြကုန်၏။ ထိုသူတို့အဖို့ ကြီးကျယ်လှစွာသောအကျိုးသည် ရှိပေမည်။[၇] စင်စစ်သော်ကား အသင်တို့သက်ဝင်ယုံကြည်ခြင်း မရှိကြသည်မှာ အသင်တို့၌ မည်သည့် အကြောင်းရှိပေသနည်း။ အမှန်စင်စစ်သော်ကား အသင်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား သက်ဝင်ယုံကြည်ကြရန် ရာစူလ်တမန်တော်မြတ်သည် အသင်တို့အား ဖိတ်ခေါ်လျက်ရှိပေသည်။ ထိုမှတပါး မလွဲစကန် ထိုအရှင်မြတ်ကိုယ်တော်တိုင်ပင် အသင်တို့ထံမှ ကတိဝန်ခံချက်ကို ယူထားတော်မူပြီး

ဖြစ်ပေသည်။ *အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည် အံ့သောသူများ ဖြစ်ကြပါလျှင်၊[၈] ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင်။ ထိုအရှင်မြတ်သည် အသင်တို့အား အမှောင်ထုမှ အလင်းသို့ ထွက်စေအံ့သောငှာ မိမိကျွန်တော် (တမန်တော်မြတ်မုဟမ္မဒ်)၏အပေါ်၌ ထင်ရှားစွာသော အာယတ်တော်များကို ချပေးတော်မူ၏။ စင်စစ်မှာကား ဇကေ့မလွဲအလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်ဝယ် အလွန်တရာ နူးညံ့သိမ်မွေ့တော်မူသော၊ အလွန်တရာ ကြင်နာသနားတော်မူသောအရှင်မြတ် ဖြစ်တော်မူ၏။[၉] ထိုမှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သုံးစွဲလှူဒါန်းခြင်းမပြုကြရန် အသင်တို့၌ မည်သည့်အကြောင်း ရှိချေသနည်း။ စင်စစ်သော်ကား မိုးကောင်းကင်များ၌ရှိကုန်သော ပစ္စည်းဥစ္စာတို့သည်လည်းကောင်း၊ ပထဝီမြေဝယ်ရှိကုန်သော ပစ္စည်းဥစ္စာတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်ပေသည်။ အသင်တို့အနက် (မက္ကာမြို့တော်ကို) မအောင် မြင်မီ သုံးစွဲလှူဒါန်းခဲ့ကြသော၊ ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြသော သူတို့သည် (မက္ကာမြို့တော်ကို အောင်မြင်ပြီးနောက်တွင် သုံးစွဲလှူဒါန်းခြင်း၊ ပြိုင်ဆိုင်တိုက်ခိုက်ခြင်း ပြုခဲ့ကြသောသူတို့နှင့်) တူကြသည်မဟုတ်ပေ။ ထို(မအောင်မြင်မီ လှူဒါန်းတိုက်ခိုက်ခဲ့ကြသော သူတို့မှာကား နောက်ပိုင်း တွင် သုံးစွဲလှူဒါန်းခြင်း၊ ပြိုင်ဆိုင်တိုက်ခိုက်ခြင်း ပြုခဲ့ကြသော သူတို့ထက် ဂုဏ်ရည်အဆင့်အတန်း အားဖြင့် ထူးကဲမြင့်မြတ်လှကြကုန်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အားလုံးကိုပင် ကောင်းကျိုးပေးတော်မူရန် ကတိပေးတော်မူခဲ့၏။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို စုံလင်စွာသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။[၁၀] အလ္လာဟ်အရှင်မြတ်အား ကောင်းမြတ်သော (စေတနာနှင့်) ကြွေးမြီချေးငှားအံ့သောသူသည် မည်သည်ရှိသနည်း။ သို့ချေးငှားခဲ့သည်ရှိသော် ထိုအရှင်မြတ်သည် ယင်းကြွေးမြီကို ထိုသူ၏အဖို့ ဆက်တက်တိုးပွားစေတော်မူသည့်ပြင် ထိုသူ၏အဖို့ မြင့်မြတ်လှစွာသော အကျိုးသည်လည်း ရှိချေအံ့သတည်း။[၁၁]

---

* စာသားတွင်သုံးသည့် မူရင်းစကားလုံးသည် 'မွတ်စ်တစ်လဖင်'ဖြစ်ပြီး၊ ယင်းစကားလုံးတွင် 'လက်ထောက်များ'နှင့် 'ဆက်ခံသူများ'ဟူ၍ အဓိပ္ပါယ်နှစ်မျိုးရှိ၏။ ပထမအဓိပ္ပါယ်ကိုယူပါလျှင် လူသားတို့ လက်ဝယ်ရှိ ဥစ္စာပစ္စည်း၏ မူလပိုင်ရှင်မှာ အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူသည်။ သို့သော် ထိုအရှင်မြတ်သည် ထိုဥစ္စာ ပစ္စည်းကို မိမိ၏ညွှန်ကြားချက်များနှင့်အညီ အသုံးပြုကြစေရန် ၎င်းတို့အား မိမိ၏လက်ထောက်များ သို့မဟုတ် ကိုယ်စားလှယ်များ ပြုလုပ်တော်မူခဲ့သည်ဟူ၍ အာယတ်တော်က ညွှန်ပြ၏။ အလ္လာဟ်အရှင်မြတ်သည် ဥစ္စာပစ္စည်းကို ၎င်းတို့၏ကိုယ်ကျိုးအတွက် အသုံးပြုခွင့်ပေးတော်မူသော်လည်း ရှုရှီအဟ်တွင် ထိုအရှင်မြတ် ပြဋ္ဌာန်းတော်မူသော စည်းမျဉ်းဥပဒေများနှင့် အညီ အမြဲတစေဖြစ်သင့်ပေသည်။ မိမိသည် ဤဥစ္စာပစ္စည်း၏ အကြွင်းမဲ့ပိုင်ရှင်မဟုတ်ဟု ယုံကြည်သောအခါ၊ ၎င်းတို့ အဖို့ အကြွင်းမဲ့ပိုင်ရှင်၏ အမိန့်တော်အတိုင်း သုံးစွဲ ရန်မှာ မခက်ခဲတော့ပေ။ ဤသည်မှာ ရှင်းလင်းဖွင့်ဆိုသူအများစု၏ အာယတ်တော်အား အဓိပ္ပါယ်ဖွင့်ဆိုချက်ပင် ဖြစ်လေသည်။ သို့ရာတွင် အခြားသော အကျယ်ဖွင့်ဆိုသူအချို့က 'မွတ်စ်တစ်လဖင်'ဟူသော စကားလုံးအား 'ဆက်ခံသူများ'ဟူသည့် အဓိပ္ပါယ်ဖြင့်ယူကြ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့၏လက်ဝယ်ယခုရှိနေသော ဥစ္စာပစ္စည်းသည် ကျွန်ုပ်တို့၏အလျင် ထိုပစ္စည်းကို ပိုင်ဆိုင်ခဲ့ကြ သူများ ထံမှ ကျွန်ုပ်တို့ထံသို့ ရောက်ရှိ ခဲ့ကြောင်းကို ကျွန်ုပ်တို့အား သတိပေးခြင်းဖြစ်လေသည်။ ကျွန်ုပ်တို့သည် ယင်း၏ ပိုင်ဆိုင်ခွင့်ကို ထိုသူများထံမှ ဆက်ခံ ခဲ့ခြင်းဖြစ်ပြီး၊ နောက်ဆုံးတွင် ယင်းဥစ္စာပစ္စည်းသည် အမွေဆက်ခံခြင်း အပါအဝင် အခြားရွှေ့ပြောင်းပုံ နည်းလမ်းတစ်ခုခုဖြင့် အခြားလူများဆီသို့ လက်ဆင့်ကမ်းခြင်းခံရမည်ဖြစ်၏။ ဥစ္စာပစ္စည်း အမျိုးမျိုးသည် ဤနည်းအားဖြင့် တစ်ဦး ထံမှ နောက်တစ်ဦးထံသို့ ရွှေ့ပြောင်းသွားကြလေသည်။ ထို့ကြောင့် အကြင်သူသည် ဥစ္စာပစ္စည်းကို အလ္လာဟ့်လမ်းတွင် သုံးစွဲရန် မတွန့်ဆုတ်သင့်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုအရာသည် တစ်နည်းနည်းဖြင့် အခြားသူများလက်သို့ လွှဲပြောင်းပေးရမည်သာ ဖြစ်ပေသည်။ (မုဟမ္မဒ်တကီးအွတ်စမာနီ)

ရှင်းလင်းဖွင့်ဆိုချက်

အီမာန်သက်ဝင်ယုံကြည်ရန် အမိန့်ပေးတော်မူခြင်း

وَ قَدْ اَخَذَ مِيْثَاقَكُمْ "..... ထိုမှတပါး မလွဲဧကန် ထိုအရှင်မြတ်ကိုယ်တော်တိုင်ပင် အသင်တို့ထံမှ ကတိဝန်ခံချက်ကို ယူထားတော်မူပြီး ဖြစ်ပေသည်။ ...."(၅၇း၈)။ ဤအာယတ်တော်က 'အဇလ်' (ဝိညာဉ်လောက)၌ ယူတော်မူသော ပဋိညာဉ်ကို ရည်ညွှန်း ခြင်းဖြစ်နိုင်ပေသည်။ စူရဟ်အအ်ရာဖ်၏ အာယတ်တော် (၁၇၂-၁၇၄)အရ အလ္လာဟ်အရှင်မြတ်သည် ဝိညာဉ်များအားလုံးကို စုရုံးတော်မူပြီး၊ ၎င်းတို့၏ဖြစ်တည်မှုသဏ္ဌာန်ကိုမယူမီ ဝိညာဉ်လောက၏ 'အလာစ်' ပဋိညာဉ်ကို ယူတော်မူခဲ့သည်။ ထိုအရှင်မြတ်က ၎င်းတို့အား اَلَسْتُ بِرَبِّكُمْ (ငါအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းတော်မူသောအရှင်မြတ် မဟုတ်သလော။)ဟု မေးမြန်းတော်မူခဲ့ရာ ၎င်းတို့က بَلٰى (အမှန်ပင် ဟုတ်ပါသည်။ ကျွန်တော်မျိုးတို့ကိုယ်တိုင် သက်သေခံကြပါသည်။)ဟု ပြန်လည်လျှောက်ထားခဲ့ကြသည်။ ဤပဋိညာဉ်သည် နောက်ဆုံးတမန်တော် မုဟမ္မဒ်ﷺအား သက်ဝင်ယုံကြည်ရန်နှင့် ၎င်းအားထောက်ခံကြရန် ယခင် တမန်တော်များနှင့် ၎င်းတို့၏နောက်လိုက်များထံမှ ကတိသစ္စာယူခြင်းကို ရည်ညွှန်းခြင်းလည်း ဖြစ်နိုင်ပေသည်။ ဤပဋိညာဉ်ကို ကုရ်အာန်က အောက်ပါစကားလုံးများဖြင့် ဖော်ပြ၏။

ثُمَّ جَآءَكُمْ رَسُوْلٌ مُّصَدِّقٌ لِّمَا مَعَكُمْ لَتُؤْمِنُنَّ بِهٖ وَلَتَنْصُرُنَّهٗ ؕ قَالَ ءَاَقْرَرْتُمْ وَاَخَذْتُمْ عَلٰى ذٰلِكُمْ اِصْرِىْ ؕ قَالُوْۤا اَقْرَرْنَا ؕ قَالَ فَاشْهَدُوْا وَاَنَا مَعَكُمْ مِّنَ الشّٰهِدِيْنَ

ထိုမှတပါးတုံ (ပြန်လည်အောက်မေ့သတိရကြကုန်၊) တရံရောအခါဝယ် အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များထံမှ ပဋိညာဉ်ဝန်ခံချက်ကို (ဤသို့)ယူတော်မူလေသည်။ (အို- နဗီတမန်အပေါင်းတို့) ဇကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာအမြော်အမြင်ကိုလည်းကောင်း၊ ပေးသနားတော်မူပြီးနောက် အသင်တို့လက်ဝယ် ရှိနှင့်ပြီးဖြစ်သော ကျမ်းဂန်များကို ထောက်ခံသော ရဏ္ဍလ်တမန်တော်တစ်ပါးပါးသည် အသင်တို့ထံ ရောက်လတ်သော် အသင်တို့သည် ထိုရဏ္ဍလ်တမန်တော်ကို (မိမိတို့စိတ်တွင်းမှ) မုချယုံကြည်ကြပေမည်။ ၎င်းပြင် ထို ရဏ္ဍလ်တမန်တော်ကို (ကာယကံမြောက်လည်း) အားပေးကူညီကြပေမည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်က (အို- နဗီတမန်တော်အပေါင်းတို့) အသင်တို့သည် ဝန်ခံကြပြီလော။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အသင်တို့သည် ငါအရှင်မြတ်၏ ပဋိညာဉ်တော်ကိုလည်း လက်ခံကြပြီလောဟု မေးမြန်းတော်မူ၏။ (ထိုအခါ နဗီတမန်တော်အပေါင်းတို့က) ကျွန်တော်မျိုး တို့သည် ဝန်ခံကြပါပြီဟု တင်လျှောက်ကြလေသည်။ (ထိုအခါ အလ္လာဟ်အရှင်မြတ်က) သို့ဖြစ်လျှင် အသင်တို့သည် (ဤပဋိညာဉ်ဝန်ခံချက်နှင့် စပ်လျဉ်း၍) အသိသက်သေများ ဖြစ်ကြကုန်။ ငါအရှင်မြတ်သည်လည်း အသင်တို့နှင့်အတူ အသိသက်သေများအနက် အပါအဝင်ဖြစ်တော်မူသည်ဟု မိန့်ကြားတော်မူလေသတည်း။ (၃း၈၁)

اِنْ كُنْتُمْ مُّؤْمِنِيْنَ "..... အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်အံ့သောသူများ ဖြစ်ကြပါလျှင်"(၅၇း၈)။ ဤနေရာတွင် မေးစရာရှိနိုင်သည်မှာ ဤအာယတ်တော်၏ရှေ့ပိုင်း၌ ကာဖိရ်များနှင့် ရုပ်တုကိုးကွယ်ကြသူများအား အောက်ပါအတိုင်း အပြစ်တင်တော်မူခဲ့သည်။ 'အဘယ်ကြောင့် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ခြင်း မရှိကြပါသနည်း။' ဤမိန့်ကြားချက်က ရည်ညွှန်းသူများမှာ မယုံကြည်သွေဖည်သူများဖြစ်ကြောင်း ထင်

ရှား၏။ ဤသို့ရှိက 'အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်သူများ ဖြစ်ကြပါလျှင်'ဟု မိန့်တော်မူရန် အဘယ် သို့လျှင် သင့်လျော်ပါမည်နည်း။

ဤမေးခွန်း၏အဖြေမှာ မယုံကြည်သွေဖည်သူများသည် ဖန်ဆင်းရှင်ရှိကြောင်းကို မငြင်းဆိုခဲ့ကြပေ။ ၎င်းတို့သည် "مَا نَعْبُدُهُمْ اِلَّا لِيُقَرِّبُوْنَا اِلَى اللّٰهِ زُلْفٰى သို့ရာတွင် အကြင်သူတို့သည် ထိုအရှင်မြတ်အပြင် အခြားကာကွယ် စောင့်ရှောက်သူများ ပြုလုပ်ခဲ့ကြပြီးလျှင် ၎င်းတို့ သည် ကျွန်ုပ်တို့အား အလ္လာဟ်အရှင်မြတ်ထံတော်ပါးသို့ နီးကပ်ကြရန် သာလျှင် ကျွန်ုပ်တို့သည် ၎င်းတို့အား ဆည်းကပ် ကိုးကွယ်ကြသည်(ဟု ဆိုကြကုန်၏။)"(၃၉း၃)ဟူ၍ ပြောဆိုလေ့ ရှိခဲ့ကြခြင်းက အမှန်စင်စစ် ဘုရားသခင်ကို သက်ဝင် ယုံကြည်ကြောင်း ဖော်ပြခြင်းပင်ဖြစ်၏။ ဤအရာနှင့်စပ်လျဉ်း၍ အာယတ်တော်(၈)၏နိဂုံးချုပ်စကားရပ်က 'အကယ်၍(အသင်တို့သည် ဘုရားသခင်အား သက်ဝင်ယုံကြည်ကြပါသည်) ဟူသော အသင်တို့၏ပြောဆိုချက်မှာ မှန်ကန်ပါက 'ဘုရားသခင်အား ယုံကြည်သက်ဝင်'ရာတွင် အကောင်းဆုံးနှင့် မှန်ကန်သောလမ်းကို လျှောက်လှမ်းကြပါ။ ထိုလမ်းသည် ဘုရားသခင်ကိုသာမက ထိုဘုရားသခင်၏ တမန်တော်ကိုပါ သက်ဝင်ယုံကြည်ရန်ဖြစ်သည်။'ဟု ညွှန်းဆိုခြင်းဖြစ်လေသည်။

"وَ لِلّٰهِ مِيْرَاثُ السَّمٰوٰتِ وَ الْاَرْضِ .... စင်စစ်သော်ကား မိုးကောင်းကင်များ၌ရှိကုန်သော ပစ္စည်းဥစ္စာတို့ သည်လည်းကောင်း၊ ပထဝီမြေ၌ရှိကုန်သော ပစ္စည်းဥစ္စာတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်နှင့်သာ သက် ဆိုင်ပေသည်။ ...."(၅၇း၁၀)။ 'မီရားဆ်'(အမွေ ဆက်ခံခြင်း၊ အမွေအနှစ်)ဟူသော စကားလုံးသည် သက်ရှိထင်ရှား ရှိနေကြသော ဆက်ခံသူများနှင့် အကျိုးခံစားခွင့်ရှိသူ များထံသို့ ကွယ်လွန်သူ၏ ပိုင်ဆိုင်မှုများအား ကူးပြောင်းသွား သည့်ဖြစ်စဉ်တစ်ခုဖြစ်၏။ ဤပိုင်ဆိုင်ခွင့်လွှဲပြောင်းပေး ခြင်းသည် ရှရီအဟ်ဉပဒေများအရ အလိုအလျောက်ဖြစ်ပျက်၏။ ဤကိစ္စ၌ ကွယ်လွန်သူတွင် ရွေးချယ်ပိုင်ခွင့် မရှိပါချေ။ ဤဖြစ်ရပ်၌ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့အား ပိုင်ဆိုင်မှုကို 'မီရားဆ်'ဟူသော အသုံး အနှုန်းဖြင့် ဖော်ပြခြင်းမှာ လူသားတို့ပိုင်ဆိုင်သည်ဟု မှတ်ယူ ကြသော ထိုပစ္စည်းများသည် ၎င်းတို့ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ် ထံတော်သို့ ပြန်ပေးရမည်ဖြစ်သောကြောင့် ဖြစ်တန်ရာသည်။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့၏ ပိုင်ရှင်အစစ် အမှန်နှင့် အရှင်သခင်မှာ အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူသော်လည်း ထိုအရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် အရာဝတ္ထုများ၏ ပိုင်ဆိုင်ခွင့်တစ်စိတ်တစ်ပိုင်းကို လူသားအား လွှဲပြောင်းပေးတော်မူခဲ့သည်။ သို့သော် တရားစီရင်မည့် နေ့တွင် အပြင်ပန်းအားဖြင့် တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်မှုသည်ပင် လျှင် မည်သူ၏လက်တွင်မျှ ကျန်ရှိလိမ့်မည်မဟုတ်ပေ။ ထိုအဆင့်တွင် အပြင်ပန်းနှင့် အစစ်အမှန်၊ အပေါ်ယံနှင့် ထဲထဲဝင်ဝင် ပိုင်ဆိုင်မှုအမျိုးအစား မှန်သမျှသည် အလ္လာဟ် အရှင်မြတ်မှတပါး မည်သူမျှ ပိုင်ဆိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ယနေ့ဥစ္စာပစ္စည်းပိုင်ရှင်များ ဖြစ်နေကြသူတို့သည် အကယ်၍ ထိုပစ္စည်းများကို အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သုံးစွဲကြပါက တမလွန်၌ ၎င်းတို့သည် ထိုဥစ္စာပစ္စည်း အတွက် အစားပြန်ရကြလိမ့်မည်ဖြစ်၏။ ဤနည်းအားဖြင့် အလ္လာဟ်အရှင်မြတ်၏လမ်းတွင် သုံးစွဲသည့်အရာ မှန်သမျှ သည် သုံးစွဲသူ၏ထာဝရပိုင်ဆိုင်မှုများ ဖြစ်လာလိမ့်မည် ဖြစ်ပေသည်။

သာဝကာသခင်မ အာအိရှာ ﵂ အား ကိုးကားလျက် တိရိမိဒီ၌ဖော်ပြသည်မှာ တစ်နေ့သော် ဆိတ်တစ်ကောင် ကိုသတ်၍ အခြားလူများအား ဝေပေးခဲ့သည်။ လက်တစ်ဖက်ကိုသာချန်ထားခဲ့၏။ တမန်တော်မြတ်(ဆွ)က ဝေမပေးဘဲ ချန်ထားသည့်အစိတ်အပိုင်းရှိမရှိကို သူမထံမှ သိလိုခဲ့၏။ သူမက 'ဟုတ်ကဲ့၊ လက်တစ်ဖက်ချန်ထားခဲ့ပါသည်'ဟု ပြောခဲ့၏။ တမန်တော်မြတ် ﷺ က 'ဤလက်တစ်ဖက်ကိုချန်ပြီး၊ ဝေမျှပေးသကိုး'ဟု မိန့်ကြားခဲ့၏။ ၎င်းကဆိုလိုသည်မှာ ဆိတ်တစ်ကောင်လုံးကို အလ္လာဟ်အရှင်မြတ်၏လမ်းတွင် သုံးစွဲခဲ့သည်ဖြစ်၍ တမလွန်၌ရရှိမည့်အကျိုးကျေးဇူးအတွက်

ဖြစ်၏။ ယင်းသည် အလ္လာဟ်အရှင်မြတ်ထံတော်၌ အစားပေးမည့်လျော်ကြေးအဖြစ် ရှိနေမည်ဖြစ်၏။ အခြားတစ်ဖက်မှ ကြည့်လျှင် နေ့ဖို့ညစာချန်ထားသော လက်တစ်ဖက်သည် ဤနေရာ(ဤလောက)တွင် ပျောက်ပျက်သွားမည် ဖြစ်သောကြောင့် ယင်းအတွက် လျော်ကြေးရှိလိမ့်မည် မဟုတ်ပေ။ (မဇ်ဟရီ)

"لَا يَسْتَوِي مِنكُم مَّنْ أَنفَقَ مِن قَبْلِ الْفَتْحِ وَقَاتَلَ".... အသင်တို့အနက် (မက္ကာမြို့တော်ကို) မအောင် မြင်မီ သုံးစွဲလှူဒါန်းခဲ့ကြသော၊ ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြသော သူတို့သည် (မက္ကာမြို့တော်ကို အောင်မြင်ပြီးနောက်တွင် သုံးစွဲလှူဒါန်းခြင်း၊ ပြိုင်ဆိုင်တိုက်ခိုက်ခြင်း ပြုခဲ့ကြသောသူတို့နှင့်)တူကြသည် မဟုတ်ပေ။ ...." (၅၇း၁၀)။ အာယတ်တော်က ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ဥစ္စာပစ္စည်းကို သုံးစွဲကြသူများ နှစ်မျိုးနှစ်စားရှိ၏။ (၁) မက္ကာမြို့အား မအောင်နိုင်မီ အစွမ်းလာမ်ကို လက်ခံယုံကြည်ခဲ့ကြပြီး၊ မုဒ်မင်များအဖြစ်ဖြင့် အလ္လာဟ့်လမ်းတွင် ၎င်းတို့၏ဥစ္စာပစ္စည်းကို သုံးစွဲခဲ့ကြသူများနှင့် (၂) မက္ကာမြို့အား အောင်နိုင် ပြီးမှ ဂျိဟာဒ်တွင်ပါဝင်ခဲ့ကြပြီး၊ ၎င်းတို့၏ဥစ္စာပစ္စည်းကို အလ္လာဟ့်လမ်းတော်၌ သုံးစွဲခဲ့ကြသူများဖြစ်၏။ အလ္လာဟ်အရှင်မြတ်၏ထံတော်၌ ယင်းတို့သည် မတူညီကြဘဲ ဂုဏ်အဆင့်အတန်းနှင့် အကျိုးဆုလာဘ်တွင် ကွဲပြားကြလေသည်။ ပထမအတန်းအစားသည် ဒုတိယအတန်းအစားထက် ဂုဏ်အဆင့်အတန်းနှင့် အကျိုးဆုလာဘ်တွင် ပို၍မြင့်မားကြပြီး၊ ဒုတိယအတန်းအစားမှ လူများသည် ၎င်းတို့၏ အဆင့်အတန်းနှင့် လျော်ညီသော အချိုးကျအကျိုးဆုလာဘ်ကို ရရှိကြလိမ့်မည်ဖြစ်၏။

မြင့်မြတ်သော သာဝကကြီးများ၏အဆင့်အတန်းကို 'မက္ကာမြို့အား အောင်နိုင်ခြင်း'ဖြင့် ပိုင်းခြားသတ်မှတ်၏။

မြင့်မြတ်သော သာဝကကြီး အတန်းအစားနှစ်ရပ်၏ ဂုဏ်ရည်အဆင့်ကို ဆုံးဖြတ်ရာတွင် 'မက္ကာမြို့အောင်နိုင်ခြင်း'အား နယ်ခြားမျဉ်းအဖြစ် အာယတ်တော်က ကြေညာခြင်းမှာ မအောင်နိုင်မီအလျင်က မက္ကာမြို့၏ နိုင်ငံရေးအခြေအနေများသည် မွတ်စလင်မ်တို့အတွက် စိတ်မသက်သာဖွယ်ကောင်းပြီး ခက်ခဲသောကြောင့် ဖြစ်တန်ရာသည်။ မွတ်စလင်မ်တို့၏ ဆက်လက်ရှင်သန်နိုင်ရေးသည် ခြိမ်းခြောက်ခံနေရပြီး၊ ၎င်းတို့၏တိုးတက်မှုသည် မရေမရာရှိနေခဲ့၏။ အခြားလှုပ်ရှားမှုများနည်းတူ အစွမ်းလာမ်သည် တစ်စတစ်စ ဆုတ်ယုတ်လျော့ပါးပြီး မကြာမီ လုံးပါးပါးခြင်း သို့မဟုတ် ဇာတ်သိမ်းခြင်းဖြစ်မည့် အလားအလာကို လူများသည် စဉ်းစားမိခဲ့ကြသည်။ လောကဥပညာရှိသူတို့သည် ရှုံးနိမ့်မည့်သို့မဟုတ် ချေမှုန်းခံရမည့် လှုပ်ရှားမှုတစ်ခုတွင် ပူးပေါင်းပါဝင်ကြလိမ့်မည်မဟုတ်ဘဲ ရလဒ်ကိုစောင့်ဆိုင်းကြသည်။ လှုပ်ရှားမှုသည် အောင်မြင်ခြင်းလက္ခဏာကို ပြသောအခါ၊ ထိုလှုပ်ရှားမှုတွင် ပါဝင်ဖြစ်၏။ အချို့လူများကမူ အမှန်တရား၏ လှုပ်ရှားမှုမှန်း သိကြသော်လည်း ဖိနှိပ်ညှင်းပန်းခံရမည်ကို စိုးကြောက်သောကြောင့် လည်းကောင်း၊ ၎င်းတို့ကိုယ်တိုင်၏ ပျော့ညံ့မှုကြောင့် လည်းကောင်း ပူးပေါင်းပါဝင်ရန် သတ္တိမရှိကြပေ။ သို့သော် ရဲရင့်၍ပြတ်သားသော လူများသည် သီအိုရီ သို့မဟုတ် ယုံကြည်မှုစနစ်တစ်ခု၏ မှန်ကန်မှုသေချာသောအခါ ၎င်းတို့သည် ထိုအရာကို မဆိုင်းမတွလက်ခံကြလေသည်။ ၎င်းတို့သည် လှုပ်ရှားမှု၏အနိုင် သို့မဟုတ် အရှုံးကိုလည်းကောင်း၊ အဖွဲ့ဝင်သေးသေးဖြစ်စေ၊ ကြီးကြီးဖြစ်စေလည်းကောင်း၊ လှုပ်ရှားမှုတွင် မည်သည့်နေရာမှ ပါဝင်ရသည်ကိုလည်းကောင်း အရေးမထားကြပေ။

မက္ကာမြို့အား အောင်နိုင်ခြင်း၏အလျင် အစွမ်းလာမ်ကိုလက်ခံယုံကြည်ခဲ့ကြသူများသည် မွတ်စလင်မ်တို့၏ အရေအတွက်အားဖြင့် နည်းပါးခြင်း၊ နိုင်ငံရေးအရ အားနည်းခြင်းနှင့် နောက်ဆက်တွဲအခက်အခဲများကို ကြုံတွေ့နေခဲ့ကြရသည်။ မွတ်စလင်မ်တို့၏ အရေအတွက် နည်းပါးခြင်းနှင့် အားနည်းခြင်းများကြောင့် မုရ်ရစ်က်များက ၎င်းတို့အား ညှင်းပန်းနှိပ်စက်ခဲ့ကြသည်။ အထူးသဖြင့် အစွမ်းလာမ်ခေတ်ဦးကာလများတွင် လူတစ်ဦး၏ အစွမ်းလာမ်ကိုသက်ဝင်ယုံကြည်မှု ဖော်ပြခြင်းသည် ၎င်း၏အသက်အိုးအိမ်ဆုံးရှုံးခြင်းကို ဆိုလိုပေသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင်

ၚင်းတို့၏အသက်ကိုစွန့်၍ အစွလာမ်ကို လက်ခံခဲ့ကြသူများ၊ ၚင်းတို့၏အသက်နှင့် ဥစ္စာပစ္စည်းကို တမန်တော်မြတ်ﷺအား ကူညီရန်နှင့် အစွလာမ်ကို အလုပ်အကျွေးပြုရန် ပေးအပ်ခဲ့ကြသူများ၏ အီမာန်နှင့်လုပ်ရပ်များကို အခြားလူများယှဉ်နိုင်လိမ့်မည် မဟုတ်ပါချေ။

တဖြည်းဖြည်းနှင့် အခြေအနေများ ပြောင်းလဲခဲ့သည်။ မွတ်စလင်မ်တို့ အင်အားကြီးထွားလာပြီး၊ နောက်ဆုံးတွင် မက္ကာမြို့အား အောင်နိုင်ခဲ့သည်။ ထို့နောက် အစွလာမ်သည် အာရဗ်ကမ္ဘာတစ်ဝှမ်းကို ကြောက်ခမန်းလိလိ ပျံ့နှံ့ခဲ့သည်။ ကုရ်အာန်က لَيَدْخُلُنَّ فِيْ دِيْنِ اللّٰهِ اَفْوَاجًا "ၚင်းပြင် အသင်သည် လူတို့အား အလ္လာဟ်အရှင်မြတ်၏ 'ဒီန်' သာသနာတော်၌ အသင်းလိုက်၊ အဖွဲ့လိုက် ဝင်ရောက်လျက်ရှိကြသည်ကို တွေ့မြင်သောအခါ" (၁၁၀း၂)ဟူ၍ မိန့်ဆိုသကဲ့သို့ လူများသည် အစွလာမ်ကို အုံလိုက်ကျင်းလိုက် လက်ခံယုံကြည်ခဲ့ကြလေသည်။ ဤသို့ ဖြစ်လာခြင်း၏အကြောင်းအရင်းမှာ လူများသည် အစွလာမ်၏စစ်မှန်မှုကို အခိုင်အမာယုံကြည်ခဲ့ကြသော်လည်း ၚင်းတို့ကိုယ်တိုင်၏အားနည်းချက်များကြောင့် လည်းကောင်း၊ အတိုက်အခံများ၏ ကြီးမားသောအင်အားနှင့် စွမ်းပကားများကြောင့် လည်းကောင်း၊ ၚင်းတို့၏ ညှင်းပန်းနှိပ်စက်မှုကို ကြောက်ရွံ့ကြသောကြောင့် လည်းကောင်း အစွလာမ်ကို ပေါ်ပေါ် ထင်ထင် လက်ခံရန် တွန့်ဆုတ်ခဲ့ကြသည်။ ယခုသော် ၚင်းတို့၏သွားရာလမ်းတွင် ဤအခက်အခဲ၊ အတားအဆီး များမရှိတော့သဖြင့် ၚင်းတို့သည် အစွလာမ့်အဝန်းအဝိုင်းတွင်းသို့ အစုလိုက်အဖွဲ့လိုက် စတင်ဝင်ရောက်ကြခြင်း ဖြစ်လေသည်။

ထိုကဲ့သို့သော လူများကိုလည်း ဤအာယတ်တော်က လေးစား၊ ဂုဏ်ပြုကြောင်းပြသပြီး၊ ခွင့်လွှတ်ခြင်းနှင့် ကရုဏာတရားများကို ၚင်းတို့အား ကတိပြုတော်မူသော်လည်း ၚင်းတို့၏အဆင့်အတန်းမှာမူ မယိမ်းမယိုင်သော အီမာန်၊ မဆုတ်မနစ်သော သတ္တိများဖြင့် ဆိုးရွားသော ဒုက္ခအခက်အခဲများနှင့် ညှင်းပန်းနှိပ်စက်မှုများကို စိုးရွံ့သည့်ကြားမှ မိမိတို့၏အစွလာမ်ကို ထုတ်ဖော်ကြေညာခဲ့ကြသည်ဖြင့် အလွန်တရာခက်ခဲသော အချိန်များတွင် မိမိတို့ကိုယ်ကို အစွလာမ်အတွက် ပေးအပ်ခဲ့ကြသော လူများနှင့်တူနိုင်လိမ့်မည် မဟုတ်ကြောင်း ရှင်းလင်းစွာသိစေသည်။

အလ္လာဟ်အရှင်မြတ်သည် မြင့်မြတ်သော ဆွဟာဗဟ်အားလုံးကို ဂျန္နတ်သုခဘုံနှင့် ခွင့်လွှတ်ခြင်းများ ကတိပြုတော်မူသည်။

ယခုအာယတ်တော်အစု၌ မြင့်မြတ်သော ဆွဟာဗဟ် [တမန်တော်မြတ်ﷺ၏ သာဝကကြီးများ]များ အတန်းအစားအလိုက် ခွဲခြားမှုပြုသော်လည်း အာယတ်တော်(၁၀)၏ အဆုံးပိုင်းတွင်

"وَكُلًّا وَّعَدَ اللّٰهُ الْحُسْنٰى .... စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အားလုံးကိုပင် ကောင်းကျိုးပေးတော်မူရန် ကတိပေးတော်မူခဲ့၏။...." (၅၇း၁၀)ဟူ၍ ကြေညာတော်မူသည်။ 'ဟွစ်နာ'(ကောင်းကျိုး)ဟူသော စကားလုံးက ၚင်းတို့သည် 'အောင်နိုင်ခြင်း'၏ အလျင် သို့မဟုတ် နောက်မှသုံးစွဲခဲ့၊ တိုက်ခိုက်ခဲ့ကြပါက ဂျန္နတ်သုခဘုံနှင့် ခွင့်လွှတ်ခြင်းကတိတော်တွင် မြင့်မြတ်သော သာဝကကြီးအားလုံး အကျုံးဝင်သည်ဟုဆိုလို၏။ ဤကတိတော်တွင် သာဝကကြီးအားလုံးလောက် ပါဝင်သည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ၚင်းတို့ထဲမှအချို့သည် မွတ်စလင်မ်များ ဖြစ်ကြသော်လည်း အလွှာလမ်းတော်၌ သုံးစွဲခြင်းမပြုသူများ သို့မဟုတ် အစွလာမ့်ရန်သူများကို တိုက်ခိုက်ရာတွင် ပါဝင်ခြင်းမပြုသူများ ဖြစ်ကြသည်ဟု မှတ်ယူ၍ မရနိုင်သောကြောင့်ဖြစ်၏။ ဤသို့ကြောင့် ကုရ်အာန်၏ ဂျန္နတ်သုခဘုံနှင့် ခွင့်လွှတ်ခြင်းကြေညာချက်သည် သာဝကကြီးအားလုံးအတွက် ဖြစ်လေသည်။

အိဗ်နုဟဇိမ်ﷺက ဆိုသည်မှာ အာယတ်တော်(၁၀)အား စူရဟ်အလ်အန်ဗိယာ၏ အာယတ်တော်

اِنَّ الَّذِيْنَ سَبَقَتْ لَهُمْ مِّنَّا الْحُسْنٰٓى ۙ اُولٰٓئِكَ عَنْهَا مُبْعَدُوْنَ ، ﴿١٠١﴾ لَا يَسْمَعُوْنَ حَسِيْسَهَا ۚ وَهُمْ فِيْ مَا اشْتَهَتْ اَنْفُسُهُمْ خٰلِدُوْنَ ﴿١٠٢﴾

"ဇကာန်မလွဲအကြောင်သူတို့သည် ငါအရှင်မြတ်ထံတော်မှ မူလကပင် ထိုသူတို့အဖို့ကောင်းကျိုးပြဋ္ဌာန်းပြီးဖြစ်၏။ ထိုသူတို့သည် ယင်းဂျဟန္နမ်ငရဲဘုံမှ ဝေးစေခြင်းကို ခံကြရမည့်သူများပင် ဖြစ်ကြပေမည်။"

"၎င်းတို့သည် ယင်းဂျဟန္နမ်ငရဲဘုံ၏ လေသံသဲ့သဲမျှပင် ကြားကြရလိမ့်မည် မဟုတ်ပေ။ စင်စစ် ၎င်းတို့သည် မိမိတို့စိတ်ကြိုက် စည်းစိမ်များတွင် ထာဝစဉ်မွေ့လျော်ခံစားသူများပင် ဖြစ်ကြပေမည်။" (၂၁း၁၀၁-၁၀၂)နှင့် တွဲပေးထားသည် ရှိသော် အဓိပ္ပါယ်မှာ ပို၍ရှင်းလင်းထင်ရှားသွားမည်ဖြစ်၏။

ယခုသုံးသပ်နေသည့် အာယတ်တော်များတွင်

وَكُلًّا وَّعَدَ اللّٰهُ الْحُسْنٰى "....စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အားလုံးကိုပင် ကောင်းကျိုးပေးတော်မူရန် ကတိပေးတော်မူခဲ့၏။...." (၅၇း၁၀)ဟူသောစကားရပ် ပါရှိ၏။ အာယတ်တော် (၂၁း၁၀၁-၁၀၂)တွင် အလ္လာဟ်အရှင်မြတ်သည် အကျိုးဆုလာဘ် (အလ်ဟွစ်နာ)၏ ကောင်းသတင်းကို ရရှိကြသူများသည် ငရဲဘုံမှ ဝေးရာနေရာတွင် ထားရှိခြင်းခံကြရမည်ဖြစ်ကြောင်း ထုတ်ဖော်မိန့်ကြားတော်မူသည်။ ဤနည်းအားဖြင့် ပထမ သို့မဟုတ် ဒုတိယအတန်းအစားမှ ဖြစ်စေကာမူ သာဝကကြီး အားလုံးသည် ငရဲဘုံမှကင်းလွတ်ခွင့်ရကြလိမ့်မည်ဖြစ်ကြောင်းကို ကုရ်အာန်က အာမခံလေသည်။ သာဝကကြီးများထဲမှ တစ်ပါးပါးသည် ပြစ်မှုတစ်ခုကို ကျူးလွန်ခဲ့မိသည့်တိုင် ၎င်းသည် ထိုပြစ်မှုကို ဆက်လက်ကျူးလွန်နေလိမ့်မည်မဟုတ်ဘဲ ထိုပြစ်မှုအတွက် နောင်တရမည်ဖြစ်၏။ သို့တည်း မဟုတ် ၎င်းသည် တမန်တော်မြတ်ﷺနှင့်အတူ ရှိနေခဲ့ခြင်းကြောင့် လည်းကောင်း၊ တမန်တော်မြတ်ﷺအား ကူညီခဲ့ခြင်းကြောင့်လည်းကောင်း၊ ၎င်းပြုလုပ်ခဲ့သော ကောင်းမှုများကြောင့် သော်လည်းကောင်း၊ အစွမ်းလမ်းကို ၎င်းပေးခဲ့သော ဝန်ဆောင်မှုများစွာကြောင့်လည်းကောင်း ထိုအပြစ်မှ ခွင့်လွှတ်ခြင်း ခံရမည်ဖြစ်၏။ ထို့ကြောင့် ၎င်း၏အပြစ်များမှ ခွင့်လွှတ်ခြင်းမခံရဘဲ ထို့ပြင် ၎င်း၏လုပ်ဆောင်မှုများစာရင်းကို (အပြစ် များမှ) ကင်းရှင်းအောင်ပြုလုပ်ခြင်း မခံရဘဲနှင့် ၎င်းသည် ဤလောကကို စွန့်ခွာလိမ့်မည်မဟုတ်ပေ။ ဖြစ်နိုင်သေးသည် မှာ ၎င်း၏ချို့ယွင်းချက်များကို သန့်စင်အောင် ပယ်ဖျက်ရန် အာပတ်ဖြေခြင်းတစ်ခုအဖြစ် လောကီဘေးဒုက္ခများက ဆောင်ရွက်လိမ့်မည်။ သို့တည်းမဟုတ် သခ်ျိုင်းတွင်းမှ နာကျင်ဖွယ်အတွေ့အကြုံ သို့မဟုတ် 'အလမွလ်ဘရ်ဇာခ်'က ၎င်း၏အပြစ်များကိုပြေအောင် ပြုလုပ်ပေးလိမ့်မည်ဖြစ်၏။

မြင့်မြတ်သော သာဝကကြီးအချို့အတွက် ကြီးမားသော ဆင်းရဲဒုက္ခကိုဖော်ပြသည့် ဟဒီးသ်များရှိ၏။ သို့သော် ယင်းတို့သည် တမလွန်၏ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် ငရဲဘုံ၏ပြစ်ဒဏ်များ မဟုတ်ကြဘဲ သခ်ျိုင်း၏ပြစ်ဒဏ် သို့မဟုတ် 'အလမွလ်ဘရ်ဇာခ်'ကို ရည်ညွှန်းခြင်းဖြစ်၏။ အကယ်၍ သာဝကကြီးတစ်ပါးသည် ပြစ်မှုတစ်ခုကို ကျူးလွန်ခဲ့ပြီး နောင်တရရန်နှင့် မိမိကိုယ်မိမိ သန့်စင်အောင်ပြုလုပ်ရန် အခွင့်အရေးမရခဲ့ပါက ၎င်းသည် သခ်ျိုင်း၏ပြစ်ဒဏ်ဖြင့် သန့်စင်ခြင်းခံရမည်ဖြစ်၏။ သို့မှသာ တမလွန်၌ ၎င်းအား မည်သည့်ပြစ်ဒဏ်ကမျှ ထိခိုက်စေတော့မည်မဟုတ်ပေ။

သမိုင်းဆိုင်ရာ ဆင့်ပြန်ချက်များအရမဟုတ်ဘဲ ကုရ်အာန်နှင့်စွန္ဒကတ်တို့၏ရှုထောင့်မှ ဆွဟာဗဟ်တို့၏ အဆင့်အတန်းများ

မြင့်မြတ်သော ဆွဟာဗဟ်များသည် သာမန်မွတ်စလင်တို့နှင့် မတူပါချေ။ ၎င်းတို့သည် တမန်တော်မြတ်ﷺနှင့် အများမွတ်စလင်မ်တို့ကြားမှ ကြားခံတစ်ခုဖြစ်လေသည်။ ၎င်းတို့မပါဘဲလျက် ကုရ်အာန်သည်လည်းကောင်း၊ ကုရ်အာန်၏ ဆိုလိုရင်း အဓိပ္ပါယ်သည်လည်းကောင်း သို့မဟုတ် တမန်တော်မြတ်ﷺ၏ ဆုံးမသြဝါဒများသည် လည်းကောင်း အွမ္မတ်ထံသို့ ရောက်ရှိနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့သည် အစွလာမ်တွင် အထူးအဆင့်အတန်းတစ်ခုကို အကျိုးခံစားကြရသည်။ သာဝကကြီးများ၏ အထူးအဆင့်အတန်းကို အမှားနှင့်အမှန် ရောထွေးနေသော သမိုင်းဆိုင်ရာ ဆင့်ပြန်ချက်များအားဖြင့် မသိနိုင်ဘဲ ကုရ်အာန်နှင့်စွန္ဒတ်အားဖြင့်သာ သိနိုင်မည်ဖြစ်၏။

အကယ်၍ ၎င်းတို့ထဲမှ တစ်ပါးပါးသည် အမှတ်တမဲ့ အမှားပြုလုပ်မိပါက ထိုအမှားသည် အပြစ်တစ်ခု သို့မဟုတ် တမင်တကာ ဥပဒေချိုးဖောက်မှုမဟုတ်ဘဲ 'ခတွအ်အိဂျ်တိဟာဒီ' သို့မဟုတ် ဆုံးဖြတ်ချက်လွဲမှားခြင်းမျှလောက်သာ လျှင်ဖြစ်၏။ အမှန်စင်စစ် ရှင်းလင်းသော ဟဒီးသ်တော်တစ်ရပ်အရ အကယ်၍ 'မုဂျ်တဟစ်' တစ်ဦးသည် မရည်ရွယ်ဘဲနှင့် အမှားပြုလုပ်မိပါက သို့မဟုတ် ၎င်း၏ဆုံးဖြတ်ချက် မှားယွင်းသွားခဲ့ပါက ၎င်းသည် အကျိုးဆုလာဘ်တစ်ခုကိုဖြင့် ရရှိဆဲပင်ဖြစ်၏။ အကယ်၍ ၎င်းတို့သည် အပြစ်တစ်ခုကို ကျူးလွန်သည့်တိုင် ၎င်းတို့၏ဘဝတစ်သက်တာတစ်လျှောက် ကောင်းမှုများပြုလုပ်ခြင်း၊ တမန်တော်မြတ်ﷺနှင့် အစွလာမ်ကို ထောက်ခံအားပေးခြင်းများကြောင့် ထိုအမှားကို စာရင်းသွင်းလိမ့်မည် မဟုတ်ချေ၊ အလ္လာဟ်အရှင်မြတ်အား ကြည်ညိုခြင်းနှင့် ခန့်ညားခြင်းများသည် ၎င်းတို့၏ နလုံးသားများထဲ၌ စူးဝင်နစ်မြုပ်နေပုံမှာ မည်မျှဒီဂရီမြင့်မားသည်ဆိုသော် သာမန်ပြစ်မှုလေးများအကြောင်းကို စဉ်းစားမိရုံမျှနှင့် ၎င်းတို့သည် တုန်လှုပ်ခြောက်ခြားပြီး နောင်တရကြလိမ့်မည်ဖြစ်သည့်ပြင် ၎င်းတို့ကိုယ်၎င်းတို့ အပြစ်ပေးကြလိမ့်မည်ဖြစ်၏။ အချို့သော သာဝကကြီးများသည် မိမိတို့ကိုယ်မိမိတို့ ပလီဝတ်ကျောင်း၏တိုင်တွင် ချည်နှောင်ထားကြမည်ဖြစ်ပြီး၊ ၎င်းတို့၏အပြစ်များကို ခွင့်လွှတ်ကြောင်း မသေချာသေးသ၍ ချည်နှောင်လျက်သာထားကြမည် ဖြစ်လေသည်။

ထိုမှတပါး ၎င်းတို့သည် ၎င်းတို့၏အပြစ်များကို အာပတ်ဖြေနိုင်ရန်အတွက် ကောင်းမှုများစွာကို ပြုလုပ်ကြ၏။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ဤအာယတ်တော်နှင့် အခြားအာယတ်တော်များတွင် ၎င်းတို့၏အပြစ်များအတွက် အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့်ကို ကြေညာတော်မူသည်။ ထိုအရှင်မြတ်သည် ၎င်းတို့၏အပြစ်များကို ခွင့်လွှတ်ရုံသာမက رَضِيَ اللَّهُ عَنْهُمْ وَرَضُوا عَنْهُ "အလ္လာဟ်အရှင်မြတ်သည်လည်း ၎င်းတို့အပေါ်၌ ကျေနပ်တော်မူမည်။ ၎င်းတို့သည်လည်း အရှင်မြတ်အပေါ်၌ ကျေနပ်ကြပေမည် ...."(၉၈း၈)ဟူ၍လည်း ကြေညာတော်မူသည် ၎င်းတို့အချင်းချင်း၏ ကွဲပြားချက်နှင့် သဘောထားချင်းမတိုက်ဆိုင်မှုများကြောင့် ၎င်းအကြောင်း မကောင်းပြောခြင်း သို့မဟုတ် ၎င်းတို့အား မခံချင်အောင် စော်ကားပြောဆိုခြင်း သို့မဟုတ် ပုတ်ခတ်ဝေဖန်ခြင်းများကို လုံးဝတားမြစ်တော်မူသည်။ ဟဒီးသ်တော်တစ်ရပ်အရ ထိုကဲ့သို့ ပြုလုပ်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်၏ ကျိန်ဆဲမှုကို ခံရသည့်ပြင်အကြင်သူ၏ အီမာန်ကို ထိခိုက်စေလေသည်။

ယနေ့ခေတ်အခါ၊ အစစ်အမှန်မဟုတ်သော၊ အားနည်းသော သမိုင်းဆိုင်ရာ ဆင့်ပြန်ချက်များပေါ်တွင် အခြေခံလျက် အချို့သော စာရေးဆရာများက မြင့်မြတ်သော သာဝကကြီးများအား လှောင်ပြောင်ကဲ့ရဲ့စရာ၊ ပြစ်တင်စရာ ပစ်မှတ်များအဖြစ် ပြုလုပ်ကြ၏။ ပထမအနေဖြင့် သမိုင်းဆိုင်ရာ ဆင့်ပြန်ချက်များအခြေပြုရာ အရင်းခံသည် မခိုင်လုံဘဲ သံသယဖြစ်ဖွယ် မေးခွန်းထုတ်စရာကောင်း၏။ အကယ်၍ ယင်းတို့တွင် သမိုင်းဆိုင်ရာ အခြေအမြစ်ရှိသည်ဟု

ယူဆလျှင်ပင် ယင်းတို့သည် ကုရ်အာန်နှင့် စွန့်တိုက်နှင့် ကွဲလွဲဆန့်ကျင်သောကြောင့် ယင်းဆင့်ပြန်ချက်များအား ငြင်းပယ်ရမည်သာဖြစ်လေသည်။ မူရင်းမိန့်ဆိုချက်မှာ မြင့်မြတ်သော သာဝကကြီးများသည် ခွင့်လွှတ်ခြင်းနှင့် လွတ်ငြိမ်းခွင့်ကို ရရှိကြပြီးဖြစ်၏။

မြင့်မြတ်သော သာဝကကြီးများနှင့်စပ်လျဉ်း၍ အွမ္မသ်ထု၏ တညီတညွတ်တည်းဖြစ်သော ယုံကြည်ချက်

မွတ်စလင်များအနေဖြင့် သာဝကကြီးအားလုံးကို လေးစားရန်၊ ဂုဏ်ပြုရန်၊ ချစ်ခင်ရန်နှင့် ချီးမွမ်းရန်မှာ မပြုမနေရတာဝန်ဖြစ်၏။ ၎င်းတို့အချင်းချင်း ကွဲပြားမှု၊ သဘောထားချင်း မတိုက်ဆိုင်မှုများနှင့် ပတ်သက်၍ မည်သို့မျှ မဝေဖန်ရပေ။ ၎င်းတို့အား ပစ်မှတ်ထား၍စွပ်စွဲခြင်း၊ ရှုတ်ချပြစ်တင်ခြင်းများကို ရှောင်ကြဉ်ရမည်ဖြစ်၏။ အစွလာမ့် ယုံကြည်ချက်များ၏ စာသားအားလုံးက အွမ္မတ်၏ယုံကြည်မှုကို သိသာထင်ရှားစေသည်။ အီမာမ်အဟ်မဒ်ﷺက ဤအကြောင်းနှင့် စပ်လျဉ်းသည့် စာတမ်းတစ်စောင်ကို အဆွဲတွဲခ်ရီအားကိုးကား၍ ရေးသားပြုစုခဲ့သည်။ ထိုစာတမ်း၏ အပိုဒ်တစ်ခုက ဖော်ပြသည်မှာ-

لَا يَجُوْزُ لِاَحَدٍ اَنْ يَّذْكُرَ شَيْئًا مِّنْ مَّسَاوِيهِم وَلَا يَطْعَنُ عَلٰى اَحَدٍ مِّنْهُمْ بِعَيْبٍ وَلَا نَقْصٍ فَمَنْ فَعَلَ ذٰلِكَ وَجَبَ تَاْدِيْبُهٗ

သာဝကကြီးများအား မကောင်းပြောခြင်း သို့မဟုတ် ပုတ်ခတ်ပြောဆိုခြင်း သို့မဟုတ် အပြစ်ရှာခြင်းများသည် ဟရာမ်ဖြစ်၏။ ထိုသို့ပြုလုပ်သူသည် ပြစ်ဒဏ်ပေးခြင်းခံရမည်ဖြစ်၏။ (အက်ဒ္ဒူရ်ရဟ်အလ်မူဒီအဟ်ဟ္မဒ်၏ ထင်ရှားသော ရှရဟ်ဟုလ်အကီဒါဟ် အလ်ဝါစိတ္တိယဟ်)

အိဗ်နုတိုင်မိယဟ်က ၎င်း၏အက်စ်ဆွာရိမွလ်မတ်စ်လူလ်၌ သာဝကကြီးများ၏ အကျင့်သီလနှင့် ထူးခြားဂုဏ်ရည်များအကြောင်းကို ကုရ်အာန်အာယတ်တော်များနှင့် ဟဒီးသ်များစွာကို ကိုးကားလျက်ဖော်ပြခဲ့သည်။ ၎င်းက နိဂုံးချုပ်သည်မှာ

وَهٰذَا مِمَّا لَانَعْلَمُ فِيْهِ خِلَافًا بَيْنَ اَهْلِ الْفِقْهِ وَالْعِلْمِ مِنْ اَصْحَابِ رَسُوْلِ اللّٰهِ ﷺ وَالتَّابِعِيْنَ لَهُمْ بِاِحْسَانٍ وَسَائِرِ اَهْلِ السُّنَّةِ وَالْجَمَاعَةِ فَاِنَّهُمْ مُجْمِعُوْنَ عَلٰى اَنَّ الْوَاجِبَ الثَّنَاءُ عَلَيْهِمْ وَالْاِسْتِغْفَارُ لَهُمْ وَالتَّرَحُّمُ عَلَيْهِمْ وَالتَّرَضِّىْ عَنْهُمْ وَاعْتِقَادُ مَحَبَّتِهِمْ وَمَوَالَاتِهِمْ وَعُقُوْبَةُ مَنْ اَسَاءَ فِيْهِمُ الْقَوْلَ

ကျွန်ုပ်တို့သိရသမျှ ဤကိစ္စတွင် ပညာရှင်များ၊ သာဝကကြီးများနှင့် ၎င်းတို့၏နောက်လိုက်များမှ ဓမ္မသတ်မှုးများနှင့် အဟ်လုစ်စွန္နတ်ဝလ်ဂျမအဟ်တို့ကြားတွင် သဘောထားကွဲလွဲမှုမရှိပေ။ အွမ္မတ်၏သဘောဆန္ဒမှာ သာဝကကြီးများအား ချီးမွမ်းရန်၊ ၎င်းတို့အတွက် ခွင့်လွှတ်ခြင်းကို တောင်းခံရန်၊ ၎င်းတို့အား ချစ်မြတ်နိုးစိတ်၊ နှစ်လိုစိတ်များဖြင့် သတိရကြရန်နှင့် ၎င်းတို့အတွက် ချစ်ခင်မှုနှင့် ခင်မင်ရင်းနှီးမှုများကို ထုတ်ဖော်ပြောဆိုရန် အရေးကြီးကြောင်းပင်ဖြစ်၏။ ၎င်းတို့အား ဂုဏ်သရေညှိုးနွမ်းအောင် ပြုလုပ်သော မည်သူမဆို အပြစ်ပေးခံရမည်ဖြစ်၏။

အိဗ်နုတိုင်မိယဟ်က ရှရဟ္ဝလ်အကီဒဟ်အလ်ဝါစိတ္တိယဟ်၌ သာဝကကြီးအချင်းချင်း သဘောကွဲလွဲမှုနှင့် ပတ်သက်၍ တမန်တော်မုဟမ္မဒ်ﷺ၏ အွမ္မတ်၏ အဟ်လုစ်စွန္နတ်ဝလ်ဂျမအဟ်၏ ညီညွတ်သောယုံကြည်ချက်ကို အတည်ပြုသည်မှာ-

وَيُمْسَكُوْنَ عَمَّا شَجَرَ بَيْنَ الصَّحَابَةِ، وَيَقُوْلُوْنَ هٰذِهِ الْاٰثَارُ الْمَرْوِيَّةُ فِي مَسَاوِيْهِمْ مِنْهَا مَا هُوَ كَذِبٌ، وَّمِنْهَا مَا زِيْدَ فِيْهَا وَنُقِصَ، وَغُيِّرَ وَجْهَهُ، وَالصَّحِيْحُ مِنْهُ هُمْ فِيْهِ مَعْذُوْرُوْنَ؛ إِمَّا مُجْتَهِدُوْنَ مُصِيْبُوْنَ، وَإِما مُجْتَهِدُوْنَ مُخْطِئُوْنَ. وَهُمْ مَعَ ذٰلِكَ لَا يَعْتَقِدُوْنَ أَنَّ كُلَّ وَاحِدٍ مِّنَ الصَّحَابَةِ مَعْصُوْمٌ مِّنْ كَبَائِرِ الْإِثْمِ وَصَغَائِرِهِ، بَلْ يَجُوْزُ عَلَيْهِمُ الذُّنُوْبُ فِي الْجُمْلَةِ، وَلَهُمْ مِّنَ الْفَضَائِلِ وَ السَّوَابِقِ مَا يُوْجِبُ مَغْفِرَةً مَا يَصْدُرُ مِنْهُمْ، حَتّٰى اَنَّهُمْ يُغْفَرُ لَهُمْ مِّنَ السَّيِّئَاتِ مَا لَا يُغْفَرُ لِمَنْ بَعْدَهُمْ؛

'အလ်လုစ်စွန္နတ်ဝလ်ဂျမအဟ်သည် မြင့်မြတ်သော သာဝကကြီးအချင်းချင်း သဘောကွဲလွဲမှုနှင့် ပတ်သက်သည့်ကိစ္စများတွင် ဆိတ်ဆိတ်နေကြ၏။ ၎င်းတို့၏အဆိုအရ အပြစ်တွေ့ရသော ဆင့်ပြန်ချက်များ၏ အခြေအနေကို အောက်ပါအတိုင်း အကျဉ်းချုပ်နိုင်၏။ အချို့ဆင့်ပြန်ချက်များသည် လုံးဝလွဲမှားနေပြီး အချို့မှာ မူရင်းအတိုင်း မဟုတ်တော့ဘဲ ပုံပျက်နေသည် သို့မဟုတ် ကပြောင်းကပြန်နေသည်။ စစ်မှန်သော ဆင့်ပြန်ချက်များတွင် ယုတ္တိရှိသော ရှင်းပြချက်တစ်ခုပါရှိ၏။ (အဘယ်ကြောင့်ဆိုသော် ၎င်းတို့ပြုလုပ်သောအရာကို ရှရီအဟ်က လက်ခံထားသည့် 'အိဂျ်တိဟာဒ်'ပေါ်တွင် အခြေခံ၍ ပြုလုပ်သောကြောင့်ဖြစ်၏) အကယ်၍ ၎င်းတို့သည် (အကျိုးသင့်အကြောင်းသင့် စဉ်းစားတွေးခေါ်ခြင်းဖြင့်) မှန်ကန်သော နိဂုံးတစ်ခုကို ရောက်ရှိပါက အကျိုးဆုလာဘ်နှစ်ဆ ရရှိကြ၏။ အကယ်၍ ၎င်းတို့သည် မမှန်ကန်သော နိဂုံးတစ်ခုကို ရောက်ရှိပါက (အကြောင်းကိစ္စတစ်ရပ်အပေါ် ဥပဒေပြဋ္ဌာန်းရန် အားထုတ်ကြိုးပမ်းခြင်းဖြင့် လည်းကောင်း၊ မမှသတ်မှုးကြိုက်သလို အသုံးပြုနိုင်ရန် ရနိုင်သမျှ အဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းလမ်းများ သုံးစွဲခြင်းဖြင့်လည်းကောင်း၊ ကိစ္စရပ်နှင့် ဆက်နွယ်သည့် တရားဝင်အထောက်အထား အားလုံးကို ထည့်သွင်းစဉ်းစားခြင်းဖြင့် လည်းကောင်း) ၎င်းတို့သည် ခွင့်လွှတ်ခံရဆဲ (အကျိုးဆုလာဘ်တစ်ခုနှင့် ထိုက်တန်ဆဲ)ပင် ဖြစ်လေသည်။ ဤသို့ အနေအထားရှိသော်လည်း သာဝကကြီးတိုင်း အပြစ်ကင်းစင်သည်၊ အမှားကင်းသည် သို့မဟုတ် အကုသိုလ်ကင်းစင်သည်ဟု အွမ္မတ်က မယုံကြပါချေ။ အမှန်စင်စစ် ၎င်းတို့သည်လည်း အပြစ်ကြီးငယ်မဟူ ကျူးလွန်နိုင်ကြပေသည်။ သို့သော် ၎င်းတို့၏ အကျင့်သီလ ကောင်းမွန်ခြင်းနှင့် အစွမ်းလာမ်ကို ကြီးမားစွာ အလုပ်အကျွေးပြုမှုများကြောင့် ၎င်းတို့အား ခွင့်လွှတ်ရန် လိုအပ်ပေသည်။ ၎င်းတို့၏ ခွင့်လွှတ်ခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့်များ၏ နယ်ပယ်မှာ ကျယ်ပြောလှသည်ဖြစ်၍ အွမ္မတ်၏ နောက်ပိုင်းအဖွဲ့ဝင်များတွင် ထိုကဲ့သို့ ကျယ်ပြောသည့် နယ်ပယ်တစ်ခု ရှိလိမ့်မည်မဟုတ်ပေ။'

ဆွဟာဗဟ်တို့၏ အဆင့်အတန်း အသေးစိတ်ကို စူရဟ်အလ်ဖတ်သဟ်၊ အာယတ်တော်(၂၉)တွင် ပေးထား၏။ ကွန်ပ်သည် 'မကာမိဆွဟာဗဟ်'အမည်ဖြင့် စာအုပ်တစ်အုပ်ရေးခဲ့ပြီး၊ ထိုအထဲတွင် သာဝကကြီးများ၏ အဆင့်အတန်းနှင့်သက်ဆိုင်သည့် ဆီလျော်သော ကုရ်အာန်အာယတ်တော်များ၊ ဟဒီးသ်များကို စုဆောင်းတင်ပြထားပါသည်။ ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေပြီးဖြစ်၏။ အွမ္မတ်က တညီတညွတ်သဘောတူသည်မှာ သာဝကကြီးအားလုံးသည် ဘက်မလိုက်၊ အစွဲမရှိဘဲ အားထားထိုက်သော၊ ယုံကြည်အပ်သော ပုဂ္ဂိုလ်များဖြစ်ကြသည်ဆိုသောအချက်ဖြစ်၏။ စာအုပ်က ၎င်းတို့၏သဘောကွဲလွဲမှုများနှင့် ၎င်းတို့ကြားဖြစ်ပွားသော ပြည်တွင်းစစ်များအကြောင်းကို အသေးစိတ်ကျယ်ပြန့်စွာ ရှင်းပြထားသည့်ပြင် သမိုင်းဆိုင်ရာဆင့်ပြန်ချက်များ၏ အဆင့်အတန်းနှင့် အလွန်အရေးပါသောလေ့လာမှုတွင် ယင်းဆင့်ပြန်ချက်များ၏ နေရာမှန်အကြောင်းများပါဝင်၏။ ဤအကြောင်းရပ်များထဲမှ အချို့ကို စူရဟ်မုဟမ္မဒ်နှင့် စူရဟ်အလ်ဖတ်သဟ်တို့၏ ရှင်းလင်းဖွင့်ဆိုချက်များတွင် ဖော်ပြခဲ့ပြီးဖြစ်၍ ယင်းစူရဟ်များတွင် ကြည့်ရှုကြပါကုန်။

အလ္လာဟ်အရှင်မြတ်၏ အကူအညီကို တောင်းခံအပ်ပါသည်။ ထိုအရှင်မြတ်အပေါ် ကျွန်တော်မျိုးတို့ အားထားမှီခို ပါသည်။

အာယတ်တော် (၁၂-၁၉)

يَوْمَ تَرَى الْمُؤْمِنِيْنَ وَ الْمُؤْمِنٰتِ يَسْعٰى نُوْرُهُمْ بَيْنَ اَيْدِيْهِمْ وَ بِاَيْمَانِهِمْ
بُشْرٰىكُمُ الْيَوْمَ جَنّٰتٌ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ؕ ذٰلِكَ هُوَ
الْفَوْزُ الْعَظِيْمُ ﴿۱۲﴾ يَوْمَ يَقُوْلُ الْمُنٰفِقُوْنَ وَ الْمُنٰفِقٰتُ لِلَّذِيْنَ اٰمَنُوا
انْظُرُوْنَا نَقْتَبِسْ مِنْ نُّوْرِكُمْ ۚ قِيْلَ ارْجِعُوْا وَرَآءَكُمْ فَالْتَمِسُوْا نُوْرًا ؕ
فَضُرِبَ بَيْنَهُمْ بِسُوْرٍ لَّهٗ بَابٌ ؕ بَاطِنُهٗ فِيْهِ الرَّحْمَةُ وَ ظَاهِرُهٗ مِنْ قِبَلِهِ
الْعَذَابُ ﴿۱۳﴾ يُنَادُوْنَهُمْ اَلَمْ نَكُنْ مَّعَكُمْ ؕ قَالُوْا بَلٰى وَ لٰكِنَّكُمْ فَتَنْتُمْ
اَنْفُسَكُمْ وَ تَرَبَّصْتُمْ وَ ارْتَبْتُمْ وَ غَرَّتْكُمُ الْاَمَانِيُّ حَتّٰى جَآءَ اَمْرُ اللّٰهِ وَ
غَرَّكُمْ بِاللّٰهِ الْغَرُوْرُ ﴿۱۴﴾ فَالْيَوْمَ لَا يُؤْخَذُ مِنْكُمْ فِدْيَةٌ وَّ لَا مِنَ الَّذِيْنَ
كَفَرُوْا ؕ مَاْوٰىكُمُ النَّارُ ؕ هِيَ مَوْلٰىكُمْ ؕ وَ بِئْسَ الْمَصِيْرُ ﴿۱۵﴾ اَلَمْ يَاْنِ
لِلَّذِيْنَ اٰمَنُوْۤا اَنْ تَخْشَعَ قُلُوْبُهُمْ لِذِكْرِ اللّٰهِ وَ مَا نَزَلَ مِنَ الْحَقِّ ۙ وَ لَا
يَكُوْنُوْا كَالَّذِيْنَ اُوْتُوا الْكِتٰبَ مِنْ قَبْلُ فَطَالَ عَلَيْهِمُ الْاَمَدُ فَقَسَتْ
قُلُوْبُهُمْ ؕ وَ كَثِيْرٌ مِّنْهُمْ فٰسِقُوْنَ ﴿۱۶﴾ اِعْلَمُوْۤا اَنَّ اللّٰهَ يُحْيِ الْاَرْضَ بَعْدَ
مَوْتِهَا ؕ قَدْ بَيَّنَّا لَكُمُ الْاٰيٰتِ لَعَلَّكُمْ تَعْقِلُوْنَ ﴿۱۷﴾ اِنَّ الْمُصَّدِّقِيْنَ وَ
الْمُصَّدِّقٰتِ وَ اَقْرَضُوا اللّٰهَ قَرْضًا حَسَنًا يُّضٰعَفُ لَهُمْ وَ لَهُمْ اَجْرٌ كَرِيْمٌ ﴿۱۸﴾ وَ
الَّذِيْنَ اٰمَنُوْا بِاللّٰهِ وَ رُسُلِهٖۤ اُولٰٓئِكَ هُمُ الصِّدِّيْقُوْنَ ۚ وَ الشُّهَدَآءُ عِنْدَ
رَبِّهِمْ ؕ لَهُمْ اَجْرُهُمْ وَ نُوْرُهُمْ ؕ وَ الَّذِيْنَ كَفَرُوْا وَ كَذَّبُوْا بِاٰيٰتِنَاۤ اُولٰٓئِكَ اَصْحٰبُ
الْجَحِيْمِ ﴿۱۹﴾

(အို-နဗီတမန်တော်၊) အကြောင်းနေ့တွင် အသင်သည် မုအ်မင်နိ်သက်ဝင်ယုံကြည်သူ ယောကျ်ား မိန်းမတို့အား တွေ့မြင်ရပေမည်။ ထိုသူတို့၏ရောင်ခြည်သည် ထိုသူတို့၏ရှေ့၌ လည်းကောင်း၊ ထိုသူတို့၏ လက်ယာဘက်များ၌လည်းကောင်း ပြေးလျက်ရှိပေမည်။ (၎င်းတို့သည် ဤသို့ပြောကြားခြင်းခံကြရပေမည်။) ယခေနေ့ အသင်တို့အဖို့ သတင်းကောင်းပင်၊ (အသင်တို့အဖို့) အကြောင်ဉယျာဉ်များရှိပေသည်။ ယင်းဉယျာဉ်များ၏အောက်မှ ချောင်းများသည် စီးတွေလျက်ရှိကြပေသည်။ ယင်းဉယျာဉ်များဝယ် (အသင်တို့သည်) အမြဲထာဝစဉ် နေထိုင်ကြရပေမည်။ ထိုသည်ပင်လျှင် ကြီးကျယ်လှသော အောင်မြင်မှုပင်။[၁၂] အကြောင်နေ့တွင် 'မုနာဖစ်က်အယောင်ဆောင် မွတ်စလင်မ်ယောကျ်ားမိန်းမတို့သည်' မုအ်မင်နိ် သက်ဝင်ယုံကြည်သူတို့အား (ဤသို့)ပြောဆိုကြပေမည်။ (အချင်းတို့)၊ အသင်တို့၏အလင်းရောင်မှ (အနည်းငယ်မျှ) ရယူနိုင်ကြရန် အသင်တို့သည် ကျွနု်ပ်တို့အားလှည့်၍ ကြည့်ကြလေကုန်၊ စောင့်ဆိုင်းကြလေကုန်။ (ထိုအခါ၊ ၎င်းတို့သည် ဤသို့) ပြောဆိုပြန်ကြားခြင်းကို ခံကြရပေမည်။ အသင်တို့သည် နောက်သို့ ပြန်သွားပြီးလျှင် အလင်းရောင်ကို ရှာဖွေကြလေကုန်။ ထိုအချိန်၌ပင် ၎င်းတို့၏အကြား၌ တံတိုင်းတစ်ခု စိုက်ထူလိုက်ပေမည်။ ယင်းတံတိုင်းတွင် တံခါးတစ်ခုရှိပေမည်။ ယင်းတံခါး၏ အတွင်းဘက်၌ ကရုဏာသည်ရှိ၍၊ ၎င်း၏ အပြင်ဘက်၌မူကား ပြစ်ဒဏ်သည်ရှိပေမည်။[၁၃] ထို 'မုနာဖစ်က် အယောင်ဆောင် မွတ်စလင်မ်တို့သည် ထိုမုအ်မင်နိ်သက်ဝင်ယုံကြည်သူတို့အား ကျွနု်ပ်တို့သည် (လောကီဘဝတွင်) အသင်တို့ နှင့်အတူ ရှိခဲ့ကြသည်မဟုတ်လောဟု ဟစ်အော်ပြောဆိုကြပေမည်။ (ထိုအခါ) ထိုမုအ်မင်နိ်သက်ဝင်ယုံကြည်သူတို့က (ဤသို့) ဖြေကြားကြပေမည်။ အဘယ်ကြောင့် မဟုတ်ပါသနည်း။ (အမှန်ပင်) အတူရှိခဲ့ကြပေသည်။ သို့ရာတွင် အသင်တို့သည် မိမိတို့ကိုယ်ကို ဖြားယောင်းခဲ့ကြပေသည်။ ၎င်းပြင် အသင်တို့သည် (အစ္စလာမ်သာသနာတော်ပျက်စီးရန်) စောင့်ဆိုင်း၍နေခဲ့ကြပေသည်။ ထို့ပြင် အသင်တို့သည် အစ္စလာမ်သာသနာတော်နှင့် စပ်လျဉ်း၍ ဒွိဟသံသယဖြစ်နေခဲ့ကြပေသည်။ အချည်းနှီးသော အာသာဆန္ဒ များသည်လည်း အသင်တို့အား သွေးဆောင်ဖြားယောင်းခဲ့ပေသည်။ နောက်ဆုံးတွင် (မရဏာ သေခြင်းတရားတည်းဟူသော) အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်သည် ရောက်ရှိ၍လာခဲ့ပေသည်။ ထိုမှတပါး လွန်စွာဖြားယောင်းသူ(ဖြစ်သော ရှိုင်တွာန်မိစ္ဆာကောင်သည် အသင်တို့အား အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ သွေးဆောင်ဖြားယောင်းခဲ့ပေသည်။[၁၄] သို့ဖြစ်ပေရာ ယနေ့သော်ကား အသင်တို့ထံမှလည်း မည်သည့်လျော်ကြေးမျှ လက်ခံယူမည် မဟုတ်ပေ၊ ကာဖိရ် သွေဖည်ငြင်းပယ်သူတို့ထံမှလည်း လက်ခံမည်မဟုတ်ပေ၊ အသင်တို့ (အားလုံးတို့)၏ နေရာထိုင်ခင်းများမှာ (ငရဲ)မီးပင်ဖြစ်၏။ ယင်း(ငရဲ)မီးသည်ပင်လျှင် အသင် တို့၏အဖော်ဖြစ်၏။ စင်စစ်မှာမူကား ယင်းပြန်လည်ရာစခန်းမှာ ဆိုးယုတ်လှပေစွတကား။[၁၅] မုအ်မင်နိ်သက်ဝင်ယုံကြည်သူတို့အဖို့ အလ္လာဟ်အရှင်မြတ်၏ ဆုံးမသြဝါဒသတိပေးနှိုးဆော်ချက်၏ ရှေ့ဝယ် လည်းကောင်း၊ ကျရောက်လာပြီးဖြစ်သော အမှန်တရား၏ ရှေ့ဝယ်လည်းကောင်း၊ စိတ်နလုံးများ ကိုင်းညွတ်ရန် အချိန်တန်ပြီမဟုတ်လော။ ထိုမှတပါး ၎င်းတို့သည် အကြောင်သူတို့ ကဲ့သို့ မဖြစ်ကြရန်။ ထိုသူတို့သည် ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ရလေ၏။ သို့ရာတွင် ၎င်းတို့အပေါ်ဝယ် ကာလပရိစ္ဆေဒသည်အဝွန့်ရှည်ခဲ့သောအခါ၊ ၎င်းတို့၏စိတ်နလုံးမှာ ခက်ထန်မာမြင်း၍လာခဲ့လေ၏။

ထိုမှတပါး ၎င်းတို့တွင် မြောက်များစွာတို့မှာ သွေဖည်သူများပင် ဖြစ်ကြကုန်၏။[၁၆] ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ပထဝီမြေကို သေလွန်သွေ့ခြောက်ပြီးနောက် ပြန်လည်ရှင်စေတော်မူကြောင်း အသင်တို့သည် ကောင်းစွာသိရှိထားကြလေကုန်။ ဇကန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့သိနားလည်ကြအံ့သောငှာ သက်သေလက္ခဏာတော်များကို ရှင်းလင်းဖော်ပြတော်မူခဲ့ပြီး ဖြစ်ပေသတည်း။[၁၇] ဇကန်စင်စစ် လှုပ်ခါနိုးကြကုန်သော ယောကျ်ားမိန်းမတို့သည် အလ္လာဟ် အရှင်မြတ်အား ကောင်းမြတ်သော (ဇေတနာနှင့်) ကြွေးမြီချေးငှားခဲ့ကြကုန်၏။ ယင်းအလှုပ်ခါန သည် ၎င်းတို့အဖို့ ဆထက်တိုးစေခြင်းခံရသည့်ပြင် ၎င်းတို့အဖို့ မြင့်မြတ်လှစွာသော အကျိုးသည် လည်း ရှိချိမ့်မည်။[၁၈] ထိုမှတပါး အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ် တမန်တော်များအား လည်းကောင်း၊ ယုံကြည်ကြကုန်သော သူတို့မှာကား ထိုသူတို့သည်ပင်လျှင် ထိုသူတို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်ထံတော်၌ သစ္စာဝါဒီများသည် လည်း ကောင်း၊ 'ရှဟီဒ်' အလ္လာဟ် အရှင်မြတ်၏ လမ်းတော်၌ အသက်စွန့်ခဲ့ကြသောသူများသည် လည်း ကောင်း ဖြစ်ကြကုန်၏။ ထိုသူတို့အဖို့ ထိုသူတို့၏ (ထူးကဲသော) အကျိုးသည် လည်းကောင်း၊ ထိုသူတို့၏ (ထူးကဲသော) ရောင်ခြည်သည် လည်းကောင်း ရှိပေမည်။ သို့ရာတွင် အကြင်သူတို့သည် သွေဖည်ငြင်းပယ်ကြကုန်၏။ ၎င်းပြင် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကိုမဟုတ်မမှန် ဟူ၍ ငြင်းပယ်ခဲ့ကြကုန်၏။ ထိုသူတို့မှာမူကား ဂျဟန္နမ်ငရဲသားများပင် ဖြစ်ကြကုန်သတည်း။[၁၉]

ရှင်ပြန်ထမည့်နေ့တွင် မုအ်မင်သက်ဝင်ယုံကြည်သူများသည် အလင်းရောင်ကို ချီးမြှင့်ခြင်းခံကြရမည်။

"يَوْمَ تَرَى الْمُؤْمِنِينَ وَالْمُؤْمِنَاتِ يَسْعَىٰ نُورُهُمْ بَيْنَ أَيْدِيهِمْ وَبِأَيْمَانِهِمْ (အို-နဗီတမန်တော်) အကြင်နေ့တွင် အသင်သည် မုအ်မင်နှသက်ဝင်ယုံကြည်သူ ယောကျ်ားမိန်းမတို့အား တွေ့မြင်ရပေမည်။ ထိုသူတို့၏ ရောင်ခြည်သည် ထိုသူတို့၏ ရှေ့၌လည်းကောင်း၊ ထိုသူတို့၏ လက်ယာဘက်များ၌ လည်းကောင်း ပြေးလျက်ရှိပေမည်။ ...."(၅၇း၁၂)။ 'ထိုနေ့'သည် 'ရှင်ပြန်ထမည့်နေ့'ကို ရည်ညွှန်းခြင်းဖြစ်၏။ 'အလင်း ရောင်သည် ၎င်းတို့၏ရှေ့မှ ပြေးလျက်ရှိမည်'ဟူသော ဖြစ်ရပ်သည် 'ဆွိရာတ်'တံတားကို လူများမဖြတ်သန်းမီအလျင် ဖြစ်ပျက်မည်။ အသေးစိတ်များကို သာဝကကြီး အဗူ အုမာမဟ်ဗာဟိလီ ﷺဆင့်ပြန်သည့် ဟဒီးသ်တော်တစ်ရပ်၌ ပေးထား၏။ ယင်းဟဒီးသ်တော်အား အိဗ်နအဗီဟာတင်မ်အား ကိုးကား၍ အိဗ်နကဆီးရ်က ရည်ညွှန်းပြောပြသည်။ ဟဒီးသ်မှာ ရှည်လျား၏။ ထိုဟဒီးသ်ကပြောပြသည်မှာ သာဝကကြီး အဗူအုမာမဟ်ဗာဟိလီ ﷺသည် ဒမတ်စကတ် မြို့၌ အသုဘတစ်ခုကို တက် ရောက်ခဲ့သည်။ အသုဘကိစ္စ ပြီးစီးသောအခါ၊ ၎င်းကလူများအား သေခြင်းတရား၊ သခ်ျိုင်း၊ ရှင်ပြန်ထခြင်းနှင့် တမလွန် အကြောင်းများကို သတိပေး ပြောကြားခဲ့သည်။ ပြောကြားချက်များထဲမှ အနည်းငယ်ကို ဘာသာပြန်၍ အောက်တွင် ထပ်ဆင့်တင်ပြပါသည်။

> ထို့နောက် သင်တို့သည် သခ်ျိုင်းများထဲမှ စုရုံးရာတွင် ကွင်းပြင်ဆီသို့ ပြောင်းရွှေ့ခြင်း ခံကြရမည်။ ထိုနေရာတွင် ကွဲပြားသောအဆင့်များသည် လည်းကောင်း၊ မတ်တတ်ရပ်ရန် သို့မဟုတ် စောင့်ဆိုင်းရန် နေရာများသည်လည်းကောင်း ရှိလိမ့်မည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် အချို့သောမျက်နှာများမှာ လင်းဝင်းတောက်ပပြီး၊ အချို့မှာ မည်းမှောင်နေမည့် အဆင့်တစ်ခုရောက်ရှိလာမည်။ ထို့နောက် မုအ်မင်သက်ဝင်ယုံကြည်သူနှင့် ကာဖိရ်မယုံ မကြည် သွေဖည်သူအားလုံးစုရုံးရာ ကွင်းပြင်တွင် စုဝေးရောက်ရှိကြမည့် အဆင့်တစ်ခုရောက်လာမည်။

သိပ်သည်းသော အမှောင်ထုက လွှမ်းခြုံထားမည်ဖြစ်၍ ဘာကိုမျှမြင်ကြရလိမ့်မည် မဟုတ်ပေ။ ထို့နောက် အလင်းရောင်ကို ဝေငှပေးလိမ့်မည်။ (အိပ်နာဆီးရ်တင်ပြသော သာဝကကြီး အဗ်ဒွလ္လာ အိပ်နမတ်စအူးဒ်ﷺအား ကိုးကား၍ အဗီဟာတင် ဆင့်ပြန်သည့် အခြားတင်ပြချက်တစ်ခုက ဆိုသည်မှာ မုအ်မင်တစ်ဦးစီသည် ၎င်း၏လုပ်ဆောင်မှုနှင့် အချိုးညီသော အလင်းရောင်ကို ရရှိလိမ့်မည်။ အချို့လူများသည် တောင်တစ်လုံးမျှ၊ အချို့သည် စွန်ပလွံပင်တစ်ပင်မျှ ကြီးမားသော အလင်းရောင်ကို ရရှိကြမည်ဖြစ်ပြီး အချို့မှာမူ လူတစ်ယောက်၏ အရပ်အမောင်းမျှကြီးသော အလင်းရောင်ကို ရရှိလိမ့်မည်။ ၎င်းတို့ အနက် အနည်းဆုံးရရှိမည့် အလင်းရောင်သည် ၎င်း၏လက်ညှိုးခန့်မျှကြီးလိမ့်မည်ဖြစ်၏။ ထိုအလင်းရောင်သည် လင်းသည့်အခါလင်းပြီး၊ ပျောက်သည့်အခါ ပျောက်သွားပေမည်။) သာဝကကြီး အဗူအုမာမဟ်ဗာဟိလီﷺက ဆက်၍ ပြောကြားခဲ့သည်မှာ မုနာဖစ်က်အယောင်ဆောင်များနှင့် ကာဖိရ်များသည် အလင်းရောင်ကို ရရှိကြလိမ့်မည် မဟုတ်ပေ။ ကျမ်းမြတ်ကုရ်အာန်က ဤသို့ဥပမာပေး၏။

اَوْ كَظُلُمٰتٍ فِيْ بَحْرٍ لُّجِّيٍّ يَّغْشٰىهُ مَوْجٌ مِّنْ فَوْقِهٖ مَوْجٌ مِّنْ فَوْقِهٖ سَحَابٌ ؕ ظُلُمٰتٌۢ بَعْضُهَا فَوْقَ بَعْضٍ ؕ اِذَاۤ اَخْرَجَ يَدَهٗ لَمْ يَكَدْ يَرٰىهَا ؕ وَمَنْ لَّمْ يَجْعَلِ اللّٰهُ لَهٗ نُوْرًا فَمَا لَهٗ مِنْ نُّوْرٍ

"သို့တည်းမဟုတ် (ထိုကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့၏ မကောင်းမှုများသည်) အကြင်နက်ရှိုင်းသော သမုဒ္ဒရာပင်လယ်အတွင်းရှိအမိုက်မှောင်များနှင့် ပမာတူ၏။ ထိုသမုဒ္ဒရာပင်လယ်ကို လှိုင်းတံပိုး လွှမ်းမိုးလျက်ရှိ၏။ (တစ်ဖန်) ထိုလှိုင်းတံပိုး၏ထက်ဝယ် (အခြားသော) လှိုင်းတံပိုးတစ်ခု သည်လည်း ရှိပြန်၏။ (တစ်ဖန်) ထိုလှိုင်းတံပိုး၏ ထက်၌ မိုးတိမ်များလည်း ရှိနေပြန်၏။

(အချုပ်မှာ) အမိုက်မှောင်များအပေါ်၌ အမိုက်မှောင်ကပ်လျက်ပင် ရှိနေရာ (အမိုက်မှောင် အထပ်ထပ်၌ ရှိနေသော) အကြင်သူတစ်ဦးတစ်ယောက်သည် မိမိ၏လက်ကိုထုတ်(၍ ကြည့်) သောအခါ မြင်နိုင်ရန် လက္ခဏာမျှပင် မရှိ ချေ။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်က အလင်းရောင် ချီးမြှင့်တော်မမူတော့ပေ၊ အလင်းရောင်စိုးစဉ်းမျှကိုပင် ရရှိနိုင်မည် မဟုတ်ပေတကား။"

(၂၄း၄၀)

ဤဆင့်ပြန်ချက်မှ နားလည်ရသည်မှာ အမှောင်ကြီးကျရောက်ပြီးသည့်နောက် အလ္လာဟ်အရှင်မြတ်က မုအ်မင်အမျိုးသား၊ အမျိုးသမီးတို့အား အလင်းရောင်ကို စတင်ဝေငှပေးတော်မူသည့်အချိန်၌ ကာဖိရ်များနှင့် မုနာဖစ်က်များသည် အလင်းရောင်ကိုမပေးဘဲ ထားခြင်းခံရမည်ဖြစ်၏။ သို့သော် သာဝကကြီး အိပ်နိအဗ္ဗာစ်ﷺအား ကိုးကား၍ တွဗရာနီတင်ပြသည့် ဟဒီးသ်၌ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့၏။

အလ္လာဟ်အရှင်မြတ်သည် တံတား၌ရှိနေကြသော မုအ်မင်တိုင်းထံသို့ အလင်းရောင်ကိုပေးပို့တော်မူသကဲ့သို့ မုနာဖစ်က်တိုင်းထံသို့လည်း ပေးပို့တော်မူလိမ့်မည်။ သို့သော် မုနာဖစ်က်များ တံတားသို့ရောက်ကြသည်နှင့် တစ်ပြိုင်နက် ၎င်းတို့၏အလင်းရောင်မှာ ဆတ်ခနဲလုယူခြင်းခံရမည် ဖြစ်၏။ (အိပ်နာဆီးရ်)

ဤဟဒီးသ်က ဖော်ပြသည်မှာ မုနာဖစ်က်တို့သည် ကနဦး၌ အလင်းရောင်ကို ရရှိကြလိမ့်မည်။ သို့သော် တံတားသို့ ၎င်းတို့ရောက်သောအခါ၊ ၎င်းတို့ထံမှ အလင်းရောင်ကို ရုပ်သိမ်းတော်မူမည်။ အစကတည်းက အလင်းရောင်

ကို ပိတ်ပင်ထားခံရသည်ဖြစ်စေ၊ ကနဦးအဆင့်၌ အလင်းရောင်ကိုရရှိပြီး နောက်ပိုင်းတွင် အလင်းရောင်ကို ပိတ်ပင်ခံရသည်ဖြစ်စေ ၎င်းတို့သည် မုအ်မင်တို့အား 'ကျေးဇူးပြု၍ ကျွန်ုပ်တို့ကို စောင့်ပါဦး၊ သင်တို့၏ အလင်းရောင်ကို အသုံးပြုပါရစေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဤလောကီ၌ ဆွလာတ်ဝတ်ပြုရာတွင် လည်းကောင်း၊ ဇကာသ်ပေးရာ၌ လည်းကောင်း၊ ဟဂ်ျပြုလုပ်ရာ၌ လည်းကောင်း၊ ဂျိဟာဒ်ထွက်ရာ၌ လည်းကောင်း သင်တို့နှင့်အတူ ရှိခဲ့ကြပါသည်။' ဟူ၍ အသနားခံကြလိမ့်မည်။ ၎င်းတို့၏ အသနားခံချက်မှာ ပယ်ချခံရမည်။ ဤအသနားခံမှုအား ပြန်လည်ဖြေကြားချက်ကို ရှေ့တွင်အသေးစိတ်ဖော်ပြမည်ဖြစ်၏။ ယင်း(ဖြေကြားချက်)က မုနာဖစ်က်တို့၏ စရိုက်လက္ခဏာများနှင့် ကိုက်ညီပုံမှာ ၎င်းတို့သည် ပထမဦးစွာ အလင်းပြခြင်းကိုခံကြရမည်။ ထို့နောက် လောကီ၌ ၎င်းတို့ဟန်ဆောင်ပြမှုခဲ့ကြသကဲ့သို့ပင် ၎င်းတို့သည် လုံးဝဥဿုံ အမှောင်ထုထဲ၌ ကျန်နေစေရန် အလင်းရောင်ကို ရုပ်သိမ်းတော်မူမည်ဖြစ်ကြောင်း ကုရ်အာန်က ဤသို့မိန့်ကြား၏။

يُخٰدِعُوْنَ اللّٰهَ وَهُوَ خَادِعُهُمْ

"ဇကန်မလွဲ 'မုနာဖစ်က်' အယောင်ဆောင် မွတ်စလင်မ်တို့သည် အလ္လာဟ်အရှင်မြတ်ကို လိမ်လည်လှည့်ဖြား ကြကုန်၏။"

"ထိုအရှင်မြတ်သည်လည်းဂင်းတို့အားလှည့်ဖြားတော်မူမည့်အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။"(၄း၁၄၂)

အီမာမ်ဗဂဝီက ပြောကြားသည်မှာ 'လိမ်ညာလှည့်ဖြားခြင်း'က ဤနေရာတွင် ဆိုလိုသည်မှာ ပထမသော် ၎င်းတို့သည် အလင်းရောင်ကို ရရှိကြလိမ့်မည်။ သို့သော် အလင်းရောင်ကို ၎င်းတို့အသည်းအသန်လိုအပ်ချိန်တွင် အလင်းရောင်သည် အချိန်ကိုက်၍ ပျောက်ကွယ်သွားမည်ဖြစ်၏။ သေရေးရှင်ရေးဖြစ်နေသော ထိုအချိန်၌ မုအ်မင်တို့မှာလည်း ၎င်းတို့၏အလင်းရောင် ပျောက်ကွယ်သွားမည်ကို စိုးရိမ်ခဲ့ကြသည်ဖြစ်၍ ဤသို့ အနူးအညွတ် ပန်ကြားကြပေမည်။

يَوْمَ لَا يُخْزِى اللّٰهُ النَّبِىَّ وَالَّذِيْنَ اٰمَنُوْا مَعَهٗ ۚ نُوْرُهُمْ يَسْعٰى بَيْنَ اَيْدِيْهِمْ وَبِاَيْمَانِهِمْ يَقُوْلُوْنَ رَبَّنَآ اَتْمِمْ لَنَا نُوْرَنَا وَاغْفِرْ لَنَا ۚ اِنَّكَ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ۝

"....ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်သည်နဗီတမန်တော်မြတ်အားလည်းကောင်း၊ထိုနဗီတမန်တော်မြတ်နှင့်အတူ သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့အားလည်းကောင်း ကျိုးယုတ်ရှက်ရ ဖြစ်စေတော်မူမည် မဟုတ်ပေ။ ၎င်းတို့၏အလင်းရောင်မှာ ၎င်းတို့၏ရှေ့၌လည်းကောင်း၊ လက်ယာဘက်များ၌လည်းကောင်း ပြေးလျက်ရှိပေမည်။

၎င်းတို့မှာ (ဤသို့)လျှောက်ထားပန်ကြားလျက် ရှိကြမည်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အဘို့ ကျွန်တော်မျိုးတို့၏ အလင်းရောင်ကို အဆုံးတိုင်အောင် ထားရှိတော်မူပါ။ ထိုမှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ခွင့်လွှတ်တော်မူပါ၊ ဇကန်မလွဲ အရှင်မြတ်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပါသတည်း။" (၆၆း၈) (မဇ်ဟရီ)

သာဝကကြီး ဂျာဗိရ်အိဗ်နအဗ်ဒွလ္လာဟ်ﷺအား ကိုးကား၍ မွတ်စလင်၊ အဟ်မဒ်နှင့် ဒါရ်ကူတ်နီတို့ ဖော်ပြသော ဟဒီးသ်တော်၌ ပထမသော် မုအ်မင်နှင့် မုနာဖစ်က်နှစ်ဖွဲ့စလုံး အလင်းရောင်ကို ရကြလိမ့်မည်။ သို့သော် တံတားအနီးသို့ မုနာဖစ်က်များ ရောက်သောအခါ၊ ၎င်းတို့ထံမှ အလင်းရောင်သည် ရုပ်သိမ်းခြင်းခံရမည်ဖြစ်၏။

အဆိုနှစ်မျိုးကို မဇ်ဟရီက ဤသို့ညှိနှိုင်းပေး၏။ မုနာဖစ်က်နှစ်မျိုးရှိ၏။ တစ်မျိုးမှာ တမန်တော်မြတ်ﷺ၏ လက်ထက်တော်၌ ပေါ်ထွက်ခဲ့၏။ ဤအမျိုးအစား မုနာဖစ်က်ကို ကာဖိရ်ဟူ၍ပင် သဘောထားမည်ဖြစ်၏။ မယုံကြည်

သွေဖည်သူ ကာဖိရ်များသည် ကနဦးအစကတည်းက အလင်းရောင်ကို ရရှိကြလိမ့်မည် မဟုတ်ပေ။ ထိုနည်းတူစွာ တမန်တော်မြတ်ﷺလက်ထက်မှ မုနာဖစ်က်များမှာလည်း အဦးအစကတည်းက အလင်းရောင်ပေးဝေခြင်းခံရမည် မဟုတ်။ ဒုတိယအမျိုးအစား မုနာဖစ်က်များသည် တမန်တော်မြတ်ﷺ၏ ကာလအလွန်တွင် ပေါ်ထွက်ခဲ့သည်။ သို့သော် ၎င်းတို့အား စကားလုံး၏ စစ်မှန်သောအဓိပ္ပါယ်ဖြင့် မုနာဖစ်က်ဖြစ်သည်ဟု ပြောချိမရပေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺ မရှိတော့သည့်နောက် ဝဟီရပ်ဆိုင်းခဲ့သည်ဖြစ်၍ ဝဟီပေါ်တွင် အခြေခံသည့် တိကျသော အထောက်အထားမရှိဘဲ မည်သူကိုမျှ မုနာဖစ်က်(အယောင်ဆောင်မွတ်စလင်)ဟု တံဆိပ်ကပ်ခြင်း၊ သတ်မှတ်ခြင်း၊ အတန်းအစားခွဲခြားခြင်း မပြုလုပ်နိုင်သောကြောင့်ဖြစ်၏။ မုနာဖစ်က်သည် အပြင်ပန်းအားဖြင့် အဓိမာန်ရှင်တစ်ဦးကဲ့သို့ ပြုမူပြောဆိုသော်လည်း ၎င်း၏အတွင်းစိတ်တွင် အဓိမာန်နှင့်ယုံကြည်ချက် လုံးဝမရှိပေ။ ဤသည်ကို သာမန်လူများအနေဖြင့် သိနိုင်သောနည်းလမ်း မရှိသော်လည်း အလ္လာဟ်အရှင်မြတ်ကမူ ၎င်း၏အတွင်းနှင့်အပြင် ရှုထောင့်စုံကို အကြွင်းမဲ့သိတော်မူသည်ဖြစ်၍ ထိုအတိုင်းပင် တစ်ဦးစီအား ဆက်ဆံပြုမူတော်မူမည်ဖြစ်၏။ မုနာဖစ်က်တို့သည် အစတွင် အလင်းရောင်ကို ပြသခြင်းခံကြရသည်။ သို့သော် တံတားသို့ ၎င်းတို့ရောက်ရှိကြသောအခါ၊ အလင်းရောင် ကွယ်ပျောက်ပြီး ၎င်းတို့မှာ အမှောင်ထုထဲတွင် စမ်းတဝါးဝါး ဖြစ်နေကြပေမည်။

ဤမုနာဖစ်က် အတန်းအစားထဲ၌ ကုရ်အာန်နှင့် ဟဒီးသ်များကို ပုံပျက်အောင်ပြုလုပ်၍ ၎င်းတို့၏ရည်ရွယ်ချက်နှင့် ကိုက်ညီစေရန် အဓိပ္ပါယ်များအား လိမ်လည်သော ဤအဖွဲ့မှတ်၏လူများ ပါဝင်လေသည်။ ထိုအဖြစ်မျိုး မကြုံရလေအောင် ကျွန်တော်မျိုးတို့ အလ္လာဟ်အရှင်မြတ်ထံ ခိုလှုံပါ၏။

စုရုံးရာကွင်းပြင်၌ အလင်းနှင့်အမှောင်ကိုဖြစ်စေသော အကြောင်းများ

တဖိစိရိမဇ်ဟရီက ကုရ်အာန်နှင့် ဟဒီးသ်များအပေါ် အခြေခံကာ စုရုံးရာကွင်းပြင်တွင် ဤအချိန်၌ အလင်းနှင့် အမှောင်ကို ဖြစ်စေသော အကြောင်းများကို ဖော်ပြထား၏။ ထိုအကြောင်းတရားများ၏ အသိပညာသည် ပညာရပ်ဆိုင်ရာ သုတေသနသက်သက်ထက်ပို၍ အရေးကြီးသဖြင့် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား အလင်းရောင်ကို ပေးသနားတော်မူလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ကျွန်ုပ်တို့သည် ထိုအကြောင်းတရားများကို အောက်တွင် ထပ်ဆင့်ဖော်ပြပါသည်။

(၁) အလ္လာဟ့်ရစူလ်ﷺ မိန့်တော်မူခဲ့သည်။ '၎င်း၏အမှောင်ထဲ၌ ပလီတ်ကျောင်းသို့သွားသောသူများအား ၎င်းတို့သည် တရားစီရင်မည့်နေ့တွင် အပြည့်ဝဆုံးသော အလင်းရောင်ကို ရရှိကြလိမ့်မည်ဟူသည့် ကောင်းသတင်းကို ပေးပါလော့။' (အဗူဒါဝူဒ်နှင့် တိရ်မိဒီတို့က ဗူရိုင်ဒဟ်ﷺထံမှလည်းကောင်း၊ အိဗ်နိမာဂျဟ်က အနာစ်ﷺထံမှလည်းကောင်း ဆင့်ပြန်သည်။ ဤဟဒီးသ်အား စဟ်လအိဗ်နိစအ်ဒ်၊ ဇိုက်အိဗ်နိဟာရိဆဟ်၊ အိဗ်နိအဗ္ဗာစ်၊ အိဗ်နိအုမရ်၊ ဟရိဆဟ်အိဗ်နိဝဟ်ဗ်၊ အဗူအုမာမဟ်၊ အဗူအဒ်ဒါရိဒါးအ်၊ အဗူမူစာ၊ အဗူဟုရိုင်ရဟ်၊ အာအိရ်ရာﷺတို့ကလည်း ဆင့်ပြန်ကြ၏။)

(၂) အလ္လာဟ့်ရစူလ်ﷺ မိန့်တော်မူခဲ့သည်။

مَنْ حَافَظَ عَلَى الصَّلَوَاتِ كَانَتْ لَهُ نُوْرًا وَّبُرْهَانًا وَّ نَجَاةً يَّوْمَ الْقِيٰمَةِ وَمَنْ لَّمْ يُحَافِظْ عَلَيْهَا لَمْ يَكُنْ لَّهُ نُوْرًا وَّلَا بُرْهَانًا وَّلَا نَجَاةً وَّكَانَ يَوْمَ الْقِيَامَةِ مَعَ قَارُوْنَ وَهَامَانَ وَفِرْعَوْنَ

'နေ့စဉ်ငါးကြိမ်ဝတ်ပြုမှုကို ဂရုစိုက်သောသူ (ငါးကြိမ်ဝတ်ပြုမှုကို ယင်းတို့၏အခြေခံလိုအပ်ချက်အားလုံး ပြည့်စုံစွာဖြင့် အချိန်မှန်ဆောင်ရွက်သူ)သည် တရားစီရင်မည့်နေ့တွင် ထိုဝတ်ပြုမှုက ၎င်းအတွက် အလင်းရောင်၊

သက်သေခံချက်နှင့် ကယ်တင်ခြင်းများအဖြစ် တာဝန်ထမ်းဆောင်လိမ့်မည်။ ဝတ်ပြုမှုကို ပျက်ကွက်သူသည် တရားစီရင်မည့်နေ့တွင် ၎င်းအတွက် အလင်းရောင်သော်လည်းကောင်း၊ သက်သေခံချက်သော်လည်းကောင်း၊ ကယ်တင်ခြင်းသော်လည်းကောင်း ရှိလိမ့်မည်မဟုတ်ပေ။ ၎င်းသည် ကာရွန်၊ ဟာမန်းနှင့် ဖိရ်အောင်တို့၏ အဖွဲ့ထဲတွင်ရှိလိမ့်မည်ဖြစ်၏။' [အိဗ်နအုမရ်ﷺထံမှ အဟ်မဒ်နှင့် တွဗရာနီတို့ ဆင့်ပြန်သည်။]

(၃) အလ္လာဟ်ရစူလ်ﷺ မိန့်တော်မူခဲ့သည်။ 'မည်သူမဆို စူရဟ်အလ်ကာဖ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပါက တရားစီရင်မည့်နေ့တွင် ၎င်းအတွက်အလင်းရောင် မည်မျှများပြားမည်ဆိုသော် ထိုအလင်းရောင်သည် ၎င်း၏နေရာမှသည် မက္ကာမြို့သို့တိုင် ဖြန့်ကြက်သွားလိမ့်မည်ဖြစ်၏။' အခြားဆင့်ပြန်ချက်တစ်ရပ်၌ 'မည်သူမဆို စူရဟ်အလ်ကာဖ်ကို သောကြာနေ့တစ်နေ့တွင် ရွတ်ဖတ်သရဇ္ဈာယ်ပါက တရားစီရင်မည့်နေ့တွင် အလင်းရောင်သည် ၎င်း၏ခြေထောက်များမှသည် အထက်မိုးကောင်းကင်၏ အမြင့်များသို့တိုင် ရောက်လိမ့်မည်ဖြစ်၏။'(အဗူစအိဒ်ﷺထံမှ တွဗရာနီ ဆင့်ပြန်သည်။)

(၄) အလ္လာဟ်ရစူလ်ﷺ မိန့်တော်မူခဲ့သည်။ 'မည်သူမဆို ကုရ်အာန်၏ အာယတ်တော်တစ်ပါးကို ရွတ်ဖတ်သရဇ္ဈာယ်ပါက တရားစီရင်မည့်နေ့တွင် ထိုအာယတ်တော်သည် ၎င်းအဖို့ အလင်းရောင်တစ်ခု ဖြစ်လိမ့်မည်။'

[အဗူဟူရိုင်ရဟ်ﷺထံမှ အဟ်မဒ်ဆင့်ပြန်သည်။]

(၅) အလ္လာဟ်ရစူလ်ﷺ မိန့်တော်မူခဲ့သည်။ 'မည်သူမဆို ကျန်ပ်ထံသို့ ဆွလာဟ်(ဒူရူး)ပေးပို့ပါက ယင်းသို့ပြုလုပ်ခြင်းသည် 'ဆွိရာတ်'တံတားပေါ်၌ အလင်းရောင်ရရှိခြင်း၏ အကြောင်းတရား ဖြစ်လိမ့်မည်။'

[အဗူဟူရိုင်ရဟ်ﷺထံမှ ဒိုင်လမီဆင့်ပြန်သည်။]

(၆) ဟဂျ်၏စည်းကမ်းချက်များအကြောင်းကို အသေးစိတ်ဖော်ပြစဉ်က အလ္လာဟ်ရစူလ်ﷺမိန့်တော်မူခဲ့သည်။ 'အိဟ်ရာမ်ခွတ်ရန်အတွက် ခေါင်းရိတ်ချိန်၌ မြေပေါ်သို့ကျသော ဆံပင်မွှေးသည် တရားစီရင်မည့်နေ့တွင် ၎င်းအတွက် အလင်းရောင်တစ်ခု ဖြစ်လိမ့်မည်။' [အုဗာဒဟ်အိဗ်နိစာမစ်တ်ထံﷺမှ တွဗရာနီဆင့်ပြန်သည်။]

(၇) အလ္လာဟ်ရစူလ်ﷺ မိန့်တော်မူခဲ့သည်။ 'မီနာ၌ ဂျမရာတ်အား ခဲဖြင့်ပစ်ပေါက်ခြင်းသည် တရားစီရင်မည့်နေ့တွင် အလင်းရောင်တစ်ခု ဖြစ်လိမ့်မည်။' [အိဗ်နိမတ်စအူးဒ်ﷺထံမှ ဗဇ္ဇား၏မွစ်နဒ်]

(၈) အလ္လာဟ်ရစူလ်ﷺ မိန့်တော်မူခဲ့သည်။ 'အစွလာမ်ကို သက်ဝင်ယုံကြည်ရင်း ၎င်း၏ဆံပင်ဖြူသွားသူသည် တရားစီရင်မည့်နေ့တွင် ထိုဆံပင်ဖြူက ၎င်းအတွက် အလင်းရောင်တစ်ခု ဖြစ်လိမ့်မည်။'

[အဗူဟူရိုင်ရဟ်ﷺထံမှ ကောင်းမွန်သောကွင်းဆက်ဖြင့် တွဗရာနီဆင့်ပြန်သည်။]

(၉) အလ္လာဟ်ရစူလ်ﷺမိန့်တော်မူခဲ့သည်။ 'အကြင်သူသည် ဂျိဟာဒ်တွင် တိုက်ခိုက်နေစဉ် အလွှာလမ်းတော်၌ မြားတစ်စင်းမျှ ပစ်ခတ်သည်ရှိသော် တရားစီရင်မည့်နေ့တွင် ထိုမြားသည် ၎င်းအတွက် အလင်းရောင်တစ်ခု ဖြစ်လိမ့်မည်။' [အဗူဟူရိုင်ရဟ်ﷺထံမှ ကောင်းမွန်သောကွင်းဆက်ဖြင့် ဗဇ္ဇား၏ဆင့်ပြန်သည်။]

(၁၀) အလ္လာဟ်ရစူလ် မိန့်တော်မူခဲ့သည်။ 'ဈေးထဲတွင် အလ္လာဟ်အရှင်မြတ်အား သတိရတသသူသည် တရားစီရင်မည့်နေ့၌ ဆံချည်မျှင်နှင့်အမျှ အလင်းရောင်ကို ရရှိလိမ့်မည်။'

[အိဗ်နအုမရ်ﷺထံမှ ပြတ်တောက်နေသော ကွင်းဆက်တစ်ခုဖြင့် ဗိုင်ဟကီကရှူအဗ်ဗွလ်အီမာန်၌ တင်ပြသည်။]

(၁၁) အလ္လာဟ်ရစူလ် မိန့်တော်မူခဲ့သည်။ 'မွတ်စလင်တစ်ဦး၏ ဘေးဒုက္ခကို သက်သာပြေပျောက်စေသော သူသည် တံတားတွင် ၎င်းအတွင်း နူရ်အလင်းရောင် အစိတ်အပိုင်းနှစ်ခုကို ဖန်ဆင်းပေးတော်မူလိမ့်မည်။ ထိုအလင်းရောင်သည်တစ်လောကလုံးကို ထိန်လင်းစေမည်ဖြစ်၏။ (အလ္လာဟ်အရှင်မြတ်မှတပါး မည်သူမျှယင်း၏အရေအတွက်ကို

မသိနိုင်ပေ။)' [အဗူဟူရိုင်ရဟ်ﷺထံမှ တွဗရာနီဆင့်ပြန်သည်။]

(၁၂) အလ္လာဟ့်ရစူလ် မိန့်တော်မူခဲ့သည်။ اِيَّاكُمْ وَالظُّلْمَ فَاِنَّهُ هُوَ الظُّلُمٰتُ يَوْمَ الْقِيٰمَةِ 'ဇုလ်မ်' မတရားမှုကို သတိထားကြပါ။ အဘယ်ကြောင့် ဆိုသော် ယင်းကတရားစီရင်မည့်နေ့တွင် 'ဇုလုမာတ်' (အမှောင်ထု အလွှာများ)ကို ဖြစ်စေလိမ့်မည်။" [အိဗ်နိအုမရ်ﷺထံမှ ဗုခါရီနှင့် မွတ်စလင်တို့ကလည်းကောင်း၊ ဂျာဗိရ်ﷺထံမှ မွတ်စလင်ကလည်းကောင်း၊ အဗူဟုရိုင်ရဟ်ﷺနှင့် အိဗ်နိ အုမရ်ﷺတို့ထံမှ ဟာကင်ကလည်းကောင်း၊ အိဗ်နိဇီယဒ်ﷺထံမှ တွဗရာနီကလည်းကောင်း ဆင့်ပြန်သည်။]

يَوْمَ يَقُوْلُ الْمُنٰفِقُوْنَ وَالْمُنٰفِقٰتُ لِلَّذِيْنَ اٰمَنُوا انْظُرُوْنَا نَقْتَبِسْ مِنْ نُّوْرِكُمْ

"အကြောင်နေ့တွင် 'မုနာဖစ်က်' အယောင်ဆောင်မုစ်လင်မ် ယောကျ်ား၊ မိန်းမတို့သည် 'မုအ်မင်နိသက်ဝင်ယုံကြည်သူတို့အား (ဤသို့ ပြောဆိုကြပေမည်။ "(အချင်းတို့) အသင်တို့၏ အလင်းရောင်မှ (အနည်းငယ်မျှ) ရယူနိုင်ကြရန် အသင်တို့သည် ကျွန်ုပ်တို့အား လှည့်၍ကြည့်ကြလေကုန်၊ စောင့်ဆိုင်းကြလေကုန်။ ...."(၅၇း၁၃)။ အာယတ်တော်ကိုယ်၌က အဓိပ္ပါယ်ပေါ်လွင်ပြီးဖြစ်၏။

قِيْلَ ارْجِعُوْا وَرَآءَكُمْ فَالْتَمِسُوْا نُوْرًا

".... (ထိုအခါ ၎င်းတို့သည် ဤသို့) ပြောဆိုပြန်ကြားခြင်းကို ခံကြရပေမည်။ အသင်တို့သည် နောက်သို့ပြန်ပြီးလျှင် အလင်းရောင်ကို ရှာဖွေကြလေကုန်။ ...."(၅၇း၁၃)။ မုအ်မင်များ သို့မဟုတ် ကောင်းကင်တမန်များက ဤပြန်ကြားချက်ကို ပေးကြလိမ့်မည်။ [အိဗ်နိအဗ္ဗာစ်နှင့် ကတာဒဟ်ﷺ]

فَضُرِبَ بَيْنَهُمْ بِسُوْرٍ لَّهٗ بَابٌ ؕ بَاطِنُهٗ فِيْهِ الرَّحْمَةُ وَظَاهِرُهٗ مِنْ قِبَلِهِ الْعَذَابُ

".... ထိုအချိန်၌ပင် ၎င်းတို့၏အကြား၌ တံတိုင်းတစ်ခုစိုက်ထူလိုက်ပေမည်။ ယင်းတံတိုင်းတွင် တံခါးတစ်ခုရှိပေမည်။ ယင်းတံခါး၏ အတွင်းဘက်၌ ကရုဏာသည်ရှိ၍ ၎င်း၏အပြင်ဘက်၌မူကား ပြစ်ဒဏ်သည် ရှိပေမည်။" (၅၇း၁၃)။ မုအ်မင်များ သို့မဟုတ် ကောင်းကင်တမန်များထံမှ ပြန်ကြားချက်ကို ကြားကြပြီးနောက် မုနာဖစ်က်တို့သည် အလင်းရောင်ဖြန့်ဖြူးရာနေရာသို့ ပြန်လာကြလိမ့်မည်။ ထိုနေရာတွင် ဘာကိုမျှ ၎င်းတို့တွေ့ကြရမည် မဟုတ်ပေ။ သို့ဖြစ်၍ ၎င်းတို့သည် မုအ်မင်များထံသို့ ပြန်သွားရန် ကြိုးစားကြလိမ့်မည်။ သို့သော် ထိုအချိန်၌ မုအ်မင်နှင့် မုနာဖစ်က်တို့ကြားတွင် တံတိုင်းတစ်ခု စိုက်ထူလိုက်ခြင်းဖြင့် မုနာဖစ်က်တို့သည် မုအ်မင်များထံမှ ခွဲခြားခံရပြီး၊ မုအ်မင်များထံသို့ မရောက်နိုင်တော့ပေ။ ၎င်းတို့သည် ပကတိအမှောင်ထဲတွင် ချန်ထားခဲ့ခြင်းခံကြရမည်။ မုအ်မင်များဘက်၌ အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်ရှိမည်ဖြစ်ပြီး၊ မုနာဖစ်က်များဘက်၌ ပြစ်ဒဏ်ရှိပေလိမ့်မည်။

ရူးဟွလ်မအာနိက အိဗ်နိဇိုက်၏အမြင်ကို ကိုးကားဖော်ပြသည်မှာ ဤတံတိုင်းသည် 'အအ်ရာဖ်'ကို ရည်ညွှန်းပြီး၊ 'အအ်ရာဖ်'သည် မုအ်မင်နှင့် မုနာဖစ်က်တို့ကြားမှ အတားအဆီးတစ်ခု ဖြစ်လိမ့်မည်။ အခြားရှင်းလင်းဖွင့်ဆိုသူများ၏ သုံးသပ်ချက်မှာ 'အအ်ရာဖ်'မဟုတ်ဘဲ အခြားတံတိုင်း သို့မဟုတ် အတားအဆီးတစ်ခု ဖြစ်နိုင်သည်။ တံတိုင်းမှတံခါးပေါက်သည် ရည်ရွယ်ချက်နှစ်ခုအနက် တစ်ခုအတွက် ဖြစ်နိုင်သည်။ (၁) မုအ်မင်နှင့် မုနာဖစ်က်တို့အချင်းချင်းဆက်သွယ်ရန် လမ်းကြောင်းတစ်ခုဖြစ်မည် သို့မဟုတ် (၂) မုအ်မင်အားလုံး ဤတံခါးပေါက်မှ ဖြတ်သန်းပြီးနောက် အပြီးတိုင်ပိတ်သွားမည်ဖြစ်၏။

အထူးမှတ်စု

အလင်းရောင်ကိစ္စတွင် ကာဖိရ်တို့၏အကြောင်းကို မည်သည့်နေရာတွင်မျှ ဖော်ပြခြင်းမပြုပေ။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့အဖို့ ထိုကဲ့သို့အလင်းရောင် ရှိလိမ့်မည်မဟုတ်သောကြောင့်ဖြစ်၏။ သို့ရာတွင် မုနာဖစ်က်တို့နှင့် စပ်လျဉ်း၍မူ ဆင့်ပြန်ချက်နှစ်ရပ်ရှိ၏။ (၁) ၎င်းတို့သည် စကတည်းက အလင်းရောင်ကို ရရှိကြလိမ့်မည်မဟုတ်။ (၂) ၎င်းတို့သည် ကနဦးတွင် အလင်းရောင်ကို ရရှိကြမည်ဖြစ်သော်လည်း တံတားသို့ ရောက်သောအခါ အလင်းရောင်သည် ကွယ်ပျောက်သွားမည်ဖြစ်၏။ ၎င်းတို့နှင့် မုအ်မင်များကြားတွင် တံတိုင်းတစ်ခု စိုက်ထူလိမ့်မည်။ ဤသည်က ဖော်ပြသည်မှာ မုအ်မင်များသာလျှင် ငရဲဘုံ၏အပေါ်မှ 'ဆွိရာတ်'တံတားကို ဖြတ်ကျော်လိမ့်မည်ဖြစ်ပြီး၊ ကာဖိရ်နှင့် ရုပ်တုကိုးကွယ်သူ မုရှ်ရစ်က်များမှာ တံတားပေါ်မှ ဖြတ်ကျော်လိမ့်မည် မဟုတ်ချေ။ ၎င်းတို့သည် ငရဲဘုံ၏တံခါးပေါက်များမှ ငရဲမီးထဲသို့ တိုက်ရိုက်တွန်းချခံကြရလိမ့်မည်။ အပြစ်ရှိသော မုအ်မင်များသည် ၎င်းတို့၏အပြစ်များကို သန့်စင်ရန်အတွက် ငရဲဘုံ၌ ခေတ္တထားရှိခံရမည်ဖြစ်၍ တံတားကိုဖြတ်သန်းနေစဉ် ငရဲတွင်းသို့ လိမ့်ကျကြမည်ဖြစ်၏။ ကျန်မုအ်မင်တို့သည် တံတားကို အန္တရာယ်ကင်းစွာ ဖြတ်ကျော်ပြီး ဂျန္နတ်သုခဘုံထဲသို့ ဝင်ကြလိမ့်မည်ဖြစ်ကြောင်း ရှုဟ်အစ်ဒွလ်ကာဒိရ်ဒီလ်ဝိ ﷺက ရှင်းလင်းစွာ မိန့်ကြားပြီး၊ ဒူရ်ကထောက်ခံလေသည်။ အလ္လာဟ်အရှင်မြတ် အသိဆုံးဖြစ်တော်မူသည်။

اَلَمْ يَاْنِ لِلَّذِيْنَ اٰمَنُوْٓا اَنْ تَخْشَعَ قُلُوْبُهُمْ لِذِكْرِ اللّٰهِ وَمَا نَزَلَ مِنَ الْحَقِّ

"မုအ်မင်နှ် သက်ဝင်ယုံကြည်သူတို့အဘို့ အလ္လာဟ်အရှင်မြတ်၏ ဆုံးမသြဝါဒ သတိပေးနှိုးဆော်ချက်၏ ရှေ့ဝယ်လည်းကောင်း၊ ကျရောက်လာပြီးဖြစ်သော အမှန်တရား၏ ရှေ့ဝယ်လည်းကောင်း၊ စိတ်နလုံးများကိုင်းညွှတ်ရန် အချိန်တန်ပြီ မဟုတ်လော၊ ထိုမှတပါး ၎င်းတို့သည် အကြင်သူကဲ့သို့ မဖြစ်ကြရန်။ ထိုသူတို့သည် ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ရလေ၏။...."(၅၇း၁၆)။ 'ခုရှူအွလ်ကလ်ဗ်'ဟူသော စကားရပ်က 'နှလုံးသားကို ပျော့ပျောင်းစေရန်၊ အကြံပြုချက်ကို လက်ခံရန်၊ ကျိုးနွံနာခံရန်၊ အညံ့ခံရန်အတွက်'ဟု ဆိုလိုသည်(အိဗ်နကဆီး၏)။ ကုရ်အာန်၏ စကားစပ်၌ ယင်းက 'အလ္လာဟ်အရှင်မြတ်၏ ပြဋ္ဌာန်းချက်များကို ထမ်းဆောင်ရန် သို့မဟုတ် အလ္လာဟ်အရှင်မြတ်၏ စေခိုင်းချက်များနှင့် တားမြစ်ချက်များကို ဖင့်နွှဲခြင်းမရှိဘဲ လိုက်နာရန် အပြည့်အဝလိုလားကြည်ဖြူခြင်း'ကို ရည်ညွှန်း၏။ (ရှူးဟွလ်မအာနီ)

ဤအာယတ်တော်က မုအ်မင်တို့အား သတိပေးနှိုးဆော်ခြင်းဖြစ်၏။ အချို့သောမုအ်မင်တို့သည် စွဲမြဲခိုင်မာမှုမရှိဘဲ လက်တွေ့လုပ်ဆောင်မှုတွင် ပျင်းရိခြင်းကို တွေ့ရသောကြောင့် ဤအာယတ်တော် ကျရောက်လာခဲ့ကြောင်း သာဝကကြီးအဗ်ဒွလ္လာဟ်အိဗ်နိအဗ္ဗာစ်ﷺက ဖော်ပြ၏။ အီမာမ်အအ်မတ်ရှ်ﷺက ပြောကြားခဲ့သည်။ မဒီနာမြို့၌ အခြေတကျရှိသောအခါ၊ သာဝကကြီးများသည် လူမှုစီးပွားတွင် သက်သောင့်သက်သာရှိမှုနှင့် အဆင်ပြေမှုများကို ကြုံတွေ့ခံစားခဲ့ကြရသည်။ သို့ဖြစ်သောကြောင့် ၎င်းတို့ထဲမှ အချို့သည် ကောင်းမှုကို အားထုတ်ရာတွင် ယခင်ကကဲ့သို့ မဟုတ်ဘဲ ပေါ့တန်လာခဲ့ကြသဖြင့် ဤအာယတ်တော်ကျရောက်ခဲ့၏။ (ရှူးဟွလ်မအာနီ)

သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နိအဗ္ဗာစ်ﷺ၏ ဆင့်ပြန်ချက်ကလည်း ဝဟီစတင်ကျရောက်ပြီးနောက် (၁၃)နှစ်ကြာမှ ဤသတိပေးနှိုးဆော်သည့် အာယတ်တော် ကျရောက်လာခဲ့ခြင်းဖြစ်ကြောင်း ထပ်လောင်းသိစေသည်။ (အိဗ်နိအဗီဟာတင်မှတ်တမ်းတင်သည်)။ သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နိမတ်စ်အူးဒ်ﷺ ဆင့်ပြန်သည်မှာ ဤသတိပေးနှိုးဆော်သည့် အာယတ်တော်သည် ၎င်းတို့အစွယ်လာမ်ကို လက်ခံယုံကြည်ပြီးနောက် (၄)နှစ်ကြာမှ ညင်သာသောပြစ်တင်စကားကိုဆိုရန် ကျရောက်ခဲ့ခြင်းဖြစ်သည်ဟူ၏။ အလ္လာဟ်အရှင်မြတ် အသိဆုံးဖြစ်တော်မူသည်။

မည်သို့ဆိုစေ ဤအာယတ်တော်၌ မွတ်စလင်တို့အား အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ လုံးဝလှည့်ကြရန်နှင့် သာသနာ၏အဆုံးအမများအတိုင်း လိုက်နာကျင့်သုံးကြရန်အတွက် မိမိတို့ကိုယ်မိမိတို့ ပြင်ဆင်ထားသင့်ကြောင်း သတိပေးနှိုးဆော်ခံရသည်။ လုပ်ရပ်အားလုံးသည် 'ခုရှူအွလ်ကလ်ဗ်'ကို မကျော်ကြိုးပြု၍ လည်ပတ်နေပေသည်။ သာဝကကြီး ရှဒ်ဒါဒ်အိဗ်နိအောက်စ်ﷺ ဆင့်ပြန်သည်မှာ အလ္လာဟ့်ရစူလ်ﷺ မိန့်တော်မူခဲ့သည်။ 'လူများထဲမှ ပထမဆုံးယူဆောင်သွားမည့်အရာမှာ ၎င်းတို့၏နှိမ့်ချခြင်းနှင့် ကျိုးနွံခြင်း(ခုရှူအ်)များပင်ဖြစ်၏။' (အိဗ်နကဆီးရ်)

ယုံကြည်သက်ဝင်သူ မုအ်မင်တိုင်းသည် 'ဆွစ်ဒ်ဒီက်'တစ်ဦးနှင့် 'ရှဟီးဒ်'တစ်ဦး ဖြစ်သလော

وَالَّذِيْنَ اٰمَنُوْا بِاللّٰهِ وَرُسُلِهٖٓ اُولٰٓئِكَ هُمُ الصِّدِّيْقُوْنَ ۚ وَالشُّهَدَآءُ عِنْدَ رَبِّهِمْ

"ထိုမှတပါးအလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ထိုအရှင်မြတ်၏ရစူလ်တမန်တော်များအားလည်းကောင်း ယုံကြည်ကြကုန်သော သူတို့မှာကား၊ ထိုသူတို့ပင်လျှင် ထိုသူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်၌ သစ္စာဝါဒီများသည်လည်းကောင်း၊ 'ရှဟီးဒ်'အလ္လာဟ်အရှင်မြတ်လမ်းတော်၌ အသက်စွန့်လွှတ်ခဲ့ကြသောသူများသည်လည်းကောင်း ဖြစ်ကြကုန်၏။ ...."(၅၇း၁၉)။ ဤအာယတ်တော်က မုအ်မင်တိုင်းသည် 'ဆွစ်ဒ်ဒီက်'တစ်ဦးနှင့် 'ရှဟီးဒ်'တစ်ဦးဖြစ်ကြောင်း ညွှန်ပြ၏။ ဤအာယတ်တော်ပေါ် အခြေခံလျက် ကတာဒဟ်နှင့် အမ်ရ်အိဗ်နိမိုင်မွန်းတို့က ခံယူကြသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်များကို သက်ဝင်ယုံကြည်သူတိုင်းသည် 'ဆွစ်ဒ်ဒီက်'တစ်ဦးနှင့် 'ရှဟီးဒ်'တစ်ဦးပင်ဖြစ်၏။ သာဝကကြီး ဗရဇ်အိဗ်နိအာဇစ်ဗ် ဆင့်ပြန်၍ အိဗ်နိဂျရီရ် တင်ပြသည်မှာ အလ္လာဟ့်ရစူလ်ﷺ မိန့်တော်မူခဲ့သည်။ مُؤْمِنُوْا اُمَّتِيْ شُهَدَآءُ ကျွန်ုပ်၏အွမ္မတ်မှ သက်ဝင်ယုံကြည်သူများအားလုံးသည် 'ရှဟီးဒ်' (သာသနာ့အာဇာနည်)များဖြစ်ကြ၏။' ဤအဆိုကို ထောက်ခံသည့်အနေဖြင့် ၎င်းက ယခုအာယတ်တော်ကို ရွတ်ဖတ်ခဲ့လေသည်။

သာဝကကြီး အဗူဟူရိုင်ရဟ်ﷺ၏ ဆင့်ပြန်ချက်ကို အိဗ်နိအဗီဟာတင်က တင်ပြသည်မှာ တစ်နေ့သော် သာဝကကြီးအချို့ ၎င်း၏ပတ်လည်တွင် စုရုံးကာရှိနေကြသဖိုက် အဗူဟူရိုင်ရဟ်ﷺက كُلُّكُمْ صِدِّيْقٌ وَّشَهِيْدٌ သင်တို့တစ်ဦးစီ သည် 'ဆွစ်ဒ်ဒီက်'တစ်ဦးနှင့် 'ရှဟီးဒ်'တစ်ဦးဖြစ်၏။'ဟု မိန့်ကြားခဲ့၏။ ဤစကားက သာဝကကြီးများအားတုန်လှုပ်စေ ခဲ့ပြီး 'သင်ဘာတွေပြောနေတာလဲ၊ အဗူဟုရိုင်ရဟ်'ဟု အံ့သြတကြီး ပြောခဲ့ကြ၏။ ၎င်းက 'သင်တို့ကျွန်ုပ်အားမယုံကြည် ပါက ယခုအာယတ်တော်(၁၉) وَالَّذِيْنَ اٰمَنُوْا بِاللّٰهِ وَرُسُلِهٖٓ اُولٰٓئِكَ هُمُ الصِّدِّيْقُوْنَ وَالشُّهَدَآءُ ကို ရွတ်ဖတ်ကြည့်ကြပါ။'ဟု ပြန်ပြောခဲ့လေသည်။

သို့ရာတွင် ကုရ်အာန်၏ အခြားအာယတ်တော်တစ်ပါးက ဤအယူအဆနှင့် ဆန့်ကျင်ကွဲလွဲနေပုံရ၏။ ထိုအာယတ်မှာ

فَاُولٰٓئِكَ مَعَ الَّذِيْنَ اَنْعَمَ اللّٰهُ عَلَيْهِمْ مِّنَ النَّبِيّٖنَ وَالصِّدِّيْقِيْنَ وَالشُّهَدَآءِ وَالصّٰلِحِيْنَ

"အကြင်သူသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကိုလည်းကောင်း၊ ရစူလ်တမန်တော်၏ အမိန့်တော်များကိုလည်းကောင်း၊ လိုက်နာခဲ့၊ ယင်း(ကဲ့သို့သော) သူတို့သည် အလ္လာဟ်အရှင်မြတ် ကျေးဇူးပြုတော်မူသော နဗီတမန်တော်များ၊'ဆွစ်ဒ်ဒီက်'တိကျမှန်ကန်စွာပြောဆိုပြုလုပ်ဆောင်ရွက်သူများ'ရှဟီးဒ်'အလ္လာဟ်အရှင်မြတ်လမ်းတော်၌ အသက်ဇီဝိန်ကို စွန့်သူများ၊ 'ဆွာလိဟ်' သူတော်စင်သူတော်ကောင်းများနှင့် အတူတကွရှိကြလတ္တံ့။"(၄း၆၉)ဖြစ်၏။ ဤအာယတ်တော်က မုအ်မင်တိုင်းသည် 'ဆွစ်ဒ်ဒီက်'တစ်ဦး၊ 'ရှဟီးဒ်'တစ်ဦး မဟုတ်ကြောင်းကို ညွှန်ပြ၏။ အဘယ်

ကြောင့်ဆိုသော် တမန်တော်များမှတပါး အများမွတ်စလင်တို့အား (၁) ဆွစ်ဒ်ဒီကင် (၂) ရှူဟာဒါးအ်နှင့် (၃) သူတော်စင်များဟူ၍ မုအ်မင်အတန်းအစား (၃)မျိုးဖြင့် ဖွဲ့စည်းထား၏။ အတန်းအစား(၃)မျိုးသည် သိသိသာသာ ကွာခြားပုံပေါ်၏။ သို့မဟုတ်က ၎င်းတို့အားခွဲခြား၍ ဖော်ပြရန်လိုအပ်လို့မည် မဟုတ်ပေ။ ထို့ကြောင့် 'ဆွစ်ဒ်ဒီကင်'နှင့် 'ရှိူဟာဒါးအ်'တို့သည် အမှန်စင်စစ် အမြင့်ဆုံးအဆင့်အတန်းတွင် ပါဝင်ပြီး ဂုဏ်ရည်အမြင့်ဆုံး ဖြစ်ကြသည်ဟု အချို့ပညာရှင်များက ယုံကြည်ကြ၏။ ဤနေရာတွင် မုအ်မင်အားလုံးအား 'ဆွစ်ဒ်ဒီးက်'နှင့် 'ရှဟီးဒ်'အဖြစ် ရည်ညွှန်းခြင်းမှာ မုအ်မင်တိုင်းသည် အတိုင်းအတာတစ်ခုထိ 'ဆွစ်ဒ်ဒီကင်'နှင့် 'ရှိူဟာဒါးအ်'အုပ်စုများတွင် ပါဝင်သည့်သဘော ဖြစ်လေသည်။ ရူးဟွလ်မအာနီက ယခုသုံးသပ်နေသော အာယတ်တော်သည် ပြီးပြည့်စုံသော အီမာန်ရှင်များနှင့် သူတော်စင်များကို ရည်ညွှန်းခြင်းဟု ယုံကြည်ရန်လျော်ကန်သည်ဟုဆို၏။ သို့မဟုတ်က မုအ်မင်ယုံကြည်သက်ဝင်သူများ ဖြစ်ကြသော်လည်း အီမာန်၏ လမ်းညွှန်ချက်နှင့် မကိုက်ညီသောအမှုများတွင် ပျော်မွေ့နေကြသည့်လူများကိုမူ 'ဆွစ်ဒ်ဒီးက်' သို့မဟုတ် 'ရှဟီးဒ်'ဟု ခေါ်ဆိုဖို့ခက်မည်ဖြစ်၏။

တမန်တော်မြတ်(ဆ) မိန့်တော်မူခဲ့ကြောင်းလာရှိ၏။ اَللَّعَّانُوْنَ لَايَكُوْنُوْنَ شُهَدَاءَ ကျိန်ဆဲသူများသည် 'ရှိူဟာဒါးအ်' မဖြစ်နိုင်ပေ။' ဤဟဒီးသ်က အထက်မှအပူအဆကို ထောက်ခံပေသည်။ တစ်ကြိမ်သော် သာဝကကြီး အုမရ်အလ်ဖါရူးက်ﷺက လူများအား ပြောကြားခဲ့သည်။ 'အသင်တို့ မည်သို့ဖြစ်ကြလေသနည်း။ တစ်စုံတစ်ယောက်က လူများအသရေပျက်အောင် ပြုလုပ်နေခြင်းကို မြင်ပါလျက် အသင်တို့သည် ၎င်းအားတားမြစ်ခြင်းလည်း မပြုသကဲ့သို့ စက်ဆုပ်ရွံရှာဟန်လည်း မပြကြပေ။' ၎င်းတို့က 'ကျွန်ုပ်တို့သည် ၎င်း၏ပါးစပ်သရမ်းမှုကို ကြောက်ပါသည်။ အကယ်၍ ၎င်းအား ကျွန်ုပ်တို့က တစ်စုံ တစ်ရာပြောလိုက်ပါက ၎င်းကကျွန်ုပ်တို့၏ ဂုဏ်သိက္ခာကိုပါ ထိပါးတိုက်ခိုက်ပါလိမ့်မည်။'ဟု ပြန်ပြောခဲ့ကြသည်။ သာဝကကြီး အုမရ်ﷺက ပြန်လည်ချေပပြောဆိုခဲ့သည်မှာ 'ဤအတိုင်းသာမှန်ပါက သင်တို့သည် 'ရှိဟဒါအ်' မဖြစ်နိုင်ပေ။' အိပ်နိကဆီးရ်က ဤဆင့်ပြန်ချက်အား ကိုးကားလျက် 'ထိုကဲ့သို့ သူရဲဘောကြောင်သူများသည် ယခင် တမန်တော်တို့၏ နောက်လိုက်များကို ဆန့်ကျင်လျက် သက်သေခံမည်ဖြစ်သော 'ရှိူဟာဒါးအ်'ထဲမှ မဖြစ်နိုင်ဟု ဆိုလိုခြင်းဖြစ်၏။'ဟု ပြောကြားခဲ့၏။ (ရူးဟွလ်မအာနီ)။ အာယတ်တော်(၁၉)မှ اَلَّذِيْنَ اٰمَنُوْا (သက်ဝင်ယုံကြည်သူများ) ဟူသောစကားလုံးသည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်တို့အား အီမာန်သက်ဝင် ယုံကြည်ခဲ့ကြသော၊ ၎င်းအားမြင်တွေ့ခဲ့ကြသော၊ ၎င်း၏အပေါင်းအဖော်အဖြစ်ရှိမှုကို ကြည်နူးဝမ်းမြောက်ခဲ့ကြသော တမန်တော်မြတ်ﷺ၏ သာဝကကြီးများကိုသာ ရည်ညွှန်းကြောင်း မဇ်ဟရီကပြောကြား၏။ သို့ဖြစ်၍ အာယတ်တော်(၁၉)မှ هُمُ الصِّدِّيْقُوْنَ(ဆွစ်ဒ်ဒီးက်များသည် ထိုသူများပင်ဖြစ်ကြ၏။)ဟူသော ကန့်သတ်ချက်စကားရပ်က 'ဆွစ်ဒ်ဒီကင်' အဆင့်အတန်းသည် တမန်တော်မြတ်ﷺ၏ သာဝကကြီးများကို သတ်မှတ် သို့မဟုတ် ကန့်သတ်ခြင်းဖြစ်ကြောင်း ညွှန်ပြလေသည်။ မူဂျဒ္ဒစ်ဒ်အဲလ်ဖဆာနီက မိန့်ဆိုသည်မှာ မြင့်မြတ်သော သာဝကကြီးအားလုံး၌ တမန်တော်ဖြစ်မှု၏မြင့်မြတ်သောဂုဏ်ရည်များတွင် ဝေစုတစ်ခုရှိခဲ့ကြသည်။ ၎င်းအားသက်ဝင်ယုံကြည်သောစိတ်ဖြင့် တစ်ခဏတာအချိန်မျှဖြစ်စေ မြင်တွေ့ခဲ့ရသော မည်သည့်သာဝကြီးမဆိုသည် ထိုကဲ့သို့သော ပြီးပြည့်စုံခြင်းဂုဏ်ရည်များတွင် နစ်မြောသွားခဲ့မည်သာဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူ၍ ကြီးကျယ်မြင့်မြတ်တော်မူသော ထိုအရှင်သာလျှင် အသိဆုံးဖြစ်တော်မူသည်။

အာယတ်တော် (၂၀-၂၁)

اِعْلَمُوْٓا اَنَّمَا الْحَيٰوةُ الدُّنْيَا لَعِبٌ وَّ لَهْوٌ وَّ زِيْنَةٌ وَّ تَفَاخُرٌۢ بَيْنَكُمْ وَ تَكَاثُرٌ فِي الْاَمْوَالِ وَ الْاَوْلَادِ ؕ كَمَثَلِ غَيْثٍ اَعْجَبَ الْكُفَّارَ نَبَاتُهٗ ثُمَّ يَهِيْجُ فَتَرٰىهُ مُصْفَرًّا ثُمَّ يَكُوْنُ حُطَامًا ؕ وَ فِي الْاٰخِرَةِ عَذَابٌ شَدِيْدٌ ۙ وَّ مَغْفِرَةٌ مِّنَ اللّٰهِ وَ رِضْوَانٌ ؕ وَ مَا الْحَيٰوةُ الدُّنْيَآ اِلَّا مَتَاعُ الْغُرُوْرِ ﴿۲۰﴾ سَابِقُوْٓا اِلٰى مَغْفِرَةٍ مِّنْ رَّبِّكُمْ وَ جَنَّةٍ عَرْضُهَا كَعَرْضِ السَّمَآءِ وَ الْاَرْضِ ۙ اُعِدَّتْ لِلَّذِيْنَ اٰمَنُوْا بِاللّٰهِ وَ رُسُلِهٖ ؕ ذٰلِكَ فَضْلُ اللّٰهِ يُؤْتِيْهِ مَنْ يَّشَآءُ ؕ وَ اللّٰهُ ذُو الْفَضْلِ الْعَظِيْمِ ﴿۲۱﴾

အသင်တို့သည်ကောင်းစွာသိထားကြလေကုန်။လောကီဘဝသည်ကစားခုန်စားမှုသက်သက်သည်လည်းကောင်း၊ အလဟသ (ပျော်ရွှင်ခြင်းအားဖြင့်) အချိန်ဖြုန်းတီးမှုသည်လည်းကောင်း၊ မျက်စိပသာဒဖြစ်ခြင်းသည် လည်းကောင်း၊ အသင်တို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး သားသမီးပေါများမှုနှင့် စပ်လျဉ်း၍ အချင်းချင်းဂုဏ်တုဂုဏ်ပြိုင်ခြင်းသည် လည်းကောင်း၊ ဖြစ်ပေသည်။ အကြင်မိုးရေကဲ့သို့ပင် ထိုမိုးရေကြောင့် ပေါက်ရောက်သောမျိုးပင်များသည် တောင်သူလယ်သမားတို့အားနှစ်သက်ရွှင်ပျော်စေ၏။ထို့နောက်ယင်းမျိုးပင်များသည်သွေ့ခြောက်၍သွားလေသောအခါ အသင်သည် ယင်းမျိုးပင်များ ဝါ၍နေသည်ကို တွေ့မြင်ရ၏။ ထို့နောက်သော်ကား ယင်းမျိုးပင်မှာ အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားလေ၏။ သို့ရာတွင် အာခိရတ် တမလွန်ဘဝ၌မူမကား ပြင်းထန်လှစွာသော ပြစ်ဒဏ်သည်လည်းရှိ၏။ အလ္လာဟ်အရှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်နှင့် နှစ်မြို့မှုလည်း ရှိပေသည်။ စင်စစ်သော်ကား လောကီဘဝသည် အမြင်မှောက်မှားစေသော ဝတ္ထုပစ္စည်းမျှသာ ဖြစ်ပေသတည်း။[၂၀] အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့် သို့လည်းကောင်း၊ မိုးနှင့်မြေ၏ အကျယ်အဝန်းပမာ ကျယ်ဝန်းသော 'ဂျန္နတ်သုခဘုံ'သို့ လည်းကောင်း၊ ပြိုင်ဆိုင်ပြေးကြလေကုန်။ ယင်းဂျန္နတ်သုခဘုံမှာအလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်တို့အား လည်းကောင်း၊ သက်ဝင်ယုံကြည်ကြကုန်သော သူတို့အဖို့ အဆင်သင့်ပြုလုပ်ထားရှိပြီးဖြစ်၏။ ထိုသည်ကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်၊ ထိုအရှင်မြတ်သည် ယင်းကျေးဇူးတော်ကို မိမိအလိုရှိတော်မူသော သူအားချီးမြှင့်ပေးသနားတော်မူ၏။ စင်စစ်မှာကားအလ္လာဟ်အရှင်မြတ်သည်ကြီးကျယ်လှစွာသော ကျေးဇူးတော်ရှင် ဖြစ်တော်မူပေသည်။[၂၁]

ဤလောကီဘဝသည် တဒင်္သာယာကြည်နူးမှုဖြစ်၏။

အလျင်အမြန်ယတ်တော်များက ဂျန္နတ်သုခဘုံသားနှင့် ဂျဟန္နမ်ငရဲဘုံသားတို့၏ တမလွန်၌ ကြုံတွေ့ရမည့် အခဲသံမရှိသော အခြေအနေများကို ဖော်ပြခဲ့၏။ အကြင်သူ၏ တမလွန်၏ဆုလာဘ်များမှ ပိတ်ပင်ခံရခြင်းနှင့် အလွှာဟ် အရှင်မြတ်၏ပြစ်ဒဏ်ကို ခံယူရခြင်းများအတွက် အခြေခံအကြောင်းမှာ နောင်လာမည့်ဘဝကို မေ့လျော့စေရန် ၎င်းအား ဆွဲဆောင်သည့် ဤလောကီဘဝ၏ ခေတ္တယာယီဖြစ်သော သာယာကြည်နူးမှုများတွင် ပါဝင်ပတ်သက်မိခြင်း ဖြစ်သောကြောင့် ယခုအာယတ်တော်က လောကီဘဝ၏ သရုပ်မှန်နှင့် စိတ်မချရခြင်းများကို ဖော်ပြလေသည်။ အာယတ်တော်က ၎င်း၏ဘဝအစမှအဆုံးတိုင် ပျော်ရွှင်မြူးထူးစွာ မွေ့လျော်သော လူသားတစ်ဦး၏ ပတ်သက်မှုများကို သရုပ်ဖော်သည်။ ဤပတ်သက်မှုများအား ယင်းတို့ဖြစ်ပေါ်သည့် အစီအစဉ်အတိုင်း အကျဉ်းချုပ်ဖော်ပြထား၏။ လူသားသည် ၎င်း၏ဘဝအစမှအဆုံးတိုင် အောက်ပါအစီအစဉ်အတိုင်း ဖြစ်စေသည်။ 'လအစ်ဗ်' (ကစားခုန်စားခြင်း)၊ 'လဟ်ဝ်' (မြူးထူးပျော်ပါးခြင်း)၊ 'ဇီနဟ်' (အလှအပကိုပြသခြင်း)၊ 'တဖာက်ခူးရ်' (ဂုဏ်တုဂုဏ်ပြိုင်ပြုလုပ်ခြင်း)နှင့် 'တကာဆူးရ်' (ဓနဥစ္စာနှင့် သားသမီးတိုးပွားမှု ပြိုင်ဆိုင်ခြင်း)များ ဖြစ်ကြသည်။

'လအစ်ဗ်' (ကစားခုန်စားခြင်း)ဟူသော စကားလုံးသည် ကလေးငယ်တို့၏ လှုပ်ရှားမှုများကဲ့သို့ ရည်ရွယ်ချက်မဲ့သော ကစားခုန်စားခြင်းကို ရည်ညွှန်း၏။ 'လဟ်ဝ်'(မြူးထူးပျော်ပါးခြင်း သို့မဟုတ် ဝါသနာ)သည် မူလက မြူးထူးပျော်ပါးမှုနှင့် ပျော်ရွှင်ကြည်နူးမှုများအတွက် ရည်ရွယ်သော ကစားပွဲ သို့မဟုတ် အားကစားတစ်ရပ်ကို ဆိုလိုသည်။ သို့သော် ကာယလေ့ကျင့်ခန်းကဲ့သို့ အကူအပံ့ဖြစ်သော ရည်ရွယ်ချက်အတွက်လည်း အသုံးပြုနိုင်ပေသည်။ ထိုစကားလုံးတွင် ဘောလုံးကစားခြင်း သို့မဟုတ် ရေကူးခြင်း သို့မဟုတ် ပစ်မှတ်ကိုထိအောင်ပစ်ခြင်းစသည့် လူငယ်အားကစားနည်းများလည်း ပါဝင်၏။ ဟဒီးသ်များက ရေကူးခြင်းနှင့် ပစ်မှတ်ကိုထိအောင်ပစ်ခြင်းများကို ကောင်းမွန်သော အားကစားနည်းများအဖြစ် သတ်မှတ်၏။ လူ့ဘဝ၏အစပိုင်းကို ကစားခုန်စားခြင်းနှင့် မြူးထူးပျော်ပါးခြင်းများတွင် သုံးစွဲကြသည်။ ပျိုရွယ်သောအဆင့်သို့ ရောက်သောအခါ၊ လူသည် မိမိ၏ကိုယ်ခန္ဓာကို လှပအောင်ဆင်ယင်ကာ ပြသလိုခြင်းအား အာယတ်တော်၌ 'ဇီနဟ်'ဟု ဖော်ပြ၏။ ထို့နောက် လူသည် မိမိ၏အပေါင်းအသင်းများထက် မိမိကသာလွန်ကြောင်း ကြွားဝါလိုစိတ် ဖြစ်ပေါ်လာသည်။ အသက်အရွယ်ကြီးရင့်သောအခါ၊ တိုးပွားလာသော ဥစ္စာပစ္စည်းနှင့် သားသမီးများနှင့် ပတ်သက်၍ ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်ကြလေသည်။

လူသားသည် ဘဝ၏ပြောင်းလဲတိုးတက်မှု အဆင့်တစ်ဆင့်ကို ကျော်ဖြတ်သောအခါ၊ ထိုအဆင့်နှင့် ပတ်သက်၍ ကျေနပ်အားရဖြစ်မိသည်။ သို့သော် အဆင့်လွန်မြောက်သောအခါ၊ ၎င်းသည် ထိုအဆင့်၏ အဓိပ္ပါယ်မဲ့ခြင်း၊ အနှစ်သာရမရှိခြင်းကို သိရှိပြီး ဘဝ၏နောက်တစ်ဆင့်ကို တက်လှမ်းပြန်သည်။ ဥပမာ- ကလေးတစ်ယောက်သည် ၎င်း၏ဘဝအဆင့်ကို နှစ်သက်စွဲလန်းပြီး 'လအစ်ဖ်'(ကစားခုန်စားခြင်း)အဆင့်ကို ၎င်း၏ဘဝပန်းတိုင်အဖြစ် သဘောထားလေသည်။ တစ်စုံတစ်ယောက်က ၎င်းကစားစရာအရုပ်ကို လုယူသောအခါ၊ လူကြီးတစ်ယောက်သည် ၎င်း၏အဖိုးတန်ပစ္စည်းဥစ္စာကို အတင်းသိမ်းယူခံရသောကြောင့် ကြေကွဲဝမ်းနည်းရသလောက်ပင် ကလေးသည်လည်း ခံစားရ၏။ သို့ရာတွင် အနည်းငယ် ကြီးပြင်းလာသောအခါ၊ ဘဝပန်းတိုင်အဖြစ် ၎င်းမှတ်ယူခဲ့သည့် အရာဝတ္ထုများသည် အသုံးမဝင်မှန်းကိုလည်းကောင်း၊ ကြေကွဲဝမ်းနည်းခဲ့ခြင်းသည် ရယ်ဖွယ်ဖြစ်ကြောင်းကိုလည်းကောင်း နားလည်သဘောပေါက်ခဲ့သည်။ အလှအပကိုခုံမင်သော အကြင်သူ၏ ပျိုရွယ်ချိန်၌လည်း ထိုအတိုင်းပင် ဖြစ်ပျက်လေသည်။ အသက်အရွယ်ကြီးရင့်လာချိန်၌ လူသည် ဥစ္စာပစ္စည်းကို စုဆောင်း၍ သားသမီးများ တိုးပွားစေသည်။ ဩဇာအာဏာ၊ နာမည်ကြီးခြင်း၊ ဂုဏ်သိက္ခာတက်ခြင်း၊ မာန်မာနနှင့် အဆင့်အတန်းများသည် ဘဝတွင်လွှမ်းမိုးမှုကိုအသုံးပြုရန် ၎င်း၏ကုန်ထုတ်ပစ္စည်း

နှင့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ကြပေသည်။ ဤပြောင်းလဲတိုးတက်ခြင်း အဆင့်မှာလည်း ပြီးဆုံးသွားလိမ့်မည်ဖြစ်ကြောင်း ကုရ်အာန်က ၎င်းအား သတိပေးဏ်။ နောက်အဆင့်သည် 'ဗရဇာခ်' (သန့်ရှင်း)ဖြစ်ပြီး ယင်းဏ်နောက်မှ ရှင်ပြန်ထမည့်နေ့ လိုက်လာမည်ဖြစ်ဏ်။ လူသားအနေဖြင့် ထိုဘဝဏ်အဆင့်များ သို့မဟုတ် ပြောင်းလဲဖြစ်ပေါ်တိုးတက်မှုအဆင့်များ အကြောင်းကို စဉ်းစားရန်လိုအပ်ဏ်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် အဆုံးမရှိသော တကယ့်ထာဝရဖြစ်သော ကြောင့်ပင်။ အလ္လာဟ်အရှင်မြတ်သည် ဤလောကဏ် တဒင်္ဂသာယာကြည်နူးမှုများအကြောင်းကို ဆီလျော်သော ပုံဆောင်မှုဖြင့် သင်ခန်းစာပေးရင်း ဖော်ပြတော်မူသည်။

كَمَثَلِ غَيْثٍ أَعْجَبَ الْكُفَّارَ نَبَاتُهُ ثُمَّ يَهِيجُ فَتَرَاهُ مُصْفَرًّا ثُمَّ يَكُونُ حُطَامًا

"…. အကြင်မိုးရေကဲ့သို့ပင် ထိုမိုးရေကြောင့် ပေါက်ရောက်သော မျိုးပင်များသည် တောင်သူလယ်သမားတို့အား နှစ်သက်ရွှင်ပျော်စေဏ်။ ထို့နောက် ယင်းမျိုးပင်များသည် သွေ့ခြောက်၍သွားလေသောအခါ အသင်သည် ယင်းပျိုးပင်များ ဝါ၍နေသည်ကို တွေ့မြင်ရဏ်။ ထို့နောက်သော်ကား ယင်းပျိုးပင်မှာ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားလေဏ်။…."(၅၇း၂၀)။ 'ယိုင်းဆ်'ဟူသော စကားလုံးသည် 'မိုးရေ'ကိုဆိုလိုသည်။ 'ကုဖ္ဖာရ်'ဟူသော စကားလုံးသည် 'ကာဖိရ်'ဏ်အများကိန်းဖြစ်ပြီး၊ ယေဘုယျအားဖြင့် 'မုအ်မိနင်' (ယုံကြည်သက်ဝင်သူများ)ဏ် ဆန့်ကျင်ဘက် 'မယုံကြည်သွေဖည်သူများ' အဓိပ္ပါယ်ဖြင့်သုံးဏ်။ သို့သော် ယင်းစကားလုံးဏ် တိုက်ရိုက်အဓိပ္ပါယ်သည် 'တောင်သူလယ်သမားများ'ဖြစ်ဏ်။ အချို့ပညာရှင်များက ဤတိုက်ရိုက်အဓိပ္ပါယ်ကိုယူလျက် တောင်သူလယ်သမားများသည် မိုးရွာသွန်းပြီးနောက် ပေါက်လာသော အပင်ငယ်များကိုကြည့်လျက် ပျော်ရွှင်ကြလေသည်ဟူ၍ ရှင်းပြဏ်။ အချို့ပညာရှင်များကမူ 'ကုဖ္ဖာရ်'အား အသိများသော အဓိပ္ပါယ်ဖြစ်သည့် မယုံကြည်သူများဟု ယူကြခြင်းဖြင့် အာယတ်တော်က မယုံကြည်သွေဖည်သူများသည် စိမ်းလန်းသောအပင်များဏ် ဆွဲဆောင်ခြင်းကို ခံရသည်ဟု ရှင်းပြကြဏ်။ ဤရှင်းလင်းချက်ကို ဝေဖန်ကြပုံမှာ စိမ်းစိုနေသော အပင်များကြောင့် ပျော်ရွှင်သည်မှာ မယုံကြည်သွေဖည်သူများသာ မဟုတ်ဘဲ ယုံကြည်သက်ဝင်သူများသည်လည်း ပေါများကြီးထွား၍ စိမ်းစိုသန်စွမ်းသော အပင်များကို နှစ်သက်သဘောကျသည့် အချက်ဖြစ်ဏ်။ ဤဝေဖန်ချက်အား ရှင်းလင်းဖွင့်ဆိုသူများက ဤသို့နှိုင်းချင့်သုံးသပ်ကြသည်။ ယုံကြည်သူတစ်ဦးဏ် ပျော်ရွှင်ကြည်နူးခြင်းနှင့် မယုံကြည်သူတစ်ဦးဏ် ပျော်ရွှင်ကြည်နူးခြင်းတို့ကြား၌ ကွဲပြားမှုတစ်ပုံတစ်ပင်ရှိလေသည်။ ယုံကြည်သူတစ်ဦးဏ် ကြည်နူးဝမ်းမြောက်ခြင်းသည် အလ္လာဟ်အရှင်မြတ်ထံတော်သို့ ဦးတည်ဏ်။ အရာခပ်သိမ်းသည် အလ္လာဟ်အရှင်မြတ်ဏ် တန်ခိုးတော်၊ ဉာဏ်တော်နှင့် ကရုဏာတော်များဏ် အကျိုးကျေးဇူးဖြစ်သည်ဟု ၎င်းကယုံကြည်သည်။ ထိုအရာများကို ၎င်းဏ်ဘဝပန်းတိုင်အဖြစ် မှတ်ယူခြင်းမပြုဘဲ တမလွန်၌ရရှိမည့် ပို၍မြင့်မားသော၊ ထာဝရဖြစ်သော အရာများအတွက် စဉ်းစားဆင်ခြင်လျက်မမြဲသောဤလောကချစ်ခင်မြတ်နိုးအပ်သောအဖိုးတန်အရာများကို၎င်းသည်စွန့်လွှတ်လေသည်။ တမလွန်ဘဝဏ် ပို၍မြင့်မားသော၊ ထာဝရဖြစ်သော အရာများသည် ၎င်းပူပင်သောကဖြစ်ရသည့် ၎င်းဏ်ဘဝပန်းတိုင်ပင်ဖြစ်လေသည်။ ထို့ကြောင့် ဤလောက၌ အကြီးမားဆုံး ဥစ္စာဓနသည်ပင်လျှင် ကာဖိရ်များကို ဆွဲဆောင်သကဲ့သို့ ခိုင်မာပြည့်စုံသော အီမာန်ရှင်မုအ်မင်များအား ဆွဲဆောင်နိုင်ခြင်းမရှိပေ။ ဤသည်မှာ အပင်များဏ်ဆွဲဆောင်မှုကိုခံရသူသည် ကာဖိရ်တစ်ဦးဖြစ်ရခြင်းအကြောင်းပင် ဖြစ်လေသည်။

အချုပ်အားဖြင့် ဤပညာပေးပုံဆောင်ချက်က ဆိုလိုသည်မှာ မိုးရွာပြီးနောက် အပင်အမျိုးမျိုး ပေါက်ရောက်လာခြင်းက တောင်သူလယ်သမားများ အထူးသဖြင့် ကာဖိရ်များကို ကျေနပ်နှစ်သက်စေသည်။ သို့သော် မကြာမီအပင်များသည် စိမ်းစိုလတ်ဆတ်ရာမှ အစိမ်းရောင်မှေးမှိန်ပျောက်ကွယ်ပြီး အဝါရောင်သို့ပြောင်းကာ နောက်ဆုံးအမှုန်အမွှားအဖြစ် ပြန့်ကျဲသွားလေသည်။ ဤသည်မှာ ဤဘဝ၌ လူသားမျိုးနွယ်ဏ် ဥပမာပင်ဖြစ်ဏ်။ ၎င်းတို့သည် ဘဝအစတွင်

ငယ်ရွယ်နပျိုပြီး ချောမောလှပကြသည်။ တဖြည်းဖြည်းနှင့် ဇရာကလွှမ်းမိုးလာသောအခါ၊ ၎င်းတို့၏လှပခြင်း၊ နုပျိုလန်းဆန်းခြင်းများသည် လွင့်ပါးပြီး၊ သေဆုံးသောအခါ မြေမှုန့်များ ဖြစ်သွားကြလေသည်။ ဤသင်ခန်းစာပေးသည့် ဇာတ်လမ်းက ဘဝ၏အဆုံးသတ်ပုံကို ညွှန်ပြခြင်းဖြစ်၏။ ဆန့်ကျင်ဘက်အားဖြင့် မလွဲဧကန်ရောက်လာမည့် တမလွန်၏ထူးခြားမှုကို အောက်ပါစကားလုံးများဖြင့် ဖော်ပြတော်မူသည်။

"وَ فِی الۡاٰخِرَۃِ عَذَابٌ شَدِیۡدٌ ۙ وَّ مَغۡفِرَۃٌ مِّنَ اللّٰہِ وَ رِضۡوَانٌ .... သို့ရာတွင် 'အာခိရတ်' တမလွန်ဘဝ၌မူကား၊ ပြင်းထန်လှစွာသော ပြစ်ဒဏ်သည်လည်းရှိ၏။ အလ္လာဟ် အရှင်မြတ်အထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်နှင့် နှစ်မြို့မှုလည်းရှိပေသည်။"(၅၇း၂၀)။ တမလွန်၌ လူများသည် အောက်ပါနှစ်မျိုးအနက် တစ်မျိုးနှင့် မုချရင်ဆိုင်ကြရမည်။ (၁) မယုံကြည်သူများအတွက် ဆိုးရွားပြင်းထန်သော ပြစ်ဒဏ်နှင့် (၂) အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်မှု၊ ကရုဏာနှင့် ကျေနပ်နှစ်သက်မှု။ ဤနေရာတွင် ပြစ်ဒဏ်ကို ဦးစွာ ဖော်ပြထား၏။ အဘယ်ကြောင့်ဆိုသော် အလျင်အမြန်ယတ်တော်များက ကာဖိရ်တို့၏ အကျင့်အမူများအကြောင်းကို ဖော်ပြရာတွင် ၎င်းတို့သည် လောကီပျော်ရွှင်ကြည်နူးမှုများ၌ အလွန်အကျွံနစ်မွန်းခဲ့ကြသဖြင့် ယင်း၏ရလဒ်မှာလည်း ပြင်းထန်သော ဒဏ်ပေးဆုံးမခြင်း ဖြစ်ပေသည်။ ဆန့်ကျင်ဘက်အားဖြင့် ယုံကြည်သက်ဝင်သူတို့အတွက် အလ္လာဟ် အရှင်မြတ်၏ (၁) ခွင့်လွှတ်မှုနှင့် (၂) ကျေနပ်နှစ်သက်မှုများကို ချမှတ်တော်မူသည်။ အပြစ်များမှ ခွင့်လွှတ်ခြင်းသည် အကြင်သူအားပြစ်ဒဏ်များမှ ကယ်တင်သည့် ကျက်သရေမင်္ဂလာတစ်ပါး ဖြစ်ရုံမက ၎င်းသည်ဂျန္နတ်သုခဘုံနှင့် ယင်း၏ ထာဝရအကျိုးကျေးဇူးများကိုလည်း ရရှိလိမ့်မည်ဖြစ်ကြောင်းကို ညွှန်ပြ၏။ ဤသို့ရရှိခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို ပြသတော်မူခြင်းပင် ဖြစ်လေသည်။

"وَ مَا الۡحَیٰوۃُ الدُّنۡیَاۤ اِلَّا مَتَاعُ الۡغُرُوۡرِ .... စင်စစ်သော်ကား လောကီဘဝသည် အမြင်မှောက်မှားစေသော ဝတ္ထုပစ္စည်းမျှသာ ဖြစ်ပေသတည်း။" (၅၇း၂၀)။ ဤလောကီ၏ သရုပ်မှန်ကို လက်ရှိအာယတ်တော်က တိကျစွာဖော်ပြ၏။ ပြီးခဲ့သောအာယတ်တော်များတွင် ဤလောကီ၏ ခေတ္တယာယီသဘာဝအကြောင်း ရှင်းပြခဲ့သည်ကို သိမြင်နားလည်ပြီးနောက် စဉ်းစားတတ်သော၊ အသိ ဉာဏ်ရှိသော လူများအနေဖြင့် တစ်ခုတည်းသော ကောက်ချက်ကိုသာ ချနိုင်ပေသည်။ ယင်းကောက်ချက်မှာ လောကီဘဝသည် လှည့်စားမှုတစ်ခုသာလျှင်ဖြစ်ပြီး၊ ပုံမှန်မဟုတ်သော အချိန်များတွင် အသုံးဝင်သည့် အရင်းငွေတစ်ခု မဟုတ်ကြောင်းပင်ဖြစ်၏။ ထို့ကြောင့် လောကီဘဝ၏သရုပ်မှန်နှင့် တမလွန်၏ပြစ်ဒဏ်များကို သိနားလည်ပြီးနောက် စဉ်းစားတတ်သော လူတစ်ဦးသည် လောကီသာယာကြည်နူးမှုများတွင် လိုအပ်သည်ထက်ပို၍ ပါဝင်ပတ်သက်ရန်မသင့်ဘဲ တမလွန်၏အကျိုးဆုလာဘ်များကို ရရှိရန်ကိုသာ စိတ် ထက်သန်သင့်လေသည်။ ဤအကြောင်းကို နောက်အာယတ် တော်က မိန့်ကြား၏။

"سَابِقُوۡۤا اِلٰی مَغۡفِرَۃٍ مِّنۡ رَّبِّکُمۡ وَ جَنَّۃٍ عَرۡضُهَا کَعَرۡضِ السَّمَآءِ وَ الۡاَرۡضِ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်သို့ လည်းကောင်း၊ မိုးနှင့်မြေ၏ အကျယ်အဝန်း ပမာကျယ်သော ဂျန္နတ်သုခဘုံသို့လည်းကောင်း၊ ပြိုင်ဆိုင်ပြေးကြလေကုန်။ ...."(၅၇း၂၁)။ ယှဉ်ပြိုင်ခြင်း သို့မဟုတ် ပြိုင်ပွဲသည် ဤအာယတ်တော်၌ အဓိပ္ပါယ်နှစ်မျိုးကို ရည်ညွှန်း၏။ (၁) မည်သူ့ တွင်မျှ အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ သန်စွမ်းခြင်းများအတွက် အာမခံချက်မရှိပေ။ အကြင်သူတစ်ဦးသည် အနာဂတ် အတွက် ကောင်းမှုပြုရာတွင် အချိန်ဆွဲခြင်း၊ ရွှေ့ဆိုင်းခြင်း၊ နောင့်နေးခြင်း မပြုသင့်ပေ။ အဘယ်ကြောင့်ဆိုသော် ဖျားနာခြင်းကြောင့်သော်လည်းကောင်း၊ မတတ်စွမ်းနိုင်မှုတစ်ခုခုကြောင့်သော်လည်းကောင်း၊ သေခြင်းကြောင့်သော် လည်းကောင်း(ကောင်းမှုပြုရန်)အချိန်သည် ရောက်လာနိုင်မည် မဟုတ်သောကြောင့်ဖြစ်၏။ အကြင်သူသည် မတတ်စွမ်းနိုင်ခြင်း၊ အားအင်ချိနဲ့ခြင်းနှင့် သေခြင်းတရားနှင့်ပင် ယှဉ်ပြိုင်သင့်၏။ သို့မှသာထိုကဲ့သို့ မတတ်စွမ်းနိုင်မှုများ ရောက်ရှိလာပြီး၊ ကောင်းမှုပြုလုပ်ခြင်းမှ မတား

ဆီးနိုင်မီ အကြောင်သူသည် မိမိအား ဂျန္နတ်သုခဘုံသို့ ခေါ်ဆောင်သွားမည်ဖြစ်သော ကောင်းမှုကုသိုလ်များကို စုဆောင်းနိုင်ပေလိမ့်မည်။ (၂) အခြားအဓိပ္ပါယ်တစ်ခုမှာ 'ပလီဝတ်ကျောင်းသို့ ပထမဆုံးသွားသည့် လူများတွင်လည်း ကောင်း၊ နောက်ဆုံးမှထွက်သည့် လူများတွင်လည်းကောင်း အပါအဝင်ဖြစ်ပါစေ။'ဟူသော သာဝကကြီးအလီ ﷺ၏ အကြံပြုချက်ကဲ့သို့ ကောင်းမှုများတွင် တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ကြသင့်၏။ သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နိမတ်စ်အူးဒ် ﷺက 'ဂျိဟာဒ်၏ပထမဆုံးအတန်းတွင်ရှိစေရန် ရှေ့ကိုတိုးပါ။' ဟု အကြံပြုပြီး၊ သာဝကကြီးအနာစ် ﷺက 'စုပေါင်းဝတ်ပြုရာတွင် ပထမ 'တက်ဗီရ်' ကိုမီအောင် ကြိုးစားပါ။'ဟု မိန့်ဆို၏။ (ရှုဟ်)

ယခုအာယတ်တော်က ဂျန္နတ်သုခဘုံသည် မိုးကောင်းကင်နှင့် ကမ္ဘာမြေမျှကျယ်ဝန်းမည်ဟု အဓိပ္ပါယ်ဖွင့်ဆို၏။ စူရဟ်အာလိအင်မ်ရာန်၏ အာယတ်တော်(၃း၁၃၃)၌ 'မိုးကောင်းကင်များ' ဟူ၍ အများကိန်းဖြင့် ဖော်ပြသော်လည်း ဤနေရာတွင် 'စမအ်'(မိုးကောင်းကင်)ဟူ၍ တစ်ခုကိန်းဖြင့် ဖော်ပြခြင်းမှ ကျွန်ုပ်တို့နားလည်ရသည်မှာ တစ်ခုကိန်းနှင့် အများကိန်း နှစ်ခုစလုံးသည် မိုးကောင်းကင်(၇)ထပ်ကို ရည်ညွှန်းကြောင်းပင်ဖြစ်၏။ အကယ်၍ မိုးကောင်းကင်(၇)ထပ်နှင့် ကမ္ဘာမြေတို့၏ အကျယ်အဝန်းကို စုပေါင်းလိုက်ပါက သုခဘုံ၏အကျယ်အဝန်းကို ရရှိလိမ့်မည်ဖြစ်ပေသည်။ မည်သည့်အရာဖြစ်စေ အလျားသည်အနံထက်ပိုကြောင်းမှာ ထင်ရှားသည်ဖြစ်၍ ဂျန္နတ်သုခဘုံ၏အလျားသည် မိုးကောင်းကင်(၇)ထပ်နှင့် ကမ္ဘာမြေတို့၏ အကျယ်အဝန်းထက် ပိုလိမ့်မည်ဖြစ်၏။ တစ်ခါတစ်ရံ အလျားမည်မျှရှိသည်ဖြစ်စေ အကျယ် သို့မဟုတ် အနံဟူသော စကားလုံးအား အကျယ်အဝန်းဟူ၍ ယေဘုယျအဓိပ္ပါယ်ဖြင့် သုံးလေ့ရှိ၏။ အခြေအနေနှစ်ရပ်စလုံးတွင် အာယတ်တော်က ဖော်ပြလိုသည်မှာ ဂျန္နတ်သုခဘုံသည် အလွန်ကျယ်ပြောဝ၏။ မည်မျှကျယ်ပြောသည်ဆိုသော် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့အားလုံးကို ထားရှိနိုင်လောက်ပေသည်။

ذٰلِكَ فَضْلُ اللّٰهِ يُؤْتِيْهِ مَنْ يَّشَآءُ ۗ وَ اللّٰهُ ذُو الْفَضْلِ الْعَظِيْمِ .... " ထိုသည်ကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်၊ထိုအရှင်မြတ်သည်ယင်းကျေးဇူးတော်ကိုမိမိအလိုရှိတော်မူသောသူအားချီးမြှင့်ပေးသနားတော်မူ၏။ စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သည် ကြီးကျယ်လှစွာသော ကျေးဇူးတော်ရှင် ဖြစ်တော်မူပေသတည်း။"(၅၇း၂၁)။ အလျင်က အာယတ်တော်များတွင် ဂျန္နတ်သုခဘုံနှင့် ယင်း၏ အကျိုးဆုလာဘ်များဆီသို့ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် ချီတက်ကြရန် ကျွန်ုပ်တို့အား အမိန့်ပေးတော်မူခဲ့သောကြောင့် ဂျန္နတ်သုခဘုံနှင့် ယင်း၏ထာဝရဖြစ်သော သာယာကြည်နူးမှုများ၊ဝမ်းမြောက်ပျော်ရွှင်ခြင်းများသည်ကျွန်ုပ်တို့၏လုပ်ရပ်များ၏တိုက်ရိုက်အကျိုးရလဒ်ဖြစ်သည်ဟု အထင်ရောက်နိုင်ပေသည်။ ဤအာယတ်တော်က အလွယ်တကူ နားလည်အောင် ရှင်းပြသည့်အချက်မှာ ဂျန္နတ် သုခဘုံသို့ ရောက်ရှိရန်အတွက် ကောင်းသောလုပ်ရပ်များဖြင့် မလုံလောက် ကြောင်းဖြစ်၏။ လူသား၏ဘဝ တစ်သက်တာ လုပ်ရပ်များ ဂျန္နတ်သုခဘုံ၏ ဆုလာဘ်များနှင့် ထာဝရကောင်းချီးမင်္ဂလာများကို မဆိုထားနှင့် ဤလောကီ၌ ၎င်းရရှိဆုလာဘ်လက်ဆောင်များအတွက်ပင် လုံလောက်သော တန်ဖိုးမဖြစ်နိုင်ပေ။ ဂျန္နတ်သုခဘုံထဲသို့ ဝင်ရသူသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်များကြောင့်သာလျှင် ဝင်ရလိမ့်မည်ဖြစ်၏။ သာဝကကြီး အဗူဟူရိုင်ရဟ် ﷺအား ကိုးကားလျက် ဆွဟီဟိန်း၌ဖော်ပြသည့် ဟဒီးသ်တော် တစ်ရပ်၌ အလ္လာ့ရစူလ် ﷺ မိန့်တော်မူခဲ့သည်။ 'မည်သူမျှ ၎င်း၏လုပ်ရပ်များသက်သက်ဖြင့် ကယ်တင်ခြင်းကို ရရှိလိမ့်မည်မဟုတ်ပေ။' သာဝကကြီးများက မေးမြန်းခဲ့ကြသည်။ 'အသင်သည်ပင်လျှင် မရရှိနိုင်ပါသလော၊ အို- အလ္လာ့ရစူလ်' ၎င်းက ပြန်ပြောခဲ့သည်။ 'အလ္လာဟ် အရှင်မြတ်က မိမိ၏ကျေးဇူးတော်နှင့် မေတ္တာကရုဏာတော်များကို ကျွန်ုပ်အား ချီးမြှင့်တော်မမူဘဲလျက် ကျွန်ုပ်သည်ပင် ကျွန်ုပ်၏လုပ်ရပ်များကြောင့် ဂျန္နတ်ကိုရရှိလိမ့်မည်မဟုတ်။' (မဇ်ဟာရီ)

အာယတ်တော် (၂၂-၂၄)

مَآ اَصَابَ مِنۡ مُّصِيۡبَةٍ فِى الۡاَرۡضِ وَلَا فِىۡۤ اَنۡفُسِكُمۡ اِلَّا فِىۡ كِتٰبٍ مِّنۡ قَبۡلِ
اَنۡ نَّبۡرَاَهَا ؕ اِنَّ ذٰلِكَ عَلَى اللّٰهِ يَسِيۡرٌ ۖ﴿۲۲﴾ لِّكَيۡلَا تَاۡسَوۡا عَلٰى مَا فَاتَكُمۡ وَ
لَا تَفۡرَحُوۡا بِمَآ اٰتٰىكُمۡ ؕ وَاللّٰهُ لَا يُحِبُّ كُلَّ مُخۡتَالٍ فَخُوۡرِ ۙ﴿۲۳﴾ الَّذِيۡنَ يَبۡخَلُوۡنَ
وَيَاۡمُرُوۡنَ النَّاسَ بِالۡبُخۡلِ ؕ وَمَنۡ يَّتَوَلَّ فَاِنَّ اللّٰهَ هُوَ الۡغَنِىُّ الۡحَمِيۡدُ ﴿۲۴﴾

မည်သည့်ဘေးဒုက္ခမျှပင် ကမ္ဘာမြေ၌ လည်းကောင်း၊ အသင်တို့ကိုယ်၌ လည်းကောင်း၊ ဆိုက်ရောက်သည် မဟုတ်ပေ။ သို့ရာတွင် ငါအရှင်မြတ်သည် ယင်းဘေးဒုက္ခ၊ ကမ္ဘာမြေနှင့် အသင်တို့၏ဇီဝိန်များကို ဖန်ဆင်းတော်မမူမီကပင်လျှင် မှတ်တမ်းစာအုပ်တွင် (ဧရေးသား၍ထားတော်မူပြီး ဖြစ်၏)။ ဧကန်အမှန် ဤသည် အလ္လာဟ်အရှင်မြတ်၌ လွယ်ကူလှပေသည်။[၂၂] အသင်တို့သည် မိမိတို့ထံမှလွတ်သွားသောအရာနှင့် စပ်လျဉ်း၍ ပူဆွေးခြင်းမရှိကြရန် လည်းကောင်း၊ မိမိတို့အား ထိုအရှင်မြတ်က ချီးမြှင့်ပေးသနားတော်မူသော အရာနှင့်စပ်လျဉ်း၍ ဝမ်းမြောက်မော်ကြွားခြင်း မပြုကြရန်လည်းကောင်း၊ (ထိုအရှင်မြတ်သည် အသင်တို့အား ဤသည်ကို သိစေတော်မူခြင်း ဖြစ်၏)။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် မည်သည့် မာန်မာနထောင်လွှားသူ၊ ဂုဏ်မောက်သူကိုမျှ နှစ်သက်တော်မူသည်မဟုတ်ပေ။[၂၃] (ငင်းတို့ကား) အကြင်သူများပင်။ ထိုသူတို့သည် မိမိတို့ကိုယ်တိုင် စေးနှဲကြသည်သာမက၊ သူတစ်ပါးတို့အားလည်း စေးနှဲကြရန် အမိန့်ပေးကြကုန်၏။ စင်စစ်သော်ကား မည်သူမဆို (သုံးစွဲလှူဒါန်းခြင်းမပြုဘဲ) မျက်နှာလွှဲ၍ ထွက်သွားလျှင် ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် လိုလား တောင့်တခြင်း ကင်းမဲ့တော်မူသောအရှင်၊ ချီးမွမ်းအပ်သော ဝိသေသဂုဏ်ထူးအပေါင်းတို့နှင့် ပြည့်စုံတော်မူသော အရှင်မြတ် ဖြစ်တော်မူပေသတည်း။[၂၄]

လူသားအား အကျိုးသက်ရောက်စေသည့် အခြေခံအကြောင်းများကို မှန်ကန်စွာချင့်တွက်သတ်မှတ်ထား၏။

လူသားအား အလ္လာဟ်အရှင်မြတ်နှင့် တမလွန်ကို မေ့လျော့အောင်ပြုလုပ်သော အခြေခံအကြောင်းနှစ်စုံရှိ၏။ (၁) ဥစ္စာပစ္စည်း၊ ကိုယ်စိတ်ချမ်းသာခြင်းနှင့် လောကစည်းစိမ်များ ဖြစ်ကြသည်။ စည်းစိမ်ချမ်းသာများတွင် နစ်မွန်းခြင်းက အကြင်သူအား အလ္လာဟ်အရှင်မြတ်ကို လစ်လျူရှုပေါ့တန်စေလေသည်။ ပြီးခဲ့သော အာယတ်တော်များက ထိုကိစ္စနှင့် ပတ်သက်၍ သတိပေးခဲ့၏။ (၂) ဘေးဒုက္ခများ၊ ပြဿနာများနှင့် အခြားသော အခက်အခဲအကြပ်အတည်းများက အကြင်သူအား မျှော်လင့်ချက် ကင်းမဲ့စေပြီး၊ မျှော်လင့်ချက်ကင်းမဲ့ခြင်းက တဖန် အလ္လာဟ်အရှင်မြတ် ဘက်တော်သို့ လှည့်ရန်ကို လစ်လျူရှုပေါ့လျော့စေလေသည်။ ယခုအာယတ်တော်အစုံသည် ဤအလေးမထားပေါ့ဆခြင်း၏ ဒုတိယ အကြောင်းနှင့် သက်ဆိုင်ပေသည်။

مَآ اَصَابَ مِنۡ مُّصِيۡبَةٍ فِى الۡاَرۡضِ وَلَا فِىۡۤ اَنۡفُسِكُمۡ اِلَّا فِىۡ كِتٰبٍ مِّنۡ قَبۡلِ اَنۡ نَّبۡرَاَهَا "မည်သည့် ဘေး ဒုက္ခမျှပင် ကမ္ဘာမြေပေါ်၌လည်းကောင်း၊ အသင်တို့၏ကိုယ်၌လည်းကောင်း၊ ဆိုက်ရောက် မည်မဟုတ်ပေ။ သို့ရာတွင် ငါအရှင်မြတ်သည် ယင်းဘေးဒုက္ခ၊ ကမ္ဘာမြေနှင့် အသင်တို့၏ဇီဝိန်များကို ဖန်ဆင်းတော်မမူမီ ကပင်လျှင် မှတ်တမ်းစာအုပ်တွင်

(ရေးသား၍ထားတော်မူပြီးဖြစ်၏)...."(၅၇း၂၂)။ 'စာအုပ်'ဟူသည် ထိန်းသိမ်းထားသော မှတ်တမ်းတော် (လေါင်ဟ်မဟ်ဖူဇ်)ကို ရည်ညွှန်းပြီး၊ အလ္လာဟ်အရှင်မြတ်သည် အရာအားလုံး၏ ကံကြမ္မာကို ယင်းတို့အား မဖန်ဆင်းမီကပင် ချင့်တွက်ဆုံးဖြတ်တော်မူခဲ့ပြီး ဖြစ်သည်ဟု အာယတ်တော်က ဆိုလိုခြင်းဖြစ်၏။ 'မည်သည့်ဘေးဒုက္ခမျှ ကမ္ဘာမြေ၌ ကျရောက်သည်မဟုတ်။' ဟူသော ဖော်ပြချက်သည် တော်မွတ်ခေါင်းပါးခြင်း၊ မြေငလျင်၊ ကောက်ပဲသီးနှံများ ပျက်စီးခြင်း၊ လုပ်ငန်းများတွင် ဆုံးရှုံးခြင်း၊ ဥစ္စာဓနနှင့် ပစ္စည်းများဆုံးရှုံးခြင်းနှင့် မိတ်ဆွေများ၊ ချစ်သူခင်သူများကို ဆုံးရှုံးခြင်းများကို ရည်ညွှန်း၏။ 'အသင်တို့ကိုယ်၌လည်းကောင်း၊'ဟူသော ဖော်ပြချက်က နာမကျန်းဖြစ်ခြင်းအမျိုးမျိုး၊ ဒဏ်ရာအနာတရဖြစ်ခြင်းအမျိုးမျိုးကို ရည်ညွှန်း၏။

သည်းခံခြင်းနှင့်ကျေးဇူးတင်ခြင်း

لِّكَيْلَا تَأْسَوْا عَلَىٰ مَا فَاتَكُمْ وَلَا تَفْرَحُوا بِمَا آتَاكُمْ "အသင်တို့သည် မိမိတို့ထံမှ လွတ်သွားသော အရာနှင့် စပ်လျဉ်း၍ ပူဆွေးခြင်းမရှိကြရန် လည်းကောင်း၊ မိမိ တို့အား ထိုအရှင်မြတ်က ချီးမြှင့်ပေးသနားတော်မူသောအရာနှင့် စပ်လျဉ်း၍ ဝမ်းမြောက်မော်ကြွားခြင်း မပြုကြရန်လည်းကောင်း ...."(၅၇း၂၃)။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏အလုံးစုံကို လွှမ်းခြုံသော အသိပညာကို လည်းကောင်း၊ အရာကိစ္စအားလုံးကို ယင်းတို့မဖြစ်ပေါ်မီကပင် မှတ်တမ်းတင်တော်မူခြင်းကို လည်းကောင်း၊ မိမိသာလျှင် သိတော်မူသည့် သင့်လျော်သောစီမံချက်ဖြင့် အရာအားလုံးကို ဖန်ဆင်းတော်မူခြင်းကို လည်းကောင်း ကျွန်ုပ်တို့အား အသိပေးတော်မူသည်။ သို့မှသာ ကျွန်ုပ်တို့အား တွေ့ဆုံခဲ့သောအရာသည် ကျွန်ုပ်တို့အား ဘယ်သောအခါမျှ လွဲချော်ခဲ့လိမ့်မည် မဟုတ်ကြောင်းနှင့် ကျွန်ုပ်တို့အား လွဲချော်ခဲ့သောအရာသည် ကျွန်ုပ်တို့အား ဘယ်သောအခါမျှ တွေ့ဆုံခဲ့လိမ့်မည် မဟုတ်ကြောင်းကို ကျွန်ုပ်တို့သိနိုင်ကြမည်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့နှင့် လွဲချော်သွားသည့် ကောင်းသောအရာများ အတွက် လွန်စွာဝမ်းနည်းပူဆွေး မဖြစ်ကြရန်နှင့် ဤလောကၥ ကျွန်ုပ်တို့စံစားရသည့် သာယာကြည်နူးမှုများ၊ ဥစ္စာပစ္စည်းများတွင် နစ်မွန်းပြီး အလ္လာဟ်အရှင်မြတ်နှင့် တမလွန်ကို မေ့လျော့မနေကြရန် ကျွန်ုပ်တို့အား အမိန့်ပေးတော်မူသည်။ သာဝကကြီးအိဗ်နိအဗ္ဗာစ်ﷺက ပြောကြားသည်မှာ အချို့သော အရာများက ၎င်းကိုအားတက်စေပြီး၊ အချို့သောအရာများက ၎င်းအားစိတ်ပျက်အားငယ်စေခြင်းမှာ လူ၏ပင်ကိုယ်စရိုက်သဘာဝပင်ဖြစ်သော်လည်း ဖြစ်သင့်သည်မှာ အောက်ပါအတိုင်းဖြစ်၏။ ဆင်းရဲဒုက္ခ ကျရောက်သောအခါ ၎င်းသည် သည်းခံခြင်းဖြင့် တမလွန်၏ ဆုလာဘ်ကိုရယူသင့်ပြီး၊ ပျော်ရွှင်စရာကို ကြုံရသောအခါ အလ္လာဟ် အရှင်မြတ်အား ကျေးဇူးတင်ခြင်းဖြင့် တမလွန်၏ဆုလာဘ်ကို ရယူသင့်ပေသည်။ (ဟာကင်ဆင့်ပြန်ပြီး၊ ဆွဟီဟ် အဆင့်သတ်မှတ်၏။ ကြည့်-ရွူးဟ်)

وَاللَّهُ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُورٍ".... အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် မည်သည့်မာနထောင်လွှားသူ၊ ဂုဏ်မောက်သူကိုမျှ နှစ်သက်တော်မူသည်မဟုတ်ပေ။"(၅၇း၂၃)။ 'နှစ်သက်တော်မမူ'ဟူသော ဖော်ပြချက်က အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ဤလောကၥ ၎င်းတို့အကျိုးခံစားရသော ဆုလာဘ်လက်ဆောင်များအတွက် မာန်တက်သောလူကို 'မုန်းတီးတော်မူသည်' ဟု ဆိုလိုခြင်းဖြစ်၏။ သို့သော် 'မုန်းတီးတော်မူသည်'အစား'နှစ်သက်တော်မမူပေ'ဟု သုံးနှုန်းခြင်းမှာ အသိဉာဏ်ရှိသော ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် မိမိ၏လုပ်ရပ်များကို အလ္လာဟ်အရှင်မြတ် ကြိုက်နှစ်သက်တော်မူပါမည်လားဟူ၍ စဉ်းစားသင့်ကြောင်းကို ညွှန်ပြခြင်းဖြစ်နိုင်ပေသည်။ ဤသည်မှာ 'နှစ်သက်တော်မမူ'ဟူသော စကားရပ်ကို သုံးရသည့်အကြောင်းရင်းပင်ဖြစ်၏။

အာယတ်တော် (၂၅)

لَقَدْ اَرْسَلْنَا رُسُلَنَا بِالْبَيِّنٰتِ وَ اَنْزَلْنَا مَعَهُمُ الْكِتٰبَ وَ الْمِيْزَانَ
لِيَقُوْمَ النَّاسُ بِالْقِسْطِ ۚ وَ اَنْزَلْنَا الْحَدِيْدَ فِيْهِ بَاْسٌ شَدِيْدٌ وَّ مَنَافِعُ
لِلنَّاسِ وَلِيَعْلَمَ اللّٰهُ مَنْ يَّنْصُرُهٗ وَرُسُلَهٗ بِالْغَيْبِ ؕ اِنَّ اللّٰهَ قَوِيٌّ عَزِيْزٌ ﴿۲۵﴾

ဇကန်မလွဲ ငါအရှင်မြတ်သည် မိမိရရှုလ်တမန်တော်များအား ထင်ရှားစွာသော သက်သေလက္ခဏာများနှင့်တကွ စေလွှတ်တော်မူခဲ့၏။ ထိုမှတပါး ငါအရှင်မြတ်သည် ထိုရရှုလ်တမန်တော်များနှင့်အတူ လူတို့သည် တရားမျှတမှုပေါ်၌ ရပ်တည်ကြအံ့သောငှာ ကျမ်းဂန်ကိုလည်းကောင်း၊ တရားမျှတမှုကိုလည်းကောင်း ချပေးသနားတော်မူခဲ့၏။ ထိုမှတပါး ငါအရှင်မြတ်သည် သံသတ္ထုကို ချပေးတော်မူခဲ့၏။ ယင်းသံသတ္ထု၌ ကြီးကျယ်ပြင်းထန်လှသော စွမ်းအင်ရှိပေသည်။ လူသားတို့အဖို့ အကျိုးကျေးဇူးများလည်းရှိသည်။ ထိုမှတပါး မည်သူသည် မမြင်ဘဲလျက် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရရှုလ်တမန်တော်များအား လည်းကောင်း၊ ကူညီသည်ကို အလ္လာဟ်အရှင်မြတ်သည် သိတော်မူအံ့သောငှာ (ချပေးတော်မူခြင်းလည်းဖြစ်၏)။ မလွဲဇကန် အလ္လာဟ်အရှင်မြတ်မှာမူကား အလွန်တရား အားအင်ပြည့်စုံသောအရှင်၊ အလွန်တရာ နိုင်နင်းလွန်မြတ်မိုးတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။[၂၅]

တမန်တော်များနှင့် ကျမ်းဂန်များကို စေလွှတ်ပေးပို့တော်မူခြင်း၏ စစ်မှန်သောရည်ရွယ်ချက်များမှာ တရားမျှတမှုကို ထူထောင်ရန်ဖြစ်၏။

لَقَدْ اَرْسَلْنَا رُسُلَنَا بِالْبَيِّنٰتِ وَ اَنْزَلْنَا مَعَهُمُ الْكِتٰبَ وَ الْمِيْزَانَ لِيَقُوْمَ النَّاسُ
بِالْقِسْطِ وَ اَنْزَلْنَا الْحَدِيْدَ فِيْهِ بَاْسٌ شَدِيْدٌ

"ဇကန်မလွဲ ငါအရှင်မြတ်သည် မိမိရရှုလ်တမန်တော်များအား ထင်ရှားစွာသော သက်သေလက္ခဏာများနှင့်တကွ စေလွှတ်တော်မူခဲ့၏။ ထိုမှတပါး ငါအရှင်မြတ်သည် ထိုရရှုလ်တမန်တော်များနှင့်အတူ လူတို့သည် တရားမျှတမှုပေါ်၌ ရပ်တည်ကြအံ့သောငှာ ကျမ်းဂန်ကိုလည်းကောင်း၊ တရားမျှတမှုကိုလည်းကောင်း ချပေးသနားတော်မူခဲ့၏။

ထိုမှတပါး ငါအရှင်မြတ်သည် သံသတ္ထုကို ချပေးတော်မူခဲ့၏။ ယင်းသံသတ္ထု၌ ကြီးကျယ်ပြင်းထန်လှသော စွမ်းအင်ရှိပေသည်။ လူသားတို့အဖို့ အကျိုးကျေးဇူးများလည်းရှိ၏။

ထိုမှတပါး မည်သူသည် မမြင်ဘဲလျက် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရရှုလ်တမန်တော်များအား လည်းကောင်း ကူညီသည်ကို အလ္လာဟ်အရှင်မြတ်သည် သိတော်မူအံ့သောငှာ (ချပေးတော်မူခြင်းဖြစ်၏)။ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်မှာမူကား အလွန်တရာအင်အားပြည့်သောအရှင်၊ အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။"(၅၇း၂၅)။ 'ဗိုင်ယိနာတ်'ဟူသော စကားလုံးသည် 'ရှင်းလင်းသော' သို့မဟုတ် 'ထင်ရှားမြင်သာသော' သက်သေလက္ခဏာ အရာများကို ဆိုလိုသည်။ 'ရှင်းလင်းသော အမိန့်ပြဋ္ဌာန်းချက်များ'ကို ဆိုလိုခြင်းလည်း ဖြစ်နိုင်ပေသည်။ နဗီတမန်တော်ဖြစ်မှုနှင့် ရရှုလ်တမန်တော်ဖြစ်မှုများ၏ အဲ့ဖွယ်များ၊ ထင်ရှားသော သက်သေများနှင့် အထောက်အထားများကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ (အိဗ်နိကဆီးရ်နှင့် အိဗ်နိဟယာန်)။ 'ဗိုင်ယေနာတ်'၏နောက်မှ ကျမ်းဂန်ကိုပို့ချခြင်းဟူသော ဖော်ပြချက်က နောက်ဆုံးအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ထောက်ခံ

လေသည်။ ယင်းမှာ 'ဝိုင်ယေနတ်'သည် 'အံ့ဖွယ်များနှင့် သက်သေများ'ကို ရည်ညွှန်းပြီး၊ ကျမ်းဂန်အမိန့်ပြဋ္ဌာန်းချက်များ၏ အသေးစိတ်ကို ဖော်ပြခြင်းဖြစ်၏။ ကျမ်းဂန်အပြင် အခြားအရာတစ်ခုကို ဖော်ပြသေးသည်မှာ 'မီဇာန်'(ချိန်ခွင်) ဖြစ်၏။ ဤစကားလုံးသည် မူလကချိန်တွယ်သော ကိရိယာတစ်ခုကို ရည်ညွှန်းခြင်းဖြစ်၏။ သမားရိုးကျချိန်ခွင်အပြင် အခြားသော အရာဝတ္ထုများကို ချိန်တွယ်၊ တိုင်းထွာရန်တီထွင်ထားသည့် ကိရိယာအမျိုးအစားများလည်း ရှိသေး၏။ ဥပမာ- ယနေ့အခါ ကျွန်ုပ်တို့တွင် 'အလင်းရောင်'၊ 'လေ'နှင့် အခြားအရာများကို ချိန်တွယ်၊ တိုင်းထွာရန် ကိရိယာများ ရှိနေပြီးဖြစ်၏။ ဤကိရိယာအားလုံးသည် 'မီဇာန်' (ချိန်ခွင်) အတန်းအစားတွင် ကျရောက်မည်ဖြစ်၏။

ဤအာယတ်တော်က 'ကျမ်းဂန်'ကဲ့သို့ပင် 'ချိန်ခွင်'ကိုလည်း ပို့ချတော်မူကြောင်း မိန့်ကြား၏။ ကျမ်းဂန်သည် ကောင်းကင်ဘုံမှကျလာပြီး၊ ကောင်းကင်တမန်များမှတစ်ဆင့် တမန်တော်များထံသို့ ရောက်ရှိခြင်းမှာ နားလည်သဘောပေါက်နိုင်သော်လည်း ချိန်ခွင်ကျရောက်လာခြင်းက မည်သည်ကို ဆိုလိုမှန်းမရှင်းလင်းပေ။ ရှူးဟွလ်မအာနီ၊ မဇ်ဟရီနှင့် အခြားသူများက 'ချိန်ခွင်ကျရောက်လာခြင်း'သည် ချိန်ခွင်အသုံးပြုခြင်းနှင့် တရားမျှတမှုကို ဖော်ဆောင်ခြင်းများနှင့် သက်ဆိုင်သော အလ္လာဟ်အရှင်မြတ်၏ ဥပဒေများကို ရည်ညွှန်းသည်ဟု ရှင်းပြကြ၏။ ကုရ်တူဗီကမူ ပို့ချခြင်းခံရသည်မှာ ကျမ်းဂန်ဖြစ်သည်။ ချိန်ခွင်ကို ထိုကြိယာနှင့်ပင် ဆက်တွဲရုံသာဖြစ်သော်လည်း တီထွင်ခြင်းနှင့် ထားရှိခြင်းအဓိပ္ပါယ်ကို ဆောင်ကြောင်း ရှင်းပြ၏။ ဤဖော်ပြဟန်ကို အာရဗီဘာသာစကားနှင့် စာပေတို့၌ တွေ့ရတတ်၏။ ဤနည်းအားဖြင့် ဤဝါကျအပြည့်အစုံက အောက်ပါအတိုင်း ဖော်ပြလိမ့်မည်ဖြစ်၏။ اَنْزَلْنَا الْكِتٰبَ وَوَضَعْنَا الْمِيْزَانَ (ငါအရှင်မြတ်သည် ကျမ်းဂန် ကိုပို့ချတော်မူခဲ့သည့်ပြင် ချိန်ခွင်ကိုလည်း ထားရှိတော်မူခဲ့၏။) ဤအာယတ်တော်အား စာရှုသူများအနေဖြင့် စူရဟ်အရ် ရဟ်မာန်၏ အာယတ်တော်(၇) وَ السَّمَآءَ رَفَعَهَا وَ وَضَعَ الْمِيْزَانَ "မိုးကောင်းကင်များကို ထိုအရှင်မြတ်သည်ပင် မြင့်စွင့်စေတော်မူခဲ့၏။ ထိုမှတပါး ထိုအရှင်မြတ်သည်ပင် ချိန်ခွင်ကို တီထွင်စီစဉ်၍ ပေးတော်မူခဲ့၏။"(၅၅း၇)နှင့် နှိုင်းယှဉ်ကြည့်နိုင်ပေသည်။ ဤအာယတ်တော်၌ ချိန်ခွင်ကို စီစဉ်ထားရှိတော်မူသည်ဟု မိန့်တော်မူခြင်းဖြစ်လေသည်။

အချို့သော ဟဒီးသ်များက ဆင့်ပြန်သည်မှာ တမန်တော်နူဟ်ﷺထံသို့ မိုးကောင်းကင်များမှ ချိန်ခွင်တစ်ခုကို အမှန်တကယ် ချပေးတော်မူခဲ့ပြီး၊ ထိုချိန်ခွင်ဖြင့် ချိန်တွယ်၍ လူတို့၏အခွင့်အရေးများကို ဖြည့်ဆည်းပေးရန် ၎င်းအား အမိန့်ပေးတော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်အသိဆုံး ဖြစ်တော်မူသည်။

ကျမ်းဂန်၊ ချိန်ခွင်တို့နှင့်အတူ ချပေးတော်မူခဲ့သော တတိယမြောက်အရာမှာ 'သံ'ဖြစ်၏။ 'သံ'နှင့်ဆက်နွယ်သည့် 'ချပေးတော်မူခဲ့သည်'ဟူသော ကြိယာမှာ 'ဖန်ဆင်းတော်မူခဲ့သည်'ကို ဆိုလိုခြင်းဖြစ်၏။ ကြိယာ 'အန်ဇလ' (ထိုအရှင်မြတ်သည် ချပေးတော်မူခဲ့၏)အား 'ခလက' (ထိုအရှင်မြတ်သည် ဖန်ဆင်းတော်မူခဲ့၏။)ဟူသော အဓိပ္ပါယ်ဖြင့် သုံးသည့် အခြားဖြစ်စဉ်များ ရှိပေသည်။ ဥပမာ-

وَ اَنْزَلَ لَكُمْ مِّنَ الْاَنْعَامِ ثَمٰنِيَةَ اَزْوَاجٍ "ထိုမှတပါး ထိုအရှင်မြတ်သည် အသင်တို့အကျိုးငှာ ခြေလေးချောင်း တိရစ္ဆာန်များမှ (အထီးအမစုံတွဲ)ရှစ်မျိုး ကိုချပေးတော်မူခဲ့၏။ ...."(၃၉း၆)၌ဖြစ်၏။ ဤအာယတ်တော်၌ ကြိယာ 'အန်ဇလ'အား 'ခလက'အဓိပ္ပာယ်ဖြင့် တညီတညွတ်တည်း သုံးကြသည်။ ဤလောကရှိ အရာရာတိုင်းကို 'မိုးကောင်းကင်မှ ချပေးတော်မူခဲ့သည်'၏ အလိုသဘောမှာ ဤလောက၌ ဖြစ်တည်နေသော အရာခပ်သိမ်းအား ဖြစ်တည်ခြင်းမရှိသေးမီကြာမြင့်စွာကတည်းက 'ထိန်းသိမ်းထားသော မှတ်တမ်းတော်'ထဲ၌ မှတ်သားထားခဲ့ကြောင်းကို ညွှန်ပြလေသည်။ (ရှူးဟွလ်မအာနီ)

အာယတ်တော်အရ 'သံ'သည် ရည်ရွယ်ချက်နှစ်မျိုးအတွက် အကျိုးပြု၏။ (၁) 'သံ'သည် တန်ခိုးအာဏာကို ကိုယ်စားပြု၏။ ရန်လိုသော အတိုက်အခံများကို လေးစားခန့်ညားစေရန် ချုပ်ကိုင်နိုင်သည်။ ပုန်ကန်ဖီဆန်သူများအား အလ္လာဟ်အရှင်မြတ်၏ ဥပဒေများနှင့် တရားမျှတမှုစနစ်ကို လိုက်နာစေရန် အတင်းအကျပ်ပြုနိုင်သည်။ (၂) 'သံ'သည် လူသားအဖို့ ကြီးစွာသော အကျိုးကျေးဇူးကိုပြု၏။ တစ်နည်းဆိုရလျှင် 'သံ'သည် အမျိုးမျိုးသော စက်မှုလုပ်ငန်းများတွင် ကျယ်ပြန့်စွာ အသုံးပြုသော အထွေထွေသုံးပစ္စည်းတစ်ခု ဖြစ်ပေသည်။ ကိရိယာများ၊ စက်နှင့်စက်ပစ္စည်းများ တီထွင်ရာတွင် မရှိမဖြစ်ပစ္စည်းဖြစ်ပြီး၊ လူသားဆန်းသစ်တီထွင်သော အရာတိုင်းလောက်တွင် သံပါဝင်လေသည်။ သံမပါဘဲ မည်သည့်ပစ္စည်းကိရိယာမျှ ဖန်တီးတီထွင်ရန် မဖြစ်နိုင်ပေ။

အထူးမှတ်စု(၁)

တမန်တော်များ စေလွှတ်ခြင်း၊ ကျမ်းဂန်များပို့ချခြင်းနှင့် ချိန်ခွင်ကို စီစဉ်ထားရှိခြင်းများ၏ အခြေခံရည်ရွယ်ချက်ကို အောက်ပါအတိုင်း ဖော်ပြ၏။

"لِيَقُومَ النَّاسُ بِالْقِسْطِ".... လူတို့သည် တရားမျှတမှုပေါ်၌ ရပ်တည်ကြအံ့သောငှာ ...."(၅၇း၂၅)။ ထို့နောက် တတိယအခြေခံပစ္စည်း အား 'သံကိုဖန်ဆင်းခြင်း'ဟူ၍ ဖော်ပြ၏။ အမှန်စင်စစ် ဤသည်က 'တရားမျှတမှုကို ဖော်ဆောင်ခြင်း'တည်းဟူသော အခြေခံရည်ရွယ်ချက်ကို ပြည့်စုံအောင် ပြုလုပ်ခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် တရားမျှတမှုကို ထူထောင်ရန် တမန်တော်များနှင့် ကျမ်းဂန်များက ထင်ရှားခိုင်မာစွာ ကြွေးကြော်ကြသောကြောင့် ဖြစ်ပေသည်။ အကယ်၍ အာခံဖီဆန် လိုသောအုပ်စုသည် တရားမျှတမှုထူထောင်ခြင်းကို လိုက်နာရန် ပျက်ကွက်ပါက တမလွန်၌ ပြစ်ဒဏ်ခံရမည့်အကြောင်း ကို သတိပေးနှိုးဆော်တော်မူသည်။ 'ချိန်ခွင်'သည် ကန့်သတ်ချက်ဘောင်များကို ချမှတ်ပြီး၊ ထိုကန့်သတ်ချက်ဘောင် အတွင်းမှ တရားမျှတမှုကို ဖော်ဆောင်ရမည်ဖြစ်၏။ အကယ်၍ ဖီဆန်လိုသော အုပ်စုသည် တရားမျှတမှု၏ ကန့်သတ် ချက်များကို လက်ခံရန်ငြင်းဆိုပြီး၊ ယင်းတို့အား ဆက်လက်ချိုးဖောက်နေပါက ထိုအရှင်မြတ်သည် တရားမျှတမှုကို ထူထောင်ခွင့်ပြုတော်မူမည် မဟုတ်ပေ။ ထိုကိစ္စမျိုးတွင် နိဂုံး၏အာဏာပိုင်များ အနေဖြင့် ၎င်းတို့အား တိုက်ခိုက်ရန် လက်နက်စွဲကိုင်ရုံမှတပါး အခြားမရှိတော့ချေ။

အထူးမှတ်စု(၂)

စဉ်းစားရမည့် အခြားအချက်တစ်ချက်မှာ ကျမ်းမြတ်ကုရ်အာန်က တရားမျှတမှုကို ထူထောင်ရန် အခြေခံအဖြစ် အချက် ၂ ချက်ကို ပြဋ္ဌာန်းခြင်းဖြစ်၏။ ယင်းတို့မှာ (၁) ကျမ်းဂန်နှင့် (၂) ချိန်ခွင်တို့ ဖြစ်ကြသည်။ ကျမ်းဂန်က အလ္လာဟ်အရှင်မြတ်၏ အခွင့်အရေးများနှင့် လူသားတို့၏ အခွင့်အရေးများကို လည်းကောင်း၊ ယင်းတို့အား ဖောက်ဖျက်ခြင်းကို တားမြစ်၏။ ချိန်ခွင်က လူသား၏ လူမှုဆက်ဆံရေးများတွင် ဟန်ချက်ညီမှုကိုထိန်းရန် စနစ်ကိုချမှတ်၏။ ဤအချက်နှစ်ချက်ကို ထုတ်ပြန်ရသည့် ရည်ရွယ်ချက်မှာ

"لِيَقُومَ النَّاسُ بِالْقِسْطِ".... လူတို့သည် တရားမျှတမှုအပေါ်၌ ရပ်တည်ကြအံ့သောငှာ လည်းကောင်း၊ ...." (၅၇း၂၅) ဖြစ်လေသည်။ 'သံ'၏အခြေခံအချက်ကို နောက်ဆုံးမှ ဖော်ပြခြင်းသည် တရားမျှတမှုကို ထူထောင်ရာတွင် 'သံ'ကို နောက်ဆုံးအားထား ရာအဖြစ် အသုံးပြုရန်ဖြစ်ပြီး၊ ပထမအဆင့်တွင် အသုံးပြုရန် မဟုတ်ကြောင်းကို ညွှန်ပြ၏။ လူအဖွဲ့အစည်း၏ တိုးတက်မှုနှင့် ၎င်းတို့ကြားတွင် တရားမျှတမှုကို ထူထောင်ခြင်း၏ ရည်ရွယ်ချက်အမှန်မှာ ၎င်းတို့အား ဉာဏ်ရည်ဖွံ့ဖြိုး တိုးတက်ကောင်းမွန်စေရန်ဖြစ်၏။ ၎င်းတို့အား အသိဉာဏ်နှင့်ယှဉ်၍ တိုးတက်စေမည့် ရည်ရွယ်ချက်ကို အောင်မြင်အောင် ပြုလုပ်ရာတွင် အစိုးရသည် အင်အားနှင့်အာဏာကို အသုံးပြုနိုင်ပေသည်။ ၎င်းတို့အား

ပညာပေးခြင်းဖြင့် လူတို့၏စိတ်များကို ပြုစုပျိုးထောင်ရန်မှာ အဓိကကျသောအရာပင် ဖြစ်လေသည်။

وَلِيَعْلَمَ اللّٰهُ مَنْ يَّنْصُرُهٗ وَرُسُلَهٗ بِالْغَيْبِ".... ထိုမှတပါး၊ မည်သူသည် မမြင်ဘဲလျက် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်များအား လည်းကောင်း၊ ကူညီသည်ကို အလ္လာဟ်အရှင်မြတ်သည် သိတော်မူအံ့သောငှာ (ချပေး တော်မူခြင်းလည်းဖြစ်၏။)...."(၅၇း၂၅)။ ဤနေရာတွင် 'ထိုမှတပါး'ဟူသော သမ္မန္ဓ (အဆက်စကားလုံး)က ရှင်းပြသည်မှာ ရူးဟွလ်မအာနီ၏အဆိုအရ ဤစကားရပ်သည် အခြားဖြစ်နိုင်ခြင်းကို ဖော်ပြသော စကားရပ်တစ်ခုနှင့် ပူးတွဲထားကြောင်းကို နားလည်သဘောပေါက်ပြီးဖြစ်၏။ لِيَنْفَعَهُمْ (သို့ဖြစ်၍ ယင်းက ၎င်းတို့အား အကျိုးဖြစ်ထွန်းစေနိုင်မည်) ၎င်းတို့၏ရောင်းဝယ်ဖောက်ကားမှုနှင့် စက်မှုလုပ်ငန်းများတွင်ဖြစ်သည်။ သို့ဖြစ်၍ မည်သူသည် သံဖြင့်ပြုလုပ်သော လက်နက်များကိုစွဲကိုင်လျက် မိမိနှင့်မိမိ၏ရစူလ်တမန်တော်အား ကူညီမည်ကိုလည်းကောင်း၊ မိမိ၏သာသနာကို ကာကွယ်စောင့်ရှောက်ရန် ဂျီဟာဒ်တိုက်ပွဲဝင်မည်ကို လည်းကောင်း အရှင်မြတ်သည် တရားဝင်နှင့် အမြင်အားဖြင့် သိတော်မူမည် ဖြစ်၏။ ကန့်သတ်သော ကြိယာဝိသေသနများ ဖြစ်ကြသည့် 'တရားဝင်'နှင့် 'အမြင်အားဖြင့်'တို့ကိုထည့်ထားခြင်းမှာအလ္လာဟ်အရှင်မြတ်သည်ရုပ်လောကမစတင်မီဝိညာဉ်လောကမှာကတည်းက အမိန့်ပြန်တမ်းစာအုပ်၌ ကြိုတင်မှတ်တမ်းတင်ထားတော်မူခဲ့သည်ဖြစ်၍ အရာခပ်သိမ်းကို သိတော်မူလေသည်။ လူသားသည် လုပ်ငန်းကို လုပ်ဆောင်သောအခါ၊ ယင်းကို ၎င်း၏မှတ်တမ်းစာအုပ်၌ ကောင်းကင်တမန်များက မှတ်တမ်းတင်ကြသည်။ ဤနည်းဖြင့် ၎င်း၏ပြသချက်မှာ ထင်ရှားပေါ်လွင်သွားပေသည်။

အာယတ်တော် (၂၆-၂၉)

وَلَقَدْ اَرْسَلْنَا نُوْحًا وَّاِبْرٰهِيْمَ وَجَعَلْنَا فِيْ ذُرِّيَّتِهِمَا النُّبُوَّةَ وَالْكِتٰبَ
فَمِنْهُمْ مُّهْتَدٍ ۚ وَكَثِيْرٌ مِّنْهُمْ فٰسِقُوْنَ ﴿٢٦﴾ ثُمَّ قَفَّيْنَا عَلٰٓى اٰثَارِهِمْ بِرُسُلِنَا
وَقَفَّيْنَا بِعِيْسَى ابْنِ مَرْيَمَ وَاٰتَيْنٰهُ الْاِنْجِيْلَ ۙ وَجَعَلْنَا فِيْ قُلُوْبِ الَّذِيْنَ
اتَّبَعُوْهُ رَاْفَةً وَّرَحْمَةً ؕ وَرَهْبَانِيَّةَ ِۨابْتَدَعُوْهَا مَا كَتَبْنٰهَا عَلَيْهِمْ
اِلَّا ابْتِغَآءَ رِضْوَانِ اللّٰهِ فَمَا رَعَوْهَا حَقَّ رِعَايَتِهَا ۚ فَاٰتَيْنَا الَّذِيْنَ اٰمَنُوْا
مِنْهُمْ اَجْرَهُمْ ۚ وَكَثِيْرٌ مِّنْهُمْ فٰسِقُوْنَ ﴿٢٧﴾ يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ
وَاٰمِنُوْا بِرَسُوْلِهٖ يُؤْتِكُمْ كِفْلَيْنِ مِنْ رَّحْمَتِهٖ وَيَجْعَلْ لَّكُمْ نُوْرًا تَمْشُوْنَ
بِهٖ وَيَغْفِرْ لَكُمْ ؕ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿٢٨﴾ لِّئَلَّا يَعْلَمَ اَهْلُ الْكِتٰبِ اَلَّا
يَقْدِرُوْنَ عَلٰى شَيْءٍ مِّنْ فَضْلِ اللّٰهِ وَاَنَّ الْفَضْلَ بِيَدِ اللّٰهِ يُؤْتِيْهِ مَنْ يَّشَآءُ
ؕ وَاللّٰهُ ذُو الْفَضْلِ الْعَظِيْمِ ﴿٢٩﴾

ထိုမှတပါး ငါအရှင်မြတ်သည် (နဗီတမန်တော်) 'နူဟ်အားလည်းကောင်း၊ (နဗီတမန်တော်)' အိဗ်ရာဟီမ်အားလည်းကောင်း၊ စေလွှတ်တော်မူ၏။ ၎င်းပြင် ငါအရှင်မြတ်သည် (နဗီတမန်တော်) နူဟ်နှင့်(နဗီတမန်တော်) အီဗရာဟီမ် နှစ်ပါးတို့၏သား၊ မြေးတို့၌ နဗီတမန်တော်ဖြစ်မှုကို လည်းကောင်း၊ ကျမ်းဂန်ကိုလည်းကောင်း၊ သတ်မှတ်၍ပေးသနားတော်မူခဲ့ရာ ၎င်းတို့တွင် တရားလမ်းမှန်ကို ရရှိသူများလည်း ရှိခဲ့ကြကုန်၏။ သို့ရာတွင် ၎င်းတို့အနက် မြောက်များစွာသော သူတို့မှာ သွေဖည်သူများပင် ဖြစ်ခဲ့ကြ၏။[၂၆] ထို့နောက် ငါအရှင်မြတ်သည် ၎င်းတို့၏နောက်တွင် မိမိရစ္ဆရူလ်တမန်တော်များအား အဆက် မပြတ် စေလွှတ်တော်မူခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည် 'မရ်ယမ်၏ သားတော် (နဗီတမန်တော်) အီစာအား စေလွှတ်တော်မူခဲ့၏။ ၎င်းပြင် ငါအရှင်မြတ်သည် ထို အီစာအား 'အင်နဂျီလ်ကျမ်းတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထိုမှတပါး ငါအရှင်မြတ်သည် ထိုအီစာ၏နောက်သို့လိုက်ခဲ့ကြသော သူတို့၏စိတ်နလုံးများတွင် နူးညံ့သိမ်မွေ့မှုကိုလည်းကောင်း၊ ကရုဏာတရားကိုလည်းကောင်း ထည့်သွင်းပေးတော်မူခဲ့၏။ သို့ရာတွင် (၎င်းတို့ကိုယ်တိုင်) အလ္လာဟ်အရှင်မြတ်၏နှစ်မြို့မှု ရှာဖွေအံ့သောငှာ (ဓောထွက်လမ်းစဉ်ကို လိုက်နာကျင့်သုံးခဲ့ကြကုန်၏)။ သို့ပါသော်လည်း ၎င်းတို့သည် ယင်းတောထွက်လမ်းစဉ်ကို စောင့်စည်းအပ်သော ဝတ္တရားနှင့်အညီ စောင့်စည်းနိုင်ကြသည်သည် မရှိချေ။ မည်သို့ပင်ဖြစ်စေ ငါအရှင်မြတ်သည် ၎င်းတို့အနက် သက်ဝင်ယုံကြည်ခဲ့ကြသောသူတို့အား ၎င်းတို့၏အကျိုးကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ သို့ရာတွင် ၎င်းတို့အနက် မြောက်များစွာသော သူတို့မှာကား သွေဖည်သူများပင် ဖြစ်ကြကုန်သတည်း။ [၂၇] အို- မုဟ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား ယုံကြည်ကြလေကုန်။ ထိုအရှင်မြတ်သည် အသင်တို့အား မိမိကရုဏာတော်မှ နှစ်ဆချီးမြှင့် ပေးသနားတော်မူမည့်ပြင်၊ အသင်တို့အဖို့ အကြင်အလင်းရောင်ကို ဖန်ဆင်း၍ ပေးသနားတော်မူပေမည်။ အသင်တို့သည် ယင်းအလင်းရောင်ဖြင့် လျှောက်သွားကြပေမည်။ ထိုမှတပါး အသင်တို့အား ခွင့်လွှတ်ချမ်းသာခွင့် ပေးသနားတော်မူပေမည်။ စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော အရှင်၊ အလွန်တရာ ကြင်နာသနားတော်မူသော အရှင်ဖြစ်တော်မူ၏။[၂၈] (ယင်းသို့ ချီးမြှင့်ပေးသနားတော်မူမည့် အကြောင်းမှာ) ဧရှေးကျမ်းကို ရရှိခဲ့သောသူတို့သည် ၎င်းတို့မှာ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်အနက် အနည်းငယ်မျှကိုပင် (ရယူ)နိုင်ကြသည် မဟုတ်ကြောင်းကို လည်းကောင်း၊ ကျေးဇူးတော်မှာ အလ္လာဟ်အရှင်မြတ်၏ လက်တော်အတွင်း၌ သာရှိ၍ ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား ယင်းကျေးဇူးတော်ကို ချီးမြှင့်ပေး သနားတော်မူကြောင်းကို လည်းကောင်း၊ သိရှိအံ့သောငှာ ဖြစ်၏။ အမှန်စင်စစ်မှာမူကား အလ္လာဟ် အရှင်မြတ်သည် ကြီးကျယ်လှသော ကျေးဇူးတော်ကို ပိုင်ဆိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော် မူပေသတည်း။[၂၉]

တမန်တော်တို့၏ များစွာသော အမျိုးသားတို့မှာ ဗီဆန်ပုန်ကန်ကြသူများဖြစ်ကြ၏။

အလျင်အာယတ်တော်များတွင် ကမ္ဘာလောကကြီးအား လမ်းညွှန်မှုပေးရန်နှင့် တရားမျှတမှုကို ထူထောင်ရန် အတွက် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ရစူလ်တမန်တော်များကို စေလွှတ်တော်မူကာ ၎င်းတို့ထံသို့ ကျမ်းဂန်များကို ပို့ချပေးတော်မူခဲ့သည့်ပြင် ချိန်ခွင်ကို စိုက်ထူတော်မူခဲ့ကြောင်းများကို ဖော်ပြခဲ့၏။ ယခုအာယတ်တော်များတွင် ထိုရစူလ် တမန်တော်များထဲမှ အချို့၏အမည်များကို ဖော်ပြတော်မူသည်။ ၎င်းတို့အနက် တမန်တော်နူဟ်ﷺသည် စာရင်း၌ ပထမဦးဆုံး ဖော်ပြခံရ၏။ အဘယ်ကြောင့်ဆိုသော် ရေလွှမ်းမိုးမှုကြီး၏နောက်ပိုင်း လူသားအားလုံးသည် ၎င်း၏သားမြေး များဖြစ်ကြသောကြောင့် သဘောအားဖြင့် ၎င်းသည် ဒုတိယအာဒမ်ﷺပင် ဖြစ်လေသည်။ ထို့နောက် တမန်တော် အီဗရာဟင်မ်ခလီလွလ်လာဟ်ﷺကိုဖော်ပြရခြင်းမှာ ၎င်းသည်တမန်တော်များ၏ဖခင်ဖြစ်သည့်ပြင်အလ္လာဟ်အရှင်မြတ်၏ သာသနာအားလုံးအတွက် စံပြပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခံရသောကြောင့်ဖြစ်၏။ ဤတမန်တော်နှစ်ပါး၏နောက် စေလွှတ်ခြင်းခံရသော နဗီတမန်တော်နှင့် ရစူလ်တမန်တော်အားလုံးသည် ၎င်းတို့၏ သားမြေးများဖြစ်ကြခြင်းကို ဤ နေရာတွင် ထင်ရှားစေသည်။ နူဟ်ﷺ၏ သားမြေးအုပ်စုများစွာထဲမှ တမန်တော် အီဗရာဟင်ခလီလွလ်လာဟ်ﷺ၏ သားမြေးအုပ်စုသည် တမန်တော်များအဖြစ် ရွေးချယ်ခံကြရသည်။ ဤတမန်တော်ကြီးနှစ်ပါးကို သတ်သတ်မှတ်မှတ် ဖော်ပြပြီးနောက် တမန်တော်ကွင်းဆက်တစ်ခုလုံးကို ثُمَّ قَفَّيْنَا عَلَىٰ آثَارِهِم بِرُسُلِنَا (ထို့နောက် ငါအရှင်မြတ်သည် ၎င်းတို့၏နောက်တွင် မိမိ၏ရစူလ်တမန်တော်များအား အဆက်မပြတ်စေလွှတ်တော်မူခဲ့၏။)ဟူ၍ ရည်ညွှန်းဖော်ပြလေ သည်။ နောက်ဆုံးအနေဖြင့် အီစာﷺအား သတ်သတ်မှတ်မှတ် ဖော်ပြခြင်းမှာ ၎င်းသည် အစ္စရာအီလီတမန်တော်များ အနက် နောက်ဆုံးဖြစ်သောကြောင့်ဖြစ်၏။ ထို့နောက် တမန်တော်အားလုံးအနက် နောက်ဆုံးတမန်တော် မုဟမ္မဒ်ﷺ နှင့် ၎င်း၏ရှရီအတ်ကို နောက်အာယတ်တော်၌ မိန့်ကြားတော်မူလေသည်။

တမန်တော်အီစာﷺ၏ တပည့်နောက်လိုက်များ၏ ထူးခြားသောဝိသေသများကို အာယတ်တော်(၂၇)တွင် အောက်ပါအတိုင်းပေးထား၏။

"وَجَعَلْنَا فِي قُلُوبِ الَّذِينَ اتَّبَعُوهُ رَأْفَةً وَرَحْمَةً .... ထိုမှတပါး ငါအရှင်မြတ်သည် ထို'အီစာ'၏နောက်သို့ လိုက်ခဲ့ကြသောသူတို့၏ စိတ်နလုံးများတွင် နူးညံ့ သိမ်မွေ့မှုကိုလည်းကောင်း၊ ကရုဏာတရားကိုလည်းကောင်း ထည့်သွင်းပေးတော်မူခဲ့၏။...."(၅၇း၂၇)။ တစ်နည်းဆိုရလျှင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်အီစာﷺ၏ နောက်လိုက်များ၏ စိတ်နလုံးများထဲသို့လည်းကောင်း၊ ၎င်း၏ အင်ဂျီလ်(သမ္မာကျမ်း)ထဲ၌လည်းကောင်း (၁) နူးညံ့သိမ်မွေ့ခြင်းနှင့် (၂) ကရုဏာတရားတည်းဟူသော အရည်အချင်း နှစ်ရပ်ကို စွဲမှတ်အောင် ထည့်သွင်းပေးတော်မူခဲ့သည်။ သို့ဖြစ်၍ ၎င်းတို့သည် တစ်ဦးကိုတစ်ဦး နူးညံ့သိမ်မွေ့မှုနှင့် အကြင်နာမေတ္တာများကို ပြသခဲ့ကြသည်။ သို့တည်းမဟုတ် ၎င်းတို့သည် နူးညံ့သိမ်မွေ့မှုနှင့် ကြင်နာမှုကို အလ္လာဟ် အရှင်မြတ်၏ ဖန်ဆင်းခံအားလုံးသို့ ပြသခဲ့ကြပေသည်။

ယေဘုယျအားဖြင့် 'ရဒ်ဖဟ်'(နူးညံ့သိမ်မွေ့ခြင်း)နှင့် 'ရဟ်မဟ်'(ကရုဏာတရား)ဟူသော စကားနှစ်လုံး သည် အဓိပ္ပါယ်ချင်းတူသည့် သို့မဟုတ် တူသလောက်နီးပါးရှိသည့် ဝေါဟာရများ ဖြစ်ကြသည်။ သို့သော် ဤနေရာတွင် ယင်းတို့အား ခွဲခြား၍သုံးထားသောကြောင့် အချို့ဝေါဟာရပညာရှင်များက 'ရဒ်ဖဟ်'သည် 'ရဟ်မဟ်'ထက် ဒီဂရီ အားဖြင့် ပို၍ပြင်းသည်ဟု ရှင်းပြကြ၏။ အချို့ကမူ နူးညံ့သိမ်မွေ့ခြင်းနှင့် ကရုဏာတရားတို့၏လိုအပ်ချက်နှစ်ခုရှိကြောင်း ရှင်းပြကြသည်။ 'ရဟ်ဖဟ်'သည် တစ်စုံတစ်ယောက်၏ ဘေးဒုက္ခကို သက်သာပြေပျောက်စေသည်ဟု ဆိုလိုပြီး 'ရဟ်မဟ်'သည် တစ်စုံတစ်ယောက်အား ၎င်းလိုအပ်သောအရာကို ပေးသည်ဟု ဆိုလိုသည်။ အချုပ်အားဖြင့် 'ရဒ်ဖဟ်' သည် ဘေးဒုက္ခကို ဖယ်ရှားခြင်းနှင့် သက်ဆိုင်ပြီး၊ 'ရဟ်မဟ်'သည် အကျိုးကျေးဇူးရရှိခြင်းနှင့် သက်ဆိုင်လေသည်။

'ဒုက္ခကိုဖယ်ရှားခြင်း'သည် ပုံမှန်အားဖြင့် 'အကျိုးကျေးဇူးရရှိခြင်း'၏ အလျင်လာသည်ဖြစ်၍ စကားလုံးနှစ်ခုကို တပြိုင်နက် ဖော်ပြသောအခါ၊ 'ရအ်ဖဟ်'က 'ရဟ်မဟ်'ထက်အလျင်ကျခြင်းဖြစ်၏။

ဤနေရာတွင် 'နူးညံ့သိမ်မွေ့ခြင်း'နှင့် 'ကရုဏာတရား'ကို တမန်တော်အဲစာ ﷺ၏ တပည့်နောက်လိုက်များ (ဟောင်ဝါရိယူးန်)၏ ထူးခြားဝိသေသအဖြစ် ဖော်ပြ၏။ အလားတူ တမန်တော်မုဟမ္မဒ် ﷺ၏ သာဝကကြီးများ၏ထူးခြားသည့် ဝိသေသအချို့ကို စူရဟ်အလ်ဖသ်ဟ်၌ ပေးထားပြီး၊ ဝိသေသတစ်ခုမှာ رُحَمَاءُ بَيْنَهُمْ "မိမိတို့အချင်းချင်း ဆက်ဆံရာတွင် သနားကြင်နာသူများ ဖြစ်ကြကုန်၏။"(၄၈း၂၉)ဖြစ်လေသည်။ သို့သော် ၎င်းတို့၏ အခြားထူးခြားဝိသေသတစ်ခုဖြစ်သည့် أَشِدَّاءُ عَلَى الْكُفَّارِ "ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့နှင့် ပတ်သက်လျှင် ပြင်းထန်သောသူများ ဖြစ်ကြပြီး။"(၄၈း၂၉)ကို အလျင်ဖော်ပြ၏။ ဤကွာခြားချက်၏ အကြောင်းရင်းမှာ တမန်တော်အဲစာ ﷺ၏ ရှရီအဟ်၌ မယုံကြည်သွေဖည်သူများ အပေါ် ဂျိဟာဒ်ဆင်နွှဲခြင်းနှင့် စပ်လျဉ်းသည့် ဥပဒေများ မပါရှိခဲ့ပေ။ ထို့ကြောင့် ၎င်းတို့အတွက် မယုံကြည်သွေဖည်သူများနှင့် အကြိတ်အနယ် ရင်ဆိုင်ရသောအချိန်မျိုး မရှိခဲ့ခြင်းဖြစ်၏။ အလ္လာဟ် အရှင်မြတ် အသိဆုံးဖြစ်တော်မူသည်။

ဘုန်းကြီးရဟန်းပြုလုပ်သည့်စနစ် သို့မဟုတ် တောထွက်လမ်းစဉ်အား စိစစ်လေ့လာခြင်း

"وَرَهْبَانِيَّةً ابْتَدَعُوهَا".... သို့ရာတွင် (၎င်းတို့ကိုယ်တိုင်) အလ္လာဟ်အရှင်မြတ်၏နှစ်မြို့မှူ ရှာဖွေအံ့သောငှာ (တောထွက်လမ်းစဉ်ကို လိုက်နာကျင့်သုံးခဲ့ကြကုန်၏။)...."(၅၇း၂၇)။ 'ရဟ်ဗာနီယဟ်' (ဘုန်းကြီးရဟန်းပြုလုပ်သည့် စနစ်/တောထွက်လမ်းစဉ်) ဟူသော စကားလုံးသည် 'ရှဟ်ဗာန်'ဟုမှတ်ယူရ၏။ 'ရာဟစ်ဗ်' (တစ်ခုကိန်း)နှင့် 'ရှဟ်ဗာန်' (အများကိန်း)ဟူသော စကားလုံးများက 'ကြောက်ရွံ့သောသူ'ဟု အဓိပ္ပါယ်ရ၏။ တမန်တော်အဲစာ ﷺ ကွယ်လွန်ပြီးသည့်နောက် ချိုးဖောက် ကျူးကျော်ခြင်းသည် တွင်ကျယ်လာခဲ့၏။ အထူးသဖြင့် ဘုရင်များနှင့် ခေါင်းဆောင်များသည် သမ္မာကျမ်းစာပါ ဥပဒေများကို ပြောင်ပြောင်တင်းတင်း ဖီဆန်ခဲ့ကြသည်။ ပညာရှင်များနှင့် တရားလမ်းမှန်ပေါ်ရှိ လူများသည် ၎င်းတို့အား မကောင်းမှုများ ပြုလုပ်ခြင်းမှ တားမြစ်ရန် ကြိုးစားသောအခါ၊ အသတ်ခံကြရလေသည်။ မသေဘဲကျန်နေခဲ့ကြသူများသည် ၎င်းတို့အား တားဆီးနိုင်လိမ့်မည်မဟုတ်သည့်နည်းတူ ခုခံတွန်းလှန်နိုင်စွမ်းမရှိကြောင်းကို သိရှိခံစားခဲ့ကြသည်။ အကယ်၍ ၎င်းတို့သည် လူအဖွဲ့အစည်းအတွင်း၌ နေထိုင်ကြပါက ၎င်းတို့၏ သာသနာမှာလည်း ဖျက်ဆီးခံရနိုင်ခြေရှိ၏။ ထို့ကြောင့် ၎င်းတို့သည် ဤဘဝ၏တရားဝင်ခွင့်ပြုသော အရာများအပါအဝင် သာယာကြည်နူးမှုများနှင့် ချမ်းသာသုခများကို စွန့်လွှတ်မည်ဟု ၎င်းတို့သဘောဖြင့်၎င်းတို့ ဆုံးဖြတ်ခဲ့ကြသည်။ ဤနည်းအားဖြင့် ၎င်းတို့သည် အိမ်ထောင်ပြုခြင်းကို ရှောင်ကြဉ်ခဲ့ကြသည်။ အသက်မွေးဝမ်းကျောင်းအတွက် ရှာဖွေခြင်းကို စွန့်ပစ်ခဲ့ကြသည်။ နေစရာအိမ်ကို ဆောက်လုပ်ဖန်တီးရန် မကြိုးပမ်းကြတော့ဘဲ တောများ၊ တောင်များ၊ လိုဏ်ဂူများရှိရာသို့ ထွက်ခွာသွားခဲ့ကြသည်။ သို့မဟုတ် ၎င်းတို့၏သာသနာကို ကာကွယ်စောင့်ရှောက်ရန်နှင့် သာသနာ့တာဝန်များကို လွတ်လွတ်လပ်လပ်၊ ပြည့်ပြည့်ဝဝ ထမ်းဆောင်ရန် ခြေသလုံးအိမ်တိုင်ဘဝကို စံယူခဲ့ကြလေသည်။ ၎င်းတို့သည် ဘုရားသခင်ကို ကြောက်စိတ်ဖြင့် ဤအရာအားလုံးကို ပြုလုပ်ခဲ့ကြသောကြောင့် ၎င်းတို့အား 'ရာဟစ်ဗ်' သို့မဟုတ် 'ရှဟ်ဗာန်'ဟူ၍ လည်းကောင်း၊ ၎င်းတို့၏ကျင့်စဉ်အား 'ရဟ်ဗာနီယဟ်'ဟူ၍လည်းကောင်း ရည်ညွှန်းဖော်ပြကြ၏။

ခရစ်ယာန်များသည် ၎င်းတို့၏ သက်ဝင်ယုံကြည်မှုကို ကာကွယ်စောင့်ရှောက်ရန် မလွှဲမရှောင်သာသော အကြောင်းများကြောင့် တောထွက်လမ်းစဉ်ကို တီထွင်ခဲ့ကြရသဖြင့် ဤလမ်းစဉ်၏ မူလအကြောင်းခံမှာ ပြစ်တင်ထိုက်

ဖွယ်မဟုတ်ပေ။ သို့သော် တစ်စုံတစ်ယောက်သည် မိမိအပေါ်မိမိ တစ်စုံတစ်ရာကို ပြဋ္ဌာန်းလိုက်ပါက ထိုအရာကိုပြုလုပ်ရန် တာဝန်ရှိသွားပြီး၊ ထိုအရာကို ချိုးဖောက်ခြင်းမှာ အပြစ်တစ်ခုဖြစ်လေသည်။ ဥပမာ- ခဝပ်ကိုးကွယ်မှုဆိုင်ရာ လုပ်ရပ်တစ်ခုကို ပြုလုပ်ရန် အဓိဋ္ဌာန်ပြုခြင်းသည် မပြုမနေရတာဝန် မဟုတ်ပေ၊ သို့သော် အကြင်သူသည် ခဝပ်ကိုးကွယ်မှုလုပ်ရပ်တစ်ခုကို ပြုလုပ်ရန် အဓိဋ္ဌာန်ပြုခဲ့ပါက သို့မဟုတ် ဟလာလ်ဖြစ်သော အရာတစ်ခုကို ရှောင်ကြဉ်ရန် အဓိဋ္ဌာန်ပြုခဲ့ပါက ရှုရိအဟ်၌ ထိုအဓိဋ္ဌာန်ကိုစောင့်ထိန်းရန် ၎င်းတွင် တာဝန်ရှိသွားပြီး၊ ထိုအဓိဋ္ဌာန်ကို ချိုးဖောက်ခြင်းမှာ အပြစ်တစ်ခု ဖြစ်သွားလေသည်။ အချို့သော ခရစ်ယာန်ဘုန်းကြီးများသည် တောထွက်လမ်းစဉ်ကို စေတနာကောင်းဖြင့် တီထွင်ခဲ့ကြခြင်းဖြစ်၏။ သို့သော် ဘုန်းကြီးရဟန်းဘဝ၏ ခက်ခဲကြမ်းတမ်းမှုများကို ခံနိုင်ရည်မရှိသူများလည်း ရှိခဲ့ကြပေသည်။ ၎င်းတို့အား ကြည်ညိုလေးစားသော ရိုးရိုးလူများက လက်ဆောင်ပစ္စည်းများ၊ ကန်တော့ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသောအခါ၊ ၎င်းတို့သည် များမကြာမီ ရုပ်ဝတ္ထုအကျိုးအမြတ်နှင့် ရုပ်ပိုင်းဆိုင်ရာ သာယာမှုများနောက်သို့ လိုက်ပါခြင်းကို မလွန်ဆန်နိုင်ခဲ့ကြတော့ပေ။ သမိုင်းကသက်သေခံသည့် အချက်မှာ အိမ်ထောင်ပြုခြင်းကို စက်ဆုပ်ရွံရှာသော ဘုန်းကြီးများသည် မဖွယ်ရာသော လုပ်ရပ်များနှင့် ကာမသုခမိစ္ဆာစာရမှု ကျူးလွန်ခြင်းများတွင် မွေ့လျော်ခဲ့ကြခြင်းဖြစ်၏။ (ဘုန်းကြီးကျောင်းများတွင် အမျိုးသားနှင့် အမျိုးသမီးများ လွတ်လပ်စွာ ဒွေးရောယှက်တင်နေထိုင်ခြင်းက ဤနေရာများအား မကောင်းမှုဒုစရိုက်နယ်မြေများအဖြစ် ပြောင်းလဲစေခဲ့လေသည်။)

ယခုအာယတ်တော်က မိမိတို့ကိုယ်တိုင် တောထွက်လမ်းစဉ်ကို ပြဋ္ဌာန်းခဲ့သော်လည်း ထိုပြဋ္ဌာန်းချက်၏ လိုအပ်ချက်များကို လိုက်နာစောင့်ထိန်းခြင်း မပြုခဲ့ကြသော ဘုန်းကြီးများ၏ အလေ့အကျင့်ကို ရှုတ်ချ၏။

'ရဟ်ဗာနီယဟ်'အဖြစ် ၎င်းတို့တီထွင်ခဲ့သော လမ်းစဉ်သည် မူလက မည်သို့မျှ ပြဿနာမရှိခဲ့ကြောင်းကို သာဝကကြီးအဗ်ဒွလ္လာဟ်အိဗ်နိမတ်စ်အူးဒ်ﷺဆင့်ပြန်သည့် ဟဒီးသ်တော်တစ်ရပ်က သက်သေခံ၏။ အိဗ်နိအဗီဟာတင်နှင့် အိဗ်နိဂျရီရ်တို့အား ကိုးကားလျက် အိဗ်နိကဆီးရ် မှတ်တမ်းတင်ထားသော ရှည်လျားသည့် ဆင့်ပြန်ချက်၌ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့ကြောင်းကို တင်ပြထားသည်မှာ-

အလ္လာဟ်အရှင်မြတ်သည် အစ္စရာအီလီ၏ သားသမီးတို့အား (၇၂)သင်းခွဲတော်မူခဲ့သည်။ ယင်းတို့အနက် (၃)သင်းသာလျှင် ပြစ်ဒဏ်မှ ကယ်တင်ခြင်း ခံခဲ့ရသည်။ ဤအုပ်စုများသည် တမန်တော်အီစာﷺမရှိတော့သည့်နောက် ဖိနှိပ်သောဘုရင်များနှင့် ချမ်းသာကြွယ်ဝပြီး၊ သြဇာအာဏာကြီးမားသော (အကျင့်သီလ)ဖောက်ဖျက်ကျူးကျော်သူများက အလ္လာဟ်အရှင်မြတ်၏ ဥပဒေများကို ထိပါးချိုးဖောက်ခြင်းအား တားဆီးခဲ့ကြသည်။ ၎င်းတို့နှင့် ဆန့်ကျင်လျက် အမှန်တရားကို ထုတ်ဖော်ခဲ့ကြပြီး၊ ၎င်းတို့အား တမန်တော်အီစာﷺ၏ သာသနာသို့ ဖိတ်ခေါ်ခဲ့ကြသူများအနက်မှ ပထမအုပ်စုသည် မိမိတို့တွင်ရှိသမျှသော အင်အားဖြင့် ဖိနှိပ်သူတို့အား ရင်ဆိုင်ခဲ့ကြသော်လည်း ရှုံးနိမ့်ပြီး အသတ်ခံခဲ့ကြရသည်။ ၎င်းတို့၏နောက် ဒုတိယအုပ်စုသည် အာဏာရှင်များနှင့် ဖိနှိပ်သူများအား ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။ ၎င်းတို့၌ ပထမအုပ်စု၏ စစ်သည်အင်အားလောက်ပင် မရှိခဲ့ကြပေ။ သို့ရာတွင် ၎င်းတို့သည် ၎င်းတို့၏ အသက်များကို ပဓာနမထားဘဲ အမှန်တရားကို သိရှိစေခဲ့ကြသည်။ ဤအုပ်စုမှာလည်း သုတ်သင်ခြင်းခံခဲ့ကြရ၏။ ၎င်းတို့အနက် အချို့မှာ လွှမ်းဖြင့် ထက်ခြမ်းခွဲခံရပြီး၊ အချို့မှာ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခံခဲ့ကြရသည်။ သို့သော် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုအတွက် နာကျင်မှုဝေဒနာကို သည်းခံရင်း ကယ်တင်ခြင်းကို အောင်မြင်စွာ ရယူခဲ့ကြလေသည်။ ထို့နောက် တတိယအုပ်စုသည် ထိုသူများအား ဆက်လက်တိုက်ပွဲဝင်ခဲ့ကြပြန်သည်။ သို့သော် ဤအုပ်စု၏ အင်အားမှာ နည်းပါးလှ၏။ ၎င်းတို့တွင် အာဏာရှင်များအား တိုက်ခိုက်ရန် ရင်းမြစ်မရှိသည့်နည်းတူ အကျင့်ပျက်ပြားနေသော ထိုလူအဖွဲ့အစည်းတွင် နေထိုင်ပြီး မိမိတို့၏သာသနာကို လိုက်စားရန်လည်း မဖြစ်နိုင်ခဲ့ပေ။

ထို့ကြောင့် ၎င်းတို့သည် တောများ၊ တောင်များဆီသို့ ထွက်သွားခဲ့ကြပြီး ဘုန်းကြီးရဟန်းများ ဖြစ်လာခဲ့ကြလေသည်။ ယခုအာယတ်တော် وَرَهْبَانِيَّةً ٱبْتَدَعُوهَا "…. သို့ရာတွင် (၎င်းတို့ကိုယ်တိုင်) အလ္လာဟ်အရှင်မြတ်၏ နှစ်မြို့မှုရှာဖွေအံ့သောငှာ (တောထွက်လမ်းစဉ်ကို လိုက်နာကျင့်သုံးခဲ့ကြကုန်၏)။ သို့ပါသော်လည်း ၎င်းတို့သည် ယင်းတောထွက်လမ်းစဉ်ကို စောင့်စည်းအပ်သော ဝတ္တရားနှင့်အညီ စောင့်စည်းနိုင်ကြသည် မရှိချေ။ ….”(၅၇း၂၇)တွင် အလ္လာဟ်အရှင်မြတ် ရည်ညွှန်းမိန့်ကြားတော်မူ သည်မှာ ဤတတိယအုပ်စုကိုပင် ဖြစ်တော့သည်။

ဤဆင့်ပြန်ချက်က ညွှန်ပြသည်မှာ အစွန်ရာအီလီများထဲမှ မူလတောထွက်ကျင့်စဉ်ကို လက်ခံခဲ့ပြီး၊ ကျင့်စဉ်၏ အခြေခံလိုအပ်ချက်များကို အလေးထားကာ ဆင်းရဲဒုက္ခများကို ကြုံကြုံခံခဲ့ကြသော လူများသည် ကယ်တင်ခြင်းခံရမည့်သူများထဲမှ ဖြစ်ကြပေမည်။

ဤအဓိပ္ပါယ်ဖွင့်ဆိုချက်အရ အသစ်တီထွင်ခဲ့သည့် မူလတောထွက်ကျင့်စဉ်သည် သာသနာနှင့်ဆိုင်သော မပြုမနေရတာဝန်တစ်ခုမဟုတ်သော်ငြားလည်းကျင့်စဉ်ကိုယ်၌က ဆိုးရွားသည်မဟုတ်ကြောင်းယခုအာယတ်တော်က ပြသ၏။ ၎င်းတို့သည် ၎င်းတို့၏သဘောဆန္ဒအလျောက် ၎င်းတို့ကိုယ်တိုင်အပေါ် မပြုမနေရ တာဝန်အဖြစ် သတ်မှတ်ခဲ့ကြခြင်းဖြစ်၏။ ထိုသို့ သတ်မှတ်ပြီးကာမှ ၎င်းတို့ထဲမှ အများစုသည် ကျင့်စဉ်၏ အခြေခံလိုအပ်ချက်များကို မထိန်းသိမ်းနိုင်ခြင်းက အဆိုးကိုစတင်ခဲ့ခြင်းဖြစ်၏။ သို့ဖြစ်၍ لِلْأَكْثَرِ حُكْمُ الْكُلِّ (အများစုသည် အားလုံးကိုကိုယ်စားပြု၏။) ဟူသော ဆိုရိုးစကားနှင့်အညီ ကုရ်အာန်က အစွန်ရာအီလီအားလုံးကိုခြုံ၍ فَمَا رَعَوْهَا حَقَّ رِعَايَتِهَا "…. သို့ပါသော်လည်း ၎င်းတို့သည် ယင်းတောထွက်လမ်းစဉ်ကို စောင့်စည်းအပ်သော ဝတ္တရားနှင့်အညီ စောင့်စည်းနိုင်ကြသည် မရှိချေ။ ….”(၅၇း၂၇)ဟု မိန့်ဆိုခြင်း ဖြစ်လေသည်။

အထက်ပါ ဆွေးနွေးချက်မှ ٱبْتَدَعُوهَا (၎င်းတို့အသစ်တီထွင်ခဲ့ကြကုန်၏)။ 'ဗိဒအ်အဟ်'မှ ဆင်းသက်သည့် 'အိဗ်တိဒါအ်'ဟူသော စကားလုံးအား ဤနေရာတွင် ယင်း၏တိုက်ရိုက်အဓိပ္ပါယ် 'အသစ်တီထွင်ခြင်း'အဖြစ် သုံးထားပြီး ဘာသာရေးတွင် လက်ခံထားသည့် အယူအဆနှင့် ကွဲလွဲသော ယုံကြည်ချက်အဖြစ် ဖော်ပြခြင်းမပြုပေ။ ဘာသာရေး ဆိုင်ရာ အယူအဆဖြစ်သည့် 'ဗိဒအ်အဟ်' (သာသနာ၏အစိတ်အပိုင်းအဖြစ် ပြုလုပ်ထားသော အခြေအမြစ်မရှိသည့် ယုံကြည်ချက် သို့မဟုတ် ကျင့်စဉ်)အား တမန်တော်မြတ်(ဆွ)၏ ဆင့်ပြန်ချက်တစ်ရပ်၌ အောက်ပါအတိုင်း ပြစ်တင် ရှုတ်ချထား၏။ كُلُّ بِدْعَةٍ ضَلَالَةٌ (သာသနာရေးရာ အသစ်တီထွင်မှုတိုင်းသည် သွေဖည်ခြင်းပင်ဖြစ်၏)

အာယတ်တော်၏ ဖော်ပြပုံမှာ ထိုကိစ္စနှင့်စပ်လျဉ်း၍ အလွန်ပင် ရှင်းလင်း၏။ အောက်ပါဝါကျ

وَجَعَلْنَا فِي قُلُوبِ الَّذِينَ اتَّبَعُوهُ رَأْفَةً وَرَحْمَةً وَرَهْبَانِيَّةً "….. ထိုမှတပါး ငါအရှင်မြတ်သည် ထို 'အီစာ'၏နောက်သို့ လိုက်ခဲ့ကြသောသူတို့၏ စိတ်နလုံးများတွင် နူးညံ့ သိမ်မွေ့မှုကို လည်းကောင်း၊ ကရုဏာတရားကို လည်းကောင်း ထည့်သွင်းပေးတော်မူခဲ့၏။

သို့ရာတွင် (၎င်းတို့ကိုယ်တိုင်) အလ္လာဟ်အရှင်မြတ်၏ နှစ်မြို့မှုရှာဖွေအံ့သောငှာ (တောထွက်လမ်းစဉ်ကို လိုက်နာကျင့်သုံးခဲ့ကြကုန်၏)။ သို့ပါသော်လည်း ၎င်းတို့သည် ယင်းတောထွက်လမ်းစဉ်ကို စောင့်စည်းအပ်သော ဝတ္တရားနှင့်အညီ စောင့်စည်းနိုင်ကြသည်မရှိချေ။”(၅၇း၂၇)*ကို ဦးစွာလေ့လာကြည့်ကြပါစို့။ 'နူးညံ့သိမ်မွေ့ခြင်းနှင့် ကရုဏာတရားတို့သည် ဆိုးယုတ်သော စရိုက်လက္ခဏာများ မဟုတ်ကြသကဲ့သို့ ၎င်းတို့မွေးစားသော တောထွက်

* မှတ်သားသင့်သည်မှာ ဤအာယတ်တော်၏ သဒ္ဒါတည်ဆောက်ပုံအရ ယင်းအား နှစ်မျိုးဘာသာပြန်ဆိုနိုင်သည်။ ဘာသာပြန်ပုံတစ်မျိုးကို အထက်မှစာသားတွင် ပေးထား၏။ ဖြစ်နိုင်သော ဒုတိယဘာသာပြန်ကို ဤနေရာတွင် ဖော်ပြထား၏။ အောက်ပါဆွေးနွေးမှုသည် ဤဒုတိယဘာသာ ပြန်ဆိုမှုပေါ်တွင် အခြေခံသောကြောင့် စာကိုယ်ထဲမှ ဘာသာပြန်အစား ကျွန်ုပ်တို့သည် ဤဒုတိယဘာသာပြန်ဆိုချက်ကို ဖော်ပြခြင်းဖြစ်၏။ (မုဟမ္မဒ်တကီးအွတ်စမာနီ)

လမ်းစဉ်ကိုယ်၌က ဆိုးယုတ်သောဓလေ့ မဟုတ်ကြောင်းကို ညွှန်ပြ၏။ ဤသို့မဟုတ်က အလ္လာဟ်အရှင်မြတ်သည် ထိုလမ်းစဉ်အား ကောင်းမြတ်သော အရည်အချင်းများဖြစ်သည့် 'နူးညံ့သိမ်မွေ့ခြင်းနှင့် ကရုဏာတရား'တို့နှင့်အတူ စာရင်းသွင်းတော်မူလိမ့်မည် မဟုတ်ပေ။ ကုရ်တူဗီကဲ့သို့ တောထွက်လမ်းစဉ်မှာ လုံးဝတားမြစ်ခြင်းခံရသည်ဟု သဘောထားသော ပညာရှင်များသည် သဒ္ဒါဆိုင်ရာ အခက်အခဲများကို ကြုံတွေ့ခဲ့ရမည်။ 'ရဟ်ဗာနီယတ်'သည် သမ္မန္ဓ 'ဝေါင်' (နှင့်)ဖြင့် တွဲဆက်သည့် ဖော်ပြချက်၏ ဆက်စပ်သော အစိတ်အပိုင်းတစ်ခု မဟုတ်ကြောင်းကို ပြသရန် ၎င်းတို့သည် အထူးဂရုစိုက်၊ ဒုက္ခခံခဲ့ကြသည်။ ၎င်းတို့က '.... နှင့် တောထွက်ကျင့်စဉ် ....'ဖြင့် အစပြုသောဝါကျအား သီးခြားဝါကျအဖြစ် မှတ်ယူပြီး၊ ကြိယာ 'အိဗ်တဒါအ်'အား ချန်လှပ်ထားသည်ဟု သဘောရခဲ့ကြ၏။ အထက်မှ အဓိပ္ပါယ်ဖွင့်ဆိုချက်က ဤဝါကျတည်ဆောက်ပုံကို မလိုအပ်ဟု ဖော်ပြ၏။ ထို့ကြောင့်ပင် ကျမ်းမြတ်ကုရ်အာန်က ၎င်းတို့၏ အသစ်တီထွင်သော တောထွက်ကျင့်စဉ်ကိုမူအားဖြင့် ငြင်းပယ်ခြင်းမပြုသော်လည်း ကျင့်စဉ်ကို ထိန်းသိမ်းရန်နှင့် တာဝန်ဝတ္တရားများကို ဂရုစိုက်ရန် ပျက်ကွက်ခြင်းအပေါ် ငြင်းပယ်ခြင်း ဖြစ်လေသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်သည် 'အိဗ်တိဒါအ်' (အသစ်တီထွင်ခြင်း)ကို ယင်း၏တိုက်ရိုက်အဓိပ္ပါယ်အတိုင်း ယူပါမှသာလျှင် ဖြစ်နိုင်ပေသည်။ အကယ်၍ ထိုစကားလုံးအား သာသနာရေးရာ သဘောတရားအရယူပါက တောထွက်လမ်းစဉ်ကိုယ်၌ကိုပင် ပြစ်တင်ရှုတ်ချခဲ့လိမ့်မည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် 'ဗိဒအဟ်' (သာသနာတွင် အသစ်ထွင်ခြင်း)သည် သဘောအဓိပ္ပါယ်အားဖြင့် သွေဖည်ခြင်းဖြစ်သောကြောင့်ပင်။

သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နိမတ်စ်အူးဒ်ﷺ၏ ဆင့်ပြန်ချက်က ဘုန်းကြီးရဟန်းဘဝကို တီထွင်သော အုပ်စုများသည် ကယ်တင်ခြင်းခံကြရမည်ဖြစ်ကြောင်း ထင်ရှားစေသည်။ အကယ်၍ ၎င်းတို့သည် သာသနာနှင့် သက်ဆိုင်သော အသစ်တီထွင်မှု ကျူးလွန်ခြင်းကြောင့် အပြစ်ရှိပါက ကယ်တင်ခံရမည့် လူများစာရင်းတွင် ပါဝင်မည် မဟုတ်ဘဲ သွေဖည်သူများစာရင်းတွင် ပါဝင်ကြပေမည်။

'ရဟ်ဗနီယဟ်' (တောထွက်ကျင့်စဉ်)သည် လုံးဝတားမြစ်ခံရသော ကျင့်စဉ်လား သို့မဟုတ် ဆက်နွယ်သော အယူအဆ တစ်ခုလား

ရဟ်ဗနီယဟ် (တောထွက်ကျင့်စဉ်)သည် ယေဘုယျအားဖြင့် ဟလာလ်ဖြစ်သော အရာအချို့နှင့် သာယာမှုများကို စွန့်လွှတ်ခြင်းဟု အဓိပ္ပါယ်ရ၏။ ယင်းကျင့်စဉ်တွင် အဆင့်ဆင့်ရှိသည့်အနက် အဆင့်တစ်ခုမှာ ဟလာလ်အရာတစ်ခုအား ဟရာမ်အရာတစ်ခုကဲ့သို့ အယူဝါဒအားဖြင့် လည်းကောင်း၊ လက်တွေ့အားဖြင့် လည်းကောင်း ပြုမူကျင့်ကြံခြင်းဖြစ်လေသည်။ ဤသို့ပြုမူကျင့်ကြံခြင်းသည် သာသနာအား ပုံဖျက်ခြင်းပင်ဖြစ်၏။ ဤရှုထောင့်မှကြည့်လျှင် တောထွက်ကျင့်စဉ်သည် ကုရ်အာန်၏ နေရာများတွင် ကြေညာတော်မူသကဲ့သို့ လုံးဝတားမြစ်ခံရ၏။ စူရတ်အလ်မာအိဒဟ်တွင် "يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا تُحَرِّمُواْ طَيِّبَٰتِ مَآ أَحَلَّ ٱللَّهُ لَكُمۡ" အို- 'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် မိမိတို့အဘို့ အလ္လာဟ်အအရှင်မြတ်က ခွင့်ပြုထားတော်မူသည့် သန့်ရှင်းစင်ကြယ်သော အရာများကို (မိမိတို့အဖို့) (ဟရာမ်)ဟူ၍ ပိတ်ပင်တားမြစ်ခြင်း မပြုကြကုန်လင့်။ ...."(၅း၈၇) ဟူ၍ အခြေခံစည်းမျဉ်းချမှတ်တော်မူသည်။ ဤအာယတ်တော်မှ တားမြစ်ကြိယာ (ပိတ်ပင်တားမြစ်ခြင်း မပြုကြကုန်လင့်)သည် အလ္လာဟ်အရှင်မြတ်က ဟလာလ်ဖြစ်စေတော်မူသော အရာကို အကြောင်သူသည် ဟရာမ်ဟု ယုံကြည်ခြင်း သို့မဟုတ် ကျင့်ဆောင်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ဥပဒေများကို ပုံပျက်အောင် ပြုလုပ်ခြင်း သို့မဟုတ် သွေဖည်ခြင်းဖြစ်ကြောင်း ညွှန်ပြ၏။

ဒုတိယအဆင့်မှာ ပုဂ္ဂိုလ်တစ်ဦးသည် တယူသန်စွာ သို့မဟုတ် လက်တွေ့ကျစွာ ဟလာလ်ဖြစ်သော အရာ

တစ်ခုအား ဟရာမ်ဟုပြောင်းလဲခြင်း မပြုသော်လည်း လောကီဆိုင်ရာ သို့မဟုတ် ဘာသာရေးဆိုင်ရာ အကြောင်းပြချက်ဖြင့် စွန့်လွှတ်ခြင်းဖြစ်၏။ လောကီကိစ္စများတွင် အကြင်သူသည် ရောဂါတစ်စုံတစ်ရာကြောင့် ဟလာလ်အရာတစ်ခုကို စွန့်လွှတ်နိုင်သည်။ ဘာသာရေးကိစ္စများတွင် အကြင်သူသည် လိမ်ညာခြင်းနှင့် သူတစ်ပါးမကောင်းကြောင်း အတင်းပြောခြင်းကဲ့သို့သော ကိုယ်ကျင့်တရားဆိုင်ရာ အပြစ်ကို ကျူးလွန်မိမည်စိုး၍ လူအများနှင့် ပေါင်းသင်းဆက်ဆံခြင်းကို ရှောင်ကြဉ်သည် သို့မဟုတ် ၎င်း၏စိတ်ဆင်ရိုင်းကို ချိုးနှိမ်ရန်အတွက် အချို့သော ဟလာလ်အရာများကို ယာယီစွန့်လွှတ်၏။ ဤကန့်သတ်မှုသည် စိတ်ပိုင်းဆိုင်ရာ ရောဂါတစ်ခုသာလျှင်ဖြစ်ပြီး၊ ကုသမှုပြီးဆုံးသောအခါ ကန့်သတ်ချက်ကို ဆက်၍မထားတော့ပေ။ အချို့သော စူဖီကျမ်းကျင်သူများသည် လူသစ်တစ်ဦးအား ၎င်း၏နာမ်ခရီး၏ အစပိုင်းအဆင့်များတွင် နည်းနည်းအိပ်၊ နည်းနည်းစား၊ လူများနှင့် နည်းနည်းရောယှက် စသည့် ခြိုးခံသောကျင့်စဉ်များကို လေ့ကျင့်ရန် ပြဋ္ဌာန်းသတ်မှတ်ထား၏။ ဤသည်က ၎င်းအား ညီညွတ်မှုတမှုနှင့် တည်ငြိမ်မှု (အိတိဒါလ်)ကို ဖြစ်စေသည်။ ဤခြိုးခံသောကျင့်စဉ်မှာ 'နည်းလမ်း'တစ်ခုသာလျှင်ဖြစ်ပြီး၊ 'ပန်းတိုင်'မဟုတ်ချေ။ အကောင်းဆုံးတည်ငြိမ်မှုတမှုကို ရရှိသောအခါ၊ ထို့ပြင် 'နဖ်စ်'(အတွင်းစိတ်)အား ထိန်းချုပ်၍ရသွားသောအခါ၊ မကောင်းမှုများ ကျူးလွန်ခြင်းအန္တရာယ်မရှိတော့သဖြင့်၊ ၎င်းတို့အား လေ့ကျင့်မှုကို စွန့်လွှတ်ရန် တောင်းဆိုလေသည်။ အမှန်စင်စစ် ဤသည်မှာ တောထွက်ကျင့်စဉ် မဟုတ်ဘဲ ကျွန်ုပ်တို့၏ အလျင်လူများ၊ သာဝကကြီးများ၊ ၎င်းတို့၏နောက်လိုက်များနှင့် ဘာသာရေးခေါင်းဆောင်များ လေ့ကျင့်ခဲ့ကြသည့် ဘာသာတရားက လိုအပ်သော 'တက္ကဝါ' သို့မဟုတ် 'အကျင့်သီလ ကောင်းမွန်အောင် ပြုလုပ်ခြင်း'ပင် ဖြစ်လေသည်။

တတိယအဆင့်မှာ ပုဂ္ဂိုလ်တစ်ဦးသည် ဟလာလ်ဖြစ်သော အရာတစ်ခုကို ဟရာမ်အဖြစ် မပြောင်းလဲသော်ယင်းအားစွန့်လွှတ်ခြင်းက ပို၍မွန်မြတ်ပြီး အကျိုးဆုလာဘ်များမည်ဟူသော ယုံကြည်မှုဖြင့် အသုံးမပြုဘဲ ရှောင်ကြဉ်ခြင်းဖြစ်၏။ သို့လင့်ကစား ထိုကဲ့သို့ အသုံးပြုခြင်းသည် မှန်ကန်ကြောင်း စွန့်တ်တော် (တမန်တော်မြတ်ﷺ၏ အလေ့အကျင့်များ)က သက်သေခံပြီးဖြစ်၏။ ဤသည်မှာအမှန်စင်စစ် 'ဂူလူဝ်' (ဆန္ဒလွန်ကဲခြင်း)ဖြစ်ပြီး၊ ဟဒီးသ်တော်များစွာက 'ဂူလူဝ်'ကို တားမြစ်လေသည်။

တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့ကြောင်း လာရှိသည်မှာ لَا رَهْبَانِيَّةَ فِي الْإِسْلَامِ (အစွယ်မတွင် တောထွက်ကျင့်စဉ်မရှိ)ဟူ၍ ဖြစ်၏။ ဤမိန့်ဆိုချက်က အကြင်သူသည် ဆုလာဘ်အကျိုးရရှိလိမ့်မည်ဟူသော မှားယွင်းသည့် ယူဆချက်ဖြင့် ဟလာလ်အရာများကို စွန့်လွှတ်သည့် အနေအထားမျိုးနှင့် သက်ဆိုင်ပေသည်။ အကယ်၍ အစွရာအီလီ၏ သားသမီး များသည် ၎င်းတို့၏သာသနာကို ကာကွယ်စောင့်ရှောက်ရန်အတွက် တောထွက်လမ်းစဉ်ကို အစပြုခဲ့ပါက ဒုတိယ အတန်းအစားဖြစ်သော အကျင့်သီလကောင်းမွန်အောင် ပြုလုပ်ခြင်းအောက်တွင် ကျရောက်ပေမည်။ သို့သော် ကျမ်းဂန်ရ အမျိုးသားတို့သည် 'ဂူလူဝ်' သို့မဟုတ် ဘာသာရေးတယူသန်မှုကို ကျင့်သုံးခြင်း ဖြစ်စေခဲ့၏။ အကယ်၍ ၎င်းတို့သည် ဟလာလ်ကို ဟရာမ်ပြုလုပ်ပါက ပထမအတန်းအစားတွင် ကျရောက်သဖြင့် ဟရာမ်အမှုကို ကျူးလွန်သည့် အပြစ်ရှိပေသည်။ အကယ်၍ ၎င်းတို့သည် တတိယအတန်းအစားအောက်တွင် ကျရောက်ပါကလည်း ပြစ်တင်ရှုတ်ချခဲ့ရသည့် အမှုကိုကျူးလွန်ခြင်း အပြစ်ရှိသည်ပင်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်အသိဆုံး ဖြစ်တော်မူသည်။

يَا أَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَآمِنُوا بِرَسُولِهِ يُؤْتِكُمْ كِفْلَيْنِ مِنْ رَحْمَتِهِ

"အို- 'မုအ်မင်နဲ့' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်အား ယုံကြည်ကြလေကုန်။ ထိုအရှင်မြတ်သည် အသင်တို့အား မိမိကရုဏာတော်မှ နှစ်ဆချီးမြှင့်ပေးသနားတော်မူမည့်ပြင် ....."(၅၇း၂၈)။ ဤအာယတ်တော်မှ

အာလုပ်စကားဖြစ်သော يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا (အို- သက်ဝင်ယုံကြည်သူအပေါင်းတို့)သည် တမန်တော်အဲစာ ﷺ အား သက်ဝင်ယုံကြည်ခဲ့ကြသော ကျမ်းရ အမျိုးသားများကို ရည်ညွှန်းခြင်းဖြစ်၏။ ယေဘုယျစည်းကမ်းအနေဖြင့် ဤအာလုပ်စကားကို ကုရ်အာန်က မွတ်စလင်များအတွက်သာ အသုံးပြုပြီး ဂျူးများ သို့မဟုတ် ခရစ်ယာန်များအတွက် အသုံးမပြုပေ။ ၎င်းတို့အတွက် အသုံးအနှုန်းသည် 'အဟ်လွလ်ကီတာဗ်' (ကျမ်းဂန်ရရှိကြသူများ)ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ တမန်တော်မူစာ ﷺ နှင့် အီစာ ﷺ တို့အား သက်ဝင်ယုံကြည်ခြင်းသည် 'သက်ဝင်ယုံကြည်သူများ'ဖြစ်သည့် သဘောမသက်ရောက်သောကြောင့် ဖြစ်၏။ ၎င်းတို့သည် တမန်တော်မြတ် ﷺ အား သက်ဝင်ယုံကြည်ရန် လိုအပ်၏။ သို့မှသာ ၎င်းတို့အား يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا (အို- သက်ဝင်ယုံကြည်သူအပေါင်းတို့)ဟု ခေါ်ဆိုနိုင်မည်ဖြစ်ပေသည်။ သို့သော် ဤနေရာတွင် ကုရ်အာန်သည် ယေဘုယျစည်းကမ်းပုံစံမှ သွေဖည်လျက် ၎င်းတို့အား 'အို- သက်ဝင်ယုံကြည်သူအပေါင်းတို့'ဟူ၍ ခေါ်ဝေါ်မိန့်ကြား၏။ အဘယ်ကြောင့်ဆိုသော် နိဂုံးချုပ်အာယတ်တော်က ခရစ်ယာန်တို့အား သတိပေးသည်မှာ တမန်တော်အဲစာ ﷺ အား သက်ဝင်ယုံကြည်ခြင်းသည် မလုံလောက်၊ တမန်တော်အဲစာ ﷺ အား သက်ဝင်ယုံကြည်ခြင်း၏ အဓိပ္ပါယ်အစစ်အမှန်က ညွှန်ကြားသည်မှာ ၎င်းတို့သည် နောက်ဆုံးတမန်တော် ﷺ အား သက်ဝင်ယုံကြည်ရန်ဖြစ်၏။ အကယ်၍ နောက်ဆုံးတမန်တော် ﷺ အား သက်ဝင်ယုံကြည်ကြပါက ၎င်းတို့သည် يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا (အို- သက်ဝင်ယုံကြည်သူအပေါင်းတို့)'ဟူ၍ ခေါ်ခံထိုက်မည် ဖြစ်ပေသည်။

ထို့နောက် ကျမ်းဂန်ရရှိသူများအား ၎င်းတို့၏ ဆုလာဘ်အကျိုးမှာ နှစ်ဆဖြစ်မည့် အကြောင်းကို အာယတ်တော်က ကတိပြုလေသည်။ ပထမအကျိုးဆုလာဘ်သည် တမန်တော်အီစာ ﷺ သို့မဟုတ် မူစာ ﷺ အား သက်ဝင်ယုံကြည်ခြင်းနှင့် ၎င်းတို့၏ 'ရှရီအဟ်'ကို လိုက်နာခြင်းများကြောင့်ဖြစ်ပြီး၊ ဒုတိယအကျိုးဆုလာဘ်သည် တမန်တော်မြတ်(ဆွ)အား သက်ဝင်ယုံကြည်ခြင်းနှင့် ၎င်း၏ 'ရှရီအဟ်'အတိုင်း ကျင့်သုံးသောကြောင့် ဖြစ်လေသည်။ ၎င်းတို့အကျိုးဆုလာဘ် နှစ်ဆရသည့်အကြောင်းရင်းမှာ ဂျူးများနှင့် ခရစ်ယာန်များသည် တမန်တော်မြတ် ﷺ အား သက်ဝင်ယုံကြည်ချိန်မတိုင်မီထိ မယုံကြည်သွေဖည်သူများ ဖြစ်ခဲ့ကြသည်။ မယုံကြည်သွေဖည်သူတစ်ဦး၏ ခဝပ်ကိုးကွယ်မှုမှာ လက်ခံနိုင်စရာအကြောင်း မရှိချေ။ ယခင် ရှရီအဟ်အရ ၎င်းတို့ဆောင်ရွက်ခဲ့ပြီးသော လုပ်ရပ်မှန်သမျှသည် အချည်းနှီးဖြစ်ပေမည်။ သို့သော် ယခု အာယတ်တော်က ရှင်းပြသည်မှာ မယုံကြည်သွေဖည်သူတစ်ဦးသည် အစွမ်းလာမ်ကို လက်ခံယုံကြည်သောအခါ ၎င်း၏ကောင်းမှုအားလုံးကို ပြန်ရရှိမည်ဖြစ်၍ ၎င်း၏အကျိုးဆုလာဘ်သည် နှစ်ဆဖြစ်သွားကြောင်းပင်ဖြစ်၏။

لِّئَلَّا يَعْلَمَ أَهْلُ ٱلْكِتَٰبِ "…. ရှေးကျမ်းဂန်ရရှိသူတို့သည်၊ သိရှိအံ့သောငှာ ...."(၅၇း၂၉)။ အငြင်းပုဒ်ဖြစ်သော 'လာ'(မဟုတ်)သည် သဒ္ဒါသဘောအရ မလိုအပ်ပေ။ (သို့သော် အလင်္ကာသဘောအရ ယင်းပုဒ်က ဖော်ပြချက်အား လေးနက်စေသည်။)။ ဤနောက်ဆုံး အာယတ်တော်က မိန့်ဆိုသည်မှာ တမန်တော်အီစာ ﷺ အား သက်ဝင်ယုံကြည်ခြင်းသည် တမန်တော်မြတ် ﷺ အား သက်ဝင်ယုံကြည်ခြင်း မဟုတ်ကြောင်း ရှေးကျမ်းဂန်ရရှိသူများ သိနားလည်ရန် လိုအပ်၏။ နောက်ဆုံး တမန်တော် ﷺ၌ အီမာန်သက်ဝင်ယုံကြည်ခြင်းမပြုပါက အလ္လာဟ်အရှင်မြတ်၏မည်သည့် ကျေးဇူးတော်နှင့်မျှ ၎င်းတို့သည် ထိုက်တန်လိမ့်မည် မဟုတ်ပါချေ။ အလ္လာဟ်အရှင်မြတ် အသိဆုံးဖြစ်တော်မူသည်။

အလ်ဟမ်ဒုလေလ္လာ

စူရဟ်အလ်ဟဒီဒ်၏ ရှင်းလင်းဖွင့်ဆိုချက်ဤတွင်ပြီး၏။

စူရဟ် အလ်မုဂျာဒလဟ်

(စကားစစ်ထိုးခြင်း/စောဒကဝင်သောမိန်းမ)

ဤစူရဟ်သည် မဒီနာမြို့၌ ကျရောက်ပြီး အာယတ်တော် (၂၂)ပါး၊ ရုကူအ်(၃)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော၊ မဟာကရုဏာအပေါင်းနှင့် ပြည့်စုံတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယသ်တော် (၁-၆)

قَدْ سَمِعَ اللّٰهُ قَوْلَ الَّتِيْ تُجَادِلُكَ فِيْ زَوْجِهَا وَ تَشْتَكِيْٓ اِلَى اللّٰهِ ۖ وَ اللّٰهُ
يَسْمَعُ تَحَاوُرَكُمَا ۭ اِنَّ اللّٰهَ سَمِيْعٌۢ بَصِيْرٌ ۝ اَلَّذِيْنَ يُظٰهِرُوْنَ مِنْكُمْ مِّنْ
نِّسَآىِٕهِمْ مَّا هُنَّ اُمَّهٰتِهِمْ ۭ اِنْ اُمَّهٰتُهُمْ اِلَّا الّٰۗيْ وَلَدْنَهُمْ ۭ وَاِنَّهُمْ لَيَقُوْلُوْنَ
مُنْكَرًا مِّنَ الْقَوْلِ وَ زُوْرًا ۭ وَاِنَّ اللّٰهَ لَعَفُوٌّ غَفُوْرٌ ۝ وَ الَّذِيْنَ يُظٰهِرُوْنَ
مِنْ نِّسَآىِٕهِمْ ثُمَّ يَعُوْدُوْنَ لِمَا قَالُوْا فَتَحْرِيْرُ رَقَبَةٍ مِّنْ قَبْلِ اَنْ يَّتَمَاۗسَّا ۭ
ذٰلِكُمْ تُوْعَظُوْنَ بِهٖ ۭ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ۝ فَمَنْ لَّمْ يَجِدْ فَصِيَامُ
شَهْرَيْنِ مُتَتَابِعَيْنِ مِنْ قَبْلِ اَنْ يَّتَمَاۗسَّا ۚ فَمَنْ لَّمْ يَسْتَطِعْ فَاِطْعَامُ سِتِّيْنَ
مِسْكِيْنًا ۭ ذٰلِكَ لِتُؤْمِنُوْا بِاللّٰهِ وَ رَسُوْلِهٖ ۭ وَتِلْكَ حُدُوْدُ اللّٰهِ ۭ وَ
لِلْكٰفِرِيْنَ عَذَابٌ اَلِيْمٌ ۝ اِنَّ الَّذِيْنَ يُحَاۗدُّوْنَ اللّٰهَ وَرَسُوْلَهٗ كُبِتُوْا كَمَا
كُبِتَ الَّذِيْنَ مِنْ قَبْلِهِمْ وَ قَدْ اَنْزَلْنَآ اٰيٰتٍۢ بَيِّنٰتٍ ۭ وَ لِلْكٰفِرِيْنَ عَذَابٌ
مُّهِيْنٌ ۝ يَوْمَ يَبْعَثُهُمُ اللّٰهُ جَمِيْعًا فَيُنَبِّئُهُمْ بِمَا عَمِلُوْا ۭ اَحْصٰىهُ اللّٰهُ
وَنَسُوْهُ ۭ وَاللّٰهُ عَلٰي كُلِّ شَيْءٍ شَهِيْدٌ ۝

ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြင်မိန်းမ၏ ပြောဆိုမှုကို ကြားတော်မူခဲ့လေပြီ။ ထိုမိန်းမသည် မိမိလင်ယောကျ်ားနှင့် ပတ်သက်၍ အသင်နှင့် ငြင်းခုံပြောဆို ဆွေးနွေးလျက်ရှိသည့်ပြင် (မိမိ)မကျေနပ်ကြောင်း အလ္လာဟ်အရှင်မြတ် အထံတော်တွင် ထုတ်ဖော်လျှောက်ထားတိုင်တန်းလျက်ရှိခဲ့၏။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့နှစ်ဦးပြောဆိုမေးဖြေခြင်းကိုလည်းကြားတော်မူ၏။ ဇကန်မလွဲအလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိမြင်တော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။[၁] အသင်တို့အနက် အကြင်သူတို့သည် မိမိတို့ဇနီးမိန်းမများအား ကျွန်ုပ်၏မိခင်ကဲ့သို့ပင် ကျွန်ုပ် အပေါ်၌ 'ဟရာမ်'ဖြစ်သည်ဟုပြောဆို 'ဇီဟာရ်'ပြုလုပ်ကြလေ၏။ ထိုဇနီးမိန်းမများမှာ ၎င်းတို့၏ မိခင်များမဟုတ်ကြပေ။ ၎င်းတို့အား မွေးဖွားခဲ့ကြသော မိန်းမများသာလျှင် ၎င်းတို့၏မိခင်များ ဖြစ်ကြလေ၏။ သို့ရာတွင် ဇကန်မလွဲ ထို('ဇီဟာရ်'ပြုလုပ်ကြသော) ထိုသူတို့သည် စက်ဆုပ်ဖွယ်ရာစကားကို လည်းကောင်း၊ မုသားစကားကို လည်းကောင်း၊ ပြောဆိုကြသည် အမှန်ပင်။ သို့တစေ လည်း မလွဲဇကန် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာခွင့်လွှတ်တော်မူသောအရှင်၊ အလွန် တရာ ချမ်းသာပေးတော်မူသောအရှင် ဖြစ်တော်မူ၏။[၂] စင်စစ်မှာကား အကြင်သူတို့သည် မိမိတို့၏ဇနီးမိန်းမများနှင့် 'ဇီဟာရ်'* ပြုလုပ်ကြကုန်၏။ ထို့နောက် ၎င်းတို့သည် မိမိတို့ပြောဆိုခဲ့သည်မှ ပြန်လည်ရုပ်သိမ်းလိုက်ကြ၏။ သို့ဖြစ်လျှင် ၎င်းတို့ ဇနီး(မောင်နှ)နှစ်ဦး ကိုယ်လက်နှီးနှော ထိတွေ့ခြင်းမပြုကြမီ ကျွန်တစ်ယောက်ကို လွတ်မြောက်စေရမည်။ ထိုသည်ဖြင့် အသင်တို့သည် ဆုံးမခြင်းကို ခံကြရပေသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကျင့်မှုလျက်ရှိကြသည်တို့ကို အကြွင်းမဲ့ကြားသိတော်မူသော အရှင် ဖြစ်တော်မူ၏။[၃] သို့ရာတွင် မည်သူမဆို (ကျွန်)မရခဲ့လျှင် ၎င်းတို့(ဇနီးမောင်နှ)နှစ်ဦး ကိုယ်လက်နှီးနှောခြင်း မပြုကြမီ နှစ်လတိုင်တိုင် တစ်ဆက်တည်း 'ဆွိယာမ်' ဥပုသ်သီလ ဆောက်တည်ရပေမည်။ သို့သော် မည်သူမဆို ('ဆွိယာမ်' ဥပုသ်သီလဆောက်တည်ခြင်းငှာ) မတတ်စွမ်းနိုင်လျှင် သူဆင်းရဲ ခြောက်ဆယ်အား (၎င်းတို့မောင်နှံနှစ်ဦး ကိုယ်လက်နှီးနှောခြင်း မပြုကြမီ ထမင်းနှစ်နပ်) ကျွေးမွေး ရပေမည်။ ထို(အဓိန့်ပညတ်ကို ပြဋ္ဌာန်းတော်မူခြင်း)ကား အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်မြတ်အားလည်းကောင်း၊ သက်ဝင်ယုံကြည်ကြ အံ့သောငှာ ဖြစ်ပေသည်။ စင်စစ်မှာမူကား ထိုသည်တို့မှာ အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းချက်များပင်။ ၎င်းပြင် 'ကာဖိရ်' သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၌ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ရှိပေအံ့သတည်း။[၄] ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်အား

---

* 'ဇွိဟာရ်'သည် အမိုက်ခေတ်မှ အာရဗ်တို့၏ ဓလေ့ထုံးစံတစ်ခုကိုဖော်ပြသော ဝေါဟာရဖြစ်၏။ ၎င်းတို့၏ဇနီးများနှင့် သဘောထားချင်း မတိုက်ဆိုင်တော့သည့်အခါ၊ ၎င်းတို့သည် သူမတို့အား 'သင်မသည် ကျွန်ုပ်အဖို့ ကျွန်ုပ်မိခင်၏ ကျောကုန်းကဲ့သို့ဖြစ်သည်။'ဟု ပြောလေ့ရှိခဲ့ကြ၏။ ဤသို့ပြောပြီးနောက် ၎င်းတို့သည် မိမိတို့၏ဇနီးများ အား မိမိတို့၏ တကယ့်မိခင် များသဘွယ် တစ်သက်တာလုံး သဘောထားလေ့ရှိခြင်းကြောင့် အိမ်ထောင်ရေးနောင်ကြိုးမှာ ပြတ်တောက်သွားပြီး၊ ပြန်လည်ပေါင်းသင်းရန် မဖြစ်နိုင်တော့ပေ။ ဤအာယတ်တော်များသည် အလားတူကိစ္စတစ်ခု ဖြစ်ပွားစဉ် ကျရောက်ခဲ့ခြင်းဖြစ်၏။ ခင်ပွန်းတစ်ဦး (အောက်စ်အိပ်နိုဆွာမိတ်)သည် ၎င်း၏ဇနီး (ခေါင်လဟ်)အား 'ဇွိဟာရ်'ပြုလုပ်ခဲ့ရာ သူမက တမန်တော်မြတ်ﷺထံသို့ လာရောက်၍ သူမ၏ခင်ပွန်းအကြောင်းကို တိုင်တန်းခဲ့သည်။ အမိုက်ခေတ်မှ ဓလေ့ထုံးစံများကို ရှုတ်ချပြစ်တင်ပြီး 'ဇွိဟာရ်'နှင့်စပ်လျဉ်းသည့် ရှရီအဟ်၏ စည်းမျဉ်းစည်းကမ်းများကို ဤအာယတ်တော်များဖြင့် ချမှတ်တော်မူခဲ့သည်။ (မုဟမ္မဒ်တကီးအွစ်မာနီ)

လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း၊ ကဏ္ဍကပြုလုပ်ကြ သောသူတို့ကား မိမိတို့အလျင်ရှိခဲ့ကြသော ရှေးသူ ဟောင်းတို့ ဝဂ်ရည်သေးသိမ်စေခြင်း ခံခဲ့ကြရ သည့်နည်းတူ ဝဂ်ရည်သေးသိမ်စေခြင်းကို ခံကြရပေမည်။ အမှန်စင်စစ်သော်ကား ငါအရှင်မြတ် သည် ထင်ရှားလှစွာသော သက်သေလက္ခဏာတော်များကို ချပေးတော်မူခဲ့ပြီးဖြစ်၏။ ၎င်းပြင် 'ကာဖိရ်' သွေဖည်ငြင်းပယ်သောသူတို့၌ ဝဂ်ရည်ပျက်ပြား စေသော ပြစ်ဒဏ်သည် ရှိပေမည်။[၅] အကြင်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အားလုံးကို ရှင်ပြန်ထစေတော်မူပြီးနောက် ၎င်းတို့ကျင့်မူခဲ့သမျှတို့ကို ၎င်းတို့အား သိစေတော်မူပေမည်။ အလ္လာဟ်အရှင်မြတ်သည် ထိုအကျင့် အမူကို ရေတွက်မှတ်သား၍ ထားရှိတော်မူ၏။ သို့ရာတွင် ၎င်းတို့မှာမူကား ယင်းအကျင့်အမူကို မေ့ပျောက်ကြကုန်၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်ဝယ် ကျက်မြင်သက်သေ ဖြစ်တော်မူ၏။[၆]

ထုတ်ပြန်ပို့ချရခြင်းအကြောင်း

ဤစူရတ်၏ အစပိုင်းအာယတ်တော်များသည် ထူးခြားသော အဖြစ်အပျက်တစ်ခုကို ရည်ညွှန်း၏။ သာဝကကြီး အောက်စ်အိဗ်နိုဆွာမိတ်ﷺသည် ၎င်း၏ဇနီးဖြစ်သူ သခင်မခေါင်လဟ်ဘင့်တ်ဆအ်လဗဟ်ﷺအား أَنْتِ عَلَيَّ كَظَهْرِ أُمِّي 'သင်မသည် ကျွန်ုပ်အဖို့ ကျွန်ုပ်မိခင်၏ ကျောကုန်းကဲ့သို့ဖြစ်၏။'ဟု ပြောကြားခဲ့သည်။ ထိုစကား၏ ဆိုလို ရင်းမှာ 'သင်မသည် ကျွန်ုပ်တို့အဖို့ ကျွန်ုပ်၏မိခင်ကဲ့သို့ဖြစ်၍ အထူးနေထိုင်ခြင်းမှာ ဟရာမ်ဖြစ်သွားပြီ၊'ဟူ၍ဖြစ်၏။ အမိုက်ခေတ်အခါက ထိုကဲ့သို့ပြောဆိုခြင်းသည် ကွာရှင်းပြတ်စဲလိုက်ခြင်းပင်ဖြစ်၏။ ပို၍ဆိုးသည်မှာ ထိုသို့ပြောဆိုခြင်း သည် လင်ခန်းမယားခန်းကို ပြတ်စဲရုံသာမက သူမအား ၎င်း၏မိခင်အဖြစ် ရာသက်ပန်တားမြစ်ခံရသော အတန်းအစား ထဲသို့ ထည့်သွင်းသတ်မှတ်လိုက်ခြင်းပင်ဖြစ်၏။ အစွလာမ်မထွန်းကားမီ ဓလေ့ထုံးစံအရ ကွာရှင်းပြတ်စဲ(တွလာက်)ပြီး သည့်နောက် ဇနီးအား ပြန်လည်ပေါင်းသင်းရန် ဖြစ်နိုင်ခဲ့သည်။ သို့သော် 'ဇိဟာရ်'ပြုလုပ်ပြီးလျှင်မူ သူမသည် ရာသက်ပန် ဟရာမ်ဖြစ်သွားသောကြောင့် ပြန်လည်ပေါင်းသင်းရန် မဖြစ်နိုင်တော့ပေ။ ဤအဖြစ်အပျက် ပေါ်ပေါက်ခဲ့သောအခါ၊ စိတ်ထိခိုက်သွားသော အမျိုး သမီးသည် တမန်တော်မြတ်ﷺထံသို့သွား၍ သူမ၏ခင်ပွန်းအကြောင်းကို တိုင်ကြားပြီး၊ ရှရီအတ်အရ သူမ၏ပြဿနာအတွက် တရားသဖြင့်ဖြစ်စေမည့် နည်းလမ်းကို တောင်းခံခဲ့၏။ ထိုအချိန်ထိ တမန်တော်မြတ်ﷺသည် ထိုကိစ္စနှင့်စပ် လျဉ်း၍ 'ဝဟီ'ကိုမရရှိခဲ့သေးပေ။ ထို့ကြောင့် တမန်တော်မြတ်ﷺသည် ထုတ်ပြန်ပို့ချသော အမိန့်ပြဋ္ဌာန်းချက် မရှိသေးသောကြောင့် ၎င်းအနေဖြင့် မည်သို့မျှဆောင်ရွက်ပေးနိုင်စွမ်းမရှိကြောင်း သူမအား တောင်းပန်ပြီး၊ مَا أُمِرْتُ فِي شَأْنِكِ بِشَيْءٍ حَتَّى الْآنَ 'အသင်မ၏ ကိစ္စနှင့်စပ်လျဉ်း၍ မည်သည့်ပြဋ္ဌာန်းချက်မှ ကျွန်ုပ်မရရှိသေးပါ'ဟု ပြောခဲ့၏။ သို့ရာတွင် ၎င်းက ၎င်း၏သဘောထားကို တွေ့နေကျ ထုံးတမ်းစဉ်လာနှင့်အညီ ဖော်ပြ၍ مَا أَرَاكِ إِلَّا قَدْ حَرُمْتِ عَلَيْهِ 'ကျွန်ုပ်၏အထင်မှာ သင်မသည် ၎င်းအဖို့ တားမြစ်ခံရသူဖြစ်သွားခဲ့ပြီ။'ဟု ပြောကြားခဲ့သည်။ ဤဓမ္မသတ်ကို ကြားရသော် သူမက 'အို- အလ္လာ့်ရစူလ်၊ ၎င်းသည် ကျွန်မ၏ ဥစ္စာပစ္စည်းများကို သုံးစွဲခဲ့ပါသည်။ ကျွန်မ၏ပျိုရွယ်မှုကို ကုန်ခမ်းစေခဲ့ပါသည်။ ထို့ပြင် ၎င်းအတွက် ကျွန်မ၏ ဝမ်းဗိုက်မှလည်း ကလေးများစွာ မွေးဖွားပေးခဲ့ပါသည်။ ကျွန်မ အိုမင်းလာပြီး သားသမီးမမွေးနိုင်တော့သည့်အခါ၊ ၎င်းကကျွန်မအား 'ဇိဟာရ်'ပြုလုပ်ခဲ့ပါသည်။ ကျွန်မဘယ်ကိုသွားရပါ မည်နည်း။ ကျွန်မ၏ကလေးများနှင့် မည်ကဲ့သို့ ရှာဖွေစားသောက်ကြပါမည်နည်း။'ဟူ၍ အသနားခံ လျှောက်ထားခဲ့လေ သည်။ အခြားမူကွဲတစ်ခုအရ သူမကပြောကြားခဲ့သည်။ مَا ذَكَرَ طَلَاقًا 'ကျွန်မ၏ခင်ပွန်းသည် 'ပြတ်စဲသည်'ဟူသော

စကားကိုမဆိုခဲ့ပါ။ သို့ဖြစ်၍ ဤကိစ္စကို မည်သို့လျှင် 'ပြတ်စဲခြင်း'ဟု သတ်မှတ်နိုင်ပါမည်နည်း။' အခြားမူကွဲတစ်ခုဌ သူမသည် အလ္လာဟ်အရှင်မြတ်ထံ အသနားခံလျှောက်ထားခဲ့သည်။ اَللّٰهُمَّ اِلَيْكَ اَشْكُوْ 'အို- အလ္လာဟ်၊ ကျွန်တော်မျိုးမ အလ္လာဟ်အရှင်မြတ်ထံ တိုက်ရိုက် တိုင်ကြားအပ်ပါသည်။' ဤသည်မှာ အာယတ်တော် ၁-၆ ကျရောက်လာခဲ့သည့် အကြောင်းပင် ဖြစ်တော့သည်။ (အလ်ဒုရ်ရှလ်မန်သူရ်နှင့် အိဗ်နိုကဆီရ်)။ အလ္လာဟ်အရှင်မြတ်သည် သခင်မခေါင်လဟ်ﷺ၏ တိုင်တန်းမှုကို ကြားတော်မူပြီး၊ သူမ၏နစ်နာမှုကို တရားသဖြင့် ဖြစ် စေရန် ရှရီအဟ်၏ စည်းကမ်းချက်ကို ထုတ်ပြန်ပို့ချတော်မူခဲ့၏။ အလ္လာဟ်အရှင်မြတ်သည် သူမအတွက် ကိစ္စရပ်များကို လွယ်ကူအောင် ပြုလုပ်ပေးတော်မူသည်သာမက အသိတရားရှိကြသူ အားလုံး လိုက်နာကြရန်အတွက် စည်းကမ်းချက်ကို ကုရ်အာန်၌ ထာဝရထိန်းသိမ်းထားရှိရန် ထည့်သွင်းတော်မူလေသည်။

မြင့်မြတ်သော သာဝကကြီးများသည် သခင်မခေါင်လဟ်ﷺအား များစွာရှိသေလေးစားခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် သူမ၏အမှုကိစ္စသည် အာရေးပီးယား၌ ကာလရှည်ကြာစွာ ကျင့်သုံးနေခဲ့ကြသော လူမှုရေးအနိဋ္ဌာရုံကို အပြီးတိုင်ပယ်ဖျက်သည့် အာယတ်တော်အတွဲကျရောက်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့်ဖြစ်၏။ တစ်ခါသော် ကြီးမြတ်သော သာဝကကြီး အုမရ် ဖါရူက်ﷺသည် သာဝကကြီးအချို့နှင့်အတူ ထွက်လာခဲ့ရာ လမ်းတွင် အမျိုးသမီးတစ်ဦးနှင့်ဆုံမိ၏။ သူမက ၎င်းအားရပ်ခိုင်းခဲ့သည်။ ၎င်းသည် ချက်ချင်းရပ်တန့်လိုက်ပြီး၊ သူမ၏ပြောစကားကို ခေါင်းငုံ့လျက် ဂရုတစိုက် နားထောင်ခဲ့၏။ သူမပြောလိုသောအရာကို ပြောၿမဲပြီးမချင်း ၎င်းသည် မလှုပ်မရှားနေခဲ့သည်။ အချို့သော သာဝကကြီးများက ပြောကြသည်မှာ 'အို- သစ္စာရှင်တို့၏ တပ်မှူးကြီး၊ အသင်သည် ဤအမျိုးသမီးကြောင့် ဒီလောက်ကြီးသော လူအုပ်စုကို ဒီလောက်ကြာအောင် ရပ်ဆိုင်းထားခဲ့သည်။' သာဝကကြီးအုမရ်ﷺက 'ဤအမျိုးသမီးမည်သူဆိုသည်ကို သင်တို့သိကြပါသလား။ သူမသည် သူမ၏တိုင်တန်းမှုကို သတ္တမမိုးကောင်းကင်မှ ကြားစေခဲ့သော သခင်မခေါင်လဟ်ﷺပင် ဖြစ်၏။ ထို့ကြောင့် အဘယ်သို့လျှင် အုမရ်က သူမပြောစကားကို နားမထောင်ဘဲ နေနိုင်ပါမည်နည်း။ သူမ၏ပြောစကားကို အချိန်ပေး၍ ဂရုတစိုက်နားထောင်သင့်ပေသည်။ အလ္လာဟ်အရှင်မြတ်၏ နာမတော်အားဖြင့် ကျိန်ဆိုပါသည်။ အကယ်၍ သူမသာ မိမိသဘောနှင့်မိမိ ထွက်ခွာမသွားပါက ကျွန်ုပ်သည် ဤနေရာတွင် သူမနှင့်အတူ ညရောက်သည့်တိုင် ရပ်နေခဲ့လိမ့်မည်ဖြစ်၏။'ဟု ပြောကြားခဲ့၏။ (အိဗ်နိကဆီးရ်)

قَدْ سَمِعَ اللّٰهُ (အလ္လာဟ်အရှင်မြတ် ကြားတော်မူခဲ့လေပြီ)။(၅၈း၁) အထက်အာယတ်တော်မှ ရည်ညွှန်းသူသည် သာဝကကြီး အောက်စ်အိဗနိဆာမိသ်၏ဇနီး သခင်မခေါင်လဟ်ﷺဖြစ်၏။ ဤနည်းအားဖြင့် ယခုအာယတ်တော်နှင့် ကျန်အာယတ်တော်များသည် 'ဖိုဟာရ်'နှင့်အမျိုးသမီးတို့၏ နစ်နာမှုကို တရားသဖြင့် ဖြစ်စေခြင်းနှင့်သက်ဆိုင်သည့် ရှရီအဟ်၏ စည်းကမ်းချက်ကို ချမှတ်လေသည်။ ထို့ပြင် ပထမအာယတ်တော်ကလည်း အသနားခံလျှောက်ထားနေသော အမျိုးသမီးကို ဂုဏ်ပြုသောအားဖြင့် အလ္လာဟ်အရှင်မြတ်သည် သူမ၏ကိစ္စကို လျှောက်ထားအသနားခံနေစဉ် သူမ၏စကားများကို နားထောင်လျက်ရှိတော်မူကြောင်း မိန့်ကြားခြင်းဖြင့် သူမအား နှစ်သိမ့်အားပေးတော်မူသည်။ 'မူဂျာဒလဟ်'ဟူသော စကားလုံးသည် 'အကြင်သူ၏ပြဿနာ သို့မဟုတ် အမှုကိစ္စနှင့်စပ်လျဉ်း၍ သဘောပေါက်နားလည်အောင် တစ်သမတ်တည်း လျှောက်ထားသည်၊ စောဒကတက်သည် သို့မဟုတ် အငြင်းပွားသည်'ဟု ဆိုလိုသည်။ အချို့ဆင့်ပြန်ချက်များအရ အလ္လာဟ့်ရစူလ်ﷺသည် သူမအတွက် ဘာမျှလုပ်ပေးနိုင်စွမ်းမရှိကြောင်း တောင်းပန်သောအခါ၊ နစ်နာသောအမျိုးသမီးက ကောက်ကာငင်ကာ ပြောဆိုသည်မှာ 'သင်သည် အကြောင်းကိစ္စအားလုံးတွင် အမိန့်ပညတ်များကို လက်ခံရရှိပါလျက် ကျွန်မ၏ကိစ္စကျမှ အဘယ်သို့လျှင် သင့်ထံသို့ အမိန့်ပညတ်မကျ

ရောက်ပါသနည်း။' ဤနည်းအားဖြင့် အာယတ်တော် وَتَشْتَكِيْٓ اِلَى اللّٰهِ 'အလ္လာဟ်အရှင်မြတ်ထံတော်သို့ တိုင်တန်းလျှောက်ထားနေခဲ့သည်...(၁)' ကျရောက်ခဲ့သည်။ (ကုရ်တူဗီ)

သခင်မအာအိရှာ ﵂ ပြောကြားခဲ့ကြောင်း လာရှိသည်မှာ 'အလ္လာဟ်အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူပေသည်။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကို ကြားတော်မူပေသည်။ ခေါင်လဟ်ဘင့်တ်သအ်လဗဟ်က သူမ၏ခင်ပွန်းအကြောင်း ပြောသည်ကို ကျွန်ုပ်ကြားခဲ့သည်။ တစ်ခန်းထဲတွင် သူမနှင့်အလွန်နီးကပ်စွာ ရှိခဲ့သော်လည်း၊ အချို့သော စကားများကို ကျွန်ုပ်မကြားနိုင်ခဲ့ပါ။ သို့သော် အလ္လာဟ်အရှင်မြတ်သည် သူမပြောဆိုသမျှအားလုံးကို ကြားတော်မူပြီး قَدْ سَمِعَ اللّٰهُ 'အလ္လာဟ်အရှင်မြတ် ကြားတော်မူလေပြီ....(၁)'ဟု မိန့်တော်မူခဲ့၏။ (ဗုခါရီ၊ အိဗ်နိကဆီး၍)

ဖွိဟာရ်

اَلَّذِيْنَ يُظٰهِرُوْنَ مِنْكُمْ مِّنْ نِّسَآئِهِمْ "အသင်တို့အနက် အကြင်သူတို့သည် မိမိတို့၏ဇနီးမိန်းမများအား ကျွန်ုပ်၏မိခင်ကဲ့သို့ပင် ကျွန်ုပ်အပေါ်၌ 'ဟရာမ်'ဖြစ်သည်ဟု ပြောဆို 'ဇီဟာရ်'ပြုလုပ်ကြလေ၏။ ...."(၅၈း၂)။ 'ယုဇာဟိရူးန' သည် 'ဖွိဟာရ်'မှ ဆင်းသက်၏။ အစ္စလာမ်မထွန်းကားမီက အာရေဗီးယားတွင် ရက်စက်သော ဓလေ့ထုံးစံတစ်ခု ရှိခဲ့သည်မှာ ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း ခင်ပွန်းက اَنْتِ عَلَيَّ كَظَهْرِ اُمِّيْ 'သင်မသည် ကျွန်ုပ်အဖို့ ကျွန်ုပ်မိခင်၏ ကျောကုန်းကဲ့သို့ဖြစ်သည်။'ဟု ရွတ်ဆို၍ 'ဖွိဟာရ်'ပြုလုပ်လိုက်သည်နှင့် သူမသည် မိခင်အလား ယူဆခံရပြီး၊ အတူနေရန်အတွက် ရာသက်ပန် ဟရာမ်ဖြစ်သွားလေသည်။ ဤနေရာတွင် 'ဇဟ်ရ်'(ကျောကုန်း)ဟူသော စကားလုံးသည် 'ဝမ်းဗိုက် သို့မဟုတ် သားအိမ်'ကို ရည်ညွှန်း၏။(ကုရ်တူဗီ)

'ဖွိဟာရ်' ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ရှရီအဟ်တွင် ယင်း၏အကျိုးသက်ရောက်မှု

'ဖွိဟာရ်'၏ ဖွင့်ဆိုချက်အား ရှရီအဟ်နှင့်စပ်လျဉ်း၍ နားလည်သဘောပေါက်ရန်မှာ အမျိုးသားတစ်ဦးအဖို့ ရာသက်ပန်ဟရာမ်ဖြစ်သည့် မိခင်၊ နှမ၊ သမီးနှင့် အခြားတားမြစ်ခံရသော အမျိုးသမီးများရှိကြောင်းကို ဦးစွာသိထားသင့်ပေသည်။ ထိုသို့သော အမျိုးသမီးကို ကြည့်ရှုခြင်းအား ယေဘုယျခွင့်ပြုသော်လည်း ဝမ်းဗိုက်၊ ကျောကုန်း စသည့် ၎င်းတို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းအချို့ကို ကြည့်ရှုခြင်းအား ခွင့်မပြုချေ။ 'ဖွိဟာရ်'၏ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် 'အကြင်သူ၏ဇနီးအား ဟရာမ်ဖြစ်သော အမျိုးသမီးတို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုဖြင့် နှိုင်းယှဉ်သည်' ဟူ၍ဖြစ်၏။ ရှေးဟောင်းအာရပ် ဓလေ့ထုံးစံအရ ဤစကားလုံးများကို အသုံးပြုလိုက်သည်နှင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦးကြားမှ ဇနီးမောင်နှံ ဆက်ဆံရေးသည် ရာသက်ပန်ရပ်ဆိုင်းသွားလေသည်။ ကွာရှင်းခြင်း(တွလာက်)ထက်ပင်ပို၍ဆိုး၏။ ကွာရှင်းပြတ်စဲခြင်းတွင် ကွာရှင်းမှုကို ပြန်လည်ရုပ်သိမ်း၍ ဇနီးအား သိမ်းပိုက်ရန် ဖြစ်နိုင်သေး၏။ သို့သော် 'ဖွိဟာရ်' ၌မူ အာရပ်ရှေးဟောင်းထုံးစံအရ ဇနီးမောင်နှံအခွင့်အရေးကို ပြန်ယူ၍ မဖြစ်နိုင်တော့ပေ။

ယခုအာယတ်တော်အတွဲက ဓလေ့ထုံးစံတွင် အပြောင်းအလဲနှစ်ခု ဖြစ်စေသည်မှာ (၁) 'ဖွိဟာရ်'သည် လွဲမှားသော လုပ်ဆောင်မှုတစ်ခုဖြစ်ကြောင်း ကြေညာခံရသည်။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏ဇနီးအား ကွာရှင်းရန်လိုအပ်သည့် အခြေအနေမျိုး ကျရောက်နေပါက ၎င်းအနေဖြင့် ကွာရှင်းပြတ်စဲခြင်း (တွလာက်)နည်းကို ရွေးချယ်ရမည်ဖြစ်ပြီး၊ 'ဖွိဟာရ်'ကို မကျင့်သုံးသင့်ပေ။ 'ဖွိဟာရ်'ဟု ပြောခြင်းသည် သဘာဝမကျ၊ အဓိပ္ပါယ်မရှိဘဲ မှားယွင်းသောကြောင့်ဖြစ်၏။ ၎င်းတို့၏ ဇနီးများသည် ၎င်းတို့၏မိခင်များ မဟုတ်ကြကြောင်းမှာ ထင်ရှား၏။ သို့ဖြစ်၍ ကုရ်အာန်က ﴿

"…. ထိုဇနီးမိန်းမများမှာ ၎င်းတို့၏မိခင်များ မဟုတ်ကြပေ။ ၎င်းတို့အား မွေးဖွားခဲ့ကြသော မိန်းမများသာလျှင် ၎င်းတို့၏မိခင်များ ဖြစ်ကြလေ၏။…."(၅၈း၂)ဟူ၍ လည်းကောင်း၊ ဆက်လက်ပြီး "…. ထိုသူတို့သည် စက်ဆုပ်ဖွယ်ရာစကားကို လည်းကောင်း၊ မုသားစကားကို လည်းကောင်း ပြောဆိုကြသည် အမှန်ပင်။ …."(၅၈း၂)ဟူ၍ လည်းကောင်း မိန့်ဆိုခြင်း ဖြစ်လေသည်။

(၂) ကုရ်အာန်က ပြုလုပ်သော ဒုတိယပြုပြင်ပြောင်းလဲရေးမှာ အောက်ပါအတိုင်းဖြစ်၏။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် မသိနားမလည်၍သော်လည်းကောင်း၊ အစွမ်းတရားဝင် လုပ်နည်းလုပ်ဟန်များနှင့် အကျွမ်းတဝင်မရှိ၍သော်လည်းကောင်း ' ဇိဟာရ်' ပြုလုပ်မိပါက ၎င်း၏ဇနီးသည် ၎င်းအဖို့ ရာသက်ပန် ဟရာမ်ဖြစ်မသွားသလို သူမနှင့် ကိုယ်လက်နှီးနှောခြင်းကဲ့သို့ ၎င်းအလိုရှိရာ ပြုလုပ်နိုင်သည့် လုပ်ပိုင်ခွင့်လည်း ၎င်းတွင်မရှိပါချေ။ အပြစ်ရှိသော ပုဂ္ဂိုလ်သည် ထိုကဲ့သို့ ဆိုးရွားသော၊ မှားယွင်းသော၊ စက်ဆုပ်ဖွယ်ကောင်းသော စကားလုံးများကို ပြောဆိုမိခြင်းအတွက် ဒဏ်ဆောင်၍ အာပတ်ဖြေရမည်ဖြစ်၏။ ၎င်းသည် ပြဋ္ဌာန်းသည့် ဒဏ်ကြေးကို ဦးစွာပေးဆောင်ခြင်းမပြုဘဲ ၎င်း၏ဇနီးအား ပြန်လည်သိမ်းပိုက်ခွင့်မရှိပေ။ အောက်ပါအာယတ်တော်များက ဤဒဏ်ကြေးကို ပြဋ္ဌာန်း၏။

ဇိဟာရ်အတွက် အပြစ်ကိုဖြေရန် ဒဏ်ဆောင်ခြင်း

"စင်စစ်မှာကား အကြင်သူတို့သည်၊ မိမိတို့၏ဇနီးမိန်းမများနှင့် ဇိဟာရ်ပြုလုပ်ကြကုန်၏။ ထို့နောက် ၎င်းတို့သည်မိမိတို့ပြောဆိုခဲ့သည်မှပြန်လည်ရုပ်သိမ်းလိုက်ကြ၏။"(၅၈း၃)။ (မိမိတို့ပြောဆိုခဲ့သည်မှ ပြန်လည် ရုပ်သိမ်းလိုက်ကြ၏။)မှ ဝိဘတ် 'လမ်'ကို 'အန်'(မှ) အဓိပ္ပါယ် ဖြင့်သုံး၏။ သာဝကကြီးအိမ်နီအမွှာစ်ﷺက 'ပြန်လည်ရုပ် သိမ်းသည်'ကို 'နောင်တရသည်'ဟု အနက်ဖွင့်၏။ '၎င်းတို့သည် မိမိတို့ပြောဆိုခဲ့သည်ကို နောင်တရမိပြီး၊ မိမိတို့၏ ဇနီးများနှင့် ပြန်လည်ပေါင်းသင်းလိုကြလေသည်။'(မဇ်ဟရီ)

အာယတ်တော်က ဇနီးအား ဟလာလ်ဖြစ်စေရန်အတွက် ခင်ပွန်းအပေါ် ပြစ်ဒဏ်ကို ပြဋ္ဌာန်းခြင်းဖြစ်၏။ ပြစ်ဒဏ်မဆောင်ဘဲလျက် ဇနီးသည် ၎င်းအတွက်ဟလာလ်ဖြစ်မလာနိုင်ပေ။ 'ဇိဟာရ်'သည် အာပတ်ဖြေခြင်း၏ အကြောင်းတရားမဟုတ်။ အမှန်စင်စစ် 'ဇိဟာရ်'သည် စက်ဆုပ်ရွံရှာဖွယ်ပြစ်မှုဖြစ်သောကြောင့် ယင်းအတွက် နောင်တရခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ခွင့်လွှတ်မှုကို တောင်းခံခြင်းများ ဇကန်မုချလိုအပ်၏။ အာယတ်တော်(၂)၏ အဆုံးပိုင်းမှ (အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင်၊ လွန်စွာသနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသည်။)က ဤအချက်ကို ညွှန်ပြ၏။ တစ်နည်းဆိုရသော် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ မဟာကရုဏာ တော်ဖြင့် လူသား၏အားနည်းပျော့ညံ့မှုများအတွက် သက်ညှာစွာစဉ်းစားတော်မူခြင်း ဖြစ်လေသည်။ အကယ်၍ ၎င်းသည် နောင်တရသော နှလုံးသားဖြင့် အလ္လာဟ်အရှင်ထံတော်သို့ ချဉ်းကပ်ကာ ပြုပြင်မှုများ ပြုလုပ်ပါက ထိုအရှင်မြတ်သည် ၎င်း၏ပျက်ယွင်းလစ်ဟင်းမှုများကို ခွင့်လွှတ်တော်မူရန် အမြဲပင်အသင့်ရှိနေတော်မူသည်။ သို့ရာတွင် အကယ်၍ အကြင်သူသည် 'ဇိဟာရ်'ပြုလုပ်ခဲ့ပြီး၊ မိမိ၏ဇနီးအား ပြန်လည်သိမ်းပိုက်ရန်၊ ပေါင်းသင်းဆက်ဆံရန် ဆန္ဒမရှိတော့ပါက အာပတ်ဖြေခြင်းသည် ၎င်းအတွက် မပြုမနေရတာဝန် မဟုတ်ပေ။ သို့ရာတွင် ဇနီးတစ်ဦး၏ အိမ်ထောင်ရေးနှင့် သက်ဆိုင်သည့် အခွင့်အရေးကို ဖျက်ဆီးခြင်းမှာ ဟရာမ်ဖြစ်၏။ အကယ်၍ သူမက တောင်းဆိုပါလျှင်၊ ၎င်းကလည်း ဆန္ဒရှိပါလျှင် ဒဏ်ပေးဆောင်ပြီး သူမအား ပြန်လည်သိမ်းပိုက်နိုင်သည်။ သို့တည်းမဟုတ် အကယ်၍ သူမက တောင်းဆိုပါလျှင် ၎င်းသည် သူမအားကွာရှင်းပြီး၊ အိမ်ထောင်ရေး အနှောင်အဖွဲ့မှ လွတ်မြောက်စေရမည်ဖြစ်၏။

အကယ်၍ ၎င်းသည် သူမအား ကွာရှင်းခြင်းလည်းမပြု၊ လွတ်လပ်ခွင့်လည်း မပေးပါက ဒဏ်ဆောင်၍ သူမကို ပြန်လည်သိမ်းပိုက်ရန် သို့မဟုတ် အိမ်ထောင်သစ်ထူနိုင်ရန်အတွက် သူမအားကွာရှင်းပြီး၊ လွတ်လပ်ခွင့်ပေးစေရန် ကာဒီတစ်ဦးသို့မဟုတ် အစွလာမ့်တရားရုံးသို့ လျှောက်ထားခွင့် သူမတွင်ရှိပေသည်။ 'ဖွိဟာရ်'နှင့် စပ်လျဉ်းသည့် ဥပဒေများ၏ အသေးစိတ်ကို အစွလာမ်ဥပဒေပညာရှင်များက ချမှတ်ခဲ့ကြသည်။

ဤအာယတ်တော်နှင့် နောက်အာယတ်တော်တွင် ပေးထားသော 'ဖွိဟာရ်'အတွက် ပြစ်ဒဏ်သည် မပြုမနေရ တာဝန်ဖြစ်၏။ ရွေးချယ်စရာ (၃)ခုရှိ၏။ (၁) فَتَحْرِيْرُ رَقَبَةٍ (....ကျွန်တစ်ယောက်ကို ကျွန်အဖြစ်မှ လွတ်မြောက်စေရမည် ....)၊ (၂) အကယ်၍ အကြင်သူသည် ထိုသို့ပြုလုပ်ရန် မတတ်နိုင်ပါက ၎င်းအနေဖြင့် နှစ်လဆက်တိုက် ဥပုသ်စောင့်ထိန်းရမည်။ (၃) အကယ်၍ ၎င်းသည် ချည့်နဲ့ သို့မဟုတ် မကျန်းမာသောကြောင့် ဥပုသ်မစောင့်ထိန်းနိုင်ပါက ဆင်းရဲသား(၆၀)ကို ထမင်းကျွေးရမည်။ ဆင်းရဲသားတစ်ဦးအား ထမင်းနှစ်နပ် ရက်(၆၀)ကျွေးလျှင်သော်လည်းကောင်း၊ ဆင်းရဲသား(၆၀)အား ထမင်းနှစ်နပ် တစ်ရက်တည်းကျွေးလျှင် လည်းကောင်း အာပတ်ဖြေခြင်းမှာ ပြည့်စုံပြီးမြောက်၏။ မည်သို့ပင်ဖြစ်စေ ဆင်းရဲသားများအား ဝလင်စွာ ကျွေးမွေးရပေမည်။ အခြားနည်းလမ်းတစ်ခုမှာ ဆင်းရဲသားတစ်ဦးအား ဂျုံစေ့(၁.၆)ကီလိုဂရမ် သို့မဟုတ် စွန်ပလွံသီး (၂.၁၂)ကီလိုဂရမ် သို့မဟုတ် မုယောစပါး ရက်(၆၀)စာ သို့မဟုတ် ဤစားစရာအမျိုးအမည်များ၏ ညီမျှသောတန်ဖိုးကို ပေးရမည်ဖြစ်၏။ 'ဖွိဟာရ်'နှင့် ယင်း၏အာပတ်ဖြေပုံများအကြောင်း အသေးစိတ်ကို အစွလာမ့်ဥပဒေ စာအုပ်များတွင် တွေ့နိုင်ပေသည်။

ဟဒီးသ်တော်များက ဖော်ပြသည်မှာ သခင်မခေါင်လဟ်ﷺက သူမ၏ခင်ပွန်းအကြောင်းကို တမန်တော်မြတ်ﷺအား တိုင်တန်းပြီး၊ သူမ၏အမှုကိစ္စကို အလ္လာဟ်အရှင်မြတ်ထံ အသနားခံလျှောက်ထားသောအခါ၊ 'ဖွိဟာရ်'နှင့် ယင်းအတွက် အာပတ်ဖြေခြင်းဆိုင်ရာ အာယတ်တော်များ ကျရောက်လာခဲ့သည်။ ထို့ကြောင့် အလ္လာဟ့်ရစူလ်ﷺသည် ခင်ပွန်းဖြစ်သူအား ဆင့်ခေါ်ခဲ့သည်။ ၎င်းရောက်လာသောအခါ၊ ၎င်းမှာ မျက်စိမမြဲနေသော အဖိုးအိုတစ်ဦးဖြစ်ကြောင်းကို သတိပြုမိခဲ့၏။ တမန်တော်မြတ်ﷺသည် ၎င်း၏ကိစ္စကို ဖြေရှင်းပေးသည့် အာယတ်တော်များကို ရွတ်ဖတ်ပြပြီး၊ ကျွန်တစ်ယောက်ကို ကျွန်အဖြစ်မှ လွှတ်ပေးရန် ၎င်းအားအမိန့်ပေးရာ ၎င်းကထိုသို့ပြုလုပ်ရန် ၎င်းတွင် ငွေကြေးမရှိပါဟုပြောခဲ့၏။ ထို့နောက် တမန်တော်မြတ်ﷺက ၎င်းအား နှစ်လဆက်တိုက် ဥပုသ်ဆောက်တည်ရန် တောင်းဆိုသောအခါ၊ ၎င်းက 'အသင့်အား စစ်မှန်သော ရစူလ်တမန်တော်တစ်ပါးအဖြစ် စေလွှတ်တော်မူခဲ့သော အရှင်မြတ်အားဖြင့် ကျိန်ဆိုပါသည်။ အကယ်၍ ကျွန်ုပ်သည် တစ်နေ့လျှင် ထမင်းနှစ်နပ်သုံးနပ်မျှ မစားပါက ကျွန်ုပ်၏မျက်စိများသည် လုံးဝမမြင်ရတော့ပါ။'ဟု ပြန်ပြောခဲ့၏။ 'ဤသို့ရှိက ဆင်းရဲသား(၆၀)ကို ထမင်းကျွေးပါ'ဟု တမန်တော်မြတ်ﷺပြောရာ ၎င်းက 'အကယ်၍ သင်သာမကူညီပါက ကျွန်ုပ်တွင် ထိုသို့လုပ်နိုင်စွမ်းမရှိပါ'ဟု ပြောဆိုခဲ့၏။ တမန်တော်မြတ်ﷺသည် ၎င်းအား (ဂျုံ၊ စပါး၊ ပြောင်း) အစေ့အနည်းငယ်ကို ပေးသည့်ပြင် အခြားလူများကလည်း ၎င်းအတွက် စားစရာ အစေ့များစုဆောင်း၍ ပေးခဲ့သောကြောင့် လူ(၆၀)စာအတွက် 'ဆွဒကာတုလ်ဖစ်တွ်ရ်'ကို ရရှိသွားခဲ့သည်။ ဤနည်းအားဖြင့် အာပတ်ဖြေခြင်းကို ပြုလုပ်ခဲ့လေသည်။ (အိဗ်နိကဆီး၏)

ذٰلِكَ لِتُؤْمِنُوْا بِاللّٰهِ وَرَسُوْلِهٖ ۭ وَتِلْكَ حُدُوْدُ اللّٰهِ ۭ وَلِلْكٰفِرِيْنَ عَذَابٌ اَلِيْمٌ "....ထို (အမိန့်ပညတ်တော်မူခြင်း) ကား အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင် မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း၊ သက်ဝင်ယုံကြည်ကြအံ့သောငှာ ဖြစ်ပေသည်။ စင်စစ်မှာမူကား ထိုသည်တို့မှာ အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းချက်များပင်။ ၎င်းပြင် 'ကာဖစ်ရ်' သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၌ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည်ရှိ

ပေအံ့သတည်း။"(၅၈း၄)။ အာယတ်တော်၏ ဤအပိုင်းတွင် 'အသင်တို့ ယုံကြည်သက်ဝင်ကြအံ့သောငှာ ဖြစ်ပေသည်။' ဟူသော စကားရပ် ပါဝင်သည်။ ဤနေရာတွင် ယုံကြည်သက်ဝင်ခြင်းသည် မြင့်မြတ်သော ဥပဒေများ၊ ပညတ်ချက်များ၊ ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးရန် သို့မဟုတ် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်တို့၏ အမိန့်တော်များကို နာခံကြရန်ကို ဆိုလိုပေသည်။ ထိုအာပတ်ဖြေခြင်း ဥပဒေများသည် အလ္လာဟ်အရှင်မြတ် ချမှတ်တော်မူသော စည်းကမ်းချက်များဖြစ်၍ ထိုစည်းကမ်းချက်များကို မကျော် လွန်ကြရန် တားမြစ်ကြောင်း အာယတ်တော်က မိန့်ဆိုသည်။ ထိုမိန့်ဆိုချက်က ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ သွေးရင်း ချင်းကျူးလွန်သော နှိုင်းယှဉ်ပြောဆိုခြင်း စသည့်ကိစ္စများတွင် အစ္စလာမ်မပေါ်ထွန်းမီက ထုံးတမ်းစဉ်လာများနှင့် အလေ့အကျင့်မှန်သမျှကို အစ္စလာမ်က ပယ်ဖျက်ပြီး၊ တရားမျှတ၍ အတည်ပြုပြီးဖြစ်သော ကျင့်ဝတ်စည်းကမ်းကို ချမှတ်ခဲ့ကြောင်းကို ညွှန်ပြလေသည်။ လူသားသည် အစ္စလာမ်၏ သတ်မှတ်ချက်ဘောင်အတွင်း၌ ရှိနေရန်လိုအပ်၏။ အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းချက်များကို ဆန့်ကျင်သူ၊ ငြင်းပယ်သူများသည် အဆိုးရွားဆုံးသော ဥဉ်းပမ်းနှိပ်စက် မှုဒဏ်ကို ခံကြရလိမ့်မည် ဖြစ်ပေသည်။

အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်တို့အား စိမ်ခေါ်ကြသူများ၏ကံကြမ္မာ

"إِنَّ الَّذِينَ يُحَآدُّونَ اللَّهَ وَرَسُولَهُ كُبِتُوا كَمَا كُبِتَ الَّذِينَ مِن قَبْلِهِمْ" ဖကန်စင်စစ်အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း၊ ကဏ္ဍကပြုလုပ်ကြသော သူတို့ကား၊ မိမိတို့အလျင်ရှိခဲ့ကြသော ရှေးသူဟောင်းတို့ ဂုဏ်ရည်သေးသိမ်စေခြင်း ခံခဲ့ကြရသည့်နည်းတူ ဂုဏ်ရည်သေးသိမ်စေခြင်းကို ခံကြရပေမည်။ ...."(၅၈း၅)။ အလျင်အာယတ်တော်က အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းချက်များနှင့် အစ္စလာမ်၏ မြင့်မြတ်သော ဥပဒေများကို ထိန်းသိမ်းလိုက်နာကြရန် တိုက်တွန်းခဲ့သည်။ ယခုအာယတ်တော်က ထိုစည်းကမ်း၊ ဥပဒေများအား ဆန့်ကျင်သူ၊ ငြင်းပယ်သူများကို သတိပေး၏။ ဘာသာတရားကို စော်ကားသော ၎င်းတို့၏ အကြံအစည်များသည် ဖျက်ဆီးခြင်းခံရမည်ဖြစ်ကာ ၎င်းတို့မှာလည်း ဤလောကဌ အရှက်တကွဲ အကျိုးနည်းဖြစ်ကြရမည့်ပြင် တမလွန်၌ အပြစ်နှင့်ထိုက်တန်သော ဒုက္ခဝေဒနာကို ခံစားကြရလိမ့်မည် ဖြစ်ပေသည်။

"أَحْصَىٰهُ اللَّهُ وَنَسُوهُ".... အလ္လာဟ်အရှင်မြတ်သည် ထိုအကျင့်အမူကို ရေတွက်မှတ်သား၍ ထားရှိတော်မူ၏။ သို့ရာတွင် ၎င်းတို့မှာမူကား ယင်းအမူအကျင့်ကို မေ့ပျောက်ကြကုန်၏။...."(၅၈း၆)။ လူသားသည် အလွန်မေ့ပျောက်လွယ်သည်။ ၎င်းသည် အပြစ်ကျူးလွန်ခြင်းနှင့် (အကျင့်သီလ) ဖောက်ဖျက်ခြင်းများတွင် ဇွဲကောင်းသော်လည်း ထိုအရာများကို အသေးအမွှား၊ အလေးထားစရာ မဟုတ်သယောင် သဘောထားသောကြောင့် ယင်းတို့အား မှတ်မိ၊ သတိရနိုင်ခြင်း မရှိပေ။ သို့ရာတွင် လူသားသည် ကျူးလွန်ပြီးနောက် မေ့ပျောက်သွားခဲ့သော ထိုအရာများအားလုံးကို အလ္လာဟ်အရှင်မြတ်သည် မှတ်တမ်းတင်ထားတော်မူပြီး၊ လုံခြုံစွာသိမ်းဆည်းထားတော်မူလေသည်။ ရှင်ပြန်ထမည့်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ခေါ်ယူတော်မူပြီး၊ ထိုပြစ်မှုများ၏ စာရင်းကိုပေးကာ ဒဏ်ပေးဆုံးမတော်မူမည်ဖြစ်၏။

အာယတ်တော် (၇-၁၃)

اَلَمۡ تَرَ اَنَّ اللّٰهَ يَعۡلَمُ مَا فِى السَّمٰوٰتِ وَمَا فِى الۡاَرۡضِ ؕ مَا يَكُوۡنُ مِنۡ نَّجۡوٰى
ثَلٰثَةٍ اِلَّا هُوَ رَابِعُهُمۡ وَلَا خَمۡسَةٍ اِلَّا هُوَ سَادِسُهُمۡ وَلَاۤ اَدۡنٰى مِنۡ ذٰلِكَ وَلَاۤ
اَكۡثَرَ اِلَّا هُوَ مَعَهُمۡ اَيۡنَ مَا كَانُوۡا ۚ ثُمَّ يُنَبِّئُهُمۡ بِمَا عَمِلُوۡا يَوۡمَ
الۡقِيٰمَةِ ؕ اِنَّ اللّٰهَ بِكُلِّ شَىۡءٍ عَلِيۡمٌ ۝ اَلَمۡ تَرَ اِلَى الَّذِيۡنَ نُهُوۡا عَنِ النَّجۡوٰى
ثُمَّ يَعُوۡدُوۡنَ لِمَا نُهُوۡا عَنۡهُ وَيَتَنٰجَوۡنَ بِالۡاِثۡمِ وَالۡعُدۡوَانِ وَمَعۡصِيَتِ
الرَّسُوۡلِ ۖ وَاِذَا جَآءُوۡكَ حَيَّوۡكَ بِمَا لَمۡ يُحَيِّكَ بِهِ اللّٰهُ ۙ وَيَقُوۡلُوۡنَ فِىۡۤ
اَنۡفُسِهِمۡ لَوۡلَا يُعَذِّبُنَا اللّٰهُ بِمَا نَقُوۡلُ ؕ حَسۡبُهُمۡ جَهَنَّمُ ۚ يَصۡلَوۡنَهَا ۚ
فَبِئۡسَ الۡمَصِيۡرُ ۝ يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡۤا اِذَا تَنَاجَيۡتُمۡ فَلَا تَتَنَاجَوۡا
بِالۡاِثۡمِ وَالۡعُدۡوَانِ وَمَعۡصِيَتِ الرَّسُوۡلِ وَتَنَاجَوۡا بِالۡبِرِّ وَالتَّقۡوٰى ؕ وَاتَّقُوا
اللّٰهَ الَّذِىۡۤ اِلَيۡهِ تُحۡشَرُوۡنَ ۝ اِنَّمَا النَّجۡوٰى مِنَ الشَّيۡطٰنِ لِيَحۡزُنَ الَّذِيۡنَ
اٰمَنُوۡا وَلَيۡسَ بِضَآرِّهِمۡ شَيۡـًٔا اِلَّا بِاِذۡنِ اللّٰهِ ؕ وَعَلَى اللّٰهِ فَلۡيَتَوَكَّلِ
الۡمُؤۡمِنُوۡنَ ۝ يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡۤا اِذَا قِيۡلَ لَكُمۡ تَفَسَّحُوۡا فِى
الۡمَجٰلِسِ فَافۡسَحُوۡا يَفۡسَحِ اللّٰهُ لَكُمۡ ۚ وَاِذَا قِيۡلَ انۡشُزُوۡا فَانۡشُزُوۡا يَرۡفَعِ
اللّٰهُ الَّذِيۡنَ اٰمَنُوۡا مِنۡكُمۡ ۙ وَالَّذِيۡنَ اُوۡتُوا الۡعِلۡمَ دَرَجٰتٍ ؕ وَاللّٰهُ بِمَا
تَعۡمَلُوۡنَ خَبِيۡرٌ ۝ يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡۤا اِذَا نَاجَيۡتُمُ الرَّسُوۡلَ فَقَدِّمُوۡا
بَيۡنَ يَدَىۡ نَجۡوٰىكُمۡ صَدَقَةً ؕ ذٰلِكَ خَيۡرٌ لَّكُمۡ وَاَطۡهَرُ ؕ فَاِنۡ لَّمۡ تَجِدُوۡا فَاِنَّ
اللّٰهَ غَفُوۡرٌ رَّحِيۡمٌ ۝ ءَاَشۡفَقۡتُمۡ اَنۡ تُقَدِّمُوۡا بَيۡنَ يَدَىۡ نَجۡوٰىكُمۡ صَدَقٰتٍ ؕ
فَاِذۡ لَمۡ تَفۡعَلُوۡا وَتَابَ اللّٰهُ عَلَيۡكُمۡ فَاَقِيۡمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ وَ
اَطِيۡعُوا اللّٰهَ وَرَسُوۡلَهٗ ؕ وَاللّٰهُ خَبِيۡرٌ بِمَا تَعۡمَلُوۡنَ ۝

(အို- နဗီတမန်တော်၊) ဖကန်မလွဲ` အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များ၌ ရှိသည်တို့ကို လည်းကောင်း၊ ပထဝီမြေ၌ရှိသည်တို့ကို လည်းကောင်း၊ သိရှိတော်မူကြောင်း အသင်သည် စဉ်းစားဆင်ခြင် သိမြင်ခဲ့ပြီး မဟုတ်ပါလော။ (လူ)သုံးဦး လျှို့ဝှက်တိုင်ပင်ကြသည် မဟုတ်ပေ။ သို့ရာတွင် ထိုအရှင်မြတ်သည် ၎င်းတို့အနက် စတုတ္ထဖြစ်တော်မူ၏။ ထိုနည်းတူစွာ၊ (လူ)ငါးဦး (လျှို့ဝှက်တိုင်ပင်ကြသည်) မဟုတ်ပေ။ သို့ရာတွင် ထိုအရှင်မြတ်သည် ၎င်းတို့အနက် ဆဋ္ဌမဖြစ်တော်မူ၏။ ထို့ပြင် ထို(သုံးဦး)ထက်လျော့၍လည်းကောင်း၊ (ငါးဦး)ထက်ပို၍လည်းကောင်း၊ (လျှို့ဝှက်တိုင်ပင်ကြသည်) မဟုတ်ပေ။ သို့ရာတွင် ထိုအရှင်မြတ်သည် ၎င်းတို့ မည်သည့်နေရာ၌ရှိနေကြသည်ဖြစ်စေ ၎င်းတို့နှင့်အတူ ရှိနေတော်မူ၏။ ထို့နောက် အရှင်မြတ်သည် 'ကိယာမသ်' ရှင်ပြန်ထမည့်နေ့တွင် ၎င်းတို့အား ၎င်းတို့ကျင့်မူခဲ့သည်တို့ကို သိစေတော်မူပေမည်။ စင်စစ်ဖကန် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၇] (အို- နဗီတမန်တော်၊) အသင်သည် အကြင်သူတို့(၏ အခြေအနေ)ကို ဆင်ခြင်သုံးသပ်မြင်ခဲ့ သည်မဟုတ်လော။ ထိုသူတို့သည် လျှို့ဝှက်တိုင်ပင်မှုမပြုရန် တားမြစ်ခြင်းကို ခံခဲ့ရလေ၏။ ထို့နောက် ၎င်းတို့သည် မိမိတို့တားမြစ်ခြင်းခံခဲ့ကြရသော အမှုကိစ္စကိုပင် ထပ်မံ၍ ပြုလုပ်ကြကုန်၏။ စင်စစ် ထိုသူတို့ကား ပြစ်မှုကျူးလွန်ရန်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကျူးကျော်ရန်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရဒူလ်တမန်တော်မြတ်၏ အမိန့်ကို သွေဖည်ဆန့်ကျင်မှု ပြုလုပ်ရန်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ လျှို့ဝှက်တိုင်ပင်ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အသင့်ထံသို့ လာကြသောအခါ အလ္လာဟ်အရှင်မြတ်က အသင့်အား မေတ္တာပို့တော်မမူခဲ့သော နည်းမျိုးဖြင့် မေတ္တာပို့သ နှုတ်ခွန်းဆက်ကြပေသည်။ ထိုမှတပါး ၎င်းတို့သည် မိမိတို့စိတ်ထဲတွင် (ဇတ်းတော) ပြောဆိုကြကုန်၏။ 'အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့၏ ပြောဆိုမှုကြောင့် ကျွန်ုပ်တို့အား အဘယ်ကြောင့် ပြစ်ဒဏ် ပေးတော်မမူပါသနည်း။' ၎င်းတို့၌ အကြင်'ဂျဟန္နမ်'ငရဲသည် လုံလောက်ပေသည်။ ၎င်းတို့သည် ယင်း'ဂျဟန္နမ်'ငရဲသို့ ဝင်ရောက်ကြရပေမည်။ စင်စစ်သော်ကား ယင်း'ဂျဟန္နမ်' ငရဲမှာ လွန်စွာ ဆိုးရွားလှသော ပြန်လည်ရာစခန်း ဖြစ်ပေသည်။[၈] အို- "မုအ်မင်န်" သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် လျှို့ဝှက်တိုင်ပင်ကြသောအခါ ပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကျူးကျော်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရဒူလ်တမန်တော်မြတ်၏အမိန့်ကို သွေဖည်ဆန့်ကျင်ဘက်ပြုခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ လျှို့ဝှက်တိုင်ပင်ခြင်း မပြုကြကုန်လင့်။ သို့ရာတွင် အသင်တို့သည် ကောင်းမှုပြုလုပ်ရန် လည်းကောင်း၊ ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ရန် လည်းကောင်း လျှို့ဝှက်တိုင်ပင်ကြလေကုန်။ ထိုမှတပါး အသင်တို့သည် အကြင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်၊ ထိုအရှင်မြတ် အထံတော်သို့ပင် အသင်တို့သည် ပြန်လည်စုရုံးကြရပေမည်။[၉] (မကောင်းမှုကျူးလွန်ရန်) လျှို့ဝှက်တိုင်ပင်မှုကား 'ရှိုင်တွာန်' မိစ္ဆာကောင်၏ထံမှ မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား စိတ်ဒုက္ခ ဖြစ်စေရန်သာဖြစ်၏။ အမှန်စင်စစ် သော်ကား အလ္လာဟ်အရှင်မြတ်၏ အလိုတော်မရှိဘဲ ယင်း'ရှိုင်တွာန်' မိစ္ဆာကောင်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား အနည်းငယ်စိုးစဉ်းမျှပင် အကျိုးယုတ်စေနိုင်သူ မဟုတ်ပေ။ သို့ဖြစ်ပေရာ မုအ်မင်န်သက်ဝင်ယုံကြည်သူတို့ကား အလ္လာဟ်အရှင်မြတ် အပေါ်၌သာလျှင် ယုံပုံလွဲအပ်

အားထားကြရာသတည်း။[၁၀] အို- မုအ်မင်နိ်သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် 'ဓနရာချေ့ပေး ကြလေကုန်'ဟု ပြောဆိုခြင်းကို ခံကြရလေသောအခါ ဓနရာချေ့၍ ပေးကြလေကုန်။ အလ္လာဟ် အရှင်မြတ်သည် အသင်တို့အဖို့ ဓနရာချေ့ပေးတော်မူမည်။ ထိုနည်းတူစွာ အသင်တို့သည် 'မတ်တတ်ထကြလေကုန်' ဟု ပြောဆိုခြင်းကို ခံကြရလေသောအခါ မတ်တတ်ထကြလေကုန်။ အရှင်မြတ်သည် အသင်တို့အနက် မုအ်မင်နိ်သက်ဝင်ယုံကြည်သူတို့အား လည်းကောင်း၊ အသိပညာ ချီးမြှင့်ပေးသနားတော် မူခြင်းခံခဲ့ကြရသော သူတို့အား လည်းကောင်း၊ အဆင့်အတန်းများစွာ မြှင့်တင်ပေးတော်မူပေမည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကျင့်မူသမျှတို့ကို အကြွင်းမဲ့ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၁၁] အို- မုအ်မင်နိ်သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် ရစူလ်တမန်တော်မြတ်နှင့် လျှို့ဝှက်ပြောဆိုတိုင်ပင်ကြသောအခါ မိမိတို့လျှို့ဝှက်ပြောဆိုတိုင်ပင်မှု မပြုကြမီ အလှူဒါနတစ်စုံ တစ်ရာကို ကြိုတင်ပေးနှင့်ကြလေကုန်။ ဤသည် အသင်တို့အဖို့ အကောင်းဆုံးလည်းဖြစ်၏။ သို့ရာတွင် အကယ်၍ အသင်တို့သည် (အလှူဒါနပြုရန် ဝတ္ထုပစ္စည်းတစ်စုံတစ်ရာကို) မရခဲ့ကြလျှင် ဇကာန် အမှန် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာ သနားကရုဏာပြုတော်မူသော အရှင်မြတ် ဖြစ်တော်မူ၏။[၁၂] အသင်တို့သည် မိမိတို့လျှို့ဝှက်ပြောဆိုမှုမပြုမီ အလှူဒါနများပေးနှင့်ရန် ကြောက်ရွံ့ခဲ့ကြလေပြီလော။ သို့ဖြစ်လျှင် အသင်တို့သည် (ယင်းသို့ အလှူဒါနပေးခြင်းကို) မပြုလုပ်နိုင်ခဲ့ကြသည်ဖြစ်ရာ၊ အလ္လာဟ်အရှင်မြတ်သည်လည်း အသင်တို့ဘက်သို့ ကရုဏာတော်နှင့် ပြန်လှည့်တော်မူသည် ဖြစ်ပေရာ၊ အသင်တို့သည် 'ဆွလာတ်' ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။ ထိုပြင် အသင်တို့သည် 'ဇကာတ်' ပေးဆောင်ကြလေကုန်။ ထိုမှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏ အမိန့်ကိုလည်းကောင်း၊ လိုက်နာကြလေကုန်။ အမှန် စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကျင့်မူလျက် ရှိကြသည်တို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၁၃]

ရှင်းလင်းဖွင့်ဆိုချက်

ထုတ်ပြန်ပို့ချရသည့် အခြေအနေများ

ယခုအာယတ်တော်အတွဲ ကျရောက်ခြင်းနှင့် ဆက်နွယ်သည့် အဖြစ်အပျက်များစွာ ရှိပေသည်။ (၁) ဣျူးနှင့် မွတ်စလင်တို့ကြားတွင် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ခုရှိ၏။ သို့သော် တမန်တော်မြတ် ﷺ၏ သာဝကကြီးတစ်ပါးသည် ဣျူးတို့စုဝေးရာအနီးမှ ဖြတ်သွားသည်ရှိသော် ၎င်းတို့သည် ၎င်းတို့အချင်းချင်း တီးတိုးစကားပြောကြခြင်းဖြင့် မုအ်မင်တစ်ဦးအဖို့ ၎င်းတို့သည် မိမိအားအန္တရာယ်ပြုရန် သို့မဟုတ် ထိခိုက်အောင်ပြုလုပ်ရန် လျှို့ဝှက်ကြံစည်နေကြခြင်းဖြစ်သည်ဟု အထင်ရောက်စေခဲ့သည်။ တမန်တော်မြတ် ﷺက ၎င်းတို့၏ လျှို့ဝှက်ကြံစည်မှုကို စွန့်လွှတ်ရန် တိုက်တွန်းသော်လည်း ၎င်းတို့သည် အလေးမထားခဲ့ကြပေ။ ထိုအခါ အာယတ်တော် اَلَمۡ تَرَ اِلَى الَّذِيۡنَ نُهُوۡا عَنِ النَّجۡوٰى ကျရောက်လာခဲ့၏။

(၂) ထိုနည်းတူ မုနာဖစ်က်တို့သည် လျှို့ဝှက်တိုင်ပင်မှုများ သို့မဟုတ် ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပလေ့ရှိကြသောကြောင့် အာယတ်တော် اِذَا تَنَاجَيْتُمْ فَلَا تَتَنَاجَوْا နှင့် اِنَّمَا النَّجْوٰى مِنَ الشَّيْطٰنِ များကို ထုတ်ပြန်ပို့ချတော်မူခဲ့သည်။

(၃) ဂျူးတို့သည် တမန်တော်မြတ်ﷺနှင့် လာရောက်တွေ့ဆုံကြသောအခါ ထုံးစံအတိုင်း اَلسَّلَامُ عَلَيْكُمْ (အသင့်အပေါ် ငြိမ်းချမ်းသာယာမှု သက်ရောက်ပါစေ၊)ဟု နှုတ်ခွန်းဆက်သရမည့်အစား လျှာကိုအနည်းငယ်လိပ်လျက် اَلسَّامُ عَلَيْكُمْ (အသင့် အပေါ် သေခြင်းသက်ရောက်ပါစေ။)ဟူ၍ နှုတ်ခွန်းဆက်သယောင်ဖြင့် ကျိန်ဆဲခဲ့ကြသည်။ ထိုအခါ အာယတ်တော် وَاِذَا جَآءُوْكَ حَيَّوْكَ ကျရောက်လာခဲ့၏။

(၄) အိပ်နိကဆီးရ် ရည်ညွှန်းကိုးကားသော အီမာမ်အဟ်မဒ်၏ ဆင့်ပြန်ချက်၌ လာရှိသည်မှာ ဂျူးတို့သည် အစ္စလာမ့်နှုတ်ဆက်စကား၏ အဓိပ္ပါယ်ကို ရိုင်းစိုင်းသော ပြောဆိုပုံအဖြစ် ပြောင်းလဲလျက် နှုတ်ခွန်းဆက်လေ့ရှိခဲ့ကြရုံသာမက ဤသို့လည်း ပြောခဲ့ကြ၏။ لَوْ لَا يُعَذِّبُنَا اللّٰهُ بِمَا نَقُوْلُ 'အကယ်၍ ၎င်းသာ တမန်တော်တစ်ပါး ဖြစ်ပါက အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့ကျူးလွန်သော ပြစ်မှုအတွက် ပြစ်ဒဏ်ခတ်ရမည် ဖြစ်သော်လည်း အဘယ်ကြောင့် ထိုအရှင်မြတ်သည် ကျွန်ုပ်တို့အား ပြစ်ဒဏ်မခတ်ပါသနည်း။'ဟု ပြောဆိုခဲ့ကြသည်။

(၅) တစ်ကြိမ်သော် တမန်တော်မြတ်ﷺသည် ပလီဝတ်ကျောင်း၏ 'ဆွဖ်ဖဟ်'ထဲ၌ ထိုင်နေခဲ့သည်။ ဝတ်ကျောင်းထဲ၌ စုပေါင်းဝတ်ပြုမည့် လူအုပ်သည် ကြီးမားလှ၏။ ဗဒ်ရိစ်ပွဲတွင် ပါဝင်ခဲ့သူအချို့မှာ နောက်ကျ၍ ရောက်လာခဲ့ကြသဖြင့် ထိုင်စရာနေရာမရဘဲ ဖြစ်နေခဲ့ကြသည်။ ပလီဝတ်ကျောင်းထဲတွင် ထိုင်နေကြသူများကလည်း နောက်ကျ၍ရောက်လာသူကို နေရာမပေးခဲ့ကြပေ။ တမန်တော်မြတ်ﷺက အချို့သူများအား မတ်တတ်ထပြီး ထွက်သွားကြရန် တောင်းဆိုခဲ့သည်။ မုနာဖစ်က်တို့ကမူ ဤကိစ္စအား ကန့်ကွက်သင့်သောအရာအဖြစ် သဘောထားခဲ့ ကြ၏။ တမန်တော်မြတ်ﷺသည် လူများအား မိမိတို့၏မုအ်မင် ရောင်းရင်းများအတွက် နေရာချ၍ပေးကြရန် တောင်းဆို ပြီး၊ အလ္လာဟ်အရှင်မြတ်ထံတော်၌လည်း ထိုသူတို့အတွက် ကရုဏာတော်ကို ဆုပန်ခဲ့သည်။ ထိုဖြစ်ရပ်အပေါ် အာယတ်တော် يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا قِيْلَ لَكُمْ تَفَسَّحُوْا ကျရောက်ခဲ့လေသည်။ (အဗူဟာတင်မ် ထပ်ဆင့်တင်ပြသည်။) ဆင့်ပြန်ချက်များကို ခြုံ၍လေ့လာပါက တမန်တော်မြတ်ﷺသည် ပထမသာဝကကြီးများအား ၎င်းတို့၏ ရောင်းရင်းများအတွက် နေရာချ၍ပေး ကြရန် တောင်း ဆိုခဲ့ခြင်းဖြစ်မည်။ ၎င်းတို့အနက် အချို့က လိုက်နာခဲ့ကြသော်လည်း အချို့က မလိုက်နာခဲ့ကြပေ။ ထို့ကြောင့် ကျမ်းစာသင်ကျောင်းသားများ ပြောစကားကို နားမထောင်လျှင် ဆုံးမသကဲ့သို့ ၎င်းတို့အားလည်း မတ်တတ်ထပြီးထွက်သွားကြရန် ဆုံးမခဲ့ခြင်းဖြစ်နိုင်သည်။ ဤသို့ပြောဆိုခြင်းကို မုနာဖစ်က်တို့ကကန့်ကွက်ခဲ့ခြင်း ဖြစ်နိုင်ပေသည်။

(၆) အချို့သော ချမ်းသာကြွယ်ဝသူများသည် တမန်တော်မြတ်ﷺထံသို့ လာရောက်၍ အချိန်ကြာမြင့်စွာ တီးတိုးတိုင်ပင်လေ့ရှိခဲ့ကြသဖြင့် တမန်တော်မြတ်ﷺအဖို့ ကသိကအောက် ဖြစ်ရသည့်ပြင် ဆင်းရဲသားများသည် ၎င်းနှင့် တိုင်ပင်ဆွေးနွေးချိန်မရဘဲ ဖြစ်ခဲ့ကြ၏။ ထိုအကြောင်းကြောင့် အာယတ်တော် اِذَا نَاجَيْتُمُ الرَّسُوْلَ ကျရောက်လာခဲ့၏။ ဗိုက်အိပ်နိ အစလာမ်က ဖတ်သ်ဟွလ်ဗယာန်၌ ခိုင်လုံသော ဆင့်ပြန်သူမရှိဘဲ ရည်ညွှန်းဖော်ပြသည်မှာ ဂျူးနှင့် မုနာဖစ်က်တို့သည် တမန်တော်မြတ်ﷺနှင့် အရေးမပါသော တီးတိုးတိုင်ပင်မှုများ ပြုလုပ်လေ့ရှိခဲ့ကြ၏။ ဤသို့ပြုလုပ်ကြသည့် အပေါ် မွတ်စလင်တို့အနေဖြင့် စိုးရိမ်ကြောင့်ကြဖြစ်ကြရသည်။ အဘယ်ကြောင့်ဆိုသော် ဤပုံစံဆွေးနွေးမှုများက အန္တရာယ် ဖြစ်စေနိုင်သည်ဟု ၎င်းတို့ခံစားကြရသောကြောင့်ဖြစ်၏။ ရလဒ်အနေဖြင့် အာယတ်တော် نُهُوْا عَنِ النَّجْوٰى

ကျရောက်ခဲ့လေသည်။ ဤအာယတ်တော် إِذَا نَاجَيْتُمُ الرَّسُوْلَ ကျရောက်လာသည့်အခါ တစ်ခုခုကို အလှူဒါနပြုလုပ်ရမည် ဖြစ်သောကြောင့် တစ်ဦးချင်းဆွေးနွေးနေသော ဥစ္စာပစ္စည်းကို တွယ်တာသည့် မုနာဖစ်က်များသည် စေးနဲတွန့်တိုကြသဖြင့် တမန်တော်မြတ်ﷺနှင့် တီးတိုးတိုင်ပင်ခြင်း မပြုလုပ်ကြတော့ပေ။

(၇) တမန်တော်မြတ်ﷺနှင့် တီးတိုးတိုင်ပင်ခြင်းမပြုမီ အလှူဒါနပြုရန် လိုအပ်ကြောင်း မိန့်ကြားသည့် အာယတ်တော် إِذَا نَاجَيْتُمُ الرَّسُوْلَ ကျရောက်လာခဲ့သောအခါ၊ များစွာသော လူများသည် ၎င်းနှင့်တီးတိုးတိုင်ပင်ရန် လိုအပ်သည့်တိုင် မလာရောက်ကြတော့ပေ။ ထို့ကြောင့် အာယတ်တော် ءَاَشْفَقْتُمْ اَنْ تُقَدِّمُوْا ကို ထုတ်ပြန်ပို့ချတော်မူခဲ့သည်။ မောင်လာနာ အရ်ရဖ်အလီထာနဝီ‌ရဟ်မတုလ္လာဟ်က ဆိုသည်မှာ အာယတ်တော်(၁၂)၏ အဆုံးပိုင်း "....فَاِنْ لَّمْ تَجِدُوْا သို့ရာတွင် အကယ်၍ အသင်တို့သည် (အလှူဒါနပြုရန် ဝတ္ထုပစ္စည်း တစ်စုံတစ်ရာကို) မရခဲ့ကြလျှင် ဇကာန်အမှန် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာ သနားကရုဏာပြုတော်မူသော အရှင်မြတ် ဖြစ်တော်မူ၏။"(၅၈း၁၂)က ဆင်းရဲသားများအား တမန်တော်မြတ်ﷺနှင့် ဆွေးနွေးတိုင်ပင်မှုမပြုမီ အလှူဒါနပြုရန် လိုအပ်ချက်ကို လျော့ပေါ့ပေးခဲ့ပြီးဖြစ်၏။ သို့ရာတွင် အချို့လူများသည် စားရမဲ့သောက်ရမဲ့ မဟုတ် သက့ဲသို့ကြွယ်ဝချမ်းသာသည်လည်း မဟုတ်ဘဲ ဇကာတ်ထိုက်ရုံမျှသာ ဥစ္စာပစ္စည်းရှိကြသည်။ ဤအတန်းအစားမှ လူများသည် ၎င်းတို့တွင် ဥစ္စာပစ္စည်းအကန့်အသတ်နှင့်သာ ရှိသောကြောင့် အလှူဒါနကို လိုလိုလားလား ပြုလုပ်ရန် တွန့်ဆုတ်နေခဲ့ကြ၏။ ထို့ကြောင့် ၎င်းတို့သည် လှူဒါန်းပေးကမ်းခြင်း မပြုနိုင်ကြသည့်နည်းတူ မိမိတို့ကိုယ်မိမိတို့ အာယတ်တော်ပါ လိုအပ်ချက်မှ ကင်းလွတ်ခွင့်ရသည်ဟူ၍လည်း မမှတ်ယူနိုင်ခဲ့ကြပေ။ ၎င်းတို့က တိုင်ပင်ဆွေးနွေးခြင်းသည် ဝတ်ပြုမှုသို့မဟုတ် ကိုးကွယ်ဆည်းကပ်မှု လုပ်ရပ်တစ်ခုမဟုတ်။ အကယ်၍ တိုင်ပင်ဆွေးနွေးခြင်းကို စွန့်လွှတ် လိုက်ပါက အပြစ်ဆိုဖွယ်ရာ အကြောင်းမရှိဟု ခံစားမိကြသဖြင့် ၎င်းတို့သည် တိုင်ပင်ဆွေးနွေးမှု မပြုလုပ်ကြတော့ပေ (ဆင့်ပြန်ချက်အားလုံးသည် အက်ဒူရ်ရွှလ်မန်သူးရ်မှဖြစ်၏။)။ ဤထုတ်ပြန်ပို့ချရခြင်း အကြောင်းများသည် ဤကောက် နတ်ချက်စာပိဒ်အား လွယ်ကူစွာ နားလည်သဘောပေါက်စေလိမ့်မည် ဖြစ်လေသည်။ (ဗယာနုလ်ကုရ်အာန်)

တီးတိုးတိုင်ပင်ခြင်းဆိုင်ရာ ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်ထုံးတမ်း

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ယခုအာယတ်တော်များသည် အဖြစ်အပျက်တစ်ခုချင်းအလိုက် ကျရောက်ခဲ့သော်လည်း ချမှတ်သော စည်းကမ်းချက်များသည် ကျရောက်သည့် အကြောင်းခံများ မည်သို့ပင်ဖြစ်စေကာမူ ယေဘုယျကျင့်သုံးမှု စည်းကမ်းချက်များပင် ဖြစ်လေသည်။ ဤသို့ကြောင့် ယခုအာယတ်တော်များတွင် တီးတိုးတိုင်ပင်မှုသို့မဟုတ် သီးသန့်တိုင်ပင်မှုများနှင့် သက်ဆိုင်သော ညွှန်ကြားချက်များပါဝင်ပြီး အောက်တွင် ရှင်းပြထားပါသည်။

လှူ့ဒါန်းစည်းဝေးပွဲများသည် ပုံမှန်အားဖြင့် အထူးယုံကြည်စိတ်ချရသူများအား ဖိတ်ကြားပြီး၊ လှူ့ဒါန်းချက်များကို ယုံကြည်စွာဝေမျှပေးဖို့။ လှူ့ဒါန်းအသင်းအဖွဲ့၏ အဖွဲ့ဝင်များသည် မိမိတို့သစ္စာဖောက်ခံကြရလိမ့်မည် မဟုတ်ဟု ကျေနပ်နေကြ၏။ ဤယုံစားမှုပေါ် အခြေခံ၍ ဆိုးယုတ်သော လူများသည် တစ်စုံတစ်ယောက်အား ဖိနှိပ်ရန် သို့မဟုတ် သတ်ပစ်ရန် သို့မဟုတ် ၎င်း၏ ဓနဥစ္စာနှင့် ပစ္စည်းများကို အဓမ္မသိမ်းယူရန် စသည်ဖြင့် လုပ်ကြံမှုများကို အကွက်ချစီမံကြသည်။ အာယတ်တော်(၇)၌ မိန့်တော်မူသည်မှာ အလ္လာဟ်အရှင်မြတ်၏ အသိပညာသည် အရာခပ်သိမ်းကို အကြွင်းမဲ့သိတော်မူသော အသိပညာဖြစ်၏။ ထိုအရှင်မြတ်သည် ၎င်းတို့အား စောင့်ကြည့်နေတော်မူသည်။ ၎င်းတို့၏ပြောစကား အလုံးစုံကို ကြားတော်မူသည်။ ၎င်းတို့အား အများထဲတွင်ရှိသည်ဖြစ်စေ၊ သီးသန့်ရှိနေသည်ဖြစ်စေ

မည်သည့်နေရာ၊ မည်သည့်အခြေအနေမျိုးဌာနဆို မြင်တော်မူသည်။ မည်သည့်လျှို့ဝှက်ပူးပေါင်းကြံစည်မှုမျိုးမှ ထိုအရှင်မြတ်ထံတော်မှ ဖုံးကွယ်၍မရပေ။ ၎င်းတို့ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ပါက အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်မှ လွတ်မြောက်ကြလိမ့်မည်မဟုတ်။ ၎င်းတို့၏ လျှို့ဝှက်တွေ့ဆုံမှုများ သို့မဟုတ် အစည်းအဝေးများ အားလုံးတွင်ပါဝင်သူ မည်မျှနည်း၍ မည်မျှများသည်ဖြစ်စေ အလ္လာဟ်အရှင်မြတ်သည် အတူရှိနေတော်မူသည်။ ဥပမာ- စုဝေးပွဲတွင် လူ(၃) ဦးရှိပါက အလ္လာဟ်အရှင်မြတ်သည် စတုတ္ထမြောက် ဖြစ်တော်မူသည်။ အကယ်၍ စုဝေးပွဲတွင် လူ(၅)ဦးရှိပါက အလ္လာဟ်အရှင်မြတ်သည် ဆဋ္ဌမမြောက်ဖြစ်တော်မူသည်။ ကိန်းဂဏန်းအားဖြင့် လျော့နည်းသည်ဖြစ်စေ၊ ပိုသည်ဖြစ်စေ ၎င်းတို့ရှိသည့်နေရာတွင် အလ္လာဟ်အရှင်မြတ် ရှိတော်မူလေသည်။

အာယတ်တော်(၇)က 'သုံး'နှင့်'ငါး'ဂဏန်းများကို အထူးသဖြင့် ဖော်ပြရခြင်းမှာ အလ္လာဟ်အရှင်မြတ်သည် စုဝေးပွဲ သို့မဟုတ် စုပေါင်းဝတ်ပြုပွဲများတွင် အဖွဲ့ဝင်များကို 'မ'ဂဏန်းဖြင့် ဖွဲ့စည်းပါဝင်စေလိုတော်မူသောကြောင့် ဖြစ်နိုင်ကောင်း၏။ ဤသည်မှာ အာယတ်တော်(၇)၏ အနှစ်သာရပင် ဖြစ်တော့သည်။

ဣဗျူးများ၏ဒုက္ခပေးခြင်း

တမန်တော်မြတ်ﷺနှင့် ဣဗျူးများကြားတွင် ငြိမ်းချမ်းရေးစာချုပ်တစ်ခု ရှိခဲ့ကြောင်း ရှေ့တွင်ဖော်ပြခဲ့၏။ ဤကာလအတွင်း အကယ်၍ မြင့်မြတ်သော သာဝကကြီးများထဲ တစ်ပါးပါးသည် ဣဗျူးတို့စုဝေးရာ နေရာအနီးမှာ ဖြတ်သန်းသွားခဲ့ပါက ၎င်း၏စိတ်ထဲတွင် ဣဗျူးတို့သည် မိမိအားအနာတရဖြစ်အောင် သို့မဟုတ် ထိခိုက်အောင် လျှို့ဝှက်ကြံစည်နေကြသည်ဟု အထင်ရောက်ပြီး သံသယနှင့် သောကကိုပွားစေရန် ၎င်းတို့အချင်းချင်း တီးတိုးပြောဆိုကြလိမ့်မည်ဖြစ်၏။ အာယတ်တော် اَلَمْ تَرَ اِلَى الَّذِيْنَ نُهُوْا عَنِ النَّجْوٰى "(အို နဗီတမန်တော်) အသင်သည် အကြင်သူတို့ (၏ အခြေအနေ) ကို ဆင်ခြင်သုံးသပ်မြင်ခဲ့သည် မဟုတ် လော။ ထိုသူတို့သည် လျှို့ဝှက်တိုင်ပင်မှုမပြုရန် တားမြစ်ခြင်းကို ခံခဲ့ရလေ၏။ ...."(၅၈း၈)က ထိုကဲ့သို့ ပြောဆိုမှုများကို တားမြစ်ခြင်းဖြစ်၏။ ဤစည်းကမ်းချက်သည် ရန်သူများသာကမ မွတ်စလင်များနှင့်လည်း သက်ဆိုင်ပေသည်။ မွတ်စလင်များအနေဖြင့် အခြားမွတ်စလင်တစ်ဦးအား အန္တရာယ်ပြုရန် သို့မဟုတ် ထိခိုက်နာကျင်အောင် မပြုလုပ်သင့်ပေ။ သို့ရာတွင် မွတ်စလင်နှင့် အခြားသူများအား ကောင်းမွန်မှန်ကန်သော ကိစ္စများတွင် အားပေးကူညီရန်အတွက် တီးတိုးတိုင်ပင်ခြင်းကို ခွင့်ပြုပေသည်။ ဗုခါရီ၊ မွတ်စလင်နှင့် အခြားခိုင်လုံသော ဟဒီးသ်ပေါင်းချုပ် ကျမ်းများတွင် ဖော်ပြသည့် သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နိအဗ္ဗာစ်ﷺ၏ ဆင့်ပြန်ချက်တစ်ရပ်၌ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ اِذَا كُنْتُمْ ثَلَاثَةً يَتَنَاجَا رَجُلَانِ دُوْنَ الْاٰخَرِ حَتّٰى يَخْتَلِطُوْا بِالنَّاسِ فَاِنَّ ذَالِكَ يَحْزُنُه (အကယ်၍ အသင်တို့သည် (၃)ဦးဖြစ်နေပါက အသင်တို့ထဲမှ နှစ်ဦးသည် တတိယပုဂ္ဂိုလ်ကို ချန်လှပ်၍ [မွတ်စလင်ကျမ်းပါ အခြားဆင့်ပြန်ချက်တစ်ရပ်၌ 'ငင်း၏ခွင့်ချက်ဖြင့်မှတပါး'] တီးတိုးတိုင်ပင်ခြင်း မပြုကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ဤမကောင်းသော အပြုအမူသည် ၎င်းအားစိုးရိမ်မှုကို ဖြစ်စေပြီး၊ ၎င်း၏စိတ်ကို ထိခိုက်စေနိုင်သောကြောင့်ဖြစ်၏။ [အဘယ်ကြောင့်ဆိုသော် ၎င်းအား ပ,ထားပြီး၊ ထိုနှစ်ဦးက ၎င်းအား မကောင်းကြံ စည်နေကြသည်ဟု သံသယဖြစ်စေနိုင်သောကြောင့်ဖြစ်၏။]။ (မဇ်ဟရီ)

လျှို့ဝှက်ဆွေးနွေးပွဲ၏ နည်းဟန်များ

يَاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا تَنَاجَيْتُمْ فَلَا تَتَنَاجَوْا بِالْاِثْمِ وَالْعُدْوَانِ وَمَعْصِيَتِ الرَّسُوْلِ وَتَنَاجَوْا بِالْبِرِّ وَالتَّقْوٰى

"အို ၎မအ်မင်နိ်၎သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် လျှို့ဝှက်တိုင်ပင်ကြသောအခါ ပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျူးကျော်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရာဇလ်တမန်တော်မြတ်၏ အမိန့်ကို သွေဖည်ဆန့်ကျင်ဘက်ပြုခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ လျှို့ဝှက်တိုင်ပင်ခြင်း၊ မပြုကြကုန်လင့်။ သို့ရာတွင် အသင်တို့သည် ကောင်းမှုပြုလုပ်ရန်လည်းကောင်း၊ ပြစ်မှုဒုစရိုက်မှုများမှ ရှောင်ကြဉ်ရန်လည်းကောင်း လျှို့ဝှက်တိုင်ပင်ကြလေကုန်။ ထိုမှတပါး အသင်တို့သည် အကြင်အလျှာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်၊ ထိုအရှင်မြတ်အထံ တော်သို့ပင် အသင်တို့သည် ပြန်လည်စုရုံးကြရပေမည်။"(၅၈း၉)။ ဤအာယတ်တော်နှင့် အလျင်အာယတ်တော်များတွင် ကာဖိရ်တို့၏ လျှို့ဝှက်အသင်းအဖွဲ့များအား ပြစ်တင်ရှုတ်ချထား၏။ သို့သော် ယခုအာယတ်တော်က ပြစ်တင်ရှုတ်ချခြင်း သက်သက်မျှသာ မဟုတ်ဘဲ အလျှာဟ်အရှင်မြတ်သည် ၎င်းတို့၏စကားပြောဆိုခြင်းကို လည်းကောင်း၊ ၎င်းတို့၏အခြေအနေအရပ်ရပ်ကို လည်းကောင်း အပြည့်အဝသိတော်မူသည့် အချက်အား သတိပြုကြရန် မွတ်စလင်တို့အားလမ်းညွှန်တော်မူသည်။ထို့ကြောင့် ၎င်းတို့၏လျှို့ဝှက်ဆွေးနွေးပွဲများကိုကောင်းသောရည်ရွယ်ချက်များအတွက် ပြုလုပ်ကြရမည်ဖြစ်၏။ ယင်းအချက်သည် ဆွေးနွေးပွဲတစ်ခု၏ ရည်မှန်ချက် သို့မဟုတ် အကြောင်းရင်းဖြစ်ပြီး၊ ဆွေးနွေးပွဲအမျိုးအစားကို သတ်မှတ်လေသည်။ သို့ဖြစ်၍ ယခုအာယတ်တော်က မုအ်မင်တို့အား ကောင်းမွန်မှန်ကန်သော အရေးများကို အားပေးရန်အတွက်သာ လျှို့ဝှက်ဆွေးနွေးပွဲများ ကျင်းပခွင့်ပြုပေးသည်။

အဆိုးကိုအကောင်းဖြင့်တုံ့ပြန်ပါ

မဒီနာမြို့မှကျူးအချို့၏ ဆိုးရွားသော အလေ့အကျင့်တစ်ခုမှာ တမန်တော်မြတ်ﷺထံသို့ လာကြသောအခါ၊ ၎င်းတို့သည် တမန်တော်မြတ်ﷺအား ပုံမှန်အတိုင်း اَلسَّلَامُ عَلَيْكُمْ (အသင့်အပေါ် ငြိမ်းချမ်းသာယာမှု သက်ရောက်ပါစေ)ဟု နှုတ်ခွန်းဆက်ရမည့်အစား اَلسَّامُ عَلَيْكُمْ (အသင့်အပေါ် သေခြင်းတရား သက်ရောက်ပါစေ)ဟူ၍ နှုတ်ခွန်းဆက်သခဲ့ကြသည်။ 'အတ်စွာလာမ်'(ငြိမ်းချမ်းသာယာမှု)ဟူသော စကားလုံးအား လျှာကိုအနည်းငယ်လိပ်လျက် 'အတ်စွာမ်'(သေခြင်း)ဟု အသံထွက်ကာ ကျိန်ဆဲခဲ့ကြခြင်းဖြစ်၏။ သို့သော် စကားလုံးနှစ်ခု၏ အသံထွက်ကွာခြားမှုမှာ မသိသာသောကြောင့် သာဝကကြီးများသည် သတိမပြုမိခဲ့ကြပေ။ တစ်နေ့သော် သခင်မအာအိရှာ﵂သည် ဂျူးတို့က اَلسَّامُ عَلَيْكُمْ 'အတ်စွာမုအလိုင်ကွမ်' (အသင့်အပေါ် သေခြင်းတရား သက်ရောက်ပါစေ)ဟု ကျိန်ဆဲခြင်းကို သတိပြုမိခဲ့သဖြင့် သူမက اَلسَّامُ عَلَيْكُمْ وَلَعَنَكُمُ اللهُ وَغَضِبَ عَلَيْكُمْ (အသင့်အပေါ် သေခြင်းတရားသက်ရောက်ပါစေ၊ အမျက်ဒေါသသည်လည်းကောင်း ကျရောက်ပါစေ)ဟု ပြန်ပြောခဲ့၏။ တမန်တော်မြတ်ﷺက သူမအား ယင်းကဲ့သို့မတုန့်ပြန်ရန် တားမြစ်ပြီးပြောခဲ့သည်မှာ 'အို- အာအိရှာ﵂၊ အလျှာဟ်အရှင်မြတ်သည် ရိုင်းပျခြင်းကိုလည်းကောင်း၊ နှုတ်ကြမ်းခြင်းကိုလည်းကောင်း နှစ်သက်တော်မမူပါချေ။'။ သခင်မအာအိရှာ﵂က 'အို- အလျှာဟ့်ရစူလ်၊ ၎င်းတို့ပြောသည်ကို အသင်မကြားလိုက်သလော'ဟု ပြောရာ ၎င်းက 'ကျွန်ုပ်က ၎င်းတို့အား وَعَلَيْكُمْ '(အသင်တို့လည်း ထိုအတိုင်းဖြစ်ပါစေ)ဟု ပြန်ဖြေသည်ကို သင်မ မကြားခဲ့သလော။'ဟု ပြန်ပြောခဲ့၏။ ထို့နောက် ဆက်လက်၍ 'အလျှာဟ်အရှင်မြတ်သည် ၎င်းတို့အား ဆန့်ကျင်သည့် ကျွန်ုပ်တို့၏ ဆုပန်ကြားမှုကို လက်ခံတော်မူသည်။ သို့သော် ကျွန်ုပ်တို့အား ဆန့်ကျင်သည့်

ငင်းတို့၏ဆုပန်ကြားမှုကို လက်ခံတော်မမူပေ။'ဟု သူမအား ပြောခဲ့လေသည်။' ဤအဖြစ်အပျက်က ကာဖိရ်တို့၏ ထိခိုက်နစ်နာစေသော စကားများကို တုံ့ပြန်ရာ၌ပင် မွတ်စလင်တို့သည် ညင်သာ၍ အဆင့်အတန်းရှိသောနည်းကို သုံးသင့်ကြောင်း ကျွန်ုပ်တို့အား ပြောပြ၏။

စုဝေးပွဲအတွက် နည်းဟန်များ

"يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ إِذَا قِيلَ لَكُمۡ تَفَسَّحُواْ" အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် 'နေရာချဲ့ပေးကြလေကုန်'ဟု ပြောဆိုခြင်းကို ခံကြရလေသောအခါ နေရာချဲ့၍ပေးကြလေကုန်။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အဖို့ နေရာချဲ့ပေးတော်မူမည်။ ...."(၅၈း၁၁)။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျွန်များအား ကောင်းသောအကျင့်အမူများကိုသင်ကြားပေး တော်မူပြီး၊ ငင်းတို့အတူတကွထိုင်ကြလျှင် တစ်ဦးကိုတစ်ဦး ညှာတာကြရန် ပြဋ္ဌာန်းတော်မူသည်။ စုဝေးပွဲများအတွက် အဓိကစည်းကမ်းချက်နှစ်ရပ်ရှိ၏။ ပထမစည်းကမ်းချက်က ဆိုသည်မှာ စုဝေးပွဲတစ်ခုတွင် ထိုင်နေကြသူများသည် နောက်ကျ၍ ရောက်လာသူများအတွက် နေရာပြုလုပ်ပေးသင့်၏။ ငင်းတို့သည် အခြားလူများအတွက် နေရာကိုချန်၍ အတူတကွထိုင်ကြသင့်၏။ ဤသို့ပြုလုပ်ပါက တမလွန်၌ အလ္လာဟ်အရှင်မြတ်သည် ငင်းတို့၏အခွင့်အလမ်းကို ကျယ်ပြောစေတော်မူမည်ဖြစ်ကြောင်း ကတိပြုတော်မူသည်။ သို့ရာတွင်လောကီဘဝ၌လည်း ငင်းတို့အတွက် ဤနေရာလွတ် သို့မဟုတ် နေရာကို ဖန်တီးပေးတော်မမူဟု မဆိုနိုင်ပေ။

"وَإِذَا قِيلَ ٱنشُزُواْ فَٱنشُزُواْ" ထိုနည်းတူစွာ အသင်တို့သည် 'မတ်တတ်ထကြလေကုန်'ဟု ပြောဆိုခြင်းခံရလေသောအခါ မတ်တတ်ထကြလေကုန်။"(၅၈း၁၁)။ ဒုတိယစည်းကမ်းချက်မှာ စုဝေးပွဲတစ်ခုတွင် ထိုင်နေကြသော လူများသည် မတ်တတ်ထ၍ ထွက်ခွာသွားကြရန် ပြောခံရသောအခါ၊ ငင်းတို့သည် မတ်တတ်ထ၍ ထွက်ခွာသွားသင့်သည်ဟူ၍ဖြစ်၏။ ဤအာယတ်တော်က (ပြောခံရသောအခါ)ဟု ကတ္တားအပြုခံပုံစံ (Passive Voice)ဖြင့် သုံးသော်လည်း မည်သူကပြောဆိုသည်ကို ဖော်ပြမထားချေ။ စစ်မှန်သော ဟဒီးသ်များက ရှင်းပြသည်မှာ နောက်ကျ၍ရောက်လာသူကိုယ်တိုင်က တစ်စုံတစ်ယောက်အား မိမိအတွက်နေရာဖယ်ရန် မပြောဆိုနိုင်သကဲ့သို့ လူများကြားသို့ အတင်းတိုးဝင်ရန်လည်း မလုပ်ရချေ။ ထို့ကြောင့် ဆွဟီဟိန်းနှင့် မတ်စ်နဒ်အဟ်မဒ်တို့တွင် အဗ်ဒွလ္လာအိဗ်နိအုမရ်ﷺအား ကိုးကား၍ ဖော်ပြသည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ 'لَا يُقِيمُ الرَّجُلُ مِنْ مَّجْلِسِهِ فَيَجْلِسُ فِيْهِ وَلٰكِنْ تَفَسَّحُوْا وَتَوَسَّعُوْا' (အသင်တို့ထဲမှတစ်ဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးအား ၎င်း၏နေရာမှ ထခိုင်းပြီး၊ ထိုနေရာတွင် ဝင်ထိုင်ခြင်း မပြုသင့်ပေ။ ထိုသို့ပြုလုပ်မည့်အစား ရောက်လာသူထိုင်နိုင်ရန် နေရာချဲ့ပေးကြပါ။)' နောက်မှ ရောက်လာသူသည် မည်သူ့ကိုမျှ နေရာဖယ်ခိုင်းပြီး ဝင်ထိုင်၍မရကြောင်း ဤအချက်က ရှင်းလင်းစွာ ဖော်ပြပေသည်။ သို့ဖြစ်၍ စည်းကမ်းချက်သည် အခမ်းအနားမျှား သို့မဟုတ် ဆော်သြသူများ သို့မဟုတ် အိမ်ရှင်နှင့် သက်ဆိုင်ပုံရ၏။ အာယတ်တော်၏ဆိုလိုရင်းမှာ အိမ်ရှင်သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်က ပရိသတ်ထဲမှ လူတစ်ဦးအား တရားဝင်သော အကြောင်းပြချက်တစ်ခုအတွက် မတ်တတ်ထ၍ ထွက်ခွာသွားပါရန် မေတ္တာရပ်ခံပါက ၎င်းတို့သည် လိုက်နာသင့်ပြီး၊ အိမ်ရှင်နှင့် အချင်းဖြစ်ပွားခြင်းမှ ရှောင်ရှားသင့်ပေသည်။ ဤသို့ပြုလုပ်ရန် လိုအပ်သည့် အကြောင်းရင်း များစွာရှိ၏။ (၁) အိမ်ရှင်ကိုယ်၌က သီးသန့်နေလိုသော ၎င်း၏ကိုယ်ပိုင်အကြောင်းရင်း ရှိနိုင်သည်။ (၂) ၎င်းသည် အထူးဇည့်သည်များနှင့် အတွင်းရေးကိစ္စများကို ဆွေးနွေးရန် သီးသန့်ရှိဖို့လိုအပ်နိုင်သည်။ (၃) နောက်ကျ၍ရောက်လာသူများအတွက်အခန်းမဆံ့တော့သည့်ပြင် အခြားအစီအစဉ်ကိုလည်း ပြုလုပ်မပေးနိုင်တော့ ပါက အိမ်ရှင်အနေဖြင့် ၎င်းတို့အတွက် နေရာပေးရန် အချို့ရင်းနှီးသော

ဧည့်သည်တို့အား အခန်းထဲမှထွက်ပေးပါမည့် အကြောင်း ယဉ်ကျေးစွာ မေတ္တာခံခွင့်ပြုလေသည်။ ဤသို့ပြုလုပ်ရာတွင် ထွက်ပေးရမည့်သူများအဖို့ နစ်နာမှုမရှိကြောင်း သေချာစေရမည်ဖြစ်၏။ ၎င်းတို့သည် နောက်စုဝေးပွဲတစ်ခုတွင် ဦးစားပေးခံကြရလိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့ အနေဖြင့် သိမ်ငယ်မှု သို့မဟုတ် စိတ်ထိခိုက်မှု မခံစားကြရကြောင်း အိမ်ရှင်သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်က တာဝန်ခံရမည် ဖြစ်ပေသည်။

ဤအာယတ်တော်သည် ပလီဝတ်ကျောင်း၏ 'ဆွဖ်ဖဟ်'၌ တမန်တော်မြတ်ﷺ ထိုင်နေစဉ် ကျရောက်ခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်၏။ 'ဗဒိရ်'စစ်ပြန်အချို့သည် နောက်ကျ၍ ရောက်လာခဲ့ကြသဖြင့် ထိုင်စရာနေရာမရဘဲ မတ်တတ်ရပ်နေခဲ့ကြရသည်။ ၎င်းတို့အား လေးစားသည့်အနေဖြင့် တမန်တော်မြတ်ﷺက ဝတ်ပြုရန် စုရုံးနေကြသူအားလုံးကိုခြံ၍ ၎င်းတို့၏ ရဲဘော်ရဲဘက်များအတွက် နေရာချဲ့ပေးကြရန် အမိန့်ပေးခဲ့၏။ ထို့ပြင် ထိုသူများအတွက် နေပေးတော်မူပါရန် အလ္လာဟ်အရှင်မြတ်ထံ ဆုပန်ခဲ့လေသည်။ အချို့က နာခံခဲ့ကြသဖြင့် ပြဿနာမရှိသော်လည်း၊ အချို့ကမူ နာခံခဲ့ကြဟန်မတူပေ။ ထို့ကြောင့် တမန်တော်မြတ်ﷺက ၎င်းတို့အား မတ်တတ်ထကြရန်နှင့် ထွက်သွားကြရန် သတိပေးဆုံးမခဲ့ခြင်းဖြစ်၏။

မည်သို့ဆိုစေ ဤအာယတ်တော်နှင့် အာယတ်တော်နှင့် ဆက်နွယ်သော ဟဒီးသ်များက စည်းကမ်းချက်အချို့ကို ချမှတ်ခဲ့သည်။ (၁) ဆွေးနွေးပွဲတစ်ခု၏ အဖွဲ့ဝင်များသည် နောက်ကျ၍ ရောက်လာသူများအတွက် နေရာချဲ့ပေးရမည်။ (၂) နောက်ကျသူများသည် ဆွေးနွေးပွဲ၏ အခြားအဖွဲ့ဝင်များကို ဖယ်ခိုင်းခြင်းဖြင့် မိမိတို့အတွက် နေရာမပြုသင့်ပေ။ (၃) လိုအပ်သော အချိန်များတွင် အိမ်ရှင် သို့မဟုတ် အခမ်းအနားမှူးသည် ပရိသတ်ထဲမှ အချို့အဖွဲ့ဝင်များအား ထွက်ခွာပေးရန် ယဉ်ကျေးစွာ မေတ္တာရပ်ခံနိုင်သည်။ နောက်ကျနေသူတို့သည် ပြည့်ကျပ်နေသော ဝတ်ပြုရန်စုရုံးနေကြသည့် လူများထဲသို့ ဖွတ်တိုး၍မဝင်ရ၊ သို့သော် ၎င်းတို့သည် ထောင့်တစ်ထောင့် သို့မဟုတ် ဘေးတစ်ဖက်တစ်ချက်တွင် နေရာယူနိုင်ကြောင်း ဗုခါရီ၌ ဖော်ပြ၏။ တစ်ကြိမ်သော် ပလီဝတ်ကျောင်းထဲ၌ တမန်တော်မြတ်ﷺသည် လူများနှင့်အတူ ထိုင်နေခဲ့သည်။ ပုဂ္ဂိုလ်(၃)ဦး ရောက်လာခဲ့ရာ စုပေါင်းဝတ်ပြုကြမည့် လူအုပ်ထဲ၌ ၎င်းတို့ထဲမှ တစ်ဦးအတွက် နေရာလွတ်ကို ရှာမတွေ့ခဲ့ပေ။ သို့သော် ဘေးတစ်ဖက် သို့မဟုတ် ထောင့်တစ်ထောင့်တွင် နေရာလွတ်ကို တွေ့သဖြင့် ထိုနေရာ ၌ထိုင်ခဲ့သည်။ တမန်တော်မြတ်ﷺက ၎င်းအား များစွာချီးကျူးခဲ့လေသည်။

ဓမ္မသတ်

စုဝေးပွဲ၏ အခြားကျင့်ဝတ်တစ်ခုမှာ အကယ်၍ ပုဂ္ဂိုလ်နှစ်ဦးသည် ပူးကပ်လျက် ထိုင်နေကြပါက အသစ်ဝင်လာသူသည် ၎င်းတို့ကြားသို့ တိုးမဝင်သင့်ပေ။ ဟဒီးသ်တော်တစ်ရပ်၌ လာရှိသည်မှာ တမန်တော်မြတ်ﷺသည် ဤကျင့်ဝတ်အကြောင်းကို အောက်ပါအတိုင်း ရှင်းပြခဲ့သည်။ لَا يَحِلُّ لِرَجُلٍ اَنْ يُّفَرِّقَ بَيْنَ اثْنَيْنِ اِلَّا بِاِذْنِهِمَا (၎င်းတို့ကိုယ်တိုင်က ခွင့်မပြုပါက အတူတကွ ပူးကပ်လျက် ထိုင်နေကြသော ပုဂ္ဂိုလ်နှစ်ဦးအား ကွဲကွာအောင် မည်သူမျှ လုပ်ခွင့်မရှိပေ။) [အုစာမဟ်အိဗ်န လိုင်သီဟ်ﷺအား ကိုးကား၍ အဗူဒါဝူဒ်နှင့် တိရ်မိဒီတို့ ထပ်ဆင့်တင်ပြသည့် ဤဟဒီးသ်ကို အိဗ်နိကဆီးရ် တိုက်ရိုက် ကိုးကားသည်။]

ဤဓမ္မသတ်၏ အကြောင်းရင်းမှာ တစ်ခါတစ်ရံ ပုဂ္ဂိုလ်နှစ်ဦးသည် ရည်ရွယ်ချက်တစ်ခုဖြင့် အတူတူထိုင်ကြသည်။ ၎င်းတို့အား ခွဲပစ်ခြင်းက ထိုရည်ရွယ်ချက်ကို ပျက်ပြားစေနိုင်သောကြောင့်ဖြစ်၏။

يَاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا نَاجَيْتُمُ الرَّسُوْلَ "အို- မုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် ရစူလ်တမန်တော်နှင့် လျှို့ဝှက်ပြောဆို တိုင်ပင်ကြသောအခါ ...."(၅၈း၁၂)။ အလ္လာဟ်ရစူလ်ﷺသည် လူများအား ပညာပေးခြင်း၊ ၎င်းတို့၏ ဘဝအဆင့်အတန်း မြင့်မားတိုးတက်အောင် ပြုလုပ်ပေးခြင်းများဖြင့် နေ့နေ့/ည‌ည အလုပ်ဖိစီးနေသူဖြစ်ခဲ့၏။ ၎င်း၏ အထွေထွေစုဝေးပွဲများ တွင်ပါဝင်သည့် ပရိသတ်သည် ၎င်း၏ဆုံးမသြဝါဒများမှ အကျိုးကျေးဇူးခံစားကြရသည်။ သို့ရာတွင် တမန်တော်မြတ်ﷺ နှင့် သီးသန့်ဆွေးနွေးလိုသောလူများ ရှိကြပြီး၊ ထိုသူတို့အားလည်းခွင့်ပြု၊ လိုက်လျောခဲ့ရပေမည်။ အချိန်ရောလူပါ စိုက်ထုတ်ရန် လိုအပ်သည်ဖြစ်၍ လူတိုင်း၏တောင်းဆိုမှုကို လိုက်လျောရန်မှာ မဖြစ်နိုင်သောကြောင့် အခက်အခဲကြုံခဲ့ ရသည်။ အခြေအနေကို ပို၍ဆိုးစေသည်မှာ မုနာဖစ်က်တို့သည် စစ်မှန်သော မွတ်စလင်တို့အား ထိခိုက်စေရန်အတွက် တမန်တော်မြတ်ﷺနှင့် တီးတိုးတိုင်ပင်ရန် မေတ္တာရပ်ခံသောအခါတွင်ဖြစ်၏။ ထို့ပြင် မုနာဖစ်က်တို့သည် ၎င်းနှင့်အချိန် ကြာမြင့်စွာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ဤသို့ပြုလုပ်ခြင်းက ရိုးသားသောမွတ်စလင်များအတွက် ပို၍ခက်ခဲစေလေသည်။ ပညာအခြေခံနည်းပါးသော မွတ်စလင်အချို့မှာ မလိုအပ်ဘဲ သာမန်ထက်ပို၍ ရှည်ရှည်လျားလျား တိုင်ပင် ဆွေးနွေးခဲ့ကြရာ ကိုယ်တော်အတွက် အခက်အခဲ ပိုဖြစ်စေပါသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏စိတ်တိုစရာ ကောင်းသော ပြုမူပုံများကို ရပ်တန့်စေမည့် နည်းလမ်းတစ်ခုကို ဤအာယတ်တော်ဖြင့် ပေးသနားတော်မူပြီး တမန်တော်မြတ်ﷺ၏ ဝန်ထုပ်ဝန်ပိုးကို လျော့ပါးသက်သာစေတော်မူခဲ့သည်။ ကနဦးတွင် အာယတ်တော်က ၎င်းနှင့်တီးတိုး တိုင်ပင်လိုသူများအား မိမိတို့၏ဆန္ဒအလျောက် လှူဒါန်းမှုတစ်ခုကို ကြို တင်ပြုလုပ်စေသည်။ မည်ရွေ့မည်မျှ လှူဒါန်းရမည်ကို ကုရ်အာန်၌ သတ်မှတ်ပြဋ္ဌာန်းခြင်းမပြုပေ။ သို့ရာတွင် ဤအာယတ်တော် ကျရောက်လာခဲ့သောအခါ၊ သာဝကကြီးအလီﷺသည် ပထမဆုံး(စည်းကမ်းနှင့်အညီ) လုပ်ဆောင်သူဖြစ်ခဲ့၏။ ၎င်းသည် ဒီနာတစ်ပြားကို လှူဒါန်းပြီး၊ တမန်တော်မြတ်ﷺနှင့် တီးတိုးတိုင်ပင်ခွင့်ကို တောင်းခံခဲ့လေသည်။

သာဝကကြီးအလီﷺ တစ်ပါးတည်းသာလျှင် အာယတ်တော်နှင့်အညီ လုပ်ဆောင်ခဲ့၏။

မှတ်သားဖွယ် တိုက်ဆိုင်မှုတစ်ခုမှာ သာဝကကြီးအများစုသည် ၎င်းတို့၏ ငွေရေးကြေးရေး ကန့်သတ်ချက်များကြောင့် ဤအာယတ်တော်ပါအတိုင်း မလုပ်ဆောင်နိုင်ခဲ့ကြပေ။ အာယတ်တော်ပါ စည်းကမ်းချက်ကို ပြန်လည်ရှုပ်သိမ်းတော်မူခဲ့၏။ မိမိ၏အလျင်နှင့် မိမိ၏နောက် မည်သူမျှ အရေးယူဆောင်ရွက်ခြင်း မပြုခဲ့သော အာယတ်တော်တစ်ပါး ကုရ်အာန်ထဲ၌ ပါရှိ၏ဟု သာဝကကြီးအလီﷺက ပြောလေ့ရှိခဲ့၏။ 'ကျွန်ုပ်၏အလျင် မည်သူမျှ'ဟူသော စကားစု၏ အဓိပ္ပါယ်မှာ ရှင်းပါသည်။ 'ကျွန်ုပ်၏နောက် မည်သူမျှ'ဟူသော စကားစုကမူ 'ကျွန်ုပ်၏နောက် မည်သူမျှ ထိုစည်းကမ်းအတိုင်း လုပ်ဆောင်လိမ့်မည်မဟုတ်'ဟု ဆိုလိုခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အာယတ်တော်ပါ စည်းကမ်းချက်သည် ရုပ်သိမ်းခံရသောကြောင့် ဖြစ်ပေသည်။ စည်းကမ်းချက်သည် ဖျက်သိမ်းခံရသော်လည်း ယင်း၏အခြေခံရည်ရွယ်ချက်မှာမူ အောင်မြင်ခဲ့၏။ မွတ်စလင်များသည် ၎င်းတို့၏ စစ်မှန်သော ချစ်မေတ္တာ၏ လမ်းညွှန်မှုဖြင့် တမန်တော်မြတ်ﷺနှင့် ကြာမြင့်စွာ တွေ့ဆုံဂါရဝပြုခြင်းများကို ရှောင်ရှားခဲ့ကြသောကြောင့် ၎င်းသည် စိတ်မသက်မသာ မဖြစ်ခဲ့ရတော့ပေ။ မုနာဖစ်က်များကလည်း ၎င်းတို့၏ ရည်ရွယ်ချက်ကို သိသွားကြမည်ကို လည်းကောင်း၊ အယောင်ဆောင်မှု ပေါ်သွားမည်ကိုလည်းကောင်း ကြောက်ရွံ့ကြသောကြောင့် ၎င်းနှင့်ကြာမြင့်စွာ ဆွေးနွေးခြင်း မပြုလုပ်ကြတော့ပေ။ အလ္လာဟ်အရှင်မြတ်အသိဆုံး ဖြစ်တော်မူသည်။

အာယတ်တော် (၁၄-၂၂)

اَلَمۡ تَرَ اِلَى الَّذِيۡنَ تَوَلَّوۡا قَوۡمًا غَضِبَ اللّٰهُ عَلَيۡهِمۡ ؕ مَا هُمۡ مِّنۡكُمۡ وَلَا
مِنۡهُمۡ ۙ وَيَحۡلِفُوۡنَ عَلَى الۡكَذِبِ وَهُمۡ يَعۡلَمُوۡنَ ﴿۱۴﴾ اَعَدَّ اللّٰهُ لَهُمۡ
عَذَابًا شَدِيۡدًا ؕ اِنَّهُمۡ سَآءَ مَا كَانُوۡا يَعۡمَلُوۡنَ ﴿۱۵﴾ اِتَّخَذُوۡۤا اَيۡمَانَهُمۡ جُنَّةً
فَصَدُّوۡا عَنۡ سَبِيۡلِ اللّٰهِ فَلَهُمۡ عَذَابٌ مُّهِيۡنٌ ﴿۱۶﴾ لَنۡ تُغۡنِىَ عَنۡهُمۡ
اَمۡوَالُهُمۡ وَلَاۤ اَوۡلَادُهُمۡ مِّنَ اللّٰهِ شَيۡـًٔا ؕ اُولٰٓئِكَ اَصۡحٰبُ النَّارِ ؕ هُمۡ فِيۡهَا
خٰلِدُوۡنَ ﴿۱۷﴾ يَوۡمَ يَبۡعَثُهُمُ اللّٰهُ جَمِيۡعًا فَيَحۡلِفُوۡنَ لَهٗ كَمَا يَحۡلِفُوۡنَ
لَكُمۡ وَيَحۡسَبُوۡنَ اَنَّهُمۡ عَلٰى شَىۡءٍ ؕ اَلَاۤ اِنَّهُمۡ هُمُ الۡكٰذِبُوۡنَ ﴿۱۸﴾ اِسۡتَحۡوَذَ
عَلَيۡهِمُ الشَّيۡطٰنُ فَاَنۡسٰهُمۡ ذِكۡرَ اللّٰهِ ؕ اُولٰٓئِكَ حِزۡبُ الشَّيۡطٰنِ ؕ اَلَاۤ اِنَّ
حِزۡبَ الشَّيۡطٰنِ هُمُ الۡخٰسِرُوۡنَ ﴿۱۹﴾ اِنَّ الَّذِيۡنَ يُحَآدُّوۡنَ اللّٰهَ وَرَسُوۡلَهٗۤ اُولٰٓئِكَ
فِى الۡاَذَلِّيۡنَ ﴿۲۰﴾ كَتَبَ اللّٰهُ لَاَغۡلِبَنَّ اَنَا وَرُسُلِىۡ ؕ اِنَّ اللّٰهَ قَوِىٌّ عَزِيۡزٌ ﴿۲۱﴾
لَا تَجِدُ قَوۡمًا يُّؤۡمِنُوۡنَ بِاللّٰهِ وَالۡيَوۡمِ الۡاٰخِرِ يُوَآدُّوۡنَ مَنۡ حَآدَّ اللّٰهَ وَ
رَسُوۡلَهٗ وَلَوۡ كَانُوۡۤا اٰبَآءَهُمۡ اَوۡ اَبۡنَآءَهُمۡ اَوۡ اِخۡوَانَهُمۡ اَوۡ عَشِيۡرَتَهُمۡ ؕ اُولٰٓئِكَ
كَتَبَ فِىۡ قُلُوۡبِهِمُ الۡاِيۡمَانَ وَاَيَّدَهُمۡ بِرُوۡحٍ مِّنۡهُ ؕ وَيُدۡخِلُهُمۡ جَنّٰتٍ تَجۡرِىۡ
مِنۡ تَحۡتِهَا الۡاَنۡهٰرُ خٰلِدِيۡنَ فِيۡهَا ؕ رَضِىَ اللّٰهُ عَنۡهُمۡ وَرَضُوۡا عَنۡهُ ؕ
اُولٰٓئِكَ حِزۡبُ اللّٰهِ ؕ اَلَاۤ اِنَّ حِزۡبَ اللّٰهِ هُمُ الۡمُفۡلِحُوۡنَ ﴿۲۲﴾

(အို- နဗီတမန်တော်၊) အသင်သည် အကြောင်အမျိုးသားတို့အား အဆွေခင်ပွန်း ပြုလုပ်ခဲ့ကြသောသူတို့(၏ အခြေအနေကို) သုံးသပ်ဆင်ခြင် တွေ့မြင်ခဲ့လေပြီ မဟုတ်လော။ ထိုအမျိုးသားတို့အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်သည် အမျက်ထွက်တော်မူခဲ့၏။ ထိုအမျိုးသားတို့ကား အသင်တို့အနက်မှလည်း မဟုတ်ကြပေ။ ၎င်းတို့အနက်မှလည်း မဟုတ်ကြချေ။ ထိုအမျိုးသားတို့မှာ သိလျက်နှင့် မုသားနှင့်စပ်လျဉ်း၍ ကျိန်တွယ်ကြကုန်၏။[၁၄] အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာသော ပြစ်ဒဏ်ကို ထိုအမျိုးသားတို့အဖို့ အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူ၏။ ဇကာန်မလွဲ ၎င်းတို့ကျင့်မူလျက်ရှိကြသည်မှာ လွန်စွာဆိုးယုတ်လှပေသည်။ [၁၅] ၎င်းတို့သည် မိမိတို့၏ ကျိန်ဆိုချက်များကို အကွယ်အကာပြုလုပ်ခဲ့ကြပြီးလျှင် (သူတစ်ပါးတို့ အားလည်း) အလ္လာဟ်

အရှင်မြတ်၏ လမ်းတော်မှ ပိတ်ပင်တားဆီးခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့၌ ဝုဏ်သရေပျက်ပြား စေသော ပြစ်ဒဏ်သည် ရှိချေမည်။[၁၆] အလ္လာဟ်အရှင်မြတ်နှင့် ဆန့်ကျင်၍ ထိုသူတို့၏ ပစ္စည်း ဥစ္စာတို့သည် လည်းကောင်း၊ ထိုသူ တို့၏ သားသမီးတို့သည် လည်းကောင်း၊ ထိုသူတို့အား လုံးဝ အကျိုးပေးမည် မဟုတ်ပေ။ ထိုသူတို့ကား ငရဲသားများပင် ဖြစ်ကြကုန်၏။ ၎င်းတို့မှာ ယင်းငရဲ၌ ထာဝစဉ်နေထိုင်ကြရမည့်သူများပင် ဖြစ်ကြကုန်၏။[၁၇] အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ အားလုံးတို့ကို ရှင်ပြန်ထစေတော်မူအံ့သောနေ့တွင် ၎င်းတို့သည် ထိုအရှင်မြတ်၏ ရှေ့မှောက်၌ လည်း အသင်တို့ရှေ့ဝယ် ကျိန်ဆိုဘိသကဲ့သို့ပင် ကျိန်ဆိုကြပေမည်။ ထိုမှတပါး ၎င်းတို့သည် ဇကန်အမှန် မိမိတို့မှာ (ကောင်းသော) အခြေအနေ၌ ရှိနေကြသည်ဟု ထင်မှတ်ကြပေမည်။ ကောင်းစွာမှတ်ယူကြလေကုန်။ ဇကန်မလွဲ ၎င်းတို့မှာ မုသာဝါဒီများပင် ဖြစ်ကြကုန်၏။[၁၈] 'ရှိုင်တွာန်'မိစ္ဆာကောင်သည် ၎င်းတို့အား နိုင်နင်းကြိုးစိုးလျက်ရှိပေရာ ၎င်းတို့အား ယင်း 'ရှိုင်တွာန်' မိစ္ဆာကောင်သည် အလ္လာဟ်အရှင်မြတ်အား သတိရခြင်းကို မေ့ပျောက်စေခဲ့၏။ ထိုသူတို့ကား 'ရှိုင်တွာန်'မိစ္ဆာကောင်၏အုပ်စုပင် ဖြစ်ကြကုန်၏။ ကောင်းစွာမှတ်ယူကြလေကုန်။ ဇကန်မလွဲ 'ရှိုင်တွာန်'မိစ္ဆာကောင်၏ အုပ်စုကား ဆုံးရှုံးအံ့သောသူများပင် ဖြစ်ကြကုန်သတည်း။[၁၉] မချွတ် ဇကန် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း၊ ပမာမခန့် ပြုလုပ်ကြကုန်သော သူတို့မှာ အယုတ်ညံ့ဆုံးသော သူတို့တွင် အပါ အဝင် ဖြစ်ကြပေမည်။[၂၀] ငါအရှင်မြတ်သည် လည်းကောင်း၊ ငါအရှင်မြတ်၏ ရစူလ်တမန်တော် များသည် လည်းကောင်း၊ ဇကန်မလွဲ လွှမ်းမိုးတော်မူမည်ဟူ၍ အလ္လာဟ်အရှင်မြတ်သည် ရေးသား တော်မူပြီးဖြစ်၏။ စင်စစ်ဇကန် အလ္လာဟ်အရှင်မြတ်သည် လွန်စွာစွမ်းအားနှင့် ပြည့်စုံတော်မူသော အရှင်၊ လွန်စွာနိုင်နင်း လွှမ်းမိုးတော်မူသောအရှင်ဖြစ်တော်မူ၏။[၂၁] (အိုး-နဗီတမန်တော်၊) အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ နောက်ဆုံးနေ့ကို လည်းကောင်း၊ သက်ဝင်ယုံကြည်ကြကုန် သော အမျိုးသားတို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန် တော်မြတ်အား လည်းကောင်း၊ ပမာမခန့် ပြုလုပ်သူတို့ကို ထိုသို့ ပမာမခန့်ပြုကြသူတို့မှာ ၎င်းတို့၏ ဖခင်များပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏သားများပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ ညီအစ်ကို များပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ ဆွေမျိုးသားချင်းများပင် ဖြစ်ကြသည်ဖြစ်စေ၊ ချစ်မြတ်နိုးကြ သည်ဟူ၍ကား အသင်တွေ့ရှိရမည် မဟုတ်ပေ။ ထိုသူတို့ကား အကြင်သူများပင်၊ ထိုအရှင်မြတ် သည် ၎င်းတို့၏ စိတ်နလုံးများတွင် 'အီမာန်'သက်ဝင်ယုံကြည်မှုကို ရေးမှတ်တော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အား မိမိအထံတော်မှ ရက်ရောမှုဖြင့် အားအင်ဖြည့်ပေးတော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အား ထိုအရှင်မြတ်သည် အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပေမည်။ ယင်းဥယျာဉ် များ၏ အောက်မှ ချောင်းများသည် စီးတွေလျက်ရှိကြပေမည်။ ၎င်းတို့သည် ထိုဥယျာဉ်များ၌ အစဉ် နေ ထိုင်ကြပေမည်။ ထိုအရှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် ကျေနပ်တော်မူပေမည်။ ၎င်းတို့သည် လည်း ထိုအရှင်မြတ်အပေါ်ဝယ် ကျေနပ်ကြပေမည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ အုပ်စု ပင်ဖြစ်ကြကုန်၏။ ကောင်းစွာမှတ်ယူကြလေကုန်။ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်၏ အုပ်စုသည် သာလျှင် အောင်မြင်မည့်သူများ ဖြစ်ကြကုန်သတည်း။[၂၂]

ရှင်းလင်းဖွင့်ဆိုချက်

ဂျူးများနှင့် လျှို့ဝှက်မဟာမိတ်ဖွဲ့သည့်အတွက် မုနာဖစ်က်တို့အား ဒဏ်ခတ်ဆုံးမခြင်း

"اَلَمْ تَرَ اِلَى الَّذِيْنَ تَوَلَّوْا قَوْمًا غَضِبَ اللّٰهُ عَلَيْهِمْ"(အို နဗီတမန်တော်) အသင်သည် အကြင်အမျိုးသားတို့အား အဆွေခင်ပွန်းပြုလုပ်ခဲ့ကြသော သူတို့(၏ အခြေအနေကို) သုံးသပ်ဆင်ခြင် တွေ့မြင်ခဲ့လေပြီ မဟုတ်လော။ ထိုအမျိုးသားတို့ အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်သည် အမျက်ထွက်တော်မူခဲ့၏။ ...."(၅၈း၁၄)။ အလ္လာဟ်အရှင်မြတ်နှင့် ထို အရှင်မြတ်၏ တမန်တော်တို့ကို စိမ်ခေါ်ကြသည့် ဂျူးများနှင့် လျှို့ဝှက်စွာ မဟာမိတ်ဖွဲ့ခဲ့သော မုနာဖစ်က်တို့အား အလ္လာဟ်အရှင်မြတ်သည် ပြစ်တင်ရှုတ်ချတော်မူသည်။ မုနာဖစ်က်တို့သည် လက်တွေ့အားဖြင့် မွတ်စလင်များတွင် အပါအဝင်မဟုတ်ကြသကဲ့သို့ ဂျူးများတွင်လည်း အပါအဝင် မဟုတ်ကြပေ။ သို့ဖြစ်၍ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အတွက် အရှက်ရစေမည့် ဆိုးရွားပြင်းထန်သော ပြစ်ဒဏ်ကို ပြင်ဆင်ထားတော်မူပြီး ဖြစ်လေသည်။ အလ္လာဟ်နှင့် အလ္လာဟ့်ရစူလ်တို့၏ ရန်သူများ- ထိုကာဖိရ်များသည် ဂျူး သို့မဟုတ် ခရစ်ယာန် သို့မဟုတ် နတ်ကိုးကွယ်သူ သို့မဟုတ် အခြားအယူဝါဒကို ယုံကြည်သူများဖြစ်စေ-နှင့် ရင်းနှီး ကျွမ်းဝင်မှုထားရှိခြင်းကို ခွင့်မပြုပေ။ စဉ်းစားချင့်ချိန်ကြည့်လျှင်ပင် ဤကိစ္စသည် ဖြစ်နိုင်ဖွယ်မရှိချေ။ အဘယ်ကြောင့်ဆိုသော် မွတ်စလင်တစ်ဦး၏ အဓိကတန်ဖိုးထားမှုသည် အလ္လာဟ် အရှင်မြတ်၏ ချစ်ခင်ခြင်းဖြစ်ပြီး၊ ကာဖိရ်တစ်ဦး ခံတွင်းတွေ့မှုသည် အလ္လာဟ်အရှင်မြတ်အား ဆန့်ကျင်ခြင်းနှင့် စိန်ခေါ်ခြင်းပင်ဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦးအဖို့ မိမိနှစ်နှစ်ကာကာ ချစ်ခင်တွယ်တာသူတစ်ဦး၏ ရန်သူအား ရင်းနှီးကျွမ်းဝင်ရန်မှာ မဖြစ်နိုင်ပါချေ။ ဤနေရာတွင် 'ချစ်ခင်မှု'၊ 'မြတ်နိုးတွယ်တာမှု' သို့မဟုတ် 'ရင်းနှီးကျွမ်းဝင်မှု'များသည် နှလုံးသားမှ ပေါက်ဖွားလာသော ပြင်းထန်သည့် ခံစားချက် (၎င်း၏သာမန်ဘဝပုံစံဖြင့် ချစ်ခင်မှုရှိခြင်း အပါအဝင်ဖြစ်သည်။ အယ်ဒီတာ)ကို ရည်ညွှန်းပြီး၊ ယင်းအား 'မူဝါလာဟ်' သို့မဟုတ် 'ရင်းနှီးကျွမ်းဝင်မှု' ဟု ခေါ်ဆို၏။ ဤရင်းနှီးကျွမ်းဝင်မှုမျိုးကို စစ်မှန်သော မွတ်စလင်များအတွက် သတ်မှတ်သည်။ ထို့ကြောင့် အကြောင်းတိုက်ဆိုင်တိုင်း ကုရ်အာန်အာယတ်တော်များက မွတ်စလင်မဟုတ်သူများနှင့် ဤ ပတ်သက်မှုမျိုး မထားရှိရန် တင်းကြပ်စွာ တားမြစ်လေသည်။ မွတ်စလင်မဟုတ်သူများနှင့် ထိုကဲ့သို့သော ရင်းနှီးကျွမ်းဝင်မှုမျိုး ထားရှိသည့် မွတ်စလင်မှန်သမျှသည် ကာဖိရ်တို့၏ စက်ကွင်းထဲသို့ ကျဆင်းသည်ကို မြင်ရလိမ့်မည်ဖြစ်၏။

'မူဝါလာဟ်'(ရင်းနှီးကျွမ်းဝင်မှု)နှင့် ခြားနားသိသာစေသော အယူအဆတစ်ခုမှာ 'မူဝါစာဟ်'ဖြစ်ပြီး၊ ထောက်ထားခြင်း၊ ကြင်နာခြင်းနှင့် ပူပန်သောကထားခြင်းများအပေါ် အခြေခံသည့် ပတ်သက်ဆက်နွယ်မှုမျိုးဖြစ်၏။ ယင်းတွင် လှူဒါန်းကူညီခြင်းနှင့် ထောက်ပံ့ခြင်း၊ လုပ်ငန်း၊ ကုန်သွယ်၊ ရောင်းဝယ်မှုဆိုင်ရာ ဆက်ဆံခြင်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်း၊ ဝမ်းနည်းကြောင်း ဖော်ပြခြင်းနှင့် အားပေးနှစ်သိမ့်ခြင်း စသည့် ကောင်းမွန်သော သဘောထားနှင့် လုပ်ရပ်များ ပါဝင်လေသည်။ မုအ်မင်များနှင့် စစ်ခင်းနေသော ကာဖိရ်တို့နှင့် မထားရှိရန် ပိတ်ပင်ဟန့်တားသည့် ဤ ဆက်ဆံရေးအမျိုးအစားကို အခြားမွတ်စလင်မဟုတ်သူများနှင့် ထားရှိခြင်းအား ခွင့်ပြု၏။ တမန်တော်မြတ်ﷺနှင့် မြင့်မြတ်သော သာဝကကြီးများ၏ ဦးဆောင်မှု နမူနာပုံစံသည် ဤအလေ့အကျင့်အတွက် လုံလောက်သော သက်သေခံချက်ပင် ဖြစ်ပေသည်။ သို့ရာတွင် 'မူဝါစာဟ်' ဆက်ဆံရေးကြောင့် သာသနာ့အရေးတွင် အန္တရာယ်မဖြစ်ရန် သေချာဖို့လိုအပ်၏။ ထိုဆက်ဆံရေးက အစွလာမ်၏ 'အီမာန်နှင့် အလေ့အကျင့်'များအား အန္တရာယ်၊ ထိခိုက်မှု၊ ဒဏ်ရာမဖြစ်စေသင့်ပေ။ မူဝါစဟ် ဆက်ဆံရေးသည် ဘာသာရေးရာကိစ္စကို အန္တရာယ်မဖြစ်စေရပါ။ အစွလာမ့်ယုံကြည်မှုနှင့် လက်တွေ့ကျင့်သုံးမှုတွင် အခြားမွတ်စလင်တို့၏ ထိခိုက်မှု၊ နာကျင်မှု ဖန်တီးခြင်း မဖြစ်စေရ။ 'မူဝါလာတ်' (ရင်းနှီးကျွမ်းဝင်ခြင်း)၊

'မူဝါစာတ်' (သနားခြင်း)နှင့် 'မုအာမလာတ်' (စီးပွားရေးဆက်ဆံခြင်း) သို့မဟုတ် 'မူဒါရာဟ်' (ဖော်ရွေပျူငှာခြင်း)တို့ ကြားမှ ကွာခြားမှုအကြောင်း အသေးစိပ်ကို မအာရိဖုလ်ကုရ်အာန်၊ တွဲ-၂၊ စာ-၅၄-၆၁၊ စူရဟ် အလ်အင်မ်ရန် (၂၈-၃၀) (မြန်မာဘာသာပြန် အတွဲ ၃၊ စာ ၄၇-၅၅)၌ ကြည့်ရှုနိုင်ပါသည်။

"....وَ يَحْلِفُوْنَ عَلَى الْكَذِبِ" ထိုအမျိုးသားတို့မှာ သိလျက်နှင့်ပင် မုသားနှင့်စပ်လျဉ်း၍ ကျိန်တွယ်ကြကုန်၏။"(၅၈း၁၄)။ ၎င်းတို့သည် ဘာသာတရားကို စော်ကား၍ မုသားသစ္စာကျိန်ဆိုကြသည်ဟု ဆိုလိုသည်။ အချို့ဆင့်ပြန်ချက်များအရ ဤအာယတ်တော်သည် အဗ်ဒွလ္လာဟ်အိဗ်နိအုဗိုင်ယ်နှင့် အဗ်ဒွလ္လာအိဗ်နိနဗ်တဲလ်တို့နှင့် ဆက်စပ်ပြီး ကျရောက်ခဲ့သည်။ တစ်နေ့ သော် တမန်တော်မြတ်ﷺသည် သာဝကကြီးများနှင့်အတူ ထိုင်နေရင်းမှ 'မကြာမီ သင်တို့ထံသို့ ပုဂ္ဂိုလ်တစ်ဦး လာလိမ့်မည်။ ၎င်း၏စိတ်နလုံးသည် နိုင်လိုမင်းထက် ပြုတတ်သူတစ်ဦး၏ စိတ်နလုံးမျိုး ဖြစ်သည့်ပြင် ၎င်းသည် မိစ္ဆာအကြည့်ဖြင့် ကြည့်သူလည်းဖြစ်၏။'ဟု ပြောကြားခဲ့၏။ ထို့နောက် များမကြာမီ မုနာဖစ်က် အဗ်ဒွလ္လာအိဗ်နိနဗ်တဲလ် ဝင်ရောက်လာ ခဲ့သည်။ ၎င်းသည် အပြာရောင်မျက်လုံး၊ ဂျုံစေ့ရောင် အသားအရည်၊ ပုပြတ်သော အရပ်အမောင်းနှင့် မဖြစ်စလောက် မုတ်ဆိတ်မွေးများရှိသူဖြစ်၏။ တမန်တော်မြတ်ﷺက ၎င်းအား "သင်နှင့် သင့်၏ရဲဘော်ရဲဘက်များက ကျွန်ုပ်ကို တိုက်ခိုက်ရန် အဘယ်ကြောင့် မဖွယ်ရာသော စကားလုံးများကို သုံးကြပါသနည်း။"ဟု မေးမြန်းရာ ၎င်းက ထိုသို့မပြုလုပ် ခဲ့ကြောင်း ကျိန်ဆိုခဲ့သည်။ ထို့နောက် ၎င်းက ၎င်း၏ရဲဘော်ရဲဘက်များကို ခေါ်လိုက်ရာ ၎င်းတို့ကလည်း ဤမုသားသစ္စာ ကိုပင် ကျိန်ဆိုခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်ﷺအား ၎င်းတို့၏ လိမ်လည်မှုနှင့် မုသားသစ္စာ ဆိုမှုအကြောင်းကို အသိပေးတော်မူခဲ့လေသည်။ (ကုရ်တူဗီ)

မုအ်မင်တို့သည် ကာဖိရ်များနှင့် ရင်းနှီးကျွမ်းဝင်စိတ်ထား၍မရနိုင်

"لَا تَجِدُ قَوْمًا يُّؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ يُوَآدُّوْنَ مَنْ حَآدَّ اللّٰهَ وَرَسُوْلَهٗ وَلَوْ كَانُوْٓا اٰبَآءَهُمْ (အို နဗီတမန်တော်) အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ နောက်ဆုံးနေ့ကို လည်းကောင်း၊ သက်ဝင် ယုံကြည်ကြကုန်သော အမျိုးသားတို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း ပမာမခန့် ပြုလုပ်သူတို့ကို ထိုသို့ ပမာမခန့်ပြုလုပ်သူတို့မှာ ၎င်းတို့၏ ဖခင်များပင် ဖြစ်ကြသည် ဖြစ်စေ၊ ၎င်းတို့၏ သားများပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ ညီအစ်ကိုများပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ ဆွေမျိုးသားချင်းများပင် ဖြစ်ကြသည်ဖြစ်စေ ချစ်မြတ်နိုးကြသည်ဟူ၍ကား အသင်တွေ့ရှိရမည် မဟုတ်ပေ။ ...."(၅၈း၂၂) ကာဖိရ်များ၊ မုရှ်ရစ်က်များနှင့် ရင်းနှီးကျွမ်းဝင်ကြသောလူများ (မုနာဖစ်က်များ)သည် အလ္လာဟ်အရှင်မြတ်၏ အမျက်တော်ရှခြင်း၊ ဂုဏ်သရေညှိုးနွမ်းခြင်းနှင့် ပြင်းထန်သော ဆင်းရဲဒုက္ခများကို ခံကြရလိမ့်မည်ဖြစ်ကြောင်း အာယတ်တော်များက ထင်ရှားစေခဲ့၏။ ဤအာယတ်တော်က အီမာန်၏ရန်သူ၊ အလ္လာဟ်အရှင်မြတ်၏ ရန်ဘက်များ အပေါ် ၎င်းတို့သည် မိမိတို့၏ဖခင်များ၊ သားသမီးများ၊ ညီအစ်ကိုများ သို့မဟုတ် သွေးသားတော်စပ်သူများပင် ဖြစ်စေ ကာမူ ရင်းနှီးကျွမ်းဝင်မှုနှင့် ခင်မင်မှုများ မထားရှိကြသည့် စစ်မှန်သော မုအ်မင်တို့၏ အခြေအနေကို ဖော်ပြ၏။ အီမာန် ၏ နှောင်ကြိုးသည် အခြားနှောင်ကြိုးအားလုံးကိုသာမက သွေးသားအရင်းအချာများ၏ သံယောဇဉ်နှောင်ကြိုးကိုပင် ကျော်လွန်သွားပေသည်။ ဤဖော်ပြချက်သည်မြင့်မြတ်သော သာဝကကြီးအားလုံးနှင့် ကိုက်ညီ၏။ဤအကြောင်းနှင့် စပ်လျဉ်း၍ရှင်းလင်းဖွင့်ဆိုသူများသည် မြင့်မြတ်သော သာဝကကြီးများ၏ အဖြစ်အပျက်များစွာကို ဖော်ပြရည်ညွှန်းကြသည်။ သာဝကကြီးများသည် မိမိတို့၏ ဖခင်များ၊ သားများနှင့် ညီအစ်ကိုများ သို့မဟုတ် အခြားသွေးသားများက အစွလာမ် သို့မဟုတ် အလ္လာဟ့်ရစူလ်ﷺအား

စော်ကားပြောဆိုခြင်းကို ကြားသောအခါ၊ သံယောဇဉ်နောင်ကြိုးများကို ဘေးချိုပ်လျက် ၎င်းတို့အား ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် သတ်ပစ်ခြင်းများ ပြုလုပ်ခဲ့ကြ၏။

မဒီနာမြို့မှ မုနာဖစ်ဂ်ခေါင်းဆောင် အဗ်ဒွလ္လာအိဗ်နိအုဗိုင်ယ်း၏ သားဖြစ်သူ အဗ်ဒွလ္လာသည် ၎င်း၏ဖခင်က တမန်တော်မြတ်ﷺအား ဘာသာတရားနှင့်ပတ်သက်၍ ပြစ်မှားစော်ကား ဝေဖန်ပြောဆိုခြင်းကို ကြားသောအခါ၊ တမန်တော်မြတ်ﷺထံသို့ ရောက်လာပြီး၊ ၎င်း၏ဖခင်အား သတ်ပစ်ခွင့်ကို တောင်းခံခဲ့သည်။ တမန်တော်မြတ်ﷺက ၎င်းအား တားမြစ်ခဲ့လေသည်။ သာဝကကြီး အဗူဗက်ရ်ﷺသည် ၎င်း၏ဖခင်ဖြစ်သူ အဗူကူဟာဖဟ်က တမန်တော်မြတ်ﷺအား စော်ကားမော်ကား ပြောဆိုသည်ကို ကြားခဲ့သည်။ ကရာဇာမေတ္တာတရား ကြီးမားသော ဆွဲဒ်ဒီးဂ််သည် မခံမရပ်နိုင်ဖြစ်ပြီး ၎င်း၏ဖခင်အား ရိုက်လိုက်ရာ ၎င်း၏ဖခင်မှာ လဲကျသွားခဲ့လေသည်။ ထိုအကြောင်းကို တမန်တော်မြတ်ﷺ ကြားသောအခါ၊ နောင်ထိုကဲ့သို့ မပြုလုပ်ရန် ပြောဆိုခဲ့၏။ သာဝကကြီး အုဗိုင်ဒါဟ်၏ ဖခင်ဖြစ်သူ ဂျာရ်ရဟ်သည် အုဟူဒ်စစ်ပွဲအတွင်း ကာဖိရ်များဘက်မှ ပါဝင်ခဲ့သည်။ စစ်မြေပြင်၌ တိုက်ခိုက်နေကြစဉ် ၎င်းသည် သာဝကကြီး အဗူအုဗိုင်ဒါဟ်ﷺနှင့် မျက်နှာချင်းဆိုင်အောင် တမင်တကာ အကြိမ်ကြိမ် ကြိုးစားခဲ့သည်ပြင် ၎င်း၏နောက်သို့ မဲ၍လိုက်ခဲ့သည်။ သာဝကကြီး အဗူအုဗိုင်ဒါဟ်ﷺသည် ၎င်း၏ရှေ့သို့ ၎င်း၏ဖခင် ရောက်လာလေတိုင်း ရိုသေလေးစားမှုဖြင့် ရှောင်ထွက်ခဲ့၏။ သို့သော် ဖခင်ဖြစ်သူက ထိုနည်းအတိုင်း မလျော့တမ်းဖွတ်လုပ်သောအခါ၊ သာဝကကြီးအုဗိုင်ဒါဟ်ﷺ အဖို့ ၎င်းအားသတ်ဖြတ်ရုံမှတပါး အခြားရွေးချယ်စရာ မရှိတော့ပေ။ သာဝကကြီးများ၏ အတ္ထုပ္ပတ္တိများသည် အလားတူ ဖြစ်ရပ်များဖြင့် ပြည့်နှက်နေလေသည်။ ယခု အာယတ်တော်အတွဲက ၎င်းတို့အား ချီးကျူးဂုဏ်ပြုရန် ကျရောက်ခဲ့ခြင်း ဖြစ်လေသည်။ (ကုရ်တူဗီ)

ဓမ္မသတ်

ဤစည်းကမ်းချက်သည် ရှရီအဟ်၏ မြင့်မြတ်သော ဥပဒေများကို ကျူးကျော် သို့မဟုတ် ချိုးဖောက်သူ သို့မဟုတ် ၎င်းတို့၏ လက်တွေ့ဘဝတွင် ထိုဥပဒေများကို မျက်နှာလွှဲသူ မွတ်စလင်အားလုံးသို့ တစ်ပြေးညီ အကျိုးသက်ရောက်စေသည်ဟု များစွာသော ဓမ္မသတ်မှုးများက ပြဋ္ဌာန်းကြ၏။ သို့ဖြစ်၍ စစ်မှန်သော မွတ်စလင်တို့သည် ထိုကဲ့သို့ ကျူးကျော်ဖောက်ဖျက်သူများနှင့် ရင်းနှီးကျွမ်းဝင်ခြင်း သို့မဟုတ် ဆက်ဆံခြင်း မပြုကြသင့်ပေ။ ရှေ့တွင် ရှင်းပြခဲ့သည့်အတိုင်း 'ဖါစစ်က်' (ကျူးကျော်ဖောက်ဖျက်သူ)တစ်ဦးနှင့် 'မူဝါလာဟ်' (ရင်းနှီးကျွမ်းဝင်ခြင်း)သည် မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့နှင့် ကျွမ်းဝင်ခြင်းများ 'ဖစ်စ်က်' (ကျူးကျော်ဖောက်ဖျက်ခြင်း) ရောဂါပိုးမွှားများသည် ၎င်းတို့အား မိတ်ဖွဲ့လာသူများထဲ၌ ပုန်းခိုနေပါမှသာလျှင် ဖြစ်နိုင်သောကြောင့်ဖြစ်၏။ သို့ရာတွင် 'မူဝါစာဟ်' (စာနာသနားခြင်း)နှင့် 'မုအာမလာတ်' (စီးပွားရေးဆက်ဆံခြင်း) သို့မဟုတ် 'မူဒါရာဟ်' (ဖော်ရွေပျူငှာခြင်း)တို့သည် လိုအပ်မှုအတိုင်းအတာတွင် ကွဲပြားသောကိစ္စတစ်ခုဖြစ်၏။ ဤအကြောင်းကြောင့်ပင် တမန်တော်မြတ်ﷺသည် اَللّٰهُمَّ، لَا تَجْعَلْ لِفَاجِرٍ عَلَيَّ يَدًا (အိုအလ္လာဟ်မည်သည့်ကျူးကျော်ဖောက်ဖျက်သူမှ ကျွန်တော်မျိုးအပေါ် အသာစီးရစေတော်မမူပါနှင့်။)ဟူ၍ ဆုတောင်းလေ့ရှိခဲ့ခြင်းဖြစ်၏။ ဤသို့ဆုတောင်းရခြင်းအကြောင်းမှာ အကယ်၍တစ်ဦးတစ်ယောက်သည် အနေ အထားတစ်ခုတွင် အသာစီးရပါက ၎င်းသဘောကျ ပြုလုပ်လိမ့်မည် ဖြစ်သောကြောင့်ဖြစ်၏။ ဥပမာ- ၎င်းသည် လူများ အား ကြင်နာမှုကို ပြသခြင်းဖြင့် ချုပ်ကိုင်ပေလိမ့်မည်။ ထို့ပြင် မြင့်မြတ်သော ပုဂ္ဂိုလ်များသည် ကြင်နာမှုကြောင့် ၎င်းအား ကျေးဇူးတင်မည် သို့မဟုတ် ၎င်း၏ကြင်နာမှုအား ချစ်ခင်မှုဖြင့် တုံ့ပြန်တာဝန်ရှိသည်ဟု ခံစားရလိမ့်မည်ဖြစ်၏။

ထို့ကြောင့် အလ္လာဟ့်ရဒူလ်ﷺသည် ဤအနေအထားမျိုး မရောက်ရလေအောင် အလ္လာဟ်အရှင်မြတ်ထံ ခိုလှုံခြင်း ဖြစ်လေသည်။ (ကုရ်တူဗီ)

"....وَ اَیَّدَهُمْ بِرُوْحٍ مِّنْهُ ...." ထို့ပြင် ၎င်းတို့အား မိမိအထံတော်မှ ရက်ရောမှုဖြင့် အင်အားဖြည့်ပေးတော်မူခဲ့၏။ ...."(၅၈း၂၂)။ 'ရူးဟ်'ဟူသော စကားလုံးသည် တဖ်စီရ်ပညာရှင်တို့၏ အဆိုအရ 'အလင်းရောင်'ကို ဆိုလိုသည်။ ထိုအလင်းရောင်သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ဖြာထွက် သို့မဟုတ် ပေါ်ထွက်လာပြီး၊ မုအ်မင်တစ်ဦး၏ နှလုံးသားထဲသို့ဝင်ရောက်ကာ ၎င်းအား ကောင်းသောအမှုများကို ဆောင်ရွက်ရန် တိုက်တွန်းသည့်ပြင် ထိုအလင်းရောင်သည် စိတ်နှလုံး၏ ငြိမ်းချမ်းမှုနှင့် ရောင့်ရဲကျေနပ်မှုများ၏ ပင်ရင်းဖြစ်လေသည်။ ဤအေးချမ်းတည်ငြိမ်မှုနှင့် ကျေနပ်နှစ်သိမ့်မှုများသည် ကြီးမားသောခွန်အားနှင့် စွမ်းအားတို့၏ ဇစ်မြစ်ဖြစ်၏။ အချို့ပညာရှင်များက ဤစကားလုံးအား ကျမ်းမြတ် ကုရ်အာန်နှင့် ကုရ်အာန်၏ အကျိုးသင့်အကြောင်းသင့် ဆွေးနွေးတင်ပြမှုများအတွက် သုံးခြင်းဖြစ်သည်ဟု ဆိုကြ၏။ 'ရူးဟ်'သည် မုအ်မင်တစ်ဦး၏ စစ်မှန်သော ခွန်အားနှင့် စွမ်းအားပင် ဖြစ်ပေသည်။ (ကုရ်သုဗီ) သန့်ရှင်းစင်ကြယ်တော်မူသော၊ ကြီးမြတ်တော်မူသော အလ္လာဟ်အရှင်မြတ် အသိဆုံးဖြစ်ပေသည်။

အလ်ဟမ်ဒုလေလ္လာ

စူရဟ် အလ်မူဂျာဒလဟ် အဖွင့် ဤတွင်ပြီး၏။

စူရဟ် အလ်ဟရှ်ရ်

(စုရုံးခြင်း/ပြည်နှင်ဒဏ်ကလွှာ)

ဤစူရဟ်သည် မဒနီဖြစ်ပြီး၊ အာယတ်တော် (၂၄)ပါး၊ ရုကူအ်(၃)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော၊ မဟာကရုဏာအပေါင်းနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယတ်တော် (၁-၅)

سَبَّحَ لِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ۚ وَهُوَ الْعَزِيْزُ الْحَكِيْمُ ﴿۱﴾ هُوَ
الَّذِىْٓ اَخْرَجَ الَّذِيْنَ كَفَرُوْا مِنْ اَهْلِ الْكِتٰبِ مِنْ دِيَارِهِمْ لِاَوَّلِ الْحَشْرِ ؕ
مَا ظَنَنْتُمْ اَنْ يَّخْرُجُوْا وَظَنُّوْٓا اَنَّهُمْ مَّانِعَتُهُمْ حُصُوْنُهُمْ مِّنَ اللّٰهِ
فَاَتٰىهُمُ اللّٰهُ مِنْ حَيْثُ لَمْ يَحْتَسِبُوْا ۗ وَقَذَفَ فِىْ قُلُوْبِهِمُ الرُّعْبَ
يُخْرِبُوْنَ بُيُوْتَهُمْ بِاَيْدِيْهِمْ وَاَيْدِى الْمُؤْمِنِيْنَ ۗ فَاعْتَبِرُوْا يٰٓاُولِى
الْاَبْصَارِ ﴿۲﴾ وَلَوْلَآ اَنْ كَتَبَ اللّٰهُ عَلَيْهِمُ الْجَلَآءَ لَعَذَّبَهُمْ فِى الدُّنْيَا ؕ وَ
لَهُمْ فِى الْاٰخِرَةِ عَذَابُ النَّارِ ﴿۳﴾ ذٰلِكَ بِاَنَّهُمْ شَآقُّوا اللّٰهَ وَرَسُوْلَهٗ ۚ وَمَنْ
يُّشَآقِّ اللّٰهَ فَاِنَّ اللّٰهَ شَدِيْدُ الْعِقَابِ ﴿۴﴾ مَا قَطَعْتُمْ مِّنْ لِّيْنَةٍ اَوْ
تَرَكْتُمُوْهَا قَآئِمَةً عَلٰٓى اُصُوْلِهَا فَبِاِذْنِ اللّٰهِ وَلِيُخْزِىَ الْفٰسِقِيْنَ ﴿۵﴾

မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေဝယ်ရှိသမျှတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုကြကုန်၏။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် လွန်စွာနိုင်နင်းလွှမ်းမိုးတော်မူသောအရှင်၊ နူးညံ့သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူ၏။[၁] ထိုအရှင်မြတ်သည်ပင် ရှေးကျမ်းဂန်ရရှိသူတို့အနက် သွေဖည်ငြင်းပယ်ခဲ့ကြသော သူတို့အား ပထမအကြိမ် စုရုံးကြစဉ်အခါ၌ပင် ၎င်းတို့၏နေအိမ်များမှ နှင်ထုတ်တော်မူခဲ့သောအရှင် ဖြစ်တော်မူ၏။ အသင်တို့သည် ၎င်းတို့ထွက်သွားကြ

လိမ့်မည်ဟူ၍ပင် ထင်မြင်ခဲ့ကြသည် မဟုတ်ပေ။ ၎င်းတို့ကိုယ်တိုင်ကလည်း မိမိတို့အား မိမိတို့၏ ခံတပ်များသည် အလ္လာဟ်အရှင်မြတ်(၏ ပြစ်ဒဏ်)မှ ကွယ်ကာစောင့်ရှောက်ကြလိမ့်မည်ဟူ၍ပင် ထင်မြင်နေခဲ့ကြကုန်၏။ သို့တစေလည်း အလ္လာဟ်အရှင်မြတ်(၏ပြစ်ဒဏ်)သည် ၎င်းတို့ထံ ၎င်းတို့မထင်မြင် မယူဆခဲ့ကြသောနေရာမှ ရောက်ရှိ၍ လာခဲ့၏။ ထိုမှတပါး ထိုအရှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများတွင် ကြောက်ရွံ့စိုးရိမ်မှုကို သက်ရောက်စေတော်မူခဲ့ရာ ထိုသူတို့မှာ မိမိတို့၏နေအိမ်များကို မိမိတို့၏လက်များဖြင့် လည်းကောင်း၊ မုအ်မင်နှ် သက်ဝင်ယုံကြည်သူတို့၏ လက်များဖြင့် လည်းကောင်း ဖျက်ဆီးလျက် ရှိခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ အို-ဉာဏ်(ပညာ)မျက်စိရှင်အပေါင်းတို့၊ အသင်တို့သည် သင်ခန်းစာယူကြလေကုန်။[၂] *စင်စစ်သော်ကား အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့နှင့် ပတ်သက်၍ ပြည်နှင် ဒဏ်ပေးခြင်းကို ရေးမှတ်ပြဋ္ဌာန်းတော်မူခဲ့သည် မရှိပါလျှင် အမှန်ပင် ထိုအရှင်မြတ်သည် ပစ္စုပ္ပန် ဘဝ၌ ၎င်းတို့အား (ကွပ်မျက်သတ်ဖြတ်၍) ပြစ်ဒဏ်ခတ်တော်မူခဲ့ပေမည်။ စင်စစ်သော်ကား အာခိရတ်တမလွန်ဘဝ၌မူ ငရဲ၏ပြစ်ဒဏ်သည် ၎င်းတို့၌ရှိပေမည်။[၃] ယင်းသို့ဖြစ်ရခြင်းမှာ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း၊ ဆန့်ကျင်ဖီလာပြုလုပ်ခဲ့ကြသောကြောင့်ပင်။ စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်အား ဆန့်ကျင်ဖီလာ ပြုလုပ်ခဲ့မူ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာ ပြစ်ဒဏ်ခတ်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။[၄] စွန်ပလွံပင်များကို အသင်တို့ ခုတ်လှဲဖြတ်တောက်ခဲ့ကြခြင်း၊ သို့မဟုတ် ယင်းစွန်ပလွံပင်များကို ၎င်းတို့၏ အောက်ခြေအမြစ်များပေါ်၌ ရပ်တည်လျက် ချန်ထားခဲ့ကြခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်နှင့်အညီပင်ဖြစ်သည်။ ထို့ပြင်တဝ ထိုအရှင်မြတ်သည် အမိန့်တော်ကို သွေဖည်သော သူတို့အား အရှက်တကွဲဖြစ်စေတော်မူအံ့သောငှာ ဖြစ်ပေသတည်း။[၅]

ရှင်းလင်းဖွင့်ဆိုချက်

စူရဟ်များ၏အစီအစဉ်

ပြီးခဲ့သောစူရဟ်က ဣူးတို့နှင့် အကျမ်းတဝင်ရှိခဲ့သော အယောင်ဆောင် မွတ်စလင်(မုနာဖစ်ဂ်)များအား ပြစ်တင်ရှုံ့ချခဲ့သည်။ ယခုစူရဟ်က ဤလောကတွင် ပြည်နှင်ဒဏ်ပုံစံဖြင့် လည်းကောင်း၊ တမလွန်တွင် ကြီးလေးသော ဆင်းရဲဒုက္ခပုံစံဖြင့်လည်းကောင်း ရင်ဆိုင်ရသည့် ဣူးတို့၏ပြစ်ဒဏ်ကို ဖော်ပြလေသည်။

---

* (၅၉း၂)စာသားတွင်သုံးသည့် မူရင်းစကားလုံးသည် 'ဟရှ်ရ်'ဖြစ်ပြီး၊ 'စုဝေးခြင်း' သို့မဟုတ် 'စုရုံးခြင်း'ဟု အဓိပ္ပါယ်ရ၏။ စူရဟ်အား ဤစကားလုံးဖြင့် အမည်ပေးထား၏။ ယခုအကြောင်းအရာတွင် ထိုစကားလုံးအား အဓိပ္ပါယ် နှစ်မျိုးဖွင့်ဆိုနိုင်သည်။ (၁) ၎င်းတို့၏အစဉ်တစိုက် လျှို့ဝှက်ကြံစည်မှုများ ပြုလုပ်ခြင်းနှင့် မွတ်စလင်တို့နှင့် ချုပ်ဆိုထားသော သဘောတူစာချုပ်ကို ချိုးဖောက်ခြင်းများကြောင့် မဒီနာမြို့မှထွက်ခွာရန် ဣူးတို့အား အမိန့်ပေးခဲ့သော မွတ်စလင်တို့၏စုရုံးခြင်းကို ရည်ညွှန်း၏။ ဤအနက်ဖွင့်ဆိုချက်အရ မွတ်စလင်တို့၏ ပထမအကြိမ်စုရုံးခြင်းတွင် ဗနီနသွီရ်မျိုးနွယ်စုဝင် ဣူးတို့အား မတိုက်ခိုက်ရဘဲ၊ တိုက်ခိုက်ရန် ကြံစည်အားထုတ်ခြင်း မပြုရဘဲမြို့မှထွက်ခွာအောင် ပြုခဲ့သည်ဟု အာယတ် တော်က ဆိုလိုသည်။ (၂) မဒီနာမြို့မှ ပြောင်းရွှေ့ထွက်ခွာရန် ရည်ရွယ်ချက်ဖြင့် ဣူးတို့၏စုရုံးခြင်းကို ရည်ညွှန်း၏။ ဤအနက်ဖွင့်ဆိုချက်အရ ၎င်းတို့အဖို့ ပထမအကြိမ် ပြည်နှင်ဒဏ်ဖြစ်ပြီး၊ ယခင်က ထိုကဲ့သို့ အခြေအနေ မျိုးနှင့် မကြုံတွေ့ခဲ့ ဖူးကြောင်း အာယတ်တော်က ညွှန်ပြ၏။ အခြားသိမ်မွေ့ပါးနပ်သော ညွှန်ပြချက် တစ်ခုမှာ ဤအကြိမ်သည် ၎င်းတို့၏ ပထမအကြိမ် ပြည်နှင်ဒဏ်ဖြစ်ပြီး၊ နောက်ထပ်တစ်ကြိမ် ပြည်နှင်ဒဏ်ခံကြရဦးမည်ဟူသော အချက်ဖြစ်၏။ သာဝကကြီး အုမရ်ﷺလက်ထက်၌ ဣူးတို့သည် ပြည်နှင်ဒဏ်နှင့် ရင်ဆိုင်ခဲ့ကြရသည်။ (မုဟမ္မဒ်တကီးအွစ်မာနီ)

ထုတ်ပြန်ပို့ချရခြင်းအကြောင်း

ၚင်းတို့၏ မဒီနာမြို့မှ ပြည်နှင်ဒဏ်ဇာတ်လမ်းမှာ ဤသို့ဖြစ်၏။ အလ္လာဟ်ရစူလ် တမန်တော်ﷺ မဒီနာမြို့သို့ ပြောင်းရွှေ့သောအခါ၊ ၚင်းသည် မဒီနာမြို့အနီးတစ်ဝိုက်တွင် နေထိုင်ကြသော ဂျူးတို့နှင့် ငြိမ်းချမ်းရေးစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။ ဗနူနသ္ဒီရ်သည် စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသော ဂျူးမျိုးနွယ်စု(၃)စုအနက်မှ တစ်စုဖြစ်ပြီး၊ မဒီနာမြို့မှ နှစ်မိုင်ခန့်အကွာတွင် နေထိုင်ခဲ့ကြသည်။ ဖြစ်ပုံမှာ တစ်ခါသော် အမ်ရ်အိပ်နိအုမေယဟ်သွမူရီသည် လူနှစ်ဦးအား မှားယွင်း၍ သတ်မိခဲ့သည်။ ဥပဒေအရ မွတ်စလင်များစုပေါင်း၍ အသက်ဖိုးလျော်ကြေးကိစ္စကို ပြေလည်အောင် ပြုလုပ်ရမည်ဖြစ်၏။ ပထမသော် တမန်တော်မြတ်ﷺသည် ထိုကိစ္စအတွက် မွတ်စလင်တို့ထံမှ ငွေများကောက်ခံခဲ့သည်။ ထို့နောက် ၚင်းသည် ဂျူးတို့နှင့် သဘောတူစာချုပ် ချုပ်ဆိုထားခဲ့ပြီးဖြစ်၍ ၚင်းတို့ထံမှလည်း ငွေကောက်ခံရန် ဆုံးဖြတ်ပြီး၊ ဗနူနသ္ဒီရ်မျိုးနွယ်စုထံသို့ သွားခဲ့သည်။ ၚင်းတို့သည် တမန်တော်မြတ်ﷺ ရောက်မလာမီကပင် ၚင်းအား သတ်ဖြတ်ရန် လျှို့ဝှက်ကြံစည်ခဲ့ကြပြီးဖြစ်၏။ ထိုနေရာသို့ ရောက်သောအခါ၊ ၚင်းတို့က တမန်တော်မြတ်ﷺအား နံရံတစ်ခုနှင့်ကပ်လျက် ထိုင်ခိုင်းကြပြီး၊ အသက်ဖိုးလျော်ကြေးငွေ ကောက်ခံရန် သွားလိုက်ဦးမည်ဟုပြောကာ ထွက်သွားခဲ့ကြသည်။ ၚင်းတို့၏ လျှို့ဝှက်အကြံအစည်မှာ ထိုအတောအတွင်း တမန်တော်မြတ်ﷺ အရိပ်ခိုး၍ ထိုင်နေသော နံရံပေါ်သို့ လူတစ်ယောက်ကတက်ပြီး၊ ကျောက်တုံးကို တမန်တော်မြတ်ﷺပေါ်သို့ လွှတ်ချကာ ၚင်းအားလုပ်ကြံသတ်ဖြတ်ရန်ဖြစ်၏။ သို့သော် ဂျူးတို့၏ဆိုးယုတ်သော အစီအစဉ်ကို အကောင်အထည်မဖော်နိုင်မီ အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော်မြတ်အား ၚင်းတို့၏လျှို့ဝှက်အကြံအစည်ကို ဝဟီဖြင့် အသိပေးတော်မူခဲ့သည်။ တမန်တော်မြတ်ﷺသည် ထိုနေရာမှ ချက်ချင်းထွက်ခွာ၍ မဒီနာမြို့သို့ ပြန်ခဲ့သည်။ ထို့နောက် ဗနူနသ္ဒီရ်ထံသို့ ၚင်းတို့သည် သဘောတူစာချုပ်ကို ချိုးဖောက်ခဲ့သဖြင့် ၁၀-ရက်အတွင်း မြို့မှထွက်ခွာသွားကြရန် ပြည်နှင်ဒဏ်ခတ်ကြောင်းကို အကြောင်းကြားခဲ့သည်။ အကယ်၍ ၁၀ရက်အတွင်း ထွက်ခွာခြင်းမပြုလျှင် တွေ့ရာသခ်ျိုင်း ဓားမဆိုင်း သတ်ဖြတ်ခံကြရမည်ဟူ၍လည်း သတိပေးခဲ့၏။ ၚင်းတို့က ထွက်ခွာသွားကြရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် အဗ်ဒွလ္လာဟ်အိဗ်နိအုဗေယ်က ၚင်းတွင် ဂျူးတို့အားအသက်ပေး၍ ကာကွယ်ကြမည့် လူ(၂၀၀၀)ပါဝင်သော တပ်ဖွဲ့ရှိသဖြင့် ထွက်ခွာသွားရန်မလိုကြောင်း ပြောကြားရင်း ၚင်းတို့အား တားမြစ်ခဲ့လေသည်။ အဗ်ဒွလ္လာဟ်နှင့်အတူ ဝါဒီအဟ်အိဗ်နိမာလစ်၊ စူဝါအိဒ်နှင့် ရာအစ်ရှ်တို့လည်း ပါဝင်ကြောင်း အိဗ်နိအစ်ဟာက်အား ကိုးကားလျက် ရူးဟွလ်မအာနီ၌ ဖော်ပြထား၏။ ဂျူးတို့သည် ထိုသူတို့၏ထောင်ချောက်တွင်းသို့ ကျရောက်ခဲ့ကြပြီး၊ ၚင်းတို့ထွက်ခွာသွားလိမ့်မည် မဟုတ်ကြောင်း တမန်တော်မြတ်ﷺထံ သတင်းပို့ခဲ့ကြသည်။ ထို့ကြောင့် တမန်တော်မြတ်ﷺသည် မြင့်မြတ်သော သာဝကကြီးများနှင့်အတူ ထိုမျိုးနွယ်စုထံသို့ ချီတက်ခဲ့၏။ ဂျူးတို့သည် ခံတပ်များထဲတွင် ခိုအောင်းနေခဲ့ကြသည်။ သို့သော် ပင်ကိုယ်အားဖြင့် သူရဲဘောကြောင်သူများဖြစ်ကြသော မုနာဖစ်ဂ်တို့ကမူ ၚင်းတို့နှင့် မသက်ဆိုင်သယောင် နေခဲ့ကြ၏။ တမန်တော်မြတ်ﷺဂျူးတို့၏ခံတပ်များကို ဝိုင်းရံထား သည့်ပြင် ၚင်းတို့၏ စွန့်ပလွန်ပင်အချို့ကို ခုတ်လဲပြီး အချို့ကို မီးရှို့ပစ်ခဲ့သည်။ နောက်ဆုံးတွင် ၚင်းတို့သည် ပြည်နှင်ဒဏ်ကိုလက်ခံရန် သဘောတူခဲ့ကြသည်။ ထို့ကြောင့် တမန်တော်မြတ်ﷺသည် ၚင်းတို့အား ခံတပ်များကို စွန့်လွှတ်၍ ဘေးကင်းရာသို့ ပြေးကြရန် ဖိအားပေးခဲ့၏။ ထို့ပြင် ကြင်နာမှုကို ပြသည့်အနေဖြင့် ၚင်းတို့၏မြင်းများ၊ ကုလားအုတ်များက သယ်ဆောင်နိုင်သမျှ စားနပ်ရိက္ခာများကို သယ်ဆောင်ခွင့်ပြုခဲ့သည်။ ၚင်းတို့၏ စစ်လက်နက်ပစ္စည်းများကိုမူ သိမ်းဆည်းခဲ့သည်။ ၚင်းတို့အနက် အချို့က ဆီးရီးယားသို့ လည်းကောင်း၊ အချို့က ခိုင်ဗာသို့ လည်းကောင်း သွားခဲ့ကြသည်။ ၚင်းတို့၏ လောဘရမ္မက်ကြောင့် ၚင်းတို့သည် မိမိတို့အိမ်၏ ရက်မများ၊ အမိုးဒိုင်းများ၊ သစ်သားများနှင့် တံခါးများပါမကျန် သယ်ဆောင်သွားခဲ့ကြလေသည်။ ဤအဖြစ်အပျက်သည် ဗဒ်ရ်စစ်ပွဲပြီးသည့်နောက်

ဟစ်ဂျရီ(၄)ခုနှစ်၊ ရဗီအွလ်အောင်ဝါလ်လတွင် ဖြစ်ပျက်ခဲ့၏။ ၎င်း၏ခိလာဖတ် အုပ်စိုးမှုကာလအတွင်း သာဝကကြီး အုမရ်ﷺသည် ၎င်းတို့အား အခြားဂျူးများနှင့် အတူနေထိုင်ရန် ဆီးရီးယားသို့ ပို့ပစ်ခဲ့၏။ ဤပြည်နှင်ဒဏ်နှစ်ခုအား ပထမပြည်နှင်ဒဏ်နှင့် ဒုတိယပြည်နှင်ဒဏ်ဟူသော အမည်များဖြင့် ဖော်ပြခဲ့ပေသည်။ (ဇာဒွလ်မအာဒ်)

စူရဟ်အလ်ဟရ်ရိ၏ ထူးခြားဝိသေသများနှင့် ဗန္ဓနသွဲရိ၏ သမိုင်းကြောင်း

စူရဟ်အလ်ဟရ်ရိကဏ္ဍတစ်ခုလုံးသည် ဗန္ဓနသွဲရိနှင့် ဆက်စပ်၍ကျရောက်ခဲ့သည်။ (အိဗ်နိအစ်ဟာက်)။ သာဝကကြီး အိဗ်နိအဗ္ဗားစ်ﷺက ဤစူရဟ်အား စူရဟ်ဗန်နသွဲရိဟု ခေါ်လေ့ရှိခဲ့၏။ (အိဗ်နကဆီးရ်)။ ဗန္ဓနသွဲရိတို့သည် တမန်တော်ဟာရွန်ﷺမှ ဆင်းသက်လာသူများဖြစ်ကြသည်။ ၎င်းတို့၏ဘိုးဘေးများသည် နောက်ဆုံးရစူလ်တမန်တော်၏ ရုပ်လက္ခဏာများ၊ တမန်တော်ဖြစ်ခြင်း၏ သင်္ကေတများနှင့် ၎င်း၏ယသ်ရိဗ်(မဒီနာမြို့)သို့ ပြောင်းရွှေ့နေထိုင်ခြင်း စသည့် ဖော်ပြချက် အပြည့်အစုံပါဝင်သော တောင်ရတ်ကျမ်းအား နှံ့စပ်ကျွမ်းကျင်သည့် ပညာရှင်များ ဖြစ်ခဲ့ကြသည်။ ဤမျိုးနွယ်စုက နောက်ဆုံးတမန်တော်သည် တမန်တော်ဟာရွန်ﷺမှ ဆင်းသက်သည့် မျိုးနွယ်ထဲမှတစ်ဦး ဖြစ်လိမ့်မည်ဟု မှတ်ထင်ခဲ့ကြပြီး၊ ၎င်း၏အဖွဲ့ဝင်ဖြစ်ရမည့်အရေးကိုတွေးလျက် ကျေနပ်နေခဲ့ကြသည်။ ဤအကြောင်းကြောင့်ပင် ၎င်းတို့သည် ဆီးရီးယားမှ ယသ်ရိဗ်သို့ပြောင်းရွှေ့နေထိုင်ခဲ့ခြင်းဖြစ်၏။ တမန်တော်မြတ်ﷺနှင့် ခေတ်ပြိုင်ပုဂ္ဂိုလ်များထဲမှ တောင်ရတ်ကျမ်းပညာရှင် အချို့ကလည်း ၎င်း၏ကြန်အင်လက္ခဏာများနှင့် တမန်တော်ဖြစ်ခြင်း၏ သင်္ကေတများကို မြင်တွေ့ရသောအခါ၊ ၎င်းအား နောက်ဆုံးတမန်တော်အဖြစ် အသိအမှတ်ပြုခဲ့ကြလေသည်။ သို့သော် နောက်ဆုံးရစူလ် တမန်တော်သည် တမန်တော်ဟာရွန်ﷺ၏ အဆက်အနွယ်များထဲမှ မဟုတ်ဘဲ တမန်တော်အစ်မာအီလ်ﷺ၏ အဆက်အနွယ်ထဲမှ ပေါ်ထွန်းလာခဲ့သောကြောင့် ၎င်းတို့မှာ စိတ်ပျက်ခဲ့၊ မနာလိုဝန်တိုဖြစ်ခဲ့ကြသည်။ ၎င်းတို့၏မနာလိုဝန်တိုမှုသည် ၎င်းတို့အား ယုံကြည်သက်ဝင်မှု (အီမာန်)ကို လက်ခံယုံကြည်ခြင်းမှ အဟန့်အတား ဖြစ်စေခဲ့သည်။ သို့သော် ၎င်းတို့၏ နှလုံးသားများထဲမှမူ တမန်တော်မုဟမ္မဒ်ﷺသည် အလ္လာဟ်ရစူလ်တမန်တော်ဖြစ်ကြောင်း သိခဲ့ကြလေသည်။ ဗဒ်ရစ်ပွဲ၌မွတ်စလင်တို့၏အောင်နိုင်ခြင်းနှင့် ကုရိုက်ရှ်မုရ်ရစ်က်တို့၏မရှုမလှုံးနိမ့်ခြင်းကို ၎င်းတို့မြင်တွေ့ရသောအခါ၊ ၎င်းတို့၏ သေချာမှုဒီဂရီသည် မြင့်တက်သွားခဲ့ပြီး၊ မယုံနိုင်အောင် ဒဏ်ခြေမှုကိုပင် ဖော်ထုတ်ပြသခဲ့ကြသည်။ သို့သော် မြင်သာသော အောင်နိုင်ခြင်းနှင့် ရှုံးနိမ့်ခြင်းပေါ် မူတည်၍၊ တိုင်းတာ၍၊ စံထား၍ အမှားနှင့်အမှန်ကို ခွဲခြားခြင်းသည် အားနည်းသော နှိုင်းယှဉ်မှုပုံစံတစ်ခုသာဖြစ်၏။ သို့ဖြစ်၍ အုဟုဒ်စစ်ပွဲ၌ အစပိုင်းတွင် မွတ်စလင်တို့ ယာယီရှုံးနိမ့်ပြီး၊ သာဝကကြီးအချို့ ကျဆုံးသောအခါ၊ ၎င်းတို့၏ သေချာမှုမှာ ယိမ်းယိုင်ခဲ့၏။ ထိုသည့်နောက် ၎င်းတို့သည် အာရဗ်မုရ်ရစ်က်များနှင့် ပူးပေါင်း၍ လျှို့ဝှက်ကြံစည်မှုများ စတင်ပြုလုပ်ခဲ့ကြလေသည်။

ဆိုခဲ့ပြီးသည့်အတိုင်း တမန်တော်မြတ်ﷺ မဒီနာမြို့သို့ ပြောင်းရွှေ့ခဲ့သောအခါ၊ ၎င်း၏နိုင်ငံရေးမြော်မြင်မှုဖြင့် သိရှိခံစားမိသည်မှာ မဒီနာမြို့မှ ဂျူးများအပြင် အိမ်နီးချင်းဂျူးမျိုးနွယ်စုများနှင့်ပါ မိမိက ၎င်းတို့အား တိုက်ခိုက်မည် မဟုတ်သကဲ့သို့ ၎င်းတို့ကလည်း မိမိအား မတိုက်ခိုက်ပါဟူ၍ လည်းကောင်း၊ မွတ်စလင်တို့အား ရန်ပြုမည့်သူများကို ၎င်းတို့က အားပေးကူညီမည်မဟုတ်ဟူ၍ လည်းကောင်း၊ အကယ်၍ ဂျူးများတိုက်ခိုက်ခံရပါက မွတ်စလင်တို့က ၎င်းတို့အား ကူညီမည်ဟူ၍ လည်းကောင်း စည်းကမ်းများ သတ်မှတ်လျက် ငြိမ်းချမ်းရေးသဘောတူစာချုပ်တစ်ခု ပြုလုပ်ရန်မှာ ၎င်း၏ပထမဆုံးလုပ်ငန်းဖြစ်ကြောင်းပင်ဖြစ်၏။ ငြိမ်းချမ်းရေးသဘောတူညီချက်တွင် အခြားအပိုဒ်ငယ်များ ပါဝင်သေး၏။ အသေးစိပ်ကို 'အိဗ်နိဟိရှာမ်၏ စီရဟ်'တွင် တွေ့နိုင်ပါသည်။ ဗန္ဓနသွဲရိ အပါအဝင် အားလုံးသော ဂျူးမျိုး

နွယ်စုများတွင် မဒီနာမြို့မှ ၃.၂ ကီလိုမီတာအကွာ၌ ၎င်းတို့၏ နေရာအပိုင်းအခြား၊ ခိုင်ခံ့သော ခံတပ်များနှင့် သစ်သီးခြံများရှိခဲ့ကြလေသည်။

၎င်းတို့သည် အုဟုဒ်စစ်ပွဲစတင်ချိန်ထိ သဘောတူစာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာခဲ့ကြသေးသော်လည်း နောက်ပိုင်းတွင် စာချုပ်ကို ဖောက်ဖျက်ပြီး လျှို့ဝှက်ကြံစည်မှုများ စတင်ပြုလုပ်ခဲ့ကြသည်။ ဗနူနသ်ဗီရ်ခေါင်းဆောင်တစ်ဦးဖြစ်သူ ကအ်ဗ်အိဗ်နိအရ်ရဖ်သည် ဂျူးအဖွဲ့ဝင်(၄၀)နှင့်အတူ မက္ကာမြို့သား မုရ်ရစ်က်များအား မျက်နှာချိုသွေးရန် မက္ကာမြို့သို့ သွားခဲ့ကြသည်။ မက္ကာမြို့သား မုရ်ရစ်က်များသည် ဗဒ်ရ်စစ်ပွဲ ရှုံးနိမ့်ရသည့်အတွက် အခဲမကြေ ဖြစ်နေခဲ့ကြသည်။ ထို့ကြောင့်ပင် ၎င်းတို့သည် အုဟုဒ်စစ်ပွဲကို ဆင်နွှဲခဲ့ရာ ထိုစစ်ပွဲ၌လည်း နောက်ဆုံးတွင် ရှုံးနိမ့်ခဲ့ကြသည်။ အရှုံးဖြင့်ပြန်ခဲ့ကြရသော လူများနှင့် ဂျူးတို့တွေ့ဆုံခဲ့၏။ ၎င်းတို့သည် ပူးပေါင်းကြံစည်ကာ မွတ်စလင်များကို တိုက်ပွဲဆင်နွှဲရန် သဘောတူညီခဲ့ကြ၏။ ကအ်ဗ်အိဗ်နိအရ်ရဖ်နှင့် ၎င်း၏ဂျူးအဖွဲ့ဝင်(၄၀)တို့သည် လည်းကောင်း၊ အဗူဆွဖ်ယန်နှင့် ၎င်း၏ကုရိုက်ရှ်မုရ်ရစ်က်(၄၀)တို့သည်လည်းကောင်း ထွတ်မြတ်သော ဝတ်ကျောင်းတော်တွင်းသို့ ဝင်ကြပြီး၊ အလ္လာဟ့်အိမ်တော်၏ ခြံဝင်းထည်စကိုကိုင်ကာ မွတ်စလင်တို့အား အတူပူးပေါင်း၍ တိုက်ခိုက်ချေမှုန်းကြမည့်အကြောင်း သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြလေသည်။

ဤသို့သစ္စာအဓိဋ္ဌာန်ပြုပြီးနောက် ကအ်ဗ်အိဗ်နိအရ်ရဖ်သည် မဒီနာမြို့သို့ပြန်လာစဉ် ဂျိဗ်ရာအီလ်ﷺ ဆင်းသက်လာပြီး ဖြစ်ပျက်ပုံအလုံးစုံနှင့် သစ္စာအဓိဋ္ဌာန်အကြောင်းကို တမန်တော်မြတ်ﷺအား အသိပေးခဲ့သည်။ ထိုအချိန်အတောအတွင်း တမန်တော်မြတ်ﷺသည် ကအ်ဗ်အိဗ်နိအရ်ရဖ်အား သတ်ဖြတ်ရန် အမိန့်ထုတ်ပြန်ခဲ့ရာ မြင့်မြတ်သော သာဝကကြီး မုဟမ္မဒ်အိဗ်နုမစလဟ်က ၎င်းအားသတ်ဖြတ်ခဲ့၏။

နောက်ပိုင်းတွင် ဗနူနသ်ဗီရ်သည် တမန်တော်မြတ်ﷺအား လုပ်ကြံရန် အမျိုးမျိုးကြံစည်ခဲ့သည့်အနက် အထက်တွင် ဖော်ပြခဲ့သော် လုပ်ကြံမှုသည် တစ်ခုအပါအဝင်ဖြစ်၏။ လူသတ်မှုအတွက် အသက်ဖိုးလျော်ကြေးပေးရန် မွတ်စလင်တို့ထံမှ ငွေကောက်ခံပြီးနောက် တမန်တော်မြတ်ﷺသည် ၎င်းကိုယ်တိုင်နှင့် ဗနူနသ်ဗီရ်၊ဗနူကိုင်နကာအ်၊ ဗနူကူရိုင်ဇဟ်တို့ကြား ချုပ်ဆိုခဲ့သော သဘောတူစာချုပ်ပါ အချက်များအရ ဂျူးတို့ထံမှ ငွေကောက်ခံရန် ဆုံးဖြတ်ခဲ့သည်။ ၎င်းရောက်ရှိမလာမီကပင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၎င်းတို့က ကိုယ်တော့်အားသတ်ဖြတ်ရန် ကြံစည်ခဲ့ကြခြင်းဖြစ်၏။ တမန်တော်မြတ်ﷺ၏ ဦးခေါင်းပေါ်သို့ ကျောက်တုံးပစ်ချရန်အလုပ်ကို မိမိဆန္ဒအလျောက် တာဝန်ယူခဲ့သူမှာ အုမရ် အိဗ်နိဂျဟ်ဟာရ်အမည်ရှိ ဂျူးတစ်ယောက်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်ထံတော်မှ ဝဟီဖြင့် ပေးပို့တော်မူသော သတင်းကိုသာ တမန်တော်မြတ်ﷺ မရရှိခဲ့ပါက ၎င်းတို့၏လုပ်ကြံမှု အထမြောက်မည်ဖြစ်၏။ သို့သော် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ရာဇူလ်တမန်တော်ﷺကို ကာကွယ်တော်မူခဲ့သောကြောင့် လျှို့ဝှက်ကြံစည်မှုမှာ ဖျက်ဆီးခံရပြီး၊ ၎င်းတို့၏ အစီအစဉ် ပျက်ပြားခဲ့ရပေသည်။

သင်ခန်းစာတစ်ရပ်

ထူးခြားသော တိုက်ဆိုင်မှုတစ်ခုမှာ နောက်ပိုင်းတွင် ဗနူနသ်ဗီရ်မျိုးနွယ်စု တစ်ခုလုံးသည် မဒီနာမြို့မှ မောင်းထုတ်ခံရပြီး၊ အစွယ်လာမ်ကို လက်ခံယုံကြည်သော ပုဂ္ဂိုလ်နှစ်ဦးသာလျှင် လွတ်ငြိမ်းခွင့်ရခဲ့ကြသည်။ ၎င်းတို့မှာ အုမရ် အိဗ်နိဂျဟ်ဟာရ်နှင့် ၎င်း၏ဖခင်ဘက်မှ ဦးလေးဖြစ်သူ ယမင်အိဗ်နိအမ်ရ်အိဗ်နုကအဗ်တို့ ဖြစ်ကြ၏။ (အိဗ်နိကဆီရ်)

အမ်ရ်အိပ်နိအုမေယဟ်သွမူရီ၏ဇာတ်လမ်း

အထက်မှ ထုတ်ပြန်ပို့ချရခြင်းအကြောင်း ခေါင်းစဉ်အောက်၌ အမ်ရ်အိပ်နိအုမေယဟ်သွမူရီက လူနှစ်ဦးအား မတော်တဆ သတ်လိုက်မိသော အဖြစ်အပျက်ကို ရည်ညွှန်းခဲ့သည်။ ၎င်းတို့ကြားမှ တည်ဆဲသဘောတူစာချုပ်အရ မွတ်စလင်နှင့်ဂျူးများ စုပေါင်း၍ အသက်ဖိုးလျော်ကြေးပေးရမည် ဖြစ်သည့်အတွက် တမန်တော်မြတ်ﷺသည် မွတ်စလင်တို့ထံမှ ငွေကောက်ခံခဲ့သည်။ ထို့နောက် ၎င်းသည် ဂျူးများထံမှ ငွေကောက်ခံရန် ဆုံးဖြတ်ပြီး၊ ဗနူနသွီရ်ထံသို့ ယင်းရည်ရွယ်ချက်အတွက် သွားခဲ့သည်။ အိပ်နိကဆီရ်က ရေးသားသည်မှာ ရန်သူ့အစီအစဉ်များသည် များပြားပြီး၊ ရှည်လျားလွန်း၏။ အစွလာမ့်သမိုင်းတွင် ကျော်ကြားသော အဖြစ်အပျက်တစ်ခုမှာ ဗီရ်မအူနဟ်၏ အဖြစ်အပျက်ဖြစ်၏။ အချို့သော မုနာဖစ်ဂ်ိန်နှင့် ကာဖိရ်တို့က အစွလာမ်သာသနာအကြောင်း ဟောပြောပို့ချရန် သာဝကကြီးများ အဖွဲ့တစ်ဖွဲ့ စေလွှတ်ပေးပါမည့်အကြောင်း တမန်တော်မြတ်ﷺအား ပန်ကြားခဲ့သဖြင့် ၎င်းက သာဝကကြီး(၇၀)ကို စေလွှတ်ခဲ့၏။ နောက်ပိုင်းတွင် ဤပန်ကြားချက်မှာ လျှို့ဝှက်ကြံစည်မှုတစ်ခုသာဖြစ်ကြောင်း ပေါ်ပေါက်ခဲ့၏။ အကြံအစည်မှာ ၎င်းတို့အားပိုင်းရံလျက် သတ်ဖြတ်ရန်ဖြစ်ပြီး၊ အကြံအစည်အောင်ခဲ့၏။ မွတ်စလင်(၇၀)အနက် အမ်ရ်အိပ်နိအုမေယဟ်သွမူရီတစ်ဦးသာလျှင် ထွက်ပြေးလွတ်မြောက်ခဲ့သည်။ ၎င်းသည် ကာဖိရ်တို့၏ မရိုးဖြောင့်မှုနှင့် သစ္စာဖောက်မှုများကို မြင်တွေ့ခဲ့ရသည့်ပြင် ၎င်း၏ညီနောင် (၆၉)ဦးအား ၎င်းတို့က အကြင်နာမဲ့စွာ အစုလိုက်အပုံလိုက် သတ်ဖြတ်ခဲ့ကြသည်ကိုကြုံတွေ့ခဲ့ရ၏။ ၎င်းအနေဖြင့် ထိုအချိန်က ရန်သူများအပေါ် မည်မျှနာကျည်းခဲ့မည်ကို မှန်းဆကြည့်နိုင်ပေသည်။ တိုင်ဆိုင်စွာပင် မဒီနာမြို့သို့ ၎င်းပြန်အလာလမ်းတွင် ကာဖိရ်နှစ်ဦးကိုတွေ့ပြီး သတ်ပစ်ခဲ့သည်။ နောက်ပိုင်းတွင် သတ်ခံရသူနှစ်ဦးသည် တမန်တော်မြတ်ﷺ၏ မဟာမိတ်မျိုးနွယ်စုတစ်ခုဖြစ်သော ဗနီအာမီရ်အဖွဲ့ဝင်များ ဖြစ်ကြောင်းကို မမျှော်လင့်ဘဲ သိခဲ့ရ၏။ ဗနူနသွီရ်မှာလည်း ဗနီအာမီရ်မျိုးနွယ်စု၏ မဟာမိတ်ပင် ဖြစ်လေသည်။

မွတ်စလင်နိုင်ငံရေးသမားတို့၏ သဘောတူညီချက်များသည် စကတည်းက ရှောင်တိမ်းရန် သို့မဟုတ် ချိုးဖောက်ရန် နည်းလမ်းများကို ရှာဖွေသည့် ယနေ့ခေတ် နိုင်ငံရေးသဘောတူညီချက်များနှင့် မတူချေ။ တမန်တော်မြတ်ﷺနှင့် ရှေးဦးမွတ်စလင်များအတွက်မူ လျှာကမြွက်ဆိုသမျှ သို့မဟုတ် ကလောင်က ရေးသားသမျှကို သာသနာ၏ အစိတ်အပိုင်းနှင့် အလ္လာဟ်အရှင်မြတ်၏ ဥပဒေများကဲ့သို့ပင် သဘောထားပြီး လိုက်နာစောင့်ထိန်းကြသည်။ အမ်ရ် အိပ်နိအုမေယဟ်သွမူရီ၏ မှားယွင်းသော စီရင်မှုအကြောင်းကို တမန်တော်မြတ်ﷺကြားသိသောအခါ၊ သေဆုံးသူနှစ်ဦးအတွက် ရှရီအဟ်၏ ဥပဒေအရ အသက်ဖိုးလျော်ကြေးပေးရန် ၎င်းကဆုံးဖြတ်ခဲ့သည်။ ဤကိစ္စတွင် ၎င်းသည် မွတ်စလင်တို့ထံမှငွေကို ဦးစွာကောက်ခံပြီး၊ နောက်မှ ဗနူနသွီရ်ထံသို့ ငွေကောက်ရန် သွားခဲ့ခြင်းဖြစ်၏။ (အိပ်နိကဆီရ်)

မျက်မှောက်ခေတ် နိုင်ငံရေးသမားများအတွက် စံနမူနာတစ်ခုဖြစ်သော အစွလာမ့်ခန္ဓိတရားနှင့် လူအခွင့်အရေး

အထက်မှရည်ညွှန်းသော အဖြစ်အပျက်တွင် လူအခွင့်အရေးကို ဟစ်ကြွေးနေကြသူများအတွက် လည်းကောင်း၊ ၎င်းတို့ကိုယ်၎င်းတို့ အမွှမ်းတင်ပြီး 'လူအခွင့်အရေးဘက်မှ ရပ်တည်ကာကွယ်ပေးသူများ'အဖြစ် မှတ်ယူကြကုန်သော နိုင်ငံရေးခေါင်းဆောင်များနှင့် အင်အားကြီးသူများအတွက် လည်းကောင်း သင်ခန်းစာများစွာ ပါရှိပေသည်။ ဗနူနသွီရ်၏ ကိစ္စကိုကြည့်လျှင် ၎င်းတို့သည် လျှို့ဝှက်ကြံစည်မှုများတွင် မနေမနား ပါဝင်ပတ်သက်ခဲ့ကြသည်၊ အတောမသတ် သစ္စာပျက်ယွင်းခဲ့ကြသည်။ အလ္လာဟ့်ရစူလ်တမန်တော်ﷺကို သတ်ဖြတ်ရန် အဆက်မပြတ် ကြံစည်ကြိုးစားခဲ့ကြသည်။

ဤအရာအားလုံးကို မျက်မှောက်ခေတ် နိုင်ငံရေးခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ အကြီးအကဲများ သည်းခံနိုင်ကြပါမည်လော။ ထိုသူတို့အပေါ် ၎င်းတို့က မည်ကဲ့သို့ သဘောထားကြမည်နည်း။ ယခုအခါ အတိုက်အခံများသည် ဓာတ်ဆီဖြန်း၍ မီးရှို့ခြင်း သို့မဟုတ် အခြားနည်းများဖြင့် သတ်ဖြတ်ခံကြရသည်။ ထိုသို့ပြုလုပ်ရန်အတွက် နိုင်ငံရေးခေါင်းဆောင်မှ သို့မဟုတ် အစိုးရမလိုအပ်ပေ။ ယုတ်မာသော တေလေကြမ်းပိုး အနည်းငယ်မျှ စုပေါင်း၍ ကွပ်မျက်မှုများကို ဖော်ဆောင်ကြသည်။ တရားဝင်ဖြစ်သော အမျက်ဒေါသသည် များစွာပို၍ ဆိုးဆိုးဝါးဝါး ပေါ်လွင်လေသည်။

သို့သော် ဤနေရာတွင် ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရာစူလ်တမန်တော်ﷺတို့၏ အစိုးရအကြောင်းကို ဖော်ပြနေခြင်းဖြစ်၏။ ရန်သူတို့၏ လှုံ့ဆော်ကြံစည်မှုများ၊ သစ္စာဖောက်မှုများ အထွတ်အထိပ်သို့ ရောက်သောအခါ၌ပင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုမျိုးကို စိတ်ကူး၍မျှ မကြည့်ခဲ့ပေ။ ၎င်းတို့၏ အိမ်ခြံမြေများ၊ ဥစ္စာပစ္စည်းများကို အဓမ္မသိမ်းယူရန်ကို စဉ်းပင်မစဉ်းစားခဲ့ပေ။ အမှန်စင်စစ် သနားညှာတာသော အောက်ပါပြစ်ဒဏ်ခတ်မှုကိုသာ ပြုခဲ့လေသည်။

(၁) ၎င်းတို့၏ ဥစ္စာပစ္စည်းအားလုံးကို ၎င်းတို့နှင့်အတူ ယူဆောင်ခွင့်ပြုပြီး၊ မြို့မှထွက်သွားရန်ကိုသာ ၎င်းတို့အား အမိန့် ပေးခဲ့သည်။

(၂) ၎င်းတို့၏ ပစ္စည်းများကို ယူဆောင်၍ အခြားတစ်နေရာသို့ ပြောင်းရွှေ့ရာတွင် အဆင်ပြေစေရန် ၎င်းတို့အား (၁၀)ရက်ခွင့်ပြုခဲ့သည်။ အကယ်၍ မနာခံကြပါက ပို၍ပြင်းထန်သော နိုင်ငံတော်အဆင့် အရေးယူမှုသည် လိုအပ်လာ မည်ဖြစ်၏။

(၃) သစ်ပင်အချို့ကို ခုတ်လှဲခြင်း၊ မီးရှို့ခြင်း ပြုလုပ်ခဲ့သည်။ သို့သော် ထိုအဆင့်၌ပင် ၎င်းတို့၏ ခံတပ်များကို မီးတိုက်ရန် သို့မဟုတ် ၎င်းတို့အား အလုံးအရင်းဖြင့် တိုက်ခိုက်သတ်ဖြတ်ရန် အမိန့် မထုတ်ပြန်ခဲ့ပေ။

(၄) ၎င်းတို့သည် ပြည်နှင်ဒဏ်ကို လိုလိုလားလား ခံယူကြောင်း ဖော်ပြသောအခါ၊ လူတိုင်းအား ၎င်း၏ ကုလားအုတ်က သယ်ပိုးနိုင်သမျှ စားနပ်ရိက္ခာများကို သယ်ယူသွားနိုင်ကြောင်း အခွင့်အရေးပေးခဲ့သည်။ ထို့ကြောင့် ၎င်းတို့သည် ချိတ်များ၊ မင်းတုန်းများ၊ တံခါးများ၊ ပျဉ်ပြားများ၊ ရက်မများနှင့် အမိုးဒိုင်းများပါမကျန် သယ်ဆောင်သွားခဲ့ကြလေသည်။

(၅) မိမိ၏ပစ္စည်းများကို ပြောင်းရွှေ့နေသော မည်သူ့ကိုမျှ မွတ်စလင်တို့က မျက်မှောင်ကြုတ်၍ မကြည့်ခဲ့ပေ။ ၎င်းတို့သည် ၎င်းတို့၏ပစ္စည်းများကိုယူပြီး အေးချမ်းစွာ၊ စိတ်ချလုံခြုံစွာ ထွက်ခွာသွားကြသည်။

၎င်းတို့ လုံးဝအညံ့ခံကြသောအခါ၊ တမန်တော်မြတ်ﷺသည် ဤကြောင်နာမှုကို ပြသခဲ့ခြင်းဖြစ်၏။ ၎င်းသည် အခြေအနေကို အပြည့်အဝချုပ်ကိုင်ထားသူဖြစ်၏။ ၎င်းတို့၏ သစ္စာဖောက်ခြင်း၊ မရိုးဖြောင့်ခြင်းနှင့် လှုံ့ဆော်ကြံစည်ခြင်းများအတွက် လက်တုံ့ပြန်ရန် အာဏာအပြည့်အဝရှိ၏။ သို့သော်လည်း ၎င်းကလက်တုံ့မပြန်ခဲ့ပေ။ တမန်တော်မြတ်ﷺ၏ ဤအပြုအမူသည် မက္ကာမြို့ကို အောင်နိုင်ပြီးနောက် မြို့ထဲသို့ဝင်စဉ်က မက္ကာမြို့သား မုရ်ရစ်က်တို့အား ပြုမူပုံနှင့် တူညီလေသည်။

ယခု ကျွန်ုပ်တို့ ဤအဖြစ်အပျက်များ၏ နောက်ခံအကြောင်းနှင့် သက်ဆိုင်သော အာယတ်တော်အချို့ကို ရှင်းပြပါစို့။

لِاَوَّلِ الْحَشْرِ".... ထိုအရှင်မြတ်သည်ပင် ရှေးကျမ်းဂန်ရရှိသူတို့အနက် သွေဖည်ငြင်းပယ်ခဲ့ကြသောသူတို့အား ပထမအကြိမ် စုရုံးစည်အခါ၌ပင် ၎င်းတို့၏ နေအိမ်များမှ နှင်ထုတ်တော်မူသောအရှင် ဖြစ်တော်မူ၏။ ...."(၅၉း၂)။ 'ဟရ်ရ်'ဟူသော စကားလုံးက 'ပေါ်ထွက်သည်'ဟု ဆိုလိုသည်။ ဤစကားလုံးအား 'ပထမအကြိမ်စုရုံးခြင်း'ဟု ရည်ညွှန်းရသည့်အကြောင်း ရင်းတစ်ရပ်ကို မောင်လာနာထာနဝီက ၎င်း၏တဖ်စီရ်၌ ပေးထား၏။ ၎င်းတို့သည် ရှေးကတည်းက နေရာတစ်ခုတွင် အခြေချနေထိုင်ခဲ့ကြသည်။ ဤပြည်နှင်ဒဏ်ခံရသော အဖြစ်အပျက်မှာ ၎င်းတို့၏ဘဝတွင် ပထမဆုံးအကြိမ်ဖြစ်၏။ ဒုတိယအကြောင်းရင်းမှာ အာရေဗျကျွန်းဆွယ်ရှိ မွတ်စလင်မဟုတ်သူအားလုံးသည် အနာဂတ်တွင် ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခံကြရသောကြောင့် ဖြစ်နိုင်သည်။ သို့မှသာ ကျွန်းဆွယ်သည် အစွယ်လာမ်၏ ခိုင်ခံ့သော ခံတပ်တစ်ခုဖြစ် လာနိုင်ပေမည်။ ထို့ကြောင့် ဒုတိယအကြိမ် ပြည်နှင်ဒဏ်သည် နောင်တစ်ချိန်တွင် ဖြစ်လာနိုင်စရာရှိ၏။ ဤဒုတိယ ပြည်နှင်ဒဏ်သည် တမန်တော်မြတ်ﷺ၏ ဒုတိယဆက်ခံသူ သမ္မတကြီးအုမရ်ﷺ၏ လက်ထက်တွင် ဖြစ်ပျက်ခဲ့သည်။ ၎င်းကခိုင်ဗာတွင် အခြေချနေထိုင်ကြသော ဂျူးအားလုံးကို ပြည်နှင်ဒဏ်ပေးခဲ့သည့်ပြင် ဂျူးအားလုံး အာရေဗျကျွန်းဆွယ်မှ ထွက်သွားကြရန် အမိန့်ပေးခဲ့လေသည်။ ဤရှုထောင့်မှကြည့်လျှင် ဗနူနသ္ဒီရ်၏ပြည်နှင်ဒဏ်သည် 'ပထမပြည်နှင်ဒဏ်' ဖြစ်ပြီး၊ 'ဒုတိယပြည်နှင်ဒဏ်'မှာ သာဝကကြီးအုမရ်ﷺ လက်ထက်တွင် ဖြစ်ပေါ်ခဲ့သည်။

فَاَتٰىهُمُ اللّٰهُ مِنْ حَيْثُ لَمْ يَحْتَسِبُوْا".... သို့တစေလည်း အလ္လာဟ်အရှင်မြတ်(အပြစ်ဒဏ်)သည် ၎င်းတို့ထံ ၎င်းတို့မထင်မြင်မယူဆခဲ့ကြသော နေရာမှ ရောက်ရှိ၍လာခဲ့၏။ ...."(၅၉း၂)။ 'အလ္လာဟ်အရှင်မြတ် ကြွမြန်းလာတော်မူခဲ့သည်။'ဟူသော စကားရပ်က 'အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်နှင့် ထိုအရှင်မြတ်၏ ကျိုးနွံနာခံသော ကောင်းကင်တမန်များ ရောက်ရှိလာခဲ့သည်။' ဟု ဆိုလိုသည်။

يُخْرِبُوْنَ بُيُوْتَهُمْ بِاَيْدِيْهِمْ وَ اَيْدِى الْمُؤْمِنِيْنَ".... ထိုမှတပါး ထိုအရှင်မြတ်သည် ၎င်းတို့၏စိတ်နလုံးများတွင် ကြောက်ရွံ့စိုးရိမ်မှုကို သက်ရောက်စေတော်မူခဲ့ရာ၊ ထိုသူတို့မှာ မိမိတို့၏နေအိမ်များကို မိမိတို့၏လက်များဖြင့် လည်းကောင်း၊ မုအ်မင်နသက်ဝင်ယုံကြည်သူများ၏ လက်များဖြင့် လည်းကောင်း ဖျက်ဆီးလျက်ရှိခဲ့ကြကုန်၏။ ...."(၅၉း၂)။ ဗနူနသ္ဒီရ်သည် ၎င်းတို့၏တံခါးများနှင့် ပြတင်းကာများကို ဖယ်ရှားခြင်းဖြင့် ၎င်းတို့၏အိမ်များကို ဖျက်ဆီးခဲ့ကြသည်။ 'မုအ်မင်တို့၏လက်များဖြင့် ၎င်းတို့၏အိမ်များကို ဖျက်ဆီးခြင်း'က ဂျူးတို့သည် ၎င်းတို့၏ခံတပ်များအတွင်း၌ ခိုအောင်းနေကြသောအခါ၊ မွတ်စလင်တို့က ခံတပ်များ၏ အပြင်ဘက်တွင်ရှိသော သစ်ပင်များ၊ နေအိမ်များကို ၎င်းတို့လက်နက်ချကြစေရန်အတွက် ဖျက်ဆီးခဲ့သည်။'ကို ဆိုလို ခြင်းဖြစ်၏။

مَا قَطَعْتُمْ مِّنْ لِّيْنَةٍ اَوْ تَرَكْتُمُوْهَا قَآئِمَةً عَلٰٓى اُصُوْلِهَا فَبِاِذْنِ اللّٰهِ وَ لِيُخْزِيَ الْفٰسِقِيْنَ" စွန်ပလွံပင်များကို အသင်တို့ခုတ်လဲဖြတ်တောက်ခဲ့ကြခြင်း၊ သို့မဟုတ် ယင်းစွန်ပလွံပင်များကို ၎င်းတို့၏ အောက်ခြေအမြတ်များပေါ်၌ ရပ်တည်လျက် ချန်ထားခဲ့ကြခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်နှင့် အညီပင်ဖြစ်သည်။ ထို့ပြင်တဝ ထိုအရှင်မြတ်သည် အမိန့်တော်ကို သွေဖည်သောသူတို့အား အရှက်တကွဲဖြစ်စေတော်မူအံ့သောငှာ ဖြစ်ပေသတည်း။ ...."(၅၉း၅)။ 'လီနဟ်'ဟူသော စကားလုံးက စွန်ပလွံပင်ကို ရည်ညွှန်း၏။ အခြားအယူအဆ တစ်ခုမှာ 'အဂျဝဟ်'မှအပ ကျန်စွန်ပလွံပင်များကို 'လီနဟ်'အဖြစ် ရည်ညွှန်း၏။ ဗနူနသ္ဒီရ်၏ သစ်သီးခြံများမှာ စွန်ပလွံ ခြံများဖြစ်ကြ၏။ တမန်တော်မြတ်ﷺ၏ အညှံ့ခံရန်အမိန့်ကို သွေဖည်သောအားဖြင့် ၎င်းတို့၏ခံတပ်များထဲ၌ ခိုအောင်း နေကြသည် ဗနူနသ္ဒီ၏ စွန်ပလွံပင်များကို တမန်တော်မြတ်ﷺ၏ အမိန့်ဖြင့် ခုတ်လဲခြင်းကို အာယတ်တော်က ရည်ညွှန်းသည်။ ထို့ကြောင့် အချို့သော သာဝကကြီးများက ၎င်းတို့အား ဒေါသထွက်စေရန် သို့မဟုတ် ၎င်းတို့၏ စိတ်နလုံးများ ထဲသို့ အကြောက်

တရားကို ထည့်သွင်းပေးရန် ၎င်းတို့၏စွန်ပလွံပင်အချို့ကို ခုတ်လဲပြီး မီးရှို့ပစ်ခြင်းဖြစ်၏။ အခြား သာဝကကြီးများကမူ မကြာမီ အလ္လာဟ်အရှင်မြတ်၏ အလိုတော်ဖြင့် မွတ်စလင်တို့ အောင်နိုင်ကြမည်ဖြစ်၍ သစ်သီးခြံ များမှာ ၎င်းတို့လက်သို့ လက်ရပစ္စည်းများအဖြစ် ကျရောက်မည်ဖြစ်သောကြောင့် စွန်ပလွံပင်များကို ဖျက်ဆီးရာတွင်မပါဝင်ခဲ့ကြပေ။ ဤသည်မှာ သဘောထားကွဲမှုတစ်ခုပင်ဖြစ်၏။ နောက်ပိုင်းတွင် ဤသဘောထားကွဲမှုကို ဆွေးနွေးကြ သောအခါ၊ သစ်ပင်များသို့မဟုတ် သစ်သီးခြံများကို ဖျက်ဆီးခဲ့ကြသော သာဝကကြီးများမှာ အပြစ်ရှိသယောင် ခံစားခဲ့ကြရသည်။ ထိုသာဝကကြီးများသည် တမန်တော်မြတ်ﷺအား ၎င်းတို့အပြစ်အမှန်တကယ် ကျူးလွန်ခဲ့သလောဟူသည်ကို မေးမြန်းခဲ့ကြသည်။ ထိုအခိုက် အာယတ်တော်(၅) ကျရောက်လာပြီး၊ သစ်ပင်များကို ၎င်းတို့ခုတ်လဲသည်ဖြစ်စေ၊ မခုတ်ဘဲထားသည်ဖြစ်စေ ၎င်းတို့ပြုလုပ်ခဲ့သမျှသည် အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်အရသာဖြစ်ကြောင်းနှင့် ဘုရားမှန်း တရားမှန်း မသိကြသော ဂျူးတို့အား သိက္ခာချရန်ပြုလုပ်ခြင်းဖြစ်ကြောင်း မိန့်ကြားခြင်းဖြင့် လိပ်ပြာမသန့် ဖြစ်နေကြသော မွတ်စလင်တို့အား စိတ်သက်သာရာရစေတော်မူသည်။

တမန်တော်မြတ်ﷺ ပညတ်တော်သည် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ ပညတ်တော်ပင်ဖြစ်၏။ ဟဒီးသ်တော်များ၏ အဓိန္ဓိဿဖကို ငြင်းပယ်သူများအတွက် သတိပေးချက်တစ်ရပ်

အာယတ်တော်(၅)တွင် သစ်ပင်များအား ခုတ်လဲပစ်ခြင်း သို့မဟုတ် မခုတ်လဲဘဲထားခြင်းကို 'ဗိအိဝ်နေလ္လာဟ်' (အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်ဖြင့်)ဟု ခေါ်သော်လည်း လုပ်ရပ်နှစ်ခုစလုံးမှာ အလ္လာဟ်အရှင်မြတ်၏ တိကျပြတ်သားသော အဓိန္ဓိတော်များ မဟုတ်ကြပေ။ တစ်ဖွဲ့စီ၏ လွတ်လပ်သော စဉ်းစားဆင်ခြင်မှု (အိဂျ်တိဟာဒ်)ပေါ်တွင် အခြေခံ၍ ပြုလုပ်ခဲ့ကြခြင်း ဖြစ်ပုံရ၏။ အများဆုံးဖြစ်နိုင်သည်မှာ ၎င်းတို့သည် ဟဒီးသ်တော်တစ်ရပ်ဖြစ်သည့် တမန်တော်မြတ်ﷺ၏ ခွင့်ပြုချက်ကိုဖြင့် တောင်းခံခဲ့ကြပေမည်။ 'တမန်တော်မြတ်ﷺ၏ ခွင့်ပြုချက်'ကို ကုရ်အာန်၌ 'အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်'အဖြစ် ရည်ညွှန်းခြင်းဖြစ်၏။ ဤနည်းအားဖြင့် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ရူလ်တမန်တော်အား ဥပဒေများပြဋ္ဌာန်းခွင့်ကို ပေးတော်မူကြောင်း ကုရ်အာန်က ထင်ရှားစေလေသည်။ ရှေ့လာမည့် ဤစူရဟ်၏ အာယတ်တော်(၇)၌ မုအ်မင်တို့သည် တမန်တော်မြတ်ﷺ အဓိန္ဓိပေးသောအရာကို စွဲမြဲစွာလိုက်နာကြရန်နှင့် ၎င်းကတားမြစ်သောအရာမှ ရှောင်ကြဉ်ရန်လိုအပ်ကြောင်း ဖော်ပြထား၏။ ဤသည်က စွန္ဒတ်သည် အစွလာမ့်ဥပဒေ၏ လွတ်လပ်သော ဇစ်မြစ်တစ်ခုဖြစ်ကြောင်းကို ခိုင်လုံစွာပြသပေသည်။

'အိဂျ်တိဟာဒ်'တွင် သဘောကွဲခြင်းသည် အပြစ်တစ်ခုမဟုတ်ပေ။

ဤအာယတ်တော်မှ ဆင်းသက်သော အခြားအခြေခံ စည်းမျဉ်းတစ်ခုမှာ အကယ်၍ 'အိဂျ်တိဟာဒ်'ပြုလုပ်ရန် အရည်အချင်းရှိကြသူများသည် အကြောင်းကိစ္စတစ်ခု၏ လုပ်ပိုင်ခွင့်ရှိခြင်း၊ မရှိခြင်းအပေါ် တစ်ဦးနှင့်တစ်ဦး သဘောထားချင်း မကိုက်ညီပါက နှစ်ဦးစလုံးတွင် အပြစ်မရှိသကဲ့သို့ 'နဟီအနင်လ်မွန်ကရ်' (တားမြစ်သော မကောင်းမှု) အခြေခံစည်းမျဉ်းကိုလည်း ဤအခြေအနေတွင် သုံး၍မရပေ။ အဘယ်ကြောင့်ဆိုသော် ဆုံးဖြတ်ချက်နှစ်ခုစလုံးသည် အလ္လာဟ်အရှင်မြတ်ထံတော်၌ အပြစ်တစ်ခု မဟုတ်သောကြောင့်ဖြစ်၏။ အာယတ်တော်(၅)၏ နိဂုံးစကားရပ်ဖြစ်သည့် "وَلِيُخْزِيَ الْفَاسِقِينَ".... ထို့ပြင်တဝ ထိုအရှင်မြတ်သည် အမိန့်တော်ကို သွေဖည်သောသူတို့အား အရှက်တကွဲဖြစ်စေတော်မူ အံ့ဝှာ ဖြစ်ပေသတည်း။"(၅၉း၅)၌ သစ်ပင်များအား ခုတ်လဲခြင်း၊ မီးရှို့ခြင်းတို့အား ပရမ်းပတာပြုလုပ်ခြင်းဟု

အနက် ကောက်၍မရနိုင်ကြောင်း ရှင်းပြထား၏။ သို့သော် ကာဖိရ်တို့ သိက္ခာကျစေရန် ထိုကဲ့သို့ပြုလုပ်ခြင်းဖြစ်သောကြောင့် တမလွန်၌ ဆုလာဘ်အကျိုးကို မျှော်ကိုးနိုင်မည်ဖြစ်၏။

ဓမ္မသတ်

ကာဖိရ်တို့၏ နေအိမ်များကို ဖြိုဖျက်ခြင်း၊ မီးရှို့ခြင်း သို့မဟုတ် ၎င်းတို့၏ သစ်ပင်များကို ခုတ်လဲခြင်း၊ မီးရှို့ခြင်း သို့မဟုတ် ၎င်းတို့၏လယ်ကွင်းများ၊ ယာခင်းများကို ဖျက်ဆီးခြင်းသည် တရားဝင်ပါသလား။ ဤမေးခွန်းအပေါ် ထိပ်တန်းအစွလာမ့်ဥပဒေပညာရှင်များသည် တစ်သဘောတည်း မဖြစ်ကြပေ။ အီမာမ်အဒ်ဖွမ်အဗူဟနီဖဟ်ﷺက ဤအရာအားလုံးလုပ်ပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်း၏။ သို့ရာတွင် ရှိုက်အိဗ်နိဟူမာမ်ﷺကမူ အထက်မှ နည်းလမ်းများကို မသုံးဘဲ ရန်သူတို့အား နှိမ်နင်းရန်၊ အနိုင်ယူရန် မဖြစ်နိုင်သောအခါမှသာလျှင်၊ သို့မဟုတ် မွတစ်လင်များ နိုင်ခြေမရှိသောအခါမှသာလျှင် ထိုနည်းလမ်းအားလုံးကို သုံးခွင့်ရှိသည်ဟု ပြဋ္ဌာန်း၏။ ဤဓမ္မသတ်၏ ရည်ရွယ်ချက်မှာ ရန်သူ၏ အင်အားနှင့် စွမ်းဆောင်ရည်ကို ဖြိုခွဲရန်ဖြစ်၏။ မွတ်စလင်တို့၏ အားထုတ်မှု မအောင်မြင်သောအခါ၊ ၎င်းတို့၏ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ဖျက်ဆီးခြင်းသည် ၎င်းတို့၏အင်အားနှင့်အစွမ်းသတ္တိကို ချိနဲ့အောင်ပြုလုပ်ခြင်းတွင် ပါဝင်လေသည်။ (မဇ်ဟရီ)

အာယတ်တော် (၆-၁၀)

وَمَآ اَفَآءَ اللّٰهُ عَلٰى رَسُوْلِهٖ مِنْهُمْ فَمَآ اَوْجَفْتُمْ عَلَيْهِ مِنْ خَيْلٍ وَّلَا رِكَابٍ
وَّلٰكِنَّ اللّٰهَ يُسَلِّطُ رُسُلَهٗ عَلٰى مَنْ يَّشَآءُ ؕ وَاللّٰهُ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ۝٦
مَآ اَفَآءَ اللّٰهُ عَلٰى رَسُوْلِهٖ مِنْ اَهْلِ الْقُرٰى فَلِلّٰهِ وَلِلرَّسُوْلِ وَلِذِى الْقُرْبٰى
وَالْيَتٰمٰى وَالْمَسٰكِيْنِ وَابْنِ السَّبِيْلِ ۙ كَىْ لَا يَكُوْنَ دُوْلَةًۢ بَيْنَ
الْاَغْنِيَآءِ مِنْكُمْ ؕ وَمَآ اٰتٰىكُمُ الرَّسُوْلُ فَخُذُوْهُ ۗ وَمَا نَهٰىكُمْ عَنْهُ
فَانْتَهُوْا ۚ وَاتَّقُوا اللّٰهَ ؕ اِنَّ اللّٰهَ شَدِيْدُ الْعِقَابِ ۝٧ لِلْفُقَرَآءِ الْمُهٰجِرِيْنَ
الَّذِيْنَ اُخْرِجُوْا مِنْ دِيَارِهِمْ وَاَمْوَالِهِمْ يَبْتَغُوْنَ فَضْلًا مِّنَ اللّٰهِ وَرِضْوَانًا
وَّيَنْصُرُوْنَ اللّٰهَ وَرَسُوْلَهٗ ؕ اُولٰٓئِكَ هُمُ الصّٰدِقُوْنَ ۚ ۝٨ وَالَّذِيْنَ تَبَوَّؤُ الدَّارَ وَ
الْاِيْمَانَ مِنْ قَبْلِهِمْ يُحِبُّوْنَ مَنْ هَاجَرَ اِلَيْهِمْ وَلَا يَجِدُوْنَ فِىْ صُدُوْرِهِمْ
حَاجَةً مِّمَّآ اُوْتُوْا وَيُؤْثِرُوْنَ عَلٰٓى اَنْفُسِهِمْ وَلَوْ كَانَ بِهِمْ خَصَاصَةٌ ؕ وَمَنْ
يُّوْقَ شُحَّ نَفْسِهٖ فَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ۚ ۝٩ وَالَّذِيْنَ جَآءُوْ مِنْۢ بَعْدِهِمْ

يَقُوْلُوْنَ رَبَّنَا اغْفِرْ لَنَا وَ لِاِخْوَانِنَا الَّذِيْنَ سَبَقُوْنَا بِالْاِيْمَانِ وَ لَا تَجْعَلْ فِيْ قُلُوْبِنَا غِلًّا لِّلَّذِيْنَ اٰمَنُوْا رَبَّنَآ اِنَّكَ رَءُوْفٌ رَّحِيْمٌ ﴿١٠﴾

ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မိမိရစ္စူလ်တမန်တော်မြတ်အား ၎င်းတို့ထံမှ 'ဖိုင်အ်'လက်ရပစ္စည်းအဖြစ် သိမ်းပိုက်စေတော်မူခဲ့သော အရာများမှာမူကား အသင်တို့သာ ယင်းပစ္စည်းများအပေါ် သို့ မြင်းများကို (စီးနင်း)မောင်းနှင်ခဲ့ကြသည်လည်း မဟုတ်ပေ၊ ကုလားအုတ်များကို (စီးနင်း) မောင်းနှင်ခဲ့ကြသည်လည်း မဟုတ်ပေ။ စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သည် မိမိရစ္စူလ်တမန်တော်များအား မိမိအလိုရှိတော်မူသော သူတို့အပေါ်ဝယ် လွှမ်းမိုးစေတော်မူ၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းနိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။[၆] အလ္လာဟ်အရှင်မြတ်သည် မိမိရစ္စူလ်တမန်တော်မြတ်အား မြို့ရွာများတွင် နေထိုင်သော သူတို့ထံမှ 'ဖိုင်အ်' လက်ရပစ္စည်း *အဖြစ် သိမ်းပိုက်စေတော်မူခဲ့သော အရာများကား အလ္လာဟ် အရှင်မြတ်နှင့်သာ သက်ဆိုင်၏။ ထို့ပြင် ရစ္စူလ်တမန်တော်မြတ်နှင့် လည်းကောင်း၊ (ထိုရစ္စူလ်တမန်တော်မြတ်၏) ဆွေရင်းသားရင်းတို့နှင့် လည်းကောင်း၊ ဖမဲ့ကလေးသူငယ်တို့နှင့် လည်းကောင်း၊ သူဆင်းရဲတို့နှင့် လည်းကောင်း၊ ခရီးသည်တို့နှင့် လည်းကောင်း၊ သက်ဆိုင်၏။ (ယင်းကဲ့သို့ ပြဋ္ဌာန်းတော်မူခြင်းမှာ) ယင်းလက်ရပစ္စည်းများသည် အသင်တို့အနက် ကုံလုံကြွယ်ဝသောသူတို့၏ အကြားဥဿာ လည်နေသောပစ္စည်းများ မဖြစ်စေရန် (ပြဋ္ဌာန်းတော်မူခြင်း)ပင်။ ထို့ပြင် အသင်တို့သည် မိမိတို့အား ရစ္စူလ်တမန်တော်မြတ်က ပေးခဲ့သည်ကို ယူကြလေကုန်။ ထိုနည်းတူစွာ ထို ရစ္စူလ်တမန်တော်မြတ်က တားမြစ်တော်မူသည်မှ ရှောင်ကြဉ်ကြလေကုန်။ ထိုမှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၇] အကြင် 'မုဟာဇိရိန်' (မက္ကာမြို့တော်မှ) ရွှေ့ပြောင်းခဲ့ကြသော သူဆင်းရဲတို့နှင့် (အထူး) သက်ဆိုင်၏။ ထိုသူတို့သည် မိမိတို့၏နေအိမ်များကို လည်းကောင်း၊ မိမိတို့၏ ပစ္စည်းဥစ္စာများကို လည်းကောင်း၊ စွန့်၍ ထွက်ခဲ့ကြရကုန်၏။ ထိုသူတို့မှာကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို လည်းကောင်း၊ ကျေနပ်မှုကိုလည်းကောင်း ရှာဖွေ ဆည်းပူးလျက်ရှိကြကုန်၏။ ထို့ပြင် ထိုသူတို့သည် အလ္လာဟ် အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစ္စူလ်တမန်တော်မြတ်အား လည်းကောင်း၊ ကူညီကြကုန်၏။ ထိုသူတို့သည်ပင်လျှင် သစ္စာဝါဒီများ ဖြစ်ကြကုန်၏။[၈] ထိုမှတပါး အကြင်သူတို့နှင့်လည်း သက်ဆိုင်၏။ ထိုသူတို့သည် ထို'မုဟာဇိရိန်'တို့ (ရောက်မလာမီကပင်) အလျင်ကပင် 'ဒါရွလ်အစ္စလာမ်'အစ္စလာမ့်မြို့ တော်၌ နေထိုင်လျက်ရှိကြကုန်၏။ 'အီမာန်'သက်ဝင်ယုံကြည်မှုတွင် ကြံ့ခိုင်စွာရှိခဲ့ကြကုန်၏။ ၎င်းတို့သည် မိမိတို့ထံ ရွှေ့ပြောင်းခဲ့ကြသော သူတို့အား ချစ်မြတ်နိုးကြ

---

* 'ဖိုင်အ်'သည် ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမရှိဘဲ မွတ်စလင်မဟုတ်သူများ ချန်ထားခဲ့သည့် မွတ်စလင်နိုင်ငံတစ်ခုက ပိုင်ဆိုင်သော လက်ရပစ္စည်းများအတွက်သုံးသည့် ဝေါဟာရတစ်ခုဖြစ်၏။ 'ဖိုင်အ်'နှင့် ဆန့်ကျင်ဘက် 'ဃနီမဟ်'(စစ်ပွဲလက်ရပစ္စည်း/သုံ့ရပစ္စည်း)သည် ယှဉ်ပြိုင်တိုက်ခိုက်ပြီး ရန်သူထံမှ သိမ်းပိုက်ရရှိသော ပစ္စည်းဖြစ်၏။ ဝနီနသွိရ်၏ ပစ္စည်းများမှာ မတိုက်ခိုက်ရဘဲ သိမ်းပိုက်ရရှိသည့် ပစ္စည်းများဖြစ်သောကြောင့် 'ဖိုင်အ်'ဖြစ်၏။ ထိုအတွက်ကြောင့် 'ဖိုင်အ်'ကို စစ်ပွဲလက်ရပစ္စည်းဟု ဘာသာမပြန်ဆိုခဲ့ခြင်းဖြစ်၏။ (မုဟမ္မဒ်တကီးအွစ်မာနီ)

ကုန်၏။ ထို့ပြင် ၎င်းတို့သည် ထို'မုဟာဂျိရီန်'များ ရရှိကြသော ပစ္စည်းများကြောင့် မိမိတို့၏စိတ်ထဲ၌ တစ်စုံတစ်ရာ မကျေနပ်မှုကို တွေ့ရှိခံစားကြရသည် မဟုတ်ပေ။ ထို့မှတပါး ၎င်းတို့သည် မိမိကိုယ်တိုင် ငတ်မွတ်နေသော်လည်း (ထိုမုဟာဂျိရီန်တို့အား) မိမိတို့ထက် ဦးစားပေးကြကုန်၏။ စင်စစ်သော်ကား မည်သူမဆို မိမိ ကိုယ်တိုင်၏ လောဘရမ္မက်ကြီးမှုနှင့် ကင်းစေခြင်းခံရလျှင် ထိုကဲ့သို့သော သူတို့သည် အောင်မြင်သောသူများ ဖြစ်ကြပေသည်။[၉] ထို့မှတပါး ၎င်းတို့နောက်လာကြသောသူတို့နှင့်လည်း သက်ဆိုင်၏။ ထိုသူတို့သည် (ဤသို့) ပန်ကြားကြကုန်၏။ အို- ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား လည်းကောင်း၊ 'အီမာန်'သက်ဝင်ယုံကြည်မှုတွင် ကျွန်တော်မျိုးထက် ဦးခဲ့ကြသော ကျွန်တော်မျိုးတို့၏ နောင်တော်တို့အား လည်းကောင်း၊ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။ ထို့မှတပါး ထိုအရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ စိတ်တွင်း ဝယ် 'မုအ်မင်န်' သက်ဝင်ယုံကြည် သူတို့နှင့် ပတ်သက်၍ ရန်ပြုံးတစ်စုံတစ်ရာကိုမျှပင် ဖြစ်ပေါ်စေ တော်မမူပါနှင့်။ အို- ကျွန်တော်မျိုး တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ မလွဲမဖေကန် အရှင်မြတ်သည် လွန်စွာသိမ်မွေ့တော်မူ သောအရှင်၊ လွန်စွာကရုဏာပြုတော်မူသောအရှင် ဖြစ်တော်မူပါသတည်း။ [၁၀]

ရှင်းလင်းဖွင့်ဆိုချက်

'ဖိုင်အ်'သဘောတရားနှင့် ယင်းအားခွဲဝေမှုဥပဒေ

"ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မိမိရစူလ်တမန်တော်မြတ်အား ၎င်းတို့ထံမှ 'ဖိုင်အ်'လက်ရပစ္စည်းအဖြစ် သိမ်းပိုက်စေတော်မူခဲ့သော အရာများမှာကား ...."(၅၉း၆)။ 'အဖါအ'ဟူသော စကားလုံးသည် 'ဖိုင်အွန်'မှ ဆင်းသက်ပြီး၊ 'ပြန်သည်'ဟု အဓိပ္ပါယ်ရ၏။ ဤသို့ကြောင့် အရာဝတ္ထုတို့၏အရိပ်များ အရှေ့ဘက်သို့ပြန်သော မွန်းလွဲချိန်ကို 'ဖိုင်အ်'ဟု ရည်ညွှန်းလေသည်။ စကြဝဠာတစ်ခုလုံး၏ ပိုင်ရှင်အစစ်အမှန်မှာ အလ္လာဟ်အရှင်မြတ်ပင်ဖြစ်၏။ အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင်က မိမိ၏တရားဥပဒေဖြင့် ယင်းတို့အား လူသားတစ်ဦး၏ပိုင်ဆိုင်မှုဖြစ်စေရန် ကြေညာတော်မူသောအခါ၊ အရာဝတ္ထုများ၏ ပိုင်ဆိုင်မှုသည် လူသားတို့၏လက်ရာအဖြစ် မှတ်ယူခြင်းခံရနိုင်ပေသည်။ သို့ရာတွင် လူသားတို့သည် မယုံကြည်သွေဖည်မှုနှင့် ရှစ်ရိက်တို့တွင် မွေ့လျော်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်အား ပုန်ကန်ကြသောအခါ၊ ၎င်းတို့၏ အသက်ဇီဝိန်များနှင့် ပစ္စည်းဥစ္စာများသည် အလ္လာဟ်အရှင်မြတ်၏ အခွင့်အာဏာဖြင့် သိမ်းယူခြင်းခံရကာ ၎င်းတို့၏ ပိုင်ဆိုင်မှုသည် ပိုင်ရှင်အစစ်အမှန်ဖြစ်သော အလ္လာဟ်အရှင်မြတ်ထံတော်သို့ ပြန်သွားလေသည်။ ဤရှုထောင့်မှကြည့် လျှင် ကာဖိရ်တို့ထံမှ ရရှိသော ပစ္စည်းအားလုံးကို 'ဖိုင်အ်'ဟု ခေါ်သင့်ပေသည်။ သို့ရာတွင် ရှရီအတ်၏ မြင့်မြတ်သော ဥပဒေက 'ဃနီမဟ်' (စစ်ပွဲလက်ရပစ္စည်း)နှင့် 'ဖိုင်အ်'ဟူသော ဝေါဟာရနှစ်ခုကြားတွင် ခြားနားမှုတစ်ခုကို ရေးဆွဲထား၏။ 'ဃနီမဟ်'သည် وَاعْلَمُوٓا۟ أَنَّمَا غَنِمْتُم مِّن شَىْءٍ "၎င်းပြင် အသင်တို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရာတွင်) တစ်စုံတစ်ရာ လက်ရပစ္စည်းများကို ရရှိခဲ့ကြ ပါလျှင် ...."(၈း၄၁) တွင် ဖော်ပြသကဲ့သို့ ယှဉ်ပြိုင်တိုက်ခိုက်၍ မွတ်စလင်မဟုတ်သူတို့ထံမှ သိမ်းပိုက်ရရှိသော ပစ္စည်း တစ်ခုကို ရည်ညွှန်း၏။ သို့ရာတွင် 'ဖိုင်အ်'သည် ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမပြုဘဲ (အသာတကြည် လက်နက်ချခြင်းကြောင့်) ရရှိသော ပစ္စည်းတစ်ခုကို ရည်ညွှန်းလေသည်။ ဤဝေါဟာရနှစ်မျိုးအား ကုရ်အာန်၌ ယင်းတို့နှင့်သက်ဆိုင်သော စည်းမျဉ်းဥပဒေများ ချမှတ်ရာတွင် အသုံးပြု၏။ စူရဟ်အလ်အန်ဖါလ်သည် စစ်ပွဲတွင် ယှဉ်ပြိုင်တိုက်ခိုက်၍ မွတ်စလင် မဟုတ်သော

ရန်သူများထံမှ သိမ်းပိုက်ရရှိသည့်ပစ္စည်း 'ဃနီမဟ်' သို့မဟုတ် စစ်ပွဲလက်ရပစ္စည်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များဖြစ်၏။ ယခုစူရဟ်သည် 'ဖိုင်အ်'နှင့်ယင်းအား ခွဲဝေပုံအကြောင်းကို ဖော်ပြသည်။ 'ဖိုင်အ်'တွင် မွတ်စလင် မဟုတ်သော ရန်သူများက နောက်တွင်ချန်ထားခဲ့ပြီး ထွက်ပြေးသွားကြသော အိမ်ခြံမြေ သို့မဟုတ် ဥစ္စာပစ္စည်းများသည် လည်းကောင်း၊ မွတ်စလင်အာဏာပိုင်တို့အား ကြည်ဖြူစွာ သို့မဟုတ် သဘောတူညီစွာဖြင့် လွှဲပြောင်းပေးအပ်သော 'ခီရာဂျ်'၊ 'ဂျိဇျိယဟ်' သို့မဟုတ် ကုန်သွယ်ခွန်ကဲ့သို့သော ပစ္စည်း သို့မဟုတ် ဓနဥစ္စာ ပါဝင်လေသည်။

مَآ اَفَآءَ اللّٰهُ عَلٰى رَسُوْلِهٖ مِنْ اَهْلِ الْقُرٰى "အလ္လာဟ်အရှင်မြတ်သည် မိမိရာဇလ်တမန်တော်မြတ်အား မြို့ရွာများတွင် နေထိုင်သောသူတို့ထံမှ 'ဖိုင်အ်' လက်ရပစ္စည်းအဖြစ် သိမ်းပိုက်စေတော်မူခဲ့သော အရာများကား အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်၏။ ...."(၅၉း၇)။ 'အဟ်လွလ်ကုရာ' 'မြို့များမှလူများ'ဟူသော စကားရပ်သည် ၎င်းတို့၏ ပစ္စည်းများနှင့် ဥစ္စာဓနများကို စစ်မတိုက်ရဘဲနှင့် သိမ်းပိုက်ခံခဲ့ရသော ဗနူနသ္ဒီရ်နှင့် ဗနူကုရိုင်ဇဟ်တို့ကဲ့သို့သော ဂျူးမျိုးနွယ်စုများကို ရည်ညွှန်း၏။ လက်ရပစ္စည်းနှစ်မျိုး နှစ်စားကို ခွဲဝေပုံနှင့်စပ်လျဉ်းသည့် ဥပဒေများမှာ ကွာခြားပေသည်။ 'ဃနီမဟ်' (စစ်ပွဲလက်ရပစ္စည်း)နှင့် မတူသော အချက်မှာ 'ဖိုင်အ်'ကို 'မုဂျာဟီဒီးန်' (စစ်ပွဲတွင်ပါဝင်တိုက်ခိုက်သူများ)အား ခွဲဝေပေးခြင်းမပြုချေ။ ၎င်းအလိုရှိသူများကို ၎င်းအလိုရှိသလောက်ပေးရန် သို့မဟုတ် ၎င်း၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ၎င်းကိုယ်အတွက် ထိန်းသိမ်းထားရန် တမန်တော်မြတ်ﷺအား အခွင့်အာဏာ အပြည့်အဝပေးတော်မူသည်။ သို့ရာတွင် အကျိုးခံစားရသူများ၏ အဆင့်အတန်း အချို့ကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြထား၏။ 'ဖိုင်အ်'ကို သတ်မှတ်ထားသော အဆင့်အတန်းများ ငါးရပ်အရ ခွဲဝေပေးရမည် ဖြစ်လေသည်။

ပြီးခဲ့သည့် အာယတ်တော်များက 'ဖိုင်အ်'နှင့်စပ်လျဉ်းသော စည်းမျဉ်းဥပဒေများ၊ ယင်း၏အကျိုးကို ခံစားခွင့်ရှိသူများနှင့် ယင်းအားခွဲဝေပေးပုံပေးနည်းများကို ချမှတ်ခဲ့သည်။ အသေးစိပ်အချို့ကို မအ်ရိဖုလ်ကုရ်အာန်၊ တွဲ-၄၊ စာ-၁၄၈-၁၅၁၊ မြန်မာဘာသာပြန် အတွဲ ၇၊ စာ (၁၆၆-၁၇၂) စူရဟ်အလ်အန်ဖါလ်၏ အစတွင်လည်းကောင်း၊ အာယတ်တော် (၄၁)၊ စာ-၂၂၁-၂၂၉၊ မြန်မာဘာသာပြန် အတွဲ ၇၊ စာ ၂၄၇-၂၅၆ ၌လည်းကောင်း တွေ့နိုင်ပါသည်။ မှတ်ထားအပ်သည်မှာ စူရဟ်အလ်အာန်ဖါလ်မှ 'ဃနီမဟ်၏ခွမ်စ်' (ငါးပုံတစ်ပုံ)နှင့် စပ်လျဉ်းသော စကားအသုံးအနှုန်းသည် ယခုအာယတ်တော်မှ 'ဖိုင်အ်'၏ စကားအသုံးအနှုန်းနှင့် တစ်ထပ်တည်းနီးပါးတူခြင်းဖြစ်၏။ နှိုင်းယှဉ်ကြည့်ကြပါစို့။
အာယတ်တော် ၈း၄၁ က-

وَاعْلَمُوْٓا اَنَّمَا غَنِمْتُمْ مِّنْ شَيْءٍ فَاَنَّ لِلّٰهِ خُمُسَهٗ وَلِلرَّسُوْلِ وَلِذِي الْقُرْبٰى وَالْيَتٰمٰى وَالْمَسٰكِيْنِ وَابْنِ السَّبِيْلِ

"အသင်တို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရာတွင်) တစ်စုံတစ်ရာ လက်ရပစ္စည်းများကို ရရှိခဲ့ကြပါမူ ထိုပစ္စည်းများအနက် ငါးပုံတစ်ပုံကို ဇကာနှင်စစ် အလ္လာဟ်အရှင်မြတ်သည် လည်းကောင်း၊ ရာစူလ်တမန်တော်မြတ် သည် လည်းကောင်း၊ (ရာစူလ်တမန်တော်၏) ဆွေရင်းသားရင်းတို့သည် လည်းကောင်း၊ ဘမဲ့ကလေးငယ်တို့သည် လည်းကောင်း၊ သူဆင်းရဲတို့သည် လည်းကောင်း၊ ခရီးသည်တို့သည် လည်းကောင်း၊ ပိုင်ဆိုင်ကြသည်ကို (ကောင်းစွာ) သိရှိထားကြလေကုန်။ ...."(၈း၄၁)ဟု မိန့်ဆိုပြီး၊ အာယတ်တော် ၅၉း၇ က-

"အလ္လာဟ်အရှင်မြတ်သည် မိမိရာဇလ်တမန်တော်မြတ်အား မြို့ရွာများတွင် နေထိုင်သောသူတို့ထံမှ 'ဖိုင်အ်' လက်ရပစ္စည်းအဖြစ် သိမ်းပိုက်စေတော်မူခဲ့သော အရာများကား အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်သည်။ ထို့ပြင် ရာစူလ်တမန်တော်မြတ်နှင့် လည်းကောင်း၊ (ထိုရာစူလ်တမန်တော်မြတ်၏) ဆွေရင်းသားရင်းတို့နှင့် လည်းကောင်း၊ ဘမဲ့ကလေးသူငယ်တို့နှင့် လည်းကောင်း၊ သူဆင်းရဲတို့နှင့် လည်းကောင်း၊ ခရီးသည်တို့နှင့် လည်းကောင်း သက်ဆိုင်၏။ ...."(၅၉း၇)ဟု မိန့်ဆို၏။ အာယတ်တော်နှစ်ပါးစလုံးက အကျိုးခံစားရသူ အတန်းအစား(၆)မျိုးကို ဖော်ပြထား၏။ ယင်း

တို့မှာ အလ္လာဟ်အရှင်မြတ်၊ ရစူလ်တမန်တော်၊ ဆွေမျိုးများ၊ မိဘမဲ့ကလေးများ၊ ဆင်းရဲသားများနှင့် ခရီးသည်တို့ ဖြစ်ကြသည်။ အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းမှုအပေါင်း၏ အရှင်သခင်ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ ဝေစုဝေပုံများနှင့် ဆက်နွယ်၍ အလ္လာဟ်အရှင်မြတ်၏ နာမတော်အား ကောင်းချီးမင်္ဂလာ သို့မဟုတ် ကောင်းချီးမင်္ဂလာ အတွက် ကျေးဇူးစကားအနေဖြင့် ဖော်ပြ၏။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ နာမတော်နှင့် တွဲဖက်ခံရသော ဥစ္စာဓနသို့မဟုတ် ပစ္စည်းသည် ဤနည်းအားဖြင့် ဂုဏ်ကျက်သရေနှင့် ထူးခြားခြင်းများကို ရရှိလေသည်။ ထို့ပြင် ဥစ္စာဓနသည် ဟလာလဖြစ်ပြီး၊ သန့်စင်ကြောင်းကိုလည်း ညွှန်ပြ၏။ ဤသည်မှာ သာဝကကြီး ဟစန်အလ်ဗဆ်ရီ၊ ကတာဒဟ်၊ အတွာအ်၊ အိဗ်ရာဟင်မ်၊ ရှအ်ဗီနှင့် ရှင်းလင်းဖွင့်ဆိုသူအများ၏ ယူဆချက်ပင်ဖြစ်လေသည်။ (မဇ်ဟရီ)

စူရဟ်အလ်အန်ဖါလ်၏ ရှင်းလင်းဖွင့်ဆိုချက်၌ အလ္လာဟ်အရှင်မြတ်၏ နာမတော်ကို ဖော်ပြခြင်းဖြင့် ဥစ္စာဓနသည် မည်ကဲ့သို့ဂုဏ်ရှိပြီး ထူးခြားသွားသည့်အကြောင်းကို အပြည့်အစုံ ရှင်းပြသည်မှာ အတိုချုပ်အားဖြင့် အောက်ပါအတိုင်းဖြစ်သည်။ တမန်တော်များသည် ဆွဒကာတ်နှင့် အလ္ဖျဒါနများကို ယင်းတို့သည် မွတ်စလင်တို့၏ သန့်စင်သော ဥစ္စာပစ္စည်းမှ သက်ဆင်းသည်ဖြစ်စေကာမူ လက်ခံရယူခွင့်မရှိချေ။ မေးစရာရှိလာနိုင်သည်မှာ တမန်တော်မြတ်ﷺအတွက် ကာဖိရ်တို့ထံမှ သက်ဆင်းသော 'ဃနီမဟ်'နှင့် 'ဖိုင်အ်'တို့အား အဘယ်ကဲ့သို့ တရားဝင်အောင် ပြုလုပ်ထားပါသနည်း။ ဤသံသယအား အာယတ်တော်၏အစတွင် အလ္လာဟ်အရှင်မြတ်၏ နာမတော်ကို ဖော်ပြခြင်းဖြင့် ဖယ်ရှားနိုင်ပေသည်။ ဆိုလိုရင်းမှာ အလ္လာဟ်အရှင်မြတ်သည် စကြဝဠာတစ်ခုလုံး၏ပိုင်ရှင် ဖြစ်တော်မူသည်။ အချို့သော အရာများကို လူသားတို့ပိုင်ဆိုင်လာရခြင်းမှာ အလ္လာဟ်အရှင်သည် မိမိ၏ကျေးဇူးတော်ဖြင့် ယင်းတို့အား လူသား၏ပိုင်ဆိုင်မှုအဖြစ် ပြောင်းပေးတော်မူသောကြောင့် ဖြစ်၏။ သို့ရာတွင် လူသားတို့၏ တစ်စိပ်တစ်ပိုင်းက အလ္လာဟ်အရှင်မြတ်အား ပုန်ကန်ကြသောအခါ၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် ၎င်းတို့အား ဂျိဟာဒ်စစ်ပွဲ ဆင်နွှဲစေတော်မူခဲ့သည်။ စစ်ပွဲကာလအတွင်း ၎င်းတို့၏ အသက်ဇီဝိန်များနှင့် ပိုင်ဆိုင်မှုများသည် အလေးထားအပ်သည့် အရာများ မဟုတ်တော့ဟု ဆိုလိုသည်။ ဤနည်းအားဖြင့် ၎င်းတို့၏ ဓနဥစ္စာအားလုံးသည် အကြွင်းမဲ့အာဏာကို ပိုင်ဆိုင်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် သိမ်းယူခြင်းခံရလေသည်။ သိမ်းယူခံရသော ပစ္စည်းများသည် 'ဃနီမဟ်' (စစ်ပွဲလက်ရပစ္စည်း) ဟု အမည်တပ်ခံရပြီး၊ ကာဖိရ်တို့၏ ပိုင်ဆိုင်မှုအဖြစ်မှ ချုပ်ငြိမ်းသွားကာ အလ္လာဟ်တစ်ပါးတည်း၏ ပိုင်ဆိုင်မှုအောက်သို့ သီးခြားစီရောက်ရှိခဲ့သည်။ ဆိုခဲ့သည့်အတိုင်း 'ဖိုင်အ်'ဟူသော စကားလုံးတွင် 'ပြန်ပေးခြင်း' အဓိပ္ပါယ်ပါဝင်၏။ ပစ္စည်းဥစ္စာ၏ပိုင်ဆိုင်မှုကို မူလပိုင်ရှင်ဖြစ်သော အလ္လာဟ်အရှင်မြတ်ထံတော်သို့ ပြန်လည်အပ်နှံရသောကြောင့် ထိုသို့ခေါ်ခြင်းဖြစ်၏။ မည်သည့်လူသားမျှ 'ဖိုင်အ်'၏ပိုင်ရှင်ဖြစ်ခွင့်မရှိပါချေ။ ယင်း၏ဝေစုကို လက်ခံရရှိသူသည်အလ္လာဟ်အရှင်မြတ်ထံတော်မှ တိုက်ရိုက်ရမည် ဖြစ်သောကြောင့် ယင်းဝေစုသည် အလ္လာဟ်အရှင်မြတ်၏ တိုက်ရိုက်လက်ဆောင်ဖြစ်သော ရေနှင့် အလေ့ကျပေါက်သော မြက်ပင်များကဲ့သို့ပင် တရားဝင်ဖြစ်ပြီး သန့်စင်လေသည်။

အတိုချုပ်အားဖြင့် အလ္လာဟ်အရှင်မြတ်၏ နာမတော်ကို ဖော်ပြခြင်းက ပစ္စည်းအားလုံးကို အလ္လာဟ်အရှင်မြတ်ပိုင်ဆိုင်တော်မူပြီး အကျိုးခံစားသူများအား အလ္လာဟ်အရှင်မြတ်၏ ကိုယ်စားပေးအပ်ခြင်းဖြစ်၏။ ယင်း(ဝေစု)သည် 'ဆွဒကာ' သို့မဟုတ် 'ခိုင်ရာတ်'(အလ္ဖျဒါန) မဟုတ်ပါချေ။

အကျိုးခံစားရသော ကျန်အမျိုးအစား(၅)မျိုးမှာ (၁) ရစူလ်တမန်တော် (၂) ဆွေမျိုးများ (၃) မိဘမဲ့ကလေးများ (၄) ဆင်းရဲသားများနှင့် (၅) ခရီးသည်တို့ဖြစ်ကြသည်။ အာယတ်တော်(၈း၄၁)တွင် သတ်မှတ်ခဲ့သည့် 'ခုမ်စ်' (၅ ပုံ ၁ ပုံ) အကျိုးခံစားရသော အတန်းအစားများကိုပင် 'ဖိုင်အ်'ပစ္စည်းအတွက်လည်း သတ်မှတ်တော်မူခဲ့သည်။ 'ဃနီမဟ်'နှင့် 'ဖိုင်အ်'ပစ္စည်းများနှင့် သက်ဆိုင်သော စည်းမျဉ်းများသည် လုံးဝအတူတူပင်ဖြစ်၏။ ယင်းပစ္စည်းများသည် တမန်တော်

မြတ်ﷺ၏ အခွင့်အာဏာ၌ လည်းကောင်း၊ ၎င်း၏နောက်သမ္မတကြီးများ၏ ခလိဖဟ် အခွင့်အာဏာ၌ လည်းကောင်း ရှိပေသည်။ အခွင့်အာဏာရှိသူက ယင်းတို့အား မွတ်စလင်တို့၏ အကျိုးအတွက် ထိန်းသိမ်းထားနိုင်သည် သို့မဟုတ် မည်သူကိုမျှ မည်သည့်အရာကိုမျှ မပေးအပ်ဘဲ 'ဗိုင်တွလ်မာလ်'(ပြည်သူ့ဘဏ္ဍာတိုက်)၌ အပ်နှံထားနိုင်သည် သို့မဟုတ် ယင်းတို့အား ခွဲဝေပေးနိုင်လေသည်။ ခွဲဝေပေးမည်ဟု ဆုံးဖြတ်ပါက သတ်မှတ်ထားသော အတန်းအစား(၅) ခုအား ခွဲပေးရမည်ဖြစ်၏။ (ကုရ်တူဗီ)

တရားလမ်းမှန်ကို ပြသခြင်းခံရသော သမ္မတကြီးများနှင့် အခြားမြင့်မြတ်သော သာဝကကြီးများ၏ အလေ့အထက ပြသသည်မှာ တမန်တော်မြတ်ﷺ၏ လက်ထက်တွင် 'ဖိုင်အ်'ကို ၎င်း၏အခွင့်အာဏာ၌ ထားရှိပြီး၊ ၎င်း၏ကိုယ်ပိုင်ဆုံးဖြတ်ချက်အတိုင်းဆောင်ရွက်ခဲ့သည်။ ၎င်းက သင့်တော်သလိုခွဲဝေပေးနိုင်ခဲ့သည်။ ၎င်းကွယ်လွန်ပြီးနောက် ၎င်း၏သမ္မတကြီးများက 'ဖိုင်အ်'ကို ထိန်းချုပ်ပြီး၊ ၎င်းတို့၏အကောင်းဆုံး ဆုံးဖြတ်ချက်နှင့်အညီ ခွဲဝေပေးခဲ့လေသည်။

တမန်တော်မြတ်ﷺ ကွယ်လွန်ပြီးနောက် ၎င်း၏လက်ရပစ္စည်းဝေစုမှာ ရပ်စဲသွားခဲ့သည်။ အာယတ်တော်မှ 'ဆွေမျိုးသားချင်းများ'ဟူသော စကားလုံးသည် တမန်တော်မြတ်ﷺ၏ ဆွေမျိုးများကို ဆိုလိုပေသည်။ ၎င်းတို့အား လက်ရပစ္စည်းမှ ဝေစုတစ်စုပေးရသည့် အကြောင်းရင်း ၂ ခုရှိ၏။ (၁) ပထမအနေဖြင့် ၎င်းတို့သည် တမန်တော်မြတ်ﷺအား ၎င်း၏အစွမ်းလွှမ်းမိုးရှားမှုများတွင် ကူညီပံ့ပိုးခဲ့ကြသောကြောင့်ဖြစ်၏။ ထို့ကြောင့် တမန်တော်မြတ်ﷺ၏ ချမ်းသာသော ဆွေမျိုးများပင် လက်ရပစ္စည်းဝေစုတစ်စု ရလေ့ရှိခဲ့၏။ (၂) ဒုတိယအနေဖြင့် တမန်တော်မြတ်ﷺ၏ ဆွေမျိုးသားချင်းများအဖို့ ဆွဒကတ်(အလျှဒါန)သည် ဟရာမ်ဖြစ်၏။ ထို့ကြောင့် တမန်တော်မြတ်ﷺ၏ ဆင်းရဲချို့တဲ့ သော ဆွေမျိုးများအား 'ဆွဒကဟ်'မှ မဟုတ်ဘဲ 'ဖိုင်အ်'မှ ဝေစုတစ်စု ပေးလေ့ရှိခဲ့၏။ တမန်တော်မြတ်ﷺ ကွယ်လွန်ပြီးနောက် ၎င်းအား ဆွေမျိုးများမှ ကူညီခြင်း၊ ပံ့ပိုးခြင်းများ အဆုံးသတ်သွားသဖြင့် ပထမအကြောင်းရင်းမှာ မရှိတော့ပေ။ ထို့ကြောင့် ချမ်းသာသော ဆွေမျိုးတို့၏ 'ဖိုင်အ်'မှဝေစုသည် တမန်တော်မြတ်ﷺ၏ ဝေစုကဲ့သို့ပင် ရပ်စဲခဲ့သည်။ သို့သော် ဆင်းရဲသောဆွေမျိုးများသည် ၎င်းတို့၏ ဆင်းရဲချို့တဲ့မှုကြောင့် 'ဖိုင်အ်'မှ ၎င်းတို့၏ဝေစုကို ဆက်လက်ရရှိခဲ့ကြသည်။ အခြားသော ဆင်းရဲချို့တဲ့သူများထက် တမန်တော်မြတ်ﷺ၏ ဆင်းရဲချို့တဲ့သော ဆွေမျိုးများမှာ ပို၍ဦးစားပေးခံခဲ့ကြရပေသည်။ (ဟိဒါယဟ်)။ မအ်ရိဖုလ်ကုရ်အာန်၊ တွဲ-၄၊ စာ-၂၂၈-၂၂၉ မြန်မာဘာသာပြန် အတွဲ ၇၊ စာ ၂၅၄-၂၅၆တွင် ကြည့်ပါရန်။

"....لَا يَكُوْنَ دُوْلَةً بَيْنَ الْاَغْنِيَآءِ مِنْكُمْ".... ယင်းလက်ရပစ္စည်းများသည် အသင်တို့အနက် ကုံလုံကြွယ်ဝသောသူတို့၏အကြား၌သာ လည်နေသော ပစ္စည်းများ မဖြစ်စေရန် (ပြဋ္ဌာန်းတော်မူခြင်း)ပင်။ ...."(၅၉း၇)။ 'ဒူလတ'ဟူသော စကားလုံးသည် 'တစ်လက်မှ အခြား တစ်လက်သို့ ပြောင်းနေသော ဓနဥစ္စာနှင့် ကံကောင်းခြင်းများ'ကို ရည်ညွှန်း၏ (ကုရ်တူဗီ)။ အာယတ်တော်က ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် 'ဖိုင်အ်'အတွက် သုံးစွဲရမည့် ခေါင်းစဉ်များကို ဤနည်းဖြင့် ဆုံးဖြတ်တော်မူခဲ့သည်။ သို့မှသာ ဥစ္စာဓနသည် ဆင်းရဲသားများကို တစ်ပြားမှမပေးဘဲ စိတ်တိုင်းကျသုံးစွဲမည့် ကြွယ်ဝသူများကြားတွင် လည်ပတ်နေမည် မဟုတ်တော့ပေ။ အမိုက်ခေတ်က အလေ့အထဟောင်းတစ်ခုဖြစ်သည့် အခွင့်ထူးခံများနှင့် ပစ္စည်းရှိ လူတန်းစားများတွင်သာ ဓနဥစ္စာတည်ရှိနေမှုကို အာယတ်တော်က ပယ်ဖျက်ရန် ရည်ရွယ်ခြင်းဖြစ်၏။ လူအဖွဲ့အစည်း၏ ဆင်းရဲသောအပိုင်းတွင် နိုင်ငံတော်၏ကြွယ်ဝမှုကို ခံစားပိုင်ခွင့်မရှိခဲ့ပါခေ။

ဥစ္စာဓနများ တစ်နေရာတည်းတွင် စုပုံနေခြင်းကို တိုက်ဖျက်သည့် အစ္စလာမ်၏ ထိရောက်သော စီမံချက်များ

အလ္လာဟ်အရှင်မြတ်သည်စကြဝဠာ၏ဖန်ဆင်းရှင်၊စကြဝဠာကြီးကို ချစ်မြတ်နိုးသူနှင့် ထိန်းသိမ်းစောင့်ရှောက်သူ ဖြစ်တော်မူသည်။ ထိုအရှင်သည် လူသား၏လိုအပ်ချက်ကို သိရှိတော်မူသည်။ အလ္လာဟ်အရှင်မြတ်ထံတော်၌ မုအ်မင် သို့မဟုတ် ကာဖိရ်ဖြစ်စေ၊ ဆင်းရဲသားမျိုးနွယ် သို့မဟုတ် လူချမ်းသာမျိုးနွယ်ဖြစ်စေ လူသားအားလုံးသည် အတူတူပင် ဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် လူသား၏သဘာဝနှင့် အခြေခံလိုအပ်ချက်များ ခွဲဝေမှုကို မိမိ၏လက်တော်ထဲ၌ ထားရှိတော်မူသည်။ သို့မှသာ အဆင့်အတန်းတိုင်း၊ ဒေသတိုင်း၊ အင်အားနည်းသော၊ အင်အားကြီးသော လူမျိုးတိုင်းသည် အညီအမျှ အကျိုးခံစားရမည်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ပြောင်မြောက်သော ပညာဉာဏ်တော်ဖြင့် ထိုသို့သော လိုအပ်ချက်အားလုံးကို လူသား၏ တစ်ကိုယ်ရည်ချုပ်ကိုင်မှု မပြုနိုင်အောင် ထိန်းသိမ်းထားတော်မူသည်။ မည်သည့်လူသားမျှ ဤအရာများ၏ ပိုင်ဆိုင်မှုကို မောင်ပိုင်မစီးရဲပေ။ တိုက်ခတ်လေ၊ လေထု၊ နေ၊ လ၊ ကြယ်တာရာများ၏ အလင်းရောင်နှင့် ငြိုဟ်နက္ခတ်များ၊ မိုးရေကို သယ်ဆောင်လာသော တိမ်များ စသည်တို့မရှိဘဲလျက် မည်သည့်လူသားမျှ ခဏတာပင် အသက်မရှင်နိုင်ပေ။ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်က သဘာဝသယံဇာတဟူသမျှသည် လူသားအားလုံးကို ထောက်ပံ့ရန်ဖြစ်ကြောင်း ကြေညာတော်မူသည်။ အကြီးကျယ်ဆုံးသော ရေမြေ, သနင်းပြည့်ရှင်မင်းများသည်ပင် ၎င်းတို့၏ စိုးမိုးအုပ်ချုပ်မှုအာဏာဖြင့် ထိုအရာများကို လက်ဝါးကြီးအုပ်ခြင်း၊ ရယူပိုင်ဆိုင်ခြင်း မပြုနိုင်ပေ။ အလ္လာဟ်အရှင်မြတ် ဖန်ဆင်းမှုသည် နေရာတိုင်းတွင် ယင်းတို့၏အကျိုးကို ညီမျှစွာ ခံစားစေလေသည်။

ဘဝ၏လိုအပ်ချက် ဒုတိယအမျိုးအစားမှာ မြေကမ္ဘာမှ ထုတ်လုပ်ပေးသော အရာများ၊ ဥပမာ- ရေနှင့်အစားအစာများ ဖြစ်ကြသည်။ ဤသည်ကို အများအားဖြင့် လွယ်လင့်တကူ မရနိုင်ပေ။ အစ္စလာမ့်ဥပဒေက တောင်ကုန်းများနှင့် တောင်တန်းများ၊ လူမနေသော တောကြီးမျက်မည်းများနှင့် သဘာဝစမ်းချောင်းများသည် အများပြည်သူအတွက် ထောက်ပံ့မှုများဖြစ်ကြောင်း ကြေညာခဲ့သည်။ သို့ရာတွင် ကမ္ဘာမြေ၏အချို့အစိတ်အပိုင်းများ၏တရားဝင်ပိုင်ဆိုင်ခွင့်ကို သတ်မှတ်ထားသော လူများအား အထူးဥပဒေများဖြင့် ခွင့်ပြုခဲ့သည်။ အချို့လူများကမြေကို တရားမဝင်လုယူကြသည်။ သို့သော် သဘာဝအားဖြင့် အကြီးကျယ်ဆုံး ဓနရှင်ကြီးများသည်ပင်လျှင် သူဆင်းရဲများ၊ လယ်သမားများ၊ အလုပ်သမားများ၏ အကူအညီမပါဘဲ ထိုမြေမှ အကျိုးကျေးဇူးကို ရယူခံစားနိုင်ခြင်းမရှိပေ။ သို့ဖြစ်၍ မြေပိုင်ရှင်ဖြစ်သော်လည်း ၎င်းအနေဖြင့် အခြားသော အင်အားမဲ့သူများနှင့် ဆင်းရဲသားများကို ဝေစုများ မပေးမဖြစ် ပေးရလေသည်။

တတိယအမျိုးအစားသည် ရွှေ၊ ငွေနှင့် ပိုက်ဆံများ ဖြစ်ကြသည်။ ယင်းတို့သည် ဘဝ၏အခြေခံကျသော၊ သဘာဝကျသော လိုအပ်ချက်များတွင် မပါဝင်ပေ။ သို့သော် အလ္လာဟ်အရှင်မြတ်က ယင်းတို့အား ဘဝ၏လိုအပ်ချက်မှန်သမျှကို ရယူနိုင်သည့် နည်းလမ်းများအဖြစ် ပြုလုပ်တော်မူသည်။ ရွှေနှင့်ငွေများကို မြေကြီးထဲမှ တူးဖော်ယူကြသူများသည် ထိုထိုသောစည်းမျဉ်းစည်းကမ်းများအရ ပိုင်ရှင်များဖြစ်လာကြ၏။ ၎င်း၏ပိုင်ဆိုင်ခွင့်သည် နည်းမျိုးစုံဖြင့် အခြားလူများ၏လက်သို့ လွှဲပြောင်းပေးခြင်းခံရသည်။ ယင်းတို့အား ကျယ်ကျယ်ပြန့်ပြန့် ခွဲဝေပေးပြီး၊ လူအဖွဲ့အစည်းအတွင်း လွယ်ကူစွာ လည်ပတ်နေပါက မည်သူမျှ စားရမဲ့၊ ဝတ်ရမဲ့ ဖြစ်မလာနိုင်တော့ပေ။ သို့သော် ကျွန်ုပ်တို့၏ ခေတ်အခါ၌ ဖြစ်ပျက်ပုံမှာ လောဘကြီးသော လူများသည် ဓနဥစ္စာမှ အကျိုးကျေးဇူးကို တစ်ဦးတည်း လက်ဝါးကြီးအုပ်ချင်ကြသည်။ ဤသည်က ကပ်စေးနဲခြင်းနှင့် လောဘကြီးခြင်းများမှတဆင့် လက်ဝါးကြီးအုပ်ခြင်းနှင့် ဓနဥစ္စာစုပုံခြင်းများဆီသို့ ဦးတည်လေသည်။ ရလဒ်အနေဖြင့် လူများ၏ဓနဥစ္စာသည် အနည်းငယ်သော ဓနရှင်နှင့် လုပ်ငန်းရှင်ကြီးများ၏ လက်တွင် စုပုံရှိနေပြီး၊ ဆင်းရဲနွမ်းပါးသော ကျန်လူများမှာ ဒုက္ခရောက်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံ၏

ကြွယ်ဝချမ်းသာမှုမှ ၎င်းတို့၏ဝေစုဝေပုံကို ခံစားခွင့်မရကြသောကြောင့်ဖြစ်၏။ ဤစီးပွားရေးအနေအထား၏ အကျိုးဆက်အနေဖြင့် ကွန်မြူနစ်နှင့် ဆိုရှယ်လစ်စနစ်များကဲ့သို့သဘာဝမကျသောစီးပွားရေးစနစ်များကို မွေးဖွားခဲ့ခြင်းဖြစ်လေသည်။

အခြားတစ်ဖက်မှကြည့်လျှင် အစွလာမ့်စီးပွားရေးစနစ်က တစ်ဦးစီ၏ပိုင်ဆိုင်ခွင့်ကို အမြင့်ဆုံးလေးစားမှုပြသပေသည်။ တစ်ဦးချင်းစီ၏ ဟလာလ်ပစ္စည်းသည် လူအသက်တမျှ မြင့်မြတ်ပြီး၊ အစဉ်လေးစားအပ်၏။ လူအသက်သည် အလွှာဟ်အရှင်မြတ်၏ အိမ်တော်ကဲ့သို့ မြင့်မြတ်ပြီး အစဉ်လေးစားအပ်၏။ လူတစ်ဦး၏ ပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်းအား ပြင်းထန်စွာတားမြစ်၏။ တစ်ဘက်တွင်မူ အကယ်၍ မသမာသောနည်းဖြင့် ထိုအရာကို လက်တစ်ဖက်မှ ခိုးယူပါက ပြစ်မှုဆိုင်ရာဥပဒေအရ ထိုလက်သည် ဖြတ်တောက်ခြင်းခံရ၏။ တတိယဘက်မှ သီးသန့်တစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ (သို့) အဖွဲ့အစည်းတစ်ရပ်ကသော်လည်းကောင်း သဘာဝ၏အမှီသဟဲဖြင့် ရရှိလာသော အရာများအပေါ် မောင်ပိုင်စီးကာ အများသူငါတို့ကို လက်မဲ့ဖြစ်စေခြင်း၏ တံခါးပေါက်များအားလုံးကိုလည်း ပိတ်ဆို့လိုက်ပေသည်။

ငွေတိုးချေးငှားခြင်း၊ ဈေးကစားခြင်း၊ လောင်းကစားခြင်းစသည့် မတရားသော၊ တစ်ဖက်စောင်းနင်းဖြစ်သောနည်းလမ်းဖြင့် ဥစ္စာပစ္စည်း ရှာဖွေရရှိခြင်းသည် ဥစ္စာပစ္စည်းကို လူအနည်းငယ်၏လက်ထဲတွင် စုစည်းရန်နှင့် လှည့်ပတ်စေရန် အခြေအနေတစ်ရပ်ကို ဖန်တီးပေးလေသည်။ ထိုကဲ့သို့သော အကျိုးအမြတ်များကို အစွလာမ်က ဟရာမ်ဟုသတ်မှတ်သည့်ပြင် ဟရာမ်တရားမဝင်ဖြစ်သော အလေ့အကျင့်ပေါ်တွင် အခြေခံသည့် ရောင်းဝယ်ခြင်း၊ ငှားရမ်းခြင်း၌ ငွေအပေးအယူလုပ်ခြင်းကို အမြစ်မှစ၍ ဖြတ်တောက်ပစ်လေသည်။ တရားဝင်ဟလာလ်နည်းဖြင့် ရှာဖွေရရှိသော ဥစ္စာပစ္စည်းတွင် သီးသန့်သုံးစွဲနည်းများရှိ၏။ ချို့တဲ့သူများ၊ ဆင်းရဲသားများသည် ဇကာတ်၊ အုရ်ရ်၊ ဆွဒကာတွလ်ဖိတ်ရ် (အီးဒ်ဒါန)နှင့် အမျိုးမျိုးသောဒဏ်ကြေး (အပြစ်အတွက် ပေးလျော်သည့်) ပုံစံများဖြင့် ထိုဥစ္စာပစ္စည်းတွင် ရှယ်ယာရှင်များဖြစ်ကြသည်။ ပိုလျှံသောဥစ္စာပစ္စည်းကို စေတနာအလျောက် လှူဒါန်းမှုအဖြစ် ပေးကမ်းနိုင်ပေသည်။ အကယ်၍ လူတစ်ဦးကွယ်လွန်ပြီးနောက် တန်ဖိုးရှိသော အမွေပစ္စည်းများ ချန်ထားခဲ့ပါက အလ္လာဟ်အရှင်မြတ်၏ ပညာဉာဏ်တော်ဖြင့် ချမှတ်တော်မူသည့် စည်းမျဉ်းဥပဒေများနှင့်အညီ ခွဲဝေပေးရမည်ဖြစ်၏။ အမွေပစ္စည်းများ၏ ဝေစုပိုင်ရှင်များသည် ကွယ်လွန်သူ၏ ဆွေမျိုးများဖြစ်ကြပြီး၊ ဤကိစ္စတွင် အခြေခံစည်းမျဉ်းများ 'အလ်အတ်က်ရင်ဖလ်အတ်က်ရင်' (တော်စပ်ပုံအစီအစဉ်အရ ဆွေမျိုးများ)ဖြစ်၏။ တစ်နည်းဆိုရလျှင် အမွေဆက်ခံခွင့်ဆိုင်ရာ အစွလာမ့်ဥပဒေသည် သွေးသားတော်စပ်မှုပေါ်၌ အခြေခံပြီး၊ ကွယ်လွန်သူနှင့် ပို၍သွေးနီးခြင်းက ပို၍သွေးဝေးသူကို ဖယ်ထုတ်လေသည်။ ဆင်းရဲချို့တဲ့သူများကိုမူ ယေဘုယျအားဖြင့် ဝေစုရှင်များအဖြစ် မသတ်မှတ်ချေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အား ဝေစုရှင်များအဖြစ် သတ်မှတ်ပါက သေခဲ့ဆဲဆဲပုဂ္ဂိုလ်အနေဖြင့် ၎င်းမကွယ်လွန်မီ ၎င်းပိုင်ဆိုင်သော အဖိုးတန်ပစ္စည်းများအား နည်းလမ်းတကျဖြစ်စေ၊ အမှားမှားအယွင်းယွင်းဖြစ်စေ ထုခွဲသုံးစွဲရန် လိုအပ်မှုကို သိရှိခံစားခဲ့ရပေလိမ့်မည်။ ၎င်း၏ရင်းခြာသော၊ ချစ်ခင်သောလူများသာရရှိကြောင်းကို ၎င်းမြင်ရလျှင် ဤပြင်းပြသောဆန္ဒသည် ၎င်း၏စိတ်နလုံး၌ ပေါ်ပေါက်တော့မည် မဟုတ်ပေ။

ဤနည်းလမ်းဖြင့် ဥစ္စာပစ္စည်းရရှိခြင်းက လက်ဝါးကြီးအုပ်မှုဆီသို့ သွားသောလမ်းကို ပိတ်ဆို့၏။ ဥစ္စာပစ္စည်းရရှိသည့် ဒုတိယနည်းလမ်းမှာ စစ်ပွဲနှင့်ဂျီဟာဒ်တို့ ဖြစ်ကြသည်။ ဤနည်းဖြင့်ရရှိသော အကျိုးအမြတ်များကို အစွလာမ့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွဲဝေပေး၏။ အချို့စည်းမျဉ်းများကို စူရတ်အလ်အန်ဖါလ်ထဲ၌ လည်းကောင်း၊ အချို့ကို ဤစူရတ်ထဲ၌လည်းကောင်း ချမှတ်တော်မူသည်။ တရားမျှတခြင်း၊ စည်းကမ်းတကျရှိခြင်းနှင့် စာနာယိုင်းပင်းတတ်ခြင်းများပေါ် အခြေခံသည့် အစွလာမ်၏မျှတသော စီးပွားရေးစနစ်ကို စွန့်ပစ်၍ မတရားသော၊ မမျှတသော ဥစ္စာပစ္စည်း ခွဲဝေသည့်စနစ်သစ်ကို တီထွင်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို အနှောက်အယှက်ပြုသော ထိုသူများသည် မည်မျှ

မိုက်မဲ၍ အမြင်ကျဉ်းမြောင်းလိုက်ပါသနည်း။

"....وَمَآ اٰتٰىكُمُ الرَّسُوْلُ فَخُذُوْهُ ۗ وَمَا نَهٰىكُمْ عَنْهُ فَانْتَهُوْا ۚ وَاتَّقُوا اللّٰهَ ထို့ပြင် အသင်တို့သည် မိမိ တို့အား ရစူလ်တမန်တော်မြတ်က ပေးခဲ့သည်ကို ယူကြလေကုန်၊ ထိုနည်းတူစွာ ထိုရစူလ်တမန်တော်မြတ်က တားမြစ် တော်မူသည်မှ ရှောင်ကြဉ်ကြလေကုန်။ ထိုမှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ...."(၅၉း၇)။ ဤအာယတ်တော်က 'ဖိုင်အ်'လက်ရပစ္စည်းနှင့် ဆက်စပ်၍ အကျိုးခံစားရသူများကို သတ်မှတ်တော်မူ ကြောင်း မိန့်ဆိုဟန်တူသည်။ သို့ရာတွင် မည်သည့်အကျိုးခံစားရသူက မည်မျှရထိုက်သည်ဟူသော မေးခွန်းကိုမူ တမန်တော်မြတ်ﷺ၏ ဆုံးဖြတ် ချက်အတိုင်း ရှိစေတော်မူလေသည်။ သို့ဖြစ်၍ မွတ်စလင်တို့သည် တမန်တော်မြတ် ﷺက မိမိတို့အား မပေးသောအရာ ကိုရရှိရန်အတွက် စိတ်မစောသင့်ကြောင်း အကြံပြုထား၏။ ဤအကြံပြုချက်အား اتَّقُوا اللّٰهَ(အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်လော့)ဟူသော အမိန့်ဖြင့် ဆက်လက်၍ အလေးအနက်ပြုလေ သည်။ အကယ်၍ လူတစ်ဦးသည် အကြောင်းရှာလျက် ၎င်းအားပေးအပ်သည်ထက် ပို၍ရယူပါက အလ္လာဟ်အရှင်မြတ် သည် အကြွင်းမဲ့သိတော်မူသည် ဖြစ်၍ ၎င်းအားပြစ်ဒဏ်ပေးတော်မူလိမ့်မည်ဖြစ်၏။

ရစူလ်တမန်တော်၏ အမိန့်အား ကုရ်အာန်၏ အမိန့်ကဲ့သို့ပင် နာခံရန်တာဝန်ရှိ၏။

အာယတ်တော်သည် 'ဖိုင်အ်'နှင့်ဆက်စပ်၍ ကျရောက်ခဲ့သော်လည်း ယင်း၏စကားလုံးများမှာ ယေဘုယျ သဘောဆောင်သဖြင့် ပစ္စည်းဥစ္စာအတွက် သက်သက်မဟုတ်ဘဲ အမိန့်တော်အားလုံး အကျုံးဝင်လေသည်။ သို့ဖြစ်၍ တမန်တော်မြတ်ﷺက ပေးသမျှအရာတိုင်း၊ ထောက်ပံ့မှုတိုင်း၊ အမိန့်တိုင်းကို လူများက လိုလားစွာလက်ခံကြောင်း ပြသရမည်ဖြစ်ပြီး၊ ၎င်းက တားမြစ်သော အရာတိုင်းကို ရှောင်ကြဉ်ကြရမည်ဖြစ်၏။

များစွာသော သာဝကကြီးများသည် အာယတ်တော်၏ ယေဘုယျအဓိပ္ပာယ်ပေါ်တွင် အခြေခံ၍ တမန်တော် မြတ်ﷺ၏ ပညတ်ချက်များကို ကုရ်အာန်၏ ပညတ်ချက်များကဲ့သို့ နာခံရန်တာဝန်ရှိသည်ဟု သဘောထားခဲ့ကြသည်။ ကုရ်တူဗီက ဤအာယတ်တော်မှ 'အာတာ'(ပေးသည်)၏ ဆန့်ကျင်ဘက်စကားလုံးသည် 'နဟာ'(တားမြစ်သည်)ဖြစ် ကြောင်း ပြောကြားခဲ့၏။ ဤသည်က 'အာတာ'ဟူသော ကြိယာကို 'နဟာ'(တားမြစ်သည်)၏ တိုက်ရိုက်ဆန့်ကျင်ဘက် စကားလုံးဖြစ်သော 'အမရ'(အမိန့်ပေးသည်) အဓိပ္ပာယ်ဖြင့် သုံးခြင်းဖြစ်ကြောင်း ထင်ရှားစေသည်။ ကုရ်အာန်က 'အမရ'(အမိန့်ပေးသည်)အစား 'အာတာ'(ပေးသည်)ကို သုံးခြင်းမှာ ကြိယာပါသောစာသား၏ ခေါင်းစဉ်ဖြစ်သည့် 'ဖိုင်အ်'ပစ္စည်းခွဲဝေမှုပါ အကျုံးဝင်စေရန် ဖြစ်နိုင်ပေသည်။

တစ်ခါသော် သာဝကကြီး အဗ်ဒွလ္လာမတ်စအူဒ်ﷺသည် 'အိဟ်ရာမ်'ကို ချုပ်ထည် (ထိုကဲ့သို့ဝတ်ဆင်ခွင့်မရှိ) ကဲ့သို့ ချုပ်လုပ်ဝတ်ဆင်ထားသော ပုဂ္ဂိုလ်တစ်ဦးကို မြင်တွေ့သောအခါ၊ ထိုအဝတ်အထည်များကို ချွတ်ပစ်ရန် ၎င်းအား မေတ္တာရပ်ခံခဲ့သည်။ ထိုပုဂ္ဂိုလ်က ဘုရားဖူးတစ်ဦးအဖို့ အိဟ်ရာမ်ကို ချုပ်ထည်ကဲ့သို့ ပြုလုပ်ဝတ်ဆင်ခြင်းမှ တားမြစ် သည့် ကုရ်အာန်အာယတ်တော်ကို ရွတ်ဆိုပြရန် တောင်းဆိုခဲ့၏။ ထိုအခါ သာဝကကြီး အဗ်ဒွလ္လာအိဗ်နမတ်စအူဒ်ﷺက ဤအာယတ်တော် "....وَمَآ اٰتٰىكُمُ الرَّسُوْلُ فَخُذُوْهُ ထို့ပြင် အသင်တို့သည် မိမိတို့အား ရစူလ်တမန်တော်က ပေးခဲ့သည်ကို ယူကြလေကုန်၊ ထိုနည်းတူစွာ ထိုရစူလ်တမန်တော်က တားမြစ်တော်မူသည်မှ ရှောင်ကြဉ်ကြလေကုန်။ ...."(၅၉း၇)ကို ရွတ်ဆိုခဲ့လေသည်။

တစ်ကြိမ်သော် အီမာမ်ရှာဖိအီ(ရ.အ)သည် ဝတ်ပြုရန် စုဝေးနေကြသော လူများအား 'အသင်တို့ မေးချင်ရာကို မေးကြပါ။ ကျွန်ုပ်က ကုရ်အာန်ထဲကအတိုင်း ဖြေကြားပါမည်။'ဟု ပြောကြားခဲ့၏။ ပုဂ္ဂိုလ်တစ်ဦးက 'ဘုရားဖူးတစ်ဦးသည်

အိဟ်ရာမ်ဝတ်ဆင်ရသည့် အခြေအနေတွင် နကျယ်ကောင်တစ်ကောင်ကို သတ်လိုက်ပါသည်။ ထိုကိစ္စနှင့် စပ်လျဉ်းသည့် စည်းကမ်းချက် မည်သို့ရှိပါသနည်း။ ၎ဟု မေးမြန်းခဲ့သည်။ အီမာမ်ရာဖိအီ(ရ)က ကုရ်အာန်၏ ဤအာယတ်တော် وَمَآ ءَاتَىٰكُمُ ٱلرَّسُولُ فَخُذُوهُ "…. ထို့ပြင် အသင်တို့သည် မိမိတို့အား ရစူလ်တမန်တော်က ပေးခဲ့သည်ကို ယူလေကုန်၊ ထိုနည်းတူစွာ ထိုရစူလ်တမန်တော်က တားမြစ်တော်မူသည်မှ ရှောင်ကြဉ်ကြလေကုန်။ ….”(၅၉း၇)ကို ရွတ်ဆိုပြခဲ့သည့်ပြင် နကျယ် တစ်ကောင်ကို သတ်မိခြင်းနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်ပါရှိသည့် ဟဒီးသ်တော်တစ်ရပ်ကို ပူးတွဲတင်ပြခဲ့လေသည်။ (ကုရ်တူဗီ)

لِلْفُقَرَآءِ ٱلْمُهَٰجِرِينَ (ၚင်းပြင် အထူးသဖြင့် ‘ဖိုက်အ်’) “အကြင် ‘မုဟာဂျိရိန်’ (မက္ကာမြို့တော်မှ) ရွှေ့ပြောင်းခဲ့ကြသော သူဆင်းရဲတို့နှင့် (အထူး)သက်ဆိုင်၏။ ….” (၅၉း၈)။ ဤနေရာမှစတင်၍ ရုကူအ်အဆုံးတိုင် အာယတ်တော်များသည် ဆင်းရဲနွမ်းပါးသော ပြောင်းရွှေ့လာခဲ့ကြသူများ (မုဟာဂျိရိန်)၊ ကူညီသူများ (အန်ဆာရ်)နှင့် ဤလောကသို့ ရောက်ရှိလာကြမည့် အွမ္မတ်သားများအကြောင်းကို ဖော်ပြ၏။ သဒ္ဒါအလိုအရ ‘ပြောင်းရွှေ့လာခဲ့ကြသူများအတွက်’ ဟူသော ဝိဘတ်ပုဒ်စုသည် အာယတ်တော်(၇)မှ ‘ဆွေမျိုးသား ချင်းများအတွက်’ဟူသော ဝိဘတ်ပုဒ်စု၏ ဖြည့်ဖက်တစ်ခုဖြစ်လေသည် (မဇ်ဟရီ)။ ဤအာယတ်တော်က ဆိုလိုသည်မှာ ‘ဖိုင်အ်’အကျိုးခံစားထိုက်သူများသည် ရှေ့အာယတ်တွင် ဆိုခဲ့သည့်အတိုင်း မိဘမဲ့ကလေးများ၊ သူဆင်းရဲများနှင့် ခရီးသည်များ ဖြစ်ကြသော်လည်း သာသနာ၊ ကိုယ်ပိုင်အရည်အသွေးနှင့် သာသနာ့ရေးရာ ပြီးပြည့်စုံမှုများအတွက် အလုပ်အကျွေးပြုရာတွင် ထင်ရှားသူများလည်း ဦးစားပေးခံကြရလိမ့်မည် ဖြစ်၏။

ထောက်ပံ့ရေး အလှူပစ္စည်းများကို ခွဲဝေရာတွင် အစွလာမ်အရေးဦး အလုပ်အကျွေးပြုနေကြသည့် ဆင်းရဲနွမ်းပါးသော၊ ကောင်းမြတ်သော သာသနာ့ပညာရှင်များအား ဦးစားပေးသင့်၏။

ထောက်ပံ့ရေး အလှူပစ္စည်းများ၊ အထူးသဖြင့် ‘ဖိုင်အ်’သည် ယေဘုယျအားဖြင့် ဆင်းရဲနွမ်းပါးသော မွတ်စလင်တို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဖြစ်သော်လည်း သာသနာတွင် အလုပ်အကျွေးပြုနေကြသည့် ကျောင်းသားများ၊ တတ်သိနားလည် ပညာရှင်များအား အခြားသူများထက် ပို၍ဦးစားပေးသင့်ပေသည်။ ထို့ကြောင့်ပင် အစွလာမ်အစိုးရများသည် ပညာရှင်များ၊ မုဖ်တီများနှင့် တရားသူကြီးများအား ပညာရေး၊ အစွလာမ်သာသနာပြန့်ပွားရေးနှင့် လူတို့အား ပြုပြင်ပြောင်းလဲရေး တာဝန်များကို ထမ်းဆောင်နေကြသူများအား ‘ဖိုင်အ်’ရန်ပုံငွေမှ ထောက်ပံ့ကြေးများ ပေးခဲ့၏။ အဘယ်ကြောင့်ဆိုသော် ဤအာယတ်တော်များက မြင့်မြတ်သော သာဝကကြီးများအား အတန်းအစားနှစ်မျိုး သတ်မှတ်သောကြောင့်ဖြစ်၏။ အစွလာမ်နှင့် တမန်တော်မြတ်(စ)အတွက် ကြီးမားသော စွန့်လွှတ်စွန့်စားမှု ပြုခဲ့ကြသည့် ပြောင်းရွှေ့လာခဲ့ကြသူများသည် ပထမအတန်းအစားတွင် ကျရောက်၏။ ၎င်းတို့သည် အခက်အခဲများကို ကြံကြံခံခဲ့ကြရသည်။ ၎င်းတို့၏ဥစ္စာဓနနှင့် ပိုင်ဆိုင်မှုများ၊ ၎င်းတို့၏မြေနှင့် တိုင်းဌာနီ၊ ၎င်းတို့၏ ဆွေမျိုးသားချင်းများနှင့် ချစ်ခင်ရင်နှီးသူများကို နောက်ဆုံးနှုတ်ဆက်လျက် မဒီနာမြို့သို့ ပြောင်းရွှေ့ခဲ့ကြသည်။ ပြောင်းရွှေ့လာခဲ့ကြသူ (မုဟာဂျိရိန်)တို့အား ကူညီစောင့်ရောက်ခဲ့ကြသည့် မဒီနာမြို့သား အန်ဆာရ်များသည် ဒုတိယအတန်းအစားတွင် ကျရောက်၏။ ၎င်းတို့သည် တမန်တော်မြတ်(စ)နှင့်တကွ ၎င်းနှင့်အတူ ပြောင်းရွှေ့လာခဲ့ကြသူများအား ဖိတ်ခေါ်ခဲ့ကြခြင်းဖြင့် ၎င်းတို့၏ ပတ်ဝန်းကျင်လောကတစ်ခုလုံးနှင့် ဆန့်ကျင်ဘက်ပြုခဲ့ကြ၏။ ၎င်းတို့၏ ဇည့်ဝတ်ကျေပွန်မှုသည် ကမ္ဘာ့နိုင်ငံများ၏ မှတ်တမ်းများတွင် ပြိုင်ဖက်မရှိဖြစ်ခဲ့၏။ ဤအဓိကအတန်းအစားနှစ်ခု၏နောက် တတိယအတန်းအစားတွင် အစွလာမ်

ကို လက်ခံယုံကြည်ပြီး၊ သာဝကကြီးများနောက်သို့ ဖဝါးခြေထပ် လိုက်ပါခဲ့ကြသည့်လူများ ပါဝင်၏။ နောက်ဆုံး အတန်းအစားသည် နောက်ဆုံးအချိန်နာရီ (ကိယာမတ်)ထိ နောက်မှလိုက်ပါကြမည့် မွတ်စလင်အားလုံး အကျုံးဝင်လေသည်။ အတန်းအစား(၃)ခုအကြောင်း အောက်တွင်အစဉ်အလိုက် ဆွေးနွေးတင်ပြထား၏။

အလ်မူဟာဂျိရီန် (ပြောင်းရွှေ့လာခဲ့ကြသူများ) ဝုဏ်ရည်များ

لِلْفُقَرَآءِ الْمُهٰجِرِيْنَ الَّذِيْنَ اُخْرِجُوْا مِنْ دِيَارِهِمْ وَ اَمْوَالِهِمْ يَبْتَغُوْنَ فَضْلًا مِّنَ اللّٰهِ وَ رِضْوَانًا وَّ يَنْصُرُوْنَ اللّٰهَ وَ رَسُوْلَهٗ ؕ اُولٰٓئِكَ هُمُ الصّٰدِقُوْنَ

"အကြင် 'မုဟာဂျိရီန်' (မက္ကာမြို့တော်မှ) ရွှေ့ပြောင်းခဲ့ကြသော သူဆင်းရဲတို့နှင့် (အထူး) သက်ဆိုင်၏။ ထိုသူတို့သည် မိမိတို့၏နေအိမ်များကို လည်းကောင်း၊ မိမိတို့၏ ဥစ္စာပစ္စည်းများကို လည်းကောင်း၊ စွန့်၍ ထွက်ခဲ့ကြရကုန်၏။ ထိုသူတို့မှာကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို လည်းကောင်း၊ ကျေနပ်မှုကို လည်းကောင်း၊ ရှာဖွေ ဆည်းပူးလျက် ရှိကြကုန်၏။ ထို့ပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း ကူညီကြကုန်၏။ ထိုသူတို့သည်ပင်လျှင် သစ္စာဝါဒီများ ဖြစ်ကြကုန်၏။"(၅၉း၈)။

ဤအာယတ်တော်က ပြောင်းရွှေ့လာခဲ့ကြသူတို့၏ ထူးခြားဝိသေသအားလုံးကို ဖော်ပြ၏။ ပထမဝိသေသမှာ ၎င်းတို့သည် ၎င်းတို့၏ နေအိမ်များနှင့် ဥစ္စာပစ္စည်းများမှ မောင်းထုတ်ခံခဲ့ကြရသည်။ ၎င်းတို့ကျူးလွန်သည့်အပြစ်ဟု ဆိုရမည်မှာ အစွလာမ်ကို လက်ခံယုံကြည်ခြင်းနှင့် တမန်တော်မြတ်ﷺကို ထောက်ခံခြင်းသာဖြစ်၏။ ဤအပြစ်ကြောင့် မက္ကာမြို့မှ မုရှ်ရစ်ကျားက နှိပ်စက်ကလူ ပြုလုပ်ကြသဖြင့် ၎င်းတို့၏ အိုးအိမ်များကို စွန့်ပစ်ပြီး မဒီနာမြို့သို့ ပြောင်းရွှေ့ခဲ့ကြခြင်းဖြစ်၏။ ၎င်းတို့ထဲမှ အချို့မှာ ဆာလောင်လွန်းလှသဖြင့် ကျောက်တုံးများကို ဝမ်းပိုက်၌ ချည်နှောင်ထားခဲ့ကြရသည်။ အချို့မှာ အအေးဒဏ်ကိုခံနိုင်ရန် မြေကြီးထဲတွင် ကျင်းများတူး၍ နေခဲ့ကြရသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် ဆောင်းရာသီ၏ အအေးဒဏ်ကိုခံနိုင်ရန် အဝတ်အထည်များ မရှိခဲ့ကြပေ။ (မဇ်ဟရီနှင့် ကုရ်တူဗီ)

အရေးကြီးသောအချက်- မွတ်စလင်တို့၏ ပိုင်ဆိုင်မှုများအား ကာဖိရ်တို့က ထိန်းချုပ်ခြင်းနှင့်စပ်လျဉ်းသည့် စည်းမျဉ်း ဥပဒေ

ဤအာယတ်တော်က ပြောင်းရွှေ့လာသူများကို သူဆင်းရဲများအဖြစ် ဖော်ပြထား၏။ သို့သော် အစွလာမ် ဥပဒေ၌ 'ဖကီး'ရ်(သူဆင်းရဲ)သည် ပိုင်ဆိုင်မှုဘာမျှမရှိသော ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပိုင်ဆိုင်မှုအနည်းငယ် ရှိသော်လည်း ဇကာတ်၏ နိဆွာဗ်နှင့်ညီမျှသည့် အနိမ့်ဆုံးပိုင်ဆိုင်မှုပမာဏ မရှိသောကြောင့် ဆင်းရဲနွမ်းပါးသူကို ရည်ညွှန်း၏။ သို့ရာတွင် ပြောင်းရွှေ့လာသူ အများစုသည် မက္ကာမြို့တွင်ရှိခဲ့စဉ်က ချမ်းသာကြွယ်ဝခဲ့ကြသည်။ ပြောင်းရွှေ့ပြီးသည့် နောက်၌ပင် အကယ်၍ ဥစ္စာပစ္စည်းသည် ၎င်းတို့၏ပိုင်ဆိုင်မှုအဖြစ် ဆက်၍ရှိနေပါက ၎င်းတို့တွင် ဇကာတ်၏ နိဆွာဗ် ရှိခဲ့သည်ဖြစ်၍ ၎င်းတို့အား သူဆင်းရဲဟု ရည်ညွှန်းရန် မသင့်လျော်ပေ။ သို့သော် ကုရ်အာန်က ၎င်းတို့အား သူဆင်းရဲဟု ရည်ညွှန်းခြင်းမှာ မက္ကာမြို့တွင် ၎င်းတို့ချန်ထားခဲ့သည့် ပစ္စည်းဥစ္စာနှင့် အိမ်မြေယာများကို မက္ကာမြို့သား မုရှ်ရစ်များက အပိုင်စီးလိုက်ကြသောကြောင့် မုရှ်ရစ်တို့၏ ပစ္စည်းများဖြစ်သွားခဲ့ပြီး၊ မွတ်စလင်များအနေဖြင့် ပိုင်ဆိုင်မှုကို ဆုံးရှုံးခဲ့ရကြောင်း ညွှန်ပြလေသည်။

ထို့ကြောင့် အီမာမ်အဗူဟနီဖဟ်နှင့် မာလစ်ﷺတို့က အကယ်၍ မွတ်စလင်များသည် ၎င်းတို့၏အိမ်နှင့် ဥစ္စာပစ္စည်းများကို စွန့်ပစ်ပြီး၊ အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားကြသောကြောင့် ၎င်းတို့စွန့်ပစ်ခဲ့သော အိမ်နှင့်ပစ္စည်းဥစ္စာများကို ကာဖိရ်တို့က ထိန်းချုပ်လိုက်ပါက ကာဖိရ်တို့၏ လက်တွင်းသို့ ပိုင်ဆိုင်မှု ကျရောက်သွားပြီး၊ မွတ်စလင်တို့သည် ပိုင်ဆိုင်မှုကို ဆုံးရှုံးသည်ဟု ပြဋ္ဌာန်း၏။ ထိုနည်းတူစွာ (အလ္လာဟ်အရှင် မလုပ်ပါစေနှင့်) ကာဖိရ်များက အစ္စလာမ်နိုင်ငံတစ်ခုကို အောင်နိုင်ပြီး၊ မွတ်စလင်တို့၏ အိမ်နှင့်ဓနဥစ္စာများကို အဓမ္မသိမ်းယူလိုက်ပါက၊ ထိုနိုင်ငံအား အပြည့်အဝ ထိန်းချုပ်ပြီးသည်နှင့် ကာဖိရ်တို့အား ထိုပစ္စည်းများ၏ ပိုင်ရှင်များအဖြစ် မှတ်ယူရမည် ဖြစ်ပေသည်။ သို့ဖြစ်၍ ထိုပစ္စည်းများကို ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများအား ရှရိအတ်က အသိအမှတ်ပြု၏။ ဤအကြောင်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းဖွင့်ဆိုမှုတွင် မဇ်ဟရီက ဤသဘောထားအမြင်ကို ထောက်ခံသည့် ခိုင်လုံသော ဟဒီးသ်များကို တင်ပြထားလေသည်။

ပြောင်းရွှေ့လာသူများ၏ ဒုတိယထူးခြားဝိသေသနကို "يَبْتَغُوْنَ فَضْلًا مِّنَ اللّٰهِ وَ رِضْوَانًا ...." ထိုသူတို့မှာ ကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို လည်းကောင်း၊ ကျနပ်မှုကို လည်းကောင်း၊ ရှာဖွေဆည်းပူးလျက် ရှိကြကုန်၏။ ...."(၅၉း၈)ဟု ဖော်ပြ၏။ ၎င်းတို့သည် အစ္စလာမ်ကို လက်ခံယုံကြည်ပြီး၊ ၎င်းတို့၏ နေရပ်ဌာနီနှင့် ဥစ္စာပစ္စည်းများစွန့်ပစ်၍ ပြောင်းရွှေ့လာကြစဉ်က ၎င်းတို့တွင် မည်သည့်ဖုံးကွယ်ထားသော ရည်ရွယ်ချက်မျှ မရှိခဲ့ကြပေ။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် ကျနပ်မှုကို ရရှိရန်သာ ဤသို့ပြုလုပ်ခဲ့ကြ ခြင်းဖြစ်သဖြင့် ၎င်းတို့၏ ပြည့်ဝစုံလင်မှုကို ဖော်ပြလေသည်။ 'ဖသ်လ်' (ဆုလာဘ်၊ ကျေးဇူးတော်)ဟူသော စကားလုံးကို များသောအားဖြင့် လောကီကောင်းချီးမင်္ဂလာများအတွက် လည်းကောင်း၊ 'ရစ်သွဝါန်' (ကျနပ်နှစ်သက်မှု)ကိုတမလွန်၏ ကောင်းချီးမင်္ဂလာများအတွက် လည်းကောင်း သုံး၏။ ဤရှုထောင့်မှကြည့်လျှင် ပြောင်းရွှေ့လာသူများသည် ယခင် က ၎င်းတို့၏အိုးအိမ်များကဲ့သို့သော စည်းစိမ်ချမ်းသာကို စွန့်ပစ်ခဲ့ပြီး၊ ယခုသော် ၎င်းတို့သည် အစ္စလာမ်၏ အရိပ်အာဝါသ အောက်တွင် ၎င်းတို့၏ လောကီလိုအပ်ချက်များနှင့် မလွန်၏ ကောင်းချီးမင်္ဂလာများကို ရှာဖွေလျက်ရှိကြောင်းအာယတ်တော်က ဖော်ပြပုံရ၏။ ၎င်းတို့၏ ရည်ရွယ်ချက်သည် အလ္လာဟ်အရှင်မြတ်၏ အောင်လံတံခွန်နှင့်အလ္လာဟ့်ရစူလ်တမန်တော်ﷺ၏ ဘုန်းကျက်သရေတို့အောက်တွင် လောကီဘဝ၏လိုအပ်ချက်များကို ရှာဖွေရယူရန်ဖြစ်လေသည်။

ပြောင်းရွှေ့လာသူတို့၏ တတိယထူးခြားဝိသေသကို "وَ يَنْصُرُوْنَ اللّٰهَ وَ رَسُوْلَهٗ ...." ထို့ပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း ကူညီကြကုန်၏။ ...."(၅၉း၈)ဟု ဖော်ပြ၏။ 'အလ္လာဟ်အရှင်မြတ်အား ကူညီခြင်း'သည် ထိုအရှင်မြတ်၏ သာသနာကို ကူညီခြင်းကို ဆိုလိုသည်။ ထိုသို့ကူညီရန်အတွက် ၎င်းတို့သည် ကြီးမား၍ မယုံနိုင်ဖွယ် ကိုယ်ကျိုး စွန့်မှုများကို ပြုခဲ့ကြပေသည်။

ပြောင်းရွှေ့လာသူတို့၏ စတုတ္ထထူးခြားဝိသေသကို "أُولٰٓئِكَ هُمُ الصّٰدِقُوْنَ ...." ထိုသူတို့သည်ပင်လျှင် သစ္စာဝါဒီများ ဖြစ်ကြကုန်၏။ ...."(၅၉း၈)ဟု ဖော်ပြ၏။ ထိုသူများသည် အပြောရော အလုပ်မှာပါ ရိုးသားစစ်မှန်ကြ၏။ 'ကလီမဟ်'ရွတ်ဖတ်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ့်ရစူလ်တမန်တော်ﷺတို့နှင့် ပြုလုပ်သော ပဋိညာဉ် ကို လည်း ကျေပွန်အောင် စောင့်ထိန်းကြသည့်ပြင် ပဋိညာဉ်နှင့်ပတ်သက်၍ မှန်ကန်ကြောင်း ၎င်းတို့ကိုယ်တိုင်က သက်သေပြခဲ့ကြသည်။ ဤအာယတ်တော်က ပြောင်းရွှေ့လာသော သာဝကကြီးအားလုံးသည် သစ္စာဝါဒီများ ဖြစ်ကြကြောင်း ပွင့်လင်းစွာ သက်သေထွက်ဆိုသည်။ မည်သူမဆို ၎င်းတို့အနက်မှ တစ်ဦးဦးအား လူလိမ်ဟုခေါ်ဆိုသူတစ်ဦးသည် မွတ်စလင်တစ်ဦး မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဤအာယတ်တော်ကို ငြင်းပယ်သောကြောင့် ဖြစ်၏။ (အလ္လာဟ်အရှင် မပြုလုပ်ပါစေနှင့်) ရဝါဖိဿ်တို့က ဤသာဝကကြီးများအား 'အယောင် ဆောင်များ'ဟုခေါ်ခဲ့၏။

ဤသို့ခေါ်ခြင်းက အာယတ်တော်ကို တိတိလင်းလင်း ငြင်းပယ်ခြင်းပင် ဖြစ်လေသည်။ တမန်တော်မြတ်ﷺသည် ပြောင်းရွှေ့လာသော သာဝကကြီးများအပေါ် မည်မျှလေးစား တန်ဖိုးထားသည်ဆိုသော် ၎င်းသည် အလ္လာဟ်အရှင်မြတ်ထံ ဆုမွန်ဒုအာတောင်းခံသောအခါ ၎င်းတို့၏ 'ဝစီလဟ်'ကို အကြောင်းခံ၍ ဆုပန်မည်ဖြစ်၏။ (အလ်ဗဂဝီနှင့် မဇ်ဟရီတို့ ထပ်ဆင့်တင်ပြသည်။)

အန်ဆွာရ်(ကူညီသူများ)၏ ဂုဏ်ရည်များ

"وَالَّذِينَ تَبَوَّءُو الدَّارَ وَالْإِيمَانَ مِنْ قَبْلِهِمْ ထိုမှတပါး အကြောင်သူတို့တွင်လည်း သက်ဆိုင်၏။ ထိုသူတို့သည် ထို'မုဟာဂျိရိန်'တို့ (ရောက်မလာမီ) အလျင်ကပင် 'ဒါရွလ်အစ္စလာမ်' အစ္စလာမ့်မြို့တော်၌ နေထိုင်လျက်ရှိကြကုန်၏။ 'အီမာန်'သက်ဝင်ယုံကြည်မှုတွင် ကြံ့ခိုင်စွာရှိခဲ့ကြကုန်၏။ ...."။ 'တဖေါင်ဝူအ်'ဟူသော စကားလုံးသည် 'အိမ်၌နေစေသည်'ဟု အဓိပ္ပါယ်ရ၏။ 'ဒရ်'ဟူသော စကားလုံးသည် ထူးခြားသောဂုဏ်ရှိသည့် မဒီနာမြို့ကို ရည်ညွှန်းခြင်းဖြစ်၏။ ထို့ကြောင့် အီမာမ်မာလစ်ﷺက ရှုထောင့်တစ်ခုမှကြည့်၍ မဒီနာတွိုင်ယိဗဟ်အား ကမ္ဘာပေါ်ရှိ မြို့ကြီးအားလုံးအနက် အထူးခြားဆုံးမြို့အဖြစ် သတ်မှတ်ခဲ့သည်။ ၎င်းကပြောလေ့ရှိခဲ့သည်မှာ အစ္စလာမ်ရောက်ရှိရာနေရာတိုင်း၊ ထိုပြင် မက္ကာမူကရ်ရာမဟ် အပါအဝင် မြို့တစ်မြို့ကို အောင်နိုင်လေတိုင်း ထိုအောင်နိုင်မှုသည် ဂျိဟာဒ်အားဖြင့် အောင်နိုင်ခြင်းသာလျှင်ဖြစ်၏။ မဒီနာတွိုင်ယိဗဟ်ကမူ တစ်ခုတည်းသော ခြွင်းချက်ဖြစ်လေသည်။ ယင်းမြို့အား 'အီမာန်'အားဖြင့် အောင်နိုင်ခဲ့ခြင်းဖြစ်၏။ (ကုရ်တူဗီ)

ဤအာယတ်တော်မှ 'တဖေါင်ဝူအ်'(နေအိမ်တစ်ခုထဲ၌ နေထိုင်သည်)ဟူသော စကားလုံး၏အောက်တွင် 'ဒါးရ်' (နေအိမ်)နှင့် 'အီမာန်'(ယုံကြည်သက်ဝင်မှု)ဟူသော စကားများ ပူးတွဲချိတ်ဆက်ထား၏။ ကန့်ကွက်နိုင်သည်မှာ ပုဂ္ဂိုလ်တစ်ဦး နေထိုင်သော နေရာတစ်ခုတွင် 'နေအိမ်'ကို တွေ့နိုင်သည်။ သို့သော် 'အီမာန်'သည် နေအိမ်တစ်ခုမဟုတ်ပေ။ အချို့ပညာရှင်များက ဤအနေအထားတွင် အောက်ပါကြိယာများ اَخْلَصُوْا သို့မဟုတ် تَمَكَّنُوْا ကို မြှုပ်ထားသည်ဟု ယူဆကြ၏။ ယင်းတို့က ဆိုလိုသည်မှာ '၎င်းတို့၏ နေအိမ်များတွင် နေထိုင်လျက် စစ်မှန်၍ခိုင်မာသော အီမာန်ရှင် ဖြစ်လာခဲ့ကြသူများမှာ ဤလူများ ဖြစ်ကြကုန်သည်'ဟူ၍ဖြစ်၏။ 'အီမာန်'ဟူသော စကားလုံးအား ခိုလှုံမှုကို လက်ခံသော 'ခိုင်ခံ့သည့် အိမ်တစ်လုံး'အဖြစ် တင်စား၍သုံးခြင်း ဖြစ်နိုင်ပေသည်။ 'မင်ကဗ်လိဟင်မ်'(၎င်းတို့၏အလျင်)ဟူသော စကားရပ်သည် အန်ဆွာရ်တို့၏ အခြားဝိသေသတစ်ခုဖြစ်၏။ ၎င်းတို့သည် ပြောင်းရွှေ့လာသူများ မတိုင်မီကပင် မဒီနာမြို့တွင် နေထိုင်ခဲ့ကြသည်ဟု ဆိုလို၏။ မဒီနာမြို့သည် လွန်စွာအရေးပါသော မြို့တစ်မြို့ဖြစ်သောကြောင့် ထိုမြို့သို့ ပြောင်းရွှေ့နေထိုင်ကြရန် မက္ကာမြို့မှမွတ်စလင်အားလုံး အမိန့်ပေးခံရသည်။ ဤသို့ဖြင့် ထိုမြို့သည် အစ္စလာမ်၏ ဗဟိုချက်မ ဖြစ်လာခဲ့လေသည်။

ကူညီသူများ၏ ဒုတိယထူးခြားဝိသေသကို "وَالَّذِينَ تَبَوَّءُو الدَّارَ وَالْإِيمَانَ مِنْ قَبْلِهِمْ .... ၎င်းတို့သည် မိမိတို့ထံ ရွှေ့ပြောင်းခဲ့ကြသောသူတို့အား ချစ်မြတ်နိုးကြကုန်၏။...."(၅၉း၉)ဟု ဖော်ပြ၏။ မက္ကာမြို့မှ ပြောင်းရွှေ့လာသူများသည် ၎င်းတို့၏ပိုင်ဆိုင်မှုအားလုံးကို စွန့်ပစ်လျက် ကူညီသူများထံသို့ ရောက်လာခဲ့ကြ ခြင်းဖြစ်၏။ ပုံမှန်အားဖြင့် ထိုကဲ့သို့ များပြားလှသော ဒုက္ခသည်များကို ၎င်းတို့၏မြို့တွင် နေထိုင်ခွင့်ပြုရန် မည်သည့်လူ အသိုင်းအဝိုင်းကမျှ လိုလားမည်မဟုတ်ပေ။ ထိုအစား မြို့ခံများနှင့် ပြောင်းရွှေ့လာသူများကြားမှ အချင်းများမှုများကို နေရာအနှံ့တွေ့ရပေသည်။ သို့သော် အန်ဆွာရ်တို့ကမူ ၎င်းတို့အား လှိုက်လှဲစွာ လက်ခံခဲ့ကြသည့်ပြင် မိမိတို့ပိုင်ဆိုင်သော ပစ္စည်းများကို အညီအမျှခွဝေပေးခဲ့ကြသည်။ တမန်တော်မြတ်ﷺထူထောင်ခဲ့သော မုဟာဂျိရိန်နှင့် အန်ဆွာရ်တို့ကြားမှ ချစ်ခြင်းမေတ္တာနှင့်

ညီနောင်သားချင်းနောင်ကြိုးသည် လူသားချင်းဆက်ဆံမှုသမိုင်းတွင် ပြိုင်ဘက်မရှိဖြစ်ခဲ့ကြောင်း ဤအာယတ်တော်က သက်သေခံလေသည်။မုဟာဂျိရိန် တို့အားအလုပ်ပေးလိုသည့်အန်ဆွာရ်မရှားပေ။အမှန်စင်စစ်မုဟာဂျိရိန်တစ်ဦးစီတွင် အလုပ်ပေးရန် ကမ်းလှမ်းသူ များစွာရှိသဖြင့် မဲနှိုက်ရသည့် သာဓကများရှိခဲ့၏။ အန်ဆွာရ်တစ်ဦး သည် မိမိမဲပေါက်သော မုဟာဂျိရိန်တစ်ဦးကို ရရှိလေသည်။ (မဇ်ဟရီ)

အန်ဆွာရ်တို့၏ တတိယထူးခြားဝိသေသကို- يُحِبُّوْنَ مَنْ هَاجَرَ إِلَيْهِمْ "…. ထို့ပြင် ၎င်းတို့သည် ထို'မုဟာဂျိရ်'များရရှိကြသော ပစ္စည်းများကြောင့် မိမိတို့၏စိတ်ထဲ၌ တစ်စုံတစ်ရာ မကျေနပ်မှုကို တွေ့ရှိခံစားကြရသည် မဟုတ်ပေ။ ….”(၅၉း၉)ဟူ၍ ဖော်ပြ၏။ ဤမိန့်ဆိုချက်သည် ဗနူနသ္ဒီရ်တို့ ပြည်နှင်ဒဏ်ခံရပြီး၊ ၎င်းတို့၏ သစ်သီးခြံများ၊ နေအိမ်များ မွတ်စလင်တို့၏လက်သို့ ကျရောက်ခြင်းနှင့် ပတ်သက်လေသည်။

ဗနူနသ္ဒီရ်၏ ပစ္စည်းဥစ္စာများကို ခွဲဝေခြင်း

ဆိုခဲ့သည့်အတိုင်း သက်ဆိုင်ရာ အာယတ်တော်က 'ဖိုင်အ်'လက်ရပစ္စည်းခွဲဝေခြင်းကို တမန်တော်မြတ်ﷺ အား အာဏာကုန်လွှဲအပ်လေသည်။ ထိုစဉ်က မုဟာဂျိရိန်တို့တွင် ကိုယ်ပိုင်အိမ်သော်လည်းကောင်း၊ ပစ္စည်းဥစ္စာသော်လည်းကောင်း မရှိသောအချိန်အခါဖြစ်၏။ ၎င်းတို့သည် အန်ဆွာရ်တို့၏ အိမ်များတွင် နေထိုင်ကြပြီး၊ အသက်မွေးဝမ်းကျောင်းအတွက် အန်ဆွာရ်တို့၏ စိုက်ပျိုးမွေးမြူရေးခြံများတွင် အလုပ်လုပ်ခဲ့ကြသည်။ ဗနူနသ္ဒီရ်နှင့် ဗနူကိုင်နကာအ်တို့၏ ပစ္စည်းဥစ္စာများကို 'ဖိုင်အ်'အဖြစ် ရရှိသောအခါ၊ တမန်တော်မြတ်ﷺသည် အန်ဆွာရ်တို့၏ အကြီးအကဲဖြစ်သူ သာဝကကြီး သာဗစ်အိပ်နိကိုင်စ်အိပ်နိရှမ်မာစ်ﷺအား ဆင့်ခေါ်ပြီး၊ ၎င်း၏လူများကို မိမိထံသို့ခေါ်လာရန် ပြောကြားခဲ့သည်။ ၎င်းက 'အို-အလ္လာဟ့်ရစူလ်၊ အန်ဆွာရ်များထဲမှ ကျွန်ုပ်၏မျိုးနွယ်စု ဗနူခဇ်ရဂ့်ကိုသာ ခေါ်ခဲ့ရမည်လား သို့မဟုတ် မျိုးနွယ်စုအားလုံးကို ခေါ်ခဲ့ရမည်လား'ဟု မေးမြန်းရာ ၎င်းက 'အားလုံးကိုခေါ်ခဲ့ပါ'ဟု ဖြေကြားခဲ့၏။ ၎င်းတို့အားလုံး စုဝေးရောက်ရှိခဲ့ကြသည်။ ၎င်းတို့အား တမန်တော်မြတ်ﷺက ဩဝါဒစကား မြွက်ကြားရာတွင် ၎င်းတို့၏ခိုလှုံသူ ညီနောင်များအား နေရာထိုင်ခင်းပေးသည့်အတွက် များစွာချီးကျူးဂုဏ်ယူကြောင်းနှင့် ယင်းမှာကြီးကျယ်သောဆုံးဖြတ်ချက်နှင့် သတ္တိဖြစ်ကြောင်း အန်ဆွာရ်တို့အား ပြောကြားခဲ့သည်။ ထို့နောက် ၎င်းက 'အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ဗနူနသ္ဒီရ်၏ ပစ္စည်းဥစ္စာများကို ချီးမြှင့်ပေးသနားတော်မူလိုက်သည်။ အကယ်၍ အသင်တို့ ဆန္ဒရှိကြပါက ကျွန်ုပ်သည် ပစ္စည်းဥစ္စာများကို မုဟာဂျိရိနှင့် အန်ဆွာရ်တို့အား ခွဲဝေပေးပါမည်။ ပြီးလျှင် ခိုလှုံသူတို့သည် အန်ဆွာရ်တို့၏အိမ်များတွင် ခါတိုင်းကဲ့သို့ ဆက်လက်နေထိုင်ကြပါလိမ့်မည်။ သို့တည်းမဟုတ် အသင်တို့ဆန္ဒရှိပါက ပစ္စည်းဥစ္စာများကို နေစရာအိမ်မရှိသော ခိုလှုံသူတို့အား ခွဲဝေပေးမည်။ ပြီးလျှင် ၎င်းတို့သည် အသင်တို့၏အိမ်များမှပြောင်းရွှေ့ပြီး၊ ၎င်းတို့၏ကိုယ်ပိုင်အိမ်များဖြင့် နေထိုင်ကြပါလိမ့်မည်'ဟု ပြောကြားခဲ့၏။

ဤဩဝါဒစကားကို ကြားကြပြီးနောက် အန်ဆွာရ်အကြီးအကဲများထဲမှ နှစ်ဦးဖြစ်သည့် သာဝကကြီး စအ်ဒ် အိပ်နိအုဟဒဟ်နှင့် စအ်ဒ်အိပ်နိမူအာဒ်ﷺတို့သည် မတ်တတ်ရပ်လျက် ပြောကြားခဲ့သည်မှာ 'အို-အလ္လာ့ရစူလ်၊ 'ဖိုင်အ်' ပစ္စည်းအားလုံးကို ခိုလှုံသူညီနောင်များအား ခွဲဝေပေးရန်နှင့် ၎င်းတို့အား ခါတိုင်းကဲ့သို့ ကျွန်ုပ်တို့၏အိမ်များတွင် နေထိုင်ကြစေရန်မှာ ကျွန်ုပ်တို့၏ဆန္ဒပင်ဖြစ်ပါသည်။' ထိုစကားကို အန်ဆွာရ်အားလုံး တညီတညွတ်တည်း သဘောတူညီခဲ့ကြပြီး၊ 'ဤဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့သဘောတူသည့်ပြင် နှစ်ထောင်းအားရရှိကြပါသည်'ဟု ပြောခဲ့ကြ၏။ ထိုအဖြစ်အပျက်တွင် တမန်တော်မြတ်ﷺသည် အန်ဆွာရ်များနှင့် သူတို့၏သားသမီးများအတွက် မေတ္တာရပ်ခံခဲ့သည်။ ထို့နောက် ၎င်းက 'ဖိုင်အ်'ပစ္စည်းများကို မုဟာဂျိရိန်တို့အား ခွဲဝေပေးခဲ့သည်။ အန်ဆွာရ်များထဲမှ ဆင်းရဲနွမ်းပါးသော

သာဝကကြီးစဟ်လဲအိပ်နိုဟုနဲက်ဖ်ﷺနှင့် အဗူဒူဂျာနဟ်ﷺတို့ နှစ်ဦးသာလျှင် 'ဖိုင်အဲ'မှ ထောက်ပံ့ကြေးကို လက်ခံခဲ့ကြသည်။ သာဝကကြီး စအ်ဒ်အိပ်နိမူအာသ်ﷺသည် အိပ်နိအဝိလ်ဟုကိုင်အ်၏ ဂုဏ်ထူးဆောင်များရှည်တစ်ချောင်းကို ပေးအပ်ခြင်းခံရ၏။ (မုဟမ္မဒ်အိပ်နိယူစွဖ်အတ်စ်ဆွာလိဟီ၏ စဗီအုရ်ရရှာဒ်အား ကိုးကား၍ မဇ်ဟရီတင်ပြသည်။)

يَجِدُوْنَ فِيْ صُدُوْرِهِمْ حَاجَةً مِّمَّآ اُوْتُوْا "ထိုပြင် ၎င်းတို့သည် ထို'မုဟာဂျစ်ရ်'များ ရရှိကြသော ပစ္စည်းများကြောင့် မိမိတို့၏စိတ်ထဲ၌ တစ်စုံတစ်ရာ မကျေနပ်မှုကို တွေ့ရှိခံစားကြရသည် မဟုတ်ပေ။ ...."(၅၉း၉)။ ယခုအာယတ်တော်က အန်ဆွာရ်တို့၏ စိတ်ဓာတ်ကို လေးစားချီးကျူးခြင်းဖြစ်၏။ 'လိုအပ်ချက်'ဟူသော စကားလုံးက 'လိုအပ်သော အရာမှန်သမျှ'ကို ဆိုလိုသည်။ ဤခွဲဝေမှုမှ မုဟာဂျိရ်ိန်တို့ မည်သည့်အရာကို ရကြသည်ဖြစ်စေ အန်ဆွာရ်တို့သည် ထို အရာများကို မိမိတို့အတွက် မလိုအပ်ဘိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာစွာ လက်ခံခဲ့ကြ၏။ ထိုအရာများအတွက် မနာလို ဝန်တိုစိတ်ဖြင့် မကျေမနပ်ပြောဆိုကြလိမ့်မည်ဟု စိတ်ကူး၍မျှ မရနိုင်ကြောင်း အာယတ်တော်က ဆိုလိုခြင်းဖြစ်၏။ ဘာရိန်းကို အောင်နိုင်သောအခါ ထိုစွန့်လွှတ် အနစ်နာခံသော စိတ်ဓာတ်ကိုပင် အန်ဆွာရ်တို့က ထပ်မံပြသခဲ့ကြသည်။ တမန်တော်မြတ်ﷺက ထိုဒေသမှ သိမ်းပိုက်ရရှိသော နယ်မြေတစ်ခုလုံးကို အန်ဆွာရ်တို့အား ခွဲဝေပေးလိုသည့် ၎င်း၏ ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောဆိုခဲ့သည်။ သို့သော် ၎င်းတို့က မူဟာဂျိရ်ိန်တို့အား တန်းတူခွဲဝေမပေးပါက မည်သည့် ဝေစုကိုမျှ လက်ခံလိမ့်မည် မဟုတ်ကြောင်း ယဉ်ကျေးစွာဖြင့် ငြင်းပယ်ခဲ့ကြလေသည်။

وَ يُؤْثِرُوْنَ عَلٰٓى اَنْفُسِهِمْ وَلَوْ كَانَ بِهِمْ خَصَاصَةٌ ".... ထိုမှတပါး ၎င်းတို့သည် မိမိတို့ကိုယ်တိုင် ဝတ်မှတ်နေသော်လည်း (ထိုမုဟာဂျစ်န်တို့အား) မိမိတို့ထက် ဦးစားပေးကြကုန်၏။ ...."(၅၉း၉)ဟူ၍ ဖော်ပြ၏။ 'ခဆွာဆွဟ်'ဟူသော စကားလုံးသည် 'ဆင်းရဲခြင်း'ကို ဆိုလိုသည်။ 'အိဆာရ်'ဟူသော စကားလုံးသည် 'မိမိကိုယ်တိုင်၏ဆန္ဒ၊ လိုအပ်ချက်၊ တောင့်တချက်များထက် တစ်ပါးသူတို့၏ဆန္ဒ၊ လိုအပ်ချက်၊ တောင့်တချက်များကို ပို၍ဦးစားပေးသည်။'ဟု ဆိုလိုသည်။ အာယတ်တော်၏ ဆိုလိုရင်းမှာ အန်ဆွာရ်တို့သည် မိမိတို့၏လိုအပ်ချက်များထက် တစ်ပါးသူ (မူဟာဂျိရ်ိန်)တို့၏ လိုအပ်ချက်များကို ပို၍ဦးစားပေးလေ့ရှိခဲ့ကြသည်။ ၎င်းတို့ကိုယ်တိုင်က ဆင်းရဲချို့တဲ့ကြသည့်တိုင် အန်ဆွာရ်တို့သည် မူဟာဂျိရ်ိန်တို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းကြလိမ့်မည်ဖြစ်၏။

ကုရ်အာန်အာယတ်တော်များကို အဓိပ္ပါယ်ဖွင့်ရာတွင် အဖြစ်အပျက်များအား အသေးစိပ်ပြန်ပြောပြရန် မလိုအပ်ပေ။ သို့သော် ၎င်းတို့သည် လူတန်ဖိုး၏ အမြင့်ဆုံးဒီဂရီကို ဖော်ဆောင်ကြသည့်ပြင် ၎င်းတို့၏ သက်တမ်းများတွင် ပြုပြင်ပြောင်းလဲရေးတစ်ခုကို ဖြစ်စေခဲ့သောကြောင့် ရှင်းလင်းဖွင့်ဆိုသူများ၊ အထူးသဖြင့် ကုရ်တူဗီက ဤအဖြစ်အပျက်များကို အသေးစိပ်ပြန်ပြောပြခဲ့ခြင်းဖြစ်၏။ ယင်းအဖြစ်အပျက်များအနက်မှ အချို့ကို ၎င်း၏ရှင်းလင်းဖွင့်ဆိုချက်မှ ထုတ်နုတ်၍ အောက်တွင်ဖော်ပြပါသည်။

တိရ်မိဒီ၌ သာဝကကြီး အဗူဟူရိုင်ရဟ်ﷺအား ကိုးကားလျက် မှတ်တမ်းတင်ထားသည်မှာ တစ်ညတွင် အန်ဆွာရ်တစ်ဦး၏အိမ်သို့ ဧည့်သည်တစ်ဦး ရောက်လာခဲ့သည်။ အန်ဆွာရ်တွင် ၎င်းနှင့်၎င်း၏သားသမီးများ စားလောက်ရုံသာ စားစရာရှိ၏။ ၎င်းကဝင်း၏ဇနီးအား "ကလေးတွေကို တစ်နည်းနည်းနဲ့ အိပ်အောင်လုပ်ပြီး၊ မီးအိမ်ကို ငြိမ်းလိုက်ပါ။ ထို့နောက် စားစရာကို ဧည့်သည်၏ရှေ့မှာချပြီး၊ ၎င်း၏ဝေးမှာဝင်ထိုင်ပါ၊ ဒါမှ တို့စားမှာမဟုတ်သော်လည်း တို့လည်း စားနေသည်ဟု ဧည့်သည်ကထင်ပြီး ဖြောင့်ဖြောင့်စားနိုင်မည်ဖြစ်သည်"ဟု ပြောကြားခဲ့၏။ ယင်းတွင် ယခုလက်ရှိ အာယသ်တော် ကျရောက်လာခဲ့သည်။ (တိရ်မိဒီက ဤဟဒီးသ်အား 'ဟစန်-ဆွဟီဟ်'အဆင့် သတ်မှတ်၏။)

သာဝကကြီး အဗူဟူရိုင်ရဟ်ﷺအား ကိုးကားလျက် အခြားဟဒီသ်တစ်ပုဒ်ကို တိရ်မိဒီက တင်ပြသည်မှာ ပုဂ္ဂိုလ်တစ်ဦးသည် တမန်တော်မြတ်ﷺထံသို့ လာရောက်၍ "ကျွန်ုပ်ဆာလောင်ပြီး၊ စိတ်သောကရောက်နေပါသည်"ဟု ပြောခဲ့သည်။ တမန်တော်မြတ်ﷺက မိမိ၏ကြင်ယာတော်များထဲမှ တစ်ဦးထံသို့ သတင်းပို့လိုက်သော်လည်း သူမက "ကျွန်မတို့တွင် ရေမှလွဲ၍အခြားမရှိပါ"ဟု ပြန်ကြားခဲ့၏။ ထို့နောက် ၎င်းက အခြားကြင်ယာတော်တစ်ပါးထံသို့ သတင်းပို့ပြန်ရာ သူမကလည်း ထိုအဖြေကိုပင် ပေးခဲ့သည်။ ထို့နောက် တတိယကြင်ယာတော်၊ ထို့နောက် စတုတ္ထကြင်ယာတော် စသည်ဖြင့် သစ္စာရှင်တို့၏ မိခင်မွန်အားလုံးထံသို့ သတင်းပို့ရာ အားလုံးက ရေမှလွဲ၍ ဘာမျှမရှိကြောင်း ပြန်ကြားခဲ့ကြသည်။ ထို့နောက် ၎င်းက ဝတ်ပြုရန်စုဝေးနေကြသော လူများကိုခေါ်၍ ၎င်းတို့ထဲမှ မည်သူသည် ဇည့်သည်ကို ဇည့်ခံကျွေးမွေးရန် ဆန္ဒရှိပါသနည်းဟု မေးမြန်းရာ ကြည်ညိုလေးစားအပ်သော အန်ဆွာရ်တစ်ဦးက "အို- အလ္လာဟ့်ရစူလ်၊ ကျွန်ုပ်သူ့ကို ဇည့်ခံကျွေးမွေးပါမည်"ဟု ပြောခဲ့၏။ ၎င်းက ဇည့်သည်ကို ၎င်းနှင့်အတူ ခေါ်သွားပြီး၊ ၎င်း၏ဇနီးအား စားစရာတစ်စုံတစ်ရာ ရှိပါသလားဟု မေးမြန်းရာ "ကျွန်မတို့ကလေးများစားဖို့လောက်သာ ရှိပါသည်"ဟု သူမက ပြန်ပြောခဲ့၏။ ၎င်းက ဇနီးအား ကလေးများကို အိပ်ခိုင်းရန် ပြောပြီးနောက် "စားစရာများကို ဇည့်သည်၏ရှေ့တွင် ချထားပြီး ထိုင်လိုက်ပါ။ ထို့နောက် ပြန်ထပြီး၊ မီးအိမ်ကိုငြိမ်းလိုက်ပါ။ တို့မစားဘဲနေသည်ဟု ဇည့်သည်က ထင်မသွားစေချင်ပါ။" ဟု ပြောကြားခဲ့သည်။ ဇည့်သည်က စားစရာများကို စားခဲ့သည်။ နံနက်လင်း၍ တမန်တော်မြတ်ﷺထံသို့ သာဝက ကြီးသွားသောအခါ၊ ပြီးခဲ့သောညက အခြေအနေကို ၎င်းကိုင်တွယ်ခဲ့ပုံနှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ် များစွာနှစ်သက်တော်မူကြောင်း တမန်တော်မြတ်ﷺက ၎င်းအားအသိပေးခဲ့လေသည်။

မဟ်ဒီက ကြည်ညိုလေးစားအပ်သော အန်ဆွာရ်တစ်ဦးဖြစ်သည့် သာဝကကြီး သာဗစ်အိပ်နိ်ကိုင်စ်ﷺ၏ အလားတူ အဖြစ်အပျက်တစ်ခုကို ဆင့်ပြန်သည်မှာ တစ်ညတွင် သာဝကကြီးသည် ၎င်း၏ဧည့်သည်အား မီးကိုငြိမ်း၍ ဧည့်ခံခဲ့ကြောင်းဖြစ်၏။ ဤအဖြစ်အပျက်အားလုံးတွင်ဖြည့်စွက်ချက်တစ်ခုပါရှိသည်မှာ 'အထက်ပါအာယတ်တော်သည် ဤအဖြစ်အပျက်နှင့် ဆက်စပ်၍ ကျရောက်ခဲ့သည်။' ဟူ၏။

သာဝကကြီးအပ်ဒွလ္လာအိပ်နိအုမရ်ﷺအား ကိုးကားလျက် ကူရှိုင်ရီက ဇာတ်လမ်းတစ်ပုဒ်ကို တင်ပြသည်မှာ သာဝကကြီးများထဲမှ ကြည်ညိုလေးစားအပ်သော ပုဂ္ဂိုလ်ကျော်တစ်ဦးထံသို့ လူတစ်ဦးက ဆိတ်ခေါင်းတစ်ခုကို လက်ဆောင်အဖြစ် ပေးပို့ခဲ့သည်။ သာဝကကြီးသည် မိမိ၏ညီနောင် မွတ်စလင်တစ်ဦးအကြောင်းကို စဉ်းစားမိပြီး၊ ထိုသူနှင့် ထိုသူ၏မိသားစုသည် ဤအရာကို ပို၍လိုအပ်ပေမည်ဟုတွေးလျက် ဆိတ်ခေါင်းကို ၎င်းထံသို့ ပေးပို့ခဲ့၏။ ဒုတိယသာဝကကြီးသည် ထိုအရာကို ရရှိသောအခါ၊ တတိယပုဂ္ဂိုလ်ထံသို့ ပို့ပေးပြီး၊ ၎င်းက တစ်ဖန် စတုတ္ထပုဂ္ဂိုလ်ဆီသို့ ပို့ပေးခဲ့၏။ ဤနည်းအားဖြင့် အိမ်ပေါင်း(၇)အိမ်မျှ လှည့်ပတ်ပြီးနောက်ဆုံးတွင် ပထမပုဂ္ဂိုလ်ကျော်ထံသို့ ပြန်ရောက်လာ ခဲ့လေသည်။ ဤဖြစ်ရပ်အပေါ် အကြောင်းခံ၍ အာယတ်တော် ကျရောက်လာခဲ့သည်။ သအ်လဗီကလည်း ဤဆင့်ပြန်ချက်ကို သာဝကကြီး အနာစ်ﷺအား ကိုးကားလျက် မှတ်တမ်းတင်ခဲ့၏။

သခင်မ အာအိရှာ်ﷺအား ကိုးကားလျက် အီမာမ်မာလစ်ﷺ၏ မူဝအာတ္တိတွာအ်၌ ဖော်ပြသည်မှာ သူဆင်းရဲတစ်ဦးသည် စားစရာတစ်ခုခု ရလိုခဲ့သည်။ သူမတွင် ပေါင်မုန့်တစ်လုံးသာရှိပြီး၊ ထိုနေ့က သူမ ရိုဇာဥပုသ်စောင့်ထိန်းနေခဲ့၏။ သူမက သူမ၏အစေခံမလေးအား ၎င်းကို ပေါင်မုန့်ပေးလိုက်ရန် ပြောခဲ့၏။ အစေခံမလေးက အကယ်၍ ပေါင်မုန့်ကိုပေးပစ်လိုက်ပါက ညနေဥပုသ်ဖြေချိန်တွင် စားစရာဘာမျှကျန်တော့မည်မဟုတ်ဟု ပြောသော်လည်း သခင်မ အာအိရှာ်ﷺက အတင်းအကျပ်ပြောသဖြင့် သူဆင်းရဲအား ပေါင်မုန့်ကိုပေးခဲ့သည်။ အစေခံမလေး ပြောကြားသည်မှာ 'ဤသို့ဖြစ်ပြီးနောက် လက်ဆောင်ပေးလေ့ပေးထမရှိခဲ့သော ပုဂ္ဂိုလ်တစ်ဦးသည် ဆိတ်ကောင်လုံးကင်တစ်ကောင်ကို

ပို့ပေးခဲ့၏။ ထိုဆိတ်ကောင်လုံးကင်အား အပြင်မှ (ဂျုံမှုန့်၊ ကြက်ဥ၊ နွားနို့ရောမွှေထားသော) အနှစ်ဖြင့် မံထားပြီး၊ အကောင်းဆုံးသော အာရဗ်ဟင်းလျာဖြစ်မည်ထင်ရ၏။" သခင်မ အာအိရှာ﵂က အစေခံမလေးကိုခေါ်၍ "လာစား လှည့်ပါ၊ ဤအရာက သင်မရဲ့ပေါင်မုန့်ထက် ပိုကောင်းပါသည်"ဟု ပြောကြားခဲ့၏။

နစာအီ မှတ်တမ်းတင်ခဲ့သည်မှာ တစ်ခါသော သာဝကကြီး အဗ်ဒွလ္လာအိဗ်နိအုမရ်﵁ နေမကောင်းဖြစ်ပြီး၊ စပျစ်သီးစားချင်စိတ်ပေါ်သဖြင့် စပျစ်သီးတစ်ခိုင်ကို ဒိရ်ဟမ်တစ်ပြားဖြင့် ၎င်းအတွက်ဝယ်ခဲ့၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် သူဆင်းရဲတစ်ဦးသည် တောင်းရမ်းရန် ရောက်လာခဲ့ရာ သာဝကကြီးအဗ်ဒွလ္လာဟ်အိဗ်နိအုမရ်က စပျစ်ခိုင်ကို ထိုသူအားပေးလိုက်ရန် ပြောကြားခဲ့သည်။ သာဝကကြီးများထဲမှ တစ်ပါးသည် သူတောင်းစား၏နောက်သို့တိတ်တခိုးလိုက်ပြီး ၎င်းထံမှ စပျစ်ခိုင်ကိုဝယ်ကာ သာဝကကြီး အိဗ်နိအုမရ်﵁အား ပြန်ပေးခဲ့သည်။ သို့သော် သူတောင်းစားသည် ထပ်၍ ရောက်လာပြီး တောင်းရမ်းပြန်ရာ သာဝကကြီး အိဗ်နိအုမရ်﵁က ၎င်းအား နောက်တစ်ကြိမ်ထပ်၍ ပေးခဲ့ပြန်သည်။ တစ်ဖန် တစ်စုံတစ်ယောက်က သူတောင်းစား၏နောက်မှ လျှို့ဝှက်စွာလိုက်ပြီး၊ စပျစ်ခိုင်ကို ဒိရ်ဟမ်တစ်ပြားဖြင့်ဝယ်၍ သာဝကကြီးအား ပေးခဲ့ပြန်သည်။ သူတောင်းစား တတိယအကြိမ် ရောက်လာပြန်သော် လူများကဝင်းအား တားဆီးခဲ့ကြသည်။ အကယ်၍သာ သာဝကကြီး အိဗ်နိအုမရ်﵁သည် စပျစ်ခိုင်မှာ ၎င်းကဆွဒကာအဖြစ် ပေးလှူခဲ့သော စပျစ်ခိုင်မှန်းသိခဲ့ပါက ၎င်းအနေဖြင့် ဘယ်သောအခါမျှ စပျစ်ခိုင်ကိုလက်ခံမည် မဟုတ်သကဲ့သို့ စားသုံးခဲ့မည်လည်း မဟုတ်ချေ။ ၎င်းက တစ်စုံတစ်ယောက်သည် ၎င်းအတွက် စပျစ်ခိုင်ကို ဈေးမှဝယ်ခဲ့သည်ဟု ထင်မှတ်သဖြင့် ယင်းအား စားခဲ့ခြင်း ဖြစ်ကောင်းဖြစ်ပေမည်။

၎င်း၏ဆင့်ပြန်သူ ကွင်းဆက်ကို ကိုးကားလျက် သာဝကကြီး အိဗ်နိမူဘာရက်က တင်ပြသည်မှာ တစ်ခါသော် သာဝကကြီး အုမရ်﵁သည် ဒီနာလေးထောင်ကို အိတ်တစ်လုံးဖြင့်ထည့်လျက် ၎င်း၏အစေခံအား သာဝကကြီး အဗူအုဝိုင်ဒဟ်﵁ထံသို့ လက်ဆောင်အဖြစ် ပေးပို့ခြင်းဖြစ်ကြောင်းနှင့် ထိုငွေကို ၎င်းစိတ်ကြိုက်သုံးနိုင်ကြောင်း အမှာစကားနှင့်အတူ စေလွှတ်လိုက်၏။ ထိုငွေဖြင့် ၎င်းဘာလုပ်မည်ကို သိရန်အတွက် အိမ်ထဲတွင် ခေတ္တမျှစောင့်နေရန် အစေခံအားမှာကြားလိုက်၏။ အစေခံသည် ငွေအိတ်ကို ၎င်းအားပေးပြီးနောက် မှာကြားလိုက်သည့်အတိုင်း ခေတ္တစောင့်ဆိုင်းနေခဲ့သည်။ သာဝကကြီး အဗူအုဝိုင်ဒဟ်﵁သည် ငွေအပြည့်ဖြင့်အိတ်ကိုယူပြီး၊ အလ္လာဟ်အရှင်မြတ်သည် ၎င်းအား အကျိုးဆုလာဘ် ချီးမြှင့်တော်မူပြီး၊ ၎င်းအပေါ် ကရုဏာမိုး ရွာသွန်းဖြိုးပါစေကြောင်း သာဝကကြီး အုမရ်﵁အတွက် ဆုမွန်ကောင်းတောင်းပေးခဲ့သည်။ ထို့နောက် ချက်ချင်းပင် ၎င်း၏အစေခံမိန်းကလေးကိုခေါ်၍ မည်သူ့ကို ဒီနာ(၇)ပြား၊ မည်သူ့ကို ဒီနာ(၅)ပြား စသည်ဖြင့်ပေးရန် ညွှန်ကြားလျက် ဒီနာလေးထောင်စလုံးကုန်အောင် တစ်ထိုင်တည်းနှင့် ခွဲဝေပေးခဲ့လိုက်လေသည်။

အစေခံသည် ပြန်လာခဲ့ပြီး ဖြစ်ကြောင်းကုန်စင်ကို ပြောပြခဲ့သည်။ သာဝကကြီး အုမရ်﵁က ဒီနာလေးထောင်ကို အခြားငွေအိတ်ဖြင့်ထည့်လျက် ယခင်ကအတိုင်း အမှာစကား၊ ညွှန်ကြားချက်များနှင့်အတူ သာဝကကြီး မူအာသွဲ အိဗ်နိဂျဗလ်﵁ထံသို့ စေလွှတ်ပြန်သည်။ အစေခံသည် ညွှန်ကြားချက်အတိုင်း လိုက်နာခဲ့၏။ သာဝကကြီး မူအာသွဲ အိဗ်နိဂျဗလ်﵁သည် ငွေအိတ်ကိုယူပြီး၊ သာဝကကြီး အုမရ်﵁အတွက် အလ္လာဟ်အရှင်မြတ်ထံ ဤသို့ဆုပန်ခဲ့သည်။ رحمه الله وصله (အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကရုဏာတော်ကို ၎င်းအပေါ်သို့ ကြဲဖြန့်ပြီး၊ ၎င်းအား အကျိုးဆုလာဘ် ချီးမြှင့် တော်မူပါစေ၊)။ ထို့နောက် ၎င်းသည် ချက်ချင်းပင် ထိုင်ချ၍ ငွေများကိုဝေစုများစွာပုံကာ တစ်အိမ်လျှင် ဝေစု တစ်ပုံကျ ပေးပို့ခဲ့သည်။ ဖြစ်ပျက်နေသမျှကို ၎င်း၏ဇနီးက စောင့်ကြည့်နေရင်းမှ နောက်ဆုံးတွင် သူမ၏စိတ်ကို မထိန်းနိုင်တော့ဘဲ "အလ္လာဟ်အရှင်မြတ်အားဖြင့် ကျိန်ဆိုပါသည်။ ကျွန်မတို့လည်း ဆင်းရဲသည်ဖြစ်၍ တစ်ခုခုတော့

ရသင့်ပါသည်"ဟု ဖွင့်ပြောခဲ့လေသည်။ ထိုအချိန်၌ ဒီနာနှစ်ပြားသာလျှင် အိတ်ထဲတွင် ကျန်တော့၏။ ထိုနှစ်ပြားကို ၎င်းကသူမအား ပေးခဲ့သည်။ ဖြစ်ပျက်ပုံအလုံးစုံကို မြင်တွေ့ခဲ့သော အစေခံသည် သာဝကကြီး အုမရ်ﷺထံသို့ ပြန်လာပြီး ၎င်းမြင်ခဲ့သမျှကို အစီရင်ခံခဲ့၏။ သာဝကကြီးက "၎င်းတို့သည် ညီနောင်များဖြစ်ကြ၍ ၎င်းတို့အားလုံးတွင် တူညီသောစိတ်ဓာတ် ရှိကြပေသည်"ဟု ပြောကြားခဲ့၏။

သာဝကကြီး ဟုဒိုင်ဖဟ်အဓါဝီﷺက ဆင့်ပြန်သည်မှာ 'ယရ်မူဝ် စစ်ပွဲအတောအတွင်း ကျွန်ုပ်၏ဖခင်ဘက်မှ ဦးလေး၏သား (ဝမ်းကွဲညီအစ်ကို)အား အာဇာနည်များ၏ကြားတွင် ရှာဖွေရန်သွားခဲ့သည်။ ၎င်း၏ကိုယ်ထဲတွင် နောက်ဆုံးထွက်သက် ကျန်ရှိနေသေးပါက ၎င်းအား ရေတစ်ငုံမျှ တိုက်ကျွေးရန်အတွက် ကျွန်ုပ်နှင့်အတူ ရေအနည်းငယ် ယူဆောင်သွားခဲ့သည်။ ၎င်းထံသို့ ရောက်သောအခါ၊ ၎င်းတွင် အသက်ငွေ့ငွေ့ ကျန်ရှိနေသေး၏။ ကျွန်ုပ်ကဝင်းအား ရေတစ်ငုံလောက် သောက်ချင်ပါသလားဟု မေးမြန်းရာ ၎င်းက ခေါင်းညိတ်ပြခဲ့သည်။ ၎င်း၏ပါးစပ်ထဲသို့ ရေထည့်ပေးတော့မည် ရှိသခိုက် ၎င်း၏ဘေးမှ အခြားအာဇာနည်တစ်ဦးက သက်ပြင်းတစ်ချက် ချလိုက်၏။ ကျွန်ုပ်၏ဝမ်းကွဲညီက ထိုသူအား ရေပေးရန် အရိပ်လက္ခဏာပြခဲ့သည်။ ၎င်းထံသို့ရောက်ပြီး ရေတိုက်တော့မည်ရှိစဉ် ကျွန်ုပ်သည် အခြားအာဇာနည်တစ်ဦး၏အသံကို ကြားခဲ့သည်။ ဒုတိယအာဇာနည်က ကျွန်ုပ်အား တတိယအာဇာနည်ကို ရေတိုက်ရန် အရိပ်ယောင်ပြခဲ့သည်။ ဤဖြစ်စဉ်သည် အာဇာနည်(၇)ဦးသို့တိုင် ဆက်၍ဖြစ်ခဲ့၏။ ကျွန်ုပ်က သတ္တမအာဇာနည်အား ရေတိုက်မည်ပြုသောအခါ၊ ၎င်းသည် နောက်ဆုံးထွက်သက်ကို ရှူထုတ်ခဲ့ပြီးဖြစ်၏။ ထိုနေရာမှ ကျွန်ုပ်၏ဝမ်းကွဲညီထံသို့ ပြန်လာခဲ့သောအခါ ၎င်းမှာလည်း အသက်ကုန်ခဲ့ပြီး ဖြစ်လေသည်။

ဤသည်တို့မှာ အနည်းငယ်သော အဖြစ်အပျက်များ ဖြစ်ကြ၏။ အချို့မှာ အန်ဆွာရ်များနှင့် ပတ်သက်ပြီး၊ အချို့မှာ မူဟာဂျိရိန်တို့နှင့် ပတ်သက်လေသည်။ ဤအဖြစ်အပျက်အချို့နှင့် စပ်လျဉ်း၍ ယခုအာယတ်တော် ကျရောက်ခဲ့သည်ဟု ဆိုကြ၏။ အမှန်စင်စစ် ဤဆင့်ပြန်ချက်များတွင် ကွဲလွဲဆန့်ကျင်မှု မရှိပေ။ အဘယ်ကြောင့်ဆိုသော် ဆင့်ပြန်သူတို့၏အကျင့်မှာ အခြေအနေတစ်ခုကြောင့် အာယတ်တော်တစ်ပါး ကျရောက်ခဲ့ပါက၊ ထို့ပြင် အလားတူ အဖြစ်အပျက်မျိုး အခြားအချိန်တစ်ခုတွင် ဖြစ်ပျက်ခဲ့ပါက ၎င်းတို့သည် ဒုတိယအဖြစ်အပျက်ကိုလည်း ထိုအာယတ်တော် ထုတ်ပြန်ပို့ချသည့် အကြောင်းရင်းတစ်ခုအဖြစ် ဖော်ပြလေ့ရှိကြသောကြောင့်ဖြစ်၏။ အမှန်စင်စစ် အလားတူသော အဖြစ်အပျက်အားလုံးသည် အာယတ်တော် ထုတ်ပြန်ပို့ချခြင်း၏ အကြောင်းခံဖြစ်နိုင်သည် သို့မဟုတ် အနည်းဆုံး အာယတ်တော် ပို့ချခြင်း၏ ရည်ရွယ်ချက်တွင် အကျုံးဝင်ပေသည်။

ဖြစ်နိုင်ဖွယ်ရှိသော သံသယတစ်ခုကို အပြီးတိုင်ဖယ်ရှားခြင်း

အထက်ဖော်ပြပါ မြင့်မြတ်သော သာဝကကြီးများ၏ ကိုယ်ကျိုးစွန့်မှုအကြောင်း ဆင့်ပြန်ချက်များမှ ပေါ်ပေါက်နိုင်မည့် သံသယတစ်ခုကို အပြီးတိုင်ဖယ်ရှားရန် လိုအပ်ပေသည်။ တမန်တော်မြတ်ﷺသည် မွတ်စလင်တစ်ဦး၏ ဓနဥစ္စာအားလုံးကို ပေးလှူခြင်းအား တားမြစ်ခဲ့သည်။ ဥပမာအားဖြင့် ဟဒီးသ်တစ်ရပ်၌ ဖော်ပြသည်မှာ ပုဂ္ဂိုလ်တစ်ဦးသည် ကြက်ဥအရွယ်ခန့်ရှိသော ရွှေစတစ်စကို လှူဒါန်းရန် ယူလာခဲ့၏။ တမန်တော်မြတ်ﷺက ထိုရွှေစဖြင့် ၎င်းအား ပစ်ပေါက်လျက် ပြောကြားခဲ့သည်မှာ 'အသင်တို့ထဲမှ အချို့လူများသည် အသင်တို့၏ ပစ္စည်းဥစ္စာအားလုံးကို ပေးလှူရန် ယူလာကြသည်။ ထို့နောက် အသင်တို့သည် ဆင်းရဲမွဲတေသွားပြီး လှည့်လည်တောင်းရမ်းကြသည်။' မေးခွန်းမှာ ထိုကဲ့သို့ လုပ်ရပ်မျိုးကို တားမြစ်ချက်ရှိပါလျက် အဘယ်ကြောင့် တမန်တော်မြတ်ﷺ၏ သာဝကကြီးများသည် ၎င်းတို့တွင်ရှိသမျှကို စွန့်ကြဲခဲ့ကြပါသနည်း။

ဤမေးခွန်း၏အဖြေကို ဆင့်ပြန်ချက်များမှ ကောက်ဆွဲနိုင်ပေသည်။ အမှန်စင်စစ် လူများသည် အခြေအနေ ချင်းမတူညီကြသလို ဓမ္မသတ်များသည်လည်း အခြေအနေကိုလိုက်၍ ကွဲပြားကြ၏။ တားမြစ်ချက် ဓမ္မသတ်သည် မိမိတို့၏ ပစ္စည်းဥစ္စာအားလုံးကို လှူဒါန်းပေးကမ်းလိုက်ပြီးနောက် နောင်တရမိကြသည့်ပြင် ဆင်းရဲခြင်းဒဏ်ကို မခံနိုင်ဘဲ လှည့်လည်တောင်းရမ်းသူများနှင့် သက်ဆိုင်ပေသည်။ သို့သော် မိမိတို့၏ပစ္စည်းဥစ္စာအားလုံးကို လှူဒါန်းပေး ကမ်းလိုက်ပြီးနောက် ထိုလူများသည် နောင်တရခြင်း၊ ဝမ်းနည်းပူဆွေးခြင်း သို့မဟုတ် စိတ်လှုပ်ရှားခြင်းများမဖြစ်ဘဲ တည်ငြိမ်ရဲရင့်ခြင်း၊ ခံနိုင်ရည်ရှိခြင်းများဖြင့် အခြေအနေကို ရင်ဆိုင်ကြသည်။ ထိုကဲ့သို့သော လူများအဖို့ ၎င်းတို့၏ ပစ္စည်းဥစ္စာကို အလ္လာဟ်အရှင်မြတ် လမ်းတော်၌ သုံးစွဲရန်ခွင့်ပြု၏။ သာဝကကြီး ဆိုဒ်ဒီက်အက်ဗ်ဟ်ရ်(ရ)၏ကိစ္စကို ကြည့်မည်ဆိုလျှင် ၎င်းသည် ဂျိဟာဒ်တစ်ခုအတွက် ရန်ပုံငွေများ ကောက်ခံနေချိန်တွင် ၎င်း၏ပိုင်ဆိုင်မှုအားလုံးကို ထည့်ဝင် လှူဒါန်းခဲ့သူဖြစ်၏။ အထက်တွင် ဆင့်ပြန်ခဲ့သော ဇာတ်လမ်းများသည် ဤအတန်းအစား၌ ပါဝင်လေသည်။ ထိုကဲ့သို့သော လူများသည် မိမိတို့၏ မိသားစုများကိုလည်း ဘဝ၏ဒုက္ခသုက္ခများအား တည်ငြိမ်သောသတ္တိ၊ ပြတ်သားသော ခံနိုင်ရည်များဖြင့် ရင်ဆိုင်ရန် လေ့ကျင့်ပျိုးထောင်ပေးခဲ့ကြသည်ဖြစ်၍ ၎င်းတို့၏ အခွင့်အရေးများသည် အဓမ္မ သိမ်းယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်း မခံကြရပေ။ အကယ်၍ ဥစ္စာဓနသည် ၎င်းမိသားစုတို့၏ ထိန်းချုပ်မှုအောက်၌ ရှိခဲ့မည် ဆိုပါလျှင် ၎င်းတို့ သည် ထိုအတိုင်းပင် ပြုလုပ်ခဲ့ကြမည်သာ ဖြစ်လေသည်။

မုဟာဂျိရိန်(ခိုလှုံသူများ)သည် အန်ဆွာရ်တို့၏ ကိုယ်ကျိုးစွန့်လွှတ်မှုကို အပြန်အလှန်ပေးခဲ့ကြလေသည်။

မည်သည့် လူမှုရေးလုပ်ဆောင်မှုများ သို့မဟုတ် ကိုယ်ကျိုးစွန့်များသည် တစ်ဘက်သတ်ပြုလုပ်၍ မရနိုင်ပေ။ နှစ်ဦးနှစ်ဖက်ပါဝင်မှာသာ ဖြစ်နိုင်ပေသည်။ ထို့ကြောင့် အလ္လာဟ့်ရစူလ်(ﷺ)သည် မွတ်စလင်တို့အား အချင်းချင်း အပြန် အလှန် လက်ဆောင်ဖလှယ်ကြရန် တိုက်တွန်းခဲ့လေသည်။ ဤနည်းဖြင့် ၎င်းတို့အချင်းချင်း ချစ်ခင်မှုကို တိုးပွားစေမည် ဖြစ်၏။ အကယ်၍ မွတ်စလင်တစ်ဦးက အခြားတစ်ဦးအား လက်ဆောင်ပေးပါက ၎င်းအနေဖြင့် ချစ်ကြည်ရေး၏ ပြယုဂ် တစ်ခုအနေဖြင့် လက်ဆောင်ပြန်၍ပေးသင့်၏။ အကယ်၍၎င်းအား အလ္လာဟ်အရှင်မြတ်က ပစ္စည်းဥစ္စာပေါများစွာ ပေး သနားတော်မူပါက ထိုပစ္စည်းဥစ္စာအား (ကျေးဇူးတော်ကို)တုံ့ပြန်ရန် အသုံးပြုသင့်၏။ လူများအား ကျေးဇူးကြွေးတင်စေ ရန်မှာ လူကျင့်ဝတ် သို့မဟုတ် ကောင်းမွန်သော လူမှုဆက်ဆံရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် မကိုက်ညီပေ။

အန်ဆွာရ်တို့သည် မုဟာဂျိရိန်တို့၏ အရေးကိစ္စများတွင် ကြီးမားသော ကိုယ်ကျိုးစွန့်မှုကို ပြသခဲ့ကြ၏။ ၎င်း တို့သည် ၎င်းတို့၏အိမ်များ၊ ဈေးဆိုင်များ၊ လုပ်ငန်းများ၊ မြေယာများနှင့် စိုက်ပျိုးရေးများတွင် မုဟာဂျိရိန်တို့အား အစု စပ်များ ဖြစ်စေခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်က မုဟာဂျိရိန်တို့အား ဓနဥစ္စာပေါများစွာ ပေးတော်မူသောအခါ၊ ၎င်းတို့သည် အန်ဆွာရ်တို့၏ ကျေးဇူးတရားကို တုန့်ပြန်ရာတွင် မတွန့်တိုခဲ့ကြချေ။

သာဝကကြီး အနာစ်အိဗ်နိမာလစ်(ရ)အား ကိုးကားလျက် ဆွဟီဂျမ်းကြီးနှစ်စောင်၌ ဖော်ပြသော ဆင့်ပြန် ချက်တစ်ရပ်ကို ကုရ်တူဗီက ရည်ညွှန်းဖော်ပြသည်မှာမူ ဟာဂျိရိန်တို့ မက္ကာမြို့မှ မဒီနာမြို့သို့ ရောက်လာခဲ့ကြစဉ်က ၎င်းတို့သည် လုံးဝလက်ဗလာနှင့် ဖြစ်ကြ၏။ တစ်ဖက်မှကြည့်လျှင် အန်ဆွာရ်တို့တွင် ပစ္စည်းဥစ္စာနှင့် မြေယာများ ရှိခဲ့ ကြပြီး၊ ၎င်းတို့၏ပိုင်ဆိုင်မှုများကို မုဟာဂျိရိန်တို့အား တစ်ဝက်ခွဲပေးခဲ့ကြသည်။ အန်ဆွာရ်တို့သည် ၎င်းတို့၏ သစ်သီး များ၏ တစ်ဝက်ကိုမူ ဟာဂျိရိန်တို့အား နှစ်စဉ်ပေးခဲ့ကြသည်။ သာဝကကြီး အနာစ်(ရ)၏မိခင်ဖြစ်သူ အူမ္မိစူလိုင်မ်(ရ)သည် သူမ၏စွန့်ပလွှံပင်အနည်းငယ်ကို တမန်တော်မြတ်(ﷺ)အား ပေးခဲ့ရာ ၎င်းက အုစာမဟ်အိဗ်နိဇိုက်ဒ်(ရ)၏ မိခင်ဖြစ်သူ အူမ္မိအိုင်မန်(ရ)ကို ပေးခဲ့သည်။

တမန်တော်မြတ်ﷺသည် ခိုင်ဗာစူးစမ်းလေ့လာရေးခရီးမှ အောင်မြင်စွာဖြင့် မဒီနာမြို့သို့ ပြန်လာခဲ့သောအခါ၊ ခိုလှုံသူအားလုံးသည် အန်ဆွာရ်တို့၏ လက်ဆောင်များကို တွက်ချက်၍ ၎င်းတို့အား ပြန်ပေးခဲ့သည်ဟု သာဝကကြီး အနာစ်အိပ်နိမာလစ်ﷺက ဆင့်ပြန်ကြောင်း အီမာမ်ဇူဟ်ရီက ပြောကြား၏။ တမန်တော်မြတ်ﷺသည် အူမ္မမိအိုင်မန်ﷺ အား ပေးခဲ့သော သစ်ပင်များကို ပြန်ယူပြီး၊ အူမ္မိစူလိုင်မ်ﷺကို ပြန်ပေးခဲ့သည်။ အူမ္မိအိုင်မန်ကိုမူ ၎င်း၏ကိုယ်ပိုင် သစ်သီးခြံမှသစ်ပင်များ ပေးခဲ့လေသည်။

"…. စင်စစ်သော်ကား မည်သူမဆို မိမိကိုယ်တိုင်၏ လောဘရမ္မက်ကြီးမှုနှင့် ကင်းစေခြင်းခံရလျှင် ထိုကဲ့သို့ သောသူတို့သည် အောင်မြင်သောသူများ ဖြစ်ကြပေသည်။"(၅၉း၉)။ အန်ဆွာရ်တို့၏ အတ္တကင်းခြင်းနှင့် ကိုယ်ကျိုးစွန့် ခြင်းများကို ဖော်ပြပြီးနောက် ယေဘုယျဥပဒေသ သို့မဟုတ် လူအားလုံးနှင့် သက်ဆိုင်သော နိယာမကို အာယတ်တော် (၉)၏အဆုံးတွင် ချမှတ်တော်မူသည်။ 'ရွှတ်ဟ်'(လောဘရမ္မက်)နှင့် 'ဗုခ်လ်'(စေးနဲခြင်း၊ တွန့်တိုခြင်း)ဟူသော စကားလုံး များသည် အဓိပ္ပါယ်ချင်းဆင်တူသည့် ဝေါဟာရများ ဖြစ်ကြသည်။ သို့ရာတွင် 'ရွှတ်ဟ်'သည် ငွေနှင့်ပိုင်ဆိုင်မှုများကို လိုချင်မက်မောစိတ်ကြီးမားသည့် အဓိပ္ပါယ်ကိုဆောင်၏။ ဆောင်ရွက်ရန်တာဝန်ရှိသော အခွင့်အရေးများကို ဖြည့်ဆည်းရန် ပျက်ကွက်သောအခါ၊ 'ရွှတ်ဟ်'နှင့် 'ဗုခ်လ်'တို့အား လုံးဝတားမြစ်၏။ ဆောင်ရွက်ရန်တာဝန်ရှိသော အခွင့်အရေးများ ဟူသည် ဇကာသ်၊ စွဒကာတလ်ဖိတ်ရ်၊ အုရှ်ရ်၊ အလ္လာဟ် အရှင်မြတ်အား ရည်စူး၍ သုံးစွဲသောအရာစသည့် အလ္လာဟ်အရှင်မြတ်၏ အခွင့်အရေးများ ဖြစ်နိုင်သကဲ့သို့ မိသားစုကို ကျွေးမွေးစောင့်ရှောက်ခြင်း၊ ချို့တဲ့သောမိဘများ၊ ဆွေမျိုး များကို ကျွေးမွေးစောင့်ရှောက်ခြင်းစသည့် လူအခွင့်အရေးများလည်း ဖြစ်နိုင်ပေသည်။ အကယ်၍ 'ရွှတ်ဟ်'နှင့် 'ဗုခ်လ်'သည် အကြင်သူအား ချီးကျူးထိုက်သော၊ အကျိုး ဆုလာဘ် ရထိုက်သော လုပ်ရပ်များ (မွတ်စ်တဟပ်)မှ တားဆီးပါက ကဲ့ရဲ့ပြစ်တင်ထိုက်ဖွယ်၊ စက်ဆုပ်ရွံရှာဖွယ် (မက္ကရူဟ်)ဖြစ်၏။ အကယ်၍ အကြင်သူသည် လုပ်ရိုးလုပ်စဉ်အရာများတွင် မသုံးစွဲပါက ရှရီအတ်၏ မြင့်မြတ်သော ဥပဒေအရ 'ရွှတ်ဟ်'နှင့်'ဗုခ်လ်' မဟုတ်ပါချေ။

လောဘကြီးခြင်း၊ ကပ်စေးနဲခြင်းနှင့် သဝန်တိုခြင်းများသည် ကုရ်အာန်နှင့် ဟဒီးသ်တို့က ရှုံ့ချသော ဆိုးဝါးသည့် အရည်အချင်းများ ဖြစ်ကြသည်။ ယင်းတို့အား ရှောင်ကြဉ်ကြသူများအဖို့ ဝမ်းမြောက်ဖွယ်သတင်းကောင်း ရှိလေသည်။ အန်ဆွာရ်တို့၏ ကောင်းမြတ်သော အရည်အချင်းများစွာတွင် လောဘရမ္မက်နှင့် သဝန်တိုခြင်းများ၏ဒဏ်ကို ခံနိုင်ရည်ရှိခြင်း ပါဝင်ပေသည်။

မလိုတမာစိတ်နှင့် သဝန်တိုစိတ်များ ကင်းစင်နေခြင်းသည် အကြင်သူတစ်ဦး၏ ဂျန္နတ်သုခဘုံဌာနရှိနေခြင်း လက္ခဏာ တစ်ရပ်ပင်ဖြစ်၏။

အီမာမ်အဟ်မဒ်အား ကိုးကားလျက် သာဝကကြီးအနာစ်ﷺ၏ ဆင့်ပြန်ချက်တစ်ရပ်ကို အိပ်နိကဆီးရ်က အောက်ပါအတိုင်းဖော်ပြ၏။

ကျွန်ုပ်တို့သည် အလ္လာဟ်ရစူလ်တမန်တော်ﷺနှင့်အတူ ထိုင်နေကြခိုက် 'ဂျန္နတ်သုခဘုံသားများထဲမှ တစ်ဦးရောက်လာတော့မည်။'ဟု ၎င်းကပြောကြားခဲ့၏။ ၎င်း၏မုတ်ဆိပ်မှ ဝိဇ္ဇရေများ တစ်စက်စက်ကျလျက် လက်ထဲတွင် ဘိန်ပ်များကို ကိုင်ထားသော အန်ဆွာရ်တစ်ဦး ရောက်ရှိလာခဲ့သည်။ နောက်နေ့တွင် ထိုအတိုင်းပင် ဖြစ်ပျက်ခဲ့သည်။ ထိုပုဂ္ဂိုလ်သည် ထိုအခြေအနေအတိုင်း ရှေ့သို့ရောက်လာခဲ့ပြန်သည်။ တတိယနေ့တွင် ထိုအတိုင်းပင် ဖြစ်ပျက်ခဲ့သည်။ ထိုပုဂ္ဂိုလ်သည် အထက်ပါ အခြေအနေအတိုင်း ဝင်ရောက်လာခဲ့သည်။ အလ္လာဟ်ရစူလ်ﷺက စုဝေးပွဲကို ရုပ်သိမ်းလိုက်

သောအခါ၊ သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နိအမ်ရ်အိဗ်နွလ်အာဆ်ွသည် ထိုအန်ဆွာရီ၏နောက်သို့လိုက်ပြီး (ၚ်း၏ ဂျန္နတ်သုခဘုံသား ဖြစ်နေခြင်း၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ရန်) ၚ်းအား 'ကျွန်ုပ်သည် ကိစ္စအချို့နှင့် ပတ်သက်၍ ခိုက်ရန်ဖြစ်ခဲ့ခြင်းကြောင့် အိမ်သို့(၃)ရက်မပြန်ရန် ကျိန်ဆိုခဲ့ပါသည်။ ဖြစ်နိုင်လျှင် ကျွန်ုပ်အား သင်၏အိမ်၌ (၃)ရက်မျှ နေခွင့်ပြုပါ'ဟု ပြောခဲ့ရာ ၚ်းကသဘောတူခဲ့၏။ သာဝကကြီး အိဗ်နိအမ်ရ်သည် ၚ်းနှင့်(၃)ညအတူနေခဲ့၏။ သို့သော် ၚ်းသည် ညတွင် 'တဟဂ်ျဇ်'(ဆန္ဒအလျောက် ဝတ်ပြုသော ညဉ့်ထဆွလာတ်)အတွက် အိပ်ရာမှနိုးထခြင်း မရှိကြောင်း သာဝကကြီးကသတိထားမိခဲ့သည်။ သို့ရာတွင် ၚ်းသည် အိပ်ယာထက်၌ လဲလျောင်းသောအခါ၊'အလ္လာဟ်အရှင်မြတ်၏ သစ်က်ရ်'အချို့ကို ရွတ်ဆိုခဲ့၏။ မနက်ဖဂျ်ရ်ဆွလာသ်အချိန်တွင် နိုးထခဲ့သည်။ (၃)ရက်တာ ကာလအတွင်း ၚ်းသည် ကောင်းသောစကားမှတပါး အခြားပြောဆိုသည်ကို သာဝကကြီး မကြားခဲ့ရပေ။ အဗ်ဒွလ္လာဟ်ကပြောကြားသည်မှာ "(၃)ညလွန်မြောက်၍ ၚ်း၏လုပ်ရပ်များမှာ ဘာမျှထူးခြားမှုမရှိပါလားဟု တွေးမိသောအခါ၊ ကျွန်ုပ်က ကျွန်ုပ်တွင် အိမ်တွင်းရေးပြဿနာ မရှိခဲ့ကြောင်းကို ထုတ်ဖော်ပြောဆိုခဲ့သည်။ သို့သော် ကျွန်ုပ်၏နားထဲတွင် သုခဘုံသားများထဲမှ တစ်ဦးရောက်လာမည်ဟု တမန်တော်မြတ်ﷺက (၃)ရက်ဆက်တိုက် ပြောခဲ့ခြင်းကို ကြားယောင်နေမိပြီး၊ သင်္ကလည်း (၃)ရက်စလုံး ရောက်ရှိလာခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်သည် သင်နှင့်အတူနေပြီး၊ ဤမြင့်မားသော အဆင့်အတန်းကို ရရှိစေသည့် သင်၏လျှို့ဝှက်လုပ်ရပ်ကို စူးစမ်းရန် စိတ်ပြင်းပြခဲ့သည်။ သို့သော် ဆန်းကြယ်ပုံမှာ မည်သည့် ထူးထူးခြားခြားလုပ်ရပ်ကိုမျှ သင်ပြုလုပ်သည်ကို ကျွန်ုပ်မမြင်ခဲ့ရပါ။" ထို့နောက် ကျွန်ုပ်က ၚ်းအား "ဤမြင့်မားသော အဆင့်အတန်းကို သင့်အား မည်သည့်အရာက ပေးခဲ့ပါသနည်း။"ဟု မေးမြန်းရာ "ကျွန်ုပ်တွင် သင်မြင်ခဲ့သည် ထက်ပိုသော လုပ်ဆောင်ချက်မရှိပါ။"ဟု ၚ်းကဖြေကြားခဲ့၏။ ဤအကြောင်းကို ကြားပြီးနောက် ကျွန်ုပ်ပြန်ရန် ဟန်ပြင်သောအခါ၊ ၚ်းက ကျွန်ုပ်အားပြန်ခေါ်ပြီး "အို- ဟုတ်ပါရဲ့၊ တစ်ခုတော့ရှိသည်။ ကျွန်ုပ်သည် မွတ်စလင်တစ်ဦးအပေါ် မလိုတမာစိတ် သို့မဟုတ် မကောင်းစိတ်ကို ကျွန်ုပ်၏နှလုံးသားတွင် ခိုအောင်းခွင့်မပေးပါ။ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် မွတ်စလင်တစ်ဦးအား ကောင်းမွန်သောအရာတစ်ခု ပေးသနားတော်မူပါက ကျွန်ုပ်သည် ထိုသူအား မနာလိုခြင်း၊ အားကျခြင်းမဖြစ်ပါ။"ဟု ပြောကြားခဲ့သည်။ အဗ်ဒွလ္လာဟ်အမ်ရ် အိဗ်နွလ်အာဆ်ွက "ထိုအရာသည် သင့်အားမြင့်မားသော အဆင့်အတန်းသို့ ယူဆောင်သွားသည့် အရည်အချင်း အတိအကျပင် ဖြစ်ပေသည်"ဟု ပြောခဲ့လေသည်။

ထို့နောက် အိဗ်နိကဆီးရ်က ပြောကြားသည်မှာ ဤဆင့်ပြန်ချက်ကို နဆာအီကလည်း ၚ်း၏ 'အမလွလ် ယောင်မ်ဝလ်လေလဟ်'၌ ရည်ညွှန်းဖော်ပြသည့်ပြင် ဆင့်ပြန်သူကွင်းဆက်သည် ဗုခါရီနှင့် မွတ်စလင်တို့၏ စံအရ စစ်မှန်လေသည်။

မူဟာဂျိရ်နှင့် အန်ဆွာရ်တို့၏နောက် မွတ်စလင်အားလုံးသည် 'ဖိုင်အ်'ကိုခံစားခွင့်ရှိ၏။

وَ الَّذِيْنَ جَآءُوْ مِنْۢ بَعْدِهِمْ "ထိုမှတပါး ၚ်းတို့နောက်လာကြသော သူတို့နှင့်လည်း သက်ဆိုင်၏။ ...." (၅၉း၁၀)။ ဤအာယတ်တော်က မူဟာဂျိရ်နှင့် အန်ဆွာရ်သာဝကကြီးများ ပြီးသည့်နောက် မွတ်စလင်အားလုံးသည် နောက်ဆုံးအချိန်နာရီတိုင်း 'ဖိုင်အ်' လက်ရပစ္စည်း၏ ဝေစုတစ်ပုံရထိုက်ကြောင်း ပြဋ္ဌာန်း၏။ ဤသည်မှာ သာဝကကြီး အုမရ်အလ်ဖါရုက်ﷺသည် အီရတ်၊ ဆီးရီးယား၊ အီဂျစ်စသည့် ကြီးမားသောနယ်မြေများကို အောင်နိုင်ခဲ့သော်လည်း ပါဝင်တိုက်ခိုက်သူများအား လက်ရ ပစ္စည်းများကို ခွဲဝေမပေးခြင်း၏ အကြောင်းရင်းပင်ဖြစ်၏။ ၚ်းက လက်ရပစ္စည်းများကို နောက်မျိုးဆက်များအတွက် ပြည်သူ့ရန်ပုံငွေအဖြစ် ထိန်းသိမ်းထားခဲ့သည်။ သို့မှသာ အစွလာမ်ပြည်သူ့ဘဏ္ဍာတိုက်တွင် ဝင်ငွေတိုးပွားလာပြီး၊ မွတ်စလင်များအနေဖြင့် နောက်ဆုံးအချိန်နာရီတိုင် ယင်းမှအကျိုးကျေးဇူးကို ခံစားနိုင်

ကြမည်ဖြစ်၏။ အချို့သော သာဝကကြီးများက သိမ်းပိုက်ရရှိသော နယ်မြေများအား ခွဲဝေခြင်းအကြောင်းကို မေးမြန်းစုံစမ်းကြသောအခါ၊ ၎င်းက ဤအာယတ်တော်ကို ရည်ညွှန်း၍ပြောကြားခဲ့သည်မှာ 'အကယ်၍သာ အနာဂတ်မျိုးဆက်များအတွက် မဟုတ်ခဲ့လျှင် သိမ်းပိုက်ရရှိသော နယ်မြေအားလုံးကို တမန်တော်ﷺ၏ နမူနာကိုလိုက်နာလျက် တိုက်ခိုက်သူများအား ခွဲဝေပေးခဲ့လိမ့် မည်ဖြစ်၏။ ခိုင်ဗာကို အောင်နိုင်ချိန်က တမန်တော်မြတ်ﷺသည် ခိုင်ဗာမြေအားလုံးကို ခွဲဝေပေးခဲ့၏။ အကယ်၍ မြေအားလုံးကို လက်ရှိမွတ်စလင်မျိုးဆက်များအား ခွဲဝေပေးပါက အနာဂတ်မျိုးဆက်များအတွက် ဘာမျှကျန်တော့မည် မဟုတ်ပေ။' (မာလစ်နှင့် ကုရ်တူဗီတို့ ထပ်ဆင့်တင်ပြသည်။)

မြင့်မြတ်သော သာဝကကြီးများကို ချစ်ခင်ခြင်းမှာ အွမ္မတ်သည် အမှန်တရားပေါ်တွင်ရှိနေသည့် လက္ခဏာတစ်ရပ်ဖြစ်၏။

ဤဖြစ်စဉ်တွင် အလ္လာဟ်အရှင်မြတ်သည် မုဟမ္မဒ်ﷺ၏ အွမ္မတ်အား အတန်းအစား(၃)မျိုး ခွဲခြားပြတော်မူသည်။ (၁)မူဟာဂျိရိန် (၂) အန်ဆွာရ်နှင့် (၃) အများအွမ္မတ်ထုတို့ ဖြစ်ကြသည်။ မူဟာဂျိရိတို့၏ ထူးခြားဝိသေသများနှင့် အန်ဆွာရ်တို့၏ ပြောင်မြောက်သော အရည်အသွေးများကို အထက်မှ သက်ဆိုင်ရာ အာယတ်တော်များ၌ ဖော်ပြခဲ့သည်။ ဤအွမ္မတ်၏ ကောင်းမြတ်ခြင်းများအတွက်မူ ၎င်းတို့၏ဂုဏ်ရည်တစ်ရပ်ကို ဖော်ပြရုံမျှသာဖြစ်၏။ ယင်းဂုဏ်ရည်မှာ ၎င်းတို့သည် မူဟာဂျိရိန်နှင့် အန်ဆွာတို့၏ မြင့်မားသော အဆင့်အတန်းကို လည်းကောင်း၊ မူဟာဂျိရိန်နှင့် အန်ဆွာရ်တို့သည် အိမာန်တွင် ၎င်းတို့ထက်အလျင်ကျပြီး၊ အိမာန်နှင့် ၎င်းတို့အား ဆက်သွယ်ပေးသည့် နည်းလမ်းများ ဖြစ်ခဲ့ကြောင်းကို လည်းကောင်း အသိအမှတ်ပြုကြခြင်းဖြစ်၏။ ထို့ပြင် ၎င်းတို့သည် ၎င်းတို့အားလုံးအတွက် ခွင့်လွှတ်ခြင်းကို တောင်းခံကြသည့်ပြင် ၎င်းတို့ကိုယ်တိုင်၏ နှလုံးသားများအား စစ်မှန်၍သစ္စာရှိသော မွတ်စလင်တို့အပေါ် ခါးသည်း နာကြည်းခြင်းနှင့် မလိုမုန်းထားခြင်းများမှ လုံးဝကင်းစင်ပါစေကြောင်း ဆုမွန်ကောင်းကိုလည်း တောင်းခံကြလေသည်။

မြင့်မြတ်သော သာဝကကြီးများ၏ နောက်လာမည့် မွတ်စလင်မျိုးဆက်အားလုံး၏ အိမာန်နှင့် အစွဲလာမ်နည်းလမ်းကျခြင်းနှင့် လက်ခံခြင်းများအတွက် လိုအပ်သော အခြေအနေတစ်ရပ်မှာ ၎င်းတို့တွင် တမန်တော်မြတ်ﷺ၏ သာဝကကြီးများအား ချစ်ခင်မှုနှင့် ရိုသေလေးစားမှုရှိခြင်းနှင့် အလျင်မျိုးဆက်များမှ အိမာန်ရှင်ညီနောင်များအတွက် ဆုပန်ခြင်းများပင် ဖြစ်လေသည်။ ဤအခြေအနေကင်းမဲ့သော လူများအား မွတ်စလင်ဟုခေါ်ရန် မထိုက်တန်ပါချေ။ ထို့ကြောင့် သာဝကကြီး မုစ်အဗ်အိဗ်နိုစအ်ဒ်ﷺက ပြောကြားသည်မှာ ဤအွမ္မတ်၏ မွတ်စလင်များကို အတန်းအစား(၃)မျိုး ခွဲခြားထားပြီး၊ အတန်းအစားနှစ်မျိုး (မူဟာဂျိရိန်နှင့် အန်ဆွာရ်)အကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်သဖြင့် တတိယအတန်းအစားသာ ကျန်တော့၏။ အကယ်၍ မည်သူမဆို မြင့်မြတ်သော သာဝကကြီးများအပေါ် ချစ်ခင်မှု၊ လေးစားမှု၊ ဂုဏ်ယူမှုများ ပြသခြင်းအားဖြင့် တတိယအတန်းအစားတွင် အပါအဝင် ဖြစ်သင့်ပေသည်။

တစ်စုံတစ်ယောက်သည် သာဝကကြီးဟူစိန်ﷺအား ချဉ်းကပ်၍ သာဝကကြီး အွစ္စမာန်ﷺ (ထိုအချိန်က ရှဟီးဒ်ဖြစ် ကွယ်လွန်ခဲ့ပြီးဖြစ်၏) အကြောင်းကို စုံစမ်းမေးမြန်းခဲ့၏။ သာဝကကြီးဟူစိန်ﷺက ထိုစုံစမ်းမေးမြန်းသူအား "သင်သည် မူဟာဂျိရိန်များထဲမှ တစ်ဦးဖြစ်ပါသလား"ဟု မေးမြန်းရာ ၎င်းက "မဟုတ်ပါ"ဟု ဖြေကြားခဲ့၏။ ထို့နောက် "သင်သည် အန်ဆွာရ်များထဲမှ တစ်ဦးဖြစ်ပါသလား"ဟု မေးမြန်းရာ "မဟုတ်ပါ"ဟု ဖြေကြားခဲ့၏။ ထို့နောက် သာဝကကြီး ဟူစိန်ﷺက တတိယအာယတ်တော် ﴿الَّذِيْنَ جَآءُوْ مِنْۢ بَعْدِهِمْ﴾"ထိုမှတပါး ၎င်းတို့နောက်လာကြသော သူတို့နှင့်လည်း သက်ဆိုင်၏။"(၅၉း၁၀)သာ ကျန်တော့သည်။ အကယ်၍ သင်သည် သာဝကကြီး အွစ္စမာန်ﷺနှင့် ပတ်သက်ပြီး သံသယတစ်ခုကို ဖန်တီးလိုပါက ဤအတန်းအစားကိုလည်း သင်ထားခဲ့ရတော့မည်ဖြစ်၏။'ဟု ပြောကြားခဲ့လေသည်။

ဤအာယတ်တော်သည် သာဝကကြီးများအား ချစ်ခင်ရန်မှာ မပြုမနေရဖြစ်ကြောင်း သက်သေခံချက်တစ်ခု ဖြစ်သည်ဟု ကုရ်တူဗီကပြောကြား၏။ အီမာမ်မာလစ်ﷺကမူ သာဝကကြီးတစ်ပါးအား ဝေဖန်ပုတ်ခတ်သူ သို့မဟုတ် မနာလိုဝန်တိုသူသည် မွတ်စလင်တို့၏ 'ဖိုင်အဲ'ထဲမှ ဝေစုတစ်ပုံ ရရှိလိမ့်မည်မဟုတ်ဟုဆို၏။ ဤအာယတ်တော်အပေါ် အခြေခံလျက် မွတ်စလင်တိုင်းတွင် 'ဖိုင်အဲ'ပစ္စည်း၏ ဝေစုတစ်ပုံရှိပြီး၊ ဝေစုမရသော လူတစ်ဦး၏ အစွန်းအလွန်၌ ယုံကြည်သက်ဝင်မှုသည် သံသယဖြစ်ဖွယ်ကောင်း၏ဟု ၎င်းကစောဒကတက်လေသည်။

သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နိအဗ္ဗားစ်ﷺက ပြောဆိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် မုဟမ္မဒ်ﷺ၏ သာဝကကြီးများအတွက် ဆုတောင်းပေးကြရန်နှင့် ၎င်းတို့အတွက် ခွင့်လွှတ်မှုကို တောင်းခံပေးကြရန် မွတ်စလင်အားလုံးကို အမိန့်ပေးတော်မူသည်။ သို့သော် အလ္လာဟ်အရှင်မြတ်သည် ၎င်းကြား၌ ပဋိပက္ခများနှင့် ပြည်တွင်းစစ်များ ရှိလိမ့်မည်ကို သိတော်မူခဲ့သည်။ သို့ဖြစ်၍ ၎င်းတို့၏ပဋိပက္ခကြောင့် ၎င်းတို့အပေါ် မကောင်းတွေးထင်ရန် မည်သည့် မွတ်စလင်ကိုမျှ ခွင့်ပြုတော်မမူပေ။

သခင်မ အာအိရှာဆွိဒ္ဒီကဟ်ﷺက ပြောကြားသည်မှာ 'နောက်ပိုင်းမျိုးဆက်များက ရှေ့ပိုင်းမျိုးဆက်များကို ကျိန်ဆဲခြင်းမပြုသ၍ မွတ်စလင်အသိုင်းအဝိုင်းသည် ဖျက်ဆီးခြင်းခံရမည်မဟုတ်ကြောင်း အသင်တို့၏ တမန်တော်ﷺက ပြောသည်ကို ကျွန်ုပ်ကြားခဲ့ရသည်။'

သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နိအုမရ်ﷺက ပြောကြားသည်မှာ 'တစ်စုံတစ်ယောက်က သာဝကကြီးတစ်ပါးအား ဝေဖန်ပုတ်ခတ်နေသည်ကို သင်ကြားပါက ၎င်းအား "သင်တို့အထဲမှ အဆိုးဆုံးလူအပေါ် အလ္လာဟ်အရှင်မြတ်၏ ကျိန်ဆဲမှု ကျရောက်ပါစေ"ဟု ပြောလိုက်ပါ။ မည်သည့်သာဝကကြီးမျှ ပို၍ဆိုးသူမဖြစ်နိုင်ကြောင်းမှာ ထင်ရှား၏။ ဆဲဆိုနေသောလူသည်သာ အဆိုးဆုံးတစ်ယောက် ဖြစ်ပေမည်။

အမ်ရ်အိဗ်နဟောရှ်ﷺက ပြောကြားသည်မှာ 'ဤအွမ္မတ်၏ ရှေ့ပိုင်းမျိုးဆက်များသည် မြင့်မြတ်သော သာဝကကြီးများ၏ ကောင်းမြတ်ခြင်းများနှင့် ၎င်းတို့၏ကောင်းသောဂုဏ်ရည်များကို ဖော်ပြကြရန် လူများအား တညီတညွတ်တည်း ပြင်းပြင်းထန်ထန် တိုက်တွန်းနှိုးဆော်ကြသည်ကို ကျွန်ုပ်တွေ့ခဲ့ရသည်။ သို့မှသာ ၎င်းတို့သည် သာဝကြီးများအပေါ် ချစ်ခင်မှုတိုးပွားလာမည်ဖြစ်၏။ သာဝကကြီးများ၏ ပဋိပက္ခများနှင့် သဘောကွဲလွဲမှုများအကြောင်းကို ဘယ်သောအခါမျှ မပြောပါနှင့်။ ထို့အတွက်ကြောင့် လူများသည် ရဲတင်းလာပြီး၊ ၎င်းတို့အား လေးစားကြတော့မည် မဟုတ်ပေ။ (ဤဆင့်ပြန်ချက်အားလုံးကို ကုရ်တူဗီထံမှ မှီငြမ်းပါသည်။)

အာယတ်တော် (၁၁-၁၇)

اَلَمۡ تَرَ اِلَى الَّذِيۡنَ نَافَقُوۡا يَقُوۡلُوۡنَ لِاِخۡوَانِهِمُ الَّذِيۡنَ كَفَرُوۡا مِنۡ اَهۡلِ الۡكِتٰبِ لَئِنۡ اُخۡرِجۡتُمۡ لَنَخۡرُجَنَّ مَعَكُمۡ وَلَا نُطِيۡعُ فِيۡكُمۡ اَحَدًا اَبَدًا ۙ وَّاِنۡ قُوۡتِلۡتُمۡ لَنَنۡصُرَنَّكُمۡ ؕ وَاللّٰهُ يَشۡهَدُ اِنَّهُمۡ لَكٰذِبُوۡنَ ﴿۱۱﴾ لَئِنۡ اُخۡرِجُوۡا لَا يَخۡرُجُوۡنَ مَعَهُمۡ ۚ وَلَئِنۡ قُوۡتِلُوۡا لَا يَنۡصُرُوۡنَهُمۡ ۚ وَلَئِنۡ نَّصَرُوۡهُمۡ لَيُوَلُّنَّ الۡاَدۡبَارَ ۫ ثُمَّ لَا يُنۡصَرُوۡنَ ﴿۱۲﴾ لَاَنۡتُمۡ اَشَدُّ رَهۡبَةً فِىۡ

صُدُوْرِهِمْ مِّنَ اللّٰهِ ؕ ذٰلِكَ بِاَنَّهُمْ قَوْمٌ لَّا يَفْقَهُوْنَ ﴿١٣﴾ لَا يُقَاتِلُوْنَكُمْ
جَمِيْعًا اِلَّا فِيْ قُرًى مُّحَصَّنَةٍ اَوْ مِنْ وَّرَآءِ جُدُرٍ ؕ بَاْسُهُمْ بَيْنَهُمْ شَدِيْدٌ ؕ
تَحْسَبُهُمْ جَمِيْعًا وَّ قُلُوْبُهُمْ شَتّٰى ؕ ذٰلِكَ بِاَنَّهُمْ قَوْمٌ لَّا يَعْقِلُوْنَ ﴿١٤﴾
كَمَثَلِ الَّذِيْنَ مِنْ قَبْلِهِمْ قَرِيْبًا ذَاقُوْا وَبَالَ اَمْرِهِمْ ۚ وَ لَهُمْ عَذَابٌ اَلِيْمٌ
﴿١٥﴾ كَمَثَلِ الشَّيْطٰنِ اِذْ قَالَ لِلْاِنْسَانِ اكْفُرْ ۚ فَلَمَّا كَفَرَ قَالَ اِنِّيْ
بَرِيْٓءٌ مِّنْكَ اِنِّيْٓ اَخَافُ اللّٰهَ رَبَّ الْعٰلَمِيْنَ ﴿١٦﴾ فَكَانَ عَاقِبَتَهُمَآ اَنَّهُمَا
فِي النَّارِ خَالِدَيْنِ فِيْهَا ؕ وَذٰلِكَ جَزٰٓؤُا الظّٰلِمِيْنَ ﴿١٧﴾

(အို- နဗီတမန်တော်၊) အသင်သည် အယောင်ဆောင်ခဲ့ကြသော သူတို့၏အခြေအနေကို သုံးသပ်ဆင်ခြင်တွေ့မြင်ခဲ့လေပြီး မဟုတ်ပါလော။ ထိုသူတို့သည် မိမိတို့၏ညီအစ်ကိုများ ဖြစ်ကြသော ရှေးကျမ်းဂန်ရရှိသူတို့အနက် သွေဖည်ငြင်းပယ်ခဲ့ကြသော သူတို့အား (ဤသို့) ပြောဆိုလျက် ရှိခဲ့ကြ၏။ အမှန်ပင် အကယ်၍သာ အသင်တို့သည် (မဒီနာမြို့တော်မှ) နှင်ထုတ်ခြင်းခံခဲ့ကြရလျှင် ဇကာန်မလွဲကျွန်ုပ်တို့သည်လည်း အသင်တို့နှင့်အတူ ထွက်ကြမည်။ စင်စစ် ကျွန်ုပ်တို့သည် သင်တို့နှင့် ပတ်သက်၍ မည်သည့်အခါမျှပင် မည်သူတစ်ဦးတစ်ယောက်(၏ ပြောဆိုချက်)ကိုမျှ လိုက်နာကြမည် မဟုတ်ပေ။ ထိုမှတပါး အကယ်၍ အသင်တို့သည် တိုက်ခိုက်ခြင်းကို ခံခဲ့ကြရလျှင်လည်း မုချစင်စစ် ကျွန်ုပ်တို့သည် အသင်တို့အား ကူညီကြမည်။ အမှန်စင်စစ်သော်ကား ၎င်းတို့မှာ အမှန်ပင် မုသာဝါဒီများဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်သည် သက်သေခံတော်မူ၏။[၁၁] (စင်စစ်မှာကား) အမှန်ပင် အကယ်၍ ထိုသူတို့သည် (မဒီနာမြို့တော်မှ) နှင်ထုတ်ခြင်းကို ခံခဲ့ကြရလျှင်လည်း ၎င်းတို့သည် ထိုသူတို့နှင့်အတူ ထွက်ကြမည်မဟုတ်ပေ။ ထိုနည်းတူစွာ အမှန်ပင် အကယ်၍ ထိုသူတို့သည် တိုက်ခိုက်ခြင်းကို ခံခဲ့ကြရလျှင်လည်း ၎င်းတို့သည် ထိုသူတို့အား ကူညီကြမည်မဟုတ်ပေ။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် ထိုသူတို့အား ကူညီခဲ့ပြားအံ့လည်း ဇကာန်မုချ ၎င်းတို့သည် ကျောခိုင်း၍ ထွက်ပြေးကြမည်သာ။ ထို့နောက် ထိုသူတို့သည် အကူအညီ ရရှိကြမည် မဟုတ်တော့ပြီ။[၁၂] အမှန်ပင် အသင်(မွတ်စလင်မ်)တို့သည် ၎င်းတို့၏စိတ်တွင်းဝယ် အလ္လာဟ်အရှင်မြတ်ထက်ပင် ကြောက်ရွံ့စိုးရိမ်ဖွယ် ဖြစ်နေကြပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ အမှန် စင်စစ် ၎င်းတို့သည် နားမလည်သူများ ဖြစ်ကြသောကြောင့်ပင်။[၁၃] ၎င်းတို့သည် အသင်တို့အား တစ်စည်းတစ်လုံးတည်း တိုက်ခိုက်ကြမည် မဟုတ်ပေ။ သို့ရာတွင် လုံခြုံသောမြို့ရွာများတွင်လည်းကောင်း၊ တံတိုင်းများ၏အကွယ်မှသော် လည်းကောင်း၊ တိုက်ခိုက်ကြပေမည်။ ၎င်းတို့အချင်းချင်းတွင် ကြီးကျယ်သော ခိုက်ရန်ရှိနေ၏။ အသင်သည် ၎င်းတို့အား တစ်စည်းတစ်လုံးတည်းဟူ၍ ထင်မှတ်နေသော်လည်း အမှန်စင်စစ် ၎င်းတို့၏စိတ်နှလုံးမှာမူကား တကွဲတပြားစီ ဖြစ်နေကြပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့သည် အသိဉာဏ်ကို အသုံးမပြုကြသောကြောင့်ပင်။[၁၄] (၎င်း

တို့၏ဥပမာကား) ၎င်းတို့နှင့် အချိန်ကာလအနည်းငယ် အလျင် မိမိတို့၏အပြုအမူများ၏ ပြစ်ဒဏ်ကို မြည်းစမ်းသွားခဲ့ကြရသောသူတို့၏ ဥပမာကဲ့သို့ပင်။ ထိုမှတပါး ထိုသူတို့၌ (တမလွန် ဘဝတွင်လည်း) နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည်ရှိပေဦးမည်။[၁၅] (ထို့ပြင် ၎င်းတို့၏ ဥပမာကား) ရှိုင်တွာန်မိစ္ဆာကောင်၏ ဥပမာကဲ့သို့ပင်။ အဘယ်ကြောင့်ဆိုသော် ထိုရှိုင်တွာန်မိစ္ဆာကောင်သည် လူသားအား အသင်သည် သွေဖည်ငြင်းပယ်လော့ဟု ပြောဆို(စေခိုင်း) လေ့ရှိ၏။ သို့စေခိုင်းသည့် အလျောက် ထိုလူသားသည် သွေဖည်ငြင်းပယ်သောအခါ ယင်း'ရှိုင်တွာန်' မိစ္ဆာကောင်က 'ဇကန် စင်စစ် ငါသည် အသင်နှင့်မည်သို့မျှ မပတ်သက်တော့ပြီ။ ဇကန်အမှန် ငါသည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သည်'ဟု ပြောဆို(နောက်ဆုတ်)လေသည်။[၁၆] သို့ဖြစ်ပေရာ ၎င်းတို့နှစ်ဦးစလုံး၏ နောက်ဆုံးအကျိုးမှာ ၎င်းတို့နှစ်ဦးသည် ငရဲထဲသို့ ရောက်ရှိကြပေမည်။ ၎င်းတို့နှစ်ဦးမှာ ယင်းငရဲထဲ၌ အမြဲထာဝစဉ်နေထိုင်ကြပေမည်။ ဤသည် မတရားပြုလုပ်သောသူတို့၏ အကျိုးတည်း။[၁၇]

ရှင်းလင်းဖွင့်ဆိုချက်

"كَمَثَلِ الَّذِيْنَ مِنْ قَبْلِهِمْ قَرِيْبًا".... ၎င်းတို့နှင့် အချိန်ကာလအနည်းငယ်အလျင် ...."(၅၉း၁၅)။ ဗန္ဓ နသွိရ်၏ အမှုကို ရည်ညွှန်းပြခြင်းဖြစ်၏။ الَّذِيْنَ مِنْ قَبْلِهِمْ قَرِيْبًا "၎င်းတို့နှင့် အချိန်ကာလအနည်းငယ်အလျင် နီးကပ်စွာရှိခဲ့ကြ၏။ ...."ဟူသော စကားရပ်က ဗဒ်ရ်စစ်ပွဲ၌ ရှက်ဖွယ်လိလိ ရှုံးနိမ့်ခဲ့သည့် မက္ကာမြို့သား ကုရိုက်ရှ်များကို ရည်ညွှန်းသည်ဟု မူဂျာဟစ်ﷺကဆို၏။ သာဝကကြီး အပ်ဒွလ္လာဟ်အိပ်နိအဗ္ဗားစ်ﷺ၏ အဆိုအရ ဗဒ်ရ်စစ်ပွဲပြီးသည့်နောက် ၎င်းတို့၏ဒုက္ခပေးခြင်းနှင့် ခြေပုန်းခုန်ခြင်းများအတွက် အပြစ်ပေးခံခဲ့ရသော ဗန္ဓကိုင်နကာအ် ဂျူးမျိုးနွယ်စု တစ်ခုကို ရည်ညွှန်းခြင်းဖြစ်သည်။ ဗန္ဓနသွိရ်တို့သည် ဗဒ်ရ်နှင့်အုဟုဒ်စစ်ပွဲများ ပြီးသည့်နောက် ပြည်နှင်ဒဏ်ပေးခံခဲ့ရပြီး၊ ဗန္ဓကိုင်နကာအ်တို့မှာ ဗဒ်ရ်စစ်ပွဲပြီးသည့်နောက် ပြည်နှင်ဒဏ်ပေးခံခဲ့ကြရသည်။ ဗဒ်ရ်စစ်ပွဲတွင် အာရဗ်မုရ်ရစ်က် (၇) သောင်း ကျဆုံးခဲ့ပြီး၊ မသေဘဲကျန်ခဲ့သူများမှာ သိကွာကျလျက် အိမ်မြန်ခဲ့ကြသည်။ ဗဒ်ရ်စစ်ပွဲ၏နောက် မက္ကာမြို့မှ မုရ်ရစ်က်များနှင့် ဗန္ဓကိုင်နကာအ်တို့သည် နောင်ကျန်စေမည့် ပြစ်ဒဏ်နှင့် ရင်ဆိုင်ခဲ့ရသောကြောင့် 'အတိတ်မှ ၎င်းတို့ထက်အလျင်ကျခဲ့သူများ'နှင့် ذَاقُوْا وَبَالَ اَمْرِهِمْ".... မိမိတို့၏ အပြုအမူများ၏ ပြစ်ဒဏ်ကို မြည်းစမ်းသွားခဲ့ကြ သောသူတို့၏ ဥပမာကဲ့သို့ပင် ...."(၅၉း၁၅) ဟူသော စကားရပ်များသည် ယင်းတို့နှစ်ဖွဲ့စလုံးကို ရည်ရွယ်၍ မိန့်ဆို ခြင်းဖြစ်နိုင်ပေသည်။

ဗန္ဓကိုင်နကာအ်တို့အား နှင်ထုတ်ခြင်း

အထက်တွင်ဆိုခဲ့သည့်အတိုင်း တမန်တော်မြတ်ﷺသည် မက္ကာမြို့မှ မဒီနာမြို့သို့ ပြောင်းရွှေ့နေထိုင်သောအခါ၊ မဒီနာမြို့နှင့် အနီးဝန်းကျင်ရှိ ဂျူးမျိုးနွယ်များနှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။ စာချုပ်ပါ စည်းကမ်းချက်တစ်ရပ်မှာ ဂျူးမျိုးနွယ်စုများအနေဖြင့် တမန်တော်မြတ်ﷺနှင့် မွတ်စလင်တို့အား တိုက်ခိုက်ခြင်းမပြုရန် သို့မဟုတ် ၎င်းတို့၏ရန်သူများကို မကူညီရန်ဖြစ်၏။ ဗန္ဓကိုင်နကာအ်မှာ ဤငြိမ်းချမ်းရေးသဘောတူညီချက်တွင် ပါဝင်သော အဖွဲ့တစ်ဖွဲ့ဖြစ်သည့်ပြင် လအနည်းငယ်အတွင်း ပထမဦးဆုံး ပဋိညာဉ်ကို ချိုးဖောက်သည့်အဖွဲ့လည်း ဖြစ်ခဲ့လေသည်။ ဗဒ်ရ်စစ်ပွဲဖြစ်ချိန်က ၎င်းတို့သည် မက္ကာမြို့မှ ကုရိုက်ရှ်များနှင့် ပူးပေါင်းကြံစည်ခဲ့ကြသည်။ ၎င်းတို့လျှို့ဝှက်ကြံစည်သော အဖြစ်အပျက်

အချို့သည် ဗူးပေါ်သလိုပေါ်ခဲ့၏။ ထိုဖြစ်ရပ်အပေါ် အောက်ပါအာယတ်တော် ကျရောက်ခဲ့၏။

وَ اِمَّا تَخَافَنَّ مِنْ قَوْمٍ خِيَانَةً فَانْۢبِذْ اِلَيْهِمْ عَلٰى سَوَآءٍ "ၵင်းပြင် အကယ်၍ အသင်သည် လူမျိုးတစ်မျိုးထံမှ ကတိသစ္စာဖောက်ဖျက်မည်ကို စိုးရိမ်မကင်းဖြစ်ပါမူ၊ အသင်သည် (ၵင်းတို့နှင့်ဖွဲ့ဆိုထားသည့်) ပဋိညာဉ်စာချုပ်ကို ၵင်းတို့ထံ ပြန်လည်၍အပ်ပါလေ။ (ပဋိညာဉ်စာချုပ် ရုပ်သိမ်းပြီးဖြစ်ကြောင်းကို သိရှိရာတွင် အသင်နှင့် ၵင်းတို့သည်) တန်းတူဖြစ်ရှိသွားမည်။ ...."(၈း၅၈)။ ဗနူကိုင်နကာအ် သည် ၵင်းတို့၏ သစ္စာမဲ့မှုဖြင့် စာချုပ်ကို ချိုးဖောက်ခဲ့ကြလေသည်။ ထို့ကြောင့် တမန်တော်မြတ်ﷺသည် ၵင်းတို့အား စစ်ကြေညာခဲ့ပြီး၊ ဂျီဟာဒ်အောင်လံတံခွန်ကို သာဝကကြီး ဟမ်ဇဟ်ﷺ၏လက်သို့ အပ်နှင်းခဲ့သည်။ ထို့ပြင် တမန်တော် မြတ်ﷺသည် သာဝကကြီး အဗူလူဗာဗဟ်ﷺအား မဒီနာမြို့တွင် ၵင်း၏လက်ထောက်အဖြစ် ခန့်အပ်ပြီး၊ ကိုယ်တော်တိုင် စစ်ထွက်ခဲ့လေသည်။ မွတ်စလင်စစ်သည်များကို မြင်ကြသောအခါ၊ ဂျူးတို့သည် ခံတပ်တွင်း၌ ပုန်းခိုခဲ့ကြသည်။ တမန် တော်မြတ်ﷺက ထိုခံတပ်အား (၁၅)ရက်တိုင် ဝိုင်းရံပိတ်ဆို့ခဲ့ရာ ဂျူးတို့အဖို့ လက်နက်ချအညံ့ခံရုံမှတပါး အခြားမရှိတော့ပေ။ နောက်ဆုံးတွင် ၵင်းတို့၏ စိတ်နလုံးများအတွင်းသို့ အလ္လာဟ်က အကြောက်တရားကို ထည့်သွင်းပေးတော်မူရာ စစ်တိုက်ခြင်းဖြင့် အကျိုးရှိလိမ့်မည်မဟုတ်မှန်း ၵင်းတို့နားလည်သဘောပေါက်ခဲ့ကြသည်။ ထို့ကြောင့် ၵင်းတို့သည် ခံတပ်တံခါးကိုဖွင့်ပြီး၊ တမန်တော်မြတ်ﷺ၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာလိုပါကြောင်း ဖော်ပြခဲ့ကြ၏။

တမန်တော်မြတ်ﷺ၏ ဆုံးဖြတ်ချက်မှာ ဂျူးအမျိုးသားများကို ကွပ်မျက်ရန်ဖြစ်၏။ သို့သော် မုနာဖစ်က်ဖြစ်သူ အဗ်ဒွလ္လာအိဗ်နအုဗေယ်က ကြားဝင်ပြီး ၵင်းတို့အား ခွင့်လွှတ်ပါရန် အသနားခံခဲ့သောကြောင့် နောက်ဆုံးတွင် ၵင်းတို့အား ပြည်နှင်ဒဏ်ပေးပြီး၊ ၵင်းတို့ပိုင်ဆိုင်သော ပစ္စည်းများကို လက်ရပစ္စည်းအဖြစ် မွတ်စလင်တို့က ခွဲဝေယူရန် ဆုံးဖြတ်ခဲ့သည်။ သို့ဖြစ်၍ ၵင်းတို့သည် မဒီနာမြို့ကိုစွန့်ခွာပြီး ဆီးရီးယားနိုင်ငံမှ အသ်ရာအာတ်ဟုခေါ်သော ဒေသတွင် နေထိုင်ရန် ထွက်ခွာသွားခဲ့ကြ၏။ လက်ရပစ္စည်းဆိုင်ရာ ဥပဒေကို လိုက်နာသောအားဖြင့် (၅)ပုံ(၁)ပုံကို ဗိုင်တုလ်မာလ် (ပြည်သူ့ဘဏ္ဍာတိုက်)အတွက် သိမ်းဆည်းပြီး၊ ကျန်လက်ရပစ္စည်းများကို တိုက်ပွဲဝင်စစ်သည်တို့အား ခွဲဝေပေးခဲ့၏။ ဤသည်မှာ ဗဒ်ရ်စစ်ပွဲ၏နောက် ပြည်သူ့ဘဏ္ဍာတိုက်အတွက် သိမ်းယူသည့် ပထမဆုံးလက်ရပစ္စည်း (၅)ပုံ(၁)ပုံဖြစ်ခဲ့၏။ ဤအဖြစ်အပျက်သည် ဟစ်ဂျ်ရီ(၂)ခုနှစ်၊ ရှောင်ဝါလ်လ (၁၅)ရက်၊ တနလ်ာနေ့တွင် ဖြစ်ပျက်ခဲ့ပြီး၊ ဟစ်ဂျ်ရာ်ပြုလုပ်ပြီး လပေါင်း(၂၀)အကြာတွင် ဖြစ်လေသည်။

كَمَثَلِ الشَّيْطٰنِ اِذْ قَالَ لِلْاِنْسَانِ اكْفُرْ "(ထို့ပြင် ၵင်းတို့၏ ဥပမာကား) 'ရှိုင်တွာန်'မိစ္ဆာကောင်၏ ဥပမာကဲ့သို့ပင်။ အဘယ်ကြောင့်ဆိုသော် ထို'ရှိုင်တွာန်' မိစ္ဆာကောင်သည် လူသားအား အသင်သည် သွေဖည်ငြင်းပယ်လော့ဟုပြောဆို(စေခိုင်း)လေ့ရှိ၏။ သို့စေခိုင်းသည့်အလျောက် ထိုလူသားသည် သွေဖည်ငြင်းပယ်သောအခါ ယင်း'ရှိုင်တွာန်' မိစ္ဆာကောင်က "ဇကန်စင်စစ် ငါသည်အသင်နှင့် မည်သို့မျှမပတ်သက်တော့ပြီ၊ ဇကန်အမှန် ငါသည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်း မွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သည်"ဟုပြောဆို (နောက်ဆုတ်)လေသည်။"(၅၉း၁၆)။ ဤအာယတ်တော်သည် မုနာဖစ်က်တို့၏ အခြားသောဥပမာတစ်ခုဖြစ်၏။ ၵင်းတို့သည် ဗနူနသ္ဒီရ်တို့အား ၵင်းတို့နှင့်ပူးပေါင်းမည်။ ၵင်းတို့ကို ကူညီမည်ဟု ဟန်ဆောင်ကတိများပေးကာ တမန်တော်မြတ်ﷺအား တိုက်ခိုက်ရန် ဆွပေးခဲ့ကြသည်။ သို့သော် မွတ်စလင်တို့က ၵင်းတို့အား စစ်တပ်ဖြင့် ဝိုင်းသောအခါ မုနာဖစ်က် တစ်ဦးတစ်လေမျှကူညီရန် ထွက်မလာခဲ့ကြပေ။ ဤနေရာတွင် ကုရ်အာန်က မုနာဖစ်က်တစ်ဦးနှင့် ရှိုင်တွာန်တို့ကြားမှ တူညီမှုကိုသရုပ်ဖော်ရန် ဥပမာအလင်္ကာ တစ်ခုကိုသုံးထား၏။ ရှိုင်တွာန်သည် မယုံကြည်သွေဖည်ရန် လူသားအားလှုံ့ဆော်ပြီး၊ မဖြစ်နိုင်သောကတိများကိုလည်း ပေး၍ လူသားက အပြင်းအထန် သွေဖည်လာသောအခါ၊ ရှိုင်တွာန်သည် ထိုသူနှင့်

မည်သို့မျှမသက်ကြောင်း ပြောဆိုသည်။ ထိုကဲ့သို့ ဇာတ်ကွက်မျိုး မည်မျှလောက်ထိ မကောင်းဆိုးဝါး ပါဝင်ပတ်သက်ခဲ့မည်ကို အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူပေသည်။ သို့ရာတွင် ထိုကဲ့သို့သော ဇာတ်ကွက်တစ်ခုကို ကုရ်အာန်က စူရဟ်အနှစ်ဖါလ်၊ အာယတ်တော်(၄၈)၌ ဇာတ်ကြောင်းပြန်ထားသည်မှာ

وَ اِذْ زَيَّنَ لَهُمُ الشَّيْطٰنُ اَعْمَالَهُمْ وَ قَالَ لَا غَالِبَ لَكُمُ الْيَوْمَ مِنَ النَّاسِ وَ اِنِّيْ جَارٌ لَّكُمْ ۚ فَلَمَّا تَرَآءَتِ الْفِئَتٰنِ نَكَصَ عَلٰى عَقِبَيْهِ وَ قَالَ اِنِّيْ بَرِيْٓءٌ مِّنْكُمْ اِنِّيْٓ اَرٰى مَا لَا تَرَوْنَ اِنِّيْٓ اَخَافُ اللّٰهَ ؕ وَ اللّٰهُ شَدِيْدُ الْعِقَابِ ﴿۴۸﴾

"ထို့ပြင် (ပြန်လည်အောက်မေ့သတိရကြလေကုန်)။ အကြင်အခါဝယ် 'ရှိုင်တွာန်' မိစ္ဆာကောင်သည် ၎င်းတို့၏ အပြုအမူတို့ကို ၎င်းတို့၏အမြင်၌ လှပတင့်တယ်အောင် ပြုခဲ့လေ သည်။ ၎င်းပြင် ထို'ရှိုင်တွာန်'မိစ္ဆာကောင်က "ယနေ့ လူတို့အနက်မှ အသင်တို့အား အောင်နိုင်မည့် သူဟူ၍ မည်သူ တစ်ဦးတစ်ယောက်မျှ မရှိချေ။ ငါသည်အသင်တို့အား ကာကွယ်စောင့်ရှောက် မည့်သူဖြစ်သည်" ဟူ၍လည်း ပြောဆိုခဲ့လေသည်။ ထို့နောက် အုပ်စုနှစ်စုသည် ရင်ဆိုင်ကြလေသောအခါ ယင်း 'ရှိုင်တွာန်'မိစ္ဆာကောင်သည် နောက်ဆုတ်၍ ထွက်ပြေးသွားခဲ့လေသည်။ ၎င်းပြင် ယင်း'ရှိုင်တွာန်' မိစ္ဆာကောင်က "ဟယ်-အချင်းတို့ ငါသည် အသင်တို့နှင့် မပတ်သက် တာဝန်ကင်းသည်။ ငါသည် အသင်တို့မမြင်ရသော အရာများကိုမြင်၏။ ငါသည် ဇကာန်စင်စစ် အလ္လာဟ်အရှင်မြတ်အားကြောက်ရွံ့ပါ၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်"ဆိုခဲ့လေသည်။"(၈း၄၈)

ဤအဖြစ်အပျက်သည် ဗဒ်ရ်စစ်ပွဲအချိန်က ဖြစ်ပျက်ခဲ့၏။ ရှိုင်တွာန်သည် မွတ်စလင်တို့အား စစ်ခင်းရန် မက္ကာမြို့သား မုရှ်ရစ်က်တို့အား တိုက်တွန်းခဲ့သည်။ ထို့နောက် မီးကုန်ယမ်းကုန် တိုက်ခိုက်ကြသောအခါ ရှိုင်တွာန်သည် ၎င်းတို့အား တိုက်ပွဲ၏အလယ်တွင် စွန့်ပစ်ပြီး၊ နောက်ပြန်ဆုတ်ခဲ့လေသည်။ ဤသို့ဖြစ်စေရန် ရှိုင်တွာန်က မည်ကဲ့သို့ ပြုလုပ်ခဲ့သည်မှာမရှင်းလင်းပေ။ရှိုင်တွာန်သည်၎င်းတို့၏စိတ်နလုံးများထဲသို့အကြံဉာဏ်များထည့်သွင်းပေးခဲ့သည်လား၊ သို့မဟုတ် လူယောင်ဆောင်၍ ၎င်းတို့နှင့် မျက်နှာချင်းဆိုင် စကားပြောခဲ့သည်လား။ ရှင်းလင်းချက် အပြည့်အစုံကို မအိရိဖုလ်ကုရ်အာန် တွဲ-၄၊ စာ-၂၄၂-၂၄၇ တွင် (မြန်မာဘာသာပြန် အတွဲ ၇၊ စာ ၂၇၀-၂၇၅)တွင် ဖတ်ရှုနိုင်ပါသည်။

အကယ်၍ ရှိုင်တွာန်သည် လူသားအား မယုံကြည်သွေဖည်ရန် လှုံ့ဆော်သဖြင့် လူသားသည် မယုံကြည်သွေဖည်သောအခါ၊ ရှိုင်တွာန်သည် လက်ရှောင်သွားခဲ့သည်ဟူသော အဖြစ်အပျက်ကို အာယတ်တော်က ရည်ညွှန်းပါက ရှိုင်တွာန်သည် ၎င်းတို့အား 'ကုဖ်ရ်'ကိုကျူးလွန်ရန် တောင်းဆိုခြင်းဟုတ်ဟန်မတူပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ကာဖိရ်များဖြစ်နှင့်ခဲ့ပြီးဖြစ်၏။ ရှိုင်တွာန်သည် ရစူလ်တမန်တော်မြတ်ﷺကို ဆန့်ကျင်ရာတွင် စွဲစွဲမြဲမြဲရှိကြရန် ၎င်းတို့အား တိုက်တွန်းခြင်းဖြစ်၏။ ရှိုင်တွာန်က ၎င်းတို့အား 'ကုဖ်ရ်'ကိုကျူးလွန်ရန် စေခိုင်းသည်ဖြစ်စေ၊ ၎င်းတို့၏ 'ကုဖ်ရ်'၌ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ကြရန် သို့မဟုတ် တမန်တော်မြတ်ﷺအား တိုက်ခိုက်ရန် အမိန့်ပေးသည်ဖြစ်စေ၊ 'ကုဖ်ရ်'သဘောသက်ရောက်သည်သာ ဖြစ်လေသည်။

မဇ်ဟာရီ၊ ကုရ်တူဗီ၊ အိဗ်နိကဆီးရ်နှင့် အခြားတဖ်စီရ်များက ဘုန်းတော်ကြီးများနှင့် ကိုးကွယ်ဆည်းကပ်သူများသည် 'ကုဖ်ရ်'ထဲသို့ လှည့်ဖြားခံကြရသော အဖြစ်အပျက်အချို့ကို ရည်ညွှန်းဖော်ပြကြသည်။ ဥပမာ- အစ္စရေးဘုန်းတော်ကြီးတစ်ပါးသည် ၎င်း၏ဘုရားကျောင်းထဲတွင် အလ္လာဟ်အရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ခြင်းအမှု၌ ၎င်းကိုယ်၎င်း

မြှုပ်နှံထားခဲ့သည်။ ၎င်းသည် ဥပုသ်ကိုဆက်တိုက်စောင့်ထိန်းပြီး (၁၀)ရက်လျှင်တစ်ကြိမ်သာ ဥပုသ်ဖြေခဲ့၏။ ဤနည်းဖြင့် ၎င်းသည် ၎င်းဘဝ၏သက်တမ်း(၇၀)ကို ကုန်ဆုံးစေခဲ့သည်။ ကျိန်စာသင့်နေသော ရှိုင်တွာန်သည် ထိုဘုန်းကြီးအား အမိဖမ်းရန် ၎င်း၏နောက်သို့ လိုက်ခဲ့၏။ ရှိုင်တွာန်က ဥာဏ်နိဥာဏ်နက်အများဆုံးသော မကောင်းဆိုးဝါးတစ်ကောင်ကို သူတော်စင်ဘုန်းကြီးတစ်ပါးအသွင်ဖြင့် ၎င်းထံသို့ စေလွှတ်ခဲ့၏။ ထိုအယောင်ဆောင်သည် ဘုရားကြည်ညိုခြင်းအမှုဌာန အားထုတ်ကြိုးပမ်းပြခြင်းဖြင့် ဘုန်းကြီးအစစ်၏ ယုံကြည်မှုကို ရယူခဲ့သည်။ နောက်ဆုံးတွင် အယောင်ဆောင်သည် နာမကျန်းဖြစ်နေသော လူများကို ကုသရာတွင် အစွမ်းထက်သော ဆုတောင်း(ဒုအာ)အချို့ကို ဘုန်းတော်ကြီးအား သင်ပေးနိုင်ခဲ့၏။ ထို့နောက် ၎င်းအစွမ်းဖြင့် လူများစွာကို ဖျားနာအောင်ပြုလုပ်၍ ၎င်းတို့အား ဘုန်းတော်ကြီးထံ စေလွှတ်ခဲ့သည်။ ဘုန်းတော်ကြီးက ဆုတောင်းစာများကို ရွတ်ဖတ်သောအခါ၊ မိစ္ဆာကောင်သည် ၎င်း၏ပြစားမှုကို ဖယ်ရှားပေးခြင်းဖြင့် ၎င်းတို့၏ဝေဒနာမှာ ပျောက်ကင်းသွားမည်ဖြစ်၏။ ဤလုပ်ငန်းစဉ်ကို ၎င်းသည် အချိန်ကာလအတန်ကြာထိ ဆက်၍ လုပ်ဆောင်နေခဲ့သည်။ တစ်နေ့သော် ၎င်းသည် အစ္စရာအီလီ ခေါင်းဆောင်တစ်ဦး၏ လှပသောသမီးပျိုအား နေမကောင်းဖြစ်အောင် ပြုစားပြီး သူမကိုလည်း ဘုန်းတော်ကြီးထံသို့ပို့ခဲ့၏။ သူမအား ဘုန်းတော်ကြီး၏ ဘုရားကျောင်းထဲသို့ရောက်အောင် ပို့ရာ၌လည်းကောင်း၊ ဘုန်းတော်ကြီးအား သူမနှင့်မှောက်မှားအောင် တဖြည်းချင်း ပြုလုပ်ရာ၌လည်းကောင်း ရှိုင်တွာန်သည် အောင်မြင်ခဲ့၏။ ရလဒ်အနေဖြင့် မိန်းကလေးတွင် ကိုယ်ဝန်ရှိသွားခဲ့သည်။ သိက္ခာမကျရလေအောင် မိန်းကလေးအား သတ်ပစ်ရန် ၎င်းကအကြံပြုခဲ့သည်။ သတ်ဖြတ်မှုပြီးသည့်နောက် မိစ္ဆာကောင်သည် လူသတ်မှုဇာတ်လမ်းကို လူများအား ကိုယ်တိုင်လည်၍ပြောပြီး၊ ဘုန်းတော်ကြီးအား ဆန့်ကျင်ကြရန် လူများအား တိုက်တွန်းခဲ့သည်။ လူများသည် ဒေါသအမျက်ချောင်းချောင်းထွက်၍ ဘုရားကျောင်းကို ဖြိုဖျက်ခဲ့ကြသည့်ပြင် ဘုန်းတော်ကြီးအားသတ်၍ ကားစင်တင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက် ရှိုင်တွာန်သည် ဘုန်းတော်ကြီးထံသို့ ပြန်သွားပြီး၊ ၎င်း၏အသက်ကို ကယ်တင်ရန် နည်းလမ်းမရှိကြောင်း ဘုန်းတော်ကြီးအား ပြောခဲ့၏။ ၎င်းကပြောသည်မှာ 'မလွဲဧကန် သင်၏အသက်ကို ကယ်တင်ရန် နည်းလမ်းတစ်ခုတော့ ရှိပါသည်။ သင်ကကျွန်ုပ်အား ပျုပ်ပဉ်ဦးချပါက ကျွန်ုပ်က သင့်အား ကယ်တင်ပါသည်။' ဘုန်းတော်ကြီးအနေဖြင့် အပြစ်အားလုံးကို ကျူးလွန်ခဲ့ပြီးဖြစ်၍ 'ကုဖ်ရ်'အမှုကို ကျူးလွန်ရန် မခက်ခဲတော့ပေ။ သို့ဖြစ်၍ ၎င်းက ပျုပ်ဝဉ်ဦးချခဲ့လေသည်။ ထိုအဆင့်ရောက်သော် ရှိုင်တွာန်က ၎င်းအား ပွင့်ပွင့်လင်းလင်း ပြောခဲ့သည်။ 'သင်သည် ကျွန်ုပ်၏ထောင်ချောက်ထဲသို့ ကျနေခြင်းမဟုတ်ပါ။ ဤပရိယာယ်များကို 'ကုဖ်ရ်' အမှုကျူးလွန်ရန် သင့်အတွက် ကျွန်ုပ်သွေးဆောင်ခြင်းဖြစ်၏။ ကျွန်ုပ်သင့်အား မည်သည့်နည်းနှင့်မျှ မကယ်တင် နိုင်တော့ပါ။' ဤဇာတ်လမ်းကို မဇ်ဟရီနှင့် ကုရ်တူဗီတို့၏ တဖ်စီရ်၌ ပြည်စုံစွာပြောပြထား၏။ အလ္လာဟ်အရှင်မြတ် အသိဆုံး ဖြစ်တော်မူသည်။

အာယတ်တော် (၁၈-၂၄)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱتَّقُواْ ٱللَّهَ وَلۡتَنظُرۡ نَفۡسٞ مَّا قَدَّمَتۡ لِغَدٖۖ وَٱتَّقُواْ
ٱللَّهَۚ إِنَّ ٱللَّهَ خَبِيرُۢ بِمَا تَعۡمَلُونَ ١٨ وَلَا تَكُونُواْ كَٱلَّذِينَ نَسُواْ ٱللَّهَ
فَأَنسَىٰهُمۡ أَنفُسَهُمۡۚ أُوْلَٰٓئِكَ هُمُ ٱلۡفَٰسِقُونَ ١٩ لَا يَسۡتَوِيٓ أَصۡحَٰبُ ٱلنَّارِ وَ
أَصۡحَٰبُ ٱلۡجَنَّةِۚ أَصۡحَٰبُ ٱلۡجَنَّةِ هُمُ ٱلۡفَآئِزُونَ ٢٠ لَوۡ أَنزَلۡنَا هَٰذَا ٱلۡقُرۡءَانَ عَلَىٰ

جَبَلٍ لَّرَاَيْتَهٗ خَاشِعًا مُّتَصَدِّعًا مِّنْ خَشْيَةِ اللّٰهِ ؕ وَتِلْكَ الْاَمْثَالُ نَضْرِبُهَا
لِلنَّاسِ لَعَلَّهُمْ يَتَفَكَّرُوْنَ ﴿۲۱﴾ هُوَ اللّٰهُ الَّذِيْ لَآ اِلٰهَ اِلَّا هُوَ ۚ عٰلِمُ الْغَيْبِ وَ
الشَّهَادَةِ ۚ هُوَ الرَّحْمٰنُ الرَّحِيْمُ ﴿۲۲﴾ هُوَ اللّٰهُ الَّذِيْ لَآ اِلٰهَ اِلَّا هُوَ ۚ اَلْمَلِكُ
الْقُدُّوْسُ السَّلٰمُ الْمُؤْمِنُ الْمُهَيْمِنُ الْعَزِيْزُ الْجَبَّارُ الْمُتَكَبِّرُ ؕ سُبْحٰنَ
اللّٰهِ عَمَّا يُشْرِكُوْنَ ﴿۲۳﴾ هُوَ اللّٰهُ الْخَالِقُ الْبَارِئُ الْمُصَوِّرُ لَهُ الْاَسْمَآءُ الْحُسْنٰى
ؕ يُسَبِّحُ لَهٗ مَا فِي السَّمٰوٰتِ وَالْاَرْضِ ۚ وَهُوَ الْعَزِيْزُ الْحَكِيْمُ ﴿۲۴﴾

အို- မုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင်လူတိုင်းလူတိုင်းသည်မနက်ဖြန်အဖို့မိမိတင်ကြိုပို့နှင့်ထားသည်ကို ကြည့်ရပေမည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ဇကာန် စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကျင့်မူသမျှတို့ကို အကြွင်းမဲ့ကြားသိတော်မူသော အရှင်မြတ်ပင်။[၁၈] ထို့ပြင် အသင်တို့သည် အကြင်သူတို့ကဲ့သို့ မဖြစ်ကြကုန်လင့်၊ ထိုသူတို့သည် အလ္လာဟ်အရှင် မြတ်အား မေ့ပစ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ၎င်းတို့အား မိမိကိုယ်ကိုပင် မေ့ပျောက်စေတော်မူခဲ့၏။ ထိုသူတို့ကား ၎င်းတို့သည်ပင် အမိန့်တော်ကို သွေဖည်သူများ ဖြစ်ကြကုန်၏။[၁၉] ငရဲသားတို့နှင့် 'ဇ္ဝန္နတ်'သုခဘုံသားတို့သည် တူကြသည် မဟုတ်ပေ။ သုခဘုံသားတို့မှာမူကား အောင်မြင်သူများပင် ဖြစ်ကြကုန်သတည်း။[၂၀] အကယ်၍သာ ငါအရှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို တစ်စုံတစ်ခုသော တောင်ပေါ်၌ ချပေးတော်မူခဲ့ပါလျှင် အသင်သည် ထိုတောင်ကို အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သောကြောင့် နိမ့်ကျလျက်၊ အပိုင်းပိုင်းဖြစ်လျက်၊ ရှိသည်ကို အမှန်ပင် တွေ့မြင်ရပေမည်။ စင်စစ်သော်ကား ငါအရှင်မြတ်သည် လူတို့သုံးသပ်ဆင်ခြင် စဉ်းစားကြအံ့သောငှာ ယင်းဥပမာ ပုံဆောင်ချက်များကို ခိုင်းနှိုင်းဖော်ပြတော်မူ၏။[၂၁] ထိုအရှင်မြတ်သည်ပင် အကြင်အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတပါး ဓယရိကျိုး ဆည်းကပ်ကိုးကွယ်ရာဟူ၍ အလျှင်းမရှိပြီ။ လျှို့ဝှက်စွာရှိသည်တို့ကို လည်းကောင်း၊ ထင်ရှားစွာရှိသည်တို့ကို လည်းကောင်း၊ သိတော်မူသောအရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ် သည်ပင် မဟာကရုဏာတော်ရှင်၊ အလွန်တရာ ကြင်နာသနားတော်မူသောအရှင်၊ ဖြစ်တော်မူ၏။ [၂၂] ထိုအရှင်မြတ်သည်ပင် အကြင်အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတပါး ဓယရိကျိုး ဆည်းကပ်ကိုးကွယ်ရာဟူ၍ အလျှင်းမရှိပြီ။ စိုးမိုးအုပ်ချုပ်တော်မူသောအရှင်၊ စင်ကြယ် သန့်ရှင်းအပြစ်ကင်းတော်မူသောအရှင်၊ ချွတ်ယွင်းချက်တို့မှ ကင်းစင်စေတော်မူသောအရှင်၊ ငြိမ်းချမ်းမှု ပေးတော်မူသောအရှင်၊ ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်၊ ခန့်ညားတော် မူသောအရှင်၊ ဩဇာအာဏာလွှမ်းမိုးတော်မူသောအရှင်၊ ဂုဏ်သိက္ခာကြီးကဲမြင့်မြတ်တော်မူသော အရှင်၊ ဖြစ်တော်မူ၏။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ကြသည်တို့မှ စင်ကြယ်သန့်ရှင်းတော်မူဘိ၏။[၂၃] ထိုအရှင်မြတ်သည်ပင် ဖန်ဆင်းတော်မူသော

အကောင်အထည်ဖော်တော်မူသော (မရှိရာမှ ရှိအောင် ပြုလုပ်ဖန်ဆင်းတော်မူသော) ပုံသဏ္ဌာန်ပြုလုပ်တော်မူသော အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၌ ကောင်းမြတ်လှစွာသော နာမံဝုဏ်တော်များ ရှိကုန်၏။ မိုးကောင်း ကင်များ၌ ရှိသမျှတို့သည် လည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည် လည်းကောင်း၊ ထိုအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို မြွက်ဆိုလျက် ရှိကြကုန်၏။ ထိုမှတပါး ထိုအရှင်မြတ်သည်ပင် လွန်စွာခန့်ညားတော်မူသော အရှင်၊ သိမ်မွေ့လှစွာသော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်၊ ဖြစ်တော်မူပေသတည်း။[၂၄]

ရှင်းလင်းဖွင့်ဆိုချက်
တက္ကဝါနှင့် ရှင်ပြန်ထမည့်နေ့အတွက် ပြင်ဆင်ထားရန် အမိန့်တော်

စူရဟ်အလ်ဟရှ်ရ်၏ရှေ့ပိုင်းက ဂျူး၊ မုရှ်ရစ်က်၊ မုနာဖစ်က်တို့နှင့် ပတ်သက်သည့် မတူကွဲပြားသော အဖြစ်အပျက်များကို လည်းကောင်း၊ ဤလောကီနှင့် နောက်လောကတို့တွင် ၎င်းတို့၏ပြစ်ဒဏ်များကို လည်းကောင်း ဖော်ပြခဲ့သည်။ စူရဟ်၏နိဂုံးပိုင်းက မုအ်မင်တို့အား အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်သော တာဝန်ဝတ္တရားများကို သတိမူကြရန် လည်းကောင်း၊ ကောင်းမှုများကို မှန်မှန်ဆောင်ရွက်ကြရန် လည်းကောင်း တိုက်တွန်းနှိုးဆော်လေသည်။

"یَاَیُّهَا الَّذِیْنَ اٰمَنُوا اتَّقُوا اللّٰهَ وَلْتَنْظُرْ نَفْسٌ مَّا قَدَّمَتْ لِغَدٍ" ဒါ- မုအ်မင်နှင့်သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်၊ ၎င်းပြင် လူတိုင်းသည် မနက်ဖြန်အဘို့ မိမိတင်ကြိုပို့နှင့်ထားသည်ကို ကြည့်ကြရပေမည်။ ....”(၅၉း၁၈)။ အာယတ်တော်က အလက််ာမြောက်သော ဟန်ပန်ဖြင့် မုအ်မင်တို့အား တမလွန်ကို ဂရုထားကြရန် တိုက်တွန်းစေခိုင်းသည့်ပြင် တမလွန်အတွက် ပြင်ဆင်ထားကြရန်လည်း အမိန့်ပေးတော်မူသည်။ ဤနေရာတွင် အချက်အနည်းငယ်ကို စဉ်းစားကြည့်ရန် လိုအပ်ပေသည်။

ပထမ- ဤအာယတ်တော်၌ တမလွန်အား 'ဃဒ်'(မနက်ဖြန်)အဖြစ် ဖော်ပြပြီး၊ 'ယနေ့ပြီးနောက်နေ့'ဟု ဆိုလိုသည်။ ဤသည်က အချက်နှစ်ချက်ကို ညွှန်ပြ၏။ ဦးစွာ ဤလောက၏ အချိန်ကာလတစ်ခုလုံးသည် တမလွန်နှင့် နှိုင်းယှဉ်ပါက လွန်စွာတိုတောင်းလှ၏။ ဤလောကတစ်ခုလုံးသည် တမလွန်နှင့် ဆက်နွယ်၍ဆိုရလျှင် တစ်ရက်တာမျှသာဖြစ်သည်ဟု ဆိုခြင်းဖြစ်၏။ အမှန်စင်စစ် ရိုးရိုးတွက်ချက်ပုံအရ ဤနှိုင်းယှဉ်ချက်မှာလည်း စိတ်ကူးကြည့်ရန် ခက်ခဲသည်။ အဘယ်ကြောင့်ဆိုသော် တမလွန်သည် အဆုံးမရှိ၊ ထာဝရဖြစ်သောကြောင့်ပင်။ လူ့လောက၏ သက်တမ်းသည် နှစ်ပေါင်းထောင်ဂဏန်း အနည်းငယ်ဖြစ်သည်ဟု ဆိုကြ၏။ အကယ်၍ ဤသက်တမ်းကို မိုးကောင်းကင်နှင့် ကမ္ဘာမြေတို့အား ဖန်ဆင်းမှုနှင့် တွက်ချက်ပါက နှစ်သန်းအနည်းငယ်ထိ ရောက်လိမ့်မည်ဖြစ်၏။ မည်သို့ပင်ဆိုစေကာမူ ယင်းသက်တမ်းမှာလည်း အကန့်အသတ်နှင့်ဖြစ်၍ အကန့်အသတ်မဲ့သော၊ အဆုံးမရှိသောကာလနှင့် နှိုင်းယှဉ်၍မရပါချေ။ အချို့ဟဒီးသ်များက ဆိုသည်မှာ "اَلدُّنْیَا یَوْمٌ وَلَنَا فِیْهِ صَوْمٌ" (လောကကြီးတစ်ခုလုံးသည် နေ့တစ်နေ့ဖြစ်ပြီး၊ ထိုနေ့တွင် ကျွန်ုပ်တို့ ဥပုသ်စောင့်ကြ၏။)။ ကျွန်ုပ်တို့က လူသားအား ဖန်ဆင်းမှုမှ တွက်ချက်သည်ဖြစ်စေ၊ မိုးကောင်းကင်နှင့် ကမ္ဘာမြေတို့အား ဖန်ဆင်းမှုမှ တွက်ချက်သည်ဖြစ်စေ အကြောင်းမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဤအခြေခံအကြောင်းများသည် လူတစ်ဦးစီအတွက် အရေးမပါသောကြောင့်ဖြစ်၏။ အမှန်စင်စစ် လူတစ်ဦးချင်းစီ၏ လောကသည် ၎င်း၏သက်တမ်း ရက်များ၊ နှစ်များနှင့် ပြုလုပ်ထားခြင်းဖြစ်၏။ တမလွန်၏ ထာဝရဖြစ်ခြင်းနှင့် ဆက်နွယ်၍စဉ်းစားလျှင် အချိန်ကာလ အပိုင်းအခြားတစ်ခုမှာ မည်မျှတိုတောင်းသည်ကို လူတိုင်းသဘောပေါက်နိုင်ကြသင့်ပေသည်။

ဒုတိယအနေဖြင့် ရှင်ပြန်ထမည့်နေ့သည် ယနေ့ပြီးလျှင် မနက်ဖြန်ရောက်လာမည်ကဲ့သို့ သေချာသော အမှန်တရားဖြစ်သည်ကို မည်သူမျှသံသယမရှိကြောင်း အာယတ်တော်ကဖော်ပြ၏။ အလားတူပင် တမလွန်အား ယုတ္တိတန်သော သံယထားရှိရန် မလိုအပ်ပေ။

တတိယအနေဖြင့် ရှင်ပြန်ထမည့်နေ့သည် အချိန်တိုအတွင်း မကြာမီ ဖြစ်ပျက်တော့မည်။ မနက်ဖြန်သည် ယနေ့မှ သိပ်မဝေးသကဲ့သို့၊ အလွန်နီးကပ်သည်ဟု ထင်ရသကဲ့သို့ပင် ရှင်ပြန်ထမည့်နေ့သည်လည်း ဤလောက၏ နောက်မကြာမတင်သော အချိန်တွင် ဖြစ်ပျက်ပေလိမ့်မည်။ ထို'အချိန်နာရီ'၏ ပထမအဆင့်သည် ပုဂ္ဂိုလ်တစ်ဦးသေဆုံးသောအခါ၊ ၎င်း၏ 'အချိန်နာရီ'မှာ သတ်မှတ်ခံရပြီးဖြစ်ကြောင်း ဟဒီးသ်တော်တစ်ရပ်၌ مَنْ مَّاتَ فَقَدْ قَامَتْ قِيَامَتُهُ (အကြင်သူ သေဆုံးသောအခါ၊ ၎င်း၏တရားစီရင်မည့်နေ့သည် သတ်မှတ်ခံရပြီးဖြစ်၏။)ဟူ၍ လာရှိ၏။ အဘယ်ကြောင့် ဆိုသော် နောက်လောကဓာတ်များသည် သန့်ရှင်းထဲ၌စတင်၍ အကျိုးဆုလာဘ်နှင့် ပြစ်ဒဏ်တို့၏ နမူနာများ ပေါ်ထွက်လာသည်။ သန့်ရှင်းလောက သို့မဟုတ် 'ဘရ်ဇက်'သည် ဤလောကမှ စောင့်ဆိုင်းရာခန်းမနှင့်တူပြီး၊ ပထမတန်းစားမှ တတိယတန်းစားထိ လူပေါင်းစုံအတွက်နေရာဖြစ်၏။ အပြစ်သားများ၏ စောင့်ဆိုင်းရာအခန်းမှာ အကျဉ်းထောင်ဖြစ်၏။ အကြင်သူတစ်ဦးသည် စောင့်ဆိုင်းရာအခန်းထဲတွင် မိမိ၏အဆင့်နှင့် ဂုဏ်ဒြပ်ကို တွက်ချက်နိုင်မည်ဖြစ်၏။ ထို့ကြောင့် လူတိုင်း၏ တရားစီရင်မည့်နေ့သည် ၎င်း၏သေဆုံးချိန်မှ စတင်လေသည်။ လူသား၏သေဆုံးခြင်းသည် ပဟေဠိဆန်လှသဖြင့် မည်သည့်တွေးခေါ်ပညာရှင် သို့မဟုတ် သိပ္ပံပညာရှင်မှ သေခြင်းရောက်လာမည့်အချိန် အတိအကျကို မဆုံးဖြတ်နိုင်ပေ။ 'အချိန်နာရီ'၏ ဒုတိယအဆင့်သည် တစ်လောကလုံး၊ မိုးကောင်းကင်၊ ကမ္ဘာမြေနှင့် အရာခပ်သိမ်း ဖျက်ဆီးခြင်းခံရသောအခါတွင်ဖြစ်၏။ ဤအဆင့်သည် နှစ်ပေါင်းရာထောင်ချီ၍ ကြာသောအခါမှ ဖြစ်ပျက်မည်ဖြစ်သော်လည်း တမလွန်၏ အဆုံးမရှိသောကာလနှင့် ဆက်နွယ်ပါက လွန်စွာနီးကပ်သည်ဖြစ်၏။

အချုပ်အားဖြင့် ဤအာယတ်တော်က 'ကိယာမတ်' (ကမ္ဘာပျက်မည့်နေ့)အား 'ဃဒ်'(မနက်ဖြန်)ဟု ဖော်ပြခြင်းဖြင့် ကမ္ဘာပျက်မည့်နေ့သည် မနက်ဖြန်အလား များစွာမဝေးတော့ကြောင်း လူသားအား အသိပေးနှိုးဆော်ခြင်းဖြစ်၏။ မနက်ဖြန်မတိုင်မီပင် ရောက်လာနိုင်လေသည်။

စဉ်းစားဆင်ခြင်ရန် ဒုတိယအချက်ကို ဤအာယတ်တော်က တင်ပြသည်မှာ ကမ္ဘာပျက်မည့်နေ့သည် သေချာပြီး၊ နီးကပ်နေပြီဖြစ်၍ ၎င်းအနေဖြင့် ရှင်ပြန်ထမည့်နေ့အတွက် မည်သည့်အရာများကို ပြင်ဆင်ထားပြီးဖြစ်ကြောင်းကို စဉ်းစားရန်ဖိတ်ခေါ်သည်။ ဤလောကတွင် ၎င်း၏နေထိုင်ခြင်းမှာ ခရီးသည်တစ်ဦးနှင့် အလားသဏ္ဌာန်တူပေသည်။ ထာဝရနေထိုင်ရာအတွက် ဤနေရာမှ တစ်စုံတစ်ရာကို ပို့ပေးရန်လိုအပ်၏။ ဤနေရာတွင် လူသား၏နေထိုင်ခြင်းသည် ရှင်သန်ရန်၊ ပစ္စည်းဥစ္စာများ ရှာဖွေစုဆောင်းရန်နှင့် ယင်းတို့အား တမလွန်မှနေအိမ်သို့ ပို့ပေးရန်ဖြစ်၏။ ရုပ်ဝတ္ထုကြွယ်ဝမှုနှင့် ပစ္စည်းဥစ္စာများကိုပို့ရန်မှာ မဖြစ်နိုင်ကြောင်း ထင်ရှားပေသည်။ ရွှေ၊ ငွေ၊ ပိုက်ဆံ စသည့် ဓနဥစ္စာများအား တစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ လွှဲပြောင်းပေးပို့နိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ ထိုပစ္စည်းများအား တခြားနိုင်ငံတွင် အသုံးပြုသောငွေကြေးကို ရရှိနိုင်မည့်ဘဏ်သို့ အပ်နှံရန်ဖြစ်ပေသည်။ ထိုပုံစံနှင့် အတိအကျတူသည်မှာ ဓနဥစ္စာကို အလ္လာဟ်အရှင်မြတ်၏လမ်း၌သုံးစွဲပြီး၊ အလ္လာဟ်အရှင်မြတ်၏ မြင့်မြတ်သော ဥပဒေများကို လိုက်နာဆောင်ရွက်လျက် ကောင်းကင်ဘုံနှင့် သက်ဆိုင်သောဘဏ်တွင် အပ်နှံသည်။ ထိုဘဏ်က အကျိုးဆုလာဘ်၏ငွေကြေးကို ကောင်းကင်ဘုံနှင့်ဆိုင်သော စာရင်းစာအုပ်၌ မှတ်သားထား၏။ မုအ်မင်တစ်ဦး ထာဝရစံအိမ်သို့ ရောက်သောအခါ၊ ရပိုင်ခွင့်ကို ပြန်လည်တောင်းခံရန် သို့မဟုတ် တောင်းဆိုရန်မလိုဘဲ ၎င်း၏လက်သို့ လွှဲပြောင်းပေးလေသည်။

مَاقَدَّمَتْ لِغَدٍ 'သူ သို့မဟုတ် သူမ တင်ကြိုပို့နှင့်သောအရာ'ဟူသည် ယေဘုယျအားဖြင့် ကောင်းမှုနှင့် မကောင်းမှုများကို ဆိုလိုသည်။ ကောင်းမှုများကို ကြိုတင်၍ပို့သူသည် တမလွန်၌ အကျိုးဆုလာဘ်ငွေ ကြေးကို ရရှိလိမ့်မည်ဖြစ်ပြီး၊ မကောင်းမှုများကို ကြိုတင်ပို့ထားသူသည် တမလွန်၌ စွဲချက်တင်ခံရလိမ့်မည်ဖြစ်၏။ 'အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်(၁၈)'ဟူသော အမိန့်တော်ကို ထပ်၍ပေးပြန်သည်။ လေးနက်မှုအတွက် ဖြစ်နိုင်သကဲ့သို့ ပထမအမိန့်တော်က လူသားအား မပြုမနေရတာဝန်နှင့် အရေးကြီးသော ဝတ္တရားများကို ဖြည့်ဆည်းရန် လည်းကောင်း၊ ဒုတိယအမိန့်တော်က အပြစ်များမှရှောင်ကြဉ်ရန် လည်းကောင်း ဖြစ်နိုင်ပေသည်။ ဒုတိယရှင်းလင်းချက်ကို မောင်လာနာ အရှ်ရဖ်အလီ ထာနဝီ ﷺက ပေးခြင်းဖြစ်၏။

အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြရန်ပေးသော ပထမအမိန့်တော်သည် အလ္လာဟ်အရှင်မြတ် စေခိုင်းတော်မူသော အရေးကြီးတာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်းဖြင့် တမလွန်အတွက် ကောင်းမှုများကို ကြိုတင်ပို့ကြရန်နှင့် ဒုတိယအကြိမ် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြရန်ပေးသော အမိန့်တော်က ကြိုတင်ပို့နေသော အရာသည် အတုအယောင် သို့မဟုတ် ဟန်ဆောင်မဟုတ်ကြောင်း သေချာစေရန်လည်း ဖြစ်နိုင်သေး၏။ တမလွန်နှင့် ဆက်နွယ်၍ အတုအယောင် သို့မဟုတ် ဟန်ဆောင်လုပ်ရပ်များသည် ကောင်းမြတ်သော လုပ်ရပ်အစစ်အမှန်များဟု ထင်ရသော်လည်း ယင်းတို့သည် စစ်မှန်သောရည်ရွယ်ချက်နှင့် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကင်းမဲ့သော လုပ်ရပ်များဖြစ်ကြသည်ဟု သွယ်ဝိုက်၍ ညွှန်းဆိုခြင်းဖြစ်ပေမည်။ ကိုးကွယ်ဆည်းကပ်သော လုပ်ရပ်ဟု ထင်ရသော်လည်း သာသနာကို အခြေခံခြင်းမရှိသည့် ပြစားရန်ပြုလုပ်သောအရာ၊ သို့မဟုတ် ကွယ်ဝှက်ထားသော စေ့ဆော်မှုအတွက် ပြုလုပ်သောအရာ သို့မဟုတ် အကြောင်းပြသော လုပ်ရပ်သည် ဆန်းသစ်တီထွင်ခြင်း (ဗိဒါအဟ်) သဘောသက်ရောက်စေလေသည်။ ဤနည်းအားဖြင့် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရန် ဒုတိယအမိန့်တော်သည် တမလွန်အတွက် အကြောင်းပြသော လုပ်ရပ်များ စုဆောင်းမိရုံမျှဖြင့် မလုံလောက်ဘဲ သာသနာက ချမှတ်သောစည်းမျဉ်းများနှင့်အညီ စိတ်စေတနာမှန်ကန်စွာဖြင့် ပြုလုပ်သည့် စစ်မှန်သော လုပ်ဆောင်မှုများကို ပို့ထားရန်ဖြစ်ကြောင်းကို ညွှန်ပြခြင်းဖြစ်၏။ ထိုနေရာတွင် အတုအယောင်လုပ်ရပ်များကို လက်ခံလိမ့်မည် မဟုတ်ချေ။

فَاَنْسٰىهُمْ اَنْفُسَهُمْ".... သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ၎င်းတို့အား မိမိတို့ကိုယ်ကိုပင် မေ့ပျောက်စေတော်မူခဲ့၏။ ...."(၅၉း၁၉)။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား မေ့လျော့ခြင်းမဟုတ်ဘဲ ၎င်းတို့ကိုယ်၎င်းတို့ မေ့လျော့ခဲ့ကြခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်၏ အရှုံးနှင့်အမြတ်ကို သတိမမူမိကြသောကြောင့် ဖြစ်လေသည်။

لَوْ اَنْزَلْنَا هٰذَا الْقُرْاٰنَ عَلٰى جَبَلٍ "အကယ်၍သာ၊ ဂါအရှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို တစ်စုံတစ်ခုသော တောင်ပေါ်၌ ချပေးတော်မူခဲ့ပါလျှင် ...."(၅၉း၂၁)။ အကယ်၍ ကုရ်အာန်ကျမ်းတော်မြတ်အား ကြံ့ခိုင်မြဲမြံ၍ မရွေ့လျားနိုင်သော တောင်ပေါ်သို့ ထုတ်ပြန်ပို့ချခဲ့ပါက၊ ထို့ပြင် ထိုတောင်အား လူသားနည်းတူ အသိဉာဏ်ကို ပေးအပ်တော်မူခဲ့ပါက ထိုတောင်သည် ကုရ်အာန်၏ ကြီးကျယ်မှု၌ ကျိုးနွံနာခံခဲ့မည် ဖြစ်ရုံမက အပိုင်းပိုင်းအစစ ကြေမွသွားခဲ့လိမ့်မည်ဟူ၍ ကုရ်အာန်၏ တန်ခိုးအာနိသင်ကို သရုပ်ဖော်ရန် အလ္လာဟ်အရှင်မြတ်သည် ဥပမာပုံဆောင်ချက်တစ်ခုကို သုံးတော်မူသည်။ သို့သော် လူသားသည် လွန်စွာ တစ်ကိုယ်ကောင်းဆန်ပြီး၊ မာနကြီးလှ၏။ သို့ဖြစ်သောကြောင့် ၎င်းသည် ၎င်း၏ပင်ကိုယ်အသိဉာဏ်ကို ဆုံးရှုံးရသည့်ပြင် ကုရ်အာန်၏စွမ်းအားကြီးမားသော သတင်းစကားများ၏ အကျိုးသက်ရောက်မှုကို မခံခဲ့ရပေ။ 'အကယ်၍ တောင်များတွင် အာရုံခံစားမှုနှင့် အသိဉာဏ်ရှိခဲ့ပါက'ဟူသော စကားရပ်သည် စိတ်ကူး သက်သက်ဖြစ်သော ဥပမာတစ်ခုဖြစ်သည်ဟု ထင်ရ၏။ အချို့ပညာရှင်များက ဆိုကြသည်မှာ

ဆင်ခြင်တုံတရားနှင့် ထုတ်ပြန်ပို့ချချက် နှစ်ခုစလုံးက သက်သေခံသော အချက်သည် သဘာဝအလျောက် ဖြစ် တည်သော အရာအားလုံး၊ တောင်တစ်လုံးဖြစ်စေ၊ သစ်ပင်တစ်ပင်ဖြစ်စေတွင် ခံစားမှုအာရုံ၊ သိမြင်နားလည်ခြင်းနှင့် အသိဉာဏ်များ ရှိကြပေသည်။ ထို့ကြောင့် ဤသည်မှာ စိတ်ကူးသက်သက်ဖြစ်သော ဥပမာမဟုတ်ဘဲ လုံးဝပကတိ တရားတစ်ခု ဖြစ်လေသည်။ (မဇ်ဟရီ)။ အလ္လာဟ်အရှင်မြတ် အသိဆုံးဖြစ်တော်မူသည်။

အလ္လာဟ်အရှင်မြတ်၏ ပြည့်စုံကောင်းမြတ်ခြင်းဂုဏ်တော်များထဲမှ အချို့သောဂုဏ်တော်များ

တမလွန်ကို သောကထားကြရန် လူများအား တိုက်တွန်းပြီးသည့်နောက်၊ ထို့ပြင် ကုရ်အာန်၏ ကြီးကျယ်မှုကို ခိုင်မာစွာတင်ပြပြီးသည့်နောက် ဤစူရဟ်အား အလ္လာဟ်အရှင်မြတ်၏ ပြည့်စုံကောင်းမြတ်ခြင်း ဂုဏ်တော်များထဲမှ အချို့သော ဂုဏ်တော်များဖြင့် နိဂုံးချုပ်သည်မှာ အံ့သောဖွယ်ဖြစ်၏။

عٰلِمُ الْغَيْبِ وَالشَّهَادَةِ 'လျို့ဝှက်စွာရှိသည်တို့ကို လည်းကောင်း၊ ထင်ရှားစွာရှိသည်တို့ကို လည်းကောင်း သိတော်မူသောအရှင် ဖြစ်တော်မူ၏။' ဟူသော ဂုဏ်တော်က အလ္လာဟ်အရှင်မြတ်သည် မြင်နိုင်သောအရာကိုဖြစ်စေ၊ မမြင်နိုင်သောအရာကို ဖြစ်စေ အရာခပ်သိမ်းကို သိတော်မူသည်ဟု ဆိုလိုသည်။

الْقُدُّوْس ၊ 'အလ်ကွဒ်ဒူးစ်' ဟူသော ဂုဏ်ပုဒ်က 'အပြစ်အနာအဆာအပေါင်းမှ အကင်းစင်ဆုံး ဖြစ်တော်မူသော အရှင်' ဟု ဆိုလိုသည်။ (တစ်နည်း) အလ္လာဟ်အရှင်မြတ်သည် မိမိ၏အမြင့်မားဆုံး အဆင့်အတန်းနှင့် ကိုက်ညီခြင်းမရှိသည့် ချို့ယွင်းချက်၊ ချို့တဲ့မှု၊ အပြစ်အနာဟူသရွေ့မှ ကင်းစင်တော်မူပေသည်။

الْمُؤْمِن ၊ 'မုအ်မင်' ဟူသော စကားလုံးကို လူသားအတွက်သုံးလျှင်၊ ယုံကြည်သက်ဝင်သူဟု အဓိပ္ပါယ်ရ၏။ သို့သော် ဤဂုဏ်ပုဒ်အား အလ္လာဟ်အရှင်မြတ်အတွက် သုံးသောအခါ၊ 'ငြိမ်းချမ်းမှုနှင့် လုံခြုံမှုကို ပေးတော်မူသော အရှင်' ကို ဆိုလိုကြောင်း အိမ်နီအဗ္ဗာစ်ﷺက ရှင်းပြ၏။ ယင်းဂုဏ်တော်က အလ္လာဟ်အရှင်မြတ်သည် မိမိနှင့်မိမိ၏ရဟူလ်တမန်တော်များကို ယုံကြည်သက်ဝင်ကြသူတို့အား လုံခြုံစိတ်ချရမှုနှင့် ငြိမ်းချမ်းသာယာမှုများကို ပေးသနားတော်မူသည်ဟု ဆိုလိုခြင်းဖြစ်၏။

الْمُهَيْمِن ၊ 'အလ်မုဟိုင်မင်' ဟူသော ဂုဏ်တော်သည် အိမ်နီအဗ္ဗာစ်ﷺ၊ မူဂျာဟစ်နှင့် ကတာဒဟ် တို့၏ အဆိုအရ 'ထိန်းသိမ်းစောင့်ရှောက်သူ' ကို ဆိုလိုသည်။ အာရဗီဝေါဟာရအဘိဓါန် 'အလ်ကမူစ်' က ယင်း၏ (သတ်မှတ်ထားသော) လမ်းကြောင်းသည် 'ဟန်မ်' ဖြစ်ပြီး၊ 'ကြည့်ရှုစောင့်ရှောက်သည်၊ ဂရုစိုက်သည်၊ စောင့်ကြည့်သည်' ဟု အဓိပ္ပါယ်ရကြောင်း ရှင်းပြထား၏။ (မဇ်ဟရီ)

الْعَزِيْز ၊ 'အလ်အဇီးဇ်' ဟူသော ဂုဏ်တော်က 'ဘုန်းတန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော အရှင်' ကို ဆိုလိုသည်။

الْجَبَّار ၊ 'အလ်ဂျာဗ္ဗာရ်' ဟူသော ဂုဏ်တော်က 'လွှမ်းမိုးတော်မူသောအရှင်' ဟု ဆိုလိုသည်။ ယင်းသည် 'ကျိုးနေသော အရိုးများကိုဆက်သည်' ဟု အဓိပ္ပါယ်ရသော 'ဂျဗ်ရ်' မှလည်း ဆင်းသက်နိုင်သောကြောင့်၊ ကျိုးနေသော အရိုးများကို စည်းနှောင်ရာတွင် အသုံးပြုသည့်ပတ်တီး သို့မဟုတ် ပလတ်စတာ' ကို ရည်ညွှန်းသော 'ဂျဗီရဟ်' ဟူသည့် စကားလုံးကို ကျွန်ုပ်တို့ရရှိပေသည်။ ဤရှုထောင့်မှကြည့်လျှင် ဂုဏ်တော်သည် ကျိုးပျက်နေသော သို့မဟုတ် အသုံးမဝင်သော အရာတိုင်း၊ ကိစ္စတိုင်းကို မှန်ကန်အောင် ပြုတော်မူသောအရှင် သို့မဟုတ် ဆုံးရှုံးမှုအားလုံးကို ပြန်ပေးတော်မူသော၊ မှားယွင်းသော အခြေအနေများကို ပြုပြင်ပေးတော်မူသော သို့မဟုတ် ကွဲကြေပျက်စီးမှုတိုင်းကို ပြုပြင်ပေးတော်မူသောအရှင်' ဟု အဓိပ္ပါယ်ရလေသည်။

المتكبّر ၊'အလ်မုတကပ်ဗိရ်' (ကြီးကဲမြင့်မြတ်တော်မူသောအရှင်)ဟူသော ဂုဏ်တော်သည် 'တကပ်ဗူရ်'နှင့် 'ကိပ်ရိယာအ်'တို့မှ ဆင်းသက်၏။ 'ကြီးကဲမြင့်မြတ်ခြင်း'သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လိုအပ် ခြင်းမရှိသော အလ္လာဟ်အရှင်မြတ်အတွက်သာလျှင်ဖြစ်သည့် ဂုဏ်တော်ဖြစ်၏။ အကယ်၍ ဤစကားလုံးအား အလ္လာဟ်အရှင်မြတ်မှ တပါး အခြားသူတစ်ဦးအတွက်သုံးပါက အပြစ်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အမှန်တကယ် ကြီးကဲမြင့်မြတ်ခြင်း မရှိသော လူတစ်ဦးက ကြီးကဲမြင့်မြတ်ပါသည်ဟု ဆိုခြင်းမှာ မှားယွင်းသည့်ပြင် အလ္လာဟ်အရှင်မြတ်၏ တွဲဖက်တစ်ဦးဖြစ်ကြောင်း တောင်းဆိုသည့်သဘော သက်ရောက်သောကြောင့်ဖြစ်၏။ ထို့ကြောင့် 'အလ်မုတကပ်ဗိရ်'သည် အလ္လာဟ် အရှင်မြတ်ဖြစ်ပါက ပြီးပြည့်စုံခြင်းဂုဏ်ပုဒ်တစ်ခု ဖြစ်သော်လည်း အခြားသူများနှင့်စပ်လျဉ်း၍ ယုံမှားစေသော ပြောဆို ချက်သာလျှင် ဖြစ်ပေသည်။

الْمُصَوِّرُ ၊"…. (မရှိရာမှရှိအောင် ပြုလုပ်ဖန်ဆင်းတော်မူသော) ပုံသဏ္ဌာန်ပြုလုပ်တော်မူသော အလ္လာဟ် အရှင်မြတ် ဖြစ်တော်မူ၏။ ….”(၅၉း၂၄)။ တစ်နည်းဆိုရလျှင် ထိုအရှင်မြတ်သည် မိမိဖန်ဆင်းသမျှ အရာရာတိုင်းအား ပုံသဏ္ဌာန်ကို ပေးတော်မူသည်။ ဖန်ဆင်းခံအားလုံးကို သီးခြားပုံသဏ္ဌာန်များ ပေးတော်မူခြင်းဖြင့် ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး ခွဲခြားသိမြင်နိုင်ကြပေသည်။ မျိုးစိပ်အားလုံးတွင် အခြားမျိုးစိပ်များမှ ခွဲခြားသိမြင်နိုင်သော ပုံသဏ္ဌာန် တစ်ခု စီရှိ၏။ မျိုးစိပ်တစ်ခုထဲ၌လည်း အဖိုနှင့်အမများကြားမှ ပုံသဏ္ဌာန်များ ကွဲပြားကြ၏။ အဖို သို့မဟုတ် အမတစ်မျိုးတည်း၌ပင် တစ်ဦးနှင့်တစ်ဦးကြား မရေမတွက်နိုင်အောင် ပုံသဏ္ဌာန်ကွဲပြားမှုရှိလေသည်။ ပုံသဏ္ဌာန်ပြုလုပ်ခြင်း သို့မဟုတ် ပုံဖော် ခြင်းတွင် မည်မျှထူးချွန်သည်ဆိုသော် အသရေ်အနန္တသော အမျိုးသားနှင့် အမျိုးသမီးတို့၏ မျက်နှာများသည် တထေရာတည်း ချွတ်စွပ်တူသည် မရှိကြပေ။ ဤဖန်ဆင်းမှုစွမ်းရည်၏ ထူးချွန်ခြင်းနှင့် ပြီးပြည့်စုံခြင်းများကို အလ္လာဟ် အရှင်မြတ်မှတပါးမည်သူမျှမပိုင်ဆိုင်ပါချေ။'တကပ်ဗူရ်'(ကြီးကဲမြင့်မြတ်မှုကိုပြသခြင်း)အားအလ္လာဟ်အရှင်မြတ်မှတပါး အခြား မည်သူ့ကိုမျှ ခွင့်မပြုသကဲ့သို့ ('ကိပ်ရိယာအ်'သည် ထိုအရှင်မြတ်တစ်ပါးတည်း၏ သီးသန့်ဂုဏ်တော်ဖြစ်ခြင်းကြောင့်) အလ္လာဟ်အရှင်မြတ်မှတပါး မည်သူ့ကိုမျှ ရှိပ်ပုံပြုလုပ်ခြင်း ခွင့်မပြုပေ။ အဘယ်ကြောင့်ဆိုသော် ယင်းမှာလည်း အလ္လာဟ်အရှင်မြတ်တစ်ပါးတည်း၏ ထူးခြားဝိသေသဖြစ်သောကြောင့်ဖြစ်၏။ ရှိပ်ပုံပြုလုပ်ခြင်းသည် ဤဂုဏ်တော်၌ အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်သူဖြစ်ကြောင်း သွယ်ဝိုက်ဩဇာသက်ရောက်စေသော အချက်ဖြစ်လေသည်။

لَهُ الْأَسْمَاءُ الْحُسْنَىٰ ၊"…. ထိုအရှင်မြတ်၌ ကောင်းမြတ်လှစွာသော နာမံဂုဏ်တော်များရှိကုန်၏။ ….”(၅၉း၂၄)။ ကုရ်အာန်က အလ္လာဟ်အရှင်မြတ်၏ အလှပဆုံးသော ဤနာမံတော်များ၏ အရေအတွက်ကို ပေးမထား ချေ။ စစ်မှန်သော ဟဒီးသ်တော်များက နာမံတော်(၉၉)ပါးရှိကြောင်း ဖော်ပြ၏။ တိရ်မိဒီက နာမံတော်(၉၉)ပါးစလုံးကို ဟဒီးသ် တစ်ပုဒ်၌ စုစည်းခဲ့၏။ ပညာရှင်များစွာသည် 'အတ်စ်မာအွလ်ဟွစ်နာ' သို့မဟုတ် အလ္လာဟ်အရှင်မြတ်၏ အလှပဆုံး နာမံတော်များအကြောင်း ဖော်ပြသည့်စာအုပ်များကို ပြည့်စုံစွာ ရေးသားခဲ့ကြသည်။ ဤစာရေးသူကလည်း 'အလ္လာဟ် အရှင်မြတ်၏ အလှပဆုံး နာမံတော်များ'အကြောင်း ပြုစုထားသည့် ကျစ်လစ်ပြည့်စုံသော စာတမ်းတစ်စောင်ကို မောင်လာနာအရှ်ရဖ်အလီထာနဝီ ﷺ၏ 'မူနာဂျာတိမက်ဗူလ်'တွင် နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြထား ပါသည်။

يُسَبِّحُ لَهُ مَا فِي السَّمٰوٰتِ وَ الْأَرْضِ ၊"…. မိုးကောင်းကင်များ၌ ရှိသမျှတို့သည် လည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည် လည်းကောင်း ထိုအရှင်မြတ်၏ စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို မြွက်ဆိုလျက်ရှိကြကုန်၏….” (၅၉း၂၄)။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေရှိ ဖန်ဆင်းခံအားလုံးသည် အလ္လာဟ်အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူ ကြောင်းကို စကားလုံးများဖြင့် ဖော်ပြခြင်းမပြုသော ဘာသာစကားဖြင့် (ကိုယ့်နည်းကိုယ့်ဟန်ဖြင့်) မြွက်ဆိုကြကြောင်းမှာ

ခိုင်လုံပြီးဖြစ်၏။ အလ္လာဟ် အရှင်မြတ် ဖန်ဆင်းတော်မူသည့် အုံ့ဩဖွယ်ကောင်းသော၊ လွန်စွာထူးကဲသော၊ မယုံကြည်နိုင်လောက်ဖွယ်ကောင်းသော ဘာသာစကားအရာများနှင့် ထိုအရှင်မြတ် ပုံဖော်တော်မူသည့် ခန့်ညား၍ ရင်သပ်ရှုမောဖွယ်ကောင်းသောပုံသဏ္ဌာန်များသည်၎င်းတို့၏ဖန်ဆင်းရှင်အားကိုယ့်နည်းကိုယ့်ဟန်ဖြင့် ချီးမွမ်းထောပနာပြုကြသည်။ သို့ရာတွင် ဤနေရာတွင်သုံးသည့် 'တပ်စ်ဗီဟ်'ဟူသော စကားလုံးအား ယင်း၏အဓိပ္ပါယ်အရင်းအတိုင်း တိုက်ရိုက်သုံးခြင်းလည်း ဖြစ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် စစ်မှန်သော ယူဆချက်အရ ဤစကြဝဠာမှ (သက်ရှိသက်မဲ့) အရာရာတိုင်းတွင် ယင်း၏စွမ်းရည်အလိုက် ခံစားမှုအာရုံတစ်မျိုးမျိုးရှိ၏။ ဤအာရုံ၏ အထင်ကရအဖြစ်ဆုံးနှင့် ပဓါန အကျဆုံး လိုအပ်ချက်မှာ မိမိ၏ဖန်ဆင်းရှင်ကို သတိရရန်နှင့် ထိုအရှင်မြတ်အား ကျေးဇူးတင်ရန်ဖြစ်သည်။ ဤအဆို အပေါ် အခြေခံလျက် (သက်ရှိသက်မဲ့) အရာရာတိုင်းသည် လူသားတို့၏နားဖြင့် မကြားနိုင်သော်လည်း အလ္လာဟ် အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ရှင်းလင်းပီသသော ဘာသာစကားဖြင့် ရွတ်ဆိုကြသည်ဟု တွေးဆရန်မှာ ချဲ့ကားခြင်း မဟုတ်ပါချေ။ ဤသို့ကြောင့် ကုရ်အာန်က တစ်နေရာတွင် وَلَٰكِن لَّا تَفْقَهُونَ تَسْبِيحَهُمْ "....သို့ရာတွင် အသင်တို့မှာမူကား ၎င်းတို့၏ပွားများ သရဇ္ဈာယ်မှုကို နားမလည်ကြချေ။...."(၁၇း၄၄)ဟု မိန့်ဆိုခြင်းဖြစ်၏။

စူရဟ်အလ်ဟရှ်ရ်၏ နိဂုံးချုပ်အာယတ်တော်များ၏ အကျိုးကျေးဇူးများနှင့် ကောင်းချီးမင်္ဂလာများ

သာဝကကြီး မအ်ကိလ်အိဗ်နယဆာရ်ﷺအား ကိုးကားလျက် တိရ်မိဒီ၌ မှတ်တမ်းတင်ထားသည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် أعوذ بالله السميع العليم من الشيطان الرجيم နှင့် စူရဟ်အလ်ဟရှ်ရ်၏ နောက်ဆုံးအာယတ် တော်(၃)ပါး هُوَ اللهُ الَّذِي ကို (၃)ကြိမ်ရွတ်ဖတ်သူအတွက် အလ္လာဟ် အရှင်မြတ်၏ မဟာကရုဏာတော် သက်ရောက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးရန် ကောင်းကင်တမန်အပါး (၇)သောင်းကို တာဝန်ချထားတော် မူသည်။ ထိုနေ့တွင် ၎င်းသေဆုံးပါက အာဇာနည်တစ်ဦး၏ အဆင့်အတန်းကို ရရှိမည်ဖြစ်၏။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် အဆိုပါ တည်ငြိမ်လေးနက်သော စာသားများကို ညနေတွင် ရွတ်ဖတ်ပါက ထိုအဆင့်အတန်းကိုပင် ရရှိလိမ့်မည် ဖြစ်၏။ (မဇ်ဟရီ)

အလ်ဟမ်ဒုလေလ္လာ

စူရဟ်အလ်ဟရှ်ရ်၏ ရှင်းလင်းဖွင့်ဆိုချက် ဤတွင်ပြီး၏။

စူရဟ် အလ်မွမ်တဟိနဟ်

(စစ်ဆေးသူကလွှာ)

ဤစူရဟ်သည် မဒီနာမြို့တွင် ကျရောက်ခဲ့ပြီး၊ အာယတ်တော် (၁၃)ပါး၊ ရုကူအ်(၂)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော၊ မဟာကရုဏာအပေါင်းနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယတ်တော် (၁-၆)

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوْا عَدُوِّيْ وَ عَدُوَّكُمْ اَوْلِيَآءَ تُلْقُوْنَ اِلَيْهِمْ
بِالْمَوَدَّةِ وَ قَدْ كَفَرُوْا بِمَا جَآءَكُمْ مِّنَ الْحَقِّ ۚ يُخْرِجُوْنَ الرَّسُوْلَ وَ اِيَّاكُمْ
اَنْ تُؤْمِنُوْا بِاللّٰهِ رَبِّكُمْ ؕ اِنْ كُنْتُمْ خَرَجْتُمْ جِهَادًا فِيْ سَبِيْلِيْ وَ ابْتِغَآءَ
مَرْضَاتِيْ ۚ تُسِرُّوْنَ اِلَيْهِمْ بِالْمَوَدَّةِ ۚ وَ اَنَا اَعْلَمُ بِمَآ اَخْفَيْتُمْ وَمَآ اَعْلَنْتُمْ ؕ
وَ مَنْ يَّفْعَلْهُ مِنْكُمْ فَقَدْ ضَلَّ سَوَآءَ السَّبِيْلِ ﴿۱﴾ اِنْ يَّثْقَفُوْكُمْ يَكُوْنُوْا
لَكُمْ اَعْدَآءً وَّ يَبْسُطُوْٓا اِلَيْكُمْ اَيْدِيَهُمْ وَ اَلْسِنَتَهُمْ بِالسُّوْٓءِ وَ وَدُّوْا لَوْ
تَكْفُرُوْنَ ؕ ﴿۲﴾ لَنْ تَنْفَعَكُمْ اَرْحَامُكُمْ وَلَآ اَوْلَادُكُمْ ۚ يَوْمَ الْقِيٰمَةِ ۚ يَفْصِلُ
بَيْنَكُمْ ؕ وَ اللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿۳﴾ قَدْ كَانَتْ لَكُمْ اُسْوَةٌ حَسَنَةٌ فِيْٓ
اِبْرٰهِيْمَ وَ الَّذِيْنَ مَعَهٗ ۚ اِذْ قَالُوْا لِقَوْمِهِمْ اِنَّا بُرَءٰٓؤُا مِنْكُمْ وَ مِمَّا تَعْبُدُوْنَ
مِنْ دُوْنِ اللّٰهِ ۫ كَفَرْنَا بِكُمْ وَ بَدَا بَيْنَنَا وَ بَيْنَكُمُ الْعَدَاوَةُ وَ الْبَغْضَآءُ
اَبَدًا حَتّٰى تُؤْمِنُوْا بِاللّٰهِ وَحْدَهٗٓ اِلَّا قَوْلَ اِبْرٰهِيْمَ لِاَبِيْهِ لَاَسْتَغْفِرَنَّ لَكَ وَ
مَآ اَمْلِكُ لَكَ مِنَ اللّٰهِ مِنْ شَيْءٍ ؕ رَبَّنَا عَلَيْكَ تَوَكَّلْنَا وَ اِلَيْكَ اَنَبْنَا وَ اِلَيْكَ

الْمَصِيْرُ ۝ رَبَّنَا لَا تَجْعَلْنَا فِتْنَةً لِّلَّذِيْنَ كَفَرُوْا وَاغْفِرْ لَنَا رَبَّنَا ۚ اِنَّكَ
اَنْتَ الْعَزِيْزُ الْحَكِيْمُ ۝ لَقَدْ كَانَ لَكُمْ فِيْهِمْ اُسْوَةٌ حَسَنَةٌ لِّمَنْ كَانَ
يَرْجُوا اللّٰهَ وَالْيَوْمَ الْاٰخِرَ ۭ وَمَنْ يَّتَوَلَّ فَاِنَّ اللّٰهَ هُوَ الْغَنِيُّ الْحَمِيْدُ ۝

အို- မုအ်မင်နိ်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ငါအရှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခြင်းငှာ လည်းကောင်း၊ ငါအရှင်မြတ်၏ နှစ်မြို့ကျေနပ်မှုကို ဆည်းပူးအံ့သောငှာ လည်းကောင်း၊ ထွက်ခွဲကြသည်ဖြစ်မူ၊ အသင်တို့သည် ငါအရှင်မြတ်၏ ရန်သူကို လည်းကောင်း၊ မိမိတို့၏ရန်သူကိုလည်းကောင်း အဆွေခင်ပွန်းများ မပြုကြကုန်လင့်။ အသင်တို့သည် ခင်မင်မှုကြောင့် ၎င်းတို့ထံ (လျှို့ဝှက်သတင်းကို) ပို့ကြကုန်၏။ အမှန်စင်စစ် သော်ကား ၎င်းတို့သည် အသင်တို့ထံ ရောက်ရှိလာသော အမှန်တရားကို ငြင်းပယ်ခဲ့ကြလေ၏။ ထိုသူတို့သည် ရစရာလ်တမန်တော်မြတ်အား နှင်ထုတ်ခဲ့ကြသည်။ ၎င်းပြင် အသင်တို့သည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ကြသောကြောင့် ၎င်းတို့သည် အသင်တို့ကိုလည်း နှင်ထုတ် ခဲ့ကြလေ၏။ အသင်တို့သည် ခင်မင်မှုကြောင့် ၎င်းတို့ထံ လျှို့ဝှက်(သတင်းကို) ပို့ဆောင်ကြကြား လည်း ငါအရှင်မြတ်မှာမူကား အသင်တို့ လျှို့ဝှက်သမျှတို့ကို လည်းကောင်း၊ အသင်တို့ ထင်ရှားစေသမျှတို့ကို လည်းကောင်း၊ အသိတော်မူဆုံးပင်ဖြစ်တော်မူ၏။ စင်စစ်သော်ကား အသင်တို့အနက် မည်သူမဆို ယင်းလျှို့ဝှက်သတင်းပို့ဆောင်ခြင်းကို ကျူးလွန်ပါမူ ထိုသူသည် ဇကန်မလွဲ ဖြောင့်မတ်သောလမ်းစဉ်မှ တိမ်းပါးလွဲချော်၍ သွားခဲ့လေပြီ။[၁] အကယ်၍ ၎င်းတို့သည် အသင်တို့အပေါ်၌ အရေးသာခဲ့ကြလျှင် အသင်တို့၏ ရန်သူဖြစ်ကြောင်းကိုသာ ပေါ်လွင်စေကြသည့်ပြင် မိမိတို့လက်များဖြင့် လည်းကောင်း၊ မိမိတို့နှုတ်များဖြင့်လည်းကောင်း၊ အသင်တို့အား ဒုက္ခပေးကြမည်သာ။ ထို့ပြင် ၎င်းတို့သည် အသင်တို့ 'ကာဖိရ်' ဘွေဖည်ငြင်းပယ်သူများ ဖြစ်ကြရန်လည်း လိုလားတောင့်တကြပေသည်။[၂] အသင်တို့၏ ဆွေမျိုးနီးစပ်မှုတို့သည် လည်းကောင်း၊ အသင်တို့၏ သားသမီးတို့သည် လည်းကောင်း၊ ကိယာမတ် ရှင်ပြန်ထမည့်နေ့တွင် အသင်တို့အား အလျှင်းအကျိုးပေးကြမည်မဟုတ်ပေ။ ထိုအရှင်မြတ်သည် အသင်တို့၏ အကြား၌ စီရင်ဆုံးဖြတ်တော်မူမည်ဖြစ်၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကျင့်မူသမျှတို့ကို အကြွင်းမဲ့သိမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၃] ဇကန်အမှန် အသင်တို့အဖို့ (နဗီတမန်တော်) 'အိဗ်ရာဟီမ်'၌ လည်းကောင်း၊ ထို(နဗီတမန်တော်) အိဗ်ရာဟီမ်နှင့်အတူ ရှိခဲ့ကြသော သူတို့၌ လည်းကောင်း၊ မွန်မြတ်လှစွာသော စံနမူနာသည် ရှိပေသည်။ တစ်ရံရောအခါဝယ် ၎င်းတို့သည် မိမိတို့၏ အမျိုးသားတို့အား (ဤသို့) ပြောကြားခဲ့ကြကုန်၏။ ဇကန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့နှင့် လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အပြင် အသင်တို့ဆည်းကပ်ကိုးကွယ်ကြသော အရာများနှင့် လည်းကောင်း၊ မပတ်သက်သူများပင် ဖြစ်ကြ၏။ ကျွန်ုပ်တို့သည် အသင်တို့အား ငြင်းပယ်လိုက်ကြပြီ။ အသင်တို့သည် တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား မယုံကြည်သမျှ ကာလပတ်လုံး ကျွန်ုပ်တို့နှင့် အသင်တို့၏ အကြား၌

ရန်ပြီးသည် လည်းကောင်း၊ မုန်းတီးမှုသည် လည်းကောင်း၊ အမြဲမပြတ် ဖြစ်ပေါ်လျက်ရှိနေမည်သာ။ သို့ရာတွင် (နဗီတမန်တော်) အိမ်ရာဟီမ်သည် မိမိ၏ဖခင်အား 'မုချဇကန် ကျွန်ုပ်သည် အသင့်အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားမည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်ဝယ် အသင်နှင့် ပတ်သက်၍ ကျွန်ုပ်တစ်စုံတစ်ရာမျှပင် အခွင့်အာဏာ ပိုင်ဆိုင်ခြင်းမရှိပြီဟူသော (နဗီတမန်တော်) 'အိမ်ရာဟီမ်'၏ ပြောဆို(ကတိပြုချက်)မှတပါး (ယင်းသည့်အချက်ကို မူကား အသင်တို့သည် လိုက်နာခြင်းမပြုကြရ)။ အို- ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် အရှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွှဲအပ်ကြပါပြီ။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် အရှင်မြတ်ဘက်သို့သာလျှင် ပြန်လှည့်ကြပါပြီ။ ထိုမှတပါး နောက်ဆုံးပြန်လည်ရာစခန်းမှာ အရှင်မြတ်အထံတော်၌ပင် ဖြစ်ပါသည်။[၄] အို- ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား 'ကာဖိရ်'သွေဖည်ငြင်းပယ်သူတို့၏ ဖိစီးနှိပ်စက်မှုခံကြသောသူများ ပြုလုပ်တော်မမူပါနှင့်။ ထိုမှတပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ (ပြစ်မှုဒုစရိုက်များ)ကို ခွင့်လွှတ်ချမ်းသာပေးတော်မူပါ။ အို- ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ဇကန်မလွှ' အရှင်မြတ်သည်သာလျှင် အလွန်တရာ ခန့်ညားတော်မူသောအရှင်၊ သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူပါ၏။[၅] ဇကန်မလွှ' အသင်တို့အဖို့ (ဝါ) အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ နောက်ဆုံးနေ့ကို လည်းကောင်း၊ ယုံကြည်သူ၏အဖို့ ထို(ဆိုခဲ့ပြီး ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်)တို့၌ မွန်မြတ်လှစွာသော စံနမူနာသည်ရှိ၏။ သို့ရာတွင် မည်သူမဆို မျက်နှာလွှဲ၍ ထွက်သွားသည်ရှိသော် ဇကန်မလွှ' အလ္လာဟ်အရှင်မြတ်မှာမူကား လိုလားတောင့်တမှု ကင်းမဲ့တော်မူသောအရှင်၊ ချီးမွမ်းအပ်သော ဂုဏ်ဝိသေသ အပေါင်းနှင့် ပြည့်စုံ တော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။[၆]

ရှင်းလင်းဖွင့်ဆိုချက်

ဤစူရဟ်သည် ကာဖိရ်များ၊ မုရှ်ရစ်ကျများနှင့် အဆွေခင်ပွန်းမဖွဲ့ကြရန် တားမြစ်သည့် ပြဋ္ဌာန်းချက်ဖြင့် အစပြု၏။ ဤပြဋ္ဌာန်းချက်သည် အောက်တွင်ဖော်ပြထားသော သီးသန့်အဖြစ်အပျက်တစ်ခုနှင့် စပ်လျဉ်း၍ ကျရောက်ခဲ့ခြင်း ဖြစ်သည်။

ထုတ်ပြန်ပို့ချခြင်း၏ နောက်ခံအကြောင်း

ကုရှိုင်ရိနှင့် ဆဟ်လဗီတို့အား ကိုးကားလျက် ကုရ်တူဗီ၏ တဖ်စီရ်၌ ဖော်ပြသည်မှာ ဆာရဟ်အမည်ရှိ အမျိုးသမီးတေးသံရှင်တစ်ဦးသည် ဗဒ်ရ်စစ်ပွဲ၏နောက်၊ မက္ကာမြို့ကို အောင်နိုင်ခြင်း၏အလျင် မဒီနာမြို့သို့ ပထမဆုံးရောက်လာခဲ့သည်။ တမန်တော်မြတ်ﷺက သူမအား မဒီနာမြို့သို့ ပြောင်းရွှေ့ခဲ့ခြင်းလားဟု မေးမြန်းရာ သူမက မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် သူမအား အစွလာမ်ကို လက်ခံယုံကြည်ခဲ့ပြီးလားဟု မေးမြန်းရာ သူမက မဟုတ်ကြောင်း နောက်တစ်ကြိမ် ဖြေကြားခဲ့ပြန်သည်။ ထို့နောက် ၎င်းက အဘယ်ကြောင့် မဒီနာမြို့သို့ သူမရောက်လာခဲ့သည့် အကြောင်းကို ရှင်းပြခိုင်းရာ သူမက 'သင်သည် မက္ကာမြို့၏ အထက်တန်းလွှာမှဖြစ်ပြီး ကျွန်မသည် သင်တို့ထံတွင် စားဝတ်နေရေးအတွက် အလုပ်လုပ်ခဲ့ပါသည်။ မက္ကာမြို့၏ ခေါင်းဆောင်ကြီးများမှာ ဘဒ်ရ်စစ်ပွဲတွင် ကျဆုံးခဲ့

ကြပြီး သင်ကဤနေရာသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ကျွန်မ၏ အသက်မွေးဝမ်းကျောင်းမှာ မဖြစ်နိုင်တော့ပါ။ ကျွန်မသည် စားရမဲ့သောက်ရမဲ့ဖြစ်ကာ အတိဒုက္ခရောက်နေသောကြောင့် သင့်ထံသို့ အကူအညီတောင်းရန် လာခဲ့ခြင်းဖြစ်ပါသည်။' ဟု ရှင်းပြခဲ့သည်။ တမန်တော်မြတ်ﷺက "အသင်မသည် မက္ကာမြို့၏ ကြေးစားအဆိုတော်တစ်ဦးဖြစ်သည်။ အသင့် ပေါ်သို့ ပိုက်ဆံများကြွေးရှိသော မက္ကာမြို့မှလူငယ်လူရွယ်များ အဘယ်သို့ ရောက်ကုန်ကြသနည်း။"ဟု သူမအား မေးမြန်းရာ သူမက "ဗဒ်ရိစစ်ပွဲပြီးသည့်နောက် ကျွန်မ၏အသုံးဝင်မှုနှင့် သီဆိုမှုအခန်းကဏ္ဍများ အဆုံးသတ်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ကျွန်မအား မည်သူကမျှ မဖိတ်ခေါ်ကြတော့ပါ"ဟု ပြောကြားခဲ့၏။ တမန်တော်မြတ်ﷺက ဗနူအဗ်ဒွလ်မွတ်တွလစ်အား သူမကိုကူညီရန် တိုက်တွန်းခဲ့သည်။ ၎င်းတို့က သူမအား ငွေကြေး၊ အဝတ်အထည်နှင့် အခြားအရာများ အကူအညီပေးခဲ့ကြသည့်ပြင် သူမအား (မက္ကာမြို့သို့ အပြန်ခရီးတွင်) လိုက်ပါပို့ဆောင် နှုတ်ဆက်ခဲ့ကြသည်။

ဤအဖြစ်အပျက်သည် မက္ကာမြို့သား ဘာသာမဲ့များက ဟုဒိုင်ဗီယဟ်စာချုပ်ကို လိုက်နာရန် ပျက်ကွက်သော အချိန်တစ်ချိန်တွင် ဖြစ်ပျက်ခဲ့ပြီး၊ တမန်တော်မြတ်ﷺသည် မက္ကာမြို့သို့ချီတက်ရန် လျှို့ဝှက်ပြင်ဆင်မှု ပြုလုပ်နေချိန်ဖြစ်၏။ ၎င်းသည် ၎င်း၏ လျှို့ဝှက်အစီအစဉ်ကို မက္ကာမြို့သားတို့ထံ ကြိုတင်မပေါက်ကြားပါစေကြောင်း အလ္လာဟ်အရှင်မြတ်ထံတော်၌လည်း ဆုပန်ကြားခဲ့သည်။ သို့ရာတွင် အစောဆုံး မုဟာဂျိရိန်(ခိုလှုံသူ)များထဲ၌ ဟာတိုဗ်အိဗ်နအဗီဗလ်တအဟ် အမည်ဖြင့် သာဝကကြီးတစ်ပါးရှိခဲ့၏။ ၎င်းသည် ယီမင်ဇာတိဖြစ်ပြီး၊ မက္ကာမြို့တွင် အခြေချနေထိုင်သူဖြစ်၏။ ၎င်းတွင် မက္ကာမြို့၌ ဆွေမျိုးသားချင်းမရှိပေ။ ၎င်းသည် အစ္စလာမ်ကို လက်ခံယုံကြည်ခဲ့သည်။ ပြောင်းရွှေ့လာပြီးနောက် ၎င်းသည် မဒီနာမြို့တွင် အခြေချနေထိုင်သော်လည်း ၎င်း၏မိသားစုမှာ မက္ကာမြို့၌ပင် ကျန်ရစ်ခဲ့သည်။ တမန်တော်မြတ်ﷺနှင့် မြင့်မြတ်သော သာဝကကြီးများ မဒီနာမြို့သို့ ပြောင်းရွှေ့ပြီးနောက် မက္ကာမြို့တွင် ကျန်ရစ်သည့် မွတ်စလင်များအား မက္ကာမြို့သား ဘာသာမဲ့တို့က ညှဉ်းပန်းနှိပ်စက်လေ့ရှိခဲ့ကြ၏။ ဆွေမျိုးသားချင်းရှိသော ဒုက္ခသည်များမှာအထိုက်အလျောက် အကာအကွယ်ရကြ၏။ သို့သော် သာဝကကြီး ဟာတိုဗ်အိဗ်နအဗီဗလ်တအဟ်တွင် ၎င်း၏မိသားစုအား ကာကွယ်ပေးမည့် ဆွေမျိုးသားချင်းများ မရှိသောကြောင့် ၎င်းမှာ ပူပင်သောက ဖြစ်ခဲ့ရသည်။ ၎င်းသည် မက္ကာမြို့သားတို့၏ ဖိနှိပ်ညှဉ်းပန်းမှုမှ ၎င်း၏မိသားစုကို ကာကွယ်ရန်အတွက် ဤအခွင့်အရေးကို ဖမ်းဆွဲခဲ့လေသည်။ အကယ်၍ ၎င်းက မက္ကာမြို့သားတို့အား ကျေးဇူးပြုပါက ၎င်းတို့သည် ၎င်းအား ကျေးဇူးတင်ကြမည်ဖြစ်ပြီး၊ ၎င်း၏မိသားစုကို ကာကွယ်စောင့်ရှောက်ကြလိမ့်မည်ဟု တွေးထင်ခဲ့သည်။

သာဝကကြီး ဟာတိုဗ်အိဗ်နအဗီဗလ်တအဟ်ﷺ အနေဖြင့် အလ္လာဟ်အရှင်မြတ်သည် အလ္လာဟ့်ရစူလ်တမန်တော်ကို အောင်နိုင်မှု ပေးသနားတော်မူမည်မှာ သေချာသောကြောင့် လျှို့ဝှက်သတင်းပေါက်ကြားမှုက တမန်တော်မြတ်ﷺကိုလည်းကောင်း၊ အစ္စလာမ်ကိုလည်းကောင်း ထိခိုက်စေလိမ့်မည် မဟုတ်ဟု ထင်မှတ်ခဲ့၏။ အကယ်၍သာ ၎င်းက မက္ကာမြို့သားတို့ထံသို့ စာတစ်စောင်ရေးပြီး တမန်တော်မြတ်ﷺသည် ၎င်းတို့မြို့ကို တိုက်ခိုက်ရန် ကြံစည်နေကြောင်း အသိပေးမည်ဆိုပါက ၎င်း၏သားသမီးများအတွက် လုံခြုံစိတ်ချရလိမ့်မည်ဟု ထင်ခဲ့သည်။ ဤနည်းအားဖြင့် ၎င်းသည် မက္ကာမြို့သားများထံသို့ စာတစ်စောင်ရေးသားကာ တမန်တော်မြတ်ﷺ၏ မက္ကာမြို့အား ချဉ်းနင်းဝင်ရောက်တိုက်ခိုက်မည့် ရည်ရွယ်ချက်ကို ပြောပြခြင်းဖြင့် အမှားကို ကျူးလွန်ခဲ့လေသည်။ ၎င်းက မက္ကာမြို့သို့ ထွက်ခွာမည့် တေးသံရှင်အမျိုးသမီး ဆာရဟ်နှင့် စာကိုပါးခဲ့လိုက်၏။ (ကုရ်တူဗီနှင့် မဇ်ဟရီ)

ထိုအကြောင်းကို အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်ﷺအား ဝဟီဖြင့် အသိပေးတော်မူသည့်ပြင် စာကိုသယ်ဆောင်သွားသူသည် အမျိုးသမီးတစ်ဦးဖြစ်ပြီး၊ 'ရောင်သွဟ်ခါခ်'အမည်ရှိနေရာတွင် သူမရောက်ရှိနေကြောင်းကိုလည်း အသိပေးတော်မူခဲ့၏။ သာဝကကြီးအလီﷺအား ကိုးကားလျက် ဆွဟီဒ်ကျမ်းကြီးနှစ်စောင်တွင် ဖော်ပြသော

ဆင့်ပြန်ချက်တစ်ရပ်အရ တမန်တော်မြတ်ﷺသည် အဗူမရ်သဒ်နှင့် ဇူဗေးအိပ်နအောင်ဝါမ်ﷺတို့အား ဆင့်ခေါ်လျက် သူမ၏နောက်သို့ မြင်းဖြင့်လိုက်ကြရန်နှင့် သူမကို 'ရောင်သွဟ်ခါခ်'၌ တွေ့လိမ့်မည်ဖြစ်ကြောင်း အမိန့်ပေးခဲ့၏။ ၎င်းက 'ထိုနေရာတွင် သင်တို့သည် သာဝကကြီး ဟာတိပ်အိပ်နအဗီဗလ်တအဟ်ﷺထံမှ မက္ကာမြို့သား ဘာသာမဲ့များထံသို့ လိပ်မူထားသော စာတစ်စောင် သယ်ဆောင်လာသည့် အမျိုးသမီးတစ်ဦးကို တွေ့ကြလိမ့်မည်။ သူမနောက်သို့ မိအောင်လိုက်ပြီး၊ စာကိုပြန်ယူခဲ့ကြပါ။'ဟု ပြောကြားခဲ့၏။ သာဝကကြီးများသည် အမိန့်တော်ကို နာခံလျက် မြင်းများကို ဒုန်းဆိုင်းပြီး အမျိုးသမီးနောက်သို့လိုက်ကြရာ တမန်တော်မြတ်ﷺ ပြောသောနေရာတွင် သူမကိုမိခဲ့ကြသည်။ သူမ သည် ထိုနေရာတွင် ကုလားအုတ်တစ်ကောင်ကို စီးနင်းလျက်ရှိသည်ကို ၎င်းတို့မြင်တွေ့ခဲ့ကြသည်။ ၎င်းတို့က ကုလား အုတ်ကို ထိုင်ခိုင်းပြီး၊ စာကိုရှာဖွေကြသော်လည်း အချည်းနှီးဖြစ်ခဲ့၏။ ၎င်းတို့က တမန်တော်မြတ်ﷺ၏ သတင်းသည် မှားယွင်းနိုင်စရာမရှိသောကြောင့် သူမတွင် စာရှိကိုရှိရမည်။ ထိုစာကို တစ်နေရာရာတွင် သူမဖွက်ထား ခြင်းဖြစ်ရမည်ဟု မိမိတို့ကိုယ်မိမိတို့ ပြောခဲ့ကြလေသည်။ ၎င်းတို့က သူမအား စာကိုထုတ်ပေးရန်ပြောသော် သူမက ထိုစာနှင့်ပတ်သက်၍ ဘာကိုမျှမသိကြောင်း ငြင်းဆိုခဲ့သည်။ ၎င်းတို့သည် ခက်ထန်သော လူတစ်ဦး၏ ဟန်ပန်ဖြင့် အကယ်၍ စာကို မပေး အပ်ပါက သူမ၏အဝတ်အစားအားလုံးကို ဆွဲချွတ်ပစ်မည်ဟု ခြိမ်းခြောက်ကြိမ်းဝါးခဲ့ကြသည်။ ၎င်းတို့၏သံမိဋ္ဌာန်ကို သူမ မြင်သောအခါ၊ သူမသည် သူမ၏အတွင်းခံအဝတ်စထဲမှ စာကိုထုတ်ပေးခဲ့လေသည်။ စာကို တမန်တော်မြတ်ﷺ ထံသို့ ပြန်ယူခဲ့ကြသည်။ ထိုဇာတ်လမ်းကို သာဝကကြီး အုမာရ်ဖါရူးက်ﷺ ကြားသောအခါ၊ အလ္လာဟ် အရှင်မြတ်၊ ထို အရှင်မြတ်၏ ရစူလ်တမန်တော်နှင့် မွတ်စလင်အားလုံးကို သစ္စာဖောက်သော ထိုသူအား ခေါင်းဖြတ်ခွင့်ပြုပါရန် တမန် တော်မြတ်ﷺ၏ ခွင့်ပြုချက်ကို တောင်းခံခဲ့၏။

တမန်တော်မြတ်ﷺက သာဝကကြီး ဟာတိပ်အိပ်နအဗီဗလ်တအဟ်ﷺအား "အို- ဟာတိပ်၊ ဤသို့ပြုလုပ်ရန် သင့်အား မည်သည့်အရာက စေ့ဆော်ခဲ့ပါသနည်း"ဟု မေးမြန်းရာ ၎င်းက၎င်း၏အီမာန်သည် အနည်းမျှယိမ်းယိုင်ခြင်း မရှိပါ။ဟု ပြန်ပြောခဲ့သည်။ ထို့နောက် ဆက်၍ရှင်းပြသည်မှာ ၎င်းသည် မက္ကာမြို့တွင် နေထိုင်သူများကို ကျေးဇူးပြုရန် ရည်ရွယ်ခြင်းဖြစ်၏။ သို့မှသာ ၎င်းတို့သည် ၎င်း၏မိသားစုကို ရန်မရှာဘဲရှိကြနိုင်ပါသည်။ အခြား မူဟာဂျိရ်ိန် (ရွှေ့လာ သူများ)မှာ မက္ကာမြို့တွင် ၎င်းတို့၏ မျိုးနွယ်စုများ ရှိကြသော်လည်း ၎င်း၏မိသားစုတွင် စောင့်ရှောက်ပေးမည့်သူ မရှိပါ ဟူ၍ ၎င်းက အသနားခံခဲ့ပေသည်။

တမန်တော်မြတ်ﷺက ၎င်း၏သာဝကကြီးများအား "သူအမှန်ကိုပြောခြင်းဖြစ်၏"ဟု ပြောကြားခဲ့သည်။ သာဝကကြီး အုမာရ်အလ်ဖါရူက်ﷺကမူ ၎င်း၏အီမာန်ထက်သန်မှုအပေါ် ဘဝင်မကျနိုင်ဘဲ ၎င်းအားသတ်ပစ်ရန် ထပ်မံ တောင်းဆိုခဲ့၏။ တမန်တော်မြတ်ﷺသည် ပို၍အကျပ်ကိုင်သော အကြောင်းပြချက်များပေးရင်း ပြောကြားခဲ့သည်မှာ

> "၎င်းသည် ဗဒ်ရ်စစ်ပွဲတွင် ပါဝင်ခဲ့၏။ ကျွန်ုပ်ပြောနိုင်သည်မှာ အလ္လာဟ်အရှင်မြတ်သည် ဗဒ်ရ် စစ်ပွဲတွင် ပါဝင် ခဲ့သူများကို ကြည့်တော်မူပြီးနောက် မိန့်တော်မူခဲ့သည်။ "အို- ဗဒ်ရ်၏လူများ၊ အသင်တို့ကြိုက်ရာကို ပြုလုပ်ကြလေ။ အဘယ်ကြောင့်ဆိုသော် ငါအရှင်မြတ်သည် အသင်တို့အား ခွင့်လွှတ်တော်မူခဲ့ပြီးဖြစ်၏။"

ဤသည်ကိုကြားသောအခါ၊ သာဝကကြီးအုမာရ်ﷺ၏ မျက်လုံးများမှ မျက်ရည်များ လိမ့်ဆင်းလာခဲ့ပြီး၊ "အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်တို့၌သာ အမှန်တရား၏ အသိပညာရှိတော်မူပါသည်။"ဟု ပြောကြားခဲ့၏။ (ဗုခါရီဂျမ်းပါ ဤဆင့်ပြန်ချက်အား မဃာဇီ၏ 'ဗဒ်ရ်စစ်ပွဲ'စာအုပ်တွင် ဖော်ပြပြီး၊ အိပ်နကဆီးရ်ကိုးကား ၏။)။ အချို့မူကွဲများတွင် သာဝကကြီး ဟာတိပ်အိပ်နဗလ်တအဟ်ﷺ၏ ဖြည့်စွက်ပြောဆိုချက် ပါရှိသည်မှာ 'ကျွန်ုပ်သည်

အစွလာမ်နှင့် မွတ်စလင်တို့ကို ထိခိုက်အောင် ဘယ်တုန်းကမျှ မပြုလုပ်ခဲ့ပါ။ တိုက်ခိုက်မည့်အကြောင်းကို မကျွာမြို့သား များသိသည်ဖြစ်စေ၊ မသိဘဲလျက်ဖြစ်စေအလ္လာဟ်အရှင်မြတ်သည်တမန်တော်မြတ်ﷺအားအောင်နိုင်မှုပေးတော်မူမည် ဖြစ်ကြောင်း ကျွန်ုပ်သေချာပေါက်သိခဲ့သောကြောင့်ဖြစ်၏။'

ဤအဖြစ်အပျက်ကို အကြောင်းခံ၍ အလ္လာဟ်အရှင်မြတ်သည် စူရဟ်အလ်မွမ်တဟိနဟ်၏ အဖွင့်အာယတ် တော်များတွင် ကာဖိရ်များနှင့် အဆွေခင်ပွန်းမပြုကြရန် မွတ်စလင်တို့အား ပြင်းထန်စွာ တားမြစ်တော်မူခြင်း ဖြစ်လေ သည်။

"يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا تَتَّخِذُواْ عَدُوِّي وَعَدُوَّكُمۡ أَوۡلِيَآءَ تُلۡقُونَ إِلَيۡهِم بِٱلۡمَوَدَّةِ" "အို 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အကယ်၍ အသင်တို့သည် ငါအရှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခြင်းငှာ လည်းကောင်း၊ ငါအရှင်မြတ်၏ နှစ်မြို့ကျေနပ်မှုကို ဆည်းပူးအံ့သောငှာ လည်းကောင်း၊ ထွက်ခဲ့ကြသည်ဖြစ်မူ အသင်တို့သည် ငါအရှင်မြတ်၏ ရန်သူကိုလည်းကောင်း၊ မိမိတို့၏ ရန်သူကိုလည်းကောင်း၊ အဆွေခင်ပွန်းများ မပြု ကြကုန်လင့်။ ...."(၆၀း၁)။ အာယတ်တော်ကျရောက်သည့် အကြောင်းခံအဖြစ်အပျက်ကို ဖော်ပြခဲ့ပြီးဖြစ်၏။ ကာဖိရ် များထံသို့ ရေးသားသည့် ထိုကဲ့သို့သော စာတစ်စောင်သည် ၎င်းတို့နှင့် ရင်းနှီးကျွမ်းဝင်မှုကို ဖြစ်စေသည်။ ဤ အာယတ်တော်တွင် عَدُوِّي وَعَدُوَّكُمۡ (ငါအရှင်မြတ်၏ရန်သူနှင့် အသင်တို့၏ရန်သူ) ဟူသော ဖော်ပြချက်ကို 'ကုဖ်ဖါရ်' (ကာဖိရ်များ) အစားသုံးခြင်းသည် ပြဋ္ဌာန်းချက်၏ အကြောင်းခံဖြစ်သည့် အသင်တို့၏ ရန်သူနှင့် အလ္လာဟ် အရှင်မြတ်၏ ရန်သူများထံမှ ခင်မင်ရင်းနှီးမှုကို မျော်လင့်ခြင်းသည် မရေရာကြောင်းကို ညွှန်ပြခြင်းဖြစ်ဟန်တူသည်။ ထိုသို့ မျော်လင့် ခြင်းကို ရှောင်ရှားရန်လိုအပ်ပေသည်။ ထို့အပြင် ကာဖိရ်တစ်ဦးသည် ကာဖိရ်တစ်ဦး၏ ဖြစ်နေသမျှ ကာလပတ်လုံး၊ မွတ်စလင်တစ်ဦးသည် မွတ်စလင်တစ်ဦး ဖြစ်နေသမျှကာလပတ်လုံး မိတ်ဆွေမဖြစ်နိုင် ကြောင်းကို ဤဖော်ပြချက်က ညွှန်ပြခြင်းလည်းဖြစ်၏။ ကာဖိရ်တစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ ရန်သူဖြစ်သော်လည်းမွတ်စလင် တစ်ဦးကမူ အလ္လာဟ်အရှင်မြတ်အား ချစ်ခင်လေသည်။ သို့ဆိုလျှင် ၎င်းတို့နှစ်ဦးကြားမည်သို့လျှင် ရင်းနှီးကျွမ်းဝင်မှု ရှိနိုင်ပါ မည်နည်း။

"وَقَدۡ كَفَرُواْ بِمَا جَآءَكُم مِّنَ ٱلۡحَقِّ يُخۡرِجُونَ ٱلرَّسُولَ وَإِيَّاكُمۡ أَن تُؤۡمِنُواْ بِٱللَّهِ رَبِّكُمۡ" အမှန်စင်စစ်သော်ကား ၎င်းတို့သည် အသင်တို့ထံ ရောက်ရှိလာသော အမှန်တရားကို ငြင်းပယ်ခဲ့ကြလေ၏။ ထိုသူတို့သည် ရစူလ်တမန်တော် မြတ်အား နှင်ထုတ်ခဲ့ကြသည်။ ၎င်းပြင် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူ တော်မူသော အလ္လာဟ်အရှင်မြတ် အား သက်ဝင်ယုံကြည်ကြသောကြောင့် ၎င်းတို့သည် အသင်တို့ကို နှင်ထုတ်ခဲ့ကြ လေ၏။ ...."(၆၀း၁)။ 'ဟတ်ဂ်' (အမှန်တရား)ဟူသော စကားလုံးသည် ကုရ်အာန် သို့မဟုတ် အစွလာမ်ကို ရည်ညွှန်း၏။ အာယတ်တော်၏ ဤအပိုင်းက ၎င်းတို့၏ ရန်လိုမှုအကြောင်းရင်းမှန်ဖြစ်သော ၎င်းတို့၏ 'ကုဖိရ်' (အမှန်တရားကို ငြင်းပယ်ခြင်း)ကို ရည်ညွှန်းလေသည်။ ၎င်းတို့သည် တမန်တော်မြတ်ﷺနှင့် ၎င်း၏နောက်လိုက်များအား လောကီဆိုင်ရာ အာဃာတကြောင့် မဟုတ်ဘဲ ၎င်းတို့၏ အီမာန်တစ်ခုတည်းကို အကြောင်းခံ၍ ချစ်သောနေအိမ်များမှ မောင်းနှင် ထုတ်ခြင်းဖြင့် ၎င်းတို့၏ ရန်လိုသော သဘောထားကို အများသိအောင် သက်သေပြခဲ့ကြ၏။ ဤသို့ကြောင့် မွတ်စလင် များသည် မွတ်စလင်များ ဖြစ်နေကြ သမျှ ကာလပတ်လုံး ကာဖိရ်များနှင့် ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေများ မဖြစ်နိုင်ကြောင်း ထင်ရှားပေသည်။ ဤသည် က ဟာတွိဗ်၏ရပ်တည်ချက်မှာ မလျော့ကန်ကြောင်းကိုလည်း ရှင်းလင်းစေသည်။ ထိုသူတို့အား ကျေးဇူးပြုလိုက်ပါက ၎င်းတို့သည် ၎င်းအား ကျေးဇူးတင်ပြီး၊ ၎င်း၏မိသားစုကို စောင့်ရှောက်ကြလိမ့်မည် ဟု အတွေးချော်ခဲ့ခြင်းသာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အီမာန်၏ရန်သူများဖြစ်ကြသောကြောင့်ပင်။ အကယ်၍ အကြင်သူသည်

(မပြောကောင်းမဆိုအပ်) မိမိ၏အီမာန်ကို မဆုံးရှုံးမရုတ်သိမ်းသမျှ အလ္လာဟ်အရှင်မြတ်၏ ရန်သူများနှင့် ချစ်ခင်ကျွမ်းဝင်ရန် မျော်လင့်ချက်သည် ထင်ရောင်ထင်မှားသာဖြစ်ပြီး၊ မဖြစ်နိုင်သလောက်ပင်။ (အီမာန်ရှိလျှင် ကာဖိရ်နှင့် ချစ်ကျွမ်းမဝင်နိုင်ဟူသော သဘောပင်)

اِنْ كُنْتُمْ خَرَجْتُمْ جِهَادًا فِيْ سَبِيْلِيْ وَ ابْتِغَآءَ مَرْضَاتِيْ "…. အကယ်၍ အသင်တို့သည် ငါအရှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခြင်းငှာ လည်းကောင်း၊ ငါအရှင်မြတ်၏ နှစ်မြို့ကျေနပ်မှုကို ဆည်းပူးအံ့သောငှာ လည်းကောင်း၊ ….”(၆၀း၁)။ ဤမိန့်ဆိုချက်ကလည်း အကယ်၍ ပြောင်းလွှဲခြင်းသည် အမှန်တကယ် အလ္လာဟ် အရှင်မြတ်နှင့် ထိုအရှင်မြတ် နှစ်သက်ကျေနပ်မှုအတွက် ဖြစ်ပါက အလ္လာဟ်အရှင်မြတ်၏ ရန်သူဖြစ်သော ကာဖိရ် တစ်ဦးအဖို့ အလ္လာဟ်အရှင်မြတ်၏ မိတ်ဆွေအား စောင့်ရှောက်ရန်မှာ မဖြစ်နိုင်ကြောင်း ညွှန်ပြ၏။

تُسِرُّوْنَ اِلَيْهِمْ بِالْمَوَدَّةِ ۖ وَ اَنَا اَعْلَمُ بِمَآ اَخْفَيْتُمْ وَ مَآ اَعْلَنْتُمْ …. အသင်တို့သည် ခင်မင်မှုကြောင့် ၎င်းတို့ ထံလျှို့ဝှက်(သတင်းကို) ပို့ဆောင်ကြငြားလည်း ငါအရှင်မြတ် မှာမူကား အသင်တို့ လျှို့ဝှက်သမျှကိုလည်းကောင်း၊ အသင်တို့ ထင်ရှားစေသမျှတို့ကို လည်းကောင်း အသိတော်မူဆုံးပင် ဖြစ်တော်မူ၏။….” (၆၀း၁)။ ဤမိန့်ဆိုချက်က ကာဖိရ်များနှင့် တိတ်တဆိတ် မိတ်ဖွဲ့ထားသော လူတစ်ဦးသည် အမြဲတမ်း လျှို့ဝှက်ထားနိုင်လိမ့်မည်ဟု မထင်မှတ်သင့်ကြောင်း ထင်ရှားအောင်ရှင်းပြ၏။ အလ္လာဟ်အရှင်မြတ်သည် အထက်မှ ဇာတ်လမ်းတွင် ဖြစ်ပျက်ခဲ့သည့်အတိုင်း လူများလျှို့ဝှက်စွာ သို့မဟုတ် ထင်ရှားစွာပြုလုပ်သော အရာမှန်သမျှကို ကောင်းစွာသိတော်မူသည်ဖြစ်၏။ အလ္လာဟ် အရှင်မြတ်သည် တမန်တော်မြတ်ﷺအား ဝဟီဖြင့် အသိပေးတော်မူခဲ့ပြီး လျှို့ဝှက်အစီအစဉ်ကို ပျက်စီးစေတော်မူခဲ့၏။

اِنْ يَّثْقَفُوْكُمْ يَكُوْنُوْا لَكُمْ اَعْدَآءً وَّ يَبْسُطُوْٓا اِلَيْكُمْ اَيْدِيَهُمْ وَ اَلْسِنَتَهُمْ بِالسُّوْٓءِ

“အကယ်၍ ၎င်းတို့သည် အသင်တို့အပေါ်၌ အရေးသာခဲ့ကြလျှင် အသင်တို့၏ ရန်သူဖြစ်ကြောင်းကိုသာ ပေါ်လွင်စေကြသည့်ပြင်၊ မိမိတို့လက်များဖြင့် လည်းကောင်း၊ မိမိတို့နှုတ်များဖြင့် လည်းကောင်း အသင်တို့အား ဒုက္ခပေးကြမည်သာ။ ….”(၆၀း၂)။ အာယတ်တော်က မွတ်စလင်တို့အပေါ် ကာဖိရ်တို့၏ ခံစားချက်သည် မည်မျှခါးသီးကြောင်းကို ညွှန်ပြ၏။ ၎င်းတို့သည် ၎င်းတို့၏လက်များ၊ လျှာများနှင့် နည်းလမ်းစုံကို အသုံးပြုလျက် မွတ်စလင်တို့အား ဒုက္ခပေးရန် ကြိုးပမ်းအားထုတ်ကြလိမ့်မည်။ ထို့ကြောင့် အနိုင်ရရန် အခွင့်သာသောအခါ၊ ၎င်းတို့သည် မွတ်စလင်များအပေါ် သည်းခံခြင်းတရား လက်ကိုင်ထားရန်မှာ မဖြစ်နိုင်ပါချေ။

وَدُّوْا لَوْ تَكْفُرُوْنَ "…. ထို့ပြင် ၎င်းတို့သည် အသင်တို့ ‘ကာဖစ်ရ်’ သွေဖည်ငြင်းပယ်သူများ ဖြစ်ကြရန်လည်း လိုလားတောင့်တ ကြပေသည်။”(၆၀း၂)။ ကာဖိရ်တို့၏ နလုံးသားထဲမှ အကြီးဆုံးသော အလိုဆန္ဒသည် မွတ်စလင်များ အီမာန်ကို စွန့်လွှတ်သည်ကို မြင်ကြရန်ဖြစ်၏။ ဤသို့ကြောင့် မွတ်စလင်များက ၎င်းတို့ထံသို့ ချစ်ကြည်ရေး ကမ်းလှမ်းသောအခါ၊ ချစ်ကြည်ရေး၏ တန်ဘိုးသည် အီမာန်ပင် ဖြစ်ပေလိမ့်မည်။ မွတ်စလင်များ အီမာန်ကို မစွန့်လွှတ်သ၍ ၎င်းတို့နှင့် အဆင်ပြေလိမ့်မည် ပျော်ရွှင်လိမ့်မည် မဟုတ်ချေ။

لَنْ تَنْفَعَكُمْ اَرْحَامُكُمْ وَ لَآ اَوْلَادُكُمْ ۚ يَوْمَ الْقِيٰمَةِ ۚ يَفْصِلُ بَيْنَكُمْ ۭ وَ اللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرٌ

“အသင်တို့၏ ဆွေမျိုးနီးစပ်မှုသည် လည်းကောင်း၊ အသင်တို့၏ သားသမီးတို့သည် လည်းကောင်း၊ ‘ကိယာမသ်’ ရှင်ပြန်ထမည့်နေ့တွင် အသင်တို့အား အလျင်းအကျိုးပေးကြမည် မဟုတ်ပေ။ ထိုအရှင်မြတ်သည် အသင် တို့၏ အကြား၌ စီရင်ဆုံးဖြတ်တော်မူမည်ဖြစ်၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကျင့်မူသမျှတို့ကို အကြွင်းမဲ့သိမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။”(၆၀း၃)။ အာယတ်တော်က သာဝကကြီး

ဟာတွိပ်ﷺ၏ အသနားခံမှုကို ငြင်းဆိုသည်။ ၎င်း၏သားသမီးများအတွက် ၎င်းလုပ်ခဲ့သည်မှာ လုပ်ခဲ့သည်ပင်ဖြစ်၏။ သို့သော် ရှင်ပြန်ထမည့်နေ့တွင် ၎င်းတို့သည် အကူအညီဖြစ်လိမ့်မည် မဟုတ်ပေ။ ထိုနေ့တွင် ပတ်သက်ဆက်နွယ်မှု အားလုံးသည် အဆုံးသတ်မည်ဖြစ်၏။ မိဘများသည် သားသမီးတို့ထံမှ ထွက်ပြေးကြလိမ့်မည်ဖြစ်ပြီး၊ သားသမီးတို့သ သည် မိဘများထံမှ ထွက်ပြေးကြလိမ့်မည်။ ထို့ပြင် မည်သည့်လျှို့ဝှက်ချက်မျှ အလ္လာဟ်အရှင်မြတ်ထံတော်၌ ဖုံးကွယ်လျက်ရှိတော့မည် မဟုတ်ပေ။

قَدْ كَانَتْ لَكُمْ أُسْوَةٌ حَسَنَةٌ فِيْٓ إِبْرٰهِيْمَ.....حَتّٰى تُؤْمِنُوْا بِاللّٰهِ وَحْدَهٗٓ

"ဇကန်အမှန် အသင်တို့အဖို့ (နဗီတမန်တော်) ၎အိစ်ဗရာဟီမ်၏၌လည်းကောင်း၊ ထို(နဗီတမန်တော်) အစ်ဗရာဟီမ် နှင့်အတူ ရှိခဲ့ကြသော သူတို့၌လည်းကောင်း၊ မွန်မြတ်လှစွာသော စံနမူနာသည် ရှိပေသည်။

တရံရောအခါဝယ် ၎င်းတို့သည် မိမိတို့၏ အမျိုးသားတို့အား (ဣသို့) ပြောကြားခဲ့ကြကုန်၏။ ဇကန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့နှင့် လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အပြင် အသင်တို့ ဆည်းကပ်ကိုးကွယ်ကြသော အရာများနှင့် လည်းကောင်း မပတ်သက်သူများပင် ဖြစ်ကြ၏။ ကျွန်ုပ်တို့သည် အသင်တို့အား ငြင်းပယ်လိုက်ကြပေပြီ။

အသင်သည် တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား မယုံကြည်သမျှ ကာလပတ်လုံး ကျွန်ုပ်တို့နှင့် အသင်တို့၏အကြား၌ ရန်ငြိုးသည်လည်းကောင်း၊ မုန်းတီးမှုသည်လည်းကောင်း၊ အမြဲမပြတ် ဖြစ်ပေါ်လျက် ရှိနေမည် သာ...."(၆၀း၄)။ အာယတ်တော်က ကာဖိရ်များနှင့် အကျွမ်းတဝင် ဆက်ဆံခြင်းမှ ရှောင်ကြဉ်ရန် အားပေးလျက် အလေးအနက် မိန့်ဆိုသည်။ ဤဥပဒေစည်းမျဉ်းကို တမန်တော် အီဗရာဟင်ﷺအား စံနမူနာထားကာ ပုံဖော်သည်။ ၎င်း၏မိသားစုတစ်ခုလုံးသည် ရုပ်တုများကို ကိုးကွယ်ခဲ့ကြသည်။ သို့သော် ၎င်းကမူ ထိုရုပ်တုများအား ဆက်လက် တာဝန်ယူရန် ငြင်းဆန်ပြီး၊ စွန့်လွှတ်ခဲ့ရုံသာမက ၎င်းတို့သည် ရုပ်တုကိုးကွယ်မှုကို စွန့်လွှတ်ပြီး၊ အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းကို သက်ဝင်ယုံကြည်မှု မရှိသမျှကာလပတ်လုံး ၎င်းတို့နှင့် ရာသက်ပန်ရန်လိုမှု၊ မုန်းတီးမှုများ* နံရံတစ်ခု ခြားနေမည်ဖြစ်ကြောင်းလည်း ကြေညာပြီး ဖြစ်ချေသည်။

သံသယတစ်ခုကို ဖျောက်နည်းအောင်ပြုလုပ်ခြင်း

ယခု အာယတ်တော်သည် မွတ်စလင်တို့အနေဖြင့် တမန်တော် အီဗရာဟင်ﷺ၏ စံနမူနာအတိုင်း လိုက်နာကြ သင့်ကြောင့် အလေးအနက်မိန့်ကြား၏။ ထို့ပြင် စူရဟ်တောင်ဗဟ်နှင့် ကုရ်အာန်၏ အခြားနေရာများတွင် ၎င်းသည် ရုပ်တုကိုးကွယ်သူတစ်ဦးဖြစ်သော ၎င်း၏ဖခင်ကို ခွင့်လွှတ်တော်မူပါရန် ဆုပန်ကြားခဲ့ကြောင်း ဖော်ပြထား၏။ ဤသည်က သံသယတစ်ခုကို ဖန်တီးနိုင်သည်မှာ တမန်တော် အီဗရာဟီမ်ﷺ၏ စံနမူနာကို လိုက်နာကြရန်ဟူသော အလ္လာဟ်အရှင် မြတ်၏ အမိန့်တော်ကို နာခံဆောင်ရွက်ရာတွင် ရုပ်တုကိုးကွယ်သူများ ဖြစ်ကြသည့် အကြင်သူ၏ မိဘများ သို့မဟုတ် ဆွေမျိုးသားချင်းများအတွက် ခွင့်လွှတ်မှုဆုပန်ခြင်းကို ခွင့်ပြုခြင်းဖြစ်၏။ သို့သော် အာယတ်တော်(၄)၏ နောက်ပိုင်းတွင် လာရှိသော အီဗရာဟီမ်ﷺ၏နောက်သို့ လိုက်ကြရန် အမိန့်တော်၌-

إِلَّا قَوْلَ إِبْرٰهِيْمَ لِأَبِيْهِ لَأَسْتَغْفِرَنَّ لَكَ".... သို့ရာတွင် နဗီတမန်တော် အစ်ဗရာဟီမ်သည် မိမိဖခင်အား ၎မုချဇကန် ကျွန်ုပ်သည် အသင့်အဖို့ လွတ်ငြိမ်း ချမ်းသာခွင့်ကို ပန်ကြားမည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်ဝယ် အသင်နှင့်ပတ်သက်၍ ကျွန်ုပ်တစ်စုံတစ်ရာမျှပင် အခွင့်အာဏာပိုင်ဆိုင်ခြင်း မရှိပြီ။၎ဟူသော (နဗီတမန်တော်) ၎အစ်ဗရာဟီမ်၏ ပြောဆို(ကတိပြု)ချက်မှတပါး (ယင်းသည့်အချက်ကိုမူကား အသင်တို့သည်

လိုက်နာခြင်းမပြုကြရ)...."(၆၀း၄)ဟူ၍ ခြွင်းချက်တစ်ခုထားရှိ၏။ ဤသည်က တမန်တော် အီဗရာဟီမ်ﷺ၏ စံနမူနာကို ၎င်း၏ဖခင်အား ခွင့်လွှတ်တော်မူပါရန် ဆုပန်သည့်ကိစ္စမှတပါး အခြားအရာအားလုံးတွင် လိုက်နာရန် အရေးကြီးကြောင်းကို ညွှန်ပြထား၏။ ဤအလေးထားသည့် ကိစ္စတွင် ၎င်း၏စွန့်တ်ကို အတုယူရန် ခွင့်မပြုပေ။ ၎င်း၏ဖခင်အတွက် ခွင့်လွှတ်ခြင်းကို ဆုပန်ရသည့် အကြောင်းရင်းအား မူရဟ်တောင်ဗဟ်တွင် ရှင်းပြခဲ့ပြီးဖြစ်၏။ ၎င်း၏ဖခင်အတွက် ခွင့်လွှတ်မှုကို ဆုပန်ခြင်းသည် တားမြစ်မိန့်ကို မထုတ်ပြန်ခင်ကဖြစ်၏။ သို့တည်းမဟုတ် ဖခင်၏နှလုံးသားထဲသို့ အီမာန်ဝင်ရောက်သွားပြီဟု ၎င်းအနေဖြင့် ခံစားရသောကြောင့်လည်း ဖြစ်နိုင်ပေသည်။ သို့သော် ၎င်း၏ဖခင်သည် အလ္လာဟ်အရှင်မြတ်၏ ရန်သူဖြစ်ကြောင်း ထင်ရှားလာသောအခါ၊ ၎င်းနှင့်ပတ်သက်၍ တာဝန်မယူတော့ဘဲ ၎င်းအား အဆက်ဖြတ်ခဲ့လေသည်။

فَلَمَّا تَبَيَّنَ لَهٗۤ اَنَّهٗ عَدُوٌّ لِّلّٰهِ تَبَرَّاَ مِنْهُ "တဖန် ထို(နဗီတမန်တော်) အစ်ဗ်ရာဟီမ်၌ (ဖခင်)သည် အလ္လာဟ်အရှင်မြတ်၏ ရန်သူဖြစ်ကြောင်း ထင်ရှားခဲ့သောအခါ ထို(နဗီတမန်တော် အစ်ဗရာဟီမ်သည် ဖခင်နှင့် (မည်သို့မျှ) မသက်ဆိုင်မဟတ်သက်ဟူ၍ ငြင်းဆိုခဲ့လေသည်။ ...."(၉း၁၁၄)။

အချို့သောပညာရှင်များက اِلَّا قَوْلَ اِبْرٰهِيْمَ 'အစ်ဗရာဟီမ်'၏ ပြောဆိုချက်မှတပါး ဟူသောစကားရပ်အား ခြွင်းချက်ကို ယေဘုယျအဓိပ္ပါယ်မှ ဖျောက်ထားသော သို့မဟုတ် အမျိုးအစားအားဖြင့် လုံးဝကွာခြားသော 'အစ်တိဆ်နအ်မွန်ကတွိ'အဖြစ် သဒ္ဒါနည်းကျ ပိုင်းခြားစိပ်ဖြာကြ၏။ ဤသဒ္ဒါဆန်းစစ်ချက်အရ ၎င်း၏ဖခင်အတွက် ခွင့်လွှတ်ရန် ဆုပန်ခြင်းသည် အိဗ်ရာဟီမ်ﷺ၏ စံနမူနာနှင့် ဆန့်ကျင်ကွဲလွဲခြင်း မဖြစ်ချေ။ တမန်တော်အိဗ်ရာဟီမ်ﷺသည် ၎င်းဖခင်မှာ မွတ်စလင်တစ်ဦး ဖြစ်ခဲ့ပြီးဖြစ်သည်ဟု ယုံမှတ်ခဲ့သည်။ ထို့ကြောင့် ၎င်းကဂင်း၏ မွတ်စလင်ဖခင်အတွက် ခွင့်လွှတ်ရန် ဆုပန်ခဲ့ခြင်းဖြစ်၏။ နောက်ပိုင်းတွင် အဖြစ်မှန်ကို သွားသောအခါ၊ ၎င်းက ဖခင်အတွက် ဆုတောင်းခြင်းကို စွန့်လွှတ်လိုက်သည့်ပြင် ၎င်းအား၍ ချုပြစ်တင်ခဲ့လေသည်။ ယနေ့ခေတ်အခါ၌ပင် အကယ်၍ အကြင်ကာဖိရ်တစ်ဦးသည် အစွလာမ်ကို လက်ခံယုံကြည်ပြီး ဖြစ်သည်ဟု ယုံကြည်ပါက ၎င်းအတွက် လွတ်ငြိမ်းချမ်းသာခွင့် ဆုပန်ကြားခြင်း၌ အန္တရာယ်မရှိပေ။ (ကုရ်သုဗီ) အလ္လာဟ်အရှင်မြတ်အသိဆုံး ဖြစ်တော်မူသည်။

အာယတ်တော် (၇-၉)

عَسَى اللّٰهُ اَنْ يَّجْعَلَ بَيْنَكُمْ وَ بَيْنَ الَّذِيْنَ عَادَيْتُمْ مِّنْهُمْ مَّوَدَّةً ؕ وَ اللّٰهُ قَدِيْرٌ ؕ وَ اللّٰهُ غَفُوْرٌ رَّحِيْمٌ ۝ لَا يَنْهٰىكُمُ اللّٰهُ عَنِ الَّذِيْنَ لَمْ يُقَاتِلُوْكُمْ فِى الدِّيْنِ وَ لَمْ يُخْرِجُوْكُمْ مِّنْ دِيَارِكُمْ اَنْ تَبَرُّوْهُمْ وَ تُقْسِطُوْۤا اِلَيْهِمْ ؕ اِنَّ اللّٰهَ يُحِبُّ الْمُقْسِطِيْنَ ۝ اِنَّمَا يَنْهٰىكُمُ اللّٰهُ عَنِ الَّذِيْنَ قٰتَلُوْكُمْ فِى الدِّيْنِ وَ اَخْرَجُوْكُمْ مِّنْ دِيَارِكُمْ وَ ظٰهَرُوْا عَلٰۤى اِخْرَاجِكُمْ اَنْ تَوَلَّوْهُمْ ۚ وَ مَنْ يَّتَوَلَّهُمْ فَاُولٰٓئِكَ هُمُ الظّٰلِمُوْنَ ۝

အလ္လာဟ်အရှင်မြတ်သည် အသင်တို့နှင့် အသင်တို့၏ ရန်ဘက်များ ဖြစ်ကြသော သူတို့၏ အကြားဝယ် ချစ်ခင်မှုကို စီမံဖန်တီးပေးတော်မူမည်ဖြစ်တန်ရာ၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာရာကို အကြွင်းမဲ့စွမ်းနိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော အရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူ၏။ [၇] အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အကြင်သူတို့ကို ကျူးဖူးပြုခြင်းမှ လည်းကောင်း၊ တရားမျှတစွာ ဆက်ဆံခြင်းမှ လည်းကောင်း၊ တားမြစ်တော်မူသည် မဟုတ်ပေ။ ထိုသူတို့သည် အသင်တို့အား 'ဒီန်'သာသနာနှင့် စပ်လျဉ်း၍ တိုက်ခိုက်ခဲ့ကြသည်လည်း မဟုတ်ပေ။ အသင်တို့ အား အသင်တို့၏ နေအိမ်များမှ နှင်ထုတ်ခဲ့ကြသည်လည်း မဟုတ်ပေ။ ဇကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် တရားမျှတသော သူတို့အား နှစ်သက်ချစ်တော်မူ၏။[၈] (စင်စစ်သော်ကား) အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အကြင်သူတို့ကို အဆွေခင်ပွန်း ပြုလုပ်ခြင်းမှသာ တားမြစ်တော်မူ၏။ ထိုသူတို့သည် 'ဒီန်' သာသနာနှင့်စပ်လျဉ်း၍ အသင်တို့ကို တိုက်ခိုက်ခဲ့ကြသည့်ပြင် အသင်တို့အား အသင်တို့၏ နေအိမ်များမှလည်း နှင်ထုတ်ခဲ့ကြ၏။ အသင်တို့ကို နှင်ထုတ်ရေးနှင့် စပ်လျဉ်း၍ (သူတစ်ပါးတို့အား) ယိုင်းပင်းကူညီခဲ့ကြ၏။ စင်စစ်သော်ကားမည်သူမဆို ၎င်းတို့အားအဆွေခင်ပွန်းပြုလုပ်သည်ရှိသော် ထိုကဲ့သို့သောသူတို့သည် သာလျှင် မတရားသောသူများ ဖြစ်ကြကုန်သတည်း။[၉]

ရှင်းလင်းဖွင့်ဆိုချက်

အလျင်အာယတ်တော်များက မည်မျှသွေးသားရင်းချာ တော်စပ်သည်ဖြစ်စေ ကာဖိရ်များနှင့် မည်သည့်ရင်းနှီးကျွမ်းဝင်မှုမျိုးမှ မထားရှိရန် မွတ်စလင်တို့အား ပြင်းထန်စွာ တားမြစ်ခဲ့သည်။ မြင့်မြတ်သော သာဝကကြီးများသည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်တို့၏ အမိန့်တော်များကို စိတ်ရောကိုယ်ပါ ဖော်ဆောင်ကြလေ့ရှိခဲ့၏။ ၎င်းတို့၏ ကိုယ်ပိုင်အလိုဆန္ဒများကို လည်းကောင်း၊ ချစ်သူခင်သူများကို လည်းကောင်း အရေးမထားခဲ့ကြပေ။ ဖခင်မှာ မွတ်စလင်ဖြစ်ပြီး၊ သားက ကာဖိရ်ဖြစ်နေသော သို့မဟုတ် ဖခင်မှာ ကာဖိရ်ဖြစ်ပြီး၊ သားက မွတ်စလင်ဖြစ်နေသော အိမ်များ၌လည်း ဤအမိန့်တော်အတိုင်းပင် ဆောင်ရွက်ကြ၏။ ရင်းနှီးသော ဆက်ဆံရေးများ ပြတ်တောက်ကုန်သည်။ လူသဘာဝအရ ဤအနေအထားမှာ မလွယ်ကူကြောင်း ထင်ရှား၏။ ထို့ကြောင့်ပင် အလ္လာဟ်အရှင်မြတ်က ဤခက်ခဲမှုသည် မကြာမီ ပြီးဆုံးသွားလိမ့်မည်ဖြစ်ကြောင်း ၎င်းတို့အား အာမခံတော်မူခဲ့ခြင်းဖြစ်၏။

အချို့ဟဒီးသ်များအရ အလ္လာဟ်အရှင်မြတ်၏ ကျွန်တစ်ဦးသည် အလ္လာဟ်အရှင်မြတ်အတွက် မိမိအနှစ်သက်ဆုံးအရာတစ်ခုကို စွန့်လွှတ်သောအခါ၊ အလ္လာဟ်အရှင်မြတ်သည် ထိုအရာကို ဟလာလ်ပုံစံတစ်ခုအနေဖြင့် ၎င်းအားပေးတော်မူသည့်ပြင်၊ တစ်ခါတစ်ရံ ထိုအရာထက် ပိုကောင်းသော တစ်စုံတစ်ရာ ကို ၎င်းအားပေးတော်မူလေသည်။

ဤအာယတ်တော်များက မွတ်စလင်တို့၏ ကမ္ဘာမကျေရန်သူများသည် ၎င်းတို့၏ မယုံကြည်မှုကြောင့် မကြာမီ မွတ်စလင်တို့၏ မိတ်ဆွေများ ဖြစ်လာကြမည့် အရိပ်လက္ခဏာတစ်ခုကိုပေး၏။ တစ်နည်းဆိုရလျှင် ရန်သူတို့အား အလ္လာဟ်အရှင်မြတ်သည် ဒီမာန်ကို လက်ခံနိုင်စွမ်း ပေးသနားတော်မူမည်ဖြစ်၍ နှစ်ဦးနှစ်ဖက်ဆက်ဆံရေးကို ပြန်လည်တည်ဆောက်နိုင်လိမ့်မည် ဖြစ်သည်။ ဤကြိုတင်ဟောကိန်းမှာ မက္ကာမြို့အား အောင်နိုင်သောအခါ ပြည့်ဝခဲ့၏။

စစ်ပွဲတွင် ကျဆုံးသော ကာဖိရ်များမှအပ ကျန်လူများသည် မွတ်စလင်များ ဖြစ်လာခဲ့ကြလေသည် (မဇ်ဟရီ)။ ကျမ်း မြတ်ကုရ်အာန်က ထိုအကြောင်းကို ဤသို့ဖော်ပြ၏။ يَدۡخُلُوۡنَ فِىۡ دِيۡنِ اللّٰهِ اَفۡوَاجًا "…. လူတို့အား အလ္လာဟ် အရှင် မြတ်၏ 'ဒီန်'သာသနာတော်၌ အသင်းလိုက်၊ အဖွဲ့လိုက် ဝင်ရောက်လျက်ရှိကြသည်ကို တွေ့မြင်သောအခါ" (၁၁၀း၂)။

သခင်မ အက်စ်မာအ်ဘင့်အဗူဘက်ရ်ﷺအား ကိုးကားလျက် ဗုခါရီကျမ်း၌ မှတ်တမ်းတင်ထားသည်မှာ သူမ ၏မိခင်သည် မက္ကာမြို့မှ မဒီနာမြို့သို့ ကာဖိရ်တစ်ဦးအဖြစ်နှင့် ရောက်ရှိလာခဲ့သည်။ မတ်စ်နဒ်အဟ်မဒ်ကျမ်းပါ ဆင့်ပြန် ချက်တစ်ရပ်အရ ဤအဖြစ်အပျက်သည် မက္ကာမြို့သား ကုရိုက်ရှ်တို့နှင့် ချုပ်ဆိုသော ဟုဒိုင်ဗီယဟ် ငြိမ်းချမ်းရေးစာချုပ် အပြီးသတ်ချုပ်ဆိုခဲ့ပြီး၊ စာချုပ်ပါအချက်များ အာဏာသက်ရောက်ချိန်တွင် ဖြစ်ပျက်ခဲ့၏။ သူမမိခင်၏ အမည်မှာ ကူတေလဟ်ဖြစ်၏။ သူမသည် သမီးဖြစ်သူ သခင်မ အက်စ်မာအ်ﷺအတွက် လက်ဆောင်များ ယူလာခဲ့သည်။ သို့သော် ယင်းတို့ကို သူမကလက်ခံရန် ငြင်းပယ်သည့်ပြင် သူမသည် တမန်တော်မြတ်ﷺထံမှ ခွင့်ပြုချက် မတောင်းခံ ဘဲနှင့် မိခင်အား သူမ၏အိမ်ထဲသို့ပင် အဝင်မခံခဲ့ပေ။ သခင်မ အက်စ်မာအ်ﷺက ကာဖိရ်တစ်ဦးဖြစ်နေသော သူမ၏ မိခင်အား မည်ကဲ့သို့ ဆက်ဆံပြုမူရမည့် အကြောင်းကို တမန်တော်မြတ်ﷺအား မေးမြန်းခဲ့သည်။ တမန်တော်မြတ်ﷺက မိခင်ကို ကြင်နာစွာ၊ ယဉ်ကျေးစွာ၊ ရည်မွန်စွာ ဆက်ဆံရန် သူမအား အကြံပြုခဲ့သည်။ ထိုဖြစ်ရပ်အပေါ် အောက်ပါ အာယတ်တော် ကျရောက်ခဲ့လေသည်။

لَا يَنۡهٰٮكُمُ اللّٰهُ عَنِ الَّذِيۡنَ لَمۡ يُقَاتِلُوۡكُمۡ فِى الدِّيۡنِ "အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အကြင် သူတို့ကို ကျေးဇူးပြုခြင်းမှ လည်းကောင်း၊ တရားမျှတစွာ ဆက်ဆံခြင်းမှ လည်းကောင်း တားမြစ်တော်မူသည် မဟုတ် ပေ။ ထိုသူတို့သည် အသင်တို့အား 'ဒီန်'သာသနာနှင့် စပ်လျဉ်း၍ တိုက်ခိုက်ခဲ့ကြသည်လည်း မဟုတ်ပေ။ အသင်တို့အား အသင်တို့၏ နေအိမ်များမှ နှင်ထုတ်ခဲ့ကြသည်လည်း မဟုတ်ပေ။ ဇကာန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တရားမျှတ သောသူတို့အား နှစ်သက်ချစ်ခင်တော်မူ၏။"(၆၀း၈)။

သခင် အက်စ်မာအ်ﷺ၏ မိခင်ဖြစ်သူ ကူတေလဟ်သည် အမိုက်ခေတ်ကာလက သာဝကကြီး အဗူဗက်ရ်ﷺ၏ ကွာရှင်းခြင်းခံခဲ့ရသူဖြစ်၏ဟု အချို့တင်ပြချက်များကဆို၏။ သခင်မ အက်စ်မာအ်ﷺ၏ ညီမဖြစ်သူ သခင်မ အာအိရှာ ﷺသည် အဗူဗက်ရ်ﷺ၏ ဒုတိယဇနီးဖြစ်သော အစ္စလာမ်ကို လက်ခံယုံကြည်သူဖြစ်သည့် အူမ်ရူးမာန်ဖြင့် မွေးဖွားခဲ့၏။ (အိဗ်နကဆီးရ်နှင့် မဇ်ဟရီ)

အာယတ်တော်က တိုက်ရိုက်လမ်းညွှန်သည်မှာ မွတ်စလင်များအား တိုက်ခိုက်ခြင်းမပြုသော ကာဖိရ်တို့နှင့် တရားမျှတစွာ၊ ကောင်းမွန်စွာ ဆက်ဆံကြရန်ဖြစ်၏။ တရားမျှတမှုသည် မွတ်စလင်မဟုတ်သူတိုင်းအပေါ် ထားရှိရမည့် မပြုမနေရတာဝန် ဖြစ်ပေသည်။ အကြောင်သူသည် အစ္စလာမ်နိုင်ငံတစ်ခု၏ နိုင်ငံသားတစ်ဦး သို့မဟုတ် မွတ်စလင်တို့နှင့် ငြိမ်းချမ်းရေး သဘောတူညီချက်ယူထားသူ သို့မဟုတ် အစ္စလာမ်မဟုတ်သော နိုင်ငံတစ်ခု၏ နိုင်ငံသားတစ်ဦးဖြစ်ပြီး၊ ၎င်းသည် မွတ်စလင်များနှင့် စစ်တိုက်နေသူတစ်ဦး ဖြစ်သည့်တိုင် ၎င်းအားတရားမျှတစွာ ဆက်ဆံရမည်ဖြစ်၏။ အစ္စလာမ်က တိရစ္ဆာန်များအပေါ်၌ပင်လျှင် တရားမျှတမှုထားရှိရမည်ဟူ၍ မွတ်စလင်တို့အား ပြဋ္ဌာန်းထား၏။ ၎င်းတို့ အပေါ် ၎င်းတို့ခံနိုင်ရည်ရှိသည်ထက်ပို၍ ဝန်တင်ခြင်းကို ခွင့်မပြုပေ။ ၎င်းတို့၏ အစားအစာနှင့် သက်သောင့်သက်သာ ရှိမှုများကို ဂရုစိုက်ရမည်ဖြစ်၏။ ထို့ကြောင့် အာယတ်တော်၏ အဓိကအချက်မှာ မွတ်စလင်များကို မတိုက်ခိုက်သော ကာဖိရ်တို့အား တရားမျှတစွာ ဆက်ဆံရုံသာမက ကောင်းမွန်စွာ ဖော်ရွေစွာလည်း ဆက်ဆံကြသင့်ကြောင်းပင် ဖြစ် လေသည်။

ဓမ္မသတ်

ဤအာယတ်တော်က အစ္စလာမ်နိုင်ငံတစ်ခု၏ မွတ်စလင်မဟုတ်သော နိုင်ငံသားအပေါ်တွင် လည်းကောင်း၊ မွတ်စလင်တို့နှင့် ငြိမ်းချမ်းရေးကတိကဝတ်ထားရှိသော မွတ်စလင်မဟုတ်သူများ အပေါ်တွင် လည်းကောင်း စေတနာအလျောက် ပေးကမ်းလှူဒါန်းသုံးစွဲပိုင်ခွင့် ရှိကြောင်းကို သက်သေခံ၏။ သို့ရာတွင် မွတ်စလင်တို့နှင့် စစ်ခင်းနေသော ကာဖိရ်များအပေါ် သုံးစွဲခြင်းကိုမူ မပြုလုပ်ရန် တားမြစ်၏။

اِنَّمَا يَنْهٰىكُمُ اللّٰهُ عَنِ الَّذِيْنَ قٰتَلُوْكُمْ فِى الدِّيْنِ وَاَخْرَجُوْكُمْ مِّنْ دِيَارِكُمْ وَظٰهَرُوْا عَلٰٓى اِخْرَاجِكُمْ اَنْ تَوَلَّوْهُمْ

"(စင်စစ်သော်ကား) အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အကြင်သူတို့ကို အဆွေခင်ပွန်း ပြုလုပ်ခြင်းမှသာ တားမြစ်တော်မူ၏။ ထိုသူတို့သည် 'ဒီန်'သာသနာတော်နှင့် စပ်လျဉ်း၍ အသင်တို့ကို တိုက်ခိုက်ခဲ့ကြသည့်ပြင် အသင်တို့အား အသင်တို့၏ နေအိမ်များမှလည်း နှင်ထုတ်ခဲ့ကြ၏။ အသင်တို့ကို နှင်ထုတ်ရေးနှင့် စပ်လျဉ်း၍ (သူတပါး တို့အား) ယိုင်းပင်းကူညီခဲ့ကြ၏။ စင်စစ်သော်ကား မည်သူမဆို ၎င်းတို့အား အဆွေခင်ပွန်း ပြုလုပ်သည်ရှိသော် ထိုကဲ့သို့သော သူတို့သာလျှင် မတရားသောသူများ ဖြစ်ကြကုန်သတည်း။"(၆၀း၉)။ ဤအာယတ်တော်က မွတ်စလင်တို့အား သာသနာနှင့် စပ်လျဉ်း၍ တိုက်ခိုက်ခဲ့သူ၊ နေအိမ်များမှ မောင်းနှင်ထုတ်ခဲ့သူ သို့မဟုတ် ယင်းသို့ပြုလုပ်ရာတွင် ကူညီခဲ့သူ ကာဖိရ်များအကြောင်းကို မိန့်ဆိုခြင်းဖြစ်၏။ ဤသူများသည် ရန်လိုမုန်းတီးသော ကာဖိရ်များ ဖြစ်ကြသောကြောင့် ၎င်းတို့နှင့်သက်ဆိုင်သည့် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်မှာ ၎င်းတို့နှင့် အဆွေခင်ပွန်း မပြုလုပ်ကြရန် ဖြစ်လေသည်။ ဤအာယတ်တော်က ၎င်းတို့အပေါ် တရားမျှတမှုနှင့် ကြင်နာမှုများ ထားရှိခြင်းကို မတားမြစ်ဘဲ ရင်းနှီးကျွမ်းဝင်ခြင်းနှင့် အတွင်းကျကျ ပတ်သက်ဆက်နွယ်ခြင်းများကို တားမြစ်ရုံသာဖြစ်၏။ ထိုကဲ့သို့ အဆွေခင်ပွန်း မပြုလုပ်ရန် တားမြစ်ချက်သည် မွတ်စလင်တို့အား တက်ကြွစွာ စစ်ပွဲဆင်နွှဲသော ရန်သူများကိုသာ ကန့်သတ်ခြင်းမဟုတ်ဘဲ 'အဟ်လွဒ်ဒင်မ်မဟ်' (အစ္စလာမ်နိုင်ငံတစ်ခု၏ မွတ်စလင်မဟုတ်သော နိုင်ငံသားများ)နှင့် 'အဟ်လွဆ်ဝ်စုလ်ဟ်' (ငြိမ်းချမ်းရေးသဘောတူစာချုပ် ချုပ်ဆိုထားသော မွတ်စလင်မဟုတ်သူများ)လည်း အကျုံးဝင်လေသည်။ ၎င်းတို့နှင့် အလိုက်သည်းလိုက် အတွင်းကျကျ ရင်းနှီးခင်မင်ခြင်းကိုလည်း ခွင့်မပြုချေ။ ဤစည်းကမ်းချက်အပေါ် အခြေခံလျက် မဇ်ဟရီကဆုံးဖြတ်သည်မှာ တရားမျှတမှု၊ သာတူညီမျှမှုနှင့် မျှတမှုများသည် မွတ်စလင်တို့နှင့် တိုက်ခိုက်နေသော ရန်လိုမုန်းထားသည့် ရန်သူများအပေါ်၌ပင် ထားရှိရန်လိုအပ်၏။ တားမြစ်ချက်သည် အဆွေခင်ပွန်း ပြုလုပ်ခြင်းနှင့်သာ သက်ဆိုင်ပြီး၊ ယဉ်ကျေးပျူငှာခြင်း၊ ကြင်နာခြင်းများနှင့် မသက်ဆိုင်ပေ။ ဤသည်က မွတ်စလင်တို့နှင့် တိုက်ခိုက်နေသော ရန်လိုမုန်းထားသည့် ရန်သူများအား ယဉ်ကျေးရည်မွန်စွာ ဆက်ဆံခြင်းကို ခွင့်ပြုကြောင်း ညွှန်ပြပေသည်။ သို့ရာတွင် ၎င်းတို့အပေါ် ပျော့ပျောင်း၊ ရည်မွန်စွာ ဆက်ဆံခြင်းက မွတ်စလင်တို့အား အန္တရာယ်၊ ခြိမ်းချောက်မှု သို့မဟုတ် ဆုံးရှုံးမှုများ မဖြစ်စေရပေ။ ရင်းနှီးကျွမ်းဝင်ခြင်းသည် အန္တရာယ်ဖြစ်စေမည်ဆိုပါက ၎င်းတို့အား ယဉ်ကျေးဖော်ရွေခြင်းကို ခွင့်မပြုပါချေ။ တရားမျှတမှုနှင့် သာတူညီမျှမှုတို့သည် ကိစ္စရပ်တိုင်း၊ အခြေအနေတိုင်းတွင် လိုအပ်ပြီး အရေးကြီးသည်မှာ အမှန်ပင်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်အသိဆုံး ဖြစ်တော်မူသည်။

အာယတ်တော် (၁၀-၁၃)

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا جَآءَكُمُ الْمُؤْمِنٰتُ مُهٰجِرٰتٍ فَامْتَحِنُوْهُنَّ ؕ
اَللّٰهُ اَعْلَمُ بِاِيْمَانِهِنَّ ۚ فَاِنْ عَلِمْتُمُوْهُنَّ مُؤْمِنٰتٍ فَلَا تَرْجِعُوْهُنَّ اِلَى
الْكُفَّارِ ؕ لَا هُنَّ حِلٌّ لَّهُمْ وَلَا هُمْ يَحِلُّوْنَ لَهُنَّ ؕ وَ اٰتُوْهُمْ مَّآ اَنْفَقُوْا ؕ وَ
لَا جُنَاحَ عَلَيْكُمْ اَنْ تَنْكِحُوْهُنَّ اِذَآ اٰتَيْتُمُوْهُنَّ اُجُوْرَهُنَّ ؕ وَ لَا
تُمْسِكُوْا بِعِصَمِ الْكَوَافِرِ وَسْـَٔلُوْا مَآ اَنْفَقْتُمْ وَلْيَسْـَٔلُوْا مَآ اَنْفَقُوْا ؕ
ذٰلِكُمْ حُكْمُ اللّٰهِ ؕ يَحْكُمُ بَيْنَكُمْ ؕ وَ اللّٰهُ عَلِيْمٌ حَكِيْمٌ ﴿۱۰﴾ وَ اِنْ
فَاتَكُمْ شَيْءٌ مِّنْ اَزْوَاجِكُمْ اِلَى الْكُفَّارِ فَعَاقَبْتُمْ فَاٰتُوا الَّذِيْنَ
ذَهَبَتْ اَزْوَاجُهُمْ مِّثْلَ مَآ اَنْفَقُوْا ؕ وَاتَّقُوا اللّٰهَ الَّذِيْٓ اَنْتُمْ بِهٖ مُؤْمِنُوْنَ
﴿۱۱﴾ يٰٓاَيُّهَا النَّبِيُّ اِذَا جَآءَكَ الْمُؤْمِنٰتُ يُبَايِعْنَكَ عَلٰٓى اَنْ لَّا يُشْرِكْنَ
بِاللّٰهِ شَيْـًٔا وَّ لَا يَسْرِقْنَ وَ لَا يَزْنِيْنَ وَ لَا يَقْتُلْنَ اَوْلَادَهُنَّ وَ لَا يَاْتِيْنَ
بِبُهْتَانٍ يَّفْتَرِيْنَهٗ بَيْنَ اَيْدِيْهِنَّ وَ اَرْجُلِهِنَّ وَ لَا يَعْصِيْنَكَ فِيْ
مَعْرُوْفٍ فَبَايِعْهُنَّ وَاسْتَغْفِرْ لَهُنَّ اللّٰهَ ؕ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿۱۲﴾ يٰٓاَيُّهَا
الَّذِيْنَ اٰمَنُوْا لَا تَتَوَلَّوْا قَوْمًا غَضِبَ اللّٰهُ عَلَيْهِمْ قَدْ يَئِسُوْا مِنَ الْاٰخِرَةِ
كَمَا يَئِسَ الْكُفَّارُ مِنْ اَصْحٰبِ الْقُبُوْرِ ﴿۱۳﴾ ع

အို- မုအ်မင်နဲ် သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့ထံ 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သော မိန်းမများသည် ရွှေ့ပြောင်း၍ လာခဲ့ကြသောအခါ အသင်တို့သည် ၎င်းတို့အား စမ်းသပ် စစ်ဆေးကြလေကုန်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ 'အီမာန်'သက်ဝင်ယုံကြည်မှုကို ကောင်းမွန်စွာ သိရှိတော်မူ၏။ သို့ဖြစ်ရကား အကယ်၍ အသင်တို့သည် ၎င်းတို့ 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သော မိန်းမများဖြစ်ကြောင်းကို ကောင်းမွန်စွာ သိရှိခဲ့ကြရသောအခါ အသင်တို့သည် ၎င်းတို့အား 'ကာဖိရ်'များထံသို့ ပြန်၍မပို့ကြကုန်လင့်။ ၎င်းတို့မှာလည်း ထို'ကာဖိရ်'တို့အဖို့(ဟလာလ်) တရားဝင်ကြသည် မဟုတ်ပေ။ ထိုကာဖိရ်များမှာလည်း ၎င်းတို့အဖို့ (ဟလာလ်) တရားဝင်ကြသည် မဟုတ်ပြီ။ သို့ရာတွင် အသင်တို့သည် ထိုကာဖိရ်များအား ၎င်းတို့ အကုန်အကျ ခံခဲ့ကြသည်များကို ပေးဆပ်ကြလေကုန်။ ထို့ပြင် အကယ်၍ အသင်တို့သည် ၎င်းတို့အား ၎င်းတို့၏ 'မဟ်ရ်' ထိမ်းမြားကြေးများကို ပေးဆပ်ကြလျှင် ၎င်းတို့နှင့် နိကာဟ်ထိမ်းမြားခြင်းမှာ အသင်တို့၌ အပြစ်မဟုတ်ပေ။

ထို့ပြင် အသင်တို့သည် 'ကာဖိရ်'မိန်းမများ၏ ဂုဏ်အသရေကို သိမ်းပိုက်၍ မထားကြကုန်လင့်။ ၎င်းပြင် အသင်တို့သည်လည်း မိမိတို့ အကုန်အကျခံခဲ့ကြသည်များကို ('ကာဖိရ်'များထံမှ) တောင်း၍ ယူကြလေကုန်။ ၎င်းတို့သည်လည်း မိမိတို့ကုန်ကျခဲ့သည်များကို (အသင်တို့ထံမှ) တောင်း၍ယူကြရပေမည်။ ထိုသည်ကား အလ္လာဟ်အရှင်မြတ်၏ စီရင်ပြဋ္ဌာန်းချက်ပင်။ ထိုအရှင်မြတ်သည် အသင်တို့၏အကြားဝယ် စီရင်ပြဋ္ဌာန်းတော်မူ၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်၊ နူးညံ့သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူ၏။[၁၀] သို့ရာတွင် အကယ်၍ အသင်တို့၏ ဇနီးမိန်းမတို့အနက် တစ်စုံတစ်ယောက်သည် 'ကာဖိရ်'များထံသို့ ထွက်သွားခဲ့ပြီးနောက် အသင်တို့ အလှည့် ရောက်ခဲ့ပါလျှင် (အသင်တို့သည် လက်ရပစ္စည်းရရှိခဲ့ကြလျှင်) ဇနီးမိန်းမများ ထွက်သွားခဲ့ကြသော သူတို့အား ၎င်းတို့အကုန်အကျခံခဲ့ကြသည့် ('မဟ်ရ်' ထိမ်းမြားကြေး)နှင့် အညီအမျှ အသင်တို့ပေးဆပ်ကြလေကုန်။ ထိုမှတပါး အသင်တို့ သက်ဝင်ယုံကြည်ကြ ကုန်သော အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။[၁၁] အိုဗ္ဗီ- နဗီတမန်တော် 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်ကြသော မိန်းမများသည် အသင့်ထံလာ၍ မိမိတို့မှာ မည်သည့်တစ်စုံတစ်ရာ ကိုမျှပင် အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် (ဆည်းကပ် ကိုးကွယ်)ကြမည် မဟုတ်ပါဟူ၍ လည်းကောင်း၊ ခိုးဝှက်မှုကိုလည်း ကျူးလွန်ကြမည်မဟုတ်ပါဟူ၍ လည်းကောင်း၊ မိမိတို့၏ သားသမီးများကိုလည်း သတ်ဖြတ်ကြမည် မဟုတ်ပါဟူ၍ လည်းကောင်း၊ မိမိတို့၏လက်များနှင့် ခြေများ၏အကြား၌ မုသား တစ်စုံတစ်ရာကိုလည်း လီဆယ် ဖန်တီးကြမည် မဟုတ်ပါဟူ၍ လည်းကောင်း၊ ကောင်းမြတ်သော အမှုကိစ္စတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ အသင်၏အမိန့်ကိုလည်း ဖီဆန်ကြမည် မဟုတ်ပါဟူ၍ လည်းကောင်း၊ 'ဗိုင်အတ်' ပြုကြသောအခါ အသင်သည် ၎င်းတို့အား ဗိုင်အတ်ပြုပါ၊ လေ။ ထိုမှတပါး အသင်သည် အလ္လာဟ် အရှင်မြတ်အထံတော်၌ ၎င်းတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့် ကိုလည်း ပန်ကြားပါလေ။ မလွဲမဖေါကန် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသောအရှင်၊ အလွန် တရာ ကရုဏာပြုတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။[၁၂] အိုဗ္ဗီ- 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမျက်တော် ကျရောက်ခဲ့သော လူမျိုးကို အဆွေခင်ပွန်း မပြုလုပ်ကြကုန်လင့်။ ဇကာန်စင်စစ် ၎င်းတို့မှာ သင်္ချိုင်းများအတွင်း၌ ရှိကြကုန်သောသူတို့နည်းတူ 'အာခိရတ်' တမလွန်ဘဝ၏ (အကျိုး ကျေးဇူး)များကို မျှော်လင့်ချက်ကင်းလျက် ရှိကြကုန်သတည်း။ တစ်နည်း ဇကာန်စင်စစ် ၎င်းတို့မှာ မူကား သင်္ချိုင်းများအတွင်းဝယ် ရှိသူတို့ထံမှ (အကျိုးကျေးဇူး)များကို မျှော်လင့်ချက်ကင်းကြ သကဲ့ သို့ပင် 'အာခိရတ်'တမလွန်ဘဝ(၏ အကျိုးကျေးဇူး)များကိုလည်း မျှော်လင့်ချက်ကင်းလျက် ရှိကြကုန်သတည်း။[၁၃]

ရှင်းလင်းဖွင့်ဆိုချက်

ထုတ်ပြန်ပို့ချရခြင်းအကြောင်း

ဟုဒိုင်ဗီယဟ် ငြိမ်းချမ်းရေးစာချုပ်နှင့် ယင်းစာချုပ်ပါ စာပိုဒ်အချို့၏ ခွဲခြမ်းစိတ်ဖြာလေ့လာမှု

ဤအာယတ်တော်များသည် စူရဟ်အလ်ဖတ်သဟ်တွင် အကျယ်တဝင့်ရှင်းပြခဲ့ပြီးဖြစ်သော ဟုဒိုင်ဗီယဟ် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုသည့် အဖြစ်အပျက်နှင့် ပတ်သက်လေသည်။ အချိန်ဆွဲ ဆွေးနွေးညှိနှိုင်းကြပြီးနောက် မက္ကာမြို့မှ ကုရိုက်ရှ်များနှင့် အလ္လာဟ့်ရစူလ်တမန်တော်ﷺတို့ကြား ၁၀နှစ်ခန့်အကြာတွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့၏။ စာချုပ်ပါ အချို့စည်းကမ်းချက်များကို ဖိအားပေးမှုကြောင့်သာ လက်ခံခဲ့ရသဖြင့် မွတ်စလင်တို့မှာ အနိမ့်ခံရသည်ဟု ခံစားရကာ စိတ်အနောင့်အယှက်ကြီးစွာ ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် မြင့်မြတ်သော သာဝကကြီးများသည် ကြေကွဲမှု၊ နာကြည်းမှုများကို ပြင်းပြင်းထန်ထန် ဖော်ပြခဲ့ကြသည်။ သို့သော် အလ္လာဟ့်ရစူလ်တမန်တော်ﷺသည် အလ္လာဟ်အရှင်မြတ်၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်နေခြင်းဖြစ်၏။ ရှုံးနိမ့်မှုကို ယာယီခံစားရခြင်းသည် အမှန်စင်စစ် ထင်ရှားသော အောင်နိုင်မှုတစ်ခု၏ ရှေ့ပြေးနိမိတ်ဖြစ်၏။ သို့ဖြစ်၍ ၎င်းက စာချုပ်တွင်ပါရှိသည့် မခိုင်မာသော စည်းမျဉ်းစည်းကမ်းများကို လက်ခံခဲ့ခြင်းဖြစ်၏။ နောက်ဆုံးတွင် သာဝကကြီးများကလည်း လက်ခံခဲ့ကြလေသည်။

စာချုပ်ပါ စည်းကမ်းချက်တစ်ရပ်မှာ အကယ်၍ တစ်ဦးတစ်ယောက်သည် မက္ကာမြို့မှ မဒီနာမြို့သို့ ထွက်ပြေးပါက ၎င်းအား တမန်တော်မြတ်ﷺက မက္ကာမြို့သို့ ပြန်ပို့ပေးရမည်ဖြစ်၏။ သို့သော် အကယ်၍ တစ်ဦးတစ်ယောက်သည် မဒီနာမြို့မှ မက္ကာမြို့သို့ ထွက်ပြေးပါက ၎င်းသည် ပြန်ပို့ခြင်းခံရလိမ့်မည် မဟုတ်ပေ။ ဤစာပိုဒ်ငယ်၏ အသုံးအနှုန်းသည် ယေဘုယျဆန်ပြီး အမျိုးသားရော အမျိုးသမီးပါ နှစ်မျိုးစလုံး အကျုံးဝင်ပေသည်။ တစ်နည်းဆိုရသော် အကယ်၍ မက္ကာမြို့မှ မွတ်စလင်အမျိုးသား သို့မဟုတ် အမျိုးသမီးတစ်ဦးသည် တမန်တော်မြတ်ﷺဆီသို့ သွားပါက သူ သို့မဟုတ် သူမအား တမန်တော်မြတ်ﷺက ပြန်ပို့ပေးရမည် ဖြစ်ပေသည်။

စာချုပ်အား အပြီးသတ်ချုပ်ဆိုရန်မှာ ကြန့်ကြာနေခဲ့သည်ဖြစ်၍ တမန်တော်မြတ်ﷺက ဟုဒိုင်ဗီယဟ်၌ ရှိနေစဉ်အတွင်း မွတ်စလင်တို့အား စမ်းသပ်စစ်ဆေးရန် အဖြစ်အပျက်အချို့ ပေါ်ပေါက်ခဲ့၏။ အဖြစ်အပျက်တစ်ခုမှာ မက္ကာမြို့တွင် ဘာသာမဲ့ကုရိုက်ရှ်တို့၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသော သာဝကကြီး အဗူဂျန်ဒလ်ﷺ၏ အဖြစ်အပျက်ဖြစ်၏။ ၎င်းသည် တစ်နည်းနည်းဖြင့် လွတ်မြောက်အောင် ကြံဆောင်ပြီး၊ မွတ်စလင်စခန်းထဲမှ တမန်တော်မြတ်ﷺ၏ရှေ့တွင် ခြေထိတ်ခတ်လျက် ပေါ်လာခဲ့သည်။ ၎င်းကိုမြင်သောအခါ သာဝကကြီးများ စိတ်ရှုတ်ထွေးသွားခဲ့ကြသည်။ စာချုပ်ပါ စည်းကမ်းချက်အရ ၎င်းအား ပြန်ပို့ရမည် ဖြစ်သော်လည်း ဖိနှိပ်ချုပ်နှောင်ခံထားရသော ၎င်းတို့၏ညီနောင်ကို ဖိနှိပ်သော ရန်သူများထံသို့ ပြန်ပို့ရန် မသင့်လျော်ဟု ခံစားမိခဲ့ကြသည်။ သို့သော် တမန်တော်မြတ်ﷺသည် စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်၍ တစ်ဦးတစ်ယောက်အတွက်ကြောင့် ရှရီအဟ်၏ စည်းမျဉ်းစည်းကမ်းများကို ကာကွယ်ခြင်း၊ ခိုင်မာအောင် ပြုလုပ်ခြင်းများကို စွန့်လွှတ်ပေးဆပ်နိုင်ခြင်း မရှိပေ။ တစ်ချိန်တည်းမှာပင် တမန်တော်မြတ်ﷺသည် ရှေ့ရေးကို ကြိုတင်တွေးမြင်ခဲ့သည်။ ၎င်းက မကြာမီ ဖိနှိပ်ခံမွတ်စလင်တို့၏ အောင်နိုင်ခြင်းနှင့် ကယ်တင်ခြင်းများကို ကြိုမြင်နိုင်ခဲ့သည်။ သာဝကကြီး အဗူဂျန်ဒါးလ်ကို ပြန်ပို့ရမည့်အရေးနှင့် စပ်လျဉ်း၍ သဘာဝအလျောက် ကြေကွဲဝမ်းနည်းမှုကို ခံစားခဲ့ရမည်မှာ အသေအချာဖြစ်၏။ သို့သော် ၎င်းမှာ စာချုပ်ပါ စည်းကမ်းချက်များတွင် မိနေသည်ဖြစ်၍ သာဝကကြီး အဗူဂျန်ဒါးလ်ﷺအား ရှင်းပြပြောဆိုပြီး ပြန်ပို့ခဲ့လေသည်။

အလားတူ အဖြစ်အပျက်တစ်ခုမှာ မွတ်စလင်အမျိုးသမီးဖြစ်သော သခင်မ စအီဒဟ်ဘင်အလ်ဟာရစ်အလ် အတ်စလါမိယဟ်ﷺ၏ အဖြစ်အပျက်ဖြစ်၏။ သူမသည် မွတ်စလင်မဟုတ်သော ဆွိုင်ဖီအိပ်နအန်ဆွပ်နှင့် ထိမ်းမြားခဲ့သည်။ အချို့တင်ပြချက်များတွင် ၎င်း၏အမည်မှာ မူစာဖိရ်အလ်မခ်ဇူးမီဖြစ်၏။ ထိုအချိန်ထိ မွတ်စလင်နှင့် မွတ်စလင်မဟုတ်သူတို့ကြား ထိမ်းမြားမှုကို တားမြစ်ခြင်း မပြုသေးပေ။ ဤမွတ်စလင် အမျိုးသမီးသည် မက္ကာမြို့မှ ထွက်ပြေးလွတ်မြောက်ပြီး၊ တမန်တော်မြတ်ﷺထံသို့ သွားခဲ့၏။ ခင်ပွန်းဖြစ်သူသည် သူမ၏နောက်သို့ လိုက်လာပြီး သူမအား ၎င်းထံသို့ ပြန်အပ်ရန် တမန်တော်မြတ်ﷺအား တောင်းဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺသည် ဤစည်းကမ်းချက်ကို လက်ခံခဲ့ပြီးဖြစ်သည့်ပြင် စာချုပ်ပေါ်မှ တံဆိပ်လက်မှတ်မှာ သစ်လွင်နေဆဲပင်ဖြစ်၏။ ထိုဖြစ်ရပ်အပေါ် အထက်ပါ အာယတ်တော်များ ကျရောက်လာခဲ့ပြီး မွတ်စလင်များနှင့် ရုပ်တုကိုးကွယ်သူများကြားမှ ထိမ်းမြားခြင်းကို တားမြစ်ကြောင်း ကြေညာတော်မူသည်။ သို့ဖြစ်၍ မွတ်စလင် အမျိုးသမီးတစ်ဦး၏ အစွဲလာမ်ကို အလျင်ကတည်းက သိထားခဲ့ပြီးဖြစ်စေ၊ ပြောင်းရွှေ့ချိန်တွင် သူမ၏အစွဲလာမ်မှာ မှန်ကန်ကြောင်း အတည်ပြုခဲ့ပြီးမှ အခြားတစ်နေရာတွင် အခြေချကာ တမန်တော်မြတ်ﷺနှင့် ပူးပေါင်းသည်ဖြစ်စေ သူမသည် မွတ်စလင်မဟုတ်သော ခင်ပွန်းထံသို့ ပြန်ပို့ခံရလိမ့်မည် မဟုတ်ပေ။ စိုက်ယိဒါဟ် စအီဒါဟ်ဗင့်တ်အလ်ဟာရစ်(ﷺ)၏ အမှုကိစ္စတွင်လည်း ထိုသို့ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် သူမအဖို့ ဟရာမ်ဖြစ်သောကြောင့်ဖြစ်၏။ [ဤအဖြစ်အပျက်ကို ကုရ်တူဗီက သာဝကကြီး အိပ်နအဗ္ဘာစ်ﷺအား ကိုးကားလျက် ရည်ညွှန်းဖော်ပြ၏။]

စာချုပ်ပါ စကားအသုံးအနှုန်း၏ ယေဘုယျအဓိပ္ပါယ်သည် အမျိုးသားများနှင့် အမျိုးသမီးများ နှစ်မျိုးစလုံးကို ခြုံငုံမိသည်ဟူသော ယူဆချက် မမှန်ကန်ကြောင်း ဤအာယတ်တော်များက ရှင်းလင်းစေသည်။ ဤစည်းကမ်းချက်အား အမျိုးသားများ၏ အမှု၌သာ လက်ခံနိုင်ပြီး၊ အမျိုးသမီးများ၏ အမှုတွင် လက်ခံနိုင်ခြင်းမရှိပေ။ အမျိုးသမီးများ၏ အမှု၌ အကောင်းဆုံးဆောင်ရွက်နိုင်သည်မှာ အောက်ပါအတိုင်းဖြစ်၏။ အကယ်၍ အမျိုးသမီးတစ်ဦးသည် မွတ်စလင်ဖြစ်လာပြီး၊ မွတ်စလင်နယ်မြေသို့ ပြောင်းရွှေ့နေထိုင်ပါက မွတ်စလင်မဟုတ်သော သူမ၏ခင်ပွန်းက သူမအတွက် သုံးစွဲကုန်ကျခဲ့သည့် သူမ၏ 'မဟ်ရ်' (မင်္ဂလာကြေး)ကို ၎င်းအား ပြန်ပေးသင့်ပေသည်။ ဤအာယတ်တော်များပေါ်တွင် အခြေခံလျက် တမန်တော်မြတ်ﷺက စာပိုဒ်၏အဓိပ္ပါယ်ကို ရှင်းပြခဲ့သည်။ ဤသို့ကြောင့် ၎င်းကရှေ့တွင် ဖော်ပြခဲ့သော စအီဒဟ်ﷺအား သူမ၏မွတ်စလင်မဟုတ်သော ခင်ပွန်းထံသို့ ပြန်မပို့ခဲ့ခြင်း ဖြစ်လေသည်။

အချို့တင်ပြချက်များအရ နာမည်ဆိုးဖြင့် ကျော်ကြားသော အုတဗဟ်အိပ်နအဗီမူအိုက်တ်ဝ်၏ သမီးဖြစ်သူ အူမ္မိကွလ်ဆူမ်သည် မက္ကာမြို့မှ ပြောင်းရွှေ့ပြီး၊ တမန်တော်မြတ်ﷺထံ လာရောက်ခဲ့၏။ ကာဖိရ်တို့က စာချုပ်ကို ကိုးကား၍ သူမအား ပြန်ပို့ရန် တောင်းဆိုခဲ့သည်။ အချို့တင်ပြချက်များက သူမသည် ထိုစဉ်က မွတ်စလင်တစ်ဦးဖြစ်မလာသေးသော အမ်ရ်အိပ်နအလ်အာဆ်နှင့် ထိမ်းမြားခဲ့ကြောင်းဖော်ပြ၏။ သူမသည် သူမ၏မောင်နှစ်ယောက်နှင့်အတူ မက္ကာမြို့မှ ထွက်ပြေးလွတ်မြောက်လာခဲ့ကြပြီး၊ တမန်တော်မြတ်ﷺထံသို့ ရောက်ရှိခဲ့သည်။ သူမ၏ခင်ပွန်း အမ်ရ်အိပ်နအလ်အာဆ်သည် သူမအား ပြန်ခေါ်ရန်အတွက် မဒီနာမြို့သို့ ရောက်လာသည်။ စာချုပ်ပါ စည်းကမ်းချက်များကို လေးစားလိုက်နာသောအားဖြင့် အုမရဟ်နှင့်ဝလိဒ် ညီအစ်ကိုနှစ်ယောက်မှာ ပြန်ပို့ခံခဲ့ရသည်။ သို့သော် တမန်တော်မြတ်ﷺသည် သခင်မ အူမ္မိကူလ်ဆူမ်ﷺကိုမူ ပြန်မပို့ဘဲ စာပိုဒ်ငယ်မှာ အမျိုးသားများနှင့်သာ သက်ဆိုင်ပြီး၊ အမျိုးသမီးများ အကျုံးမဝင်ကြောင်း ပြောကြားခဲ့၏။ ဤတွင် အာယတ်တော်များ ကျရောက်ကာ တမန်တော်မြတ်ﷺ၏ အနက်ဖွင့်ဆိုချက် မှန်ကန်ကြောင်း အတည်ပြုခဲ့လေသည်။

အစွလာမ်ကို လက်ခံယုံကြည်ပြီးနောက် တမန်တော်မြတ်ﷺထံသို့ ရောက်လာခဲ့ကြသော အခြားအမျိုးသမီးတို့၏ အလားတူ အဖြစ်အပျက်များအကြောင်း တင်ပြချက်အချို့ရှိသေး၏။ ဆင့်ပြန်ချက်များတွင် ဆန့်ကျင်ကွဲလွဲမှု မရှိကြောင်း ထင်ရှားသဖြင့် ဤအဖြစ်အပျက်အားလုံး ဖြစ်နိုင်ပေသည်။

အမျိုးသမီးများအား စာချုပ်ပါ စည်းကမ်းချက်မှ ကင်းလွတ်ခွင့်ပြုခြင်းသည် စာချုပ်ကို ချိုးဖောက်ခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အဖွဲ့များ၏ အချင်းချင်း အပြန်အလှန် သဘောတူညီမှုဖြင့် ရှင်းပြချက်တစ်ခုသာဖြစ်၏။

ကုရ်ဝူဇီ၏ အထက်ပါဆင့်ပြန်ချက်က ညွှန်ပြသည်မှာ စာချုပ်မှ သက်ဆိုင်ရာအပိုဒ်ငယ်၏ စကားအသုံးအနှုန်းများသည် ယေဘုယျ ဖြစ်သော်လည်း၊ တမန်တော်မြတ်ﷺကမူ အမျိုးသမီးများ အကျုံးမဝင်ကြောင်းကို ဟုဒိုင်ဗီယဟ်ဒ်၌ ရှင်းပြခဲ့သည်။ ဤအာယတ်တော်များသည် ထိုအချက်ကို အတည်ပြုရန် ကျရောက်ခဲ့ခြင်းဖြစ်၏။ အခြားရှုထောင့်များအရ တမန်တော်မြတ်ﷺသည် အမျိုးသားများနှင့် အမျိုးသမီးများပါ အကျုံးဝင်သော အပိုဒ်ငယ်၏ ယေဘုယျအဓိပ္ပါယ်ကို လက်ခံခဲ့ဟန်တူသည်။ ယင်း၏ယေဘုယျအဓိပ္ပါယ်ကို ဤအာယတ်တော်များက ပယ်ဖျက်ခဲ့သောအခါ၊ တမန်တော်မြတ်ﷺသည် အမျိုးသမီးများအား အပိုဒ်ငယ်မှကင်းလွတ်ခွင့်ပြုကြောင်း မက္ကာမြို့မှ ကုရိုက်ရှ်များအား ထိုအချိန်ထိုနေရာတွင် ရှင်းလင်းပြောပြခဲ့သည်။ ထို့ကြောင့်ပင် ၎င်းက အမျိုးသမီးတို့အား ပြန်မပို့ခဲ့ခြင်း ဖြစ်လေသည်။ ဤခြွင်းချက်သည် တမန်တော်မြတ်ﷺဘက်မှ လွန်စွာဖြစ်နိုင်ချေမရှိသော စာချုပ်ကို ချိုးဖောက်ခြင်းတစ်ခု မဟုတ်သကဲ့သို့ စာချုပ်ကို ဖျက်သိမ်းခြင်းလည်း မဟုတ်ပေ။ အမှန်စင်စစ် အပိုဒ်ငယ်၏ အဓိပ္ပါယ်မှန်ကို ရှင်းပြခြင်းသာ ဖြစ်ပေသည်။ တမန်တော်မြတ်ﷺသည် အပိုဒ်ငယ်၏ ယေဘုယျသဘောကို အစကတည်းက နားလည်ပြီးလား သို့မဟုတ် အာယတ်တော်ကျရောက်ပြီးမှ အမျိုးသမီးများကို ချန်လှပ်၍ အမျိုးသားများအတွက် ကန့်သတ်ခဲ့ခြင်းလား ဆိုခြင်းမှာ အကြောင်းမဟုတ်ပေ။ မည်သို့ပင်ဆိုစေကာမူ ရှင်းပြပြီးသည့်နောက်၌ပင် နှစ်ဖက်အဖွဲ့များသည် ငြိမ်းချမ်းရေးစာချုပ်ကို အတည်ပြုခဲ့ကြပြီး၊ အချိန်ကာလတစ်ခုထိ ထိုစာချုပ်အတိုင်း ကျင့်သုံးခဲ့ကြသည်။ ငြိမ်းချမ်းရေးသဘောတူညီချက်၏ ရလဒ်အနေဖြင့် လမ်းများသည် လုံခြုံစိတ်ချခဲ့ရသည်။ တမန်တော်မြတ်ﷺသည် ကမ္ဘာပေါ်ရှိ ဘုရင်များ၊ ဇကာရဇိများထံသို့ စာများရေးသားပေးပို့ခဲ့သည်။ အဗူဆွဖ်ယန်၏ ကုန်သွယ်ယာဉ်တန်းသည် ဆီးရီးယားနယ်မြေပိုင်နက်ထဲသို့တိုင် လွတ်လပ်စွာသွားလာခဲ့သည်။ ဟီရကလီယပ်စ်က ၎င်းအား နန်းတော်သို့ ဖိတ်ခေါ်၍ အလ္လာဟ်ရစူလ်တမန်တော်ﷺအကြောင်းကို စုံစမ်းမေးမြန်းခဲ့လေသည်။

အချုပ်အားဖြင့် ရှင်းပြပြီးသည့်နောက်၌ပင် အဖွဲ့နှစ်ဖွဲ့စလုံးက စာချုပ်အား တရားဝင်အထောက်အထားမှတ်တမ်းအဖြစ် သဘောထားခဲ့ကြပြီး၊ လိုက်နာဆောင်ရွက်ခဲ့ကြသည်မှာ ကာလတစ်ခုတိုင်ဖြစ်၏။ သို့ဖြစ်၍ အပိုဒ်ငယ်ကိုရှင်းပြခြင်းအား စာချုပ်ကို ချိုးဖောက်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းဟု အဓိပ္ပါယ်ကောက်ရန်မှာ မှန်ကန်လိမ့်မည် မဟုတ်ပါချေ၊ အလ္လာဟ်အရှင်မြတ် အသိဆုံးဖြစ်တော်မူသည်။

ယခု ကျွန်ုပ်တို့ အာယတ်တော်များ၏ အဓိပ္ပါယ်ကို လေ့လာကြပါစို့။

ပြောင်းရွှေ့လာသော မွတ်စလင်အမျိုးသမီးများအား စမ်းသပ်စစ်ဆေးခြင်း

يَآَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا جَآءَكُمُ الْمُؤْمِنٰتُ مُهٰجِرٰتٍ فَامْتَحِنُوْهُنَّ ؕ اَللّٰهُ اَعْلَمُ بِاِيْمَانِهِنَّ

"အို- မုအ်မင်န် သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့ထံ 'မုအ်မင်န်' သက်ဝင်ယုံကြည်သော မိန်းမများသည် ရွှေ့ပြောင်း၍ လာခဲ့ကြသောအခါ၊ အသင်တို့သည် ၎င်းတို့အား စမ်းသပ်စစ်ဆေးကြလေကုန်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ 'အီမာန်' သက်ဝင်ယုံကြည်မှုကို ကောင်းမွန်စွာ သိရှိတော်မူ၏။"(၆၀း၁၀)။ စာချုပ်ပါ သက်ဆိုင်ရာ အပိုဒ်ငယ်မှ အမျိုးသမီးများအား ခွင်းချက်ပြုခြင်းသည် ၎င်းတို့မွတ်စလင်ဖြစ်ခြင်းကြောင့်ဟု အာယတ်တော်က ဆိုလိုဟန်ရှိ၏။ အမျိုးသမီးတစ်ဦး မက္ကာမြို့မှ ထွက်ပြေးခြင်းသည် သူမ၏အီမာန်ကြောင့် မဟုတ်ဘဲ ခင်ပွန်းနှင့် မသင့်မြတ်သောကြောင့် လည်းကောင်း၊ မဒီနာမြို့မှ ပုဂ္ဂိုလ်တစ်ဦးနှင့် ချစ်ကြိုက်နေသောကြောင့် လည်းကောင်း သို့မဟုတ် အခြားသော လောကီဆိုင်ရာ စေ့ဆော်မှုတစ်ခုခုကြောင့်သော် လည်းကောင်း ဖြစ်နိုင်ပေသည်။ ထိုကဲ့သို့သော အမျိုးသမီးများသည် စာချုပ်ပါ စည်းကမ်းချက်များမှ ကင်းလွတ်ခွင့်မရကြဘဲ သူမအားပြန်ပို့ရန် တာဝန်ရှိလေသည်။ ထို့ကြောင့် ဤအာယတ်တော်က ထိုကဲ့သို့သော အမျိုးသမီး၏ အီမာန်သည် စစ်မှန်၍ရှိသားကြောင်း သိရန်အတွက် စမ်းသပ်စစ်ဆေးကြရန် မွတ်စလင်တို့အား အမိန့်ပေးတော်မူသည်။ အလ္လာဟ်အရှင်မြတ်က ဆက်၍မိန့်တော်မူသည်မှာ-

اَللّٰهُ اَعْلَمُ بِاِيْمَانِهِنَّ "အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ 'အီမာန်'သက်ဝင်ယုံကြည်မှုကို ကောင်းမွန်စွာ သိရှိတော်မူ၏။ ...."(၆၀း၁၀)။ လူသား၏နှလုံးသားထဲမှ အီမာန်၏စစ်မှန်မှုကို အလ္လာဟ်အရှင်မြတ်မှတပါး မည်သူမျှ မသိနိုင်ကြောင်း ညွှန်းဆိုခြင်းဖြစ်၏။ လူတစ်ဦး၏ အီမာန်ကို ၎င်း၏နှုတ်မှ ဝန်ခံခြင်းနှင့် ယုံကြည်လောက်သော သက်သေအထောက် အထားများဖြင့်သာ ခန့်မှန်း၍ရနိုင်သည်။ မွတ်စလင်တို့တွင် ဤမျှလောက်သာ ပြုလုပ်ရန် တာဝန်ရှိလေသည်။

သာဝကကြီး အိပ်နိုအဗ္ဗားစ်ﷺက ၎င်းတို့၏ စမ်းသပ်ပုံကို အောက်ပါအတိုင်း ရှင်းပြ၏။ ပြောင်းရွှေ့လာသော အမျိုးသမီးတစ်ဦးသည် သူမ၏ခင်ပွန်းအားမုန်းတီးသောကြောင့် သို့မဟုတ် လောကီဆိုင်ရာအကြောင်းခံတစ်ခုခုကြောင့် လာရောက်ခဲ့ခြင်း မဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်အတွက်နှင့် အလ္လာဟ့်ရစူလ်တမန်တော်ﷺ၏ ချစ်ခင်မှု၊ ကျေနပ်ဝမ်းမြောက်မှုအတွက် သက်သက်လာခဲ့ခြင်းဖြစ်ကြောင်း သေချာစေရန် ကျမ်းသစ္စာကျိန်ဆိုရလေ့ရှိခဲ့၏။ ဤသို့ပြုလုပ်သည်ရှိသော် တမန်တော်မြတ်ﷺသည် သူမအား မဒီနာမြို့တွင် နေထိုင်ခွင့်ပြုလိမ့်မည်ဖြစ်ပြီး၊ သူမ၏ကာဖိရ် ခင်ပွန်းအား ပြောင်းရွှေ့လာသော မွတ်စလင်ဇနီးအတွက် သုံးစွဲခဲ့သည့် 'မဟ်ရ်' (မင်္ဂလာကြေး)စသည်တို့ကို ပြန်ပေးစေမည်ဖြစ်၏။ (ကုရ်တူဗီ)

တိရ်မိဒီတွင် (ဟစန်ဆွဟီးဟ်အဆင့်ဖြင့်) မှတ်တမ်းတင်ထားသကဲ့သို့ သခင်မ ဆွိဒ်ဒိကဟ်ﷺဆင့်ပြန်သည်မှာ ၎င်းတို့အား စမ်းသပ်စစ်ဆေးသော နည်းလမ်းသည် ရှေ့လာမည့် အာယတ်တော်တွင် မိန့်ကြားသည့်အတိုင်း 'ဗိုင်အဟ်' (သစ္စာအမိဋ္ဌာန်ပြုခြင်းဖြစ်၏။)

اِذَا جَآءَكَ الْمُؤْمِنٰتُ يُبَايِعْنَكَ .... "'မုအ်မင်န်' သက်ဝင်ယုံကြည်ကြသော မိန်းမများသည် အသင့်ထံ လာ၍ 'ဗိုင်အတ်'ပြုကြသောအခါ အသင်သည် ၎င်းတို့အား ဗိုင်အတ်ပြုပါလေ။ ...."(၆၀း၁၂)။ တစ်နည်းဆိုရသော် ပြောင်းရွှေ့လာသော အမျိုးသမီးတို့၏ အီမာန်ကို စမ်းသပ်စစ်ဆေးသော နည်းလမ်းမှာ ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း ၎င်းတို့သည် အလ္လာဟ့် ရစူလ်တမန်တော်ﷺထံ၌ သစ္စာအမိဋ္ဌာန်ပြုရခြင်းဖြစ်၏။ သာဝကကြီး အိပ်နိ အဗ္ဗားစ်ﷺ၏ ဆင့်ပြန်ချက်တွင် ဖော်ပြသကဲ့သို့ ၎င်းတို့သည် ဦးစွာပထမ ကျမ်းသစ္စာဆိုကြရသည်။ ထို့နောက် ၎င်းတို့သည်

အာယတ်တော်(၁၂)တွင် ဖော်ပြ သည့်သစ္စာအဓိဋ္ဌာန်များကို စောင့်ထိန်းကြရလေသည်။ အလ္လာဟ်အရှင်မြတ် အသိဆုံး ဖြစ်တော်မူသည်။

"....فَاِنْ عَلِمْتُمُوْهُنَّ مُؤْمِنٰتٍ فَلَا تَرْجِعُوْهُنَّ اِلَى الْكُفَّارِ သို့ဖြစ်ရကား အကယ်၍ အသင်တို့သည် ၎င်းတို့ 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သော မိန်းမများဖြစ်ကြောင်း ကို ကောင်းမွန်စွာ သိရှိခဲ့ကြသောအခါ အသင်တို့သည် ၎င်းတို့အား 'ကာဖစ်ရ်'များထံသို့ ပြန်၍မပို့ကြကုန်လင့်။ ...." (၆၀း၁၀)။ တစ်နည်းဆိုရလျှင် ပြောင်းရွှေ့လာသော အမျိုးသမီးများအား အောက်ပါနည်းလမ်းဖြင့် စမ်းသပ်စစ်ဆေးသောအခါ၊ ၎င်းတို့သည် ၎င်းတို့၏အီမာန်၌ စစ်မှန်၍ ရိုးသားကြောင်းကို သေချာသိရှိပြီး၊ အသင်တို့ ကျေနပ်ကြလျှင်၊ ၎င်းတို့ အား ကာဖိရ်များထံသို့ ပြန်ပို့ခွင့်မရှိတော့ပေ။

"....لَا هُنَّ حِلٌّ لَّهُمْ وَلَا هُمْ يَحِلُّوْنَ لَهُنَّ ၎င်းတို့မှာလည်း ထို'ကာဖစ်ရ်'တို့အဖို့ (ဟလာလ်) တရားဝင်ကြသည် မဟုတ်ပေ။ ထို 'ကာဖစ်ရ်'များမှာ လည်း ၎င်းတို့အဖို့ (ဟလာလ်) တရားဝင်ကြသည် မဟုတ်ပြီ။ ...."(၆၀း၁၀)။ မွတ်စလင်အမျိုးသမီးများသည် ကာဖိရ်အမျိုးသားများနှင့် အကြင်လင်မယားအဖြစ် ဆက်လက်နေခွင့် မရှိတော့သကဲ့သို့ ကာဖိရ် အမျိုးသားသည် သူမတို့အား နောက်တစ်ကြိမ် ထိမ်းမြားခွင့် မရှိတော့ကြောင်းကို ဆိုလိုသည်။

ဓမ္မသတ်

အာယတ်တော်က ဆိုသည်မှာ အမျိုးသမီးတစ်ဦးသည် ကာဖိရ်အမျိုးသားနှင့် ထိမ်းမြားခဲ့သည်။ သို့သော် နောက်ပိုင်းတွင် သူမသည် အစွလာမ်ကို လက်ခံယုံကြည်ခဲ့သော်လည်း သူမ၏ခင်ပွန်းကမူ လက်ခံယုံကြည်ခြင်း မရှိခဲ့သော် ယုံကြည်သက်ဝင်သူ အမျိုးသမီးနှင့် သူမ၏ကာဖိရ်ခင်ပွန်းတို့ကြားမှ ထိုအချက်ကြောင့်ပင်လျှင် ထိမ်းမြားမှုသည် ပျက်ပြယ်၍သွား၏။ ထို့ကြောင့် သူမသည် သူမ၏ကာဖိရ်ခင်ပွန်းနှင့် ဆက်လက်ပေါင်းသင်းခွင့် မရှိတော့သဖြင့် အမျိုးသမီးများသည် စာချုပ်ပါ သက်ဆိုင်ရာအပိုဒ်ငယ်မှ ကင်းလွတ်ခွင့်ရခဲ့ခြင်း ဖြစ်လေသည်။

"....وَ اٰتُوْهُمْ مَّاۤ اَنْفَقُوْا သို့ရာတွင် အသင်တို့သည် ထို'ကာဖစ်ရ်'များအား ၎င်းတို့အကုန်အကျခံခဲ့ကြသည်များကို ပေးအပ်ကြလေကုန်။ ...."(၆၀း၁၀)။ တစ်နည်းဆိုရလျှင် ပြောင်းရွှေ့လာသော မွတ်စလင်အမျိုးသမီး၏ ကာဖိရ် ခင်ပွန်းအား ထိမ်းမြားချိန်က သူမအတွက် ၎င်းကုန်ကျခဲ့သော မင်္ဂလာကြေးစသည်များကို ပြန်ပေးရမည်ဖြစ်၏။ စာချုပ်ပါ သက်ဆိုင် ရာအပိုဒ်ငယ်က အမျိုးသမီးများအား သူမတို့၏ ကာဖိရ်ခင်ပွန်းများထံသို့ ပြန်ပို့ခြင်းကိုသာ ခြွင်းချက်ပေးခြင်းမှာ ပတ်သက်ဆက်နွယ်မှု မရှိတော့သောကြောင့်ဖြစ်၏။ သို့သော် ကာဖိရ်ခင်ပွန်းက မွတ်စလင် ဇနီးအတွက် သုံးစွဲခဲ့သော ဥစ္စာပစ္စည်း သို့မဟုတ် ငွေကိုမူ ပြန်ပေးရမည်ဖြစ်၏။ အာယတ်တော်က သူမတို့၏ ခင်ပွန်းဟောင်းများကို ကုန်ကျစရိတ် များပြန်ပေးရန် ပြောင်းရွှေ့လာသူ အမျိုးသမီးများအား ရည်ညွှန်းမိန့်ကြားခြင်း မဟုတ်ဘဲ မွတ်စလင် အသိုင်းအဝိုင်း တစ်ခုလုံးကို ဦးတည်မိန့်ကြားခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူမအားပေးခဲ့သော ဥစ္စာပစ္စည်း သို့မဟုတ် ငွေသည် ကုန်ခမ်းသွားနိုင် သို့မဟုတ် လျော့နည်းသွားနိုင်သည်ဖြစ်၍ သူမတွင် ပြန်ပေးစရာ ဘာမျှမကျန်တော့ဘဲလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် မွတ်စလင်အသိုင်းအဝိုင်းတစ်ခုလုံးတွင် စာချုပ်ပါ စည်းကမ်းချက်ကို ပြည့်မီရန်အတွက် သူမ၏ကိုယ်စား ပြန်ပေးရန် တာဝန်ယူရပေမည်။ အကယ်၍ နိုင်ငံတော်၏ ပြည်သူ့ဘဏ္ဍာတိုက် (ဗိုင်တွလ်မာလ်)မှ ဤတာဝန်ယူမှု တာဝန်ခံမှုကို ထမ်းနိုင်ပါက များစွာပို၍ကောင်း၏။ သို့တည်းမဟုတ် မွတ်စလင်တို့၏ ကူညီထည့်ဝင်ငွေ များဖြင့် ပေးသင့်၏။ (ကုရ်တူဗီ)

"... وَ لَا جُنَاحَ عَلَيْكُمْ اَنْ تَنْكِحُوْهُنَّ اِذَآ اٰتَيْتُمُوْهُنَّ اُجُوْرَهُنَّ ...." ထို့ပြင် အကယ်၍ အသင်တို့သည် ၎င်းတို့အား ၎င်းတို့၏ 'မဟ်ရ်'ထိမ်းမြားကြေးများကို ပေးဆပ်ကြလျှင် ၎င်းတို့နှင့် နိကာဟ်ထိမ်းမြားခြင်းမှာ အသင်တို့၌ အပြစ်မဟုတ်ပေ။ ...."(၆၀း၁၀)။ ယခင်အာယတ်တော်များက ပြောင်းရွှေ့လာသူ မွတ်စလင် အမျိုးသမီးနှင့် သူမ၏ ကာဖိရ်ခင်ပွန်းတို့ကြားမှ ထိမ်းမြားနှောင်ဖွဲ့မှုသည် ပျက်ပြယ်သွား သဖြင့် ထိုသူနှင့် မသက်ဆိုင်တော့ကြောင်း ရှင်းပြခဲ့သည်။ ယခုအာယတ်တော်က သူမ၏ခင်ပွန်းဟောင်းသည် အသက်ထင်ရှားရှိနေပြီး၊ သူမအား ကွာရှင်းခြင်း မပြုခဲ့သော်လည်းရှရီအဟ်၏မြင့်မြတ်သောဥပဒေအရငင်းနှင့်ထိမ်းမြားမှုပျက်ပြယ်ပြီဖြစ်၍မွတ်စလင်အမျိုးသားတစ်ဦးသည် ဤပြောင်းရွှေ့လာသော အမျိုးသမီးအား ထိမ်းမြားနိုင်ကြောင်းရှင်းပြ၏။ ထို့ကြောင့် အခြားမွတ်စလင်တစ်ဦးနှင့် ထိမ်းမြားခြင်းအား ခွင့်ပြုပေသည်။

အကယ်၍ ကာဖိရ်တစ်ဦး၏ဇနီးသည် မွတ်စလင်ဖြစ်လာပါက ထိမ်းမြားခြင်း အနှောင်အဖွဲ့မှာ အလိုအလျောက် ကျိုးပျက်သွားကြောင်း အထက်ပါ အာယတ်တော်က ရှင်းပြ၏။ ယခု မေးခွန်းမှာ ဤအမျိုးသမီးသည် အခြားမွတ်စလင် အမျိုးသားတစ်ဦးထိမ်းမြားရန် ဘယ်အချိန်တွင်ဖြစ်နိုင်ပါသနည်း။အီမာမ်အဗူဟနီဖဟ်ﷺ၏အခြေခံစည်းကမ်းချက်မှာ အောက်ပါအတိုင်းဖြစ်၏။ ဇနီးသည် အစွလာမ်သို့ ကူးပြောင်းယုံကြည်ပြီး၊ သူမ၏ခင်ပွန်းကမူ ကာဖိရ်တစ်ဦးအဖြစ် ဆက်လက်ရပ်တည်ပါက မွတ်စလင်အုပ်ချုပ်သူသည် ထိုခင်ပွန်းကိုလည်း အီမာန်ယုံကြည်သက်ဝင်ရန် တရားဝင်ဖိတ်ခေါ်တိုက်တွန်းသင့်၏။ အကယ်၍ ၎င်းကလက်ခံလျှင် အမျိုးသမီးသည် ထိုသူ၏ဇနီးအဖြစ် ဆက်လက်ရှိနေမည်ဖြစ်၏။ ၎င်းကငြင်းဆန်သည်ရှိသော် မွတ်စလင်အုပ်ချုပ်သူက ၎င်းတို့အား ပြတ်စဲစေရမည်ဖြစ်၏။ ဤနည်းအားဖြင့် ၎င်းတို့ကြားမှ ခွဲခွာခြင်းသည် ပြည့်စုံပြီးမြောက်သွားလေသည်။ ထို့နောက်မှ သူမသည် ကြိုက်နှစ်သက်ရာ မွတ်စလင်အမျိုးသားတစ်ဦးကို ထိမ်းမြားနိုင်မည်ဖြစ်၏။ သို့သော် မွတ်စလင်အုပ်ချုပ်သူတစ်ဦးသည် အစွလာမ်နိုင်ငံ၌သာလျှင် ခင်ပွန်းဖြစ်သူအား ချဉ်းကပ်ကိုင်တွယ်နိုင်မည်ဖြစ်ကြောင်းမှာ ထင်ရှား၏။ အကယ်၍ ၎င်းသည် အစွလာမ်မဟုတ်သော နိုင်ငံတွင် နေထိုင်သူဖြစ်ပါက ထိုကဲ့သို့ လိုအပ်ချက်များကို ပြုလုပ်ပြီး၊ ကွဲကွာကြောင်းဆုံးဖြတ်ရန်အတွက် ၎င်းအား ချဉ်းကပ်ဖြေရှင်းရန်မှာ မဖြစ်နိုင်ပေ။ ထိုအနေအထားမျိုးတွင် ထွက်ရပ်လမ်းမှာ အမျိုးသမီးအနေဖြင့် အစွလာမ်နိုင်ငံတစ်ခုသို့ ပြောင်းရွှေ့နေထိုင်ခြင်း သို့မဟုတ် မွတ်စလင်စစ်တပ် အခြေစိုက်ရာ စခန်းထဲသို့ဝင်ခြင်းဖြင့် ကွဲကွာခြင်း အထမြောက်သွားလိမ့်မည်ဖြစ်သည်။ ဤအနေအထားကို ဓမ္မသတ်မှူးတို့၏ တရားဝင်အသုံးအနှုန်းဖြင့် 'အိခ်တိလာဖွတ်ဒါရိန်' သို့မဟုတ် နယ်မြေကွဲပြားခြင်းဟု ရည်ညွှန်း၏။ ယင်း(ဝေါဟာရ)က ဆိုလိုသည်မှာ အကယ်၍ ကာဖိရ်ခင်ပွန်းသည် အစွလာမ်မဟုတ်သော နိုင်ငံတွင်ရှိပြီး၊ မွတ်စလင်ဇနီးသည် အစွလာမ်နိုင်ငံတွင် ရှိနေကြခြင်းဖြင့် ၎င်းတို့ကြားတွင် နိုင်ငံကွဲပြားမှုရှိပါက (လင်မယား)ကွဲကွာခြင်းသည် အထမြောက်ပြီး၊ ဇနီးသည် အခြားသူတစ်ဦးနှင့် ထိမ်းမြားရန် လွတ်လပ်သွားလေသည်။ (ဟဒါဒါယဟ်နှင့် အခြား)

ထိုကဲ့သို့ အမျိုးသမီးများအား မွတ်စလင်တို့က ထိမ်းမြားရာတွင် အာယတ်တော်က اٰتَيْتُمُوْهُنَّ اُجُوْرَهُنَّ (အသင်တို့သည် ၎င်းတို့အား ၎င်းတို့၏ 'မဟ်ရ်' မဂ်လာကြေးများကို ပေးဆပ်ကြလျှင်)ဟူ၍ ဖြည့်စွက်ထား၏။ အမှန်စင်စစ်ဤအချက်သည်ထိမ်းမြားခြင်း၏စည်းကမ်းချက်မဟုတ်ပေ။အဘယ်ကြောင့်ဆိုသော်ထိမ်းမြားသောအချိန် သို့မဟုတ် ထိမ်းမြားပြီးနောက်တွင် မဟ်ရ်ပေးရန်မှာ မပြုမနေရ ဖြစ်သော်လည်း ထိမ်းမြားမှု တရားဝင်ဖြစ်ခြင်းသည် မဟ်ရ်(မဂ်လာ ကြေး)ပေးခြင်းအပေါ် မူမတည်ဟူ၍ ဓမ္မသတ်မှူးများ တညီတညွတ် သဘောတူကြသောကြောင့်ဖြစ်၏။ ဤနေရာတွင် ယင်း(မဟ်ရ်)အား စည်းကမ်းချက်တစ်ရပ်အနေဖြင့် ဖော်ပြသည်ဟု ထင်မှတ်ရ၏။ အဘယ်ကြောင့်

ဆိုသော် ကာဖိရ် ခင်ပွန်းအား မဟ်ရ်ကို ပြန်ပေးခဲ့ပြီးဖြစ်၍ သူမအား ထိမ်းမြားလိုသော မွတ်စလင်အနေဖြင့် နောက်ထပ်မဟ်ရ်ပေးရန် မလိုအပ်တော့ဟု ထင်နိုင်သောကြောင့်ဖြစ်၏။ ထို့ကြောင့် အာယတ်တော်က ယခင်မဟ်ရ်သည် ယခင် ထိမ်းမြားမှုအတွက်ဖြစ်ပြီး၊ နောက်ထိမ်းမြားမှုအတွက် နောက်မဟ်ရ်သည် မပေးမနေရဖြစ်ကြောင်း ရှင်းပြခြင်းဖြစ်လေသည်။

"وَلَا تُمْسِكُوا بِعِصَمِ الْكَوَافِرِ .... ထို့ပြင် အသင်တို့သည် 'ကာဖစ်ရ်' မိန်းမများ၏ ဂုဏ်အသရေကို သိမ်းပိုက်၍ မထားကြကုန်လင့်။ ...." (၆၀း၁၀)။ 'အိဆွမ်'ဟူသော စကားလုံးသည် 'အိဆွ်မဟ်'၏ အများကိန်းဖြစ်၏။ ယင်း၏ မူရင်းအဓိပ္ပါယ်မှာ 'ကာကွယ်မှု/ နောင်ကြိုး'ဖြစ်ပြီး၊ ကာကွယ်ခြင်းခံရသော ထိမ်းမြားမှုနောင်ကြိုးကို ရည်ညွှန်း၏။ 'ကဝါဖိရ်'ဟူသော စကားလုံးသည် 'ကာဖိရဟ်'၏ အများကိန်းဖြစ်ပြီး၊ 'ဘာသာမဲ့အမျိုးသမီး'တစ်ဦးကို ရည်ညွှန်း၏။ ယင်းစကားလုံးအား 'ကိတာဗိယဟ်'(ဂျူးသို့မဟုတ် ခရစ်ယာန်တစ်ဦးကဲ့သို့အလျင်ပို့ချခဲ့သောကျမ်းဂန်၏နောက်လိုက်) တစ်ဦးဖြစ်သည့် ကာဖိရ် အမျိုးသမီးတစ်ဦးဟု ရည်ညွှန်း၍ မရနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်၏ ရှင်းလင်းတိကျသော စာသားက သူမ(ခရစ်ယာန် သို့မဟုတ် ဂျူး)အား ထိမ်းမြားခွင့်ပြုသောကြောင့်ဖြစ်၏။ အာယတ်တော်က ထိုအချိန်ထိ ခွင့်ပြုထားခဲ့သော မွတ်စလင်နှင့် ဘာသာမဲ့တို့ကြားမှ ထိမ်းမြားမှုကို ယခုအခါ ပယ်ဖျက်လိုက်ပြီးဖြစ်ကြောင်း ရှင်းပြခြင်းဖြစ်၏။ ယခုသော် မွတ်စလင်တစ်ဦးက ဘာသာမဲ့ အမျိုးသမီးတစ်ဦးအား ထိမ်းမြားခြင်းကို ခွင့်မပြုတော့ပေ။ ယခင်က သဘောတူစာချုပ်မှ ထိုကဲ့သို့ ထိမ်းမြားခြင်းများကိုလည်း ပယ်ဖျက်လိုက်လေသည်။ မွတ်စလင် အမျိုးသားတစ်ဦးက ဘုရားအများကိုးကွယ်သော အမျိုးသမီးနှင့် ထိမ်းမြားခြင်းသည် တရားမဝင်တော့ပေ။ ဤအာယတ်တော်ကျရောက်ခဲ့သောအခါ၊ မြင့်မြတ်သော သာဝကကြီးများသည် ၎င်းတို့၏ ဘုရားအများကိုးကွယ်သော ဇနီးများကို စွန့်လွှတ်ခဲ့ကြသည်။ သာဝကကြီး အုမရ်ﷺ မက္ကာမြို့တွင် နေခဲ့စဉ်က ဘုရားအများကိုးကွယ်သည့် ဇနီးနှစ်ဦးရှိခဲ့၏။ သို့သော် ပြောင်းရွှေ့မှုဖြစ်သောအခါ ၎င်းတို့မှာ မက္ကာမြို့၌ပင် ကျန်နေရစ်ခဲ့ကြသည်။ ဤအာယတ်တော် ကျရောက်လာသောအခါ၊ သာဝကကြီး အုမရ်ﷺသည် သူမတို့အား ကွာရှင်းပြတ်စဲခဲ့လေသည်။ (အလ်ဗဂါဝီက ဇုဟ်ရီထံမှ ထပ်ဆင့်တင်ပြပြီး၊ မဇ်ဟရီ ကိုးကားခဲ့သည်။) ဤဆင့်ပြန်ချက်တွင်သုံးသည့် 'တွလာက်' (ကွာရှင်းပြတ်စဲခြင်း)ဟူသော စကားလုံးသည် 'ဆက်နွယ်မှုကို ဖြတ်တောက် သည်'ဟု အဓိပ္ပါယ်ရ၏။ 'တွလာက်'၏ ပညာရပ်ဆန်သော အဓိပ္ပါယ်မှာ ဤနေရာတွင် မလိုအပ်ပေ။ အဘယ်ကြောင့် ဆိုသော် ဤအာယတ်တော်အားဖြင့် ထိမ်းမြားမှု အနှောင်အဖွဲ့နှင့် ခံဝန်ချက်တို့သည် ကျိုးပျက်ခဲ့ပြီးဖြစ်သောကြောင့် ဖြစ်၏။

"وَسْـَٔلُوا مَآ أَنفَقْتُمْ وَلْيَسْـَٔلُوا مَآ أَنفَقُوا .... ၎င်းပြင် အသင်တို့သည်လည်း မိမိတို့အကုန်အကျခံခဲ့သည်များကို (ကာဖစ်ရ်များထံမှ) တောင်းယူကြ လေကုန်။ ၎င်းတို့သည်လည်း မိမိတို့ကုန်ကျခဲ့သည်များကို (အသင်တို့ထံမှ) တောင်းခံယူကြရပေမည်။ ...."(၆၀း၁၀)။ အမျိုးသမီးတစ်ဦးသည် အစွလာမ်သို့ ကူးပြောင်းပြီး၊ မဒီနာသို့ ပြောင်းရွှေ့လာသောအခါ၊ သူမသည် မက္ကာမြို့သို့ ပြန်ပို့ခြင်းမခံရဘဲ မွတ်စလင်အသိုင်းအဝိုင်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာသည့်ပြင် သူမနှင့် သူမ၏ကာဖိရ်ခင်ပွန်းတို့ကြားမှ ထိမ်းမြားနှောင်ဖွဲ့မှု ပျက်ပြယ်ကြောင်း ယခင်က ဆိုခဲ့ပြီးဖြစ်၏။ သို့ရာတွင် သူမအားပေးခဲ့သော ကာဖိရ်ခင်ပွန်း၏ မဟ်ရ် (မင်္ဂလာကြေး)ကိုမူ ပြန်ပေးရန် လိုအပ်၏။ ထိုနည်းတူစွာ အကယ်၍ (မပြောကောင်းမဆိုအပ်) မွတ်စလင်အမျိုးသမီး တစ်ဦးသည်သာ သာသနာကိုစွန့်ပယ်ပြီး မက္ကာမြို့သို့ ထွက်ပြေးတိမ်းရှောင်သော် သို့မဟုတ် သူမသည် အလျင်ကတည်းက ကာဖိရ်တစ်တစ်ဦးဖြစ်ခဲ့ပြီး၊ သူမ၏ မွတ်စလင်ခင်ပွန်းထံမှ ထွက်ပြေးသော် မက္ကာမြို့မှ ဘာသာမဲ့များက သူမအားပြန်ပို့လိမ့်မည် မဟုတ်သော်လည်း မွတ်စလင်ခင်ပွန်း

က သူမကိုပေးခဲ့သော 'မဟ်ရ်'ကိုမူ ပြန်ပေးရန် ၎င်းတို့တွင် ဥပဒေအရ တာဝန်ရှိပေသည်။ ထို့ကြောင့် ပြန်ပေးရန် တာဝန်ရှိသော ပမာဏကို နှစ်ဦးနှစ်ဖက် နားလည်မှုဖြင့် သတ်မှတ်ရမည်ဖြစ်၏။ မွတ်စလင်တို့က ဤဥပဒေကို လိုလို လားလား လိုက်နာခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ ကုရ်အာန် ၏အမိန့်တော်ကို လိုက်နာရန်မှာ တာဝန်တစ်ရပ်ဖြစ်သည်ဟု စစ်မှန်စွာ ယုံကြည်သောကြောင့်ဖြစ်၏။ ဤသို့ကြောင့် ကာဖိရ်ခင်ပွန်းအားလုံးကို မဟ်ရ်ပြန်ပေးခဲ့ကြသည်။ သို့ရာတွင် မက္ကာမြို့မှ ဘာသာမဲ့တို့ကမူ ကုရ်အာန်၌ အယုံအကြည် မရှိခဲ့ကြသောကြောင့် ထိုအချက်ကို လိုက်နာကျင့်သုံးခြင်း မပြုခဲ့ကြပေ။ ထိုဖြစ်ရပ်အပေါ် အောက်ပါအာယတ်တော် ကျရောက်ခဲ့ခြင်း ဖြစ်လေသည်။ (ဇူဟ်ရီအား ကိုးကား၍ အလ်ဗဂါဝီက ဖော်ပြပြီး၊ မဇ်ဟရီ ရည်ညွှန်း၏။)

وَإِنْ فَاتَكُمْ شَيْءٌ مِّنْ أَزْوَاجِكُمْ إِلَى الْكُفَّارِ فَعَاقَبْتُمْ فَآتُوا الَّذِينَ ذَهَبَتْ أَزْوَاجُهُم مِّثْلَ مَا أَنفَقُوا ۗ وَاتَّقُوا اللَّهَ الَّذِي أَنتُم بِهِ مُؤْمِنُونَ

"သို့ရာတွင် အကယ်၍ အသင်တို့၏ ဇနီးမိန်းမတို့အနက် တစ်စုံတစ်ယောက်သည် 'ကာဖရ်' များထံ ထွက်သွားခဲ့ပြီးနောက် အသင်တို့အလှည့် ရောက်ခဲ့ပါလျှင် (အသင်တို့သည် လက်ရပစ္စည်းရရှိခဲ့ကြလျှင်) ဇနီးမိန်းမများ ထွက်သွားခဲ့ကြသော သူတို့အား ၎င်းတို့အကုန်အကျခံခဲ့သည့် ('မဟ်ရ်' ထိမ်းမြားကြေး)နှင့် အညီအမျှ အသင်တို့ ပေးဆပ်ကြလေကုန်။ ထိုမှတပါး အသင်တို့ သက်ဝင်ယုံကြည်ကြကုန်သော အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြ လေကုန်။"(၆၀း၁၁)။

'အာကဗ်တွန်'ဟူသော ကြိယာသည် 'မူအာကဗ်ဟ်'မှ ဆင်းသက်ပြီး၊ 'လက်တုံ့ပြန်သည်'ဟု အဓိပ္ပါယ်ရ၏။ ဤနေရာတွင် ဤအဓိပ္ပါယ်ဖြစ်နိုင်သည်။ (ကတာဒဟ်၊ မူဂျာဟစ်နှင့် ကုရ်တူဗီတို့ ဆင့်ပြန်ခဲ့)။ ဤကိစ္စတွင် ပြောင်းရွှေ့သွားသော မွတ်စလင်အမျိုးသမီးများအား သူမတို့၏ ဘာသာမဲ့ခင်ပွန်းများက ပေးခဲ့သော မဂ်လာကြေးကို မွတ်စလင်တို့က ပြန်ပေးရသကဲ့သို့ အကယ်၍ မွတ်စလင်တို့၏ အချို့သောဇနီးများသည် ကာဖိရ်တို့ထံသို့ စွန့်ခွာပြေးကြပါက မွတ်စလင်ခင်ပွန်းများက သူမတို့အားပေးခဲ့သော မဂ်လာကြေးများကို စာချုပ်အရပြန်ပေးရန် ၎င်းတို့တွင် တာဝန်ရှိပေသည်။ သို့သော် ဘာသာမဲ့များက အပြန်အလှန်ပြုလုပ်ရန် ပျက်ကွက်ပြီး၊ မဂ်လာကြေးကို ပြန်မပေးကြသောကြောင့် မွတ်စလင်ခင်ပွန်းများဘက်မှလည်း ထွက်ပြေးသွားသော မွတ်စလင်အမျိုးသမီးများနှင့် ထိမ်းမြားကြသည့် ကာဖိရ်ခင်ပွန်းတို့အား ပေးရန်ရှိသောငွေကို မပေးဘဲထားခြင်းဖြင့် လက်တုံ့ပြန်ခွင့်ရှိပေသည်။ ဤသို့မပေးဘဲ ထိန်ချန်ထားသောငွေအား မည်ကဲ့သို့ သုံးစွဲရမည့်အကြောင်းကို အောက်ပါစာကြောင်း فَآتُوا الَّذِينَ ذَهَبَتْ أَزْوَاجُهُم مِّثْلَ مَا أَنفَقُوا "...." သူတို့အား ၎င်းတို့ အကုန်အကျခံခဲ့ကြသည့် ('မဟ်ရ်' ထိမ်းမြားကြေး)နှင့် အညီအမျှ အသင်တို့ ပေးဆပ်ကြလေကုန်။ ...."က ဖော်ပြ၏။ ဆိုလိုသည်မှာ ကာဖိရ်ခင်ပွန်းအား မပေးဘဲထားသည့် ထိုငွေပမာဏကို ဇနီးများ ဘာသာမဲ့တို့ထံ ထွက်ပြေးခဲ့ကြပြီး၊ မဂ်လာကြေးများ ပြန်မရကြသည့် မွတ်စလင်များကို ပေးရမည်ဖြစ်၏။

'အာကဗ်တူမ်၊ အာက်ကဗ်တူမ်နှင့် အကဗ်တူမ်'ဟူ၍ ပုံစံကွဲများရှိသော ကြိယာ၏ အခြားအဓိပ္ပါယ်မှာ 'စစ်ပွဲလက်ရပစ္စည်းများကို ရရှိသည်'ဖြစ်၏။ ကုရ်အာန်ရွတ်ဖတ်ရာတွင် ကျွမ်းကျင်သော ပုဂ္ဂိုလ်များက ဤမူကွဲပုံစံများ (ကိရာအာတ်)ထဲမှ ကြိယာ 'အာကဗ်တူမ်'ကို ရွတ်ဖတ်ကြသည်။ ကတာဒဟ်နှင့် မူဂျာဟစ်တို့ကဲ့သို့သော ပညာရှင်ကြီးများက ကြိယာပုံစံ(၃)ခုစလုံးသည် 'စစ်ပွဲလက်ရပစ္စည်းများ ရရှိသည်'ဟု အဓိပ္ပါယ်ရကြောင်း ပြောကြား၏။ ဤသို့ဆိုက အကယ်၍ မွတ်စလင်ခင်ပွန်းတို့၏ ဇနီးများသည် ကာဖိရ်များထံသို့ ထွက်ပြေးကြပါက၊ ထို့ပြင် စာချုပ်ပါ စည်းကမ်းချက်များအတိုင်း သူမတို့သည် မွတ်စလင်ခင်ပွန်းများအား မဂ်လာကြေးများကို ပြန်မပေးကြပါက ၎င်းတို့အား စစ်ပွဲလက်ရ

ပစ္စည်းများထဲမှ အစားပေးလျော်ရမည်ဟု အာယတ်တော်က ဆိုလိုပေသည်။*

အချို့သော မွတ်စလင်အမျိုးသမီးတို့သည် သာသနာကိုစွန့်ပယ်ပြီး မက္ကာမြို့သို့ ထွက်ပြေးခဲ့ကြပါသလား။

ဤအာယတ်တော်တွင် ဖော်ပြသည့် အခြေအနေများသည် အဖြစ်အပျက်တစ်ခုဦးသာလျှင် ပေါ်ပေါက်ခဲ့ကြောင်း ပညာရှင်များက ယုံကြည်ကြ၏။ သာဝကကြီး အိုင်ယာဒ်အိဗ်နယနမ်ကုရိုင်ရှိ၏ ဇနီးဖြစ်သူ အူမ်မွလ်ဟကမ်ဘင့်အဗီစွဖ်ယာန်သည် အစွလာမ်ကို စွန့်လွှတ်ပြီး မက္ကာမြို့သို့ ထွက်ပြေးခဲ့သည်။ သို့သော် နောက်ပိုင်းတွင် သူမသည် အစွလာမ်သို့ ပြန်လည်ကူးပြောင်းခဲ့လေသည်။

သာဝကကြီး အိဗ်နအဗ္ဗာစ်ﷺက တင်ပြသည်မှာ အမျိုးသမီး(၆)ဦးသည် အစွလာမ်ကို အတူတကွ စွန့်လွှတ်၍ ကာဖိရ်များထံသို့ ထွက်ပြေးစွန့်ခွာခဲ့ကြသည်။ ၎င်းတို့အနက် တစ်ဦးမှာ အထက်တွင် ဖော်ပြခဲ့သော အမျိုးသမီးဖြစ်၏။ အခြား(၅)ဦးသည် အစကတည်းက ကာဖိရ်များဖြစ်ကြပြီး ပြောင်းရွှေ့ချိန်က မက္ကာမြို့၌ ကျန်နေရစ်ခဲ့ကြသည်။ ဤအာယတ်တော် ကျရောက်လာပြီး၊ မွတ်စလင်နှင့် ဘာသာမဲ့တို့ကြားမှ ထိမ်းမြားမှုများ ပျက်ပြယ်သောအခါ၊ ၎င်းတို့သည် ၎င်းတို့၏ မယုံကြည်သွေဖည်မှုကို ဖက်တွယ်ထားကြကာ အီမာန်သက်ဝင်ယုံကြည်လိုစိတ် မရှိခဲ့ကြပေ။ ရလဒ်အနေဖြင့် ဤအမျိုးသမီးများကိုလည်း ၎င်းတို့၏ခင်ပွန်းများအား မင်္ဂလာကြေး ပြန်ပေးကြရမည့်သူများ စာရင်းတွင် မက္ကာမြို့မှ ဘာသာမဲ့တို့က ထည့်သွင်းခဲ့ကြသည်။ သို့သော် ၎င်းတို့က မပေးခဲ့ကြသောကြောင့် အလ္လာဟ်ရစူလ် တမန်တော်ﷺသည် ၎င်းတို့၏ မင်္ဂလာကြေးဆုံးရှုံးမှုအတွက် စစ်ပွဲလက်ရပစ္စည်းများမှ ပေးလျော်ခဲ့လေသည်။

ဤသည်က ညွှန်ပြသည်မှာ အမျိုးသမီးတစ်ဦး အမှန်တကယ် သာသနာကိုစွန့်ပယ်၍ မဒီနာမြို့မှ မက္ကာမြို့သို့ ထွက်ပြေးသည့် အဖြစ်အပျက် တစ်ခုတည်းသာလျှင်ရှိခဲ့၏။ ကျန်အမျိုးသမီး(၅)ဦးသည် အစကတည်းက ကာဖိရ်များဖြစ်ခဲ့ကြသည်။ ဆိုခဲ့သည့်အတိုင်း အစွလာမ်ကိုစွန့်ပယ်၍ မက္ကာမြို့သို့ ထွက်ပြေးသော အမျိုးသမီးသည်ပင်လျှင် နောက်ပိုင်းတွင် အစွလာမ်သို့ ပြန်လည်ကူးပြောင်းခဲ့ပေသည်။ (ကုရ်တူဗီ)။ သာဝကကြီး အိဗ်နအဗ္ဗာစ်ﷺအား ကိုးကားလျက် ဗဂဝီရည်ညွှန်းဖော်ပြသည်မှာ သာသနာကို စွန့်ပယ်သူများဟု စာရင်းပေါက်သည့် ထိုအမျိုးသမီး(၅)ဦးသည် နောက်ပိုင်းတွင် အစွလာမ်သို့ ပြန်၍ကူးပြောင်းခဲ့ကြ၏။ (မဇ်ဟရီ)

အမျိုးသမီးများ၏ဝိုင်အဟ်

يَٰٓأَيُّهَا ٱلنَّبِيُّ إِذَا جَآءَكَ ٱلْمُؤْمِنَٰتُ يُبَايِعْنَكَ عَلَىٰٓ أَن لَّا يُشْرِكْنَ بِٱللَّهِ شَيْـًٔا

"အို- နဗီတမန်တော်၊ 'မုအ်မင်နဲ' သက်ဝင်ယုံကြည်ကြသော မိန်းမများသည် သင့်ထံလာ၍ မိမိတို့မှာ မည်သည့်တစ်စုံတစ်ရာကိုမျှပင် အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ရှိုင်းယှဉ် (ဆည်းကပ်ကိုးကွယ်)ကြမည် မဟုတ်ပါဟူ၍

* * တတိယ အနက်ဖွင့်ဆိုချက်မှာ ဤစကားလုံးသည် 'အဂီဗဟ်'မှ ဆင်းသက်ပြီး 'အလှည့်'ကို ဆိုလိုသည်။ ကြိယာ၏ အခြေခံပုံစံဖြစ်သော 'မူအာဂဗဟ်'သည် 'မြင်းစသည်ကို တစ်လှည့်စီစီးနင်းသည်'ဟု ဆိုလိုသည်ဖြစ်၍ အာယတ်တော်မှ 'အာဂဗ်တူမ်'သည် 'သင့်တွင် သင့်အလှည့်ရှိ၏'ဟု ဆိုလိုမည်ဖြစ်၏။ အလိုသဘောမှာ ကာဖိရ်များ အား မင်္ဂလာကြေး ပြန်ပေးရန် သင့်အလှည့်ဖြစ်လျှင်၊ ၎င်းတို့ကို ပေးမည့်အစား သင်သည် ဇနီးများက ၎င်းတို့ကို စွန့်ပစ် ပြီး၊ ကာဖိရ်များနှင့် ပူးပေါင်းသွားကြသော်လည်း ထိုကာဖိရ်များက ခန်းဝင်ကြေး ပြန်ပေးခြင်းမခံရသော မွတ်စလင်များ အား ပေးသင့်ကြောင်းနှင့် ကာဖိရ်တို့ထံမှ ယင်းကိုပြန်ယူသင့်ကြောင်းဖြစ်၏။ ဤအနက်ဖွင့်ဆိုချက်အား ရှူးဟွလ်မအာနီ တွင် အာလူစီက လည်းကောင်း၊ ထို့ပြင် မောင်လာနာ အရှ်ရဖ်အလီထာနဝီ﵀က လည်းကောင်း လက်ခံကြ၏။ ဤ စာအုပ်မှ ဘာသာပြန်ဆိုချက်သည် ထိုအနက်ဖွင့်ဆိုချက်ပေါ်၌ အခြေခံသည်။ (မုဟမ္မဒ်တကီးအွစ်မာနီ)

ဗိုင်အတ်ပြုကြသောအခါ၊ အသင်သည် ၎င်းတို့အား ဗိုင်အတ်ပြုပါလေ။ ....” (၆၀း၁၂)။ ဤအာယတ်တော်က မွတ်စလင်အမျိုးသမီးတို့ထံမှ အီမာန်နှင့် ပတ်သက်သည့် အချက်များကိုသာမက အစွလာမ့်ပညတ်ချက် အားလုံးကိုလည်း လိုက်နာစောင့်ထိန်းပါမည်ဟူသော သစ္စာအဓိဋ္ဌာန်ကို ရယူရန် တမန်တော်မြတ်ﷺအား တိုက်တွန်းသည်။ ယခင်အာယတ်တော်(၁၀)၌ ရွှေ့ပြောင်းအမျိုးသမီးများ မွတ်စလင်တို့ထံသို့ ရောက်လာလျှင် ၎င်းတို့အား စမ်းသပ်စစ်ဆေးရမည်ဟု အလ္လာဟ်အရှင်မြတ်က ညွှန်ကြားတော်မူခဲ့သည်။ ယခုအာယတ်တော်မှ သစ္စာအဓိဋ္ဌာန်ပြုခြင်းသည် အီမာန်ကို စစ်ဆေးခြင်း၏ ဖြည့်စွက်ချက်တစ်ခုဖြစ်၏။ သို့သော် အာယတ်တော်၏ စကားလုံးများမှာ ယေဘုယျဖြစ်ပြီး၊ အသစ်ပြောင်းရွှေ့လာသော မွတ်စလင်အမျိုးသမီးများကိုသာ ကန့်သတ်ခြင်းမဟုတ်ပေ။ အမှန်စင်စစ် မွတ်စလင်အမျိုးသမီးတိုင်းနှင့် သက်ဆိုင်လေသည်။ သို့ဖြစ်သောကြောင့် သစ္စာအဓိဋ္ဌာန်ပြုသောအခါ အသစ်ပြောင်းရွှေ့လာသော အမျိုးသမီးများသာမက အလျင်ကျသော မွတ်စလင်အမျိုးသမီးများလည်း ပူးပေါင်းပါဝင်ရမည်ဖြစ်ကြောင်း သခင်မ အူမ္မိ အတ္တီယဟ်ﷺအား ကိုကားလျက် ဆွဟီးဒ် ဗုခါရီကျမ်း၌ တင်ပြထား၏။ ဗဂဝီကလည်း အခြားအမျိုးသမီး အနည်းငယ်နှင့်အတူ သူမသည် တမန်တော်မြတ်ﷺထံတော်၌ 'ဗိုင်အဟ်' (သစ္စာအဓိဋ္ဌာန်)ပြုခဲ့ကြောင်း သခင်မ အုမ္မေမဟ်ဘင့်ရှ ကိုင်ကဟ်ﷺထံမှ မှတ်သားခဲ့ရ၏။ တမန်တော်မြတ်ﷺက အဓိကကျသော အောက်ပါအချက်ကို ဖြည့်စွက်ခဲ့သည် فِيمَا اسْتَطَعْتُنَّ وَأَطَقْتُنَّ (ထိုအရာများကို ဆောင်ရွက်ရန် အသင့်တွင်ရှိသမျှ စွမ်းပကား၊ ခွန်အားတို့ဖြင့်)။ သခင်မ အုမ္မိုင်မဟ်ﷺက ပြောကြားသည်မှာ 'တမန်တော်မြတ်ﷺတွင် ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့ကိုယ်တိုင်ထက်ပို၍ ကရုဏာနှင့် အကြင်နာ ထားရှိတော်မူကြောင်းကို ဤအချက်က ပြသခြင်းဖြစ်၏။ ကျွန်ုပ်တို့သည် မည်သည့်ကန့်သတ်ချက်၊ စည်းကမ်းချက်မှ မပါဝင်ဘဲ သစ္စာအဓိဋ္ဌာန်ကို ပြုလိုခဲ့ကြသည်။ သို့သော် ဤစာကြောင်းကို မြွက်ဆိုစေခြင်းဖြင့် ၎င်းက သစ္စာအဓိဋ္ဌာန်၏ စည်းကမ်းချက်များ၏ ဝန်ထုပ်ဝန်ပိုးနှင့် ပူပန်စိုးရိမ်ရမှုများကို လျော့ချပေးခဲ့သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် အခြေအနေ၏ တောင်းဆိုမှုကြောင့် စည်းကမ်းချိုးဖောက်ရခြင်းအတွက် အပြစ်ရှိသကဲ့သို့ မခံစားကြရတော့ပေ။ (မဇ်ဟရီ)

အမျိုးသမီးများ သစ္စာပြုခြင်းသည် နှုတ်အားဖြင့် သစ္စာအဓိဋ္ဌာန်ပြုခြင်းသာလျှင်ဖြစ်ပြီး၊ အမျိုးသားများ ပြုလုပ်လေ့ရှိသကဲ့သို့ အလ္လာဟ့်ရစူလ်တမန်တော်ﷺ၏ လက်ကိုထိပြီး သစ္စာအဓိဋ္ဌာန်ပြုခြင်းမျိုး မဟုတ်ကြောင်း သခင်မ အာအိရှာ၏ ပြောကြားချက်ကို ဗုခါရီ၌ ဖော်ပြထား၏။ တမန်တော်မြတ်ﷺ၏ လက်တော်သည် ဘယ်သောအခါမျှ မေ့ဟ်ရမ် မဟုတ်သူ၏လက်ကို ထိတွေ့ခဲ့ခြင်းမရှိပေ။ (မဇ်ဟရီ)

အမျိုးသမီးတို့၏ 'ဗိုင်အဟ်'သည် ဟုဒိုင်ဗီယဟ်စာချုပ် သက်တမ်းအတွင်း၌သာမက နောက်ပိုင်းတွင်လည်း အကြိမ်များစွာ ပြုလုပ်ခဲ့သည်။ မက္ကာမြို့အား အောင်နိုင်ခြင်းနေ့တွင် ထိုကဲ့သို့ သစ္စာအဓိဋ္ဌာန်ပြုမှုတစ်ခု ဖြစ်ပေါ်ခဲ့သည်။ ပထမသော် တမန်တော်မြတ်ﷺသည် အမျိုးသားတို့ထံမှ သစ္စာအဓိဋ္ဌာန်ကို ယူခဲ့သည်။ ထို့နောက် ၎င်းသည် ဆွဖါတောင်၌ အမျိုးသမီးများထံမှလည်း ယူခဲ့လေသည်။ သာဝကကြီး အုမာရ်အိဗ်နစတ္ဒ်တွာဖ်ﷺက တောင်ခြေတွင် စုဝေးလျက်ရှိသော သစ္စာဆိုပွဲတွင် ပါဝင်သည့် အမျိုးသမီးများအား တမန်တော်မြတ်ﷺကိုယ်စား သစ္စာစကားကို တိုင်ပေးလေ့ရှိခဲ့၏။ အဗူစုဖ်ယာန်၏ ဇနီးဖြစ်သူ ဟင်းဒ်လည်း ဤသစ္စာဆိုမှု၌ ပါဝင်ခဲ့သည်။ ပထမသော် သူမသည် ရှက်ကိုးရှက်ကန်းဖြစ်ပြီး သူမကိုလူမြင်မခံချင်ခဲ့ပေ။ သို့သော် ကတိသစ္စာတွင် ပါဝင်သော ရှရီအဟ်၏ ပြဋ္ဌာန်းချက်အချို့က သူမအား စကားပြောစေရန်၊ မေးခွန်းများမေးစေရန် တွန်းအားပေးခဲ့သည်။ ဤအဖြစ်အပျက်အကြောင်း အသေးစိပ်ကို မဇ်ဟရီက တင်ပြခဲ့၏။

အမျိုးသားတို့၏ ဗိုင်အဟ်သည် လိုရင်းတိုရှင်းဖြစ်ပြီး၊
အမျိုးသမီးတို့၏ ဗိုင်အဟ်သည် ကျယ်ပြန့်ကာ အသေးစိပ်၏။

အမျိုးသားတို့ထံမှယူသော ကတိသစ္စာမှာ ယေဘုယျအားဖြင့် အီမာန်နှင့် အစွလာမ်တို့နှင့် ပတ်သက်၏။ အမျိုးသမီးတို့၏ ကတိသစ္စာနှင့်မတူဘဲ ၎င်းတို့၏ကတိသစ္စာတွင် ရှရီအဟ်၏ ပြဋ္ဌာန်းချက် အသေးစိပ်များ မပါဝင်ချေ။ အမျိုးသမီးတို့မှာမူ အသေးစိတ်များစွာ ပါဝင်သည်။ ကတိသစ္စာနှစ်ခု၏ ထူးခြားချက်မှာ အမျိုးသားတို့၏ အီမာန်နှင့် နာခံကျိုးနွံခြင်းများအတွက်ကတိသစ္စာပြုခြင်းကရှရီအဟ်နှင့် သာသနာဖွဲ့စည်းပုံတစ်ခုလုံးကိုလက်တွေ့ကျင့်ဆောင်ရန် အာမခံချက်တစ်ခု ရယူနိုင်ခဲ့သည်ဖြစ်၍ အသေးစိပ်များ မလိုအပ်ပေ။ တစ်ဖက်မှကြည့်လျှင် အမျိုးသမီးများသည် များသောအားဖြင့် အမျိုးသားတို့ထက် ဉာဏ်ရည်နိမ့်ကျသောကြောင့် အသေးစိပ်များ လိုအပ်သည်ဟု ထင်ရ၏။ ဗိုင်အဟ်သည်အမျိုးသမီးများနှင့်အစပြုခဲ့သော်လည်းနောက်ပိုင်းတွင်၎င်းတို့ထံမှသာမကထပ်တူအသေးစိပ်ဗိုင်အဟ်ကို အမျိုးသားများထံမှလည်း ယူခဲ့ပေသည်။ ဤအချက်ကို ဟဒီးသ်များကလည်း အတည်ပြု၏။ (သာဝကကြီး အုပါဒဟ် အိဗ်နဆွာမစ်ﷺ ထပ်ဆင့်တင်ပြ၏။ ကုရ်တူဗီ)။ ထို့ပြင် ဤအာယတ်တော်မှ အမျိုးသမီးများ၏ ဗိုင်အဟ်တွင် ဖော်ပြသော ပြဋ္ဌာန်းချက်များသည် ပုံမှန်အားဖြင့် ၎င်းတို့ပေါ်လျော့လေ့ရှိကြသည့် အချက်များနှင့် သက်ဆိုင်ခြင်းက အောက်ပါအသေးစိပ်များကို ထုတ်ပြန်ရသည့် အခြားအကြောင်းရင်းတစ်ခုပင် ဖြစ်လေသည်။ အာယတ်တော်တွင် ပြဋ္ဌာန်းချက် (၆)ချက်ပါရှိ၏။ ပထမအချက်မှာ -

"…. يُبَايِعْنَكَ عَلَىٰ أَنْ لَّا يُشْرِكْنَ بِاللَّهِ شَيْئًا" အသင့်ထံလာ၍ မိမိတို့မှာ မည်သည့်တစ်စုံတစ်ရာကိုမျှပင် အလွှာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် (ဆည်းကပ်ကိုးကွယ်)ကြမည် မဟုတ်ပါဟူ၍ လည်းကောင်း၊ …. ကောင်းမြတ်သော အမှုကိစ္စတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ အသင်၏အမိန့်ကိုလည်း ဖီဆန်ကြမည် မဟုတ်ပါဟူ၍ လည်းကောင်း ဗိုင်အဟ်ပြုကြသောအခါ အသင်သည် ၎င်းတို့အား ဗိုင်အဟ်ပြုပါလေ။ ….”(၆၀း၁၂)။ ပထမဆုံးမှာ ၎င်းတို့သည် မည်သည့်အရာကိုမျှ အလွှာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် (ဆည်းကပ်ကိုးကွယ်)ကြမည် မဟုတ်ကြောင်းဖြစ်၏။ အီမာန်ခိုင်မြဲခြင်းနှင့် ရှစ်ရိက်ကို ရှောင်ကြဉ်ခြင်း များသည် အမျိုးသားနှင့် အမျိုးသမီးများ၏ ဘုံအဓိဋ္ဌာန်များဖြစ်ကြ၏။ ဒုတိယကတိသစ္စာမှာ ခိုးဝှက်မှုကို ကျူးလွန်မည် မဟုတ်ကြောင်းဖြစ်၏။ များစွာသော အမျိုးသမီးတို့သည် ၎င်းတို့ခင်ပွန်းများ၏ ပိုင်ဆိုင်မှုများကို ခိုးယူသည့်အကျင့် ရှိကြသောကြောင့် ဤအဓိဋ္ဌာန်ကို ပြုရခြင်းဖြစ်သည်။ တတိယအဓိဋ္ဌာန်မှာ ၎င်းတို့သည် ကာမသုမိစ္ဆာစာရကံကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ပါမည့်အကြောင်းဖြစ်၏။ အကယ်၍ ၎င်းတို့သာ ဤအချက်တွင် ခိုင်မြဲကြမည်ဆိုက အမျိုး သားများအား ဤအပြစ်မှ ကယ်တင်ရာတွင် ပို၍လွယ်ကူစေမည်ဖြစ်၏။ စတုတ္ထအဓိဋ္ဌာန်မှာ ၎င်းတို့သည် မိမိတို့၏သားသမီးများကို သတ်ဖြတ်မည် မဟုတ်ကြောင်းဖြစ်၏။ အမိုက်ခေတ်အခါက သမီးမိန်းကလေးများကို အရှင်လတ်လတ် မြေမြှုပ်၍ သတ်ပစ်လေ့ရှိခဲ့ကြသည်။ အဓိဋ္ဌာန်၏ ဤစာကြောင်းက ထိုအဖြစ်ကို တားမြစ်ခြင်းဖြစ်၏။ ပဉ္စမအဓိဋ္ဌာန်မှာ ၎င်းတို့သည် မည်သူ့ကိုမျှ အသရေဖျက်သောစကား ဆိုမည်မဟုတ်ကြောင်းဖြစ်၏။ ဤပြဋ္ဌာန်းချက်ကို ရည်ညွှန်းလျက် အောက်ပါစကားလုံးများကို ဖြည့်စွက်မိန့်ဆိုခဲ့သည်။ بَيْنَ أَيْدِيهِنَّ وَأَرْجُلِهِنَّ (မိမိတို့၏လက်များနှင့် ခြေများ၏အကြား၌ မုသား တစ်စုံတစ်ရာကိုလည်း လိဆယ်ဖန်တီးကြမည် မဟုတ်ပါ။) ဤစကားရပ်ကို ထပ်ဖြည့်ရခြင်းအကြောင်းမှာ ရှင်ပြန်ထ မည့်နေ့တွင် လူသား၏ခြေနှင့်လက်များက ၎င်း၏လုပ်ရပ်များကို ဆန့်ကျင်၍ သက်သေခံကြမည်ဖြစ်ကြောင်းကို ညွှန်ပြရန်ဖြစ်၏။ ဤနည်းအားဖြင့် ထိုထိုသောအပြစ်ကို သက်သေ(၄)ခု၏ ရှေ့မှောက်၌ ကျူးလွန်နေခြင်း ဖြစ်ကြောင်းကို အာယတ်တော်က သတိပေးခြင်းဖြစ်လေသည်။ ထိုသက်သေ(၄)ခုက ၎င်းနှင့်ဆန့်ကျင်၍ သက်သေခံကြလိမ့်မည် ဖြစ်၏။

'ဗုဟ်တာန်' (အသေရေဖျက်ခြင်း)ဟူသော စကားလုံးအား ယေဘုယျအဓိပ္ပါယ်ဖြင့် သုံးထားပြီး လုံးဝဥသုံးတားမြစ်ထားသည်။ ခင်ပွန်း သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ကာဖိရ်တစ်ဦး အပေါ်၌ပင် ထိုအမှုကိုမပြုရန် ဆန့်ကျင်ထား၏။ အကယ်၍ ခင်ပွန်းအပေါ် ကျူးလွန်ပါက 'ဗုဟ်တာန်'သည် ပို၍ပင်ဆိုးရွားသောအပြစ် ဖြစ်လေသည်။ ရှင်းလင်းဖွင့်ဆိုသူများက အနက်ဖွင့်ကြသည်မှာ 'ဗုဟ်တာန်'သည် အောက်ပါနည်းလမ်းများဖြင့် ဖြစ်ပေါ်နိုင်သည်။ (၁) အမျိုးသမီးတစ်ဦးသည် တစ်ပါးယောကျ်ားနှင့်ရသည့် ကလေးကို မိမိခင်ပွန်း၏ကလေးဟု အခိုင်အမာပြောဆိုနိုင်သည်။ (၂) အမျိုးသမီးတစ်ဦးသည် အခြားကလေးတစ်ယောက်ကို အုပ်ထိန်းခွင့်တောင်းယူပြီး၊ မိမိခင်ပွန်း၏ကလေးဟု ပြောဆိုနိုင်သည်။ (၃) (မပြောကောင်းမဆိုအပ်) အမျိုးသမီးတစ်ဦးသည် အိမ်ထောင်ရေးဖောက်ပြန်မှု ကျူးလွန်ပြီး ကိုယ်ဝန်ရမည်။ ထို့နောက် ကလေးမွေးဖွားသောအခါ၊ ထိုကလေးသည် သူမခင်ပွန်း၏ကလေးဖြစ်ကြောင်း ယိုးစွပ်သည်။ အချုပ်အားဖြင့် မည်သည့်နည်းဖြင့်ဖြစ်စေ ဖခင်အဖြစ် လီဆယ်ဖန်တီးခြင်းကို တားမြစ်လေသည်။

ဆဋ္ဌမအဓိဋ္ဌာန်မှာ ယေဘုယျဥပဒေတစ်ခုဖြစ်၏။

وَلَا يَعْصِيْنَكَ فِيْ مَعْرُوْفٍ "ကောင်းမြတ်သော အမှုကိစ္စတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ အသင်၏အမိန့်ကိုလည်း ဖီဆန်ကြမည်မဟုတ်ပါ။ ...."(၆၀း၁၂)။ ဤအဓိဋ္ဌာန်က ၎င်းတို့သည် အလ္လာဟ့်ရစူလ်တမန်တော်ﷺအား နာခံကြမည်ဖြစ်ပြီး၊ ဖီဆန်ကြမည်မဟုတ်ပါဟု ဆိုလိုသည်။ အလ္လာဟ့်ရစူလ်တမန်တော်ﷺသည် လူများအား မှန်ကန်သော၊ ကောင်းမြတ်သော အရာ များကိုသာ ပြုလုပ်ရန် အမိန့်ပေးမည်မှန်း ကျွန်ုပ်တို့အသေအချာသိပြီးဖြစ်၏။ သို့သော် နာခံကျိုးနွံမှုကို 'ရှရီအဟ်က အသိအမှတ်ပြုသော အရာများ (တစ်နည်း) မှန်ကန်၍ ကောင်းမြတ်သော အရာများတွင်' ဟူသော စကားလုံးများဖြင့် ဝိသေသပြုထား၏။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်အား နာခံခြင်းမပြုဘဲ အခြားဖန်ဆင်းခံ တစ်ဦးဦးကို နာခံခြင်းအား လုံးဝတားမြစ်ကြောင်း မွတ်စလင်တို့အား ရှင်းလင်းစွာ နားလည်သဘော ပေါက်စေလိုသောကြောင့်ဖြစ်၏။ တမန်တော်မြတ်ﷺအား နာခံခြင်းကိုပင်လျှင် ဤစည်းကမ်းချက်ဖြင့် အထူးပြုထား လေသည်။

ဤစကားရပ်ကို ထပ်ထည့်ရသည့် အခြားအကြောင်းရင်းမှာ နာခံခြင်းအဓိဋ္ဌာန်ကို အမျိုးသမီးများထံမှ ယူသောကြောင့် ရှိုင်တွာန်သည် မကောင်းသော အတွေးများကို ၎င်းတို့၏စိတ်ထဲသို့ တီးတိုးပြောဆို ထည့်သွင်းပြီး၊ ၎င်းတို့အဖို့ လွဲချော်စေရန် သွေဖည်သောလမ်းများကို ဖန်တီးပေးနိုင်သည်။ ထိုလမ်းအား ကန့်သတ်ချက်ဖြင့် ပိတ်ဆို့လိုက်ခြင်းဖြစ်၏။ အလ္လာဟ်အရှင်မြတ်အသိဆုံး ဖြစ်တော်မူသည်။

အလ်ဟမ်ဒုလိလ္လာ

စူရဟ်အလ်မွမ်တဟိနဟ်၏ ရှင်းလင်းဖွင့်ဆိုချက် ဤတွင်ပြီး၏။

سُوْرَةُ الصَّفِّ

စူရဟ် အဆ်ဖ်ဆွဖ်

(အစီအတန်းများ၊ကလ္လာ)

ဤစူရဟ်သည် မဒီနာမြို့တွင်ကျရောက်ခဲ့ပြီး အာယတ်တော် (၁၅)ပါး၊ ရုကူအ်(၂)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော၊ မဟာကရုဏာအပေါင်းနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယတ်တော် (၁-၉)

سَبَّحَ لِلّٰهِ مَا فِي السَّمٰوٰتِ وَ مَا فِي الْاَرْضِ ۚ وَ هُوَ الْعَزِيْزُ الْحَكِيْمُ ﴿١﴾
يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا لِمَ تَقُوْلُوْنَ مَا لَا تَفْعَلُوْنَ ﴿٢﴾ كَبُرَ مَقْتًا عِنْدَ
اللّٰهِ اَنْ تَقُوْلُوْا مَا لَا تَفْعَلُوْنَ ﴿٣﴾ اِنَّ اللّٰهَ يُحِبُّ الَّذِيْنَ يُقَاتِلُوْنَ فِيْ
سَبِيْلِهٖ صَفًّا كَاَنَّهُمْ بُنْيَانٌ مَّرْصُوْصٌ ﴿٤﴾ وَ اِذْ قَالَ مُوْسٰى لِقَوْمِهٖ يٰقَوْمِ
لِمَ تُؤْذُوْنَنِيْ وَ قَدْ تَّعْلَمُوْنَ اَنِّيْ رَسُوْلُ اللّٰهِ اِلَيْكُمْ ؕ فَلَمَّا زَاغُوْۤا اَزَاغَ
اللّٰهُ قُلُوْبَهُمْ ؕ وَ اللّٰهُ لَا يَهْدِي الْقَوْمَ الْفٰسِقِيْنَ ﴿٥﴾ وَ اِذْ قَالَ عِيْسَى ابْنُ
مَرْيَمَ يٰبَنِيْۤ اِسْرَآءِيْلَ اِنِّيْ رَسُوْلُ اللّٰهِ اِلَيْكُمْ مُّصَدِّقًا لِّمَا بَيْنَ يَدَيَّ مِنَ
التَّوْرٰىةِ وَ مُبَشِّرًۢا بِرَسُوْلٍ يَّاْتِيْ مِنْۢ بَعْدِي اسْمُهٗۤ اَحْمَدُ ؕ فَلَمَّا جَآءَهُمْ
بِالْبَيِّنٰتِ قَالُوْا هٰذَا سِحْرٌ مُّبِيْنٌ ﴿٦﴾ وَ مَنْ اَظْلَمُ مِمَّنِ افْتَرٰى عَلَى اللّٰهِ
الْكَذِبَ وَ هُوَ يُدْعٰۤى اِلَى الْاِسْلَامِ ؕ وَ اللّٰهُ لَا يَهْدِي الْقَوْمَ الظّٰلِمِيْنَ
﴿٧﴾ يُرِيْدُوْنَ لِيُطْفِـُٔوْا نُوْرَ اللّٰهِ بِاَفْوَاهِهِمْ وَ اللّٰهُ مُتِمُّ نُوْرِهٖ وَ لَوْ كَرِهَ
الْكٰفِرُوْنَ ﴿٨﴾ هُوَ الَّذِيْۤ اَرْسَلَ رَسُوْلَهٗ بِالْهُدٰى وَ دِيْنِ الْحَقِّ لِيُظْهِرَهٗ
عَلَى الدِّيْنِ كُلِّهٖ ۙ وَ لَوْ كَرِهَ الْمُشْرِكُوْنَ ﴿٩﴾

မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း ပြွက်ဆိုလျက် ရှိကြကုန်၏။ အမှန်သော်ကား ထိုအရှင်မြတ်သည် အလွန်တရာ ခန့်ညားတော်မူသော အရှင်၊ နူးညံ့သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူ၏။[၁] အို 'မုဟ်မင်နဲ့' သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် မည်သည့်အတွက်ကြောင့် မိမိတို့မပြုလုပ်ကြသောကိစ္စကို (ပြုလုပ်လေဟန်) ပြောဆိုကြသနည်း။[၂] အလ္လာဟ်အရှင်မြတ် အထံတော်တွင် အသင်တို့မပြုလုပ်ကြသော အမှုကိစ္စကို (ပြုလုပ်လေဟန်) ပြောဆိုခြင်းသည် လွန်စွာမုန်းတီးစက်ဆုပ်ဖွယ် ကောင်းလှ၏။[၃] ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ထိုအရှင်မြတ်၏ လမ်းတော်၌ စီတန်းလျက် လွန်စွာသိပ်သည်းခိုင်ခံ့လှစွာသော အဆောက်အအုံကဲ့သို့ပင် (မဆုတ်မနစ်၊ စိတ်ဓာတ်တည်ကြည် ကြံ့ခိုင်စွာ) တိုက်ခိုက်ကြကုန်သော သူတို့အား နှစ်မြို့တော်မူပေသတည်း။[၄] ငဲ့ပြင်၊ ပြန်လည်သတိရရှိကြလေကုန်။ တစ်ရံရောအခါဝယ် (နဗီတမန်တော်) 'မူစာ'သည် မိမိအမျိုးသားတို့အား 'အို-ငါ၏အမျိုးသားတို့၊ ငါသည် အသင်တို့ထံ (ဧစလ္ဘတ်တော်မူခြင်းခံရသော) အလ္လာဟ်အရှင် မြတ်၏ရာဇလတမန်တော် မုချအမှန်ဖြစ်ကြောင်း ဇကန်မလွဲ အသင်တို့သိရှိပြီး ဖြစ်ကြပါလျက် မည်သည့်အတွက်ကြောင့် အသင်တို့သည် ငါ့အားဒုက္ခပေးကြသနည်း'ဟု ပြောကြားခဲ့လေ၏။ သို့ပါလျက် ၎င်းတို့သည် လွဲချော်မှောက်မှားခဲ့ကြသောအခါ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ စိတ်နလုံးကို လွဲချော်မှောက်မှားစေတော်မူခဲ့၏။ အမှန်မှာမူကား အလ္လာဟ် အရှင်မြတ်သည် အမိန့်တော်ကို ဆွေဖည်သော လူမျိုးအား လမ်းမှန်သို့ ရောက်စေတော်မူသည် မဟုတ်ပေ။[၅] ထိုမှတပါးပြန်လည်သတိရရှိကြလေကုန်။ အခါတစ်ပါး၌ 'မရိယမ်၏သားတော် နဗီတမန်တော်'အီစာသည် (ဣသို့) ပြောကြားခဲ့လေ၏။ အို- အစ္စရာအီလီမျိုးနွယ်ဝင်အပေါင်းတို့၊ ဇကန်မလွဲ ငါသည် မိမိအလျင်ရှိနေသော တောင်ရာတ်(ကျမ်းဂန်)ကို ဟုတ်မှန်ကြောင်း ထောက်ခံ အတည်ပြုသူအဖြစ် လည်းကောင်း၊ ငါ၏နောက်တွင် အဟ်မဒ်ဟူသော အမည်နာမနှင့်ပွင့်အံ့သော ရာဇလတမန်တော်တစ်ပါးနှင့် ပတ်သက်၍ သတင်းကောင်းပြောကြားသူအဖြစ် လည်းကောင်း၊ အသင်တို့ထံ(ဧစ လ္ဘတ်တော်မူခြင်းခံရသော) အလ္လာဟ်အရှင်မြတ်၏ ရာဇလတမန်တော်ဖြစ်၏။ သို့တစေလည်း ထို(နဗီတမန်တော်)သည် သက်သေလက္ခဏာတော်များနှင့်တကွ ၎င်းတို့ထံ ရောက်ရှိ၍ လာခဲ့သောအခါ ၎င်းတို့ကဤသည်ထင်ရှားစွာသော ပဉ္စလက်အတတ်ပင် ဖြစ်သည်ဟု ပြောဆိုခဲ့ကြလေသတည်း။[၆] အမှန်စင်စစ်သော်ကား မိမိကိုယ်တိုင် အစွလာမ်သာသနာတော်သို့ ဖိတ်ခေါ်ခြင်းခံရသည်ဖြစ်ပါလျက် အလ္လာဟ်အရှင်မြတ်အပေါ်ဝယ် မုသားကိုလီဆယ်စွပ်စွဲသောသူထက် ပိုမိုရှိမတရားသောသူကား အသူရိုအံ့နည်း။ စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သည် မတရားသော လူမျိုးတို့အား တရားလမ်းမှန်သို့ ရောက်စေတော်မူသည်မဟုတ်ပြီ။[၇] ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ရောင်ခြည်ကို မိမိတို့၏ပါးစပ်ဖြင့် ငြိမ်းသတ်လိုကြကုန်၏။ သို့ရာတွင် ကာဖိရ်သွေဖည်ငြင်းပယ်သောသူများ မနှစ်မြို့ကြောင်းသော်လည်း အလ္လာဟ်အရှင်မြတ်မှာမူကား မိမိရောင်ခြည်ကို ပြည့်ဝစုံလင်အောင် ပြုတော်မူမည့်အရှင်မြတ်ပင် ဖြစ်တော်မူ၏။[၈] ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင် ဖြစ်တော်မူ၏။ မှန်ရစေကိုတို့သည် မနှစ်မြို့ကြောင်း သော်လည်း ကောင်း ထိုအရှင်မြတ်သည်

မိမိရစူလ်တမန်တော်အား တရားလမ်းညွှန်နှင့်တကွ လည်းကောင်း၊ ဘာသာသာသနာ အလုံးစုံတို့ ထက်ဝယ် လွှမ်းမိုးစေတော်မူအံ့သောငှာ မှန်ကန်သော 'ဒီန်' သာသနာတော်နှင့်တကွ လည်းကောင်း၊ (ယင်းမှန်ကန်သော သာသနာကို) စေလွှတ်တော်မူခဲ့ပေသည်။[၉]

ရှင်းလင်းဖွင့်ဆိုချက်

ထုတ်ပြန်ပို့ချခြင်း၏နောက်ခံအကြောင်း

သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နုစလာမ်ﷺအား ကိုးကားလျက် တိရ်မိဒီက မှတ်တမ်းတင်ခဲ့သည်မှာ သာဝကကြီးများ အုပ်စုတစ်စုသည် အကယ်၍ အလ္လာဟ်အရှင်မြတ်ထံတော်၌ အနှစ်မြို့ဆုံးလုပ်ရပ်ကို သိခွင့်ရပါက ကျွန်ုပ်တို့သည် ထိုလုပ်ရပ်ကို လုပ်ဆောင်ကြမည်ဟူ၍ ၎င်းတို့အချင်းချင်း ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ဤဟဒီးသ်ကို ဟာကင်မ်ကတင်ပြပြီး ယင်း၏ကွင်းဆက်ကို 'ဆွဟီဟ်'အဆင့် သတ်မှတ်ခဲ့၏။ ဗဂါဝီက ၎င်း၏ကိုးကားမှု၌ အောက်ပါစကားလုံးများကို ထပ်၍ထည့်ခဲ့သည်။ 'အကယ်၍သာ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ထံတော်၌ အနှစ်မြို့ဆုံးလုပ်ရပ်ကို သိရပါက ကျွန်ုပ်တို့၏ အသက်များနှင့် ဥစ္စာပစ္စည်းများကို ထိုလုပ်ရပ်တွင် နှစ်မြှုပ်မည်ဖြစ်၏။' (မဇ်ဟရီ)

မုစ်နဒ်အဟ်မဒ်ကို ရည်ညွှန်းလျက် အိဗ်နိကဆီးရ်က တင်ပြသည်မှာ သာဝကကြီးအချို့သည် စုဝေးကြပြီး၊ ၎င်းတို့အထဲမှတစ်ဦးဦးကိုတမန်တော်မြတ်ﷺထံသွားရောက်၍အလ္လာဟ်အရှင်မြတ်အနှစ်သက်ဆုံးလုပ်ရပ်အကြောင်း မေးမြန်းစေလိုခဲ့ကြသည်။ သို့သော် မည်သူမျှ ထိုသို့မလုပ်ရဲခဲ့ကြပေ။ ဆွေးနွေးပွဲပြုလုပ်နေစဉ်အတွင်း တမန်တော်မြတ်ﷺသည် လူတစ်ဦးကိုစေလွှတ်ပြီး ၎င်းတို့တစ်ဦးစီအား နာမည်တပ်၍ ခေါ်ခိုင်းခဲ့သည်။ ၎င်းတို့အားလုံး ရောက်ရှိသောအခါ၊ တမန်တော်မြတ်ﷺသည် ထိုအခိုက်အတန့်၌ပင် ကျရောက်ခဲ့သော စူရဟ်အဆွံဆွဖ်တစ်ပုဒ်လုံးကို ရွတ်ဖတ်ပြခဲ့လေသည်။ ဤစူရဟ်က ညွှန်ပြသည်မှာ ၎င်းတို့ရှာဖွေနေသော 'အနှစ်မြို့ဆုံးလုပ်ရပ်'သည် အလ္လာဟ်အရှင်မြတ်၏အရေးၗ 'ဂျိဟာဒ်' ဆင်နွှဲခြင်းဖြစ်ပြီး၊ 'အကယ်၍ ကျွန်ုပ်တို့သာ ထိုလုပ်ရပ်ကို သိရပါလျှင်၊ ကျွန်ုပ်တို့၏ အသက်များအား ထိုလုပ်ရပ်ကို ဆောင်ရွက်ခြင်းၗ ပေးဆပ်နှစ်မြှုပ်ကြမည်။'ဟူသော ၎င်းတို့၏ ပြောကြားချက်သည် ထိုအရာကို လုပ်နိုင်စွမ်းရှိကြောင်း အခိုင်အမာဆိုခြင်းဖြစ်၏။ ဤသို့ဆိုခြင်းအပေါ် မည်သည့်ယုံကြည်သက်ဝင်သူမျှ ထိုကဲ့သို့ မပြောဆိုသင့်ကြောင်း ၎င်းတို့အား ဆိုဆုံးမတော်မူသည်။ အဘယ်ကြောင့်ဆိုသော် အချိန်ကျရောက်လာသောအခါ၊ ၎င်းသည် ၎င်း၏ရည်မှန်း ချက်များကို အကောင်အထည်ဖော်နိုင်ပါမည်လား ဆိုခြင်းကို ဒိဋ္ဌသေချာမသိနိုင်သောကြောင့်ဖြစ်၏။ လုပ်ရပ်၏ အကြောင်းတရား အားလုံးကို ထိရောက်စေခြင်းသည် လည်းကောင်း၊ ခလုပ်ကန်သင်းအားလုံးကို ဖယ်ရှားခြင်းသည် လည်းကောင်း ၎င်း၌စွမ်းရည်မရှိပါချေ။ ၎င်း၏လက်များ (သို့မဟုတ်) လက်မောင်းများ သို့မဟုတ် ခြေလက်အင်္ဂါများ သို့မဟုတ် ကိုယ်ခန္ဓာအစိတ်အပိုင်းများသည် ၎င်း၏ဩဇာအာဏာအောက်၌ မရှိပေ။ ၎င်း၏ဆုံးဖြတ်ချက် သို့မဟုတ် ရည်မှန်းချက်သည် ၎င်း၏ထိန်းချုပ်မှု၌ လုံးဝမရှိပါချေ။ ထို့ကြောင့် တမန်တော်မြတ်ﷺသည်ပင် ကုရ်အာန်၌

وَلَا تَقُولَنَّ لِشَاْیْءٍ اِنِّیْ فَاعِلٌ ذٰلِكَ غَدًا، اِلَّاۤ اَنْ یَّشَآءَ اللّٰهُ

"၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် မည်သည့်တစ်စုံတစ်ရာနှင့်မှ စပ်လျဉ်း၍ ဇကန်အမှန် ငါသည် ယင်းကိစ္စကို နက်ဖန်ပြုလုပ်အံ့ဟူ၍ အလျင်းမပြောဆိုပါလေနှင့်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူပါလျှင်" (ပြုလုပ်အံ့ဟု ပြောပါလေ)။ (၁၈း၂၃-၂၄)

ဟူ၍ ညွှန်ကြားခံခဲ့ရပေသည်။

မြင့်မြတ်သော သာဝကကြီးများသည် ဝါကြွားပြောဆိုရန် မရည်ရွယ်သော်လည်း ထိုအပြောမျိုးကို အလ္လာဟ်အရှင်မြတ် နှစ်သက်တော်မူဟန် မတူချေ။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် အနာဂတ်တွင် တစ်စုံတစ်ရာကို ပြုလုပ်ရန် ဆုံးဖြတ်ချက်တစ်ခု ပြုလုပ်ပါက၊ ၎င်းအနေဖြင့် ထိုဆုံးဖြတ်ချက်ကို အလ္လာဟ်အရှင်မြတ်၏ အလိုတော်တွင် အညံ့ခံပြီး၊ 'အကယ်၍ အလ္လာဟ်အရှင်မြတ် အလိုတူတော်မူပါလျှင်'ဟု ပြောဆိုခြင်းဖြင့် ယင်းဆုံးဖြတ်ချက်ကို အတည်ပြုရန် လိုအပ်ပေသည်။ အောက်ပါအာယတ်တော်များသည် ယုံကြည်သက်ဝင်သူတို့အား ဆိုဆုံးမရန် ကျရောက်လာခဲ့ခြင်းဖြစ်၏။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لِمَ تَقُولُونَ مَا لَا تَفۡعَلُونَ، كَبُرَ مَقۡتًا عِندَ ٱللَّهِ أَن تَقُولُواْ مَا لَا تَفۡعَلُونَ

"အို- မုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် မည်သည့်အတွက်ကြောင့် မိမိတို့မပြုလုပ်ကြသောကိစ္စကို (ပြုလုပ်လေဟန်) ပြောဆိုကြသနည်း။ အလ္လာဟ်အရှင်မြတ် အထံတော်တွင် အသင်တို့မပြုလုပ်ကြသော အမှုကိစ္စကို (ပြုလုပ်လေဟန်) ပြောဆိုခြင်းသည် အလွန်မုန်းတီးစက်ဆုပ်ဖွယ် ကောင်းလှ၏။"(၆၁း၂-၃)။

'သင်တို့မပြုလုပ်သောအရာ'ဟူသော စကားရပ် သည် ၎င်းပြုလုပ်ရန် မရည်ရွယ်သော တစ်စုံတစ်ရာကိုပြုလုပ်မည်ဟု မဆိုသင့်ကြောင်းကို ညွှန်ပြ၏။ ဤသည်မှ ကောက်ချက်ချနိုင်သည်မှာ ပုဂ္ဂိုလ်တစ်ဦးသည် အမှန်တကယ် ပြုလုပ်ရန် မရည်ရွယ်ဘဲလျက် အလုပ်တစ်ခုကိုပြုလုပ်ရန် ကတိပေးခြင်းကို တားမြစ်ကြောင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာ ဝင့်ကြွားခြင်းနှင့် မဟုတ်မမှန်လုပ်ကြံ ကတိပြုခြင်းဖြစ်သောကြောင့်ပင်။ ထုတ်ပြန်ပို့ချခြင်း၏ နောက်ခံ ဇာတ်လမ်းတွင် မြင့်မြတ်သောသာဝကကြီးများသည် ကျပွန်အောင်ဆောင်ရွက်ရန် မရည်ရွယ်ဘဲလျက် ထိုကဲ့သို့ကတိများကို ပြုနေခဲ့ခြင်းမဟုတ်ပေ။ ထိုအစား ၎င်းတို့၏ရည်ရွယ်ချက်မှာ အစစ်အမှန်ဖြစ်၏။ ဤသည်မှ ကျွန်ုပ်တို့မှတ်သား ရသည်မှာ အာယတ်တော်၌ အခြေအနေတစ်ရပ် ပါဝင်သည်။ ပုဂ္ဂိုလ်တစ်ဦးသည် စစ်မှန်သော ရည်ရွယ်ချက်ဖြင့် တစ်စုံတစ်ရာကိုပြုလုပ်ရန် စိတ်ပိုင်းဖြတ်၏။ သို့သော်၎င်းသည် ၎င်း၏ကိုယ်ပိုင်စွမ်းပကားကို လုံးဝအားကိုးသည်။ ထိုအခြေအနေမျိုးသည် ၎င်း၏ 'အဗ်ဒီယဟ်'သို့မဟုတ် ကျွန်အဆင့်အတန်းနှင့် လျော်ညီမှုမရှိချေ။ ပထမဆုံးထိုကဲ့သို့ အဆိုတစ်ခုပြုရန်မှာ မလိုအပ်ပေ။ အကယ်၍ တစ်စုံတစ်ရာပြုလုပ်ရန် အကြောင်းဖန်လာပါက ၎င်းအနေဖြင့် လုပ်လိုက် ရုံသာရှိ၏။ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် ပုဂ္ဂိုလ်တစ်ဦးသည် ကတိ သို့မဟုတ် အဆိုတစ်ခုကို ပြုရမည် ဖြစ်ပါက ၎င်းအနေဖြင့် 'အကယ်၍ အလ္လာဟ်အရှင်မြတ် အလိုတူတော်မူပါက'ဟု ပြောဆိုခြင်းဖြင့် ခိုင်မာအောင် ပြုလုပ် နိုင်ပေသည်။

ဓမ္မသတ်

အထက်ပါ ဆွေးနွေးမှုမှ နားလည်ရသည်မှာ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် တစ်စုံတစ်ရာကိုပြုလုပ်ရန် ရည်ရွယ်ချက်မရှိပါဘဲလျက် နောင်တွင် ယင်းကိုပြုလုပ်မည်ဟု ပြောဆိုခြင်းသည် အပြစ်ကြီး (ကဗီရဟ်)တစ်ခုဖြစ်ပြီး၊ အလ္လာဟ်အရှင်မြတ်၏ မနှစ်မြို့မှုကို ခံရမည်ဖြစ်၏။ အာယတ်တော် كَبُرَ مَقۡتًا عِندَ ٱللَّهِ "အလ္လာဟ်အရှင်မြတ် အထံတော်တွင် အသင်တို့ မပြုလုပ်ကြသော အမှုကိစ္စကို (ပြုလုပ်လေဟန်) ပြောဆိုခြင်းသည် လွန်စွာမုန်းတီး စက်ဆုပ်ဖွယ် ကောင်းလှ၏။"(၆၁း၃)သည် ဤအခြေအနေနှင့် သက်ဆိုင်ပေသည်။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် တစ်စုံတစ်ရာကို ပြုလုပ်ရန် စစ်မှန်သော ရည်ရွယ်ချက်ဖြင့် ယင်းကို နောင်တွင်ပြုလုပ်မည်ဟု ပြောဆိုပါက ၎င်း၏ကိုယ် ပိုင်အင်အားနှင့်

စွမ်းရည်ပေါ် အားကိုးလျက် ပြောဆိုခြင်းဖြစ်မှသာလျှင် 'မက်ရူးဟ်' (ပြစ်တင်ထိုက်သော)ဖြစ်ပြီး၊ တားမြစ်ခံရသည်။

ပြောဆိုချက်တစ်ခု (ဒါအ်ဝါ)နှင့် တရားဟောခြင်း (ဒအ်ဝဟ်)တို့၏ ကွာခြားချက်

အထက်ပါဆွေးနွေးချက်မှ သိရသည်မှာ ဤအာယတ်တော်များသည် အလ္လာဟ်အရှင်မြတ်၏ မနှစ်မြို့မှုနှင့် အမျက်တော်ရှုမှုခံရသည့် လုပ်ရန်မရည်ရွယ်သော တစ်စုံတစ်ရာကို နောင်တွင်လုပ်မည်ဟု ဟန်ဆောင်ပြောဆိုခြင်း (ဒအ်ဝါ)များနှင့် ပတ်သက်ကြောင်းပင်ဖြစ်၏။ ဤအာယတ်တော်သည် တရားဟောဆရာတစ်ဦးက ၎င်းကိုယ်တိုင် မလုပ်သော တစ်စုံတစ်ရာကို အခြားသူများအား လုပ်ကြရန် ဖိတ်ခေါ်သည့် အခြေအနေနှင့် မသက်ဆိုင်ပေ။ ဤအခြေအနေ၏ဥပဒေသများကို အခြားအာယတ်တော်များနှင့် ဟဒီးသ်များတွင် ဖော်ပြထား၏။ ဥပမာ اَتَاْمُرُوْنَ النَّاسَ بِالْبِرِّ وَ تَنْسَوْنَ اَنْفُسَكُمْ "အသင်တို့သည် လူအများတို့ကို ကောင်းမှုတရားပွားများရန် ဆုံးမသြဝါဒပေးကြ၍ မိမိတို့ကိုယ်ကို မေ့လျော့ နေကြကုန်သလော။"(၂:၄၄)။ ဤအာယတ်တော်က မိမိတို့ဟောကြားသောတရားကို မိမိတို့ကိုယ်တိုင်က မကျင့်သုံးသည့် တရားဟောဆရာများအား အရှက်ရစေလေသည်။ ဤအာယတ်တော်၏ ဆိုလိုရင်းမှာ အခြားသူများအား တရားဒေသနာ ဟောကြားနေကြသော ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်ကိုလည်း ပို၍ကြီးမားသော တွန်းအားဖြင့် ဟောပြော သင့်ကြောင်းနှင့် အကယ်၍ ၎င်းတို့သည် အခြားသူများအား ကောင်းမှုများပြုလုပ်ကြရန် ဖိတ်ခေါ်ပါက ၎င်းတို့လည်း ထိုကောင်းမှုများကို ကျင့်ဆောင်ကြသင့်ကြောင်း ဖြစ်လေသည်။

ဤအရာအားလုံးက အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် ကောင်းမှုများလုပ်ဆောင်ရာတွင် လျော့ရဲပါက ၎င်းအနေဖြင့် အခြားသူများအား တရားဟောကြားခြင်း မပြုသင့်ဟူ၍ လည်းကောင်း၊ အကယ်၍ ၎င်းသည် မကောင်းမှုတစ်မျိုးမျိုးတွင် ပျော်မွေ့နေသူ ဖြစ်ခဲ့ပါက အခြားသူများအား ထိုသို့သော မကောင်းမှုများတွင် ပျော်မွေ့ခြင်းမှ မတားမြစ်သင့်ဟူ၍ လည်းကောင်း သွယ်ဝိုက်ပြောဆိုခြင်း မဟုတ်ပေ၊ မှတ်သားအပ်သည်မှာ ကောင်းမှုတစ်ခုကို လုပ်ဆောင်ခြင်းသည် ကုသိုလ်ပုံစံတစ်မျိုးဖြစ်ပြီး၊ အခြားသူများအား ဤကောင်းမှုကိုလုပ်ဆောင်ရန် တိုက်တွန်းခြင်းသည် ယင်းကိုယ်၌က အခြားကုသိုလ်ပုံစံတစ်မျိုး ဖြစ်ကြောင်းပင်တည်း။ အကယ်၍ အကြင်သူသည် ကုသိုလ်ပုံစံတစ်ခုကို စွန့်လွှတ်ခဲ့ပါက အခြားသော ကုသိုလ်ပုံစံတစ်ခုကိုလည်း စွန့်လွှတ်ရန်မလိုအပ်ကြောင်းမှာ ထင်ရှားပေသည်။ တရားဒေသနာဟောကြားခြင်း၏ ကောင်းချီးမင်္ဂလာကြောင့် ဟောပြောသူတွင် ကောင်းမှုကိုလုပ်ဆောင်ရန်အစွမ်း တိုးတက်ကောင်းမွန်လာရန်မှာ ဖြစ်နိုင်သည်။ ဤကဲ့သို့ ဖြစ်နိုင်ကြောင်းကိုလည်း ကျယ်ပြန့်စွာ တွေ့ကြုံခဲ့ပြီးဖြစ်၏။ သို့ရာတွင် အကယ်၍ လုပ်ဆောင်မှုသည် ဝါဂျစ်ဗ် သို့မဟုတ် စွန့်တ်မုအက္ကဒဟ် အတန်းအစားဖြစ်ပါက ယင်းကိုလိုက်နာကျင့်သုံးမှု မရှိခြင်းကြောင့် နောင်တနှင့်ဝမ်းနည်းမှုကို ပြသရန်မှာ အာယတ်တော်၏ အလိုသဘောအရ ဝါဂျစ်ဗ် မပြုမနေရတာဝန်ဖြစ်၏။ ထို့ပြင် အကယ်၍ လုပ်ရပ်သည် 'မုစ်တဟဗ္ဗားတ်' အတန်းအစားဖြစ်ပါက နောင်တနှင့် ဝမ်းနည်းမှုကို ပြသရန်မှာ 'မုစ်တဟဗ်' (ဆုချထိုက်သောအရာ) ဖြစ်လေသည်။

اِنَّ اللّٰهَ يُحِبُّ الَّذِيْنَ يُقَاتِلُوْنَ فِيْ سَبِيْلِهٖ صَفًّا كَاَنَّهُمْ بُنْيَانٌ مَّرْصُوْصٌ

"ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ထိုအရှင်မြတ်၏ လမ်းတော်၌ စီတန်းလျက် လွန်စွာသိပ်သည်းခိုင်ခံလှစွာသော အဆောက်အအုံကဲ့သို့ပင် (မဆုပ်မနစ်၊ စိတ်ဓာတ်တည်ကြည်ကြံ့ခိုင်စွာ)တိုက်ခိုက်ကြကုန်သောသူတို့အား နှစ်မြို့တော်မူပေသတည်း။...."(၆၁:၄)။

ဤစူရတ်ထုတ်ပြန်ပို့ချတော်မူသည့် အဓိကအကြောင်းမှာ အလ္လာဟ်အရှင်မြတ် ထံတော်၌ နှစ်မြို့ဖွယ်အကောင်းဆုံးလုပ်ရပ်ကို ဖော်ပြရန်ဖြစ်၏။ ထိုလုပ်ရပ်သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ဆင်နွှဲသော ဂျိဟာဒ်ဖြစ်ကြောင်းကို လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက်များ ပျံ့နှံ့စေရန်အတွက် အလ္လာဟ်အရှင်မြတ်၏ ရန်သူများကို ရင်ဆိုင်ရာတွင် သူရဿတ္တိနှင့် မယိမ်းမယိုင်သော သံဓိဋ္ဌာန်တို့ကြောင့် ခဲသတ္တုရည်ဖြင့် သရွတ်ကိုင်ထားသည့် ခိုင်ခံ့သော အဆောက်အအုံကဲ့သို့ရှိသော 'မုဂျာဟိဒီန်' ၏ မြဲမြံကြံ့ခိုင်သည့် အကောင်းဆုံး တိုက်ပွဲဝင်အစီအတန်းများကို လည်းကောင်း ဤအာယတ်တော်က ဖော်ပြခြင်းဖြစ်လေသည်။

ထို့နောက် တမန်တော်မူစာ ﷺနှင့် အီစာ ﷺတို့၏ အလ္လာဟ့်လမ်းတော်၌ တိုက်ခိုက်ခဲ့ကြသော ဂျိဟာဒ်များအကြောင်းနှင့်ငင်းတို့သည်ရန်သူများ၏လက်တွင်မည်သို့ဒုက္ခခံစားခဲ့ကြရသည့်အကြောင်းဖော်ပြချက်လိုက်လာသည်။ ဤဖော်ပြချက်၏နောက် ဂျိဟာဒ်ဆင်နွှဲရန် မွတ်စလင်တို့အား ညွှန်ကြားတော်မူသည်။ တမန်တော်မူစာ ﷺနှင့် အီစာ ﷺတို့၏ ဇာတ်လမ်းများတွင် များစွာသော သဘောတရားနှင့် လက်တွေ့ကျသော သင်ခန်းစာများ ပါရှိလေသည်။ ဥပမာအားဖြင့် အီစာ ﷺ၏ ဇာတ်လမ်းတွင် ငင်းသည် အစ္စရာအီလ်၏ သားသမီးတို့အား ငင်း၏တမန်တော်ဖြစ်ခြင်းကို လက်ခံကြရန်နှင့် ငင်း၏စကားကို နားထောင်ကြရန် ဖိတ်ခေါ်သောအခါ၊ အရာနှစ်ခုကို ငင်းကအထူးသဖြင့် ဖော်ပြခဲ့သည်။ ငင်းသည် တစ်မူထူးခြားသော ဆုံးမသြဝါဒများနှင့် ရောက်ရှိလာသည့် တစ်မူထူးခြားသော တမန်တော်တစ်ပါး မဟုတ်ကြောင်းကို ဦးစွာပထမ ပြောကြားခဲ့သည်။ အမှန်စင်စစ် ငင်း၏ဆုံးမသြဝါဒများသည် အလျင်တမန်တော်များ၏ ဆုံးမသြဝါဒများနှင့် အတူတူပင်ဖြစ်ပြီး၊ ယခင်ကောင်းကင်ကျကျမ်းများတွင် ဖော်ပြခဲ့ပြီးဖြစ်သော ဆုံးမသြဝါဒများကိုပင် အလ္လာဟ်အရှင်မြတ်၏ နောက်ဆုံးတမန်တော် ﷺက နောက်ပိုင်းတွင် ပေးလိမ့်မည်ဖြစ်၏။ ယခင်ကျမ်းဂန်များထဲမှ တောင်ရဟ်ကို အထူးသဖြင့် ဖော်ပြရခြင်းမှာ ယင်းသည် အစ္စရာအီလီအမျိုးသားတို့ထံသို့ နောက်ဆုံးပို့ချခဲ့သော ကျမ်းဂန်ဖြစ်သောကြောင့် ဖြစ်ပေမည်။ တစ်နည်းအားဖြင့် တမန်တော်များကို ယုံကြည်သက်ဝင်ခြင်းသည် အလ္လာဟ် အရှင်မြတ်၏ ယခင်က ကျမ်းဂန်အားလုံးကို ယုံကြည်လက်ခံခြင်းပင်ဖြစ်၏။ ဤသည်က အီစာ ﷺ၏ ရှရီအဟ်သည် သီးခြားလွတ်လွတ်လပ်လပ် ဖြစ်သော်လည်း ယင်း၏စည်းမျဉ်းဥပဒေအများစုမှာ မူစာ ﷺနှင့် တောင်ရတ်ကျမ်းတို့၏ ထွတ်မြတ်သော ဥပဒေများနှင့် ညီညွတ်ကြောင်းကိုလည်း ညွှန်ပြပေသည်။ အနည်းငယ်မျှသော ဥပဒေများသာ အပြောင်းအလဲရှိခဲ့သည်။ ဤအချက်က ယခင်တမန်တော်များနှင့် ငင်းတို့၏ ကျမ်းဂန်များအား ယုံကြည်သက်ဝင်ရခြင်း အကြောင်းကို ခြုံငုံမိပေသည်။

အီစာ ﷺအထူးသဖြင့် ဖော်ပြခဲ့သော ဒုတိယအရာမှာ နောက်ဆုံး ရစူလ်တမန်တော် ﷺပွင့်ပေါ်မည့်အကြောင်းသတင်းကောင်းဖြစ်၏။ ငင်း၏ဆုံးမသြဝါဒများသည် အလျင်တမန်တော်တို့၏ ဆုံးမသြဝါဒများနှင့် အတူတူဖြစ်သောကြောင့် ငင်းအား ယုံကြည်သက်ဝင်ရန်မှာ ဆင်ခြင်တုံတရားနှင့် ရိုးသားမှုတို့၏ တောင်းဆိုချက်ပင် ဖြစ်လေသည်။

တမန်တော်အီစာ ﷺသည် ငင်း၏နောက် အဟ်မဒ်အမည်ဖြင့် နောက်ဆုံးတမန်တော်တစ်ပါး လာရောက်မည်ဖြစ်ကြောင်း အစ္စရာအီလီအမျိုးသားတို့အား ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။ ငင်းပေါ်ထွက်လာသောအခါ၊ ငင်းအား ယုံကြည်သက်ဝင်ရန်နှင့် ငင်း၏စကားကို နားထောင်ကြရန်သည် ငင်းတို့အတွက် မပြုမနေရတာဝန် ဖြစ်လိမ့်မည်။ مُبَشِّرًۢا بِرَسُوْلٍ يَّاْتِيْ مِنْۢ بَعْدِى اسْمُهٗٓ اَحْمَدُ "…. ငါ၏နောက်တွင် 'အဟ်မဒ်'ဟူသော အမည်နာမနှင့်ပွင့်အံ့သော ရစူလ်တမန်တော်တစ်ပါးနှင့် ပတ်သက်၍ သတင်းကောင်းပြောကြားသူအဖြစ် လည်းကောင်း၊ အသင်တို့ထံ (စေလွှတ်တော်မူခြင်းခံရသော) အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်၏။ …."(၆၁း၆)။ နောက်ဆုံးတမန်တော်၏ နာမည်ကို ဤနေရာတွင် 'အဟ်မဒ်'ဟု ပေးထား၏။ နောက်ဆုံးရစူလ်တမန်တော်၏ နာမည်မှာ မုဟမ္မဒ်နှင့် အဟ်မဒ်ဖြစ်ပြီး၊

ၦင်းတွင် အခြားနာမည်များလည်း ရှိသေး၏။ အင်ဂျီလ်ကျမ်းတွင်ပေးသော နာမည်သည် မုဟမ္မဒ်အစား အဟ်မဒ်ဖြစ်ရခြင်းမှာ မုဟမ္မဒ်ဟူသော နာမည်သည် ရှေးအတိတ်ကတည်းက အမှည့်များသော နာမည်တစ်ခု ဖြစ်ခဲ့သောကြောင့် လူများက နောက်ဆုံးတမန်တော်အစား အခြားပုဂ္ဂိုလ်တစ်ဦးကို ရည်ညွှန်းခြင်းဟု ယူဆနိုင်သောကြောင့်ဖြစ်မည်။ အခြားတစ်ဖက်မှကြည့်လျှင် အဟ်မဒ်သည် အာရေဗီးယား၌ မှည့်ခေါ်လေ့မရှိသော နာမည်တစ်ခုဖြစ်ပြီး အလ္လာဟ်ရစူလ် တမန်တော်ﷺအတွက် အထူးသီးသန့် ဖြစ်လေသည်။

အင်ဂျီလ်ကျမ်း၌ အလ္လာဟ်အရှင်မြတ်၏ နောက်ဆုံးရစူလ်တမန်တော်နှင့် ပတ်သက်သည့် ကြိုတင်ဟောကိန်း

ယခင်က ကျရောက်ခဲ့သော အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်များသည် ပြောင်းလဲခဲ့၊ ပုံပျက်ခဲ့ပြီး ဖြစ်ကြောင်းမှာ အများသိပြီးဖြစ်သော အချက်ပင်ဖြစ်၏။ တောင်ရတ်ကျမ်းနှင့် အင်ဂျီလ်ကျမ်းတို့သည် ပြောင်းလဲ၊ ပုံဖျက်ခြင်းခံခဲ့ရကြောင်းကို ဂျူးနှင့် ခရစ်ယာန်တို့ ကိုယ်တိုင်က ဝန်ခံခဲ့ကြသည်။ အမှန်ဆိုရလျှင် ဤကျမ်းဂန်များတွင် ပြုလုပ်ထားသော ပုံဖျက်ခြင်းများသည် လွန်စွာပြောင်မြောက် ထိရောက်သောကြောင့် ကျမ်းဂန်များ၏ မူရင်းစာသားများကို ပုံဖော်ရန်မှာ မဖြစ်နိုင်သလောက်ပင်။ ဤမူရင်းအတိုင်း မဟုတ်တော့သည့် အင်ဂျီလ်ကျမ်းပေါ် အခြေခံ၍ ယနေ့ခေတ် ခရစ်ယာန်များသည် အင်ဂျီလ်ကျမ်းတွင် အဟ်မဒ်အမည်ဖြင့် ကြိုတင်ဟောကိန်းကို မတွေ့ရကြောင်း ရဲရဲတင်းတင်း ပြောဆိုခြင်းဖြင့် ကုရ်အာန်အာယတ်တော်၏ ကြိုတင်ဟောကိန်း၏ မှန်ကန်မှုကို စိမ်ခေါ်ကြသည်။ ခရစ်ယာန်တို့၏ စိမ်ခေါ်မှုကို မောင်လာနာရဟ်မတွလ္လာကိုင်ရာန်ဒီးﷺက 'အိဇ်ဟာရွလ်ဟာက်'အမည်ရှိ စာအုပ်ကိုပြုစု၍ တုံ့ပြန်ခဲ့၏။ ၎င်းက ခရစ်ယာန်သာသနာနှင့် သမ္မာကျမ်းထဲမှ ပြောင်းလဲမှုကို စေ့စပ်သေချာစွာ လေ့လာဆန်းစစ်ပြီးနောက် သမ္မာကျမ်း၏ လက်ရှိမူမှ ပြုပြင်ပြောင်းလဲမှုများသည် လွန်စွာထိရောက်သော်လည်း တမန်တော်အဟ်မဒ်အကြောင်း ကြိုတင်ဟောကိန်းမှာမူ ပါဝင်ဆဲပင်ဖြစ်သည်ဟု ၎င်းကကောက်ချက်ချခဲ့လေသည်။

ဤစာအုပ်ကို မူလက အာရဗီဘာသာဖြင့် ရေးသားခဲ့ပြီး နောက်ပိုင်းတွင် တူရကီနှင့် အင်္ဂလိပ်ဘာသာများသို့ ပြန်ဆိုခဲ့သည်။ ခရစ်ယာန်သာသနာပြု အဖွဲ့များက ယင်းစာအုပ်များကို ဖျက်ဆီးရန် အစွမ်းကုန်ကြိုးစားခဲ့ကြ၏။ အူရဒူဘာသာပြန်မှာ မကြာသေးမီကမှ ထွက်ပေါ်ခဲ့သည်။ ဒါရွလ်အုလူမ်မှ ကထိက မောင်လာနာ မုဟမ္မဒ်တကီး၏ လက်ရှိသမ္မာကျမ်းမူများအား နှိုက်နှိုက်ချွတ်ချွတ် သုတေသနပြုမှုနှင့်အတူ ဒါရွလ်အုလူမ်ကရာချိမ့် ကထိက မောင်လာနာ အက်ဗါအလီက အူရဒူဘာသာသို့ ပြန်ဆိုပြီး၊ အတွဲ(၃)တွဲ ပုံနှိပ်ထုတ်ဝေခဲ့သည်။ အတွဲ(၃)၊ စာမျက်နှာ ၁၈၂ မှ ၃၆၂ ထိသည် တမန်တော်မြတ်ﷺအကြောင်း ကြိုတင်ဟောကိန်းများကို လက်ရှိပုံနှိပ်ထုတ်ဝေသော သမ္မာကျမ်းများအားကိုးကားလျက် အသေးစိတ်ဖော်ပြ ရှင်းလင်းထားသည့်ပြင် ၎င်းတို့၏ဒွိဟများကို ညက်ညောပြေပြစ်စွာ ပြန်လည်ချေပထားလေသည်။

အာယတ်တော် (၁၀-၁၄)

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا هَلْ اَدُلُّكُمْ عَلٰى تِجَارَةٍ تُنْجِيْكُمْ مِّنْ عَذَابٍ اَلِيْمٍ ﴿١٠﴾ تُؤْمِنُوْنَ بِاللّٰهِ وَ رَسُوْلِهٖ وَ تُجَاهِدُوْنَ فِيْ سَبِيْلِ اللّٰهِ بِاَمْوَالِكُمْ وَ اَنْفُسِكُمْ ؕ ذٰلِكُمْ خَيْرٌ لَّكُمْ اِنْ كُنْتُمْ تَعْلَمُوْنَ ﴿١١﴾ يَغْفِرْ لَكُمْ ذُنُوْبَكُمْ وَ يُدْخِلْكُمْ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ وَ مَسٰكِنَ طَيِّبَةً فِيْ جَنّٰتِ عَدْنٍ ؕ ذٰلِكَ الْفَوْزُ الْعَظِيْمُ ﴿١٢﴾ وَ اُخْرٰى تُحِبُّوْنَهَا ؕ نَصْرٌ مِّنَ اللّٰهِ وَ فَتْحٌ قَرِيْبٌ ؕ وَ بَشِّرِ الْمُؤْمِنِيْنَ ﴿١٣﴾ يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا كُوْنُوْٓا اَنْصَارَ اللّٰهِ كَمَا قَالَ عِيْسَى ابْنُ مَرْيَمَ لِلْحَوَارِيّٖنَ مَنْ اَنْصَارِيْٓ اِلَى اللّٰهِ ؕ قَالَ الْحَوَارِيُّوْنَ نَحْنُ اَنْصَارُ اللّٰهِ فَاٰمَنَتْ طَّآئِفَةٌ مِّنْ بَنِيْٓ اِسْرَآءِيْلَ وَ كَفَرَتْ طَّآئِفَةٌ ۚ فَاَيَّدْنَا الَّذِيْنَ اٰمَنُوْا عَلٰى عَدُوِّهِمْ فَاَصْبَحُوْا ظٰهِرِيْنَ ﴿١٤﴾

အို- 'မုအ်မင်န်' သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့အား အလွန်တရာ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်မှ လွတ်မြောက်စေအံ့သော ကူးသန်းရောင်းဝယ်ဖောက်ကားမှုကို ငါအရှင်မြတ်သည် အသင်တို့အား ညွှန်ပြတော်မူရမည်လော။[၁၀] အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရဿူလ်တမန်တော် မြတ်အား လည်းကောင်း၊ သက်ဝင်ယုံကြည်ကြရပေမည်။ ၎င်းပြင် အသင်တို့သည် မိမိတို့ပစ္စည်း ဥစ္စာများဖြင့် လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့် လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သက်စွန်ဖြုန်းပမ်းကြရပေမည်။ ဤသည် အကယ်၍ အသင်တို့သိရှိကြသည်ဖြစ်မူ အသင်တို့အဖို့ အကောင်းဆုံးပင်ဖြစ်၏။[၁၁] ထိုအရှင်မြတ်သည် အသင်တို့၏ ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်တော်မူပေမည်။ ထို့ပြင် ထိုအရှင်မြတ်သည် အသင်တို့အား အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပေမည်။ ယင်းဥယျာဉ်များ၏ အောက်မှ ချောင်းများသည် စီးဝေ့လျက်ရှိကြပေမည်။ ထိုမှတပါး (ထိုအရှင်မြတ်သည် အသင်တို့အား) အကြင်နေအိမ်များသို့ ဝင်ရောက်စေတော်မူပေမည်။ ထိုနေအိမ်များမှာ အမြဲထာဝစဉ်နေထိုင်ရအံ့သော ဥယျာဉ်များဝယ် ရှိကြပေမည်။ ထိုသည် ကြီးကျယ်လှစွာသော အောင်မြင်မှုပင်။[၁၂] ထိုမှ တပါး အသင်တို့ နှစ်သက်ကြကုန်သော အခြား(အကျိုးကျေးဇူး) တစ်ပါးကိုလည်း (ထိုအရှင်မြတ်သည် အသင်တို့အား ချီးမြှင့်တော်မူပေမည်။ ယင်းသည်) အလ္လာဟ်အရှင်မြတ် အထံတော်မှ ကူညီစောင်မမှုပင်၊ နီးကပ်စွာသော အောင်နိုင်မှုပင်။ ၎င်းပြင် (အို- နဗီတမန်တော်) အသင်သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အား သတင်းကောင်း ပြောကြားပါလေ။[၁၃] အို -'မုအ်မင်န်'

သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် 'မရ်ယမ်၏သားတော် (နဗီတမန်တော် 'အီစာ') က 'ဟဝါရီတို့အား ပြောကြားဘိသကဲ့သို့ပင် အလ္လာဟ်အရှင်မြတ် (၏) 'ဒီန်'သာသနာတော်)ကို ကူညီသူများပင် ဖြစ်ကြလေကုန်။ (မရ်ယမ်၏သားတော် 'အီစာ'က ဟဝါရီတို့အား) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ငါ့အားမည်သူများ ကူညီမည်နည်း(ဟု ပြောကြားခဲ့ရာ) 'ဟဝါရီ'တို့က အလ္လာဟ်အရှင်မြတ် (၏)'ဒီန်'သာသနာတော်)ကို ကျွန်ုပ်တို့ ကူညီကြပါမည်ဟု ပြောဆိုခဲ့ကြကုန်၏။ ထို့နောက် အစွရာအီလီ မျိုးနွယ်ဝင်တို့အနက် လူတစ်စုမှာ သက်ဝင်ယုံကြည်ခဲ့ကြ၍ လူတစ်စုမှာ သွေဖည်ငြင်းပယ်ခဲ့ကြလေ၏။ ထိုအခါ ငါအရှင်မြတ်သည် သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့အား ၎င်းတို့၏ရန်သူများအပေါ်၌ ကူညီစောင်မတော်မူခဲ့ပေရာ ၎င်းတို့မှာ အောင်နိုင်ခဲ့ကြကုန် သတည်း။ [၁၄]

ရှင်းလင်းဖွင့်ဆိုချက်

تُؤْمِنُوْنَ بِاللّٰهِ وَ رَسُوْلِهٖ وَ تُجَاهِدُوْنَ فِيْ سَبِيْلِ اللّٰهِ بِاَمْوَالِكُمْ وَ اَنْفُسِكُمْ

"အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်မြတ်အား လည်းကောင်း သက်ဝင်ယုံကြည်ကြရပေမည်။ ၎င်းပြင် အသင်တို့သည် မိမိတို့ပစ္စည်းဥစ္စာများဖြင့် လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့် လည်းကောင်း အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်းကြရပေမည်။...." (၆၁း၁၁)။

ဤအာယတ်တော်က ရောင်းဝယ်မှုတစ်ခုသဘွယ် အကြောင်သူ၏ ပစ္စည်းဥစ္စာနှင့် အသက်တို့ဖြင့် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ အီမာန်အတွက် 'ဂျိဟာဒ်' (ရုန်းကန်ကြိုးပမ်း) ပြုလုပ်ခြင်းကို ရည်ညွှန်း၏။ အဘယ်ကြောင့်ဆိုသော် လူသည် ရောင်းဝယ်မှုတွင် ပစ္စည်းဥစ္စာကို ရင်းနှီးမြှုပ်နှံပြီး အပြင်းအထန် ကြိုးစားပါက အကျိုးအမြတ်ကို ရရှိသကဲ့သို့ အလ္လာဟ်အရှင်မြတ်အား ယုံကြည်သက်ဝင်ပြီး၊ ထိုအရှင်မြတ်၏ အရေးကိစ္စ၌ မိမိ၏အသက်နှင့် ပစ္စည်းဥစ္စာကို ရင်းနှီးမြှုပ်နှံသည်ရှိသော် ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို ခံရသည့်ပြင် တမလွန်၏ ထာဝရကောင်းချီးမင်္ဂလာများကို ရရှိလိမ့်မည် ဖြစ်သောကြောင့်ပင်။ ဤရောင်းဝယ်မှုမျိုးကို ပြုလုပ်သူအား အလ္လာဟ်အရှင်မြတ်သည် ၎င်း၏အပြစ်ကို ခွင့်လွှတ်တော်မူမည် ဖြစ်သည့်ပြင် ဂျန္နတ်၏ဥယျာဉ်ဘုံထဲ၌ စည်းစိမ်ချမ်းသာ ဇိမ်ခံပစ္စည်းများ၊ ကိုယ်စိတ်ချမ်းသာစရာများဖြင့် ပြည့်စုံသော နေအိမ်များကိုလည်း ပေးသနားတော်မူမည့်အကြောင်း နောင်လာမည့် အာယတ်တော်တွင် ဖော်ပြထားလေသည်။ တမန်တော်မြတ်ﷺ၏ 'သာယာချမ်းမြေ့သော နေအိမ်များ'အကြောင်း ရှင်းပြချက်၌လည်း ထိုအတိုင်းပင် ဖော်ပြခဲ့လေသည်။

وَ اُخْرٰى تُحِبُّوْنَهَا ؕ نَصْرٌ مِّنَ اللّٰهِ وَ فَتْحٌ قَرِيْبٌ "ထိုမှတပါး အသင်တို့နှစ်သက်ကြကုန်သော အခြား(အကျိုးကျေးဇူး)တစ်ပါးကိုလည်း (ထိုအရှင်မြတ်သည် အသင်တို့အား ချီးမြှင့်တော်မူပေမည်။ ယင်းသည်) အလ္လာဟ်အရှင်မြတ်အထံတော်မှ ကူညီစောင်မမှုပင်၊ နီးကပ်စွာ အောင်နိုင်မှုပင်။...."(၆၁း၁၃)။ ဤအာယတ်တော်က ဤရောင်းဝယ်မှု၏ ကောင်းချီးမင်္ဂလာများသည် တမလွန်အတွက်သာ ကန့်သတ်ထားခြင်း မဟုတ်ကြောင်း၊ လောကီ၌ပင် ပေးသနားတော်မူမည့် ကောင်းချီးမင်္ဂလာတစ်ခုရှိသေးကြောင်း၊ ယင်းမှာ အလ္လာဟ်အရှင်မြတ်၏ ကူညီစောင်မမှုနှင့် ရလတ္တံ့သော

အောင်နိုင်မှု (တစ်နည်း) ရန်သူနယ်မြေများကို အောင်နိုင်မှုတို့ဖြစ်ကြောင်း ဖြည့်စွက်မိန့်ကြားတော်မူသည်။ အကယ်၍ 'ကရီးဝ်'(နီးကပ်သော)ဟူသည့် စကားလုံးအား တမလွန်၏ ဆန့်ကျင်ဘက်အနေဖြင့်ယူပါက နောက်ပိုင်းတွင် အာရဗ်နှင့် အာရဗ်မဟုတ်သော နယ်မြေများအား အစွယ်လာမ်၏ အောင်နိုင်မှုအားလုံး ပါဝင်ပေသည်။ ထို့ပြင် အကယ်၍ 'ကရီးဝ်' အား ပုံမှန်အဓိပ္ပါယ်အတိုင်းယူပါက ပထမ သာဓကမှာ 'ခိုင်ဗာရ်အား အောင်နိုင်ခြင်း'နှင့် ဒုတိယမှာ 'မက္ကာမြို့အား အောင်နိုင်ခြင်း'များနှင့် သက်ဆိုင်လိမ့်မည်ဖြစ်၏။ 'နီးကပ်သောအောင်နိုင်မှု'သည် تُحِبُّوْنَهَا 'အသင်ချစ်ခင်သော'ကို ရည်ညွှန်း၏။ ဤလောကီကောင်းချီးမင်္ဂလာများကို လူသားသည် ချစ်ခင်နှစ်သက်သည်ဟု ဆိုလိုခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လူသားသည် ၎င်း၏သဘာဝအလျောက် အလွန်အလျင်လိုသူဖြစ်ကြောင်း ကုရ်အာန်က وَكَانَ الْاِنْسَانُ عَجُوْلًا "…. စင်စစ်သော်ကား လူသားတို့သည် (သဘာဝအလျောက်ပင်) အလွန်အလျင်လိုသူများ ဖြစ်ကြကုန်သတည်း။"(၁၇း၁၁)ဟူ၍ မိန့်ဆိုသောကြောင့်ဖြစ်၏။ သို့ရာတွင် ဤသို့ဆိုခြင်းဖြင့် ၎င်းသည် တမလွန်၏ ကောင်းချီး မင်္ဂလာများကို ချစ်ခင်နှစ်သက်မှုမရှိဟု ဆိုလိုခြင်းမဟုတ်ပေ။ ၎င်းသည် တမလွန်၏ ကောင်းချီးမင်္ဂလာများကို ရှာဖွေရန် နှစ်သက်ကြောင်းမှာ ထင်ရှားသော်လည်း သဘာဝအလျောက် ဤလောကီကောင်းချီးမင်္ဂလာများကို ရရှိရန်လည်း နှစ်သက်ကြောင်းကို ဆိုလိုခြင်းဖြစ်၏။ ယင်းတို့ကိုလည်း ၎င်းအား ပေးသနားတော်မူမည် ဖြစ်လေသည်။

كَمَا قَالَ عِيْسَى ابْنُ مَرْيَمَ لِلْحَوَارِيِّيْنَ مَنْ اَنْصَارِيْۤ اِلَى اللّٰهِ …. (မရ်ယမ်၏သားတော် 'အီစာ'က 'ဟဝါရီ' အား) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ငါ့အားမည်သူများ ကူညီမည်နည်း။'(ဟု ပြောကြားခဲ့ရာ) 'ဟဝါရီ'တို့က အလ္လာဟ်အရှင်မြတ်(၏ ဒီန်သာသနာတော်)ကို ကျွန်ုပ်တို့ ကူညီကြ ပါမည်ဟု ပြောဆိုခဲ့ကြကုန်၏ ….”(၆၁း၁၄)။ حَوَارِيِّيْنَ 'ဟဝါရိယီန်'သည် 'ဟန်ဆောင်မှုကင်းသည့် စစ်မှန်သော မိတ်ဆွေတစ်ဦး'ဟု အဓိပ္ပါယ်ရသော 'ဟဝါရီယ်'၏ အများကိန်းဖြစ်၏။ (ရူဟုလ်မအာနီကျမ်းကိုညွှန်း၍ မဇ်ဟရီကျမ်း) ထို့ကြောင့်ပင် တမန်တော်ယေရှုကို ယုံကြည် သက် ဝင်သူတို့အား 'ဟဝါရိယီန်'ဟု ခေါ်ကြခြင်းဖြစ်၏။ ၎င်းတို့မှာ အရေ အတွက်အားဖြင့် (၁၂)ဦးရှိကြောင်းကို စူရတ် အင်မ်ရာန်၌ ဆွေးနွေးဖော်ပြခဲ့ပြီးဖြစ်၏။ ဤအာယတ်တော်က တမန်တော် အီစာ ﷺ၏ အဖြစ်အပျက်တစ်ခုကို ရည်ညွှန်း ခြင်းဖြစ်၏။ တမန်တော်အီစာ ﷺသည် ရန်သူများကြောင့် ထိခိုက်နာကျင် ခံစားရသောအခါ مَنْ اَنْصَارِيْۤ اِلَى اللّٰهِ …. အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ငါ့အားမည်သူများ ကူညီမည်နည်း။(ဟု ပြောကြားခဲ့ရာ)….”(၆၁း၁၄) ဟူ၍ ၎င်း၏ တပည့် သာဝကများအား မေးမြန်းခဲ့ခြင်းကြောင့် အလ္လာဟ်အရှင်မြတ်၏ သာသနာတော်အား ကိုယ်ကျိုးမငဲ့ဘဲ ကူညီပံ့ပိုးရန် ပြင်ဆင်ထားကြဖို့ မွတ်စလင်တို့အား တိုက်တွန်းခြင်းဖြစ်၏။ တစ်နည်းဆိုရသော် 'အလ္လာဟ်အရှင်မြတ်၏ သာသနာကို ဖြန့်ဖြူးရာတွင် ကျွန်ုပ်ကို မည်သူပံ့ပိုးကူညီမည်နည်း။'ဟု မေးမြန်းခဲ့ခြင်းဖြစ်၏။ လူ(၁၂)ဦးက စေတနာ အလျောက် ဆန္ဒပြုပြီး၊ သာသနာတော်ကို ဟောပြောပို့ချရာတွင် ၎င်းအားသစ္စာခံလျက်ကူညီရန် ကတိပြုခဲ့ကြလေသည်။ ဤနမူနာအတိုင်း လိုက်နာခြင်းဖြင့် မွတ်စလင်တို့သည် အလ္လာဟ်အရှင်မြတ်၏ သာသနာကို ကူညီပံ့ပိုးကြသင့်သည်။ တမန်တော်မြတ် မုဟမ္မဒ်ﷺ၏ သာဝကကြီးများသည် ဤနမူနာအတိုင်း အပြည့်အဝလိုက်နာခဲ့ကြသည့်ပြင် ဤအမိန့်တော်ကို မည်မျှထိ နာခံဆောင်ရွက်ခဲ့ကြသည်ဆိုသော် ၎င်းတို့၏ စံနမူနာသည် အခြားသော အွမ္မတ်တို့၏သမိုင်းတွင် ပြိုင်ဘက်ကင်း ဖြစ်ခဲ့ရပေသည်။ ၎င်းတို့သည် တမန်တော်မြတ်ﷺကို ကူညီခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်၏ သာသနာတော်အကျိုးငှာ လုပ်ဆောင်ရင်း အာရဗ်နှင့် အာရဗ်မဟုတ်သူတို့၏ အမျက်ဒေါသနှင့် ရန်ပြုမှုများကို ခံခဲ့ကြရသည်။ ရန်သူတို့၏ ညှဉ်းပမ်းနှိပ်စက်မှုနှင့် ဖိနှိပ်ခြင်းများကို သည်းခံခဲ့ကြရသည်။ ၎င်းတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် သားသမီးများကို ထိုအရေးကိစ္စအတွက် ပေးဆပ်ခဲ့ကြသည်။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ကူညီစောင်မ

မှုနှင့် အောင်နိုင်ခြင်းများကို လည်းကောင်း၊ ကမ္ဘာ လောကအပေါ် ဩဇာညောင်းမှုကို လည်းကောင်း ပေးသနားတော်မူခဲ့သည့်ပြင် ရန်သူတို့၏ နယ်မြေများကိုလည်း ၎င်းတို့၏လက်တွင်းသို့ ကျရောက်စေတော်မူခဲ့လေသည်။

ခရစ်ယာန်အုပ်စု(၃)စု

فَاٰمَنَتْ طَّآئِفَةٌ مِّنْۢ بَنِیْۤ اِسْرَآءِیْلَ وَكَفَرَتْ طَّآئِفَةٌ ۚ فَاَیَّدْنَا الَّذِیْنَ اٰمَنُوْا عَلٰی عَدُوِّهِمْ فَاَصْبَحُوْا ظٰهِرِیْنَ

"…. ထို့နောက် 'အစ္စရာအီလ်'မျိုးနွယ်ဝင်တို့အနက် လူတစ်စုမှာ သက်ဝင်ယုံကြည်ခဲ့ကြ၍ လူတစ်စုမှာ သွေဖည်ငြင်းပယ်ခဲ့ကြလေ၏။ ထိုအခါ ငါအရှင်မြတ်သည် သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့အား ၎င်းတို့၏ ရန်သူများ အပေါ်၌ ကူညီစောင်မတော်မူခဲ့လေရာ၊ ၎င်းတို့မှာ အောင်နိုင်ခဲ့ကြကုန်သတည်း။ …."(၆၁း၁၄)။

ဤအာယတ်တော်ကို ဗဂါဝီက သာဝကကြီး အဗ်ဒွလ္လာဟ်အိဗ်နိအဗ္ဗာစ်ﷺ၏ ဆင့်ပြန်ချက်တစ်ရပ်ပေါ်မှိုငြိမ်းလျက် အနက်ဖွင့်ဆိုသည်မှာ တမန်တော်အီစာﷺသည် မိုးကောင်းကင်သို့ ပင့်ဆောင်ခြင်းခံရသောအခါ၊ ၎င်း၏ နောက်လိုက်များ သဘောထားကွဲလျက် အုပ်စု(၃)စု ဖြစ်သွားခဲ့သည်။ ပထမအုပ်စုက အီစာﷺသည် ကောင်းကင်ဘုံသို့ ပြန်လည်ကြွမြန်းသွားသော ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည်ဟုဆိုခဲ့၏။ ဒုတိယအုပ်စုက အီစာﷺသည် ဘုရားသခင်ကိုယ်တော်တိုင် မဟုတ်ဘဲ ဘုရား သခင်၏ သားတော်သာဖြစ်သည်။ ဘုရားသခင်က ၎င်းအား ပင့်ချီသွားပြီး၊ ရန်သူများထံမှ ကယ်တင်တော်မူခဲ့သည့်ပြင်၊ အလွန်မြင့်မြတ်ခြင်းကို ပေးသနားတော်မူခဲ့သည်ဟုဆို၏။ တတိယအုပ်စုကမူ အမှန်တရားကို ကြွေးကြော်ခဲ့သည်မှာ ၎င်းသည် ဘုရားသခင်လည်းမဟုတ်၊ ဘုရားသားတော်လည်းမဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်၏ကျွန်နှင့် ရဋ္ဌလ်တမန် တော်တစ်ပါးသာလျှင် ဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် ၎င်းအား ရန်သူများမှ အကာအကွယ်ပေးရန်နှင့် ၎င်း၏အဆင့်အတန်းကို မြှင့်တင်ပေးရန် ကောင်းကင်ဘုံသို့ ယူဆောင်သွားတော်မူခဲ့ခြင်း ဖြစ်သည်။ ဤလူများသည် စစ်မှန်သော ယုံကြည်သက်ဝင်သူများ ဖြစ်ကြပေသည်။ ဤအုပ်စု(၃)စု၏ နောက်သို့ အများပြည်သူများ အဖွဲ့ကွဲလျက်ခဲ့ကြသည်။ အုပ်စုတစ်စုနှင့်တစ်စု ပဋိပက္ခဖြစ်ခဲ့ကြသည်။ စစ်မှန်သော ယုံကြည်သက်ဝင်သူများ ဖြစ်ကြသည့် တတိယအုပ်စုအပေါ် မယုံကြည်သွေဖည်သော အုပ်စုနှစ်စုက လွှမ်းခဲ့သည်။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် စစ်မှန်သော ယုံကြည်သက်ဝင်သူများအုပ်စုကို ထောက်ခံသည့် နောက်ဆုံး ရဋ္ဌလ်တမန်တော်ﷺကို ပေါ်ထွန်းစေတော်မူခဲ့သည်။ ဤနည်းအားဖြင့် ၎င်းတို့၏ မှန်ကန်သော ယုံကြည်သက်ဝင်မှုနှင့် ကုရ်အာန်တို့က အတည်ပြုသည့် ခိုင်မာသော သက်သေများကြောင့် ဤအုပ်စုသည် အခြားအုပ်စုများကို လွှမ်းမိုးခဲ့လေသည်။ (မဇ်ဟရီ)

ဤအနက်ဖွင့်ဆိုမှု၌ الذين آمنوا (ယုံကြည်သက်ဝင်ကြသူများ …… ၁၄)ဟူသော စကားရပ်က တမန်တော် အီစာﷺ၏ ယုံကြည်သက်ဝင်သူ အွမ္မတ်ကို ရည်ညွှန်း၏။ ၎င်းတို့သည် မယုံကြည်သွေဖည်သူများအပေါ် နောက်ဆုံး ရဋ္ဌလ်တမန်တော်ﷺ၏ ကူညီပံ့ပိုးမှုဖြင့် အောင်နိုင်ခဲ့လေသည် (မဇ်ဟရီ)။ အချို့ပညာရှင်များ ယူဆသည်မှာ တမန်တော်အီစာﷺ မိုးကောင်းကင်သို့ ပင့်ဆောင်ခြင်းခံရသောအခါ၊ ၎င်း၏နောက်လိုက်များ နှစ်ခြမ်းကွဲသွားခဲ့သည်၊ အုပ်စုတစ်စုက ၎င်းသည် ဘုရားသခင် သို့မဟုတ် ဘုရားသားတော်ဖြစ်သည်ဟု ယုံကြည်ခြင်းအားဖြင့် ဘုရားအများကိုးကွယ်သူများ ဖြစ်သွားခဲ့ကြသည်။ အခြားအုပ်စုတစ်စုကမူ ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ကျွန်နှင့် ထိုအရှင်မြတ်၏

ရစူလ်တမန်တော် ဖြစ်သည်ဟု ယုံကြည်ကြခြင်းဖြင့် မှန်ကန်သော သာသနာကို ဖက်တွယ်မိခဲ့ကြသည်။ ထို့နောက် ယုံကြည်သက်ဝင်သူများနှင့် မယုံကြည်သွေဖည်သူတို့အကြား စစ်ပွဲတစ်ပွဲ ဆင်နွှဲခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် တမန်တော်အီစာ ﷺ၏ ယုံကြည်သက်ဝင်သော အုပ်စုအား မယုံကြည်သွေဖည်သော အုပ်စုအပေါ် အောင်နိုင်မှုကို ပေးသနားတော်မူခဲ့သည်။ သို့သော် အများနားလည်သည်မှာ တမန်တော်အီစာ ﷺ၏ သာသနာ၌ ဂျီဟာဒ်အသားကျနေသော အဖွဲ့အစည်းမရှိခဲ့ကြောင်းဖြစ်သည်။ ထို့ကြောင့် ယုံကြည်သက်ဝင်သူများက စစ်ပွဲတစ်ပွဲ ဆင်နွှဲခဲ့လိမ့်မည်ဆိုခြင်းမှာ မယုံကြည်နိုင်လောက်စရာ ဖြစ်ပေသည် (ရူးဟွလ်မအားနီ)။ သို့ရာတွင် မယုံကြည်သွေဖည်သော ခရစ်ယာန်များက စတင်တိုက်ခိုက်ခဲ့ကြပြီး၊ ယုံကြည်သက်ဝင်သော ခရစ်ယာန်များက ၎င်းတို့ကိုယ်၎င်းတို့ ခုခံကာကွယ်ခဲ့ကြခြင်းဖြစ်နိုင်ပေသည်။ ဤတိုက်ခိုက်မှုသည် စစ်ပွဲအတန်းအစားတွင် မကျရောက်ပါချေ။

အလ်ဟမ်ဒုလေလ္လာ
စူရဟ်အဆွံဆွဖ်၏ ရှင်းလင်းဖွင့်ဆိုချက်
ဤတွင်ပြီး၏။

စူရတ် အလ်ဂျုမုအဟ်

(သောကြာနေ့ကလွှာ)

ဤစူရတ်သည် မဒီနာမြို့တွင် ကျရောက်ခဲ့ပြီး၊ အာယတ်တော် (၁၁)ပါး၊ ရုကူအ်(၂)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော၊ မဟာကရုဏာအပေါင်းနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယတ်တော် (၁-၈)

يُسَبِّحُ لِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ الْمَلِكِ الْقُدُّوْسِ الْعَزِيْزِ الْحَكِيْمِ
﴿١﴾ هُوَ الَّذِيْ بَعَثَ فِي الْاُمِّيّٖنَ رَسُوْلًا مِّنْهُمْ يَتْلُوْا عَلَيْهِمْ اٰيٰتِهٖ وَ
يُزَكِّيْهِمْ وَ يُعَلِّمُهُمُ الْكِتٰبَ وَ الْحِكْمَةَ ۗ وَ اِنْ كَانُوْا مِنْ قَبْلُ لَفِيْ
ضَلٰلٍ مُّبِيْنٍ ۙ﴿٢﴾ وَّاٰخَرِيْنَ مِنْهُمْ لَمَّا يَلْحَقُوْا بِهِمْ ؕ وَهُوَ الْعَزِيْزُ الْحَكِيْمُ
﴿٣﴾ ذٰلِكَ فَضْلُ اللّٰهِ يُؤْتِيْهِ مَنْ يَّشَآءُ ؕ وَاللّٰهُ ذُو الْفَضْلِ الْعَظِيْمِ ﴿٤﴾ مَثَلُ
الَّذِيْنَ حُمِّلُوا التَّوْرٰىةَ ثُمَّ لَمْ يَحْمِلُوْهَا كَمَثَلِ الْحِمَارِ يَحْمِلُ
اَسْفَارًا ؕ بِئْسَ مَثَلُ الْقَوْمِ الَّذِيْنَ كَذَّبُوْا بِاٰيٰتِ اللّٰهِ ؕ وَاللّٰهُ لَا يَهْدِي
الْقَوْمَ الظّٰلِمِيْنَ ﴿٥﴾ قُلْ يٰۤاَيُّهَا الَّذِيْنَ هَادُوْۤا اِنْ زَعَمْتُمْ اَنَّكُمْ اَوْلِيَآءُ
لِلّٰهِ مِنْ دُوْنِ النَّاسِ فَتَمَنَّوُا الْمَوْتَ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٦﴾ وَ لَا
يَتَمَنَّوْنَهٗۤ اَبَدًۢا بِمَا قَدَّمَتْ اَيْدِيْهِمْ ؕ وَاللّٰهُ عَلِيْمٌۢ بِالظّٰلِمِيْنَ ﴿٧﴾ قُلْ اِنَّ
الْمَوْتَ الَّذِيْ تَفِرُّوْنَ مِنْهُ فَاِنَّهٗ مُلٰقِيْكُمْ ثُمَّ تُرَدُّوْنَ اِلٰى عٰلِمِ الْغَيْبِ
وَالشَّهَادَةِ فَيُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ﴿٨﴾

မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည်လည်းကောင်း၊ စိုးမိုးအုပ်ချုပ်တော်မူသော၊ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတော်မူသော၊ အလွန်တရာခန့်ညားတော်မူသော၊ လွန်စွာ နူးညံ့သိမ်မွေ့သော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၊ စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို မြွက်ဆိုလျက်ရှိကြကုန်၏။[၁] ထိုအရှင်မြတ်သည်ပင် စာပေမတတ်သောသူတို့ထံ ၎င်းတို့အနက်မှပင် ရာစူလ်တမန်တော် တစ်ပါးကို စေလွှတ်တော်မူခဲ့၏။ ထိုရာစူလ်တမန်တော်သည် ၎င်းတို့ရှေ့ဝယ် ထိုအရှင်မြတ်၏ အာယတ်တော်များကို ဖတ်ကြားလေ၏။ ထို့ပြင် ၎င်းတို့အား စင်ကြယ်သန့်ရှင်းအောင် ပြုလုပ်လေ၏။ ထိုမှတပါး ထိုသူတို့အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာကိုလည်းကောင်း သင်ကြားပို့ချလေ၏။ စင်စစ်မှာမူကား ၎င်းတို့သည် ယခင်က ထင်ရှားစွာသော လမ်းမှားမှု၌ပင် ရှိနေခဲ့ကြကုန်၏။[၂] ထိုမှတပါး (ထိုအရှင်မြတ် သည်) ၎င်းတို့အနက်မှ ၎င်းတို့နှင့် လာရောက်ပူးပေါင်းခြင်း မရှိကြသေးသော သူတို့အဖို့လည်း (ထိုရာစူလ်တမန်တော်အား စေလွှတ်တော်မူခဲ့၏။) စင်စစ်သော်ကား ထိုအရှင်မြတ်သည် လွန်စွာ ခန့်ညားတော်မူသောအရှင်၊ လွန်စွာနူးညံ့သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင်။[၃] ထိုသည်ကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်၊ ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား ယင်းကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူ၏။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည် ကြီးကျယ်သော ကျေးဇူးတော်ကို ပိုင်ဆိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၄] 'တောင်ရာတ်'ကျမ်းတော်နှင့်စပ်လျဉ်း၍ တာဝန်ပေးခြင်းကို ခံခဲ့ကြရပြီးနောက် ယင်း'တောင်ရာတ်'ကျမ်းတော်ကို (တာဝန်ကျပွန်စွာ) ထမ်းဆောင်ခြင်း မရှိခဲ့ကြကုန်သောသူတို့၏ ဥပမာကား ကျမ်းစာအုပ်များကို တင်ဆောင်လျက်ရှိသော မြည်းတိရစ္ဆာန်၏ ဥပမာကဲ့သို့ပင်၊ အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြ လေသော လူမျိုး၏ ဥပမာကား လွန်စွာယုတ်ညံ့လှပေ၏။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် မတရားသော သူတို့အားလမ်းမှန်သို့ ပို့ပေးတော်မူသည် မဟုတ်ပေ။[၅] (အို- နဗီတမန်တော်) အသင်သည် ပြောကြားပါဇလေ။ အို- 'ရေဝတီ'ဖြစ်ကြသောသူတို့၊ အကယ်၍ အသင်တို့သည် အခြားသူများမပါဘဲ မိမိတို့သည်သာလျှင် အလ္လာဟ်အရှင်မြတ်၏ အချစ်တော်များ ဖြစ်ကြသည်ဟု ထင်မှတ်ကြလျှင်၊ အကယ်၍ အသင်တို့သည် (ယင်းသို့ ထင်မှတ် ပြောဆိုရာ၌) သစ္စာပါဒီများ ဖြစ်ကြလျှင်၊ 'မရဏ' သေခြင်းတရားကို တောင့်တဆန္ဒပြုကြလေကုန်။[၆] သို့ရာတွင် ၎င်းတို့သည် မိမိတို့၏ လက်များက တင်ကြိုပို့နှင့်ခဲ့သော အကျင့်အမူတို့ကြောင့် ယင်း 'မရဏ'သေခြင်းတရားကို မည်သည့်အခါမျှပင် တောင့်တဆန္ဒပြုကြမည် မဟုတ်ပြီ။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် မတရားသောသူတို့အား ကောင်းစွာသိရှိတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူ၏။[၇] (အို- နဗီတမန်တော်) အသင်သည် ပြောကြားပါဇလေ။ (အချင်းတို့) အသင်တို့ ထွက်ပြေး တိမ်းရှောင်လျက်ရှိသော 'မရဏ' သေခြင်းတရားမှာ ဇကန်မလွဲ အသင်တို့နှင့်တွေ့ဆုံမည်ပင်ဖြစ်၏။ ထို့နောက် အသင်တို့သည် လျို့ဝှက်စွာ ရှိသည်တို့ကိုလည်းကောင်း၊ ထင်ရှားစွာ ရှိသည်တို့ကို လည်းကောင်း၊ အကြွင်းမဲ့သိတော်မူသော အရှင်မြတ်အထံတော်သို့ ပြန်လည်ရောက်စေခြင်းကို ခံကြရပေမည်။ ထိုအခါ အရှင်မြတ်သည် အသင်တို့အား အသင်တို့ ကျင့်မူခဲ့ကြသည်တို့ကို သိစေ တော်မူအံ့ သတည်း။[၈]

ရှင်းလင်းဖွင့်ဆိုချက်

ထုတ်ပြန်ပို့ချခြင်း၏နောက်ခံအကြောင်း

"يُسَبِّحُ لِلّٰهِ مَا فِى السَّمٰوٰتِ وَ مَا فِى الْاَرْضِ" မိုးကောင်းကင်များ၌ ရှိသမျှတို့သည် လည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည် လည်းကောင်း၊ စိုးမိုးအုပ်ချုပ် တော်မူသော၊ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတော်မူသော အလွန်တရာ ခန့်ငြားတော်မူသော၊ အလွန်နူးညံ့သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို မြွက်ဆိုလျက်ရှိကြကုန်၏။"(၆၂း၁)။ 'စဗ္ဒဟ' သို့မဟုတ် 'ယုစဗ္ဒိဟု' (အလ္လာဟ်အရှင်မြတ်၏ သန့်ရှင်းစင်ကြယ်မှုကို မြွက်ဆိုခြင်း)ဖြင့် အစ ပြုသော ကုရ်အာန်စူရဟ်များကို 'မုစဗ္ဗိဟာတ်'ဟု ခေါ်ဆိုပြီး၊ ယင်း စူရဟ်အားလုံးက မိုးကောင်းကင်နှင့် ကမ္ဘာမြေရှိအရာအားလုံးသည် အလ္လာဟ်အရှင်မြတ်၏ သန့်ရှင်းစင်မှုကိုမြွက်ဆိုကြကြောင်း သက်သေထူလေသည်။

မိုးကောင်းကင်များနှင့် ကမ္ဘာမြေရှိ ဖန်ဆင်းခံအားလုံးသည် အလ္လာဟ်အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြွေးကြော်ခြင်းကို နားလည်နိုင်ပေသည်။ အလ္လာဟ်အရှင်မြတ် ဖန်ဆင်းတော်မူသည့် ဒြပ်မှုန်လေးတစ်ခုတိုင်းစီက ၎င်းတို့၏ 'တပ်စ်ဗီ' (ဂုဏ်တော်မွမ်းခြင်း)ဖြစ်သည့် ဆင်ခြင်တုံတရားဖြင့် ပြည့်စုံတော်မူသော ဖန်ဆင်းရှင်၏ ဉာဏ်ပညာတော်နှင့် တန်ခိုးတော်များကို ၎င်းတို့၏ ဘာသာစကားဖြင့် သက်သေထွက်ဆိုခြင်းဖြစ်ကြောင်း လူတိုင်းနားလည်နိုင်ပေသည်။ သို့ရာတွင် အဖြစ်မှန်မှာ အရာရာတိုင်းသည် ကိုယ့်ခံစားတတ်မှုနှင့် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် 'တပ်စ်ဗီ' မြွက်ဆိုခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ဤစကြဝဠာတွင်းရှိ အရာတိုင်းကို ကျောက်တုံးများနှင့် သစ်ပင်များပါမကျန် ၎င်းတို့၏စွမ်းရည်အလိုက် ခံစားမှုအာရုံနှင့် သိမြင်နားလည်ခြင်းများကို ချီးမြှင့်ပေးသနားတော်မူထားသောကြောင့် ဖြစ်ပေသည်။ ခံစားမှုအာရုံနှင့် သိမြင်နားလည်ခြင်းများအပေါ် ဦးဆုံးတောင်းဆိုမှုမှာ မိမိတို့၏ ဖန်ဆင်းရှင်နှင့် ပြုလုပ်သူကို အသိအမှတ်ပြုရန်နှင့် ထိုအရှင်မြတ်ကို ချီးမွမ်းထောပနာပြုရန်ဖြစ်၏။ ထို့ကြောင့် လူသား၏နားများဖြင့် ကြားနိုင်စွမ်းမရှိသော်လည်း သဘာဝတရား၏ အရာခပ်သိမ်းသည် အလ္လာဟ်အရှင်မြတ်၏ သန့်ရှင်းစင်ကြယ်မှုကို မိမိတို့၏ တစ်မူထူးခြားသော ဘာသာစကားများဖြင့် ကြွေးကြော်လျက်ရှိကြောင်းမှာ ယုံတမ်းစကားမဟုတ်ပါချေ။ ထို့ကြောင့်ပင် ကုရ်အာန်က တစ်နေရာတွင်-

"وَ لٰكِنْ لَّا تَفْقَهُوْنَ تَسْبِيْحَهُمْ".... သို့ရာတွင် အသင်တို့မှာမူကား ၎င်းတို့၏ပွားများသရဏ္ဌာယ်မှုကို နားမလည်ကြချေ။ ...."(၁၇း၄၄)ဟု မိန့်ဆိုခြင်းဖြစ်၏။ 'မုစဗ္ဗိဟာတ်'ဟုခေါ်သော စူရဟ်အများစု၏အစတွင် မတိကျသော ကာလဖြစ်သည့် 'စဗ္ဒဟ'ကိုသုံး၏။ စူရဟ်အလ်ဂျုမုအဟ်နှင့် စူရဟ်အက်တဃာဗွန်တို့၏ အစ၌သာ ပစ္စုပ္ပန်ကာလပုံစံဖြစ်သော 'ယုစဗ္ဒိဟူ'ကိုသုံး၏။ ကွဲပြားသော စူရဟ်များ၏အစမှ ကွဲပြားသောပုံစံများတွင် အလင်္ကာမြောက်သော ကြွေ့ရှင်း လှပမှုနှင့် ယဉ်ကျေးသိမ်မွေ့မှုများ ရှိကြသည်။ အတိတ်ကာလသည် သေချာမှုကို ဆိုလိုသဖြင့် ဤကာလကို အများဆုံးအသုံးပြု၏။ ပစ္စုပ္ပန်ပုံစံသည် အဆက်မပြတ်ခြင်းကို ဆိုလိုသည့်သဘောရှိသောကြောင့် နေရာနှစ်နေရာတွင်သုံးခြင်း ဖြစ်လေသည်။

"هُوَ الَّذِىْ بَعَثَ فِى الْاُمِّيّٖنَ رَسُوْلًا مِّنْهُمْ" ထိုအရှင်မြတ်သည်ပင် စာပေမတတ်သောသူတို့ထံ၊ ၎င်းတို့အနက်မှပင် ရာဂူလ်တမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့လေသည်။ ...."(၆၂း၂)။ 'အွမ္မီယင်'ဟူသော စကားလုံးသည် 'အွမ္မီယ်'၏ အများကိန်းဖြစ်ပြီး၊ 'စာပေမတတ်သော'ဟု အဓိပ္ပာယ်ရ၏။ အာရဗ်များသည် ဤဂုဏ်ပုဒ်ဖြင့် ထင်ရှားကြ၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် စာရေး၊ စာဖတ် မတတ်ကြသောကြောင့်ဖြစ်၏။ ၎င်းတို့အနက် လူအနည်းငယ်သာလျှင်

ရေးတတ်၊ ဖတ်တတ်ကြသည်။ ဤနေရာတွင် အာရဗ်များအား အထူးသဖြင့် ရည်ညွှန်းခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ ကြီးမားသော တန်ခိုးတော်ကို ဖော်ပြရန်ဖြစ်၏။ ၎င်းတို့ထံသို့ ကိုယ်တိုင်က စာပေတတ်ကျွမ်းသူ မဟုတ်သော တမန်တော်မြတ်ﷺအား စေလွှတ်တော်မူခဲ့သည်။ တမန်တော်တစ်ပါး၏ တာဝန်များနှင့် ပြုပြင်ရေးလုပ်ငန်းစဉ်များ (ရှေ့လာမည့် အာယတ်တော်၌ တင်ပြမည်ဖြစ်သကဲ့သို့) သည် အသိပညာနှင့် စာပေတတ်ကျွမ်းမှုပေါ်တွင် အခြေခံပေသည်။ ဤပြုပြင်ပြောင်းလဲရေးများမှာ စာပေတတ်ကျွမ်းသူ တစ်ဦး ၎င်းတို့အား သင်ကြားပေးနိုင်ခြင်း မရှိသကဲ့သို့ စာပေမတတ်ကျွမ်းသော အမျိုးသားများသည် သင်ယူရန်လည်း မဖြစ်နိုင်ပေ။ ဤပြုပြင်ပြောင်းလဲရေး စတင်ခဲ့ပြီးနောက် ကြီးကျယ်သော ပညာရှင်များ၊ ပညာတတ်များ၊ ရေးတတ်ဖတ် တတ်သူများ၊ ပဏ္ဍိတများသည် စာပေမတတ်သော လူများထဲမှ ပေါ်ထွန်းလာခဲ့ပြီး၊ ၎င်းတို့၏အသိအလိမ္မာ၊ ဉာဏ်ပညာ၊ အမြော်အမြင်ကြီးမှုနှင့် သုတကြွယ်ဝမှုများကို တစ်လောကလုံးက အသိအမှတ်ပြုခဲ့ကြရခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော်နှင့် အလ္လာဟ့်ရစူလ်တမန်တော်ﷺ၏ အံ့ဩဖွယ်ရာများကြောင့်သာလျှင် ဖြစ်ပေသည်။

တမန်တော်မြတ်ﷺ ပွင့်ပေါ်ခြင်း၏ ရည်ရွယ်ချက်(၃)ရပ်

يَتْلُوْا عَلَيْهِمْ اٰيٰتِهٖ وَ يُزَكِّيْهِمْ وَ يُعَلِّمُهُمُ الْكِتٰبَ وَ الْحِكْمَةَ "…. ထိုရစူလ်တမန်တော်သည် ၎င်းတို့ ရှေ့ဝယ် ထိုအရှင်မြတ်၏ 'အာယသ်'တော်များကို ဖတ်ကြားလေ၏။ ထို့ပြင် ၎င်းတို့အား စင်ကြယ်သန့်ရှင်းအောင် ပြု လုပ်လေ၏။ ထို့မှတပါး ထိုသူတို့အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာကိုလည်းကောင်း သင်ကြားပို့ချလေ၏။ …."(၆၂း၂)။ အာယသ်ထဲတွင် လူသားတို့အား ပေးသနားတော်မူ သော အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများနှင့် စပ်လျဉ်း၍ တမန်တော်မြတ်ﷺ၏ ဂုဏ်ရည်(၃)ရပ်ကို ဖော်ပြထား၏။ (၁) ၎င်း၏အဓွန့်အား ကုရ်အာန်ကျမ်းမြတ် အာယတ်တော်များကို ရွတ်ဖတ်ပြရန် (၂) ၎င်းတို့၏ အတွင်းနှင့် အပြင်မှ အညစ်အကြေးများကို သန့်စင်အောင်ပြုလုပ် ရန်တို့ဖြစ်ကြသည်။ အပြင်ပိုင်း သန့်ရှင်းစင်ကြယ်ခြင်းသည် အကြင်သူ၏ ခန္ဓာကိုယ်နှင့် အဝတ်အစားများနှင့် သက်ဆိုင်ပြီး၊ အတွင်းပိုင်း သန့်စင်ခြင်းသည် အကြင်သူ၏ အီမာန်၊ လုပ်ရပ်များ၊ စိတ်နေစိတ်ထားများနှင့် သက်ဆိုင်ပေသည်။ (၃) ကျမ်းဂန်နှင့် ဉာဏ်ပညာများကို သင်ကြားပေးရန်တို့ ဖြစ်ကြသည်။ တစ်ဖက်မှကြည့်လျှင် ဤအချက်(၃)ချက်သည် လူသားတို့အား ပေးသနားတော်မူသော အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများ ဖြစ်ကြသည်။ အခြားတစ်ဖက်မှ ကြည့်လျှင် ဤအရာများသည် တမန်တော်မြတ်ﷺ၏ အခြေခံရည်မှန်းချက်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ ဖြစ်ကြပြီး ထိုအတွက်ကြောင့်ပင် ၎င်းသည် ဤလောကသို့ စေလွှတ်ခံခဲ့ရလေသည်။

يَتْلُوْا عَلَيْهِمْ اٰيٰتِهٖ "…. ထိုအရှင်၏ အာယသ်တော်များကို ဖတ်ကြားလေ၏။ …."။ 'တိလာဝတ်'ဟူသော စကားလုံးသည် ဘာသာစကား၏ ဝေါဟာရအားဖြင့် 'လိုက်နာသည်၊ နာခံသည်'ဟု ဆိုလိုသော်လည်း၊ ကုရ်အာန်၏ သုံးနှုန်းပုံအရမူ 'အလ္လာဟ်အရှင်မြတ်၏ မုက္ခပါတ်တော်များကို ရွတ်ဆိုခြင်း သို့မဟုတ် ဖတ်ကြားခြင်း'ကို ဆိုလိုသည်။ 'အာယားတ်'ဟူသော စကားလုံးက ကုရ်အာန်အာယတ်တော်များကို ရည်ညွှန်း၏။ ဝိဘတ်စကားစုဖြစ်သော 'အလိုင်ဟင်မ်' (၎င်း---ထံသို့)သည် တမန်တော်မြတ်ﷺ၏ ရည်မှန်းချက်များ သို့မဟုတ် တာဝန်များထဲမှ တစ်ခုဖြစ်သော လူများအား ကုရ်အာန်၏ အာယတ်တော်များကို ရွတ်ဖတ်ပြရန်ကို ဆိုလိုပေသည်။

ယခုအာယတ်တော်၌ တမန်တော်မြတ်ﷺ၏ ဒုတိယရည်မှန်းချက်ဖြစ်သော يُزَكِّيْهِمْ (၎င်းတို့အား သန့်စင်အောင် ပြုလုပ်ရန်)သည် 'တဇ်ကိယဟ်'မှ ဆင်းသက်ပြီး၊ 'သန့်စင်အောင်ပြုလုပ်ရန်'ဟု ဆိုလိုသည်။ ယင်းစကား

လုံးအား အတွင်းစိတ်၏ သန့်ရှင်းစင်ကြယ်မှုအတွက်သက်သက် မကြာခဏအသုံးပြု၏။ ဆိုလိုသည်မှာ ကုဖ်ရ်၊ ရှစ်ရိက် တို့ကဲ့သို့ စိတ်အတွင်း၌ဖြစ်သော မသန့်ရှင်းမှုများမှ ကင်းရှင်းစေရန်နှင့် ကိုယ်ကျင့်တရား ညစ်ထေးမှုများမှ ကင်းရှင်းစေ ရန်ဖြစ်၏။ သို့သော် ယင်းစကားလုံးအား အတွင်းနှင့်အပြင် နှစ်ခုစလုံး သန့်ရှင်းစင်ကြယ်ခြင်း၏ ယေဘုယျအဓိပ္ပာယ် အနေဖြင့်လည်း ရံဖန်ရံခါသုံးကြ၏။ ဤနေရာတွင် ယေဘုယျအဓိပ္ပာယ်ဖြင့်သုံးခြင်း ဖြစ်နိုင်ကောင်းပေသည်။

"....يُعَلِّمُهُمُ الْكِتٰبَ وَ الْحِكْمَةَ" ထိုမှတပါး ထိုသူတို့အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာကို လည်း ကောင်း သင်ကြားပို့ချလေ၏။ ...."(၆၂း၂)။ 'အလ်-ကိတာဗ်'ဟူသော စကားလုံးသည် ကျမ်းမြတ်ကုရ်အာန်ကို ရည်ညွှန်းပြီး၊ 'အလ်ဟစ်က်မဟ်'ဟူသော စကားလုံးက အလ္လာဟ့်ရစူလ်တမန်တော်ﷺထံမှ နှုတ်အားဖြင့် သို့မဟုတ် လက်တွေ့အားဖြင့်ရရှိသည့် ဆုံးမသြဝါဒများ၊ လမ်းညွှန်ချက်များ အားလုံးကို ရည်ညွှန်း၏။ ရလဒ်အနေဖြင့် 'ဟစ်က်မဟ်' ဆိုသည်ကို 'အတည်ပြုပြီးသောနည်းလမ်း' (တမန်တော်မြတ်ﷺ၏ စွန့်စတ်တော်)အဖြစ် ရှင်းလင်းဖွင့်ဆိုသူ များစွာက အနက်ဖွင့်ဆိုကြလေသည်။

မေးခွန်းတစ်ခုနှင့် ယင်း၏အဖြေ

ဤနေရာတွင် မေးစရာတစ်ခုရှိသည်မှာ အာယတ်တော်မှ သဘာဝကျသော စကားလုံးအစီအစဉ်မှာ ဤသို့ ဖြစ်ခဲ့သင့်၏။ (၁) စကားလုံးများကို ရွတ်ဖတ်ခြင်း သို့မဟုတ် သင်ကြားပေးခြင်း၏နောက်မှ (၂) အဓိပ္ပာယ်ကို သင်ကြား ခြင်း လိုက်လာပြီးနောက် အကျိုးဆက်ဖြစ်သော (၃) ကောင်းမြတ်သော အကျင့်အမူများနှင့် မြင့်မားသော ကိုယ်ကျင့် တရားများကို စွဲမှတ်စေရန် သွန်သင်ခြင်းဖြင့် သန့်စင်အောင်ပြုလုပ်ပေးခြင်းဖြစ်သည်။ သို့ရာတွင် နေရာများစွာ၌ ကုရ်အာန်က (၃) တဇ်ကိယဟ် သို့မဟုတ် သန့်စင်အောင်ပြုလုပ်ခြင်းကို (၁) တိလာဝဟ် (ရွတ်ဖတ်ခြင်း)နှင့် (၂) တအ်လိမ် (သင်ကြားခြင်း)တို့ကြားတွင် ထည့်သွင်းခြင်းဖြင့် အစီအစဉ်ကို ပြောင်းလဲထား၏။ ရူးဟွလ်မအာနီကျမ်းရှင်က ရှင်းပြသည်မှာ အကယ်၍ အာယတ်တော်အားလုံး၌ သဘာဝကျသော စကားလုံးအစီအစဉ်အတိုင်း ထားရှိမည်ဆိုပါက အခြေခံသဘောတရား (၃)ခုစလုံးသည် အတူပေါင်းစပ်ပြီး တစ်ခုတည်းဖြစ်လာမည်ဖြစ်၏။ ဆေးဝါးဖော်စပ်ရာတွင် ဒြပ်ပစ္စည်းများစွာကို ပေါင်းစပ်ခြင်းဖြင့် ဒြပ်ပေါင်းတစ်ခု ဖြစ်လာသောအခါ၊ ပေါင်းစပ်ပါဝင်သော ဒြပ်စင်တစ်ခုစီ၏ ကိုယ်ပိုင်သီးခြားလက္ခဏာများ ပျောက်ဆုံးသွားပြီး၊ တစ်ခုတည်းသောဒြပ်ပေါင်း ဖြစ်လာသကဲ့သို့ပင်ဖြစ်၏။ အလ္လာဟ် အရှင်မြတ်သည် ကောင်းချီးမင်္ဂလာများနှင့် တမန်တော်တို့တာဝန်(၃)ရပ်၏ သီးခြားကိုယ်ပိုင်လက္ခဏာများကို ခွဲခြားသိနိုင် စေရန် အလိုရှိတော်မူသောကြောင့် ဖြစ်နိုင်ကောင်းပေသည်။ နေရာများစွာတွင် သဘာဝကျသော အစီအစဉ်ကို ပြောင်းလဲခြင်းအားဖြင့် ဤအချက်ကို ကျမ်းမြတ်ကုရ်အာန်က သွယ်ဝိုက်ညွှန်းဆိုခြင်း ဖြစ်နိုင်ကောင်း၏။

ဤအာယတ်တော်၏ ပို၍ပြည့်စုံသော ရှင်းလင်းချက်ကို မအာရိဖုလ်ကုရ်အာန်၊ မြန်မာပြန်အတွဲ(၁) စာ-၄၁၆ -၄၂၇ စူရဟ်အလ်ဘကရဟ်၊ အာယတ်တော် ၁၂၉ အောက်တွင်ကြည့်ရှုပါရန်။

"وَ اٰخَرِيْنَ مِنْهُمْ لَمَّا يَلْحَقُوْا بِهِمْ ؕ وَ هُوَ الْعَزِيْزُ الْحَكِيْمُ" ထိုမှတပါး (ထိုအရှင်မြတ်သည်) ၎င်းတို့အနက်မှ ၎င်းတို့နှင့် လာရောက်ပူးပေါင်းခြင်းမရှိကြသေးသောသူတို့အဖို့လည်း (ထိုရစူလ်တမန်တော်အား စေလွှတ်တော်မူခဲ့၏။) စင်စစ်သော်ကား ထိုအရှင်မြတ်သည် လွန်စွာခန့်ညား တော်မူသောအရှင်၊ လွန်စွာနူးညံ့သိမ်မွေ့သော ဆင်ခြင်တုံတရား နှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင်။"(၆၂း၃)။ 'အာခရီးန်'ဟူသော စကားလုံးသည် 'အခြားသူများ'ကို ဆိုလိုပြီး၊ لَمَّا يَلْحَقُوْا بِهِمْ ဟူသောစကားရပ်က 'စာပေမတတ် ကျမ်းသောလူများနှင့် ထိုအချိန်တိုင် မပူးပေါင်းသေးသောလူများ'ဟု

အဓိပ္ပါယ်ရပြီး၊ 'နောက်ဆုံးအချိန်နာရီ'တိုင်အောင် အစွမ်းသာသနာတွင်းသို့ ဝင်လာကြမည့် မွတ်စလင်အားလုံးကို ရည်ညွှန်းလေသည်။ (အိဗ်နိဇိုက်၊ မူဂျာဟစ်နှင့် အခြားသူများ ထပ်ဆင့်တင်ပြသည်။) ဤသည်က နောင်ဆက်ခံကြမည့် မွတ်စလင်မျိုးဆက်များသည် အလျင်ကျသော ယုံကြည်သက်ဝင်သူ မျိုးဆက်များ (မြင့်မြတ်သော သာဝကကြီးများ)နှင့် ပူးတွဲပေးခြင်း ခံကြရလိမ့်မည်ကို ညွှန်ပြ၏။ ဤသည်မှာ နောက်မျိုးဆက် မွတ်စလင်များအတွက် ကြီးကျယ်သော သတင်းကောင်းပင် ဖြစ်လေသည်။ (ရှဟ်)

သဒ္ဒါအလိုအရ 'အာခရိန်'ဟူသော စကားလုံး၏ ပေါင်းစည်းမှုနှင့် စပ်လျဉ်း၍ ယူဆချက် ၂ မျိုးရှိ၏။ ယူဆချက်တစ်မျိုးမှာ ယင်း(အာခရိန်)သည် 'အွမွိယီန်'နှင့် ပေါင်းစည်းခံရမည်ဖြစ်ပြီး၊ 'အလ္လာဟ်အရှင်မြတ်သည် မိမိ၏ရစူလ်တမန်တော်ကို စာပေမတတ်သူများထံသို့ စေလွှတ်တော်မူမည် ဖြစ်သကဲ့သို့ ၎င်းတို့နှင့် ထိုအချိန်တိုင်း မပူးပေါင်းသော လူများထံသို့လည်းစေလွှတ်တော်မူလိမ့်မည်ဖြစ်၏။'ယခုလက်ရှိစာပေမတတ်သူများထံသို့တမန်တော်စေလွှတ်ခြင်းမှာ အတော်ပင် ထင်ရှားသော်လည်း 'ထိုအချိန်တိုင် မလာရောက်ကြသေးသော လူများထံသို့ ၎င်းအားစေလွှတ်ခြင်း' အတွက်မူ ဖြေရှင်းချက် လိုအပ်ပေသည်။ ဗယာနလ်ကုရ်အာန်က ရှင်းပြသည်မှာ '၎င်းတို့ထံသို့ စေလွှတ်ခြင်း'သည် '၎င်းတို့အတွက် စေလွှတ်ခြင်း'ကို ကိုယ်စားပြု၏။ အဘယ်ကြောင့်ဆိုသော် အာရဗီဘာသာရပ်တွင် ဝိဘတ် 'ဖီ'အား 'အတွက်' အဓိပ္ပါယ်ဖြင့်လည်း သုံးသောကြောင့်ဖြစ်၏။ သို့ရာတွင် အခြားသော သဒ္ဒါပညာရှင်များအရ 'အာခရိန်'သည် ကြီယာဖြစ်သော 'ယုအလ်လေ့မုဟူမ်'နှင့် သက်ဆိုင်သည့် အပြုခံနာမ်စား 'သူ့ကို'နှင့် ပေါင်းစည်းသည်ဖြစ်၍ အနက်ဖွင့်ဆိုချက်မှာ '၎င်းတမန်တော်သည် စာမတတ်သူများအား သင်ကြားပို့ချသည့်ပြင် ယခုတိုင် ၎င်းတို့နှင့် မပူးပေါင်းသေးသော လူများကိုလည်း သင်ကြားပို့ချသည်။'ဟူ၍ ဖြစ်၏။ (မဇ်ဟရီက ဒုတိယအနက်ဖွင့်ဆိုချက်အား ပို၍သဘောကျ၏။)

ဗုခါရီနှင့် မွတ်စလင်ကျမ်းတို့တွင် ဖော်ပြသကဲ့သို့ သာဝကကြီး အဗူဟူရိုင်ရဟ်ﷺ ဆင့်ပြသည်မှာ စူရတ်အလ်ဂျုမုအဟ် ကျရောက်စဉ်က ၎င်းတို့သည် တမန်တော်မြတ်ﷺနှင့် အတူထိုင်လျက်ရှိခဲ့ကြသည်။ တမန်တော်မြတ်ﷺက ၎င်းတို့အား ထိုစူရတ်ကို ရွတ်ဖတ်ပြခဲ့သည်။ အာယတ်တော် وَاٰخَرِيْنَ مِنْهُمْ لَمَّا يَلْحَقُوْا بِهِمْ ۗ وَهُوَ الْعَزِيْزُ الْحَكِيْمُ "…. ၎င်းတို့အနက်မှ ၎င်းတို့နှင့် လာရောက်ပူးပေါင်းခြင်း မရှိကြသေးသော သူတို့အဖို့လည်း ….”(၆၂း၃)သို့ ရောက်သောအခါ၊ ၎င်းတို့က 'အခြားသူများ'သည် မည်သူများ ဖြစ်ကြပါသနည်းဟု မေးမြန်းခဲ့ရာ တမန်တော်မြတ်ﷺက နှုတ်ဆိတ်နေခဲ့သည်။ ၎င်းတို့က ဒုတိယအကြိမ် မေးသောအခါ၌လည်း ၎င်းသည် နှုတ်ဆိတ်နေခဲ့ပြန်သည်။ တတိယအကြိမ် မေးမြန်းသောအခါမှ ၎င်းက ၎င်း၏လက်တော်ကို (ထိုအချိန်က တွေ့ဆုံပွဲတွင် ရှိနေခဲ့သူ) သာဝကကြီး စလ်မာန်အလ်ဖါရိစီﷺ၏ ကျောပေါ်သို့တင်လျက် "အကယ်၍ အီမာန်သည် ဖျောက်ဆိပ်ကြယ်ပေါ်၌ ရှိနေခဲ့လျှင်ပင် ဤလူများထဲမှ အချို့ သို့မဟုတ် တစ်ဦးသည် ယင်းကို ရယူနိုင်လိမ့်မည် ဖြစ်ပေသည်”ဟု ပြောကြားခဲ့၏။ (မဇ်ဟရီ)။ ဤဆင့်ပြန်ချက်၌ ပါရှားမှလူများဟူ၍ အတိအကျ မဆိုသော်လည်း ၎င်းတို့သည် 'အခြားသူများ'၏ ယေဘုယျအဓိပ္ပါယ်တွင် ပါဝင်ကြောင်း သက်သေခံပေသည်။ ဤဆင့်ပြန်ချက်က အစွမ်းသာမ်ကို သက်ဝင်ယုံကြည်ခဲ့ကြသော အာရဗ်မဟုတ်သည့် လူအားလုံးကို ချီးမွမ်းပြောဆိုခြင်း ဖြစ်လေသည်။ (မဇ်ဟရီ)

مَثَلُ الَّذِيْنَ حُمِّلُوا التَّوْرٰىةَ ثُمَّ لَمْ يَحْمِلُوْهَا كَمَثَلِ الْحِمَارِ يَحْمِلُ اَسْفَارًا 'တောင်ရာတ် ကျမ်း တော်နှင့် စပ်လျဉ်း၍ တာဝန်ပေးခြင်းကို ခံခဲ့ကြရပြီးနောက် ယင်း 'တောင်ရာတ်'ကျမ်းတော်ကို (တာဝန်ကျေပွန်စွာ) ထမ်းဆောင်ခြင်း မရှိခဲ့ကြသောသူတို့၏ ဥပမာကား ကျမ်းစာအုပ်များကို တင်ဆောင်လျက် ရှိသော မြည်းတိရစ္ဆာန်၏ ဥပမာကဲ့သို့ပင်၊ ….”(၆၂း၅)။ 'အပ်စ်ဖါးရ်'ဟူသော စကားလုံးသည် 'ကျမ်းကြီးတစ်စောင်'ဟု အဓိပ္ပါယ်ရသည့် 'စိဖ်ရ်'၏ အများကိန်းဖြစ်လေသည်။ အလျင်အာယတ်တော်များက ဖော်ပြခဲ့သည်မှာ တမန်တော်မြတ်ﷺသည် သာသနာပြုလုပ်

ငန်း၏ အဓိကရည်မှန်းချက်(၃)ရပ်ဖြင့် စာမတတ်သူများတွင် ကြီးပြင်းအောင် ပြုစုပျိုးထောင်ခြင်းခံခဲ့ရသည်။ အလ္လာဟ် အရှင်မြတ်၏ ယခင်ကျမ်းဂန်ဖြစ်သော တောင်ရဟ်တွင် တမန်တော်မြတ်၏ ဂုဏ်ရည်များကို ကုရ်အာန်၌ ဖော်ပြထား သည့်အတိုင်းပင် ဖော်ပြထားခဲ့ပြီးဖြစ်၍ တမန်တော်မြတ်ﷺကို မြင်လိုက်သည်နှင့် ဂျူးများသည် ၎င်းအားမှတ်မိပြီး၊ ယုံကြည်သက်ဝင်ကြရန် လိုအပ်ပေသည်။ သို့သော် ရုပ်ဝတ္ထုအခြေအနေနှင့် ပိုင်ဆိုင်မှုများက ၎င်းတို့အား 'တောင်ရဟ်' ၏ ဆုံးမသြဝါဒများကို အမှောင်ဖုံးစေခဲ့သည်။ ၎င်းတို့တွင် တောင်ရဟ်၏ အသိပညာရှိသော်ငြားလည်း ၎င်းတို့သည် လက်တွေ့အားဖြင့် နလပိန်းတုံးများကဲ့သို့ ပြုမူခဲ့ကြသည်။ အာယတ်တော်က ၎င်းတို့၏စဉ်းစား ဉာဏ်ကင်းမဲ့သော အပြုအမူကို လေးလံသော ကျမ်းစာအုပ်များ တင်ထားသည့် မြည်းတစ်ကောင်ဖြင့် ဥပမာပေးထား၏။ မြည်းသတ္တဝါ သည် ကျမ်းစာအုပ်များကို သယ်ဆောင်ထားသော်လည်း ယင်းတို့တွင် ပါဝင်သော အကြောင်း အရာကို မသိသကဲ့သို့ ယင်းတို့မှ အကျိုးကျေးဇူးများကို ထုတ်ယူခံစားနိုင်ခြင်းလည်း မရှိပေ။ အလားတူ ဂျူးတို့သည် ရုပ်ဝတ္ထုအကျိုးအမြတ် အတွက် လည်းကောင်း၊ ရာထူး၊ နေရာရရှိရန်အတွက် လည်းကောင်း လူများကြားတွင် တောင်ရဟ်ကို သယ်ဆောင် သွားလာလျက် ရှိသော်လည်း တောင်ရဟ်၏ လမ်းညွှန်ချက်များဖြင့် အကျိုးဖြစ်ထွန်းအောင် မပြုလုပ်ကြချေ။

လက်တွေ့မကျင့်သုံးသော ပညာရှင်တစ်ဦး၏ဥပမာ

အာယတ်တော်က ဂျူးများအတွက်ပေးသော အထက်ပါဥပမာသည် မိမိ၏အသိပညာနှင့်အညီ လုပ်ဆောင် ခြင်းမရှိသည့် သာသနာ့ပညာရှင်များအတွက်လည်း အသုံးပြုနိုင်ကြောင်း ရှင်းလင်းဖွင့်ဆိုသူများ ဖော်ပြကြ၏။ ပါရှင်း ကဗျာဆရာတစ်ဦးက ဤသို့စပ်ဆိုထား၏။

نہ معقق بود نہ دانش مند ..... چارپائے بروا کتابے چند

ထိုသူသည် ပညာရှင်တစ်ဦးလည်း မဟုတ်၊ အသိအလိမ္မာကြွယ်ဝသူလည်း မဟုတ်။

ထိုသူသည် စာအုပ်များ၏ဝန်ကို သယ်ဆောင်လျက်ရှိသော ခြေလေးချောင်းသတ္တဝါ တစ်ကောင်သာလျှင် ဖြစ်ပေသည်။

قُلْ يَاَيُّهَا الَّذِيْنَ هَادُوْٓا اِنْ زَعَمْتُمْ اَنَّكُمْ اَوْلِيَآءُ لِلّٰهِ مِنْ دُوْنِ النَّاسِ فَتَمَنَّوُا الْمَوْتَ اِنْ كُنْتُمْ صٰدِقِيْنَ

"(အို- နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ အို- 'ရေဝတီ'ဖြစ်ကြသောသူတို့၊ အကယ်၍ အသင်တို့ သည် အခြားသူများမပါဘဲ မိမိတို့သည်သာလျှင် အလ္လာဟ်အရှင်မြတ်၏ အချစ်တော်များ ဖြစ်ကြသည်ဟု ထင်မှတ်ကြလျှင်၊ အကယ်၍ အသင်တို့သည် (ယင်းသို့ထင်မှတ် ပြောဆိုရာ၌) သစ္စာဝါဒီများ ဖြစ်ကြလျှင် 'မရဏ'သေခြင်းတရားကို တောင့်တဆန္ဒပြုကြလေကုန်။"

(၆၂း၆)။

ဂျူးတို့သည် ကုဖ်ရ်၊ ရှစ်ရ်က်နှင့် ကိုယ်ကျင့်တရား ပျက်ပြားမှုများကို ကျူးလွန် ကြလင့်ကစား ၎င်းတို့က نَحْنُ اَبْنٰٓؤُا اللّٰهِ وَاَحِبَّآؤُهٗ "၎င်းပြင် ယဟူဒီတို့သည် လည်းကောင်း၊ ခရစ်ယာန်တို့သည်လည်းကောင်း "ငါတို့သည် အလ္လာဟ် အရှင်မြတ်၏ သားတော်များ ဖြစ်ကြသည်၊ ထိုအရှင်မြတ်၏ အချစ်တော်များလည်း ဖြစ်ကြသည်"ဟူ၍ ပြောဆိုကြ၏။ ...." (၅း၁၈)ဟူ၍လည်းကောင်း၊ لَنْ يَّدْخُلَ الْجَنَّةَ اِلَّا مَنْ كَانَ هُوْدًا .... "ဂျန္နတ် အမတသုခဘုံတွင်းသို့ ယဟူဒီ ဘာသာဝင် သို့မဟုတ် ခရစ်ယာန်ဘာသာဝင်တို့မှအပ (အခြား) မည်သူတစ်ဦး တစ်ယောက်မျှ မည်သည့်အခါမျှ ဝင် ရောက်နိုင်မည် မဟုတ်ချေ။ ...."(၂း၁၁၁)ဟူ၍ လည်းကောင်း အခိုင်အမာ ပြောဆိုခဲ့ကြသည်။ တစ်နည်းဆိုရသော်

ငင်းတို့သည် ငင်းတို့ကိုယ်ငင်းတို့ တမလွန်၏ပြစ်ဒဏ်မှ လွတ်ကင်းခွင့်ရကြလိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်ခဲ့ကြ သည့်ပြင် ဂျန္နတ်သုခဘုံ၏ ကောင်းချီးမင်္ဂလာအဖြာဖြာသည် ငင်းတို့ အတွက်ဖြစ်သည်ဟု ထင်မှတ်ခဲ့ကြသည်။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် တမလွန်၏ကောင်းချီးမင်္ဂလာအဖြာဖြာမှာ ဤလောက၏ ကောင်းချီးမင်္ဂလာများထက် အသရေ်အနန္တ ပို၍ကောင်းသည်ဟု ယုံကြည်ပါက ငင်းသည် သေခြင်းတရားကို မလွဲမသွေ ဆန္ဒပြုရမည်ဖြစ်ကြောင်းမှာ ထင်ရှား၏။ သို့မှသာ ငင်းအနေဖြင့် ဂျန္နတ်သုခဘုံထဲသို့ စောစော ဝင်ရောက်ပြီး ကောင်းချီးမင်္ဂလာများကို စတင်ခံစားနိုင်မည် ဖြစ်၏။ ဤလောကသည် ဆင်းရဲဒုက္ခများ၊ ပူဆွေးဝမ်းနည်းခြင်းများ၊ ခက်ခဲကြမ်းတမ်းမှုများမှ မလွတ်ကင်းသည့်ပြင် ဤနေရာတွင် အသက်ရှင်နေသမျှ ကာလပတ်လုံးရောဂါ ဝေဒနာများကို ခံစားရဦးမည်ဖြစ်ကြောင်းကို ငင်း၏မျက်စိများဖြင့် မြင်တွေ့နေရသည်။ အကယ်၍သာ ငင်းသေဆုံးသည် နှင့်တပြိုင်နက် ထိုမရေမတွက်နိုင်သော ထာဝရကောင်းချီးမင်္ဂလာများကို သေချာပေါက်ရရှိလိမ့်မည်ဟု ယုံကြည်ပါက ပညာရှိသူတစ်ဦးသည် သဘာဝအလျောက် သေခြင်းတရားကို တောင့်တမိပေမည်။ သို့မှသာ ငင်းသည် ဤစိတ်ပျက်ဖွယ်ကောင်းသော လောကမှ လွတ်မြောက်ခွင့်ရပြီး၊ ထာဝရငြိမ်းချမ်းသာယာစွာ နေထိုင်နိုင်မည်ဖြစ်သော နောက်လောကသို့ရောက်ရှိမည်ဖြစ်၏။ ထို့ကြောင့်ပင် အလ္လာဟ်ရစူလ တမန်တော်ﷺအား အာယတ်တော်၌ ညွှန်ကြားတော်မူသည်မှာ အကယ်၍ ငင်းတို့သာ အလ္လာဟ်အရှင်မြတ်၏ သား သမီးများနှင့် ထိုအရှင်မြတ်၏ အချစ်တော်များ ဖြစ်ကြပါက တမလွန်၏ပြစ်ဒဏ်ကို ကြောက်ရွံ့ကြမည်မဟုတ်ဘဲ သေခြင်းတရားကိုပင် လိုလားတောင့်တကြသင့်ကြောင့် ဂျူးတို့အားစိမ်ခေါ်ရန်ဖြစ်၏။ ထို့နောက် ကုရ်အာန်ကိုယ်၌ကပင် ငင်းတို့မှားယွင်းကြောင်းကို အောက်ပါစကားလုံးများဖြင့် သက်သေခံခဲ့သည်။

"وَلَا يَتَمَنَّوْنَهُ أَبَدًا بِمَا قَدَّمَتْ أَيْدِيهِمْ" သို့ရာတွင် ငင်းတို့သည် မိမိတို့၏လက်များက တင်ကြိုပို့နှင့်ခဲ့သော အကျင့်အမူတို့ကြောင့် ယင်း'မရဏ'သေခြင်းတရားကို မည်သည့်အခါမျှပင် တောင့်တဆန္ဒပြုကြမည် မဟုတ်ပြီ။ ...." (၆၂း၇)။ တစ်နည်းဆိုရသော် ငင်းတို့သည် ငင်းတို့ကျူးလွန်ခဲ့သော ကုဖ်ရ်၊ ရှစ်ရ်က်နှင့် မကောင်းမှုများကြောင့် သေခြင်းတရားကို တောင့်တကြလိမ့်မည် မဟုတ်ပေ။ ငင်းတို့အတွက် တမလွန်၌ ငရဲဘုံ၏ပြစ်ဒဏ်မှတပါး အခြားမရှိကြောင်းကို ငင်းတို့အပြည့်အဝသိကြပြီးဖြစ်၏။ ငင်းတို့ ကြွေးကြော်သကဲ့သို့ ငင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ သား သမီးများနှင့် ထိုအရှင်မြတ်၏ အချစ်တော်များဖြစ်ကြကြောင်းမှာ လုံးဝဥသုံသမှားယွင်းကြောင်း ငင်းတို့ကိုယ်တိုင်လည်း သိကြပေသည်။ ထိုသို့ပြောဆိုခြင်းမှာ လောကီနှင့်ရုပ်ဝတ္ထု အကျိုးအမြတ်အတွက်သာလျှင်ဖြစ်၏။ အကယ်၍ ငင်းတို့သည် တမန်တော်မြတ်ﷺ၏ စိမ်ခေါ်မှုကို လက်ခံပြီး သေခြင်းတရားကို ငင်းတို့ကိုယ်တိုင် ပင့်ဖိတ်လိုက်ပါက ထိုဆုတောင်းသည် မဆိုင်းမတွပြည့်ဝပြီး၊ ငင်းတို့ချက်ချင်း သေဆုံးကြလိမ့်မည်ဖြစ်ကြောင်းကိုလည်း ငင်းတို့သိကြသည်။ ငင်းတို့၏သဘောထားရပ်တည်ချက် မမှန်ကန်မှုကို သဘောပေါက်သော ဂျူးတို့သည် စိမ်ခေါ်မှုကို ငြင်းပယ်ကြလိမ့်မည်သာဖြစ်၏။ ဟဒီးသ်တော်တစ်ရပ်၌ လာရှိသည်မှာ အကယ်၍သာ ငင်းတို့ထဲမှ မည်သူမဆိုသည် ထိုအချိန်က သေခြင်းတရားကို ဆန္ဒပြုခဲ့ပါက ထိုသူသည် ချက်ချင်းသေဆုံး ခဲ့လိမ့်မည်ဖြစ်သည်ဟု တမန်တော်မြတ်ﷺက မိန့်တော်မူခဲ့၏။ (ရူးဟ်)

သေခြင်းကို တောင့်တကောင်းပါသလား

ဤအကြောင်းအရာကို စူရဟ်အလ်ဘကရဟ်၌ ပြည့်ပြည့်စုံစုံ ဆွေးနွေးခဲ့ပြီးဖြစ်၏။ ဟဒီးသ်တော်များက သေခြင်းတရားကို တောင့်တခြင်းအား မည်သူကိုမဆို တားမြစ်၏။ နောက်ကွယ်မှ အကြောင်းရင်းမှာ ငင်းသေဆုံးသောအခါ၊ ငင်းသည် မလွဲမသွေ ဂျန္နတ်သုခဘုံသို့ ဝင်ရလိမ့်မည်ဖြစ်ပြီး၊ မည်သည့်ပြစ်ဒဏ်ကိုမျှ ဗိုးရိမ်ကြောက်ရွံ့ရန်မရှိဟူ၍ ယုံကြည်ခွင့်မရှိသောကြောင့်ဖြစ်၏။ ထိုကဲ့သို့ စိတ်ထားဖြင့် သေခြင်းကို တောင့်တခြင်းသည် အလ္လာဟ်အရှင်မြတ်၏

ရှေ့တော်မှောက်၌ သူရသတ္တိကို ပြသသည့်သဘော သက်ရောက်လေသည်။

قُلْ اِنَّ الْمَوْتَ الَّذِىْ تَفِرُّوْنَ مِنْهُ فَاِنَّهٗ مُلٰقِيْكُمْ "(အို နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အသင်တို့ ထွက်ပြေးတိမ်းရှောင်လျက် ရှိသော 'မရဏ'သေခြင်းတရားမှာ ဧကန်မလွဲ အသင်တို့နှင့် တွေ့ဆုံမည်ပင်ဖြစ်၏။ ...."(၆၂း၈)။ တစ်နည်းဆိုရလျှင်၊ ၎င်းတို့(သည် အလ္လာဟ်အရှင်မြတ်၏ ချစ်ခင်နှစ်သက်မှုကို ခံရသူများ ဖြစ်ကြသည်ဟု) အခိုင်အမာ ဆိုကြလင့်ကစား ဂျူးတို့၏ သေခြင်းတရားကို တမ်းတခြင်းမှ ထွက်ပြေးခြင်းသည် သေခြင်းတရားမှ ထွက်ပြေးသည့်သဘောကိုပင် ဆောင်လေသည်။ အာယတ်တော်၌ တမန်တော်မြတ်ﷺအား ညွှန်ကြားတော်မူသည်မှာ သေခြင်းတရားမှ လွတ်မြောက်အောင် ၎င်းတို့ထွက်ပြေးနေကြသော်လည်း သေခြင်းတရားက ၎င်းတို့ကို မလွဲမသွေမီလာမည်သာဖြစ် ကြောင်း ပြောကြားရန်ဖြစ်၏။ ချက်ချင်းမဟုတ်သည့်တိုင် နောင်တစ်ချိန်ချိန်တွင် မုချဧကန် ဖြစ်ပျက်လာမည်ဖြစ်၏။ ဤသို့ကြောင့် မည်သူမျှ သေခြင်းတရားအား မည်သည့်နည်းနှင့်မျှ ရှောင်ရှားရန် သို့မဟုတ် တားဆီးရန် မဖြစ်နိုင်ပါချေ။

သေခြင်းတရား၏ အကြောင်းခံများကို ရှောင်ရှားခြင်းနှင့် သက်ဆိုင်သည့်ဥပဒေများ

သေဆုံးရသည့် ပုံမှန်အကြောင်းခံများစွာရှိပြီး၊ ယင်းတို့မှ ရှောင်ရှားရန် လူတို့အား ဆင်ခြင်တုံတရားနှင့် ရှရီအဟ်နှစ်ခုစလုံးက အလိုရှိပေသည်။ တစ်ခါသော် တမန်တော်မြတ်ﷺသည် (လဲကျ သို့မဟုတ် ပြိုကျတော့မည် ကဲ့သို့ရှိသည့်) ယိုင်နေသော နံရံတစ်ခုအောက်မှ ဖြတ်သန်းစဉ် ၎င်းအပေါ်သို့ ပြိုကျ သို့မဟုတ် လဲကျမည်စိုး၍ လျင်မြန်စွာဖြတ်သန်းသွားခဲ့သည်။ ထိုနည်းတူစွာ အကယ်၍ တစ်နေရာတွင် မီးလောင်လျှင် ဆင်ခြင်တုံတရားနှင့် ရှရီအဟ်နှစ်ခုစလုံးက လူတစ်ဦးအား ထိုနေရာမှ ထွက်ပြေးရန် အဆုံးအဖြတ်ပေး၏။ သေခြင်းတရားထံမှ ထွက်ပြေးသည့် ဤအနေအထားများသည် အကယ်၍ ကျွန်ုပ်တို့၏ အီမာန်မှာ ခိုင်မြဲသည့်ပြင် ကြိုတင်သတ်မှတ်ပြီးဖြစ်သော ကျွန်ုပ်တို့သေဆုံးမည့်အချိန် ချဉ်းကပ်လာသောအခါ၊ ကျွန်ုပ်တို့သည် လွတ်မြောက်နိုင်ကြလိမ့်မည် မဟုတ်ကြောင်းကို ယုံကြည်ပါက အထက်ပါ အာယတ်တော်က ရှုံ့ချသော သေခြင်းတရားမှ ထွက်ပြေးခြင်း အမျိုးအစားတွင် မကျရောက်ပေ။ ကျွန်ုပ်တို့အနေဖြင့် ထူးခြားသော အခြေအနေတစ်ခုတွင် မီး သို့မဟုတ် အဆိပ် သို့မဟုတ် အခြားမနှစ်မြို့ဖွယ်ရာ တစ်ခုသည် ကျွန်ုပ်တို့အတွက် ပြဋ္ဌာန်းထားသည့် သေခြင်းတရား၏အကြောင်းခံ ဖြစ်လိမ့်မည်ဟု ဧကန်မုချ မသိသောကြောင့်၊ ယင်းတို့ထံမှ ထွက်ပြေးခြင်းသည် အာယတ်တော်က ရှုံ့ချသော သေခြင်းတရားထံမှ (လွတ်မြောက်အောင်) ထွက်ပြေးခြင်းနှင့် မတူညီပေ။

လျင်မြန်စွာ ပြန့်ပွားသော ပလိပ် သို့မဟုတ် ကပ်ရောဂါနှင့် ပတ်သက်၍မူ သီးခြားကိစ္စတစ်ခုဖြစ်၏။ ဥပဒေပညာကျမ်းများနှင့် ဟဒီးသ်ကျမ်းများတွင် အသေးစိတ်ပါရှိသည်ဖြစ်၍ ရှာဖွေကြည့်ရှုကြပါကုန်။ ရူးဟွလ်မအာနီ၏ ကျမ်းရှင်က ဤအကြောင်းကို ပြည်စုံစေ့စပ်စွာ ဆွေးနွေးထားသည့်ပြင် နားလည်လွယ်အောင် ရှင်းပြထားပါသည်။ ထိုအထဲမှ အသေးစိတ်အချို့ကို အာယတ်တော် ၂း၂၄၃-၂၄၄ ၏အောက်တွင် ပေးခဲ့ပြီးဖြစ်၏။

(ကြည့်- မဟာရိဖုလ် ကုရ်အာန်မြန်မာပြန် - တွဲ- ၂၊ စာ- ၃၃၁-၃၄၀)

အာယတ်တော် (၉-၁၁)

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا نُوْدِيَ لِلصَّلٰوةِ مِنْ يَّوْمِ الْجُمُعَةِ فَاسْعَوْا اِلٰى
ذِكْرِ اللّٰهِ وَ ذَرُوا الْبَيْعَ ؕ ذٰلِكُمْ خَيْرٌ لَّكُمْ اِنْ كُنْتُمْ تَعْلَمُوْنَ ۝٩
فَاِذَا قُضِيَتِ الصَّلٰوةُ فَانْتَشِرُوْا فِي الْاَرْضِ وَ ابْتَغُوْا مِنْ فَضْلِ اللّٰهِ وَ
اذْكُرُوا اللّٰهَ كَثِيْرًا لَّعَلَّكُمْ تُفْلِحُوْنَ ۝١٠ وَ اِذَا رَاَوْا تِجَارَةً اَوْ لَهْوًا
انْفَضُّوْٓا اِلَيْهَا وَ تَرَكُوْكَ قَآئِمًا ؕ قُلْ مَا عِنْدَ اللّٰهِ خَيْرٌ مِّنَ اللَّهْوِ وَ مِنَ
التِّجَارَةِ ؕ وَ اللّٰهُ خَيْرُ الرّٰزِقِيْنَ ۝١١

အို- 'မုအ်မင်န်' သက်ဝင်ယုံကြည်သူ အပေါင်းတို့ (ဂျုမုအဟ်)သောကြာနေ့တွင် 'ဆွလာတ်' ဝတ်ပြုအံ့သောငှာ အဇာန်ပေးသောအခါ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား တသသတိရ ရှိရာသို့ အဆောတလျင် သွားကြလေကုန်။ ထိုမှတပါး အသင်တို့သည် ရောင်းဝယ်မှုကို စွန့်လွှတ်ကြလေကုန်။ အသင်တို့ သိရှိကြသည်ဖြစ်မူ အသင်တို့အဖို့ အကောင်းဆုံးပင်။[၉] ထို့နောက် 'ဆွလာတ်'ဝတ်ပြုမှု ပြီးဆုံးခဲ့သောအခါ အသင်တို့သည် ပထဝီမြေဝယ် အနှံ့အပြား သွားလာကြလျက် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်တည်းဟူသော ရိက္ခာကို ဖွေရှာဆည်းပူး ကြလေကုန်။ ထိုမှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား များစွာတသိရလျက် ရှိကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြကုန်အံ့သတည်း။[၁၀] စင်စစ်သော်ကား ထိုသူတို့သည် အရောင်းအဝယ်၊ ရောင်းကုန်ဝယ်ကုန်ကိုသော်လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲကိုသော်လည်းကောင်း၊ တွေ့မြင်ခဲ့ကြလေသောအခါ အသင့်အား မတ်တတ်ရပ်လျက် ထားခဲ့ပြီးလျှင် ယင်းရောင်းကုန်ဝယ်ကုန် သို့မဟုတ် ပျော်ပွဲရွှင်ပွဲရှိရာသို့ ကစဉ့်ကလျားပြေး၍ သွားခဲ့ကြကုန်၏။ (အို- နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) အလ္လာဟ်အရှင်မြတ် အထံတော်၌ ရှိသောအရာသည် ရောင်းကုန်ဝယ်ကုန်ထက် လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲ ထက်လည်းကောင်း၊ မွန်မြတ်လှပေသည်။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် ရိက္ခာချီးမြှင့်တော်မူသော အကောင်းဆုံးသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၁၁]

ရှင်းလင်းဖွင့်ဆိုချက်

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا نُوْدِيَ لِلصَّلٰوةِ مِنْ يَّوْمِ الْجُمُعَةِ فَاسْعَوْا اِلٰى ذِكْرِ اللّٰهِ وَ ذَرُوا الْبَيْعَ

"အို- မုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့ (ဂျုမုအဟ်) သောကြာနေ့တွင် 'ဆွလာသ်' ဝတ်ပြုအံ့သောငှာ 'အာဇာန်'ပေးသောအခါ၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား တသသတိရရှိရာသို့ အဆောတလျင် သွားကြလေကုန်။ ထိုမှတပါး အသင်တို့သည် ရောင်းဝယ်မှုကို စွန့်လွှတ်ကြလေကုန်။ အသင်တို့ သိရှိကြသည်ဖြစ်မူ အသင်တို့အဖို့ အကောင်းဆုံးပင်။"(၆၂း၉)။

သောကြာနေ့အတွက် အာရဗီစကားလုံး 'ယောင်မွလ်ဂျုမုအဟ်'ဖြစ်၏။ ဤသို့ခေါ်တွင်ရ ခြင်းမှာ ထိုနေ့သည် မွတ်စလင်များအဖို့ဝတ်ပြုရန် စုရုံးသောနေ့ဖြစ်သောကြောင့်ပင်။ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များ၊ ကမ္ဘာမြေနှင့် စကြဝဠာတစ်ခုလုံးကို (၆)ရက်နှင့် ဖန်ဆင်းတော်မူခဲ့ရာ သောကြာနေ့သည် ဖန်ဆင်း မှုပြီးမြောက်သော နောက်ဆုံးနေ့ဖြစ်လေသည်။ ထိုနေ့တွင် တမန်တော်အာဒမ်ﷺအား ဖန်ဆင်းတော်မူခဲ့သည်။ ထိုနေ့တွင် ၎င်းအား ဂျန္နတ်သုခဘုံထဲသို့ ဝင်ခွင့်ပြုတော်မူခဲ့သည်။ ထိုနေ့တွင် ကမ္ဘာမြေသို့ ပို့ချတော်မူခဲ့သည်။ နောက်ဆုံး အချိန်နာရီ သို့မဟုတ် ရှင်ပြန်ထခြင်းသည် ထိုနေ့တွင် ဖြစ်ပျက်လိမ့်မည်။ ထိုနေ့တွင် တောင်းဆုဒုအာများကို လက်ခံမည့်အချိန်တစ်ခု ရှိလိမ့်မည်။ ဤသည် အားလုံးကို စစ်မှန်သော ဟဒီးသ်အား ကိုးကားလျက် သက်သေထူထား၏။ (အိဗ်နကဆီး၏)

အလ္လာဟ်အရှင်မြတ်သည် သောကြာနေ့အား လူများအတွက် စုပေါင်းဝတ်ပြုသောနေ့နှင့် ပျော်ပွဲရွှင်ပွဲ အခမ်းအနားအဖြစ် သတ်မှတ်ပေးတော်မူခဲ့ပြီးဖြစ်၏။ သို့သော် အလျင်ကျသော အမျိုးသားများသည် ထိုနေ့အား ၎င်းတို့၏ ထွတ်မြတ်သောနေ့အဖြစ် သတ်မှတ်နိုင်လောက်အောင် ကံမကောင်းခဲ့ကြပေ။ ဂျူးတို့က စနေနေ့ကို ၎င်းတို့၏ စုရုံးဝတ်ပြုသောနေ့အဖြစ် သဘောထားခဲ့ကြသည်။ ခရစ်ယာန်တို့က တနင်္ဂနွေနေ့ကို ၎င်းတို့၏ စုပေါင်းဝတ်ပြုခြင်းနေ့အဖြစ် ပြုလုပ်ခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်သည် ဤအွမ္မတ်အား သောကြာနေ့ကို ၎င်းတို့၏ စုပေါင်းဝတ်ပြုခြင်းနေ့အဖြစ် ရွေးချယ်နိုင်စွမ်း ပေးတော်မူခဲ့ပေသည်။ [အဗူဟူရိုင်ရဟ်ﷺအား ကိုးကားလျက် ဗုခါရီနှင့် မွတ်စလင်တို့က ထပ်ဆင့်တင်ပြသည်။ အိဗ်နကဆီး၏ကိုးကားဖော်ပြသည်။]

အမိုက်ခေတ်ကာလက သောကြာနေ့အား 'ယောင်မွလ်အရူဗဟ်'ဟူ၍ သိကြသည်။ ဤနေ့၏အမည်ကို 'ယောင်မွလ်ဂျုမုအဟ်'ဟု ပြောင်းလဲခဲ့သော ပထမဆုံးအာရဗ်မှာ ကအ်ဗ်အိဗ်နလူအေယ်ဖြစ်၏။ ကုရိုက်ရှ်တို့သည် ထိုနေ့တွင် စုရုံး၍ သို့မဟုတ် စုပေါင်း၍ ဝတ်ပြုလေ့ရှိပြီး၊ ကအ်ဗ်အိဗ်နလူအေယ်က ၎င်း၏တရားဒေသနာကို ချီးမြှင့်လေ့ရှိခဲ့သည်။ ဤသို့ရှိခဲ့သည်မှာ တမန်တော်မြတ်ﷺ မပွင့်ပေါ်မီ နှစ်ပေါင်း ၅၆၀ က ဖြစ်လေသည်။ ကအ်ဗ်အိဗ်နလူအေယ်သည် တမန်တော်မြတ်ﷺ၏ ဘိုးဘေးများထဲမှ တစ်ဦးဖြစ်၏။ အမိုက်ခေတ်ကာလဖြစ်သည့်တိုင် အလ္လာဟ်အရှင်မြတ်သည် ၎င်းအား ရုပ်တုကိုးကွယ်မှုနှင့် ဝေးရာတွင် ထားတော်မူခဲ့ပြီး၊ တစ်ပါးတည်းအရှင်၌ ယုံကြည်သက်ဝင်ရန် စွမ်းရည်ကိုပေးသနားတော်မူခဲ့၏။ ၎င်းက လူများအား တမန်တော်မြတ်ﷺ ပွင့်ပေါ်မည့်အကြောင်း သတင်းကောင်းကိုလည်း ပေးခဲ့သူဖြစ်၏။ ကုရိုက်ရှ်တို့အကြား ၎င်း၏ကြီးကျယ်ပုံကို အကဲဖြတ်နိုင်သော အချက်မှာ တမန်တော်မြတ် မပွင့်ပေါ်မီ နှစ်ပေါင်း ၅၆၀ က ၎င်းကွယ်လွန်ခဲ့သည့်နှစ်ကို ရက်စွဲများ တွက်ချက်ရန်အတွက် ပြက္ခဒိန်ခေတ်အသစ်အဖြစ် မှတ်သားခဲ့ကြခြင်းဖြစ်၏။ အရေးဗီးယားတွင် ကအ်ဗဟ်ကျောင်းတော် တည်ဆောက်ချိန်ကို ပထမဦးဆုံး ပြက္ခဒိန်ခေတ်အဖြစ် ထူထောင်ခဲ့ပြီး၊ ရက်စွဲများကို ထိုပြက္ခဒိန်အရ တွက်ချက်ခဲ့ကြသည်။ ထို့နောက်မှ ကအ်ဗ်အိဗ်နလူအေယ် ကွယ်လွန်သည့်နှစ်ကို အခြားခေတ်တစ်ခုအဖြစ် အမှတ်အသားပြုခဲ့ပြီး၊ ထိုနှစ်ပေါ်တွင် အခြေခံ၍ ရက်စွဲများကို တွက်ချက်ခဲ့ကြသည်။ တမန်တော်မြတ်ﷺ ဖွားမြင်သောနှစ်တွင် 'ဆင်'အဖြစ်အပျက် ဖြစ်ပေါ်သောအခါ၊ ထိုနှစ်သည် အာရဗ်ပြက္ခဒိန်၏ ခေတ်သစ်တစ်ခုဖြစ်လာခဲ့ပြီး၊ ထိုနှစ်ပေါ်မူတည်၍ ရက်စွဲများကို တွက်ချက်ခဲ့ကြပြန်လေသည်။ အချုပ်အားဖြင့်၊ ယောင်မွလ်ဂျုမုအဟ်၏ အရေးကြီးပုံကို အစွလာမ်မတိုင်မီ ကအ်ဗ်အိဗ်နလူအေယ်၏ လက်ထက်ကပင် အာရေးဗီးယား၌ အသိအမှတ်ပြုခဲ့ကြပြီးဖြစ်သည့်ပြင်၊ ထိုနေ့ကို ယောင်မွလ်ဂျုမုအဟ်ဟု မှည့်ခေါ်ခြင်းမှာ ၎င်း၏လက်ရာအဖြစ် မှတ်ယူခဲ့ကြလေသည်။ (မဇ်ဟရီ) အချို့ဆင့်ပြန်ချက်များအရ ဟစ်ဂျ်ရတ်မတိုင်မီက မဒီနာမြို့မှ အန်ဆွာများသည် ဂျုမုအဟ်ဆွလတ်ကို မပြုမနေရတာဝန်အဖြစ် သတ်မှတ်ခြင်းမပြုမီကပင် သောကြာနေ့၌ စုပေါင်း၍ဝတ်ပြုလေ့ရှိခဲ့ကြသည်။ ၎င်းတို့သည် ၎င်းတို့၏ကိုယ်ပိုင် 'အိဂျ်တိဟာဒ်'(ချင့်ချိန်ဆုံးဖြတ်မှု)ပေါ် အခြေခံ၍ ဤသို့ပြုလုပ်ရန် စည်းရုံးခဲ့ကြခြင်း

ဖြစ်၏။ (မုဟမ္မဒ်အိပ်နိစီရိန်အား ကိုးကား၍ စစ်မှန်သော ဆင့်ပြန်သူကွင်းဆက်ဖြင့် အဗ်ဒုရာဇ်ဇားက် ထပ်ဆင့်တင်ပြသည်။ မဇ်ဟရီ ကိုးကားဖော်ပြသည်။)

اِذَا نُوْدِیَ لِلصَّلٰوةِ مِنْ یَّوْمِ الْجُمُعَةِ".... သောကြာနေ့တွင် 'ဆွလာတ်' ဝတ်ပြုအံ့သောငှာ 'အဇာန်' ပေးသောအခါ အသင်တို့သည် အလ္လာဟ်အရှင် မြတ်အား တသသတိရရှိရာသို့ အဆောတလျင် သွားကြလေကုန်။ ထိုမှတပါး၊ အသင်တို့သည် ရောင်းဝယ်မှုကို စွန့်လွှတ်ကြလေကုန်။ ...."(၆၂း၉)။ 'နိဒါးအ်'ဟူသော စကားလုံးက 'အဇာန်' သို့မဟုတ်ဝတ်ပြုရန် ဟစ်ခေါ်ခြင်းကို ရည်ညွှန်း၏။ فَاسْعَوْا اِلٰی ذِكْرِ اللّٰه (အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းဆီသို့ အဆောတလျင် သွားကြလေကုန်)မှ 'စအ်ယ်'ဟူသော စကားလုံးသည် 'ပြေးသည် သို့မဟုတ် အပြေးအလွှားသွားသည်'ဟူ၍ လည်းကောင်း၊ 'လုပ်ငန်း တစ်ခုကို သတိကြီးစွာထား၍ ဆောင်ရွက်သည်'ဟူ၍ လည်းကောင်း အဓိပ္ပါယ်ရ၏။ 'စအ်ယ်'အား ဤနေရာတွင် ဒုတိယအဓိပ္ပါယ်ဖြင့် သုံးခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဆွလာတ်ဝတ်ပြုရာသို့ပြေး၍ သို့မဟုတ် လျင်မြန်စွာ လျှောက်လှမ်း၍ သွားခြင်းကို တမန်တော်မြတ်က တားမြစ်သောကြောင့်ဖြစ်၏။ ၎င်းကပြောကြားခဲ့သည်မှာ အကြင်သူသည် 'အိကာမဟ်'သံကိုကြားသောအခါ၊ ဆွလာတ်ဝတ်ပြုရန်အတွက် တည်ငြိမ်စွာ၊ အိန္ဒြေရစွာဖြင့် သွားသင့်၏။ အာယတ်တော်က ဆိုလိုသည်မှာ ဂျုမုအဟ်နေ့တွင် ဆွလာတ်ဝတ်ပြုရန် ယုံကြည်သက်ဝင်သူများအား ဟစ်ခေါ်သောအခါ၊ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းဆီသို့ သွားကြသင့်သည် (တစ်နည်း)၎င်းတို့သည် ဂျုမုအဟ်ဆွလာတ်နှင့် ယင်း၏တရားဒေသနာအတွက် ဗလီဝတ်ကျောင်းသို့ ဂရုတစိုက် သွားသင့်၏။ ပုဂ္ဂိုလ်တစ်ဦးသည် တစ်စုံတစ်ရာဆီသို့ ပြေးသွားသောအခါ အခြားဘာကိုမျှ အလေးမထားသကဲ့သို့ မွတ်စလင်တစ်ဦးသည် ဟစ်ခေါ်သံကိုကြားရသည်နှင့် 'အဇာန်'နှင့် 'ခွတ်ဗဟ်'တို့မှတပါး အခြားမည်သည့်အရာမှ အလေးမထားသင့်ပေ (အိပ်နိကဆီး၍)။ ذِكْرِ اللّٰه (အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်း)ဟူသည် စကားစုသည် ဂျုမုအဟ်ဆွလာတ်နှင့် ယင်းဆွလာတ် နည်းလမ်းတကျဖြစ်စေရန် စည်းကမ်းချက်များထဲမှ တစ်ခုဖြစ်သော တရားဓမ္မဟောကြားခြင်းကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ သို့ဖြစ်၍ ထိုစကားရပ်သည် ဂျုမုအဟ်ဆွလာတ်နှင့် ခွတ်ဗဟ်မိန့်ခွန်းအတွဲကို ရည်ညွှန်းခြင်းဟု အနက်ဖွင့်က အသင့်တော်ဆုံး ဖြစ်ပေမည်။ (မဇ်ဟရီနှင့် အခြားကျမ်း)

وَذَرُوا الْبَیْعَ".... ထိုမှတပါး အသင်တို့သည် ရောင်းဝယ်မှုကို စွန့်လွှတ်ကြလေကုန်။ ...."(၆၂း၉)။ 'ဗိုင်အ်'၏ တိုက်ရိုက် အဓိပ္ပါယ်သည် 'ရောင်းချခြင်း'ဖြစ်၏။ ရည်ရွယ်ချက်မှာ ဝယ်ခြင်းနှင့် ရောင်းခြင်း ကိစ္စအားလုံးကို တားဆီးရန်ဖြစ်သော်လည်း အာယတ်တော်က 'ရောင်းချခြင်း'တစ်မျိုးတည်းကိုသာ ဖော်ပြရခြင်းမှာ အရောင်းအဝယ်ပြုလုပ်ရာတွင် ကဏ္ဍတစ်ခုကို စွန့်လွှတ်လိုက်ပါက အခြားကဏ္ဍတစ်ခုသည် အလိုအလျောက် ချုပ်ငြိမ်းသွားသောကြောင့်ဖြစ်လေသည်။ ကုန်သွယ်ခြင်းသည် နှစ်ဦးနှစ်ဖက် ပါဝင်သော ရောင်းဝယ်မှုတစ်ခုဖြစ်သောကြောင့် အကယ်၍ ရောင်းချမည့်သူ မရှိပါက ဝယ်ယူမည့်သူလည်း ရှိတော့မည်မဟုတ်ပေ။

အာယတ်တော်က ညွှန်ပြသည်မှာ ဂျုမုအဟ်၏ အဇာန်ပြီးသည့်နောက် ရောင်းဝယ်ဖော်ကားမှုများကို ပိတ်ပင်ရန် ရည်ရွယ်ချက်အား လက်တွေ့အကောင်အထည်ဖော်ရန်မှာ ထိုသတ်မှတ်ချိန်အတွင်း ဈေးဆိုင်များ ပိတ်ပစ်ရန်လိုအပ်၏။ သို့မှသာ ရောင်းဝယ်ဖောက်ကားမှု အစုစုသည် အလိုအလျောက် ရပ်ဆိုင်းသွားမည်ဖြစ်၏။ ဖောက်သည်များ၊ ဈေးဝယ်များမှာ များပြားလှသောကြောင့် ၎င်းတို့အားလုံးကို တားဆီးရန် မဖြစ်နိုင်ပေ။ သို့ရာတွင် ရောင်းချသူများနှင့် ဈေးဆိုင်ရှင်များကမူ အကန့်အသတ်နှင့်ဖြစ်သောကြောင့် ၎င်းတို့အား တားဆီးနိုင်ခြင်းမှာ အောက်ခံမြော်မြင်တွေးဆဉာဏ်တော် ဖြစ်လေသည်။ အကယ်၍ ၎င်းတို့အား ဈေးမရောင်းရန် တားမြစ်လိုက်ပါက ဈေးဝယ်များဘက်မှလည်း ဝယ်ယူမှုကို အလိုအလျောက် ရပ်တန့်စေမည်ဖြစ်၏။ ဤအကြောင်းကြောင့် အာယတ်တော်က 'ရောင်းချမှ'

ပိတ်ပင်ခြင်းကို ပြဋ္ဌာန်းရုံဖြင့် လုံလောက်သည်ဟု မှတ်ယူခြင်းဖြစ်လေသည်။

အထူးမှတ်စု

အာယတ်တော်၏ဆိုလိုရင်းမှာ ဂျုမုအဟ်အဇာန်၏နောက် ရောင်းဝယ်ဖောက်ကားခြင်း၊ လယ်ယာစိုက်ပျိုးခြင်း၊ အလုပ်လုပ်ခြင်းနှင့် ဂျုမုအဟ်ဆွလာတ်နှင့် တရားဓမ္မဟောကြားခြင်းများအတွက် ပြင်ဆင်မှုကို အဟန့်အတားဖြစ်စေသည့်အခြားလုပ်ငန်းဆောင်တာဟူသမျှအားတားမြစ်ရန်ဖြစ်၏။ သို့သော်ကုရ်အာန်ကရောင်းချခြင်းတစ်ခုတည်းကိုသာဖော်ပြခြင်းမှာ မြို့ပြများတွင် နေထိုင်သူများအား ဂျုမုအဟ်ဆွလာတ်ဝတ်ပြုရန် အဓိန့်ပေးခြင်း ဖြစ်နိုင်ပြီး၊ ဆွာသိဟ် ရွာငယ်တွင် နေထိုင်သူများ မပါဝင်ပါ။ ရွာငယ်များ၊ ကျေးလက်ဒေသများနှင့် တောနေလူများအတွက်ကြောင့် သွယ်ဝိုက်၍ ညွှန်းဆိုခြင်း ဖြစ်နိုင်ပေသည်။ ဤနည်းအားဖြင့် မြို့ကြီးပြကြီးများမှလူများ လုပ်ဆောင်ကြသည့် ကုန်သွယ်မှုလုပ်ငန်းများကို တားမြစ်ခြင်းဖြစ်၏။ သို့သော် စိုက်ပျိုးရေးကဲ့သို့သော မြေယာနှင့် ပတ်သက်သည့် လုပ်ငန်းများသည် ဂျုမုအဟ်ဆွလာတ်ယတ်ပြုရန် မလိုအပ်သော ကျေးလက်ဒေသများတွင် အများအားဖြင့် လုပ်ကိုင်ကြသည်ဖြစ်၍ ထိုကဲ့သို့သော လုပ်ငန်းများကို ဤနေရာတွင် ဖော်ပြမထားခြင်း ဖြစ်နိုင်ပေသည်။ သို့ရာတွင် အွမ္မတ်၏ ဓမ္မသတ်မှူးများတညီတညွတ် သဘောတူကြသည်မှာ '၀'ဟူသော အာယတ်တော်မှ စကားလုံးသည် 'ရောင်းချခြင်း'ကိုသာ ရည်ညွှန်းသည်မဟုတ်ဘဲ ဂျုမုအဟ်ဆွလာတ်အတွက် ပြင်ဆင်ခြင်း၊ သွားလာခြင်းများကို ဟန့်တားသော လုပ်ငန်းဆောင်တာအားလုံးကို ရည်ညွှန်းသည်။ ဤနည်းအားဖြင့် စားခြင်း၊ သောက်ခြင်း၊ အိပ်စက်ခြင်း၊ စကားပြောခြင်းနှင့် စာကျက်ခြင်းပါမကျန် ဂျုမုအဟ်အဇာန်၏နောက် မပြုလုပ်ရန် တားမြစ်ပြီး၊ ဂျုမုအဟ်နှင့် သက်ဆိုင်သော လုပ်ငန်းဆောင်တာများကို သာလျှင် လုပ်ဆောင်နိုင်ပေသည်။

ဂျုမုအဟ်၏အဇာန်

မူလက ခွတ်ဗဟ်ချိန် ကျရောက်သောအခါ၊ အီမာမ်၏ရှေ့မှောက်၌ ဟစ်ခေါ်သော ဂျုမုအဟ်အတွက်အဇာန် တစ်ခုတည်းသာ ရှိခဲ့သည်။ ဤအလေ့အထသည် တမန်တော်မြတ်ﷺ၏ လက်ထက်တွင်ရှိခဲ့ပြီး၊ သာဝကကြီး အဗူဗက်ရ်ﷺနှင့် အုမာရ်ﷺတို့ လက်ထက်တိုင် ဆက်လက်ကျင့်သုံးခဲ့ကြသည်။ သို့ရာတွင် သာဝကကြီး အွစ်မာန်ﷺလက်ထက်တွင် မွတ်စလင်ဦးရေသည် အလွန်လျင်မြန်စွာ တိုးပွားလာခဲ့ပြီး၊ မဒီနာမြို့ ဆင်ခြေဖုံးများသို့တိုင် ကျယ်ပြန့်ခဲ့၏။ ခွတ်ဗဟ်ချိန်ရောက်၍ အီမာမ်၏ရှေ့၌ပေးသော အဇာန်သံကို ကွာလှမ်းသောနေရာမှ မွတ်စလင်များ မကြားနိုင်ခဲ့ကြပေ။ ထို့ကြောင့် ၎င်းက ပလီဝတ်ကျောင်းနှင့် အလှမ်းကွာသော ရောင်းဝယ်ဖောက်ကားသည့် ဇရိယာတွင်းရှိ 'အဇ်ဇောင်ရ'မှ ၎င်း၏နေအိမ်၌ မဒီနာတစ်မြို့လုံးမှ ကြားနိုင်အောင် ဟစ်ခေါ်သော အခြားအဇာန်တစ်ခုကို အစပျိုးခဲ့သည်။ ဤသို့ပြုလုပ်ခြင်းကို မည်သည့်သာဝကကြီးကမှ မကန့်ကွက်ခဲ့ပေ။ သာဝကကြီးများ၏ သဘောတူညီမှုဖြင့် ဒုတိယ အဇာန်သည် ဤပုံဤနည်း စတင်ခဲ့လေသည်။ အီမာမ်၏ရှေ့တွင် ဂျုမုအဟ်အဇာန်ပေးပြီးနောက် မပြုလုပ်ရန် တားမြစ်သော ရောင်းဝယ်ဖောက်ကားမှု အားလုံးနှင့် အခြားလုပ်ဆောင်မှုများသည် ယခုသော် ကုရ်အာန်၏ စကားအသုံးအနှုန်း "نُودِيَ لِلصَّلَوٰةِ يَوْمِ الْجُمُعَةِ".... သောကြောနေ့တွင် 'ဆွလာတ်' ဝတ်ပြုအံ့သောငှာ 'အဇာန်'ပေးသောအခါ၊ ...."ကို ထည့်တွက်ခြင်းဖြင့် သာဝကကြီး အွစ်မာန်ﷺ စတင်ခဲ့သည့် ပထမအဇာန်၏ တားမြစ်ချက်များ ဖြစ်လာခဲ့သည်။ အသေးစိပ်များကို ဟဒီးသ်ပေါင်းချုပ်ကျမ်းများ၊ ရှင်းလင်းဖွင့်ဆိုချက်များနှင့် ဥပဒေပညာစာအုပ်များတွင် တွေ့နိုင်ပါသည်။ ဤအကြောင်းရပ်အပေါ် သဘော ကွဲလွဲမှု မရှိပါချေ။

သောကြာနေ့တွင် ဇုဟိုရ်ဆွလာတ်အစား ဂျုမုအဟ်ဆွလာတ်ဝတ်ပြုရန်ကို လည်းကောင်း၊ ဂျုမုအဟ်ဆွလာတ်သည် နေ့စဉ် ၅-ကြိမ်ဆွလာတ်များနှင့် မတူခြင်းကို လည်းကောင်း အွမ္မတ်တစ်ရပ်လုံးက သဘောတူလက်ခံကြ၏။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကြိုတင်သိထားရမည့် အချက်များ ရှိပေသည်။ နေ့စဉ်ဆွလာတ် ၅-ကြိမ်ကို စုပေါင်း၍ မဟုတ်ဘဲ တစ်ဦးချင်းစီလည်း ဝတ်ပြု၍ရ၏၊ သို့မဟုတ် လူနှစ်ဦးဖြင့် စုပေါင်းဝတ်ပြု၍လည်းရ၏။ အခြားတစ်ဖက်မှကြည့်လျှင် ဂျုမုအဟ်ဆွလာတ်သည် စုပေါင်းဝတ်ပြုခြင်း မဟုတ်လျှင် အထမမြောက်ပေ။ စုပေါင်းဝတ်ပြုမှုဖြစ်ရန် လူအရေအတွက် မည်မျှရှိရမည်ဆိုခြင်းနှင့် စပ်လျဉ်း၍ ဓမ္မသတ်မှုံးများကြားတွင် ကွဲလွဲမှုရှိလေသည်။ နေ့စဉ်-၅ကြိမ်ဆွလာတ်ကို (ပင်လယ်ထဲ၊ သမုဒ္ဒရာထဲ၊ တောင်ပေါ် သို့မဟုတ် တောထဲတွင်) နေရာမရွေး ဝတ်ပြုနိုင်သည်။ သို့သော် ဂျုမုအဟ်ဆွလာတ်ကို တောထဲ၊ သဲကန္တာရထဲတွင် ဝတ်ပြုခြင်းမှာ တရားမဝင်ဟု ဓမ္မသတ်မှုံးများကဆို၏။ ထို့ပြင် အမျိုးသမီးများ၊ နာမကျန်းဖြစ်နေသူများ သို့မဟုတ် ခရီးသည်များအပေါ် ဂျုမုအဟ်ဆွလာတ် တာဝန်မရှိပေ။ ခရီးသည်အနေဖြင့် ဂျုမုအဟ်အစား ဇုဟိုရ်ဆွလာတ်ဝတ်ပြုရမည်ဖြစ်၏။ ဂျုမုအဟ်ဆွလာတ်ဝတ်ပြုနိုင်သော နေရာအမျိုးအစားနှင့် ပတ်သက်၍ ဓမ္မသတ်မှုံးများကြား ကွဲလွဲမှုရှိ၏။ အီမာမ်ရာဖိအီအရ လွတ်လပ်၍ စိတ်မှန်သော အရွယ်ရောက်ပြီးသူ (၄၀)ဦးနေထိုင်သည့် နေရာတွင် ဂျုမုအဟ်ဆွလာတ် ဝတ်ပြုနိုင်သော်လည်း (၄၀)ဦးထက် နည်းပါက တရားမဝင်ချေ။ အီမာမ်မာလစ်အရ လူများနေထိုင်ရာအရပ်တွင် တစ်အိမ်နှင့်တစ်အိမ်သည် ဘေးချင်းကပ်လျက်ရှိရမည်ဖြစ်ပြီး၊ ဈေးသို့မဟုတ် အရောင်းအဝယ်ပြုလုပ်သည့်နေရာတစ်ခု ရှိရမည်ဖြစ်၏။ အီမာမ်အဗူဟနီဖတ်ﷺအရ ဂျုမုအဟ်ဆွလာတ် ဝတ်ပြုရန် အောက်ပါအချက်များဖြင့် ပြည့်စုံရမည်ဖြစ်၏။ လူနေအရပ်သည် မြို့ငယ်၊ မြို့ကြီး သို့မဟုတ် လမ်းများ၊ အရောင်းအဝယ်ပြုလုပ်သည့်နေရာများ၊ မွတ်စလင်အုပ်ချုပ်ရေးမှူးနှင့် လူတို့၏အခွင့်အရေးများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပြီး၊ အငြင်းပွားမှုများကို အဆုံးအဖြတ်ပေးနိုင်သော တရားသူကြီးတစ်ဦးရှိသည့် ရွာကြီးတစ်ရွာဖြစ်ရမည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ အသေးစိပ်များ၊ သက်သေပြချက်များကို ဖော်ပြရန် အချိန်မရှိပေ။ ပညာရှင်များက ဤခေါင်းစဉ်ဖြင့် သီးခြားစာအုပ်များ ရေးသားဖော်ပြထားပြီးဖြစ်၏။

အတိုချုပ်အားဖြင့်၊ အမိန့်တော်၏ ယေဘုယျသဘောမှာ ဂျုမုအဟ်ဆွလာတ်ဝတ်ပြုရန်ကို မိန့်တော်မူခြင်းခံရသော လူများ၏ အစိပ်အပိုင်းတစ်ခုအတွက်သာ ကန့်သတ်ထားပြီး၊ မွတ်စလင်တိုင်းအတွက် မပြုမနေရတာဝန်မဟုတ်ပေ။ သို့သော် ယင်းဆွလာတ်အတွက် မပြုမနေရတာဝန်ဖြစ်ရန် စည်းကမ်းချက်နှင့် မရှိမဖြစ် လိုအပ်ချက်အချို့ကား ရှိပေသည်။ မရှိမဖြစ် ရှိထားရမည့် လိုအပ်ချက်များကို သတ်မှတ်ရာ၌သာ သဘောကွဲလွဲမှုရှိခြင်းဖြစ်သည်။ သို့သော် မရှိမဖြစ် ရှိထားရမည့် လိုအပ်ချက်များကို အသုံးပြု၍ဖြစ်စေ၊ အဖွဲ့အုပ်စုတစ်ခု၏ ရှုထောင့်မှဖြစ်စေ ဂျုမုအဟ်ဆွလာတ်သည် မပြုမနေရတာဝန် ဖြစ်လာပါက ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ယင်းဆွလာတ်ကို လျစ်လျူရှုသူအဖို့ ရှုရှီအဟ်အားဖြင့် ပြင်းထန်သော သတိပေးချက်ရှိပေသည်။ အခြားတစ်ဖက်မှလည်း ယင်းဆွလာတ်၏ စည်းကမ်းချက်များနှင့် လိုအပ်ချက်များကို ပြည့်စုံအောင် ဖြည့်စွမ်းသောသူများအတွက် ကြီးကျယ်သော ဆုလာဘ်နှင့် ကောင်းချီးမင်္ဂလာများ၏ ကတိတော်တစ်ရပ် ရှိပေသည်။

ဂျုမုအဟ်ပြီးသည့်နောက် လုပ်ငန်းဆောင်ရွက်ခြင်း၏ ကောင်းချီးမင်္ဂလာများ

"فَإِذَا قُضِيَتِ الصَّلٰوةُ فَانْتَشِرُوْا فِي الْأَرْضِ وَ ابْتَغُوْا مِنْ فَضْلِ اللّٰهِ ထို့နောက် 'ဆွလာတ်'ဝတ်ပြုမှု ပြီးဆုံးခဲ့သောအခါ အသင်တို့သည် ပထဝီမြေဝယ် အနှံ့အပြား သွားလာကြလျက် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်တည်းဟူသော ရိကွာကို ဖွေရှာဆည်းပူးကြလေကုန်။ ...."(၆၂း၁၀)။ အလျင်အာယတ်တော်က ဂျုမုအဟ်၏ အဇာန်ပြီးသည့်

နောက် အရောင်းအဝယ်လုပ်ခြင်းနှင့် အခြားသော လောကီ လုပ်ငန်းဆောင်တာများ အားလုံးကို တားမြစ်ခဲ့သည်။ ယခု အာယတ်တော်က ဂျုမုအဟ်ဆွလာတ် ဝတ်ပြုပြီးသည့်နောက် ထိုလုပ်ငန်းများကို လုပ်ခွင့်ပြုသည်။ ကျွန်ုပ်တို့အား အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာရှာဖွေရန်အတွက် ကမ္ဘာ မြေအနှံ့ ခြေဆန်ကြရန် ခွင့်ပြုတော်မူလေသည်။

သာဝကကြီး အိရာက်အိဗ်နိမာလစ်ﷺသည် ၎င်း၏ ဂျုမုအဟ်ဆွလာတ် ဝတ်ပြုပြီးနောက် ပလီဝတ်ကျောင်းထဲမှ ထွက်လာသောအခါ၊ တံခါးခုံ (ဖိနပ်ချွတ်)သို့ အရောက်တွင် တောင်းဆုပြုသည်မှာ-

اَللّٰهُمَّ اِنِّیْ اَجَبْتُ دَعْوَتَكَ وَصَلَّيْتُ فَرِيْضَتَكَ وَانْتَشَرْتُ كَمَا اَمَرْتَنِیْ فَارْزُقْنِیْ مِنْ فَضْلِكَ وَاَنْتَ خَيْرُ الرَّازِقِيْنَ (رواه ابن ابن حاتم، از ابن كثير)

"အို- အလ္လာဟ်၊ အရှင်မြတ်၏ ခေါ်သံကို ကျွန်တော်မျိုး တုံ့ပြန်ခဲ့ပြီး၊ ကျွန်တော်မျိုးအတွက် တာဝန်အဖြစ် ပြဋ္ဌာန်းတော်မူသော ဆွလာတ်ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ကျွန်တော်မျိုးအား အရှင်မြတ် အမိန့်ပေးတော်မူခဲ့သည့် အတိုင်း အသက်မွေးဝမ်းကျောင်းရှာဖွေရန် အပြင်သို့ထွက်ပါတော့မည်။ သို့ပါ၍ ကျွန်တော်မျိုးအား အရှင်မြတ်၏ ဘုန်းကျက်သရေတော်မှ ကျွန်တော်မျိုး၏ အသက်မွေးဝမ်းကျောင်း ချီးမြှင့်ပေးသနားတော်မူပါ၏။ အရှင်မြတ်သည် အကောင်းဆုံးသော စားနပ်ရိက္ခာပေးကမ်းသူ ဖြစ်တော်မူပါသည်။" (အိဗ်နိအဗီဟာတင် ထပ်ဆင့်တင်ပြပြီး၊ အိဗ်နိကဆီးရ် ကိုးကားသည်။) ကောင်းမြတ်သော ရှေးလူကြီးသူမအချို့က တင်ပြသည်မှာ ဂျုမုအဟ်ပြီးသည့်နောက် ၎င်း၏အရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင်သူအား အလ္လာဟ်အရှင်မြတ်သည် ကောင်းချီးမင်္ဂလာ အဆပေါင်း(၇၀) ချီးမြှင့် ပေးသနားတော်မူမည်ဖြစ်၏။ (အိဗ်နကဆီးရ်)

ကောင်းမြတ်သော ရှေးလူကြီးသူမများထံမှ တင်ပြသည်မှာ မည်သူမဆို ၎င်း၏ကူးသန်းရောင်းဝယ်မှုကို ဂျုမုအဟ်ဆွလာတ် ပြီးသည့်နောက် ပြုလုပ်ပါက ၎င်းအား အလ္လာဟ်အရှင်မြတ်သည် ကောင်းချီးမင်္ဂလာ(၇၀)ဖြင့် ကျေးဇူးပြုတော်မည်ဖြစ်၏။ (အိဗ်နကဆီးရ်)

"وَاذْكُرُوا اللّٰهَ كَثِيْرًا لَّعَلَّكُمْ تُفْلِحُوْنَ .... ထိုမှတပါး အသင်တို့သည် အရှင်မြတ်အား များစွာတသသတိရလျက်ရှိကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြကုန်အံ့သတည်း။ ...."(၆၂း၁၀)။ ဆိုလိုသည်မှာ ဆွလာတ်ဝတ်ပြုပြီးသည့်နောက် ကူးသန်းရောင်းဝယ်မှု လုပ်ငန်းများကို လုပ်ခွင့်ပြုသော်လည်း အကြင်သူသည် ဤလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း၌ပင် ကာဖိရ်များ ပြုလုပ်ကြသကဲ့သို့ အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းကို လျစ်လျူမရှုသင့်ဘဲ အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ သတိရတသမှုကို အောက်မေ့နေရမည်ဖြစ်၏။

ဂျုမုအဟ်၏ ခွတ်ဗဟ်ဟောကြားနေသော အီမာမ်ကို စွန့်ခွာသူတို့အား ဆိုဆုံးမခြင်း

وَاِذَا رَاَوْا تِجَارَةً اَوْ لَهْوًا انْفَضُّوْٓا اِلَيْهَا وَتَرَكُوْكَ قَآئِمًا ؕ قُلْ مَا عِنْدَ اللّٰهِ خَيْرٌ مِّنَ اللَّهْوِ وَمِنَ التِّجَارَةِ ؕ وَاللّٰهُ خَيْرُ الرّٰزِقِيْنَ

"စင်စစ်သော်ကား ထိုသူတို့သည် အရောင်းအဝယ်- ရောင်းကုန်ဝယ်ကုန်သော်လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲ ကိုသော်လည်းကောင်း၊ တွေ့မြင်ခဲ့ကြလေသောအခါ၊ အသင့်အား မတ်တတ်ရပ်လျက် ထားခဲ့ပြီးလျှင်၊ ယင်းရောင်းကုန် ဝယ်ကုန် သို့မဟုတ် ပျော်ပွဲရွှင်ပွဲရှိရာသို့ ကစဉ့်ကလျားပြေး၍ သွားခဲ့ကြကုန်၏။ (အို- နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့)

အလ္လာဟ်အရှင်မြတ် အထံတော်၌ရှိသော အရာသည် ရောင်းကုန်ဝယ်ကုန်ထက် လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲထက် လည်းကောင်း၊ မွန်မြတ်လှပေသည်။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် ရိကွာ ချီးမြှင့်တော်မူသော အကောင်းဆုံးသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။"(၆၂း၁၁)။

တစ်ခါက သောကြာနေ့ တရားဓမ္မဟောကြားမှုကို စွန့်ပစ်ပြီး အရောင်းအဝယ်ကိစ္စတစ်ခုကို အာရုံစိုက်ခဲ့ကြသော လူများအား အာယတ်တော်က ဆိုဆုံးမခြင်းဖြစ်၏။ အီမာမ်အိဗ်နိကဆီးရ်က ပြောကြားသည်မှာ ဤအဖြစ်အပျက်သည် ဂျုမုအဟ်ဆွလာတ်အပြီး သောကြာနေ့တရားဓမ္မကို တမန်တော်မြတ်ﷺ ဟောကြားလေ့ရှိသော အချိန်တွင် ဖြစ်ပျက်ခဲ့သည်။ တစ်ကြိမ်သော် တမန်တော်မြတ်ﷺသည် သောကြာဆွလာတ်ဝတ်ပြုမှု ပြီးဆုံးသောအခါ၊ တရားဓမ္မဟောကြားလျက် ရှိနေခဲ့သည်။ ရုတ်တရက်ပင် မဒီနာမြို့၏ ဈေးနေရာသို့ ကုန်လှည်းတန်းတစ်ခု ရောက်လာခဲ့သည်။ ကုန်လှည်းတန်းရောက်ကြောင်းကို အသိပေးရန်အတွက် ဗုံများကို တီးခတ်ခဲ့ကြသည်။ သောကြာဆွလာတ်မှာ ပြီးဆုံးခဲ့ပြီးဖြစ်၍ တရားဓမ္မဟောကြားလျက် ရှိနေခဲ့သည်။ မြင့်မြတ်သော သာဝကကြီးများထဲမှ သာဝကကြီးများစွာသည် ဈေးနေရာမှာ ဖရဲသွဲဆွလာတ်သည် ပြီးသွားခဲ့ပြီးဖြစ်၏။ ထို့ပြင် ထိုအချိန်ထိ သောကြာတရားဓမ္မဟောကြားမှု၏ အဆင့်အတန်းသည် ဖရဲသွဲဆွလာတ်၏ အပိုင်းတစ်ပိုင်းဖြစ်ကြောင်းကို ၎င်းတို့မသိခဲ့ကြသေးပေ။ ဒုတိယအကြောင်းမှာ မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းများ ရှားပါးပြတ်လပ်နေချိန်ဖြစ်သည်။ တတိယအကြောင်းမှာ ကုန်လှည်းတန်းဆီသို့ အပြေးအလွှား သွားကြခြင်းသည် အကယ်၍ ၎င်းတို့သာ အချိန်မီမရောက်က ၎င်းတို့အဓိကလိုအပ်သည့် အရာများကို မရလိုက်မှာစိုးသောကြောင့်ဖြစ်၏။ ရလဒ်အနေဖြင့် မြင့်မြတ်သော သာဝကကြီးများသည် အမှားကို ကျူးလွန်မိခဲ့ကြသည်ဖြစ်၍ အထက်မှ ဟဒီးသ်က သတိပေးချက်တစ်ရပ်၏ လေသံပေါက်နေခြင်း ဖြစ်လေသည်။ အကယ်၍သာ ၎င်းတို့ထဲမှ လူအားလုံး ထွက်သွားခဲ့ကြမည်ဆိုပါက အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်သည် ၎င်းတို့အား ကျော်နင်းလွှမ်းမိုးခဲ့လိမ့်မည် ဖြစ်ပေသည်။ ယခု အာယတ်တော် إِذَا رَأَوْا تِجَارَةً ကို ၎င်းတို့အား သတိပေးရန်နှင့် အရှက်ရစေရန် ထုတ်ပြန် ပို့ချတော်မူခဲ့ခြင်းဖြစ်၏။ ဤအကြောင်းကြောင့် တမန်တော်မြတ်ﷺသည် ထိုနေ့မှစ၍ သောကြာတရားဓမ္မဟောကြားခြင်းနှင့် ဆွလာတ်ဝတ်ပြုခြင်းတို့၏ အစီအစဉ်ကို ပြောင်းလဲပြီး၊ ဆွလာတ်၏အလျင် တရားဓမ္မဟောကြားခြင်းကို ပြုလုပ်ခဲ့သည်။ ဤအစီအစဉ်မှာ ယခုအခါ အတည်ပြုပြီးဖြစ်သောနည်းလမ်း(စွန္ဒတ်) ဖြစ်ပေတော့သည်။ (အိဗနိကဆီးရ်)

အာယတ်တော်က အလ္လာဟ်အရှင်မြတ်ထံတော်၌ရှိသောအရာ (တစ်နည်း) တမလွန်၏ ဆုလာဘ်သည် ဤလောက၏ ကုန်ပစ္စည်းနှင့် ပျော်ပွဲရွှင်ပွဲများထက်ပို၍ကောင်းကြောင်း လူများကိုပြောပြရန် တမန်တော်မြတ်ﷺအား ညွှန်ကြားခြင်းဖြစ်လေသည်။ ဆွလာတ်နှင့် တရားဓမ္မဟောကြားခြင်းတို့အတွက် အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းရှာဖွေမှုကို ပစ်ပယ်ကျောခိုင်းသော လူများသည် ဤလောက၌ပင် အလ္လာဟ်အရှင်မြတ်ထံတော်မှ ၎င်းတို့၏ စားနပ်ရိက္ခာ၌ ကြီးမားသော ကောင်းချီးမင်္ဂလာများကို ဆွဲဆောင်လိမ့်မည်မှာ ယုံမှားစရာမဟုတ်ကြောင်း အိဗ်နိကဆီးရ်အား ကိုးကားလျက် ကောင်းမြတ်သော ရှေးလူကြီးသူမများထံမှ အထောက်အထားအဖြစ် ညွှန်းခဲ့ပြီးဖြစ်၏။

အလ်ဟမ်ဒုလေလ္လာ

စူရဟ်အလ်ဂျုမုအဟ်၏ ရှင်းလင်းဖွင့်ဆိုချက် ဤတွင်ပြီး၏။

စူရဟ် အလ်မုနာဖိကူးန်

(မွတ်စလင်အယောင်ဆောင်များကလွဲ)

ဤစူရဟ်သည် မဒီနာမြို့တွင်ကျရောက်ခဲ့ပြီး အာယတ်တော် (၁၁)ပါး၊ ရုကူအ်(၂)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော၊ မဟာကရုဏာအပေါင်းနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယတ်တော် (၁-၈)

اِذَا جَآءَكَ الْمُنٰفِقُوْنَ قَالُوْا نَشْهَدُ اِنَّكَ لَرَسُوْلُ اللّٰهِ ۘ وَ اللّٰهُ يَعْلَمُ اِنَّكَ
لَرَسُوْلُهٗ ؕ وَ اللّٰهُ يَشْهَدُ اِنَّ الْمُنٰفِقِيْنَ لَكٰذِبُوْنَ ۚ﴿۱﴾ اِتَّخَذُوْۤا اَيْمَانَهُمْ جُنَّةً
فَصَدُّوْا عَنْ سَبِيْلِ اللّٰهِ ؕ اِنَّهُمْ سَآءَ مَا كَانُوْا يَعْمَلُوْنَ ﴿۲﴾ ذٰلِكَ بِاَنَّهُمْ اٰمَنُوْا
ثُمَّ كَفَرُوْا فَطُبِعَ عَلٰى قُلُوْبِهِمْ فَهُمْ لَا يَفْقَهُوْنَ ﴿۳﴾ وَ اِذَا رَاَيْتَهُمْ تُعْجِبُكَ
اَجْسَامُهُمْ ؕ وَ اِنْ يَّقُوْلُوْا تَسْمَعْ لِقَوْلِهِمْ ؕ كَاَنَّهُمْ خُشُبٌ مُّسَنَّدَةٌ ؕ يَحْسَبُوْنَ
كُلَّ صَيْحَةٍ عَلَيْهِمْ ؕ هُمُ الْعَدُوُّ فَاحْذَرْهُمْ ؕ قٰتَلَهُمُ اللّٰهُ ۫ اَنّٰى يُؤْفَكُوْنَ ﴿۴﴾ وَ اِذَا
قِيْلَ لَهُمْ تَعَالَوْا يَسْتَغْفِرْ لَكُمْ رَسُوْلُ اللّٰهِ لَوَّوْا رُءُوْسَهُمْ وَ رَاَيْتَهُمْ
يَصُدُّوْنَ وَ هُمْ مُّسْتَكْبِرُوْنَ ﴿۵﴾ سَوَآءٌ عَلَيْهِمْ اَسْتَغْفَرْتَ لَهُمْ اَمْ لَمْ تَسْتَغْفِرْ
لَهُمْ ؕ لَنْ يَّغْفِرَ اللّٰهُ لَهُمْ ؕ اِنَّ اللّٰهَ لَا يَهْدِى الْقَوْمَ الْفٰسِقِيْنَ ﴿۶﴾ هُمُ الَّذِيْنَ
يَقُوْلُوْنَ لَا تُنْفِقُوْا عَلٰى مَنْ عِنْدَ رَسُوْلِ اللّٰهِ حَتّٰى يَنْفَضُّوْا ؕ وَ لِلّٰهِ خَزَآئِنُ
السَّمٰوٰتِ وَ الْاَرْضِ وَ لٰكِنَّ الْمُنٰفِقِيْنَ لَا يَفْقَهُوْنَ ﴿۷﴾ يَقُوْلُوْنَ لَئِنْ
رَّجَعْنَاۤ اِلَى الْمَدِيْنَةِ لَيُخْرِجَنَّ الْاَعَزُّ مِنْهَا الْاَذَلَّ ؕ وَ لِلّٰهِ الْعِزَّةُ وَ لِرَسُوْلِهٖ وَ
لِلْمُؤْمِنِيْنَ وَ لٰكِنَّ الْمُنٰفِقِيْنَ لَا يَعْلَمُوْنَ ﴿۸﴾

'မုနာဖစ်က်'အယောင်ဆောင်မွတ်စ်လင်မ်တို့သည် အသင့်ထံလာခဲ့ကြသောအခါ မုချဇကန် အသင်းသည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်း ကျွန်တော်များ သက်သေခံကြပါသည်ဟု ပြောဆိုကြကုန်၏။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်း ကောင်းစွာသိရှိတော်မူ၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ဇကန်မလွဲ 'မုနာဖစ်က်'အယောင်ဆောင် မွတ်စ်လင်မ်တို့မှာ မုသာဝါဒီများဖြစ်ကြောင်း သက်သေခံတော်မူ၏။[၁] ၎င်းတို့သည်ကား မိမိတို့၏ကျိန်ဆိုချက်များကို အကာအကွယ် ပြုလုပ်ပြီးလျှင် (သူတစ်ပါးတို့အား) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ တားဆီးပိတ်ပင်ခဲ့ကြလေ၏။ ဇကန်စင်စစ် ၎င်းတို့၏ ပြုမူချက်များမှာ လွန်စွာဆိုးရွားလှ၏။[၂] ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့သည်သက်ဝင်ယုံကြည်ခဲ့ကြပြီးနောက် သွေဖည်ငြင်းပယ်ခဲ့ကြသော ကြောင့်ပင်။ သို့ဖြစ်ပေရာ ၎င်းတို့သည် နားလည်ကြသည်မဟုတ်ပြီ။[၃] ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား တွေ့မြင်သောအခါ ၎င်းတို့၏ လုံးရပ် သဏ္ဌာန်များသည် အသင်၏အမြင်၌ လှပစွာမြင်ရပေမည်။ ထိုနည်းတူစွာ အကယ်၍ ၎င်းတို့သည် စကားစမည် ပြောဆိုကြလျှင် အသင်သည် ၎င်းတို့၏ စကားကို (စိတ်ဝင်စားစွာ) နားထောင်ပေမည်။ ၎င်းတို့မှာမှီ၍ထားသော သစ်တုံးများကဲ့သို့ပင် ဖြစ်ကြကုန်၏။ ဟစ်အော်သံ(ကြားရ)တိုင်း မိမိတို့ နှင့်ဆန့်ကျင်၍ (ဟစ်အော်သည်ဟု) ထင်မှတ်ကြ၏။ ၎င်းတို့သည်ပင် ရန်သူများဖြစ်ကြ၏။ သို့ဖြစ်ရာ အသင်သည် ၎င်းတို့နှင့် ကင်းရှင်းစွာနေပါလေ။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ဖျက်ဆီးတော်မူပါစေ။ ၎င်းတို့သည် အဘယ်သို့ ပြန်လှည့်၍ ထွက်သွားကြသနည်း။[၄] ၎င်းပြင် ထိုသူတို့အား 'အသင်တို့သည် လာကြလေကုန်၊ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည် အသင်တို့အဖို့ လွတ်ငြိမ်းခွင့်ကို ပန်ကြား၍ပေးမည်'ဟု ပြောဆိုသောအခါ ၎င်းတို့သည် မိမိတို့၏ ဦးခေါင်းများကို လှုပ်ခါကြကုန်၏။ ထို့ပြင် (အို-နဗီ တမန်တော်) အသင်သည် ၎င်းတို့အား မာန်မာနထောင်လွှားကြလျက် ပြန်လှည့်၍ သွားကြသည်ကို တွေ့မြင်ရပေမည်။[၅] အသင်သည် ၎င်းတို့အဖို့ လွတ်ငြိမ်းခွင့်ကို ပန်ကြားသည်ဖြစ်စေ၊ ၎င်းတို့ အဖို့ လွတ်ငြိမ်းခွင့်ကို ပန်ကြားခြင်းမပြုသည်ဖြစ်စေ၊ ၎င်းတို့အဖို့ အကြောင်းမထူးပြီ။ ဇကန်အမှန် အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်ကို သွေဖည်သောသူတို့အား တရားလမ်းမှန်သို့ ပို့ပေးတော်မူသည် မဟုတ်ပေ။[၆] ၎င်းတို့ကပင် 'အသင်တို့သည် ရစူလ်တမန်တော်မြတ်၏ ထံတော်ပါး၌ ရှိနေကြသောသူတို့အပေါ်၌ ၎င်းတို့ကစဉ့်ကလျား ဖြစ်သွားကြသည်အထိ သုံးစွဲခြင်းကို မပြုကြကုန်လင့်'ဟူ၍ ပြောဆိုခဲ့ကြကုန်၏။ စင်စစ်သော်ကား မိုးကောင်းကင်များ၌ ရှိကုန်သော ဘဏ္ဍာတော်များသည် လည်းကောင်း၊ ပထဝီမြေ၌ရှိကုန်သော ဘဏ္ဍာတော်များသည် လည်းကောင်း၊ အရှင်မြတ် ပိုင်ဆိုင်တော်မူသော ဘဏ္ဍာတော်များသာ ဖြစ်ကုန်၏။ သို့ရာတွင် 'မုနာဖစ်က်' အယောင်ဆောင် မွတ်စ်လင်မ်တို့သည် နားလည်ကြသည် မဟုတ်ပေ။[၇] ၎င်းတို့ကပင် (ယခုသော်) ကျွန်ုပ်တို့သည် 'မဒီနာ'မြို့သို့ ပြန်၍သွားခဲ့ကြလျှင်၊ ဂုဏ်အသရေအားအင်ရှိသူတို့သည် ဂုဏ်အသရေအားအင်မဲ့သောသူတို့အား ထိုမြို့မှ ဇကန်မလွဲ နှင်ထုတ်ကြပေမည်ဟူ၍(လည်း) ပြောဆိုကြကုန်၏။ စင်စစ်မှာမူကား ဂုဏ်အသရေအားအင်ဟူသည် အလ္လာဟ်အရှင်မြတ်၌သာ လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်၌သာ လည်းကောင်း၊ 'မုအ်မင်နိ'သက်ဝင်ယုံကြည်သူတို့၌သာ လည်းကောင်း၊ ရှိပေ

သည်။ သို့တစေလည်း 'မုအ်မင်န်' အယောင်ဆောင်တို့မှာမူကား သိရှိ ကြသည် မဟုတ်ပေ။[၈]

ရှင်းလင်းဖွင့်ဆိုချက်

ထုတ်ပြန်ပို့ချခြင်း၏နောက်ခံအကြောင်း

ဤစူရဟ်ကျရောက်ခဲ့သည့် အဖြစ်အပျက်သည် ဗနူလ်မုဆွတွလစ်မျိုးနွယ်အပေါ် ဆင်နွှဲသော တိုက်ပွဲစဉ်တွင် ဖြစ်ပွားခဲ့သည်။ ဤအဖြစ်အပျက်သည် မုဟမ္မဒ်အိဗ်နိုအစ္စွဟားက်၏ အဆိုအရ ဟစ်ဂျ်ရီသက္ကရာဇ် ၆ ခုနှစ်၊ ရှာအ်ဗာန်လတွင်လည်းကောင်း၊ ကတာဒဟ်နှင့် အုရ်ဝဟ်တို့၏ အဆိုအရ ဟစ်ဂျ်ရီ ၅ ခုနှစ် ရှာအ်ဗာန်လတွင် လည်းကောင်း ဖြစ်ပျက်ခဲ့သည် (မဇ်ဟရီ)။ မုဟမ္မဒ်အိဗ်နုအစ္စွဟာက်နှင့် သမိုင်းပညာရှင်များ၏ အဆိုအရ အဖြစ်အပျက်၏ အသေးစိပ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။ အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ်ﷺသည် ဗနူလ်မုဆွတွာလစ်က်မျိုးနွယ် အကြီးအကဲဖြစ်သူ ဟာရစ်အိဗ်နုဒီရာရ်က ၎င်းအားတိုက်ခိုက်ရန် ပြင်ဆင်နေကြောင်း သတင်းရရှိခဲ့သည်။ ဟာရစ်အိဗ်နုဒီရာရ်သည် သခင်မဂျူဝေရိယဟ်ﷺ၏ ဖခင်ဖြစ်၏။ နောက်ပိုင်းတွင် ဂျူဝေရိယဟ်ﷺသည် အစ္စလာမ်ကို လက်ခံယုံကြည်ခဲ့ပြီး၊ တမန်တော်မြတ်ﷺ၏ မြင့်မြတ်သော ကြင်ယာတော်များထဲမှ တစ်ပါးဖြစ်လာခဲ့သည်။ ဟာရစ် အိဗ်နိဒီရာရ်ﷺ ကိုယ်တိုင်သည်လည်း နောက်ပိုင်းတွင် အစ္စလာမ်ကို လက်ခံယုံကြည်ခဲ့လေသည်။

သို့လင့်ကစား ၎င်းအား ဆန့်ကျင်တိုက်ခိုက်မည့် သတင်းကို ရရှိသောအခါ၊ အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ်ﷺသည် မွတ်စလင်တပ်ဖွဲ့တစ်ခုကို စုစည်းလျက် ၎င်းတို့အား ရင်ဆိုင်ရန် ထွက်ခဲ့သည်။ မွတ်စလင်အယောင်ဆောင်များစွာသည် စစ်ပွဲလက်ရပစ္စည်းများမှ ခွဲတမ်းရလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ဂျိဟာဒ်တွင်ဝင်၍ တိုက်ခိုက်ရန် မွတ်စလင်များနှင့် ပူးပေါင်းခဲ့ကြသည်။ ၎င်းတို့၏ နှလုံးသားထဲ၌ ယုံကြည်သက်ဝင်မှု မရှိသော်ငြားလည်း အလ္လာဟ်အရှင်မြတ်သည် တမန်တော်၏ဘက်မှ ကူညီတော်မူလိမ့်မည်ဖြစ်၍ ၎င်းသည် အောင်နိုင်လိမ့်မည်ဖြစ်ကြောင်း ကိုမူ ၎င်းတို့က သေချာပေါက် တွက်ဆထားခဲ့ကြသည်။

ဗနူမုဆွတွလစ်က်မျိုးနွယ်တို့ အခြေချရာ နယ်ပယ်သို့ ရောက်ရှိသောအခါ၊ တမန်တော်မြတ်ﷺသည် 'မူရိုင်စီအ်'အမည်ရ ရေတွင်းတစ်ခုအနီးတွင် ဟာရစ်အိဗ်နိဒီရာရ်၏ စစ်သည်များနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် ထိုစစ်ပွဲအား 'မူရိုင်စီအ်'စစ်ပွဲဟုလည်း ခေါ်တွင်ပေသည်။ ထိုရင်ဆိုင်တိုက်ပွဲတွင် နှစ်ဘက်စစ်သည်များသည် များများဖြင့် ပစ်ခတ်ခဲ့ကြသည်။ ဗနူလ်မုဆွတွလစ်ဘက်မှ လူများစွာကျဆုံးပြီး၊ အချို့မှာ ထွက်ပြေးခဲ့ကြသည်။ အချို့ယောကျ်ား၊ မိန်းမများမှာ သုံ့ပန်းများအဖြစ် ဖမ်းဆီးခြင်းခံကြရသည်။ ၎င်းတို့ပိုင်ဆိုင်သော ပစ္စည်းအချို့မှာ မွတ်စလင်များလက်တွင်းသို့ စစ်ပွဲလက်ရအဖြစ် ကျရောက်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်ﷺအား အောင်နိုင်ခြင်းကို ပေးတော်မူခဲ့ပြီး၊ ဂျိဟာဒ်မှာ အဆုံးသတ်သွားခဲ့လေသည်။

မျိုးနွယ်၊ လူမျိုး၊ နိုင်ငံ သို့မဟုတ် ဒေသအစွဲများပေါ်တွင် အခြေခံသည့် ပူးပေါင်းဆောင်ရွက်ခြင်းသည် အစ္စလာမ်မတိုင်မီ ရုပ်တုကိုးကွယ်သောဝါဒ၏ ဆောင်ပုဒ်ဖြစ်၏။

မွတ်စလင်စစ်သည်များ မူရိုင်စီအ်ရေတွင်း၌ ရှိနေခိုက်မှာပင် မူဟာဂျိရ် (ရွှေ့ပြောင်းနေထိုင်သူ) တစ်ဦးနှင့် အန်ဆာရီ (ကူညီယိုင်းပင်းသူ) တစ်ဦးတို့ကြားတွင် မပြေမလည်မှုတစ်ခု ပေါ်ပေါက်ခဲ့သည်။ ၎င်းတို့သည် စစ်ပွဲတိုက်ခိုက်သောနေရာမှ ရေနှင့်ပတ်သက်၍ ခိုက်ရန်ဖြစ်ခဲ့ကြသည်။ ရွှေ့ပြောင်းနေထိုင်သူ 'မူဟာဂျိရ်'က ၎င်း၏အပေါင်းအဖော်

'မူဟာဂျိရ်'များ ဟစ်ခေါ်အကူအညီတောင်းသကဲ့သို့ ကူညီယိုင်းပင်းသူ 'အန်ဆွာရီ'ကလည်း ၎င်း၏အပေါင်းအဖော် 'အန်ဆွာရီ'များကို အကူအညီအတွက် ဟစ်ခေါ်ခဲ့သည်။ သက်ဆိုင်ရာ ဘက်အသီးသီးမှ လူတို့သည် ရှေ့သို့ထွက်လာခဲ့ကြသဖြင့် 'မုဟာဂျိရ်'များနှင့် 'အန်ဆွာရီ'များကြားတွင် အငြင်းပွားမှုမှတစ်ဆင့် တိုက်ပွဲတစ်ခုဆီသို့ ဦးတည်သွားခဲ့ပေသည်။ ဤအကြောင်းကို တမန်တော်မြတ်ﷺ သိသောအခါ၊ အငြင်းပွားသည့်နေရာသို့ သွားရောက်ပြီး၊ مَا بَالُ دَعْوَى الْجَاهِلِيَّةِ 'ရုပ်တုကိုးကွယ်သောဝါဒ၏ ဤဆောင်ပုဒ်က ဘာလဲ (သင်တို့သည် ဒေသ၊ မျိုးနွယ်၊ လူမျိုးအစွဲများပေါ် အခြေခံပြီး ကာကွယ်မှုကို တောင်းခံကြသည်။ دَعُوهَا فَإِنَّهَا مُنْتِنَةٌ ထိုဆောင်ပုဒ်ကို စွန့်ပစ်လိုက်ကြပါ၊ ယင်းသည် ပုတ်စော်နံလှသည်။'ဟု ပြောဆိုခြင်းဖြင့် ၎င်း၏စိတ်ဆိုးခံပြင်းမှုကို ဖော်ပြခဲ့သည်။ မွတ်စလင်တစ်ဦးတိုင်းသည် အခြားမွတ်စလင်ညီအစ်ကို တစ်ဦးတိုင်းအား ထိုသူသည် ဖိနှိပ်သူဖြစ်စေ၊ ဖိနှိပ်ခံဖြစ်စေ ကူညီသင့်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ဖိနှိပ်ခံကို ကူညီခြင်းမှာ ရှင်းပါသည်။ သို့သော် ဖိနှိပ်သူကို ကူညီခြင်းကမူ ဖိနှိပ်မှုပြုလုပ်ခြင်းမှ ၎င်းအားတားမြစ်ရန် သွယ်ဝိုက်၍ဆိုခြင်းဖြစ်၏။ ကိစ္စရပ်တိုင်းတွင် မည်သူက ဖိနှိပ်ခံဖြစ်သည် သိအောင်လုပ်ပြီး ၎င်းအား ကူညီရမည်ဖြစ်သကဲ့သို့ မည်သူက ဖိနှိပ်သူဖြစ်သည်ကို သိအောင်လုပ်ပြီး ၎င်းသည်မိမိ၏ညီအစ်ကို သို့မဟုတ် ဖခင်ပင် ဖြစ်စေကာမူ ၎င်းအား ဖိနှိပ်ခြင်းမပြုစေရန် တားမြစ်ရမည် ဖြစ်ပေသည်။ လူမျိုး၊ မျိုးနွယ်၊ ဒေသ သို့မဟုတ် နိုင်ငံ ဂုဏ်မာနနှင့် အခြေအမြစ်မရှိသော အစွဲအလန်းများသည် ညစ်ပတ်သောဆောင်ပုဒ် ဖြစ်သဖြင့် အပုတ်နံ့မှတပါး အခြားဘာကိုမျှ ထုတ်ပေးလိမ့်မည် မဟုတ်ပေ။

တမန်တော်မြတ်ﷺ၏ မိန့်ခွန်းက ခိုက်ရန်ဖြစ်ပွားမှုကို အဆုံးသတ်စေခဲ့ပြီး၊ အငြင်းပွားမှုမှာလည်း ဤသို့ဖြင့် ပြေလည်သွားခဲ့သည်။ ဤအငြင်းပွားမှုနှင့် ပတ်သက်ခဲ့သူများမှာ ရွှေ့ပြောင်းနေထိုင်သူ ဂျာ်ဂျာဟ်နှင့် ကူညီယိုင်းပင်းသူ စိနာန်အိပ်နိဝပ်ရဟ်အလ်ဂျူဟာနီတို့ ဖြစ်ကြသည်။ ဤကိစ္စတွင် ဂျာ်ဂျာဟ်ဘက်မှ အလွန်ဖြစ်ပြီး၊ ဂျူဟာနီမှာ ဒဏ်ရာရခဲ့သည်။ သာဝကကြီး အုဗာဒဟ်အိပ်နုဆွာမစ်ﷺက စိနာန်အိပ်နိဝပ်ရဟ်ဂျူဟာနီအား အကျိုးသင့်အကြောင်းသင့် ရှင်းပြခဲ့ရာ ၎င်းသည် နားလည်သဘောပေါက်ပြီး၊ ဂျာ်ဂျာဟ်ကို ခွင့်လွှတ်ခဲ့သည်။ ဖိနှိပ်သူနှင့် ဖိနှိပ်ခံရသူတို့သည် ဤနည်းအားဖြင့် ညီအစ်ကိုများ ဖြစ်လာခဲ့ကြလေသည်။

မုနာဖစ်ဂ်တို့သည် လက်ရပစ္စည်းခွဲတမ်းကို လိုချင်စိတ်ဖြင့် မွတ်စလင်များနှင့် ပူးပေါင်းခဲ့ခြင်းဖြစ်၏။ ၎င်းတို့၏ ခေါင်းဆောင်မှာ အဗ်ဒွလ္လာဟ်အိပ်နိအုဗေယ်ဖြစ်ကာ အခြားမုနာဖစ်ဂ်များကဲ့သို့ပင် ၎င်းသည် လောကီအကျိုးစီးပွားအတွက် ၎င်းကိုယ်၎င်း မွတ်စလင်တစ်ဦးဟု ခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ၎င်း၏နှလုံးသားထဲမှ တမန်တော်မြတ်ﷺနှင့် မွတ်စလင်များအပေါ် မလိုမုန်းထားမှုကိုမူ ဖုံးကွယ်ထားခဲ့သည်။ မုဟာဂျိရ်များနှင့် အန်ဆွာရီများကြားမှ ပဋိပက္ခအကြောင်းကိုကြားသောအခါ၊ ၎င်းသည် မွတ်စလင်တို့အား သွေးခွဲရန် အခွင့်ကောင်းတစ်ခုအဖြစ် သဘောထားခဲ့သည်။ ထို့ကြောင့် ၎င်းက မုနာဖစ်ဂ်များနှင့် မွတ်စလင်တစ်ဦးဖြစ်သူ ဇိုက်ဒ်အိပ်နိအရ်ကမ်ﷺတို့ ရှိနေသည့် စုဝေးပွဲတစ်ခုဌ မိန့်ခွန်းပြောကြားရာတွင် မုဟာဂျိရ်များကို ပြင်းထန်စွာ ဝေဖန်ပြစ်တင်ခြင်းဖြင့် အန်ဆွာရီတို့၏စိတ်ကို ဆွပေးခဲ့သည်။ ၎င်းကပြောကြားခဲ့သည်မှာ 'ဒီပြဿနာကို အသင်တို့ကိုယ်တိုင်က သယ်ဆောင်လာခြင်းဖြစ်သည်။ အသင်တို့က ၎င်းတို့ကို အသင်တို့၏ မြေပေါ်တွင် အခြေချခွင့်ပေးခဲ့ကြသည့်ပြင် အသင်တို့၏ စည်းစိမ်ဥစ္စာကိုလည်း ခွဲဝေပေးခဲ့ကြသည်။ အသင်တို့ကျွေးသည့် ထမင်းကိုစားပြီး အင်အားတောင့်တင်းလာသည့်အခါ၊ ယခု အသင်တို့အား ၎င်းတို့က ဖက်ပြိုင်ကြလေပြီ။ ၎င်းတို့အား ကူညီခြင်း၏ အကျိုးဆက်များကို အသင်တို့ နားလည်သဘောပေါက်ခြင်း မရှိပါက ၎င်းတို့သည် အသင်တို့၏ဘဝကို မသက်မသာဖြစ်အောင် ပြုလုပ်ကြလိမ့်မည်။ ထို့ကြောင့် အသင်တို့သည် နောင်အနာဂတ်တွင် ၎င်းတို့အား စွန့်ပစ်ပြီး၊ အသင်တို့၏ ပိုင်ဆိုင်မှုများဖြင့် ၎င်းတို့အား ကူညီခြင်းကို ရပ်ဆိုင်းသင့်သည်။

သို့မှသာ ၎င်းတို့သည် အခြားဒေသများသို့ ၎င်းတို့ဖာသာ ပြန့်ကျဲရောက်ရှိသွားကြလိမ့်မည်။ အလ္လာဟ်အရှင်မြတ်၏ နာမတော်အားဖြင့် ကျိန်ဆိုပါသည်။ ကျွန်ုပ်တို့ မဒီနာမြို့သို့ပြန်ရောက်သောအခါ၊ ဂုဏ်သရေအရှိဆုံး မဒီနာမြို့သားများက အသိမ်ဖျင်းဆုံး ၎င်းတို့အား မောင်းထုတ်ကြပါလိမ့်မည်။' ၎င်းသည် ၎င်း၏အုပ်စုနှင့် အန်ဆွာရီများကို 'ဂုဏ်အသရေရှိ ပုဂ္ဂိုလ်များ'ဟူ၍ လည်းကောင်း၊ (နအူးသိုဟိလ္လာဟ်) တမန်တော်မြတ်ﷺနှင့် မုဟာဂျိရ်များကို 'အသိမ်ဖျင်းဆုံးလူများ' ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲခဲ့သည်။ သာဝကကြီး ဖိုက်ဒ်အိပ်နအရ်ကမ်ﷺက ၎င်း၏မိန့်ခွန်းကို ကြားသောအခါ၊ 'အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ကျိန်ဆိုပါသည်။ အသင်သည် သိမ်ဖျင်း၊ နိမ့်ကျ၊ သုံးမရသူဖြစ်၏။ တမန်တော်မြတ်ﷺသည် အလ္လာဟ်အရှင်မြတ် ချီးမြှင့်တော်မူသော ဂုဏ်ဒြပ်အားဖြင့် လည်းကောင်း၊ မွတ်စလင်များ၏ ချစ်ခင်မှုအားဖြင့် လည်းကောင်း အောင်မြင်သူဖြစ်၏။'ဟု မဆိုင်းမတွ တုံ့ပြန်ချေပပြောဆိုခဲ့၏။

အဗ်ဒွလ္လာအိပ်နအုဗေးယ်သည် ၎င်း၏အယောင်ဆောင်မှုကို မပေါ်လွင်စေလိုသဖြင့် 'ဂုဏ်သရေအရှိဆုံးနှင့် အသိမ်ဖျင်းဆုံး'ဟူသော ဝိုးတဝါးဖော်ပြချက်၏ အကာအကွယ်အောက်တွင် ၎င်း၏ရည်ရွယ်ချက်ကို ဖုံးကွယ်ထားခဲ့သည်။ သာဝကကြီး ဖိုက်အိပ်နိအရ်ကမ်ﷺက စူးစူးရှရှ ခွန်းတုံ့ပြန်သောအခါ၊ ၎င်း၏မယုံကြည်သွေဖည်မှု ပေါ်တော့မည်ကို သဘောပေါက်လိုက်ပြီး၊ သာဝကကြီး ဖိုက်ဒ်အိပ်နိအရ်ကမ်ﷺအား ၎င်းသည် နောက်ပြောင်ပြောဆိုနေခြင်းသာဖြစ်သည်။ တမန်တော်မြတ်ﷺအား ထိခိုက်နစ်နာအောင် ပြုလုပ်ရန် မရည်ရွယ်ပါကြောင်း တောင်းပန်ပြောဆိုခဲ့လေသည်။

သာဝကကြီး ဖိုက်ဒ်အိပ်နိအရ်ကမ်ﷺသည် စုဝေးပွဲမှထွက်ခဲ့ပြီး၊ တမန်တော်မြတ်ﷺဆီသို့သွားကာ အဗ်ဒွလ္လာဟ် အိပ်နိအုဗေယ်နှင့် ပတ်သက်၍ဖြစ်ကြောင်းကုန်စင် ပြောပြခဲ့သည်။ ဤသတင်းမှာ လွန်စွာစိတ်အနောင့်အယှက်ဖြစ်စရာကောင်းသည့်ပြင် တမန်တော်မြတ်ﷺအား အကဲစမ်းခြင်းလည်းဖြစ်၏။ တမန်တော်မြတ်ﷺ၏ မျက်နှာတော်မှာ အရောင်ပြောင်းသွားခဲ့သည်။ ထိုအချိန်က သာဝကကြီး ဖိုက်ဒ်အိပ်နိအရ်ကမ်ﷺ၏ အသက်မှာငယ်သေး၏။ တမန်တော်မြတ်ﷺက ၎င်းအား 'လူငယ်လေး၊ မင်းလိမ်ပြောနေတာတော့ မဟုတ်ပါဘူးနော်၊'ဟု မေးမြန်းရာ သာဝကကြီး ဖိုက်ဒ်အိပ်နိအရ်ကမ်ﷺက အလ္လာဟ်အရှင်မြတ်အား တိုင်တည်ကာ ကျိန်ဆိုပြီး 'ဤစကားများကို ကျွန်ုပ်ကိုယ်တိုင် နားနှင့်ဆတ်ဆတ်ကြားခဲ့ပါသည်။'ဟု ပြောခဲ့၏။ တမန်တော်မြတ်ﷺ ၎င်းအား 'သင်ဤစကားကို သံသယပေါ်အခြေခံပြီးပြောတာ မဟုတ်ကြောင်း သေချာပါသလား။'ဟု မေးမြန်းရာ ၎င်းက ယခင်အတိုင်း တစ်လုံးတစ်ပါဒမလွဲ ထပ်ပြောခဲ့သည်။ ထို့နောက် အိပ်နိအုဗေယ်၏ ရဲရဲတောက်မိန့်ခွန်းသတင်းမှာ မွတ်စလင်စစ်သည်များအကြား ပျံ့နှံ့သွားခဲ့ပြီး၊ လူတိုင်းသည် ထိုအကြောင်းကိုပင် ပြောဆိုနေခဲ့ကြသည်။ အခြားတစ်ဖက်မှကြည့်လျှင်၊ သာဝကကြီး ဖိုက်ဒ်အိပ်နအရ်ကမ်ﷺသည် ဂုဏ်သရေရှိ အမျိုးသားခေါင်းဆောင်ကြီး (အိပ်နအုဗေယ်)ကို စွပ်စွဲပြောဆိုပြီး၊ ၎င်းနှင့်ဆွေမျိုးသားချင်း နောင်ကြိုးကိုပြတ်တောက်အောင်ပြုလုပ်သည်ဟု အန်ဆွာရီများက ဝေဖန်ပြစ်တင်ခဲ့ကြသည်။ သာဝကကြီး ဖိုက်ဒ်အိပ်နိအရ်ကမ်ﷺက အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ပြောဆိုခဲ့သည်မှာ ခါဖိရဂ်မျိုးနွယ်စု တစ်ခုလုံးတွင် အိပ်နိအုဗေယ်သည် ၎င်း၏အခင်မင်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ သို့သော် ၎င်းကတမန်တော်မြတ်ﷺအား မဖွယ်မရာထိခိုက်ပြောဆိုသည်ကို ကြားရသောအခါ၊ ၎င်းကိုယ်၎င်း မထိန်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။ 'ထိုသို့ပြောသူသည် ကျွန်ုပ်၏ဖခင်ပင် ဖြစ်စေကာမူ ကျွန်ုပ်သည် ၎င်း၏ပြောစကားကို တမန်တော်မြတ်ﷺအား သေချာပေါက် အစီရင်ခံမည်သာဖြစ်၏။'

ဇာတ်လမ်းစုံကို သာဝကကြီးအုမာရ်ﷺ ကြားသောအခါ၊ 'အို- အလ္လာ့ရစူလ်၊ ကျွန်ုပ်အား ဤမုနာဖစ်က်၏ ဦးခေါင်းကို ဖြတ်ခွင့်ပြုပါ'ဟု ပြောကြားခဲ့သည်။ အခြားဆင့်ပြန်ချက်တွင် သာဝကကြီးအုမရ်ﷺ သခင်က ကျွန်တော်မျိုးအား အဗ္ဗဒ်အိဗနိဗရ်ရ်၏ ဦးခေါင်းကို ဖြတ်ခွင့်ပြုပါ။ ကိုယ်တော့်ရှေ့မှောက်မှာ ၎င်းဦးခေါင်း ဆက်သပါမည်ဟု

ပြောဆိုခဲ့သည်။ တမန်တော်မြတ်ﷺက အကယ်၍ ၎င်းကသာ ထိုသို့ပြုလုပ်ခွင့်ပေးလိုက်ပါက မုဟမ္မဒ်ﷺသည် ကိုယ့်ရဲဘော်ရဲဘက်များကို သတ်သူဖြစ်သည်ဟူ၍ လူများကြားတွင် သတင်းပျံ့သွားလိမ့်မည်ဖြစ်ကြောင်း ပြောကြားပြီး၊ အိဗ်နအုဗေယ်အား သတ်ပစ်ရန်ကို ခွင့်ပြုတော်မမူခဲ့ပေ။ သာဝကကြီး အုမာရ်ﷺနှင့်စပ်လျဉ်းသည့် ဤသတင်းသည် ဖခင်၏ နာမည်အတိုင်း အဗ်ဒွလ္လာဟ်ဟုပင် မှည့်ခေါ်သော အဗ်ဒွလ္လာဟ်အိဗ်နအုဗေယ်၏ သားထံသို့ ရောက်သွားခဲ့သည်။ သို့သော် ၎င်းမှာ သစ္စာရှိမွတ်စလင်တစ်ဦးဖြစ်၏။ ၎င်းက ချက်ချင်းပင် တမန်တော်မြတ်ﷺထံသို့သွားပြီး 'အကယ်၍ ကိုယ်တော်မြတ်သည် ကျွန်ုပ်၏ဖခင်အား ၎င်း၏ပြောစကားအတွက် သတ်ပစ်လိုပါက ကျွန်ုပ်ကိုသတ်ခွင့်ပြုပါ၊ ကိုယ်တော် စုဝေးပွဲမှမထခင် ၎င်း၏ဦးခေါင်းကို ကိုယ်တော့်ထံသို့ ယူဆောင်လာပါမည်။ ကျွန်ုပ်၏မိဘများအား ကျွန်ုပ်ထက်ပို၍ အလုပ်အကျွေးပြုသူ၊ နာခံကျိုးနွံသူမရှိသည့်အချက်ကို ခဇိရဂ်ျမျိုးနွယ်စုတစ်ခုလုံး အသိပင်ဖြစ်သည်။ သို့သော် ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်ﷺတို့အား ထိခိုက်အောင် ပြောဆိုပြုမူမှုမှန်သမျှကို သည်းခံလိမ့်မည် မဟုတ်ပါ။ အကယ်၍ သင်က အခြားတစ်ယောက်ကို ကျွန်ုပ်၏ဖခင်အား သတ်ခွင့်ပြုသဖြင့်၎င်းကသတ်လိုက်ပြီးသည့်နောက် ကျွန်ုပ်၏ဖခင်ကို သတ်သူသည်လွတ်လပ်စွာလမ်းလျှောက်သွားနေသည်ကို ကျွန်ုပ်မြင်ရလျှင်၊ အမျိုးထိမချအောင်နာသည့်စိတ်က ကျွန်ုပ်အားလွှမ်းပြီး၊ ၎င်းကိုသတ်ရန် ကြိုးစားမိနိုင်သဖြင့် ကျွန်ုပ်ပြစ်ဒဏ်ပေးခံရသည့် အကြောင်းတရား ဖြစ်လာနိုင်ပါသည်။'ဟု ပြောကြားခဲ့၏။ တမန်တော်မြတ်ﷺက 'ကျွန်ုပ်တွင် ၎င်းအားသတ်ရန် ရည်ရွယ်ချက်မရှိသကဲ့သို့ မည်သူ့ကိုမျှလည်း ၎င်းအားသတ်ရန် စေခိုင်းလိမ့်မည်မဟုတ်'ဟု ပြောကြားခဲ့လေသည်။

ဤသို့ဖြစ်ပျက်ပြီးနောက် တမန်တော်မြတ်ﷺသည် ၎င်းခရီးစတင်ထွက်နေကျမဟုတ်သော အချိန်တစ်ခုတွင် မဒီနာမြို့ကသို့ပြန်ရန် ချက်ချင်းထွက်ခွာမည့်အကြောင်းကြေညာခဲ့သည်။ဤသို့ဖြင့် ကိုယ်တော်သည် ၎င်း၏ကုလားအုတ်မ 'ကူဆွိဝါအ်'ပေါ်သို့တက်ကာ အချိန်မဟုတ် အခါမဟုတ် ခရီးထွက်ခဲ့လေသည်။ မြင့်မြတ်သော သာဝကကြီးများအဖွဲ့ ထွက်ခွာသွားသောအခါ၊ တမန်တော်မြတ်ﷺသည် အဗ်ဒွလ္လာဟ်အိဗ်နအုဗေယ်ကိုခေါ်ပြီး 'အသင် ဤသို့ပြောခဲ့သလား' ဟု မေးမြန်းခဲ့သည်။ ၎င်းကသစ္စာဆိုလျက် ၎င်းအား စွပ်စွဲသည့် အရာအားလုံးကို ငြင်းသည့်ပြင် လူငယ်လေး ဇိုက်ဒ်အိဗ်နအရ်ကမ်မှာ လူလိမ်တစ်ဦးဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။ အဗ်ဒွလ္လာအိဗ်နအုဗေးယ်သည် ၎င်း၏လူများ၏ လေးစားအပ်သော ခေါင်းဆောင်တစ်ဦးဖြစ်၏။ လူအားလုံးက ဇိုက်ဒ်အိဗ်နအရ်ကမ် နားလည်မှုလွဲမှားနိုင်ပြီး၊ ၎င်းသတင်းပေးသလို အိဗ်နအုဗေယ်က ပြောဆိုခဲ့ခြင်း မဟုတ်နိုင်ဟု သဘောရခဲ့ကြသည်။

မည်သို့ပင်ဆိုစေ တမန်တော်မြတ်ﷺသည် အုဗေယ်၏ ကျမ်းသစ္စာနှင့် ရှင်းပြချက်ကို လက်ခံခဲ့သည်။ ဇိုက်ဒ်အိဗ်နိအရ်ကမ်ﷺကမူ ၎င်းအပေါ် လူများ၏ ပြစ်တင်ဝေဖန်မှု ပို၍ဆိုးရွားလာသဖြင့် စိတ်အနှောင့်အယှက်ဖြစ်ကာ လူများနှင့် မတွေ့အောင် ရှောင်ပုန်းနေခဲ့လေသည်။ တမန်တော်မြတ်ﷺသည် မွတ်စလင်စစ်သည်များနှင့်အတူ တစ်နေ့လုံး တစ်ညလုံးနှင့် နောက်တစ်နေ့ နေထိန်ထိန်လင်းအောင် ထွက်သည့်အချိန်တိုင် ခရီးပြင်းနှင်ခဲ့ပြီး နေရာ တစ်ခုတွင် ရပ်နားခဲ့သည်။ ၎င်းတို့အားလုံးမှာ ခရီးရှည်ကြီးကို အပြင်းအထန်နှင်ခဲ့သောကြောင့် မောပမ်းနွမ်းနယ်လျက် ရှိခဲ့ကြသဖြင့် မြေကြီးနှင့် ထိလိုက်သည်နှင့် တပြိုင်နက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြလေသည်။

ဤကဲ့သို့ ထူးထူးခြားခြား ရုတ်တရက်ထ၍ ခရီးရှည်ထွက်ခြင်းသည် အိဗ်နအုဗေယ်၏ ဇာတ်လမ်းကို တစ်ခန်းရပ်စေလိုသောကြောင့် ဖြစ်သည်ဟု ဆင့်ပြန်သူက တင်ပြ၏။ ဤဇာတ်လမ်းသည် များမကြာမီ မွတ်စလင်အသိုင်းအဝိုင်းတစ်ခုလုံးကြားတွင် ပျံ့နှံ့သွားခဲ့ပြီး၊ ၎င်းတို့သည် ထိုအကြောင်းကို တစ်ချိန်လုံး ပြောဆိုခဲ့ကြသည်။

ထို့သည့်နောက် တမန်တော်မြတ်ﷺသည် ခရီးကိုစတင်ခဲ့သည်။ လမ်းတစ်လျှောက် သာဝကကြီး အုဗာဒဟ် အိဗ်နုဆွာမစ်ﷺက အိဗ်နုအုဗေယ်အား တမန်တော်မြတ်ﷺထံ ချဉ်းကပ်ပြီး ၎င်း၏ရှေ့မှောက်၌ အပြစ်ကိုဝန်ခံရန်အကြံပြုခဲ့သည်။ သို့မှသာ တမန်တော်မြတ်ﷺက ၎င်းအတွက် အလ္လာဟ်အရှင်မြတ်ထံ ဆုပန်ပေးခြင်းဖြင့် ၎င်းသည် ကယ်တင်ခြင်းကို ရရှိလိမ့်မည်ဖြစ်၏။ ဤအကြံပြုချက်ကို ကြားသောအခါ ၎င်းက ဦးခေါင်းကို တစ်ဖက်သို့ လှည့်ပစ်ခဲ့သည်။ ထိုအချိန်ထိ အိဗ်နုအုဗေယ်နှင့် သက်ဆိုင်သော ကုရ်အာန်အာယတ်တော် ကျရောက်မလာခဲ့သေးပေ။ သို့သော် ၎င်းက အကြံပြုချက်ကို မောက်မာထောင်လွှားစွာဖြင့် အရေးမလုပ်သောအခါ၊ သာဝကကြီး အုဗာဒဟ် အိဗ်နုဆွာမစ်ﷺက 'အကြံပြုချက်ကို သင်၏ငြင်းပယ်မှုနှင့် သက်ဆိုင်သော အာယတ်တော်များကို ကုရ်အာန်က ဖော်ပြလိမ့်မည်မှာ အသေအချာဖြစ်၏။'ဟု ပြောကြားခဲ့သည်။

တမန်တော်မြတ်ﷺ ခရီးနှင်နေစဉ် သာဝကကြီး ဇိုက်ဒ်အိဗ်နိုအရ်ကမ်ﷺသည် တမန်တော်မြတ်ﷺအနီးသို့ အကြိမ်ကြိမ် လာရောက်ခဲ့သည်။ ဤမုနာဖစ်က်သည် ၎င်းအား လူလိမ်တစ်ယောက်ဟု ခေါ်သည့်ပြင် လူအားလုံးရှေ့တွင် အရှက်ရအောင် ပြုလုပ်သောကြောင့် အလ္လာဟ်အရှင်မြတ်သည် ၎င်းအပြစ်ကင်းစင်ကြောင်းနှင့် မုနာဖစ်က်လိမ်လည်ကြောင်း ပြသရန်အတွက် အာယတ်တော်များ သေချာပေါက် ပို့ချတော်မူလိမ့်မည်ဟု ၎င်းက အခိုင်အမာ ယုံကြည်ခဲ့သည်။ ရုတ်တရက် တမန်တော်မြတ်ﷺသည် 'ဝဟီ'ကို လက်ခံသည့်အခါတွင် ကြုံတွေ့ရသော အခြေအနေမျိုးကို စတင်ခံစားနေရပြီဖြစ်ကြောင်း သာဝကကြီး ဇိုက်ဒ်အိဗ်နုအရ်ကမ် သတိထားလိုက်မိခဲ့သည်။ ၎င်း၏အသက်ရှူသံပြင်းလာပြီး၊ နဖူးမှချွေးသီးချွေးပေါက်များကျလာခဲ့သည်။ ၎င်းစီးနင်းသောကုလားအုတ်မသည် ဝဟီ၏အလေးချိန်ဒဏ်ကို စတင်ခံစားရသည်။ သာဝကကြီး ဇိုက်ဒ်အိဗ်နိုအရ်ကမ်ﷺသည် ထိုကိစ္စနှင့်စပ်လျဉ်းသည့် ဝဟီအချို့ ကျရောက်လျက်ရှိကြောင်း အလိုလိုသိနေမိသည်။ ဝဟီကျရောက်သည့် အခြေအနေ လွန်မြောက်သွားသောအခါ၊ တမန်တော်မြတ်ﷺသည် ၎င်း၏ကုလားအုတ်မအနီးမှကပ်လျက် စီးနင်းလိုက်ပါလာသော ဇိုက်ဒ်ﷺ၏နားရွက်ကိုကိုင်လျက် يَا غُلَامُ صَدَّقَ اللّٰهُ حَدِيْثَكَ وَنَزَلَتْ سُوْرَةُ الْمُنٰفِقِيْنَ فِيْ اِبْنِ اُبَيٍّ مِنْ اَوَّلِهَا اِلٰى اٰخِرِهَا 'အို-လူငယ်လေး၊ အလ္လာဟ် အရှင်မြတ်သည် အသင်၏ထွက်ဆိုချက် မှန်ကန်ကြောင်းကို အတည်ပြုတော်မူခဲ့လေပြီ။ ထို့ပြင် စူရဟ်အလ်မုနာဖိကူန် ကဏ္ဍာတစ်ခုလုံးအစမှအဆုံးထိကိုလည်း အိဗ်နုအုဗေယ်၏ ဖြစ်ရပ်နှင့် ဆက်စပ်လျက် ပို့ချတော်မူခဲ့ပြီ။'ဟု ပြောကြားခဲ့ လေသည်။

ဤသည်က စူရဟ်အလ်မုနာဖိကူန်သည် လမ်းခရီးတွင် ကျရောက်ခဲ့ကြောင်းကို ပြသ၏။ သို့ရာတွင် ဗဂါဝီ၏ဆင့်ပြန်ချက်အရမူ တမန်တော်မြတ်ﷺ မဒီနာမြို့သို့ ပြန်လည်ရောက်ရှိပြီးနောက် သာဝကကြီး ဇိုက်ဒ်အိဗ်နုအရ်ကမ်ﷺသည် လက်တုံ့ပြန်ခံရမည်ကို ကြောက်ရွံ့သောကြောင့် အိမ်တွင်းပုန်းလုပ်နေစဉ်က ဤစူရဟ်ကျရောက်ခဲ့ခြင်း ဖြစ်လေသည်ဟု ဆိုလေသည်။ အလ္လာဟ်အရှင်မြတ် အသိဆုံးဖြစ်တော်မူသည်။

အခြားဆင့်ပြန်ချက်တစ်ရပ်က ဆိုသည်မှာ တမန်တော်မြတ်ﷺ မဒီနာမြို့သို့ ချဉ်းကပ်လာစဉ် 'အါကစ်ဂ်' တောင်ကြား၌ မုနာဖစ်က်အဗ်ဒွလ္လာဟ်အိဗ်နုအုဗေယ်၏သား၊ ယုံကြည်စိတ်ချရသည့် မုအ်မင်တစ်ဦးဖြစ်သူ အဗ်ဒွလ္လာဟ်သည် ရှေ့သို့တိုး၍ အုပ်စုထဲမှ ၎င်း၏ဖခင် စီးနင်းလာသည့် ကုလားအုတ်ကို ရှာဖွေပြီး၊ ယင်းကုလားအုတ်ကို ထိုင်ခိုင်းခဲ့သည်။ ၎င်းသည် ကုလားအုတ်၏ ဒူးများပေါ်တွင် ခြေထောက်တင်၍ ၎င်း၏ဖခင်အား 'အလ္လာဟ်အရှင်မြတ်၏ နာမတော်အားဖြင့် ကျိန်ဆိုပါသည်။ တမန်တော်မြတ်ﷺက ခွင့်မပြုသော် လည်းကောင်း၊ အသိမ်ဖျင်းဆုံးသူများကို မောင်းနှင်ထုတ်မည့် ဂုဏ်သရေအရှိဆုံး မဒီနာမြို့သားများမှာ မည်သူမည်ဝါများ ဖြစ်ကြသည်ကို ရှင်းမပြလျှင်သော် လည်းကောင်း သင့်အား မဒီနာမြို့တွင်းသို့ ဝင်ခွင့်ပြုလိမ့်မည် မဟုတ်ပါ။ ဂုဏ်သရေအရှိဆုံးသူမှာ မည်သူဖြစ်ကြောင်း ကျွန်ုပ်အားပြောစမ်းပါ၊ အလ္လာဟ့်ရစူလ်တမန်တော်လား သို့မဟုတ် အသင်လား၊'ဟု ပြောကြားခဲ့သည်။ လမ်းသွားလမ်း

လာများက ဖခင်အပေါ် မည်သာမတာ ဆက်ဆံရပ်မလားဆိုပြီး အဗ်ဒွလ္လာဟ်အား ပြစ်တင်နေခဲ့ကြသည်။ ထိုအချိန်၌ တမန်တော်မြတ်ﷺ၏ ကုလားအုတ်သည် အနီးသို့ရောက်လာခဲ့သည်။ ၎င်းက အကျိုးအကြောင်းကို စုံစမ်းမေးမြန်းရာ လူများက အဗ်ဒွလ္လာဟ်သည် ၎င်း၏ဖခင်အား တမန်တော်မြတ်ﷺ ခွင့်ပြုမှသာ မဒီနာမြို့တွင်းသို့ ဝင်ရမည်ဟု တားမြစ်ထားပါသည်ဟု တင်ပြခဲ့ကြသည်။ မုနာဖစ်ဂ်အိဗ်နအုဗေယ်က မဒီနာမြို့သားများတွင် ၎င်းကိုယ်တိုင်သည် အသိမ်ဖျင်းဆုံးဖြစ်ပြီး၊ ကလေးများနှင့် မိန်းမများထက်ပင် ပို၍သိမ်ဖျင်းသူဖြစ်ကြောင်းနှင့် တမန်တော်မြတ်ﷺသည် ၎င်းတို့အနက် ဂုဏ်ကျက်သရေအပေါင်းနှင့် အပြည့်စုံဆုံးဖြစ်ကြောင်းများကို ၎င်း၏သားအား လေးလေးနက်နက် ပြောကြားနေသည်ကို တမန်တော်မြတ်ﷺ တွေ့မြင်ခဲ့ရသဖြင့် အုဗေယ်၏သားအား 'သွားပါစေ၊ သူ့ကိုမြို့ထဲဝင်ခွင့်ပြုလိုက်ပါ။'ဟု ပြောကြားခဲ့လေသည်။ ထို့နောက် သားဖြစ်သူကဝင်းအား မြို့တွင်းသို့ ဝင်ခွင့်ပေးခဲ့သည်။

စူရဟ်အလ်မုနာဖိကူန်ကျရောက်သော အကြောင်းမှာ ဤမျှသာဖြစ်၏။ ဤအဖြစ်အပျက်အစတွင် ဗနူလ်မုဆွိတွလစ်မျိုးနွယ် လှုံ့ဆော်မှုကို တိုရှင်းစွာ ရည်ညွှန်းဖော်ပြခဲ့သည်။ ထိုလှုံ့ဆော်မှုအတွက် အမှန်တကယ် တာဝန်ရှိသူမှာ ထိုအချိန်က မွတ်စလင်တစ်ဦး မဟုတ်သော်လည်း နောက်ပိုင်းတွင် အစွလာမ်ကို လက်ခံခဲ့သူ ဟာရစ်အိဗ်နဒီရာရ်ဖြစ်၏။ ၎င်းသည် သခင်မ ဂျူဝေရိယဟ်ﷺ၏ ဖခင်ဖြစ်၏။ သခင်မ ဂျူဝေရိယဟ်ﷺမှာလည်း ထိုအချိန်က မွတ်စလင်မဖြစ်သေးပေ။ သို့သော် နောက်ပိုင်းတွင် အစွလာမ်ကို ယုံကြည်သက်ဝင်ခဲ့ပြီး၊ တမန်တော်မြတ်ﷺ၏ မြင့်မြတ်သော ကြင်ယာတော်များအနက်မှ တစ်ဦးဖြစ်လာခဲ့သည်။

မုစ်နဒ်အဟ်မဒ်၊ အဗူဒါဝူဒ်နှင့် အခြားကျမ်းများတွင် ဖော်ပြသည်မှာ ဗနူလ်မုဆွိတွလစ်မျိုးနွယ်ကို အောင်နိုင်သောအခါ၊ စစ်ပွဲလက်ရပစ္စည်းများသည် သုံ့ပန်းများနှင့်အတူ မွတ်စလင်တို့၏ လက်တွင်းသို့ ကျရောက်ခဲ့သည်။ အစွလာမ့်ဥပဒေအရ သုံ့ပန်းများနှင့် လက်ရပစ္စည်းများအားလုံးကို မုဂျာဟိဒီန်တို့အား ခွဲဝေချပေးရ၏။ သုံ့ပန်းများထဲတွင် ဟာရစ်အိဗ်နိဒီရာရ်၏ သမီးဖြစ်သူ ဂျူဝေရိယဟ်လည်း ပါဝင်ခဲ့လေသည်။ သူမသည် သာဝကကြီး သာဗစ်အိဗ်နိကိုင်စ်အိဗ်နရှမ်မားစ်၏ ဝေစုထဲသို့ ကျရောက်ခဲ့သည်။ ၎င်းအား သူမ၏ လွတ်မြောက်ခွင့်အတွက် ပေးရမည့် ငွေပမာဏာတစ်ခုကို 'ခိတာဗဟ်' သဘောစာချုပ်၌ ရေးသွင်းခဲ့သည်။*

သာဝကကြီး ဂျူဝေရိယဟ်ﷺ၏ စာချုပ်အရ သူမ၏လွတ်လပ်မှုအတွက် ပေးရမည့်ငွေမှာ အလွန်များသောကြောင့် ထိုမျှငွေပမာဏာကို မပေးစွမ်းနိုင်ခဲ့ပေ။ သူမသည် တမန်တော်မြတ်ﷺထံသို့ လာရောက်ပြီး 'ကျွန်မ အစွလာမ်ကို လက်ခံယုံကြည်ပါသည်။ ထို့ပြင် အလ္လာဟ်တစ်ပါးတည်းရှိခြင်းကို လည်းကောင်း၊ ထိုအရှင်မြတ်၌ လုပ်ဖော်ကိုင်ဖက်ဟူ၍ မရှိခြင်းကို လည်းကောင်း၊ သင်သည် အလ္လာဟ့်ရဆူလ်တမန်တော်ဖြစ်ခြင်းကို လည်းကောင်း သက်သေခံပါသည်။' ဟု ပြောကြားခဲ့သည်။ ထို့နောက် သူမ၏အကြောင်းကို ဆက်လက်ပြောပြသည်မှာ 'ကျွန်မသည် သာဗစ်အိဗ်နကိုင်စ်အိဗ်နရှမ်မာစ်၏ ခွဲတမ်းထဲသို့ ကျရောက်ခဲ့ပါသည်။ 'ကိတာဗဟ်' ကတိစာချုပ်တွင် သတ်မှတ်သော ငွေပမာဏာမှာ များပြားလွန်းသဖြင့် ကျွန်မ မတတ်နိုင်ပါ။ ကျေးဇူးပြု၍ ကျွန်မကိုကူညီပါ။' တမန်တော်မြတ်ﷺသည် သူမ၏တောင်းပန်ချက်ကို လက်ခံရုံသာမက သူမအား လွတ်မြောက်စေရန်နှင့် ထိမ်းမြားရန် ၎င်း၏ရည်ရွယ်ချက်ကိုပါ ဖော်ပြခဲ့သည်။ သူမအနေဖြင့် ဤကမ်းလှမ်းချက်ကို မည်သို့လျှင် ငြင်းပယ်နိုင်ပါမည်နည်း။ သူမက ဤကမ်းလှမ်းချက်ကို ကျေနပ်ဝမ်းမြောက်စွာလက်ခံခြင်းဖြင့်တမန်တော်မြတ်ﷺ၏မြင့်မြတ်သောကြင်ယာတော်များအနက်မှတစ်ပါးဖြစ်လာခဲ့လေသည်။ သစ္စာရှင်မိခင်မွန်ဖြစ်သော သခင်မ ဂျူဝေရိယဟ်ﷺက ပြောကြားသည်မှာ ဗနူလ်မုဆွိတွလစ်မျိုးနွယ်၏ လှုံ့ဆော်ပွဲ

---

* ခိတာဗဟ် သဘောတူစာချုပ်အကြောင်း အပြည့်အစုံ ရှင်းပြချက်ကို (အဂ်လိပ်) စူရဟ် ၂၄း၃၃၏ ရှင်းလင်းဖွင့်ဆိုချက် [မအာရိဖုလ်ကုရ်အာန်မြန်မာပြန်အတွဲ (၁၂) စာ (၃၄-၃၅)] အောက်တွင်ကြည့်ရှုပါရန်။(မုဟမ္မဒ်တကီးအွတ်စမာနီ)

အတွက် တမန်တော်မြတ်ﷺ မလာရောက်မီ (၃)ရက်အလိုက ‘ကျွန်မ၏အိပ်မက်ထဲ၌ ယသ်ရိဗ်တွင် လမင်းထွက်ပေါ်လာပြီး၊ ထိုလမင်းသည် ကျွန်မ၏ပေါင်ပေါ်သို့ ကျဆင်းခဲ့ပါသည်။ ဤအိပ်မက်အကြောင်းကို ထိုအချိန်က ကျွန်မမည်သူကိုမျှ ပြောမပြခဲ့ပါ။ ယခုသော် ယင်း၏အဓိပ္ပါယ်ကို ကျွန်မ၏မျက်လုံးများဖြင့် ကိုယ်တိုင်မြင်တွေ့ရပြီ ဖြစ်ပါသည်။

သူမသည် သူမအမျိုးသားများ၏ ခေါင်းဆောင်၏သမီးဖြစ်၏။ သူမ တမန်တော်မြတ်ﷺ၏ ကြင်ယာတော်တစ်ပါး ဖြစ်လာခဲ့သောအခါ၊ မျိုးနွယ်တစ်ခုလုံးအပေါ် ကြီးစွာသော သြဇာသက်ရောက်မှုကို ဖြစ်စေခဲ့သည်။ ကောင်းကျိုးတစ်ခုမှာ သူမနှင့်အတူ ဖမ်းဆီးခံကြရသော အမျိုးသမီးအားလုံး လွတ်မြောက်ခြင်းဖြစ်၏။ ၎င်းတို့သည် သူမ၏ဆွေမျိုးသားချင်းများ ဖြစ်ကြသည်။ သစ္စာရှင်မိခင်မွန်ရာထူးကို သူမရရှိကြောင်း သိကြသည်နှင့် မွတ်စလင်တို့က သူမနှင့် ဆွေမျိုးတော်စပ်သော ကျွန်မအားလုံးကို လွှတ်ပေးခဲ့ကြသည်။ ၎င်းတို့သည် သူမ၏ဆွေမျိုးတစ်ဦးကို ကျွန်မအဖြစ် ထားရှိခြင်းမှာ မရိုမသေပြုလုပ်ရာကျသည်ဟု ခံစားကြရသည်။ သူမနှင့်အတူ ကျွန်မ(၁၀၀)ခန့် လွတ်မြောက်ခဲ့ကြပေသည်။ တမန်တော်မြတ်ﷺ၏ အံ့သြဖွယ်ရာတစ်ခုကို မြင်တွေ့ရသော် သူမ၏ဖခင်သည် အစွလာမ်ကို လက်ခံယုံကြည်ခဲ့လေသည်။

အထက်ပါအကြောင်းက အရေးကြီးသော ကိစ္စရပ်များအပေါ် လမ်းညွှန်စည်းမျဉ်းကို ချမှတ်ပေး၏။

စူရတ်အလ်မုနာဖိကူန်ကို ထုတ်ပြန်ပို့ချရသည့် အခြေအနေများက ကျွန်ုပ်တို့အား စူရတ်၏ အခြေခံအနက် အဓိပ္ပါယ် ကို အမှန်ပင် နားလည်သဘောပေါက်စေသည့်ပြင် ကိုယ်ကျင့်တရား သို့မဟုတ် လူ့ကျင့်ဝတ်၊ နိုင်ငံရေး၊ လူမှုရေးများဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်သည့် အရေးကြီးသော လမ်းညွှန်စည်းမျဉ်းအချို့ကိုလည်း ပေါ်ထွက်စေ သည်။ ထိုအကြောင်းကြောင့် ဤနေရာတွင် ဖြစ်ပျက်ခဲ့သော အကြောင်းချင်းရာ အပြည့်အစုံကို ပြန်ပြောပြခြင်းဖြစ်လေသည်။ ဤအကြောင်းမှ ဆင်းသက်သော လမ်းညွှန်စည်းမျဉ်းများကို အောက်တွင်ပေးထားသည်။

အစွလာမ်အစိုးရပုံစံနှင့် လုပ်ငန်းစဉ်၏ အခြေခံအုတ်မြစ်- အသားအရောင်၊ မျိုးနွယ်နှင့် ဘာသာစကားခွဲခြားမှုများနှင့် တိုင်းရင်းသား နိုင်ငံခြားသား ဘက်လိုက်ခြင်းများကို အဆုံးသတ်ရန် ရည်မှန်းသော အစွလာမ်ညီနောင်စိတ်ဓာတ်ကို ထူထောင်ခြင်း

ရွှေ့ပြောင်းနေထိုင်သူ(မုဟာဂျိရ်)တစ်ဦးနှင့် ကူညီယိုင်းပင်းသူ (အန်ဆာရီ)တစ်ဦးတို့ကြားတွင် ပေါ်ပေါက်ခဲ့သော အငြင်းပွားမှုဌ နှစ်ဖက်စလုံးက မိမိတို့၏ မုဟာဂျိရ်အပေါင်းအသင်းများနှင့် အန်ဆာရီအပေါင်းအသင်း အသီးသီးကို အကူအညီတောင်းခံခဲ့ကြခြင်းသည် တမန်တော်မြတ်ﷺ ဖြိုဖျက်ခဲ့သည့် ရုပ်တုကိုးကွယ်မှု၏ သင်္ကေတပင်ဖြစ်၏။ ၎င်းက မျိုးနွယ်၊ အသားအရောင်၊ ဘာသာစကား သို့မဟုတ် လူမျိုးမခွဲခြားဘဲ ယုံကြည်သက်ဝင်သူအားလုံးသည် ညီနောင်များ ဖြစ်ကြသည်ဟူသော အခြေခံစည်းမျဉ်းကို ထူထောင်ခဲ့သည်။ တမန်တော်မြတ်ﷺ ထူထောင်ခဲ့သော မုဟာဂျိရ်နှင့် အန်ဆာရီတို့ကြားမှ ညီနောင်နှောင်ကြိုးက ၎င်းတို့အား ညီနောင်အရင်းများကဲ့သို့ ဖြစ်စေခဲ့၏။ သို့ရာတွင် လူမျိုး၊ မျိုးနွယ်၊ ဘာသာစကား၊ အသားအရောင်နှင့် ဒေသစွဲတို့အပေါ် အခြေခံသည့် အငြင်းပွားမှု၊ ခိုက်ရန်ဖြစ်ပွားမှုများမှာ ရှေးဟောင်း ရှိုင်တွာန်ကွန်ယက်သာလျှင်ဖြစ်၏။ ရှိုင်တွာန်သည် ဤအခြေခံတစ်ခုတည်းပေါ် မူတည်၍ အချင်းချင်းပူးပေါင်းကူညီကြရန် တောင်းဆိုခြင်းဖြစ်၏။ ဤသည်က အမှန်တရား၊ တရားမျှတမှု၊ သမာသမတ်ကျမှု၊ သာတူညီမျှမှုများပေါ် အခြေခံသော အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းဟူသည့် အစွလာမ်အယူအဆကို ပိတ်ပင်ခြင်းနှင့် မျိုးနွယ်၊ လူမျိုးအပေါ် အခြေခံသည့် အစွလာမ်မဆန်သော ပူးပေါင်းဆောင်ရွက်ခြင်းများ ဖြစ်ပေါ်စေခဲ့သည်။ ဤနည်း

အားဖြင့် ရှိုင်တွာန်သည် မွတ်စလင်များကြားတွင် ပွတ်တိုက်မှုကို ဖြစ်ပေါ်စေသည်။ ဤဖြစ်ရပ်၌လည်း အကယ်၍ အခင်းဖြစ်ပွားရာနေရာသို့ တမန်တော်မြတ်ﷺသာ အချိန်မီမရောက်ဘဲ၊ အငြင်းပွားမှုကို မနှိမ်နင်းခဲ့ပါက၊ ထို့ပြင် ယင်းသည် ရုပ်တုကိုးကွယ်သောဝါဒ၏ ညစ်ပတ်သောဆောင်ပုဒ်ဖြစ်၍ ၎င်းကို စွန့်လွှတ်သင့်ကြောင်း မပြောကြားခဲ့ပါက အလားတူသော အခြေအနေမျိုး ပေါ်ပေါက်ခဲ့လိမ့်မည်ဖြစ်၏။ ကိုယ်တော်မြတ်ﷺ က အချင်းချင်းယိုင်းပင်းကူညီကြရန် ဟူသော ကုရ်အာန်၏ အခြေခံစည်းမျဉ်း "تَعَاوَنُوا عَلَى الْبِرِّ وَالتَّقْوَىٰ" ထို့ပြင် တဝ အသင်တို့သည် ကောင်းမှုကုသိုလ်ပြုလုပ်ရာ၌လည်းကောင်း၊ မကောင်းမှုဒုစရိုက်မှ ကြဉ်ရှောင်ရာ၌လည်းကောင်း၊ အချင်းချင်းယိုင်းပင်းကြလေကုန်။ သို့ရာတွင် ပြစ်မှုဒုစရိုက်ကို ပြုကျင့်ရာတွင် လည်းကောင်း၊ ကျူးကျော်စော်ကားရာတွင် လည်းကောင်း၊ အချင်းချင်းယိုင်းပင်းကူညီခြင်းကို မပြုကြကုန်လင့်။ ....”(၅း၂)ဟူသော စည်းမျဉ်းဖြင့် ၎င်းတို့အား ပြန်လည်ထူထောင်ပေးခဲ့လေသည်။ တစ်နည်းဆိုရလျှင်၊ မွတ်စလင်တို့အတွက် အခြားသူများကို ကူညီရန် သို့မဟုတ် အခြားသူများထံမှ အကူအညီရယူရန် ထားရှိရမည့် 'စံ'မှာ စိတ်ထားကောင်းခြင်း၊ တရားမျှတခြင်း၊ သမာသမတ်ရှိခြင်းနှင့် သာတူညီမျှခြင်း တို့ ဖြစ်ကြသည်။ အခြားသူများဟူသည် အခြားမျိုးနွယ်၊ လူမျိုး သို့မဟုတ် ဒေသတစ်ခု မှဖြစ်သည့်တိုင် ဤအခြေခံပေါ်တွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်၏။ ၎င်းတို့သည် အပြစ်ဒုစရိုက်နှင့် မတရားမှုများ တွင် အခြားသူများ (၎င်းတို့သည် ဖခင်ဖြစ်စေ၊ညီအစ်ကိုဖြစ်စေ)နှင့် ပူးပေါင်းဆောင်ရွက်ခြင်း မပြုသင့်ပေ။ဤသည်မှာ တရားမျှတ၍ ကျိုးကြောင်းဆီလျော်သော အစွလာမ်က ချမှတ်သည့် အခြေခံဖြစ်ပြီး၊ တမန်တော်မြတ်ﷺကိုယ်တိုင် ဤလမ်းစဉ်၏ အဆင့်တိုင်းကို ဂရုစိုက်သည့်ပြင် လူတိုင်းအား အခြေခံစည်းမျဉ်းကို လိုက်နာရန် အမိန့်ပေးခဲ့လေသည်။ ၎င်း၏နောက်ဆုံး နှုတ်ဆက်မိန့်ခွန်း၌ ရုပ်တုကိုးကွယ်သည့် ဓလေ့ထုံးစံအားလုံးကို ၎င်း၏ခြေထောက်အောက်တွင် နင်းချေခဲ့သဖြင့် အာရပ်နှင့် အာရပ်မဟုတ်သူ၊ လူဖြူနှင့်လူမဲ၊ ဇာတိနှင့် ပဝုတ္တိခွဲခြားမှု တိုင်းရင်းသားနှင့် နိုင်ငံခြားသား ခွဲခြားမှုဟူသော ရုပ်တုဟူသမျှသည် ကျိုးကြေခဲ့ပြီးဖြစ်၏။ အစွလာမ့် အခြေခံစည်းမျဉ်းဖြစ်သည့် အချင်းချင်းကူညီ ယိုင်းပင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် အမှန်တရားနှင့် တရားမျှတမှုပင်ဖြစ်၍ လူအားလုံးက ကျင့်သုံးကြသင့်သည်ဟု ထည့်သွင်းမိန့်ကြားခဲ့လေသည်။

ဤအကြောင်းအရာကပေးသော အခြားသင်ခန်းစာတစ်ခုမှာ ရှေးအတိတ်အချိန်ကတည်းက အစွလာမ့်ရန်သူများသည် အမျိုးသားရေးဝါဒနှင့် ဒေသခွဲခြားရေးဝါဒများကို မွတ်စလင်အသိုင်းအဝိုင်းအား သဘောထားကွဲစေရန်နှင့် ပြိုကွဲစေရန် အသုံးပြုခဲ့ကြသည်။ အခွင့်အရေးရသည့်အခါတိုင်း မွတ်စလင်တို့ပြိုပြိုကွဲအောင် ပြုလုပ်ခဲ့ကြသည်။

ဤသင်ခန်းစာကို မွတ်စလင်တို့ အချိန်ကြာမြင့်စွာ မေ့လျော့နေခဲ့ကြပြီး၊ ရန်သူတို့ကမူ မွတ်စလင်တို့၏ စည်းလုံးမှုကို ဖြိုခွဲရန် ရှိုင်တွာန်ကွန်ယက်ကို တစ်ကြိမ်ထပ်၍တည်ထောင်ပြန်သည်။ ကမ္ဘာတစ်ဝှမ်းမှ မွတ်စလင်များသည် ဘာသာတရားနှင့် ဘာသာရေးစည်းမျဉ်းစည်းကမ်းများကို မေ့ပျောက်ထားကြသည်။ ရလဒ်အနေဖြင့် ၎င်းတို့မှာ ပြည်တွင်းစစ်၏ သားကောင်များ ဖြစ်လာကြသည်။ ကာဖိရ်တို့အား တိုက်ခိုက်မည့် ရှေ့တန်းစစ်ဖျက်နှာမှာ ရိုက်ချိုးခံရသည်။ မွတ်စလင်ကမ္ဘာတွင် အာရပ်နှင့် အာရပ်မဟုတ်သူများဟူ၍ ခွဲခြားခံရရုံသာမက အီဂျစ်၊ ဆီးရီးယန်း၊ ဟိဂျာဇီနှင့် ယီမင်လူမျိုးများအဖြစ် ခွဲခြားခံရသည်။ အိန္ဒိယတိုက်ငယ်တွင် ပန်ချာဗီ၊ ဘင်ဂါလီ၊ စင်ဒီ၊ ဟင်ဒီ၊ ပထန်နှင့် ဗလိုချီအချင်းချင်း ကွဲပြားမှု၏ သားကောင်များ ဖြစ်ကြရသည်။ အလ္လာဟ်အရှင်မြတ်ထံ ကျွန်ုပ်တို့တိုင်ကြားပါသည်။ အစွလာမ့်ရန်သူများသည် ကျွန်ုပ်တို့၏ ကွဲပြားမှုများဖြင့် ဆော့ကစားလျက်ရှိကြသည်။ ရလဒ်အနေဖြင့် ၎င်းတို့သည် ကျွန်ုပ်တို့အားနယ်ပယ်တိုင်းတွင် လွှမ်းမိုးလျက်ရှိပြီး၊ ကျွန်ုပ်တို့မှာ နေရာတိုင်းတွင် ရှုံးနိမ့်လျက်ရှိကြသည်။ ကျွန်ုပ်တို့တွင် ပုံတူကူးချလိုသော စိတ်နေစိတ်ထား တိုးပွားပြီး၊ ၎င်းတို့ထံခိုလှုံရန် တွန်းအားပေးခြင်း ခံနေရသည်။ ယနေ့ခေတ်အခါ၌ အကယ်၍

ကျွန်ုပ်တို့သည် ကုရ်အာန်၏ အခြေခံစည်းမျဉ်းများနှင့် အလ္လာဟ့်ရစူလ်တမန်တော်ﷺ၏ လမ်းညွှန်ချက်များအတိုင်း ရပ်တည်ကြပါက၊ အကယ်၍ ကျွန်ုပ်တို့သည် အခြားသူများ၏ နေပုံထိုင်ပုံကို ပုံတူခိုးချမည့်အစား ခိုင်ခံ့သော အစွဲလာမ့် ညီနောင်စိတ်ဓာတ်ကို မွေးမြူကြပါက၊ အကယ်၍ ကျွန်ုပ်တို့သည် အသားအရောင်၊ အမျိုးအနွယ်၊ ဘာသာစကားနှင့် ဒေသရုပ်တုများကို ချိုးဖျက်ကြပါက ကျွန်ုပ်တို့ထံသို့ အလ္လာဟ်အရှင်မြတ်၏ အကူအညီနှင့် စောင်မမှုများ ရောက်ရှိလာမည်ကို မျက်ဝါးထင်ထင် ကျွန်ုပ်တို့တွေ့မြင်နိုင်ကြပေမည်။

အစွဲလာမ့်အခြေခံစည်းမျဉ်းများကို မြင့်မြတ်သော သာဝကကြီးများ၏ ပြိုင်စံရှားသည့် စွဲမြဲလိုက်နာမှုနှင့် ၎င်းတို့၏မြင့်မား သောအဆင့်အတန်း

အဖြစ်အပျက်က ပို၍ထင်ရှားစေသည်မှာ ရှိုင်တွာန်သည် အချို့လူများအား ရုပ်တုကိုးကွယ်သည့်ဝါဒ၏ ဆောင်ပုဒ်ကို ယာယီဖော်ဆောင်အောင် ပြုလုပ်ခဲ့သော်လည်း ၎င်းတို့၏ နှလုံးသားများထဲတွင် အီမာန်စူးဝင်နစ်မြုပ်နေသည်ဖြစ်၍ မပြောပလောက်သော သတိပေးချက်သည် ၎င်းတို့အား နောင်တတရားဆီသို့ တွန်းပို့ရန် လုံလောက်ကြောင်းပင်ဖြစ်၏။ ၎င်းတို့တွင်ရှိသော အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်ﷺတို့အပေါ် ချစ်ခင်မှုဒီဂရီမှာ မြင့်မားလှသောကြောင့် မည်သည့်ပတ်သက်ဆက်နွယ်မှုနှင့် အမျိုးသားရေးစိတ်ဓာတ်ကမျှ ထိုချစ်ခင်မှုကို မတားဆီးနိုင်ခဲ့ပေ။ ထိုအကြောင်းကို ဖိုက်ဒ်အိပ်နအရ်ကမ်ﷺ၏ ပြောကြားချက်က ကောင်းစွာသက်သေခံပေသည်။ ၎င်းကိုယ်တိုင်သည် ခါဖိရဂ်မျိုးနွယ်ဝင်ဖြစ်၏။ အိပ်နအုဗေယ်မှာ ထိုမျိုးနွယ်စု၏ ခေါင်းဆောင်ဖြစ်ပြီး၊ ဖိုက်ဒ်ﷺက ၎င်းအားများစွာချစ်ခင် လေးစားသူတစ်ဦး ဖြစ်ခဲ့သည်။ သို့သော်ငြားလည်း ၎င်းသည် ခိုလှုံသူ မွတ်စလင်များနှင့် အလ္လာဟ့်ရစူလ်တမန်တော်ﷺတို့ကို ဆန့်ကျင်ရန် နှိုးဆွပေးသည့် ၎င်းတို့ခေါင်းဆောင်၏ စကားများကို သည်းမခံနိုင်သောကြောင့် ပွင့်လင်းပြတ်သားစွာ တုံ့ပြန်ပြောဆိုခဲ့ခြင်းဖြစ်၏။ ထို့နောက် ၎င်းသည် တမန်တော်မြတ်ﷺထံသို့ သွားရောက်ပြီး၊ မုနာဖစ်ဂ်တို့အကြောင်းကို တိုင်ကြားခဲ့သည်။ မျိုးရိုးကို ကိုးကွယ်သူများအနေဖြင့် ထိုခေတ်အခါက ၎င်းတို့၏ အကြီးအကဲများနှင့် ပတ်သက်၍ မကျေနပ်ကြောင်းကို တမန်တော်မြတ်ﷺအား ပြောရဲခဲ့ကြသည် မဟုတ်ပေ။

ဤအဖြစ်အပျက်တွင် အိပ်နအုဗေယ်၏သား အဗ်ဒွလ္လာဟ်၏ စိတ်ထားသည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်ﷺတို့အား စစ်မှန်စွာ ချစ်ခင်ခြင်း၊ ကြည်ညိုလေးစားခြင်းများဖြစ်ကြောင်း သိသာထင်ရှား၏။ အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်ﷺတို့အား ဆန့်ကျင်ပြောဆိုကြောင်းကို သိရသည်နှင့် ၎င်းသည် တမန်တော်မြတ်ﷺထံသို့သွားပြီး၊ ၎င်းဖခင်၏ ဦးခေါင်းကို ဖြတ်ခွင့်ပြုပါရန် သဘောတူညီချက်တောင်းခံခဲ့သည်။ တမန်တော်မြတ်ﷺက ခွင့်မပြုသောအခါ၊ မဒီနာမြို့သို့ ရောက်ကာနီးတွင် ၎င်းက ၎င်းဖခင်၏လမ်းကို ပိတ်ဆို့လျက် ဖခင်၏ကုလားအုတ်ကို ထိုင်စေကာ အလ္လာဟ့်ရစူလ်တမန်တော်ﷺသည် 'ဂုဏ်သရေအရှိဆုံး' ဖြစ်ပြီး၊ ၎င်း၏ဖခင်ကိုယ်တိုင်သည် 'အသိမ်ဖျင်းဆုံး'ဖြစ်ကြောင်းကို အတင်းအကြပ် ဝန်ခံစေခဲ့သည်။ ၎င်းသည် တမန်တော်မြတ်ﷺ၏ ခွင့်ပြုချက်မရသေးမီ ၎င်း၏ဖခင်အား လမ်းဖွင့်မပေးခဲ့ချေ။

ထို့ပြင် လူမျိုးကိုးကွယ်မှုနှင့် နယ်မြေကိုးကွယ်မှုတို့၏ရုပ်တုများအား ဘဒရ်၊ အုဟွတ်နှင့် အဟ်ဇာဗ်စစ်ပွဲများတွင် အပိုင်းပိုင်းဖြစ်အောင် ချိုးဖျက်ခဲ့ခြင်းက မည်သည့်လူမျိုး၊ တိုင်းပြည်၊ အသားအရောင် သို့မဟုတ် ဘာသာစကားအုပ်စုပင်ဖြစ်စေကာမူ မွတ်စလင်အားလုံးသည် ညီနောင်များသာဖြစ်ကြောင်း သက်သေပြခြင်းဖြစ်လေသည်။ အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်ﷺတို့အား ယုံကြည်သက်ဝင်မှုမရှိသူ မှန်သမျှသည် ရန်သူတစ်ဦးပင်ဖြစ်သည်။ ညီအစ်ကို သို့မဟုတ် ဖခင်အရင်းပင်ဖြစ်စေ ရန်သူတစ်ဦးပင်ဖြစ်၏။

ہزار خویش کہ بیگانہ از خدباشد ... فدائے یک تنِ بیگانہ کآشنا باشد

အလ္လာဟ်အရှင်မြတ်အား သစ္စာခံသော သူစိမ်းတစ်ဦးအတွက် အလ္လာဟ်အရှင်မြတ်အား ဆန့်ကျင်သော ဆွေမျိုးထောင်ပေါင်းများစွာကို စွန့်လွှတ်ပေးဆပ်နိုင်ရပေမည်။

မွတ်စလင်တို့၏ အထွေထွေသက်သာချောင်ချိမှုကို ဂရုစိုက်ခြင်း- နားလည်မှုလွဲမှားခြင်းမှ ၎င်းတို့အား အကာအကွယ် ပေးခြင်း

ဤအဖြစ်အပျက်က ပုံဖော်သော အခြားအချက်တစ်ခုမှာ လက်သင့်ခံနိုင်သည့် လုပ်ရပ်ပင် ဖြစ်စေကာမူ အကယ်၍ ယင်းလုပ်ရပ်သည် မွတ်စလင်တစ်ဦး၏ စိတ်ထဲတွင် နားလည်မှုလွဲမှားခြင်းကို ဖြစ်စေပါက သို့မဟုတ် မွတ်စလင်များကြားတွင် နားလည်မှုလွဲမှားခြင်းကို ပျံ့နှံ့အောင် ပြုလုပ်ရန် ရန်သူတို့အတွက် အခွင့်အရေးတစ်ခုပေးသလို မျိုးဖြစ်စေပါက ထိုလုပ်ရပ်ကို ရှောင်ရှားသင့်၏။ ဤသို့ကြောင့် အိမ်နီအုဇေယ်၏ မွတ်စလင်အယောင်ဆောင်မှုပေါ်သွားသောအခါ၊ သာဝကကြီးအုမာရ်ﷺက ၎င်းအား ခေါင်းဖြတ်ခွင့်တောင်းခံသော်လည်း တမန်တော်မြတ်ﷺက ခွင့်မပြုခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရန်သူတို့က လူများ၏စိတ်ထဲတွင် မုဟမ္မဒ်ﷺသည် ကိုယ့်ရဲဘော်ကိုယ် ပြန်သတ်သည်ဟူ၍ အထင်မှားစရာကို ဖန်တီးနိုင်သောကြောင့်ဖြစ်သည်။ သို့သော် မှတ်သားသင့်သည်မှာ အခြားဟဒီးသ်များက သက်သေခံသကဲ့သို့ ချီးကျူးထိုက်သော လုပ်ရပ်များ ဖြစ်သည့်တိုင် ရှရီအဟ်၏ အခြေခံရည်မှန်းချက်များထဲမှ မဟုတ်သောအခါမှသာလျှင် ထိုကဲ့သို့လုပ်ရပ်များကို စွန့်ပစ်နိုင်ပေသည်။ ရှရီအဟ်၏ အခြေခံရည်မှန်းချက်များအတွက်မှာမူ ထိုကဲ့သို့ကြောင့်ကျမှုတစ်ခုကို စွန့်ပစ်ခြင်း မပြုနိုင်ပေ။ ထိုအစား အန္တရာယ်ကို ဖယ်ရှားရန်နှင့် ရှရီအဟ်က ဆုံးဖြတ်သည့် အလုပ်ကိုပြုလုပ်ရန် ကြိုးစားရမည် ဖြစ်ပေသည်။

စူရဟ်၏သီးသန့်ဝါကျအချို့ကို လေ့လာကြည့်ကြပါစို့။

"ဝ ဣဒါ ကီလ လဟုမ် တဓာလဝ် ယသ်တဂ်ဖိရ် လကုမ် ရသူလုလ္လာဟ်" ၎င်းပြောထိုသူတို့အား 'အသင်တို့သည် လာကြလေကုန်၊ အလ္လာဟ်အရှင်မြတ်၏ ရာဇူလ်တမန်တော်မြတ်သည် အသင်တို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြား၍ပေးမည်'ဟု ပြောဆိုသောအခါ ...."(၆၃း၅)။ ဤစူရဟ်ဟ်ကျရောက်၍ မုနာဖစ်က်တို့၏ ခေါင်းဆောင်ဖြစ်သူ အဗ်ဒွလ္လာဟ်အိဗ်နိ အုဗေယ်၏ လိမ်ညာသစ္စာဆိုခြင်းများ ပေါ်ပေါက်သွားခဲ့သောအခါ၊ လူများသည် ၎င်းထံသို့သွားပြီး၊ ၎င်း၏အပြစ်ကို ဝန်ခံရန် အကြံပြုခဲ့ကြသည်။ ၎င်းအားခွင့်လွှတ်တော်မူပါမည့် အကြောင်း အလ္လာဟ်အရှင်မြတ်ထံ ဆုပန်ကြားပေးပါရန် တမန်တော်မြတ်ﷺအား မေတ္တာရပ်ခံဖို့ ၎င်းတွင်အချိန်ရှိသေး ကြောင်း ၎င်းတို့ကပြောကြားခဲ့ကြသည်။ ထိုအခါ ၎င်းကဦးခေါင်းကိုခါယမ်းပြီး 'အသင်တို့က ယုံကြည်သက်ဝင်ရန် ပြောသောအခါ၊ ကျွန်ုပ်ယုံကြည်သက်ဝင်ခဲ့သည်။ ဇကားဟ် ပေးပါဟု ပြောသောအခါ၊ ကျွန်ုပ်ဇကားဟ်ပေးခဲ့သည်။ ယခု အသင်တို့အဖို့ မုဟမ္မဒ်ﷺကို ပျံဝင်ဦးချပါဟုပြောရန် တစ်ခုပဲ ကျန်တော့သည်။'ဟု မောက်မာစွာ ပြောကြားခဲ့သည်။ ဤဖြစ်ရပ်အပေါ် အထက်ပါ အာယတ်တော်များ ကျရောက်ခဲ့ခြင်း ဖြစ်လေသည်။ အာယတ်တော်က ၎င်းတွင် အီမာန်မရှိသောကြောင့် ၎င်းအတွက် ခွင့်လွှတ်မှုကို တောင်းခံခြင်းသည် မည်သို့မျှ အကျိုးရှိလိမ့်မည် မဟုတ်ဟု မိန့်ဆိုခြင်းဖြစ်၏။

ဤအဖြစ်အပျက်၏နောက် အိဗ်နိအုဗေယ်သည် မဒီနာမြို့သို့ ပြန်လာခဲ့ကာ ရက်အနည်းငယ် နေထိုင်ပြီးနောက် ကွယ်လွန်ခဲ့လေသည်။ (မဇ်ဟရီ)

"ဟုမ် လ္လဓီန ယကူလူန လာ တုန်ဖိကူ အလာ မန် ဣန်ဒ ရသူလိလ္လာဟ် ဟတ္တာ ယန်ဖဿူ" ၎င်းတို့ကပင် 'အသင်တို့သည် ရာဇူလ်တမန်တော်မြတ်ထံတော်ပါး၌ ရှိနေကြသောသူတို့အပေါ်၌ ၎င်းတို့ ကစဉ့်ကလျား ဖြစ်သွားကြသည်အထိ သုံးစွဲ ခြင်းကို

မပြုကြကုန်လင့်'ဟူ၍ ပြောဆိုခဲ့ကြကုန်။ စင်စစ်သော်ကား မိုးကောင်း...."(၆၃း၇)။ ဤအာယတ်တော်က ပြောင်းရွှေ့နေထိုင်သူ (မုဟာဂျိရ်) ဂျဟ်ဂျားဟ်နှင့် ကူညီသူ (အန်ဆွာရီ) စိနာန်တို့ အငြင်းပွားနေစဉ် အိပ်နိုအုဗေယ် ပြောကြားခဲ့သည့် မိုက်မဲသောစကားကို ထောက်ပြခြင်းဖြစ်၏။ အလ္လာဟ်အရှင်မြတ်က ထိုပြောစကားကို တုံ့ပြန်တော်မူသည်မှာ မိုးကောင်းကင်များနှင့် ကမ္ဘာမြေရှိ ဘဂ္ဂာတော်များကို အလ္လာဟ် အရှင်မြတ် ပိုင်ဆိုင်တော်မူသော်လည်း ဤမိုက်မဲသောလူများက မုဟာဂျိရ်များသည် ၎င်းတို့၏ လှူဒါန်းမှုများကို လိုအပ်နေပြီး၊ ၎င်းတို့သည် ထိုသူများ၏ ထောက်ပံ့ပေးကမ်းသူများဖြစ်ကြသည်ဟု ယူဆခဲ့ကြသည်။ အကယ်၍ ထိုအရှင်မြတ် အလိုတော်ရှိပါက ၎င်းတို့ဘက်မှ ဘာမျှပြန်ပေးရန်မလိုဘဲ ၎င်းတို့လိုသမျှကို ပေးကမ်းနိုင်တော်မူပေသည်။ အိပ်နိုအုဗေယ်၏ ပြောကြားချက်မှာ ၎င်း၏ မိုက်မဲမှု၏ အထောက်အထားတစ်ခု ဖြစ်သောကြောင့် ကျမ်းမြတ်ကုရ်အာန်က لَا يَفْقَهُوْنَ "...." သို့ရာတွင် 'မုနာဖစ်က်' အယောင်ဆောင်မွတ်စလင်မ်တို့သည် နားလည်ကြသည် မဟုတ်ပေ။"(၆၃း၇)ဟု မိန့်ဆိုခြင်းဖြစ်၏။

يَقُوْلُوْنَ لَئِنْ رَّجَعْنَآ اِلَى الْمَدِيْنَةِ لَيُخْرِجَنَّ الْاَعَزُّ مِنْهَا الْاَذَلَّ "၎င်းတို့ကပင် (ယခုသော်) ကျွန်ုပ်တို့ သည် 'မဒီနဟ်'မြို့သို့ ပြန်၍သွားခဲ့ကြလျှင် ဂုဏ်အသရေအင်အားရှိသူ တို့သည်၊ ဂုဏ်အသရေအင်အားမဲ့သော သူတို့ အား ထိုမြို့မှ ဇကန်မလွဲ နှင်ထုတ်ကြပေမည်။ ...."(၆၃း၈)။ ဤအာယတ်တော်ကလည်း မုနာဖစ်က်အိပ်နိုအုဗေယ်၏ ပြောဆိုချက်ပင်ဖြစ်၏။ ၎င်းသုံးသောစကားလုံးများမှာ မရေမရာရှိသော်လည်း ရည်ရွယ်ချက်မှာမူ ရှင်းလင်း၏။ ၎င်းက ၎င်းကိုယ်တိုင်နှင့် မဒီနာမြို့ခံများကို 'ဂုဏ်အသရေရှိပုဂ္ဂိုလ်များ'ဟူ၍ လည်းကောင်း၊ တမန်တော်မြတ်ﷺနှင့် ပြောင်းရွှေ့လာခဲ့ကြသော သာဝကကြီးများအား (မပြောကောင်းမဆိုအပ်) 'အသိမ်ဖျင်းဆုံးလူများ'ဟူ၍လည်းကောင်း ခေါ်ဝေါ်ထား၏။ ဤနည်းအားဖြင့် ၎င်းက သူတို့၏မြို့သို့ ပြောင်းရွှေ့လာသူ မုဟာဂျိရ်များကို မောင်းထုတ်ရန် မဒီနာမြို့သားကူညီသူအန်ဆွာရီများအား လှုံ့ဆော်ပေးလေသည်။ ဤသည်ကို ဖြေကြားသည့်အနေဖြင့် အကယ်၍ အမှန်တကယ် ဂုဏ်သရေရှိသူများက ၎င်းတို့၏မြို့မှ အမှန်တကယ် အသိမ်ဖျင်းဆုံး လူများကို မောင်းထုတ်ပါက ၎င်းတို့ကိုယ်တိုင်မှာ မောင်းထုတ်ခံကြရလိမ့်မည်ဖြစ်ကြောင်း မိန့်တော်မူခြင်းဖြင့် အလ္လာဟ်အရှင်မြတ်သည် ၎င်း၏လေလုံးထွားသော ပြောကြားချက်ဖြင့် ၎င်းကိုယ်တိုင်ကို တန်ပြန်တော်မူသည်။ အဘယ်ကြောင့် ဆိုသော် ဂုဏ်ကျက်သရေအပေါင်းကို ထိုအရှင်မြတ်၊ ထိုအရှင်မြတ်၏ ရဿူလ်တမန်တော်မြတ်ﷺနှင့် ယုံကြည်သက်ဝင် သူများက ပိုင်ဆိုင်ကြသောကြောင့် ဖြစ်လေသည်။ သို့ရာတွင် မုနာဖစ်က်တို့သည် ဤအချက်ကို ၎င်းတို့၏မသိနားမလည်မှုကြောင့် သတိမမူမိခဲ့ကြပေ။ ဤအာယတ်တော်၏ နိဂုံးစကားရပ်မှာ لَا يَعْلَمُوْنَ "...." သို့တစေလည်း 'မုအ်မင်န်' အယောင်ဆောင်တို့မှာမူကား သိရှိကြသည် မဟုတ်ပေ။"(၆၃း၈)ဖြစ်၏။ ဤသည်က အာယတ်တော်(၇)၏ နိဂုံးစကားရပ် لَا يَفْقَهُوْنَ "...." သို့ရာတွင် 'မုနာဖစ်က်' အယောင်ဆောင် မွတ်စလင်မ်တို့သည် နားလည်ကြသည် မဟုတ်ပေ။"(၆၃း၇)နှင့် ကွဲလွဲသယောင်ရှိ၏။ 'နားမလည်ကြ'နှင့် 'မသိကြ'တို့ကြား ကွာခြားရခြင်း၏ အကြောင်းရင်းမှာ အောက်ပါအတိုင်းဖြစ်၏။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးက ၎င်းသည်အခြားသူများ၏ ပေးကမ်းထောက်ပံ့သူဖြစ်သည်ဟု ထင်မှတ်ပါက ဤသို့ထင်မှတ်ခြင်းသည် သဘာဝ မကျဘဲ မိုက်မဲခြင်း၏ လက္ခဏာတစ်ရပ်သာလျှင်ဖြစ်၏။ အခြားတစ်ဖက်မှကြည့်လျှင် ဂုဏ်သရေ ရှိခြင်းနှင့် ဂုဏ်သရေညှိုးခြင်းများသည် တစ်ဦးတစ်ယောက်၏ လုပ်ငန်းတာဝန်ဖြစ်လာသည်။ အကယ်၍ ၎င်းသည် ၎င်း၏ ဝေဖန်ပိုင်းဖြတ်မှုတွင် မှားယွင်းပါက ဤသို့မှားယွင်းခြင်းသည် အချက်အလက်များကို မသိခြင်း သို့မဟုတ် အခြေအနေမှန်ကို မသိခြင်းပင်ဖြစ်၏။ သို့ဖြစ်သောကြောင့် ဤနေရာတွင် لَا يَعْلَمُوْنَ "...." သို့တစေလည်း 'မုအ်မင်န်'အယောင်ဆောင်တို့မှာမူကား သိရှိကြသည်မဟုတ်ပေ။"(၆၃း၈)ဟု မိန့်ဆို ခြင်းဖြစ်လေသည်။

အာယတ်တော် (၉-၁၁)

يَاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تُلْهِكُمْ اَمْوَالُكُمْ وَلَآ اَوْلَادُكُمْ عَنْ ذِكْرِ اللّٰهِ ۚ وَ
مَنْ يَّفْعَلْ ذٰلِكَ فَاُولٰٓئِكَ هُمُ الْخٰسِرُوْنَ ۝٩ وَ اَنْفِقُوْا مِنْ مَّا رَزَقْنٰكُمْ مِّنْ
قَبْلِ اَنْ يَّاْتِيَ اَحَدَكُمُ الْمَوْتُ فَيَقُوْلَ رَبِّ لَوْلَآ اَخَّرْتَنِيْٓ اِلٰٓى اَجَلٍ قَرِيْبٍ ۙ
فَاَصَّدَّقَ وَ اَكُنْ مِّنَ الصّٰلِحِيْنَ ۝١٠ وَ لَنْ يُّؤَخِّرَ اللّٰهُ نَفْسًا اِذَا جَآءَ
اَجَلُهَا ۭ وَاللّٰهُ خَبِيْرٌۢ بِمَا تَعْمَلُوْنَ ۝١١

အို- 'မုအ်မင်န်' သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့ကို အလ္လာဟ်အရှင်မြတ်အား တသသတိရခြင်းမှ အသင်တို့၏ ပစ္စည်းဥစ္စာများသည်လည်း လျစ်လျူရှုပေါ့တန်စေခြင်း မရှိစေရ။ အသင်တို့ သားသမီးများသည်လည်း လျစ်လျူရှုပေါ့တန်စေသည် မရှိစေရ။ စင်စစ်သော်ကား မည်သူမဆို ထိုသည်ကို ပြုမူသည်ရှိသော် ထိုကဲ့သို့ သူတို့သည်သာလျှင် ဆုံးရှုံးသူများဖြစ်ကုန်၏။[၉] ထိုမှတပါး အသင်တို့အနက် တစ်ဦးတစ်ယောက်၏ထံသို့ မရဏာ သေခြင်းတရား ဆိုက်ရောက်မလာမီပင် အသင်တို့သည် မိမိတို့အား ငါအရှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သည်များအနက်မှ သုံးစွဲ (လှူဒါန်း)ကြလေကုန်။ ထို(မရဏာ သေခြင်းတရားရောက်လာသော)အခါ ထိုသူသည် 'အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူ သောအရှင်မြတ်၊ အရှင်မြတ်သည် အဘယ်ကြောင့် ကျွန်တော်မျိုးအား အချိန်ကာလ အနည်းငယ်ရှေ့ဆိုင်းခွင့် ပေးတော်မမူပါသနည်း။ သို့ပေးတော်မူခဲ့ပါလျှင် ကျွန်တော်မျိုးသည် အလှူဒါနပြုသည့်ပြင်သူတော်ကောင်းတစ်ဦးလည်းဖြစ်ပါမည်' ဟု လျှောက်ထားပေမည်။[၁၀] စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦး တစ်ယောက်ကိုမျှပင် ၎င်းနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလ ဆိုက်ရောက်လာခဲ့လျှင် ရှေ့ဆိုင်းခွင့်အလျှင်း ပြုတော် မူသည်မဟုတ်ပြီ။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကျင့်မူသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၁၁]

ရှင်းလင်းဖွင့်ဆိုချက်

ရကူအ်(၁)နှင့်(၂)တို့ကြားမှ ကွင်းဆက်

يَاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تُلْهِكُمْ اَمْوَالُكُمْ وَلَآ اَوْلَادُكُمْ عَنْ ذِكْرِ اللّٰهِ

"အို- မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့ကို အလ္လာဟ်အရှင်မြတ်အား တသ သတိရခြင်းမှ အသင်တို့၏ ဥစ္စာပစ္စည်းများသည်လည်း လစ်လျူရှုပေါ့တန်စေခြင်း မရှိစေရ။ အသင်တို့၏ သားသမီးများသည်လည်း လစ်လျူရှုပေါ့တန်စေသည် မရှိစေရ။ ...."(၆၃း၉)။

အလျင်ရကူအ်သည် မုနာဖစ်ဂ်များ၊ ၎င်းတို့၏ မုသားသစ္စာများနှင့် အချုပ်အားဖြင့် ၎င်းတို့၏ယုတ်ညံ့သော လုပ်ရပ်များသည် ၎င်းတို့၏ လောကီအကျိုးအမြတ်ကို လွန်မင်းစွာ ခုံမင်မှုပေါ်တွင် အခြေခံ၏။ ၎င်းတို့သည် အပြင်ပန်းက မွတ်စလင်ဟု ကြွေးကြော်ခြင်းဖြင့် မွတ်စလင်အစစ်တို့၏လက်တွင် ဆုံးရှုံးမှုကို မခံစားကြရသည့်ပြင် မွတ်စလင်တို့

နှင့်အတူ စစ်ပွဲလက်ရ၏ ဝေစုခွဲတမ်းကိုပါ ရရှိနိုင်ခဲ့ကြသည်။ ဤစိတ်ဓာတ်၏ အကျိုးဆက်များထဲမှ တစ်ခုမှာ မုဟာဂျိရ် သာဝကကြီးများအတွက် သုံးစွဲခြင်းကို ရပ်တန့်စေမည့် ၎င်းတို့၏ စိတ်အကြံအစည် ဖြစ်၏။ ယခု ဤဒုတိယရက္ခာအ်သည် စစ်မှန်၍ သစ္စာရှိသောမွတ်စလင်များကို မိန့်ကြားခြင်းဖြစ်ပြီး၊ မုနာဖစ်က်တို့ မိုက်မဲစွာ ပြုကျင့်ကြသကဲ့သို့ ဤလောကီအား ခုံမင်မှုဖြင့်ယစ်မူးမနေကြရန် ၎င်းတို့အား သတိပေးတော်မူသည်။ ဤလောကၭ် လူတစ်ဦးကို အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းမှ လမ်းလွဲစေသော အဓိကအရာနှစ်ခုရှိပေသည်။ (၁) ဥစ္စာပစ္စည်းနှင့် (၂) သားသမီးများ ဖြစ်ကြသည်။ ထို့ကြောင့်ပင် ဤအရာနှစ်ခုအား သီးသန့်ရွေးချယ်ဖော်ပြခြင်းဖြစ်၏။ တစ်နည်းအားဖြင့် လောကရှိ သာယာကြည်နူးမှု နည်းလမ်းပေါင်းစုံကို ရည်ညွှန်းခြင်းဖြစ်၏။ အာယတ်တော်၏ ဆိုလို ရင်းမှာ ဥစ္စာပစ္စည်းနှင့် သားသမီးတို့အား အဝိုင်းအတာတစ်ခုထိ ချစ်ခင်ခြင်းသည် အဆိုးမဟုတ်ပေ။ ယင်းတို့ကို ဒီဂရီ အဆင့်တစ်ခုထိ အာရုံစိုက်ခြင်းအား ခွင့်ပြုရုံသာမက မပြုမနေရတာဝန်လည်းဖြစ်၏။ သို့သော် လက်သင့်ခံနိုင်သော ချစ်ခင်မှုနှင့် လက်သင့်မခံနိုင်သော ချစ်ခင်မှုတို့ကြားတွင် ပိုင်းခြားထားသည့် မျဉ်းတစ်ကြောင်းရှိကြောင်းကို စိတ်ဝယ် စွဲမှတ်ထားရမည်ဖြစ်၏။ အဆုံးအဖြတ်ပြုရာတွင် အသုံးပြုသည့် 'စံ'မှာ ဤချစ်ခင်မှုက အကြင်သူအား အလ္လာဟ်အရှင် မြတ်အား သတိရတသခြင်းမှ သွေဖည်ခြင်း မဖြစ်စေရပေ။ ဤစကားရပ်မှ 'ဇိက်ရ်'(သတိရတသခြင်း)ဟူသော စကား လုံးကို ရှင်းလင်းဖွင့်ဆိုသူများက အမျိုးမျိုး အနက်ဖွင့်ကြသည်။ အချို့က နေ့စဉ်ဆွလာတ်(၅)ကြိမ်ကို လည်းကောင်း၊ အချို့က ဇကားဟ် သို့မဟုတ် ဟဂျ်ကိုလည်းကောင်း၊ အချို့က ကုရ်အာန်ကျမ်းမြတ်ကို လည်းကောင်း ရည်ညွှန်းခြင်းဟု ဆိုကြသည်။ ဟစန်ဗဆွရီ၏ အမြင်ကို ဖော်ပြရလျှင် 'ဇိက်ရ်'ဟူသော စကားလုံးသည် ဤနေရာတွင် နာခံကျိုးနွံမှုနှင့် ခဝပ်ကိုးကွယ်မှုပုံစံအားလုံးကို ရည်ညွှန်း၏။ ဤသည်မှာ အပြည့်စုံဆုံး အနက်ဖွင့်ဆိုမှုပင် ဖြစ်လေသည်။ (ကုရ်သုဗီ)

အဝိုချုပ်အားဖြင့် အလ္လာဟ်အရှင်မြတ်အား နာခံကျိုးနွံခြင်းမှ လမ်းလွဲအောင်မပြုသော ဒီဂရီထိ ကျွန်ုပ်တို့အား ရုပ်ဝတ္ထုကြွယ်ဝချမ်းသာမှုတွင် ပါဝင်ပတ်သက်ခွင့်ပြုပေသည်။ အကယ်၍ အကြင်သူသည် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်သည့် တာဝန်နှင့် ဝတ္တရားများမှ ၎င်းအား လမ်းလွဲသော ရုပ်ဝတ္ထုကြွယ်ဝချမ်းသာမှုတွင် ဖမ်းစားခံရပါက သို့မဟုတ် တားမြစ်သော သို့မဟုတ် စက်ဆုပ်ဖွယ်ကောင်းသော အရာများတွင် အာရုံစွဲငြိလာပါက أُولَٰئِكَ هُمُ الْخَاسِرُونَ (.... ၎င်းတို့သည် ဆုံးရှုံးသူများ ဖြစ်ကြသည်)ဟူသော စာကြောင်းက အကျိုးသက်ရောက်စေလိမ့်မည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် တမလွန်၏ ကြီးကျယ်၍ ထာဝရဖြစ်သော အကျိုးဆုလာဘ်ကို ဤလောက၏ သေးနုပ်၍ ကြာရှည်မခံသော သာယာကြည်နူးမှုဖြင့် ရောင်းစားခဲ့သောကြောင့် ဖြစ်လေသည်။ သည့်ထက်ပို၍ ကြီးကျယ်သော ဆုံးရှုံးမှုမှာ အဘယ်အရာပေနည်း။

"وَأَنفِقُوا مِن مَّا رَزَقْنَاكُم مِّن قَبْلِ أَن يَأْتِيَ أَحَدَكُمُ الْمَوْتُ ထိုမှတပါး အသင်တို့အနက် တစ်ဦး တစ်ယောက်ထံသို့ 'မရဏ'သေခြင်းတရား ဆိုက်ရောက်မလာမီပင် အသင်တို့သည် မိမိတို့အား ငါအရှင်မြတ် ချီးမြှင့် ပေးသနားတော်မူခဲ့သည်များ အနက်မှ သုံးစွဲ(လှူဒါန်း)ကြလေကုန်။ ...."(၆၃း၁၀)။ ဤအာယတ်တော်မှ 'သေခြင်းတရား ရောက်လာခြင်း'သည် 'သေခြင်းတရား၏ နိမိတ်လက္ခဏာများကို မြင်တွေ့ခြင်း'ကို ရည်ညွှန်း၏။ အာယတ်တော်က ယုံကြည်သက်ဝင်သူတို့အား အလေးအနက် တိုက်တွန်းသည်မှာ သေခြင်းတရား၏ နိမိတ်လက္ခဏာများ ပေါ်ထွက်မလာမီ ကျန်းမာ၊ သန်စွမ်းသည့် အနေအထားတွင် မိမိတို့၏ အကောင်းဆုံး အခွင့်အရေးများကို အလ္လာဟ့်လမ်းတော်၌ သုံးစွဲကြရန်ဖြစ်၏။ ဤနည်းအားဖြင့် ၎င်းတို့သည် တမလွန်တွင်ရရှိမည့် အဆင့်အတန်းကို မြှင့်တင်ခဲ့ကြသင့်၏။ သေခြင်းတရားက ၎င်းတို့ကို ကျော်နင်းလွှမ်းမိုးသည်နှင့် သုံးစွဲရန် အခွင့်အရေးကို ဆုံးရှုံးမည်ဖြစ်သဖြင့် ဥစ္စာပစ္စည်းသည် အသုံးဝင်တော့မည်မဟုတ်ပေ။ 'ဇိက်ရ်' (အလ္လာဟ်အရှင်မြတ် အား သတိရတသခြင်း)ဟူသော စကားလုံးသည် ကျိုးနွံ

နာခံမှုပုံစံအားလုံးနှင့် ဥစ္စာပစ္စည်းကို ပြဋ္ဌာန်းချက်နှင့်အညီ သုံးစွဲခြင်းအပါအဝင်ဖြစ်သော ရှရီအဟ်၏ သတ်မှတ်စည်းကမ်းချက်များကို လိုက်နာခြင်းအား ရည်ညွှန်းကြောင်း ရှေ့တွင်သဘောပေါက်ခဲ့ပြီးဖြစ်၏။ သို့လင့်ကစား ဤနေရာတွင် ဥစ္စာပစ္စည်းသုံးစွဲခြင်းအား သီးခြားဖော်ပြထား၏။ ထိုအတွက် အကြောင်းရင်းနှစ်ရပ် ရှိနိုင်ပေသည်။ ပထမအနေဖြင့် မြင့်မြတ်သော ရှရီအဟ်ဥပဒေများကို ကျင့်သုံးခြင်းမှ သွေဖည်စေသော အဓိကအရာများအနက်မှ တစ်ခုသည် ဥစ္စာပစ္စည်းဖြစ်၏။ ထို့ကြောင့် ဇကာဟ်၊ အုရှ်ရ်၊ ဟဂျ်ပုံစံဖြင့် ဥစ္စာပစ္စည်းကို သုံးစွဲခြင်းအား အထူးတလည် ဖော်ပြခြင်းဖြစ်၏။ ဒုတိယအနေဖြင့် ပုဂ္ဂိုလ်တစ်ဦးသည် သေခြင်းတရား၏ နိမိတ်လက္ခဏာများကို မြင်သောအခါ၊ ၎င်းလွတ်ခဲ့သော ဆွေလာတ်များ သို့မဟုတ် လွတ်ခဲ့သောဟဂ်၊ ရမ်ဇန်ဥပုသ်များကို ဆောင်ရွက်ရန် ၎င်းအနေဖြင့် မတတ်နိုင်တော့ပြီ။ သို့ရာတွင် ဥစ္စာပစ္စည်းသည် ၎င်း၏ရှေ့မှောက်၌ ရှိနေသေး၏။ သို့သော် များမကြာမီ ၎င်း၏လက်မှ လွတ်ထွက်တော့မည်မှာ သေချာပေါက်ဖြစ်၏။ ထို့ကြောင့် ၎င်းသည် ဥစ္စာပစ္စည်းကို ခပ်ကိုးကွယ်မှု၌ ချို့တဲ့ခဲ့ခြင်းများအတွက် အစားပေးလျော်ရာတွင် သုံးစွဲခြင်းဖြင့် ကယ်တင်ခြင်းခံရနိုင်ပေသည်။ ထိုမျှ မက အလျှာဒါန(ဆွဒကာ)သည် ဘေးဒုက္ခများနှင့် ပြစ်ဒဏ်များကို လျော့ပါးသက်သာအောင် ပြုလုပ်ရာတွင် အာနိသင် ထက်မြက်လေသည်။

စွဟီးဒ်ဗုခါရီနှင့် မွတ်စလင်ကျမ်းများတွင် သာဝကကြီး အဗူဟူရိုင်ရဟ်ﷺအား ကိုးကား၍ ဖော်ပြသည်မှာ ပုဂ္ဂိုလ်တစ်ဦးက တမန်တော်မြတ်ﷺအား မေးမြန်းခဲ့သည်။ 'မည်သည့်ဆွဒကဟ်သည် အကျိုးဆုလာဘ် အများဆုံးရစေနိုင်ပါသနည်း။' တမန်တော်မြတ်ﷺက ဖြေကြားခဲ့သည်။ 'ပုဂ္ဂိုလ်တစ်ဦး ကျန်းကျန်းမာမာရှိနေစဉ် အလွှာဟ့်လမ်းတော်၌ သုံးစွဲရန်ဖြစ်၏။ ထိုသို့သုံးစွဲသည့်တိုင် ၎င်းသည် အနာဂတ်တွင် လိုအပ်မည့်အရာများကို မြင်ယောင်လျက် အကယ်၍ ဥစ္စာပစ္စည်းကို သုံးစွဲလိုက်ပါက ဆင်းရဲသွားမည်ကို စိုးရိမ်ကြောင့်ကြဖြစ်မိသည်။' ထို့နောက် ၎င်းကဆက်၍ မိန့်ကြားသည်မှာ 'အလွှာဟ့်လမ်းတွင် သုံးစွဲခြင်းကို သေခြင်းတရားက သင်၏လည်ပင်းဆီသို့ ရောက်သည့်အချိန်ထိ ရွှေ့ဆိုင်းမထားပါနှင့်။ ထို့ပြင် ထိုအခိုက်အတန့်တွင် (အသင်၏ အမွေခံများအား) "ဤရွှေ့ဤမျှကို မည်သူမည်ဝါသို့ပေးပါ၊ ဤရွှေ့ဤမျှကို ထိုထိုသော လုပ်ငန်းများသို့ပေးပါ။"ဟူ၍ အသင်ညွှန်ကြားပါလေ။

"فَيَقُوْلَ رَبِّ لَوْلَآ اَخَّرْتَنِيْٓ اِلٰٓى اَجَلٍ قَرِيْبٍ ...." ထိုသူသည် 'အို- ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်- အရှင်မြတ်သည် အဘယ်ကြောင့် ကျွန်တော်မျိုးအား အချိန်ကာလအနည်းငယ် ရွှေ့ဆိုင်းခွင့် ပေးတော်မမူပါသနည်း။ သို့ပေးတော်မူခဲ့ ပါလျှင် ကျွန်တော်မျိုးသည် အလှူဒါနပြုသည့်အပြင် သူတော်ကောင်းတစ်ဦးလည်းဖြစ်ပါမည်'ဟု လျှောက်ထားပေမည်။" (၆၃း၁၀)။ သာဝကကြီး အိဗ်နအဗ္ဗာစ်ﷺက ဤအာယတ်တော်ကို အနက်ဖွင့်ရင်းပြောကြားသည်မှာ အကယ်၍ ပုဂ္ဂိုလ် တစ်ဦးသည် ဇကာဟ်ထိုက်သော်လည်း ပေးဆောင်ရန် ပျက်ကွက်ပါက၊ ဟဂ်ျထိုက်သော်လည်း ဆောင်ရွက်ရန် ပျက်ကွက်ပါက ၎င်းထံသို့ သေခြင်းတရား ချဉ်းကပ်လာသောအခါ၊ ဤအလိုဆန္ဒကို ၎င်းက ထုတ်ဖော်ပြောဆိုလိမ့်မည်။ သို့မှသာ ၎င်းသည် 'ဆွဒကာ'ပေးနိုင်ပြီး၊ اَكُنْ مِّنَ الصّٰلِحِيْنَ (သူတော်ကောင်းတို့တွင် အပါအဝင်ဖြစ်လာပေမည် (၁၀)" တစ်နည်း ဆိုရလျှင် ၎င်းသည် ပျက်ကွက်ခဲ့သော ဖရဲ့ဿွတာဝန်များကို ပြည့်စုံအောင် ဖြည့်ဆည်းခြင်းဖြင့် နည်းလမ်းတကျ ပြုမူ ဆောင်ရွက်ရန်လည်းကောင်း၊ ၎င်းမွေ့လျော်ခဲ့သည့် တားမြစ်ထားသော စက်ဆုပ်ဖွယ်လုပ်ရပ်များ အတွက် နောင်တရပြီး လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားရန်လည်းကောင်း ဆန္ဒရှိလိမ့်မည်ဖြစ်၏။ သို့သော် နောက်အာယတ်တော်၌ အလွှာဟ်အရှင်မြတ်က ထင်ရှားသိစေတော်မူသည်မှာ ၎င်း၏အချိန်ရောက်လာသည်နှင့် ထိုအရှင်မြတ်သည် မည်သူ့ကိုမျှ ထိုအဆင့်၌ အနည်းငယ်မျှပင် ပိုပေးလိမ့်မည်မဟုတ်။ ဤအလိုဆန္ဒသည် အချည်းနှီးသာ ဖြစ်တော့သည်။

အလ်ဟမ်ဒုလေလ္လာ

စူရဟ် မုနာဖိကူးန် ရှင်းလင်းဖွင့်ဆိုချက် ဤတွင်ပြီး၏။

စူရဟ် အက်တဃာဗွန်

(အရှုံးနှင့် အမြတ်ကလွှာ)

ဤစူရဟ်သည် မဒနီဖြစ်ပြီး၊ အာယတ်တော် (၁၈)ပါး၊ ရုကူအ်(၂)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော၊ မဟာကရုဏာအပေါင်းနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယတ်တော် (၁-၁၀)

يُسَبِّحُ لِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ۚ لَهُ الْمُلْكُ وَلَهُ الْحَمْدُ ۚ وَهُوَ عَلٰى
كُلِّ شَيْءٍ قَدِيْرٌ ﴿١﴾ هُوَ الَّذِيْ خَلَقَكُمْ فَمِنْكُمْ كَافِرٌ وَّمِنْكُمْ مُّؤْمِنٌ ۭ وَ
اللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿٢﴾ خَلَقَ السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ وَصَوَّرَكُمْ
فَاَحْسَنَ صُوَرَكُمْ ۚ وَاِلَيْهِ الْمَصِيْرُ ﴿٣﴾ يَعْلَمُ مَا فِي السَّمٰوٰتِ وَالْاَرْضِ وَ
يَعْلَمُ مَا تُسِرُّوْنَ وَمَا تُعْلِنُوْنَ ۭ وَاللّٰهُ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ﴿٤﴾ اَلَمْ يَاْتِكُمْ
نَبَؤُا الَّذِيْنَ كَفَرُوْا مِنْ قَبْلُ ۡ فَذَاقُوْا وَبَالَ اَمْرِهِمْ وَلَهُمْ عَذَابٌ اَلِيْمٌ ﴿٥﴾ ذٰلِكَ
بِاَنَّهٗ كَانَتْ تَّاْتِيْهِمْ رُسُلُهُمْ بِالْبَيِّنٰتِ فَقَالُوْٓا اَبَشَرٌ يَّهْدُوْنَنَا ۡ فَكَفَرُوْا وَ
تَوَلَّوْا وَّاسْتَغْنَى اللّٰهُ ۭ وَاللّٰهُ غَنِيٌّ حَمِيْدٌ ﴿٦﴾ زَعَمَ الَّذِيْنَ كَفَرُوْٓا اَنْ لَّنْ
يُّبْعَثُوْا ۭ قُلْ بَلٰى وَرَبِّيْ لَتُبْعَثُنَّ ثُمَّ لَتُنَبَّؤُنَّ بِمَا عَمِلْتُمْ ۭ وَذٰلِكَ عَلَى اللّٰهِ
يَسِيْرٌ ﴿٧﴾ فَاٰمِنُوْا بِاللّٰهِ وَرَسُوْلِهٖ وَالنُّوْرِ الَّذِيْٓ اَنْزَلْنَا ۭ وَاللّٰهُ بِمَا تَعْمَلُوْنَ
خَبِيْرٌ ﴿٨﴾ يَوْمَ يَجْمَعُكُمْ لِيَوْمِ الْجَمْعِ ۭ ذٰلِكَ يَوْمُ التَّغَابُنِ ۭ وَمَنْ يُّؤْمِنْۢ
بِاللّٰهِ وَيَعْمَلْ صَالِحًا يُّكَفِّرْ عَنْهُ سَيِّاٰتِهٖ وَيُدْخِلْهُ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا
الْاَنْهٰرُ خٰلِدِيْنَ فِيْهَآ اَبَدًا ۭ ذٰلِكَ الْفَوْزُ الْعَظِيْمُ ﴿٩﴾ وَالَّذِيْنَ كَفَرُوْا وَكَذَّبُوْا

بِـَٔايَٰتِنَآ أُو۟لَٰٓئِكَ أَصْحَٰبُ ٱلنَّارِ ۖ خَٰلِدِينَ فِيهَا ۖ وَبِئْسَ ٱلْمَصِيرُ ﴿١٠﴾

မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုလျက်ရှိကြကုန်၏။ စိုးမိုးအုပ်ချုပ်မှုသည်လည်း ထိုအရှင်မြတ်၌သာရှိ၏။ ချီးမွမ်းထောပနာ ဟူဟူသမျှတို့သည်လည်း ထိုအရှင်မြတ်နှင့်သာ အပ်စပ်၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။[၁] ထိုအရှင်မြတ်သည်သာ အသင်တို့အား ဖန်ဆင်းတော်မူခဲ့သောအရှင် ဖြစ်တော်မူ၏။ သို့ပါ သော်လည်း အသင်တို့အနက်အချို့မှာ သွေဖည်ငြင်းပယ်သူဖြစ်၍ အသင်တို့အနက်အချို့မှာ သက်ဝင်ယုံကြည်သူဖြစ်၏။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့မြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။[၂] ထို အရှင်မြတ်သည်ပင် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့်လျော်ညီစွာ ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့၏ ပုံပန်းသဏ္ဌာန်ကို ပြုလုပ်တော်မူခဲ့ရာ အသင်တို့၏ ပုံပန်းသဏ္ဌာန်များကို ကောင်းမွန်လှပစွာ ပြုလုပ်တော်မူခဲ့၏။ ထိုမှတပါး (အသင်တို့၏)နောက်ဆုံး) ပြန်လည်ရာစခန်းမှာလည်း ထိုအရှင်မြတ်ထံတော်၌ပင်ဖြစ်၏။[၃] ထိုအရှင်မြတ်သည် မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း ရှိရှိသမျှတို့ကို သိရှိတော်မူ၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့လျှို့ဝှက်စွာပြုလုပ်သမျှတို့ကို လည်းကောင်း၊ အသင်တို့ ထင်ရှားစွာပြုလုပ်သမျှတို့ကိုလည်းကောင်း သိရှိတော်မူ၏။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် စိတ်နလုံးများအတွင်း၌ ရှိသမျှတို့ကိုလည်းအကြွင်းမဲ့ သိရှိတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသည်။ [၄] အသင်တို့ထံ (မိမိတို့)အလျင် သွေဖည်ငြင်းပယ်ခဲ့ကြလေသော ရှေးသူပေဘင်းတို့၏ သတင်းရောက်ရှိ၍ မလာခဲ့လေသလော။ သို့သွေဖည်ငြင်းပယ်ခဲ့ကြပေရာ ၎င်းတို့သည်မိမိတို့၏ အပြုအမူ နှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ကို မြည်းစမ်းခဲ့ကြရလေပြီ။ ထိုမှတပါး (‘အာခိရတ်’တမလွန်ဘဝတွင်) ၎င်းတို့၌ လွန်စွာနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည်လည်း ရှိချေဦးမည်။[၅] ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့ထံ ၎င်းတို့၏ရပ်ရွာလိတမန်တော်များသည် ထင်ရှားစွာသော သက်သေသာဓကများနှင့်တကွ လာရောက်လေ့ရှိခဲ့ကြသောအခါ ၎င်းတို့က မနုဿလူသားများသည် ကျွန်ုပ်တို့အား တရားလမ်းမှန်ကို ပြသကြမည်လောဟု ပြောဆိုခဲ့ကြကုန်၏။ ထို့နောက် ၎င်းတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ကျောခိုင်းသွားခဲ့ကြ၏။ အလ္လာဟ်အရှင်မြတ် သည်လည်း ၎င်းတို့အား ဂရုစိုက်တော်မူသည် မရှိခဲ့ ပေ။ စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တမှုကင်းမဲ့တော်မူသောအရှင်၊ ချီးမွမ်းအပ်သောဂုဏ်တော်၊ အတိုင်းအဆမရှိ ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။[၆] ‘ကာဖိရ်’ သွေဖည်ငြင်းပယ်သောသူတို့က ၎င်းတို့သည် အလျင်းရှင်ပြန်ထကြရမည်မဟုတ် ဟူ၍ ထင်မြင်ပြောဆိုခဲ့ကြကုန်၏။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အဘယ်ကြောင့် မဟုတ်သနည်း။ ငါ့အားဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်အား တိုင်တည်၍(ပြောအံ့)၊ ဇကန်မလွဲ` အသင်တို့သည် ရှင်ပြန်ထကြရပေမည်။ ထို့နောက် ဇကန်မုချ အသင်

တို့သည် မိမိတို့ကျင့်မူခဲ့သမျှတို့ကို သိစေခြင်းခံကြရမည်။ စင်စစ်သော်ကား ဤသည်အလွှာဟ် အရှင်မြတ်၌ လွန်စွာလွယ်ကူလှ၏။[၇] သို့ဖြစ်ပေရာ အသင်တို့သည် အလွှာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း၊ ငါအရှင်မြတ်ချပေး သနားတော်မူခဲ့သော အလင်းရောင်အား လည်းကောင်း၊ သက်ဝင်ယုံကြည်ကြလေကုန်။ အမှန်သော်ကား အလွှာဟ်အရှင်မြတ်သည် အသင်တို့ကျင့်မူသမျှတို့ကို အကြွင်းမဲ့ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။[၈] အကြင်နေ့ကို (သတိရကြလေကုန်)။ ထိုအရှင်မြတ်သည် အသင်တို့အား စုရုံးရာနေ့တွင် စုရုံးတော်မူပေမည်။ ထိုနေ့ကား အချွေးအနှိုင်ကို အမှန်အတိုင်းသိရှိရမည့်နေ့ပင်။ စင်စစ်မှာမူကား မည်သူမဆို အလွှာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်၍ ကောင်းမှုကို ကျင့်မူဆောက်တည်ပါလျှင် ထိုအရှင်မြတ်သည် ၎င်း၏ အကုသိုလ်ဒုစရိုက်များကို ၎င်းမှ ပပျောက်စေတော်မူမည်ဖြင့် ၎င်းအား အကြင်ဥယျာဉ်များသို့လည်း အမြဲထာဝစဉ် နေထိုင်သူများအဖြစ် ဝင်ရောက်စေတော် မူမည်ဖြစ်၏။ ယင်းဥယျာဉ်များ၏အောက်မှ ချောင်းများသည် စီးတွေ့လျက်ရှိကြပေမည်။ ထိုသည် ကြီးကျယ်လှစွာသော အောင်မြင်မှုပင်။[၉] သို့တစေလည်း အကြင်သူသည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ၎င်းပြင် ငါအရှင်မြတ်၏ အာယတ်တော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ ထိုသူတို့ကား ငရဲမီး၌ အမြဲ ထာဝစဉ် နေထိုင်ကြရခံ့သော သူများပင် ဖြစ်ကြကုန်၏။ စင်စစ်သော်ကား ယင်းငရဲမီးသည် လွန်စွာယုတ်ညံ့လှစွာသော စခန်းပင် ဖြစ်ပေသတည်း။[၁၀]

ရှင်းလင်းဖွင့်ဆိုချက်

هُوَ الَّذِىْ خَلَقَكُمْ فَمِنْكُمْ كَافِرٌ وَّ مِنْكُمْ مُّؤْمِنٌ "ထိုအရှင်မြတ်သည်သာ အသင်တို့အား ဖန်ဆင်းတော်မူခဲ့သောအရှင် ဖြစ်တော်မူ၏။ သို့ပါသော်လည်း အသင်တို့အနက် အချို့မှာ သွေဖည်ငြင်းပယ်သူဖြစ်၍ အသင်တို့အနက် အချို့မှာ သက်ဝင်ယုံကြည်သူဖြစ်၏။"(၆၄း၂)။ 'ဖမင်ကွန်မ်'ဟူသော စကားစုမှ 'ဖ'ဟူသောပုဒ် (ဤနေရာတွင် 'ထို့နောက်'ဟု ဆိုလိုသည်။ ဤဖြစ်ရပ်၌ 'ခလကကွန်မ်' (အသင်တို့အား ဖန်ဆင်းတော်မူခဲ့သည်)ဟူသော စကားရပ်က ဖန်ဆင်းမှုအစတွင် မယုံကြည်သွေဖည်သူ (ကာဖိရ်) များမရှိခဲ့ကြောင်းကို ညွှန်ပြ၏။ နောက်ပိုင်းတွင် လူသားတို့သည် ၎င်းတို့အား အလွှာဟ်အရှင်မြတ် အပ်နှင်းတော်မူသည့် ၎င်းတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒနှင့် ရွေးချယ်မှုများအားဖြင့် ယုံကြည်သက်ဝင်သူများနှင့် မယုံကြည်သွေဖည်သူများအဖြစ် ကွဲပြားသွားခဲ့ကြသည်။ စိတ်ဆန္ဒနှင့် ရွေးချယ်မှုများကို ကျင့်သုံးခြင်းကြောင့် ၎င်းတို့သည် အကျိုးဆုလာဘ် ချီးမြှင့်ခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းကို ခံကြရသည်။ ဟဒီးသ်တော်တစ်ရပ်က ဆိုသည်မှာ كُلُّ مَوْلُوْدٍ يُّوْلَدُ عَلَى الْفِطْرَةِ فَاَبَوَاهُ يُهَوِّدَانِهِ وَيُنَصِّرَانِهِ (လူတိုင်းသည် မွတ်စလင်တစ်ဦးအဖြစ် မွေးဖွားခဲ့သည်။ သို့သော် ၎င်း၏မိဘများက ၎င်းအား ဂျူးတစ်ယောက်၊ ခရစ်ယာန်တစ်ယောက် .... ဖြစ်စေသည်။) (ကုရ်တူဗီ)

အမျိုးသားနှစ်ရပ်အပူအဆ

ကျမ်းမြတ်ကုရ်အာန်က လူသားမျိုးနွယ်အား ယုံကြည်သက်ဝင်သူနှင့် မယုံကြည်သွေဖည်သူဟူ၍ အုပ်စုနှစ်ခုခွဲထား၏။ ဤသည်က အာဒမ်ﷺ၏ သားသမီးများသည် ညီနောင်တစ်ဖွဲ့တည်း ဖြစ်ကြောင်းကို လည်းကောင်း၊ လူသား

အားလုံးသည် ဤညီနောင်အဖွဲ့ဝင်များ ဖြစ်ကြောင်းကို လည်းကောင်း ညွှန်ပြ၏။ 'ကုဖ်ရ်'(မယုံကြည်သွေဖည်မှု)သည် ဤညီနောင်တော်စပ်မှုကို ဖြတ်တောက်သော နယ်စည်းခြားသည့် မျဉ်းတစ်ကြောင်းဖြစ်ပြီး၊ အခြားအုပ်စုတစ်ခုကို ပေါ်ထွန်းစေသည်။ ကာဖိရ်တစ်ဦး ဖြစ်လာသူသည် လူသားချင်းညီနောင်တော်စပ်မှုကို ဖြတ်တောက်သူပင်ဖြစ်၏။ ဤကဲ့သို့ အုပ်စုဖြစ်ပေါ်ခြင်းသည် အီမာန်နှင့် ကုဖ်ရ်တို့ပေါ် အခြေခံ၍သာ ဖြစ်ပေါ်နိုင်ပေသည်။ အသားအရောင် သို့မဟုတ် ဘာသာစကား၊ အဆက်အနွယ် သို့မဟုတ် မျိုးရိုး၊ ကျက်စားရာနယ်မြေ သို့မဟုတ် ပထဝီဝင်ဒေသတို့သည် လူသားညီနောင်များကို ပြိုင်ဘက်အုပ်စုများအဖြစ် ခွဲခြားနိုင်သည် မဟုတ်ချေ။ ဖခင်တစ်ဦး၏ သားသမီးများသည် တစ်မြို့၊ တစ်ရွာစီတွင် နေထိုင်ကောင်းနေထိုင်ကြမည် သို့မဟုတ် မတူသော ဘာသာစကားကို အသုံးပြုကောင်း ပြုကြမည် သို့မဟုတ် ကွဲပြားသော အသားအရောင်များ ရှိကောင်းရှိကြမည်။ သို့သော် ထိုအရာများက ၎င်းတို့အား မတူသော အုပ်စုများအဖြစ် ခွဲခြားခြင်းမပြုပေ။ အသားအရောင်၊ ဘာသာစကား၊ နိုင်ငံ (သို့) ဒေသ ကွဲပြားသော်လည်း ၎င်းတို့သည် ညီနောင်အဖွဲ့တစ်ခုတည်း၏ အဖွဲ့ဝင်များသာ ဖြစ်ကြသည်။ မည်သည့်စိတ်မှန်သူကမျှ ၎င်းတို့အား အုပ်စုကွဲများအဖြစ် သဘောမထားပေ။

အမိုက်ခေတ်အခါက မျိုးရိုးဇာတိနှင့် မျိုးနွယ်စုခွဲခြားမှုများသည် လူတန်းစားခွဲခြားရေးဝါဒ၏ အခြေခံဖြစ်ခဲ့သည်။ အလ္လာဟ်ရစူလ်တမန်တော်ﷺသည် ၎င်းတို့စွဲကိုင်သည့် ယင်းအခြေခံများကို ဖြိုဖျက်ခဲ့သည်။ ကျမ်းမြတ်ကုရ်အာန်၏ တိကျပြတ်သားသော မိန့်ဆိုချက်အရ ﴿إِنَّمَا الْمُؤْمِنُونَ إِخْوَةٌ﴾ 'ဝင်းတို့၏ တိုင်းပြည်၊ နယ်မြေ၊ အသားအရောင်၊ မိသားစု၊ ဘာသာစကားမရွေး ယုံကြည်သက်ဝင်သူမှန်သမျှသည် ညီနောင်များ ဖြစ်ကြသည်။' ၎င်းတို့အားလုံးသည် တစ်ခု တည်းသော ညီနောင်အဖွဲ့ဝင်များ ဖြစ်ကြသည်။ ထိုနည်းတူ မယုံကြည်သွေဖည်သူများသည် အစွဲလာမ့်ရှုထောင့် မှကြည့်လျှင် အုပ်စုတစ်ခုပင် ဖြစ်လေသည်။

အထက်ပါ အာယတ်တော်က အလ္လာဟ်အရှင်မြတ်သည် လူသားမျိုးနွယ်အား ယုံကြည်သက်ဝင်သူများနှင့် မယုံကြည်သွေဖည်သူများဟူ၍ အုပ်စုနှစ်စု ခွဲခြားသည်ဟူသော အချက်ကို သက်သေခံပေသည်။ ကုရ်အာန်၏ အလိုအရ ဘာသာစကားနှင့် အသားအရောင် အမျိုးစုံခြင်းနှင့် လူမှုစီးပွား အကျိုးကျေးဇူးများစွာ ရှိခြင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အကြွင်းမဲ့တန်ခိုးတော်၏ လက္ခဏာဖြစ်ကြောင်းမှာ သံသယမရှိသည့်ပြင် ကြီးကျယ်သော ကျေးဇူးတော်လည်းဖြစ်၏။ သို့သော် ထိုအရာများကို လူတန်းစားခွဲခြားခြင်း သို့မဟုတ် လူသားများကြားတွင် အုပ်စုခွဲခြင်း၏ အခြေခံအဖြစ် အသုံးပြုခြင်းကို ခွင့်မပြုပါချေ။

ထို့ပြင် လူသားအား 'အီမာန်'နှင့် 'ကုဖ်ရ်'တို့အပေါ် အခြေခံ၍ အုပ်စုခွဲခြင်းမှာလည်း ၎င်း၏အလိုဆန္ဒနှင့် ရွေးချယ်မှုများနှင့်သာ သက်ဆိုင်သည်။ 'အီမာန်'နှင့် 'ကုဖ်ရ်'ကို အကြင်သူ၏ ဆန္ဒအတိုင်း လက်ခံနိုင်သည်။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် ၎င်း၏ဆန္ဒအတိုင်း ၎င်း၏အုပ်စုကို စွန့်လွှတ်ပြီး၊ အခြားအုပ်စုနှင့် အလွယ်တကူ ပူးပေါင်းနိုင်ပေသည်။ ၎င်းသည် ၎င်း၏ယုံကြည်သက်ဝင်မှုကို စွန့်လွှတ်ပြီး၊ အခြားယုံကြည်သက်ဝင်မှုကို ရွေးချယ်ခြင်းဖြင့် အခြားအုပ်စုနှင့် ပူးပေါင်းနိုင်သည်။ အခြားတစ်ဖက်မှကြည့်လျှင် ၎င်း၏မျိုးရိုး၊ အဆက်အနွယ်၊ အသားအရောင်၊ ဘာသာစကား သို့မဟုတ် ကျက်စားရာနယ်မြေများ၏ဆက်သွယ်ပေါင်းစည်းမှုများသည် မည်သူ၏သို့မဟုတ် တန်ခိုးအာဏာ၏အောက်တွင်မှမရှိချေ။ မည်သူကမျှ ၎င်း၏မျိုးရိုး၊ အသားအရောင် သို့မဟုတ် ဘာသာစကားနှင့် နီးနွယ်မှုကို ပြောင်းလဲနိုင်ခြင်းမရှိပေ။

အရှေ့မှအနောက်၊ တောင်မှမြောက်၊ အဖြူနှင့်အမဲ၊ အာရပ်နှင့် အာရပ်မဟုတ်သူ၊ မရေမတွက်နိုင်သော ယုံကြည်သက်ဝင်သူ အဖွဲ့ဝင်များအား တစ်သားတည်းဖြစ်အောင် အချိန်တိုတစ်ခုအတွင်း ပေါင်းစပ်ပေးခဲ့သည်မှာ

အစွလာမ့်ညီနောင်များပင်ဖြစ်၏။ ၎င်းတို့၏ ကြီးမားသော ခွန်အားနှင့် စွမ်းအားကို ကမ္ဘာ့နိုင်ငံများသည် တွန်းလှန်၍ မရနိုင်ခဲ့ပေ။ ထိုအကြောင်းကြောင့် တမန်တော်မြတ်ﷺနှင့် အစွလာမ်တို့က ခြေမွှခဲ့သော ရုပ်တုများကို နောက်တစ်ဖန်ပြန်၍ ဆန်းသစ်အောင် ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့သည် ခွန်အားကြီးမားသော မွတ်စလင်အွမ္မဟ်ထုတစ်ရပ်အား ကျင်လည် ကျက်စားရာနယ်မြေ၊ မွေးဖွားရာမြေ၊ ဘာသာစကားနှင့် အသားအရောင်၊ မျိုးရိုးတို့အပေါ် အခြေခံ၍ နိုင်ငံငယ်များဖြစ်အောင် ပိုင်းခြားပြီး၊ တစ်ဦးနှင့်တစ်ဦး ထိပ်တိုက်တွေ့ကြစေရန် ပြုလုပ်ခဲ့ကြသည်။ ဤသို့ပြုလုပ်ခြင်းသည် အစွလာမ့်ရန်သူများအဖို့ တိုက်ခိုက်ရန် လမ်းရှင်းအောင် ပြုလုပ်ခြင်းဖြစ်ပြီး၊ အကျိုးဆက်ကို ယနေ့အခါ လူတိုင်းမြင်တွေ့နိုင်ပေသည်။ အရှေ့နှင့်အနောက်မှ မွတ်စလင်များသည် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ခဲ့ကြသည်။ သို့သော် ယခုအခါ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်နေကြသော အုပ်စုငယ်များအဖြစ် ကွဲထွက်ကုန်သည် ဆန့်ကျင်ဘက်အနေဖြင့် ကုဖ်ရ်၏ မိစ္ဆာအင်အားစုများသည် အချင်းချင်း သဟဇာတမဖြစ်သော်ငြားလည်း မွတ်စလင်တို့အား ဆန့်ကျင်ရာတွင် ပေါင်းစည်း အင်အားတစ်ရပ် ဖြစ်နေပုံရလေသည်။

"ငင်းပြင် ထိုအရှင်မြတ်သည် အသင်တို့၏ ပုံပန်းသဏ္ဌာန်ကို ပြုလုပ်တော်မူခဲ့ရာ အသင်တို့၏ ပုံပန်းသဏ္ဌာန်များကို ကောင်းမွန်လှပစွာ ပြုလုပ်တော်မူခဲ့၏။" (၆၄း၃)။ ဖန်ဆင်းခံတို့၏ ရုပ်သဏ္ဌာန်ကို ပုံဖော်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အထူးသီးသန့် ဂုဏ်တော်များထဲမှ တစ်ပါးဖြစ်၏။ ထို့ကြောင့်ပင် 'အလ်မုစောင်ဝိရ်' (ဖန်ဆင်းခံအပေါင်းအား ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဆန်ဆင်းတော်မူသောအရှင်)ဟူသည် ထိုအရှင်မြတ်၏ ဂုဏ်တော်နာမတော်များထဲမှ တစ်ပါးဖြစ်ရသည့် အကြောင်းပင်ဖြစ်လေသည်။ အကယ်၍ ကျွန်ုပ်တို့သည် စကြဝဠာကြီးအား ဂရုတစိုက် လေ့လာဆန်းစစ်မည်ဆိုပါက အရာဝတ္ထုအမျိုးမျိုး အတန်းအစားအမျိုးမျိုးရှိကြသည်။ အတန်းအစားတစ်မျိုးစီတွင် မျိုးစိတ်အမျိုးမျိုးရှိကာ မျိုးစိတ်တစ်ခုစီတွင် လိင်အမျိုးမျိုးရှိကြသည်။ လိင်တစ်မျိုးစီတွင် အရေအတွက်သန်းထောင်ချီ၍ရှိကြသည်။ ပုံသဏ္ဌာန်တစ်ခုသည် အခြားပုံသဏ္ဌာန်တစ်ခုနှင့် မတူညီပေ။ ဥပမာအားဖြင့် လူသားမျိုးနွယ်ကြားတွင် တိုင်းပြည် သို့မဟုတ် နယ်မြေကွဲပြားမှုကြောင့် လည်းကောင်း၊ မျိုးရိုးနှင့်လူမျိုး ကွာခြားမှုကြောင့် လည်းကောင်း လူတစ်ဦးစီ၏ပုံသဏ္ဌာန်နှင့် မျက်နှာများတွင် သိသာထင်ရှားသော ထူးခြားချက်ရှိပေသည်။ လူတစ်ဦးစီ၏ ပုံသဏ္ဌာန်နှင့်မျက်နှာသည် လွန်စွာ အံ့သြဖွယ်ကောင်းလောက်အောင် တစ်မူထူးခြားပုံက လူစိတ်အာရုံကို ရှုပ်ထွေးစေသည်။ လူမျက်နှာသည် ၆ မှ ၇ စတုရန်းလက်မ ထက်မပိုပါချေ။ ထို့ပြင် ပုံစံတူသည့်မျက်နှာပေါင်း မရေမတွက်နိုင်အောင်ရှိ၏။ သို့သည့်တိုင် မျက်နှာတစ်ခုသည် အခြားမျက်နှာတစ်ခုနှင့် ချွတ်စွပ်တူခြင်း မရှိပေ။ တူခဲ့လျှင် တစ်ခုနှင့်တစ်ခု ခွဲခြားရန် ခက်ပေမည်။ ယခု အာယတ်တော်က ပုံသဏ္ဌာန်ပြုလုပ်ခြင်းကို အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများထဲမှ တစ်ခုအဖြစ် ဖော်ပြပြီးသည်နှင့် ချက်ချင်းပင် فَأَحْسَنَ صُوَرَكُمْ (ထို့ပြင် အသင်တို့၏ ပုံပန်းသဏ္ဌာန်များကို ကောင်းမွန်စေတော်မူခဲ့သည်။)ဟု ဆက်လက်မိန့်တော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် စကြဝဠာတစ်ခွင်လုံး၌ လူသား၏ပုံသဏ္ဌာန်ကို အလှပဆုံးပြုလုပ်တော်မူခဲ့သည်။ လူတစ်ဦးသည် လူအသိုင်းအဝန်းတွင် မည်မျှပင်ရုပ်ဆိုးသည်ဟု ထင်ရသည်ဖြစ်စေ လူမဟုတ်သည့် အခြားသတ္တဝါများနှင့် နှိုင်းယှဉ်ပါလျှင်၊ ၎င်းသည် လှပနေဆဲပင် ဖြစ်လေသည်။

"ငင်းတို့က မနုဿလူသားများသည် ကျွန်ုပ်တို့အား တရားလမ်းမှန်ကို ပြသကြမည်လောဟု ပြောဆိုခဲ့ကြကုန်၏။" (၆၄း၆)။ 'ဗရှရ်'(မနုဿလူသား)ဟူသော စကားလုံးသည် အနည်းကိန်း(ဇကဝုစ်)ဖြစ်သော်လည်း အဓိပ္ပါယ်အားဖြင့် အများကိန်း (ဗဟုဝုစ်)ဖြစ်၏။ ထို့ကြောင့် يَهْدُونَنَا(ကျွန်ုပ်တို့အား တရားလမ်းမှန်ကို ပြသပါ။)မှ ကြိယာသည် အများကိန်းဖြစ်၏။ မယုံကြည်သွေဖည်သူအားလုံးက ရစူလ်တမန်တော်များနှင့် နဗီတမန်တော်

များသည် လူသားများမဖြစ်နိုင်ဟု ခံယူထားခဲ့ကြသည်။ မယုံကြည်သွေဖည်သူတို့၏ ဤအယူအဆ မဟုတ်မမှန် ကြောင်းကို ကုရ်အာန်က ကြိမ်ဖန်များစွာ ငြင်းဆိုသည်။ အလိုလေး- အလ္လာဟ့်နဗီတမန်တော်များ ကွယ်လွန်ခြင်းကို ငြင်းဆိုသော မွတ်စလင်အုပ်စုတစ်ခုရှိပါသေးလား။ ၎င်းတို့သည် ၎င်းတို့ မည်သည့်လားရာဘက်သို့ ရွေ့လျားနေကြ သည်ကို စဉ်းစားကြရန် လိုအပ်ပေသည်။ တမန်တော်များကွယ်လွန်ခြင်းသည် ၎င်း၏တမန်တော်ဖြစ်ခြင်းနှင့် ဝိရောဓိ ဖြစ်သည်မဟုတ်၊ ၎င်း၏မြင့်မားသော နဗီတမန်တော် အဆင့်အတန်းနှင့် သဟဇာတ မဖြစ်သည်မဟုတ်၊ ၎င်း၏နဗီတမန် တော်တစ်ပါး ဖြစ်ခြင်းသည် ၎င်း၏ 'နူးရ်'(အလင်းရောင်)ဖြစ်ခြင်းနှင့် မကိုက်ညီသည်လည်း မဟုတ်ပါချေ။ ၎င်းသည် 'နူးရ်'(အလင်းရောင်) ဖြစ်သလို လူသားတစ်ဦးလည်းဖြစ်၏။ ၎င်း၏အလင်းရောင်အား မီးအိမ်တစ်ခု၏ အလင်းရောင်၊ နေမင်းသို့မဟုတ်လမင်း၏အလင်းရောင်နှင့်ထပ်တူပြုနိုင်းယှဉ်ခြင်းမှာမှားယွင်းသောနိုင်းယှဉ်ဆင်ခြင်မှုတစ်ခုသာလျှင် ဖြစ်ပေသည်။

فَاٰمِنُوْا بِاللّٰهِ وَ رَسُوْلِهٖ وَ النُّوْرِ الَّذِیْۤ اَنْزَلْنَا "သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာစူလ်တမန်တော်မြတ်အား လည်းကောင်း၊ ငါအရှင်မြတ် ချပေးသနားတော်မူခဲ့သော အလင်းရောင်အား လည်းကောင်း၊ သက်ဝင်ယုံ ကြည်ကြလေကုန်။ ...."(၆၄:၈)။ ဤအာယတ်တော်မှ 'နူးရ်' (အလင်း ရောင်)သည် ကုရ်အာန်ကို ရည်ညွှန်း၏။ 'အလင်းရောင်'သည် လုပ်ငန်းတာဝန်နှစ်ခုကို ကျေပွန်အောင် ဆောင်ရွက် သည်။ ပထမအနေဖြင့် ၎င်းကိုယ်တိုင်က လင်းဝင်း တောက်ပသည်။ ဒုတိယအနေဖြင့် ၎င်းက အခြားအရာများကို လင်းဝင်းတောက်ပစေသည်။ ကုရ်အာန်သည်လည်း ယင်း၏ အံ့ဩဖွယ်သဘာဝကြောင့် ကိုယ်တိုင်လည်း ထွန်းလင်း တောက်ပသည်။ ထို့ပြင် လူသားတို့ သိသင့်သော အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သိမ့်တော်မူသည့် အရာများ သို့မဟုတ် လိုလားတော်မူသော အရာများ၊ မြင့်မြတ်သော ဥပဒေများ၊ ပြဋ္ဌာန်းချက်များနှင့် အမိန့်တော်များအပြင် တမလွန်၏ ဒိဋ္ဌဖြစ်ရပ်များကိုလည်း ထင်ရှားသိသာအောင် မီးထိုးပြသလေသည်။

စုရုံးမည့်နေ့အား အဘယ်ကြောင့် အရှုံးအမြတ်ပေါ်မည့်နေ့ဟု ခေါ်ဆိုရပါသနည်း။

یَوْمَ یَجْمَعُكُمْ لِیَوْمِ الْجَمْعِ ذٰلِكَ یَوْمُ التَّغَابُنِ "အကြင်နေ့ကို (သတိရကြလေကုန်)။ ထိုအရှင်မြတ်သည် အသင်တို့အား စုရုံးရာနေ့တွင် စုရုံးတော်မူပေမည်။ ထိုနေ့ကား အရှုံးအနိုင်ကို အမှန်အတိုင်း သိရှိရမည့်နေ့ပင်။ ...." (၆၄:၉)။ 'စုရုံးမည့်နေ့'နှင့် 'အရှုံးအမြတ်ပေါ်မည့်နေ့'များ သည် 'တရားစီရင်မည့်နေ့'၏ အမည်များပင်ဖြစ်၏။ 'စုရုံးမည့် နေ့'ဟု ခေါ်ရသည့် အကြောင်းရင်းမှာ လုံးဝထင်ရှားပေ သည်။ ထိုနေ့တွင် ဖန်ဆင်းခံမျိုးဆက်ဟောင်းနှင့် မျိုးဆက်သစ် အားလုံးသည် ၎င်းတို့၏ လုပ်ဆောင်မှုများစာရင်းကို ပေးရန်အတွက် လည်းကောင်း စုရုံးခေါ်ယူခြင်း ခံကြရမည်။ 'အရှုံးအမြတ်ပေါ်မည့်နေ့'ဟု ခေါ်တွင်ရခြင်း အကြောင်းရင်း မှာ 'တဃာဗွန်'ဟူသော စကားလုံးသည် 'ဆုံးရှုံးမှု'ဟု အဓိပ္ပါယ်ရသော 'ဃဗ်န်'မှ ဆင်းသက်သောကြောင့်ဖြစ်၏။ ငွေကြေးဆုံးရှုံးမှုကို လည်းကောင်း၊ စိတ်ချို့ယွင်းမှုကို လည်းကောင်း 'ဃဗ်န်'ဟု ရည်ညွှန်း၏။ ၎င်း၏ 'မုဖ်ရဒါးသုလ် ကုရ်အာန်'ထဲ၌ အီမာမ်ရာဂစ်ဗ်အဆွဖဟာနီက ဆိုသည် မှာ ထိုစကားလုံးသည် ငွေကြေးဆုံးရှုံးမှုကို ရည်ညွှန်းသောအခါ၊ အပြုခံဝါကျ(passive voice)ဖြင့် 'ဂူဗိနဖူလါးန်ဿ' မည်သူမည်ဝါသည် ငွေကြေးဆုံးရှုံးမှုဒဏ်ကို ခံစားခဲ့ရသည်'ဟုဖော်ပြ၏။ အကြင်သူသည် 'ငင်းသည် ၎င်း၏ထင်မြင် ချက်နှင့် ဝေဖန်ပိုင်းခြားမှုများတွင် ချို့တဲ့သည် သို့မဟုတ် ချို့တဲ့လာသည်။' ဟု ပြောလိုသောအခါ၊ ကြိယာ၏ဝေါဟာရ ပုဒ်ခွဲခွဲပုံစံစုမျိုးမှ 'ဃဗိန'ဟု ပုံစံဖော်ပြ၏။ 'တဃာဗွန်'ဟူသော စကားလုံးသည် နှစ်လမ်းသွား (သဘာဝ)ဖြစ်စဉ်ဖြစ်ပြီး၊ ဘက်နှစ်ဘက်သည် တစ်ဘက်နှင့်တစ်ဘက် အချင်းချင်း အပြန်အလှန် ဆုံးရှုံးမှုကို ဖြစ်စေသည် သို့မဟုတ် ၎င်းတို့သည်

ၵင်းတို့ကိုယ်စီ၏ ဆုံးရှုံးမှုကို ပေါ်လွင်စေသည်ဟူ၍ 'လုပ်ရပ်များ၏ အပြန် အလှန်သဘော'ကို ညွှန်ပြသည်။ သို့ရာတွင် ဤအာယတ်တော်၌ 'တယာဗွန်'သည် မယုံမကြည် သွေဖည်သူတို့၏ ဆုံးရှုံးမှုကို မျက်ဝါးထင်ထင် တွေ့မြင်စေသည့် တစ်ဖက်သတ် သို့မဟုတ် တစ်လမ်းသွားဖြစ်စဉ်ဖြစ်၏။ ဤအဓိပ္ပါယ်ကို အသိအမှတ်ပြု သုံးစွဲကြသည်။ 'အရှုံး အမြတ်ပေါ်မည့်နေ့'ဟု ခေါ်ခြင်းမှာ စစ်မှန်သော ဟဒီးသ်များအရ အလွှာဟ်အရှင်မြတ်သည် လူတိုင်းအတွက် တမလွန်၌နေထိုင်ရန် နေရာဌာနနှစ်ခုကို ဖန်ဆင်းထားတော်မူသည်။ တစ်ခုသည် ဂျာနန်မ် ၌ရှိပြီး၊ ကျန်တစ်ခုသည် ဂျန္နတ်၌ရှိလေသည်။ ကောင်းမြတ်သော ယုံကြည်သက်ဝင်သူတို့အား ဂျန္နတ်သို့ဝင်ခွင့်မပြုမီ အကယ်၍ ၎င်းတို့သာ ယုံကြည်သက်ဝင်ရန် ပျက်ကွက်ခဲ့ပြီး၊ ဖြောင့်မှန်စွာ ကျင့်ကြံပြုမူခြင်း မရှိခဲ့ပါက ၎င်းတို့ရရှိမည်ဖြစ်သော ဂျာနန်မ်မှ ၎င်းတို့၏ နေရာဌာနကို ပြသလိမ့်မည်။ သို့မှသာ ၎င်းတို့သည် ဂျန္နတ်မှ ၎င်းတို့၏နေရာဌာနကို တန်ဖိုးကောင်းစွာ ထားလိမ့်မည်ဖြစ်ပြီး၊ အလွှာဟ်အရှင်မြတ်အား ပို၍လေးနက်စွာ ကျေးဇူးတင်လိမ့်မည်ဖြစ်၏။ အခြား တစ်ဖက်မှကြည့်လျှင်၊ မယုံကြည်သွေဖည်သူတို့သည် အကယ်၍ ၎င်းတို့သာ ယုံကြည်သက်ဝင်ခဲ့ကြပြီး၊ ကောင်းမြတ်စွာ ကျင့်မူခဲ့ကြပါက ၎င်းတို့ရရှိကြမည်ဖြစ်သော ဂျန္နတ်မှ နေရာဌာနကို ပြသခြင်းခံရမည်ဖြစ်၏။ သို့မှသာ ၎င်းတို့သည် ပို၍ယူကြုံးမရ ကြေကွဲကြပြီး၊ နောင်တကြီးစွာ ရရှိကြလိမ့်မည်ဖြစ်၏။ ဤဆင့်ပြန်ချက်များက မယုံကြည်သွေဖည်သူတို့ အတွက် ပြင်ဆင်ထားသည့် ဂျန္နတ်မှ နေရာဌာနများကို ယုံကြည်သက်ဝင်သူတို့အား ပေးပြီး၊ ယုံကြည်သက်ဝင်သူတို့ အတွက် ပြင်ဆင်ထားသော ဂျာနန်မ်မှ နေရာဌာနများကို မယုံကြည်သွေဖည်သူတို့အား ပေးလိမ့်မည်ဖြစ်ကြောင်းကိုလည်း ကျွန်ုပ်တို့အား ပြောပြလေသည်။ ဤဟဒီးသ်များကို ဆွဟီးဟ်ကျမ်းကြီးနှစ်စောင်နှင့် အခြားသော ဆွဟီးဟ် ဟဒီးသ်ပေါင်းချုပ်များတွင် အသေးစိတ်ရှင်းလင်းဖော်ပြထား၏။ မူလက မယုံကြည်သွေဖည်သူတို့အတွက် ပြင်ဆင်ထားသည့် နေရာများကိုဂျန္နတ်သုခဘုံသားတို့က ရရှိကြမည် ဖြစ်သောအခါ၊ မယုံကြည်သွေဖည်သူများသည် ၎င်းတို့ မည်သည့်အရာကို ဆုံးရှုံးပြီး၊ မည်သည့်အရာကို ရရှိကြသည်ကို သဘောပေါက်နားလည်ကြလိမ့်မည် ဖြစ်ပေသည်။

ဆွဟီဟ်မွတ်စလင်၊ တိရိမိဒီနှင့် အခြားကျမ်းများတွင် သာဝကကြီး အဗူဟုရိုင်ရဟ်ﷺအား ကိုးကားလျက် တင်ပြထားသည်မှာ တမန်တော်မြတ်ﷺက မြင့်မြတ်သော သာဝကကြီးများအား မေးမြန်းခဲ့သည်။ 'မည်သူသည် သူဆင်းရဲတစ်ဦးဖြစ်ကြောင်း အသင်တို့သိပါသလား။' ၎င်းတို့က 'မည်သည့်ပိုင်ဆိုင်မှုမျိုးမှ မရှိသောသူတစ်ဦး ဖြစ်ပါသည်' ဟု ပြောကြားခဲ့ကြသည်။ တမန်တော်မြတ်ﷺက ပြောကြားခဲ့သည်မှာ ကျွန်ုပ်၏အုပ်စုထဲမှ သူဆင်းရဲဆိုသူသည် တရားစီရင်မည့်နေ့တွင်၊ ဆွလာတ်၊ ရိုဇာ၊ ဇကာသ် စသည့် ကောင်းမြတ်သော လုပ်ဆောင်မှုများ တစ်ပုံတစ်ခေါင်းနှင့် အတူ လာရောက်မည့်သူဖြစ်၏။ သို့သော် ၎င်းသည် လောကီ၌ တစ်ဦးတစ်ယောက်ကို ဆဲရေးပုတ်ခတ်ခဲ့မည် သို့မဟုတ် အခြားသူတစ်ဦးကို အသရေပျက်အောင် လုပ်ကြံပြောဆိုခဲ့မည် သို့မဟုတ် သူတစ်ပါးကို သတ်ဖြတ်ခဲ့မည်၊ သို့မဟုတ် တစ်စုံတစ်ယောက်၏ ပစ္စည်းများကို မတရားသိမ်းပိုက်ခဲ့မည်။ ဤလူအားလုံးသည် ၎င်း၏ပတ်လည်တွင် စုရုံးလျက် ၎င်းတို့၏ အခွင့်အရေးများကို တောင်းဆိုကြမည်ဖြစ်၏။ တစ်ဦးက ၎င်း၏ဆွလာတ်များကို ယူလိမ့်မည်။ နောက်တစ်ဦးက ၎င်း၏ရိုဇာများကို လုယူလိမ့်မည်။ အခြားတစ်ဦးက ၎င်း၏အလှူဒါနများကို ယူလိမ့်မည်။ တတိယပုဂ္ဂိုလ်တစ်ဦးက ၎င်း၏ အခြားသော ကောင်းမှုများကို ယူသွားလိမ့်မည်။ ၎င်း၏ ကောင်းမှုအားလုံး ကုန်ခန်းသွားသောအခါ၊ မတရားကျူးလွန်ခံရသူများ၏ မကောင်းမှုများကို ထိုမတရားကျူးလွန်သူ၏ အပေါ်သို့ တင်ပေးလိမ့်မည်ဖြစ်၏။ ဤနည်းအားဖြင့် စာရင်းရှင်းမှုသည် ပြေလည်သွားမည်ဖြစ်ပြီး၊ ၎င်းမှာလည်း ဂျာနန်မ်၏မီးထဲသို့ တွန်းချခြင်းခံရမည် ဖြစ်လေသည်။ (မဇ်ဟရီ)

ဆွဟီးဒ်ဗုခါရီကျမ်း၌ဖော်ပြသည်မှာ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်။ 'မည်သူမဆို တစ်ဦးတစ်ယောက်အား ဆောင်ရွက်ပေးရမည့် တာဝန်တစ်ခုရှိပါက ဤလောကတွင် ထိုတာဝန်ကို ချခဲ့သင့်သည် သို့မဟုတ် ထိုတာဝန်အတွက် ခွင့်လွှတ်ပါမည့်အကြောင်း တောင်းပန်ခဲ့သင့်သည်။ ဤသို့မဟုတ်က ၎င်း၏ပေးဆပ်ရန် တာဝန်များကို ပြန်လည်ပေးဆပ်ရန် တမလွန်၌ 'ဒရ်ဟမ်' သို့မဟုတ် 'ဒိုင်နာ'(ငွေကြေး)ရှိလိမ့်မည် မဟုတ်ပေ။ ကျေးဇူးပြုသူများသည် ၎င်းတို့မရရှိခဲ့သော ရပိုင်ခွင့်များအစား ကျေးဇူးခံ၏ ကောင်းမှုများကို ပေးအပ်ခြင်းခံကြရမည်။ ၎င်း၏ကောင်းမှုများ ကုန်ခန်းသွားသောအခါ ဖိနှိပ်ခံ၏ မကောင်းမှုများကို ဖိနှိပ်သူ၏ စာရင်းတွင် ထည့်သွင်းလိမ့်မည်ဖြစ်၏။'

သာဝကကြီး အိဗ်နအဗ္ဗာစ်ﷺနှင့် အခြားသော တဖိစီရ်ပညာကျော်များက အထက်မှ အကြောင်းရင်းကို 'တရားစီရင်မည့်နေ့'အား 'အရှုံးအမြတ်ပေါ်မည့်နေ့'ဟု မှည့်ခေါ်ခြင်းအတွက် ပေးကြသည်။ အခြားပညာရှင်များ၏ ရှုထောင့်မှာမူ ဆုံးရှုံးမှုဒဏ်ကို မယုံကြည်သွေဖည်သူများသာမက ယုံကြည်သက်ဝင်သူများလည်း ခံစားကြရမည်ဖြစ်၏။ ယုံကြည်သက်ဝင်သူတို့၏ ဆုံးရှုံးမှုခံစားချက်မှာ အသက်ရှင်စဉ်က ၎င်းတို့သည် ၎င်းတို့၏ အချိန်များစွာကို ဖြုန်းတီးခဲ့ကြပြီး၊ ဂျန္နတ်ဘုံ၌ ကောင်းချီးမင်္ဂလာများနှင့် ကျေးဇူးတော်များ ပို၍ရရှိရန် ကောင်းမှုများကို ပို၍လုပ်ရန် ပျက်ကွက်ခဲ့မိခြင်းအတွက် အလွန်ပင်ကြေကွဲဝမ်းနည်းကြပေမည်။ ဟဒီးသ်တော်တစ်ရပ်၌ လာရှိသည်မှာ-

مَنْ جَلَسَ مَجْلِسًا لَّمْ يَذْكُرِ اللّٰهَ فِيْهِ كَانَ عَلَيْهِ تِرَةً يَوْمَ الْقِيَامَةِ

အစုအဝေးထိုင်ပိုင်းတစ်ခုတွင် ထိုင်နေခဲ့ပြီး၊ စုဝေးပွဲတစ်ချိန်လုံး အလွှာဟ်အရှင်မြတ်အား သတိရတသခြင်း မပြုသောသူအဖို့ ဤစုဝေးပွဲသည် ကြေကွဲဝမ်းနည်းခြင်း၏ ရင်းမြစ်ပင် ဖြစ်ပေလိမ့်မည်။

ကုရ်တူဗီက ရေးသားသည်မှာ ထိုနေ့တွင် ယုံကြည်သက်ဝင်သူတိုင်းသည် အသက်ရှင်စဉ်က ၎င်း၏တာဝန်၊ ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်ရာတွင် အားနည်းချို့ယွင်းမှုများကြောင့် ဆုံးရှုံးစိတ်ကို ခံစားရမည်။ 'တရားစီရင်မည့်နေ့'အား 'အရှုံးအမြတ်ပေါ်မည့်နေ့'ဟု မှည့်ခေါ်ခြင်းသည် စူရတ်မရီယာမ်၌

وَ اَنْذِرْهُمْ يَوْمَ الْحَسْرَةِ اِذْ قُضِيَ الْاَمْرُ "၎င်းပြင် (အို နဗီတမန်တော်) အသင်သည် ၎င်းတို့အား အမှန်စင်စစ် ၎င်းတို့သည် အလေးမမူ ဂရုမစိုက်ဘဲ နေကြပေရာ အကြင်ဝမ်းနည်းကြေကွဲမည့်နေ့နှင့် စပ်လျဉ်း၍ သတိပေးနှိုးဆော်ပါလေ။ ထိုနေ့တွင် အမှုကိစ္စ(အဝဝတို့သည် နောက်ဆုံးအနေနှင့်) စီရင်ဆုံးဖြတ်ပြီး ဖြစ်အံ့သတည်း။"(၁၉း၃၉)။ 'ဝမ်းနည်းကြေကွဲရမည့်နေ့'ဟု အမည်ပေး သက့ဲသို့ပင်ဖြစ်၏။ ရူးဟွလ်မအာနီက ဤအာယတ်တော်အား အနက်ဖွင့်ဆိုသည်မှာ ထိုနေ့တွင် မတရားကျူးလွန်သူတို့သည် ၎င်းတို့၏ ချို့ယွင်းပျက်ကွက်မှုများအတွက် အသည်းခိုက်အောင် ကြေကွဲဝမ်းနည်းကြမည် ဖြစ်သက့ဲသို့ ဖြောင့်မှန်သော ယုံကြည်သက်ဝင်သူများသည် ကောင်းမြတ်သော အကျင့်အမူများကို ဆောက်တည်ရာတွင် ၎င်းတို့၏ ချို့ယွင်းအားနည်းမှုများအတွက် ကြေကွဲဝမ်းနည်းကြလိမ့်မည်။ ဤနည်းအားဖြင့် တရားစီရင်မည့်နေ့တွင် လူတိုင်းသည် ကြေကွဲဝမ်းနည်းကြပြီး၊ ၎င်းတို့၏ ချို့ယွင်းအားနည်းချက်များအတွက် ဆုံးရှုံးခြင်းခံစားချက်တစ်ခု ရှိကြလိမ့်မည်ဖြစ်၏။ ထို့ကြောင့် ဤနေ့အား 'အရှုံးအမြတ်ပေါ်မည့်နေ့'ဟု အမည်ပေးခြင်းဖြစ်လေသည်။

အာယတ်တော် (၁၁-၁၈)

مَآ اَصَابَ مِنۡ مُّصِيۡبَةٍ اِلَّا بِاِذۡنِ اللّٰهِ ؕ وَ مَنۡ يُّؤۡمِنۡۢ بِاللّٰهِ يَهۡدِ قَلۡبَهٗ ؕ وَ
اللّٰهُ بِكُلِّ شَىۡءٍ عَلِيۡمٌ ﴿۱۱﴾ وَ اَطِيۡعُوا اللّٰهَ وَ اَطِيۡعُوا الرَّسُوۡلَ ۚ فَاِنۡ تَوَلَّيۡتُمۡ
فَاِنَّمَا عَلٰى رَسُوۡلِنَا الۡبَلٰغُ الۡمُبِيۡنُ ﴿۱۲﴾ اَللّٰهُ لَاۤ اِلٰهَ اِلَّا هُوَ ؕ وَ عَلَى اللّٰهِ
فَلۡيَتَوَكَّلِ الۡمُؤۡمِنُوۡنَ ﴿۱۳﴾ يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡۤا اِنَّ مِنۡ اَزۡوَاجِكُمۡ وَ
اَوۡلَادِكُمۡ عَدُوًّا لَّكُمۡ فَاحۡذَرُوۡهُمۡ ۚ وَ اِنۡ تَعۡفُوۡا وَ تَصۡفَحُوۡا وَ تَغۡفِرُوۡا فَاِنَّ
اللّٰهَ غَفُوۡرٌ رَّحِيۡمٌ ﴿۱۴﴾ اِنَّمَاۤ اَمۡوَالُكُمۡ وَ اَوۡلَادُكُمۡ فِتۡنَةٌ ؕ وَ اللّٰهُ عِنۡدَهٗۤ
اَجۡرٌ عَظِيۡمٌ ﴿۱۵﴾ فَاتَّقُوا اللّٰهَ مَا اسۡتَطَعۡتُمۡ وَ اسۡمَعُوۡا وَ اَطِيۡعُوۡا وَ اَنۡفِقُوۡا
خَيۡرًا لِّاَنۡفُسِكُمۡ ؕ وَ مَنۡ يُّوۡقَ شُحَّ نَفۡسِهٖ فَاُولٰٓئِكَ هُمُ الۡمُفۡلِحُوۡنَ ﴿۱۶﴾ اِنۡ
تُقۡرِضُوا اللّٰهَ قَرۡضًا حَسَنًا يُّضٰعِفۡهُ لَكُمۡ وَ يَغۡفِرۡ لَكُمۡ ؕ وَ اللّٰهُ شَكُوۡرٌ
حَلِيۡمٌ ﴿۱۷﴾ عٰلِمُ الۡغَيۡبِ وَ الشَّهَادَةِ الۡعَزِيۡزُ الۡحَكِيۡمُ ﴿۱۸﴾

ဘေးဒုက္ခဟူသမျှတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်နှင့်သာ သက်ရောက်၏။ ထို့ပြင်မည်သူမဆို အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ပါလျှင်ထိုအလ္လာဟ်အရှင်မြတ်သည် ၎င်း၏စိတ်နှလုံးကို တရားလမ်းမှန်ပြသတော်မူ၏။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။[၁၁] ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို လိုက်နာကြလေကုန်။ ၎င်းပြင် အသင်တို့သည် ရစူလ်တမန်တော်မြတ်၏ အမိန့်ကိုလည်း လိုက်နာကြလေကုန်။ သို့ရာတွင် အကယ်၍ အသင်တို့သည် (လိုက်နာခြင်းမပြုဘဲ) မျက်နှာလွှဲသွားလျှင် ငါ့အရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အပေါ်ဝယ် (အမိန့်တော်များကို) ရှင်းလင်းစွာ ပို့ဆောင်ရန်သာလျှင် တာဝန်ရှိ၏။[၁၂] အလ္လာဟ်အရှင်မြတ်သာလျှင် (ဆည်းကပ်ကိုးကွယ်ရာအရှင် ဖြစ်တော်မူ၏။) ထိုအရှင်မြတ်မှတပါး ဆည်းကပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျှင်းမရှိပြီ။ သို့ဖြစ်ပေရာ 'မုအ်မင်န်' သက်ဝင်ယုံကြည် သူတို့မှာမူကား အလ္လာဟ်အရှင်မြတ်၏ အပေါ်၌သာလျှင် ယုံပုံလွှဲအပ်အားထားရာကုန်သတည်း။[၁၃] အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ ဇနီးမိန်းမတို့တွင်လည်းကောင်း၊ အသင်တို့၏ သားသမီးတို့တွင်လည်းကောင်း၊ အသင်တို့၏ရန်သူများ ရှိနေကြပေသည်။ သို့ဖြစ် ပေရာ အသင်တို့သည် ၎င်းတို့ကို သတိပြုကြလေကုန်။ ထို့ပြင် အကယ်၍ အသင်တို့သည် (ထိုသူတို့အား) ခွင့်လွှတ်ကြပါလျှင်လည်းကောင်း၊ လျစ်လျူရှုကြပါလျှင်လည်းကောင်း၊ လွှတ်ငြိမ်း ချမ်းသာခွင့် ပေးကြပါလျှင်လည်းကောင်း၊ ဇကာနမလွဲ အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ

ပေးတော်မူသော အလွန်တရာ ကြင်နာသနားတော်မူသောအရှင် ဖြစ်တော်မူ၏။[၁၄] အသင်တို့၏ ဥစ္စာပစ္စည်းများသည် လည်းကောင်း၊ အသင်တို့၏ သားသမီးများသည် လည်းကောင်း၊ စမ်းသပ်မှု သာလျှင်ဖြစ်ကုန်၏။ ၎င်းပြင် အလ္လာဟ်အရှင်မြတ် အထံတော်၌ ကြီးကျယ်လှစွာသော အကျိုး ကျေးဇူးသည် ရှိပေသည်။[၁၅] သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့တတ်စွမ်းနိုင်သမျှ အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို့ပြင် အသင်တို့သည်နာခံကြလေကုန်။ ၎င်းပြင် အသင် တို့သည်လိုက်နာကြလေကုန်။ ထိုမှတပါး အသင်တို့သည် မိမိတို့ကိုယ်တိုင် ကောင်းစားရန် သုံးစွဲ (လှူဒါန်း)ကြလေကုန်။ စင်စစ်သော်ကား မည်သူမဆို မိမိကိုယ်တိုင်၏ လောဘရမ္မက်ကြီးမှမှ လွတ်ကင်းပါမူ ယင်းကဲ့သို့သော သူတို့သည်သာလျှင် အောင်မြင်သူများဖြစ်ကုန်၏။[၁၆] အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကောင်းမြတ်စွာ ချေးငှားကြသည်ရှိသော် ထိုအရှင် မြတ်သည် အသင်တို့အဖို့ ယင်းချေးငှားခြင်းကို ဆထက်တိုးပွားတော်မူပေမည်။ ထိုမှတပါး ထို အရှင်မြတ်သည် အသင်တို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူပေမည်။ စင်စစ်မှာမူကား အလ္လာဟ် အရှင်မြတ်သည် အလွန်တရာရက်ရောစွာ ကျေးဇူးတုံ့ပြန်တော်မူသောအရှင်၊ အလွန်တရာသည်းခံ ခြင်းတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူ၏။[၁၇] လျှို့ဝှက်စွာ ရှိသည်တို့ကို လည်း ကောင်း၊ ထင်ရှားစွာ ရှိသည်တို့ကိုလည်းကောင်း၊ သိရှိတော်မူသောအရှင်၊ အလွန်တရာ ခန့်ညား တော်မူသောအရှင်၊ လွန်စွာနက်နဲသိမ်မွေ့သော ဆင်ခြင်တုံ တရားနှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။[၁၈]

ရှင်းလင်းဖွင့်ဆိုချက်

"مَآ أَصَابَ مِنۡ مُّصِيۡبَةٍ إِلَّا بِإِذۡنِ ٱللَّهِۗ وَمَن يُؤۡمِنۢ بِٱللَّهِ يَهۡدِ قَلۡبَهُۥ" ဘေးဒုက္ခ ဟူသမျှတို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်နှင့်သာ သက်ရောက်၏။ ထို့ပြင်မည်သူမဆိုအလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ပါလျှင် ထိုအလ္လာဟ်အရှင်မြတ်သည် ၎င်း၏စိတ်နှလုံးကို တရားလမ်းမှန် ပြသတော်မူ၏။ ...."(၆၄း၁၁)။ တစ်နည်းဆိုရသော် မြေမှုန်လေးတစ်မှုန်သည်ပင် အလ္လာဟ်အရှင်မြတ်၏ အလိုတော်မရှိပါက ရွေ့လျားနိုင်မည် မဟုတ်သည်မှာ ဒိဋ္ဌဖြစ်ရပ်ဖြစ်၏။ အလ္လာဟ်အရှင်မြတ် အလိုတော်မတူပါလျှင် မည်သူက မည်သူ့ကိုမျှ အန္တရာယ်ပြုနိုင်ခြင်း သို့မဟုတ် အကျိုးပြုနိုင်ခြင်း မရှိပေ။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ချမှတ်သော သတ်ကဒီးရ် (နဖူးစာကံ)ပေါ်တွင် မယုံကြည်ပါက ၎င်းအပေါ်သို့ ဘေးဒုက္ခ ကျရောက်သောအခါ၊ ၎င်းကိုယ်ဝင်း ဖြေသိမ့်နိုင်သော နည်းလမ်းရှိလိမ့်မည် မဟုတ်ပေ။ ၎င်းသည် ထိုဘေးဒုက္ခကို စိတ်ပျက်ခြင်းဖြင့် လက်ခံပြီး၊ သက်သာရာသက်သာ ကြောင်းကို စမ်းတဝါးဝါးရှာဖွေလေသည်။ အခြားတစ်ဖက်မှကြည့်လျှင်၊ အလ္လာဟ်အရှင်မြတ်၏ အလိုတော်နှင့် သတ် ကဒီးရ်(နဖူးစာကံ)တွင် ယုံကြည်ထားရှိသော ယုံကြည်သက်ဝင်သူ တစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်မှုကို ခံယူရရှိမည်ဖြစ်ပြီး၊ ၎င်း၏စိတ်နှလုံးသည် တည်ငြိမ်အေးချမ်းမှုဖြင့် ပြည့်လျှမ်းနေမည်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် ၎င်း၏နှလုံးသားအား အီမာန်၏သေချာမှုဆီသို့ လမ်းညွှန်တော်မူပေမည်။ ထို့ကြောင့် ၎င်းအား ဖိစီးသော အခက်အခဲ အကြပ်အတည်း မှန်သမျှသည် ၎င်းအား ဘယ်သောခါမျှ လွဲချော်သွားနိုင်ခဲ့လိမ့်မည် မဟုတ်သလို ၎င်းအား လွဲချော် သွားသော ဘေးဒုက္ခမှန်သမျှသည်လည်း ၎င်းအား ဘယ်သောခါမျှ ဖိစီးနှိပ်စက်နိုင်ခဲ့လိမ့်မည် မဟုတ်ကြောင်းကို ၎င်းသည်သေချာမှုဖြင့် သိလိမ့်မည်ဖြစ်ပေသည်။ ဤယုံကြည်ချက်၏ရလဒ်အနေဖြင့် ၎င်းတစ်ချိန်လုံး မျှော်မှန်းနေသော

အကျိုးဆုလာဘ်တစ်ခုကို တမလွန်၌ ရရှိလိမ့်မည်ဖြစ်ကြောင်း၊ ၎င်းအား ကတိပြုတော်မူသည်။ တမလွန်၌ ဆုလာဘ်တစ်ခုရရှိမည့် ကတိတော်အပေါ် ထားရှိသည့် ဤခိုင်မာသော ယုံကြည်ချက်က ဤလောကဓာတ်၏ အဆိုးရွားဆုံး ဘေးဒုက္ခကို လျော့ပါးသက်သာစေလေသည်။

"يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ إِنَّ مِنْ أَزْوَٰجِكُمْ وَأَوْلَٰدِكُمْ عَدُوًّا لَّكُمْ فَٱحْذَرُوهُمْ" အို- 'မုအ်မင်နဲ' သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့၏ ဇနီးမိန်းမတို့တွင် လည်းကောင်း၊ အသင်တို့၏ သားသမီးတို့တွင် လည်းကောင်း အသင်တို့၏ ရန်သူများရှိနေကြပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့ကို သတိပြုကြလေကုန်။ ...."(၆၄:၁၄)။ တိရိမိဒီ၊ ဟာကင်နှင့် အခြားသူများက စဒ်မှန်သော ဆင့်ပြန်သူကွင်းဆက်ဖြင့် သာဝကကြီး အိဗ်နအဗ္ဗာစ်ﷺအား ကိုးကားလျက် တင်ပြခဲ့သည်မှာ ဤအာယတ်တော်သည် တမန်တော်မြတ်ﷺသည် မဒီနာမြို့သို့ ပြောင်းရွှေ့အခြေချပြီးနောက် မက္ကာမြို့ရှိ အစ္စလာမ်ကို လက်ခံယုံကြည်ခဲ့ကြသော မွတ်စလင်များနှင့် စပ်လျဉ်း၌ ကျရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် တမန်တော်မြတ်ﷺနှင့်အတူ မဒီနာမြို့သို့ လိုက်ပါပြောင်းရွှေ့ရန် ကြံရွယ်ခဲ့ကြသည်။ သို့သော် ၎င်းတို့၏ ဇနီးများနှင့် သားသမီးများက ငြင်းဆန်ကာ ၎င်းတို့အား ခွင့်မပြုခဲ့ကြချေ။ (ရူးဟ်)။ ဤအချိန်သည် မွတ်စလင်တိုင်းအတွက် မက္ကာမြို့မှ ရွှေ့ပြောင်းထွက်ခွာရမည့်အချိန် ဖြစ်ခဲ့သည်။ ထို့ကြောင့် အလ္လာဟ် အရှင်မြတ်၏ ဥပဒေများကို သစ္စာရှိမှုနှင့် ကျိုးနွံနာခံမှုလမ်းကြောင်းတွင် အဟန့်အတားပြုခဲ့ကြသော ဇနီးများနှင့် သားသမီးများအား ၎င်းတို့၏ ရန်သူများအဖြစ် ရည်ညွှန်းခြင်းဖြစ်လေသည်။ ထို့ပြင် ၎င်းတို့အနေဖြင့် ထိုသူများအား သတိထားကြရန် အလေးအနက် မိန့်ကြား၏။ အဘယ်ကြောင့်ဆိုသော် ပုဂ္ဂိုလ်တစ်ဦးအား အဆုံးမရှိသော ပြစ်ဒဏ်နှင့် ထာဝရငရဲမီးတွင် ပါဝင်ပတ်သက်စေသော လူလောက်ကြီးမားသောရန်သူ မည်သူမျှမရှိပေ။ အတွာအ်အိဗ်နရဗဟ်က တင်ပြသည်မှာ ဤအာယတ်တော်သည် အောက်ဖ်အိဗ်နမာလစ်အရှ်ရျအီﷺနှင့် ဆက်စပ်၍ ကျရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် မဒီနာမြို့တွင် နေထိုင်ခဲ့သည်။ စစ်မက်တိုက်ခိုက်ရန် သို့မဟုတ် ဂျီဟာဒ်ပြုလုပ်ရန်ရှိသည့်အခါတိုင်း ၎င်းသည် ဂျီဟာဒ်တွင် ပါဝင်ဆင်နွှဲလိုခဲ့သည်။ သို့သော် ၎င်း၏ဇနီးနှင့် သားသမီးများက 'ကျွန်ုပ်တို့အား မည်သူ့ကိုယုံ၍ ပုံထားခဲ့ပါမည်နည်း။'ဟု မကျေမနပ်ပြောခဲ့ကြသည်။ ၎င်းသည် ထိုသူတို့၏ မကျေမနပ်ပြောဆိုမှုကြောင့် စိတ်ပြောင်းကာ လက်လျော့ခဲ့သည်။ (ရူးဟ်နှင့် အိဗ်နကဆီး၎)

ဤဆင့်ပြန်ချက်နှစ်ရပ်သည်။ တစ်ခုနှင့်တစ်ခု ကွဲလွဲဆန့်ကျင် မဖြစ်ချေ။ ဆင့်ပြန်ချက်နှစ်ရပ်စလုံးသည် ပို့ရသည့်အကြောင်းရင်း ဖြစ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ရွှေ့ပြောင်းနေထိုင်ခြင်းဖြစ်စေ၊ ဂျီဟာဒ်ဖြစ်စေ အလ္လာဟ်အရှင်မြတ်၏ ဥပဒေများကို နာခံရာလမ်း၌ အဟန့်အတားပြုသော ဇနီးများနှင့် သားသမီးများသည် အလ္လာဟ်အရှင်မြတ်၏ ရန်သူများ ဖြစ်လာသောကြောင့် ဖြစ်ပေသည်။

"وَإِن تَعْفُواْ وَتَصْفَحُواْ وَتَغْفِرُواْ فَإِنَّ ٱللَّهَ غَفُورٌ رَّحِيمٌ" ထို့ပြင် အကယ်၍ အသင်တို့သည် (ထိုသူတို့အား) ခွင့်လွှတ်ကြပါလျှင် လည်းကောင်း၊ လွတ်ငြိမ်းချမ်းသာခွင့် ပေးကြပါလျှင် လည်းကောင်း၊ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာတော်မူသော၊ အလွန်တရာ ကြင်နာသနားတော်မူသောအရှင် ဖြစ်တော်မူ၏။" (၆၄:၁၄)။ ၎င်းတို့၏ ဇနီးများနှင့် သားသမီးများသည် ၎င်းတို့၏ ရန်သူများ ဖြစ်ကြကြောင်းကို ပြီးခဲ့သော အာယတ်တော်ဖြင့် သတိပေးခံကြရသည့် မွတ်စလင်များသည် ၎င်းတို့၏ မိသားစုဝင်များအပေါ် ကြမ်းတမ်းစွာ ဆက်ဆံရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုဖြစ်ရပ်အပေါ် အာယတ်တော်၏ ဤအပိုင်း ကျရောက်လာခဲ့သည်။ အာယတ်တော်က ပြောလိုသည်မှာ 'အသင်တို့၏ ဇနီးများနှင့် သားသမီးများသည် ရန်သူများသဘွယ် ပြုမူကြသည့်ပြင် အလ္လာဟ်အရှင်မြတ်၏ တာဝန်များကို ထမ်းဆောင်ကြမည့် အသင်တို့၏ လမ်းတွင် အဟန့်အတားပြုခဲ့ကြသော်လည်း ၎င်းတို့အား ကြမ်း

တမ်းစွာ၊ အညာအတာမဲ့စွာ မဆက်ဆံကြဘဲ သိမ်မွေ့၊ ပျော့ပျောင်းစွာ ဆက်ဆံခြင်းက ပို၍ကောင်းပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ခွင့်လွှတ်ခြင်းနှင့် သနားညှာတာခြင်းများကို နှစ်သက်လိုလားတော်မူသောကြောင့်ဖြစ်၏။'

ဓမ္မသတ်

ဤအာယတ်တော်မှ ပညာရှင်များ ကောက်ချက်ချသည်မှာ အကယ်၍ မိသားစုဝင်များသည် မြင့်မြတ်သော ဥပဒေများကို ချိုးဖောက်သည့် သဘောဖြင့် မည်သည့်အရာကို ပြုလုပ်သည်ဖြစ်စေ ၎င်းတို့အား စိတ်ပျက်ခြင်း သို့မဟုတ် ရန်လိုခြင်း သို့မဟုတ် မုန်းတီးခြင်း သို့မဟုတ် ကျိန်ဆဲခြင်းများ လုံးဝမပြုလုပ်သင့်ပေ။ (ရွှဟ်)

ဥစ္စာပစ္စည်းနှင့် သားသမီးများသည် စမ်းသပ်မှုတစ်ခုဖြစ်၏။

اِنَّمَآ اَمۡوَالُكُمۡ وَ اَوۡلَادُكُمۡ فِتۡنَةٌ "အသင်တို့၏ ဥစ္စာပစ္စည်းများသည် လည်းကောင်း၊ အသင်တို့၏ သားသမီးများသည် လည်းကောင်း စမ်းသပ်မှုသာလျှင် ဖြစ်ကုန်၏။ ...."(၆၄း၁၅)။ 'ဖစ်တ်နဟ်'ဟူသော စကားလုံးသည် 'စမ်းသပ်ခြင်း သို့မဟုတ် စစ်ဆေးခြင်း'ကို ဆိုလိုသည်။ အာယတ်တော်က ပြောလိုသည်မှာ အကြင်သူသည် အလ္လာဟ်အရှင်မြတ်၏ ဥပဒေများနှင့် ပြဋ္ဌာန်းချက်များကို အလေးမထားနိုင်လောက်အောင် ဥစ္စာပစ္စည်းနှင့် သားသမီးတို့အား ချစ်စိတ်၏ဖမ်းစားခြင်းကို ခံရသလား သို့မဟုတ် ၎င်းတို့အား ချစ်ခင်စိတ်ကို အကန့်အသတ်ဖြင့်ရှိစေကာ အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်သော တာဝန်နှင့် ဝတ္တရားများကို အလေးထားကြသလား ဆိုသည်ကို သိရှိရန် အလ္လာဟ်အရှင်မြတ်သည် လူသားအား ဥစ္စာပစ္စည်း၊ သားသမီးများဖြင့် စမ်းသပ်တော်မူသည်။

ပြဿနာ၏အမှန်တရားမှာ ဥစ္စာပစ္စည်းနှင့် သားသမီးတို့အား ချစ်ခင်ခြင်းသည် လူသားအတွက် ကြီးမားသော စမ်းသပ်မှုဖြစ်၏။ ၎င်းသည် အများအားဖြင့် ထိုအရာများကို ချစ်ခင်မှုကြောင့် မကောင်းမှုများ ကျူးလွန်ခြင်းဖြစ်၏။ အထူးသဖြင့် တရားမဝင်သောနည်းလမ်းများဖြင့် အသက်မွေးဝမ်းကျောင်းသောအခါတွင် ဖြစ်လေသည်။ ဟဒီးသ်တော်တစ်ရပ်အရ တရားစီရင်မည့်နေ့တွင် အချို့လူများအား ခေါ်ယူလာမည်။ ထိုလူများက ၎င်းအားကြည့်လျက် ပြောကြားကြမည်မှာ اَكَلَ عَيَالُهُ حَسَنَاتِهِ (၎င်း၏ကောင်းမှုများကို ၎င်း၏မိသားစုက စားပစ်ခဲ့ကြသည်။)ဟူ၍ဖြစ်သည်။ (ရွှဟ်)။ အခြားဆင့်ပြန်ချက်တစ်ရပ်၌ သားသမီးများကို ရည်ညွှန်းလျက် တမန်တော်မြတ်ﷺက မိန့်ကြားသည်မှာ مَبْخَلَةٌ مَجْبَنَةٌ (၎င်းတို့သည် လူတစ်ဦး၏ ကပ်စေးနဲခြင်းနှင့် သူရဲဘောကြောင်ခြင်းတို့၏ အကြောင်းတရားပင်ဖြစ်၏။)။ ဆိုလိုသည်မှာ ၎င်းတို့ကို ချစ်ခင်မှုကြောင့် ထိုသူသည် အလ္လာဟ်အရှင်မြတ်၏လမ်း၌ သုံးစွဲရန်ကို ပျက်ကွက်ခဲ့သည်။ ၎င်းတို့၏အချစ်ကြောင့် ထိုသူသည် ဂျီဟာဒ်တွင် ပါဝင်ရန်ကို ပျက်ကွက်ခဲ့သည်။ ဖြောင့်မှန်သော အချို့ရှေးသူကောင်းများက ပြောကြားသည်မှာ اَلۡعَيَالُ سُوسُ الطَّاعَاتِ (မိသားစုသည် ကျိုးနွံနာခံခြင်း၏ ကောက်နှံပိုးပင်ဖြစ်၏။) ကောက်နှံပိုးဟူသည် အစေ့၊ အဆံများကိုစားပြီး၊ ကောက်ပဲသီးနှံများကို ဖျက်ဆီးသည့် သေးငယ်သော နွားချေးပိုးဖြစ်၏။ အလား တူပင် မိသားစုတစ်စုသည် လူ၏ကောင်းမှုများကို စားသုံးပြီး၊ ယင်းတို့အား ဖျက်ဆီးပစ်လေသည်။

فَاتَّقُوا اللّٰهَ مَا اسۡتَطَعۡتُمۡ "သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့တတ်စွမ်းနိုင်သမျှ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်၊ ထို့ပြင် အသင်တို့သည် နာခံကြလေကုန်။ ၎င်းပြင် အသင်တို့သည် နာခံကြလေကုန်။"(၆၄း၁၆)။ အာယတ်တော် اتَّقُوا اللّٰهَ حَقَّ تُقٰتِهٖ " .... အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေအပ်သည့်အတိုင်း ကြောက်ရွံ့ကြလေကုန်။ ...."(၃း၁၀၂) ကျရောက်ခဲ့စဉ်က သာဝကကြီးများက ဤကိစ္စမှာ အလွန်ခက်ခဲသည်ဟု

ခံစားခဲ့ကြရသည်။ အဘယ် ကြောင့်ဆိုသော် ထိုအရှင်မြတ်အား ကြောက်ရွံ့ရိုသေအပ်သည့်အတိုင်း ကြောက်ရွံ့ကြဟူ၍ အလွှာဟ်အရှင်မြတ်အပေါ် တက္ကဝါတရားထားရှိရန်မှာ တစ်ဦးတစ်ယောက်အဖို့ မဖြစ်နိုင်သောကြောင့်ပင်။ ထိုအခါ ယခုအာယတ်တော် ကျရောက် လာခဲ့ပြီး၊ ၎င်းခံနိုင်ရည်ရှိသည်ထက်ပိုသော မည်သည့်ပြဋ္ဌာန်းချက်ကိုမျှ လူသားအပေါ် ချမှတ်တော်မမူကြောင်းကို ရှင်းပြလေသည်။ တက္ကဝါတရားကိုလည်း လူသားသည် တတ်စွမ်းသမျှသာ ထားရှိရမည် ဖြစ်၏။ အကယ်၍ အကြင်သူသည် ထိုအရှင်မြတ်အား လေးစားခန့်ညားမှုအပြည့်ဖြင့် နာခံရန် ကြိုးစားပါက အလွှာဟ် အရှင်မြတ်အား ကြောက်ရွံ့ ရိုသေအပ်သည့်အတိုင်း ကြောက်ရွံ့ရိုသေရာတွင် လုံလောက်မည်ဖြစ်ပေသည်။ (ရူးဟ် အကျဉ်းချုံ့သည်။)

အလ်ဟမ်ဒုလေလ္လာ
စူရဟ်အက်တယာဗွန်၏ ရှင်းလင်းဖွင့်ဆိုချက်
ဤတွင်ပြီး၏။